www.burmeseclassic.com

၁
တင်ထွန်းဟု မှည့်ခေါ်ပုံ
ကျွန်တော့်နာမည် တင်ထွန်းမှာ ငယ်နာမည်မဟုတ်ပါ။
ကျွန်တော့်ငယ်နာမည်မှာ ကျွန်တော့်အကိုက ဘဦးဖြစ်သဖြင့် ကျွန်တော်က ဘထူးဖြစ်ခဲ့ပါသည်။
သို့ရာတွင် ကျွန်တော်မြန်မာစာသင်ကျောင်း (ဝါ) လောကဓာတ်ကျောင်းမှ ထွက်၍ အင်္ဂလိပ်ကျောင်းသို့
ပြောင်းရွှေ့သောအခါမှ ကျွန်တော့်နာမည်ကို တင်ထွန်းဟု ပြောင်းလိုက်ပါသည်။
အကြောင်းကားဘထူးဟူသောအမည်မှာ နေ့နံနှင့်မကိုက်ရုံမက ရိုးလည်းရိုးလွန်းသည်။ ကျွန်တော်မှာ
စနေသားဖြစ်သဖြင့် စနေနံဖြင့် စပြီး စနေအညွှန့်တက်ရလျှင် အလွန်ဘုန်းတန်ခိုးကြီးမည်၊ ကျော်ကြားမည်၊
ပညာထွန်းမည်၊ စည်းစိမ်ဥစ္စာပေါမည် စသည်ဖြင့် ကျွန်တော်တို့ရွာမှ ဗေဒင်ဆရာဦးအံ့ကြီးကဆိုကာ
ဆရာအံ့ကိုယ်တိုင်ကျောက်သင်ပုန်းတွင် စနေပေါ် စနေအညွှန့်တက်သောနာမည် များစွာရေး၍ ကျွန်တော့်အားရွေးချယ်စေသောကြောင့် တင်ထွန်းဟူသော အမည်ကို ရွေးချယ်ယူလိုက်ခြင်းဖြစ်ပေသည်။
ကျွန်တော်အဘိုးမှာ လျှောက်လွှာစာရေးကြီးဖြစ်ပြီး ကျွန်တော့်အဖေမှာ မြေတိုင်းစာရေးဖြစ်သည်။
ကျွန်တော့်အမေ့မောင် ကျွန်တော့်ဦးလေးမှာ မြို့အုပ်ရုံးစာရေးဖြစ်သည်။ ကျွန်တော့်အဒေါ်တစ်ယောက်၏
ယောက်ျား၊ ကျွန်တော့် ဦးလေးတော်သူမှာ ဒိစတြိတ်ကောင်စီစာရေးဖြစ်လေသည်။ ထို့ကြောင့်ကျွန်တော်တို့
အမျိုးမှာ စာရေးမျိုးဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။
စာရေးမျိုးမှာ လူဖြစ်ရခြင်းအတွက် ကျွန်တော်က မကျေမနပ်ဖြစ်ရကောင်းမှန်း မသိသော်လည်း ကျွန်တော့်အဖေသည် များစွာမကျေမနပ်ဖြစ်ဟန်တူလေသည်။ "စာရေးဖြစ်ရတာလောက်နံ့တာ လောကမှာမရှိဘူး"ဟု
ကျွန်တော့်အဖေက ခဏခဏ ပြောလေ့ရှိလေသည်။
စာရေးဘဝတွင် ကျွန်တော့်အဖေ အသည်းအနာဆုံးအလုပ်မှာ လယ်ဝန် (သို့မဟုတ် မြေစာရင်းဝန်ထောက်)အား
ဘုရားထူးရခြင်းနှင့် ရှိခိုးရခြင်းအလုပ်ဖြစ် လေသည်။ ရှိခိုးရခြင်းဆိုသည်မှာ စကားတင်စားပြောခြင်း မဟုတ်ပါ။
တကယ်ပင် လယ်ဆယ်ဖြာကြာပဒုံဖြင့် နဖူးပြင်တင်၍ ရှိခိုးရခြင်းဖြစ်ကြောင်း ကျွန်တော်ကိုယ်တိုင် မြင်ဖူးပါသည်။
ယင်းကဲ့သို့ ကျွန်တော့်အဖေ အသည်းအနာဆုံးအလုပ်များတွင် တဖျစ်တောက်

www.burmeseclassic.com

တောက်မေ့ပျောက်မရအောင်အသည်းနာခြင်း အထွတ်သရဖူမှာ ဤသို့ဖြစ်ပါသည်။
သူနှင့်မြေတိုင်းကျောင်းနေဖက် သူ့သူငယ်ချင်းတစ်ယောက်သည် သူ့လိုမြေတိုင်းစာရေးဘဝမှ
အင်္ဂလိပ်စာအလွတ်သင်ပြီး ဆယ်တန်းအောင်၍ အလုပ်တက်သွားရာ
နောက်ဆုံးခေတ္တလယ်ဝန်မင်းပင်ဖြစ်သွားလေသည်။ သူသည်ခေတ္တလယ်ဝန်မင်းအဖြစ်ဖြင့်
ကျွန်တော်အဖေ၏အုပ်စုသို့ ကွင်းဆင်းလျက်စစ်ဆေးလေသည်။ ထိုသူငယ်ချင်းဟောင်း
ခေတ္တလယ်ဝန်မင်းအားလည်း ကျွန်တော့်အဖေသည် ဘုရားထူးလိုက်ရပါသည်။ အဲဒီတုန်းက
ကျွန်တော့်အဖေက
"ငါ့သား မင်း အင်္ဂလိပ်စာတတ်အောင် သင်ရမယ်၊ တစ်နေ့လယ်ဝန်ဖြစ်အောင် လုပ်ရမယ်ဟု
ကျွန်တော့်ဘဝအတွက် လမ်းညွှန်သမှုပြုပါ လေသည်။
တစ်ခါက ကျွန်တော့်အဖေသည်သာရိုးကုန်းဆိုသော အုပ်စုကိုကိုင်ရလေသည်။
ကျွန်တော့်အသက်ကားအတော်ပင်ငယ်သေးသည် ထင်၏။ ကျွန်တော်တို့သည်
သာရိုးကုန်းရွာတွင်
နေကြလေသည်။ ထိုရွာကား ပေတစ်ရာလမ်းမကြီးပေါ်မှာပင် တည်ရှိ၏။
သားရိုးကုန်းတွင်နေကြခိုက်
မျက်နှာဖြူလယ်ဝန်တစ်ဦးလာရောက်လေ သည်။ ရွာတွင် ဗိုလ်တဲမရှိခြင်းကြောင့်
ကျွန်တော်တို့၏
အိမ်အပေါ်ထပ်ကို ဗိုလ်တဲသဖွယ်လုပ်ပေးထားရလေသည်။ ဘုန်းတော်ကြီးကျောင်းမှ
ကော်ဇောများငှားကာ
ခင်းပေးထားရာ မျက်နှာဖြူလယ်ဝန်မင်းက ဖိနပ်ကြီးစီး၍ ကော်ဇောပေါ်မှာလျှောက်၏။
သူ့စားပွဲထိုးအား
ကျွန်တော်တို့က ကြက်၊ ကြက်ဥ၊ သားငါးများ ပေးရ၏။ ၄င်းက
အထူးထူးသောနည်းများဖြင့်
ဗိုလ်စာပြင်ဆင်ချက်ပြုတ် ၍ လယ်ဝန်မင်းအားပွဲတော်ဆက်ရ၏။
ကျွန်တော်တို့အသုံးပြုနေသော ယိုအိမ်သာရှိ
ပါလျက် မျက်နှာဖြူလယ်ဝန်မင်းအတွက် နီးကြော်ဖျာကာ၍ အိမ်သာသစ်လုပ်ပေးရ၏။
ကျွန်တော်မှတ်မိပါသေးသည်။ ကျွန်တော်သည် ဤသို့စိတ် မှာဖြစ်မိလေသည်။
ဤမျက်နှာဖြူလယ်ဝန်မင်းကြီးသည် အသားအရောင်လည်း ငါတို့နှင့်မတူ၊ စားပုံလည်း
ငါတို့နှင့်မတူ၊ ယိုပုံလည်း
ငါတို့နှင့်မတူ၊ ဧကန္တ သူ့ချေးသည်လည်း ငါတို့နှင့်တူမည်မဟုတ်။ ထိုသို့စိတ်မှာဖြစ်ပြီး
ကျွန်တော်သည်
သူယိုထားသော ချေးကိုသွားကြည့်လေသည်။ ကျွန်တော်တို့၏ချေးနှင့် တူနေသည်ကို
တွေ့ရသောအခါ
များစွာအံ့သြနေမိလေသည်။
ကျွန်တော့်အဖေသည် မျက်နှာဖြူလယ်ဝန်မင်းအား ကျွန်တော့်လောက် အထင်ကြီးမကြီးကိုကား
မပြောတတ်။

www.burmeseclassic.com

သို့သော်သူ့အား ဘုန်းကြီးကျောင်းက ကော်ဇောပေါ်တွင် ဖိနပ်စီးလျှောက်စေသည့်တိုင်အောင်
ပြုစုစည့်ခံသည်ကိုထောက် လျှင် အတော်အထင်ကြီးသည်ဟုကား ဆိုနိုင်ပေသည်။
မျက်နှာဖြူလယ်ဝန်မှူကား
ကျွန်တော့်အဖေကို အတော်အထင်သေးဟန်ရှိ၏။ ကျွန်တော့်အဖေအား နင်နှင့်ငါနှင့်
စကားပြော၏။ ဤမျှမကသေး၊
ကွင်းစစ်ရင်း "ဒမ်းဖူး"ဟု အော်ကာမြေပုံလိပ်ဖြင့် ကျွန်တော့်အဖေ၏ မျက်နှာကိုပေါက်၏။
ကျွန်တော့်အဖေ၏
မျက်နှာမှာနီမြန်း သွားလေသည်။ သို့ရာတွင်လက်အုပ်ချီ၍ နောက်ဆုတ်သွားပြီး
လယ်ဝန်မင်းကွယ်ရာမှာ
စိတ်ဆိုးဆိုးနှင့် ထန်းရည်နင်းသောက်ခြင်းကိုသာ လုပ်နိုင်ရှာလေသည်။ နောက်
ကျွန်တော်သိတတ်သောအရွယ်ရောက်မှ ကျွန်တော့်အဖေပြောပြသည်မှာ သူသည်
ဒေါသအမျက်ချောင်းချောင်းထွက်ပြီး မျက်နှာဖြူလယ်ဝန်မင်းကြီးခေါင်းကိုရိုက်ခွဲရန်
သံတုတ်တစ်ချောင်းဆောင်ထားသေး သည်။ အချက်ကောင်းပေါ်၍
ရိုက်လိုက်မည်လုပ်သောအခါ
ကျွန်တော့်အမေနှင့် ကျွန်တော်တို့ မျက်နှာများကိုပြေးမြင်ပြီး "အင်း၊ ငါရမ်းလိုက်ရင် သူတို့
ဒုက္ခလှလှကြီး
တွေ့တော့မှပဲ"ဟု သူ့စိတ်ကို သူဆုံးမလိုက်ရသည်ဆိုပေသတည်း။
ထိုအကြောင်းကို ပြန်ပြောရင်း...
"အင်း၊ စာရေးလုပ်ရတာလောက် နုံတာ လောကမှာဘာမှမရှိဘူး။ အင်္ဂလိပ်
ကျောင်းဆက်နေနိုင်အောင်
လေးတန်းစကောလရှစ် ရအောင်သင်။ အင်္ဂလိပ်စာတတ်မှ မြေတိုင်းစာရေးမဖြစ်ဘဲ
လယ်ဝန်ဖြစ်မှာ၊
နားလည်လား"ဟု သင်ခန်းစာပေးပြန်လေသည်။
ကျွန်တော့်အဖေမှာ နုံလှသောမြေတိုင်းစာရေးဘဝကို စွန့်လွှတ်လိုလှ၏။ ထို့ကြောင့်
စွန့်လွှတ်နိုင်ရန် တစ်ဖက်က
ကူးသန်းရောင်းဝယ်ရေးလုပ်စမ်း၏။ ဆေးလိပ်ခုံထောင်ကြည့်၏။ အောက်ပြည်အောက်ရွာသို့
ပဲ၊ သနပ်ခါးခေါက်၊
ဆီးသီးများပို့စမ်း၏။ ငံပြာရည်ရောင်း၏။ အရောင်းအဝယ် မစွံရုံမက မိဘအမွေအနှစ်
ဖြစ်သော
ယာတောနှစ်တောဆုံး၊ နေအိမ် ချစ်တီးလက်အပ်ရသည်အထိ ဖြစ်သွားလေ၏။
မြေတိုင်းစာရေးအလုပ်ကို
အကူစာရေးလက်တွင် မျက်နှာလွှဲထားရာ အမှားမှားအယွင်းယွင်း လစ်ဟင်းခြင်းတွေများပြီး
သူပါအလုပ်ပြုတ်တော့မတတ်ဖြစ် သွားလေသည်။ ကံကောင်း၍ မျောက်သစ်ကိုင်းလွတ်
မဖြစ်သည်။ သို့နှင့်
ဒုံရင်းအတိုင်း မြေတိုင်းစာရေးပြန်ဖြစ်လေသည်။

www.burmeseclassic.com

ကျွန်တော့်အဖေသည် စာရေးဘဝကို တော်လှန်လို၏။ သူကိုယ်တိုင် မတော်လှန်ရှာတော့ပြီ။
ထို့ကြောင့်
ကျွန်တော့်အားသာ သူ၏တော်လှန်ရေးမီးခိုရာ၊ တည်ဆောက်ရာ၊ အားထားရာ၊
မျှော်လင့်စရာအဖြစ်ဖြင့်
သတ်မှတ်ထားပါလေတော့ သည်။ ကျွန်တော်သည် မြန်မာစာ ၄–တန်းတွင်
စကောလရှစ်ရရမည်။ အင်္ဂလိပ်စာ
ဆယ်တန်းအောင်အောင် သင်ရမည်။ မြေတိုင်းစာရင်း အင်စပက်တော်ကျောင်း တက်ရမည်။
အင်စပက်တော်
လုပ်ငန်းလုပ်ရင်းအလုပ်ကို ကြိုးစားကာ လယ်ဝန်ဖြစ်ရမည်။
ကျွန်တော့်မှာလည်း ဉာဏ်ကလေးကလည်း အထိုက်အလျောက်ရှိ၊ လုံ့လလည်း
အတော်အတန်ထုတ်သဖြင့်
မြန်မာ၄–တန်း စကောလရှစ်စာမေးပွဲကို အောင်ပါလေသည်။
ထို့ကြောင့်အင်္ဂလိပ်ကျောင်းပြောင်းနေရတော့မည်။
ထို့ကြောင့် နာမည်သစ် တင်ထွန်းကို ရွေးယူလိုက်ပါသည်။
နာမည်သစ်ရွေးသည့်နေ့က ဗေဒင်ဆရာကြီး ဦးအံ့အား ကျွန်တော့်အဖေက–
"သားသုံးမျိုးရှိတဲ့အနက်က ကျွန်တော့်သားက အတိဇာတသားဗျ။ အဖေ့ထက်မြတ်တဲ့သား၊
ဇာတာခွင်ကိုလည်း
ကြည့်စမ်းပါဦး။ အဓိပတိဖွား၊ ကြည့်စမ်း ဥစ်ဘယ်နှချပ်ရသလဲ"
ဦးအံ့ကြီးသည် ကွမ်းသွေးဖြစ်ခနဲထွေးပြီး ကျောက်စလင်းအစစ် မျက်မှန်အောက်မှ
မျက်လုံးများကို ပင့်မ၍
ဇာတာခွင်ကို ကြည့်နေလေသည်။ ပါးစပ်မှလည်း 'နောဇကေနော၊ ဒွေးကုတ်" စသည်ဖြင့်
ရွတ်နေပါသည်။
ကျွန်တော့်အမေကား လက်ဖက်ကိုတို့၍ တို့၍မြို့လျက်ဖခင်ကြီး
ကား ပါးစပ်ကိုရွဲ့၍ ဇာတာကိုကြည့်ပြီးနောက်–
"ကျွန်တော့်သား မျက်နှာမြင် ခါနီးမှာ အိပ်မက်ထူးမြင်ထားတယ်ဗျ၊ ဘုရားသခင်
ကောင်းကင်က ဈာန်ကြွလာတာ
ဖူးရတယ်လို့"
ကျွန်တော့ တပည့်ကျော်များ အားကိုးနဲ့ ဒီစာအုပ်ကြီး တင်ဘို့စလိုက်တာပါ
ကျွန်တော်ကား ဇာတိချက်ကြွေ ရပ်ရွာမြေကို စွန့်ခွာရလေပြီ။ အင်္ဂလိပ်ကျောင်း
ရှိရာမြို့သို့သွား၍
အင်္ဂလိပ်ကျောင်းသားဖြစ်ရလေပြီ။
ယောကျာ်းဘသား လယ်ဝန်ဖြစ်ရမည်။
ဤသည်ကား ကျွန်တော့်ဖခင်၏ အားပေးသံတည်း။
ဤသည်ကား ကျွန်တော်၏ဘဝတွင် အစောဆုံးသော ခံယူချက်ဖြစ်ပါသည်။

www.burmeseclassic.com

ယခုအသက် ၂၅ နှစ်တစ်ဝိုက်အရွယ် ယခု ကျွန်တော့်ဘဝတွဲဖြောင်းလမ်းစရ သော
အခြေရောက်ခါမှ ထိုကဲ့သို့သော
ဖခင်၏ အားပေးပုံနှင့် ဤကဲ့သို့သော ကျွန်တော်၏ ခံယူပုံတို့ကို
ပြန်လည်သုံးသပ်ကြည့်လိုက်သောအခါ
ဖခင်ကြီးကို သာရော်ချင်သလိုလို၊ ကျွန်တော့်ကိုယ်ကိုယ် သနားစရာကောင်းတဲ့
သတ္တဝါလေးပါ ကလားဟု
ဆိုချင်သလိုလို ဖြစ်ပေါ်လာသော်လည်း၊ ထိုစဉ်ထိုအခါကမူ ဖခင်ကြီးအား
အမြော်အမြင်ကြီးသူအဖြစ်လည်းကောင်း၊
ကျွန်တော့်ကိုယ်ကိုယ် တစ်ခေါ်သလောက် စံမြောက်သော သားအဖြစ်ဖြင့်လည်းကောင်း
ထင်မှတ်ခဲ့ပါလေသည်။
ယောကျ်ားဘသား လယ်ဝန်ဖြစ်ရမည်။

၂

ဘဝရည်မှန်းချက်

ဘာရည်ရွယ်ချက်နဲ့ပဲဖြစ်ဖြစ် အင်္ဂလိပ်ကျောင်းသို့ ရောက်ခဲ့ပြီ။ ခေတ်ပညာကိုသင်ရလေပြီ။
ကျွန်တော့်စကောလရှစ်မှာလည်းမများ၊ အဖေပို့ပေးနိုင်သော ငွေမှာလည်း မများ၊
ကျွန်တော်အဖေမှာလည်း
စာရေးဘဝကို စွန့်လွှတ်ချင်လှ၍ ကုန်ကူးရာမှ ချစ်တီးအား နေအိမ်အပ်ရသော
အခြေသို့ရောက်ခဲ့ရုံမက
မပြေလည်သေးသဖြင့် လခထဲက ကြွေးဖဲ့ဆပ်နေရလေသေးသည်။ ထို့ကြောင့် ဘော်ဒါမှာ
လခကြီးပေး၍မနေနိုင်။
ကျွန်တော့်အဒေါ်နှင့်လင်တော်မောင် ဒီစတြိတ်ကောင်စီ စာရေးကြီးအိမ်မှာ နေရလေသည်။
စားရေးကြီးဆိုတော့
အစေခံမငှားနိုင်။ ထို့ကြောင့် အိမ်ရှင်မ လုပ်သူကျွန်တော့်အဒေါ်အား အိမ်တွင်းမှု
ဗာဟီရကိစ္စများတွင်ကူညီရ
လေသည်။ အင်္ဂလိပ်ကျောင်းသားဆိုသော်လည်း ရေထမ်းရသည်။ ဈေးသွားဝယ်ရသည်။
ဆွမ်းစောင့်လောင်းရသည်။
တံမြက်စည်းလှည်းရသည်။ ဤမည်သော မြားမြောင်သည့်ကိစ္စတို့မှ အားလပ်လျှင်သာ
စာဖတ်ရ၏။ တစ်ခါတစ်ခါ
စာဖတ်နေစဉ် ဦးလေးတော်က တောက်တိုမည်ရ ခိုင်းပြန်သဖြင့် ပြေးလိုက်လွှားလိုက်
ရလေသေးသည်။
သည်မျှမကသေး၊ ဦးလေးတော်က မိန်းမငယ်နေသည်ဟုဆိုပြီး အဒေါ်သည်
ညညလိုက်ချောင်းရာ ကျွန်တော်က
နောက်ကအဖော်အဖြစ်လိုက်ရလေ သည်။
ကျွန်တော့်မှာ ကျောင်းသွားချိန်ကလွဲ၍ ကျောင်းသားနှင့် မတူလှပါ။ အခိုင်းအစေကလေးနှင့်
သာတူနေပါသည်။

www.burmeseclassic.com

ထို့ကြောင့် စာသင်ပျက်မည်စိုးရှာသော ကျွန်တော့်အဖေက ကျွန်တော့်အား
အခြားအိမ်တစ်အိမ်သို့
ပြောင်းရွှေ့ပေးပြန်ပါသည်။ ၄င်းမှာ ကျွန်တော့်အဖေနှင့် ငယ်စဉ်က မိတ်ဆွေဖြစ်ဖူး၍
ယခုကျွန်တော်တို့၏
ကျောင်းမှာပင်အထက်တန်းဆရာ ဖြစ်နေသူဖြစ်ပါသည်။ ဆရာ့အိမ်ဆိုတော့
စာလည်းပိုဖတ်ဖြစ်မည်ဟု
ယုံကြည်သည်။ သို့ရာတွင် ထိုအိမ်မှာလည်း တစ်အိမ်လုံးအတွက် ရေထမ်းရ၊ ဆရာ့အတွက်
တောက်တိုမည်ရလုပ်ရန်ပြေးရလွှားရရုံမက ကလေးတွေဗရပွမို့ ကလေးပင်
ထိန်းပေးနေရပြန်ပါလေသည်။
အိမ်ရေးအိမ်ကိစ္စအလုပ်များပြီး စာကျက်ချိန်နည်းသဖြင့် ကျွန်တော်လည်း စိတ်မကောင်း၊
ကျွန်တော့်မိဘများလည်း
စိတ်မချမ်းသာ။ သို့ရာတွင် ကျွန်တော်တို့ အတွက် အင်္ဂလိပ်ကျောင်းနေ၍
ခေတ်ပညာသင်ချင်လျှင်
သည်နည်းသာရှိလေသည်။ သို့ဖြစ်ရကား သူတို့အခိုင်းများ၍ စာကျက်ချိန်
သိပ်မရသော်လည်း တစ်နည်းအားဖြင့်
စာသင်ဖြစ်အောင် ဖန်တီးပေးသဖြင့် ကျွန်တော့်ဦးလေးအားလည်းကောင်း၊ ကျွန်တော့်
အဖေ့မိတ်ဆွေထိုဆရာအား
လည်းကောင်း၊ ယနေ့တိုင် ကျေးဇူးတင်စွာဖြင့် သတိရနေပါသည်။ ၄င်းပြင်
ယခုပြန်စဉ်းစားလိုက်သောအခါ
အင်္ဂလိပ်ကျောင်းသားဟု ဂိုက်ကြီးဆိုက်ကြီးနှင့် မနေရဘဲ ရေထမ်းခြင်းကအစ
လုပ်ခဲ့ခြင်းသည် ကျွန်တော့်အား
အကျိုးများစေသည်ဟု ထင်ပါသည်။ ကျိုးနွံသည် စိတ်ကြီးမဝင် စသော အရည်အချင်းများကို
ကျွန်တော့်အား
ပေးခဲ့သည်ဟု ယူဆပေသည်။
စာကျက်ချိန်နည်းခဲ့သော်လည်း စာမေးပွဲများကိုအောင်ရုံမက အတန်းကျော်၍
တက်နိုင်ခဲ့ပါသည်။ ဤအတွင်း
ကျွန်တော့်အဖေ၏ အခြေအနေမှာလည်း တစ်စတစ်စ ကောင်းမွန်လာလေသည်။
ကြွေးကျေသွားပြီ။ မြေတိုင်းခ၊
မြေပုံကူးခ၊ ဦးပိုင်ပြောင်းခ စသော တရားသောလာဘ်သပ်ပကာများအပြင်
မြေခွန်တော်လျော့အောင် ပေါ့အောင်
သို့မဟုတ် ကောက်ပဲသီးနှံ လုံးဝမအောင်ဆိုပြီး လုံးဝပလပ်နိုင်သော တန်းခိုးရှိခြင်းကြောင့်
'အပို'လာဘ်သပ်ပကာ
များလည်းရရှိလေ သည်။
ကျွန်တော့်အဖေကား အခြေအနေချောင်ချိသည်ဆိုလျှင်ပင် ကျွန်တော့်အား ဘော်ဒါသို့ပို့၏။
ကျွန်တော်က

ဘော်ဒါမနေလိုလျှင် အိမ်ငှားရမ်း၍ ထမင်းလခ ပေးစားနိုင်ရန် စီစဉ်ပေး၏။
သူအာရုံစိုက်သောအရာကား
ကျွန်တော်စာကျက်ချိန်များရန်သာလျှင် ဖြစ်ပေသည်။
သို့ဖြင့် ကျွန်တော်သည် အင်္ဂလိပ်မြန်မာဆယ်တန်းစာမေးပွဲကို သူများသင်ရိုး သင်ချိန်ထက် ထက်ဝက်မကစော၍
အောင်မြင်ခဲ့လေသည်။
ဆယ်တန်းအောင်လေပြီ။ မူလမှန်းသလို မြေစာရင်း အင်စပက်တော်ကျောင်းကို သွားလော၊ ကျွန်တော့်အဖေ၏
မှန်းချက်ကား တက်သွားပြန်လေပြီ။
ဆယ်တန်းမအောင်ခင်ကမူ သူ့အားနိုင်ချင်သလိုနိုင်သွားသော သူကဘုရားထူး ရှိခိုးလိုက်ရသော လယ်ဝန်များနှင့်
သူ့သားအား တန်းတူဖြစ်စေချင်၏။ ဆယ်တန်းအောင်ပြီးသောအခါ သူ့သားအား လယ်ဝန်များအထက်က
နေရမည့်ရာထူး ကိုရောက်စေချင်၏။ ဆယ်တန်းအောင်ပြီး ဘီအေအောင် ရမည်။ ဘီအေအောင်ပြီး
အိုင်စီအက်စ်အောင်ရမည်။ ဤသည်ကား ကျွန်တော့်အဖေ၏ အသစ်ပွားတိုးလာသော မှန်းချက်ပေတည်း။
သူ့မှန်းချက်အတိုင်း ကျွန်တော်ကခံယူပါသလား။
ဆယ်တန်းအောင်ချိန်၌ ဤအမေးကို ကျွန်တော်လေးလေးနက်နက် ဆင်ခြင်မကြည့်မိပါ။
အင်္ဂလိပ်ကျောင်းပြောင်းနေစဉ်က လယ်ဝန်ဖြစ်ရမည်ဟု ကျွန်တော်ရည်မှန်းခဲ့၏။ သို့ရာတွင် ကျောင်းတွင်
စာသင်သောအခါ ထိုမှန်းချက်သည် တဖြည်းဖြည်း နောက်ဆုတ်သွားလေသည်။ အခြားမှန်းချက်တစ်ခုခု
မည်မည်ရရက သူ့နေရာကိုယူသည်ကား မဟုတ်ပါ။ အင်္ဂလိပ်ကျောင်းနေ၍ အင်္ဂလိပ်ပညာ သို့မဟုတ်
ခေတ်ပညာသင်ရသောအခါကစ၍ ပညာတတ်အောင် သင်မည်။ စာမေးပွဲအောင်ရမည်ဟူသော ရည်မှန်းချက်ကသာ
တစ်စတစ်စလွှမ်းမိုး လာရာဆယ် တန်းအောင်သည်အထိဖြစ်ပါ၏။
တစ်ခါတစ်ခါ စာဖတ်ရင်းသော်လည်းကောင်း၊ ကျောင်းနေဖက်သူငယ်ချင်းများ နှင့် စကားစပ်မိ၍
ပြောကြရင်းဖြင့်လည်းကောင်း၊ ပညာတတ်ပြီးလျှင် ငါဘာလုပ်မလဲ၊ သို့မဟုတ် ကြီးရင် ငါဘာလုပ်မလဲဟူသော
ပြဿနာပေါ်လာတတ်ပေသည်။ ထိုအခါမျိုး၌ အဖေက ကျွန်တော့်ခေါင်းထဲသွင်းပေးခဲ့သော လယ်ဝန်ဖြစ်ရမည်ဆို
သောမူလရည်မှန်းချက်အပြင် အခြားမှန်းချက်များလည်း ပေါ်လာတတ်ပေသည်။

ဥပမာ– ဦးရွှေရိုး၏ ဝေဝေလွင်ဇာတ်ကားကို ကြည့်ပြီးနောက်၊ ဦးရွှေရိုး၏ ကပြဟန်ကို အလွန်နှစ်သက်စွဲလန်းခြင်းဖြစ်ပြီး "ငါတော့ ကျောင်းထွက်ရင် ရုပ်ရှင်ဇာတ်လိုက်လုပ်မကွာ"ဟု
သူငယ်ချင်းများအား ပြောမိလေသည်။
ချားလ်စ်ဒစ်ကင်း၊ ဆာဝါလ်တာစကော့၊ ဆာရိုက်ဒါဟက်ဂတ်တို့၏ ဝတ္ထုများကို
ဖတ်ရသောအခါ ဝတ္ထုများကို
နှစ်သက်စွဲလမ်းသလောက် ဝတ္ထုရေးဆရာများကို ကြည်ညိုအားကျလေသည်။ ထို့ကြောင့်
ႀွနည ႏ ဘနခသာန ေ
ာညေယ ႏ တငူ ဘန ေ ညသလနူျအယ င် ခညေ၀ (ငါလူလားမြောက်သောအခါ
တတ်နိုင်လျှင် ဝတ္ထုရေးဆရာလုပ်မည်) ဟူသော ကဗျာဆန်သည့်
စာကလေးကို ကဗျာဆန်သော စိတ်ကူးဖြင့် ရေးမိလေသည်။
ကျွန်တော်တို့ အလွန်ငယ်ရွယ်၍ အတန်းငယ်လှသောအချိန်တွင် ဆာဂျေအေမောင်ကြီးသည်
ခေတ္တဘုရင်ခံကြီးဖြစ်လာလေသည်။ ဆာဂျေအေမောင်ကြီးသည် ခေတ္တဘုရင်ခံအဖြစ်ဖြင့်
တိုင်းခန်းလှည့်လည်လေရာ ကျွန်တော်တို့မြို့သို့ရောက်လာပေ၏။ ထိုအခါ
မြို့သူမြို့သားများက ကြိုဆိုကြရာ
ကျွန်တော်တို့ ကျောင်းသားကလေးများလည်း လမ်းမှာစီတန်း၍ ယူနီယံဂျက်အလံကိုလွှင့်ကာ" အောင်ဆုသြဘာမင်္ဂလာဖြင့်၊ ဆယ်ဖြာလက်မြောက်၊ ဆက်ကာလျှောက်ပိမ့်" အစရှိသော
ဂျော့ဘုရင်ဘုန်းတော်ဘွဲ့ကို သံပြိုင်ရွတ်လျက် ကြိုဆိုကြရပါသည်။ ထိုအခါတုန်းကမူ
အကြီးဆုံးသော
အရာရှိကြီးဖြစ်ရန် ပြင်းထန်သောဆန္ဒ ကျွန်တော့်တွင် ဖြစ်၍လာပါသည်။
တစ်နေ့သောညနေခင်းတွင် ကျောင်းဘောလုံးကွင်း မြက်ခင်းပေါ်၌ သူငယ်ချင်းများနှင့်
ဝိုင်းဖွဲ့စကားပြောကြရာ
တင်လှနှင့် စိုးဝင်းတို့က ဆရာဝန်အလုပ်ကောင်း မကောင်း ငြင်းခုံကြလေရာ
သူတို့နှစ်ယောက်၏ အငြင်းအခုံကား
ဆုံးဖြတ်ချက်မကျ။ ကျွန်တော်ကမူ "ငါတော့ ဆရာဝန်လုပ်မကွာ" ဟု
ဆုံးဖြတ်ချက်ချလိုက်ပါသည်။
သို့ရာတွင် ဤမည်ဤမည်သော ရန်မှန်းချက်များကား စန္ဒရားပေါ်တွင်
ကြောင်ခုန်တက်ရာမှပေါ်ထွက်လာသော
ဂီတသံမျှသာဖြစ်ပါသည်။ နရီတိုက်၍ အစီအစဉ်နှင့် ပေါ်လာသော ဂီတသံမျိုး မဟုတ်ပါ။
အကြောင်းဆိုက်သလို
စကားအလျဉ်းသင့်သလို ပေါ်လာသော ရည်မှန်းချက်များသာ ဖြစ်ပါလေ၏။ ။
၃
အဖေ့မှန်းချက်မှာ နမ်းထွက်နှင့်ကွာသည်
ဆယ်တန်းအောင်၍ ကောလိပ်ရောက်သော်လည်း ဘဝရည်မှန်းချက်များနှင့် ပတ်သက်၍

ကျွန်တော်သည်များစွာတိုးတက်မှုရှိသည်ဟု မဆိုနိုင်ပါ။ ပို၍ရည်မှန်းချက် များလာသည်၊ ထွေပြားလာသည်ဟုသာ
ဆိုရလိမ့်မည်။ အိုင်စီအက်ဖြစ်ရမည်ဟူသော ကျွန်တော့်ခေါင်းတွင်းသို့ အဖေသွင်းပေးလိုက်သည့်
ရည်ရွယ်ချက်များမှာလည်း လယ်ဝန်ဖြစ်ရမည်ဆိုသော မူလမှန်းချက်လိုပင် နောက်ကွယ်မှာသာ ချောင်ခိုနေလေ့ရှိ
ပါသည်။ ရှေ့ဆုံးကနေသည့် ဘဝရည်မှန်းချက်ဟုပင် ခေါ်နိုင်မည်မဟုတ်သော မှန်းချက်မှာ ပညာသင်ရမည်၊
စာမေးပွဲအောင်ရမည်ဟူ၍သာ ဖြစ်ပါလေသည်။
စာဖတ်သူတို့ သိပြီးဖြစ်ကြသည့်အတိုင်း ရန်ကုန်တက္ကသိုလ်တည်းဟူသော ယူနီဗာစီတီမှာ ပညာသင်ကြားရာ၌
ကုန်ကျစရိတ် အလွန်ကြီးလေးပါသည်။ ဟိုက်စကူးကျောင်းတုန်းက ဘော်ဒါ၊ ကောလိပ်မှာတော့
ဟော်စတယ်လ်ခေါ်သည့် ကျောင်းအိပ် ကျောင်းစားနေရလျှင် အဖေ့မြေတိုင်းစာရေးလခကို အိမ်မှာစားဖို့
မချန်ဘဲပို့မှ လောက်ငရုံလောက် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော့်မှာ ထမင်းလခပေါပေါ
အိမ်နေခပေါပေါနှင့် ရမည့်နေရာရှာပြီး နေ့ကျောင်းသားအဖြစ်နှင့် ကျောင်းတက်ရလေသည်။
ခရီးစရိတ်မကုန်အောင် ကောလိပ်ကျောင်းနှင့်လည်း နီးရမည်ဖြစ်ရာ ကမာရွတ်မှာပင် နေရလေသည်။
အလယ်တန်းအထက်တန်း အင်္ဂလိပ်ကျောင်းသားတုန်းကလို ရေထမ်းခြင်း စသည့် အိမ်မှုရေးရာကိုကား
မလုပ်ရတော့ပေ၊ သို့ရာတွင် အရပ်ထဲနေသည့်အတိုင်း ရပ်မှုရေးရာများတွင် ပါရလေသည်။ ကျွန်တော်ကလည်း
မည်မျှထိ စပ်စုပါသနည်း ဆိုသော်အရပ်ထဲတွင် တနင်္ဂနွေနေ့တိုင်း ဆွမ်းခံ၍ ဆွမ်းကြီးလောင်းသော
ဆွမ်းကြီးလောင်းအသင်းတို့ပင် ပိတ်ဖြူဝတ်စုံဝတ် အသင်းသားအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ပါသည်။
ပိတ်ဖြူဝတ်ထားသော ကောလိပ်ကျောင်းသားကြီး ဆွမ်းဆန်တောင်းထမ်း၍လည်းကောင်း၊
ကြေးစည်ရိုက်၍လည်းကောင်း ဆွမ်းဆန်ခံ ထွက်နေသည်ကို တွေ့နိုင်ကြပါသည်။
၄င်းပြင် ထိုစဉ်အခါက ကမာရွတ်သည် တို့ဗမာအစည်းအရုံး၏ အားအကောင်းဆုံးသော
အခြေခံရပ်ကွက်တစ်ခုဖြစ်နေလေပြီ။ ကမာရွတ် တို့ဗမာအစည်းအရုံးကို ၁၉၃၄ခုလောက် စတင်တည်ထောင်ခဲ့ရာ
စတင်တည်ထောင်ခဲ့သူများမှာ သခင်သိန်းဖေနှင့် သခင်ခင်မောင်တို့ဖြစ်သည်ဟုသိရလေသည်။ ကျွန်တော်

ကမာရွတ်ရောက်ပြီးနောက် ကမာရွတ်သခင်များနှင့် လုံးမိချိန် တွင် သခင်သိန်းဖေသည် ကာလကတ္တားသို့
ရောက်နေပြီဟုသိရသည်။ ကျွန်တော်နှင့် မတွေ့လိုက်ရတော့ပါ။ ၄င်းကား တက်ဘုန်းကြီးဝတ္ထုကို
ရေးသောကြောင့်တက်ဘုန်း ကြီးသိန်းဖေဟု ကျော်ကြားလာသောသူပင်ဖြစ်ပါသည်။
သခင်ခင်မောင်မှာမူ ကမာရွတ်သား ရှမ်းမြန်မာဖြစ်ပြီး ကမာရွတ်မှာပင်နေသဖြင့် ကျွန်တော်နှင့်တွေ့ရပါသည်။
သခင်ခင်မောင်မှာကား ဖြူဖြူပုပု ခပ်တုတ်တုတ်ဖြစ်လေသည်။ သခင်ဗစိန်သည် သူ့ထံသို့အစည်းအရုံး
ကိစ္စနှင့်လည်းကောင်း၊ အလည်အပတ်လည်းကောင်း လာတတ်လေရာ ကျွန်တော်မြင်တွေ့ဖူးရပါသည်။
သခင်ဗစိန်မှာ ညိုညိုပုပုခပ်ဝဝပင်ဖြစ်၏။ သူ့အားဖြည်းဖြည်းနှေးနှေး သွားလာနေသည်ကို ဘယ်တော့မှမမြင်ဖူးပါ။
သူသည် ပုသဖြင့် သူ့ခြေတိုနေသည်ကို အမြဲသတိရကာ ခြေတိုနေသည်နှင့် ကာမိအောင် တမင်ပင်
အလှမ်းကျယ်ကျယ်ကြီးလှမ်း၍ သွက်သွက်ကြီး လျှောက်ဟန်တူလေသည်။
၄င်းပြင် သူစကားပြောတိုင်း ဒေါနှင့်မောနှင့် မပြောသည့်အခါဟူ၍မတွေ့မမြင် ဖူးပါ။ တရားဟော
စင်မြင့်ပေါ်မှာလည်း ဒေါမောနှင့်၊ နှစ်ယောက်တမ်းပြောလည်း ဒေါမောနှင့်၊ လူသူလေးပါးမကြားအောင်
တိုးတိုးပြောရာမှာလည်း ဒေါမောနှင့်ပင်၊ ဖြစ်ပေသည်။ သူသည် မခင်ဆိုသော အမျိုးသမီးတစ်ယောက်နှင့်
ညားသွားပြီဟု သတင်းစာထဲတွင် ပါလာသောအခါ ကျွန်တော်ပထမဆုံး စဉ်းစားကြည့်လိုက်သောအရာကား သူ
သမီးရည်းစားစကားပြောပုံတည်း။ သူဘယ်လိုများ သမီးရည်းစား စကားပြောပါလိမ့်။ ဒီဒေါဒီမောနှင့် ပဲလေလား။
ကမာရွတ်ထဲမှာနေရင်း ကျွန်တော်သည် သခင်များနှင့် တွဲလောင်းတွဲလောင်း ဖြစ်နေမိသည်။
အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါရဲဘော်သုံးကျိပ်တွင် ဗိုလ်လင်းယုန်နှင့် ဗိုလ်မိုးညိုဟု
ဖြစ်လာကြသော သခင်များမှာ ကျွန်တော်နှင့်ရွယ်တူလို ဖြစ်သဖြင့် ပိုလို့တွဲမိပါသည်။ သခင်များနှင့်
ကျွန်တော်သည် တပူးတွဲတွဲဖြစ်နေသည် ကိုကမာရွတ်လူထုက အမှတ်ထားမိဟန်မတူသော်လည်း ပုလိပ်ကား
ကောင်းစွာအမှတ် ထားလေ၏။ ကျွန်တော့်အား ကောလိပ်ကျောင်းသား နိုင်ငံရေးသမားကြီးအဖြစ်ဖြင့်

သက်ဆိုင်ရာသို့ကမာရွတ်ဌာနမှ တိုင်ချက်ပို့ဟန်ရှိပေ၏။ အကြောင်းမူကား ကျွန်တော့် အဖေထံက
ဆူပူကြိမ်းမောင်းသံနှင့် ချုသံပါအောင် ညည်းညူသံ ရောပြွမ်း ထားသော စာတစ်စောင်လာသောကြောင့်တည်း။
ကျွန်တော့်အဖေအား မြို့အုပ်မင်းက ခေါ်၍ "မင်းသားဟာ သခင်တွေနဲ့တွဲပြီး နိုင်ငံရေးလုပ်နေတယ်လို့ ဘုရင်ခံ
မင်းကြီးဆီက စာလာတယ်၊ အစိုးရအမှုထမ်း သားသမီးဟာ နိုင်ငံရေး မလုပ်ရဘူး ဆိုတာ သတိပေးဖို့လိုတယ်။
မင်းသားဆီကိုစာချက်ချင်းရေး လိုက်"ဟု မိန့်ကြားသည် ဟု ထိုစာကဆိုလေသည်။ အဖေက ကျွန်တော့်အား
နိုင်ငံရေးသမားလုပ်သည့်အတွက် ဆူလိုက်လေသည်။ "ငါအလုပ်ပြုတ်အောင် လုပ်တာလား"ဟု လည်းငေါ့တော့တော့ မေးလိုက်သည်။ မြို့အုပ်မင်းက ထိုသို့ စကားခေါ်ပြောသောအခါ မိုးကြိုးအပစ် ခံရသလို
အဖေခံစားမိကြောင်း၊ အိမ်ရောက် သောအခါ "ငါယောကျာ်းရင့်မကြီး ငိုကြီးချက်မ ဖြစ်မိကြောင်း"ကိုရေး၍
ညည်းညူသံ ပေးလေသည်။ ၎င်းနောက် "အိုင်စီအက်အောင် အောင်သင်ရမည်"ဟူသော မှန်းချက်ကို မမေ့ဖို့၊
မှန်းချက်နှင့် နမ်းထွက်မကွာဖို့ သတိပေးနှိုးဆော်လိုက်လေသည်။
သို့ရာတွင် ကျွန်တော့်မှာ ပုလိပ်အစီရင်ခံသလို နိုင်ငံရေးသမားကြီး မဟုတ်ပါ။ အရပ်ထဲနရင်းက
အရပ်ကိစ္စများထမ်းရွက်ရင်းက သခင်များနှင့် ပေါင်းသင်းမိခြင်းသာ ဖြစ်ပါသည်။ နိုင်ငံရေးစင်မြင့်သို့တက်၍
တရားဟောခြင်းသော်လည်းကောင်း၊ ဆန္ဒပြပွဲခေါင်းဆောင်ခြင်းသော်လည်းကောင်း၊
တို့ဗမာအစည်းအရုံးရန်ပုံငွေကောက်ခံ ခြင်းသော်လည်းကောင်း မလုပ်ခဲ့ပေ။ သို့ရာတွင် နိုင်ငံရေးမှာတော့
စိတ်ဝင်စားသည်၊ မျိုးချစ်စိတ်ဓာတ်ကလည်း ရင်တွင်းမှာ ဝင်နေပြီးဖြစ်ပါသည်။
ငယ်ငယ်ကလေးတုန်းက မင်းသားဦးစပယ်သစ်နှင့် မင်းသမီးဦးဖုးညိုတို့၏ ရုပ်သေးကို ကြည့်ရစဉ်
"ဟသ်ာစလုတ်ထွန်းပြီ၊ မြန်မာတို့ ခေတ်ကောင်းချိန်နီးပါပြီ"ဟု ရုပ်သေးစင်ပေါ်က တရားဟောသံ
ကြားနရကတည်းက အမျိုးသားအသိတရားတွေ ဝင်လာခဲ့သည်။
ဘုန်းကြီးကျောင်းနေတုန်းကလည်း ဆရာတော်
ဦးနန္ဒမာလာနှင့် သပြေပင်ရွာမှ လူကြီးများက နှစ်ကျိတ်ရှစ်သောင်းသော သံခမောက်ဆောင်း စစ်သည်များကို
ကွပ်ကဲလာမည့်မင်းလောင်းပေါ်မည့်အကြောင်း၊ ထိုမင်းလောင်းသည် မြန်မာပြည်ကြီးအား

မိစ္ဆာဒိဋ္ဌိများလက်အောက်မှ ကယ်တင်မည့်အကြောင်းများ ပြောဆိုဆွေးနွေးနေကြသည်ကို ကြားရလေရာ
ကျွန်တော့်မှာ များစွာစိတ်အားထက် သန်နေမိပေသည်။ အတန်ကြာအောင် မင်းလောင်းမျှော်သည့်
ဝါဒစွဲနေသေးသည်။
ကျွန်တော်တို့ ခြောက်တန်းလောက်တွင် ရှိနေတုန်း သာယာဝတီသူပုန်ကြီး ပေါ်ပေါက်လာလေသည်။ ကျွန်တော်တို့
မည်မျှချောက်ချားသွားပါသနည်း၊ ကျွန်တော်တို့ မည်မျှသွေးကြွသွားပါသနည်း။ ဂဠုန်ဆရာစံသည် သံခမောက်
ဆောင်း၍ ဂဠုန်ကိုစီးကာ ကျွန်တော်တို့ ကျောင်းဝင်းထဲသို့ ထိုးဆင်းလာလေ မည်လော။
၄င်းနောက် ရန်ကုန်သက္ကသိုလ်ကျောင်းသားသည် ဂဠုန်သူပုန်ထောက် ခံရေးများ ခေါင်းဆောင်၍
နိုင်ငံခြားအထည်အလိပ် သပိတ်မှောက်ရေး၊ စီးကရက် မသောက်ရေး စသည်များလုပ်ကြသည်ဟု
ကြားလိုက်ရလေသည်။ ထိုအခါ ကျွန်တော် တို့ ကျောင်းသားတွေ လိုက်လုပ်ကြသေးသည်။
ပင်နီအပေါ်အင်္ကျီဝတ်လိုက်ကြသေး သည်။ မျိုးချစ်စိတ်၏
အထိမ်းအမှတ်အဖြစ်ဖြင့်လည်းကောင်း၊
အင်္ဂလိပ်မဆန်လိုသော အထိမ်းအမှတ်အဖြစ်ဖြင့်လည်းကောင်း၊ ဗိုလ်ကေတွေပယ်ကာ ခေါင်းတုံးပင် တုံးလိုက်
ကြသေးသည်။
ကမာရွတ်မှာနေ၍ သခင်များနှင့်ပေါင်းမိသောအခါ နိုင်ငံရေးတွင် စိတ်ဝင် စားမှုနှင့် မူလရှိပြီးမျိုးချစ်စိတ်တို့သည်
တိုးတက်ပွားများလာသည်ကိုကား ဝန်ခံပါ သည်။ ၄င်းပြင် သခင်များကို ကျွန်တော်ကြည်ညိုလာကြောင်းကိုလည်း
ဝန်ခံရပေမည်။
ဥပမာ– 'ခွေးခေါင်း' ပြောင်းပြန်ကပ်လိုက်သည်'ဟူသော ကိစ္စ၌ အချို့သူတို့က တောင်ငူသခင်လှမောင်သည်
မိုက်ရူးရဲလုပ်ကြောင်း၊ အကျိုးမရှိတဲ့လုပ်ငန်းလုပ် ကြောင်းပြောဆိုရှုတ်ချလေသည်။
ကျွန်တော်ကားသခင်လှမောင်အား ချီးကျူးပါသည်။ နှောင်းလူတို့ နားလည်နိုင်ရန် အနည်းငယ်ရှင်းပါရစေ။
တောင်ငူမှသခင်လှမောင်ဆို သူသည် တစ်နေရာသို့ စာရေးပို့ရာ စာအိတ်တွင် ဂျော့ဘုရင်တံဆိပ်ခေါင်းကို
ပြောင်းပြန်ကပ်ပြီးအောက်မှ 'ခွေးခေါင်းပြောင်းပြန်ကပ်လိုက်သည်'ဟုရေးလိုက်လေ သည်။ ထိုကဲ့သို့သော
ပြစ်မှုကြောင့် ထောင်ဒဏ် (၇)နှစ်ရလေသည်။ သခင်လှမောင် သည် ဤအလုပ်ကိုအမှတ်တမဲ့

လုပ်လိုက်သည်မဟုတ်။ တမင်ပင်အင်္ဂလိပ်အုပ်စိုးမှုကို ဆန့်ကျင်သောဆန္ဒပြပွဲတစ်ရပ်အနေနှင့် တစ်ကိုယ်တည်းသူနားလည် စိတ်ကူးပေါက် သောနည်းဖြင့် ကျင်းပလိုက်ခြင်းဖြစ်လေသည်။ ယင်းဆန္ဒပြပွဲကား
ထိရောက်လှပေ သည်။
သခင်များသည် အခြားနိုင်ငံရေးသမားကြီးများနှင့် မတူ။ အငတ်အပြတ် အဆင်းရဲခံ၍ နိုင်ငံရေးလုပ်ကြ၏။
သွားလာစရာ စရိတ်မရှိလျှင် ခြေလျှင်လျှောက်၏။ သားမယား၊ ဆွေမျိုးမိဘနှင့် ပြတ်စဲမည်လား၊
တို့ဗမာအစည်းအရုံးလွတ်လပ်ရေး လုပ်ငန်းနှင့် ပြတ်စဲမည်လား ရွေးချယ်ရလျှင် တို့ဗမာအစည်းအရုံး
လွတ်လပ်ရေး လုပ်ငန်းနှင့်မပြတ်စဲနိုင်ဟု ရွေးသူများဖြစ်ပေ၏။ ထောင်တန်းကိုလည်း မကြောက်သူများဖြစ်၏။
ထောက်ကျလျှင်ဝမ်းမနည်း၊ စိတ်ဓာတ်မကျ၊ ‘အရှေ့ကနေဝန်းထွန်းသည့်ပမာ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ
မလွဲပါ’ ဟူသောတို့ဗမာသီချင်းကိုဆိုလျက် စိတ်တင်းကာ ခံရဲသူတွေဖြစ်၏။ နိုင်ငံရေးသမားများဖြစ်ပါလျက်
လက်ထိပ်ခတ်ခြင်းလူဆိုးရာဇဝင် ကောင်ကိုလုပ်နည်း အလုပ်ခံရသောအခါ သခင်အကျဉ်းသမားများသည်
ထိုင်သပိတ်မှောက်ခြင်း၊ အစာငတ်ခံခြင်းစသည်တို့ဖြင့် ဆန္ဒပြကြ၏။ ခုံခံကြ၏။ အခွင့်အရေးရအောင်
ဆောင်ရွက်ကြလေ၏။ သူတို့လိုမလုပ်နိုင်ဦးတော့ ကျွန်တော်သည် သူတို့ကို မကြည်ညိုဘဲ ရှိနိုင်ပါမည်လော။
ကမာရွတ်တွင် စက်ရုံများရှိလေရာ အကြီးဆုံးစက်ရုံမှာ တယောစွပ်ကျယ်စက် ဖြစ်လေသည်။ စွပ်ကျယ်စက်မှ
အလုပ်သမားများသည်လည်း ကျွန်တော့်လိုပင် သခင်များကိုကြည်ညို၏။ သူတို့၏ စွန့်စားမှုအတွက် ချီးကျူး၏။
ကမာရွတ်မှာ သခင်တရားပွဲ ကျင်းပလျှင် တယာတံဆိပ် စွပ်ကျယ်စက်ရုံမှ အလုပ်သမားများသည်
အားတိုက်အင်တိုက် တက်ရောက်အားပေးကြ၏။ ကျွန်တော်သည် သခင်များကို ကြည်ညိုအားပေးရာ၌
တစ်ယောက်ထီးတည်းကြီး မဟုတ်ပါ။ ကျွန်တော်မမှားနိုင်ပါ။ တစ်ယောက်ထီးတည်းဖြစ်လျှင်ကား
“ငါများမှားနေပြီလား”ဟု ပူစရာရှိသေးသည်။ ယခုမူ ပူစရာမရှိပါ။ ဆင်းရဲသားအလုပ်သမားများလည်း
ကျွန်တော်တို့ဘက်က ရှိနေလေပြီ။

ကျွန်တော်သည် နိုင်ငံရေးတွင် စိတ်ဝင်စားသည်။ မြန်မာ့ခေတ်ကောင်းချိန်ကို မျှော်သည်။
မြန်မာ့လွတ်လပ်ရေးကိုလိုလားသည်။ သခင်နိုင်ငံရေးသမားများကို ကြည်ညိုသည်၊
အားပေးသည်၊ ထောက်ခံသည်။
သို့ရာတွင် ကျွန်တော်ကိုယ်တိုင် နိုင်ငံရေးသမားကြီး၊ နိုင်ငံရေးခေါင်းဆောင်ကြီး ဖြစ်ဖို့ကား စိတ်ကူးပင်
မထည့်မိရိုး ဧကန်အမှန်ဖြစ်ပါသည်။
ပုလိပ်ကတော့ ကျွန်တော့အား နိုင်ငံရေးသမားကြီးအဖြစ် စာရင်းသွင်းထားလေ ပြီ။
မြို့အုပ်မင်းက ကျွန်တော့်အဖေ
မြေတိုင်းစာရေးကိုခေါ်၍ အစိုးရအမှုထမ်း၊ သားသမီးဆိုတာ နိုင်ငံရေးမလုပ်ရဘူးဟု
သတိပေးစကားဆိုလေပြီ။
အစိုးရအမှုထမ်းများကား မလွတ်လပ်၊ ၎င်းတို့၏ သားသမီးများပင် မလွတ်လပ်ကြ။
ဖိနှိပ်ချုပ်ချယ်မှုတွေများလှဘိတော့သည်။ ဤသည်ကား ခံယူလိုက်သော သင်ခန်းစာ
ပေတည်း။
အစိုးရအမှုထမ်းအလုပ်ကို ကျွန်တော်စိတ်နာလာသည်။ အရာရှိကြီးဖြစ်ဦးတော့၊
အိုင်စီအက်စ်ဖြစ်ဦးတော့
မလွတ်လပ်ဟူသော အမြင်ကိုမြင်လာပေသည်။ ထို့ကြောင့် ဖခင်ကြီးပေးလိုက်သည့်
အိုင်စီအက်စ်ဖြစ်ရမယ်ဟူသော
ရည်မှန်းချက်ကို မစွန့်လွှတ်သော်လည်း လွတ်လပ်တဲ့အလုပ် လုပ်ရရင်ကောင်းမှာပဲဟု
ထွက်ပေါက်ရှာ
မိလေသည်။ ရှေ့နေ၊ ဝတ်လုံလုပ်ရရင် မကောင်းပေဘူးလား၊၊ လွတ်လည်းလွတ်လပ်မယ်၊
ဂုဏ်လည်းရှိမယ်၊
ဝင်ငွေလည်းကောင်းနိုင်တယ်။ ငါ့အကြိုက် ဖြစ်နိုင်တယ်။
ရည်မှန်းချက်ရွေးချယ်ရေးနှင့် ပတ်သက်၍ ကျွန်တော်သည် ဘက်တ်မင်တန်
ကြက်တောင်လိုဖြစ်နေဟန်ရှိသည်။
အခြေအနေ အဖြစ်အပျက်အမျိုးမျိုးတို့၏ ကြားဝယ်ရိုက်ပုတ်ထုတ်သည့်ဘက်သို့
ကူးနေရလေသည်။
ကောလိပ်ကျောင်းတွင် အသင်းအမျိုးမျိုးရှိ၏။ မွေးရပ်ဒေသဆိုင်ရာ အသင်းများ၊
ပညာဘာသာရပ်ဆိုင်ရာ
အသင်းများ၊ ကျောင်းဆောင်အလိုက်အသင်း များ၊ ဘာသာရေးအသင်းများ၊
ကျန်းမာရေးအသင်းများနှင့်
တက္ကသိုလ်ကျောင်းသားသမဂ္ဂတို့ဖြစ်လေသည်။
ကျွန်တော်တို့ နေ့ကျောင်းသားများကလည်း အသင်းဖွဲ့ထားသေးသည်။ ကျွန်တော်သည်
တက္ကသိုလ်ကျောင်းသားသမဂ္ဂသို့လည်း ဝင်ထားလေသည်။ ၎င်းပြင် ပညာဘာသာရပ်ဆိုင်ရာ
အသင်းအချို့ကိုလည်း ဝင်ထားလေသည်။ ဗုဒ္ဓဘာသာ အသင်းကိုလည်း လက်မလွှတ်ပါ။
အသင်းအပင်း ဗာဟီရ

ကိစ္စများမှာ အတော်များပေ၏။ တက္ကသိုလ်ကျောင်းသမဂ္ဂသည် အရှိန်တက်နေတုန်း
ဖြစ်လေသည်။
သမဂ္ဂဥက္ကဋ္ဌရွေးကောက်ပွဲနှင့် အမှုဆောင်ရွေးကောက်ပွဲများတွင်
ကိုယ်တိုင်ဝင်အရွေးမခံသော်လည်း သခင်ဆန်သော
ကျောင်းသားများဘက်မှ အနိုင်ရအောင် ကျွန်တော်တို့ ဝင်လုံးပန်းရပါသေးသည်။
ကျွန်တော် တက္ကသိုလ်စရောက်သည့်နှစ်မှာ ၁၉၃၅–၃၆ဖြစ်လေရာ ကျောင်းသားလောကသည်
အထူးသဖြင့်
အုံကြွသည့်နှစ်ပေတည်း။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားအရေးတော်ပုံပြီးသည့်နောက်
အကြီးဆုံး
ကျောင်းသားအရေးတော်ပုံ ပေါ်လာသော နှစ်ဖြစ်သည်။ တက္ကသိုလ်ရောက်ခါစ နှစ်လည်းဖြစ်၊
အဖေ့သြဇာ
ပူနွေးနေတုန်းလည်း ဖြစ်ပြန်လေရာ ထိုကျောင်းသားအရေးတော်ပုံတွင် ကျွန်တော်၏ အခန်းမှာ
ဘာမျှပြောစမှတ်မပြုလောက်ပါ။ ဒီရေထဲ မျောပါနေသော ဗေဒါပင်လောက်သာဖြစ်ပါသည်။
အများနည်းတူ
သမဂ္ဂထဲဝင်လိုက်သည်။ အများနည်းတူ သမဂ္ဂမှကြီးမှူးသော တရားပွဲများသို့ သွားနာသည်။
အများနည်းတူ
လက်ခုပ်တီးသည်။
အများနှင့်တူနိုင်မည် မဟုတ်သော အတွေ့အကြုံကလေးတစ်ခုနှစ်ခုတော့ ရှိပါသည်။
၄င်းတို့ကား ဤသို့တည်း။
သမဂ္ဂဥက္ကဋ္ဌဖြစ်လာသူ ကိုနုသည် ကျွန်တော်တို့ တက္ကသိုလ်မရောက်မီ နှစ်ပေါင်းများစွာက
ဘီအေအောင်ပြီး
ကျောင်းဆရာလုပ်နေခဲ့သည်။ နောက်မှ ဥပဒေသင်တန်းတက်ရန် တက္ကသိုလ်သို့
ပြန်လာခဲ့ခြင်းကြောင့်
ကျွန်တော်တို့လူငယ်တွေနှင့် ဆုံစည်းရခြင်းဖြစ်၏။ သူ့မှာ ရှင်းလင်းပြတ်သားသော
မျက်နှာရှိ၏။
သူ့ကိုယ်လုံးကိုယ်ပေါက်နှင့် သူ့အသက်အရွယ် မှာလည်း ကျွန်တော်တို့
ကျောင်းသားကလေးများနှင့် စာသော်
ညီအစ်ကိုအများအပြားတွင် အစ်ကိုအကြီးဆုံးနှင့် ညီအထွေးဆုံးတွေလို ဖြစ်နေပေရာ ကိုနုသည်
ကျွန်တော်တို့၏
ချစ်ကြောက်ရိုသေခြင်းကိုခံရလေသည်။ သူသည် စကားပြောသော်လည်းကောင်း၏။
ပြတ်သားစွာ ပြောရုံမက
လှုပ်ရှားအောင် လှုံ့ဆော်၍ ပြောဆိုသည်။ ဤအချက်များတွင် အများအတွေ့အကြုံနှင့်
ကျွန်တော့်အတွေ့အကြုံခြားနားလှမည်မဟုတ်ပါ။ သို့ရာတွင် ကိုနုက ကျောင်းအုပ်ကြီး
မစ္စတာစလော့စ်နှင့်

အခြားမျက်နှာဖြူပါမောက္ခများကို ဗမာ့အပေါ် ဟော့ရမ်းခြင်း၊ မောက်မာခြင်းများအတွက် ရှုတ်ချလိုက်သောအခါ
ကျွန်တော့်အတွေ့အကြုံသည် အများအတွေ့အကြုံနှင့် တူနိုင်မည်မဟုတ်ဟုထင်ပါသည်။ ကျွန်တော်သည်
ပရိသတ်ထဲက အခြားသူများကို မဆိုထားဘိ၊ ထိုစကားကိုပြောသော ကိုနုထက်ပင် ထိုစကား၏ သဘောသကန်ကို
နားလည်ပေသည်။ အကြောင်းမူကား ကျွန်တော်ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းမှ ငှားပေးရသော
ကော်ဇောပေါ်တွင် ဖိနပ်ဖြင့် လျှောက်သော မျက်နှာဖြူလယ်ဝန်မင်းသည် ကျွန်တော့်အဖေအား “ဒမ်ဖူး” ဟုဆဲပြီး
မြေပုံလိပ်ဖြင့် မျက်နှာကိုပေါက်ခဲ့သည်ကို ကိုယ်တွေ့ဖြစ်သောကြောင့်ပေ တည်း။
တက္ကသိုလ်အာဏာပိုင်တို့၏ အပြုအမူများကို ကန့်ကွက်သောအားဖြင့် လည်းကောင်း၊
အင်္ဂလိပ်နယ်ချဲ့သမားတို့ပေးသော ကျွန်ပညာကို ဖော်ထုတ်ရှုတ်ချ သောအားဖြင့်လည်းကောင်း ကိုနုက
ဘီအေဘွဲ့ကိုပြန်အပ်သောအခါ ယင်းသို့အပ်ခြင်းသည် အများတကာမှာထက် ကျွန်တော့်အပေါ်တွင် ပို၍စူးရှ
ထက်မြက်သော အာနိသင်ရှိသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ကျွန်တော်သည် အင်္ဂလိပ်စာသင်မည်၊
စာမေးပွဲအောင်ရမည်ဟူသော မှန်းချက်ဖြင့် ဆယ်တန်းအောင်ခဲ့ သည်။ နောက် ဘီအေအောင်ရမည်၊
အိုင်စီအက်စ်ဖြစ်ရမည်ဟူသောပြဋ္ဌာန်းချက်များ ဖြင့်ကောလိပ်သို့တက်ခဲ့သည်။ ဤပြဋ္ဌာန်းချက်များကို
နှလုံးပိုက်၍ပညာသင်နေစဉ် ကိုနု၏ ဘွဲ့ပြန်အပ်သောအလုပ်သည် ဇက်ကြိုးဆောင့်ဆွဲလိုက်သည်နှင့် တူပေ၏။
ယင်းသို့သော ပြဋ္ဌာန်းချက်များ၏ ဘောင်အတွင်းမှာစဉ်းစားနေရာမှ ထိုဘောင်ကို ခွဲဖျက်လိုက်ပြီး လွတ်လပ်စွာ
စဉ်းစားစေသည်နှင့် တူပေ၏။ သင်ကြားနေရသော ပညာရပ်တစ်ခုလုံးကို ပြန်လည်စဉ်းစားလာ၏။
ပညာရေးစနစ်တစ်ခုလုံးကို ဝေဖန်စပြုလာ၏။ ထိုပညာရေးစနစ်ကို ဖန်တီးပေးလိုက်သော နယ်ချဲ့အုပ်ချုပ်ရေး
အဆောက်အအုံတစ်ခုလုံးကို ခြုံ၍ ဆင်ခြင်သုံးသပ်လာလေတော့၏။
ကျွန်တော့်အတွေးအခေါ်ကား ပြောင်းလဲမှုစလေပြီ။
သို့ရာတွင် အလုပ်ကားမပါလှသေးပါ။ ဓလေ့ထုံးစံအကျင့်စသည်တို့၏ အရှိန်အာနိသင်သည် ကြီးမားလှပေစွ။
စာမေးပွဲအောင်ဖို့ စာသင်သည်ဟူသော ဓလေ့ထုံးစံသည် ခြွင်းချက်မဟုတ်ပေ။

ထို့ကြောင့် ၁၉၃၆ခု၊ ကျောင်းသားသပိတ်ကြီး ဖြစ်ပွားလာသောအခါ
ကျွန်တော်သည်အများနည်းတူ သပိတ်မှောက်၍
လိုက်ခဲ့သော်လည်း တောင်းဆိုချက်ရလျှင် ကျောင်းပြန်၍ စာမေးပွဲရမည်ဟူသော
ရည်ရွယ်ချက်ကားအမြဲ
ရှိနေလေသည်။ အိုင်စီအက်စ်အောင်ရမည်ဟူသော မှန်းချက်ကလေးက ဦးနှောက်၏
နောက်ကွယ်တစ်နေရာမှ
စက်ပုန်းခုတ်နေဆဲ ဖြစ်လေသည်။ သပိတ်မှောက်စဉ် ရွှေတိဂုံကုန်းတော်ပေါ်တွင်
သပိတ်စခန်းသို့မှန်မှန်ရောက်၏။
ညအိပ်သည့်အခါ အိပ်လိုက်သေး၏။ နောက်သပိတ်နှင့် အာဏာပိုင်အရေးဆို၍
အကြိတ်အနယ်ဖြစ် လာသောအခါ
ကျွန်တော်သည် မိဘရပ်ထံသို့ပြန်ခဲ့လေသည်။ ကျွန်တော့်အဖေက သပိတ်မှောက်ရာသို့
ပါရပါမည်လားဟု
ဆီး၍ကြိမ်းလေရာ "အများလုပ်တော့ လိုက်လုပ်ရတာပေ့ါ အဖေရဲ့။
သံဃာအားဘုရားမဆန်သာ လို့တောင်
စကားပုံရှိ တယ်မဟုတ်လား"ဟု ကျွန်တော်က အဖြေပေးလေသည်။ ပြန်ရောက်လာသည့်သား
အား အေးမြခြင်းနှင့်
ချစ်ခြင်းကိုသာပြရမည်ဟု ကူပြောလေသည်။ အဖေ့စိတ်မှာ မပြေတတ်သေး။ ကျွန်တော်က–
"ကိစ္စမပြီးပြတ်သေးခင် ဟိုမှာနေရင် စာမဖတ်ဖြစ်မှာစိုးလို့ အိမ်ပြန်လာခဲ့တာ၊
အိမ်မှာစာဖတ်မယ်"
ဖခင်ကြီးသည် စိတ်ပြေသွားပြီး အခွန်တော်ပြောစာများ ကုန်းရေးနေလေသည်။ သူ
အလုပ်လုပ်ပုံကြည့်ရသည်မှာ
ကျွန်တော့်နောက်ဆုံးစကားကြောင့် အလုပ်နှစ်ဆတိုးလုပ်ရန် စိတ်ထက်သန်သွားဟန်ရှိပေသည်။
ဤကား ၁၉၃၆ခု သပိတ်အတွင်းက အဖြစ်အပျက်။
နောက် နှစ်များတွင်လည်း ကျွန်တော်သည် သခင်ဆန်သော ကျောင်းသားခေါင်းဆောင်များကို
စိတ်အားဖြင့်
လုံးဝထောက်ခံ၏။ လက်တွေ့အားဖြင့် မဲပေးခြင်း၊ အစည်းအဝေးတက် နားထောင်ခြင်းမျိုးဖြင့်
ထောက်ခံ၏။
ကျွန်တော်တို့ ထောက်ခံသော ကျောင်းသားခေါင်းဆောင်များတွင် ကိုဘဂျမ်း၊ မိတ္ထီလာ
ကိုလှမောင်၊
ကိုအောင်ဆန်း၊ ကိုဘဟိန်း၊ ကိုဗဆွေ၊ ကိုထွန်းရှိန် စသည်တို့ကို အထူးသတိရပေသည်။
သူတို့ထဲတွင်
ကိုဘဟိန်းနှင့်ကိုထွန်းရှိန်တို့မှလွဲ၍ အခြားသူတို့မှာ ရုပ်လက္ခဏာမကောင်းကြပါ။
ကိုဘဂျမ်းမှာ မထိတထိ
အားမလိုအားမရ မျက်နှာရှိသည်။ ကိုလှမောင်မှာ ရှုံ့မဲ့မဲ့မျက်နှာရှိသည်။ ကိုအောင်ဆန်းကား
စုတ်ချွန်းချွန်း

မှန်တေတေ မျက်နှာရှိသည်။ ကိုဗဆွေမှာ ပျင်းရိထိုင်းမှိုင်းသော မျက်နှာရှိသည်။ သို့ရာတွင် ရုပ်လက္ခဏာသည်
အရေးကြီးလှသည်ဟု မထင်ပါ။ သူတို့အားလုံးသည် ကျောင်းသားအရေးများ စိတ်ပါလက်ပါ ရိုးရိုးသားသား
ဆောင်ရွက်နေကြသည်ကို တွေ့ရ၏။ သူတို့အားလုံးသည် တိုင်းပြည်ကို
တကယ်ချစ်မြတ်နိုးဟန်ရှိ၏။ ထို့ပြင်
သူတို့အားလုံးသည် ကျွန်တော့်ထက်စွန့်လွှတ်နိုင်သော သတ္တိများရှိကြ၏။ ထို့ကြောင့် သူတို့အား
ကြည်ညိုပါသည်။
သည်လိုနှင့် ၁၉၃၈ခုနှစ်သို့ ရောက်ခဲ့ပြီ။ ထိုနှစ်တွင် တက္ကသိုလ်ကျောင်းသား သမဂ္ဂ၌ ကိုဘဟိန်း–ဥက္ကဋ္ဌ၊
ကိုလှရွှေက– ဒုတိယဥက္ကဋ္ဌ၊ ကိုဗဆွေက အတွင်းရေးမှူး ဖြစ်ကြလေ၏။
ထိုနှစ်၏ နောက်ပိုင်းကား ဤ၀တ္ထုစတင် အကွက်ဖော်သည့်အချိန် ဖြစ်ပေသည်။ သို့ရာတွင် ပြည်ဖုံးကားကို မ
မတင်မီ ကျွန်တော်၏ အရင်ကအခြား အဖြစ်အပျက်အချို့ကိုလည်း အတိုချုံး၍ အစီရင်ခံဖို့ လိုသေးသည်ဟု
ထင်ပါ၏။ သို့မှ ချစ်စွာသော စာဖတ်သူသည် ဤ၀တ္ထုတွင် ကြုံတွေ့နေရမည့် ကျွန်တော့်အား ပိုမိုအကဲခတ်နိုင်ရန်
အခြေခံရထားပါလိမ့်မည်။ ။

၄

ကိုရင်ကြီး ဦးဘသန်း၏ ဖိုမကိစ္စ သင်ကြားချက်များ

ဘ၀တစ်သက်တာ ရည်မှန်းချက်များနှင့်ပတ်သက်၍ ကျွန်တော့်အဖေသည် ပုဗ္ဗာစရိယလက်ဦးဆရာဖြစ်သော်လည်း
မရေး၊ ဖိုရေး၊ ချစ်ရေး၊ ကြိုက်ရေးတွင် ကား ပုဗ္ဗာစရိယမဟုတ်ပါ။ လက်ဦးဆရာများနှင့် တွေ့ပြီးမှ
ကျွန်တော့်အဖေက နှောင်းဆရာ အဖြင့်ဖြင့် ၀င်ရောက်စွက်ဖက်ရခြင်းသာဖြစ်ပေသည်။
ယင်းကိစ္စများနှင့်ပတ်သက်၍ ကျွန်တော့လက်ဦးဆရာကား ကိုရင်ကြီး ဦးဘသန်းဖြစ်ပေသတည်း။ ဖိုမအရေး၊
ချစ်ရေးကြိုက်ရေးတွင် ကိုရင်ကြီးတစ်ပါးက လက်ဦးဆရာ ဖြစ်ရသည်၊ "ထူးပေဆန်းပေသည်"ဟု ဆိုကြမည်လား။
ဖြစ်ပုံကမူ ဤသို့တည်း။ ကျွန်တော်သည် အင်္ဂလိပ်ကျောင်းမှာ ၇–တန်းစာမေးပွဲပြီးသောအခါ ကျောင်းပိတ်၍
ရွာပြန်လာသည်။ အသက် ၁၄နှစ်မျှရှိလေပြီ။ ကျောင်း ပိတ်တုန်းအချိန် အလဟဿမကုန်ဘဲ ကုသိုလ်ရစေရန်

ဆရာတော်ဦးနန္ဒမာလာ ကျောင်းတွင် ကိုရင်ဝတ်နေလေသည်။ ဘုန်းကြီးကျောင်းသား ၁၀ယောက်ခန့် အပြင်
ကျွန်တော်ပါ ကိုရင်၄–ပါးရှိလေ၏။ ၎င်းတို့အနက် ၂ပါးမှာ များစွာငယ်၍ အကြီးဆုံး မှာ ကိုရင်ကြီးဦးဘသန်းဖြစ်လေသည်။ သူသည် အသက်၁၇နှစ်၊ ၁၈နှစ်မျှရှိလိမ့်မည်။
ညနေမှောင်ရီလာပြီဆိုလျှင်
ကျောင်းသားရော ကိုရင်ပါ စာအံကြရ၏။ တစ်နာရီစာအံ ပြီးလျှင် ရပ်နားကာ ငယ်ရွယ်သူများမှာ အိပ်ကြရ၏။
ကျွန်တော်တို့ကား ဆရာတော် အား ဝတ်ဖြည့်ကြရ(ဝါ) နင်းပေးကြရ၏။ ၎င်းနောက် ဆရာတော်ကား မှိန်းလေပြီ။
ဘယ်အချိန်ကျိန်းစက်သည်ဟုကား မသိရ၊ မသိနိုင်။ ကျွန်တော်တို့ စကားသံနည်းနည်း မြည်လာလျှင်
"ဟဲ့အိပ်ကြ"ဟူသော ဆရာတော့်အသံကား ပေါ်လာမြဲတည်း။
ကျွန်တော်တို့သည် မှောင်ကြီးမည်းမည်းထဲတွင် သို့မဟုတ် ကျောင်းသခ်မ်း အတွင်းသို့ မှုန်တီမှုန်မွှားတိုးဝင်လာသော လရောင်တွင် တိုးတိုး စကားစမြည် ပြော ကြ၏။
ကျွန်တော်နှင့်
ကိုရင်ကြီးဦးဘသန်းကား အတွင်းကျကျ တိုင်ပင်ဆွေးနွေး ကြသော တိုးတိုးဖော် တိုးတိုးဖက်များတည်း။
ကိုရင်ကြီးက လောကနီတိလာ ဣတ္ထိဝ်ဂ်၊ နဒီဝဂ်စသော စကားများဖြင့် မိန်းမအကြောင်းစ၏။
မိန်းမများ
ကောက်ကျစ်ပုံ ပြောပြရာမှ ချစ်စရာကောင်းပုံသို့ ရောက်၏။ မိန်းမများ ရာဂကြီးသည်ဟု ဆိုရာမှ ယောကျာ်းများ
ကြောခိုပုံသို့ရောက်၏။ သူနှင့်လက်ပွန်းတတီး တွေ့ဖူးသည်ဆိုသော မိန်းမများအကြောင်း ပြောပြ၏။ ကျွန်တော့်မှာ
ဤမျှအရသာရှိ သောစကားများကို ယခင်ကတစ်ကြိမ်မျှ မကြားဖူးပါ။
ကိုရင်ကြီးအပြောကြောင့် ကျွန်တော်သည်
တုန်လှုပ်ချောက်ချားခြင်းများဖြစ်ရ၏။ ကိုရင်ကြီးက အပျိုတွေ ဘယ်လိုချစ်အောင် လုပ်ရမည်ဆိုသော နည်းများကို
ရွတ်ဖတ်ပြ၏။ ၎င်းပြင် အပျိုတစ်ယောက်နှင့်၊ နှစ်ယောက်တည်လူကြီးများ မမြင်ကွယ်ရာမှာတွေ့လျှင်
ချက်ချင်းလက် ကမြင်းရန်လည်း သညာပေးလိုက်လေသည်။
ကိုရင်ကြီးဦးဘသန်း၏ ဖိုမကိစ္စ၊ ချစ်ရေးကြိုက်ရေး ပညာများကြောင့်
ကျွန်တော်ချောက်ကျဖူးလေပြီ။
ကျွန်တော် ကိုရင်လူထွက်ပြီး အင်္ဂလိပ်ကျောင်းသို့ သွားသောအခါ သူပေး လိုက်သော သင်ခန်းစာများသည်

ကျွန်တော့်ခေါင်းထဲတွင်လည်းကောင်း၊ သွေးထဲ တွင်လည်းကောင်း၊
ပူပူနွေးနွေးပင်ရှိလေသေးသည်။
ကျွန်တော်နေသော ဆရာ့အိမ် တွင် အသက်၁၄နှစ်၊ ၁၅နှစ်အရွယ် မိန်းကလေးတစ်ဦးသည် ကလေးထိန်းလုပ်လျက်
ရှိလေ၏။ တစ်နေ့သဦဆရာ၊ ဆရာကတော်နှင့် အခြားသူများပါ အိမ်တွင်မရှိ။ အဆိုပါသူငယ်မသည်
ကလေးချီ၍လာရာ ကျွန်တော်ကဘာမပြောညာမပြောနှင့် ကိုရင်ကြီး၏သင်ခန်းစာကို လက်တွေ့ကျင့်သုံးကာ၊
လက်သရမ်းလိုက်လေသည်။ သူငယ်မသည် ချုံးချ၍ငို၏။ သူ့ဘာသာသူ ငိုရုံဆိုလျှင်တော်သေး၏။ ထိုသို့ကား
မဟုတ် ဆရာကတော်ပြန်လာ သောအခါ ကျွန်တော်လက်သရမ်းကြောင်း ဆီးတိုင်၏။ ကျွန်တော့်မှာ
အတင်းဘူးကွယ်၍သာနေရလေတော့သည်။ “ကလေးကိုဆွဲယူတာ ပါ”ဟု ခပ်တည်တည်လိမ်ရလေသည်။
အကယ်၍ကျွန်တော့်မှာ အင်္ဂလိပ်ကျောင်းသား စားရေးကြီးသား မဟုတ်ဘဲ အခိုင်းအစေသော်လည်းကောင်း၊
ကျောင်းပြာတာသော်လည်းကောင်း ဆင်းရဲသား ထဲကဖြစ်ဘိမူ၊ ဆရာကတော်နှင့် ကြားကြားသမျှသော
မင်းယောကျာ်း မင်းမိန်းမ တို့သည် “ဟဲ့ တဏှာရူး၊ ခွေးတိရစ္ဆာန်”စသည်ဖြင့် ဆဲရေးကာ ကြွက်သေကိုခွေးတွေ
ဝိုင်းဆွဲသလို ဆွဲငင်ဆုတ်ဖြဲကြပေလိမ့်မည်။ ယခုတော့ ဆရာကတော်က “ဟဲ့ ကောင်မလေး၊ မဟုတ်တာတွေ
မပြောနဲ့။ မောင်တင်ထွန်းဟာ လူရိုးကလေး။ တို့က အတွင်းသိ၊ အပြင်သိ၊ အင်မတန် သိက္ခာရှိတဲ့
ကောင်ကလေး”ဟုသာပြောပြီး ကောင်မကလေးကို ငြိမ်သွားစေသည်။ ကျွန်တော့်ကိုကား ဘာမျှမပြောကြပေ။
ကျွန်တော်သည် ဤကိစ္စတွင် ‘ချောက်’မှ လွတ်မြောက်ခဲ့သော်လည်း ကိုယ့်လိပ် ပြာကိုယ် ရှက်လှပါသည်။
ထိုမိန်းကလေးကိုလည်း မဟုတ်မခံသဖြင့် ရှိသေမိပေသည်။ ထို့ကြောင့် တောင်ပြေးပွဲလိုနေရာမျိုးမှာပင်
လက်မဆော့တော့ပါ။
သို့ရာတွင် ဤအမှားကို ကျူးလွန်မိသော်လည်း ကိုရင်ကြီးဦးဘသန်း၏ သင်ကြားချက်များအားလုံးကို
စွန့်ပယ်ခြင်းမပြုပါ။

ကိုရင်ကြီးဦးဘသန်းက "ကောင်မတစ်ယောက်က မင်းကိုသုံးခါတိတိစေ့အောင်
ပြုံးကြည့်ပြီဆိုရင်
မင်းကိုကြိုက်လို့ပဲလို့ မှတ်ပေတော့"ဟု သင်ကြားခဲ့ဖူးလေသည်။
ကျွန်တော်နေသော အိမ်အနီးရှိ မြန်မာစာသင်ကျောင်းတွင် ၇–တန်း၌စာသင် နေသော
မိန်းကလေးတစ်ယောက်ရှိ၏။ ကျွန်တော်နှင့်ရွယ်တူလောက်ပင်။ အသားမှာ ဖြူဝင်းနေ၏။
မျက်စိခပ်မှေးမှေးပေါ်တွင် သုံးရက်လ၊ ခုံးမျက်စ သည် ဝဲခွေလျက်နေ ၏။
ကျောင်းသွားကျောင်းပြန်တွင် ဆုံတိုင်း
သူက ကျွန်တော့်အား နီမြန်းသော နှုတ်ခမ်းကလေးများဖြင့် ပြုံးပြ၍
မျက်လုံးမှေးကလေးများဖြင့် ကြည့်လေ့ရှိ၏။
သုံးခါမက ဆယ်ခါမျှပြုံးကြည့်သည်ဖြစ်သောကြောင့်၊ ဒင်းတော့ငါ့ကြိုက် နေပြီဟု
ကျွန်တော်ထင်မှတ်လိုက်၏။
သို့သော် စာရေးရန်ကား မဆုံးဖြတ်သေး။ ကျွန်တော်က အင်္ဂလိပ်ကျောင်းသား
သူကမြန်မာကျောင်းသူ။
ကျွန်တော်က လယ်ဝန်လောင်း၊ သူက အစွမ်းကုန်ဖြစ်လှမှ မြန်မာကျောင်းဆရာမ။ ဤမျှ
အဆင့်အတန်းချင်း
ကွာခြားနေသောကြောင့် မပိုးလို။ ဤကားတစ်ဖက်။ အခြားတစ်ဖက်တွင် ကျွန်တော်သည်
ကိုရင်ကြီးဦးဘသန်း၏
သင်ခန်းစာကို လက်တွေ့ကျင့်သုံးလိုပေသည်။ နောက်ဆုံးတွင် "စမ်းကြည့်ပေါ့၊
အပန်းကြီးတာလိုက်လို့၊
အရှုံးလည်းမရှိနိုင်ပါဘူး"ဟူသော ကိုရင်ကြီး၏ ဆင်ခြင်တုံ တရားကို သတိရပြီး
ရည်းစားစာပေးလိုက်လေသည်။
ဤကားကျွန်တော်၏ ပထမဆုံးသော ရည်းစားစာတည်း။ နောက်တစ်နေ့တွင်
သူကအရင်ကလိုပင်ပြုံးကာ
အရင်ကလိုပင်ကြည့်၍ ပြန်စာကလေးလှမ်းပေးသွားလေသည်။ သူ့မှာ ရည်းစားရှိပြီး ဖြစ်လို့
ဝမ်းနည်းပါသတဲ့။
ကိုရင်ကြီး၏ သြဝါဒက လွဲမှားသလား၊ ကျွန်တော့်ကံကပဲ ခေလွန်းနေသလား
မပြောတတ်တော့ပါ။
ကျွန်တော် ၉တန်းရောက်သောအခါ လူပါးအတော်ဝလာပြီးဟု ဆိုနိုင်ပါသည်။
နှုတ်ခမ်းမွှေးရေးရေးကိုပင်
မြင်နိုင်သဖြင့် အတောင်အလက်စုံသော အရွယ်ဟုပင်ဆိုနိုင်ပေသည်။ ရွယ်တူရွယ်တန်
သို့မဟုတ်
ကိုယ့်ထက်အတော်အတန် ကြီးသော မိန်းမပျိုများကို မြင်လျှင်စိုက်ကြည့်ပြီး
အကြည့်ချင်းဆုံမိလျှင် ဖိန်းခနဲ၊
ရှိန်းခနဲ၊ အရသာစားတတ်လေပြီ။ ထိုအခါ ၆–တန်းတွင် မိန်းမချောလေးတစ်ယောက်
ရှိလေ၏။ အသားဖြူဖြူ

မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ် ပါးစပ်လှလှ
သူ့ကိုယ်လုံးကိုယ်ထည်ကလေးမှာလည်း
စိုစိုပြည်ပြည်နှင့် ယဉ်စစ။ သူ့တစ်ကိုယ်လုံး တွင် ကျွန်တော်အချစ်ဆုံးသော အရာများမှာ
သူ၏
ဆံတောက်ကလေးဖြစ်သည်။
အမည်ကတော့ မမြဝင်းဖြစ်ပါသည်။
ကျွန်တော်သည် မမြဝင်းအား ကျိတ်၍ချစ်နေ၏။ ဘယ်သူ့ကိုမျှ မပြော၊ မမြဝင်း၏
မျက်နှာကလေးကို မြင်နိုင်ရာ
တစ်ထောင့်ထောင့်က တစိမ့်စိမ့်ကြည့်နေ မိ၏။ သူ့အားမြင်နိုင်ရန် သူတို့ ဖ–တန်းရှေ့တွင်
လမ်းသလားရသည်မှာလည်း အမောပင်။ ကျောင်းတက်နေတုန်း အကြောင်းမရှိ
အကြောင်းရှာကာ ဆရာကိုတိုင်၍
အပြင်ထွက်ပြီး ဖ–တန်းအခန်းပေါက်ဝနားက ဖြတ်လျှောက်၏။ သူတို့အိမ်ရှေ့က
သူငယ်ချင်းအိမ်သို့
လိုက်သွားပြီး စာဖတ်ဟန်ဆောင်၍ သူ့အားကြည့်၏။ သူနှင့် ကျွန်တော် အကြည့်ချင်း
ဆုံသောအခါများ၌
ပီတိလှိုင်း တကြွကြွနှင့် မူးမေ့မတတ် ဖြစ်နေတတ်ပေသည်။
ကျွန်တော်သည်သူ့အား ဘယ်မျှအထိ ချစ်ပါသနည်းဆိုသော် အတည်ကြံ သည်အထိဖြစ်၏။
သူ့အား
ရည်းစားစာမရေး၊ ဖွင့်မပြောဘဲနေခြင်းမှာ ကိုယ့်ဘက်က သေချာချင်၍ ဖြစ်ပေသည်။
မသေချာလျှင် သူကလေး
စိတ်မကောင်း ဖြစ်ရမည်ကို မလိုလား။ ကျွန်တော့်ဖခင်ကြီးအား အကြောင်းစုံဖွင့်ပြော၍တိုင်ပင်
လေသည်။
"သူ့အဖေက ဘယ်သူလဲ"
"ရှေ့နေဦးတင်လေ၊ အဖေသိမှာပါ"
"အေး အေး၊ သူ့အဖေကို ငါသိပါတယ်၊ နေပါဦးငါ့သားရယ်၊ မင်းပညာ ဆက်သင်ပါအုံး။
လယ်ဝန်ဖြစ်အောင်
ကြိုးစားပါဦး။ အဲဒီတော့ မင်းကောင်မလေး ထက် ပိုလည်းလှ၊ ပိုလည်းပစ္စည်းရှိတဲ့ဟာ
သည့်ထက်သာတာတွေ
ရနိုင်ပါတ်ယ စောင့်ပါဦးကွာ"
ကျွန်တော်သည် ကျွန်တော့်အဖေ၏ ဆင်ခြင်တုံတရားကို လက်ခံလိုက် လေသည်။
သည့်ထက်သာတာတွေ
ရနိုင်မည့် အနာဂတ်ကိုသာ စောင့်စားနေ လိုက်တော့သည်။
နောက်များမကြာမီ မမြဝင်းသည် သူ့ထက် အသက်များစွာကြီးသော
ယောကျာ်းတစ်ယောက်နှင့်

မိဘများစီမံသည့်အတိုင်း လိုက်နာ၍ လက်ထပ် လိုက်လေသည်။ ကျွန်တော်သည်
ဟိုအရွယ်တုန်းက
ကျွန်တော်တို့နှင့် ရွယ်တူ မိန်းကလေးများထက် ယောကျာ်းလုပ်သူများက ၆နှစ် ၇နှစ်ကြီးလျှင်
အသက်ကွာ
လွန်းလှသည်ဟု ထင်တတ်သည်။ ထို့ကြောင့် ကျွန်တော့်စိတ်ဝယ် မမြဝင်းခများမှာ
အဘိုးကြီးတစ်ယောက်နှင့်
ညားသွားပြီ ဖြစ်လေဟန်နမြောသတ ယူကျုံးမရ ဖြစ်မိ လေသည်။
ကျွန်တော့်အဖေသည် ကျွန်တော့်အား စိတ်ကူးယဉ်ခွင့်မပေး။ အိပ်မက်ထဲက အချစ်မျိုးတွင်
မွေ့ပျော်နေခွင့်မပေး။
ပျော်သလိုမနေရ၊ တော်သလို နေရမည်ဆိုသော စကားလို ချစ်တာကိုမယူရ
တော်တာကိုယူရမည်ဆိုသော
ဩဝါဒကိုပေးခဲ့လေသည်။ တော်မတော်၏ မှတ်ကျောက်ကား လယ်ဝန်ဖြစ်ရေးတည်း။
လယ်ဝန်ဖြစ်လျှင်
သည့်ထက်ပိုလှသောမိန်းမ၊ သည့်ထက် ပိုပစ္စည်းပေါသောမိန်းမကို ရမည်ဟု ထင်သ လို
လယ်ဝန်ဖြစ်ရေး
သို့မဟုတ် အရာရှိဖြစ်ရေးကို အထောက်အကူဖြစ်စေလျှင် တော်သောမိန်းမဟု
ယူဆဟန်တူလေသည်။
အကြောင်းသော်ကား မမြဝင်းထက်ပိုလှသော ပို၍လည်းပစ္စည်းရှိသော
မိန်းကလေးတစ်ယောက်ကိုတွေ့၏။
သူ့အဖေအမေများက ကျွန်တော့်အား လိုလား၏။ ကျွန်တော့်အမေက ထိုချွေးမလောင်းကို
သဘောကျ၏။
ကျွန်တော်ကလည်း ချစ်နိုင်ပါ၏။ ကျွန်တော့်အဖေသည် မိန်းကလေးမိဘများအား
အတိအလင်း မေးလိုက်
လေသည်။ "ကျွန်တော့်သားကို လယ်ဝန်ဖြစ်သည့်တိုင်အောင် ပညာဆက်သင် ပေးသွားမလား"
သူတို့က အင်းမလိုက်သောအခါ အဖေက ကျွန်တော့်အား "ငါ့သား လျှော့ဈေးမပေးနဲ့"ဟု
ကုန်သည်စကားနှင့်သင်ကြားလေသည်။ ကျွန်တော်ကလည်း ဖခင်ကြီး၏
ကုန်သည်တွက်ကိန်းကို
အလွယ်တကူပင်လက်ခံလိုက်လေသည်။
သည်တို့ကား ၈တန်း၊၉တန်း၊ ၁၀တန်း လူပျိုပေါက်အရွယ်တွင် ဖိုမကိစ္စ၊ ချစ်ရေး
ကြိုက်ရေးတို့၌
ကျွန်တော်ကြုံတွေ့ရသော အတွေ့အကြုံတို့ ဖြစ်ပေ၏။ ယင်းကိစ္စ တို့၌ ဆရာများမှာ
ကိုရင်ကြီးဦးဘသန်းနှင့်အဖေတို့ဖြစ်ပါသည်။ ယခုဝတ္ထုစသော အချိန်၊ အသက်၂၅နှစ်
တစ်ဝိုက်အရွယ်၌
လူပျိုပေါက်ဘဝကိုပြန်လည် ဆင်ခြင် လိုက်သောအခါ ဤသို့တွေ့ရ၏။
ကိုရင်ကြီးဦးဘသန်းသည် ကျွန်တော့်အား

အမှား ကိုမလုပ်လုပ်အောင် သင်ပြပေးသူဖြစ်၏။ သို့သော် သူ့အား ကျွန်တော် ရန်ငြိုးမထား ရုံမက မုန်းပင်
မမုန်းနိုင်ပါ။ သူ့ကြောင့်အမှားလုပ်မိသည်။ အမှားလုပ်မိ၍ အမှန်ကို မြင်ရပေသည်။ "မမှားသောရှေ့နေ မသေသော
ဆေးသမားမရှိ"ဟူသော ဆိုရိုးစကား ရှိသည်မဟုတ်ပါလား။
ဥပမာ– ကျွန်တော်သည် ကောလိပ်ရောက်သည့်တိုင် ဖိုမကိစ္စ၊ ချစ်ရေး ကြိုက်ရေးကိစ္စတို့၌ ကိုရင်ကြီး
ကိုဘသန်း၏ ဩဇာမှ မကင်းသေးပါ။ မိန်းကလေး တစ်ယောက်က ကိုယ့်ကို သုံးကြိမ်သုံးခါ ပြုံးကြည့်လျှင်
ကိုယ့်ကြိုက်လို့ဟု ထင်တတ် ပါသေးသည်။ သူငယ်ချင်းတစ်ယောက်က သူ့နှမအကြောင်း ကိုယ့်ခဏ ခဏ
ပြောပြပြီး သူ့နှမနှင့် ကိုယ်နှင့်မိတ်ဆက်ပေးလျှင် သူငယ်ချင်းက ကိုယ်နှင့်သူ့နှမ ပေးစားဖို့လုပ်နေသည်ဟု
ထင်တတ်ပါသေးသည်။ နဒီဝင်္ ံစသော အစွဲနှင့် ယောကျာ်း နှင့်မိန်းမ တန်းမတူဟူသော အစွဲများမှာလည်း
မကုန်တတ်သေးပါ။
ဤသည်တို့ကား ကျွန်တော်၏ နောက်ခံကားပေတည်း။ အခန်း ၁–၂–၃ နှင့် ၄–တို့ဖြင့် နောက်ခံကားဖော်ပြခဲ့ပေသည်။
ဤနောက်ခံကားကို သိထားမှ ဤဝတ္ထုတွင် အရေးကြီးသော တစ်နေရာ ယူထားသည့် ကျွန်တော့်အား
နားလည်နိုင်ပေလိမ့်မည်။ ဤနောက်ခံကားကို သိထားမှ ကျွန်တော့်အား သစ္စာမဲ့သူဟုလည်းကောင်း၊
တွေဝေယိမ်းယိုင်သူဟုလည်းကောင်း၊ လွှတ်ခနဲ အပြစ်တင်မစောဘဲ ကျွန်တော်၏ ချွတ်ယွင်းချက်များကို
ထောက်ထောက် ညှာညှာ စဉ်းစားနိုင်ပါလိမ့်မည်။
ကျွန်တော်ကား ချွတ်ယွင်းချက်မြောက်မြားစွာနှင့် လူတစ်ယောက်။
ကျွန်တော်ကား မပြည့်စုံသေးသော လူတစ်ယောက်။
ကျွန်တော်ကား လူလားမမြောက်သေးသော လူတစ်ယောက်။ ။

## ၅

## ဝတ္ထုစချိန်၏ နိုင်ငံရေးနောက်ခံကားချပ်

ချစ်စွာသောစာဖတ်သူ၊ စိတ်မရှိပါနှင့်ဦး။ ပင်မဝတ္ထုကြီးကိုမစမီ ချွတ်ယွင်းချက် မြောက်မြားစွာနှင့် ကျွန်တော်၊
မပြည့်စုံသေးသော ကျွန်တော်၊ လူလားမမြောက်သေး သော ကျွန်တော်၊ ထိုကျွန်တော် ဤကျွန်တော်ရင်ဆိုင်ရသော

ထိုအချိန် ထိုကာလ နိုင်ငံတကာဖြစ်ပျက်ရပ်များ၊ ဗမာ့ဖြစ်ပျက်ရပ်နောက်ခံကားများကို အနည်းငယ်ဖော်ပြ
လိုပါသေးသည်။ အကြောင်းမူကား ကျွန်တော့်အား ရိုက်ခတ်အပ်သော ထိုဖြစ်ပျက်ရပ် တို့၏ အာနိသင်သည်
ကျွန်တော့်ပင်ကိုဓာတ်ခံစိတ်နှင့် ဥာဏ်တို့ထက်လည်းကောင်း၊
ကျွန်တော့်ဖခင်ထက်လည်းကောင်း၊
ကျွန်တော်ဖခင်ထက်လည်းကောင်း၊ ကိုရင်ကြီး ကိုဘသန်းထက်လည်းကောင်း ပိုမိုစူးရှထိရောက်သောကြောင့်
ဖြစ်ပါသည်။
ကျွန်တော်သည် ကိုယ်တွေ့ဖြင့် နိုင်ငံရေးတွင် စိတ်ဝင်စားသော်လည်း နိုင်ငံရေးစာအုပ်စာတမ်းနှင့်
နိုင်ငံရေးလွှမ်းသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ဖြစ်ဖြစ်မြောက်မြောက် ဖတ်သူမဟုတ်ပါ။
သို့ရာတွင် ဥရောပ၌ နာဇီနှင့် ဖက်ဆစ်များ စခန်းထလာပြီး ဟစ်တလာ မူဆိုလိုနီတို့ တန်ခိုးထွားလာသည်ကိုကား
မကြားဘဲမနေနိုင်ပါ။
မူဆိုလိုနီက အာဖရိက ကန္တာရကြီးမှ အဘီဆီးနီးယားဆိုသော တိုင်းငယ် ပြည်ငယ် ဂျင်ကလယ်ကလေးကို
အတင်းအဓမ္မ ချင်းနင်းတိုက်ခိုက် သိမ်းပိုက်လိုက် လေသည်။ ကျွန်တော်တို့သည် နယ်ချဲ့လက်နက်နိုင်ငံကြီးဖြစ်သော အင်္ဂလိပ်၏ သိမ်းပိုက်ထားခြင်းခံနေရသော ကျွန်လူမျိုးများဖြစ်၏။
အခြားနယ်ချဲ့နိုင်ငံဖြစ်သော အီတလီက ကျွန်တော်တို့နှင့် ဘဝတူဖြစ်သော နိုင်ငံငယ်ကလေးအား ကျူးကျော်သိမ်း
ပိုက်သောအခါ အဘီဆီးနီးယားဘက်သို့ စာနာထောက်ထား ကရုဏာမပွားဘဲ မနေနိုင်ပါ။
ဂျပန်နယ်ချဲ့သမားသည် အကွဲကွဲအပြားပြားနှင့် အားနည်းလျက်ရှိသော အောက်ကျနောက်ကျ နိုင်သည့်တရုတ်ပြည်ကြီးကို ဝင်ရောက်တိုက်ခိုက်လျက်ရှိ လေသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ခံရှိနေသော
ကျွန်တော်တို့သည် ကျူးကျော်ခံရသော တရုတ်ပြည်ကြီးဘက်သို့ ကိုယ်ချင်းစာခြင်း မေတ္တာသက်ဝင်ခြင်း
မရောက်ဘဲမနေနိုင်ပါ။ ၄င်းပြင် တရုတ်ပြည်သူပြည်သားတို့က မည်မျှပင် အင်အားကြီးမားသော ရန်သူဖြစ်စေကာမူ
စည်းလုံးညီညွတ်စွာ အနိုင်မခံအရှုံးမပေးဘဲ ခုခံတိုက်ခိုက်နေခြင်းဖြင့် ကျွန်တော်တို့ စိတ်အားတက်မိလေသည်။
ရိုင်ဖယ်နှင့်လာ သောရန်သူကို ဝါးချွန်နှင့်ပင်ဖြစ်စေ၊ လုံတံဆွဲလျက်ပင်ဖြစ်စေ ခုခံကဖြစ်နိုင်သည်ဟူ

သောအကြောင်းရပ်သည် လက်နက်ဆို၍ ဖလက်မအရွယ်ရှိ ဓားကိုပင် ကိုင်ဆောင်ခွင့်မရှိသော ကျွန်တော်တို့အား
အင်္ဂလိပ်ရိုင်ဖယ်ကို မကြောက်အောင် အားမွေးမြူပေးနေလေသည်။
အိန္ဒိယမှ ဂန္ဒီ၊ နေရူးစသော ပုဂ္ဂိုလ်ကြီးများခေါင်းဆောင်သည့် အိန္ဒိယအမျိုးသားကွန်ဂရက်ကြီး၏
လွတ်လပ်ရေးတိုက်ပွဲများမှာလည်း ကျွန်တော်တို့အား လွတ်လပ်ရေးတိုက်ပွဲဝင်အောင် ဖိတ်ခေါ်လှုံ့ဆော်နေသည်နှင့်
တူဘိ၏။
ကျွန်တော်တို့၏ ပြည်တွင်းမှာလည်း တို့ဗမာအစည်းအရုံးကြီးသည် ရေနံချောင်းမြို့၌ကျင်းပသော
ပထမညီလာခံကြီးမှ အစပြု၍ တစ်ဟုန်းထိုး တိုးတက်လာခဲ့ရာ တရားစွဲ၊ ထောင်ချ၊ ပုလိပ်ညှဉ်း
ပြုနေသည့်ကြားမှပင် ပြည်သူအများက ထောက်ခံအားပေးသော အဖွဲ့အစည်းကြီးဖြစ်လာပေသည်။ ၂၁ဦး၊
ငါးပွင့်ဆိုင်၊ ဆင်းရဲသားအဖွဲ့စသော သမားရိုးကျ ပျော့ဖတ်ဖတ်နိုင်လှသည့် အခြေခံကျွန်ဘဝကို အမြစ်ပါလှန်၍
မပြောင်းလဲဘဲ ကျွန်ဘဝတွင်းတွင် အဆောင်အယောင်ပြောင်ရုံ၊ ကျွန်အကြီးစား ကျွန်အမောက်စားဖြစ်ရုံ ရေးရှုသော
အဖွဲ့အစည်းပါတီများ၏ အတိုက်အခံပြုခြင်းကို ခံနေရသည့်ကြားမှပင် တို့ဗမာအစည်းအရုံးသည်
တိုးတက်လာခဲ့၏။ ယင်းသို့သောအဖွဲ့အစည်းပါတီတို့၏ ခေါင်းဆောင်များသည် မြန်မာနိုင်ငံအုပ်ချုပ်ရေး
(၁၉၃၅)ဥပဒေက ခွင့်ပြုချက်အရ အင်္ဂလိပ်ကပေးလိုက်သော ရာထူးရာခံများကို ခွဲဝေယူရေး၊ အခွဲအဝေမတည့်လျှင်
အချင်းချင်း ခွက်စောင်းခုတ်ရေးတို့ကို လုပ်နေကြပေရာ၊ ကျွန်တော်တို့ လူငယ်များသည် ၎င်းတို့အား
စက်ဆုပ်ကြပေသည်။ ကျွန်တော်တို့လူငယ်များကား ကိုယ်တိုင်လုပ်နိုင်သည် မလုပ်နိုင်သည်အပထား၍
နိုင်ငံရေးအားသစ်ဖြစ်သော တို့ဗမာအစည်းအရုံးနှင့် ခေါင်းဆောင်များကိုသာ အားကိုးတစ်ခု ထောက်ခံပြုကြရ
လေသည်။
တို့ဗမာအစည်းအရုံးက တိုင်ပေးလိုက်သော "ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့ပြေ– ဒါတို့မြေ"ကို ကျွန်တော်တို့က
လိုက်ဆိုကြသည်။

"တို့ဗမာပြည်ကို တိုင်းရင်းသားအကုန်အစင်၊ တို့ပြည်လို့မှတ်ထင် တို့ဝတ္တရားပင်၊
တို့ဗမာသခင်"ဟု
ဟစ်အော်သီဆိုကာ လက်သီးလက်မောင်းတန်းကြ သည်၊ လက်ရုံးဆန့်ကြသည်။
အမျိုးသားစိတ်ဓာတ်ကို လှုံ့ဆွပြီး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများသို့ တို့ဗမာလူထုအား
တို့ဗမာအစည်းအရုံးကြီးက သွင်းပေးလိုက်သည့်အတိုင်း အမျိုးသားလွတ်လပ်ရေး
အုံကြွမှုကြီးသည်
ကြီးထွားလာခဲ့ပေသည်။ ထိုအုံကြွမှုကြီးသ်ည နေရာတကာကို ရိုက်ခတ်၍လာပေရာ၊
အင်္ဂလိပ်ပါမောက္ခများ
ကြီးစိုးနေသော ကျွန်တော်တို့၏စာသင်ခန်းများကိုလည်းကောင်း၊ ပန်ကာလေဖြင့်
တမြမြအေးနေသော
စာဖတ်ခန်းကိုလည်းကောင်း ရိုက်ခတ်လာပေသည်။ ထိုအုံကြွမှုမှာ ကျွန်တော်သည်
အဖေ့သြဝါဒကြောင့်
ရှောင်တိမ်းရန်ကြံသည့်အတိုင်း ရှောင်တိမ်းနိုင်ပါလျှင် ကျွန်တော့်အား ဆန့်ကျင်သော
လူထူးလူဆန်းတစ်ယောက်
ဟုပင် ခေါ်ရပေလိမ့်မည်။
၁၉၃၃စခုနှစ်သို့ ရောက်သောအခါ ရေနံမြေအလုပ်သမားများ သပိတ်ကြီးသည်
အင်္ဂလိပ်အရင်းရှင်တို့၏ အရှိုက်ကို
ထိုးလိုက်ဘိသကဲ့သို့ ပေါ်ပေါက်လာလေ၏။ ယင်းသပိတ်ကြီးကို
တိုင်းပြည်နှင့်အဝှမ်းထောက်ခံကြ၍
ယင်းသပိတ်၏ခေါင်းဆောင် တို့ဗမာအစည်းအရုံးမှ ဟစ်ဆိုလိုက်သော
"အရှေ့ကနေဝန်းထွက်သည့်ပမာပ၊
တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ။ တို့ဗမာ၊ ဟေ့ တို့ဗမာ"ဟူသော သီချင်းသံသည်
ကျွန်တော်တို့ရင်ဝယ်
ပဲ့တင်ခတ်လာပေသည်။
ထိုအချိန်ကား ဤဝတ္ထု၏ ပင်မဇာတ်လမ်း စချိန်ပေတည်း။ ။
၆
ပိတ်ဖြူစင်ကြယ်ဝတ် ကောလိပ်ကျောင်းသား
ဝင်နီဖေ(ခေါ်)မသိန်းဝင်းနှင့် ကျွန်တော်တို့ ပထဆုံးအကြိမ် တွေ့ဆုံကြပုံမှာ
တော်တော်ဆန်းသည်ဟုဆိုနိုင်ပါသည်။ အကြောင်းမူကား ကောလိပ်ကျောင်းသား ဖြစ်သူ
ကျွန်တော်သည်
မသိန်းဝင်းအား ဘုန်းကြီးကျောင်းသားက ဆွမ်းလောင်းသူ ဒကာမကလေးအား
တွေ့ပုံတွေ့နည်းနှင့်
တွေ့ရသောကြောင့်တည်း။
ဝင်နီဖေ(ခေါ်) မသိန်းဝင်း၏ ဖခင်ဦးဖေမှာ အငြိမ်းစားဝန်ထောက်ကြီးဖြစ်၍ ကမာရွတ်နှင့်
အင်းလျားကြားခြံကြီးတစ်ခြံတွင် နေထိုင်လေသည်။

အထက်တစ်နေရာတွင် ဖော်ပြပြီးဖြစ်သည့်အတိုင်း ကျွန်တော်သည် ကမာရွတ်မှာနေ၍
ကောလိပ်ကျောင်းသို့တက်စဉ် အရပ်ထဲက ဆွမ်းကြီးလောင်း အသင်းတွင် ပါဝင်ပြီး
ပိတ်ဖြူစင်ကြယ်ဝတ်လျက်
တနင်္ဂနွေနေ့တိုင်း ဆွမ်းဆန်ခံ လှေ့ရှိလေသည်။ ကျွန်တော်တို့သည် ဦးဖေ၏ခြံသို့ဝင်၍လည်း
ဆွမ်းဆန်ခံကြရ၏။
ဦးဖေ၏ခြံမှ အပတ်စဉ် ငွေတစ်ကျပ်နှင့် ဆန်တစ်ပြည်လောင်းလှေ့ရှိပေသည်။
ဦးဖေမှာ ကြွယ်ဝချမ်းသာသော မိဘများက ဆင်းသက်သည့်အတိုင်း ကမာရွတ်တစ်ဝိုက်တွင်
မြေဧကတော်တော်များများ ပိုင်ခဲ့ဖူး၏။ သို့သော် အသုံးကြီးသူဖြစ်သဖြင့် မြေများကို
တစ်စတစ်စ
ရောင်းချစားခဲ့ရာ ထိုအချိန်တွင် သူတို့နေသော ခြံမြေနှင့် မြေဧကအနည်းငယ်မျှသာ
ကျန်လေတော့၏။ သို့ရာတွင်
အသုံးကားမလျှော့၊ မြင်းပွဲသို့လည်း အပတ်စဉ်မှန်မှန် သွားလိုက်သေးသည်။
"မြင်းပွဲမသွားရင်လည်း ဘာမှ လုပ်စရာမရှိတော့ ပျင်းစရာကြီး"ဟု ဦးဖေက
မြင်းပွဲသွားခြင်းကိုကန့်ကွက်သော
မိတ်ဆွေများအား ဖြေကြားလှေ့ရှိလေသည်။ မှန်လှပေသည်။ သူသည်လည်းကောင်း၊
သူ့ဇနီးသည်ဒေါ်ခွေးကြည်သည်လည်း ကောင်း၊ သားသမီးများသည်လည်းကောင်း၊
သူ့အားမှီခိုနေကြသော
အမျိုးကြီးဆွေမျိုး များသည်လည်းကောင်း အသက်မွေးမှုအလုပ်ဆို၍ ဘာတစ်ခုမျှမလုပ်ကြ။
ထို့ကြောင့်
မြင်းပွဲသည်သာသူတို့အား တနင်္ဂနွေတစ်ပတ်လုံးမအားမလပ်ရအောင် အလုပ်ပေးထား နိုင်၏။
တနင်္ဂနွေနေ့တွင်
စနေနေ့က ပြီးခဲ့သောမြင်းပွဲကို စားမြုံ့ပြန်ကြသည်။ တနင်္လာနေ့နှင့် အင်္ဂါနေ့များတွင်
မြင်းများ၏ရာဇဝင်ကို
လှေ့လာကြသည်။ ဗုဒ္ဓဟူးနေ့ တွင် ရှေ့အပတ်ပြိုင်ပွဲဝင်မည့် မြင်းများကို လှေ့လာကြသည်။
ခဲတွက်ကြသည်။
ကြာသာပတေး၊ သောကြာနေ့များတွင် တစ်ရွာဖွေကြသည်။ တတ်နိုင်လျှင် ကိုယ်တိုင်
မြင်းဇောင်းများဆင်း၍
စနည်းနာကြသည်။ သည့်ထက်တတ်နိုင်လျှင် ဗေဒင်ဆရာကို သွားတွေ့ပြီး မြင်း၏ဇာတာ၊
ဂျော်ကီ၏ဇာတာစသည်များကို တွက်စစ်၍ နိုင်ခြေကို ရှာကြရလေသည်။ ထို့ကြောင့်
"မြင်းပွဲမသွားရင်လည်း
ဘာမှလုပ်စရာမရှိတော့ ပျင်းစရာကြီး"ဟူသော ဦးဖေ၏ပြောစကားမှာ အကြောင်းမဲ့မဟုတ်ပါ။
ကျွန်တော်သည် ဦးဖေတို့ မြင်းပွဲသွားခြင်းကို နားလည်နိုင်ပါ၏။ သို့ရာတွင်
အလုပ်ရှိပါသည်ဆိုသော
အလုပ်များလုပ်ပါသည်ဟု ညည်းညူလှေ့ရှိသော ဥပဒေလွှတ်တော်အမတ်များ
ဝန်ကလေးဝန်ကြီးများ၊ ဝန်ကြီးချုပ်များ

(ယခုခေတ်တွင် ဝန်ကြီးဟုခေါ်တွင်သူများကို ယခင်ခေတ်က ဝန်ကြီးချုပ်ဟုခေါ်ကြ၏)
ကုန်သည်ပွဲစား များ၊
စာရေးစာချီများ မြင်းပွဲသွားသည်ကိုကား နားမလည်နိုင်ပါ။ ၄င်းပြင် ကောလိပ်
ကျောင်းသားအချို့ပင်
မြင်းပွဲသွားသည်ကို တွေ့ရသောအခါ အပြင်းအထန် ရှုတ်ချမိ ပေသည်။ ဤကား
စကားစပ်မိသဖြင့်
ကြားညှပ်၍ပြောခြင်းဖြစ်ပါသည်။ ဦးဖေတို့ အကြောင်းဆက်ပါဦးမည်။
ဦးဖေခြံသည် အတော်ကျယ်ဝန်း၍ သရက်၊ ပိန္နဲ၊ တညင်း၊ ကနစိုး၊ ကံ့ကော်၊ ခရေ၊
သပြေစသော
ပင်စောက်ကြီးများဖြင့် စိုပြည်စည်ကားလှပေ၏။ ခြံကြီးအလယ် တွင် အိမ်အိုကြီးတစ်လုံးရှိ၏။
အမိုးမှာ ဓနိ၊
နံရံနှင့်အခင်းမှာ သစ်သားဖြစ်လေသည်။ သစ်သားနံရံများကို အထပ်ထပ်ရေနံသုတ်ထားသဖြင့်
ညိုမှိုင်း၍နေ၏။
ထိုကဲ့သို့အထပ်ထပ်ရေနံသုပ်ထားခြင်းသည် တစ်နည်းအားဖြင့် ဟောင်းနွမ်းယိုယွင်းခြင်းကို
ဖုံးအုပ်ထားသလိုရှိပေ၏။ အခင်းကြမ်းပြင်မှာ အကြိမ်ကြိမ် တိုက်ထားသဖြင့်
တဖိတ်ဖိတ်တောက်နေ၏။ သို့ရာတွင်
တောက်ပနေသောအခင်း အရောင်သည် ဟောင်းနွမ်းယိုယွင်းခြင်းကို မဖုံးအုပ်နိုင်။
နစ်ပေါင်းများစွာ
ခြေနင်းထားသဖြင့် ခြေတိုက်စားသောကြောင့် ခွက်နေသောနေရာများကို ထိတွေ့နိုင်သည်။
ဆွေးသဖြင့်
ကျိုးကျသော နေရာများတွင် ဖာထေးထားသည်ကိုလည်းမြင်နိုင်သည်။
ဧည့်ခန်းတွင် ခင်းထားသော ကုလားထိုင်စားပွဲများမှာလည်း မည်မျှပင် ပွတ်တိုက်
သုတ်လိမ်းထားထား၊ မည်သို့ပင်
ဇာအလှတို့ဖြင့်ဖုံးဖုံး၊ ဟောင်းနွမ်းသော အသွေးအမွေးနှင့် ရှေးဆန်သော ပုံသဏ္ဍာန်များကို
မဖုံးလွှမ်းနိုင်ချေ။
သူတို့အိမ် ဧည့်ခန်းတွင် ပွတ်လုံးတပ် ကုလားထိုင်များကိုလည်းကောင်း၊
ဘုရားတန်ဆောင်းတွင်
ပန်းပုထုထားသလို ထုလုပ်ဆင်ယင်ထားသော စားပွဲများကိုလည်းကောင်း ခင်းကျင်း
ထားလေသေး၏။
အကယ်တန္တုဧည့်ခန်းသို့ကြွပါဟု ဖိတ်ခေါ်ခြင်းမခံရဘဲ ထိုအခန်းတွင်းသို့ ဝင်မိချေသော်
ရှေးဟောင်းအိမ်ထောင်ပရိဘောဂပစ္စည်းပြခန်း တစ်ခုသို့ ဝင်ရောက်နေသည်ဟု
ထင်မိပေလိမ့်မည်။
ကျွန်တော်တို့သည် ထိုဧည့်ခန်း၌ ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင်နေကြ၏။ ဧည့်ခန်းအဝင်ဝ၌
ဆွမ်းဆန်လောင်းကိုချထားသည်။ ဆွမ်းဆန်တောင်း ထမ်းသူများမှာ အခန်းထဲမဝင်ကြဘဲ
ပြင်ဘက်ဝရန်တာတွင်

ရပ်နေကြသည်။ ကြေးစည်ရိုက်သူတို့ကား အိမ်ပေါ်သို့ပင်မတက်ခဲ့ကြ။ အိမ်အောက်ခုတင်ကြီးပေါ်တွင်
ထိုင်သူထိုင်၊ လှဲသူလှဲ၊ အိမ်အောက်ရှိရေအိုးစင်မှ ရေခပ်သောက်သူသောက်၊ ကျွန်တော်နှင့် ဦးလေးမြင့်တို့သာ
ဧည့်ခန်းတွင်းသို့ ဝင်ကြလေသည်။ ကျွန်တော့်လက်မှာ အလှူခံငွေ ဖလားရှိ၏။ ဦးလေးမြင့်မှာ ဆွမ်းခံရာတွင်
ဘာတာဝန်မျှ ထမ်းဆောင်ဖို့မလို၊ မျက်နှာပြဖို့သာ လိုသောကြောင့် သူ့လက်ဝယ် ဘာမျှကိုင်ဆောင်မထားချေ။
ဦးလေးမြင့်မှာ သတင်းစာတိုက်တစ်တိုက်တွင် ဒုတိယဖိုမင်လူကြီးဖြစ်ပြီး ရပ်ရွာသာရေးနာရေးတွင်
မားမားမတ်မတ် ဆောင်ရွက်သဖြင့် လူသိများသော ပုဂ္ဂိုလ်ကြီးပေတည်း။ ကျွန်တော်တို့သည် စောင့်နေကြ၏။
စောင့်နေကြစဉ် နံရံရှိ ချိန်သီးတပ် နာရီကြီးမှ ဒေါက်ဒေါက်– ဒေါက်ဒေါက်အသံနှင့် ကျွန်တော်၏
အသည်းနှလုံးခုန်သံများကို ကြားနေရလေသည်။
တစ်အောင့်လောက်ကြာလျှင် အတွင်းခန်းမှ ဧည့်ခန်းတွင်းသို့ မိန်းမပျိုကလေးတစ်ဦး ဝင်လာလေသည်။
သူ့လက်ထဲမှာ ဆွမ်းဆန်တစ်ပြည်နှင့် ငွေတစ်ကျပ်။ အကယ်၍ သူ့လက်ထဲမှာ ဆွမ်းဆန်တစ်ပြည်နှင့်ငွေတစ်ကျပ်မပါလျှင် ကျွန်တော်သည် သူ့အား ထိုခြံ၊ ထိုအိမ်၊ ထိုဧည့်ခန်းမှ
မိန်းမပျိုလေးဖြစ်သည်ဟု ဘယ်နည်းနှင့်မျှ မှတ်ယူမည်မဟုတ်ပေ။ ပင်စောက်ကြီးများဖြင့် ဖုံးအုပ်နေသော
ထိုအိမ်ကြီးနှင့် ထိုဧည့်ခန်းဟောင်းတို့သည် ထိုမိန်းမပျိုကလေး၏ လတ်ဆတ်ပျိုမျစ်ခြင်းနှင့် သဘောမတူခြားနားလှချေဘိ၏တကား။
သူ၏အသားမှာ စိုပြည်ဝါဝင်းနေ၍ ပါးမို့၊ လက်ဖဝါးစသည်တို့တွင် သွေးစို့ကာ နီကြန့်ကြန့်ဖြစ်နေပေသည်။
အိစက်ညက်ညောသော ကိုယ်လုံးကိုယ်ထည်နှင့် တည်ကြည်သော မျက်နှာတို့မှာ ကြည်ညိုနှစ်လိုဖွယ်
ကောင်းလှသည်။ ဆံပင်ကို တစ်ပတ်လျှို ဘီးခံ၍ နောက်တွဲထုံးထားပေရာ အိမ်နေရင်းသဘာဝကျကျ
မခို့တရို့အလှကို တမင်ဖော်ထုတ်ပြနေရာ ရောက်ပေ၏။
သူမသည် ဣန္ဒြေရသော မျက်နှာကို ကျွန်တော့်ဆီသို့ မူထားသဖြင့် တောက်ပနေသော မျက်လုံးများနှင့်
တင်းလည်းမတင်း၊ လျော့လည်းမလျော့ဘဲ စေ့ထားအပ်သော နှုတ်ခမ်းနီကလေးများကို သတိပြုမိပေ၏။ ၄င်းပြင်

သူမ၏ မျက်လုံးများသည် ကျွန်တော့်မျက်နှာပေါ်သို့ အာရုံစိုက်ထားသည်မဟုတ်ဘဲ ကျွန်တော့်လက်ထဲက
အလှူခံဖလားဆီသို့သာ အာရုံစိုက်ထားသည်ကိုလည်း သတိပြုမိပေသေး၏။ သို့ကလို ကျွန်တော့်အပေါ်တွင်
အာရုံမစိုက်သည်ကို သတိပြုမိသောကြောင့် စိတ်ထဲမှာ ကြေကွဲဝမ်းနည်းသလိုလို ဖြစ်မိသေး၏။
သူမသည် ကျွန်တော့်လက်ထဲက ဖလားထဲသို့ ငွေတစ်ကျပ်ကို ရိုသေစွာထည့်ပြီး အပေါက်ဝရှိ ဆွမ်းဆန်တောင်းထဲသို့ ဆွမ်းဆန်ကိုထည့်လောင်းပြီး နောက် အတွင်းခန်းထဲသို့ ဝင်မည်ပြုသောအခါ
ဦးလေးမြင့်က လှမ်း၍မေးလိုက်လေ သည်။
"ဒေါ်ငွေးကြည်တို့ကော ရှိရဲ့လား"
သူမက ကျွန်တော်တို့ဘက်သို့ ကိုယ်ကိုမလှည့်၊ ခေါင်းကိုလှည့်ပြီး–
"မာမီရှိပါတယ်၊ ခုပဲထွက်လာပါလိမ့်မယ်"
သို့ကလို လှည့်ပြောရင်း ကျွန်တော်တို့ဘက်သို့ လှည့်ကြည့်သော်လည်း သူမ၏ အာရုံသည် ကျွန်တော်ဆီသို့
တစ်ဆံခြည်မျှရောက်ဟန် မရှိပါ။ ထို့ကြောင့် ကျွန်တော်သည် အနိမ်ခံရသလိုထင်မိပြီး မာနအငွေ့အသက်ကလေး
ရောယှက်သည့် ဒေါသကလေးပင် ထွက်မိသေး၏။ သို့ရာတွင် လှည့်အကြည့်လိုက် မီးရောင်ထဲမှာစိန်
ကိုလှည့်လိုက်သောအခါ ဖျတ်ခနဲထွက်လာသော အရောင်နှင့်အတူ သူမ၏ အလှရောင်ကိုကား မချီးကျူးဘဲမနေနိုင်ပါ။
ဤသည်ကား ဝင်နီဖေ(ခေါ်)မသိန်းဝင်းနှင့် ပထမဆုံးအကြိမ် တွေ့မြင်ကြပုံတည်း။
နောက်တစ်အောင့်လောက်ကြာသောအခါ ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦး
ထွက်လာလေသည်။ အသက်မှာ ၃၈–
၃၉နှင့် ၅၀ကြားဖြစ်ချင်ရာ ဖြစ်နိုင်သည်။ သို့ရာတွင် ဘယ်နည်းနှင့်မျှ ပင်စင်အငြိမ်းစားယူလောက်သော
အရွယ်မဟုတ်ချေ။ ပို၍တိကျစွာဆိုရသော် ဘယ်နည်းနှင့်မျှ ပင်စင်အငြိမ်းစားကြီးတစ်ဦး၏ ဇနီးအရွယ် မဟုတ်ချေ။
လတ်လတ်ဆတ်ဆတ် မင်းကတော်ကြီးနှင့်သာ တူပေ၏။ ထောင်ထောင် မောင်းမောင်း
အရပ်အမောင်းကောင်းလှ၏။ ဝဖြိုးအိစက်၏။ အသားဖြူဝင်း၏။ မျက်နှာချိုပြုံး၍ ဖော်ရွေ၏။ ကျွန်တော်သည်
မြင်မြင်ချင်း ဒေါ်ငွေးကြည်ပဲဟု သိလိုက်ပေသည်။ သူမက ဦးလေးမြင့်ဘက်သို့–
"အောက်ကသူငယ်တွေ ဆေးလိပ်သောက်ကြရရဲ့လား"
သောက်ကြရပါတယ်။ ဒေါ်ငွေးကြည်ရဲ့ အိမ်ကလူတွေက နိစ္စပတ်ကုသိုလ် ဝတ္တရား ကျေပွန်ကြပါတယ်။

ကျွန်တော်တို့ မလာခင်ကတည်းက ဆေးလိပ်တွေချ ထားတယ်"
"ကျွန်မတို့ ဝတ္တရားကျေတာက ဘာဟုတ်သေးလဲရှင်။ ဦးမြင့်တို့ ကုသိုလ်ရေး
ကျေပွန်တာကမှ
တကယ်ချီးမွမ်းလောက်တယ်။ ကျွန်တို့လို သူငါ ကုသိုလ်ပြုနိုင် အောင်
နိဗ္ဗာန်ဆော်ပေးတဲ့အတွက် ပိုပြီး
ကုသိုလ်ကြီးပါတယ်ရှင့်"
ဒေါ်ငွေးကြည်နှင့် ဦးလေးမြင့်တို့သည် ဒါန သီလ ဘာဝနာအကြောင်းများကို
တစ်ယောက်တစ်ပေါက်
ရောက်တတ်ရာရာ ပြောဆိုနေကြလေသည်။ ဒေါ်ငွေးကြည် သည်လည်း သူ့သမီးကဲ့သို့ပင်
ကျွန်တော့်ဘက်သို့
အာရုံကျက်စားခြင်း ရှိဟန်မတူပါ။ ကျွန်တော်ကား သူမ၏ ကိုယ်ခန္ဓာတစ်ခုလုံးကို
သိမ်းကျုံးကြည့်ပြီး
အဘယ့်ကြောင့် ဤမျှအရွယ်တင်ပါသနည်း။ သူ့သမီးကို သူမဘယ်အရွယ်တုန်းက
မွေးခဲ့ပါလေသနည်း။
သူ့သမီးနှင့် သူ့အမေ ဘယ်နေရာတွင် တူညီကြပါသနည်း။ သူမ၏စိန်ကြယ်သီးသည်
အစစ်လော အတုလော။
သူမ၏ ဆံပင်သည် မည်မျှရှည် သနည်း။ အငြိမ်းစား ဝန်ထောက်ကြီး ဦးဖေက သူ့အား
မည်ရွေ့မည်မျှ
ချစ်ပေလိမ့်မည်နည်း- စသည်ဖြင့် အမျှမပြတ် မအားမလပ် စဉ်းစားလျက်ရှိလေ၏။
ယင်းသို့ ဘာသိဘာသာ စဉ်းစားတွေးတောနေဆဲ ဒေါ်ငွေးကြည်က ဆတ်ခနဲ
ကျွန်တော့်ဘက်လှည့်၍-
"ဒီသူငယ်က ဘယ်သူလဲ၊ တစ်ခါမှ မမြင်ဖူးသေးပါကလား"
ကျွန်တော့်မှာ ထိုစကားကိုကြားသောအခါ ကျီးကန်းလူမိ ကသိကအောက် ဖြစ်သွားသေးသည်။
နောက်မှပြုံးလိုက်ပြီး အဖြေပေးရန် ပြင်ဆင်နေစဉ် ဦးလေးမြင့်က ဝင်ဖြေလိုက်လေသည်။
"သူ့နာမည်က မောင်တင်ထွန်းတဲ့၊ ကျွန်တော်တို့ အရပ်ထဲမှာနေပြီး ကောလိပ်ကျောင်း
ဘီအေမှာ တက်နေတယ်"
ဒေါ်ငွေးကြည်၏မျက်နှာ သိသိသာသာကြီးချိုသွားပြီး ကျွန်တော့်ဘက်
လုံးလုံးလှည့်လိုက်သည်။
"ဩော်၊ မင်းက ကောလိပ်ကျောင်းသားကိုး၊ သာခုကွယ် သာခု၊ ကြည့်စမ်း- ကြည့်စမ်း၊
ကောလိပ်ကျောင်းသားဆိုပြီး သွေးမကြီးဘူး၊ ဆွမ်းကြီးလောင်းအသင်းမှာ ကိုယ်တိုင်ကိုယ်ကျ
ဝင်ပြီးဆောင်ရွက်တယ်နော်၊ သာခုကွယ် သာခု"
ယခုမှ သူတို့သည် ကျွန်တော့်အား အသိအမှတ်ပြုကြပေတော့သည်။ ထိုအချိန်ထိ
ကျွန်တော့်မှာ ဒေါ်ငွေးကြည်နှင့်
သူ့သမီးတို့၏ အသိအမှတ်ပြုခြင်းမခံရ ဘဲနှိမ်ထားသလို ခံစားနေရသောကြောင့်
စိတ်အားငယ်ကာ

လူနေပါကျုံ့နေခဲ့ပါ သည်။ ယခုမူ ကျွန်တော်သည် ရင်ကိုကော့နိုင်ပြီ။ မျက်နှာကို မော့နိုင်ပြီ။
"ဟုတ်ကဲ့၊ ဘုရားသာသနာတော် အကျိုးကို ဆောင်ရွက်ရာမှာ လူချမ်းသာပဲ၊ ဆင်းရဲသားပဲ၊ မင်းပဲ၊ နင်းပြားပဲ၊
သခင်ပဲ၊ ကျွန်ပဲ၊ ကောလိပ်ကျောင်းသားပဲ၊ လူ့အနွံ့ပဲ ခွဲခြားဖို့ မလိုပါဘူးခင်ဗျာ၊ ပိတ်ဖြူစင် ကြယ်ဝတ်ပြီး
ကုသိုလ်ရေးလုပ်တယ်ဆိုရင် အားလုံးတန်းတူချည်းပါပဲ။ ခု– ကျွန်တော်တို့ အထဲမှာဆိုရင် ဘတ်စ်ကားစပယ်ယာ၊
မြင်းလှည်းသမား၊ ဈေးသည်၊ ကျောင်းသားအစုံပါကြတာပါပဲ။ ကုသိုလ်ရေး ကြိုးစား ကြတာမှာ ချွေးထွက်ကြတာ
ဘယ်သူ့ဘယ်သူမှ မပိုကြပါဘူး"
ဒေါ်ငွေးကြည်က တပြုံးပြုံးနှင့် နားထောင်နေရာက–
"ကြည့်စမ်း ကြည့်စမ်း၊ အန်တီတူကလေးက စကားပြောကလည်း တတ်လိုက် လိမ္မာလိုက်တာနော်"
၄င်းနောက် ကျွန်တော့်မွေးရပ်ဌာနီနှင့် မိဘများအကြောင်း မေးလေသည်။ ကျွန်တော်က လုံးစေ့ပတ်စေ့ပြန်ဖြေသောအခါ–
"အဲဒီ မင်းတို့နယ်ကို အန်တီတို့ကောင်းကောင်းသိတာပေါ့။ မင့်အန်ကယ်လ် မြို့အုပ်လုပ်တုန်းက
ရောက်ဖူးတာပေါ့"
သို့ဖြင့် ဒေါ်ငွေးကြည်သည် ကွဲကွာနေသော ရပ်ဆွေရပ်မျိုးကိုတွေ့လေဟန်၊
ရှေးဟောင်းနှောင်းဖြစ်စကားများပြောပြီး ကျွန်တော်နှင့် ရင်းနှီးမှုယူလိုက်ပါသည်။
ကျွန်တော်ကလည်း မဆွတ်ခင်က
ညွတ်ချင်သည့်ပန်း။
"အေး၊ အန်တီတို့နှင့် ဆွေမျိုးရင်းချာလို သဘောထားပြီး ဆက်ဆံနော်။ အလည်သက်သက်လာခဲ့ဦး
မောင်တင်ထွန်းရေ၊ မင်းအန်ကယ်လ်ကြီးနဲ့လည်း မိတ်ဆက်ပေးရဦးမယ်။ ခုတော့ အန်ကယ်လ်ကြီးက မရှိဘူး။
သူ့သမီးအငယ်ရယ် သားကလေးရယ်ခေါ်ပြီး အန်တီ့ရဲ့မောင် ဝတ်လုံတော်ရ ဦးမြဘူးအိမ် သွားလည်ကြ တယ်။
သမီးအကြီးဝင်နီတော့ အိမ်မှာရှိတယ်။ ခုနင်က တွေ့လိုက်တယ် မဟုတ်လား"
ဒေါ်ငွေးကြည်က မေးလိုက်ပုံမှာ ပြုံးစိစိမို့ ရိုးရိုးမေးသည့်အမေးဟု မယူဆပါ။ ကလိဆွသည့် အမေးဖြစ်ဟန်ရှိပါသည်။
"အဲဒါ ဝင်နီတဲ့လား၊ မြင်တော့ မြင်လိုက်ရပါရဲ့"
"သြော် သြော် မြင်ရုံသာ မြင်လိုက်ရပြီး အသိမဖွဲ့လိုက်ရဘူးပေါ့၊ ဟဲ ဟဲ အသိဖွဲ့ပေးရမှာပေါ့။ ဝင်နီရေ ဝင်နီ

သမီးရေ လာပါဦးကွယ်”
ဝင်နီမှာ ခပ်ဝေးဝေးမှာ နေဟန်မတူ။ ကျွန်တော်တို့နှင့် ကပ်နေသော အတွင်းခန်းမှာသာ
ရှိဟန်တူ၏။
ခေါ်လိုက်သံနှင့် ထူးသံမှာ ဆက်နေပါသည်။ ထူးသံကြားရပြီး ဘာမျှမကြာခင်
ဝင်နီဖေ(ခေါ်)မသိန်းဝင်း
ရောက်လာလေသည်။
“ဘာလဲ မာမီ”ဟု မေးပြီး အမေ့ဘေးမှာ ကန့်ကလျလာ၍ ရပ်နေလေသည်။
ကျွန်တော့်မျက်လုံးအစုံကား
ဝင့်နီမျက်လုံးကလေးပေါ်တွင် လွှဲဖယ်၍မရအောင် ငြိတွယ်နေကြလေသည်။
“ထိုင်ပါဦး သမီးရဲ့”
ကျွန်တော့်မျက်လုံးများသည် ကုလားထိုင်တစ်လုံးပေါ်တွင် ယဉ်ကျေးသပ်ရပ်စွာ ဝင်ထိုင်သော
ဝင်နီနှင့်
တစ်ပါတည်းလိုက်သွားကြလေသည်။
“ဟောဒါက ကောလိပ်ကျောင်းဘီအေမှာ သင်နေတဲ့ မောင်တင်ထွန်းတဲ့၊ လက်စသတ်တော့
လက်စသတ်တော့
မာမီတို့နဲ့ သိဟောင်းကျွမ်းဟောင်း ရပ်ဆွေရပ်မျိုးထဲကကိုးကွယ်”
ဝင်နီက ကျွန်တော့်အား ပြုံး၍ကြည့်လိုက်သည်။ သူ့အပြုံးကလေးမှာ ကျွန်တော့်ရင်ကို
အေးခနဲဖြစ်သွားစေပါသည်။
“သမီးရဲ့၊ မောင်တင်ထွန်းဟာလေ သွေးကြီးမွေးကြီးမလုပ်တတ်ဘူး။ ကြည့်စမ်း၊
ကုသိုလ်ရေးမှာ
ဘယ်လောက်အားထုတ်သလဲ ပြီးတော့ စကားပြောလည်း အင်မတန်ကောင်းတယ်”
ယင်းကဲ့သို့ ချီးကျူးစကားပြောနေလေသဖြင့် ကျွန်တော့်မှာ မနေတတ် မထိုင်တတ်နှင့်
မျက်နှာခပ်အမ်းအမ်း
ဖြစ်လာပါသည်။ ဝင်နီမှာကား ချီးကျူးစကားများကို ပြုံးပြုံးကလေး စူးစိုက်နားထောင်၍သာ
နေလေသည်။
“မောင်တင်ထွန်း၊ ဘီအေအောင်ပြီး ဘာလုပ်မလဲဟေ့”
ကျွန်တော့်မှာ အဖြေရှုတ်တရက်မပေးနိုင်ဘဲ ခဏတွေနေလေသည်။ ထိုအချိန်တွင်
ကျွန်တော့်ရည်မှန်းချက်များမှာ
အထူးထွေပြားနေချိန်ဖြစ်လေသည်။
“ကျွန်တော်ကိုယ်တိုင်တော့ ခိုင်ခိုင်မာမာ၊ မည်မည်ရရ ဘာမှ မဆုံးဖြတ်ရသေး ပါဘူး၊
အဖေကတော့
အိုင်စီအက်စ်အောင် အောင်ကြိုးစားရမယ်တဲ့”
ဒေါ်ငွေးကြည်သည် ခိုင်မာစွာပြဌာန်းအပ်သော မျက်နှာဖြင့်–
“ဒါမှပေါ့ကွဲ့၊ အိုင်စီအက်စ်အောင်အောင် ကြိုးစားရမယ်”

ဝင်နီကပြုံး၍ ခေါင်းကိုမသိမသာညိတ်ကာ အမေကိုထောက်ခံလိုက်သည်ဟု ကျွန်တော်ထင်၏။ ဦးလေးမြင့်ကား
ပါးစပ်အဟောင်းသားနှင့် ကျွန်တော်တို့ကို တစ်လှည့်စီကြည့်နေလေသည်။ ကျွန်တော်ကမူ သူတို့အားလည်း
မကန့်ကွက်ချင်၊ အိုင်စီအက်စ်လောင်းအဖြစ်ဖြင့် သူတို့က ကျွန်တော့်အား မျှော်လင့်ခြင်းဖြင့် ကြည့်လိုကကြည့်နေစေချင်၊ ကိုယ့်စိတ်ထဲရှိတာတွေကိုလည်း ဖွင့်မပြောချင်သေးရကား ပြုံးစိစိနှင့်သာ
လုပ်နေလိုက်ပေသည်။ ထိုအတွင်းအပေါ်က ခနိပိုးစာလုံးကလေးများသည် ပြောင်ချောသော ကြမ်းပြင်ပေါ်သို့
ကျလာလေရာ ကျွန်တော်သည်၎င်းတို့ကို ကြည့်နေမိလေသည်။ ထိုအခါ ဟောင်းမြင်းယိုယွင်းနေ သောအိမ်နှင့်
လတ်ဆတ်လှပသော ဝင်နီတို့ သဘာဝမကျ ပန်မရပုံသည် ကျွန်တော့်စိတ်တွင် ပေါ်လာပြန်လေ၏။
ဒေါ်ငွေးကြည်၏ စိတ်မှာလည်း ခနိပိုးစာလုံး ကလေးများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပေါ်လာဟန်လက္ခဏာရှိလေသည်။
"အန်တီတို့လည်း ရှေ့နှစ်ခါကျရင် ဒီအိမ်ကိုဖျက်ပြီး တိုက်တည်ရဦးမယ်။ ဒီအိမ်က ခုလို အမြဲနေဖို့ဆောက်ထားတဲ့အိမ် မဟုတ်ဘူး။ ခြံထဲအလည်လာတော့ တည်းခိုဖို့ ဒီအိမ်ကိုဆောက်ထားတာ၊
တိုက်ဆောက်ဖို့လေ၊ ဟိုမြူနီစပယ်ရုံးကြီးကို ဆောက်တဲ့ဦးတင်ကိုတောင် ပုံစံအဆွဲခိုင်းထားပြီးပြီ"
ဤမျှပြောပြီး စကားရပ်ကာ ဒေါ်ငွေးကြည်သည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်နေ၏။ ကျွန်တော်က
ဘာမျှစကားမထောက်၊ စကားမဖြည့်။ ဝင်နီကလည်း ထို့အတူ၊ ဦးလေးမြင့်ကလည်း ထိုနည်း။ သို့ဖြင့်နံရံက
နာရီကြီး၏ ချိန်သီးသံသာလျှင် လွှမ်းမိုးနေလေတော့သည်။ ဦးလေးမြင့်က ထလိုက်ပြီး–
"ကိုင်း၊ ကျွန်တော်တို့ သွားလိုက်ဦးမယ်။ ဆွမ်းဆန်ခံစရာ အိမ်နည်းနည်း ကျန်သေးတယ်"
ကျွန်တော်လည်း မတ်တတ်ထရပ်လိုက်ပြီး–
"ကျွန်တော်လည်း သွားပါဦးမယ် ဒေါ်ဒေါ်"
"အေး အေး သွားဦးရော့၊ နောက်လာလည်နော်။ မင်းအန်ကယ်လ်ကြီးနဲ့ တွေ့ရအောင်လာဖြစ်အောင် လာခဲ့နော်"
ဒေါ်ငွေးကြည်က တဖွဖွလိုက်မှာနေလေသည်။ ကျွန်တော်က ဝင်နီအား ပြုံး၍ နှုတ်ဆက်ခဲ့သည်။
"သွားဦးမယ်နော် ဝင်နီ"
ဝင်နီသည် ထိုင်ရာမှထရင်း–
"ဟုတ်ကဲ့ ကိုတင်ထွန်း"

ဤကား ဝင်နီဖေ(ခေါ်)မသိန်းဝင်းနှင့် ကျွန်တော်စကားအပြန်အလှန် ပထမဆုံးအကြိမ် ပြောရခြင်းတည်း။

၇

ငါးပိရည်ကြိုက်သွားသော အညာသား

ညနေ ညနေ ကျောင်းဆင်းချိန်များတွင် ကျွန်တော်သည် အိမ်သို့ တိုက်ရိုက် ပြန်လေ့မရှိ၊ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအသင်းတိုက် စာကြည့်ခန်းသွား၍ စာနယ်ဇင်းများ ဖတ်လေ့ရှိသည်။

တစ်ခါတစ်ရံနိုင်ငံရေးစာအုပ်များ ငှားခဲ့၏။ အိုင်ယာလန်လွတ်လပ်ရေးအတွက် ငါတို့၏စွန့်စားချက်များ၊

အိုင်ယာလန်သူပုန် ဖုံးအဖွဲ့စသော အိုင်ယာလန်လွတ်လပ်ရေးနှင့် ပတ်သက်သော စာအုပ်များ၊ အိန္ဒိယပြည်လွတ်လပ်ရေးနှင့် အိန္ဒိယအမျိုးသား ကွန်ဂရက်တို့နှင့် ပတ်သက်၍ ဂန္ဒီ၊ နေရူး၊ မစ္စက်နိုင်ယီဒူး၊

စုဘတ်စ်ဘို့စ်စသော ခေါင်းဆောင်များရေးသည့် စာအုပ်များ ရုရှားတော်လှန်ရေးနှင့် ပတ်သက်သော

စာအုပ်စာတမ်းများကို တွေ့ရပေသည်။

ကျောင်းသားများသမဂ္ဂစာကြည့်ခန်းသည် တက္ကသိုလ်ပိဋကတ်တိုက် စာဖတ်ခန်းထက် ပိုကောင်း၏။

အခင်းအကျင်း၊ စားပွဲကုလားထိုင်၊ ပန်ကာတို့ဖြင့် တခမ်းတနား ထားသည့်အပြင် အလင်းရောင်လည်း ပိုရ၏။

ညနေစောင်းအိုက်လျှင် ဆင်ဝင်ဘက် ထွက်၍ ကြိမ်ကုလားထိုင်ကြီးများချကာ စာဖတ်နိုင်သည်။

ကျောင်းသားများ သမဂ္ဂစာကြည့်ခန်းတွင် စာဖတ်ရင်း မျိုးချစ်စိတ်ရှိသော ကျောင်းသားများနှင့် ကျောင်းသားခေါင်းဆောင်များကို တွေ့ဆုံကာ မိတ်ဖြစ်ရတတ် လေသည်။ ဤသို့အားဖြင့် ကျွန်တော်သည်

ကိုထွန်းရှိန်၊ ကိုအောင်ကျော်၊ ကိုအေးငွေ စသူတို့နှင့် အသိအကျွမ်းဖြစ်ရပေသည်။ သူတို့ကား ကျွန်တော်တို့နှင့်

ရွယ်တူရွယ်တန်မျှ ဖြစ်ကြပေ၏။ ၄င်းပြင် ကိုယ်လုံးကိုယ်ပေါက် အချိုးအစားမှာလည်း တစ်မျိုးတစ်စားတည်း လိုလို

မပိန်မဝ၊ မပုမရှည်များ ဖြစ်ကြသည်။ သို့ရာတွင် ခြားနားချက်များတော့ ရှိပေသည်။ အသားအရေအရောင်အဆင်းကွဲကြ၏။ ကိုအောင်ကျော်မှာ မည်းသည်။ ကိုထွန်းရှိန်မှာ ညိုညိုနှင့် ဝဲပေါက်နေသည်။

ကိုအေးငွေမှာ ဖြူသည်။ ကျွန်တော်တို့အထဲတွင် ကိုအောင်ကျော်၏ မျက်နှာမှာ အထူးခြားဆုံးဖြစ်ပေသည်။

မာတောက်တောက်ကြွပ်ဆတ်ဆတ်နိုင်လှသော မျက်နှာနှင့် ခေါင်းတုံးဗိုလ်ကေကို တစ်ခါမြင်ပြီးလျှင် မမေ့နိုင်ပေ။

ကိုထွန်းရှိန်ကား ကြီးမားသော ရွှေသွားနှစ်ချောင်း ထင်းခနဲပေါ်အောင် ပြုံးနေတတ်၏။
သူစကားပြော ပုံမှာ
အညာလေမပျောက်။ ကိုအေးငွေမှာ နူတ်ခမ်းမဟဘဲနှင့် ပြုံးနေသော မျက်နှာရှိ၏။
သူစကားပြောသောအခါ
တမင်အားထုတ်ဟန် လက္ခဏာမရှိဘဲနှင့် အသံစာစာနှင့် ပြောလေ့ရှိ၏။ သူတို့သည်
ကျွန်တော့်အား နိုင်ငံရေးသို့
ခြေစုံပစ်ဝင်ရန် ဆုံးဖြတ်ဖို့ မကြာခဏ တိုက်တွန်းကြသူများ ဖြစ်လေသည်။
တစ်နေ့သ၌ ကျွန်တော်သည် စာကြည့်ခန်းတွင် စာထိုင်မဖတ်တော့ဘဲ စာအုပ်ငှားပြီး
ပြန်တော့မည်ဟူသော
ရည်ရွယ်ချက်ဖြင့် စာအုပ်ဗီရိုရှေ့မှာ ရပ်၍ စာအုပ်ရွေးလျက်ရှိလေသည်။
ကျွန်တော့်နောက်နားက လူတစ်ယောက်
လာရပ်သည် ကို လှည့်မကြည့်ဘဲနှင့်သိလိုက်၏။ ကြိုက်သောစာအုပ် ရှာမတွေ့သဖြင့်
လှည့်မကြည့်
အားလောက်အောင် ဖြစ်နေလေသည်။
၎င်းသူက–
"ဘာစာအုပ်ရှာနေတာလဲ"
ထိုအခါမှ သူ့အားကျွန်တော်လှည့်ကြည့်လိုက်လေသည်။ ၎င်းသူမှာ ကိုကျော်ငြိမ်းဖြစ်၏။
သူ့မှာပိန်လှသည့်အပြင်
ပြိုလဲတော့မည့် ကိုယ်နေမျိုးရှိလေသည်။ ဝတ်ထားသောအပေါ်အင်္ကျီမှာ
သူပိုင်မှမဟုတ်ပါလေလားဟု
သံသယဖြစ်လောက် အောင်ချောင်၍တွဲကျနေလေသည်။ လေယာပျံ ကွင်းထိုးဖိနပ်ကိုလည်း
အားရှိပါးရှိ
စီးနင်းမထား တော့ရုံသာ တော့ထားဟန်ရှိပေ၏။ ကိုကျော်ငြိမ်းကို
ကျွန်တော်သိကျွမ်းဖူးသည်မဟုတ်ပါ။
ကိုကျော်ငြိမ်းသည် ဘီအေအောင်ပြီး အင်္ဂလိပ်စာပေဌာနတွင် နည်းပြဆရာ (ကျူတာ)
လုပ်ရင်း
အိုင်စီအက်စ်စာမေးပွဲဝင် နေသူဖြစ်ပါသည်။ ထို့ကြောင့် ကိုကျော်ငြိမ်းအား ကျွန်တော်က
အဝေးမှမြင်ပြီး
ကိုကျော်ငြိမ်းဟု သိထားပါသည်။
ကျွန်တော်ကအံ့အားသင့်ရာက ပြုံးပြီး–
"ဟာဆရာပါလား၊ ဘာစာအုပ်ရယ်လို့တော့ မည်မည်ရရ ရှာတာမဟုတ်ပါဘူး ဆရာ၊
ဖတ်ကောင်းမယ့်စာအုပ်
ရှာနေတာပါပဲ"
ကိုကျော်ငြိမ်းသည် စာအုပ်များကို ကြည့်နေရာမှ ကျွန်တော့်ကို ကြည့်လိုက်သည်။
သူ့မျက်နှာမှာ

ခပ်မော့မော့ထားသဖြင့် မျက်မှန်များက ဝင်းနေပေသည်။ ၄င်းနောက်အကြောဆွဲသော ဟန်မျိုးဖြင့် ခေါင်းတစ်ဖက်
စောင်းသွားအောင် မေးကိုဆတ်ခနဲထိုးလိုက်ပြီး–
ဒဒ္ဒနခမနအ ဗါနညအ သ် `စေညေ (ဂျပန်သူလျှို) ဆိုတဲ့ စာအုပ်ကိုဖတ်ပြီးပြီ လား....
အဲဒါမျိုးက ဖတ်လည်းကောင်းတယ် ဗဟုသုတလည်းများတယ်။
နိုင်ငံရေးသူ လျှိုလုပ်ငန်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေဟာ ဖတ်လိုက်ရင်မပြီးမချင်း
စာအုပ်ချမထားနိုင်လောက်အောင် စိတ်ဝင်စားဖို့ကောင်းတယ်။ ပြီးတော့
မျိုးချစ်စိတ်ဓာတ်လည်း တိုးတက်စေတယ်၊ စွန့်စားလိုတဲ့ စိတ်ဓာတ်လည်း ရင့်သန်စေတယ်။
မင်းဖတ်ချင်ရင် ကိုယ်ရှာပေးမယ်”
“ဖတ်ချင်ပါတယ် ဆရာ၊ ရှာပေးစမ်းပါ”
“ဒါ့ထက်မင်းနာမည် ဘယ်သူတဲ့လဲ”
သို့ဖြင့် ကျွန်တော်နှင့် ကိုကျော်ငြိမ်းတို့ သိကျွမ်းသွားကြပါသည်။ ထိုနေ့က ချက်ချင်းပင် သူ့အခန်းသို့ လိုက်ခဲ့၍
စာအုပ်တစ်အုပ်ယူရန် ခေါ်သေး၏။ ကျွန်တော်ကမအားသဖြင့် မလိုက်နိုင်သေးကြောင်း သူ့အခန်းသို့လာ၍
ယူမည့်အကြောင်းပြော၍ ရက်ချိန်းလိုက်ရပေသည်။
ကျွန်တော်မအားသည့်အကြောင်းမှာ ဝင်နီဖေ(ခေါ်) မသိန်းဝင်းတို့အိမ်သို့ သွားရန်ရှိသဖြင့် ဖြစ်ပေသည်။
မသိန်းဝင်း၏ လတ်ဆတ်သော အလှကလေးကို နောက်တစ်ကြိမ် ထပ်ကြည့်နူးနိုင်ရန် လည်းကောင်း၊
ဦးဖေနှင့်မိတ်ဖွဲ့ရန်လည်းကောင်း သူတို့ထံ အလည်သွားရန် လွန်စွာ စိတ်စောနေလေသည်။
ဒေါ်ငွေကြည်ကိုယ်တိုင်ပင် ကျွန်တော့်အားဦးဖေထံသို့ခေါ်သွား၏။ ဧည့်ခန်းနှင့် ဆက်လျက် အိမ်ဦးတွင်အကာမပါ
ဝရန်တာတပ်ထားသော အဖီကလေးတစ်ခုရှိလေသည်။ ထိုအဖီတွင် ခန်းလုံးပြည့်မျှကျယ်သော ကြိမ်ပက်လက်ကုလားထိုင်ကြီးတစ်လုံး ရှိလေရာ ဦးဖေသည် ခြေပစ်လက်ပစ် ဖိမ်ရှိရှိနှင့် ထိုင်နေလေသည်။
ဦးဖေ၏အသက်အရွယ် ရုပ်ရည်ရူပကာမှာ အငြိမ်းစား ဝန်ထောက်ကြီး ပီသရုံမက သူဌေးရုပ်လည်း
ပေါ်နေလေသည်။ ငွေရောင်ဆံပင်နှင့် ပြည့်ဖြိုးဝဖောင်းသော ကိုယ်ခန္ဓာကြီးမှာ ဦးဖေအား ကြီးစွာသောကျက်သရေ
ဖြစ်စေပေ၏။ သူ့မျက်နှာမှာ ဝန်ထောက်ကြီးဘဝ၌ မာနရောင်ရှိန် ထိန်ကောင်းခဲ့ ပေမည်။ ယခုမူကား
ချိုသာလှပေ၏။ ကျွန်တော်သည် ဦးဖေအား မြင်မြင်ချင်းခင်မင် သွားပေသည်။
ဒေါ်ငွေကြည်က–

"အစ်ကိုကြီး ဟောဒီသူငယ်ပေါ့၊ အကြည်ပြောတဲ့ ကောလိပ်ကျောင်းသား
မောင်တင်ထွန်းဆိုတာ၊
မောင်တင်ထွန်းရေ ဟောဒါပဲ မင်းအန်ကယ်လ်"
ဦးဖေ၏ခြေထောက်များသည် အခြားကုလားထိုင်တစ်လုံးတွင် တင်လျက်ရှိနေရာ ဦးဖေသည်
ခြေတို့ကို ရုပ်သိမ်းပြီး
ထိုကုလားထိုင်ကို ကျွန်တော့်အားပေးလေသည်။
"ထိုင်ဟေ့ ထိုင်ပါ မောင်တင်ထွန်း ခုဘယ်က လျှောက်လာသလဲ"
"ကဲ ကဲ စကားပြောကြဦး၊ အန်တီ မီးဖိုဘက်သွားလိုက်ဦးမယ်၊ မောင်တင်ထွန်း
ညစာစားပြီးမှ ပြန်ရမယ်နော်"
ဒေါ်ငွေးကြည်ကား ပြောပြောဆိုဆို ထွက်သွားလေ၏။ ကျွန်တော်က "နေပါစေ ဒေါ်ဒေါ်
မစားပါရစေနှင့်"ဟုမှ
မပြောလိုက်ရ။ ဦးဖေမေးသည်ကိုသာ ဖြေရတော့၏။
"ကျွန်တော်ကျောင်းကအဆင်းမှာ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားများ
သမဂ္ဂစာကြည့်ခန်းကို ခဏဝင်တယ်။
ပြီးတော့ ဦးနှင့်တွေ့ရအောင်ဆိုပြီး ဒီကိုတန်းလာခဲ့တာပဲ"
"မင်းတို့ သမဂ္ဂမှာ တရားပွဲတွေ ခဏခဏလုပ်တယ်လို့ သတင်းစာမှာ ဖတ်ရတယ်၊
အန်ကယ်လ်တစ်ခါလောက်
လိုက်နားထောင်ချင်တယ်။ ဒေါက်တာဘမော်နဲ့ ဦးစောတရားပြိုင်ဟောမယ်လို့ဆိုတာ
လုပ်ဖြစ်မလား"
"လုပ်ဖြစ်မယ်လို့ ကြားတယ်၊ ဘယ်တော့လဲတော့ မသိဘူးခင်ဗျ"
"အေး လုပ်ဖြစ်ရင် အန်ကယ်လ်ကို လာခေါ်စမ်းဟေ့၊ လိုက်နားထောင်မယ်"
ဤသို့လျှင် ဦးဖေသည် ကျွန်တော်တို့ ကျောင်းသားသမဂ္ဂလုပ်ငန်းများနှင့်
နိုင်ငံရေးဟောပြောပွဲများတွင်
စိတ်ဝင်စားသည်ကို တွေ့ရသောအခါ ကျွန်တော့်မှာ အတော်ဝမ်းမြောက်မိ၏။ ဦးဖေအား
ရင်းနှီးခင်မင်မှုမှာလည်း
ကြီးမားလာလေ၏။ ဦးဖေကဒေါက်တာဘမော် စကားပြောကောင်းပုံ၊ အင်္ဂလိပ်စာတော်ပုံ
ချီးကျူး၏။ အင်္ဂလိပ်စာ
ဖ-တန်းအောင်သော ဦးစောက အင်္ဂလိပ်စကားဖြင့် ဒေါက်တာဘမော်နှင့် ယှဉ်ပြိုင်ကာ
မည်သို့ပြောနိုင်မည်ကို
ခန့်မှန်းကြည့်နေ၏။
"ဦးစောက ကြိုးစားတယ်ဦးရဲ့၊ ပြောရဲဆိုရဲ သတ္တိလည်းရှိတယ်"
"အင်း၊ သူလည်း လူတော်တစ်ယောက်ပဲနော်၊ ကြည့်စမ်း ဦးဘဖေက သူ့ကို
လက်သပ်မွေးလာခဲ့တာ၊
သူရိယတိုက်မှာ အစုဝယ်ပြီး အလုပ်လုပ်နိုင်အောင်လည်း ဦးဘဖေကပဲ သွင်းလာတာပဲတဲ့။
ခုတော့ ဦးဘဖေလို

လူကိုတောင် ဘေးဖယ်ပစ်ပြီး ကိုယ်တိုင်တက်လာတယ်။ မျိုးချစ်ပါတီကိုလည်း ခွဲထောင်တယ်၊ လူတော်ပဲဟေ့”
ဦးဖေက သူ့အမြင်ဖြင့် ဒေါက်တာဘမော်နှင့် ဂဠုန်ဦးစောတို့အား ချီးကျူးနိုင် သော်လည်း ကျွန်တော်ကား
တိုင်းပြည်လွတ်လပ်အောင် ခေါင်းဆောင်ခြင်းနှင့် ပတ်သက်၍ကား ချီးကျူးဖွယ်မရှိဟု ကျွန်တော်ထင်ပါသည်။
ထို့အပြင် ထိုအချိန်က ကျွန်တော်သည် ဥပဒေပြုလွှတ်တော် မင်းတိုင်ပင်အမတ်ဆိုသော နိုင်ငံရေးခေါင်းဆောင်
ကြီးများကို များစွာစက်ဆုပ်နေလေသည်။
“ကျွန်တော်ကတော့ ဒီလူကြီးတွေရော၊ သူတို့နောက်က မင်းတိုင်ပင်အမတ်တွေရောဟာ အလကားလူတွေချည်းပဲထင်တယ် အန်ကယ်လ်။ တိုင်းပြည်ရောင်းစားပြီး ကိုယ်ကျိုးရှာနေကြတဲ့ လူတွေပဲ”
ဦးဖေသည် ကျွန်တော့်စကားဖြင့် အထိတ်တလန့်ဖြစ်သွားသည်ဟုထင်၏။ နဖူးရေများ တွန့်သွားအောင်
မျက်လုံးပြူးသွားပြီး ခါးဆန့်၍ထိုင်ကာ–
“ဆိုစမ်းပါဦး မောင်ရ”
“ကျွန်တော် အထူးပြောဖို့ မလိုပါဘူး။ မကြာသေးခင်က ခု နန်းရင်းဝန် ဒေါက်တာဘမော်ရဲ့ ညွန့်ပေါင်းအစိုးရ
ပြည်ထဲရေးဝန်ကြီးချုပ် ဦးပေါ်ထွန်းပြောတာ ကို သတင်းစာထဲမှာ ဦးဖတ်လိုက်မိမှာပေါ့။ ညွန့်ပေါင်းအစိုးရဖွဲ့ခါနီး
အမတ်ဈေးတွေ ၂၅၀၀–၃၀၀၀တက်သွားတာတို့၊ ထောက်ခံဖို့အမတ်တွေကို ဖာအိမ်လိုက်ခေါ်ရတာ တို့လေ”
ဦးဖေက တဟားဟားရယ်လိုက်ပြီး–
“အင်း အင်း သူကတော့ ပြောမှာပဲ၊ ပါးစပ်ကခပ်လွယ်လွယ်ရယ်။ ပရိယာယ်လည်းမရှိဘူး။ အန်ကယ်လ်မြို့အုပ်ဖြစ်စက သူက နယ်ပိုင်ဝန်ထောက်၊ သူ့လက်အောက်မှာ ခဏလုပ်လိုက်ရသေးတယ်။
လူချင်းလည်းခင်ပါတယ်။ သူပြောပုံတွေ လုံးစေ့ပတ်စေ့ ပြောစမ်းပါဦး ဟား ဟား ဟား”
ထိုအခိုက် ဝင်နီသည် ခြံထဲမှတက်ပြီး ဧည့်ခန်းထဲမှဖြတ်ကာ အိမ်ထဲဝင်သွား သည်ကို ရိပ်ခနဲမြင်လိုက်ပေသည်။
ကျွန်တော်ကအသာ ငမ်းငမ်းဖြင့် သူမအား လှမ်းကြည့်မိသော်လည်း သူက ကျွန်တော့်အားတစေ့တစောင်းမျှ
ကြည့်မသွားပါ။ ကျွန်တော့်စကားစဉ်သည် အနည်းငယ်ပင် ဆွံ့သွားသေး၏။
“သဲကုန်းမြို့နယ် အင်းမရွာမှာပြောတာ ဦးရဲ့။ ဥပဒေပြုလွှတ်တော်ခေါ်တဲ့ ကောင်စီမှာအမတ် ၇၀ကျော်ထောက်ခံမှ

အစိုးရအဖွဲ့ ဖွဲ့နိုင်တယ်တဲ့။ ဦးပေါ်ထွန်းရဲ့ လိုင်မြတ်ပေါ်ပါတီမှာ ၁၄ယောက်၊
ဒေါက်တာဘမော်ပါတီမှာ
၁၆ယောက်သာရှိတယ်။ ဒီတော့သည့်ပြင်အမတ် ၄၀ကျော်ရအောင် ဆွဲရတယ်။
ကုလားအမတ်တို့ကို ချော့မော့
နှူးနှပ်ယူရတယ်။ ငါးပွင့်ဆိုင်ပါတီမှာရှိတဲ့ အမတ်အချို့ကို ဝန်ကြီးချုပ်ရာထူးနေရာ
ပေးပါမယ်ဆိုပြီး
ဖဲ့ထုတ်ရတယ်။ ဒေါက်တာသိန်းမောင်ကို ငါးပွင့်ဆိုင်ပါတီက ဖဲ့ထုတ်ပြီး
ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးချုပ်ရာထူးပေးရတယ်။ ဒါကြောင့် ဒေါက်တာသိန်းမောင်နဲ့ အမတ်ဆယ်ယောက်ဟာ
ညွန့်ပေါင်းဘက်ကူးလာတယ်။ ဒါနဲ့မလုံလောက်သေးတော့ တချို့အမတ်တွေကို
ငွေပေးခေါ်ရတယ်။ နှစ်ဖက်အကြိတ်အနယ
ဆွဲခေါ်နေလေတော့ အမတ်ဈေးဟာ ၂၅၀၀ိ– ၃၀၀၀ိအထိ တက်တယ်တဲ့။
ဒါနဲ့တောင်စိတ်မချရသေးလို့ အမတ်တချို့ကို ကားနဲ့တင်ခေါ်ပြီး မဲပေးချိန်မရောက်မချင်း
ဝှက်ထားရသတဲ့။
အချို့အမတ်တွေကို ဖာအိမ်မှာ လိုက်ခေါ်ရတယ်တဲ့။ ဒါတွေဟာ ဦးပေါ်ထွန်းကိုယ်တိုင်
ထုတ်ပြောတဲ့ စကားတွေပဲ
အန်ကယ်လ်"
ဦးဖေကား တဟားဟားရယ်နေပြန်လေသည်။
"ဒီလောက်လုပ်တာတောင်မှ ညွန့်ပေါင်းအစိုးရဟာ သူ့နှာခေါင်းနဲ့
သူအသက်ရှူနိုင်သေးဘူးဦးရဲ့။
ညွန့်ပေါင်းအစိုးရကို ထောက်ခံတဲ့ အမတ်ဦးရေဟာ ငါးပွင့်ဆိုင်၊ ဖေဘီယံ၊ တို့ဗမာစတဲ့
အတိုက်အခံအမတ်
ဦးရေထက်သိပ်သာလှတာ မဟုတ်ဘူး။ တစ်မဲ၊ နှစ်မဲပဲသာတယ်။ ဒီတော့
ကြားနေပါတယ်ဆိုတဲ့ အင်္ဂလိပ်မဲ–၈မဲ
ကိုညွန့်ပေါင်းအစိုးရတည်မြဲရေးအတွက် အားကိုးနေရသေးတယ်။ ဒီတော့
ညွန့်ပေါင်းအစိုးရဟာ ဘုရင်ခံ
မကြည်သာတာကိုတော့ထားပါဦး၊ အင်္ဂလိပ်အမတ် ၈ယောက် မကြည်သာတာကို
ဘာမှမလုပ်ရဲဘူး။
ငါးပွင့်ဆိုင်ကပြန်တက်ချင်ရင်လည်း အင်္ဂလိပ်မဲ–၈မဲကို သဘောကျအောင် လုပ်ပြီးမှ
တက်ရမှာပဲ"
"အေးလေ၊ ၄၀၀၀ိ–စား၊ ၅၀၀၀ိ–စား ဝန်ကြီးချုပ်တွေ၊ နန်းရင်းဝန်တွေ လုပ်ချင်ရင်တော့
ဒီလိုပဲလုပ်ရပေမှာပေါ့။
ဒီတစ်ပွဲမှာတော့ ဒေါက်တာဘမော်တို့၊ ဦးပေါ်ထွန်းတို့က ဥာဏ်သာသွားတယ်လို့
ဆိုရမှာပေါ့၊ ဟား ဟား ဟား"
"ဟုတ်တယ်၊ ကလိမ်ဉာဏ် သာသွားတာပဲ"

ဦးဖေကား တဟားဟား ရယ်ပြန်သည်။ ဦးဖေရယ်ပုံမှာ အားရပါးရ ရှိလှသည်။ နောက် ဣန္ဒြေရှုတ်ခြည်းဆည်လိုက်ပြီး–
"မောင်တင်ထွန်းသဘောက ဘယ်လိုလုပ်ရင် ကောင်းမယ်ထင်သလဲ"
"ကျွန်တော်တော့ တို့ဗမာအစည်းအရုံးက လှုံ့ဆော်နေသလို အမတ်အားလုံး ပါတီမရွေး ညီညွတ်ပြီး
ရာထူးလက်မခံ၊ အစိုးရမဖွဲ့ဘူးလို့ တစ်သံတည်း ငြင်းပယ်ရမယ်။ ပြီးတော့ မြန်မာပြည် (၁၉၃၅) အုပ်ချုပ်ရေး
ဥပဒေကို ဖျက်ပစ်ရ မယ်"
"မောင်တင်ထွန်းက သခင်လားဟေ့"
"သခင်တော့မဟုတ်ပါဘူး၊ သခင်ဝါဒနဲ့ သခင်တွေကိုတော့ ကြိုက်တယ်"
ကျွန်တော်ဦးဖေ၏ နောက်ဆင့်မေးခွန်းတစ်ခု လာလိမ့်နိုးနိုးနှင့် စောင့်ရင်း ခြံထဲသို့ ငေးကြည့်နေသည်။ ဦးဖေကား
ဘာမျှမပြောဘဲ စဉ်းစားနေဟန်ရှိ၏။ ထို့ကြောင့် ဒေါ်ဌေးကြည် ကျွန်တော်တို့ အနီးသို့ရောက်လာသည်ကို
သတိမထားမိ လိုက်ချေ။
"ကဲ အစ်ကိုကြီးနဲ့က မောင်တင်ထွန်းလာကြ၊ ထမင်းစားကြရအောင်"
"ကျွန်တော်မစားတော့ဘူး အန်တီ"
"ဘို ဘယ်ဖြစ်မလဲ၊ ပြင်ဆင်ပြီးပြီ၊ မင်းက ဒေါ်ဒေါ်တို့ခင်သလို မခင်လို့ ထမင်းမစားတာလား"
ဒေါ်ဌေးကြည်က ကလိဆွသောအပြုံးဖြင့် ကျွန်တော့်အားမေးလိုက်သည်။
ဦးဖေက ထိုင်ရာမှထရင်း–
"အိုင်ဆေး လာစားရအောင်၊ ပေါ့တ်လပ်ခ် (ကံကောင်းရင် ဟင်းကောင်းလိမ့် မယ်)ပေါ့ကွယ်"
ကျွန်တော့်မှာ မငြင်းသာပြီ။
ထမင်းစားခန်းမှာ နောက်ဖေးမီးဖိုချောင်အဆောင်ငယ်နှင့် အိမ်မကြီးကြားတွင်ရှိ၍ ဧည့်ခန်းမှတစ်ဆင့်
အိပ်ခန်းများကြားမှ ဖြတ်သွားရလေသည်။ ဤအခန်းကား ဒေါ်ဌေးကြည်နှင့် ဦးဖေတို့၏ အိပ်ခန်းဖြစ်တန်ရာ၊
ဤအခန်းကား ဝင်နီတို့ညီအစ်မ၏ အိပ်ခန်းဖြစ်ပေမည်လော။ ဤအခန်းမှာ အဝတ်တန်ဆာပြင်ဆင်ရာ
အခန်းဖြစ်ကောင်းဖြစ်ရာ၏ စသည်ဖြင့် ခန့်မှန်းရင်း ဦးဖေနောက်က လိုက်သွားရပေသည်။
ထမင်းစားခန်းမှ အိမ်ထောင်ပရိဘောဂတို့သည်လည်း ခေတ်မမီ၊ ဟောင်းမြင်းသော ပုံသဏ္ဍာန်အရောင်အဆင်းတို့ကို ဆောင်နေကြ၏။ သို့ရာတွင် လင်းထိန်နေသော မီးသည်လည်းကောင်း၊
တဟူးဟူးတိုက်ခတ်နေသော စားပွဲတင်ပန်ကာသည်လည်းကောင်း၊ အဆီအအိမ့် အချိုအချဉ် အငန်အစပ်

အသားအသီးအရွက် စုံလင်စွာနှင့်ပြင် ဆင်တည်ခင်းထားအပ်သော ထမင်းစား
ပွဲဝိုင်းကြီးသည်လည်းကောင်း၊
ထို့ပြင်တစ်ဝ နှစ်လိုဖွယ်ရာပျူငှာစွာဖြင့် ကြိုဆိုနေ သော ဝင်နီသည်လည်းကောင်း၊
ကျွန်တော့်အား သံလိုက်ဓာတ်
ဆွဲငင်သလို ဆွဲငင်နေကြပေရာ ပောင်းမြင်းသော ပရိဘောဂတို့ကို နောက်တစ်ကြိမ်ထပ်၍
အမှတ်ပင်
မပြုမိတော့ချေ။
ထမင်းစားပွဲတွင် ဦးဖေနှင့် ဒေါ်ဌေးကြည်တို့က မျက်နှာချင်းဆိုင် ထိုင်ကြသည်။
ကျွန်တော်နှင့် ဝင်နီတို့ကလည်း မျက်နှာချင်းဆိုင်။
ဦးဖေက သူ့ပန်းကန်ထဲ ထမင်းထည့်ပြီး ကျွန်တော့်ထဲ ထမင်းအုပ်ကို ကမ်းလိုက်ရင်း–
"ကဲ အိုင်ဆေး များများထည့်မောင်၊ အကြည်ရေ မေစီကော မစားသေးဘူးလား"
ဒေါ်ဌေးကြည်က ခပ်သဲ့သဲ့ပြုံးပြီး–
"မေစီ မစားသေးဘူး အစ်ကိုကြီးရဲ့၊ သူ့ကို ဟင်းလိုက်ဖို့ တာဝန်ပေးထားတယ်။ ဩော်–
ဒါထက် မောင်တင်ထွန်းနဲ့
မေစီမိတ်ဆက်မပေးရသေး ဘူးနော်၊ မေစီရေ သမီး မေစီရေ"
"လာပြီမာမီ" ဟူသော အသံနှင့်အတူ မေစီထွက်လာလေသည်။ မေစီ၏ အရုပ်အမောင်း
အသားအရေစသည်တို့မှာ
ဝင်နီနှင့် တစ်ထေရာတည်းလိုပင်ဖြစ်၏။ သို့ရာတွင် မေစီ၏ နှာတံမှာ ပိုပေါ်၍
နှာခေါင်းနည်းနည်းချွန်သည်။
မျက်လုံးကလည်း ပိုကျယ်ပြီး မျက်ခုံးပိုထူသည်။ ကုလားဆင်ကလေးဟု ဆိုထိုက်ပေ၏။
ဆံပင်ကို လိပ်ပြာ
အတောင်ဖြန့်သလို ပုံသဏ္ဍာန်ပြုထားသော ဖဲကြိုးဖြင့် စည်းထားလေသည်။
"မောင်တင်ထွန်း၊ ဟောဒါ သမီးအငယ် မေစီလေ"
ကျွန်တော်ကပြုံး၍ နှုတ်ဆက်လိုက်သည်။ "နေကောင်းပါရဲ့လား၊ တွေ့ရတာ ဝမ်းသာပါတယ်"
"ကျေးဇူးတင်ပါတယ်၊ တွေ့ရတာ အင်မတန် ဝမ်းသာနေပါတယ်"
ဒေါ်ဌေးကြည်က ကြက်သားဆီပြန်ဟင်းကို ခပ်၍ ကျွန်တော့်ပန်းကန်ထဲ ထည့်ရင်း–
"အန်တီက ဒီနေ့ည မေစီ့ကို ထမင်းလိုက်ဖို့ တာဝန်ပေးထားတယ်။ ဟဲ ဟဲ ဒီနေ့ညအဖို့
စားပွဲထိုးခန့်ထားတာပေါ့ကွယ်။ အန်တီကလေ သမီးတွေကို အိမ်မှုရေးရာ သင်ပေးတယ်၊
အစေခံတွေရှိမယ့်
သူတို့လည်း အချက်အပြုတ်၊ အကျွေးအမွေး ဧည့်ခံတာတွေမှာ ဝင်လုပ်စေတယ်၊ ဒါမှ
တတ်မှာကိုး
မောင်တင်ထွန်းရဲ့။ ဝင်နီရေ သမီးဘက်က ငါးချဉ်ရေပန်းကန်ကို မောင်တင်ထွန်းဘက်
ပေးပါကွယ်"
"နေပါစေ အန်တီ ကျွန်တော်မီပါတယ်။ ဟဲ ဟဲ နေပါစေ ဝင်နီ ကိုတင်ထွန်း မီပါတယ်။
ခုလို သိပ်ဂရုစိုက်ကြတော့

စားရတာတောင် အားနာတာတာ ဖြစ်လာတယ်၊ ဟဲ ဟဲ ထမင်းထည့်ပါဦး မေစီ”
အားလုံးက ဟဲ ဟဲနှင့် လိုက်ရယ်ကြသည်။
ဒေါ်ဌေးကြည်က–
“မောင်တင်ထွန်း ငါးပိရည်ကြိုက်ပြီလား”
“ငါးပိရည်မပါရင် ထမင်းမစားတတ်သလောက် ဖြစ်နေပြီ အန်တီ”
“ဒါဖြင့် အညာသား အညာမပြန်နိုင်တော့ဘူးပေါ့ ဟဲ ဟဲ ဟဲ”
ကျွန်တော်က ဟဲ ဟဲ ဟဲနှင့် ဒေါ်ဌေးကြည်နှင့်အတူ လိုက်ရယ်သည်။ ကျန်လူများက ပြုံးရှုံသာပြုံးကြသည်။
သို့ဖြင့် ဦးဖေ ဒေါ်ဌေးကြည်တို့၏ အိမ်မှာ ကျွန်တော့်စားအိမ်သောက်အိမ် သဖွယ် ဖြစ်လာလျက်ဦး၏
အိမ်မိသားစုနှင့် အထဲဝင်အပြင်ထွက် ရင်းနှီးလာခဲ့ပေ သည်။
ဝင်နီဖေ(ခေါ်)မသိန်းဝင်းနှင့်မူကား ရှိသဲ့သဲ့၊
ချိတ်တိတ်တိတ်၊ ထေ့တေ့တေ့ ပြုကြမိလျက် ဘာကလိုလို၊ ဘိုကလာတာတာ အဖြစ်သို့ ရောက်ခဲ့ရပေသတည်း။
၈
အယူအဆပြောင်းပုံများ
၁၉၃၃စခုနှစ်အတွင်းတွင် ရက်တွေကူးပြောင်း လတွေညောင်းလာလေလေ (ဝါ)
၁၉၃၆ခုနှစ်သည် နရာမှရင့်ပြီး
ဦးရာမှနှောင်းလာလေလေ၊ ကျွန်တော်၏ အယူအဆ များသည် ပြောင်းလဲလာလေ ဖြစ်သည်ကိုတွေ့ရပေ၏။
သင်ကြားနေရသော ပညာနှင့် ပတ်သက်သော အယူအဆတို့တွင် နရာမှ
ရင့်၍ရင့်၍လာသည်။ နိုင်ငံရေးအယူအဆ
တို့တွင် ပျော့ရာမှ ပြင်း၍လာပေသည်။
ဖခင်ကြီးက ကျွန်တော့်ခေါင်းတွင် ထည့်ပေးလိုက်သော အိုင်စီအက်စ် အောင်ရမည်ဟူသော ဘဝရည်မှန်းချက်ကား
လုံးဝပျောက်ကွယ်မသွားရုံတစ်မည်သာ ကျန်တော့၏။ နောင်တော့မှ ဘာလုပ်လုပ်၊ ကျောင်းနေရင်
ကျောင်းကပေးတဲ့ ပညာကိုတော့ အစွမ်းရှိသမျှ သင်ယူရမည်ဟူသော ကျွန်တော့်ကိုယ်ပိုင်ဆုံးဖြတ်ချက် နှင့်
ပတ်သက်၍လည်း ပြောင်းလဲမှုများ ပေါ်လာခဲ့လေသည်။ တို့ သင်နေရသော ပညာဟာ ဘယ်လိုပညာမျိုးလဲဟု
ဝေဖန်မှုပြု၍ လာလေတော့သည်။
အင်္ဂလိပ်စာပေကထိက ဆရာက ဝါ့တ်စ်ဝါ့သ်၏ ကဗျာများကို အရသာခံပြ၏။ ကဗျာဆရာ သီကုန်းခြယ်မှုန်းထားသော သဘာဝအလှကလေးများကို ထောက်ပြ၏။
ပန်းပွင့်ကလေးတစ်ပွင့်မှ

သင်ခန်းစာထုတ်ယူထားပုံကို ချီးကျူးပြ၏။ ကျွန်တော်သည် စောစောက ထိုအသင်အပြမျိုးကို နှစ်သက်၏။
ကျွန်တော်၏ စိတ်သည်ကထိကဆရာ ၏အသံနှင့်အတူ၊ လိပ်ကလေးများနှင့်အတူ၊ မိုးစွေငှက်ကလေးများနှင့်အတူ
သဘာဝအလှများဆီသို့ ရောက်သွားပြီး သဘာဝအလှထဲမှာ နှစ်မြုပ်သွားလေ့ရှိပေ၏။ ၁၉၃၈ခုနှစ် ပြက္ခဒိန်ကို
လှန်သွားလေလေ ထိုအသက်အပြမျိုးကို မနှစ်မြို့လာလေလေ ဖြစ်ပေ၏။ လူ့လောကနှင့် ကင်းဝေးလှသော
စာပေများပါတကားဟု အပြစ်မြင်မိ၏။ လူ့အသက်တစ်ချောင်းထက် လိပ်ပြာကလေးတစ်ကောင်၏ အသက်ကို
ပိုတန်ဖိုးထား သောစာပေမျိုးပါတကားဟု စဉ်းစားမိ၏။
သင်ပေးနေသော ရာဇဝင်ပညာတွင်လည်း အပြစ်တွေမြင်လာပေသည်။ နပိုလီယံ၏ တစ်ဦးတည်းပိုင်
စွမ်းရည်များသက်သက်ကြောင့် ပြင်သစ်နိုင်ငံ တန်ခိုးကြီးမားလာသလိုလို၊ နပိုလီယံ အလိုရမ္မက်ကြီးလွန်း၍
ပြင်သစ်အင်ပိုင်ယာကြီး ပြိုလဲရသလိုလိုရေးပြီး ပြင်သစ်အရေးတော်ပုံက ဖြန့်ပေးလိုက်သော လူထုစိတ်ဓာတ်နှင့်
ဟပ်မိလှသည့် လွတ်လပ်ရေး၊ တန်းတူရေးနှင့် တရားမျှတရေး သင်ခန်းစာများကို ဖုံးနိုင်သမျှ ဖုံးပေးသည့်
ရာဇဝင်ပညာရပ်မျိုးကို ကျေနပ်ရောင့် ရဲစွာ လက်မခံလိုတော့ချေ။
၄င်းပြင် သင်ပေးနေသော ဘောဂဗေဒ၌ ကျွန်တော်တို့ ဗမာဆင်းရဲသားများ အပါအဝင်ဖြစ်သော ကမ္ဘာ့ဆင်းရဲသား
လူအများအတွက် သက်သာချောင်ချိရေး၊ ချမ်းသာကြီးပွားရေးနှင့် ဗမာပြည်ခေတ်မီ၍ ဘယ်သို့လျှင်
ကျေနပ်ရောင့်ရဲနိုင်အံ့ နည်း။
အချုပ်အားဖြင့်ဆိုသော် ကျွန်တော်သည် တက္ကသိုလ်ကပေးနေသော ပညာရပ်များ၏ အခြေခံများကို အမြစ်ပါလှန်၍
သုံးသပ်ဆင်ခြင်နေပါပြီ။ ယင်းအခြေခံများကို ယုံကြည်မှု လျော့ပါးနေပါပြီ။ ယင်းအခြေခံများကို
ယုံမှားသံသယဖြစ်နေပါပြီ။ ယင်းအခြေခံများတွင် ယုံကြည်မှုပြင်းထန်မှ၊ ယင်းအခြေခံများတွင် ယုံမှားသံသယကင်းပါမှ ယင်းသို့သော ပညာရပ်များကို ပိုင်နိုင်တတ်မြောက်ပေလိမ့်မည်။ ယင်းပညာများကို
ပိုင်နိုင်တတ်မြောက်မှ အိုင်စီအက်စ်စာမေးပွဲကို အောင်နိုင်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်သည် အဖေက

ခေါင်းထဲ သွင်းပေးလိုက်သော ဘဝရည်မှန်းချက်မှ ဘေးဖဲ့ကာ ဉာဏ်ကွန့်မြူးနေပြီဟု ဆိုရပါတော့မည်။ အိုကျေး
ဇူးရှင် ဖခင်ကြီး၊ သားမောင်သည် ဖခင်ကြီး၏သြဇာကို တော်လှန်ဖယ်ရှားနေမိပါပြီ။ အို–ကျေးဇူးရှင်ဆရာတို့၊
တပည့်ကျော်သည် ဆရာတို့၏ သြဇာကို တော်လှန်ဖယ်ရှားနေမိပါပြီ။ ကျွန်တော့်အား ပြစ်တင်မောင်းမဲကြအံ့လော။ ပြစ်တင်မောင်းမဲပြုချင် ပြုပါတော့၊ ကျွန်တော်ကား မတတ်နိုင်ပြီ။
ကျွန်တော်သည် တက္ကသိုလ် ပိဋကတ်တိုက်သို့ အရောက်နည်းသည်ထက် နည်းလာ၏။ တက္ကသိုလ်ပိဋကတ်တိုက်စာကြည့်ခန်းသည် ကျွန်တော့်အဖို့ အသက်ရှူကျပ်သလိုလို၊ စွတ်စိုထိုင်းမှိုင်းသလိုလို၊
မှောင်သလိုလို ထင်မိတော့သည်။ ကျွန်တော်သည် ကျောင်းသားသမဂ္ဂစာကြည့်တိုက်သို့သာ အရောက်များသည်ထက် များလာတော့၏။ တက္ကသိုလ်သမဂ္ဂစာကြည့်ခန်းသည် ကျွန်တော့်အဖို့ အသက်ရှူချောင်သည်၊ နှလုံးမွေ့လျော်ဖွယ်ရှိသည်၊ အလင်းရောင်ထွန်းသည်။
ကျွန်တော်သည် ကျယ်ပြန့်၍သားနားသော စာသင်ခန်းထက် ကျဉ်းကျပ်၍ နံချာသော နိုင်ငံရေးဆွေးနွေးခန်းများကို
ပိုလို့ မြတ်နိုးနေပေပြီ။ နည်းပြဆရာ၏ သင်တန်းတွင် စာစီစာကုံးရေးရသည်ထက် အိုးဝေမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း
တက္ကသိုလ် ကဏ္ဍာနှင့်သတင်းစာများတွင် ဆောင်းပါးရေးသည်ကို ပိုလို့ နှစ်သက်စိတ်ဝင်စားနေ ပြီ။
ထိုနှစ်တွင် နိုင်ငံရေးဆွေးနွေးပွဲများမှာလည်း ပို၍များလာ၏။ တက္ကသိုလ်သမဂ္ဂ ခန်းမကြီးထဲတွင် လူစည်ကားသော
နိုင်ငံရေးတရားပွဲများသာမက သမဂ္ဂအတွင်းရေးမှူးအခန်း၊ ဥက္ကဋ္ဌအခန်း၊ ဒရဝမ်ကြီးဦးကံသိန်း၏အခန်း၊
တိုလီမိုလီကိုထွန်းတင်၏ ဆံပင်ညှပ်ဆိုင်အခန်း၊ ကျောင်းဆောင်များရှိ သခင်ကျောင်းသားများအခန်းစသည်တို့တွင်လည်း နိုင်ငံရေးဆွေးနွေးပွဲများ ရှိတတ်လေသည်။ ထိုမျှသာမကသေး
ညအချိန်အခါ ကျောင်းအုပ်ကြီး၏ အခန်းနှင့် စာသင်ခန်းများကြား မှောင်ရိပ်တွင်လည်းကောင်း၊
ဘွဲ့နှင်းသဘင်ခန်းနှင့် အင်းလျားကန်ကြားရှိ မှောင်ရိပ်တွင်လည်းကောင်း တိတ်တိတ်စုဝေးကာ နိုင်ငံရေး
ဆွေးနွေးခြင်းများလည်း ပြုလုပ်ကြသေး၏။ မှောင်ရိပ်ဆွေးနွေးပွဲတစ်ခုတွင် ဗမာပြည်လွတ်လပ်ရေးအတွက်
ဂန္ဒီဝါဒကို သုံးသင့်မသုံးသင့်၊ ဗမာ့ရန်သူများကို ချောင်းမြောင်းသတ်ဖြတ်ရမည့်ႇနမမသမပျအ ဝါဒကို သုံးသင့်မသုံးသင့်၊
လက်နက်ကိုင် ပုန်ကန်ခြင်းကို လုပ်သင့်မလုပ်သင့် ဆွေးနွေးကြလေသည်။

အခန်းတွင်းဆွေးနွေးပွဲများ၌ ကျောင်းသားတိုက်ပွဲများအကြောင်း၊
တို့ဗမာအစည်းအရုံးအကြောင်း၊
လယ်သမားအလုပ်သမား လှုပ်ရှားမှုများအကြောင်း၊ အိန္ဒိယပြည်
လွတ်လပ်ရေးလုပ်ငန်းများအကြောင်း၊
နာဇီဂျာမနီနှင့် ဟစ်တလာ၊ ဖက်ဆစ်အီတလီနှင့် မူဆိုလိုနီ၊ ဗြိတိသျှနှင့် ချိန်ဘာလိန်တို့၏
အကြောင်းများ၊
တရုတ်ဂျပန်စစ်ပွဲနှင့် တရုတ်ပြည်၏ ခုခံရေးအကြောင်းများကို ဆွေးနွေးကြသည်။
သူငယ်ချင်းများဖြစ်သော
ကိုထွန်းရှိန်၊ ကိုအောင်ကျော် စသူတို့က ကျွန်တော့်အား ထိုဆွေးနွေးပွဲများသို့
လာခေါ်လေ့ရှိသည်။
ယခင်ကမူ ကျွန်တော်သည် နိုင်ငံရေးတွင် စိတ်ပါဝင်စားရုံသာဖြစ်၏။
ကျောင်းသားလှုပ်ရှားမှုများတွင်လည်း
နောက်ကသာ ထောက်ခံအားပေးခဲ့၏။ ယခုမူ ကိုထွန်းရှိန်စသူတို့၏ ဆွဲဆောင်ချက်အရ
စာအုပ်လိုက်ရောင်းခြင်း
အလှူငွေကောက်ခံခြင်းနှင့် အိုးဝေမဂ္ဂဇင်း၌ တစ်နေရာ တာဝန်ယူ၍ဆောင်ရွက်လေ သည်။
နွေရာသီကျောင်းပိတ်အပြီး ကျောင်းဖွင့်ခါစ ညတစ်ည၌ ကျွန်တော်သည်
ကျောင်းသားများသမဂ္ဂအတွင်းရေးမှူးအခန်း၌ ဆွေးနွေးပွဲတစ်ခုကို တက်နေလေသည်။
အခန်းထဲ၌ ကိုထွန်းရှိန်၊
ကျွန်တော်နှင့် အခြားကျောင်းသား ၂၀ခန့်အပြင် ကိုဘဟိန်းစသော
ကျောင်းသားခေါင်းဆောင်များလည်းရှိလေသည်။ ထိုစဉ်ကကိုဗဆွေရှိမရှိ ကျွန်တော်မမှတ်မိပါ။
၄င်းပြင်
ကျွန်တော်မမြင်ဖူးသေးသော မျက်နှာစိမ်းတစ်ယောက်လည်း ရောက်လာပါသည်။ သူကား
ဆရာကိုကျော်ငြိမ်းတို့
အရွယ်မျှရှိပြီး၊ ချည်လုံချည်နှင့် ပင်နီအင်္ကျီများကို ဝတ်ဆင်ထားသဖြင့်အပြင်မှ
သခင်တစ်ယောက်ဖြစ်လိမ့်မည်ဟု
ခန့်မှန်းရပါသည်။ သူ့မှာ အရပ်မတိုမရှည်နှင့် ပိန်ပိန်ပါးပါးဖြစ်သည်။ သူ၏မျက်နှာသည်
ပြုံးနေသည်မဟုတ်။
သို့သော် ကြီးမားသော ရှေ့သွားနှစ်ချောင်း ပေါ်နေအောင် 'သွားဖြဲကြီးနှင့်ဖြစ်သည်။
မျက်မှန်မှာတလက်လက်
ဝင်းနေ၏။ သူ့မျက်ခုံးများသည် ဘယ်မျှတူပါသနည်း ဆိုသော် မျက်မှန်၏ထူသော
ကျွဲကော်ကိုင်းကိုပင်
လွှမ်းမိုးနိုင်ပေသည်။ သူကား တက်ဘုန်းကြီး ကိုသိန်းဖေ ဖြစ်သည်ဟုသိရ၏။
ကိုသိန်းဖေသည် ကာလကတ္တား
တက္ကသိုလ်မှာ နေနေရာက နွေရာသီကျောင်းအပိတ်မှာ ပြန်လာခဲ့ပြီးနောက် မကြာမီက
ရေနံချောင်းသို့

ရောက်ခဲ့၏။ ထိုအချိန်တွင် ရေနံချောင်းအလုပ်သမား များသည်
သပိတ်မှောက်လျက်ရှိလေသည်။
အခန်းထဲတွင် လူသုံးဆယ်ခန့်ရှိနေသဖြင့် ပြည့်ညပ်နေရာ အချို့မှာ
ထိုင်စရာပင်နေရာမရကြသောကြောင့်
ကုလားထိုင်လက်တန်းပေါ် ထိုင်သူထိုင်၊ မပ်တတ်ရပ်လျက် နေသူနေရ၏။
အပြင်မှာမိုးရွာလျက်ရှိလေသည်။
ကိုသိန်းဖေက ကျွန်တော်တို့အား ၁၉၃၇ခု၊ ဒီဇင်ဘာလမှစ၍ မှောက်ခဲ့သော
ရေနံချောင်းအလုပ်သမားများ
သပိတ်အကြောင်းပြောသည်။ အစပိုင်းတွင် ကိုသိန်းဖေက ရေနံမြေအလုပ်သမားတို့၏
အခြေအနေကိုသူ့မျက်မြင်ကိုယ်တွေ့ အဖြစ်ဖြင့် ဝတ္ထုရေးဆရာပီပီ မျက်စိထဲမြင်လာအောင်
ဖော်ပြသည်။
အလုပ်သမားတန်းလျားများသို့ သူသွားကြည့်ပုံ၊ တစ်အိမ်ထောင်နေရသော အခန်းကလေးများ
ကျဉ်းမြောင်းပုံ၊
ကျန်းမာရေးနှင့် မညီညွတ်ပုံ၊ အိမ်သူအိမ်သားများ စိတ်ညစ်နေပုံ၊ အဝတ်အစား ချို့တဲ့ကြပုံ၊
အခကြေးငွေ
နည်းပါးပုံ စသည်များကို ပြောပြနေရာ ကိုဘဟိန်းက ကြားဝင်
"ကိုယ့်လူတွေဒီနှစ်မြန်မာ့အလင်းနှစ်သစ်ကူးမှာ
ကိုသိန်းဖေရေးတဲ့ 'ရေနံ'ဆိုတဲ့ ဝတ္ထုကလေးတွေ့လိုက်ကြတယ် မဟုတ်လား"
အားလုံးကလိုလို "တွေ့လိုက်တယ်"ဟု ဖြေကြ၏။ ကျွန်တော်လည်း ထိုဝတ္ထုတိုကို
ဖတ်လိုက်ရပေသည်။
"အဲဒီ ဝတ္ထုကလေးထဲမှာ ပါတဲ့အတိုင်းပေါ့ဗျာ။ ရေနံမြေအလုပ်သမားများ အခြေအနေ...."
ထို့နောက် ကိုသိန်းဖေက ဆက်ပြောလေသည်။ ဘီအိုစီကုမ္ပဏီသည် အရင်းစတာလင်ပေါင်
၁၅သန်းနှင့်
အလုပ်လုပ်လျက် တစ်နှစ်တစ်နှစ်တွင် ပေါင်သန်းပေါင်းများစွာမြတ်ရာ သုံးလေးနှစ်နှင့်
အရင်းကျေခဲ့ပြီဖြစ်ကြောင်း
သို့ရာတွင် အလုပ်သမားများမှာ လူနှင့်တူအောင်ပင် မနေရကြောင်း၊ ဗမာပြည်မှာ
ရေနံထွက်၍
ကြွယ်ဝသည်ဆိုသော်လည်း ဗမာလူမျိုးမှာ ရေနံတွင်းများ၏ ကောင်းကျိုးမခံစားရဘဲ
မွဲပြာကျနေကြောင်း
ပိုင်းခြားဝေဖန်ပြသွားလေသည်။
၎င်းပြင် သပိတ်မှောက်အလုပ်သမားတို့၏ တောင်းဆိုချက်များကို တစ်ချက်စီ
ရှင်းပြလေသည်။
ရေနံမြေရပ်သွားတာပဲ။ အလုပ်သမားတွေက ညီညီညာညာသပိတ် မှောက်ကြတော့
စာရေးတွေလည်း

လိုက်မှောက်တယ်။ အစည်းအဝေးကြီးတွေလည်း ခဏခဏလုပ်တာပဲ။ လေးငါးနာရီအတွင်း သုံးလေးထောင်
ပရိသတ်ရှိတဲ့ အစည်းအဝေးကို ခေါ်နိုင်တယ်။ ကုမ္ပဏီကလူစားထိုးဖို့ ကြိုးစားတာလည်း တွေ့ခဲ့ရတယ်။
အဲဒီတော့ သပိတ်မှောက်အလုပ်သမားတွေက သပိတ်တားကြ တာပေါ့။ မိန်းမတွေရော၊ ယောကျာ်းတွေရော
ရေနံမြေက နေပူမျိုးထဲမှာ တစ်နေ့လုံး ထိုင်တားကြတာတွေ့ခဲ့ရတယ်။
ဒီလိုသပိတ်တားတာကို ဖျက်ဆီးဖို့
အစိုးရက ပုဒ်မ ၁၄၄ထုတ်ပြန်ကြေငြာတယ်။ ဒါပေမဲ့ အလုပ်သမားတွေဟာ ပုဒ်မကို အာဏာဖီဆန် ညပီး
သပိတ်တားမြဲတားတာပဲ”
ကျောင်းသားတစ်ယောက်က–
“အလုပ်သမားခေါင်းဆောင်တွေအကြောင်း ပြောပြပါဦး”
“ရေနံမြေအလုပ်သမားသပိတ်ကို ခေါင်းဆောင်တာကတော့ တို့ဗမာအစည်းအရုံးပေါ့။ ဌာနချုပ်ကဆိုရင်
သခင်လေးမောင်ကိုယ်တိုင်သွားပြီး ခေါင်းဆောင်တာပဲ။ သူ့လောက်တရားဟောနိုင်တဲ့ကလူ မရှိဘူး။ မနားမနေ
လျှောက်ပြီး ဘုံဝါဒတရားဟောနေတာပဲ။ သခင်လှိုင်၊ သခင်ဖိုးလုကြီး၊ သခင်ခ၊ သခင်သင်နဲ့ တခြားရေနံမြေသခင်ခေါင်းဆောင်တွေဟာ တကယ်ချီးကျူးလောက်တဲ့ ခေါင်းဆောင်တွေပဲ။ ရေနံမြေ သပိတ်မှာ
သုံးတဲ့အလံက ဒေါင်းအလံတော့ မဟုတ်ဘူး၊ တူတံစဉ်အလံပဲ။ အလံသစ်ပေမယ့် အလုပ်သမား
အလံအစစ်ဖြစ်တော့ လူတိုင်းသဘောကျတယ်။ ပြီးတော့ တရားတစ်ပွဲမှာ ပရိသတ်ထဲက ငါ့ကို တူတံစဉ်အလံရဲ့
အဓိပ္ပာယ်ကို ပြောပြပါဆိုလို့ တူတံစဉ် အလံလွှင့်ပြရင်း အလုပ်သမားနဲ့ လယ်သမားပေါင်းပြီး
အရေးတော်ပုံအောင်အောင် လုပ်ရမယ်ဆိုတဲ့ နိမိတ်ယူပြီးပေးလိုက်တဲ့
အမှတ်အသားဖြစ်ကြောင်း ရှင်းပြရတယ်။
ပရိသတ်က သဘောကျပြီး အလံကို ဩဘာအကြိမ်ကြိမ်ပေးကြတယ်။ အဆုံးသတ်မှာ အလံမြှောက်ကိုင်ပြီး
ရဲဘော်တို့ ငါတို့ဆိုတဲက ကြွေးကြော်သံကို လိုက်ဆိုကြပါ လို့ပြောတယ်။ ငါကအရေးတော်ပုံအောင်ပါစေလို့
တိုင်ပေးတယ်။ အားလုံး လိုက်ဆိုလိုက်ကြတာ ရေနံမြေတစ်ခုလုံး သိမ့်သိမ့်တုန်သွားတာပဲ။ အလုပ်သမားတွေ

စိတ်တက်ကြွသလို ငါတို့လည်း စိတ်တက်ကြွကြတယ်။ ပြီးတော့ ကုလားအလုပ်သမား တွေကိုလည်း
ငါကအိန္ဒိယပြည်ကရခဲ့တဲ့ ကုလားဘာသာနဲ့ အရေးတော်ပုံအောင်ပါ စေဆိုတဲ့ အင်း ကာလာဇ်–ဇင်းဒါဘတ်ကို
တိုင်ပေးတယ်။ ကုလားအလုပ်သမားတွေ လိုက်ဆိုကြတာ ဆူညံသွားတာပဲ။ ရေနံမြေအလုပ်သမားကြားမှာ
ကုလားဗမာ သွေးကွဲမှုမရှိဘူး။ ငါတို့ကာလကတ္တားမှာ ကွန်မြူနစ်တွေ ခေါင်းဆောင်တဲက ဘင်္ဂလားပြည်နယ်
ကျောင်းသားများအဖွဲ့ ချုပ်ဆိုတာရှိတယ်။ အဲဒီထဲမှာ ငါဝင်ဆောင်ရွက်ခဲ့ရလို့
ကိုယ်တိုင်သိရတဲ့အချက်တွေရှိတယ်။ ကာလကတ္တားမှာ အလုပ်သမား သပိတ်တွေပေါ်လာရင်
တို့ကျောင်းသားများအဖွဲ့ချုပ်မှာ ဆွေးနွေးပြီး ထောက်ခံအားပေးတဲ့
ဆုံးဖြတ်ချက်တွေချကြတယ်။ ပြီးတော့
တတ်နိုင်တဲကအကူအညီကို ကိုယ်ထိလက်ရောက်ပေးကြတာပဲ။ ဒီတစ်ခေါက် ကာလကတ္တားက
ပြန်မလာခင်ကလေးပဲ ဂုန်နီချည်စက်ရုံ အလုပ်သမားတွေ သပိတ်မှောက်တယ်။ တို့ကျောင်းသားများအဖွဲ့ချုပ်က
မြို့ထဲမှာရော၊ ကျောင်းတွေမှာရော ရန်ပုံငွေကောက်ခံပြီး သပိတ်သမားတွေကို သွားပေးကြတယ်။ ခုဗမာပြည်မှာ
ဖြစ်ပေါ်နေတဲ့ ရေနံမြေ အလုပ်သမားများ သပိတ်ကိုလည်း ကျောင်းသားတွေက စိတ်ရောကိုယ်ပါ
ထောက်ခံဖို့လိုတယ်။ တတ်နိုင်တဲ့ အကူအညီများပေးဖို့လိုတယ်”
ကျွန်တော်တို့ကလည်း အလုပ်သမားတို့၏ တိုက်ပွဲများကို တတ်နိုင်သောနည်း များဖြင့် ကူညီကြမည့် အကြောင်း
အသီးသီးပြောဆိုကြလေသည်။
ငှင်းပြင် ကိုဘဟိန်းက ရန်ကုန်မြို့က စက်ရုံအလုပ်သမားများအကြောင်း ပြောပြလေသည်။ အာရ်အီးတီ ကုမ္ပဏီခေါ်
ရန်ကုန်လျှပ်စစ်နှင့် ဓာတ်ရထားကုမ္ပဏီ အလုပ်သမားများ၊ ဘီဘီတီစီ၊ မဂ္ဂရီကာ၊ ဖူးကားစသော
သစ်စက်အလုပ်သမားများ၊ သင်္ဘောကျင်းအလုပ်သမားများ၊ မန်းကီးပွိုင့်မှ ဘီအိုစီအလုပ်သမားများနှင့်
အခြားအလုပ်သမားတို့၏ အခြေအနေလိုလားချက်နှင့် လှုပ်ရှားစည်းရုံးမှုများ အကြောင်းပြောပြသည်။
သခင်ခေါင်းဆောင်များ ကြံရွယ်နေသည်မှာ ရေနံမြေအလုပ်သမားများကို ထောက်ခံသောအားဖြင့်လည်းကောင်း၊
အလုပ်သမား တိုက်ပွဲချင်း ဆက်ပေးရန်လည်းကောင်း ရန်ကုန်အလုပ်သမားတို့ကလည်း ဆူပူလှုပ်ရှားခြင်း၊

သပိတ်မှောက်ခြင်းပြုစေရန်ဖြစ်လေသည်။ အလုပ်သမားအမတ် ဦးဘလှိုင်က သူဩဇာရှိသော မီးရထားအလုပ်သမားအဖွဲ့များမှာ ရေနံမြေသပိတ် ထောက်ခံရေးဖြစ်အောင် လုပ်မည်ဟုဆိုကြောင်းဖြင့်
ကိုဘဟိန်းက အစီရင်ခံသေး၏။
ကိုသိန်းဖေနှင့် ကိုဘဟိန်းတို့က အလုပ်သမားများအကြောင်းကို ပြောကြစဉ် ကျွန်တော်သည် ကျွန်တော်ကိုယ်တိုင်
ရင်းနှီးစွာသိသော ကမာရွတ်ရှိ အလုပ်သမားများအကြောင်းကို ပြေးမြင်မိလေသည်။ သူတို့၏ဆင်းရဲသောဘဝကို
ကျွန်တော့်ရဲဘော်ကျောင်းသားများရှေ့ဝယ် ချပြလိုသည်။ သူတို့၏တောင်းဆိုချက်များကိုကူညီကြပါဟု
ပန်ကြားလိုသည်။ သူတို့၏လှုပ်ရှားမှုနှင့် ရေနံမြေအလုပ်သမား တို့၏ လှုပ်ရှားမှုများကိုဆက်ပေးရန်
တိုက်တွန်းလိုသည်။ ကမာရွတ်တွင် အကြီးဆုံးစက်ရုံမှာ တယောစွပ်ကျယ်စက်ရုံဖြစ်လေ၏။ ထိုစက်တွင်လုပ်ကြသော အလုပ်သမားများစွာတို့မှာ ကျွန်တော်၏
အိမ်နီးနားချင်းများဖြစ်ကြ၏။ ကမာရွတ်တွင်
ထီးစက်၊ ဆပ်ပြာစက် စက်ရုံအလုပ်သမားများရှိလေသည်။
"ကိုဘဟိန်း ကျွန်တော်လည်း နည်းနည်းပြောချင်တယ်"
ကိုဘဟိန်းက ပြုံးလိုက်သည်။ ကိုဘဟိန်းမှာ အညာသားဆိုသော်လည်း မွဲခြောက်ခြောက်မဟုတ်၊
ဖြူဝင်းသောအသားရှိ၏။ သူ့မျက်နှာမှာ ချောရုံမက ချိုလည်းချိုလှသည်။ သူပြုံးလိုက်သောအခါ
နှုတ်ခမ်းနီကလေးများကြားမှ သွားများသည် ဖွေးခနဲလက်သွား၏။
"ပြောပါဗျာ ကိုယ့်လူကလည်း အထူးတောင်းပန်နေရသေးသလား"
"ကျွန်တော်က ကမာရွတ်မှာနေတော့ ကမာရွတ်အလုပ်သမားတွေအကြောင်း ပြောပြချင်လို့ပါ"
စိုက်နားထောင်နေသော ကိုသိန်းဖေက ကျွန်တော့်စကားကို ကြားဖြတ်၍–
"ဩော် ရဲဘော်က ကမာရွတ်မှာနေသလား၊ ကိုယ်လည်း ကမာရွတ်မှာ ၁နှစ်ကျော်ကျော် နေခဲ့ဖူးသေးတယ်"
"ဟုတ်ကဲ့ သိပါတယ်၊ ကိုသိန်းဖေရှိတုန်းက ကျွန်တော်မရောက်သေးပါဘူး။ သို့ပေမယ့် သခင်ခင်မောင်တို့က
ခင်ဗျားအကြောင်းပြောပြလို့သိပါတယ်"
ကိုသိန်းဖေက ခေါင်းအကြိမ်ကြိမ်ညိတ်လျက်–
"ဟုတ်လား၊ ကမာရွတ်သခင်တွေအကြောင်း နောက်မှဆွေးနွေးသေးတာပေါ့။ ကဲ အလုပ်သမားတွေအကြောင်း
ရှေ့ဆက်ပြောစရာရှိတာကိုပြောပါ"

ကျွန်တော်သည် ကမာရွတ်အလုပ်သမားများ၏ အခြေအနေကို ကျွန်တော့်မျက်မြင်ကိုယ်တွေ့အတိုင်း
ကွက်တိတင်ပြလိုက်သည်။
ကျွန်တော်သည် ကျောင်းစာနှင့် ကျောင်းစာသင်ခန်းကို လုံးဝစွန့်လွှတ်လိုက်ပြီး ဤကဲ့သို့သော
ဆွေးနွေးပွဲများကိုသာ အချိန်ရှိသမျှ ပေးနေသည်ဟုကား မဆိုနိုင်ပါ။ ကျောင်းသားဟုဆိုသည့်အတိုင်း
ကျောင်းသားဝတ္တရားကလည်းရှိပြန်၊ မိခင်ဖခင်တို့၏ မျက်နှာကိုလည်း ထောက်ထားရပြန်သဖြင့်
ကျောင်းစာကိုလည်းကောင်း၊ ကျောင်းစာသင်ခန်းကိုလည်းကောင်း၊ မစွန့်လွှတ်ပါ။ မပစ်ပယ်ပါ၊ သို့ရာတွင်
ခုနင်ကဖော်ပြခဲ့သော ဆွေးနွေးပွဲမျိုးတွင် ပို၍စိတ်ဝင်စားမိသည်မှာ အမှန်ပင်ဖြစ်ပါ၏။ ထိုဆွေးနွေးပွဲမျိုးသည်
ကျွန်တော်၏ လူ့လောကနှင့် ပတ်သက်သောအမြင်နှင့် ကမ္ဘာကြီးကိုမြင်ရသော မိုးကုပ်စက်ဝိုင်းကို
ပိုကျယ်စေသည်ဟု ကျွန်တော်ထင်ပေ၏။ ယခင်ကကျောင်းသားလောကကိုသာ မြင်ရလေသည်။ ယခုမူ
ကျောင်းသားလောကဘောင်ကိုကျော်လျက် ကျောင်းသား လောကထက်နက်နဲ၍ ကျယ်ဝန်းသော
အလုပ်သမားလောက၊ တောင်သူလယ်သမား လောက စသည်များကို မြင်ရသည်။ ယခင်က
မိဘဆွေမျိုးသားချင်းနှင့် မိတ်ဆွေတစ်စု လောက်ကိုသာ ချစ်ရမှန်းသိခဲ့၏။ ယခုမူတောင်သူလယ်သမားများနှင့်
အလုပ်သမားများကိုလည်း ချစ်တတ်လာပေ၏။ ရှေးက ကိုယ့်ရပ်ကိုယ့်ဒေသကလေး ကွက်ကွက်ကလေးကိုသာ
အဟုတ်ထင်၏။ ယခုမူ သူများရပ်၊ သူများဒေသ သူများနိုင်ငံတို့မှာလည်း အဟုတ်ထင်စရာတွေ
တစ်ပုံတစ်ခေါင်းကြီးရှိပါသည် တကားဟု နားလည်လာပေသည်။ အချုပ်အားဖြင့်ဆိုသော် ဤသို့သော ဆွေးနွေးပွဲ
များကြောင့် ကျွန်တော်၏စိတ်နှင့် ဉာဏ်၊ အသည်းနှလုံးနှင့် ဦးနှောက်တို့သည် ကြွယ်ဝလာသည်ဟုဆိုချင်ပါတော့သည်။
တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအသင်းတိုက်တွင် တောင်သူလယ်သမား ပြဿနာနှင့် ပတ်သက်သော
ဆွေးနွေးပွဲများလည်း ရှိတတ်၏။ တစ်ခါက သမဂ္ဂစည်းဝေး ခန်းမကြီးတွင် ကျင်းပရာ
စစ်ကွင်းသခင်ဘသော်ဆိုသူက ခေါင်းဆောင်လေသည်။ ခန်းမကြီးမှာ ကျင်းပသော်လည်း တရားပွဲသဖွယ်ကျယ်ပြန့်

စွာဖိတ်၍ ဆွေးနွေးခြင်းမဟုတ်ပေ။ စိတ်ပါဝင်စား၍ တက်ကြွသောကျောင်းသားများ ကို ရွေးဖိတ်သော
ဆွေးနွေးပွဲဖြစ်၏။ ကျွန်တော့်အားလည်း ဖိတ်သဖြင့် တက်ရောက်ပါသည်။ သခင်ဘသော်ကား သခင်ထဲမှာလည်း
ထိပ်တန်းခေါင်းဆောင် တစ်ဦးမဟုတ်၊ ကျွန်တော်တို့လို ဘီအေတွေ ဘာတွေလည်းမဟုတ်၊ ရုပ်ကလည်း
ခပ်ကုပ်ကုပ် မြဲစိစိဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်သည် သူ့အား အထင်သေး၏။ "သူကဘာများ
ဟန်ကျပန်ကျ ပြောတတ်မှာလဲ"ဟု အထင်သေးစွာဖြင့် သူပြောသည့်စကားကို စောင့်နေလေသည်။
သူပြောသောအခါမှာမူ ကျွန်တော်၏ အထင်သေးမှုများသည် လွင့်စဉ်၍သွားလေသည်။ သူက တောင်သူလယ်သမားတို့ မြေမဲ့ ယာမဲ့ဖြစ်ရပုံ၊ ကြွေးတင် ကျွန်ဖြစ်ရပုံ၊ အတိုးနှင့် သီးစားခ ဝန်ထုပ်ဝန်ပိုးအောက်၌ပိနေပုံ စသည်တို့ကိုပြောသွားသောအခါ ငယ်ငယ်က
ကျွန်တော့်အဖေမြေတိုင်းစာရေးကြီးနှင့်အတူ ကွင်းဆင်းရင်း မြင်ဖူးခဲ့သော တောင်သူများအခြေအနေကို
ပြေးမြင်မိလေသည်။ ငွေ၅၀– ချေးပြီး နှစ်ထပ်တိုးဖြင့် တက်သွားရာ ငါးနှစ်ကြာသောအခါ တစ်ထောင်တန်
ယာတစ်ပွဲ ထိုးအပ်လိုက်ရသော တောင်သူကြီးတစ်ဦးကို သတိရမိသည်။ မြေယာမှ သီးစားခ၊ မြေခ၊
ချေးငွေမှအတိုး၊ ကုန်ဖိုးမှ အမြတ်၊ ဆီဆုံမှ ဆီပွတ်ခ စသည်ဖြင့် ယူ၍ တောင်သူလယ်သမားများ
အပေါ်ခေါင်းပုံဖြတ်နေသော မြေပိုင်ရှင်တောသူဌေးဦးကံရကို ပြေးမြင်လိုက်သည်။ ဆန်ကွဲကျိုနေသည်ကို
ကျွန်တော်ကမြင်သဖြင့် "ဘာလုပ်ဖို့လဲ"ဟု မေးရာ "ခွေးကျွေးဖို့"ဟု လိုးလွှဲပြောပြီး ကျွန်တော့်ကွယ်ရာ၌
ဆန်ကွဲပြုတ်ကို စားရသော သူ့ဆင်းရဲမှုကို ဖုံးဖိလိုသည့် အမေအိုသည်လည်း ကျွန်တော့်မျက်စိထဲမှာ
ပြန်ပေါ်လာပြီး သနားခြင်းအသစ် ထပ်ဖြစ်ရလေသည်။
၎င်းနောက် သခင်ဘသော်လည်း ကြီးမြင့်သော သီးစားခနှင့် အတိုးနှုန်းအကြောင်းကို စားရင်းအင်း
အချက်အလက်စုံလင်စွာဖြင့် ရှင်းပြလေသည်။ သူသည် လယ်ယာလုပ်ငန်း၌ များစွာကျွမ်းကျင်ဟန်တူပေ၏။
လယ်သမားတစ်ယောက် လယ်လုပ်ရာ၌ သူ့ကိုယ်ပိုင်လုပ်အား ဘယ်လောက်စိုက်ရပုံ၊ လယ်ကူလီခ ဘယ်မျှပေးရပုံ၊

ကောက်စိုက်ကောက်ရိတ်ခ မည်မျှကျသင့်ပုံ၊ ကျွဲနွားငှားခ ဘယ်မျှပေးရပုံ၊ သီးစားခနှင့် အတိုးတို့က တစ်ဧကလျှင်
မည်မျှကျသင့်ပုံ စသည်တို့ကို ကျကျနန ပြောပြနိုင်ရာ ကျွန်တော့်မှာ ဤမျှ လပ်ပတ်လည်အောင် တစ်ခါမျှ
မလေ့လာဖူးသည့်အတိုင်း သခင်ဘသော်ကို စိတ်ထဲက များစွာချီးကျူးမိ၏။ သူတက်ချက်ပြသဖြင့်
လယ်သမားများမှာ မည်မျှရှုံးနေပုံကို ကွက်ကွက်ကွင်းကွင်း သဘောပေါက်လာပေ၏။ သူပြောပြသောအခါ
ဘီအိုဘင်း၊ မစ္စတာဖန်နီဗယ်လ်စ သော အင်္ဂလိပ်အရာရှိ မြေယာပြဿနာ ပါရဂူများ၏ အစီရင်ခံစာများမှ
ကောက်နုတ်ချက်များကို ကိုးကားပြောဆိုလေသည်။ ကျွန်တော်သည် သခင်ဘသော်အား အစက အထင်သေးမိခြင်း၊
ငါတို့လို ကောလိပ်ကျောင်းသား တွေကိုသူက ဘာများပြောနိုင်မှာလဲ ဟူသော အယူအဆရှိခဲ့ခြင်းတို့အတွက်
ဝမ်းနည်းမိပါသည်။
၄င်းနောက် သခင်ဘသော်က တို့ဗမာအစည်းအရုံး၏ မှူတသော သီးစားခ (ငေမ႕နညအ) သတ်မှတ်ပြီး ထိုမှူတသော
သီးစားခကို သာပေးရန် ရုံးများသို့ လယ်သမားအစုအဝေးနှင့် လျှောက်လွှာသွင်းနေကြပုံကို အစီရင်ခံလေသည်။ လယ်သမားများသည် မည်မျှနိုးကြားလာသနည်းဆိုသော်
မြို့နယ်နှင့် အရေးပိုင်ရုံးများတွင် ထိုလျှောက်လွှာများသည် ထောင်သောင်းချီ၍
ရောက်နေကြောင်း၊ သာယာဝတီအရေးပိုင်ရုံးများမှာဆိုလျှင် လျှောက်လွှာနှစ်သောင်း ရောက်နေကြောင်း ပြောပြလေ၏။
ကျွန်တော်တို့သည် လယ်သမားတို့၏ နိုးကြားမှုကြောင့် ဝမ်းသာကြသည်။ လယ်သမားတို့၏ အင်အားသည်
ကျွန်တော်တို့အား အားသစ်ဖြစ်စေပေသည်။ ကျွန်တော်သည် လယ်သမား၊ အလုပ်သမားတို့၏ လှုပ်ရှားမှုများ
အကြောင်း ကြားရပြီး လူထုပရိသတ်၏ အင်အားထုထည်ကို ခံစားနေမိသည်။ ။

၉

သူငယ်ချင်းလည်းမက သမီးရည်းစားလည်းမကျ

ကျွန်တော်သည် သခင်ကိုယ်တော်မှိုင်းဟု ခေါ်ကြသည့် မစ္စတာမောင်မှိုင်း၏ စာပေ အရေးအသားများကို
အလွန်နှစ်သက်၍ အချို့လေးချိုးကြီးများမှ အပိုဒ်ကလေး များကို အာဂုံဆောင်ထားကာ သီဆိုလေ့ပင်ရှိသည်။
သို့ရာတွင် ကြာလျှင် သည့်ပြင်အပိုဒ်တွေ မေ့ကောင်းမေ့ ပေလိမ့်မည်။ အောက်ပါအပိုဒ်ကိုကား

တစ်သက်လုံးမေ့နိုင်မည်မဟုတ်ပါ။
"တက်တက်စင် ရိုးပါလျက်ကယ်နှင့်၊ ကလက်တက်တက် ထင်သူရယ် တစ်မျိုး
သဒ္ဒါမပျက်စေနှင့်၊
အပိုးဝါသနာဘက်ကိုတဲ့ ကွင်းသမို့ဖယ်၊ မင်းတို့အရွယ်ကိုဖြင့် ကျောင်းတကာမစော၊ သြော်
ငြင်းလို့ပယ်နိုင်ပါရဲ့
ဖြောင့်စွာသဘော"
အကြောင်းမူကား မြန်မာစာဂုဏ်ထူးတန်းတက်နေသော မမြင့်ဦးက သူ့အား ကျွန်တော်က
ရိသဲ့သဲ့
လုပ်ရပါမည်လားဟု ရန်တွေ့စာလေး တစ်စောင် ရေးလိုက် သော အခါ
အထက်ပါကောက်နုတ်ချက်ကလေးကို
ကျွန်တော့်ပြန်စာမှာ ထည့်သွင်း ကိုးကားသည်ကစ၍ သူနှင့်ကျွန်တော် သူငယ်ချင်းလည်းမက၊
သမီးရည်းစားလည်း
မကျ ဖြစ်သည်အထိ ရင်းနှီးသွားသောကြောင့်တည်း။
မမြင့်ဦးအကြောင်း ဖော်ပြရသော် မမြင့်ဦးသည် ကျွန်တော့်ထက် တစ်နှစ်သာသာ
ကြီးကြောင်းဦးစွာဖော်ပြလိုပေသည်။
ကျွန်တော့်စိတ်ထင် လူပျိုက အပျိုထက် သုံးလေးနှစ်ကြီးလျှင် မသိသာလှ။ အပျိုက
လူပျိုထက် တစ်နှစ်ကြီးလျှင်
သိသာလှသည်။ မမြင့်ဦးသည် ကျွန်တော့်ထက် တစ်နှစ်သာသာ ကြီးသော်လည်း
အပျိုကြီးဂိုက်ဖမ်းနေ၏။
နေပုံထိုင်ပုံ ဆက်ဆံပုံမှာ ကျောင်းသူနှင့်မတူ၊ ဆရာမနှင့်မတူ၊ ဆရာမနှင့်သာတူနေ၏။
အင်္ကျီဝတ်လျှင် ရှံသား
ဝိုင်သားပါးပါးများ မဝတ်၊ မဒ္ဒမ္မာထူထူကြီးကို ဝတ်သည်။ လုံချည်အရောင်နုနု၊
အဆင်ဆန်းဆန်းကို မဝတ်တတ်
အရောင်ရင့်ရင့် အဆင်ရိုးရိုးကိုသာ ဝတ်လေ့ရှိသည်။ လေဒီခင် ခုံမြင့်ဖိနပ်ကို မစီး၊
ခုံနိမ့်ညှပ်ဖိနပ်ရိုးရိုးကိုသာ
စီးသည်။
မမြင့်ဦးမှာ အသားညိုသော်လည်း ညိုချောထဲကဖြစ်သည်ဟု ဆိုနိုင်၏။ နှာတံမပေါ်၊
နှာခေါင်းပြားသည်ဟု
ဆိုရသော်လည်း ဝိုင်းစက်သောမျက်လုံးများ၊ ကော့ပျံနေသော မျက်တောင်များ
ညီညာဖြူစင်သောသွားများဖြင့်
ချစ်စရာကောင်းသော ပါးချိုင့်များသည် ၎င်းတို့၏ အလုဖြင့် တစ်မျက်နှာလုံး
လွှမ်းသွားပေသည်။ မမြင့်ဦး၏
ကိုယ်လုံးနှင့် အရပ်အမောင်းမှာ စိုပြည်ဝဖြိုးသော်လည်း ခပ်နွဲ့နွဲ့နှောင်းနှောင်းပင်နေသည်။
လမ်းသွားသောအခါ
ဆင်မ၏သွားခြင်းမျိုးဖြင့် သွား၏။

မမြင့်ဦးမှာ မြန်မာစာဂုဏ်ထူးတန်းတက်နေသူဖြစ်သည့်အတိုင်း မြန်မာမှုများကို လေးစားသည်။ နေပုံထိုင်ပုံကလည်း
မြန်မာပီသသည်။ ဗိုင်းကောင်းကျောက်ဖိဖြစ်သည်။ ထို့ကြောင့် "ဗမာစာသည် တို့စာ"ဟူသော တို့ဗမာဆောင်ပုဒ်
ပဲ့တင်ခတ်နေသည့် ထိုကာလဝယ် ကျွန်တော်တို့အားလုံးက မမြင့်ဦးအား အထင်ကြီးကြ၏။ မမြင့်ဦးကား
မျိုးချစ်စိတ်ရှိသော ကျောင်းသူများစာရင်းတွင် သွတ်သွင်းထားကြ၏။
မမြင့်ဦးနှင့် ကျွန်တော်သည် လွန်ခဲ့သော ၂နှစ်ကစ၍ တက္ကသိုလ်ဗုဒ္ဓဘာသာ အသင်းကိစ္စများနှင့် ပတ်သက်၍
ခင်မင်ရင်းနှီးခဲ့သည်။ တက္ကသိုလ်ဓမ္မာရုံကြီးပြီး မြောက်အောင် လုံးပန်းကြရာ၌ ကျွန်တော်တို့သည်
ပူးပေါင်းပါဝင်ခဲ့ကြသည်။ တစ်ယောက်ပြုခဲ့သည့်ကုသိုလ် တစ်ယောက်ကသာခုခေါ်၍ ကြည်နူးစေမှု
အပြန်အလှန်ပြုကြသည်။ တစ်ယောက်ထံတစ်ယောက် မကြာခဏ စာရေးကြသည်။ ရေးစရာအကြောင်းတွေကလည်း များလှပါဘိ။ ကျွန်တော်က ဗမာစာဖတ်ရင်း စာလုံးခက်ခက်ကလေးတစ်လုံးတွေ့လျှင်
ဆရာတွေ၊ ယောကျာ်းသူငယ်ချင်းတွေ တစ်ပုံတစ်ခေါင်းကြီးကို ကျော်၍ မမြင့်ဦးထံ "မမြင့်ဦးကတော့
မြန်မာစာဂုဏ်ထူး ယူနေသူဆိုတော့ စကားကလေး အဓိပ္ပာယ် ရှင်းပြနိုင်ပါလိမ့်မယ်"ဟု စာရေး၍ မေးလိုက်သည်။
မမြင့်ဦးကလည်း လိပ်ပတ်လည်အောင် ဖြေသည်။ မမြင့်ဦးသည် ကျွန်တော့်အား ဆရာမလုပ်တမ်းကစားပြရ၍
ကျေနပ်ပုံပေါ်နေလေသည်။ မမြင့်ဦးကမူ စာနယ်ဇင်းတစ်စုံတစ်ရာကို ဖတ်နေရာမှ ကျွန်တော့်ထံ စာတစ်စောင်
ကောက်ရေးသည်။ "ကိုတင်ထွန်းကတော့ နိုင်ငံရေးဝါသနာအိုးကြီးမို့ ဒီစာပိုဒ်ရဲ့ နိုင်ငံရေးအဓိပ္ပာယ်ကို
လွယ်လွယ်နှင့် ရှင်းပြနိုင်မယ်ထင်တယ်" ကျွန်တော်က မမြင့်ဦးအား နိုင်ငံရေးခေါင်းဆောင်လုပ်တမ်း
ကစားပြရသဖြင့် ကျေနပ်အားရလှ ပေသည်။ တကယ်ပင် နိုင်ငံရေးလုပ်တမ်းကစားခြင်း ဖြစ်ပါသည်။
အကြောင်းမူကား ယခုထိ ကျွန်တော်သည် နိုင်ငံရေးထဲ ထိထိရောက်ရောက်ဝင်လုပ်ရန် မရည်ရွယ်သေး
သောကြောင့်တည်း။
တစ်ခါတစ်ရံ မမြင့်ဦးအား စာသင်ခန်းတွင် မတွေ့မြင်ရလျှင် ဘာဖြစ်လို့လဲ၊ မကျန်းမမာဖြစ်လို့လား စသည်ဖြင့်

စိုးရိမ်တကြီး စာလှမ်းရေးသည်။ တစ်ခါတစ်ရံ ဟောပြောပွဲတစ်ခု၌ ကျွန်တော့်အား မမြင့်ဦးက မတွေ့မြင်ရလျှင်
"ဘာဖြစ်လို့ မတက်သလဲ၊ ကိုတင်ထွန်းမှာ ခြံကြီးထဲက စံပယ်ပန်းကလေးတွေနဲ့ အလုပ်များနေလို့
ဒီလိုအရေးကြီးတဲ့ ဟောပြောပွဲကို မရောက်ဘဲနေတာလား"ဟု ခနဲ့စာ ရေးလေသည်။ ကျွန်တော်၏ ပြောပြချက်အရ
ကျွန်တော်သည် ဝင်နီ(ခေါ်) မသိန်းဝင်းတို့ခြံသို့ မကြာခဏရောက်လေ့ရှိကြောင်း မမြင့်ဦးက သိနေသဖြင့်
ခနဲ့လိုက်ခြင်းဖြစ်သည်။
မမြင့်ဦးသည် မြန်မာစာဂုဏ်ထူးယူနေသည့်အတိုင်း ရှေးဟောင်းမြန်မာစာ စာအုပ်အလိုရှိတတ်ပေရာ
"ကိုတင်ထွန်းရယ် ဘုရားဈေးဆို့ ဘယ်တို့ ကြုံကြိုက်လို့ ရောက်ရင် ကျေးဇူးပြုပြီး အဲဒီစာအုပ်ကလေး ကျွန်မဖို့
ရှာဝယ်ခဲ့စမ်းပါ" ဟုခိုင်း တတ်သည်။ သူမက ကြုံကြိုက်လို့ ရောက်ရင်ဆိုသော်လည်း ကျွန်တော်က တမင်သွား၍
ရှာဝယ်သည်။ ကျွန်တော့်မှာ မိန်းမလိုမိန်းမရ အပ်၊ အပ်ချည်၊ ပေါင်ဒါ၊ လက်ကိုင်ပုဝါ စသည်များလိုတတ်ပေရာ
မမြင့်ဦးအား "ဈေးရောက်ရင် ဝယ်ခဲ့ပါ"ဟု မှာတတ်သည်။ ကျွန်တော့်အဖို့ မမြင့်ဦးဝယ်ခဲ့သော အပ်ချည်သည်
ပို၍ခိုင်သည်။ အပ်သည်ပို၍ချွန်သည်။ ပေါင်ဒါသည် ပို၍မွှေး၍ လက်ကိုင်ပုဝါသည် ပို၍နူးညံ့သည်ဟု
ထင်မိလေသည်။
ယင်းသို့လျှင် ရင်းနှီးလာသောအခါ ကျွန်တော့်စိတ်သည် မမြင့်ဦးအပေါ်၌ တစ်စတစ်စ ပြောင်းလဲလာလေ၏။
ကိုရင်ကြီးကိုဘသန်းသည် ကျွန်တော်နှင့် ဝေးလံသောအညာဒေသ ကျေးရွာတစ်ခုမှာ နေရစ်သည်ကားမှန်၏။
ဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်ပြီးနောက် ယခုကောလိပ်ကျောင်းရောက်လာသော အချိန်ကြားကာလအတွင်း၌
တစ်ကြိမ်တစ်ရံမျှ သူ့အားမတွေ့ရသည်လည်းမှန်၏။ သို့ရာတွင် ဖိုမ ဆက်ဆံရေးတွင် သူပေးခဲ့သော
ဩဝါဒတို့သည် ကျွန်တော့်ဦးနှောက်တွင် ကျန်ရှိနေပေသေး၏။ သည်လောက်ရင်းနှီးနေမှဖြင့် မမြင့်ဦးသည်
ကျွန်တော့်အား မြေကြီးလက်ဝါးနှင့်ပုတ် မလွဲတမ်း စွဲလမ်းချစ်ခင်နေပေလိမ့်မည်ဟူသော ယုံကြည်မှုသည်

ခိုင်မာလာပေသည်။ ထို့ကြောင့် တစ်နေ့သော် မမြင့်ဦးထံသို့ ရေးသောစာတွင် အတည်လိုလို၊ နောက်သလိုလိုနှင့်
သူ့အား 'ပါရမီဖြည့်ဘက် မမြင့်ဦး'ဟု ခေါ်လိုက်၍ ကျွန်တော့်ကိုယ်ကိုယ် 'ကိုထွန်း' ဟုဖော်ပြလေသည်။
မမြင့်ဦးထံမှ ကက်ကက်လန် ရန်တွေ့စာရောက်လာ၏။ ဘာ့ကြောင့် သည်လိုခေါ်ရသလဲ။ ဘာ့ကြောင့်သည်လို
ဖော်ပြရတာလဲ။ ရင်းနှီးမှုကို အလွဲသုံးစား ပြုတာလား၊ ရှိုးသလို သားသလို ဟန်ပြုပြီး ဖောက်ပြားတာတော်ရော့လား၊ ယဉ်ယဉ် ကျေးကျေး ဆက်ဆံပါ။
ကျွန်တော့်မှာ စာထက် စာပို့ပုံကြောင့် ပို၍ ကသိကအောက် ဖြစ်မိလေ၏။ စာကိုခါတိုင်းလိုမပို့။ ကျွန်တော်တို့တွင်
ပင်နီမြတ်ကျော်ဆိုသော မိတ်ဆွေ တစ်ယောက်ရှိ၏။ သူသည် ပင်နီကို အမြဲအစွဲဝတ်သောကြောင့်လည်းကောင်း၊
သူ့ကိုယ်သူ ပင်နီမြတ်ကျော်ဟု လက်မှတ်ထိုးတတ်သောကြောင့်လည်းကောင်း ကျွန်တော်တို့ ကျောင်းသားတစ်စုက
သူ့အား ပင်နီမြတ်ကျော်ဟုပင်ခေါ်ကြ၏။ သူသည် မမြင့်ဦးနှင့် အတော်အတန်ရင်းနှီး၏။ အထက်ပါစာကို သူက
မမြင့်ဦးထံမှ ယူလာပြီး ကျွန်တော့်အား ပေးလေသည်။ စာပေးရင်း ကျွန်တော့်အား ကြည့်လိုက်သော
ပင်နီမြတ်ကျော်၏ ရှုမှာလည်း မေ့နိုင်ဖွယ်မရှိ။ စားတော့ ဝါတော့ ထိုးတော့ ကြိတ်တော့မလိုလို။ ၄င်းပြင်
တစ်ခွန်းတည်းသော စကားကိုပြောသွားသေး သည်။ "ဒီမယ်မိတ်ဆွေ နောက်ဒီလို ရှိုင်းရှိုင်းစိုင်းစိုင်းဆက်ဆံရင်သိမယ်"
ကျွန်တော်သည် ထင်တစ်လုံးနှင့် မာနတံခွန်ထူနေသူဖြစ်၏။ မမြင့်ဦးနှင့် ပင်နီမြတ်ကျော်တို့၏လုပ်ပုံမှာ
ကျွန်တော်၏မာနတံခွန်ကို လှဲ၍ နင်းချေခြင်းဖြစ်သည်။ ကျွန်တော်သည် ရှက်လည်းရှက်၊ ဒေါသလည်းထွက်၏။
ထို့ကြောင့် လက်သွက်သွက် နှင့် စာတစ်စောင် ကောက်ရေးလိုက်သည်။ "ဒီကရေးလိုက်တဲ့စာမှာ ဘယ်စကား
ဘယ်အချက်ဟာ ဖောက်ပြားသလဲ။ ငါလို့မရေးဘဲ ကိုထွန်းလို့ရေးတာဟာ ရှိုင်းသလား။ ပါရမီပြုဘက်ဆိုတာ
ကုသိုလ်ကောင်းမှုပြုဘက်ကို ခေါ်တယ်ဆိုတာ မြန်မာစာဂုဏ်ထူးယူထားတဲ့ မမြင့်ဦးမသိဘူးလား။
တက္ကသိုလ်မွေ့ရုံကြီးပြီးစီးအောင် အတူပူးတွဲလုပ်ခဲ့သူချင်းကို ပါရမီဘက်လို မခေါ်ထိုက်ဘူးလား။ ဒါကိုထောက်ပြီး

မမြင့်ဦးကို ဒီကပိုးနေတယ်များထင်သလား။ မမြင့်ဦးနှင့် ဒီကနှင့် အသက်ချင်းကွာတယ်
မဟုတ်လား။ မပိုးဘူး
မမြင့်ဦးကို မပိုးဘူး”
ထို့ကြောင့် သခင်ကိုယ်တော်မှိုင်း၏–
“တက်တက်စင် ရိုးပါလျက်ကယ်နှင့်၊ ကလက်တက်တက်ထင်သူရယ်
တစ်မျိုးသဒ္ဓါမပျက်စေနှင့်၊
အပိုးဝါသနာဘက်ကိုတဲ့ ကွင်းသမို့ဖယ်၊ မင်းတို့အရွယ်ကိုဖြင့် ကျောင်းတကာမစော၊ ဩော်
ငြင်းလို့ပယ်နိုင်ပါရဲ့
ဖြောင့်စွာသဘော”ဟူသော စာကို ကောက်နုတ်ယူ၍ ရေးသားလိုက်ပေသည်။
သခင်ကိုယ်တော်မှိုင်းရေးသည်ဟုကား
မဖော်ပြလိုက်ပေ။ မမြင့်ဦးသည် ထိုစာကို ကျွန်တော့်စာများ ထင်မိလေမည်လော၊
ယနေ့တိုင်ကျွန်တော်မသိ။
စိတ်ဆိုးဆိုးနှင့် စာရေး၍လည်းကောင်းလှပေသည်။ ပင်နီမြတ်ကျော် စာလာပေးပုံ၊ ရှုထားပုံ၊
ပါးစပ်က
ရေရွတ်သွားပုံများလည်း ကွက်ကွက်ကွင်းကွင်း အငေါ်အထေ့ကလေးများသွင်း၍
ရေးသားလိုက်လေသည်။
ထိုစာကိုရေးစဉ်က ကျွန်တော်သည် မမြင့်ဦးနှင့် ပြတ်ချင်ပြတ်၊ ဖြစ်ချင်ရာဖြစ်
ရေးလိုက်ပေသည်။
ကျွန်တော့်မာနတံခွန်ကို သူတို့က လှဲ၍ခြေနှင့်နင်းရာ ကျွန်တော်က မာနတံခွန်ထပ်မံ
လွှင့်ထူပြလိုက်ခြင်းဖြစ်လေသည်။
ဒီစာကိုရေးပြီးလျှင် တစ်ယောက်နှင့်တစ်ယောက်တွေ့ရုံမျှ မျက်နှာစေ့စေ့ကြည့်၍
မကောင်းတော့ဟုထင်ခဲ့လေသည်။
မမြင့်ဦးထံမှ စာပြန်လာလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့။ သို့ရာတွင် မမြင့်ဦးထံမှ
စာချက်ချင်းပြန် လာလေသည်။
အံ့ဖွယ်ကောင်းလေစွ။
ပိုအံ့သြစရာကောင်းသည်မှာ စာပါအကြောင်းအရာများတည်း။ ခေါ်လိုက်သော
အာလာပနပုဒ်ကိုက အံ့သြစရာ။
‘ထွန်းကလေး’တဲ့။ ကရုဏာသံကလေး၊ ချစ်စရာကောင်းသော အသံကလေး၊
တည်တည်နှင့်ညုလိုက်သော
အသံကလေး။ သူကအထင်မှားပြီး ဟို့နှယ်၊ သည့်နှယ် မဖွယ်မရာ ရေးလိုက်မိသည့်အတွက်
တောင်းပန်ပါသည်။
ကျွန်တော်က သူ့အား စိတ်ဆိုးသွားပြီလားဟု မေးသည်။ စိတ်မဆိုးဖို့အကြောင်း၊
တစ်ယောက်နှင့်
တစ်ယောက်ပြောမနာဆိုမနာ ဆက်ဆံဖို့အကြောင်း မေတ္တာရပ်ခံသည်။ “ရိုင်းစိုင်းသူ
တစ်ယောက်အား

စာပေးလွှတ်မိတာ” အမှားဆုံးဖြစ်သည်ဟု ဆိုသည်။ “ထွန်းကလေးကို တမင်စော်ကားတာ မဟုတ်ပါဘူး၊ ကြုံတာနဲ့
စာပေးလိုက်တာပါ။ ယုံပါနော်”တဲ့။ ကဲ မှတ်ကရော။ ပင်နီမြတ်ကျော်က
ငါ့အသည်းနှလုံးပေါ်မှာ ခတ်ပုံအဖြစ်နဲ့
ထင်ကျန်ရစ်တဲက မင်းရှုဟာ အလကား အဖတ်တင်နေတာပဲ။
အဆုံးသတ်တွင် သူ့ကိုယ်သူ ‘မြင့်ကြီး’ဟု လက်မှတ်ထိုးလိုက်လေသည်။ ‘မြင့်ကြီး’ဆိုသော စာလုံးကလေးများကိုကြည့်ပြီး ကျွန်တော်၏ တစ်ကိုယ်လုံးသည် ဆီမှာထည့်လိုက်သော ဖိုင်းတောင့်ကလေး
ခွေအိကျသွားသလို ဖြစ်သွားသည်ဟု ထင်မိသည်။ ရင်တွင်းမှာ လိုမ့်၍လိုမ့်၍ တက်နေသော ပီတိကို ခံစားမိသည်။
ခေါင်းတွင်းမှာလည်း တငြိမ့်ငြိမ့်ဖြစ်နေသော ထင်မြင်မှု၊ တောင့်တမှုများ ဖြစ်ပေါ်နေသည်။ မြင့်ကြီး၏ ရင်ခွင်ဝယ်
ထွန်းကလေးသည် ခေါင်းနှင့်ခွေ့၍ မြင့်ကြီး၏ အသည်းနှလုံးခုန်သံကို နားထောင်နေရလေသလော။ မြင့်ကြီးဟု
လက်မှတ်ထိုးပြီးမှ အောက်နားတွင် ဏှ ဟုရေးပြီး “အားရင် အဆောင်လာခဲ့ပါဦး”ဟု ဖိတ်ခေါ်လိုက်သေးသည်။
ဖိတ်ခေါ်သည့်အတိုင်း အင်းလျားဆောင်သို့ သွားတွေ့သောအခါ ကျွန်တော်သည် ချစ်အပ်သော ဆရာမအနီး
ချစ်တပည့်ရောက်သလို ထင်မိသည်။ ထိုနေ့က အင်းလျားဧည့်ခန်းတွင် လူနည်းလှ၏။ အခန်း၏ဟိုဘက်ထောင့်တွင် စကားပြောနေကြသော ကျောင်းသူတစ်ဦးနှင့် ကျောင်းသားတစ်ဦးမှတစ်ပါး
အခြားသူများကို မတွေ့ရချေ။ အခါတိုင်းလို ခတ်စက်သီချင်းသံ၊ ကစားဆူညံသံလည်း မကြားရ၊
တစ်ခန်းလုံးတိတ်နေပေသည်၊ တွေ့တွေ့ချင်း ကျွန်တော်တို့နှစ်ယောက်လုံး အ နေကြပေသည်။ တစ်ယောက်
တစ်ယောက်မျက်လုံး များတွင် ရီရွှဲတောက်ပနေရာ မျက်ရည်ရောင်ကလေးများလောဟု ထင်မိသည်။ နောက် ငံ့ရာမှ
မော်ကြည့်ကြသောအခါ ပြိုင်တူပင် ပြုံးလိုက်ကြ၏။ ရီရွှဲတောက်ပ နေသော မမြင့်ဦး၏ မျက်လုံးများသည်
ပို၍တောက်ပနေပေသည်။ ပါးချိုင့်ကလေး များ၏ ချစ်စရာကောင်းပုံကို သည်တစ်ခါ အထင်အရှားဆုံးတွေ့ရသည်။
ဤသို့ မော့်ကြည့်ပြုံးပြကြပြီး ကျွန်တော်တို့သည် ပြီးခဲ့သောကိစ္စကို သင်ပုန်းချေပစ်လိုက်ကြသည်။ ထိုကိစ္စကို
နောက်ထပ်တစ်ခါမျှ စကားမစပ်မိကြတော့ချေ။ ထိုနေ့က စာအကြောင်း ပေအကြောင်း၊။ ဂျာမနီက

ဩစကြီးယားကို လက်နက်နှင့် သိမ်းပိုက်ပြီး မဲဆန္ဒပေးပွဲလုပ်ပြန်သည့်အကြောင်း၊ ရေနံမြေမှာ သခင်လေးမောင်၊
သခင်တင်နှင့် သပိတ်တားအမျိုးသမီးတို့ ထောင်ချခံရသည့် အကြောင်းများကိုသာ
ပြောနေကြလေသည်။
ထိုကိစ္စဖြစ်ပြီးနောက် မမြင့်ဦးအား ကျွန်တော်က 'မြင့်ကြီး'ဟု ပင်ခေါ်၍ မမြင့်ဦးက
ကျွန်တော့်အား
'ထွန်းကလေး'ဟုပင်ခေါ်သည်။ ၄င်းပြင် မမြင့်ဦးသည် ပင်နီမြတ်ကျော်ကို
ခပ်ခွာခွာလုပ်နေလိုက်ပုံ
ကျွန်တော်သတိပြုမိသည်။ မမြင့်ဦးနှင့် ကျွန်တော်တို့၏ ရင်းနှီးခင်မင်မှုမှာ ဒီဂရီတက်လာ၏။
'မိတ်ဆွေမက၊
သမီးရည်းစား မကျ'ဖြစ်လာ၏။ သို့သော် ကျွန်တော်ကား ချစ်ကြောင်းကြိုက်ကြောင်းမပြော။
ချစ်မိလျှင်
ဖိထားသည်။ ကြိုက်မိလျှင် ဖုံးထားသည်။ ကိုရင်ကြီးကိုဘသန်း၏ ဝါဒနှင့်ကား
လုံးဝဆန့်ကျင်နေလေပြီ။ ။
၁၀
သခင်ပေါက်စ ထောင်ခြောက်လ
ထိုနှစ်တွင် ဝါထပ်၏။ ပထမဝါဆိုလထဲမှာ တနင်္ဂနွေနေ့တစ်နေ့ နံနက်ခင်းတွင်
ကျွန်တော်သည်
ဝင်နီဖေတို့နှင့်အတူ ရွှေတိဂုံဘုရားသို့ လိုက်သွားလေ၏။ ထိုနေ့ နံနက်ခင်းတွင်
မိုးတိတ်လျက်ရှိလေ၏။
တိမ်ဖြူများသည် နေဝန်းကြီးကို ကန့်လန့်ကာ ကာထားသလို ကာထားကြ၏။
ရွှေတိဂုံစေတီတော်ကြီးကား
ကန့်လန့်ကာဆီးသည့် နေရောင်တွင်လည်း တစ်မျိုးအားဖြင့် သပ္ပာယ်တင့်တင့်တယ်
ကြည်ညိုဖွယ်ပင်
ဖြစ်ပေသည်။
ဦးဖေ၊ ဒေါ်ဒေါ်၊ ဝင်နီနှင့် သူ့ညီမတို့သည် မြောက်ဘက်တန်ဆောင်းတွင် ဘုရားဆွမ်းကပ်ပြီး
ဝတ်ပြုလျက်ရှိကြ၏။ ကျွန်တော်ကား တန်ဆောင်းပြင်ဘက် ရင်ပြင်တော်မှာပင်
ဝတ်ပြုလျက်ရှိလေသည်။
ကျွန်တော်သည် ရင်ပြင်တော်ပေါ်တွင် ဘုရားရှိခိုးရခြင်းကို ပို၍နှစ်သက်၏။
ရင်ပြင်တော်ကျယ်ပြန့်သလောက်
ကျွန်တော့် သဒ္ဓါတရား ကျယ်ပြန့်သွားသည်ဟု ထင်မိသည်။ ဟာလာဟင်းလင်းဖြစ်သော
ကောင်းကင်ကို
ကျောခံလျက်တည်ငြိမ်စွာ ကျွန်တော့်ရှေ့မှာ ထီးတည်းကြီး တည်နေသော
စေတီတော်ကြီးသည် ကျွန်တော့်အာရုံကို

တန်ဆောင်းတွင်းမှ ပုံသဏ္ဍာန်အမျိုးမျိုးဆောင်သော ဆင်းတုတော်များ၊ ပန်းအိုးများ၊ ညှော်သင်းလျက်ရှိ
သောဖယောင်းတိုင်များ အသံအမျိုးမျိုးဖြင့် ဆူညံလျက်ရှိသော ဘုရားရှိခိုးသံများထက် ပို၍ တည်ငြိမ်စုစည်းစေနိုင်သည်ဟု သဘောရပေသည်။
တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ဝတ်ချ၍ ပြီးခါရှိသေး–
"ဝင်နီတို့နှင့်အတူတူ ဘုရားမဖူးချင်လို့ ဒီမှာလာပြီး ဖူးနေတာပေါ့နော်၊ ရေစက်မဆုံထင်ပါရဲ့ ဟဲ ဟဲ"
လှည့်ကြည့်လိုက်သောအခါ ပြုံးနေသော ဝင်နီကိုမြင်ရလေသည်။ ဝင်နီ၏ နီမြန်းသောနှုတ်ခမ်း၊ ဆံထုံးမှ
နှင်းဆီနီနှင့် လည်တိုင်မှ တကျော့နှစ်ကျော့ရစ်ပြီး လျော့ကျလွင့်ပျံနေသော ယောဂီပဝါကလေးများကို
အထူးသတိပြုလိုက်မိသည်။ သူနှင့်ပုခုံးချင်းယှဉ်ကာ ရပ်လိုက်ပြီး–
"မဟုတ်ပါဘူး မသိန်းဝင်းရယ်၊ ဒီနေရာမှာ ပိုကြည်နူးတယ်၊ ပိုပြီး အာရုံ ရတယ်၊ ဒါကြောင့်ဒီကနေပြီး
ဘုရားဖူးတာပါ။ နေရာခွဲပြီး ဘုရားဖူးပေမယ့် ဝင်နီတို့နဲ့ စိတ်ဝမ်းကွဲရစေသားလို့ ဆုမတောင်းပါဘူး။
ဒီအချိန်ထဲမှာ ဒီဘုရားကိုပဲ အတူတူဖူးတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း အမှုအတန်းဝေတယ်ဆိုရင်
ကုသိုလ်ရတော့လည်း အတူတူပဲဖြစ်မှာပေါ့ မသိန်းဝင်းရဲ့"
"ကဲပါ စကားတတ်တိုင်း ရှည်မနေပါနဲ့တော့။ ဒက်ဒီတို့မာမီတို့တောင် ဟိုဘက်လျှောက်နှင့်ကြပြီ။ ဝင်နီက
ကိုတင်ထွန်းအတွက် အစောင့်ကျနေရစ်ခဲ့တယ်။ လာ လာလိုက်ကြစို့"
ကျွန်တော်တို့နှစ်ယောက်သည် ယှဉ်တွဲ၍ ကုန်းတော်ကိုပတ်ကြလေသည်။ ဦးဖေတို့ကား ကျွန်တော်ရှေ့က
လျှောက်နေကြလေသည်။ သို့ကလို ယှဉ်တွဲသွားရင်း ကျွန်တော်က ဝင်နီ့ဘက်သို့မကြာခဏငဲ့၍ငဲ့၍
ကြည့်မိလေသည်။ ယင်းသို့ ကြည့်သည်ကို ဝင်နီက သဘောကျသလိုလို၊ မကျသလိုလိုဟန်ဖြင့်–
"ဘာကြည့်တာလဲ ကိုတင်ထွန်းရဲ့၊ ဘာများ အဆန်းတွေ့နေလို့လဲ"
"မသိန်းဝင်းက ယောဂီအဖွဲ့ ဝင်ထဲကလား"
"ဟင့်အင်း၊ ဘယ်ယောဂီအဖွဲ့မှ မပါဘူး"
"ဒါဖြင့် မိုးညှင်းတရားပွဲသွားပြီး တရားနာဖူးသလား"
"ဟင့်အင်း၊ တစ်ခါမှ မရောက်ဖူးဘူး၊ ဘာဖြစ်လို့လဲဟင်"
"ဘာမှတော့ မဖြစ်ပါဘူး၊ လည်ပင်းက ယောဂီပုဝါကလေးကြောင့် မေးတာပါ"

"အိုကိုတင်ထွန်းကလည်း မသိဘူးလား။ ယောဂီပုဝါဟာ ယောဂီအဖွဲ့ဝင်မှ
မိုးညှင်းတရားပွဲသွားမှ
ဆင်ရတာမဟုတ်ပါဘူး။ ဘုရားသွားကျောင်းတက်အတွက် စပါယ်ရှယ်
အရောင်လည်းဖြစ်တယ်။
လှလည်းလှတယ်။ ဒါကြောင့် ဝင်နီတို့ဝတ်ကြတာပေါ့"
"ဩ ဒီလိုကိုး၊ ကောင်းတယ် ကောင်းတယ်။ လှလည်းလှပါတယ်"
ကုန်းတော်ကို တစ်ပတ်ပတ်ပြီးနောက် သွေးဆေးကန်ဘက်သို့ ဆင်းကြလေ၏။
သွေးဆေးကန်ဘက်မှာ ဦးဖေတို့၏
ကိုယ်ပိုင်ကားသည် စောင့်လျက်ရှိ၏။ ကားမှာ အာရ်အေ နံပါတ်ထဲကဖြစ်ပြီး ဆေးသုတ်၊
ပေါင်းတင်၊
အိုဗာဟောအကြိမ်ကြိမ် လုပ်လင့်ကစား ဟောင်းမြင်းသော အရောင်အဆင်း အသွင်အပြင်
အမူအရာ မပျောက်။
ထွက်ခါနီးဆိုလျှင် သံကောက်ကြီးနှင့် တဂျောင်းဂျောင်းလှည့်ရသည်။ ထွက်ပြန်သောအခါ
ဖင်ပိုင်းမှ
မီးခိုးတထောင်းထောင်းထွက်တတ်သည်။ ခေတ်ဆီတိုင်ကီပိုက်ကို နို့ဆီဘူးခွံနှင့် ပိတ်ထားရာ
မကြာခဏ
ပြုတ်ကျလေ့ ရှိသဖြင့် ဒရိုင်ဘာသည် နို့ဆီဘူးခွံအပိုကလေးများ ဆောင်ထား၏။ ထိုကား၏
အဆိုးဆုံးသော
ဉာဉ်တစ်ခုကား ပုလိပ်လက်ပြတိုင်ရှေ့ ကားတွေစီတန်းရပ်နေချိန်တွင်
စက်ရပ်သွားတတ်ခြင်းဖြစ်၏။ ထိုအခါမျိုး၌
ဒရိုင်ဘာသည် ပျာလောင်ခတ်နေသည်။ ဝင်နီစသော မိန်းမသားများမှာ–
"ငါတို့ကို လူလယ်ကောင်အရှက်ခွဲတဲ့ သောက်ကားပဲ"ဟု ငြူစူကာ ခေါင်းငုံ့၍
နေတတ်လေသည်။
ဦးဖေကားအခြေမပျက်၊ ခပ်ခံ့ခံ့ပင် အခံ့သားထိုင်နေသည်။ တွေ့သမျှ
လန်ချားကုလားတွေခေါ်ပြီး အတွန်းခိုင်းကာ
တစ်ကျပ်စ၊ နှစ်ကျပ်စ ဆုကောင်းကောင်းချလေ့ရှိသည်။
ကျွန်တော့်စိတ်ထင်အားဖြင့် ဝင်နီ(ခေါ်) မသိန်းဝင်းသည် ဤကားပေါ်ထိုင်လိုက်တိုင်း
မျက်နှာအိုသွားသည်။
အပူထိသော ပန်းညှိုးကျသွားသလို ဝင်နီ၏ လတ်ဆတ်သောအလှမှာ
ညှိုးသွားသည်ဟုထင်ရ၏။
မိခင်လုပ်သူလည်း ထို့အတူပင်။ ကားပေါ်တွင်ထိုင်သည်နှင့် တစ်ပြိုင်နက် ကားကိုသူမကမစီး၊
သူမကိုသာ
ကားကစီးနေဟန်တူသည်။ ကားသည် ဟောင်းလှပါသည်တကားဟူသော အသိသည်
ဖိစီးချက်ကောင်းလှပါသည်
တကား။ သို့ရာတွင် မိခင်လုပ်သူသည် သမီးတွေထက် စိတ်ကိုဖြေတတ်သည်။

"မောင်တင်ထွန်းရဲ့ အန်တီတို့ ကားသစ်ထုတ်တော့မယ်။ ဟောဒီကားကို ရောင်းလို့
ဈေးမတည့်သေးတာနဲ့
ကြန့်ကြာနေတာ၊ ခုတော့ရဈေးနဲ့ပဲ ရောင်းလိုက်မယ် အောက်မေ့တယ်"ဟု
ပြည်လမ်းအကွေ့တွင် ကျွန်တော့်အား
လှမ်းပြောလိုက်လေသည်။
ကျွန်တော်သည်သူတို့စိတ်ကို တော်တော်သိနေလေပြီ။ ပင်စင်နှင့် ရှိပစ္စည်းများကို
ထိုင်သားနေကြသော
အထည်ကြီးပျက်များဖြစ်သည်။ အလုပ်သစ်အကိုင်သစ်မလုပ်နိုင်သလို၊ အိမ်သစ်မဆောက်နိုင်။
ကားသစ်မဝယ်နိုင်။
သို့ရာတွင် အလုပ်သစ်ကို စိတ်ကူးသလို အိမ်သစ်၊ ကားသစ်ကို
စိတ်ကူးကောင်းနေကြလေသည်။
အထည်ကြီးပျက်များ ဓမ္မတာအတိုင်း အဖာအထေး မည်မျှပင် ထည့်ရစေတော့၊
အထည်ကြီးကို မစွန့်နိုင်။
ဖာရထေးရပုံကို လူမြင်တိုင်း အသစ်ဆောက်မည် အသစ်ဝယ်မည်ပြော၍ ဖုံးဖိပေ၏။
သို့ကလိုဓာတ်သိဖြစ်လာ
ခြင်းကြောင့် ကျွန်တော်သည် သူတို့အားမမုန်း၊ မစက်ဆုပ်၊ သနား၍သာ နေမိသည်။ ထို့ပြင်
သူတို့၏
အထည်ဟောင်းနောက်ကွယ်မှ တကယ့်စေတနာနှင့် စိတ်ကောင်း နှလုံးကောင်းတို့ကို
ကျွန်တော်ကြည်ညိုသည်။
သူတို့မှာ 'မရဒသကချိုင်'ဆိုတာ လောဘမျိုးမရှိသည့်အတွက် ချီကျူးလိုသည်။ သူတို့က
အဖာအထေးကို ဖုံးရန်
ကြိုးစားသည်ကိုတွေ့တိုင်း ကျွန်တော်ပါရော၍ ဖုံးပေးတတ်နေလေပြီ။
"ဒေါ်ဒေါ်ရယ်၊ ကားသစ်တွေဘာတွေ ဝယ်မနေပါနဲ့တော့။ အပိုကုန်တာဘဲ။
လူစီးဘတ်စ်ကားတို့လို၊
ကုန်တင်လောလီတို့လိုအတွက် ကုန်တာကိုတော့ ကုန်သင့်တယ်ဆိုရမယ်။
ကိုယ်ပိုင်ကားဆိုတာကတော့
ဇိမ်ခံပစ္စည်းသဘောမျိုးမို့ ဝယ်တာကို ကျွန်တော်ဖြင့် အားမပေးချင်ဘူး။ တစ်နေ့က
သတင်းစာမှာ စာရင်းတစ်ခု
တွေ့တယ်။ ၁၉၃၈ခု မေလ၃၁ရက်နေ့အထိ၊ ကုန်ခဲ့တဲ့တစ်နှစ်အတွင်းမှာ ဗမာပြည်ထဲကို
ကားအစီး ၂၀၀
ဝင်လာပြီး နိုင်ငံခြားသို့ ကားတန်ဖိုးငွေ ၆သန်းကျော်ကျော် ပို့ပေးရတယ်တဲ့" သို့ကလို
ကျွန်တော်က ဂဃနဏ
တိကျသော စကားတို့ဖြင့် သူတို့မလုပ်နိုင်မည့် အလုပ်ကို မလုပ်ရန်ဖျက်လိုက်သောအခါ
ဒေါ်ဒေါ်၏မျက်နှာသည်

ဝင်းသွား၏။ စိတ်သက်သာရာ အတော်ရသွားဟန်တူ၏။ သို့သော်
ကျွန်တော့်အကြံပေးချက်ကို
မကျေနပ်ဟန်ပြုလိုက်ပြီး–
"မဟုတ်သေးဘူး မောင်တင်ထွန်းရဲ့၊ ကားဆိုတာ ဖိမ်ခံပစ္စည်းမဟုတ်ဘူး၊ ဝယ်မှဖြစ်မယ်"ဟု
ဆိုလိုက်လေသည်။
ကျွန်တော်စကားမပြန်တော့ချေ။ အန်ကယ်လ်ကြီးဦးဖေက ဝင်ပြီး "အိုင်ဆေး နိုင်ငံခြားကို
ငွေတွေမရောက်အောင်
လုပ်တာ အင်မတန်ကောင်းတယ်။ အန်ကယ်လ် တောင် အခု ပင်နီဝတ်တော့မယ်
အောက်မေ့တယ် မောင်ရ"
"ကောင်းတာပေါ့ ဦးရယ်၊ တစ်အိမ်လုံးပင်နီဝတ်ရင်တောင် ကောင်းဦးမယ်"
"ဒေါ်ဒေါ်က ကျွန်တော့်အား မျက်စောင်းထိုးကြည့်လိုက်ပြီး–
"မောင်တို့ တူဝရီးသာ ဝတ်ကြမောင်၊ အန်တီတို့တော့ မဝတ်ပါရစေနဲ့၊ အန်ကယ်လ်လည်း
မောင်တင်ထွန်းနဲ့ပေါင်းမှ သခင်ဖြစ်ခါနီးနေပြီ ဟဲ ဟဲ"
အန်ကယ်လ်ဦးဖေက တဟားဟားရယ်လိုက်သည်။ ကျွန်တော်ကလည်း ရယ်လိုက်သည်။
နောက် ဒေါ်ဒေါ်က–
"သခင်ပေါက်စ ထောင်ခြောက်လတဲ့ကနော်"
သို့ဖြင့် အိမ်ရောက်ကြလေ၏။ ဒေါ်ဒေါ်နှင့် ဝင်နီတို့သည် သူတို့အခန်းများသို့
ဝင်သွားကြလေသည်။
ကျွန်တော်နှင့်ဦးဖေသည် အိမ်ရှေ့ဝရန်တာ တွင်ထိုင်၍ စကားပြောနေကြလေ၏။
ဦးဖေကား ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်မှာ လှဲလျက်၊ ဗိုက်ပူကြီးပေါ်တွင်
လက်နှစ်ဖက်ကို ပတ္တာဆက်သလို
ဆက်ကာတင်ထားလျက်၊ ကျွန်တော်ကား ထိုင်ကုလားထိုင်ပေါ်မှာထိုင်လျက်
ခြေနှစ်ဖက်ကိုကားထားလျက်–
ဦးဖေမှာ 'သခင်ပေါက်စ ထောင်ခြောက်လ' စကားအရှိန်မကုန်သေး။
"အိုင်ဆေး မောင်တင်ထွန်း၊ သခင်ဝါဒဆိုတာ ဘာလဲ၊ ဦးကို သေသေချာချာ ပြောပြဦး။
တို့ဗမာဝါဒနဲ့
ဘယ်လိုခြားနားသလဲ"
"သခင်ဝါဒနဲ့ တို့ဗမာဝါဒ အတူတူပေါ့ဦးရဲ့"
"အေး အေး ရှင်းပြစမ်းပါဦး။ ဦးတို့ဖတ်ရတဲ့ သတင်းစာတွေထဲမှာလည်း ဒီဟာတွေမပါ၊
သခင်တရားပွဲလည်း
ဦးတို့တစ်ခါမှ မရောက်ဖူးဘူး"
ကျွန်တော်သည် သိကြပြီးဖြစ်သည့်အတိုင်း သခင်ခေါင်းဆောင်တစ်ဦး မဟုတ်၊
သခင်အစစ်ပင်မဟုတ်သေး။
'သခင်ပေါက်စ ထောင်ခြောက်လ'စခန်းသို့ပင် မရောက်တတ်ပေသေး။ သို့ရာတွင်
သခင်ကိုကြည်ညို၏။

သခင့်အကြောင်း အတော်အတန်လေ့လာ၏။ ကြားဖူးနားဝရှိ၏။ သခင့်အကြောင်းကိုလည်း အရပ်မှာ ပြောပြလို၏။
မမြင့်ဦးက စာကလေးရေး၍ နိုင်ငံရေးပြဿနာများ မေးသောအခါ
နိုင်ငံရေးသမားလုပ်တမ်းကစားပြရာ၌
နှစ်ခြိုက်ပျော်ပိုက်သလို ဦးဖေက သခင့်အကြောင်းမေးသဖြင့် သခင်လုပ်တမ်းကစားပြရာ၌ ပျော်ပိုက်ပေသည်။
သခင့်အကြောင်း လက်သီးလက်ရုံးတန်း၍ ပြောနေလေတော့သည်။
"ဦး တို့ဗမာသီချင်း နားထောင်ဖူးသလား"
"နားမထောင်ဖူးဘူး၊ ဆိုပြစမ်းပါဦး"
"ဆိုပြဖို့မဟုတ်ဘူး၊ တို့ဗမာသီချင်းဟာ တို့ဗမာဝါဒကို ကောင်းကောင်းဖော်ပြ
နိုင်တဲ့သီချင်းဖြစ်တယ်။
၁၂၉၂ခုနှစ်ထဲမှာ ရေးခဲ့တာ။ ကျွန်တော်ရိုးရိုးအသံနဲ့ဆိုပြမယ်၊ ဦးနားမလည်ဘူးထင်တဲ့
နေရာမှာ အဓိပ္ပာယ်ရှင်းပြ
မယ်"
"ကောင်းသားပဲ"
(တကောင်း အဘိရာဇာ၊ တို့ဗမာ သာကီမျိုးဟာမို့၊ မညှိုးဂုဏ်တေဇာ၊
ယိုးဒယားနဲ့ကုလားကိုပါ၊ တိုက်ခိုက်ကာ
အောင်ခဲ့တာ၊ တို့ဗမာ....)
"ဒီအပိုဒ်ကတော့ တို့ဗမာတွေဟာ မျိုးရိုးစဉ်လာအားဖြင့် မည့်တဲ့အကြောင်း၊
သာကီဝင်မင်းမျိုးကဆင်းသက်ကြောင်း၊ ဗမာ့ရာဇဝင်အစ တကောင်းက ဖြစ်ကြောင်း
ဗမာတွေဟာ ယိုးဒယားနဲ့
ကုလားတွေကိုတောင် နိုင်ခဲ့ဖူးကြောင်း ဗမာတို့ရဲ့ ကြီးကျယ်ခဲ့တဲ့အတိတ်ကို
ပြန်ဖော်လိုက်တာကိုး ဦးရဲ့"
"ဟုတ်တာပေါ့ အိုင်ဆေး၊ ထမင်းလည်းဝေးသေးတယ်။ ကာဖီသောက်ပါဦးလား။ ဟေ့-
ဝင်နီရေ ဒက်ဒီတို့အတွက်
ကာဖီနှစ်ခွက်ယူခဲ့ပါ ကွယ်"
(စိန်မှန်ကင်းစစ်၊ အဖြစ်ကြီးဖြစ်ရဲ့၊ ထင်းတစ်လှည့်ကြုံရထုံးနှင့် မသွေ၊ လောကဓမ္မာတာပေ၊
ငါတို့ကံခေ၊
ဖြစ်ရပြန်သလေ၊ သို့သော်အရင်းကိုစစ်လျှင် ဗမာပြည် ငါတို့ ငါတို့ပြည်)
"မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့် ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ စိန်ဖူး မှန်ကင်း ဖြစ်ရာကနေပြီး
ထင်းလည်းဖြစ်တတ်တာပဲ။ ဒါဟာဓမ္မတာ၊ အဲဒီဓမ္မတာ အတိုင်း တို့ဗမာတွေဟာ
ကံဇာတာညှိုးမှိန်လို့
ကျွန်ဖြစ်နေရတယ်။ ဗမာပြည်ဟာ ကျွန်တိုင်းပြည်ဖြစ်နေရတယ်။ သို့ပေမယ့်
အရင်းစစ်ကြည့်လိုက်ရင်

ဗမာပြည်ဟာ တို့ဗမာ တွေ့ရဲ့ပြည်ပဲ၊ သခင်တိုင်းပြည်ပဲ။ မှန်ကင်းတစ်လှည့်
ထင်းတစ်လှည့်ဖြစ်သလိုပဲ၊
သခင်ဖြစ်ခဲ့ရာက ကျွန်ဖြစ်လာရတယ်။ လောကဓမ္မတာမို့ အားငယ်စရာမရှိဘူး။
အရင်းစစ်လိုက်ရင်တို့ဟာ
သခင်ပြန်ဖြစ်ရဦးမယ်လို့ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်တဲ့ သီချင်းပိုဒ်ဖြစ်တယ်"
"ဒါကြောင့် သခင်ခေါ်တာကိုး"
"ဟုတ်တယ်"
(နှောင် ဥဒါန်း ဘယ်မကျေစရာ၊ ရာဇဝင်တင်ထား၊ မျိုးရိုးနွယ်လာ ကမ္ဘာတစ်ခွင်မှာဖြင့်
ဗမာအထင်အရှား၊ တို့ခေတ်တွင်မှ ညံ့ကြတော့မှာလား၊ တို့ဗမာ မဟုတ်လေသလား၊
တို့ဗမာ ငါတို့ဗမာ၊ တို့ဗမာ ငါတို့ဗမာ၊ ဒါ ငါတို့ဗမာ၊ ဒါ ငါတို့ဗမာ)
"ကမ္ဘာမှာ ဗမာရယ်လို့ ရာဇဝင်တွင် ထင်ရှားခဲ့တယ်၊ တို့ခေတ်ကျမှ ညံ့ကြတော့မှာလား။
တို့ဟာ
ဗမာမဟုတ်ဘူးလား။ ဗမာမှ ဗမာအစစ်၊ တို့ဗမာ၊ ငါတို့ဗမာ၊ ဒါ ငါတို့ဗမာဖြစ်တယ်။
ဇာတိသွေး ဇာတိမာန်တွေ
ဖော်ပြလိုက်တာ၊ လက်ခမောင်းခတ်လိုက်တာဘဲ"
(အားလုံးညီညီ၊ ယောကျာ်းဘသား၊ တို့ဗမာ၊ နှောင်လာနောက်သား ကောင်းစားဖို့ရာ၊
တို့ကိုယ်ကျိုး လုံးလုံးမပါ၊ ရဲရဲ ဗမာပီပီ၊ ဗမာပြည် တို့ဗမာဖို့ပါ၊ သခင်ကျင့်ကို ကျင့်ကြပါ၊
သခင်မျိုးဟေ့ တို့ဗမာ၊ မိုးအောက်မြေပြင်မှာ၊ အထက်တန်းစိတ်နဲ့ စာမရီသွေး တို့ဗမာ)
"တို့ဗမာတွေအားလုံးဟာ ညီကြ၊ ယောကျာ်းဘသားပီကြ၊ တို့ကိုယ်ကျိုး လုံးလုံး မဖက်ဘဲနှင့်
နှောင်လာနောင်သားတွေ ကောင်းစားဖို့လုပ်ကြ၊ ဗမာပြည်ကို တို့ဗမာ တွေပိုင်ရအောင်
ဗမာပီပီကြိုးစားကြ၊
တို့ဗမာတွေဟာ သခင်မျိုးတွေ။ ဒါကြောင့် သခင်ကျင့် ကျင့်ရမယ်၊ အထက်တန်းစိတ်
မွေးမြူကြရမယ်၊
တို့ဗမာတွေဟာ စာမရီငှက်လို မဟုတ်မခံ ခုခံစိတ် ရှိကြရမယ်၊ အဲဒီလို တက်ကြွလာအောင်
လှုံ့ဆော်တဲ့
သီချင်းပိုဒ် ဖြစ်တယ်၊ နောက်အပိုဒ်ကျတော့ သံပြိုင်ဆိုရတာ ဦးကြားစေချင်တယ်၊
သံပြိုင်ဆိုတဲ့အခါမှာ
ကြက်သီးမွေးညှင်းတွေတောင် ထလာတယ်"
ထိုအတွင်း ဝင်နီသည် ကော်ဖီနှစ်ခွက်ကို လင်ပန်းကလေးပေါ်မှာတင်၍ ယူလာလေသည်။
အငြိုးပြေဝါးဖို့ မြေပဲဆားလှော် တစ်ပန်းကန်ပါလာသေးသည်။ ဝင်နီကား ဘာမျှမပြောဘဲ
လင်ပန်းကို
ကျွန်တော်တို့ရှေ့မှာ ချထားပါသည်။ သူ့ကိုကြည့်နေ သော ကျွန်တော့်အား
မျက်လွှာပင့်၍ကြည့်လိုက်သည်။
ပါးစပ်စေ့၍ ပြုံးပြသွားသည်။ ထိုအပြုံးကား သရော်တော်တော်အပြုံးဖြစ်၏။
ဧကန္တကျွန်တော်ဟောနေသော

တို့ဗမာတရားကို သရော်ပြုး ပြုးတာဖြစ်မည်ဟု ကျွန်တော်ယူဆလိုက်သည်။ သို့သော် ကျွန်တော်သူ့အား မမုန်းပါ။
နားမလည်လို့သာ သရော်ခြင်းဖြစ်ရမည်ဟု ကျွန်တော်က သူ့အားနားလည်ပြီး သနားလိုက်မိပါသည်။
ဦးဖေသည် ကော်ဖီတစ်ခွက်ကို ယူသောက်နေလေပြီ။ ကျွန်တော်က သံပြိုင်အပုဒ်ကို ရွတ်ပြနေလေသည်။
(ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါ ငါတို့ပြည်၊ ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့ပြည်၊ ဒါတို့မြေ၊
ဒါငါတို့ပြည်၊ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါငါတို့ပြည်၊ တို့ဗမာ တို့ဗမာပြည်ကို တိုင်းရင်းသားအကုန်အစင်၊
တို့ပြည်လို့မှတ်ထင်၊ တို့ဝတ္တရားပင် တို့ဗမာသခင်။)
"ဒီအပုဒ်ကတော့ အထူးအခိပ္ပာယ်ရှင်းဖို့ မလိုပါဘူးဦးရယ်၊ တို့ပြည်၊ တို့မြေ ဖြစ်တယ်ဆိုတာ ကြုံးဝါးပြီးပြတာ။
တို့ပြည်မှန်းသိပြီး တို့ပြည်ကိုချစ်ကြပါလို့ တိုက်တွန်းတာဖြစ်တယ်"
"အိုင်ဆေး မောင်တင်ထွန်း၊ ကာဖီသောက်လိုက်ဦးလေ"ဟု ဦးဖေသည် သူ့ကော်ဖီပန်းကန်ကိုချထားပြီး
ပြောလိုက်သည်။ ဦးဖေသည် မြေပဲစေ့များကိုကောက် စားနေပြန်၏။
(အမျိုးသားရေး ကြိုးပမ်းကြပါ။ တို့ဗမာ ဟေ့ တို့ဗမာ၊ သြော်– အမျိုးသားရေး ကြိုးပမ်းကြပါ၊
တို့ဗမာ ဟေ့ တို့ဗမာ၊ အရှေ့ကနေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာမလွဲပါ၊
တို့ဗမာ ဟေ့ တို့ဗမာ၊ ဗမာပြည်အဝှမ်းအကုန်၊ တို့အိမ်မှတ်ပါ၊ တို့ရာမှတ်ပါ၊ အဲဒါ တို့ဗမာ။)
"အဲဒီအပိုဒ်ပြီးတော့ သံပြိုင်ထပ်ကောက်တာပဲ။ တို့ဗမာသခင်အပေါင်းဟာ အမျိုးသားရေးကြိုးပမ်းကြဖို့၊
တို့ဗမာတွေဟာ ငါ့အိမ်မှ ငါ့အိမ်၊ ငါ့ရွာမှ ငါ့ရွာ၊ ငါမြို့မှ ငါ့မြို့၊ ငါ့နယ်မှ ငါ့နယ်လို့ ကျဉ်းမြောင်းစွာ
သတ်မှတ်ပြီး ဒေသစိတ်မထားကြပါနဲ့။ တစ်ပြည်လုံးကို တို့အိမ်မှတ်ပါ။ တို့အိမ်တို့ချစ်သလို၊
တို့အိမ်တို့ကာကွယ် စောင့်ရှောက်သလို၊ တို့တစ်ပြည်လုံးကိုလည်း ချစ်ပါ။ စောင့်ရှောက်ကာကွယ်ပါ။
တိုင်းစိတ်ပြည်စိတ် မွေးကြစမ်းပါလို့ တိုက်တွန်းနှိုးဆော်သံဖြစ်တယ်။ ပြီးတော့ အရှေ့ကနေဝန်းကြီးထွက်တာဟာ
ဓမ္မတာဖြစ်သလို၊ မလွဲမရှောင်သာသလို တို့ခေတ် သခင်ခေတ်ရောက်ရမည်မှာ ဓမ္မတာပဲ။

မလွဲမရှောင်သာဘူးဆိုပြီး အားတက်စရာ သိဆိုထားတယ်။ မကောင်းဘူးလား ဦး၊ ဒီသီချင်း မကောင်းဘူးလား”
ဦးဖေသည် ထိုခဏ၌ အနည်းငယ်စိတ်လေနေသည်ဟု ထင်ရ၏။ အကြောင်းမူကား
“အင်း အင်း၊ ကောင်းတယ်၊ ဒီမြေပဲတော်တော်ကောင်းတယ်၊ အိုင်ဆေး
ကာဖီသောက်လိုက်လေ”
ကျွန်တော်သည် တရားဟောရ၍ မောလှသည့်အထဲ ဦးဖေစိတ်လေသည်ကို တွေ့ရသောအခါ အလုံးဆို့မတတ်ဖြစ်သွားလေသည်။ ကော်ဖီကိုယူသောက်ပြီး အမောဖြေနေလိုက်သည်။
အတန်ကြာလျှင် ဦးဖေက
ဝင်နီကိုလှမ်းခေါ်လိုက်ပြန်လေ သည်။ ဝင်နီရောက်လာသောအခါ သူ့ခေါင်းတွင်
နံနက်ကပန်လာသော နှင်းဆီနီ
ရဲရဲကြီးကို မတွေ့ရတော့ချေ။ နှုတ်ခမ်းကလေး နီရဲရဲကိုသာ တွေ့ရ၏။ နှင်းဆီနီ ရဲရဲကြီးကို ဘယ်သူ့ဖြုတ်ပေးလိုက်သနည်း။ နောက်ဖေးက ချောင်းဝင်တဲ့ ရည်းစားကိုများ
ဖြုတ်ပေးလိုက်တယ်ဆိုရင်
အိမ်ရှေ့မှာ တို့ဗမာတရားဟောနေတဲ့ ငါ့မှာကော မကျန်ရစ်ပေဘူးလား စသည်ဖြင့်
တစ်ခဏအတွင်း
ရောက်တတ်ရာရာ စဉ်းစားပစ်လိုက်သည်။
ဝင်နီက ကော်ဖီလင်ပန်းကို သိမ်းယူနေစဉ် သူ့ခေါင်းကိုသေသေချာချာကြည့် လိုက်ရာ
နံနက်က ဆံထုံးကိုဖျက်၍
ဘီးပျံစိုက်လေယာဉ်ပျံဆံထုံး ထုံးထားသည်ကို တွေ့ရလေ၏။
သြော်–ခေါင်းလျှော်မယ်လို့ထင်ပါရဲ့၊ ဒါကြောင့် နှင်းဆီနီရဲရဲကြီး ဖြုတ်ချထားခဲ့တာ
ဖြစ်မှာဘဲ။
ကျွန်တော့်စိတ်မှာ သက်သာရာရသွားပေသည်။
“ဝင်နီ ထမင်းစားဖို့ အဆင်သင့်မဖြစ်သေးဘူးလား”
“မဖြစ်သေးဘူး ဒက်ဒီ၊ ဘဲပေါင်းထားတာ မနူးသေးဘူး။ ဝက်သားနှပ်ကလည်း
မနူးတတ်သေးဘူး”
“အေး အေး၊ အဆင်သင့်ဖြစ်တော့ ခေါ်လိုက်နော်”
ဝင်နီထွက်သွားသည်။ ဦးဖေသည် ကျွန်တော့်ဘက်လှည့်ပြီး–
“ဘယ့်နှယ်– တို့ဗမာတရားက ပြီးပြီလား။ လုပ်ပါဦး ဆက်ပါဦး မောင်တင်ထွန်းရဲ့”
“ပြီးတော့ မပြီးသေးပါဘူးဦးရဲ့”ဟု ကျွန်တော်က အားမလိုအားမရလေဖြင့် ဖြေလိုက်ရာ
ဦးဖေက
အားတက်လာဟန်ဖြင့်–
“မပြီးသေးရင် လုပ်ပါဦးကွဲ့”
“ခုနင်ကပြောပြခဲ့တဲ့ တို့ဗမာဝါဒက တည်ထောင်ခါစ မူလဝါဒအတိုင်းဖြစ်တယ်။ ခု
၁၃၀၀ပြည့်ရောက်လို့

ရှစ်နှစ်ကြာတဲ့အခါမှာ အဓိပ္ပာယ် တိုးတက်လာတယ်။ မူလဝါဒကို ပစ်ပယ်တာတော့ မဟုတ်ဘူး။
တို့ဗမာအစည်းအရုံး ကြီးဟာ တို့ဗမာအလုပ်သမား၊ လယ်သမား၊ ဈေးရောင်းခေါင်းရွက်၊ လုပ်စားကိုင်စား
ဆင်းရဲသားအများဆုံး ပါဝင်တဲ့ အစည်းအရုံးကြီးဖြစ်တဲ့အတိုင်း
ကမ္ဘာလောကကြီးအတွင်းရှိတဲ့ ဒုက္ခိတအများ၊
ဆင်းရဲသားပိုက်ဆံမဲ့ လုပ်စားကိုင်စား တောင်သူလယ်သမားတို့ရဲ့ အရေးကိစ္စဟူသမျှကို ရှေ့ဆောင်မယ်။
ပစ္စည်းဥစ္စာရှိသူ အရင်းအနှီးရှိသူ၊ ခနရှင်သူဌေး သူကြွယ်တို့ရဲ့ အကျိုးကို အဓိကထားပြီး မတရားအုပ်စိုးချုပ်ချယ်တဲ့ အရင်းအနှီးစနစ်ကြီးတည်နေတဲ့အတွက် ပစ္စည်းဥစ္စာရှိသူနဲ့ ပစ္စည်းဥစ္စာမဲ့သူ၊
ပိုက်ဆံရှိသူနဲ့ ပိုက်ဆံမဲ့သူ၊ သူဌေးနဲ့ ဆင်းရဲသားအထက်တန်းစားနဲ့ အောက်တန်းစား အဆင့်အတန်းမမျှတခြင်း
ရှိနေရတယ်။ ခနရှင် ကိုယ်ကျိုးရှာသမားတွေက အရင်းအနှီးအားဖြင့် အမြတ်ယူပြီး သူတို့လက်ထဲမှာ
ပစ္စည်းဥစ္စာပိုမိုတိုးပွားလေလေ၊ ဆင်းရဲသားပစ္စည်းမဲ့တွေ ပိုမိုကျပ်တည်းဆင်းရဲလေလေ ဖြစ်တယ်။
'ဖွတ်မိချောင်းဖြစ်၊ မြစ်မချမ်းသာ'ဆိုတာလို ပဲ 'တစ်ယောက်ချမ်းသာ ကိုယ်ဖို့ရှာမှု၊ သတ္တဝါအပေါင်း၊
ပျက်စီးကြောင်းတည်း' ဆိုတာလိုဖြစ်တယ်။ ဒါကြောင့် အဲဒီခနရှင်စနစ်ကို ပယ်ဖျက်ပစ်ရမယ်။ လူနည်းစု
ခနရှင်သူဌေးတို့ရဲ့ ကိုယ်စားလှယ်အစိုးရ ကင်းမဲ့ရေး၊ ခနရှင် အာဏာရှင် အုပ်ချုပ်ရေးပပျောက်ရေး..."
ကျွန်တော်စိတ်ပါ လက်ပါပြောနေစဉ် ဦးဖေက ကြားဝင်၍..
"ဘယ့်နှယ် ဘယ့်နှယ်၊ လက်သစ်တို့ဗမာဝါဒက သူဌေးတို့ ခနရှင်တို့ မလိုချင်ဘူး ဟုတ်လား။ အစိုးရလည်း
မလိုချင်ဘူး ဟုတ်လား"
"ဟုတ်တယ်၊ ခနရှင်စနစ် မလိုချင်ဘူး။ ခနရှင်တွေက အာဏာရှင်လုပ်နေတဲ့ အစိုးရလည်း မလိုချင်ဘူး။ လူတိုင်း
လူတိုင်း ဗမာတိုင်း ဗမာတိုင်း အခွင့်အရေးအားလုံးကို ညီတူညီမျှ ပိုင်ဆိုင်ကြတဲ့ စနစ်သစ်၊ ပြည်သစ်၊
ဗမာသစ်တည် ထောင်ရမယ်လို့ တို့ဗမာဝါဒက ဆိုတယ်။ ဗမာပြည်နဲ့တကွ လက်အောက်ခံနိုင်ငံတို့ရဲ့
လွတ်လပ်ရေးကို တို့ဗမာအစည်းအရုံးကြီးက လိုလားတယ်။ ကမ္ဘာမှာရော၊ ဗမာမှာရော

ကြီးပွားချမ်းသာချင်ရင်လူများစု ဖြစ်တဲ့ အောက်တန်းစား ဆင်းရဲသား တောင်သူလယ်သမား အလုပ်သမားတို့ရဲ့
ကိုယ်ပိုင်အစိုးရ အစစ်ရှိမှ ဖြစ်မယ်လို့ တို့ဗမာဝါဒသစ်က ယုံကြည်တယ်”
“ဟ မောင်တင်ထွန်းရေ၊ ဆင်းရဲသားတွေ အစိုးရတက်လုပ်လို့ ဖြစ်ပါ့မလား၊ စာမှမတတ်ဘဲနဲ့။
အစီရင်ခံစာမရေးတတ်၊ စီရင်ချက် မရေးတတ်၊ ဥပဒေမဖတ်တတ်နဲ့ ဘယ့်နှယ့်လုပ်ဖြစ်မလဲ”
ကျွန်တော့်မှာ စကားအစဉ်ပျက်သွားပြီး ကြောင်နေသေးသည်။ ၄င်းပြင် တရားဟောအကျင့်ရှိသူ မဟုတ်သဖြင့်
ဖြတ်ထိုးမေးလိုက်သည့် မေးခွန်းကို ဘယ်လိုဖြေရမယ်မသိ ဖြစ်သွားလေသည်။ ထို့ကြောင့် အချိန်ယူစဉ်းစားနိုင်ရန်
မြေပဲစေ့ကလေးများကို ကောက်၍ဝါးနေလေသည်။ အတန်ကြာမှ–
“ဆင်းရဲသားထဲမှသော်လည်းကောင်း၊ ဆင်းရဲသားအကျိုးလိုလားတဲ့ ပညာတတ်ထဲကသော်လည်းကောင်း၊
စာတတ်သူကို ဆင်းရဲသားတွေက ကိုယ်စားလှယ်အဖြစ်ရွေးပြီး အုပ်ချုပ်ခိုင်းမှာဖြစ်တယ်။ တစ်ဖက်ကလည်း
ဆင်းရဲသားအစိုးရဖြစ်တာနဲ့တစ်ပြိုင်နက် စာမတတ်သူ အလုပ်သမား လယ်သမားတွေကို စာအမြန်ဆုံးတတ်အောင်
လုပ်ပေးရမှာပဲ ဦးရဲ့” ဦးဖေသည် ပက်လက်ကုလားထိုင်မှာ အစန့်သားကျောခင်း၍ ထိုင်လိုက်ကာ
နောက်ထပ်အတွန့် တက်လိုသော ဆန္ဒလုံးဝမပြတော့ချေ။ ကျွန်တော်လည်း များစွာ ကျေနပ်သွားပေ၏။
ငါဖြေလိုက်တာ ချက်ပိုင်သွားလို့ ဗြူရိုကရက်ဟောင်းကြီး ပြန်မချေပနိုင်တော့ဘူး။ ကျွန်တော်သည် မျက်နှာမဲ့၍
အပြင်ဘက်သို့ ငေးကြည့်ရင်း ဆက်ပြန်၏။
“အောက်ဆုံးတန်းမှာရှိတဲ့ ပိုက်ဆံမဲ့ တောသူတောင်သား လုပ်စားကိုင်စား အလုပ်သမား လယ်သမားတွေ၊
နင်းပြားတွေဟာ အရာရာမှာ ရှေ့ဆောင်ရမယ်လို့ တို့ဗမာအစည်းအရုံးကြီးက ထုံးနည်းဥပဒေ အခြေခံချမှတ်ထားတယ်။ အထက်တန်းစား၊ အောက်တန်းစား၊ သူဌေး ဆင်းရဲသား အတန်းအစား
ခွဲခြားမှုမရှိစေရဘူးလို့လည်း ချမှတ်ထားသေးတယ်။ ငွေပင်ငွေရင်းစိုက်ထုတ်ပြီး အများသော သူတို့အပေါ်မှာ
အညွန့်ချူးတဲ့ နည်းစနစ်ဟာ နိုင်ငံချဲ့စနစ်ရဲ့ အမြစ်မူလ အခြေခံဖြစ်တယ်။ လူနည်းစု မနေရှင်တွေရဲ့ အကျိုးအတွက်
စစ်မက်တိုက်ခိုက်တယ်။ လောဘရမ္မက်ကိုရှေးရှုတယ်။ နိုင်ငံချဲ့တယ်။ ဒီစနစ်ပပျောက်ပြီးတော့

အပြတ်ပြတ်အလပ်လပ်နဲ့ငတ်မွတ်ခေါင်းပါး နေတဲ့ဒုက္ခ၊ မျက်နှာငယ်တဲ့ဒုက္ခ၊
အောက်တန်းနောက်တန်းကျတဲ့ဒုက္ခ၊
ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ လောကီနိဗ္ဗာန်ဆိုတဲ့ လူတိုင်းလူတိုင်း အယဉ်အရိုင်း မရွေး လူ့အခွင့်အရေးကျပ်ပြည့်တင်းပြည့်ခံစားရေးဟာ တို့ဗမာဝါဒပဲဖြစ်တယ်။ တို့ဗမာတွေ ခုလို ဆင်းရဲဒုက္ခရောက်ရတာဟာ နိုင်ငံချဲ့စနစ်ကြီးကြောင့် လွတ်လပ်ရမယ်။ လွတ်လပ်ရေးရှေးရှုပြီး တို့ဗမာအစည်းအရုံးကြီးက နည်းထုံးဥပဒေသ မူလအခြေခံတွေ ချမှတ်ထားတယ်။
အဲဒါတွေက–
ဗမာပြည်သည် တို့ပြည်။
ဗမာလူမျိုးသည် တို့လူမျိုး။
ဗမာစာသည် တို့စာ။
ဗမာစကားသည် တို့စကား။
ကျွန်တော်သည် ထိုဆောင်ပုဒ်လေးရပ်ကို တစ်ပုဒ်စီ လေးလေးမှန်မှန်နှင့်
ခပ်မြည်မြည်ရွတ်ဆို၏။
ထို့နောက်မျက်နှာမော့၍ အပြင်ဘက်ကြည့်ရင်း ကြီးစွာသော သမာဓိဖြင့် ဟောပြောနေရာမှ
အနားယူသောအားဖြင့်
ဟောပြောမှု ရပ်လိုက်ပြီး ဦးဖေဘက်သို့ ကြည့်လိုက်ပေ၏။ ဦးဖေကား
အိပ်ပျော်လျက်ရှိလေသည်။
ဦးဖေအိပ်ပျော်နေခြင်းသည် ကျွန်တော့်အား အိပ်မောကျနေရာမှ လှန့်နှိုးလိုက်သကဲ့သို့
ရှိပေ၏။ ကျွန်တော်ကား
ပင်စင်အငြိမ်းစားဝန်ထောက်ကြီး အားသခင်တရားဟော၍ အကျိုးရှိမည်
ထင်ခြင်းတည်းဟူသော အိပ်မောကျလျက်
နေခဲ့သည်မဟုတ်ပါလော။
ရုတ်တရက်သော် ရှက်ခြင်းကြောင့် ဒေါသဖြစ်မိသည်။ ငါ့မှာဖြင့် ဟောလိုက်ရ
ပြောလိုက်ရတာမောလို့။ အိပ်ပြီး
ငါ့ကို သက်သက်အရှက်ခွဲတာ၊ ငါ့ကိုစော်ကားတာ၊ သခင်တွေကိုစော်ကားတာ
စသည်ဖြင့်တွေးမိ၏။ နောက်ပြီး
ငါကမှားတာပါ၊ ဦးဖေလို လူစားမျိုးက ဒီဝါဒတွေ နားဝင်နိုင်ပါ့မလား စသည်ဖြင့်
တန်ပြန်တွေးပြီး ဒေါသကို
ချွန်းနှင့် အုပ်ထိန်းလိုက်ရလေသည်။ သို့တစေ ထားဦးတော့၊ ဤလိုတန်ပြန်မတွေးမိဘဲ
ရှိပြီးဒေါသကို
မထိန်းနိုင်သည့်တိုင်အောင် ကျွန်တော်သည်ဦးဖေအပေါ်မှာ တာရှည်ကား
ဒေါသပွားများနိုင်မည်မဟုတ်ပေ။
အကြောင်းမူကား ဦးဖေသည် ကျွန်တော်ပြောသမျှ ဟောသမျှကို နားထောင်နိုင်လျှင်
ထောင်၏။

မထောင်နိုင်လျှင်အိပ်၏။ ကျွန်တော့်အား ဘယ်တော့မျှပြင်းပြင်းထန်ထန် အတိုက်အခံမလုပ်။ ၄င်းပြင်
အခါခပ်သိမ်းကျွန်တော့် အား စင်ကြယ်သောမေတ္တာနှင့် ထက်သန်သော စေတနာတို့ဖြင့် လွှမ်းခြုံထားပေသည်။
၁၁
မြင်ကွန်းမင်းသားကြီးအဆက်
၁၃၀၀ပြည့်နှစ် ဒုတိယဝါဆိုလ၊ ၁၉၃၈ခု ဇူလိုင်လနောက်ဆုံးအပတ် တစ်ညနေ ခင်းတွင် ကျွန်တော်သည်
ကမာရွတ်ပေတစ်ရာလမ်းမကြီးဘေးမှာ လမ်းလျှောက်နေ လေသည်။ ကျွန်တော်နှင့်အတူ ကမာရွတ်ဈေးအနီးနေ
ကိုတင်ကြီးဆိုသူပါလာ၏။ ကိုတင်ကြီးမှာ အရွယ်သိပ်မအိုသေးသော်လည်း ဆံဖြူနေလေသည်။ ခါးနှင့်တကွ
ကိုယ်ခန္ဓာကြီးတစ်ခုလုံး တုတ်ခိုင်သည်။ သို့ရာတွင် ခြေလက်တို့ကား သေးကွေးလေရာ ကုလားကြီးရုပ်နှင့်တကွ
ခပ်ဆင်ဆင်ဖြစ်၏။ သေးကွေးသော ခြေကြောင့် သူသည် ခြေထောက်ကိုအသုံးပြုခြင်း နည်းပါးသည်ဟု
ယူဆနိုင်ပါ၏။ သို့ရာတွင် သူ့အပြောအားဖြင့် သူသည် ယိုးဒယားနဲ့ အင်ဒိုချိုင်းနားသို့ ခြေကျင်သွားဖူး၍
သီဟိုသို့လည်းရောက်ဖူးသည်ဟု လမ်းလျှောက်ကြရင်း ကျွန်တော့်အား သူက ထိုအကြောင်းများကို
အကျယ်ချဲ့ပြောလေသည်။
"မင်းက ငါ့အကြောင်း ကောင်းကောင်းမသိသေးဘူး။ ယိုးဒယားနဲ့ အင်ဒိုချိုင်းနားကို တစ်ခေါက်မကဘူး၊
အခေါက်ခေါက်ရောက်ဖူးတယ်။ ကုန်းလမ်းက ယိုးဒယားသွားရင် ငါးရက်သာကြာတယ်"
"ခင်ဗျားဘာသွားလုပ်သလဲ"
"ကျောက်ကုန်သည်လည်း ကူးတာဘဲ။ အင်ဒိုချိုင်းနားနဲ့ ယိုးဒယားနယ်စပ်မှာ ဗမာတွေနေထိုင်တဲ့
ဒေသတစ်ခုရှိတယ်။ မင်းကြားဖူးရဲ့လား"
ကျွန်တော်ကား အံ့အားသင့်ကြောင်းမပြဘဲ "ငါသိပါတယ်"ဟူသော ဂိုက်မျိုးဖမ်းလျက်–
"ဩော် ဩော် 'ပိုင်လင်း'လို့ခေါ်တဲ့ ကမ္ဘောဒီးယားထဲက နယ်ကိုပြောတာလား။ စိန်၊ ကျောက်၊ နီလာ
ပတ္တမြားတွေထွက်တဲက ကျောက်တွင်းလေ၊ ယိုးဒယားစိန်ထွက် တယ်လေ"
ကိုတင်ကြီးသည် အနည်းငယ်မျှ ကသိကအောက် ဖြစ်သွားပုံရလေသည်။ သို့ရာတွင် မျက်နှာပိုးပြန်၍
အပိုးသေစေပြီး–

"ဟုတ်တယ် ဟုတ်တယ်၊ မင်းဘယ်ကသိထားသလဲ"
"ကျွန်တော် သူရိယမဂ္ဂဇင်းထဲမှာ ပီယမောင်ရေးထားတဲ့ ခရီးသည်ဆောင်းပါး မှာတွေ့ရတယ်"
"သြော် ပီယမောင်လား၊ ငါနဲ့တွေ့ဖူးသားပဲ။ သူတို့ကတော့ စာရေးတတ်တော့
ဘယ်ရောက်တယ်၊
ဘယ်ပေါက်တယ် စသည့်ဖြင့် ရေးပြနိုင်တာပေါ့။ တို့ကတော့ စာမရေးတတ်လို့
ကိုယ်ဘယ်လောက်ရောက်၊
ဘယ်လောက်နဲ့တာ ရေးမပြနိုင်ဘူး"
"ကိစ္စမရှိပါဘူးလေ။ ခင်ဗျားဘာကိစ္စ ရောက်သွားသလဲဆိုတာသာ ပြောစမ်းပါဦး"
"ပြောပြီကော ကျောက်ကုန်သွားကူးတာလို့။ ဟိုမှာ သူဌေးလည်း ဖြစ်ဖူးတယ်၊ မိန်းမလည်း
ရဖူးတယ်၊
ပြီးတော့တစ်ခါကဆိုရင် မြင်ကွန်းမင်းသားကြီးဆီမှာ အမှုထမ်းဖူးသေးတယ်"
ထိုအချိန်တွင် ကျွန်တော်တို့သည် ကမာရွတ်စာတိုက်အနီး ရေအိုင်ကြီးဘေးသို့
ရောက်လာကြလေပြီ။
ဘဲတစ်အုပ်သည် ရေကူးနေကြ၏။
"သြော် ခင်ဗျားက မြင်ကွန်းမင်းသားကြီးဆီမှာတောင် မှုထမ်းဖူးတယ်နော်"
ကိုတင်ကြီးသ်ည ရင်ကော့မျက်နှာမော့ပြီး ဖရိုဖရဲဖြစ်နေသည့် ဆံပင်များကို
ပွတ်သပ်လိုက်သည်။
"အေး တစ်ခါတုန်းက မြင်ကွန်းမင်းသားကြီးက ငါ့ကို စာတစ်စောင် ရေးပေးပြီး
ရှမ်းပြည်လွှတ်တယ်၊
ရှမ်းပြည်နယ်စပ်မှာ အင်္ဂလိပ်အစိုးရက ငါ့ကိုဖမ်းထားတယ်၊ စာကလည်း
အင်မတန်အရေးကြီးတယ်"
"ဘယ်လိုအကြောင်းတွေ ရေးထားသလဲ ကိုတင်ကြီး"
"အင်း အကြောင်းတွေကတော့ လျှို့ဝှက်အပ်တဲ့အကြောင်းတွေဖြစ်တယ်၊ အမျိုးဘာသာ
သာသနာအကျိုး
ဆောင်ဖို့ကိစ္စနှင့် ပတ်သက်တဲ့ ကိစ္စတွေပေါ့"
မိုးဖွဲကလေးများကျလာသဖြင့် ထီးဖွင့်ဆောင်းကြလေသည်။ ကျွန်တော့်မှာ တို့ဗမာဝါဒ
ဘုံဝါဒစသည်များကို
နားလျှံအောင် ကြား၍ ကိုယ်တိုင်ကပင် အတော်အသင့် ဟောတတ်ပြောတတ်ပြီဖြစ်သော်လည်း ဂျီစီဘီအေ
ဝံသာနုခေတ်၏ လက်သုံးဖြစ်သော အမျိုးဘာသာ သာသနာဟူသော ဆောင်ပုဒ်များကို
ကြားလျှင် လည်း
စိတ်ထကြွသေးသည်ပင်ဖြစ်၏။ ၄င်းပြင် မြင်ကွန်းမင်းသားကြီးနှင့်လည်း
ဆက်စပ်နေလေရကား ကိုတင်ကြီးနှင့်
သူ့အဖြစ်အပျက်များကို များစွာအထင်ကြီး လာလေသည်။ ကိုတင်ကြီးက
မြင်ကွန်းမင်းသားကြီး

ရေးလိုက်သည်ဆိုသောစာမှာ လျှို့ဝှက်အပ်သောအကြောင်းများဖြစ်သည်ဟုဆိုသည်နှင့်
တစ်ပြိုင်နက် ကျွန်တော်
မမေးတော့ပေ။ သူ့အား အထင်ကြီးသွားပြီဖြစ်သည့်အတိုင်း တို့ဗမာသခင်ဘက်သို့
သိမ်းသွင်းရန်ပင်
အားထုတ်လေတော့၏။
"အမျိုးဘာသာ သာသနာအကျိုးကို ဆောင်ရွက်ချင်ရင်တော့ တို့ဗမာအစည်းအရုံးနဲ့
ပူးပေါင်းတာဟာ
အကောင်းဆုံးပေါ့ဗျာ။ ကျွန်တော်ကတော့ အစည်းအရုံးဝင်
သခင်တစ်ယောက်တော့မဟုတ်ပါဘူး"
သို့ဖြင့် အတန်ကြာအောင် သခင်တရားများကို ဆွေးနွေးကြလေသည်။
တကယ့်လွတ်လပ်ရေးရဖို့အတွက်
လက်နက်နှင့်ငွေလိုသည်၊ ကိုတင်ကြီးပူစရာမလိုဟု ဆို၏။ သူသည်
လက်နက်လုပ်တတ်သည်။
သူ့ကိုတာဝန်ပေးလျှင် လုပ်ပေးမည်။ ငွေအတွက်ကား ဂျပန်မှာ ငွေစက္ကူအတုတွေလုပ်ပြီး
ဗမာပြည်ထဲ
ခိုးသွင်းလာလျှင် ဖြစ်နိုင်သည်။ ထိုကိစ္စအတွက်လည်း အင်ဒိုချိုင်းနားတုန်းက
သူ့မှာအတွေ့အကြုံရှိ ခဲ့သဖြင့်
အဆက်ရနိုင်လိမ့်မည်ဟုဆိုပေ၏။ ကျွန်တော်ကား နိုင်ငံရေးတွေးလိုက်တိုင်း ငွေအခက်၊
လက်နက်အခက်ကြောင့်
ရင်အလေးကြီးလေးမိသည်သာ၊ ငွေမရှိလျှင် မိဘကျေးဇူးမဆပ်နိုင်သေးသဖြင့်
နိုင်ငံရေးမလုပ်နိုင်။
မိဘသံယောဇဉ်ဖြတ်နိုင်၍ နိုင်ငံရေးကောက်လုပ်နိုင်သည့်တိုင် ငွေမရှိလျှင် ဘာမျှတွင်ကျယ်စွာ
လုပ်နိုင်မည်မဟုတ်။
လက်နက်မရှိလျှင် ကျွန်နှောင်ကြိုးကို မဖြတ်နိုင်။ ငွေနှင့်လက်နက် အခက်ကြီးခက်၏။ ယခုမူ
ကိုတင်ကြီးက
ထိုအခက်ကို ဖြေရှင်းလိုက်လေပြီ။ ကိုတင်ကြီးသည် ကျွန်တော်တို့အား ကယ်တင်မည့်
ကိုယ်ရောင် ကိုယ်ဝါ
တောက်ပစွာနှင့် နတ်ဒေဝါဖြစ်နေလေပြီ။
မိုးသည်းလာသည်နှင့် လက်ဖက်ရည်ဆိုင် ဝင်ထိုင်ကြလေသည်။ ကျွန်တော်တို့ သည်
လက်ဖက်ရည်ဆိုင်တွင်
လူအရှင်းဆုံးထောင့်ကို ရှာ၍ထိုင်ကြ၏။ နိုင်ငံရေးလုပ်ကြံမှုကို ဆက်ကြပြန်၏။
"ခုနင်က ခင်ဗျားပြောတဲ့ ငွေနှင့်လက်နက်ကိစ္စဆွေးနွေးဖို့ သခင်ခေါင်းဆောင်
တွေနဲ့တွေ့ပေးမယ်၊ တွေ့မလား"
"တွေ့ရမှာပေါ့"

“ကျွန်တော်က ကမာရွတ်သခင်ခင်မောင်နဲ့တော့ အင်မတန်ရင်းနှီးတယ်။ သူလည်း တို့ဗမာအစည်းအရုံးမှာ
အမှုဆောင်လူကြီးတစ်ယောက်ဖြစ်နေပြီ။ ပြီးတော့ သခင်ဗစိန်နဲ့လည်း သိတယ်။ သခင်သိန်းမောင်ကြီးတို့
သခင်လေးမောင်တို့နဲ့တော့ ကောင်းကောင်းမကျွမ်းဘူး။ ဒီတော့ သခင်ခင်မောင်ရယ်၊ သခင်ဗစိန်ရယ်၊ ခင်ဗျားရယ်
ကျွန်တော်ရယ် တစ်နေရာမှာ တွေ့ကြမယ်လေ”
“ကောင်းသားပဲ ချိန်းပေးပေါ့။ ဒါထက် တို့ဗမာအစည်းအရုံးထဲမှာ ဂိုဏ်းကွဲနေကြတယ်ဆို၊ သခင်ဗစိန်၊
သခင်သိန်းမောင်၊ သခင်မြတို့ မသင့်မြတ်ကြဘူး ဆိုပဲ ဟုတ်လား”
ကျွန်တော့်မှာ အံ့အားသင့်သွားသည်။ ကျွန်တော်ကား ထိုအကြောင်းမသိချေ။ သခင်ကောင်းတာကိုသာသိ၍
မကောင်းတာမသိသော ကျွန်တော်ဖြစ်ပေသည်။
“ကျွန်တော်မသိဘူး၊ ဟုတ်မယ်မထင်ပါဘူးဗျာ”
“အေးလေ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဒါထက် ကိုယ့်လူ ငွေ၅ကျပ်လောက်ရှိရင် ခဏချေးစမ်းပါ”
ကျွန်တော်သည် ကျောက်ကုန်သည် သူဌေးဟောင်း မြင်ကွန်းမင်းသားကြီး၏ အမှုတော်ထမ်းဟောင်းအနာဂတ်တွင်
သခင်တွေအတွက် လက်နက်နှင့်ငွေရှာပေးမည့်သူ ကိုတင်ကြီးက ငွေ၅ကျပ် ကျွန်တော့်ထံမှ ချေးလိမ့်မည်ဟု
မမျှော်လင့်ခဲ့ပါ။ ရုတ်တရက်အံ့အားသင့်သွားမိလေသည်။ ကိုတင်ကြီးသည် ကျွန်တော့်စိတ်တွင်
ဖြစ်ပျက်နေတာတွေကို ရိပ်မိဟန်ရှိလေသည်။
“ကိစ္စမရှိပါဘူး၊ မရှိလည်းနေပါစေ၊ လဆန်းရက်နီးပါပြီ”ဟု သူက ရုပ်သိမ်းလိုက်လေသည်။
ကျွန်တော်သည် သူ့အား များစွာအားနာသွားသည်။ တစ်ခါတစ်ရံ မဆင်းရဲ မမွဲတေဘဲနှင့် မတော်တဆ
ငွေကျပ်တတ်သည်မှာ ဓမ္မတာပင်မဟုတ်ပါလောဟု ဆင်ခြင်မိ၏။ နောင်အလားအလာကိုလည်း ကိုတင်ကြီးထံမှ
မျှော်လင့်မိ၏။ ထို့ကြောင့် လဆန်းလျှင် ကျောင်းလခပေးရန် ဖယ်ထားသော ငွေ၁၂ကျပ်ကို သတိရမိလေသည်။
“မဟုတ်ဘူးလေ၊ လိုရင်တော့အိမ်လိုက်ခဲ့ပါ။ ကျွန်တော်ကျောင်းလခပေးဖို့ ဖယ်ထားတာရှိတယ်။ လဆန်းတော့သာ
ကျွန်တော့်ပြန်ပေးပါ”
ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်မှထ၍ အိမ်ပြန်ကြလေသည်။

လမ်းမကြီးပေါ်မှနေ၍ ကျွန်တော်တို့သည် ကျွန်တော်နေသော
အိမ်တည်နေရာလမ်းမကြီးတွင်းသို့
ဝင်တော့မည်လုပ်နေစဉ် ကိုကြွယ်ဆိုသူသည် ဘတ်စ်ကားပေါ်မှ ဆင်းပြီး
ကျွန်တော်တို့နောက်သို့
ခပ်သုတ်သုတ်လိုက်လာသည်ကို မြင်ရလေသည်။ ကိုကြွယ်ကား ရန်ကုန်မှပြန်လာခြင်းဖြစ်၏။
သူသည်
ကျွန်တော်တို့ အား လက်ပြ၍သူ့ကိုစောင့်စေလေသည်။ ဤတွင် ရှေ့မဆက်မီ
ကိုကြွယ်အကြောင်းကို အနည်းငယ်
ဖော်ပြဖို့လိုသေးသည်။
ကိုကြွယ်မှာ အသက်လေးဆယ်ကျော်လောက်ရှိပြီး အသားမည်း၍ပိန်သည်။ ကျောက်ပေါက်မ
သက်သက်နှင့်ဖြစ်၏။
သူသည် သားမရှိ၊ မယားမရှိ၊ ဆွေမျိုးမှာလည်း မြင်းခြံမှာသာရှိရစ်၍ ရန်ကုန်မှာ
တစ်ယောက်မျှမရှိ။ အလုပ်အကိုင်
မည်မည်ရရမရှိ၊ ကမာရွတ် ကျွန်တော်နေသော ရပ်ကွက်၌ သူသည် ဘယ်အိမ်တက်
နေနေနေနိုင်သည်။
အိမ်ရှင်ကကြည်ဖြူသည်။ အကြောင်းမူကား အသုံးဝင်သူတစ် ယောက်ဖြစ်သောကြောင့်တည်း။
မုဆိုးမဒေါ်လုံးတင်သည် လက်ဖက်ဆိုင်ကလေး ဘူးသီးကြော်ဆိုင်ကလေး စသည်ဖြင့်
ဖွင့်ထားရာ သူက
ရန်ကုန်သွား၍ လက်ဖက်၊ ကြက်သွန်ကြော်၊ ဆီစ သည်များဝယ်ပေးသည်။ မြင်းလှည်းသမား
ကိုတင်ဖေ
ဖျားလျှင်ဖြစ်စေ၊ အနားယူသည်ဖြစ်စေ ကိုကြွယ်က မြင်းလှည်းဝင်မောင်းပေးသည်။
စွပ်ကျယ်စက်ထဲက
မက်ကင်းနစ် ကိုမော်၏ကလေးများကို အိမ်စာကူလုပ်ပေး သည်။ ရပ်ရွာထဲတွင် သာရေး၊
နာရေး ရှိလျှင်
ကိုကြွယ်သည် ဒိုင်ခံ အကျိုးဆောင်သူဖြစ်၏။ ရန်ကုန်သွား၍ လျူဖွယ် တန်းဖွယ်ဝယ်ပေး၏။
သေစာရင်း
သွားတိုင်၏။ ကျွန်တော်ပါဝင်သော ဆွမ်းကြီးလောင်းအသင်းတွင် သူသည်
နာမည်မတပ်ဘဲလျက်
အကျိုးဆောင်အတွင်းရေးမှူး လုပ်နေလေသည်။ သူနှင့်ကျွန်တော်သည် ခင်မင်ရင်းနှီး
လေသည်။ ဆိုးတိုင်ပင်
ကောင်းတိုင်ပင် ဖြစ်လေသည်။
သူသည် ကျွန်တော်တို့နောက်သို့ ခပ်သုတ်သုတ်လိုက်လာရာ အသက်ရှူပင်မှားနေသည်ဟု
ထင်သည်။
သူ့မျက်နှာမှာလည်း ကျီးကန်းလူမိဖြစ်နေ သည်။ ကျွန်တော်ကား သူ့အမူအရာကိုမြင်ပြီး
ထိတ်သွားပေ၏။

"ရန်ကုန်ထဲမှာ ကုလားဗမာရိုက်ကုန်ကြပြီ"ဟု ပျာပျာသလဲပြောလိုက်၏။
"ဟာ ဟုတ်လား၊ ဘယ်လိုဖြစ်ကြတာတုံး"ဟု ကျွန်တော်တို့နှစ်ယောက်စလုံး
သံပြိုင်မေးလိုက်ကြလေသည်။
"ရွှေတိဂုံခြေရင်းမှာ ဗမာက ဘုန်းကြီးတွေမှူးပြီး ဘုန်းကြီးအစည်းအဝေးလုပ်တယ်။
သတင်းစာတွေထဲ ပါနေတဲ့
ကိုရွှေဖီရဲ့ မော်လဝီနဲ့ ယောဂီစာအုပ်ကိစ္စပေါ့ မောင်တင်ထွန်းရ၊ ဘုန်းကြီးတွေက
အစည်းအဝေးမှာ အဲဒီစာအုပ်ကို
ကန့်ကွက်ကြတယ်"
ကိုကြွယ်ကပြောပြီး မောသဖြင့် နားနေသည်။ ကျွန်တော်ကဝင်၍–
"ကန့်ကွက်တာနဲ့ ကုလားဗမာအဓိကရုဏ်း ဖြစ်ရောလားဗျာ"
"ကန့်ကွက်တဲ့ အစည်းအဝေးပြီးတော့ အဲဒီစာအုပ်ကို ကုသိုလ်ဖြစ်ရိုက်နှိပ်ထုတ်ဝေတဲ့
ပတေးဆိုင်ရှိရာ
သိမ်ကြီးဈေးကို ချီတက်ကြတယ်။ သိမ်ကြီးဈေးရောက်တော့
အပေါ်ထပ်ပတေးဆိုင်ပေါ်တက်နိုင်ရင်
ဘာလုပ်ကြမယ်တော့ မသိဘူး၊ သို့ပေမယ့် ပုလိပ်က သိမ်ကြီးဈေးနားကျတော့
ဆီးတားတယ်။ တားမရတော့
ဘုန်းကြီးနဲ့ ပုလိပ် ဝရုန်းသုန်းကားဖြစ်တယ်။ ပုလိပ်က ဘုန်းကြီးတွေကိုရိုက်တာ
ကွဲပြဲကုန်တယ်၊
ဆေးရုံတင်ရတယ် ကြားတာပဲ။ ဘုန်းကြီးတွေ ကလည်း အနီးအပါးရှိတဲ့
ကုလားတွေလျှောက်ရိုက်တယ်။ ဒီတော့
ကုလားဗမာအဓိကရုဏ်းဖြစ်တာပေါ့"
ကိုတင်ကြီးက
"တစ်မြို့လုံး ပြန့်ကုန်ပြီလား"
"မသိဘူး။ ကျွန်တော်လည်း စုံစမ်းမနေရဲဘူး၊ ရရာကားနဲ့ လိုက်ပြေးလာခဲ့တာပဲ"
ကျွန်တော်ကား ကြားလိုက်ရသည့်ခဏ၌ ကုလား–ဗမာ ဘယ်သူမှားသလဲဟု မစဉ်းစားနိုင်။
ကုလားရော
ဗမာပါအသက်တွေသေ၊ ပစ္စည်းတွေပျက်စီးမည့် အရေးကိုသာတွေးပြီး ပူလိုက်မိလေသည်။
"ဒုက္ခပါပဲဗျာ"ဟု ညည်းကာ မှိုင်တွေချ၍နေလိုက်သည်။
ကိုတင်ကြီးနှင့် ကိုကြွယ်တို့ကား စာရေးသူကိုရွှေဖီနှင့် စာအုပ်ကုသိုလ်ဖြစ်ထုတ်ဝေသူ
ကိုပတေးတို့အား
အပြစ်တင်နေကြသည်။ ၎င်းနောက် ကိုကြွယ်က–
"မွတ်စလင်တွေကိုက ကဲပဲ ကဲလွန်းတယ်။ သူတို့ဘာသာကို အယူသီးပြီး သူများဘာသာကို
အထင်သေးတယ်"
ထိုအခါ ကိုတင်ကြီးက အသံကျယ်ကျယ်ဖြင့်–
"ဒါတော့ ချဉ်စရာကောင်းတာပဲဗျာ"

ကျွန်တော့်မှာ သူတို့တစ်တွေကပါ ကမာရွတ်မှာ ကုလား–ဗမာအဓိကရုဏ်းဖြစ် အောင်
လှုံ့ဆော်မည်ကို
စိုးသောကြောင့်“
သိပ်လည်း ဒေါမဖောင်းကြနဲ့ဦးလေ၊ ကျွန်တော်တို့ရဲ့ သတင်းစာတွေနဲ့
ဘုန်းကြီးတွေကလည်း တစ်ဆိတ်
တစ်အိတ်လုပ်လွန်းတယ် ထင်တယ်”
ကိုတင်ကြီးက–
“ဘယ်ဟုတ်မလဲ။ အမှန်တွေရေးကြ၊ သားကြ၊ ဟောကြ၊ ပြောကြတာပါ။ ကဲ ပြောစမ်းပါ၊
ဘယ်ကုလား
ကောင်းသလဲ။ တို့ကောင်မလေးတွေ ဒင်းတို့မယားလုပ် တယ်။ တရားဝင်မယားဖြစ်ချင်ရင်
တို့ကောင်မက
လေးတွေက မွတ်စလင်ဘာသာကို ဝင်ရမယ်တဲ့။ ဘယ်လောက်စီးပိုင်သလဲ၊ တို့ဘက်က
အမျိုးလည်းရှုံးတယ်။
ဘာသာလည်း ရှုံးတယ်”
ကိုကြွယ်က အောက်ပါအတိုင်းထောက်ခံဖြည့်စွက်ပြန်၏။
“ဟုတ်တယ် အမျိုးဘာသာ အားလုံးရှုံးတယ်။ ဒါတင်မကသေးဘူး စီးပွားရေးမှာကော
ဘယ်လောက်ကုလားတွေ
လွှမ်းမိုးနေသလဲ။ ကြည့်စမ်း၊ ကျုပ်တို့ကမာရွတ်မှာရှိတဲ့ စွပ်ကျယ်စက်၊ ထီးစက်၊
ဆပ်ပြာစက် ဒါတွေ
ဘယ်သူပိုင်သလဲ၊ ကုလားတွေ၊ မွတ်စလင်တွေ၊ ကမာရွတ်မှာရှိတဲ့ အကောင်းဆုံး
တိုက်ကြီးတွေနဲ့ ခြံကြီးတွေ
ဘယ်သူတွေပိုင်သလဲ၊ ကုလားတွေ။ ကွမ်းယာဆိုင်မှာလည်း ကုလား၊
ဗယာကြော်ဆိုင်မှာလည်း ကုလား ၊
ဖိနပ်ဆိုင်မှာလည်း ကုလား အထည်ဆိုင်ကြီးမှာလည်း ကုလား၊ ဈေးဆိုင်ကြီးမှာလည်းကုလား၊
လက်ကားဆိုင်မှာလည်း ကုလား၊ ဖိနပ်ဆိုင်မှာလည်း ကုလား၊
အရင်းငွေချေးတဲ့လူဆီမှာလည်း ကုလား၊
ဒရဝမ်လည်း ကုလား၊ ဟိုက်ကုတ်တရားသူကြီးလည်း ကုလား၊ ကွန်ပေါင်းဒါလည်း ကုလား၊
ဆေးဆရာဝန်ကြီးလည်း ကုလား၊ ဂျမဒါလည်း ကုလား၊ ထောင်မှူးလည်း ကုလား၊
နေရာတကာ ကုလားချည်း
လွှမ်းနေတာပဲ…”
ကျွန်တော်သည် ကိုကြွယ် ဤလိုဆူဆူပူပူ လှုပ်လှုပ်ရှားရှားပြောသည်ကို တစ်ခါမျှ မကြုံဖူး။
အခါတိုင်း
သူစကားပြောလျှင် အေးစက်စက်ဖြစ်၏။
ကိုတင်ကြီးက–

"ဟုတ်တယ်၊ ကုလားတွေကြောင့် တို့ဗမာတွေ ဆင်းရဲနေတာ။ ကဲ ပြောနေကြာရော့မယ်၊ ကမာရွတ်က
ကုလားတွေကို သွားချကြရအောင်"ဟု ကျွန်တော်တို့အား အဖော်ညှိလေသည်။ ကျွန်တော်ကိုယ်တိုင်ကား
ကုလားသွားချဖို့ စိတ်မပါ။ ကိုကြွယ်ပါသွားမှာ စိုးရိမ်မိ၏။ ထို့ကြောင့်–
"မကောင်းပါဘူးဗျာ။ ကုလားအပေါ်မှာ မကျေနပ်ချက်ကို သည့်ပြင်နည်းနဲ့ ဖြေရှင်းကြတာပေါ့။
အဓိကရုဏ်းဖြစ်အောင်တော့ မလုပ်ကြပါနဲ့"
ကိုတင်ကြီးက–
"ဟာ သည့်ပြင်နည်းမရှိဘူး။ ဒင်းတို့တော့ မျိုးပြုတ်အောင် အုပ်ထည့်လိုက်မှ ပြီးမှာ။ လာ ကိုကြွယ်ဈေးဘက်သွားရအောင်"
ကိုကြွယ်ကား တည်ငြိမ်သွားပြီး–
"စဉ်းစဉ်းစားစား လုပ်ကြတာပေါ့ဗျာ။ ရန်ကုန်ထဲက အခြေအနေကိုလည်း စောင့်ကြည့်ပါဦး"
"ခင်ဗျားတို့ မလိုက်ချင်နေ၊ ကျုပ်တော့ ဈေးဘက်သွားပြီး၊ ထွန်းဖေတို့ ကျော်ခင်တို့လိုက်ရှာလိုက်ဦးမယ်၊
ကျုပ်တော့ ဒီအတိုင်းကြည့်မနေနိုင်ဘူး"
ကိုတင်ကြီးသည် ပြောပြောဆိုဆို ဈေးဘက်သို့ထွက်သွားလေ၏။ အဓိကရုဏ်း စိတ်မွှန်ပြီး ကျွန်တော့်ထံမှ
ချေးထားသော ငွေ၅ကျပ်ကို လိုက်ယူရန်ပင် သတိမရတော့ချေ။
ကျွန်တော်က သူ့အား နောက်မှကြည့်ကျန်ရစ်ခဲ့ရာ ကိုကြွယ်က ကျွန်တော့်အား လက်တို့ကာ အိမ်ဘက်သို့
ခေါ်သွားပြီး–
"ဒီလူ သိပ်မယုံရဘူး၊ သူ့လူ ကိုယ့်ဘက်သားလုပ်မှာစိုးရတယ်၊ ပြီးတော့ ပုလိပ်တွေနဲ့ သိပ်လုံးတယ်"
ကျွန်တော့်မှာ ခေါင်းနားပန်း ကြီးသွားပေ၏။ ကိုကြွယ်ပြောသလို တကယ်များ ဖြစ်ပါက ကျွန်တော့်အား
အင်္ဂလိပ်အစိုးရကို ပုန်ကန်ရန် လက်နက်ရှာမှု၊ ငွေစက္ကူအတုလုပ်မှုနှင့် အမှုပတ်အောင် ဆင်နိုင်ပေလိမ့်မည်။
ကိုကြွယ်နှင့် ကျွန်တော် သည် အိမ်ပြန်ပြီး ကုလားဗမာ အဓိကရုဏ်းကိစ္စများကို စဉ်းစားဆွေးနွေးကြလေသည်။
သူနှင့်ကျွန်တော် ကုလား–ဗမာ ဆက်ဆံရေးနှင့် ပတ်သက်ပြီး အယူအဆသဘော ကွဲလွဲမှုများရှိ၏။သို့ရာတွင်
နှစ်ဦးသဘောတူနိုင်သော အချက်များရှာကြ၏။ ကုလားဗမာအဓိကရုဏ်း ကမာရွတ်တွင် (အထူးသဖြင့်

ကျွန်တော်တို့နေသော ရပ်ကွက်တွင်) မဖြစ်စေရန်၊ ကုလားကိုစပြီး မချရန်၊ ကုလားကစပြီး ချလာလျှင်ကား
ခုခံချဖို့ အဆင်သင့်ဖြစ်နေရန်၊ ညဘက်တွင် ရပ်ကွက်မှာ အလှည့်ကျကင်းချ၍ ကိုယ့်အိမ် ကိုယ့်ရပ်ကွက်ထဲမှာသာနေရန် စသည်တို့ဖြစ်လေသည်။
အိပ်ရာဝင်ခါနီးတွင် ဒိုင်ယာရီကိုလှန်လိုက်သည်။ ထိုနေ့မှာ ၁၉၃၈ခုနှစ်၊ ဇူလိုင်လ ၂၆ရက်ဖြစ်လေသတည်း။
၁၃
ကျွန်တော်ကယ်ဆယ်ခဲ့သော မမြမို
နောက်တစ်နေ့နံနက်ရောက်သောအခါ ကျွန်တော်သည် တွေဝေနေပြန်၏။
အစတွင် သမဂ္ဂအဆောက်အအုံတွင် စုဝေးကြမည့် တပ်ထွက်အစည်းအဝေးသို့ မသွားတော့ဟု ဆုံးဖြတ်သည်။
"မြို့ထဲထွက်ပြီး ကုလားတွေသွားချမယ်"၊ "အမျိုးအတွက် သတ္တိပြချင်သူတွေလာကြ၊ ဘာသာစော်ကားသူတွေကို
ကလဲ့စားချေကြ "စသော အသံမျိုးကို မကြားလိုတော့ချေ။
သို့ရာတွင် ထိုဆုံးဖြတ်ချက်ကား မခိုင်မာချေ။ ကိုယ့်ကျောင်းသားတွေ ဘယ်လိုဖြစ်ကုန်ကြမလဲဟု
သိချင်သေးသည်။ အများလုပ်သလို လိုက်လုပ်တာပဲ မှန်လေမည်လားဟု ထင်မိလေသည်။
သို့ဖြင့် သမဂ္ဂအဆောက်အအုံသို့ ရောက်လာခဲ့သည်။ သွေးဆူနေသော ကျောင်းသားတပ်ကြီးကို တွေ့ရသည်။
အချို့မှာ သံခုတင်တိုင်များကိုလည်းကောင်း၊ အချို့မှာ ဝါးရင်းတုတ်များကိုလည်းကောင်း၊ အချို့မှာ
ဓားများကိုလည်းကောင်း၊ ကိုင်ဆောင်လာကြသည်။ ကျောင်းသားတပ်ကြီးသည် သမဂ္ဂတံခါးဝ၌
ရပ်လျက်နေလေသည်။
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ
ကိုဘဟိန်းတို့လည်း ရောက်ရှိလာကြသည်။ နည်းပြဆရာ ကိုကျော်ငြိမ်းနှင့် ကိုသာလှတို့လည်း
လာရောက်ကြသည်။ အခြားကျောင်းသားခေါင်းဆောင်များကိုလည်း တွေ့ရလေသည်။ ကျွန်တော်သည် ကုလား–
ဗမာအဓိကရုဏ်း စလျှင်စချင်း သူတို့ကိုလိုက်ရှာ၏။ မတွေ့ခဲ့ရ။ သူတို့ကို ခုမှမြင်ရတော့သည်။ သူတို့လည်း
အဓိကရုဏ်းစိတ် ပြင်းထန်နေသော ကျောင်းသား များကို မထိန်းနိုင်သဖြင့် ရှောင်နေခဲ့ကြသလောဟုပင်
တွေးထင်မိလေသည်။

ကိုထွန်းရှိန် ကျွန်တော့်အနီးသို့ ရောက်လာသည်။ ထိုအခါ ကျွန်တော်က–
“ကျောင်းသားတွေ ခုလိုတပ်ချီပြီး မြို့ထဲကကုလားတွေကို သွားရိုက်မှာ
အဓိကရုဏ်းထဲပါဝင်ကြမှာ
ကျွန်တော်မကြိုက်ဘူး”
“ကိုယ့်လူစိတ်မပူပါနဲ့၊ ကျောင်းသားတွေအဓိကရုဏ်းထဲပါမသွားအောင် ကိုအောင်ဆန်းတို့၊
ကိုဘဟိန်းတို့က
စီစဉ်ထားပါတယ်”ဟု ကိုထွန်းရှိန်က ပြုံးစေ့စေ့ မျက်နှာဖြင့် ပြောလေသည်။ ကျွန်တော်က
“ဘယ်လိုစီစဉ်ထားသလဲ”ဟု မမေးနိုင်ခင်ပင် သူထွက်သွားလေသည်။ ဤလို သွေးဆူနေသော
ကျောင်းသားအုပ်ကို
ဘယ်လိုအစီစဉ်ဖြင့်အဓိကရုဏ်းက လမ်းလွှဲပေးနိုင်မည်နည်း။ ကျွန်တော်အံ့သြနေသည်။
ဖြုန်းဆို ကားတစ်စီးဆိုက်ရောက်လာသည်။ ကားပေါ်မှ နန်းရင်းဝန် ဒေါက်တာဘမော်
ဆင်းလာ၏။ ထိုစဉ်က
ဒေါက်တာဘမော်သည် နန်းရင်းဝန်နှင့်မတူ ကောင်းဘွိုင်ဇာတ်ကားထဲက ဇာတ်လိုက်နှင့်
ခပ်ဆင်ဆင်တူသည်။
သက္ကလပ်ဘောင်းဘီအပြာ၊ ကာကီအင်္ကျီလက်တိုနှင့် သံပရာခွံဓားမဦးထုပ်တို့ကို ဝတ်ဆင်ပြီး
ခြောက်လုံးပြူးခါးကြားထိုးထားလေသည်။
သူ့ကိုမြင်သောအခါ ကျောင်းသားထုမှာ အံ့သြသွားကြလေသည်။
ဒေါက်တာဘမော်က–
“နေကြပါဦး၊ နေကြပါဦး။ ကျုပ်တောင်းပန်ပါရစေဦး။ အခု ဘာလုပ်ကြမလို့လဲ”
“မြို့ထဲထွက်ပြီး ကုလားတွေကိုချမလို့”
ဒေါက်တာဘမော်သည် ကျောင်းသားတို့သဘောကို အကဲခတ်မိသည်။ ဘယ်အညာကို
ကိုင်လှုပ်ရမည်ကိုလည်း
နားလည်ထားဟန်ရှိသည်။ ထို့ကြောင့်–
“ခင်ဗျားတို့ဟာ အင်မတန် အဖိုးတန်တဲ့ ပညာတတ် တက္ကသိုလ်ကျောင်းသား တွေပါ။
ဗမာပြည်ရဲ့အနာဂတ်ကိုဖန်တီးမယ့် တိုင်းပြည်ရဲ့ အညွန့်အညောက်နဲ့တူတဲ့
တက္ကသိုလ်ကျောင်းသားတွေပါ။
ဘာပြုလို့ ဒီလိုအဖိုးတန်တဲ့အသက်ကို ခုလိုအရေးမှာ ဆုံးရှုံးရမှာလဲ”
ကျောင်းသားတို့ကို မြှောက်ပင့်ပြီး ချော့မော့လိုက်သည်။
“ခင်ဗျားတို့ရဲ့ အဖိုးတန်တဲ့ အသက်ကို ဒီဘာမဟုတ်တဲ့ အရေးမှာမလဲပါနဲ့။ နောက်ကို
တိုင်းပြည်အတွက်
အများကြီးအကျိုးဆောင်ဖို့ ရှိပါသေးတယ်။ စဉ်းစားကြပါ”
ဒေါက်တာဘမော် ပြောပုံကိုထောက်ခြင်းအားဖြင့် သူသည် သည်နေရာမှာ သည်စကားပြောရန်
အဆင်သင့်ပြင်ထားပြီးဖြစ်သည်ဟု ကျွန်တော်အကဲခတ်မိ၏။ ကျောင်းသား
တပ်သားအများကား

ငြိမ်ဆင်းသွားလေပြီ။ သို့ရာတွင် အချို့အမျိုးသားစိတ် ဘာသာရေး
စိတ်မွှန်ထူနေသူတွေရှိသေး၏။
သူတို့ထဲမှတစ်ယောက်က–
"ကုလားရပ်ကွက်မှာရှိတဲ့ ဗမာတွေ ဘယ်လောက်သေကုန်ပြီဆိုတာ သိသလား၊ ကျွန်တော်တို့ မခံနိုင်ဘူး။
သွားချမယ် လာကြဟေ့၊ ထွက်ချမယ်"
"ထွက်မယ်၊ ချမယ်"ဟူသော ညာသံပေးသံများနှင့် ပဲ့တင်သံများပေါ်ထွက်လာ ကာ
လှုပ်လှုပ်ရွရွဖြစ်
လာပြန်လေသည်။ ဒေါက်တာဘမော်အနီးတွင် ကိုအောင်ဆန်း ကိုဘဟိန်းစသော
ကျောင်းသားခေါင်းဆောင်များရပ်နေကြလေသည်။ ဒေါက်တာဘမော်ကား ဤကိစ္စတွင်
ခေါင်းအေးအေးပင်ထားဟန်တူ၏။
"နေကြပါဦး ကျုပ်တောင်းပန်ပါရစေ။ ခင်ဗျားတို့လိုချင်တာ ကျုပ်ဘာမဆို လုပ်ပေးပါ့မယ်။
ကျုပ်ကိုပြောပြပါ။
ကုလားရပ်ကွက်မှာရှိတဲ့ ဗမာတွေကို ကယ်ဆယ်ဖို့ ကျုပ်လုပ်ပေးပါ့မယ်။ ပြောပါ ပြောပါ
လိုချင်တာကို ပြောပါ"
နောက်ဆုံးတွင် မြို့ထဲထွက်ချရန်ဟူသော အကြံလုံးဝပျက်သွားလေသည်။
ကျောင်းသားများသည်
ကုလားရပ်ကွက်ထဲမှာ အသက်ကို ဖက်နှင့်ထုပ်၍ ဆင်းရဲကျပ်တည်းစွာနေရသော ဗမာများကို
ကယ်ဆယ်ရန်သဘောကျကြလေသည်။ များသောအားဖြင့် ကုလားဗမာအဓိကရုဏ်းသည်
မကောင်းမှန်းသိကြ၏။
သို့ရာတွင် ကုလားသွားချရာမှ မျိုးချစ်တာဝန်ကျေပွန်မည်ဟု ယူဆထားလိုက်ကြသဖြင့်
ယခုလို တပ်ထွက်ရန်
စီစဉ်ခဲ့ကြခြင်းဖြစ်လေသည်။ ဒေါက်တာဘမော်က ဆက်၍–
"အခု ဗမာရပ်ကွက်မှာရှိတဲ့ ကုလားတွေကယ်ဖို့ရာ ကုလားလူကြီးတွေကသာ လုပ်နေတယ်၊
ကုလားရပ်ကွက်မှာရှိတဲ့ ဗမာတွေကို ကယ်ဆယ်ဖို့ရာကျတော့ ဗမာလူကြီးတွေ
သတိမရကြဘူး။ အခု
တက္ကသိုလ်ကျောင်းသားတွေက လုပ်မယ်ဆိုတာ ကျုပ်အများကြီးဝမ်းသာတယ်"
ကျွန်တော်သည် များစွာစိတ်သက်သာရာ ရသွားပေသည်။ အဓိကရုဏ်းဆီသို့ ဦးတည်နေသော
ကျောင်းသားထုကို
အဓိကရုဏ်းမှ လမ်းလွှဲပေးလိုက်သော "ကုလားကြားမှ ဗမာများကိုကယ်ဆယ်ရေးလုပ်ငန်း"ကို
စိတ်ရောကိုယ်ပါ
ထောက်ခံ လေသည်။ ဤလည်း မျိုးချစ်တာဝန်ကျေပွန်နိုင်သော လုပ်ငန်းဖြစ်သည်။
ဤလုပ်ငန်းသည်
အဓိကရုဏ်းကို တိုက်ရိုက်ဆန့်ကျင်သော လုပ်ငန်းမဟုတ်သော် လည်း
အဓိကရုဏ်းမပွံ့နှံ့အောင်

လုပ်သောလုပ်ငန်း၊ အရှိန်သွက်နေသော အဓိကရုဏ်းကို အရှိန်သတ်လိုက်သော လုပ်ငန်းဖြစ်သည်။
ထိုကယ်ဆယ်ရေးလုပ်ငန်းတွင် ကျောင်းသားအများအပြား ပါဝင်ဆောင်ရွက်ကြ လေသည်။ ကျွန်တော်လည်း
အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေး၏။
ထိုကုလားရပ်ကွက်များမှ ဗမာအချို့သည်ကား ဆိုင်ရာပုလိပ်ဌာန အကူအညီဖြင့် ရွှေ့ပြောင်းပြီးနှင့်ကြလေပြီ။
ကျွန်တော်တို့သည် ပုလိပ်များနှင့် ပူးပေါင်းကာ ဗမာအိမ်များ ရှာဖွေ၍လိုသောအကူအညီကိုပေးကြသည်။
ပြောင်းရွှေ့လိုသောသူများကို ပြောင်းရွှေ့ပေးကြ၏။ ပြောင်းရွှေ့နေထိုင်ရန် အိမ်အခက်အခဲတွေ့သူအချို့ကို
တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံသို့ ခဏပြောင်းရွှေ့ပေးထားကြလေသည်။
အချို့ဗမာများမှာ ကုလားရပ်ကွက်အတွင်းမှာနေရသော်လည်း မပြောင်းရွှေ့ လိုကြချေ။ အကြောင်းမူကား
အိမ်နီးချင်းမွတ်စလင်ကုလားများကပင် အကာကွယ် ပေးပြီး သွေးစည်းနေကြသောကြောင့်တည်း။ သူတို့သည်
အဓိကရုဏ်း၏ ပုတ်ခတ်ခြင်းတွင် မနစ်မြုပ်ဘဲ သင့်မြတ်စွာနေနိုင်ခြင်းအတွက် ချီးကျူးဖွယ်ပင်ဖြစ်လေ သည်။
ထိုဗမာများသည် အိမ်အောက်ဆင်းဖို့မလို။ အလုပ်ထွက်လုပ်စရာကား အလုပ်တွေပိတ်နေသဖြင့် မသွားနိုင်။
ဝယ်ခြမ်းလိုလျှင် အိမ်နီးချင်း မွတ်စလင်ကုလားများကပင် ဝယ်ပေးသည်။ ကုလားလူဆိုးများသည် ဗမာအိမ်များကို
ရှာဖွေပြီး မွှေလှေ့ရှိရာ ကုလားအိမ်နီးချင်းများကပင် ကာကွယ်ပေးလေသည်။ ၂၉လမ်း အိမ်တစ်အိမ်မှ
ဗမာမိသားစုကို ကယ်ဆယ်ရန် သွားပြောကြသောအခါ အိမ်နီးချင်း ကျုလယာကုလားများက ၄င်းတို့ကို
ရွှေ့ဖို့မလိုကြောင်း၊ သူတို့အစစအရာရာစောင့် ရှောက်နေကြောင်း၊ ရေကြည်တစ်ပေါက် မစဉ်စေရမည့် အကြောင်း
ကျွန်တော်တို့ အားပြောပြလေသည်။ ထိုမိသားစုကလည်း ပြောင်းဖို့မလိုကြောင်း၊ ထိုကျုလယာကုလားများ၏
လက်တွင်သူတို့လုံခြုံပါကြောင်း ပြောပြကြ၏။ အိမ်နီးချင်း ကျုလယာကုလားကြီးက–
“ဆရာလေးတို့ရယ် စိတ်ချပါ၊ ကျုပ်တို့လူကောင်းတွေပါ။ အဓိကရုဏ်းဆိုတာ ကုလားလူဆိုး၊
ဗမာလူဆိုးတွေကသာ လုပ်တာပါ၊ ကျုပ်တို့က လူကောင်းတွေပါ”ဟု ဆိုပြီး သူ့မိတ်ဆွေဗမာအား
လှမ်းကြည့်လိုက်သည်။ ထိုမိတ်ဆွေက “ဟ

တ်ပါတယ် လူကောင်းတွေပါ၊ လူဆိုးတွေကသာ အဓိကရုဏ်းလုပ်တာပါ”
ဤစကားများမှာ ကျွန်တော်တို့နှင့်ပါလာသော အဓိကရုဏ်းသွေးကြွခဲ့ဖူးသော ဗမာကျောင်းသားများအဖို့
သင်ခန်းစာသဖွယ်ဖြစ်သွားလေသည်။
တစ်ကြိမ်တွင်ကား ကျွန်တော်တို့သည် မောင်ထော်လမ်း (ဗိုလ်ဆွန်ပက်လမ်း)တွင် ဗမာအိမ်တစ်အိမ်ရှိသည်ဆိုသဖြင့် ဝင်ကြ၏။ အိမ်ရှင်များမှာ မဂိုလမ်း (ရွှေဘုံသာလမ်း)တွင် ဝင်းကုမ္ပဏီပိုင်ရှင်
ဦးထွန်းဝင်းနှင့်မမြမှီတို့ဖြစ်သည်ဟု သိရ၏။ ကျွန်တော်သည် သူတို့နာမည်မှတစ်ပါး ဘာမျှအပိုသိထားသည်
မရှိချေ။ အိမ်ထဲသို့ရောက်သွားသောအခါ အတော်ခမ်းနားစွာနေထိုင်ကြသည်ကို တွေ့ရပေသည်။
ကုလားအစေခံကြီးကို ဦးစွာတွေ့ရ၏။ သူသည် မွတ်စလင်ကုလား ဖြစ်ကြောင်း ရုပ်မြင်ရုံနှင့်သိရ၏။
အသက်၅၀ကျော်ဟန်ရှိပြီး အိမ်သူအိမ်သားတစ်ဦး သဖွယ်ပြုမူ၏။
မမြမှီကထွက်၍ ကျွန်တော့်အား ဧည့်ခံပြောဆိုလေသည်။ မမြမှီမှာ အသက်၃၀ လောက်ရှိပေလိမ့်ဦးမည်။
အသားအရေ စိုပြည်ဖြူဝင်း၍ ကိုယ်လုံးကိုယ်ဟန် တောင့်တင်းပြည့်ဖြိုးလှပေသည်။ အအိုနှင့်မတူ၊
အပျိုနှင့်သာတူ၏။ မျက်နှာမှာလည်း လျောက်ပတ်တင့်တယ်သော မျက်နှာဖြစ်ပေ၏။
ကျွန်တော်ကခေါင်းဆောင်၍ ကျွန်တော်တို့လာကြရင်း အကျိုးအကြောင်းကို ပြောပြသောအခါ မမြမှီသည်
ပြုံးပြုံးကလေးစိုက်နားထောင်နေပြီး အစေခံကုလားကြီး သို့–
“မူဆာကြီး ဆပ်ကိုခေါ်ခဲ့”ဟု အမိန့်ပေးလိုက်လေသည်။
၄င်းနောက် ကျွန်တော့်အား “ကျေးဇူးကြီးလှပါတယ် မောင်တို့ရယ်။ အမကြီးတို့မှာ အိမ်နီးချင်းကုလားတွေကလည်းကောင်း၊ မူဆာကြီးကလည်း အစောင့်အရှောက်ကောင်းလို့ ဘေးမသီရန်မခ
နေရပါရဲ့။ သို့ပေမယ့် ဘယ်မှမထွက်ရလို့ မကြီးပျင်းနေတာတစ်ခုပဲခက်တယ်”
ယင်းသို့ပြောနေစဉ် မူဆာကြီးသည် လူမမာတစ်ဦးအား ဘီးတပ်ထားသော ကုလားထိုင်မှာတင်၍
တွန်းခေါ်လာလေသည်။ ထိုသူမှာ အသားအရေသစ်ရွက်ခြောက်လို ဝါခြောက်နေသည်။ အရိုးပေါ်အရေတင်မျှ
ပိန်နေသည်။ အရွယ်မှာ ကြီးသေးဟန်မတူသော်လည်း လူအိုရုပ်ပေါက်နေ၏။ သူ၏အောက်ပိုင်းကို
သက္ကလတ်စောင်ထူထူကြီးဖြင့် ရစ်ပတ်ထား၏။

ဤသူကား ဦးထွန်းပင်ဖြစ်သည်။ ကံတရားသည် ဦးထွန်းဝင်းနှင့် မမြမှီတို့အား ဖက်စပ်ထားခြင်းမှာမတူ
ခြားနားမှုသဘောကို ပေါ်လွင်ထင်ရှားစေရန် ဖြစ်သည်ဟု ထင်ရပေသည်။
"ကိုကို ဟောဒါ ကောလိပ်ကျောင်းက သူငယ်ကလေးတွေ၊ ကုလား–ဗမာ အဓိကရုဏ်းမှာ ကုလားကြားမှာနေရတဲ့
ဗမာတွေကို လိုတဲ့အကူအညီပေးဖို့နဲ့ ရွှေ့ချင်ရင်ရွှေ့ပေးဖို့ လာကြတယ်"
ဦးထွန်းဝင်းက ကျွန်တော်တို့အား စေ့စေ့ကြည့်ပြီး သဲ့သဲ့ပြုံးလိုက်သည်။ မှိန်နေသော မျက်လုံးများသည်
အရောင်တောက်လာပေ၏။
"မြကတော့ ဒီမှာ ဘေးအန္တရာယ်မရှိတဲ့အကြောင်း ပြောထားတယ်"
(ကျွန်တော်တို့ဘက်သို့လှည့်၍) "အဟုတ်ပါပဲ၊
မူဆာကြီးကလည်း စိတ်ချရတယ်။ အိမ်နီးနားချင်းတွေကလည်း စိတ်ချရတယ်။ သို့ပေမယ့် အမကြီးပျင်းနေတာတစ်ခုပဲ ခက်တာ"
ကျွန်တော်သည် ဦးထွန်းဝင်းနှင့် မမြမှီတို့အား တစ်လှည့်စီကြည့်ပြီး မတူခြားနားမှုများကို တစ်ခုပြီးတစ်ခုတစ်ကွက်ပြီးတစ်ကွက် မှတ်သားနေမိလေသည်။
ဦးထွန်းဝင်းက ကြင်နာထောက်ထားသော အမူအရာဖြင့် ဇနီးအားကြည့်လိုက်ပြီး လေသံဖြင့်–
"မြ အပျင်းပြေပြည်လမ်း သိန်းသိန်းတို့အိမ် ခဏပြောင်းနေပါလားကွယ်"
မမြမှီသည် ညှိုးငယ်စွာဖြင့် ဦးထွန်းဝင်းအားကြည့်ပြီး–
"ဘယ့်နှယ်လုပ်ပြီး ကိုကို့ ထားပစ်ခဲ့လို့ဖြစ်မလဲ" (ကျွန်တော်တို့ဘက်သို့) "အကိုကြီးက ကိုယ်တစ်ပိုင်းပယ်ရယ်လိုက်ဆစ်ဖြစ်နေတယ် မောင်လေးတို့ရဲ့၊ နှစ်နှစ်ရှိ တော့မယ်။ မထနိုင်ဘူး။ အခု
ကုမ္ပဏီအလုပ်ကိုအမကြီးပဲ လုပ်နေရတယ်။ အမကြီးက အပြင်ထွက်သမား၊ ဒီတော့ အခု အလုပ်ပိတ်ထားရပြီး
ခြေချုပ်မိနေလို့ ပျင်းတာပါကွယ်။ ဒါပေမဲ့ သူ့ထားခဲ့လို့ ဘယ်ဖြစ်မလဲ"
ဦးထွန်းဝင်းက–
"ထားခဲ့လို့ဖြစ်ပါတယ်။ မူဆာကြီးလည်းရှိတယ်။ ကောင်မလေးတွေလည်း ရှိတယ်။ ဟိုဘက်ခန်းက
ကိုအီဘရာဟင်တို့လည်း အားနေတာပဲ။ ဒီဘက် ခဏခဏ လာနေနိုင်တယ်။ မြ အပျင်းပြေလိုက်သွားပါကွယ်"
မူဆာကြီးက ကြားဝင်၍–
"လိုက်သာသွား အမာ၊ ဆပ်ကို စိတ်ချထားခဲ့ပါ။ အမာ အပျင်းပြေလိုက်သွား။ တစ်ပတ်လောက်ကြာရင်
အေးသွားမှာပဲ။ ဒီတော့ပြန်လာခဲ့"
သို့ဖြင့် မမြမှီအား ယာယီအိမ်ပြောင်းပေးရန် စီစဉ်ရလေသည်။ မမြမှီသည် သူ့အသုံးအဆောင်အဝတ်အစားများ

ထည့်ထားသော သေတ္တာတစ်လုံးကိုယူ၍ ကျွန်တော်တို့နှင့် လိုက်လာခဲ့လေ၏။
ကားအတက်တွင်
မမြမိ၏သေတ္တာကို ကျွန်တော်ကယူပေးပြီး မမြမိအားတွင် ထိုင်လိုက်လေသည်။ သူသည်
ကျွန်တော့်ထက်
အသက်များစွာကြီး၏။ ကာမပိုင်လင်ရှိမိန်းမလည်းဖြစ်၏။ သို့သော် မမြမိ၏ ပျိုမျစ်မှုနှင့်
အထူးနှစ်လိုစိတ်ညွတ်ဖွယ်သော ရူပါရုံကြောင့် သူ့အနားထိုင်ရရာဝယ် ကျွန်တော်သည်
ရှိုးတိုးရှန့်တန့်၊
ရိုးတိုးရွတဖြစ်မိသေးသည်။ မမြမိအားကြည့်ပြီး ကိုရင်ကြီးဦးဘသန်း၏ မှတ်ကျောက်ဖြင့်
ဟတ္တနီလော၊
စိတ္တရနီလော၊သင်္ခနီလော၊ ပဒုမ္မနီလော အကဲဖြတ်ရန်ကြိုးစားနေမိလေသည်။
မမြမိက သူ့ကို အကဲခတ်နေသော ကျွန်တော့်အား စိုက်ကြည့်တဲ့ပြီး နာမည်နှင့်
အသက်ကိုမေးလိုက်လေသည်။
ယင်းသို့ နာမည်နှင့်အသက်သာမေးပြီး ကျွန်တော်ဘယ်အတန်းစာသင်နေသလဲ
ဘယ်ကျောင်းဆောင်မှာနေသလဲစသော ကျောင်းသားနှင့်ပတ်သက်သော မေးခွန်းများကို
ဆက်မမေးသည့်အတွက်
သို့လော သို့လော တွေးတောနေမိ၏။
ကျွန်တော်တို့သည် မမြမိသွားလိုသော ပြည်လမ်း သိန်းသိန်းအိမ်သို့ လိုက်ပို့ကြရလေသည်။
ပြည်လမ်းပေါ်သို့ရောက်သောအခါ မမြမိက ကျွန်တော့်အား ခသူသွားနေမည့်
သိန်းသိန်းအိမ်သို့လည်းကောင်း၊
အဓိကရုဏ်းအေးလျှင် သူ့ကုမ္ပဏီ တည်ရာဌာန သို့လည်းကောင်း၊
သူ့နေအိမ်သို့လည်းကောင်း၊ လာလည်ပါဟု
အတန်တန် ဖိတ်ကြားလေသည်။ နောင်သူက ကူညီနိုင်သောအရာများရှိက သူ့အားပြောပါ၊
တတ်နိုင်သောဘက်က
ကူပါမည်ဟုလည်း ကတိပေးနေလေသည်။
၁၄
သခင်စိုးနှင့်တွေ့ခြင်း
ရန်ကုန်မြို့၌ ဩဂုတ်လထဲတွင် ကုလားဗမာအဓိကရုဏ်းသည် တော်တော်ပင်
အေးသွားလေသည်။
ဈေးဆိုင်ကနားများ ပြန်ဖွင့်ကြ၏။ မွတ်စလင်ကုလားနှင့် မြန်မာဗုဒ္ဓဘာသာတို့၏
ဆက်သွယ်ရေးမှာ
တင်းမာခက်တရော်နေသေးသော်လည်း တစ်ဖက်နှင့်တစ်ဖက် ရန်မူရန်အားမထုတ်ကြ။
ဟိန္ဒူကုလားများကား
မြန်မာဗုဒ္ဓ ဘာသာတို့နှင့် အလွန်းသင့်စေရန်များအတွက် ဟိန္ဒူ-ဗုဒ္ဓဘာသာဆိုင်ဟူသော
ဆိုင်းဘုတ်ဆွဲတင်ခြင်းကိုလည်းကောင်း၊ ဘုန်းကြီးများအား ဆွမ်းကွမ်းလှူဒါန်းခြင်းကို
လည်းကောင်း၊

တွေ့နိုင်လေသည်။ ကုလားဗမာအဓိကရုဏ်းကို အကြောင်းပြုပြီး ဗမာ ဗမာချင်း ရှိင်းပင်းရေး၊ ဗမာစျေးဆိုင်များတည်ထောင်၍ ဗမာများကာကွယ်ရေးစ သော ဝံသာနုလုပ်ငန်းများ တိုးတက်လာလေသည်။
ကူးသန်းရောင်းဝယ်ရေး၌ ဗမာတို့သည် ကုလားများထက် ရပ်ကွက်တကာမှာလိုလိုပင် သမဝါယမအသင်းဆိုင်များ
ပေါ်ပေါက်လာခဲ့ပေသည်။ အလုံ၊ ကြည့်မြင်တိုင် ရေကျော်စသော ရပ်ကွက်များသာမက စကော့စျေးထဲမှာပင်
ဗမာဆိုင်များနှင့် သမဝါယမအသင်းဆိုင်များ ပေါ်ပေါက်လာခဲ့ပေသည်။ ဤအတောအတွင်း တက္ကသိုလ်သမဝါယမအသင်းသည်လည်း ထိုးထွက်ကြီးပွားလာခဲ့လေသည်။
နယ်များမှာကား အဓိကရုဏ်းများ ဖြစ်ပေါ်နေဆဲဖြစ်၏။ နယ်များမှာ အဓိကရုဏ်းကို စစ်ပုလိပ်တို့၏ သေနတ်ဖြင့်
နှိမ်နင်းပစ်သည်သာများလေသည်။
ဩဂုတ်လ ၂၆ရက်နေ့က ဥပဒေပြုလွှတ်တော်တွင် ညွန့်ပေါင်းအစိုးရအား အယုံအကြည်မရှိ အဆိုသွင်းရာ
နန်းရင်းဝန်ဒေါက်တာဘမော်က "အဓိကရုဏ်းငြိမ် ဝပ်ပိပြားအောင် သင့်လျော်မည်ထင်သလို စီမံရန်
ကျွန်ုပ်အာဏာပေးသည်"ဟု နယ်အရာရှိများအား အမိန့်ထုတ်ထားကြောင်း ဖွင့်ဟပြောလေသည်။
ယင်းသို့သော ပစ်ခတ်မှုများကြောင့် လူ၅၅ယောက်သေ၍ ၁၀၈ယောက်ဒဏ် ရာရရှိလေသည်။ သေသူ
၅၅ယောက်အနက် ဗမာ ၅၂ယောက်နှင့် ကုလား၃ယောက် ဖြစ်လေသည်။
အယုံအကြည်မရှိအဆိုတွင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရသည် ၆၆မဲရရှိ၍ အတိုက်အခံမှာ
၆၁မဲရလေသည်။ အစိုးရကို ထောက်ခံသူတို့အနက် ကုလား၁၂မဲနှင့် အင်္ဂလိပ် ၉မဲပါလေသည်။ အဓိကရုဏ်းကို
မဖြစ်မီက မတားဆီးခဲ့ဘဲ ဖြစ်လာသောအခါမှ အရမ်းပစ်ခတ်နှိမ်နင်းသော ညွန့်ပေါင်းအစိုးရ၏ ပေါ်လစီကို
အရ၏အင်္ဂလိပ်နှင့် ကုလားဓနရှင်ကြီးများက ထောက်ခံကြောင်းထင်ရှားပေ၏။
ဩဂုတ်လထဲတွင် အချိန်ရလျှင်ရချင်း မမြင့်ဦးထံသို့သွားတွေ့ကာ အဓိကရုဏ်းတုန်းက ကိုယ်တွေ့အဖြစ်အပျက်များကိုလည်းကောင်း၊ ကြားမြင်ခဲ့သည်များကိုလည်းကောင်း ပြောပြလေသည်။
မမြင့်ဦးမှာကား အဓိကရုဏ်း တစ်ချိန်လုံးအပြင်မထွက်၊ ကျောင်းဆောင်အပြင်သို့ လမ်းလျှောက်ရန်ပင်မထွက်။
အဓိကရုဏ်းဆိုတာ ကြားသာနေရသည်၊ သတင်းစာမှာသာ ဖတ်နေရသည်၊ အဓိကရုဏ်း၏ ဒဏ်ရာဒဏ်ချက်ဆို၍

အဓိကရုဏ်းဖြစ်စက သူ့သူငယ်ချင်းနေ့ကျောင်းသူ မခင်ဆွေသည် ရန်ကုန်မြို့တွင်းရှိ
အိမ်သို့မပြန်နိုင်သဖြင့်
သူ့ခုတင်ပေါ်မှာ ညသိပ်လိုက်ရသည်သာ ရှိခဲ့လေသည်။ ထို့ကြောင့် ကျွန်တော်က
ကိုယ်တွေ့များကို
ပြောပြသောအခါ အထူးစိတ်ဝင်စားစွာ နားထောင်လျက်နေပေသည်။ ကျွန်တော်က
မမြမှီအစရှိသော ကုလားကြားမှ
ဗမာများကို ကယ်ဆယ်ရပုံ ပြောပြသောအခါ ဝိုင်းစက်သော သူ့မျက်လုံးများတွင်
ကျွန်တော့်အား
အံ့သြကြည်ညိုသော အရောင်များ သမ်းနေသည်ဟု ကျွန်တော်ထင်ပေးသည်။
"မမြမှီဆိုတာ သိပ်ချောသလား"
"ဟုတ်တယ် သိပ်ချောတယ်"
"အရွယ်ကလည်း တင်သလား"
"ဟုတ်တယ် တင်တယ်။ ဒီလိုနာတာရှည်ရောဂါသည် လင်နဲ့နေရတာ သူ့ခမျာ
ဝဋ်ဆိုက်နေတာပဲ"ဟု ကျွန်တော်က
သနားကရုဏာစကားများ ပြောလိုက်သောအခါ မမြင့်ဦးကား ပြုံးလိုက်ပြီး–
"သူကတော့ ဒီလိုထင်ချင်မှထင်မှာပေါ့။ သောတ္တိသေနကို သမ္ဘူလပြုစုသလို ပြုစုနေရလို့
ပါရမီဖြည့်နေရတယ်လို့
ထင်ချင်ထင်မှာပေါ့ ဟဲ ဟဲ"
ကျွန်တော်လည်း လိုက်ရယ်လေသည်။ စိတ်ထဲက မမြင့်ဦး၏ သဘောထားကို
ချီးကျူးနေမိလေသည်။
"အားရင် မမြမှီဆီသွားလည်ရအောင်၊ သူက အလည်လာပါလို့ ဖိတ်ထားတယ်"
"တစ်နေ့သွားတာပေါ့၊ နောက် ကျွန်မချိန်းမယ်လေ"
ထိုအတောအတွင်း ကျွန်တော်သည် ဦးဖေတို့ခြံသို့သွားရန်လည်း ဝတ္တရားမပျက်ပါ။
ဒေါ်ငွေကြည်က
ဆီး၍လောကွတ်ကောင်းလိုက်သည်။
"အမယ်လေး အန်တီတို့ဖြင့် စိတ်ပူလိုက်ရတာ၊ အန်တီတူကလေး ကုလားတွေရဲ့ ရန်နဲ့
လွတ်မှလွတ်ပါ့မလားလို့။
အိမ်ကိုလူလွှတ်မေးမယ် လုပ်ပြန်တော့ သွားရဲလာရဲတဲ့ လူကလည်းမရှိ၊ ဒရိုင်ဘာကလည်း
မအားဘူး"
ဦးဖေက–
"အိုင်ဆေး ကောလိပ်ကျောင်းသားတွေ တပ်ထွက်ပြီး ရန်ကုန်ထဲ ကုလားတွေ
ချဖို့သွားတုန်းက
မောင်ပါသေးသလား"
ထိုအခါ ကျွန်တော်သည် အဓိကရုဏ်းအတွင်းက ကိုယ်တွေ့အဖြစ်အပျက်များ၊
ကြားရမြင်ရသမျှများကို

ပြောပြရပြန်လေသည်။ ဦးဖေတို့ ဇနီးမောင်နှံ၊ ဝင်နီတို့ညီအစ်မ သာမက
အခြားအိမ်သူအိမ်သားများပါ
စုဝေးလာရောက်၍ နားထောင်ကြလေကုန်သည်။ ကျွန်တော်ပြောအပြီးတွင် ဦးဖေက–
"အိုင်ဆေး ကိုယ်တော့ ကုလား–ဗမာအဓိကရုဏ်းအတွင်းမှာ သည့်ပြင်ဟာဘာမှ
ဝမ်းမနည်းဘူး။ မဂိုလမ်းသွားပြီး
ပရာတာနဲ့ခဘတ် မစားနိုင်တာဘဲ ဝမ်းနည်းတယ်။ သောက်ကျိုးနည်း ဆိတ်သားမှာတော့
မွတ်စလင်ကုလားတွေကို
ဘယ်သူမှ မမီဘူးဟေ့"
ဒေါ်ငွေးကြည်က ပြုံးလိုက်လေသည်။
"မင်းအန်ကယ်လ်ကတော့ အစားပဲတွေးနေတာကွယ်။ အန်တီတို့မှာဖြင့် ပူစရာ အမျိုးမျိုး
ကိုယ့်အိမ်သူသားတွေ
အတွက်သာမကဘူး၊ ကိုယ့်တူတွေ၊ ဆွေမျိုးတွေ မိတ်ဆွေတွေအတွက်လည်း ပူရတာပဲ။
ဘယ်မှာအစားတွက်
ပူနေနိုင်ပါ့မလဲ"
အော်–ဦးဖေနှင့်ဒေါ်ငွေးကြည် ဖက်ပဲဖက်မိသေးတာ။ ဦးဖေက အစား၊ ဒေါ်ငွေးကြည်ကစကား။
ကျွန်တော်သည်
သူတို့နှစ်ဦးအား တစ်လှည့်စီကြည့်ကာ ငြိမ်နေလိုက်လေသည်။
စက်တင်ဘာလ ၁၂ ရက်နေ့ကစပြီး ရန်ကုန်မြို့၌ ကုလား–ဗမာအဓိကရုဏ်း
အသစ်တစ်ဖန်ဖြစ်ပွားလာပြန်လေသည်။ ကျွန်တော်တို့ ဗမာများဘက်မှ ကြားရသည်ကား
ကုလားများအလွန်ချည်းသာတည်း။ ကုလားများက မော်တော်ဘတ်စ် ကားများကို
ခဲနှင့်ဆီးပေါက်သည်ဟုလည်းကောင်း၊ ၂၄လမ်းထိပ်တွင် ကျူလယာကုလားများက
ဗမာတစ်ယောက်ကို
လှံနှင့်ထိုးသတ်လိုက်သည်ဟုလည်းကောင်း ကြားရလေသည်။
သို့သော် ဤအကြိမ်တွင် အဓိကရုဏ်းသည် များစွာကြီးထွားပြန့်ပွားခြင်း မဖြစ်နိုင်တော့ချေ။
အကြောင်းမူကား
တို့ဗမာအစည်းအရုံးခေါင်းဆောင်မှုဖြင့် မျိုးချစ်လူငယ်အပေါင်းသည် အဓိကရုဏ်းကို
စနစ်တကျဆန့်ကျင်လာကြသော ကြောင့်တည်း။
စက်တင်ဘာလဆန်းစ တစ်နေ့သော် ကျွန်တော်သည် စကော့ဈေးရှိ မြန်မာပိုင်
ဆန်းကဖေးတွင်
မိတ်ဆွေကိုအေးငွေနှင့်တကွ လက်ဖက်ရည်သောက်လျက် နေလေသည်။
ကျွန်တော်တို့ထိုင်ကြသော စားပွဲမှာ
အခန်းလေးများ၏ အပြင်ဘက်တွင်ဖြစ်သည်။ ကျွန်တော်တို့စားပွဲနှင့်
ဘေးတိုက်စားပွဲတစ်ခုတွင်
အသားအရေခပ်ပြည့်ပြည့်၊ ဗလကောင်းကောင်းနှင့်လူတစ်ယောက်သည် ထိုင်၍စားပွဲပေါ်မှာ

စာအုပ်ကြီးတစ်အုပ်ဖွင့်ချကာ စာဖတ်နေသည်။ သူ့ဗိုလ်ကေမှာ ခပ်တိုတိုဖြစ်၏။
မျက်နှာမှာနီစပ်စပ်ဖြစ်၏။
သူသည်တစ်စုံတစ်ရာစားရန် မှာထားဟန်ရှိ၏။ စားပွဲထိုးကုလားက သူ့ရှေ့သို့ ကြက်သွန်နှင့်
သခွားသီးပန်းကန်တစ်ခု လာချလေသည်။ သူသည် ပန်းကန်ထဲသို့ ငံပြာရည်လောင်း
ထည့်ပြီးနောက်
ခရမ်းချဉ်သီးဆော့စ်ကို လောင်းထည့်၏ ခရမ်းချဉ်သီးဆော့စ်မှာ နည်းနေသဖြင့်
အသစ်ပုလင်းယူခဲ့ရန်
တောင်းလေသည်။ ထိုအခါ စားပွဲထိုးက အင်တင်တင်လုပ်နေရာ ဆိုင်ရှင်ဦးထွန်းရင်ကိုယ်တိုင်
ဆော့စ်ပုလင်းသစ်ကို
ယူလာပြီး ပေးလေသည်။ သို့ကလို ဦးထွန်းရင်ကိုယ်တိုင်က အရေးတယူ
ဆော့စ်ပုလင်းလာပေး သောကြောင့်
ကျွန်တော်တို့သည် ထိုသူ့အားပို၍ဂရုစိုက်ကာ ကြည့်နေမိလေသည်။
ထိုသူသည် ပန်းကန်ထဲသို့ ခရမ်းချဉ်သီးဆော့စ်များကို ခပ်များများလောင်းထည့်
ပြီးနောက်ကြက်သွန်၊
သခွားသီးများကို ခက်ရင်းနှင့် မွှေပြီးသည်အတိုင်းစားနေလေသည်။ စားရင်းစာအုပ်ကို
သဲသဲမဲမဲဖတ်နေလေသည်။
သူ့ကိုကြည့်ရင်း သူဟာ ဘယ်သူများဖြစ်ပါလိမ့်ဟု တွေးနေမိလေသည်။
ကြက်သွန်တစ်ပန်းကန်ကုန်သွားသောအခါ
တက်ဘုန်းကြီးကိုသိန်းဖေရောက်လာပြီး သူ့ဆီကို တန်းသွားလေသည်။ ကိုသိန်းဖေသည်
သူနှင့်မျက်နှာချင်းဆိုင်၍
ထိုင်လိုက်လေရာ ကျွန်တော်တို့ကို မြင်သွားလေသည်။
"ဟလို ကိုတင်ထွန်းတို့ပါလား၊ ဒီကိုလာပါရဲဘော်၊ စကားပြောရအောင်"
ကျွန်တော်တို့နှစ်ယောက်သည် သူတို့စားပွဲသို့ ကူးသွားကြလေသည်။ ထိုအခါ
ကိုသိန်းဖေက–
"ဒါက သခင်စိုးလေ တွေ့ဖူးပြီလား၊ သခင်စိုး ဟောဒါကောလိပ်ကျောင်းသား
ကိုတင်ထွန်းတဲ့၊ ဘယ်သူတဲ့
ရဲဘော်နာမည်၊ ဆောရီးဗျာ မေ့နေလို့"
"အေးငွေ"
ကျွန်တော်တို့မှာ သခင်စိုး၏ အကြောင်းကို ကြားဖူးနေလေပြီ။ သူ၏စာအချို့ ကိုပင်
ဖတ်ဖူးနေလေပြီ။ ထို့ကြောင့်
'မှာထား အလားသင့်'ဆိုသလို တွေ့ရသဖြင့် ဝမ်းသာကြပေသည်။
စားပွဲထိုးက ဆိတ်သားချော့ပ်လာချသည်။ သခင်စိုးက ကြက်သွန်ထပ်တောင်းပြီးနောက်
ကျွန်တော်တို့ဘက်သို့–
"ခင်ဗျားတို့ကောလိပ်ကျောင်းသားတွေ တပ်ဖွဲ့ပြီး မြို့ထဲကုလားတွေကို ထွက်ချဖို့
လုပ်နေတုန်းက ခင်ဗျားတို့

ပါသေးသလား”ဟု ကောက်မေးလိုက်သည်။
“ ဟုတ်ကဲ့ ထွက်ချဖို့ လိုက်မယ်လို့တော့ မရည်ရွယ်ပါဘူး။ တပ်စုတဲ့နေရာ ကိုတော့ ရောက်သွားပါသေးတယ်”
“အေးဗျာ ကောလိပ်ကျောင်းသားတွေ ခွေးဇာတ်မခင်းမိတာ တော်သေးတာ ပေါ့။ ဒီမှာ လူမျိုးရေးအဓိကရုဏ်းတို့၊
ဘာသာရေးအဓိကရုဏ်းတို့ဆိုတာ နိုင်ငံချဲ့ခနရှင်ကြီးတွေ့ရဲ့ အဆိပ်ဖြေဆေးပဲဗျ။ တစ်နည်းပြောရရင်
ဘွိုင်လာကြီးမပေါက်ကွဲရအောင် ထားရတဲ့ ဆေ့ဖ်တီးဗဲလ်တ်ပဲဗျ”
ကျွန်တော်တို့က ဘာမျှပြန်မပြောဘဲ သူ့အပြောကိုသာ နားစွင့်နေကြသည်။ သူသည် ဆိတ်သားကိုကိုက်ဖဲ့စားပြီးနောက် ဆက်ပြန်လေသည်။
“ရေနံမြေပစ္စည်းမဲ့ အလုပ်သမားတွေက အင်္ဂလိပ်ခနရှင်ကြီးတွေကို သပိတ်မှောက်ပြီး တိုက်နေကြတယ်။
တောင်သူလယ်သမားတွေက သီးစားခ၊ အတိုး၊ မြေခွန်တော် တိုက်ပွဲတွေ ဆင်နေကြတယ်။ တို့ဗမာအစည်းအရုံးကြီးက ဒီတိုက်ပွဲတွေ ခေါင်းဆောင်ပြီး နိုင်ငံချဲ့စနစ်လက်အောက်က လွတ်အောင်တိုက်နေကြတယ်။ ဒီလို အင်္ဂလိပ်ခနရှင်ကြီးတွေကို ဝိုင်းတိုက်နေကြတဲ့အခါမှာ ခနရှင်ကြီးတွေဟာ
ကျုပ်တို့ရဲ့ အာရုံတွေလမ်းပြောင်း သွားအောင် ကုလား–ဗမာအဓိကရုဏ်းကို ဖန်တီးပေးတာပဲ။ ကုလားလည်း
အင်္ဂလိပ်ကျွန်၊ ဗမာလည်း အင်္ဂလိပ်ကျွန်ပဲ။ ကျွန်–ကျွန်ချင်း ခက်စောင်းခုတ်နေမှ အင်္ဂလိပ်ဟာ ဆက်ပြီး
အုပ်စိုးသွားနိုင်မှာကိုးဗျ။ ဟုတ်တယ် မဟုတ်လား ကိုသန်းဖေ”
သူသည် ကိုသိန်းဖေအား သို့ကလိုမေးလိုက်ခြင်းမှာ သူ့ကိုထောက်ခံရန် လူရှာခြင်း ဖြစ်သည်သာမက
ကိုသိန်းဖေပါ ဝင်စကားပြောအောင် ဖိတ်လိုက်ခြင်းဖြစ် ဟန်တူသည်။ ကိုသိန်းဖေအား ဝင်ပြောစေပြီး
သူကားဆိတ်သားများကို ကိုက်ဖဲ့စား သောက်နေလေသည်။
ကိုသိန်းဖေက အင်္ဂလိပ်တို့သည် ကုလားတွေကိုသွင်းလာပုံနှင့် အင်္ဂလိပ်လုပ်ထားသော လူဝင်လူထွက်ဥပဒေအကြောင်းကိုပြောနေလေသည်။ သခင်စိုး၏
ဆိတ်သားပန်းကန်ကုန်လေပြီ။
ဆိတ်သားကုန်တော့မှာ သူမှာထားသော ကြက်သွန်ပနန်းကန်ရောက်လာလေသည်။ သူသည် ကြက်သွန်ပန်းကန်ထဲသို့ ယခင်နည်းတူ ငံပြာရည်နှင့် ခရမ်းချဥ်သီးဆော့စ်တို့ကို လောင်းထည့်ပြီး
သည်အတိုင်းစားနေပြန်လေသည်။ သူစားစဉ် ကိုသိန်းဖေက စကားဆက်ပြောနေပေ၏။
“ကုလား–ဗမာအဓိကရုဏ်းဖြစ်လာတော့ ဘယ့်လောက်ပစ္စည်းတွေ ပျက်စီးဆုံးရှုံးသလဲကြည့်။

ဘယ့်လောက်လူတွေသေသလဲကြည့်။ ခုထိအဓိကရုဏ်းမှာ လူ၁၆၅ယောက်သေညပီး ဒဏ်ရာရသူ ၈၁၈ယောက်
ဖြစ်တယ်။ ဒါဟာ စာရင်းကောက် ရသလောက်ဖြစ်တယ်။ အစိုးရက
ဘယ်သူ့နာနာနှိပ်စက်သလဲ ကြည့်ဦး။
အဓိကရုဏ်း အကြောင်းပြုပြီး သခင်တွေအများကြီးကို ဖမ်းတယ်။ ဘိုကလေးက
တို့ဗမာအစည်းအရုံး
အတွင်းရေးမှူး သခင်ရှိန်အဖမ်းခံရတာ ကြည့်ပါလား”
ကိုသိန်းဖေက လက်ဖက်ရည်သောက်နေသည်။ သခင်စိုးက ပြောပြန်လေသည်။
“အချုပ်မှာတော့ ဓနရှင်စနစ်ရှိနေရင် လူမျိုးရေးအဓိကရုဏ်းတို့
ဘာသာရေးအဓိကရုဏ်းတို့ဆိုတာ ရှိမှာပဲ။
ဘာဖြစ်လို့လဲဆိုတော့ ဓနရှင်စနစ်ဆန့်ကျင် တိုက်ဖျက်ကြတဲ့ ပစ္စည်းမဲ့များ၊
အလုပ်သမားများ၊
ဆင်းရဲသားများကိုလမ်းလွဲရောက်အောင် တမင်ဖန်တီးပေးရတယ်။ သွေးခွဲပေးရတယ်။ ဒီတော့ ကျုပ်တို့က
သွေးခွဲမခံဖို့ အရေးကြီးတယ်။ လမ်းလွဲမရောက်ဖို့ အရေးကြီးတယ်။ ဦးလည်မသုန်
ဓနရှင်စနစ်ကို
အမြစ်ပါဖြုတ်ပစ်ဖို့သာလိုတယ်။ ဒါမှ လူမျိုးရေးအဓိကရုဏ်းတွေ ဘာတွေ
ချုပ်ငြိမ်းပပျောက်သွားမှာပဲ”
ထိုအတွင်း သူငယ်တစ်ယောက်ဝင်လာပြီး သခင်စိုးနှင့် ကိုသိန်းဖေတို့အား ကိုနုက
အခေါ်လွှတ်သည်ဟု
ပြောလေသည်။
သူတို့သည် ခပ်မြန်မြန်စားသောက်ကြသည်။ သခင်စိုးက သူ့စာအုပ်ထဲတွင် ညှပ်ထားသော
တို့ဗမာအစည်းအရုံးမှ
ထုတ်ပြန်ကြေညာသည့် ကုလားဗမာတို့သည် အဓိကရုဏ်းကိုရှောင်ရှား၍
သင့်မြတ်စွာနေကြရန်နှင့်
နယ်ချဲ့အင်္ဂလိပ်ကို ညီညွတ်စွာ တိုက်ထုတ်ရန် စာတမ်းအချို့ကို ကျွန်တော်တို့အား
ပေးလေသည်။ ကိုသိန်းဖေကမူ
နဂါးနီစာအုပ်အသင်း ကြော်ငြာစာရွက်များနှင့် အသင်းဝင်ပုံစံများကို ပေးလေသည်။
ထို့နောက်သူတို့သည်
ဆန်းကဖေးအနီးတွင် တည်ရှိသော နဂါးနီစာအုပ်အသင်းတိုက်ထဲသို့ ဝင်သွားကြလေသည်။
ကိုနုကား ‘နဂါးနီ’
စာအုပ်အသင်းကိုတည်ထောင်ပြီး ကိုယ်တိုင် ဦးစီးလုပ်ကိုင်လျက်ရှိလေ၏။
ကျွန်တော်သည် ကိုသိန်းဖေပေးခဲ့သော နဂါးနီစာအုပ်အသင်း ကြော်ငြာစာကို
ဖတ်နေလေသည်။
နဂါးနီစာအုပ်အသင်း

ဗမာပြည်တွင် ဆင်းရဲခြင်း၊ ရောဂါထူခြင်း၊ ပညာမဲ့ခြင်းများ ထူပြောနေလေရာ ထိုမကောင်းဆိုးရွား သုံးပါးကို ပယ်ဖျောက်နိုင်သောပညာနှင့် ပယ်ဖျောက်ပြီးလျှင် လူတိုင်းလူတိုင်း၏ လွတ်လပ်ရေး၊ တိုးတက်ရေး၊ ငြိမ်းချမ်းရေးကို အခြေခံကာ ခေတ်သစ်တစ်ခုတည်ထောင်နိုင်မည့် ပညာများကို နဂါးနီစာအုပ်အသင်းက ပေးလျက်ရှိပြီ။ သင်သည် အသင်းသားအဖြစ်ဖြင့်ဝင်၍ ထိုအသင်း၏တာဝန်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပါလော့။

ကျွန်တော်သည် တို့ဗမာအစည်းအရုံးကထုတ်ဝေသော အဓိကရုဏ်းဆန့်ကျင်ရေးစာတမ်းကို ကမာရွတ်သခင်များနှင့် ရပ်မိရပ်ဖတို့၏ အကူအညီဖြင့် ထပ်မံရိုက်နှိပ်ပြီး တစ်ဆင့်ဝေငှလေသည်။

ကောလိပ်ကျောင်းမှာလည်းကောင်း၊ ကမာရွတ်မှာလည်းကောင်း၊ နဂါးနီစာအုပ်သင်းကြော်ငြာများဝေပြီး အသင်းသားစုလေသည်။ အလုပ်အကိုင်မရှိသော ကိုကြွယ်၊ ပုံနှိပ်တိုက် ဒုတိယဖိုမင် ဦးလေးမြင့်၊ ပင်စင်စားဝန်ထောက်ကြီး ဦးဖေ၊ မြန်မာစာဂုဏ်ထူးတန်း မမြင့်ဦးစသော မိတ်ဆွေများကိုပင် စတင်၍ နဂါးနီစာအုပ်အသင်းဝင်အဖြစ်သို့ သွတ်သွင်းရပေသည်။

မကြာမီ နဂါးနီစာအုပ်အသင်းမှ ကိုသိန်းဖေရေးသော ကုလား–ဗမာတိုက်ပွဲ စာအုပ်ကလေး ထွက်ပေါ်လာလေသည်။

ကိုထွန်းအေး၊ ကိုထွန်းရွှေ၊ ကိုထွန်းအုံ၊ သခင်တင်မောင်၊ ကိုအောင်ဆန်း၊ ကိုဘဟိန်း၊ သခင်ထိန်ဝင်း၊ ကိုနုနှင့် ကိုဗဆွေတို့က ထိုစာအုပ်ငယ်ကိုထောက်ခံ၍ တာဝန်ပူးတွဲယူကြောင်းကို တွေ့ရသည်။ ကမာရွတ်၌ မြန်မာပိုင် ကုန်စုံဆိုင်ဖွင့်ပွဲတစ်ခုရှိရာ ကျွန်တော်၏ ဆော်ဩချက်အရ ဆိုင်ရှင်က ထိုစာအုပ်ကလေးများကိုဝယ်၍ ကြွလာသော ပရိသတ်အား ဝေငှလေသည်။

ကျွန်တော်ကား အတော်တိုးတက်လာပြီဟု ဆိုနိုင်ပါသည်။ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သခင်လိုလားသူဖြစ်ခဲ့သည်။ ဆုတ်ကန်ဆုတ်ကန်နှင့် သခင်နောက်လိုက်လုပ်ခဲ့သည်။ ဝါးလုံးခေါင်းလသာသည့်ပမာ တစ်ယောက်ချင်း နှစ်ယောက်ချင်း သခင်တရားဟောခဲ့သည်။ ယခုမှာမူ တက်ကြွသော သခင်ဝါဒဖြန့်သမား၊ စည်းရုံးရေးသမားဖြစ်လာလေပြီ။ အစက ကုလား–ဗမာအဓိကရုဏ်းကို မကြိုက်သော်လည်း ဘာမျှမလုပ်တတ်ဘဲ လက်ပိုက်ကြည့်နေခဲ့ရသည်။ နောက်တစ်ဆင့် ကုလားများအကြားတွင် အနေကျပ်နေသော ဗမာများကိုဝင်ကယ်ခဲ့သည်။ ယခုတော့ ကုလား–ဗမာအဓိကရုဏ်းကို စနစ်တကျ ဆန့်ကျင်ဖြိုဖျက်နေလေပြီ။

ကျွန်တော်ကား အတော်တိုးတက်လာပြီဟု မဆိုနိုင်ပါသလော။ ။

## ၁၅

## ကျွန်တော့်တွင် ပြောင်းလဲချက်များ

စက်တင်ဘာလဆန်းစတွင် ကုလားဗမာအဓိကရုဏ်း ထပ်မံဖြစ်ပွားလာသည်ဆို လျှင်ပင်
ကောလိပ်ကျောင်းကို
ပိတ်ပစ်လိုက်လေသည်။ အခါတိုင်း သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ
တစ်လတာမျှရှည်သော်လည်း ယခုနှစ်တွင်
နှစ်လကျော်ကြာလေသည်။ ကျောင်းပိတ်ရက်တွင် ကျွန်တော်သည် အိမ်မပြန်ပေ။
အမှန်စင်စစ်အိမ်ပြန်ဖို့ထိုက်လှ၏။ အဓိကရုဏ်းတွေဖြစ်ပွားနေသဖြင့် ရန်ကုန်မှာနေ သော
ကျွန်တော့်အတွက်
မိဘများရတက်မအေး စိတ်လေးကြမည်မှာ မုချဖြစ်၏။ သားဖြစ်သူကို
သူတို့အနားရှိစေချင်မည်မှာ မုချဖြစ်၏။
ကျွန်တော်သည် မိဘများထံသို့ ကျွန်တော့်မှာ ဘေးမသီရန်မခ အေးမြလျက်ရှိပါကြောင်း၊
ကျွန်တော့်အတွက်
စိုးရိမ်ဖွယ်တစ်ရွေးသားမျှမရှိကြောင်း၊ လာမည့်ဘီအေစာမေးပွဲ တွင် ဘာသာတိုင်း၌
အမှတ်များများနှင့်
အောင်မြင်ရန် ကြိုးစားနေရသောကြောင့် အိမ်ပြန်အချိန်မဖြုန်းလိုတော့ကြောင်း၊ သို့မှ
ဖခင်ကြီးရည်မှန်းထားသည့်အတိုင်း အိုင်စီအက်စ်ဖြစ်နိုင်မည့်အကြောင်းများကို
စာရေးသားပေးပို့လိုက်လေသည်။
ကျွန်တော်ကား များစွာပြောင်းလဲခဲ့လေပြီ။ ၁၉၆၃ သပိတ်အတွင်းက သူများ
သပိတ်မှောက်နေစဉ် ကျွန်တော်သည်
အိမ်သို့ပြန်၍ စာကျက်နေခဲ့၏။ ယခု ၁၉၃၈ခု ကုလားဗမာအဓိကရုဏ်းအတွင်းတွင်
အများသောကျောင်းသားတို့
အိမ်ပြန်ကြစဉ် ကျွန်တော်ကား တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ တို့ဗမာအစည်းအရုံးနှင့်
နဂါးနီစာအုပ်အသင်း
နယ်နိမိတ်အတွင်းမှာ ပျော်မွေ့ကာ ရန်ကုန်မှာပင် ဆက်နေလေတော့၏။
သည့်ပြင် ပြောင်းလဲချက်များလည်းရှိသေးသည်။ ဥပမာ တော်သလင်း၊
သီတင်းကျွတ်လများသို့တိုင်
ရောက်လာလေရာ မိုးပါးစပြုလာ၏။ မိုးအုံ့ညိုမှိုင်းသော ကောင်းကင်အစား
အရောင်အမျိုးမျိုးနှင့် ပုံသဏ္ဌာန်
အမျိုးမျိုးကို ဆောင်နေသော တိမ်တောင်တိမ်တိုက်များကို တွေ့မြင်ရစပြု၏။ ခါတိုင်းဆိုလျှင်
ကျွန်တော်သည်
ယင်းတိမ်တောင်တို့၏ ဆန်းပြားမှုနှင့် ခမ်းနားမှုများတွင် အလှကိုထုတ်ယူ၍ ခံစားမွေ့
ပျော်နေတတ်ပေသည်။

တိမ်မျိုးစုံအရောင်ဟပ်သဖြင့် တစ်မျိုးလှနေသော သဘာဝပတ်ဝန်းကျင်ကို
ရောင်မျိုးစုံပွင့်နေသော ပန်းများနှင့်
ယှဉ်ကြည့်နေတတ် ပေသည်။ တိမ်များနှင့်အတူ ကျွန်တော့်စိတ်သည် လွင့်ပျံနေတတ်ပေသည်။
တိမ်ညိုမိုလ္လာ၊ တိမ်စူကာနှင့်
တိမ်ပြာရောယှက်၊ မရန်းဖက်၍
တိမ်သက်တံရောင်၊ အဝါပေါင်ဝယ်
မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့
ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ
မှုန်ခဲ့တစ်ချက်။
.....
ယုဂန်ထက်က
လေးဘက်လုံးခြုံ၊ တိမ်ဂဠုန်လည်း
နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်
ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့
စသောကဗျာမျိုးတွင် မွေ့လျော်ကြည်နူးနေတတ်ပေသည်။ မွေ့လျော်ကြည်နူး ရာမှ ငယ်စဉ်က
ဝါကျွတ်ပွဲအတွေ့အကြုံများကို လွမ်းနေတတ်ပေသည်။
"လဝါကျွတ်သည်၊ ဆန်းလတ်ခါ
လူ့ရွာပွဲသဘင်၊ ဆီမီးတန်ဆောင်
ပန်းထောင် ထီးကြီးပျင်၍
သင်ပုန်းတင် တန်းဖြက်ခက်
အင္ဂသီနှင့် ပဥ္စသီကို၊ အညီစောင့်သုံးမှတ်၍
ဒါနဝတ် စွန့်ကြဲလှူ
မင်းပွဲသဘင်၊ မြို့ပြင်တချို့လူက
သီဇာဟူ သောက်ပြွန်းပြွန်း
ကောင်းမှုလက်ဆောင်၊ ထမင်းထောင်ကိုဝန်၍
အံ့ဖွယ်မှုအသံချို၊ လက်ခုပ်တဖြောက်ဖြောက်
ခြင်းကောက် သံပြိုင်ဆို၍
အလိုလိုသောသောရူ၊ ဝါကျွတ်သဘင်
ပျော်မှုဆင်သည်၊ လူရှင်အစုစုနှင့်
ယစ်ဝမှုအိအံကာ၊ တချို့ကလည်း တချို့ဆဲသည်
တချို့ရို့က ရန်ခိုက်ရှာ၍၊ တချို့သာ ပစ်တင်ကုန်
ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့်၊ ပတ်သာမြို့လုံးခြံမျှ
မခြီမှုပတ္တလား၊ စောင်းညှင်းပြီသော တူရိယာသည်
လူ့ရွာသဘင်များနှင့်၊ တသောသော ထမင်းထောင်
လှိုင်ကူထွက်ထား၊ ဘုရားပါးရောက်အောင်တည်း

ကြီးဆောင်သည် အစုစု၊ သာခုကြုံကြုံ၊ နေ့မည်သည့်
အသံတရုရုနှင့် ရွှင်ပျော်မှု အသွယ်သွယ်”
(ရခိုင်စာဆိုတော် ဦးကာဗျန်)
ဤသို့သော စာပေများကို ဖတ်ရှုပြီး တောရွာ၏ သာယာပျော်ရွှင်ဖွယ်ကောင်းပုံ ကို
ဥာဏ်ငုံဆင်ခြင်မိပြီး
တောသူတောင်သားသည် လောကလူ့ဘုံတွင် အကျေနပ်အရောင့်ရဲဆုံး၊
အပျော်ဆုံးသူဖြစ်သည်ဟူသော
အဆိုကိုထောက်ခံနေခဲ့ပေ သည်။
ယခုမူ ယင်းသို့သော မွေ့လျော်ကြည်နူးမှု၊ လွမ်းမှုနှင့် ကျေနပ်မှုများ ကျွန်တော့်စိတ်ဝယ်
ခန်းခြောက်သွားသလား
အောက်မေ့ရပေသည်။ အကယ်၍သာ မမြင့်ဦးတည်းဟူသော မြန်မာစာပေ ဘဏ္ဍာစိုးကြီးနှင့်
မရင်းနှီးပါလျှင်
ထိုစာပေမျိုးကို တူးတူးခါးခါး ပစ်ပယ်မိကောင်း ပစ်ပယ်မိပေလိမ့်မည်။ ယခုအခါ
ကျွန်တော်သည်
တိမ်ရဲရဲတောက်သည်ထက် တို့ဗမာအစည်းအရုံး၏ လက်ရုံးတပ်များ ရဲရဲတောက် သည်ကိုသာ
ကြည်နူးလိုသည်။
ချီးကျူးလိုသည်။ လက်ရုံးတပ် ရဲရဲတောက်သည်ကို ဖွဲ့နွဲ့သော သီချင်းသံများသာ
တကယ့်နားဝင်ပီယံအသံ၊
တကယ့်ကဗျာအရသာကို ပေးနိုင်သည်ဟု ထင်လေသည်။ နားထောင်။
“ရဲရဲတောက် တို့ဗမာမြေ
သတ္တိခဲတွေ
ရာဇဝင်ထိုးလောက်အောင် စွန့်ပေ၊
ဗမာ့လက်ရုံး တပ်တော်သားပေ။
အာဇာနည်သွေးတွေ၊
အရိုးကြေကြေ၊
တို့ပြေ၊ တို့မြေ။
ခေတ်ဆွေးကိုပြောင်းပြန်၊
တက်ခေတ်ကိုစီမံ၊
တိုးတက်အောင် စိတ်သန်။
ညီစေနော်
စစ်ရဲမော်။
ချီတက်ကြစို့ တူပျော်ပျော်၊
ဘယ်ညာ ဘယ်ညာ။
ဗမာပြေ၊ ငါတို့ပြေ၊
ဗမာမြေ ငါတို့မြေ၊

ခင်ခင်မင်မင်၊ အမျိုးကိုစောင့်ကြ၊
ဘယ်ညာ ဘယ်ညာ
(သည်ချိန်ခါ) ဗမာပြေ
ဇာတိသွေး အရောင်တင်စေ။
ဗမာဆို ဂိုဏ်းဂဏစိတ် ပျောက်ဖို့တော်ပြီလေ"
(တို့ဗမာအစည်းအရုံးမှ ထုတ်သော ဗမာ့လက်ရုံးတပ် စစ်ချီသီချင်း)
ယခုအခါ ကျွန်တော့်အား တောလက်ကျေးရွာ၏ စိမ်းလန်းသာယာသော ရှုခင်းထက် တောသူတောင်သားတို့၏
ကျောမွဲခြင်းက လွှမ်းမိုးနေလေသည်။ သာယာညင်းပျောင်းသော ပလွေသံထက် ဘဝအခြေအနေကို မကျေနပ်
ညည်းညူဆူပူသံက လွှမ်းနေလေသည်။
ထို့ကြောင့်–
"လယ်သမားလုပ်ရ၊ မဟုတ်စွခုခါ၊
မနုဿလူ့ရွာမှာ၊ မှုမသာနိုင်ဘဲ။
ကျွဲ–နွားဈေးတင်ရာမှာ၊ ခွာလျှာနာသင်းကတနဲ့။
မျိုးစပါးတိုးတက်ရာမှာ၊ ပြုံးရက်ရှာနိုင်ဘဲ၊
နန်းဗွက်ရာအိုဇာမဖြင့်၊ ယိုင်လဲဖို့ကြုံလာ၊
အိမ်ထောင်စုံဘက်ပစ္စည်းဟာကလည်း၊ နှုန်းသစ်နည်းလေးဆတက်ပါ၊
ရှေးကနှင့် စက်ပါလျှင်၊ သွက်သွက်ခါမြင့်တိုးလို့၊
'အမိုး'နှင့်'အဖား'ကိုခေါ်၊ ယမ်းယောင်လို့အော်၊
လယ်ခင်းက စပါးအပေါ်မှာ၊ သိကြားနော် မ ကောင်းရဲ့လေး"
(ရေးသူအမည်မသိ၊ ၁၉၂၁ခုနှစ် သူရိယမဂ္ဂဇင်းတွင် တွေ့ရသည်။)
ဟူသော တေးထပ်မျိုးသည်သာ ကျွန်တော့်ရင်တွင် ပဲ့တင်ခတ်နိုင်ပေသည်။
"တို့ဗမာတိုင်းပြည်၊ လယ်သမားမှန်သမျှ၊ လူတိုင်းအသက်သခင်။
နဖူးပေါ်လက်တင် တွေးကြည့်တော့ ကျေးဇူးရှင်။
သနားညှာပါ လယ်တွေမနေရှင်၊
အစိုးရမနေရှင်၊ ချုပ်ချယ်ပုံမဆင်ခြင်၊
နစ်နာအောင် ဥာဏ်နီထွင်၊
သက္ကာယဆိုတာလည်း မမြင်၊
လယ်တွေ ကျွဲတွေ နွားတွေပင်၊
ကိုယ်ပိုင်ဖြစ်ဖို့ နည်းကိုထွင်၊
မိမိကိုယ်သာအားကိုးမှ လွတ်လပ်ဖို့မြင်၊
လျှာတစ်ချောင်းနှင့် လူရောင်းတဲ့ခေါင်းတွေတွေ့ရင်၊
နစ်ထပ်ဆလံတင်၊
ညီညာရင် ပြည်သာယာ၊

တို့လယ်သမား နယ်တိုင်းတွင်၊
အစည်းအဝေးတွင်၊
မိုးကုန်တော့ စာဖတ်ဖို့ပြင် သို့မှမြင်၊
ဝိုင်အမ်ဘီ သခင်တင်၊
ညီညာအောင် စီစဉ်၊
နှိုးဆော်တဲ့ သတိပေးကဗျာယဉ်”၊
(ဝိုင်အမ်ဘီ သခင်တင်ရေးသော တောင်သူလယ်သမားသီချင်း)
ဤသီချင်းမျိုးကိုကြားရလျှင် နားစိုက်နေမိရုံမက နှုတ်ကလည်း တိုးတိုးကလေး လိုက်နေမိလေသည်။
စာနယ်ဇင်းများတွင် မင်းဆိုးမင်းညစ်တို့အား သရော်ကလော်ထားသော ကဗျာများတွေ့လျှင် မှတ်စုမှာထည့်ထားတတ်လေသည်။
ဥပမာ– တက္ကသိုလ်နွယ်စိုးရေး၍ ဘဂျမ်းကာတွန်းဖြင့် သရုပ်ဖော်အပ်သော အမတ်လခ အကြောင်းကဗျာကလေး–
“အတော်သင်းပါဘိ၊ မတ်မင်း ကိုယ်စားလှယ်တို့၊ အချိုဆွယ် လိုဖွယ် စကားတွေနှင့်၊
စားကြပေါ့ တိုင်းပြည်ငွေ။
ဖွတ်မရုက်နိုင်ဘူး၊ လွှတ်တက်ကာ စားမာန်ဖီကြ၊ ဟန်ကပြီ လစာကြေးရယ်လို့၊ ကြည်အေးစွာ အသာယူပေါ့၊
ချူပြာဖြူ ကျုပ်တို့မွဲပေမယ့်၊ ဆင်းရဲသူပဒေသာက၊ ချွေကာလေ သူတို့စားမယ်တဲ့၊
အားရပါပေ။
မတ်မဟုတ်ရင်လ၊ ဗျပ်စုတ်မှာ ထမင်းရည်နှင့်၊ အာသာပြေ လွေးမယ့်မျိုး တွေက၊
ဂုဏ်ဖြိုးကာ ကိုယ်စားလှယ်မို့၊
ဟိုတယ်မှာ ပျော်ပျော်မြူးနိုင်ဖို့၊ စိတ်ကူးဖြင့် ယဉ်ရှာလေ၊ တို့ငွေကွဲ့ မတ်မင်း။
တားမပြီဘူး၊ စားဝလျှင် မြိန်အီလို့၊ ဖိမ်အဆီရစ်ကာ အိပ်ပါလိမ့်၊ မွတ်သိပ်သူ
ပြည်မှာဆူတော့
ကုလားဖြူမင်းထံကြို့နိုင်ဖို့၊ ဆို့ ဟဲ့အပင်း။ ။
(၁၉၃၈ခုနှစ် မဂ္ဂဇင်းတစ်ခုမှာ တွေ့ရသည်)
မောင်ထင်ရေး ဘုံရုံကဗျာကို အောက်ပါအတိုင်းတွေ့နိုင်၏။
၁။ ဆယ်အိမ်ခေါင်း ရွှေအရုံ၊
နှစ်လုံးပြူးသေနတ်ထမ်းပါလို့၊ တောလမ်းကပြန်၊
လက်စွဲတဲ့ ဥပဒေလှန်၊ ဟန်ပန်နှင့်လေး၊
ကျေးရွာအက် အမှုပွေတယ်၊
၁၂–ထွေ သံစုံတီးပါလို့၊
သူကြီးတဲ့လေး။ ။
၂။ လူခွန်တော်အလွတ်ထားလို့၊
ဆယ်အိမ်စား ပိုင်အခြေ၊

ကြက်ဝိုင်းဆို လက်ကိုတို့ပါဗျာ့၊
မူးလို့ရယ်နေ၊
ကွမ်းဖိုးငွေ ဝေစုကွဲ့ ရအောင်တောင်း၊
ဉပဒေ ငါမတတ်သော်လည်း၊
မှုပွေအောင် ရှာကိုပတ်နိုင်ငဲ့၊
ဘယ်ဇာတ် ဘယ်လိုခင်းလိုက်မယ်၊
မင်းအိမ်ဆယ်ခေါင်း။ ။
၃။ သတ္တိဆို ဘာမရှိသော်လည်း၊
မိုက်ပါဘိ ငါ့ကိုယ်၊
ခွေးမှန်လျှင် လူမမှတ်ပါဘူး၊
ရိုက်တတ်သူဗိုလ်၊
မူးတယ်ဟေ့ ရဲရင်ဆို'မအေ'ကိုကော်ဆဲ၊
လက်ထိပ်ကို အဖော်ထားတဲ့၊
တောသားတဲ့ဘဲ။ ။
(၁၉၃၈ခုနှစ်၊ ကြီးပွားရေးမဂ္ဂဇင်း)
သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများကို အထူးစွဲလမ်းနှစ်သက်သည်ကို ကား
အထူးပြောဖို့ပင်
လိုမည်မထင်ပါ။
ဗျူရိုကရေစီအစိုးရကို တန်ခိုးမရှဖို့ သပိတ်မှောက်ပုံ လေးချိုးကြီး–
ဇမ္ဗူထိုမြေမဟီမှာ တန်ခိုးရှ၍ လင်းခဲ့တဲ့၊ 'ဗျူရိုကရေစီ' အစိုးရ သနင်းကိုဖြင့်၊ သူခိုး ခမြေကို
ညှဉ်းသလိုပ နရင်းနောက်ဖဲ့ ကြောက်တဲ့စရာ၊ အိုကွယ် အမျိုးမျိုး မြန်မာ့အသင်းတွေက၊
ဂိုးဂိုးဂွဂွ ပုလင်းတွေနဲ့၊ အတင်း မှောက်မဟဲ့လို့ ပေါက်ပကွဲ့တစ်ခါ၊ သြော်–'ပဥ္စသီလ'ရဲ့
အပြင်၊ အစဉ် ကြည်မြဲစေဖို့၊ အင်္ဂလိပ်မှုတဲ့အပြင်၊ အကြင် ဤကမ္ဘာ့အနယ်နယ်
'ဟုမ်းရူး'ဆိုတဲ့
ခေတ်ကိုဖြင့်၊ ကြည်ရွှင်စွာမေတ္တာနှင့် သုံးမယ့်ပြင်၊ × × × × ဟိတ်ဟန်ကောင်းစွာ
သမ္မာမောက်ချင်တော့၊ သိပ္ပံကျောင်းမှာ ယတြာအလျောက်ပေထင့်၊ သပိတ်သံ ကောင်းစွာ
တစ်ခါတစ်ခါ မှောက်ချိန်မို့၊ × × × × ရုံးခန်းမှာ၊ ဘုန်းတန်းအာဏာ နှင့်၊
ရွှေသမ္မာတေဇာဖြိုးနေကြ၊ စိုးရသူ 'ဗျူရိုကရေစီ'ကဖြင့်၊ လူတွေညီညီ မဆက်မဆံခြင်းရယ်နှင့်
တိုင်းရင်းသူဗြဟ္မစိုရ်ပိုက်ရင်ဖြင့်၊ 'ကိုယ်ကြိုက်အုပ်ချုပ်နည်း'တွေနှင့်
ခေတ်ကြီးသာယာစည်ပင်လို့မို့၊ ကမ္ဘာပထဝီဝင် အရှေ့ဘက်တစ်ခြမ်းမှာဖြင့်၊
မြန်မာပြည်တစ်ခွင်
တစ်နေ့ထက် တစ်နေ့လျှမ်းပါလိမ့်၊ ကိန်းခန်းတာရာ 'ကြည်' ပေါ်ပြီလေမို့၊ 'ဒီမော်ကရေစီ'
မဟာသမယတွင်ဖြင့်၊ မကြာ မကြာဆွကာ ထကာထကာ တောင်းကြပေတော့၊ အမယ်မင်း
ဒေါင်းဇမ္ဗူအမေ မြန်မာ့ တစ်အင်္ဂါမနွမ်းခဲ့ပေသမို့၊ သြော်– တစ်သောင်းယူဇနာတွင်ဖြင့်၊
အကြောင်းမူလအရှည်သမယဆီက၊ တေဇအကြင် သမ္မာအစွမ်းတွေနှင့်၊ အိုကွယ်

အကောင်းဟူသမျှ ဇေယမင်္ဂလာပန်း။
(၁၉၂၁ခုနှစ်၊ သူရိယမဂ္ဂဇင်း)
ထိုလေးချိုးကြီးကို မစ္စတာမောင်မှိုင်းဘ၀ ၁၉၂၁ခုနှစ်က ရေးခဲ့ပြီး၊ ထိုခေတ်က
နိုင်ငံရေးအခြေအနေသရုပ်ဖော်ခဲ့သည်။ ထိုခေတ်က တောင်းဆိုချက်များကို တင်ပြခဲ့ သည်။
ယခု
ကျွန်တော်တို့ခေတ် ၁၉၃၈တွင်ကား သခင်ကိုယ်တော်မှိုင်းအဖြစ်ဖြင့်
တက္ကသိုလ်သမဂ္ဂအသင်းနှင့်
ဒေါင်းအိုးဝေမဂ္ဂဇင်းကြီးဘွဲ့အလင်္ကာ မင်္ဂလာလေးချိုးကြီး ကို သီဆိုကာ ကျွန်တော်တို့၏
အခြေအနေများကို
တင်ပြပြန်လေပြီ။
ဩော်– အထက်နဂိုရ်က ပျက်ပြိုလို့ကျခဲ့တဲ့၊ ကနက်ပဟိုရ်ပလ္လင် လက်စအကြွင်းပေထင့်၊
တက္ကသိုလ်သဘင် သမဂ္ဂအသင်းဆီက၊ အဆက်သမတ အသင်းတွေနဲ့၊ တြင်းနဝင်း
ကောင်းမျိုးအထွေထွေ အိုကွယ်၊ ထက်မကွ အတင်းဟော့လို့၊ အကွက်ကျကျ နင်းနင်းပြီး၊
ခက်သမျှရှင်းပေမည့် သတင်း‘ဒေါင်းအိုးဝေ’။ ။ × × × × ဩော် အုပ်ချုပ်ရေးတွေကလဲ၊
ရှုပ်ရှုပ်ထွေးထွေး အပြည်ပြည်ကြုံးပြီးတော့၊ ပထဝီနှစ်လုံးက အစ်အီဆုံးဆိုတဲ့
အဆီတုံးအရသာ
ဝစ္စာစားချိန်မို့၊ အရုပ်ကလေးတွေ ပြည်ဖုံးချကာထား သော်လဲ့၊ ညီတုန်းသမယအခါများက၊
ကမ္ဘာ့ကမ္ဘာကြွားခဲ့တဲ့ ဗမာ့ဗမာသားတွေရဲ့ တို့ဗမာမြေ။ တို့ဗမာအမွေမို့
အနိုင်မယူပေစကောင်း ‘အိုကွယ့်’ တို့ဗမာပြည်မှာဖြင့် တို့သာနေမယ်လို့
မဆိုင်သူတွေမောင်း။။
× × × × တောင်စဥ်စစ်ကိုင်းတွင်ဖြင့် ချောင်မြင်တိုင်းမှာ မောင်ရင်မှိုင်းကြီး ဗိုလ်ဝင်ခံလို့မို့၊
ဟိုအရင်ယမန် မက်မိသည် သမထတစ်မျိုးပေပ၊ ဖိုပလ္လင်ပုံမှာ အဂ္ဂိရ ရက်ရှိသမျှထိုးရာက၊
အမျိုးဘာသာ သာသနာငံ့ပေတည့်၊ တပဲ့သခင် ‘လေးမောင်’ ‘ဗစိန်’ ကလေးတို့နှင့်၊
မြန်မာ့အချိန်ရွေးကာ အောင်မြေနင်း မဟော့လို့၊ တောင်ခြေအဆင်းမှာ နေမစောင်းမီပ
ရွှေဒေါင်း
‘အိုးဝေ’ မဂ္ဂဇင်းဆီက၊ အဆက်မကင်းတဲ့ သံသရာမှာ၊ တပဲ့အရင်းရဲ့ စံပမာ
ရွှယ်ရည်ရှာအယ်ဒီတာ ‘မောင်ညိုမြ’ရဲ့ပြင်၊ ဩော် ဗမာ့အတွက် မရသမျှ ပွက်မကွဆိုတဲ့၊
သမဂ္ဂဥက္ကဌ ‘မောင်ဘဂျမ်း’တို့ကို၊ ဓဇဂ္ဂသုတ်အရ ဩောင်တဖွဖွမန်းရာက၊ အောင်ဇယပန်း
ညောင်သပြေနချိန်မတော့၊ နောင်မြန်မာ့စာတမ်း ‘မောင်ရွှေနု’ရယ်လို့၊ အောင်ဇေတယု
မြွက်မဆုံးနိုင်မယ့်ပြင်၊ တက်ဘုန်းကြီးဆရာ ‘သိန်းဖေ’ကလေးတို့ကိုဖြင့် ယိမ်းမသွေ
ကိန်းသေရွေးလိုက်ကဲ့၊ အရေးရှိလျှင် အရာပေါ်ကြရော့၊ ဆရာအကျော်အမော်
ယောဂီကဝိရယ်က၊ ကမ္ဘာမှာသော် အဟောညီ၏ မညီ၏ တောဆီကကြည့်လိုက်တော့၊
မြန်မာမနော် ကောလီမိချိန်မို့၊ ဓောဝီထိတကွက်မမှိန် မှောင်မညို့မူ၍၊ လောကီ၏ပြက္ခဒိန်မှာ
ပြောင်သမို့သာပ၊ အို–ဖေမောင်တင်ရဲ့ အောင်မျှို့အလှဲ့ အထက်ဟိုယခင်ကကဲ့သို့၊
ကနက်ပဟိုရ် ပြောင်းရမှာက၊ နောင်သို့တကဲ့ အောင်ဖို့တပဲ့တွေနဲ့ ဩော်.... မောင်တို့ရဲ့

တက္ကသိုလ်သခင်ကျောင်း။ ။
သခင်ကိုယ်တော်မှိုင်းသည် သူကိုယ်တိုင် သခင်ဖြစ်လာခဲ့သလို ကျွန်တော်တို့
ကျောင်းသားများအားလည်း
သခင်ဖြစ်လာစေရန် ခေါ်လျက်ရှိပေသည်။ သခင်ကိုယ်တော်မှိုင်းသည် ကောလိပ်ကျောင်းသား
မီးပွားကလေးများကို
သခင်မီးတောက်ကလေးများဖြစ်စေလိုသည်။ ဆရာကြီးသည် ကောလိပ်မီးပွားကလေး များနှင့်
အထူးရေစက်ဆုံသည်ဟု ဆိုနိုင်သည်။ ၁၉၂၀–ပထမကျောင်းသားသပိတ်၊ ၄င်းနောက်
အမျိုးသားကောလိပ်တို့နှင့်
ဆရာကြီးသည် ဆက်နေသလို ယခုကျောင်းသားသမဂ္ဂခေတ်၊ အိုးဝေခေတ်၊
ဆေးကျောင်းသားခေတ်နှင့် လည်း
တစ်ဆက်တည်းတစ်သားတည်း ဖြစ်နေပြန်လေသည်။ ထို့ကြောင့် ဆရာကြီး၏ စာပေသည်
ကျောင်းသုံးပြဋ္ဌာန်းချက်မဟုတ်သော်လည်း ကျွန်တော်တို့ ကျောင်းသားများ အနှစ်သက်ဆုံး
အစွဲလမ်းဆုံးစာပေဖြစ်နေပေသည်။
သို့ကလို ကျွန်တော်၏စာပမွေ့ပုံ၊ စာပေအရသာရှာပုံ ဌာနပြောင်းလဲခြင်း၏ အဓိပ္ပာယ်ကို
ကျွန်တော့်ဖခင်သိပါလျှင်
သဘောတူနိုင်မည်မဟုတ်ချေ။ အကြောင်း မူကား ဤသို့သောပြောင်းလဲခြင်းသည်
ကျွန်တော့်အတွက်
သူမှန်းထားသော ဘဝပန်းတိုင်သို့ မပို့ဆောင်နိုင်ရုံမက လမ်းလွဲပေးနေသာကြောင့်
ဖြစ်ပါသတည်။
အခါတိုင်းကျောင်းပိတ်လျှင် ကျွန်တော်သည် အိမ်ပြန်လျက် အိမ်ရိပ်တွင် မိခင်၏အပြုအစု
အယုအယကိုခံယူကာ
ကလေးလုပ်နေတတ်ပေသည်။ ယခုမူကား နေပူကျဲကျဲတွင်ထွက်လျက်
ပုလိပ်နှင့်လူကြီးနိုင်ငံရေးသမား
စားဖားကြီးများ၏ အငြိုအစူအငေါ့အထေ့ခံယူကာ တို့ဗမာအစည်းအရုံး၏
စာရွက်စာတမ်းများကိုဝေ နေလေပြီ။
မိခင်၏ အထူးချက်ပြုတ်ကျွေးမွေးအပ်သော အစားအသောက် အစား၊
သခင်ခေါင်းဆောင်ကြီးများ၏
နောက်လိုက်လုပ်၍ တစ်ခါစား ဆယ်ပြားတန်ထမင်းနှင့် တင်းတိမ်နေရလေပြီ။
အခါတိုင်း ကျောင်းပိတ်လျှင် ရွာပြန်၍ တစ်နေ့လုံးအိမ်ပြင်မထွက်၊ စာဖတ်လိုက်၊
အိပ်လိုက်လုပ်ပြီးညနေစောင်းသော် ရေမိုးချိုး၊ စတိုင်လုပ်ပြီး လမ်းလျှောက်ထွက်သည်။
ရွာသူရွာသားတွေက
ကောလိပ်ကျောင်းသားကြီး ဟော့ဆိုပြီး အထင်ကြီးတစ်ခွဲသားနှင့် ဝိုင်းကြည့်ကြသည်။
နှုတ်ဆက်ကြသည်။
ရေကန်ပေါ်တွင် အိုးရွက်ကာ ရေခပ်လာကြသော ရွာသူအပျိုချောများက ‘ဝန်ထောက်လောင်း’၊
‘အရေးပိုင်လောင်း’

ကြီးအဖြစ်ဖြင့် မျက်လွှာပင့်၍ မဝံ့တဝံ့ကြည့်ကြသည်။ ကျွန်တော်က
ပြုံးကြည့်လျှင်လည်းကောင်း၊
ပြုံး၍နှုတ်ဆက်လျှင်လည်းကောင်း သူတို့ခမျာပြော၍မပြီးကြ။ ယခုမူ ကျွန်တော်သည်
လုံချည်တိုတိုနှင့်
ပင်နီတိုက်ပုံ ဝတ်၍ ဝါးဖတ်ဦးထုပ်ဆောင်းကာ ရန်ကုန်မြို့လူစည်ကားရာမှာ
လျှောက်နေလေရာ 'သခင်ပေါက်စ
ထောင်ခြောက်လ'အဖြစ်ဖြင့် ဝိုင်းကြည့်နေကြလေပြီ။
သို့ကလို ပြောင်းလဲနေသဖြင့် ကျွန်တော်သည် နောင်တရသလော။ ဝမ်းနည်းသလော။
နောင်တမရ၊ ဝမ်းမနည်း။
ကိုယ့်ကိုယ်ကိုယ် ချီးကျူးမိသည်။ ငါလိုလူ ဇမ္ဗူရှိသေးသလားဟု ကြုံးဝါးမိသည်။
ပျော်လည်းပျော်မိလေသည်။
သို့ကလို သခင်ပေါက်စအဖြစ်ဖြင့် ပျော်နေတုန်း ဖြုန်းဆို ကမ္ဘာမြေကြီး ပေါက်ကွဲပြီး
ပေါ်ထွက်လာသလို
ကျွန်တော့်ဖခင်ကြီး ပေါ်လာလေသည်။
အမှန်မှာတော့ ဖခင်ကြီးဆိုက်ရောက်လာခြင်းသည် ကျွန်တော့်ဘက်က ကြည့်လျှင်သာ
အံ့သြဖွယ်ဖြစ်သည်။
မိဘများဘက်က ကြည့်လျှင်ကား စိုးစဉ်းမျှအံ့သြ ဖွယ် မရှိပါ။ တစ်ပြည်လုံး
အုန်းအုန်းကျွတ်ကျွတ်၊
ဆူဆူပူပူဖြစ်နေသော ဤကုလားဗမာ အဓိကရုဏ်းအချိန် မနေသာသဖြင့်
ကျောင်းပါပိတ်ပေးလိုက်ရသော အချိန်၌
မိဘများသည် မိမိသားကို သူတို့အနားမှာသာ နေစေလိုပေလိမ့်မည်။ မျက်ကွယ်မှာဆိုလျှင်
ဘယ်နည်းနှင့်မျှစိတ်မချနိုင်၊ အမျိုးမျိုးတွေး၍ စိုးရိမ်ပူပန်မည်မှာ ဓမ္မတာသာတည်း။
ကျွန်တော်က
သူတို့စိတ်အေးအောင် ရေးလိုက်သောစာသည် ပဲလှော်ဖို မီးတောက်မီးလျှံထဲကျသည့်
ရေတစ်စက်မျှသာ
ရှိပေလိမ့်မည်။
ကျွန်တော်သည် ကျွန်တော့်အဖေကို မြင်လျှင်မြင်ခြင်း ထိတ်ခနဲဖြစ်သွား ပေသည်။
အဖေ့ဓာတ်ကို
သိထားပြီးဖြစ်သဖြင့် ကျွန်တော့်ကို ကောလိပ်ကျောင်းသား ဖြစ်နေပြီမို့
မရိုက်မနှက်သည့်တိုင်အောင်
ဆူတော့ပူတော့မည်၊ မဲတော့မာန်တော့ မည်ဟု တန်းထင်လိုက်ပေသည်။ သို့သော် အဖေကား
မဆူမပူ၊
မကြိမ်းမမောင်းဘဲ ညိုမည်း ညှိုးနွမ်းသော မျက်နှာဖြင့်သာ ကြည့်နေလေသည်။
ထိုအမူအရာသည်
ကျွန်တော့်စိတ်အားများစွာ ထိခိုက်စေပါသည်။ အဖေ့ကိုချော့ရန် စကားစရှာရ တော့သည်။

“အဖေကလည်း စာလေး ဘာလေး ရေးလိုက်ရောပေါ့။ ရေးလိုက်ရင် ကျွန်တော်ဘူတာကို လာကြိုမှာပဲ”
“ငါ့ဘာသာ ငါလာတတ်သားပဲ”
နောက်ထပ်စကားဆက်စရာ ခက်သွားလေသည်။ ကျွန်တော့်အဖေသည် ထိုစကားကိုတိုတောင်းမာကျောစွာပြောပြီး
ကျွန်တော့်အား တစ်ကိုယ်လုံးခြုံ၍ ကြည့်နေလေသည်။ ထွီခနဲ တံတွေးထွေးလိုက်တော့မည့် အမူအရာပေါ်နေသည်။
ကျွန်တော့်သခင် ဂိုက်ကို မသတီနေသလော။ အတော်ကြာ တစ်ယောက်နှင့် တစ်ယောက် စကားမပြောဘဲ
ကြည့်နေကြသည်။
ကျွန်တော်က အရဲစွန့်ကာ စကားစလိုက်ပြန်၏။
“ကျွန်တော်ပေးလိုက်တဲ့စာ ရတယ်မဟုတ်လားအဖေ၊ ကျွန်တော့်အတွက် ဘာမှ မပူနေပါနဲ့ဆိုနေမှပဲ”
အဖေသည် သက်ပြင်းချလိုက်သည်။ ၎င်းနောက် ဘေးသို့ထွီခနဲ တံတွေးထွေးလိုက်၏။ ကျွန်တော့်မျက်နှာပေါ်သို့
ထွေးပက်လိုက်ခြင်းမဟုတ်၍ တော်ပါသေး၏။
ခွေးမျိုးဘာနားလည်သလဲ။ မိဘလုပ်တဲ့လူတွေမှာ ဘယ်လောက်ပူရသလဲ သိရဲ့လား။ မင်းအမေဆိုရင် မင်းအတွက်
အိပ်လို့တောင် မပျော်ဘူး သိရဲ့လား”
ကျွန်တော်သည်များစွာပင် ဝမ်းနည်းသွားပါသည်။ အိမ်မပြန်မိတာ မှားလေခြင်း ဟုပင်နောင်တရလာပါသည်။
ဤစကားကိုပြောပြီးနောက် ကျွန်တော့်အဖေသည် ရေမိုးချိုးပြီး ခရီးပန်းလာ သောကြောင့် အပန်းဖြေနေလေသည်။
အခြားစကားသို့ မကူးကြတော့ပေ။ သို့ စကားမကူးသဖြင့်လည်း ကျွန်တော်အထူးစိတ်သက်သာရာရပေသည်။
အကြောင်းမူကား ကျွန်တော်သည် အိုင်စီအက်စ်လောင်းလမ်းကြောင်းမှ သွေဖည်ပြီး ‘သခင်ပေါက်စထောင်ခြောက်လ’ဘဝသို့ ရောက်နေသောအကြောင်းသို့ စကားစပ်မိမှာ
အထူးစိုးရိမ်သောကြောင့်တည်း။
ကျွန်တော်သည် ဖခင်ကြီးစိတ်ပြေရန် ဝတ်ကြီးဝတ်ငယ်များပြု၏။ ခြေဆုပ်လက်နယ်ပြု၏။ အကျွေးအမွေးလိုလေသေးမရှိအောင် ဧည့်ခံ၏။ ၎င်းတို့ထက် နှစ်သိမ့်ကျေနပ်ဖွယ်ရာကား နောက်နေ့နံနက်တွင်
ရွှေတိဂုံဘုရားသို့ပို့ရန် စီမံလိုက်ခြင်းပေတည်း။
နောက်နေ့နံနက် ဘုရားသွားကြသောအခါ ကျွန်တော်သည် ပင်နီတိုက်ပုံအင်္ကျီကိုပင် ဝတ်လာသည်။
အဖေကပိုးအင်္ကျီဘာလို့ မဝတ်သလဲဟု မေးရာ“

ခုကုလားဗမာအဓိကရုဏ်းအပြီးမှာ လူတိုင်းဝံသာနုစိတ်ဓာတ်တွေ တက်နေကြတယ်။ ဖျင်ပင်နီအင်္ကျီတိုင်းရင်းဖြစ်တွေ သိပ်ဝတ်နေကြတယ်။ ပြီးတော့ ရန်ကုန်မြို့မှာ ဗမာဆိုင်တွေ အများကြီးပေါ်လာတယ်။ မြို့ထဲကျရင် အဖေမြင်ပါလိမ့် မယ်ဗျာ”

“အင်း ကောင်းတာပေါ့ကွာ၊ ကိုယ့်တိုင်းရင်းသားဖြစ် အားပေးတာ တိုင်းရင်းသား ဆိုင်ထွက်တာဟာ

ကောင်းတာပဲဟေ့”

ကျွန်တော်သည် ဝံသာနုစိတ်ဝင်လာသော အဖေ့အတွက်များစွာ ဝမ်းသာအားရ ဖြစ်သွားလေသည်။

ကျွန်တော်သည် အာရ်အီးတီဘတ်စ်ကားပေါ်သို့ တက်မည်ဟု ဟန်ပြင်နေသော အဖေ့အား ဗမာဘတ်စ်ကားဆီသို့

ခေါ်သွားရင်း–

“အဲဒီကားကြီးတွေက တိုင်းရင်းသားပိုင် မဟုတ်ဘူး။ ဗမာပိုင်ဘတ်စ်ကားကို စီးရအောင် အဖေ။

အာရ်အီးတီကားကြီးတွေလောက်တော့ ဇိမ်မရှိဘူး။ သို့ပေမယ့် ကိုယ့်တိုင်းရင်းသား အားပေးတဲ့အနေနနဲ့

အဆင်းရဲခံတာပေါ့ အဖေရာ”

ဗမာဘတ်စ်ကားတစ်စီးတွင် ဝင်ထိုင်ကြသည်။ ဒရိုင်ဘာက ကားကိုစက်နှိုးထားပြီး စပယ်ယာက–

“ထွက်တော့မယ် လိုက်မလားဆရာ။ ဟိုး ဟိုးလိုက်မယ်၊ လိုက်မယ်၊ လိုက်မလား အရာကြီး။ အရာကြီးကတော့

ဘယ်လိုက်မလဲ၊ အာရ်အီးတီသာ လိုက်မှာပေါ့။ ဟော ထောင်ကဲကြီးတစ်ယောက် လာနေပြီ၊ လိုက်မလားထောင်ကဲ”

စသည်ဖြင့် အော်ဟစ်ကာ လူခေါ်နေလေသည်။ အတော်အသင့် လူပြည့်လေပြီ။ အာရ်အီးတီကားနှစ်စီးပင်

ထွက်သွားလေပြီ။ ကျွန်တော်တို့ ဘတ်စ်ကားကား မထွက်သေး။ တစ်ယောက်က “မထွက်သေးဘူးလား”ဟု မေးရာ

ဒရိုင်ဘာသည် ကားကိုရှေ့တိုးနောက်ငင် လုပ်နေလေသည်။ စပယ်ယာက “ဟိုး ဟိုး မထွက်နဲ့ဦး၊ ဟိုအစ်မလေးက

လိုက်မယ်တဲ့”ဟု ဖြန်းသန်း၍အော်နေလေသည်။ သူပြောသော အစ်မလေးကို ကျွန်တော်တို့မမြင်ရ။ ကားကိုကား

ရှေ့တိုးနောက်ငင် လုပ်နေခြင်းကြောင့် ဖင်ထိုင်ခုံနှင့် ဖင်ကြိတ်နယ်နေ၍ ဖင်နာရုံမက မထွက်နိုင်၍

စိတ်အနှောင့်အယှက်များစွာ ဖြစ်ရလေသည်။

ကျွန်တော့်အဖေက “မင်းတိုင်းရင်းသား အားပေးရတာ မနိပ်ပါဘူးကွာ”ဟုပင် ညည်းစပြုလေပြီ။

အတန်ကြာမှ စပယ်ယာက "ခိုးလိုး"ဟု အမိန့်ပေးလိုက်သောကြောင့် ကားထွက်လေသည်။
"နောက်က ကားမလာသေးဘူး လိုမ့်ဆရာလိုမ့်"ဟု စပယ်ယာက အမိန့်ပေးထားသဖြင့်
ကားသည်
ဖြည်းဖြည်းကလေး လိမ့်နေလေသည်။
ထို့နောက် ရှေ့နားမှာလူမြင်သောကြောင့် စပယ်ယာက "ဆွဲဆွဲ"ဟု အမိန့်ပေးပြန်ရာ
ဒရိုင်ဘာသည်
ခပ်မြန်မြန်မောင်းပြန်လေသည်။ နောက် အာရ်အီးတီကို ကျော်တက်နိုင်ရန်
အတင်းအမြန်မောင်းပြန်ရာ
ကျွန်တော်တို့မှာ အသက်ကိုဖက်နှင့်ထုပ်ထားကြရလေတော့၏။
အတင်းမောင်းနေစဉ် စပယ်ယာက–
"ဟေ့ ရှေ့နားမှာ ဖိုး ဖိုး"ဟု သတိပေးလိုက်ရာ ဒရိုင်ဘာသည် ဗြုန်းခနဲ
ဘရိတ်အုပ်လိုက်လေ၏။ ခရီးသည်အားလုံး
ယိမ်းထိုးပြီး ခုံပေါ်မှ စဉ်ကျမသွားအောင် မနည်းထိန်းထားကြရလေသည်။
သို့ကလို ကိုယ်စိတ်နှစ်ပါးများစွာဆင်းရဲပြီးနောက်မှ သိမ်ကြီးဈေးသို့ ရောက်ကြလေသည်။
ဘတ်စ်ကားပေါ်မှ
ဆင်းကြသောအခါ အဖေက"
သည့်ပြင်စာ ဝံသာနုချင်နုပါကွာ၊ ဘတ်စ်ကားမှာတော့ ဝံသာမနုပါနဲ့"ဟု
ဆုံးမလေတော့သည်။
သိမ်ကြီးဈေးထောင့်တစ်ထောင့်တွင် ဝက်ခြံခတ်ထားသော ထီဆိုင်ကလေးများကို
တွေ့သောအခါ
အဖေသည်အံ့သြစွာနှင့် ကြည့်နေလေသည်။
"ဘာလဲကွ"
"ထီလက်မှတ်ရောင်းတဲ့ဆိုင် အဖေရဲ့။ အစိုးရသိန်းထီလေ၊ ညွန့်ပေါင်းအစိုးတီထွင်လုပ်တဲ့
အလုပ်တစ်ခုပေါ့။
အစိုးရက တိုင်းသူပြည်သား ထိုးသမျှငွေအပေါ်မှာ ၅၀ ရာခိုင်နှုန်းအခွန်တော်ရတယ်"
" ကွာ ညွန့်ပေါင်းအစိုးရက ဟန်မကျပါဘူး။ အခွန်ကောက်သာ ယူတတ်တာ၊
တိုင်းပြည်အေးချမ်းအောင်တော့
မအုပ်ချုပ်တတ်ပါဘူး"
အဖေ့ထံမှ ဤလိုအစိုးရဝေဖန်ရေးစကားများ မမျှော်လင့်ခဲ့သော ကျွန်တော့်မှာ
အံ့အားသင့်ရုံမက
ဝမ်းလည်းသာမိလေသည်။
"ဟေ့ ထီထိုးရအောင်ကွာ"
အဖေက ထီထိုးလိုသောကြောင့် ထီဝင်ထိုးကြသည်။ အဖေသည် အတိတ်တွင် "သားအား
ဘိလပ်ပို့ပညာသင်ရန်"ဟု ရေးလိုက်လေသည်။ ကျွန်တော့်ဖခင်၏ ရန်မှန်းချက်ကား
တစ်ဆင့်ထက်တစ်ဆင့်

တိုးနေ၏။ အစတုန်းက ဆယ်တန်းအောင်ရှုံသာ၊ နောက် ဘီအေအောင်ရှုံသာ၊ ၄င်းနောက် အိုင်စီအက်စ် အောင်ရန်၊
ယခုနောက်ဆုံး ဘိလပ်ပို့ပညာသင်ရန်။
ထီဆိုင်မှ ထွက်၍ဘုရားသွားဘတ်စ်ကားဆိပ်သို့ လျှောက်လာစဉ် သတင်းစာရောင်းသမားများ အော်ဟစ်နေကြသည်ကို ကျွန်တော်ရော အဖေပါ ကြားကြရလေသည်။
"သခင်နှစ်ခြမ်းကွဲအတွက် သခင်ကိုယ်တော်မှိုင်းနုတ်ထွက်တော့မည် ဆိုခြင်း"
ဤအော်ဟစ်သံသည် ကျွန်တော်နားတွင်းသို့ သံရည်ပူလောင်းထည့်လိုက် သကဲ့သို့ ဖြစ်ပေသည်။
အော်ဟစ်နေကြသော သတင်းစာရောင်းသမားများကို ကြောင်၍ကြည့်နေလေသည်။ ဝယ်ဖတ်ရန်ပင် သတိမရ။
ဘုရားသွား ဘတ်စ်ကားပေါ်သို့ တက်မိကြသောအခါ အဖေက–
"ဟော့ မင်းအခု သခင်တွေနဲ့ ပေါင်းသေးသလား"
ကျွန်တော်ကား ဘယ်လိုအဖြေပေးရမည်ဟု စဉ်းစားမရအောင်ဖြစ်နေ၍ မဖြေဘဲနေသည်။
"အင်း မပေါင်းနဲ့နော်၊ ပေါင်းရင် တို့အကြံအစည်အားလုံး ပျက်ကုန်လိမ့် မယ် နားလည်လား"
ဘတ်စ်ကား လှုပ်ရှားသဖြင့် ကျွန်တော့်ခေါင်းညိတ်သွားသည်။
"အေး ကောင်းတယ် မပေါင်းနဲ့။ ကြည့်စမ်း၊ သူတို့အချင်းချင်းကွဲကုန်ပြီ၊ သူတော်ကောင်းကြီးတောင် ထွက်သွားပြီ"
ရှေ့တိုးနောက်ငင်လုပ်နေသော ဘတ်စ်ကားပင် ထွက်လေပြီ။ ကျွန်တော့်ပါးစပ်မှ စကားတစ်လုံးမျှမထွက်။
ဘတ်စကားသည် ဘုရားခြေရင်းသို့ ရောက်သည့်တိုင်အောင် ကျွန်တော် စကားမပြောနိုင်။ အဖေကတစ်ခွန်းတလေပြောသည်ကိုလည်း ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ စွက်ဖက်ခြင်း တစ်စုံတစ်ရာမပြု။
တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲခြင်းနှင့် သခင်ကိုယ်တော်မှိုင်း နုတ်ထွက်ခြင်းတွင်သာ ကျွန်တော့်အာရုံ ဟူသမျှ
ရောက်နေပေသည်။
စောင်းတန်းပေါ်သို့ ဖခင်ကြီးအား ရှေ့ဆောင်ကာခေါ်သွားသည်။ ပန်းသည်များက ဆီးခေါ်ကြသည်။
ဖိနပ်များထားခဲ့ကြပါ၊ ကွမ်းစားကြပါ၊ ဘုရားပန်းကပ်ဖို့ အလွန်လန်းဆတ်တဲ့ ပန်းတွေရှိပါတယ်၊
ဆီမီးပူဇော်ကြပါ စသည်ဖြင့် ဖော်ရွေစွာပြောနေကြသည်။ သို့ကြားရသော်လည်း ကျွန်တော်သည် သူတို့အား
စကားဖြင့်သာမက အပြုံးကလေးဖြင့်ပင် မတုံ့ပြန်မိချေ။
စောင်းတန်းဆုံးခါနီး ရင်ပြင်တော်အဝသို့ ရောက်သောအခါ–

"ဟော့ ပန်းကလေး ဘာကလေး ဝယ်ခဲ့ဦးစို့ကွာ"ဟူသော ဖခင်ကြီး၏ အသံကို နောက်မှကြားရသဖြင့် ရပ်လိုက်ပြီး
ဖခင်ကြီးကို လှည့်ကြည့်လိုက်သည်။ ဖခင်ကြီးမှာတော်တော်မောနေဟန်ရှိ၏။ နဖူးမှချွေးများစို့နေ
သည်ကိုပင်မြင်ရ၏။ အသက်ရှူလည်း မှားနေရှာသည်။
ညာဘက်က ပန်းဆိုင်တွင်ဝင်၍ ဖိနပ်များချထားပြီး ပန်းဝယ်ကြသည်။ ဖခင်ကြီးလည်း အမောဖြေသေး၏။
ထိုအခိုက် ကျွန်တော်တို့ဝယ်နေသောဆိုင်မှ ပန်းသည်တစ်ဦးနှင့် ဟိုတစ်ဖက်က ပန်းသည်တို့သည်
ပုဇွန်တောင်ပန်းခြံတွင် အငြိမ့်ကလျက်ရှိရာ ဘုန်းတော်ကြီးများပါ ကြည့်နေကြစဉ် ကုမ္ပဏီရီအမျိုးသမီး
၂၀၀ခန့်လာပြီး ဘုန်းတော်ကြီးများပွဲမကြည့်ရန် မေတ္တာရပ်ခံသွားကြောင်း သတင်းကိုဝေဖန်ဆွေးနွေး
နေကြလေသည်။
သည်ဘက်ဆိုင်က ပန်းသည် မဟိုဒင်းက ဟိုဘက်ဆိုင်က ပန်းသည် မအဝှအား-
"ဒါကတော့ ကာလဝိပါတ် နောက်ပိုးတက်ဆိုတာလိုပေါ့ကွယ်။ ကိုယ်တို့ အမျိုးသမီးတွေ အင်္ကျီပါးဝတ်တာကို
သူတို့ဘုန်းကြီးတွေက ဝင်တားတော့ သူတို့ပွဲကြည့်တာလည်း ကိုယ်တို့အမျိုးသမီးတွေက တားတာပေါ့ ဟဲ ဟဲ"
"ကိုယ်တို့တော့ အင်္ကျီပါးပဲကြိုက်သကွယ်၊ ဘုန်းကြီးတွေက မတားစေချင် ဘူး။ ပွဲကြိုက်တဲ့ဘုန်းကြီးလည်း
ကြည့်ချင်ကြည့်ပေစေ၊ ကိုယ်တို့ မတားချင်ဘူး"
"ဟုတ်တယ် အဲဒါကပဲ ကောင်းသေးတယ်"
ကျွန်တော့်အဖေလည်း သူတို့ပြောဆိုနေကြသံကို ကြားသည်ထင်၏။ သူသည် ပြုံးလျက်နေသည်။
အဖေရန်ကုန်ရောက်ကတည်းက သည်တစ်ခါ ပထမဆုံး ပြုံးလိုက်ခြင်းဖြစ်သည်ဟု ထင်ပါသည်။
အဖေသည် ဖယောင်းတိုင်များကိုလည်း ဝယ်ယူသေးသည်။
အဖေသည် ဘုရားရှပ်ထုတော်ရှေ့တွင် ကျယ်လောင်စွာ ဘုရားရှိခိုး၏။ သူ့အလေ့အထမှာ ကျယ်လောင်စွာဘုရားရှိခိုးရုံမက ကျယ်လောင်စွာပင် ဆုတောင်းလေ့ရှိသည်။ လူတကားကြားနာ ကောင်းသော
ဆုကိုသာ ဘုရားအား တောင်းရမည်ဟု သူအယူအရှိလေသည်။ ကျွန်တော်သည် ဝင်နီဖေတို့နှင့်ဘုရားဖူး စဉ်က
အကြောင်းများကို သတိရမိလေသည်။ ဝင်နီဖေတို့သည် တန်ဆောင်းထဲမှာ ဘုရားဖူးကြသည်။ ကျွန်တော်က

ဝါသနာအလျောက် စေတီကြီး၏ ရင်ပြင်တော်လွင်တီးခေါင်မှာ ဘုရားဖူးသည်။ ခုတော့ ဖခင်ကြီးအား ကျိုးနွံရှိသေ
သောသားဖြစ်ကြောင်း ပြလိုရကား သူကျယ်လောင်စွာ ဝပ်တွားပူဇော်လေ၏။
ကျွန်တော့်စိတ်ထဲမှာ
တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲခြင်းကိုကား ဖျောက်ဖျက်၍မရချေ။ မျက်စိမှိတ်၍ ဘုရားအာရုံပြုလိုက်သောအခါ
သူလုပ်ချင်ရာဇွတ်တရွတ်လုပ်တတ်သော ဒေါ်ကြီး မောကြီး သခင်ဗစိန်နှင့် ဒေါ်ဆို၍ တစ်ရွေးသားမျှမရှိရှာသော
အသံပြာပြာညောင်နာနာ သခင်သိန်းမောင်တို့ ထွေးလုံးရစ်ပတ် နပန်းသတ်နေကြပုံသည် ဉာဏ်မျက်စိမှာ
ထင်မြင်လာလေ၏။
ကျွန်တော်သည် ဘုရားရှေ့မှာ နိုင်ငံရေးကို ကြိုးစား၍မေ့ပစ်၏။ ဘာသာရေးကို ကြိုးစား၍ နှလုံးသွင်း၏။
သို့ရာတွင် အတိုက်အခိုက်သဘော အကွဲအပြဲသဘောကား မပျောက်။ အကြောင်းမူကား အရှင်အာဒိစ္စဝံသ၏
ဘိက္ခုနီသာသနာပဒေသကျမ်းအကြောင်း၊ အရှင် အာဒိစ္စဝံသအား ပိဋကတ်ပုံနှိပ်တိုက်ရှင်များ၊
ဘုန်းကြီးလူထွက်ပါဠိဆရာများ၊ လူပြန်တော်ပညာရှိများနှင့် ဘုန်းတော်ကြီးများက ဝိုင်း၍ပကာသနိယကံပြုခဲ့သည့်
အကြောင်းများကို သတိရနေပြန်လေသည်။ ယင်းသို့လျှင် ဘုရားဆင်းတုတော်ရှေ့ ကျေးဇူးရှင်ဖခင်နောက်မှလူက
ပျပ်ဝပ်ရှိသေ လက်အုပ်မိုး၍ရှိခိုးနေပြီး စိတ်ကမူ တောင်ရောက်မြောက်ရောက် ကရွတ်ကင်းလျှောက်ဖြစ်နေစဉ်
ဖခင်ကြီး၏ ကျယ်လောင်စွာ ရွတ်ဖတ်နေသော ဆုတောင်းသည် ကျွန်တော့်အာရုံကို ဖမ်းစားလိုက်ပြန်၏။
"ဤသို့လျှင် ကြုံရခဲ ဖူးရခဲ ဖူးရသော ရွှေတိဂုံစေတီတော် ဆင်းတုတော် တို့အား ဖူးမြော်ကန်တော့ရသော၊
ပန်းလှူရသော မီးပူဇော်ရသော အကျိုးကျေးဇူး ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ရရပါလို၏ဘုရား၊
နိဗ္ဗာန်သို့မရောက်မီစပ်ကြား လားလေရာဘဝ၌လည်း အကြံအစည်ဟူသမျှ အောင်ရပါလို၏ ဘုရား၊
တပည့်တော်၏ သားသည် သာမန်အစား မဟုတ်၊ အတိဇာတ–သားဖြစ်ပါ၏။ ထိုသားသည် ပညာကြီးခြင်း၊
အကြံအစည်အောင်ခြင်း၊ ရာထူးဌာနန္တရကြီးစွာရခြင်း၊ ထိုသားအတွက် ယနေ့ထိုးသော သိန်းထီပေါက်ခြင်း၊
ဘိလပ်မှာ ပညာသင်ကြားနိုင်ခြင်း၊ ကြွယ်ဝချမ်းသာသော ရုပ်အဆင်းလှသော မိန်းမရတနာ ရခြင်းများဖြစ်ပါစေသတည်း ဘုရား"

ကျွန်တော့်မှာ ဖခင်ကြီး၏ ဆုတောင်းကြောင့် ဖရဏာပီတိ ဂွမ်းဆီထိမဖြစ်မိဘဲ
ကြက်သီးမွေးညင်းထမိသည်။
ဆုတောင်းကိုမှီ၍ ဖခင်၏ စေတနာမေတ္တာတို့ကို အတိုင်းတာပမာဏ ရှာမကြည့်အား၊
ဘေးဘီတွင်
ဘယ်သူတွေကြားကုန်ပါလိမ့်ဟူသော စိုးရိမ်ခြင်းဖြင့် ဘုရားဖူးသူပရိသတ်ကို
အကဲခတ်ရှာကြည့်မိလေသည်။
အထူးသဖြင့် ကျွန်တော်တို့ ရွယ်တူ ပျိုဖြူ ယမင်းကလေးတွေ ကြားသွားမှာ စိုးရိမ်မိလုပါဘိ။
ပတ်ဝန်းကျင်တွင် ကြည့်လိုက်သောအခါ ဘုရားဖူးပရိသတ်လည်း များများမတွေ့ရ။
ရွယ်တူပျိုဖြူ ဆို၍လည်း
တစ်ယောက်မျှမတွေ့ရ။ အံ့သြဖွယ်ကောင်းလှသည်မှာ ကျွန်တော်နှင့်
ဘေးတိုက်မလှမ်းမကမ်း၌ မမြမှီသည်
ဒူးတုပ်ကာထိုင်၍ ကျွန်တော့်အား ပြုံးကြည့်နေလေသည်။
မမြမှီ။ ကိုယ်တစ်ပိုင်းသေနေသော ဦးထွန်းဝင်း၏ ဇနီးချော ဒုက္ခသည် မမြမှီ။
ကုလားဗမာအဓိကရုဏ်းတုန်းက
ကယ်လိုက်သော မမြမှီပင် ဖြစ်ချေသည် တကား။
မမြမှီသည် ဖဲကြီးလုံချည်ကြက်သွေးရောင်ကို ဝတ်ထား၏။ ဒူးတုပ်၍ ထိုင်နေပေရာ
အိစက်သော တင်သားနှင့်
ပေါင်လုံးများပေါ်တွင် ဖဲကြီးလုံချည်သည် တင်းကျပ်ပြောင်လက်စွာ ကပ်လျက်နေလေ၏။
လှပသော
ပန်းခက်ပန်းနွယ်ထိုးထား သော ပဒုမ္မာအင်္ကျီအနားသည် သွယ်ပျောင်းသောခါးပေါ်ဝယ်
လုပ်လဲ့လုပ်လီ
ဝဲနေပေသည်။ ရင်စေ့အင်္ကျီဖြစ်ရာ စိန်ကြယ်သီးများမှာ ထင်းနေပေ၏။
ဆံပင်နောက်တွဲထုံးတွင် ကြက်သွေးရောင်
နှင်းဆီပွင့် ကြီးတစ်ပွင့်ကို ပန်ထားလေ သည်။
မမြမှီက ကျွန်တော့်အား ပြုံးကြည့်နေသည်ကို ကျွန်တော်သည် ရုတ်တရက် အပြုံးနှင့်
ပြန်မတုံ့ပြန်မိ။
မမျှော်လင့်ဘဲတွေ့ရသဖြင့် အံ့သြကာ မင်သက်မိနေခြင်းလော။ ကျွန်တော့်အဖေ၏
ဆုတောင်းကိုကြားသွားလေပြီဟု
ရှက်စိတ်ဝင်လာ၍လော။ သို့တည်းမဟုတ် သူ၏ရိုးသားစင်ကြယ်သော အပြုံးတွင် 'ပြုတ်မနူး'
ကျွန်တော်က
အဆန်းအပြား မြင်နေ၍လော၊ ကျွန်တော်မပြောတတ်ပါပြီ။ တော်တော်နှင့် ပြန်မပြုံးမိပါ။
မမြမှီက ထိုင်ရာမှထလာပြီး ကျွန်တော့်နားမှာ ရပ်နေလိုက်သည်။ ကျွန်တော်လည်း
မတ်တတ်ထလိုက်၏။
"မောင်လေးက မမြင်ချင်ယောင်ဆောင်နေသလား ဟဲ ဟဲ"
ကျွန်တော်က အစွမ်းကုန်ပြုံးပြီ-

"မဟုတ်ဘူး မမရဲ့၊ မြင်ကိုမမြင်ဘူး"
ထိုအချိန်တွင် အဖေလည်း ဘုရားဝတ်ချပြီး ကျွန်တော်တို့ဘက်သို့ လှည့်လာသည်။ မမြမှီက
ကျွန်တော့်အဖေအားကြည့်ရင်း–
"ဒီက ဦးတော်က"
"ကျွန်တော့်အဖေလေ၊ ကျွန်တော်တို့ ဘုရားဖူးလာကြတာ ဟဲ ဟဲ၊ အဖေ ဟောဒါက မမြမှီ"
အဖေကား မမြမှီကို ရွှန်းရွှန်းစားစားကြီး ကြည့်နေလေသည်။ ၄င်းနောက် ကျွန်တော့်အား
အကဲခတ်သလို
မျက်လုံးများဖြင့် ကြည့်နေသည်။
မမြမှီက ဖော်ရွေပျူငှာသော အမူအရာကို အစွမ်းကုန်ပြလျက်–
"ဩ ဦးက မောင်တင်ထွန်းရဲ့ အဖေကိုး။ ဘယ်တုန်းက ရန်ကုန်ကို ရောက်ပါသလဲရှင်"
အဖေသည် မမြမှီ၏ မင်းထိုက်စိုးတန် ရုပ်ဆင်းအင်္ဂါနှင့် ဝတ်ဆင်ထားသော စိန်ရွှေတို့၏
အရှိန်ဩဇာဂုဏ်သရေကို
လွန်ဆန်နိုင်ရှာဟန်မတူ။ ထို့ကြောင့် မမြမှီ၏ ဖော်ရွေပျူငှာမှုကို မတုံ့ပြန်၊ အောက်ကျို့သော
ရှိသေသော
အမူအရာတို့ဖြင့်–
"ဟုတ်ပါ့ခင်ဗျာ၊ ကျုပ်မနေ့ကပဲ ရောက်သဗျ"
"ရောက်တဲ့အခါ ကျွန်မတို့အိမ် ဝင်ပါဦးရယ်၊ မောင်တင်ထွန်းလိုတော့ မစိမ်းပါနဲ့။
မောင်တင်ထွန်းဟာ
ကုလားဗမာ အဓိကရုဏ်းအတွင်းက ကျမမှာ အကျဉ်းအကျပ်တွေ့နေတုန်း ကူညီခဲ့တယ်ဦးရဲ့။
ဒါကြောင်
.သိပ်လည်ကျေးဇူးတင်တယ်၊ သိပ်လည်းခင်မင်တယ်။ အဲဒီတုန်းကတည်းက အိမ်လာလည်ဖို့
ဖိတ်ထားပါတယ်။
အလုပ်တိုက်ကိုဖြစ်ဖြစ် ဝင်ခဲ့ပါလို့ပြောထားတယ်။ ဒါတောင် တစ်ခေါက်မှ မပေါ်လာဘူး။
ဦးသားက
အင်မတန်စိမ်းတယ်"
"မအားလို့ပါ မမရယ်"
အဖေက ကျွန်တော့်အားမျက်စောင်းထိုးလိုက်ပြီး–
"မင်းက ဘာများအလုပ်သည်လောက်များနေရသလဲ၊ ကိုယ့်ကို သည်လောက်ခင်မင်နေတာ
တစ်ခေါက်တလေမှ
သွားမလည်အားဘူးလား"
သို့ကလို မမြမှီက ကျွန်တော့်အပေါ် မကျေမချမ်းမှုပြလိုက်၊ ကျွန်တော့်အဖေက
ဝင်ကြိမ်းလိုက် လုပ်သောအခါ
ကျွန်တော့်မှာ မျက်စိသူငယ်နှင့် အနေရအထိုင်ရကျပ်သွားလေသည်။ မမြမှီသည်
ကျွန်တော့်ညှိုးငယ်သောမျက်နှာ
တွင် ကျွန်တော်၏ အခက်အခဲကို အကဲခတ်မိဟန်ရှိသည်။

"မအားဆိုတာလည်း ဟုတ်မှာပါပဲ ဦးရယ်။ ကျမကသာ သိပ်လာစေချင်တဲ့ ဖေါနဲ့ပြောရတာ ကျောင်းသားတွေမှာ
အစိကရုဏ်းတွင်းကလည်း အလုပ်များရ၊ အခုခပ်အေးအေးဖြစ်သွားတော့လည်း ဟိုတုန်းကစာသင်ပျက်ထားတာတွေ
အတိုးချပြီး စာကြိုးစားကြမှာကိုး ဦးရဲ့။ ဩော် ဒါထက်မောင်လေးရေ မင်းအဖေ ရန်ကုန်လာတဲ့အခါ ဘယ်တွေကို
ပို့ပြီးပြီလဲ"
"ခု ဘုရားကိုပဲ ရောက်သေးတာပဲ၊ ကလေးမဟုတ်တော့ တိရစ္ဆာန်ရုံတွေ ဘာတွေလည်း ပို့လို့တော့အပိုပဲ"
ကျွန်တော့်အဖေက မျက်စောင်းထိုးလိုက်ပြန်သည်။
"ဟ တိရစ္ဆာန်ရုံကို ကလေးမှကြည့်ရတာ မဟုတ်ပါဘူးကွ။ တို့လူကြီးတွေ မမြင်ဖူးတဲ့တိရစ္ဆာန်တွေလည်း
ပြည့်လို့မဟုတ်လား"
မမြမှီက နှစ်နှစ်ကာကာကြီး ပြုံးလိုက်ပြီး–
"ဟုတ်သားပဲ မောင်လေးကလည်း။ ဒီလိုလုပ် မမကား ၂နာရီမှာအားမယ်၊ အလုပ်တိုက်ကို ၂နာရီလာပြီး ကားယူပြီး
မင်းအဖေသွားချင်ရာလိုက်ပို့ပါကွယ်။ ဘုရားလည်း အစုံလိုက်ပို့၊ ဗိုလ်တထောင်တို့ ခြောက်ထပ်ကြီးတို့။
ကန်တော်ကြီးလည်း တစ်ပတ်လှည့်ပြလိုက်ပါကွယ်"
အဖေကား များစွာကျေနပ်သွားဟန်ရှိသည်။ ကျွန်တော်က ဟန်လုပ်လျက်–
"နေပါစေ မမရယ်"
မမြမှီကား ငြင်းဆန်ရန် အခွင့်မပေး။
"ဘာနေပါစေလဲ၊ ကဲ၂နာရီ မမအလုပ်တိုက် အရောက်လာနော်။ ကဲ မမသွားမယ်၊ ဦးကျမ သွားပါဦးမယ်"
အဖေကား ပါးစပ်ကြီးဖြဲ၍ ခေါင်းညိတ်သည်။ ကျွန်တော်က လိုက်ပို့သည့် သဘောဖြင့် မမြမှီနောက်က
ခဏမျှလိုက်ပါသွားသည်။ မမြမှီက ကျွန်တော့်အား ကလိဆွသော အပြုံးဖြင့်ကြည့်ကာ–
"မောင်တင်ထွန်းအဖေက အင်မတန် ဆုတောင်းကောင်းတယ်နော် ဟဲ ဟဲ၊ ကဲ ကဲ နေရစ်ပေတော့"
အဖေ၏ကျယ်လောင်သော ဆုတောင်းသံကို မမြမှီကြားခဲ့လေသည်တကား။
ကျွန်တော့်မျက်နှာ ပူထူသွားသည်။ မမြမှီထွက်သွားပြီး ကျွန်တော်က ရပ်ကြည့်နေရစ်သည်။ တစ်နေရာမှ
စောင့်နေသော မိန်းကလေးတစ်ယောက်သည် မမြမှီနောက်သို့ လိုက်သွားလေ၏။ ထိုမိန်းကလေး၏ ဝတ်ပုံဆင်ပုံမှာ
မမြမှီ၏ အဖော် အလျော်သဖွယ်ဖြစ်၍ ပြုမူပုံမှာကား အခိုင်းအစေသဖွယ်ဖြစ်လေသည်။

သူတို့အား ကျွန်တော်ကြည့်ကျန်ရစ်စဉ် ကျွန်တော့်အဖေသည် ကျွန်တော့်ဘေးမှာ လာရပ်သည်ကိုသိလိုက်လေသည်၊
“ဒီသူငယ်မက ဘယ်ကလဲကွ”
“မစ္စက်-ထွန်းဝင်းတဲ့”
“ဘာလဲကွ မစ္စက်-ထွန်းဝင်းဆိုတာ၊ ဦးထွန်းဝင်း သမီးလား”
ကျွန်တော်က ခစ်ခနဲ ရယ်လိုက်မိသေးသည်။ သို့သော်အဖေ့အား ပြက်ရယ်မပြု၊ မရှုတ်ချပါ။ သူလိုမည့်စေလိုလို့
ကျွန်တော့်အား အင်္ဂလိပ်စာသင်ပေးခဲ့သည် မဟုတ်ပါလား။
“သမီးမဟုတ်ဘူးအဖေ၊ ဇနီး၊ မယား”
ထိုအခိုက်၌ ကျွန်တော် ဤသို့ဆောင့်အောင့်ပြောလိုက်ခြင်းမှာ ကျွန်တော့်အဖေအား ဆောင့်အောင့်ပြုစု၍
ပြောလိုက်ခြင်းဟုတ်ဟန်မတူ။ မမြမှီသည် ဦးထွန်းဝင်း၏ ဇနီးဖြစ်နေရသော အကြောင်းကို ဆောင့်အောင့်ပြုစုလိုက်ခြင်းသာ ဖြစ်ဟန်ရှိပေသည်။
ကျွန်တော့်အဖေပါးစပ်မှ “ဟင် ဟုတ်လား”ဟူသော အံ့သြအာမေဋိတ်သံ ထွက်လာလေသည်။
“အံ့သြသလား အဖေ”
“အေး မြို့ကြီးသူများ အပျိုမှန်း အအိုမှန်း မသိနိုင်ဘူးနော်၊ ငါ့မယ် အပျိုပဲ ထင်နေတယ်ကွ”
ကျွန်တော်တို့သည် ရင်ပြင်တော်အရှေ့တောင်ထောင့်ဆီသို့ ဦးတည်သွားနေကြလေသည်။ အဖေက မေးပြန်လေသည်။
“အသက်က ဘယ်လောက်ရှိမလဲကွ”
“သုံးဆယ့်ငါးနှစ်လောက် ဖြစ်မှာပေါ့”
“ဟင် ဟုတ်လား”ဟူသော အာမေဋိတ်သံ ထွက်လာပြန်လေသည်။
“ကလေးမရှိဘူးလား”
“တစ်ယောက်မှမရှိဘူးထင်တယ်။ မွေးသလား၊ မမွေးဖူးဘူးလားတော့ မသိဘူးအဖေ”
“အင်း၊ ဒါကြောင့် တင်တာပေါ့လကွာ”
ကျွန်တော်က မမြမှီနှင့် ဦးထွန်းဝင်းတို့အကြောင်းကို ဦးထွန်းဝင်း ကိုယ်တစ်ပိုင်းသေနေပုံကစ၍
သိသလောက်ပြောပြရလေသည်။
ရင်ပြင်တော်အရှေ့တောင်ထောင့်တွင် ကွပ်ပျစ်ကလေးတစ်ခုရှိရာ သားအဖ ထိုင်ကြလေသည်။ အဖေသည်
ဆေးပေါ့လိပ်ကြီးတစ်လိပ်ကို လွယ်အိတ်ထဲမှ ထုတ်ယူမီးညှိပြီးနောက်-
“ငါ့သား မှတ်ထား၊ ဘုရားတောင်မှ အမှီရှိမှ ပွင့်တော်မူနိုင်တယ်။ တို့ကြံစည်တဲ့အတိုင်း ပညာကို
ပေါက်ပေါက်မြောက်မြောက်တတ်ချင်ရင်၊ အိုင်စီအက်စ် ရချင်ရင်၊ ဥစ္စာပေါ ရုပ်ချောရချင်ရင် အမှီကောင်းရှိဖို့လိုတယ်။ မမြမှီလို မိတ်ဆွေမျိုးဟာ အမှီကောင်းဖြစ်နိုင်တယ်။ သူက ခင်မင်သလို

ကိုယ်ကခင်မင်ရတယ်။ မိတ်ဆွေရင်းချာဖြစ်အောင် ပေါင်းရမယ်”
အဖေသည် ယင်းသို့ပြောပြီး ဆေးလိပ်ကိုသည်းထန်စွာ ဖွာနေသည်။ သောက်ရှု၍
အတော်ဝတန်သောအခါ–
“ဒါထက် မင်းနိုင်ငံရေးတွေ ဘာတွေနဲ့တော့ လုံးလုံးကင်းရှင်းအောင် နေနော်။ နို့မဟုတ်ရင်
မင်းနောင်ရေးကိုထိခိုက်ရုံမကဘူး၊ ငါ့အလုပ်ကလေးပါ ထိခိုက်သွားလိမ့်မယ် ကြားလား။
မင်းတို့ကျောင်းသားတွေကလည်းခုအခါ ဆူဆူပူပူ သိပ်လုပ်နေကြတယ်လို့ ငါကြားရတယ်။
ဟိုအဝှာအစီရင်ခံစာ...”
“မြဘူး အစီရင်ခံစာလား အဖေ”
“အေးဟုတ်တယ်၊ အဲဒီ အစီရင်ခံစာကို ကျောင်းသားတွေက ကန့်ကွက်ကြတယ်ဆို
မဟုတ်လား။
မင်းကောပါသေးသလား”
ကျွန်တော်သည် အမေးကိုတိုက်ရိုက်မဖြေဘဲ–
“မြဘူးကော်မတီ အစီရင်ခံစာဆိုတာက ကျွန်တော်တို့ ပညာရေးနဲ့ လုံးလုံး ဆိုင်တဲ့ဟာပဲ
အဖေရဲ့။
၁၉၂၀ခုနှစ်ကစပြီး တက္ကသိုလ်ဥပဒေကို မကြိုက်ကြဘူး။ ၁၉၃၆ခုနှစ်ကလည်း မကြိုက်ကြလို့
ဒုတိယအကြိမ်
သပိတ်မှောက်ခဲ့ပြီ။ ဒီတော့တက္ကသိုလ်ဥပဒေကို ပြင်ဆင်ဖို့ စုံစမ်းအစီရင်ခံရမယ်၊
အကြံပေးရမယ်ဆိုပြီး
မြဘူးကော်မတီခန့်ခဲ့တယ်။ ဒီမြဘူးကော်မတီ အကြံပေးတာတွေကလည်း
မကောင်းတာတွေပါသေးတော့
ကျောင်းသားတွေက ထပ်ပြီးကန့်ကွက်တော့တာပဲ။ ဒီတော့ ဒါဟာ ပညာရေးသက်သက်
ကျောင်းသားရေးသက်သက် ဆူပူလှုပ်ရှားမှုပါ။ နိုင်ငံရေးမဟုတ်ပါဘူး”
“အေးနိုင်ငံရေးတော့ ဟုတ်ချင်မှဟုတ်မှာပေါ့လကွာ။ သို့ပေမယ့် အထက်လူကြီးတွေ
လုပ်ထားတာကိုဆူပူပြီး
ကလန်ကဆန်လုပ်တာပဲ။ ဒီတော့ ဒါမျိုးထဲမှာ ငါ့သားမပါရဘူး ကြားလား။ ပြီးတော့
အုပ်ချုပ်ရေးကန့်ကွက်ပွဲတွေ
ဘာတွေလည်း မင်းတို့ကျောင်းသားတွေ ပါကြသေးတယ်ဆိုပဲ။ မကြာခင်ကလည်း
မီးတုတ်ကိုင်ပြီး
လမ်းလျှောက်တယ်ဆိုပဲ။ ဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေမှာ မင်းမပါအောင်
ကင်းကင်းရှင်းရှင်းနေရမယ်ကြားလား
ပြောလိုက်ပါပေ့မောင်။ ဒါတွေထဲ မင်းဝင်ရှုပ်ရင် မင်းလည်းပညာသင်တွေပျက်၊
ငါအဖေမြေတိုင်းစာရေး
လည်းအလုပ်ပြုတ်၊ အားလုံးခက်ကုန်မယ်ကြားလား”
ကျွန်တော်ကြားပါသည်။ အဖေ၏ဒေသနာတွေကို အသေအချာကြားရပါ သည်။
သို့သော်ကျွန်တော်က

တုဏှိဘာဝေ ဆိတ်ဆိတ်သာနေလိုက်ပါသည်။ ဆိတ်ဆိတ်နေခြင်းသည် လက်ခံခြင်းဟု အဓိပ္ပာယ်ရသဖြင့်
အဖေကတော့ သူ့ဩဝါဒကို ကျွန်တော်လက်ခံသွားပြီဟု ယူဆနေပေလိမ့်မည်။ သို့ရာတွင် ကျွန်တော်
ဆိတ်ဆိတ်နေခြင်းကား သူ့ဒေသနာနှင့် ကျွန်တော့်အဖြစ်တို့သည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေခြင်းကို
ပြောမဖြစ်၍သာတည်း။
ရွှေတိဂုံစေတီတော်မြတ်၏ ရင်ပြင်တော်သည် ပူပြင်းသောနေရောင်ခြည် တွင် လင်းနေ၏။ ဘုရားဖူး
ပရိသတ်စဲသလောက်ရှိနေ၏။ ကျွန်တော်တို့သားအဖ ထိုင်နေကြသော ထောင့်ကွက်မှာကား သစ်ပင်ရိပ်
တန်ဆောင်းရိပ်စသည်တို့ လွှမ်းခြုံထားသဖြင့် အေးမြသာယာဖွယ်ရာ ဆိတ်ငြိမ်နေပေသည်။ ဤကွယ်ရာ
ဆိတ်ငြိမ်ထောင့်ကွက်သည် များစွာသောဇနီးမောင်နှံနှင့် သမီးရည်းစား ဒွယ် ဒွယ် တို့အဖို့ နှစ်ကိုယ်ကြားဆွေးနွေးရန် အကွက်ကောင်းဖြစ်ခဲ့သည်မှာ အများသိခဲ့ကြသော်လည်း ကျွန်တော်တို့သားအဖအဖို့
နှစ်ကိုကြားဆွေးနွေးရန် အကွက်ကောင်းဖြစ်နေသည်ကိုကား သိကြမည်မဟုတ်။
ဆေးလိပ်ကြီးကို တစ်ဝရှူရှိုက်ပြီးနောက် ဖခင်ကြီးသည် အောက်ပါအမေးဖြင့် ကျွန်တော့်အား ခေါင်းကြီးသွားစေပြန်လေသည်။
"မင်းမှာ ရည်းစားတွေ ဘာတွေရှိနေပြီလား"
ကျွန်တော့်မှာ ခေါင်းကြီးနေရုံမက အတော်ကြာအောင် အာစေး၍ နေလေတော့သည်။
"ပြောလကွာ၊ ရည်းစားတွေ ဘာတွေရှိနေပြီလား"
ကျွန်တော်က ကပ်နေသောအသံဖြင့် "ရ
ို့တယ်လည်းမဟုတ်၊ မရှိဘူးလည်းမဟုတ်"
အဖေသည် မျက်စောင်းထိုးပြီး ငေါက်လိုက်သည်။
"ဘာလဲကွ ရှိတယ်လည်းမဟုတ် မရှိဘူးလည်းမဟုတ်။ ငါလခွေးမှပဲ ကြောင်ပန်းအဘိဓမ္မာစကားပြောတာကျလို့"
ကျွန်တော်သည် အဖေ့မျက်နှာကို မချိုမချဉ်အပြုံးဖြင့် စိုက်ကြည့်နေလေ သည်။
"ပြောလေကွာ ဘယ်လိုလဲ၊ ရှိသလား မရှိဘူးလား"
ကျွန်တော်သည် မချိုမချဉ်အပြုံးရာမှ မဆတ်တင့် ရယ်သွမ်းသွေးလိုက်ပြီး–
"တကယ်ဆိုတော့လည်း..."
"တကယ်ဆိုတော့ ရှိသပေါ့လေ"
"တကယ်ဆိုတော့လည်း ရှိတယ်လည်းမဟုတ်၊ မရှိဘူးလည်းမဟုတ်ထဲကပဲ အဖေရဲ့ ဟဲ ဟဲ"
"တောက်၊ သောက်ကောင်ကလေး"
အဖေ့ဒေါသ သယမ်းအိုး မီးမကျမီ ကျွန်တော်က သွက်လက်စွာ–

"ကျွန်တော်ရှင်းပြမယ် အဖေနားထောင်"
သို့ဖြင့် ကျွန်တော်သည် ဝင်နီဖေ(ဝါ)ခင်သိန်းဝင်းနှင့် ဘာကလိုတိုတို ဘိုကလာတာတာအဖြစ်
သနစ်များကိုလည်းကောင်း၊ မြန်မာစာဂုဏ်ထူးကျောင်းသူ မမြင့်ဦးနှင့် သူငယ်ချင်းလည်းမကာ
ရည်းစားလည်းမကျ
အဖြစ်သနစ်များကိုလည်းကောင်း မျိုးရိုးအစဉ်အလာ အခြေအမြစ် စာရင်းအင်း
နေ့စွဲများနှင့်တကွ လုံးစေ့ပတ်စေ့
ကရားမှ ရေလွှတ်သကဲ့သို့ တတွတ်တွတ် ပြောပြရလေတော့သတည်း။
အဖေသည် ဆေးပေါ့လိပ် အသစ်တစ်လိပ်ထပ်ညှိ၍ သောက်ရှူကာ ကောင်းမွန်လိုလားစွာ
နားထောင်ပေသည်။
တစ်ခါတစ်ရံ သိချင်သောအချက်ကလေး များကို မေးခွန်းထုတ်ခြင်းဖြင့်သာ ဝင်စွက်လေသည်။
ကျွန်တော်ပြောပြီးသည်၏အဆုံး၌ အဖေသည် လေးနက်တည်ငြိမ်သော မျက်နှာဖြင့်–
"အေး လက်မလွှန်သေးဘူးပေါ့ကွာ၊ ဆုတ်သာ တက်သာပဲဟေ့၊ ငါပြောမယ် နားထောင်။
မင့်...ဘာဖေကွ၊ အေး–
ဝင်နီဖေဆိုတာကတော့ အထည်ကြီးပျက်ဆိုတော့ လှည်းကျိုးကြီးဝင်ထမ်းရသလို
ဖြစ်လိမ့်မယ်ဗျား။
မင်းပါကြွေးဝင်ဆပ်နေရမယ့် ကိန်းကွဲ့။ သူတို့တစ်တွေရဲ့ လှည်းကျိုးကြီးတာဝန်ကို
မင်းထမ်းနေရရင်
လူမွေးလူတောင်ပေါက်ဖို့ခက်နေလိမ့်မယ်။ မမြင့်ဦးဆိုတာကတော့ လိမ္မာပုံရရဲ့၊ တော်ပုံရရဲ့၊
ဝန်ထုပ်ဝန်ပိုး
လှည်းကျိုးမျိုးလည်းမဟုတ်ဘူးကွ။ သို့ပေမယ့် မင်းစဉ်းစားကြည့်စမ်း။ မင်းကလည်း
ပညာတွေနဲ့
သူကလည်းပညာတွေနဲ့။ အမှန်က မင်းလိုတာပညာရှိတဲ့မိန်းမ မဟုတ်ဘူး။
ဥစ္စာရှိတဲ့မိန်းမဖြစ်တယ်။ မင်းမရှိတာ
သူ့မှာရှိဖို့လိုတယ်။ ဒါမှဥစ္စာနဲ့ပညာ ပေါင်းမိသလိုဖြစ်မှာဗျား။ ကြားလား၊ မင်းသိတဲ့
အတိုင်း ငါတို့မှာ
ဥစ္စာမရှိဘူး၊ ငါ့ လခကလေးနဲ့ဆိုရင် တစ်သက် ဘယ်တော့မှ သူဌေးမဖြစ်နိုင်ဘူး။ ဒီတော့
မင်းဟာ မင်းပညာနဲ့
အရင်းတည်ပြီး ဥစ္စာပစ္စည်းကြွယ်ဝတဲ့ မိန်းမကိုသာ ရှာယူရမယ် ကြားလား"
ကျွန်တော်ကြားပေသည်။ အဖေ့ရှင်းလင်းပြတ်သားသော ဒေသနာကို ကြားပေသည်။ သို့သော်
ကျွန်တော်သည်
တုဏှိဘာဝေဆိတ်ဆိတ်နေပေသည်။ သို့သော် ဤတစ်ကြိမ် ဆိတ်ဆိတ်နေခြင်းကား
နိုင်ငံရေးမှာ လုံးဝမပါရဟု
တားမြစ်သောဒေသနာကိုကြားစဉ်က ဆိတ်ဆိတ်နေခြင်းနှင့်မတူ။ မိန်းမရှာရေး၌ အဖေနှင့်
ကျွန်တော်သည်

ယခုအခါ ဖြောင့်ဖြောင့်ဆန့်ကျင်သော အယူအဆရှိကြ သည်မဟုတ်။ ကျွန်တော်သည် အဖေ့အဆုံးအမသြဝါဒ၌
မတည်နိုင်သေးသည့် တိုင်အောင် ယင်းအဆုံးအမသြဝါဒ မှားသည်ဟု မထင်နိုင်။ ဒီလိုကြည့်တော့လည်း
ဟုတ်ပေတာပဲဟု တစ်မျိုးတစ်ဖက်လှည့်ကာ စဉ်းစားဆင်ခြင်လျက်ရှိပေသည်။
"ကဲ သွားကြစို့၊ တို့တစ်နေရာရာမှာဝင်ပြီး ထမင်းဝယ်စားကြဦးစို့ရဲ့"
ကျွန်တော်တို့ထိုင်နေရာမှ ထကြစဉ် စေတီထီးများကို လေတေ့သဖြင့် ဆည်းလည်းသံသာယာတို့သည်
လာနေကြလေသည်။ အဖေ့သြဝါဒတို့သည် ဆည်းလည်းသံကဲ့သို့ သာယာကြောင်း တွေ့ရမည့်နိမိတ်ပေလော။ ။
၁၆
အဖေ့သြဇာ မတည်သောနေရာ
ချိန်းထားသည့်အတိုင်း ညနေ၂နာရီတွင် မမြမှီ၏ အလုပ်တိုက်သို့ သားအဖ သွားကြလေသည်။
မဂိုလမ်းရှိ မမြမှီအလုပ်တိုက် (ဝင်းကုမ္ပဏီ)မှာ အတော်ကျယ်ဝန်းပေသည်။ မိန်းမစာရေးနှစ်ယောက်နှင့်
အသက်၅၀ကျော် လူကြီးတစ်ယောက် အလုပ်လုပ်နေကြ သည်။ ဒရဝမ်လိုလို ပြာတာလိုလို ကုလားတစ်ယောက်လည်းရှိသည်။
မမြမှီကား တောမှကုန်သည်ပွဲစားများနှင့်တူသော ဧည့်သည်၂ယောက်နှင့် အရောင်းအဝယ်စကားပြောနေလေသည်။
ကျွန်တော်တို့အား လောကွတ်ပျူငှာ ဧည့်ခံမနေအားဘဲ ချက်ချင်းပင် အသင့်စောင့်နေသော ဒရိုင်ဘာလက်သို့အပ်လိုက် လေသည်။
ထိုနေ့ညနေ ၂နာရီမှ ၆နာရီထိ ကားဖြင့်လှည့်လည်ကြရာ အတော်နံ့အောင် ပင်ရောက်ကြလေသည်။
ဒရိုင်ဘာကလည်း သူ့သူဌေးမက ဓာတ်ဆီအပြည့်ထည့်ပေး ထားကြောင်း၊ သွားလိုရာလိုက်ပို့ရမည်ဟု
ဆိုထားကြောင်းပြောပြလေရာ အဖေသည် ဘာစိတ်ကူးပေါက်သည်မသိ၊ တံတားကလေးစိတ္တဇဆေးရုံနှင့်
အင်းစိန်တီရစ္ဆာန်ဆေးကု အတတ်သင်ကျောင်းများကိုပါ ကြည့်ချင်သည်ဆိုသဖြင့် လိုက်ပို့ကြရသေး၏။
ညနေ၆နာရီထိုးသောအခါ ကျွန်တော်တို့က ဒရိုင်ဘာအား အိမ်ပြန်ပို့ရန် ပြောကြလေ၏။ ထိုအခါ သူ့သူဌေးမက
အကောင်းဆုံးဆိုင်တစ်ဆိုင် မှာ ဧည့်သည်များအား ထမင်းကျွေးရမည် ဟုမှာလိုက်ကြောင်းပြောပြလေသည်။
ကျွန်တော်က–

"ဟာနေပါစေဗျာ၊ ကားနဲ့လိုက်ပို့တာပဲ ကျေးဇူးတင်လှပါပြီ။ ဒေါ်မြမီလည်း
ကားလိုနေရောပေါ့"
"မလိုပါဘူး၊ ညဘက်လည်း သူဘယ်မှ သွားစရာမရှိပါဘူးတဲ့။ ကျွန်တော်ဒီက ပြန်ရင်
ကားကိုဂိုဒေါင်ထဲမှာ
သွားသွင်းရုံပဲ"
"နို့-အလုပ်တိုက်ကနေပြီး ဘယ်လိုပြန်သွားမလဲ"
"ခြေကျင်လျှောက်ပြန်မယ်တဲ့၊ မခက်ပါဘူးဗျာ။ ဘာဘူတွေကလည်း ကားနဲ့လိုက်ပို့ချင်မှာပဲ။
ကဲ
ဘာထမင်းစားချင်တယ်သာ ပြောပါ။ မမက အလုပ်သမား မို့ အိမ်မှာ
ထမင်းကျွေးဧည့်မခံနိုင်တာသာ
ခွင့်လွှတ်ပါတဲ့ဗျ"
အဖေသည် ခဏမျှတွေနေလိုက်ပြီးနောက်-
"ဒံပေါက်ထမင်း စားရအောင်ကွာ"
ကျွန်တော်တို့သည် ဝါလုံးအပေါင်ဆိုင်အနီးရှိ ဂရင်းဟိုတယ်သို့သွားကာ
ဒံပေါက်ထမင်းစားကြလေ၏။
သူ့သူဌေးမက ဧည့်ဝတ်ကျေသလို ဒရိုင်ဘာသည် ဧည့်ဝတ်ကျေပြီး မွန်ရည်လှပေ၏။
ဒံပေါက်ပြီး အိုက်စ်ကရင်း
အိုက်စ်ကရင်းပြီး ကွမ်းယာမွှေး၊ နောက်ဆုံး ဂိုးလ်ဖလိတ်စီးကရက်။ ကျွန်တော်ကား
စီးကရက်ကို
မသောက်တတ်ဘဲနှင့် ဖွာသည်။ အဖေကား စီးကရက်ကို ဆေးပေါ့လိပ်ကြီးသောက်ရှူ ပုံနှင့်
သောက်ရှူသည်။
ထိုနေ့အဖို့ အဖေသည် အတော်ပင် ကျေနပ်နှစ်သိမ့်သွားဟန် တူပေသည်။
အိမ်ရောက်ရောက်ချင်း
အိပ်ရာဝင်လေ၏။ နောက်တစ်နေ့တွင် ရွာကလူတွေဆီ သွားလည်ဦးမည်ဆိုပြီး
ကျွန်တော့်အားမခေါ်ဘဲ
ထွက်သွားလေ၏။ ထို့နောက် တစ်နေ့တွင်လည်း "ခွင့်ရက်လည်း များများမရခဲ့ဘူး။
မင်းအမေလည်း
စိတ်ပူနေရော့ မယ်"ဟုဆိုကာ ပြန်သွားလေသည်။
အဖေလာလိုက်သည့်အတွက် ကျွန်တော့်မှာ ပြဿနာ၂ရပ်ကို အပူတပြင်းစဉ်းစားရလေသည်။
ကျွန်တော်သည် နိုင်ငံရေးထဲသို့ ခြေစုံပစ်၍မရောက်သေးသည့်တိုင်အောင် ခြေတစ်လှမ်းတော့
ဝင်နေလေပြီ၊
ခုဖခင်၏ ဩဝါဒကား "နိုင်ငံရေးနှင့် လုံးဝကင်းရှင်း ရမည်"။ ကျွန်တော်သည်
'သခင်ပေါက်စ
ထောင်ခြောက်လ'ဖြစ်နေလေပြီ၊ ခု ဖခင်ကြီး၏ ဩဝါဒကား "သခင်တွေနှင့်
အပေါင်းအသင်းမလုပ်နှင့်"။ ကိုင်း-

သခင်တို့ အရှင်တို့ မိတ်ဆွေတို့ ဘယ်လိုလုပ်ကြမတုံး။
ကျွန်တော်နှင့် ဝင်နီဖေတို့သည် ဘိုကလာတာတာ၊ ဘာကလိုတိုတို ဖြစ်နေကြလေပြီ၊ အဖေ၏ ဩဝါဒကား
"လှည်းကျိုးကြီးဝင်ထမ်းသလို ဖြစ်မှာပေါ့"။ ကျွန်တော်နှင့် မမြင့်ဦးသည်
သူငယ်ချင်းလည်းမက
သမီးရည်းစားလည်းမကျ ဖြစ်နေလေပြီ၊ အဖေ၏ ဩဝါဒကား "မင်းလိုတာက
ပညာရှိတဲ့မိန်းမ မဟုတ်ဘူး၊
ပိုက်ဆံရှိတဲ့ မိန်းမ"။ ကိုင်း–အရပ်ကတို့၊ ဘယ်လိုဆုံးဖြတ်ရမတုံး။
အဖေရောက်လာသည့်အချိန်ကား တို့ဗမာအစည်းအရုံးကွဲလို့ ကောင်းလှတုန်း အချိန်၊
သခင်ဗစိန်တို့လူစုနှင့်
သခင်သိန်းမောင်တို့လူစု အပြန်အလှန် အပြင်းအထန် ရှုတ်ချစွပ်စွဲနေကြသည့်အချိန်ဖြစ်၏။
အစည်းအရုံးဌာနချုပ်ကို တုတ်တပြက်ဓားတပြက် လုနေကြလေသည်။ နယ်က သခင်များကား
စိတ်မချမ်းမသာဖြစ်ကြပြီး ဟိုဘက်သည်ဘက်လိုက်ရန် မဆုံးဖြတ်သေးဘဲ
ခေါင်းဆောင်များညီညွတ်ရမည်ဟု
တောင်းဆိုနေကြလေသည်။ သခင်ကိုယ်တော်မှိုင်းကြီးအား ညီညွတ်ရေးလုပ်ရန်၊
အမှားအမှန်ဆုံးဖြတ်ပေးရန်
တောင်းနေကြလေသည်။ ပြည်လုံးကျွန်ညီလာခံခေါ်၍ ဆုံးဖြတ်တောင်းဆိုချက်လည်း
ပေါ်လာလေသည်။
နှစ်ဖက်စလုံးညီလာခံခေါ်ရန် သဘောတူကြပြီးမှ သာယာဝတီ–ပန်းဆွဲ၌ ညီလာခံခေါ်ရန်
သခင်ဗစိန်တို့ဘက်မှ
အတင်းစီမံပြီး တစ်ဖက်ကမူ ထိုနေရာ၌ ယင်းသို့ညီလာခံခေါ်ခြင်းကို သဘောမတူနိုင်
ကြောင်း ဆိုပြန်လေသည်။
ထိုသို့ ပန်းဆွဲညီလာခံကို အသိအမှတ်ပြုထိုက်မပြုထိုက် အငြင်းပွားနေစဉ် ပန်းဆွဲညီလာခံကို
စည်းရုံးပြင်ဆင်ရာ၌
အရေးပါသူ သာယာဝတီ တို့ဗမာအစည်းအရုံး၏ အတွင်းရေးမှူးသခင်ခင်အောင်က
သခင်ဗစိန်သည် သူ့အား
ဒေါက်တာဘမော်ထံသို့ ခေါ်သွားကြောင်း၊ သခင်ကွဲခြင်း၊ ပန်းဆွဲညီလာခံကျင်းပရန်
စီစဉ်နေခြင်းများကို
ဒေါက်တာဘမော်နှင့် ဆွေးနွေးကြောင်း၊ ၎င်းနောက်ဒေါက်တာဘမော်က သခင်ဗစိန်အား
ငွေ၁၀၀၀ဝိပေး
လိုက်ကြောင်းများကို ဖွင့်ချလိုက်လေသည်။ သခင်ဗစိန်တို့ဘက်ကမူ ထိုအချက်ကို
ကျေလည်စွာ
မဖြေရှင်းနိုင်ဘဲ သာယာဝတီ သခင်ခင်အောင်မှာ သခင်မြ၏ ယောက်ဖဖြစ်ကြောင်း၊
သခင်မြမှာ

ဥပဒေပြုလွှတ်တော်အမတ်ဖြစ်ပြီး ပြည်ညီလာခဲ့၍ သခင်ဗစိန်တင်သွင်းသော
မင်းတိုင်ပင်အမတ်များ
လခမယူရေးအဆိုကို အကြောင်းပြု၍ သခင်ဗစိန်အား ရန်ငြိုးကြီးနေကြောင်းစွပ်စွဲလေသည်။
သခင်သိန်းမောင်တို့ဘက်ကမူ ပြည်ညီလာခံသခင်ဗစိန်သည် သူ့တပည့် သခင်ထွန်းအုပ်ကို
ဥက္ကဋ္ဌတင်ရန်ကြိုးစားရာ မအောင်မြင်သဖြင့် ဂိုဏ်းခွဲရေးလုပ်ငန်း များလုပ်နေခြင်းဖြစ်ကြောင်း
ထပ်မံစွပ်စွဲလေသည်။ သခင်သိန်းမောင်တို့ဘက်က သခင်ဗစိန်အား မင်းသားကြီးမလုပ်ရရင်
ပတ်မထိုးဖောက်သူဟု
ခေါ်၏။ သခင်ဗစိန်တို့ဘက်က သခင်သိန်းမောင်အား ပျော့ပျော့ ပျော့ပျော့နှင့်
အင်မတန်နံ့တဲ့
ကြောင်ချေးဟုခေါ်၏။
ဤကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် ပုဂ္ဂိုလ်ရေးအပြစ်တင်ပုတ်ခတ် ရှုတ်ချလုပ်နေ ကြခြင်း၊
ကွဲကြပြဲခြင်းကို
ကျွန်တော်လုံးဝမလိုလား။ ဘယ်သူမှား၍ ဘယ်သူမှန်သည်ဟု ပြောရန်လည်း ခဲယဉ်း၏။
စိတ်လည်းအလွန်ပျက်မိ၏။ နှစ်ဖက်စလုံးမှ ကျွန်တော်တို့ ကျောင်းသားများထံ လာ၍
ရှင်းလင်းကြ၏။
သခင်ဗစိန်တို့ဘက်မှ သခင်ဗစိန်ကိုယ်တိုင်လာရှင်း၏။ သခင်သိန်းမောင်တို့ဘက်မှမူ
တက်ဘုန်းကြီး
ကိုသိန်းဖေက ရှင်းလင်း၏။ အခြားသူများလည်းလာ၍ ရှင်းကြပါသေး၏။ သို့ရာတွင်
ကျွန်တော်ကား
ယင်းသို့ခေါင်းဆောင်များကွဲခြင်းကြောင့် စိတ်ပျက်စရာကောင်းလှ သည့်အထဲတွင်
အဖေ့သြဝါဒကလည်း
ကျွန်တော့်နားသယ်ကို အကြိမ်ကြိမ်နှက်နေပေရာ သခင်တွေနှင့် ကင်းကင်း ရှင်းရှင်းနေပြီး
ကိုယ့်စာကိုယ်သင်
နေတာ ကောင်းမယ်ထင်ပါရဲ့ဟု တွေးမိလေသည်။
ကျွန်တော်တို့သည် သခင်ကျောင်းသားများထဲမှ သခင်သိန်းမောင်တို့ဘက်သို့
ထောက်ခံသူသာများပေ၏။
သခင်ဗစိန်တို့ဘက်သို့ ထောက်ခံသူအနည်းငယ်အနက် အိုးဝေမဂ္ဂဇင်းအယ်ဒီတာလုပ်ဖူးသူ
ညီမြအမည်ခံ
ကိုသိန်းတင်တစ်ယောက်သာလျှင် ထင်ရှား၏။ ကိုအောင်ဆန်း၊ ကိုဘဟိန်း၊
ကိုထွန်းရှိန်စသော ကျွန်တော်တို့၏
ခေါင်းဆောင်များကား သခင်သိန်းမောင်ဘက်သို့ ထောက်ခံကြလေသည်။
ကျွန်တော်သည် စိတ်ပျက်အားငယ်သွားသော်လည်း အဖြစ်အပျက်ကို မေ့ပျောက်၍မရ။
လျစ်လျူရှု၍မရ၊
လေ့လာကြည့်ပါ၏။ သို့ရာတွင် ပြဿနာများကို အခြေခံကျကျမသိ။ ကွဲကွဲပြားပြားမသိ။
ယခုမှ

ခေါင်းအေးအေးထား၍ ဆင်ခြင်စဉ်း စားကာ ကျွန်တော်နားလည်သလောက်တင်ပြရသော် သခင်ဇစိန်တို့ဘက်မှာ
တို့ဗမာ အစည်းအရုံးညီလာခံနှင့် နိုင်ငံလုံးဆိုင်ရာကော်မတီ၌ နည်းရာစုဖြစ်သည်။ သခင်သိန်းမောင်တို့ဘက်က
များရာစုဖြစ်သည်။ အမတ်လခယူရေး မယူရေးမှာဖြစ်ဖြစ်၊ ဥက္ကဋ္ဌရွေးကောက်ရာမှာဖြစ်ဖြစ် ဤအချက်များ
ထင်ရှားလေသည်။ သို့သော် သခင်ဇစိန်မှာ များရာစု၏ ဆုံးဖြတ်ချက်ကို ကျေနပ်စွာလက်မခံ။ သူလုပ်ချင်ရာ
မလုပ်ရ၍ ဇွတ်တရွတ်လုပ်ရန် ဟန်ပြင်နေလေသည်။ ဤအချက်ကို ကျွန်တော်တို့ မကြိုက်ကြ။ သည်ဟာမှာဖြင့်
ထင်ထင်ရှားရှား သခင်ဇစိန်မှားသည်ဟုဆိုချင်သည်။
နောက်တစ်ချက် ကိုဘဟိန်းတို့ထံမှ ကျွန်တော်ကြားရသည့်အတိုင်းဆိုသော် သခင်ဇစိန်သည် ဘုံဝါဒ(ဝါ)
ဆိုရှယ်လစ်ဝါဒ(ဝါ)ကွန်မြူနစ်ဝါဒကို နှစ်နှစ်ကာကာ မယုံကြည်။ ဟစ်တလာ၏ လူမျိုးရေးဝါဒကို
ပိုမိုယုံကြည်သည်ကို မကြိုက်ပေ။ အားလုံး တို့ဗမာအစည်းအရုံးထဲမှာပဲ စည်းရုံးထားရမည်ဟု ဆိုလေသည်။
ထိုအချိန်တွင် သခင်သိန်းမောင်တို့ဘက်မှ လူများသည်အလုပ်သမား၊ တောင်သူလယ်သမား အသင်းများကို
သီးသန့်စည်းရုံးစပြုပြီး ဖြစ်ရုံမက ရေနံမြေသပိတ်ကြီးပင် ဆင်နွှဲလျက် နေကြလေပြီ။ တောင်သူလယ်သမားများ
အရေး၌ကားသခင်ဇစိန်သည် အလွန်ပြင်းထန်လေသည်။ သခင်သိန်းမောင်၊ သခင်မြတို့၏ လယ်သမား
တောင်းဆိုချက်များကို ပျော့သည်ဟု သူကယူဆလေသည်။ သခင်ဇစိန်သည် ပစ္စည်းမဲ့အလုပ်သမားများအား
သီးသန့်စည်းရုံးပေးခြင်းကို မလိုလားရုံမက နိုင်ငံရေးအားဖြင့် အလုပ်သမားအား အသားပေးခြင်း၊ အလုပ်သမား
ဝါဒကိုဖော်ထုတ် ခြင်းစသည်တို့ပင် မုန်းတီးသည်ဟု သိရလေသည်။
ဤအချက်များကို သိရသော်လည်း ကျွန်တော်သည် မှားသည်၊ မှန်သည်ဟု ဝေဖန်ဆုံးဖြတ်နိုင်သော
အရည်အချင်းမရှိသေးပါ။ နိုင်ငံရေးဝါဒများ၌ မကျွမ်းကျင်သေးပါ။ သို့သော် ကိုအောင်ဆန်း၊ ကိုဘဟိန်း
စသည်တို့ညွှတ်နေသော ဘက်သို့ ကျွန်တော်ညွှတ်သည်မှာ သဘာဝကျပါသည်ဟု ဆိုနိုင်ပေ၏။

သို့ရာတွင် ကျွန်တော်ကား အတော်ပင် ခြေလှမ်းတုံ့သွားလေပြီ။ နိုင်ငံရေးထဲသို့ ရောက်နေသော ခြေတစ်လှမ်းကို
ပြန်ရုပ်သိမ်းရန် စိတ်ကူးနေလေပြီ။ ရုပ်သိမ်းဖြစ်ရန် ဖခင်ကြီး၏ဩဝါဒနှင့်
သခင်ကိုယ်တော်မှိုင်းတို့ဗမာအစည်းအရုံးမှ နုတ်ထွက်ခြင်းတို့သည် အားပေးနေသကဲ့သို့ ရှိပေ၏။
ထိုစဉ်က ကျွန်တော့်အဖြစ်အပျက်နှင့် ဆီလျော်လှသော ကဗျာမှာ သခင်ကိုယ်တော်မှိုင်း၏ သခင်ဋီကာနဂုံး
လေးချိုးကြီးဖြစ်လေသည်။
"အကြင်ပြည်မြန်မာမှာ နန်းမရှိတုန်းတွင်မှ၊ 'သခင်မဟာဋီကာ'ကျမ်း၏ အဆုံးမှာတော့၊ ကမ္ဘဌာန်းမိတဘုန်းရယ်တို့၊ ကြည့်ပြုံးဖတ်စရာအလို၊ (အိုကွယ်) ဘန်းအပြည့်ဖုံးပါလို့ နိဂုံးသတ်မှာကို။ ။ (အော်)အတက်နေးပြန်သနဲ့၊ ရတက်မအေးသူမဖြင့်နော၊ အထက်ကျေးဆီက၊
လက်ရွေးစင် သခင်တပည့်တွေနဲ့၊ အတွင်လှည့်ကာ တရားပေစာဟောရာက၊ မနားမနေသာသောအခါမှာ ဒကာကြေန်တို့က၊ စာတတန်ပေတထောက်ကယ်နှင့်၊ ကဝေလျှောက်ရာတာ အဘိယာစကရယ်ကြောင့်၊ တပည့်တကာ တကာမတွေအစဉ်မှီစရာဘို့၊ ဓမ္မိကာရာမမှာ မရှင်မကြည်စွာနှင့်၊ အကြင်ဤအခါမှာ 'သခင်ဋီကာ' အရေးတွင်ဖြင့်၊ ဖေးမသူ ကေသာဝတီရဲ့ပြင်၊ ဇေယာပြည် သမထဂိုဏ်းတွေပ၊ မေဓာဝီလုကသိုဏ်းတို့ကလဲ၊ လူစည်အောင်ကူညီလို့ဝိုင်းကြသမို့၊ သမိုင်းတလှဲ့ ယခုဆိုမယ်နော်ကွယ်၊ တဂိုဏ်းတဖွဲ့ စစ်ကိုင်းတပည့်တွေနဲ့ မှိုင်းရဲ့ကုသိုလ်။ ။ မန်းထီးပလ္လင်ဘိဇ္ဇနနှင့် အနိစ္စအရေးလိုပ၊ ကျမ်းမပြီးခင်ကိစ္စမအေးစေဖို့၊ အနဌဘေးရယ် တို့ဖန်လာသကို၊ ရန်ဘယာထိုထိုနှင့် မဖြောင့်မဖြူတနည်း၊ (အိုကွယ်) မြန်ဗမာ ဟိုမှာဖြင့် တမှောင့်တပူမီး။ ။ တမင်ရိုင်းစွာ၊ သခင်ဂိုဏ်း ညီညီညာညာနှင့် ထင်တိုင်းမစည်စရာမို့၊ ပလီပလာ 'သိန်းမောင်' တပည့်ရဲ့ပြင်၊ ကလီကမာ ယိမ်းထောင်သကဲ့သို့ လှည့်ချင်တဲ့၊ တပည့်ဂွကလိမ်'ဗစိန်'ကလဲ သရဲပြန်သနဲ့၊ အချင်းချင်းပင် တရန်နဲ့ကြတဲ့ပြင်၊ (အော်) အမျိုးဗမာ့တန်ခိုးမှာဖြင့်၊ အဆိုးတကာ့ဗိုလ်၊ အစိုးရဒရှိလိုစွဲပြီး၊ မိုက်သနဲ့ ကြဲကြဲဖန်ဖန်၊ ကိုက်တဲ့ရန်တပွဲကိုဖြင့်၊ ပြီးစဲအောင် နှစ်စုံနှစ်ပြင်ပ၊
ခုံတင်ကာ ဆရာဖြတ်ခဲ့ပြီး၊ အနာဂတ်အခါမှာ ကောင်းအောင်လုပ်မယ်လို့၊ ခေါင်းဆောင် နှစ်ရှုပ
ဖယ်ကာရှင်းသော်လဲ၊ မကင်းသူငှင်းနှစ်ကောင်ကမွေးခဲ့တဲ့၊ ကျောင်းခွေးလို 'အမှုဆောင်'ငမိုက်တို့ကလည်း၊ အကိုက်ခိုင်းလျှင် မိုက်ရိုင်းချင်တဲ့ စရိုက်တွေကြောင့်၊ စိတ်အိုက်ကာ မကြည်မရှင်နှင့်၊ ဒီသခင်ဋီကာမဆုံးမီပ၊ မညီမညာဆိုးတပည့်တွေကို တည့်စေမယ်လို့ မတတ်သာသဖြင့်၊ ခပ်ခွာခွာနေကြအုံးစို့ရဲ့လို့၊ အဆုံးသတ်ကာ ကျမ်းစာရေးပြီး၊ နောင်ဘို့တက်စရာကို မောင်တို့တွက်တာ မအေးသူက၊ မသေမီ အမွေညီညီ ပေးခဲ့တဲ့အပြင်၊ အဝေးတပည့်တွေကိုသာ ညီညာဘို့၊ ကြည်ကြည်သာသာ

နှုတ်တော်ဆက်တဲ့ပြီး၊ ရှုတ်တရက်ပင် သခင်ဂိုဏ်းရယ်က၊ မနေသာသွေးခွာလို့
စိုင်းရော့မယ်လို့၊
ဇေယျာ ကေသာတို့နှင့် ဆိုင်းတော့ တစ်ဗိုလ်တဂိုဏ်းနဲ့ ဗမာမနုဿတွေရဲ့၊ မဟာဒုက္ခ
ယခုလိုမီးကိုဖြင့်၊ သူ့အလိုလို ပြီးကြမယ့်ပြင်၊ ထိုထိုစစ်ကိုင်းတပည့်တွေနဲ့၊
အလိုအတိုင်းတည့်စေမည့်၊ (အော်) ကိုမှိုင်းရဲ့ ဓမ္မာနုဂ္ဂဟကုသိုလ်ကြီး။ ။”

× × ×

ကျွန်တော့်အဖေ မရောက်လာမီကလေးက ကျွန်တော်သည် ဝင်နီဖေအား ချစ်ကြောင်း
ကြိုက်ကြောင်း
အတိအလင်းဖွင့်ပြောကာ ခိုင်မြဲသောမေတ္တာနှောင် ကြိုးဖြင့် ချည်တုပ်တော့မည်ဟု
ကြံရွယ်ခဲ့လေသည်။
မကြံရွယ်ဘဲ နေပါမည်လော။ အခြား အခြားသောအရာတို့ထက်
ဝင်နီ၏စွဲမက်ဖွယ်ကောင်းသောရုပ်ရည်နှင့်
ချစ်စနိုး ဖွယ်ရာကောင်းသော ပွတ်သီးပွတ်သပ်နီးကပ်စွာနေမှုတို့သည် ကျွန်တော့်အား
လွှမ်းမိုးစိုးရနေလေသည်။
စာဖတ်ရာမှာ သူ့မျက်နှာကလေး ပေါ်လာတတ်သည်။ ဆရာသင်တန်း ဟောပြောနေရာမှာ
သူ့အသံကလေး
ကြားနေတတ်သည်။ သူနှင့်နီးနီးစပ်စပ် ပွတ်သီးပွတ်သပ်နေရခြင်း၌
များစွာနှလုံးမွေ့နေလေသည်။ ဝင်နီတို့မှာ
တော့ဗိုလ်ခပ်ဆန်ဆန်မို့ တစ်ခါတစ်ခါ မသိမသာ ကျွန်တော့်လက်မောင်း ကိုဆွဲကိုင်၍
ခေါ်လားပြောလား
လုပ်ရာမှာလည်း ဘာမျှအထူးတဆန်းဖြစ်ဟန်မရှိ။ ‘ကရိုးကက်ချ်သည်ကရိန်း’ ကစားမျိုး၌
ရယ်ရင်းမောရင်း
တစ်ယောက်တစ်ယောက် ဖက်လားယမ်းလား ဆွဲလားလုပ်ရာမှာလည်း မရိုးမရွဖြစ်မည်မထင်။
ကျွန်တော်ကား
သူရို့လိုမဟုတ်ပါ။ အထူးတဆန်းဖြစ်သေးသည်။ ရိုးတိုးရွတ ဖြစ်သေးသည်။
အူရိုင်းဖြစ်သောကြောင့် ဆိုမည်လား။
ကိုရင်ကြီးဦးဘသန်း၏ ဖိုမဆက်သွယ်ရေး ဩဝါဒများ၏ ဩဇာအရိပ်ငွေ့
မကုန်သေးသောကြောင့် ဆိုမည်လား။
အိမ်ပြန်ရောက်သည့်တိုင်အောင် သူက ခေါ်ခေါ်ပြောပြော လက်မောင်းကိုင်လိုက်
သောအထိအတွေ့၏ အငွေ့သည်
ကျန်ရစ်တည်ဆဲဖြစ်လေသည်။ ကစားရင်း ဖက်ယမ်းဆွဲငင်လိုက်သောအရှိန်သည်
အိပ်မက်ထဲမှာတောင်
စွဲနေတတ်လေသည်။
ထို့ကြောင့် နီးသည်ထက်နီးအောင် ကြံလိုခဲ့ခြင်းဖြစ်လေသည်။ ခိုင်မြဲသော မေတ္တာဖြင့်
အဖြေခက်အောင်ချည်နှောင်ခဲ့လိုခြင်းဖြစ်လေသည်။ အမှန်စင်စစ် ကျွန်တော်သည်

နှုတ်ထွက်မရဲသေးသဖြင့်လည်းကောင်း၊ နှုတ်ဖြင့်ပြောလျှင် လိပ်ပတ်မလည်ဘဲ
နေမည်စိုးနေသဖြင့်လည်းကောင်း
မပြောမိသေးခြင်းသာ ဖြစ်လေသည်။ အိမ်မှာကား သူ့ပေးရန် စာတစ်စောင်ပင်
စီထားခဲ့လေပြီ။
ဖခင်ကြီးရောက်လာပြီး သူ့အယူအဆများကို ကျွန်တော့်ဦးနှောက်တွင်းသို့
ရိုက်သွင်းလိုက်ပြန်သောအခါ
ကျွန်တော်သည် အိပ်မက်မှ လန့်နိုးသူကဲ့သို့ ဖြစ်လာလေသည်။ သူ့အယူအဆဖြင့်
ပြဿနာတစ်ရပ်လုံးကို
သုံးသပ်ကြည့်လေသည်။ အဖေ့အယူအဆမှားသည်ဟု ချေပရန် တစ်လုံးတစ်ပါဒမျှ ကျွန်တော်
ရှာမတွေ့ခဲ့။
ထို့ကြောင့် အဖေပြန်သွားသောအခါ ရေးထားသောစာကို ဝင်နီအားပေးရန်
ဆိုင်းထားလိုက်ပြန်လေသည်။
သို့ရာတွင် ဝင်နီ၏အလှနှင့် ဝင်နီနှင့် ပွတ်သီးပွတ်သပ် နေရသောအတွေ့တို့သည်
ကျွန်တော့်ခုခံခြင်းဌာခက်သော
အားများဖြစ်နေသည်ကို တွေ့ရလေသည်။ ဖခင်ပေးလိုက်သော အမြင်ဉာဏ်နှင့် ဆင်ခြင်ကာ
အားသစ်များမွေး
၍မနည်းကြီးခုခံနေရလေ၏။ အင်း–ခပ်ခွာခွာနေမှ ကောင်းမှာပါပဲကလား၊
'ကရိုးကျ်ချ်သည်ကရိန်း'တွေ
သိပ်မကစားမှ ဖြစ်မှာပါကလား။
မမြင့်ဦးနှင့် ပတ်သက်၍ကား အခြေအနေမှာ ဆုတ်သာ တက်သာ ဆိုတာလို အကောင်းဆုံး
အခြေအနေဖြစ်သည်။
တစ်ယောက်နှင့်တစ်ယောက် ခင်မင်သည်နှင့်အမျှ အနေအထိုင်မှာ ရှိသေကြသည်။
မှန်ကြသည်။ တစ်ယောက်ကို
တစ်ယောက် ယူနိုင်ကြသော အခြေသို့ဆိုက်ရောက်ပါမူ ဖွင့်ပြောပြီး
ချက်ချင်းလက်ထပ်ကြရုံသာရှိသည်။
သည်အတောအတွင်း သည့်ထက်ဆန်းပြားစွာ နေထိုင်ဖို့လည်းမရှိ။ 'မောင်ရှင့်'
'မယ်ဗျ'ဟုညုတာနေရန်လည်း
မရှိချေ။ ၄င်းပြင် ကျွန်တော်သည် 'တက်တက်စင် ရိုးပါလျက်ကယ်နှင့်၊
ကလက်တက်တက်ထင်သူရယ်
တစ်မျိုးသဒ္ဓါမပျက်စေနှင့်၊ အပိုးဝါသနာဘက်ကိုတဲ့ ကွင်းသမို့ဖယ်၊ မင်းတို့အရွယ်ကိုဖြင့်
ကျောင်းတကာ မစော၊
ငြင်းလို့ပယ်နိုင်ပါရဲ့ ဖြောင့်စွာသဘော'ဟူသော ကဗျာဖြင့် စကားကျွံခဲ့သည် မဟုတ်ပါလား။
သို့ရာတွင်အဖေရောက်လာပြီးနောက် ရှင်းလင်းရသော ပြဿနာ ၂ရပ်အနက် မိန်းမနှင့်
ပတ်သက်၍

ကိုယ့်ကိုယ်ကိုယ်ဇက်ကြိုးကိုင်ရတာက လွယ်သေးသည်။ နိုင်ငံရေးနှင့်ပတ်သက်၍ ဇာတ်ကြိုးကိုင်ရတာ
မလွယ်ကူပေ။ သည့်ပြင် လူငယ်လူရွယ် တွေမှာ ဘယ်လိုတွေ့ကြုံခံစားရသည်မသိ။ ကျွန်တော့်မှာတော့ နိုင်ငံရေး၏
ဆွဲဆောင် ခေါ်ငင်မှုကို ခုခံရခြင်းက ပိုခက်နေကြောင်း တွေ့ကြုံရပေသည်။
ကျွန်တော်တို့၏ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် ကျောင်းမှလည်းကောင်း၊ ကျောင်းသားသမဂ္ဂ
ဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်လိုက်ပြီး တို့ဗမာအစည်းအရုံးသို့ ခြေစုံပစ်ဝင်ကာ သခင်ဖြစ်သွားလေသည်။
သူနှင့်တစ်ပြိုင်နက်တည်း တို့ဗမာအစည်းအရုံး (သခင်သိန်းမောင်နှင့်တကွသော အများစုစုဝေး၍ဗဟို
တို့ဗမာအစည်းအရုံး)သို့ ဝင်ရောက်သွားကြသူများကား ကိုနုနှင့် ကာလကတ္တားကိုလှဖေတို့ ဖြစ်လေသည်။
ကိုလှဖေမှာ ကာလကတ္တားတွင် ကိုသိန်းဖေနှင့်အတူ ကျောင်းနေနေရာမှ
ကိုသိန်းဖေဗမာပြည်သို့ ပြန်ရောက်လာပြီး
မကြာခင်ပေါ်လာသော၁၉၃၆ခုနှစ်၊ ကျောင်းသားသပိတ်ခေါင်းဆောင်တစ်ဦးဖြစ် လေသည်။ ကိုအောင်ဆန်း၊ ကိုနု၊
ကိုလှဖေတို့ သခင်ဖြစ်လာခြင်းမှာ ကျွန်တော်တို့ သခင်ကျောင်းသားများ၏ ချီတက်ရမည့် လမ်းစဉ်ကိုညွှန်ပြလိုက်သကဲ့သို့ရှိလေသည်။ သို့ကလို ခေါင်းဆောင်တွေက နိုင်ငံရေးတွင် ခြေစုံပစ်ဝင်ကြစဉ်
ကျွန်တော်ကလှမ်းပြီးခဲ့သော ခြေတစ်လှမ်းကိုရုပ်သိမ်းရမည်မှာ ပြေးနေသော
ဘတ်စ်ကားပေခြေတစ်လှမ်းတက်မိပြီးမှ ပြန်ခုန်ဆင်းရန် ကြိုးစားသူနှင့် တူနေပေ၏။ ယင်းသို့ ပြန်ခုန်ဆင်းလျှင်
လဲကျ ခြေကျိုးမည်ကိုပင် စိုးရိမ်ရလေသည်။
ကမ္ဘာ့အခြေအနေကို ကြည့်လိုက်ပါဦး။ နာဇီဟစ်တလာသည် အင်္ဂလိပ်နယ်ချဲ့ခေါင်းဆောင် ချိန်ဘာလိန်၏
သဘောတူညီမှု (ဝါ) ရန်သူအားပေး အစာကျွေးမှုဖြင့် ဆူဒေတန်နယ်ကို သိမ်းပိုက်ကာ
ချက်ကိုစလိုဗက်ကီးယားတည်းဟူ သော တိုင်းငယ်ပြည်ငယ်ကို
ကျူးကျော်စော်ကားလိုက်လေသည်။
ကျွန်တော်တို့ပြည်၏ မြောက်ဘက်ရှိ တရုတ်ပြည်ကြီးကိုလည်း ဖက်ဆစ်ဂျပန်နှင့် အင်္ဂလိပ်နယ်ချဲ့သမားတို့သည်
ဝေခွဲယူရန် ကြံနေကြလေသည်။ အင်္ဂလိပ်နယ်ချဲ့သမားတို့သည် တစ်ဖက်က ဤအကြံဖြင့် ဂျပန်စစ်ဘီလူးများကို
'အလျှော့ပေး'လျက်ရှိ၏။ တစ်ဖက်တွင်ကား အိန္ဒိယ၊ ဗမာစသော သူ့ပိုင်နက်အနီးသို့ ဂျပန်မလာနိုင်အောင်၊

တရုတ်ပြည်တောင်ပိုင်းတွင် သူ့ဩဇာမပျက်အောင်၊ တရုတ်ပြည်တောင်ပိုင်းတွင်
ဂျပန်ခြေကုပ်မရအောင်
တရုတ်ကိုမင်တန်အစိုးရကို ကူညီနေလေသည်။ တရုတ်ဗမာလမ်းမကြီးကိုပင်
ဖောက်လုပ်ထားလေပြီ။ ထိုအချိန်တွင်
တရုတ်ဗမာလမ်းမကြီးပေါ် ကျူကုပ်–မန်ရှီကြားတွင် နေ့စဉ် စစ်လော်ရီအသီး
၂၀၀မျှကူးလူးသွားလာနေလေသည်။
ကွတ်ခိုင်မှာ လေယာဉ်ပျံကွင်းကြီး ဆောက်လုပ်နေသည်ဟု ကြားရလေသည်။ ယင်းသို့
အင်္ဂလိပ်နယ်ချဲ့သမား၏
"တို့မီး ရှို့မီးလုပ်မှု"၊ "မီးစတစ်ဖက် ရေမှုတစ်ဖက်လုပ်မှု"များ ကြောင့် စစ်ပွဲသည်
ကျွန်တော်တို့၏ နယ်စပ်သို့
တစ်နေ့တခြား နီးကပ်လာခဲ့လေပြီ။
အင်္ဂလိပ်နယ်ချဲ့သမား၏ 'အလျှော့ပေးရေး' ပေါ်လစီကို အစွမ်းကုန် အသုံးချသော ဂျပန်သည်
ကျွန်တော်တို့ဗမာပြည်တွင်းသို့လည်း အသွင်အမျိုးမျိုးဖြင့် ဝင်လျက်ရှိလေသည်။
ဂျပန်သွားစိုက်ဆရာ၊
ဂျပန်ဓာတ်ပုံဆရာ၊ ဂျပန်ကုန်သည်များ မှိုလိုပေါက်လာ၏။ ဂျပန်မြန်မာဆက်ဆံရေး
အသင်းများပေါ်လာ၏။
ဂျပန်ပြည်သို့ ဗမာကျောင်းသားများ ပညာသင်လာပါဟု ဖိတ်ကြားလျက်ရှိ၏။ ဂျပန်ပြည်တွင်
အနှစ်၂၀ကျော်နေသဖြင့် ဗမာတွေကပင် မေ့နေပြီဖြစ်သော ဦးစံညွန့်သည်ပင်
ဗမာပြည်သို့ပြန်လာကာ
ဂျပန်မြန်မာဆက်ဆံရေးဝါဒ ဖြန့်လျက်ရှိပေ၏။ မစ္စတာမူရာကာမိခေါင်းဆောင်သော
ဂျပန်ကုန်သည်ကြီးများသည်
အသစ်ဆောက်ပြီးစ ဖြစ်သော ရန်ကုန်မြို့တော်ခန်းမကြီးတွင် ဂျပန်ကုန်စည်ပြပွဲကြီးတစ်ခု
ကျင်းပလေသည်။
နယ်ချဲ့သမားအမျိုးမျိုး၏ ခြေကုပ်ယူရာ ဖြစ်သော ယိုးဒယားကပင်လျှင် 'လွမ်ဗီချစ်'ဆိုသော
အရာရှိကြီးတစ်ယောက်ကို ဗမာပြည်သို့ လွှတ်လေသည်။ သူသည် နမတော်သူ ဆိုသလိုလို၊
ခယ်မတော်သူ
ဆိုသလိုလို မိန်းမချောကလေး မစ္စပရဘိုင်အားခေါ်ပြီး ဆရာဖြစ်သင်ကောလိပ်ကျောင်းတွင်
'ပညာသင်ရန်'
အပ်နှံခဲ့လေသည်။ သတင်းစာများက ဤကိစ္စကို ယိုးဒယားမြန်မာဆက်ဆံရေးကောင်းဖို့ဟု
ရေးကြသည်။
ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားအများအပြားကား မိန်းမချောကလေး မစ္စပရဘိုင်အား
သွားကြည့်ကြသည်။
သူ၏အလှကို ကြည်ညိုကြသည်။ သူ့လိုဟာမကလေးက ဗမာပြည်စာလာသင်သဖြင့်
ဂုဏ်ယူကြသည်။

ကျွန်တော်တို့ နိုင်ငံရေးကျောင်းသားများသာလျှင် မစ္စပရာဘိုင်၏
အဖြစ်မှန်ကိုရိပ်မိကြလေသည်။ ‘လွမ်ဗီချစ်’နှင့်
ပရာဘိုင်တို့သည် ဂျပန်ကိုယ်စားလှယ်များ ဖြစ်သည်ဟု ကြားရလေသည်။
စားကျက်လုစစ်ပွဲကြီး၏
ယမ်းတောင့်တစ်တောင့်သာလျှင် ဖြစ်ပေသတည်း။
ယင်းသို့ နယ်ချဲ့သမားတို့က စစ်ပြင်ဆင်လှုံ့ဆော်နေသော အခြေအနေတွင် အသို့လျှင်
အိမ်တွင်းမှာ စိတ်ဖြောင့်စွာ
စာကုန်းကျက်နေနိုင်အံ့နည်း။ အသို့လျှင် တက္ကသိုလ်စာကြည့်တိုက်တွင်
အေးအေးဆေးဆေးလေ့လာနိုင်အံ့နည်း။
အသို့လျှင် စာသင်ခန်း၌ အာရုံစူးစိုက်၍ သင်ခန်းစာတွေကို လိုက်နိုင်အံ့နည်း။
ကိုးဆယ့်တစ်ဌာန အုပ်ချုပ်ရေးအရ ဗမာပြည်ကြီးကို စိုးမိုးအုပ်ချုပ်မင်းလုပ်နေ သော
အစိုးရ၏ လုပ်ပုံတွေကို
ကြည့်လိုက်ပါဦး။
ဂျော့ဘုရင်မင်းမြတ် ဘိသိက်ပွဲသို့ နန်းရင်းဝန်ဒေါက်တာဘမော်အမှူးရှိသော
ကိုယ်စားလှယ်တော်များ
လွှတ်ရသည့်အတွက် ငွေ၅၅.၀၀၀သုံးပြီး၊ မြန်မာနိုင်ငံမှာ စက်မှုလက်မှုဖွံ့ဖြိုးရေးအတွက်ကား
ငွေ၅၀.၀၀၀သာလျှင်
သုံးလေသည်။ စစ်တပ်၊ ထောင်၊ ပုလိပ် စသည်တို့အတွက် ယခင်ယခင်များကထက်
ငွေပိုသုံးလျက်ရှိသည်။
ထိုစစ်တပ်၊ ထောင်နှင့်ပုလိပ်တို့မှာ နှစ်စဉ်ငွေပေါင်း ၆ကုဋေမှ ၁၀ကုဋေအထိ
အမြတ်ယူနေသော
ရေနံမြေခနရှင်များထံမှာ အခကြေးငွေအဖြစ် နှစ်စဉ်ငွေ ၇သန်းမှ ၁၀သန်းအထိသာရနေသော
အလုပ်သမားတို့၏
လှုပ်ရှားဆူပူဆန့်ကျင်မှုများကို ဖိနှိပ်ရန်သာဖြစ်နေပေသည်။ ညွန့်ပေါင်းအစိုးရသည်
သစ်တောတင်ဒါကို
ငွေအနည်းဆုံးပေးသော သစ်တောရေးရာဝန်ကြီးချုပ်ဦးပု၏မိတ်ဆွေ ချပ်သင်းဦးဘတင်အား
ပေးခဲ့လေသည်။
ရာထူးနှင့်မျှား၍ ငါးပွင့်ဆိုင်ကို ဖဲ့ထုတ်ရသော ညွန့်ပေါင်းအစိုးရသည် မန္တလေးမှဦးဘဦးအား
အခွန်တော်ဝန်ကြီး
အဖြစ် ခန့်လိုက်သည်။ ခန့်ပြီးမျှမကြာခင် ဝန်ကြီးချုပ်ဦးဘဦးသည် အရက်မူးမူးဖြင့်
နေရှင်နယ်ကလပ်
အပေါက်စောင့်ဗမာကလေးအား လက်သီးနှင့်ထိုး၍ ဝန်ကြီးစွမ်းပြလိုက်လေသည်။ မြေလတ်မှ
မင်းတိုင်ပင်
အမတ်တစ်ယောက်သည် အပျက်မကလေးတစ်ယောက်နှင့် ပျော်တပြုံးပြုံးမော်မဆုံးရှိနေဆဲ
အမတ်မင်း

ခြောက်လုံးပြူးကို ကစားမိသဖြင့် ပေါင်ကိုထိမှန်ခဲ့လေသည်။ ရှမ်းပြည်နယ်နှင့် နယ်ခြားဒေသ ဥပဒေအရ
အမျိုးသားရေးလုပ်ငန်း၊ ဆင်းရဲသားလူထု လုပ်ငန်းများ ဗမာပြည်မှ ယင်းဒေသများသို့ မကူးစက်စေရန်
ဦးကွာပိန္နာဓိပတိအား မြစ်ကြီးနားမှ လည်းကောင်း၊ သခင်တင်လှိုင်အား တောင်ကြီးမှလည်းကောင်း၊ ကိုဥာဏ်အား
နမ္မတူမှလည်းကောင်း နှင်ထုတ်ခဲ့လေသည်။
ဤသည်တို့ကား အင်္ဂလိပ်နယ်ချဲ့နှင့် ၄င်း၏ဗမာပြည်ရုပ်သေးအစိုးရ၏ အခြေအနေတည်း။
ဤနယ်ချဲ့အစိုးရမျိုးအောက်တွင် ကျွန်တော်သည် အသို့လျှင်
ကျေနပ်ရောင့်ရဲဆိတ်ငြိမ်စွာနေနိုင်အံ့နည်း။
အသို့လျှင်ဤအစိုးရမျိုး၏ အမှုတော်ကို ထမ်းရွက်ရန် ရည်ရွယ်ချက်ဖြင့်
ပညာကိုသင်နိုင်အံ့နည်း။
ခက်တယ်အဖေ၊ ခက်တယ်။ အဖေ့သြဝါဒအတိုင်း နိုင်ငံရေးမှာ ဝင်မပါဖို့ ကြိုးစားတာပဲ မရဘူး။
သခင်တွေနဲ့မပေါင်းဘဲနေဖို့ ကြိုးစားတာပဲ၊ မအောင်ဘူး။ ပြေးနေတဲ့ ဘတ်စ်ကားပေါ်မှာ
ရောက်ပြီးသားခြေလှမ်းကို ရုပ်သိမ်းပြီး ခုန်ချဖို့ ကြိုးစားကြည့်တာပဲ၊ အထမမြောက်ဘူး။ လဲကျ
ခြေကျိုးမှာကိုတောင် ကြောက်မိသေးတယ်။
၁၇
အောင်ကျော်နှင့် လွတ်လပ်ရေးသမထ ဘာဝနာ
ပါတော်မူနေ့သို့ရောက်ခဲ့လေပြီ။
ထိုပါတော်မူနေ့ (၁၃၀၀ခု၊ တန်ဆောင်မုန်းလဆုတ် ၈ရက်နေ့)တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများသမဂ္ဂအသင်းမှ "နယ်ချဲ့စနစ်ကြီးကား လူသတ္တဝါတို့အား ဆင်းရဲခြင်း၊ ငတ်မွတ်ခြင်း၊
အလုပ်လက်မဲ့ပေါများခြင်း၊ လူတမ်းစေ့အောင် မနေရခြင်း၊ စစ်ဖြစ်ပွားခြင်း၊ သန်းပေါင်းများစွာသော
လူတို့အားသေစေခြင်း စသည့်ကပ်ကြီးများ ဆိုက်ရောက်စေ၏။ ++++ အဆွေရဲဘော် တို့၊ လူသတ္တဝါတို့၏
ဆန္ဒပြပွဲ၊ အစည်းအဝေးစသည်တို့ကျင်းပ၍ ပါဝင်ခြင်းမပြု။ အမျိုးသားနေ့နှင့်
ကြိုက်သလိုပါဝင်ဆင်နွှဲကြပေသည်။ ဥပမာ ကိုအောင်ကျော်သည် သူ့အခန်းဝတွင် "ဤနေ့ ဤရက်ကား
ငါတို့အရှင်နှစ်ပါး ပါတော်မူသောနေ့ဖြစ် သည်။ သတိရကြပါ"ဟူသော စာတန်းကြီးတစ်ခု
ရေးဆွဲ၍ချိတ်ထားလေသည်။ သူသည် အခန်းကိုအတွင်းမှပိတ်ကာ တစ်နေ့လုံး အခန်းအောင်း၍ အစားမစား၊
စကားမပြောဘဲ 'လွတ်လပ်ရေး'သမထဘာဝနာ စီးဖြန်း၍ နေလေသည်။

ကိုအောင်ကျော်ကား အမျိုးသားရေးဝါဒ ပြင်းထန်သူတည်း။
ကုလားဗမာအဓိကရုဏ်းအတွင်းက ကုလားများကို
တစ်ယောက်တည်းထွက်ချမည်ဟု တကဲကဲလုပ်နေသဖြင့် တားထားကြရလေသည်။
သူ့အယူအဆများမှာရှေးဆန်သည်။ ဥပမာ မိန်းကလေးနှင့် ယောကျာ်းကလေးလွတ်လပ်စွာ
ပေါင်းသင်းဆက်ဆံခြင်းကိုမကြိုက်။ ထမင်းစားပွဲအခမ်းအနားများတွင် မိန်းကလေးနှင့်
ယောကျာ်းကလေးအတွဲလိုက် အတွဲလိုက် ထိုင်၍ စားသည့်ဓလေ့ကို မကြိုက်သော ကြောင့်
ထိုထမင်းစားပွဲအခမ်းအနားများကို သပိတ်မှောက်လေ့ရှိ၏။
ဆရာ၊ ဆရာမတွေ ပွတ်သဘင် ဘော်လ်ဒန့်စ် ကျင်းပသည်ကို မကျေနပ်သဖြင့်
ခဲနှင့်ပေါက်ခဲ့ဖူးလေသည်။
ငှင်းပြင် တစ်ဦးချင်းစွန့်စား၍ ရန်သူခေါင်းဆောင်များကို
သတ်ပစ်ခြင်း(ဝါ)ရန်သူခေါင်းဆောင်နှင့်
အသက်ချင်းလဲ၍ လွတ်လပ်ရေးယူခြင်းတွင်လည်း ယုံကြည်မှုရှိလေသည်။ လူထုနှင့်ချီ၍
ဆူပူခြင်းထက်
ယင်းသို့လုပ်ခြင်းက ပို၍ထိရောက်မည်ဟု ယူဆတတ်လေသည်။ သို့သော် ကိုအောင်ကျော်၏
အယူအဆများကို
ကိုဘဟိန်းစသော ခေါင်းဆောင်များကသော် လည်းကောင်း၊ ကျွန်တော်တို့
သူငယ်ချင်းများကသော်လည်းကောင်း
ဝေဖန်ခဲ့သဖြင့် ယင်းသို့ယူဆရာတွင် မပြင်းထန်တော့ပေ။
သို့ရာတွင်သူ၏ရှေးဆန်မှုအချို့ကား
ပျောက်မသွားသေးချေ။
ဘာပဲဖြစ်ဖြစ် ပါတော်မူနေ့က ကိုအောင်ကျော် 'လွတ်လပ်ရေး'သမထဘာဝနာ ပြုလိုက်ပုံကား
ကျောင်းသားလောကတွင် တော်တော်ကလေးလှုပ်ရှားသွားသေး၏။
နောက်တစ်ရက်ခြားပြီး အမျိုးသားအောင်ပွဲနေ့ နေရှင်နယ်ဒေးရောက်လာပေ၏။ ကျွန်တော်တို့
ကျောင်းသားများ
စတင်လှုံ့ဆော်မှုကြောင့် ထိုနေ့ကစ၍ နှစ်စဉ်အမျိုးသား နေ့တိုင်းကျောင်းများကို
ပိတ်ပေးလေသည်။
မကြုံဖူးအောင် စည်ကားသော အမျိုးသားအောင်ပွဲနေ့ပေတည်း။ "မီးတုတ်–မီးတုတ် ရှို့ရှို့"
"သပိတ်–သပိတ်
မှောက်မှောက်" "သူပုန်–သူပုန် ထထ"ဟူ သော ကြွေးကြော်သံများကား အမြို့မြို့အရွာရွာ
အရပ်ရပ်တွင်လွှမ်းမိုးပဲ့တင် ခတ်နေလေသည်။
နေရှင်နယ်ဒေးသည် ၁၉၂၀ပြည့်၊ ကောလိပ်သပိတ်နေ့ကို နဝမအကြိမ်မြောက်
ဂျီစီဘီအေကွန်ဖရင့်က
သတ်မှတ်ရွေးချယ်ခဲ့ခြင်းဖြစ်သော်လည်း ဂျီစီဘီအေကြီး အကြိမ်ကြိမ်
အစိတ်စိတ်ကွဲသွားသောအခါ

နေရှင်နယ်ကျောင်းသားများကသာ ဆက်လက်ကျင်းပနေခဲ့လေသည်။
တက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့်
ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂပေါ်ခဲ့သည့်နောက်များတွင် ကျောင်းသားပေါင်းစုံ
အင်အားပြပွဲဖြစ်လာခဲ့လေသည်။ ထိုအတွင်း တို့ဗမာအစည်းအရုံးလည်း နေရှင်နယ်ဒေး၊
ကျင်းပရေးတွင်
တစ်စတစ်စဝင်ခဲ့၏။ ယခုနှစ်မှာမူ အမျိုးသားနေ့သည်
ကျောင်းသားများအင်အားပြပွဲမျှသာမကတော့ဘဲ
"အမျိုးသားရေး"စိတ်ဓာတ်တက်ကြွလာသော တစ်မျိုးသားလုံး၏ လွတ်လပ်ရေးဆန္ဒပြပွဲ
ကြီးဖြစ်လာတော့၏။
ဆိုက်ကားသမား၊ ဈေးသည်များလည်း ပါလာ၏။ အလုပ်သမားများလည်းပါလာ၏။
စာရေးဆရာများလည်းပါလာ၏။ အမျိုးသမီးအများအပြားလည်းပါလာ၏။ မမြင့်ဦးအစရှိသော
ကျောင်းသူများမှာ
ကျောင်းသားများနီးပါး တက်ကြွစွာပါဝင်လာကြလေ၏။
မနေ့က ကျွန်တော်သည် မမြင့်ဦးထံမှ အောက်ပါစာကို ရထားလေသည်။
ထွန်းကလေး
မနက်ဖြန်မနက် အမျိုးသားနေ့အင်အားပြပွဲပြီးရင် ထွန်းကလေးရယ် မြင့်ကြီးရယ်
တစ်နေရာရာသွားပြီး
တစ်ခုခုစားကြမယ်။ ဘိုင်ကျနေရင်လည်း မပူပါနှင့်၊ မြင့်ကြီးက ဒကာခံပါ့မယ်။
စားသောက်ပြီးတော့ဘားနဒ်
ပိဋကတ်တိုက်သွားကြရ အောင်။ ပေမူတချို့မြင့်ကြီး ဖတ်ချင်လို့
ပြီးတော့အခန့်သင့်ရင်မွန်စာနှင့်ပတ်သက်ပြီး
လက်ထောက်ပိဋကတ်တိုက်စိုး ဒေါ်နှင်းနှင့် နည်းနည်းဆွေးနွေးချင်တယ်။ ထွန်းကလေးကတော့
ကြိုက်တဲ့စာ
ဖတ်နေပေါ့။ အားတယ်မဟုတ်လား။ အင်အားပြပွဲ အပြီးမှာ လာခေါ်နော်....
မြကြီး
ထိုစာကိုရထားသောကြောင့် ဆန္ဒပြပွဲအပြီးလူစုခွဲလျှင် ကျွန်တော်သည်
ရဲဘော်ကျောင်းသားများနှင့်ခွဲ၍ မမြင့်ဦးအား
သွားခေါ်ရလေသည်။
မမြင့်ဦးဝတ်ထားသော အင်းလုံချည်မှာ အစိမ်းခံတွင် လုပသောအဆင်ကျစ် ထားသည်။
ပဒုမ္မာအင်္ကျီကားမထူမပါးဖြစ်၏။ ကျွန်တော်ကား ဟန်ဇာလုံချည် အညိုအဖြူ
မန်ကျည်းစေ့ကွက်နှင့်
ပင်ဖြူအပေါ်အင်္ကျီကို ဝတ်ထားပေးသည်။
မမြင့်ဦးက တရုတ်စာ စားချင်သည်ဆိုသောကြောင့် တရုတ်တန်း တရုပ်ဆိုင်ကြီးတစ်ဆိုင်တွင်း
ဝင်ကြလေ၏။
စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်မိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်က အပေါ်အင်္ကျီစနှင့်

ကိုယ့်ကိုယ်ကိုယ်ယပ်ခတ်ရင်း–
"မမြင့်ဦးလုံချည်ကတော့ လှလိုက်တာ"
မမြင့်ဦးသည် လက်ကိုင်ပုဝါဖြင့် ချွေးသုတ်ပြီး ပြုံးလျက်–
"ဘာကတော့မလှသတုံး"
ကျွန်တော့်အာခေါင်တွင် ပြူတစ်ပြူတစ်လုပ်နေသောစကားမှာ "လူကတော့ လုံချည်ထက် ပိုလှတယ်"ဟူ၍ ဖြစ်၏။
သို့ရာတွင် အဖေ့မျက်နှာပေါ်လာပြီး "ဟေ့ ရှေ့မတိုးနှင့်"ဟု ပြောလိုက်သယောင်ဖြစ်ကာ ထိုစကားကို
မျိုချလိုက်ပါသည်။ ၄င်းနောက် အတန်ကြာပြုံးကြည့်နေပြီး–
"မမြင့်ဦးဘာလို့ ပင်ဖြူမဝတ်သလဲ၊ အဖျင်းဆုံး ဒီနေ့လိုနေ့မှာ ဝတ်ရောပေါ့"
"အို–ကျွန်မက သည်လိုဟန်မဆောင်တတ်ဘူး။ တစ်နှစ်လုံးခေါက်ပြီး သေတ္တာထဲထည့်ထား အမျိုးသားနေ့ကျမှ
ဝံသာနုစိတ်ပြဖို့ ထုတ်ဝတ်တာမျိုး မကြိုက်ဘူး။ ဝတ်နိုင်ရင် အမြဲဝတ်မယ်၊ အမြဲလည်း မဝတ်နိုင်ဘူး"
တရုတ်စားပွဲထိုးက ဘာမှာမတုံးဟု လာမေးသဖြင့် စကားပြတ်သွားကြလေသည်။ စားလိုရာ မှာကြပြီးနောက်–
"ပဒုမ္မာအင်္ကျီဝတ်တော့ ရဟန်းပျိုတွေ မာမကတွေမကြောက်ဘူးလား ဟဲ ဟဲ"
"ရဟန်းပျိုတွေကလည်း အတင်းတရကြမ်း အင်္ကျီပါးတွေမဝတ်အောင် လုပ်နေကြတယ်။ သတင်းစာတွေကလည်း
တောင်ရေး မြောက်ရေးနဲ့။ အင်္ကျီပါး ဝတ်ထိုက်မဝတ်ထိုက်၊ ဖျင်နီဝတ်ထိုက် မဝတ်ထိုက် မပြောခင် ဒီကိစ္စမှာ
ရဟန်းသံဃာ တွေပါသင့် မပါသင့် ကျွန်မပြောချင်တယ်"
"ကဲ လုပ်စမ်းပါဦးဗျာ"
"ရဟန်းဘောင်က ဆရာတော်ကြီးဖြစ်ဖြစ်၊ ဦးပဥ္စင်းကလေးပဲဖြစ်ဖြစ်၊ ကျွန်မတို့ မိန်းမသားတွေရဲ့
အတွင်းစာတ်နဲ့သဘာဝကို သိဖို့ခက်ပါတယ်။ ဘယ်ဆရာတော်က ရေးရေး၊ မိန်းမအကြောင်းတွေရေးခဲ့တာတွေဟာ
မှန်တာအင်မတန်ရှားတယ်လို့ ကျွန်မဆိုချင်တယ်။ မိန်းမကို အရမ်းကာရောနှိမ်နင်းပြီး
တစ်ဖက်သတ်ရေးတာတွေသာ များတယ်။ ပြီးတော့ သူတို့ရည်ရွယ်ချက်က ရဟန်းတွေဟာ မိန်းမကို မုန်းစေ၊
အနားမကပ်စေနဲ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ရေးတာမို့ ဘယ်မှာအများအားဖြင့်
အမှန်ကိုရေးတာဖြစ်နိုင်ပါမလဲ။
ကမ္ဘာမှာပေါ်ခဲ့သမျှ မိန်းမတွေ အသချေအနန္တ အနက်က မကောင်းပေ့၊ ယုတ်မာပေ့ဆိုတဲ့ မိန်းမတွေအကြောင်းကို

အထပ်တလဲလဲ နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေရေးကြတာပဲ။ မိန်းမများရဲ့
သဘာဝဓလေ့ကောင်းတွေ မဖော်ကြဘူး။
ဒီတော့ ဘုန်းကြီးများဟာ မိန်းမနဲ့ပတ်သက်ရင် အထင်ရင်လည်းသေးလွန်းရမယ်။ ဣတ္ထိဝဂ်
ဆိုတာမျိုးပေါ့။
သို့မဟုတ်မိန်းမနဲ့ သိပ်မတွေ့ဘူး မကြုံဖူးဘဲ တစ်ကြိမ်တစ်ခါ ကြုံတွေ့ရတော့
အလွန်အကြူး
အထင်ကြီးတာရင်လည်း ဖြစ်ရမယ် ဘုန်းကြီးတွေရေးတဲ့ ကညာဘွဲ့ကဗျာတွေ ကြည့်ပါတော့”
ထမင်းပန်းကန်များနှင့် ဘဲပေါင်းဟင်းချိုကို လာ၍ချလေပြီ။ ဘဲပေါင်းမှ
တထောင်းထောင်းတက်နေသော
အငွေ့ကိုကြည့်ရင်း–
“အဲဒီတော့ ပင်နီ ပင်ဖြူဆီဆက်ပါဦး။ အင်း–ပင်နီဆိုတော့ ဟိုပင်နီဆရာကြီး
သတိရသေးတော့”
“ဒီနေ့ သူ့ကိုလည်း မမြင်မိဘူးနော်”
“ကျောင်းထွက်သွားပြီး ခုဘယ်ရောက်နေတယ် မသိဘူး”
သို့ကလိုပင် ပင်နီမြတ်ကျော်၏ အကြောင်းကိုပြောကြရင်း ကျွန်တော်ကား မမြင့်ဦးနှင့်
ကျွန်တော်သူငယ်ချင်းမက၊
ရည်းစားလည်းမကျဖြစ်သွားစေသည့် အကြောင်းကို ပြန်ပြောင်းသတိရနေလေသည်။
မမြင့်ဦးလည်း ထိုဟာကိုပင်
သတိရသွားဟန်ရှိသည်။
အတန်ကြာ စကားမပြောဘဲနေကြပြီးနောက် မမြဦးက–
“မိန်းမရဲ့ဥစ္စာဟာ အဆင်း၊ ယောကျာ်းရဲ့ဥစ္စာဟာ ပညာလို့ ဆိုတဲ့စကားဟာ
ကမ္ဘာတည်ဦးကစပြီး
ခုတိုင်မှန်နေတာပဲ။ နောင်လည်းမှန်မှာပါပဲ။ မိန်းမတို့ရဲ့ အတောင့်တဆုံးဟာလည်း
အဆင်းပဲ။
ဒီတော့လှချင်တယ်ဆိုတဲ့ အာသီသဟာ မိန်းမတိုင်းမှာ တဝုန်းဝုန်း တောက်နေတာပဲ။
အရုပ်ဆိုးတာကို
နည်းနည်းဆိုးအောင်၊ နည်းနည်းဆိုးတာကို မဆိုးအောင်၊ မဆိုးတာကို လှအောင်၊ လှတာကို
လှသည်ထက်
လှအောင်၊ သည့်ထက်လှတာကို အလှဆုံးဖြစ်အောင် လုပ်ကြတာဟာ ဓမ္မတာပဲ။
လှချင်လို့လည်း အမျိုးမျိုးကြံကြ၊
အမျိုးမျိုးဝတ်ကြတာပဲ။ အင်္ကျီပါးဝတ်တာဟာ လှမယ်ထင်လို့ဝတ်တာ၊ နေရထိုင်ရတာ
သက်သာအေးချမ်းလို့
ဝတ်တာပဲ။ဘုန်းတော် ကြီးများ ပြောဟောကြသလို ရင်သား ထင်းခနဲမြင်အောင်
ယောကျာ်းတွေ
စိတ်ဓာတ်ကြွလာအောင် ဝတ်တာမဟုတ်ပါဘူး”

“ကဲ ကဲ ဟင်းချိုကလေး သောက်နှင့်ဦးစို့လား”
“ကိုတင်ထွန်း သောက်ချင်သောက်ပါ၊ ကျွန်မတော့ ဟင်းစုံအောင် စောင့်ဦးမယ်”
ကျွန်တော်က ဘဲပေါင်းဟင်းချိုကို မြည်းနေသည်။ မမြင့်ဦးက ဆက်ပြန်သည်။
“လှချင်လို့ဝတ်တာ ဘယ်လောက်ထင်ရှားသလဲဆိုတော့။ ရှင်မီးအင်္ကျီဇာဘော်လီတွေကို ပန်းခက်တွေဘာတွေနဲ့
ဝတ်တာကိုပဲကြည့်ပေတော့။ အရောင်အမျိုးမျိုးချုပ်ဝတ်တာလည်းကြည့်။ အင်္ကျီထူထူနဲ့ လှရင်လည်းဝတ်မှာပဲ။
လှအောင်သာ အင်္ကျီကိုလုပ်ပေး၊ မပူနဲ့ မိန်းမတွေဝတ်ကြမှာပဲ။ ခု ပင်နီကလေးတွေ ဝတ်တာဟာ
တခြားကြောင့်မဟုတ်ဘူး၊ အတော်အတန်လှပလို့ ဝတ်တာ။ ပင်နီတွေ ဝတ်ရတာကိုပဲ ဖက်ရှင်ထင်နေကြလို့ဝတ်တာ”
ထိုအတွင်း အခြားစားဖွယ်သောက်ဖွယ်များ ရောက်လာလေသည်။
“ကဲ ကဲ စားပါဦး။ ဒီလောက်ဆိုရင် မမြင့်ဦးရဲ့ အာဘော်ကို သိပါပြီ”
မမြင့်ဦးက ဟင်းချိုသောက်ရန် ဇွန်းကောက်ကိုင်ပြီးမှ–
“ပြီးတော့ သတင်းစာဆရာတွေက ရေးကြတာ တစ်ခုရှိသေးတယ်။ ကျွန်မတို့ မိန်းမတွေ အင်္ကျီပါးဝတ်တာလော်လည်တာတဲ့။ လော်လည်တယ်ဆိုတဲ့စကားဟာ အင်မတန် ပြင်းထန်ပါတယ်။
ကမြင်းကြောထတယ်လို့ ဆိုတာမျိုးပဲ။ ကမြင်းချင်တဲ့ မိန်းမဟာ အင်္ကျီပါးဝတ်ဝတ် မဝတ်ဝတ် ကမြင်းတာပဲ။
လော်လည်တာပဲ။ အိမ်ထဲမှာ ပုန်းနေတဲ့က အိမ်တွင်းပုန်းကုလားမလည်း လော်လည်ရင် လော်လည်တာပဲ။
ကမြင်းကြွချင်ကြွတာပဲ။ မဟုတ်ဘူးလား”
ကျွန်တော်က သဲ့ သဲ့ ရယ်လိုက်သည်။ ပြီးတော့“
ကဲပါ စားပါတော့၊ သည်က ဆာလှပြီ”
မမြင့်ဦးသည် သည်တော့မှ ဟင်းချိုသောက်တော့သည်။
စကားမပြောဘဲ စားနေကြပြီး အတန်ကြာသော်–
“ကိုတင်ထွန်းကော ဖျင်ပင်နီပြဿနာ၊ အင်္ကျီပါးပြဿနာတွေ ဘယ်လိုသဘော ထားသလဲ”
“ဖျင်ပင်နီဝတ်တာကတော့ ကိုယ့်တိုင်းဖြစ်အားပေးတယ်၊ ဝံသာနုတယ်ဆိုတဲ့ အထိမ်းအမှတ်ပါပဲ။
ဖျင်ပင်နီဝတ်တာနဲ့ လွတ်လပ်ရေးရမယ်လို့တော့ မထင်ပါဘူး။ ဖျင်ပင်နီရက်ကန်းစင်ပြန့်သွားရတာဟာလည်း
ခေတ်နောက်ပြန်ရေးပဲ၊ တိုးတက်ရေး မဟုတ်ဘူး။ ကိုယ့်ပြည်မှာ စက်မှုလက်မှုထွန်းကားဖို့သာ အရေးကြီးတယ်လို့
ထင်တယ်”

"ကျွန်မ အဲဒါသဘောကျတယ်။ ဝံသာနုရအောင်ဆိုပြီး ယွန်းဒေါင်းလန်းနဲ့ ထမင်းစားတာကို သဘောမကျဘူး"
စားသောက်ပြီးကြသောအခါ ဘားနဒ်ပိဋကတ်တိုက်သို့ သွားကြလေသည်။
ရန်ကုန်ဟိုက်စကူးကျောင်းကြီးကား
ဟောင်းမြင်းသောအဖြစ်ကို မဖုံးမဖိပြလျက်ရှိ၏။ ဘားနဒ်ပိဋကတ်တိုက် အဆောက်အအုံကား
ပိုလို့ပင်ဟောင်းပုံပေါ်နေသည်။ ပုံပန်းသဏ္ဌာန်မှာလည်း အရုပ်ဆိုးလှပေသည်။
အတွင်းမှာ တိတ်ဆိတ်ငြိမ်သက်လှပေ၏။ နဂိုက စီစဉ်ထားသည့်အတိုင်း မမြင့်ဦးကား
ပေဟောင်းစာမူများကို
ဖတ်တန်ဖတ်၊ ကူးတန်ကူးနေလေသည်။ ကျွန်တော်ကား မဂ္ဂဇင်းဂျာနယ်များကို
ဆွဲဖတ်နေလေသည်။
လက်ထောက် ပိဋကတ်တိုက်စိုး ဒေါ်နှင်းသည် အပြင်ခဏထွက်သွားသဖြင့် မမြင့်ဦးနှင့်
မတွေ့ရသေး။
မမြင့်ဦးသည် ဒေါ်နှင်းအား တွေ့အောင်စောင့်ဦးမည်ဖြစ် ၏။ ကျွန်တော်သည် စာဖတ်ရင်း
နဂါးနီတိုက်သို့
ခဏသွားရန် စိတ်ကူးပေါက်လာသည်နှင့်–
"မမြင့်ဦးရေ ဒီနားခဏသွားလိုက်ဦးမယ်၊ လုပ်စရာရှိတာ လုပ်နေရစ်ပေါ့"
"သွားစရာရှိသွားလေ၊ ပြန်မလာဘဲသာ မနေနဲ့နော်"
"အို ပြန်လာမှာပေါ့၊ မြင့်ကြီးကလည်း"
မမြင့်ဦးက ပုရပိုက်စာတွေကိုကိုင်ရင်း ကျွန်တော့်ကို မော့၍ စေ့စေ့ကြည့်ကာ ပြုံးနေသည်။
ပြတင်းမှန်ဖြူမှတစောင်းထိုးဝင်နေသော ပြင်ဘက်အလင်းရောင်ကြောင့် ပါးချိုင့်ကလေးနှင့်
မျက်တောင်ကော့တို့မှာ
အထူးချစ်စရာကောင်းနေ၏။ ထိုသို့လက်ခနဲ ထွက်လာသောချစ်စရာအကွက်ကလေးသည်
ကျွန်တော့်အား
ခြေလှမ်းတုံ့သွားစေ၏။ သို့သော် ရှန်းထွက်ရန် တစ်ဖက်လှည့်လိုက်မမြင့်ဦးက–
"ကိုထွန်း"ဟု ညင်သာပျော့ပျောင်းစွာ ခေါ်လိုက်လေသည်။ သည်လို မခေါ်စဖူး
ခေါ်လိုက်သဖြင့်
ကျွန်တော်အနည်းငယ် အံ့အားသင့်သွား၏။ ယခင် ကျွန်တော်က သူ့ထံစာရေးစဉ်
ကိုယ့်ကိုယ်ကိုယ် 'ကိုထွန်း'
ဟုခေါ်လိုက်တော့ သူကစိတ်ဆိုးသည် မဟုတ်ပါလော။ သူ့အားသရိုးသရီလုပ်သည်ဟု
စွပ်စွဲခဲ့သည်မဟုတ်ပါလော။
မမြင့်ဦးသည် သူရောကျွန်တော်ပါ အခြေနည်းနည်းပျက်သွားသည်ကို
ချက်ချင်းရိပ်မိဟန်တူသည်။ ချက်ချင်းပင်
သွင်ပြင်လက္ခဏာတွေပြောင်းပြီး ကပ်နေသောအသံကို အဟမ်းခနဲထုတ်လျက်"
ကိုတင်ထွန်းရေ ကြည့်စမ်းပါဦး၊ ပုရပိုက်တွေထဲမှာ ရှေးဟောင်းပန်းချီရုပ် ပုံတွေ
တွေ့နေရတယ်"

"အို ဟုတ်လား၊ ပြစမ်း ပြစမ်း"
မမြင့်ဦးက ပုရပိုက်ကို မပိတ်မကွယ်ဘဲထားသော်လည်း မပြ။
"ကဲလေ၊ အပြန်မှကြည့်ပါတော့"
ကျွန်တော်သည် မမြင့်ဦးတော့ 'ထူး'တာပဲဟု အောက်မေ့ပြီး ထွက်လာခဲ့လေ သည်။
နဂါးနီအသင်းတိုက်တွင် ကိုဘဟိန်း၊ ကိုထွန်းရှိန်နှင့် အခြားသူများကိုတွေ့ရ လေသည်။
သို့ရာတွင်
နဂါးနီအသင်း၏ အကျိုးဆောင်များဖြစ်သော ကိုနု၊ ကိုသန်းထွန်းနှင့် ကိုစိုးတို့အား မတွေ့ရ။
သူတို့သည်
ယခုအခါ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုးတို့ဖြစ်နေကြလေပြီ။ နဂါးနီစာအုပ်အသင်း
အလုပ်နှင့်သာမက
တို့ဗမာအစည်းအရုံးအလုပ်များဖြင့်လည်း မအားမလပ်ရှိနေကြ၏။ ယခုတလော ကိုဘဟိန်းနှင့်
ကိုဗဆွေတို့သည်
နဂါးနီအသင်း စာစောင်ကလေးတွင် ဆောင်းပါးတော်တော် များများရေးနေကြ၏။
ဥပမာ ပြီးခဲ့သောအပတ်က ကိုဘဟိန်းသည် ဆိုဗီယက်ရုရှား ကွန်မြူနစ်ပါတီ
အကြောင်း'ဘိုလ်ရှီဗစ်'
'မင်ရှီဗစ်'အကြောင်းများရေး၍ ကိုဗဆွေက ဆိုဗီယက် ရုရှား ကွန်မြူနစ်ခေါင်းဆောင်ကြီး
စတာလင်အကြောင်းကို
ရေးခဲ့လေသည်။
ကိုဘဟိန်းနှင့် စကားစမြည်ပြောကြရင်း သိခဲ့ရသည်မှာကား ရေနံမြေမှ
သပိတ်မှောက်အလုပ်သမားများသည်
ဟိုမှာသာနေ၍ တောင်းဆိုချက်မရှိင်ဖြစ်သဖြင့် တစ်နည်းနည်းနှင့် ရန်ကုန်သို့လာကြရန်
စီစဉ်နေကြောင်းဖြစ်လေသည်။ ကိုဘဟိန်းက 'ရေနံမြေသပိတ် စစ်ကူစရိတ်ရန်ပုံငွေ' အတွက်
သုံးရောက်ခြယ်
တူတံစဉ်အလံကိုထမ်း လျက်မီးတုတ်ကိုင်ထားသော တို့ဗမာယောကျာ်းရုပ် ရင်ထိုးခါတ်ပုံ
အစိတ်ရောင်းရန်
ကျွန်တော့်အားပေးလိုက်လေသည်။
မမြင့်ဦးသည် ဒေါ်နှင်းနှင့် ဆွေးနွေးနေလေပြီ။ စာဖတ်စားပွဲပေါ်တွင် မမြင့်ဦးချထားခဲ့သော
ပုရပိုက်များကို
ယူ၍"ပြန်လာမှကြည့်ပါ"ဟု သူကဆိုသော ရေးပန်းချီရုပ်ပုံများကို ကြည့်လိုက်သည်။
ရုပ်ပုံများမှာစုံနေသည်။
ရှေးမြန်မာ မင်းခမ်းမင်းနားအသုံးအဆောင်များ၊ ဘီလူး၊ ခြသေ့ပုံများ စသည်တို့အပြင်
ကိန္နရီ-ကိန္နရာမောင်နှံပုံ၊
ဟင်္သာဖို-ဟင်္သာမပုံများကိုလည်း တွေ့ရလေသည်။ မမြင့်ဦးက "ကိုထွန်း"ဟု မခေါ်စဖူး
ယုယညုတာသံနှင့်

ခေါ်ကာပြမည်လုပ်ခဲ့သော ရုပ်ပုံများမှာ ဤကိန္နရီ–ကိန္နရာ၊ သို့မဟုတ် ဟသ်ာဖို–မပုံများ ဖြစ်လေသလောဟု
တွေးထင်မိလေ သည်။ ကျွန်တော်သည် ထိုပုံတို့ကို ကြည့်နေစဉ် မမြင့်ဦးသည် စာဖတ်စားပွဲသို့ ပြန်လာလေသည်။
ဘာမျှမပြောဘဲ အဓိပ္ပာယ်ရှိသော ပြုံးခြင်းဖြင့် တစ်ချက်ပြုံးလိုက်ပြီး သူ့ဟာသူငုံ့၍ စာဖတ်နေလေသည်။
အတန်ကြာလျှင် ကျွန်တော်တို့ပြန်ကြ၏။ လမ်းတွင် ကျွန်တော်က ‘ရေနံမြေသပိတ် စစ်ကူရန်ပုံငွေ’အတွက်
ရင်ထိုးဓာတ်ပုံကလေးကို မမြင့်ဦးအား ဝယ်ဖို့ပြောရာ မမြင့်ဦးသည် ပုံကိုသေချာစေ့စပ်စွာ ကြည့်ပြီးနောက်
ကျွန်တော့်အား ပြန်ပေး၏။
“ရန်ပုံငွေအတွက် ဓာတ်ပုံဖိုးတော့ ပေးမယ်၊ ပုံကိုတော့ မလိုချင်ဘူး”
ကျွန်တော့်မှာ များစွာအံ့အားသင့်သွားလေသည်။
“ဟင် ဘာဖြစ်လို့လဲ”
“ရင်ထိုးဖို့ ဓာတ်ပုံဆိုတာ ထိုးချင်စဖွယ်ဖြစ်အောင် လုပ်ရတယ်ရှင့်။ ခုတော့ ကြည့်စမ်းပါဦး၊ ခါးတောင်းကျိုက်နဲ့
ယောကျာ်းကြီးကလည်း ကြမ်းတမ်းရုပ်ဆိုးလိုက် တာ။ ကိုင်ထားတာက မီးတုတ်တစ်ဖက်၊ သုံးရောင်ခြယ်နဲ့
တူတံစဉ်အလံတစ်ဖက်။ ရှုပ်ယှက်ခတ်နေတာပဲ၊ ဘာအဓိပ္ပာယ်ဆိုတာလည်း ကျွန်မနားမလည်ဘူး”
ကျွန်တော်သည် မမြင့်ဦးအား အထင်အမြင် သေးခြင်းဖြင့် ကြည့်ပြီး စိတ်ပျက်သောအသံဖြင့်–
“မမြင့်ဦးရယ် ဒီကိစ္စမှာ အလှအပ အဖွယ်အရာမလိုပါဘူး။ ရေနံမြေအလုပ်သမားအရေးကိုထောက်ခံတယ်။
လိုလားတယ်ဆိုတဲ့ ဆန္ဒပြတဲ့အနေနဲ့ ရင်ဘတ်မှာထိုးဖို့ပါပဲ။ ခါးတောင်းကျိုက်နဲ့ ယောကျာ်းကြီးကတော့
ကျားကျားလျားလျားနဲ့ ဗမာစစ်တယ်ဆိုတာကို ဖော်ပြတယ်။ မီးတုတ်ကတော့ နယ်ချဲ့စနစ်ကို မီးရှို့ဖျက်ဆီးမယ်ဆိုတဲ့ သဘော၊ တူတံစဉ်ကတော့ ဆိုရှယ်လစ်ဝါဒ၊ သုံးရောင်ခြယ်က တို့ဗမာအလှ”
“ကျွန်မသဘောမကျပါဘူးရှင်။ ရေနံမြေအလုပ်သမားအရေး ထောက်ခံချင်ရင် လည်း ဒီပြင်နည်းနဲ့ပဲ
ထောက်ခံမယ်။ ဒါကြီးတော့ ရင်ဘတ်မထိုးပါရစေနဲ့။ အမှန်မှာတော့ ရေနံမြေအလုပ်သမားအရေးလည်း
ကျွန်မသိပ်သိတာမဟုတ်ပါဘူး၊ သပိတ်သမားတွေကို သနားလို့သာ ထောက်ခံတာပါ၊ ဆိုရှယ်လစ်ဝါဒကိုလည်း
ကျွန်မနားမလည်ပါဘူး”

"ဖြစ်မှဖြစ်ရလေ မမြင့်ဦးရယ်၊ နဂါးနီသတင်းစာစောင်နဲ့ သခင်စိုးရေးတဲ့
ဆိုရှယ်လစ်ဝါဒအကြောင်းကို
မဖတ်ဘူးလား"
"နဂါးနီသတင်းစာစောင်ကလေးတွေတော့ လှန်ကြည့်မိပါရဲ့၊ ဆောင်းပါးတွေက
များသောအားဖြင့်
စိတ်ဝင်စားစရာသိပ်မပါဘူး။ ဆိုရှယ်လစ်ဝါဒ စာအုပ်ကိုတော့
နည်းနည်းစဖတ်ကြည့်လိုက်တယ်။
နားမလည်တာနဲ့ချထားလိုက်ရတာပဲ"
ကျွန်တော်တို့ကျောင်းသို့ပြန်လာကြချိန်မှာ ကျောင်းသားအများ မြို့ထဲသို့သွားချိန်ဖြစ်ပြီး
ပြန်လာသူနည်းပေရာ
ဘတ်စ်ကားပေါ်၌ လူနည်းလေသည်။ ပါလာသူများမှာလည်း ကျောင်းသားမဟုတ်သူများသာ
ဖြစ်ဟန်ရှိ၏။
သူတို့မှာ ကျွန်တော်တို့နှစ်ယောက် အပြန်အလှန်ပြောဆိုနေကြသည်ကို
စိတ်ဝင်စားကြဟန်မတူချေ။
"အဲဒီစာအုပ်က ခက်တော့ ခက်တာပဲ မမြင့်ဦးရဲ့၊ နို့ပေတဲ့ နားမလည်လည်အောင်
အခေါက်ခေါက်ဖတ်ရတာမျိုးပဲ"
"ဒီလိုဆိုတော့လည်း မဖတ်နိုင်ဘူးရှင့်။ အတန်းစာတွေကလည်း သိတဲ့အတိုင်း သိပ်များတယ်။
ဂုဏ်ထူးယူထားတယ်ဆိုတော့ သူ့ဆိုင်ရာကို ဖတ်နိုင်မှကိုး ကိုတင်ထွန်းရဲ့။ ရှင်ကော
အဲဒီစာအုပ်ကို
နားလည်ရဲ့လား"
"နားလည်အောင် ကြိုးစားရတာပေါ့။ အခေါက်ခေါက်ဖတ်၊ အင်္ဂလိပ်စာအုပ်တွေနှင့်လည်း
တွဲဖတ်ရတာပဲ"
"အယူအဆတွေကိုကော အကုန်လုံးလက်ခံသလား"
"အားလုံးတော့ လက်မခံနိုင်သေးဘူး။ များသောအားဖြင့်တော့ သဘောကျတယ်"
ကျွန်တော်တို့သည် အင်းလျားလမ်းမှာ ဆင်းကြသည်။ မမြင့်ဦးအား အင်းလျားလမ်းနှင့်
စစ်ကိုင်းလမ်းထောင့်၊
အင်းလျားဆောင်ထောင့်သို့ ရောက်အောင် လိုက်ပို့လိုက်လေသည်။
ယနေ့အဖို့ ကျွန်တော်သည် ပုဂ္ဂိုလ်ရေးအရပြောရသော် မမြင့်ဦးဘက်သို့ အတော်ပင်
တိမ်းညွတ်သွားလေသည်။
မမြင့်ဦး၏ ရိုးသဲ့သဲ့အခေါ်အပြောများနှင့် မခို့တရို့ချစ်ဖို့ကောင်းစွာ
ကျွန်တော့်အားဆက်ဆံခြင်းများသည်
ကျွန်တော့်ရင်တွင်း ဝယ် ပဲ့တင်မခတ်ဘဲ မနေနိုင်ပါ။ သို့ရာတွင် နိုင်ငံရေး၊ ဝါဒရေးများအရ
ပြောရပါမူ
သူနှင့်ကျွန်တော်တို့သည် ကွာလှမ်းနေသည်ကိုတွေ့ရ၏။ သူက နိုင်ငံရေး၊ ဝါဒများနှင့်
ဝေးလာပြီး သူ့စာပေ၊

သူ့အတန်းပညာသက်သက်သို့သာ ပိုမိုရွေ့ရှားနေပေ၏။ ကျွန်တော်က
ကျွန်တော့်အတန်းပညာမှ ဝေးလာပြီး
နိုင်ငံရေးဝါဒရေးများဘက်သို့ ပိုမိုရွေ့ရှားနေပေ၏။ ကျွန်တော်သည်
အင်္ဂလိပ်ပါးကိစ္စ၌လည်းကောင်း၊ ရင်ထိုးခတ်ပုံ
ကိစ္စ၌လည်းကောင်း မမြင့်ဦး၏ ဆင်ခြေများကို ချေပနိုင်ခြင်းမရှိပါ။ သူ့အယူအဆ
များကိုထောက်ခံနိုင်သည်သာရှိပါ၏။ သို့ရာတွင် မမြင့်ဦးသည် ကျွန်တော်လိုသလောက်
အမျိုးသားစိတ်မပြင်းထန်၊
ကျွန်တော်လိုသဘောက် အလုပ်သမားအရေးကို မထောက်ခံ၊ ကျွန်တော်လိုသလောက်
နိုင်ငံရေးဝါဒ
သဘောတရားကို မလေ့လာခြင်း တို့ကြောင့် မကျေမနပ်ဖြစ်နေပါသည်။ အထင်လည်း
'အနည်းငယ်'သေးမိပေသတည်း။ ။
၁၈
ရေနံမြေမှ တပ်ကြီး
၁၃၀၀ပြည့်နှစ်၊ နတ်တော်လဆန်း ၈ရက်။
၄င်းနေ့တွင် ဗမာသတင်းစာများ၌ အောက်ပါသတင်းကို ဖတ်ရှုကြရလေသည်။
ရေနံမြေသပိတ်မှောက် အလုပ်သမား ၁၀၀၀
ရန်ကုန်သို့ ခြေလျင်လာကြတော့မည်
ရေနံမြေတွင်ကုမ္ပဏီကတင်း အစိုးရကပင်းသဖြင့် အတိဒုက္ခရောက်၍နေကြ သော ရေနံချောင်း၊
ချောက်၊ မူလာ၊ လမ်းရွာအစရှိသည့် ရေနံမြေတစ်ဝိုက်မှ သပိတ်မှောက်အလုပ်သမား ၁၀၀၀
ကျော်တို့သည် နိဝင်ဘာလ ၃၀ ရက် ဗုဒ္ဓဟူးနေ့ တွင် ချောက်မြို့မှ ရန်ကုန်သို့
ခြေလျင်ချီတက်လာကြမည်ဖြစ်ရာ ချောက်မြို့ သခင်ဘိုးလှကြီးက ခေါင်းဆောင်လာမည်
ဆိုကြောင်း။
နောက်တစ်နေ့ (နတ်တော်လဆန်း ၉ရက်နေ့)ထုတ်တွင်ကား ချောက်
သတင်းထောက်ထံမှပို့သည့်
အောက်ပါသတင်းကို ဖတ်ကြရလေသည်။
ရေနံမြေမှ သပိတ်တပ်ကြီး သပိတ်၁၀၀၀ကျော်ပါ၍
ဗုဒ္ဓဟူးနေ့စတင်ထွက်ကြပြီ
ရေနံကျပ်၊ လမ်းရွာ၊ ချောက်၊ ရေနံချောင်းစသည့် ၄-၅ဌာနတို့မှ ၂၀၀၀ကျော်မျှ ရှိသေးသော
သပိတ်မှောက်အလုပ်သမား စာရေးစာချီတို့သည် မိမိတို့၏
သပိတ်မှောက်အရေးတော်ပုံကိစ္စကြီး
အပြီးအပြတ်ဆောင်ရွက် ဆုံးခန်းတိုင်ရောက်ကြရန်အလို့ငှာ၊ ရန်ကုန်သို့အားလုံး
တစ်ယောက်မကျန် ခြေလျင်ချီတက်သွားရောက်ဆောင်ရွက် တောင်းဆိုကြရန် အများသဘောတူ
စိတ်အားထက်သန်စွာ စည်းဝေးဆုံးဖြတ်ကြသော အလုပ်သမားပေါင်းစုံ အစည်းအဝေးကြီးကို
ပရိသတ်၂၀၀၀ကျော် တက်ရောက်ကြောင်း။
အစည်းအဝေးနာယကအဖြစ် သပိတ်မှောက်အလုပ်သမား၊ တွင်ခုံစက် လက်သမားဆရာကြီး

သခင်သက်က ဆောင်ရွက်၍ အကျိုးအဆောင်အဖြစ် သပိတ်မှောက်စာရေး
သခင်လွင်ကဆောင်ရွက်ပြီးလျှင် ဘီအိုစီမော်တော်ကား ဆိုင်ရာ သပိတ်မှောက်စာရေးကြီး
သခင်ဘိုးလှကြီးနှင့် သခင်ဘတင်တို့က အောက်ပါဆုံးဖြတ်ချက် ၂ရပ်တို့ကို အကျယ်တဝင့်
ဟောပြောထောက်ခံကြကြောင်း။

သပိတ်ကိစ္စအမြန်ပေး စေ့စပ်ရန် အဆိုအမှတ်(၁)

ရေနံမြေအလုပ်သမားတို့သည် မိမိတို့၏ နစ်နာချက်အရပ်ရပ်တို့ကို ဗမာပြည်အစိုးရသို့
ပေးပို့တင်သွင်းထားခဲ့သော်လည်း ယနေ့အထိ ထိုကိစ္စကို ပြီးပြတ်အေးငြိမ်းရန်
ဆောင်ရွက်စေ့စပ်ခဲ့ခြင်းမရှိသည့်ပြင် သပိတ်မှောက် အလုပ်သမားခေါင်းဆောင်များနှင့်
သပိတ်တားအမျိုးသမီးများအား အပြစ်ဒဏ်ပေးခြင်း အလုပ်တို့ကိုသာ တွေ့ကြုံခဲ့ရပေသည်။
ထိုကဲ့သို့ ပြုမူချက်တို့ကို ကြည့်ရှုခြင်းအားဖြင့် ဗမာပြည်အစိုးရတို့သည် ဓနရှင်တို့၏
အလိုကျ
တစ်ဖက်သတ်ပြုမူဆောင်ရွက် သယ်ပိုးလာခဲ့ကြောင်း ထင်ရှားလှသဖြင့် (က)
ရေနံမြေအလုပ်သမားတို့အပေါ်တွင် နှစ်ပေါင်း ၅၀ခန့်က ကောက်ခံလာခဲ့သော
အခွန်တော်ငွေများကို ပြန်ပေးရန်၊ (ခ)ရေနံမြေသပိတ်မှောက်ကိစ္စကြီးကို
အမြန်ဆုံးပြီးပြတ်အောင် စေ့စပ်ဆောင်ရွက်ပေးရန် ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရသို့
လေးနက်စွာ တိုက်တွန်းတောင်းဆိုထားကြောင်း။

ရန်ကုန်သို့ချီတက်ရန် အဆိုအမှတ်(၂)

(က) အဆိုပါဆုံးဖြတ်ချက် အမှတ်-၁ကို ဗမာပြည်အစိုးရထံသို့ သပိတ်မှောက်စာရင်းဝင်
အလုပ်သမားစာရေးများပါ ညီညာဖြဖြစုရုံး၍
ရန်ကုန်သို့ခြေလျင်ချီတက်တင်သွင်းတောင်းဆိုကြရန်၊ (ခ) ထိုကဲ့သို့
ချီတက်သွားရောက်တောင်းဆိုကြရာတွင် ပါဝင်သောသပိတ်မှောက် အလုပ်သမားတို့သည်
၁၂၉၀ခုပြာသို လဆန်း ၈ရက်နေ့ကစ၍ ယနေ့ထိ တရားသဖြင့် အေးချမ်းငြိမ်သက်စွာ
ဆောင်ရွက်လာကြသကဲ့သို့ ရောက်လေရာ ဌာနတိုင်းနှင့် သပိတ်ကိစ္စပြီးသည့်တိုင်အောင်
တရားဥပဒေအရ အေးချမ်းသာယာစွာ ရွက်ဆောင်သွားကြရန် ဤသပိတ်အလုပ်သမားပေါင်းစုံ
အစည်းအဝေးကြီးက လေးနက်စွာတိုက်တွန်းကြောင်း။

အဆိုပါဆုံးဖြတ်ချက်များကို အတည်ပြုပြီးနောက် ရေနံကျပ်နှင့် လမ်းရွာမှ သပိတ်-
၄၀၀ခန့်တို့သည် နံဝင်ဘာလ ၂၉ရက်နေ့ညတွင် လှေများဖြင့် ချောက်မြို့သို့
အရောက်စုန်ဆင်းလာကြ၍ ၃၀ရက်နေ့ နံနက်၆နာရီ အချိန်ကစ၍ ချောက်သပိတ်-
၅၀၀ကျော်တို့နှင့် စုပေါင်းစတင်ထွက်ပြီးနောက် လမ်းခရီးရှိ ဂွေးချိုတွင် နံနက်စာစားကြပြီး
ရေနံချောင်းသို့ ၄င်းနေ့ညအရောက်သွားကာ ရေနံချောင်းမှ လိုက်ပါလာမည့်
သပိတ်များနှင့်အတူ မကွေး၊ တောင်တွင်းကြီး ပြည်လမ်းအတိုင်း ရန်ကုန်သို့သွားကြမည့်
အစီအစဉ်တို့ကို ပြောဟောရှပ်သိမ်းလိုက်ကြောင်း။

လိုက်ပါမည့်သူတိုင်း ယူဆောင်ရမည့် ပစ္စည်းတို့မှာ လွယ်အိတ်၊ အဝတ်အစား အပိုတစ်စုံ၊
စောင်တစ်ထည်၊ ရေဘူးတစ်လုံးစီဖြစ်၍ အစားအသောက်များအတွက် ရောက်ရာမြို့တိုင်းတွင်
အလှူခံတရားဟော ချက်ပြုတ်စားသောက်သွားကြမည် ဖြစ်ကြောင်း။ ။

“ရေနံမြေအလုပ်သမားသပိတ်ကြီး ရန်ကုန်သို့ချီတက်လာပြီ”ဟူသော သတင်းသည် တစ်တိုင်းပြည်လုံးကို
တုန်လှုပ်သွားစေလေသည်။
ရေနံမြေသပိတ်မှောက် အလုပ်သမားတို့၏ ထိုအလုပ်မှာ လှျပ်စစ်ပင်မ မီးခလုပ်ကို ဖွင့်လိုက်သည်နှင့် တူပေ၏။
တစ်ပြည်လုံးတွင် အရေးတော်ပုံသွေး၊ တော်လှန်ရေးစိတ်ဓာတ်မီးပွင့်များ လင်းထိန်သွားစေပေသည်။
သာယာဝတီခရိုင် ဖားရွှေကျော်ရွာတွင်ဆရာစံတို့လူစု ပစ်ဖောက်လိုက်သော သေနတ်သံထက်ပင် ပို၍
နယ်ချဲ့သမားတို့အား ချောက်ချားသွားစေလေ၏။
ကျွန်တော်တို့သည် ထိုသတင်းကို မျက်တောင်မခတ် အယားမဖျောက်ဘဲ စိုက်၍ နားထောင်ကြ၏။
ချီတက်လာသော အလုပ်သမားသပိတ်တပ်ကြီးကို ဉာဏ်မျက်စိဖြင့် ပြေးကြိုကြည့်ကြလေ၏။
ကမာရွတ်အလုပ်သမားကြားမှာ လည်းကောင်း၊ လက်ဖက်ရည်ဆိုင်မှာလည်းကောင်း၊ တက္ကသိုလ်ကျောင်းသားများ
သမဂ္ဂအသင်းတိုက်မှာသော်လည်းကောင်း၊ စာသင်ခန်းမှာလည်းကောင်း၊ အင်းလျားကန်စောင်းမှာလည်းကောင်း၊
ဘတ်စ်ကားပေါ်မှာလည်းကောင်း ဤသတင်းကို ပြောဆိုနေကြပေ၏။
“တစ်နေ့လျှင် ၁၅မိုင် ချီတက်မည်”
သတင်းစာများတွင် ခေါက်လိုင်းစာလုံးမဲကြီးများဖြင့် ပါလာသည်။
(ချောက်မြို့ ကျွန်ုပ်တို့သတင်းထောက်ထံမှ)
“စည်တော်သံလား၊ မိုးသံလားဟေ့၊ စည်သံပဲ၊ မိုးသံပဲဟေ့၊ အောင်ဘာလေ သပြေညိုဆိုတဲ့ ပန်းရယ်နှင့်
ရေချမ်းကိုလောင်း…”ဟု သီဆို၍ တီးမှုတ်လိုက်သော စည်တော်သံသည် တစ်မြို့လုံး သိမ့်သိမ့်တုန်အောင်
မြည်ဟည်းလျက် ထွက်လာသည့်အချိန်တွင် လမ်းပေါ်နှင့် ထွက်ကြည့်သောလူထုကြီးမှာ ကြိတ်ကြိတ်တိုး
နေတော့ကြောင်း”
စသည်ဖြင့် သတင်းထောက်များက စီကာပတ်ကုံး ရေးသားဖော်ပြကြသည်။
“ချီတက်ကြသော သပိတ်အလုပ်သမားများအား မြင်ရသော ပရိသတ်လူထုကြီးမှာ သနားခြင်းပြင်းပြလှသဖြင့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၊ အမျိုးသမီးများ၊ တက်လူငယ်တစ်စုတို့မှာ သည်းထန်စွာငိုကြွေးလျက် ဘီအိုစီစနေရှင် ကုမ္ပဏီကိုလည်းကောင်း၊
ညွန့်ပေါင်းအစိုးရတို့ကိုလည်းကောင်း အမျိုးမျိုးအပြစ် တင်စကားပြောဆိုကြသည်ကို တွေ့ရကြောင်း။ မြို့သစ်အရောက် လိုက်ပို့ကြသော လူထုကြီးမှာ ၄၀၀၀–ကျော်ကျော်ခန့်ရှိကြောင်း။ × × × × တစ်နေ့လျှင် အများဆုံး၁၅မိုင် လမ်းလျှောက်ရန်

စီစဉ်ထားကြောင်း။ အဆိုပါခြေလျင်အဖွဲ့ကြီးမှာ ကျန်းမာရေးအဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့၊ ထောက်ပံ့ရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ဟု အသီးသီးပါရှိကြောင်း။ ကျန်းမာရေးအဖွဲ့မှာ မြန်မာဆေး၊ အင်္ဂလိပ်ဆေးသေတ္တာများ ထမ်းလျက် လိုက်ပါကြောင်းချက်ပြုက်ရေးအဖွဲ့မှာ စားသောက်ရန် အဆင်သင့်ဖြစ်စေ ရန် ဆန်ဆီ ငွေကြေးမှစ၍ စုဆောင်းရန်ဖြစ်ကြောင်း အုပ်ချုပ်ရေးအဖွဲ့မှာ အလံနီ အလံစိမ်းကလေးများနှင့် ခရာတစ်ခု စီယူဆောင်လျက် သွားရန်၊ ရပ်ရန်အချက်ပေး၍ စောင့်ရှောက်လျက်လိုက်ပါကြောင်း။ × × × × ခရီးစဉ်များမှာ ကားလမ်းအတိုင်းဖြစ်၍ ချောက်မှ ရေနံချောင်း၊ ၎င်းမှ မကွေးမြို့၊ ၎င်းမှ တောင်တွင်းကြီးမြို့၊ ၎င်းမှအောင်လံမြို့၊ ၎င်းမှပြည်မြို့၊ ၎င်းမှ ရန်ကုန်မြို့သို့ ရောက်သွားရန်စီစဉ်ကြောင်း။

"ဘီအိုစီကုမ္ပဏီလေးဘားဗိုလ်နှင့် ရေနံဝန်တို့မှာ အရေးတကြီးသွားလာနေသည်ကို မြင်ရကြောင်း ပုလိပ်အဖွဲ့ စုံထောက်ဘက်မှ ၁၇မိုင် ငွေးချိုသို့ အရောက်လိုက်ပါ၍ ငွေးချိုသို့

ရေနံချောင်းပုလိပ်အဖွဲ့မှ လာရောက်လိမ့်မည်ဟု ကြားသိရကြောင်း။ ထောင်ထွက်သပိတ်တား အမျိုးသမီးများ လည်း သပြေပန်းကိုယ်စီကိုင်လျက် လိုက်ပို့ကြသေးကြောင်း။

တို့ဗမာအလုပ်သမား အစည်းအရုံးကြီးမှာ ခြောက်ကပ်ကပ်ဖြစ်နေတော့ကြောင်း။

အစည်းအရုံးကြီး၌ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် သခင်မောင်ကြီးသာ ကျန်ရစ်ခဲ့တော့ကြောင်း။ ဘီအိုစီ လခထုတ်ခန့်မှန်းခြေ အင်္ဂလိပ်လဆန်း၇ရက်နေ့လောက်တွင် အလုပ်သမားများ အလုပ်ငွေကောက်ခံပြီးလျှင် သခင်မောင်ကြီးပါ လိုက်ပါသွားလိမ့် မည်ဖြစ်ကြောင်း"။

ထိုကဲ့သို့ချီတက်လာသော သပိတ်တပ်ကြီးကို ကြိုဆိုကူညီကြရန် အောက်ပါအတိုင်း မေတ္တာရပ်ခံထားသည်ကိုလည်း တွေ့ကြရပေ၏။

သပိတ်တပ်ကြီး၏ မေတ္တာရပ်ခံစာ

ရေနံမြေရေနံချောင်းမှစ၍ မကွေး၊ တောင်တွင်းကြီး၊ အာလံ၊ ပြည်လမ်းတလျှောက် ရန်ကုန်အထိ မြို့နယ်အသီးသီးရှိ

ဂိုဏ်းဂဏပါတီမရွေး အသင်းအပင်း မြို့မိမြို့ဘ၊ မျိုးချစ်တိုင်းချစ်၊ ဆင်းရဲသားချစ် ရဟန်းရှင်လူ

နယ်သူနယ်သားအပေါင်းတို့အား တင်ကြိုနိုးဆော်မေတ္တာရပ်ခံလိုက်ပါသည်။

အဆွေတော်တို့၏ ဆွေချင်းသားချင်း ဆင်းရဲသား အလုပ်သမားများ ဖြစ်ကြကုန်သော ရေနံကျပ်၊ လမ်းရွာ၊ ချောက်၊

ရေနံချောင်း စသည့်၄–၅ခုနတို့မှ သပိတ်မှောက်အလုပ်သမား ၁၀၀၀–ကျော်ခန့်တို့သည် ပြည်ပိုင်အစိုးရ

ခနရှင်ကုမ္ပဏီကြီးတို့က (၁၁)လကျော်တိုင် လျစ်လျူရှုတင်းမာထားမှုတို့ကြောင့် ယခုအခါ အိမ်တန်းလျားများမှ

အနှင်ထုတ်ခံကြရခြင်း၊ အနှောင့်အယှက်ဆင်းရဲဒုက္ခ ကြီးစွာခံရပြီး ငတ်ပြတ်ကုန်ကြရခြင်း၊ ဘေးဒဏ်အရပ်ရပ်တို့ကို မခံမရပ်နိုင်ကြသည့် အားလျော်စွာ အဆွေတို့၏ နယ်ပယ်မြို့ရွာ လမ်းခရီးစဉ်အတိုင်း

ရန်ကုန်သို့အရောက် ခြေလျင်လျှောက်ကြမည့် ရေနံသပိတ်တပ်မကြီးမှာ ၃၀–၁၁–၃၈ နေ့ကစတင်ထွက်ခွာ
ချီတက်လာကြပါပြီ။
သို့ပါ၍ အဆိုပါခရီးစဉ်အတိုင်း အဆွေတို့ မြို့နယ်ပယ်သို့ သပိတ်များ ဆိုက်ရောက်လာသောအခါ ခေတ္တ
အမောဖြေ တည်းခိုရန်၊ ဆွေရိပ် မျိုးရိပ်၊ ငွေအား ဆွေအား၊ နံနက်စာ ညစာစသည့် အကူအညီအထောက်အပံ့
ကသိုလ်ဒါနထူးတို့ကို စေတနာစိတ်အားထက်သန်စွာ ကူညီဝိုင်းဝန်းကြပါမည့်အကြောင်း လေးနက်စွာ
တင်ကြိုမေတ္တာရပ်ခံလိုက်ကြရပါသည်။
အရေးတော်ပုံအောင်ပါစေ...
သခင်ဘိုးလှ
အုပ်ထိန်း စောင့်ရှောက်ရေးမှူး
ခြေလျင်ချီတက်ရေး တာဝန်ခံအဖွဲ့။
အဆိုပါ ရေနံမြေသပိတ်တပ်အား ဝိုင်းဝန်းကူညီရန် မေတ္တာရပ်ခံချက်ကို အရပ်ရပ်မှ လက်ခံကြလေသည်။
ရောက်လေရာအရပ်မှာ သပိတ်တပ်ကြီးသည် တည်းနေစရာ အကူအညီ၊
စားနပ်ရိက္ခာအကူအညီများ ရလေသည်။
ရေနံမြေသပိတ်တပ်ကြီး ချီတက်လာပြီဟု သိကြသောအခါဝေါ၊ သနပ်ပင်၊ ဖြူး၊ သထုံ၊ သာယာဝတီ
စသောအရပ်များမှ တောင်သူလယ်သမားတို့ကလည်း သူတို့တောင်သူလယ်သမားများ တောင်းဆိုချက်များအတွက်
အရေးဆိုရန်နှင့် တောင်သူလယ်သမားညီလာခံကြီးကျင်းပရန် ရန်ကုန်မြို့သို့ ချီတက်လာရန် ဆုံးဖြတ်ကြလေသည်။
သတင်းစာများတွင် တောင်သူလယ်သမား ၂၀.၀၀၀–ကျော် တို့သည် ဒီဇင်ဘာ ၁၉ရက်နေ့၌ ရန်ကုန်မြို့သို့
ရောက်ကြမည်ဟု ပါလာလေသည်။
ကျွန်တော်တို့သည် ရေနံမြေသပိတ်တပ်ကြီးနှင့် တောင်သူလယ်သမားတပ်ကြီး များ ရန်ကုန်သို့
ရောက်လာမည့်အချိန်ကို စိတ်အားထက်သန်စွာ ကြိုဆိုနေကြလေ၏။
၄င်းတို့ရောက်မည့်နေ့တွင် သူတို့အား
ထောက်ခံသွေးစည်းသောအားဖြင့် ကျောင်းသား ၃.၀၀၀–ထက်မနည်း ရန်ကုန်မြို့တွင် လှည့်လည်ဆန္ဒပြကြရန်
ပြင်ဆင်ကြလေသည်။

ထိုစဉ်က နယ်ချဲ့သမားတို့လည်း အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားတို့၏ အုံကြွလှုပ်ရှားမှုကြီးကို
ချိုးနှိမ်ဖိနှိပ်ရန် အမျိုးမျိုးစီစဉ်လျက်ရှိလေ သည်။ ဝေါ၊ သနပ်ပင်၊ သထုံ၊ သာယာဝတီ စသော မြို့နယ်များတွင်
အရေးပိုင်၊ မြို့ပိုင်၊ ပုလိပ်အရာရှိ စသည်တို့သည် နယ်လှည့်ကာ ကျေးရွာသူကြီးများအား တောင်သူလယ်သမားတို့အကြောင်း စစ်ဆေးမေးမြန်းကြသည်။ တောင်သူလယ်သမားတို့သည် မည်သည့်အဖွဲ့အစည်း၊ အသင်းအပင်းများတွင် ပါသနည်းဟု စုံစမ်းစစ်ဆေးကြသည်။ ရန်ကုန်မြို့သို့ ချီတက်နေသော ရေနံမြေအလုပ်သမားသပိတ်တပ်ကြီး ပြိုကွဲ ရပ်စဲအောင်လည်း နယ်ချဲ့သမားတို့က
နည်းအမျိုးမျိုးသုံးကြသည်။ မကွေးမြို့ အရေးပိုင်သည် အောက်ပါကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လေသည်။

ညွှန့်ပေါင်းအစိုးရ၏ ကြော်ငြာ

မိမိတို့အပေါ်၌ နစ်နာသောအချက်တို့ကို ဖော်ပြပြောဆိုရန် အကြံနှင့်ရန်ကုန်မြို့အထိ ခြေလျင်ချီတက်သွားရောက်ရန် ရည်ရွယ်၍ ရေနံမြေအရပ်များမှ အလုပ်လက်မဲ့ လူပေါင်း၈၀၀–
ခန့်တို့သည် မကွေးမြို့သို့ ၁၉၃၈ခုနှစ်၊ ဒီဇင်ဘာ၄ရက်နေ့တွင် ခြေလျင်ခရီးဖြင့် ဆိုက်ရောက်လာကြကြောင်း။ ရန်ကုန်မြို့၏ အခြေအနေမှာလည်း ယခုအခါ လှုပ်ရှားလျက်ရှိသေးသည်ဖြစ်၍ ရန်ကုန်စီရင်စုနယ် ရာဇဝတ်တရားသူကြီးက အစည်းအဝေးများမပြုလုပ်ရန် တားမြစ်သည့်အမိန့်ထုတ်ဆင့်လျက်ပင်ရှိသေးသည်။ အလုပ်လက်မဲ့ခြေလျင် အဖွဲ့ဝင်တို့သည်လည်း ရန်ကုန်သို့ရောက်အောင်သွား၍ ပြန်လာနိုင်ရန် စရိတ်ငွေကြေးအခြေအနေလုံလောက်ထင်ရှားစွာ မရှိသည်လည်းတစ်ရပ်၊ မိမိတို့၏ ခေါင်းဆောင်များကလည်း မိမိတို့ငြိမ်ဝပ်ပိပြားစွာ ရှေ့သို့ဆက်လက်၍ ခြေလျင်ချီတက် သွားနိုင်ရန်ကိစ္စအတွက် မကွေးစီရင်စုနယ် ရာဇဝတ်တရားသူကြီးက တောင်းဆိုထားသည့် အနည်းငယ်မျှသော အာမခံငွေကလေးကိုပင် မတင်နိုင်ရှိနေကြ သည်ကလည်း တစ်ကြောင်း၊ မကွေးမြို့၏ တောင်ဘက်ကျရောက်သော ကျေးရွာများမှာလည်း ဆင်းရဲနွမ်းပါး၍ ဤနယ်အတွင်း ဖြတ်သန်းသွားရမည့် လူပေါင်း ၈၀၀–ခန့်တို့ကို ကျွေးဖို့မဆိုထားဘိ၊ ကျေးရွာသားများမှာ မိမိတို့အတွက်ပင်လျှင် အနိုင်နိုင်စားသောက်နေကြရပေသည်။ အထက်ပါ အကြောင်းများကြောင့် မကွေးမြို့၏ တောင်ဘက်သို့ ကျော်လွန်မသွားကြစေရန် မကွေးနယ်ပိုင်
ရာဇဝတ်တရားသူကြီးကလည်း ၄င်းခြေလျင်တပ်ဖွဲ့ဝင်အပေါင်းတို့အားလည်း ဆင့်ဆိုတားမြစ်ထားပေ၏။ ၄င်းတားမြစ်သောအမိန့်ကို ၁၉၃၈ခုနှစ်၊ ဒီဇင်ဘာ ၆ရက်နေ့က ထုတ်ဆင့်သော်လည်း ခြေလျင်တပ်ဖွဲ့မှာ မကွေးမြို့၌ပင် ရှိနေသေးသည် ဖြစ်ကြောင်း။ အထက်ဖော်ပြပါ အကြောင်းများကို စဉ်းစားဆင်ခြင်လျှင် ၄င်းခြေလျင်တပ်ဖွဲ့ဝင်သူတို့မှာ ရှေ့အဖို့မည်သို့ပြုလုပ်သင့်ပါသနည်းဟု တွေးကြည့်ကြလျှင် မိမိတို့အိမ်များကိုသာလျှင် ပြန်လည် သွားရောက်သင့်သော လမ်းတစ်ခုသာလျှင်ရှိကြောင်း။

ထိုခြေလျင်တပ်အဖွဲ့ဝင်သူတို့မှာလည်း ဘာမျှအပြစ် မရှိဘဲ လူရိုးလူဖြောင့်များစွာပါလျက်၊ ထိုသူတို့မှာ မိမိတို့အိမ်သို့ပြန်သွားလိုကြသော် လည်း မသွားရန် ဆူပူနှောင့်ယှက်လိုသည့်သူများက ပြန်မသွားရန်သာ သွေးဆောင်ထားသည်ဖြစ်ကြောင်း။ ထိုသို့ ဆူပူနှောင့်ယှက်သူများမှာလည်း ခြေလျင်တပ် အဖွဲ့သားတို့၏ အကျိုးများကိုသာ စစ်စစ်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒသဘောမျိုးဖြင့် ပြုလုပ်သည်မဟုတ်ဘဲ မိမိတို့၏ ကိုယ်ကျိုးသက်သက်ကိုသာ အဓိကထား၍ ဆူပူနှောင့်ယှက်ရန် ကြိုးစားခြင်းမျှသာဖြစ်ကြောင်း။ နယ်ရှင်အရာရှိတို့ကလည်း ခြေလျင်တပ်အဖွဲ့၏ နစ်နာချက်များကို အစိုးရထံသို့ လျှောက်ထားခြင်းမပြုစေရန် တားမြစ်လိုသောဆန္ဒ အလျှင်းမရှိကြောင်း၊ မိမိတို့၏နစ်နာချက်များကို မကွေးမြို့ရှိ ခရိုင်ဝန်ထံသို့ ဖြစ်စေ၊ အရေးပိုင်ထံသို့ဖြစ်စေ သေချာကျနစွာလျှောက်လွှာဖြင့် လျှောက်ထားလျှင်လည်း လိုရင်းကိစ္စပြီးမြောက်ဖွယ် ရာရှိကြောင်း။ သို့တည်းမဟုတ် မိမိတို့အထဲမှ ကိုယ်စားလှယ်များရွေးချယ်၍ ရန်ကုန်မြို့သို့ စေလွှတ်လိုလျှင်လည်း စေလွှတ်နိုင်သည်ဖြစ်ကြောင်း။

အက်ဖ်–အိပ်ချ်–စီ–မူလာဝပ်

အရေးပိုင် မကွေးမြို့။

မစ္စတာမူလာဝပ်၏ ကြေညာချက်မှာ ဖိနှိပ်မှုစက်ယန္တရား ချွေးသွားစိတ် လှည့်လည်ကောင်းအောင် ဆီဆွတ်ပေးလိုက်ခြင်းသာ ဖြစ်သည်ဟု ကျွန်တော်တို့ နားလည်လိုက်ကြပေသည်။ မှန်ပေသည်။ ကျွန်တော်တို့ တွေးထင်သည့်အတိုင်း မြန်မာ့အလင်းသတင်းစာတွင် အောက်ပါအတိုင်းတွေ့ရလေတော့သည်။ ဗမာသတ္တိ

"× × × လူနှစ်ယောက်တစ်တွဲ စီတန်းကာ မြို့ထဲသို့ ချီတက်လာရာ လူတန်းကြီးမှာ မိုင်ဝက်ကျော်ကျော်မျှပင် ရှည်လျားကြောင်း။ ရှေ့ဆုံးနှင့် နောက်ဆုံးမှ သုံးရောက်ခြယ်အလံကြီးများကိုလည်း အားပါးတရ တလွင့်လွင့်ရှိကြသည်မှာ တအားတက်ဖွယ် ကောင်းလှတော့ကြောင်း။ × × × မကွေးမြို့မ ပုလိပ်အဖွဲ့မှ အင်စပိတ်တော် ရာဇဝတ်အုပ်၊ ပုလိပ်များက အထူးစောင့်ကြပ်လိုက်ပါလာကြသည့်ပြင် ခြေလျင်တပ်ကြီး၏ နောက်မှကပ်လျက် ပုလိပ်သား၂၀ခန့်တို့သည် စပေခန့်ရှည်သော တုတ်ကြီးကိုယ်စီနှင့် စိုးရိမ်ကြီးစွာ လိုက်ပါလာကြကြောင်း။ ဤမျှ အံ့မခန်းသောလူထုကြီးသည် စည်းနှင့်ကမ်းနှင့် သိပ်သိပ်သည်းသည်း ညီညီညာညာ ချီတက်လာသည်ကို တစ်ခါမှမမြင်ဖူးခဲ့သည့်အတိုင်း မကွေးမြို့အိမ်တိုင်းမှ ထွက်ကြည့်ကြကာ များစွာအံ့အားသင့်နေကြကြောင်း။ × × × နေ့လယ်တစ်နာရီထိုးမှ ပန်းကန်ပြားကိုယ်စီနှင့် ထမင်း၊ ငါးပိကြော် ခုံညင်းခန့် ဝေစုယူကြပြီးလျှင် မြစ်ကမ်းပါး နေကျဲကျဲတွင် ထိုင်၍စားကြရကြောင်း။ × × × ကုလားများသည် ပဲဟင်းတစ်ခွက်နှင့် ဟင်းရည်များများဆမ်းကာ အားရပါးရစားကြကြောင်း။ ၄င်းတို့လူစု တစ်ဝက်ခန့် ထမင်းစားနေစဉ် မြစ်ကမ်းပါးသို့ ရဇဝတ်ဝန်ကြီး၏

မော်တော်ကားနှင့် အာရ်၊ စီ၁၄၀၀ဘတ်စ်ကားတွင် ပုလိပ်အပြည့်ဆိုက်ရောက်လာကြောင်း၊
၎င်းနောက်သပိတ်ကြီးကို အုပ်ချုပ်ကာ လိုက်ပါလာသော ခေါင်းဆောင်သခင်ဘိုးလှကြီး၊
သခင်ဗဒင်၊ သခင်ဗမောင်၊ သခင် ခင်၊ သခင်ဖေကြီးတို့ နှင့်တကွ
၎င်းတို့၏ဆရာတော်များဖြစ်သော ဆရာတော် ဦးဝါယမ၊ ဦးဇောတိက၊ ဦးကန္ဒရ၊
သျှင်နန္ဒတို့ကို
ဝရမ်းနှင့် ဖမ်းဆီးလိုက်ကြောင်း။ × × × ထမင်းစားနေကြသော သပိတ်သမားများလည်း
ကြားလျှင်ကြားချင်း ထမင်းမစားနိုင်ကြတော့ကြောင်း။ "တို့ခေါင်းဆောင်ကြီးများကို
မတရားဖမ်းဆီးကြ တယ်။ တို့ခရီးကိုလမ်းတဝက်မှ နှောင့်ယှက်တယ်။
တို့ခေါင်းဆောင်များမလွှတ်သရွေ့ တို့ခရီးဆက်မသွား။ တို့ထမင်းမစား။ အသေခံမယ်။
တို့ထမင်းမစားလို့ သေရင် အစိုးရတာဝန်"ဟုဆိုကာ ဗမာကုလားအားလုံးပင်
တညီတညာတည်း အစာငတ်ခံကြကြောင်း။
ယင်းသို့သော သတင်းများကိုဖတ်ကြရသော ကျွန်တော်တို့သည် ရေနံမြေခနရှင်များကို
ပို၍ပို၍မုန်းတီးစိတ်နာလာကြသည်။ ရေနံမြေခနရှင်အကျိုးကို အစွမ်းကုန်ကာကွယ်လျက်ရှိသော
မကွေးအရေးပိုင်
မစ္စတာမူလာဝပ်ကို ဒေါသဖြစ်ကြ သည်။ ရေနံမြေခနရှင်နှင့် ဗျူရိုကရက်များအား
ဗမာမျက်နှာဖုံးစွပ်ပေးနေသော
ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရကို အော့နှလုံးနာလာကြသည်။
ကမာရွတ်က ကျွန်တော့်မိတ်ဆွေကြီး ကိုကြွယ်ကား "ထွီ"ခနဲ တံထွေးထွေး
ထုတ်လိုက်ပြီးနောက် ပစ်ပစ်ခါခါ
ဒေါက်တာဘမော်အစိုးရကို ဆဲလိုက်သည်။
ကမာရွတ်ရှိ ကိုကြွယ်တို့လို သာမန်အရပ်သူအရပ်သားများ၊ စက်ရုံအလုပ်သမားများနှင့်
သခင်များသည်
ရေနံမြေခနရှင်နှင့် အစိုးရအာဏာပိုင်တို့၏ ရေနံမြေအလုပ်သမားတို့အား
မတရားဖိနှိပ်ကျင့်ကြံနေခြင်း ကို
ကန့်ကွက်သောအားဖြင့် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ရန်
စိတ်အားထက်သန်နေကြလေသည်။
ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားများမှာ ရေနံမြေသပိတ်တပ်ကြီးအတွက် တစ်ခုခုတော့
လုပ်မှဖြစ်မည်ဟူသော
အယူအဆဖြင့် ရိုးတိုးရွတဖြစ်နေစဉ် ရေနံချောင်းမြို့မှာ ကျောင်းသားသပိတ်တစ်ခုကလည်း
ပေါ်နေပြန်သဖြင့်
မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်နေတော့၏။
ထိုအချိန်က ထူးခြားချက်တစ်ရပ်မှာ ကျွန်တော်တို့ကျောင်းသားများကဲ့သို့
အလုပ်သမားလယ်သမားတို့၏
တောင်းဆိုချက်များကို ကိုယ်ကျိုးနှင့်ထပ်တူမြင်၍ လယ်သမား၊ အလုပ်သမားအရေးတွင်

သက်ဝင်ယုံကြည်စွာပါဝင်ဆောင်ရွက်ကြသူ များအနက်
ကျောင်းဆရာများပါဝင်နေခြင်းဖြစ်ပေသည်။
ယင်းကျောင်းဆရာများမှာလည်း များသောအားဖြင့် နေရှင်ကျောင်းဆရာများနှင့်
မြန်မာကျောင်းဆရာများ
ဖြစ်လေသည်။
ယင်းသို့သော ကျောင်းဆရာအချို့နှင့် ကိုဘဟိန်း၊ ကိုဗဆွေ၊ ကိုထွန်းရှိန်စသော
ကျောင်းသားခေါင်းဆောင်များသည် မကြာခဏတွေ့ဆုံ ဆွေးနွေးတတ်ကြလေသည်။
ကျောင်းသားတို့၏
အရေးသက်သက်တွင် လည်းကောင်း၊ ကျောင်းသားများစည်းရုံးရေးအတွက်သော်လည်းကောင်း
ထိုဆရာများသည်
အကြံဉာဏ်နှင့် အခြားအကူအညီအမျိုးမျိုးကို ပေးလေ့ရှိကြ သည်။
ကျောင်းသားလှုပ်ရှားစည်းရုံးရေးလုပ်ငန်းများ
မြန်မာကျောင်းသားများသို့ ပျံ့နှံ့လာခြင်းတွင် ထိုဆရာတို့၏ ပယောဂများစွာပါသည်ဟု
ဆိုနိုင်၏။
မကွေးတွင် ရေနံမြေသပိတ်တပ်ကြီးကို အစိုးရက တားဆီထားပြီဟူသော
သတင်းရန်ကုန်သို့ရောက်လာပြီး
နောက်တစ်နေ့တွင် ကျောင်းသားခေါင်းဆောင် အချို့နှင့် ယင်းသို့သော ဆရာအချို့သည်
ရေကျော်လမ်းမကြီးပေါ်ရှိ
ဆရာကြီး ဦးရွှေဖေ၏ အိမ်တွင်တွေ့ဆုံရန် ချိန်းထားလေသည်။ ကိုဘဟိန်းက
ထိုအစည်းအဝေးသို့
ကျွန်တော်ပါသွားတက်ရန် ညွှန်ကြားလေသည်။ သူနှင့်ကိုဘဆွေမှာ မတက်နိုင်ကြချေ။
သူတို့မှာ
ခရီးထွက်စရာရှိသည်ဟု သိရပေ၏။ တတ်နိုင်လျှင် သမဂ္ဂ ဒုတိယဥက္ကဋ္ဌ ကိုလှရွှေ၊
အတွင်းရေးမှူး ကိုအေးကျော်၊
ငွေထိန်း ကိုစိုးမောင်၊ ကိုထွန်းရှိန် စသူတို့ တက်ကြမည်ဖြစ်လေသည်။ ကျွန်တော်ကား
ချိန်းထားသောနေရာသို့
ကြိုတင်သွားရန် ဖြစ်လေသည်။
အချိန်ကား ဖြနာရီခွဲ။
နေ့တာတိုလာသော ဆောင်းတွင်းဖြစ်သဖြင့် ညဘက်သို့ လုံးလုံးကူးခဲ့လေပြီ။ မြူမင်းလွင်
ဝေ့သလောက်ရှိသော
နှင်းဖွဲဖွဲသည် ပြည့်ခါနီးနေသော လရောင်တွင် ဖြူဖွေးစွာဆိုင်းလျက်ရှိပေ၏။
ကျွန်တော်သည် ကရိလမ်း (ဗိုလ်မြတ်ထွန်းလမ်း)နှင့် မောင်ဂိုမာရီလမ်း
(ဗိုလ်ချုပ်အောင်ဆန်းလမ်း) ထောင့်မှနေ၍
ရေကျော်ထဲသို့ဝင်ရန် ဟန်ပြင်နေပြီးမှ ညစာမစားခဲ့ရသေးသည်ကို သတိရပြီး
ပလက်ဖောင်းပေါ်ရှိ

လက်သုပ်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်လေ၏။ လက်သုပ်ဆိုင်ကား စည်ကားလှပေ၏။
အင်္ဂလိပ်ကပြား၊
ကျားမတစ်တွဲသည်ပင် လက်သုပ်စားနေလေသည်။ လက်ဆွဲဓာတ်မီး ကလည်း အခြားဆိုင်က
ဓာတ်မီးများထက်လင်းနေပေသည်။ လက်မလည်နိုင်အောင် လက်သုပ်ထည့်နေရသော
အဒေါ်ကြီးကား
ဓာတ်မီးရောင်အောက်တွင် အသားနက်ကျောက်မနှင့် အရုပ်ဆိုးမှုကို ထင်ရှားစွာပြနေသလို
ဝင်းလက်နေသော
နားကပ်ရောင်နှင့် လက်ကောက်ရောင်တို့ဖြင့် စီးပွားဖြစ်မှုကိုလည်း အထင်အရှား
ပြသနေပေသည်။
ကျွန်တော့်အတွက် လက်သုပ်တစ်ပွဲမှာပြီး စောင့်နေစဉ် ဘေးကထိုင်နေသူများ ကို
သတိထားကြည့်လိုက်မိပေသည်။
ရန်ကုန်ပုလိပ်အဖွဲ့ဝင် ပုလိပ်သား(ဝါ)ရဲသားနှစ်ဦးကိုလည်းတွေ့ရ၏။
သူတို့ဘာတွေပြောနေပါလိမ့်
ဟုနားစွင့်လိုက်မိသည်။ သူတို့သည် ရေနံမြေမှ ချီတက်လာမည့်
သပိတ်တပ်ကြီးအကြောင်းနှင့် မကွေးအရေးပိုင်က
ပိတ်ပင်ထားသည့် အကြောင်းကိုသာ ပြောဆိုနေကြသဖြင့် ကျွန်တော့်မှာ
များစွာစိတ်ထိခိုက်သွား ပါသည်။
ကျွန်တော်ကား လက်သုပ်စုံကိုစားရင်း ရေနံမြေသပိတ်တပ်ကြီးမှ ရိုက်ခတ်လိုက်သော
တော်လှန်ရေး
လှိုင်းဂယက်၏ အရှိန်အာနိသင်ကြီးပုံကို တွေးနေမိသည်။ ထိုလှိုင်းဂယက်သည် ပုလိပ်လို
နိုင်ငံရေး
အောက်ကျနောက်ကျ နိုင်လှသော လူစုကိုပင် ပုတ်ခတ်လှုပ်ရှားနိုင်လေပြီတကား။
လက်သုပ်စုံမှာ ထူးထူးခြားခြား အရသာရှိလှပေသည်။ ချိုနွေးသော ဟင်းချိုရေကျဲသည်
လက်သုပ်စုံကိုဆောင့်၍ဆောင့်၍ သွင်းလိုက်သကဲ့သို့ ဖြစ်ပေ၏။ ဆာကလည်းဆာ၊
စားလို့ကလည်း
ကောင်းသည်နှင့် တစ်ပန်းကန်ပြီး တစ်ပန်းကန် ဆက်စားလိုက်ရာ ပိုက်ဆံလည်းမရှိ၊
အချိန်လည်းမရှိတော့ပြီ။
ရေကျော်လမ်းမကြီးပေါ်တွင် လမ်းလျှောက်၍ ကောင်းသောအချိန်ဖြစ်သည်။
ကားအကူးအဖြတ်မရှိသလောက်၊
လန်ချားစီးသူလည်း မရှိသလောက်ဖြစ်ပေသည်။ လရောင်ဖွေးဖွေးသည်လည်း
ပတ်ဝန်းကျင်တစ်ခုလုံးကို
ပက်ဖျန်းနေရာ လမ်းမပေါ်တွင်ပင် အရောင်ဟပ်နေပေ၏။
ရေကျော်ဈေးကျော်၍ သုံးလေးမိနစ်မျှ လျှောက်လိုက်သောအခါ ဆရာဦးရွှေဖေ၏
အိမ်ကိုတွေ့ရလေသည်။

ဦးရွှေဖေ၏အိမ်ကား နှစ်ထပ်အိမ်ကြီးဖြစ်၏။ ဦးရွှေဖေသည်
ကျောင်းဆရာတစ်ဦးဖြစ်လေသည်။ သို့ရာတွင်
ကျောင်းဆရာလခဖြင့် လောက်ငဟန်မရှိ။ ဆရာကတော်သည် မြန်မာဗိန္ဓောဆေးဆိုင် တစ်ဆိုင်
အိမ်အောက်ထပ်မှာဖွင့်ထားလေသည်။
ကျွန်တော်သည် အောက်ထပ်တံခါးပေါက်ဝတွင် ရပ်လျက် အတွင်းသို့ကြည့်လိုက်သည်။
မှန်ဗီရိုကြီးများတွင်
ဆေးပုလင်းများ၊ ဆေးထုပ်များ ခင်ကျင်းထားသည်ကိုမြင်ရ၏။ နံရံများတွင် ပြက္ခဒိန်များ၊
သွေးဆေးကြော်ငြာကားချပ် များအပြင် စာလုံးကြီးကြီးများဖြင့် 'ရန်ကိုရန်ချင်း မတုံ့လျင်းနှင့်'
'တန်ဆေး လွန်ဘေး'
'ရိုးရိုးကျင့် မြင့်မြင့်ကြံ'စသည်ဖြင့် ပုံနှိပ်ထားသော စာတန်းများကို တွေ့နိုင်သည်။
တိုင်နှစ်တိုင်တွင်
အင်္ဂလိပ်စစ်ဗိုလ်များအလေးပြုနေသည်ကို ခံယူနေသော မဟာဗန္ဓုလ၏ပုံနှင့်
သခင်ကိုယ်တော်မှိုင်း၏
ပုံကိုချိတ်ဆွဲထားလေသည်။
ရုတ်တရက်သော် လူမရှိဟုထင်မိလိုက်၏။ သို့သော် အသေအချာကြည့်လိုက် သောအခါ
ကွပ်ပျစ်တစ်ခုပေါ်တွင်
ကျွန်တော့်ဘက်ကျောပေးလျက် မဟာဗန္ဓုလပုံ ချိတ်ဆွဲထားသော တိုင်ကိုမှီကာခြေဆင်းထိုင်၍
စာဖတ်နေသော
သူငယ်မကလေး တစ်ယောက်ကို မြင်ရလေသည်။
သူငယ်မသည် စာအုပ်တွင် များစွာစိတ်ဝင်စားနေလေရာ ကျွန်တော့်ခြေသံကို
ကြားမိဟန်မရှိပေ။
ကျွန်တော်က "အဟမ်း" အသံပေးပြီး မေးလိုက်သည်။
"ဆရာအဖေရှိပါသလား"
သည်တော့မှ သူငယ်မသည် မှီနေသောတိုင်မှ ကျောကိုခွာကာ ဆင်းထားသော
ခြေကိုမရုပ်သေးဘဲ
ကျွန်တော့်ဘက်သို့ ကိုယ်တစောင်းလှည့်ကြည့်လိုက်သည်။ သူငယ်မ၏
ကိုယ်လုံးနှင့်ဟန်ပန်မှာ
သေးသွယ်နုနယ်လှသည်။ သျှောင်ထုံးဆံတောက်နှင့် ဖြစ်ရာ မြန်မာဆန်လှသည်။ သူငယ်မကို
ယင်းသို့
မြင်မြင်ချင်း ကနုတ်ပန်းခက်ကလေးနှင့် နှိုင်းကြည့်လိုက်မိသည်။ သူငယ်မသည် ကျွန်တော့်ကို
အတန်ကြာစိုက်ကြည့်နေပြီးနောက် မတ်တပ်ရပ်လိုက်သည်။ အရပ်မှာ ခပ်ရှည်ရှည် ခပ်နွဲ့နွဲ့။
သူငယ်မ၏
အသားဝါဝါနှင့် ဟန်ဇားပင်နီနုအင်္ကျီကလေးမှာ ပန်းရလှပေ၏။ သူငယ်မသည်
လက်ထဲကစာအုပ်ကို

လက်ညှိုးညှပ်ကာ ပိတ်လိုက်သည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသားသော တပင်ရွှေထီး ဝတ္ထုကြီးဖြစ်ပေ၏။
"ဆရာဖေရှိပါသလား"
ကျွန်တော်က ထပ်မေးလိုက်တော့မှ–
"ဘယ်ကပါလဲရှင်"
သွားကလေး အနည်းငယ်ခေါသည်။ သို့သော် အရုပ်ဆိုးသွားအောင် မခေါ၊
ဖြူဖွေးလှပညီညာသော
သွားများဖြစ်ခြင်းကို ပြလို့ကောင်းရုံသာ ခေါ၏။
"တက္ကသိုလ်ကျောင်းကပါ၊ ဆွေးနွေးပွဲချိန်းထားလို့"
"သြော် သြော် ဖေဖေ အပေါ်ထပ်မှာရှိပါတယ်ရှင်၊ တက်သွားပါ။ ဆရာကိုထွန်းရွှေ တို့လည်း ရောက်နေပါပြီ"
အပေါ်ထပ်သို့ အိမ်တွင်းလှေကားဖြင့်ပင် တက်သွားရလေသည်။ ဆရာဖေ၏
သမီးကလေးကား
ဤသို့လမ်းညွှန်ပေးပြီးနောက် ကွပ်ပျစ်ပေါ်ခြေဆင်းထိုင်၍ တိုင်ကို ကျောမှီကာ
စာဖတ်နေရစ်လေသည်။
သူငယ်မသည် အသက်အားဖြင့် ၁၅နှစ်တစ်ဝိုက် လောက်တွင် ရှိပေလိမ့်ဦးမည်။
အပေါ်ရောက်လျှင်ရောက်ချင်း ဆရာကိုထွန်းရွှေက ဆီးခေါ်၏။ ကိုထွန်းရွှေအား
ကျွန်တော်သည်
နဂါးနီစာအုပ်တိုက်မှာ ပထမဦးဆုံးတွေ့ဖူးပြီး နောက် ကောင်းစွာရင်းနှီးနေလေပြီ။
ဆရာဖေကိုကား ယခုတစ်ကြိမ်သာ တွေ့ဖူးသည်။ ဆရာဖေမှာ အသားဖြူဖြူ ပိန်ပိန်ပါးပါး
နှုတ်ခမ်းမွေးရေးရေးနှင့်ဖြစ်သည်။ အသက်မှာ ၅၀ဘက်သို့ နီးနေပြီဟု ထင်ရသည်။
ကျွန်တော်ရောက်ရောက်ချင်း ဆရာဖေက နောက်ဖေးဆောင်သို့လှမ်း၍–
"မညွှန့်ရေ၊ ကော်ဖီတစ်ခွက်ယူခဲ့ပါဟေ့"ဟု ပြောလိုက်၏။
ကိုထွန်းရွှေက ထားဝယ်သံဝဲဝဲဖြင့် ကျွန်တော့်အား–
"နောက်ထပ်ဘာကြားသေးသလဲ"ဟု မေးလိုက်သည်။"
"သတင်းစာတွေထဲမှာ ပါတာတွေအပြင် ဘာမှထပ်မကြားရသေးပါဘူး။ ဆရာတို့
ပုဇွန်တောင်မြူနီစပယ်ကျောင်းသားတွေ သမဂ္ဂဖွဲ့ပြီးပြီမဟုတ်လား ဆရာ"
ကိုထွန်းရွှေကပြုံးလိုက်ပြီး–
"ဘယ်နောက်ကျလိမ့်မလဲ"
ထိုအတွင်း အဒေါ်ကြီးတစ်ယောက် ကော်ဖီယူ၍ ထွက်လာလေသည်။
ဝဝထောင်ထောင်မောင်းမောင်းဖြစ်သည်။
အသားမှာ ခပ်ညိုညိုဖြစ်၏။ ဆရာကတော် ဒေါ်ညွှန့်ပင် ဖြစ်ဟန်ရှိ၏။ ကျွန်တော့်ကို
စေ့စေ့စပ်စပ်အကဲခတ်ကြည့်ပြီး ကိုထွန်းရွှေဘက်သို့ "ဒ
ီသူငယ် အဒေါ်မမြင်ဖူးပါပဲကလား"
ကိုထွန်းရွှေက–

“ကိုတင်ထွန်းတဲ့ဒေါ်ဒေါ်၊ ကောလိပ်ကျောင်းသားသခင်ပေါ့”
ဒေါ်ညွှန့်ကပြုံးလိုက်သည်။ သဘောကောင်းသောမိခင်တို့၏အပြုံးမျိုး။
“ဟဲ ဟဲ ဒါဖြင့် မင်းကျင့်သားမရသေးဘူးပေါ့”
ကျွန်တော်ကား စပ်ဖြဲဖြဲလုပ်နေသော်လည်း ဒေါ်ဒေါ်ညွှန့်၏ ဆိုလိုချက်ကို အဓိပ္ပာယ်ကို မပေါက်သေးကြောင်း
ဒေါ်ဒေါ်ညွှန့် ရိပ်မိဟန်တူသည်။ ထို့ကြောင့် ဆက်ရှင်းသည်။
“သခင်ဖြစ်စေ ဆိုတော့ ညထမင်းငတ်ဖို့တို့၊ ခြေလျင်လျှောက်ဖို့တို့ ကျင့်သားမရသေးဘူး မဟုတ်လား”
ဆရာဖေက ဝင်၍–
“ညစာကော စားခဲ့ပြီလား”
“ခုနကပဲ ဆိုင်မှာ ဝယ်စားခဲ့တယ်ဆရာ”
ဒေါ်ဒေါ်ညွှန့်က ပြုံးလိုက်ပြန်သည်။ သားသမီးကို အလိုလိုက်သော မိခင်၏ အပြုံးမျိုးပင် ဖြစ်သည်။ ဤအပြုံးကို
ကျွန်တော်မမေ့နိုင်။ ၎င်းအပြင် ဒေါ်ဒေါ်ညွှန့်၏ သွားများမှာ အောက်တွင်တွေ့မြင်ခဲ့သော သူ့သမီး၏သွားများနှင့်
ဆင်သည်ကို သတိပြုမိလိုက်၏။
“ဘာလို့ ဆိုင်ဝယ်စားသလဲကွဲ့၊ နောက်မှတ်ထား၊ အဒေါ်တို့အိမ်မှာ အမြဲထမင်း ဟင်းကျန်တတ်တယ်၊ ဟဲ ဟဲ ဟဲ”
ကိုထွန်းရွှေနှင့် ကျွန်တော်တို့လည်း ရောရယ်နေရတော့၏။
ကိုလှရွှေရောက်လာလေသည်။ ကိုလှရွှေ၏ မှောင်နေသောအသားမှာ ချွေးစို့နေသဖြင့် မီးရောင်တွင်
သပိတ်ရောင်ထနေ၏။ မျက်မှန်ထူကြီးကလည်း တဖျပ်ဖျပ်တောက်နေသည်။
ဒေါ်ဒေါ်ညွှန့်သည်နောက်ဖေးခန်းဝင်သွားပြီး ကော်ဖီတစ်ပန်းကန် ယူလာပြန်လေသည်။
ဆရာချစ်ရောက်လာပြန်သည်။ ဆရာချစ်နှင့် ကိုလှရွှေမှာ ရုပ်ချင်းခပ်ဆင်ဆင် ဖြစ်သည်။ ဆရာချစ်က
ကိုလှရွှေလောက်တော့ မမည်းပေ။ သူတို့နှစ်ယောက်စလုံးတွင် သြဇာရှိ၍ မြည်ဟိန်းသောအသံများ ရှိကြ၏။
သို့သော် ကိုလှရွှေ၏အသံက ပိုကြီးလေသည်။
ဒေါ်ဒေါ်ညွှန့်ကား လူသစ်ရောက်တိုင်း နောက်ဖေးခန်းဝင်၍ ကော်ဖီယူလာခဲ့သည်။
“ကဲ ကဲ ကော်ဖီတွေအေးကုန်လိမ့်မယ်၊ သောက်လိုက်ကြဦး”
ထိုသို့ ဒေါ်ဒေါ်ညွှန့်ကပြောစဉ် ကိုလှရွှေသည် ကော်ဖီပန်းကန်ကို ကိုင်ထားပြီး ဖြစ်သည်။ သူသည်ပန်းကန်ကို
ချထားလိုက်ပြီး–
“မသောက်တော့ဘူး ဒေါ်ဒေါ်”ဟု ခပ်တည်တည်ပြောလိုက်၏။

ထိုအခါ အားလုံးပင် မျက်နှာမကောင်းဖြစ်သွားကြ၏။ ဒေါ်ဒေါ်ညွန့်ကား ပျာပျာသလဲ
အားပါးတနာပင်
ဖြစ်သွားသည်။
"ဟင်ဘာဖြစ်လို့လဲ"
"အသားမည်းသွားမှာစိုးလို့ ဟား ဟား ဟား"
ကိုလှရွှေ၏ ရယ်သံကား အားရပါးရရှိလှ၏။ သည့်ပြင်လူတွေလည်း ဝိုင်းရယ်ကြသည်။
ဆရာ ကိုထွန်းရွှေက–
"ကျွန်တော်က ရေနွေးက တူးလို့မသောက်တော့ဘူးများ ပြောမလားလို့"
ယင်းသို့ရယ်ရယ်မောမော စကားပြောကြပြီးနောက် ကိုလှရွှေက ကိုအေးကျော်၊
ကိုစိုးမောင်စသော
အခြားကျောင်းသားခေါင်းဆောင်များ လာနိုင်မည်မဟုတ်ကြောင်း ပြောပြသည်။ ကိုချစ်က
ဆရာဦးရွှေဖြူ၊
ဆရာလှစသူတို့လည်း လာနိုင်ကြမည် မဟုတ်ကြောင်းပြောပြသည်။ ၄င်းနောက်
ဆွေးနွေးပွဲစကြ၏။
ရေနံမြေသပိတ်တပ်ကြီးကို ပတ်ပင်တားဆီးထားသည့်အကြောင်း၊ ဝေါ၊ သာယာဝတီတို့တွင်
လယ်သမားများ
အင်အားစုနေသည်ကို ညွန့်ပေါင်းအစိုးရက လိုက်လံခြိမ်းခြောက်နေသည့်အကြောင်း၊
ကျောင်းသား၊
ကျောင်းဆရာမှစ၍ မြို့ပေါ်မှလူအများသည် အလုပ်သမားနှင့်လယ်သမားတို့၏
တောင်းဆိုချက်များကို
ထောက်ခံနေကြသည့်အကြောင်းများကို ပြောဆိုကြသည်။
ကိုလှရွှေက–
"ရေနံမြေသပိတ်တပ်ကြီးကို တားဆီးထားတာကတော့ အလုပ်သမားတွေ၊ လယ်သမားတွေ၊
ကျောင်းသားတွေ
ရန်ကုန်မှာစုဝေးပြီး တပ်ပေါင်းစုကြီးဖြစ်မလာအောင် ဦးချီးလိုက်တာပဲ။ ဒါကြောင့် ဒီကစ္စကို
လက်ပိုက်ကြည့်နေလို့တော့ မဖြစ်ဘူး။ ရေနံမြေ သပိတ်တပ်ကြီး ရှေ့ဆက်လာနိုင်အောင်
ဘယ်နည်းနဲ့မဆို
လုပ်ကြမယ်လို့ ဆုံးဖြတ်ထားတယ်"
ဆရာဖေက" ကောင်းတယ်၊ ရန်ကုန်ကို မရောက်ရောက်အောင် ခေါ်ရမယ်"ဟု
ထောက်ခံလေသည်။
ဒေါ်ဒေါ်ညွန့်က ပြုံးလိုက်ပြန်သည်။
"အင်း ရွှေတိဂုံမှာ မင်းလေးပါးဆုံမယ်ဆိုတဲ့ကိန်း ဆိုက်ပြီထင်ပါရဲ့။ အလုပ်သမားရယ်၊
လယ်သမားရယ်၊
ကျောင်းသားရယ်၊ တို့အမျိုးသမီးတွေလည်း မင်းတစ်ပါးပေါ့ကွယ်"

အားလုံးပြုံးနေကြသည်။ ကိုထွန်းရွှေသာ မပြုံးဘဲ သဲသဲမဲမဲတွေးနေသည်။ အတန်ကြာလျှင် သူက
ကိုလှရွှေဘက်သို့–
“ကဲ ဘယ်လိုရှေ့ဆက်လာနိုင်အောင် လုပ်လိုကြသတုံး”
“ဒါကတော့ ဆွေးနွေးကြတုန်းဘဲ ဒီက လက်ရွေးစင်တွေ မကွေးလွတ်၊ ခေါင်းဆောင်တွေ အဖမ်းခံရလို့
ခေါင်းဆောင်မဲ့ဖြစ်နေတဲ့ အလုပ်သမားတွေကို အဲဒီလိုဗိုလ်တွေက တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်နဲ့
ခေါင်းဆောင်ပြီး တားဆီးတဲ့ အမိန့်ကိုဖီဆန်ပြီး အတင်းဆက်ချီတက်လာရုံပဲ”
၄င်းနောက် ရန်ကုန်သို့ အလုပ်သမား၊ လယ်သမားတပ်ကြီးများ ရောက်လာလျှင် ကျွေးမွေးဧည့်ခံရေးများကို
စဉ်းစားကြလေသည်။ ဘဏ္ဍာငွေရှာဖွေ ရေး ဆွေးနွေးကြသည်။
ကျွန်တော်က အပေါ်အင်္ကျီအိတ်ထဲမှာ စာအိတ်ကလေးနှင့် ထည့်ထားသော ရေနံမြေသပိတ်ရန်ပုံငွေ
ဓာတ်ပုံရင်ထိုးကလေးတစ်ခုကို ထုတ်ယူပြီး–
“ဟောဒီ ဓာတ်ပုံရင်ထိုးကလေးတွေ ရောင်းပြီး ရန်ပုံငွေစုတာလည်း ကောင်းတာပဲ၊ ကျွန်တော်တစ်နေ့က
၂၅ခုယူသွားပြီး ရောင်းတာခု၂ခုပဲ ကျန်တော့တယ်”
ဆရာဖေက ဓာတ်ပုံကိုယူကြည့်ရင်း–
“အင်း ကောင်းသားပဲ၊ အဓိပ္ပာယ်လည်းစုံတယ်။ ရေနံမြေရော၊ မီးတုတ်ရော၊ တူတံစဉ်ရော ကျားကျားလျားလျား
ဗမာကြီးရော။ ဘယ်လောက်နဲ့ရောင်းသလဲမောင်”
ကျွန်တော်မဖြေခင် ကိုလှရွှေက ဝင်ဖြေလိုက်သည်။
“ဟဲ ဟဲ သူများကိုတော့ ငါးမူးနဲ့ရောင်းတယ်။ ဆရာလိုချင်ရင်တော့ တစ်ကျပ်ပဲ ပေးတာပေါ့”
ဆရာဖေက ကျွန်တော့်ဆီလက်ဖြန့်လှမ်းရင်း–
“တစ်ကျပ်လိုချင်ရင် နှစ်ပုံစလုံးပေး”
ကျွန်တော်သည် ဓာတ်ပုံနှစ်ပုံစလုံးကို ဆရာဖေအား ပေးလိုက်လေသည်။
ဦးရွှေဖေက ဆရာကတော်အား–
“မညွန့်ရေ ငွေတစ်ကျပ်ပေးပါကွာ”
ဒေါ်ဒေါ်ညွန့်သည် အိတ်ထဲစမ်းရင်း လေ့ကားဝသို့ လျှောက်သွားသည်။ အောက်သို့ငုံ့လျက်–
“သစ်သစ်ရေ ဟော့ မခင်သစ်၊ ငွေတစ်ကျပ်ယူခဲ့ပါကွယ်”
သို့ကလို လှမ်းတောင်းပြီးနောက် သူ့ခင်ပွန်းထံလာ၍ ရင်ထိုးဓာတ်ပုံ တစ်ခုကို ယူကြည့်နေပြန်လေသည်။
ကိုလှရွှေ၊ ကိုထွန်းရွှေနှင့် ဆရာချစ်တို့ကား အခြားကိစ္စများကို ပြောဆိုနေကြ၏။

သစ်သစ်သို့မဟုတ် မခင်သစ်။ သေးသွယ်နုနယ်သည့် သူငယ်မကလေးသည် တက်လာပြီး သူ့အမေအားငွေတစ်ကျပ်ကို ပေးလေသည်။ ဒေါ်ဒေါ်ညွန့်က ထိုငွေတစ်ကျပ်ကို ကျွန်တော့်အားပေးအပ်၏။
ဆရာဖေက ရင်ထိုးခတ်ပုံကို သူ့သမီးအား လှမ်းပေးပြီး–
"ရော့ သမီးရင်ဘတ်မှာထိုးထား၊ တို့က ရေနံမြေသပိတ်တပ်ရဲ့ ဘက်တော်သား တွေဆိုတဲ့ အထိမ်းအမှတ်ပေါ့ကွယ်"
မခင်သစ်သည် ခတ်ပုံကို စေ့စေ့စပ်စပ်ကြည့်နေ၏။ နဖူးအနည်းငယ် မောက်နေသည်ဟု ထင်ရသည်။ သို့သော်
မဟာနဖူးဆန်သည်။ မျက်လုံးမျက်ဖန် ကောင်းသည်။ နှုတ်ခမ်းများမှာ မဆိုးဘဲနှင့်နီနေပြီး မစေ့တစေ့ဖြင့်
ပြုံးတုံးတုံးနေကြသည်။ အလှကြီးလှသည်ဟု မဆိုနိုင်သော်လည်း ကျက်သရေရှိသော မျက်နှာပါပေ။ ချိုသာသော
မျက်နှာပါပေ။
မခင်သစ်သည် ကျွန်တော်တို့ရှေ့မှာပင် ခတ်ပုံရင်ထိုးကို ရင်ဘတ်မှာထိုးလိုက် လေသည်။ ဤတွင်ကျွန်တော်သည်မမြင့်ဦးနှင့် မခင်သစ်ကွာခြားပုံကို ပြေးမြင်လိုက်မိသည်။ မမြင့်ဦးကား ဟန်ဇာပင်နီဝတ်ရန်ပင် ငြင်းဆန်၏။ ပင်နီသည်ထူပြီး မလှမပဟုဆိုသည်။ မခင်သစ်ကား ဟန်ဇာပင်နီနုကလေးကို ဝတ်ထားသည်။ မမြင့်ဦးသည် ငွေစပဲတော့ ရန်ပုံငွေထည့်သည်၊ ရင်ထိုးခတ်ပုံကိုကား
ရင်ဘတ်ထိုးဖို့နေနေသာသာ လက်မခံလိုက်ပေ။ ရင်ထိုးခတ်ပုံက ထိုးချင် ဆင်ချင်စဖွယ်ဖြစ်အောင်မလှဟု
ဆိုခဲ့ပေသည်။ မခင်သစ်ကား ထိုခတ်ပုံရင်ထိုးကို
ရင်ဘတ်မှာအမြတ်တနိုးတပ်ဆင်ထားလေပြီ။
"တို့ကရေနံမြေသပိတ်တပ်ရဲ့ ဘက်တော်သားတွေဆိုတဲ့ အထိမ်းအမှတ်ပေါ့ကွယ်"ဆိုသော သူ့အဖေစကားကို
ကောင်းစွာမှတ်သားနာယူလိုက်ဟန်ရှိပေ၏။
ထိုအခိုက် ကိုလှရွှေသည် သည်းထန်စွာ သမ်းလိုက်လေသည်။
"အင်း၊ ပြန်ကြဦးမှပဲ။ မနေ့ညက မအိပ်ရဘူး။ ရဲဘော်တင်ထွန်းကော လိုက်မယ် မဟုတ်လား"
"ကျွန်တော်က မြို့ထဲမှာ အိပ်လိုက်မလားလို့"
"ဘာပြုလို့လဲ၊ ပြန်စရာစရိတ်မရှိလို့လား။ လာပါထ၊ ဟဲ ဟဲလူတစ်ကိုယ် ဖောင်တိန်တစ်ချောင်းစီတော့
ပါသေးတာပဲ၊ ဖောင်တိန်ပြပြီး ဘတ်စ်ကားကြွေးထားလို့ မရရင် အပေါင်ဆိုင်ပို့ရုံရှိတာပေါ့"
ကျွန်တော်လည်း ထလိုက်သည်။ ဒေါ်ဒေါ်ညွန့်က စိုးရိမ်သောအမူအရာဖြင့် ကျွန်တော်တို့နှစ်ယောက်အားကြည့်ပြီး–
"ပြန်စရိတ်ပါကြရဲ့လား၊ ယူသွားလေ၊ သစ်သစ်ရေ ငွေတစ်ကျပ် သွားယူပါဦးကွယ်"

ကျွန်တော်ဘာမျှမပြောဘဲ စပ်ဖြဲဖြဲလုပ်နေသည်ကို ကိုလှရွှေက ရယ်ပြီး–
"မလိုပါဘူး ဒေါ်ဒေါ်၊ ပါပါတယ် ဖောင်တိန်ပေါင်ဖို့မလိုပါဘူး"
မခင်သစ်ကား အောက်ဆင်းပိုက်ဆံယူမည်လုပ်ပြီးမှ သူ့အမေနား လာရပ်နေပြန်၏။
ကျွန်တော်နှင့်ကိုလှရွှေတို့သည် ဆင်းလာကြသည်။ ကိုလှရွှေကား ကျွန်တော့်ပုခုံးကို
လက်တစ်ဖက်နှင့်ဖက်ကိုင်လျက်။
အောက်သို့ရောက်သောအခါ ကိုလှရွှေက ကျွန်တော့်နားထဲသို့ တိုးတိုးကပ်၍–
"အတည်ပေါက်မေးနေတာ ပိုက်ဆံပါရဲ့လား"
"ခုနင်က ရန်ပုံငွေတစ်ကျပ်အပြင် နှစ်ပြားပဲပါတော့တယ်။ ရန်ပုံငွေကတော့ သုံးလို့
မဖြစ်ဘူးထင်တယ်"
ကိုလှရွှေသည် ရယ်လိုက်သည်။
"ကိုယ်ကလည်း မောင်မင်းကြီးသား အားကိုးနဲ့ပါပါတယ်ပြောတာ။ ရှိသမျှပိုက်ဆံ
မန္တလေးကြေးနန်းရိုက်လိုက်ရတာနဲ့ ကုန်ရော။ ကဲ ကဲမဖြစ်သေးဘူး၊
ရှေ့မျက်နှာနောက်ထားပြီး သွားတောင်းဦးမှ'
ကိုလှရွှေသည် အိမ်ပေါ်သို့ပြန်တက်သွားလေသည်။
အိမ်ပေါ်မှ တဟားဟားရယ်သံကြားရ၏။ အတန်ကြာသော် မခင်သစ် အောက်ဆင်းလာသည်။
ဆေးဗီရိုတွင်းရှိ
ဘူးကလေးတစ်လုံးအတွင်းမှ ငွေတစ်ကျပ်ယူပြီး တက်သွားပြန်လေသည်။ မခင်သစ်သည်
အဆင်းတွင်လည်းကောင်း အတက်တွင်လည်းကောင်း ကျွန်တော့်အား ပြုံးစေ့စေ့နှင့်
ကြည့်သွားပေသည်။
ကျွန်တော်တို့၏ အဖြစ်ကိုပြုံးခြင်းဖြစ်ပေလိမ့်မည်။ နောက်ကိုလှရွှေသ်ည ဝုန်းဒိုင်းနှင့်
ပြေးဆင်းလာပြီး
"ကိုင်းလစ်ကြစို့၊ နောက်ဆုံးဘတ်စ်မမီရင် သန်းခေါင်ထိ စောင့်နေရဦးမယ်"ဟု ကျွန်တော့်အား
တွန်းဆွဲခေါ်ယူသွားလေသည်။ ။

၁၉

## တစ်ဗိုလ်ကျ တစ်ဗိုလ်တက်

ရေနံမြေသပိတ်တပ်ကြီး၏ ခေါင်းဆောင်များကို ဖမ်းဆီးလိုက်သောနေရာတွင် အစားထိုးရန်
ဗိုလ်များခေါ်လိုက်သောအခါ ဗဟိုတို့ဗမာအစည်းအရုံးမှ သခင်အများ သည်လည်းကောင်း၊
နယ်
တို့ဗမာအစည်းအရုံးမှ သခင်များသည်လည်းကောင်း အမြန်စာရင်းသွင်းကြလေသည်။
သခင်စိုး၊ သခင်ထိန်ဝင်း၊ သခင်ထွန်းစိန်၊ သခင်ဖေသန်း၊ သခင်ထွန်းခင် စသည်ဖြင့်
ဆုံးနိုင်ဖွယ်မရှိသော
ဗိုလ်စာရင်းကိုကြည့်ကာ ကျွန်တော်တို့သည် အားတက်၍မပြီး
ချီးကျူး၍မဆုံးဖြစ်နေကြပေသည်။
ဗိုလ်များထွက်ခဲ့ရန်ခေါ်သည်မှာ နတ်တော်လပြည့်နေ့ဖြစ်၏။
နတ်တော်လပြည့်ကျော်တစ်ရက်နေ့တွင် ဒေးဒရဲမြို့

တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်မြသွင်နှင့်တကွ ဗိုလ်၁၅ယောက် စာရင်းသွင်းလိုက်လေသည်။
အမျိုးသမီးများထဲမှလည်း စာရင်းသွင်းကြရာ ကြည့်မြင်တိုင် မန်ကျည်းတန်း တို့ဗမာအစည်းအရုံးအတွင်းရေးမှူး မခင်လှ ပထမဆုံးအမျိုးသမီးဖြစ်လေသည်။
ဘယ်ဘက်ကိုကြည့်လိုက်ကြည့်လိုက် စိတ်အားတက်ကြွခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်း၊ ဘေးဟူသမျှရင်ဆိုင်ရန် အသင့်ရှိခြင်းတို့ကိုသာ တွေ့မြင်နေရတော့၏။ လူမျိုးတစ်မျိုး၏ ဖြစ်စဉ်သမိုင်းတွင် ဤလိုမွန်မြတ်သော အချိန်မျိုး ကြုံကြိုက်ခဲလှသည်။ ဤလိုမွန်မြတ်သော အချိန်မျိုးတွင် နေရသည်မှာ ရခဲလှသော အခွင့်အရေးပေတည်း။
ကျွန်တော့်ကိုယ်ကိုယ် ဆင်ခြင်ကြည့်လိုက်သည်။ တစ်နှစ်နီးပါး သပိတ်မှောက်ပြီး မိုင်– ၄၀၀ခြေလျင်လျှောက်၍ အင်အားပြလာနေသော သပိတ်တပ်ကြီး၏ အင်အား၊ အုံကြွ ဆန္ဒပြရန် ချီတက်ဖို့စည်းရုံးလှုပ်ရှားနေကြသော တောင်သူလယ်သမားတို့၏ အင်အား၊ အလုပ်သမား၊ လယ်သမားတို့အရေးအတွက် 'လာမည့်ဘေး ပြေးတွေ့ရန်' ဗိုလ်စာရင်းသွင်းကြသော သခင်များ၏ အင်အား။ ယင်းသို့သော အင်အားတို့သည် ကျွန်တော့်ကိုယ်ခန္ဓာတွင်းသို့ စုပြုံဝင်ရောက်လာ သည်ဟု မှတ်ထင်ရလောက်အောင် အားတက်လျက်နေပေသည်။
ကိုယ်ကျိုးအတွက် ဖြစ်သော ဝန်ထောက်အရေးပိုင် ရာထူးမှန်းထားမှု၊ မိဘမျက်နှာထောက်ထား၍ နိုင်ငံရေးမှနောက်ဆုတ်ရန် အားထုတ်မှု၊ ရည်းစားအလို အချစ်ရေ့ဆောင်ရာလိုက်၍ အများအကျိုးဆောင်ရန် ဖင့်လေးမှု၊ လစ်ဟင်းမှုဟူသမျှသည် ယခင်ကမေးမိန်နေခဲ့ရာ မှယခုကွယ်ပျောက်၍ ပင်သွားလေပြီ။ အဖေဆူမည့်ဘေး၊ ဆရာပြစ်တင်မည့်ဘေး၊ ရည်းစားငြိုငြင်မည့်ဘေးစသော ဘေးကလေးများကိုသာမက ထောင်တန်းကျ သေနတ်နှင့်အပစ်ခံရမည့် ဘေးကြီးများကိုပင် ရင်ဆိုင်ရဲလာလေပြီ။ ဤကဲ့သို့ ဆင်ခြင်မိသောအခါ ကိုယ့်ကိုယ်ကိုယ်ကြည်ညိုလာသည်။
ကိုယ့်ဘဝကို မြတ်နိုးလာသည်။ ကိုယ့်အချိန်ကို ဂုဏ်ယူလာသည်။ ကျွန်တော်ကား အချမ်းမြေ့ အပျော်ရွှင်ဆုံးသော ကျွန်တော်ဖြစ်လာပေသည်။ "အရှေ့ကနေဝန်းထွက်သည့်ပမာပ၊ တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ။ တို့ဗမာ၊

ဟော့ တို့ဗမာ” ဟုလည်း အကြိမ် ကြိမ်အခါခါ ရင့်ကျူးမိလေသည်။
ကျွန်တော်နှင့်တကွသော ကျောင်းသားရဲဘော်များသည် ကျွန်တော့်လိုပင် ပျော်ရွှင်စွာ
အထက်ပါအတိုင်း ရင့်ကျူး၍
ဗိုလ်စာရင်းသွင်းကြပေသည်။
သို့ရာတွင် ဗိုလ်စာရင်းသွင်းတိုင်းလည်း တာဝန်ပေးသည်မဟုတ်။ သက်ဆိုင်ရာ
ခေါင်းဆောင်များသည်
ဗိုလ်စာရင်းဝင်များ၏ အရည်အချင်း၊ အသက်အရွယ်၊ အရင့်အကျက်စသည်များကို
စစ်ဆေးလေ့လာပြီးမှ
တာဝန်ပေးသင့်သူကို ပေးကြလေသည်။ ကျွန်တော်တို့တစ်တွေကား တာဝန်မခံယူရသေး။
အရန်စာရင်းဝင်
အဖြစ်ဖြင့် စောင့်နေကြရ၏။ တာဝန်ခံယူသော ဗိုလ်များသည် အောက်ပါကတိပဋိညာဉ်ကို
ပေးကြရလေသည်။
(၁) ငါသည် ရေနံသပိတ်တပ်တစ်ခုတည်းကိုဖြစ်စေ၊ လယ်သမားတပ်ကြီးတစ်ခု
တည်းကိုဖြစ်စေ၊ သို့မဟုတ်
နှစ်တပ်စလုံးကိုဖြစ်စေ ရန်ကုန်သို့အရောက် တာဝန်ခံ၍ ကြီးမှူးခေါ်ဆောင်ခဲ့ပါအံ့။
(၂) ငါ၏တာဝန်သည် ရန်ကုန်မြို့၌ အလုပ်သမားအစည်းအဝေးကြီးများ
လယ်သမားအစည်းအဝေးကြီးများ ပြီးစီး၍
လူစုကွဲသည့်အခါမှ ပြီးဆုံးသည်ဟု ယုံကြည်ပါကြောင်း။
(၃) တာဝန်ပြီးဆုံးသည့် စခန်းသို့မရောက်မချင်း မည်ကဲ့သို့ အနှောင့်အယှက်များ
တွေ့ကြုံစေကာမူ
မတွန့်မဆုတ်ဘဲ ရှေ့သို့သာတိုး၍ တက်ခဲ့ပါအံ့။
(၄) လူစုကွဲစေသော လုပ်ငန်းများကို ဘယ်အခါမျှမလုပ်ပါ။ အကျိုးလိုယောင် ရှုပဆောင်၍
သွေးခွဲခြင်း
လူစုခွဲခြင်းစသည့် ပရိယာယ်တို့ကို အစွမ်းကုန် ရှောင်တိမ်းပါအံ့သတည်း။
မည်သို့သော အတားအဆီးအနှောင့်အယှက်များရှိစေကာမူ ရေနံမြေသပိတ်တပ်ကြီးနှင့်
တောင်သူလယ်သမားတို့
ဆန္ဒပြချီတက်ပွဲကြီးနှင့် ရန်ကုန်သို့ရောက်လာမည်ဖြစ်ရာ ၄င်းတို့အားကြိုဆိုရေး၊
စောင့်ရှောက်ရေး၊
ဧည့်ခံရေးစသည်တို့ကို ဆောင်ရွက်ရန် ဂိုဏ်းပေါင်းစုံ၊ အသင်းပေါင်းစုံ
အစည်းအဝေးကြီးတစ်ရပ်ကို
နတ်တော်လပြည့်ကျော် ၁ရက်၊ ညနေ၅နာရီအချိန်တွင် ရွှေတိဂုံဘုရားခြေတော်ရင်း
ဦးဘရီဇရပ်၌ ကျင်းပလေသည်။
လယ်တီဦးဇဋိလက အစည်းအဝေးနာယက၊ ထိပ်တင်ကိုယ်တော်ကြီးက ဥက္ကဋ္ဌ၊
သခင်စံထွန်းလှ၊

သခင်သန်းထွန်းတို့က အတွင်းရေးမှူးများအဖြစ်ဖြင့် ဆောင်ရွက်ကြလေသည်။
ထိုအစည်းအဝေးမှ
ရန်ကုန်သို့ချီတက်လာသော ရေနံမြေသပိတ်တပ်ကြီးကို ချီးကျူးသည်။
ပိတ်ပင်တားဆီးသောအစိုးရကို
ရှုတ်ချသည်။ ခေါင်းဆောင်များကို ဖမ်းဆီးခြင်းကို ကန့်ကွက်သည်။ ရန်ကုန်၌ပုဒ်မ ၂၃အပိုဒ်
၇ကို
အမြန်ဆုံးရုပ်သိမ်းပေးရန် တောင်းဆိုလေသည်။
ထိုအစည်းအဝေး၌ ရေနံမြေသပိတ်မှောက်သမားများနှင့် အလုပ်သမားများအား
ခရီးဦးကြိုရန်အတွက်
အလုပ်အမှုဆောင်အဖွဲ့ဖွဲ့လိုက်၏။ သခင်ခေါင်းဆောင်များအပြင် ဖေဘီယံမှ ဦးဘခိုင်၊
ရဲတပ်မှ မောင်မောင်ညို၊
ကျွန်တော်တို့ကျောင်းထဲမှ ကိုဗဆွေနှင့် သခင်ကျော်စိန်တို့ပါဝင်ကြလေသည်။
ရန်ကုန်မြို့ရပ်ကွက်တိုင်းတွင်
ထမင်းထုပ်နှင့်ငွေကောက်ခံရန် ထမင်းထုပ်အဖွဲ့နှင့် ဘဏ္ဍာရေးအဖွဲ့များ ဖွဲ့လေသည်။
ကျန်းမာရေးနှင့်
စောင့်ရှောက်ရေးတာဝန်များကို သာသာနစောင့်ရှောက်ရေး သံဃအဖွဲ့ကြီးနှင့်
သာသနာဝိသုဒ္ဓိမဟာဝေပုလ္လအဖွဲ့က
ယူလေသည်။
ရန်ကုန်မှာသာမက အခြားမြို့ပေါင်းများစွာမှာလည်း လူထုအစည်းအဝေးများ ကျင်းပကာ
အလုပ်သမားလယ်သမားတို့၏ အင်အားပြတပ်ကြီးများ ချီတက်ရေးကို ထောက်ခံအားပေး၍
ဖိနှိပ်ချုပ်ချယ်မှုများကို
ကန့်ကွက်ရှုတ်ချကြလေသည်။ ဗမာပြည်တစ်ဝန်းလုံး စည်းရုံးညီညွတ်ကြသည်။ ဗမာတိုင်း
ဗမာတိုင်း
သွေးစည်းကြလေသည်။ "ဗမာပြည်အဝှမ်းအကုန်၊ တို့အိမ်မှတ်ပါ၊ တို့ရာမှတ်ပါ"ဟု
သီဆိုကြွေးကြော်လေသည်။
အဆိုပါ ဆုံးဖြတ်ချက်များကို အင်္ဂလိပ်နန်းရင်းဝန်၊ အင်္ဂလိပ်ပါလီမန်
အတိုက်အခံခေါင်းဆောင်၊
ဗြိတိသျှအလုပ်သမားအဖွဲ့၊ ဂျနီဗာမြို့ရှိ နိုင်ငံပေါင်းချုပ် အသင်းကြီး၏ အလုပ်သမားဌာန၊
အိန္ဒိယပြည်လုံးဆိုင်ရာ
အလုပ်သမားအဖွဲ့ချုပ်နှင့် ကမ္ဘာအရပ်ရပ်ရှိ သတင်းစာတိုက်ကြီးများသို့ ပေးပို့ကြသေးသည်။
ဗမာ့ဆန္ဒနှင့်
ဗမာ့ညီညွတ်မှုအားကို ကမ္ဘာကသိပြီး ဗမာ့တရားမှုကို ထောက်ခံလာအောင် လုပ်ကြပေသည်။
သခင်ထိပ်တင်ကိုယ်တော်ကြီး၊ သခင်မြ၊ သခင်တင်၊ သခင်သန်းထွန်း၊ သခင်ဗဦး၊
သခင်လှဖေ (ကာလကတ္တား)

စသူတို့ တက်ရောက်ကြသော တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့က
အခြေအနေအားလုံးကို
သုံးသပ်ဆင်ခြင်ပြီး အောက်ပါကြေညာချက်ကို ထုတ်ပြန်လိုက်လေသည်။
လာမည့်ဘေး ပြေးတွေ့
အလုပ်သမား ဆင်းရဲသားများအား နှိုးဆော်တိုက်တွန်းချက်
အဆွေအလုပ်သမား ဆင်းရဲသားအပေါင်းတို့
ယခုခေတ်ကား လူပေါ်ခါစ ခေတ်မဟုတ်တော့သဖြင့် ကမ္ဘာနှင့်အဝှမ်း၊ ဆင်းရဲသား
အလုပ်သမားများတောသူတောင်သားတို့သည် မိမိတို့၏ ဆင်းရဲမွဲတေ
ခြင်းအကြောင်းအရင်းတို့ကို သိရှိလာကြပြီး
ဆင်းရဲခြင်း နွံဗွက်မှ ရုန်းထွက်နေကြ ချေပြီ။ ရုရှားပြည်ဆင်းရဲသား အလုပ်သမားတို့သည်
၁၉၁၇ခုနှစ်ကပင်
ဓနရှင်တို့၏ နှောင်ကြိုးကြီးမှ အတင်းတရကြမ်း ရုန်းထွက်ခဲ့လေပြီ။
အင်္ဂလန်ကျွန်းရှိ ဆင်းရဲသားအလုပ်သမားအပေါင်းတို့သည်လည်း ထိုနည်း နှင်နှင်
ဆင်းရဲသားကြီးစိုးသည့်
နိုင်ငံကြီးဘဝသို့ အမြန်ဆုံးရောက်ရှိနိုင်ရန် နေ့မီး၊ ညမီး ကြိုးစားအားထုတ်လျက်
နေကြကုန်၏။
အကြောင်းသော်ကား ဓနရှင် အစိုးရတို့ ကြီးစိုးနေသမျှ ကာလပတ်လုံး
ဆင်းရဲသားလူများစုတို့၌ လုလုစားမှု၊
လုလုဝတ်မှု၊ လုလုနေထိုင်မှုများ မရရှိနိုင်ရုံမက ရောဂါထူခြင်း၊ အသက်တိုခြင်းစသော
မကောင်းမှု
ကပ်ဆိုးကပ်ညစ်များ ပပျောက်ရန် ခဲယဉ်းသည်ကို သိရှိကြခြင်းကြောင့် ဖြစ်လေသည်။
ဗမာဆင်းရဲသားအပေါင်းတို့သည်လည်း ထိုကဲ့သို့ တွေးတောမိကြကုန်၏။ လွန်ခဲ့သော
နှစ်များက
ရန်ကုန်အနီးအနားရှိ အိုးစက်၊ ကြိုးစက်၊ စွပ်ကျယ်စက်၊ ရာဘာစက် အလုပ်သမားများ
အလုပ်ရပ်စဲ၍
၎င်းတို့အခွင့်အရေးများကို တောင်းဆို ကြခြင်းနှင့် ယခုနှစ်အဆွေတို့
ရေနံမြေအလုပ်သမားများ
ဖွားဖက်တော်အလုပ်ရပ်စဲမှု လက်နက်ကို ၁၁လ တိုင်တိုင် ကိုင်ဆောင်၍ ဓနရှင်တို့အား
ခုခံတိုက်ခိုက်ခြင်းကား
တဖြည်းဖြည်း ငါတို့ပြည်တွင် ပေါ်ပေါက်လျက်ရှိသော နိမိတ်သြဘာ မင်္ဂလာများ ပေတည်း။
နောင်သောအခါ အဆွေတို့၏ အင်အား တန်ခိုးသတ္တိများကြောင့် ဗမာပြည် ကြီး ကျွန်ဘဝမှ
လွတ်မြောက်တော့မည်ကို ငါတို့သိ၏။ ကျွန်ဘဝမှ မလွတ်မြောက် မချင်း ထိုကဲ့သို့
အနှောင့်အယှက်များ
အမြဲတစေတွေ့ကြုံရတော့ မည်ဖြစ်၍ တစ်ခု ပြီးတစ်ခု တစ်စပြီးတစ်စ
တွေ့ကြုံဖယ်ရှားနေကြမည့်အစား

လောလောဆယ် ‘လာမည့်ဘေးပြေးတွေ့’ကြကာ လွတ်လပ်ရေးပန်းတိုင်သို့
အမြန်ချီတက်နိုင်ကြပါစေ သတည်း။
သားချင်းအပေါင်းတို့
ရှုံးနိုင်နှစ်တန်၊ ခုခံတိုက်ခိုက်၊ ကျော၍ဒဏ်ရာ၊ မထိရာ၊ ရင်မှာထိမှ မြတ်ရာ၏။
သခင်ထိပ်တင်ကိုယ်တော်ကြီး
ဥက္ကဌ
ဗိုလ်စာရင်းဝင်များထဲမှ လက်ရွေးစင်ဗိုလ်များကို ရွေးချယ်ကာ တာဝန်ပေး၍
မကွေးသို့လွှတ်လိုက်သည်ဟု
ကျွန်တော်တို့ အတွင်းစကားကြလေသည်။ သခင်ဖေသန်း၊ သခင်စိုး၊ သခင်ထိန်ဝင်းတို့သည်
ပထမဆုံးအသုတ်
သွားသော ဗိုလ်အစုဖြစ်လေသည်။ သူတို့သည် စုံထောက်များကို မျက်ခြည်ပြတ်အောင်လုပ်ပြီး
သွားကြ၏။ ၎င်းပြင်
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌကိုဘဟိန်းနှင့် အတွင်းရေးမှူး
ကိုဗဆွေတို့သည် ရေနံချောင်းမြို့
ကျောင်းသားသပိတ်ကိစ္စကို ရှင်းလင်းဟူသော အကြောင်းပြ၍ အထက်ပါဗိုလ်တစ်စု
အလျင်သွားခဲ့ကြပြီ
ဖြစ်လေသည်။
မကွေးမြို့ကား နှစ်ဖက်မှ တပ်ဦးချင်းရင်ဆိုင်တွေ့မိပြီး တိုက်ပွဲစတင်ဖြစ်ပွားရာ စစ်တလင်းနှင့်
တူပေ၏။
နယ်ချဲ့တပ်ဦးနှင့်ပြည်သူ့တပ်ဦး၊ ရေနံမြေခနရှင်များနှင့် မစ္စတာမူလာဝပ်တို့က တစ်ဖက်၊
ရေနံမြေသပိတ်တပ်ကြီးနှင့် ကျောင်းသားခေါင်းဆောင်များ ဗိုလ်စာရင်းဝင် သခင်များက
တစ်ဖက်။
ကျွန်တော်တို့သည် မကွေးစစ်မြေပြင်မှ စစ်သတင်းကိုသာ နားစွင့်နေမိကြလေသည်။
တစ်တိုင်းပြည်လုံး၏
အာရုံမှာလည်း မကွေးသို့ စူးစိုက်လျက်ရှိလေ၏။
သို့ဖြင့် ဒီဇင်ဘာလ ၁၁ရက်နေ့သို့ ရောက်ခဲ့လေပြီ။
ထိုနေ့ညပိုင်းတွင် ကျွန်တော်သည် ပန်းဆိုးတန်းရှိ တို့ဗမာအစည်းအရုံး ဌာနချုပ်သို့
ရောက်လျက်နေလေသည်။
ဌာနချုပ်တွင် ပျားပန်းခတ်မျှ လှုပ်လှုပ်ရွရွ အလုပ်များနေကြစဉ်
ကြေးနန်းတစ်စောင်ရောက်လာလေသည်။
“မကွေးမြို့တွင် တရားပွဲကျင်းပရာ၌ ရေနံတပ်ဗိုလ် သခင်ဖေသန်း၊ သခင်စိုး၊
သခင်ထိန်ဝင်းနှင့် ကိုဘဟိန်း
ကိုဗဆွေတို့ကို ပုလိပ်က ဖမ်းသွားပြီ”
ဌာနချုပ်ပေါ်ရှိ သခင်အားလုံး ထိုသတင်းကြောင့် ရုတ်ရုတ်ရက်ရက် ဖြစ်သွားလေသည်။
သတင်းစာတိုက်များသို့

ထိုသတင်းကိုပို့သူက ပို့ရသည်။ ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးသို့ ပို့သူက ပို့ရသည်။ ကျွန်တော့်အားလည်း
ကောလိပ်သို့ ချက်ချင်းပြန်၍ သတင်းပို့စေလေသည်။
တက္ကသိုလ်ကျောင်းသားများသမဂ္ဂတွင် ကျောင်းသားခေါင်းဆောင်အချို့ စုမိကြသည်။ သတင်းအကျယ်ကို
သိလိုကြသည်။ ဘယ်လိုဖြစ်နိုင်သည်ကို ခန့်မှန်းကြည့်ကြသည်။ ကိုဘဟိန်းနှင့် ကိုဗဆွေကို ဖမ်းလိုက်ခြင်းအားဖြင့်
ဓနရှင်အစိုးရသည် အလုပ်သမားများအရေးနှင့် ကျောင်းသားများအရေးကို
တိုက်ရိုက်ဆက်စပ်ပေးလိုက်ခြင်းဖြစ်ပေ၏။
ကျွန်တော်တို့သည် ရေနံမြေသပိတ်တပ်ကြီး၏ ရှေ့ရေးအတွက် စိုးရိမ်လာကြသည်။
ရန်ကုန်သို့အရောက်ချီတက်လာနိုင်ပါမည်လော။ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် ခေါင်းဆောင်၍ခေါ်လာမည့်
ဗိုလ်တစ်ဦးကိုဖမ်း တိုင်း ၄င်းနေရာတွင်ဗိုလ်သစ်တက်မည်ကား အမှန်ဖြစ်၏။ သို့ရာတွင် တက်လိုက်
ဖမ်းလိုက်ဖြစ်နေရုံဖြင့်မပြီး။ ရေနံမြေသပိတ်တပ်ကြီးဆက်လက်ချီတက်လာနိုင်မှ အရေးတော်ပုံ အောင်နိုင်ပေမည်။
တစ်ပြည်လုံးတော်လှန်ရေးအုံကြွမှုကြီး ဖြစ်မြောက်နိုင်ပေမည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတို့၏
တပ်ပေါင်းစုကြီးအကွက်လည်ပေလိမ့်မည်။
ကျွန်တော်တို့ ကျောင်းသားများကလည်း တစ်စခန်းထရတော့မည်။ ဤသို့လျှင် မကွေးကလာသော ကြေးနန်းက
အချက်ပြလိုက်ပေပြီ။
မကွေးမှာ ထိုနေ့က အသေးစိတ် ဘယ်လိုဖြစ်ပျက်သည်ကို မသိကြရသေး။ သို့ရာတွင် ဆူပူမှုကားစလေပြီ
တို့ခေါင်းဆောင်တွေကို ဖမ်းကုန်ပြီ။ ကိုဘဟိန်းနှင့် ကိုဗဆွေတို့ကို မကွေးမှာ ဖမ်းလိုက်ပြီ။
တို့သမဂ္ဂဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကို ဖမ်းပြီ၊ ကန့်ကွက်ကြ။ ပေါ်ရိသာဒဆေးထိုးရန် သမဂ္ဂသို့စုရုံးကြ။ ရဲရဲတောက်
ကျောင်းသားသွေးပြရန် အချိန်ကျပြီ။
၁ရက် ၂ရက် ၃ရက် ဒီကြွေးကြော်သံ ဒီစာတန်းများသည် တက္ကသိုလ်နယ်မြေတစ်ခုလုံးကို လွှမ်းနေပေသည်။
ထိုအတွင်း မကွေးမှာ ၁၁ရက်နေ့က အဖြစ်အပျက်များသည် သတင်းစာများတွင် လုံးစေ့ပတ်စေ့ပါလာပေသည်။
ဗမာ့လွတ်လပ်ရေးသမိုင်းတွင် မှတ်တမ်းတင်ရမည့် အဖြစ်အပျက်များဖြစ်သဖြင့် သတင်းစာများတွင်တွေ့မြင်

ဖတ်ရှုရသည့်အတိုင်း ဤဝတ္ထုတွင် ထပ်မံဖော်ပြလိုက်ပါရစေ။ ၄င်းတို့သည် မျက်မြင်သက်သေ၏
ဖော်ပြရေးသားချက်များအဖြစ် တည်ပါစေတော့။
ဒုတိယအရေးပိုင်က တရားဟောလိုသည်
ယခု ဒီဇင်ဘာလ ၁၁ရက် တနင်္ဂနွေနေ့သည် သပိတ်တပ်ကြီး မကွေးမြို့သို့ ရောက်၍ ၇ရက်ပြည့်သောနေ့ကြီးဖြစ်သော်လည်း သပိတ်သမားတို့သည် မဆုတ်သောလုံ့လနှင့်တင်းနေကြကာ ၄င်းနေ့နေ့လယ်တွင် သပိတ်သမားအားလုံးတို့ အား သမဂ္ဂဥက္ကဋ္ဌကိုဘဟိန်းက သတင်းစာများဖတ်၍ ပြောပြနေစဉ် မကွေးမြို့
ဒုတိယအရေးပိုင်အပြင်
ကျောင်းဆရာကြီးနှင့် အရေးပိုင်ရုံး စာရေးတစ်ယောက်တို့လာ၍ စကားအနည်းငယ်ပြောလိုကြောင်း အခွင့်တောင်းသောအခါ သတင်းစာဖတ်မပြီးသေး၍ စောင့်ဆိုင်းစေပြီးမှ စကားပြောခွင့်ပြုကြောင်း၊ ထိုအခါ ၄င်း၃ဦးတို့က ဒုက္ခမခံဘဲ အေးအေးဆေးဆေးပြန် သွားကြပါ။ ခင်ဗျားတို့တာဝန်ကို ကျွန်တော်တို့ယူပါတယ်၊ ကျွန်တော်တို့ဝင်ဆောင်ရွက်ပေးပါ့မယ် စသည်ဖြင့် ဟောပြောရာ သပိတ်သမားများမှာ ထိုသူ၃ဦးအား အနှောင့်အယှက်မပေးဣန္ဒြေရစွာ နားထောင်နေကြကြောင်း။ တစ်စုံတစ်ရာ ပြန်ကြားပြောဆိုခြင်းလည်း မပြုကြကြောင်း။
ဝရမ်းနှင့်ရောက်လာခြင်း
ထို့နောက်ညဘက်တွင် သပိတ်သမားများ တည်းခိုရာဌာန၌ ၇နာရီတွင် တရားပွဲပြုလုပ်မည့်အကြောင်း မောင်းတီးကြေညာလိုက်ကြောင်း။ သို့သော်လည်း အနှောင့်အယှက်ရှိမည်ကို သိပြီးသော ကိုဘဟိန်း၊ သခင်စိုး၊ သခင်ထိန်ဝင်းတို့သည် ၆နာရီ၁၅မိနစ်အချိန်တွင် တရားပွဲကိုစလိုက်ရာ အားပေးကြသော မြို့သူမြို့သားပရိသတ်မှာ အတော်များပြားကြောင်း။ တရားပွဲစသည်နှင့်တစ်ပြိုင်နက် ပုလိပ်တို့သည် ဝရမ်းနှင့်ရောက်လာကာ သခင်ဖေသန်းနှင့် သခင်စိုးတို့ကို ဖမ်းဆီးလိုက်ပြီး ကိုဘဟိန်း စကားပြောနေစဉ် ကိုဘဟိန်းအား ဖမ်းရန်ရောက်လာ ကြောင်း။
မြင်းခွာတစ်ချက်ပေါက်လျှင် မီးတစ်ချက်တောက်မည်
ကိုဘဟိန်းက "ကျွန်တော်သည် ရေနံချောင်းကျောင်းသားသပိတ်မှောက်ကိစ္စနှင့် ကျောင်းသားတစ်ယောက်ဖမ်းထားသည့်အတွက်အသွား လမ်းခရီးတွင် ဒုက္ခသည်များတွေ့၍ ဝင်ရောက်ကူညီရကြောင်း။ ယခုကိစ္စနှင့်ပတ်သက်ပြီး ခရီးဆက်လက်သွားခွင့်ပြုရန် ခရိုင်မင်းကြီး၊ အရေးပိုင်တို့ထံလျှောက်ထားရာ ယနေ့နေ့လယ် တစ်နာရီအချိန် အမိန့်ချမည်ဟု
ပြောခဲ့ပြီး လူကြီးပီပီ ကတိပျက်ကြ တယ်။ ဒါကြောင့် ခင်ဗျားတို့ကိစ္စကို အောင်မြင်ရန်မနက်ဖြန်ထွက်ဖြစ်အောင် ထွက်ကြပါ။ အနှောင့်အယှက်တွေ့က အသေခံပါ။ ကျုပ်ကို အခုဖမ်းနေပြီ။ ကိစ္စမရှိပါဘူး။ ကျုပ်ကိုဖမ်းတဲ့အတွက် မနက်ဖြန် ဗမာတစ်ပြည်လုံး ဘာဖြစ်သွားမယ်ဆိုတာ သိရလိမ့်မယ်။ မြင်းခွာတစ်ချက်ပေါက်လျှင် မီးတစ်ချက်တောက်ရမယ်"စသည်ဖြင့် ဒေါပါပါဟောပြီး အဖမ်းခံကြောင်း။ ကိုဘဟိန်းကို

ဖမ်းလိုက်ရာ သပိတ်သမားများ လူပ်လူပ်ရွရွဖြစ်ကာ ရှေ့တိုးလာကြကြောင်း။ သို့သော် လူကြီးဖြစ်သူက ငြိမ်ကြဟု အော်လိုက်၍ တုတ်တုတ်မျှမလှုပ်ကြတော့ဘဲ ငြိမ်နေလိုက်ကြကြောင်း။

အသတ်ခံရလျှင် သေတဲ့လူထားပြီး ရှေ့ကိုတက်

၄င်းနောက် သခင်ထိန်ဝင်းက "ခင်ဗျားတို့ ရည်ရွယ်ချက်ရှိတဲ့အတိုင်း လုံ့လမလျှော့ကြပါနဲ့။ မနက်ဖြန် ထွက်ဖြစ်အောင်ထွက်ကြပါ။ ကျုပ်တို့ ဖမ်းသွားပေမယ့် အားမငယ်ကြနဲ့၊ လမ်းမှာစောင့်ရှောက် ကျွေးမွေးမယ့်လူတွေ စောင့်နေကြတယ်။ ခင်ဗျားတို့ကို အန္တရယ်ပေးတယ်ဆိုရင် ကျုပ်တို့ထောင်ထဲက နေပြီး ထမင်းမစားဘဲ အသေခံမယ်"စသည်ဖြင့် ပြောဆိုနေစဉ် လာရောက်ဖမ်းဆီးပြန်ကြောင်း။ သို့သော် ပုလိပ်တို့ကို ခဏအစောင့်ခိုင်းပြီး ပြောမြဲပြောကာ နောက်ဆုံးအချုပ်၌ သည်းညည်းခံကြပါ၊ အသတ်ခံရလျှင် သေတဲ့လူထားပစ်ခဲ့။ ရောက်အောင်သွားကြပါဟုပြောပြီး အဖမ်းခံရန် ဆင်းသွားကြောင်း၊ နောက်တစ်ဖန် စင်မြင့်ပေါ်သို့ပြန်တက်လာပြီး "သခင်မျိုးဟေ့ တို့ဗမာ"၊ "အရေးတော်ပုံ အောင်ပါစေ"၊ "မီးတုတ် မီးတုတ် ရှို့ရှို့"ဟု ကြွေးကြော် လိုက်သည့် အသံကြီးမှာတစ်မြို့လုံး သိမ့်သိမ့်တုန်သွားတော့ကြောင်း။ ၄င်းညက သခင်ဖေသန်း၊ သခင်စိုး၊ ကိုဘဟိန်း၊ ကိုဗဆွေနှင့် သခင်ထိန်ဝင်းတို့ကို ဖမ်းသွားသော်လည်း သပိတ်သမားများမှာ ဆူဆူညံညံမရှိ ငြိမ်နေကြကြောင်း။

လူအမည် စာရင်းစာရွက်ကို သိမ်းသွားခြင်း

တနင်္လာနေ့ နံနက်စောစော ၄နာရီခန့်တွင် ရာဇဝတ်အဖွဲ့သည် ဈေးရပ်သူကြီး ဦးညို၊ တက်ခေတ်နာရီပြင်ဆိုင်ရှင် ဦးသာဟန်နှင့် ရွာသစ်သူကြီး ကိုလေးမောင်တို့ကို သက်သေအဖြစ်ခေါ်လာပြီး သပိတ်သမားများကိုယ်၌ လက်နက်ရှာ ဝရမ်းထုတ်ကြပြီး လျှောင်ရှာဖွေကြကြောင်း။ ဤမျှလူထုကြီးတွင် လက်နက်မဆိုထားဘိ၊ လက်သည်းလှီးဓားတစ်ခုပင် မပါ။ သို့သော်လည်း စက္ကူတစ်ရွက်တွင် လူအမည်စာရင်းတစ်ခုကို တွေ့၍ဖမ်းဆီးသွားကြောင်း။

ဆီးပြီးတားကြခြင်း

နံနက်၆နာရီခွဲတွင် အသင့်ပြင်ဟု တစ်ယောက်ကအော်လိုက်ရာ ၂ယောက်တစ်တွဲစီ အားလုံးအသင့်ဖြစ်ကြကြောင်း။ ၄င်းကျောင်းဝိုင်းမှ ထွက်သည့် တံခါးမကြီးမှာ မြောက်ဘက်တွင်ရှိ၍ ပုလိပ်တပ်၊ စစ်တပ်၊ မြင်းတပ်တို့ စောင့်နေကြသော်လည်း အနောက်ဘက်ရှိ လမ်းမြောင်အကျဉ်းကလေးမှ ထွက်လာရာ စစ်ပုလိပ်များ လာရောက်တားဆီးကြကြောင်း။ အထွက်ဝတွင် ရာဇဝတ်ဝန်ဘကီး၊ စစ်ဗိုလ်နှင့် မြို့အုပ်ရှိကြောင်း။ မြို့အုပ်က နောက်ပြန်ဆုတ်ရန်၊ ရန်ကုန်မသွားရန်၊ နစ်နာချက်များကို ဒီမှာပြောရင် ဆောင်ရွက်ပေးပါ့မယ်။ ရမယ် မရဘူးတော့ ဝန်မခံနိုင်ပါ။ သို့သော်ပြောပေးပါ့မယ်၊ ကိုယ်စားလှယ်များသာ လွှတ်ပြီး အတောင်းခိုင်းပါဟု အမျိုးမျိုးပြောပြီး တားဆီးကြောင်း။

သေလျှင်သေပါစေ နောက်မဆုတ်ဘူး
သပိတ်သမားတို့က ၄င်းတို့ ၁၁–လတိုင် ကိုယ်စားလှယ်လွှတ်ခဲ့ဖူးကြောင်း။ ဘီအိုစီက နှင်ထုတ်လို့နေစရာလည်း အိမ်မရှိ၊ စားစရာလည်း ငွေမရှိတော့ဘူး။ ဒီတော့ ပြန်ရင်လည်းသေမယ့်အတူတူ လမ်းမှာသေချင်သေပါစေ၊ နောက်တော့ မဆုတ်ဘူးဟု ပြောကြောင်း။
အလံကို ပုလိပ်တစ်ယောက်က စော်ကားခြင်း
ထိုသို့ အခြေအတင်ပြောနေကြစဉ် စစ်ဗိုလ်နှင့်ရာဇဝတ်ဝန်ကြီးတို့သည် ဖိနပ်မချွတ်ဘဲ ဘုန်းကြီးကျောင်းဝိုင်းအတွင်း ဝင်သွားရာ ရဟန်းပျိုအဖွဲ့က အတင်းကန့်ကွက်ကြကြောင်း။ ရှေ့ဆုံးမှခေါင်းဆောင်ကာ အလံကိုင်လူနှင့်အလံကြီး၊ အမိန့်ပေးသူ ပေါင်း၄ယောက်ဖမ်းဆီးထားစဉ် အလံတော်ကိုလိပ်ပြီးလျှင် ပုလိပ်အစေခံတစ်ယောက်က အလံထိပ်တွင် ဖိနပ်ဟောင်းတစ်ခုကို စွပ်ပြီး ထောင်ထားကြောင်း။
သပိတ်သမားများမှာ ဘယ်သူတား၍မရ။ မြို့အုပ်က ခြောက်လုံးပြူးသေနတ်ကြီးတဝင့်ဝင့်နှင့် တားလျက်စစ်ပုလိပ်များကလည်း သေနတ်လှံစွပ်ကြီးများနှင့် ထိုးတော့မည် ချိန်ရွယ်ကာထားသော်လည်းမရ။ ညာသံပေးကာ တိုးဟေ့–ဟုအော်ကာ တိုးထွက်လိုက်သည့်အခါ ရာဇဝတ်ဝန်ကြီး၊ စစ်ဗိုလ်နှင့် မြို့အုပ်အပြင် စစ်သားများနောက်ဆုတ်သွားရကြောင်း။
မြင်းတပ်နှင့်တိုးခြင်း
၄င်းနောက် မြင်းတပ်နှင့်တိုးရန် အမိန့်ပေးလိုက်ရာ မြင်း၂ကောင်နှင့် အတင်းစိုင်းကာတိုးကြောင်း။ သပိတ်သမားသည် နောက်မဆုတ်ဘဲ မြင်း၏သံခွာကြားသို့ အသက်ကိုပဓာနမထားဘဲ ဝင်တိုးကြရာ လူထုကြီးကို မြင်းများလန့်ကာ ဖင်ထိုင်ကျသွားကြောင်း။
တုတ်နှင့်သိမ်း၍ ရိုက်ခြင်း
၄င်းပြင် ရှေ့ဆုံးမှချီတက်လာသူများအား တုတ်ရှည်ကြီးများနှင့် သိမ်းရုံး၍ ရိုက်နှက်ရာ ၄–၅ယောက် တုတ်ထိပြီး၊ ၂–၃ယောက်မြေပေါ်တွင် ပုံလဲသွားကြောင်း။ ထိုအခါ လဲနေသူများအား
အခြားသပိတ်သမားများက ကူညီခြင်း၊ ထူမခြင်းမရှိ။ ရှေ့မတိုးနောက်မဆုတ် သည်းညည်းခံ၍ နေနိုင်ကြသော်လည်း စစ်ပုလိပ်များက တုတ်တွေယမ်း၍ ရိုက်နေစဉ် ပုလိပ်အဖွဲ့၏ ရိုင်းစိုင်းသောပြုမူပုကို ကြည့်မနေနိုင်သော လူထုကြီးထဲမှ ခဲများနှင့် ပေါက်ကြရာ ပုလိပ်အချို့ကို ထိမှန်ကြောင်း။
လူထုကြီးကို မြင်းနှင့်တိုက်ရန် ရောက်လာခြင်း
ထိုအခါ မြင်းစီးပုလိပ်တစ်ယောက်သည် လူထုကြီးအား မြင်းနှင့်တိုက်ရန် အတင်းစိုင်းလာရာ လူထုကြီးက ဒီမအေ–ကို ဆော်ဟာ ချဟာနှင့် အတော်ဆူညံညံ ဖြစ်လိုက်သည်နှင့် အမြင်ကျယ်သူ အရာရှိတစ်ယောက်မြင်းစီးပုလိပ်အား ပြန်ခေါ်ရကြောင်း။ ၄င်းအတောအတွင်း ရာဇဝတ်ဝန်ကြီးသည် လူထုကြီးထဲမှ ပွဲစားကိုပေါကြွယ်နှင့် ကန်ထရိုက်ကိုဘလူတို့အား ဖမ်းသွားကြောင်း။ ဘာပြုလို့ဖမ်းသွားသည်ကို မသိရကြောင်း။ သပိတ်သမားများလည်း

ရှေ့မတိုး နောက်မဆုတ်ဘဲနှင့် နေကြောင်း။ စစ်ဗိုလ်လည်း မြင်းနှင့်အတင်းစိုင်းလာပြီး ရာဇဝတ်ဝန်နှင့် တီးတိုးစကားပြောကြောင်း။
ကျွန်တော်တို့သည် စစ်မြေပြင်သတင်းကို မြေပုံမှာလက်ညှိုးထောက်၍ လိုက်ကြသလို ရေနံမြေသပိတ်တပ်ကြီး၏
ချီတက်ပုံကို မြေပုံမှာလက်ညှိုးထောင်၍ လိုက်ကြပေသည်။ ရေနံမြေသပိတ်တပ်ကြီးနှင့်အတူ စိတ်ထိခိုက်စရာ
တွေ့လျှင် စိတ်ထိခိုက်ကြသည်။ အားတက်စရာရှိလျှင် အားတက်ကြသည်။ ရေနံမြေသပိတ်တပ်ကြီးကို
မြင်းနှင့်လိုက်တိုက်သည်၊ နံပါတ်တုတ်ကြီးတွေနှင့် ဆီးရိုက်သည်ဆိုသောအခါ ဒေါသဖြစ်ကြသည်။
ငှင်းပြင်ရေနံမြေသပိတ်တပ်ကြီး၏ စည်းကမ်းရှိပုံကို အံ့သြချီးကျူးကြသည်။ ရေနံမြေသပိတ်တပ်ကြီးကို
အာဏာပိုင်တို့က အနည်းနည်းအဖုံဖုံ တားဆီးပိတ်ပင်ကြသော်လည်း မရ။ နောက်ဆုံးတားဆီးသူတွေ
လက်လျှော့လိုက်ရသည်။ သပိတ်တပ်ကြီးကား အောင်မြင်စွာ ချီတက်သွားလေပြီ ဟုဆိုလျှင် ကျွန်တော်တို့သည်
လက်ခုပ်တီးကြသည်။ လက်ပမ်းပေါက်ခတ်ကြသည်။ ။

## ၂၁

## ဟန်ဇားပင်နီနှင့် မခင်သစ်

အရေးတော်ပုံကြီးကား တစ်ထစ်ထက်တစ်ထစ် မြင့်လာရုံမက ပို၍ပို၍လည်း ကျယ်ပြန့်လာပေပြီ။
ပယ်လယ်ကမ်းခြေတွင် ဒီရေတက်လာပုံ မြင်ရသည်နှင့် တူနေပေ၏။ ရေပြင်သည် ကုန်းထလာ၏။
လှိုင်းလုံးကြီးများသည် လိမ့်၍လာရင်း တစ်လုံးပေါ် တစ်လုံးကျော်တက်ကြပေသည်။
အလုပ်သမားအုံကြွခြင်းက လယ်သမားတို့ ကူးစက်သည်။ အလုပ်သမား လယ်သမားတို့ အုံကြွခြင်းတို့က
ကျောင်းသားကိုရိုက်ခတ်သည်။ ယနေ့အစည်းအဝေး ကမနေ့က အစည်းအဝေးထက်ကြီးမားသည်။
မနက်ဖြန်အစည်းအဝေးသည် ယနေ့အစည်းအဝေးထက် စိတ်အားပိုတက်လိမ့်မည်။ ယနေ့ ရန်ကုန်၊ မန္တလေးမှာ
ဆူပူကန့်ကွက်ကြသည်။ နက်ဖြန် မြို့ကလေးများ၊ ကျေးရွာများက ဆူပူကန့်ကွက်ကြပေလိမ့်မည်။
မကွေးတွင်ရေနံမြေသပိတ်တပ်ကြီးကို အရေးပိုင် မစ္စတာမူလာဝပ်က ပိတ်ပင်တားဆီးထားသဖြင့်

ကန့်ကွက်ကြသည်။ ရန်ကုန်၊ မန္တလေးစသော မြို့များ၌ပုဒ်မ ၁၄၄၊ ပုဒ်မ
၂၃(၇)စသည်တို့ကို ကြေညာထားရာ
ရုပ်သိမ်းရန် တောင်းဆိုကြသည်။ ပုဒ်မ ၁၀၇အရ ဆိုပြီးဖမ်းဆီးထားသော
ကျောင်းသားခေါင်းဆောင် ကိုဘဟိန်း၊
ကိုဗဆွေတို့ကို လွှတ်ပစ်ရန် ဆူပူကြသည်။
ဒီဇင်ဘာလ ၁၃ရက်နေ့က တက္ကသိုလ်သမဂ္ဂခန်းမကြီးတွင် ကျင်းပသော အစည်းအဝေးမှာ
ကျောင်းသားများနှင့်အပြင်မှ ဧည့်သည်များတက်ကြရာ ကြိတ်ကြိတ်တိုးအောင် စည်ကားသည်။
နောက်နေ့
၁၄ရက်နေ့ ရွှေတိဂုံကုန်းတော် ရာဟုထောင့်ရင်ပြင်၌
ရန်ကုန်ကျောင်းပေါင်းစုံအစည်းအဝေးကျင်းပရာ ထို့ထက်ပင်
စည်ကားပြန်လေသည်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများသာမက မြို့မကျောင်း၊
ပုဇွန်တောင် ဆရာဖြစ်သင်
မြူနီစပယ်ကျောင်း၊ လမ်းမတော် မြူနီစပယ် အထက်တန်းကျောင်း၊ ခေတ်သစ်နော်မန်ကျောင်း၊
ကန်တော်ကလေး
မြူနီစပယ် အထက်တန်းကျောင်း၊ မဲသောဒစ်ကျောင်း၊ ကူရှင်ကျောင်း၊ စိန့်ဂျွန်းကျောင်း၊
အစိုးရဟိုက်စကူးကျောင်း
စသည်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ လေသည်။ ၄င်းပြင်
တို့ဗမာအစည်းအရုံးမှ သခင်များ၊
ဗဟိုအခွန်ထမ်းအသင်းမှ အမှုဆောင်လူကြီးများ၊ ဘုန်းတော်ကြီးများပါ တက်ကြသေးရာ
ရာဟုထောင့်
ရင်ပြင်သာလျှင်မက အနီးရှိဇရပ် တန်ဆောင်းများလည်း ပြည့်လျှံသွားလေသည်။
ဤကဲ့သို့သော အစည်းအဝေးပွဲများမှာ မြန်မာပြည်အနှံ့အပြား၌ ကျင်းပကြရာ
စည်ကားတက်ကြွလှပေသည်။
အင်းဝကဲ့သို့သော မြို့ကလေးမှာ လူ၃၀၀၀တက်သည်။ အမရပူရမှာ ဘုန်းကြီး၅၀၀၊
လူ၉၀၀၀ တက်သည်။
ညောင်ဦးမှာ ရှင်လူ ၅၀၀၀ကျော် တက်လေသည်။
ကြွေးကြော်ဟစ်အော်သံတို့သည်လည်း အပူရှိန်တက်၍ တက်၍သာလာလေသည်။
“ညီညာမှပြည်သာမည်”
“တစ်ဗိုလ်ကျ တစ်ဗိုလ်တက်” “အရေးတော်ပုံ အောင်ပါစေ” “သခင်မျိုးဟော့ တို့ဗမာ”
စသည်ဖြင့် တက်လာခဲ့ရာ
“မီးတုတ် မီးတုတ် ရှို့ရှို့၊ သူပုန် သူပုန် ထ ထ၊ ဒေါက်တာဘမော် သေပါစေ၊ ခနရှင်
အစိုးရပျက်စီးပါစေစသည်တို့
သို့ရောက်လာလေသည်။
ဒီဇင်ဘာလ ၁၅–ရက်နေ့တွင် ကျွန်တော်တို့ ကျောင်းသားများ၏ ဆောင်ရွက်ချက်ကား
တစ်ဆင့်မြင့်သွားပြန်လေသည်။

ထိုနေ့တွင် ကျွန်တော်တို့သည် ပုဒ်မ ၁၄၄ကို အာဏာဖီဆန်၍ အင်အားပြပွဲကြီး ကျင်းပကြလေသည်။
ကျောင်းသား ၃၀၀၀ ကျော်ခန့် မြို့မကျောင်းဝင်းတွင် စုရုံးကြပြီး ကျောင်းသားများသည် ၄ယောက်တစ်တွဲ
စီတန်းကြလေသည်။ လူ၂၀လျှင် တစ်ဖိုလ်ကျခန့်ထား၍ စည်းကမ်းသေဝပ်အောင် လိုက်အုပ်ချုပ်ရလေသည်။
ဂေါ်ဒွင်လမ်းအတိုင်း ချီတက်စဉ် မိုးရွာကျလာသေး၏။ သို့သော် ကျောင်းသားများ သည် မိုးကြောင့် ဖြုပြင်မဖြုကြ၊
ကြွေးကြော်သံအော်လျက် ချီတက်မြဲချီတက်ကြ၏။ ရှေ့ဆုံးမှ တူတံစဉ် အလံနီကြီးကို မားမားစွင့်စွင့်ကိုင်သွားလေသည်။ ထိုနေ့က အလံကိုင်ဂုဏ်ထူးအတွက် ကိုထွန်းရှိန်၊ ကိုကြည်မောင်၊
ကိုအောင်ကျော်တို့ ၃ဦးသား အလုအယက် အပြိုင်အဆိုင် ဖြစ်ကြသေးသည်။ မဲနှိုက်ရာ ကိုကြည်မောင်
မဲပေါက်သဖြင့် အလံကိုင်ခွင့်ရလေသည်။ ကိုအောင်ကျော်နှင့် ကိုထွန်းရှိန်တို့ကား အလံနောက်မှ
ကြွေးကြော်သံတိုင်၍ လိုက်ခဲ့ကြ၏။ ကိုဌေးမြိုင် (ဒဂုန်တာရာ)ကား ကိုကြည်မောင်၏ အနီးမှာရှိရာ
ကူ၍အလံကိုင်ပေးနေလေသည်။
အင်အားပြ အာဏာဖီဆန်ရေး ကျောင်းသားတပ်ကြီးသည် ဂေါ်ဒွင်လမ်းမှ ကော်မရှင်နာလမ်း၊ နောက်မောင်ဂိုမာရီလမ်းအတိုင်း ချီတက်လေသည်။ ဆန့်တန်း လိုက်သော် လူ၃၀၀၀သည် မျက်စိတစ်ဆုံးရှည်လျားသည်။
လမ်းတစ်လျှောက်လုံး ဟိုဘက်ကမ်း သည်ဘက်ကမ်း လူများပြည့်ညပ်ကာ ကျွန်တော်တို့အားသြဘာပေးနေကြ၏။
ကုလား၊ ဗမာ၊ တရုတ်မကွဲမပြားဘဲ လူထုတစ်ရပ်လုံးက ကျွန်တော်တို့အား အားပေးကြ၏။
ပုဇွန်တောင် လိပ်ကန်ပန်းခြံသို့ ရောက်သောအခါ လူစုခွဲကြလေသည်။
လူစုခွဲပြီး ပြန်ကြမည်လုပ်နေစဉ် ဆရာကတော် ဒေါ်ညွန့်နှင့်သမီး မခင်သစ်တို့ နှင့် သွားတိုးလေသည်။
သူတို့သားအမိသည် ရေကျော်လမ်းထိပ်သို့ထွက်၍ ကျောင်းသားများအင်အားပြပွဲကိုကြည့်ရင်း လိပ်ကန်ပန်းခြံအထိလိုက်လာခဲ့ကြခြင်း ဖြစ်လေသည်။ ယနေ့ အင်အားပြပွဲတွင် စိုးရိမ်ကြသဖြင့်
ကျောင်းသူများကိုပါ မပါရစဟု ချန်ထားခဲ့ကြသည်။ ဤသည်မှာ အမှားတစ်ရပ်ဖြစ်သည်ဟု ကျွန်တော်ထင်၏။
တစ်နည်းအားဖြင့် မိန်းမယောကျာ်းခွဲခြားမှုပင် ဖြစ်ပေသည်။
ဆရာကတော်ဒေါ်ညွန့်က ပြုံးပြီး နှုတ်ဆက်ရာ ကျွန်တော်က သူတို့သားအမိ အနီးသို့ကပ်သွားသည်။

မခင်သစ်ကား မန္တလေးပိုးလုံချည် အညို အဖြူ မန်ကျည်းစေ့ကွက်နှင့် ဟန်ဇားပင်နီ ဝါသဲ့သဲ့တို့ကို
ဝတ်ဆင်ထားသည်။ ရင်ဘတ်တွင် ကျွန်တော်ရောင်းခဲ့သော ရေနံမြေရန်ပုံငွေ ရင်ထိုးဓာတ်ပုံကို ထိုးထားလေသည်။
ဒေါ်ညွန့်က သွားဖုံးများ ပေါ်သည့်တိုင်အောင် ပြုံးပြီး–
"မောင်ဘယ်သူတဲ့"
"မောင်တင်ထွန်းပါ ဒေါ်ဒေါ်"
"အေး မောင်တင်ထွန်း၊ မင်းတို့ အင်အားပြပွဲက ကျောင်းသူတွေ မပါရဘူးဆိုတာ တရားသလားကွ"
"ကျွန်တော်လည်း ဒီလိုခွဲခြားတာကို သဘောမကျဘူးဒေါ်ဒေါ်၊ တချို့က အစိုးရိမ်ကြီးပြီး အားနွဲ့တဲ့
မိန်းကလေးတွေဆိုပြီး ချန်ခဲ့တာပါ။ နောက်တခါဆိုရင် ဒီလိုမဖြစ်အောင် အဆိုသွင်းမယ် ဒေါ်ဒေါ်"
လူအများက ကျွန်တော်တို့အား တိုးဝှေ့သွားနေကြသဖြင့် ကျွန်တော်သည် ဒေါ်ညွန့်တို့အနီး ပို၍ကပ်သွားရလေသည်။ ဒေါ်ညွန့်က သူ့သမီးပခုံးကို ကိုင်ဖက်ထားလိုက်၏။ မခင်သစ်ကလေးကား
ငယ်ရွယ်နုနယ်လှသော်လည်း အရပ်မှာ သူ့အမေနီးပါး ရှည်သည်ကိုတွေ့ရပေ၏။
လူကျဲသွားသောအခါ ဒေါ်ညွန့်က–
"မောင်တင်ထွန်း အိမ်လိုက်ခဲ့ပါဦးလား၊ မင်းတို့မောနေမှာပေါ့။ လာ လာ ကာဖီလေး ဘာလေးသောက်သွားဦး"
သူ့အမေက ဤသို့ ဖိတ်ခေါ်စဉ် မခင်သစ်က ကျွန်တော့်အား လက်ခနဲ ကြည့်လိုက်သည်။ သူ့မျက်လုံးကလေးများတွင် ကျွန်တော့်အား သနားကြည်ညိုသော
အရိပ်များထင်ဟပ်နေသည်ဟု
ကျွန်တော်ထင်မိပေသည်။ ကျွန်တော်က သူ့အားစေ့စေ့ကလေး ကြည့်နေမိသောအခါ သူ့မျက်လွှာကို ချပစ်လိုက်ပြီး
အမေ့ခါးကို ခပ်ကျပ်ကျပ်ကလေးဖက်လိုက်သည်။
ကျွန်တော့်မှာ ရှိန်းခနဲ ဖိန်းခနဲဖြစ်သွားပြီး၊ တစ်စုံတစ်ယောက်ကို ရှာလေဟန်ဖြင့် ဟိုကြည့်သည်ကြည့် ကြည့်ရင်း–
"မလိုက်တော့ပါဘူး ဒေါ်ဒေါ်၊ ကျွန်တော်ကိုအေးကျော်ကို တွေ့စရာရှိသေးတယ်"
"မင်းတို့ အတွင်းရေးမှူး မောင်အေးကျော်လား၊ သူ့လို ပုပုညက်ညက်ကို ဒီလို လူစုလူဝေးကြီးထဲမှာ
ရှာလို့တွေ့နိုင်ပါ့မလားကွယ် ဟဲ ဟဲ"
ကျွန်တော်ကလည်း လိုက်ရယ်နေမိပေသည်။
မခင်သစ်က သူ့အမေအား ပြန်ကြစို့ဟူသော အဓိပ္ပာယ်ဖြင့် တွန်းခေါ်နေလေ သည်။

"ကဲ ကဲ မောင်အေးကျော်နှင့် တွေ့ဖို့အလုပ်ရှိသေးရင်တော့ နေရစ်ပေါ့ကွယ်၊
ဒေါ်ဒေါ်တို့သွားတော့မယ်"
"ဟုတ်ကဲ့ဒေါ်ဒေါ်"
မခင်သစ်ကား အပြစ်ကင်းမဲ့သော၊ ပကတိရိုးသားသော အကြည့်ဖြင့် ကျွန်တော့်အားကြည့်ကာ
တခြားကိုယ်နှုတ်အမူအရာ ဘာမျှမပါဘဲ နှုတ်ဆက်သွားပေသည်။
သူ့ရိုးသားသောအကြည့်ကြောင့် ခုနင်ကရှိန်းခနဲ
ဖိန်းခနဲ ဖြစ်သွားကာ တစ်ခဏမျှ စိတ်လှုပ်ရှားဆန်းပြားမှု ဖြစ်ခဲ့ခြင်းအတွက်
ကျွန်တော့်ကိုယ်ကိုယ်
ကျွန်တော်ရှက်သလိုလိုပင် ဖြစ်မိပေတော့သည်။
ကိုအေးကျော်ကို လိုက်ရှာသည်။ မတွေ့နိုင်။ ဒေါ်ညွန့်ပြောသကဲ့သို့ လူထုကြားထဲမှာ
လူပုကလေး
ပျောက်ကွယ်သွားသလော။
ကိုအေးကျော်အား ရှာဖွေနေစဉ် ကားတစ်စီးပေါ်သို့ ရောက်နေသော ကိုလှရွှေက
ကျွန်တော့်အား
ဆီးခေါ်လိုက်သည်။ ၎င်းနောက် စာရွက်တစ်ရွက်ကို ပေးပြီး–
"အဲဒီ ကြေညာချက်ကို ယူသွားပြီး ဂျက်စတင်နာ လိုမ့်ပြီးတော့ သတင်းစာတွေ ဝေလိုက်၊
ကိုယ့်လူအဖို့
ဒီနေ့တာဝန်ဒါပဲ"
စာရွက်မှာ ဗမာပြည်အရပ်ရပ်က ကျောင်းသားများအတွက် ညွှန်ကြားချက် ဖြစ်သည်။
ကျောင်းသားခေါင်းဆောင်များအား ဖမ်းဆီးခြင်းနှင့် ပတ်သက်ပြီး
အရပ်ရပ်ကျောင်းသားတို့သည်
ချက်ချင်းတုံ့ပြန်သောအားဖြင့် သပိတ်မှောက်ရန် ဆုံးဖြတ်ကြလေသည်။ ကျွန်တော်တို့
သဘောအရ
သပိတ်မှောက်ခြင်းသည် ဖိနှိပ်ချုပ်ချယ်နေသော အစိုးရအားသိပ်မထိဟု ယူဆသည်။ ၎င်းပြင်
ကျောင်းသားအနေနှင့်
ထာဝစဉ်သဘော သပိတ်မှောက်နေခြင်းလည်း မဖြစ်နိုင်ဟု ယူဆကြသည်။ အစိုးရ၏ ဖိနှိပ်မှု
အဝဝကို
တိုက်ရန်အကောင်းဆုံးမှာ ယနေ့ ကျွန်တော်တို့လုပ်ခဲ့ကြသလို အာဏာဖီဆန်ရန်
ဖြစ်လေသည်။
ကိုလှရွှေ၏ ညွှန်ကြားချက်တွင် အောက်ပါအချက်အလက်တစ်ရပ် ပါရှိလေ၏။
"တစ်ပြည်လုံးကျောင်းသားတွေ ဒီဇင်ဘာလ ၁၉–ရက်နေ့မှာ အာဏာဖီဆန်ကြ ရန်
ဤညွှန်ကြားချက် အချိန်မီရောက်လျှင် သင့်လျော်သောနေ့ သတ်မှတ်၍ အာဏာဖီဆန်ကြရန်
အချို့နယ်များတွင်ယခုအရေးနှင့် ပတ်သက်၍ သပိတ်မှောက်မှုများ
ဖြစ်ပွားနေသည်ကိုလည်းအမြန်ဆုံးငြိမ်း၍
အထက်ပါ အာဏာဖီဆန်ခြင်းကိုသာ လုံ့လပြုရမည်"

ကျွန်တော်သည် ထိုညွှန်ကြားချက်ကို ယူလာပြီး တက္ကသိုလ်သမဂ္ဂတိုက်သို့ လာခဲ့လေသည်။ လကွယ်တော့မည်ဖြစ်၍ အတော်ပင် မှောင်မိုက်နေလေသည်။ သမဂ္ဂတိုက်
အောက်ထပ်ပျော်ပွဲစားခန်း၌ကား
မီးများထိန်လင်းလျက်ရှိ၏။ ဆံပင်ညှပ်ဆိုင်ဘက်၌ကား မှောင်နှင့်မည်းမည်းဖြစ်နေသည်။
အပေါ်ထပ်မှာမူ
ဥက္ကဋ္ဌအခန်းအပြင်ဘက်ရှိ မီးတစ်ပွင့်သာ လင်းနေပေရာ ကျောင်းသားခေါင်းဆောင် များ
ပြန်မရောက်ကြသေးသည်ကိုသိနိုင်၏။ ဆံပင်ညှပ်ဆိုင်ဘက်၌ မှောင်နေသဖြင့်
သမဂ္ဂဥစ္စာစောင့်ကြီး
ဦးကံသန်းပင်ရှိမှရှိပါလေလောဟု ကျွန်တော်သံသယ ဖြစ်မိလေသည်။
သို့သော် "ဗျို့ဦးကံသိန်း"ဟု အော်ခေါ်လိုက်သောအခါ–
"ဗျား"ဟူသော အသံနှင့်အတူ မီးတစ်ပွင့်လင်းလာပေသည်။ မတ်တတ်ရပ်လျက်
ကျွန်တော့်အား ပြုံးချိုစွာ
ကြိုဆိုနေသော ဦးကံသိန်းအားတွေ့ရပေသည်။
"ဦးကံသိန်းကလည်း မီးလေး ဘာလေး ထွန်းထားရောပေါ့ဗျာ"
"အလကား ဓာတ်အားတွေ ကုန်နေမှာပေါ့ဆရာ"
ဦးကံသိန်းအား ကျိတ်ပြီးချီးကျူးနေမိသည်။ သူကား သမဂ္ဂတိုက်ကြီးကို ဥစ္စာစောင့်ကြီးသဖွယ်
စောင့်ရှောက်၏။
သမဂ္ဂပစ္စည်း အယိုအဖိတ် အပျောက်အရှ မရှိအောင် ထိန်းသိမ်းချွေတာ၏။
"တိုက် ရိုက်စရာပါလာတယ်ဗျို့"
"စာရေးကြီးမရှိသေးဘူးဆရာ။ ဘယ့်နှယ့်တုံး၊ အာဏာဖီဆန်ရေး အောင်မြင်ခဲ့ရဲ့လား"
"အောင်တယ်ဗျို့၊ အောင်သမှ သိပ်အောင်တာပဲ"
ဦးကံသိန်းက အစိုးရိမ်ကြီးသောအသံဖြင့်–
"အစိုးရကကော နှောင့်ယှက်သေးသလား"
"မနှောင့်ယှက်ရဲဘူးပေါ့ဗျာ၊ ကျုပ်တို့အားက သိပ်ကောင်းတာကိုးဗျ"
"ကောင်းပါလေ့ဗျာ၊ ကျုပ်ဖြင့် စိတ်ပူလိုက်ရတာ မပြောပါနဲ့တော့၊ ဘာကြားရမလဲလို့
နားစွင့်နေရသာပဲ"
ကျွန်တော်သည် ဦးကံသိန်းအား အာဏာဖီဆန်ရေး အင်အားပြပွဲအကြောင်းကို
ဖောက်သည်ချရပေ၏။ အပြီး၌
ဦးကံသိန်းက ဆိုင်မှ အဖျော်ရည်တစ်ခွက်ဝယ်ပြီး တိုက်လေသည်။
ကျွန်တော်က ဖျော်ရည်ကို ဇိမ်ယူ၍ သောက်နေစဉ် ဦးကံသိန်းက လေးနက်စွာ တွေးတောရင်း
ပြောလိုက်သည်မှာ–
"ဆရာ၊ ဒေါက်တာဘမော်ဟာ စကားပြောကကောင်းသနှင့် တယ်ဆိုးတယ်နော"
"ဆိုပါဦး"
"ဘယ့်နှယ်ဆရာ အလုပ်သမားတွေတောင်းတာလည်း ဘာမှမပေး၊ ကိုဘဟိန်းတို့
ကိုဗဆွေတို့လည်းထောင်ချ"

“ခင်ဗျား သူစကားပြောကောင်းတာ နားထောင်ဖူးသလား”
“ဟာ– ထောင်ဖူးသာပေါ့၊ ကျုပ်တို့ ယူနီယံလာဟောတဲ့လူတိုင်း ကျုပ်နားထောင်ဖူးသဟာပဲ၊ ဘာကြာသေးတုံးဆရာ၊ ကုလား ဗမာ အဓိကရုဏ်းဖြစ်တုန်းက ဟိုနားမှာ ပြောသွားသဟာလေ”
ဒေါက်တာဘမော်အကြောင်းပြောရာမှ ညွန့်ပေါင်းအစိုးရအကြောင်းရောက် သွားကြလေသည်။ ညွန့်ပေါင်းအစိုးရထောက်ခံသူ အမတ်များအကြောင်းကိုလည်း ပြောမိကြသည်။
လွှတ်တော်ဝန်ကလေး
ဦးမြသိန်းအား အမာခေါ်မလှကြည်က စားစရိတ်ရလိုမှုနှင့် တရားစွဲထားကြောင်း၊ လွှတ်တော်အမတ်
ညွန့်ပေါင်းအစိုးရဘက်သား ဦးချစ်ဖေအား ဦးထွန်းစိန်ဆိုသူက မယားခိုးမှုနှင့် တရားစွဲထားကြောင်း
စသည်များကိုလည်း ရောက်သွားကြသေးသည်။
ဦးကံသိန်းနှင့် ကျွန်တော် စကားကောင်းနေကြစဉ် သမဂ္ဂခေါင်းဆောင်များ တစ်စုပြီး တစ်စုရောက်လာကြသည်။
အပေါ်ထပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအခန်းစသည် တို့မှာ မီးများနှင့် ထိန်လင်းပြီး လှုပ်လှုပ်ရွရွ အလုပ်များလာလေပြီ။
နောက်နေ့ တိုက်ပွဲများအတွက် ပြင်ဆင်ကြရပြန်ပြီ။
အလုပ်တာဝန်များပြီးသောအခါ အတော်ညဉ့်နက်လေပြီ။ ကျွန်တော်ကား ကမာရွတ်အိမ်သို့ မပြန်တော့ပေ။
ကိုထွန်းရှိန်၊ ကိုအောင်ကျော်တို့လည်း ကျောင်းဆောင်များသို့ မပြန်ကြတော့ပေ။
ကျွန်တော်တို့သည် အစည်းအဝေးခန်းမကြီးရှိ အမှီပါသော ခုံရှည်ကြီးများကို မျက်နှာချင်းဆိုင်စီပြီး
စာအုပ်များခေါင်းအုံး၍ လုံချည်ခြုံကာ အိပ်ကြရပေ၏။ ကိုယ်ပင်ပန်းနွမ်းနယ်သဖြင့် ဤသို့လဲလျောင်းအိပ်စက်လိုက်ရသည်ကိုပင် များစွာ သုခတွေ့နေကြ၏။
ကျွန်တော့်မှာ မေးခနဲအိပ်ပျော်တော့မည်ရှိနေစဉ် ကိုထွန်းရှိန်က လှမ်းပြီး–
“ကိုတင်ထွန်း သတင်းစာများ ဖတ်မိသေးသလား၊ ကိုယ်တော့ မဖတ်နိုင်တာ ကြာပြီ”
“ဖတ်ကြည့်လိုက်ပါတယ်ဗျာ၊ ရေနံမြေသပိတ်တပ်ကြီး ဆင်ပေါင်ဝဲမရောက်ခင် သပိတ်တပ်ခေါင်းဆောင်၂၀ကိုထပ်ဖမ်းသတဲ့၊ ပြီးတော့ အရင်ဖမ်းထားတဲ့ သပိတ်တပ်ခေါင်းဆောင်
၃၉ယောက်ကိုလည်း ထောင်ချလိုက်ပြီဗျ”
ကိုအောင်ကျော်က ‘တက်’ခေါက်လိုက်ပြီး–
“ခွေးမသား မူလာဝပ်ကောင်းမှုပေါ့ဗျာ၊ အင်္ဂလိပ်တရားဥပဒေစနစ်ဟာ တယ်ကောင်းတယ်လို့ ကြွားကြတယ်။
ကြည့်ပါဦးခုတော့ မူလာဝပ်ဟာ မကွေးအရေးပိုင်အဖြစ်နဲ့ ပုဒ်မ ၁၄၄–ထုတ်တယ်၊ ရေနံမြေသပိတ်တပ်

ရှေ့ဆက်မသွားရဘူးလို့ ပိတ်ပင်တယ်”
ကိုအောင်ကျော် ဒေါ်ဖောင်းနေစဉ် ကိုထွန်းရှိန်က မေးပြန်သည်။
“နိုင်ငံခြားသတင်းကလေးများ ဘာလေးများလည်း ဖောက်သည်ချပါဦးဗျ”
ကျွန်တော်က သတင်းစာဖတ်ချိန်ပင် မရအောင် အလုပ်များရှာသော ရဲဘော်ထွန်းရှိန်အား ပါရမီဖြည့်ရပြန်ပါသည်။
“ပက်လက်စတိုင်းမှာ အင်္ဂလိပ်နဲ့ အာရပ်တွေချကြတာ ကြားပြီးပြီလား၊ သိပ်သတ္တိကောင်းတဲ့ အာရပ်တွေ
အင်္ဂလိပ်တွေက သေနတ်တွေနဲ့ တိုက်တာကို အာရပ်တွေက ဓားလွတ်တွေကိုင်ပြီး ခံချတယ်တဲ့”
ကိုထွန်းရှိန်က ထထိုင်တော့မတတ် စိတ်အားထက်သန်သွားပုံပြပြီး–
“ဒါမှသတ္တိကွ တို့လည်း ဒီလိုခံချချင် ချရမှာသိလား”
“ဟိုသတင်းကော ကြားပြီးပြီလား”
“ဆိုပါဦး”
“တရုတ်ပြည်ထဲမှာ ဂျပန်စစ်ဦးက တော်တော်အတွင်းရောက်လာတော့ တရုတ်အများအပြားဟာ ကျုပ်တို့ပြည်ထဲဝင်လာကြတယ်ဆိုပဲ။ အဲဒီ စစ်ပြေးတွေနဲ့အတူ ဂျပန်သူလျှိုတွေလည်း ပါလာသတဲ့။ ဗန်းမော်၊
မြစ်ကြီးနား၊ လားရှိုးတို့မှာ ဂျပန်သူလျှိုတွေခြေရာထပ်နေသတဲ့။ တရုတ်ပြည်ကို ပို့တဲ့လက်နက် တွေဟာ
ရန်ကုန်ဆိပ်ကမ်းမှာ သင်္ဘောနဲ့ရောက်လေတော့ ဘယ်ရွှေ့ဘယ်မျှရောက် တယ်ဆိုတာ စောင့်ကြည့်ဖို့
ဂျပန်စစ်သင်္ဘောတစ်စင်း ဗမာပြည်ကိုရောက်လာတယ် လို့လည်း သတင်းစာတွေကရေးနေကြတယ် ”ဟုပြောပြီး
ကျွန်တော်က သည်းထန်စွာ သမ်းပစ်လိုက်သည်။
ကိုထွန်းရှိန်က အလိုက်သိစွာ–
“ကဲလေ ကိုတင်ထွန်း အိပ်တော့ အိပ်တော့၊ ကိုအောင်ကျော်တော့ အိပ်ပျော်သွားပြီထင်တယ်”
ကိုအောင်ကျော်ကား အိပ်ပျော်သွားပြီထင်သည်၊ ဘာမျှစကား မတုံ့ပြန်တော့ချေ။
ကျွန်တော်လည်း
အိပ်ချင်လှသဖြင့် အိပ်ပျော်ရန် ကြိုးစားသည်၊ သို့ရာတွင် အိပ်မပျော်နိုင်သေး။
မေးခွန်းတစ်ခုဦးနှောက်ကို
တတောက်တောက်နှင့် မကြားမနေရအောင် ခေါက်နေလေသည်။
“ကိုထွန်းရှိန် ခုနေများ အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်လာရင် ဘယ်လိုလုပ်မလဲ”
“ကျုပ်တို့ အမြတ်ထုတ်ရမှာပေါ့ဗျ၊ ဒါပေမဲ့ ခုနေမှာတော့ ဘာပြောပြော အင်္ဂလိပ်ဟာ ကျုပ်တို့နဲ့
နဖူးတွေ့ဒူးတွေ့ရင်ဆိုင်နေရတဲ့ရန်သူပဲ၊ ဂျပန်က အဲလိုမဟုတ်ဘူး”
၎င်းနောက် သူလည်း နောက်ထပ်စကားမပြော။ ကျွန်တော်လည်း နောက်ထပ်မမေး။

တက္ကသိုလ်အလုပ်သမားများရပ်ကွက်ဆီမှ ကြက်တွန်သံကို ကြားလိုက်ရလေသည်။
ဘာကြောင့်ပါလိမ့်၊
ဘယ်အချိန်ပါလိမ့်ဟု တွေးတော ရင်းပင် အိပ်ပျော်သွားလေတော့၏။ ။
၂၂
မမြမှီ၏စေတနာ
ပြဿနာတွေက များလှပါဘိသည်တကား။ တစ်ခုမပြီးသေး၊ တစ်ခုပေါ်လာသည်။
ရေနံမြေအလုပ်သမား ကျောင်းသားပြဿနာများက မပြီးသေး။
အခြားပြဿနာများပေါ်လာသည်။
ပေါ်လာသမျှသော ပြဿနာတိုင်းမှာကား အင်္ဂလိပ်မနေရှင်နှင့် ညွန့်ပေါင်းအစိုးရကို
မကျေနပ်စရာအကြောင်းများသာ
ဖြစ်လာပေ၏။
လူတစ်ကိုယ်မြေငါးဧကစီ ဝေပေးမည်ဟု ဟိတ်ထုတ်ကြွေးကြော်ကာ တက်လာသော
ဒေါက်တာဘမော်သည်ခေါင်းပေါင်းတစောင်းပေါင်းသောမူကို
မပျက်အောင်ထိန်းထားနိုင်သော်လည်း
ယင်းကတိကိုကား မပျက်အောင်မထိန်းနိုင်။ သီးစားခနှင့် အတိုးလျှော့ပေါ့အောင်ပင်
လုပ်မပေးနိုင်။ ထိုမျှမကသေး၊
သီးစားခနှင့် အတိုးနှုန်းလျှော့ပေါ့နိုင်အောင် ဆူပူလှုံ့ဆော်လာသော တို့ဗမာအစည်းအရုံးကိုသာ
ဖိနှိပ်လာလေသည်။
အုတ်ဖိုသား ဥပဒေပြုလွှတ်တော်အမတ် ဦးဘရင်သည် တို့ဗမာအစည်းအရုံး၏
တောင်သူလယ်သမားပြဿနာနှင့်
ပတ်သက်သော ကြေညာချက်ကိုဝေငှသည်။ ညွန့်ပေါင်းအစိုးရက ဦးဘရင်အား ပုဒ်မ
၁၀၇နှင့် တရားစွဲဆို၏။
တို့ဗမာအစည်းအရုံးတောင်သူလယ်သမားဌာနက တောင်သူလယ်သမားညီလာခံကြီးကိုခေါ်၏။
ဟသ်ာတခရိုင်
ဇလွန်တွင် ထိုညီလာခံသို့ ကိုယ်စားလှယ်လွှတ်ရန်နှင့် ဇလွန်မြို့နယ် တောင်သူလယ်သမား
အစည်းအရုံးဖွဲ့စည်းရန်
တောင်သူလယ်သမားအစည်းအဝေးကြီးတစ်ခု ကျင်းပလေ၏။ ညွန့်ပေါင်းအစိုးရ
ထိုအစည်းအဝေးကို
ပိတ်လိုက်လေသည်။
ပဲခူးဈေးကြီးမှ ဈေးသူဈေးသားများက ဆိုင်ခွန်ဆိုင်ခတွေ လျှော့ပေးပါဟု တောင်းဆိုသည်။
တိုင်းမင်းကြီးက
၁၀ရာခိုင်နှုန်းသာ လျှော့နိုင်မည်ဟု ဆိုသောအခါ ဈေးသူဈေးသားများက မကျေနပ်သဖြင့်
ဆူပူကြလေသည်။
ကုလားဗမာ အဓိကရုဏ်း အပြီးတွင် ရန်ကုန်အရှေ့ပိုင်း၌ ဗမာညဈေးတစ်ခု
စည်စည်ကားကား ဖြစ်ပေါ်လာလေ

သည်။ မြူနီစပယ်က အခွန်တော်ကောက်ရန်စီမံသဖြင့် ထွက်ခါစအညွန့်ကို ချိုးရမည်လား
ကုလားညစျေးတန်းအကျိုးကို ကာကွယ်ရန် ဗမာညစျေးကို ဖိနှိပ်သလား စသဖြင့်
ဆူပူကြပြန်လေသည်။
ရန်ကုန်မြို့နီစပယ်တွင် ဥပဒေအကြံပေး အရာရှိအဖြစ်ဖြင့် မစ္စတာရာဖီးအား တစ်လ
၁၂၀၀ဝိပေး၍ ခန့်လိုက်ရာ
ကုလားမဲဖြင့် ခိုင်မြဲနေသော ညွန့်ပေါင်းအစိုးရဖြစ်၍သာ ကုလားကို
ခန့်ခြင်းဖြစ်သည်ဟုဆိုကာ
ဗဟိုအခွန်ထမ်းအသင်းကြီးက ဆူပူကန့်ကွက်ပြန်လေသည်။
ရွှေဘိုနယ် တဖယ်ရွာ၌ ရွာသူရွာသားတို့အား တုတ်ပြီးစားပြီးဆေးထိုးပေးသည်ဆိုကာ
သီလရှင် မဂန္ဓလဝါသီ
(လူအမည် မအေးခင်) အား အစိုးရက ပုဒ်မ ၁၀၇ဖြင့် ဖမ်းဆီးအရေးယူလေသည်။ အို...
ညွန့်ပေါင်းအစိုးရ လုံဖျား
ပုစဉ်းနား ကျီးကန်းကစျေးပါနေသလော။ သို့ကလို ပြည်သူတို့က မေးငေါ့၍
မေးကြလေသည်။
ထို့ကြောင့်လည်း ရေနံမြေသပိတ်မှ စတင်ဖြစ်ပွားလာသော ၁၃၀၀ပြည့်နှစ်
အရေးတော်ပုံများသည်
လူတန်းစားတိုင်းနှင့် ဆိုင်သော လူတန်းစား အားလုံးတို့အား သိမ်းကျုံးခေါ်ဆောင်သော
အရေးတော်ပုံကြီး
ဖြစ်ခဲ့ရပေသည်။
မြို့ကြီးမြို့ကလေးအားလုံးမှာပင် ကျောင်းသားများ သပိတ်မှောက်ကြသည်။ ခနရှင်
အင်္ဂလိပ်နှင့်
လက်ပါးစေညွန့်ပေါင်းအစိုးရအား ကန့်ကွက်ရှုတ်ချသော အစည်းအဝေးများ
ကျင်းပကြလေသည်။
၄င်းတို့၏ဖိနှိပ်ချုပ်ချယ်ရေး ဥပဒေအမိန့် များကို အာဏာဖီဆန်ကြလေသည်။
ယင်းသို့သော သပိတ်ကန့်ကွက် အစည်းအဝေးနှင့် အာဏာဖီဆန်အင်အား ပြပွဲများတွင်
အဘယ်မျှ
အဖွဲ့စုံပါဝင်သည်ကို ကြည့်ပါဦး။ ဥပမာအားဖြင့် ဝါးခယ်မမြို့
ကန့်ကွက်ပွဲကိုဆောင်လိုက်ပါရစေ။
ရဟန်းအပျိုအဖွဲ့၊ ဈေးသူဈေးသားများအဖွဲ့၊ မြူနီစပယ်အဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့၊ နဝဒီသာအဖွဲ့၊
အာရုံခံအဖွဲ့၊
ဆေးလိပ်ခုံအဖွဲ့၊ ကုမ္ဘာရီအဖွဲ့၊ မီးသတ်အဖွဲ့၊ စကောက်အဖွဲ့၊ ကျောင်းသားများသမဂ္ဂ။
သို့ကလိုတိုက်ပွဲဆင်ကြရာ၌ ဖိနှိပ်ချုပ်ချယ်မှုရှိတိုင်း ဝုန်းခနဲ ထကန့်ကွက်ကြသည့်အပြင်
အောင်ပွဲလေးတစ်ခုရလိုက်လျှင်လည်း တစ်ပြုံလုံးထ၍ အောင်စည်တီးကြပေသည်။
ဆူပူကန့်ကွက်ကြသောကြောင့်

မန္တလေးတွင် ပုဒ်မ ၂၃(၇)ကို ရုပ်သိမ်းခဲ့လိုက်ရလေရာ သံဃာတော်အပါး ၂၀၀၀နှင့် လူပရိသတ် ၅၀၀၀
ကျော်အောင်စည်တော်ထမ်းလျက် လှည့်လည်ကာ ဈေးချိုတော်အတွင်းသို့ ဝင်ကြလေသည်။ တက္ကသိုလ်ကျောင်းသားများသမဂ္ဂဌေးထိန်း ကိုသိန်းအောင်၊ ကိုထွန်းရှိန် အစရှိသော ခေါင်းဆောင်များအား
ဖမ်းသွားပြီး အာမခံနှင့် လွတ်ပစ်ရ သောအောင်မြင်မှု အသေးအငယ်မျိုးမှာ ဖြစ်စေ၊ အချုပ်ခန်းကို
လူထုဝိုင်းဆူသဖြင့် ဖမ်းထားသူကို လွှတ်ပစ်ရသော အောင်မြင်မှုအကြီးမျိုးမှာ ဖြစ်စေ ခမ်းနားကြီးကျယ်စွာ
အောင်ပွဲဆင်ကြပေသည်။
ကျွန်တော်တို့သည် ၁၅ရက်နေ့က ကျင်းပခဲ့သော အာဏာဖီဆန်ရေးအင်အား ပြပွဲကြီး အောင်မြင်သည်ဖြင့်လည်း
အောင်ပွဲခံကြသည်။
ကျွန်တော်တို့ အောင်ပွဲအစည်းအဝေးကြီးကို သမဂ္ဂအဆောက်အအုံခန်းမကြီး တွင် ကျင်းပလေရာ
"ဖိနှိပ်ချုပ်ချယ်တဲ့ ပုဒ်ထီးပုဒ်မ ပျက်ပြီ ပျက်ပြီ" "အရေးတော်ပုံ အောင်ပြီ အောင်ပြီ" "ဓနရှင်အစိုးရ ပျက်စီးပါစေ"
"သူပုန် သူပုန် ထ ထ"စသော ကြွေးကြော်သံများဖြင့် တက္ကသိုလ်နယ်မြေတစ်ခွင်လုံး သိမ့်သိမ့်တုန်သွားပေသည်။
အစည်းအဝေးစလျှင်စချင်း အစည်းအဝေးသဘာပတိလုပ်သူ ဒု–ဥက္ကဋ္ဌ ကိုလှရွှေက ရဲဘော်နှင့် ရဲမေအပေါင်းတို့သည် တစ်သွေးတည်းထား၍ ညီညာစွာ မိမိတို့အားများကို ပြခဲ့ကြသဖြင့် အတိုင်းမသိအောင်
ဝမ်းသာစရာကောင်းပါသည် စသဖြင့် ပြောကာဖွင့်လေသည်။ ထို့နောက် အကြံပေးရန် ဖိတ်ခေါ်ထားသော ပြင်ပက
ပုဂ္ဂိုလ်နှစ်ဦးကို ဟောပြောဖို့ စင်တင်သည်။
ပထမဟောပြောသူမှာ တက်ဘုန်းကြီးကိုသိန်းဖေဖြစ်ပါ၏။ "ရဲဘော်တို့ဟာ လပြည့်ကျော် ၉ရက်နေ့က
စွန့်စွန့်စားစားမည်သူမျက်နှာကိုမှ မထောက်ဘဲ၊ အသက်ပင် ပဓာနမထားဘဲ တိုင်းပြည်အတွက် ဆောင်ရွက်ကြရာ
အောင်မြင်သဖြင့် ချီးကျူးပါရစေ"ဟုစပြီး ကျွန်တော်တို့ကို ချီးကျူးလေသည်။ သူက ကျွန်တော်တို့ ညီညွတ်ပုံနှင့်
စည်းကမ်းသေသပ်ပုံ၊ အထူးသဖြင့် ရန်သူက အကြမ်းအတမ်းဖြစ်လာ အောင် ရှို့မီး တို့မီးလုပ်သည်ကိုပင်
အကြမ်းအတမ်းမဖြစ်အောင် စည်းကမ်းသေဝပ်ကြပုံကို ချီးကျူးပေသည်။

“အလုပ်သမားများနှင့် လယ်သမားများက သူတို့နစ်နာချက်များကို တိုင်ကြားဖို့ ရန်ကုန်သို့ ချီတက်လာကြခြင်းကို
ညွန့်ပေါင်းအစိုးရက ဘာကြောင့် မနှစ်သက်သလဲ၊ အင်္ဂလိပ်ခနရှင်တွေ ညစ်ပတ်သွေးစုတ်မှုကို နယ်တကာက
သိကုန်မှာစိုးလို့ မဟုတ်လား။ အင်္ဂလိပ်ခနရှင်တွေက တောင်းဆိုတဲ့အတွက် အရေးပိုင်တို့၊ ရာဇဝတ်ဝန်တို့က ပုဒ်မ
၁၄၄ထုတ်ရတယ်၊ ခုရဲဘော်တို့ဟာ အင်္ဂလိပ်ခနရှင်များ မနှစ်သက်တဲ့အလုပ်ကို အားပေးတယ်၊ အင်္ဂလိပ်ခနရှင်များ
လိုလားတဲ့ ပုဒ်မ ၁၄၄ကို အောင်မြင်စွာ ချိုးဖဲ့ပစ်ကြတယ်၊ ဒါ့ကြောင့် ခုပုဒ်မ၁၄၄မရှိတော့ဘူး”
သို့ကလို ကိုသိန်းဖေကပြောလိုက်သောအခါ ကျွန်တော်တို့မှာ ကျွန်တော်တို့ အောင်မြင်မှုကို လက်ခုပ်တီးသြဘာပေး၍ မပြီးနိုင်အောင် ဖြစ်နေပေတော့သည်။
ကိုသိန်းဖေက ရန်သူအစစ်မှာ ဗြိတိသျှခနရှင်ဖြစ်သဖြင့် သူတို့ကိုသာ နှင်ထုတ်ရန် ဖြစ်ကြောင်း ရှင်းပြသည်။
“ညွန့်ပေါင်းအစိုးရဟာ ဗြိတိသျှခနရှင်တွေရဲ့ လက်နက်သာဖြစ်တယ်။ ဒေါက်တာဘမော်က သူ့အမှတ်တံဆိပ်
ဓားမဟာ အာဏာကို ဆိုလိုသတဲ့၊ အဲဒီ အာဏာဓားမကို ယူပြီး ရန်သူကို ခုတ်ဖို့ဖြစ်သတဲ့။ ပြောတော့အဲဒီလိုပြောတာပဲ၊ သို့ပေမဲ့ ဓားမဟာ ဗြိတိသျှလက်ကိုင်ဓားမဖြစ်နေပြီး ဗြိတိသျှက တောင်သူလယ်သမားနဲ့ အလုပ်သမားတွေကို ခုတ်သတ်ရာမှာသုံးနေတယ်။ ဒီတော့ ဓားမကိုကိုင်ထားတဲ့
ဗြိတိသျှရန်သူကိုသာ အငြိုးကြီးကြီးထားရမယ်၊ သူ့လက်ထဲကဓားမကိုတော့ ဆွဲယူပြီး ရေထဲပစ်ချဖို့ပဲရှိတယ်”
ကိုသိန်းဖေပြောပြီးနောက် ကိုကြီးနုဟု ကျွန်တော်တို့ ကျောင်းသားအပေါင်းက ခေါ်နေသောသခင်နု
စင်ပေါ်သို့တက်လာလေသည်။
“ယနေ့ည ဒီစင်မြင့်ပေါ်မတ်တက်တက်ရပ်ရတာလောက် ဝမ်းနည်းတာမရှိပါဘူး၊ ရှေးကဒီလိုများ စင်မြင့်ပေါ်မှာ
မတ်တပ်ရပ်ပြီး အသေခံဖို့ ပြောလိုက်ကြလျှင် ကျွန်တော်ပါ ခံယူနိုင်ပါတယ်၊ ယခုတော့ ကျောင်းသားမဟုတ်သဖြင့်
ထိုဂုဏ်ထူးကို မယူနိုင်တော့ပါဘူး။ တိုင်းပြည်မှာ အင်မတန်ကျယ်တဲ့ အသံကြီးတစ်သံ ပေါ်ထွက်နေခဲ့တာ
နှစ်ပေါင်းငါးဆယ် လောက်ရှိပါပြီ၊ သို့ပေမဲ့ ရှေးကဗမာတွေ အသိတရားနည်းပါးသဖြင့် အသံကိုမသိခဲ့ကြဘူး၊
တိုင်းပြည်ခေါင်းဆောင်တစ်စုက ရာထူးတွေကိုမက်ပြီး လောဘ သက္ကာယတွေ အားကြီးလို့ ဒီအသံကြီးကို

မကြားခြင်းဖြစ်ပါတယ်။ ဒီအသံကြီးကိုအော် ကြတဲ့လူတွေက တောသူတောင်သား လယ်သမားတွေနဲ့
အလုပ်သမားများဖြစ်တယ်၊ ယခု ခနရှင်တွေရဲ့ ဖိနှိပ်မှုကြောင့် ဗမာတွေမှာ ကျောမွဲချည်းဖြစ်ကုန်ပြီး
စားစရာလည်းမရှိ၊ နေစရာလည်းမရှိ၊ ကွက်သိုက်ပမာ အိမ်စုတ်တွေနဲ့နေကြရတဲ့ အတွက် ရောဂါထူပြီး
မသေချင်ဘဲ သေကြရပြီ၊ အသက်တိုကြရပြီ၊ ညီအစ်ကိုမောင်နှမ မိတ်ဆွေတွေနဲ့ မခွဲချင်ဘဲခွဲကြရပြီဆိုတဲ့
အသံကြီးကု ကြားကြရပြီ ဖြစ်တဲ့အတွက် ဆင်းရဲသားတောင်သူလယ်သမားနဲ့ အလုပ်သမားများရဲ့
လိုအင်ဆန္ဒပြည့်ဝအောင် ဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်”
သူတို့နှစ်ယောက်ပြောပြီးနောက် ကိုလှရွှေက ညွှန့်ပေါင်းအစိုးရအား ရာဇသံပေးလေသည်။ ကျောင်းသားတို့၏
တောင်းဆိုချက်ကို ဒီဇင်ဘာလ၁၉ရက်နေ့ ညနေ၄နာရီထက် နောက်မကျဘဲ လိုက်လျောရမည်။ ထိုသို့မဟုတ်က
၁၅ရက်နေ့က အာဏာဖီဆန်ရေးထက် ပိုပြင်းထန်သောလုပ်ငန်းကိုလုပ်မည်ဟူသော ရာဇသံပေတည်း။
၁၅ရက်နေ့က အာဏာဖီဆန်ရေးထက် ပိုပြင်းထန်သောအလုပ်။ ဘယ်လိုအလုပ်မျိုးပါလိမ့်။
တိုင်းပြည်ကမသိကြသေး၊ အစိုးရလည်း မသိနိုင်သေး။ ကျွန်တော်ကားသိထားပေသည်။ ၁၆ရက်နေ့ည ၁၁နာရီ၌
သမဂ္ဂတိုက် စာကြည့်ခန်း၌ တံခါးပိတ် အစည်းအဝေးပြုလုပ်၍ ဆုံးဖြတ်ထားသော အလုပ်ဖြစ်ပေသည်။
ထိုအစည်းအဝေးသို့ တက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတို့၏
အမှုဆောင်လူကြီးများနှင့် ဗိုလ်စာရင်းဝင် ကျောင်းသားအချို့သာ တက်သောအစည်းအဝေးဖြစ်လေသည်။
ဗိုလ်စာရင်းဝင်ကျောင်းသားများတွင် ပါဝင်သော ကျွန်တော်လည်း တက်ရပေ၏။ ပြင်ပလူဆိုလျှင် တက်ဘုန်းကြီး
ကိုသိန်းဖေနှင့် ကာလကတ္တား ကိုလှဖေတို့သာ အားလုံးခွင့်ပြုချက်အရ တက်ရလေသည်။
ဆုံးဖြတ်ထားသောအလုပ်ကို အစည်းအဝေးထက်ရသူ မှတစ်ပါး မည်သူ့အားမျှ တစ်ဆင့်မပြောရဟု
ပိတ်ပင်ထားခဲ့လေသည်။ ထိုအလုပ်ကား အတွင်းဝန်ကြီးများရုံးကို ကျောင်းသားထုက ဝိုင်းထားပြီး
အာဏာဖီဆန်ရန်နှင့် အရေးဆိုရန် ဖြစ်လေသည်။

အတွင်းဝန်ရုံးကြီးမှာ နယ်ချဲ့အုပ်ချုပ်ရေးစက်ယန္တရားကြီး၏ ဗဟိုချက်မကြီး ဖြစ်သည်။
ညွှန့်ပေါင်းအစိုးရ၏
မော်တာစက်ကြီးလည်းဖြစ်သည်။ ကျွန်တော်တို့သည် အတွင်းဝန်များရုံးကြီးကို ဝိုင်းထားပြီး
အုပ်ချုပ်ရေးစက်ယန္တရားကြီး မလည်နိုင်အောင် အကျပ်ကိုင်ကာ တောင်းဆိုချက်များအတွက်
အရေးဆိုရန်
ရည်ရွယ်ကြပေသည်။
တစ်နည်းအားဖြင့်ဆိုသော် ကျွန်တော်တို့ကျောင်းသားများသည် နယ်ချဲ့ဓနရှင်၏
ဗဟိုခံတပ်ကြီးကို
တိုက်ခိုက်ကြရန်ဖြစ်ပေသည်။
ကျွန်တော်တို့သည် ထိုဆုံးဖြတ်ချက်ကို ချကြပြီးနောက် မည်မျှလျှို့ဝှက်ရေး
သုံးကြပါသနည်းဆိုလျှင်
ဆုံးဖြတ်ချက်တွင် ပါဝင်ကြသော ကျွန်တော်တို့ အချင်းချင်း ပင်လျှင်
ထိုအကြောင်းနှင့်ပတ်သက်၍
အစည်းအဝေးခန်းမှ တစ်ပါး ဆွေးနွေး ပြောဆိုခြင်း မပြုကြပေ။
ဝိုင်းရန်ဆုံးဖြတ်သည့်အချိန်ကား ၁၉ရက်နေ့ ည၁၁နာရီဖြစ်၍ ဝိုင်းသည့်အချိန်ကား
၂၀ရက်နေ့ နံနက်ဖြစ်ပေရာ
ကြားရက်များတွင် ဖြစ်ပျက်သည့် များစွာသော အဖြစ်အပျက်တို့အနက် မဖော်ပြလျှင်
မပြီးသောအဖြစ်အပျက်တစ်ရပ် ရှိပါသေးသည်။ ထိုအချိန်မှာ တော်လှန်ရေးအုံကြွမှုအချိန်၊
အရေးတော်ပုံ
ပွက်လောထချိန် ဖြစ်ပေရာ နက်ရှိုင်း၍ ကျယ်ပြန့်သော အဖြစ်အပျက်တို့ဖြင့်
ပြည့်ညပ်နေပါသည်။ ၄င်းပြင်
မနက်ရှိုင်း၍ မကျယ်ပြန့်သော်လည်း အသံမြည်ရာ ဟိတ်ပေးရာမှာ သူများထက်မလျော့သော
အဖြစ်အပျက်များလည်း ရှိတတ်ပါသေးသည်။ အစစ်ရှိလျှင် အတုရှိရသည်မှာ
ဓမ္မတာပင်မဟုတ်ပါလော။
အဆွေစာဖတ်သူ ကျွန်တော့်အားခွင့်ပြုပါ။ ဂဠုန်ဦးစော၏ ‘စတိ’ အာဏာဖီဆန်ရေး
လုပ်ငန်းကိုလည်းဖော်ပြလိုက်ပါရစေဦး။
ကျွန်တော်တို့ကျောင်းသားနှင့် သခင်များ အာဏာဖီဆန်ရေး လုပ်ပြီးသောအခါ ဦးစောလည်း
တစ်စုံတစ်ရာမလုပ်ဘဲ
ငုတ်တုတ်နေ၍ မဖြစ်တော့ပါ။ သူကား ဒေါက်တာဘမော်အား အစားထိုးရန် ကြံရွယ်နေသူ
မဟုတ်ပါလော။
တိုင်းပြည်၏ အာရုံသူ့ဘက်လှည့်လာစေရန် မီးရှူးမီးပန်း လွှတ်ပြရမည် မဟုတ်ပါလော။
ဦးစော၊ သာယာဝတီ ဦးစော၊ သာယာဝတီ ဂဠုန်ဦးစော၊ မျိုးချစ်အဖွဲ့ခေါင်းဆောင်
အောက်လွှတ်တော်အမတ်
ဦးစော၊ ရန်ကုန်မြူနီစပယ် လူကြီး၊ သူရိယသတင်းစာ အယ်ဒီတာချုပ် ဦးစော။
ထိုကဲ့သို့သော ဂုဏ်ထူးဝိသေသ

ပေါ်များလှသော ဦးစောသည် သူ၏အာဏာဖီဆန်ရေးပြပွဲကို ဒီဇင်ဘာလ ၁၉ရက်နေ့
ညနေ၃နာရီမှစ၍
ကျင်းပပါသည်။
ကျောင်းသားခေါင်းဆောင်များက ဦးစော၏အာဏာဖီဆန်ရေးပြပွဲကို သွားကြည့်အကဲခတ်ကာ
သူတို့အားအစီရင်ခံရန် ကျွန်တော့်ကို စေလွှတ်ကြလေသည်။
ကျွန်တော်သည် ၃နာရီမထိုးမီ ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်ခြေတော်ရင်း
ဓာတ်ရထားလမ်းဘေးရှိ
ဦးဘရီ၏ဇရပ်သို့ အရောက်သွားခဲ့လေသည်။
ဤအာဏာဖီဆန်ပွဲကို ဖိတ်ခေါ်၍ ကြီးမှူးသူများမှာ ဦးစောအပြင် မျိုးချစ်ပါတီဝင်
ဦးဘအုန်းနှင့် ဦးအိမ်၊
မန္တလေးသူရိယ အယ်ဒီတာ ဦးထွန်းရင်၊ မြန်မာ့ရုပ်ရှင် ဦးမောင်မောင်နှင့် မဟာဆွေခေါ်
ရဲသတင်းစာ အယ်ဒီတာ
ဦးဘရှိန်တို့ ဖြစ်လေသည်။
၄င်းတို့အနက် မဟာဆွေ၏အကြောင်းကို အနည်းငယ်ရေးလိုသည်။
ကျွန်တော်သည်မဟာဆွေအား
နီးကပ်စွာသိသူမဟုတ်။ မိတ်ဆွေကိုအောင်ကျော်ကမူ မဟာဆွေအား
အတော်ရင်းနှီးစွာသိထားသည်ထင်၏။
မဟာဆွေ၏ စာကိုကား ကျွန်တော်တို့လူငယ်များအနည်းနှင့်အများ ဖတ်ဖူးကြသည်သာ
များလေ၏။
သူ၏မျိုးချစ်စိတ်လှုံ့ဆော်ရေး စာပေများသည် ကျွန်တော်တို့အား အတော်ပင်
ဆွဲဆောင်နိုင်ခဲ့ပေသည်။ သို့ရာတွင်
ကျွန်တော်ကား အတော်ပြောင်းလာခဲ့ပြီးပြီ ဖြစ်သည်။ နဂါးနီမှ ထုတ်ဝေနေသော
ဘုံဝါဒစာပေများကြောင့်လည်းကောင်း၊ ကိုဘဟိန်း၊ ကိုဗဆွေစသော ကျွန်တော်တို့
ကျောင်းသားခေါင်းဆောင်များ၏ ဟောပြောသွန်သင်ချက်များကြောင့်လည်းကောင်း
ဘုံဝါဒသဘောတရားများ
အတော်ဝင်လေပြီ။ ထို့ကြောင့် မဟာဆွေ၏အမျိုးသားရေးလှုံ့ဆော်မှုကို
လေးစားကျေနပ်သော်လည်း
သူ့အခြေခံအယူအဆများကို မကျေနပ်တော့ချေ။ အပြစ်မြင်လာခဲ့ချေပြီ။ မဟာဆွေက
တစ်ယောက်ကောင်း၊
နှစ်ယောက်ကောင်း ချောင်းမြောင်းသတ်ဖြတ်သော နည်းဖြင့်တိုင်းပြည်လွတ်လပ်ရေးရမည်ဟု
ထင်နေသည်။
လူထုအုံကြွမှုအစား လူတစ်စုက အာဇာနည်လုပ်ပြပြီး 'နန်းတွင်းအရေး
တော်ပုံ'လုပ်ကြံနည်းဖြင့်
လွတ်လပ်ရေးတိုက်ပွဲဆင်ရန် လမ်းညွှန်သည်။ သူ့အဖို့ လူတစ်စုက
အရာရာဆုံးဖြတ်လုပ်ဆောင်ပြီး လူထုက

ပွဲကြည့်ပရိသတ်သဖွယ်နေ၍ လက်ခုပ်တီးရုံမျှသာရှိသည်။ သူသည်တောင်သူလယ်သမား အလုပ်သမားလူထုကြီး၏
တော်လှန်ရေး အစွမ်းအစအရည်အချင်းကိုမယုံကြည်။ အချုပ်အားဖြင့်ဆိုလျှင် လူထုတော်လှန်ရေးကို
ဆန့်ကျင်သည်။ သူ့အယူအဆများသည် ကိုအောင်ကျော်အပေါ်တွင် တော်တော်သြဇာဝင်တတ်ရာ
ကျွန်တော်တို့ကျောင်းသားများက ကိုအောင်ကျော်အား အတော်ချွတ်ယူရလေသည်။ မဟာဆွေသည်
ယခုအရေးတော်ပုံအတွင်းမှာပင် လူထုကြီးနှင့်မလုပ်ဘဲ လူလက်တစ်ဆုပ်နှင့် လျှို့ဝှက်ရေးလုပ်ငန်း၊
လုပ်ကြံမှုလုပ်ငန်းကလေးများကို သာလုပ်ရန် ကိုအောင်ကျော်အားအကြံပေးလိုက်သေးသည်။ လူထုအရေးတော်ပုံမှ
ကိုအောင်ကျော်ကင်းကွာနေအောင် အားထုတ်ခဲ့လေသေးသည်။ ၄င်းပြင် မဟာဆွေသည် နေသူရိန်အမည်ဖြင့်
ဘုံဝါဒဆန့်ကျင်ရေးများကိုလည်း ရေးသားနေပေသေးသည်။
ဤသို့လျှင် မဟာဆွေအား နားလည်ထားသော်လည်း ယနေ့ဦးစော၏ အာဏာဖီဆန်ရေးလုပ်ငန်းတွင်
အဘယ်သို့သောနည်းဖြင့် မဟာဆွေပါလာသည်ကို ကျွန်တော်စဉ်းစားမရ ဖြစ်နေလေသည်။
မဟာဆွေကကြည်ညိုလေးစား၍ မဟာဆွေ၏ နိုင်ငံရေးခေါင်းဆောင်ဟုပင် ခေါ်နိုင်သော ရဲဦးမောင်ကြီး(အမ်အေ)
ကြောင့်ပါလာသည်ဟု ဆိုရန်လည်း ခဲယဉ်း၏။ ဦးမောင်ကြီးနှင့် ဦးစောမှာ နိုင်ငံရေးအစ တစ်စုတည်း မဟုတ်ကြ။
မဟာဆွေသည် ဦးစောလို နိုင်ငံရေး လာဘ်လာဘ မျှော်မှန်းချက်လည်းမရှိ။ ဤကိစ္စတွင် ပကတိရိုးသား၏။
မဟာဆွေနှင့် ပတ်သက်ပြီး သို့ကလိုတွေးတောနေပြီးနောက် ဘေးဘီပရိသတ်ကို အကဲခတ်လိုက်သည်။
ရဟန်းရှင်လူ ပြည့်ညပ်နေသည်။ ဤအချိန် ဤအခါ လူထုကားဘယ်သူမဆို အင်္ဂလိပ်ခနရှင်နှင့်
ညွန့်ပေါင်းအစိုးရကို ဆန့်ကျင်မည်ဆိုလျှင် ဘယ်ရွှေ့ဘယ်မျှ ဆန့်ကျင် ဆန့်ကျင် အားပေးရန်အဆင်သင့်
ဖြစ်နေဟန်ရှိပေသည်။
ဦးစောတို့လူစု ချိတ်ဆွဲထားသော စာတန်းကြီးများကလည်း လူထုကြိုက်လောက်စရာပင်ဖြစ်ပေသည်။
'တိုင်းပြည်အတွက် အသက်နှင့်လဲပါ'၊ 'မိန်းမရှာ အလိုမရှိ'၊ 'သတ္တိရှိရင်ထွက်ခဲ့'၊ 'ဗမာပြည်ပြန်ရရေးဝါ

အောင်မြင်ရမည်'၊ 'ငါတို့ အာဏာဖီဆန်ပြီ'၊ 'ငါတို့ကို ထောင်ချလျှင် ငါတို့နိုင်မည်'၊ 'အစိုးရဖိနှိပ်ခြင်းကို
တိုက်ဖျက်ပစ်ပါ'၊ 'ကြောက်မွေးပါ ဖြုတ်ပစ်လိုက်'၊ 'ဗမာ့သတ္တိပြကြလော့'။
ဘေးကကြည့်နေကြသည့် ပရိသတ်ကား ထိုစာတန်းများကို ကြည့်နေရရုံဖြင့် အားရကျေနပ်ခြင်းမရှိသည့်အလား
'သခင်မျိုးဟေ့ တို့ဗမာ' 'မီးတုတ် မီးတုတ် ရှို့ရှို့' 'သပိတ်သပိတ် မှောက်မှောက်' 'ဂဠုန် ဂဠုန် ထ ထ' စသော
ကြွေးကြော်သံများကို ဝိုင်းအော်ကြလေရာ ရွှေတိဂုံစေတီတော်ကြီး ပတ်ဝန်းကျင်တစ်ဝိုက် သိမ့်သိမ့်တုန်သွား
လေသည်။
ကျွန်တော့်စိတ်ထင် ဦးစောသည် ကြည့်နေသောပရိသတ်က 'သခင်မျိုးဟေ့ တို့ဗမာ'ဟု အော်ခြင်းကို
ကြိုက်ဟန်မရှိ။ ၄င်းပြင် သူ့စာတန်းတွင် 'ဗမာပြည် ပြန်ရရေး ဝါဒ အောင်မြင်ရမည်'ဟုရေးထားသည်မှာ
ထူးခြား၏။ သူသည် ကျွန်တော်တို့၏ 'လုံးဝလွတ်လပ်ရေး' 'နယ်ချဲ့ဓနရှင်စနစ် ပျက်စီးပါစေ'စသော
အသုံးအနှုန်းများကို တတ်နိုင်သမျှရှောင်၍ သူ့ထူးခြားသော အသုံးအနှုန်းဖြင့် အစားထိုးလေ့ရှိပေသည်။
ပုလိပ်များကား အစည်းအဝေးအနီးအနားတစ်ဝိုက်၌လည်းကောင်း၊ ခပ်လှမ်းလှမ်း၌လည်းကောင်း၊ ပျားပန်းခပ်မျှ
လူးလာသွားလာ အလုပ်များနေကြပေသည်။ အချို့ပုလိပ်များက အာရ်အီးတီဘတ်စ်ကားများကို စီးလုံးငှား၍စီးကား
အဆင်သင့်စောင့်နေကြပေသည်။ အရပ်ဝတ်အရပ်စားနှင့် စုံထောက်ပုလိပ်များကား လူထုပရိသတ်ကြားတွင်
ရှိနေကြပေသည်။
'ငါတို့အာဏာဖီဆန်ပြီ'ဆိုသော ပိတ်ဖြူပေါ်တွင် မင်နီနှင့်ရေးထားသည့် စာတန်းကြီးအောက်တွင်
ဦးစောတို့လူစုရပ်ကြပြီးနောက် အခမ်းအနားစလေသည်။ ဦးဘအုန်းက လက်နက်တစ်စုံတစ်ရာမပါဘဲ
အနုသက်သက်ဖြင့်အာဏာဖီဆန်ရေးလုပ် ရာ အစိုးရသူလျှိုများက သွေးထွက်သံယိုမှု ဝရုန်းသုန်းကားဖြစ်အောင်
ဆွပေးမည် စိုးရိမ်ရကြောင်း၊ သို့ကြောင့် စည်းကမ်းတကျ ထိန်းသိမ်းရန်လိုအပ်ကြောင်း ကြေညာလေသည်။
ဦးစော၏ ညွှန်ကြားချက်အတိုင်းတစ်သဝေမတိမ်း လိုက်နာကာ အာဏာဖီဆန်ရေး လုပ်ကြရမည်ဖြစ်ကြောင်း

ပြောဆိုလေသည်။
ထိုသို့ပြောပြီးသောအခါ ဦးစောက ညွှန်ကြားချက်ပေးရန် ဟန်ပြလိုက်သည်။
သူသည်ရုတ်ခြည်း သူ့ကိုယ်သူ
ဂဠုန်စစ်သူကြီးသဖွယ် ထင်မှတ်လိုက်ဟန်ရှိပေ၏။ ရင်ကိုကော့၍ ခေါင်းကိုမော့လိုက်သည်။
သူသည်ဒေါက်တာဘမော်လို ရွဲ့စောင်း၍ ခေါင်းပေါင်းမပေါင်းသော်လည်း သူ့မူနှင့်သူ
ထူးခြားအောင်
ခေါင်းပေါင်းပေါင်းထား သည်။ ပင်နီရောင်ပိုးအပေါ်အင်္ကျီကို ရင်စေ့အောင်အသီးတပ်လျက်
ဝတ်ထားသည်။
ဘန်ကောက်လုံချည်မှာလည်း ပင်နီရောင်ဖြစ်လေသည်။ အပေါ်အင်္ကျီနာရီအိတ်ထဲ တွင်
လက်ကိုင်ပုဝါကို
အလုပြထည့်ထားလေသည်။
ဦးစောက ယခုအချိန်အခါမျိုးတွင် ပါးစပ်ကပြောနေသည့် အလုပ်ဖြင့်
တင်းတိမ်နေရန်ဖြစ်ကြောင်းဖြင့်
ပဏာမချီ၍ပြောသောအခါ ပရိသတ်က "တို့ဗမာကွ"ဟု အော်ကြလေသည်။
ဦးစောမျက်နှာကိုကြည့်ရခြင်းဖြင့်
"တို့ဂဠုန်ကွ" ဟုအော်သံကိုမကြားရသဖြင့် စိတ်ပျက်သွားပုံရသည်။ ၎င်းနောက်
ဦးစောကအချို့သံဃာတော်များသည် အာဏာဖီဆန်ရာတွင် ပါဝင်လိုကြောင်းအမိန့် ရှိကြရာ
မပါဝင်ဘဲ
ခေတ္တစောင့်ဆိုင်းဖို့ တောင်းပန်လေသည်။ သံဃာတော်များအလှည့်မကျသေးဟု ဆိုလေသည်။
ကျွန်တော်ကား
အံ့သြနေမိသည်။ အဘယ်သံဃာတို့က ပါဝင်လိုသနည်း၊ သူ့အင်အားကြီးကြောင်းပြရန်
သံဃာတော်များ
ပါဝင်ခွင့်မပြုထိုက်ပါလော။
"အာဏာဖီဆန်တဲ့အလုပ်ဟာ ဗမာပြည်နဲ့ တော်မှတော်ပါ့မလားလို့ တွေးမိပါတယ်။
အာဏာဖီဆန်တဲ့ အလုပ်မှာ
လက်နက်မရှိသဖြင့် အပျော့စားဖြစ်ရာ သည်းခံနိုင်မှ အောင်မြင်မှာ ဖြစ်ပါတယ်။
ဒီတော့ဗမာတွေဟာ
အာဏာဖီဆန်ရေးလုပ် ရင် ဖြစ်မှဖြစ်ပါ့မလားလို့ စောင့်နေတယ်။ ကုလားဗမာအဓိကရုဏ်း
အပြီးမှာ အစိုးရက
ကုလားများအား ပြန်တော်ပြန်စရိတ် ငွေတစ်သောင်းထုတ်ပေးတယ်။ ဒီကိစ္စကို
ဗမာတစ်ပြည်လုံးနှင့်
ဘိလပ်ပါလီမန်နှင့်တကွ တစ်ကမ္ဘာလုံးကပါ သိသွားအောင် ကန့်ကွက်ပွဲ
အစည်းအဝေးကြီးတစ်ခု ဂျူဗလီဟောမှာ
ကျင်းပဖို့ စီစဉ်ခဲ့တယ်။ အစိုးရက ခွင့်မပေးဘူး"
ကျွန်တော်ကား ဤသို့ အလုပ်သမားလယ်သမား ကျောင်းသားအရေးတော်ပုံ ကြီးအံ့ကြွ၍

ညီညွတ်စွာနယ်ချဲ့သမားကို ဦးတည်တိုက်ခိုက်နေကြစဉ် ကုလားဗမာ အဓိကရုဏ်း ကိစ္စထည့်ပြောသည်ကို
သဘောမကျပါ။ ဦးစောကား ကုလားဗမာ မုန်းတီးရေးလုပ်မှ လူကြိုက်များမည်ဟု ထင်နေသူဖြစ်လေသည်။
သူသည်'ကုလားများ ကုလားပြည်သို့ ကြေးအိုးထမ်းပြန်စေရမည်"ဟူသော ကြွေးကြော်သံဖြင့် နိုင်ငံရေးတက်လမ်းထွင်ခဲ့သူ မဟုတ်ပါလော။
"ကျွန်တော်ဟာ ပုသိမ်မြို့မှာ အာဏာဖီဆန်ရေးလုပ်ဖို့ ပုသိမ်က မိတ်ဆွေတွေ ကိုတိုင်ပင်ကြည့်တယ်။
ပုသိမ်ကမိတ်ဆွေတွေက မန္တလေးမှာ သာကောင်းမယ်လို့ပြော ကြတယ်။
ဒါနဲ့မန္တလေးမှာလုပ်ဖို့
မန္တလေးကမိတ်ဆွေတွေဆီလှမ်းတိုင်ပင်တော့ မန္တလေးလာရင် သွေးထွက်သံယိုဖြစ်ကုန်မှာ စိုးရတယ်၊
မလာပါနဲ့လို့တားကြတယ်။ အစိုးရဟာ အင်မတန် လိမ္မာတဲ့လူတွေပါ၊ သူတို့သာလိမ္မာကြရင် မကွေးက
ရန်ကုန်ကို ချီတက်လာကြတဲ့ ရေနံမြေသပိတ်သမားတွေနဲ့ ဝေါမှလာကြမယ့် လယ်သမားတွေကို ခင်ဗျားတို့
ရန်ကုန်လာကြမှာလား၊ ရွှေတိဂုံဘုရားကိုဖူးကြပါ၊ ကျွန်တော်များက ထမင်းမကျွေးနိုင်ရင် ရေကလေးတော့တိုက်ပါ့မယ်လို့ ပြောလိုက်ရင် လာချင်စိတ်ရှိကြမှာ မဟုတ်ဘူး"
အချို့က ဦးစော၏ ထိုစကားကို ခပ်ပြုံးပြုံးနှင့် နားထောင်နိုင်ကြသည်။
ကျွန်တော်ကားထောင်းခနဲ ဒေါပွမိပေသည်။
ဦးစောသည် အလုပ်သမားနှင့် တောင်သူလယ်သမား တို့၏အရေးကို ပေါ့ပေါ့ပင်တွေးဟန်ရှိသည်။ သူတို့၏
တောင်းဆိုချက်သူတို့၏ ပြဿနာများကို လိုက်လျောရန် ညွန့်ပေါင်းအစိုးရအား တိုက်တွန်းရမည့်အစား
ပြက်ရယ်ပြုစေရန်၊ ရယ်စရာ ကလေးကစားစရာ လုပ်ပစ်စေရန် 'မလိမ္မာသော' ညွန့်ပေါင်းအစိုးရအား
အလိမ္မာသင်ကြားပေးနေပေ သည်။
၄င်းနောက် ဦးစောကဆက်လက်၍ "ဆရာတော် သံဃာတော်တွေကို မလိုက်ကြဖို့ တောင်းပန်ပြီးပါပြီ၊ အရပ်ထဲက
လူတွေလည်း သိပ်မလိုက်စေချင်ပါဘူး၊ အခု အာဏာဖီဆန်ရေးအတွက် လှည့်လည်လမ်းလျှောက်ရာမှာသူတို့က
ခဲနဲ့ပေါက်၊ တုတ်နဲ့ရိုက်၊ သေနတ်နဲ့ပစ်ရင် ခံနေကြမှသာ အောင်မြင်မယ်၊ သည်းမခံနိုင်ရင် မလိုက်ကြစေချင်ဘူး၊
လူအစိတ်လောက်သာ လိုချင်ပါတယ်၊ ဒီလူအစိတ်ကသာ ချုပ်ချယ်ဖိနှိပ်ထားတဲ့ ဥပဒေအမိန့်ကို အာဏာဖီဆန်ရန်

ဖြစ်ပါတယ်”
ဤတွင်ထင်ရှားလှပေသည်။ ဦးစောသည် လူအစိတ်လောက်နှင့်သာ
အာဏာဖီဆန်ရေးလုပ်လိုသည်။
လူတစ်စုကသာ အာဏာဖီဆန်ပြပြီး လူထုက ဘေးကကြည့်၍
လက်ခုပ်တီးရုံသာဖြစ်စေလိုသည်။
သူ့အာဏာဖီဆန်ရေးကား ပွဲကောင်းတစ်ခု၊ လူထုကား ပွဲကြည့်ပရိသတ်။ ဤအချက်တွင်
မဟာဆွေ့ အယူအဆနှင့်
ဦးစော၏အယူအဆတူကြပေသည်။ ထို့ကြောင့် ဦးစောနှင့်မဟာဆွေ သည်ပွဲမှာ
ပေါင်းမိကြလေသည် တကားဟု
ကျွန်တော်အသိဉာဏ်ထပေါက်သွားပေ သည်။
ခေါင်းဆောင်ဖိတ်ခေါ်သူများလည်း တစ်ယောက်ငါးမိနစ်စီပြောရရာ၊ မဟာဆွေလည်း
ပြောသေးသည်။
ဦးစောက မဟာဆွေအား ပရိသတ်နှင့် မိတ်ဆက်ပေးလေသည်။
“ဟောဒီ ပုဂ္ဂိုလ်က နာမည်ရင်းပြောရင် ခင်ဗျားတို့ သိကြမှာ မဟုတ်ဘူး၊
နိုင်ငံကျော်စာရေးဆရာကြီး
မဟာဆွေဆိုရင် အားလုံးသိကြျာပဲ၊ မဟာဆွေက တိုက်စရာရှိရင် သတ္တိရှိရှိနဲ့ ရှေ့ကနေပြီး
တိုက်မယ့်ပုဂ္ဂိုလ်ပါပဲ၊
ဥပဒေဆိုတာ အရမ်းသုံးရတာ မဟုတ်ဘဲ အရမ်းသုံးလို့ ရှုပ်ရှုပ်ချွံချွံ တိုက်ပါ့မယ်လို့
ဆုံးဖြတ်ပြီးဖြစ်တဲ့
ပုဂ္ဂိုလ်ပါပဲ”
ပရိသတ်က လက်ခုပ်တီးကြသည်ကို မဟာဆွေက လက်ဖြင့် အရပ်ခိုင်းပြီး–
“ကျွန်တော် အာဏာဖီဆန်ရေး ပါ၀င်ဆင်နွှဲတာ ခင်ဗျားတို့ လက်ခုပ်သြဘာပေးတာ ခံချင်လို့
မဟုတ်ဘူး၊
အစိုးရက ဥပဒေကို အလွဲသုံးစားလုပ်လို့ ပါ၀င်ရတာ။ ပုဒ်မ ၁၄၄ဆိုတာ
လူမျိုးတစ်မျိုးနဲ့တစ်မျိုး လူတစ်စုနဲ့တစ်စု
အဓိကရုဏ်းဖြစ်တဲ့ အခြေရှိမှ ထုတ်ရတာ၊ ရန်ကုန်မြို့မှာ ဒီအခြေအနေမျိုး လုံး၀မရှိဘူး။
ရေနံမြေကိစ္စ၊
တောင်သူလယ်သမားကိစ္စအုံကြွနေ တော့ ဒီအုံကြွမှုအစိုင်အခဲကြီးရင် လက်ရှိအစိုးရ
ရာဇပလ္လင်နဲ့ဖင်မမြဲဘဲ
ဖြစ်သွားမှာမို့ သူတို့အကျိုးအတွက် ညစ်ပတ်ပြီး ထုတ်ပြန်ခြင်းဖြစ်တယ်။ ဒါကို
ကျွန်တော်တို့က
ခေါင်းငုံ့ခံနေရမလား။ (မခံရဘူး မခံရဘူး၊ အော်သံများ) အဲဒီလို မခံချင်တဲ့အတွက်
ထောင်ကျကျ တန်းကျကျ
ဆိုပြီး ကျွန်တော်ပါ၀င်တာပဲ”

အာဏာဖီဆန်ရေး အင်အားပြပွဲလုပ်သောအခါ ဦးစောပြောသလို လူအစိတ်
လောက်သာမဟုတ်ပါ၊
လူ၅၀၀မျှပါဝင်လေသည်။ များသောအားဖြင့် ဂဠုန်လက်ရွေးစင် များသည်ဟု ဆိုလေသည်။
ဘုရားလမ်းတစ်လျှောက် နှစ်ယောက်တစ်တွဲ လမ်းလျှောက်ချီတက်ကြရာ ရှေ့ဆုံးက
နဂါးကိုဂဠုန်စီးထားသော
တံဆိပ်အပိုတပ်ထားသည့် ဒေါင်းအလံကြီးကို လွှင့်ထူသွားလေသည်။ ဘေးမှ
မီးတုတ်ကြီးနှစ်ခုလည်း
ပါသေးသည်။ အထူးညွှန်ကြား ထားသဖြင့် ကြွေးကြော်သံများမအော်ဘဲ ငြိမ်သက်စွာ
လျှောက်ရလေသည်။ စာတန်း
များကိုကား ကိုင်ဆောင်ခဲ့ကြသည်။ ကြွေးကြော်သံမအော်ခြင်းကြောင့် ဝမ်းနည်းသော
အထိမ်းအမှတ်နှင့်
တူနေသည်ဟု ကျွန်တော့်စိတ်မှာ မကျေမနပ်ဖြစ်နေခိုက်
ကျားကူးကျောင်းရှေ့သို့ရောက်သောအခါ လူငယ်များသည်
စိတ်အားတက်ကြွလာကာ ချမှတ်ထားသော စည်းမျဉ်းကိုမနာယူတော့ဘဲ ဇာတိမာန်တက်သည့်
ကြွေးကြော်သံများကို
အော်ဟစ်ကြလေသည်။
ကျွန်တော်သည် ဘေးမှအကဲခတ်လိုက်ခဲ့သည်မှာ သိမ်ကြီးဈေးအထိဖြစ်၏။ ထို့နောက်
ဘတ်စ်ကားစီး၍
ကျောင်းသို့ပြန်ခဲ့လေသည်။
သမဂ္ဂရုံးခန်းတွင် ခေါင်းဆောင်များ အလုပ်များနေကြသည်။ ဘယ်သူမျှ အအားမနေကြ။
မနက်ဖြန်အတွက်
ဘတ်စ်ကားငှားသူ၊ စာတန်းရေးသူ၊ တိုက်ပ်ရိုက်သူ၊ ဂျက်စတင်နာလိုမ့်သူ၊ ဘဏ္ဍာရေးရှာဖွေသူ။
အဆင်သင့်ပင် ဥက္ကဋ္ဌအခန်း၌ ကိုလှရွှေအားတွေ့သဖြင့် ဦးစော၏
အာဏာဖီဆန်ရေးပြပွဲအကြောင်းကို
ပြောပြသည်။ သူက အလုံးစုံကြားနာပြီးနောက် လှောင်ရယ်ရယ်ကာ–
“ဟဲ ဟဲ သူ့စာက စတိလုပ်တာပေါ့၊ စတိအာဏာဖီဆန်ရေးပေါ့၊ အေးလေ ဒါထားပါတော့၊
ကိုယ်တို့ဆီအစိုးရက
ဘာမှစကားမပြန်ဘူး၊ ကိုယ်တို့က အစိုးရကိုပေးတဲ့ နောက်ဆုံးအချိန်က ဒီနေ့ညနေ ၄နာရီ၊
ဒီတော့မနက်ဖြန်လုပ်ရမှာပဲ”
၎င်းနောက် ကိုလှရွှေသည် လိပ်ထားသောမြေပုံတစ်ခုကို ဖြန့်ချလိုက်သည်။
အတွင်းဝန်ရုံးကြီး၏ မြေပုံတည်း။
ဘယ်နေရာတွင် လူဘယ်နှယောက်ဝိုင်းမည်၊ ဘယ်အပေါက်ကို ဘယ်လိုပိတ်ဆို့မည်
စသည်ဖြင့်
အတိအကျသတ်မှတ်ပြီး ဖြစ်ပေ၏။ မလွယ်ပေါက်များကိုပင် အလစ်မပေးပေ။

ထိုအတွင်း ကိုအေးကျော်ဝင်လာလေသည်။ သူကား ဟောဟဲ လိုက်လာအောင် မောနေ၏။ အလိုလိုမှ
ပေါ်ချင်နေတတ်သော သူ့ရှေ့သွားများသည် မောလှသဖြင့် စေ့မရသော နှုတ်ခမ်းများကြားမှ ပြူထွက်နေကြပေသည်။ ကိုအေးကျော်၏ ထူးခြားချက်တစ်ရပ်မှာ အပေါ်အင်္ကျီကို မြဲမြဲစွဲစွဲ ဝတ်တတ်ခြင်းဖြစ်သည်။
အခုလို ဖတ်ဖတ်မောအောင် ဟိုပြေး သည်ပြေး ပြေးရသောအခါမှာလည်း အပေါ်အင်္ကျီနှင့် ပင်ဖြစ်ပေသည်။
ခရီးရောက်မဆိုက်ပင် ကိုအေးကျော်က ကိုလှရွှေအား–
"နက်ဖြန်ဝိုင်းမယ့် ကျောင်းသားတွေကို မနက်စာတစ်ခုခု ကျွေးမှဖြစ်မယ်။ တစ်နေကုန် ဝိုင်းချင် ဝိုင်းနေရမှာဗျ၊
ဒီတော့ငွေရှာဖို့ လုပ်ဦးမှဖြစ်မယ်"
ကိုလှရွှေက ခေါင်းမော့ကာ စဉ်းစားလိုက်သည်။ မျက်မှန်ကဝင်းသလို ချွေးဆီဖြင့်ဝေ့နေသော သူ့နဖူးလည်းဝင်းနေလေသည်။ နောက်–
"အင်း ကိစ္စမရှိဘူး၊ ကျုပ် ကိုသိန်းဖေကို အရှာခိုင်းလိုက်မယ်"
ကိုအေးကျော်က ဝင်ထိုင်ရင်း–
"သုံးလေးရာ ရမှဖြစ်မှာ၊ ပြီးတော့ ဘာလုပ်ဖို့ဆိုတာလည်း ဖွင့်မပြောရဘဲနဲ့ လှူတဲ့ လူရှိမှဖြစ်မှာ"
"ဟုတ်တယ်လေ၊ အဲဒီလိုပဲ အရှာခိုင်းရမှာပဲ"
ထိုအခါ ကျွန်တော်သည် ဖြုန်းခနဲ အကြံတစ်ခုရလာပြီး–
"ကိုလှရွှေ ကျွန်တော့်မှာလည်း ဒကာမတစ်ယောက်ရှိတယ်။ ဒီအခါမျိုးမှာ သွားအလှူခံရင် ဟန်မယ်ထင်တာပဲ"
ကိုလှရွှေနှင့် ကိုအေးကျော်တို့သည် ကျွန်တော့်အား ပြုံးစေ့စေ့ဖြင့် ကြည့်လိုက်ကြလေသည်။ ကျွန်တော်၏
'ဒကာမ'ဟူသောအသုံးအနှုန်းကို ပြုံးခြင်းပေလား၊ သို့မဟုတ် ဒကာမဆိုသူနှင့် ကျွန်တော်တို့၏ အဆက်အသွယ်ကို
အတွေးခေါင်မိ၍ ပြုံးခြင်းပေလား မသိနိုင်ချေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ခေါင်းဆောင်များက ကျွန်တော့်အား
အထင်မြင် မလွဲစေလို၊ ထို့ကြောင့်–
"ဒီလိုဗျ ကုလားဗမာ အဓိကရုဏ်းအတွင်းက ကျွန်တော်ခေါင်းဆောင်တဲ့ ကျောင်းသားတစ်စုက
သူ့ကိုကုလားတွေကြားက ကယ်ထုတ်ထားခဲ့ရတယ်၊ သူက အသက်၃၀ကျော် ၄၀တွင်း၊ သူ့ယောကျာ်းက"
ကိုလှရွှေက တဟားဟားရယ်၍ သူ့ရယ်သံဖြင့် ကျွန်တော့်စကားကို ဖြုပ်ပစ်လိုက်ပြီးနောက်"ဒါတွေရှင်းနေဖို့ မလိုပါဘူး၊ ကိုယ့်လူရိုးကြောင်း ယုံပါတယ်၊ ရမယ်ထင်ရင် သွားအလှူခံပေတော့"

"ဘယ်လောက်များမလဲတော့ မသိဘူးပေါ့ဗျာ၊ ကိုသိန်းဖေကို လွှတ်မှာလည်း လွှတ်လိုက်ပါ၊ ကျွန်တော့်ဆီက
ရတာတော့ အဖြည့်လောက်ပေါ့"
"ကိုင်းပြောနေကြာရော့ ရဲဘော်တင်ထွန်း သွားပေတော့၊ ဘယ်လောက်ရရ အမြတ်ပေါ့လေဗျာ၊ ဟဲ ဟဲ"
ကိုအေးကျော်ကမူ ကျွန်တော့အားပြုံး၍သာ ကြည့်နေလေသည်၊ ဘာမျှမပြော။ သို့ဖြင့် ကျွန်တော်သည် မြို့ထဲသို့
တစ်ခေါက်ထွက်ခဲ့ရပြန်လေပြီ။
ဘတ်စ်ကားပေါ်တွင် အတော်လေးကြာအောင်စီးမိမှ ချမ်းစိမ့်စိမ့်ဖြစ်နေသော ရာသီဥတုကို သတိပြုမိတော့သည်။
ကျွန်တော့်မှာ အနွေးထည်မပြောနှင့်၊ အပေါ်အင်္ကျီတောင် မပါချေ။
ဘတ်စ်ကားပေါ်မှ မောင်ထော်လေးလမ်းတွင်းသို့ ရောက်သွားသောအခါမူ
အချမ်းသက်သာသွားသည်။
ကားလမ်းနှစ်ဖက်ရှိတိုက်ကြီးများမှ ထွက်နေသော အပူငွေ့ကြောင့် ဖြစ်ဟန်ရှိပေသည်။ လမ်းတစ်လမ်းလုံး
ဓာတ်မီးများဖြင့်လင်းနေသော် လည်း မမြမီတို့ တိုက်ခန်းသို့ တက်ရသောလှေကားမှာမူ အတော်ကလေး
မှောင်လေသည်။ စမ်း၍ဖြည်းဖြည်းကလေး တက်သွားရပေ၏။
တံခါးခေါက်လိုက်သည်။ ဘယ်သူမှ လာမဖွင့်။ နောက်ထပ်ခေါက်လိုက်သော အခါ
မီးတစ်လုံးပွင့်လာသည်။
သို့သော် ဘယ်သူကမျှ လာမဖွင့်သေး။ အထဲက ခြေသံသဲ့သဲ့လိုလိုကြားလိုက်ရပေရာ တစ်စုံတစ်ယောက်သော
သူသည်တစ်စုံတစ်ခုသော အကြားကလေးမှ ချောင်းကြည့်နေသည်ဟု ထင်ပေသည်။ ကျွန်တော်သည်
အားမလိုအားမရဖြစ်ပြီး ထပ်ခေါက်လိုက်၏။ ထိုအခါမှ တံခါးပွင့်လာပေတော့သည်။
တံခါးဖွင့်သူမှာ ကျွန်တော်တစ်ခါက ဒီနေရာမှာပင် တွေ့ဖူးပြီးဖြစ်သော
လုံချည်ဝတ်မွှတ်ဆလင်ကုလား
အဘိုးကြီးပင် ဖြစ်လေသည်။
"မမြမီရှိသလား"
"ဘာကိစ္စရှိလို့တုံး"
သူ့ရုပ်ကသာ ကုလားရုပ် ဖြစ်သည်။ အသံကား ဗမာသံလုံးလုံးဖြစ်၏။
"တွေ့ချင်လို့ပါ"
"နာမည်ပြောပါဦး"
"တင်ထွန်း၊ ကောလိပ်ကျောင်းသား တင်ထွန်း"
ကျွန်တော့်အသံကို အတွင်းရှိ မမြမီက ကြားလိုက်ဟန်ရှိသည်။ ရုတ်တရက် ထွက်လာပြီး–

"အို မောင်တင်ထွန်းပါကလား၊ လာဟေ့ ဝင်ခဲ့"
မမြမိုသည် ရေမိုးချိုးပြီးခါစ ဖြစ်ဟန်တူသည်။ ဆံပင်ကပိုကရိုထုံးထား၍
မျက်နှာကိုသနပ်ခါးရေကျဲလိမ်းထားသည်။
မီးခိုးရောင် တာဖက်တာအင်္ကျီကို အပေါ်မှ ထပ်ဝတ်ထားရာ ကြယ်သီးများပင်
အပြီးမတပ်ရသေးသဖြင့်
ကျွန်တော့်ရှေ့တွင် ရပ်လာသောအခါ ဒုတိယနောက်ဆုံး ကြယ်သီးတစ်လုံးကို
တပ်နေရင်းတွေ့ရသည်။
ပေးသောကုလားထိုင်တွင် ထိုင်လိုက်စဉ် မမြမိုက မသပ်မရပ် ဖြစ်နေသာ လုံချည်ကို
သပ်ရပ်အောင်ပြုပြင်ရင်း–
"ဘယ်ကလျှောက်လာလဲ မောင်တင်ထွန်း၊ တွေ့ရတာသိပ်ဝမ်းသာတာပဲကွယ်"
"ကိစ္စရှိလို့ လာခဲ့တာ မမရဲ့"
မမြမိုက မျက်နှာချင်းဆိုင်ကုလားထိုင်မှာ ဝင်ထိုင်ရင်း–
"ကိစ္စရှိလို့ လာလို့တွေ့ရလည်း မမကတော့ ဝမ်းသာတာပဲကွဲ့၊ ကဲ ပြောစမ်းပါဦး
မောင့်ကိစ္စ"
"ကျွန်တော်တို့ ကျောင်းသားတွေ လုပ်နေကြတာတွေ ကြားမှာပေါ့"
"မကြားဘဲ နေပါ့မလားကွာ၊ မမဖြင့် မောင်တင်ထွန်း အဖမ်းများခံရမလားလို့
သတင်းစာထဲမှာ တထိတ်ထိတ်နဲ့
ကြည့်နေတယ်၊ အေး ဆိုစမ်းပါဦး"
"နက်ဖြန်မှာ ကျောင်းသားတွေ လုပ်ငန်းတစ်ခုရှိတယ်၊ အရေးတကြီးငွေလိုလို့
လာအလှူခံတာပဲ၊ ဘာလုပ်ကြမယ်၊
ဘာလုပ်ဖို့ ငွေလိုတယ်ဆိုတာတော့ နောက်မှ မမကိုပြောမယ်"
ပြောပြီး မမြမို၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ငြိုငြင်သွားသည်ကို လုံးဝမတွေ့ရ။
သနပ်ခါးရေကျဲကြောင့် စုတ်ကြမ်းကြမ်း ခြယ်ထားသလိုရှိသော အလှ၏ ဝင်းလက်ပုံကိုသာ
တွေ့ရပေသည်။
"မမကတော့ ကျောင်းသားအရေး ဘာအရေးတွေ ဘာမှန်းမှ နားမလည်ဘူး၊ နိုင်ငံရေးမှာလည်း
ကောင်းတာဆိုးတာ
ဘာမှမပြောလိုဘူး၊ သို့ပေမယ့် မောင်တင်ထွန်းကို ပေးတဲ့အနေနဲ့
မောင်တင်ထွန်းဘာလုပ်လုပ် လုပ်နိုင်တဲ့
ငွေ၁၀ဝိလှူလိုက်မယ်"
ကျွန်တော်ကား ဤမျှ များများမမျှော်လင့်ခဲ့ပါ။ အထူးဝမ်းသာသွားမိသည်။
သို့သော်ဘာမျှမပြောဘဲ မမြမိုကို
ပြုံး၍သာ ကြည့်နေလိုက်သည်။
"ဘယ့်နှယ်လဲ၊ နည်းတယ်ထင်သလား၊ လိုရင်လည်း နောက်ထပ်လာယူလှည့်ဦး ပေါ့
ဟုတ်လား"
"နည်းတယ်မထင်ပါဘူး မမရယ်၊ ကျွန်တော်အထူးပဲ ကျေးဇူးတင်ပါတယ်"

“ဟော့ ကျေးဇူးတင်တဲ့ စကားမပြောကြေးနော်”
မမြမှီသည် ထပြီး အခန်းတွင်းသို့ ဝင်သွားလေသည်။ အခြားတစ်ဖက်ခန်းဆီသို့
လှမ်းကြည့်လိုက်ရာ
ဦးထွန်းဝင်းသည် အိပ်ရာတွင် စာဖတ်နေသည်ကိုတွေ့ရပေသည်။ သူ့ခြေထောက်များကို
သက္ကလတ်စောင်ကြီးများ
ဖြင့်ရစ်ပတ်ထားလေသည်။
မမြမှီက ငွေ၁၀ဝိကို ကျွန်တော့်အား ပေးပြီးသောအခါ–
“ကျွန်တော်သွားတော့မယ် မမ၊ အလုပ်တွေရှိသေးလို့ပါ”
“အေး အေး၊ အလုပ်ရှိသေးရင်တော့ ပြန်တော့လေ၊ သို့ပေမယ့် မမက မောင်လေးအပေါ်မှာ
မကျေနပ်တာပြောရဦးမယ်၊ အလည်လည်း တစ်ခေါက်မှ မလာဘူး”
ကျွန်တော်တကယ်ပင် စိတ်ထိခိုက်သွားသည်။ ကျွန်တော်ကား စိမ်းကားလွန်းသည်။
အားလည်းနာမိသည်။
“ကျွန်တော်က ဒီလိုရှိုင်းပေမယ့် မမကစိတ်မဆိုးပါနဲ့နော်၊ ကျွန်တော်အလည် လာဖြစ်အောင်
လာပါဦးမယ်”
ကျွန်တော်က ထိုင်ရာမှထလိုက်သည်။ မမြမှီကပြုံးပြီး–
“မောင်လေးက စကားအတတ်သားနော်၊ အပြင်မှာ မချမ်းဘူးလား”
“နည်းနည်းတော့ချမ်းတယ်”
“ကြည့်စမ်း အနွေးထည်မပါ အပေါ်အင်္ကျီမပါနဲ့၊ အအေးမိနေပါဦးမယ်၊ ခဏနေဦး
(အတွင်းဘက်သို့လှမ်း၍)
မာမွတ်ကြီးရေ”
မမြမှီသည် ကုလားအဘိုးကြီးကိုခေါ်ရင်း ထိုင်ရာမှထလိုက်သည်။ မာမွတ်ကြီး
ရောက်လာသောအခါ–
“ကိုထွန်းဝင်းအဝတ်ထည့်တဲ့ ဗီရိုထဲမှာ အလယ်ထပ်က ဆွယ်တာ သွားယူစမ်းပါ”
ကျွန်တော်ကား အံ့အားသင့်သွားသည်။
“နေပါစေ မမရယ်”
“ဘယ်နေရမလဲ၊ ဒီလို ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် နှစ်သက်တာပဲ၊
အအေးကိုကြပ်ကြပ်ဂရုစိုက်ရမယ်၊ ကြည့်လိုက်စမ်း ဟိုမှာ (လဲလျောင်း စာဖတ်နေသော
ဦးထွန်းဝင်းဆီသို့
ညွှန်းကာ) အနေအထိုင်ဂရုမစိုက်တော့ တစ်သက်လုံး မလူတော့ဘူး၊ မျှော်လင့်ချက်
မရှိတော့ဘူး၊ မောင်တင်ထွန်း
ဘာလုပ်လုပ် ကျန်းမာရေးကိုတော့ ဂရုစိုက်ရမယ်”
ကျွန်တော်ကား မမြမှီပေးသော ဆွယ်တာကို ငြင်းပယ်ရန် အကြောင်းလုံးလုံး မရှိတော့ရုံမက
ကျေးဇူးပဲတင်လာပေသည်။ အစ်မကြီးအရင်းလို ချစ်ခင်ရင်းနှီးခြင်းလည်း ဖြစ်လာပေသည်။
သမဂ္ဂတိုက်သို့ ပြန်ရာက်သောအခါ ကိုလှရွှေအား ဥက္ကဋ္ဌအခန်း၌ ကုလားထိုင်များစီခင်းကာ
စာအုပ်များခေါင်းအုံး၍

အိပ်နေသည်ကိုတွေ့ရလေသည်။ သူသည် မျက်မှန်ကိုမချွတ်၊ မီးကိုလည်းမပိတ်ဘဲ
အိပ်နေခြင်းဖြစ်ပေရာ
ခဏခါးဆန့်ရင်း အိပ်ပျော်သွားဟန် တူပေသည်။ သူ့အားနှိုးပြီး ငွေ၁၀၀ဝိကို
ပေးလိုက်သောအခါ–
"အင်းကိုယ့်လူအဟန်သားပဲ နက်ဖြန်သန်ဘက်မြို့ထဲ ငွေကောက်ထွက်ကြရင် ကိုယ့်လူကို
ထည့်ရဦးမယ်"
ထိုနေ့ညက ကိုသိန်းဖေလည်း ရွှေတိဂုံ ဘဏ္ဍာတော်ထိန်းလူကြီး ဆီနေတာ သူဌေးဦးသွင်ထံမှ
ငွေ၃၀ဝိအလှူခံ၍
ရခဲ့သည်ဟု သိရပေသည်။ သို့ဖြင့် နက်ဖြန်မှာ ကျောင်းသားများ ပေါင်မုန့်ငါးသေတ္တာညှပ်၍
ကျွေးနိုင်ရန်ဖူလုံလေပြီ။
ကျွန်တော်ကား အစည်းအဝေးခန်းမကြီးသို့သွားပြီး ခုံရှည်များကို မျက်နှာချင်းဆိုင် ခင်း၍
အိပ်လေသည်။
မမြမှီပေးလိုက်သော ဆွယ်တာသည်ကား ကျွန်တော့်အတွက် တမင်ထိုးထားဘိသည့်အလား
တော်နေလေသည်။
ဆွယ်တာမှာ လက်ထိုးဆွယ်တာ အသစ်စက်စက်လို ဖြစ်နေပေ၏။ ဆွယ်တာဝတ်၍
အိပ်လေရာ
အတော်ပင်နွေးနေသဖြင့် မမြမှီအား တစိမ့်စိမ့် ကျေးဇူးတင်နေမိလေသည်။ မမြမှီသည်
ကျွန်တော့်အား
နွေးသောမေတ္တာစာတ်ဖြင့် လွှမ်းခြုံပေးနေဟန်ရှိချေ၏ တကား။
အိပ်ပျော်မည်လုပ်ကာရှိသေး၊ ကိုထွန်းရှိန်နှင့် အဖော်တစ်ယောက် စကားတပြောပြောနှင့်
ဝင်လာကြပြီး
ကျွန်တော့်လိုပင် အိပ်ရန် ထိုင်ခုံရှည်များကို ဆွဲရွှေ့နေကြသဖြင့်
အတော်ဖိမ်ပျက်သွားလေသည်။ ကျွန်တော်သည်
သူတို့ကို မျက်စိဖွင့်၍ပင် မကြည့်တော့ချေ။ ကိုထွန်းရှိန်အား သူ့အဖော်က
တက္ကသိုလ်ကျောင်း အုပ်ဆရာကြီး
ဦးဖေမောင်တင်နှင့် ပတ်သက်၍ သတင်းတစ်ခု ဖောက်သည်ချနေလေ သည်။
ပဲခူးကျောင်းဆောင်မှ
ကိုလှမြတ်စိုးသည် ရေနံ့တပ်ကြီးကို ခေါင်းဆောင်၍ ရန်ကုန်သို့ခေါ်ရန် ဗိုလ်ခေါ်ရာ
စာရင်းသွင်းခဲ့လေသည်။
နောက်သူ့အား အခြားသူတစ်ယောက်နှင့်မတူ မကွေးသို့ လွှတ်လိုက်လေသည်။
ကိုလှမြတ်စိုးမှာ
ပဲခူးကျောင်းဆောင်သားဖြစ်ရာ ထိုကျောင်းဆောင် ဝါဒင်လုပ်သူ ပရိုဖက်ဆာမဂ္ဂစ်က
ကိုလှမြတ်စိုးအား
အရေးယူရမည်ဟု ကျောင်းအုပ်ကြီး ဦးဖေမောင်တင်အား တောင်းဆိုလေရာ ဦးဖေမောင်တင်က

ကျောင်းသားများသည် အစိုးရကိုသာ တိုက်နေခြင်းဖြစ်ရာ ကျောင်းကအရေးမယူနိုင်ကြောင်း ပြောလိုက်သည်ဟု
ဆိုလေသည်။ ဗမာကျောင်းအုပ်ဖြစ်၍ ဤသို့သဘောထားသည်ဆိုပြီး အင်္ဂလိပ်လူမျိုး ဆရာများက
အတော်မကျေမနပ်ဖြစ်နေသည်ဟု ဆိုလေသည်။
သူတို့ပြောနေကြသည်ကို ဤမျှသာနားထောင်ပြီးနောက် အိပ်ကလည်းအိပ်ချင် ကိုယ့်ဘာသာကိုယ်လည်း
ဦးဖေမောင်တင်အကြောင်း စဉ်းစားနေမိလေရာ သူတို့ဘာသာ ဆက်ပြောနေကြသည်ကို မကြားရတော့ချေ။
ဦးဖေမောင်တင် အကြောင်းကား ဤသို့တည်း။ ဆရာကြီးသည် သခင်ဘသောင်း၊ သခင်ဗစိန်တို့ တက္ကသိုလ်ကို
အခြေခံယူ၍ သခင်လုပ်ငန်းစလုပ်ကြစဉ်က တိတ်တဆိတ်ငွေလှူလေ့ရှိ သည်။ တစ်ခါက တို့ဗမာသတင်းစဉ်ထုတ်ရန် အလှူငွေ၃၀၀ိ ပါဝင်သည်ဟု ကျွန်တော်ကြားဖူးထားလေသည်။ ။
၂၃
ကျောင်းသားများသွေး မြေသို့ကျသောနေ့
ဒီဇင်ဘာလ ၂၀ ရက်နေ့။
ကျောင်းသားများသွေးမြေသို့ကျသောနေ့။
နံနက်ခင်း ဆီးနှင်းတွေက ဝေဝေ၊ နေခြည်နုကလည်း မဖောက်ထွင်းနိုင်သေး။ မြောက်လေကလေးကလည်း
သွေးလျက်ရှိပေရာ အတော်ပင် အေးနေပေသည်။
သို့ရာတွင် ကျွန်တော်တို့ ကျောင်းသားများသွေးကား ပူဝေလျက်ရှိပေသည်။ အအေး အချမ်းကိုဂရုမပြုဘဲ
အစောကြီးထကြသည်။ ခပ်စောစောကပင် သမဂ္ဂတိုက်သို့ စုဝေးလာကြသည်။ ၇နာရီခွဲလျှင်ပင်
တက္ကသိုလ်သမဂ္ဂခန်းမကြီးပြည့်ရုံ မက လျှံသွားလေသည်။
အဓိပတိလမ်းမပေါ်တွင်ကား သမဂ္ဂတိုက်မှ ဘွဲ့နှင်းသဘင်ခန်းမအထိ ဘတ်စ်ကားများ စီတန်းရပ်ထားသည်။
၈နာရီတွင် ကိုလှရွှေက ဥက္ကဋ္ဌကုလားထိုင်မှနေ၍–
“ဒီကနေ့ ဗမာပြည်နိုင်ငံရေးရာဇဝင်မှာ တွင်ရမယ့်ခြေလှမ်းတစ်လှမ်းကို လှမ်းကြရမယ်၊ ချုပ်ချယ်တဲ့ဥပဒေကို
အာဏာဖီဆန်ကြရမယ်၊ ဘယ်နေရာဆိုတာ ဘယ်လိုဆိုတာ ခင်ဗျားတို့ကို မပြောသေးဘူး၊ သို့သော်
ကျွန်တော်တို့က အကြမ်းပတမ်းမှု မပါဘူး၊ ကျွန်တော်တို့ကို အစိုးရက သေနတ်နဲ့ ပစ်ချင်လည်းပစ်မယ်၊ အဲဒါကို
လိုက်ကြမလား”

ပရိသတ်က "လိုက်မယ်..."ဟု ပဲ့တင်ထပ်လာသည်။
ထိုအခါ ကိုလှရွှေက ထပ်ပြောပြန်သည်။
"အောက်မှာ ဘတ်စ်ကားတွေ အဆင်သင့်ရှိတယ်။ အခုသွားကြမယ်၊ ကျွန်တော်တို့က ဘယ်သူ့ကိုမှ
အတင်းမခေါ်ဘူး၊ မလိုက်ချင်ရင် နေနိုင်တယ်၊ တံခါးဖွင့်ထားတယ်၊ ပြန်နိုင်တယ်"
တက်ကြွနေသော ကျောင်းသားများက "မပြန်ဘူး နယ်ချဲ့အစိုးရကို တိုက်မယ်"ဟု ထစ်ချုန်းလိုက်သည်။
ထို့နောက် ကျွန်တော်တို့သည် အစုလိုက် စုလိုက် ကိုယ့်အစုခေါင်းဆောင်နှင့် ကိုယ်စည်းကမ်းတကျ ဖွဲ့ထားပြီး
ဘတ်စ်ကားများပေါ်သို့ တက်ကြလေသည်။
ဘတ်စ်ကားတန်းကြီးသည် တက္ကသိုလ်ရိပ်သာလမ်းမှ ကုက္ကိုင်းဘက်သို့၊ ကုက္ကိုင်းလမ်းတစ်လျှောက်မှ
တိရစ္ဆာန်ရုံလမ်းကိုဖြတ်ကာ ကန်တော်ကလေးလမ်း၊ စတော့ကိတ်လမ်း (သိမ်ဖြူလမ်း)၊ မောင်ဂိုမာရီလမ်း
တို့အတိုင်းသွားကာ စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း)၊ စိတ်ပေါ်ဘုရားရှိခိုး ကျောင်းကြီးရှေ့တွင်
ရပ်ကြလေသည်။ စိန်ပေါ်ဘုရားရှိခိုးကျောင်းကြီးရှေ့တွင် ရန်ကုန်ကျောင်းပေါင်းစုံမှ ကျောင်းသား ၇၀၀၀ လောက်
ရောက်နေနှင့်ကြပြီဖြစ်ရာ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားများ ဘတ်စ်ကားပေါ်မှဆင်းရာ "သခင်မျိုးဟော့
တို့ဗမာ"၊ "အရေးတော်ပုံအောင်ပါစေ" စသည်ဖြင့် ဆီး၍နှုတ်ဆက်လေသည်။
မြို့မကျောင်းမှ ကျောင်းသားတပ်ကား မရောက်လာသေး။ သို့ရာတွင် မစောင့်ကြတော့ဘဲ အစီအစဉ်အတိုင်းအတွင်းဝန်များရုံးကြီးကို ဝိုင်းကြလေတော့သည်။ ဘာလုပ်မည်ကို သိသောအခါ
ကျောင်းသားများပို၍ တက်ကြွလာကြ၏။ အလံများ၊ စာတန်းများကို ဝှေ့ယမ်းကာ–
"တို့ခေါင်းဆောင်တွေ ချက်ချင်းလွှတ်"
"ပုဒ်ထီး ပုဒ်မ အလိုမရှိ"
"အလုပ်သမားအရေး ချက်ချင်းပေး"
"လယ်သမားအရေး ချက်ချင်းပေး"
"နယ်ချဲ့အစိုးရ ပျက်စီးပါစေ"
စသောကြွေးကြော်သံများကို အော်ဟစ်ကြလေသည်။ လာရောက်ကြည့်ရှုကြသော ပရိသတ်ကလည်း ကျိတ်ကျိတ်ခဲခဲ
စည်ကားလေသည်။
အတွင်းဝန်များရုံးကြီး တံခါးပေါက်တိုင်းတွင် အစုလိုက် အစုလိုက် ပိတ်ဆို့ထားကြရာ စပတ်လမ်းဘက်

သူရိယသတင်းစာတိုက်နှင့် မျက်နှာချင်းဆိုင်အပေါက်တွင် လူ၇၀၀လောက်ပါမည်ဟု ခန့်မှန်းရသောအဖွဲ့ကို
အစုလိုက် ပိတ်ဆို့ထားပေသည်။
၁၅ရက်နေ့ အာဏာဖီဆန်ရေး အင်အားပြပွဲတွင် အမျိုးသမီးများ ပါဝင်ခွင့်မရခဲ့သော်လည်း အတွင်းဝန်များရုံးဝိုင်းရာတွင်မူ ကျောင်းသူများ ပါဝင်ခွင့်ရလေသည်။ မြို့ပေါ်ကျောင်းပေါင်းစုံမှ ကျောင်းသူများလာကြရာ အများစုမှာ မြူနီစပယ်ဗမာကျောင်းသူများဖြစ်လေသည်။
မြို့ပေါ်မှကျောင်းသူများတွင်
ဆရာဖေနှင့် ဆရာကတော်ဒေါ်ညွန့်တို့၏သမီး မခင်သစ်ကို တွေ့နိုင်ပေသည်။ မခင်သစ်၏ ပင်နီနုအင်္ကျီရင်ဖုံးပေါ်တွင် ကျွန်တော်ရောင်းချခဲ့သော ရေနံမြေရင်ထိုး
ဓာတ်ပုံကိုတွေ့မြင်လိုက်ရာ ကျွန်တော့်မှာ
မခင်သစ်၏ စိတ်ဓာတ်ကို ကြည်ညိုနေမိရုံမက ကိုယ့်လက်ရာကို ပရိသတ်ရှေ့မှာ ပြန်မြင်ရသော
အနုပညာသည်တစ်ဦးပမာ ဝမ်းသာပီတိလည်း ပြည့်နေပေသည်။
တက္ကသိုလ်မှ ခေါင်းဆောင်ကျောင်းသူများဖြစ်သော မန္တလေး မအုန်း၊ ပဲခူး မခင်မြ၊ ခြင်းကြား မမကြီးနှင့်
ကျွန်တော့်မမြင့်ဦးတို့ကို မတွေ့ရ။ မမြင့်ဦးကို မတွေ့ရသဖြင့် အထူးဝမ်းနည်းမိသည်။ အားမလို အားမရဖြင့်
ဒေါပွခြင်းလည်းဖြစ်မိ သည်။ သို့သော် တက္ကသိုလ်ကျောင်းသားများ ဂုဏ်ယူရပေသည်။ ကျွန်တော်နှင့်တကွ ကျောင်းသားနှစ်ဆယ်ခန့်မှာ ရေနှင့်အစားအသောက် တာဝန်ခံများဖြစ်သဖြင့် ဟိုဟိုသည်သည်
လိုက်ကြည့်ခွင့်ရကြသည်။ ဟိုတံခါးပေါက် သည်တံခါးပေါက် ရောက်ကြရလေသည်။ ကျွန်တော်တို့ဝိုင်းမိပြီး မကြာမီ ကုလားနှင့် ဂေါ်ရာပုလိပ်များရောက်လာသည်။ စပတ်လမ်းခပ်လှမ်းလှမ်းတွင်
မြင်းစီးဂေါ်ရာ စာသင်များကိုလည်းတွေ့ရသည်။ ကျောင်းသားများက မဖြုံကြ။ နောက်မြို့မကျောင်းမှ ကျောင်းသား၈၀၀တပ်ကြီး ချီတက်လာရာ “သခင်မျိုးဟေ့ တို့ဗမာ” “အရေးတော်ပုံ
အောင်ပါစေ”စသည်ဖြင့် နှုတ်ဆက်ကြရာ ဆူညံသွားပေသည်။
စပတ်လမ်းနှင့် ဖရေဇာလမ်း(အနော်ရထာလမ်း) ထောင့်နားရှိ တံခါးပေါက်မှာ ပင်မတံခါးပေါက်ဖြစ်လေရာ
ကျွန်တော်တို့ကလည်း ကျောင်းသား ၇၀၀မျှ စုထားသည်။ ပုလိပ်များကလည်း အားစုပုံထားသည်။
ဆယ်နာရီထိုးသောအခါ ရုံးတက်ရန် စာရေး၊ စာချီ၊ ဝန်ထောက်၊ အတွင်းဝန်ကလေး စသည်တို့ လာစပြုလေပြီ။
ဂေါ်ရာစာသင်အချို့သည် ထိုအပေါက်မှ ကျောင်းသူကလေးနှစ်ယောက်ကို ခြေထောက်မှကိုင်ကာ တရွတ်ဆွဲ၍

ဖယ်လေရာ ရုတ်ရုတ်ရက်ရက်ဖြစ်သွားလေ၏။ သို့သော် ကျောင်းသားများကား
အကြမ်းမဖက်။
တရှုတ်အဆွဲခံရသော ကျောင်းသူများနေရာတွင် အခြားကျောင်းသား၊ ကျောင်းသူတို့က
ယူလိုက်ကြလေသည်။
တရှုတ်အဆွဲခံရသော ကျောင်းသူကလေးများ မှာ ပွန်းပဲ့စုတ်ပြတ်ကုန်၏။ ပုလိပ်များသည်
နောက်ထပ်ရွှေ့ဖယ်၍လည်း မရရှိသောအခါ ဘေးကရန်စောင်၍သာ ကြည့်နေကြရလေသည်။
ကိုအောင်ကျော်အား
ထိုတံခါးပေါက်ဝမှာ တွေ့ရပေသည်။
နေကားပူလာလေရာ ကျွန်တော်တို့လူစုက ရေလိုက်တိုက်သည်။ ၄င်းနောက်
အရပ်သူအရပ်သားများကလည်း
ရေတိုက်ခြင်း၊ လိမ္မော်သီးများကို ခြင်းတောင်းနှင့် သယ်ယူလာပြီး ဝေငှခြင်း၊
ယပ်တောင်ဝေငှခြင်း၊ အဝတ်အမိုးများ
လုပ်ပေးခြင်း ပြုကြ၏။ အားပေးသည့် ပရိသတ်ကြောင့် ကျွန်တော်တို့မှာ ပို၍
အားတက်ကြပေသည်။
ရုံးတက်ရန်လာကြသော စာရေး၊ စာချီ၊ ဝန်ထောက် စသည်တို့ကား ကြည့်နေသော
ပရိသတ်နှင့်အတူ
ကြည့်ကာကျောင်းသားများအား ချီးကျူးနေကြ တော့သည်။ အတန်ကြာလျှင် အချို့မှာ
အိမ်ပြန်သွားကြလေ၏။
“သိပ်အကြံပိုင်တဲ့ ကျောင်းသားတွေပဲ” “သိပ်ဖွဲ့သတ္တိကောင်းတဲ့ ကျောင်းသားတွေပဲ”
“အစိုးရက ပဒ္ဒအုံတုတ်နှင့်
သွားထိုးတာကိုးကွ” စသော စကားမျိုးများကို ပရိသတ်ကြားမှာ ကြားနေရပေ၏။
ဆယ့်တစ်နာရီကျော်သောအခါ ရန်ကုန်အရေးပိုင် ဒီစတြိတ်တရားသူကြီး ဦးဖိုးစသည်
မော်တော်ကားဖြင့်
ရောက်လာသည်။ သူနှင့်အတွင်းဝန်ရုံးကြီးအနီး တွင် ဥဒဟိုသွားကာ စီမံခန့်ခွဲနေကြသော
ပုလိပ်မင်းကြီးမစ္စတာပရက်စကော့၊ ရန်ကုန်ပုလိပ်မင်းကြီး မစ္စတာရေးနိုး၊ ရာဇဝတ်ဝန်
မစ္စတာလုပ်ဒါး၊ မစ္စတာတစ်၊
ဦးထွန်းအုန်တို့ ဆွေးနွေးကြလေသည်။
နောက်တစ်ခဏအတွင်း မြင်းစီးပုလိပ်တပ်များ၊ စစ်ပုလိပ်တပ်များ ကြက်ပျောက် ငှက်ပျောက်
ပျောက်သွားရာ
ကျွန်တော်တို့မှာ အံ့သြနေကြလေသည်။ အချို့က “အောင်ပြီ အောင်ပြီ”ဟု
ပင်အော်နေကြလေသည်။
ကျွန်တော်တို့သည် အဆင်သင့်စီစဉ်ထားသော ငါးသေတ္တာ ပေါင်မုန့်များကို
စက္ကူအိတ်များနှင့် လိုက်ဝေကြလေ၏။
ကျောင်းသားများသည် ပျော်မြူးနေကြ၏။ အောင်မြင်စွာ ပြီးဆုံးတော့မည်ဟု
အားတက်နေကြ၏။

၁၂နာရီတွင် ကိုလှရွှေက "အတွင်းဝန်များရုံး ဝိုင်း၍ပိတ်ဆို့ကာ အာဏာဖီဆန်
သည့်လုပ်ငန်းအောင်ပြီ။
ယနေ့လုပ်ငန်းပြီးသဖြင့် ပြန်ကြရန်လူစုရမည်"ဟု အမိန့်ပေးထုတ်လိုက်လေသည်။
ဖရောဇာလမ်းပေါ်မှ
ကျောင်းသူကျောင်းသားများကို ပထမရုပ်သိမ်းပြီး စုဝေးစေလေသည်။ ၎င်းနောက်
ဂျူဒါအီဇကယ် (သိမ်ဖြူလမ်း)
ဘက်သို့ စီတန်းလျှောက်ကြသည်။ ဂျူဒါအီဇကယ်လမ်းဘက်တွင် ဝိုင်းနေကြသော
ကျောင်းသားများက
ရုပ်သိမ်းပြီး စုပေါင်းချီတက်ကြသည်။ နောက်ဒါလဟိုဇီလမ်းသို့ ချိုးပြီး ချီတက်ကြသည်။
ဒါလဟိုဇီဘက်မှဝိုင်းထားသော ကျောင်းသားများက ရုပ်သိမ်းပြီး စုပေါင်းချီတက်ကြလေသည်။
ရှေ့မှ အလံနီကြီးက
တလွင့်လွင့်ဖြစ်ပေ သည်။
စပတ်လမ်းပေါ်သို့ ကျောင်းသားထုရောက်သောအခါ မြင်းစီးပုလိပ်တပ်များက
ရှေ့ကတားဆီးလေသည်။
သူတို့ကား မြန်မာမပါ။ ကုလားနှင့် ဂေါ်ရာများ ကပြားများသာ ဖြစ်လေသည်။
သူတို့လက်တွင်ကား
ကြာပွတ်များကိုင်လျက် ခါးတွင် ခြောက်လုံးပြူးထိုးထားကြပေ၏။ သံခမောက်ပုံ
ဦးထုပ်များကိုလည်း
ဆောင်းထားကြ၏။ ၎င်းပြင် နံပါတ်တုတ်ကိုင်ထားသော ကုလားနှင့်ဂေါ်ရာ၊
ကပြားပုလိပ်များလည်း
အဖွဲ့အစည်းနှင့်အဆင်သင့်ရှိနေကြသည်။ စပတ်လမ်းကမ်းနား ဘက်အပိုင်းတွင်ကား
သေနတ်ကိုင်စစ်ပုလိပ်များသည် အာရ်အီးတီ ဘတ်စ်ကားကြီး များပေါ်မှ စောင့်နေကြပေ၏။
ချီတက်လာသောကျောင်းသားများကို မြင်းစီးပုလိပ်တို့က ဝင်တိုးသည်။ ခဏရပ်တန့်သွား၏။
သို့သော် အချို့က
"အရေးတော်ပုံအောင်ပါစေ" "သခင်မျိုးစေ့ တို့ဗမာ" "ချီတက်ကြရမယ် ချီတက်ကြရမယ်"ဟု
အော်ပေးလိုက်ရာ
ကျောင်းသားထုက ဆက်လက်ချီတက်ကြသည်။ စပတ်လမ်းတံခါးပေါက်ရှိ
ကျောင်းသားများကလည်း
တံခါးပေါက်မှ ရုပ်သိမ်းကာ ချီတက်လာသော ကျောင်းသားထုထံ စုပေါင်းရန်
လာကြလေသည်။
မြင်းစီးပုလိပ်တို့သည် ကျောင်းသားထုကြားအတင်းဝင်၍ တိုက်၏။ ကျောင်းသားထု
ပြိုလဲကျသွားသည်။
နံပါတ်တုတ်ကိုင်ထားသော ပုလိပ်များက ဝင်၍ရိုက်လေသည်။ ခွာသံတခေါက်ခေါက်
တုတ်သံတဖြောင်းဖြောင်း၊
ကြာပွတ်သံ တရွှမ်းရွှမ်း။

"ကျောင်းသားတို့သွေး မြေသို့ကျလေပြီ"
"ရက်စက်သော အင်္ဂလိပ်နယ်ချဲ့"
"ယုတ်ညံ့သော ဘမော်အစိုးရ"
ဘေးကကြည့်နေသော လူထုသည် သည်းမခံနိုင်တော့ပေ။ ဆဲသူက ဆဲကြ၏။
တွေ့ကရာနှင့်ကောက်ပေါက်သူက
ပေါက်ကြ၏။ ရုံးတက်လာသော စာရေးကြီးတစ်ယောက်က လမ်းဘေးသစ်ပင်ငယ်ကို
ကာကွယ်ထားသော
တိုင်တစ်လုံးကို ဖြုတ်ယူ၍ ပုလိပ်များထံချီတက်သွားလေသည်။ ခေါင်းပေါင်း၊ အပေါ်အင်္ကျီ၊
ပိုးလုံချည်တို့ကို
ဝတ်ထားသူတစ်ယောက်က ခါးတောင်းကျိုက်ကာ ပုလိပ်များအား
သွားချရန်ပြင်ဆင်နေသည်ကို မြင်ရသည်။
ကျောင်းသားအချို့ကား ဒေါသကို မချုပ်တည်းနိုင်တော့၍ တုတ်များရှာဖွေကာ
ခုခံရန်ပြင်ဆင်ကြလေသည်။
ခေါင်းဆောင်များက တားထားရ၏။
ကျွန်တော်ကား ရိုက်စက ကျောင်းသားထုအပြင်သို့ရောက်နေလေသည်။ ကျွန်တော့်တာဝန်က
ဝိုင်းရာတွင်မရှိပေ။
သို့သော် မြင်းတိုက်၊ လိုက်ရိုက်ခြင်းများပြု နေစဉ် ကျောင်းသားများဆီသို့ ပြေးဝင်၏။
ပြင်ပ ဗာဟိရတာဝန်သည်
အရေးကြီးသည် မှန်သော်လည်း ဤသို့ဖြစ်လာသော အရေးတွင် ကျောင်းသားထုနှင့်
သွေးတူသားတူသေတူ ရှင်တူ
တစ်သားတည်းဖြစ်နေချင်ပေသည်။ သို့သော် ကျွန်တော်ကား အရိုက်မခံရ၊
မြင်းတိုက်လည်းမခံရ။
ကျောင်းသားများအား ဖရိုဖရဲမဖြစ်အောင် ပြန်လည်စုစည်းကြသည်။ ကျောင်းသားများကလည်း
စည်းကမ်းရှိလှ၏။
သည်းခံရမည့်အချိန်တွင် သည်းခံနိုင်စိတ် ခိုင်မာလှ၏။
စပတ်လမ်းတစ်ပြင်လုံးတွင် ဒဏ်ရာဖြင့်လဲနေသူတွေ၊ သွေးသံရဲရဲ ဖြစ်နေသူတွေ၊
မူးဝေခွေကျနေသူတွေပြည့်နေပေ၏။ ခံရသည့်အထဲတွင် အသက်အရွယ်ငယ်သော
ဆယ့်နှစ်နှစ်သားကလေး
တစ်ယောက်နှစ်ယောက်နှင့် မိန်းကလေးများမှာ သနားစရာအကောင်းဆုံးဖြစ်ပေ၏။
ကျွန်တော်တို့သည်
ထမ်းသင့်သူကိုထမ်း၍ ဖေးသင့်သူကိုဖေးပေးကြသည်။ အမျိုးသားသူနာပြုတပ်ရောက် လာပြီး
သူရီယတိုက်အောက်ထပ်သို့ ပို့သူပို့သည်။ ဆေးရုံသို့သူနာပြုကားပေါ်တင် လျက်
ပို့သူပို့သည်။ ဒဏ်ရာရသော
မိန်းကလေးများထဲတွင် မခင်သစ်ကို တွေ့မြင်လိုက်ရာစိတ်အတော်ထိခိုက်သွားပေသည်။
ချက်ချင်းပင်

ဆရာကတော် ဒေါ်ညွန့်ရောက်လာပြီး လန်ချားနှင့်တင်ခေါ်သွားလေသည်။ ကျွန်တော်က “ဆေးရုံ ပို့ပါဦးလား
ဒေါ်ဒေါ်”ဟု ပြောရာ “နေပေစေ၊ ဒင်းတို့ဆေးရုံမှာမကုဘူးအိမ်မှာကု မယ်”ဟု ဖြေလိုက်သဖြင့် ကျွန်တော်နောက်ထပ်မပြောသာပြီ။
“ကျွန်တော်နောက်မှ လာကြည့်မယ်ဒေါ်ဒေါ်”
“အေး ကိစ္စမရှိပါဘူးကွယ်၊ မင်းတို့သည့်ပြင် လုပ်စရာတွေ လုပ်ကြပေါ့”
ကျွန်တော်သည် သူရိယတိုက်အောက်ထပ်သို့ဝင်ကာ ဒဏ်ရာရသူများကို ကြည့်သည်။ ကိုလှရွှေလည်း
အရိုက်ခံထားရသည်။ အကွဲအရှကား မတွေ့ရ။ သို့သော် မအားအကန်ခံထားရသဖြင့် မူးဝေနေပေသည်။
သတိမလစ်ထာက်ကောင်း။ သူနှင့်ခေါင်းချင်းဆိုင်၍ လဲနေသူမှာ ကိုအောင်ကျော်ဖြစ်ပေသည်။ ကိုအောင်ကျော်
ကားဒဏ်ရာပြင်းလှ၏။ ခေါင်းသွေးတွေ အားကြီးယိုစီးနေပေ၏။ သို့ရာတွင် ငန်းဖမ်းသလို လှုပ်ရှားနေသည်။
ကျွန်တော်ကြည့်နေစဉ်ပင် ဖြုန်းခနဲ ကုန်းထပြီး “ကိုလှရွှေ၊ ကိုလှရွှေကျုပ်တို့ခေါင်းဆောင်ကြီး ဘယ်လိုနေသလဲဟင်၊ အရေးတော်ပုံ အောင်ရမယ်”ဟု အသံကွဲကြီးဖြင့်
အော်ပြီးလဲကျသွားပြန်သည်။
ကျွန်တော်တို့က သူ့အားငြိမ်အောင် ဖက်ထားရလေသည်။ ကိုအောင်ကျော်အား ဆေးရုံကြီးပို့၏။
နေရာမရဟုဆိုသဖြင့် တက္ကသိုလ် (ဆင်နီတိုးရီးယမ်း) ဆေးရုံသို့ ပို့ရပြန်လေ၏။
“ကျောင်းသားတို့သွေး မြေသို့ကျပြီ”
“တစ်တိုင်းပြည်လုံး ကန့်ကွက်ကြလော့”
“တစ်တိုင်းပြည်လုံး ညီညီညာညာ ချီတက်၍ နယ်ချဲ့အင်္ဂလိပ်နှင့် ဘမော်ညွန့်ပေါင်းကို ဖြိုဖျက်ကြလော့”
ဤသည်တို့ကား ကျွန်တော်တို့၏ ပဲ့တင်သံ။ လူထုပဲ့တင်သံ။
ထိုနေ့ညနေတွင် အတွင်းဝန်ရုံးကြီးအလယ်၌ ညစာထမင်းစားပွဲရှိလေသည်။
ညွန့်ပေါင်းဝန်ကြီးသစ် ဦးဘဦး၊
မန္တလေးတွင် ဘုန်းကြီးသတ်မှု အစွဲခံရ၍ ထင်ရှားသောဗဟိုရ်သည် ဦးဘဦး၊ နေရှင်နယ်ကလပ်တွင်
ဗမာပြာတာကလေးကို လက်သီးစွမ်းပြ၍ ထင်ရှားသွားသော ဝန်ကြီး ဦးဘဦး။ ထိုဦးဘဦးသည် မိန့်ခွန်းပြောရာ၌
ကျောင်းသားများအား ရှုတ်ချပြစ်တင်လေသည်။ ဂဠုန်ဦးစော စသော အတိုက်အခံများ မြှောက်ပေး၍ဖြစ်ပါသည်ဟု
ကျွန်တော်တို့ ကျောင်းသားများအရေး၊ အလုပ်သမား၊ လယ်သမားအရေးများကို သိမ်ဖျင်းစေလေသည်။

ဦးဘဦးပြောပြီးနောက် ဓွန်း၊ ခက်ရင်းနှင့် ပန်းကန်သံများ၊ ၄င်းနောက် အငြိမ့်တီးလုံး၊ အငြိမ့်မင်းသမီး သီချင်းသံ၊
လူပြက်ပြက်သံ။ ဤသည်တို့ကား အတွင်းဝန်များရုံးကြီး အလယ်မှနေ၍ ညွန့်ပေါင်းအစိုးရက တို့ပြန်ပေးလိုက်သောအသံ။ ။

၂၄

ဒဏ်ရာရသူ မခင်သစ်

ထွန်းကလေး

မြင့်ကြီးတော့ခက်ပြီ။
တစ်ဖက်က ကျောင်းသားအရေး၊ အခြားတစ်ဖက်က ကိုယ့်စာပေ ကိုယ့်စာမေးပွဲ အရေး၊
ကြားထဲမှာ ဗျာများနေပြီ။
တစ်ဖက်က အများအရေး အခြားတစ်ဖက်က ကိုယ့်အရေး ကြားထဲမှာ ဟိုယိမ်း
သည်ယိုင်ဖြစ်နေပြီ။
မြင့်ကြီးတစ်ယောက်ဖြင့် ပန်းပြားပင် ဖြစ်နေပါပြီ။
စာကိုပဲဖတ်နေမယ်၊ ဒါကြောင့် ထွန်းကလေးတို့ လုပ်နေကြတဲ့ ကျောင်းသားအရေး
ဆူပူလှုပ်ရှားမှုမှာ
မပါသေးဘူး။ အစည်းအဝေးမတက်ဘူး။ အင်အားပြပွဲတွေ မလိုက်ဘူး၊
ဗမာစာဂုဏ်ထူးစာမေးပွဲမှာ
ပထမတန်းကအောင် ရမယ်လို့ ဆုံးဖြတ်ပြီး ကျန်းမာရေး လမ်းလျှောက်ချိန်ကလွဲပြီး
ကျောင်းပြင်ကိုမထွက် ခဲ့ဘူး
ထွန်းကလေးရယ်။
သို့ပေမယ့် စာဖတ်လို့ဖြောင့်သလားဆိုတော့ မဖြောင့်ဘူး၊ စာမှာ စိတ်မရောက်ဘူး။
ခုတော့ပိုဆိုးတယ်။
ကျောင်းသားတွေသွေး မြေဝယ်ကျပြီဆိုတော့ မဟာပထဝီမြေကြီးတောင်
တုန်လှုပ်လောက်ပေတယ်။ မြင့်ကြီးရဲ့
အသည်းနှလုံးတုန်တာတွေတော့ မပြောနဲ့တော့ကွယ်။ ကိုယ့်သွေးတူသားတူတွေဟာ
ကျောင်းသားတွေ
အလုပ်သမားတွေ လယ်သမားတွေရဲ့ အရေးတော်ပုံအောင်မြင်ဖို့
အတွက်သွေးစက်နဲ့ယဇ်ပူဇော်ပြီး
ဆောင်ရွက်နေကြတဲ့အခါမှာ ကိုယ်ကျိုးအတွက် (ကိုယ်ကျိုးကဘယ်လောက်ပဲမွန်မြတ်မွန်မြတ်၊
မြန်မာစာဂုဏ်ထူးတန်း ပထမတန်း ဆွတ်ခူးမယ်ဆိုတဲ့
ကိုယ်ကျိုးရည်ရွယ်ချက်ပင်ဖြစ်လင့်ကစား)
ကိုယ်ကျိုးအတွက် ချောင်ကုပ်ပြီး အားထုတ်နေတာဟာ သေးငယ်တဲ့အလုပ်၊
သိမ်တဲ့အလုပ်ဖြစ်နေပေါ့ကွယ်။
မြင့်ကြီးကိုယ်ကိုယ် မြင့်ကြီးရှက်မိတယ်။ ဒီအထဲမှာ ထွန်းကလေးက ငေါ်တော့တော့
စာရေးပြီး

မြင့်ကြီးကိုပြက်ရယ်ပြုပြန်တော့ တုန်လှုပ်နေတဲ့ အသည်းနှလုံးမှာ
သင်တုန်းဓားနဲ့ပါးပါးလှွာလှွာ လှီးနေသလား
ထင်ရတယ်။ ထွန်းကလေးရေ မြင့်ကြီးတော့ မျက်ရည်အကြိမ်ကြိမ်ကျမိပြီကွယ်။
မြင့်ကြီးလေ... ကိုယ်ကျိုးနဲ့ အများကျိုး မြန်မာစာဂုဏ်ထူးပထမတန်းနဲ့
ကျောင်းသားအရေးတော်ပုံ
အောင်မြင်မှုတွေကို ချိန်ခွင်မှာ တင်စက်ကြည့်တယ်။ ၁၉၃၆ခုနှစ် သပိတ်တုန်းက
တကယ်ထူးချွန်တဲ့
ကျောင်းသားအရေးရှိတော့ စွန့်ကြတာပဲ မဟုတ်လား။ ကိုခွက်ညို၊ ကိုသာလှ၊
ကိုစံထွေးတို့နှင့် ဆေးသိပ္ပံဘက်က
ပထမတန်း ကျောင်းသားတွေရဲ့ ကိုယ်ကျိုးစွန့်လွှတ်ခဲ့ပုံတွေ သွားသတိရတယ်။
ဒီတော့ကာ နောက်တစ်ခါအရေးရှိရင် မြင့်ကြီးကိုလာခေါ်ပါနော်။ အာဏာဖီဆန်ဖို့ပဲဖြစ်ဖြစ်၊
ညွှန့်ပေါင်းနန်းရင်းဝန်မက ဘုရင်ခံ့အိမ်ဝိုင်းဖို့ဖြစ်ဖြစ် လာခေါ်ပါနော်။ မြင့်ကြီးလိုက်ပါ့မယ်။
လူဟောင်းတွေကကတော့ မြင့်ကြီးတစ်ယောက် တော့သေချာပေါက်ထားလိုက်ပေတော့။ မအုန်း၊
မမကြီး၊
မခင်မြတို့တစ်တွေတော့ ကိုအားဖြင့်မပါနိုင်ကြပေမယ့် စိတ်တော့ဖြင့် ညွှန်ဟန်တူပါရဲ့။
မအမာတစ်ယောက်က
တော့ ယောကျာ်းရပြီး စီးပွားရေး လုပ်နေပြီ။ ဒီတော့မြင့်ကြီးကတော့ဘက်ပဲ့နေတာပဲ။
သို့ပေမယ့်လူသစ်ကလေးတွေ ရှိပါတယ်လေ။ အားရှိစရာပါပဲ။
ဩော် ဒါထက်သတင်းတစ်ခုကြားပြီလား။ မြင့်ကြီးတို့တော့ ဗမာစာဌာနကဆို
တော့ဆရာကြီးဦးဖေမောင်တင်နဲ့
ပတ်သက်ပြီး ပိုပြီးနီးစပ်တဲ့သတင်းကြားတာပေါ့။ စစ်ကိုင်းကျောင်းဆောင်က
ကျောင်းသားခေါင်းဆောင်
ကိုလှမြတ်စိုးဟာ ဗိုလ်စာရေးသွင်းပြီး ရေနံချောင်းကိုသွားတယ် မဟုတ်လား။
ဒီတော့အဆောင်မှူး
ပါမောက္ခမက်ဂစ်က အရေးယူရမယ်လို့တောင်းဆိုတယ်။ ဒီတော့ ဆရာကြီး
ဦးဖေမောင်တင်က ခုကိစ္စဟာ
ကျောင်းသားတွေနဲ့ တက္ကသိုလ်ဘာမှဖြစ်တာမဟုတ်ဘူးတဲ့။ ကျောင်းသားတွေက
ကျောင်းကိုဆူနေတာမဟုတ်ဘူး။
အစိုးရကိုဆူနေတာ။ ဒါကြောင့်အရေးမယူနိုင်ဘူးလို့ ဆိုလိုက်သတဲ့။ ဆရာကြီးကတော့
အရေးကျရင်
သိပ်သတ္တိကောင်းတာ ထွန်းကလေးရဲ့။
ကဲ–စာရှည်သွားပြီ၊ တော်သေးပြီနော်။
အရေးတော်ပုံအောင်ပါစေသတည်း။
မြင့်ကြီး
၂၁–၁၂–၃၈

ကျွန်တော်သည် မမြင့်ဦး၏စာကို တစ်ကြိမ်နှစ်ကြိမ်မက သုံးကြိမ်ကျအောင် ဖတ်မိပါသည်။ အဓိပ္ပာယ်ကိုနားမလည်သောကြောင့်မဟုတ်ပါ။ အဓိပ္ပာယ်ကို သဘောကျလွန်းလို့ ဖြစ်ပါသည်။
ဟယ်–နယ်ချဲ့သမား၊ ဟယ်–ညွန့်ပေါင်းအစိုးရ၊ သင်တို့သည် ကျောင်းသားတို့၏
သွေးကိုမြေသို့ကျအောင်
ဖိနှိပ်ညှင်းပန်းခြင်းဖြင့် သင်တို့အားဆန့် ကျင်မှု၊ အတိုက်အခံမှုလျော့ပါးသွားလိမ့်မည်၊
ကွယ်ပျောက်သွားလိမ့်မည်ထင်သလော။ ကျောင်းသား၊ အလုပ်သမား၊
တောင်သူလယ်သမားတွေက သင်တို့အား
ခေါင်းငုံ့ဒူးထောက်အရှုံးပေးမည်ဟု ထင်သလော။ သို့ကလိုထင်လျှင် သင်တို့မှားလိမ့် မည်။
သင်တို့ဖိနှိပ်ချုပ်ချယ်ခြင်းဖြင့်ငါတို့အင်အား လျော့၍မသွား။ တိုးတက်၍သာ လာသည်။
ကျောင်းသားတို့သွေး
မြေမကျခင်က အေးအေးသက်သာကိုယ့်စာ ကိုယ်ဖတ်နေလိုသော ကျောင်းသား၊
ကျောင်းသူများပင်
မခံမရပ်နိုင်ဖြစ်လာခဲ့ပြီကို သင်တို့မြင်ပြီလော။
သို့ကလိုပင် ကျွန်တော်အံ့ကြိတ်၍ ကြုံးဝါးမိသည်။
ဩော် မမြင့်ဦး၊ ခုလိုတော့လည်း အတော်သားပဲ။ အရေးကြုံတော့ မဟုတ်မခံ စိတ်ဓာတ်ကို
ပြလိုက်တယ်နော်။
အရင်က ကျောင်းသားအရေးတော်ပုံမှာ နောက်ဆုတ်ပြီး ခပ်ကုပ်ကုပ်နေခဲ့လို့ ထွန်းကလေး
အထင်သေးခဲ့မိသေးတယ်။ ခုတော့ အမှန်ကိုသိပါပြီ။ 'မီးခဲပြာဖုံး'နေခဲ့တာပဲနော်။ မမြင့်ဦးကို
အထင်သေးခဲ့မိတာ
မှားပြီ။
သို့ကလိုတွေးမိပြီး မမြင့်ဦးထံ ပြေး၍ပင် တောင်းပန်ချင်စိတ်ပေါ်ပါသည်။ ကျွန်တော်က
တောင်းပန်ပြန်လျှင်လည်း
မမြင့်ဦးက မဆွတ်ခင်က ညွတ်ချင်ပြီး ဖြစ်ပေလိမ့်မည်။ ကျွန်တော်သည် မမြင့်ဦး၏
ခွင့်လွှတ်ပြီဆိုသောအထိမ်းအမှတ်ဖြစ် သည့် အပြုံးကိုဆာလောင်မွတ်သိပ်မိ၏။
ဝိုင်းစက်ကြည်လင်သော
မျက်လုံးအစုံမှ လွှတ်လတ်လိုက်သော မေတ္တာ ကရုဏာ ရောင်ခြည်များကို ရမ်းရော်မိပေ၏။
အကယ်၍ မခင်သစ်ထံသို့ သွား၍ကြည့်ရန် တာဝန်သာမရှိခဲ့ပါမူ မမြင့်ဦးထံသို့
ခြေဦးလှည့်မိပေလိမ့်မည်။
မခင်သစ်ခများမှာ ပုလိပ်တုတ်ဒဏ်ရာဖြင့် အိပ်ရာတွင် လဲလျောင်းနေရရှာပေ လိမ့်မည်။
ကျောင်းသားကျောင်းသူ ၂၀၀ကျော် ဒဏ်ရာရရှိသည့်အနက် အချို့မှာ ရန်ကုန်ဆေးရုံကြီးတွင်၊
အချို့မှာတက္ကသိုလ်
ဆင်နီတိုရီယံတွင်၊ အချို့မှာ ကိုယ့်အိမ် ကိုယ့်ရာတွင် ကုသနေကြသည်။ ကိုလှရွှေနှင့်
တကွသောကျောင်းသားခေါင်းဆောင် များသည် ဆေးရုံကြီးနှင့် ဆင်နီတိုရီယံသို့ သွားကာ
ဒဏ်ရာရသူများကို

မေးမြန်းကြည့်ရှုကြရာ ကျွန်တော်လည်း ပါသွားလေသည်။ ၎င်းနောက် လူစုခွဲ၍ အိမ်တွင်ကုသနေသော
ဒဏ်ရာရရှိသူများကိုကြည့်ရှုကြရသည်။ ကိုလှရွှေသည် မခင်သစ်အား သွားကြည့်ရန်ဖြစ်၏။ သို့ရာတွင်
မအားသဖြင့် သူ့ကိုယ်စား ကျွန်တော့်အား သွားကြည့်ပါဟု တာဝန်ပေးထားလေသည်။ ထို့ကြောင့် မမြင့်ဦးနေရာ
အင်းလျားဆောင်ဘက်သို့ ခြေဦးမလှည့်နိုင်တော့ဘဲ မခင်သစ်တို့နေရာ ရေကျော်သို့သာ ခြေဦးလှည့်ရပေတော့သည်။
မခင်သစ်ကား အပေါ်ထပ်ဧည့်ခန်းမှာ ပက်လက်ကုလားထိုင်နှင့် ခပ်ခွေခွေထိုင်နေသည်ကို တွေ့ရ၏။ သူ့အမေကား
မခင်သစ်၏ ဘေးတွင် ကုလားထိုင်တစ်လုံးမှာထိုင်လျက် သတင်းစာဖတ်နေလေသည်။ သူတို့သားအမိအပြင်
ဘယ်သူ့ကိုမျှ မတွေ့မြင်ရ။
မခင်သစ်မှာ ခေါင်းတွင် ပတ်တီးစည်းထားသည်။ ဂီတဝိသောဓနီ စာအုပ်ကို ဖွင့်လျက် ရင်ခွင်ပေါ်မှာတင်ထားကာ
မျက်စိများကိုမှိတ်ထားသည်။
ကျွန်တော့်ခြေသံကိုကြားလိုက်သောအခါ ဒေါ်ဒေါ်က သတင်းစာကြည့်ရာမှ လှမ်းကြည့်လျက်–
"သြော် မောင်တင်ထွန်းလားဟေ့၊ လာ လာထိုင်"ဟု ပြောပြီး မခင်သစ်နှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တစ်လုံးကို ပေးလေသည်။
ထိုအခါ မခင်သစ်သည်လည်း မျက်လုံးများကို အသာလှပ်လျက် ကျွန်တော့်အား ကြည့်လိုက်သည်။
၎င်းနောက် သူ့မျက်နှာတွင် အပြုံးကလေး ခပ်ရေးရေးပေါ်လာသည်ဟုထင် သည်။
"ဘယ့်နှယ့်နေသေးသလဲ ဒေါ်ဒေါ်၊ ကိုလှရွှေက သူမအားလို့ ကျွန်တော်ပဲ သွားမေးလိုက်ပါဆိုတာနဲ့"
ဒေါ်ဒေါ်ကပြုံးလိုက်ရာ စိုးရိမ်မှုကင်းနေသော အပြုံးဖြစ်ကြောင်း အကဲခတ်မိ သည်။
"ကိစ္စမရှိပါဘူးကွာ၊ မောင်လှရွှေမအားလို့ မလာတာလည်း ဒေါ်ဒေါ်တို့က ဘာမှဗွေမယူပါဘူး၊ သို့ပေမယ့်
မောင်လှရွှေမအားလို့ ကိုယ်စားလွှတ်လို့သာ မောင်တင်ထွန်းလာရတယ်ဆိုတာကတော့ ဟဲ ဟဲ"
ကျွန်တော့်မှာ ရုတ်တရက်ဘာဖြေရမည်မသိ၊ အနေကျပ်သွားပြီးမှ အားယူ၍ပြုံးကာ–
"သည်လိုလည်း မဟုတ်ပါဘူးဒေါ်ဒေါ်ရယ်၊ ကိုလှရွှေအားလို့လာလည်း ကျွန်တော်လည်းလာမှာပါပဲ"
"ကျီစားတာပါကွာ ခုလိုအခါကြီးမှာ အရေးကြီးတော့ သွေးနီးရာဆိုတာလို တစ်ယောက်နဲ့တစ်ယောက်ကြင်နာကြတာ၊ ခင်မင်ရင်းနှီးကြတာ၊ သူခံရင်ကိုယ်ခံရသလို နာကြတာတွေ့ရတော့

ဒေါ်ဒေါ်တို့ဖြင့်အများကြီးအားတက်မိ တယ်။ ခုကြည့်ပါလား၊
သစ်သစ်ကလေးခံရတယ်ဆိုရင်လေ လာလိုက်ကြ၊
မေးလိုက်ကြ ကြင်နာယုယလိုက်ကြတာ၊ လူစုံရောက်လာတာပဲကွဲ့။ ဟိုသူငယ်တောင်
ရောက်လာသေးသကွဲ့၊
အရင်ကတော့ကျောင်းသားခေါင်းဆောင်တစ်ယောက်ပါပဲ
ခုတော့အိုင်စီအက်စ်စာမေးပွဲဝင်နေတယ်လေ"
"ကိုကျော်ငြိမ်းလားဒေါ်ဒေါ်"
"အေး အေ"
ကျွန်တော်ကား ဘယ်သူဘယ်ဝါ လာရောက်မေးမြန်းကြကြောင်းထက် မခင်သစ်၏
ဒဏ်ရာအကြောင်းကိုသာ
သိလိုနေပြီ ဖြစ်ရကား–
"နို့ပြောစမ်းပါဦး ဒေါ်ဒေါ်ရဲ့၊ မခင်သစ်ရဲ့ ဒဏ်ရာအခြေအနေက ဘယ်လိုလဲ"
မခင်သစ်က ကျွန်တော့်အား ပြုံး၍ကြည့်လိုက်သည်။ ဒေါ်ဒေါ်က သူ့သမီးအား ကြည့်လျက်–
"ဘာမှစိုးရိမ်စရာ မရှိပါဘူးကွယ်၊ ခေါင်းမှာငါးမူးစေ့ဝိုင်းလောက် ပွန်းပဲ့သွားတယ်၊
မနက်ပါဘူး အပေါ်ယံတင်ပါ၊
သို့ပေမယ့် တုတ်ရဲ့အရှိန်ကြောင့် ခေါင်းနည်းနည်းတော့မူးတတ်တယ်"
ကျွန်တော်ကမခင်သစ်၏ ရင်ခွင်ပေါ်ဝယ်ဖွင့်လျက် မှောက်ထားသော
ဂီတဝိသောဓနီစာအုပ်ကိုညွှန်းလျက်ခေါင်း
မူးရက်နဲ့ ဘာဖြစ်လို့စာဖတ်ရသလဲ၊ စာမဖတ်ရဘူး"
"ကွယ်၊ ဒေါ်ဒေါ်ကတော့ စာကိုအလျှင်းမဖတ်ဖို့ ပြောတာပဲ"
မခင်သစ်က ကျွန်တော့်ဘက်မှ သူ့အမေဘက် လှည့်ကြည့်လျက်–
"စာဖတ်တာ မဟုတ်ပါဘူးမေမေရဲ့' ပြောပြီး ကျွန်တော့်ဘက်ပြန်လှည့်ကြည့် ကာ
"သစ်သစ်ရထားတဲ့
သီချင်းကြီးတွေကို စိတ်ထဲမှာ ပြန်ရွတ်ကြည့်တယ်၊ မေ့တဲ့နေရာမှာ စာအုပ်ကိုဖွင့်ကြည့်တာပါ"
မခင်သစ်၏အသံကား သာယာ၍ရှင်းလင်းပြတ်သား၏။ ဤလိုအချိန်မျိုးမှာပင်
သူ့ဒဏ်ရာအခြေအနေနှင့်လိုက်အောင် အချိန်ကိုအသုံးချတတ်ပုံနှင့် သူ့လုံ့လကို
များစွာသဘောကျမိပေသည်။
ဒေါ်ဒေါ်ကထိုင်ရာမှထပြီး–
"စကားပြောရစ်ကြဦး၊ ကော်ဖီသွားယူလိုက်ဦးမယ်"
"နေပါစေ ဒေါ်ဒေါ်"
ကျွန်တော်က တားသော်လည်းမရ။ ဒေါ်ဒေါ်ထသွားသောအခါ မခင်သစ်နှင့်
ကျွန်တော်တို့သည်ဒေါ်ဒေါ်နောက်သို့သာ လိုက်ကြည့်နေကြသည်။
ဒေါ်ဒေါ်နောက်ဖေးမီးဖိုထဲဝင်သွားသောအခါ
ကျွန်တော်တို့နှစ်ယောက်သည်အပြန် အလှန် ပြိုင်တူကြည့်လိုက်ကြ၏။ ကျွန်တော့်ရင်တွင်းမှာ
ဒိတ်ခနဲဖြစ်သွားပြီး

မျက်လုံးကိုလမ်းမဘက်သို့လွှဲလိုက်သည်။ လမ်းမဘက်ငေးကြည့်ရင်း မိန်းမပျိုနှင့်
ယောကျ်ားပျိုဒီလိုနှစ်ယောက်တည်း အကြည့်ဆုံကြလျှင် ဒိတ်ခနဲဖြစ်ရသည့် သဘာဝ၏
ဓာတ်မြစ်ကိုစစ်တမ်းထုတ်နေမိသည်။ ထိုခဏ၌ နှလုံးသွေးကြောရပ်စဲ သွားလေသလော။
ဤလိုဖိုမဆက်ဆံရေးတွင်
ကျွန်တော့်ငယ်ဆရာဖြစ်သော ကိုရင်ကြီး ကိုဘသန်းအမိန့်ရှိသလို ဒိန်းဒလိန်းနတ်
ပူးကပ်ခြင်းပင် ဖြစ်လေသလော။
သို့ကလို စကားမပြောဘဲ တွေးတောငေးမောနေရင်း စကားမပြောလျှင်ရိုင်းရာကျလိမ့်မည်ထင်
သဖြင့်
မခင်သစ်ဘက်သို့ လှည့်လိုက်သောအခါ မခင်သစ်သည်စာအုပ်ကို ရင်ခွင်ပိုက်၍
မျက်စိကလေးမှေးနေသည်ကို
တွေ့ရပြန်လေသည်။ ဟန်ဆောင်မှုကင်း၍ ပကတိရိုးသားသော မျက်နှာကလေးပါတကား။
ဝါသဲ့သဲ့ နဖူးပြင်တွင်
အကြောစိမ်းကလေးများ ခပ်ရေးရေးကိုမြင်ရပေရာ ‘ရွှေတလင်းပြင် ကမြရေယဉ်’ကိုသွား၍
သတိရမိပေ၏။
နှုတ်ခမ်းနီးတွေးတွေးကလေးသည် မခေါတခေါ သွားခေါကလေးပေါ်တွင်
မစေ့တစေ့တင်နေဟန်ကို
ကြည့်မိသောအခါ၌ ကား ပွင့်ချပ်အာခါစ ပန်းဖူးကလေးကို ကသိုဏ်းရှုနေမိစဉ်
နှုတ်ခမ်းနီတွေးတွေး ကလေးသည်
လေငြိမ်တုန်း လှိုင်းလှုပ်သလို မသိမသာ လှုပ်နေသည်ကို တွေ့ရသောအခါ “အင်း–
သူကတော့
သမာဓိကောင်းကောင်းနဲ့ သီချင်းကြီးရွတ်ဖတ် နေတယ်၊ ငါကတော့ သမာဓိဖောက်ပြားပြီး
သူ့မျက်နှာကို
ကသိုဏ်းရှုနေတယ်၊ ငါ့နှမငယ်ကလေးလို အောက်မေ့ရမယ့်အစား ဖောက်ပြားချင်တယ်၊
တော်တော်ချာတဲ့
ငါပါကလား”ဟု သဘောပေါက်ကာ ကိုယ့်ကိုယ်ကိုယ်ပင် ရှက်မိပေသည်။ ထို့ကြောင့်
အရှက်လည်းပြေစေတော့
စကားပြော၍လည်း ယဉ်ကျေးရာရောက်စေတော့ ဟူသော ရည်ရွယ်ချက်များဖြင့်–
“မခင်သစ် သီချင်းကြီးဘယ်နှပုဒ်ရသလဲ”
မခင်သစ်သည် မျက်လုံးဖွင့်ပြီးနောက် ခပ်ရေးရေးပြုံးလျက်–
“သိပ်မများပါဘူး”
“ဘယ်နှပုဒ်လဲ”
“ကြိုး၇ပုဒ်၊ ဘွဲ့၉ပုဒ်၊ သီချင်းခံ ၅ပုဒ်၊ ပတ်ပျိုး ၁၅ပုဒ်၊ ယိုးဒယား ၆ပုဒ်၊ ဘောလယ်
၅ပုဒ်”
“ဟင်–များလှပါကလား”

“မများပါဘူး၊ ခုမှနည်းနည်းကလေးရှိသေးတယ်၊ ဟောဒီ တစ်အုပ်လုံးကုန်အောင် ကျက်ရမယ်”
ကျွန်တော်ကား အံ့ သြ၍မဆုံးနိုင်အောင် ဖြစ်နေပါသည်။ ဤမျှငယ်ငယ်ရွယ်ရွယ်နှင့် စာပေနှင့်ဂီတတွင်
ဤမျှလေ့လာလိုက်စားသေစာ အခြားသူတစ်ဦး မတွေ့ဖူးသေးပါ။ ဒီကောင်မကလေးဟာ ‘ကြီးပု’ကလေးများ
ဖြစ်နေရော့သလားဟုပင် သင်္ကာမကင်းဖြစ်လာပေရာ–
“မခင်သစ်အသက်ဘယ်လောက်ရှိပြီလဲ”
“ဆယ့်ငါးနှစ်ပြည့်ပြီးတာ မကြာသေးဘူး”
“ဟင်”ဟု ကျွန်တော့်ပါးစပ်မှ အာမေဋိတ်သံထွက်သွားပြီး မရှေးမနှောင်းပင်–
“အသက်တွေဘာတွေမေးပြီး ဗေဒင်များ တွက်မလို့လားကွဲ့”ဟူသော ဒေါ်ဒေါ်၏ အသံကိုကြားလိုက်ရသဖြင့်
ကျွန်တော့်မှာရှက်ကိုးရှက်ကန်း ဖြစ်သွားလေ သည်။ ဒေါ်ဒေါ့်ဆီသို့ကြည့်လိုက်ရာ မိခင်တို့၏သဘောကောင်းသော
အပြုံးကြီးကို ထင်းခနဲမြင်ရသဖြင့် အရှက်ပြေသွားသည်။
“မဟုတ်ပါဘူး ဒေါ်ဒေါ်ရဲ့၊ ကျွန်တော်ဗေဒင်မတွက်တတ်ပါဘူး၊ ဒေါ်ဒေါ့်သမီးက သီချင်းကြီးတွေ
ရလွန်းအားကြီးလို့ ကျွန်တော်က အသက်မေးကြည့်တာပါ”
ဒေါ်ဒေါ်က ကျွန်တော့်အား ကော်ဖီပန်းကန်ကိုပေးရင်း–
“အင်း သူကဉာဏ်ကောင်းသကွဲ့၊ ဆရာကောင်းတွေလည်းရှိတယ်”
“ဆရာတွေက ဘယ်သူတွေလဲ ဒေါ်ဒေါ်”
“ဒီးဒုတ်ကိုဘချိုတို့ ဒေလီညွန့်တို့ ကိုသန်းတို့ပေါ့ကွယ်”
မခင်သစ်က စာအုပ်ကို ထောင်ကိုင်လိုက်ပြီး–
“ဒီ ဂီတဝိသောဓနီဟာ ဦးလေးဦးဘချိုတည်းဖြတ်တာပဲ၊ ဦးလေး ဦးဘချို ပြင်ထည့်တဲ့ စာသားတွေက
တကယ်အဓိပ္ပာယ်ရှိတယ်”
ကျွန်တော်က ဒေါ်ဒေါ့်အား–
“ကျွန်တော်တော့ ညံ့တယ်ဆိုဆို၊ ကဗျာဂီတဘက်မှာတော့ ဘာမှ နားမလည်ပါဘူး၊ ဝါသနာလည်းမရှိဘူး၊
တစ်ခါတစ်ခါ ဂီတတို့ ကဗျာတို့ဟာ လူတွေကို စိတ်နုအောင်လုပ်တဲ့အတွက် အခုလို တိုက်လား
ခိုက်လားအရေးတော်ပုံ လုပ်ရမယ့်အခါကြီးမှာ မလိုလားအပ်ဘူးလို့တောင် ထင်ထင်နေတယ်”
“မှားတော့မပေါ့ကွယ်၊ တိုက်လားခိုက်လား လုပ်ရမယ့်အခါမှာလည်း အတိုက်အခိုက်နဲ့ သင့်လျော်တဲ့ဂီတကဗျာတွေ

လိုတာပေါ့ကွဲ့။ ဒူးနေရာဒူး၊ တော်နေရာတော် ဆိုသလိုပေါ့၊ ခုမင်းတို့လုပ်နေကြတဲ့
အရေးတော်ပုံအတွက်လည်း
အရေးတော်ပုံသီချင်းနဲ့ အတီးအမှုတ်ရှိရမှာပေါ့”
ကျွန်တော်သည်အတိုက်အခံလည်း ထပ်မပြောလို၊ ပြောစရာလည်း ကျွန်တော့်ဘက်က
မခိုင်လုံ။
ထို့ကြောင့်စကားကြောင်းပြောင်းသွားစေရန်–
“ဩော် ဒါထက်ဆရာကြီးလည်း မတွေ့ပါလား ဒေါ်ဒေါ်”
“မခင်သစ်တို့အဖေလည်း ဒဏ်ရာရတဲ့ကျောင်းသားတွေ မေးဖို့မြန်းဖို့ ထွက်သွားတယ်လေ၊
ဒီလိုပေါ့ကွယ်
တစ်ယောက်တစ်ယောက် အားပေးပြီး သွေးစည်းနေကြရတာပေါ့၊ ဒီအစိုးရတော့
ကြာရှည်မခံပါဘူးကွာ၊ လူတိုင်းက
ကျိန်ဆဲကြတာနဲ့ ပြုတ်ကျမှာပါပဲ”
ထိုအတွင်း ဧည့်သည်များရောက်လာသည့်အပြင် ကျွန်တော့်မှာလည်း
သွားစရာကိစ္စများရှိသေးသဖြင့် နှုတ်ဆက်၍
ထွက်လာခဲ့ပေသည်။ ။
၂၀
ရည်းစားပင် စွန့်လွှတ်ရန်
ဒီဇင်ဘာလ၁၃ရက်နေ့ ညနေစောင်း။
ကျွန်တော့မှာ ဇက်လေး၊ ခေါင်းအုံ၊ မျက်စိဝေဖြစ်လာသည့်တိုင်အောင် နွမ်းနယ်
မောပန်းလျက်ရှိလေသည်။
နှစ်ရက်လုံးလုံး အပြင်းအထန် အလုပ်လုပ်ခဲ့ရ၏။ အခြားသခင်ကျောင်းသားများနှင့်အတူ
ယမန်နေ့က
ကျင်းပခဲ့သော ရန်ကုန်ကျောင်းပေါင်းစုံ ကျောင်းသားကိုယ်စားလှယ်များနှင့်
ဗမာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးအတွက် ဆောင်ရွက်ခဲ့ကြရ၏။
ယနေ့ကျင်းပမည့်
တက္ကသိုလ်ကျောင်းသားစု အစည်းအဝေး အတွက်ပြင်ဆင်ခဲ့ရ၏။ ဖိတ်စာတွေကို
ဂျက်စတင်နှာ လိုမ့်ကြရသည်။
ကြွေးကြော်သံ ပိုစတာတွေ ရေးကြရသည်။ အစည်းအဝေး လျှောက်ဖိတ်ကြရသည်။
သတင်းစာတိုက်
သတင်းပို့ကြရသည်။ ကျောင်းဆောင်ကြို ကျောင်းဆောင်ကြားတို့၌ ကြွေးကြော်သံများကို
အော်ကြရသည်။
မင်နီနှင့် ထင်းနေအောင်ရေး၍ ကပ်ထားကြရသည်။
“ကိုဘဟိန်းနဲ့ ကိုဗဆွေဖမ်းပြီ၊ ငုံ့ခံမနေကြနဲ့”
“ပေါရိသာဒ ဆေးထိုးရန် သမဂ္ဂသို့စုရုံးကြ”

"ရဲရဲတောက် ကျောင်းသားသွေးပြရန် အချိန်ကျပြီ"
"လူမိုက်အလိုရှိသည်"
"သတ္တိရှိကြစမ်းပါ"
"ကြောက်မွေးပါ ဇာဂနာနဲ့ဆွဲနုတ်"
"နိုင်ငံချဲ့အစိုးရ ပျက်စီးပါစေ"
ညအစည်းအဝေးအတွက်ပြင်ဆင်မှုကား ပြီးလေပြီ။ မပြီးပြီးအောင်
ဆက်တိုက်လုပ်ကြသဖြင့်လည်း
အားလုံးမောကုန်ကြသည်။
ကျွန်တော်ကား ဇက်လေး၊ ခေါင်းအုံ၊ မျက်စိဝေလာသည့်တိုင်အောင် မောလာပေ၏။
ထို့ကြောင့်အင်းလျားကန်ရိုးသွားပြီး လေညှင်းခံရန် ကိုအေးငွေနှင့် တိုင်ပင်ကြ၏။
နှစ်ယောက်သား
အဓိပတိလမ်းမကြီးအတိုင်း ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးဆီသို့
လျှောက်ခဲ့ကြလေသည်။ ဘွဲ့နှင်းသဘင်
အဆောက်အအုံကြီးကား ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံနှင့်မတူ၊
ရဲတိုက်ကြီးနှင့်တူပေသည်။
ဘွဲ့နှင်းခံရသူတို့အား ဗြိတိသျှနယ်ချဲ့တို့အတွက် အုပ်ချုပ်ရေးယန္တရားတည်းဟူသော
ရဲတိုက်ကြီးကို
ဆောက်ပေးလော့ဟု ညွှန်ကြားနေခြင်းပင် ဖြစ်လေသလော။
"အိုင်ဆေး အေးငွေ၊ ဒီဘွဲ့နှင်းသဘင် အဆောက်အအုံကြီးဟာ ရဲတိုက်ကြီးနဲ့ မတူဘူးလား။
ထုထည်ကြီးတွေက
လည်းကောင်း၊ ကြည့်စမ်း ဟိုနေရာမှ သူရဲခိုထားဖို့ မကောင်းဘူးလား"
"ကိုယ်ကတော့ သေတ္တာကြီးမှောက်ထားတာနဲ့ တူတယ်လို့ အောက်မေ့တယ်။
ဘယ်လိုဟာကြီးမှန်းလည်း မသိဘူး၊
မလှလိုက်တာကွာ"
ဘွဲ့နှင်းသဘင်တိုက်ကြီးကို လွန်လာကြသည်။ ကမ်းနဖူးရောက်အောင် လျှောက်ပြီး
ဘယ်ဘက်ချိုးကြသည်။
သာယာလှသည့် အင်းလျားကန်၏ စိမ်းလဲ့သော ရေပြင်တွင် လှိုင်းလုံးကလေးတွေက
ခပ်ရွရွလိမ့်နေကြသည်။
ဝင်ခါနီးဖြစ်နေသော နေသည် အရှေ့ဘက်ကျွန်းနှင့် ကျွန်းဆွယ်ကလေးများပေါ်ရှိ သစ်ပင်များ
ကိုဝါလဲ့လဲ့ကရောင်ခြည်များဖြင့် ခြုံလွှမ်းပေးနေရာ ဖက်ဖူးရောင်ကလေး
တောက်၍နေလေသည်။
နေရောင်ခြည်ဝါလဲ့လဲ့ ဆွတ်ဖျန်းထားသော အပျော်စီးရွက်လှေကလေးများ သည်
စိမ်းလဲ့သောရေပြင်ပေါ်ဝယ်
ဟိုမှသည်မှ ရွက်တိုက်နေကြရာ ပန်းခြုံပေါ်လိပ်ပြာဝဲနေသည်နှင့် တူတော့၏။
ပတ်ဝန်းကျင်တစ်ခုလုံးကို

အုပ်မိုးနေသော အပြာကား အစက်အပြောက် တစ်ခုမှမရှိ၊ ပကတိကြည်လင်သန့်ရှင်းနေပေ၏။
ကျွန်တော့်မျက်စိအေးမြလာသည်။ ကျွန်တော့်ခေါင်းကြည်လင်လာသည်။ ကျွန်တော့်ဇက်ပေါ့လာသည်။
အင်းလျားသည် ကျွန်တော့်နွမ်းနယ်မောပန်းမှုကို ချိုပြုံးနေသော
လှိုင်းလုံးကလေးများအောက်သို့ရောက်အောင်
နှစ်ပစ်လိုက်ပေပြီ။ ကျွန်တော်တို့သည် တရားသောအလုပ်၌ ချွေးထွက်ခဲ့ကြရ၏။
အင်းလျားလေပြည်ကလေးသည်
ကျွန်တော်တို့၏ ချွေးကို သုတ်ပေးနေပေပြီ။
ကိုအေးငွေနှင့် ကျွန်တော်တို့သည် ကန်ပေါင်ရိုးမြက်ခင်းပေါ်မှာ ခြေဆင်းထိုင်ကြကာ
လေညှင်းနှင့်အတူအင်းလျား၏ အလှကို အားရပါးရ ရှုရှိုက်နေကြ လေသည်။
တစ်ယောက်တစ်ယောက် စကားပင်မပြောနိုင်ကြ။
ထိုအခိုက် ရှိစ်ဘင့်တိုက်ကြီးဘက်မှ ကျွန်တော်တို့ဆီသို့ တောက်ပတင့်တယ်စွာ
ဝတ်ဆင်ခြယ်မွမ်းထားသော
မိန်းမတစ်စုနှင့် ယောကျာ်းတစ်ယောက်သည် လျှောက်လာနေသည်ကို မြင်ရလေသည်။
နီးလာရင်း နီးလာရင်း
ကြည့်ရင်းကြည့်ရင်း ကျွန်တော်သိသော ပုံသဏ္ဌာန်များသည် ပေါ်လာ၏။ ဝင်နီဖေတို့
တစ်သိုက်ပါကလား။
ဒေါ်ငွေးကြည်၊ ဝင်နီ၊ သူ့ညီမစီ၊ သူတို့မောင်ကလေး။ ပြီးတော့ ဟိုလူက ဘယ်သူပါလိမ့်၊
ရုပ်ကချောချော
ဂိုက်ကကောင်းကောင်း၊ ဆံပင်ဖြီးထားလိုက်တာကလည်း ဇာတ်လိုက်မင်းသားတောင်
သည်လောက် မသေသပ်နိုင်။
“ဟော့ အေးငွေရေ ဟိုကလာနေတာတွေ ကိုယ့်အသိတွေကွ၊ မင်းနဲ့မိတ်ဆက်ပေးရဦးမယ်”
“ဘယ်ကဟာတွေလဲကွ၊ ကိုယ်မသိချင်ပါဘူး။ မင်းထသွားပြီး နှုတ်ဆက်လိုက်ပါ။ ကိုယ်ဒီမှာပဲ
ထိုင်ရစ်ခဲ့မယ်”
ကျွန်တော်ထသွားပြီး ဒေါ်ငွေးကြည်တို့ရှေ့မှ ဆီးရပ်လိုက်လေသည်။
“ဘယ့်နှယ် ဒေါ်ဒေါ်တို့နေကောင်းကြလား၊ ဝင်နီကော မေစီကော နေကောင်းကြရဲ့လား”
ဒေါ်ငွေးကြည်ကား အံ့ဩသောမျက်နှာနှင့် ဝမ်းသာသောအပြုံးတို့ကို တစ်လှည့်စီပြပြီးနောက်
တစ်ပြိုင်နက်တည်း
စုပေါင်းပြကာ“
အမယ်လေး မောင်တင်ထွန်း၊ ဒေါ်ဒေါ်တို့ဖြင့် တွေ့ချင်လိုက်တာ။ ပြောစမ်း ပြောစမ်း၊
ဘာဖြစ်လို့
ဒီလောက်ကြာအောင် အိမ်မလာသလဲ”
ဝင်နီ၊ မေစီနှင့် ‘ဟိုဆရာ’ကသာ ကျွန်တော့်အား ဝိုင်းကြည့်နေကြသည်။ သူတို့
မောင်ကလေးက ရေကန်ထဲခဲပစ်၍

ကစားနေလေသည်။
“ကျွန်တော်လည်း လုံးလုံးမအားဘူး ဒေါ်ဒေါ်ရယ်။ ရေနံမြေက သပိတ်တပ်ကြီး ချီတက်လာပြီး အစိုးရက
ပိတ်ပင်တားဆီးတာတွေ၊ လယ်သမားနှစ်သောင်းကျော် ရန်ကုန်ချီတက်ကြမယ်လို့ ပြင်ဆင်နေကြတာတွေ
ကျွန်တော်တို့ ကျောင်းသားခေါင်း ဆောင်တွေကို ဘမော်အစိုးရ ဖမ်းတာတွေကြောင့်”
ဒေါ်ငွေကြည်က သမီးများနှင့် ‘ဟိုဆရာ’ဘက်လှည့်ပြီး ပညာရှိပြုံး ပြုံးပြလိုက် လေသည်။
“ဒီနေ့ညနေဆိုရင် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေက ကန့်ကွက်ပွဲအစည်းအဝေးကြီး လုပ်မယ်လို့”
ဝင်နီဖေ(ခေါ်)ခင်သိန်းဝင်းက ‘ဟိုဆရာ’ကိုကြည့်ပြီး ပြုံးလိုက်ရာ ‘ဟိုဆရာ’က ‘သိပါတယ် ဝင်နီရာ’ဟူသော
အပြုံးမျိုးဖြင့် တုံ့ပြန်လိုက်လေသည်။ ကျွန်တော်တို့၏ အရေးတော်ပုံကို သရော်ပြုံး ပြုံးလိုက်ကြခြင်းဖြစ်သည်ဟု
ကျွန်တော်ထင်မိပေသည်။
“နေပါဦး မောင်တင်ထွန်းရဲ့၊ ရေနံမြေသပိတ်တပ်ကြီးက ရန်ကုန်ကို ဘာလို့လာချင်ကြတာတုံး၊ ဒေါ်ဒေါ်ဖြင့်
မောင်တင်ထွန်း အပြစ်တင်ရင်လည်း ခံရမှာပဲ၊ သက်သက်ဆူအောင် သူတို့လုပ်နေကြတာ ထင်ပါရဲ့ကွယ်”
ကျွန်တော်သည် ဝင်နီနှင့် ဟိုဆရာ ၏အပြုံးကို အောင့်ခံနိုင်သေး၏။ ဒေါ်ဒေါ်၏ အမေးကို မခံမရပ်နိုင်ဖြစ်လာသည်။ ထို့ကြောင့် ဒေါသံမောသံဖြင့်–
“ဟာ ပြောမှပြောပလေ ဒေါ်ဒေါ်ရယ်၊ ဘယ်မှာ ဒီလိုဟုတ်မလဲ၊ ဓနရှင်တွေက ဆူအောင်ပူအောင်လုပ်လို့ ဆူရတာ”
ကျွန်တော်က သခင်တရားဟောနေစဉ် ‘ဟိုဆရာ’နှင့်ဝင်နီတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားတီးတိုးပြောနေကြလေသည်။
“အိတ်စ်ကျူးစ်”(ခွင့်လွှတ်ပါ)ဆိုသော စကားပြော၍ ‘ဟိုဆရာ’နှင့်အတူ ရှေ့လျှောက်သွားကြလေ၏။ ကျွန်တော်ကား
ဝင်နီဖေနှင့် ချစ်ရေးကြိုက်ရေးကို ဇက်ဆွဲထားရန်ဆုံးဖြတ်ပြီးပြီဖြစ်သော်လည်း ဤကဲ့သို့အခြားယောကျာ်းပျိုတစ်ယောက် နှင့် တွဲခုတ်သွားသည်ကို ကိုယ့်ရှေ့မှာ မြင်ပြန်ရသောအခါ ရန်ဆွတာ
အခံရခက်သလို မခံချိ မခံသာဖြစ်နေလေ၏။ သူတို့စုံတွဲ ထွက်သွားသည်ကို မျက်စောင်းထိုး၍
ကြည့်လိုက်မိပေသည်။ ဒေါ်ဒေါ်၏အမေးကိုလည်း မဖြေမိ။ အမှန်က ဒေါ်ဒေါ်မေးလိုက်သောမေးခွန်းကိုပင်
မေ့သွားသည်ထင်၏။ ဒေါ်ငွေကြည်သည် ကျွန်တော်အခြေပျက်သွားသည်ကို ချက်ချင်းရိပ်မိဟန်ရှိပေသည်။

'ဟိုဆရာ'နှင့် ထွက်သွားသော သူ့သမီးအား နောက်မှနေ၍ မဲ့ရွဲ့ကြည့်ပြီးနောက် တစ်စုံတစ်ရာ ပြောရန်
ကျွန်တော့်အနား တိုးလာသည်။ သမီးငယ်အား မကြားစေလိုသော ဟန်ဖြင့် 'ဒက်'ခနဲ လှမ်းကြည့်လိုက်သည်။
မေစီသည် ရေထဲခဲပစ်နေသော သူ့မောင်ကလေးထံ သို့ လိုက်သွားလေ၏။
"ဒီမှာ မောင်တင်ထွန်း၊ ဒေါ်ဒေါ့်တူကို ပြောရဦးမယ်။ တစ်အိမ်လုံးမှာ မောင်တင်ထွန်းဘက်သားဟာ ဒေါ်ဒေါ်ပဲနော်
သိရဲ့လား။ ဒါကြောင့် ဒေါ်ဒေါ်ပြောတာ နားထောင်နော်။ ဝင်နီကပြောနေတယ်၊ မောင်တင်ထွန်းခုလိုနိုင်ငံရေးတွေ
လုပ်နေတာမကြိုက်ဘူးတဲ့ နိုင်ငံရေးမလုပ်ပါနဲ့ လားကွယ်"
ကျွန်တော်ကား ထောင်းခနဲဒေါပွလာသည်။
"သူမကြိုက်တာ ဘယ်တတ်နိုင်ပါ့မလဲ ဒေါ်ဒေါ်၊ နိုင်ငံရေးတော့ မလုပ်ဘဲမနေနိုင်ဘူး၊ သူလည်း သူကြိုက်တာလုပ်၊
ကျွန်တော်လည်း ကျွန်တော်ကြိုက်တာ လုပ်မှာပေါ့"
သို့ကလိုပြောပြီး ကျွန်တော်၏ဒေါသရောင်လက်နေသော မျက်လုံးများသည် ဝင်နီတို့စုံတွဲနောက်သို့
လိုက်နေလေသည်။ ဒေါ်ငွေးကြည်သည် ကျွန်တော့်ထံမှ ဤမျှဘုကျသော စကားများကို ကြားရန်
မျှော်လင့်ခဲ့ဟန်မတူ။ သို့သော် ဒေါ်ငွေးကြည်ကား လူမှုရေး၌ ကျွမ်းသည်ဖြစ်၍ ဆက်မပြောခြင်းက
ကောင်းလိမ့်မည် ဟု နားလည်လိုက်ဟန်ရှိ၏။ ၄င်းပြင် စကားပြောင်းစေရန်ပေလော၊ သို့မဟုတ်
ကျွန်တော့်တွင်မနာလိုစိတ် ပွားလာအောင် ဆွပေးလို၍ပေလော မသိနိုင်။
"ဩော် ဒေါ်ဒေါ်မေ့သွားတယ်၊ ခုနင်ကပါလာတဲ့ ဒေါ်ဒေါ်တို့မိတ်ဆွေနဲ့ မောင်တင်ထွန်းကို မိတ်ဆက်မပေးလိုက်ရဘူး။ ခုနင်က သူငယ်ကလေးက မောင်အောင်စိုးတဲ့၊
အမြတ်တော်ကြေးဝန်ထောက်လုပ်နေတယ်။ ဒေါ်ဒေါ်တို့နဲ့ အင်မတန်ခင်မင်ကြတယ်။ ဝင်နီ တို့ကိုရုပ်ရှင်ကြည့်ဖို့လာခေါ်နေတာ၊ ခြောက်နာခွဲရင် သွားကြမယ်လို့တဲ့"
ဒေါ်ငွေးကြည်ကား ဤကိစ္စမျိုးတွင် နှာကျောနေပေသည်။ ဘယ်အကြောင်းကို လွှတ်ပြီး ဘယ်အကြောင်းကို
ဖိနှိပ်လိုက်မည်ကိုသိ၏။ ကျွန်တော့်နိုင်ငံရေးကို ကန့်ကွက် ချက်ပြုနေလျှင် ကျွန်တော့်ခုခံငြင်းဆန်ချက်တို့သည်
စပရိန်တွန်းကန်သလို ပေါ်လာပေလိမ့်မည်။ ယခု မောင်အောင်စိုးတည်းဟူသော ပြိုင်ဘက်တစ်ယောက်ကို ပြပြီး
ကျွန်တော့်အား တံဖျာနှင့်တို့ပေးလိုက်သောအခါ ကျွန်တော်သည် လှည်းကျိုးကြီးကိုအတင်း

ရှန်းဆွဲလိုစိတ်ပင်ပေါ်လာပေသည်။ အမြွတ်တော်ကြေး ဝန်ထောက်က
အနိုင်ယူသွားတော့မှာလေလားဟု စိုးရိမ်ပြီး
စစ်ရှုံးသူလို ခေါင်းငိုက်စိုက် ပင်ချနေမိလေသည်။
"ကဲ မောင်တင်ထွန်း၊ ဒေါ်ဒေါ်တို့သွားမယ်နော်၊ အိမ်ကိုလာလည်ဦး။
ဘယ်လောက်အလုပ်များများ
တစ်ခါတစ်ခါတော့ လာဦးမှပေါ့ကွဲ့"
ကျွန်တော်က အရှက်ပြေ ပြုံးသလို ပြုံးပြီး–
"လာမှာပေါ့ဒေါ်ဒေါ် ဟုတ်တယ် ရေနံမြေသပိတ်တပ်အတွက် ရန်ပုံငွေတောင်
လာအလှူခံဦးမယ် ဟဲ ဟဲ"
ဒေါ်ငွေးကြည်တို့ထွက်သွားကြသောအခါ ကျွန်တော်သည် ကိုအေးငွေ၏ ဘေးမှာ
ပစ်ထိုင်သည်။
နေမင်းသည်ရောင်ခြည်များကို ရုပ်သိမ်းနေလေပြီ။ လေပြည်ကလေးကား ရေပြင်မျက်နှာကို
ရုပ်တိုက်ကစားလျက်ရှိသေးသည်။ ကိုအေးငွေက ကျွန်တော့်အား စပ်ဖြဲဖြဲနှင့် ကြည့်လိုက်ပြီး–
"ဘယ်လို အဆက်တွေလဲကွာ"
"တို့နိုင်ငံရေးမှာ အနှောင့်အယှက်တွေပါကွ"ဟု ကျွန်တော်က ချုသံပါအောင် ညည်းလိုက်၏။
"ရှင်းစမ်းပါဦး"
"ဟိုငနဲ့နဲ့ တွဲသွားတဲ့ သူငယ်မပေါ့ကွ၊ ကိုယ့်အဆက်"
"ဟင် ဖြစ်မှဖြစ်ရလေကွာ၊ မင်းအဆက်က သူများနဲ့တွဲသွားတယ် ဟုတ်လား"
"အေး ကိုပြောပြမယ် နားထောင်၊ အဆက်ဆိုပေမယ့် အထုံးမဟုတ်သေးဘူးကွ၊
ကွင်းလျှောချည်ထားတဲ့ အဆက်။
သူ့အမေက ခုနင်ကပြောတယ်၊ နိုင်ငံရေးလုပ်တာ သူ့သမီးကမကြိုက်ဘူးတဲ့။
ဒီတော့ကိုယ်ကသူမကြိုက်လည်း
မတတ်နိုင်ဘူး။ နိုင်ငံရေးကိုတော့ ဘယ်သူမကြိုက်ကြိုက်လုပ်မှာပဲကွာ။
အဖေအမေကန့်ကွက်တာတောင်မှ
နားမထောင်ပဲဟာ။ သူတို့ကန့်ကွက်တာ နားထောင်ရမှာလား"
"ဟုတ်တယ် မင်းကိုငါထောင်ခံတယ်။ ဒါဖြင့် မင်းငနဲမကို ကွင်းလျှောဖြုတ်ပြီး
အဆက်ဖြတ်လိုက်ရုံပေါ့ကွ"
"ဖြတ်တယ် ဖြတ်တယ်။ နိုင်ငံရေးနဲ့ပတ်သက်လာရင် ဘယ်အနှောင်အဖွဲ့ ဘယ်သံယောဇဉ်မှ
အငြိမခံဘူး"
"ကဲ ထသွားကြစို့၊ အစည်းအဝေးမတိုင်ခင် တစ်နာရီကျော်ကျော် အချိန်ရသေးတယ်။
ကိုယ့်အခန်းလိုက်ရေချိုးဦးကွာ၊ ထမင်းလည်း စားတာပေါ့"
ကျွန်တော်တို့နှစ်ယောက်သည် စကားမပြောကြတော့ဘဲ ငြိမ်သက်စွာလျှောက်
လာကြလေသည်။ ကျွန်တော်ကား
လန်းဆတ်လာသည်သာမက ပျော်မြူးလျက်လည်း ရှိပေသည်။ ကိုယ့်ကိုယ်ကိုယ်
ကျေနပ်လျက် လည်းရှိပေ၏။

ကျွန်တော်ကား အရေးတော်ပုံကြီးအတွက် ရည်းစားကိုပင် စွန့်လွှတ်သည်ဟု
ပြောပဝံ့စားနိုင်သည် မဟုတ်ပါလော။
“အရေးတော်ပုံအောင်ပါစေ”
“သခင်မျိုးဟေ့ တို့ဗမာ”
“နိုင်ငံချဲ့အစိုးရ ပျက်စီးပါစေ”
တက္ကသိုလ်သမဂ္ဂအစည်းအဝေးခန်းမကြီးကား တက်ကြွလှုပ်ရှားသော ကျောင်းသား
ကျောင်းသူများဖြင့်
ပြည့်ညပ်နေလေ၏။ များစွာသော ကျောင်းသားများမှာ ထိုင်စရာ ကုလားထိုင်မရကြသဖြင့်
ပြတင်းပေါက်များပေါ်တက် ထိုင်သူထိုင် ၊ တံခါးဝများတွင် ပြုံရပ်သူရပ်၊ ခန်းမကြီးပြင်ဘက်
ကပြင်၊ အဖီ၊
အဆွယ်စသည်များတွင်နေသူနေ။
ဧည့်သည်များအဖြစ်ဖြင့် ဝတ်လုံတော်ရ ဦးကျော်မြင့်၊ သခင်နု၊ သခင်လှဖေ၊ တက်ဘုန်းကြီး
ကိုသိန်းဖေစသော
ပုဂ္ဂိုလ်များအပြင် ဗဟိုမာမက အဖွဲ့မှ သံဃာတော် အချို့လည်း တက်ရောက်ကြသေး၏။
တက္ကသိုလ်သမဂ္ဂဒုတိယဥက္ကဋ္ဌ ကိုလှရွှေက အစည်းအဝေးသဘာပတိအဖြစ်ဖြင့် လည်းကောင်း၊
အတွင်းရေးမှူးကိုအေးကျော်က အစည်းအဝေးအခမ်းအနားမှူးအဖြစ် ဖြင့် လည်းကောင်း
ဆောင်ရွက်လေသည်။
အစည်းအဝေးမစမီ သဘာပတိ၏ ဖိတ်ခေါ်ခွင့်ပြုချက်အရ ဝတ်လုံတော်ရ ဦးကျော်မြင့်နှင့်
တက်ဘုန်းကြီးကိုသိန်းဖေတို့က ပြည်သူ့လွတ်လပ်ရေး ချုပ်ချယ်မှု အကြောင်းကို
ဟောပြောကြလေသည်။
ဦးကျော်မြင့်သည် တရားသူကြီးအဖြစ်မှထွက်ပြီး နိုင်ငံရေးသို့ဝင်ခဲ့ပုံ၊ အိန္ဒိယပြည်မှ
ဗမာပြည်ခွဲမထွက်ခင်
အိန္ဒိယဗဟိုဥပဒေပြုလွှတ်တော်၌ အမတ်အဖြစ် ဆောင်ရွက်ခဲ့ပုံ၊ ဒေါက်တာဘမော်လုပ်ပုံတွေ
မကြိုက်၍
ဒီးဒုတ်ဦးဘချိုနှင့် အတူခွဲထွက်ပြီး တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ကြပုံ၊
၁၉၃၆ကျောင်းသားများ
သပိတ်၌အားတက်သရော ဝင်ရောက်ကူညီခဲ့ပုံများကို ကျွန်တော်တို့ ကြားဖူးနေကြပေသည်။
သူ့လိုပုဂ္ဂိုလ်တစ်ဦး
ကျွန်တော်တို့ကျောင်းသားများအရေးတွင် ခုလိုပါဝင်ကူညီလာခြင်းကြောင့် ကျွန်တော်တို့
အားတက်ကြပေသည်။
ကျွန်တော်သည် ဦးကျော်မြင့် တရားဟောပြီးနောက် သဘာပတိ၏ဘယ်ဘက် ဘေးခုံများတွင်
ထိုင်နေသောကျောင်းသူများကို လှမ်းကြည့်လိုက်သည်။ မမြင့်ဦး မတွေ့ရ။
မကျေနပ်သေးသဖြင့်
ထပ်ကြည့်သေးသည်။ မမြင့်ဦးမရောက်လာချေ။ ကျွန်တော်က အထူးတလည် စာတစ်တန်
ပေတစ်တန်ရေး၍

ဖိတ်ခဲ့၏။ ဘာ့ကြောင့် မလာသနည်း။ မမြင့်ဦးအပေါ်မှာ မကျေမချမ်းဖြစ်နေမိလေသည်။
၎င်းနောက် တက်ဘုန်းကြီး ကိုသိန်းဖေဟောလေသည်။
သူက ကျောင်းသားများသည် တောသူ တောင်သား လယ်သမားအလုပ်သမားများနှင့်
မည်ကဲ့သို့
အကျိုးဆက်သွယ်နေသည်ကို ပြောလိုကြောင်းဖြင့် အစချီသည်။ ပညာရေးစနစ် ညံ့ဖျင်းသဖြင့်
ပညာတတ်အလုပ်လက်မဲ့ များ ပေါ်နေရပုံကို ရှင်းပြသည်။ ထိုပညာရေးစနစ်ကို
ဖန်တီးပေးသူ
ဗြိတိသျှမနေရှင်စနစ်ကြောင့်ပင် အလုပ်သမားနှင့်တောင်သူလယ်သမားတို့
ဆင်းရဲကျပ်တည်းရပုံကို စာရင်းအင်းနှင့်
ဖော်ပြသည်။ ကျောင်းသား၊ အလုပ်သမား၊ တောင်သူလယ်သမားတို့ ဘဝလွတ်မြောက်ရေး၏
ရန်သူမှာဗြိတိသျှမနေရှင်စနစ်ဖြစ်ကြောင်း ဖော်ပြရလေသည်။
ထို့နောက် ကိုလှရွှေက သဘာဝပတိမိန့်ခွန်းကို ပြောလေသည်။ ယခင်က ကိုလှရွှေ
စင်မြင့်ပေါ်မှပြောဟောသည်ကို
ကျွန်တော်မကြားဖူးပါ။ သိပ်လည်း စင်မြင့်ပေါ်မှာ အပြောအဟောမရှိလှပါ။ ယခုပြောသည်ကို
ကြားရသောအခါ
အံ့သြခြင်းပင်ဖြစ်မိ၏။ အသံအောင်၍ ဒေါပါလှသည်။ စကားလုံးများကလည်း ပြောင်လှ၏။
ကျောင်းသားများသည် ကိုလှရွှေအား ထောက်ခံသြဘာပေးကြရာ သိမ့်သိမ့်တုန်သွားပေသည်။
အစည်းအဝေးအပြီးတွင် ကျောင်းသားများသည် တော်တော်နှင့် လူစုမခွဲကြ။ ဟိုတစ်စု
သည်တစ်စု ကြွေးကြော်သံ
ဟစ်လိုဟစ် ဆွေးနွေးလိုဆွေးနွေး လုပ်နေကြသည်။ အချို့က ဆိုင်ရာမိမိတို့ကျောင်းဆောင်သို့
အစုလိုက်ပြန်ရင်း
ကြွေးကြော်သံအော်ကြလေသည်။
အစည်းအဝေးထက်လာသော ကျောင်းသူများတွင် မလှသန်းဆိုသူ ဥပစာကျောင်းသူကလေးမှာ
မမြင့်ဦးနှင့်
ကျွန်တော်တို့၏ နှစ်ဦးသိမိတ်ဆွေ ကလေးဖြစ်ပေသည်။ ကျောင်းသူများသည် ပြန်ကြရန်
လေ့ကားပေါက်ဝအားသည့်တိုင် စောင့်နေကြစဉ် မလှသန်းသည် ကျွန်တော့်ထံလာ၍
စာတစ်စောင်ကိုပေးလေသည်။
စာအိတ်ကိုဖောက်လိုက်သောအခါ ငွေ၅ကျပ်လည်းပါလာ၏။
ထွန်းကလေး
အစည်းအဝေးမတက်နိုင်တာခွင့်လွှတ်ပါ။ စာဖတ်စရာတွေက မနိုင်နိုင်အောင် များနေလို့ပါ။
လူကိုယ်တိုင်
တက်တက်ကြွကြွ မပါနိုင်ပေမယ့် စိတ်ရှိပါတယ်။ ဒီကိစ္စအတွက် ရန်ပုံငွေ
၅ကျပ်ထည့်လိုက်ပါတယ်။
မြင့်ကြီး

လုံးလုံးအစည်းအဝေးမတက်သည်နှင့်စာသော် ဤစာဖြင့် အလှူငွေ၅ကျပ်သည်
တော်ပါသေး၏။ ကျွန်တော့်စိတ်
အနည်းငယ် သက်သာရာရပါ၏။ သို့ရာတွင် ဒီလို အခါမျိုး၌ပင် စာကြောင့်ဆိုပြီး
မလာဘဲနေခြင်းကို
ကျွန်တော်သဘောမကျနိုင်ပေ။ မမြင့်ဦးသည် ကျွန်တော်တို့မျှော်လင့်သလို
စွန့်စားမည့်သူမဟုတ်ဟု ယူဆလိုက်
လေသည်။ ။

၂၅
ဗိုလ်အောင်ကျော် ဆုံးလေပြီ
ထိုနေ့ညတွင် ရန်ကုန်မြို့ကြီးသည် ခြောက်သွေ့နေလေသည်။
ရန်ကုန်မြို့သူမြို့သားများသည် မလှုံ့ဆော် မစည်းရုံးရဘဲ သူတို့ဘာသာ ဆန္ဒပြကြ၏။
ဈေးဆိုင်များကိုပိတ်ကြ၏။
"ကျောင်းသားတို့သွေး မြေသို့ကျကုန်ပြီ"
"ကျောင်းသားတွေသာမက ကျောင်းသူကလေးတွေကိုပါ ပုလိပ်ကရိုက်သတဲ့"
"တချို့ဒဏ်ရာရသူတွေမှာ သေလုမြောပါး ဖြစ်နေသတဲ့"
"ကုလားနဲ့အင်္ဂလိပ်စစ်ပုလိပ်တွေက ကျောင်းသား၊ ကျောင်းသူတွေအပေါ်
ဖိနပ်နဲ့တက်နင်းသတဲ့"
ထိုကဲ့သို့သော စကားများသည် တောမီးလောင်သလို ပျံ့နှံ့လျက်ရှိလေသည်။
ပြည်သူလူထု၏ ဒေါသမီးသည်
တဟုန်းဟုန်းတောက်လောင် လာလေ၏။
"ဟယ်–မတရားတဲ့ အင်္ဂလိပ်နယ်ချဲ့"
"ဟယ်–ဆိုးရွားတဲ့နယ်ချဲ့"
"ဟယ်–ယုတ်မာတဲ့ ညွန့်ပေါင်းအစိုးရ"
သို့ကလို ရွတ်ချရုံဖြင့် မကျေနပ်သေး။
ပြည်သူတို့သည် လက်လှမ်းမီရာ မျက်ဝါးထင်ထင် မြင်နိုင်ရာ အင်္ဂလိပ်နယ်ချဲ့တို့၏
အဆောက်အအုံများကို
သူတို့၏ ဒေါသမီးတွင် လောင်မြိုက်စေ လိုကြသည်။ လက်လှမ်းမီရာ
မျက်ဝါးထင်ထင်မြင်ရာ
အစိုးရ၏အဆောက်အအုံများကို ဖြိုဖျက်လိုကြသည်။
ပုဇွန်တောင်၊ ရေကျော်နှင့် ကြည့်မြင်တိုင်ရပ်ကွက်များတွင် အာရ်အီးတီ
မီးလုံးများကိုရိုက်ခွဲကြ၏။
တကယ်ထိရောက်တာ မထိရောက်တာအပထား၍ သူတို့စိတ်တွင်တော့ အင်္ဂလိပ်နယ်ချဲ့ကို
ရိုက်ခွဲပြလိုက်ခြင်းမဟုတ်ပါလော။ ကြက်တန်းတွင် အာရ်အီးတီ ထရော်လီဘတ်စ်ကားများကို
ဖျက်ဆီးပစ်ကြ၏။
တကယ်ထိရောက်တာမရောက်တာ အပထား၍ သူတို့စိတ်မှာတော့ အင်္ဂလိပ်နယ်ချဲ့ စနစ်ကို

ဖျက်ဆီးခြင်းမဟုတ်ပါလော။
စပတ်လမ်းတွင် လမ်းသလားကာ ပြည်သူတွေကြောက်အောင်ဟု အင်အားပြနေသော စစ်ပုလိပ်တပ်များကို
ပြည်သူလူထုက ခဲများပုလင်းများနှင့် ပေါက်ကြ၏။ တကယ်ထိရောက်တာ မထိရောက်တာ အပထား၍
သူတို့စိတ်ထဲမှာ တော့ ဖိနှိပ်ချုပ်ချယ်သော နယ်ချဲ့ညွှန့်ပေါင်းအစိုးရကို တိုက်ခိုက်ကြောင်း၊ ကြေညာလိုက်ခြင်းမဟုတ်ပါလော။
လူထုသည် ဒဏ်ရာရသူ ဖိနှိပ်ခံရသူများဘက်က ကရုဏာသက်ကြောင်း၊ ဝမ်းနည်းကြောင်းနှင့် အင်္ဂလိပ်ခနရှင်နှင့်
ညွှန့်ပေါင်းအစိုးရတို့အား ကန့်ကွက်ရှုတ်ချ ကြောင်းများကို နည်းအမျိုးမျိုးဖြင့် ဆန္ဒပြကြသည်။
ဈေးဆိုင်များကိုပိတ်ကြ၏။ ကီလီလမ်းနှင့် ထီးတန်းရှိ ဗမာသစ်ဆိုင်များသည် ဆိုင်များကိုပိတ်ကြရုံမက
ဒေါင်းလံများကို တစ်ဝက်ထူကြသည်။ ဘတ်စ်ကားများ၊ လန်ချားများနှင့် မြင်းလှည်းများကလည်း
အလုပ်ရပ်စဲလိုက်ကြသည်။ တစ်ခုတည်းသော ဗမာပိုင်သွင် စီနီမာရုံသစ်ကြီးကိုလည်း ပိတ်လိုက်သည်။
အင်းစိန်ထောင်တွင် သခင်လေးမောင် အစရှိသော နိုင်ငံရေး အကျဉ်းသမားများက အစာမစားဘဲနေပြီး
ဆန္ဒပြကြလေသည်။
သာယာဝတီအမတ်ဖြစ်သူ သခင်မြနှင့် ပခုက္ကူအမတ် သခင်အံ့ကြီးတို့ကလည်း အမတ်အဖြစ်မှနုတ်ထွက်ကာ
အင်္ဂလိပ်ခနရှင်နှင့် ညွှန့်ပေါင်းတို့၏ အပြုအမူကို ကန့်ကွက်လိုက်လေသည်။ မြို့မကျောင်းအုပ်ကြီး
ဦးဘလွင်ကလည်း ဆီးနိတ်(အထက်လွှတ်တော်) ဒုတိယဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ အမတ်အဖြစ်မှ
လည်းကောင်းနုတ်ထွက်ပြီး အစိုးရကပေးထားသည့် ကေအိုင်အိပ်ချ်ဘွဲ့ကို ပြန်အပ်လိုက်လေသည်။
မအူပင်အမတ်ဦးဖေမောင်နှင့် နတ်တလင်းအမတ် ဦးမောင်မောင်တို့သည် ညွှန့်ပေါင်းအဖွဲ့မှနုတ်ထွက်လေသည်။
များစွာသော ကျေးရွာလူကြီးမြူနီစပယ်အဖွဲ့ဝင်လူကြီးတို့သည် ရာထူးမှထွက်ကြလေသည်။
သံဃာတော်အများအပြားက ဆွမ်းမစားဘဲနေကာ ဆန္ဒပြကြသည်။ သာသနာ့ ဝေပုလ္လ
သံဃာအဖွဲ့ကအစည်းအဝေးကြီးကျင်းပပြီး နှစ်စဉ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ဝမ်းနည်းခြင်း
အထိမ်းအမှတ်ကျင်းပရန် ဆုံးဖြတ်ကြလေသည်။

ကြည့်မြင်တိုင် တစ်နေရာတွင်ကား ပိုစတာကြီးတစ်ခုကိုထောင်ထား၏။ ပိုစတာတွင် ဘုရင်ခံကော့ကရိန်း၊
နန်းရင်းဝန် ဒေါက်တာဘမော်နှင့် ရန်ကုန်အရေးပိုင် ဦးဖိုးစတို့အား ကြိုးကွင်းကြိုက်ရာနေရာ၌ ချိန်းဆိုကာ
ဓားချင်းယှဉ်ခုတ်ရန် သခင်စိန်လွင် ဆိုသူက ဖိတ်ခေါ်ထားလေသည်။
ဤကဲ့သို့သော ပြည်သူတို့၏ ကန့်ကွက်မှုကို အစိုးရတို့ကပို၍ ဖိနှိပ်ချုပ်ချယ်မှုဖြင့်တုံ့ပြန်လေသည်။
ရန်ကုန်အရေးပိုင် ဦးဖိုးစ၏ အမိန့်ဖြင့် အများပြည်သူတို့ငြိမ်းချမ်းရေးနှင့် ဥပဒေစည်းကမ်းရှိသေရေးတို့ကို
အကြောင်းပြကာ သတင်းစာတို့ကို ပိတ်လိုက်သည်။ သူရိယနှင့် ဒီးဒုတ်သတင်းစာတို့ကို အာမခံတောင်းလိုက်သည်။
အာရ်အီးအက်စ် (၂၊၅) ရန်ကုန်လတ်တလော လုံခြုံရေးဥပဒေခေါ် ဘုရင်ခံ၏ တစ်ချက်လွှတ်အာဏာဖြင့် ကြေညာထားသော ဥပဒေကိုတွင်တွင်သုံးကာ
နိုင်ငံရေးသမားများ၊ ကျောင်းသားခေါင်းဆောင်များနှင့် သတင်းစာဆရာများကို ဖမ်းလေသည်။
တက္ကသိုလ်သမဂ္ဂငွေထိန်း ကိုသိန်းအောင်နှင့် ကိုထွန်းရှိန်တို့ အဖမ်းခံကြရ၏။
လက်နက်ကိုင် စစ်ပုလိပ် ၂၀၀မျှနှင့် တက္ကသိုလ်သမဂ္ဂ အဆောက်အအုံကိုဝိုင်းပြီး သမဂ္ဂအမှုဆောင်လူကြီး ကိုစိုးမောင်ကို ဖမ်းသွားလေသည်။
ကိုလှရွှေအား လိုက်ဖမ်းရာ ကိုလှရွှေသည် ရှောင်တိမ်းထွက်သွားပြီး ပုန်းနေရလေသည်။
လူငယ်ပိုင်းသတင်းစာဆရာများသည် အထူးတိုးတက်လျက်ရှိကာ အစည်းအဝေးခေါ်ပြီး ဖိနှိပ်ချုပ်ချယ်မှုကို
တိုက်ဖျက်နေသည့် တို့ဗမာအစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ကြလေသည်။
ရေနံမြေသပိတ်တပ်ကြီးကို သွားရောက်ကူညီရန် ဗိုလ်စာရင်းသွင်းသူက သွင်းလေသည်။ ၎င်းတို့အနက်
ကိုကိုလေးသည် အာရ်အီးအက်စ် ဥပဒေနှင့် အဖမ်းခံရ၏။
သို့သော် အခြေအနေကား ဖိလေကြွလေဖြစ်နေပေ၏။
ရန်ကုန်မှာဖိလျှင် နယ်ကကြွသည်။ နယ်မှာဖိသည်ဆိုလျှင် ရန်ကုန်ကကြွသည်။
ဟိုမြို့က ကန့်ကွက်၊ သည်မြို့က ဆန္ဒပြ၊ ဟိုမြို့က အာဏာဖီဆန်၊ သည်မြို့က သပိတ်မှောက်
အရေးတော်ပုံလှိုင်းဂယက်သည် အချို့တောရွာများသို့ပင် ရိုက်ခတ်လေသည်။
တကယ့်တစ်မျိုးသားလုံး
အရေးတော်ပုံကြီးပေတည်း။
အမျိုးသားရေးအတွက် လှုပ်ကြတန်းကြသည်မှာလည်း ဘာသာရေးစိတ်အားထက်သန်မှုထက် သာလျှင် သာမည်၊
မလျော့။

သပိတ်မှောက်ကျောင်းသားများ စားဖို့ ထမင်းထုပ်ကောက်ကြရာ
စမ်းချောင်းရပ်ကွက်တစ်ခုတည်းမှ ထမင်းထုပ်
၃၀၀၀ ရရှိလေသည်။
ကျွန်တော်တို့သည် မြို့ထဲထွက်၍ တစ်အိမ်တက်ဆင်း ရန်ပုံငွေကောက်ခံကြ သည်။
သေ့ခတ်ထားသောပုံးစိမ်းကလေးများပေါ်တွင် 'ကျောင်းသားများ၏ အာဏာဖီဆန်ရေး
ရန်ပုံငွေ'ဟုရေးထားလေသည်။ ခဲရာခဲဆစ်ဘာမျှမပြောရ။ အထွေအထူး တရားဟောမနေရ။
ပုံးကိုကိုင်၍
အိမ်ရှေ့မှာသွားရပ်လျှင် အိမ်ရှင်သည် အပြေးအလွှားလာ၍
တက်နိုင်သလောက်ထည့်လိုက်သည်။ ဈေးမှာဆိုလျှင်
ဆိုင်ရှေ့သွားရပ်၍ ပုံးကိုထိုးခံရုံသာရှိသည်။ ဆိုင်ကလေး ဆိုင်ကြီးရှင်တို့သည်
အဆင်သင့်မူးစေ့၊ မတ်စေ့၊
ငါးမူးစေ့၊ ကျပ်ပြားငွေစက္ကူများ ကိုင်စောင့်နေကြသည်။ ကျွန်တော်တို့သည်
ဈေးဝယ်တို့ထံမှလည်း အလှူခံကြ၏။
လမ်းသွားလမ်းလာများထံမှ ဆီး၍လည်းအလှူခံသည်။ ဒီဇင်ဘာလ ၂၂ရက်လား၊ ၂၃ရက်လား
ကျွန်တော်မမှတ်မိ။
တစ်ရက်တည်း ကျွန်တော်တို့လူစုထွက်ကောက်ရုံဖြင့် ငွေ ၃၀၀၀ကျော်ရလေရာ
ကျွန်တော်တို့ပင်
အံ့အားသင့်နေကြလေသည်။
ပြည်သူတို့၏ စေတနာ သဒ္ဓါတရားကား ထက်သန်လှပေစွ။ ပြည်သူတို့၏ ထောက်ခံမှုကား
ကြီးမားလှပေစွ။
ကိုအောင်ကျော်တစ်ယောက်မသက်သာ၊ အခြေအနေဆိုး၍သာ လာသည်ဟု သိကြရသဖြင့်
ကျွန်တော်တို့အားလုံး
များစွာစိုးရိမ်နေကြသည်။ ကျွန်တော်သည် ကိုလှရွှေအားမေးကြည့်၏။
ဦးနှောက်ကိုထိခိုက်သွားသဖြင့်
ဉာဏ်မှုဆိုးသွားသည်ဟု ဆို၏။ ကိုအောင်ကျော် ပက်လက်ကလေးလဲ၍ ခံစားနေရသော
တက္ကသိုလ်
ဆင်နီတိုရီယံသို့ပြေးသွား၍ကြည့်မိ၏။ ကိုအောင်ကျော်ကား လုံးဝသတိမရ။ ကျွန်တော့်မှာ
ရင်တဖိုဖိုနှင့်
ငေးကြည့်ပြီးသာပြန်ခဲ့ရသည်။ ဘာမျှလည်း မတတ်နိုင်၊ နှစ်သိမ့်အားပေးစကားမျှ
ပြောလို့မရ။
ကျွန်တော်သည် ကျောင်းသားများအရေး၊ ကျောင်းသားများတိုက်ပွဲတွင်သာ နစ်မြုပ်၍
အလုပ်လုပ်နေသော်လည်း
ရန်ကုန်မြို့သို့ဦးတည်၍ ချီတက်လာသော ရေနံမြေသပိတ်တပ်ကြီးကိုကား မေ့မသွားပါ။
ရေနံသပိတ်တပ်ကြီးသည်

အနောင့်အယှက် အမျိုးမျိုးကို ကျော်နင်းကာ ချီတက်လာနေရာ နတ်တလင်းမြို့သို့ပင် ရောက်လာပြီ။
သခင်ကိုယ်တော်မှိုင်းခေါင်းဆောင်သော လူကြီးတစ်စုသည် နတ်တလင်းမြို့သို့သွားလျက် ရေနံသပိတ်တပ်ကြီးကို
ကြိုဆိုကြသည်။ အမျိုးမျိုးပိတ်ပင်တားဆီးခဲ့သော အစိုးရလည်း လက်လျှော့လိုက်ဟန်တူလေပြီ။
မင်္ဂလာဒုံစစ်တပ်ကို အမိန့်မရဘဲ ဖြတ်သန်းသွားလာခြင်းမပြုရဟု ဘုရင်ခံက တားမြစ်ထားရာ ရေနံသပိတ်တပ်ကြီး
ဖြတ်သန်းခွင့် တောင်းကြလေသည်။ ဘုရင်ခံသည် ဖြတ်သန်းခွင့်ပေးလိုက်ရပေ၏။ ဘုရင်ခံကော့ကရိန်းသည်
ပြည်သူတို့၏ အင်အားကိုလေးစားရပေပြီ။
လယ်သမားတပ်ကြီးများကလည်း သာယာဝတီ၊ ပဲခူး၊ သထုံတို့မှသာမက မအူပင်မှလည်း လယ်သမား
၂၀၀၀တပ်ကြီးတစ်ခု ချီတက်လာမည်ဟု သိရလေသည်။
ကျွန်တော်တို့ကား အဖက်ဖက်မှအားတက်နေကြပေ၏။
ကမာရွတ်ဘူတာရုံလမ်းနှင့် အင်းစိန်လမ်းထောင့်နားတွင် ဝင်းခြံကျယ်ကျယ်နှင့် အိမ်ကြီးတစ်လုံးရှိလေသည်။
ဝင်းခြံတွင်းမှာ ပင်စောက်ကြီးများ အုပ်နေပြီး ပန်းပင် သီးပင်ကလေးများကို ပြုပြင်ထားခြင်းမရှိသဖြင့်
လည်းကောင်း၊ အိမ်ကြီးမှာ ဟောင်းမြင်းသဖြင့် လည်းကောင်း ပေါ်လွင်ထင်ရှားခြင်းမရှိ ဖြစ်နေလေသည်။
ထိုအိမ်မှာ ကိုလှရွှေရှောင်တိမ်းပုန်းအောင်းနေသော အိမ်ဖြစ်ပေ၏။
ကိုလှရွှေအားဖမ်းရန် ပုလိပ်များက ဝရမ်းထုတ်ထားသည်။ ကိုလှရွှေကား အစည်းအဝေးရှိလျှင် တက်၍ဟောပြောသည်။ နောက်လူထုကြားထဲမှ ပျောက်ကွယ်သွားပြီး ထိုအိမ်ကြီးတွင် ဘွားခနဲရောက်သွားတတ်သည်။ ကိုလှရွှေ ပုန်းရှောင်နည်းမှာ လုံလည်းလုံခြုံ၏။ အလုပ်လည်းမပျက်။
ကျွန်တော့်မှာ အခြားတာဝန်များအပြင် ပုန်းရှောင်နေသော ကိုလှရွှေနှင့် အခြားသမဂ္ဂခေါင်းဆောင်များကြားတွင်
အဆက်လည်း လုပ်ရလေသည်။
ထို့ကြောင့် ကျွန်တော်သည် ကိုလှရွှေပုန်းရှောင်နေသော ထိုအိမ်ကြီးသို့ ရောက်ရလေသည်။
ကိုလှရွှေက ကျွန်တော်ရောက်သွားသွားချင်း–
“ဒီမှာ ဘဦးပြောတဲ့စကား ဖတ်ပြီးပြီလား”
“သတင်းစာများဗျာ လုံးစေ့ပတ်စေ့ကို မဖတ်ရပါဘူး၊ လှန်ကြည့်ရုံသာ ကြည့်နိုင်တော့တယ်”
“ဖတ်ကြည့်စမ်းပါဦး”

"မြို့သူမြို့သားများသည် မိမိတို့ရထိုက်သည့် အခွင့်အရေးထက် ပိုမိုကျူးကျော် လာခဲ့ကြပြီး မြို့ရွာငြိမ်သက်ရေးကို
ထိခိုက်လာသည့်အခါ ကျွန်ုပ်တို့သည် နိုင်နင်းစွာ ဖိနှိပ်ကြရမည်။ ကျွန်ုပ်တို့သည် ကျောင်းသားများ၏
အာဏာဖီဆန်ရေးကိစ္စကို နိုင်နင်းစွာ နှိမ်နင်းအုပ်ချုပ်နိုင်ပြီးဖြစ်၍ ရှေ့အဖို့တွင် ဘာမျှဘေးဥပဒ်မရှိတော့ကြောင်း"
ကျွန်တော့်မှာဖတ်ရင်းဒေါသထွက်လာပြီး–
"ဒါကြောင့်လည်း ဝန်ကြီးပေါက်စ ဘဦး အို့ အို့လို့ လူတွေက ခေါ်ကြတာပဲ၊ ဝန်ကြီးဖြစ်တာ မကြာသေးလို့ပေါ့၊
ကြာရင်ဘယ်လောက်ကဲမလဲ မသိဘူးဗျာ"
"ဟေ့ မောင်ရင်၊ ဒါထက်အရေးကြီးတာက အောက်နားကစကား၊ သူက တို့တစ်တွေခုလို ဆူပူလှုပ်ရှားနေကြတာဟာ အတိုက်အခံနိုင်ငံရေးသမားတွေ၊ ဂျွန်မောင်စောတို့တစ်တွေ မြှောက်ပေးလို့ပါတဲ့၊
တို့ကိုများ သူငယ်နှပ်စားပြော တာဟာ တို့ရဲ့ အရေးတော်ပုံကို သိမ်ဖျင်းသွားအောင် လုပ်တာပဲ၊ တို့ကို
သခင်တွေရှို့ပေးလို့ ထလောင်တယ်လို့ပြောရင် ခံသာသေးတယ်"
"ဟုတ်တယ်၊ ဂျွန်မောင်စော မြှောက်ပေးလို့ လုပ်တယ်ဆိုတာကတော့ ကျုပ်တို့ကို စော်ကားတာပဲ ကိုလှရွှေရဲ့။
ဂျွန်ဆိုတဲ့လူက လိုက်ပြီးကြွားချင်ကြွားနေ မှာ၊ ကျွန်တော်တို့က သူ့တပည့်ပါလို့"
"အင်း အဲဒါလည်း ဖြစ်နိုင်တယ်၊ ဂျွန်မောင်စောကတော့ စတိပြ အာဏာဖီဆန်ရေးလုပ်တယ်၊ ထောင်ကျခံပြီး
နာမည်ကောင်းယူမယ်၊ ပြီးတော့ ဗြိတိသျှနယ်ချဲ့သမားရဲ့ ခံတပ်ကြီး အုတ်များပြိုကျလေရာ ကျောက်နှင့်ဝင်တည်မယ့်လူ၊ တို့ကိုငြမ်းလုပ်ပြီး ဘမော်ကိုဖြုတ်ချပြီးတော့
ဘမော်နေရာတက်ယူ၊
ဒါပဲသူ့ရည်ရွယ်ချက်"
"ဒီညွန့်ပေါင်းအစိုးရကို တိုက်တဲ့နေရာမှာ ဒီလိုလူမျိုးတွေနဲ့
ပခုံးချင်းယှဉ်မိလျက်သားဖြစ်ရတာ စိတ်သနသဗျာ"
"အေးလေ သနစရာပဲ၊ သို့ပေမယ့် ဘယ်တတ်နိုင်မလဲ၊ ဂရုစိုက်ပြီးကြည့်လုပ်ရမှာပဲ၊ သူက တို့ဆီကိုလာပြီး သူ့ကို
လိုရာခိုင်းဖို့ပြောတယ်၊ ကိုယ်ကခင်ဗျား တို့ဗမာအစည်းအရုံးသွားပြီး သခင်တွေနှင့် ပူးပေါင်းလုပ်ပါဗျာလို့
ပြောလိုက်ရတယ်။ မောင်မင်းကြီးသား ကောင်းရာမွန်ရာရောက်ပါစေလို့သာ ဆုတောင်းရတာပဲ ဟား ဟား"
ကိုလှရွှေက ရယ်ကောင်းကောင်းနှင့် အားရပါးရရယ်နေစဉ်ပင် ကျွန်တော်က–
"သူကသခင်ခေါင်းဆောင်တွေဆီ မသွားဘဲနဲ့ ကျွန်တော်တို့ဆီကိုလာတာ ဘာကြောင့်လဲဗျ"

"သခင်ခေါင်းဆောင်တွေကိုတော့ နုပ်လို့မရဘူး၊ ကိုယ်တို့ကိုတော့ နုပ်လို့ရမယ် မှတ်လို့ပေါ့၊ ပြီးတော့တို့ကျောင်းသားတွေကို တိုင်းပြည်က မေတ္တာထားမှန်းသိတော့ ဆင်ဖြူတော်မှီ ကြံစုပ်ရအောင်
လုပ်တာပေါ့လေ။ ကိုယ်တို့က သူ့ကိုသခင်တွေဆီ သွားလုပ်ပါလို့ညွှန်းလိုက်တာဟာ အဖက်ဖက်ကကောင်းတယ်၊
သူရှိးသားရင်လည်း ကျောင်းသားအလုပ်သမား လယ်သမားအရေးတွေမှာ တကယ့်စေတနာနဲ့ ဆောင်ရွက်ချင်ရင်လည်း တို့ဗမာအစည်းအရုံးနဲ့ သူပေါင်းမှာပေါ့၊ ပြီးတော့ တိုင်းပြည်မှာလည်း
ကိုယ်တို့ကျောင်းသားတွေဟာ နိုင်ငံရေးကစားပွဲမှာ မပါဘူးဆိုတာ ထင်ရှားစေမယ်"
"ဒီကိစ္စနဲ့ပတ်သက်ပြီး ကြေညာချက်ထုတ်ပါလားဗျာ၊ ဂဠုန်မောင်စောက မြှောက်ပေးလို့ လုပ်တယ်ဆိုတဲ့ အစိုးရရဲ့
စွပ်စွဲချက်လည်းပျောက်သွားအောင် ဦးစောလည်း ကောင်းရာမွန်ရာ ရောက်ချင်ရောက်သွားအောင်"
"အင်း ကိုယ်လည်းဒီလိုပဲ စိတ်ကူးမိတာပဲ"
"ဒါဖြင့် ခုရေးဗျာ"
ကိုလှရွှေက ကြေညာချက်ကိုရေးနေစဉ် ကျွန်တော်သည် သတင်းစာကိုဖတ်၏။ သို့သော် သတင်းစာတွင်ကြာကြာစိတ်မဝင်စားဘဲ ကိုလှရွှေရေးနေသော ကြေညာချက်တွင်သာ စိတ်ဝင်စားနေသဖြင့်
လှမ်းကြည့်လိုက်သည်။
'..... မည်သည့်နိုင်ငံရေးပါတီများ၏ ပယောဂများကြောင့်မျှ မဟုတ်ကြောင်း။ ဦးစောက ကျွန်တော်တို့အား သူ့ကိုခိုင်းလိုရာခိုင်းဖို့ လာရောက်ပြောဆိုသော် လည်း သခင်အစည်းအရုံးနှင့်သာတိုင်ပင်၍ ဆောင်ရွက်ရန် ပြောကြားလိုက်၏။'
သို့ကလိုကိုလှရွှေကရေး၍ ကျွန်တော်ကလှမ်းဖတ်နေစဉ် ဖြုန်းခနဲလူတစ်ယောက် ရောက်လာလေသည်။
ထိုသူကားကျွန်တော်မသိ။ အသားဖြူဖြူ ပိန်ပိန်ပါးပါး ခပ်ရှည်ရှည်ဖြစ်လေသည်။ သူသည် လှေကားပေါက်ဝကပင်–
"ဟေ့ ကိုလှရွှေ"ဟု ခေါ်ပြီး အမြန်ဝင်လာသည်။ သူ့မျက်နှာကား မကြည်လင်လှချေ။
"ဘာလဲဗျို့ အိမ်ပြောင်းရဦးမလား"
"ဒါမှမဟုတ်ပါဘူး၊ မပြောင်းရပါဘူး၊ ကျောင်းကလာပြီး သတင်းပေးလို့"
"ဆိုစမ်းပါဦး ဘာသတင်းလဲ"
"မောင်အောင်ကျော်ဆိုတဲ့ ကျောင်းသားသေသွားပြီတဲ့"
ကျွန်တော့်ရင်ကား ဒိတ်ခနဲခုန်သွားပြီး ဟာသွားသည်။ နောက်ဖိုလှိုက်လာ သည်။ ကိုလှရွှေကား ဖောင်တိန်ကို တရုတ်စုတ်တံကိုင်သလို ကိုင်ကာစက္ကူပေါ်မှာ တရုတ်စုတ်တံဆွဲသလို ဆွဲနေပြီး
အတန်ကြာငိုင်နေသည်။ နောက်မှ မျက်နှာမော့ပြီး–

"အင်း ရဲဘော်ကောင်းတစ်ယောက်ဆုံးသွားပေါ့၊ ထင်တော့ထင်သားပဲ
ဦးနောက်ခွဲအက်သွားတယ်ဆိုတော့"
ကိုလှရွှေသည် မျက်နှာကိုငုံ့ပြီးတွေးနေပြန်သည်။ ကျွန်တော့်မှာ ကိုအောင်ကျော်၏
စိတ်အားထက်သန်၍ခိုင်မာဆောက်တည်သော မျက်နှာကို မြင်နေလေသည်။ ထိုမျက်နှာသည်
ခဏအတွင်း
ပြောင်းသွား၏ နောက်ဆုံးဆေးရုံတွင် မြင်ခဲ့ရသည့် ဝေဒနာခံစားနေရသော မျက်နှာ။
ကိုလှရွှေက ထိုင်ရာမှထပြီး–
"ကဲသွားကြစို့"
သတင်းပေးလာသော မိတ်ဆွေက–
"ဘယ်ကိုလဲ"
"အလောင်းရှိရာကိုပေါ့ဗျ"
"သွားလို့ဖြစ်ပါ့မလား၊ မင်းကိုပုလိပ်ကဖမ်းသွားမှဖြင့်"
"အလစ်ဝင်ရမှာပေါ့ဗျာ၊ ဖမ်းလည်းဘယ်တတ်နိုင်မလဲလေ၊ ကဲ–လာ သွားကြပါစို့"
"မင်းတို့ပဲသွားကြကွာ၊ ငါဒီမှာပဲနေရစ်ဦးမယ်"
ကျွန်တော်တို့နှစ်ယောက်သည် ကိုအောင်ကျော်၏ အလောင်းရှိရာသို့ သွားကြလေသည်။
ကိုအောင်ကျော်သေခြင်းသည် တစ်ဆင့်တစ်ဆင့် ကြီးကျယ်လာသော အရေးတော်ပုံ
အင်အားပြပွဲကြီးများကို
ဖြစ်စေလေသည်။
ယခင်က ကျွန်တော်တို့သည် ကျောင်းများကို သပိတ်မှောက်ရန် မညှန်ကြားသေး။
ကျောင်းတက်ရင်းပင်နယ်ချဲ့အစိုးရ ဆန့်ကျင်ရေးတိုက်ပွဲများကို ဆင်နွှဲသွားကြမည် ဟု
သဘောပိုက်ထားကြလေသည်။ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ကျောင်းသားတို့သွေး
မြေသို့ကျသောအခါမှ–
ရဲဘော်တို့
ငါတို့၏တရားသော လိုလားချက်များကို အကြမ်းမဖက်ဘဲ စည်းစနစ်ကျနစွာ
ငါတို့တောင်းဆိုခဲ့ရာ
ငါတို့တောင်းဆိုသည်ကိုမပေး၊ အစိုးရသည် ငါတို့ကျောင်းသား ကျောင်းသူ ၂၀၀ကျော်ကို
ဒဏ်ရာပြင်းထန်စွာရအောင် မြင်းနှင့်တိုက်ခြင်း၊ တုတ်နှင့်ရိုက်ခြင်း၊ ဖမ်းဆီးခြင်းစသော
အမှုတို့ဖြင့်
စော်ကားရန်မူခဲ့သည်ကို ကန့်ကွက်သောအားဖြင့် ဗမာတစ်ပြည်လုံးရှိ ကျောင်းဟူသမျှကို
သပိတ်မှောက်ကြရန်
ငါတို့ဆင့်ဆိုလိုက်သည်။ ငါတို့က အမိန့်မထုတ်မချင်း သပိတ်များကိုမလှန်ရ။
ရွာကြိုရွာကြား
ရပ်ကြိုရပ်ကြားရှိသေးငယ်သော မြန်မာစာသင်ကျောင်းကလေးများပါ မကျန်
အစိုးရ၏အထောက်အပံ့ကို

တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ယူနေသော ကျောင်းဟူသမျှပါ
သပိတ်မှောက်ရမည်
ဖြစ်ကြောင်း။
လှရွှေ
မြန်မာပြည်လုံးဆိုင်ရာ
ကျောင်းသားများသမဂ္ဂအသင်း
ဒုတိယဥက္ကဋ္ဌ
၂၁-၁၂-၃၈
ယခုကိုအောင်ကျော် ကွယ်လွန်ခြင်းသည် အထက်ပါ ကိုလှရွှေ၏ ညွှန်ကြားချက်ကို
ဖြည့်စွက်ပေးလိုက်သည်နှင့်
တူတော့၏။ တစ်ပြည်လုံးရှိကျောင်း ဟူသမျှ ရှာသိမ်ရှာငယ် မြန်မာစာသင်ကျောင်းကလေးများ
ပါမကျန်
သပိတ်မှောက်၍ ဆန္ဒပြကြလေသည်။
ကိုအောင်ကျော်၏အလောင်းကို ဆေးရုံကြီးရင်ခွဲရုံမှ တက္ကသိုလ်သမဂ္ဂအဆောက်အအုံ
သို့ရွှေ့ပြောင်းသည့်အခမ်းအနားမှာလည်း ဆန္ဒပြပွဲကြီးတစ်ခုသဖွယ် ဖြစ်လာလေသည်။
လူထုပရိသတ်ကြီးသည် အလောင်းကိုစောင့်မျှော်နေဆဲ လူထုထဲမှာရှိနေသော ရန်ကုန်စီရင်စု
တို့ဗမာအစည်းအရုံး
အတွင်းအရေးမှူး သခင်စံထွန်းလှကို ပုလိပ်တို့က အာရ်အီးအက်စ် ဥပဒေဖြင့်
ဖမ်းလိုက်သောအခါ လူထုသည်
ဝိုင်းလုရန် ဟန်ပြင်ကြလေသည်။ သခင်စံထွန်းလှကိုယ်တိုင်က တားထားပြီး-
"အရေးကြီးတာ ပြီးအောင်လုပ်ကြပါ၊ လယ်သမားနဲ့ ရေနံသပိတ်တပ် ကြီးများကိုသာ
ရန်ကုန်အရောက်ချီတက်အောင် လုပ်ကြပါ"စသည့် စကားများပါသော
သဝဏ်လွှာကိုရေးထားခဲ့လေသည်။
ကိုအောင်ကျော်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်ဖြင့် တစ်ပြည်လုံး တွင်
အစည်းအဝေးလုပ်ကြ၏။
အလံထက်ဝက်တင်ကြ၏။ ချီးကျူးပြီး ဘွဲ့ထူးအမျိုးမျိုး ပေးကြ၏။ ကိုအောင်ကျော်သည်
ဗိုလ်အောင်ကျော်ဖြစ်သွားလေပြီ။
ဗိုလ်အောင်ကျော်၏ ဈာပနသို့ ရန်ကုန်မှ လူထုအသင်းအဖွဲ့များသာမက သန်လျင်၊
လှည်းကူးစသော နီးစပ်ရာ
ဒေသများမှလည်း အသင်းအဖွဲ့နှင့်လာရန် ဆုံးဖြတ်ကြလေသည်။
ကျွန်တော့်အဖို့ ဤမျှများပြားသော လူထုပရိသတ်ကို မမြင်ဖူးသေးပါ။ တက္ကသိုလ်သမဂ္ဂ
အဆောက်အအုံရှေ့မှ
ဘွဲ့နှင်းသဘင် အဆောင်ကြီးထိ၊ ထိုမှ ပြည်လမ်းထိ၊ ပြည်လမ်းမှကြံတောသင်းချိုင်းအထိ
လူထုအဆက်မပြတ်
ကြိတ်ကြိတ်တိုး စည်ကားနေလေသည်။

အင်္ဂလိပ်ဓနရှင်နှင့် ညွန့်ပေါင်းအစိုးရတို့အား မျက်လုံးပြူးသွားစေသော
လူထုပရိသတ်ကြီးပေတည်း။
ဗိုလ်အောင်ကျော်၏ ဈာပနာတွင် ကိုလှရွှေသည် ရှေ့ဆောင်၍ပို့၏။ ပုလိပ်များသည်
ကိုလှရွှေကိုမြင်ကြ၏။
သို့သော်မဖမ်းရဲချေ။ ဤမျှသာမကသေး၊ ကြံတောသင်းချိုင်းသို့ ရောက်သောအခါ
ကိုလှရွှေသည်
ဈာပနမိန့်ခွန်းပြော၏။ ပုလိပ်များကား ဖမ်းဝရမ်းကို ဆုပ်ကိုင်၍ ကြည့်၍သာနေရသည်။
နားထောင်၍သာ
နေရသည်။ ဘာမျှမလုပ်ရဲ။
ကိုလှရွှေ၏ ဗိုလ်အောင်ကျော် ဈာပနမိန့်ခွန်းကို ကျွန်တော်တစ်သက်လုံးမေ့ မည်မထင်ပါ။
ထိုနေ့ကရောက်ရှိသူ
ပရိသတ်တို့လည်း ဘယ်တော့မျှ မေ့နိုင်ကြမည် မထင်ပါ။
"ဟယ်-ဓနရှင် အင်္ဂလိပ်"
"ဟယ်-ညွန့်ပေါင်း ဘမော်အစိုးရ"
စသည်ဖြင့် တရားခံများအား ခေါ်လိုက်ပုံမှာ တစ်မျိုးလုံး တစ်ပြည်လုံး၏ ဒေါသသံကို
တိကျစွာ
ပဲ့တင်လိုက်သလိုရှိပေ၏။
ဓနရှင်အင်္ဂလိပ်နှင့် ညွန့်ပေါင်းအစိုးရအား အပြောင်လက်ဆုံးသော စကားများဖြင့်
ရှုတ်ချသည်။
အထိရောက်ဆုံးအပိုင်ဆုံးသော အကြောင်းများဖြင့် ဖော်ထုတ်သည်။ တစ်မျိုးလုံး
တစ်ပြည်လုံးသည် ကျဆုံးသော
ဗိုလ်အောင်ကျော်ကို အလံသဖွယ် လွှင့်ထူ၍ လွတ်လပ်ရေးတိုက်ပွဲ
ဆက်လက်ဆင်နွှဲကြရန်လှုံ့ဆော်လေ သည်။
မသာပို့သူများထဲတွင် ဗိုလ်အောင်ကျော်နှင့်အတူ ပုလိပ်အရိုက်ခံရသော
ကျောင်းသူကျောင်းသားအချို့လည်း
ပါလေသည်။ အချို့မှာ ပတ်တီးစည်းကိုပင် မဖြုတ်ရသေးချေ။
မခင်သစ်ကား ပတ်တီးဖြုတ်ထားလေပြီ။ လုံးဝ ဒဏ်ရာပျောက်ကင်းသွားလေ ဟန်ရှိ၏။
သူ့ကို ကျွန်တော်က
မြင်သော်လည်း သူကကျွန်တော့်အား မြင်ဟန်မရှိ။ ကျွန်တော်ကလည်း သွား၍နှုတ်မဆက်ပေ။
မမြင့်ဦးနှင့်တကွသော တက္ကသိုလ်ကျောင်းသူတစ်စုလည်း မသာပို့လိုက် ကြသည်။
မမြင့်ဦးကားယောဂီရောင်
ပိုးတွန့်လုံချည်ကို ဝတ်ထားသည်။ အင်္ကျီမှာ တော့ ပဒုမ္မာ မပါးမထူသာဖြစ်၏။
ကျွန်တော်က သူ့ကိုမြင်၍ သူက
ကျွန်တော့်အား မြင်သည်။ မမြင့်ဦးသည် ကျွန်တော့်အား ခဏခဏကြည့်ရှုမက ရစ်သီ
ရစ်သီလုပ်နေသဖြင့်

ကျွန်တော်နှင့် စကားပြောလိုကြောင်း သိနိုင်ပေသည်။ ကျွန်တော်က
သူ့အနားကပ်သွားသည်ဆိုလျှင်ပင်ဆီး၍–
“ကိုတင်ထွန်း မနက်ဖြန်ညနေ နည်းနည်းအားမယ်လား”
ကျွန်တော်သည် ခေါင်းကုတ်၍ စဉ်းစားလိုက်သည်။ ကျွန်တော့်ခေါင်းသည်
ဟာလာဟင်းလင်းဖြစ်သည်ဟုလည်းဆိုနိုင်သည်။ ပြည့်ညပ်နေသည်ဟုလည်းဆိုနိုင် သည်။
ဤလိုပြင်းထန်သော
လှုပ်ရှားမှု လှိုင်းတံပိုးများပေါ်ဝယ် လေလှော်သလို လုပ်နေရသော အချိန်တွင် အလုပ်မများဘဲ နေပါမည်လော။
သို့သော် အလုပ်များ လွန်း သဖြင့် စက်ခုတ်သလိုဖြစ်နေလေပြီ။ သူ့အရှိန်နှင့်သူ
လှုပ်ရှားနေလေပြီ။
အလုပ်များသလား၊ နည်းသလားပင် မစဉ်းစားမိနိုင်တော့ပြီ။
ကျွန်တော့်မှာ ခေါင်းကုတ်ကာ စဉ်းစားရင်း ဘာမျှမဖြေသေးဘဲ နေမိရာ မမြင့်ဦးကပင်–
“မအားလည်းနေပါစေတော့လေ”
“အားပါတယ်၊ ဘာလုပ်မလို့လဲ”
“ရုပ်ရှင်သွားကြည့်မလားလို့၊ ကိုတင်ထွန်းသိပ်ပင်ပန်းနေတယ်၊ ဒီတော့ ခဏ အအားယူပြီး စိတ်ပြေလက်ပျောက်
ရုပ်ရှင်သွားကြည့်ရင် ကောင်းမယ်ထင်လို့မေးတာ”
ပြင်းထန်သော လှိုင်းတံပိုးပေါ်တွင် လေလှော်သူသည်ပင် ဆေးလိပ်မီးညှိ၍
သောက်သေးသည်။ မဟုတ်ပါလော။
မမြင့်ဦး၏ အကြံပေးချက်ကို ကျွန်တော်များစွာ သဘောကျသွားပေသည်။
အလုပ်နှင့်အနားယူမှုသည်
ဆက်နေသည်။ အလုပ်လုပ် သလောက် အနားယူရာမှာ ဇိမ်ရှိသည်။
နိုင်ငံရေးဆူပူလှုပ်ရှားမှုကြားမှ တစ်ခါတစ်ရံ
ရုပ်ရှင်သွားကြည့်ရခြင်းသည် ကျွန်တော်တို့အဖို့ အကောင်းဆုံးဇိမ်တစ်ခု ဖြစ်နေလေ ပြီ။
“ကောင်းသားပဲ နက်ဖြန်ညနေလာခေါ်မယ်”
“ထမင်းမစားခဲ့နဲ့နော် မြို့ထဲကျမှစားကြမယ်”
စာအုပ်မှာကို ၂၅ ကနေ ၂၇ကို ကျော်သွားပါတယ် စာမကျော်ပါ
၂၇
ယုံကြည်အားထားရသူ မမြင့်ဦး
ဈေးဆိုင်များ၊ ရုပ်ရှင်ရုံများပြန်ဖွင့်ကြလေပြီ။
အာရ်အီးတီလည်း ထရော်လီများ၊ ဘတ်စ်ကားများကို ရုပ်သိမ်းထားရာမှ ပြန်လွှတ်စပြုလေပြီ။
သို့သော် ကျွန်တော်တို့သည် အာရ်အီးတီ ဘတ်စ်ကားများကို မစီးရဲကြသေး။
လူထုဒေါသအရှိန်သည်
မကုန်သေးသဖြင့် ဆီး၍ခဲနှင့်ပေါက်တတ်သေးသည်။

ကျွန်တော်သည် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားပါသည်။ မမြဦးနှင့်အတူ သွားလာတိုင်းဒီကိစ္စကို
ဂရုစိုက်ရသည်။ မမြင့်ဦးသည် ကျွန်တော့်အား တောက်ပပြောင်လက်စွာ ပိုးဖဲတွေကို ဝတ်ဆင်ရမည်ဟု မတောင်းဆို၊
သို့သော် သန့်သန့်ရှင်းရှင်းနေမှကြိုက်သည်။ ဖျင်ပင်နီဝတ်ဦးတော့၊ သပ်သပ်ရပ်ရပ်ရှိမှကြိုက်သည်။
မမြင့်ဦးကိုယ်တိုင်ကလည်း တောက်ပြောင်ကြွားဝါစွာ ဝတ်ဆင်သည်မဟုတ်ပါ။
ယနေ့ မမြင့်ဦးသည် ဥပုသ်တော်ဆင် မန္တလေးလုံချည် အသစ်စက်စက် ဝတ်ထားသည်။
အဖြူစတုရန်းကွက်ကလေးများကို အနက်မျဉ်းကြောင်းလုလုကလေး များဖြင့် ဖော်ပေးထားသော
အဆင်ဖြစ်လေသည်။ ပိတ်အင်္ကျီသက်သက်သာဆိုလျှင် တစ်ကိုယ်လုံးအဖြူလွှမ်းညပီး
အကြည့်ရဆိုးသွားပေလိမ့်မည်။ သို့သော် ပိတ်အင်္ကျီအပေါ်မှာ မီးခိုးရောင်နုနု ရင်ကွဲဆွယ်တာကို လွှမ်းထားပေရာ
အောက်ကလုံချည်ဆင်နှင့် အလွန်ပင် အဆင်ပြေနေလေသည်။ သူ့အသားကလေးကလည်း ညိုစိမ့်စိမ့်။
ကျွန်တော်သည် သွားရင်းလာရင်း မမြင့်ဦးအား တစိမ့်စိမ့်ကြည့်နေမိရာ မမြင့်ဦးက ပြုံးပြီး–
"ဘာများ သည်လောက်ကြည့်နေတာလဲ"
"အဆင်ပြေလွန်းလို့ ကြည့်နေတာ"
သူ့ပါးချိုင့်နှင့် ဝိုင်းစက်သောမျက်လုံးတို့သည် ပိုချစ်စရာကောင်းအောင် ပြုံးလာသည်။
"ဘယ်လိုအဆင်ပြေတာတုံး ဆိုစမ်းပါဦး"
"လုံချည်အဆင်ကလေးကြည့်ပါဦး၊ အဖြူရောင်ထဲမှာ အနက်မျှင်ကလေးတွေ ယှက်သန်းနေကြတယ်၊ ပြီးတော့
ပဒုမ္မာအင်္ကျီအဖြူပေါ်မှာ မီးခိုးရောင်နုနုကလေး လွှမ်းခြုံထား လိုက်တော့ အဖြူဟာ
မျက်စိစူးအောင်မဖြူနိုင်တော့ဘူးပေါ့။ ပန်းချီဆရာများအဖြူကို ပကတိအဖြူအတိုင်း ထားလေ့သိပ်မရှိဘူး။
စုတ်ကလေးကို ရေဆွတ်ပြီး ဘေးကအရောင်နဲ့ တွဲယူမှုန်းခြယ်ပေးရတယ်၊ ပြီးတော့"
"အောင်မယ် ပြီးပဲမပြီးသေးဘူးလား ဟဲ ဟဲ"
"မပြီးသေးဘူး၊ မြင့်ရဲ့အသားကလည်း ညိုစိမ့်စိမ့်မို့ သိပ်အဆင်ပြေတာပဲ"
"ညိုစိမ့်စိမ့်တွေ ဘာတွေလုပ်မနေပါနဲ့ ကိုထွန်းရယ်၊ အသားမည်းရင် မည်းတယ်လို့ ပြောပါ"
"မည်းမှ မမည်းဘဲ မည်းတယ်လို့ပြောရမှာလားမြင့်ရဲ့"
တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ကြည်နူးနေကြလေသည်။ သူက ကျွန်တော့်အား
'ကိုထွန်း'ဟုခပ်ညညုခေါ်ပြန်သည်ကို နားဝင်မချိုဘဲ မနေနိုင်ပါ။ အတန်ကြာ ဘာမျှမပြောကြဘဲ ငြိမ်နေကြသည်။
အချစ်သည်ကျွန်တော့်အားသာ ရစ်ပတ်ပွေ့ပိုက်နေသည်မဟုတ်။ မမြင့်ဦးအားလည်း ရစ်ပတ်ပွေ့ပိုက်နေသည်ဟု

ကျွန်တော်တပ်အပ်သိသည်။ သို့သော် ကျွန်တော်ကလည်း 'ချစ်'ဆိုသောစကားကို မတိုင်၊ သူကလည်း'ချစ်'ဆိုသော
စကားကိုမဖောက်။ ယနေ့ထိ ကျွန်တော်တို့ နှစ်ယောက်သည် အချစ်သစ္စာ အတိုင်အဖောက်မပြုဘဲ
နေခဲ့ကြသည်မှာ အံ့သြစရာပင်။
သို့သော်နှစ်ယောက်သား ခုလိုတစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပီတိဖြစ်ကာ ဘာစကားမျှမပြောဘဲ
ကြာရှည်နေ၍မဖြစ်။ ချစ်ပါသည်ဟု ဖွင့်မပြောလိုက်သည်ထက် ဆိုးသွားသောအဖြစ်သို့ ရောက်သွားနိုင်သည်။
ထိုသဘောကိုမမြင့်ဦးက ကောင်းစွာ ပိုက်လိုက်မိဟန်ရှိသည်။
"ဟိုနေ့က ကျောင်းသားတွေကို ရိုက်လိုက်တာဟာ နံပါတ်တုတ်ကြီးတွေ ကျိုးသွားတယ်ဆို"
မမြင့်ဦးက သို့ကလို စလိုက်သောအခါ ကျွန်တော်က ဟိုနေ့က အဖြစ်အပျက် များကို မျက်မြင်ကိုယ်တွေ့အဖြစ်ဖြင့်
အသေးစိတ်ပြောပြရလေသည်။
မမြင့်ဦးကား ခံရသူတို့အား သနား၍မဆုံး။ ရက်စက်မှုကို စုတ်သပ်၍မပြီး။ အမှန်စစ်စစ် မမြင့်ဦးအား
ကျွန်တော်တို့ အရေးတော်ပုံဘက်သို့ သနားခြင်းကသာ ပို့ဆောင်လိုက်ခြင်းဖြစ်ပေသည်။
ထိုနေ့အဖြစ်အပျက်များမှနေ၍ ဒဏ်ရာရသူများအား သွားကြည့်ပုံရောက်သွား သည်။ ကျွန်တော်သည်မမြင့်ဦးအား
မခင်သစ်အကြောင်းကို ခရေစေ့တွင်းကျစတွေ့ သည့်နေကစ၍ မနေ့က ရွာပနမှာ မြင်လိုက်ရသည်အထိ
ပြောပြနေလေပြီ။ မခင်သစ်၏ ရုပ်ပုံသဏ္ဌာန်ကိုလည်း ရေးခြယ်ပြသည်။ မခင်သစ်၏ စရိုက်အမူအရာ
အရည်အသွေးများကိုလည်း ပိုင်းခြားတင်ပြသည်။ အခါများစွာ၌ မမြင့်ဦးသည် အမကြီးက မောင်ကလေးအား
မေးမြန်းစုံစမ်းသည့်နှယ် ကျွန်တော့်အား အကြောင်းကိစ္စများကို မေးမြန်းစုံစမ်းတတ်သည်။ ကျွန်တော်ကလည်း
ဘာကလေးမဆို မမြင့်ဦးအား တိုင်ကြားပြောပြတတ်လေသည်။ ယောကျာ်းကလေး အချင်းချင်း သူငယ်ချင်းများနှင့်
ကတောက်ကဆဖြစ်သည်များကိုလည်း မမြင့်ဦးအား တိုင်ကြားတတ်၏။ ဝင်နီဖေခေါ် ခင်သန်းဝင်းတို့အကြောင်းကိုလည်း ပြောပြတတ်၏။ မမြမှီအကြောင်းကိုလည်း အစီရင်ခံပြီးဖြစ်၏။
မမြင့်ဦးကား ကျွန်တော့်လျှို့ဝှက်ချက်များ၏ မီးခံသေတ္တာသဖွယ် ဖြစ်နေပေသည်။
ကျွန်တော်တို့သည် တရုတ်တန်းမှာ စားကြသောက်ကြတော့လည်း စကားတပြောပြော၊ ရုပ်ရှင်ရုံဝင်ကြတော့လည်း

စကားတပြောပြော။
"ဟို... ရေနံမြေ သပိတ်တပ်ကြီး ဆိုတာက ဘယ်တော့ရောက်မှာလဲ"
"ခုနတ်တလင်းကထွက်လာပြီး မကြာခင် ရန်ကုန်ရောက်မှာပဲ"
"ဒီရောက်ရင် ဘာလုပ်ကြမှာလဲ"
ဒီအမေးကို မမြင့်ဦးထံမှ မကြားချင်၊ သူ့ဘာသာသူ သိပြီးသားဖြစ်နေစေချင် သည်။
သို့သော်
မမြင့်ဦးကားသူ့စာတွေမှာသာ စူးစိုက်နေခဲ့သည် မဟုတ်ပါလော။ ကျွန်တော်က
ခွင့်လွှတ်သည်။ ပြီးတော့
မောင်ကြီးက နှမကလေးအားပြောပြနေသည့်နှယ် တိုင်းရေးပြည်ရာ ကိစ္စအဖြာဖြာ
တောင်သူလယ်သမားအရေး
ပြဿနာ အဖြာဖြာတို့ကို ရှင်းလင်း ပြောပြနေလေသည်။
မမြင့်ဦးသည် ရေနံသပိတ်တပ်ကြီးကို "ဟင် အံ့သြစရာပဲနော်၊ သိပ်ဖွဲ့ကောင်းတာပဲ"ဟု
ချီးကျူးသည်။ ကျွန်တော်က
သူတို့၏နစ်နာချက်များကို စာရင်းအင်းနှင့်ပြောပြသောအခါမှာကား စိတ်ဝင်စားဟန်မရှိ
ကြားဖြတ်၍သာ
မေးလိုက်သည်။
"သူတို့ ရန်ကုန်လာပြီး ဘာလုပ်ကြမှာလဲ ကိုထွန်းရဲ့"
"မြင့်ကလည်း မသိဘူးလား၊ သူတို့တောင်းဆိုချက်တွေ တင်ပြမယ်၊ ပြီးတော့
တပြည်လုံးရှိတဲ့
စက်ရုံအလုပ်သမားတွေရဲ့ ညီလာခံကြီးကျင်းပမယ်"
"သူတို့တောင်းဆိုချက်တွေကို ဘယ်သူ့ကိုတင်ပြမှာလဲဟင်"
"ပြည်သူလူထုရှေ့မှာ တင်ပြမှာပေါ့မြင့်ရဲ့"
"အို ပြည်သူလူထုက ပေးနိုင်တာမှာမဟုတ်ဘဲ"
ကျွန်တော့်မှာ ဤအချက်ကိုလိပ်ပတ်လည်အောင်မရှင်းတတ်။ လူထုရှေ့ ဘာကြောင့်
တင်ပြရမည်လဲ။
လူထုကပေးနိုင်သော အာဏာရှင် တွေမဟုတ်။
"အစိုးရဆီကိုလည်း တင်ပြမှာပေါ့"
"တောင်သူလယ်သမားတွေကကော ဘယ်တော့ရောက်ကြမှာလဲ"
"အဲဒီ ရေနံမြေသပိတ်တပ်ကြီးနဲ့ ပြိုင်တူလောက်ဆုံရောက်မှာဘဲ"
ကျွန်တော်က တောင်သူလယ်သမားများဖြစ်အင်ကို ရှင်းပြသောအခါ မမြင့်ဦးသည်
စုတ်တသပ်သပ်နှင့်
ကရုဏာသက်နေရှာလေသည်။ သို့သော် ကျွန်တော်က တောင်သူလယ်သမားတို့၏
လယ်ယာလုပ်ငန်း၊
ဝင်ငွေထွက်ငွေ၊ သီးစားခ၊ စပါးတိုး စသည်များကို စာရင်းအင်းနှင့် ပြောသောအခါ၌မူကား
ကြာရှည်

နားမထောင်ဘဲ–
"သူတို့ရန်ကုန်ရောက်ရင် အစားအသောက် မခက်ပေဘူးလား ဘယ်သူက ညှော့ခံမှာတုံး"
ကျွန်တော့်မှာ ညှော့ခံကော်မတီအကြောင်း၊ ထမင်းထုပ်ကောက်ရသည့် အကြောင်းများကို
ပြောပြရပြန်လေသည်။
ယင်းသို့ပြောနေစဉ် မမြင့်ဦးက ကျွန်တော့်လက်ကို သူ့လက်ချောင်းကလေးများနှင့်
ခေါက်လိုက်သဖြင့်
အပြောရပ်ကာ သူဘာပြောမလဲဟု နားစွင့်လိုက်လေသည်။
"ဟိုမှာကြည့်စမ်း ဟိုမိန်းမဝတ်လာတဲ့လုံချည်"
"မြင့်အဆင်နဲ့ တထေရာတည်းပဲ"
"သူ့ဝတ်ပုံအဆင်ပြေရဲ့လား"
"မပြေဘူး၊ အပေါ်ကဆွယ်တာရောင်က အဆင်သိပ်ရင့်တယ်၊ ကြက်သွေးကြီး"
"အသားကကော ညိုစိမ့်စိမ့်ဘဲလား"
ထိုအတွင်းရုပ်ရှင်စရန် မှောင်ချလိုက်သည်။
"အသားညိုစိမ့်စိမ့် မဟုတ်ဘူး၊ အသားမည်းတယ်၊ အားလုံးအဆင်ပြေတာပဲ၊ ဒါကြောင့်
မြင့်ကိုသာအဆင်အပြေဆုံးလို့ ချီးကျူးနေတာပေါ့"
"ကဲ တော်ပါတော့ ထွန်းကလေးရယ် ရုပ်ရှင်စပါပြီ"
ရုပ်ရှင်ရုံထဲမှာရှိနေစဉ် ရှေ့ကပြနေသော ရုပ်ရှင်ကားနှင့် ဘေးမှထိုင်နေသော
မမြင့်ဦးတို့မှတစ်ပါး
ဘာမျှစိတ်မဝင်စား ဘာမျှသတိမရ။ အလုပ်သမား၊ တောင်သူ လယ်သမား၊
ကျောင်းသားအရေးတော်ပုံများကိုပင်
မေ့ပျောက်ပစ်နိုင်ပေသည်။
သို့သော် ရုပ်ရှင်ပြီး၍ အပြင်သို့ထွက်လာသည်နှင့်တစ်ပြိုင်နက် အရေးတော်ပုံ
နိမိတ်လက္ခဏာများနှင့်
ရင်ဆိုင်ကြုံတွေ့ရတော့၏။ ရုံရှေ့တွင် ခြောက်လုံးပြူးကို ကြိုးနက်ရှည်များဖြင့်
လွယ်သိုင်းထားသော
ဂေါ်ရာစာသင်များနှင့် နံပါတ်တုတ်ကြီးများ ကို ဝင့်ကိုင်လျက် ရှိကြသော
ကုလားပုလိပ်များသည်စောင့်ရှောက်နေကြသည်။ သူတို့ကို မြင်လိုက်လျှင် မြင်လိုက်ချင်း
မမြင့်ဦးသည်
ကျွန်တော့်လက်တစ်ဖက်ကို ဆွဲထားလိုက်သည်။ သူ့မျက်နှာတွင် စိုးရိမ်သောကတို့သည်
အထင်းသားပေါ်နေ၏။
ကျွန်တော့်အားဖမ်းရန်စောင့်နေကြသလောဟု တွေးတောစိုးရိမ်ဟန်တူသည်။ သို့သော်
ဂေါ်ရာစာသင်များနှင့်
ကုလားပုလိပ်သားများသည် မည်သူတစ်ဦးတစ်ယောက်မျှ ရှာဖွေနေပုံမပေါ်။ သူတို့ဘာသာ
ရပ်နေကြပေရာ–

"ဘာမှ စိုးရိမ်စရာမရှိပါဘူးမြင့်ရယ်၊ လူတွေက ဒေါ်သူပုန်ထပြီး အာရ်အီးတီ ဓာတ်ရထားနဲ့ မီးတွေကိုဖျက်သလို
အင်္ဂလိပ်ရုပ်ရှင်ရုံတွေကို ဖျက်မယ်၊ အင်္ဂလိပ်နဲ့ အခြားလူမျိုးများကို ရိုက်မယ်၊ နှက်မယ် အထင်ရှိပြီး
အစောင့်ချထားတာနဲ့ တူပါတယ် လာသွားကြမယ်"
ဒီတော့မှ မမြင့်ဦးသည် သူဆွဲထားသော ကျွန်တော့်လက်ကို လွှတ်လိုက်လေသည်။ ပြီးတော့ စာသင်နှင့်
ပုလိပ်များအား ခပ်ရှောင်ရှောင် လုပ်ပြီး လျှောက်သွားသည်။ ကျွန်တော်က
သူ့နောက်ကလိုက်လေရသည်။
၄င်းနောက် ဘေးချင်းယှဉ်၍ လျှောက်မိကြသောအခါ မမြင့်ဦးက–
"သတင်းစာထဲမှာတွေ့လိုက်တယ်၊ အရှေ့ပိုင်းစတော့ကိတ်ထောင့်မှာရှိတဲ့ ရွှေမြို့တော် လက်ဖက်ရည်ဆိုင်ကို
လူတွေက ညဇ္ဇနာရီသာသာမှာ ခဲတွေ ပုလင်းတွေနှင့် ပေါက်ကြတယ်တဲ့၊ ဘာလို့များ ဒီလိုလုပ်ကြပါလိမ့်မလဲနော်၊
မြင့်တော့ ဒါမျိုးဟာ မျိုးချစ်လုပ်ငန်း အရေးတော်ပုံလုပ်ငန်းလို့ မထင်ဘူး"
ကျွန်တော့်မှာ ရုတ်တရက် ဖြေရန်မလွယ် ဖြစ်နေလေသည်။ အတန်ကြာ စဉ်စားပြီးမှ–
"မှန်ကန်တဲ့ မျိုးချစ်လုပ်ငန်း အရေးတော်ပုံလုပ်ငန်းတော့ မဟုတ်ဘူးပေါ့၊ သို့ပေမယ့် လူတွေကို
အရမ်းအပြစ်ဆိုလို့တော့ မဖြစ်ဘူး၊ အားလုံးက ဆိုင်တွေပိတ်ပြီး ဆန္ဒပြကြတယ်၊ တစ်ဆိုင်က မပိတ်ဘဲ
ကန့်လန့်လုပ်နေမယ်ဆိုရင် ဒေါ်သူပုန်ထပြီး လွယ်သလို အစွမ်းပြကြတာ ဖြစ်လိမ့်မယ်၊ လွန်တာကျွံတာ
ဖြစ်လိမ့်မယ်"
"ဆိုင်တွေပိတ်ပြီး ဆန္ဒပြကြတာဟာ လူတွေရဲ့စီးပွားရေး အလုပ်အကိုင်တွေကို မထိခိုက်ဘူးလား"
"ထိခိုက်တယ်၊ သို့ပေမယ့် အဲဒီလို အထိခိုက်ခံပြီး ဆန္ဒပြတယ်ဆိုတော့ ဘယ်လောက် ဆန္ဒပြင်းထန်တယ်ဆိုတာ
ပိုပြီးသိသာစေတာပေါ့ မြင့်ရဲ့"
ဘတ်စ်ကားပေါ်ရောက်ပြီး ထိုင်မိကြသည်အထိ ကိုယ့်အတွေးနှင့် ကိုယ်ငြိမ်နေ ကြလေသည်။ ကားထွက်ပြီး
တစ်အောင့်လောက်ကြာသောအခါ ကျွန်တော်က စကားစရှာ၍ ပြောလိုက်သည်။
"ဗမာရုပ်ရှင်ရုံတွေလည်း ပြန်ဖွင့်ကုန်ကြပြီ၊ ပြီးတော့ ကြည့်ချင်ပွဲတွေလည်း ပြန်ကကြပြီ၊ ပုဇွန်တောင်အိုးဘိုရာမလည်း ဆက်ကမယ်လို့ဆိုပဲ"
မမြင့်ဦးက 'ဟုတ်လား'ဟူသော ပုစ္ဆာကို အာမေဋိတ်သံဖြင့်ပြောပြီး ငြိမ်နေ ပြန်လေသည်။ အတန်ကြာအောင်

သူငြိမ်နေသလို ငြိမ်နေပြီးမှ စကားရှာ၍ ပြောရပြန်သည်။
"ဗိုလ်အောင်ကျော် ဈာပနနေ့က လူတွေကားတွေ ကြိတ်ကြိတ်တိုးနေတော့ ကိုဘသွင်ဆိုတဲ့
လူတစ်ယောက်ကားနှစ်စင်းကြားမှာ ညပ်သွားတယ်ဆိုတာ ကြားလိုက်တယ်မဟုတ်လား။
အဒီလူဟာလေ
ဆေးရုံကြီးမှာ သေသွားရှာပြီတဲ့ သိလား"
"အို ဖြစ်မှဖြစ်ရလေနော်"ဟု မမြင့်ဦးသည် ကရုဏာသက်ပြီးနောက် ငြိမ်မြဲငြိမ်
နေပြန်လေသည်။ ထို့ကြောင့်
ကျွန်တော်ကလည်း အလိုက်သိစွာပင် အပြောစခန်းရပ်၍ အတွေးနယ်ချဲ့ရလေတော့သည်။
ဗိုလ်အောင်ကျော်ဈာပနနေ့က လူစည်ကားပုံသည် မျက်စိထဲမှာရုပ်ရှင်ကားလိုပေါ်နေသည်။
စည်ကားလိုက်သည့်
လူတွေ စုံလိုက်သည့်အသင်းတွေ၊ ရသေ့များအသင်း၊ ဂျော်ကီများအသင်းတို့ပင်
ပါဝင်လေသေးသည်။ ၎င်းနောက်
ကိုအောင်ကျော်မသေလျှင် ရှေ့သူဘာဖြစ်မလဲဟု တွေးကြည့်မိပြန်သည်။ ဟိုလိုဖြစ်မည်
သည်လိုဖြစ်မည်
ဟိုဟာဖြစ်မည် သည်ဟာဖြစ်မည် စသည်ဖြင့်ထွေပြားဝိုးဝါးစွာ တွေးပြီးနောက်
ငါရှေ့ဘာဖြစ်မလဲဟု
ကိုယ့်ကိုယ်ကိုယ်မေးပြီး တစ်သီတစ်တန်းကြီး တွေးကြည့်နေပြန်လေသည်။ ထိုအခိုက်
ဘတ်စ်ကားရှေ့ပိုင်း
တစ်နေရာတွင် ချိတ်ဆွဲထားသော 'မအိုသေးတဲ့သူ အပျိုလေးနဲ့တူ' ယောဂီသွေးဆေး
ကြော်ငြာကားချပ်သို့
မျက်စိရောက်သွားလေသည်။ ကြော်ငြာတွင်ပါသော မင်းသမီးခင်ခင်ထား၏ မျက်လုံး
မျက်ခုံးနှင့် ဆံထုံးကြီး
ကိုစိုက်ကြည့်နေစဉ်–
"ထွန်းကလေး"ဟု မမြင့်ဦးက ခေါ်လိုက်သဖြင့် သူ့ဘက်လှည့်ကြည့်လိုက်ရလေသည်။
"ဘာလဲမြင့်"
"အို–တစ်ခုပြောချင်လို့၊ ခုနေမြင့်အိမ်ပြန်ရန်ကောင်းမလားလို့"
ကျွန်တော်က ရုတ်တရက်မဖြေဘဲ တွေနေစဉ် သူကပင်ဆက်လျက်–
"မြင့် ကျောင်းတော့မတက်တော့ဘူး၊ သပိတ်မှောက်နေတယ်၊ အင်းလျားမှာနေပြီး
စာဖတ်နေလို့လည်းမရဘူး၊
ပြီးတော့အဘက စာရေးလိုက်တယ်၊ အိမ်ပြန်လာခဲ့တဲ့၊ သပိတ်မှောက်မှောက် မမှောက်မှောက်
အိမ်ကိုသာ
ပြန်လာခဲ့စေ ချင်သတဲ့၊ ဒီအချိန်မျိုးမှာ သမီးကိုရန်ကုန်မှာ စိတ်ချလက်ချမထားနိုင်ဘူးတဲ့
ထွန်းကလေးလည်း
အသိသားနဲ့ မြင့်တို့က အဖေတစ်ခု သမီးတစ်ခု ဆိုတော့"

ကျွန်တော့်မှာ မမြင့်ဦးက အိမ်ပြန်လိုသည် ဆိုလိုက်သောအခါ ရင်ထဲမှာ
ဟာတာတာဖြစ်သွားသည်။ နမြောသလိုလို
ဝမ်းနည်းသလိုလို ဖြစ်သွားသည်။
"အင်းလျားမှာ မနေချင်ရင် မြို့မကျောင်းသပိတ်စခန်းကို ပြောင်းနေပါလား မြင့်ရဲ့"
"ဟင့်အင်းမနေချင်ဘူး၊ ရန်ကုန်မှာ နေချင်းနေရရင် အင်းလျားမှာပဲနေမှာပေါ့"
"ကိုယ်တော့ မြင့်အိမ်ပြန်တာမကြိုက်ဘူး၊ မြင့်မှာတိုက်ပွဲထဲရှေ့တန်းကဝင်ပြီး
သခင်မတစ်ယောက်လုပ်နိုင်တဲ့
အခြေအနေမရှိသေးပါဘူး"
"ကိုယ်တော့ မြင့်အိမ်ပြန်မှာကို ကန့်ကွက်ချင်တာပဲ"
"ကိုလှရွှေရဲ့ ကြေညာချက်ထဲမှာပါတယ်၊ သပိတ်မှောက်ကျောင်းသားများ ကိုယ့်ရပ်ကိုယ့်ရွာ
ပြန်နေနိုင်ကြတယ်တဲ့။
အဲဒီဟာကို ထွန်းကလေးက သဘောမတူဘူးလား"
မမြင့်ဦးက သူနိုင်ပေါက်ရသဖြင့် ဝင့်ဝါစွာပြုံးကာ ကျွန်တော့်အားကြည့်လိုက်သည်။
ကျွန်တော်သည်
အရှုံးပေးသဘောဖြင့် လေးတွဲ့စွာ ခေါင်းတစ်ချက်ညိတ်လိုက်ရပေတော့၏။
ဤသို့လျှင် ထိုနေ့အဖို့ ကျွန်တော်တို့နှစ်ယောက် ခွဲခွာကြလေသည်။
ထိုနေ့က မမြင့်ဦးနှင့် ခွဲခွာခါနီး ကျွန်တော်သည် အရှုံးပေးသောသဘောနှင့် လေးတွဲ့စွာ
ခေါင်းတစ်ချက်ညိတ်လိုက်ရာ နောက်နောင်တွင် ဤပုံအကြိမ်ကြိမ် ထပ်၍ညိတ်ရဦးမည်ကို
လုံးဝကြိုတင်မစဉ်းစားမိပါချေ။
ထိုနေ့က တွေ့ဆုံရခြင်းသည် မမြင့်ဦးရပ်ရွာမပြန်မီ နောက်ဆုံးတွေ့ရသောအကြိမ်
ဖြစ်လိမ့်မည်ဟုလည်း
မထင်မိပါလေ။ ။

၂၈

ကမာရွတ်မှဆွေးနွေးသံ

အောင်ပြီတဲ့ အောင်ပြီ၊ ငယ်နာမည် အောင်ကျော်တဲ့၊
ပြည်ပေါ်ဟိုတစ်လျှောက်၊ ထွန်းတောက်လို့ အောင်ပြီ။
အောင်ပြီဆိုဘာကိုလဲမေး၊ ဗမာပြည်ဟိုတစ်လျှောက်က၊
ဓနရှင်ဗိုလ်ငမျောက်တို့ ကျောက်ကန်လို့ပြေး။ ။

ကွယ်လွန်သူ ဗိုလ်အောင်ကျော်ကို အကြောင်းပြုပြီး တိုးတက်ရေး မဂ္ဂဇင်းမှာ
ကဗျာဆရာတစ်ဦးက
သို့ကလိုရေးသည်။
အင်းစိန်ထောင်တွင်းမှာ အကျဉ်းချထားခံရသော ကိုဘဟိန်း၊ ကိုဗဆွေ၊ သခင်ထိန်ဝင်း၊
သခင်စိုး၊ သခင်ဖေသိန်း၊
သခင်လေးမောင်၊ သခင်ခင်အောင် စသူတို့ကား အောက်ပါအတိုင်းရေးကြလေသည်။
အာဇာနည်ရဲဘော် အောင်ကျော်

သင်ကားဗမာပီသစွာ ဗမာလူမျိုးများအတွက် မိမိကိုယ်ပိုင် အဖိုးမဖြတ်နိုင်သော အသက်သွေးခဲကိုပင် စွန့်ပစ်ခဲ့လေပြီ။ သင့်တာဝန်ကို ကျေပွန်ခဲ့ပြီ။ သင်သည် ယောကျာ်းပီသလေစွ၊ အသက်နှင့်ကိုယ်မြဲနေသေးသော ငါတို့အတွက် မသေသေးသရွေ့ နေရမည့်ရက်များတွင် စက်တိုင်နှင့် လွတ်လပ်ရေးစခန်းတစ်ခုကို ခရီးအဆုံး စွန့်စားကာ ဗမာ့အရေးကို ဆောင်ရွက်ရန်ဖြစ်ပေသည်။

ဤကဲ့သို့ မဟုတ်ဘဲ ဗမာတစ်မျိုးသားလုံးသည် ဖင့်နှေးမေ့လျော့ ပေါ့ဆစွာနေကြက သင်နှင့်တကွနေ့မအိပ်ညမနား ဆောင်ရွက်နေသော ဗမာရဲဘော်များကိုသာ သစ္စာဖောက်ရုံမက ငါတို့လက်တွင် လွှဲအပ်ထားခြင်းခံရသော ဗမာပြည်လွတ်လပ်ရေး မီးရှူးတိုင်ကို ငြိမ်းသတ်သည်မည်ကြောင်းကို ငါတို့တထစ်ချ ယူဆကြလိမ့်အံ့။

ငါတို့ကား သင်သည် ဗမာပြည်လွတ်လပ်ရေးစစ်ပွဲတွင် “ယခုကဲ့သို့ အသက် ဆုံးရှုံးရသဖြင့် အနည်းငယ်မျှ ဝမ်းမနည်း”

သင်ယခုကဲ့သို့ အသက်စွန့်ရခြင်းအားဖြင့် ကိုယ့်မင်းကိုယ့်ချင်း လောကနိဗ္ဗာန်ကြီး တည်ထောင်ရေးစခန်းသည် မုချဧကန် တိုးတက်စေအံ့။

အရေးတော်ပုံ အောင်ပါစေ။

အရေးတော်ပုံ၏အလံကိုင် ဗိုလ်မှူးတစ်ဦးဖြစ်သော ရဲဘော်အောင်ကျော်ကား ကျဆုံးခဲ့လေပြီ။

သူ့အလောင်းလည်း

ကြံတောသင်းချိုင်းဂူထဲ၌ ကိန်းအောင်းနေလေပြီ။

သို့သော် အရေးတော်ပုံဒီရေကား လိုမ့်၍ လိုမ့်၍ တက်နေတုန်းပင်ဖြစ်ပေ၏။

သို့ဖြင့် ၁၉၃၉ခုနှစ် ကုန်ခဲ့ပြီ။

၁၉၃၉ခုနှစ် သစ်ဆန်းလေပြီ။

ခါတိုင်းဆိုလျှင် ခရစ်စမတ်ပွဲတော်၏ ဗြိတိသျှအင်ပိုင်ယာကြီး ငြိမ်းချမ်းသာယာ ရေးအတွက် ဆုတောင်းသံနှင့်

ခေါင်းလောင်းသံတို့သည် ဗမာပြည်ရှိ ခရစ်ယာန်ဘုရား ရှိခိုးကျောင်းတွေမှ ပေါ်ထွက်ပျံ့နှံ့မြဲဖြစ်ပေ၏။

နှစ်သစ်ဆန်းပွဲတော်၏ ဘင်ခရာနှင့် အမြောက်သံတို့သည် ဘုရင်ခံအိမ်တော်နှင့် ဗြိတိသျှစစ်တပ်များမှပေါ်ထွက်ပျံ့နှံ့မြဲဖြစ် ပေ၏။ ယခုတော့ ထိုအသံအားလုံးကို တော်လှန်ရေး လှိုင်းတံပိုးတို့က

မြုပ်နှစ်လွှမ်းမိုး လိုက်လေသည်။

အုပ်ချုပ်ရေးကို ဖျက်ပစ်ကြ။

ညွန့်ပေါင်းအစိုးရ နုတ်ထွက်ပေးပါ။

ဤသည်တို့ကား နှစ်သစ်နှင့်အတူ ပိုမိုကျယ်လောင်စွာ ပေါ်လာသော ပြည်သူ့ တောင်းဆိုချက်များဖြစ်၏။

ပြည်ထဲရေးဝန်ကြီးချုပ် ဆာပေါ်ထွန်းသည် မာန်အောင်မြို့သို့ တိုင်းခန်းလှည့်လည်သွားသောအခါ

မာန်အောင်မြို့သူမြို့သားနှင့် သခင်ခေါင်းဆောင် များက–

"ဆင်းရဲသားကို သွေးစုတ်တဲ့ ညွန့်ပေါင်းအစိုးရ ပျက်စီးပါစေ"
"ဘုံသမ္မတနိုင်ငံ ထူထောင်နိုင်ပါစေ"
ဟုကြွေးကြော်ကာ မြန်မာပြည်အုပ်ချုပ်ရေး (၁၉၃၅) နှင့် ညွန့်ပေါင်းအစိုးရ၏
ပြယုဂ်ဆာပေါ်ထွန်းအား
မောင်းထုတ်ကြလေသည်။
ဝန်ကြီး ဦးဘဦးအား မြန်မာပြည်လုံးဆိုင်ရာ သမ္မာသမ္ဗုဒ္ဓသာသနာတော်လုံး ဆိုင်ရာ
ညီညွတ်ရေးမဟာသံဃာသာမဂ္ဂီအဖွဲ့ချုပ်ကြီးက ထုတ်ပစ်လိုက်ပြီး ညွန့်ပေါင်းအစိုးရမှ
နုတ်ထွက်ရန်
တောင်းဆိုလေသည်။
ရန်ကုန်သပိတ်မှောက် ကျောင်းသားခေါင်းတစ်ဦးဖြစ်သူ ကိုစောထွန်းနှင့်
စစ်တွေကျောင်းသားသပိတ်ခေါင်းဆောင်များဦးစီးပြီး စစ်တွေလူထုကြီးသည်
ညွန့်ပေါင်းအမတ်များဖြစ်သော
ဦးအောင်ဇံဝေ၊ ဦးထွန်းအောင်ကျော်နှင့် ဦးရွှေသာတို့၏ အိမ်များကိုဝိုင်းပြီး ညွန့်ပေါင်းအဖွဲ့မှ
နုတ်ထွက်ပေးရန်
တောင်းဆိုကြလေသည်။
မိတ္ထီလာကျောင်းသားထုက အမတ်နေရှင်နယ်ကျောင်းဆရာကြီး ဦးဘရင်အိမ်ကို ဝိုင်းပြီး
ညွန့်ပေါင်းအဖွဲ့မှ
နုတ်ထွက်ပါဟု တောင်းဆိုကြရာ ဦးဘရင်က နုတ်ထွက်ပြီးဖြစ်ကြောင်း လူသိနုတ်ကြား
ကြေညာချက်ထုတ်မည်ဖြစ်
ကြောင်းများ ပြောဆိုလေသည်။
ဤသို့လျှင် အမြို့မြို့တွင် ညွန့်ပေါင်းအစိုးရ ထောက်ခံသူ အမတ်များ၏ အိမ်များကိုဝိုင်းပြီး
ညွန့်ပေါင်းအစိုးရအဖွဲ့မှ နုတ်ထွက်ရန် တောင်းဆိုကြလေ သည်။
လူထုသည် နယ်ချဲ့အင်္ဂလိပ်ကို အလိုမရှိ။ နယ်ချဲ့အင်္ဂလိပ်က ဖန်တီးပေးသော
အုပ်ချုပ်ရေးစနစ်ကို
ဖျက်ဆီးပစ်ကြသည်။ အုပ်ချုပ်ရေးတည်မြဲအောင် နယ်ချဲ့နှင့်ပူး ပေါင်းဆောင်ရွက်နေသူမှာ
ညွန့်ပေါင်းအစိုးရဖြစ်ကြောင်းမြင်နေကြသည်။ ထို့ကြောင့် အမတ်များအား
ညွန့်ပေါင်းအစိုးရကို မထောက်ခံအောင်
အကျပ်ကိုင်ကြခြင်းဖြစ်၏။
နတ်စင်ကုန်းရွာမှ သပိတ်မှောက်ကျောင်းသားများနှင့် ရွာသူရွာသားတို့သည်
တွံတေးမြို့တွင်းသို့ ဝင်လာပြီး
အင်အားပြကြရင်း—
"ညွန့်ပေါင်းဘက်က အငတ်တွေ၊ သွေးစိမ်းပွက်ပွက်အန်ပါစေ"
"ဘဦး ဘမော် ခွေးတစ်ဖော်၊ ဝန်ဘလချာတွေ ပြေးဘို့ပြင်ထား"
"အရှက်မရှိတဲ့ ခွေးလောင်းတွေ၊ မြေမျိုကြပါစေ"ဟူသော သံချပ်ကြမ်းကြမ်းကို
ဟစ်အော်ကြလေသည်။

ထိုအင်အားပြပွဲတွင် ကြည့်နေသော ပရိသတ်ထဲ၌ သူတောင်းစားတစ်ယောက်ပါလာရာ ထိုသူက “အင်း၊
ငါတို့ဆင်းရဲလို့ တောင်းရမ်းစားရသောအစာသည် ညွန့်ပေါင်းဝန်ကြီးတွေစားရသောအစာထက် အဆပေါင်းများစွာ
မွန်မြတ်လှပေ၏။”ဟု မှတ်ချက်ချ ကျူးရင့်ကြောင်း သတင်းစာများမှာ ပါလာလေသည်။
အရပ်ရပ်၌ ညွန့်ပေါင်းအဖွဲ့ဝင် မြူနီစပယ်လူကြီးများ၊ ဒိစတြိတ်ကောင်စီ လူကြီးများစသည်တို့ကို သံပုံးတီး၍
ထုတ်လွှတ်ကြ၏။
ရန်ကုန်သို့ရောက်နေကြသော ပန်းတနော်သား ပွဲစားကြီးများက ပန်းတနော်နယ်မှ ညွန့်ပေါင်းအဖွဲ့ဝင်များ
ရန်ကုန်လာလျှင် သူတို့အိမ်များမှာ တည်းခိုရန် လက်ခံလိမ့်မည် မဟုတ်ကြောင်း ပူးတွဲကြေညာလေသည်။
အချို့အရပ်များတွင် သံဃာတော်တို့က စည်းဝေးပြီး ညွန့်ပေါင်းအဖွဲ့ဝင်တို့၏ သာရေး နာရေးများကိုကြဉ်ရန်၊
သပိတ်မှောက်ရန် ဆုံးဖြတ်ကြလေသည်။
သတင်းစာတို့ကလည်း ညွန့်ပေါင်းအစိုးရအား ဣန္ဒြေရရ နုတ်ထွက်ပေးရန်နှင့် ဘယ်ပါတီအဖွဲ့အစည်းကမှလည်း
ညွန့်ပေါင်းနေရာတွင် ရာထူးဝင်မယူဘဲ အုပ်ချုပ်ရေးကိုတိုက်ဖျက်ကြရန်ရေးသားကြလေသည်။
ရေနံမြေသပိတ်တပ်ကြီးသည် ဇန်နဝါရီလ ၅ရက်နေ့တွင် အင်းစိန်သို့ ဆိုက်ရောက်လာကြလေသည်။
အင်းစိန်ထောင်ထဲတွင် အကျဉ်းခံနေရသော သခင်ဘဟိန်း၊ သခင်ဗဆွေ၊ သခင်ထိန်ဝင်း၊ သခင်စိုး စသူတို့သည်
ထောင်ခေါင်မိုးပေါ်သို့ တက်ကြပြီး ထောင်ခေါင်မိုးပေါ်မှနေ၍ ထောင့်ပြင်လမ်းတွင် ဖြတ်သန်းလာသော
ရေနံမြေသပိတ်တပ်ကြီးကို ဆီးကြိုတရားဟောကြလေသည်။
ထောင်အာဏာပိုင်တို့သည် ကိုဘဟိန်းတို့လူစုအား ထောင်၏စည်းကမ်းဖောက်ဖျက်မှုနှင့် တိုက်ပိတ်ထားခဲ့သေး၏။
ရေနံမြေသပိတ်တပ်ကြီးသည် အင်းစိန်မှထွက်ခဲ့ပြီး သမိုင်းတွင် ခဏနားကာ ကမာရွတ်တွင် တစ်ညအိပ်ကြပြန်လေသည်။
သူတို့အား ကမာရွတ်က ညစာကျွေးမွေးလေသည်။ ကမာရွတ်မှ တို့ဗမာအစည်းအရုံး၊ ထီးစက်၊
စွပ်ကျယ်စက်စသော အလုပ်သမားအစည်းအရုံးများ၊ ကျောင်းသားသမဂ္ဂများနှင့်
ဆွမ်းကြီးလောင်းအသင်းကဲ့သို့သော ဘာသာရေးအသင်းများသည် ပူပေါင်းကာဧည့်ခံကြပေ၏။ ထို့ကြောင့်

ကျွန်တော်လည်း ကျောင်းသပိတ်စခန်းမှ ပြန်ခဲ့ပြီး ကမာရွတ်မှ ရဲဘော်ရဲဘက် သခင် သခင်မများနှင့်
ပူးပေါင်းဆောင်ရွက်ရလေသည်။
လွယ်အိတ်နှင့်ရေးဘူးကို တစ်ဖက်စီလွယ်၊ စောင်ခေါက်အိပ်ရာလိပ်ကို ကျောပိုးကာ နှစ်ယောက်တစ်တွဲစီတန်းချီတက်လာသော ရေနံမြေသပိတ်တပ်ကြီးကို မြင်ရသည်မှာ များစွာစိတ်ထိခိုက်ဖွယ်
ဖြစ်ပေ၏။ ကျွန်တော့်မှာ မျက်ရည်များပင် ဝေ့လာလေသည်။ သူတို့သည် မိုင်ရာပေါင်းများစွာ လျှောက်ခဲ့ကြ၏။
မည်မျှ ပင်ပန်းဆင်းရဲကြမည်နည်း။ သူတို့သည် စားနပ်ရိက္ခာ ဆောင်ယူမလာခဲ့ကြ။ ကျွေးသူရှိလျှင်စားမည်၊
မရှိလျှင် အငတ်ခံမည်။ ပြည်သူတို့၏ စေတနာအတိုင်း ဖြစ်ပါစေ။
သူတို့ကား သာသနာပြုထွက်သော သံဃာ့အဖွဲ့နှင့်တူနေတော့၏။ သူတို့ပြုသော သာသနာကား
အလုပ်သမားအရေး သာသနာဖြစ်ပေ၏။
သူတို့သည် ဤသို့ မိုင်ရာပေါင်းများစွာ ချီတက်ဆန္ဒပြခြင်းအားဖြင့် ရေနံမြေအလုပ်သမားနှင့်တကွသော
တစ်ပြည်လုံးအလုပ်သမားလောက၏ အခြေအနေကို မီးမောင်းထိုးပြလိုက်သလို ရှိပေတော့၏။
ပြည်သူလူထုတစ်ရပ်လုံးကို တပ်လှန့်၍ နှိုးပေးလိုက်သကဲ့သို့ရှိပေ၏။
အမျိုးသားအင်အားစုအားလုံးကို
ဗြိတိသျှနယ်ချဲ့သမားနှင့် လက်ပါးစေ ညွန့်ပေါင်းအစိုးရအား တိုက်ခိုက်ရန် တိုက်စည်ရွှမ်းပေးလိုက်သည်နှင့်
တူပေ၏။
သူတို့သည် ဤမျှအဓိပ္ပာယ်ရှိသော လုပ်ငန်းကို အောင်မြင်စွာလုပ်ခဲ့ကြ၏။ သို့သော် သူတို့၏မျက်နှာထား၊
ကိုယ်အမူအရာနှင့် နှုတ်အမူအရာတို့တွင်ကား ထောင်လွှားခြင်း၊ မာနတံခွန်လွှင့်ခြင်း တစ်စွန်းတစ်စမျှမတွေ့ရ။
သူတို့၏ တည်ငြိမ်သော မျက်နှာ ခိုင်မာသော ကိုယ်အမူအရာ၊ သိမ်မွေ့သောနှုတ်အမူအရာ စသည်တို့ကို
မကြည်ညိုဘဲ မနေနိုင်ပါ။
ကျွန်တော့်ဘေးတွင်ရပ်လျက် သူတို့အားကြည့်နေသော ကိုကြွယ်ကား ရှေ့တွဲကျနေသော လုံချည်ကို
အားမလိုအားမရ ဖြစ်ဟန်နှင့် ခပ်တိုတိုပြင်ဝတ်လိုက်ပြီး–
"အံ့သြစရာကောင်းတဲ့လူတွေပဲ"ဟုချီးကျူး၍ ငေးစိုက်ကြည့်နေလေသည်။ သတင်းစာတိုက် ဒုတိယဖိုမင်ဦးလေးမြင့်ကမူ လက်ပိုက်လိုက်ပြီး–
"တယ်ဖွဲ့ကောင်းကြတဲ့လူတွေပဲ"

သာမနအချိန်များ၌ ဦးလေးမြင့်နှင့် ကိုကြွယ်တို့သည် ဆွမ်းကြီးလောင်းအသင်း၏ခေါင်းဆောင်များ၊
ရပ်ရွာသာရေးနာရေးကိစ္စ ခေါင်းဆောင်များသာဖြစ်လေသည်။ ယခု အရေးတော်ပုံအချိန်တွင်ကား
သပိတ်တပ်များကို ဧည့်ခံကျွေးမွေးရေး ခေါင်းဆောင်များဖြစ်နေကြလေပြီ။ နေရာထိုင်ခင်း ပြင်ဆင်ချထားရာမှာလည်း သူတို့ ထမင်းထုပ်ကောက်ရာ စီမံခန့်ခွဲရာမှာလည်းသူတို့၊ ဆေးဖိုးကွမ်းဖိုး
အလှူခံရာမှာလည်း သူတို့ခေါင်းဆောင်ကြပေ၏။ ဦးလေးမြင့်၏ ခြေသလုံးကြွက်သားများသည် တောင့်လျက်
အောင့်နေလေပြီ။ အသံလည်းနာလာပြီ။ သို့သော်ဦးလေးမြင့်ကား မောရမှန်းမသိ။ ကိုကြွယ်၏ နားထင်ကြောကြီးများ ထောင်ထလာပြီး နဖူးမှ ချွေးပေါက်ကြီးများကို လက်ညှိုးဖြင့် ပွတ်ချနေရပြီ။ သို့သော်
ကိုကြွယ်ကား မောရမှန်းမသိ။
အားလုံး ဝေယျာဝစ္စများပြီး၍ ရေနံသပိတ်တပ်သားများ အိပ်ရာဝင်ကြတော့မှ ဦးလေးမြင့်၊ ကိုကြွယ်နှင့် ကျွန်တော်တို့
အိမ်ပြန်လာကြလေသည်။ သုံးဦးသား လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ကြလေသည်။ ဦးလေးမြင့်က ခေါင်းအုံးတစ်လုံးယူ၍ ရှေ့မှာချပြီး တံတောင်ဆစ်နှင့် ထောက်ကာ
ဝမ်းလျားမှောက်လိုက်ပြီးနောက်–
"လူတွေကသည်လောက်မှန်းတီးနေပြီး သည်လောက် ဆူပူကန့်ကွက်နေလျက်သားနဲ့ ဒီညွန့်ပေါင်းအစိုးရထိတည်နေတာ အံ့သြပါရဲ့ကွာ"
ကျွန်တော်သည် တင်ပျဉ်ခွေထိုင်နေရာမှ ဘယ်ဘက်သို့ ဘယ်ခြေကိုဆန့်၍ အညောင်းဆန့်လိုက်ပြီး–
"အံ့သြစရာဘယ်ရှိမလဲ ဦးလေးမြင့်ရယ်၊ ညွန့်ပေါင်းအစိုးရကို သူ့ချည်းမြင်လို့ ဘယ်ရမှာလဲ၊ သူ့ကိုအင်္ဂလိပ်နယ်ချဲ့တန်ခိုးနဲ့ ထောက်ခံမထားရင် သူပြုတ်ကျတာကြာပြီပေါ့"
တိုင်ကိုမှီလျက် ထိုင်နေသော ကိုကြွယ်က–
"ဟုတ်တာပေါ့၊ ညွန့်ပေါင်းအစိုးရရဲ့ ပုလိပ်နဲ့နှိမ်လို့ အားမရတော့ စစ်ပုလိပ်တွေ၊ စစ်တပ်တွေကို ဘုရင်ခံရဲ့
အထူးအာဏာနဲ့ခေါ်ပြီး သုံးနေပြီမဟုတ်လား၊ ဒါနဲ့မလုံလောက်သေးဘူးထင်ရင် ဗြိတိသျှရေတပ်တွေ
လေတပ်တွေခေါ်လာပြီး ဗမာတွေကိုတိုက်မှာပဲ"
ကျွန်တော်က–
"ကိုကြွယ်ပြောတာမှန်တယ်။ ခုဆိုရင် ရန်ကုန်မြို့ကြီး လှုပ်ရှားနေတယ်ဆိုပြီး မြစ်ကြီးနားနဲ့ မန္တလေးမှာထားတဲ့
စစ်ပုလိပ်ရဲဂျီးမင့်တပ်တွေကို ရန်ကုန်ရွှေ့လာတယ်၊ အိန္ဒိယက စစ်တပ်အချို့ကိုလည်း ရွှေ့လာမလိုလိုကြားရတယ်။

စစ်ပုလိပ်တပ်တွေနဲ့ ပတ်သက်ပြီး တိုးတက်ရေး သတင်းစာကရေးထားတာ
တယ်ချက်ကျတယ်ဗျ။
ပုလိပ်အဖွဲ့ဆိုတာ ခိုးမှုတိုက်မှုစတဲ့ ရာဇဝတ်မှုတွေ ကင်းရှင်းအောင် လုပ်ဖို့ထားခဲ့တာတဲ့၊
နိုင်ငံလွတ်လပ်ရေးအတွက် ဆောင်ရွက်နေကြတဲ့ မျိုးချစ်ပြည်ချစ်တွေကို နှိမ်နင်းဖို့
ထားတာမဟုတ်ဘူးတဲ့၊ ခုတော့
ပုလိပ်နဲ့ နှိမ်ရုံမကလက်နက်တဝင့်ဝင့်နဲ့နေတဲ့ စစ်ပုလိပ်များကို မျိုးချစ်ပုဂ္ဂိုလ်တွေနှိမ်ဘို့
သုံးနေပြန်တော့
ပိုဆိုးတယ်တဲ့ ပြီးတော့ စစ်ပုလိပ်သား တစ်သောင်းနှစ်ထောင်ကျော်ရှိတဲ့အနက် ဗမာက ၇၁၁
ယောက်ပဲရှိသတဲ့"
ဦးလေးမြင့်က–
"အေးလေ၊ ဗမာလွတ်လပ်ရေးနှိမ်နင်းရာမှာ ဗမာစစ်ပုလိပ်သားကို ဘယ်ယုံလိမ့်မလဲ၊
ဒါကြောင့် ဗမာနည်းတာပေါ့၊
နို့နေစမ်းပါဦး၊ နယ်စပ်အရေးတွေ ကလည်း ရှုပ်လာတယ်လို့ကြားရတယ်"
ကျွန်တော်က–
"ဟုတ်တယ်၊ ရှုပ်လာတယ်၊ တရုတ်ဗမာ လမ်းမကြီးကို ဖွင့်လိုက်တော့ တရုတ်ဗမာ
နယ်စပ်မှာ ရှုပ်လာတာပေါ့"
ကိုကြွယ်သည် တိုင်ကိုကျောမှီ၍ ပေါင်များကို လက်နှင့်ထု၍ထု၍ အညောင်းဖြေရင်းက–
"နယ်စပ်မှာသာ ရှုပ်လာတာမဟုတ်ပါဘူးကွာ၊ ရန်ကုန်ဆိပ်ကမ်းမှာလည်း အမေရိကန်နဲ့
အင်္ဂလိပ်ပို့တဲ့
လက်နက်တွေက ရန်ကုန်ဆိပ်ကမ်းရောက်တဲ့အတွက် ဂျပန်စစ်သင်္ဘောတွေကလည်း
ဒါကိုလာပြီး
အကဲခတ်နေကြတာပဲမဟုတ်လား။ ဗမာ့ပင်လယ်ကမ်းခြေမှာ ဂျပန်သင်္ဘောတွေ
ခြေချင်းလိမ်နေကြတယ်မဟုတ်လား။ တစ်နေ့ကမော်လမြိုင်မှာ
လေယာဉ်ပျံတစ်စင်းထိုးဆင်းလို့ မြို့သူမြို့သားတွေ
ထိတ်လန့်ကုန်တယ်ဆိုမဟုတ်လား၊ အဲဒီလေယာဉ်ပျံကတော့ အင်္ဂလိပ်လေယာဉ်ပျံ ဖြစ်လို့
လားရှိုးနဲ့
ကွန်မင်းဘက် ဆက်ပျံသွားသတဲ့၊ တို့ပြည်တော့ ဘယ်တော့ ဗုံးကြဲခံရမလဲမသိပါဘူး"
ဦးလေးမြင့် ထထိုင်ပြီး လက်ဖက်ရည်ငှဲ့ရင်း–
"ဗန်းမော် မြို့သူမြို့သားတွေတော့ မြို့ပေါ်ဗုံးကြဲမယ်လို့ ကောလဟာလ ဖြစ်တဲ့အတွက်
ကျီးလန့်စာစား
ဖြစ်နေကြတယ်ဆိုပဲ"
ကျွန်တော်။ ။ "ဟုတ်တယ်၊ ကောလဟာလ ဖြစ်မယ်ဆိုလည်း ဖြစ်စရာပဲ၊ ဗန်းမော်မြို့ပေါ်မှာ
လက်နက်ဂိုဒေါင်ကြီးတွေ အပူတပြင်းဆောက်နေတယ်၊ လားရှိုးမှာလည်း
လက်နက်ဂိုဒေါင်တွေဆောက်နေကြတယ်၊

တရုတ်ပြည်ကို အင်္ဂလိပ် အမေရိကန်တွေကပို့တဲက လက်နက်တွေကို ရန်ကုန်က မီးရထားနဲ့ သယ်ပြီးတော့
ဂိုဒေါင်တွေမှာ ခဏထားမယ်၊ ပြီးတော့ လော်ရီအစင်း ၂၀၀ ကျော်နဲ့ တရုတ်ပြည်ထဲ ပို့ကြလိမ့်မယ်”
ဦးလေးမြင့်။ ။ “ရှုပ်လှကွာ၊ တရုတ်ဗမာလမ်းမကြီးကို ပိတ်ပစ်လိုက်ရင် မကောင်းပေဘူးလား”
ကျွန်တော်။ ။ “အဲဒီလိုဆိုတော့လည်း ကျူးကျော်စော်ကားခြင်းခံနေရတဲက တရုတ်ပြည်ကို ကျွန်တော်တို့က
မကူညီဘဲနဲက ဂျပန်ကိုကူညီရာရောက်သွားမယ်၊ တရုတ်ဗမာလမ်းမကြီးကို ပိတ်ရေးထက် အင်္ဂလိပ် အမေရိကန်ဟာ
ကျူးကျော်သူဂျပန်ကို လက်နက်ခဲယမ်း မရောင်းစတမ်း၊ မကူစတမ်း လုပ်ရင်ကောင်း မယ်၊ ခုတော့
သူတို့ကနှစ်ဖက်စလုံး လက်နက်ပေးပြီး စစ်မီးရှည်စွယ်ရှည်အောင် လုပ်ထားတာနဲ့တူနေတယ်”
ကိုကြွယ်။ ။ “အင်း–အင်္ဂလိပ်ကတော့ တို့မီးရှို့မီးလုပ်ပြီး အမြတ်ထုတ်ရာမှာ နံပါတ်တစ်စွဲတာပါပဲ၊ ခုအမေရိကန်က
နံပါတ်၂လိုက်နေပြီထင်တယ်၊ ဘာပြောပြော အင်္ဂလိပ်ကောင်တွေ ပြုတ်သွားမှ နယ်စပ်အရေးတွေရှင်းမယ်၊
ကမ္ဘာလည်း အေးမယ်။ ငါ့အထင်တော့ တရုတ်ပြည်ကို လက်နက်ခဲယမ်းပို့တယ်ဆိုပြီး သည်လောက်ဟိတ်ဟန်
ပြနေတာ အမှန်စင်စစ်တော့ ဒီလက်နက်တွေနဲက တို့ဗမာတွေကို ခြောက်နေတာပါ၊ တကယ်တရုတ်ပြည်ကို
စေတနာရှိုးနဲ့ပို့ချင်ရင် တိုးတိုးတိတ်တိတ် လုပ်မှာပေါ့”
ကျွန်တော်သည် ကိုကြွယ်၏ ထိုးထောက်မြင်နိုင်မှုကို သဘောကျသွားသည်။ ဂျပန်ကျူးကျော်ခြင်းခံနေရသော
တရုတ်ကို ထောက်ခံချင်လွန်းပြီး ရန်သူအစစ် အင်္ဂလိပ်ကို မေ့မသွားအပ်ဟု သဘောပေါက်သွားပေ၏။
ထိုသို့သုံးဦးသား စကားကောင်းနေစဉ် အပြင်မှလမ်း၍–
“ဗျို့ ဦးမြင့်တို့၊ ကိုကြွယ်တို့ ရှိကြရဲ့လား”ဟု မေးလိုက်သောအသံကို ကြားရလေသည်။ ဤအသံကိုရှေးက
ကြားဖူးသလိုလိုရှိ၏။ သို့သော် ကောင်းစွာ မကျက်မိ။
ကိုကြွယ်သည် ထိုအသံကိုကြားသွားသောအခါ မျက်နှာသုန်မှုန်သွားသည်ကို ကျွန်တော်သတိပြုမိ၏။
ဦးလေးမြင့်ကား အတွေးမှာနစ်ပြီး ငေးစိုက်နေရာမှ အသံကြောင့် ခပ်ပြုံးပြုံးဖြစ်လာသည်။ ပြီးတော့
အပြင်သို့လှမ်း၍“ရှိကြပါတယ်၊ လာလေဗျာ”
ကိုကြွယ်သည် မလိုတမာပြုံးပြုံးလိုက်ပြီး–

"အင်း၊ သခင်ဝါယောကြီး ဒီအချိန်မှာ ဘယ်ကများ ရောက်လာပြန်ပါလိမ့်"
ခပ်ဝဝ ခပ်ဖိုင့်ဖိုင့် လူတစ်ယောက် အပေါက်ဝသို့ရောက်လာသည်။ မျက်နှာကို
မှောင်ကွယ်နေသဖြင့်
ဘယ်သူမှန်းမသိသေးသော်လည်း ဤကိုယ်လုံးကိုယ်ဟန် ပုံသဏ္ဍာန်သည်လည်း
သူ့အသံလိုပင် ကျွန်တော်နှင့်
ကျွမ်းဖူးသည်ဟု ကျွန်တော်ထင်သည်။
ဦးလေးမြင့်က တင်ပျဉ်ခွေထိုင်လိုက်ရင်း–
"လာလေဗျာ၊ စကားစမြည်ပြောရအောင်၊ ဒီနေ့ညတော့ မောင်တင်ထွန်းလည်းရှိတယ်၊
ခါတိုင်းတော့
သပိတ်ကိစ္စအလုပ်များနေပြီး အိမ်ကပ်တယ်မရှိပါဘူး"
ထိုသူ ဝင်လာသည်။ ကိုတင်ကြီးပါကလား။ အင်ဒိုချိုင်းနား၊ ယိုးဒယားတို့ကို
အခေါက်ခေါက်ရောက်ဖူးပြီး
ကျောက်ကုန်သည် သူဌေးဖြစ်ဖူးသည်ဆိုသူ ကိုတင်ကြီးပင်ဖြစ်ချေ၏။
မြင်ကွန်းမင်းသားကြီး၏
လူယုံတော်အမှုထမ်းဟောင်းဆိုသူ ကိုတင်ကြီးပင် ဖြစ်ချေ၏။ သခင်တွေအတွက်
လက်နက်နှင့်ငွေ လိုသလောက်
ရှာပေးနိုင်မည်ဟု ကျွန်တော့်အားပြောခဲ့ဖူးသည့် ကိုတင်ကြီးပင် ဖြစ်ချေ၏။
ကိုတင်ကြီးက ကျွန်တော့်အား ပြုံးနှုတ်ဆက်သည်ကို ကျွန်တော့်အပြုံးဖြင့်ပင်
တုံ့ပြန်လိုက်ပေ၏။ ကိုတင်ကြီးက
ကျွန်တော်နှင့် ကိုကြွယ်ကြားမှာထိုင်ရင်း–
"မောင်တင်ထွန်း ရှိတယ်ဆိုလို့ တမင်လာတာပဲ၊ ဘယ့်နှယ့်လဲ သပိတ်အခြေအနေတွေ၊
ကျောင်းသားတွေ
အကြောင်း သခင်တွေအကြောင်း အတွင်းကျကျ သိခဲ့မှာမို့ မေးရတာပါမောင်"
ကျွန်တော်သည် ဖြေဆိုရှင်းပြရန် စဉ်းစားနေဆဲ ကိုကြွယ်က ချက်ချင်းကြားဝင် လိုက်သည်။
"ခင်ဗျားလည်း သခင်တစ်ယောက်ပဲ၊ မောင်တင်ထွန်းက ခင်ဗျားထက်ပိုပြီး အတွင်းကျကျ
သိဦးမှာလားဗျာ"
"ကိုကြွယ်ရဲ့ ကျုပ်တို့က ကမာရွတ်သခင်ဗျ၊ သူတို့က ဌာနချုပ်သခင်တွေ ကျုပ်ထက်ပိုပြီး
အတွင်းကျကျသိရမှာပေါ့"
ကိုကြွယ်က ကျွန်တော့်ဘက်သို့ မသိမသာ မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ ကိုတင်ကြီးကို
သိပ်မယုံရန်အချက်ပြလိုက်သည်ထင်၏။ ကျွန်တော်က ပိုအတွင်းကျကျ သိမသိဟူသော
အချက်ကို မကိုင်တော့ဘဲ–
"ကိုတင်ကြီး ဘယ်တုန်းက သခင်ဖြစ်သလဲ"
"မကြာသေးပါဘူးကွာ၊ မင်းဟောတာ ပြောတာနဲ့ငါလည်း သခင်ဖြစ်ရတာပါပဲ ဟဲ ဟဲ၊
ငါ့ကိုလေသခင်ဗစိန်တို့ဘက်ကလည်း ဆွဲကြ၊ သခင်သိန်းမောင်တို့ လူစုကလည်း ဆွဲကြ၊
တစ်ဖက်ကလည်း

ငါ့ကိုသူတို့ဌာနချုပ်မှာလာလုပ်ပါတဲ့၊ တစ်ဖက်ကတော့ အင်းစိန်ခရိုင်
စည်းရုံးရေးတာဝန်ယူပါတဲ့ ဟဲ ဟဲ"
ကိုတင်ကြီး၏ခန္ဓာသည် ကျွန်တော်ယခင်မြင်တုန်းကထက် ပို၍ ဖောင်းကြွနေပြီး လက်များမှာ
ပို၍သေးသွားသည်ဟုထင်မိသည်။ သူသည် ကုလားကြီးရုပ်နှင့် အရင်ကထက်
ပို၍တူနေလေသည်။
ဦးလေးမြင့်က မေးလိုက်သည်။
"နို့ သခင်တင်ကြီးကိုယ်တိုင်ကတော့ ဘယ်ဘက်ပိုသဘောကျနေသလဲ"
"ဘယ်ဘက်ကို ပိုသဘောကျတယ်လို့တော့ မဟုတ်ပါဘူးဗျ၊ ခုအတိုင်းတော့ သခင်ဗစိန်တို့
လူသိုက်နဲ့
ပိုနီးစပ်နေတာပေါ့"
ကျွန်တော်။ ။ "သခင်ဗစိန်တို့က ဒေါက်တာဘမော်နဲ့ နားလည်မှုယူပြီး
ဆက်သွယ်ဆောင်ရွက်နေတယ်၊ သူ့ကို
တစ်နေ့က နတ်တလင်းမှာလား၊ လက်ပံတန်းမှာလား တရားနာပရိသတ်က
ညွှန့်ပေါင်းသူလျှိုဆိုပြီး
ထအော်တယ်လို့ ကြားလိုက်ရတယ်၊ ဒီအခါကြီးမှာ ဒေါက်တာဘမော်နဲ့
ပေါင်းတာအံ့သြစရာပဲ"
"ဒါကတော့ သခင်ဗစိန်အကြောင်းလည်း သိကြသားပဲဗျာ၊ ပရိယာယ်ပေါင်း ပေါင်းတာပါ၊
ဘယ်မှာ
တကယ်ပေါင်းလိမ့်မလဲ"
ကိုကြွယ်။ ။ "ဒါထက်နေစမ်းပါဦး၊ ဟိုတုန်းက သခင်တွေအတွက် ခင်ဗျားလက်နက်တွေ
ငွေတွေရှာပေးမယ်ဆိုတာ
ခုဘယ်လိုဖြစ်သွားပြီလဲ"
ကိုတင်ကြီးသည် အနည်းငယ်မျက်နှာပျက်သွား၏။ ရုတ်တရက်စကားမေးမရဘဲ
ငေးကြောင်ကြောင်ပင်
ဖြစ်သွားလေသည်။ သို့သော် ဣန္ဒြေဆည်လိုက်ပြီး–
"အချိန်တန်တော့ နွားပိန်ကန်လိမ့်မပေါ့ဗျာ၊ သခင်ခေါင်းဆောင်ကြီးများနဲ့လည်း ဒီကိစ္စကို
ဆွေးနွေးပါတယ်"
"အင်း၊ ခုလိုအချိန်မှ အချိန်မတန်ရင် ဘယ်တော့များ အချိန်တန်ဦးမှာလဲဗျာ"
ကိုတင်ကြီးသည် တည်ငြိမ်ခံ့ညားသော မျက်နှာသွင်ပြင်ထားလိုက်ပြီး–
"အင်း ကိုကြွယ်ရေ၊ လျှို့ဝှက်တဲ့ကိစ္စဆိုတော့ ကျုပ်သည့်ထက် ပိုမပြောနိုင်ဘူး၊ ဒါထက်
ဦးလေးမြင့်
ဦးတိလောကညာဏ ပီကေဆိုတာသိသလား"
ဦးလေးမြင့်သည် ထိုအမေးကိုမဖြေဘဲ အိမ်နောက်ဖေးဆောင်ဆီသို့ လှမ်း၍ "ဘဖဲရေ၊
ဟော့ဘဖဲ"ဟုခေါ်လိုက်သည်။

ဘဇံကထူးသောအခါ "လက်ဖက်ကလေး ဘာလေးလုပ်ခဲ့ပါဦးကွာ"ဟု အမိန့်ပေးလိုက်သည်။
ဦးလေးမြင့်ကား
မုဆိုးဖိုဖြစ်၏။ အိမ်မှာ မိန်းမသားတစ်ယောက်မျှမရှိ။ ဘဇံသည်
အိမ်ရေးကိစ္စများကိုဆောင်ရွက်ရသူ ဖြစ်၏။ ထိုသို့
ဘဇံအားလှမ်းအမိန့်ပေးပြီးနောက် ကိုတင်ကြီးဘက်သို့လှည့်၍–
"ဘာတဲ့ခင်ဗျားမေးနေတာ၊ ဦးတိလောကညာဏပီကေဟုတ်လား၊ ကြားဖူးရုံသာ ကြားဖူးတယ်၊
မသိဘူး"
"ဦးတိလောကညာဏရယ်၊ ဒေါက်တာတင်ဝင်းဆိုတာရယ် မကြာမီက ပြည်ရွှေတောင်ဘက်
ခရီးထွက်ကြတယ်၊
ဂျပန်နှင့်ဗမာ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုများ ရင်းနှီးစွာ ဆက်သွယ်ဖို့အကြောင်း
တရားဟောဖို့တဲ့ဗျ၊ အဲဒီ
ဘုန်းကြီးကို ကမာရွတ်ဖိတ်ပြီး ဂျပန်ဗမာ ပူးပေါင်းရေး တရားအဟောခိုင်းရရင်
ကောင်းမယ်ထင်တယ်"
ဦးလေးမြင့်က တွေနေသည်၊ ဘာမျှမပြော။ ကိုကြွယ်က ကြားဝင်၍–
"အင်း၊ တရားပွဲတွေကလည်း အမျိုးမျိုး ဟောနေကြတာပဲ၊ တစ်နေ့က ရသေ့ထူး ဦးစံသိန်း
လာဟောသွားသေးတယ်။ အာဏာရှင် ဟစ်တလာ ချီးကျူးတဲ့ စကားတွေလည်းပါရဲ့၊
သို့ပေမယ့်
အစိုးရစိတ်မဆိုးအောင် အစိုးရကြိုက်စကားလည်း ပြောသွားသေးတယ်။
ဟစ်တလာဘယ်လောက်ပဲစွမ်းစွမ်း
နောက်ဆုံးအင်္ဂလိပ်ပဲ နိုင်မှာပဲတဲ့က၊ အင်္ဂလိပ်တန်ခိုးဟာ ဘယ်သူဖျက်လို့မှ မရနိုင်ဘူးတဲ့က"
ကျွန်တော်–
"ကျွန်တော်တော့ အင်္ဂလိပ်ဟာ စစ်နိုင်တာ အပထား၊ တန်ခိုးမှိန်တော့မယ်၊
အင်္ဂလိပ်အာဏာပြိုပျက်ရတော့မယ်လို့
ထင်တယ်"
ကိုတင်ကြီး–
"ဟုတ်တယ် အင်္ဂလိပ်တန်ခိုးမှိန်တော့မယ်၊ ရှေ့ရောက်ဂျာမန်တို့ ဂျပန်တို့သာ
တန်ခိုးထွားလာစရာရှိတယ်၊
ကျုပ်တို့ အရှေ့ဘက်နိုင်ငံတွေဟာ ဂျပန်နဲ့နီးစပ်လေတော့ ဂျပန်နဲ့မဟာမိတ်ဖြစ်အောင်
လုပ်ထားဖို့လိုတယ်၊
ဂျပန်နဲ့ ဗမာ့စီးပွားရေး၊ ယဉ်ကျေးမှု နိုင်ငံရေး ပူးပေါင်းနိုင်အောင်လုပ်ရမယ်"
ကျွန်တော်။ ။ "ဟာ–ဂျပန်လည်း နယ်ချဲ့ခနရှင်ပါပဲဗျာ၊ ကျွန်တော်တို့တော့ ဂျပန်ကိုလည်း
အလိုမရှိဘူး။
ဂျပန်လည်းပျက်၊ အင်္ဂလိပ်လည်းပျက်၊ ခနရှင် နယ်ချဲ့တွေ အားလုံးပျက်အောင် လုပ်ရမယ်"
ကိုတင်ကြီး။ ။" အားလုံးတိုက်ဖျက်ဘို့ဆိုတာ အင်မတန်ခက်တယ်။ အောင်ဖို့မပြောနဲ့က
ကိုယ်ပြုတ်မသွားအောင်

လုပ်ဖို့တောင် မလွယ်ဘူး။ ဒီတော့ အင်္ဂလိပ်ကို အရင်ချရမယ်၊ အဲဒီလို ချတဲ့အခါမှာ ဂျပန်နဲ့ပေါင်းချရမယ်”
ဦးလေးမြင့်။ ။ “ဟုတ်တယ်၊ ငါတော့ ကိုတင်ကြီးပြောတာ သဘောကျတယ်”
ကိုကြွယ်။ ။ “ကျုပ်တော့ ဒီကိစ္စဟာ လွယ်လွယ်နဲက ဆုံးဖြတ်လို့ မဖြစ်ဘူး ထင်တယ်၊ အဖက်ဖက်ကကြည့်ပြီး
စဉ်းစားဖို့လိုတယ်”
ကျွန်တော်။ ။ “ကျွန်တော်ကတော့ စဉ်စားပြီးသားပဲ၊ သူတို့နှစ်ဦးစလုံး ပျက်အောင်လုပ်ရမယ်၊ ကိုယ့်လွတ်လပ်ရေးကို တိုက်ယူရမယ်”
ကိုတင်ကြီး။ ။ “ဘုရားတောင်အမှီရှိမှ ပွင့်တယ်မောင်ရင်ရေ့”
ဦးလေးမြင့်။ ။ “ဟုတ်တယ်၊ အမှီရှိမှ ပွင့်နိုင်တယ်”
ကိုကြွယ်။ ။ “ဒါကတော့လည်းမှန်တယ်”
ကျွန်တော်ကား ကိုယ်တိုင်အားဖြင့် ထိုအယူအဆကို လက်မခံသော်လည်း
ငြင်းဆန်ပြောဆိုနိုင်ခြင်းမရှိတော့ပြီ။
လက်ဖက်ပန်းကန်ရောက်လာသဖြင့် လက်ဖက်စားလိုက်ကြ၊ လက်ဖက်ရည်ကြမ်း
သောက်လိုက်ကြ၊
စကားပြောလိုက်ကြ။ တရုတ်ဗမာနယ်စပ်မှာ ဂျပန်ဘုန်းကြီးတစ်ပါးကို မြန်မာပြည်အစိုးရက
သူလျှိုဟုထင်သဖြင့်
ဖမ်းလိုက်ရာ ထိုဘုန်းကြီး၏ ကိုယ်မှာပင် စကားပြောအသံလွှင့်ကိရိယာ
အစုံအလင်တွေ့ရကြောင်း၊ မြန်မာပြည်၊
အိန္ဒိယပြည်၊ တရုတ်ပြည်တို့အတွက် ဂျပန်ရေဒီယိုက အထူးအသံလွှင့်
အစီအစဉ်များပြုလုပ်ပြီး
အသံလွှင့်ပေးနေပုံကို သတင်းစာတွင် ကြော်ငြာထည့်ပေးနေ ကြောင်း၊ ဂျပန်သည်
ဗုဒ္ဓဘာသာနိုင်ငံဖြစ်သဖြင့်
ဗုဒ္ဓဘာသာကို အားပေးနေကြောင်း၊ ဂျပန့်ရင်သွေး ရုပ်ရှင်ဇာတ်ကားနှင့် ဇမိစံနှင့်
ဦးညီပုတို့အကြောင်း ဂျပန်နှင့်
ပတ်သက်၍ ဖက်စပ်သမျှကို ပြောဆိုနေကြလေသည်။ ကျွန်တော်ကား
နားထောင်နေသည်များ၍ ကိုတင်ကြီးကပင်
ဒိုင်ခံပြောလေသည်။ ကိုတင်ကြီး ဂျပန်ကို များစွာလိုလားနေသူဖြစ်ကြောင်း သိသာပေ၏။
နောက်ဆုံးတွင် ကိုတင်ကြီးက အရေးတော်ပုံ၏ ဗဟိုစစ်ဦးစီးဌာနချုပ်သဖွယ် ဖြစ်နေသော
တို့ဗမာအစည်းအရုံး
အလုပ်အမှုဆောင်နှင့် ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင် အတွင်းရေးမှူးများကို
သူ့အားပြောပြရန်တိုက်တွန်းပြန်လေသည်။
“အတွင်းရေး၊ အပြင်ရေးပြောနေရအောင် ဌာနချုပ်တွေက လျှို့ဝှက်ရေးဌာနချုပ်တွေမှ
မဟုတ်ဘဲ
သခင်တင်ကြီးရဲ့”ဟု ကျွန်တော်ကပိတ်ပြော လိုက်ရာ ကိုကြွယ်ကထပ်၍–

"အာလုံးညီညွတ်နေကြတယ်၊ အားလုံးအောင်နေတယ်၊ ခင်ဗျားလူ သခင်ဗစိန်
တစ်ယောက်တည်း
သွေးခွဲရေးတရားဟောနေတာ သူ့သခင် သတင်းစာဆိုရင် အရေးတော်ပုံကြီးကို
ထောက်ခံအားပေး
ရေးသားထားတာထက် အရေးတော်ပုံကြီးကို ခေါင်းဆောင်နေတဲ့က
လူတွေကိုရှုတ်ချပြစ်တင်နေတာနဲ့ ပြီးနေတာပဲ"
ထိုအခါကိုတင်ကြီးသည် မကျေမချမ်း မချိသွားဖြဲပြုံးကာ–
"ကျုပ်ရဲ့သခင်ဗစိန်လို့မပြောပါနဲ့ဗျာ၊ ကျုပ်က သူတို့ဘက်ကို တစ်ဖက်သတ်ပါသေးတာ
မဟုတ်ပါဘူး"
ထိုအထိပါးစပ်အဟောင်းသားနှင့် ခပ်ပြုံးပြုံးနားထောင်နေသော ဦးလေးမြင့်က
သခင်တင်ကြီးအား
ထပ်ဆောင့်လိုက်ပြန်လေသည်။
"သခင်တင်ကြီးရဲက သခင်ဗစိန်က ခုအရေးတော်ပုံမှာ ခေတ်စားနေတဲ့
ဘုံဝါဒီကုလည်းမကြိုက်ဘူး၊
အာဏာရှင်စနစ်ကိုသာ ကြိုက်တယ်ဆိုမဟုတ်လား"
ကိုတင်ကြီးအဖို့ ကျွန်တော်တို့ သုံးဦးသား၏ သွေးခွဲရေးဆန့်ကျင်မှုတိုက်ပွဲမှ
ထွက်ပေါက်ရှိတော့ဟန်မတူ။
ထို့ကြောင့်ထိုင်ရာမှထလိုက်ရင်း–
"ဒီဝါဒတွေဘာတွေ မသိပါဘူးဗျာ၊ ညီညွတ်ကြရင် ကျုပ်လည်းကြိုက်တာပါပဲ၊ ကဲသွားဦးမယ်"
သူသည် ခန္ဓာကိုယ်အတွဲဘောကြီးကို မနိုင့်တနိုင်ထောက်ကန်ထားရသော
သူ့ခြေထောက်များကို
ခပ်ယိုင်ယိုင်လှမ်းပြီး အပေါက်ဝသို့ သွားလေသည်။ အပေါက်ဝသို့ရောက်သောအခါ
ကြွက်သားလုံးဝမရှိသော
လက်မောင်းကိုဆန့်တန်းပြီး လက်သီးဆုပ်ကာ ဟော့–တို့ဗမာဟု နှုတ်ဆက်သွားပါသေးသည်။
ကိုတင်ကြီးထွက်သွားသောအခါ ကိုကြွယ်သည် သူ့လည်ပင်းတွင်ဆွဲသော
ချွေးသေကောင်ပုတ်ကြီးကို
ဆွဲပစ်လိုက်သလို သက်သာရာ ရသွားဟန်တူပြီး–
"ထွီဒီကောင်မျိုး သခင်ဖြစ်နေတာ ငါသာ သခင်ခေါင်းဆောင်ဆိုရင်ထုတ်ပစ်မှာ"
ကျွန်တော်–
"ဒါထက် ကိုကြွယ်တစ်ခါတုန်းက ပြောဖူးတယ်၊ ဒီလူဟာ ပုလိပ်တွေနဲက
အဆက်အသွယ်ရှိတယ်ဆို"
"အင်း၊ ဒီကောင်ကတော့ တစ်ခါတုန်းက ပြောဖူးတယ်၊ ဒီလူဟာ ပုလိပ်တွေနဲ့
အဆက်အသွယ်ရှိတယ်ဆို"
"အင်း၊ဒီကောင်ကတော့ သူ့ပိုက်ဆံပေးတဲ့ကလူနဲ့ဆိုရင် ဘယ်သူနဲ့ဖြစ်ဖြစ် ဆက်မှာပဲ၊ ခုတော့
ပုလိပ်တွေနဲ့

ပူးတွဲပူးတွဲနေတာ မတွေ့ပြန်ဘူး၊ ရန်ကုန်ထဲ ခဏခဏသွားနေတယ်၊
ဘယ်သူနဲ့ဆက်တယ်တော့ မသိဘူး၊
တစ်ယောက်ယောက်နဲ့ ဆက်ပြီး မကောင်းတာ တစ်ခုခုတော့ လုပ်နေမှာပဲ”
ဦးလေးမြင့်သည် သည်းထန်စွာသန်းလိုက်သည်။ သုံးယောက်စလုံး ဘာမျှမပြော ကြတော့ဘဲ ငြိမ်နေကြ၏။
လမ်းမကြီးပေါ်မှာ ပျင်းရိဖင့်နွှဲစွာ ဖြတ်သွားသောကားတစ်စီး၏ အသံမှတစ်ပါး ဘာသံမျှမကြားရ။
ကမာရွတ်တစ်ရပ်လုံး အိပ်မောကျနေဟန်ရှိလေသည်။
ဦးလေးမြင့်က ထပ်မံ၍ သမ်းလိုက်ပြန်သည်။ ကိုကြွယ်သည် ကျောမှီထားသောတိုင်တွင် ခေါင်းကိုမှီလိုက်ပြီး
မျက်စိမှိတ်ထားလိုက်၏။ ကြက်တွန်သံများပေါ်လာ၏။ ကိုကြွယ်သည်
မျက်စိကိုဖွင့်ပြီးခေါင်းထူကာ–
“ကဲ–အိပ်ကြစို့လား”
ဦးလေးမြင့်က ထိုင်ရာမှထရင်း–
“အိပ်ကြစို့၊ သြော်ငါမေ့နေတယ်၊ မောင်တင်ထွန်းတို့ရွာက လူကြုံမှာ မောင်တင်ထွန်းရဲ့အဖေ စာတစ်စောင်ပေးလိုက်တယ်”
ဦးလေးမြင့်သည် ပြောပြောဆိုဆို အခန်းထဲဝင်သွားလေသည်။ ကိုကြွယ်လည်း ဘုရားစင်အနားသွား၍
အိပ်ရာခင်းနေလေ၏။ ကျွန်တော်ကား ကိုကြွယ်ကျောမှီသွား သောတိုင်အနီးကပ်၍ ကျောမှီခြေဆင်းကာ
ထိုင်နေလိုက်သည်။ ဦးလေးမြင့်သည် အဖေ့ထံမှစာကို ယူလာခဲ့ပြီး ကျွန်တော့်အား ပေးထားခဲ့ပြီးနောက်
အခန်းထဲဝင်သွား လေတော့သည်။
ကျွန်တော်ကား အဖေ့စာကိုကိုင်ပြီး ငိုင်နေမိ၏။ စာကိုဖောက်ဖတ်ရန် ဝန်လေးသလိုလို ဖြစ်နေလေသည်။
ကြက်တွန်သံများ ဆင့်ကဲ ဆင့်ကဲ ပေါ်လာသည်။ ။
၂၉
အဖေ ဖျက်သော်လည်း
အော်....အီး....အီး...အွတ်
နောက်ဆုံးကြက်တွန်သံ။
ဦးလေးမြင့်ကား အခန်းတွင်းမှာအိပ်နေလေပြီ။
ကိုကြွယ်လည်း ဘုရားစင်အောက်နားတွင် အိပ်ပျော်နေ၏။
ကျွန်တော်ကား တိုင်မှာ မှီမြဲမှီလျက် ငိုင်၍သာနေသေးသည်။ လက်ထဲရောက်နေသော အဖေ့စာကို မဖတ်သေး။

ခေါင်းအုံးမပါ အခင်းမပါနှင့် ဖြစ်သလိုအိပ်နေကြသော ရေနံမြေသပိတ်တပ်သားများဆီသို့
ကျွန်တော့်စိတ်ရောက်
သွားသည်။ ရန်ကုန်မြို့သို့ ဦးတည်ချီတက်လာနေသော သာယာဝတီ၊ ခရမ်း၊ ပဲခူး၊
သထုံစသည်တို့မှ
တောင်သူလယ်သမားများအား စိတ်ကူးဖြင့် ကြို၍ကြည့်နေမိသည်။
အုံကြွလှုပ်ရှားဆူပူနေကြသော
အမြို့မြို့အရွာရွာက ကျောင်းသားများသည် စစ်ပုလိပ်သေနတ်ပြောင်းဝရှေ့မှာ ရင်ကော့၍
ချီတက်နေကြပုံကိုမြင်ယောင်နေသည်။ ဗိုလ်အောင်ကျော်ကွယ်လွန်သဖြင့် ဈေးဆိုင်ကိုပိတ်၊
အလုပ်ကိုရပ်စဲပြီး
ဆွမ်းကျွေးနေကြသော မြို့သူမြို့သားတွေကို သတိရနေလေသည်။ အတန်ကြာသော်
စိတ်မောလာသည်။
ကိုယ်ကလည်း နွမ်းနယ်လာသည်ဟု ထင်မိသည်။ ရင်ခေါင်းထဲမှ ထိုးပြီးတက်လာသော
အသမ်းကိုအုပ်ဆိုင်း၍မရတော့ချေ။
သည်တော့မှ လက်ထဲကအဖေ့စာကိုဖောက်၍ ဖတ်လေတော့သည်။
သားမောင်တင်ထွန်း
တစ်နေ့က သတင်းစာတစ်စောင်ထဲမှာ မင်းနာမည်ကို ဗိုလ်လောင်းစာရင်းထဲ
မှာတွေ့လိုက်ရတယ်။
မင်းသည်ပညာသင်ချိန်မှာ ပညာမသင်ဘဲ သူပုန်ကျောင်းသားလုပ်နေတာဟာ
မင်းလည်ပင်းမင်းကြိုးကွင်းတပ်တာဖြစ်တယ်။ တို့ထမင်းအိုးလည်း ရိုက်ခွဲတာဖြစ်တယ်။
ခုဆိုရင်
လယ်ဝန်မင်းကရော၊ မြို့အုပ်မင်းကရော ငါ့ကိုခေါ်ပြီးတော့ မင်းကိုဆူပူမှုထဲမှာမပါအောင်
ဆုံးမရမတဲ့၊
ကျောင်းတက်အောင်တိုက်တွန်းရမတဲ့၊ နို့မဟုတ်ရင် ငါ့အလုပ်ကိုထိခိုက်မယ်တဲ့။
မြို့အုပ်မင်းကတော့
မင်းကျောင်းတက်အောင် မလုပ်နိုင်ရင်လည်း အိမ်ပြန်ခေါ်ပြီး ထိန်းသိမ်းထားရမတဲ့။
အေး–ခုလိုအချိန်အခါကြီးမှာ မင်းတစ်ယောက်တည်း ကျောင်းတက်နေရင်လည်း
သပိတ်တွေကမင်းကို
ရန်မူချင်မူနေမယ်။ ဒီတော့ အကောင်းဆုံးက အိမ်ပြန်လာခဲ့ဖို့ပဲ။ ခုစာရရချင်း အိမ်ပြန်လာခဲ့။
စရိတ်မရှိရင်
၃၉လမ်းက မစံပယ်တို့ဆီကယူပြီး ပြန်လာခဲ့။ ပြန်မလာခဲ့ရင် မင်းတော့သိရောပေါ့။
မင်းအမေလည်း မျက်ရည်နဲ့မျက်ခွက်ဖြစ်နေတယ်။ သောက်ကျိုးနည်း အောင်ကျော်တို့လို
အရိုက်မခံရတာ
ကံကောင်းသေးတယ်။ ခုလူကြုံနဲ့အတူ သနပ်ခါးတုံးတွေပေးလိုက်တယ်။ မမြမှီနှင့်တကွမင်းကို
ခင်မင်သူတွေကို
ခွဲပေးဖို့ပဲ။ မင်းဦးလေးမြင့်အတွက်လည်း ပိုးရောချည်ပါ လုံချည်တစ်ထည်ပေးလိုက်တယ်။

အားလုံးကျန်းမာပါ၏။
မင်းနှင့်တကွ အားလုံးကျန်းမာကြပါစေ။
အဖေ
ကျွန်တော်သည် စာဖတ်ပြီးသည်၏အဆုံး၌ ပြုံးပဲပြုံးမိသည်။
ခါတိုင်းဆိုလျှင် အဖေ့စာကြောင့် အတော်ချောက်ချား တုန်လှုပ်သွားမိပေလိမ့်မည်။ နေမထိ ထိုင်မသာဖြစ်သွားပေလိမ့်မည်။ နိုင်ငံရေးစိတ်ဓာတ်အားထက်သန်နေမှုတွေ
ပန်းပွင့်ကလေးကိုရေနွေးနှင့် ပက်သလို
ခွေအိကျဆင်းသွားပေလိမ့်မည်။ နိုင်ငံရေးနှင့် အဖေ့စပ်ကြားတွင် ဗျာများပြီး
စိတ်အဆင်းရဲကြီးဆင်းရဲမိပေလိမ့်မည်။
နောက်ဆုံး၌အဖေ့အဆုံးအမတွင်တည်ကာ အိမ်သို့ပြန်သွားပေလိမ့်မည်။
ယခုအချိန်ကား ခါတိုင်းနှင့်မတူ။ ကျွန်တော့်စိတ်တွင်ကား အရေးတော်ပုံလှိုင်းများနှင့်အတူ တက်ကြွနေ၏။
ကျွန်တော်တို့ရင်ဆိုင်နေရသော ပြဿနာများကား မိုးနှင့်မြေကြီးကမှ မိုးကုပ်စက်ဝိုင်းကြောင့် မပြတ်မသားဖြစ်ကောင်း ဖြစ်ဦးမည်။ ကျွန်တော်တို့ပြဿနာကား ပြတ်သားလှ၏။
အင်္ဂလိပ်နှင့် ညွန့်ပေါင်းအစိုး
ရဘက်လိုက်မည်လော၊ အလုပ်သမား လယ်သမားကျောင်းသားတို့၏ အရေးတော်ပုံ
ဘက်သို့လိုက်မည်လော။
ကျွန်တော်သည်ယတိပြတ် ဆုံးဖြတ်ပြီးဖြစ်သည်။ အရေးတော်ပုံတပ်သား ဗိုလ်စာရင်းဝင် အဖြစ်ဖြင့်ကျရောက်သမျှတာဝန်ကို ဦးလည်မသုန် ဆောင်ရွက်တော့မည်ဖြစ်လေသည်။
အဖေ့ဘက်ကကြည့်လျှင်
အဖေ့စကားသည် ပျားလိုပင်ချိုလိမ့်မည်။ ကျွန်တော့်ဘက်ကကြည့်တော့ တမာလိုခါး နေသည်။ သို့သော်
အဖေဖြစ်နေ၍ အပြစ်တော့ မဆိုထိုက်ပါ။ အဖေ့ပေါ်မှာ တူးတူးခါးခါး ဒေါသမထားလိုက်ပါ။
သြော် အဖေဟာ
နားမလည်ရှာဘဲကိုး။ ဒါကြောင့်ဒီလိုပြောရှာတာဟု ယူဆပြီးပြုံးလိုက်ပါသည်။
အရေးတော်ပုံသွေးကြွခြင်း၊ နိုင်ငံရေးအယူအဆ စသည်တို့၌ ကျွန်တော်ကဖခင်၊ အဖေက သုံးနှစ်သားကလေး၊
သို့ကလိုပင်ထား၍ ကြည့်လိုက်လေပြီ။ အဖေက တောက်တီးတောက်တဲ့ပြောနေသော သုံးနှစ်သားကလေးကို
ပြုံး၍နားထောင်နေသကဲ့သို့သာရှိလေပြီ။
သို့သော် အလုပ်ဖြုတ်ပစ်မလိုလို ခြိမ်းခြောက်၍ ကျွန်တော့်အား အရေးတော်ပုံမှ စွန့်ခွာစေသော မြို့ပိုင်၊
လယ်ဝန်နှင့် အစိုးရကိုကား တူးတူးခါးခါး မုန်းလိုက်ပါသည်။ သူတို့အား မုန်းလိုက်သည်နှင့်တစ်ပြိုင်နက်
အဖေ့ကိုတော့ သနားသွားသေးသည်။

ကျွန်တော့်စိတ်ဓာတ်ပြင်းထန်မှုကား တစ်နေ့တခြားပို၍သာ ခိုင်ခံ့လာလေသည်။
အရေးတော်ပုံဒီရေကလည်း
တက်မြဲတက်နေလေသည်။ အင်္ဂလိပ်နှင့်ညွန့်ပေါင်းအစိုးရတို့သည်
ထိုဒီရေလှိုင်းများအောက်တွင်
နစ်မြုပ်သွားတော့မလောက် ကျွန်တော်ထင်မိလေသည်။
ရေနံမြေသပိတ်တပ်ကြီးနှင့် လယ်သမားတပ်များရန်ကုန်သို့ ရောက်ကြလေပြီ။
ရွှေတိဂုံအလယ်ပစ္စယံ၌
စခန်းချ၍လှုံ့ဆော်နေကြသည်။
ရေနံမြေ၌မူလက သပိတ်တွင် မပါဝင်ခဲ့သော အလုပ်သမားများသည် လည်းကောင်း၊
သပိတ်ပြန်လှန်ခဲ့သူ
များသည်လည်းကောင်း၊ သပိတ်သမားများနေရာ အစားထိုးထားသူများသည် လည်းကောင်း
လှုပ်ရှားဆူပူလာကြသည်။ ရေနံချောင်း ဘီအိုစီကုမ္ပဏီမှ ဓာတ်မီးအလုပ်သမားများ
လယ်သမားများနှင့်
စာရေးများသည်ထိုင် သပိတ်မှောက်လိုက်ကြသည်။ တောင်းဆိုချက်အဟောင်းများကို
ထပ်တောင်း၍
အသစ်များကိုလည်း တိုးတောင်းကြလေသည်။
သီလဝါနှင့် သန်လျင် ရေနံအလုပ်သမားများက တောင်းဆိုချက် ၂၅ရက်အတွင်း
မလိုက်လျောလျှင်
သပိတ်မှောက်မည်ဟု ဆုံးဖြတ်ကြလေသည်။ မလိုက်လျောသဖြင့် ဆုံးဖြတ်ချက်အတိုင်း
သပိတ်မှောက်ကြလေသည်။
အလုံဧရာဝတီ ကုမ္ပဏီဖောင်ဒရီ အလုပ်သမား ဗမာ ၃၀၀တို့သည် တညီတညွတ်တည်း
သပိတ်မှောက်ကာ
ရွှေတိဂုံအလယ်ပစ္စယံသို့ ချီတက်လာကြလေ သည်။ ရေကျော်မစိန်ညွန့် ဆေးလိပ်ခုံမှ
အလုပ်သမား
အမျိုးသမီးများသည် လိပ်ခနှင့်ခွင့်ရက် တိုးတောင်းပြီး သပိတ်မှောက်လာကြသည်။
ရန်ကုန်မီးခြစ်စက်များမှ အမျိုးသမီးအလုပ်သမား ၁၀၀၀ခန့်သည် သပိတ်မှောက်ပြီး
ရေနံမြေသပိတ်တပ်ရှိရာသို့
အင်အားပြ ချီတက်လာကြသည်။ သူတို့သည် "သခင်မျိုးဟေ့ တို့ဗမာ၊ မီးတုတ်မီးတုတ်
ရှို့ရှို့၊ အရေးတော်ပုံ
အောင်ပါစေ"စသည်ဖြင့် ဟစ်အော်လာကြသည်။ ထိုအမျိုးသမီး သပိတ်မှောက်
အလုပ်သမားများနောက်မှ
အင်္ဂလိပ်စစ်သားများသည် အာရ်အီးတီ ဘတ်စ်ကားကြီး များကိုစီးကာ သေနတ်ဖြင့်ချိန်၍
လိုက်လာကြလေသည်။
ဒလ ဧရာဝတီ သင်္ဘောကျင်းအလုပ်သမားများက တောင်းဆိုချက် ၁၃ချက် တောင်းပြီး
သပိတ်မှောက်ခဲ့သည်။

ဒေါ်ပုံအစိုးရ သင်္ဘောကျင်းအလုပ်သမားများက လည်း သပိတ်မှောက်ကြလေသည်။
စီတန်းလှျောက်ကာ
အင်အားပြပြီးနောက် အလယ်ပစ္စယ်မှာ စုဝေးပြန်လေသည်။
စမ်းချောင်းကျောက်သွေးအလုပ်သမား ၁၅၀၀တို့သည် အလုပ်တစ်ရက်ပိတ်ပြီး ရွှေတိဂုံသို့
ချီတက်အင်အားပြကာ
အထွေထွေအလုပ်သမားသပိတ်ကြီးအား ထောက်ခံလေသည်။
ရန်ကုန်အာရ်အီးတီ ထရော်လီနှင့် ဘတ်စ်ကားမောင်းသမားများ၊ အာလံမြို့ စတီးစက်ရုံမှ
မြေပဲထမ်းတင်ကူလီများ၊
ပြည်၊ နတ်တလင်း၊ သုံးဆယ် ဆန်စက်ကူလီများနှင့် မှော်ဘီအစိုးရ စိုက်ပျိုးရေးဌာန
အလုပ်သမားများသည်
ကိုယ့်သီးခြားတောင်းဆိုချက်များကို တင်လျက်လည်းကောင်း၊ အထွေထွေအလုပ်သမား
သပိတ်ကြီးကို
ထောက်ခံသောအားဖြင့် လည်းကောင်း သပိတ်မှောက်လာကြလေသည်။
အစိုးရနှင့် ဓနရှင်များသည် ထိုသပိတ်များကို အချို့နေရာတွင် စီးပွားရေး
အလျှော့ပေးခြင်းအားဖြင့် လည်းကောင်း၊
အလုပ်ခေါင်းဆောင်များအား ဖမ်းခြင်း ဆီးခြင်းဖြင့်လည်းကောင်း၊ အခြားဖိနှိပ်ချုပ်ချယ်မှုများ
ပြုလုပ်၍လည်းကောင်း ဖျက်ကြလေသည်။
ရေနံမြေဘီအိုစီကုမ္ပဏီရှိ လျှပ်စစ်အလုပ်သမားများနှင့် လက်သမားများ၏ ထိုင်သပိတ်သည်
ရေနံမြေတစ်ခုလုံးတွင်
ဂယက်ရိုက်သွားလေသည်။ တောင်းဆိုချက် များကို ဇန်နဝါရီလ၁၅ရက်ထက်
နောက်မကျစေဘဲပေးရမည်။
သို့မဟုတ် သပိတ်မှောက်မည်ဟု ဆုံးဖြတ်လေသည်။ ရေနံမြေကုမ္ပဏီတို့က
လိုက်လျောရလေ၏။
အာလံမှစတီး အလုပ်သမားများ၊ မော်လမြိုင်မှ သစ်စက်အလုပ်သမားများနှင့် သုံးဆယ်စသော
မြို့များမှ
ဆန်စက်အလုပ်သမားများသည် တောင်းဆိုချက်များရသဖြင့် သပိတ်လှန်လိုက်ကြလေသည်။
အချို့ဓနရှင်များကား
လိမ္မာကြ၏။ အလုပ်သမားများက တောင်းဆိုချက်ကို တင်လိုက်သည်နှင့် တစ်ပြိုင်နက်
လိုက်လိုက်လျောလျောလုပ်ကာ သပိတ်ကို တားဆီးကြလေသည်။
အင်းစိန်မီးရထားစက်ရုံ အလုပ်သမားများက သူတို့၏ နစ်နာချက်များကို ထုတ်ဖော်ကြသည်။
မန္တလေးမှ
ရမည်းသင်းအထိ ဘူတာရုံများ၌ အလုပ်လုပ်ကြသော ညရုံပိုင်များသည် နယ်လှည့်လာသော
ရထားမင်းကြီးအား
ဝိုင်းထားပြီး သူတို့တောင်းဆိုချက်များကို တင်ပြကြလေသည်။

တစ်ဖက်မှာလည်း အဖမ်းအဆီးများကို လုပ်မြဲလုပ်နေလေသည်။ သပိတ်
မှောက်ခေါင်းဆောင်များကိုဖမ်းသည်။
သပိတ်ထဲမှာတက်ကြွစွာ ပါဝင်သော နောက်လိုက်များကိုလည်းဖမ်းသည်။ ဥပမာဧရာဝတီ
မီးသဘော်ာကုမ္ပဏီသပိတ်များ သည် စီတန်းအင်အားပြကြရာ အလံကိုင်သူ သုံးဦးအား
ရန်ကုန် လတ်တလော
လုံခြုံရေးဥပဒေနှင့် ဖမ်းလေသည်။ ၄င်းပြင် ဗဟိုခေါင်းဆောင်ပိုင်းကိုလည်း ဖမ်းပြန်လေပြီ။
သခင်နုအား ဇန်နဝါရီလ ၁၁ ရက်နေ့တွင် သူနေထိုင်ရာ အလုံဧရာဝတီ လမ်းအမှတ် ၂၂၌
ဖမ်းဆီးလေသည်။
သခင်နုအား ဖမ်လျှင်ဖမ်းချင်း နဂါးနီအသင်းသား ၁၀၀ ကျော်တို့သည်
ကန့်ကွက်ဆန္ဒပြကြပြီး ရွှေတိဂုံသို့ချီတက်
ကာ သပိတ်မှောက်အလုပ်သမားထုကြီးကို တိုင်ကြလေသည်။ ‘လူမွဲတို့ထွက်ရပ်လမ်း’
ဆိုသောအမည်ဖြင့်
သခင်နုဘာသာပြန် ထုတ်ဝေထားသော ရုရှားတော်လှန်ရေး အကြောင်း စာအုပ်များကို
အလုပ်သမားခေါင်းဆောင်များအား ဝေငှလေသည်။ ၄င်းပြင် တစ်အုပ် ၁၀ပဲ ရောင်းချနေရာမှ
၄ပဲသို့
လျှော့ပစ်လိုက်ကာ အုပ်ရေများစွာ ဖြန့်ပစ်လိုက်ကြသည်။ သခင်နုအား ဖမ်းဆီးခြင်းအတွက်
အကောင်းဆုံးသော
ကန့်ကွ့က်နည်းမှာ ရုရှားတော်လှန်ရေးအကြောင်း အလုပ်သမား ဆင်းရဲသားများ
အနှံ့အပြားသိအောင်
လုပ်ရန်ဖြစ်သည်ဟု နဂါးနီအသင်းကယူဆလေသည်။
ဇန်နဝါရီလ ၁၄ရက်နေ့တွင် တက်ဘုန်းကြီး သခင်သိန်းဖေသည် ထောင်တွင်
သခင်နုအားသွားတွေ့ရန် သူနေသော
ဘားလမ်းအမှတ် ၂၆၇မှ အထွက်တွင် ပန်းဆိုးတန်းမှ ရာဇဝတ်အုပ် ဦးဝမ်းမောင်က
ဖမ်းသွားလေသည်။
ရန်ကုန်ထောင်ထဲ ရောက်မှ သခင်နုနှင့် သခင်သိန်းဖေတို့တွေ့ရတော့သည်ဟု အစိုးရအပေါ်
မလိုတမာ
ကျွန်တော်တို့ အချင်းချင်း ပြောမိကြသေးသည်။
နောက်တစ်နေ့တွင်ကား ကိုလှရွှေပင် အဖမ်းခံရလေတော့၏။ ကျောင်းသား အာဏာရှင်ဟု
အများက
သမုတ်ခြင်းခံရသည့် ကိုလှရွှေမှာ ကျွန်တော်တို့ ကျောင်းသားများ၏ ချစ်ကြည်လေးစားသော
ခေါင်းဆောင်ဖြစ်ရုံမက ထိုအရေးတော်ပုံ တစ်ရပ်လုံးတွင် အထင်ရှားဆုံးသော
ခေါင်းဆောင်တစ်ဦးလည်း
ဖြစ်နေလေသည်။
တို့ဗမာအစည်းအရုံး ဗဟိုဌာနချုပ် အခြားခေါင်းဆောင်များကို မဖမ်းသေးသော်လည်း

အလယ်ပိုင်းခေါင်းဆောင်များ၊ အောက်ပိုင်းခေါင်းဆောင်များ ကိုကား
တသွတ်သွတ်ဖမ်းနေလေပြီ။
ဤသို့ဖမ်းဆီးခြင်း၊ ပုဒ်မအမျိုးမျိုးသုံး၍ ချုပ်ချယ်ခြင်း၊ တားဆီးခြင်း၊ ဖိနှိပ်ခြင်းများကို
ပြုလုပ်သော်လည်း ဖိလေ
ကြွလေဆိုသလိုသာ ဖြစ်တော့သည်။ ကျွန်တော့်အဖို့ဆိုလျှင် အဖမ်းခံရမှာ၊ အစိုးရ
အနှိပ်စက်ခံရမှာ
မကြောက်ရုံမက ဂုဏ်ထူးရှိသောအလုပ်ဟူ၍ပင် ယူဆမိလေသည်။ သခင်နု၊ သခင်သိန်းဖေ၊
ကိုလှရွှေတို့နှင့်အတူ
အဖမ်းမခံရခြင်းကိုပင် ဝမ်းနည်းသလိုလို ဂုဏ်ငယ်သလိုလို ထင်မိသေးတော့၏။
သို့သော် အရေးတော်ပုံ လုပ်ငန်းများအလိုနှင့် ညီညွတ်စွာ ကျင့်ကြံရမည်ဖြစ် ရာ
ကျွန်တော်တို့သည်
ထောင်ကျတန်းကျ၊ အရိုက်အနှက်၊ အပစ်အခတ်ခံရမည့် အတွက်
တာဝန်ကိုရှောင်ရမည်မဟုတ်သော်လည်း မခံရဘဲ
တာဝန်ပြီးရေးအတွက် ပို၍ကျင့်ကြံရ၏။
"တစ်ဗိုလ်ကျ တစ်ဗိုလ်တက်"ဤလမ်းစဉ်အတိုင်း ကိုလှရွှေအဖမ်းခံရသောအခါ
တက္ကသိုလ်ကျောင်းသားသမဂ္ဂ
ငွေထိန်းမှူး ကိုသိန်းအောင်အား ခေါင်းဆောင်တင်ကြ သည်။ ကိုလှရွှေအား ပြည်သူတို့က
အပ်နှင်းထားသည့်
'အာဏာရှင်' ဟူသောဘွဲ့ကို ကိုသိန်းအောင်နှင့်တကွသော ကျွန်တော်တို့ မကြိုက်ကြ။
အာဏာရှင်တွေကို
မုန်းတတ်အောင် ရင့်မာသောနိုင်ငံရေးအမြင် ရှိနေကြလေပြီ။ အထူးသဖြင့် အာဏာရှင်
ဟစ်တလာကို မလိုလားကြ။
ထို့ကြောင့် ကိုသိန်းအောင်သည် လက်မှတ်ထိုးတိုင်း နောက်က ခေါင်းဆောင်ဟု
ထည့်လေ့ရှိ၏။ သို့သော်
ပြည်သူအများက ထိုဘွဲ့ကိုအသိအမှတ်မပြုကြချေ။
"တစ်ဗိုလ်ကျ တစ်ဗိုလ်တက်"လမ်းစဉ်အရ ကျွန်တော်သည်လည်း ကျွန်တော့်ဆိုင်ရာအပိုင်းတွင်
တက်လာခဲ့လေသည်။ ဗိုလ်လောင်းစာရင်းဝင်အဖြစ်မှ ဗိုလ်တစ်ဗိုလ်အဖြစ်ဖြင့်
တာဝန်ဆောင်ရွက်ရသည်များလည်းရှိ၏။ ၄င်းပြင် သမဂ္ဂအလုပ်အမှုဆောင်အဖွဲ့က
ကျွန်တော့်အား
နေ့ကျောင်းသားများ၏ ခေါင်းဆောင်အဖြစ်ဖြင့် အသိအမှတ်ပြုထားလေသည်။
ကျွန်တော်သည်
အလုပ်အမှုဆောင်နှင့် အနီးကပ်ဆုံး လုပ်သားရဲဘော်တစ်ဦးဖြစ်လာခဲ့ပေ၏။
ထောင်နှုတ်ခမ်းသို့ရောက်ပြီဟု
ဆိုရပေမည်။

အစိုးရ၏ အပြုအမူများကို ရွတ်ချကန့်ကွက်သောအားဖြင့် ရန်ကုန်မြို့ ဗမာဘတ်စ်ကားများက ပိုင်ရှင်ရော၊
အလုပ်သမားများပါ သပိတ်မှောက်ကြလေသည်။ မန္တလေးတွင် ရဟန်းတော် ၃၀၀၀ အိမ်တော်ရာမှာ စုဝေးပြီး
ဆွမ်းမစားဘဲ ဆန္ဒပြကြလေသည်။ နတ်တလင်းမှာ ကနေသော ရွှေမန်းတင်မောင်ဇာတ်က တစ်ညပိတ်၍
ဆန္ဒပြသည်။ ပျဉ်းမနားမှာ မြင်းရထား၊ ဆိုက်ကား၊ လန်ချားတို့က သပိတ်မှောက် ဆန္ဒပြကြလေသည်။
တောင်ငူမြို့တွင် ကျောင်းသားများက သပိတ်တားနေကြစဉ် ကျောင်းသားဥက္ကဋ္ဌ မောင်မောင်ကြီးအား
ဖမ်းလေရာလူထုက ရှူးနှင့်ဂါတ်ကိုဝိုင်းပြီး မောင်မောင်ကြီးအား လွှတ်ပေးရန်တောင်းဆိုကြသည်။
ဝိုင်းသူများထဲတွင်ပါဝင်သော ဘုန်းကြီး ဦးဣန္ဒာစာရကိုလည်း ဖမ်းပြန်ရာ ဈေးသူဈေးသားများ
ဆိုက်ကားသမားများ သံဃာတော်များ ကျောင်းသားများ ပေါင်း၅၀၀၀ကျော်သည် တစ်နေ့လုံး ဂါတ်နှင့်
ရုံးများကိုဝိုင်းထားကြပြီး အရေးဆိုနေကြပေရာ ညနေတွင် မောင်မောင်ကြီးနှင့် ဦးဣန္ဒစာရတို့အား
လွှတ်ပစ်လိုက်ရလေ၏။
မိတ္ထီလာတွင်လည်း သပိတ်တား ကျောင်းသားငါးဦးကိုဖမ်းရာ မြို့သူမြို့သားလူထုကြီးက ဌာနကိုဝိုင်းပြီး
ဆူကြသဖြင့် ကျောင်းသားများကိုလွှတ်ပစ်ရ လေသည်။ မြိတ်မြို့တွင် ကျောင်းသားများကို ဖမ်းရာ မြို့သူမြို့သား
၄၀၀၀ကျော်က အရာရှိများကိုဝိုင်း၍ အကျပ်ကိုင်ကြလေရာ ကျောင်းသားများကို လွှတ်ပစ်ရလေသည်။
ထူးခြားချက်တစ်ရပ်မှာ မြန်မာပုလိပ်များက လူထုအား အတိုက်အခံမလုပ်ဘဲ နေကြခြင်းဖြစ်သည်။
ကသာ၊ ဗန်းမော်တို့တွင်လည်း ဤနည်းနှင်နှင် ဖြစ်ခဲ့လေသည်။ ရေတာရှည်မှ တောင်သူလယ်သမား
၁၀၀၀ကျော်တို့သည် တောင်ငူသို့ချီတက်ကာ အရေးပိုင်ရုံးကိုဝိုင်းလျက် ဖိနှိပ်ချုပ်ချယ်သော မြို့ပိုင်ရွှေ့ပေးရေး၊
အခွန်တော်ကောက် ခံခြင်းရွှေ့ဆိုင်းရေးနှင့် ကြိုးဝိုင်းသစ်တောများတွင် ထင်းနှင့် အိမ်သုံးသစ်ခုတ်ခွင့်များ
တောင်းကြလေရာ အရေးပိုင်က လိုက်လျောရလေသည်။ ရခိုင်ပြည်ဘက်မှ တောင်သူလယ်သမား

တစ်ထောင်ကျော်ကလည်း သူတို့တောင်းဆိုချက်များတင်ပြရန် နှင့် ဗမာပြည်မှ လယ်သမားများနှင့်
တစ်သားတည်း၊ တစ်သဘောတည်း အဖြစ်ဆန္ဒပြ ရန် တောင်ကုတ်လမ်းမှ ရန်ကုန်သို့ ချီတက်လာကြရန်
စီစဉ်နေကြောင်း သတင်းရလေသည်။
အတွင်းဝန်များရုံးကြီးတစ်ဝိုက်တွင် ကျောင်းသားများအား ရိုက်နှက်မှုနှင့် ဗိုလ်အော်ကျော်အား သတ်မှုများအတွက်
အစိုးရအားတရားစွဲရန် ဝတ်လုံတော်ရများ ဖြစ်သော ဦးအေးမောင်။ ဦးကျော်မြင့်နှင့် ဦးဘစိုးတို့က တာဝန်ယူ၍
စီစဉ်နေကြ လေသည်။ အဖက်ဖက်ကိုကြည့်၍ အားရစရာချည်း တွေ့နေရလေသည်။
ရန်ကုန်မြို့ပေါ်တွင် ကျောင်းသားများတရားပွဲ၊ သပိတ်မှောက် အလုပ်သမားများ တရားပွဲ၊ တို့ဗမာတရားပွဲများ
ညစဉ် အနှံ့အပြားရှိလေသည်။
တစ်ညသ၌ ကျွန်တော်သည် တက္ကစီကားတစ်စီးဖြင့် ကျွန်တော်တို့ကျောင်းသား များရှင်းလင်းတရားပွဲများကိုလှည့်ပြီးကြည့်သည်။ ရေကျော်တရားပွဲတွင် လူ၂၀၀၀ခန့် လမ်းမတော်မှာ ၁၀၀၀၊
ကျောက်မြောင်းမှာ ၁၀၀၀နှင့် စမ်းချောင်းမှာ ၂၀၀၀ခန့် တက်ရောက်သည်ကိုတွေ့ရပေသည်။
ကျောင်းသားခေါင်းဆောင်များအပြင် ပုဇွန်တောင် မြူနီစပယ်မှ မမြမြ၊ မြို့မမှ မသန်းညွန့်စသော
ကျောင်းသူများသည် လည်းကောင်း၊ အေဘီအမ်ကျောင်းမှ ဆယ့်နှစ်နှစ်သား ကျောင်းသားကလေး
အောင်မြင့်သည်လည်းကောင်း ဟောပြောနေသည်ကို တွေ့ရပေ၏။ အောင်မြင့်က ကိုအောင်ကျော့်ခြေရာကို
အဘယ့်ကြောင့် နင်းရမည်ဖြစ်ကြောင်း ရှင်းပြ၏။ မမြမြက သူ့ကုပ်မှာ ပုလိပ်နံပါတ်တုတ်နှင့် အရိုက်ခံရခြင်းသည်
လွတ်လပ်ရေးလုပ်ရာတွင် ဘွဲ့ထူးရခြင်းဟု ယူဆကြောင်း ပလ္လင်ခံပြီး နုနယ်သော မိန်းကလေးများအား
နံပါတ်တုတ်နှင့် ရိုက်ခြင်း၊ မြင်းနှင့်တိုက်ခြင်းများပြုသော အစိုးရသည် မိန်းကလေးများ ကိုပါ
နိုင်ငံရေးမလုပ်လုပ်အောင် တွန်းပို့နေကြောင်းများ ရှင်းပြလေသည်။ မသန်းညွန့်ကမူ
လွတ်လပ်ရေးတိုက်ပွဲအကြောင်း ဟောလေ၏။
ဤကဲ့သို့သော ကျောင်းသားများအရေးကိုတင်ပြသည့် တရားပွဲများသာမက ကျောင်းသားထု
အစည်းအဝေးများကိုလည်း မကြာခဏကျင်းပကြသည်။ ဖိနှိပ်ချုပ်ချယ်မှုများကို ရုပ်သိမ်းရန်၊ ဖမ်းထားသော
ခေါင်းဆောင်များကို လွှတ်ရန်၊ စာမေးပွဲ ရွှေ့ဆိုင်းရန်၊ အုပ်ချုပ်ရေးဖျက်ရန် စသော တောင်းဆိုချက်များကို

ဆုံးဖြတ်ကြလေသည်။
တစ်ဖက်ကလည်း ကျောင်းသားများ ကျောင်းပြန်တက်စေရန် နည်းအမျိုးမျိုး သုံး၏။
ပဲခူးလိုအရပ်၌
ကျောင်းဆရာကြီးများ၊ မင်းတိုင်ပင်အမတ်နှင့် မြူနီစပယ်လူကြီးများ လက်မှတ်ထိုးပြီး
မိဘများက သားသမီးအား
ကျောင်းတက်ဖို့ နှိုးဆော်ပေးထိုက်ကြောင်း ကြေညာချက်ထုတ်ဝေကြလေသည်။
တက္ကသိုလ်အာဏာပိုင် တို့ကမူ
ကျောင်းသားများသည် ကျောင်းတက်မလား၊ မတက်ဘူးလား စာမေးပွဲ ဝင်မလား၊
မဝင်ဘူးလား စသော
မေးခွန်းများကိုတိကျစွာ အဖြေပေးရမည်ဟုဆိုကာ စာရင်းလိုက်ကောက်လေသည်။ သို့သော်
ဤနည်းကားမအောင်ခဲ့ချေ။
များစွာသောနေရာတို့တွင် ကျောင်းဆရာများကိုယ်တိုင်က အတိအလင်းကျောင်းသားများ၏
အရေးကိုထောက်ခံကြ၏။ ဇန်နဝါရီလ ၁၄ရက်နေ့ ရွှေတိဂုံလူထုအစည်းအဝေးပွဲတွင်
မြို့မဆရာဟိန်းက
“တပည့်တွေလုပ်တာတွေကို အားပေးပြီး သပိတ်ကိုဆရာတွေက ထောက်ခံသင့်တယ်၊
ယခုအခါမှာ နွားကလေးနို့
နွားမကြီးစို့ ဆိုသလို တပည့်များထံမှ လမ်းမှန်လုပ်နည်းကို သင်ကြားယူသင့်နေပြီ”ဟု
ပြောဆိုလေသည်။
ရန်ကုန်မြို့မကျောင်းတွင် ကျောင်းသားမိဘများ အစည်းအဝေးတစ်ခု ကျင်းပပြီး
ကျောင်းသူကျောင်းသားများ
သပိတ်ကို ထောက်ခံကြောင်းအဆို မြို့မ ဆရာဟိန်ကပင် တင်သွင်းလေသည်။
ဇန်နဝါရီလ ၂၂ရက်နေ့တွင်ကား ထို့ထက်ကျယ်ပြန့်သော ရန်ကုန်မြို့လုံးဆိုင်ရာ
ကျောင်းသားမိဘထုအစည်းအဝေးကို ရွှေတိဂုံ အလယ်ပစ္စယံမှာ ကျင်းပလေသည်။
ဒီးဒုတ်ဦးဘချိုက သဘာပတိ
အဖြစ်ဖြင့် ဆောင်ရွက်၏။ ထိုအစည်းအဝေးသည် ကျောင်းသားများ၏ အရေးတော်ပုံကို
လုံးဝထောက်ခံလေသည်။
ထူးခြားချက်မှာ ထိုအစည်းအဝေးတွင် အိန္ဒိယအမျိုးသား ကုန်သည်များ၊ အယ်ဒီတာများ၊
ရှေ့နေ၊
ဝတ်လုံများတက်ရောက်ကြပြီး ဗမာ့အရေးတော်ပုံကို ထောက်ခံကြလေရာ ကုလားဗမာ
သွေးစည်းတရားပွဲကြီးဖြစ်သည်။
သို့ကလို အရေးတော်ပုံဒီလှိုင်းက မြင့်သည်ထက် မြင့်တက်လာပြီး လူများတကာ
ကျောင်းသားမိဘများက
စိတ်ရောကိုယ်ပါ အားပေးနေကြချိန်တွင် ကျွန်တော့်အဖေ၏ သပိတ်ဖျက်သြဝါဒကို
ကျွန်တော်သည် ရှက်ခြင်း

ဒေါ်သထွက်ခြင်း သည်တို့ဖြင့် မခံယူဘဲ "သြော် အဖေကနားမလည်ရှာလို့ကိုး"ဟူသော
တွက်ကိန်းဖြင့်
ခံယူသည်မှာ အတော် တော်သေးသည်ဟုပင် ဆိုရပါမည်။
ကျောင်းသားအရေးတော်ပုံဘက်မှ မားမားမတ်မတ် ဆောင်ရွက်ကြသော ကျောင်းဆရာများတွင်
မခင်သစ်၏ ဖခင်
ဆရာဖေလည်းပါဝင်လေသည်။ ကျောင်းဆရာများအနေနှင့်လည်း
သီခြားတောင်းဆိုချက်များထုတ်၍
ဆူပူလှုပ်ရှားရန် တစ်နည်းအားဖြင့်ဆိုသော် အရေးတော်ပုံကြီးတွင် ကျောင်းဆရာများလည်း
ကိုယ်ထိလက်ရောက်ပါလာရန် ဆရာဖေခေါင်းဆောင်၍ စည်းရုံးလေသည်။
ထို့ကြောင့် ဆရာများ၏ ကင်းဘဲလ်အစီရင်ခံစာ ကန့်ကွက်ရေးစသော အစည်းအဝေးများ
ဖြစ်လာခဲ့လေသည်။
မခင်သစ်ကား သူ့ကိုယ်တိုင်ကလည်း စိတ်အားထက်သန်၊ မိဘများကလည်း
အားပေးနေလေရာ
အတွင်းဝန်ရုံးကြီးအနီး အရိုက်ခံရပြီးသည့်နောက် ပိုမိုတက်ကြွစွာ ပါဝင်လာသည်ကို
တွေ့နေရလေသည်။
တစ်ညတွင် ကျွန်တော်သည် မြို့မကျောင်း ကျောင်းသားသပိတ်ဌာနချုပ်မှာ အလုပ်လုပ်နေစဉ်
တောသားနှင့်တူသော
လူကြီးတစ်ယောက်သည် ကျွန်တော့်အား မေး၍ ဝင်လာလေသည်။ သူသည်ချည်လုံချည်
ခပ်ကြမ်းကြမ်းနှင့်
သက္ကလပ်အင်္ကျီအနက်ကိုဝတ်၍ အမွေးပွမျက်နှာသုတ်ပဝါကြီးကို ခေါင်းပေါင်းထား ပေရာ
တောမှ
ရန်ကုန်ခဏလာသော လယ်သမားကြီးဖြစ်ကြောင်း သိနိုင်လေ၏။ သူက ကျွန်တော့်အား
စာတစ်စောင်ကို
ထုတ်ပေးလေသည်။
ထွန်းကလေး
ကပ်ပြီး အကြောင်းကြားတယ်လို့လည်း မထင်နဲ့နော်။ မတိုင်ပင်ဘဲ လုပ်သွားတယ်လို့လည်း
စိတ်မခုနဲ့နော်။
အဖေက လူလွတ်ပြီးခေါ်လို့ မနက်ဖြန်မနက်သင်္ဘောနဲ့ အိမ်ပြန်ရတော့မယ်။ ခု
ထွန်းကလေးဆီစာလာပို့သူဟာ
မြင့်ကြီးရဲ့ ဦးလေးတော်သူပဲ၊ သူနဲ့ပြန်လိုက်ရမှာ ဖြစ်တယ်။ ထွန်းကလေး မနက်ဖြန်မနက်ကို
သင်္ဘောဆင်းနိုင်ရင်လည်း ဆင်းခဲ့ဖို့ပဲ။ အလုပ်ရှိနေရင်လည်း မဆင်းခဲ့ပါနဲ့ကွယ်။
အလုပ်ပိုမပေးပါရစေနှင့်။
ဦးလေးဆီမှာပဲ စာတစ်ကြောင်း နှစ်ကြောင်းခြစ်ပြီး မှာချင်တာ ပြောချင်တာတွေ
ရေးပေးလိုက်ပါ။ ဒီလူကြီးဟာလေ

ဦးလေးလည်းတော်တယ်။ မြင့်ငယ်ငယ်ကလည်းထိန်းကျောင်းလာသူ ဖြစ်တယ်။
ခုလည်းမြင့်တို့ မြေတွေကို
သူကိုယ်တိုင်ဦးစီးလုပ်နေတာ။
မြင့်ကြီး
ထိုစာကို ဖတ်ပြီးနောက် ဦးလေးဆိုသော လူကြီးအား ကျွန်တော်က ပြုံး၍
ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။
လူကြီးကလည်း ရိုးသားစွာပြုံးပြီး–
"ကဲ–ဘာမှာလိုက်ဦးမလဲ"
"ကျွန်တော် နက်ဖြန်မနက်မှ သင်္ဘောဆင်းခဲ့ပါ့မယ်"
"ဒါဖြင့် ကျုပ်သွားမယ်"
"ဟုတ်ကဲ့ခင်ဗျာ၊ သပိတ်စခန်းဆိုတော့ ဦးလေးကိုဘာမှဧည့်ဝတ်မကျေနိုင်ဘူး"
"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က သပိတ်ကိုထောက်ခံပါတယ်"ဆိုပြီး ထွက်သွားလေသည်။
ထိုနေ့ညတွင် များစွာ အလုပ်များပြီး ညဉ့်နက်သွားလေသည်။ ထို့ကြောင့် အိပ်ရာထ
နောက်ကျသွားလေသည်။
သင်္ဘောဆိပ်သို့ အပြေးအလွှားဆင်းခဲ့၏။ သို့သော် တော့လွဲကလေးဖြစ်ခဲ့ပြီး သင်္ဘောသည်
ဆိပ်ကမ်းမှ
ခွာစပြုနေလေပြီ။
မျက်နှာကလေးကိုမြင်ရလျှင် မြင်ရစေတော့ဟု ကမ်းစပ်သို့ အပြေးဆင်းခဲ့သည်။
တဝုန်းဝုန်းခတ်နေသော
ရဟတ်နှင့် လှိုင်းလုံးကြီးများသည် တဒိတ်ဒိတ်ခုန်နေသော ကျွန်တော့ရင်တွင်းလှိုင်းများနှင့်
ပြိုင်နေသလိုရှိသည်။
တဒင်ဒင်မြည်နေသော ဆလင်၏အချက်ပေးသံများ၊ သင်္ဘောကုလားတို့၏
အချင်းချင်းလှမ်းကာ
ဟစ်အော်ပြောဆိုနေသံများ။ ထိုအသံတွေကို ကျော်လွှား၍ "မမြင့်ဦး မမြင့်ဦး"ဟု
အော်ခေါ်လို၏။
တဝူးဝူးထွက်လာပြန်သော ဥသြသံကြီးက ပိတ်ပင်တားဆီးပစ်လိုက်၍သာ ဣန္ဒြေမဲ့စွာ
ဟစ်အော်လိုသောဆန္ဒ
ကျေပျောက်ခဲ့ရပေ၏။
သင်္ဘောပေါ်သို့ မျှော်ကြည့်လိုက်သည်။ မမြင့်ဦးနှင့်တူသော သဏ္ဌာန်ကိုပင် မတွေ့မြင်ရ။
အားမလို အားမရ
ဖြစ်လှ၏။ ဟိုလှမ်းကြည့် ဒီလှမ်းကြည့်လုပ်နေရင်း
သူ့ဦးလေးဆိုသောလူကြီးကိုမြင်လိုက်သည်။
မနေ့ညကလာတဲ့အတိုင်းပါပဲ။ အင်္ကျီအနက်နှင့် မျက်နှာသုတ်ပုဝါခေါင်းပေါင်း။
လူကြီးကလည်း

ကျွန်တော့်အားမြင်လေပြီ။ သူက“နေဦး နေဦး”ဆိုသောသဘောနှင့် လက်ပြပြီး
အတွင်းသို့ဝင်သွားလေသည်။
မမြင့်ဦးအား သွားခေါ်တာဖြစ်လိမ့်မည်။
ထိုအတွင်းသင်္ဘောကြီးသည် ရေစီးကိုကန့်လန့်ဖြတ်လိုက်ပြီး တစ်ဖက်သို့
ခေါင်းလှည့်နေလေပြီဖြစ်ရာ
မမြင့်ဦးအား မြင်လိုက်ရန်ပင် မျှော်လင့်ချက် ဆုံးစပြုလာ လေသည်။ သို့သော်
ကမ်းစပ်မှာရပ်လျက် သင်္ဘောဆီသို့
သဲသဲမဲမဲ ကြည့်မြဲကြည့်နေ လေသည်။ ဟိုက လာနေသည်မှာ မမြင့်ဦးမဟုတ်ပါလော။
မမြင့်ဦးသည် လက်ရန်းကိုကိုင်လျက် ကျွန်တော့်အားပြုံးပြလိုက်သည်။ တကယ့်မျက်စိတွင်
သူ့ပါးချိုင့်ကြီးကို
မမြင်နိုင်အောင် ကွာလှမ်းနေသော်လည်း သူ့အပြုံးနှင့် အမြဲတွဲနေသည့်
ပါးချိုင့်ကိုမြင်ယောင်မိလေသည်။
ကျွန်တော်ကလည်း ပြုံးပြသည်။ သို့သော် ကျွန်တော်တို့၏ အပြုံးများကား တာမရှည်ပါ။
ဝေး ဝေးသွားလေလေ
ရင်လေးသွားလေဖြစ်သည်။ မမြင့်ဦးနှင့် ကျွန်တော်သည် သမီးရည်းစားဟုပင် အတိအကျ
မဖြစ်ကြသေး။
သို့သော်သွားအတူလာအတူ တပူးတွဲတွဲနေကြသော မိတ်ဆွေများအဖြစ်ဖြင့်ပင်လျှင်
ခွဲခွာကြရစဉ်
ဤမျှတော့ဆွေးမည်ပင်။
တော်တော်ကလေးဝေးသွားတော့ ကျွန်တော်က လက်ယမ်းပြသည်။
သူကလည်းလက်ယမ်းပြသည်။
သည့်ထက်သည်ဝေးတော့ ကျွန်တော်က လက်ကိုင်ပုဝါ ယမ်းပြသည်။ သူကလည်း
လက်ကိုင်ပုဝါယမ်းပြသည်။
သည်လိုနှင့်သင်္ဘောနောက်တွင် စင်ရော်ကလေးတွေ ဝဲသည်တိုင်အောင်
ငေးကြည့်ကျန်ရစ်လေသည်။
ကျွန်တော်သည် သင်္ဘောဆိပ်မှနေပြီး မြို့မသပိတ်စခန်းသို့ မသွားဘဲ ရွှေတိဂုံကုန်းတော်သို့
သွားခဲ့သည်။
တစ်လမ်းလုံး မမြင့်ဦးမျက်နှာကိုသာမြင်ယောင်၍ မမြင့်ဦးနှင့်ခင်မင်ရင်းနှီးစွာ
နေခဲ့သည်များကိုသာ
စားမြုံ့ပြန်နေမိလေသည်။ အရေးတော်ပုံနှင့် ပတ်သက်၍ မစဉ်းစားမိသော
တစ်ခဏဟူ၍လည်း ဆိုနိုင်ပေသည်။
အရေးတော်ပုံနှင့်ပတ်သက်၍ စဉ်းစားမိလျှင်လည်း မမြင့်ဦးနှင့်ပတ်သက်သမျှကိုသာ
စဉ်းစားသည်။ မမြင့်ဦးခမျာ
သူ့အဖေ၏ ဩဇာကို မလွန်ဆန်နိုင်ရှာ၍ အိမ်သို့ပြန်၍ ငြိမ်ငြိမ်နေရလေတော့မည်။
အရေးတော်ပုံကို

မေတ္တာပို့နိုင်သော်လည်း အရေးတော်ပုံနှင့် ခပ်ကင်းကင်းနေရရှာ တော့မည်။
မမြင့်ဦးကိုသနားလိုက်ပါဘိ။
ကျွန်တော်ကတော့ အဖေဖျက်သော်လည်း အရေးတော်ပုံအတွက် အားမပျက်။
ရွှေတိဂုံတောင်ဘက် တန်ဆောင်းခြေရင်းသို့ ရောက်သောအခါ အပေါ်သို့ မတက်သေးဘဲ ဟိုဟိုသည်သည်
ကြည့်နေမိလေသည်။
ယနေ့ကုန်းတော်ပေါ်တွင် နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးကွန်ဖရင့်ကြီး ကျင်းပလိမ့်မည်။
ဗြုန်းဆိုကြွေးကြော်သံများ အော်ဟစ်လာသော ဘတ်စ်ကားသုံးစီး ကျွန်တော့်ရှေ့သို့ ဆိုက်လာသည်။
ကြွေးကြော်သံအော်သူများမှာ အမျိုးသမီးများ ဖြစ်၏။
"ထမင်းထုပ် ဘယ်လိုပို့မယ်"
"ရွက်လို့ပို့မယ်"
"ထမင်းထုပ် ဘယ်ကပို့တယ်"
"စက်ဆန်းကပို့တယ်"
စက်ဆန်းအမျိုးသမီးများ ဆင်းလာကြသောအခါ မမျှော်လင့်ဘဲ မခင်သစ်ကို
သွားတွေ့လေသည်။
မခင်သစ်ကား သူ့မူအတိုင်း အေးအေးကလေးပင်။ သူ့ရင်ဘတ်မှာတော့
ကျွန်တော်ရောင်းခဲ့သည့်
ရေနံမြေသပိတ်တပ် ရန်ပုံငွေရင်ထိုးဓာတ်ပုံကလေး။
အခြားအမျိုးသမီးတွေက အော်ကြဟစ်ကြ။ မခင်သစ်ကလေးကတော့ ခပ်အေးအေးနှင့်
စာရင်းစာရွက်တစ်ရွက်ကိုကြည့်နေသည်။
"ရေကျော်ကနေပြီး ဘယ့်နှယ့်လုပ် စက်ဆန်းကပါလာသလဲ"
ကျွန်တော်ကမေးတော့ ခပ်အေးအေးပင် သူကဖြေသည်။
"သစ်သစ်က စက်ဆန်းတာဝန်ကျတဲ့ ဟာကိုး"
ကျွန်တော်သည် မခင်သစ်ကို စိတ်ထဲကကျိတ်ပြီး ချီးကျူးမိသည်။ မခင်သစ်လို
အရေးတော်ပုံထဲမှာ
အားတိုက်ခွန်တိုက်ပါဝင်ကြသော အမျိုးသမီးများအား ကြည်ညိုလေးစားမိလေသည်။
မခင်သစ်နှင့် စက်ဆန်းအမျိုးသမီးများ ကောက်လာခဲ့သော ထမင်းထုပ်များကို
အလယ်ပစ္စယံသို့
တင်ယူရန်လူအင်အား အပြည့်အစုံရှိပေ၏။ သို့သော် ကျွန်တော်ကား ကိုယ့်ဘာသာ
လက်ချည်းသက်သက်ဖြင့်
တက်မသွားနိုင်၊ သူတို့ကို ဝိုင်းဝန်းကူညီလိုက်ပေသေး၏။ ယင်းသို့ ကူညီချက်ကို
မခင်သစ်ကလေးက
ပြုံးပြုံးကလေး ကြည့်၍အသိအမှတ်ပြုလိုက်ပေသည်။
စက်ဆန်းအမျိုးသမီးများကား ဆင်းရဲသား လုပ်စားကိုင်စားထဲကသာ များဟန်တူသည်။

သပိတ်မှောက်အလုပ်သမား၊ သပိတ်မှောက် ဘတ်စ်ကားသမားများ၏ မယားများနှင့်နှမများ ဖြစ်ဟန်တူသည်။
တစ်ယောက်သော မိန်းမကြီးကို ကျွန်တော်မြင်ဖူးသည်ထင်၍ သေသေချာချာကြည့်မိသည်။
ဝဝတုတ်တုတ်ကြီးဖြစ်ရာ စဥ့်အိုးနှင့်ပုံသဏ္ဍာန်တူသည်။ ထမင်းထုပ်တောင်းတစ်ခုကို ရွက်၍ တအိအိ
ကုန်းတော်ပေါ်သို့တက်နေသည်ကို နောက်ကကြည့်လိုက်ရာ "မင့်အမေ တင်ပါးဆုံကြီး၊ ခန်းဝကဆီး"ဆိုတာကိုသာ
သတိရမိတော့၏။ သူ့အား ကျော်တက်ပြီးရှေ့ကနေလှည့်ကြည့်ပြန်၏။ လူကောင်ကြီး ကြီးသလောက် မျက်နှာက
နုသည်။ သွားကခေါ်ရသည့်အထဲ ဟောဟဲလိုက်အောင် မောနေသဖြင့် သွားများမှာထင်းနေအောင် ပေါ်နေလေသည်။
မျက်နှာကိုသေသေချာချာကြည့်ရ တော့မှသူ့အား ရုပ်ရှင်ထဲမှာ ဆိုက်ပက်အဖြစ်မြင်ဖူးသည်ကို သတိရလေသည်။
ကန်တိုမင်းဘက်သို့ မျက်နှာမူနေသော အလယ်ပစ္စယံကား အစည်းအဝေးကျင်းပရာ နေရာပေတည်း။
သည်နေရာမှာ ကျောင်းသားထု အစည်းအဝေးလည်း ကျင်းပခဲ့၏။ ကျောင်းသားမိဘများ အစည်းအဝေးလည်းလုပ်ခဲ့၏။ ရေနံသပိတ်တပ်များကို ဆိုက်ရောက်လာသောအခါ ရန်ကုန်တစ်ဝိုက်ရှိ
အလုပ်သမား သပိတ်များနှင့်ပူးပေါင်း၍ လုပ်သားထုစည်းဝေးပွဲကြီးလည်း ဖြစ်ခဲ့ပြီ။ ပဲခူး၊ သထုံ၊ သာယာဝတီ
စသည်တို့မှ ချီတက်လာသောတောင်သူလယ်သမားထုနှင့် အရပ်ရပ်မှလွှတ်လိုက်သော တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်သော ပထမဆုံး ပြည်လုံးကျွတ် ညီလာခံကြီးလည်း ခေါ်ခဲ့ပြီ။
ထိုနေ့က ကျင်းပလိုက်သော ဗမာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအစည်းအဝေးကြီးမှာ ဖော်ပြခဲ့သော
အစည်းအဝေးများ၏ အထွတ်အထိပ်နှင့် တူပေသည်။
လူတန်းစားပေါင်းစုံ တက်ရောက်ကြ၏။ အလုပ်သမား၊ တောင်သူလယ်သမား၊ ကျောင်းသားများအပြင်
ရှေ့နေရှေ့ရပ်၊ စာရေးစာချီ၊ ကုန်သည်ပွဲစား၊ ကျောင်းဆရာ၊ ကျောင်းသားမိဘ စသည်များလည်း
တက်ရောက်ကြလေသည်။ တို့ဗမာသခင် ခေါင်းဆောင်များနှင့် ကျောင်းသားခေါင်းဆောင်များကိုသာမက
ညွန့်ပေါင်းအစိုးရပါတီမှ နုတ်ထွက်ခဲ့ကြသော အမတ်အချို့ကိုလည်းတွေ့ရလေသည်။
ကျွန်တော်တို့သည် ဤမျှများပြား စည်ကားလှသော လူထုကို ရှေးက မမြင်ခဲ့ဖူးပေ။ ထို့ကြောင့်

ကျွန်တော်တို့အားလုံးတက်ကြွနေကြပေ၏။ “သခင်မျိုးဟေ့ တို့ဗမာ၊ သူပုန် သူပုန် ထထ၊ အုပ်ချုပ်ရေး ဖျက်ဖျက်၊
အရေးတော်ပုံအောင်ပါစေ”စ သောကြွေးကြော်သံများကား ဆူညံနေပေ၏။
ကျွန်တော်တို့ ကျောင်းသားကိုယ်စားလှယ်များအား တစ်နေရာ သီးသန့်ပေးထားရာ ကျွန်တော်လည်း
ကိုယ်စားလှယ်တစ်ဦးအဖြစ်ဖြင့် တက်ရောက်ရပေသည်။
အစည်းအဝေးတွင် သဘာပတိအဖြစ်ဖြင့် သခင်မြ၊ အတွင်းရေးမှူးအဖြစ် သခင်လေးမောင်တို့က
ဆောင်ရွက်လေသည်။
ပထမဦးဆုံးအဆိုမှာ ၁၃၉၃၅ခု၊ အုပ်ချုပ်ရေးဥပဒေကို လက်မခံကြောင်းဖြစ် သည်။ ထိုမှမက ဗမာပြည်သူတို့၏
တကယ့်ကိုယ်စားလှယ်များက မပြုလုပ်ရဘဲ ဘိလပ်ပါလီမန်မှ ဗမာပြည်အတွက်ပြုလုပ်ပေးအပ်သော
အုပ်ချုပ်ရေးဥပဒေ ဟူသမျှကို ကန့်ကွက်လေသည်။ အဆို ၂မှာ ညွန့်ပေါင်းအစိုးရကို ဖြုတ်ချရန်နှင့်
နောက်ထပ်ဘယ်သူကမျှ ရာထူးဝင်မယူနိုင်အောင် လုပ်ရန်ဖြစ်လေသည်။ ၄င်းနောက် ဗြိတိသျှကုန်ပစ္စည်းများကို
သပိတ်မှောက်ရေး၊ အလုပ်သမားအထွေထွေသပိတ်ကြီး ကြေညာရေး အလုပ်သမားနှင့်တောင်သူလယ်သမားတို့၏
တောင်းဆိုချက်များကို ပြည့်ဝအောင် ဆောင်ရွက်ရေးစသည်များကို ဆုံးဖြတ်လေသည်။ ထိုဆုံးဖြတ်ချက်များကို
အကောင်အထည်ဖော်နိုင်ရန် တောင်သူလယ်သမားအစည်းအရုံး၊ အလုပ်သမားသမဂ္ဂ၊ ကျောင်းသားများ
သမဂ္ဂစသည်များကို အလုပ်သမား၊ တောင်သူလယ်သမားနှင့် ကျောင်းသားတို့သည် အပြန်အလှန် အကူအညီပေး၍
စည်းရုံးသွားကြရန်ဆုံးဖြတ်လေသည်။ အမျိုးသမီးများ ရဟန်းတော်များအားလည်း စည်းရုံးရန်လက်ရုံးတပ်များလည်းဖွဲ့ရန်ဖြစ်သည်။
နောက်အဆိုတစ်ရပ်မှာ နယ်ချဲ့စနစ်သည် စစ်ဖြစ်စေကြောင်း၊ ဗမာပြည်သူတို့သည် နယ်ချဲ့စနစ်ကိုဆန့်ကျင်ရေးလုပ်ပြီး စစ်ကိုတားဆီးရမည်ဖြစ်ကြောင်း၊ နယ်ချဲ့စစ်ပွဲဖြစ်လာကာ နယ်ချဲ့စစ်ကို
ပြည်တွင်းစစ်သို့ပြောင်းလုပ်ပစ်ရမည်ဖြစ်ကြောင်း ကမ္ဘာ့ပစ္စည်းမဲ့အားလုံး၏ အင်အားဖြင့် ပစ္စည်းမဲ့သူပုန်ကြီးဖြစ်အောင် လုပ်ရမည်ဖြစ်ကြောင်း ညွှန်ကြားလေသည်။
သေရည်သေရက်ချင့် လောင်းကစားပိတ်ပင်ရေး၊ အသက်မွေးဝမ်းကျောင်း သခင်ပညာရေး စသည်များလည်း
ပါသေး၏။

ထိုအစည်းအဝေးကြီးတွင် ဒဂုံဆရာတင်အဖွဲ့နှင့် စိန်ပါတီအဖွဲ့က ပူးပေါင်း၍
အာဇာနည်ဗိုလ်အောင်ကျော်သီချင်းကို
သီဆိုကြလေသည်။
အစည်းအဝေးကြီးပြီးဆုံးသောအခါ မခင်သစ်ကလေးအားတွေ့မြင်နိုးနှင့်
ဟိုဟိုသည်သည်ကြည့်မိတော့သည်။
မခင်သစ်ကလေးကား အစည်းအဝေးပြီးဆုံးသည် အထိ နားမထောင်ဘဲ
ပြန်သွားဟန်ရှိလေသည်။
ကျွန်တော်နှင့်ကိုအေးငွေသည် တက္ကသိုလ်သမဂ္ဂသို့ သွားကြရန်ရှိလေသည်။
ရင်ပြင်ပေါ်သို့ရှေးဦးစွာတက်ကြ၏။
ညနေစောင်း ဝင်ခါနီးနေမင်း၏ ရောင်ခြည်တွင် စေတီတော်ကြီးသည်
ရွှေရောင်တဖိတ်ဖိတ်နှင့်နေလေ၏။
နေ့ခင်းကလူပါးနေခဲ့သော ရင်ပြင်တော်ပေါ်တွင် ပန်းစည်း၊ ဖယောင်းတိုင်စသည်တို့ကို
ကိုင်ဆောင်လာသော
ကျားမပျိုအိုတို့သည် အေးဆေးစွာ လှည့်သွားနေကြလေပြီ။
ကျွန်တော်တို့ရှေ့ခပ်လှမ်းလှမ်းတွင် အဒေါ်ကြီးတစ်ယောက်နှင့် သူငယ်မကလေးတစ်ယောက်
လျှောက်သွားနေသည်ကို ရိပ်ခနဲ မြင်လိုက်လေရာ အဒေါ်ကြီးမှာ
မခင်သစ်၏အမေနှင့်တူလှသည်ဟု
ကျွန်တော်ထင်မိလေသည်။ သူငယ်မကလေးကလည်း မခင်သစ်၏အရွယ်နှင့်
ကိုယ်လုံးကိုယ်ပေါက်ပင်ဖြစ်၏။
သို့ရာတွင် ဆင်ယင်ထုံးဖွဲ့ပုံမှာ မခင်သစ်နှင့်လုံးဝမတူ။ မခင်သစ်က ဆံထောက်နှင့်
ထိုသူငယ်မက
ဖဲပြားကြိုးစည်းထားသော ကျစ်ဆံမြီးနှင့်။ မခင်သစ်က အင်္ကျီခပ်ထူထူ ဝတ်လေ့ရှိသည်၊
ထိုသူငယ်မက
အင်္ကျီပါးလွှာ ပဒုမ္မာနှင့်။
"ကိုအေးငွေ"
"ဘာလဲ ရဲဘော်"
"ဟိုရှေ့မှာ ကျွန်တော့်အသိတွေလား ဟုတ်မဟုတ် လိုက်ကြည့်ချင်တယ်"
"လိုက်လေ၊ ဘယ်လိုအသိလဲ၊ ရိုးရိုးလား ဆန်းဆန်းလား"
"ရိုးရိုးပါဗျာ စေတနာအင်မတန်ကောင်းတဲ့ ကျွန်တော်တို့ အရေးတော်ပုံ တပ်သား
အသိတွေမို့ပါ"
"လိုက်ပါ ရဲဘော် ရိုးရိုးဆန်းဆန်း ကိုယ်ကတော့ အားပေးမယ့်ဘက်ကချည်းပဲ"
အမှန်မှာ ကျွန်တော်တို့သည် ဗဟန်းဘက်တန်ဆောင်းသို့ ရောက်လုပြီဖြစ်၍
ဆင်းကြရတော့မည်။
ဗဟန်းဘက်ဆင်း၍ ကောလိပ်သို့ ဘတ်စ်ကားစီးကြရမည်။ သို့သော် မခင်သစ်တို့
သားအမိဟုထင်ရသော

မိန်းမကြီးနှင့်သူငယ်မနောက်သို့ အတော်ကြာလိုက်နေကြရလေသေးသည်။
မီလာသောအခါမခင်သစ်တို့
သားအမိမဟုတ်သည်ကိုတွေ့ရတော့ ကျွန်တော့်မှာ ရင်ထဲ၌ဟာခနဲဖြစ်သွားပြီး ပါးစပ်ကလည်း ဟီးခနဲပင်
သက်ပြင်းချမိပါတော့သည်။ ကိုအေးငွေက ပြုံးတုံးတုံးလုပ်ပြီး–
"မထူးပါဘူး ရဲဘော်တင်ထွန်းရာ အသိမဟုတ်လည်း အသိဖွဲ့ကြရင် မကောင်းဘူးလား၊ သူငယ်မလေးကလည်း
ခေတ်ဆန်ဆန် ယဉ်စစနဲ့ အသိဖွဲ့ချင်စရာလေး အဒေါ်ကြီးကလည်း ဖော်ရွေပျူငှာဟန်ရှိတယ် ကဲဘယ့်နှယ့်လဲ"
"ဟာ မလုပ်ပါနဲ့ဗျာ၊ ဗဟန်းတန်ဆောင်းဘက် လှည့်ပြန်ကြပါစို့ရဲ့"
ပြောပြောဆိုဆို ကျွန်တော်က နောက်ပြန်လှည့်လေသည်။ ကိုအေးငွေကား ပြည်မလှည့်ဘဲ နောက်တီးနောက်တောက်အမူအရာနှင့် အဒေါ်ကြီးသားအမိနောက်သို့
လေးငါးလှမ်းလိုက်နေသေး၏။
နောက်မှပြန်လှည့်ကာ ကျွန်တော့်နောက်သို့ပါလာခဲ့လေသည်။
ဗဟန်းဘက်သို့ဆင်းကြရာ ကျွန်တော်တို့ရှေ့တွင် လူကြီးနှစ်ယောက် စကားတပြောပြောနှင့် ဆင်းနေသည်ကိုတွေ့ရလေသည်။ နှစ်ယောက်စလုံးမှာ ပင်နီအင်္ကျီ၊
ဖျင်ကြမ်းလုံချည်များနှင့်ဖြစ်၍ အကြီးမှာ
ဝါးဖတ်ဦးထုပ်ကြီးကိုဆောင်း ထားသည်။ ညနေကစောင်း၊ ဘုရားစောင်းတန်းတွင်လည်း ဖြစ်ပြန်ရာ ဝါးဖတ်ဦးထုပ်
ကြီးဆောင်းထားခြင်းမှာ သခင်ဖြစ်ကြောင်း ဆိုင်းဘုတ်တင်ခြင်းသာ ဖြစ်သည်ဟု
ထင်စရာရှိတော့သည်။
အငယ်ကား ခေါင်းဝတ်တန်ဆာမပါ။ ဆံပင်မှာ ကြွက်သိုက်လို ဖွာနေသည်။
သူတို့သည် စကားပြောရာတွင် အလွန်ကျွံ စိတ်ပါဝင်စားနေကြသဖြင့်ပေလော၊
နောက်ကလူများပါလာသော်လည်း
ဂရုမစိုက် ပြောချင်ရာပြောမည်ဟူ၍ သဘောထားသဖြင့်ပေလော မသိရ။
သူတို့ပြောစကားများကို
ကျွန်တော်ကြားနေရ လေသည်။ ကျွန်တော်တို့ကလည်း ကျောင်းသားဟူသောစကား၊
သခင်ဟူသော စကားများကို
သူတို့ထံမှ များများကြားနေရသဖြင့် လုံးစေ့ပတ်စေ့ကြားရအောင် နားစိုက်မိလေတော့သည်။
ဝါးဖတ်ဦးထုပ်နှင့်လူကြီးက–
"ငါဖြင့်ဌာနချုပ် အလုပ်အမှုဆောင်မှာ သခင်နု၊ သခင်အောင်ဆန်း၊ သခင်လှဖေတို့လူစု ဝင်စီးတာ
နည်းနည်းမှသဘောမကျဘူး။ ကောလိပ်ကျောင်းသား သခင်တွေဟာ တကယ်ရေရှည်ကျတော့ တို့သခင်လက်ဟောင်းတွေလို ဖွဲ့ကောင်းကြမှာမဟုတ်ဘူး။ တို့လောက်လည်း
အနစ်နာခံမှာမဟုတ်ဖူး။

ပညာတတ်ကလေးတွေဆိုတော့ လတ်လျားလတ်လျားနဲ့ပြီးမှာပဲ"
ဆံပင်စုတ်ဖွားနှင့် သခင်က–
"ဟုတ်တယ်၊ အင်္ဂလိပ်ပညာတတ်သခင်တွေဟာ အောက်သက်မကျောဘဲ ဖြုန်းခနဲ ဌာနချုပ် အလုပ်အမှုဆောင်
တက်လုပ်ကြတာ မကောင်းဘူး၊ စနစ်မကျဘူး။ ဘီအေသခင်တွေထဲ ကျုပ်အမုန်းဆုံးကတော့ တက်ဘုန်းကြီးသိန်းဖေပဲ။ ဒီကောင်က ပိုပြီး ဆောင့်ကြွားကြွားနိုင်သေးတယ်။ သူ့ကိုယ်သူလည်း
သိပ်အထင်ကြီးတယ်၊ ကျုပ်တို့သခင်လက်ဟောင်းတွေကိုလည်း သူကအထင်သေးတယ်။ သူက အစည်းအဝေးတစ်ခုမှာ ကျုပ်တို့သခင်လက်ဟောင်းတွေကို ကျောင်းသားကလေးတွေ လောက်မှ စည်းကမ်းမရှိဘူး
ဘာညာနဲ့က ဝေဖန်တယ်ဆိုမဟုတ်လား"
"တစ်နေ့တော့ တို့ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးအနေနဲ့ သူ့ကို အရေးယူရမှာပဲ။ ဒါ့ထက်
အင်္ဂလိပ်အထက်တန်း ပညာတတ်သခင်တွေချင်းအတူတူ သခင်သန်းထွန်းတစ်ယောက်ကတော့ အတော်သားပဲ၊
ပေါင်းသင်းဆက်ဆံရေးကောင်း တယ်၊ အလုပ်လည်းသိပ်လုပ်တာပဲ"
"ဟုတ်တယ် သခင်သန်းထွန်းက ပေါင်းသင်းဆက်ဆံရေးကောင်းတယ်၊ ဟိုလူတွေလို ဘုကောင်မဟုတ်ဘူး။ ကဲ
ရေတာရှည်လမ်းထဲ ဝင်ကြဦးစို့ရဲ့၊ သခင်မကြီးမသန်းကြက ဒီနေ့ညစာဝင်စားဖို့ ဖိတ်ထားတယ်၊
သခင်ဖိုးထိန်လည်း လိုက်ခဲ့ဗျာ"
"ကောင်းတာပေါ့လေ၊ ခု ဆာချိန်ပဲ သခင်စိန်းမောင်ရဲ့"
သခင်လက်ဟောင်းများဖြစ်သော သခင်ဖိုးထိန်နှင့် သခင်စိန်မောင်တို့သည် သခင်မကြီး မသန်းကြည်အိမ်သို့
ညစာစားရန် ဘယ်ဘက်ချိုးကြလေသည်။ ကျွန်တော်တို့ကား
ရှေ့သို့တည့်တည့်လျှောက်ခဲ့ကြလေ၏။
"ဘယ့်နှယ့်ကိုအေးငွေ ကြားလိုက်လား၊ သခင်ဟောင်းကြီးတွေရဲ့က သဘောထားက မကောင်းလှဘူးဗျ"
"ကြားတဲ့အတိုင်းပဲ ကိုတင်ထွန်း၊ သူတို့က ကိုယ်တို့ကောလိပ်ကျောင်းထွက် သခင်သစ်တွေကို
အထင်သေးနေကြတယ်"
"အထင်သေးရုံမကဘူး၊ မလိုလားကြဘူး၊ သွေးသစ်သားသစ်လောင်းလို့ အားကောင်းလာတယ်လို့ မယူဆဘဲ
ကိုကြီးနတို့လူစု ဗဟိုအလုပ်အမှုဆောင်ဝင်တာ ကိုပဲ မှားတယ်ထင်နေကြတယ်"

“သူတို့ပြောတဲ့ စကားတွေက သခင်ဗစိန်တို့ထုတ်တဲ့ သခင်နေ့စဉ်ထဲက စကားတွေနဲ့ ထပ်တူကျနေတယ်
ရဲဘော်တင်ထွန်းရေ”
“ကဲလေ သူတို့ဘာပြောပြော ခုအခါမှာ ညီညွတ်ရေးဟာ အဓိကပဲဗျာ၊ သူတို့ ပြောတဲ့စကားတွေဝ
ထားလိုက်ကြပါစို့”
ကျွန်တော်တို့သည် ကောလိပ်ဘတ်စ်ကားပေါ်သို့ တက်ခဲ့ကြလေသည်။
တက္ကသိုလ်သမဂ္ဂတိုက်သို့ရောက်သောအခါ ကိုသိန်းအောင်၊ ကိုအေးကျော်၊ ကိုထွန်းရှိန်စသော ကျောင်းသားခေါင်းဆောင်များ ရောက်နေနှင့်ကြပြီကို တွေ့ရလေသည်။ သူတို့သည် ပရိုက်ဗိတ် တက္ကစီ
မောရစ်ကားကလေးတစ်စီး ငှားထားသောကြောင့် ကျွန်တော်တို့အရင် ရောက်နှင့်ကြခြင်းဖြစ်ပေ၏။
သမဂ္ဂတိုက်သို့ရောက်ပြီးအပေါ်ထပ်သို့ တက်မည်ပြုနေကြစဉ် ကိုအေးငွေက ကျွန်တော့်ပုခုံးကို ကိုင်ဆွဲလိုက်ပြီး–
“အိုင်ဆေး ရဲဘော်တင်ထွန်း၊ ကိုယ်တို့ညစာမစားကြရသေးဘူး”
“ဟုတ်တယ်၊ ကျွန်တော်တော့ အိမ်ပြန်စားချိန်လည်း မရှိတော့ဘူး”
“လာ ဆိုင်မှာ စားကြရအောင်”
“ကျွန်တော့်မှာ ကိုယ်ပိုင်ပိုက်ဆံတစ်ပြားမှမရှိဘူး၊ ခင်ဗျားမှာ ရှိသလား”
“မရှိဘူး၊ ရဲဘော်တင်ထွန်းမှာ ရန်ပုံငွေပိုက်ဆံရှိတယ် မဟုတ်လား”
“အဲ–ဒါတော့ ရှိတယ်လေ”
ကျွန်တော်ကား ရန်ပုံငွေပိုက်ဆံနှင့် ထမင်းဝယ်စားထိုက် မစားထိုက် နှောင့်နှေး တွေဝေနေသေးသည်။ ကိုအေးငွေက
ပခုံးကိုဆွဲကိုင်၍ ခေါ်ပြီး–
“လာပါရဲဘော်ရာ၊ အဲဒါနဲ့ကပဲ စားကြမယ်၊ အလွဲသုံးစား လုပ်ရာမရောက်ပါဘူး။ ခုနေအခါကိုယ်တို့ဟာ
အများနဲ့ပတ်သက်တဲ့ကအလုပ်ကို အချိန်ရှိသရွေ့ လုပ်နေကြတာပဲ၊ အများအလှူငွေနဲ့က ဝယ်စားတာဟာ
တရားပါတယ်”
ကျွန်တော်သဘောတူလေသည်။ ထမင်းဟင်းကောင်းကောင်းမှာ၍ စားကြလေသည်။
နှစ်ယောက်သား စားကြခါစမှာ ဘာမျှမပြောနိုင်ကြ။ ထမင်းဆာဆာ စားရတုန်း မြိန်လှသည်နှင့်
ကုန်းလွေးနေကြသည်။ တစ်ဝက်ကျော်စားပြီးတော့ ကိုအေးငွေက ဆီပေကျံနေသော နှုတ်ခမ်းများကို
လက်သုတ်ပါဝါဖြင့် သုတ်ရင်း စကားစလေသည်။
“ကျောင်းသားခေါင်းဆောင်တွေထဲမှာ သဘောကွဲလွဲချက် နည်းနည်းပေါ်နေ တယ်”

ကျွန်တော်ကအောင်မြင်နေသည်ကိုသာ ကြားချင်၍ ဆုံးရှုံးသည်ဟုဆိုလျှင်
နားမထောင်ဝံ့သူဖြစ်သည်။
ညီညွတ်နေကြသည်ကိုသာ ကြားချင်၍ ကွဲလွဲသည်ဆိုလျှင် နားမထောင်ဝံ့သူဖြစ်သည်။
ကိုအေးငွေက
ကွဲလွဲမှုကိုဆက်ပြောမှာကိုပင် စိုးရိမ်သလို ရှိနေသည်။ ထို့ကြောင့် ဘာမျှမပြောဘဲ
ထမင်းကိုသာစားနေလိုက်သည်။
ကိုအေးငွေက ဆက်ပြန်၏။
"ကွဲလွဲတယ်ဆိုတာက သဘောအယူအဆ ကွဲတာလောက်ပါပဲ။ တချို့က ကျောင်းသားအနေနဲ့
ဒီနေ့ဆုံးဖြတ်တဲ့
အုပ်ချုပ်ရေးတိုက်ဖျက်ရေးလုပ်ငန်းတွေ၊ ဗြိတိသျှကုန်ပစ္စည်းသပိတ်မှောက်လုပ်ငန်းတွေ
စတဲ့နိုင်ငံရေးတိုက်ပွဲတွေမှာ
ရှေ့တန်းက မပါထိုက်ဘူးလို့ ယူဆကြတယ်။ ကျောင်းသားတွေရဲ့ သီးသန့်တောင်းဆို
ချက်တွေ၊ ဖိနှိပ်ချုပ်ချယ်မှု
ကန့်ကွက်ရေးတွေမှာလောက်သာ ကန့်သတ်ပြီး ကျောင်းသားတိုက်ပွဲတွေ
ဆက်သွားဖို့လိုလားကြတယ်။
နိုင်ငံရေးတိုက်ပွဲတွေကိုတော့ သခင်များ၊ အလုပ်သမားများနဲ့ တောင်သူလယ်သမားတွေက
ခေါင်းဆောင်ပြီး
လုပ်သွားစေချင်ကြတယ်။ အိုင်ဆေး ကြက်သွန်ချဉ် ထပ်တောင်းပါဦး"
ကိုအေးငွေသည် ပါးစပ်ထဲသို့ ထမင်းတစ်လုတ် သွတ်သွင်းနေလေသည်။ ကျွန်တော်က
ဘွိုင်ကိုခေါ်ပြီး
ကြက်သွန်ချဉ်တောင်းသည်။
"တချို့ကတော့ ကျောင်းသားတွေ အားလုံးနိုင်ငံရေးတိုက်ပွဲထဲ ခြေစုံပစ်ဝင်ဖို့ လိုလားတယ်။
ကျောင်းပြန်တက်တာတို့၊ သပိတ်ပြန်လှန်တာတို့ ပညာပြန်သင်တာတို့ မတွေးရတော့ဘူး၊
သခင်ခေါင်းဆောင်တွေထဲမှာတော့ များသောအားဖြင့် ကျောင်းသားတွေဟာ
နောက်ပြန်လှည့်မကြည့်ဘဲ
နိုင်ငံရေးတိုက်ပွဲထဲ ခြေစုံပစ်ဝင်ဖို့လို လားကြတယ်၊ အပြင်းထန်ဆုံးကတော့ သခင်နုပေါ့။
တက်ဘုန်းကြီး
ကိုသိန်းဖေကတော့ ကျောင်းသားခေါင်းဆောင်အများနဲ့ အတူတူပဲ။ ကျောင်းသားတွေအနေနဲ့
အုပ်ချုပ်ရေး
တိုက်ဖျက်ရေးတိုက်ပွဲ၊ ဗြိတိသျှကုန်သပိတ်မှောက်ရေးတိုက်ပွဲစတဲ့ တိုက်ပွဲတွေမှာ ရှေ့တန်းက
မပါသင့်ဘူး
ထင်နေတယ်တဲ့က"
ကျွန်တော်ကား အစက သဘောကွဲလွဲမှုဆိုသဖြင့် မကြားဝံ့သလိုရှိခဲ့သော် လည်း
ကိုအေးငွေချပြသော
သဘောကွဲလွဲမှုများတွင် စိတ်ဝင်စားလာသည်။

"ကျောင်းသားတွေဟာ သပိတ်ပြန်လုန်ဖို့တွေ၊ ပညာပြန်သင်ဖို့တွေ မစဉ်းစားရတော့ဘဲ ခြေစုံပစ်ပြီး
နိုင်ငံရေးတိုက်ပွဲထဲ ဝင်ရမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ကိုအေးငွေ"
ကိုအေးငွေကား အသားတုံးကို ဝါးချေမပြီးသေးသဖြင့် ပြီးအောင်ဝါးပြီးနောက်မှ–
"ဒါကတော့ ဒီအရေးတော်ပုံဟာ ဘယ်ထိသွားကြမယ်ဆိုတာမှာ တည်တယ်ကိုယ့်လူ။
အဆုံးသတ်လွတ်လပ်ရေးတိုက်ပွဲထိရောက်မလား၊ မရောက်ဘူးလားဆိုတာ
အကုန်ခြုံပြီးစဉ်းစားရမှာပဲ"
"သခင်အောင်ဆန်းရဲ့ သဘောကတော့ ဘယ်လိုတဲ့လဲဗျ"
"ကျွန်တော်လည်း မဆုံးဖြတ်တတ်သေးဘူးဗျာ၊ သခင်အောင်ဆန်းပြောသလို ကျကျနန စဉ်စားပြီး
စုံစုံညီညီဆွေးနွေးဖို့လိုမယ်ထင်တယ်"
"အင်း ဒီပြဿနာတွေကို ကနေ့ည ဥက္ကဋ္ဌအခန်းထဲမှာ သခင်ခေါင်းဆောင် အချို့ရယ်၊
ကျောင်းသားခေါင်းဆောင်တွေရယ် ဆွေးနွေးကြလိမ့်မယ်"
ကိုအေးငွေကား နောက်ဆုံးထမင်းလုတ်ကို သွင်းပြီးသွားလေပြီ။ ကျွန်တော်က ကိုအေးငွေ တင်ပြသည့်
ပြဿနာများကို တွေးတောရင်းဆိတ်ငြိမ်စွာ စားနေလေသည်။ အတန်ကြာ၍ ပြီးသောအခါ–
"အေးလေဗျာ ဒီကိစ္စတွေမှာ ကျုပ်တို့ကတော့ အထွေအထူး မစဉ်းစားတတ်ပါဘူး။
တစ်သဘောတည်းတညီတညွတ်တည်း ရှိကြရင် ပြီးတာပါပဲ"
ကျွန်တော်တို့ ထခဲ့ကြသည်။ အပေါ်ထပ်မှာ မီးတွေထိန်လင်းနေလေပြီ။ လူတွေလည်း တစ်စုပြီးတစ်စု
ရောက်လာ၏။ ရှစ်နာရီလောက်တွင် ဥက္ကဋ္ဌခန်း၌ သခင်ခေါင်းဆောင်အချို့နှင့် ကျောင်းသားခေါင်းဆောင်များ
စည်းဝေးကြ၏။ ဖော်ပြပါ ပြဿနာများကို အတော်ကြာဆွေးနွေးကြ၏။ တိုးတိုးပြောလိုက် ကျယ်ကျယ်ပြောလိုက်
အေးအေးလေသံ ဒေါပွပွလေသံ အကြိတ်အနယ် ဖြစ်ကြသည်။ ည၌နက်၍ လူစုသာခွဲရသည်၊
တိကျသောအဖြေကား မပေါ်လာ။ သို့သော် ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေအရ တိုက်ပွဲကိုကား ဘယ်နည်းနှင့်မျှ
ရပ်၍မရသေး။ လုပ်စရာရှိတာကို ဆက်လက်လုပ်ကြရမည်သာ ဖြစ်ပေသည်။ အရေးတော်ပုံသည်
စက်ကုန်မောင်းနေတုန်းဖြစ်၏။ ထို့ကြောင့် ခေါင်းဆောင်ပိုင်းက သဘောကွဲလွဲမှုကလေးများသည်
အရေးတော်ပုံလူထုလက်တွေ့လုပ်ငန်းများကြားတွင် ငုံ့လျှိုးနေခဲ့လေသည်။

တစ်ခါတစ်ခါတော့ ကျွန်တော်သည် လူတွေကြား လှုပ်ရှားသွားလာနေရခြင်း တွင် စိတ်မောလူမောဖြစ်လာတတ်သည်။ တရားဟောသံ၊ လက်ခုပ်သံ၊ ဆူသံပူသံ ကြွေးကြော်သံစသည်များကိုကြားရသည်မှာ ငြီးစိစိဖြစ်လာတတ်လေသည်။ ထိုအခါ မျိုး၌ လူထုနှင့်ဝေးရာ
ဆိတ်ငြိမ်ရာမှာ ကိုယ့်ဘာသာ အေးအေးကလေးနေလိုက်လိုပေ သည်။
ယင်းသို့ဆန္ဒရှိသည့်အတိုင်း
တစ်နေ့သောညနေစောင်းတွင် ဆိတ်ငြိမ်နေသော တက္ကသိုလ်သမဂ္ဂစာကြည့်ခန်းထဲ၌ တစ်ယောက်တည်း
ကိုယ့်ဘာသာ အေးအေးနေခွင့် ရလေရာ အတိုင်းမသိ ပီတိဖြစ်နေလေသည်။
အတော်ကြာအောင် စာဖတ်၍
မွေ့လျော်နေလေသည်။
ထိုအတွင်း သစ်တိုပင်ကြီးခေါင်းဖျားပေါ်မှ ဆင့်ကာဆင့်ကာ ကျူးရင့်လိုက်သော ဥဩသံကိုကြားလိုက်ရပေရာ
ကျွန်တော့်ရင်တွင်းမှာ ဂီတခလုပ်ကို နှိပ်ပေးလိုက်သလို ရှိပေတော့၏။
"ဥဩတွန်သံ သာတော့မှ သောတာပန် မဟာထေရ်တို့တောင်၊ မဆည်နိုင် မျက်ရည်စို့ရတယ်၊ လွမ်းဖို့အိုကောင်း
လှတပေါင်း"။ ထိုကဗျာသံလေးကို ကြားနေသယောင်ယောင်၊ တပေါင်းလပဲရောက်လာသလိုလို၊ ရွက်ဟောင်းကြွေ၍
ရွက်သစ်ဝေလာလေပြီလား။ ထင်မြင်ဝိုးဝါးဖြစ်လာကာ စာအုပ်ကိုလွှတ်ချပြီး စာကြည့်ခန်းတောင်ဘက် ဝရန်တာသို့
ထွက်လာခဲ့မိသည်။
ပတ်ဝန်းကျင်သစ်ပင်တွေကို မော့်ကြည့်လိုက်သည်။ ရွက်ဟောင်းတွေ တစ်ရွက်တလေ ဝဲကာ ဝဲကာကြွေစပြုနေသော်လည်း ရွက်သစ်ဝေဖို့ ဝေးသေးသည်။ အဓိပတိလမ်းပေါ်က မရန်းပင်များဆီသို့
လှမ်းကြည့်လိုက်သည်။ ဝါဝင်းနေသော မရန်းသီးမှည့်များကို မမြင်ရသေး။ ဥဩတွန်သံကား စောလှသေးသည်။
ကိုရွှေဥဩ ဘာသဘောနှင့် စောစောကြီးတွန်နေပါသလဲ။
တက္ကသိုလ်ရိပ်သာလမ်းမကြီးကို အထက်မှအောက်၊ အောက်မှအထက်ကြည့် လိုက်သည်။ အေးဖျော့လာသော
နေရောင်ခြည်သည် မျဉ်းထူထူသားသလိုထင်းခနဲနေ သောလမ်းကြောင်းကြီးပေါ်တွင် ခပ်ရေးရေးမှုန်းခြယ်နေလေသည်။
"ဗျို့ဆရာ"
ကျွန်တော့်အား လှမ်းခေါ်လိုက်သော အသံသည်ထိတ်လန့်စေဖွယ် ဖိမ်ပျက်စေဖွယ် ပေါ်လာလေသည်။

တစ်ယောက်တည်းအေးအေးကလေး ပတ်ဝန်းကျင်၏ သဘာဝအလှကို ဝင်သက်နှင့်အတူ ရှူရှိုက်၍ ခိမ်တွေ့နေဆဲ
ထိုအသံက ဖျက်လိုက်သလိုရှိပေတော့၏။
"ဗျို့ ဆရာလာပါဦးဗျ"
အသံမှာခပ်ကြောင်ကြောင်နှင့် မြည်သောအသံ၊ ခပ်အေးအေးနှင့် အမိန့်ပေးသံ။
ကျွန်တော်လှည့်ကြည့်လိုက်သည်။
ကိုသိန်းအောင်ကား ပြုံးလျက်နေ၏။ ကိုသိန်းအောင်မှာ အခါတိုင်းထက် ပိုပိန်နေသည်ဟု ထင်ရသည်။ သူ့ပုဆိုးမှာ
ကျွတ်ကျတော့မလို ဖိုသီဖတ်သီ ဝတ်ထားသည်။
ကျွန်တော်က စာကြည့်ခန်းထဲ ပြန်ဝင်ရင်း–
"ဘာလဲ ကိုသိန်းအောင်"
ကိုသိန်းအောင်က ကျွန်တော့်ပခုံးကို ဆီးကိုင်ပြီး အသံခပ်တိုးတိုးဖြင့်–
"သိန်းအောင် ခေါင်းဆောင် အမိန့်ပေးစမ်းမယ် ဟိုမှာ ဟိုမှာ"
ကိုသိန်းအောင်မျက်ရိပ် မျက်စဖြင့် စာကြည့်ခန်းအဝင်ဝဆီသို့ ပြလေသည်။ အသက်၄၀ တစ်ဝိုက်တွင်
ရှိမည်ထင်ရသော အဒေါ်ကြီးတစ်ယောက်ရပ်နေလေသည်။ အသားဖြူဖြူအရပ်အမောင်း ကြီးကြီးထွားထွားခံ့ညားသော ရုပ်ဖြစ်သည်။ ဝတ်ဆင်ထားပုံမှာ ပွဲထိုင်ထွက်လာသလိုပင် ထင်ရ၏။ ကြည့်ပါဦး
ခေါင်းပေါ်က ဘီးဆံပတ် ဆံထုံး၊ ထိုခေတ် ထိုအခါမှပင် ဘီးဆံပတ်တွေ ရှားကုန်ပြီဖြစ်၍ သိပ်မမြင်မတွေ့နိုင်ပြီဖြစ်ရာ ထိုအဒေါ်ကြီး၏ ဘီးဆံပတ်ကို ဂရုစိုက် မကြည့်ဘဲ မနေနိုင်ချေ။ စိုက်ထားလိုက်သည့်စိန်တီး၊ ထိုးထားလိုက်သည့် စိန်ဆံထိုးဝတ်ထား လိုက်သည့် ကျောက်နီ ပတ္တမြားလက်ကောက်
စုံချထားသည့်ပဝါ။
အဒေါ်ကြီးသည် လက်ကိုင်အိတ်ကို လက်နှစ်ဖက်ဖြင့် ပွေ့ကိုင်ကာ စာကြည့်ခန်းတွင်းကို ဝင်မလာရဲသလိုလိုဖြင့်
ခန်းဝကရပ်နေလေသည်။
ကျွန်တော်၏မျက်စိများကို ဒန်းလွှဲသလို အဒေါ်ကြီးထံမှ ကိုသိန်းအောင်ထံသို့ လွှဲပို့လိုက်ပြီး–
"ကဲ ခေါင်းဆောင် ဘာလုပ်ရမှာလဲ အမိန့်ထုတ်စမ်းပါဦး"
"ဟိုအဒေါ်ကြီးက သူတို့အိမ်ကို ကျောင်းသားခေါင်းဆောင် တစ်ယောက်နှစ်ယောက်လိုက်ပြီး ထမင်းစားဖို့
လာဖိတ်တယ်၊ ဟိုကျရင် အလှူငွေလည်း ထည့်ပါ့မယ်တဲ့"
"အဲဒီတော့ကို"
"အဲဒီတော့ ရဲဘော်တင်ထွန်းခပဲလိုက်သွားရလိမ့်မယ်"
"ကိုသိန်းအောင်တို့လိုက်ပေပါ့ဗျ"
"ကိုယ်တို့မှ မအားဘဲ"

"ကိုအေးကျော်ကို ထည့်လိုက်ပေါ့ဗျ၊ သူတို့က ခေါင်းဆောင်တွေကို တကူးတက
လာဖိတ်တာ"
"ကိုအေးကျော်လည်း မအားဘူး၊ သည့်ပြင်လည်း အားကြမယ် မဟုတ်ဘူး"
ထိုအခါ အဒေါ်ကြီးကလှမ်းပြီး၊ အသံလေးလေး ဝဲဝဲကြီးဖြင့်–
"လိုက်ခဲ့ပါမောင်ရယ်၊ အန်တီတို့မေမေကလည်း အသက်ကြီးတော့ ဘယ်မှမထွက်နိုင်ဘူး။
ကျောင်းသားခေါင်းဆောင်ကလေးတွေကို တွေ့ချင်မြင်ချင် လှချည်ရဲ့လို့ တတတည်း
တနေလို့ တကူးတက
လာခေါ်တာပါမောင်ရယ် ကားနဲ့ပြန်ပို့ပါမယ်"
ကျွန်တော့်မှာ အဒေါ်ကြီးအားလည်း အားနာ၊ လိုက်လည်းမလိုက်ချင်သဖြင့်
ကိုသိန်းအောင်အား
တိုးတိုးပြောလိုက်သည်။
"စောစောစီးစီးလည်း ကြိုဖိတ်မထားဘဲနဲ့ဗျာ"
"ကိုယ့်လူ ကြေး(ဂျီး)များမနေနဲ့တော့၊ အလှူငွေကလည်း ရခဲ့ဦးမယ်သိလား။ ကဲလိုက်သွား
အမိန့်ပေးတယ်
သိန်းအောင်ခေါင်းဆောင်ကွ"
ကိုသိန်းအောင်က သူ့ဟာသူပွဲကျပြီး ရယ်သည်။ ကျွန်တော်ကား
ပြုံးပြီးခေါင်းညိတ်လိုက်ရသည်။
အဒေါ်ကြီးသည် မန္တလေးပိန်းတန်းဖိနပ်ကိုစီးထားသည်။ ကျွန်တော်တို့ သမဂ္ဂတိုက်အခင်းက
ချောသဖြင့်ချော်မလဲအောင် မနည်းကြီး လျှောက်နေရသည်။ တရွေ့ရွေ့လျှောက်၍
လှေကားတွင်
တအိအိဆင်းနေသောအဒေါ်ကြီးကို နောက်ကကြည့်ပြီး လုပ်လဲ့လုပ်လီ ရွှေပိုးတီတွန့်သလို
ဆိုသောစကားကို
သတိရနေမိပေ၏။
အောက်ရောက်သောအခါ ခံ့ညားသစ်လွင်သော ဗျူကားကြီးကိုတွေ့ရသည်။
ဗိုလ်အိမ်ကကားမောင်းသမားသဖွယ်အပေါ်အင်္ကျီ၊ ခေါင်းပေါင်းစသည်တို့ဖြင့်
ဆင်ပြင်ထားသော ဒရိုင်ဘာသည်
ကားတံခါးဖွင့်ပေးလျက်ကြိုနေလေသည်။ အဒေါ်ကြီးက ကျွန်တော့်အားအရင်တက်ခိုင်းပြီး
သူကနောက်မှတက်လေသည်။ ဒရိုင်ဘာသည်ရှိသေစွာကားတံခါးကို ပိတ်ပေးပြီးမှ
သူ့ခုံတွင်တက်၍
မောင်းထွက်လေတော့သည်။
အစတော့ ကားထဲတွင်ထိုင်ခုံမှထွက်လာသော ဖယောင်းနံ့နှင့် သားရေနံ့များကြောင့်
အသက်ရှူကျပ်သလိုလိုဖြစ်နေသည်။ ဒီလိုကားကောင်း ကားခံ့ကြီးများကို
စီးနေမကျသဖြင့်လည်းကောင်း၊
အဒေါ်ကြီးနှင့်လည်းစိမ်းနေသဖြင့် လည်းကောင်း အနေကျုံ့စိတ်အိုက်နေလေသည်။
နောက်တော့လေတဟူးဟူးဝင်လာ သည်။ ကားစီး၍လည်းငြိမ့်လာသည်။ အဒေါ်ကြီးကလည်း

စကားစရှာ၍ပြောလေတော့သည်။
"အန်တီ. ညီမကိုများ မင်းတို့သိမလားမဆိုနိုင်ဘူး"
"ဘယ်သူပါလဲ အန်တီ"
"ဒေါက်တာတင်တင်လှ ဆိုတာပေါ့ကွဲ့"
"ဩော် နာမည်တော့ ကြားဖူးပါတယ်ခင်ဗျာ၊ အဲဒါ ညီမအရင်းလား"
"ဟုတ်တယ် ညီမအရင်းပဲ၊ အန်တီတို့မှာ ညီအစ်မငါးယောက်ရှိတယ်၊ သူက အငယ်ဆုံး။ တင်တင်ပြီးတော့အန်တီ၊
အန်တီ့အထက်မှာတော့ ၃ယောက်၊ အားလုံးအစ်မတွေချည်းပဲ။ နို့မင်းနာမည်က ဘယ်လိုခေါ်သလဲ"
"ကျွန်တော့်နာမည်က တင်ထွန်းလို့ခေါ်ပါတယ်"
သို့ဖြင့် ကိုယ့်အကြောင်း သူ့အကြောင်းမေးမြန်းစုံစမ်းပြီး ရင်းနှီးသွားကြပေ တော့သည်။
ဒေါက်တာတင်တင်လှကား အတော်ပင်ထင်ရှားသော ဆရာဝန်မကြီးတစ်ဦး ဖြစ်ပေသည်။ ဒေါက်တာဒေါ်စောဆ၊
ဒေါက်တာဒေါ်ရင်မေ၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်မြစိန်စသော ခေတ်ပညာတတ်အမျိုးသမီးများ ထင်ပေါ်လာသည့်နောက်ပိုင်းတွင် အထူးထင်ရှားလာသောအမျိုးသမီး ပညာတတ်တစ်ဦးအကြောင်းကို
ဖော်ပြပါဆိုလျှင် ဒေါက်တာတင်တင်လှကိုပင် ဦးစွာ သတိရမိကြပေလိမ့်မည်။
ဒေါက်တာတင်တင်လှတို့ ညီအစ်ငါးဦးမှာ အားလုံးအပျိုကြီးတွေသာဖြစ်၏။ သူတို့၏ ဖခင်စစ်ကဲကြီးကွယ်လွန်သည်မှာ ကြာလေပြီ။ မိခင်ကြီးကား ယခုတိုင်ရှိနေ သေး၏။ သူတို့သည်
ပတ်ကလိန်းလမ်း (နတ်မောက်ရိပ်သာလမ်း)မှာ နေကြလေသည်။
ကားကြီးသည် ခြံကျယ်ကြီးတစ်ခုထဲသို့ ထိုးဝင်လိုက်သည်။ ခြံဝတွင်ကား 'ဒေါက်တာတင်တင်လှ'ဆိုသော
ဆိုင်းဘုတ်ကလေးတစ်ခုချိတ်ထားသည်။ ခြံကြီးထဲတွင် ပင်စောက်ကြီး ခပ်များများမရှိ။ ပန်းပင်တွေသာ ပေါသည်။
ဗုဒ္ဓသရဏပင်တွေ၊ နှင်းဆီပင်တွေနှင့် ဒေလီယာပင်များကို အထူးပြု၍ စိုက်ထားဟန်ရှိပေသည်။
စိမ်းလန်းစိုပြည်သော မြက်ခင်းများမှာ ကော်ဇောစိမ်းများ ခင်းထားသလိုရှိပေတော့၏။
တိုက်မှာတစ်ထပ်တိုက်ကလေးဖြစ်သည်။ သို့သော် ပါးပါးလွှာလွှာကလေး မဟုတ်၊ ထုထည်ကောင်းကောင်းနှင့်
ကျယ်ဝန်းသောတိုက်ဖြစ်သည်။
ပေါ်တီကို(ဆင်ဝင်)အောက်မှာ ကားထိုးရပ်လိုက်လေသည်။ ကျွန်တော်ကပင် ကားကိုဖွင့်ပြီး အရင်ဆင်းကာ
အဒေါ်ကြီးဆင်းနိုင်အောင် တံခါးကိုကိုင်ပေးထားလိုက် ၏။ အဒေါ်ကြီးကပြုံးလျက်–
"နေပါစေကွယ်၊ ဒရိုင်ဘာဖွင့်ပေးမှာပေါ့၊ ကဲ ကဲတက်ပါ၊ ရှေ့ကတက်"

အုတ်လှေကားကလေးကို တက်ကြသည်။
တိုက်ထဲဝင်သောတံခါးမကြီးမှာ သံခေါက်တံခါးဖြစ်နေ့လျက် သော့ခလောက်နှင့် ပိတ်ထားလေရာ
မိန်းကလေးတစ်ယောက်က လာဖွင့်လေသည်။ မိန်းကလေးမှာ မန္တလေးပိုးလုံချည် တစ်ပတ်ရစ်၊
ဟန်ဇားပင်နီအင်္ကျီတို့ဖြင့် သပ်ရပ်စွာဝတ်ဆင်ထား သည်။ ဆံပင်ကို
တစ်ပတ်လျှိုထုံးထားသည်။ မျက်နှာမှာ
သနပ်ခါးရေကျဲ လိမ်းထား၏။ အသက်ရှူမှားလောက်အောင် ပျာပျာသလဲ
တံခါးဖွင့်ပေးသည့်အမူအရာ၊
ကျွန်တော်တို့အား ရိုသေကိုင်းရှိုင်းသည့်အမူအရာများကြောင့်သာ အစေခံမကလေး ဖြစ်သည်ဟု
ယူဆရတော့သည်။
ဝင်လျှင်ဝင်ချင်း ဧည့်ခန်းကြီးထဲသို့ ဝင်မိသည်။ ဝင်လျှင်ဝင်ချင်း ရှေ့တည့်တည့်တွင်
ခေါင်းပေါင်းဖြူဖော့လုံးနှုတ်ခမ်းမွှေးရေးရေး၊ သိုရင်းအင်္ကျီတို့နှင့် ကိုယ်တစ်ပိုင်းရိုက်ထားသော
ဓာတ်ပုံကြီးတစ်ပုံကို
တွေ့မြင်ရလေသည်။ ထိုလူကြီး၏ နှာခေါင်းမှာ'ရ'ကောက်ဖောက်ထိုးတပ်ထားသည်နှင့်
တူသည်။
နားရွက်ကြီးများမှာ အထူးရှည်လျားပြီး နားပေါက်ကြီးများကိုလည်း တွေ့မြင်နိုင်သည်။
"အင်း၊သူငယ်ငယ်က
နားကပ်ဝတ်ဟန်တူရဲ့၊ အဲဒီနားကပ်ကြီးဟာ ခုသူ့သမီး အပျိုကြီးတစ်ယောက်ယောက်ဆီများ
ရောက်နေပြီလား
မဆိုနိုင်ဘူး"
ထိုလူကြီး၏ဓာတ်ပုံအောက်တွင်ကား ဘွဲ့နှင်းသဘင်မှဆင်းလာပြီး ရိုက်ထားသော
မိန်းမပျိုတစ်ဦး၏
ဓာတ်ပုံကိုမြင်ရသည်။ ဒေါက်ခြာနှင့် ဝတ်လုံကြားမှ ပွင့်လင်းနေသောမျက်နှာမှာ
ဗမာဆန်သော
အလှကိုဆောင်သဖြင့် ထူးခြားနေ၏။ နဖူးမှာ ဗျာပါဆံနှင့် ကြည့်ကောင်းမည့် နဖူးမျိုး။
ဓာတ်ပုံကို
ဆေးရောင်စုံထပ်၍ ခြယ်ထားသည်။
ကျွန်တော်က ဓာတ်ပုံများကို စိုက်ကြည့်နေစဉ် အဒေါ်ကြီးကနောက်မှနေပြီး–
"အန်တီတို့ဖေဖေဘုရားပုံပေါ့၊ အောက်ကပုံကတော့ အန်တီ့ညီမတင်တင်လှလေ"
"ဒေါက်တာတင်တင်လှက အခုအသက်ဘယ်လောက်ရှိပြီလဲ အန်တီ"
"၃၅နှစ်ပြည့်ပြီ၊ ကဲ ကဲ ထိုင်ပါဦး"
အဒေါ်ကြီးသည် ကျွန်တော့်အားထိုင်ခိုင်းပြီး ဘယ်ဘက်က အခန်းတစ်ခုထဲ ဝင်သွားသည်။
ဧည့်ခန်းထဲတွင်
ဆိုဖာထိုင်ခုံကြီးများနှင့် ကြိမ်ထိုးကုလားထိုင်များရှိလေ သည်။ ဘေးနံရံများတွင်ကား
မိန်းမကြီးများ၏

ပုံများတစ်ဖက်နှစ်ပုံစီရှိကြသည်။ အားလုံး ဘီးဆံပတ်ဆံထုံး၊ စိန်လည်တုန်၊ ပဝါချများနှင့် ကျကျနနဆင်ပြင်ပြီး
ဓာတ်ပုံရိုက်ထားကြသည်။ သူတို့ကား ဒေါက်တာတင်တင်လှ၏ အစ်မကြီးများ ဖြစ်ဟန်ရှိပေ၏။
ပုံတစ်ပုံလိုနေသည်ထင်သည်။ ထို့ကြောင့် ဟိုဟိုသည်သည် မျက်စိဖြင့်ရှာ၏။ အမေကြီး၏ပုံကိုမတွေ့ရ။
ခုတွင်က တံခါးလာဖွင့်သော အစေခံမကလေး ထွက်လာညပီး လိမ္မော်ရည်ဖန်ခွက်ချလေသည်။ ငွေစီးကရက်ဘူးလည်း ယူခဲ့သည်။
ကျွန်တော်သည် လိမ္မော်ရည်ဖန်ခွက်ကိုကြည့်ပြီး လိမ္မော်သီး ဘယ်နှလုံးစာလောက် ရှိပါလိမ့်မလဲဟု
တွက်နေမိသည်။
တစ်အိမ်လုံးတိတ်နေပေရာ လိုဏ်ဂူကြီးတစ်ခုထဲ ရောက်နေသလို ထင်မှတ်ရသည်။
ငွေစီးကရက်ဘူးတွင်ထုလုပ်ထားသော အရုပ်နှင့် ပန်းခက်များကို ကြည့်သည်။ နောက်ပြီးတော့ စီးကရက်တစ်လိပ်ထုတ်ယူပြီးကြည့်လိုက်ရာ ဂိုးလ်ဖလိတ် ဖြစ်ကြောင်း တွေ့ရသည်။ ကြည့်ပြီးနောက် စီးကရက်ကို
ပြန်ထည့်နေစဉ်–
"သြော် သောက်လေ၊ စီးကရက်သောက်ပါ"
ဟူသော အဒေါ်ကြီး၏အသံကြောင့် ထိတ်လန့်တကြားဖြစ်သွားလေသည်။ ဘယ်တုန်းက အဒေါ်ကြီးအခန်းထဲ
ပြန်ရောက်လာပါလိမ့်။
သူတို့အိမ်မှာအသံမမြည်အောင် တံခါးဖွင့်ပြီး ခြေသံမကြားအောင် လမ်းလျှောက်ကြဟန်ရှိ၏။ အဒေါ်ကြီးမှာ
ပဝါပါမလာတော့ချေ။
"ကျွန်တော်စီးကရက် မသောက်တတ်ပါဘူး ခင်ဗျာ"
"ဒါဖြင့် ဆေးပေါ့လိပ်သောက်မလား"
"ဆေးလိပ်ကို အလျှင်းမသောက်တတ်ပါဘူး"
"ကောင်းတယ် ကောင်းတယ်၊ မသောက်တတ်ရင် အကျင့်မလုပ်တာဘဲ ကောင်းတယ်"
အဒေါ်ကြီးသည် ကျွန်တော့်အားကြည့်ပြီး စကားပြောနေရာမှ ကျွန်တော့်ကျောဘက်ဆီသို့ မော့ကြည့်ရင်း–
"မမလေး၊ ဟောဒါက မောင်တင်ထွန်းတဲ့"ဟု ဆိုကာ ဘယ်တုန်းက ကျွန်တော့် နောက်တွင်ရောက်နေသည်ဟု
မသိရသော မမလေးဆိုသူနှင့် မိတ်ဆက်ပေးနေလေ သည်။ ကျွန်တော်သည်အထိတ်တလန့် တအံ့တသြဖြင့်
နောက်လှည့်ကြည့်ပြီး မတ်တတ်ရပ်လိုက်သည်။ မမလေးဆိုသူ မိန်းမကြီးသည် အရပ်လည်းရှည်သည်။

မျက်နှာလည်းရှည်သည်။ သူ့အဖေရုပ်နှင့် အတော်ဆင်၏။ ဘီးဆံပတ်ကို ကြော့နေအောင်
ထုံးထားသော်လည်း
ဆံဖြူပင်များကိုကား ကုန်အောင် နုတ်နိုင်ဟန်မတူ။ ဂျပန်ပိုးအင်္ကျီ ဝါလဲ့လဲ့နှင့်
ဖဲကြိုးလုံချည်ရေညှိရောင်ကို
ဝတ်ထားသည်။ ပန်းနှင့် လက်ကိုင်ပဝါကိုခေါက်ပြီး အင်္ကျီရင်ဖုံးကြားမှာ အလှအပ
ထိုးထားသည်။ စိန်ကြယ်သီးနှင့်
စိန်နားကပ်များမှာ တောက်ပလှပေ၏။
မမလေးသည် ဆိုဖာတစ်ခုတွင် ဝင်ထိုင်ရင်း–
“ထိုင်ပါကွယ် ထိုင်ပါ”ဟုပြောလိုက်ရာ လူမမာအသံပါနေသည်ဟု ကျွန်တော်
အကဲခတ်လိုက်မိသည်။
ကျွန်တော်က ထိုင်မယ်လုပ်တုန်း လက်ဝဲဘက်အခန်းမှ မိန်းမကြီးတစ်ယောက်၊
လက်ယာဘက်ခန်းမှ
မိန်းမကြီးတစ်ယောက် နှစ်ယောက်စလုံးပြိုင်တူ တံခါးဖွင့်ပြီး ထွက်လာကြသည်။ တံခါးများမှာ
လုံးလုံးအသံမပြုဘဲ
ပွင့်လာကြသည်။ သူတို့ဖိနပ်များသည်လည်း ဖျပ်ခနဲ ရှဲခနဲမှ အသံမပေးကြ။
သူတို့လျှောက်လာကြ ပုံမှာလည်း
ခြေအောက်ကြမ်းပြင်ပြိုကျသွားမှာ စိုးရိမ်ဘိသည့်အလား အသာအယာ တစ်လှမ်းပြီးတစ်လှမ်း
လှမ်း၍လာကြသည်။
‘ခြေတစ်လှမ်း ရွှေတစ်သန်းတန်သည်’ ‘နန်းဆန်သည်’ဆိုတာတွေဟာ ဒီလိုဟာတွေ
ထင်ပါရဲ့ဟု
ကျွန်တော်ဆင်ခြင်မိလေသည်။
အဒေါ်ကြီးက မိတ်ဆက်ပေးပြန်သည်။
“မမကြီးနဲ့ မမလတ်တို့လည်း လာကြပြီ၊ ဟောဒါက မောင်တင်ထွန်းတဲ့”
ဘယ်သူက မမကြီး၊ ဘယ်သူကမမလတ်ဟု ကျွန်တော်မခွဲခြားနိုင်ခင် လက်ဝဲဘက်မှဝင်လာသူ
မိန်းမကြီးက
“နေကောင်းပါရဲ့လား မောင်တင်ထွန်း”
“နေကောင်းပါတယ် ခင်ဗျာ”
လက်ယာဘက်မှဝင်လာသော မိန်းမကြီးကလည်း လုပ်ပြန်သည်။
“နေကောင်းပါရဲ့လား မောင်တင်ထွန်း”
“နေကောင်းပါတယ် ခင်ဗျာ”
လက်ဝဲဘက်မှထွက်လာသူ မိန်းမကြီးသည် ဘီးဆံပတ်ပုပုသေးသေးကလေး ထုံးထားသည်။
ဆံပင်ဖြူများကို
ဆိုးထားဟန်ရှိသည်။ ပိုးတွန့်လုံချည် ယောဂီရောင်နှင့် ပဒုမ္မာအင်္ကျီခပ်ထူထူကို
ဝတ်ထားသည်။ လက်တစ်ဖက်မှာ
ပယင်းပုတီးနှင့် အခြားလက်တစ်ဖက်မှာ မြလက်ကောက်နှစ်ကွင်းဆင့်၍ ဝတ်ထားသည်။

လက်ယာဘက်မှထွက်လာသော မိန်းမကြီးကား ငွေဖြူရောင်ဆံပင်များကို ကျစ်ကျစ်ဝိုင်းဆံထုံးထုံးထားသည်။
တရုတ်ပိုးဖျင်အင်္ကျီ၊ ထားဝယ်လုံချည် ရေညှိရောင်များကို ဝတ်ထားသည်။
သူ့လက်ကစိန်လက်စွပ်ကြီးမှာ
တဖျပ်ဖျပ် တောက်နေ၏။ သူတို့အသီးသီးထိုင်မိကြသောအခါ
ကျွန်တော်လည်းထိုင်လိုက်သည်။ ထို့နောက်
စိတ်ထဲမှာ သူတို့လေးယောက်ကို ကြီးစဉ်ငယ်လိုက် စဉ်ကြည့်လိုက်သည်။ ဆံပင်နှင့်ဆံထုံးများကိုမှတည်၍
ဆံပင်ငွေရောင်ကို ကျစ်ကျစ်ဝိုင်းဝိုင်း သျှောင်ထုံးထားသူမှာ အကြီးဆုံးအပျိုကြီး(ဝါ) အပျိုကြီးနံပါတ်(၁)၊
ဆံပင်ကိုဆိုး၍ဘီဆံပတ် ပုပုသေးသေး ထုံးထားသူကို အပျိုကြီး နံပါတ်(၂)၊
ဆံပင်ဖြူကိုကုန်အောင် မနုတ်နိုင်ဘဲ
ဘီးဆံပတ်ကြီးအက်ကွဲ နေအောင် ထုံးထားသူအား အပျိုကြီး နံပါတ်(၃)၊
ဆံပင်ရောင်ကောင်းသေး၍
ဘီးဆံပတ်ကြီးတွင်စိန်ဘီးစိုက်၊ စိန်ဆံထိုး ထိုးထားလျက် ကျွန်တော့်အားလာခေါ်သူအဒေါ်ကြီးအား အပျိုကြီး
နံပါတ်(၄) စသည်ဖြင့် စဉ်ထား လိုက်ပေသည်။
အပျိုကြီးနံပါတ်(၄)က စတင်ပြီး စကားဆက်ပြန်သည်။
"ညီမအငယ်ဆုံး တင်တင်လုကတော့ အိမ်မှာမရှိဘူး၊ အလုပ်ကိစ္စနဲ့ သွားနေရ တယ်။ ထမင်းစားအချိန်မီပြန်နိုင်ရင်ပြန်ခဲ့ပါ့မယ်တဲ့၊ မပြန်နိုင်ရင်လည်း ကျောင်းသားခေါင်းဆောင်တွေကို တင်တင်က
ချီးကျူးကြောင်းပြောလိုက်ပါတဲ့ကွဲ့"
အပျိုကြီး နံပါတ်(၃)ကဝင်၍–
"တင်တင်ကလေ မင်းတို့"
အပျိုကြီး နံပါတ်(၂)ကလည်း–
"တင်တင်ကလေ မင်းတို့"
နှစ်ယောက်ပြိုင်တူ စလိုက်မိသဖြင့် နှစ်ယောက်စလုံးရပ်လိုက်ကြသည်။ တစ်ယောက်တစ်ယောက်ကြည့်လိုက်ပြီးနောက် အတန်ကြာမှ နံပါတ်(၃)က–
"တင်တင်ကလေ သန်လျင်ဘက်မှာ သပိတ်မှောက်ကျောင်းသားတစ်ယောက်
ကိုရာဇဝတ်အုပ်လုပ်တဲ့လူက
ခွေးနဲ့လိုက်တိုက်တယ်ဆိုတာကြားပြီး သိပ်မခံမရပ်နိုင် ဖြစ်နေတာ"
နံပါတ်(၄)ကဝင်ပြန်သည်။
"အဲဒါ ကျောင်းသားမိဘတွေက ရာဇဝတ်ဝန်ကြီး တရားစွဲထားတယ်ဆို မဟုတ်လား"
ကျွန်တော်ကား နံပါတ်(၄)အားဖြေဆိုရန် ပါးစပ်ဟလိုက်စဉ်တွင်ပင် နံပါတ်(၁)က
မေးခွန်းအသစ်ထုတ်လိုက်သည်။

"အာဏာရှင် မောင်လှရွှေကို ရုံးမှအမှုစစ်တော့ မောင်တင်ထွန်း သွားနားထောင်သေးသလား"
"မရောက်သေးပါဘူး ခင်ဗျာ၊ မအားတာနဲ့"
ယခုထိ စကားမပြောရရှာသေးသော နံပါတ်(၂)က–
"မောင်လှရွှေက တရားသူကြီးလုပ်တဲ့ ဦးဖိုးစကိုပဲ သက်သေအဖြစ်နဲ့တင်မယ် ဆိုတာ သိပ်ချက်ကျတာပဲနော်"
ကျွန်တော်ကသူ့လိုပင် သဘောရကြောင်းပြောလိုက်မည် ပြင်နေစဉ် နံပါတ်(၃)က ဝင်လိုက်ပြန်သည်။
"ဦးဖိုးစဆိုတာ အန်တီတို့ကောင်းကောင်းသိတာပေါ့၊ ဖေဖေဘုရားရှိတုန်းက သူက မြို့အုပ်ဖြစ်စရှိသေးတယ်"
နံပါတ်(၁)က အသံခပ်မာမာဖြင့်–
"ဟဲ့ သူကညွှန့်ပေါင်းအစိုးရကို အကပ်ကောင်းတော့ အရေးပိုင်ဖြစ်လာတာပေါ့"
နံပါတ်(၃)က–
"မောင်လှရွှေက ရှေ့နေ"
နံပါတ်(၄)က–
"မောင်လှရွှေက ရှေ့နေ"
သူတို့နှစ်ယောက်ပြိုင်တူပြောမိကြသဖြင့် တစ်ယောက်ကိုတစ်ယောက် နေရာပေးရန် ကြိုးစားရင်း
နှစ်ယောက်စလုံးရပ်သွားကြရာ ကျွန်တော်က တက်သုတ်ဝင်၍–
"ဟုတ်ကဲ့၊ ကိုလှရွှေက ရှေ့နေမငှားပါဘူး၊ သူကိုယ်တိုင်လျှောက်လဲပါတယ်၊ သို့ပေမယ့် နောက်တစ်ခါကျရင်
သခင်မြနဲ့ သခင်ဘဦးတို့လိုက်ကြပါလိမ့်မယ်"
နံပါတ်(၂)က–
"ဘယ် သခင်ဘဦးလဲ"
နံပါတ်(၁)က–
"ဟို သူရိယ ဦးလှဖေရဲ့ သမက်ကလေးထင်ပါရဲ့"
သူတို့သိတာ ကျွန်တော်မသိဖြစ်နေ၍ ငေးစိုက်၍သာ နားထောင်နေမိသည်။
နံပါတ်(၄)က စကားစဖော်ပြန်သည်။
"တက္ကသိုလ်ကျောင်းဆရာကြီးတွေက ကျောင်းသားမိဘများဆီကို ကျောင်းသားတွေ ကျောင်းပြန်လွှတ်မလွှတ်၊
ကျောင်းသားတွေ စာမေးပွဲ ဖြေမဖြေ အကြောင်းပြန်ရမယ်လို့ စာတွေပို့တော့ ကျောင်းသား၁၆၀၀ရှိတဲ့အနက်
၁၁၅၅ ယောက်က စာမေးပွဲဖြေမယ်လို့ စာပြန်တယ်ဆိုတာ ဟုတ်သလား"
"စာမေးပွဲမဖြေချင်လို့ သပိတ်မှောက်တာမှ မဟုတ်ဘဲ။ ဒီတော့ ဒီအမေးဒီအဖြေနဲ့ ကျောင်းသားအရေးတော်ပုံကို
ရေချိန်တိုင်းလို့ မဖြစ်နိုင်ပါဘူးခင်ဗျာ။ ဟုတ်ချင်ဟုတ်မယ်၊ မဟုတ်ချင်နေမယ်၊ သို့ပေမယ့်"

ကျွန်တော်က သို့ပေမယ့်နှင့်ချီပြီး ကျောင်းသားတို့၏ တက်ကြွစည်းရုံးနေပုံကို ရှင်းလင်းပြရန်
အားယူနေစဉ်
နံပါတ်(၃)ကတစ်နေ့က
ဗဟန်းမှာဒေါက်တာဘမော် မော်တော်ကားကို ပေထုပ်နဲ့ထုတာ
ကံကောင်းလို့လွတ်သွားတယ်နော်၊
သူကဒီပြင်ကားစီးပြီး သူ့ကားပေါ်မှာ သားသမီးတွေတင်လွှတ်တယ်ဆိုတော့
သားသမီးတွေခါးစာခံလုပ်တာနဲ့
တူနေတယ်”
နံပါတ်(၃)သည် ထိုသို့လျှင် ဒေါက်တာဘမော်၏ကားကို ပေထုပ်ပစ်မှုနှင့် ပတ်သက်၍
စကားပွဲတွင်လွှမ်းမိုးရန်
ကြိုးစားနေဆဲ နံပါတ်(၂)က ဝင်ဖျက်လိုက်လေသည်။
“တင်တင်ငယ်ရေ မေမေ့ကိုလည်း သွားခေါ်ဦးလေ”
တင်တင်ငယ်ဟု အခေါ်ခံရသူမှာ အခြားသူမဟုတ်။ ကျွန်တော့်အားလာခေါ်သူ အပျိုကြီး
နံပါတ်(၄)ပေတည်း။
ဒေါ်တင်တင်ငယ်သည် ထိုအမိန့်သံကိုကြားသည်နှင့် တစ်ပြိုင်နက် ငေါက်ခနဲထလိုက်သည်။
အပျိုကြီးနံပါတ်(၄)သည် တစ်ခါမျှ ဤမျှသွက်လက်သော အမူအရာ မပြခဲ့ဖူးသေး။
ခြေအောက်ကကြမ်းပြင်
ပြိုကျမည်ကို မကြောက်တော့သော အမူအရာ၊ လုပ်လဲ့လုပ်လီ မဟုတ်သောအမူအရာဖြင့်
အခန်းတစ်ခုတွင်းသို့
ဝင်သွားလေသည်။
အားလုံးသောအပျိုကြီးများသည် ညီလာခံပလ္လင် သီဟာသနရှေ့၌ “ဘုရင်မင်းမြတ်
ထွက်တော်မူမည်၊
အားလုံးတိတ်စေ”ဟူသော ဆောင်နရီမှူးသံ ကြားလိုက်ရဘိသကဲ့သို့ တိတ်သွားကြလေ၏။
သူတို့သည်
သူတို့မိခင်ဘုရင်မကြီး အလာကို စောင့်စားနေကြ၏။ ယင်းသို့ တိတ်ဆိတ်စွာ
စောင့်စားနေစဉ် ကျွန်တော်သည်
ဟိုဟိုသည်သည်တွေးဖို့ အခွင့်အရေးရပေ၏။ ရောက်ပြီး အပျိုကြီးတွေနှင့်
စကားစပြောရကတည်းက
တွေးတောခွင့်မရ။ အပျိုကြီးများသည် ကျွန်တော့်အား အအားမပေး၊ ဝိုင်း၍တမေးတည်း
မေးနေခဲ့ကြလေသည်။
အပျိုကြီးနံပါတ်(၁)နှင့် (၂)တို့၏ ပယင်းပုတီးများသည် စိတ်ဖို့လား၊
အလှဝတ်ထားဖို့သာလား။
သူတို့၏စိန်နားကပ်ကြီးများကို ဘယ်အရွယ်ထိ ဝတ်ကြလေဦးမည်နည်း။
သည်အပျိုကြီးတွေသာ လေးဆယ်ကျော်မှ
ကံပေါ်၍ လင်ရကုန်ကြလျှင် ဘယ်လိုဖြစ်ကုန်ကြမည်လဲ။

သို့ကလို တွေ့ကရာ ပေါက်ပန်းဈေးတွေးနေဆဲ အပျိုကြီး နံပါတ်(၃)က ခပ်ယို့ယို့
အမူအရာ၊
ခပ်အုပ်အုပ်အသံဖြင့်–
"ဟော မေမေဘုရားလာနေပြီ"ဟု ကြေညာလိုက်လေသည်။
အပျိုကြီးအားလုံးနှင့် ကျွန်တော်တို့၏ မျက်စိများသည် အဘွားကြီးဘက်သို့
ပြိုင်တူရွေ့သွားကြလေသည်။
အဘွားကြီးကား အသက်ဇဝများကျော်နေပြီလားမဆိုနိုင်။ ဆွတ်ဆွတ်ဖြူသော
ရောင်ပေစူးကလေး အောက်တွင်
အကွက်လိုက်ဆံပင်ကျွတ်နေသော နေရာများကိုမြင်ရသည်။ မျက်နှာအရေများမှာ
ပပ်ကြားအပ်သလိုတွန့်လိပ်နေကြပြီး မျက်တွင်းမှာ အတော်ဟောက်နေသဖြင့်
ယင်းမျက်တွင်းများအထဲ၌
မျက်စိအကောင်း ပကတိမှ ရှိပါသေးသလောဟု သံသယဖြစ်စရာပင်။ ကိုယ်ခန္ဓာတွင်
အသားရှိတော့ဟန်မတူ၊
အရိုးပေါ်အရေတင်နေ၍ အရေပေါ်အကြောကြီးများက တောင်တန်းကြီးတွေလို
စီတန်းနေကြသည်။
အဘွားကြီးသည် သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထား၏။ ပိုးဖဲမဟုတ်။ လက်ရက်ချည်လုံချည်၊
ဖျင်အင်္ကျီရင်စေ့
စသည်တို့ဖြစ် သည်။ သူ့လက်ထဲတွင်တောင်ဝှေးတစ်ချောင်းကိုကိုင်ထား၏။ သို့သော်
တောင်ဝှေးကိုင်သော်လည်း
ခါးလုံးဝမကိုင်းသည်ကို တွေ့ရသည်။ အားလုံးသော သူ့သမီးများနှင့် မတူပဲ အရပ်ပုသည်။
အဘွားကြီးနောက်မှာရပ်နေသည့် အပျိုကြီး အမှတ်(၄)က ထိုင်ရာမှထကာ ဆီးကြိုနေသော
ကျွန်တော့်အား
ရည်ညွှန်းလျက်–
"ဟောဒါပဲ မောင်တင်ထွန်းဆိုတာ၊ ကျောင်းသားခေါင်းဆောင်ပေါ့ မေမေဘုရားရဲ့"
ကျွန်တော့်မှာကျောင်းသားခေါင်းဆောင်ဟု အခေါ်ခံရသဖြင့် ကျောစိမ့်သွားသလိုလို၊
မျက်နှာထူအမ်းသွားသလိုလို
ဖြစ်မိလေသည်။
"ကျွန်တော်ကခေါင်းဆောင်များ ကိုယ်စားလာရတဲ့ ခေါင်းဆောင်ငယ်ကလေး ပါခင်ဗျာ"
အမယ်ကြီးက ကျွန်တော့်ရှေ့ ကုလားထိုင်တစ်ခုဆီသို့ လာရင်း–
"ခေါင်းဆောင်တွေက ဘာဖြစ်လို့ မလိုက်လာသလဲ၊ တရားဟောထွက်ရလို့
အလုပ်များနေမှတ်တယ်"
အဘွားကြီး၏ အသံကားရုပ်နှင့်မလိုက် မာသည်။ ကြည်လင်ပြတ်သားခြင်း လည်းရှိသည်။
"ထိုင် ထိုင် မင်းကအငယ်လေးရှိပါသေးကလား"
ဤလိုပြောလိုက်မှ အဘွားကြီး၏မျက်စိသည် အကောင်းပကတိ ရှိပါသေးကလားဟု
ကျွန်တော့်စိတ်မှာသေချာသွားတော့သည်။ အဘွားကြီးသည် ကုလားထိုင်တွင်ထိုင်သည်။

တောင်ဝှေးကိုကိုင်ထားသော်လည်း တောင်ဝှေးမပါဘဲ လည်း သွားနိုင် လာနိုင် ထိုင်နိုင် ထထိုင်ပုံပေါက်သည်။
အဘွားကြီး၏ လက်တစ်ဖက် သည်တောင်ဝှေးခါးလယ်ကိုကိုင်ထားပြီး လက်တစ်ဖက်က ကုလားထိုင်လက်တင်ပေါ်
မှာတင်ထားသည်။
"ဟဲ့တင်တင်လှ မလာသေးဘူးလား"ဟု အဘွားကြီးက သူ့သမီးတွေကို မကြည့်ဘဲ သူ့သမီးများအား မေးလိုက်ရာ
နံပါတ်(၄)နှင့် (၃)က ပြိုင်တူဖြေလိုက်ကြ သည်။
"လာမယ်တော့ ပြောသွားတာပဲ၊ ခုထိ မလာသေးဘူး"
"မလာသေးဘူး ဘာဖြစ်လို့ နောက်ကျနေသလဲ မသိဘူး"
သူတို့ဖြေသည်နှင့် တစ်ပြိုင်နက် နံပါတ်(၂)က–
"မှာသွားသားပဲ နောက်ကျရင် နောက်ကျမယ်လို့"
နံပါတ်(၄)က "အစည်းအဝေးများ ရှိနေပြီလား မသိဘူး"
သို့ဖြင့် အပျိုကြီး ၄ယောက်စလုံး တစ်ယောက်တစ်ခွန်း ညီမအငယ်ဆုံးနှင့် ပတ်သက်ပြီး ထင်မြင်ချက်တွေပေးနေကြလေရာ တော်တော်ကလေး ဆူညံလာလေသည်။ ထိုအခါ အဘွားကြီးက တောင်ဝှေးနှင့်
ကြမ်းပြင်ကိုခေါက်လိုက် ပြီး တိတ်သွားစေလေသည်။ အသက် ၄၀ကျော် ၅၀ကျော် ၆၀နီးပါး အပျိုကြီးများသည်
သူတို့အမေရှေ့၌ ၄–၅–၆နှစ် အရွယ် ကလေးများလို ပြုမူလိုက် ကြသည်။ မျက်စိသူငယ်ကလေးများဖြင့်
တစ်ယောက် တစ်ယောက်ကြည့်ပြီး ယို့ယို့ကလေးငြိမ်နေလိုက်ကြသည်။ ထိုခဏ၌ "သြော် ဒါကြောင့်လည်း
ဒီအဘွားကြီး ဟာသမီး၅ယောက်စလုံး ယခုထိ အပျိုကြီးတွေဖြစ်နေအောင် ထိန်းသိမ်းထားနိုင်ပေတာကိုး"ဟူသော
အသိဉာဏ်သည် ကျွန်တော့်ဦးနှောက်ထဲမှာ ထွန်းလင်း၍လာလေသည်။
အဘွားကြီးသည် ဘယ်သူ့ကိုမျှမကြည့်ဘဲ သူ့ရှေ့တည့်တည့်ကိုသာ ကြောင်ငေးကြည့်ပြီး–
"ကျောင်းသားတွေ တစ်ခုလုပ်ဖို့ကောင်းတယ်"
"ဘာလုပ်ဖို့ ကောင်းပါသလဲ ခင်ဗျာ"
"အခုနေအခါမှာ ကျောင်းသားတွေကို တိုင်းပြည်က အာရုံစိုက်ပြီး လေးစားနေတာ မင်းတို့ကျောင်းသားတွေကသာလုပ်ရင် တော်တော်ကောင်းမယ်။ ရှင်အာဒိစ္စဝံသဟာ အင်မတန်ထက်မြက်တဲ့
ဘုန်းကြီး။ စာဆိုလည်း ကိုယ့်ဘာသာ စာပေသာမက ဘာသာခြားလည်းတတ်တယ်၊ ပညာအရည်အချင်းထက်မြက်
သလောက် သတ္တိလည်းရှိတယ်၊ ရင်ထဲမှာရှိတာကို ရှိတဲ့အတိုင်း အန်ထုတ်ပြရဲတယ်၊ အကျင့်သီလဆိုလည်း

သုသသန်ထဲမှာ ကျောင်းထိုင်တာကိုပဲ ကြည့်တော့လေ။ အဲဒီလို ပုဂ္ဂိုလ်တစ်ပါး
သူမြတ်တစ်ယောက်ကို
ပကာသနိယကံ လုပ်တာ တရားသဘောလားဟင်”
ကျွန်တော်က ကိုယ်နားမလည်သောအရေးတွင် ဘာမျှမပြောလိုသဖြင့်
ဆိတ်ဆိတ်နေလိုက်သောအခါ နံပါတ်(၁)က
သူ့အမေအား ထောက်ခံလိုက်လေ သည်။
“ဘယ်တရားမှာလဲ မေမေ”
“အေး မတရားဘူး၊ ဒီကိစ္စမှာ ကျောင်းသားတွေကဝင်ပြီး မတရားကြောင်း
ကန့်ကွက်ပြောဆိုဖို့ကောင်းတယ်။
ကြည့်စမ်းပါဦး၊ ဘယ်ထိရောင့်တက်လာကြသလဲဆို ရင် ဩဝါဒစရိယအဖွဲ့မှာ
ရှင်အာဒိစ္စပါနေတယ်။ ဒါက
ဘယ်သူကမှလည်း ထုတ်ပစ်လို့ရတာ မဟုတ်ဖူး၊ ရှင်အာဒိစ္စကလည်း ထွက်မပေးဘူး။
အာဂကိုယ်တော်၊
ကြည့်စမ်းဘယ်လောက် သတ္တိရှိသလဲဆိုတာ”
အားလုံးသောသမီးများက ခေါင်းညိတ်ကာ ထောက်ခံကြလေသည်။ ကျွန်တော်ကား
ခေါင်းလည်းမညိတ်၊
ခေါင်းလည်းမယမ်း။ သို့သော် အဘွားကြီးသည် ကျွန်တော့်ကိုကြည့်နေသည်မဟုတ်၍
ကျွန်တော်၏ကြားနေရေးကိုသိမည်မဟုတ်ပါ။
အဘွားကြီးသည် သူ့ဘာသာသူ ဆက်ပြောပြန်၏။
“အဲဒီလို ဩဝါစရိယအဖွဲ့မှာ ဆက်မနေထိုက်ဘူးလို့ တချို့ ဆူပူနေကြတယ်။ ရှင်အာဒိစ္စကို
ထုတ်ပစ်နိုင်ဘို့
တရားစွဲရမယ်လို့ သိမ်းမောင်ကိုပြောနေကြတယ်”
နံပါတ်(၄)ကဝင်
“အစိုးရရှေ့နေချုပ်ကြီး ဦးသိမ်းမောင်လားမေမေ”
“အေးတစ်ခါတုန်းက ဘုန်းကြီးတွေက ထွေးခံနဲ့ပေါက်တဲက ဘုရားလူကြီး သိမ်းမောင်ပေါ့”
နံပါတ်(၂)က–
“သြော် သြော် ၂၁–ဦးပါတီနိုင်ငံရေးက ‘ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ’လို့
ပြောဆိုထွက်သွားပြီး
အစိုးရရှေ့နေကြီးဝင်လုပ်သွားတဲ့ ဦးသိမ်းမောင်ပဲပေါ့”
သို့ဖြင့် အပျိုကြီး(၄)ဦးက ဦးသိမ်းမောင်သည် တောသူကြီးသားဖြစ်ကြောင်း၊ ဦးသိမ်းမောင်၏
ဇနီးအကြောင်း၊
သူတို့ဖေဖေဘုရားရှိစဉ်က အိမ်ဘယ်နခေါက် ဘာလုပ်လာဖူးကြောင်း
စသည်များကိုပြောဆိုနေကြပြန်ရာ
ဆူဆူညံညံ ဖြစ်လာပြန်လေ၏။ အဘွားကြီးသည် တောင်ဝှေးနှင့်ကြမ်းပြင်ကို ခေါက်ကာ
ငြိမ်စေပြန်လေသည်။

အဘွားကြီးက ကျွန်တော့်အား ညွှန်း၍ပြောပြန်၏။
"အဲဒီလို အရှင် အာဒိစ္စအပေါ်မှာ မတရားတာတွေ လုပ်နေတာကို ကျောင်းသားတွေက ဝင်ကန့်ကွက်ရင်
မကောင်းဘူးလား ဘယ်သူတဲ့ မင်းနာမည်"
နံပါတ်(၄)က ဝင်ထောက်သည်။
"မောင်တင်ထွန်း"
ကျွန်တော့်မှာ မရှောင်သာတော့သဖြင့် ဖြေရလေသည်။
"ကျွန်တော်တော့ ဒီကိစ္စမှာ ကိုယ်မနိုင်တဲ့ပြဿနာဖြစ်နေလို့ မပြောတတ်အောင် ဖြစ်နေပါတယ် ဘွားဘွားခင်ဗျာ၊
ဒီတော့ ကျောင်းသားခေါင်းဆောင်တွေရှေ့မှာ ကျွန်တော်တင်ပြပါ့မယ်"
အဘွားကြီးသည် များစွာနှစ်ခြိုက်သွားဟန်ရှိသည်။ ကျွန်တော့်ဘက်သို့ ကြည့်ပြီး–
"ပြောလိုက်ပါကွယ်၊ မင်းတို့ကျောင်းသားခေါင်းဆောင်တွေကို၊ အဘွားက အင်မတန်အားကိုးပါတယ်လို့။
မဟုတ်မခံစိတ်ရှိသူတိုင်း ကျောင်းသားတွေကို အားကိုးနေတာပဲ (သမီးများဘက်လှည့်၍) ဟဲ့ ဟဲ့
ထမင်းကျွေးကြတော့လေ"
အပျိုကြီးနံပါတ်(၄)သည် သွက်လက်စွာထပြီး နောက်ဖေးအဆောင်သို့ ကူးသွားကာ ခဏလေးနေတော့ပြန်လာလေသည်။ အဘွားကြီးသည် သူ့ကိုယ်သူငုံ့ ကြည့်လိုက်သဖြင့် ကျွန်တော်လည်း
လိုက်ကြည့်မိသည်။ သည်တော့မှ အဘွားကြီး၏ ရင်စေ့အင်္ကျီတွင် အိတ်ထောင်ကလေးတပ်ထားသည်ကို
သတိပြုမိ၏။ အဘွားကြီးသည် ထိုအိတ်ထောင်ကလေးထဲသို့ နှိုက်စမ်းပြီး ဂွမ်းထောင့်တစ်ထောင့်ကို
ထုတ်ယူလိုက်သည်။ ပြီးတော့သူ့နားနှစ်ဖက်ထဲသို့ထည့်၍ ပိတ်ဆို့လိုက်သည်။ ဤသည်ကား သမီးများအား
ပြောချင်ရာပြောကြတော့ဟု ခွင့်ပေးလိုက်သော အချက်ဟုပင် ထင်စရာရှိသည်။
သမီးကြီးများသည် ကျွန်တော့်အား မေးခွန်းအမျိုးမျိုးထုတ်ပြီး သူတို့ဘာသာ ဖြေသည့်အခါဖြေသည်။
ဟိုအကြောင်းမေးရာက သည်အကြောင်းရောက်သွားပြီး သည်အကြောင်းပြောနေရာမှ သည်အကြောင်းထဲက
ဟိုလူသည်လူတွေအကြောင်း ရောက်သွားလေသည်။ ဘယ်သူ့သားသမီးကိုသိသလား၊ သူတို့သပိတ်မှောက်ကြ
သလားစသော ကျွန်တော်နှင့်တိုက်ရိုက်ဆိုင်သော မေးခွန်းမှနေ၍ မိုးညှင်းတရားပွဲကို ရောက်ဖူးသလား၊ နေရင်း

ဦးကောဝိဒရဲ့ ပဉ္စင်းအမကြီးအကြောင်းသိသလား စသော ကျွန်တော်နှင့်မဆိုင်သည့် မေးခွန်းများအထိ
ရောက်လေသည်။ သူတို့ကမေး၊ ကျွန်တော်ကမဖြေ၊ သူတို့ဘာသာဖြေ။ ကြာတော့ ကျွန်တော်သည် ခွေးသေကောင်
ပုပ်ကို ကျီးကန်းတွေ ဝိုင်းထိုးနေကြပုံကိုသာ ပြေး၍သတိရမိတော့သည်။ ကျွန်တော်တည်းဟူသော
မတုံ့ပြန်နိုင်သည့်ခွေးသေကောင်ပုပ်ကို သူတို့တစ်တွေက မေးခွန်းနှုတ်သီးများဖြင့် ဝိုင်းထိုးနေကြသည်
မဟုတ်ပါလော။
အစေခံမကလေးကလာပြီး "ထမင်းပွဲ အဆင်သင့်ဖြစ်ပါပြီ"ဆို၍သာ သက်သာရာရတော့၏။
ဧည့်ခန်း၏နောက်ဘက်တွင်ကပ်လျက်ရှိသောအခန်းမှာ ထမင်းစားခန်းဖြစ် တော့၏။
သစ်လွင်သောစားပွဲရှည်ကြီးတွင် သစ်လွင်တောက်ပြောင်သော ကုလားထိုင်များက ဝိုင်းရံထားလေသည်။
ပန်းကန်ပြားများပေါ်တွင် ကျဆင်းအရောင် ဟပ်နေသော
မီးရောင်ကားတသွေးတမွေးလှနေသည်။
ဇွန်းခက်ရင်းများပေါ်ကို ကျဆင်းအရောင်ဟပ်နေသော မီးရောင်ကား မျက်စိစူးစေသည်။ ဆီပြန်ဟင်းပေါ်
ကျဆင်းအရောင်ဟပ်နေသော မီးရောင်ကား ဆာလောင်ခြင်းကို အားပေးနေသည်။
ဗိုလ်ဆန်သည့်အခင်းအကျင်းနှင့် ဟင်းများကိုကြည့်ပြီး အဘွားကြီးနှင့် အပျိုကြီးတို့သည် အရွယ်အိုကြသလောက်
အခင်းအကျင်းအစီအမံများ၌ ပျိုသောအမြင်ရှိကြသည်တကားဟု စဉ်းစားမိပေသည်။
အဘွားကြီးသည် စားပွဲထိပ်မှာထိုင်၏။ ကျွန်တော်က အခြားထိပ်မှာ ထိုင်ရ၏။ အပျိုကြီး နံပါတ်(၁)နှင့် (၃)သည်
ကျွန်တော့်ညာဘက်မှာထိုင်၍၊ နံပါတ်(၂)နှင့် (၄) သည်ဘယ်ဘက်မှာထိုင်လေသည်။ အဘွားကြီးကား
ကျွန်တော်တို့စားသော ထမင်းဟင်းကိုမစား၊ သူ့အတွက် သီးသန့်ချက်ပြုတ်ထားသော လူအိုစာဟင်းထမင်းကို
စားသည်။
ထမင်းစားရင်း အဘွားကြီးသည် စကားတစ်ခွန်းမျှမပြော။ သူ့လူအိုစာကိုသာ အေးအေးသက်သာ စားနေလေသည်။
အပျိုကြီးများကား အစားအသောက်နှင့် ပတ်သက်သောစကားများကိုပြောနေကြ၏။
ကျွန်တော်တို့သပိတ်မှောက်ကျောင်းသားများနှင့် ရေနံမြေအလုပ်သမားတွေ ဘယ်လိုစားကြသောက်ကြပုံကို
မေးမြန်း၏။ သူတို့ဘယ်တုန်းက ဘယ်ဆရာတော်ကို အိမ်မှာဆွမ်းဖိတ်ကျွေးပုံ၊ ဘယ်သူ့ကိုညစာစားပွဲ

ခင်းကျေးပုံများကို ဟင်းအမျိုးအမည်နှင့်တကွ ပြောပြနေကြ၏။ ထိုသို့ ထမင်းစားရင်း သူတို့ပြောဆိုသော
စကားများ နားထောင်ရ၍ အကဲခတ်မိသည်မှာ သူတို့အိမ်တွင် ဒေါက်တာတင်တင်လှသာ အလုပ်လုပ်၍
ကျန်လူအားလုံးမှာ အလုပ်မရှိ၊ ကြွယ်ဝပြီး ပစ္စည်းကိုထိုင်စားနေကြသည်။
အလုပ်အကိုင်လုပ်ဖို့ မလိုသဖြင့်လည်းကောင်း၊ ပွဲလမ်းသဘင် အပြင်သိပ်မထွက်သော
အပျိုကြီးများဖြစ်သဖြင့်လည်းကောင်း ထင်ရှားသူတွေ ထမင်းဖိတ်ကျွေးခြင်းနှင့် ဘုန်းကြီးဆွမ်းကျွေးခြင်းမှာ
သူတို့၏ ဝါသနာဖြစ်နေ သည်။ တစ်နည်းအားဖြင့် ဆိုရသော် သူတို့၏ ငြီးငွေ့ဖွယ်ကောင်းသောဘဝတွင်
ဒီဝါသနာလုပ်မှ သက်သာရာရပေလိမ့်မည်။ သည်လိုမှလည်း ပြင်ပလောကမှ လူများနှင့် စကားပြောရပေလိမ့်မည်။
ထမင်းစားပြီးလျှင်ပြီးချင်း ဧည့်ခန်း၌ အားလုံးငြိမ်ဆိမ်စွာ ထိုင်နေကြရာက အားလုံးက ဝိုင်းပြီး အပျိုကြီး
နံပါတ်(၄)(ဝါ) ဒေါ်တင်တင်ငယ်ကိုကြည့်၍ မျက်ရိပ်မျက်ခြည်ပြလိုက်ကြသည်။ ဒေါ်တင်တင်ငယ်သည်
အခန်းထဲသို့ ဝင်သွားပြီး ခဏနေလျှင် ပြန်လာ၏။ သူ့လက်ထဲမှာ ငွေစက္ကူများပါလာလေသည်။ ထိုငွေစက္ကူများကို
ကျွန်တော့်လက်သို့အပ်ရင်း။
"မေမေဘုရားက ၂ဝိ၊ အန်တီတို့ညီအစ် ၅ယောက်က တစ်ယောက် ၁၅စီ၊ ပေါင်း ၉၅ကျပ်၊ ကျောင်းသားရန်ပုံငွေကို
လှူပါတယ်"
ကျွန်တော်က ကျေးဇူးတင်ကြောင်းပြောလိုက်သည်။ ဒေါ်တင်တင်ငယ်သည် ဒရိုင်ဘာကိုခေါ်လိုက်သည်။
အဘွားကြီးသည် သူ့အခန်းထဲသို့ဝင်သွားလေသည်။ ကျွန်တော့်အား နှုတ်တောင်ဆက်မသွား။ သူ့သွားတွေကို
တံပူတံနှင့် တိုက်နေပြီး အိပ်ရန်ကိုသာစိတ်ကူးနေသောကြောင့် နှုတ်မဆက်ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။
အပျိုကြီး နံပါတ်(၄)မှတစ်ပါး အားလုံးသောအပျိုကြီးများသည် တစ်ယောက်ပြီး
တစ်ယောက်ကျွန်တော့်အားနှုတ်ဆက်ပြီး သူတို့ဆိုင်ရာအခန်းထဲသို့ အလျှိုလျှိုဆိတ်ငြိမ်စွာ ဝင်သွားလေသည်။
တစ်အိမ်လုံးသည် ကျွန်တော်လာစက တွေ့ရသလိုပင် ငြိမ်သက်နေပြန်ပေ၏။ နောက်မကြာမီ အိမ်ရှေ့မှာ
ကားထိုးဆိုက်လေသည်။
အပျိုကြီးနံပါတ်(၄)က–

"ကဲ သွားပေရော့၊ ခုလိုလာတာ ကျေးဇူးတင်ပါတယ်"
ကျွန်တော်လည်း ကျေးဇူးတင်စကားပြောပြီးနောက် မော်တော်ကားပေါ်သို့ တက်ခဲ့လေသည်။
။
၃၁
နင်လားဟဲ့ ဓနရှင်
တက္ကသိုလ်သမဂ္ဂတိုက်သို့ပြန်ရောက်သောအခါ ကိုသိန်းအောင်တို့ထံမှ
သတင်းထူးတစ်ခုကိုကြားရလေသည်။
အထက်လွှတ်တော်အမတ် သူဌေးဦးသွင်၊ မြို့မကျောင်းဆရာကြီး ဦးဘလွင်၊
ဗြိတိသျှဘားမားဦးညွန့်၊ ပွဲစားကြီး
ဦးဘိုးဖြော့ စသော မြို့မိမြို့ဖ လူကြီးများသည် ကျောင်းသားများ၏
တောင်းဆိုချက်ကိုရအောင်
ညွန့်ပေါင်းအစိုးရနှင့် စေ့စပ်ဆွေးနွေးနေသည်ဆိုသော သတင်းဖြစ်ပေ၏။
ညွန့်ပေါင်းအစိုးရသည် ကျောင်းသားများ၏ တောင်းဆိုချက်ကို လူကြီးများ၏
စေ့စပ်ချက်ကြောင့် လိုက်လျောမည်၊
မလိုက်လျောမည် မသိနိုင်သော်လည်း ဖိနှိပ်ချုပ်ချယ်မှုကို ပို၍လုပ်လာသည်ဟု ဆိုရပေမည်။
အရင်ကအောက်ပိုင်းများကိုသာ ဖမ်း၏။ ယခု အထက်ပိုင်းကိုဖမ်းစပြုလေပြီ။ ဇန်နဝါရီလ
၁၀ရက်နေ့ နိုင်ငံရေး
ကွန်ဖရင့်ကြီးပြီးလျှင်ပြီးချင်း နောက်တစ်နေ့တွင် သခင်နုအားဖမ်းဆီးခဲ့၍ ၁၄ရက်နေ့တွင်
တက်ဘုန်းကြီးကိုသိန်းမောင်အား ဖမ်းပြီးနောက် ၂၃ရက်နေ့ နံနက်တွင်ကား
တို့ဗမာထိပ်ပိုင်းခေါင်းဆောင်အားလုံးကို သိမ်းကျုံးဖမ်းလိုက် လေသည်။
တို့ဗမာအစည်းအရုံးကြီးသည်လက်နက်ကိုင် ပုန်ကန်ရန် ရွှေတိဂုံမှာ
လက်နက်တွေစုနေကြပြီဟု သတင်းလွှင့်ကာ
ဌာနများကိုလည်းကောင်း၊ သခင်ကိုယ်တော်မှိုင်း၏ အိမ်ကိုလည်းကောင်း၊
ပုလိပ်နှင့်စစ်တပ်များ
တက်ရောက်ရှာဖွေလေသည်။ နံနက်၅နာရီတွင် ရန်ကုန်ပုလိပ်မင်းကြီး အမှူးပြုသော
စစ်ပုလိပ်တပ်ဖွဲ့သည်
ဖိနပ်မချွတ်ဘဲ ရွှေတိဂုံရင်ပြင်ပေါ်သို့တက်ကာ မော်လမြိုင် ဇရပ်ကိုဝိုင်းလျက်
သခင်သန်းထွန်း၊
ထိပ်တင်ကိုယ်တော်ကြီး သခင်အာစရ၊ သခင်အောင်ဆန်း၊
သခင်လှသောင်း(ဘတ်စ်ကားခေါင်းဆောင်)သခင်အေးကြည်၊ သခင်သင်၊
သခင်လှစော(ပေါင်းတည်)၊
သခင်ထွန်းစိန်နှင့် သခင်ဘသာတို့ကို ဖမ်းလေသည်။ တိုက်ပ်ရိုက်တာ၊ စာရွက်စာတမ်းနှင့်
ဖိုင်တွဲများကိုလည်း
သိမ်းယူသွားလေသည်။
ဒီးဒုတ်ဦးဘချိုအားလည်း သူ့နေအိမ်မှ ဖမ်းဆီးသွားလေသည်။

သို့ဖြင့် အရေးတော်ပုံ၏ ခေါင်းဆောင်မှုတစ်ခုလုံးကို ယိမ်းပါးသွားအောင် နယ်ချဲ့သမားနှင့် ညွှန့်ပေါင်းအစိုးရတို့က တစ်ထစ်တက်၍ ကြံစည်အားထုတ်လိုက်ပြန်ပြီ။
သို့သော်တစ်ဗိုလ်ကျ
တစ်ဗိုလ်တက်။
ဒုတိယဥက္ကဋ္ဌ သခင်လှဘော်က ဥက္ကဋ္ဌ ထိပ်တင်ကိုယ်တော်ကြီးနေရာ။
သခင်လေးမောင်က ဒုတိယဥက္ကဋ္ဌနေရာ။
သခင်တင်မောင်ကြီးက အထွေထွေအတွင်းရေးမှူးနေရာ။
သခင်မြသိန်း၊ သခင် ကျော်သိန်း၊ သခင် အုန်းမြင့်၊ သခင်ခင်မောင်စသည်တို့ ကလည်း နေရာအသီးသီးတွင်
အစားထိုးလိုက်ကြလသည်။
ဝိုင်အမ်ဘီ သခင်တင်သည် တို့ဗမာသီချင်းကို သီကုံးစပ်ဆိုကာ တို့ဗမာများ၏ နိုးကြားလာသော 'တို့ဗမာ'
အသိနှင့် 'သခင်' စိတ်ဓာတ်ကို ထင်ဟပ်ဖော်ပြခဲ့လေ သည်။ ၁၃၀၀ပြည့်နှစ် ကျွန်တော်တို့ အရေးတော်ပုံ၏
ပစ္စည်းမဲ့ လူထုအသိ၊ ဓနရှင် နယ်ချဲ့ ဆန့်ကျင်ရေးအမြင်နှင့် ခုခံတွန်းလှန်ရေး စိတ်ဓာတ်ကိုကား ဒဂုံဆရာတင်
သို့မဟုတ် ဒဂုံသခင်တင်သည် 'နင်လားဟဲ့ ဓနရှင်' သီချင်းဖြင့်
ထင်ဟပ်ဖော်ပြလိုက်ပေသည်။
အမျိုး၊ တို့ဗမာကွဲ့၊ ကိုးရာမဲ့တွေအသွယ်သွယ်၊ ငွေဂုဏ်ရှင်ဓနခြေဖဝါး၊ တို့များကိုကွယ်.....၊ နင်းထားကြတော့တယ်၊ (ပြည်ပိုင်မင်းဥပဒေတွေနဲ့ညှဉ်း၊ ဓနရှင်ကိုတော့ပင်း၊ အရင်းခံ အကြောင်းရယ်၊ အတွင်းဉာဏ်မကောင်းတယ်)၂။ ကုန်ရောင်းလာကြ၊
လောဘဇောတွေခြယ်လှယ်၊ အဆီတွေစားကာ အသားတွေ မျိုလို့ကွယ်၊ အကျန်တွေ အရိုးတွေဝေတယ်၊ မသေရုံ ဟပ်ရလေပေါ့ တကယ်။
(မညှာပေ ကြာလေဖိတယ်)။ (ဒါကြောင့် သပိတ်တွေကို လက်ကိုင်ရိုကြ တယ်)
(ငါးကြင်းဆီ ငါးကြင်းကြော်သည့်နယ်။ တို့မြေကြီးဝယ်၊ တို့ကိုစီးကား ရင်းနှီးသူတို့ရယ်)၊ နင်လားဟဲ့၊ နင်လားဟဲ့၊ ယောကျာ်းဘသား ကုပ်သွေးစုပ်တာ တို့မခံတယ်၊ ကမ္ဘာရန် နင့်ဉာဏ်သိပေါ့ကွယ်)
(မညှာပေ ကြာလေဖိလေတယ်၊ ဒါကြောင့် သပိတ်တွေကို လက်ကိုင် ရိုကြတယ်)
(ယောကျာ်းဘသား၊ နင်လားဟဲ့ ဓနရှင်ရယ်၊ အားစွမ်းမြင်စေမယ်။ လူများစုနေရာမှာ စွာကျယ်ကျယ်၊ နယ်ချဲ့သူတွေ ချိုးနှိမ်လေမှကွယ်)၂။ မြန်မာပြည်ဝယ်၊ ကြံတာလီဆယ်။
"တို့ရဲ့" မြန်မာပြည်ဝယ်၊ ထင်တိုင်းခြယ်လှယ်၊ ဖိနှိပ်လေတော့တယ်၊ လိုအင်ဆန္ဒကြွယ်။
(မညှာပေ ကြာလေဖိတယ်၊ ဒါကြောင့် သပိတ်တွေကို လက်ကိုင်ရိုကြ တယ်။)
အင်္ဂလိပ်နယ်ချဲ့နှင့် လက်ပါးစေညွှန့်ပေါင်းအစိုးရတို့က ဖိနှိပ်ကြသည်။
ကျွန်တော်တို့အလုပ်သမား တောင်သူလယ်သမား ကျောင်းသားနှင့် မြို့နေ လုပ်စားကိုင်စား လူအများက

ခုခံတိုက်ခိုက်ကြသည်။ သပိတ်တွေ မှောက်ကြသည်။ ဆန္ဒပြကြသည်။
သူတို့က ဘွတ်ဖိနပ်ကြီးတွေ မချွတ်ဘဲ ရွှေတိဂုံကုန်းတော်ပေါ်တက်၍ တို့ဗမာအစည်းအရုံး
အလုပ်အမှုဆောင်လူကြီးများကို ဖမ်းသည်။ တို့ဗမာအစည်းအရုံး ခေါင်းဆောင်များဖမ်းသော
အပြစ်သာမက
ဘုရားပေါ် ဘွတ်ဖိနပ်စီးတက်ကာ ဘာသာကိုစော်ကားသောအပြစ်လည်း
ကျူးလွန်ပြန်လေသည်။
တစ်ပြည်လုံးရှိ ဗမာအပေါင်းကလည်း မြိတ်ကနေ မြစ်ကြီးနားအထိ။
"တို့ဗမာခေါင်းဆောင်တွေကို ဖမ်းပြီး တို့ဗမာအစည်းအရုံးကို မတရားသင်းကြေညာဖို့
လုပ်ကြံနေပြီ။
ဖော်ထုတ်ကန့်ကွက်ကြ"ဟု လည်းကောင်း၊
"ဘာသာကိုစော်ကားနေကြပြန်ပြီ၊ ငုံ့ခံမနေကြနှင့်"ဟုလည်းကောင်း တပ်လှန့်လှုံ့ဆော်ကာ
ကန့်ကွက်စည်းရုံးကြလေသည်။
အတွင်းဝန်ကြီးများရုံး ကျောင်းသားများဝိုင်းစဉ် ပုလိပ်ရိုက်တုန်းကတစ်ချီ၊ ယခုတချီ၊
ပြည်လုံးကျွတ်ကန့်ကွက်
ဆန္ဒပြပွဲများ ပေါ်လာခဲ့ပြန်လေသည်။
ယခုတစ်ကြိမ် ညွန့်ပေါင်းအစိုးရနှင့် အင်္ဂလိပ်နယ်ချဲ့တို့က ပို၍အကြမ်းဖက်ကာ
နှိပ်ကွပ်လာသည်။ မျက်ရည်ယိုဗုံး၊
ပုလိပ်နံပါတ်တုတ်စသည်တို့ ကိုသာမက သေနတ်နှင့်လုံ့စွပ်ကိုပါ
တွင်တွင်ကြီးသုံးလာလေသည်။
သို့သော် လူထုကမူ အကြမ်းမဖက်၊ အကြမ်းဖက်ရန် သူတို့လို လက်နက်ခဲယမ်းမရှိ။
အနုနည်းရှိသမျှကိုသာ
ရေလဲနှင့် သုံးပြီး ခုခံတွန်းလှန်ရလေသည်။ လူထုအနုနည်းကား ထုထည်ပိုကြီးလာသည်။
ပို၍စွန့်စား လာသည်။
ရုံးဝိုင်း၊ ဂါတ်ဝိုင်း၊ ထောင်ဝိုင်း။
သန်လျင်တွင် ကုလား ဗမာ အလုပ်သမား ၆၀၀ကျော်က ဆန္ဒပြချီတက်ရာ
ပုလိပ်ကရိုက်ပြီးလူစုခွဲသည်။ ရန်ကုန်၊
ပုဇွန်တောင်ဌာနကို အရပ်သူ အရပ်သားတို့ဝိုင်း ရာ ပုလိပ်များက
မျက်ရည်ယိုဗုံးပေါက်ခွဲရုံမက
တုတ်နှင့်လည်းဝင်ရိုက်ကာ လူစုခွဲသည်။
အာလံတွင် သခင်ခေါင်းဆောင်နှင့် ကျောင်းသားများကို ဖမ်းသွားရာ လူထုက ဂါတ်ကိုဝိုင်းပြီး
လွှတ်ရန်တောင်းဆိုသည်။ ပုလိပ်က မြင်းနှင့်ဝင်တိုက်၊ နံပါတ်တုတ်နှင့် ရိုက်ခွဲ၊
နောက်သေနတ်နှင့်ပစ်ရာ
လူ၅၀ဒဏ်ရာရ၍၊ ကိုဘဖိုးဆိုသူမှာ ကြီးမားသော သေနတ်ဒဏ်ရာဖြင့်
သေဆုံးသွားရလေသည်။ ဝိုင်းကြသော

လူထုထဲတွင် စတီးဆီစက်မှ မိန်းမအလုပ်သမားများပါရာ မြင်းခွာနှင့်အနင်းခံရသဖြင့် မေ့မြောနေကြ လေသည်။
လူစုခွဲပြီးနောက် အဖမ်းခံရသော စတီး အလုပ်သမားငါးယောက်အား နယ်ပိုင်ဦးဖေသည် ပုဒ်မ ၁၄၃အရ စစ်ဆေးပြီး
ထောင်၃လချလိုက်၏။ အမှုစစ်ပြီး သရက်ထောင်သို့ ပို့သည်အထိ
ပေါင်းနှစ်နာရီသာကြာလေရာ ၂နှစ်ကြာအောင်
စစ်လေ့ရှိသော အခြားအမှုများနှင့် ကွာလှပေ၏။ နယ်ချဲ့အင်္ဂလိပ်အား တိုက်ရိုက်ထိသော အပြစ်ပေကိုး။
တရားမင်းတို့လက်သွက်ပေမှာပေါ့။
မြင်းခြံတွင် သခင်မများက လူထု၅၀၀၀ ၏ရှေ့မှနေ၍ ဂါတ်ကိုဝိုင်းလျက် ရေနံချောင်းတွင် အခွန်ထမ်းသမား
၂၀၀၀ကျော်က နယ်ပိုင်ဝန်ထောက် အိမ်ကို ဝိုင်းလေသည်။ မော်လမြိုင်တွင် သခင်သန်းနှင့် သခင်ဗစောတို့အား
ဖမ်းသွားရာ ချောင်းဆုံ၊ မုဒုံ၊ ရေးနှင့် မော်လမြိုင်မှ လူထုတပ်ကြီး လေးတပ်ချီတက်ပြီး ထောင်ကိုဝိုင်းကြလေသည်။
စစ်သားနှင့် စစ်ပုလိပ်တို့ကား စစ်ကာလ ရန်သူနိုင်ငံတစ်နိုင်ငံသို့ ရောက်နေဘိသကဲ့သို့ ပြုမူကြ၏။
စစ်သားများလိုက်ပါသော မီးသတ်စက်ကို ခဲနှင့်ပေါက်ပါသည်ဆိုပြီး ပုဇွန်တောင်ဈေးအနီးရှိ ပုဇွန်တောင်စတိုးဆိုင်တွင်းသို့ စစ်သားများဝင်ပြီး ဆိုင်ရှင်ကိုလှံစွပ်နှင့်ထိုးလေသည်။
သိမ်ကြီးဈေးတွင် ပုလိပ်က
လူတစ်ယောက်အားဖမ်းရာ လူထုဝိုင်းတားကြသည်။ စစ်တပ်ကလှံစွပ်ဖြင့်လိုက်ထိုးလေ သည်။ ညဆိုလျှင်
ရန်ကုန်မြို့ပေါ်၌ စစ်တပ်များလုံးဝမင်းမူနေကြ၏။ ရိုပ်ခနဲမြင်လျှင် လှမ်းပစ်တတ်လေသည်။
သူတို့ဘက်က ဤမျှအကြမ်းဖက်နေစဉ် ကျွန်တော်တို့ဘက်က လက်နက်ကိုင် စွဲမှုမပါသော လူထုတိုက်ပွဲများဖြင့်သာ တုံ့ပြန်ရလေသည်။ လက်နက်ကိုင်စွဲသော လူထုတိုက်ပွဲဆင်နွဲရန် အခြေမရှိဟု
ယူဆထားကြပေသည်။ ထို့ကြောင့် ကျောင်းသား ခေါင်းဆောင်များ၏
ကြေညာချက်များတွင်သော်လည်းကောင်း၊
တို့ဗမာအစည်းအရုံး သခင်ခေါင်းဆောင်များ၏ မိန့်ခွန်းများ၌လည်းကောင်း၊ အကြမ်း မဖက်နှင်ဟူသော စကားကို
အမြဲလိုလို ထည့်သွင်းဖော်ပြနေကြပေ၏။ သို့နှင့်လည်း အကြမ်းဖက်ခြင်းကို မှန်မှန်ကြီး ကျူးလွန်နေသော
နယ်ချဲ့သမားနှင့် ညွှန့်ပေါင်းအစိုးရသည် အကြမ်းဖက်ရန် ကြံစည်ပါသည်ဟုလည်းကောင်း၊ လှုံ့ဆော်ပါသည်ဟုလည်းကောင်း သူခိုးကလူပါ ဟစ်နေလေသည်။

အကြမ်းဖက်ပြီးအစိုးရအား ပြန်လှန်ရန် အကြမ်းကိုင်ခြောက်လှန့်ရေးသမား
တစ်စုရှိနေပြီဟုကား သိနိုင်ပေ၏။
ရန်ကုန်မြို့လယ်ကောင်တွင် ဒေါက်တာဘမော်၏ မော်တော်ကားကို ပေထုပ်နှင့်ထုခဲ့သည်။
နယူးအိက်ဆယ်လ်စီယား ရုပ်ရှင်ရုံရှေ့နှင့် ပုလိပ်ရုံးကြီးတွင် ဗုံးဖောက်ခွဲခဲ့လေသည်။
ထိုသူတို့ကား
မည်သူများဖြစ်ကြသည်ဟု ကျွန်တော်တို့မသိခဲ့။ သိလျှင်လည်း သူတို့လုပ်ငန်းမှားကြောင်း၊
သူတို့လုပ်ငန်းကြောင့်
နယ်ချဲ့နှင့်ညွန့်ပေါင်းအား ဘာမျှအရာမထင်စေဘဲ သူခိုးလက် ဓားရိုးကမ်းသလိုသာ
ဖြစ်နေကြောင်း ပြောဆို၍
အကြမ်းကိုင်ခြောက်လှန့်ရေးဝါဒကို တိုက်ဖျက်ကြမည်ဖြစ် လေသည်။
လက်နက်မကိုင်၊ အကြမ်းမဖက်သော လူထုတိုက်ပွဲများကား ဆက်လက်ပေါ်ပေါက်နေပေ၏။
အရေးတော်ပုံတိုက်ပွဲများတွင် မပါဝင်သေး၊ ကြွင်းကျန်နေသေးသော
လူထုအစိတ်အပိုင်းများသည်
ပွဲဝင်လာလေသည်။
ရန်ကုန်တွင် ဝမ်းဆွဲဆရာမများက အစည်းအဝေးကျင်းပပြီး ဖိနှိပ်ချုပ်ချယ်မှု များကို
ကန့်ကွက်ကြလေသည်။
ရန်ကုန်မြို့လုံးကျွတ် အမျိုးသမီးများ အစည်းအဝေးတစ်ရပ်ကို ဒေါ်သက်စုက ဥက္ကဋ္ဌ၊
မခင်မြ(ခင်မျိုးချစ်)က
အတွင်းရေးမှူးအဖြစ်ဖြင့် ခေါ်ဆိုကျင်းပပြီး ဖိနှိပ်ချုပ်ချယ်မှုကန့်ကွက်ခြင်း၊
ဗမာ့လွတ်လပ်ရေးကိုတောင်းဆိုခြင်း
ဆုံးဖြတ်ချက်များ ချမှတ်လေသည်။
အစိုးရက စစ်တပ်နှင့် ပုလိပ်များသုံးစွဲရန် ဘတ်စ်ကားများ ငှားသောအခါ ဗမာပိုင်
ဘတ်စ်ကားများက
မလိုက်ဘဲနေကြရာ အစိုးရက ဘတ်စ်ကားများကို အစိုးရက အလိုရှိလျှင်
မငှားဘဲမနေဟူသော
အရေးပေါ်ဥပဒေတစ်ရပ်ထုတ်လေ သည်။ ထိုအခါဘတ်စ်ကားပိုင်ရှင်များပါဝင်လာကာ
ဘတ်စ်ကားသပိတ်မှောက်
ကြလေ၏။ ဘတ်စ်ကားသပိတ်တားရင်း ပြေးနေသော ဘတ်စ်ကားရှေ့မိမိကိုယ်ကိုယ်
ပစ်လှဲသူများပင်
ပေါ်လာခဲ့ပေ၏။
မုံရွာခရိုင်ကူတော်ရွာ၌ ရွာပေါင်း ၃၆ရွာမှ တောင်သူလယ်သမား ၁၅၀၀
ကျော်တို့စည်းဝေးပြီးအခွန်တော်လျှော့ပေါ့ရေး၊ ရွှေ့ဆိုင်းရေးနှင့် လျှော်ပစ်ရေးများကို
တောင်းဆိုကြသည်။ မုံရွာသို့
အင်အားပြချီတက်ရန်လည်း ဆုံးဖြတ်ကြ၏။

မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ စတိမ်းရွာမှာ လူ၂၀၀ကျော် စည်းဝေးပြီး
အခွန်တော်လျှော့ပေါ့ရေး၊
မြေ့ဆိုင်းရေးနှင့် လျှော်ပစ်ရေးများကို တောင်းဆိုကြသည်။ ၄င်းပြင် "ကြွေးမြီနှင့်ခနရှင်တို့၏
ဘေးမှလွတ်ရန်
အမတော်ကြေးငွေ တစ်ဦးလျှင် ၁၀၀ကျပ်ထက်မနည်း ၃နှစ်ဆိုင်းဖြင့် ချေးရန်"
တောင်းဆိုကြသည်။
ထိုအစည်းအရေး၌ မကြာမီကထောင်မှလွတ်လာသော ရာဇဝတ်မှုအကျဉ်းသမား ကိုထွန်းဦး
ဆိုသူက
"ယခုကိုအောင်ကျော်သေခြင်း၊ ကျောင်းသားများ အဖမ်းခံခြင်း၊ သခင်များနှစ်နာခံခြင်းများသည်
ဆင်းရဲသားအကျိုး
အတွက်သာ ဖြစ်ကြောင်း"ဟောပြောလေသည်။
ကြည့်ပါဦး။ ရာဇဝတ်မှုကျူးလွန်သည်ဆိုပြီး သူ့အားထောင်ချထားခဲ့သည်။ ထောင်ထဲမှာ
နိုင်ငံရေးအကျဉ်းသားတွေအကြောင်း ကြားခဲ့ရသည်။ နိုင်ငံရေးတရား နာခဲ့ရသည်။
ထောင်ကလွတ်၍
ရွာပြန်သောအခါ တောင်သူလယ်သမားတို့၏ တိုက်ပွဲများကိုစည်းရုံးလေပြီ။
အရေးတော်ပုံလှုပ်ရှားမှုကား
ဆီလိုအပေါက်ရှာ၍ တောကြိုတောင်ကြား ကျေးရွာများသို့ပင် ရောက်ခဲ့လေပြီ။
ဤသို့သောအခြေအနေတွင် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားလွှတ်တော်ကိုခေါ်ခဲ့လေသည်။
မြို့မကျောင်းသားလွှတ်တော် ကျင်းပရာဌာနဖြစ်ပေ၏။
ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်မြို့ အင်္ဂလိပ်မြန်မာနှင့် မြန်မာစာသင် ကျောင်းပေါင်းစုံမှ
ကိုယ်စားလှယ်များအပြင်
မြို့နယ်ပေါင်း ၁၂၄နယ်မှ ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်ကြလေသည်။
တက်ရောက်ကြသော ကျောင်းသားကိုယ်စားလှယ်အားလုံးသည် သပိတ်တိုက်ပွဲများ၊
ဆန္ဒပြချီတက်ပွဲများ၊ ဂါတ်၊
ထောင်ဝိုင်း၍ အကျပ်ကိုင်အရေး ဆိုပွဲများမှ တက်လာခဲ့ကြသူတို့ဖြစ်ရာ
အရေးတော်ပုံသွေးဖြင့်
တက်ကြွနေကြသည်။ တိုက်ပွဲအရပ်ရပ်၊ အတွေ့အကြုံအမျိုးမျိုးမှ သင်ခန်းစာယူရန်
စိတ်အားထက်သန်နေကြသည်။
ဘယ်တောင်းဆိုချက်များတွင် စူးစိုက်၍ တိုက်ပွဲဆင်ရမည်ကို ဆန်းစစ်ရွေးချယ်ကြမည်။
ရှေ့လုပ်ငန်းစဉ်ကို
ပြတ်ပြတ်သားသား ချမှတ်လိုက်ကြသည်။
အစည်းအဝေးကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဖွင့်၏။ ဆရာကြီး၏ မိန့်ခွန်းစကားမှာ
ရိုက်နှက်ဖိနှိပ်ခြင်းအမျိုးမျိုးကို ခံနေရသော ကျောင်းသားများ အတွက်
သူကိုယ်တိုင်ခံစားရသလို နာကြည်းသော

အဓိပ္ပာယ် "နယ်ချဲ့အင်္ဂလိပ်နှင့် ရှူးတိုက်တိုင်း ကိုက်တဲ့ခွေးမသား
ညွှန့်ပေါင်းအစိုးရကောင်"တွေ အပေါ်ဒေါသူပုန်
ဖြစ်သောအဓိပ္ပာယ်၊ ကျောင်းသားများအား အနိုင်မခံ အရှုံးမပေးဘဲ ဆက်လက်တိုက်ခိုက်စေရန်
အားပေးသည့်အဓိပ္ပာယ်ကိုဆောင်လေသည်။ သို့သော် ကျွန်တော်သည်ဆရာကြီး
ထိုမိန့်ခွန်းကိုပြောနေစဉ်
တစ်လျှောက်လုံးဆရာကြီး၏ မျက်နှာသည် တည်ငြိမ်နေသည်။ ဆရာကြီး၏ အသံသည်
အေးချိနေသည်ကို
အထူးသတိပြုလိုက်မိပေ၏။
ကိုလှရွှေသည် အာမခံဖြင့် ထောင်မှလွတ်လာသော်လည်း အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဖြင့်
မဆောင်ရွက်။
မူလအစီအစဉ်အတိုင်း ကိုသိန်းအောင်က ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ ကိုအေးကျော်က
အတွင်းရေးမှူး
အဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်လေသည်။
အစည်းအဝေးစလျှင်စချင်း ကိုအေးကျော်က ရန်ကုန်ထောင်တွင်းမှ ထိပ်တင်ကိုယ်တော်ကြီး၊
ဒီးဒုတ်ဦးဘချို၊
ကိုနု(သခင်နု)၊ ကိုသိန်းဖေ(တက်ဘုန်းကြီး သခင်သိန်းဖေ) စသူတို့ ရေးသားပေးပို့သောစာကို
ဖတ်ပြလေသည်။
တန်းလျား နံပါတ်(၇)
ရန်ကုန်ထောင်ကြီး
၃၀. ၁. ၃၉
ရဲဘော်တို့ကျောင်း
သား၊ အလုပ်သမားနှင့် တောင်သူလယ်သမားတို့သွေးစည်းကြလော့ ဟူသောကြွေးကြော်သံဖြင့်
ငါတို့သည်
အရေးတော်ပုံကြီးအတွင်းသို့ ဝင်ခဲ့ကြ၏။ ထိုကြွေးကြော်သံကို
လိုက်နာပြီးလုပ်ဆောင်မှုကြောင့်
သင်ရဲဘော်တို့သည် အရိုက်ခံရ ပြီ။ ထောင်တန်းအချခံရပြီ။ ညှဉ်းပန်းခြင်းအမျိုးမျိုးခံရပြီ။
သို့သော်ရဲဘော်တို့သည် ထိုကြွေးကြော်သံကို ဟစ်ကြွေး၍နောက်မတွန့်ဘဲ
ချီတက်လျှင်ငါတို့၏ အရေးတော်ပုံ
အောင်မြင်သည်ကို တွေ့လိုက်ရမည်ဖြစ်သတည်း။
ထောင်တွင်းရဲဘော်များ
ဆုံးဖြတ်ချက် အမှတ်–၁မှာ ဖိနှိပ်ချုပ်ချယ်မှုများနှင့်ဆိုင်သည်။ ဖမ်းထားသော
နိုင်ငံရေးအကျဉ်းသမားများကို
လွှတ်ပစ်ရန်၊ အရေးတော်ပုံ လုပ်ငန်းများနှင့် ပတ်သက်၍ တရားစွဲထားသည်များကို
ရုပ်သိမ်းရန်နှင့်
ပြည်သူ့လွတ်လပ်မှုများကို ချုပ်ချယ်သောဥပဒေများကို ရုပ်သိမ်းရန်တို့ဖြစ်လေသည်။

ဆုံးဖြတ်ချက် အမှတ်–၂မှာ ကျောင်းသားတို့အား ကျောင်းပြန်တက်သောအခါ
အရေးတော်ပုံတွင်
ပါဝင်ခဲ့ခြင်းအတွက် အပြစ်ယူခြင်းမပြုရန်နှင့် စာမေးပွဲများကို ကျောင်းပြန်တက်ပြီး ၃လကြာမှ
ကျင်းပရန်ဖြစ်လေသည်။
ဤဆုံးဖြတ်ချက်ကိုကြည့်လျှင် ကျောင်းသားများသည် ထာဝစဉ် သပိတ်မှောက်
ထားရန်မရှယ်။
သင့်လျော်သောအချိန်တွင် ကျောင်းပြန်တက်ပြီး စာပေလေ့လာကြမည် ဆိုသည်ကိုပြပေသည်။
နောက်အဆိုတစ်ရပ်မှာ အတွင်းဝန်ကြီးများရုံး ပတ်ဝန်းကျင်တွင် ကျောင်းသားများအား
ပုလိပ်က
ရိုက်နှက်လူစုခွဲခြင်းနှင့် ပတ်သက်ပြီး စုံစမ်းရန် ကျောင်းသားသမဂ္ဂက သဘောတူသော
ပုဂ္ဂိုလ်များပါသည့်
ခုံသမာဓိအဖွဲ့ခန့်ပေးရန် တောင်းဆိုလေသည်။
နောက်ဆုံး ဆုံးဖြတ်ချက်မှာ ဇ၁–၌၁နအုပ်ချုပ်ရေး(ဝါ) ၁၉၃၅ခုနှစ်၊ မြန်မာနိုင်ငံ
အုပ်ချုပ်ရေးဥပဒေအရ
တည်ထောင်စခန်းသွားနေသော အင်္ဂလိပ်ညွှန့်ပေါင်းအုပ်ချုပ်ရေးကိုတိုက်ဖျက်ရန်
အစီအစဥ်များချမှတ်လေသည်။
(၁) ညွှန့်ပေါင်းအစိုးရ (ဝါ) ဒေါက်တာဘမော် ခေါင်းဆောင်သော
ဝန်ကြီးအဖွဲ့နုတ်ထွက်ရမည်။ ၄င်းနေရာတွင်
ဘယ်အမတ်ကမျှ တက်ပြီးအစိုးရအဖွဲ့မဖွဲ့ရ။
(၂) အမျိုးသားစီးပွားရေးထွန်းကားပြီး ဗြိတိသျှစီးပွားရေး ပြိုပျက်စေခြင်းငှာ
အမျိုးသားဆိုင်များကို
အားပေးရန်တိုင်းရင်းဖြစ်ကုန်ပစ္စည်းများကိုသာ သုံးစွဲကြရမည်။
(၃) မသုံးမဖြစ်သည့် ကုန်များမှလွဲ၍ အင်္ဂလန်ဖြစ် ကုန်ပစ္စည်းများကို သပိတ်မှောက်ရမည်။
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့က
သပိတ်မှောက်ရန်ဖြစ်သော
ဗြိတိသျှကုန်ပစ္စည်းများစာရင်းကို ပြုလုပ်ရန် ဖြစ်ပေသည်။
ဤသည်ကား ဇ၁၌၁န အုပ်ချုပ်ရေးကိုတိုက်ဖျက်ရန် နိုင်ငံရေးနှင့်
စီးပွားရေးလက်နက်များဖြစ်ပေ၏။
ကျောင်းသားလွှတ်တော်သို့ တက်ရောက်လာကြသော အခြားကျောင်းသား
ကိုယ်စားလှယ်များအဖို့တော့
ကျွန်တော်မပြောနိုင်။ ကျွန်တော့်အဖို့တော့ ဇ၁၌၁န အုပ်ချုပ်ရေးဆိုသော ဗမာပြည်တွင်
အင်္ဂလိပ်တို့မင်းမူ
ကြီးစိုးနေသော အုပ်ချုပ်ရေး အဆောက်အအုံကို တိုက်ဖျက်ရန်ချမှတ်လိုက်သောနိုင်ငံရေးရေးနှင့်
စီးပွားရေးအစီအစဥ်များတွင် ယုံကြည်မှုမပြင်းထန်လှပါ။ ဒေါက်တာဘမော်တို့က
ရာထူးမှထွက်ပေးမည်ဟု

မမျှော်လင့်နိုင်။ သူတို့က ထွက်ပေးဦးတော့၊ အခြားအမတ်များက သူ့နေရာတက်ပြီး ရာထူးမယူပါဘူးဟု
အာမမခံနိုင်။ ဗြိတိသျှကုန်များကို သပိတ်မှောက်ရာမှာလည်း သိပ်ထိရောက်မည်မထင်ပေ။ ဗြိတိသျှလုပ်အထည်အလိပ်၊ စီးကရက်၊ ဆပ်ပြာစသည်လောက်ကို သပိတ်မှောက်ရုံဖြင့် ဗမာပြည်ကို ဗြိတိသျှ
စီးပွားရေးလက်ဝါးကြီးအုပ်မှု မပျောက်ပျက်နိုင်။ ပျက်နိုင်ပါ့မလား၊ ဗြိတိသျှ၏ စီးပွားရေး လက်ဝါးကြီးအုပ်မှုမှာ
ဤကုန်ပစ္စည်းများမှာ မဟုတ်။ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ သတ္တု၊ မီးသဘော်၊ မီးရထား၊ ဘဏ်တိုက်
စသည်တို့မှာ ဖြစ်သည်။
ဤသို့သော အုပ်ချုပ်ရေးတိုက်ဖျက်ရန် နိုင်ငံရေးနှင့်စီးပွားရေးလက်နက်များနှင့် ပတ်သက်၍ ကျောင်းသားလွှတ်တော်အစည်းအဝေးတွင်ကား အငြင်းမပွားကြ။ အခြား အစည်းအဝေးများမှာလည်း
အငြင်းမပွားကြ။ အငြင်းပွား၍လည်း မဖြစ်နိုင်။ လက်နက်ကိုင်ဆင်နွှဲနိုင်သော လူထုတိုက်ပွဲအဆင့်သို့
မသွားနိုင်သမျှတော့ ဤလိုလုပ်ငန်းတွေသာ လုပ်စရာရှိတော့သည် မဟုတ်ပါလော။
အစည်းအဝေးပြင်ပမှာကား အတော်အငြင်းပွားလေသည်။ ကျွန်တော်တို့ အချင်းချင်းသာမက သခင်နုနှင့်
တကွသော တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်အချို့ကတစ်ဖက်၊ ကိုသိန်းဖေ၊ သခင်လှဖေ စသူတို့က
တစ်ဖက် အပြင်းအထန် ငြင်းခုံကြလေသည်။ သခင်နုနှင့် သခင်ခေါင်းဆောင်အချို့ကား အိန္ဒိယကွန်ဂရက်နှင့်
ဂန္ဓီဝါဒကို နမူနာထားကြကြောင်း၊ ကလကတ္တားပြန်များဖြစ်သော ကိုသိန်းဖေနှင့် သခင်လှဖေတို့က
အိန္ဒိယပြည်ကွန်မြူနစ်ပါတီ၏ ဝါဒလမ်းစဉ်များကို နမူနာရှေ့ဆောင်လမ်းပြထားကြောင်း ထိုငြင်းခုံပွဲများမှ
ကျွန်တော်တို့ ကြားသိ ရိပ်မိရလေသည်။ တစ်ခါက တက္ကသိုလ်ကျောင်းသားများ သမဂ္ဂတိုက်မှာ အခန်းပိတ်
အစည်းအဝေးတစ်ခုရှိရာ ကျောင်းသားများအပြင် သခင်နု၊ သခင်လှဖေနှင့် ကိုသိန်းဖေတို့တက်ရောက်ကြလေသည်။
ဗဟုဇနအုပ်ချုပ်ရေးပျက်အောင် ဘယ်နည်းနဲ့တိုက်မလဲဆိုသော ပြဿနာပေါ်လာရင်း အငြင်းပွားကြရာ သခင်နုက
ဗြိတိသျှကုန်ပစ္စည်း သပိတ်မှောက်ရေး၊ အမတ်များရာထူးမယူရေးများကို ထောက်ခံပြောဆို၍ ကိုသိန်းဖေက

ထိုလက်နက်များသည် မထိရောက်ကြောင်းပြော ဆိုလေရာ သခင်နုက "ဒါဖြင့် မင်းတို့က ဘာလုပ်မလဲ"ဟု
ငေါက်ဆတ်ဆတ်ဖြင့် ကိုသိန်းဖေအား မေးလိုက်လေသည်။ ကိုသိန်းဖေက "ကျွန်တော်တို့ ဗမာပြည်မှာ
ခုဘာလုပ်ကြမလဲဆိုတာကတော့ အခုဆွေးနွေးနေကြတာပဲ၊ အိန္ဒိယကွန်မြူနစ်ပါတီ ကတော့"ဟု အစချီပြီး
၉၁၉ ခုနှစ်အုပ်ချုပ်ရေးနှင့် အိန္ဒိယအားပြိုင်တူပေးလိုက်သော အိန္ဒိယအုပ်ချုပ်ရေး (၁၉၃၅) ဥပဒေကိုတိုက်ဖျက်ရန်
ချမှတ်ထားသော အိန္ဒိယကွန်မြူနစ်ပါတီ၏ ဝါဒလုပ်ငန်းစဉ်များကို ရှင်းလင်းပြောနေလေသည်။
သူ့ရှင်းလင်းချက်များတွင် ပြည်နယ်များတွင် အမတ်အများစုရထားသော အိန္ဒိယအမျိုးသားကွန်ဂရက်သည်
ပြည်နယ်အစိုးများဖွဲ့ပြီး လယ်သမား၊ အလုပ်သမားတို့အား လောလောဆယ် သက်သာချောင်ချိရေး၊
အခွန်အတုတ်များ လျှော့ပေါ့ရေး သီးစားခလျှော့ပေါ့ရေးများ လုပ်ပေးရမည်။ အလုပ်သမား၊ လယ်သမားတို့၏
မြေပိုင်ဆန့်ကျင်ရေး၊ အင်္ဂလိပ်စနေရှင်ဆန့်ကျင်ရေး တိုက်ပွဲများနှင့် အလုပ်သမား၊ လယ်သမား စည်းရုံးရေးများ
လွယ်ကူစေရန် ပြည်သူ့အခွင့်အရေးများ ပေးရမည်စသည်များပါလေရာ သခင်နုသည် အတန်ကြာငေးပြီး
နားထောင်နေရာက ကိုသိန်းဖေအား မျက်ခွက်စေ့စေ့ကြည့်ပြီး–
"ဟေ့ ဟေ့ ကွန်ဂရက်က ပြည်နယ်အစိုးရအဖွဲ့တွေဖွဲ့ရမယ်ဟုတ်လား"
"ဟုတ်တယ် ဖွဲ့ရမယ်"
"ဒါဖြင့် ရာထူးလက်ခံခိုင်းတာပေါ့လေ၊ ဖြစ်ရလေကွာ လောကမှာ ကွန်မြူနစ်တွေက
အုပ်ချုပ်ရေးသပိတ်မှောက်ရာမှာ ရှေ့ဆုံးကပါရမယ့်အစား ပြည်နယ်အစိုးရတွေ
အဖွဲ့ခိုင်းနေတယ်၊ ရာထူးလက်ခံဘို့
တိုက်တွန်းနေတယ်"
ကိုသိန်းဖေက အိန္ဒိယကွန်မြူနစ်တွေက ရာထူးလက်ခံခိုင်းသည်မှာ ညွှန့်ပေါင်းအစိုးရ
ရာထူးလက်ခံနည်းမျိုးမဟုတ်ကြောင်း၊ လူထုတိုက်ပွဲတွေ ကြီးထွားစေအောင်
လုပ်ရန်သာဖြစ်ကြောင်း
ရှင်းနေသေး၏။ သခင်နုက ကြာကြာနားမထောင်ဘဲ"
တော်ကွာ တော်၊ ဒီပုဆိုးဝတ် ဒီချေးပါမှာပဲ၊ ငါအထင်ကြီးတဲ့ မင်းကွန်မြူနစ်တွေက ရာထူးလက်ခံခွင့်ပြုတာ
ငါအံ့ဩတယ်"
သခင်နုသည် အတော်ပင်ဒေါဖောင်းနေဟန်ရှိသည်။ ကုလားထိုင်ကို စားပွဲကျောပေးပြီး

ပြန်ခင်းလျက်အစည်းအဝေးအား ကျောပေးထိုင်ကာ–
"ဟေ့ တို့ကတော့ ရာထူးသပိတ်မှောက်ရေးပဲကွ၊ ဗြိတိသျှကုန်သပိတ်မှောက် ရေး၊
တိုင်းရင်းဖြစ်ကုန်
အားပေးရေးပဲကွ၊ နောက်ထပ် ရှုပ်မနေနဲ့ တော်ပြီ"
သခင်နုသည် နောက်ထပ်စကားမပြောတော့ချေ။ သူများပြောတာ နားထောင်
မထောင်တော့မသိ။ ကိုသိန်းဖေကမူ
အေးအေးပင်၊ သူပြောလိုရာဆက်ပြောနေလေ သည်။ ထိုနေ့ညက ဆွေးနွေးပွဲသာဖြစ်၏။
တစ်စုံတစ်ရာယတိပြတ်မဆုံးဖြတ်ပေ။ ကိုသိန်းဖေ ပြောပြီးသောအခါ
အခြားလူများပြောကြသည်။ သခင်နုကား
အစည်းအဝေးပြီးသည့်အထိ ဘာမျှမပြောဘဲ ကျောပေး၍သာ ထိုင်သည်။
အစည်းအဝေးပြီးသောအခါ၌မူကား
ငုံ့စာရေးနေသော ကိုသိန်းဖေ၏ ပခုံးကိုပုတ်လျက်–
"လာဟေ့ ပြန်ကြစို့ ငါအိပ်ချင်ပြီ"ဟု ခေါ်လေသည်။ ကိုသိန်းဖေကလည်း ကပျာကယာထ၍
သူ့နောက်ကလိုက်သွားသည်။ သခင်လှဖေက သူတို့နှစ်ယောက်အား အပေါက်ဝမှ
ကြိုပြီးလိုက်သွားသည်။
သူတို့သုံးဦးသည် အတူတူနေကြသူတွေ ဖြစ်လေသည်။ ဤအဖြစ်အပျက်ကား သူတို့
ထောင်မကျမီကလေးမှ
ဖြစ်၏။
၃၂
ထောင်ကျဖို့ အလှည့်ပေးပါ
ကိုလှရွှေက ထောင်ကလွတ်လာပြီးဖြစ်သော်လည်း ကျွန်တော်နှင့် စကားကောင်းစွာ
မပြောရသေးချေ။ ထောင်ထဲက
အခြေအနေများနှင့် ထောင်ထဲမှနေ၍ သခင်နု၊ သခင်စံထွန်းလှ၊ ကိုသိန်းဖေနှင့် ကိုလှရွှေတို့
တိုင်ပင်ပြီး
ဒေါက်တာဘမော်အား ထောင်သို့ခေါ်ကာ စေ့စပ်ဆွေးနွေးကြပုံများကို ကိုလှရွှေထံမှ
ကြားလိုသည်။
ကျွန်တော့်စိတ်ထဲမှာ မရှင်းလင်းသည်များကို မေးမြန်းလိုသည်။ သို့သော်
ကျောင်းသားလွှတ်တော်
ကျင်းပနေသည့်အတွင်း သူလည်းမအား ကျွန်တော်လည်းမအား ဖြစ်ပေသည်။
ကျောင်းသားလွှတ်တော်ပြီးသည့် နောက်တစ်နေ့ညနေတွင် မြို့မမှနေ၍ စကော့ဈေး နဂါးနီသို့
လမ်းလျှောက်သွားကြသည်။
ကိုလှရွှေက ကျွန်တော့်အား ထောင်ထဲမှာ သူတို့တစ်တွေ နေကြထိုင်ကြပုံ၊ အစားအသောက်
စီမံချက်ပြုတ်ကြပုံ၊
စာဖတ်ကြပုံ၊ ထောင်အာဏာပိုင်တွေနှင့် တိုက်ပွဲဆင်ကြပုံများကို ပြောပြလေသည်။
"ထောင်ထဲ ကိုယ်တို့နေတဲ့ တန်းလျားမှာ ဒန့်သလွန်ပင်တွေရှိတယ်။ ရဲဘော်တွေက

ဒန့်သလွန်ရွက်ဟင်းချိုသောက်ချင်တယ်ဆိုတော့ ကိုယ်က ချက်တာကိုး။
ကိုယ်တို့ဖျာပုံသားတွေက
ငံပြာရည်ကောင်းကောင်း၊ ပုစွန်ခြောက် ကောင်းကောင်း သုံးနေကျဆိုတော့
ငံပြာရည်ကောင်းနဲ့
ပုစွန်ခြောက်ကောင်းမရနိုင် တဲ့ ထောင်ထဲမှာ ခက်တာပေါ့။ ဒီတော့ဟင်းချိုအောင်
ဘယ်လိုလုပ်လဲ သိသလား"
"ဆိုစမ်းပါဦးဗျာ"
ကိုလှရွှေက အားရပါးရရယ်ရင်း–
"သကြားထည့်ချက်တာပေါ့ မောင်ရင်ရဲ့ ဟား ဟား"
"စာဖတ်ကြပုံကကော"
"ထောင်ထဲကို မဲ့က်စဝါဒ စာအုပ်တွေသွင်းလာတယ်။ ဖိုးသိန်းဖေ သွင်းတာပဲ။
ထောင်မှူးတွေကို
ဘယ်လိုဖြီးတယ်တော့ မသိဘူး။ သူနဲ့ကိုယ်နဲ့ တစ်ယောက်တစ်လှည့်
ဖတ်ပြရှင်းပြလုပ်တာလည်း ရှိတယ်၊
နောက်ဖိုးအောင်ဆန်းတို့ သခင်သန်းထွန်းတို့ရောက်လာကြတော့
ဝိုင်းပြီးဆွေးနွေးလေ့လာကြတာတွေလည်း
ရှိတယ်"
"သခင်နုကော"
"သူကတော့ ပုတီးစိပ်လို့ သိပ်ဇိမ်တွေ့နေတာပေါ့၊ ဟဲ ဟဲ စာလည်းဖတ်ပါတယ်"
"ကိုလှရွှေ ဒီတစ်ခါတော့ ကျွန်တော့်ကို တစ်လှည့်ပေးပါဦး"
ဤသို့တောင်းပန်လိုက်သော ကျွန်တော့်အသံမှာ မူမှန်ဟန်မတူ။ ကြေကွဲဝမ်းနည်းသော
ခံစားမှုသည် အသံမှာ
ဂယက်ရိုက်နေဟန်တူသည်။ ပြုံးဖြဲဖြဲလုပ်နေသော ကိုလှရွှေသည် မျက်နှာတည်သွားပြီး–
"မောင်ရင့်ကို ဘာတစ်လှည့်ပေးရမှာလဲ"
"ကျွန်တော် ထောင်တစ်ခါကျချင်တယ်၊ ခုတော့ ကျွန်တော့်မှာ ထောင်ကျဖူးတဲ့
ဂုဏ်လည်းမရှိဘူး၊ ထောင်ကျဖူးတဲ့
အတွေ့အကြုံ ဗဟုသုတလည်းမရဘူး"
"ဟား ဟား"ကိုလှရွှေက ထုံးစံအတိုင်း အားရပါးရရယ်ပစ်လိုက်သည်။ ပြီးတော့
မျက်နှာပိုးသတ်လိုက်ပြီး–
"ကျုပ်က မောင်ရင့်ကို ထောင်ချနိုင်ရအောင် ဆာပေါ်ထွန်းမှ မဟုတ်ဘဲ၊ ထောင်ဆိုတာ
ချသူရှိမှကျတာမောင်ရင်"
"ဟုတ်ပါတယ်၊ ခင်ဗျားတို့က ထောင်မချနိုင်ပါဘူး၊ သို့ပေမယ့် ထောင်ကျနိုင်စေမယ့်
တာဝန်ကိုပေးနိုင်တယ်။
အခုတော့ အရေးတော်ပုံစကတည်းက ကျွန်တော့်ကို ထောင်ကျနိုင်စေမယ့်တာဝန်
တမင်မပေးဘဲထားတယ်၊

ဒါကြောင့် တစ်လှည့် ကျွန်တော့်ပေးပါဦး ကိုလှရွှေရယ်"
"အားလုံးထောင်ကျကုန်ရင် ခက်မှာပေါ့၊ မင်းတို့လို ထောင်မကျဘဲနဲ့ နောက်ကလုပ်နေတဲ့ လုပ်သားရဲဘော်တွေရှိလို့ တို့အရေးတော်ပုံကြီး ဆော်ဒါရေပုလင်းမဖြစ်တာပေါ့ ကိုယ့်လူရဲ့"
"နို့ဒီနေ့ပဲ ထောင်တွင်း တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့က ကြေညာချက် တစ်ခုထုတ်တယ်
မဟုတ်လား။ သိင်္ဂုတ္တရကုန်းတွင် တပ်စွဲလျက်ရှိကြသော သပိတ်တပ်သား ၇၀၀၀ကျော် ရန်ကုန်ထောင်အတွင်းသို့
အားလုံးဝင်ကြသည့်အခါကို ငါတို့စောင့်စားမျှော်လင့်နေကြ၏။ တစ်ပြည်လုံးရှိ ထောင်ကြီး ၈ထောင်၊
ထောင်ကလေး ၂၄ထောင်၊ ပေါင်း၃၂ထောင်ကို ပြည့်လျှံအက်ကွဲထွက်သွားအောင် ငါတို့တစ်တွေ
အစုလိုက်အပြုံလိုက် ထုကြီးထည်ကြီးနှင့် ဝင်ကြရမည်တဲ့။ ဒီတော့ ကျွန်တော်ကိုလည်း ထောင်ထဲဝင်ဖို့
တစ်လှည့်ခွင့်တောင်းတာ ဘာမှားသလဲ ကိုလှရွှေ"
"ဒီလို ဒီလို၊ ခုကြေညာချက်က လူအများအတွက် ရဲဆေးထိုးပေးတာ။ လူတွေဟာ အရင်ကဆိုရင်
ထောင်ကျမှာကြောက်နေတယ် မဟုတ်လား၊ အခုတော့ တိုင်းပြည်အတွက်ဆိုရင် ထောင်ကိုရယ်တာပေါ့
အပျော့ထင်တယ်ဆိုတာ ပြလိုက်တာပဲ။ ထောင်ကြီးနဲ့ခြောက်လှန့်နေတဲ့ အင်္ဂလိပ်နဲ့ ညွှန့်ပေါင်းအစိုးရကို
မကြောက်ဘူးကွလို့ ပြောလိုက်တာပဲ။ အပြင်မှာ အလုပ်လုပ်မယ့်လူမရှိရင် ဘယ်ဖြစ်မှာလဲ။ ဒီတော့
တစ်လှည့်မှမပေးပါရစေနဲ့ ကိုယ့်လူ"
"ခင်ဗျားထွက်လာပုံပြောစမ်းပါဦး"
"အာမခံပေးပြီးထွက်လာတာပေါ့။ အခုကိုယ်တို့ကိုဖမ်းတဲ့ ရန်ကုန်အရေးပေါ် လုံခြုံရေးဥပဒေက ငွေ၂၀၀ိတန်
အာမခံပေးရင် လွတ်နိုင်တာပဲ။ ဒီအခွင့်အရေးကိုယူ တာပေါ့။ ဒါမှအပြင်မှာလုပ်စရာရှိတာတွေ လုပ်ရမှာကိုး။
ကိုသိန်းဖေတောင် နက်ဖြန်သန်ဘက် အာမခံနဲ့ထွက်လာပါလိမ့်မယ်၊ သူ့ကို အာမခံဖို့ ခြေလျင် ကိုအုံးခင်နဲ့
မြန်မာ့နေ့စဉ်ကိုထွန်းစိန်တို့ကို ပြောထားတယ်။ ကိုကြီးနုကိုလည်း အာမခံနဲ့ထုတ်ကြမှာပဲ၊ ဒို့ပြင်တို့ဗမာခေါင်းဆောင်တွေကိုလည်း အာမခံနဲ့ထုတ်ကြမှာပဲ"
ထောင့်အရသာကို ခံစားရဖို့ ကျွန်တော့်မှာ အလားအလာမရှိတော့ပြီ။
"ထောင်ထဲတုန်းက ခင်ဗျားတို့တစ်တွေ ဒေါက်တာဘမော်နဲ့ခေါ်စေ့စပ်ကြ တယ်ဆိုတာဘာလို့ စေ့စပ်ဖို့လိုတယ်လို့

ကျွန်တော်သဘောမပေါက်ဘူးဗျာ”
“တောင်းဆိုချက်ရဖို့ ဓေ့စပ်တာပေါ့။ ကိုယ်တို့ဓေ့စပ်တာကို ဂျွန်မောင်စော တို့
အတိုက်အခံပါတီက
သဘောမကျဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တို့တောင်းဆိုချက်ကို ဘမော်က
မလိုက်လျောစေချင်ဘူး၊
ဒါမှဘမော်ပြုတ်ကျမယ် လို့ တွက်တာကိုး။ တို့က တို့တောင်းဆိုချက်ရတာသာ လိုရင်း၊
ဘယ်သူကပေးပေးပေါ့။
တို့ကရာထူးလုယူဖို့၊ ကိုယ့်ပါတီကြီးပွားဖို့ဆိုတဲ့ အချောင်သမား နိုင်ငံရေးတွက်ကိန်းမျိုးနဲ့
လုပ်နေတာမှမဟုတ်ဘဲ။ ဓေ့စပ်ရေးဆိုတာက စစ်တိုက်ရင်းလည်း လုပ်ရတာပဲ၊
ဘယ်အချက်မှာ
သဘောတူသွားရမယ်ဆိုတာမှသာ ကွာတာကိုး”
“ဒေါက်တာဘမော်က ထောင်ထဲလာတယ်ဆိုတော့ ခင်ဗျားတို့နေတဲ့ တန်းလျားထိ
လာသလား”
“မလာပါဘူး၊ သူက ထောင်ပိုင်ရုံးခန်းထဲမှာ နေတယ်၊ ပြီးတော့ ကိုယ်တို့ကို ခေါ်တွေ့တယ်”
“သူက ဘာတွေပြောသလဲဗျ”
“သူပြောတာတွေ ချုံးကြည့်လိုက်ရင် အခု ကျောင်းသားတွေရဲ့ တောင်းဆိုချက်တွေကို
အပြည့်အဝသူမလိုက်လျောနိုင်တဲ့အကြောင်း၊ (ပူတေ ညေ ဥမိနမ)နဲ့ ပတ်သက်ရင်
ဘုရင်ခံကသာ အာဏာပိုင်တဲ့အကြောင်း၊
ဖမ်းဆီးထားတဲ့ နိုင်ငံရေးသမားတွေကို ဘုရင်ခံသဘောမတူဘဲ မလွှတ်နိုင်၊
ဖိနှိပ်ချုပ်ချယ်မှုဥပဒေတွေ သူမရုပ်သိမ်းနိုင်ဘူးဆိုတဲ့အကြောင်းတွေ သူကပြောတယ်။
အင်္ဂလိပ်ကို
သူလည်းအလိုမရှိပါဘူး၊ ဇွဋ္ဌာနအုပ်ချုပ်ရေးကို သူလည်းမကြိုက်ဘူးလို့ပြောသေး တယ်၊
ဒီတော့ထွက်လိုက်ရင် ရှေ့လျှောက်ပြီး နိုင်ငံရေး ဣန္ဒြေရရ လုပ်သွားနိုင်တယ်။
ခင်ဗျားက ရာထူးစွန့်လွှတ်နိုင်တယ်ဆိုတဲ့ သတ္တိရှိရင် ကျွန်တော်တို့ဟာ
တိုင်းပြည်ဘက်ကလူတွေပါလို့ တစာစာအော်နေတဲ့ အတိုက်အခံဂိုဏ်းက
အမတ်များဟာလည်း
ရာထူးယူနိုင်ဖို့ သိပ်ခဲယဉ်းသွားမှာပဲ။ ဒီနောက်အဲဒီလို အသံကုန်ဟစ်နေကြတဲ့
အမတ်များရာထူးမယူနိုင်အောင်လည်း ကျုပ်တို့ဆက်ပြီး ကြိုးစားမယ်လို့
ကိုယ်တို့ကပြောကြတယ်။ ဒါပေမဲ့ဒေါက်တာဘမော်က သူထွက်ရင် အတိုက်အခံအမတ်တွေ
တက်ယူမှာပဲလို့သာပြောနေတယ်။ ပြီးတော့ သူကအင်္ဂလိပ်တွေကိုချဖို့
အချိန်မကျသေးဘူးတဲ့၊ စစ်ဖြစ်လာတော့မယ်တဲ့။ အဲဒီစစ်အတွင်းကျတော့
ချက်ကောင်းရမှာပါတဲ့၊ ခေါင်းအေးအေးထားပြီး အခွင့်ကောင်းကိုစောင့်ကြစမ်းပါတဲ့။ ဒီလိုနဲ့ပဲ
ကိုယ်တို့ဓေ့စပ်ရေးဟာ ပြီးတာပါပဲ။ သူကလည်း သူပြောချင်ရာပြော၊ ကိုယ်တို့ကလည်း
ကိုယ်တို့ပြောချင်ရာပြော”
“ဘာမှ တောင်းဆိုချက်တွေ မရဘူးပေါ့နော်”

“ကျောင်းသားတွေဟာ ဘယ်သူနဲ့ဖြစ်ဖြစ် ကိုယ့်လိုလားချက်ရမယ်ထင်ရင် စေ့စပ်ဆွေးနွေးမယ်၊ ဘယ်သူလက်ကိုင်တုတ်မှ မဟုတ်ဘူးဆိုတာတော့ ပြလိုက်ရတာပေါ့”
ကျွန်တော်တို့ စကော့ဈေးသို့ ရောက်လာကြပြီ။ နဂါးနီသို့မသွားသေးဘဲ
တက္ကသိုလ်သမဝါယမဆိုင်သို့
ဝင်ကြလေ၏။ ကိုထွန်းအုန်သည် ဆိုင်ဝမှရပ်လျက် ဆီးကြိုလျက်ရှိ၏။
သူ့မျက်နှာမှာအပြုံးအပြည့်နှင့်။
ကိုထွန်းအုန်ကို ကျွန်တော်သည် ကိုထွန်းအုန်မှန်း သိသော်လည်း မသိကျွမ်းဖူး၊
စကားမပြောဖူးချေ။ ကိုထွန်းအုန်က
ကိုလှရွှေအား–
“ဘယ့်နယ်လဲ ထောင်ထဲမှာ တော်တော်ပျော်ရဲ့လား”
ကိုလှရွှေကလည်း အပြုံးအပြည့်မျက်နှာဖြင့်–
“ပျော်ဆို ထောင်ထဲကတောင် ထွက်မလာချင်ဘူး။ ဟား ဟား၊ ခုပဲထောင်ထဲက ပျော်ပုံတွေ
ဒီရဲဘော်ကိုပြောပြတော့
ဒီရဲဘော်က သူပါထောင်ထဲ သွားနေချင်တယ်လို့ နားပူနားဆာလုပ်နေတယ်ဗျ”
ကိုထွန်းအုန်သည် မျက်နှာအတည်ထားလျက် ကျွန်တော့်အား အကဲခတ်သလို ကြည့်လိုက်ပြီး–
“ဒီရဲဘော်ကို မြင်တော့နေတာပဲ၊ နာမည်က ဘယ်လိုတဲ့လဲဗျ”
ကိုလှရွှေကပင်–
“သခင်နီတာရဲ ရဲဘော်တင်ထွန်းတဲ့ဗျား၊ ဟား ဟား”
ကိုထွန်းအုန်ကား ပြုံးရောင်ကလေးသာပြပြီးနောက် မျက်နှာညိုးသွားသလို ဖြစ်သည်။
“ကျွန်တော်လည်းဗျာ ဟော့ဒီဆိုင်တာဝန်ယူရတာ သည်ပြင်တာဝန်တွေ လစ်ဟင်းကုန်ပြီ။ ထောင်ရောက်ဖို့ဝေးရော၊
ခင်ဗျားတို့ဆီတောင် တယ်ပြီး မရောက်နိုင်ဘူး။ စိတ်ထဲမှာ မရိုးမရွကြီးဖြစ်နေတယ်။ မချင့်မရဲ မကျေမနပ်ဖြစ်
နေတယ်”
ကိုလှရွှေသည်လည်း မပြုံးနိုင်၊ မရယ်နိုင်တော့ဘဲ အတန်ကြာတွေသွားသည်။
ကိုထွန်းအုန်အတွက်
ဝမ်းနည်းသွားဟန်တူသည်။ အတန်ကြာမှ–
“ဒီလို သဘောထားလို့ ဘယ်ဖြစ်မလဲဗျ။ ခင်ဗျား ဒီမှာမရှိရင် ဒီသမဝါယမကလေး
ပျက်သွားမှာပေါ့ဗျ။ ကျုပ်တို့
မီးတုတ်ကျောင်းသားတွေဟာ မကောင်းတာတွေ၊ ကောင်းတာတွေ ရှို့ရတဲ့ကြားထဲက
တည်ဆောက်ထားတဲ့၊
စိုက်ပျိုးထားတဲ့ အလုပ်အသီးအပင်ကလေးကို ခင်ဗျားလိုဖွဲကောင်းကောင်းနဲ့
စောင့်ရှောက်နေတဲ့ ဥယျာဉ်မှူးမရှိရင်
ဘယ်ဖြစ်နိုင်ပါ့မလဲ”
ကိုထွန်းအုန်၏ မျက်နှာတွင် အပြုံးဝင်လာသည်။

"ဆေးဆရာဝန်လောင်းကြီးကလည်း ကဗျာဆန်ဆန် စကားပြောတတ်သကိုး၊ ဟဲ ဟဲ"
"ကဗျာဆန်ဆိုဗျာ၊ ဆေးတက္ကသိုလ်သာမရောက်ရင် ကျွန်တော်လည်း မင်းသုဝဏ်တို့နဲ့ အပြိုင်အဆိုင်ဖြစ်နေမှာပေါ့၊
ဘယ့်နှယ့်လဲ ဆိုင်အခြေအနေ"
"ခင်ဗျားတို့ဘက်က တက်သလောက်ဆိုင်ကလည်း တက်နေတာပဲ။ အင်္ဂလိပ်ကုန်တွေ သပိတ်မှောက်ရေးလုပ်ကြရင်တော့ ကျွန်တော်တို့လည်း သည့်ပြင်ကုန်တွေ တင်ဖို့ စီစဉ်ရဦးမှာပဲ။ နေပါဦး
ကိုကြီးနုတို့၊ ဖိုးသိန်းဖေတို့၊ ဖိုးအောင်ဆန်းတို့ကော ဘယ်တော့လွတ်ကြမှာလဲ"
"ကနေ့ နက်ဖြန် လွတ်လာကြပါလိမ့်မယ်။ ဒီလိုပေါ့ဗျာ ထောင်ဆိုတာ ဝင်လိုက်ထွက်လိုက်ပေါ့ ဟဲ ဟဲ၊ ကဲ
နဂါးနီကို သွားလိုက်ဦးမယ်"
"သွား သွား၊ ကိုထွန်းရွှေတို့၊ ဆရာဟိန်တို့လည်း ခုနင်ကပဲသွားကြတယ်၊
တွေ့ပါလိမ့်ဦးမယ်"
ကျွန်တော်တို့သည် နဂါးနီဘက်သို့ လာခဲ့ကြလေသည်။

## ၃၃

## အင်လျားကျွန်းဆွယ်မှ ဧည့်ခံပွဲ

ပြီးခဲ့သောလ ၁၉၃၉ခု၊ ဇန်နဝါရီလ အလယ်လောက်ကတည်းက စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ်(ဆ်)သည်ဖေဖော်ဝါရီလ
၁ရက်နေ့၌ ဘုံဘေမြို့မှ ရန်ကုန်သို့ ဆိုက်ရောက်မည့်အကြောင်း ဗမာစာရေးဆရာနှင့် သတင်းစာဆရာများသည် ကြိုဆိုဧည့်ခံရန် ဧည့်ခံကော်မတီဖွဲ့ရန် လိုကြောင်း၊ တိုးတက်ရေး သတင်းစာအယ်ဒီတာတစ်ဦးဖြစ်သော ကိုသိမ်းက စတင်ဆော်ဩခဲ့ လေသည်။ ယခုမစ္စတာ ဝဲလ်စ် ရောက်လျက်ရှိပြီး တက္ကသိုလ် ရက်ဂျစ်စတြာ ဆရာလင်းဆီ အိမ်မှာတည်းခိုနေလေသည်။
ဖေဖော်ဝါရီလ ၂ရက်နေ့ ညနေ၄နာရီတွင် တက္ကသိုလ်ဘုတ်ကလပ်၌ မစ္စတာ ဝဲလ်စ်အား ဂုဏ်ပြုဧည့်ခံပွဲတစ်ရပ်ကျင်းပလေသည်။ ကမကထပြုသူများမှာ
တက္ကသိုလ်စာရေးဆရာများအဖွဲ့နှင့်
လူငယ်သတင်းစာဆရာများ အဖွဲ့တို့ဖြစ်လေသည်။
ကျွန်တော်တို့သည် ကမ္ဘာကျော်သော အင်္ဂလိပ်စာရေးဆရာကြီး မစ္စတာဝဲလ်အား
အထင်ကြီးကြ၏။
သူ့အကြောင်းဘာမျှ မသိဘူးထားဦးတော့။ သူ့ကြီးသောနာမည်ကြောင့်ပင် သူ့အား
ကြည့်မြင်ဖူးတွေ့လိုပေသည်။
ကျွန်တော့်အဖို့ ဆိုလျှင် သူ့စာအချို့ကိုလည်းဖတ်ဖူး၏။ သဘောလည်းကျ၏။
နောက်နှစ်ရာပေါင်းများစွာအကြာ
လာလတ္တံ့သောကာလ၌ လောကဓာတ်ပညာ မည်မျှတိုးတက်လာပြီး ဘယ်လိုနေလိမ့်မည်၊
လူတွေက

ဘယ်လိုကျင့်ကြံလိမ့်မည်၊ စစ်တွေကိုဘယ်လိုတိုက်လိမ့်မည် စသည်ဖြင့်
နိမိတ်ဖတ်ရေးသားခြင်းများသည်
ကျွန်တော်တို့၏ စိတ်ကူးဉာဏ်ကိုလွင့်ပျံစေလေသည်။ လွင့်ပျံရသော စိတ်ကူးဉာဏ်တွင်
အရသာတွေ့လှပေ၏။
မျက်ကန်းတွေ လောကသို့ မျက်မြင်တစ်ယောက်ရောက်သွားပုံကို ကြံကြံဖန်ဖန် စိတ်ကူး၍
ယစ်မူးခဲ့ရပေ၏။
စာရေးဆရာတို့တွင် စိတ်ကူးဖြင့် ယစ်မူးအောင် လုပ်နိုင်ခြင်းသည်ပင် တစ်နည်းပြော ရသော်
စိတ်ကူးဖြင့်ရူးနိုင်အောင် ဖန်တီးပေးနိုင်ခြင်းသည်ပင် ထူးချွန်သော အရည်အချင်းဖြစ်သည်ဟု
ထင်ရပေသည်။
ထို့ကြောင့် မစ္စတာ ဝဲလ်စ်ကို ကြည်ညို၏။ လေးစား၏။ တွေ့မြင်လို၏။
သို့ကလို တွေ့လိုမြင်လိုနေဆဲ ထောင်မှထွက်လာပြီးစဖြစ်သော တက်ဘုန်းကြီး ကိုသိန်းဖေက
ကျွန်တော်လည်း
ထိုဩ့ခံပွဲကို တက်နိုင်ရန် ဖန်တီးပေးလေသည်။ ကျွန်တော်သည် စာရေးဆရာ
မဟုတ်စေကာမူ
စာအတော်များများရေးနေရသည်။ ကျောင်းသားလှုပ်ရှားမှုသတင်းများကို သတင်းစာများသို့
ရေးပို့ရ၏။
တစ်ရံတစ်ခါ သမဂ္ဂကြေညာချက်များကို ရေးသားရ၏။ ကိုသိန်းဖေက ကိုလှရွှေအား
ကျောင်းသားလောကတွင်
ဖြစ်ပျက်နေပုံအလုံးစုံကို မစ္စတာဝဲလ်စ်အား ပြောပြဖို့လိုကြောင်း၊ သို့ဖြင့်တစ်ဆင့်
ကမ္ဘာသိဖြစ်သွားနိုင်ကြောင်း၊
ရဲဘော်တင်ထွန်း မှာ စာရေးဆရာပေါက်စကလေး၊
သတင်းစာဆရာပေါက်စကလေးဖြစ်နေသော
ကျောင်းသားတစ်ဦးဖြစ်သဖြင့် ထိုတာဝန်နှင့် သင့်လျော်ကြောင်း ပြောပြလေသောကြောင့်
ကိုလှရွှေက
ကျွန်တော့်အား ကိုသိန်းဖေနှင့် အတူထည့်လိုက်လေသည်။
အတူတူသွားကြစဉ် ကျွန်တော်က မစ္စတာအိပ်ချ်ဂျီဝဲလ်စ်အား အထင်ကြီးပုံ သူ့စာများကို
ကြိုက်ပုံပြောလေရာ–
"တိုးတက်သောစာပေဆိုတာ ဘာလဲလို့ မင်းနားမလည်လို့ သူ့စာတွေသဘော
ကျနေတာပေါ့"ဟု ကိုသိန်းဖေက
ဘုပြောလိုက်လေသည်။ ကိုသိန်းဖေသည် တစ်ပြိုင်နက်တည်း ကျွန်တော်အထင်ကြီးသော
မစ္စတာဝဲလ်စ်အားစော်ကားခြင်းနှင့် နှံ့စပ်အောင် စာဖတ်သော
ကျွန်တော့်အားစော်ကားခြင်းကိုပြုလိုက်သော
ဘုကောင် ဖြစ်ပေသည်။ ဒါကြောင့်ဒီလူကို တချို့မုန်းကြတာပဲဟု
စိတ်ထဲမှာမှတ်ချက်ချလိုက်သည်။ ကိုသိန်းဖေတွင်

ကျွန်တော်နှစ်လိုသဘောကျသော အရည်အချင်းများရှိပါ၏။
သူ့စာများကိုကျွန်တော်လေးစားစွာဖတ်ပါ၏။
သို့သော် သူသည် သူ့ကိုယ်သူ အထင်အတော်ကြီးသည်ဖြစ်ရာ ထိုအချက်ကို
ကျွန်တော်မကြိုက်။ ငှင်းပြင်
ဘုတောခြင်းကို တမင်လုပ်နေသည်ဟု ထင်သည်။ သူများအား ပစ်ပစ်ခါခါ
ပြောဆိုဝေဖန်ခြင်းမှာ နာမည်ကြီးလို၍
တမင်လုပ်နေသလားဟု လည်းထင်မိပေသည်။
“ဒါဖြင့် ခင်ဗျားဆိုချင်တဲ့ တိုးတက်သော စာပေဆိုတာက ဘယ်လိုဟာလဲဗျ”
ကျွန်တော်က ငေါ့တော့တော့မေးလိုက်သည်။
“ကိုယ့်လူ၊ ကိုယ်ရေးတဲ့ သခင်ကိုယ်တော်မှိုင်း အတ္ထုပတ္တိဖတ်ဖူးတယ်မဟုတ် လား။
အဲဒီထဲမှာပါတဲ့ နိဒါန်းဟာ
တိုးတက်သော စာပေအကြောင်းပေါ့ကွ”
“ဖတ်ဖူးသားပဲ အဲဒီအထဲက နိဒါန်းလည်း အကြိမ်ကြိမ်ဖတ်ဖူးတယ်။ နိဒါန်းစစချင်း
ရှေးအတိတ်ဗမာစာပေဟာ
ကိုယ်ပိုင်ဉာဏ်နဲ့တီထွင်ဖန်တီးမှု ခေါင်းပါးတယ်လို့ ဝေဖန်တယ်လေ”
“ဟုတ်တယ်လေ၊ ဇာတ်ကွက် ဇာတ်လမ်းနဲ့ ပတ်သက်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့
တီထွင်ဖန်တီးမှုခေါင်းပါးတယ်၊
အကြောင်းအရာနဲ့ ပတ်သက်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ တီထွင်ဖန်တီးမှုခေါင်းပါးတယ်။
ဗုဒ္ဓဘာသာ ကျမ်းဂန်မှာပါတဲ့
ဇာတ်တော်ကြီးတွေ၊ နိပါတ်တွေက ရှိပြီးဖြစ်နေတော့ ကိုယ်ပိုင်ဉာဏ်နဲ့ တီထွင်ဖန်တီးဖို့မှ
မလိုဘဲဟာကိုး။
သို့ပေမယ့် အဲဒီအပိုင်းကိုထားလိုက်ဦး၊ နိဒါန်းအလယ်ပိုင်းနဲ့ နောက်ပိုင်းမှာ
တိုးတက်သောစာပေနဲ့ ပတ်သက်ပြီး
ရှင်းလင်းချက်တွေပါတယ်”
ကျွန်တော်တို့သည် အင်းလျားကျောင်းဆောင်ရှေ့သို့ ရောက်လာကြသည်။
ကျောင်းဆောင်ကြီးကား
တိတ်ဆိတ်နေ၏။ အထဲက အမြီးကိုလုပ်လဲ့လုပ်လီ ဟန်ချီပြနေသော ကြက်မများလည်းမရှိ။
အပြင်က
ကတော်ကတော်နှင့်အော်မြည်ကာ ရစ်သီရစ်သီလုပ်နေကြသော ကြက်ဖများလည်းမရှိကြ။
ကျောင်းဆောင်ရှေ့က
ကံ့ကော်နှင့် မရန်းပင်များအောက်တွင် အရွက်ခြောက်များသည်သာလျှင် လွတ်လပ်ပျော်ပါးစွာ
တိုးဝှေ့ကစားနေကြလေသည်။ ကျွန်တော်သည် မမြင့်ဦးအား ကွက်ခနဲသတိရမိလေသည်။
ခြောက်သွေ့နေသော
အင်းလျားဆောင်ကြီးကို ကြည့်ပြီးလွမ်းဆွတ်နေမိသည်။

ကိုသိန်းဖေကတော့ သူ့တိုးတက်သော စာပေသဘောတရားများကို သခင်တရားဟောသည့် လေဟာန်ပန်တို့နှင့်
ဟောပြောနေလေသည်။
သူပြောခြင်းများသည် ဆရာလွန်း အတ္ထုပ္ပတ္တိတွင် သူရေးထားသော နိဒါန်း အောက်ဖော်ပြပါ သဘောများကို
ဖြေရှင်းခြင်းဖြစ်သည်။
"သတင်းစာရေး၊ ဝတ္ထုရေး၊ ကဗျာရေးစသော စာရေးဆရာများသည် ပါတီစွဲမရှိ၊ အစည်းအရုံးတစ်ခုမှ
မဝင်ရဟုဆိုကြသည်။ သည်ဝါဒကိုကား ကျွန်ုပ်မကြိုက်။ အမြဲတမ်း ကန့်ကွက်မည်ဖြစ်လေသည်။ ထိုသူတို့၏
အယူအဆအရ စာရေးဆရာသည် တောင်ထိပ်သို့တက်၍ မြေပြင်၌ သွားလာလှုပ်ရှားနေကြသော လူအပေါင်းကို
ပြုံးပြုံးကလေး ကြည့်ကာ ဝေဖန်ရန်သာဖြစ်၏။ စာရေးဆရာတို့သည် လူ့လောကအထက်တွင်နေ၍
လူနှင့်နတ်ပေါင်းစပ်၍ဖြစ်သော လူကပြားများ အသွင်နေစေချင်လေသည်။
"တို့ဗမာ ဆင်းရဲသား တောင်သူလယ်သမားများမှာ ထင်းကုလားတုံးကဲ့သို့ အညွန့်တုံးအောင် မွဲလျက်ရှိလေပြီ။
အမျိုး၏ အညွန့်အဖူးဟု ဆိုအပ်သော လူငယ်များမှာလည်း အလုပ်လက်မဲ့ တေလေကြမ်းပိုးများဖြစ်လျက်
ဗမာပြည် ဖောက်ထိုးမှောက်ခုံ နုံနုံချာချာ ဖြစ်နေသည်ကို အဘယ်စာရေးဆရာသည် ဘယ်ဘက်မှ မပါဝင်ဘဲ
ပွဲကြည့်သလိုကြည့်နေချင်သေးသနည်း"
ကိုသိန်းဖေက ဗမာပြည်လွတ်လပ်ရေးအတွက် တကယ်တိုက်နေသော ပါတီမှာ ဝင်ပါရမည်ဟု တောင်းဆိုသည်။
ဆရာလွန်းသည် တို့ဗမာအစည်းအရုံးတွင်ဝင်သလို၊ စာရေးဆရာသည် ပါတီဝင်ရမည် ဘက်လိုက်ရမည်ဟု
ဆိုပေသည်။
"ကျွန်တော် အဲဒီအချက်တွေကို သဘောတူသားပဲ၊ သို့ပေမယ့် ခင်ဇျားပြောတဲ့ မစ္စတာဝဲလ်ရဲ့ စာပေဟာ
တိုးတက်သော စာပေမဟုတ်ဘူးဆိုတာကိုသာ သဘောမတူပဲ။ ကျွန်တော်နားမလည်လို့ ဒီစကားကိုပြောတယ်လို့
ခင်ဇျားထင်ချင် ထင်တော့"
ကျွန်တော်တို့သည် ဘုတ်ကလပ်ရှိသော ကျွန်းဆွယ်ဆီသို့ လျှောက်လာကြ သည်။ အင်းလျားရေပြင်တွင်

ကြည်လင်သော မိုးပြာဟပ်သဖြင့် ပတ်ဝန်းကျင် ရှုခင်းတစ်ခုလုံးသည်
အပြာနုအလင်းရောင်တွင်
အထူးကြည်လင်လှပနေပေသည်။
"အေး မင်းကြိုက်လှပါတယ်ဆိုတဲ့ အနုစ်ရာပေါင်းများစွာကြာရင် ဘယ်လိုဖြစ်မလဲဆိုတဲ့
စာအုပ်ကိုပဲကြည့်ပါဦး။
လောလောဆယ် အရေးကြီးတဲ့ပြဿနာတွေကိုကျော်ပြီး အဲဒါတွေအတွက်တော့ အဖြေမရှာ
အပျင်းပြေစိတ်ကူးယဉ်တာတွေပဲဖြစ်တယ်"
"အိုဗျာ၊ သူကလောကဓာတ်ပညာရဲ့ တန်ခိုးကို ယုံကြည်သူမို့ လောကဓာတ်ပညာဟာ
ရှေ့ဘယ်လောက်ထိတိုးတက်လာမယ်ဆိုတာ ကြိုတင်စိတ်ကူးနိုင်တာက
တကယ့်ဉာဏ်ကြီးရှင်မို့ မဟုတ်လားဗျ"
"အေး အဲဒီလို ပြောရင်တော့ပြောနိုင်တာပေါ့၊ သို့ပေမယ့် တကယ်ကျတော့ တို့ဟာ
လူသတ္တဝါတွေ
ကြီးပွားတိုးတက်စေချင်ရင် ကမ္ဘာကြီးမှာ စစ်ဆိုတာမရှိစေ ချင်ရင် ဓနရှင်စနစ်ဆိုးကြီးကို
တိုက်ဖျက်ပစ်ရမယ်လို့
ယုံကြည်တယ်။ ဒါကိုလုပ်တဲ့လူ ဟာတကယ်တိုးတက်တဲ့လူ၊
လောကဓာတ်ပညာရှေ့တစ်ဆင့်တိုးတက်စေချင်
ရင်လည်း အဲဒီဓနရှင်စနစ်ဆိုးကြီးကို တိုက်ဖျက်ပစ်ရမယ်။ ဒီအလုပ်တွေကိုလုပ်အောင်
လှုံ့ဆော်တဲ့ စာရေးဆရာမှ
တိုးတက်တဲ့ စာရေးဆရာလို့ ခေါ်နိုင်မယ်၊ မင့်ဆရာဝဲလ်စ်က ဒီအလုပ်ကိုမေ့စေပြီး
စာဖတ်တဲ့လူကို စိတ်ကူးယဉ်
တိုင်းပြည်ကိုသာ ခေါ်သွားတာဖြစ်တော့ တိုးတက်တဲ့စာရေးဆရာလို့ မခေါ်နိုင်ဘူး။
မင်းစဉ်းစားကြည့်ပါလား၊
မျက်မမြင်တွေချည်းနေထိုင်တဲ့ တိုင်းပြည်ဆိုတာ ဘယ်ရှိနိုင်မလဲ"
ကိုသိန်းဖေ၏ ပြောစကားများမှာ ကျွန်တော့်အတွေးအခေါ်ကို ကျွမ်းထိုးမှောက်ခုံ
ဖြစ်စေပြန်လေသည်။
မစ္စတာဝဲလ်စ်နှင့် ပတ်သက်သော ကျွန်တော့်ခံယူချက်များကို ပြန်လည်သုံးသပ်နေမိပေသည်။
ကျွန်တော်သည်
ဓနရှင်စနစ်ကို ဖြိုဖျက်ပစ်မှ လူ့လောကကောင်းမည်ကို ယုံကြည်နေသူဖြစ်၏။ သို့သော်
ယခင်ကမစ္စတာဝဲလ်စ်အားသော်လည်းကောင်း၊ အခြားစာပေပြဿနာ များကိုလည်းကောင်း၊
ဓနရှင်စနစ်ဖြိုဖျက်ရေး
မှတ်ကျောက်ဖြင့် တင်မကြည့်ခဲ့မိပါ။
ဘုတ်ကလပ်ရှေ့ မြက်ခင်းရင်ပြင်တွင် စားပွဲများခင်းထားသည်။ သစ်ပင်အရိပ် အာဝါသများက
ကောင်းလှသည်။
လေပြည်လေညင်းကလေးကလည်း အင်းလျားရေပြင်ပေါ်မှ ကျော်ဖြတ်ကာ ကျွန်တော်တို့ဆီသို့

တသုန်သုန်တိုက်ခတ်လာနေ၏။ အင်းလျားမျက်နှာပြင်တွင် လူးလွန့်နေသော
လှိုင်းငယ်ကလေးများသည်
ကမ်းခြေကို မထိတထိ တသွင်သွင်ရိုက်ခတ်ကစားနေကြ ၏။ မော်တော်ကား
ယာဉ်ရထားသံတွေကိုလည်း မကြား၊
လူသူလေးပါးအော်ဟစ် ဆူညံသံတွေလည်းမကြားရ၊ ကမ္ဘာလောကကြီးမှ
သီးခြားကင်းကွာလှသော ရိပ်ငြိမ်သာယာ
ကမ္ဘာကလေး ဖြစ်နေပေ၏။
ကျွန်တော်ကထိုနေရာ ထိုပတ်ဝန်းကျင်ကို ချစ်နေလေသည်။ မစ္စတာဝဲလ်စ်အား ဧည့်ခံရန်
ဤနေရာကို
ရွေးတတ်သူအား ချီးကျူးနေမိသည်။ ကိုသိန်းဖေကတော့–
“စိတ်ကူးယဉ် စာရေးဆရာအတွက် စိတ်ကူးယဉ်ပတ်ဝန်းကျင်နဲ့ နေရာကလေးပါပဲ”
မလိုတမာပြောလိုက်လေသည်။ စာရေးဆရာတွေ၊ သတင်းစာဆရာတွေ
တဖြည်းဖြည်းရောက်လာကြသည်။
သို့သော် ကျွန်တော်တို့စားပွဲမှာတော့ ကျွန်တော်တို့နှစ်ယောက်သာရှိသေးသည်။
ကိုသိန်းဖေကား
ပး၊စပ်ကပစ်ပယ်သော စကားကို ဆိုနေစေကာမူ ဤနေရာ ဤပတ်ဝန်းကျင်တွင်
ကြည်နူးချမ်းမြေ့နေသည်မှာ
သူ့မျက်နှာတွင်ထင်ရှားနေ၏။ အတန်ကြာကြည်နူးနေပြီးနောက် သူက–
“အိုင်ဆေး ရဲဘော်တင်ထွန်း၊ မစ္စတာဝဲလ်စ်ရဲ့ ဦးနှောက်ထဲကို ကိုယ်တို့အရေး တော်ပုံ
မရောက်ရောက်အောင်
သွင်းပေးရမယ်”
“ဟုတ်ကဲ့၊ ပေးဖို့ စာရွက်စာတမ်းအစုံ ယူလာခဲ့ပါတယ်၊ ပြင်ဆင်လာခဲ့ပါတယ်။ ဒါထက်
ကိုသိန်းဖေ ဗမာပြည်မှာ
ကွန်မြူနစ်ပါတီဆိုတာ မရှိဘူးလား”
ကိုသိန်းဖေသည် ကျွန်တော်မေးလိုက်သော မေးခွန်းကြောင့်အံ့သြသွား ဟန်ရှိ သည်။
တော်တော်နှင့်မဖြေသေးဘဲ
ကျွန်တော့်အားစေ့စေ့ကြည့်နေသည်။ ကျွန်တော့်ကိုအကဲခတ်နေဘိသလော။ အတန်ကြာမှ
ဖြည်းဖြည်းနှင့်ခပ်အုပ်အုပ်–
“ရှိတော့မရှိသေးဘူးကိုယ့်လူ၊ ဘယ်သူ့မှလည်းမပြောနဲ့နော်၊ ရှိအောင် ကြိုးစားနေကြတယ်။
ကိုယ်နဲ့သခင်လှဖေ
ကလကတ္တားက အိန္ဒိယကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီး မူဇာဖာအာမက်ကိုပြောပြီး
ကွန်မြူနစ်စည်းရုံးရေးသမားတစ် ယောက် ဖိတ်လာခဲ့တယ်။ အဲဒီရဲဘော်ဟာ
အခုရန်ကုန်ရောက်နေတယ်၊ သူက
ခုအတွင်း ဆွေးနွေးတုန်းသင်တန်းပေးတုန်းပဲရှိတယ်။ ကဲဒီလောက်ပဲ ကိုယ့်လူကို
အသိပေးနိုင်မယ်၊

ဘယ်သူ့မှလည်း မပြောနဲ့နော်”
“စိတ်ချပါဗျာ”
ထိုအတွင်း ကျွန်တော်တို့အဖွဲ့သို့လည်း လူအများရောက်လာလေသည်။
မစ္စတာဝဲလ်စ်ရောက်လာသောအခါ တက္ကသိုလ်စာရေးဆရာတစ်ဦးဖြစ်သော ကိုညိုမြက
ပရိသတ်နှင့်တစ်ယောက်စီလိုက်၍ မိတ်ဆက်ပေးလေသည်။
မစ္စတာဝဲလ်စ်သည် ကျွန်တော်တို့စားပွဲဆီသို့ ရောက်မလာသေးမီ ငေးမျှော်ကြည့်ရင်း
ကျွန်တော်က
ကိုသိန်းဖေအား–
“၁၉၃၆ခုနှစ်တုန်းကတော့ ကိုညိုမြဟာ သပိတ်မှောက် ခေါင်းဆောင်တစ်ယောက်နော်၊ ခုတော့
သူမပါပါကလား”
“အေး ဒီကောင်က ကျောင်းသားတွေ နိုင်ငံရေးမလုပ်ရဆိုတဲက ကြွေးကြော်သံအော်ပြီး
ဘေးမှာထိုင်နေတယ်”
“သူက ဘိလပ်သွားပြီး သတင်းစာပညာသင်ဖို့ သဘော်စောင့်နေတယ် မဟုတ်လား”
“အင်း ဟုတ်တယ်”
“ခင်ဗျားလည်း ဘိလပ်သတင်းစာပညာတော်သင် လျှောက်သေးတယ် မဟုတ်လား”
“ဟုတ်တယ် ဒီကိစ္စတွေမှာ ငါက ကိုယ့်သဘောနဲ့မစီမံပါဘူးကွာ။ စစီစဉ်တုန်းက
ကိုယ်တောင်မသိဘူး၊
ကိုနုသဘောပါပဲ၊ ငါအိန္ဒိယသွားတာလည်း ကိုနုကသွားဖို့ ကောင်းတယ်ဆိုလို့သွားတာပဲ။
တစ်ခါ
ခုတစ်ခေါက်အိန္ဒိယပြန် ကလာတော့ အမ်အေ ဘီအယ်လ်ဘွဲ့တွေ မလိုချင်ပါနဲ့တဲ့၊ အိန္ဒိယမှာ
၂နှစ်နေရ
တော်ရောပေါ့တဲ့၊ ဘိလပ်သွားရအောင် သူဒေါက်တာဘမော်ကို ပြောဆိုပြီးပြီတဲ့၊
နိုင်ငံခြားရောက်တဲ့ ဗဟုသုတ
လိုက်ရင်းပဲတဲ့၊ ဒါနဲ့ ငါလည်းသဘောတူပြီး သတင်းစာပညာတော်သင် လျှောက်တာပဲ။
နောက်ကျတော့ ကုလား
ဗမာ အဓိကရုဏ်းကိစ္စတွေ၊ ခုအရေးတော်ပုံတွေပေါ်လာတော့ ကိုနုကပဲ မင်းဘိလပ်သွားဖို့
ဟာ
ဂရုစိုက်မနေနဲ့တော့တဲ့၊ လုပ်စရာရှိတာတွေ လုပ်ရမယ်တဲ့၊ ဒါလည်းမှန်တာပဲ၊ ဒီအချိန်မှာ
ညွှန့်ပေါင်းအစိုးရကို
မဆန့်ကျင်ရင် ငါတို့ဟာ တိုင်းပြည်သစ္စာဖောက်တာနဲ့ အတူတူပဲ”
“ခင်ဗျား ဒီလောက်တောင် ကိုကြီးနုစကားကို နားထောင်လျက်နဲ့ ဟိုညတုန်းကတော့
ဘာ့ကြောင့် သူ့ကို
ဘုမှုတ်နေတာလဲ”
“အဲဒါကတော့ နိုင်ငံရေး အယူအဆကွဲလွဲမှုကိုးကွ”
ထိုအတွင်း မစ္စတာ ဝဲလ်စ် ကျွန်တော်တို့ စားပွဲသို့ရောက်လာလေသည်။

ကိုညိုမြက ကိုသိန်းဖေနှင့် စ၍မိတ်ဆက်ပေးလေသည်။
"သူဟာ ဗမာပြည်ရဲ့ မာတင်လူသာပဲ"
ကိုသိန်းဖေ–
"အဲဒီလောက်တော့ မကြီးကျယ်ပါဘူး"
မစ္စတာ ဝဲလ်စ်က ကိုညိုမြအား–
"ဗမာပြည်က မာတင်လူသာ ခေါ်ရအောင် သူ့ဆောင်ရွက်ချက် သိပါရစေဦး"
ကိုညိုမြက ကိုသိန်းဖေသည် ဗုဒ္ဓဘာသာရေးကိုပြုပြင်ရန် တက်ဘုန်းကြီးဝတ္ထုရေးကြောင်း၊ ဘုန်းတော်ကြီးများ၏
သပိတ်မှောက်ခြင်း ခံရကြောင်းများကို ပြောနေလေသည်။
ကိုသိန်းဖေက ကျွန်တော်နှင့် မစ္စတာဝဲလ်စ်အား မိတ်ဆက်ပေးသောအခါ
ကျွန်တော်အသင့်ပြင်ဆင်ယူဆောင်လာခဲ့သော ကျောင်းသားအရေးတော်ပုံနှင့်
ပတ်သက်သည့်စာရွက်စာတမ်းများကို
ပေးလိုက်လေသည်။ ၄င်းနောက်အင်္ဂလိပ်နယ်ချဲ့ သမားနှင့် ညွန့်ပေါင်းအစိုးရတို့က ကျောင်းသားများအား
ဖိနှိပ်ချုပ်ချယ်နေပုံကို ပြောပြလိုက်လေသည်။
မစ္စတာဝဲလ်စ်က "ငါသာ ဗမာပြည်မှာနေရရင် တစ်နှစ်မှာ ၃၆၅ရက် သပိတ်မှောက်နေမှာပဲ"ဟု ရယ်စရာပြောသွားသေးသည်။
ကျွန်တော်တို့စားပွဲနှင့်ကပ်ထိုင်နေသော မြမျိုးလွင်နှင့်မိတ်ဆက်ပေးသောအခါ မစ္စတာဝဲလ်စ်က "ဝတ္ထုရေးဆရာဆိုရင် ဘယ်နှပုဒ်ရေးပြီးပြီလဲ"ဟု မေးသည်။
မြမျိုးလွင်။ ။ "အပုဒ် ၇၀ကျော် ၈၀ထက်မနည်း ရေးပြီးပါပြီ"
မစ္စတာဝဲလ်စ်။ ။ "အို အံ့ဩစရာကောင်းတဲက စာရေးဆရာပါကလား၊ ကျုပ်တို့တော့ ဒီလောက်မတတ်နိုင်ဘူး"
လွတ်လပ်ရေး အမျိုးသမီးများအဖွဲ့ချုပ် အတွင်းရေးမှူးဖြစ်သူ စာရေးဆရာမ ခင်မျိုးချစ်နှင့် မိတ်ဆက်ပေးသောအခါ
ခင်မျိုးချစ်က ကျောင်းသား အလုပ်သမား အရေးတော်ပုံ ဓာတ်ပုံများကို
မစ္စတာဝဲလ်စ်အားပေးလိုက်လေ၏။
မစ္စတာပရူမ်းအမည်ခံ ဦးမောင်မောင်ပြေက လူငယ်သတင်းစာအဖွဲ့ ကိုယ်စား မစ္စတာ ဝဲလ်စ်အား
စာတမ်းတစ်စောင်ပေးဆက်ရာ ထိုအထဲတွင် အင်္ဂလိပ်ခေရှင်နှင့် ညွန့်ပေါင်းအစိုးရတို့၏ ဖိနှိပ်ချုပ်ချယ်မှုများ၊
အလုပ်သမားလယ်သမားနှင့် ကျောင်းသား စာရေးစာချီ၊ စာရေးဆရာ၊ သတင်းစာဆရာနှင့် အခြားသောလူတန်းစား
တို့၏ အခြေအနေများ လက်ရှိနိုင်ငံရေးအခြေအနေများကို ဖော်ပြထားလေသည်။
ကမ္ဘာလည့်နေသော
မစ္စတာဝဲလ်စ်သည်ရောက်လာလေရာရာအရပ်တို့၌ ထိုအကြောင်းများကို ဖောက်သည်ချပါလေ။

အင်္ဂလန်ပြန်ရောက်၍စာအုပ်ရေးပါက လည်း ဤအကြောင်းများကို
ထည့်ပါလေဟုတိုက်တွန်းထားလေသည်။
မစ္စတာဝဲလ်စ်ကား အရွယ်အားဖြင့် အတော်အိုမင်းပြီဖြစ်သော်လည်း ရုပ်ရည်အားဖြင့် အိုစနာ
တုန်ချည့်ခြင်းလုံးဝမရှိသေး၊ အမူအရာမှာ ဖျတ်လတ်၏။ အပြောအဆိုမှာ
ဟာသဉာဏ်ရွှင်လှ၏။
သူ့အားခေါင်းပေါင်း၊ ပုဆိုးတောင်ရှည်၊ ပိန်းတန်းဖိနပ်စသော ဗမာအသုံး
အဆောင်များကိုလက်ဆောင်ပေးရာသူသည် ချက်ချင်း ခေါင်းပေါင်းကို စွပ်လိုက်သဖြင့်
အားလုံးက
တပြုံးပြုံးကြည့်နေကြရသေးသည်၊
ကိုသိန်းဖေက ဝေဖန်လိုက်သဖြင့် မစ္စတာဝဲလ်စ်၏ စာပေများကို ရှုထောင့်တစ်မျိုးမှနေ၍
ကြည့်မိပြီဖြစ်သော်လည်း
မစ္စတာ ဝဲလ်စ်အား အထင်ကြီးမှု၊ ကြည်ညိုမှုမှာ ပျောက်မသွားချေ။ ခု
လူကိုယ်တိုင်တွေ့ရသောအခါ ပိုအထင်ကြီး
ပိုကြည်ညိုလာရုံမက ရင်းနှီးချစ်ခင်စိတ်လည်းပေါက်လာလေသည်။
၃၅
အနုနည်းအစွမ်းကုန်ပြီ
ရှေ့ဘယ်လို စခန်းသွားကြမလဲ။
ကျွန်တော်သာမက ကျွန်တော့်ထက် နိုင်ငံရေးအမြင် ဝါရင့်ကြသော ကိုအေးငွေ၊
ကိုထွန်းရှိန်စသော
ကျောင်းသားခေါင်းဆောင်များလည်း အကြံအိုက်နေကြလေသည်။ ထိုကိစ္စနှင့်ပတ်သက်၍
ကျွန်တော်က သူတို့အား
မေးတိုင်း သူတို့က တိကျပြတ်သားသောအဖြေကို မပေးနိုင်ဘဲ အလုပ်အမှုဆောင် အဖွဲ့က
အချိန်တန်တော့
လမ်းညွှန်ပါလိမ့်မယ်ဟုသာ ပြောတတ်လေသည်။
အစာအငတ်ခံခြင်းကို ရပ်စဲလိုက်သည့်နောက်နေ့ ညနေတွင် ကျွန်တော်တို့ သုံးဦးသား
ဆုံမိပြီး
ကျွန်တော်ကထိုမေးခွန်းကို မေးလိုက်သည်ဆိုလျှင်ပင် ကိုအေးငွေက
သက်ပြင်းတစ်ချက်ချလိုက်ပြီး–
“အဲဒီကိစ္စ ခဏဘေးချိတ်ထားလိုက်ဦး၊ ကဲ လာ ရုပ်ရှင်သွားကြည့်ရအောင်”
ကိုထွန်းရှိန်လည်း ကျွန်တော့်အမေးကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်းမှ
ထွက်ပေါက်ရသောကြောင့်
အသက်ရှူချောင်သွားဟန်ရှိပြီး–
“ကောင်းတယ်၊ ဘုရင့်ရုံသွားကြရအောင်၊ အေဝမ်းက နှစ်ဆောင်ပြိုင်ဇာတ်ကား ပြနေတယ်။
သပိတ်တပ်ပေါင်းချုပ်
သတင်းကားလည်းပါတယ်”

အကြံအိုက်နေသော ကျွန်တော်သည်လည်း စိတ်ပြေလက်ပျောက် ရုပ်ရှင်သွားကြည့်ရန် သဘောတူလေသည်။
သို့သော်လင်ငင်းပြဿနာကို မေ့ရမည်ဆိုလျှင် လုံးဝမေ့ပျောက်စေလိုသောကြောင့်–
"သည့်ပြင်ရုံ သွားကြပါစို့ဗျာ၊ သပိတ်တပ်ပေါင်းချုပ် သတင်းကားပါနေတယ်ဆို တော့ ကျွန်တော်တို့ဟာ
စိတ်ပြေလက်ပျောက် မဖြစ်ဘဲနေမှာပေါ့၊ မေ့မယ့်မေ့ လုံးလုံးမေ့ကြည့်ရအောင်"
ကိုအေးငွေရော၊ ကိုထွန်းရှိန်ပါ အသံထွက်၍ ရယ်လိုက်ကြသည်။ ကိုထွန်းရှိန်က–
"ဒီလိုမေ့ထားလို့လည်း မရသေးဘူး ကိုယ့်လူ၊ တောရဲတိရစ္ဆာန်တွေနဲ့ တာဇံကား သွားကြည့်တောင်
ကိုယ်တို့ကိစ္စတွေ မေ့လို့ရမှာ မဟုတ်ဘူး၊ ဂေါ်ဆော့ဖ်သကင်းသီချင်းက မမေ့အောင် လုပ်ပေးပါလိမ့်မယ်၊
ဗြိတိသျှကုန်းတပ် ရေတပ် စစ်မက်လက်ရုံးပြတဲ့ သတင်းကားတွေက မမေ့အောင် လုပ်ပေးလိမ့်ဦးမယ်၊ ကဲနှစ်ဆောင်ပြိုင်
ဆီကိုသာ သွားကြစို့"
ကျွန်တော်တို့သည် ဘုရင့်ရုံသွားလျက် သပိတ်တပ်ပေါင်းချုပ် သတင်းကားနှင့် နှစ်ဆောင်ပြိုင်ဇာတ်ကားကို
ကြည့်ကြလေသည်။ သပိတ်ပေါင်းချုပ်ကားတွင် ရုပ်ရှင်ကြည့် ပရိသတ်က လက်ခုပ်သြဘာ ခဏခဏ
ပေးကြသောအခါ ကျွန်တော်တို့ သည် စိတ်အားတက်ကြွလာကြပေသည်။
ပျော်ရွှင်မြူးတူးလာကြပေသည်။
ရုပ်ရှင်ကြည့်ပြီးသောအခါ ဖရေဇာလမ်းမှာ ဖာလူဒါ ဝင်သောက်ကြပြီး ဆူးလေဘုရားဆီသို့ လျှောက်သွားကြသည်။
လမ်းဘေးပလက်ဖောင်းပေါ်တွင် လန်ချားနှင့် ကူလီကုလားများသည် အိပ်ရာခင်းကုန်ကြလေပြီ။ တချို့မှာ ဝိုင်းဖွဲ့၍
စကားစမြည် ပြောနေကြသည်။ တချို့ကား အိပ်ရာမှာလှဲ၍ ဘီဒီကို မှိန်းနေကြ၏။ ဆောင်းကမကုန်တတ်သေး၍
ခပ်အေးအေးရှိသော်လည်း နေ၍ကောင်းရုံပင် ဖြစ်ပေသည်၊ လဆုတ်ဖြစ်သဖြင့် လမထွက်သေးသော်လည်း
ကောင်းကင်မှာ တိမ်ခြေမြူနှင်းကင်းစင်သဖြင့် ကြယ်များစုံညီထွန်းတောက်နေကြသည်။
ကိုထွန်းရှိန်–
"လန်ချားကုလားတွေ ဘယ်တော့များ အိမ်နဲ့ရာနဲ့ နေနိုင်ကြမလဲ မသိဘူးနော်"
ကိုအေးငွေ–
"သူတို့ပြည် လွတ်လပ်တော့ သူတို့လည်း အိမ်နဲ့ရာနဲ့ နေရမှာပေါ့"
ကျွန်တော်–

"ဘုံဘိုင်မြို့တစ်မြို့တည်းမှာ ခုလို အိမ်မရှိလို့ လမ်းပေါ်အမိုးမပါဘဲ အိပ်ရသူ တစ်သိန်းကျော် ရှိသတဲ့"
သူတို့က ဟင်းခနဲ ညည်းပြီး စုတ်သပ်လိုက်ကြသည်။
ကျွန်တော်တို့သည် ဆူးလေဘုရားလွန်ပြီး ပန်းခြံတွင်းသို့ ဝင်ကြ၏။ ပန်းခြံတွင် မီးခပ်ကျဲကျဲထွန်းထားရာ
မမှောင်လွန်း မလင်းလွန်းသဖြင့် အေးမြေကြည်လင်သော အရိပ်အာဝါသသဖွယ် ဖြစ်နေပေသည်။
မြင်ချင်လျှင်လည်း ဖြစ်၍ မမြင်ချင်လျှင် လည်း ဖြစ်သည်။ အမြင်မခံချင်လျှင်လည်း ရ၍ အမြင်ခံချင်လျှင်လည်း
ရသည်။
ကျွန်တော်တို့သည် သစ်ပင်ရင်းခုံရှည်တစ်ခုတွင် ထိုင်ကြသည်။ အနောက်ဘက်သို့ မျက်နှာမူထားကြရာ
ဆူးလေဘုရားလမ်းကြီးပေါ်ရှိ တိုက်ကြီးများကို မြင်နေကြရသည်။
မြန်မာ့အလင်းသတင်းစာတိုက်မှတစ်ပါးအားလုံး
သော တိုက်ကြီးများမှာ မီးများပိတ်ထားသဖြင့် လည်းကောင်း၊ တံခါးများပိတ်ထား သဖြင့်လည်းကောင်း
ခပ်မည်းမည်း ခပ်မှိုင်းမှိုင်း တည်ရှိနေကြပေ၏။
ဘာစကားမျှ မပြောဘဲ အတန်ကြာထိုင်နေကြပြီးနောက် ကိုထွန်းရှိန်က–
"ကိုယ်တို့မပြန်ခင် မြန်မာ့အလင်း ခဏဝင်ရအောင်"
ကိုအေးငွေ–
"ဘာလုပ်ဖို့လဲ"
ကိုထွန်းရှိန်–
"နောက်ဆုံးသတင်းလေးဘာလေးလည်း ဖတ်ရတာပေါ့၊ ပြီးတော့ အယ်ဒီတာတွေနဲ့လည်းတွေ့ရအောင်"
ကိုအေးငွေ–
"လာ ဒါဖြင့် သွားကြစို့"
ကျွန်တော်–
"နေပါဦးဗျ၊ ဆွေးနွေးစရာကလေးတွေ ဆွေးနွေးကြရအောင်"
ကိုထွန်းရှိန်နှင့် ကိုအေးငွေတို့သည် တစ်ယောက် တစ်ယောက် ကြည့်နေကြ သည်။
ကျွန်တော်–
"ကျွန်တော်တို့ရဲ့ ဘယ်လိုခြေလှမ်းကြမှာလဲဆိုတဲ့ကိစ္စဟာ မတွေးချင်၊ မဆွေးနွေးချင်လို့ရတဲ့ ကိစ္စမဟုတ်ဘူး၊
အချိန်ကျတော့ အလုပ်အမှုဆောင်အဖွဲ့က လမ်းစဉ်ချပေးပါလိမ့်မယ်ဆိုရုံနဲ့လည်း မပြီးဘူး"
ကိုအေးငွေ–

"ကိုတင်ထွန်း ပြောတာလည်းမှန်တာပဲ ကိုထွန်းရှိန်ရ၊ ခေါင်းဆောင်တွေ ခိုင်းတော့လည်း ထလုပ်တာပေါ့ဆိုပြီး
သဘောထားရုံနဲ့ မပြီးဘူးထင်တယ်"
ကိုထွန်းရှိန်သည်ခုံရှည်ကျောမှီပေါ်တွင် တအားမှီကာ ကျောလှန်ချပြီးနောက်
ပြန်မတ်လိုက်ကာ–
"ဟုတ်တော့ဟုတ်တာပေါ့၊ သို့ပေမယ့်ခင်ဗျားတို့၊ ကျွန်တော်တို့ အကြံအိုက်သလို
သူတို့လည်း
အကြံအိုက်နေကြတာပဲ။ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ်ဆိုတာမျိုးနဲ့
ရင်ဆိုင်နေရတယ်"
ကျွန်တော်တို့သည် အလယ်မှထိုင်နေသော ကိုထွန်းရှိန်ဘက်သို့ ကိုယ်ကို လှည့်ထိုင်ပြီး
နားထောင်နေကြသည်။
"ကဲ–ခု အစာငတ်ခံပြီးပြီ။ အစကတော့ ရပ်ဖို့တောင် ခပ်ခက်ခက်ပဲ၊ ခုတော့
လူကြီးမိဘတွေက
ကြားဝင်တောင်းပန်လို့ တော်သွားတာ။ အကြမ်းမဖက်ဘဲနဲ့ လုပ်ခဲ့တဲ့ နည်းတွေကဖြင့်
အားလုံးစုံသွားပြီ။ ဒီရှေ့
ဆက်လုပ်ဖို့ဆိုရင် တစ်လမ်းပဲ ရှိတော့တယ်။ သူတို့က အကြမ်းဖက်
လက်နက်နဲ့နှိမ်နေတာကို ကိုယ်တို့က
လက်နက်နဲ့ပြန်ပြီးခုခံချဖို့၊ အင်္ဂလိပ်တွေကို တစ်ခါတည်း မောင်းထုတ်ဖို့ပဲ ကျန်တော့တယ်၊
ကဲ အဲဒါကို
လုပ်နိုင်ကြပါ့မလား"
ကျွန်တော်သည် ကြက်သီးဖြန်းခနဲ ထသွားသည်။ ကိုထွန်းရှိန်က ဆက်သည်။
"ကိုယ်တို့အားလုံး နားလည်ထားကြဖို့က ဒီနယ်ချဲ့သမားကို လက်နက်နဲ့ ပြန်မချသမဆတော့
ကိစ္စမပြီးဘူးဆိုတာပဲ။ သို့သော် ခုမချနိုင်သေးဘူး။ လက်နက်ဆိုရင် ဓားမတိုတောင်
ကောင်းကောင်းမရှိဘူး။
လက်နက်ကိုစုဆောင်းရ မယ်၊ မရ ရတဲ့နည်းနဲ့ရှာရမယ်၊ နိုင်ငံခြားနဲ့ အဆက်အသွယ်ယူပြီး
လက်နက်ရအောင်
လုပ်ရမယ်"
ကိုအေးငွေ–
"အဲဒါကိုတောင် လုပ်နေကြပြီ မဟုတ်လား"
"ဒီ နိုင်ငံခြားနဲ့ အဆက်အသွယ်ရှာတဲ့ လုပ်ငန်း၊ လက်နက်ရနည်းရှာတဲ့ လုပ်ငန်းကို
ကိုယ်တို့တစ်တွေက
တစ်ဖက်က လုပ်နေပါတယ်။ ဒါက အင်မတန် လျှို့ဝှက်ပြီး လုပ်ရမယ့် လုပ်ငန်းသိရဲ့လား။
နောက်ပြီးတော့စည်းရုံးရေး လုပ်ငန်းတွေကလည်း လိုသေးတယ်။ အခုလို
စည်းကမ်းသိပ်မကျသေးတဲ့ အစည်းအရုံး

အဖွဲ့အစည်းတွေနဲ့မဖြစ်သေးဘူး။ အထူးသဖြင့် တို့ဗမာ လက်ရုံးတပ်တို့၊
ကျောင်းသားတပ်ဦးတို့
တပ်ဖွဲ့တွေဖွဲ့ကြရမယ်၊ လေ့ကျင့်ရဦးမယ်”
ကျွန်တော်–
“အင်း၊ ဒါတွေ မလုပ်ဘဲနဲ့ လက်နက်ကိုင်တိုက်ပွဲ ဆက်သွားလို့တော့ မဖြစ်ဘူး ပေါ့ဗျာ”
ကိုအေးငွေ–
“ဒါကြောင့်လည်း ခေါင်းဆောင်တွေက အရမ်းခြေလှမ်းကျဲလို့ မဖြစ်သေးတာပေါ့”
ကိုထွန်းရှိန်–
“ဒီတော့ အနုနည်းနဲ့လုပ်တဲ့အလုပ်ကိုပဲ ရွေးကြရဦးမယ်၊ ခက်တာက အနုနည်းမှာတော့
အစာအငတ်ခံတာထက်
ပိုပြီးနုတာ ပိုပြီးအထက်တန်းကျတာ မရှိတော့ဘူး။ ဒီတော့ဘယ်နည်းလိုက်ရမလဲဆိုတာ
ရှာမတွေ့လောက်အောင်
ခက်နေတာပေါ့။ အသေခံဖို့ဆိုတာ မလွယ်ဘူး။ သူများကို အသေသတ်ဖို့က လွယ်တယ်၊
ကိုယ့်ကိုယ်ကိုယ်
အသေခံဖို့က မလွယ်ဘူး။ အစာငတ်ခံတာဟာ တစိမ့် စိမ့် အသေခံရတာမို့ ပိုခက်တာပေါ့။
ခုကိုယ်တို့
အစာငတ်ခံပြီးတော့ ကိုယ်တို့အမှူဆောင်အဖွဲ့တွေက ရှေ့ခြေလှမ်းအကျဲဆုံး လှမ်းနိုင်မယ့်
လူစာရင်းပေးကြ ပါလို့
တိတ်တိတ်လိုက်တောင်းတယ် မဟုတ်လား၊ ဘယ်နှယောက်စာရင်းပေးသလဲ သိလား”
ကျွန်တော်တို့သည် ငေးကြည့်နေကြသည်။ အတန်ကြာမှ ကျွန်တော်က–
“တော်တော်စာရင်းပေးကြတယ် မဟုတ်လား”
ကိုထွန်းရှိန်–
“ဘယ်များမှာလဲ၊ ၁၅ယောက်လောက်ပဲ စာရင်းပေးတော့တယ်၊ အစာအငတ်ခံ ကြတုန်းက လူ
၂၀၀၀ကျော်နဲ့စာကြည့်ပေတော့လေ”
ကိုအေးငွေ–
“ရှေ့ခြေလှမ်းကျဲကျဲလှမ်းဖို့ ဒီလူလောက်နဲ့ဘယ်ဖြစ်မှာလဲ။ ခက်ပါတယ်၊
အုပ်ချုပ်ရေးတိုက်ဖျက်ဖို့
အစီအစဉ်ဆိုတာကလည်း မလွယ်ဘူး။ ခုညွှန့်ပေါင်းအစိုးရ ကတော့ ပြုတ်ကျတော့မှာပဲ၊
သို့ပေမယ့်
ကျန်အမတ်တွေက ရာထူးဝင်မယူပါနဲ့လို့ တားလို့ မရနိုင်ဘူးထင်တယ်။ သူတို့ဟာ
အမတ်တွေမဟုတ်ဘူး၊
အားလုံး အငတ်တွေ ချည်းပဲ”
ကျွန်တော်–
“ကိုလှရွှေအကြံပေးသလို အမတ်တွေအကုန် သမဂ္ဂအဆောက်အအုံခန်းမ ဆောင်ထဲ
ခေါ်ထည့်ထား၊

ကျောင်းသားတွေက ပိတ်ထား၊ တညီတညွတ်တည်း ရားထူးလက်မခံရေး ႈလပ်မလား
မလုပ်ဘူးလားမေး၊
မလုပ်ဘူးလို့ ကတိမရမချင်း ပြန်မလွှတ်နဲ့"
ကိုထွန်းရှိန်က မလိုတမာ သရော်ပြုံးပြုံးလိုက်ပြီး–
"ကတိတော့ ပေးချင်ပေးသွားမှာပဲ၊ လွှတ်တော်ခန်းမခဲလည်းရောက်ရော၊ ရာထူးလုကြရော
ဖြစ်မှာပါပဲ ဟဲ ဟဲ၊
ဂိန်ဂိန်နဲ့ ကိုက်သံတွေ ဆူညံနေမှာပါပဲ"
ကျွန်တော်–
"ဒီလိုဆိုရင် ဇွာဋ္ဌာနအုပ်ချုပ်ရေး တိုက်ဖျက်ဖို့ဆိုတာက မဖြစ်နိုင်တဲက လုပ်ငန်းစဉ်ပေါ့နော်"
ကိုထွန်းရှိန်–
"အမတ်တွေ အားကိုးလို့တော့ မဖြစ်နိုင်ဘူးပေါ့"
ကျွန်တော်–
"ရာထူးလက်မခံ ငြင်းပယ်ပြီး အုပ်ချုပ်ရေးတိုက်ဖျက်မယ်ဆိုတော့ ရာထူးလကမခံဘူးဆိုရာမှာ
အမတ်တွေက
ကာယကံရှင်ဖြစ်နေတော့ သူတို့အားမကိုးလို့ ဘယ်သူ့အားကိုးမလဲ၊ ဒီလိုဆိုတော့
အုပ်ချုပ်ရေးတိုက်ဖျက်ဖို့
လုပ်ငန်း စွန့်လွှတ်ထားရုံပေါ့နော်"
ကိုထွန်းရှိန်–
"မစွန့်လွှတ်ရပါဘူး။ သခင်နု၊ သခင်လှဖေ၊ သခင်သန်းထွန်း၊ သခင်အောင်ဆန်းနဲ့
တခြားတို့ဗမာအစည်းအရုံး
ခေါင်းဆောင်တွေက စိတ်လည်းမပျက်ကြဘူး။ အုပ်ချုပ်ရေး တိုက်ဖျက်ဖို့ ရာထူးလက်မခံရေး၊
ဗြိတိသျှကုန်
သပိတ်မှောက်ရေး၊ အလုပ်သမားအထွေထွေ သပိတ်ကြီးတွေ တောင်သူလယ်သမားတိုက်ပွဲတွေ
ဆက်လုပ်သွားကြမယ်"
ကိုအေးငွေ–
"ဆက်လုပ်တာတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ခုညွန့်ပေါင်းပြုတ်ကျရော ဆိုပါတော့၊
ကျန်တဲ့အမတ်တွေ
ရာထူးမယူဖို့တော့ လုပ်လို့ အောင်မှာမဟုတ်ပါဘူး"
ကျွန်တော်နှင့် ကိုထွန်းရှိန်က ထိုအတိုင်းပင် ဖြစ်မည့်အကြောင်း
သဘောတူလိုက်ကြလေသည်။
ကျွန်တော်–
"ဒီတော့ ကျွန်တော်တို့ရဲ့ သပိတ်တွေကို ဘယ်လိုလုပ် ဖြေရှင်းမှာလဲ၊ ဒီအတိုင်းပဲ
ဆက်သွားရမှာလား"
ကိုထွန်းရှိန်"

ကျောင်းသားတွေလည်း ထာဝစဉ် ဆက်ပြီး သပိတ်မှောက်နေနိုင်တာ မဟုတ်ပါဘူး၊
အလုပ်သမားတွေလည်း
ထာဝစဉ် သပိတ်မှောက်နေနိုင်တာ မဟုတ်ပါဘူး၊ ရေနံမြေသပိတ်တပ်ကြီးလည်း ရန်ကုန်မှာ အမြဲနေလို့
ရတာမဟုတ်ဘူး၊ ရေနံမြေပြန်ကြရမှာပဲ”
ယင်းကဲ့သို့ ပြောပြီး ကိုထွန်းရှိန်က ရပ်နေသည်။ ကျွန်တော်သည် အားမလို အားမရ ဖြစ်လာကာ–
“သည်တော့ ဘယ်လိုလုပ်ကြမလဲ”
“တောင်းဆိုချက်တွေ အထိုက်အလျောက် ရအောင်လုပ်ပြီး သပိတ်ပြန်လှန်ဖို့ပဲ။ သို့ပေမယ့် ခုညွန့်ပေါင်းအစိုးရနဲ့တော့ စေ့စပ်လို့ မရတော့ဘူး။ ဒါကြောင့်
ညွန့်ပေါင်းပြုတ်ကျအောင်တော့ လုပ်ရမှာပဲ။
ပြီးတော့ နောက်တတ်တဲ့ အစိုးရနဲ့ ဆက်ပြီး စေ့စပ်ရမှာပဲ”
ကျွန်တော်–
“ဒီလိုဆိုတော့ ကျုပ်တို့ဘက်က ခိုင်ခိုင်မာမာ နေမယ့်လူတွေ
နောက်အစိုးရအဖွဲ့ဖွဲ့ရင်ကောင်းမှာပေါ့”
ကိုထွန်းရှိန်–
“ဟုတ်တယ်၊ ဒါပေမဲ့ကိုယ့်လူ ဒီစကားမျိုး ခုမပြောနဲ့ဦး၊ ရာထူးလက်ခံရေး ထောက်ခံသလို ဖြစ်နေဦးမယ်။
မကြားဘူးလား၊ ကိုကြီးသန်းဒီစကား ပြောမိလို့ ချောက်ကျနေတယ်။ တို့ဗမာအစည်းအရုံးက တချို့သခင်ကြီးတွေက တက်ဘုန်းကြီး သိန်းဖေဟာ ရာထူးလက်ခံရေးလုပ်နေတယ်။
အစည်းအရုံးက
ထုတ်ပစ်ရမယ်လို့ တောင်းဆိုနေကြတယ်။ ဒီတော့ ဒီစကား ခုမပြောနဲ့ဦး၊နောက်မှ ပြောချင်ပြော။ ခုပြောရမှာက
တို့တောင်းဆိုချက် မရရင် ရှေ့ခြေတစ်လှမ်း တက်ဦးမယ်၊ အိမ်ခြေ
တစ်သန်းငါးသိန်းတုန်လှုပ်
ချောက်ချားသွားစေရမယ်၊ ညွန့်ပေါင်းအစိုးရကို ဖြုတ်ချရ မယ် နောက်ထပ် မဖွဲ့နိုင်အောင် လုပ်ရမယ်”
ကိုထွန်းရှိန်သည် ပြောပြောဆိုဆိုထိုင်ရာမှထသည်။ ကျွန်တော်တို့လည်း
မတ်တပ်ရပ်လိုက်ကြ၏။
ကျွန်တော်–
“နေပါဦး၊ တို့ဗမာအစည်းအရုံးက ကိုသိန်းဖေကိုတကယ် ထုတ်ပစ်ဦးမှာလား”
“မသိဘူး၊ ထုတ်ချင်ထုတ်မှာ။ ကိုကြီးသိန်းကလည်း ရယ်တာပေါ့၊ အပျော့ပါလို့ သရော်ပြီး သူထင်ရာစွတ်စွတ်လုပ်နေတော့ ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးက သိပ်မုန်းနေတယ်။
ကိုကြီးသိန်းက

လူထုအစည်းအဝေးတစ်ခုမှာ သခင်ခေါင်းဆောင် တချို့ စည်းကမ်းမဲ့ပုံ ဝေဖန်ထားလေတော့ ပိုမခံရပ်နိုင်
ဖြစ်နေကြတာပေါ့"
ကိုအေးငွေ–
"အစကတည်းက ရန်ကုန်စီရင်စု တို့ဗမာ အစည်းအရုံးက ဌာနချုပ်တို့ဗမာ အစည်းအရုံး အလုပ်အမှုဆောင်မှာ
သခင်နု၊ သခင်အောင်ဆန်းတို့လို ကောလိပ်ကျောင်းထွက်တွေ ဝင်လာတာ
တယ်မကြိုက်ဘူးလို့
ပြောသံကြားရတယ်၊ ဒီတော့ ကိုကြီးသိန်းလို ဘုသမားကို ပိုမကြိုက်မှာပေါ့"
ကိုထွန်းရှိန်–
"ကဲ သွားကြစို့"
ကိုအေးငွေ–
"မြန်မာ့အလင်း ဝင်ဦးမလို့လား၊ မဝင်ပါနဲ့တော့ဗျာ ညဉ့်နက်နေပြီ"
ကျွန်တော်ကား ဘာမျှမပြောဘဲ စောစောက စကားများကို စိတ်ထဲမှာ စားမြုံ့ပြန်၍
လျှောက်လာသည်။
ကိုထွန်းရှိန်–
"မဝင်ချင်နေပါတော့လေ၊ ရဲဘော်တင်ထွန်း ခုတလော နိုင်ငံခြားရေးသတင်း ကလေးများ ဖတ်မိသေးသလား။
အရေးကြီးတာကလေးများ ဖောက်သည်ချပါဦး"
ကျွန်တော်ကား စကားသိပ်မပြောလိုတော့ချေ။ ခုနင်က ကြားထားသော စကားများကို ကျေညက်အောင်
အနုလုံပဋိလုံ ဆင်ခြင်ဖို့လိုနေသည်။ အတော်ကြာ ဘာမျှမပြောဘဲ လျှောက်လာခဲ့ကြပြီးမှ ကျွန်တော်က–
"စပိန်သမ္မတ အစိုးရတော့ လုံးလုံးနိုင်လို့ ဟစ်တလာနဲ့ မူဆိုလိုနီတို့တော့
သိပ်ဝမ်းသာနေကြတာပဲ"
ကိုထွန်းရှိန်–
"ဒီအရှေ့ဘက်က သတင်းတွေကကော"
"တရုတ်–ဂျပန်စစ်ပွဲနဲ့ပတ်သက်လို့တော့ တရုတ်ဆီကို တရုတ်–ဗမာ လမ်းမကြီးကနေပြီး
လက်နက်ပို့နေတဲ့သတင်းပဲ အများအပြား ရေးနေကြတယ်။ တချို့လက်နက်တွေကို
ရန်ကုန်ဂိုဒေါင်တွေကနေပြီး
ဘတ်စ်ကားနဲ့ တိုက်ရိုက် ကွန်မင်းအရောက်ပို့တယ်၊ တချို့ကိုတော့ မီးရထားနဲ့
လားရှိုးထိပို့ပြီး တစ်ခါ
ဘတ်စ်ကားနဲ့ပို့ရတယ်၊ ဝပ်ဆင်ကုမ္ပဏီတော့ပွတာပဲ"
ကိုအေးငွေ–
"ဘာဖြစ်လို့လဲ"

"ထရပ်ကား အစီး ၅၀ရောင်းလိုက်ရတယ်၊ တရုတ်–ဗမာလမ်းမကြီးပေါ်မှာ ပြေးဖို့လေ"
ကိုထွန်းရှိန်–
"အင်း၊ အင်္ဂလိပ်မှ တကယ့်ငိုစားရယ်စားကောင်နော်"
ကိုအေးငွေ–
"ခနရှင်နယ်ချဲ့တွေ ရှိနေသမျှတော့ ကမ္ဘာကြီးဘယ်တော့မှ အေးမှမဟုတ်ဘူး"
ကျွန်တော်တို့သည် ပန်းခြံမှ ထွက်လာပြီး ဆူးလေဘုရားကိုပင် လွန်ခဲ့လေပြီ။
ဆူးလေဘုရားလမ်း
အတိုင်းလျှောက်ခဲ့ကြရာ ပလက်ဖောင်းပေါ်တွင် ကုလားများမှာ အိပ်လျက်နေကြလေပြီ။
ကိုထွန်းရှိန်–
"ဒါထက် ကိုယ်တို့ ဘယ်သွားအိပ်ကြမလဲ"
ကျွန်တော်–
"မြို့မကျောင်းမှာပဲ အိပ်ကြတာပေါ့ဗျာ"
ကိုအေးငွေ–
"ဘာလဲ ရဲဘော်ထွန်းရှိန်က ကုလားတွေနဲ့အတူ ပလက်ဖောင်းပေါ်မှာပဲ ဝင်အိပ်ချင်လို့လား"
ကျွန်တော်တို့သ်ည ဖြည်းဖြည်းအေးအေးပင်လမ်းလျှောက်၍ လာခဲ့ကြသည်။
ကျွန်တော်တို့နောက်မှ လေတဟူးဟူး
တိုက်ခတ်ပေးနေသည်။ ။
၃၆
မန္တလေးမှ အာဇာနည်များအတွက်
ထိုအတွင်း ဘုရင်ခံသည် ဥပဒေပြုလွှတ်တော်ကို ကျင်းပပေးလိုက်သည်။
ဥပဒေပြုလွှတ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ ဘုရင်ခံသည် သတင်းစာများ နှင့်
အခြားဆူပူလှုံ့ဆော်ရေးအင်အားစုများကို ရှုတ်ချလိုက်သည်။ ကျောင်းသားကလေးများ
ဆူပူလှုပ်ရှားမှုမှာ
နိုင်ငံရေးသမားတွေ လှုံ့ဆော်ပေး၍ ဖြစ်ရသည်ဟု ဆိုလေသည်။ ပုလိပ်များ အကြမ်းဖက်မှုနှင့်
ပတ်သက်၍ တစ်လုံး
တစ်ပါဒမျှမပြော။ တစ်တိုင်းပြည်လုံးက မလိုလားသော ဗြာဠနှ အုပ်ချုပ်ရေး အကြောင်းကို
ဘာမျှမပြော။
ဘုရင်ခံသည် အမျိုးသားစိတ်တက်ကြွ၍ ဆူပူလှုပ်ရှားနေသော ဗမာများကို အမျိုးသား
အလံတစ်ခုပေး၍
အေးစေလိုဟန်ရှိလေသည်။ ဘုရင်ခံက မြန်မာပြည် အတွက် လျာထားသော
အမျိုးသားအားလုံးအလံပုံသဏ္ဌာန်ကို
ပြောပြသည်။ ဗြိတိသျှ ယူနီယံဂျက်အလံ၏ ထောင့်စွန်တစ်ခုတွင် ဒေါင်းရုပ်ပါမည်။ ဤကား
မြန်မာအမျိုးသားအလံတည်း။ ကျွန်တော်တို့ ဗမာတွေက တူတံစဉ်နှင့် ဒေါင်း၊ တူတံစဉ်နှင့်
သုံးရောင်ခြည်များကို
အမျိုးသားအလံလုပ်ထားသည်။ ဘုရင်ခံက ယူနီယံဂျက်နှင့်ဒေါင်းကို ပေးရန်ကြံရွယ်နေသည်။

သို့သော် ဥပဒေပြုလွှတ်တော်ကျင်းပလိုက်သည့်အတွက် တိုင်းပြည်၏ အာရုံသည် လွှတ်တော်ဆီသို့
ရောက်သွားပေသည်။ လမ်းများပေါ်တွင် အင်အားပြရာ ၌ ရောက်နေသော အာရုံသည် လွှတ်တော်တွင်း
စကားရည်လုတိုက်ပွဲသို့ ကူးပြောင်းသွားလေသည်။ ထို့ကြောင့်ဒေါက်တာဘမော်၊ ဆာပေါ်ထွန်းစသော
လူကြမ်းများကို နှိမ်နင်းရန် ဦးပု၊ ဦးစော၊ ဦးဘဖေတို့က ဇာတ်လိုက်များ၊ အာဇာနည် လူစွမ်းကောင်းများ
ဖြစ်လာကြပေသည်။
ဘုရင်ခံက ဥပဒေပြုလွှတ်တော်ကိုခေါ်ပေးသည်။ ဦးစောက ညွန့်ပေါင်းအစိုးရ အပေါ်တွင် အယုံအကြည်မရှိမဆိုတင်သွင်းလိုက်သည်။ ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်က ခွင့်ပြုလိုက်သည်။ ဒီမိုကရေစီကို လက်တွေ့
ကျင့်သုံးနေကြသည်မဟုတ်ပါလော။ တစ်တိုင်းပြည်လုံးက ညွန့်ပေါင်းအစိုးရအား အော့နလုံးနာနေကြ၏။
ဖြုတ်ချလိုကြ၏။
ဖြုတ်ချလိုလျှင် ဖြုတ်နိုင်ကြပါပြီ။ ဥပဒေပြုလွှတ်တော်ကြီးကို ခေါ်ပေးပြီးပါပြီ။ အယုံအကြည်မရှိ အဆိုကိုလည်း
လက်ခံပြီးပါပြီ။
တစ်တိုင်းပြည်လုံးသည် ဥပဒေပြုလွှတ်တော်တွင် ညွန့်ပေါင်းအစိုးရကို ဖြုတ်ချရတော့မည့်တွက်တာကြောင့်
ဝမ်းသာတက်ကြွလာကြသည်။ ဦးစော၏ အယုံအကြည်မရှိ အဆိုသွင်းမည့်နေ့ကိုသာ စောင့်စားနေကြသည်။
အစိုးရဘတ်ဂျက်တွင် ကုန်ငွေက ရငွေထက်များနေ၍ ကာမိအောင် ဘိလပ်ရေပုလင်းများပေါ်တွင်ပင်
အခွန်တော်ကောက်ရန် ဥပဒေပြုသည်ကို လူအများ သတိမထားလိုက်မိကြ။
ယင်းကဲ့သို့ စိတ်အားထက်သန်စွာ အယုံအကြည်မရှိ အဆိုကို ကြိုဆိုနေကြဆဲ မန္တလေးမြို့မှ သတင်းတစ်ခုရောက်လာလေသည်။
မန္တလေးမြို့တွင် မြို့လုံးကျွတ် လူထုအစည်းအဝေးကြီးတစ်ခု ကျင်းပပြီး ဖိနှိပ်ချုပ်ချယ်မှုများကို ကန့်ကွက်ကြလေသည်။ ၄င်းနောက်လူထောင်သောင်းများစွာ ပါဝင်သော ဆန္ဒပြစီတန်း ချီတက်ပွဲ ကျင်းပလေရာ
၂၆လမ်းနှင့် ကျုံးထိပ် ကြေနန်းရုံရှေ့ ရောက်သောအခါ စစ်ပုလိပ်က ရပ်ရန်အမိန့်ပေးလေသည်။ စစ်ပုလိပ်နှင့်အတူ
တရားသူကြီးတစ်ဦးလည်း ပါလာ၏။ စစ်ပုလိပ်နောက်တွင် ဘားမားရိုင်ဖယ် စစ်သားများလည်း ရှိလေ၏။

ဆန္ဒပြသောလူထုရှေ့တွင် သံဃာတော်များက ချီတက်နေကြသည်။ လူစုခွဲရန်
စစ်ပုလိပ်ကအမိန့်ပေးသော်လည်း
ဆက်လက်ချီတက်ကြလေသည်။ စစ်ပုလိပ်က လူအုပ်ထဲသို့ သေနတ်ပစ်ထည့်လိုက်ရာ
သံဃာတော်အချို့နှင့်
လူအချို့လဲကျသွားလေသည်။ လူထုကြီးသည် ချီတက်ခြင်းရပ်သွားသော်လည်း လူစုမခွဲဘဲ
ရပ်ခံနေသည်။
၄င်းနောက်“မီးတုတ် မီးတုတ် ရှို့ရှို့၊ သခင်မျိုးဟေ့ တို့ဗမာ၊ အရေးတော်ပုံအောင်ပါစေ”
စသည်ဖြင့်
အော်ဟစ်ကြလေသည်။ ထိုအခါဘားမားရိုင်ဖယ်မှ စစ်သားတစ်ယောက်က လူထုထဲသို့
သေနတ်ဖြင့်ပစ်ထည့်လိုက်ပြန်လေသည်။ လူအများ အတုံးအရုံး လဲကျကုန်လေသည်။
သံဃာတော်၂ပါးနှင့်
လူ၅ယောက် ချက်ချင်းကျဆုံး၍ ဒဏ်ရာဖြင့်နောက်ထပ် ကွယ်လွန်သူများပါဆိုသော်
ပေါင်း၁၇ယောက်ဖြစ်လေသည်။ ဒဏ်ရာရရှိသူမှာ အများအပြားဖြစ်၏။ ၄င်းတို့အနက်
ကျွန်တော်တို့
တက္ကသိုလ်သမဂ္ဂမှ ကိုယ်စားလှယ် လွှတ်လိုက်သော ကိုလှမောင်၏ ပေါင်မှာသေနတ်
မှန်လေသည်။
မန္တလေးတွင် ဤကဲ့သို့ နယ်ချဲ့အင်္ဂလိပ်နှင့်ညွှန့်ပေါင်းတို့က ရက်ရက်စက်စက်
သတ်ဖြတ်လိုက်ပြန်သည်ဟူသော
သတင်းသည် တစ်ပြည်လုံးကို ချောက်ချားသွားစေပြန်၏။ ဒေါသူပုန်ထစေ၏။
ကျွန်တော်တို့သည် ရနိုင်သမျှလက်
နက်၊ ဓားဖြစ်ဖြစ် တုတ်ဖြစ်ဖြစ် ကောက်ကိုင်ပြီး ထချလိုတော့၏။ ထချလို့
မဖြစ်သေးဘူးဟူသော အခြေအနေနှင့်
အသိတို့က တားဆီးနေပြန်ရာ အခံရလည်းခက် အကြံရလည်း ကျပ်လှလေသည်။
ကျောင်းသားတွေအနေနှင့် စီတန်းလမ်းလျှောက်ဆန္ဒပြဖို့ကလည်း ရိုးသွား
သလောက်ဖြစ်နေ၏။
ကျောင်းသားမိဘများ၊ သံဃာတော်များ၊ အမျိုးသမီးများနှင့် ရန်ကုန်စီရင်စု
တို့ဗမာအစည်းအရုံးက ဆန္ဒပြ
စီတန်းလမ်းလျှောက်ကာ ကန့်ကွက်ဖို့ စီစဉ်ကြလေသည်။
ပဲခူးမှာ လူတစ်သောင်းကျော် ချီတက်ဆန္ဒပြလေသည်။ ရွှေဘိုမှာ တောင်သူလယ်သမား
၇၀၀၀ကျော်
ချီတက်ဆန္ဒပြသည်။ မြိတ်မှာလည်း သခင်၊ သခင်မ၊ ကျောင်းသား၊ ကျောင်းသူများ
ချီတက်ဆန္ဒပြသည်။
တစ်ပြည်လုံးမှာ ကန့်ကွက်ရှုတ်ချခြင်းများ ပြုကြ၏။ အချို့မြို့များ ရွာများမှာမူ အစာငတ်ခံ
ဆန္ဒပြကြ ၏။

ဥပဒေပြုလွှတ်တော်တွင်ကား စကားစစ်ထိုးနေကြသည့် ဦးစောသည် သူ့အာစ လျှာစကို အစွမ်းကုန်ပြနေလေသည်။
လွှတ်တော်တွင် ကိစ္စတစ်ခုနှင့် ပတ်သက်ပြီး သူကအစိုးရအား ကန့်ကွက်၍ မဲပေးရာတွင် သူ့နာမည်မြန်မာ့အလင်းသတင်းစာတွင် မပါသဖြင့် ဥက္ကဋ္ဌအား တိုင်ကြားသည်။
မြန်မာ့အလင်းသတင်းထောက်သည် သူနှင့်ဂျပန်သို့သွားစဉ်က သူ့ထံမှငွေချေးပြီး ကြွေးပြန်တောင်းသဖြင့်
သူ့အားမုန်းနေပြီး နာမည်ကို ချန်ထားခဲ့ခြင်းဖြစ်ပါသည်ဟုဆို၏။ လွှတ်တော်မှာ ဤစကားမျိုး
ကြားနေရသောကြောင့် အမတ်များကို ကျွန်တော်တို့ ပို၍အထင်သေးကြ ခြင်းဖြစ်ပေသည်။ သို့သော်
ကျွန်တော်တို့မုန်းလှသော ညွန့်ပေါင်းအစိုးရပြုတ်ကျရေးအတွက် သူတို့ကိုသာ အားကိုးနေရပေတော့သည်။
သို့ဖြင့် ညွန့်ပေါင်းအစိုးရအား ဥပဒေပြုလွှတ်တော်တွင် အယုံအကြည်မရှိ အဆိုသွင်းမည့်နေ့သို့
ကပ်လာခဲ့ပေသည်။
တို့ဗမာအစည်းအရုံးက အယုံအကြည်မရှိ အဆိုသွင်းမည့်နေ့တွင် ပြည်သူပြည်သား လူအများသည်
ဆန္ဒပြပွဲများလုပ်ရန် ညွှန်ကြားချက်ထုတ်လိုက်ပေ သည်။ တစ်ပြည်လုံးအိမ်တိုင်း အလံနက်များ တစ်ဝက်ထူရန်၊
မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် သုံးကြိမ် သံပုံးတီး၍ တောထုတ်ရန်၊ နံနက် ၁၁နာရီတွင်
'ညွန့်ပေါင်းအစိုးရ'ဟူသော စာရေးထားသည့် ခေါင်းကိုလည်းကောင်း၊ ဝန်ကြီးချုပ်အရုပ်များကိုလည်းကောင်း၊
မီးရှို့ရန်၊ အရောင်းအဝယ် အသွားအလာများကို ညွန့်ပေါင်းအစိုးရပြုတ်ကျပြီဟူသော သတင်းမကြားရမချင်း
ရပ်စဲထားရန်စသည်တို့ဖြစ်ပေသည်။
ရန်ကုန်မြို့တွင် ရပ်ကွက်တိုင်းလိုလို ထိုအတိုင်းပင် လုပ်ကြလေသည်။ တောထုတ်သံတွေ ဆူညံသွားသည်။
ဒေါက်တာဘမော်၏ အရုပ်ကြီးများကို မသာချပြီး မီးသညဂိုလ် ကြသည်။ ပန်းဆိုးတန်း၌ကား
လူတစ်ယောက်သည် ဒေါက်တာဘမော်၏ မိန်းမသဖွယ် ဝတ်ဆင်ပြီး ညွန့်ပေါင်းမသာ ငိုချင်းရှည်ချလေသည်။
ဥပဒေပြုလွှတ်တော်တွင်းမှာကား–
ဘန်ကောက်ပုဆိုး၊ ဘန်ကောက်အပေါ်အင်္ကျီ၊ ခေါင်းပေါင်းစ ထောင်ထောင်၊ ကတ္တီပါဖိနပ် စသည်တို့ဖြင့်

ဆင်ယင်ထားသော ဦးစောသည် အယုံအကြည်မရှိ အဆိုတင်သွင်းနေလေသည်။
ဦးစောပြောသော စကားများတွင် အရေးအကြီးဆုံးသော အချက်မှာ "အစိုးရမှာ တိုင်းပြည်ငြိမ်ဝပ်ပိပြားအောင်မအုပ်စိုးနိုင်ကြောင်း" ဟူသော အချက်ပင် ဖြစ်လေသည်။
"ပါတီအသီးသီးတို့တွင် ထင်မြင်ချက်
အသီးအသီးရှိကြမည်ဖြစ်သော် လည်း တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် အားလုံးပင်
အလိုရှိကြကြောင်း"
သူ့စကားတွင် ကျောင်းသားအရေး တောင်သူလယ်သမားအရေး၊
ရေနံမြေသပိတ်တပ်သားများနှင့်တကွသော
အလုပ်သမားအရေးကို မည်သို့ ရှင်းလင်းပေးရမည် ဟူသော စကားတစ်လုံးမျှမပါပေ။
အိန္ဒိယအမတ်များ၏ ကိုယ်စား မစ္စတာဂန်ဂါဆင်းကလည်း အစိုးရသည် ငြိမ်းချမ်းအောင် မအုပ်စိုးတတ်ဟုဆိုသွားလေသည်။ သို့သော် အိန္ဒိယအမတ်များ သည် အယုံအကြည်မရှိ
အဆိုတွင် မဲမပေးဘဲ
ကြားနေမည်ဟု ကြေညာလေသည်။
ညွှန့်ပေါင်းအစိုးရသည် အိန္ဒိယမဲများကိုလည်း အားထားနေရသော အစိုးရအဖွဲ့ဖြစ်လေရာ
မဲမပေးဘဲ
ကြားနေခြင်းပင်လျှင် တစ်အားယုတ်သွားလေသည်။
ဥရောပတိုက်သားအမတ်များကိုယ်စား မစ္စတာရစ်ချတ်ကမူ ယခုအစိုးရသည်
ငြိမ်ဝပ်ပိပြားအောင်မအုပ်ချုပ်နိုင်သဖြင့်
၄င်းနေရာတွင် ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်သော အစိုးရအဖွဲ့သစ်ကို တင်ဖို့လိုကြောင်း
ပြောဆိုကာ
အယုံအကြည်မရှိ အဆိုကိုထောက်ခံသွားလေသည်။ ၄င်းပြင် ဒေါက်တာဘမော်သည် ဇွဲဋ္ဌာန အုပ်ချုပ်ရေးတိုက်ဖျက်မည့် စကားပြောကြောင်း သတင်းစာများတွင် တွေ့ရသည့်အတွက်
သစ္စာမရှိရာရောက်ကြောင်း ပြောသွားလေသေးသည်။
အတိုက်အခံအမတ်များ ပြောပြီးနောက် အစိုးရဘက်က ပြန်လည်ချေပရာ၌
ပြည်ထဲရေးဝန်ကြီးချုပ် ဆာပေါ်ထွန်းမှာ
အာဘော်အရှင်းဆုံး ဖြစ်လေသည်။
"အဓိကရုဏ်း အရေးတွေင် မိမိကဲ့သို့ မည်သူမျှ နိုင်နင်းစွာ ဖိနှိပ်နိုင်မည် မထင်ကြောင်း၊
လုယက်သူများနှင့်
သတ်ဖြတ်သူများကို သေနတ်ဖြင့် ပစ်သတ်ရန်ပင် အမိန့်ပေးခဲ့ကြောင်း မိမိမှာ
ယောကျာ်းပီသစွာ
တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ယခုဆူပူနေသူများမှာ ကုလားများ ဗြိတိသျှလူမျိုးများနှင့်
ဓနရှင်များကို
မုန်းတီးသူများသာဖြစ်ကြောင်း၊ ကျောင်းသားများအရေးတွင် ပုလိပ်တို့ ပြုမူပုံမှာ
နည်းလမ်းကျကြောင်း"

ဒေါက်တာဘမော်ကား သူ့အခြေအနေကို သူတင်းတင်းမာမာ မကာကွယ်ရဲချေ။ ယခုလို
လူထုဆူပူနေခြင်းမှာ
ဗမာပြည်မှာသာမက တစ်ကမ္ဘာလုံးမှာ ဆူပူခြင်းဖြစ်ကြောင်း၊ အိန္ဒိယပြည်မှာ သည့်ထက်မက
ဆူပူနေကြောင်းများပြောကာ ရာဇဝင်လမ်းကြောင်း၏ သဘောကို
သူမတားဆီးနိုင်သည့်သဘော ပြောလေသည်။
ငင်းပြင်မစ္စတာရစ်ချတ်၏ စွပ်စွဲချက်ကို ဖြေရှင်းလေသည်။ သူ့အား အုပ်ချုပ်ရေးတိုက်
ဖျက်မည့်သူဟု
စွပ်စွဲသွားရာအမှန်စင်စစ် ညွန့်ပေါင်းတည်နေသမျှ ကာလပတ်လုံး ညွန့်ပေါင်းကို
သစ္စာဖောက်ပြီး
အုပ်ချုပ်ရေးတိုက်ဖျက်ရေးလုပ်မည်မဟုတ်ကြောင်း၊ ညွန့်ပေါင်းမှာ သဘောကွဲလွဲမှုရှိလျှင်
ရာထူးမှ နုတ်ထွက်ပြီး
ကိုယ်ကြိုက်သလို ဆောင်ရွက်ရန်သာဖြစ်ကြောင်း ပြောလေသည်။ သူ့စကားမှာ
ညွန့်ပေါင်းအစိုးရ အဖြစ်ဖြင့်
တည်နေလျှင်အုပ်ချုပ်ရေးကို မဖျက်၊ညွန့်ပေါင်းအစိုးကျပြီးလျှင် အုပ်ချုပ်ရေးကို ဖျက်မည်ဟု
ဆိုလိုရာ
ရောက်ပေသည်။ နောက်ဆုံးတွင် ဒေါက်တာဘမော်က
အတိုက်အခံအမတ်များသည်နောင်အစိုးရဖွဲ့စည်းသောအခါ
မိမိထက်ကံကောင်း ကြပါစေဟု ဆုတောင်းသွားလေသည်။ မဲခွဲသောအခါ အယုံအကြည်မရှိ
အဆိုဘက်မှ မဲ
၇၀ပေးပြီး အစိုးရဘက်မှ ၃၇မဲသာ ရသဖြင့် ညွန့်ပေါင်းအစိုးရပြုတ်ကျသွားလေသည်။
ညွန့်ပေါင်းအစိုးရပြုတ်ကျသွားသောအခါ တစ်တိုင်းပြည်လုံးပျော်ရွှင်သွားပေ သည်။
သက်ပြင်းချပြီး
ခဏမျှသက်သာနေနိုင်ပေသည်။
သို့သော် စိတ်အေးလက်အေးဖြစ်ပြီး အားထုတ်မှု မလျှော့နိုင်သေးချေ။ နှစ်နံပါတ် တရားခံသာ
ကျဆုံးခြင်းဖြစ်ပြီး
တစ်နံပါတ်တရားခံ မကျဆုံးသေး။
ထို့ကြောင့် ကျောင်းသားများသမဂ္ဂ အမှုဆောင်အဖွဲ့အနေနှင့် ကြေညာချက်များ
ထုတ်ပြန်လိုက်ပေသည်။
"ညွန့်ပေါင်းအစိုးရ ပြုတ်ကျသော်လည်း ငါတို့တောင်းဆိုချက် မရသေး၊ ရအောင်
လုပ်ရဦးမည်။
ငါတို့ သွေးစည်းတိုက်ပွဲဝင်လို့ ကျဆုံးသည်၊ သို့သော်ထပ်ပြီး သွေးစည်းကြရဦး မည်"
လှုပ္ပ (၁၆၊ ၂၊ ၃၉)
"ငါတို့အမှုဆောင်အဖွဲ့၏ စိတ်သဘောထားသည်ကား ညွန့်ပေါင်းအဖွဲ့ကို ယခုလို
ဖြုတ်ချလိုက်ရုံနှင့် တိုင်းပြည်၏

ရန်သူအစစ်ကို နိုင်နင်းလိုက်ပြီဟု မယူဆ၊ စင်စစ်မှာကား ညွန့်ပေါင်းအစိုးရအဖွဲ့သည် တိုင်းပြည်ရန်သူစစ်၏
သားကောင်မျှသာ ဖြစ်ပေ။ ရန်သူအစစ်ကား ဇာဌာနအုပ်ချုပ်ရေးပင်ဖြစ်၏။”
အမှူဆောင်အဖွဲ့က အုပ်ချုပ်ရေးကို ဆက်လက်တိုက်ဖျက်ရန် ဆော်ဩ၏။ ၄င်းနောက် ရာထူးငတ်အမတ်များကိုသတိပေး၏။ လူထုက ကန့်ကွက်ပါလျက် ရာထူးဇွတ်ယူလျှင် ‘သိမည်’ဟု သတိပေး၏။
တို့ဗမာအစည်းအရုံးက ကြေညာချက်တွင်–
“ဇာဌာန အုပ်ချုပ်ရေးသည်သာ ရန်သူ။
ရာထူးလက်မခံရေး၊ ပထမအဆင့်။
နောက်ပြီးတော့ ရာထူးလက်မခံရေးကို လက်နက်သဖွယ် အသုံးပြု၍ အုပ်ချုပ်ရေးကို တိုက်ဖျက်ပြီးသကာလ
အရှယ်ရောက်သူတိုင်း မဲဆန္ဒပေး၍ တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များပါသော (ကွန်စတီကြူးယင့်
အဆင်ဗလီ) တိုင်းပြည်နိုင်ငံပြုလွှတ်တော်ဖွဲ့စည်းကာ ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံတော်ကြီးကို တည်ထောင်သွားမည်ဖြစ်ကြောင်း။”
ဤကားအရေးတော်ပုံကို ခေါင်းဆောင်နေသော အဖွဲ့အစည်းများ၏ ညွှန်ကြားချက်ပေတည်း။
ညွန့်ပေါင်းအစိုးရပြုတ်ကျသွားပြီဟု ဆိုသောသတင်းသည် အင်းစိန်မြို့သို့ ညနေပိုင်းတွင် ရောက်သွားလေသည်။
ထိုအခါ အင်းစိန်အစိုးရကျောင်းသပိတ်၊ အင်ဂျင်နီယာကျောင်းသပိတ်နှင့်
စဥ့်ငူစွပ်ကျယ်စက်သပိတ်တို့ပူးပေါင်းကာ
မြို့တွင်းမှာ ချီတက်အောင်ပွဲလှည့်ကြလေသည်။
ညနေစောင်းမှနေ၍ လှည့်ကြရာ ည၁၀နာရီလောက်တွင် အင်းစိန်ထောင်ကြီးဘေးမှ စုပြီး အော်ဟစ်ကြသည်။
ကြွေးကြော်သံများ အော်ကြသည်။ အပြင်မှတရားဟောကြလေသည်။
အတန်ကြာသောအခါ အထူးတန်းမှ လူနှစ်ယောက်သည် ထောင်ထောင့် တံတိုင်းအတွင်း ထောင်နံရံပေါ်တက်လာကြသည်ကိုအပြင်မှ လူထုသည် မြင်ကြရသည်။ သို့သော် မြင်ရုံဖြင့် လူခွဲ၍ မသိနိုင်ကြချေ။
ထိုသူနှစ်ဦးက တရားဟောသောအခါမှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ
အတွင်းရေးမှူး ကိုဗဆွေနှင့်
သခင်ထိန်ဝင်းတို့ဖြစ်ကြောင်း အသံဖြင့် မှန်းဆမိကြလေသည်။
“ရဲဘော်တို့.... ညွန့်ပေါင်းအစိုးရ ပြုတ်ကျတာဟာ ဝမ်းသာအားရစရာပါပဲ၊ သို့ပေမယ့် နောက်တက်မည့်စားခွက်လုမည့် မျိုးဖျက်အမတ်များကို
ကျောင်းသားနဲ့အလုပ်သမားပူးပေါင်းစောင့်ကြည့်ပြီး
ရာထူးဆိုတဲ့ စားခွက်ဆီကို ဝင်ဟပ်ချင်တဲ့အမတ်တွေရဲ့ နှုတ်သီးကို ရိုက်ဖို့
တာဝန်ရှိသေးတယ်။ ခုအချိန်မှာ

လုပ်ငန်းတာဝန်မပြီးသေးဘူး၊ မန္တလေးအာဇာနည်များကို ရက်စက်စွာ သတ်ပစ်တဲ့ အတွက် ညွှန့်ပေါင်းပြုတ်ရုံနဲ့
မကျေနပ်နိုင်သေးဘူး၊ သပိတ်များစိတ်မအေးနိုင်သေး ဘူး၊ ညွှန့်ပေါင်းပြုတ်ကျတာဟာ သပိတ်မှောက်သမားများအတွက် လှေကား ၃–ထစ် မှာ တစ်ထစ်သာဖြစ်တယ်၊
ရှေ့ဆက်လုပ်ရဦးမယ်။ ရဲဘော်တို့
တောင့်ထားကြ၊ ရဲဘော်တို့ ဆက်ချီတက်ကြ”
ဤကား ထောင်တွင်းမှ ခေါင်းဆောင်များ၏ အသံပေတည်း။
ရှေ့ဆက်ထမ်းရွက်စရာတာဝန်တွေ ဘယ်လောက်များနေနေ ညွှန့်ပေါင်းအစိုးရ ပြုတ်ကျသည့်အတွက်တော့
ကျွန်တော်တို့အားလုံး ရင်ပေါ့သွားသလို ဖြစ်မိကြပေသေး သည်။ ‘ရပ်နား’ မနေနိုင်ကြသေးသည့်တိုင်အောင်
‘လစ်’ထွက်သွားကာ ‘သက်သာ’ နေမိပေလိမ့်မည်။ မမြင့်ဦးနှင့်အတူတူ မြို့ထဲထွက်၍ လည်ပတ်မိပေလိမ့်မည်။
ရုပ်ရှင်ကြည့်ပေလိမ့်မည်။ ချစ်ရိပ်ချစ်ငွေ့မကင်းသော စကားနှင့် အပြုအမူများတွင် မထိတထိ ကစားပျော်ပါးမိလိမ့်မည်။ ခုတော့ မမြင့်ဦးကား ကျွန်တော်လက်လှမ်းမှီရာ သူ့ရပ်ဌနေမှာ ဖခင်၏
အရိပ်အာဝါသကို ခိုလှုံလျက်သူ့စာပေတွင်သာ မွေ့လျက်ရှိ နေသည်။
ကျွန်တော်တို့အရေးတော်ပုံကိုမှ
အာရုံဝင်သေးပါစေ။ ကျွန်တော့်ကိုမှ သတိရပါလေစ။
မမြင့်ဦးပြန်သွားသည်မှာ မကြာလှသေးပေ။ သို့သော် ကျွန်တော့်ထံသို့
စာကလေးတစ်စောင်တော့ ရေးထိုက်သည်။
စာရေးလျှင်လည်း ရောက်လာထိုက်ပေပြီ။
ညွှန့်ပေါင်းအစိုးရပြုတ်ကျပြီး နောက်တစ်နေ့ ညနေစောင်းတွင် ကျွန်တော်သည် ကမာရွတ်နေအိမ်သို့
ပြန်သွားလေသည်။ ကမာရွတ်အဖော်အပေါင်း များကြားတွင် ‘သက်သာ’နေရန်ဖြစ်သည်။ ထို့ပြင် မမြင့်ဦးထံမှ
စာများရောက်နေမည် လော။ သို့မဟုတ်မိဘများထံမှစာများ သတင်းများ ရောက်နေမည်လော။ သို့သော်
အမှန်အတိုင်းဆိုသော် မိဘထံမှစာကို မကြိုဆိုပါ။ မတောင့်တပါ။ အဖေသည် ကျွန်တော့်အား အရေးတော်ပုံ
တပ်သားလုပ်နေခြင်းအတွက် ပြစ်တင်မောင်းမဲခြင်း ပြုသော စာမှတစ်ပါး အခြားရေးစရာ အကြောင်းမရှိပါ။
ကမာရွတ်အိမ်သို့ ရောက်သောအခါ စာတစ်စောင်မျှ ရောက်နေသည်ကို မတွေ့ရ။
ကိုကြွယ်နှင့် ဦးလေးမြင့်တို့အား အဆင်သင့်ပင်တွေ့ရသည်။

တပေါင်းလ ကောင်းကင်ကား ကြည်လင်လှသည်။ အနောက်ဘက်မိုးကုပ်စက်ဝိုင်းအပေါ်စပ်တွင်ကား ပါးလွှာသော
တိမ်တောင်ကလေးများသည် တရိပ်ရိပ်လွင့်နေ သည်။ ထိုတိမ်တောင်ကလေးများဆီသို့ တရွေ့ရွေ့ကျဆင်းနေပြီဖြစ်သော နေမင်းသည် ဝါသဲ့သဲ့ရောင်ခြည်များကို လွှတ်လျက်နေလေသည်။
ဝါသဲ့သဲ့ရောင်ခြည်များတွင်ရွက်သစ်တို့သည် ပိုသစ်နေ၍ ဖက်ဖူးရောင်အစိမ်းဖြင့် လက်နေကြလေသည်။
ကျွန်တော်တို့အိမ် ဝဲယာဘေးနှစ်ဖက်တွင် အုပ်ကိုင်းနေကြ သောစိန်ပန်းပင်များကား နီရဲတောက်ပစွာ ပွင့်နေကြ၏။
ထိုရှုခင်းနှင့် ထိုရှုခင်းပတ်ဝန်းကျင်ကြားမှ အားရှိပါးရှိ ပွင့်လင်းလှသော အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်လိုက်ကြသော
ဦးလေးမြင့်နှင့် ကိုကြွယ်တို့အား မြင်လိုက်ရသောအခါ မောလာသူကို ဖန်ပြာခွက်နှင့် ကျောက်စက်ရေဆီးတိုက်လိုက် ဘိသကဲ့သို့ ရှိသော်လည်း အရေးတော်ပုံတိုက်ပွဲများနှင့် အဆက်ပြတ်ကာ
အရေးတော်ပုံကြွေးကြော်သံများ မကြားရနိုင်သော ထောင့်တစ်ထောင့်သို့ ရောက်လာသည် ထင်မှတ်စရာပင်
ဖြစ်တော့သည်။ အိမ်ဝင်းထဲဝင်ဝင်ချင်း စိတ်ကို 'သက်သာ'ထားလိုက်သည်။ စိတ်ကို 'သက်သာ'လိုက်သည်နှင့်တစ်ပြိုင်နက် နွမ်းနယ်သော ကိုယ်ကိုသတိရလာလေသည်။ အိပ်နေကျအိပ်ရာပေါ်
ပစ်လှဲလိုက်မည်။ ခေါင်းက ယားလာသည်။ ဆံပင်ညှပ်ရမည်။ တစ်ကိုယ်လုံး နံစော်လာသည်။ ရေစိမ်၍
ချိုးလိုက်မည်။
"ဘယ့်နှယ်လဲ မောင်တင်ထွန်း၊ နောက်အစိုးရကို ဘယ်သူဖွဲ့မှာတဲ့လဲ"ဟု ဦးမြင့်က ဆီးမေးသည်။
"ကျောင်းသားတွေ အရေးကောကွ မောင်တင်ထွန်းရ၊ တောင်းဆိုချက်တွေ ရပါ့မလား"ဟု ကိုကြွယ်ကဆင့်လိုက်ပြန်သည်။
ကျွန်တော်က ဒီကိစ္စတွေ ခဏမေ့ထားလိုက်ချင်သည်။ သူတို့ သိချင်ဇောနှင့် မေးနေကြသော်လည်း ကျွန်တော်က
ဒီကိစ္စတွေ မပြောချင်။ "နေစမ်းပါဦးဗျာ၊ ကျွန်တော် အမောဖြေလိုက်စမ်းပါရစေဦး"ဟု ငေါက်ဆတ်ဆတ်ပင်
ပြောလိုက်ချင် တော့သည်။ သို့သော် သူတို့အပေါ်မှာ သည်လို မမောက်မာရက်ပေ။
"ညကျတော့မှ ပြောကြတာပေါ့ဗျာ"ဟု ပြောပြီး ကျွန်တော့်အခန်းထဲသို့ ဝင်သွားလေသည်။ အိပ်ရာပေါ်မှာပစ်လှဲလိုက်သည်။ အတန်ကြာတော့ထပြီး ရေချိုးရန်ပြင်သည်။ အင်္ကျီချွတ်ပြီးမှ ဆံပင်ညှပ်ရန်

သတိရလာပြီး အင်္ကျီပြန်ဝတ်ပြန် လေသည်။ ၎င်းနောက် ရေအရင်ချိုးကာ
ကောင်းပါတယ်လေဟု တွေးမိပြန်ပြီး
အင်္ကျီချွတ်ပြန်၏။
"ဘယ့်နှယ်လဲ မောင်တင်ထွန်း၊ အင်္ကျီချွတ်လိုက် ဝတ်လိုက် ပြန်ချွတ်လိုက်နဲ့
ဘာဖြစ်နေသလဲ"
ဦးလေးမြင့်က မေးလိုက်သည်။ ဦးလေးကား ကျွန်တော့်အားအပြင်မှ
လှမ်းအကဲခတ်ကြည့်နေဟန်ရှိပေ၏။
ကျွန်တော်က ညောင်နာနာနှင့်ပြုံးပြီး–
"ရေအရင်ချိုးရ ကောင်းမလား၊ ဆံပင်အရင်သွားညှပ်ရကောင်းမလား ဖြစ်နေလို့ပါ"
"လူလန်းဆန်းသွားအောင် ရေအရင်ချိုးလိုက်ပေါ့ကွာ"
"အဲဒီလိုပဲ ကျွန်တော်သဘောရတယ်"
ကျွန်တော်တို့အိမ်၏ မြောက်ဘက်က ကပ်လျက်ရှိသောခြံမှာ ရှမ်းအမျိုးသား ဦးဒါနပိုင်သော
ခြံဖြစ်၏။
ထိုခြံထဲတွင် ရေတွင်းတစ်တွင်းရှိရာ ကျွန်တော်တို့သည် ထိုရေတွင်းသို့သွား၍ ရေချိုးကြရ၏။
ရေတွင်းမှာ အုတ်စီဘောင်ခတ်ထားပြီး ရေငင်ရန် မောင်းတပ်ထား၏။ ကျွန်တော်က
ရေစည်ပိုင်းတွင်းသို့
ရေအပြည့်ခပ်ထည့်လိုက်၏။ သို့သော်ရုတ်တရက် ရေမချိုးသေးဘဲ ပန်းပင်ကလေးတွေကို
လျှောက်ကြည့်နေလေသည်။ ကြက်သွေးရောင် နှင်းဆီနှင့်နှင်းဆီရောင်နှင်းဆီတို့သည်
အထူးသဖြင့် စည်ကားစွာ
ဖူးပွင့်နေကြ၏။ မေမြို့ရောင်စုံပန်းများသည်လည်း ဆွတ်ခူး၍ မနိုင်နိုင်အောင် ပွင့်နေကြသည်။
ကြည်ပြာပန်းကလေးများကားကျနေလေပြီ။ ကျွန်တော်ကား ကြည့်ရှုဖြင့် အားမရသဖြင့်
နှင်းဆီနွယ်များကို
လက်ဖြင့်ညွှတ်ယူ၍ ပန်းကိုနမ်းကြည့်မိ၏။ မေမြို့ပန်းများကို ခူးယူပြီး မြောက်ကစားမိ၏။
ကြည်ပြာပန်းချပ်လွှာကလေးများကို လေဖြင့်မှုတ်၍ လွှင့်နေမိ၏။
ကျွန်တော်သည် ပန်း၏အရသာကို တစ်ခါမျှ ဤအခါလောက် မခံစားဖူးဘူးခဲ့ဟု ထင်သည်။
လူတစ်ကိုယ်လုံးလည်း လန်းဆန်းမြူးထူးလာပေသည်။ စိတ်ကလည်း
အေးမြချမ်းသာလာသည်။
ကျွန်တော်ရေချိုးတော့မည်ဟု ဖလားကိုင်လိုက်စဉ် ကိုကြွယ်သည် ရေတွင်းပေါင်သို့
ကပ်လာလေသည်။
"မောင်တင်ထွန်းစားဖို့တောင် ဘာမှမရှိသေးဘူး၊ ထမင်းလည်း မချက်ရသေးဘူး"
"ကိုဘဇံက ဘယ်သွားသလဲ"
"သူလည်းရွှေတိဂုံသပိတ်စခန်းကို ကမာရွတ်က သပိတ်တွေနဲ့က လိုက်သွားတယ်။ ခုထိ
ပြန်မလာသေးဘူး"
"ကိစ္စမရှိပါဘူး၊ ကျွန်တော် သိပ်မဆာပါဘူး"
"ရေချိုးပြီးရင် ဒေါ်လုံးတင်ဆီသွားပြီး ဘူးသီးကြော် စားကြတာပေါ့"

ကျွန်တော်က မျက်နှာသစ်ရင်း–
“ကောင်းသားပဲ”
မျက်နှာကိုဆပ်ပြာတိုက်၊ ရေနှင့်ဝသွားအောင် သစ်ပြီးသောအခါ ကိုကြွယ်က–
“မင်း ဝင်နီလည်း လက်ထပ်တော့မလို့တဲ့မောင်”
“ဟုတ်လား ဘယ်သူနဲ့တဲ့လဲ”
“အမြွတ်တော်ကြေး ဝန်ထောက်ဆိုလား ဘာဆိုလား၊ ကောင်းကောင်းတောင် မသိပါဘူး။ ဒါပေမဲ့ ခုချက်ချင်းတော့
ဟုတ်မယ်မထင်ပါဘူး၊ သင်္ကြန်အပြီးလောက်မှ ထင်ပါရဲ့”
“ဟုတ်လား၊ ကောင်းသားပဲ”
ကျွန်တော်ကားတကယ်ပင် ဝင်နီဖေခေါ် ခင်သန်းဝင်းနှင့်ပတ်သက်၍ အတွယ်အတာကင်းနေပေပြီ။ ကျွန်တော်နှင့်
ဝင်နီမှာ ဘဝချင်း လုံးဝခြားနားနေကြလေပြီ။ အရေးတော်ပုံမတိုင်မီတုန်းကသာ ဤသတင်းမျိုးကြားရပါက
နှမြောခြင်းမဖြစ်တောင် မခမချိမခံသာ ဖြစ်မိပေလိမ့်မည်။ ခုတော့ နည်းနည်းကလေးမျှ မတုန်လှုပ်သောစိတ်
ကိုထားနိုင်သည်။ သစ်ပင်မြင့်ထိပ်ဖျားပေါ်ဝယ် ဆွတ်ဖျန်းနေကြသော ဝင်ခါနီးနေမင်း ၏ ရောင်ခြည်နီများကို
တစ်ချက်မော့ကြည့်လိုက်ပြီးနောက် ရေတဖွမ်းဖွမ်းလောင်း၍ ချိုးနေတော့သည်။
ရေမိုးချိုး အဝတ်လဲပြီးနောက် ကိုကြွယ်နှင့်အတူ အင်းစိန်လမ်းမကြီးပေါ်သို့ ထွက်ခဲ့ကြလေသည်။
“ဆံပင်ညှပ်ဆိုင် အရင်ဝင်ချင်တယ်ဗျာ”
ကိုကြွယ်က ကျွန်တော့်ခေါင်းကို စောင့်မော့၍ ကြည့်ပြီး–
“ကောင်းသားပဲ၊ ဆံပင်မညှပ်တာ ဘယ်လောက်များကြာပြီလဲ ရှည်လှပါပကောလား”
“ဘယ်လောက်ကြာပြီလဲ မမှတ်မိပါဘူးဗျာ၊ မအားတာနဲ့ မညှပ်မိဘူး”
“အေး မင်းတို့ကျောင်းသားတွေ ဒီလောက်လုပ်ကြလို့လည်း ခွေးမသားညွှန့်ပေါင်းအစိုးရပြုတ်ကျတာပဲကွ၊ အင်း
နောက်တစ်ကောင် မတက်နိုင် အောင် နှုတ်သီးရိုက်ချိုးရဦးမယ်နော်”
ကျွန်တော်ကား ဘာမျှမပြော။ ‘ကမာရွတ် တို့ဗမာဆံသဌာန’ဟု ဆိုင်းဘုတ်တပ် ထားသော ဆိုင်တွင်းသို့ဝင်သွားလေသည်။ ဤဆိုင်မှာ ကုလားဗမာအဓိကရုဏ်းပြီးမှ
ပေါ်ထွက်လာသောဆံပင်ညှပ်ဆိုင်ဖြစ်လေသည်။ ဤဆိုင်မှ မှန်စီရွှေချဘောင်ကြီးများ တပ်ထားသော
ကိုယ်လုံးပေါ်မှန်ကြီးနှစ်ချပ်မှာ တို့ဗမာစီးပွားမြင့်တင်ရေးကို အားပေးသောအားဖြင့် တပ်တွင်းကျောင်းဆရာတော်က
စွန့်ကြဲထားသော မှန်ကြီးများ ဖြစ်လေသည်။ ဆိုင်ရှင်ကိုဘကျူးသည် မီးစာတွင် မီးစွဲခါစဖြစ်သော

လက်ဆွဲခတ်မီးကို လေထိုးလျက်ရှိ၏။
ကိုဘကျူးသည် ယခင်က ကုလားပိုင် ဆံသဆိုင်တစ်ဆိုင်မှာ ကူညီရောင်းချရ သော လခစား အရောင်းသမားဖြစ်ခဲ့၏။ ယခု သူ့ဆိုင်မှာ ဆံပင်ညှပ်ခုံ နှစ်ခုံရှိရာ တစ်ခုံတွင်
ကိုယ်တိုင်ညှပ်၊ အခြားတစ်ချို
လူငှားထားလေသည်။ ညပိုင်းတွင် လူငှားမရှိတော့ချေ။ ခတ်မီးလေထိုးနေသော
ကိုဘကျူးသည်
ကျွန်တော်တို့အား မော့မကြည့်အား။ မီးမှာလည်း တော်တော်နှင့် လေမလိုက်နိုင်သေး။
ကျွန်တော်သည်
ဆံပင်ညှပ်ခုံတစ်ခုံမှာ ဝင်ထိုင်ပြီး ငြိမ်နေလိုက်၏။ ကိုကြွယ်က ခဏမျှ ကိုဘကျူးအပေါ်မှ
မိုးကြည့်နေပြီ–
"ကဲဖယ်စမ်း သခင်ဘကျူး၊ ကိုယ်လုပ်စမ်းမယ်"
သခင်ဘကျူးသည် ချွေးဖြင့်ဝင်းနေသော မျက်နှာကို မော့ကြည့်ပြီး–
"သြော် သခင်ကြွယ်တို့လား၊ ကဲ–လုပ်စမ်းပါဦးဗျာ၊ ခတ်မီးက ချေးခဏခဏ
ပိတ်တတ်တယ်"
ကိုဘကျူးသည် ဖယ်ပေးပြီး ထလိုက်သည်။ သူသည်အရပ်ရှည်ပြီး ပိန်ပါးပါး ဖြစ်သည်။
ဆံပင်ကိုအောင်ကျော်ကိုဗိုလ်ကေညှပ်ထားရာ သူ့ရုပ်သူ့ရည်နှင့် များစွာ
အဆင်မပြေဖြစ်နေပေသည်။
ကိုဘကျူးသည် အတန်ကြာ ချွေးသုတ်နေပြီးနောက် ကျွန်တော့်ဘက်လှည့်လိုက်သည်။
"သြော် သခင်တင်ထွန်းပါလား၊ အိမ်ပြန်မအိပ်တာကြာပြီဆို၊ ဘယ်တုန်းက ပြန်လာသလဲ"
"ခုနင်ကပဲ"
ကိုကြွယ်ကား ခတ်မီးကို အပ်နှင့်ဆွပြီး လေကို ဖွင့်လိုက်ပိတ်လိုက်လုပ်နေရာ မှန်ကြီးများမှာ
လျှပ်စစ်ပစ်နေသလို
ဖြစ်နေကြသည်။ ကိုဘကျူးက ကျွန်တော့်အနား ကပ်လာပြီး–
"ဘုရင်ခံက ဦးဘဖေနဲ့ ဦးပုကို ခေါ်ပြီး အစိုးရဖွဲ့ဖို့ ပြောတယ်ဆို မဟုတ်လား"
ကျွန်တော်က မချိပြုံးပြုံးပြီး သူ့အားစိုက်၍သာ ကြည့်နေသည်။
"ဦးပုကတော့ အစိုးရအဖွဲ့ဖွဲ့ပါ့မယ်၊ နန်းရင်းဝန်ကြီးလုပ်ပါ့မယ်လို့ ကတိပေးလိုက်ပြီဆို
မဟုတ်လား"
"ကြားတဲ့အတိုင်းပဲ"
ခတ်မီးကား ကိုကြွယ်၏ လက်ချက်ဖြင့် လုံးဝလင်းထိန်သွားလေပြီ။
"သခင်တင်ထွန်းတို့ကျောင်းသားတွေက အမတ်တွေ ရာထူးမယူနိုင်အောင် လုပ်မယ်ဆို
မဟုတ်လား"
"ကဲ– ကျွန်တော့်ဆံပင် ညှပ်ပေးစမ်းပါဦး"
ကိုဘကျူးသည် အံဆွဲကိုဖွင့်၍ ဆံပင်ညှပ်ကိရိယာတန်ဆာပလာများကို ထုတ်နေသည်။
ကိုကြွယ်က ခတ်မီးကို
ချိတ်မှာ ဆွဲထားလိုက်သည်။ ပြီးတော့ ကိုကြွယ်က ကိုဘကျူးဘက်သို့–

"အမတ်တွေကို အားကိုးရတာ ခက်ပါတယ်ဗျာ။ ညွန့်ပေါင်းလည်းဖြုတ်ချပါ့ မယ်၊ နောက်တက်မယ့်အစိုးရကိုလည်း
အားမပေးပါဘူး၊ မထောက်ခံပါဘူးလို့ ကတိပေးခဲ့တဲ့ အမတ်၂၆ယောက်ပဲ ရှိတယ်၊ ဒီအထဲက တစ်ခါ အဟွတ်...
အဟွတ်.."
ကိုဘကျူးက ကျွန်တော့်ဆံပင်များကို ပေါင်ဒါရိုက်နေရာ ပြင်းထန်လှသဖြင့် ကျွန်တော့်ပါးစပ်ထဲသို့ပင်
ပြေးဝင်လာကြလေသည်။
"အဲဒီ ၂၆ယောက်ထဲက ၅ယောက်က အယုံအကြည်မရှိအဆိုမှာ ညွန့်ပေါင်းအစိုးရဘက်က မဲပေးခဲ့ကြသေးသဗျ"
ကိုကြွယ်သည် ထွီခနဲတံတွေးထွေးလိုက်ပြီး–
"နှမပေးတွေ"
ကိုဘကျူးက–
"အရိုးအရင်းကိုက်ရတာတောင် ဒီလောက် အငမ်းမရဖြစ်နေကြရင် အင်း...."
အတန်ကြာအောင် ငြိမ်နေကြသည်။ စက်ကတ်ကြေးသံ တရှပ်ရှပ်သာ ကြားရသည်။ ကိုကြွယ်ကား
သင်တုန်းဓားကြီးကို ကိုင်၍ သူ့နှုတ်ခမ်းမွေးနှင့် ပါးသိုင်းမွေးများကို ရိပ်လျက်နေလေသည်။ ကိုဘကျူးကပင
စကားတိုင်ပြန်သည်။
"ကျောင်းသားတွေကကော ရှေ့ဆက် ဘယ်လိုစခန်းသွားကြမှာလဲ"
"ကျွန်တော်တို့ကတော့ တောင်းဆိုချက်တွေရရင် သပိတ်လှန်မှာပဲ၊ တောင်းဆိုချက်ရဖို့ဆိုရင် ဘယ်အစိုးရနဲ့
ဖြစ်ဖြစ်စေ့စပ်မှာပဲ၊ ညွန့်ပေါင်းအစိုးရကို ဖြုတ်ချတာဟာ တောင်းဆိုချက် မပေးနိုင်လို့ပဲ"
ကိုကြွယ်က သင်တုန်းဓားကြီး လက်မှမချသေးဘဲ–
"နောက်တက်မယ့်အစိုးရကတော့ တောင်းဆိုချက်တွေကို ပေးနိုင်မှာတဲ့လား။ ရေနံမြေအလုပ်သမားတွေရဲ့
တောင်းဆိုချက်တွေ၊ အာရ်အီးတီအလုပ်သမား၊ မီးခြစ်စက် အလုပ်သမား၊ သစ်စက်အလုပ်သမား
သပိတ်ပေါင်းစုံတောင်းဆိုချက်တွေ ကိုပေးနိုင်မှာတဲ့လား။ တောင်သူလယ်သမားတွေရဲ့ တောင်းဆိုချက်တွေကော"
ကိုကြွယ်၏အမေးစကားများကား သူ့လက်ထဲမှ သင်တုန်းဓားအသွားလို ထက်မြက်လှပေ၏။ ယင်းအမေးစကားတို့သည် ကျွန်တော့်အသည်းနှလုံးကိုထိရှသွား ၏။ ကျွန်တော့်ဦးနှောက်ထဲမှာကား
အဖြေမပေါ်လှာ။ ကံအားလျော်စွာ စက်ကတ်ကြေး၏ ဖိတွန်းမှုကြောင့် ဇက်စင်းခေါင်းငုံ့၍ခံနေရလေရာ

တစ်စုံတစ်ရာ ပြန်ပြောရန် မလိုသလို ဖြစ်နေပေသည်။ ကိုဘကျူးက ကိုကြွယ်အား ဖြည့်စွက်လေသည်။
"ဖိနှိပ်ချုပ်ချယ်မှုတွေကဖြင့် ပြင်းထန်မြဲပြင်းထန်နေတာပါပဲ၊ မန္တလေးမှာ သေနတ်ပစ်ခံရသူတွေလည်း
ဆေးရုံမှာထပ်သေပြန်သတဲ့၊ ပြီးတော့ သေနတ်ဒဏ်ရာသက်သာတဲ့လူ ၄ယောက်ကိုတော့ ဆေးရုံကနေပြီး
ထောင်ထဲခေါ်သွားတယ် တရားစွဲချက်တင်ထားတယ်"
သို့ဖြင့် ကိုကြွယ်နှင့် ကိုဘကျူးသည်ကြားသမျှသတင်းများကို အပြန်အလှန် ဖလှယ်ပြောဆိုနေကြလေသည်။
သခင်လှကြွေ ခေါင်းဆောင်သော ပင်လယ်ကူးသင်္ဘောကြီးလုပ်သားများသပိတ်တွင် ဘုန်းကြီးများ ပါဝင်၍
သပိတ်တားရာ ပုလိပ်က နှိမ်နင်းပုံများ၊ မန္တလေး သေနတ်ပစ်မှုအတွက် ကန့်ကွက်သောအားဖြင့် စစ်ကိုင်းဘက်မှ
လူ၁၀၀၀ ဗိုလ်ကေပယ်၍ ခေါင်းတုံးတုံး ကြပုံ၊ ကတွန်ကျွဲခြံမှ သခင် သခင်မ ၅၀၀ သထုံသို့ ချီတက်လာပြီး
ရုံးနှင့်ထောင်များ ကိုဝိုင်းကာ ဖမ်းထားသော သခင်ချစ်လှိုင်အား လွှတ်ပေးရန် တောင်းဆိုပုံ၊ မန္တလေး
အာဇာနည်မသာချရာတွင် လူစည်ကားပုံ၊ စုံနေအောင် သူတို့အချင်းချင်းပြောနေကြ ရာ ကျွန်တော့်မှာ ခွကျသော
မေးခွန်းများမှ လွတ်ကင်းစွာ ဆံပင်ညှပ်ခြင်း အပြီးသို့တိုင် ရောက်ခဲ့ရလေတော့သည်။
ကျွန်တော်တို့သည် ဆံပင်ညှပ်ဆိုင်မှ ထွက်ခဲ့ကြပြီး ဘူးသီးကြော်ဆိုင်သို့ သွားကြလေသည်။
ဒေါ်လုံးတင်၏ ဘူးသီးကြော်ဆိုင်ကား အင်းစိန်လမ်းမကြီးဘေး မြောင်းနဖူးပေါ်တွင် တည်ရှိလေသည်။
အမိုးအကာမရှိ။ အကြော်ဖို၏ ဘယ်ဘက်တွင် နီးကြောဖျာများခင်းထားပြီး ၄င်းတို့အပေါ်တွင် စားပွဲဝိုင်းများရှိ၏။
မြောင်းတစ်ဖက်ကမ်းရှိ တစ်ထပ်အိမ်ကလေးကား ဒေါ်လုံးတင်၏ အိမ်ပင်ဖြစ်၏။ အိမ်နှင့်ဘူးသီးကြော်ဆိုင်ကို
ကြမ်းပြားကြီးတစ်ခုဖြင့် တံတားကူးထားလေသည်။
ကျွန်တော်က နီးကြောဖျာပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်လိုက်၏။ ကိုကြွယ်ကမူ ဆောင့်ကြောင့်ထိုင်လိုက်လေသည်။
ဒေါ်လုံးတင်ကား အသက် ၄၀ကျော်၊ သမီးအပျိုဖြန်းကလေး ၂ယောက်၏ မိခင် မုဆိုးမဖြစ်၏။ ဒေါ်လုံးတင်၏
ထူးခြားချက်မှာ ၄က်ပျောဖူးနှင့် တူအောင် ခေါင်းသေး အောက်ရှူးပြီး အလယ်ဖောင်းသည့် ကိုယ်ခန္ဓာရှိခြင်းတည်း။

ကြည့်ပါဦး၊ ဤကိုယ်ခန္ဓာကြီးနှင့် အကြော်ဖိုအနီး ဖင်ထိုင်ခုံကလေးပေါ်တွင် ဖင်ချထိုင်လျက် ခြေနှစ်ဖက်ကို
ကားဆင်းထားပြီး ရှေ့ကဇလုံတွင် မုန့်နှစ်နယ်နေရာ ခုံကလေးနှင့် မဆံ့အောင် တင်ပါးဖင်သားများက ပိုနေသဖြင့်
ဘေးတွင်အိဆင်းနေသည်။ လက်က လှုပ်ရှားသလောက် ကိုယ်ခန္ဓာက မလှုပ်ရှားသော်လည်း သေးငယ်သောခေါင်းကလေး ကလေလျော့နေသာ ကြက်ပေါင်းစေးရုပ်၏။ ဦးခေါင်းကို ဟိုသည်ယိမ်းထိုးလျက်
ရှိသည်။ ပါးစပ်တွင်ကား ဆေးပေါ့လိပ်ကြီးကိုခဲထားသည်။
ဒေါ်လုံးတင်သည် ကိုကြွယ်အား လင်လုပ်လိုသည်မှာ လူသိနတ်ကြားဖြစ်၏။ ကိုယ်ကြွယ်က တုံ့ပြန်၍ မကြိုက်။
သို့သော် ကိုကြွယ်သည် ဒေါ်လုံးတင်အား အခင်မပျက်၊ ကူညီစောင်မစရာရှိလျှင် ကူညီစောင်မ၏။ သူ့အား
ဒေါ်လုံးတင်က လိုက်စားလိုလားသည်ကိုလည်း မတော်မတရား အမြွတ်မထုပ်ပေ။ ထို့ကြောင့် သူတို့ဆက်ဆံကြပုံမှာ လွန်စွာပင် ရင်းနှီးကြ၏။
သမီးအကြီး မြကြည်မှာ အသက် ၁၆နှစ်မျှရှိပြီး အုပ်လုံးသိမ်းစ ဖြစ်သည်။ လုံးကြီးပေါက်လှ အသားဖြူဖြူ
မျက်နှာဝိုင်းဝိုင်း၊ နှာခေါင်းပြားပြားနှင့် ကြည့်ပျော်ရှုပျော်သော မိန်းကလေးတစ်ယောက်ဖြစ်၏။ အငယ်မြရီမှာ
၁၃နှစ်ကျော် ကျော် ၁၄နှစ်နီးပါး၊ ဆံတောက်ဖားစဖြစ်၏။ သူကား အမေနှင့်လည်းမတူ၊ အစ်မနှင့် လည်းမတူ၊
ပိန်ပိန်ပါးပါး၊ နှာခေါင်းချွန်ချွန်၊ မျက်လုံးပြူးပြူးဖြစ်၏။ မြကြည်က အကြော်ကြော်လျက်ရှိပြီး မြရီသည်
ဘူးသီးကြော်စားလာသူများအား စားပွဲထိုးလျက်ရှိ ၏။
ကျွန်တော်တို့ ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် မြရီက“
ဦးလေးတို့ ဘယ်ကလျှောက်လာသလဲ၊ အကြော်စားပါဦးလား”
ကိုကြွယ်က–
“စားမယ်လို့ ထိုင်တာပေါ့ဟ”
ကိုကြွယ်ပြောလိုက်သည်ကို ဒေါ်လုံးတင် ကြားလိုက်သည်။ ဇလုံကိုင်ထားသော လက်ဖြင့် ပါးစပ်ထဲက ဆေးလိပ်ကို
ထုတ်ယူထားလိုက်ပြီး–
“ကိုရင်ကြွယ်က မစားရင် မထိုင်တော့ဘူးတဲ့လား”
“ဒီလိုလည်း မဟုတ်ပါဘူးဗျာ၊ ဒီနေ့တော့စားဖို့ တမင်လာလို့ပါ၊ ဟောဒီက မောင်တင်ထွန်း ညစာမစားရသေးတာနဲ့”
မြရီက ဝင်စွက်လိုက်သည်။
“ဦးလေးကိုတင်ထွန်းတို့များ မမြင်ရတာ ကြာလှပြီ”

သည်ကောင်မကလေးသည် ကျွန်တော့်အား ကိုကြွယ်နှင့်တွဲသိသဖြင့် ဦးလေးဟု
ရောခေါ်နေခြင်းဖြစ်သည်။
သို့သော် သူကဦးလေးခေါ်တိုင်း ကျွန်တော်ကခံပြင်းသည်။ ကသိကအောက်ဖြစ်သည်။
ကျွန်တော့်မှာ
သူလိုအရွယ်က ဦးလေးခေါ်ရန် အရွယ်မဟုတ်ဟု ယူဆထားသည်။
"မမြင်တာကြာပြီဆို၊ ငါက မြို့မကျောင်း၌ာနချုပ်ကိုသွားနေရတားကိုးကွ"
"ဘာကြော်ထည့်ခဲ့ရမလဲ ဦးလေး"
ကိုကြွယ်က အကြောဖိုဆီသို့ လှမ်းကြည့်ရင်း–
"ရှိတာထည့်လာခဲ့ဟာ။ မလုံးတင် ဒီနားမှာ ကောင်ညှင်းပေါင်းဖြစ်ဖြစ်၊ မုန့်ပေါင်းဖြစ်ဖြစ်
မရနိုင်ဘူးလား"
ဒေါ်လုံးတင်သည် မုန့်နှစ်ထဲသို့ ဘူးသီးချောင်းကလေးများကို ဖြည့်ထည့်ရင်း–
"စာတိုက်နားက မယ်ခင့်ဆီမှာ ကောက်ညှင်းပေါင်းကျည်တောက်တွေ မြင်ခဲ့တယ်၊ ရှင့်သမီးကို
အဝယ်လွှတ်လိုက်ပါလား"
"ရှင့်သမီး"ဆိုသည်မှာ မြရီကိုဆိုလိုသည်။ သူတို့မှာ ဒီလိုချိတ်ခြင်းမျိုးကား ရိုးနေပြီ။
သမီးတွေကိုလည်း
ရှာစရာမလိုကြတော့ပြီ။ ကိုကြွယ်က–
"ဟဲ့–သမီး မြရီရေသွားဝယ်ချေဟာ၊ ကျည်တောက်နှစ်ချောင်းလောက်"
ကိုကြွယ်က ပိုက်ဆံထုတ်ပေးသည်ကို မြရီကမယူ။ သူတို့က ဝယ်ကျွေးမည်ဟု ဆိုကာ
ခပ်သုတ်သုတ်ထွက်သွားလေသည်။
ကျွန်တော်သည်မြကြည်ဘက်သို့ ကြည့်လိုက်သည်။ မြကြည်၏ မျက်နှာကား မီးရှိန်ကြောင့်
နီရဲနေ၏။
သူသည်အကြောများကိုထည့်ပြီး ကျွန်တော်တို့ရှေ့သို့လာချ သည်။ ၎င်းနောက်
လက်ဖက်ရည်ကြမ်းအိုး
လာချရင်း–
"ကိုတင်ထွန်းတို့ ကျောင်းသားအရေးတော်ပုံတွေ ပြီးတော့မှာလား"
မြကြည်ကမူ ကျွန်တော့်အား ဦးလေးဟု မခေါ်တော့ပေ။ တစ်ခါက သူကလည်း
ကျွန်တော့်အား ဦးလေးဟု
ခေါ်သေး၏။ "ငါ့ကိုဦးလေးလို့ မခေါ်ပါနဲ့ ကွာ"ဟု တစ်ခါတုန်းက သူ့အားပြောရာ သူက
အတန်ကြာတွေနေပြီးမှ
ဘယ်လိုအဓိပ္ပာယ်ကောက်သွားသည်မသိ၊ ရှက်ကိုးရှက်ကန်းလုပ်လျက် "နောက်မခေါ်ပါဘူး"ဟု
ပြောကာ
လှည့်ထွက်သွားလေသည်။ တဟိဟိလည်း ရယ်သွားလိုက်လေသည်။
"မပြီးသေးပါဘူး"
"ဗဟို၌ာန အုပ်ချုပ်ရေးဆိုတာ ဖျက်မှ ပြီးမှာပေါ့နော်"
"အင်း အင်း"

ကျွန်တော်က ခပ်ပေါ့ပေါ့ 'အေး'ဟု ဖြေလိုက်မိသော်လည်း ချက်ချင်းပင် ပြန်ပြင်၍ ပြောလိုသောကြောင့် အတိအကျ
ဘယ်လိုဖြေရပါ့မလဲ စကားစရှာနေစဉ်ပင် မြကြည်သည် အကြော်ဖိုသို့ သွားလေသည်။ ဘူးသီးကြော်များကို
တုတ်ချောင်းကလေးနှင့် လှန်ပေးနေလေသည်။
ကိုကြွယ်က–
"ကိုယ့်လူရ၊ ဇာဌာန အုပ်ချုပ်ရေးဟာ လွယ်လွယ်နဲ့ ပျက်ပါ့မလားကွ"
"အဲဒါပေါ့ ခက်နေတာ၊ လူတွေက လွယ်လွယ်နဲက ပျက်မယ်ထင်နေကြတယ်။ ကျွန်တော်တို့ကလည်း ထင်ခဲ့တာပဲ။
တကယ်ဖျက်ကြည့်တော့ မလွယ်ဘူးဗျ၊ ပထမအဆင့်ဖြစ်တဲ့ ညွန့်ပေါင်းအစိုးရဖြုတ်ချရတာကပဲ
ဘယ့်လောက်ခက်သလဲ။ နောက်တစ်ဆင့်မှာ ဘယ်အမတ်မှ ရာထူးလက်မခံအောင် လုပ်ရမယ်ဆိုတာ ဒါကလည်း
လုပ်လို့မဖြစ်သေးဘူး။ ရာထူးလက်မခံရုံ အစိုးရအဖွဲ့ဖွဲ့မဖြစ်ရုံနဲ့ ဇာဌာန အုပ်ချုပ်ရေး ပျက်သွားမလား
မသွားဘူးလား ဆိုတာတော့ ကျွန်တော်မသိဘူး။ သခင်ခေါင်းဆောင်တွေနဲ့ သတင်းစာတချို့ကတော့
ရာထူးလက်ခံတဲ့လူမရှိလို့ အစိုးရဖွဲ့မဖြစ်ရင် ပျက်မှာပဲလို့ ပြောနေကြတယ်။ ကိုလှရွှေတို့၊ တက်ဘုန်းကြီး
ကိုသိန်းဖေတို့ကတော့ မပျက်ဘူးတဲ့၊ ဘုရင်ခံကြိုက်သလို အုပ်ချုပ်သွားမှာပဲတဲ့"
မြရီသည် ကောင်ညှင်းကျည်တောက်ကြီးများကို တစ်ဖက်တစ်ချောင်းကိုင်၍ ခုန်ပေါက်ပြေးလွှားလာ၏။
"နို့ ဘာလုပ်ကြမှာလဲ"ဟု ကိုကြွယ်က အားမလိုအားမရအသံဖြင့် မေးလေသည်။
"ကျွန်တော်တော့ မပြောတတ်ပါဘူးဗျာ"
"နို့ မင်းတို့ဌာနချုပ်က ခဏခဏ ကြေညာနေတယ်မဟုတ်လား၊ အာဏာရှင် ကိုလှရွှေမဟုတ်လား၊
ဇာဌာနအုပ်ချုပ်ရေးကိုဖျက်ပစ်မယ်၊ တစ်ပြည်လုံးအိမ်ခြေ လေးသန်းလှုပ်ရှားသွားမယ့် လုပ်ငန်းစဉ်တွေချမယ်လို့
ပြောတယ်မဟုတ်လား"
"ဟုတ်တယ်၊ ပြောတယ်"
"ပြောရင် အဲဒါက ဘာလုပ်ငန်းစဉ်လဲ"
"ကျွန်တော်တော့ မပြောတတ်ဘူး"
"ဟင် မင်းတို့က အထက်ကနေပြီး မပြောတတ်တာတွေ ပြောနေသလား ကိုယ့်လူရဲ့"
ကျွန်တော့်မှာ ခွကျနေပြန်ပါပြီ။ အကြော်စားလိုက် ကောက်ညှင်းစားလိုက်နှင့် လုပ်ပြီး ငြိမ်နေလိုက်ရပါသည်။

ကိုကြွယ်သည် အတန်ကြာ ငြိမ်နေပြီးနောက် ဆက်ပြောပြန်လေသည်။
"ဘာပြောပြော တိုင်းပြည်ကတော့ ခုနက မြကြည်ထင်သလိုပဲ၊ မင်းတို့တစ်တွေ ဟာဇ္ဈာဋ္ဌာန အုပ်ချုပ်ရေးကို
ပျက်အောင်ဖျက်ကြလိမ့်မယ်လို့ ထင်နေတယ်။ သပိတ်တွေလည်း ဆက်မှောက်နေကြတယ်၊ အင်အားပြပွဲတွေ
ဆက်လက်လုပ်နေတယ်၊ တောင်သူလယ်သမားတွေက မြို့တက်ပြီးရုံးတွေ၊ ဂါတ်တွေ၊ ထောင်တွေကို ဝိုင်းပြီး
အရေးဆိုနေတယ်၊ အဲဒါတွေ ဘယ့်နှယ်လုပ်မလဲ"
"ကျွန်တော်မပြောတတ်ဘူး၊ ကျွန်တော် ဉာဏ်မမီဘူး"
"ဒါဖြင့် ကိုလှရွှေတို့၊ ကိုသိန်းဖေတို့က ဘာပြောသလဲ"
"ကိုလှရွှေကတော့ ဘာမှမပြောဘူး၊ သည့်ပြင်ခေါင်းဆောင်တွေလည်း
ဘာမှပြောသံမကြားသေးဘူး။
ကိုသိန်းဖေကတော့ ရသလောက် အခွင့်အရေးတွေ ယူပြီး တိုက်ပွဲတွေကို ရုပ်သိမ်းရမှာပဲတဲ့။ ဒီစကား
သူကသိပ်ပြောနေလို့ သခင်ခေါင်းဆောင်တွေက သူ့ကိုမကျေနပ်ကြဘူး"
"ဒီအတိုင်းဆိုရင် ကိုသိန်းဖေကို သခင်ခေါင်းဆောင်တွေက မကျေနပ်တာ မှန်တာပဲလို့ ထင်တယ်။ တိုက်ပွဲတွေ
ဘယ့်နှယ်လုပ်ရပ်မလဲ၊ အစိုးရကလည်း ဘယ်လောက်နှိပ်စက်နေသလဲ၊ မင်းအသိပဲ မဟုတ်လား"
"ဒါဖြင့် ခင်ဗျားအထင် တိုက်ပွဲတွေ ဘယ်ထိဆက်ရင် ကောင်းမလဲ"
ကိုကြွယ်သည် မဖြေနိုင်တော့ချေ။ သူလည်း ကျွန်တော့်လိုပင် ကောက်ညှင်း စားလိုက်၊ အကြော်စားလိုက်၊
လက်ဖက်ရည်ကျိုက်ချလိုက် လုပ်နေပေတော့သည်။
ဒေါ်လုံးတင်က မြကြည်အား–
"မြကြည် လက်ဖက်တစ်ပန်းကန် ထည့်ပြီးပေးလိုက်ပါဦး"
မြကြည်သည် အကြော်ဖိုမှ ထ၍ ဒေါ်လုံးတင်ကအကြော်ဖိုတွင် ထိုင်ရစ်သည်။
အကြော်ဖိုနှင့် တစ်လံကွာလောက်တွင် စင်ကလေးတစ်ခုရှိသည်။ စင်ကလေးပေါ်၌ ဖန်ဘူးကြီးများရှိ၏။ ဤကား
သူတို့သားအမိဖွင့်ထားသော လက်ဖက်၊ ချင်းသုပ်ဆိုင်ကလေးပင်တည်း။
မြကြည်က လက်ဖက်ထည့်နေစဉ် ကျွန်တော်သည် မတ်တတ်ထလိုက်သည်။
"ကဲ–ကိုကြွယ် သွားကြစို့ဗျာ"
ဒေါ်လုံးတင်က ခင်ကျယ်ကျယ်"
နေကြဦး နေကြပါဦး လက်ဖက်ပြင်နေတယ်၊ ဟဲ မြကြည် မြန်မြန်လုပ်လေ"
"ကျွန်တော်မစားချင်တော့ဘူးဗျ၊ ညအိပ်မပျော်ဘဲနေမှာစိုးတယ်"
ကိုကြွယ်က ထိုင်ရာမှ မထဘဲ–

"နေဦးလေ၊ နည်းနည်းဖြစ်တော့ စားဦးမှပေါ့၊ ကိုယ်က ခပ်များများ စားပစ်လိုက်ပါ့မယ်"
လက်ဖက်ပန်းကန်ကိုလာချသော မြကြည်အား ကျွန်တော်သည် စိုက်ကြည့်နေသည်။
ကျစ်ကျစ်လျစ်လျစ်ဖြူဖြူဖွေးဖွေး ကိုယ်ခန္ဓာကလေးတွင် တပ်မက်စိတ်များရောက်သွားပေ၏။
ယင်းသို့သောအဖြစ်ကို ကိုကြွယ်ရိပ်မိသွားဟန် ရှိ၏။ မြကြည်သည်
သူ့အလုပ်လုပ်နေသောအခါ ကျွန်တော့်အား
ကိုကြွယ်က အသံတိုးတိုးကလေးဖြင့်–
"ဒီကောင်မလေးတွေလည်း ပင်ပန်းရှာတယ်၊ တစ်နေကုန် တစ်နေခန်း မိုးရော နွေရော
အားရတယ် မရှိဘူး။
စျေးရောင်းတဲ့အခါရောင်း၊ ဆေးလိပ်တဲ့အခါ လိပ်၊ ဒါနဲ့လည်း ထမင်းနပ်မှန်
စားရရုံပဲရှိတယ်။
ဆင်းရဲတော့ကြံမိကြံရာ ကြံတာပဲ မောင်ရင်၊ သူ့အမေ ကုလားနဲ့ပေးစားမယ်လို့တဲ့
တစ်နေ့က ပြောတယ်"
"ဩော် ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ"
"သူ့အမေက ကိုယ့်ကိုတိုင်ပင်တယ်၊ ကိုယ်က ဖျက်ထားရတယ်၊ ကွာ–ကုလားနဲ့
ပေးစားမယ့်အစား ဗမာဆီမှာ
မယားငယ်အဖြစ် အပ်ရတာက ကောင်းဦးမယ်"
"ဒါလည်းမကောင်းပါဘူးဗျာ"
ကိုကြွယ်သည် ငြိမ်ပြီးလက်ဖက်ကိုသာ စားနေတော့သည်။ ကျွန်တော်ကား မျက်နှာမော့ကာ
ကောင်းကင်အာကာပြင်ထဲတွင် ငေးမောနေလေ၏။ လထက်ခြမ်းသည် ကုက္ကိုပင်ထိပ်ဖျားမှာ
ပွင့်လင်းနေ၏။
ကျွန်တော်သည် လထက်ခြမ်းပေါ်၌ တင်ပါးလွှဲထိုင်ကာ အာကာပြင်ထဲတွင်လွင့်နေမိသည်။
အဖြေမပေးနိုင်သော
ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသော အရေးတော်ပုံနှင့် ဝေးသည်ထက် ဝေးရာသို့
လွင့်ကြည့်သည်။
ဆင်းရဲခြင်းကြောင့် ကုလားမယားငယ် ဖြစ်ရမည်ဆိုသော မြကြည်တို့နှင့် ဝေးရာ၊
သည့်ထက်သည်ဝေးရာသို့
လွင့်နေမိလေသည်။ သို့သော် သိပ်ကြာရှည်လွင့်မနေနိုင်ပါ။ လထက်ခြမ်းပေါ်မှ
ဖြုန်းခနဲလိမ့်ကျလာပါသည်။
အကြောင်းကား လမ်းမကြီးပေါ်တွင် လူငယ်တစ်စုသည် သီချင်းသံပြိုင်ဆို၍ ဘယ်ညာ
ညီစွာချီတက်လာကြသောကြောင့်တည်း။
ရဲရဲတောက် တို့ဗမာပြေ။
သတ္တိခဲတွေ
ရာဇဝင် ထိုးလောက်အောင် စွန့်ပေ၊
ဗမာ့လက်ရုံး တပ်တော်သားပေ၊
အာဇာနည်သွေးတွေ၊

အရိုးကြေကြေ၊
တို့ပြေ တို့မြေ၊
ခေတ်ဆွေးကို ပြောင်းပြန်၊
တက်ခေတ်ကို စီမံ၊
တိုးတက်အောင် စိတ်သန်၊
ညီစေနော်၊
စစ်ရဲမော်၊
ချီတက်ကြစို့ ပျော်ပျော်။
ဘယ်ညာဘယ်ညာ။
ဗမာပြေ ငါတို့ပြေ၊
ဗမာမြေ ငါတို့မြေ၊
ခင်ခင်မင်မင် အမျိုးစောင့်ကြ၊
ဘယ်ညာ ဘယ်ညာ၊
(သည်ချိန်ခါ) ဗမာပြေ
ဇာတိသွေး အရောင်တင်စေ၊
ဗမာဆို ဂိုဏ်းကဏ္ဍစိတ် ပျောက်ဖို့ တော်ပြီလေ။ ။
ကျွန်တော်တို့သည် ချီတက်သွားသော လက်ရုံးတပ်သားများကို ငေးကြည့်ကျန်ရစ်စဉ် ကိုကြွယ်က
ကျွန်တော့်လက်မောင်းကို ကိုင်လိုက်ပြီး–
"ကြားလား၊ လူတိုင်းကို ချီတက်ကြစို့လို့ ခေါ်နေတုန်း မင်းတို့က နောက်ဆုတ်မယ်များ မကြံနဲ့နော်"ဟု
သတိပေးလေသည်။ ။
၃၇
ထိုးချင်သောဆင် နောက်တစ်လှမ်းဆုတ်
အဒီအတောအတွင်း သုံးလေးရက် ကျွန်တော်တို့ ကျောင်းသားများအတွက် ရင်တဖိုဖိုနှင့် နေကြသော
ရက်များဖြစ်သည်။ တစ်ခုခုကို မဆုံးဖြတ်ဘဲမရ။ ဘာပဲဖြစ်ဖြစ် ဖွတ်နှစ်၍ ရှေ့ကိုသာ ချီတက်မည်လော။
ထိုးချင်သောဆင် နောက်တစ်လှမ်းဆုတ်ဆိုသော စကားကဲ့သို့ အချိန်ကောင်း၊ အခွင့်ကောင်းကို
စောင့်ရင်းနောက်သို့ တစ်လှမ်းဆုတ်မည်လော။
စိတ်ဓာတ်အားဖြင့်ဆိုလျှင် အရေးတော်ပုံကြီး ရှေ့ဆက်ချီတက်ရေးတွင်သာ အချိန်ခွင်ညွှာသာနေသည်။
သို့သော် အခြေအနေအဖြစ်အပျက်များက နောက်မဆုတ်လျှင် မဖြစ်။
စိတ်ဓာတ်နှင့် အခြေအနေအတိုက်အခံဖြစ်နေကြလေသည်။ အစာအငတ်ခံ တိုက်ပွဲကတည်းက

ဆက်၍ကြံ့ကြံ့ခံနိုင်သော ကျောင်းသားအရေအတွက် နည်းလာသည်မှာ သိသာသည်။
ကျွန်တော်တို့ ကျောင်းသားများထင်သလို အမတ်များအား ရာထူးလက်မခံအောင်
မတားဆီးနိုင်ကြ။
အင်္ဂလိပ်အာဏာပိုင်များနှင့် ၎င်းတို့၏အာဏာစက် ယန္တရားကား
စက်ကုန်မောင်းနေတုန်းဖြစ်၏။
တစ်ကမ္ဘာလုံးအခြေအနေနှင့် ကပ်ကြည့်လျှင် အင်္ဂလိပ်နယ်ချဲ့အာဏာသည် ပြိုပျက်ရန်
အလားအလာမရှိသေး။
ဘေးကျပ်နံကျပ် မဖြစ်သေး။ မီးကုန်ယမ်းကုန် အကြမ်းဖက်၍ ကျွန်တော်တို့၏
အရေးတော်ပုံကို တိုက်ခိုက်မည်သာ
ဖြစ်၏။ ရာထူးလက်ခံမည်သူမရှိက ဘုရင်ခံတစ်ဦးတည်း အုပ်စိုးလိမ့်မည်။
ဥပဒေပြုလွှတ်တော်ကို
ဖျက်သိမ်းလိမ့်မည်။ သို့သော် ကျွန်တော်တို့အား အလျှော့ပေးလိမ့်မည် မဟုတ်။
ကျွန်တော်တို့မှာကား လက်နက်ဆို၍ ဓားမတိုတစ်ချောင်းမျှမရှိ။ စည်းရုံးရေးကလည်း
စခါစရှိသေးသည်။
နိုင်ငံခြားအကူအညီဆိုသည်မှာလည်း မျှော်လင့်နိုင်သောအရာမဟုတ်။ နိုင်ငံခြားများနှင့်
အဆက်အသွယ်ပင်မရှိကြ။
ကျွန်တော်တို့ခေါင်းဆောင်များသည် ဤအခြေအနေများကို လူထုအား အသိမပေးကြ။
လူထု၏စိတ်ဓာတ်ကိုသာ
နည်းအမျိုးမျိုးဖြင့် မြင့်တင်ပေးထားကြ လေသည်။ ထို့ကြောင့်လူထုက "ညီစေနော် စစ်ရဲမော်၊
ချီတက်ကြစို့
ပျော်ပျော်၊ ဘယ်ညာ ဘယ်ညာ၊ ဗမာပြည် ငါတို့ပြေ"ဟု သံပြိုင်ဆို၍
လက်ရှုံးဆန့်တန်းနေကြစဉ်
"ရာထူးလက်ခံရေး အလိုမရှိ"၊ "ညွန့်ပေါင်းအစိုးရ ပြုတ်ပြီးရင် နောက်ထပ်အစိုးရ
မတက်စေနှင့်"၊ "ဗွဟ္မာန
အုပ်ချုပ်ရေးတိုက်ဖျက်ပစ်" စသော ကြွေးကြော်သံများကို အော်နေကြစဉ် ဂုဏ်မပျက်သော
နောက်ဆုတ်ရေးကို
ရှေးရှု၍သာ ထွက်ပေါက်ရာနေကြရလေသည်။
ထိုအတွင်း ဘုရင်ခံက ဆာပေါ်ထွန်းကိုပင် နန်းရင်းဝန်ခန့်၍ အစိုးရဖွဲ့စေတော့မည်ဟု
သတင်းများ
ပျံ့လွင့်လာလေသည်။
ထိုသတင်းကို ကျွန်တော်တို့၏ ကျောင်းသားခေါင်းဆောင်များသည် ချွေးတလုံးလုံးဖြင့်
စဉ်းစားကြသည်။ ကိုလှရွှေ၊
ကိုသိန်းအောင်၊ ကိုအေးကျော်၊ ကိုစိုးမောင်၊ ကိုထွန်းရှိန်၊ ကိုကျော်မြင့်၊ ကိုဘစံ၊
ကိုသန်းတင်၊ ကိုသောင်းခင်။

သူတို့နှင့်အတူ အပြင်မှ နိုင်ငံရေးခေါင်းဆောင်များဖြစ်သော သခင်နု၊ သခင်အောင်ဆန်း၊ တက်ဘုန်းကြီး
ကိုသိန်းဖေ၊ ကိုကျော်ငြိမ်း၊ ကိုချစ်စသူတို့လည်း ခေါင်းချင်းရိုက်ကြသည်။
ဆာပေါ်ထွန်း နန်းရင်းဝန် မဖြစ်အောင်ဟူသော နည်းလမ်းတစ်ခု အဖြစ်ဖြင့် အောက်ပါစာကို ဦးသွင်ထံသို့
ရေးလိုက်ကြလေသည်။
ဦးသွင်
အထက်လွှတ်တော်အမတ်
ဦးမင်းခင်ဗျား
(၁) ကျွန်တော်တို့ကျောင်းသားများ၏ တောင်းဆိုချက်များနှင့်တကွ
တိုင်းပြည်တွင် မကျေမနပ်ဖြစ်နေသောအချက်များကို ကျေနပ်စွာ ရရှိအောင်
ဦးကိုယ်တိုင် နန်းရင်းဝန်ရာထူးကို လက်ခံမှ ဖြစ်နိုင်မည်ဟု ယုံကြည်ပါလျှင်
နန်းရင်းဝန်ရာထူးကို လက်ခံ၍ အထက်ပါတောင်း ဆိုချက်များကို
ဆောင်ရွက်ပေးပါ။
(၂) အကယ်၍ အထက်ပါအချက်များကို သင့်လျော်သောအချိန်တွင်
ကျွန်တော်တို့ ကျေနပ်လောက်အောင်မရခဲ့သော် နန်းရင်းဝန်ရာထူးမှ
ထွက်ခဲ့ပါ။
(၃) အကယ်၍ အထက်ပါ အချက်များကို ရရှိပြီးသော်လည်း မြန်မာနိုင်ငံ
လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အသင်းအမှုဆောင်အဖွဲ့ ဦးသည်
ရာထူးဆက်လက် လက်ခံနေခြင်းအားဖြင့် တိုင်းပြည်အကျိုးမများဟု
သဘောရရှိ၍ အထွက်ခိုင်းသောအခါ ရာထူးမှထွက်ခဲ့ပါ။
(ပုံ)လှရွှေ
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ
သမဂ္ဂအမှုဆောင်အဖွဲ့။
ကျွန်တော်တို့သည် ဦးသွင်၏သမာဓိနှင့် ကျောင်းသားများအပေါ်တွင် ထားအပ်သော စေတနာကို
လုံးဝယုံကြည်ကြသည်။ ဦးသွင်သည် မည်သည့်နိုင်ငံရေး ဂိုဏ်းဂဏတွင်မျှမပါသောကြောင့်လည်း
ကိုယ်ကျိုးမငဲ့ရာထူးမတွယ်သော အစိုးရအဖွဲ့ကို ဖွဲ့ဖြစ်နိုင်သည်ဟု ထင်ကြသည်။ ယင်းကဲ့သို့သော
ကျောင်းသားခေါင်း ဆောင်တို့၏ စီရင်ချက်ကို ကျွန်တော်တို့သည် အသင့်လျော်ဆုံးနှင့် အလုပ်အဖြစ်နိုင်ဆုံး
အစီအစဉ်ဟု ယုံကြည်ခဲ့ပေသည်။ ထိုအတောအတွင်း ဦးပုသည် အစိုးရအဖွဲ့သစ်ဖွဲ့ရန် ဘုရင်ခံအား
ကတိပေးလိုက်ပြီဖြစ်ကြောင်း သတင်းများပါလေသည်။

မြို့မိမြို့ဖလူကြီးအချို့သည် မြန်မာကုန်သည်ကြီးများ အသင်းတိုက်၌ စည်းဝေးကြပြီး
အောက်ပါကြေညာချက်ကိုထုတ်လိုက်လေသည်။
(၁) ကျောင်းသားများ၏ တောင်းဆိုချက်သည် သင်လျော်သည်ဟု ကျွန်ုပ်တို့
သဘောရရှိသည့်အတိုင်းမည်သည့်
အဖွဲ့ခေါင်းဆောင်မဆို အစိုးရသစ် မဖွဲ့စည်းမီ ကျောင်းသားများ၏
တောင်းဆိုချက်ကိုပေးအပ်မည်ဟု ဘုရင်ခံထံမှာ
ရှေးဦးစွာ ဝန်ခံချက်ရရှိစေရန် ဆောင်ရွက်သင့်ကြောင်း။
(၂) ဘုရင်ခံထံမှ ထိုဝန်ခံချက် မရရှိလျှင် အစိုးရအဖွဲ့သစ်ဖွဲ့စည်းရန် လုပ်ငန်းတာဝန်ကို
မည်သည့်ပါတီကမျှလက်မခံရန် တိုက်တွန်းကြောင်း။
(ပုံ) ဦးသွင်
။ ဦးလှဘူး
။ ဦးညွန့်
။ ဦးဘိုးဗျော
။ ဦးမြင့်
။ ဦးဘိုးအောင်
။ ဦးထွန်းဦး
မြို့မိမြို့ဖများ ကြေညာချက်နှင့် မရှေးမနှောင်းပင် စီအင်န်အီးခေါ် အမျိုးသား ပညာရေး
ကောင်စီကလည်း
အလားတူပင် ကြေညာလေသည်။
ဦးပုသည် အစိုးရဖွဲ့ရန် ကြိုးစား၏။ ဦးဘဖေအား အစိုးရအဖွဲ့တွင် ဝန်ကြီးတစ်ဦးအဖြစ်ဖြင့်
လက်ခံရန်ဦးပုက
ဖိတ်သည်။ သူ့ငါးပွင့်ဆိုင် ဂျီစီဘီအေက လည်း လက်ခံရန် တိုက်တွန်းသည်။ ဦးဘဖေက
လက်မခံ။ ဘာ့ကြောင့်
လက်မခံသည် ကိုလည်းမရှင်း။ ဦးပုသည် ဦးစောအား လက်ခံရန် ဆွဲ၏။ ဦးစောကား
လူသိနတ်ကြား လက်မခံပါ။
ညွန့်ပေါင်းအစိုးရကို ဖျက်ပြီးနောက် နောက်အစိုးရတက်လျှင် မထောက်ခံဘဲ
ဇွဌ္ဌာနအုပ်ချုပ်ရေးဖျက်ရန်ကိုသာ
လုပ်မည်ဟု ကြေညာပြီးဖြစ်၏။ ကျောင်းသားများသမဂ္ဂကိုလည်း
ကတိလက်မှတ်ရေးထိုးပေးပြီးဖြစ်၏။ သို့သော်
ယခုအခါ လေသံပြောင်းလာသည်။ ဦးသွင်စသော မြို့မိမြို့ဖများ၏ အသံကို လိုက်လာသည်။
ကျောင်းသားများတောင်းဆိုချက်ကို လိုက်လျောအောင် လုပ်ပါမည်ဟု ဦးပုက ဝန်ခံလျှင်
ရာထူးလည်ခံမည်ဟု
ဆိုလေသည်။
နောက်ဆုံးဦးပုသည် ကျောင်းသားများအရေးကို အေးအောင်ပြီးပြတ်အောင်
ဆောင်ရွက်ပါမည်ဟု ဆိုလေသည်။

ဦးသွင်စသော မြို့မိမြို့ဖကုန်သည်ကြီးတို့ကလည်း ကျောင်းသားအရေးပေးရမည်။
ကျောင်းသားများနှင့်
ကျေအေးရမည်။
စီအင်န်အီးအမျိုးသားပညာရေးကောင်စီတို့ကလည်း ကျောင်းသားအရေး ပေးရမည်။
ကျောင်းသားများနှင့်
ကျေအေးရမည်။
ဂဠုန်စောကလည်း ကျောင်းသားများတောင်းဆိုချက်ပေးရမည်။ ကျောင်းသားများနှင့်
ကျေအေးရမည်။
ဦးပုကလည်း ကျောင်းသားတို့အရေးပြီးပြတ်ကျေအေးအောင် ဆောင်ရွက်ပါမည်။
ကျွန်တော်တို့ ကျောင်းသားတွေကလည်း လယ်သမား အလုပ်သမားနှင့် အကျိုးထပ်တူ
ဆောင်ရွက်ရမည်ဟု
ကြွေးကြော်ပြီး အရေးတော်ပုံကြီးကို စခဲ့ကြသော်လည်း ခုတော့
ကျောင်းသားများအရေးပြီးခြင်းတွင်သာ
အာရုံစိုက်နေကြ လေပြီ။ အလုပ်သမားလယ်သမားတို့ တောင်းဆိုချက်များကို မမေ့သော်လည်း
တောင်မင်း
မြောက်မင်းမကယ်နိုင်ဖြစ်ပြီ။ ကိုယ့်အရေးကိုယ် ပြီးပြတ်အောင် လုပ်ကြရုံသာ ရှိတော့သည်။
ထို့ကြောင့် ကျောင်းသားခေါင်းဆောင်များနှင့် နန်းရင်းဝန်ဦးပုတို့သည် ဦးသွင် အိမ်၌
ဖေဖော်ဝါရီလ
၂၄ရက်နေ့တွင်တစ်ကြိမ် ၂၅ရက်နေ့တွင်တစ်ကြိမ် တွေ့ဆုံ စေ့စပ်ရေးလုပ်ကြလေသည်။
၂၄ရက်နေ့အစည်းအဝေးတွင် နန်းရင်းဝန် ဦးပုနှင့် ဦးသွင်၊ ဦးဘိုးဗျော၊ ဦးညွှန့်စသော
မြို့မိမြို့ဖလူကြီးများနှင့်
ကိုလှရွှေ၊ ကိုသိန်းအောင်၊ ကိုသန်းတင်စသော ကျောင်းသားခေါင်းဆောင်များ
တက်ကြလေသည်။ ၄င်းပြင်
သခင်နုနှင့် ဒေါက်တာထင်အောင်တို့လည်း တက်ကြ၏။ ၂၅ရက်နေ့မှာကား
အထက်ပါလူကြီးများနှင့်ကျောင်းသားခေါင်းဆောင်များအပြင် ဂဠုန်ဦးစောနှင့်
သခင်အောင်ဆန်းတို့လည်းတက်ရောက်ကြသည်။ ထိုသို့ကျောင်းသားအရေး
ကျေအေးပြီးပြတ်ရန်
ဆွေးနွေးနေကြစဉ် နေရာအနှံ့အပြားမှာကား နန်းရင်းဝန် ရာထူးကိုဆက်ခံသွားသော ဦးပုအား
ရှုတ်ချသံများပေါ်လာပေသည်။ ဦးပုမှာ ရမည်းသင်းအလယ်ပိုင်း မဲဆန္ဒနယ်မှ
အမတ်ဖြစ်လေရာ ရမည်းသင်း
အလယ်ပိုင်း မဲဆန္ဒရှင်များက ချက်ချင်း အစည်းအဝေးလုပ်ပြီး ဦးပုအား ရှုတ်ချလေသည်။
အစည်းအဝေး
ဥက္ကဋ္ဌလုပ်သူမှာ ဦးပု၏တူတော်သူ ပျဉ်းမနားသခင်မြ ဖြစ်ပေ၏။ သူတို့သည်
ရန်ကုန်အရောက်ချီတက်ကာ

ကန့်ကွက်ကြမည်ဟု ဆုံးဖြတ်လေသည်။ အစိုးရသစ်ကို တောထုတ်ခြင်းလည်း ပြုလေသည်။
ရန်ကုန်တို့ဗမာ
အစည်းအရုံးက လည်းဦးပုအစိုးရ သစ်ဖွဲ့ခြင်းကို ကန့်ကွက်ရန် အစည်းဝေးခေါ်၏။
သေခါနီးမှ ရိက္ခာယူ
အဘိဓ္ဓာထူကာ ငပု ငပု။
ညွှန့်ပေါင်းလက်သစ် ရာထူးယူ
တိုင်းပြည်ဆူရင် သူတို့ကြောင့်ပဲ။
ဗမာပြည်ကြီး နစ်ဖို့ဖန်
ကလိမ်ဉာဏ်နှင့် ငစော ငစော။
ငစောမို့ တက်လို့လာ
သူ့မျက်နှာ အရှက်မရှိ။
ညာတာဝါဒ လိုမှဲလို့ဖန်
မျိုးချစ်ဉာဏ်ဟာ ဘမော်လိုပဲ။ ။
ဘတ်စ်ကားများဖြင့် လှည့်၍ သံချပ်ထိုးသူက ထိုးကြလေသည်။
ဦးပုအစိုးရနှင့် စေ့စပ်နေသော ၂ရက်အတွင်း ကျွန်တော့်မှာ နေမထိ ထိုင်မသာ
ဖြစ်နေပေသည်။
လည်ပင်းတရှည်ရှည်နှင့် ထွက်လာမည့် အဖြေကို စောင့်နေရင်း ဌာနချုပ်မှာ
အငြိမ်မနေနိုင်။၂၅ရက်နေ့ညနေ
ကိုလှရွှေတို့ လူစုဦးပုနှင့် ဆွေးနွေးရန် ဦးသွင်၏ အိမ်သို့ ထွက်ခွာသွားကြရာ
ကျွန်တော်သည်
ရေကျော်မခင်သစ်တို့အိမ်သို့ ထွက်လာခဲ့မိလေသည်။ သက်သက်ဂနာမငြိမ်လို့ လမ်းရှာကာ
ထွက်လာမိသလော၊
သို့မဟုတ် မခင်သစ်ကလေးအား တွေ့ချင်စိတ်ပေါက်လာ၍ ထွက်လာခဲ့မိသလော၊ သို့မဟုတ်
သူတို့တစ်တွေ
အထူးသဖြင့် ဆရာဖေနှင့် ဆရာကတော် ဒေါ်ညွှန့်တို့နှင့် နီးစပ်သော မြန်မာကျောင်းဆရာနှင့်
ကျောင်းသားတို့၏
အခြေအနေကို စုံစမ်းလေ့လာ လို၍ထွက်လာခဲ့မိသလော။ ကိုယ်တိုင်ခွဲခြားမသိပါ။
မခင်သစ်တို့၏ အိမ်အောက်ထပ်ရှိ ဆေးဆိုင်တွင် ကျွန်တော်မမြင်ဖူးသေးသော
မိန်းမကြီးတစ်ယောက်သည်
မခင်သစ်ထိုင်လေ့ရှိသော ကွပ်ပျစ်တွင် ထိုင်လျက် ဆေးပေါ့လိပ် မှိန်းနေလေသည်။
ထိုမိန်းမကြီးအပြင်
ဘယ်သူမျှမရှိ။ ထိုမိန်းမကြီးမှာ ဆရာဖေ၏ အရုပ်အမောင်းလောက်ပင်ရှိ၍ ဆရာဖေ၏
မျက်နှာနှင့်
ချွတ်စွပ်တူလေသည်။ ခေါင်းမှာဆံပင်ဖြူအနည်းငယ်နှင့် နဖူးပြင်တွင်
အရေးသုံးကြောင်းထင်အောင်

အရေတွန့်နေပြီဖြစ်၍ ဆရာဖေ၏ အစ်မကြီးဖြစ်ရမည်ဟု
ကျွန်တော်တပ်အပ်တွက်လိုက်ပေသည်။
"ဆရာနဲ့ဒေါ်ဒေါ်တို့ ရှိကြပါသလားခင်ဗျာ"
မိန်းမကြီးသည် ရုတ်တရက် မဖြေသေးဘဲ ကျွန်တော့်အား စုံစမ်းသည့်သဘော ဖြင့်
စေ့စေ့ကြည့်နေသေးသည်။
"မရှိဘူး၊ မင်းကဘယ်ကလဲ"
"ကျွန်တော်က ကျောင်းသားများသမဂ္ဂကပါ ခင်ဗျာ၊ မခင်သစ်ကော ရှိပါသလား"
မိန်းမကြီးသည် ကျွန်တော့်အား ဧည့်ဝတ်ပျူငှာလည်းမပြ၊ နေရာထိုင်ခင်းလည်း မပေး၊
စုံစမ်းသည့်အကြည့်ဖြင့်သာ
စေ့စေ့ဆတ်ကြည့်ပြီးနောက်–
"ဘယ်ကျောင်းက သမဂ္ဂလဲ"
"တက္ကသိုလ်ကျောင်းသားသမဂ္ဂပါခင်ဗျာ
ဘာကြောင့်မှန်းမသိ၊ ယို့ယို့ကလေး ပြုံးနေမိသည်။ အတန်ကြာမှ–
"ဟုတ်ကဲ့၊ ကျွန်တော်ဒီအိမ် ခဏခဏ ရောက်ဖူးပါတယ်။ မခင်သစ်နဲ့လည်း
ကောင်းကောင်းသိပါတယ်"
"သစ်သစ်တစ်ယောက်တော့ အပေါ်မှာရှိတယ်၊ တွေ့ချင်ရင် တက်သွားပေ တော့"
ဘာကြောင့်မှန်းမသိ၊ ကျွန်တော်သည် အပေါ်ထပ်တက်ဖို့ ခပ်တွေတွေ ဖြစ်နေသည်။
"တက်သွားလေ တက်သွား"
လှေကား ပထမဆုံးအထစ်ကို တက်လိုက်သည်နှင့်တစ်ပြိုင်နက် တသုန်သုန်လွင့်လာသော
စောင်းသဲ့သဲ့ကလေးကို
ကြားလိုက်ရလေသည်။ ငြိမ့်ညောင်းသာယာသော စောင်းကောက်သံ။
တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ် တက်၍ တက်၍သွားလျှင် စောင်းသံသဲ့သဲ့ကလေး သည် ပို၍
ပို၍
ပီသစွာရိုက်ခတ်လာသည်။ နားထောင်ချိုအေးသော သီချင်းဆိုသံ ခပ်တိုးတိုးကလည်း
စောင်းသံလှိုင်းကို စီး၍
လိုက်ပါနေသည်မဟုတ်လော။
ကျွန်တော်သည် အပေါ်ထပ်ရောက်ရန် လှေကားသုံးထစ်သာ လိုသောနေရာတွင် ရပ်နေပြီး
နားထောင်နေလိုက်သည်။
ငြိမ့်ညောင်းသော စောင်းသံနှင့်ချိုအေးသော ကြိုးသီချင်းသံကို အနှောင့်အယှက်
ဖြစ်မသွားစေလို။
မခင်သစ်သည် မိခင်က သားငယ်အား ပိုက်ထားသလို စောင်းကို ရင်ခွင်မှာ ပိုက်ထားပြီး
သွယ်ပျောင်းသည့်လက်ချောင်းကလေးများကို ကြိုးများပေါ်တွင် ကစားနေလေသည်။
အိမ်ရှေ့ဘက်သို့
မျက်နှာမူထားပြီး အာကာပြင် ပြာလဲ့လဲ့ထဲသို့ ငေးစိုက်ကာ ကြည့်ရင်းချိုအေးသည့်
အသံလှိုင်းများကို

လွင့်နေလေသည်။
“စောင်းတော်သိင်္ဂါ အေးအေးညှင်းညှင်း။ မြည်သံသာလှ မှန်ရာတွင်း၊ ထံပေါင်းတေ
တျာသွင်း၊ သာခြင်း သာခြင်း၊
လွန်သာယာစွ တီးဘွဲ့လက်သံမှာ၊ ပန်းပွားပန်းပွား၊ ဝေဆာဆာ၊ ရွှေလက်ရိုးငယ် တိုးကိန္နရာ၊
လက်သံ လက်သံ
လက်သံ ရှိန်ပြင်း၊ သာတည့်သာဘိခြင်းငယ်နှင့်၊ သုံးယံ သန်းခေါင်တွင်းပေမို့၊ တံမွှာတံရှည်
ညှင်းပါလို့
စောင်းမင်းပဥ္စသိန်လေတည့်မှ စောင်းမင်း ပဥ္စသိန်”
မခင်သစ်သည် သီချင်းဆုံးသော်လည်း အတီးမရပ်၊ အခြားကြိုးသံများကို ဆက်နေလေသည်။
မျက်နှာကိုစောင်းပေါ်တွင် ငုံ့ထားပြီး တစ်ကိုယ်လုံးမှာ အာရုံဟူသမျှကို စောင်းကြိုးနှင့်
လက်ချောင်းကလေးများဆီသို့ လွှတ်ထားဟန် ရှိပေသည်။
ကျွန်တော်တို့တစ်တွေ ယောက်ယက်ခတ်နေချိန်တွင် မခင်သစ်ကား ငြိမ်းအေးသက်သာ
ရှိလှပေ၏။
အများတကာက ကြွေးကြော်သံတွေ အော်နေကြခိုက် မခင်သစ်က ငြိမ့်ညောင်းသော
စောင်းသံနှင့်
ချိုအေးညင်သာသော ကြိုးသီချင်းသံတို့ တွင် နစ်မြုပ်လျက်ရှိ၏။ ကျွန်တော်သည်
ရုတ်တရက်တော့
မခင်သစ်အားအံ့သြမိ၏။ သို့သော်တွေးကြည့်တော့ အံ့သြစရာမဟုတ်ပါ။
ကျွန်တော်သည်လည်း ကမာရွတ်သွား
၍ပန်းများအကြားတွင် လိပ်ပြာကလေးများနှင့်အတူ ဝဲပျံနေခဲ့သည်။ တပေါင်းလ၏
ညနေခင်းအလှတွင်
နစ်မြုပ်နေခဲ့သည်။ လထက်ခြမ်းပေါ်စီး၍ ကောင်းကင်ပြာ လဲ့လဲ့တွင်လွင့်နေခဲ့သေးသည်။
မအံ့သြရုံမကသေး၊
မခင်သစ်နှင့် ကျွန်တော်သည် ဥာဉ်တူသည်၊ ဝါသနာတူသည်ဟုပင် အောက်မေ့မိသေး၏။
“တက်သွားလေ၊ တက်သွား၊ ဟဲ့–သစ်သစ် ဧည့်သည်လာနေတယ်”
ဟူသော မိန်းမကြီး၏ ကျယ်လောင်သောအသံသည် လှေကားခြေရင်းမှ အပေါ်သို့
တက်လာလေရာ ကျွန်တော့်မှာ
ဒိတ်ခနဲပင်ဖြစ်သွားတော့၏။ သည်တော့မှ မခင်သစ်လည်း ကျွန်တော့်ဘက်သို့
ကြည့်လိုက်လေသည်။
အံ့သြသွားသော မျက်နှာမှာ ခဏအတွင်းချိုသွားသည်။ သို့သော်ပြုံး၍သာ နှုတ်ဆက်ပြီး
လက်ကတော့
ကြိုးပြီးအောင် ဆက်တီးနေပေ၏။
ကျွန်တော်သည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ တီးပြီးသည့်တိုင် အောင်
သူ့မျက်နှာလေးကိုတစိမ့်စိမ့် ကြည့်နေလိုက်သည်။ မျက်နှာပေါ်တွင် ထင်းခနဲ ဝင်းပလာသော
အပြုံးသည်

တော်တော်နှင့် ပျောက်မသွား။ စောင်းကြိုးများပေါ်တွင် လက်ကလေးများ
သော့လိုက်သောအခါ
ဆံတောက်ကလေးသည် လုပ်လဲ့လုပ်လီ ဖြစ်နေပေသည်။
“ဆရာနဲ့ဒေါ်ဒေါ်တို့ ဘယ်သွားကြသလဲ မခင်သစ်”
“ဖေဖေက ဘတ်စ်ကား သပိတ်လုန်မယ့် အစည်းအဝေးတက်ဖို့တဲ့၊ ဦးလေး ဦးဘချိုနဲ့
ဦးလေးနုတို့က
ခေါ်သွားတယ်။ မေမေကတော့ လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ရယ်
ဆေးလိပ်ခုံအမျိုးသမီးတွေနဲ့အတူ
ဘတ်စ်ကားတွေနဲ့ ထွက်သွား ကြတယ်။ ဦးစော ရာထူးယူမယ်လို့ ကန့်ကွက်ဆန္ဒပြဖို့တဲ့”
“ဒီတစ်ခါမခင်သစ်တော့ လိုက်မသွားဘဲကိုး”
“ကောင်းကောင်းနေမကောင်းတာနဲ့ လိုက်မသွားဘူး ဆရာရဲ့”
“ခုနက ဆိုတဲ့ကြိုးဟာ သိပ်ကောင်းတာပဲနော်၊ မခင်သစ် စောင်းတီးတာက လည်း
သိပ်ကောင်းတာပဲ”
“အင်း၊ ဟန်မပါပေလို့သာပေါ့ သစ်သစ်ရယ်၊ ဟန်သာပါရင်”
မခင်သစ်သည် စောင်းကိုခုံပေါ်တင်ထားလိုက်ပြီး ခပ်လှမ်းလှမ်းက ကုလားထိုင် တစ်လုံးမှာ
ထိုင်လိုက်သည်။
“ဆရာက ဂီတဝါသနာ မပါဘူးနော်”
“ဘယ်သူက ပြောသလဲ”
“အို–အရင်တစ်ခါတုန်းက ဆရာပဲပြောတယ် မဟုတ်လား”
“အင်း ဟုတ်သားပဲ၊ သစ်သစ်က တယ်မှတ်မိတာကိုး”
ကျွန်တော်သည် မခင်သစ်ကလေးက ကျွန်တော်ပြောခဲ့ဖူးသည့် စကားကို မှတ်သားထားသဖြင့်
ကျေနပ်ပြီးအပြုံးကြီးပြုံးနေသည်။ ဘာကြောင့်မှန်းမသိ၊ မခင်သစ်ကလည်း ပြုံး၍နေသည်။
“ခုနကကြိုးဟာ စောင်းတော်ဘွဲ့ကြိုးတဲ့ဆရာရဲ့။ စောင်းကြိုးရဲ့အသံ၊ စောင်းတီးသူရဲ့
လက်သံသာယာပုံကို
ချီးကျူးဖွဲ့ဆိုရုံတင်မက စောင်းကြီးမှာ ပန်းပွားတွေနဲ့ ဘယ်လောက်ဝေဆာတယ်၊ တိုးရုပ်
ကိန္နရာရုပ်တွေက
ဘယ်နေရာမှာ ပါတယ်ဆိုတာတွေကိုလည်း ဖော်ပြထားတယ်။ ဗဟုသုတလည်းဖြစ်စေတဲ့
ကြိုးပေါ့ ဆရာရယ်”
“ဒါထက် သစ်သစ်ကိုတစ်ခု သတိပေးရဦးမယ်”
မခင်သစ်၏မျက်နှာမှာ စိုးရိမ်ခြင်းဖြင့် ညိုသွားသည်ဟု ထင်ရသည်။
“တခြားမဟုတ်ပါဘူး၊ စောင်းတီးတဲ့အခါမှာလေ အိမ်ရှေ့ဘက် မျက်နှာမူပြီး မတီးစေချင်ဘူး။
အလင်းရောင်တွေက
တိုက်ရိုက်မျက်စိကို ထိုးတော့ မျက်စိကို ထိခိုက်မှာစိုးရတယ်သိလား”
ထိုအတွင်း အိမ်ရှေ့တည့်တည့် လမ်းပေါ်မှ ကျယ်လောင်စွာ သံပြိုင်ဟစ်လိုက် သော
ကြွေးကြော်သံများသည်

ကျွန်တော့်စကားများကို ပိတ်ပစ်လိုက်ပါလေသည်။
ဂဠုန် ဂဠုန် ဦးစော ဦးစော
လိမ်တာ လိမ်တာ သူပဲ သူပဲ။
အုပ်ချုပ်ရေး အုပ်ချုပ်ရေး
တိုက်ဖျက်ကြ တိုက်ဖျက်ကြ။
ဦးစောလိမ်တာ သူ့အကြံ
ငါတို့မခံ ဘာထင်လို့လဲ။
ရာထူးငယ်တဲ့ မောင်ဂဠုန်
အကြံကုန်လို့ ဂဠုန်ဆားချက်။
သံပြိုင်အော်ကြပြီးနောက် အမျိုးသမီးတစ်ယောက်က "ဂဠုန်ရှက်ဖွယ်"ဟု ဟစ်လိုက်သည်။
အခြားတစ်ယောက်က
"လဒရှက်ဖွယ်"ဟု အော်သောအခါ အခြားတစ်ယောက်က "နံ့ပြည်စုတ်ရှက်ဖွယ်"ဟု
ဟစ်ပြန်လေသည်။
မခင်သစ်သည် ပြတင်းပေါက်ဆီသို့ သွားကြည့်ရင်း–
"ဟော–မေမေတို့ ပြန်လာကြပြီ"
ကျွန်တော်ကား ထိုင်မြဲသာထိုင်နေသည်။ အချို့အမျိုးသမီးများ ဘတ်စ်ကားပေါ်မှ
ဆင်းကြသံကို ကြားရသည်။
အောက်ထပ်တွင် ကျွန်တော်တွေ့ခဲ့ ရသော မိန်းမကြီးနှင့် ဘတ်စ်ကားပေါ်မှ
မိန်းမကြီးတစ်ယောက် အပြန်အလှန်
အော်ကျယ်ဟစ်ကျယ် စကားပြောကြသံကိုလည်း ကြားလိုက်ရပေသည်။
မိန်းမကြီး–
"ဘယ့်နှယ်လဲဟေ့၊ ဂဠုန်အိမ်ရောက်ခဲ့ကြရဲ့လား"
"ရောက်လည်းရောက်ခဲ့ပါ၊ ကြွေးကြော်သံတွေလည်း အော်ခဲ့ပါတယ်ရှင်"
"ဒါဖြင့် ပြီးရောပေါ့အေ"
"မပြီးဘူးအမိရေ့၊ ဂဠုန်အိမ်က ကောင်တွေကောင်မတွေက လှန်ပြလိုက်ကြ တယ်။ တို့က
ဂဠုန်သာ
အရှက်မရှိဘူးထင်တယ်၊ ခုတော့ သင်းတို့တစ်မျိုးလုံး တစ်ဆွေလုံးအရှက်ကိုမရှိတာကိုး
အမိရဲ့"
ထို့နောက် ဘတ်စ်ကားထွက်သွားလေသည်။ မကြာမီပင် ဒေါ်ညွန့်သည်
အပေါ်သို့တက်လာလေသည်။
ကျွန်တော်က မတ်တတ်ရပ်ပြီး ဆီးကြိုနေသည်။
"ဩော် မောင်တင်ထွန်း၊ ရောက်နေတာကြာပြီလား"
"သိပ်မကြာသေးပါဘူး ဒေါ်ဒေါ်"
"ထိုင်ပါကွယ် ထိုင်ပါ၊ သစ်သစ်ရေ မေမေ့ကို ရေတစ်ခွက်ပေးစမ်းကွယ်"

ဒေါ်ညွန့်သည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ တော်တော်ပင်
မောလာခဲ့ဟန်ရှိသည်။ အလိုလို
ပေါ်နေချင်သော အတန်ငယ်ခေါသည့် သွားများသည် ပြုံးရောင်သမ်းနေသော
နှုတ်ခမ်းများကြားမှ
ဖွေးခနဲပေါ်နေကြသည်။ မခင်သစ်က ရေခပ်ပေးသည်ကိုသောက်ပြီးနောက်–
“ဘယ့်နှယ်မင်းတို့ တက္ကသိုလ်ကျောင်းသားတွေက ငစောနဲ့ စေ့စပ်နေကြပြီ ဆိုပါကလား”
“ဦးစောနဲ့ရယ်လို့ မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ဦးပုနဲက စေ့စပ်ဆွေးနွေးနေတာပါ”
“အတူတူနဲ့ အနူနူပေါ့ကွယ်၊ ဒေါ်ဒေါ်တို့သဘောကတော့ဖြင့် သပိတ်လှန်တာကို
မကြိုက်ဘူးကွ၊ ဗြဒ္ဒါန
အုပ်ချုပ်ရေး မပျက်မချင်း သပိတ်မလှန် စေချင်ဘူး”
မခင်သစ်သည် သူ့အမေ၏ ဘေးမှာ မတ်တတ်ရပ်လျက် ကျွန်တော်ဘာပြော မည်ကို
သိလိုဇောနှင့်
စောင့်ကြည့်နေလေသည်။ ကျွန်တော်ကား ရုတ်ခြည်း ဘာမျှပြန်မပြောနိုင်။
အတော်ကန့်ကွက်ချေပရန်ခက်သော
စကားများပေတည်း။
“ဒေါ်ဒေါ်တို့ကတော့ဖြင့် မြိတ်မြို့က ကျောင်းသားမိဘတွေရဲ့ ဆုံးဖြတ်ချက်ကို ကြိုက်သကွဲ့။
လွတ်လပ်ရေးမရမချင်း သပိတ်မှောက်နေမယ်တဲ့”
ကျွန်တော်ကား ဘာမျှမပြောနိုင်တော့ချေ။ ဒေါ်ဒေါ်သည် သူ့သမီးအား မော့ကြည့်ပြီး–
“သမီးရေ အမေဆာပြီကွယ်၊ ကဲ–နောက်ဖေးသွားပြီး ထမင်းပြင်ဖို့ပြော၊ သမီး ဖေဖေအတွက်
ချန်ထားလိုက်နော်၊
မောင်တင်ထွန်း ထမင်းစားသွားပါလား”
“မစားပါဘူး ဒေါ်ဒေါ်”
“ဘာလို့ မစားတာလဲကွဲ့၊ ဒါထက် မောင်လှရွှေတို့ ဦးပုနဲ့စေ့စပ်နေကြတာ ဘာတွေများ
ရသတဲ့လဲ”
“အပြီးသတ် မဆုံးဖြတ်ရသေးဘူးတဲ့ ဒေါ်ဒေါ်ရဲ့၊ ဒီတော့ ကျွန်တော်လည်း ဘာမှ
မည်မည်ရရ မသိသေးဘူး။
ကိုလှရွှေတို့လည်း ဒီနေ့ညနေပဲ ဦးသွင်အိမ်ကို သွားကြလေရဲ့၊ သူတို့အဲဒီသွားကြတုန်း
ကျွန်တော်ဒီကိုလာတာပဲ”
ဒေါ်ဒေါ်သည် ဘာမျှမပြောဘဲ ငေးနေသည်။
ကျွန်တော်လည်း ငြိမ်၍နေလိုက်သည်။
အတော်ကြာသောအခါ မခင်သစ်က ထမင်းစားလာခေါ်သဖြင့် ဒေါ်ဒေါ်သည် ထိုင်ရာမှထရင်း–
“လာလေကွယ် မောင်တင်ထါန်း ထမင်းစားသွားပါလား”
“မစားတော့ပါဘူး ဒေါ်ဒေါ်၊ ဆရာတော့ တော်တော်နဲ့ ပြန်မလာသေးဘူး ထင်တယ်နော်”
“မပြောတတ်ဘူး၊ ဘတ်စ်ကားသမားတွေရဲ့ အစည်းအဝေးကို ဆရာဦးဘချိုနဲ့
လိုက်သွားတာပဲ။

ဘတ်စ်ကားသပိတ်တွေကတော့ လှန်ကြမှာထင်ပါရဲ့၊ ဆရာဦးဘချိုတို့ ဝင်စေ့စပ်လို့ တောင်းဆိုချက်တွေ
တော်တော်များများပဲရတယ်။ ကော်ဖီသောက်ပါဦးလား”
ကျွန်တော်လည်း ထိုင်ရာမှထလိုက်ပြီး–
“မသောက်တော့ဘူးဒေါ်ဒေါ်၊ ကျွန်တော်သွားတော့မယ်”
“သွားတော့မလား အေးအေး”
ဒေါ်ဒေါ့်အားကြည့်ရသည်မှာ အတော်ပင် ပင်ပန်းနွမ်းနယ်နေပုံရသည်။ ဆာကလည်း အတော်ဆာနေနေသည်။
ကျွန်တော့်အား မလွှဲသာ၍ ဧည့်ခံပြောဆိုနေ ရသော်လည်း ကျွန်တော်သွားတော့မည်ဆိုသောအခါ
အတော်သက်သာရာ ရသွားသည်ဟု ထင်သည်။
မြို့မကျောင်းသို့ ကျွန်တော်ပြန်ရောက်သောအခါ ကိုလှရွှေတို့လူစုကား ပြန်မရောက်ကြသေး။
ယနေ့စေ့စပ်ရေး အစည်းအဝေးသို့ ကိုလှရွှေ၊ ကိုအေးကျော်နှင့် ကိုစိုးမောင်တို့သာ လိုက်ပါသွားပြီး
ကျန်အမှုဆောင်များ နေရစ်ခဲ့ကြသည်။ သူတို့ကား ကိုလှရွှေတို့အလာကို တမျှော်မျှော်နှင့် စောင့်နေကြသည်။
အချို့က စာဖတ်နေကြသည်။ အချို့က အိပ်နေကြသည်။
ကျွန်တော်ကား ခြေကုန်လက်ပန်းကျနေသည်။ စကားဝိုင်းသို့ မဝင်ချင်။ စာလည်း မဖတ်ချင်။ ပျော်သွားအောင်သာ
အိပ်ပစ်လိုက်လိုပေသည်။ သို့သော် ဤလိုဂနာမငြိမ်နိုင်အောင် စောင့်ရမျှော်ရသော အချိန်မျိုး၌ လှဲလိုက်
လှဲလိုက်ချင်း အိပ်ပျော်နိုင်သည် မဟုတ်ပေ။ စစ်မြေပြင်တွင် သဲသဲမဲမဲ တိုက်နေကြဆဲ အိပ်လို၍ ခေါင်းချလိုက်လျှင်
အိပ်ပျော်သွားတတ်သည်ဆိုသော စစ်သူကြီး နပိုလီယံကို ပြေးသတိရမိလေသည်။
ကျွန်တော်သည် ခေါင်းအုံးတစ်လုံးနှင့် သတင်းစာတစ်စောင်ကို ဆွဲယူပြီး အခန်းတစ်ခန်းတွင်းသို့ ဝင်လေသည်။
ပက်လက်လှန်လှဲ၍ ဆေးပေါ့လိပ်နှင့် ဇိမ်ယူနေသော ကိုထွန်းရှိန်ကို တွေ့ရလေသည်။
“ပြန်မလာကြသေးဘူး မဟုတ်လား”
ကျွန်တော်က သူ့ဘေးမှာ ခေါင်းအုံးချရင်း–
“မလာကြသေးဘူး၊ သူတို့ပြန်ရောက်လောက်ပြီဆိုပြီး ကျွန်တော်ပြန်လာတာ”
“ကိုယ့်လူက ဘယ်ကပြန်လာတာတုံး”
“ရေကျော်က ဆရာဖေတို့အိမ်က”
ကိုထွန်းရှိန်သည် ဆေးပေါ့လိပ်ကို လွှင့်ပစ်လိုက်ပြီးနောက်–
“သူတို့ဆီက ဘာထင်မြင်ချက်တွေများ ပေးကြသလဲ”

"ဆရာကတော်ကလေ ဇွဥ္ဌာန အုပ်ချုပ်ရေးပျက်မှ သပိတ်လှန်ရမယ်တဲ့။ မြိတ်က
မြို့မိမြို့ဖတွေ ဆုံးဖြတ်ချက်၊
ဟိုလွတ်လပ်ရေး မရမချင်း သပိတ်မှောက်ရ မယ်ဆိုတာလေ။ အဲဒါကို ဆရာကတော်က
သဘောကျနေတယ်"
ကျွန်တော်သည် အိပ်ရာမှ လှဲလိုက်သည်။
ကိုထွန်းရှိန်က သူ့ဘာသာသူ ပြောဟန်နှင့် ကျွန်တော်ကြားလောက် အောင်–
"အင်း ခက်တော့တာပဲ"
ကျွန်တော်သည် သတင်းစာဖတ်၍နေလိုက်လေသည်။
"ပုသိမ်ညွှန့်ဆားဂိုဒေါင်တွင် ထည့်ထားသော လက်နက်များကို တရုတ်ပြည်သို့
တင်ပို့လိုက်ပြီ"
"ပြင်သစ်အစိုးရသည် စပိန်ပြည်သူပုန် ဖရန်ကိုအစိုးရကို အသိအမှတ်ပြုရန်
ဆုံးဖြတ်လိုက်ခြင်း"
"ပညာတော်သင်ရန် ဂျပန်ပြည်သွားချင်သလား"
ဤနောက်ဆုံးခေါင်းစဉ်မှာ သတင်းမဟုတ်၊ ကြော်ငြာဖြစ်သည်။ ထိုကြော်ငြာကို ထည့်သူမှာ
မည်သူပါလဲ။
။ညအနမညအေသေညန္၊အကိနညအျ။ညျအငအေကအနယ္ဝသုပသ နှင့်ဆက်ရမည် ဟု
ဆိုထားသည်။ ဂျပန်ပြည်ကနေပြီး ဤကြော်ငြာကို
မပို့တန်ရာ။ ဗမာပြည်မှာ ဂျပန်ကိုယ်စားလှယ်ရှိတန်ရာ၏။
ကျွန်တော်သည် သတင်းစာဖတ်ရင်း စဉ်းစားခန်းဝင်နေခိုက် ကိုထွန်းရှိန်က–
"ကိုယ့်လူရဲ့ သူငယ်မကလေးကော တွေ့ခဲ့သေးသလား"
"ဘယ်သူ့ကို ပြောတာလဲဗျ"
"ဆရာဖေ့သမီး မခင်သစ်လေ"
"ဒီလိုမပြောပါနဲ့ဗျာ၊ ကျွန်တော် စိတ်တောင်မကူးမိသေးပါဘူး"
"ဟုတ်ကဲ့လား ကိုယ့်လူ၊ တကယ်စိတ်မကူးတာလား၊ ဒီလိုဆိုရင်ကိုယ်တို့တောင်
ပြိုင်ပွဲဝင်နိုင်သေးတာပေါ့"
"တကယ်စိတ်မကူးသေးပါဘူး၊ ကောင်မလေးက ငယ်ငယ်ကလေး ရှိသေးတယ်ဗျ"
"တောက်တီးတောက်တဲ့ ဘယ်ငယ်ရမှာလဲ၊ ၁၅နှစ်တော့ ကျော်ရောပေါ့၊ ကိုယ့်လူ
ဟန်ဆောင်မနေနဲ့၊
ဘေးလူအဖြစ်နဲ့ အကဲခတ်ကြည့်တော့ ကိုယ့်လူဟာ ကောင်မလေးကို
ဘာကလိုတိုတိုဖြစ်နေပြီး ဟဲ ဟဲ"
ကျွန်တော်ကလည်း ဘာမျှမပြောတော့ဘဲ ဟဲ ဟဲနှင့် အသံထွက်၍ပြုံးနေလိုက် ပါသည်။
သူပြောခါမှ မခင်သစ်ကလေးအား မြင်ယောင်နေသည်။ အလှကြီးလှသည် မဟုတ်သော်လည်း
ကျက်သရေရှိသည်။
ချိုသည်။ ချစ်စရာကောင်းသည်။
သတင်းစာကိုဆက်ဖတ်သည်။

"လားရှိုးနှင့်ချုံကင်းလေယာဉ်ပျံ အမြဲသွားတော့မည်"
မခင်သစ်ကလေးဟာ ငယ်ပေမယ့် လိမ္မာတယ်။ မျိုးချစ်စိတ်ရှိတယ်။
"ဂျပန် ကြုံးဝါးသံကိုဖတ်ပါ"
မခင်သစ်ကလေးဟာ ကဗျာဂီတမှာ အရွယ်နဲ့မလိုက်အောင် တော်တယ်။
"ဂျပန်တိုင်းသတင်းစာကိုဖတ်ပါ၊ အရှေ့အာရှအကြောင်းနားလည်ပါ"
သတင်းစာကိုရင်ဘတ်ပေါ် ချထားလိုက်သည်။
မခင်သစ်၊ တရုတ်၊ ဂျပန်၊ မခင်သစ်၊ ဖရန်ကို၊ ချိန်ဘာလိန်၊ မခင်သစ်၊ မျက်စိထဲမှာ ထွေးလုံးရစ်ပတ်ပေါ်နေသည်။
အိပ်ပျော်သွားလိုက်သည်မှာ မနက်၅နာရီခွဲလောက် ကိုထွန်းရှိန်လာနှိုးမှနိုးတော့ သည်။
"ကိုလှရွှေတို့ ပြန်လာကြပြီလား"
ကိုထွန်းရှိန်၏မျက်နှာမှာ အဆီတွေ ဝင်းနေသည်။ မျက်တွင်းလည်း အနည်းငယ်ဟောက်နေပုံရသည်။
"ကြာလှပြီ ပြန်ရောက်တာ"
"ဘာတွေရခဲ့ကြသလဲ၊ အခြေအနေဘယ်လိုနေသလဲ"
ကိုထွန်းရှိန်သည် သူ့ထက်ထဲက စာရွက်တွေကို ကျွန်တော့်အားပေးရင်း–
"အဲဒါတွေပဲ။ ကိုယ်တို့မနေ့ညက ၂နာရီမှာမှ အစည်းအဝေးလုပ်ရတယ်။ ကိုလှရွှေ၊ ကိုသိန်းအောင်၊ ကိုအေးကျော်၊
ကိုစိုးမောင်၊ ကိုကျော်မြင့်၊ ကိုသောင်းခင်၊ ကိုဘစံ၊ မြို့မကိုသန်းတင်နဲ့
ကိုယ်တို့တက်ကြတယ်။
တို့ဖိတ်ကြားချက်အရ အပြင်ကတက်တဲ့ လူတွေကတော့ သခင်နု၊ သခင်အောင်ဆန်း၊ သခင်သိန်းဖေ၊
ကိုကျော်ငြိမ်းနဲ့ ကိုချစ်တို့ဖြစ်တယ်။ ကိုလှရွှေတို့လူစုက နန်းရင်းဝန်ဦးပုနဲ့ စေ့စပ်ဆွေးနွေးချက်
သဘောတူညီချက်များကို တင်ပြကြတယ်။ တစ်ညလုံး ဆွေးနွေးပြီး လက်ခံကြဖို့ ဆုံးဖြတ်တယ်။ ခုပဲ
အစည်းအဝေးပြီးတယ်"
"သပိတ်လှန်ဖို့ ဆုံးဖြတ်ပြီးပြီလား"
"အင်း၊ ဆုံးဖြတ်ပြီးပြီ။ အဲဒါတွေကို ကိုယ့်လူ လက်နှိပ်စက် လုပ်ပေးဦးမှပဲ။ ချက်ချင်း သတင်းစာတိုက်တွေကို
ပို့ရမယ်၊ ဟုတ်လား"
စာရွက်များကိုယူ၍ ဟိုလှန်သည်လှန် အပေါ်ယံလျှံ၍ကြည့်ရင်း ကျွန်တော်က–
"ဟုတ်ပြီလေ လုပ်တာပေါ့"
"ကိုယ်တော့ အိပ်လိုက်ဦးမယ်"
ကိုထွန်းရှိန်သည် ကျွန်တော့်ခေါင်းအုံးကိုပါ သူ့အိပ်ရာသို့ ယူသွားပြီး ခေါင်းအုံး ၂လုံးကြားမှာ ခေါင်းကိုထား၍

တစောင်းခွေကာ အိပ်နေလေသည်။
သပိတ်လှန်လိုက်ပြီ။
ကျွန်တော်သည် ဤသတင်းကို အငြိမ်မနေနိုင်အောင် စောင့်နေခဲ့သော်လည်း ကြားရတော့ မအံ့သြ၊
မျှော်လင့်နေပြီဖြစ်သည်။ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း။
တောင်းဆိုချက်တွေကော အငြိမ်မနေနိုင်အောင် စောင့်နေခဲ့သော်လည်း ကြားရတော့ မအံ့သြ၊
မျှော်လင့်နေပြီဖြစ်သည်။ ဝမ်းလည်းမသာ၊ ဝမ်းလည်းမနည်း။
တောင်းဆိုချက်တွေကော ဘယ့်လောက်ရလို့ ဘယ့်လောက်မရသလဲ။ ဦးပုအစိုးရနဲ့
ကျွန်တော်တို့ခေါင်းဆောင်တွေ
ဘာတွေများ သဘောတူညီခဲ့ကြသလဲ။
ကျွန်တော်သည် အခန်းထဲမှ စင်္ကြံသို့ထွက်ခဲ့ပြီး စင်္ကြံတံတိုင်းပေါ်တွင် လက်ပိုက်၍ အပြင်သို့
ငေးကြည့်နေသည်။
မြင်းပြိုင်ကွင်းဟောင်းကြီးထဲတွင် မြူတွေဆိုင်းနေသည်။ နေမင်းကား မထွက်သေး။
အရှေ့ကောင်းကင်မှာ
နှင်းဆီရောင် စို့နေသည်။ ရွှေတိဂုံစေတီတော်ကြီးကား မြူများကြားတွင် ဂွမ်းနုလွှာကြားက
ရွှေတောင်ကြီးလိုတည်နေလေသည်။ ငှက်များသည် ဥဒဟိုပျံသန်းရင်း နံနက်သီချင်းများ
ကျူးရင့်နေကြ၏။
ဥဩတွန်သံသည် ရင်တွင်းမှာ စိမ့်သွားအောင် သာယာအေးမြသည်။
ကျောင်းပိတ်ချိန်ပါတကား။
သို့သော် ကျောင်းတွေကို သပိတ်လှန်လိုက်ပေပြီ။
အတန်ကြာနံနက်ခင်းအလှကို နံနက်ခင်းလေညင်းနှင့်တကွ ရှူရှိုက်ပြီးနောက် သက်ပြင်းချ၍
ရင်လေးမှုကို
ပေါ့စေပြီး တိုက်ပ်ရိုက်ရမည့် စာရွက်များကို ဖတ်လိုက်သည်။
မြို့မိမြို့ဖများနှင့် အစိုးရမင်းတို့သည် ကျောင်းသားများကိစ္စနှင့်ပတ်သက်၍
အောက်ပါအချက်များကို
သဘောတူညီကြပြီဖြစ်ကြောင်း။
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်းက ၎င်းတို့ လက်အောက်ရှိ
ကျောင်းသားအားလုံးကို
အောက်ပါအချက်အလက်များကိုလိုက်နာ စေရမည်။
(က) တရားဥပဒေနှင့် ဆန့်ကျင်သောအမှုများကို ပြုလုပ်ခြင်းမှဖြစ်စေ၊ အားပေးခြင်းမှဖြစ်စေ၊
ရှောင်ကြဉ်ကြရမည်။
(ခ) ယခု လက်ရှိတက္ကသိုလ်ကျောင်းနှင့် စာသင်ကျောင်းသပိတ်မှောက်ခြင်းများ
ကိုရပ်စဲရမည်။
အစိုးရကအောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း။
၁။ အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောခြင်း၊ အကြမ်းပြုလုပ်ခြင်း၊

အကြမ်းဖြုလုပ်အောင်လှုံ့ဆော်ပေးခြင်းပါဝင်သော အမှုများမှတစ်ပါးယခုလက်ရှိ
ဆူပူသပိတ်မှောက်မှုနှင့်
ပတ်သက်၍ ဖမ်းဆီးခြင်း၊ သို့မဟုတ် စစ်ကြောစီရင်၍ အပြစ်ဒဏ်ပေးခြင်းခံရသော
တပည့်ကျောင်းသားများအား
လွှတ်မည်။
အစိုးရအား အကြည်ညိုပျက်အောင် ဟောပြောခြင်း၊ အကြမ်းဖြုလုပ်ခြင်း အကြမ်းဖြုလုပ်စေရန်
လှုံ့ဆော်ပေးခြင်းများ မပါဝင်သည့် အမှုများနှင့် စပ်လျဉ်း၍ တရားရုံးတော်တွင်
အစစ်ဆေးခံနေရသူတို့အတွက်မှာ
အစိုးရမင်းတို့က စီရင်စုနယ် ရာဇဝတ်တရားသူကြီးအား ဆိုင်ရာအမှုလိုက်
ရှေ့နေနှင့်တိုင်ပင်၍
အမှုကိုရုပ်သိမ်းခွင့်ပြုရန် သင့်မသင့်ကို စဉ်းစားရန်အတွက် ပြောကြားလိမ့်မည်။ ဤအချက်၌
တရားဥပဒေအရ
တရားရုံးတော်က ဆုံးဖြတ်သည့်အတိုင်းတည်မည်။
၂။ ယနေ့မတိုင်မီ လက်ရှိ စာသင်ကျောင်းနှင့် တက္ကသိုလ်ကျောင်းသပိတ်
မှောက်ခြင်းများနှင့်ပတ်သက်၍
ကျူးလွန်ကြသောအမှုများအတွက် ကျူးလွန်သည့် အမှုသည် အကြမ်းဖြစ်စေ၊
ရာဇဝတ်မှုဖြစ်စေ၊ မကျူးလွန်လျှင်
တပည့်ကျောင်းသားများအား ကျောင်းစည်းကမ်းအရ အရေးယူလိမ့်မည် မဟုတ်ချေ။
၄။ ကျောင်းစားမေးပွဲနှင့်ပတ်သက်၍ ယခုလက်ရှိ သပိတ်ကို လှန်ပြီးနောက်
အနည်းဆုံးသုံးလခွာ၍နောက်ထပ်
စာမေးပွဲများကျင်းပးလိမ့်မည်။ ၄င်းစာမေးပွဲအတွက် ဝင်ခများမှာ စာမေးပွဲဝင်သည့်
ကျောင်းသားပေးဆိုမည့်
ဘာသာရပ်အတွက် အချိုးကျပေးရလိမ့်မည်။ တက္ကသိုလ်ကျောင်းစာမေးပွဲအတွက်လည်း
ထိုနည်းအတူ အရေးယူရန်
အစိုးရက ဆိုင်ရာသို့ ထောက်ခံအကြံပေးလိမ့်မည်။
၅။ ၁၉၃၈–ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် အတွင်းဝန်များရုံးအနီး၌
ပုလိပ်များနှင့်ကျောင်းသားများဖြစ်ပွားသည့်ကိစ္စအတွက် စုံစမ်းရေးကော်မတီကြီး
တစ်ခုခန့်ထားလိမ့်မည်။
၄င်းအဖွဲ့၌ အစိုးရအရာရှိ မဟုတ်သော ပုဂ္ဂိုလ်များ ပိုမိုပါဝင်လိမ့်မည်။
(ပုံ) မောင်ပု၊ နန်းရင်းဝန်ကြီး
၂၆–၂–၃၉
(ပုံ) ဦးသွင်၊ မြို့မိမြို့ဖအဖွဲ့ ဥက္ကဋ္ဌ
၂၆–၂–၃၉
(ပုံ) လှရွှေ၊ မြန်မာနိုင်ငံလုံးဆင်ရာ
ကျောင်းသားများသမဂ္ဂအသင်း

၂၆-၂-၃၉
'အထက်ပါလက်မှတ်ထိုးသော စာတမ်းကို ထပ်မံ၍ အဓိပ္ပာယ်များ ပေါ်လွင်အောင်
ရှင်းလင်းပြသောအခါ
အောက်ပါအစည်းအဝေးမှတ်တမ်းများကို ထောက်ထား၍ နားလည်ကြရမည်ဖြစ်ကြောင်း'ဟု
ဆိုကာ ၂၃ရက်၊
၂၅ရက်နေ့က အစည်းအဝေးမှတ်တမ်းများကို ဖော်ပြထားလေသည်။
ထိုမှတ်တမ်းများတွင် ကျောင်းသားများသည် မကျေနပ်သော အချက်များကို တောင်းဆို၏။
ရသင့်သောအချိန်တွင်
မရ၍ အကြမ်းမဖက်ဘဲ အနုသက်သက်ဖြင့် သပိတ်မှောက်ခဲ့သော်၊ သို့မဟုတ်
သပိတ်တားခဲ့သော် မတရားဟု
မဆိုနိုင်ကြောင်း။ 'အစိုးရအား အကြည်ညိုပျက်မှု'ဆိုသော စကားပါသော်လည်း
အကြည်ညိုပျက်မှုနှင့်
အကြမ်းဖက်မှုတို့ဖြင့် ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်း၊ အပြစ်ပေးခြင်းခံရသော အမှုတစ်ခုမျှ
မရှိကြောင်း။
ဘုရင်ခံ၏တစ်ချက်လွှတ် ရန်ကုန်မြို့လတ်တလောလုံခြုံရေးဥပဒေနှင့်
အခြားပြည်သူ့လွတ်လပ်မှုကို ချုပ်ချယ်သော၊
ဥပဒေများကိုပြန်၍ ရုပ်သိမ်းရန် အစိုးရအဖွဲ့က ဘုရင်ခံအား တိုက်တွန်းမည်ဖြစ်ကြောင်း။
၄င်းအပြင်
တစ်ပြည်လုံးတွင် ပုဒ်မ(၁၀၇)၊ (၁၀၈)၊ (၁၄၄) ပုလိပ်ဥပဒေနှင့်
ဘုရင်ခံတစ်ချက်လွှတ်ဥပဒေများအရ တရားစွဲခံရ၍
အပြစ်ဒဏ်ပေးခံရသော ကျောင်းသားမဟုတ်သူများအား ကျောင်းသားများနည်းတူ လွှတ်ပစ်ရန်
အစိုးရအဖွဲ့က
ဘုရင်ခံအား တိုက်တွန်းမည်ဖြစ် ကြောင်း၊ ရန်ကုန်မန္တလေးတို့၌ ပုလိပ်နှင့် စစ်ပုလိပ်တို့က
တုတ်နှင့်ရိုက်ခြင်း၊
သေနတ်နှင့်ပစ်ခြင်းစသော ကိစ္စများကို စုံစမ်းရန်ဖွဲ့သော စုံစမ်းရေး ကော်မတီများတွင်
ကျောင်းသားများ
ကျေနပ်သော ဟိုက်ကွတ်တရားသူကြီးတစ် ယောက်ကို ထည့်ရန် နန်းရင်းဝန်ဦးပုက
သဘောတူကြောင်း။
ကျောင်းသားများ အရေးပေါ်သည့်နေ့မှစ၍ အမျိုးမျိုးသော အကူအညီပေးပေသော
ကျောင်းဆရာ ဆရာမများနှင့်
ကျောင်းများပေါ်တွင် လုံးဝအပြစ်မယူပါကြောင်း စသည်များပါလေသည်။
၄င်းပြင် ပုဒ်မ၁၄၄ထုတ်ထားသော မြို့ပေါင်း ၁၆မြို့ရှိခဲ့ရာ စေ့စပ်ချက်ပြု သော အချိန်တွင်
၃မြို့မှာသာ
ထုတ်ထားသည်ဖြစ်ပြီး ကျန်၃မြို့တွင် လူမျိုးရေးအဓိကရုဏ်းရှိနေသဖြင့်
မရုပ်သိမ်းရခြင်းဖြစ်ကြောင်း

ဦးပုကဖြေရှင်း ထားလေသည်။
ကျွန်တော်တို့၏ ကျောင်းသားများသည် ရေနံမြေသပိတ်များကို ကူညီရန်သွားကြ
သောကိုဘဟိန်းနှင့်
ကိုဗဆွေတို့အား အစိုးရတို့က ဖိနှိပ်ချုပ်ချယ် မှုများကို ဖီဆန်ပွဲ၊ အင်အားပြပွဲများ
လုပ်ခဲ့သည်။ သပိတ်မှောက်ခဲ့
ကြသည်။ ပြည်သူတို့၏ လွတ်လပ်ခွင့်များ ဒီမိုကရေစီ အခွင့်အရေးများအတွက်
တိုက်ပွဲဝင်ခဲ့ကြ သည်။
ယခုထိုကိစ္စများတွင်အစိုးရက အတော်အတန် အလျှော့ပေးရန် သဘောတူညီခဲ့ပြီ
မဟုတ်ပါလော။ ထို့ကြောင့်
ကျွန်တော်တို့ ကျောင်းသားခေါင်းဆောင်များ သပိတ်လှန်ရန် ဆုံးဖြတ်ခြင်းသည်
တကယ်တော့
အရှုံးပေးခြင်းမဟုတ်ပါ။ ထို့ကြောင့်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျွန်တော့်အနေနှင့်
ကျေနပ်စွာ
လက်ခံပေသည်။
သို့သော် ကျွန်တော်တို့သည် "အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားတို့ သွေးစည်းပြီး
အရေးတော်ပုံကြီး
အောင်မြင်အောင်လုပ်ကြ"
"ဇ၁၉၃၁န အုပ်ချုပ်ရေး ဖြိုဖျက်ကြ"
"ဗမာ့လွတ်လပ်ရေး အရယူကြ"
စသော ဆောင်ပုဒ်များကို အများဆုံး ဖော်ထုတ်ထားကြသည်။
ပြည်သူလူထုများကလည်း ကျွန်တော်တို့၏ အရေးတော်ပုံသည် ထိုဆောင်ပုဒ်များကို
ချက်ချင်း
အကောင်အထည်ဖော်တော့မည်ဟု ထင်ကြသည်။ ထို့ကြောင့်အလုပ်သမား
လယ်သမားတို့အရေး မအေးဘဲနှင့် ကျောင်းသားက ခွဲပြီး ဘာလို့ စေ့စပ်အေးငြိမ်းရမည်လဲ။
ဇ၁၉၃၁န အုပ်ချုပ်ရေးမပျက်ဘဲ ဘာလို့ သပိတ်လှန်ရမှာလဲဟူသော မေးခွန်းများသည်
ပျံ့နှံ့လာပေ၏။
သံသယများသည် ရှုပ်ထွေးစွာပေါ်လောပေ၏။ လွတ်လပ်ရေးရမှ သပိတ်လှန်ရမည်ဟု
တိုက်တွန်းသူတို့က
တိုက်တွန်းလာကြပေ၏။
ရဲရဲတောက် ကိုသန်းတင်သည် အလုပ်အမှုဆောင်အဖွဲ့တုန်းက သပိတ်လှန်ရန် သဘောတူပြီးမှ
အပြင်တွင်
ကန့်ကွက်ကာ အတိုက်အခံ လုပ်လာ၏။ သမဂ္ဂအလုပ်အမှုဆောင် ဆုံးဖြတ်ချက်ကို
ထောက်ခံသောအားဖြင့်
တစ်နာရီမျှ သပိတ်လှန်ပြီး ဆက်၍ သပိတ်မှောက်ကြရန် သူ့လူစုအား လမ်းစဉ်ချပေး၏။

သပိတ်လှန်ရေးလမ်းစဉ်သည် တက္ကသိုလ်ကျောင်းသားကြီးများ ရာထူးမျှော်မှန်းနေသူများ၏ လမ်းစဉ်ဟု
ပုတ်ခတ်၏။ သူတို့ဘက်က ဟိုက်စကူးကျောင်းများ၊ တိုင်းရင်းမြန်မာများပါသည်ဟု ဆိုပေ၏။
တိုးတက်ရေးသတင်းစာ၊ ဆယ်သန်းသတင်းစာ စသည်တို့က ရဲရဲတောက်တို့ဘက်မှ အသားပေးဖော်ပြကြ၏။
သပိတ်လှန်ဘက်က နေသူများအား အမျိုးမျိုးပုတ်ခတ်ရေးသားကြ၏။
'ကိုလှရွှေသည် အောင်ကျော်အား သတ်သောတရားခံ'ဟူ၍ စာလုံးမည်းကြီးများဖြင့် ရှုတ်ချကြ၏။
'ကျောင်းသားများက သင့်အား အာဏာကုန် ပေးအပ်ခြင်းသည် လိုလားချက်ကလေးမဟုတ်၊ မြန်မာပြည်လွတ်လပ်ရေးရရန်ဟု မျှော်လင့်တကြီးကြီးစွာနှင့် သင့်အားခေါင်းဆောင်တင်မြှောက်ခြင်းကို သင်မသိ၍
ဤကဲ့သို့ ဦးပုစသော ဝန်ကြီးချုပ်အဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ခြင်းပေလော"ဟု မေး၏။
တိုးတက်ရေးသတင်းစာတွင် 'ကျောင်းသားကိစ္စနှင့် သခင်ကိစ္စ'ဟူသော ခေါင်းစဉ်ဖြင့် သခင်နုဓာတ်ပုံနှင့်
တက်ဘုန်းကြီးကိုသိန်းဖေတို့၏ ဓာတ်ပုံများကို ဘေးတစ်ဖက်တစ်ချက်မှာ ထည့်ကာ ဆောင်းပါးတစ်ခုထည့်လိုက်လေသည်။ သခင်နု၊ သခင်အောင်ဆန်းနှင့် သခင်သိန်းဖေ။ ဤရဲဘော်သုံးဦးသည်
ကျောင်းသားမဟုတ် သော်လည်း ကျောင်းသားကိစ္စ၌ပါဝင်၏။ သခင်မဟုတ်သော်လည်း သခင်လုပ်ကြ၏။
နိုင်ငံရေး၌လည်း ပါဝင်ကြသေး၏။ အကြောင်းမည်သို့နည်းဟုမေး၏။
ဤရဲဘော်သုံးဦးကြောင့်
သပိတ်လှန်သည်ဟုဆို၏။ ၆–၃–၃၉နှင့် ၉–၃–၃၉ တိုးတက်ရေးသတင်းစာ သတင်းနှင့် မှတ်ချက်၌
လေးကျွန်းသား စကားပြောခန်းတွင် ကျောင်းသားအရေးတော်ပုံသည် တက်ဘုန်းကြီး သိန်းဖေ၊ သခင်နု၊
သခင်အောင်ဆန်း တို့ကြောင့် ဖရိုဖရဲဖြစ်ကြသည်ဟု ထင်ကြေးပေး၏။ ထိုသုံးဦးသည် ပူးသတ်ကြသော သူလျှိုလို
လူစားများဖြစ်သည်ဟု ရေးထားပေ၏။
ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးက 'ကျောင်းသားများသည် အုပ်ချုပ်ရေးတိုက်ဖျက်ရန် နိုင်ငံရေးစကားများဆက်အော်ခဲ့ကြသော်လည်း အုပ်ချုပ်ရေး တည်တံ့စေသော သဘောသက်ရောက်နေသဖြင့်
ဝမ်းနည်းကြောင်း'ဟု ဆုံးဖြတ်လေသည်။ ၎င်းနောက် တက်ဘုန်းကြီးသခင်သိန်းဖေအား ရန်ကုန်စီရင်စု
တို့ဗမာအစည်းအရုံးမှ ထုတ်ပစ်သည်ဟု ကြေညာလေသည်။

အထက်ပါ အရေးအသား အဖြစ်အပျက်များကြောင့် ကျွန်တော့်မှာ များစွာ အားယုတ်မိသည်။
စိတ်ပျက်မိသည်။
သပိတ်မလှန်လျှင် မဖြစ်ဟု နားလည်နေသော် လည်း သပိတ်လှန်ရေးဘက်ကနေပြီး ပြောရ၊
ဆိုရ၊ လုပ်ရ၊ ကိုင်ရမှာ
ကြောက်လာလေ သည်။ မမြင့်ဦးလို ကိုယ့်အိမ်ကိုယ့်ရှာပြန်ပြီး အေးအေးစာဖတ်၍သာ
နေလိုတော့သည်။
မမြင့်ဦးဆီ လိုက်သွားပြီး အတူစာဖတ်နေရလျှင် ပိုကောင်းဦးမည်ဟုပင်
စိတ်ကူးပေါက်မိသည်။
ကျွန်တော့်မှာ ထွက်လို့သာ ထိုင်နေလိုက်ချင်လေသည်။
ကျွန်တော်သည် သပိတ်လှန်ရန် တစ်လမ်းတည်းသာ ရှိတော့သည်ဟု နားလည်ခဲ့သူဖြစ်၏။
ထို့ကြောင့်လည်း
ဗမာပြည်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂနှင့် တက္ကသိုလ်ကျောင်းသားများ
သမဂ္ဂအလုပ်အမှုဆောင် တို့က
နောက်တက်ဦးပု အစိုးရထံမှ အတတ်နိုင်ဆုံးသော လိုက်လျောချက်များကို ရယူကာ
သပိတ်လှန်ရန်
ဆုံးဖြတ်ခြင်းတွင် အမှားဟူ၍ တစ်ရွေးသားမျှ မမြင်ခြင်း ဖြစ်ပေသည်။
သို့သော် စိတ်အတက်အကျမြန်သော အရပ်သားတို့က ဤအရေးတော်ပုံနှင့်
ကျောင်းသားသပိတ်မှ ဗမာပြည်၏
လွတ်လပ်ရေးဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ပြီး လွတ်လပ်ရေးရမှ သပိတ်လှန်ရမည်ဟု
တောင်းဆိုနေလေသည်။ ချိန်ခွင်ကိုင်နေသော ဈေးသည်တို့သည် ကုန်ချိန်တွယ်ရာမှာ
ချိန်ခွင်လျှာကို
ထိန်းနိုင်သော်လည်း နိုင်ငံရေးဝေဖန်ခန်းတွင် ချိန်ခွင်လျှာကိုမထိန်းနိုင်ဘဲ ကိုလှရွှေအား
အာဏာရှင်ဟု ခေါ်ရင်းက
ကိုလှရွှေပြောသမျှ စကားတို့သည် အာဏာရှင်လို တန်ခိုးထက်ရမည်ဟု ယူဆလာလေသည်။
အာဏာရှင်
ကိုလှရွှေက တစ်ချက်ဟောက်လျှင် ဗြိတိသျှအင်ပိုင်ယာကြီး ပျက်မလောက်
ထင်မြင်လာလေသည်။ ထို့ကြောင့်
တောင်းဆိုချက် တစ်ဝက်တစ်ပျက်ရရုံနှင့် တိုက်ပွဲကိုမရုပ်သိမ်းသေးဘဲ
အိမ်ခြေတစ်သန်းငါးသိန်း သွက်သွက်ခါ
လှုပ်ရှားသွားသည်အထိ ဆင်နွှဲစေချင်ကြသေး သည်။
ထိုသူတို့အား ရှင်းလင်းပြ၍ ကိုယ့်ဘက်သို့ ပါလာအောင် သိမ်းသွင်းရန်
ကျွန်တော့်မှာနိုင်ငံရေး ကျွမ်းကျင်မှုမရှိ။
သူတို့ပြောသမျှကို ခံနိုင်သော နိုင်ငံရေးအရေထုမှုလည်း မရှိ။ အရှုံးကို ရင်ဆိုင်ရဲသော
ဖွဲလည်းမရှိပေ။

ကျွန်တော်ကား အတွေ့အကြုံများစွာ နည်းသေးသော ကျောင်းသားနိုင်ငံရေး သမား မနူးမနပ်ကလေးမျှသာ
ဖြစ်ပေသည်တကား။
အခက်တကာ့ အခက်ဆုံးမှာ မြို့မကိုသန်းတင်တို့ လူစုဖြစ်လေသည်။
ကိုသန်းတင်တို့သည် ဗမာပြည်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အသင်းပေါင်းချုပ် အလုပ်အမှုဆောင်တစ်ဦးအနေနှင့် ဦးပု၊ ကိုလှရွှေ သဘောတူညီချက်ကို လက်ခံပြီး သပိတ်လှန်ရန်
ဆုံးဖြတ်သည့်တွင် သူလည်း ပါဝင်၏။ သတင်းစာထဲ၌ သပိတ်လှန်ရန်ထောက်ခံသော သူ၏သီးခြားကြေငြာချက်
ကိုပင်ထုတ်ပြန်ခဲ့သေးသည်။
သို့ပါလျက် သူခေါင်းဆောင်သော ရန်ကုန်မြို့ အင်္ဂလိပ်–မြန်မာ အထက်တန်း ကျောင်းများနှင့်
မြန်မာစာအထက်တန်းကျောင်းများမှ ကျောင်းသားခေါင်းဆောင်အချို့တို့သည် အဆိုပါ သပိတ်လှန်ရန်
ဆုံးဖြတ်ချက်ကို ကဖျက်ကဖျက်လုပ်လာလေသည်။ 'ကိုလှရွှေ၏ အမိန့်ကို နာခံသောအားဖြင့် သပိတ်လှန်ရမည်နေ့တွင် နံနက်၆နာရီမှာ လှန်ပြီး နံနက် ၇နာရီတွင် မူမမှန်သော သပိတ်လှန်ခြင်းကို
မကျေနပ်သောအားဖြင့် ပြန်မှောက်ရမည်'ဟု ညွှန်ကြားချက် ထုတ်လေသည်။ ကိုသန်းတင်၏ ကောင်းမှုကြောင့်
မှောက်သူမှောက်၊ လှန်သူလှန် ဖြစ်ကုန်ကြသည်။ သပိတ်ကို မှောက်လိုက်လှန်လိုက် လုပ်ကုန်ကြသည်။
ကိုသန်းတင် တို့လူစုသည် တိုက်ပွဲကိုကလေးကလား ကစားသလို လုပ်ပစ်နေကြလေ၏။ 'ရဲရဲတောက် ကိုသန်းတင်။
ရဲရဲတောက် ကိုသန်းတင်အား တိုးတက်ရေး ဆယ်သန်းစသော သတင်းစာများတွင်ကလည်း မြှင့်တင်ပေးကြ၏။
ရဲရဲတောက်လုပ်ငန်းများ ဆက်လုပ်ရန်ဟူသော ရဲရဲတောက်ကြေညာချက်များကို ထုတ်လျက်ရဲရဲတောက်
ကိုသန်းတင်နှင့် အဖော်တစ်စုတို့သည် မြို့မသပိတ်စခန်းမှ ရွှေတိဂုံစခန်းသို့ ရွှေ့သွားကြလေ၏။ ဇ၁၄၁န
အုပ်ချုပ်ရေးပျက်မှသော်လည်းကောင်း၊ လွတ်လပ်ရေးရမှသော်လည်းကောင်း သပိတ်လှန်ရန် သန္နိဋ္ဌာန်ချကြလေကုန်၏။
သူတို့ကလည်း ရွှေတိဂုံရင်ပြင်တော်ပေါ်မှာ အစည်းအဝေးကြီး ကျင်းပလေသည်။ သူတို့၏ ကျောင်းသားအင်အားစုသာမက လွတ်လပ်ရေး မရမချင်း သပိတ်မှောက်နေစေလိုသော မြို့မိမြို့ဖအချို့နှင့်

တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်အချို့ တက်ရောက်ကြလေသည်။
ထိုအစည်းအဝေးတွင် ကိုသန်းတင်နှင့်
အခြား ရဲရဲတောက်တစ်စုက ကိုလှရွှေနှင့် တက္ကသိုလ်သမဂ္ဂခေါင်းဆောင်တို့သည်
မိုးလားကဲလား
ပြောပြီးအဖျားရှူးသွားပြီဖြစ်ကြောင်း၊ ကျောင်းသားများနှင့် တိုင်းသူပြည်သားတို့အား
အသက်သေသေ
အရိုးကြေကြေ ဗ၁ဌ၁န အုပ်ချုပ်ရေးပျက် သည်အထိ ရဲရဲတောက်ချီတက်ရမည်ဟု
အမိန့်ပေးပြီး၊ ခုတော့ ဗ၁ဌ၁န
သက်ဆိုးရှည်စေမည့် ဦးပုအစိုးရထံမှ ဘာမျှမဖြစ်လောက်သော လိုက်လျောချက်ကလေးများကို
လက်ခံကာ
သပိတ်လှန်ခြင်းမှာ သစ္စာဖောက်ရာ ရောက်ကြောင်းများ ဟောပြောကြလေသည်။
ဗမာပြည်လုံးဆိုင်ရာ
ကျောင်းသားများ သမဂ္ဂအသင်းချုပ်ကြီးသည် တို့ဗမာအစည်းအရုံးကြီးနှင့်
သီးခြားလိုနေခဲ့သည်ဟုလည်း
ဆိုလေသည်။ ကျောင်းသားများသမဂ္ဂအသင်းချုပ် ခေါင်းဆောင်များသည် ဤသို့သော
အမှားသို့ရောက်ရန်
သြဇာပေးကြိုးကိုင်နေသူများမှာ သခင်နု၊ သခင်အောင်ဆန်း၊ တက်ဘုန်းကြီးသိန်းဖေ၊
ဆရာချစ်နှင့်
ကိုကျော်ငြိမ်းတို့ဖြစ်ကြောင်း တရားခံများအဖြစ်နှင့် ဖော်ထုတ်လေ သည်။
သို့သော် ကိုသန်းတင်လူစုက ဘယ်လိုပင်ပြောပြော၊ ကျောင်းသားအများက
ဗမာပြည်လုံးဆိုင်ရာ
ကျောင်းသားသမဂ္ဂ၏ ညီညွတ်ရေးကိုသာ တောင့်တနေကြသည်။ တကွဲတပြား လုပ်ကြခြင်းကို
မလိုလားကြ။
ကျောင်းသားအဖွဲ့အစည်း စင်ပြိုင်ထောင် ခြင်းကို ကန့်ကွက်ကြသည်။ ထို့ကြောင့်
ထိုအစည်းအဝေးမှ
ကျောင်းသားသမဂ္ဂ ညီညွတ်ရေးကို ထိန်းသိမ်းရမည်၊ ထောင်က ထွက်လာပြီဖြစ်သော ဥက္ကဌ
ကိုဘဟိန်းနှင့်
အတွင်းရေးမှူး ကိုဗဆွေတို့ ကြီးမှူးခေါ်ဆိုလိုက်သည့် ကျောင်းသားလွှတ်တော်သို့
တက်မည်စသဖြင့်
ဆုံးဖြတ်ချက်ချလေသည်။
ကိုသန်းတင်လူစု အများဆုံးပြောဆိုနေသော စကားတစ်ခုမှာ ‘ကောလိပ်ကျောင်းသားတွေ
ထင်ရာလုပ်သွားလို့
ဒီလိုဖြစ်ရတယ်”ဟူ၍ ဖြစ်လေ၏။ ကိုသန်းတင်တို့လူစု၊ အထက်တန်းကျောင်းသား
အတော်များများနှင့်

မြန်မာဘာသာ ကျောင်းသားများ၊ အရပ်သူ အရပ်သား အချို့၏ အထင်တွင်
သမဂ္ဂအသင်းချုပ်
အလုပ်အမှုဆောင်တွင်ကောလိပ် ကျောင်းသားတွေသာ လွှမ်းနေသည်။
ကောလိပ်ကျောင်းသားတို့သည်
ဘွဲ့ထူးဂုဏ်ထူးနှင့် ရာထူးရာခံတွေအတွက် ပြင်ဆင်နေသူများဖြစ်သည်။
ရာထူးရာခံကိုယ်ကျိုးနှင့် မျှားလျှင်
ပါလွယ်သည်။ ထို့ကြောင့် ယင်းသို့ ဦးပုအစိုးရနှင့် စေ့စပ်ပြီး သပိတ်လုန်ခြင်းမှာ
ရာထူးရာခံ
ပညာတော်သင်စသော ဆုလာဘ်များကို မျှော်မှန်း၍ လုပ်ကြခြင်း ဖြစ်သည်။ ထို့ကြောင့်
ကိုလှရွှေသည်
ပညာတော်သင်အဖြစ်ဖြင့် အရွေးခံရလိမ့်မည်။ ဦးပုက ကိုလှရွှေအား သမက်ဖမ်းတော့မည်။
တက်ဘုန်းကြီးသိန်းဖေသည် ဦးသွင်အား နန်းရင်းဝန်တင်ပြီး အတွင်းဝန်ဖြစ်တော့မည် စသော
မဟုတ်တမ်းတရမ်း
ကောလာဟလ သတင်းများလွင့်လာခြင်းဖြစ်လေ၏။ ဤသို့သော ထင်မြင် ယူဆချက်သည်
ကျောင်းသားပရိသတ်အား သွေးကွဲစေ၏။ ကောလိပ်ကျောင်းသား၊ ဘီအေ၊
အမ်အေလောင်းများကို
အင်္ဂလိပ်မြန်မာနှင့် မြန်မာဘာသာသက်သက် ကျောင်းသားများသည် သင်္ကာယနမင်းဖြစ်စေ၏။
ထို့ကြောင့်
ထိုအစည်းအဝေးက အသစ်ဖွဲ့မည့် သမဂ္ဂအသင်းချုပ် အမှုဆောင်တွင် အင်္ဂလိပ်မြန်မာနှင့်
မြန်မာဘာသာ
သက်သက် ကျောင်းများမှ ကိုယ်စားလှယ်များ သီးသန့်ပါရမည်ဟု တောင်းဆိုလေသည်။
ကျွန်တော်သည် ထိုစဉ်က ပြဿနာများကို ယခုလို အကွကျကျ အကျိုးသင့် အကြောင်းသင့်
ဆက်စပ်၍မကြည့်မြင်တတ်သေးချေ။ ထို့ကြောင့် ခိုင်မာသော ယုံကြည်မှုရှိသည်ဟု
မဆိုနိုင်ပေ။
ကျောင်းသားအရေးတော်ပုံတွင် အတွင်းကျကျ ပါဝင်နေရသဖြင့် ကျောင်းသားတို့၏
အခြေအနေမှန်ကိုသိရကာ
သပိတ်လုန်မှုဖြစ်မည် ဟုကျောင်းသားခေါင်းဆောင်များနည်းတူပင် ယုံကြည်လေသည်။
သို့သော်များစွာ
သောအရပ်သူအရပ်သားများနှင့် ရဲရဲတောက် ကိုသန်းတင်တို့ကဲ့သို့ပင် ထိုအရေးတော်ပုံမှ
လွတ်လပ်ရေး
ဖြစ်ပွားလာလိမ့်မည်ဟု လည်းကောင်း၊ အစိုးရအဖွဲ့ ပြောင်းသော်လည်း
ရှေ့ဆက်သပိတ်မှောက်လိုက်လျှင် ၉၁–ဌာန
အုပ်ချုပ်ရေး ပျက်သွားလိမ့်မည်ဟု လည်းကောင်း အထင်ကြီးနေမိခဲ့ပေသေးသည်။
ထို့ကြောင့် ကိုသန်းတင်အား

အမှားကြီး မှားနေသူများအဖြစ်ဖြင့် အပြစ်မတင်၊ မဝေဖန်။ သူတို့သည် ကျောင်းသားထုအနနှင့်
ညီညီညွတ်ညွတ်တိုက်စရာရှိအတူတူ၊ ဆုတ်အတူတူ၊ မှန်စရာရှိ အတူတူ၊ မှားစရာရှိ အတူတူ၊ သာအတူ၊ နာအတူ
မလုပ်ဘဲ သွေးခွဲစကားပြောခြင်း၊ မညီမညွတ်ကဖျက်ယဖျက် လုပ်ခြင်းများအတွက်သာ ကိုသန်းတင်တို့အား
အပြစ်တင်ပေသည်။ မုန်းတီးပေသည်။ ကျွန်တော်ကား ညီညွတ်ရေးတွင် အားတက်တက်သူဖြစ်သလောက်
ကွဲရေးတွင် အားပျက်တတ်သူ မဟုတ်ပါလား။ အကွဲအပြဲ အရှုတ်အချများလို ရင်မဆိုင်ရဲသူ မဟုတ်ပါလား။
အခက်အခဲများသည် အခြားသူများအား သံမဏိဖြစ်စေနိုင်သော်လည်း ကျွန်တော့်အား ဖယောင်းဖြစ်စေပေသည်။
ထို့ကြောင့် ကျွန်တော်သည် အတိုက်အခံများသော သံပုံးတီးခြင်း တောထုတ်ခြင်းပင်ခံရသော သပိတ်လှန်ခြင်းကိုမကာကွယ်ရဲချေ။ ကျွန်တော်သည် ကိုလှရွှေစသော ခေါင်းဆောင်များ၏ စင်ကြယ်မှုကို
လုံးဝယုံကြည်သော်လည်း ကိုသန်းတင်တို့ လူစုနှင့် အခြားသူများက သွားပုပ်လေလွင့်ပြောကြသည်များကို
မခုခံရဲချေ။ ကျွန်တော်သည် ကျောင်းသားထု ညီညွတ်ရေးကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။ သို့သော်
ကျောင်းသားထု ညီညွတ်ရေးကို ဖျက်ဆီးရာရောက်နေသော ကိုသန်းတင်တို့၏ လုပ်နေ်းများကို ရှုပ်ရှုပ်ချွံချွံ
မတိုက်ဝံ့ချေ။ အချုပ်မှာ ကျွန်တော်တို့ သည်ကွဲခြင်းပြဲခြင်းများအတွက် ဟိုကတစ်ပေါက် ဒီကတစ်သံ
ကြားရခြင်းများအတွက် ဆုတ်သူကဆုတ်၊ တက်သူကတက်၊ ဖရိုဖရဲ တိုက်ပွဲဝင်နေကြသည်ကိုမြင်ရသည့်အတွက်
စိတ်ပျက်တတ်ရှုသာ နားလည်လေသည်။ ယင်းကဲ့သို့ စိတ်ပျက်နေ့ရသည့်အထဲတွင် သပိတ်လှန်ရေးနှင့်
ပတ်သက်၍ သို့လော သို့လော မဝေခွဲနိုင်အောင် ဖြစ်သွားစေသည့် အကြောင်းတစ်ရပ်ရှိသေး၏။
ထိုအကြောင်းကား ကိုသန်းတင်တို့၏ သပိတ်မလှန်ရေး ရဲရဲတောက်ခြေလှမ်းကို သခင်လေးမောင်၊
သခင်သန်းထွန်း၊ သခင်စံထွန်းလှစသော တို့ဗမာ ခေါင်းဆောင်ကြီးများက နောက်ကွယ်ကွယ်မှ
အားပေးနည်းပြလျက်ရှိသည်ဆိုသော အချက်ပင်ဖြစ်သည်။ သူတို့ကား ကျွန်တော်အထင်ကြီးသော နိုင်ငံရေး

ခေါင်းဆောင်ကြီးများ မဟုတ်ပါလော။ သူတို့၏ နိုင်ငံရေးတွက်ကိန်းများသည်
ကျွန်တော်တို့တွက်ကိန်းထက်
ပိုမမှန်နိုင်ပေဘူးလား။ ကြာလေ ခိုင်မာသောယုံကြည်မှု နည်းလာလေ၊ စဉ်းစားလေ
တွေဝေလာလေ ဖြစ်ပေတော့ရာ
ဘေးထွက်ပြီးသာ ထိုင်နေလိုက်တော့သည်။ ။
ကြားဖြတ်ဆွေးနွေးပရစေ
ဒီဝတ်ထုမှာ ဆရာရဲ့ မခင်သစ်နဲ့ ဇာတ်လမ်း၊ မမြင့်ဦးနဲ့ဇာတ်လမ်း
မမြမှီနဲ့ ဇာတ်လမ်း ၃ခုမှာ
မခင်သစ်နဲ့ဇာတ်လမ်းကတော့ အလှဆုံးပါပဲ၊ ရိုးသားဖြူစင်တဲ့ အချစ်စစ်ကို ကြည်ကြည်နူးနူး
အားကျခံစားစေပါတယ်၊
သူ့ လူတစ်ယောက်အနေနဲက ဖေါက်ပြန်(မရှောင်လွဲနိုင်တဲ့) စိတ်ကိုလဲ လာမဲ့အခန်းများမှာ
စောင့်စားတော်မူကြပါကုန်
၃၈
ချစ်သူလမ်းကြားမှ မမထားနှင့်အပါ
ကျွန်တော်သည် ထိုနေ့ညနေတော့ စိတ်ပြေလက်ပျောက် လျှောက်လည်တော့မည်ဟု
ဆုံးဖြတ်ထားလေသည်။
တက္ကသိုလ်သမဂ္ဂ အဆောက်အအုံအောက်ထပ် ဦးကံသိန်း၏ ဆံပင်ညှပ်ဆိုင် တွင်ရေးချိုးပြီး
အပေါ်ထပ်သို့တက်လာခဲ့သည်။ ကိုယ်ခန္ဓာနှင့် မျက်နှာတွင် အပေါက် အပေါက်တင်နေသော
ရေကိုစင်အောင်
မသုတ်ရသေးသဖြင့် တက်သွားရန်ပင် သုတ်လျက်ရှိပေသည်။ ထို့ကြောင့်
လှေကားထိပ်မှာရပ်၍
ကျွန်တော်တက်အလာကို စောင့်နေကြသော သူနှစ်ဦးကို ဂရုမထားမိလိုက်ချေ။
"ဟေ့ ဖိုးတင်ထွန်း၊မောင်ရင့်ကို ကိုယ်တို့လိုက်ရှာနေတယ်"ဟု ကိုလှရွှေက
ဆီးပြောလိုက်တော့မှ
သူတို့နှစ်ယောက်ကိုကြည့်လိုက်မိသည်။ ကိုလှရွှေနှင့် ကိုဘဟိန်း၊ သူတို့နှစ်ယောက်
ယှဉ်ရပ်နေတော့ ကိုလှရွှေက
အခါတိုင်းထက် ပိုမည်း၍ ကိုဘဟိန်းက အခါတိုင်းထက် ပိုဖြူသည်ဟု ထင်ရပေသည်။
သို့သော်
နှစ်ယောက်စလုံး၏ အပြုံးများသည် ပြိုင်တူပွင့်လင်းလျက် ကြီးမား၍ ဖြူဖွေးသော
သွားများကို
ပြိုင်တူပြနေကြလေသည်။
"လိုက်ရှာနေကြတယ် ဟုတ်လား"
"ဟုတ်တယ်၊ မောင်ရင့်ကို တာဝန်ပေးစရာရှိလို့"
"ဘာတာဝန်လဲဗျ"

"ခု ဌာနချုပ် ကိုယ်စားလှယ်တွေကို နယ်တွေလွှတ်ပြီး သပိတ်လှန့်ရတဲ့ အခြေအနေကို ရှင်းပြနေရတယ်။
ကျောင်းသားလွှတ်တော်ကိုလည်း နယ်ကိုယ်စားလှယ်တွေ စနစ်တကျတက်လာအောင် စည်းရုံးရမယ်၊
ရဲဘော်တင်ထွန်းက သရက်နဲ့အာလံကို သွားရလိမ့်မယ်"
ခါတိုင်းဆိုလျှင် တာဝန်ပေးအပ်ညွှန်ကြားသံကြားရက ကျွန်တော့်မှာ တက်ကြွမြူးထူး သွားလေ့ရှိပေသည်။
တာဝန်ပေးခြင်းခံရသည်ကိုပင် ဂုဏ်တစ်ခုဟု ထင်မိသည်။ ယခုမူကား ကိုလှရွှေ၏ ညွှန်ကြားသံကို လက်ခံရသော
အခါရင်လေး သွားပေသည်။ ခေါင်းငိုက်စိုက်ချထားပြီးတွေနေသည်။
ကိုလှရွှေက ဆက်၍–
"ဒီနေ့ညရထားနဲ့ ထွက်ရလိမ့်မယ် ဟုတ်လား"
ကျွန်တော်က ဘာမျှ အင်း–အဲ မလိုက်ဘဲ သူတို့ကို ငေးကြည့်နေပြန်သော အခါ ကိုဘဟိန်းက
ဝင်၍ပြောလေသည်။
"ကိုယ့်လူကိုကြည့်ရတာ အားမရစရာကြီးပဲ။ ဘာဖြစ်နေလဲ၊ ကိုယ်တို့ကို ပြောစမ်းပါဦး"
ကျွန်တော်ရုတ်တရက် ပြန်မဖြေခြင်းမှာ ကျွန်တော့်စိတ်ထဲမှာ ရှိသမျှကို ဖွင့်မပြောရဲ၍ ဖြစ်လေသည်။
သပိတ်လှန်ခြင်းကိစ္စနှင့် ကိုသန်းတင်တို့နှင့်ကွဲခြင်း စသော ကိစ္စများတွင် ကျွန်တော်ကိုယ်တိုင်က တွေဝေနေရာ
ဘယ်သို့ လျှင်နယ်ထွက် ၍ ရှင်းလင်းဟောပြောလိုပေလိမ့်မည်နည်း။
"ဘာမှမဖြစ်ပါဘူး၊ နည်းနည်းနေမကောင်းလို့ပါ"
ကိုလှရွှေ၏ ညာဘက်လက်သုံးချောင်းသည် ကျွန်တော့်နဖူးပေါ်သို့ ချက်ချင်း ယုယပူနွေးစွာ ရောက်လာပြီး
"ပြစမ်း ပြစမ်း၊ အဖျားများရှိနေသလား"
ကိုလှရွှေ၏ မျက်နှာမှာ အရွှန်းအနောက် ကင်းစင်ပြီး တကယ့်ဆရာဝန်ကြီးလို တည်ငြိမ်နေသည်။
အတန်ကြာစမ်းပြီး–
"အဖျားတော့မရှိပါဘူး"
ကိုဘဟိန်းက ရယ်လိုက်ပြီး–
"ဘယ် အဖျားစမ်းလို့ရမှာလဲ၊ ရဲဘော်တင်ထွန်းက ခုပဲ ရေချိုးခန်းက တက်လာတဲ့ဉစ္စာ"
ကိုလှရွှေက ပြုံးလိုက်ပြီး ကျွန်တော့်လက်ကို ဆွဲဖမ်းကာ သွေးတိုးစမ်းပြန်လေ သည်။ ကျွန်တော့်မှာ
လိမ်မိခြင်းကြောင့် ရှက်သွား၏။ ကျောင်းပြေးချင်၍ နေမကောင်းပါဟု လိမ်မိသော သားအား မိဘလုပ်သူတို့က

စိုးရိမ်တကြီး ယုယကုသကြသောအခါ ကျောင်းသွားချင်စိတ်ပေါက်မလာသေးသည့်တိုင်အောင် မိဘများအပေါ်တွင်
အချစ်သစ်ပူနွေးမိသလို ရဲဘော်ကြီး ကိုလှရွှေအပေါ်တွင် ရဲဘော်စိတ်
အသစ်သစ်ပူနွေးခြင်းဖြစ်မိသည်။
"သွေးအားအတိုးကလည်း ပုံမှန်ပါပဲ၊ အဲဒီတော့သွားမယ်မဟုတ်လား"
"နေမကောင်းတာတော့ အမှန်ပဲဗျ၊ ငြီးစိစိကြီးဖြစ်နေတယ်။ တစ်ကိုယ်လုံးလည်း နုံးနေတယ်။ ပြီးတော့"
ကျွန်တော်က ထပ်လိမ်ရမည်ကို နှောင့်နှေးနေစဉ် ကိုဘဟိန်းက ကြားဝင်၍ ဟားတိုက်ရင်း–
"ဟား ဟား ပြီးတော့ ဘာဖြစ်သလဲ ကိုယ့်လူ၊ လာချင် အနီးကလေး မလာချင် ခရီးဝေးတဲ့"
"အဟုတ်ပါ၊ ခုလည်း ကိုယ်ရေးကိုယ်တာကိစ္စကလေးတွေ ရှိသေးလို့ သွားစရာ ရှိသေးတယ်"
ကျွန်တော်ကသည်လိုလိမ်ပြီး တိမ်းရှောင်နေသော်လည်း ကိုလှရွှေနှင့် ကိုဘဟိန်းကား စိတ်ဆိုးပုံမပေါ်။ ကိုလှရွှေက
ပြုံး၍ကြည့်နေသည်။ ကိုဘဟိန်းက ပြုံး၍ပြောပြန်သည်။
"ဟောကိုယ်ရေးကိုယ်တာကိစ္စ ပေါ်လာပြန်ပြီ။ ခုလို အများကိစ္စတွေ အရေးတော်ပုံကိစ္စတွေ အရေးကြီးနေတုန်း၊
ကျောင်းသားသပိတ် ကလနားသတ်စရာ တွေ အများကြီးလိုနေတုန်း
ကိုယ်ရေးကိုယ်တာကိစ္စတွေ ဘာတွေ
ထည့်တွက်နေတာဟာ ရဲဘော်တင်ထွန်းအတွက် သဘာဝမကျဘူး။ အဝှာအဝှာ တခြားအကြောင်း
တစ်ခုခုကြောင့်သာ ရဲဘော်မသွားချင်တာ ဖြစ်ရမှာပဲ"
ကျွန်တော်ကဘာမျှမပြောဘဲ ညိုးငယ်သောမျက်နှာနှင့်သာ နေလိုက်လေသည်။ ထပ်လည်း မလိမ်ချင်။
အကြောင်းစုံဖွင့်ပြောပြီး ကျွန်တော်တော့ စိတ်ပျက်နေပြီ၊ ထွက်ထိုင်ပါရစေတော့ဟုလည်း အမှန်အတိုင်း
မပြောရဲသေး။ စိတ်ထဲမှာ ကျိတ်၍တွေ ဝေနေသည်။ ၄င်းပြင် ဤချစ်စရာကောင်းသော ရဲဘော်များ၏ ဆန္ဒကို
ငြင်းဆန်ရန် လည်းအားနာနေလေသည်။ ညိုးငယ်သော ကျွန်တော့်မျက်နှာသည် သူတို့မျက်နှာတွင်
ထင်ဟပ်လာလေသည်။ သူတို့၏ အပြုံးများသည် တောင်စွယ်မှာ နေကွယ်သလို တဖြည်းဖြည်း ကွယ်သွားရာ
နှုတ်ခမ်းရုတ်တရက်မဖုံးနိုင်၍ သွားကလေးများ ပေါ်နေရစ်ရုံသာ ကျန်တော့၏။ ကိုလှရွှေက–
"ကဲ–နောက်မှဆက်ဆွေးနွေးကြသေးတာပေါ့။ ရဲဘော်တင်ထွန်းရဲ့ ကိုယ်ရေး ကိုယ်တာကိစ္စကို ပြီးအောင်သွားလုပ်ချေဦး၊ သို့ပေမယ့် ခေါင်းငြီးစိစိဖြစ်နေတယ်။ တစ်ကိုယ်လုံး
ကိုက်ခဲနေတယ်ဆိုရင်

လုပ်ဖို့ကောင်းတာကတော့ ကောင်းကောင်းစား သောက်ပြီး နင်းကန်အိပ်ပစ်လိုက်၊ ကဲ
ကဲကိုယ်တို့သွားစရာရှိတာ
သွားကြဦးစို့ရဲ့"
သူတို့နှစ်ယောက် ဆင်းကြလေသည်။
ကျွန်တော်သည် စာကြည့်ခန်းထဲသို့ လာခဲ့၏။ စာကြည့်ခန်းကား ကျွန်တော်တို့၏
တည်းခိုရာ
အခန်းဖြစ်နေပေသည်။ တံခါးဒေါက်မှာ ဆွဲချိတ်ထားသော ကျွန်တော့်လွယ်အိတ်ကိုယူပြီး
ဒိုဘီပေးပြီး
ရှပ်လက်တိုနှင့် ပန်းရောင်ပိုးနှင့် အနီရင့်ရောင်ချည်ကို အကွက်ငယ်ကလေးများဖော်ကာ
ရက်ထားသော
ပိုးရောချည်ပါလုံချည်ကို ထုတ်ယူလေသည်။ ခေါင်းဖြီး အဝတ်လဲရင်း ကိုလှရွှေတို့အား
လိမ်ခဲ့သည်တို့ကိုသာ
သတိရနေလေသည်။ သူတို့ပေးသော တာဝန်ကို ငြင်းပယ်ခဲ့မိ၍ စိတ်မကောင်းဖြစ်နေသည်။
မြို့ထဲသွားလည်ဖို့ပင်
စိတ်မပါတပါ ဖြစ်နေပေ၏။
မြို့ထဲသို့ ဘတ်စ်ကားစီး၍ ထွက်လာခဲ့သည်။ ဘယ်သူ့ဆီ သွားလည်မည်ဟုလည်း
မည်မည်ရရ ဆုံးဖြတ်မထား။
ဘာကြည့်မည်ဟုလည်း ရည်ရွယ်ချက်မရှိ။ ဘတ်စ်ကားပေါ်မှာတောင်တွေး မြောက်တွေး
တွေးရင်းဖြင့် မမြမှီထံသို့
အလည်သွားရန် ဆုံးဖြတ်လိုက်ပေသည်။ ကုလားဗမာ အဓိကရုဏ်းအတွင်းက
ခင်မင်ရင်းနှီးခဲ့သော မမြမှီ၊
ကျွန်တော့်အပေါ်မှာ စေတနာ ကောင်းရှာသော မမြမှီ၊ သွက်ခါပါဒ လိုက်နေသော
လင်သည်အတွက်စိတ်ဆင်းရဲ
ရရှာသော မမြမှီ။ ယခုတစ်ရက်နှစ်ရက်အတွင်း ဖြစ်ပွားခဲ့သည့် ဟိန္ဒူ-မွတ်ဆလင်
အဓိကရုဏ်းကြားတွင်
ဘယ်လိုများ နေရှာပါလိမ့်။ မမြမှီ၏ နေအိမ်သည် မောင်ထော်လမ်းမှာ တည်ရှိသည်ဖြစ်၍
အလုပ်တိုက်မှာ
မဂိုလမ်းတွင် ဖြစ်ပေရာ ကုလားကြားထဲမှာ နေရရှာသည်။
အချိန်မှာညနေ ငါးနာရီကျော်ကျော်သာ ရှိသေးသဖြင့် မမြမှီသည် အိမ်သို့
ပြန်ရောက်ကောင်းမှ ရောက်ဦးမည်။
ထို့ကြောင့် ကျွန်တော်သည် အလုပ်တိုက်သို့ ဝင်သွားလေသည်။
မမြမှီကား သူ့အလုပ်စားပွဲပေါ်တွင် အလုပ်လုပ်တုန်းဖြစ်လေသည်။ ဘာဘူတစ်ယောက်နှင့်
စကားပြောနေရင်း
ကျွန်တော့်အားမြင်လျှင်မြင်ချင်း ဝမ်းသာအားရဖြင့်–
"လာဟေ့ မောင်တင်ထွန်း မောင်တင်ထွန်းတို့ မျက်နှာကိုမမြင်ရတာ ကြာပြီနော်"

ဂန္ဒီဦးထုပ်အဖြူနှင့် ဆွာဒေရှီပင်ဖြူကို ဖြူစင်သန့်ရှင်းစွာ ဝတ်ဆင်ထားသော ဘာဘူသည် ကျွန်တော့်ဘက်သို့လှည့်ကြည့်လိုက်၏။ မုတ်ဆိတ်ကျင်စွယ်တို့ကိုလည်း ပြောင်ချောနေအောင် ရိတ်ထားသည်။
ကွမ်းသွေးအနည်းငယ်သည် စွဲထားသော သူ့ပါးစပ်ထောင့်များတွင် ယိုထွက်နေလေသည်။
ကျွန်တော်က မမြမှီ၏ ဝဲဘက်ရှိ ကုလားထိုင်ဆီသို့သွားရင်း–
"မမရယ်၊ ကျွန်တော်တို့လည်းသပိတ်နဲ့ အလုပ်သိပ်များနေလို့ လာမလည်ရတာပါ၊ ခုတော့သပိတ်လှန်ပြီးပြီ"
"အေး၊ မမလည်း မအားလို့ မလာတာဘဲလို့ သိထားပါတယ်ကွယ်၊
သပိတ်လှန်လိုက်ပြီဆိုကတည်းက မမ
မောင်လေးလာလည်မှာပဲလို့ မျှော်နေတာပဲ သိလား"
ဘာဘူသည် ဟင်ဒီစကားဖြင့် သွားတော့မည်ဟု နှုတ်ဆက်ရင်း ထလေသည်။
သူ့ဖောင်းကြွသော
ဝမ်းဗိုက်ကြီးသည် ရှေ့ကစားပွဲစွန်းနှင့် မလွတ်သောကြောင့် ကုလားထိုင်ကို
နောက်သို့တွန်းရွှေ့ပြီးမှ
ထနိုင်လေသည်။ မမြမှီသည်ဘာဘူ၏ကိစ္စ တွင်သိပ်စိတ်မဝင်စားတော့သောလေသံဖြင့်–
"နောက်မှဖြည်းဖြည်းစဉ်းစားကြသေးတာပေါ့လေ"
ဘာဘူသည် ကွမ်းမြုံ့နေသော ပါးစပ်ကိုနောက်ထပ်မဟတော့ဘဲ မမြမှီကိုရော ကျွန်တော့်ကိုပါ ဆလံပေး၍
ထွက်သွားလေသည်။
"ကဲ ဆိုစမ်းပါဦး၊ ဘယ်ကလျှောက်လာသလဲ"
"ဒီကို သက်သက်လာတာပဲ မမရဲ့၊ သပိတ်လှန်ပြီးတော့ ပျင်းပျင်းရှိတာနဲ့၊ ပြီးတော့လည်း တစ်နေ့က ဟိန္ဒူမွတ်စလင်
အဓိကရုဏ်းဖြစ်တုန်းက မမတို့ ဘေးမသီ ရန်မခ ရှိမှရှိပါလေလားလို့ သိချင်တာနဲ့"
"မမတို့မှာ ဘေးမသီရန်မခပါဘဲမောင်ရယ်။ ဒီလိုသတိရဖော်ရလို့ ကျေးဇူးတင်ပါတယ်။ ကဲ–
အဆင်သင့်ပဲ
မောင်တင်ထွန်းကလည်း အပျင်းပြေအလည်လာတယ်၊ မမလည်း
အပျင်းပြေကန်တော်ကြီးလမ်းလျှောက်ထွက် မယ်
လိုက်မလား"
ကျွန်တော်ကား မဆွတ်ခင်က ညွတ်ချင်သော အခြေအနေမှာ ရှိလေသည်။
"လိုက်မယ်လေ"
"ဒါဖြင့် ခဏထိုင်လိုက်ဦး၊ မမ နောက်ဖေးခန်း ခဏဝင်ပြီး မျက်နှာသစ်လိုက်ဦး မယ်"
မမြမှီ၏ မျက်နှာမှာသနပ်ခါး ပေါင်ဒါများ ပြယ်သလောက်ဖြစ်နေလေပြီ။
နှာခေါင်းနှင့်ပါးမို့များတွင်
အဆီဝင်းစပင်ပြုနေလေပြီ။ နဖူးပြင်မှာ ပြောင်ထင်းနေလေပြီ။ သို့သော် အလှနွမ်းရှုံသာ နွမ်းသည်။

အလုကားမပျက်ပါ။ ပြတင်းပေါက်အထက် ကျောက်မှန်မှထိုးဝင်နေသော အလင်းရောင်တွင် စိန်နားကပ်နှင့်
စိတ်လက်ကောက်တို့သည် တဖျပ်ဖျပ် ဝင်းလက်နေကြ၏။
မမြမှီသည် ဒရိုင်ဘာကိုခေါ်ပြီး ကားအဆင်သင့်လုပ်ရန်နှင့် ကျွန်တော့်အတွက် ဖာလူဒါတစ်ခွက်မှာလိုက်ရန်
ပြောပြီး နောက်ဖေးခန်းတွင်းသို့ ဝင်သွားလေသည်။ ထိုအခန်းသည် လူနေလျှင် မီးဖိုခန်းဖြစ်ဖို့ရှိလေသည်။
အလုပ်တိုက်ဖြစ်သဖြင့် မမြမှီ၏ ခြယ်သရန်အခန်း ပြုလုပ်ထားဟန်ရှိ၏။
မမြမှီကို စောင့်နေရင်း သတင်းစာတစ်စောင်ကို ဆွဲလှန်လိုက်သည်။
သပိတ်လှန်ခြင်းအပြစ်ဆိုသော
ဆောင်းပါးများနှင့် ရဲရဲတောက်ကိုသန်းတင်တို့အား ထောက်ခံသည့်အထက်တန်းကျောင်းသား သမဂ္ဂ
ကြေညာချက်များကိုလည်းကောင်း၊ ကျောင်းသား တောင်သူလယ်သမားနှင့် အလုပ်သမားများကို
ဆက်လက်ဖိနှိပ်ချုပ်ချယ် နေသော ပြည်တွင်းရေးသတင်းများကိုလည်းကောင်း မဖတ်ချင်ဘဲ မြင်နေရသဖြင့်
သတင်းစာကို ခပ်မြန်မြန် လှန်နေပေသည်။ နိုင်ငံခြားသတင်းများကိုသာ စေ့စေ့စပ်စပ်ပင် ဖတ်ကြည့်နေမိလေသည်။
ချက်ကိုစလိုဗက်ကီးယားပြည်ရှိ ဂျာမန်လူနည်းစု၊ ဟန်ဂေရီယံ လူနည်းစုများ သည် ဆူပူလှုပ်ရှားနေကြသည်။
ဟစ်တလာနှင့် တကွသော နာဇီခေါင်းဆောင်ကြီး များက ဂျာမန်လူနည်းစုကို ဝင်ရောက်ကယ်ဆယ်ရန်မှတစ်ပါး
အခြားလမ်းမရှိတော့ဟု ကြုံးဝါးနေကြလေသည်။
တရုတ်ဗမာ လမ်းမကြီးမှနေ၍ တရုတ်ပြည်သို့ တင်ပို့သော ဓာတ်ဆီ၊ ရေနံဆီ များကို အကောက်တော်ခွန်ပလပ်လိုက်ကြောင်းကိုလည်း တွေ့ရပေ၏။
ကုလားတစ်ယောက်က ဖာလူဒါ တစ်ခွက်လာချသဖြင့် သတင်းစာကို ပစ်ချပြီး ဖာလူဒါကို သောက်၏။ တစ်ဇွန်းစီ
တစ်ဇွန်းစီ အရသာခံ၍သောက်ရင်း ရင်အေးသွားကာ အရသာခံမိသလောက် ဖတ်လိုက်မိသော နိုင်ငံခြားသတင်းများအတွက် ရင်မအေးနိုင် ဖြစ်နေပေသည်။
အိန္ဒိယပြည်မှာလည်း အမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ ဆူဘတ်စ်ချန်ဒရာဘို့စ်က
'ဗြိတိသျှတို့အားလွတ်လပ်ရေးပေးမပေး ယတိပြတ်မေး၍ ရာဇသံပေးသင့်ပြီဖြစ်ကြောင်း၊ အိန္ဒိယပြည်သူတို့သည်
အဆုံးသတ် လွတ်မြောက်ရေး တိုက်ပွဲကို ဆင်နွှဲရန်
အခြေအနေသို့ဆိုက်ရောက်နေပြီဖြစ်ကြောင်း' ပြောဆိုလေ
သည်။

"သြော်၊ ဒါကြောင့်လည်း ဒေါက်တာဘမော်က သူ့ဖြုတ်ချဖို့ အယုံအကြည်မရှိ အဆိုကို ဖြေကြားရာမှာ
ဆူပူနေတာဟာ ကမ္ဘာ့နျင့်အဝှမ်း ဆူပူနေတာ၊ ဗမာပြည်မှာသာ မဟုတ်ဘူး၊ ဒါ့ကြောင့် ဗမာပြည်ကို ငြိမ်းချမ်းစွာ
မအုပ်ထိန်းနိုင်တာ သူ့အပြစ်မဟုတ်ကြောင်းပြောပေတာပဲ"
သို့ဖြင့်ကျွန်တော် မစဉ်းစားလိုသော နိုင်ငံရေးများကို စဉ်းစားဉာဏ်ရောက်နေပြန်လေသည်။ ရှေ့ဆက်မစဉ်းစားတော့ဘူးဟု ကိုယ့်စိတ်ကိုယ် ထိန်းလိုက်ပြီး နောက်ဖေးခန်းဆီသို့ မျှော်ကြည့်လိုက်စဉ်
မမြမှီထွက်လာလေသည်။
မမြမှီ၏ဆံထုံးမှာတစ်ပတ်လျှို ဘီးစိုက် နောက်ကွဲဆံထုံးဖြစ်သဖြင့် ခပ်ကြော့ ကြော့ဖြစ်သည်။ စောစောကပြောင်ထင်းနေသော နဖူးပြင်ပေါ်တွင် နံ့သာခြယ်ထားရုံ မက
ဗျာပါဆံနုကလေးများ ချထားသဖြင့်
ယဉ်စစဖြစ်သည်။ နှုတ်ခမ်းကို သဘာဝရောင် ဆိုးထားသဖြင့် ဣန္ဒြေရသော
အလှကိုဆောင်နေပေသည်။
ဝတ်ထားသောလုံချည်မှာ အပြာရင့်ရောင် စုရတီလုံချည်ဖြစ်၍ အဖြူပြောက်ကလေး များမှာ ဖောင်းကြွတက်နေသည်ဟု ထင်မှတ်ရပေ၏။
ဇာပန်းမပါသော ရှုံသားအင်္ကျီမထူမပါးကို စိန်ကြယ်သီးကြီးများတပ်၍ ဝတ်ထားသည်။ ကျစ်လျစ်စိုပြည်သည့်
နဂိုနေ အတွင်းသမဏ္ဍာန်ကို မူမှန်သော ကောက်ကြောင်းများနှင့် ပုံမပျက်စေဘဲ
ပြေပြစ်ယဉ်ကျေးစွာ မွမ်းမံပေးသည့်
အဆင်အပြင် ဖြစ်ပေသည်တကား။
ကျွန်တော်စူးစိုက်ကြည့်နေသည်ကို မမြမှီသည် ဝမ်းသာစွာနှင့် သတိပြုမိဟန် တူလေသည်။ သူ့ကိုယ်သူအရိပ်ကြည့်ရင်း ကျွန်တော့်နားကပ်လာပြီး–
"မောင်လေး စောင့်ရတာ ပျင်းမှာစိုးလို့ ကတိုက်ကရိုက် ပြင်ခဲ့ရတာပဲကွယ်"
"ကတိုက်ကရိုက်ပြင်တာ သေသေချာချာ အချိန်ယူပြင်တာတွေက ပဓာနမဟုတ်ပါဘူး မမရယ်"
"ဒါဖြင့် ဘာက ပဓာနလဲမောင်ရင်ရယ်"ဟု မေးပြီး မမြမှီသည် မျက်စချီကာ
ကျွန်တော့်အဖြေကို စောင့်နေလေသည်။
ကျွန်တော်ကမူ ရင်ထဲမှာ ခံစားနေရသော အဓိပ္ပာယ်အတွက် သင့်မြတ်သော စကားများကို ရှာနေသည်။
"ဆိုစမ်းပါဦး မောင်ရင်ရယ်၊ ဘာကပဓာနတုံး"
"သည်ခရီး သည်ထီးနဲ့တော်တယ်၊ သည်အချိန် သည်ထဘီနဲ့တော်တယ် စသည်ဖြင့် နရီကိုက်အောင်
ရွေးချယ်ဝတ်ဆင်တတ်ခြင်းသာ ပဓာနပါမမရဲ့"
"အမယ်လေး ပြောတတ်လိုက်တာ အရွယ်နဲ့မလိုက်ဘူး၊ ကောလိပ်ကျောင်းသားကြီးမို့ ဒီလိုပြောတတ်တာထင်ပါရဲ့၊

ကဲ ထသွားကြစို့”
မမြမှီသည် ပြောပြောဆိုဆို ရှေ့ကသွားရာ ကျွန်တော်က နောက်ကလိုက်သည်။
ကျွန်တော့်ဟန်မှာ
ခပ်ကုပ်ကုပ်ဖြစ်၏။ မမြမှီက ကားတံခါးကို ဖွင့်ပေးပြီး ကျွန်တော့်အား အရင်တက်စေသည်။
ကားပေါ်တွင် မမြမှီက
ခံ့ခံ့ထိုင်ပြီး ကျွန်တော်က မရဲတရဲထိုင်လိုက်သည်။
“ဖိုးအောင်ကန်တော်ကြီးကိုမောင်းဟေ့”
ဤကားသမားသည်ပင် ဤကားတွင်ကျွန်တော်နှင့်အဖေတို့အား တင်၍ ရန်ကုန်မြို့ကို
လှည့်ပတ်ပြခဲ့ပေသည်။
သို့သော် ထိုစဉ်က သူ့နာမည်ကို မသိခဲ့ချေ။ မေးလည်း မမေးမိချေ။
ဆူးလေဘုရားလမ်း ရုပ်ရှင်ရုံများ ရှေ့သို့ရောက်သောအခါ မမြင့်ဦးကို
ပြေး၍သတိရလေသည်။
မမြင့်ဦးသာရန်ကုန်မှာရှိလျှင် သူနှင့်သာ ရုပ်ရှင်ကြည့်နေပေ လိမ့်မည်။ အခုလို မမြမှီနှင့်
ကန်တော်ကြီးသို့
လေညင်းခံထွက်မည်မဟုတ်ဟု ထင်သည်။ မမြင့်ဦးကို လွမ်းဆွတ်သလိုလို၊ တမ်းတသလုလို
ဖြစ်လာပေ၏။
“မောင်လေးရဲ့ စကားမပြော ဘာမပြောနဲ့ ဘယ်သူ့အကြောင်းများ တွေးနေသလဲ”
ကျွန်တော်ကရှက်ကိုးရှက်ကန်း ပြုံးလိုက်ပြီးတော့ “ဘယ်သူ့အကြောင်းမှ မတွေးပါဘူး၊
ယခုပြနေတဲ့ရုပ်ရှင်တွေအကြောင်း တွေးနေလို့ပါ။ ငြေ ဗဘသကအ ကြျငခ
ဆိုတဲ့ရုပ်ရှင်ကားဟာ သိပ်ကောင်းသတဲ့။ ဂျူဒီဂါလင်ဆိုတဲ့
ဇာတ်လိုက်ကောင်မလေးကို ကျွန်တော်ကသိပ်ကြိုက်တာ မမကြည့်ပြီးပြီလား”
“မမက အင်္ဂလိပ်စာ သိပ်မတတ်တော့ အင်္ဂလိပ်ရုပ်ရှင် သိပ်မကြည့်ပါဘူးကွယ်။
မောင်တင်ထွန်းတော့
ကြည့်ပြီးပြီလား”
“မအားတာနဲ့က မကြည့်ရသေးဘူး၊ သိပ်ကြည့်ချင်တာပဲ”
“မမ ပြမယ်လေ ကြည့်မှာလား၊ ခုလို အင်္ဂလိပ်စာ ကောင်းကောင်းတတ်တဲ့လူနဲ့
ကြည့်ရတော့ မမမှာလည်း
နားလည်ပါးလည်နဲ့ အရသာခံနိုင်တာပေါ့”
“ဟုတ်ကဲ့”ဟု ပြောပြီး ကျွန်တော်ကငြိမ်နေလိုက်သည်၊
ကားသည် တိရစ္ဆာန်ရုံထောင့် ‘ချစ်သူ့လမ်းကြား’(ူသလနမဒျ ူညေန)ထိပ်သို့
ရောက်လာသောအခါ မမြမှီက–
“ဖိုးအောင်ရေ၊ ဘုတ်ကလပ်ကိုဘက်ကို မောင်းကွယ်။ အဲဒီဘက်ကနေပြီး မမတို့နှစ်ယောက်
သမ္မာန်နဲက
အလယ်ကျွန်းကိုကူးကြမယ်၊ မင်းက အလယ်ကျွန်းထိပ်ဝမှာ သွားပြီးစောင့်နေပေတော့”
ကားသည်ဘော်တယ်နီကယ်ဂါဒင်ဘက်သို့ ချိုးလိုက်ပြီးနောက် တစ်ခဏ၌ မမြမှီက–

“ဖိုးအောင်ရေ၊ ရပ်ပေးစမ်းကွယ်။ မမတို့ ဟောဟိုလမ်းကြားထဲကပဲ
လျှောက်ပြီးသွားတော့မယ်။
မင်းကအလယ်ကျွန်းထိပ်ကိုသာ သွားစောင့်ပေတော့။ တော်တော် ညောင်းနေတော့
လမ်းပိုလျှောက်မှကောင်းမယ်”
ကားရပ်လိုက်သည်။ ကျွန်တော်တို့သည် ဆင်းပြီး ‘ချစ်သူ့လမ်းကြား’တွင်းသို့ ဝင်လေသည်။
မဂိုလမ်းဆူးလေဘုရားလမ်းစသည်တို့နှင့် ကွာခြားလှသော လမ်းကြားကလေးပင်တည်း။
ရွက်သစ်တို့ဖြင့်
စည်ကားလှသော ဝါးပင်၊ သစ်ပင်၊ ပန်းပင်တို့ကြောင့် ညနေခင်းအလင်းရောင်မှာ စိမ်းလဲ့လဲ့
အရောင်ဟပ်နေပေသည်။ ထိုစိမ်းလဲ့လဲ့နောက်ခံအရောင်တွင် စိန်ပန်းပွင့်၏ နီရဲသောအရောင်၊
ငုနီလာ၏
နီလာရောင်နှင့် ငုရွှေဝါ၏ ရွှေဝါရောင်တို့က စုတ်တံကစားထားကြပေသည်။
လေပြည်မှာလည်း
လတ်ဆတ်သည်သာမက သင်းနေသည်ဟု ထင်ရပေ၏။
ကျွန်တော်တို့သည် ဘေးတိုက်လျှောက်သွားကြသည်။ အခါတိုင်း မမြမှီအား ကျွန်တော့်ထက်
အရပ်အမောင်းအနည်းငယ်မြင့်ဦးမည်ဟု ထင်ခဲ့၏။ ယခုလို ယှဉ်လျှောက်လိုက်တော့မှ
ကျွန်တော့်ထက်ပင်
အနည်းငယ်နိမ့်နေသည်ကို အံ့သြစွာ တွေ့ရပေသည်။ ဒါ့ကြောင့်လည်း ငယ်ငယ်တုန်းက
ကိုရင်ကြီး ကိုဘသန်းက
‘ယောကျ်ားဟာ မိန်းမထက် ပိုဘုန်းကြီးတယ်၊ ဒါ့ကြောင့် အချင်းချင်းယှဉ်လိုက်ရင်
ယောကျ်ားက ပိုမြင့်ခြင်း
ဖြစ်တယ်’လို့ ပြောခဲ့တာပဲ။ နွေဦးရာသီ၏ စိမ်းလဲ့လဲ့ရောင်ခြည်များကြားတွင်
ပြည့်ဖြိုးတောင့်တင်းသော
ကိုယ်ပုံသဏ္ဍာန်နှင့် လန်းဆန်းစွာ လှပနေသော မမြမှီမှာ နုပျိုနေသည်ဟုပင်
ကျွန်တော်ထင်မိသည်။ ယင်းသို့သော
အကြောင်းတွေကြောင့် ကျွန်တော်နှင့် မမြမှီတို့၏ ကြားဝယ်ဆယ်နှစ်မျှ ကွာခြားနေသော
အသက်တာသည်တစ်စစပျောက်ကွယ်သွားတော့သည်။
“မောင်တင်ထွန်း ဒီလမ်းကလေးရဲ့ကနာမည်ကို ဘယ်လိုခေါ်သလဲကွဲ့”
“ ူသလနမ ူညေနတဲ့မမရဲ့ ဟဲဟဲ ချစ်သူလမ်းကြားပါလို့ ဘာသာပြန်ကြပါ စို့မမရယ်”
မမြမှီကလည်း ကိုယ်မလုံဟန်ဖြင့် သဲ့သဲ့ရယ်လိုက်ပြီး–
“ချစ်သူလမ်းကြားတဲ့နော်၊ ဟဲ ဟဲ နာမည်ပေးသူကလည်း တော်တယ်၊
ဘာသာပြန်တဲ့သူကလည်း တော်တယ်”
ကျွန်တော်ရော မမြမှီပါ တမြုံ့မြုံ့ပြုံးရင်းခေါင်းငိုက်စိုက်ချကာ ဖြည်းဖြည်းကလေး
လျှောက်နေကြလေသည်။
တော်တော်နှင့် စကားစ မတွေ့နိုင်ကြ။ သစ်ပင်မြင့်ဖျားဆီမှ ဥသြတွန်သံပေါ်လာသည်။
ပြီးတော့

ရေမွှေးပက်ဖျန်းထားသော လက်ကိုင်ပုဝါကို ဖြန့်လျက် ယပ်ခတ်နေသည်။ သင်းမြသော အနံ့ကလေးသည်
ကျွန်တော့်အားယစ်စေလေသည်။
ကျွန်တော်က ငိုက်စိုက်ချထားသော မျက်နှာကို မော့ပြီး မမြမှီအား ကြည့်လိုက်သည်။ မမြမှီသည် ညှိုးငယ်သော
မျက်နှာဖြင့် ရှေ့သို့ငေးကြည့်နေသည်။
"မမကုသိုလ်ကံဟာ သိပ်ဆိုးတာပဲ၊ ချစ်သူယောကျာ်းရှိပေမယ့် သွားအတူ လာအတူ ပျော်ပျော်ရွှင်ရွှင် မနေရဘူးကွဲ့၊
သူ့ကိုလည်းသနားပါတယ်"
"သူ့ရောဂါဘယ်တော့ပျောက်မှာတဲ့လဲ မမ၊ ဆရာဝန်တွေက ဘယ်လိုပြောသလဲ"
"ဘယ်တော့မှ ပြောမယ်လို့ ဘယ်သူမှမပြောနိုင်တဲ့ အခြေမှာ ရှိပါတယ်ကွာ ခက်တာပဲ"
ကျွန်တော်သည် မမြမှီအားတကယ်ပင် သနားမိသည်။ 'စေ'တစ်လုံးပိုင်လျှင် ကောင်းလေစွဟု တောင့်တမိသည်။
မမ၏ယောကျာ်းသွက်ခါပါဒအခြေမှ ချက်ချင်းပျောက်စေဟု မန်းမှုတ်လိုက်မည်ဖြစ်၏။ ခုတော့ဘာမျှမရေရာသော
စကားဖြင့်ပင် နှစ်သိမ့်စေရတော့၏။
"တစ်နေ့တော့ ပျောက်မှာပေါ့ မမရာ၊ ကံဆိုတာ အမြဲတမ်းနိမ့်နေရိုးထုံးစံ မရှိပါဘူး"
ထိုအချိန်တွင် မျောက်များက အူလိုက်သည်။ နောက်ဆက်ပြီး ကျားတွေ၊ ခြင်္သေ့တွေက ဟောက်ကြသည်။
နောက်ပြီးဘာသံမှန်ခွဲမရသော တိရစ္ဆာန်ရှုံ့ဆူသံကြီးကို ကြားရလေသည်။
ကျွန်တော်တို့လည်း ဘုတ်ကလပ်အနီး ရောက်ကြလေပြီ။ သမွန်တစ်စင်းကို ငှားကြ၏။
မမြမှီက သမွန်ခတ်သူကို ကျောပေးလျက် သမွန်ဦးကိုမျက်နှာမူကာ ထိုင်သည်။ ကျွန်တော်က သမွန်ဦးကိုကျောပေးလျက် မမြမှီကိုမျက်နှာမူကာ ထိုင်သည်။
ဆည်းဆာရောင်ခြည်သည် အတော်ပင်လင်းတုန်းဖြစ်သည်။ ကြည်လင်သော ကောင်းကင်ပြင်ကလည်း
တောက်ပနေပေသည်။ လေညှင်းကလေးက တသုန်သုန် တိုက်ခတ်လျက်ရှိ၏။
မမြမှီသည် ရွှင်ပြုံးလာပြန်ပြီး လက်ကိုရေထဲမှာ ချ၍ကစားနေသည်။
"မောင်တင်ထွန်းကြည့်တဲ့ ရုပ်ရှင်တွေထဲမှာ အကောင်းဆုံးက ဘယ်ကားလဲ"
"ဘယ်ကားဟာ အကောင်းဆုံးလို့ ပြောဖို့ခက်တယ်မမရဲ့။ မကြာသေးခင်က ကြည့်လိုက်ရတဲ့ကားတစ်ခုဟာ
သိပ်ကောင်းတာပဲ၊ 'မေရီယာဝယ်လူ့စ်ကာ'တဲ့။ ဇာတ်လိုက်တွေက ဂရီတာ ဂါဘိုနဲ့ ချားလ်ဘွိုင်ယာ၊
ဂရီတာဂါဘိုလောက်ကောင်းတဲ့ မင်းသမီး ကျွန်တော်တော့တစ်ခါမှ မတွေ့ဖူးသေးဘူး"
မမြမှီသည် လေညင်းကလေးက ဆွသဖြင့် ပွနေသော မဟာနဖူးဆံစများကို သပ်ရင်း–
"ဇာတ်လမ်းကိုပြောပြပါဦးကွ"

ကျွန်တော်သည် စကားမရှိလို့သာ ဤဇာတ်ကားအကြောင်းကို ပြောလိုက်ရသော်လည်း ဇာတ်လမ်းကိုကားမပြောချင်။ ဇာတ်ကားကိုကြိုက်မိ၍သာ ကြိုက်မိကြောင်း ပြောလိုက်သော်လည်း ဇာတ်လမ်း၏
သဘောကိုမမြမှီအား မသိစေချင်။
"ပြောစမ်းပါဦးကွ၊ မမတို့က အင်္ဂလိပ်ဇာတ်ကားတွေ မကြည့်နိုင်တော့ မင်းတို့လိုက ဖောက်သည်ချမှကွယ့်"
"ဇာတ်လမ်းရဲ့ အတိုချုပ်ကတော့ ပိုလန်ပြည်ကို နပိုလီယံစစ်ချီသွားတော့ အရွယ်အိုမင်းတဲ့ ပိုလန်မြို့စားကြီးတစ်ဦးရဲ့ အရွယ်နုပျိုတဲ့ မြို့စားကတော်နဲ့ တွေ့ကြတယ်။ နပိုလီယံက တမ်းတမ်းစွဲလိုက်ပိုးပြီး
သိမ်းပိုက်တယ်။ ပရဒါရကံကျူးလွန်တဲ့ ဇာတ်လမ်းမို့ သင်ခန်းစာက မကောင်းဘူးမမရဲ့"
မမြမှီကငေးနားထောင်နေရာမှ ဝတ်ကျေတန်းကုန်ပြောလိုက်ဟန်ဖြင့်"
အေးပေါ့ မကောင်းဘူး"
"ဒါပေမဲ့ ချားလ်ဘွိုင်ယာက နပိုလီယံကိုအက်လုပ်တာ သိပ်ကောင်းတာပဲ၊ ဂရိတာဂါဘို မြို့စားကတော်လို
အက်တင်းကလည်း သိပ်ကောင်းတယ်၊ ဒါကြောင့် အဲဒီကားကိုကြိုက်တာ"
မမြမှီသည် ဘာမျှမပြောဘဲ နီးကပ်လာပြီဖြစ်သော အလယ်ကျွန်းဆီသို့သာ ငေး၍ကြည့်နေသည်။
သူ့မျက်လုံးများသည် ရှေ့က ထိုင်နေသော ကျွန်တော့်ကိုပင် မြင်ဟန်မရှိတော့ချေ။ ကျွန်တော်ပြောလိုက်မိတာ
မှားသွားလေပြီလား။ ကျွန်တော်သည် ဤဇာတ်လမ်းကိုမသန့်ရှင်းသော ရည်ရွယ်ချက်ဖြင့် ပြောသည်ဟု
မမကထင်သွားလေပြီလား။
မမ၏နှလုံးအိမ်တွင် စက်ဆုပ်ခြင်း၊ ရွံမုန်းခြင်း စသည်တို့ ချင်းနင်းဝင်ရောက် သွားလေပြီလား။ သို့မဟုတ်
မမ၏နှလုံးအိမ်တွင် ကြာခိုသော ဇာတ်လမ်းခင်းပြီး မှောင်ကြီးကျနေပြီလော။
ကျွန်တော်အဖို့ကားထိုဇာတ်လမ်းသို့ ရည်ရွယ်ချက်မရှိဘဲ ရောက်သွားသည်မှာ အမှန်ဖြစ်၏။ ထိုခဏထိုအခိုက်ထိ
မမြမှီအပေါ်တွင် ကျွန်တော်ထားခဲ့သော မေတ္တာမှာ ရိုးသားစင်ကြယ်ရိုး ဧကန်မုန်ပါသည်။ အကယ်တိမမြမှီ၏
ရုပါရုံ ဂန္ဓာရုံ စသည်တို့တွင် ကျွန်တော်ယစ်မူးခဲ့ပါမူ သဘာဝဓမ္မမလွန်ဆန်နိုင်၍သာ ဖြစ်ပါသည်။ မမြမှီ၏
ရုပ်အဆင်းက လှပေသကိုး၊ လူမှန်လျှင် အလှကိုချစ်မြတ်နိုးသည် မဟုတ်ပါလား။ မမြမှီ၏ ကိုယ်ခန္ဓာကတပ်မက်ဖွယ်ကောင်းသကိုး၊ လူမှန်လျှင် တပ်မက်စရာကို တွယ်တာသည် မဟုတ်ပါလား။ မမြမှီ

အခြယ်အမှုန်းတို့က မွှေးကြိုင်ပေသကိုး၊ လူမှန်လျှင် ဂန္ဓာရုံတွင် ယစ်တတ်သည် မဟုတ်ပါလား။ သို့ရာတွင်
ကျွန်တော့်တုံ့ပြန်မှုများ သည်ဤတွင်သာ ရပ်ခဲ့သည်။
တစ်ဆင့်တက်၍ စိတ်မကစား၊ ကာမပိုင်လင်ရှိသည်ဟူသော အသိနှင့် အသက်ကွာခြားမှုတို့က တံတိုင်းကြီးတွေလို
ကာဆီးထားခဲ့သည်။ ခုတော့ မရည်ရွယ်ဘဲနှင့် မေရီယာဝယ်လူစ်ကား ဇာတ်လမ်းကို ပြောမိရာမှ ကြာခိုသော
ဇာတ်တွင် စိတ်ကစားကြည့်နေမိလေပြီ။ မရိုးမသား တောတွေးတောင်တွေး တွေးမိလေပြီ။
ကျွန်တော့်တစ်ကိုယ်လုံးသည် ချောက်ချားလာ၏။ ကျွန်တော့်စိတ်သည် ညစ်ညူးလာ၏။
ကမ်းပေါ်သို့ ကျွန်တော်ကအရင်တက်ပြီး ကြိုနေရာ စောင်းသွားသောသမ္ဗန်မှ မမြမှီသည် ကျွန်တော့်ပုခုံးကိုကိုင်ပြီး
တက်လိုက်လေသည်။ ကမ်းပေါ်ရောက်သော် လည်း
ကျွန်တော့်ပခုံးမှလက်ကိုတော်တော်နှင့်မလွှတ်။
လှုပ်ရှားစေသော ရူပါရုံနှင့် ဂန္ဓာရုံတို့အပေါ်တွင် မရိုးမရွဖြစ်နေသော ဖေဌဗ္ဗာရုံက သရဖူဆောင်းပေးလိုက်ပြန်
လေသည်။ ကျွန်တော်ကား စိတ်လှုပ်ရှားသလောက် လူကငြိမ်ရပ်နေသည်။ ဘာလုပ်ရ၊ ဘာကိုင်ရမှန်း မသိ။
ယုတ်စွအဆုံး အုပ်လှေကားအဆင့်ကလေးတွေတွင် တက်သွားရမည်ကိုပင် မသိဖြစ်ပါလေ၏။
ခဏများစွာကြာအောင် ၂ယောက်သား ငြိမ်ရပ်နေပြီးမှ မမြမှီက လှုပ်နှိုးလိုက်သည်။
"ကဲ– မောင်လေး ဘာလုပ်နေသလဲ တက်လေ"
အပေါ်ရောက်သောအခါ မမြမှီသည် ထိုင်ခုံကလေးတစ်ခုပေါ်တွင် ထိုင်ပြီး ဘေးကဝင်ထိုင်ရန် ကျွန်တော့်အားကိုယ်အမူအရာဖြင့် နေရာပေးနေလေသည်။ ထိုအချိန်တွင် ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်
အတော်ထိန်းနိုင်ပြီဖြစ်၍–
"ပြန်ကြဦးစို့လား မမရယ်၊ တော်တော်ကြာ မှောင်လာတော့မယ်"
"ထိုင်ပါဦးကွာ၊ တော်တော်နဲ့မမှောင်သေးပါဘူး၊ မတွေ့ဘူးလား လူများတွေလည်း မပြန်ကြသေးပါဘူး"
ထိုအခါ မမြမှီက ခပ်စူစူမျက်နှာထားလိုက်ပြီး အောင့်သက်သက်လေသံဖြင့်"
အောင်မယ်လေး မောင်ရင်ရယ်၊ ဘယ်သူနဲ့ချိန်းထားလို့ ဒီလောက်လောဆော် နေတာလဲ၊ အားတယ်ပျင်းတယ်ဆိုလို့ မောင့်ကိုမမက ခေါ်လာတာ။ ကဲ–ဒီလောက်တောင်ပြန်ချင်ရင် ပြန်မယ်"
မမကထပြန်တော့မည့်ဟန်ဖြင့် အောက်တွင် ချွတ်ချထားသော ဖိနပ်ကို လှျိုလိုက်သည်။
ကျွန်တော်ကားဝမ်းနည်းအားနာဖြစ်သွားကာ သူ့ဘေးက ဝင်ထိုင်ပြီး
ပြုံးတုံးတုံးလုပ်နေလိုက်လေသည်။

လေညင်းကလေးက တသွင်သွင် တိုက်လာပြန်သည်။ မမသည် ရေမွှေးဆွတ်ဖျန်းထားသော လက်ကိုင်ပုဝါဖြင့်
ယပ်ခတ်နေပြန်သည်။ ဟိုမှာ တစ်တွဲ၊ ဒီမှာတစ်တွဲ၊ ဟိုမှာ သုံးယောက်၊ ဒီမှာ သုံးလေးယောက်တစ်ဖြောက်ဖြောက်
တွေ့ရသေးသော်လည်း လူရှင်းစပြုလေပြီ။ ဆည်းဆာရောင်ခြည်ကား တစ်တစ်စ မှိန်ခဲ့လေပြီ။
မြမှီသည် ပေါင်တစ်လုံးပေါ် တစ်လုံးထပ်ပြီး ခါးကိုကော့လျက် ထိုင်ခုံကျောမှီပေါ်တွင် တအားပစ်ပြီးမှီနေသည်။
လက်နှစ်ဖက်ကို နောက်ပစ်ကာ ပတ္တာဆက်ထားပြီး မော့နေသော ခေါင်းအောက်မှာ ကပ်ထားသည်။ အိစက်လုံးချော
သော ပေါင်တံ၊ ကျစ်လျစ်ပြည့်ဖြိုးသော တင်၊ သွယ်ဝိုင်းသည့်ခါးနှင့် မောက်မို့သော ရင်သားတို့ကို
ကောက်ကြောင်းထင်ရှားစွာ ပြနေသော နေထိုင်ဟန်ပင်တည်း။ ထိုသဏ္ဍာန်သို့ ကျွန်တော့်မျက်စိအစုံသည်
အမှောင်ရိပ်များ တစ်လွှာပြီးတစ်လွှာ ကျရောက်လာလေလေ ရစ်ဝဲမိလေလေ ဖြစ်လာမည်ကို စိုးရိမ်သဖြင့်
ကျွန်တော်သည် စကားမရှိ စကားရှာရလေသည်။
"မမ မြန်မာရုပ်ရှင်တွေကို ကြည့်တယ်ပြောတယ်၊ ဘယ်ကားကို အကြိုက်ဆုံးလဲ"
"မြားနတ်မောင်ကို အကြိုက်ဆုံး"
"ဟင်၊ ဟုတ်လား"
"မင်းကော မကြိုက်ဘူးလား"
"ကြိုက်ပါတယ်၊ အတော်ကောင်းတဲ့ကားပဲ၊ ကျွန်တော်တို့ ကျောင်းသားများ သမဂ္ဂကတောင် ရွှေတံဆိပ်ပေးသေးတာပဲ"
သို့ဖြင့် မမထားနှင့် မောင်ကလေးအပါတို့၏ ချစ်ခန်းတွင် စိတ်ကစားနေပြန် လေပြီ။ မမထားနေရာမှ မြမှီ၊
အပါ့နေရာမှ ကျွန်တော်တင်ထွန်း ရောက်သွားလေပြီ။ လှုပ်လေမြုပ်လေဆိုသကဲ့သို့ ဤလိုမသန့်ရှင်းသော
အတွေးကိုရှောင်ခါမှ ထိုအတွေးစက်ကွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရပေသည်။ သည်စိတ်မျိုးမှာ
စပရိန်လိုဖိလေ ကြွလေပါတကား။ မဖြစ်ဘူး။ ကြာကြာနေလို့ မဖြစ်ဘူး။ ကျွန်တော်သည် ထိုင်ရာက
ဆတ်ခနဲထလိုက်သည်။
"မမရေ၊ သွားကြစို့ မှောင်လာပြီ"
မြမှီသည် ကျွန်တော့်အား မော့၍ချိုသာပျော့ပျောင်းစွာ ကြည့်လိုက်သည်။ ပြီးလျှင် လက်များကို ဆန့်တန်းကာ
အညောင်းဖြေရင်း–

"အေး၊ ပြန်ကြမယ်"
မမစိတ်ထဲမှာ မချင့်မရဲပင် ဖြစ်နေသလား။ သို့မဟုတ် ကျေကျေနပ်နပ်ဖြစ် သလား။ ကျွန်တော်က
အကဲမခတ်တတ်ပေ။ မမသည် ထိုင်ခုံမှ သွက်လက်စွာ ထပြီး ကျွန်တော့်ရှေ့ကပင် လျှောက်နှင့်၏။
ကျွန်တော်ကနောက်ကလိုက်နေရာ ကိုက်၅၀လောက် ရောက်ကြလျှင် မမသည် ကျွန်တော့်အား ဘေးချင်းယှဉ်မိသည့်တိုင်အောင် စောင့်ပြီးလျှောက်၏။
"မောင်တင်ထွန်းမှာ ရည်းစားရှိသလား"
"ရည်စားရယ်လို့တော့မရှိပါဘူးမမရယ်"
"အို–မင့်စကားက ဆန်းလှချေလားကွ၊ ရည်းစားရယ်လို့ မရှိရင် ဘာအနေနဲ့ ရှိတာလဲ"
"ဒီလိုမမရဲ့၊ ဝင်နီဖေဆိုတဲ့ ခင်သိန်းဝင်းဆိုတဲ့ မိန်းကလေးတစ်ယောက်နဲက ရင်းနှီးခဲ့တယ်။ သူတို့ကလည်း
ကျွန်တော့်ကိုလိုလားပါတယ်၊ ကျွန်တော်ကလည်း ကြိုက်မိပါတယ်၊ သို့ပေမယ့် အတိအလင်း ဖွင့်မပြောရသေးဘူး။
နောက်တော့ တစ်ယောက်နဲ့တစ်ယောက်ဝါသနာချင်း ရည်ရွယ်ချက်ချင်း မတူတာနဲ့ ခပ်ခွာခွာနေလိုက်တယ်။
ခုတော့ ဝင်နီဟာ ယောကျာ်းယူတော့မယ်လို့တောင် ကြားတယ်"
"ဒါဖြင့်မင်းကျန်ရစ်ပေါ့ကွ"
"ကျန်ရစ်လို့လည်း မဆိုနိုင်ပါဘူး၊ ကျွန်တော်ကမှ ငမ်းငမ်းစွဲမလိုက်တာပဲ။ နောက်ပြီးတော့ တစ်ယောက်ရှိသေးတယ်၊ ဒါကတော့ ကျွန်တော်နဲ့ ကျောင်းနေဖက် မမြင့်ဦးပဲ။ သူက မြန်မာစာဂုဏ်ထူးတန်းက
ကျွန်တော်ကလည်းသူ့ကိုချစ်တယ်၊ သူကလည်း ကျွန်တော့်ကိုချစ်တယ်လို့ တပ်အပ်ပြောနိုင်တယ်။ သို့ပေမယ့်
တစ်ယောက် တစ်ယောက်ဖွင့်မပြောရသေးဘူး၊ သူငယ်ချင်းလည်းမက ရည်းစားလည်း မကျဆိုတာလိုပေါ့ မမရယ်"
"ဟင် မင်းဟာက မရေမရာကြီးကွာ၊ ဒီလိုပဲ ဖွင့်မပြောဘဲနေရင် လွဲသွားဦးမယ်နော်။ ဘာဖြစ်လို့ ဖွင့်မပြောသလဲ၊
တကယ်ချစ်ရင် ဖွင့်ပြောလိုက်ပေါ့"
"ဒီလိုမမရဲ့၊ စသိခါစက ကျွန်တော်က မိတ်ဆွေအနေနဲ့ သူ့ဆီစာတစ်စောင် ရေးတယ်၊ နည်းနည်းအရေးမှားသွားတဲ့ စကားကလေးကြောင့် သူ့ကိုရိသဲ့သဲ့ ပိုးတိုးတိုး လုပ်ရပေါ့မလားဆိုပြီး ကျွန်တော့်ကို
ရန်တွေ့တယ်။ ဒီတော့ ကျွန်တော်ကလည်း မခံချင်တာနဲ့ 'တက်တက်စင်ရှီးပါလျက်ကယ်နှင့်၊ ကလက်တက်တက်
ထင်သူရယ်၊ တစ်မျိုးသဒ္ဒါမပျက်စေနှင့်၊ အပိုးဝါသနာဘက်ကိုတဲ့ ကွင်းသမို့ပယ်၊ ငြင်းလို့ကွယ်နိုင်ပါရဲ့

ဖြောင့်စွာသဘော၊ မင်းတို့အရွယ်ကိုဖြင့် ကျောင်းတကာ မစော'ဆိုတဲ့ သခင်ကိုယ်တော်မှိုင်းရဲ့
လေးချိုးကြီးတစ်ပုဒ်ထဲက ကောက်နုတ်ပြီးပြန်ရှင်းတယ်။ အခုလည်းမပိုးဘူး၊
နောက်လည်းမပိုးဘူး၊
နှုတ်လွန်လက်လွန် ဖြစ်သွားတာပေါ့လေ။ သူနဲ့ကျွန်တော်အဲဒီတုန်းကတည်းက
ရင်းနှီးသွားကြတာပဲ၊ တစ်စနဲ့တစ်စ
တစ်ယောက်နဲ့တစ်ယောက် ချစ်လာကြတယ်။ သို့ပေမယ့် အဲဟိုအစတုန်းက
စကားလွန်ထားလို့ ဖွင့်ပြောရမှာ
ခက်နေပြီ"
ကျွန်တော်သည် ပြောရင်းပြောရင်း ကြေကွဲဝမ်းနည်းသံပါလာသည်။ မမြမှီကတော့
ရယ်လိုက်သည်။
"အောင်မယ်လေးဟဲ့၊ ဘာများ ခက်စရာရှိသေးသလဲ၊ ဖွင့်သာပြောလိုက်။ ယောကျာ်းကလေးနဲ့
မိန်းကလေးတို့ရဲ့အချစ်ဟာ မုန်းတယ် မချစ်ဘူးဆိုတဲ့ စကားနဲ့က စတတ်ကြတာပဲ။
အဲဒီတော့
နှုတ်လွန်လက်ကျွံနေတာကို ပြင်ရုံပဲရှိတယ်။ မောင်လေးရဲ့ ကိစ္စမှာချစ်တယ်ဆိုတဲ့
ကတိကိုတည်ဖို့
အရေးကြီးသလောက်၊ မချစ်ဘူးမပိုးဘူးဆိုတဲ့ ကတိကို ဖျက်ဖို့ အရေးကြီးတယ်။
တော်တော်ကြာ ဖွင့်မပြောလို့
မောင်မင်းကြီးသားက မသေချာပါဘူးလေဆိုပြီး သည့်ပြင်လူကို လက်ခံသွားရင်
ကျန်ရစ်နှစ်ခါဖြစ်နေရဦးမယ် ဟဲ
ဟဲ"
"ကျန်ရစ်ဖြစ်လည်း ကောင်းတာပါပဲလေ"ဟု ကျွန်တော်က မူလကျီလုပ်၍
သံဝေဂသံပေးလိုက်သောအခါ–
"ဘာဖြစ်လို့လဲ၊ နောက်ထပ်တစ်ယောက် တွေ့နေလို့လား၊ ပြောစမ်းပါဦး နောက်ထပ်
တွေ့သူကလေးရဲ့အကြောင်း"
"ဟဲ ဟဲ မတွေ့ပါဘူး၊ တွေ့လို့ပြောတာ မဟုတ်ပါဘူး"
ကျွန်တော်သည်ဘူးကွယ်လိုက်ရသော်လည်း ကိုယ်မလုံချေ။ မခင်သစ်ကလေး တစ်ယောက်အား
နောက်ထပ်တွေ့ထားသည်မဟုတ်ပါလား။ သို့သော် မခင်သစ်နှင့် ပတ်သက်ပြီး
စိတ်ပိုင်းဖြတ်ထားခြင်းလည်း
မရှိသေး၊ ၄င်းပြင် ကျွန်တော်သည် မခင်သစ်အား ကိုယ်တစ်ဦးတည်းသာ သိအပ်သော
လျှို့ဝှက်အပ်သည့်
ကျောက်မျက်ရတနာကလေး တွေ့ထားသည့်သဖွယ် သဘောထားပေသည်။
မမြမှီသည် အကင်းပါး၏။ ကျွန်တော်သည် တစ်စုံတစ်ရာကိုဖုံးကွယ်နေကြောင်း ရိပ်မိ၏။
"နောက်ထပ်တွေ့ထားတဲ့ မိန်းကလေးအကြောင်းကိုတော့ မပြောတာက မမဖျက်မှာစိုးလို့လား"
"အိုမဟုတ်ပါဘူး မမကလည်း၊ နောက်ထပ်မတွေ့လို့ပြောတာပါ"

“နောက်ထပ်တွေ့ရင်လည်း ပြောဦးနော်၊ မမက အကြံဉာဏ်ပေးတတ်ပါတယ် ကွယ်၊
မောင်လေးက တွေ့ထားတဲ့
မိန်းကလေးတွေအကြောင်း ပြောပြရင် ဘယ်မိန်းကလေးဟာ မင်းကိုချစ်တယ်၊
ဘယ်မိန်းကလေးဟာ
သဘောသကာယကြီး တယ်ဆိုတာတွေကို မမတို့ မိန်းမသားချင်းက ပိုသိနိုင်တယ်။
ဒါကြောင့်သားများဟာ
ကိုယ့်ရည်းစားအကြောင်း အမေနဲ့ ဆွေးနွေးတိုင်ပင်ရင် မမှားတတ်ဘူး၊ မောင်တင်ထွန်း
မှာတော့
အမေနဲ့ခွဲနေရတော့ မမကိုပဲ တိုင်ပင်ဆွေးနွေးပေါ့ကွယ် ဟုတ်လား”
“ဟုတ်ကဲ့မမ”
အလယ်ကျွန်းအပေါက်ဝသို့ ရောက်လာကြလေပြီ။ ပတ်လမ်းပေါ်တွင်
ကားသုံးစီးရပ်ထားသည်ကိုမြင်ရသော်လည်း
အမှောင်လွှမ်းနေပြီဖြစ်သဖြင့် ဘယ်ကားသည် ကျွန်တော်တို့၏ ကားဟုပင် ခွဲခြား၍
မသိနိုင်ပြီ။
ကားများဆီသို့ ကျွန်တော်တို့ လျှောက်လာကြစဉ် အက်ဒဝပ်ကြေးရုပ် ခြေရင်းတွင်
ထိုင်နေသော ဖိုးအောင်အား
ကျွန်တော်တို့က သတိမထားမိ။ ဖိုးအောင်က ပြေးလိုက်လာပြီး ကားပေါ်ပြေးတက်သွားလျက်
အတွင်းမီးကိုဖွင့်
လိုက်သည်။ မမြမှီက ကားတံခါးကို ဖွင့်ပေးပြီး ကျွန်တော့်အား အရင်အတက်ခိုင်းသည်။
ကားသည်ဗဟန်းဘက်သို့
ထွက်လာသည်။ မမြမှီသည် ကူရှင်ပေါ်တွင် ကိုယ်ကိုလှန်ချပြီး မှီကာ သမ်းလိုက်သည်။
ကားပေါ်တင်ခဲ့ညသား
လှသော တစ်ပွေ့တစ်ပိုက် မမြမှီကြီးပါကလားဟု ကျွန်တော့်စိတ်တွင်းမှာ ကျိတ်၍
ဥဒါန်းကျူးနေမိပြန်ပါသည်။
“မောင်တင်ထွန်း ရုပ်ရှင်လိုက်ကြည့်မယ် မဟုတ်လား”
“ကနေ့တော့ အချိန်မရှိတော့ပါဘူး မမရယ်၊ ကျွန်တော့်ကို ကျောင်းသာပြန်ပို့ ပါတော့”
“အို ဘယ်ဟုတ်ရမှာလဲ၊ မြို့ထဲလိုက်ပြီး စားဦးမှပေါ့၊ နို့မဟုတ်ရင် မောင်လေး ဆာနေမယ်”
“မဆာပါဘူး ကျောင်းသာပြန်ပို့ပါတော မမရယ်”
မမသည် ဘာမျှမပြောတော့ဘဲ ကျွန်တော့်အား အားမလို အားမရမူဟန်ဖြင့် ကြည့်နေသည်။
ကျွန်တော်သည်
မမကိုအားနာသွားသည်နှင့်–
“မမဆာရင်တော့ ကျွန်တော်အဖော်လိုက်ခဲ့မယ်လေ”
“ဟင့်အင်း၊ မောင်လေးမှမဆာဘဲ မမကကိစ္စမရှိပါဘူး။ ဖိုးအောင်ရေ
ကောလိပ်ကျောင်းဘက်ကိုမောင်းဟေ့”

အင်းလျားကန်စောင်း ယူနီဘာစီတီ ရိပ်သာလမ်းသို့ ရောက်သည့်တိုင်အောင်
ဘာမျှမပြောကြတော့ပေ။
လထွက်လာပြီ။ သို့သော် ငွေရောင်ခြည်ကား မဖြာသေး။ သို့သော် အင်းလျား၏ ရှုခင်းကား
မှုန်တိမှုန်ဝါးအကြမ်းခြယ်ထားသော ပန်းချီကားပမာ တစ်မျိုးလှနေ၏။ ညဥ့်ငှက်တို့၏
ပဏ္ဏာမသီချင်းသံကို
ကြားနေရလေပြီ။ ကားထဲသို့ တိုးဝှေ့ဝင်လာသော လေပြည်သည် ကျွန်တော်တို့အား
ခပ်ကြမ်းကြမ်းပင်
နမ်းရှုတ်ကြ၏။
"သာယာတယ်နော် မောင်လေး"
"ဟုတ်တယ်၊ သိပ်သာယာတာပဲ၊ အလယ်ကျွန်းကို လှမ်းကြည့်လိုက်စမ်း မမ၊
ကျွန်းဟာရေပေါ်မှာမျောနေတယ်ထင်ရတယ်၊ ကြယ်တာရာတွေလည်း ရေမျက်နှာပြင်
ပေါ်ကိုရွှေမှုန် ငွေမှုန်တွေ
ကြဲချနေကြပြီ"
"ဟဲ ဟဲ အဲဒီလို ကဗျာစပ်ပြီး မမြင့်ဦးဆီပို့လိုက်ပါလားကွာ။ အဆုံးသတ်မှာတော့
မမြင့်ဦးရေ
ရွှေမှုန်ငွေမှုန်နဲ့မကျေနပ်ဘူး၊ ရွှေတုံးငွေတုံးတွေ ကြဲချပေးပါ။ အဖြူအမည်းသဲသဲကွဲကွဲ
သိပါရစေလို့
ရေးထည့်လိုက် ဒါမှပြောပြီးဆိုပြီး ဖြစ်သွားမှာကွဲ့ ဟဲ ဟဲ"
မမသည် သူ့ဟာသူ သဘောကျနေသည်။ မမ၏ သဲ့သဲ့ ရယ်နေသံသည် ကျွန်တော့်အား
ကလိဆွနေသလို
ရှိနေပေသည်။
ကားသည် သမဂ္ဂတိုက်အနီးသို့ ရောက်လာသောအခါ ကျွန်တော်က–
"ကိုဖိုးအောင် ညာဘက်က အဆောက်အအုံဝင်းထဲ ဝင်ရမယ်"
ကားသည် အဝိုင်းကလေးကို လှည့်နေစဉ် မမက–
"ကဲဘယ်တော့ မမဆီလာတွေ့ဦးမှာလဲ"
"သုံးလေးရက်အတွင်းလာခဲ့မယ်"
"တစ်ည ရွှေမန်းတင်မောင်ဇာတ် သွားကြည့်ရအောင်၊ မောင်လေး ကြည့်ဖူးရဲ့လား"
"နာမည်တော့ တော်တော်ကြီးနေတာပဲ၊ သို့ပေမယ့် ခုထိ မကြည့်ဖူးသေးဘူး"
"အေး၊ ဒါဖြင့် နောက်တစ်ခေါက်လာရင် ရွှေမန်းတင်မောင် သွားကြည့်ကြမယ်"
ကျွန်တော်က ဖိုးအောင်အား ကားရပ်ရန် နေရာညွှန်ပြီးနောက်–
"မမသွားပေရော့နော်"
မမသည် ကျွန်တော့်အား ပြန်နှုတ်မဆက်တော့ဘဲ ကျွန်တော့်ကားပေါ်က ဆင်းသွားသည်ကို
မကြည်မသာမျက်နှာဖြင့် ငေးကြည့်ကာ ကျန်ရစ်လေသည်။ ကားထွက်သောအခါ
ဖိုးအောင်အား မမက–
"ပြည်လမ်း သိန်းသိန်းတို့အိမ်ကို မောင်းဟေ့"ဟု ပြောလိုက်သံကြားရပေသည်။ ကုလားဗမာ

အခိကရုဏ်းအတွင်းက မမြမှီအား ကျွန်တော်တို့ ပို့လိုက်ရသော သူ့သူငယ်ချင်းများ၏
အိမ်ဖြစ်ဟန်ရှိပေသည်။
၃၉
ကျောင်းသားလွှတ်တော်၏ အတည်ပြုချက်
သမဂ္ဂအဆောက်အအုံ ပတ်ဝန်းကျင်နှင့် ကျောင်းသားလောကထဲသို့ ပြန်ရောက်သောအခါ
ကျွန်တော့်မှာ
'ဇိမ်'အိပ်မက်မြင်မက်ပြီး ရုတ်တရက်နိုးလာသူနှင့် တူပေတော့၏။ မော်တော်ကား၊ မမြမှီ၊
ချစ်သူလမ်းကြား၊
ကန်တော်ကြီး၊ နပိုလီယံ 'ကြာခိုဇာတ်လမ်း'၊ မြားနတ်မောင် ဇာတ်လမ်းစသည်နှင့်
သမဂ္ဂအဆောက်အအုံပတ်
ဝန်းကျင်၊ အလုပ်များနေကြသော ကျောင်းသားခေါင်းဆောင်များ၊ တိုက်ပ်ရိုက်သံများ၊
ဂျက်စတင်နာလိုမ့်သံများနှင့်
ငြင်းခုံဆွေးနွေးသံများသည် စိတ်ကူးယဉ်အိပ်မက်နှင့် တကယ့်အဖြစ်လို ကွာခြားချင်တိုင်း
ကွာခြားနေပေ၏။
သို့သော် ကျွန်တော်သည် စိတ်ကူးယဉ်အိပ်မက်နှင့်တကယ့်အဖြစ်လို ကွာခြားချင်တိုင်း
ကွာခြားနေပေ၏။ သို့သော်
ကျွန်တော်သည် စိတ်ကူးယဉ်အိပ်မက်တွင် မည်မျှသာယာနေခဲ့ပါသနည်း ဆိုသော်
သမဂ္ဂတိုက်ရှေ့မြက်ခင်းပေါ်သို့
တစ်ယောက်တည်း သွားထိုင်ကာ အိပ်မက်ခန်းကို စားမြုံ့ပြန်နေလိုပေသေးသည်။ သို့သော်
ကျွန်တော်ပြန်လာသည်ကို ဘယ်နေရာကနေပြီး မြင်လိုက်မှန်း မသိနိုင်သော ကိုအေးငွေက
ဆတ်ခနဲ
ကျွန်တော့်လက်မောင်း လာဆွဲပြီး–
"ဟေ့လူ လာခဲ့၊ ဘယ်သွားနေသလဲ၊ အလုပ်တွေရှိတယ်"
"ဘာအလုပ်တွေလဲဗျ"
"ကျောင်းသားလွှတ်တော်ခေါ်ရေးနဲ့ ပတသက်ပြီး ကြေညာချက်တွေကို သတင်းစာတိုက်တွေ
ပို့ရမယ်။ ဟေ့
ဒါထက် ကိုယ့်လူ ဘယ်ကပြန်လာသလဲ မှန်မှန်ပြောစမ်း"
"မြို့ထဲကို ကိုယ်ရေးကိုယ်တာကိစ္စရှိလို့ သွားပြီးပြန်လာတာပါ"
"မောင်ရင့်ကို ကားကြီးနဲ့လိုက်ပို့တာက ဘယ်သူလဲ"
"ကျွန်တော့်အဒေါ်တစ်ယောက်ပါ"
"ဟုတ်ကဲ့လား ကိုယ်မြင်လိုက်တော့ အဒေါ်အရွယ်နဲ့ မတူပါဘူး။ ခပ်ငယ်ငယ်
ဖောင်ကောင်းကောင်း"
"ဟာ တော်စမ်းပါ ကိုအေးငွေရာ၊ မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့၊ ကျွန်တော့်အဒေါ်က
အသက် ၄၀ကျော်လို့

ငါးဆယ်တွင်းတောင် ရောက်တော့မယ်။ ဆံဖြူ သွားကျိုး၊ အရေတွန့် ဟား ဟား ကဲ လာလုပ်စရာရှိတာလုပ်မယ်”
ကိုဘဟိန်း၊ ကိုဗဆွေ၊ ကိုလှရွှေ၊ ကိုထွန်းရှိန်၊ ကိုစိုးမောင် စသည်တို့ အားလုံး ရှိကြ၏။ ဦးကံသိန်းကြီးလည်း
ဟိုပြေးရသည်လွှားရ၊ မာလီကုလားပင်လျှင် ဂျက်စတင်နှာ ဝင်လိုမှဲ့ရသေးသည်။ အားလုံးသည် ကျောင်းသားလွှတ်တော်အတွက် ပြင်ဆင်နေကြလေသည်။
စောစောက ကျွန်တော့်မှာ ဘေးထွက်ထိုင်နေလိုသောဆန္ဒ အပြင်းထအန် ဖြစ်ခဲ့သည်။ ရဲဘော်စိတ်နှင့်
ဆက်ဆံကြသော ကိုလှရွှေနှင့် ကိုဘဟိန်းတို့ကြောင့် ထိုဆန္ဒမှာ လျော့ပါးသွားခဲ့သည်။ ကိုလှရွှေတို့ပေးသော
တာဝန်ကိုရှောင်ခဲ့သည့် အတွက် နောင်တကြီးစွာပင် ဖြစ်ခဲ့ရပေသည်။ ခုတော့ ချစ်လှစွာသော ကိုအေးငွေက
အလုပ်ရှိသည်ဆိုကာ မြို့ထဲသို့ခေါ်ပြန်ပေရာ မငြင်းရက် မငြင်းနိုင် မငြင်းအားဖြစ်ကာ လိုက်သွားရပေတော့၏။
အပြန်တွင် ဘတ်စ်ကား မရမည်စိုးသဖြင့် သမဂ္ဂမှ ငှားထားသော မောရစ်အိတ်တက္ကစီကလေးကို
စီးသွားကြလေသည်။
တက္ကစီဒရိုင်ဘာကိုစံပကား အရုပ်အလောတော်၊ ခပ်ပိန်ပိန် ဖြစ်သည်။ မျက်လုံး ပြူးပြူးနှာတံခပ်သွယ်သွယ်နှင့်ဖြစ်ရာ ဗမာမဆန်လှသော မျက်နှာဖြစ်သည်။ ခေါင်းတုံးတုံးထားသည်ထင်ရလောက်အောင် တိုသော ဗိုလ်ကေရှိပေ၏။ ကိုစံပမှာ ကျောင်းသားခေါင်းဆောင်များ၏ ဖောက်သည်ဖြစ်ရုံမက မိတ်ဆွေလည်း ဖြစ်နေပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ရဲဘော်ရဲဘက်သဖွယ်လည်း ဖြစ်နေကာ ကျွန်တော်တို့၏ အရေးတော်ပုံတွင်
စိတ်ပါဝင်စားစွာ ပါဝင်နေလေသည်။
“ဘယ်ကိုမောင်းရမှာလဲ ကိုအေးငွေ”
“သတင်းစာတိုက်တွေကို”
ဤမျှသာ ကိုစံပအား ပြောရသည်။ သူ့ဘာသာသူ အစီအစဉ်နှင့် ကျွန်တော်တို့ သွားနေကျ သတင်းစာတိုက်များသို့
မောင်းသွားတော့၏။ မြန်မာ့အလင်း၊ သူရိယ၊ ဆယ်သန်း၊ တိုးတက်ရေး စသည်။
မြန်မာ့အလင်းတွင် အယ်ဒီတာ ဦးချစ်မောင်နှင့်တွေ့ရလေသည်။ ဦးချစ်မောင်သည် ကျွန်တော်တို့၏
ကျောင်းသားခေါင်းဆောင်များနှင့် ရင်းနှီးသော် လည်း ကျွန်တော်နှင့်ကား မရင်းနှီးလှပေ။ ဦးချစ်မောင်၏ နှာခေါင်း၊
နဖူးနှင့် ခေါင်းတုံးဗိုလ်ကေတို့သည် ဒရိုင်ဘာကိုစံပနှင့်များစွာ တူသည်ကိုသတိပြုမိလေသည်။ နှာခေါင်းချွန်ပြီး

အသားမည်းသဖြင့် ကိုစံပထက် ပိုပြီးကုလားနှင့်တူ၏။ မျက်မှန် အထူကြီးက ဖုံးထားသဖြင့် သူ့မျက်လုံးများမှာ
ကိုစံပလို ခပ်ပြူးပြူး ဟုတ်မဟုတ် မခန့်မှန်းတတ်ချေ။
များစွာသော အယ်ဒီတာတို့သည် စားပွဲတွင် ခါးကုန်းလျက် ထိုင်တတ်ကြ၏။
ဦးချစ်မောင်ကား ခါးဆန့်ပြီး
ခပ်မတ်မတ် ထိုင်လေသည်။ သူသည် ပင်နီအအပေါ်အင်္ကျီနှင့် ဖျင်ရှပ်အင်္ကျီကိုဝတ်ထား၏။
ဦးချစ်မောင်က ကိုအေးငွေအား–
"ဘာကြေညာချက်လဲဗျို့"
"ပြည်လုံးဆိုင်ရာ ကျောင်းသားလွှတ်တော်နဲ့ ပတ်သက်တဲ့ ကြေညာချက်တွေပါဗျာ"
"ဘယ့်နှယ်လဲ စုံစုံညီညီ တက်ပါ့မလား"
"ဟုတ်ကဲ့၊ စုံစုံညီညီတက်အောင် ကြိုးစားနေကြတာပါပဲ။ ရန်ကုန်ကဆိုရင် သပိတ်လုန်တဲ့ ကျွန်တော်တို့ဘက်က
ကိုယ်စားလှယ် ၂ယောက်၊ သပိတ်ဆက်မှောက်နေချင်တဲ့ ကိုသန်းတင်တို့ဘက်က ကိုယ်စားလှယ် ၂ယောက်
တက်ခွင့်ပေးထားတာပဲ။ ကိုသန်းတင်ဟာ ဗမာပြည်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ အသင်းချုပ်ကြီးရဲ့
အလုပ်အမှုဆောင်တစ်ဦးအနေနဲ့ တက်ရဦးမှာပဲ"
ဦးချစ်မောင်က ကြေညာချက်ကို ခပ်သော့သော့ဖတ်နေသည်။ ကျွန်တော်တို့က ထွက်ခွာကြတော့မည်လုပ်နေစဉ်
လေပြည်တိုက်သလို ညင်သာစွာနှင့် သူက ပြောပြန်သည်။
"အေးဗျာ ကျွန်တော်တို့ကတော့ ညီညွတ်စေချင်တာပါပဲ။ လွှတ်တော်ကြီးက သပတ်အလုန်အမှောက်၊
အမုန်အမှားကိစ္စ၊ ကိုသန်းတင်တို့ ခွဲထွက်သွားတဲ့ကိစ္စ ဒါတွေကို ခုံသမာဓိသဖွယ် စဉ်းစားရမှာပါပဲ။
ကျောင်းသားလွှတ်တော်မှာ အများဆန္ဒနဲ့ ဆုံးဖြတ်တဲ့အခါမှာ တညီတညွတ်တည်း လိုက်နာဆောင်ရွက်ကြရင်
ညီညွတ်ကြမှာပါပဲ"
"ကိုဘဟိန်းတို့ကလည်း ဒီမူချပြီး လုပ်နေကြတာပါပဲ"
"ဒါထက် ကိုသိန်းဖေတစ်ယောက်ဘယ်ရောက်နေသလဲ သိကြရဲ့လား"
"ကိုအေးငွေက အံ့သြသွားသော မျက်နှာဖြင့် ခေါင်းခါပြီး–
"ဟင် မသိဘူး၊ ကျွန်တော်က ရန်ကုန်မှာပဲ ရှိနေတယ်ထင်နေတာ"
"မဟုတ်ဘူး၊ ရှမ်းပြည်လားရှိုးရောက်နေတယ်၊ အဲဒီကနေပြီး တရုတ်ဗမာလမ်း မကြီး သူသွားကြည့်ပုံ
သူဆောင်းပါးရေးပို့လိုက်တယ်"
"ဟုတ်လားတရုတ်ဗမာနယ်စပ်အရေးများလည်း သိရဦးမှာပေါ့။ ကဲ ကျွန်တော်တို့

တခြားသတင်းစာတိုက်တွေသွားဦးမယ်။ နောက်ဆုံးဖောင် မမီဘဲနေ မှာစိုးရတယ်”
ကိုချစ်မောင်က ပြုံးကြည့်ကျန်ရစ်သည်။ သူ့မျက်မှန်ထူကြီးမှာ လက်နေသည်။
အခြားသတင်းစာတိုက်များသို့ သွားပြီးနောက် ကျွန်တော့်အား ဆာလောင်ခြင်းက
ဖိစီးနေပြီဖြစ်လေသည်။
“ကိုအေးငွေ ကျွန်တော်ထမင်းမစားရသေးဘူး”
“စောစောက မြို့ထဲရောက်တုန်းက ကိုရင့်အဒေါ်က မကျွေးလိုက်ဘူးလား”
“ကျွေးတော့ ကျွေးပါရဲ့၊ ကျွန်တော်က အားနာနေတာနဲ့ မစားခဲ့ဘူး”
ကိုအေးငွေက ကျွန်တော့်အားမသင်္ကာသော မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး–
“အဒေါ်တစ်ယောက်လုံးများ အားနာနေရသေးသလား”
“ခုလောက်လည်း မဆာသေးလို့ အားနာတာပေါ့ဗျာ၊ ကဲ တရုတ်တန်းသွား ကြမယ်နော်”
“မဂိုလမ်းမှာပဲ စားရအောင်”
ကျွန်တော်သည် ကုလားစာကို စားရမည်ထက် မဂိုလမ်းတွင် မထိုင်ချင်သော
စိတ်ကဗျာများနေပေသည်။
မဂိုလမ်းမှာ မမြမှီတို့ ကျက်စားရာ လမ်းဖြစ်သည်။ ကျွန်တော်ဆိုင်မှာ ထိုင်စားနေသည်ကို
မမြမှီမြင်သွားရင်
အဖြေရကျပ်နေပေလိမ့်မည်။ သူက စားဖို့ခေါ်တုန်းကတော့ ဘာလို့လိုက်မစားသလဲ။
“ကဲပါဗျာ၊ တရုတ်တန်းကိုသာ သွားစားရအောင်၊ ကိုစံပ တရုတ်တန်းကိုဗျို့”
ကိုစံပသည် ကားရှင်းသော လတ္တာလမ်း (လသာလမ်း) ဘေးတစ်နေရာတွင်
ကားကိုရပ်လိုက်လိုက်လေရာ
ကိုအေးငွေ၏ အကြိုက်ဆိုင်သို့ရောက်အောင် ဒါလဟိုဇီလမ်းတစ်လျှောက် အနည်းငယ်
လျှောက်ကြရသေးသည်။
တရုတ်အစာကို ကျွမ်းကျင်နားလည်စွာ မှာတတ်သော ကိုအေးငွေသည် ဘဲကင်၊
ဝက်ခေါက်ကင်၊ ဝက်အူချောင်းတို့
ချိတ်ဆွဲထားရာ ရှေ့မှာရပ်ပြီး ပေါက်ဖော်ကြီးနှင့် အလုပ်များနေခိုက် အညှော်နှင့် ဝေးနိုင်သမျှ
ဝေးသောစားပွဲတစ်ခုမှာ ကျွန်တော်ကသွား၍ထိုင်နေလေ သည်။ မျက်နှာကိုလမ်းဘက်သို့
မူထားသော်လည်း၊
မျက်စိမှာကား ကိုအေးငွေထံသို့ လည်းကောင်း၊ ကျွမ်းကျင်သပ်ရပ်စွာ ခုတ်လှီးနေသော
တရုတ်လူကြီးထံသို့
လည်းကောင်း၊ အကြော်အပြုတ်တို့ကို ပျော်ပျော်ကြီးလုပ်နေသော တရုတ်လူလတ်ထံ
သို့လည်းကောင်း၊
အသယ်အပို့နှင့် အခေါ်အမှာများကို မနားတမ်းလုပ်နေရသော
တရုတ်လူငယ်ထံသို့လည်းကောင်း တစ်လှည့်စီ
ရောက်နေပေသည်။ နားထဲမှာလည်း တောက်တောက်စဉ်းသံနှင့် ရှဲရှဲကြော်သံကိုသာ
ကြားနေရစဉ်–
“ဟေ့ မောင်တင်ထွန်း”

ဟူသော ကျွမ်းဝင်ရင်းနှီးမှု အပြည့်ပါသော အသံတစ်သံကို ထူးခြားစွာ ကြားရလေသည်။
အသံလာရာသို့
ကြည့်လိုက်သောအခါ တစ်ဆိုင်ခြားဆိုင်ရှေ့တွင် ကပ်ရပ်ထားသော ကားပေါ်မှ
ဝင်းထွက်နေသော
မမြမှီ၏မျက်နှာကို အံ့သြစွာ မြင်ရလေသည်။
ကျွန်တော်ကမမြမှီထံသို့ အသော့သွားပြီး ကလေးဆိုးပမာ ပြုံး၍ရပ်နေမိသည်။
"လာခဲ့ မင်းတော့မိနေပြီ မမခေါ်တုန်းကတော့ လိုက်မစားဘူး။ သိန်းရေ ဒီသူငယ်ကို
မှတ်မိလား"
ကားပေါ်မှာ မသိန်းသိန်းပါလာလေသည်။
မသိန်းသိန်းမှာ မမြမှီနှင့် ရွယ်တူဖြစ်ကြောင်းဖြစ်ပေလိမ့်မည်။ သို့သော် မမြမှီလို ရုပ်ရည်
မပျိုမျစ်။
ဝလည်းအတန်ငယ်ဝလွန်းသည်။ မျက်စိမှေးသည်။ အသားမှာမူ မမြမှီကဲ့သို့ပင် ဖြူဝင်းသည်။
မသိန်းသိန်းက ကိုင်ထားသော ကြွေဇွန်းကို ကားပေါ်မှာတင်ထားသော ကြမ်းပြားပေါ်ရှိ
ဟင်းချိုပန်းပန်းကန်တွင်ထည့်လိုက်ရင်း–
"မြင်ဖူးသလိုလိုတော့ ရှိတယ်ထင်တယ်၊ ကောင်းကောင်းမမှတ်မိဘူး မြရဲ့"
"ကုလားဗမာ အဓိကရုဏ်းဖြစ်တုန်းက ကောလိပ်ကျောင်းသားကလေးတွေ မြကိုသိန်းတို့အိမ်
လိုက်ပို့တာမှတ်မိတယ် မဟုတ်လား"
"အို ဟုတ်ပြီ စိတ်မရှိပါနဲ့ကွယ်၊ ခေါက်ဆွဲစားပါဦးလား"
မမြမှီကလည်း–
"ဒီဆိုင်ပြောင်းစားပါလားကွ"
"ကျွန်တော့်သူငယ်ချင်းကမှာနေပြီ မမရဲ့၊ ဟိုမှာတွေ့လား"
ကိုအေးငွေသည် ကျွန်တော်ထိုင်ခဲ့သော စားပွဲသို့ပြန်ရောက်နေပြီး ကျွန်တော်တို့ဆီသို့
လှမ်းကြည့်နေလေသည်။
"မမရဲ့ကျောင်းလည်းပြန်ရောက်ရော သတင်းစာတိုက်တွေ သွားရမယ်ဆိုလို့
မြို့ထဲကျွန်တော့်သူငယ်ချင်းနဲ့ချက်ချင်းထွက်ခဲ့ရတယ်။ ခုသတင်းစာတိုက်တွေက ကိစ္စပြီးလို့
ဆာလာတာနဲ့
ဝင်စားကြတာ"
မမြမှီကပြုံး၍နားထောင်နေသည်။ နောက်ဘာမျှမပြောသေးဘဲ ခေါက်ဆွဲကိုဆက်စားနေစဉ်
မသိန်းသိန်းက–
"သတင်းစာတိုက်တွေက ဟိုသတင်း၊ နောက်ဆုံးဘာကြားခဲ့သေးသလဲ၊ ကုလားလင်မယား
အဖြစ်အပျက်လေ၊
မယားက ထမင်းရုတ်တရက် ချူးမကျွေးလို့ ဒေါပွပြီး မယားနှုတ်ခမ်းကို သင်တုန်းဓားနဲ့
လှီးပစ်တဲ့ကုလားအမှု"
"ဘာမှတော့ နောက်ထပ်မကြားခဲ့ဘူးခင်ဗျ၊ အလုပ်လက်မဲ့ဖြစ်နေလို့ စိတ်ညစ်ညစ်နဲ့

အိမ်ပြန်လာတုန်းအခန့်မသင့်ဖြစ်သွားတာလို့တော့ ပြောကြတာပဲ။ သို့ပေမယ့်
ဒီကုလားကိုတော့ ဖမ်းထားပြီ"
မသိန်းသိန်းကား ရှေ့က ခေါက်ဆွဲကိုပင် မေ့နေရောသလားမသိ။
"ဟိုသတင်းကော နောက်ဆုံး ဘာကြားသေးသလဲ၊ ရေကြည်တော်ဝတ်အသင်းနဲ့
ရွှေတိဂုံဘုရားလူကြီးဖြစ်ကြတဲ့
အမှုလေ"
"ကျွန်တော်အဲဒီအမှု ဘာမှမသိဘူးခင်ဗျာ့"
"ဒါဖြင့် ဟိုသတင်းကော"
မမြမှီက ငေါက်ဆတ်ဆတ်ဖြင့် ဝင်ဟန့်လိုက်၏။
"အို သိန်းကလည်းကွယ် အလုပ်မရှိတိုင်း သတင်းစာတွေဖတ်၊ နောက်ဆုံးသတင်း
လျှောက်မေး၊ တော်တော့ကွယ်၊
မောင်တင်ထွန်း ဟိုမှာ မင်းသူငယ်ချင်းကစားဖို့ စောင့်နေပြီ"
မသိန်းသိန်းကား ကလေးကြီးလိုလျှာတစ်လစ် တစ်ချက်ထုတ်ပြီး ငြိမ်ကျသွားကာ
ခေါက်ဆွဲကိုသာ
ဆက်စားလေတော့၏။ ကျွန်တော့်မှာ မမြမှီအစားပင် အားနာသွားသေး၏။
မမြမှီကား မသိန်းသိန်းအပေါ်တွင် အစ်မကြီးက ညီမငယ်လို နိုင်ဟန်ရှိပေ သည်။
ကျွန်တော်သည် စားပွဲသို့ ပြန်ရောက်သောအခါ ကိုအေးငွေ၏ အမေးကို
မျှော်လင့်ပြီးသားဖြစ်ရုံမက 'ဖြီး'ရန်
အဆင်သင့်လည်း ဖြစသ်ည။
"ကိုယ့်လူကို ခုနင်က လိုက်ပို့တဲ့ကား မဟုတ်လား"
"ဟုတ်တယ်"
"ကိုယ့်လူအဒေါ်က ငယ်လှပါလား၊ သွားလည်းကျိုးသေးမယ်မထင်ပါဘူး"
ကျွန်တော်က ကျိတ်ရယ်လိုက်ပြီး–
"ဟိုဘက်ကထိုင်နေတာ ကျွန်တော့်အဒေါ်လေ၊ ခင်ဗျား ဒီကနေပြီး ဘယ်လိုလုပ် မြင်ရမှာလဲ"
ကိုအေးငွေသည် တွေသွားသည်။
"ဒါဖြင့်ဒီဘက်က ထိုင်နေတာက ဘယ်သူလဲ၊ တော်တော်ချောတယ်"
ကျွန်တော်ကသူမေးတာ မကြားကျိုးကျွန်ဆောင်ပြီး စားစရာကို ကုန်းလွေးနေလေသည်။
မကြာခင်ပင်
သူလည်းလိုက်လွေးရလေတော့၏။
မမြမှီတို့ဆီသို့ စကားပြန်မရောက်အောင် ကျွန်တော်ကကိုအေးငွေအား မြို့မ
ကိုသန်းတင်တို့၏
အင်အားအခြေအနေကို မေးလိုက်လေသည်။
"အရည်မလည်ခင်သာ နည်းနည်းအားရှိနေတာပါ။ ဒီလို စိတ်ဓာတ်ပြင်းထန်နေတဲ့
အချိန်ကြီးမှာ သပိတ်မလှန်ဖို့၊

ဆက်လက်ဆူပူနေဖို့ ဆွပေးသူကို ကြိုက်သူတွေရှိတာ မဆန်းပါဘူး။ သို့ပေမယ့် အခြေအနေကို
လိပ်ပတ်လည်လာအောင် မြင်မယ်ဆိုရင် သန်းတင်တို့ကို ထောက်ခံမယ့်လူရှိမှာ မဟုတ်ဘူး”
“ကျောင်းသားလွှတ်တော်ကျရင် ဘယ်လိုနေမယ်ထင်သလဲ”
“ကိုယ်တို့ဘက်က နိုင်မှာပေါ့။ အခြေအနေမှန်ကို တင်ပြမယ်။ သပိတ်မှောက်ဟ၊ မှောက်ဟ၊ လွှတ်လပ်ရေးမရမချင်း မှောက်နေဟ၊ မသေမချင်း မှောက်နေဟဆိုတဲ့ လမ်းစဉ်မျိုးဟာ လက်တွေ့မရဘူးဆိုတာ
နယ်ကိုယ်စားလှယ်တွေ မြင်လာမှာပါပဲ”
“မမြင်ရင်ဘယ့်နှယ်လုပ်မလဲ”
“မမြင်ရင်မြင်အောင် ကြိုးစားရမယ်။ ဒါမှ သပိတ်ကြီး ရေစုန်မမျောမယ်၊ အရေးတော်ပုံကြီး ရေစုန်မမျောမယ်။
ခုလိုမှောက်သူ လှန်သူဖရိုဖရဲဖြစ်နေမယ်၊ ခုလိုသွေးခွဲရေးသမားတွေ အရမ်းကာရော မဟုတ်တာတွေပြောနေတာ
လွှမ်းမိုးနေ မယ်ဆိုရင် အန္တရာယ်သိပ်ကြီးတယ်။ အရေးတော်ပုံလုပ်ငန်းတစ်ခုလုံး အများကြီးနာမယ်၊
လွှတ်လပ်ရေးတိုက်ပွဲလည်း အတော်ပဲနာမယ်။ ဒီတော့ခုလို အန္တရာယ်ကြီးနေတဲ့အချိန်မှာ ကိုယ်တို့တစ်တွေက
ပိုလုပ်ကြရလိမ့်မယ်။ မှန်တဲ့ လမ်းစဉ်အတွက်မကြောက်မရွံ့ အားမနာ ပါးမနာ ကိုယ်ကျိုးမငဲ့ဘဲ လုပ်သွားရမယ်”
ကိုအေးငွေကား မရည်ရွယ်သော်လည်း ကျွန်တော့်အား တိုက်ရိုက်ဆုံးမ
နေသည်နှင့်တူပေတော့၏။
စိတ်ပျက်ချင်နေသော ကျွန်တော့်အား သွေးထိုးပေးနေ သည်နှင့်တူပေ၏။
ထိုအခိုက်ဒရိုင်ဘာ ဖိုးအောင်သည် ကျွန်တော်တို့ ဆိုင်ရှင်အား ငွေ၅ကျပ် တန်ထုတ်ပေးရင်း ကျွန်တော်တို့စားပွဲကို
လက်ညှိုးထိုးပြနေသည်ကို မြင်ရလေသည်။
“ဟေ့ ကိုဖိုးအောင် ဘာလုပ်တာတုံး”
“မမက ခင်ဗျားတို့အတွက် ပိုက်ဆံပေးရမယ်ဆိုလို့”
“အို နေပါစေ၊ ပိုက်ဆံပြန်ယူသွား”
ဖိုးအောင်ကား ပြန်မယူ၊ ဗွတ်ပေးသွားလေသည်။
ကျွန်တော်က စားနေရာမှ ထညပီး မမြမှီထံသွား၍ နှုတ်ဆက်ဦးမည်လုပ်သေး သည်။
သို့သော်ကားကထွက်လေပြီ။ မမြမှီကလည်း ပြုံး၍လက်ပြနှုတ်ဆက်နေလေပြီ။
ကိုအေးငွေက–
“ဟေ့လူ၊ ဒီဘက်ကထိုင်နေတာ ဘယ်သူလဲလို့ မေးနေတာ မပြောသေးပါဘဲကလား”
“ဒါက ကျွန်တော့်အစ်မပေါ့ဗျာ”

"အညာသားက ဒီလိုဝဝဖြိုးဖြိုး ဖြူဖြူဝင်းဝင်း ဆွေမျိုးတွေ ရန်ကုန်မှာရှိတယ် ဆိုတာ ယုံစရာမဟုတ်ဘူးရဲဘော်"
ကျွန်တော်တို့လည်း လက်စသိမ်းလိုက်ကြပြီးနောက် ပြန်ကြလေသည်။
သမဂ္ဂအသင်းတိုက်မှာကား ပျားအုံလို အလုပ်များဖြင့် လှုပ်ရှားနေပေသည်။ ကျွန်တော်သည် ပျားအုံတွင်
သူများနည်းတူ လှုပ်ရှားလာပြန်လေပြီ။ စိတ်ဓာတ်ကျဆင်းခြင်းလည်း ပျောက်ကင်းလာလေသည်။
ကျောင်းသားလွှတ်တော် အတွက် အားတက်သရောဝင်ရောက်ဆောင်ရွက်ပြန်ပါသည်။ ကျောင်းသားလွှတ်တော်
သည် ကျောင်းသားညီညွတ်ရေးကို တည်ဆောက်မည် မဟုတ်ပါလော။
သို့ဖြင့် ၁၉၃၉ မတ် ၈ရက်နေ့တွင် ကျောင်းသားလွှတ်တော် အစည်းအဝေးကြီး ကျင်းပခဲ့သည်။
၁၉၃၉ခုနှစ်၊ မတ်လ၈ရက်နေ့။
နိုင်ငံလုံးဆိုင်ရာ ကျောင်းသားလွှတ်တော် ကျင်းပသောနေ့။
နံနက် ၁၀နာရီတိတိမှာ စလေသည်။
နေ့မှာ ဝင်းထိန်သာယာနေသည်။
ကျောင်းသားတို့အဖို့ ခါတိုင်းစားမေးပွဲဖြေနေကြရသောအချိန်။ ယခုတော့ သပိတ်လှန်ခြင်းကို ထောက်ခံမည်လော၊
ဆက်မှောက်ခြင်းကို ထောက်ခံမည်လောဟု ဆုံးဖြတ်နေကြရသည်။ တစ်ပြည်လုံးရှိ ကျောင်းသားအားလုံးလိုပင်
ဤလွှတ်တော်ဆီသို့ နားစွင့်နေကြသည်။ တစ်ပြည်လုံးကလည်း ဤလွှတ်တော်၏ ဆွေးနွေးချက်၊
ဆုံးဖြတ်ချက်များတွင် စိတ်ဝင်စားနေကြသည်။ ထို့ကြောင့် သတင်းထောက်များ အထူးအလုပ်များနေကြ၏။
လက်ရေးတိုသမားက ကြားသမျှကို ကောက်ရေးနေသည်။ ဓာတ်ပုံသမားက မြင်သမျှ ဖမ်းရိုက်နေသည်။
ကျောင်းသားကိုယ်စားလှယ်များ ထမင်းစားနေကြပုံကိုပင် ဓာတ်ပုံရိုက်ယူကြသေး၏။
ဘေးထွက်ထိုင်နေတော့မည်ဟူသော စိတ်ကူးတိမ်တိုက်များသည် ကျွန်တော့်ရင်တွင် အုံ့ဆိုင်းမနေကြတော့ဘဲ
လုံးဝကင်းစင်သွားပါလေပြီ။
ကျွန်တော်ကား သပိတ်လှန်ရသည့် အကြောင်းခြင်းရာများကို အစမှအဆုံး နားလည်ပေသည်။ မှန်သည်ဟုလည်း
လက်ခံသည်။ သို့သော် ဆန့်ကျင်ဘက် အင်အားစုအမျိုးမျိုး၏ လေပြင်းမုန်တိုင်းကြားတွင် ထိုအမှန်ကို

မယိမ်းမယိုင်အောင် မထိန်းကိုင်နိုင်ခြင်းသာဖြစ်၏။ သို့သော် ကိုဘဟိန်း၊ ကိုလှရွှေ စသော ခေါင်းဆောင် များ၏
ရဲဘော်စိတ်နျင့် စိတ်ရှည်စွာ ဖျောင်းဖျပေးခြင်းနှင့် ကိုအေးငွေစသော ရဲဘော်များ၏ ဖေးမခေါ်ယူခြင်းဖြင့် အမှန်ကို
ထိန်းကိုင်နိုင်ခဲ့လေပြီ။
ကျောင်းသားများလွှတ်တော်သို့ ကိုယ်စားလှယ်တစ်ရာကျော်မျှ တက်ရောက်သည့်အပြင် သခင်နု၊
မြို့မဆရာဟိန်းနှင့် မြို့မိမြို့ဖ ၃၈–ဦးကော်မတီ၏ ကိုယ်စားလှယ် လူကြီး၃ဦးလည်း တက်ရောက်၍
အကဲခတ်လေသည်။
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ကိုဘဟိန်းက အစည်းအဝေး သဘာပတိအဖြစ်ဖြင့်ဆောင်ရွက်၍
အတွင်းရေးမှူးကိုဗဆွေက အခမ်းအနားမှူးအဖြစ်ဖြင့် ဆောင်ရွက်လေသည်။
ကိုဘဟိန်းက သဘာပတိမိန့်ခွန်းကို 'ကျောင်းသားများဟာ ညီညွတ်စွာနှင့် တစ်သံတည်းဟစ်ပြီး
အတတ်ကြိုးတက်ခဲ့ပြီးမှ အခုလို သပိတ်အလှန်တွင် ကျောင်းသားအချင်းချင်း အနည်းငယ် သဘောကွဲလွဲကြလို့
ဝမ်းနည်းပါတယ်"ဟူသော စကားဖြင့် စတင်လေသည်။
ကိုဘဟိန်းက လက်ရှိမြန်မာပြည်တွင် တကယ့်လွတ်လပ်ရေးတိုက်ပွဲကို တိုက်နေသည့် အစည်းအရုံးကြီးမှာ ၂–ခုသာ
ရှိ၍ တစ်ခုမှာ တို့ဗမာအစည်းအရုံးနှင့် အခြားတစ်ခုမှာ ကျောင်းသားများ သမဂ္ဂ အစည်းအရုံးကြီးသာ ဖြစ်ကြောင်း၊
မိမိတို့မှာ မှန်ကိုထောင်၍ တက်နေရသဖြင့် အလွန်ခက်ခဲစွာ လုပ်ဆောင်နေရသဖြင့် တစ်ကြိမ်တည်းနှင့် မရနိုင်ဘဲ
တဖြည်းဖြည်းတက်လှမ်းရမည်ဖြစ်ကြောင်း၊ ယခုကျောင်းသားကိစ္စမှာ အာဏာကုန်လွှဲအပ်ထားသည့်
အမှုဆောင်များက ကောင်းတယ်ထင်သဖြင့် လုပ်ဆောင်လိုက်ရာ ကန့်ကွက်စရာမလိုကြောင်း၊ အမှုဆောင်များကို
မကျေနပ်က ဖြုတ်ပစ်အပ်ကြောင်း၊ စင်စစ်မှာ သပိတ်လှန်သူရော၊ မှောက်သူရောမှာ မြန်မာပြည်၏
ရဲရဲတောက်ကလေးချည်းဖြစ်သဖြင့် အတူတူပင် ဖြစ်ကြောင်း၊ ယခုကွဲရသည့် အရေးမှာ စိတ်တက်ကြွလွန်း၍သာ
ဖြစ်ပေါ်လာရကြောင်း၊ ယခုကျောင်းသားလွှတ်တော် အစည်းအဝေးမှာ ခုံသမာဓိသဖွယ်ဖြစ်၍ ထိုက်သင့်သလို
အရေးယူရန် ဖြစ်ကြောင်းစသည်ဖြင့် ပြောသွားလေသည်။

အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ကိုလှရွှေက တင်သွင်းပြီး ရှင်းလင်းချက်များ ဖြည့်စွက်ပြောဆိုလေသည်။
အုပ်ချုပ်ရေးတိုက်ဖျက်ရာ၌ အစက အမတ်များအား အထင်ကြီးပြီး လုပ်ငန်းစဉ်များ ချခဲ့သည်။ သို့သော်အမတ်များ
အထင်ကြီးခြင်းမှာ အမှားတစ်ရပ် ဖြစ်သည်။ မြန်မာအမတ် ၉၀အနက် ၆၇ယောက်က သဘောတူမည်ထင်သော်လည်း အမတ် ၂၆ယောက်သာ လက်မှတ်ထိုးခဲ့သည်။
အယုံအကြည်မရှိအဆိုသွင်းသောအခါ ထို၂၆ယောက်ထဲမှ ၅ဦးသည် အစိုးရဘက်မှ မဲပေးပြီး ၂ဦးမှာ
ကြားထိုင်နေခဲ့သည်။ ဒေါက်တာဘမော်အစိုးရပြုတ်ကျခြင်းမှာ ကျောင်းသားများ အစာငတ်ခံပြီး ဆူပူခဲ့သဖြင့်
ဖြစ်သည်။ အစာငတ်မခံလျှင် ညွှန့်ပေါင်းအစိုးရပင်ပြုတ်ချင်မှ ပြုတ်ပေမည်။
"ဒီအခြေအနေမှာ အုပ်ချုပ်ရေး တိုက်ဖျက်ဖို့ ဆက်လုပ်မလား၊ တောင်းဆိုချက် ၅–ချက်ကို ယူပြီး
သပိတ်လှန်မလားဆိုတာရွေးရမယ်။ အုပ်ချုပ်ရေးတိုက်ဖျက်ဖို့ ဆက်လုပ်ရင်လူ၊ လက်နက်၊ ငွေ၊ သတ္တိ စသော
အရာများအလွန်လိုတယ်၊ ခု ဒီဟာတွေ ဘာမှမပြည့်စုံသေးဘူး။ ကျောင်းသားတွေရဲ့ စိတ်အားထက်သန်မှုတောင်မှ
အစကလိုမဟုတ်တော့ဘူး၊ တဖြည်းဖြည်း ကျောင်းသားအင်အားနည်းလာတာကိုတွေ့ရ တယ်။ ဒီအချက်ကို
အပြစ်တင်ဖို့မဟုတ်ဘူး။ အိုင်ယာလန်ဟာ လွတ်လပ်ရေးရအောင် အနှစ်၅၀၀တိုက်ရတယ်၊ ဒါတောင်မှ ခုထိလုံးဝ
လွတ်လပ်ရေးရပြီလို့ မဆိုနိုင်သေးဘူး။ ရုရှားပြည်မှာ ဇာဘုရင်နှင့် မနရှင်ကြီးများ လက်အောက်မှ လွတ်အောင်
ဘယ်လောက်ကြာအောင် တိုက်ရသလဲကြည့်၊ ခုမှပဲ လွတ်လပ်ရေးရကြတယ်"စ သည်ဖြင့် ကိုလှရွှေက အုပ်ချုပ်ရေး
တိုက်ဖျက်သည်ဆိုခြင်းမှာ အင်္ဂလိပ်လက်အောက်က လွတ်မြောက်အောင် တိုက်ရခြင်းပင်ဖြစ်ကြောင်း၊
လွတ်လပ်ရေးလွယ်လွယ်နှင့် သဘောမထားနိုင်ကြောင်း၊ ထို့ကြောင့်ယခု အရေးတော်ပုံတွင် သပိတ်တိုက်ပွဲများကို
လွတ်လပ်ရေးစစ်ပွဲကြီးအတွက် တိုက်ပွဲကလေးများအဖြစ်ဖြင့်သာ ယူဆရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်
အခြေအနေကို ကြည့်၍ယခုသပိတ်ကို တောင်းဆိုချက် ၅–ချက်ရရုံဖြင့် အနိုင်နှင့် ပိုင်းရခြင်းသာဖြစ်
ကြောင်းရှင်းပြလေသည်။

“ကျုပ်တို့အမှုဆောင်က သပိတ်လှန်ဖို့ ဆုံးဖြတ်တဲ့အခါမှာ ကျောင်းသားမိဘများကို ဘာ့ကြောင့်
မတိုင်ပင်သလဲလို့မေးကြတယ်။ သပိတ်မှောက်တုန်းက မိဘများကိုတိုင်ပင်ပြီး မှောက်တာမဟုတ်၊ မိဘများက
တိုက်တွန်းလို့လည်းမှောက်တာမဟုတ်၊ ဒါကြောင့် တိုင်ပင်ဖို့ မလိုဘူး။ တချို့က သပိတ်လှန်ရာမှာ
ကျောင်းသားလွှတ်တော်ခေါ်ပြီး ဘာလို့မတိုင်ပင်သလဲလို့ မေးကြတယ်။ ပထမအချက်ကတော့ အချိန်မရလို့
ကျောင်းသားလွှတ်တော်မခေါ်နိုင်ဘူး။ ဒုတိယအချက်ကတော့ သပိတ်မှောက်နေစဉ်က ကျင်းပခဲ့တဲ့
ကျောင်းသားလွှတ်တော်က အလုပ်အမှုဆောင်ကို သပိတ်လှန်လိုက လှန်ဖို့
အာဏာအပြည့်အစုံ ပေးအပ်ခဲ့ကြတယ်။
ဒါကြောင့် မတိုင်ပင်တာပါပဲ။ အမှုဆောင်အဖွဲ့မှာလည်း တစ်ယောက်မကျန် သဘောတူတဲ့အတွက်
သပိတ်လှန်ခဲ့တယ်။ ကျွန်တော်တို့ကဘမော်အစိုးရဖြုတ်ချပြီး မောင်ပုအစိုးရကို ဘာကြောင့် မဖြုတ်သလဲလို့
မေးကြတယ်။ အမှုဆောင်အဖွဲ့လုပ်ငန်းအတိုင်း ယနေ့မဖြုတ်သော်လည်း နက်ဖြန် ဖြုတ်ချင် ဖြုတ်မယ်။ ဖြုတ်မယ်
မဖြုတ်ဘူးဆိုတာ ယတိပြတ် ကျွန်တော်မပြောနိုင်ဘူး”
ဤသို့ပြောပြီး ကိုလှရွှေက အချို့သတင်းစာများက သူ့အား မဟုတ်တမ်းတရမ်း
ရေးနေကြပုံများ ပြောပြလေသည်။
“ခုလို မဟုတ်မတရား စွပ်စွဲနေကြရာမှာ ခိုင်လုံစွာ အထောက်အထားနှင့် ပြောဆိုနိုင်လျှင် ကျွန်တော်တို့
အမှုဆောင်တစ်ဖွဲ့လုံးကို သတ်ပစ်ချင်လျှင် သတ်ပစ်ပါ။ ခင်ဗျားတို့က ဆုံးဖြတ်ပါ”ဟု ကိုလှရွှေက
ရဲရဲကြီးပြောလိုက်သောအခါ ကိုယ်စားလှယ်များက အားတက်သရော ဩဘာပေးကြလေသည်။
ကျွန်တော်သည် ကိုလှရွှေပြောနေစဉ် ကိုယ်စားလှယ်များ၏ မျက်နှာကို အကဲခတ်ကြည့်သည်။
ကိုယ်စားလှယ်အများစုသည် အမှုဆောင်အဖွဲ့၏ အကြောင်းပြချက်များကို
သဘောပေါက်ကြောင်းထင်ရှားနေပေသည်။ ကိုယ်စားလှယ်အများစု၏
ထောက်ခံမှုကိုအမှုဆောင်အဖွဲ့က ရရှိပြီဟု
ကျွန်တော်ယုံ ကြည်လာသည်။ ကျွန်တော့်မှာ များစွာအားတက်လာသည်။ မှန်မှန်းသိလျက်
ဆန့်ကျင်ရေးသမားတို့၏ ကန့်ကွက်သံ လေပြင်းမုန်တိုင်းကြားတွင် မတ်မတ်မရပ်နိုင်ခဲ့သော ကျွန်တော့်အဖြစ်ကို
ရှက်ပင်ရှက်မိပါသည်။

ငင်းနောက် ကိုသိန်းအောင်က စာမေးပွဲကို ရွှေ့ဆိုင်းခြင်းနှင့် ပတ်သက်သော အချက်များကို ရှင်းပြလေသည်။
စာမေးပွဲကို အာဏာပိုင်တို့က ရွှေ့ပေးသည်။ ပထမစာမေးပွဲတွင် ကျသူများသည် ဇွန်လတွင် ကျသော
ဘာသာ၌ဖြေဆိုခွင့်ရမည် ဖြစ်လေသည်။
နယ်ကိုယ်စားလှယ်များအား မေးခွန်းမေးခွင့်ပြုသောအခါ နယ်ကိုယ်စားလှယ် အများပင် မေးမြန်းကြသည်။
ထိုသို့မေးရာ၌ သပိတ်လှန်ခြင်းကို ဆန့်ကျင်၍ မေးခြင်းက မများလှဘဲ သပိတ်လှန်ခြင်းကို လက်ခံထားပြီး
မေးခြင်းသာများပေ၏။ သပိတ်လှန်ခြင်းကို လက်ခံထားပြီးမေးသူများမှာ
သဘောတူညီချက်အရ ဖမ်းဆီးထားသော
ကျောင်းသားများကိုဘယ်တော့လွှတ်မည်နည်း။ စွဲထားသော အမှုကို
ဘယ်လိုရုပ်သိမ်းမည်နည်း။
ကျောင်းသားများကိုထောင်မှလွှတ်သကဲ့သို့ ဖမ်းဆီးထားသော အလုပ်သမားများ၊
လယ်သမားများ၊
ဈေးသူဈေးသားများအား လွှတ်မည်လား စသော ဖိနှိပ်ချုပ်ချယ်မှုနှင့်ပတ်သက်သော
မေးခွန်းများ၊ အတန်းအမျိုး
မျိုးအတွက် စာမေးပွဲအမျိုးမျိုးနှင့် ပတ်သက်သော မေးခွန်းများ၊ ကျောင်းလခပေးရေး နှင့်
ပတ်သက်သောမေးခွန်းများကိုမေးကြသည်။
အချို့မှာ သပိတ်လှန်ခြင်းအကြောင်းရင်းများကို နားလည်သော်လည်း နယ်ပြန်သွားလျှင်
ရှင်းပြဖို့ ခက်သည်ဟု
ယူဆကြသည်။ သူတို့မှာ ကျွန်တော်ကဲ့သို့ပင် ဆန့်ကျင်ရေးသမားများ၏ ကန့်ကွက်သံ
လေမုန်တိုင်းကြားတွင်
အမှန်ကိုထိန်းကိုင်မထားနိုင်သူများသာ ဖြစ်လေသည်။ မြောင်းမြကိုယ်စားလှယ်က
နယ်ပြန်ရောက်၍
ရှင်းပြလျက်နယ်ကျောင်းသားတွေက မကျေနပ်လျှင် ဘယ်လိုလုပ်မလဲဟု မေးလေသည်။
ကိုဘဟိန်းက "ခင်ဗျားဟာ ခင်ဗျာ့နယ်အပေါ်မှာ သြဇာရှိမယ်လို့ထင်တယ်၊
ခင်ဗျားနယ်ကလူများကို
နားလည်အောင် ပြောပြနိုင်မယ့်အရည်အချင်းရှိမယ်လို့ ယူဆတယ်၊
ခင်ဗျားကိုကိုယ်စားလှယ်လွှတ်တာဟာ
ခင်ဗျာ့နယ်က အများစုက ယုံကြည်လို့ လွှတ်လိုက်တယ်လို့ ယူဆတယ်" စသည်ဖြင့်
ရှင်းသော်လည်း ထိုသူသည်
ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ပေါက်ဟန်မတူသေး။
"ကျွန်တော့်ကို ကျွန်တော့်နယ်က မှာလိုက်တယ်။ လမ်းမှန်မှန်လုပ်ခဲ့ပါ၊ လမ်းမှန်လုပ်ရင်း
ခေါင်းပြတ်ကျန်ရစ်ရင်

ကျုပ်တို့က သရဏဂုတင်လိုက်မယ်၊ လမ်းမှားလာရင် သဘော်ဆိပ်ကနေပြီး သံပုံးတီးမယ်တဲ့”
ကိုဘဟိန်းနှင့် အခြားခေါင်းဆောင်များက ဤကျောင်းသားလွှတ်တော် ဆုံးဖြတ်ချက်ကိုနယ်က
လက်ခံရမည်သာဖြစ်ကြောင်း ရှင်းပြသော်လည်း သူသည် စိတ်အေးဟန်မတူ။
နောက်ဆုံးသူက–
“နယ်က မကျေနပ်လျှင် ဒီကကူပြီး ရှင်းပေးမလား”
“ကူပြီးရှင်းပေးမယ်”
ထိုအခါကျမှ ကျေနပ်သွားပေတော့သည်။ ဤမျှစိတ်ဓာတ်ပြင်းထန် တက်ကြွနေချိန်တွင်
သပိတ်လှန်ရခြင်းမှာ
တကယ်ပင် မလွယ်ကူပါတကား။
အချို့ကနယ်ကို မတိုင်ပင်ခြင်းကိစ္စ ထပ်မေးကြသည်။ တစ်ယောက်က အစာတော်ခံ၍ လူတွေ
သေကုန်လျှင်
တိုင်းပြည်ပိုအကျိုးမရှိပေဘူးလားဟု မေးသည်။ အချို့က ကျောင်းသားတွေ
အားလျော့သွားသည်ဆိုသောအချက်ကိုစောဒက တက်ကြရာ မြို့မကိုသန်းတင်က
ထိုသူတို့အား ထောက်ခံပြီး–
“အစာတော်ခံနေကြစဉ်က နောက်လုပ်ငန်းအတွက် ကိုလှရွှေက လူ၂၀၀လိုတယ်
လို့ပြောပါတယ်။ စာရင်းယူတော့
၁၀၀၀ရပါတယ်။ ဒါကိုဘယ်လိုပြောမလဲ”
ကိုလှရွှေ–
“လူ၂၀၀ရမယ်မှန်းတယ်၊ ၇၁ယောက်ပဲ ရပါတယ်”
ကိုသန်းတင်–
“ဒါဟာ အစာတော်ခံစဉ်ကလား”
အလုပ်အမှုဆောင်လူကြီး ကိုအေးကျော်က–
“အစာတော်ခံပြီး ၂ရက်အကြာမှ ယူတဲ့စာရင်းပါ”
ထိုအချိန်တွင် ကိုလှရွှေနှင့် ကိုသန်းတင်အားထောက်ခံသူတစ်စုတို့ အပြန်အလှန်
တစ်ယောက်တစ်ပေါက်စကားများနေကြရာ အင်းစိန်မှ ကိုမောင်မောင်က ဥက္ကဋ္ဌအား
မဆိုင်သော မေးခွန်းများကို
လက်မခံဘဲ ကျောင်းသားတောင်းဆိုချက်များနှင့် ပတ်သက်သော မေးခွန်းများကိုသာ ခွင့်ပြုဖို့
တိုင်ကြားရာ
သြဘာသံကြီး ဆူညံစွာထွက်ပေါ်လာလေသည်။ ကိုသန်းတင်တို့ သွေးခွဲရေးသမားစုကို
ရှုတ်ချသော
သြဘာသံပေတည်း။
တစ်ယောက်သော ကျောင်းသားကိုယ်စားလှယ်တစ်ယောက်က–
“အခု ကျောင်းသားများ နိုင်ငံရေးဆောင်ရွက်လို့ဆိုတယ်၊ ဘယ်အဖွဲ့ဝင်ပြီး ဆောင်ရွက်ရင်
ကောင်းမလဲ”
ဥက္ကဋ္ဌကိုဘဟိန်း–

“ခင်ဗျာ့သဘောပေါ့”
“ဥက္ကဋ္ဌသဘောသိပါရစေ”
ကိုဘဟိန်း–
“တို့ဗမာအစည်းအရုံး”
ထိုအခါ သြဘာသံကြီး ဆူညံစွာပေါ်လာလေသည်။ ကျောင်းသားကိုယ်စားလှယ်များက
ကိုဘဟိန်းကို သာမက
တို့ဗမာအစည်းအရုံးကြီးကိုပင် သြဘာပေးခြင်းဖြစ်ပေသည်။
ဥက္ကဋ္ဌကိုဘဟိန်းက ယခုနှစ်အတွင်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားကွန်ဖရင့်တစ်ခု
ကျင်းပဦးမည်ဖြစ်ကြောင်း
ကြေညာလေသည်။
၄င်းနောက်ကိုလှရွှေက–
“သမဂ္ဂအလုပ်အမှုဆောင်အဖွဲ့မှ သပိတ်လှန်ခဲ့သည်ကို ဤကျောင်းသားလွှတ် တော်မှ
အတည်ပြုကြောင်း”
ဟူသော အဆိုကိုတင်သွင်းရာ ကိုသိန်းအောင်က ထောက်ခံလေသည်။ ထိုအဆိုကို
မြို့မကိုသန်းတင်ကအနည်းငယ်ရှင်းပြီး ကန့်ကွက်လေသည်။ ကိုသန်းတင်အား
အာလံကိုသောင်းလှက
ထောက်ခံသည်။
စက္ကူတွင် လက်မှတ်ရေးထိုး၍ မဲပေးခြင်းစနစ်ဖြင့် မဲခွဲပြီး ကိုဘဟိန်းက သက်သေ
လေးဦးရှေ့တွင်
ရေတွက်ရာသပိတ်လှန်ရန် အမှုဆောင်၏ အဆိုမှာ ၈၇မဲရပြီး ကန့်ကွက်သည့်ဘက်မှ
၂၃မဲရလေသည်။ ထိုအခါ
တစ်ခဲနက်သြဘာသံ ကြီးပေါ်လာပြန်၏။
ကိုဘဟိန်းက ကျောင်းသားလွှတ်တော်၏ အများဆန္ဒကို အားလုံးက လိုက်နာကာ
ကျောင်းသားညီညွတ်ရေးကို
ဆက်လက်ခိုင်မြဲအောင် လုပ်ရမည်ဖြစ်ကြောင်း ညီညွတ်ရေးမိန့်ခွန်းဖြင့် အဆုံးသတ်လေသည်။
နောက်ဆုံး
တို့ဗမာသီချင်းဖြင့် နိဂုံးချုပ်လိုက်ကြလေသည်။
“ကျောင်းသားများ စည်းလုံးညီညွတ်ရေး”
ဤသည်ကား ကျောင်းသားလွှတ်တော်၏ နောက်ဆုံးသတိပေးလိုက်သော ဆောင်ပုဒ်ပေတည်း။
သို့သော် ကိုသန်းတင်တို့ လူစုကား သွေးခွဲရေးစကားနှင့်အလုပ်များကို မရပ်စဲကြပေ။
သူတို့အား အခြားသတင်းစာများကလည်း အားပေးနေကြသေးသည်။
ကျောင်းသာလွှတ်တော်တွင် သူတို့လူစုသည် လွတ်လပ်စွာ ပြောဆိုခွင့်မရဟု ဆိုကြလေသည်။
ကျောင်းသားလွှတ်တော်တွင် သမဂ္ဂအမှုဆောင်၏ သပိတ်လှန်အဆို အောင်မြင်အောင်
ကိုဘဟိန်းက လိမ္မာပါးနပ်စွာ

ကြိုးကိုင်သွားသည်ဟု ထင်ကြလေ သည်။ အချို့သတင်းစာက ကိုဘဟိန်းသည် သည်အတွက်နှင့်သည်မျှ
ပါးနပ်လိမ္မာခြင်းမှာ သူ့အရည်အချင်းသက်သက် ဟုတ်ဟန်မတူ၊ အပြင်က သခင်နု၊ သခင်အောင်ဆန်း၊
သခင်သိန်းဖေ စသူတို့၏ သွန်သင်ချက် ပါဟန်တူသည်ဟု ရေးကြသည်။
သို့သော်သူတို့သည် ကျောင်းသားအဖွဲ့အစည်း စင်ပြိုင်ထောင်ရန်ကား အားမရှိကြပေ။
ဆန့်ကျင်ဘက်မဲပေးခဲ့သူများထဲမှပင် ကျောင်းသားလွှတ်တော် အများဆုံးဖြတ်ချက်ကို လက်ခံ၍
ကျောင်းသားညီညွတ်ရေးကို တည်ဆောက်ကြရန် ဆုံးဖြတ်ကြသည်။ မကြာမီ ကိုသန်းတင်(မြို့မ)၊
ကိုကြည်လွင်(မြို့မ)၊ မောင်ဝိုင်း (စိန်ပေါ)၊ မောင်ရွှေ(ဦးညီပုဆရာအတတ်သင်ကျောင်း) အစရှိသော ကျောင်းသား
၃၄ဦးသည် ကျောင်းထွက်ရန် ဆုံးဖြတ်ပြီး သတင်းစာများတွင် ကြေညာချက်တစ်ရပ် ထုတ်လေသည်။
"ပြည်သူ့လွတ်လပ်မှုကို အသက်နှင့်လဲ၍ ကာကွယ်မည်။"၊ 'အိမ်ခြေတစ်သန်းနှင့် ငါးသိန်း သိမ့်သိမ့်တုန်စေမည်'၊
'ရွှေတိဂုံဘုရားမှာ အရိုးတောင်လိုပုံစေမည်' စသော များပြားစွာသော ကြွားလုံးဝါးလုံးတို့ကို ရေလဲနှင့်
ခေါင်းဆောင်များ သုံးခဲ့ကြသည်။ ထိုစကားတွေကို ကျွန်တော်တို့လည်း ယုံစားပြီး သုံးခဲ့ကြသည်။
ကြွားသလောက် အလုပ်မပါသဖြင့် အရေးတော်ပုံ ရှုံးခဲ့ပြီ။ ထောင်ကျခံရတာ၊ အောင်ကျော်သေရတာ၊
မန္တလေးအာဇာနည်တွေ သေနတ်နှင့် အပစ်ခံရတာတွေ အချည်းနှီးဖြစ်ပြီ စသည်ဖြင့် သူတို့ကြေညာချက်က ညည်းညူ၏။
သို့သော် ကျောင်းသားအဖြစ်ဖြင့် စင်ပြိုင်မထောင်ဘဲ ကျောင်းမှထွက်ကာ နိုင်ငံရေးလုပ်တော့မည်ဟု ဆို၏။
ကျန်ကျောင်းသားတို့ကို ကျောင်းများသို့ ပြန်တက်ကြပါဟု တိုက်တွန်း၏။
နောက်များမကြာမီ သတင်းတစ်ရပ်ပေါ်ထွက်လာလေသည်။
ကိုသန်းတင်တို့လစုမှကျောင်းသားကျောင်းသူအချို့သည် သပိတ်လှန်သောကြောင့် စိတ်ပျက်ပြီး ထွက်သွားကြရာ
ဘယ်ပျောက်နေသည်မသိဟု ဆိုလေသည်။ ကိုသန်းတင်က သတင်းစာမှနေ၍ ပြန်ခဲ့ရန် ခေါ်သည်။ သူတို့လူစု
လိုက်ရှာကြသည်ဟုလည်းကြားရသည်။ နောက်ဘာဖြစ်သည်ကိုကား မသိရတော့ချေ။
ကျွန်တော်တို့လူစုကြားမှာကား ပြက်လုံးထိုးစရာ ဖြစ်နေပေတော့၏။

ကိုသန်းတင်က သူတစ်ဦးတည်းအနေနှင့် ကြေညာလိုက်ပြန်သည်။ သပိတ်လုန်
ရန်ဆုံးဖြတ်ခဲ့သည့်အတိုင်း
အခြားကျောင်းသားများသည် ကျွန်ပညာကိုပင် 'သစ်မရှိခင်စပ်ကြား ဝါးကူ'ဆိုသလို
သဘောထား၍
ကျောင်းပြန်တက်ကြရန် တိုက်တွန်းသည်။ သူကိုယ်တိုင်ကမူ ကျောင်းထွက်တော့မည်ဟု
ဆိုသည်။
'ထိုင်နေအကောင်းသား၊ ထသွားမှ အကျိုးမှန်းသိ'ဆိုသကဲ့သို့ ကျောင်းသားအရေးတော်ပုံကြီး
မလုပ်ခဲ့ဘဲနေရင်
အကောင်းသား၊ လုပ်ခဲ့သောကြောင့် ကျောင်းသားတွေ နာခဲ့ကြသည်။ ဒါ
ငါတို့အပြစ်ပါပဲဟု ဆို၏။
ထောင်ကျနေသော ကျောင်းသားအချို့သည် 'ထိုင်နေအကောင်းသား၊ ထသွားမှ
အကျိုးမှန်းသိ'ဆိုသော
စိတ်ဓာတ်ကူးစက်ပြီး အစိုးရအား ဝန်ချတောင်းပန် ကာလက်မှတ်ထိုး၍
ထွက်ရန်ဆုံးဖြတ်ကြလေသည်။
အချို့နယ်ကျောင်းများတွင် သပိတ်မလုန်ကြ။ ကျောင်းသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို
လက်မခံဟု ဆိုသည်။
အချို့ကျောင်းဆရာကြီးများသည် အစိုးရနှင့်ကျောင်းသားသမဂ္ဂ သဘောတူညီချက်ကို
အသိအမှတ်မပြုဘဲ
သပိတ်ပြန်လုန်သော ကျောင်းသားခေါင်းဆောင်အချို့ကို အပြစ်ပေးကြလေသည်။
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အလုပ်အမှုဆောင်အနေဖြင့်
အောက်ပါညွှန်ကြားချက်ကို ထုတ်ရလေသည်။
"နယ်သမဂ္ဂများသည် ကျောင်းသားလွှတ်တော်ဆုံးဖြတ်ချက်ကို ပုန်ကန်လျှင် ချက်ချင်း
အရေးယူကာ အပြစ်ဒဏ်ပေးမည်။ သပိတ်ကိစ္စ၌ ဆောင်ရွက်သည့်အတွက် အာဏာပိုင်တို့က
အပြစ်ပေးလျှင် အမြန်ဆုံး အကြောင်းကြားပါ"
ဗဆွေ(အတွင်းရေးမှူး)
ဗမာပြည်လုံးဆိုင်ရာ ကျောင်းသားများ
သမဂ္ဂအသင်းချုပ်ကြီး
ကျွန်တော်တို့သည် ကျောင်းသားအားလုံးက လွှတ်တော်ဆုံးဖြတ်ချက်ကို လက်ခံလာအောင်
အပြင်းအထန်ကြိုးစားကြရသည်။ သွေးခွဲသူတို့၏ ဝါဒဖြန့်ခြင်း များကို နည်းအမျိုးမျိုးနှင့်
ချေပရှင်းလင်းရသည်။
နယ်သို့လူများလွှတ်၍ သပိတ် လုန်ရန်ဆုံးဖြတ်ချက်ကို ရှင်းလင်းပြပြီး
ကျောင်းသားညီညွတ်ရေးကို တည်ဆောက်
ကြရ၏။
(စီရင်သလိုခံမည်)
ကိုယ်ကျိုးအတွက်ငွေယူသည်၊ ရာထူးယူလက်ခံသည်၊ ခေါင်းပုံဖြတ် သည်၊

ကိုယ်ကျိုးရှာသည်ဟု ခိုင်လုံစွာ ပြနိုင်လျှင် စီရင်သလိုခံမည်။
(ပုံ) လှရွှေ၊ သိန်းအောင်၊ အေးကျော်၊ စိုးမောင်၊
ကျော်မြင့်၊ သောင်းခင်၊ ဘစံ၊ ဘသန်း၊ ထွန်းရှိန်
ဤသို့လည်း ရဲဝံ့စွာလုပ်ကြရသည်။
ပြည်သူတို့ထံမှ အလှူခံငွေစာရင်းနှင့် အသုံးစာရင်းများကိုလည်း မည်သူမဆို
လာရောက်စစ်ဆေးနိုင်ကြောင်း
ဖိတ်ကြားလိုက်ပေသည်။
အံ့သြစရာနှင့်ချီးကျူးစရာ အကောင်းဆုံးသောအရာမှာ ကျွန်တော်တို့၏
ကျောင်းသားခေါင်းဆောင်
အချင်းချင်းတစ်ဦးနှင့်တစ်ဦး ယုံကြည်မှု ဖြစ်ပေသည်။ ယုံကြည်နိုင်လောက်အောင်လည်း
မရိုးသားမှုနှင့်
ကိုယ်ကျိုးရှာမှုကင်းကြသည်။ ထောင်ထဲမှာ ကျနေခဲ့သော ကိုဘဟိန်းနှင့် ကိုဗဆွေတို့သည်
တကယ်ဆိုလျှင်
အခြားကျောင်းသားခေါင်းဆောင်များနှင့် ကင်းကွာနေခဲ့၍ အခြားခေါင်းဆောင်များ
အပေါ်တွင်သင်္ကာမကင်းဖြစ်စရာပေါ်လာမည်ဆိုလျှင် ပေါ်နိုင်သည်။ သို့သော်
ထောင်ထဲကနေ၍ ထောင်ပြင်က
ရဲဘော်များကို ယုံကြည်သည်။ သူတို့ထွက်လာသောအခါ ငါတို့မရှိလို့ မင်းတို့ဒီလိုအမှားတွေ
လုပ်နေတယ်
ဟူသော ဝေဖန်ချက်မျိုး၊ အပြစ်ရှာမှုမျိုးလည်း မတွေ့ရ။
ဤလိုအချင်းချင်း ယုံကြည်မှုရှိနေသော ရဲဘော်တို့၏ အသိုင်းအဝိုင်းမှ ကျွန်တော်သည်
ဘယ်နည်းနဲ့မျှ
မပစ်ခွာနိုင်ဟု ဆုံးဖြတ်လိုက်ပြန်သည်။ ။
၄၀
ရည်းစားစကားတွေ သိပ်မပြောကြနှင့်ဦး
အင်းလျားရေမျက်နှာပြင်တွင် တိမ်သလောကင်းစင်သော ကောင်းကင်ပြင် မိုးပြာ
ထင်ဟပ်နေသဖြင့်
ပတ်ဝန်းကျင်တစ်ခုလုံးသည် ပြာနုရောင်ဖြင့် ဝင်းလက်နေသည်။
နေ့လယ်ခင်းရောင်ခြည်သည်ပင်
ပြာနုရောင်ကြောင့်ကြည်လင် အေးမြနေသည်ဟုထင်မှတ်ရ၏။ လေညင်းကလေးက
တိုက်ခတ်နေသောကြောင့်
လှိုင်းကလေးများတရေး တရေး တဖြည်းဖြည်း တွန့်သွားနေကြ၏။ ရွက်သစ်တို့ဖြင့်
စည်ကားနေသော
သစ်ပင်ကြီးများကလည်း အရိပ်အာဝါသ အစွမ်းကုန်ပေးနေကြ သည်။
“အမျိုးသမီးတို့၊ နတ်ရေကန်ရှင့်၊
ဇီဝကထံမှာ၊ ကြွရောက်စုံစမ်း။

ဘရဏီမိုးနတ်၊ ကြိုးပြတ်ပုံရှင့်၊
သမီးတော်ခင်ရှံ၊ ဆေးကလွန်စွမ်း"
ကိုအေးငွေက ခပ်ကြောင်ကြောင်အသံ မတော်မတည့်ဆိုဟန်ဖြင့် သီဆိုနေလေ သည်။
သူသည်အင်္ကျီလုံချည်ချွတ်ပြီး
ပိတ်ဘောင်းဘီတိုကလေးနှင့်ဖြစ်၏။ ကျွန်တော်က အင်္ကျီချွတ်ပြီး ပုဆိုးခါးတောင်းကျိုက်ရင်း–
"ဟေ့လူဘယ်က သီချင်းကိုဆိုနေတာလဲဗျ၊ အပေါက်လည်း မတည့်ဘဲနှင့်"
"ရတာဆိုရတာပဲလေ၊ သမီးတော်ခင်ရှံ ဆေးကြော်ငြာတဲ့ဗျ။ သတင်းစာတွေထဲမှာ
မဒီကာတွန်းရုပ်တွေနဲ့ ခဏခဏ
တွေ့နေလို့ ဒီသီချင်း အလွတ်ရတောင်နေပြီ"
စွပ်ကျယ်လက်ပြတ် ညစ်တီးညစ်ပတ်နှင့် ပုဆိုးတိုတိုဝတ်ကာ ဖင်ချထိုင်စရာနေရာရှာနေသည့်
ကိုထွန်းရှိန်က–
"ဆိုချင်းဆိုရင်ကွာ မြစ်ဧရာကြိုးကလေး ဘာကလေး ဆိုရောပေါ့"
ကျွန်တော်တို့သည် အင်းလျားကန်ဘွဲ့နှင်းသဘင်ခန်းမနှင့် ဘုတ်ကလပ်ကြားရှိ
ကျွန်းဆွယ်ကလေးတစ်ခုတွင်
ရေချိုးရန်လာရောက်ခဲ့ကြခြင်းဖြစ်သည်။ အကယ်စင်စစ် ပျော်ပွဲစားထွက်သည်ဟုလည်း
ဆိုနိုင်သည်။
နွားနို့ပုလင်းများနှင့် ကိတ်မုန့်မျိုးစုံကို ယူခဲ့ကြသည်။
ကိုထွန်းရှိန်–
"ကဲလေ ရေမချိုးခင် စားကြဦးစို့ရဲ့"
ကျွန်တော်–
"ရေချိုးပြီးမှ စားရင်မကောင်းဘူးလား"
ကိုအေးငွေ–
"အကောင်းဆုံးကတော့ ရေတစ်ချီကူးပြီး နို့ပုလင်းတစ်ဝက်သောက်၊ မုန့်တစ်ဝက်စား။
ပြီးတော့ရေထပ်ကူး၊
ရေကူးရာက တက်တော့မှ ကျန်တာစား"
ကိုထွန်းရှိန်–
"ဒီလိုလုပ်၊ ရေမချိုးခင် သုံးပုံတစ်ပုံစား၊ ရေချိုးရင်း အလယ်ကောင်မှာ တစ်ပုံစား၊
နောက်ရေချိုးပြီးတော့
ကျန်တာစား၊ ဒါအကောင်းဆုံးပဲ"
ကိုထွန်းရှိန်၏အကြံပေးချက်ကိုလက်ခံပြီး ကျွန်တော်တို့နှစ်ယောက်သည် သူ့အား
ဝဲယာခြံလျက် ထိုင်ကြလေသည်။
တစ်ယောက်နို့ပုလင်းတစ်လုံးစီ ကောက်ကိုင်ကြလေသည်။
ကျွန်တော်တို့သည်နို့ပုလင်းကိုမော့၍ သောက်နေကြစဉ် ရှေ့တွင် ယက်ချ်ခေါ်
အင်္ဂလိပ်ရွက်လှေကလေး

တစ်စင်းဖြစ်သွားသည်ကိုမြင်ကြရသည်။ ၎င်းပေါ်တွင် ရေကူးအဝတ်နှင့်
မျက်နှာဖြူစုံတွဲပါလေသည်။
ကိုအေးငွေ–
"ဒီကောင်တွေ၊ ကောင်မတွေတော့ ဘယ်လိုဇိမ်ခံရမယ်ဆိုတာ နားအလည်ဆုံးပါပဲကွာ"
ကျွန်တော်–
"အင်း ဇိမ်ပဲ၊ ဟိုကောင်မက မျက်မှန်အနက်ကြီးတပ်ထားလို့ပေါ့၊ နို့မဟုတ်ရင် ဟိုဟာတောင်
မြင်ရဦးမယ်"
ကိုအေးငွေ–
"ဘာလဲကွ"
"မျက်စိကလေး မှိန်းထားတာလေ"
ကိုထွန်းရှိန်သည် နို့ပုလင်းသုံးပုံတစ်ပုံကို ကုန်ပြီဖြစ်သဖြင့် ချထားပြီး မုန့်တစ်ခုကို
ကောက်ယူရင်း–
"တို့ဗမာထဲမှာလည်း သူတို့လောက်နီးပါး ဇိမ်ယူတဲ့ကောင်တွေ မင်းတို့သိရဲ့ လား"
ကိုအေးငွေ–
"ဆိုစမ်းပါဦး၊ ဘယ်သူတွေလဲ"
"မင်းတိုင်ပင်အမတ်တွေပေါ့ကွ၊ ဖာနဲ့ဇိမ်ခံတဲ့ မင်းတိုင်ပင် အမတ်တစ်ယောက် ဖာက
ခြောက်လုံးပြူးယူကစားလို့ပေါင် ခြောက်လုံးပြူးမှန်သွားတာ မှတ်မိသေးလား။
အမတ်ဦးချစ်ဖေမှာတော့
သူများမယား စိန်စိန်ကိုခိုးယူပေါင်းသင်းမှုနဲ့ တရားစွဲခံနေရတယ်။ လွှတ်တော်အတွင်းဝန်
ဦးမြသိန်းမှာတော့
စားစရိတ်အမှုဖြစ်နေ တယ်"
ကျွန်တော်–
"အင်း သတင်းမထွက်ဘဲနဲ့ တိတ်တိတ်ဇိမ်ယူနေမယ့် အမတ်တွေနဲ့ ဝန်ကြီးချုပ် တွေလည်း
အများကြီးနေမှာပေါ့ဗျာ၊ ကဲ ရေကူးကြဦးစို့"
ကျွန်တော်နှင့် ကိုအေးငွေတို့သည် ရေထဲပြေးဆင်းပြီးတော်တော်ဝေးအောင် ကူးကြသည်။
ကိုထွန်းရှိန်ကား
စွပ်ကျယ်ချွတ်ပြီး မတ်တတ်ရပ်ကာ ရေထဲဆင်းရန်ဟန်ပြင်နေသည်။ လုံချည်မှာ
ဒရီးဒရွတ်နှင့်။
ကျွန်တော်တို့ရေကူးရာမှ ပြန်လှည့်လာသည့်တိုင်အောင် ကိုထွန်းရှိန်သည် ရေထဲသို့
မဆင်းသေး။
ရေချိုးရမှာကြောက်သလိုလိုလုပ်ရင်း ကျောနှင့်ပေါင်တို့ကို တဖြင်းဖြင်းကုတ်နေလေသည်။
ကိုအေးငွေ–
"ဟေ့လူ ဆင်းလေ၊ ရေချိုးမှာ ချိုးတာမဟုတ်ဘူး"
ကိုထွန်းရှိန်သည် လုံချည်ခါးတောင်းကျိုက်ပြီးဆင်းလာ၏။
အတန်ကြာ ရေကစားကြပြီးနောက် ကုန်းပေါ်တက်၍ နို့သောက် မုန့်စားလုပ်ကြပြန်၏။

အင်္ဂလိပ်စုံတွဲ၏ ရွက်လှေကလေးသည် ကျွန်တော်တို့ရှေ့တွင် ပြန်လှည့်ဖြတ်သွား ပြန်လေသည်။
ကိုထွန်းရှိန်–
“အင်္ဂလိပ်တွေ မကြာခင်ချောက်ကျတော့မယ်၊ သူတို့ကို ဟစ်တလာက အုပ်တော့မှာကွ။ ချိန်ဘာလိန်တို့လူစုက
လူလည်လုပ်ပြီး ဆိုဗီယက်ရုရှားနဲ့ တိုက်ပေးဖို့ ဟစ်တလာတို့လူစုကို လက်သပ်မွေးလာတယ်။ တို့ဘက်မလာနဲ့၊
ရုရှားဘက်သွားတိုက်ချေ ဆိုပြီး အစာချော့ကျွေးတယ်။ ခုတော့ ကိုယ်ထင်တယ်၊ ဟစ်တလာကို ချော့မရတော့ဘူး၊
အင်္ဂလိပ်ဘက်ပြန်ချမှာပဲ။ ကောင်းတယ် အင်္ဂလိပ်ကို လူနိုင်ပေါ်မှ ကောင်းတယ်။ ဒီတော့မှ တို့ချက်ကောင်းဖြစ်တယ်”
ကျွန်တော်–
“ဟုတ်ကဲ့၊ အင်္ဂလိပ်ကိုနိုင်မယ့်လူပေါ်လာတာတော့ကောင်းပါရဲ့၊ သို့ပေမယ့်ဟစ်တလာတို့လူစုဟာ
လူကောင်းတွေမဟုတ်တော့ ကျွန်တော်တို့အားပေး ဖို့ခက်တယ်။ ခု ကြည့်စမ်း ဘယ်လောက်စော်ကားသလဲ၊
ချိန်ဘာလိန်ရဲ့ သဘောတူညီချက်နဲ့ ဆူဒေတန်နယ်ကိုသိမ်းယူခဲ့တယ်။ ဒီတင်မရပ်ဘူး၊ နောက်ဆုံးသတင်းအရတော့ ချက်ကိုစလိုဗက်ကီးယားမှာ ဟစ်တလာက သူမွေးထားတဲ့ ဖက်ဆစ်တွေနဲ့
ဂျာမန်လူနည်းစုတွေကို အဆူခိုင်းတယ်။ သူ့လူ ဖက်ဆစ်ခေါင်းဆောင်တွေကို ချက်ကိုစလိုဗက်ကီးယား
အစိုးရအဖွဲ့ထဲမှာ ထည့်ရမယ်လို့တောင်းတယ်။ ခုဆူဆူပူပူ ဖြစ်လာတော့ ချက်ကိုစလိုဗက်ကီးယားမှာ ူတေ ညေ
သမိနမ မရှိတော့ဘူး၊ အသက်နဲ့စည်းစိမ်တွေ မလုံခြုံတော့ဘူး ဆိုပြီး နာဇီတပ်တွေကို အဝင်ခိုင်းတယ်။ ချက်ကိုစလိုဗက်ကီးယားကို သိမ်းလိုက်တယ်။ ဂိုးအားရင်းက ချက်ကိုစလိုဗက်ကီးယားနိုင်ငံဟာ မရှိတော့ဘူးလို့ ကြေညာတယ်”
ကိုထွန်းရှိန်–
“ဒါဟာ အင်္ဂလိပ်အရှိုက်ကို ထိုးတာပဲ”
“ဟုတ်ပါတယ်၊ အင်္ဂလိပ်အရှိုက်ကို ထိုးတာပါပဲ။ သို့ပေမယ့် လက်ငင်းခံရတာ ကတော့ ချက်ကိုစလိုဗက်ကီးယား
ပြည်သားတွေ။ ဂျာမနီက ကျူးကျော်စော်ကားပြီး သူတို့ကျွန်လုပ်လိုက်တာ။ ဒီလို ကျွန်လုပ်လိုက်လို့
အင်္ဂလိပ်သြဇာပျက်သွားတာ မှန်တယ်၊ သို့ပေမယ့် နာဇီဂျာမနီဟာ သူ ကျူးကျော်ချင်သလို ကျူးကျော်ခွင့်ရပြီး
ရှေ့လျှောက် ရမ်းဦးမယ်။ ရုရှားဘက်ကို ဝင်မရမ်းဘူးလို့လည်း မဆိုနိုင်ဘူး”

ကိုထွန်းရှိန်–
"ရှရှားဝင်ရမ်းရင် သူ့ကိုအုပ်လွှတ်မှာပေါ့။ တစ်နေ့က စတာလင်က ပြောတယ်ဆို
မဟုတ်လား၊ အချို့က
ဆိုဗီယက်နဲ့ ဂျာမနီပြည်ကို ရန်တိုက်ပေးတဲကသဘောနဲ့ ဆိုဗီယက် ယူကရိန်းပြည်ကို
ဂျာမန်တွေက
တိုက်ခိုက်သိမ်းပိုက်ဖို့ ကြံစည်နေတယ်လို့ ပြောနေကြတယ်တဲ့။ ဂျာမနီမှာလည်း အဲဒီလို
သိမ်းပိုက်ဖို့
စိတ်ကူးနေတဲက အရူးများရှိတယ်လို့ သူနားလည်ထားပါတယ် တဲ့။ သို့ပေမယ့်
အဲဒီအရူးမျိုးတွေ ဆိုဗီယက်
ယူကရိန်းထဲဝင်လာရင် ဝတ်ပေးဖို့၊အမငေအေ–ဖြေနအ တွေ အများကြီးရှိပါတယ်တဲ့"
ကိုအေးငွေ–
"အိုင်ဆေး စထရိတ် ဂျက်ကက်ဆိုတာ ဘာလဲကွ"
ကိုထွန်းရှိန်–
"အင်္ကျီတစ်မျိုးပေါ့ကွာ၊ အဲဒါကို ဝတ်ပေးထားရင် တစ်ကိုယ်လုံး လှုပ်မရတော့ဘူးတဲ့။
စတာလင်က
စကားလုံးပြောင်တယ်ကွ၊ ဒါကြောင့် မင်းဟစ်တလာရှရှားဘက် မသွားရဲပါဘူး။ အားရှိရင်
အင်္ဂလိပ်ဘက်သာ
သွားမှာပါ"
ကျွန်တော်–
"ခု နာဇီတွေက ရှမေးနီးယားကို တောင်းဆိုချက် ထုတ်လိုက်ပြန်ပြီ။ ရှမေးနီးယားဟာ
စက်မှုလက်မှု
ထူထောင်ရေးတွေ မလုပ်ရဘူးတဲ့။ လုပ်လက်စ ဟာတွေကိုလည်း ရပ်လိုက်ရမယ်တဲ့။
ရှမေနီးယားဟာ
စိုက်ပျိုးရေးဘက်မှာသာ အာရုံစိုက်ပြီး ထွက်သမျှ ကောက်ပဲသီးနှံနဲ့ ကုန်ကြမ်းတွေကို
ဂျာမနီကို ရောင်းရမယ်တဲ့။
ဘယ်လောက်ဆိုးဝါးရမ်းကားတဲ့ နာဇီတွေလည်းဆိုတာ ဒါပဲ စဉ်းစားကြည့်ပေတော့"
ကိုထွန်းရှိန်–
"အင်း ဒါလည်း အင်္ဂလိပ်ကို ထိတာပဲ၊ ရှမေးနီးယားဆိုတာ အင်္ဂလိပ် ဓနရှင်ရဲ့ အရင်းအနှီး
အများဆုံးမြုပ်နှံထားရာ
ဒေသပဲ"
ကိုအေးငွေ–
"ဒီတော့ ဒါတွေကို အင်္ဂလိပ်က ကြည့်နေသလား"
ကျွန်တော်–
"ကိုယ့်အတတ်နဲ့ကိုယ့်ပြန်စူးတာပေါ့လေ။ ရှရှားဘက်သွားပြီးတိုက်လိမ့်မယ် ယုံကြည်ချက်နဲ့
လက်သပ်မွေးခဲ့၊

အစာကျွေးခဲ့၊ အလျှော့ပေးခဲ့သမျှ သူ့ပြန်ထိနေတာပေါ့။ ခုတော့
အင်္ဂလိပ်နန်းရင်းဝန်ချိန်ဘာလိန်က ပြောတယ်။
ဟစ်တလာဟာ သူ့ကိုမြူနစ်ချ်မှာတုန်းက ဆူဒေတန်ကို သိမ်းခြင်းဟာ နောက်ဆုံးပါပဲ။
နောင်တစ်ခုခုဖြစ်ရင်
အင်္ဂလိပ်ကို အသိပေးပါ့မယ်လို့ ကတိပေးခဲ့တယ်တဲ့။ အဲဒီတုန်းက ပေးခဲ့တဲ့ကကတိတွေ
အားလုံး ဖျက်တယ်တဲ့။
ခုချက်ကိုစလိုဗက်ကီးယားကို သိမ်းတာဟာ မတော်မတရား လုပ်တာတဲ့၊ ရပ်တန်းက
မရပ်ရင် အင်္ဂလိပ်က
ပြင်သစ်နဲ့တိုင်ပင်ပြီး အရေးယူတော့မယ်တဲ့"
ကိုထွန်းရှိန်–
"ဒီတော့ဟစ်တလာက အင်္ဂလိပ် ဂျာမန် ရေတပ်ဘက်ဆိုင်ရာ သဘောတူညီချက်ကို
ဖျက်သိမ်းမယ်၊
လေတပ်ကိုလည်း ချဲ့မယ်ဆိုတဲ့ လေသံလွှင့်ပြီး ခြိမ်းခြောက်လိုက်တယ်။ ဂျာမန်ရေတပ်ဟာ
အင်္ဂလိပ်ရေတပ်ရဲ့
၃၅ရာခိုင်နှုန်းသာ ထားရမယ်ဆိုတဲ့က သဘောတူညီချက်ကို ဖျက်ပစ်တော့မှာပေါ့"
ကျွန်တော်–
"အင်း၊ စစ်ကြီးကတော့ ဖြစ်လာတော့မှာပါပဲ မကြာပါဘူး၊ ကမ္ဘာသူ ကမ္ဘာသား တွေတော့
ဒုက္ခပါပဲဗျာ"
ကိုထွန်းရှိန်–
"စစ်ဖြစ်ရင် ကိုယ်တို့ချက်ကောင်းပေါ့၊ နယ်ချဲ့စစ်ပွဲကို တို့လွတ်လပ်ရေး စစ်ပွဲဖြစ်အောင်
လုပ်ရမယ်"
ကိုအေးငွေ–
"ကဲ စစ်ရိပ်စစ်ငွေ့တွေကပူလုပြီ၊ ရေစိမ်ကြဉီးစို့ရဲ့"
ကိုအေးငွေသည် ထိုင်ရာမှထလိုက်သည်။ ကျွန်တော်သည်နို့ပုလင်းကို ထောင်ပြီး နှစ်ကျိုက်
သုံးကျိုက်သောက်လိုက်သည်။
ကိုထွန်းရှိန်ကား ထိုင်ရာမှမလှုပ်သေးဘဲ–
"ခုအချိန်မှာ ဣန္ဒြေအရဆုံးကတော့ စတာလင်ပဲ။ သူပြောတဲ့စကားတွေ ဘယ်လောက်
အဆီပါသလဲ၊ ၁၇–
ကြိမ်မြောက် ကွန်မြူနစ်ကွန်ဂရက်မှာ ပြောတာလေ။ 'ငါတို့ဟာ ငြိမ်းချမ်းရေးကို
အလိုရှိတယ်၊ နယ်စပ်တူဖြစ်တဲ့
အိမ်နီးချင်း တိုင်းပြည်ကြီးတွေနဲ့ တစ်ဦးနဲ့တစ်ဦး အတုံ့အလှည့် ကူးသန်းရောင်းဝယ်ရေး
ဖွံ့ဖြိုးစေလိုတယ်၊
ကျူးကျော်တိုက်ခိုက်ခြင်းခံနေရသော လူမျိုးများနှင့် ကိုယ့်တိုင်းပြည် ကိုယ်လွတ်လပ်အောင်
ကြိုးစားနေတဲ့

လူမျိုးတို့ကို ကူညီထောက်ပံ့လိုတယ်။ ငါတို့နယ်စပ်ကို ကျူးကျော်စော်ကားသူ၊
စစ်ဖြစ်အောင် လှုံ့ဆော်သူတွေကို
နှိမ်နင်းဖို့ အသင့်ရှိတယ်’တဲ့ ”
ကိုအေးငွေ–
“ကိုင်းဆရာတို့ကမ္ဘာကြီးကို မေ့ကြဦးစို့ရဲ့၊ အေးမြကြည်လင်တဲ့ အင်းလျားရေကန်ထဲက
ငါးတွေနဲ့က
ပြေးတမ်းလိုက်တမ်း ကစားကြဦးစို့ရဲ့ ”
ကိုထွန်းရှိန်က ထိုင်ရာမှထရင်း–
“အင်း၊ တို့မှာတော့ ငါးနဲ့ပဲ ပြေးတမ်းလိုက်တမ်း ကစားနေတယ်”
ကိုအေးငွေ–
“ပိုပျော်စရာကောင်းမှာကတော့ မီနီဆက်တို့လို အင်းလျားဆောင်က ရေကူးမယ်တွေနဲ့
ပြေးတမ်းလိုက်တမ်းကစားရရင် ပိုကောင်းမှာပေါ့”
ကျွန်တော်–
“ဒီစကားတွေ ပြောနေတော့ ကျွန်တော်က ရာမနဲ့သီတာ ရေကစားကြတာ သတိသွားရတယ်။
ရာမမင်းသားက
သီတာမင်းသမီးကို သူ့ပြည်ဆောင်ယူသွားစဉ်က လမ်းမှာ ကြာမျိုးငါးမည်နဲ့
တင့်တယ်တဲ့ကန်တစ်ခုကို
တွေ့တယ်တဲ့။ အမောအပန်းပြေ ကိုယ်လက်လန်းဆတ်ခြင်းဖြစ်အောင် ကန်ထဲမှာ
ရေဆင်းချိုးကြတယ်တဲ့။
ဒီလိုချိုးကြရင်း သီတာဒေဝီက ‘စိန်ခေါ်တော့မယ်၊ မောင်တော်ဘုရား နှမတော်ကို
လိုက်ရှာပါတော့’ဆိုပြီး ရေမှာ
ငုပ်လျှိုးပြီး ကြာပွင့်တွေကြား ပုန်းနေသတဲ့။ ရာမမင်းသားလည်း အရှာရခက်သွားတယ်၊
ဒီတော့ ရာမမင်းသားက
‘အိုနှမတော်သီတာဒေဝီ၊ ကြာပွင့်တွေကြားက ကြာပွင့်ကို မောင်ဘုရား ဘယ်လိုလုပ်ပြီး
ရှာနိုင်ပါ့မလဲ’လို့
တမ်းတကြွေးကြော်လိုက်သတဲ့။ ကြာလိုလှ ကြာလိုမွှေး ကြာလိုလန်းဆတ်တဲ့ သီတာက
‘ဝါး’ခနဲလုပ်ပြီး
‘အိုမောင်တော် ရာမ၊ အခြားအခြားသော ကြာတွေက ပျားပိတုန်းတို့သာ ဝတ်ရည်စုပ်မှီဝဲရာ
ဖြစ်ပါတယ်၊ နှမတော်
သီတာကတော့ မောင်တော်ရာမ ဝတ်ရည်မှီဝဲရာ ဖြစ်ပါတယ်။ ဒါကြောင့်
ရှာမတွေ့နိုင်စရာအကြောင်းမရှိပါ
ဘုရား’လို့ဆိုပြီးအဖမ်းခံတော့သတဲ့ဗျ ”
ကိုအေးငွေသည် ‘စိန်’ဟု အော်ပြီး ဖြန်းခနဲရေထဲဆင်းပြေးလေသည်။
ကိုထွန်းရှိန်–

“ကိုရင့်ဘာသာ ကိုရင် စိန်ပေတော့၊ ဘယ်သူမှ လိုက်ဖမ်းမှာ မဟုတ်ဘူး။
ရေကန်ထဲမိကျောင်းရှိရင်တော့
ဖမ်းလိုက်မှာပဲ”
ကျွန်တော်တို့သည် ခုန်ပေါက်မြူးထူး ရေကူးကြပြန်သည်။ အားရအောင် ရေကစားပြီးမှ
တက်ကြသည်။
သစ်ပင်ရိပ်မှာထိုင်ပြီး ကျန်နေသေးသော မုန့်များကို စားသောက်ကြလေသည်။
ဘယ်အရသာနှင့်မျှမတူအောင်
စိတ်ကြည်ရွှင်သွားကြ၏။ ကိုယ်ခန္ဓာ လန်းဆတ်ပေါ့ပါးသွားကြ၏။
အားသစ်တွေတက်လာသလိုလည်း
ထင်ရပေသည်။
ကိုအေးငွေသည် နောက်ဆုံးအကြိမ်နို့ပုလင်းကိုမော့ချပြီး–
“အင်း တယ်ကောင်း တယ်ကောင်း၊ ရေကူးလို့လည်းကောင်း စားလို့လည်းကောင်း
သောက်လို့လည်းကောင်း”
ကိုထွန်းရှိန်သည် စိုနေသေးသော ဆံပင်မှရေများကို မျက်နှာသုတ်ပဝါဖြင့် သုတ်နေရာမှ–
“ပေါ့လိပ်တော့မပါဘူး၊ ဂိုးလ်ဖလိတ်တစ်ဘူး ဝယ်ခဲ့တယ်”
ကျွန်တော်က လွယ်အိတ်ထဲမှ စီးကရက်တစ်ဘူးကို ထုတ်ယူပြီး ဖွင့်ယူပေးသည်။
ကိုထွန်းရှိန်“
အင်း ကိုယ်တို့တော့ ဒီနေ့တယ်ပြီး ဘူဇဝါဆန်နေကြတာပဲ”
စီးကရက်ကို သုံးယောက်စလုံး သောက်နေကြသော်လည်း ကျွန်တော်ကား
အဖော်ကောင်းဤသာ ဖွာနေခြင်း
ဖြစ်ပေသည်။
ကိုထွန်းရှိန်က စီးကရက်ကို မှိန်းရင်း–
“ကိုယ်တော့ ဒီဒုတိယပတ်မှာလည်း ပထမသိန်းဆုကြီးကို လွတ်သွားပြန်ပြီ။ သိန်းထီပေါက်ရင်
ဘယ်လောက်ကောင်းမလဲ”
ထိုအခါ ကိုအေးငွေသည် တခစ်ခစ်ရယ်၍နေသည်။ ကျွန်တော်နှင့်ကိုထွန်းရှိန်က
သူ့အားကြည့်ပြီးယားကျိကျိ
ကသိကအောက် ဖြစ်နေကြသည်။
ကျွန်တော်–
“ဘာများ ဒီလောက်ရယ်နေရတာလဲဗျ”
ကိုအေးငွေသည် မေးတော့မှ ဟားတိုက်၍ ရယ်ချလိုက်သည်။
“ဟား ဟား၊ ကိုယ်က သိန်းဆုနဲ့ပတ်သက်ပြီးစိတ်ကူးနဲ့ရူးခဲ့မိတာ တစ်ခုရှိလို့ပါ။ ကိုယ်က
သိန်းဆုကို
မျှော်ရုံမကဘူး၊ ဟားဟား ထီပေါက်တော့ နတ်တလင်း မငွေမြဆိုတာ
ပေါက်သွားတယ်ဆိုတော့

စိတ်ကူးယဉ်ကြည့်လိုက်တယ်။ ကိုယ်တို့ဟာ ပိုက်ဆံရှိမှ နိုင်ငံရေးကို
စိတ်ချလက်ချလုပ်နိုင်မယ် မဟုတ်လား။
နို့မဟုတ်ရင် ဝမ်းရေး။ သားကျွေးမှု မယားကျွေးမှုတွေ လုံးပန်းနေရတာနဲ့ နိုင်ငံရေးလုပ်ရာမှာ
ကျွတ်ကျွတ်လွတ်လွတ်မဖြစ်နိုင်ဘူး။ ဒီတော့သိန်းဆုရှင် မငွေမြဆိုတာကို
သွားပြီးပိုးရကောင်းမှာပဲ၊ ဘာညာနဲ့
စိတ်ကူးနဲ့ရူးပစ်လိုက်တယ်။ ၇၀ကျော် အမယ်ကြီးဖြစ်နေတယ် ဟား ဟား ဟား"
ကျွန်တော်တို့လည်းရယ်မိကြသည်။
ကျွန်တော်–
"အမယ်ကြီးဆိုရင် ပိုကောင်းတာပေါ့၊ ကိုယ့်ချည်း ငွေတွေသုံးရတာပေါ့၊ အပျို ဟုတ်မဟုတ်
သွားစုံစမ်းပါဦးလား
ဟဲ ဟဲ"
"ဟာ မစုံစမ်းတော့ဘူး ကိုယ့်လူရာ သည့်ပြင်နည်းနဲ့ပဲ ပိုက်ဆံရှာပါတော့မယ်"
ကိုထွန်းရှိန်–
"အကောင်းဆုံးကတော့ အိမ်ထောင်မပြုဘဲနဲ့ နိုင်ငံရေးလုပ်တာ အကောင်းဆုံးပဲ၊
သံယောဇဉ်လုံးလုံးကင်းတယ်၊
ဆူဘတ်စ် ချန်ဒရာဘို့စ်တို့လိုပေါ့၊ အခုထိလူပျိုကြီး"
ကျွန်တော်–
"မိန်းမမယူဘဲနေဖို့ဆိုတာ သဘာဝနဲ့ဆန့်ကျင်နေတော့ ပြောသလောက် တကယ်လုပ်ရတာ
မလွယ်ဘူးထင်တယ်"
ကိုထွန်းရှိန်"ဟ
` ဟဲ မောင်ရင်ကတော့ မှန်းထားပြီးရှိနေတာကိုး၊ ဒီစကားမျိုးပြောမှာပေါ့။ ဘယ့်နှယ်လဲ
မောင်ရင့်မြင့်ကြီး
ပြန်မလာသေးဘူးလား"
"သူ့ဆီက ဘာသံမှမကြားဘူး၊ စာမေးပွဲနီးပြီမို့ မကြာခင် လာမယ်ထင်တယ်"
ကိုအေးငွေ–
"ရဲဘော်တင်ထွန်းကို ကြည့်ရတာ မြင့်ကြီးတစ်ယောက်တည်း ဟုတ်ဟန်မတူပါဘူး၊
မှန်မှန်ပြောစမ်း
ဘယ်နှစ်ယောက်ရှိသလဲ"
"အမှန်က ရည်းစားရယ်လို့ ပိုင်ပိုင်နိုင်နိုင် ခေါ်ရလောက်အောင် တစ်ယောက်မှ မရှိသေးတာ
အမှန်ပါပဲ"
ကိုထွန်းရှိန်–
"ကဲ ကဲ ခုနေအခါမှာ ရည်းစားစကားတွေ သိပ်ပြောမနေကြဦးစို့နဲ့၊ တော်တော်ကြာ
သန်းတင်တို့လူစုက
နောက်ပိုးခေါင်းဆောင်တွေ မကြိုက်လို့ သပိတ်လှန်တာပါလို့ ပြောနေဦးမယ်"
ကျွန်တော်–

"ကိုသန်းတင်တို့လူစုက ကျုပ်တို့သပိတ်မှောက်ခဲ့တာတွေ၊ အရေးတော်ပုံ တိုက်ပွဲတွေ
လုပ်ခဲ့တာတွေဟာ
ဘာမှအကျိုးမရှိဘူးတဲ့။ ထိုင်နေ အကောင်းသား၊ ထသွားမှ အကျိုးမှန်းသိဆိုတာလို
မလုပ်ဘဲနေခဲ့ရင်
ကောင်းမယ်တဲ့ ဘယ်လိုလူတွေ မှန်းလဲမသိဘူး"
ကိုထွန်းရှိန်–
"သက်သက် နားမလည်လို့ ပြောတာ။ စိတ်ဓာတ်မရင့်မာသူ၊ နားဝေးသေးတဲ့လူတွေ
ထွက်ထိုင်ကုန်အောင်
ပြောတဲ့စကားပဲ။ အမှန်က အခုလောက် ဗမာပြည်မှာ နိုးကြားလာတာ၊
နိုင်ငံရေးစိတ်ဓာတ်ဝင်လာတာ
ဒီအရေးတော်ပုံတိုက်ပွဲတွေကြောင့်ပဲ မဟုတ်လား။ လွတ်လပ်ရေးမရသေးပေမယ့်
လွတ်လပ်ရေးစိတ်ဓာတ်တွေ၊
နိုင်ငံရေးဗဟုသုတတွေ တစ်ပြည်လုံးရလာကြတယ် မဟုတ်လား၊ ဒါဟာ အမြတ်ပေါ့။
ပြီးတော့
သပိတ်လှန်လိုက်ရုံနဲ့တို့ကလွတ်လပ်ရေး တိုက်ပွဲလည်း ရုပ်သိမ်းလိုက်တာမဟုတ်ဘူး၊
ဒီပြင်နည်းတွေနဲ့
စခန်းသွားကြမှာပဲ။ ပြီးတော့ဒီအရေးတော်ပုံကြောင့် လူထုတွေဘယ်လောက်စည်းရုံးကြသလဲ။
တို့ကျောင်းသားသမဂ္ဂအင်အားပိုကြီးလာတယ်၊ ပိုကျယ်ပြန့်လာတယ်။ ခုတို့သမဂ္ဂဟာ
ရွာကြီးတွေကိုတောင်
ရောက်နေတယ်။ တောင်သူလယ်သမားအစည်းအရုံးကြီးတွေ ပေါ်လာတယ်၊
အလုပ်သမားအစည်းအရုံးတွေ
ပေါ်လာတယ်။ ခုဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကြီးကလည်း မော်လမြိုင်မှာ
ညီလာခံခေါ်ဦးမယ်။
ခုအရေးတော်ပုံကြီးကြောင့် နိုင်ငံရေးမှာ အလုပ်သမားတွေ၊ ကျောင်းသားတွေသာ
တကယ့်ထိရောက်တဲ့
အင်အားစုတွေ ဖြစ်တယ်ဆိုတာ ပြလိုက်တယ်မဟုတ်လား"
"ခုနေခါမှာ သပိတ်မှောက်တာ လှန်တာက အဓိကမဟုတ်ဘူး။ ညွန့်ပေါင်းအစိုးရ
ပြုတ်ကျတာ၊
မောင်ပုအစိုးရတက်တာ ဒါတွေက အဓိကမဟုတ်ဖူး။ အမှန်က ဒါတွေဟာ
ဘုရင်ခံမျက်နှာဖုံးပြောင်းတာလောက်ပဲ
ရှိတယ်။ အဓိက အလုပ်က တို့တစ်တွေ စိတ်မပျက်ဖို့၊ တို့တစ်တွေ ဆက်လက်ညီညွတ်ဖို့၊
ယခု
အရေးတော်ပုံတွင်းမှ နိုင်ငံရေးရဲ့ အထိရောက်ဆုံး အင်အားစုအဖြစ်နဲ့ ပေါ်ထွက်လာတဲ့
အလုပ်သမား၊

လယ်သမားနဲ့ ကျောင်းသားထုတွေရဲ့ အင်အားကို မပျက်အောင်လုပ်ဖို့၊ အစည်းအရုံး ပိုမိုခိုင်မာအောင်
စနစ်ကျအောင် လုပ်ဖို့ဖြစ်တယ်”
ကိုထွန်းရှိန်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ မှိန်းပြန်သည်။
ကိုအေးငွေ–
“အင်း သန်းတင်တို့လူစုကတော့ တို့ရဲ့အောင်မြင်မှုတွေကိုမေ့တာ၊ မလုပ်ခဲ့ရင် ကောင်းမှာပဲလို့ ဆိုနေတာတွေဟာ
သတ္တုချကြည့်လိုက်တော့ ရှေ့ဆက်လုပ်ငန်း မလုပ်အောင်၊ စိတ်ဓာတ်ပျက်အောင် သွေးကွဲအောင်လုပ်တာသက်သက်
ဖြစ်နေတာပဲ”
သုံးယောက်သား ကိုယ့်အတွေးနှင့်ကိုယ်တွေးရင်း ငြိမ်နေကြလေသည်။
လေရူးတသုန်သုန်ဆော်မြူးလာသည်။ လှိုင်းလုံးကလေးများသည် တဖျပ်ဖျပ် ရိုက်ခတ်နေကြ၏။
ပြာနုရောင်ရေမျက်နှာပြင်မှာနေခြည်သည် ပြိုးပြိုးပြက်ပြက် ရောင်ပြန်လက်၍နေသည်။
ကိုထွန်းရှိန်က ထိုင်ရာမှထရင်း–
“ကဲပြန်ကြဦးစို့ရဲ့၊ ကိုယ်က ကိုဘဟိန်းနဲ့အတူ ရွှေတိဂုံအလုပ်သမား သပိတ်စခန်းကို သွားရဦးမယ်”
ကျွန်တော်သည် နွားနို့ပုလင်းလွတ်များကို လွယ်အိတ်ထဲမှာထည့်သည်။
ကိုအေးငွေ စပို့ရှပ်ကို ခေါင်းပေါ်မှ စွပ်ချရင်း–
“မိုင် ၄၀၀ချီတက် အင်အားပြခဲ့တဲ့ ရေနံသပိတ်တပ်သားတွေရဲ့ ဖွဲ့ကိုချီးကျူး မှတ်တမ်းတင်လောက်တယ်။ ပြီးတော့
ခုထိကြံ့ကြံ့ခံကျန်ရစ်တဲ့ သပိတ်တပ်သားတွေဟာ သံမဏိနဲ့ လုပ်ထားတဲ့ အသည်းနှလုံးရှိတယ်လို့ဆိုရမှာပဲ။
တစ်နေ့က အာဥ္ဇာဝကသခင်ဘိုးလှကြီးနဲ့သပိတ်ဧဝခနိတော ဘီအိုစီနဲ့ အိုင်ဘီပီ အပေါက်ဝမှာ သပိတ်တားရင်း
အဖမ်းခံရတယ်။ နောက်တစ်နေ့ကျတော့ အဖမ်းမခံရဘဲ ကျန်ရစ်တဲ့ ရေနံသပိတ်တွေဟာ ကုမ္ပဏီရုံးကြီးများကို
သပိတ်တားရင်း ပုလိပ်နံပါတ်တုတ်နဲ့ အရိုက်ခံရတယ်။ ဒါပေမဲ့ ကျန်တဲ့လူက ဆက်လုပ်နေတာပဲ”
ကျွန်တော်တို့သည် စကားတပြောပြောနှင့်သမဂ္ဂအဆောက်အအုံသို့ အဓိပတိလမ်းအတိုင်း ပြန်ခဲ့ကြလေသည်။ ။

၄၁

မလုန်သေးသော အလုပ်သမားသပိတ်အား

ကျောင်းသားသပိတ်ကြီးကို လုန်လိုက်ပြီဖြစ်သော်လည်း ကျွန်တော်တို့လုပ်ငန်း မှာမလျော့ချေ။
သပိတ်လုန်ခြင်းမှာ လမ်းမှန်ဖြစ်ကြောင်း၊ ရှင်းလင်းရခြင်းနှင့် ကျောင်းသားညီညွတ်ရေး၊

စည်းရုံးရေးကိုတည်ဆောက်ရခြင်းမှာ နေ့ညဆိုင်းထား၍ရ သောအလုပ်များ မဟုတ်ပေ။
ထို့ပြင်အစိုးရနှင့် သဘောတူညီချက်အတိုင်း ဖမ်းထားသော ကျောင်းသားများ
ကိုအမြန်လွှတ်ပစ်ရန် လုပ်ရခြင်းနှင့်
သဘောတူညီချက်ကို အသိအမှတ်မပြုဘဲ သပိတ်လှန် ကျောင်းသားများအား နှိမ်လိုနှိမ်၊
အပြစ်ပေးလိုပေး၊
သရော်လိုသရော် လုပ်သော ပညာရေးအာဏာပိုင်တို့နှင့် အတိုက်အခံလုပ်ရခြင်းတို့မှာ
လက်မလည်အောင်
အလုပ်ရှုပ်ပေသည်။
အလုပ်သမား သပိတ်အချို့မှာ လှန်ကုန်ပြီဖြစ်သော်လည်း သပိတ်အများအပြား
ကျန်နေသေးသည်။ အာရ်တီးတီ၊
ဂျီအီးစီ၊ ခနောင်တို မီးခြစ်စက်၊ ပုသိမ်ညွန့်မီးခြစ်စက်၊ ကြိုးစက်၊ ကော်စက်၊
သဘော်ကျင်းကူလီ၊ ရာဘာစက်၊
စတီးတုံကင်း၊ စတီးစာရေး၊ မော်ဘီအစိုးရ စိုက်ပျိုးရေး၊ ဧရာဝတီ သဘော်ကျင်း (ဒလ)၊
အစိုးရ
သဘော်ကျင်း(ဒေါပုံ)သပိတ်များမှာ တိုက်ပွဲဆင်နွှဲရတုန်းဖြစ်သည်။
အလုပ်သမားသပိတ်များနှင့် အလုပ်သမားလွှတ်တော်ဥက္ကဋ္ဌသခင်သိန်းမောင် တို့သည်
ကျွန်တော်တို့
ကျောင်းသားလွှတ်တော် ကျင်းပနေစဉ်ပင် ဘုရင်ခံအိမ်ကို ဝိုင်း၍ အင်အားပြကြသေးသည်။
နောက်နေ့များတွင်ကားစက်ရုံများ၊ အလုပ်တိုက်များနှင့် အာရ်အီးတီ ထရော်လီနှင့်
ဘတ်စ်ကားများကိုသပိတ်တားကြ သည်။ သပိတ်တားသူများကို အစိုးရကအစုလိုက်
အပြုံလိုက် ဖမ်းဆီးသည်။
နံပါတ်တုတ်နှင့် ရိုက်နှက်သည်။ မျက်ရည်ယိုဗုံးဖြင့် လူစုခွဲသည်။ ကျွန်တော်တို့က
သပိတ်လှန်လိုက်ခြင်းကို
အမြတ်ထုတ်ကာ အလုပ်သမား သပိတ်တားများကိုမဲ၍ နှိပ်စက်သည်ဟုပင်
ထင်စရာဖြစ်ပေတော့၏။
ရန်ကုန်မြို့တွင် မတ်လ ၁၄ရက်နေ့ တစ်နေ့တည်း၌ပင် အလုပ်သမား
၃၀၀ဖမ်းဆီးခဲ့လေသည်။
ဖမ်းဆီးသူများလှသဖြင့် ရန်ကုန်ထောင်ကြီး မဆံ့ဖြစ်လေရာ အချို့ကို တံတားကလေး
အရှူးထောင်သို့ပို့ထားခဲ့လေသည်။
တောင်သူလယ်သမားတို့၏ သီးစားခနှင့် အခွန်တော် လျှော့ပေါ့ရေး ဆန္ဒပြပွဲများမှာ
တစ်ပြည်လုံးမှာ
အနှံ့အပြားပေါ်နေသည်။ မော်လမြိုင် ကျွန်းသို့ ကျေးရွာများစွာမှ လယ်သမား
၁၀၀၀ချီတက်လာသည်။
ဓနုဖြူမြို့ပေါ်သို့ လယ်သမား ၂၀၀၀၊ စစ်ကိုင်းမြို့ပေါ်သို့ ၅၀၀၀၊ မုံရွာမြို့ပေါ်သို့ ၃၀၀၀၊
ရွှေဘိုမြို့ပေါ်သို့

၅၀၀၀၊ ဗန်းမော်မြို့ပေါ်သို့ ၂၀၀၀၊ သန်လျင်မြို့ပေါ်သို့ ၂၀၀၀၊ ခရမ်းမြို့ပေါ်သို့ ၃၀၀၀၊ သုံးခွမြို့သို့
၁၀၀၀စသည်ဖြင့် ကျေးရွာများမှ မြို့များသို့ ချီတက်လာကာ အစိုးရမင်းများ သိအောင်ဆန္ဒပြကြလေသည်။
အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးရာထူးလက်ခံသွားကြသော အမတ်များ၏ ပိုမိုပြင်းထန်သော ကန့်ကွက်ရှုတ်ချပွဲများ
ကျင်းပလေသည်။ အထူးသဖြင့် ဦးစောအား ရွေးကောက်တင်မြှောက်လိုက်သော ဟင်္သာတမြောက်ပိုင်းတယ်တွင်
ပြင်းထန်လေသည်။ သခင်သန်းထွန်း၊ သခင်စံထွန်းလှနှင့် သီချင်းရေးဆရာ ဒဂုံဆရာတင်တို့သည်
ဟင်္သာတမြောက်ပိုင်းနယ်တွင် ပိုက်စိပ်တိုက်လှည့်လည်ဝါဒဖြန့် ကြရာ ဂဠုန်အင်အားပြိုလေသည်။
ဝန်ကြီးဦးထွန်းအား ရွေးကောက်လိုက်သော ဓနုဖြူတွင် လူ၂၀၀၀စည်းဝေး၍ ဦးထွန်းအား သူပုန်ဟု
ကြေညာလေသည်။ အစည်းအဝေးကျင်းပနေဆဲ ဓနုဖြူတို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်ဗသိန်းနှင့်
အတွင်းရေးမှူးသခင်မြသန်းတို့ အားပုဒ်မ ၁၀၇အရ သမ္မာန်ပေးလေရာ 'ငါတို့သည် မဟာသာကီမင်းမှ
ဆင်းသက်သော မင်းမျိုးမင်းနွယ် မင်းသွေးရှိသူများဖြစ်၍ ရိုးရိုးတန်းတန်း ခေါ်ခြင်းဖြင့် မလိုက်နိုင်။ ဝေါ၊
ခြွေရံစသည်တို့နှင့် လာခေါ်မှလိုက်မည်'ဟု သခင်မြသန်းက ပြောလွှတ်လိုက်ပြီး ရုံးကိုသပိတ်မှောက်နေကြလေသည်။ နောက်အာဏာဖီဆန်မှုဖြင့် သခင်ဗသိန်းနှင့် သခင်မြသန်းတို့အား
ဖမ်းဆီးသောအခါ လူနှစ်ထောင် ဂါတ်ကိုဝိုင်း၍ လွှတ်ပစ်ရန် ဆူပူကြလေသည်။
သို့ကလို တစ်ပြည်လုံး လှုပ်ရှားနေချိန်တွင် ကျွန်တော်သည်လည်း လှုပ်ရှားနေပေ သည်။
ကျွန်တော်တို့ကျောင်းသားများ၏ စည်းရုံးရေးလုပ်ငန်းများတွင် ဇောက်ချ၍ လုပ်နေရင်းက တောင်သူလယ်သမား
အလုပ်သမားနှင့် မြို့သူမြို့သားတို့၏ လှုပ်ရှားစည်းရုံးမှုများတွင်လည်း စိတ်မဝင်စားဘဲ မနေနိုင်ပါ။
တစ်နေ့တွင် ကျွန်တော်သည် မြို့ပေါ်ရှိ သပိတ်တားရာ နေရာများကို လိုက်ကြည့်သည်။
ကုန်သည်လမ်းဘီအိုစီစသော အင်္ဂလိပ်ကုမ္ပဏီကြီးများရှေ့တွင် သပိတ်တားနေကြသည်ကို ကြည့်ပြီးနောက်
အာရ်အီးတီ ဓာတ်ရထားနှင့် ထရော်လီများကို သပိတ်တားသည့်နေရာသို့ ရောက်သွားလေသည်။ ပန်းဆိုးတန်းနှင့်

မောင်ဂိုမာရီ လမ်းထောင့်တွင် ဓာတ်ရထားကို သပိတ်တားကြလျက် ဖရေဇာလမ်းနှင့်
ပန်းဆိုးတန်းလမ်းထောင့်တွင်
ထရော်လီကိုသပိတ်တားကြလေသည်။
နံနက် ၁၁နာရီကျော်ကျော်ဖြစ်သည်။ နေသည် ကျွတ်ကျွတ်လွတ်လွတ်ကြီး ပူနေပြီ။
သပိတ်တားများကိုကြည့်နေကြသော ပရိသတ်ကြီးမှာ လမ်းဘေးတွင် ပြည့်ညှပ်နေ၏။
သပိတ်တားကြသူများတွင် ရွှေတိဂုံသပိတ်စခန်းမှ သပိတ်မှောက် အလုပ်သမား ၊ အာရ်အီးတီ
သပိတ်မှောက်အလုပ်သမားများသာမက ကန်တော်လေး မသန်းရှင် ဆေးလိပ်ရုံ၊ မခင်စော
ရွှေလက်ဝါးဆေးလိပ်ရုံနှင့် မစိန်ညွန့်ဆေးလိပ်ရုံမှ အမျိုးသမီးများနှင့်
အခြားအမျိုးသမီးများပါလေသည်။ ၄င်းပြင်
သိမ်ဖြူတိုက်နယ် ရဲရဲတောက် ရဟန်းပျိုများလည်း အထက်ပါ အမျိုးသမီးများအား
ခေါင်းဆောင်၍
သပိတ်တားကြလေသည်။
သပိတ်တားသူများအား ရေတိုက်ခြင်း၊ ဆေးလိပ်တည်ခြင်း၊ နေပူမှ အကာအကွယ်ရှာပေးခြင်း
စသောဝေယျာဝစ္စ
ဆောင်ရွက်ပေးနေကြသူများမှာ ဒီးဒုတ် ဒေါ်လှမေ ဦးစီးသော မြန်မာပြည်လွတ်လပ်ရေး
အမျိုးသမီးအဖွဲ့ချုပ်ဝင်များ
ဖြစ်သည်။ လွတ်လပ်ရေး အမျိုးသမီးများတွင်ဒေါ်ညွန့်နှင့်သမီးမခင်သစ်ကိုလည်း
တွေ့မြင်ရသည်။ သူတို့က
ကျွန်တော့်အား မမြင်ကြ။ သူတို့ဘာသာ အလုပ်များနေရာ ကျွန်တော်သည် ခပ်လှမ်းလှမ်းမှ
အကဲခတ်၍
ကြည့်နေလေသည်။
ဒေါ်ညွန့်သည်ဒန်အိုးကြီးတစ်လုံးတွင် လိုင်းမဂျူးစ်ဖျော်ရည် ဖျော်နေသည်။ မခင်သစ်က
သူ့အမေအနီးမှာ
မတ်တတ်ရပ်၍ ကြည့်နေသည်။ အခြားအမျိုးသမီးများမှာရေခဲ ခွဲသူခွဲ၍ ဖန်ခွက်ဆေးသူက
ဆေးနေကြ၏။
မခင်သစ်သည် အိပ်လျက်တစ်ဖုံ၊ ရပ်လျက်တစ်နည်း သပိတ်တားနေကြလေသည်။
ထီးမိုးပေးသူပေး၍
အဝတ်ကာပေးသူ ပေးနေကြ၏။
ဒေါ်ညွန့်သည် ရေခဲတုံးကြီးများကို ဖျော်ရည်အိုးထဲထည့်ပြီး ခွက်တစ်ခုဖြင့် မွှေရာ
ကျွန်တော်အနီးကပ်လာသည်ကိုမမြင်ပေ။ မခင်သစ်ကလည်း မမြင်သေး။
“ဒေါ်ဒေါ်၊ သပိတ်တားတွေ ဖျော်ရည်အေးအေးကို သောက်လိုက်ရရင် ကိုယ်ရောစိတ်ရော
အားတက်သွားကြမှာပဲ”
ကျွန်တော်က သို့ကလို အသံပြုလိုက်တော့မှ သားအမိနှစ်ယောက်စလုံး ကျွန်တော့်အား
လှမ်းကြည့်ကြသည်။
မခင်သစ်က ကျွန်တော့်အား ပြုံးပြနေစဉ် ဒေါ်ညွန့်က–

"ဟော့ မောင်တင်ထွန်းပါလား၊ မင်းတို့ကျောင်းသားတွေ သပိတ်လုန်ပေမယ့်
အလုပ်သမားတွေက
သပိတ်မလုန်သေးဘူးကွ"
ကျွန်တော်သည် ဒေါ်ဒေါ်အားအသင့်လျော်ဆုံးသော စကားလုံးဖြင့် ချေပရန် စဉ်းစားနေခိုက်
မခင်သစ်က
ကျွန်တော့်အား ပြုံး၍သာ ကြည့်နေသည်။ အပြုံးကြားမှ ပင်ပန်းနွမ်းလျနေခြင်းကို
သတိပြုမိသည်။
"ထိုးချင်တဲ့ဆင် တစ်လှမ်းဆုတ်တဲ့ ဒေါ်ဒေါ်"
ဒေါ်ဒေါ်သည် ရှေ့သွားဖုံးပေါ်သည့်တိုင်အောင် ပြုံးလိုက်ပြီး လက်ကမူ ဖျော်ရည်အိုးတွေ
မွှေရင်း–
"ကောင်းပါလေ့ မောင်ရယ်၊ အဲဒီဆင်တွေ တစ်လှမ်းဆုတ်ပြီး ထိုးတဲ့အခါကျရင်
ဒေါ်ဒေါ်တို့က ကြံလာကျွေးမယ်
ဟဲ ဟဲ"
"ဒေါ်ဒေါ်တို့ဥက္ကဋ္ဌတော့ပါလာတယ်၊ အတွင်းရေးမှူး ခင်မျိုးချစ်တော့ မတွေ့ပါကလား"
ဒေါ်ဒေါ်လေသံတိုးတိုးဖြင့်
"အေး၊ ဒီစာရေးဆရာမကို ပုလိပ်က အလိုရှိနေတယ်ကြားလို့ ရှောင်နေတယ်"
ထို့နောက် ဒေါ်ညွှန့်သည် သူ့အမျိုးသမီးများအား သပိတ်တားများကို ဖျော်ရည်တိုက်ရန်
စီစဉ်ပေးနေလေသည်။
မခင်သစ်သည် လက်တစ်ဖက်လျှင် ဖျော်ရည်တစ်ဖန်ခွက်စီကိုင်လျက်
ခေါက်တုံ့ခေါက်ပြန်အလုပ်များနေလေသည်။
ကျွန်တော်သည် ဝဲနှင့်ယာမှ ရပ်နေကြသော အာရ်အီးတီ ထရော်လီကားများကို ကြည့်ပြီး
အင်္ဂလိပ်အရင်းရှင်စက်ယန္တရားကြီးတစ်ခုလုံး ရပ်နေသည်ဟု ထင်မှတ်လိုက်သည်။
သပိတ်တားနေသော
အလုပ်သမားများနှင့် အမျိုးသမီးများအား ပွေ့ဖက်မွှေ့ယမ်းပြီး
ကျွန်တော့်ခေါင်းပေါ်သို့မြောက်တင်လိုတော့သည်။
သူတို့အား ဖျော်ရည်လိုက်တိုက်နေသော မခင်သစ်နှင့် ကျွန်တော်တို့၏
အသည်းနှလုံးတို့သည် တစ်ခုတည်းသော
ဟဒယရုပ်ဝတ္ထုအိမ်တွင် ကိန်းဝပ်နေကြပြီဟု ထင်လိုက်သည်။
အတန်ကြာသောအခါ မခင်သစ်သည် ဖန်ခွက် ၂လုံးကို သူ့အမေလက်သို့ပေးရင်း
မျက်စိမှေးထားကာ–
"မေမေ သစ်သစ်ခေါင်းနည်းနည်းမူးတယ်"
ဒေါ်ဒေါ်သည် ပျာလောင်ခတ်သွားသည်။ မခင်သစ်အနီးမှာ သွားရပ်ပြီး–
"သမီးထိုင်လိုက် ထိုင်လိုက်၊ မေမေပြောသားပဲ မဟုတ်လား၊ မလိုက်ခဲ့ပါနဲ့လို့"
မခင်သစ်သည် သူ့မိခင်၏ ဖေးမခြင်းဖြင့် သူ့မိခင်နှင့်အတူ ထိုင်ချလိုက်ပြီး လက်နှစ်ဖြင့်

သူ့ခေါင်းသူကိုင်ထားသည်။ ပျာပျာသလဲ ဖြစ်သွားသော ကျွန်တော်သည်လည်း သူတို့သားအမိအနီးမှာ ရပ်နေရာမှ
ဒေါ်ဒေါ်က ကျွန်တော့်အား မော့ကြည့်ရင်း–
"ဒေါ်ဒေါ်က သစ်သစ်ကို မလိုက်ခဲ့ဖို့ ပြောတယ်ကွဲ့၊ ပြောမရဘူး။ အခြားတစ်ဦးက သွေးဆေးလာပေးသည်။
မကြာခင်တွင် မခင်သစ်သည် အမူးပျောက်သွားပြီး ခေါင်းကိုင်ထားသော လက်နှစ်ဖက်ကိုလွှတ်လိုက်ကာ–
"ကိစ္စမရှိပါဘူး မေမေရာ၊ ပျောက်သွားပါပြီ"
သွေးဆေးလာပေးသော အမျိုးသမီးက–
"သစ်သစ်အိမ်ပြန်နေရင် ကောင်းမယ်ကွယ်၊ နေကလည်း သိပ်ပူတယ်"
ဒေါ်ဒေါ်က ကျွန်တော့်အား အားကိုးတစ်ခုအဖြစ်ဖြင့် မော့ကြည့်ပြီး–
"ဒေါ်ဒေါ်တော့ သစ်သစ်ကိုပြန်ပို့ချင်တာပဲမောင်တင်ထွန်း စီစဉ်နိုင်မလား"
"ကျွန်တော်လိုက်ပို့မယ် ဒေါ်ဒေါ်၊ တက္ကစီတစ်ခုလောက် သွားခေါ်ဦးမယ်"
ဒေါ်ဒေါ့်အဖြကိုမျှ မစောင့်တော့ဘဲ ကျွန်တော်သည်လန်ချားကို အပြေးနှင်၍ ပေငါးဆယ်သို့လာခဲ့သည်။
အဆင်သင့်ပင် ကျွန်တော်တို့၏မိတ်ဆွေကြီး ကိုစံပနှင့် တွေ့ရပေသည်။ ကိုစံပ၏ မော်ရစ်(စ) ကားစိမ်းကလေးကို
စီးပြီးဒေါ်ဒေါ်တို့ဆီ ပြန်ရောက်သောအခါ မခင်သစ်သည် ထူထူထောင်ထောင် ဖြစ်နေလေပြီ။
"အိမ်ပြန်ဖို့တောင် မလိုတော့ပါဘူး မေမေရယ်"
"အို သမီးကလည်းကွယ် ပြန်မှဖြစ်မယ်။ ကဲ–မောင်တင်ထွန်းရေ အိမ်ပြန်ပို့လိုက်ပါကွယ်၊ သူ့အဖေတော့ရှိမယ်မထင်ဘူး၊ အိမ်မှာသူ့ဒေါ်ကြီးတော့ရှိပါ တယ်"
"ကဲ–လာမခင်သစ်"
မခင်သစ်သည် ကျွန်တော့်နောက်မှ ခပ်ယို့ယို့လိုက်လာလေသည်။
မခင်သစ်အား ကားနောက်ခုံမှာ အထိုင်ခိုင်းပြီး ကျွန်တော်သည် ရှေ့ခုံတွင် ကိုစံပဘေးက ထိုင်၍လိုက်ပေသည်။
ကျွန်တော်ကနောက်လှည့်၍–
"ခုဘယ့်နှယ်နေသေးသလဲ သစ်သစ်"
"ဘာမှမဖြစ်တော့ပါဘူး ဆရာရဲ့"
"နေကလည်းပူ ပင်ကိုကလည်း အားနည်းတော့ မူးတာပေါ့ သစ်သစ်ရယ်၊ အပင်ပန်းလည်း သိပ်မခံနဲ့၊
အားရှိအောင်လည်း အားတိုးဆေးကလေး ဘာလေး မှန်မှန်စားမှပေါ့"
"အသစ် စတုမရူ မှန်မှန်စားနေတယ်"
"ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလည်း မလုပ်ဘူးလား"
"မလုပ်ဘူးဆရာ"

"အိုလုပ်မှပေါ့၊ ဘာမှမကစားတတ်ရင် လမ်းလျှောက်ရမယ်၊ သစ်သစ်ကို ကြည့်ရတာ နေထိမခံတဲ့
မိန်းကလေးလိုပဲ"
"ကုသိုလ်ကံပေါ့ ဆရာရယ်"
"အို သစ်သစ်ကလည်း အရာရာမှာ ကံကိုပစ်မချရဘူး။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လို့ဆိုတယ်မဟုတ်လား"
"ဟုတ်ကဲ့၊ အကြောင်းလေးပါး ညီညွတ်အောင် ကြိုးစားပါ့မယ်"
သစ်သစ်က မပွင့်တပွင့်ပြုံးနေသည်။ ရေကျော်လမ်းထဲသို့ ကားချိုးဝင်ခဲ့ပြီ။
"သစ်သစ်တို့အိမ်က အဒေါ်ကြီးက ဘယ်သူလဲ၊ သစ်သစ်အဖေရဲ့ အစ်မနဲ့တူတယ်"
"ဟုတ်တယ် ဆရာရဲ့။ ဆရာက ရုပ်ကိုဖမ်းပြီး မှန်းတယ်ထင်ပါရဲ့။ သစ်သစ်အဒေါ်ကြီးရဲ့ နာမည်ကမရွှေသစ်တဲ့။
သစ်သစ်မွေးတော့ သူကပဲ မခင်သစ်လို့ နာမည်ပေးခဲ့တာတဲ့"
"သြော်ဟုတ်လား၊ ကိုစံပ ဟောဟိုအိမ်ရှေ့ကိုရပ်ဗျို့"
မခင်သစ်တို့အိမ်ရှေ့တွင် မရွှေသစ်က ဆီးကြိုနေသည်။
"အလိုမခင်သစ် ပြန်လာပြီလား၊ ညည်းအမေကော ဘယ်သဝေထိုးကျန်ရစ်ခဲ့သလဲ"
သစ်သစ်သည် သူ့အဒေါ်ကြီး ဘယ်ဘက်လက်ကို ကိုင်ဆွဲထားလိုက်ပြီး–
"သပိတ်တားရာမှာ နေရစ်တယ် ရွှေရွှေရဲ့၊ သစ်သစ်လေ ခုနင်မူးနေလို့၊ ဒါနဲ့ မေမေက အိမ်ပြန်တော့ဆိုပြီး
ဟောဒီက ကိုတင်ထွန်းကို အပို့လွှတ်လိုက်တာ"
ကျွန်တော်ကဒေါ်ရွှေသစ်အား အရောဝင် ဖော်ရွေစွာ ကြည့်ပြုံးနေသည်။ ဒေါ်ရွှေသစ်ကား ကျွန်တော့်ကို စိမ်းစိမ်းကြီး
ကြည့်နေလေရာ ကျွန်တော့်စိတ်တွင် သူ့တူမကို ကျွန်တော့်အား အပ်လွှတ်လိုက်သော ယောက်မကိုအပြစ်တင်နေခြင်းပေ လော၊ သို့မဟုတ် သည်အရွယ် သူငယ်မကလေးနှင့် သည်အရွယ်
သူငယ်ကလေးတို့ အရောဝင်သည်ကို အားမပေးလို သဘောမကျလိုသဖြင့်ပင်လော ဟူ၍ သို့လော သို့လော
ဖြစ်နေလေသည်။ ကျွန်တော့်အား စိုက်ကြည့်နေသည်ကို မခံနိုင်အောင် ဖြစ်နေပြီး မျက်နှာလွှဲကာ
ပြန်သွားတော့မည့်ဟန်ပြင်လိုက်သည်။
"ဒီသူငယ်အိမ်ကိုရောက်ဖူးတယ်ထင်တယ်"
ကျွန်တော်–
"ဟုတ်ပါတယ်၊ အခေါက်ခေါက်ရောက်ဖူးပါတယ်။ အဒေါ်နဲ့လည်းတွေ့ဖူးပါတယ်"
"အေး အေးမှတ်မိပြီ"
"ကျွန်တော်ပြန်တော့မယ်"
"အို နေဦးလေကွယ်၊ ခဏဝင်ပါဦးလား၊ ဟဲ့–သစ်သစ် ခေါ်လေ"

"ဆရာ အိမ်ပေါ်တက်ပါဦး"
ကျွန်တော်ကား မဆွတ်ခင်က ညွှတ်ချင်ပါသည်။
ကျွန်တော်သည် ကိုစံပထံသွား၍ ငွေသုံးကျပ်ထုတ်ပေးပြီး ပြန်ချင်လျှင် ပြန်ရန် ပြောသည်။
တစ်နေ့လုံးငှားလျှင်
၈ကျပ်နှင့် ဓာတ်ဆီဖိုးသာ ပေးရလေရာ ၃ကျပ်သည် ရက်ရောသော ပေးခြင်းဖြစ်သည်။
ကိုစံပက–
"ဟာ ဒီနဲ့ဒီဘာဝေးတာလိုက်လို့၊ မယူပါဘူး။ ဒီကနေပြီး ကျောင်းပြန်မလား
လိုက်ပို့မယ်လေ။
ဘယ်တော့လောက်ပြန်ခဲ့ရမလဲ"ဟုဆိုလေသည်။
"ဟာနေပါစေ၊ ကျွန်တော် ဒီအတိုင်း ပြန်ပါ့မယ်"
ကိုစံပ ထွက်သွားသောအခါ မခင်သစ်နောက်သို့ လိုက်၍အိမ်ပေါ်သို့ တက်ခဲ့လေသည်။
ဒေါ်ရွှေသစ်က
နောက်ဆုံးမှ လိုက်လာသည်။
"တက်ကြ၊ တက် တက်၊ ငါနံကထိုင်တွေ လုပ်ထားတယ်၊ ကျွေးရဦးမယ်"
လှေကားမှတက်ပြီး ထိပ်တိုက်ဧည့်ခန်းသို့ ရောက်လျှင် မခင်သစ်က–
"ထိုင်ပါဦးဆရာ"ဟု ကုလားထိုင်တစ်ခုကို ရှိသေစွာညွှန်ပြပြီး နောက်ဖေးခန်းဆီသို့
ဝင်သွားသည်။ ကျွန်တော်သည်
လမ်းဘက် ကျောပေးလျက် ထိုင်ကာ ဗန္ဓုလဂျာနယ်ကို ဆွဲဖတ်လိုက်သည်။ ခေါင်းကြီးပိုင်း
စာမျက်နှာကို
လှန်လိုက်သည်ဆိုလျှင်ပင် ကွင်းကွင်းကွက်ကွက် အထူးလုပ်ပြီး ဖော်ပြလိုက်သော
တောင်းပန်စာသို့မျက်စိရောက်သွားပေသည်။
တောင်းပန်ခြင်း
ဗန္ဓုလဂျာနယ် ၂၃–၂–၃၈ နေ့ထုတ်တွင် ဒီးဒုတ်ဦးဘချိုအား တရုတ်များက
ငွေတစ်သိန်းပေးသည်ဟု
ခေါင်းစဉ်တပ်၍ ရေးသားပါရှိသော သတင်းမှာ အလျှင်းမမှန်သော သတင်းဖြစ်၍
ဦးဘချိုအား ဂုဏ်သရေကို
များစွာထိခိုက်နေသည့် အတွက် ကျွန်တို့က များစွာ ဝမ်းနည်းပါကြောင်း။ ထိုသတင်းကို
ရုပ်သိမ်းလိုက်ပါကြောင်း။
(ပုံ) ဘိုးမင်း
ဗန္ဓုလ
ဒီးဒုတ်ဦးဘချိုသည် ဂျပန်စစ်ဝါဒီတို့က တရုတ်ပြည်အား ကျူးကျော်တိုက်ခိုက် သည်ကို
ကန့်ကွက်ရှုတ်ချခဲ့၏။
ခုခံတိုက်ခိုက်နေသော တရုတ်ပြည်ဘက်မှ ဒီးဒုတ်ဂျာနယ်တွင် အားပေးရေးသားရုံမက
အရပ်ရပ်တွင် တရားဟောစဉ်

တက်၍လည်း ဟောပြောသေးသည်။ ဂျပန်ကျူးကျော်မှုကို ကန့်ကွက်သောအားဖြင့် ဂျပန်ကုန်များကို
သပိတ်မှောက်ရန်လည်း လှုံ့ဆော်ခဲ့သည်။ ဗန္ဓုလဂျာနယ်ကား ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီတွင်
ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးစိန်၏ ဂျာနယ်ဖြစ်လေသည်။ ဦးဘချိုသည် ဒေါက်တာဘမော်အစိုးရအား
ဆန့်ကျင်သူလည်း ဖြစ်လေသည်။ ထိုစဉ်က ဂျပန်အား အားကိုးလိုလားနေသော သူတို့သည် ဂျပန်ကျူးကျော်မှု
ဆန့်ကျင်ရေးလုပ်သူများကို မလိုမုန်းတားနေကြသည်။ ဂျပန်ကျူးကျော်မှုကို တိုက်ရိုက်မထောက်ခံရဲဘဲ
ဂျပန်ကျူးကျော်မှုဆန့်ကျင်သူတို့ အား ပုဂ္ဂိုလ်ရေးစွပ်စွဲချက်များဖြင့် အမနာပ ရေးသားပြောဆိုကြလေသည်။
ဦးဘချိုအား တရားအားထုတ်သူ (တရုတ်အားထားသူ)ဟု သရော်ကြသည်။ ဗန္ဓုလကမူ တရုတ်များက
ငွေတစ်သိန်းပေးသည်ဟုပင် စွပ်စွဲလေသည်။
ပီမိုးနင်း၏ ဝတ္ထုတစ်ပုဒ်ကို ဖတ်နေစဉ် မခင်သစ်ပြန်ထွက်လာ၏။ မခင်သစ်ကား မျက်နှာသစ်လာခဲ့သည်။
မျက်နှာသစ်ပြီး ပေါင်ဒါကလေးမျှ မတို့ခဲ့ သဖြင့် မျက်နှာမှာပြောင်တင်းနေသည်။ ကုပ်ပေါ်နှင့်
ဆံတောက်မြိတ်များတွင်ရေစို လျက်ပင် ရှိသေးသည်။ နှာရောင်အနည်းငယ်ကောက်သည် ထင်မိသဖြင့် မျက်နှာကို
စေ့စေ့ကြည့်လိုက်သောအခါ နှာရောင်ကောက်ခြင်း၏ အရိပ်အယောင်ကိုပင် မတွေ့တော့ချေ။ လန်းဆတ်သော
မျက်နှာသည်ချိုပြုံးခြင်းဖြင့် ထွန်းပနေသည်ကိုသာ တွေ့နေရတော့သည်။ ကျွန်တော် စေ့စေ့ကြည့်သည်ကို
မခင်သစ်သည် ကြာရှည်ခံနိုင် ခြင်းမရှိသဖြင့် မျက်လွှာချ၍ လက်မထိပ်ဖြင့် လက်သန်းလက်သည်းခွံကို
ပွတ်တိုက်နေ လေသည်။
သို့ဖြင့် စကားမပြောဘဲ ငြိမ်နေကြရာ အတန်ကြာသွားပေသည်။ ဤသို့မိန်းကလေးနှင့်
ယောကျာ်းလေးနှစ်ယောက်တည်း တွေ့စဉ် စေ့စေ့ကြည့် မိကြရာမှ မျက်လွှာချပြီး စကားမပြောဘဲ ငြိမ်နေခြင်းသည်
စိတ်ကိုများစွာ လှုပ်ရှားစေသည်။ ပါးစပ်က လှုပ်ရှားပေးမှ စိတ်က ငြိမ်သွားနိုင်သည်။
ထို့ကြောင့် ကျွန်တော်က မခင်သစ်အား ဗန္ဓုလဂျာနယ်ကို ညွှန်းပြီး–
"တွေ့လား မခင်သစ်၊ ဗန္ဓုလက ဒီးဒုတ်ဦးဘချိုကို ဝန်ချတောင်းပန်နေပြီ"

"တွေ့တယ်ဆရာ၊ သတင်းစာတွေထဲမှာလည်း ထည့်ပေးရတယ်။ မတောင်းပန် ရဘဲ
နေမလားဆရာ
ဦးလေးဦးဘချိုတို့က အသရေဖျက်မှုနဲ့ တရားစွဲလိုက်တာကိုး။
မဟုတ်တာတွေအသားလွတ်ရေးထားတော့
ဗန္ဓုလတရားရှုံးဖို့သေချာတယ်၊ လျော်ကြေးပေးရဖို့ သေချာတယ်၊ ဒါကြောင့်
တောင်းပန်တာဆရာ"
"အင်းလူတွေဟာ လုပ်ကြံစွပ်စွဲတဲ့ နေရာမှာဖြင့် သိပ်လေ့ကြတာပဲ။ ကိုယ်နဲ့
သဘောအယူအဆ မတူရင်
အဒီအယူအဆမတူကြတာကို ဓမ္မဒိဋ္ဌာန်ကျကျ ပြန်လည်ချေပခြင်း မပြုတတ်ကြဘူး။ ပုဂ္ဂိုလ်စွဲ
ကလော်တုတ်ဖို့ပဲတတ်ကြတယ်၊ ခေါင်တွေးပြီး စွပ်စွဲချက် အမျိုးမျိုး လုပ်ကြတယ်"
"ဟုတ်တယ်ဆရာ၊ သစ်သစ်ဖြင့် အဲဒီပုဂ္ဂိုလ်စွဲနဲ့ ကလော်တုတ်တာတွေ အားကြီးမုန်းတာပဲ။
ခုဆိုကြည့်ပါဦး၊
နေရာတကာမှာ ကလော်သံ စွပ်စွဲသံတွေနဲ့ချည်း ဆူနေတာပဲ"
"အင်း၊ ကိုလှရွှေကို တစ်ခါတုန်းက အာဏာရှင် အာဏာရှင်လို့ ခေါ်သူအချို့ဟာ အခုတော့
ခွာနာရှင်လို့ခေါ်နေကြတယ်။ တော့တော့ဆိုင်ဆိုင် ကိုလှရွှေတို့ရဲ့ သဘောအယူအဆကို
ဝေဖန်နိုင်သလားဆိုတော့
မဝေဖန်နိုင်ဘူး၊ ကိုလှရွှေဟာ ဝန်ကြီးချုပ်သမက်ဖြစ်ချင်လို့ဆိုပြီး ကြံကြံဖန်ဖန်စွပ်စွဲတယ်။
တကယ်ကတော့
ကိုယ်တို့အတွင်းသိပါ၊ ကိုလှရွှေမှာ သူ့ရည်းစားနဲ့ သူရှိတယ်"
"ဩော် ရည်းစားရှိသတဲ့လားဆရာ"
ထိုသို့ပြောနေကြစဉ် နောက်ဖေးဆောင်ဆီမှ မခင်သစ်၏ အဒေါ်ဒေါ်ရွှေသစ် ထွက်လာသည်။
ကျွန်တော်သည်ဒေါ်ရွှေသစ်ဘယ်တုန်းကအိမ်ပေါ်ရောက်နေသည်ကို မသိလိုက်သဖြင့်
အံ့သြသွားရသည့်အထဲ
မခင်သစ်နှင့်ပြောရာတွင် ရည်းစားဆိုသော စကားလုံးပါသွားကာ နားစွန်နားဖျားကြားပြီး
အထင်လွဲသွားမှာလေလားဟုလည်း ထိတ်လန့်မိပေသည်။ မခင်သစ်မှာမူ
ဘယ်အကြောင်းကြောင့်မျှ
ထိတ်လန့်ပုံမပေါ်ပေ။
ဒေါ်ရွှေသစ်နောက်မှ အခိုင်းအစေမိန်းမတစ်ယောက်သည် နံကထိုင်ဖန်ခွက် ၂လုံးတင်ထားသော
ဗန်းကလေးကို
လက်နှစ်ဖက်ဖြင့် ကိုင်ကာ ခပ်ကုန်းကုန်း လိုက်ခဲ့သည်။ ထိုမိန်းမသည်
ကျွန်တော့်ရှေ့တစ်ဖန်ခွက်။
မခင်သစ်ရှေ့တစ်ဖန်ခွက် ချပေးနေစဉ် ဒေါ်ရွှေသစ်က–
"ကဲ သောက်လိုက်ကြ။ သစ်သစ်ကုန်အောင်သောက်နော်၊ နေပူမိလို့ ပင်ပန်းပြီး မူးခဲ့တယ်
မဟုတ်လား။
နံကထိုင်ဟာ ရင်အေးမယ်၊ အားရှိမယ် ကြားလား။ ကုန်အောင်သောက်၊ ဟဲ မယ်ခင်

သစ်သစ်ကုန်အောင်မသောက်ရင် ငါ့လာပြောလှည့်”
စသည်ဖြင့် ပြောရင်းဆိုရင်းလှေကားထစ်များတွင် ဆင်းနေလေသည်။ ကျွန်တော်သည် ဒေါ်ရွှေသစ်အား
မျက်စိတဆုံး လိုက်ကြည့်နေမိသည်။
“မခင်သစ်အဒေါ်ဟာ ဘယ်တုန်းက အိမ်ပေါ်ရောက်နေတာတုံး၊ ခုနင်က ကိုယ်တို့ကိုသာ အပေါ်တက်ကြခိုင်းပြီး
သူက အောက်မှာနေရစ်ခဲ့တယ် မဟုတ်လား”
“ဟုတ်တယ်ဆရာ၊နောက်မှ နောက်ဖေးလှေကားက တက်လာတာ”
“သြော် အိမ်နောက်ဖေးမှာ လှေကားရှိသေးတာကိုး”
“ဒါထက် သစ်သစ်ရဲ့အဒေါ်ဟာ ခုထိ သစ်သစ်ကိုရိုက်တုန်းလား”
ကျွန်တော့်အမေး ကျွန်တော်သဘောကျပြီး ခစ်ခနဲပင်ရယ်လိုက်မိသည်။ မခင်သစ်က အားပါးတရပြုံးလိုက်ပြီး–
“ရိုက်တော့မရိုက်ပါဘူး၊ ခဏခဏတော့ ဆူတယ်၊ ပြီးတော့ခုထိ သစ်သစ်ကို ကလေးထင်နေတာ ဆရာရဲ့။ ကဲ
ကဲသောက်လိုက်ပါဦး”
ကျွန်တော်သည်ဖန်ခွက်ကောက်ကိုင်ပြီး သောက်တော့မည်လုပ်ပြီးမှ ဖန်ခွက်ကိုပင် မကိုင်သေးသောမခင်သစ်အား–
“သစ်သစ်လည်းသောက်လေ”
“သောက်ပါဆရာရဲ့၊ ဆရာစသောက်ပါ”
ကျွန်တော်သည် တစ်ဖွန်းသောက်ပြီး–
“ကဲလေ သစ်သစ်လည်းသောက်၊ နို့မဟုတ်ရင် ကိုယ်ပဲ ဒေါ်ရွှေသစ်ဆီ သွားတိုင်လိုက်မယ် သိလား ဟဲ ဟဲ”
သည်တော့မှ သစ်သစ်လည်းရယ်ပြီးဖန်ခွက်ကို ကောက်ကိုင်လေတော့သည်။
ကျွန်တော်ကတစ်ခွက်လုံးသောက်ပြီးသောအခါ သစ်သစ်မှာ တစ်ဝက်မျှ ကုန်သေးသည်။ သစ်သစ်က
ဖန်ခွက်ကိုချထားပြီး–
“ဆရာ စာမေးပွဲဖြေဦးမလား”ဟု မမျှော်လင့်သောမေးခွန်းကို ထုတ်လိုက်သည်။ ကျွန်တော့်မှာ ဤမေးခွန်းကိုမျှော်လင့်မထားသည်သာမက ဖြေရန်အဆင်သင့်လည်း မရှိသေးချေ။ စာမေးပွဲဖြေမည်
မဖြေမည်ကိုလည်းကောင်း၊ ကျောင်းဆက်တက်မည် မတက်မည်ကိုလည်းကောင်း ယတိကျဆုံးဖြတ်ထားခြင်း
မရှိသေးချေ။
“မပြောတတ်သေးဘူး သစ်သစ်ရယ်”
အမှန်မှာ ဖြေရန်စာရင်းပေးပြီးဖြစ်၏။ တကယ်ဝင်ဖြေရန် မဖြေရန်သာ မဆုံးဖြတ်ရသေးခြင်း ဖြစ်သည်။

"ကျွန်ပညာတွေ၊ ကျွန်အမြီးဘွဲ့တွေ၊ ဒီဂရီတွေရလို့လည်းအပိုပါပဲဆရာရယ်။
စာမေးပွဲဖြေမနေပါနဲ့တော့"
"ဒီလိုလည်း ပုံသေထားလို့မဖြစ်ဘူး။ ခုအခါမှာ ကျွန်ပညာဆိုပြီး မသင်ဘဲထားရင်
ဘာမှတတ်မှာ မဟုတ်တော့ဘူး၊
ကျွန်ပညာကိုတတ်ပြီး ကျွန်ပညာမှန်း သိဖို့သာလိုတယ်၊ အဲဒီလို သိတော့မှလည်း
ကျွန်ပညာကို သခင်ပညာ
ဖြစ်အောင် လုပ်နိုင်မယ်"
သို့ကလို ပြောပြီး မခင်သစ်အား အကဲခတ်၍ ကြည့်လိုက်သည်။ ကလေးသူငယ်
ပုံနားထောင်သလို
နားထောင်နေသည်။ ထို့ကြောင့် ကျွန်တော်က ဆက်ပြီး ကျွန်ပညာ
သခင်ပညာများအကြောင်း၊
ကျောင်းတစ်ခါတည်းထွက်ထိုက် မထွက်ထိုက်အကြောင်း၊ ဇွဲဋ္ဌာနအုပ်ချုပ်ရေး မပျက်မချင်း
သပိတ်မှောက်မည်ဆိုသော လမ်းစဉ်မှားကြောင်းများကို ပြောနေပေသည်။ သစ်သစ်က
စိတ်ပါဝင်စားစွာ
နားထောင်သလောက် ကျွန်တော်ကစိတ်ပါဝင်စားစွာ ပြောနေသည် မဟုတ်ပေ။
အတန်ကြာပြောပြီးသော် စကားစဉ်
ပြောင်းပစ်ချင်လာလေသည်။
"ကဲ ကဲ သစ်သစ် နံ့ကထိုင် ကုန်အောင်သောက်လေ"
"သောက်မှာပါဆရာရဲ့"
"သောက်မှာဆိုရင် သောက်မှပေါ့ သစ်သစ်ရဲ့၊ အကုန်မသောက်ရင် သွားတိုင်မယ် နော် ဟဲ
ဟဲ"
သစ်သစ်က နံ့ကထိုင်သောက်နေစဉ် အောက်ထပ်တွင် ဒေါ်ညွန့်တို့ ပြန်ရောက်လာကြသံ
ကြားရသည်။
"ဖမ်းသွားပြန်ပြီ မရွှေသစ်ရေ"ဟု မိန်းမကြီးတစ်ယောက်က လှမ်းပြောလိုက် သည်။
"အေးဟယ် ညည်းပါမသွားသေးတာ တော်သေးတာပေါ့"ဟု ဒေါ်ရွှေသစ်က ပြန်ပြောနေ၏။
ဒေါ်ညွန့်ကား
အပေါ်သို့သာ တက်လာနေသည်။ သစ်သစ်က လေ့ကားဝသို့သွားကာ အမေအား ကြိုသည်။
ကျွန်တော်က
ကုလားထိုင်မှ မတ်တတ် ထကာကြိုသည်။
"သမီးဘယ့်နှယ်နေသေးသလဲ"
"လုံးလုံးပျောက်သွားပြီ မေမေ"
ဒေါ်ညွန့်သည် ကျွန်တော့်ဘက်လှည့်ကာ သွားကြီးတွေ ဖွေးခနဲပေါ်အောင် ပြုံးပြီး–
"သမီးတို့ မောင်တင်ထွန်းကို ဘာကျွေးကြသလဲဟေ့"
"ရွှေရွှေက နံ့ကထိုင်လုပ်ထားတယ် မေမေ၊ အဲဒါ တိုက်ပြီးပြီ"
"အင်း အင်းကောင်းတယ်"

ကျွန်တော်–
"ဘယ်နှစ်ယောက်ဖမ်းသွားသလဲ ဒေါ်ဒေါ်"
ဒေါ်ဒေါ်တို့သပိတ်တားစခန်းမှာတော့ ၃၀လောက် ဖမ်းသွားတယ်၊ တစ်မြို့လုံး ဆိုရင်တော့ နှစ်ရာထက်မနည်းဘူး
ကြားတာပဲ။ ရန်ကုန်ထောင်ကြီးလည်း မဆံ့တော့ဘူး၊ ယောကျာ်းအကျဉ်းသမားတွေ အရှုးထောင်ပို့၊
မိန်းမအကျဉ်းသမားတွေ ကို သာယာဝတီ ထောင်ပို့နေတယ်"
"ဖိနှိပ်ချုပ်ချယ်မှုတွေက မရပ်တဲ့အပြင် တိုးလာတယ်တောင် ထင်တယ်၊ အစိုးရ အဖွဲ့ပြောင်းပေမယ့် ဒါကတော့
မပြောင်းဘူးဒေါ်ဒေါ်"
"အစိုးရအဖွဲ့ပြောင်းတယ်ဆိုတာက ဘုရင်ခံက မျက်လှည့်ပြတာကိုးကွယ့်၊ ကဲ ကဲ သစ်သစ်နဲ့ စကားပြောရစ်ဦး"
ဒေါ်ဒေါ်သည် အိမ်ခန်းထဲသို့ ဝင်သွားသည်။ ကျွန်တော်နှင့် သစ်သစ်သည် စကားဆက်ရန် စကားစရှာမရကြချေ။
အတန်ကြာသော် ဒေါ်ဒေါ်သည် အိမ်ခန်းထဲ မှထွက်ပြီး နောက်ဖေးခန်းသို့ ဝင်သွားလေသည်။
ဒေါ်ဒေါ်က နောက်ဖေးမှလှမ်းပြီး–
"သစ်သစ်ရေ ခဏဟေ့"
မခင်သစ်သည် ထိုင်ရာမှထရင်းတောင်းပန်သည်။
ခဏနေရစ်ဦး ဆရာ"
မခင်သစ်သည် ထိုင်ရာမှထရင်းတောင်းပန်သည်။
"ခဏနေရစ်ဦးဆရာ"
"ကိုယ်လည်းသွားတော့မယ်"ဟု ပြောပြီး ကျွန်တော်က မတ်တတ်ရပ်လိုက် သည်။
"အို..."ဟု အာမေဋိတ်သံပြုပြီး မခင်သစ်က ကျွန်တော့်အား အံ့ဩစွာ ငေးကြည့်နေသည်။
"ဒေါ်ဒေါ့်ကိုသာ နှုတ်ဆက်လိုက်ပါတော့"
ကျွန်တော်သည် လှေကားမှဆင်းစဉ် မခင်သစ်သည် လှေကားထိပ်မှ စီးကြည့်ပြီး ကျန်ရစ်သည်။
နောက်ဖေးမှ–
"မခင်သစ်ရေ ခဏလာဦးကွယ်"
ကျွန်တော်သည် လှေကားအောက်ဆုံးထစ်ရောက်ပြီး ဖိနပ်စီးရင်း အပေါ်မော့ကြည့်လိုက်သောအခါမခင်သစ်အား
မမြင်ရတော့ပြီ။ ကျွန်တော့်ရင်ထဲက ဟာတာတာနှင့် ကျွန်တော့်အမူအရာ မှာ ကြောင်တောင်တောင်ဖြစ်သွားပြီး
ခဏမျှ တွေကာ ရပ်နေမိသည်။
"ပြန်တော့မလား၊ ဘယ်သူကွယ့် မင်းနာမည်"
ထိုအသံကြားမှ ဒေါ်ရွှေသစ်အား ထိတ်လန့်တကြား သတိရတော့သည်။

“ဟုတ်ကဲ့က ဒေါ်ဒေါ်ရွှေ၊ ကျွန်တော့်နာမည်ကတော့ မောင်တင်ထွန်းပါခင်ဗျား”
“မင်းက ဘယ်မှာနေသလဲ”
“ကျွန်တော် ကမာရွတ်မှာနေပြီး ကျောင်းတက်ပါတယ်ခင်ဗျာ”
“စာမေးပွဲ မဖြေဘူးလား”
“မပြောတတ်သေးဘူး ခင်ဗျား”
“ဘာလို့မပြောတတ်ရမှာလဲ၊ ဖြေမှပေါ့”
ကျွန်တော်သည် ဒေါ်ရွှေသစ်၏ အာဏာသံကြောင့် အခံရမခက်ရုံမက ပြုံးပင်ပြုံးမိသေးသည်။
“ဒေါ်ဒေါ့်တူမ သစ်သစ်ကတော့ စာမေးပွဲ မဖြေပါနဲ့ပြောတယ်”
ဒေါ်ရွှေသစ်က ကျွန်တော့်အား သစ်သစ်ကိုယ်စားထားပြီး မျက်စောင်းထိုး လိုက်သည်။
“ဟင်း ဒင်းကဘာနားလည်လို့လဲ၊ ဒီကောင်မလေးက သူ့အမေ သံယောင်
လိုက်ပြီးပြောနေတာ။ ကိုရွှေဖေကလည်း
ဘာမှအသွန်အသင်မရှိဘူး၊ မယားရော သမီးရော ဒီအတိုင်းလွှတ်ထားတာ။
သပိတ်မှောက်တဲ့အခါမှောက်၊
လှန်တဲ့အခါလှန်၊ ကျောင်းတက်တဲ့အခါတက်၊ စာမေးပွဲဖြေတဲ့အခါဖြေ၊
ခုတော့သူတို့ကဒီလိုမဟုတ်ပေါင်တော်၊
အမြဲတမ်း သပိတ်မှောက်နေရမယ်တဲ့”
ဒေါ်ရွှေသစ်သည် မောင်နှင့် ယောက်မတို့အား မည်မျှလောက် ကြာကြာက မည်မျှလောက်
ကြီးမားသော
ထုထည်ဖြင့် အခဲမကျေဖြစ်နေသည်မသိ။ ကျွန်တော်ကသာ သွားရန်ဟန်မပြလျှင်
စကားမျှင်မပြတ်။ ကရားရေလွှတ်
တတွတ်တွတ် မြည်တွန်နေဦးမည်ထင်ရသည်။
“ခွင့်ပြုပါဦး ဒေါ်ဒေါ်ရွှေ”
“အင်း သွားတော့ ” အသံမာကျောသလောက်တော့ ဒေါ်ရွှေသစ်၏မျက်နှာ မမာမကျောပါ။
ကျွန်တော်သည်
လမ်းပေါ်သို့ ဆင်းထွက်နေဆဲ နောက်မှနေ၍ ဒေါ်ရွှေသစ်က ခေါ်လိုက်ပြန်သည်။
“သူငယ် ခဏနေဦး”
ဒေါ်ရွှေသစ်သည် ပြောပြောဆိုဆို ရောင်းရန်ဆေးများထည့်ထားသည့် ဗီရိုဆီသို့
သွားပြီးဖွင့်သည်။
ဆေးအချို့ကိုယူလာပြီး–
“ရော့ ဒီဆေးထုပ်တွေယူသွား၊ စာကောင်းကောင်းကျက်၊ သို့ပေမယ့် အညောင်းမိပြီး
ဝမ်းမချုပ်အောင်
ဟောဒီဝမ်းနုတ်ဆေးကိုစား၊ ညစာကျက်ပြီးရင် ဟောဒီသွေးဆေးကို ကွမ်းသီးလုံးလောက်စား၊
ဒါမှနှစ်နှစ်ခြိုက်ခြိုက်
အိပ်ပျော်မယ်။ အိပ်တယ်ဆိုတာ ခဏသာဖြစ်ပေမယ့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရင်
ကောင်းတာပဲ ကြားလား။

စာကောင်းကောင်းကျက်၊ စာမေးပွဲကို အောင်အောင်ဖြေကြားလား”
ယင်းသို့သြဇာပေးသည်ကို ကျွန်တော်က ပြုံးနားထောင်ပြီး “သြော် သည်အရွယ်
အပျိုကြီးဟာ အရွယ်ရှိတုန်းက
ယောကျာ်းရခဲ့ရင် သူ့သားသမီးကို သည်လိုပဲ သြဇာပေးနေမှာပဲ”ဟု စဉ်စားနေမိသည်။
ပေးသောဆေးများကိုလည်း
ကျေးဇူးတင်စွာဖြင့် လက်ခံပြီး “သြော် သည်မိန်းမကြီးဟာ စကားအပေါက်ဆိုးပေ မယ့်
စေတနာတော့ မဆိုးဘူး”ဟု
ဆင်ခြင်ရင်း ထွက်လာခဲ့တော့သတည်း။

ကျွန်တော်တို့အဖို့တော့ရှင်းနေပြီ။ လက်ရှိ ဥပဒေပြုလွှတ်တော်အမတ်တွေကို အားကိုး၍
ဇွဲ၁၄၁န အုပ်ချုပ်ရေးကို
မဖျက်နိုင်။ သို့သော် အချို့မှာတော့ မရှင်းကြသေး။ ဦးပုအစိုးရအဖွဲ့ပြုတ်ကျအောင်
အယုံအကြည်မရှိအဆိုသွင်းသူက သွင်းသည်။ သူတို့ကိုယ်သူတို့ ‘အမျိုးသားအစိုးရ’ဟု
ကင်ပွန်းတပ်ထားသော
ဦးပုအစိုးရအားနည်းအောင် ဦးဘဖေ ရာထူးမယူဖို့ ပြောသူက ပြောကြသည်။ ဦးဘဖေအား
ပြည်ထဲရေးဝန်ကြီးလုပ်လှည့်ပါဟု ဘုရင်ခံသဘောတူညီချက်ဖြင့် ဦးပုက ဆွယ်သည်။
အမျိုးသမီးအစည်းအရုံးက
ဦးဘဖေအိမ်သို့ နေ့ရောညပါ ဝိုင်းထားပြီး သပိတ်တားထားသည်။ ဦးဘဖေအား
ရေဦးတိုက်သစ်ဆရာတော်ဘုရားက ရာထူးလက်ခံရန်မေတ္တာရပ်ခံသည် ဆိုပြီး ဦးဘဖေက
ရာထူးလက်ခံသည်။
ကျမ်းကျိန်သွားရန် အမျိုးသမီးတို့က လမ်းဖယ်မပေးသောအခါ ပုလိပ်အကူအညီခေါ်၍
ဖယ်ရှားပြီး
ဘုရင်ခံအိမ်သွားကာ ကျမ်းကျိန်လေသည်။
ဂဠုန်ဦးစောလည်း ကျကျနန အဆောင်အယောင်အပြည့်ဖြင့် ဝန်ကြီးဖြစ်သွာ လေပြီ။
“ကျွန်တို့အမျိုးသားအစိုးရဟာ
ဆင်းရဲသား အလုပ်သမားများကို အထူးကာကွယ်နေပါတယ်”ဟု လွှတ်တော်တွင်
ပြောပြီးအခွန်တော်များကို
အတင်းအဓမ္မ တောင်းခံနေလေပြီ။ သပိတ်တွင် ပါရမည်လောဟု အလုပ်သမားများအား
အလုပ်ထုတ်ပစ်နေသည်ကို
ကြည့်နေလေသည်။ ဥရောပတိုက်သားတို့၏ ညဥ့်ဝတ်အပေါ်ရုံရှည်ကြီးကို
ဝတ်လျက်တွဲဖြူကြီးစီးပြီး
အရပ်တကာတွင် ဂဠုန်တပ်သား ၃–သိန်းစုမည်၊ ဂဠုန်လေတပ်တွေထားမည်၊ ပြီးတော့
ဗမာပြည်ကိုပြန်ပေးဖို့

တောင်းဆိုမည် စသည်ဖြင့် ဟိန်းဟောက်နေလေပြီ။ သည်လို ဟိန်းဟောက်ရင်း
သူ့ဂဠုန်တပ်သားများသည်
ဝါးရင်းတုတ်များ ကောက်ကိုင်နေကြသည်။ ဦးစောအား သံပုံးတီး၍ တောထုတ်နေသော
သခင်များအား
ရိုက်နှက်ရန် ပြင်ဆင်နေလေသည်။
ရာထူးလက်မဲ့ဖြစ်သွားသော ဒေါက်တာဘမော်တို့ လူစုသည် အုပ်ချုပ်ရေး တိုက်ဖျက်ရေး
စကားပြောသည်။
ဦးပုအစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုသွင်းနေကြသည်။ သူတို့၏ သတင်းစာများ
ဂျာနယ်များမှ
ကိုလုရှေ့နှင့်တကွသော ကျောင်းသားခေါင်းဆောင်များအား သပိတ်လုန်သည့်အတွက်
ပြစ်တင်ရှုတ်ချကြသည်။
စွပ်စွဲကြသည်။
ထိုသို့လျှင် အမတ်အသီးသီးတို့၏ နိုင်ငံရေးခြေလှမ်းကိုမြင်နေရခိုက် ကိုယ်ရေးကိုယ်တာ
မကောင်းသတင်းများကလည်း ဖုံးမရအောင် ပေါ်နေလေသည်။ အမတ်တွေ
လာဘ်စားပါသည်ဟု
ဥပဒေပြုလွှတ်တော်တွင်ပင် အမတ်အချင်းချင်း ဖော်ထုတ်ကြသည်။
သူများသားမယားခိုးယူပေါင်းသင်းမှုဖြင့်လည်းကောင်း၊
မယားငယ်စရိတ်မပေးမှုဖြင့်လည်းကောင်း တရားစွဲခံရသော
အမတ်များကလည်း ဟိုလေးတကျော်ကျော်ဖြစ်ခဲ့သည်။
ထို့ကြောင့် လက်ရှိအမတ်များနှင့် လူကြီးပိုင်းမှ ခေါင်းဆောင်များကို ကျွန်တော်တို့သည်
အယုံအကြည်မရှိကြ။
လွှတ်လပ်ရေးတိုက်ပွဲတွင်သူတို့အား ထည့်မတွက်ရုံမက သူတို့ကိုဆန့်ကျင်၍
လုပ်ရမည်မဟုတ်ပင်
နားလည်ထားကြ၏။
အရေးတော်ပုံလက်တွေ့သင်ခန်းစာပေးနေသည်မှာ အင်္ဂလိပ်အာဏာပိုင်တို့ သည်
အစိုးရအဖွဲ့တစ်ခုပြီးတစ်ခုပြောင်းပေမည်။ ဥပဒေပြုလွှတ်တော်တစ်ခု ဖြုတ်ပြီး
တစ်ခုရွေးကောက်စေမည်။ သို့သော်
သူတို့၏ တကယ့်စိုးမိုးမှုကိုကား မပြောင်း။ အချုပ်အခြာအာဏာကို အင်္ဂလိပ်တို့၏လက်ထဲမှာ
မလွှတ်တမ်း
ဆုပ်ကိုင်ထားသည်။ ယင်းသို့သော အင်္ဂလိပ်တို့၏ စိုးမိုးမှုကို နောက်ဆုံးတစ်နေ့တွင်
လက်နက်နှင့်
ပုန်ကန်တော်လှန်၍ ဖြိုဖျက်ရပေလိမ့်မည်။
ထို့ကြောင့် ကျွန်တော်တို့သည် လက်နက်ကိုင်နိုင်မည့်အဖွဲ့အစည်းများကို ဖွဲ့ကြသည်။
'ရဲ'အဖွဲ့ကို

ကျွန်တော်တို့အထင်မကြီး။ 'ရဲ'အဖွဲ့မှာ ရာထူးနိုင်ငံရေးသမား အမ်အေဦးမောင်ကြီး၏ အဖွဲ့ဖြစ်သည်။
ထို့ကြောင့်တို့ဗမာအစည်းအရုံးက ဗမာ့လက်ရုံးတပ်ဖွဲ့သည်။ ကျွန်တော်တို့ ကျောင်းသားများက
သံမဏိတပ်များဖွဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်မှ သံမဏိတပ်ဖွဲ့စည်းရန်
တာဝန်လွှဲအပ်ခြင်းခံရသော ကိုထွန်းရှိန်က "လက်နက်သည်ပထမ၊ လက်နက်သည် ဒုတိယ၊ လက်နက်သည်
တတိယ"ဟုပြောလေ့ ရှိပေသည်။
ဤမျှအရေးကြီးသော လက်နက်ကိုဘယ်ကရကြမည်နည်း။ ကျွန်တော်တို့ ဘာသာလုပ်နိုင်ဖို့လည်း မမြင်။
တိတ်တိတ်ပုန်း ခိုးဝှက်ဝယ်ယူနိုင်သည်ထားဦး၊ ဝယ်ယူရန် ငွေအလုံအလောက်ရဖို့မမြင်။ ထို့ကြောင့်အဆုံးသတ်
တစ်ချိန်ချိန်တွင် နိုင်ငံခြားတစ်ခုခုမှ လက်နက်အကူအညီ ရအောင်ယူရမည်ဟု နိုင်ငံခြားကို အားကိုးနေကြပေသည်။
တစ်ဖက်တွင်လည်း စည်းရုံးရေးများစွာလိုသည်ဟု သဘောပေါက်နေကြသည်။ ယခုအရေးတော်ပုံကို
သည့်ထက်ပြတ်သားစွာ သည့်ထက်ပို၍ မဆောင်ရွက်နိုင်သည်မှာ စည်းရုံးရေးချို့တဲ့နေ၍ဖြစ်သည်။ လူများ၍
ပွဲမစည် ဖြစ်နေသည်။ စသည်းရုံးရေးအားနည်းသဖြင့် စည်းကမ်းမရှိ တိုက်ပွဲဆင်ခြင်းများကို တွေ့ခဲ့ရသည်။
အရေးတော်ပုံတွင်းတွင် အရေးတော်ပုံစိတ်အားထက်သန်မှုသည် များစွာ ကြီးမားခဲ့၏။ တစ်နည်းအားဖြင့်
စိတ်အားထက်သန်မှုသည် မီးနှင့်တူသည်။ သည်တိုင်းထားလျှင် လောင်ချင်ရာ လောင်နိုင်သည်။ စည်းရုံးရေးသည်
ထိုမီးကိုထိန်းသိမ်းနိုင်သည်။ လောင်စေချင်သော အရာကိုလောင်စေနိုင်သည်။ ထို့ကြောင့် ကျွန်တော်တို့အထဲတွင်
"စည်ရုံးရေးသည်ပထမ၊ စည်းရုံးရေးသည် ဒုတိယ၊ စည်းရုံးရေးသည် တတိယ"ပြောဆိုသူတို့လည်း ရှိကြပေ၏။
ကျောင်းသားသမဂ္ဂကိုစနစ်ကျစွာနှင့် ပို၍ကျယ်ပြန့်စွာ စည်းရုံးကြ၏။ ဗမာတစ်ပြည်လုံးတွင် အလုပ်သမားသမဂ္ဂများကို စည်းရုံးကြ၏။ တောင်သူလယ်သမား အစည်းအရုံးများကိုလည်း ဖွဲ့စည်းကြ၏။
ဗမာတစ်ပြည်လုံးအတွက် ဗဟိုဌာနချုပ်များလည်း ပေါ်လာ၏။
တို့ဗမာအစည်းအရုံးကြီးကလည်း နိုင်ငံလုံးဆိုင်ရာ
ညီလာခံကြီးကိုမော်လမြိုင်မြို့၌ ခေါ်ထားလေသည်။ ထိုညီလာခံကြီးအတွက် ပြင်ဆင်မှုများကို

အစောကြီးကြိုတင်ပြုလုပ်ကြသည်။ မန္တလေးမှ လက်ရုံးတပ်များက မော်လမြိုင်အရောက်
စက်ဘီးများဖြင့်
ချီတက်လာမည်။ လမ်းတစ်လျှောက်လုံးရှိ လက်ရုံးတပ်များက ပူးပေါင်းလိုက်ပါကြမည်။
ရန်ကုန်စီရင်စု၊ ပဲခူးစီရင်စု၊ ဟင်္သာတစီရင်စု၊ မန္တလေးစီရင်စု စသော စီရင်စု ညီလာခံများ
ကျင်းပကြပြီး
နိုင်ငံလုံးဆိုင်ရာ တို့ဗမာညီလာခံကြီးသို့ ကိုယ်စားလှယ်များ ရွေးကောက်နေကြသည်။
သခင်ကိုယ်တော်မှိုင်းသည်
သခင်နှစ်ခြမ်းကွဲစက ဆုံးမ မရ၍ စေ့စပ်ရေး မအောင်မြင်၍ ထွက်တော့မည်ဟု
ဆိုခဲ့သော်လည်း ယခုအခါ
သခင်နု၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်းစသော ခေါင်းဆောင်များနှင့်အတူ
တစ်ပြည်လုံးလှည့်လျက်
တို့ဗမာတရားဟော၍ မော်လမြိုင်ညီလာခံကြီးအတွက် စည်းရုံးနေကြပေသည်။
အရေးတော်ပုံမတိုင်မီက သခင်နု၊ သခင်အောင်ဆန်းစသူတို့သည် ကျောင်းမှထွက်ပြီး
တို့ဗမာအစည်းအရုံးသို့
ဝင်ခဲ့ကြ၏။ ယခု အရေးတော်ပုံအတွင်းတွင် ကိုဘဟိန်းသည် ကျောင်းမှထွက်ပြီး
တို့ဗမာအစည်းအရုံးသို့ဝင်လေသည်။
ကျွန်တော်သည် တို့ဗမာအစည်းအရုံးသို့ဝင်၍ နိုင်ငံရေးလုပ်ရန် ကျွတ်ကျွတ်လွတ်လွတ်
မဆုံးဖြတ်သေးပေ။
ခြေလှမ်းကတော့ တို့ဗမာအစည်းအရုံးထဲ ရောက်နေပေပြီ။ ကိုလှရွှေနှင့် တိုင်ပင်သည်။
ကိုလှရွှေက
အမ်ဘီဘီအက်စ်(ဆရာဝန်စာမေးပွဲ)အောင်သည့်တိုင် ကျောင်းဆက်နေဦးမည်ဟု ဆိုသည်။
အသက်မွေးဝမ်းကျောင်းမှုတစ်ခုခုရှိထားမှ နိုင်ငံရေးလုပ်၍ ကောင်းမည်ဟု သူကဆိုသည်။
ကျွန်တော်သည်
သူ့နမူနာကို အားကျသည်။ သို့သော် ကျွန်တော်တို့ ဘီအေမှာ ဆရာဝန်လို လွတ်လပ်သော
အသက်မွေးဝမ်းကျောင်းမှုသို့ မပို့နိုင်။ ဘီအေအောင်ပြီး ကိုကျော်ငြိမ်းတို့လို၊
ကျွန်တော့်ဖခင်ကြီးက
ခေါင်းထဲရိုက်သွင်းထား ခဲ့သလို အိုင်စီအက်စ် ဖြေလျှင်ဖြေ သို့မဟုတ်
အစိုးရအလုပ်တစ်ခုခုဝင်ပြီး
ကျွန်အကြီးစားလုပ်လိုက လုပ်နိုင်ပေသည်။ ဤလမ်းကိုလည်း ကျွန်တော်မလိုက်ချင်တော့ပြီ။
ဘီအေအောင်လျှင်
ဘီအယ်သင်ဤရှေ့နေလိုက်ကာ လွတ်လပ်သော အသက်မွေးဝမ်းကျောင်းမှုပြု၍
နိုင်ငံရေးလုပ်မည်လော။
ဘီအယ်အောင်ရန် ကျောင်း၂နှစ် ဆက်နေရဦးမည်။ ကျောင်း ၂နှစ်ဆက်နေရန်လည်း
စိတ်မရှိတော့ပြီ။

ကျွန်တော့်ရှေ့ရေးမှာ ဝေခွဲ၍မရအောင်ပင် ဖြစ်နေပေသည်။ စာမေးပွဲဝင်ဖြေဖို့၊ မဖြေဖို့ပင် ယတိပြတ်
မဆုံးဖြတ်ရသေး။
ကျောင်းသားလွှတ်တော်ပြီးကတည်းက သမဂ္ဂအဆောက်အအုံမှာ တဖြည်းဖြည်း ခြောက်သွေ့လာသည်။ ကိုဘဟိန်း၊
ကိုထွန်းရှိန်စသော နိုင်ငံရေးခြေစုံပစ်ဝင်သူတို့သည် မြို့ထဲတို့ ဗမာအစည်းအရုံးသို့ သွားနေကြသည်သာ များသည်။
ကိုလှရွှေ၊ ကိုဗဆွေ၊ ကိုသိန်းအောင်၊ ကိုစိုးမောင် စသော ကျောင်းမထွက်ဘဲ
ကျောင်းသားအရေးပြီးပြတ်အောင်လုပ်နေရသော အမှုဆောင်လူကြီးများမှာလည်း သပိတ်လှန်ရာ ပေါ်ထွက်လာသော
ပြဿနာများကို လိုက်ဆောင်ရွက်နေကြရသဖြင့် သမဂ္ဂအဆောက်အအုံမှာ နားမနေကြရ။ သပိတ်လှန်ပြီး
ကျောင်းပြန်တက်သော ခေါင်းဆောင်များအား ကျောင်းမှလက်မခံဟု လည်းကောင်း၊ ဝန်ချတောင်းပန်ရမည်ဟု
လည်းကောင်း၊ ဒဏ်ငွေတစ်မျိုး၊ ထောင်မှမလွှတ်သေးသော ကျောင်းသားများအား လွှတ်ပေးဖို့ အစိုးရနှင့်သွား၍
အရေးဆိုနေသည်က တစ်မျိုး၊ ရဲရဲတောက် ကိုသန်းတင်တို့လူစု၏ စွပ်စွဲချက်များကို သွားရောက်ဖြေရှင်းရသည်က
တစ်မျိုး၊ သမဂ္ဂများမပြိုလဲဘဲ စည်းကမ်းကျကျ၊ ထူထူထောင်ထောင် ရပ်တည်နိုင်အောင် လိုက်လံစည်းရုံးနေရသည်က တစ်မျိုး အမျိုးမျိုး အလုပ်များကာ
လှုပ်ရှားသွားလာနေကြရလေသည်။
အခြားကျောင်းသားများမှာ စာမေးပွဲဖြေရန် ကျောင်းစာအုပ်များကြားသို့ တိုးဝင်နေကြရလေပြီ။ ထို့ကြောင့် ကျွန်တော့်လို ဘာလုပ်ရမည် မရေရာသေးသောသူအချို့သာ သမဂ္ဂအဆောက်အအုံမှာ ယောင်ချာချာနှင့်
ကျန်နေရစ်ခဲ့ပေသည်။
တစ်ည ၇နာရီခွဲ ၈နာရီလောက်တွင် ကျွန်တော်တစ်ယောက်တည်း သမဂ္ဂ
စာကြည့်တိုက်ခန်းတွင်းတွင်စာဖတ်လျက်ရှိပေသည်။ ကြိမ်ကုလားထိုင်ကြီးနှစ်လုံးကို မျက်နှာချင်းဆိုင်၍ ချထားပြီး
တစ်လုံးမှာထိုင်၍ တစ်လုံးပေါ်ခြေတင်ထားသည်။ အပေါ်တည့်တည့်က မီးတစ်လုံးဖွင့်ထားသည်မှတစ်ပါး
တစ်ခန်းလုံးရှိ အခြားမီးများကို ပိတ်ထားသည်။
ကျွန်တော်သည် ကျောင်းစာအုပ်များကို ဖတ်ချင်စိတ်မရှိ။ ကောက်၍ပင် မကြည့်မိ။ ယခု ကျွန်တော်စိတ်ဝင်စားနေသော စာအုပ်များမှာ ဘိလပ်မှ ထုတ်ဝေသော လက်ဝဲ စာအုပ်ကလပ် (ျုန်အ ညြသု

ဃူကဘ) စာအုပ်များနှင့် နဂါးနီစာအုပ်များဖြစ်သည်။ ထိုညက ဖတ်နေသော စာအုပ်မှာ ဂျွန်စထရပ်ချီရေးသော
ဆိုရှယ်လစ်သဘောတရားနှင့် လက်တွေ့နသမပ ညေိ ဏမဓေအေငခေန သ််၂သခငငူပျာ ဖြစ်သည်။
စာအုပ်တစ်နေရာမှာ အရင်းရှင်စနစ် လက်အောက်တွင် ပညာရှင်တို့၏
အကြံဉာဏ်ပညာများသည် မတော်မတရား
အသုံးချခံရပုံကို ဖတ်ရပြီး သဘောပေါက်ကြည်နူးပြီး ဇကေ္ခရာကျနေသော ခဏ၌ လူနှစ်ယောက်
စာဖတ်ခန်းဆီသို့ လာနေသံ ကြားရသည်။ ကျွန်တော့်အပေါ်တည့်တည့်ကသာ မီးရောင်ကျဆင်းပြီး ဘေးဘက်မှာ
ခပ်မှောင်မှောင်ဖြစ်သဖြင့် ဘယ်သူဘယ်ဝါ ဖြစ်သည်ကိုရုတ်တရက်မသိ။
"ဟေ့ ဖိုးတင်ထွန်း၊ တစ်ယောက်တည်းလား"
ကိုအေးငွေပင်ဖြစ်သည်။ ကိုအေးငွေက ကျွန်တော့်ထံ လာနေစဉ် သူနှင့်ပါလာသူက တံခါးဝမှ တွေ့၍ရပ်နေသည်။
ထိုသူ၏ သဏ္ဌာန်ကို မှုတ်တိမှုန်ဝါးသာ မြင်ရသော်လည်း ထိုသဏ္ဌာန်ကို ကျွန်တော့်မျက်စိ ကျက်မိနေသည်ဟု
ထင်သည်။ ကိုယ်ထည်ကြီးမားပြီး ခြေလက်က မမျှမတ သေးငယ်သော သဏ္ဌာန်ဖြစ်သည်။
ယင်းသဏ္ဌာန်ကိုကျွန်တော်က စိုက်ကြည့်နေစဉ် ကိုအေးငွေက–
"ရဲဘော်တင်ထွန်း တစ်ယောက်တည်းလား"
"ဟုတ်တယ် အားလုံး အပြင်သွားနေကြတယ်"
"အင်း ကောင်းပါတယ်"
ကိုအေးငွေက သူနှင့်ပါလာသူဘက်သို့ လှည့်၍ "ဝင်ခဲ့ပါဗျ၊ ကိစ္စမရှိပါဘူး။ ဒါကကျွန်တော်နဲ့ အင်မတန်ရင်းနှီးတဲ့
ရဲဘော်ပါ"
ထိုသဏ္ဌာန်သည် ကျွန်တော်တို့ရှိရာ မီးရောက်ဆီသို့ ချဉ်းကပ်လာရာ ကျွန်တော်
အံ့အားသင့်သွားလေသည်။
ထိုသူကား ကမာရွတ်မှ သခင်တင်ကြီးပင် ဖြစ်ပေ၏။ သူသည် ကိုအေးငွေက ခေါ်၍သာ ကျွန်တော်တို့အနီးသို့
ချဉ်းကပ်လာခဲ့ ရသော်လည်း ကျွန်တော်နှင့်တွေ့ရမှာ ဝန်လေးနေကြောင်း သိသာပေသည်။
ဤသခင်တင်ကြီးမှာ တစ်ခါတုန်းက အင်ဒိုချိုင်းနားမှာ မြင်ကွန်းမင်းသားကြီးနှင့် ရင်းနှီးသည်ဆိုပြီး
ကျွန်တော်တို့အား ငွေစက္ကူလုပ်ပေးမည်၊ လက်နက်သွင်းပေးမည်ဟု ပြောဖူးသော သခင်တင်ကြီးပင်ဖြစ်သည်။
ဤသခင်တင်ကြီးမှာ ကုလားဗမာ အဓိကရုဏ်းအတွင်းက အဓိကရုဏ်းလှုံ့ဆော်ပေးခဲ့ သော

သခင်တင်ကြီးပင်ဖြစ်ပေသည်။ ဤသခင်တင်ကြီးမှာ ဂျပန်လိုလားသော ဝါဒကို ကျွန်တော်တို့အား
ဟောပြောခဲ့ဖူးသော သခင်တင်ကြီးပင်ဖြစ်သည်။ ဤသခင်တင်ကြီးကား ကိုကြွယ်နှင့်ကျွန်တော်တို့က
ပုလိပ်စသော သူများနှင့် ရှုပ်ရှုပ်ယှက်ယှက်ဆက်သွယ်နေဟန်ရှိသည်ဟု ယူဆပြီး ခပ်ခွာခွာရှောင်ထားသော
သခင်တင်ကြီးပင်ဖြစ်သည်။
သူသည်တိုက်ရိုက်ထိုးကျနေသော မီးရောင်ထဲသို့ ဝင်မလာဘဲ မီးရောင်အပြင်ဘက်မှာ ရပ်ကာ ကျွန်တော့်အား
မပြုံးချင်ပြုံးချင်ပြုံးကာ ကြည့်နေသည်။
ကိုအေးငွေ–
"ဟောဒါက ရဲဘော်တင်ထွန်းတဲ့ဗျ၊ အယုံကြည်ရဆုံး ကျွန်တော့်ရဲဘော်တစ်ဦး ပါပဲ။ ကိုတင်ထွန်း ဟောဒါက
ပွဲစားကြီးဦးတင်တဲ့ဗျ"
ကျွန်တော်အံ့အားသင့်သွားသည်။ သို့သော်အံ့အားသင့်ခြင်းကို ရုတ်တရက် ဖျောက်ဖျက်လိုက်ပြီးပြုံးလိုသည်။
"ကျွန်တော်တို့အချင်းချင်း သိပြီးပါဗျ၊ ပွဲစားကြီး ဦးကြီးတင် ခုဘယ်ရောက်နေသလဲ"
သခင်တင်ကြီးက သွားတစ်ချက်ဖြဲလိုက်ပြီး–
"ခုမြို့ထဲမှာပဲနေတယ်၊ မဲဆောက်က ပြန်ရောက်တာ မကြာသေးဘူး"
"ဩော်ဒီလိုကိုး၊ ဒါဖြင့် ယိုးဒယားရောက်ခဲ့သေးတယ်ထင်ပါရဲ့"
ကိုအေးငွေက သခင်တင်ကြီးအား ကုလားထိုင်တစ်ခု ထိုးပေးပြီး–
"ကဲ ထိုင်ဗျာ၊ ကျုပ်တို့သုံးယောက် အတူတူ စကားပြောကြမယ်"
သခင်တင်ကြီးက မီးရောင်ကိုကြည့်ပြီး မျက်နှာကိုရှုံ့လိုက်ကာ
မီးပွင့်ကိုလက်ညှိုးထိုးလိုက်သည်။
ပြီးနောက်ဘေးဘီကို ကျီးကန်းလူမိ ကြည့်နေလေသည်။
ကိုအေးငွေသည် ပျာလောင်ခတ်သွားပြီး လေသံတိုးတိုးဖြင့်–
"မီးပိတ်လိုက်ရင် ကောင်းမယ်ထင်တယ်"
ကျွန်တော်က ကုလားထိုင်ပေါ်မှာ တင်ထားသော ခြေကိုရုပ်လိုက်ရင်း–
"မီးတော့ပိတ်ဖို့မလိုပါဘူး၊ မီးပိတ်ရင် ပိုပြီးမသင်္ကာစရာဖြစ်မယ်။ ဥပမာ ခင်ဗျားတို့နောက်က
လူတစ်ယောက်လိုက်ပြီး ချောင်းကြည့်နေမယ်ဆိုပါတော့။ မီးကိုပိတ်လိုက်ရင် "ဟာဒီလူလည်းတက်သွားရော
အခြေလည်းပျက်သွားရော'လို့ တွက်လိုက်မှာပဲ။ ပြီးတော့လည်း မီးပိတ်ပြီး စကားပြောနေကြတယ် ဆိုပါတော့၊
တစ်ယောက်ယောက်တက်လာရင် ဘယ်လိုဆင်ခြေပေးမလဲ"
ကိုအေးငွေသည် ပျာလောင်ခတ်သော အမူအရာဖြင့်ပင်–

"ဒီတော့ ဘယ်လိုလုပ်မှာလဲ"
"မီးကိုဒီတိုင်းထား၊ ကျွန်တော်တို့ကတော့ မီးရောင်ပြင်ဘက်ကျတဲ့ ဟိုထောင့်မှာ စကားပြောကြတာပေါ့"
သခင်တင်ကြီးက ပညာရှိဟန်ဖြင့်ခေါင်းကိုညိတ်ကာညိတ်ကာနေသည်။ ကျွန်တော်ညွှန်ပြသော ထောင့်တွင်သုံးယောက်သား ထိုင်ကြလေသည်။ အတန်ကြာ
တစ်ယောက်နှင့်တစ်ယောက်ကြည့်ပြီး
ငြိမ်နေကြပြီးနောက် ကိုအေးငွေက အုတ်နံရံများမှာပင် နားရွက်များရှိနေသလောဟူသော စိုးရိမ်ခြင်းမျိုးဖြင့်
ဟိုဟိုသည် သည် ကြည့်၍-
"ကဲ ဦးကြီးတင်ဆိုစမ်းပါဦး"
ဦးကြီးတင်(ခေါ်) သခင်တင်ကြီးသည် အပြင်စကြံတံတိုင်းကိုကျော်ပြီး စုံထောက် ရှိမရှိ ကြည့်နိုင်ရန်
ဟန်ပြင်သောအားဖြင့် ခါးဆန့်ပြီး မေးကိုရှေ့သို့ ထိုးလိုက်သည်။
အတန်ကြာမှ-
"ဒီကိစ္စကတော့ ကောင်းကောင်းကြီးလျှို့ဝှက်မှဖြစ်မယ်နော်၊ နှစ်ယောက်စလုံးဗျ"
ကိုအေးငွေ-
"စိတ်ချပါ၊ ကျုပ်ကိုရော ရဲဘော်တင်ထွန်းကိုရော စိတ်ချပါ"
"ဒီလိုဗျ၊ ကျုပ်အကြောင်းကတော့ သခင်တင်ထွန်းလည်းသိသလောက် သိပြီးသားပါ။ ခုအခေါက်
ယိုးဒယားမသွားခင်ကတည်းက ဒီမှာဂျပန်နဲ့ အဆက်အသွယ်ရှိခဲ့တယ်။ ကျုပ်ကတင်ပြတဲ့ အချက်တွေဟာ
အရေးကြီးလွန်းအားကြီးတော့ ဒီမှာရှိတဲ့ ဂျပန်အဆက်က သူနဲ့မပြီးနိုင်ဘူး၊ ယိုးဒယားကို တိတ်တဆိတ်သွားပါဆိုလို့ ကုန်းကြောင်းနဲ့ပဲ သွားရတယ်။ မဲဆောက်ကနေပြီး ယိုးဒယားထဲဝင်ရတယ်။
ယိုးဒယားနယ်ထဲရောက်တယ်ဆိုရင်ပဲ ဂျပန်အဆက်ကဆက်ပေးလိုက်တဲ့လူက ကြိုနေပြီး ချက်ချင်း
ဘန်ကောက်ပို့ပေးတာပဲ။ ဘန်ကောက်ကျတော့ အတော်ကြီးတဲ့ ဂျပန်အရာရှိတစ်ဦးနဲ့ တွေ့ဆုံးဆွေးနွေးရတယ်။
ကျုပ်တောင်းတာကတော့ ဒီက ကျောင်းသားတွေ၊ သခင်တွေကို ဗြိတိသျှကိုပုန်ကန်ဖို့ လက်နက်နဲ့ငွေတောင်းတာပဲ။
ပေးပါ့မယ်လို့ ကတိအခိုင်အမာရခဲ့တယ်"
ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ လမ်းပေါ်က ကားအသွားအလာပင် အဆက်ဝေးနေသည်။ ကိုအေးငွေ
သက်ပြင်းချသည်ကိုပင် ကြားနိုင်၏။ အရေးတော်ပုံ အောင်နိုင်ရေးသည် လက်နက်ရရေးတွင် မှီနေသည်ဟု

ယူဆထားကြသော ကျွန်တော်တို့အား လက်နက်ပေးမည်ဆိုသော ကတိသည် မည်မျှ ချောက်ချားသွားစေမည်ကို
ခန့်မှန်းကြည့်နိုင်ကြပေသည်။ သခင်တင်ကြီး၏ စကားများသည် သူ့အကြောင်း မသိသူတစ်ဦးအား
လေထဲမှာလမ်းလျှောက်နေသလို အထင်ရောက်စေနိုင်ပေသည်။ ကျွန်တော်ကား သခင်တင်ကြီးအား
မယုံကြည်မိအောင် အထူးကြိုးစားနေရ၏။ သခင်တင်ကြီးက ဆက်ပြန်သည်။
"ဒီတော့ ခင်ဗျားတို့ကျောင်းသားတွေက ပုန်ကန်ဖို့ ပြင်ဆင်ကြရမယ်။ လျှို့ဝှက်တဲ့ အဖွဲ့အစည်းတွေ ဖွဲ့ကြရမယ်။
ကျုပ်ကတစ်ဆင့် ဘာလက်နက်တွေ လိုတယ်၊ ငွေဘယ်လောက်လိုတယ်ဆိုတာ ဘန်ကောက်က ဂျပန်အရာရှိကြီးဆီ
အကြောင်းကြားရမယ်"
ကိုအေးငွေက မေးကိုဘယ်ဘက်လက်ချောင်းကလေးများနှင့် ပွတ်တိုက်နေရာမှ–
"ဒါကတော့ ကျွန်တော်တို့လည်းခေါင်းဆောင်တွေနဲ့ ဆွေးနွေးဦးမယ်ဗျ၊
လက်နက်ဆိုတာကတော့ လိုချင်တာပေါ့ဗျ၊
သို့ပေမယ့် ကျုပ်တို့ခေါင်းဆောင်တွေနဲ့ ဆွေးနွေးရဦးမယ်"
သခင်တင်ကြီး–
"ဒါကြောင့် ကျုပ်က ကိုဘဟိန်းတို့၊ ကိုလှရွှေ၊ ကိုဗဆွေတို့နဲ့ တွေ့ချင်တာပေါ့ဗျ"
ကိုအေးငွေ–
"အေးလေ တွေ့ဖို့ကျွန်တော်စီစဉ်ပေးပါ့မယ်"
ကျွန်တော်သည်ကိုအေးငွေအား ဟန့်တားခြင်းဖြင့် စိတ်အနှောင့်အယှက်မပေးချင်သော်လည်း ရှေ့လွန်ကုန်လျှင်
ခက်မည်စိုးသဖြင့်–
"နေဦးကိုအေးငွေ၊ ဦးကြီးတင်နဲ့ ကျုပ်တို့ခေါင်းဆောင်တွေနဲ့ တွေ့မပေးခင် ဦးကြီးတင်ကို အစုံအလင်မေးကြပါဦးစို့ရဲ့၊ ဒီမှာခင်ဗျား ဂျပန်အဆက်ကဘယ်သူလဲဗျ"
"ဟာဒါကတော့ ဘယ်အသိပေးလို့ဖြစ်မှာလဲ"
"ဒါဖြင့် ဗမာလား ဂျပန်လားဆိုတာတော့ ပြောအပ်ပါတယ်ဗျာ"
"လျှို့ဝှက်ရေးဆိုတာ ဒါတွေ မပြောရဘူး၊ သခင်တင်ထွန်းလည်း သိသားနဲ့"
"ကဲ ဒါ ထားပါတော့ဗျာ။ မယုံလို့မေးနေတာ မဟုတ်ပါဘူးနော်၊ ကျွန်တော်တို့ ခေါင်းဆောင်တွေက
မေးရင်ဒါကတော့ လျှို့ဝှက်ရေး မဟုတ်ပါဘူးဗျာ"
သခင်တင်ကြီးသည်သူ၏ သေးငယ်သော လက်ကလေးများကို ကုလားရုပ်ကြီး လက်ယမ်းသလို လျော့ရဲရဲယမ်းပြီး–
"နှစ်ရက်ပဲကြာတယ်"
"ဘန်ကောက်မြို့ဘယ်လမ်းမှာ တည်းခဲ့သလဲဗျ"

“ဆေးဂုံလမ်းမှာ”
ကျွန်တော်သည် ဘန်ကောက်မြို့အကြောင်းကောင်းစွာမသိပေ။ ဆေးဂုံလမ်းဆိုတာ ရှိမရှိလည်း မသိပေ။ သို့သော်
သိလေဟန်ဖြင့်–
“ဩော်ဆေးဂုံလမ်း ကြားဖူးတယ်၊ ဝိဇယစေတီဆိုတာ ရှိတယ်၊ ဝင်ဖူးခဲ့သေးလား”
သခင်တင်ကြီးသည် အတန်ကြာတွေသွားသည်။ သို့သော် သတိတခြား ရောက်သွား၍
ရုတ်တရက်မဖြေမိဟန်ဆောင်လျက်–
“အင်း အင်းတစ်ခေါက်ရောက်သေးတယ်”
ကျွန်တော်သည်ဘန်ကောက်မြို့၌ ဆေးဂုံလမ်းရှိမရှိ မသိသော်လည်း ထိုလမ်း၌
ဝိဇယစေတီမရှိသည်ကိုကား
အသေအချာသိ၏။ ဝိဇယစေတီသည် ကျွန်တော့်စိတ်ကူးထဲမှာသာရှိသည်။
“စာထဲမှာ ဖတ်ရတာကတော့ ဝိဇယစေတီဟာ ယိုးဒယားမှာရှိတဲ့ အခြားစေတီပုံများနဲ့မတူ၊
မြန်မာပြည်က
စေတီပုံများနဲ့သာ တူတယ်ပြောတယ်၊ ဟုတ်ကဲ့လား”
“အင်း ဟုတ်တယ်”
ထိုသို့လျှင် ဟုတ်တာရော၊ မဟုတ်တာရော မေးမြန်းကြည့်လိုက်သောအခါ
သခင်တင်ကြီးသည် ယိုးဒယားသို့
မရောက်ခဲ့ဘဲ ရောက်ခဲ့ဟန်ဆောင်၍ နေသည်ကို ကျွန်တော်သိရလေသည်။
သခင်တင်ကြီးသည် ခဏကြာလျှင်
စိတ်တိုလာသည်။ သို့သော် ချုပ်တည်းထားပြီး ခပ်တည်တည်ဖြင့် ရှောင်ထွက်ရန်
ကြိုးစားလေတော့သည်။
“ဒီမှာသခင်တင်ထွန်း၊ လျှို့ဝှက်ရေးလုပ်ငန်း လုပ်ရတယ်ဆိုတာ အကြောင်းမှန်ကို ဖုံးနိုင်သမျှ
ဖုံးရတယ်
မဟုတ်လား၊ ပြီးတော့ လျှို့ဝှက်ရေးလုပ်ငန်းမှာ လုပ်သူအချင်းချင်း တစ်ယောက်ကိစ္စ
တစ်ယောက်
မစပ်စုချင်ရဘူးမဟုတ်လား၊ သိသင့်သိထိုက်တာကိုသိဖို့ပဲ မဟုတ်လား။ ကဲ
သခင်တင်ထွန်းက ကိုယ့်ကို
သိထားတဲ့ နာမည်နဲ့ အခုရဲဘော်အေးငွေက ကိုယ့်ကို သိတဲ့နာမည်မတူတာဘဲ
ကြည့်ပေတော့ ကဲ ကိုသွားမယ်”
ကိုအေးငွေသည် စိတ်မကောင်းဖြစ်သွားဟန်တူသည်။ ကျွန်တော့်အား
မကျေမချမ်းကြည့်လျက်–
“ဖိုးတင်ထွန်းကလည်း မမေးအပ်တာကို မေးမနေပါနဲ့။ နေပါဦး ဦးကြီးတင်ရဲ့ မသွားပါနဲ့ဦး”
သခင်တင်ကြီးက မချိပြုံးပြုံး၍ လက်ပတ်နာရီကို ကြည့်ရင်း–
“သခင်တင်ထွန်း မေးတာကိုဗွေမယူပါဘူး၊ သူကမေးနေကျပါ။ သို့ပေမယ့် သွားမှဖြစ်မယ်။
ချိန်းထားတဲ့

ကိစ္စတစ်ခုရှိသေးတယ်။ နောက်တစ်ကြိမ် ထပ်ချိန်းတွေ့ကြသေးတာပေါ့။ ငွေကိစ္စ လက်နက်ကိစ္စတွေ
စဉ်းစားထားကြနော် လက်နက်မပါဘဲနဲ့ အရေးတော်ပုံမအောင်ဘူး
အင်္ဂလိပ်တွေကိုမောင်းထုတ်ဖို့ ဒီပြင်နည်း
မရှိဘူး၊ ဗိုလ်အောင်ကျော်အတွက် လက်စားချေဖို့ ဒီပြင့်နည်းမရှိဘူး၊
ဂျပန်ဗမာပူးပေါင်းပြီးလက်နက်နဲ့
ပုန်ကန်မှဖြစ်မယ်။ ကဲ သွားမယ်”
သခင်တင်ကြီးသည် မတ်တတ်ရပ်လိုက်သည်။ ကျွန်တော်တို့လည်း
မတ်တတ်ရပ်လိုက်ကြသည်။
သခင်တင်ကြီးသည် သူ့လူငါ့ဘက်သားလုပ်ပြီး ကျွန်တော်တို့ထံမှ စကားများကို နှိုက်ယူလို၍ ဤစကားများပြောဆိုနေသည်ဟု ကျွန်တော်စိုးရိမ်မိသည်။ ထို့ကြောင့် ကျွန်တော်က–
“ကျွန်တော်တို့က ဂျပန်ဗမာ ပူးပေါင်းရေး လုပ်မယ်မလုပ်ဘူး၊ လက်နက်အကူအညီ ယူမယ်မယူဘူးဆိုတာတွေ
မစဉ်းစားခင် ဂျပန်တွေအကြောင်းကို စဉ်းစားရဦးမယ်ဗျ။ တရုတ်ပြည်မှာ ဂျပန်တွေ ဘာလုပ်နေတယ်ဆိုတာ
အားလုံး အသိကြသားပဲ။ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ နည်းတွေနဲ့ သူများပြည်တွေကို ဝင်အုပ်ချုပ်နေသူတွေမို့ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး ဆိုတာလို ဖြစ်နေမှာ စိုးရတယ်”
သခင်တင်ကြီးသည် များစွာ မသက်သာသော မျက်နှာဖြင့် နာရီကိုကြည့်ပြန်ပြီး–
“ ကိုယ့်လူက အင်္ဂလိပ်ဝါဒဖြန့်ထားတာတွေ ယုံနေတာကိုး၊ ကဲ ကဲနောက်မှ ဆွေးနွေးမယ်လေ”
သူသည်အပေါက်ဆီသို့ ခြေသုံးလှမ်းမျှ လှမ်းပြီးနောက် ခြေတုံ့လျက် ကျွန်တော်တို့ဘက်သို့ လှည့်လိုက်ပြန်ရာ
တစ်ခါတုန်းက သခင်တို့၏ လွတ်လပ်ရေးတိုက်ပွဲအတွက် ငွေနှင့်လက်နက် သူတာဝန်ယူ၍ရှာပေးမည်ပြောပြီး
နောက်ကျွန်တော့ထံမှ ထွက်ခွာသွားခါနီး ငွေ ၅ကျပ် ချေးငှားခဲ့ပုံကို သတိရလိုက်မိလေသည်။ အခုလည်း
ငွေချေးဖို့ ခြေတုံ့ခြင်းပင်လော။
“ကိုအေးငွေ”
“ဘာပြောချင်ပါသလဲ ပွဲစားကြီး ဦးကြီးတင်”
“ကိုဘဟိန်း၊ ကိုဗဆွေ၊ ကိုလှရွှေတို့နဲ့ ဘယ်တော့လောက်တွေ့နိုင်မလဲ”
“ကျွန်တော်တို့ မေးကြည့်ပါဦးမယ်၊ ကျွန်တော်တို့ လာပြောပါ့မယ်”
“ဒါဖြင့် ရဲဘော်နဲ့ကိုယ်နောက်အပတ်စနေနေ့တွေ့မယ်၊ ဒီနေ့တွေ့တဲ့အချိန် အဲဒီနေရာမှာပဲ ဟုတ်လား”
“ကောင်းပါပြီ ခင်ဗျာ”

သခင်တင်ကြီးထွက်သွားလေပြီ။ ကျွန်တော်တို့ထံမှ ငွေချေးရသည်ကိုထောက်သော်
အတော်ကလေးပွနေပြီဟု
ထင်လိုက်မိလေသည်။
ကိုအေးငွေက ကျွန်တော့်အား မကျေမချမ်းကြည့်ပြီး–
“ရဲဘော်တင်ထွန်း ခုနက ပြောပုံတွေက ခွတောနေတာနဲ့တူတယ်”
“လာ လာ ထိုင်ကြဦးစို့ရဲ့၊ ခင်ဗျားက သူ့အကြောင်းမသိဘူး”
မီးရောင်ထိုးကျနေသော ခုနက စာကြည့်ခဲ့ရာ ကုလားထိုင်များတွင် ထိုင်ကြလေသည်။
“သူ့နာမည်က ကိုတင်ကြီးတဲ့၊ အရင်ကကမာရွတ်ဈေးကြီးနားမှာနေတယ်၊ သူ့ကို
ကျွန်တော်နဲ့သခင်ကြွယ်တို့က
ပုလိပ်သူလျှိုလို့ ထင်နေကြတယ်”
ကိုအေးငွေအား သခင်တင်ကြီးအကြောင်း ကျွန်တော်တို့သိသဘောက်
ဖောက်သည်ချရလေသည်။ ခုနက
သခင်တင်ကြီးသည် ဘန်ကောက်သို့ မရောက်ခဲ့ဘဲ ရောက်လေဟန်
လုည့်ဖြားပုံကိုလည်းရှင်းပြရသည်။
ကိုအေးငွေမှာ ငိုင်ကျသွားလေ၏။
ပွဲစားကြီး ဦးကြီးတင်နှင့် နောက်တစ်ကြိမ်တွေ့ရန် ချိန်းသည်ကိုလည်း
ဖျက်သိမ်းလိုက်ကြရလေသည်။ ။
၄၃
မမြင့်ဦးအား ပေးရသည့်ကတိ
အင်းလျားဆောင်
ထွန်းကလေး
မြင့်ကြီးတော့ အင်းလျားဆောင်ကို ပြန်ရောက်နေပြီ။ စာမေးပွဲဖြေဖို့ ပြန်လာတယ်လေ။
တစ်မိနစ်မှ
အအားမထားနိုင်အောင် စာကျက်နေရတယ်။ ဒါပေမဲ့ ထွန်းကလေးနဲ့တော့
တွေ့ချင်သေးတယ်။
အရေးတော်ပုံကြီးနဲ့ ကင်းဝေးနေတာလည်း ကြာပြီ။ ထွန်းကလေးနဲ့
ကင်းဝေးနေတာလည်းကြာပြီ။
တစ်ညနေအင်းလျားဆောင် လာခဲ့ပါဦး။ မြင့်ကြီး ဘယ်မှမသွားဘူး။
အမြဲအဆောင်မှာပဲရှိနေတယ်။
မြင့်ကြီး
ဩော် မမြင့်ဦးတစ်ယောက်ပြန်ရောက်နေပြီကိုး။
‘ကွယ်ရင်မေ့၊ တွေ့သေအောင်လွမ်း’ဆိုသော လူစားမျိုးကား ကျွန်တော်လိုပင် ဖြစ်ဟန်ရှိသည်။
မမြင့်ဦးသည်ဗိုလ်အောင်ကျော်ကိစ္စပြီးစလောက်က အိမ်ပြန်သွားခဲ့ လေသည်။ ယခုဆိုလျှင်
နှစ်လကျော်သုံးလမျှ

ကြာသွားပေပြီ။ ရှည်ကြာလှသော ကာလမဟုတ်ပါ။ သို့ပါလျက် ဤကာလအတွင်း အကြောင်းတစ်စုံတစ်ရာနှင့်
တိုက်ဆိုင်သဖြင့် မမြင့်ဦးအား ကွက်ခနဲ ကွင်းခနဲ သတိရတတ်သော်လည်း တငွေ့ငွေ့ လွမ်းခြင်း မဖြစ်ခဲ့။
တမြည့်မြည့်တမ်းတခြင်းမရှိခဲ့။ မမြင့်ဦး အိမ်အပြန် သင်္ဘောဆိပ်လိုက်ပို့သည့်နေ့ကသာလျှင် လွမ်းငွေ့ကလေး
ဝေခဲ့သည်။ ကျွန်တော်အနည်းငယ်နောက်ကျသွားသဖြင့် သင်္ဘောထွက်ခွာနေပြီဖြစ်ရာ စကားမပြောလိုက်ရဘဲ
ခပ်လှမ်းလှမ်းမှ မျက်ရိပ်မျက်ခြည် လက်ဟန်ခြေဟန်ဖြင့်သာ နှုတ်ဆက်လိုက်ရလေသဖြင့် အားမလို အားမရ
ဖြစ်ခဲ့ရသည်။ ထိုနေ့တစ်နေ့လုံး တမြည့်မြည့်တမ်းတမိသည်။ နောက်နေ့များမှာမူ မမြင့်ဦးအတွက် ကျွန်တော့်မှာ
ပူနွေးသောခံစားမှု မရှိတော့ချေ။ အေးစက်သောခံစားမှုသာရှိသည်ဟု မဆိုနိုင်ရုံတစ်မည်သာ ကျန်လေတော့၏။
ဘာ့ကြောင့် ထိုသို့ဖြစ်ရသလဲ။ စက္ကန့်နှင့်အတူ လှုပ်ရှားနေသော အရေးတော်ပုံကြီးတွင် နစ်မြုပ်နေသည့်
ကျွန်တော့်အခြေနှင့် တောပြန်စာဖတ်အေးဆေးစွာနေရသည့် မမြင့်ဦး၏ အခြေအနေတို့ ကွာခြားမှုကြောင့်ဖြစ်လေသလော။ မမြင့်ဦးနှင့် ကျွန်တော်တို့သည် သမီးရည်းစားများအဖြစ်ဖြင့် ခိုင်မြဲစွာ
ကတိချည်နှောင်ထားခြင်း မရှိ၍ပေလော။ သို့မဟုတ် ကျွန်တော်၏ပူနွေးသော ခံစားမှုတို့သည် နီးနီးကပ်ကပ်တွေ့နေရသော မမြမှီကြီးနှင့် မခင်သစ်ကလေးတို့ဘက်သို့ ရေစီးကြောင်းပြောင်းသွား၍ပေလော။
မမြင့်ဦးထံမှ ဤလိုဖိတ်ကြားစာရလျှင် သာမန်အားဖြင့် မြူးထူးခုန်ပေါက် ဝမ်းအမြောက်ကြီး မြောက်အပ်ပေသည်။
ယခုမူ ထိုသို့မဟုတ်။ "သြော် မမြင့်ဦးတစ်ယောက် ပြန်ရောက်နေပြီကိုး"ဟုသာ သံဝေဂကျူးရင့်သူ၏
အေးစက်ခြင်းဖြင့်သာ ရွတ်ဆိုမိသည်။ သို့သော် မမြင့်ဦးအား မတွေ့ချင် မမြင်ချင်တော့ မဟုတ်ပါ။
ထို့ကြောင့်ချိန်းသည့်အတိုင်း အင်းလျားဆောင်သို့ သွားလိုက်ပါသည်။
ကံ့ကော်ပင်များတွင် ရွက်သစ်တို့သည် ရွက်ဟောင်းများအပေါ်မှ ထပ်ဆင့်ဝေဆာနေကြရာ အစိမ်းပေါ်နီညိုရောင်
ခြယ်လိမ်းထားသည်နှင့် တူနေပေ၏။ ပိတောက်ပင်များသည် သင်္ကြန်ခါအတွင်း ဖူးပွင့်ရန်ပြင်ဆင်နေကြ၏။
အင်းလျားရေပြင်ပြာမှ ဟပ်လိုက်သော အရောင်သည် အင်းလျားဆောင် ပတ်ဝန်းကျင်တစ်ခုလုံးကို

ကြည်လင်ပြာလဲ့စေလေသည်။
အင်းလျားဆောင်သည် အသက်ဝင်လျက်ရှိသည်။ ဥဒဟိုဝင်ထွက်သွားလာနေသော
ကျောင်းသူများ၊
ကျောင်းဆောင်မျက်နှာစာ မြက်ခင်းမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော
ကျောင်းသူများ၊ တင်းနစ်(စ်)
ရိုက်နေသော ကျောင်းသူများ၊ ရေချိုးပြီး ထဘီရင်ရှားဖြင့် စင်္ကြံမှာ လျှောက်သွားသော
ကျောင်းသူများအားလုံးပင်
လှုပ်ရှားနေပေသည်။ သူတို့၏လှုပ်ရှားမှုကြားတွင် မလှုပ်မရှား ရပ်တန့်နေသူများမှာ
ကျွန်တော်နှင့်တကွ
ကျွန်တော့်လိုပင်ခင်မင်ရင်းနှီး အပ်သော ကျောင်းသူတို့ကိုတွေ့ရန် တံခါးဝမှာ စောင့်နေသော
ကျောင်းသားတို့ပင်
ဖြစ်လေသည်။ ကျွန်တော်တို့ ရပ်စောင့်နေစဉ် အချို့သော ကျောင်းသူတို့သည်
အနီးမှဖြတ်သန်းသွားခိုက်
ကျွန်တော်တို့အား ကြည့်ကြည့်သွားကြရာ လှောင်ပြောင်သရော်ခြင်း၏
အရိပ်အငွေ့သူတို့၏အကြည့်မှာ
တွေ့နိုင်သည်။ နောက်ပိုးလာကြတာလားရှင်ဟု ပါးစပ်က မမေးသော်လည်း ကလိဆွသော
ထိုအကြည့်များဖြင့်
မေးနေကြသည်။
မမြင့်ဦးကား ဆင်းမလာသေး။
မော်တော်ကားတစ်စီးထိုးဆိုက်သည်။ ကျောင်းသူတစ်ဦး အထုပ်အပိုး ဝန်စည်စလွယ်နှင့်
ကျောင်းပြန်လာခြင်းဖြစ်သည်။
မမြင့်ဦးသည် လှေကားပေါ်မှပင် ကျွန်တော့်အား ပြုံး၍နှုတ်ဆက်လိုက်၏။ ကော့နေသော
မျက်တောင်အောက်မှ
ဝိုင်းစက်ကြည်လင်သော ထိုမျက်လုံးများနှင့် ညိုစိမ့်သည့် ပါးပြင်ဝယ် ထင်းခနဲပေါ်လာသော
ထိုပါးချိုင့်များသည်
ကျွန်တော့်အား အဟောင်းမှအသစ် ဖြစ်စေပါသည်။ သုံးလတာမျှ ကင်းကွာပြီး ခပ်အေးအေး
ဖြစ်သွားသောခံစားမှုကို ပူနွေးသောခံစားမှုအဖြစ်သို့ ပြန်ပို့လိုက်ပါသည်။
ကျွန်တော်တို့သည်စကားမပြောနိုင်ကြ။ တစ်ယောက်မျက်နှာ တစ်ယောက်ဝဝ ကြည့်ပြီး
ပြုံး၍သာ နေကြသည်။
နောက်မမြင့်ဦးက ဧည့်ခန်းသို့သွားသည်။ ကျွန်တော်ကား စက်မောင်းသော အရုပ်လို
ရွေ့သွားကာမမြင့်ဦးနောက်မှ
လိုက်သွား သည်။ ဧည့်ခန်းတွင် စားပွဲလွတ် ကုလားထိုင်လွတ် မတွေ့နိုင်သဖြင့်
စင်္ကြံမှာဆက်လျှောက်ကြသည်။
ဟိုဘက်ထောင့်ကုလားထိုင်များ၊ စားပွဲများကား လွတ်နေသည်။ နားငြီးစရာကောင်းသော
သူများတကာ

ပြောကြားသည့် စကားများမှ ကင်းဝေးကာ နားထောင်၍မငြီး၊ ကြားနာ၍မဝသော စကားများကိုယ့်အချင်းချင်း
ပြောဆိုနိုင်ပါသည်။ သို့သော် မမြင့်ဦးက ဧည့်ခန်းထဲသို့ မဝင်တော့ဘဲ–
"ကန်ပေါင်မှာ လမ်းလျှောက်ရရင် ကောင်းမှာပဲ"
"လျှောက်မယ်လေ၊ မမြင့်ဦးမှာသိပ်ညောင်းနေမယ်ထင်တယ်၊ စာချည်းတကုပ်ကုပ်ဖတ်နေတာကိုး"
"ဟုတ်တယ်၊ တော်တော်ညောင်းနေတယ်"
ကျွန်တော်တို့လမ်းလျှောက်ထွက်ခဲ့ကြသည်။
"ရွာတုန်းက အနင်းအနှိပ်ခံခဲ့ရမှာပေါ့နော်"
"ရွာတုန်းက မညောင်းပါဘူး ကိုတင်ထွန်းရယ်၊ ခြံထဲမှာ ပန်းပင်တွေ ပြုပြင်ရေး၊ တံမြက်စည်းလှည်းရင်း၊
တောက်တိုမည်ရလုပ်ရင်း အညောင်းပြေတယ်၊ လယ်ကန်သင်းရိုးပေါ်မှာတောင် လမ်းလျှောက်ထွက်သေးတယ်"
ထိုမှစပြီး မမြင့်ဦးတို့ရွာကြီးအကြောင်း၊ မမြင့်ဦးတို့ရွာကြီးနှင့် ကပ်နေသော မြို့ကလေးအကြောင်း
ရောက်သွားကြလေသည်။
"ကိုတင်ထွန်း နည်းနည်းပိန်သွားတယ်နော်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးမှပေါ့"
သူ့ရပ်ရွာအကြောင်း ပြောနေရာမှ မမြင့်ဦးက ကရုဏာသံကလေးနှင့် ကျွန်တော့်အား ပြောလိုက်သည်။ ထိုအမေးနှင့်
ထိုအသံကြောင့် ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ် သနားသွားပြီး တစ်ကိုယ်လုံး ပီတိတွေ ဖြာခနဲပျံ့သွားသည်။
ခပ်ငေါငေါပိန်သွားသလားဟင်၊ ကျန်းမာရေးကိုတော့ ဂရုစိုက်သားပဲ"
သို့ဖြင့်အရေးတော်ပုံအတွင်းက အလုပ်ရှုပ်ပုံများသို့ ရောက်သွားကြသည်။ တချို့ညတွေမှာ မိုးထိန်ထိန်လင်းသွားသည့်တိုင် အလုပ်လုပ်ကြသည်။ တချို့နေ့တွေမှာ တစ်နေ့လုံးကုန်အောင် ခြေလျင်လျှောက်ရှ
အလုပ်ခံကြသည်။ တစ်ခါတစ်ရံ အသံတွေ ကွဲကုန်အောင် ကြွေးကြော်သံအော်ဟစ်ကြသည်။ မမြင့်ဦးက
ကျွန်တော့်အားသနားသွားလေ၊ ကျွန်တော်က သနားစရာကောင်းလောက်အောင် ပြောလေဖြစ်၏။
ကျွန်တော်တို့သည် ဘွဲ့နှင်းသဘင် အဆောက်အအုံကြီး မြောက်ဘက်လမ်းပေါ်မှ အင်းလျားကန်ပေါင်ရိုးလမ်းပေါ်သို့ တက်ခဲ့ကြသည်။ ကန်ပေါင်ရိုးလမ်းမှာ ကျောက်စရစ်ခဲများ၊
ကျောက်မီးသွေးမှုန့်များ၊ သဲများဖြင့်ပြန့်ပြူး နေ၏။ အနောက်ဘက်တွင် ကမာရွတ်သည် သစ်ပင်များကြားတွင်

မြုပ်နေ၏။ နေမင်းသည် သစ်ပင်ထိပ်ဖျားကို ထိလုနီးပါး ကျဆင်းနေ၏။ ကျွန်တော်တို့၏ ရှည်လျားသော
အရိပ်ကြီးများသည် အင်းလျားရေပြင်ပေါ်သို့ ထိုးဆင်းနေကြ၏။
"ကိုတင်ထွန်းရော စာတွေတော်တော်ကျက်ပြီးပြီလား"
"ကျောင်းစာဆီ မရောက်တာ အတော်ကြာပြီ၊ စာဖတ်ဖို့နေနေသာသာ စာအုပ်တောင် ကောက်မကိုင်မိသေးဘူး"
"ဟင်း–စာမေးပွဲက နီးလုပြီ"
မမြင့်ဦး၏ မျက်နှာသည် အံ့သြခြင်းမှ ညိုးငယ်ခြင်းသို့ ကူးပြောင်းသွားလေသည်။ ကျွန်တော်တို့နှင့်
မျက်နှာချင်းဆိုင်ဘက်မှ 'ခနဖေဒ'နည်းပြ ဆရာ ကိုဘသိန်းသည် ခပ်မြန်မြန်လျှောက်လာ၏။
သူသည်နည်းပြဆရာလုပ်ရင်း အိုင်စီအက် စာမေးပွဲအတွက် ကြိုးစားနေသူဖြစ်သည်။ သူ၏စာတော်သည်ဆိုသော
ဂုဏ်သတင်းသည် တက္ကသိုလ် နယ်တစ်ဝိုက်တွင် ပျံ့လွင့်လျက်ရှိပေသည်။ "စာမေးပွဲက နီးလုပြီ"ဆိုသော
မမြင့်ဦး၏ညည်းညူသံကိုထောက်လျှင် မမြင့်ဦးသည် ကျွန်တော်စာမေးပွဲဝင်မည်ဟု တစ်ထစ်ချ ယူဆထားကြောင်း
သိသာပေသည်။ ကျွန်တော်ကား စာမေးပွဲအကြောင်းကို မဆွေးနွေးဘဲ ရှောင်ကွင်းလိုသည်။ ထို့ကြောင့်
သူကညည်းညူလိုက်သော်လည်း ဘာမျှမတုံ့ပြန်ဘဲ ငြိမ်နေလိုက်သည်။
ကိုဘသိန်းက ကျွန်တော်တို့အား ပြုံး၍ အသိအမှတ်ပြုပြီး ဖြတ်ကျော်ကာ
လျှောက်သွားလေသည်။
ခပ်လှမ်းလှမ်းမှာ ကျောင်းသူသုံးဦး မြက်ပေါ်ထိုင်ကာ တလွန့်လွန့်လူပ်ရှားနေသော လိပ်ုင်းလုံးကလေးများကို
ကသိဏ်းရှုနေကြသည်။
"စာမေးပွဲမဖြေတော့ဘူးလား"
"မဖြေတော့ဘူး အောက်မေ့တာပဲ"
"အို မဖြေလို့ဘယ်ဖြစ်မှာလဲ၊ တစ်သက်လုံး သင်လာတာတွေဟာ ဒီဂရီမရရင် အလဟဿဖြစ်ကုန်မှာပေါ့။
ဘုရားတည်ပြီး ထီးမတင်သလိုဖြစ်သွားမှာပေါ့။ ဒီဂရီရပြီး အစိုးရအလုပ်လုပ်ရမယ်လို မြင့်ကမဆိုလိုပါဘူး၊
ဒီဂရီတော့ရအောင်ယူရမယ်"
သူက ဒီဂရီယူရမယ်ဆိုတာတော့ ကျွန်တော်ကဟီးရိုးလုပ်ပြလိုက်ချင်သည်။ ဒီဂရီဘီအေဘွဲ့ကိုစွန့်လွှတ်ရဲသော
ဧရာမ လူစွမ်းကောင်းကြီးအဖြစ်ဖြင့် မမြင့်ဦးက မြင်စေချင်ပေသည်။

"အိုဒီဂရီတွေဘာတွေ မလိုချင်ပါဘူး၊ လူအများတွေက တန်ဖိုးထားပေမယ့်
ကိုယ်ကတန်ဖိုးမထားတော့ဘူး။
မြင့်ကလည်း ဒီဂရီကို တန်ဖိုးထားတုန်းပဲလား"
မမြင့်ဦး၏မျက်နှာသည် မာတင်းလာသည်။ ကျွန်တော့်အား မျက်စောင်းတစ်ဖက်ထိုးပြီး–
"လောကကြီးအကြောင်း သိထားတဲ့လူဆိုတော့ တန်ဖိုးထားတာပေါ့။ ဒီဂရီရှိတယ်ဆိုရင်
လူရိုသေတာပေါ့၊
ပြီးတော့"
မမြင့်ဦးက ရှေ့မဆက်ဘဲ ခဏတွေနေသည်။ လေပြည်ကလေးက
တစ်ချက်မွှေ့ယမ်းလိုက်သည်။
"ပြီးတော့ဘာဖြစ်သလဲ"
"အို ရှေ့ရေးလည်းကြည့်ရဦးမယ် မဟုတ်လား၊ ရှေ့ဘာလုပ်မှာလဲ"
"နိုင်ငံရေးလုပ်မယ်လေ"
အမှန်စင်စစ် ကျွန်တော့်စိတ်ထဲမှာ နိုင်ငံရေးလုပ်ရန် စိတ်ဒုန်းဒုန်းချထားခြင်းမရှိသေး။
သို့သော် မမြင့်ဦးအား
ထိုအတိုင်းသိစေလိုသည်။
"နိုင်ငံရေးလုပ်တာလည်း လုပ်ပေါ့၊ နိုင်ငံရေးလုပ်လည်း
အသက်မွေးဝမ်းကျောင်းမှုတ်တစ်ခုရှိရမယ်မဟုတ်လား။
အူမတောင့်မှ သီလစောင့်နိုင်တယ်ဆိုတဲ့ စကားလည်းသတိရပါဦး။ ကျွန်မသဘောကတော့
ကိုတင်ထွန်းဟာ
ဘီအေအောင်ရမယ်၊ ပြီးတော့ ဘီအယ်လ်တက်ရမယ်၊ ပြီးတော့
ဝတ်လုံတော်ရဖြစ်အောင်လုပ်ရမယ်၊
ဝတ်လုံတော်ရလုပ်ရင်နိုင်ငံရေးလည်း လုပ်နိုင်တယ်"
ကျွန်တော်ကား ထိုစကားကို မချေပနိုင်တော့ပြီ။ ဘာမျှမပြောဘဲ လျှောက်လာကြသည်။
စိတ်ထဲမှာတော့
တစ်ခါကမမြင့်ဦးသည် သူဝတ္ထုတစ်ပုဒ်ရေးထားတယ်ဆိုပြီး ရေးပေးခဲ့သော ဝတ္ထုတိုကလေးကို
ပြန်လည်
ဖတ်ကြည့်နေသည်။ ဝတ္ထုတိုကလေးမှာ တက္ကသိုလ်ကျောင်းသားနှင့်ကျောင်းသူ
သမီးရည်းစားဖြစ်ကြသည်။
နှစ်ယောက်စလုံး မျိုးချစ်စိတ်ရှိကြသည်။ စာကိုလည်း ကြိုးစားသင်ကြသည်။ ကျောင်းသားက
ဝတ်လုံတော်ရ
ဖြစ်လာပြီး ကျောင်းသူက အမျိုးသားကျောင်းတိုက်တွင် ကျောင်းအုပ်ဆရာမကြီးဖြစ်လာသည်။
နှစ်ဦးလက်ထပ်ပြီး
ပျော်ရွှင်ချမ်းမြေ့စွာနေရင်း နိုင်ငံနှင့်အမျိုးသားအကျိုးဆောင်ရွက်
ကြလေသတည်းဟူ၍ဖြစ်လေ၏။ ဝတ္ထုမှာ

ကျွန်တော့်အား လမ်းညွှန်အဖြစ်ဖြင့် ရေးပေးခဲ့သော ဝတ္ထုဖြစ်ကြောင်း ထိုစဉ်ကပင် သိခဲ့ပေ၏။
ရှိစ်ဘင့်ခ်ဂေဟာကို ရောက်သော် ပြည်လုည့်လျှောက်ကြ၏။ ကျွန်တော်ကား ဘာမျှမပြောဘဲ စဉ်စားခန်းဝင်နေသည်။ မမြင့်ဦးသည် ကျွန်တော်က သူပြောသမျှကို စဉ်စားနေပြီဖြစ်ကြောင်း ရိပ်မိဟန်တူသည်။
ထို့ကြောင့်တတွတ်တွတ် စာမေးပွဲဖြေရန် ဆုံးမသွန်သင်နေလေသည်။ စာမေးပွဲမဖြေရလျှင် ကျွန်တော့်မိခင်ဖခင်များပင် များစွာ စိတ်ဆင်းရဲခြင်းဖြစ်မည်ထင်ကြောင်း ပြောပြီးနောက်–
"ကိုတင်ထွန်း အရည်အချင်းကိုမြင့် ကောင်းကောင်းသိတယ်၊ စာမကျက်နဲ့ဦးတော့ဖြေရင် အောင်မှာပဲ။
မဖြေရင်နှမြောစရာကောင်းလွန်းလို့ မြင့်ကတောင်းပန်နေတာပါ သိလား၊ ကဲ ဖြေမယ်မဟုတ်လား"
ကျွန်တော်က မမြင့်ဦးကို စေ့စေ့ကြည့်ပြီး ပြုံးလိုက်သည်။
"ကဲဖြေမယ်လို့ ကတိပေးပါ ထွန်းကလေးရယ် ဟုတ်လား"
"ကောင်းပါပြီ ဆရာမကြီးရယ်"ဟုပြောပြီး ရယ်လိုက်မိသည်။ မမြင့်ဦး၏ ရွှမ်းစိုသော မျက်လုံးဝိုင်းကြီးများသည်
ပြုံးလျက် ရယ်လျက် နေကြပေသည်။
သို့ဖြင့် ကျွန်တော်သည် စာမေးပွဲဖြေဖြစ်သွားလေ၏။ မမြင့်ဦးပြောသလိုပင် စာမကျက်ဘဲနှင့် ဘီအေအောင်ခဲ့ရလေသတည်း။ ။

၄၄
ဘဝလုံခြုံမှုအလုပ်နှင့် သခင်နိုင်ငံရေးသမား
ထိုအချိန်တွင် ကျွန်တော်တို့သည် သမုဒ္ဒရာပြင်ကျယ်၌ သင်္ဘောစီးနေရ သည်နှင့် တူလေသည်။
လှိုင်းလုံးကြီးများသည် ကျွန်တော်တို့သင်္ဘောကြီးအား ဖြတ်ကျော်ပြီး အိဆင်းသွားလေရာ သင်္ဘောစီးရခြင်းသည်
အေးငြိမ့်ညင်သာသွား ပေသည်။ ခပ်ဝေးဝေးသို့ကြည့် လျှင်ကား လှိုင်းများသည် တစ်ဟုန်ထိုး ပြေးကြကာ
အချင်းချင်း ကြက်ခွပ်နေကြသည်ကို ဖွေးခနဲ ဖွေးခနဲ မြင်နိုင်ပေသည်။ သည့်ထက်ဝေး ဝေး ကြည့်လျှင်ကား
တောင်လုံးကြီးများ သဏ္ဌာန်ဖြင့် ခုံးတက်နေသော လှိုင်းလုံးကြီး များကို မြင်နိုင်ပေ၏။
ကျောင်းသားအရေးတော်ပုံ လှိုင်းလုံးကြီးများသည် ကျွန်တော်တို့အား ဖြတ်ကျော်ပြီး အိဆင်းသွားလေရာ
ကျွန်တော်တို့၏ ဘဝမှာ အေးငြိမ့်ညင်သာသွား သည်ဟု ထင်မှတ်ရပေသည်။ ကျွန်တော်တို့သည်
စာမေးပွဲခန်းမတွင် ထိုင်နိုင် ကြလေပြီ။ စာမေးပွဲအောင်စာရင်းကို ကြည့်ရင်း ဘဝလုံခြုံမှုအတွက် အလုပ်အကိုင်

များကိုပင်မျှော်မှန်းစဉ်းစားနိုင်ကြပေ၏။ ကျောင်းသားလောက ပြင်ပကို ကြည့်လျှင်ကား အရေးတော်ပုံတိုက်ပွဲလှိုင်းတို့သည်ကြက်ခွပ်လျက်ရှိသည်ကိုတွေ့ရ၏။
ရေနံမြေသပိတ်ခေါင်းဆောင်
သခင်ဘိုးလှကြီးသည် ထောင်ထဲမှနေပြီး အခွင့်အရေး အတွက် အစာငတ်ခံတိုက်ပွဲဝင်နေ၏။ ဦးပု၏
ညွန့်ပေါင်းသစ်အစိုးရသည်ရေနံမြေ သပိတ်တပ်သားများအား စရိတ်စကပေး၍ ရေနံမြေသို့ပြန်ရန် စီစဉ်လျက်ရှိ၏။
ခနရှင် ကုမ္ပဏီတို့သည် အခွင့်အရေးအနည်းအကျဉ်ပေး၍ သပိတ်များပြေပျောက်အောင် ဆောင်ရွက်လျက်ရှိ၏။
တောနယ်များမှာကား တောင်သူလယ်သမားတို့သည် သီးစားခလျှော့ပေါ့ရေး၊ အခွန်တော်လျှော့ပေါ့ရေး၊
ကြွေးမြီရွှေ့ဆိုင်းရေး စသည်များအတွက် ဆူပူလှုပ်ရှားလျက်ရှိ၏။ ရုံးစိုက်ရာ မြို့များသို့ ချီတက်လျက်
အရေးဆိုနေကြ၏။ အာရှအရှေ့ဖျားနှင့် ဥရောပတိုက်သို့ ကြည့်လိုက်လျှင် ကမ္ဘာစစ်ကြီးဆီသို့ ဦးတည်နေသော
စစ်ပွဲများ ပေါက်ကွဲနေသည်ကို တွေ့ရပေသည်။
ကျွန်တော်ကား ကျောင်းသားတစ်ယောက်အနေနှင့် နီးကပ်သော ပတ်ဝန်းကျင်၏ အေးငြိမ့်ညင်သာမှုကို မခံစားဘဲ
မနေနိုင်ပါ။ စာမေးပွဲတွင် ဝင်ဖြေဖြစ်သည်သာမက အောင်လည်းအောင်ခဲ့ပါပြီ။ အောင်စာရင်းကို ကြည့်ရင်း
ဘဝလုံခြုံမှုအတွက် အလုပ်အကိုင်များကိုပင် မျှော်မှန်းစဉ်းစားမိပေသည်။ ဘီအေအောင်လျှင် ဘဝ၏ ဘယ်ခရီးတွင်
လျှောက်ရမည်ဟု ယတိပြတ် ဆုံးဖြတ်ရသည်မှာ ကောလိပ်ကျောင်းသားတစ်ယောက်၏ ဓမ္မတာလိုဖြစ်နေပေပြီ။
သို့သော် ကျွန်တော်ကား ရိုးရိုးကျောင်းသားတစ်ယောက် မဟုတ်ခဲ့ပါ။ သခင်တစ်ပိုင်း ကျောင်းသားဖြစ်ခဲ့ပါသည်။
ထို့ကြောင့် ကျွန်တော့်အဖို့ ဘဝလုံခြုံမှု အလုပ်အကိုင်ကို မျှော်မှန်းစဉ်စားရခြင်းမှာ မလွယ်ကူပါ။
ကျွတ်ကျွတ်လွတ်လွတ် ကိုယ့်ဘဝ လုံခြုံမှုတစ်ခုတည်းကိုသာ ကြည့်လျက် အလုပ်အကိုင် ရွေးချယ်မည်လော။
ကိုယ့်ဘဝလုံခြုံမှုကို လုံးဝဂရုမပြုဘဲ ခြေသလုံးအိမ်တိုင်ဖြစ်သလိုနေ၊ ဖြစ်သလိုစား၍ သခင်နိုင်ငံရေးသမားအဖြစ်သို့ ဝင်မည်လော။ သို့မဟုတ် ကိုယ့်ဘဝလုံခြုံရေးတစ်ပိုင်း၊ သခင်တစ်ပိုင်း
လုပ်နိုင်သည့်အလုပ်တစ်ခုခုကို ရှာမည်လော။ တွေဝေသည်ဟု သူများအား စွပ်စွဲရန်၊ သို့မဟုတ် ငါနယ်

တွေဝေရန်ကောဟု ကိုယ့်ကိုယ်ကိုယ် မကျေနပ်ရန် လွယ်ကူ၏။ သို့သော် ပြတ်သားရန်မှာ မလွယ်ကူပါ။
ကျွန်တော့်အား ပိုမိုဆွဲဆောင်နေသော ဘဝခရီးမှာ ခြေသလုံးအိမ်တိုင်ဖြစ်သလို နေ၊ ဖြစ်သလိုစား
သခင်နိုင်ငံရေးသမားဘဝဖြစ်ပေသည်။ ကိုယ်ကျိုးကို လုံးဝစွန့်လွှတ်နိုင်ခြင်းသည် ဂေါတမမြတ်စွာဘုရား၏
ကျင့်စဉ်ကဲ့သို့မြင့်မြတ်သည်ဟု ထင်ပေသည်။ ထောင်၊ တန်း၊ စက်တိုင်စသည်တို့နှင့် ရင်ဆိုင်ရသော ခရီးသည်
စွန့်စားလိုသော လူငယ်လူရွယ်၏ စိတ်ကိုလှုံ့ဆွပေးနေသည်။ လောကနှင့်ပတ်သက်သော ကျွန်တော်၏
အတွေးအခေါ်အထင်အမြင်တို့သည် ဗြိတိသျှနယ်ချဲ့နှင့် မြေရှင်ပဒေသရာဇ်တို့၏ နှောင်ကြိုးမှ ရုန်းကန်ထွက်ရန်
ခေါင်းဆောင်နေသော သခင်တို့ဗမာအစည်းအရုံးကြီးဆီသို့ မျက်မှောက်ပြုနေပေသည်။
ထို့ကြောင့်လည်း ကျွန်တော့်ဖခင်ကြီးထံမှ စာမေးပွဲပြီးလျှင် အိမ်ပြန်ခဲ့ဖို့ စာရေးခေါ်သော်လည်း အိမ်မပြန်ဘဲ
နေခြင်းဖြစ်သည်။ မအောင်လျှင် နောက်စာမေးပွဲ ဆက်ဖြေဖို့ စာကြိုးစားရန်ဟူသောဆင်ခြေဖြင့် ဆက်နေခဲ့လေ
သည်။ တို့ဗမာအစည်းအရုံးနှင့် သခင်ခေါင်းဆောင်များ၏ အနီးအနားတွင် ရစ်ဝဲနေခဲ့သည်။
စာမေးပွဲအောင်သောအခါ ပို၍ကောင်းသော ဆင်ခြေကို ရပြန်လေသည်။ ဘီအေအောင်ပြီး မိဘများအား
လုပ်ကျွေးရန် အလုပ်ရှာနေပြီ စသည်ဖြင့် အကြောင်းပြကာ အိမ်မပြန်ဘဲ နေပြန်လေသည်။ မိဘများထံပြန်လျှင်
အဖေကကြိမ်းလားမောင်းလား တုတ်တစ်ပြတ် ဓားတစ်ပြက်ဖြင့် နိုင်ငံရေးကို စွန့်လွှတ်ရန်၊
အဖေတသက်လုံးမှန်းထားသော ရာထူးစာမေးပွဲဝင်ရန် ပြောပေလိမ့်မည်။ အမေကမူ မျက်ရည်စကလေးဖြင့်
"နိုင်ငံရေးမလုပ်ပါနဲ့ သားရယ်"ဟု အသနားခံလိမ့်မည်။
"ကျွန်တော်တော့ အဖေ့ကြိမ်းဝါးသံကိုလည်း နားမထောင်ချင်ဘူး၊ အမေ့မျက်ရည်စကိုလည်း မမြင်ချင်ဘူး"ဟု
ကျွန်တော်က ဦးလေးမြင့်အား ပြောလိုက်လေသည်။ ဦးလေးမြင့်သည် အဖေကသူ့ထံရေးလိုက်သော
စာရွက်ကလေးကို ကတော့လုပ်ရင်း အတန်ကြာတွေနေပြီးနောက်–
"အေးလေ ငါတော့နောက်ထပ် ဘာမှမပြောတတ်တော့ဘူး၊ မင်းလည်း အရွယ်ရောက်ပြီပဲ၊
မင်းဘာသာစဉ်းစားနိုင်လောက်ပါပြီ။ ငါ့သဘောအချုပ်ကတော့ နိုင်ငံရေးကို
အလျှင်းမလုပ်ရဘူးလို့

မပိတ်ပင်ချင်ဘူး၊ သို့ပေမယ့် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုလုပ်ရမယ်။
အကျိုးဆောင်ရာမှာ
လောကတ္ထစရိယ လောကလူအများအကျိုး၊ ဉာတတ္ထစရိယ ဆွေမျိုးသားချင်းကို
ပစ်ထားရယ်ဆိုရင် မဟန်သေးဘူး
မဟုတ်လားကိုကြွယ်”
ဘာမျှမပြောဘဲ တိုင်မှာမှီကာ ကြမ်းပြင်တွင် ခြေဆင်း၍ထိုင်နေသော ကိုကြွယ်အား
ဦးလေးမြင့်က
စစ်ကူတောင်းလိုက်လေသည်။
ကိုကြွယ်က ကျွန်တော့်အား စိုက်ကြည့်လိုက်သည်တွင် နဖူးပြင်မှာ အရေးသုံးခု
တွန့်ထင်သွားပေသည်။
“အင်း အကျိုးသုံးပါးစလုံး တစ်ပြိုင်နက်ပြီးတဲ့ အလုပ်ကိုလုပ်ရမယ်ဆိုရင်တော့
အတိုင်းထက်အလွန်
တံခွန်နှင့်ဘုရားပေါ့”
“ဦးလေးမြင့်ရယ်၊ အဖေ့ဆီကို ကျွန်တော်ဟာ အကျိုးသုံးပါးစလုံးပြီးတဲ့ အလုပ်မျိုးလုပ်နိုင်ဖို့
အလုပ်ရှာနေတယ်လို့ပဲ ကောင်းအောင်ကြည့်ရေးလိုက်ပါတော့ ဗျာ”
ဦးလေးမြင့်က မျက်စိမှေးသွားအောင်ပြုံးလိုက်ပြီး–
“ကောင်းအောင်ကြည့်ရေးလိုက်ဆိုတော့ မောင်တင်ထွန်းက ဒီအတိုင်း သဘောမကျလို့လား။
အတ္ထစရိယာ၊
ဉာတတ္ထစရိယာမပါဘဲ လောကတ္ထစရိယာသာ ကျင့်ချင်လို့လား”
“ဟဲ ဟဲသည်လိုလည်း မဟုတ်ပါဘူး”
အတန်ကြာ ကိုယ့်အတွေးနှင့်ကိုယ်ငြိမ်နေကြသည်။ ကျွန်တော်တို့သုံးဦးသား သည်
တစ်အိမ်တည်းနေကြသော်လည်း လသာမှန်အိမ်အောက် အခုလိုဆုံပြီး စကားပြောရသည့်
အခွင့်အရေးမှာ
မကြာခဏပေါ်သည်မဟုတ်ပေ။ ဦးလေးမြင့်မှာ သတင်းစာ ပုံနှိပ်တိုက် ဒုတိယဖိုမင်အဖြစ်ဖြင့်
တစ်လခြား
ညအလုပ်ဆင်းရသည်။ ကိုကြွယ်မှာ ရုပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေး၊ ကုသိုလ်ရေး
ဗာဟီရကိစ္စများသဖြင့်
မကြာခဏအပြင်ထွက်နေရတတ်သည်။ ကျွန်တော်ကမူ အရေးတော်ပုံစကတည်းက
တစ်ညတလေသာ
အိမ်ပြန်အိပ်နိုင်ခဲ့လေသည်။
“ဒီမှာဦးလေးမြင့်ရဲ့၊ ကိုယ့်အကျိုး၊ ဆွေမျိုးသားချင်းအကျိုးကို လျစ်လျူရှုထားဖို့ဆိုတာ
ခက်ခဲသလောက်
အမျိုးသားလွတ်လပ်ရေး၊ ဗမာတွေသခင်ဖြစ်ရေး အလုပ်ကို လျစ်လျူရှုထားဖို့ခက်ခဲတာပဲ။
ကျွန်တော်ဟာ

အမှန်အတိုင်းပြောရရင် လျစ်လျူရှုထားဖို့ ကြိုးစားခဲ့ပါတယ်၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုပြီး
ကိုယ့်စာကိုယ်ကျက်နေမယ်လို့ ဆုံးဖြတ်မိခဲ့တယ်။ သို့ပေမယ့် မရဘူး၊ စာကိုဖတ်ရင်း အဲဒီစာထဲက
အကြောင်းတွေစဉ်းစားခဲ့တယ်။ ဘုန်းကြီးကျောင်းနေတုန်းက ကိုယ့်ဗမာပြည်နိမ့်ကျတာ သိပ်မသိခဲ့ဘူး။
တက္ကသိုလ် ကျောင်းပညာသင်တော့ ကိုယ့်ဗမာပြည်နိမ်ကျတာ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်တာ ပိုသိလာရတယ်။
ဘုန်းကြီးကျောင်းနေတုန်းက ကမ္ဘာဟာ သိပ်မကြီးလှဘူး၊ တက္ကသိုလ်ရောက်တော့ ကမ္ဘာဟာ ဗမာထက်အဆပေါင်းများစွာကြီးတာ တွေ့လာရတယ်။ ကျွန်တော်တို့ကျောင်းသားတွေကို စာဖတ်ခန်းအပြင်
စာသင်ခန်းအပြင် လှမ်းမကြည့်အောင်ပိတ်လို့လည်း မရနိုင်ဘူး။ အပြင်လှမ်းမကြည့်ရအောင် ပိတ်လေလေ
ကျွန်တော်တို့ကျောင်းသားတွေနဲ့ အာဏာပိုင်တွေ အတိုက်အခံဖြစ်လေလေ ဖြစ်ရတာပဲ။
အတိုက်အခံဖြစ်နေတာထဲမှာ ကျွန်တော်မပါဘဲနေရအောင် ကြိုးစားကြည့်တယ်၊ နေမရတာကိုတွေ့ရတာပဲ။
အလွန်တရာသန်တဲ့ရေစီးကြောင်းက သစ်ရွက်ခြောက်ကလေးလိုပဲ ဖြစ်နေတာတွေ့ရ တယ်။ စဉ်းစားကြည့်လေ၊
၁၉၃၆ခုနှစ်တုန်းက မျက်နှာဖြူဆရာကြီးတွေဟာ ဆရာစိတ်မရှိ၊ ဗျူရိုကရက် အရာရှိစိတ်ဝင်ပြီး ကျောင်းသားတွေအပေါ်မှာ မောက်မာကြတယ်၊ အသွေးအရောင်ကွဲတဲ့
လူတွေအဖြစ်နဲ့မတူမတန် သဘောထားပြီး
နှိမ်ချင်ကြတယ်၊ ကျောင်းသားခေါင်းဆောင်တွေကို ဘာမဟုတ်တဲ့ အကြောင်းကလေးတွေပြပြီး ထုတ်ပစ်ကြတယ်။
ဒီတော့ ကျောင်းသားသပိတ်ကြီး ပေါ်ခဲ့ရတယ်။ အဲဒီအချိန်မှာ ကျောင်းသားအများနဲ့လမ်းခွဲပြီး ကျောင်းဆက်တက်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ စာဖတ်ခန်းထဲ သော့ခတ်ပြီး ပိတ်ထားဦး၊ စာအုပ်ကို ကိုင်ကြည့်မိမှာ
မဟုတ်ဘူး။ ခုအရေးတော်ပုံကျတော့ ဘေးထွက်နေဖို့ ပိုခက်တယ်။
ကျောင်းသားခေါင်းဆောင်တွေကို ဖမ်းတယ်၊
ဆီးတယ်၊ နောက်ပြီး ကျောင်းသားထုကို ရိုက်တယ်၊ နှက်တယ်၊ မြင်းနဲ့တိုက်တယ်၊ ဒီလိုဖြစ်နေတဲ့ အချိန်မှာ
ဘယ်လိုလုပ်ပြီး ငြိမ်နေနိုင်မှာလဲ။ ဗိုလ်အောင်ကျော်အလောင်းကို အလံလုပ်ပြီး ချီတက်နေတဲ့ကျောင်းသားတွေရဲ့
အရေးတော်ပုံခေါ်သံကို ဘယ်လိုလုပ်ပြီး မထူးဘဲ နေနိုင်ပါ့မလဲ”
သူတို့ရှေ့တည့်တည့်သို့ငေးစိုက်ကြည့်နေကြသော ဦးလေးမြင့်နှင့် ကိုကြွယ်တို့သည် ပြိုင်တူပြောလိုက်ကြလေသည်။

“ဒါတော့အမှန်ပဲ မောင်တင်ထွန်း”
“ဒါကြောင့်လည်း ဦးလေးတို့ကိုယ်တိုင် ထောက်ခံအားပေးခဲ့ကြတာပေါ့”
သူတို့နှစ်ယောက် ဝင်ထောက်၍ ပြောလိုက်ခြင်းကြောင့် ကျွန်တော့်စကားစဉ် ပျက်သွားသည်။ အတန်ကြာတိတ်ဆိတ်နေပေသည်။ အနောက်ဘက်မှမီးရထားခုတ် မောင်းသံကို တဝုန်းဝုန်းကြားလာရပေ၏။
ဦးလေးမြင့်က ဆင်းထားသော ခြေကိုရုပ်ပြီး တင်ပျဉ်ခွေထိုင်လျက်–
“ဒါပေမဲ့ အရေးတော်ပုံက အမြဲဖြစ်နေမှာ မဟုတ်ဘဲ၊ ခုဆိုရင် မင်းတို့ကျောင်းသားအရေးတော်ပုံက ပြီးနေပြီပဲ”
“တစ်သက်လုံးအမြဲဖြစ်နေမှာကတော့ ဟုတ်ပါတယ်။ ကျောင်းသားအရေးတော်ပုံ ကွက်ကွက်ကလေး
ကြည့်ရင်လည်း ပြီးပြီလို့ ပြောမယ်ဆို ပြောနိုင်ပါတယ်။ ဒါပေမဲ့ ဗမာအရေးတော်ပုံက မပြီးသေးပါဘူး။
ကြည့်လေ၊ လောလောဆယ်ကိုပဲ ကျွန်တော်တို့ ရန်ကုန်မှာ အေးသလိုလိုရှိနေပေမယ့် နယ်တွေ
ကြည့်လိုက်စမ်းပါဦး။ အလုပ်သမားအရေး အေးသလိုလိုရှိနေပေမယ့် တခြားလူတန်းစားအရေးကို
ကြည့်လိုက်စမ်းပါဦး။ တောင်သူလယ်သမားတွေဟာ မြိတ်၊ တနင်္သာရီကနေပြီးတော့ ဗန်းမော်၊ မြစ်ကြီးနားအထိ
လှုပ်ရှားဆူပူနေကြတယ်။ ရုံးစိုက်ရာ၊ ဂါတ်တည်ရာ၊ ထောင်ရှိရာ မြို့တွေကို ကျေးရွာက တောင်သူလယ်သမားတွေ
ရာလိုက် ထောင်လိုက်ချီတက်ပြီး ရုံးဂါတ်တွေကို ဝိုင်းပြီး အရေးဆိုနေကြတယ်။ ဒါတွေကိုမေ့ပျောက်ထားလို့
မရဘူး။ ကျွန်တော်ဟာ စာမေးပွဲ ဖြေနေတုန်းကမေ့ထားလို့ရသလောက် ရပါတယ်။ စာမေးပွဲအောင်စာရင်းကြည့်ပြီး
အလုပ်အကိုင် တွေးတောရင်းမေ့ထားလို့ ရသလောက် ရတယ်။ သို့ပေမယ့် ခဏပဲ ဦးလေးမြင့်ရဲ့။ ပြီးတော့
ဒီထက်အရေးကြီးတဲ့ အချက်ရှိသေးတယ်၊ တောင်သူလယ်သမား အရေးတော်ပုံဟာလည်း အမြဲတမ်းပေါ်နေမယ့်
အရေးတော်ပုံတော့ မဟုတ်ဘူး။ ပြီးတဲ့အခါပြီး၊ ငြိမ်တဲ့အခါငြိမ်သွားမှာပဲ။ သို့ပေမယ့် ဗမာ့လွတ်လပ်ရေးအရေးတော်ပုံကြီးက ပြီးဖို့ဝေးသေးတယ်။ အသွင်အမျိုးမျိုးနဲ့ ဆက်ဆက်ပေါ်နေဦးမှာပဲ။
အဲဒီလွတ်လပ်ရေး အရေးတော်ပုံကြီး အောင်မြင်ပြီးဆုံးတဲ့ တိုင် စည်းရုံးခေါင်းဆောင်နေတဲ့ တို့ဗမာအစည်းအရုံးကြီးရဲ့ နိုင်ငံရေးထဲဝင်ဖို့ဆိုတာ ကတော့ အရေးတော်ပုံအရေးကြုံလာတုန်း ဝင်တာမျိုး

မဟုတ်ဘူး။ ရက်အကန့်အသတ်နဲ့ လုပ်ရတာမျိုး မဟုတ်ဘူး။ အမြဲတမ်း ဝင်လုပ်ရတာ။ ခု ကျွန်တော်တို့ရဲ့
ခေါင်းဆောင်တွေဟာ တို့ဗမာအစည်းအရုံးကြီးထဲကို ဝင်ပြီး အမြဲတမ်း ဆောင်ရွက်နေကြပြီ။ ကိုနု၊ ကိုအောင်ဆန်း၊
ကိုဘဟိန်းတို့ကိုကြည့်ပါလား။ ခြေသလုံးအိမ်တိုင်ဖြစ်သလိုစား၊ ဖြစ်သလိုနေပြီး တို့ဗမာအစည်းအရုံးဝင်
သခင်တွေ ဖြစ်ကုန်ကြပြီ။ ကျွန်တော်တော့ သူတို့ကို မကြည်ညိုဘဲ မနေနိုင်ဘူး။ အားမကျဘဲ မနေနိုင်ဘူး။
သူတို့လိုပဲ ကိုယ်ကျိုးကို လုံးလုံးစွန့်ပြီး နိုင်ငံရေးထဲ ပစ်ဝင်ချင်တယ်”
ကိုကြွယ်ကချောင်းတစ်ချက်ဟန့်လိုက်ပြီး ခြောက်ကပ်သောအသံဖြင့်–
“အေးလေ၊ သံယောဇဉ်ပြတ်လို့ လုပ်နိုင်ရင်တော့ ကောင်းတာပေါ့”
ဦးလေးမြင့်က မာဆတ်ဆတ်အသံဖြင့်–
“သံယောဇဉ်ဆိုတာ ကိုယ့်ဘက်ကချည်းကြည့်ပြီး ဖြတ်နေလို့ပြီးတာ မဟုတ်ဘူး။ မောင်တင်ထွန်းမှာ
ကိုယ့်ဆန္ဒချည်းကြည့်ပြီး သံယောဇဉ်ဖြတ်လို့ ဖြစ်တာ မဟုတ်ဘူး၊ မိဘဘက်ကလည်း နေကြည့်ရဦးမယ်။
ကိုယ့်ကိုဒီအခြေရောက်အောင် ကျွေးမွေးသုတ်သင်လာတဲ့ မိဘမျက်နှာကိုလည်း ငဲ့ရသေးတယ်”
ကျွန်တော်သည် ဦးလေးမြင့်အားချေပရန် ဆင်ခြေရှာမတွေ့သဖြင့် ဖျာပေါ်တွင် ထောက်ထားသောလက်ကို
ရုပ်လိုက်ပြီး လက်ဖဝါးတွင် ထင်နေသော ဖျာကွက်ကလေးများကို စေ့စေ့ကြည့်ပြီး အတန်ကြာ တွေနေမိလေသည်။
နောက်မှ–
“ဗျာ– အဖေအမေ မရှိတဲ့ မိဘမဲ့ဖြစ်နေရင်လည်း အကောင်းသား”
ဦးလေးမြင့်က သရော်ပြုံးပြုံးလိုက်ပြီး–
“မိဘမဲ့ဖြစ်နေရင် မောင်တင်ထွန်း ဒီအခြေဒီအနေတောင် မရောက်ဘူး။ တိုင်းပြည်လွတ်လပ်ရေးတွေ၊
လူအများကောင်းစားဖို့တွေ တွေးနိုင်လောက်အောင် ပညာသင်ကြားခွင့်တောင် ရနိုင်မှာမဟုတ်ဘူး။
တောက်တီးတောက်တဲ့ကျေးဇူးမဲ့ စကားတွေ ပြောမနေနဲ့ မိဘကျေးဇူးဆိုတာ ဘယ်တော့မှ မမေ့ရဘူး”
ဦးလေးမြင့်သည် ပြောပြောဆိုဆို ထသွားပြီး ဘုရားစင်ရှေ့မှာ ဘုရားဝတ်ပြုလျက်နေလေသည်။
ကျွန်တော်ကကိုကြွယ်အား အဓိပ္ပာယ်မဲ့စွာ ကြည့်လိုက်သည်။ ကိုကြွယ်ကလည်း

ကျွန်တော့်အားအခိပ္ပာယ်မဲ့စွာကြည့်လိုက်သည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်စလုံး ဘုရားဝတ်ပြုနေသော
ဦးလေးမြင့်အား လှမ်းကြည့်ကြ၏။
ကိုကြွယ်က ကျွန်တော့်ကို လက်ဖြင့်ကုတ်လျက် တိုးတိုးကလေး–
"ကဲ၊ လာဆွမ်းချက်အိမ်ကို သွားရအောင်"
ကျွန်တော်တို့သည် ဘုရားဝတ်ပြုနေသော ဦးလေးမြင့်အား ရိုသေလေးစားသော အားဖြင့် ဖြည်းဖြည်းရွရွကလေးထကာ ကြမ်းသံပင် မမြည်အောင် လျှောက်၍ထွက်ခဲ့ကြလေသည်။
ဆွမ်းချက်အိမ်ကား ရက်လည်ဆွမ်းကျွေးမည့် မြင်းလှည်းသမား ဦးဖိုးခင်၏ အိမ်ဖြစ်ပေသည်။ ဦးဖိုးခင်၏
သမီးဖြစ်သူ မတင်ရွှေ၏ ယောကျာ်းကိုပြုံးမှာ ကမာရွတ်ဘူတာတွင် အလံပြလုပ်နေပေသည်။ သူတို့၏
နှစ်ခါလည်သားကလေး၊ ဦးဖိုးခင်၏ မြေးကလေးသည် ကွယ်လွန်ခဲ့ရာ မနက်ဖြန် ရက်လည်ဆွမ်းကျွေးမည်
ဖြစ်ပေသည်။ ကျွန်တော်သည် ဦးဖိုးခင်တို့အိမ်သားတစ်စုနှင့် ခင်မင်ရင်းနှီးသူ ဖြစ်ပေ၏။ ဦးဖိုးခင်၏သား
ကိုတင်ဖေနှင့် ဆိုလျှင် သံဃဒါန ဆွမ်းလောင်းသင်းမှ ဆွမ်းဆန်စိမ်းထွက်စဉ်က ဟိုဘက်သည်ဘက်
ထမ်းပိုးထမ်းရသူများ ဖြစ်ပေ၏။ သို့သော်မအားခဲ့သဖြင့် ကလေးအလောင်းသာ မြေသို့ရောက်၍ ကျွန်တော်ကား
မသာအိမ်သို့ တစ်ခေါက်မျှ မရောက်ခဲ့ချေ။ ခုနှစ်ရက်လည်ဆွမ်းချက်တော့မှ ရောက်ရပေတော့မည်။
ကျွန်တော်တို့သည် လမ်းကြားကလေးမှ လျှောက်ကြသည်။ ဟိုဘက်သည်ဘက် တွင် ပုဏ္ဏရိုက်ချုံများနှင့်ကြခတ်ဝါးရုံများရှိလေသည်။ အတော်ကလေး မှောင်သော်လည်း သွားနေကျ လာနေကျ
လမ်းကြားဖြစ်သဖြင့် ကျွန်တော်တို့၏ ခြေများသည် စမ်းတဝါးဝါး မဟုတ်ကြပေ။
"ကိုကြွယ်၊ ကလေးက ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲဗျ"
"သူငယ်နာရှိုးရှိုးပါပဲ"
ပြည်မသိ ဗာရာဏသီဆိုသကဲ့သို့ ကလေးရောဂါမသိ သူငယ်နာဟု အမည်တပ်လိုက်ကြသည့် ထုံးစံအတိုင်း
ကိုကြွယ်ကဖြေလိုက်ပေသည်။
"ဆရာဝန်ခေါ်သေးသလား"
"မခေါ်ဘူး၊ မယ်ဇလီကုန်းက ဆရာစိန်ရဲ့ လက်ထဲမှာပဲ ကိစ္စတုံးသွားတာပဲ"
"ဆရာဝန်ကလေး ဘာလေး ခေါ်ဖို့ကောင်းသဗျာ"
"ဘယ်မှာဆရာဝန်ခေါ်နိုင်လိမ့်မလဲ မောင်တင်ထွန်းရာ၊ ဆရာဝန်ခြေကြွခေါ် တယ်ဆိုရင် အစိတ်သုံးဆယ်တောင်

ကုန်မယ်မဟုတ်လား။ သူ့အဖေလခတောင် သည်လောက်မရဘူး"
ကျွန်တော်ကား ဘာမျှမပြောတော့ဘဲ တွေးတောစရာ အပြည့်နှင့် ခေါင်းငိုက်စိုက် ချ၍
လိုက်လာခဲ့ပေသည်။
သပွံပညာက တွေ့ထားသော တန်ခိုးထက်မြက်သည့် ဆေးဝါးတို့သည် မြင်းလှည်းသမားမြေး၊
မီးရထားအလံပြ၏
သားကလေးအတွက် တွေ့ထားခြင်း မဟုတ်ပေတကား။ သည်လိုနှင့်ပင် ဗမာ့လူဘောင်၏
အောက်လွှာတွင်
ကလေးပေါင်းများစွာ သေနေရပေ၏။ ကျွန်တော်သည် ကလေးဆုံးသဖြင့် ချုံးချ၍ငိုနေသော
မတင်ရွှေ၏
မျက်နှာကိုမြင်ယောင်နေသည်။
ဦးဖိုးခင်၏ အိမ်မှာ အထပ်အခင်းဟူ၍ မရှိ။ မြေကြီးမာကိုပင် အခင်းထားပြီး
တိုင်ရှည်စိုက်ကာ
အမိုးမြင့်မြင့်မိုးထားသည်။ ဘေးသုံးဘက်မှာ ကပ်ကာထားပြီး မျက်နှာစာမှာ
ဟာလာဟင်းဖြစ်သည်။
ခေါင်တိုင်များ၏ကျောဘက် အိမ်နောက်ပိုင်းတစ်ခြမ်းတွင်မူ အထပ်ခိုးတစ်ခုလုပ်ထားသည်။
ထိုအထပ်ခိုးတွင်
လူများအိပ်ကြသည်။ အထပ်ခိုးရှေ့ အိမ်ရှေ့ပိုင်းတွင် မြင်းလှည်းနှင့်မြင်းကို
ထားလေ့ရှိပေသည်။ ယနေ့ညမူ
မြင်းနှင့်မြင်းလှည်းကိုအပြင်ထုတ်ထားပြီး ထိုနေရာမှာ ဆွမ်းချက်နေကြလေသည်။
အထပ်ခိုးအောက်၌
ကွပ်ပျစ်တစ်ခုရှိ၏။
မီးဖိုပေါ်တွင် ဒယ်အိုးကြီးတည်ထားသည်။ ဝက်သားနီဒယ်အိုးကြီးပေတည်း။ ဝက်သားနီချက်၊
မယ်ဇလီဟင်း
ချိုချက်တို့တွင်သာ ထူးချွန်သည်မဟုတ်၊ မုန့်ဟင်းခါးဟင်း၊
ကြာဇံကြီးခေါက်ဆွဲဟင်းချက်များ၌လည်း
ထူးချွန်လှပေသည်။ သို့သော်သူသည် အချက်အပြုတ်ဖြင့် လုပ်ကိုင်စားသူ မဟုတ်။
နှင်းဆီခြံစိုက်၍ စားလေသည်။
သာရေး နာရေး အကျွေးအမွေးရှိလျှင် သူ့အားချဉ်းကပ်ကြရ၏။ သူသည်
ချက်ရပြုတ်ရမည်ဆိုလျှင်
မနက်ဈေးပို့စရာနှင်းဆီကောက်ဖို့ကိုပင် ဂရုမစိုက်ဘဲ လိုက်လာလေ့ရှိပေသည်။
အနုပညာဆရာသည်
မိမိဖန်တီးလိုက်သော အနုပညာလက်ရာကောင်းတစ်ခုခုတွင် ကြည်နူး၍မဆုံးနိုင်သကဲ့သို့
ဦးဖိုးရှင်သည်
သူချက်ပြုတ်လိုက်သော ဟင်းကောင်းတစ်ခုခုတွင် ကြည်နူး၍မဆုံးဖြစ်နေတတ်ပေ သည်။
ဘယ်တုန်းက

ဘယ်သူ့အလှူမှာ ငါချက်လိုက်တာဘယ်သူကတောင် ချီးကျူးရတာပဲဟု
သူ့အောင်မြင်ချက်များကို လိပ်နေ့စွဲနှင့်တကွ
ပြောလေ့ရှိပေသည်။
ဦးဖိုးခင်နှင့်ဦးဖိုးရှင်တို့သည် လူချင်းလည်းခင်၊ နာမည်ချင်းလည်း ဆင်သော်လည်း
ညီအစ်ကိုများ မဟုတ်ကြကုန်။
မီးဖိုဘေးတွင် မိန်းမသုံးယောက် ကြက်သွန်အခွံသင်နေကြလေသည်။ အကြီးဆုံးမှာ
ဦးဖိုးခင်၏ဇနီးဒေါ်လှမေဖြစ်၍
ကျန်နှစ်ယောက်မှာ ဘူးသီးကြော်ဖိုရှင် ဒေါ်လုံးတင်၏ သမီးအကြီးမြကြည်နှင့်
အခြားမိန်းကလေးတစ်ယောက်ဖြစ်၏။
မတင်ရွှေမှာကား မီးဖိုအနီး မီးကျီးပေါ်တွင် တင်ထားသော ရေနွေးပုံးထဲမှ
ရေနွေးကိုမှုတ်ဖြင့်ခပ်ကာ
လက်ဖက်ရည်ကြမ်းကရားထဲသို့ ထည့်လျက်ရှိပေသည်။ ကိုယ်လေးလက်ဝန်ရှိသဖြင့်
အကုန်းအကွ
အထိုင်အထခွကျနေသည်ကို မြင်နိုင်ပေသည်။ ကလေးသေပေမယ့်
ဖျော်ဖြေစရာအစားရတော့မည်ဖြစ်ရာ
တော်ပေသေး၏ဟုအောက်မေ့လိုက်မိ၏။ သို့သော် မျက်တွင်းဟောက်၍ ညိုးနွမ်းနေသော
မျက်နှာကိုမြင်လိုက်သောအခါ နောက်မွေးမယ့်ကလေးလည်း ဒီလိုမသေသင့်ဘဲ သေရရင်
သူ့ခမျာ
လူ့ပြည်မှာတောင် နေချင်တော့မှာ မဟုတ်ဘူးဟု တွေးမိပြီး သနားနေမိလေသည်။
ကွပ်ပျစ်ပေါ်တွင်ကား ဦးဖိုးခင်သည် လူသုံးယောက်နှင့်အတူ ထိုင်နေလေသည်။
တစ်ယောက်မှာ ဦးဖိုးခင်၏သား
ကိုတင်ဖေဖြစ်သည်။ အခြားတစ်ယောက်မှာကား ဆံပင်ညှပ်ဆိုင်ပိုင်ရှင် ဆံပင်ညှပ်သမား
ကိုဘကျူး၊ သို့မဟုတ်
သခင်ဘကျူးပင်ဖြစ်၍ ကျန်တစ်ယောက်မှာ ကျွန်တော်မသိသော
လူစိမ်းတစ်ယောက်ဖြစ်လေသည်။
မြင်လျှင်မြင်ချင်း သူ့မျက်နှာမှာ ပါမောက္ခ ဦးဖေမောင်တင်၏ မျက်နှာနှင့်အလွန်တူသည်ကို
သတိပြုလိုက်မိပေ၏။
ကျွန်တော်နှင့်ကိုကြွယ်ရောက်သွားလျှင်သွားချင်း သခင်ဘကျူးက ဆီး၍–
"လာဟေ့ သခင်တင်ထွန်း၊ လာကိုကြွယ်ထိုင်၊ ဆွမ်းဆန်မဆေးခင် စကားကလေး ဘာကလေး
ပြောကြသေးတာပေါ့"ဟု ခေါ်လိုက်သည်။ ဦးဖိုးခင်က တစ်ဖက်သို့ ဖင်ရွှေ့ရင်း
ထိုင်စရာနေရာ လုပ်ပေးနေသည်။
ဦးတင်ဖေကမူ ပြုံး၍နှုတ်ဆက်လိုက်သည်။
ဦးဖိုးရှင်ကလည်းခေါ်ပြန်သည်။
"ဟေ့မောင်ကြွယ်၊ ခဏလာပြီး ငါ့ဟင်းမြည်းကြည့်စမ်းပါဦး"

ဦးဖိုးရှင်သည် ပြောရင်းဆိုရင်း ဝက်သားနီဒယ်အိုးကြီးတွင် ယောက်မကြီးစိုက်ပြီး မွှေလိုက်သည်။ ဦးဖိုးရှင်ကား
အင်္ကျီမပါ၊ လက်နီးထက်မသာလှသော မျက်နှာသုတ်ပဝါတစ်ထည်ကို လည်ပင်းမှာ ပတ်ထားသည်။
သူ၏ထူရှုံ၍နီကြင့်သော ချိုင်းမွှေး (ဂျိုင်းမွှေး) များကို ထင်ရှားစွာ မြင်နေရပေ၏။ ဦးဖိုးရှင်မှာ ကျယ်သောနဖူး၊
ပြောင်သောခေါင်းတုံးနှင့် ဝဖြိုးသော ကိုယ်ခန္ဓာရှိလေရာ သင်္ကန်းဝတ်လိုက်ရလျှင် ဘယ်လောက်ဆရာတော်ကြီးနှင့်
တူမလဲဟုတွေးထင်ကြည့်လိုက်မိသည်။
ခေါ်ကြသူများအကြားတွင် ခဏမျှတွေ၍ ရပ်နေရာမှ ကိုကြွယ်က ကျွန်တော့်အား လှမ်းကြည့်ပြီး–
"လာ ဝက်သားဟင်း မြည်းကြည့်ကြဦးစို့ရဲ့"
ကျွန်တော်တို့သည်ဦးဖိုးရှင်၏ အနီးတွင် သွား၍ရပ်ကြသည်။ ဦးဖိုးရှင်သည် ယောက်မကို ချထားပြီး
ဒန်ဇွန်းကြီးတစ်ခုဖြင့် ဝက်သားတုံးတစ်တုံးကို ခပ်ယူ၍ ကိုကြွယ်အား ပေးလိုက်လေသည်။ ပြီးတော့
အဆီဝင်းနေသော သူ့မျက်နှာနှင့် နဖူးပြင်ကို လည်ပင်းမှာ ပတ်ထားသော မျက်နှာသုတ်ပုဝါဖြင့်သုတ်နေရင်း
ကျွန်တော့်တို့အား ကြည့်လျက်ရှိ၏။ ကိုကြွယ်သည် အငွေ့တထောင်းထောင်းနှင့် အနံ့သင်းနေသော
ဝက်သားတုံးပါသည့်ဇွန်းကိုကိုင်လျက် မြကြည်အား–
"ဟ မြကြည် နင့်အမေမပါဘူးလား"
ကြက်သွန်အခိုးဝင်သဖြင့် မျက်စိပေကလတ် ပေကလတ်ဖြစ်နေသော မြကြည်က–
"အမေ အကြော်ဖို သိမ်းပြီးမှ လာလိမ့်မယ်"
မျက်နှာသုတ်ပြီးပြီဖြစ်သော ဦးဖိုးရှင်က–
"ဟော့ မောင်ကြွယ်ရ၊ လုံးတင်က မင်းကို ပစ်မပြေးပါဘူး။ ဟင်းမြည်းမယ့်ဟာ မြည်းစမ်းပါဦး"
"မဟုတ်ပါဘူး။ ကျုပ်က မြကြည်ကိုပန်းကန်ကလေးတစ်ချပ် အယူခိုင်းမယ်လို့ နှုတ်ဆက်တာပါ။ မြကြည်ရေ
ပန်းကန်ကလေးတစ်ချပ် ယူခဲ့စမ်းပါဟာ"
မြကြည်သည်ငုံ့ပြီး ကြက်သွန်အခွံသင်နေရာမှ ထလိုက်သည်။ သူကား ဟန်ဇာပင်နီအင်္ကျီ ခပ်ကျပ်ကျပ်ကလေးဝတ်ထားရာ ရင်သားများမှာ ထင်း၍နေပေသည်။ မြကြည်သည် ပန်းကန်ပြားသွားယူနေစဉ်
ကိုကြွယ်က ခပ်တိုးတိုး ဦးဖိုးရှင်အားပြောလိုက်သည်။
"ခင်ဗျာ့ ဝက်သားဟင်းက မလုံးတင်ထက် ကောင်းမှာကတော့ သေချာပါတယ်ဗျ"

ဦးဖိုးရှင်သည် ပြက်လုံးလည်းဖြစ် သြဘာသံလည်းဖြစ်သော ကိုကြွယ်၏စကားကို
သဘောကျပြီးတဟားဟားရယ်လေသည်။ ကြက်သွန်အခွံသင်နေ ကြသော
ကျန်မိန်းမနှစ်ယောက်လည်း
ကြားလိုက်ဟန်ရှိပြီး တခစ်ခစ်ရယ်နေကြ၏။
မြကြည်သည် ပန်းကန်ပြားကလေးတစ်ခုကို လာပေးသောအခါ ကိုကြွယ်သည်
ဝက်သားတုံးကို
ထည့်လိုက်ပြီးဖွန်းသွားဖြင့် ထက်ဝက်ဖြတ်လိုက်သည်။ ဝက်သားတုံးကား တိခနဲ
ပြတ်သွားခြင်းအားဖြင့်
မည်မျှနူးမြည့်နေပြီဖြစ်ကြောင်း သိနိုင်ပေ၏။ ကိုကြွယ်က တစ်ပိုင်းကိုယူစားပြီး
ကျွန်တော့်အား
တစ်ပိုင်းကိုပေးလေသည်။
စားပြီးလျှင် ကိုကြွယ်သည် ဝက်ဆီဖြင့် ဝင်းနေသော နှုတ်ခမ်းများကို မသုတ်ဘဲ–
"အဟုတ်ပဲဗျ၊ ကျွန်တော်ခုနက ပြောတာမမှားဘူး"
ဦးဖိုးရှင်ကား တဟားဟားရယ်၍နေရစ်၏။
ကျွန်တော်တို့သည် ကွပ်ပျစ်ပေါ်သို့သွားကြသည်။ ကျွန်တော်က ကိုတင်ဖေ၏ အနီးမှာထိုင်ပြီး
သူ့ဒူးကို
လက်နှင့်ပုတ်ရင်း–
"ကိုပြုံးတစ်ယောက်တော့ မမြင်ပါလား"
"ညအလုပ်ဆင်းနေရတယ်"
"ခုလို ကိုယ့်သားကိစ္စရှိနေတာတောင်မှ ခွင့်မရဘူးလားဗျ"
"အသုဘကိစ္စတုန်းက ခွင့်ယူလိုက်တာနဲ့ ခွင့်ရက်တွေက ကုန်သွားဆိုထင်ပါရဲ့ဗျာ။
မနက်ဘုန်းကြီးဆွမ်းကျွေးမီတော့ ပြန်ရောက်လာမှာပါပဲ"
ကျွန်တော်သည် ကိုပြုံး၏စိတ်နာဖွယ်ကောင်းသောအဖြစ်တွင် စိတ်ကူးနယ်ချဲ့
တော့မည်လုပ်နေဆဲ ကိုကြွယ်က
စကားဝိုင်းအဆက်ကို ပြန်ကောက်လိုက်လေသည်။
"ကဲ ဘာတွေများ ပြောဆိုဆွေးနွေးနေကြသလဲ၊ အဘိဓမ္မာလား၊ ပုဂ်ရာဇဝင်လား၊ ကိုဘကျူး
ရောက်နေတယ်ဆိုတော့ မိုးညှင်းအဘိဓမ္မာစကားဖြစ်မှာပဲ"
ဆံပင်ညှပ်ဆိုင်ရှင် ကိုဘကျူးကပြုံးလိုက်သည်။
"မဟုတ်ဘူး ကိုကြွယ်ရေ့၊ ဒီနေ့ညတော့ အရေကလာပ် အဖတ်ကလာပ်တွေ
အကြောင်းမဆွေးနွေးတော့ဘူး၊
သကြိန်တုန်းကဗမာတွေရဲ့ အသုံးအဖြုန်းတွေကို ပြောနေကြတယ်"
ပါမောက္ခဦးဖေမောင်တင်၏ မျက်နှာရှိသော ဧည့်သည်က ဝင်၍–
"ကျုပ်တို့ဗမာတွေဟာ သုံးရာအဖြုန်းရာမှာဖြင့် ပထမတန်းပါပဲဗျာ"
ကိုဘကျူး– "ရန်ကုန်မှာ အခုလို အကြီးအကျယ် ရေသဘင်ကျင်းပတာ မကြာသေးဘူးဗျ။
ဟိုတုန်းကတော့

ရေပက်ချင်သူတွေက လိုက်ပက်ကြတယ်၊ မော်တော်ကားတွေနဲ့
လိုက်ပက်တာလည်းထုံးစံမရှိပါဘူး။
မော်တော်ကားကြီးနဲ့ ရေပက်ခံထွက်တာတို့ အလှပြထွက်တာတို့ဟာ တစ်မြန်နှစ်ကမှ
စပေါ်တာ မဟုတ်လား”
ကိုကြွယ်– “ဟုတ်တယ် မော်လမြိုင်က သင်္ကြန်ကိုအတုခိုးတာလေ”
ကိုဘကျူး– “ဒီနှစ်တော့ ရေပက်ခံဦးထုပ်ကလည်းပေါ်လာသေးတယ်။ ဂျပန်ကောင်းမှုပေါ့ဗျာ၊
ဂျပန်ကတော့ဘယ်လိုအမြတ်ထုပ်ရပ့ါမလဲလို့ ကြည့်နေတာပဲ။ အမျိုးသားနေ့မှာ လူတွေ
စိတ်အားထက်သန်တာ
မြင်တာနဲ့တစ်ပြိုင်နက် ဒေါင်းအလံတွေ လုပ်လာပြီးရောင်းတာပဲ။ အမျိုးသားနေ့မှာ လူတွေ
စိတ်အားထက်သန်တာ
မြင်တာနှင့် တစ်ပြိုင်နက် ဒေါင်းအလံတွေ လုပ်လာပြီးရောင်း တာပဲ။ ဟော–
သင်္ကြန်ပွဲတော်မှာ
လူတွေစိတ်အားထက်သန်တာမြင်ပြန်တော့ ရေပက်ခံရာဘာဦးထုပ်တွေ လုပ်လာတယ်၊
တစ်လုံးတစ်မတ်ဆို
ထင်ပါရဲ့၊ ဒီနှစ်သင်္ကြန်မှာ ဓာတ်ဆီဖိုးတို့၊ ကားခတို့၊ အဝတ်ဖိုးတို့၊ ဦးထုပ်ဖိုးတို့
ဖြုန်းလိုက်ကြတဲ့ ငွေဟာ
ရန်ကုန်မှာချည်း ခုနှစ်သိန်းကျော်လောက်ရှိမယ်လို့ သတင်းစာတစ်စောင်မှာ
စာရင်းတွက်ပြထားသဗျ”
ပါမောက္ခဦးဖေမောင်တင်၏ မျက်နှာရှိသော ဧည့်သည်က လက်ဖက်ရည်ပန်းကန်ကိုဆွဲယူရင်း–
“အင်း–ကဆုန်ညောင်ရေသွန်းပွဲတော်ကလည်း ကပ်နေပြီနော်”
သခင်ဘကျူးက ဆေးပေါ့လိပ်ကို အစီခံဘက်က သူ့လက်ဖက်ရည်ကြမ်းပန်း ကန်ထဲမှာ
နှစ်ပြီးတဆတ်ဆတ်ခါရင်း–
“ဟုတ်တယ်၊ တစ်ပွဲပြီးတစ်ပွဲပေါ့ဗျာ၊ ပွဲများရာမှာဖြင့် ကျုပ်တို့ဗမာကို မီတဲ့လူမျိုး
ကမ္ဘာမှာရှိမယ်မထင်ဘူး”
ကိုကြွယ်– “အင်းဗမာတွေက ပွဲကနေတုန်း ကမ္ဘာကြီးကတော့
စစ်ကြီးပဲဖြစ်တော့မလိုပါကလား”
ယခုထိ ဘာမျှတစ်လုံးတစ်ပါဒ ဝင်မစွက်သေးဘဲ သူများပြောသမျှကို စိုက်နားထောင်နေသော
ဦးဖိုးခင်က
ကျွန်တော့်အား များစွာအားထားသော အကြည့်ဖြင့် ကြည့်လိုက်ပြီး–
“မောင်တင်ထွန်းရေ တို့တစ်တွေကို ကမ္ဘာ့သတင်းကလေးဘာလေးလည်း
ဖောက်သည်ချစမ်းပါဦး၊
စစ်ဖြစ်နေပြီလိုလိုလည်း ကြားရရဲ့။ ဟောဒီက ကိုအုန်းဖေ ကြားလာတာကတော့
ဒိဗ္ဗစက္ခုဆရာကျော်ရဲ့
ဟောကိန်းအရဟစ်တလာဆိုတာ ဘုန်းကြီးဦးမယ်တဲ့”
ဦးဖိုးခင်က ‘ဟောဒီက ကိုအုန်းဖေ’ဆိုသည်မှာ ပါမောက္ခဦးဖေမောင်တင်၏ မျက်နှာရှိသော

ညွှန့်သည်အားဆိုလိုကြောင်း တွေ့ရပေသည်။ ပါမောက္ခမျက်နှာရှိ သော်လည်း ဒိဗ္ဗစက္ခုဆရာကို
မျက်မှောက်ပြုသူပေတကားဟု ကျွန်တော်စဉ်းစားမိပေ သည်။
ကိုဘကျူးသည် လက်ဖက်ရည်တစ်ကျိုက် ကျုက်ချလိုက်ပြီး ကျွန်တော့်အား ကြီးစွာသော အားထားခြင်းဖြင့်
ကြည့်ပြန်သည်။ ပြီးနောက်–
"ကဲ လုပ်စမ်းပါဦး၊ ကမ္ဘာ့နိုင်ငံရေးကလေးများ ကြားရအောင်"
ကွပ်ပျစ်ပေါ်က လူတိုင်းသည် ကျွန်တော့်အား အာရုံစိုက်နေကြသည်။
ကမ္ဘာ့သတင်းစစ်ကြီးသတင်းကို
လူတိုင်းနားထောင်ချင်ကြသည်။ ကျွန်တော်ကား လက်ဖက်ရည်ကြမ်းနှစ်ကျိုက်သုံးကျိုက်
စိမ်ပြေနပြေသောက်နေ၏။ အားလုံးက ဘာမျှမပြောဘဲ ကျွန်တော့်စကားကို
စောင့်နေကြသည်။ ကျွန်တော်ကား
နောက်ထပ် လက်ဖက်ရည်ကြမ်း နှစ်ကျိုက်သုံးကျိုက် စိမ်ပြေနပြေသောက်နေပြန်လေသည်။
ကြေးကိုင်ခြင်းကား
မဟုတ်ပါ။ ဘယ်ကစပြောရမည်လဲဟု အစရှာနေခြင်းဖြစ်ပါသည်။
"ခုတလော အရေးကြီးဆုံးကတော့ ဂျာမနီက မင်းမဲလ်ဆိုတဲ့
မြို့ကိုသိမ်းပိုက်လိုက်တဲ့ကိစ္စပဲဗျ။ မင်းမဲလ်ဆိုတာက
လစ်သူယေးနီးယားပြည်ကလေး မှာရှိတဲ့ ပင်လယ်ဆိပ်ကမ်းမြို့ကလေးဗျ။
လစ်သူယေးနီးယားဆိုတဲ့ပြည်က
ဂျာမနီနဲ့ ရုရှားကြားမှာ ရှိတယ်"
ကိုကြွယ်–
"နိုင်ရာစားခေတ်ကြီးမှာ တိုင်းပြည်ကြီးက ပြည်ငယ်ကလေးရဲ့ မြို့ကိုသိမ်းတယ်ဆိုတာ
ဓမ္မတာပေါ့၊ ဂျာမနီနဲ့
အင်္ဂလိပ်၊ ဂျာမနီနဲ့ရုရှားပြည်ကြီး အချင်းချင်းဖြစ်ကြတာမှ မဟုတ်ဘဲ၊ ခွေးလှေးခုန်လို့
ဖုန်မထ
ဆိုတာလိုဖြစ်မှာပေါ့"
"သည်လိုလည်း သေးငယ်တဲ့ကိစ္စ မဟုတ်ဘူးဗျ။ ပြည်ကြီးအချင်းချင်း တိုက်ရိုက်ဖြစ်တာ
မဟုတ်ပေမယ့်လို့
ကိစ္စတွေက ဆက်နေတယ်ဗျ၊ ဟစ်တလာ ဂျာမနီသိမ်းလာတာတွေက များပြီကိုး။ မကြာခင်က
ချက်ကိုစလိုဗက်ကီးယားပြည် အားလုံးကို သိမ်းခဲ့တယ်။ ပထမတစ်ပိုင်းသာ သိမ်းစဉ်တုန်းက
အင်္ဂလိပ်အစိုးရက
အလျှော့ပေးသဘောတူခဲ့တယ်။ တစ်ပြည်လုံးသိမ်းတဲ့အခါကျတော့ အင်္ဂလိပ်အသံက
မာလာရတယ်ဗျ။ ဟော့
ဂျာမနီနောက်ထပ်မကျူးကျော်နဲ့၊ တိုင်းငယ်ပြည်ငယ်တွေကို သိမ်းပိုက်တဲ့အလုပ်ကို မရပ်ရင်
တို့မခံတော့ဘူးလို့

ချိန်ဘာလိန်ဆိုတဲ့ အင်္ဂလိပ်နန်းရင်းဝန်ကြီးက ကြေညာရတယ်။ အဲဒီလို
ကြေညာပြောဆိုနေတဲ့ကြားထဲ
ကဟစ်တလာ ဂျာမနီကခုနက ပြောခဲ့တဲ့မင်းမဲလ်မြို့ကို သိမ်းတာပဲဗျ။ ဒီတော့
ဒီအပြုအမူဟာ တစ်နံပါတ်အားဖြင့်
အင်္ဂလိပ်ကို ဂျာမနီကအန်တုဖက်ပြိုင်ကြောင်း ကြေညာတာဖြစ်တယ်ဗျ၊ နှစ်နံပါတ်အားဖြင့်
ရုရှားနယ်စပ်မှာရှိတဲ့
ပြည်ကလေး တစ်ပြည်က မြို့ကိုသိမ်းတယ်ဆိုတာ ရုရှားပြည်ကြီးအနီးမှာ
ဂျာမနီစစ်စခန်းချနိုင်ဖို့ လည်း
လုပ်ခြင်းဖြစ်သဗျ။ လစ်သူယေးနီးယားမှာရှိတဲ့ အစိုးရကလည်း ခနရှင်အစိုးရဆိုတော့
ရုရှားဆင်းရဲသားအစိုးရကို
သဘောမကျဘူး၊ ဒီတော့မင်းမဲလ် မြို့ကို ဂျာမနီသိမ်းတဲ့အခါမှာ
သဘောတူထိုးအပ်တဲ့သဘော လုပ်ခဲ့တယ်ဗျ၊
ဒီလိုနဲ့ လစ်သူယေးနီးယားတစ်ပြည်လုံးက ဂျာမနီစစ်ခြေကုပ်ယူစရာ ဖြစ်လာမယ်ဆိုတော့
ရုရှားကို
ခြိမ်းခြောက်နေရာလည်း ရောက်နေသဗျ၊ ဒါကြောင့် သေးငယ်တဲ့ကိစ္စ မဟုတ်ဘူးဗျ၊
ဥရောပအခြေအနေဟာ
မီးပွားတစ်ခုကျရုံနဲ့ ဝုန်းခနဲ ပေါက်ကွဲနိုင်တဲ့ ယမ်းပုံကြီးလို ဖြစ်နေတယ်”
ပါမောက္ခဦးဖေမောင်တင်၏ မျက်နှာရှိသော ဦးအုန်းဖေက သက်ပြင်းကြီးချ လိုက်ပြီး–
“အင်း စစ်ကြီးဖြစ်လာရင်တော့ ကပ်ကြီးသုံးပါးဆိုက်လာတော့မှာပဲ။ မဖြစ်အောင်
ဘယ်လိုလုပ်လို့မှမရတော့ဘူးထင်တယ်။ မြတ်စွာဘုရားသာ သက်တော်ထင်ရှားရှိရင်
ကပိလဝတ်နဲ့
ကောလိယပြည်တို့ စစ်ဖြစ်ခါနီးမှာ စစ်တပ်များကြားမှ ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီး
ငြိမ်းချမ်းရေးတရားဟောတော်မူသလို စစ်မဖြစ်အောင် တားဆီးဆုံးမတော်မူမှာပဲ။ ခုလို
ဆုတ်ကပ်ကြီးမှာတော့
မြတ်စွာဘုရားသခင်လည်းမရှိ၊ ဘုရားတရားတော်ရဲ့ အဆုံးအမမှာ တည်သူလည်း မရှိ၊
ခက်တော့တာပဲ”
“ခုတော့ တစ်ခုပဲ မျှော်လင့်ချက်ရှိသဗျ။ ခုအခါ နေရာတကာ လိုက်ကျူးကျော်
ရန်စနေတာက
ဂျမနီခေါင်းဆောင်တဲ့ ဖက်ဆစ်တွေဖြစ်တယ်။ အဲဒီကျူးကျော်ရန်စသူကို ဝိုင်းပြီး
ခုခံကာကွယ်ဖို့ဆိုတဲ့
စည်းလုံးမှုရှိရင် ကျူးကျော်ရန်စမှုကို ဟန့်တားသလို ဖြစ်မှာပဲ။ အရေးအကြီးဆုံးက
အင်္ဂလိပ်ပြင်သစ်နဲ့
ဆိုဗီယက်ရုရှားစတဲ့ နိုင်ငံကြီးတွေက ပူးပေါင်းလုံခြုံရေးဆိုတဲ့မူနဲ့ စုပေါင်းခုခံဖို့
သဘောတူညီကြမယ်၊

ကြဲ့ကြဲ့ခံပြီး ရပ်တည်ကြမယ်ဆိုရင် စစ်ကြီးကိုတားဆီးလို့ရမှာ ပဲ။ ခုဖြစ်နေတာက အင်္ဂလိပ်နဲ့ ပြင်သစ်က ရုရှားနဲ့
မပူးပေါင်းချင်ဘူး။ ဟစ်တလာ ဂျာမနီကို အားပေးပြီး ရုရှားဘက်ကို ရှူးတိုက်ပေးချင်ကြတယ်၊ သို့ပေမယ့်
ဟစ်တလာတို့လူစုကလည်း အမေရိကန်ပြင်သစ်နဲ့ အင်္ဂလိပ်တို့က အားပေးလို့ အားရှိလာတာနဲ့ တစ်ပြိုင်နက်
ရုရှားဘက်မလှည့်ဘဲ အင်္ဂလိပ်နဲ့ ပြင်သစ်ဘက် လှည့်နေတာသာ တွေ့နေရတယ်၊ အင်္ဂလိပ်နဲ့ပြင်သစ်တို့ရဲ့
အကျိုးကိုထိပါးနေတာ သာ တွေ့နေရတယ်။ ဒါကြောင့်အခုဆိုရင် ပူးပေါင်းလုံခြုံရေးမူကို အခြေခံပြီး
ရုရှားနဲ့အင်္ဂလိပ်၊ ပြင်သစ်တို့ ဆွေးနွေးစေ့စပ်နေကြပြီဗျ။ အောင်မအောင်တော့ မသိဘူး၊ ခက်နေတာက ခုထိ
အင်္ဂလိပ်အစိုးရစာ မလွှဲသာလို့ ဆိုဗီယက်ရုရှားနဲ့ ဆွေးနွေးစေ့စပ်နေရပေမယ့် နှစ်ဦးနှစ်ဝ အကျိုးတူ တန်းတူ
စိတ်တူ သဘောတူထားပြီး မပူးပေါင်းချင်ကြသေးဘူး။ ရုရှားဘက်ကို ဂျာမန်စစ်ဦးလှည့် ပေးဖို့သာ
စိတ်ထက်သန်နေတုန်းပဲ၊ သူတို့သဘောက ရုရှားနဲ့ကဂျာမနီချနေကြပြီး နှစ်ဖက်စလုံးမှ ကြက်နှစ်ကောင်
အခွပ်ခိုင်းပြီး မောတော့မှနှစ်ကောင်စလုံး ဖမ်းစားတဲ့ ဥပမာအတိုင်း လုပ်ချင်ကြတယ်”
ကိုကြွယ်က ထွီခနဲ တံတွေးထွေးလိုက်ပြီး–
“အင်္ဂလိပ်ဆိုတဲ့ အယုတ်တမာကောင်ပါရင် ဒီလိုချည်းပဲ၊ ဒင်းတော့တစ်နေ့နေ့ ချောင်ပိတ်ပြီး ဘေးထိပါစေဗျာ”
ကိုတင်ဖေက–
“အင်္ဂလိပ်လည်း မကောင်းဘူး၊ ပြင်သစ်လည်း မကောင်းဘူး၊ အမေရိကန်လည်း မကောင်းဘူး။
ခနရှင်နိုင်ငံကြီးတွေမှန်ရင် ဘယ်ကောင်မှ မကောင်းဘူး”
ဦးဖိုးခင်က လက်ဖက်ရည်ပန်းကန်များတွင် လက်ဖက်ရည်ထည့်လိုက်ပြီးနောက်–
“ဒီအရှေ့ဘက်မှာလည်း မအေးဘူး မဟုတ်လား”
ကျွန်တော်က လက်ဖက်ရည်ကြမ်းကို နှစ်ကျိုက်သုံးကျိုက် စိမ်ပြေနပြေသောက် ပြီး–
“ဟုတ်တယ် မအေးဘူး။ တရုတ်ပြည်ကြီးထဲ ဂျပန်က အလုံးအရင်းနဲ့ တစ်ခါတည်း သိမ်းပိုက်ဖို့ ဝင်တိုက်နေတာ
နှစ်နှစ်ကျော် သုံးနှစ်ရှိနေပြီ။ ခုတလော တရုတ်ဂျပန်စစ်ဟာ ပိုပြင်းထန်လာတယ်။ တစ်နေ့ကပဲ
တရုတ်ပြည်ကျန်စုပြည်နယ် မြို့တော် နန်နင်းကို ဂျပန်တပ်တွေက သိမ်းလိုက်တယ်။ တရုတ်–ဗမာလမ်းမကြီးကို

လည်းဂျပန်ကမကြာခဏဖုံးလာကြတယ်လို့ ကြားရတယ်။ စစ်ဟာကျွန်တော်တို့နယ်စပ်ရောက်လာတာပေါ့ဗျာ။
ပြီးတော့ ဂျပန်နဲ့ဆိုဗီယက်ရုရှားကလည်း သူတို့နယ်စပ်မှာ စစ်ပွဲကလေးများဖြစ်နေတယ်”
ဦးဖိုးခင်–
“ရုရှားနဲ့ ဂျပန်နယ်စပ်နေသလား၊ မင်းခုနက ပြောတော့ ရုရှားနဲ့ ဂျာမန်ကလည်း ကြားမှာပြည်ကလေး
တစ်ပြည်သာခြားတယ်ဆို မဟုတ်လား၊ ရုရှားကြီးက ကြီးလှပါကလား”
“ဟုတ်တယ် ဆိုဗီယက်ရုရှားဟာ အာရှရော၊ ဥရောပမှာရော ခွပြီး တည်ရှိတယ်။ ကမ္ဘာမြေပြင်ရဲ့
ခြောက်ပုံတစ်ပုံကျယ်တယ်ခင်ဗျ။ ရုရှားမှာ ပစ္စည်းမဲ့ အစိုးရ တည်ထောင်ထားတယ်”
ထိုအချိန်တွင် အိုးသူကြီး ဦးဖိုးရှင်သည် ကျွန်တော်တို့ စကားဝိုင်းတွင် လာ၍ မတ်တတ်ရပ်ကာ ချွေးစို့နေသော
သူ့ရင်ဘတ်ကို မျက်နှာသုတ်ပဝါဖြင့် သုတ်လျက်ရှိသည်။
ဦးအုန်းဖေ–
“ပစ္စည်းမဲ့ အစိုးရဆိုတာ ဘာလဲကွဲ့”
ကျွန်တော်က တစ်စုံတစ်ရာ မဖြေရသေးခင် ကိုကြွယ်က–
“ခင်ဗျား သခင်နုရေးတဲ့ လူမွဲတို့ ထွက်ရပ်လမ်းဆိုတဲ့ စာအုပ်ကို မဖတ်ရဘူးလား”
ဦးဖိုးရှင်က မတ်တတ်နေရာမှပင် လက်ဖက်ရည်ကြမ်းပန်းကို ဆွဲယူရင်း–
“သူကမှ စာမဖတ်တတ်ဘဲဟာ ကိုရင်ကြွယ်ကလည်း”
အို–ဦးအုန်းဖေက ဘုန်းကြီးကျောင်းကပ္ပိယလုပ်နေတယ် မဟုတ်လား၊ စာမတတ်ဘူးလို့ ဘယ်ထင်မိမှာ လဲဗျ”
ဦးဖိုးရှင်–
“စာဆိုတာ သင်မှတတ်တော့မှာပေါ့၊ ကျောင်းနေတိုင်း တတ်ရမှာလား”
ဦးအုန်းဖေကား ရှိုးတိုးရှန့်တန့်ဖြစ်နေပါသည်။ ကျွန်တော်တို့အားလုံးအား တောင်းပန်တိုးလျှိုးသော
မျက်နှာဖြင့်ကြည့်နေသည်။ ပြီးတော့–
“ငယ်ငယ်က စာမတတ်တော့ ကြီးမှစာသင်ဖို့ ခက်တယ်ဗျ၊ မြေးလောက်ကလေးတွေနဲ့အတူ ကကြီးကခွေးသင်ရမှာ
ရှက်တယ်ဗျ၊ ဒါကြောင့် မသင်ဖြစ်တာပဲ”
ပါမောက္ခဦးဖေမောင်တင်၏ မျက်နှာရှိသော ဦးအုန်းဖေသည် စာတစ်လုံးမှ မတတ်သော ဘုန်းကြီးကပ္ပိယဖြစ်နေသည်ကို တွေ့ရခြင်းမှာ ကျွန်တော့်အဖို့များစွာ စိတ်ဝင်စားဖွယ် ဖြစ်နေပါသည်။
ဦးဖိုးရှင်က ကျန်သောလက်ဖက်ရည်ကို မော့ချလိုက်ပြီး ပန်းကန်ကို ကွပ်ပျစ်ပေါ်သို့ ပစ်တင်လိုက်သည်။
ပြီးတော့–

"ကဲ ဘုရားဒကာ ကျောင်းဒကာတို့၊ ဆွမ်းဆန်ဆေးကြဖို့ကောင်းပြီ"
ကိုကြွယ်က အရင်ထလိုက်သည်။ ကိုဘကျူးက ဆေးလိပ်တိုကို အိမ်အပြင် ရောက်အောင်
လွှင့်ပစ်လိုက်သည်။
ကိုတင်ဖေသည် ရေထမ်းရန်ထသွားလေသည်။ ကျွန်တော်ကား ဦးဖိုးရှင်အား
ဆွမ်းဆန်သယ်ရာမှာ ဝိုင်းကူလေသည်။
ကိုကြွယ်နှင့်ကိုဘကျူးတို့က ဆန်ဆေးကြလေ၏။
မြကြည်တို့ မိန်းမသိုက်ကား ကြက်သွန်အခွံသင်၍ ပြီးကြပြီဖြစ်သဖြင့် ငရုတ်သီး
ထောင်းသူကထောင်း၊
ခရမ်းသီးခားနှင့်လှီးသူက လှီး၊ ပုစွန်ခြောက် ပြာသူက ပြာ လုပ်နေကြလေသည်။
ထိုသို့ အသီးသီး အလုပ်များနေကြချိန်တွင် မြကြည်က ဦးဖိုးရှင်အား–
"ဦးကြီး ဦးဖိုးရှင်၊ ဦးကြီးရဲ့ မယ်ဇလီဟင်းချိုဟာ ဘာကြောင့် သည်လောက်
နာမည်ကြီးနေတာလဲ
ဝှက်ထားတဲ့နည်းကလေးများရှိရင် ကျွန်မတို့ သိပါရစေရှင်"
"ရှိတော့ရှိတာပေါ့ဟ၊ သို့ပေမယ့် လူတိုင်းပေးလို့ ဖြစ်တာမဟုတ်ဘူး။ ငါ့မယ်ဇလီဟင်း
နာမည်ကျော်တာ
အတော်ကြာပြီဟ၊ ဟိုဝံသာနုတွေပေါ်ခါစက ဦးဥတ္တမ သိပ်နာမည်မကြီးခင်
တို့ကမာရွတ်တပ်တွင်းကျောင်းမှာသီတင်းသုံးတယ်။ အဲဒီတုန်းက ငါက တပ်တွင်းကျောင်းမှာ
ကိုရင်ကြီးဝတ်နေတယ်၊ ဒီတုန်းက ငါချက်တဲ့ မယ်ဇလီဟင်းကို ဦးဥတ္တမ
ဘုဉ်ပေးရတာကိုးဟ။ ဒီတော့
ဦးဥတ္တမဟာ သဘောကျလွန်းလို့ သူများအတွက်တောင် မချန်ဘူး၊
သူချည်းဘုဉ်ပေးသွားတယ်။ ဦးဥတ္တမက
ငါ့မယ်ဇလီဟင်းချိုကိုလည်း ခဏခဏ ချီးကျူးတယ်"
"ဝှက်ထားတဲ့နည်းကလေးကိုပေးခဲ့ပါ ဦးကြီးရယ်"
အခြားမိန်းကလေးကလည်း နည်းတောင်းနေလေသည်။ ဦးဖိုးရှင်ကား ဘာမှမဖြေသေးဘဲ
ပြုံး၍သာနေ၏။
ကိုကြွယ်က မိန်းကလေးများအား ဖြည့်စွက်၍–
"ဆေးနည်းဝှက်ထားတဲ့ သမားတော်တွေလို မလုပ်နဲ့ဗျို့၊ ခင်ဗျားလည်း သချႋုင်းနီးနေပြီ။
နည်းကလေးဘာကလေးများ အမွေပေးခဲ့မှဖြစ်မယ်"
ဦးဖိုးရှင်က ပြင်ထားသော ဟင်းချိုအိုးကို မီးဖိုပေါ်တင်ပြီးနောက် စွယ်သွားနှစ်ချောင်း
ပေါ်သည့်တိုင်အောင်
အားရပါးရပြုံးပြီးနောက်–
"ဝှက်ထားတဲ့နည်းကလေးကတော့ တခြားမဟုတ်ဘူး၊ ဟင်းချက်ရင်း ကိုယ်ကထွက်တဲ့
ချွေးကိုဟင်းချိုအိုးထဲ
အနည်းဆုံး တစ်ပေါက်နှစ်ပေါက်ဖြစ်ဖြစ် ထည့်ပေးရတယ်။ ချွေးများလေ ဟင်းလေးလေပဲ ဟဲ
ဟဲ"

မိန်းကလေးများသည် တခစ်ခစ်ရယ်နေကြ၏။ ဦးဖိုးရှင်သည် ဤသို့ရယ်စရာပြောပြီး စကားလွှဲလိုက်ခြင်းမှာ
လျှို့ဝှက်သောနည်းကို မပေးချင်၍လော၊ သို့မဟုတ် ချွေးတလုံးလုံးနှင့် အားထုတ်၍ ချက်ပြုတ်လျှင်
ဟင်းကောင်းသည်ဟု ဆိုင်ချင်လေသလော မပြောတတ်ပေ။
ကျွန်တော်တို့လည်း ဆန်ဆေး၍ပြီးကြလေပြီ။
ဦးဖိုးရှင်နှင့် ဦးအုန်းဖေတို့သည် မီးဖိုတစ်ခုခွဲဖိုပြီးနောက် ရေနွေးကျိုနေကြလေ သည်။ နောက်ဆွမ်းအိုးတည်ကြ၏။
ဆွမ်းအိုးတည်ထားစဉ် ကျွန်တော်တို့သည် ကွပ်ပျစ်မှာထိုင်ပြီး လက်ဖက်ရည်ကြမ်း သောက်ပြန်ကြလေသည်။
ဦးဖိုးခင်က ကိုဘကျူးဘက်သို့–
"တို့ကမာရွတ်က သခင်ခင်မောင်တစ်ယောက် ဘယ်ရောက်နေသလဲကွ၊ မတွေ့တာ ကြာပါကော"
"ပေါက်ခေါင်းမှာ ကျောင်းဆရာလုပ်နေဆို ထင်ပါရဲ့ဗျာ"
"သခင်တွေကွဲတုန်းက ဘယ်သူ့ဘက်ပါသွားသလဲ"
ကိုဘကျူးက မဖြေမီပင် ကျွန်တော်က ကြားဝင်လိုက်၏။
"သခင်ဗစိန်တို့ဘက်ကို ပါသွားတယ်ကြားတယ်ဗျ"
ကိုဘကျူး–
"အဲဒီလိုလည်း သေသေချာချာ ဟုတ်မထင်ပါဘူးဗျာ"
ကိုကြွယ်–
"တို့သခင်တင်ကြီးတော့ ကမာရွတ်ကို အလည်တောင် မလာဘူးထင်တယ်"
ဦးဖိုးခင်–
"တစ်နေ့ကတော့ မြင်လိုက်တယ်ဟေ့၊ ငါက ဈေးကြီးနားမှာ မြင်းလှည်းရပ်ထားတုန်း သူကမော်တော်ကားကြီးနဲ့
ဖြတ်သွားတယ်။ သူ့ဘေးက တရုတ်လိုလို ဘာလိုလို လူတစ်ယောက်နဲ့။
သူ့ကြည့်ရတာလည်း ပြောင်ပြောင်
လက်လက်ပဲ။ ကြီးပွားနေတယ် ထင်ပါရဲ့၊ ငါ့ကိုပြုံးပြီး နှုတ်ဆက်သွားတယ်ကွ"
ဦးအုန်းဖေ–
"ကာမာဝစရကုသိုလ် အကျိုးပေးချိန်တန်ပြီဆိုရင် ဘယ်သူတားလို့မှ မရဘူး၊ ကြီးပွားလာတာပဲ"
ကိုကြွယ်နှင့် ကျွန်တော်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး သခင်တင်ကြီးအကြောင်း အသိကိုယ်စီနှင့်ပြုံးလိုက်ကြသည်။
ကိုဘကျူးသည် ဆေးပေါ့လိပ်တစ်လိပ်ကို ဖင်ပိုင်းမှ လက်ဖက်ရည်ကြမ်းတွင် နှစ်၍ တဆတ်ဆတ်ခါပြန်ပြီး–

“မော်လမြိုင်မှာ ကျင်းပသွားတဲ့ တို့ဗမာအစည်းအရုံးညီလာခံကြီးဟာ တယ်ကြီးကျယ်ဆိုပါကလား၊
သခင်တင်ထွန်း လိုက်မသွားဘူးလား”
“ကျွန်တော်တော့ လိုက်မသွားဘူးခင်ဗျာ၊ စာမေးပွဲကိစ္စတွေနဲ့မအားဘူး။
စည်ကားတယ်ဆိုတာတော့ သွားတတ်တဲ့
သခင်ခေါင်းဆောင်တွေဆီက ကြားပါတယ်။ မော်လမြိုင်ဒိုင်းဝန်ကွင်းကြီးဆိုတာ ရောမကွင်းကြီးပဲ။ အဲဒီထဲမှာ
မဏ္ဍပ်အကျယ်ကြီးထိုးပြီး ကျင်းပသတဲ့။ ကိုယ်စားလှယ်တွေလည်း ဗမာပြည်အရပ်ရပ်က အစုံလာကြတယ်။
မော်လမြိုင်မြို့ပေါ်မှာ သခင်ကြီးတို့၊ သခင်သန်းတို့၊ သခင်ထွန်းစိန်တို့ အင်အားက အင်မတန်ဘကီးတော့ လူတွေ
ကြိတ်ကြိတ်တိုးနေတာပေါ့။ ဗမာ့လက်ရုံးတပ်သားတွေ လုပ်လိုက်ပုံကလည်း တစ်ပြည်လုံးကို လှုံ့ဆော်ပေးလိုက်သလိုဖြစ်နေတယ်ဗျ။ မန္တလေးမြို့က လက်ရုံးတပ်သားတွေမော်လမြိုင်အထိ စက်ဘီးတွေနဲ့
ချီတက်လာကြတယ်၊ လမ်းတစ်လျှောက်လုံးမှာရှိတဲ့ လက်ရုံးတပ်သားတွေက ဆီးကြိုပြီး လိုက်ကြတယ်၊ ရန်ကုန်က
လက်ရုံးတပ်သားတွေက မော်လမြိုင်ထိခြေကျင်ချီတက်ပြီး တစ်လမ်းလုံး ဆော်ဩသွားကြတယ်”
ဦးအုန်းဖေ–
“လယ်တီပဏ္ဍိတ ဦးမောင်ကြီးလည်း မော်လမြိုင်ညီလာခံကိုတက်သလား”
“ကိုယ်တိုင်တော့ မတက်ပါဘူး။ ဆရာကြီးက ကောင်းကောင်းမမာဘူးဗျ။ ဒီတော့ မုံရွာကနေပြီး ညီလာခံကို
သဝဏ်လွှာပို့တယ်၊ ကမ္ဘာကြီးမှာ ဘုံဝါဒဟာ မြေကြီးလက်ခတ်မလွဲသလို အောင်မြင်ထွန်းကားလာမယ့်အကြောင်း၊
တို့ဗမာအစည်းအရုံးကြီးက ဘုံဝါဒလက်ခံတာကို ဆရာကြီးက ထောက်ခံကြောင်းရေး ပြီး တို့ဗမာအစည်းအရုံးကိုတတ်နိုင်တဲ့ဘက်က အားပေးမယ့်အကြောင်း ကတိပြုတယ်ဆိုပဲဗျ”
ဦးအုန်းဖေ–
“အင်း သူတော်ချင်းချင်း သတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့ဆိုတာကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့
လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ ဖတ်မိကြတာပေါ့ဗျာ”
ကိုကြွယ်–
“အင်း တို့ဗမာအစည်းအရုံးတော့ အားတက်နေတာပဲ၊ အရှေ့က နေဝန်းထွက်သည့်ပမာပ၊ တို့ခေတ်ကိုသာ
ရောက်ရမည်မှာ မလွဲပါဆိုတဲ့ သီချင်းဟာ တယ်မင်္ဂလာရှိတဲ့ နိမိတ်ပဲ”

ယင်းသို့လျှင် တို့ဗမာညီလာခံကြီးကို စားမြုံ့ပြန်နေကြခိုက် ဆွမ်းအိုးပွက်နေပြီ ဖြစ်၍ အသီးသီးလုပ်စရာရှိတာ
ထလုပ်ကြရပြန်လေသည်။
မိန်းကလေးများကား အလုပ်ပြီးသဖြင့် လုပ်စရာပင် မရှိသလောက် ဖြစ်နေပြီ။
ဦးဖိုးခင်၏ဇနီးဒေါ်လှမေပါ
ဝိုင်းဖွဲ့၍စကားပြောနေကြလေသည်။
ဦးဖိုးခင်က မိန်းကလေးများဘက်သို့–
"ဟဲ့ကောင်မလေးတွေ ခဏအိမ်ပြန်ကြပါဦးလား၊ အရုဏ်တက်တော့ တို့လာပြီး နှီးမှာပေါ့"
မိန်းကလေးများမှာ တစ်ယောက်ကိုတစ်ယောက် ပြန်မလား၊ မပြန်ဘူးလား အဖော်ညှိနေကြရာ
ဦးဖိုးခင်က–
"ဟဲ့ မြကြည် အိမ်ပြန်အိပ်ပါဦးလား"
မြကြည်က ကိုယ်ကိုဆန့်၍ လက်နှစ်ဖက်အညောင်းဆန့်ရင်း–
"ပြန်တော့ပြန်ချင်သားပဲ"
ဦးဖိုးခင်"
လှမေရေနင့်သားနဲ့အတူ ဒီကောင်မကလေးကို လိုက်ပို့လိုက်ပါဟာ"
ထိုအခါ ကျွန်တော်သည် ကိုတင်ဖေရော၊ မမြကြည်ပါ အခြေပျက်နေသည်ကို
သတိပြုမိပေသည်။
ကိုတင်ဖေကလည်း လိုက်မပို့ချင်သလို မမြကြည်ကလည်း သူလိုက်ပို့လျှင်
မသွားချင်သလိုလို၊ ဒေါ်လှမေကလည်း
သူ့သားနှင့် မြကြည်ကို အကဲခတ်ကြည့်နေလေသည်။ ဘာမျှရိပ်မိဟန်မတူသော
ဦးဖိုးခင်ကမူ–
"ဟဲ့– လိုက်ပို့လိုက်ကြပါဆိုနေတာ"
ကိုတင်ဖေ ရေထမ်းထမ်းပိုးကောက်ကိုင်ရင်း–
"ကျွန်တော်ရေထမ်းရဦးမယ်အဘရ"
ကိုကြွယ်က ပြုံးလိုက်ပြီး–
"ကဲ ကဲ မြကြည်ကို ကျုပ်နဲ့ မောင်တင်ထွန်း လိုက်ပို့လိုက်မယ်၊ ဟဲ့
မြကြည်နှင့်အမေကလည်း
လိုက်လာမယ်ဆိုပြီး ဘာလို့ လိုက်မလာသလဲ"
"အိပ်ပျက်မခံနိုင်လို့ထင်ပါရဲ့ ဦးလေးရယ်"
ဦးဖိုးရှင်–
"ကဲ မောင်ရင်ကြွယ် မင်း သမီး မင်းလိုက်ပို့ပေရော့လေ၊ သို့ပေမယ့်
ပြန်တော့ပြန်လာခဲ့ဦးနော်"
ကိုကြွယ်–
"ပြန်တော့်လာမှပေါ့ဗျ၊ ညောင်ပူဇော်ရဦးမှာပဲ"
သို့ဖြင့် ကျွန်တော်နှင့် ကိုကြွယ်က မြကြည်အား လိုက်ပို့ကြသည်။ အခြားသူများက

အခြားမိန်းကလေးနှစ်ယောက်ကိုလိုက်ပို့ကြလေသည်။ အချိန်ကား သန်းခေါင်ကျော်
၂နာရီခန့်ဖြစ်၏။
မချောသော်လည်း ကြည့်၍ မဆိုးသော နှာခေါင်းပွ၊ မျက်နှာပြားနှင့် မြကြည်ကား
ယခင်တစ်ခါတွေ့ရတုန်းကထက်
ပို၍ လုံးကျစ်အိထစ်နေသည်ဟု ထင်ပေသည်။
မြကြည်အား သူ့အိမ်သို့ပို့ထားခဲ့ပြီး ပြန်လာကြရင်း ကိုကြွယ်က–
"မြကြည်နဲ့ တင်ဖေ ကြိုက်နေတယ်ကွ"
"အခုနင်က ရိပ်မိလိုက်သားပဲ၊ ဘာဖြစ်လို့ မညားကြသေးသလဲ"
"ကောင်ကလေးက အလုပ်မရှိသေးဘူးကွ။ ကောင်ကလေးအလုပ်ရရင် ငါတော့
ပေးစားလိုက်မှာပဲ၊ နို့မဟုတ်ရင်
ကောင်မလေးဟာ တစ်ယောက်ယောက်ရဲ့ မယားငယ်ဖြစ်သွားမှာစိုးရတယ်။
ငါလည်းကောင်မလေးအတွက်
အလုပ်ရှာနေတယ်။ မင်းလည်း ရှာလိုက်စမ်းပါကွာ"
"ရှာမယ်လေ ဟဲ ဟဲ ကျွန်တော့်အတွက်လည်း အလုပ်ရှာရဦးမယ်"
နောက်ဘာမျှ မပြောကြတော့ဘဲ ထမင်းချိုးနှင့်ဝက်သားအနှစ်လူးကာ ညောင်ပူဇော်ရန်
ဆွမ်းကျွေးအိမ်သို့ တန်း၍
အေးဆေးစွာ လျှောက်လာခဲ့ကြသည်။ ကျွန်တော်ကား စကားမပြောသော်လည်း
စိတ်ထဲမှာတော့ ကျွန်တော်နှင့်
ကိုတင်ဖေအဖို့ အလုပ်ရှာရမည့်အရေးကို အနုလုံ ပဋိလုံ ဆွေးနွေးနေပေသည်။
၄၅
အရေးတော်ပုံ ဗိုလ်မှူးသင်တန်း
တစ်နေ့သ၌ ညဥ့်အချိန်တွင် ကျွန်တော်သည် ကိုလှရွှေနှင့်အတူ ကိုလှရွှေ၏
အစ်ကိုသခင်လှဖေနေထိုင်ရာ
ဘားလမ်းတိုက်ခန်းတစ်ခုသို့ လိုက်ပါသွားလေသည်။
ကိုလှရွှေကား ကျောင်းထွက်၍ နိုင်ငံရေးခြေစုံပစ်ဝင်သော လမ်းကိုမလိုက်ဘဲ ကျောင်းတက်ပြီး
ဆေးပညာဘွဲ့အမ်ဘီဘီအက်စ် ပြီးစီးအောင် သင်မည်ဟု ဆုံးဖြတ်ပြီးဖြစ်လေသည်။ မုဆိုးမ
ဖြစ်ကျန်ရစ်ပြီး
သားများအားတင်းကြပ်စွာ ချုပ်ကိုင်လေ့ရှိသော သူ့မိခင်၏ အလိုနှင့် ဆန့်ကျင်ကာ
ဘာဖြစ်ဖြစ် ဖွတ်နှစ်၍
သူ့ချစ်သူ မခင်ရီအားလက်ထပ်ယူရန် ပြင်ဆင်လျက်ရှိပေသည်။ သခင်လှဖေထံသို့သွားခြင်းမှာ
ထိုကိစ္စနှင့်
ပတ်သက်လေသည်။
ထိုစဉ်က သခင်လှဖေသည် တက်ဘုန်းကြီးသိန်းဖေနှင့် အတူနေလေသည်။
သခင်အောင်ဆန်းနှင့် သခင်စိုးတို့ကား
အတည်တကျ နေစရာမရှိ။ တကယ့်ခြေသလုံး အိမ်တိုင်များဖြစ်သည်။ တစ်ခါတစ်ရံ

တို့ဗမာအစည်းအရုံးဌာနချုပ်မှာ အိပ်ကြပြီး တစ်ခါတစ်ရံ ကိုသိန်းဖေတို့
အခန်းမှာအိပ်ကြသည်။
သခင်သန်းထွန်းနှင့် ကိုဘဟိန်းတို့ကား စာရေးဆရာ ဇဝနအိမ်ခန်းမှာ နေထိုင်ကြလေသည်။
ထိုနှစ်အိမ်စလုံးမှာ
လူပျိုအိမ်များဖြစ်၍ လွတ်လွတ်လပ်လပ်ဝင်ထွက် သွားလာနိုင်ပေသည်။
ကိုသိန်းဖေတို့ နေထိုင်ရာ ဘားလမ်းတိုက်ခန်းသည် ဒုတိယထပ်မှာ ရှိလေသည်။
ပထမထပ်တွင်
မည်သူနေသည်ဟု ကျွန်တော်မသိသော်လည်း လှေကား၏ ဝဲဘက်တွင်
ဂေါ်ရင်ဂျီများနေသည်ကိုလည်းကောင်း၊
ယာဘက်တွင် ဖျပ်ထိုးခေါင်းရွက် ဗမာဈေးသည်များ နေသည်ကိုလည်းကောင်းတွေ့ရ၏။
လှေကားအဝတွင် လမ်းမီးရောင်ဝင်သဖြင့် အနည်းငယ် လင်းနေသော်လည်း အပေါ်၌ကား
မှောင်မည်းနေလေသည်။
ရှေ့ကတက်သွားသော ကိုလှရွှေ၏ ဖျတ်လတ်သေချာသော ခြေလှမ်းတို့သည်
တဖြည်းဖြည်းမှောင်ထုပိုထူလာသော
လှေကားပေါ်တွင် စမ်းတဝါးဝါးဖြစ်လာပြီး–
"ကိုယ့်လူ အရင်က ဒီကိုရောက်ဖူးသလား"
"မရောက်ဖူးဘူး ကိုလှရွှေ"
"ဟား ဟား အလင်းရောင်တွေဆီကို ရောက်ခါနီးရင်မှောင်မြဲပဲ"
ကျွန်တော်ကား သူ့စကား၏ အဓိပ္ပာယ်တွေကို ဝေခွဲရန် ကြိုးစားရင်း စမ်းတဝါးဝါးဖြင့်
တက်လိုက်၏။
ဒုတိယထပ်သို့ရောက်သောအခါ ကိုလှရွှေက တံခါးကိုခေါက်ပြီးနောက် ကျွန်တော့်အား
လှည့်ကြည့်လိုက်သည်။
မှောင်ထဲတွင် သူ့မျက်မှန်ကိုတော့ မြင်ရသည်။
"ဒီအခန်းထဲမှာနေတဲ့ လူတွေဟာ အလင်းရောင်တွေချည်းပဲ သိလား၊ ဒါကြောင့်
အလင်းရောင်တွေဆီကို
မရောက်ခင် တို့တစ်တွေ အမှောင်ထဲတိုးရတာ ဟား ဟား"
ကျွန်တော်လည်းလိုက်၍သဲ့သဲ့ရယ်မိ၏။ ကိုလှရွှေက တံခါးကို ခေါက်ပြန်သည်။
အတွင်းမှတံခါးဖွင့်သံကြားရပြီးနောက် တံခါးပွင့်လာသောအခါ ကျွန်တော်တို့ရှေ့မှာ
သခင်လှဖေ ရပ်နေသည်ကို
တွေ့ရတော့သည်။
"ဟင်–ကိုစုလား၊ လာ လာ ဝင်ကြ၊ ဒီရဲဘော်ကလေးနာမည်က ဘယ်သူတဲ့၊ မေ့နေလို့"
ကိုစုဟု အခေါ်ခံရသူ ကိုလှရွှေက–
"မောင်တင်ထွန်းတဲ့"
ကျွန်တော်တို့ဝင်ပြီးသောအခါ တံခါးကို ချက်မချဘဲ စေ့ထားလိုက်သည်။

တိုက်ခန်းမှာ ပေ၄၀တော့ ကျော်လိမ့်မည်ထင်သည်။ သုံးပိုင်းကန့်ထားရာ ရေချိုးခန်း၊ အိမ်သာနှင့်မီးဖိုမှာ
နောက်ဖေးခန်းတွင်ရှိသည်။ အိမ်ရှေ့ခန်းတွင် သခင်စိုးနှင့် ကိုသိန်းဖေတို့
ထိုင်နေကြလေသည်။
အလယ်ခန်းတွင်ကား သခင်အောင်ဆန်းတစ်ယောက်တည်းရှိလေသည်။ လှေကားမှ ဝင်ဝင်ချင်းရောက်သော
အခန်းမှာ ထိုအလယ်ခန်းဖြစ်၏။
အလယ်ခန်းခေါင်းရင်းဘက် အလယ်ကြွက်လျှောက်ပေါ်တွင် ဖယောင်းတိုင်နှစ်တိုင်ထွန်းပြီး သခင်အောင်ဆန်းသည်
မတ်တတ်ရပ်လျက် စာဖတ်နေသည်။ ကျွန်တော်တို့ဝင်လာသည်ကိုလှည့်၍မျှမကြည့်ပေ။
ရှေ့ပိုင်းတွင်ကား စားပွဲတင် မှန်အိမ်တစ်ခုကို ထွန်းပြီးကြမ်းပြင်ပေါ်မှာချထား သည်။ မှန်အိမ်ဘေးတွင် သခင်စိုးနှင့်
ကိုသိန်းဖေတို့သည် တင်ပျဉ်ခွေထိုင်လျက် စကားပြောနေကြသေလည်။ သခင်လှဖေကား သူတို့ထံမှ
ထလာခဲ့ခြင်းဖြစ်ပြီး ကျွန်တော်တို့အား သူတို့ထံသို့ခေါ်သွားလေသည်။
သခင်စိုးက ထိုင်ရာမှ ကျွန်တော်တို့အား မော့ကြည့်လိုက်သည်။ ဖယောင်းတိုင်မီးမှ ဘေးတိုက်လာသောအလင်းရောင်တွင် သူ၏မောက်နေသော နဖူးနှင့် ကောက်နေသော နှာရောင်တို့သည်
ထင်ရှားလှပေ၏။ ကိုသိန်းဖေကမူ ရှေ့တည့်တည့်သို့သာ ငေးကြည့်နေ၏။ သခင်စိုးက တင်ပျဉ်ခွေထိုင်မြဲထိုင်၍
ကိုသိန်းဖေက ဆောင့်ကြောင့်ထိုင်လိုက်လေသည်။
ကိုလှရွှေက ကျွန်တော့်အား သခင်စိုးတို့ဘေးတွင် သွားထိုင်စေလေသည်။ သူနှင့် သခင်လှဖေက
အိမ်ရှေ့ဝရန်တာသို့ ထွက်ပြီး တီးတိုးစကားပြောနေကြလေသည်။ ကိုလှရွှေ၏ အိမ်ထောင်ပြုရေးအတွက်
ဆွေးနွေးကြခြင်းဖြစ်သည်ဟု နားလည်လိုက်ပေသည်။
သခင်စိုးတို့သည် တစ်စုံတစ်ရာ လေးလေးနက်နက် ဆွေးနွေးကြရာ ကျွန်တော်တို့ဝင်လာသဖြင့်
အနှောင့်အယှက်ဖြစ်သွားဟန်တူသည်။ ကျွန်တော်သည် သူတို့အနားဝင်ထိုင်သော်လည်း ရှုံးတိုးရှန့်တန့်
ဖြစ်နေသည်။ အားနာသလိုလည်း ဖြစ်နေသည်။ သူတို့ကလည်း သူတို့ဘာသာ အတွေးကိုယ်စီနှင့် ငေးနေကြပြီး
ကျွန်တော့်အားစကားတစ်လုံးတစ်ပါဒမျှ မပြောကြ။ ကျွန်တော်သည်သူတို့ထံမှ ထသွားချင်နေသည်။
ထိုအခိုက် အလယ်ခန်းတွင် မတ်တတ်ရပ်လျက် စာဖတ်နေသော သခင်အောင်ဆန်းသည်

အသံထွက်၍စာဖတ်လိုက်၏။ စာအုပ်မှာ အင်္ဂလိပ်စာအုပ် ဖြစ်သည်။ အသံထွက်နေပုံ လေယူလေသိမ်းပုံမှာ
ဒေါက်တာဘမော်ဟန်ဖြစ်သည်။ သခင်စိုးနှင့် ကိုသိန်းဖေတို့သည် တစ်ဦးနှင့်တစ်ဦး ကြည့်ပြီး ပြုံးလိုက်ကြသည်။
သခင်အောင်ဆန်းအား လှောင်ကြခြင်းဖြစ်သည်ဟု ကျွန်တော်ရိပ်မိပါ၏။
သခင်စိုးက ပြုံးရှုံ့မကာ ဟဲလိုက်ပြီး–
"ဖိုးအောင်ဆန်း ကျင့်ပြန်ပြီ၊ ကိုသိန်းဖေရာ ထကြည့်စမ်းပါဦး၊ ဘမော်လို ပါးစပ် ရွဲ့ရဲ့လားလို့"
ကိုသိန်းဖေသည် သခင်အောင်ဆန်းဆီသို့ လှည့်ကြည့်လိုက်သည်။ ကျွန်တော်လည်း လှမ်းကြည့်လိုက်၏။ သို့သော်
သခင်အောင်ဆန်းအား နောက်ကျောမှသာ မြင်ကြရသည်။
ကိုသိန်းဖေက သဲ့သဲ့ရယ်လိုက်ရင်း–
"မရွဲ့ဘဲ နေမှာမဟုတ်ပါဘူး၊ ထောင်ထဲတုန်းက ဘမော်စတိုင်နဲ့ ဆေးပြင်းလိပ် တောင် ခဲစမ်းနေသေးတယ် ဟဲ ဟဲ"
သူတို့၏မျက်နှာများသည် ပြုံးနေရာမှ တင်းမာသွားကြပြန်သည်။ သခင်အောင် ဆန်းက ဘမော်လေ
ကျင့်နေသည်ကို သူတို့နှစ်ယောက်စလုံး ကြားလိုဟန်မရှိသည်မှာ ထင်ရှား၏။ နားကြားပြင်းကတ်ခြင်းမှ
သက်သာစေလိုသောဟန်ဖြင့် သခင်စိုးက–
"ဘယ့်နှယ်လဲ ကျောင်းသားကိစ္စတွေ၊ ဘယ်သူတဲ့ရဲဘော်နာမည်မေ့နေလို့"
ကိုသိန်းဖေက ကျွန်တော်မဖြေခင် ဝင်ဖြေသည်။
"ရဲဘော်တင်ထွန်းလေ၊ ကျွန်တော်ပဲ ခင်ဗျားနဲ့မိတ်ဆက်ပေးတာ"
"မှတ်မိပါပြီ၊ မှတ်မိပါပြီ၊ ကျောင်းသားသမဂ္ဂနဲ့ အစိုးရချုပ်တဲ့ စာချုပ် စက္ကူစုတ်လောက်မှ အဖိုးမတန်တော့ဘူးလို့ကြားရတယ်။ အင်း သပိတ်မှောက်ကျောင်းသူ ကျောင်းသားတွေ သွေးစည်းစဉ်တုန်းက
ဗမာတစ်ပြည်လုံး သွက်သွက်ခါအောင် တုန်လှုပ်ချောက်ချားစေနိုင်ခဲ့တယ်၊ သွေးကွဲလာတဲ့အခါ ဘာမဟုတ်တဲ့
ဓနရှင်အလိုတော်ရိသာပေါင်းညာစား နိုင်ငံရေးအချောင်သမားများက ဝင်ရောက်စော်ကားလာတယ်။ သပိတ်မှောက်
အလုပ်သမားတွေသွေးစည်းမိတုန်းက စုံစမ်းရေးအဖွဲ့၊ ဖျန်ဖြေရေးအဖွဲ့ စသည်တွေ ဖွဲ့စည်းပြီး ဓနရှင်တွေက
လိုက်လျောခဲ့တယ်။ အလုပ်သမားများရဲ့ စည်းလုံးမှုခွန်အားပျက်ပြားလာတဲ့အခါ အဲဒီဖျန်ဖြေရေးခုံအဖွဲ့၊
စုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှာပါတဲ့ ပြဋ္ဌာန်းချက်တွေကို ဓနရှင်ကိုယ်တိုင် အလိုတော်ရိတွေ အကူအညီနဲ့

နေ့ကြောင်တောင် ဖြောင်ချိုးဖဲ့ဖျက်ဆီးကြတယ်။ လယ်ယာ တောင်သူဆင်းရဲသားတွေမှာလည်း ဒီလိုပဲ
ခံကြရတယ်။ လယ်ယာဆင်းရဲသားတွေ ညီညွတ်တုန်းကလုပ်ထားတဲ့ လယ်သီးစားဥပဒေကို သူတို့ကွဲပြားပြီး
စည်းရုံးရေးမရှိတဲ့အချိန်မှာ လယ်ပိုင်ရှင်ကြီး အချို့က ဖျက်ဆီးကြတယ်၊
အနိုင်ကျင့်နည်းစာချုပ်တွေနှင့်
လယ်သီးစားသမားများကို စော်ကားကြတယ်၊ ဒီတော့ကျောင်းသားတွေခု ခံစားနေရတာဟာ မဆန်းဘူး။
ကျောင်းသားတို့၊ ပညာတတ်လူတန်းစားတို့ဆိုတာ ခနရှင်ပေါက်စတွေပေါ့၊ ကောက်ရိုးမီးလို ဟုန်းဟုန်းထတောက်ပြီး ငြိမ်းတာပဲ။ ပထမသပိတ်ကြီးတုန်းကလည်း ကြည့်ပါလား၊
ကောက်ရိုးမီးလိုပဲ တဟုန်းဟုန်း
ထတောက်ခဲ့တယ်၊ ငြိမ်းတော့လည်း ငြိမ်းသွားတာပဲ။
အချို့ကျောင်းသားတွေအစိုးရကျောင်းများမှာ
ခေါင်းလျှိုပြီးပြန်ဝင်တယ်၊ အချို့သပိတ်ခေါင်းဆောင်တွေကတော့ အစိုးရအရာရှိအဖြစ်နဲ့ ဝင်ပြီး အမှုထမ်းသွား
ကြတယ်၊ ကျောင်းသားတွေကို နိုင်ငံချဲ့စနစ်အောက်မှာ ကျွန်ပီပီနေစေတဲ့က ပညာရေးစနစ်မှာ တော့ဖြုံတောင်မဖြုံဘူး"
ကျွန်တော်သည် သခင်စိုး၏ ကျောင်းသားနှင့်ပတ်သတ်သော စကားများကို နားမဝင်နိုင်အောင် ရှိနေပါသည်။
သို့သော် ခွန်းတုံ့ခွန်းပြန် ပြောရန်ကား အားမရှိပါ။ ကိုသိန်းဖေက
ကျွန်တော့်ကိုယ်စားပြောလိုက်သလို
ရှိပေတော့သည်။
"ပထမကျောင်းသားသပိတ်နဲ့ ပတ်သက်ပြီး သခင်စိုးပိုင်းခြားဝေဖန်ပုံကို
ကျွန်တော်သဘောမတူဘူး။
ခင်ဗျားပြောပုံက ပထမကျောင်းသားသပိတ်ကြီးဟာ အချည်းနှီး အကျိုးမဲ့သလို ဖြစ်နေတယ်။ မှန်ပါတယ်၊
နယ်ချဲ့ပညာရေးစနစ်ကြီးကို လုံးဝဖျက်ဆီးမပစ်နိုင်ခဲ့ပါဘူး။ သို့ပေမယ့်
နယ်ချဲ့ပညာရေးစနစ်ကြီးဟာ ကြီးမားတဲ့
ဒဏ်ရာဒဏ်ချက်ရသွားတယ်လို့ ဆိုရမယ်။ လုံးလုံးပျောက်အောင် ကုမရတဲ့
ဒဏ်ရာလို့ဆိုရမယ်။ ပြီးတော့
နယ်ချဲ့ပညာရေးစနစ်ရဲ့ဓားသွားကို တုံးစေတဲ့ အမျိုးသားကျောင်းများပေါ်ပေါက်လာစေခဲ့တယ်၊
နောက်ဆုံးတစ်ချက်ကတော့ ခုကျွန်တော်တို့ခေတ်ကျောင်းသားများ
ဒီလောက်စိတ်တက်ကြွလာတာဟာ
အဲဟိုခေတ်က စိတ်ဓာတ်အမွေကို ခံရလို့ဖြစ်တယ်"
သခင်စိုးသည် ခါးကိုဆန့်လိုက်ပြီး–

“ခင်ဗျား ဘာပဲပြောပြော ကျောင်းသားဆိုတာ ပညာတတ်လူတန်းစားပဲ၊ ခေတ်ရှင်ပေါက်စ ဉာဉ်ရှိတယ်၊ တွေဝေတယ်၊
ယိမ်းယိုင်တယ်၊ သစ္စာဖောက်တယ်”
သခင်စိုးတွင် ကျွန်တော်တို့ ကျောင်းသားများအား အပ်နှင်းစရာ ဘွဲ့ထူးမည်မျှ နောက်ထပ်ရှိသေးသည်ဟု
မသိရတော့ပါ။ သခင်လှဖေနှင့် ကိုလှရွှေတို့ ဝင်လာပြီး ကျွန်တော်တို့ဝိုင်းမှာ ထိုင်ပြန်သဖြင့် စကားရပ်သွားပါသည်။ ကိုလှရွှေသည် ဖင်ချ၍မျှ မထိုင်ဘဲ–
“ကျွန်တော်တော့ သွားစရာရှိသေးတယ်၊ ခင်ဗျားတို့ ဆွေးနွေးပွဲကို နားထောင်ချင်ပေမယ့် မနေအားတော့ဘူး၊
ရဲဘော်တင်ထွန်းတော့ နေချင်နေခဲ့၊ ကိုယ်အပြန်ကျတော့ ဝင်ခေါ်မယ်”ဟုဆိုပြီး ထသွားလေသည်။
သခင်လှဖေသည် သူ့ညီအား တံခါးပိတ်လွှတ်လိုက်ပြီးနောက် ကျွန်တော်တို့ဆီလာ၍ ထိုင်ပြန်လေသည်။
သူထိုင်ပုံကား ဒူးတစ်ဖက်ချ တစ်ဖက်ထောင် မုဆိုးထိုင်ဖြစ်၏။
အလယ်ခန်းမှ သခင်အောင်ဆန်း၏ ဘမော်စတိုင် စာဖတ်သံကို ကြားနေရသည်။ လမ်းမှ ‘ဂျဘားနေးဝါလား’
အော်ဟစ်သံက တက်လာသည်။
သခင်လှဖေသည် မျက်မှန်ကိုချွတ်၍ မီးရှေ့မှာ ထောင်ကြည့်သည်။ သူ့မျက်မှန်ကား ပါဝါများဟန်ရှိ၏။
မျက်မှန်မပါသော သူ့မျက်လုံးများသည် မီးရောင်တွင် ရှုံ့တွန့်တွန့်ဖြစ်နေကြသည်။ မျက်မှန်ကိုသုတ်ရင်း–
“ဆွေးနွေးပဲဘယ်အခန်းရောက်နေကြပြီတုံး ကိုသိန်းဖေ”
“ဟောဒီရဲဘော်တင်ထွန်းလာတာနဲ့ ကျောင်းသားအရေးရောက်သွားတယ်”
သခင်လှဖေသည် မျက်မှန်တပ်ပြီးနောက် တင်ပျဉ်ခွေထိုင်လိုက်သည်။ သခင်စိုးဘက်သို့–
“ကဲဆက်လုပ်စမ်းပါဦး၊ ခင်ဗျားရဲ့ ဗမာ့နိုင်ငံရေးသမိုင်းကို ဆင်ခြင်သုံးသပ်ပုံ၊ သာယာဝတီသူပုန်
အရေးရောက်နေပြီနော်”
သခင်စိုးသည် ခေါင်းကိုငုံ့၍ အတန်ကြာတွေးပြီးနောက်မှ ခေါင်းကိုမော့လိုက် သည်။ ခေါင်းမော့လိုက်ခြင်း
နှင့်အတူ အသက်ရှူလိုက်သည်။ ထို့နောက် သက်ပြင်း ကြီးချပြီးလျှင်–
“ဂဠုန်သူပုန်အရေးတော်ပေါ်လာရတဲ့ အခိပ္ပာယ်က ဘာလဲလို့ စဉ်းစားရမယ်။ နိုင်ငံခြားအစိုးရ တည်ထောင်ထားတဲ့စနစ်၊ နိုင်ငံခြားခေတ်ရှင်ဥပဒေကိုဖျက်ဆီးသုတ်သင်ပြီး
တိုင်းသူပြည်သားဆင်းရဲသားတွေ မိမိတို့
ကြိုက်နှစ်သက်ရာဥပဒေအသစ်တစ်မျိုးကို အသစ်တစ်ဖုံထူထောင်ပြီး အဲဒီ ဥပဒေအသစ်အရ ဗမာပြည်ကြီးကို

အုပ်စီးရန်ကြံစည် ခြင်းဖြစ်တယ်။ ဓနရှင်အစိုးရက ရေးဆွဲထားတဲ့ ဥပဒေအမျိုးမျိုး စည်းမျဉ်းအမျိုးမျိုး တွေဟာ
ဓနရှင်တွေက ဆင်းရဲသားတွေကို ချောင်းမြောင်းသတ်ဖြတ်ရန် ပုန်းကွယ်စောင့်ဆိုင်းရာ ချုံကြီးချုံကြားနဲ့
အလားသဏ္ဍာန်တူတယ်လို့ မာ့က်စ်က ပြောပြခဲ့ဖူးတယ်။ သူ့ပန်ထတာဟာ အဲဒီ ဥပဒေစည်းမျဉ်းများကို
ဖြတ်တောက်ဖို့ ထခြင်းဖြစ်တယ်။ စီးပွားရေးစခန်းမှာ ထင်သလိုခြယ်လှယ်နိုင်ဖို့ နိုင်ငံရေးစခန်းကို ပထမ
ဝင်စီးရတယ်၊ ဗမာပြည်ကို ဗြိတိသျှနိုင်ငံခွဲသမားတွေ စစ်ပွဲသုံးပွဲတိုက်ပြီး နိုင်ငံရေးအာဏာအပိုင်စီးပြီး
ဗမာ့စီးပွားရေးစနစ်ကို အပိုင်စီးတယ်။ အဲဒီနည်းအတိုင်းပဲ ဆင်းရဲသားတွေကလည်း စီးပွားရေးစခန်းမှာ
ထင်သလိုခြယ်လှယ် ပြုပြင်ချင်ရင် နိုင်ငံရေးစခန်းကို ပထမဝင်စီးရမယ်။ ပိုနေမြဲ ကျားနေမြဲ နေသမျှ
ကာလပတ်လုံး ဆင်းရဲသားတို့ရဲ့ သက်သာချောင်ချိရေး ရွှေးစေ့မျှမရနိုင်ဘူး။ အရာရာမှာ ကြိုးဆွဲနေတဲ့
အုပ်ချုပ်ရေးအဖွဲ့ကို ဝင်ရောက်ကြိုးကိုင်နိုင်ဖို့ လက်ရှိအခြေအနေကိုလုံးဝ ပြောင်းလဲပစ်ရမယ်။
ပြည်သူဆင်းရဲသားတွေရဲ့ အကျိုးနဲ့ တိုက်ရိုက်ဆန့်ကျင်နေတဲက ဓနရှင်စနစ် တည်တံ့နေသမျှ
ကာလပတ်လုံးတော့ ဘယ်တော့မှ ကောင်းစားနိုင်ကြတော့မှာ မဟုတ်ဘူးလို့ တွေးမိကြပြီး ငတ်၍သေမည်လား၊
ဒါမှမဟုတ် လက်နက်ကို ကိုင်၍ လက်ရှိအခြေအနေကို တော်လှန်ပုန်ကန်ခြင်းဖြင့် သေမည်လား၊ အမေး ၂ခုမှာ
ဒုတိယအမေးကို ဂဠုန်အရေးတော်ပုံသမားတွေ ဖြေလိုက်တယ်”
သခင်စိုး၏ အသံကား ခပ်မှန်မှန်ပင်ဖြစ်သည်။ ကျွန်တော်သည် သူ့စကားများတွင် စာဟန်ပေဟန်ကို ဂရုပြုမိ၏။
သခင်လှဖေသည် သေတော့မည့် ဖယောင်းတိုင်မီးကို အသစ်တစ်တိုင်ဖြင့် အသက်ဆက်ပေးနေသည်။ ဘားလမ်းသို့
အလျားလိုက်စီးဝင် တိုက်ခတ်လာသော လေသည် ကျွန်တော်တို့အခန်းတွင်းသို့ ဖြာဆင်းဝင်ရောက်လာ၏။
ထိုလေတွင် မိုးနံ့ကလေးပါလာသည်။ သခင်စိုးသည် လှုပ်ရှားနေသောမီးတောက်ကိုငေးကြည့်ရင်း
ဂဠုန်အရေးတော်ပုံကြီး မရှုမလှ ဆုံးရှုံးခဲ့ပုံကို ဆက်လက်ပြောပြနေလေသည်။ နောက်ပြီး ရာဇဝင်သင်ခန်းစာများ
ကောက်ချက်ချပြလေသည်။

"သင်ခန်းစာတစ်ကတော့ လောကဓာတ်ပညာနဲ့ထွင်ပြီး အဆန်းတကြယ် စီမံလုပ်ကိုင်ထားတဲ့ လက်နက်အပြည့်အစုံရှိတဲ့ နိုင်ငံရဲ့သမားကို ဝါးရင်းတုတ်ဖြင့် ဘယ်နည်းနှင့်မျှ မနိုင်နင်းနိုင်၊ လက်နက်ချင်းမတူဘဲ
ရင်ဆိုင်ကြရင် အချည်းအနှီးပဲ ဖြစ်မယ်"
ကိုသိန်းဖေက ဝင်ဖြတ်လိုက်သည်။
"ဒီမှာဗျ သခင်စိုး၊ အင်ပီရီရယ်လစ်ကို နိုင်ငံရဲ့သမားလို့ ခေါ်မနေပါနဲ့တော့၊ ခု အများခေါ်သလို
နယ်ချဲ့သမားလို့သာခေါ်ပါဗျာ"
သခင်စိုးကား ဆင်ခြေလည်း မတက်၊ အင်းအဲလည်း မလိုက်။ သူ့စကားစဉ်ကိုသာ ဆက်ကောက်ပြန်သည်။
ဆောင်ရွက်ခြင်းမရှိတာကို ထောက်တော့ တစ်မျိုးသားလုံး နှစ်နှစ်ခြိုက်ခြိုက်ကြီး နိုင်ငံရဲ့အဓမ္မစနစ်အောက်မှ
လွတ်လပ်လိုစိတ် မပေါက်သေးဘူးဆိုတာ သိနိုင်တယ်။ ဟိုပြောက်ကျား သည်ပြောက်ကျားထခဲ့တာ
ဖြစ်တဲ့အတွက် ဟိုတစ်ခါတုန်းက ထခဲ့ကြတဲ့ မင်းလောင်း မင်းသန့်၊ စံဖဲ၊ ရှမ်းငနီတို့တစ်နည်း ခပ်ကြီးကြီးပဲ
ဖြစ်တယ်။ အချက်သုံးကတော့ ခေတ်သစ်မဆန်ဘဲ ခေတ်အလိုက် စစ်ချီစစ်ဆုတ် စစ်ပရိယာယ် ဝေဝုစ်ကို မသုံးရင်
အရေးတော်ပုံဆုံးရှုံး ရမှာ အမှန်ဖြစ်တယ်။ တရုတ်ပြည်ကွန်မြူနစ်တွေ မိမိတို့ထက် လက်နက်လည်း ပိုကောင်း၊
လူအားလည်း ပိုကောင်းတဲ့ ခနရှင်တွေနဲ့တိုက်တိုင်း မိမိတို့ချည်း အနိုင်ရတာဟာ တခြားကြောင့် မဟုတ်ဘူး၊
တရုတ်ပြည်ကွန်မြူနစ်တွေ စစ်တိုက်ရာမှာ ကျနသေသပ်လွန်းလို့ဖြစ်တယ်။ နောက်ဆုံးအချက်ကတော့
ကျောင်းသားအလုပ်သမား၊ လယ်သမားတို့တလုံးတစည်းတည်း ပူးပေါင်းပြီး ကျင့်သားရဖူးသူတို့ရဲ့
ရှေ့ဆောင်မှုမပါခဲ့ခြင်းဖြစ်တယ်။ ဒါတွေဟာ ဂဠုန်သူပုန်တွေက သွေးနဲ့လဲပြီး အမွေပေးခဲ့တဲ့ သင်ခန်းစာတွေဖြစ်တယ်"
သခင်စိုးက နားလိုက်သည်။ ကိုသိန်းဖေက ဖြည့်စွက်ထောက်ခံသောအားဖြင့်–
"ဟုတ်တယ်၊ သွေးနဲ့လဲပြီးပေးခဲ့တဲ့ အမွေပါပဲ၊ ခုအရေးတော်ပုံ မအောင်မြင်ဘဲ မအီမလည်ဖြစ်ရတဲ့
အကြောင်းထဲမှာလည်း ခင်ဗျားပြောတဲ့ နောက်ဆုံးအချက်ဟာ အရေးအကြီးဆုံးပါပဲ။ ကျောင်းသားအလုပ်သမား
လယ်သမားတွေ တလုံးတစည်းတည်းပူးပေါင်းပြီး ကျင့်သားရဖူးသူတို့ ရှေ့ဆောင်မှု၊

ကွန်မြူနစ်ပါတီခေါင်းဆောင်မှုမပါခဲ့တဲ့ အချက်ဟာ အရေးကြီးတဲ့ ချွတ်ယွင်းချက်ပဲ ၊
ခုချွတ်ယွင်းချက်
ပြုပြင်နေကြတာ..”
ကိုသိန်းဖေသည် သူ့စကားကို ဆတ်ခနဲရပ်လိုက်ပြီး ကျွန်တော့်အား ငဲ့ကြည့်လိုက်သည်။
သခင်စိုး၊
သခင်လှဖေတို့၏ မျက်လုံးများကလည်း ကျွန်တော့်ဆီသို့ ဒေါက်ခနဲ ရောက်လာကြသည်။
ကျွန်တော်ရှိနေ၍
ဤကိစ္စကို ဤတွင်ရပ်ထားရန် သူတို့လိုလားသည်ကို ကျွန်တော်ရိပ်မိပါ၏။ ကျွန်တော့်မှာ
အနေရ အထိုင်ရ
ကျပ်သွားသည်။ သို့သော် သခင်စိုးက ဂျပန်သူပုန်ဆွေးနွေးခန်း ကောက်ဆက်လိုက်သဖြင့်
တော်ပေသေး၏။
“အချိန်အခါ မဆိုက်ရောက်မီ လူနည်းစုအင်အားနဲ့ သူပုန်ထတဲ့ သတ္တိကိုတော့
ချီးကျူးထိုက်တယ်၊
မိမိတို့အသက်စည်းစိမ်ကို ပဓာနမထားဘဲ နိုင်ငံချဲ့စနစ်အောက်မှာ ငါတို့မနေလို၊
ဖြစ်လိုရာဖြစ်စေတော့လို့
စွန့်စားလိုက်တဲ့သတ္တိကို အံ့ဩလို့ မဆုံးနိုင်ဘူး။ သို့ပေမယ့် အတုယူထိုက်တဲ့အရာတော့
မဟုတ်ဘူး။ စနစ်ကျကျ
ခေါင်းဆောင်နိုင်ခြင်း မရှိတဲ့အတွက် တချို့ဒိစတြိတ်များမှာ အချင်းချင်းလုယက်တိုက် ခိုက်
သတ်ဖြတ်ကြ၊
ရန်ငြိုးရှိဖူးသူတွေတစ်ဦးကိုတစ်ဦး ကလဲ့စားချေကြ၊ ကုလားလူမျိုးများ လိုက်ပြီး
သတ်ဖြတ်ကြ၊ အိမ်ရာ ကျီကြများ
မီးတင်ရှို့ကြ၊ ဒါတွေထောက်တော့ သူပုန်ထခဲ့တဲ့ သူတွေမှာ နိုင်ငံရေးမျက်စိပွင့်မှု၊
နိုင်ငံရေးနိုးကြားမှု လုံးဝ
မရှိသလောက်ဖြစ်တယ်ဆိုတာသိနိုင်တယ်။ သွေးရူးသွေးတန်းနဲ့ စီးပွားရေးငန်း
အဖမ်းခံရသူများသာဖြစ်ကြောင်း
ထင်ရှားတယ်”
ကျွန်တော်သည် သခင်စိုး၏ စကားများမှာ ရင့်သီးလှသည်ဟု ထင်သည်။
နားဝင်ခါးလှပေသည်။ သို့သော်
ငြိမ်သက်စွာခါးခါးနှင့်ပင် နားထောင်နေလေသည်။
“သူပုန်တပ်သားများကတစ်ဖက်၊ ပုလိပ်များစစ်သားများကတစ်ဖက် ရင်ဆိုင်တိုက်ခိုက်မှုကြောင့်
လူတွေသေကြ၊
ဥစ္စာပစ္စည်း ပျက်စီးတာတွေထက် အဆပေါင်းများစွာ အပြစ်ကင်းစင်သူ ကြားလူတွေမှာ
ဘေးတွေ့ရတယ်။
တချို့သူပုန်တပ်များဟာ စစ်တပ်ပုလိပ်တို့ကို ရှောင်ရှားပြီးရင် ရွာစဉ်လျှောက်
ဓားပြတိုက်ကြတယ်၊

ရွာပေါင်းများစွာကို မီးတိုက်ခဲ့တယ်၊ သူပုန်အရေးမှာ ပါဝင်သူတွေ အများအပြား
သေကျေပျက်စီးခံရတယ်၊
သမီးပျိုများအချို့ သူပုန်နဲ့စစ်သားတို့ရဲ့ ကျူးလွန်စော်ကားခြင်း ခံရတယ်၊ ပုလိပ်များကို
မကူညီတဲ့ ရွာများကို
ပုလိပ်နှင့်စစ်သားများက မီးတင်ရှို့တယ်၊ သူပုန်ကို မကူညီတဲ့ရွာများကို
သူပုန်ကမီးတင်ရှို့ကြတယ်၊
တိုင်းသူပြည်သားတွေမှာ ရှင်ကြီးလက်မှ ကျား၊ ကျားလက်မှ ရှင်ကြီး၊ အပြန်အလှန်
သက်ဆင်းခံစားကြတယ်၊
သူပုန်မထမီက လှုံ့ဆော်ထားတဲ့ လုပ်ငန်းနဲ့ပျိုးထားတဲ့ ဝါဒတွေကတော့
နောက်လိုက်သူပုန်များနဲ့
နိုင်ငံရေးအယူအဆမှာ များစွာမတူလှတဲ့ သူပုန်ခေါင်းဆောင်များရဲ့ လက်တန်းကြိတ်
ထားတာတွေသာ ဖြစ်တယ်”
သခင်စိုးသည် ကျွန်တော့်မျက်စိရှေ့မှာ မြင့်မားသော အဆောက်အအုံကြီးကို ဖြိုချ ဖျက်ချ
ဆွဲချနေသည်နှင့်
တူပေသည်။ ဂဠုန်သူပုန်အပေါ် ကျွန်တော်၏ အထင်အမြင် အဆောက်အအုံကြီး။
မိုးတဖြောက်ဖြောက် ကျလာသည်။
ကျွန်တော်သည် သခင်စိုး၏ ခါးသာစကားကို မကြားလိုတော့၍လား၊ သို့မဟုတ်
စကားဝိုင်းကိုမိုးမဖျက်စေလိုသော
စေတနာကြောင့်လား မသိ၊ ဖြုတ်ခနဲ ထပြီး တံခါးတွေ လျှောက်ပိတ်နေလေသည်။
သခင်အောင်ဆန်းသည်
စာအုပ်ကို ကြွက်လျှောက်ခေါ်နံရံတန်းပေါ်မှာ ထောင်၍ တင်ထားခဲ့ပြီးနောက်ဖေးခန်းသို့
ဝင်သွားလေသည်။
သူ့လက်ထဲမှာ ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ထားသည်။ မိုးသည်းထန်စွာ ရွာကျလာ၏။
ဆူညံသော မိုးသံသည်
သခင်စိုး၏ စကားများကို လွှမ်းအုပ်ရန် ကြိုးစားနေ၏။ သခင်စိုးက အနိုင်မခံ။
ကျွန်တော်သည် အတန်ကြာအောင် ယောင်ချာချာနှင့် မတ်တတ်ရပ်နေသေးသည်။
သခင်စိုးကား ကျမ်းကျေသူဖြစ်ရုံမက ကျမ်းကိုးတတ်သူလည်း ဖြစ်ကြောင်း တွေ့ရသည်။
“ရည်ရွယ်ချက်ဝါဒမရှိသော လုပ်ငန်းသည် အမြုံနှင့်သော်လည်းကောင်း၊
လက်တွေ့လုပ်ငန်းမပါသော
ရည်ရွယ်ချက်ဝါဒသည် သက်မဲ့အရာဝတ္ထုနှင့်သော် လည်းကောင်း အလားသဏ္ဌာန်တူသည်လို့
လက်ရှိ
ကမ္ဘာ့အလုပ်သမား ဗိုလ်မှူးကြီးဖြစ်တဲ့ ဂျိုးဇက်စတာလင်က ပြောခဲ့သေးတယ်”
ကိုသိန်းဖေ–“လက်တွေ့နှင့် သဘောတရား ညီညွတ်ရမှာပေါ့”
သခင်လှဖေ– “လက်တွေ့မပါသော သဘာတရားသည် အမြုံ၊ သဘောတရားမပါသော
လက်တွေ့သည်

အကန်းလို့ပဲ ဆိုထားတယ် မဟုတ်လား”
သခင်စိုး– “ဟုတ်တယ်၊ ဆိုထားတယ်။ ကျုပ်တို့က ဒီနှစ်ခု ပေါင်းပေးရမယ်။ လက်ရုံးရည် နှလုံးရည်ပြည့်စုံတဲ့
အရေးတော်ပုံဗိုလ်မှူးတွေ ပေါ်လာအောင် လုပ်ပေးရမယ်။ လက်တွေ့မှာလည်း ကျွမ်းကျင်၊ သဘောတရားမှာလည်း
ထက်မြက်တဲ့ အရေးတော်ပုံဗိုလ်မှူးတွေ အလိုရှိနေတယ်။ အရေးတော်ပုံခေါင်းဆောင်ကြီးဖြစ်တဲ့
လီနင်ကခေတ်ပြောင်းတော်လှန်ရေးဝါဒ မပေါ်ပေါက်ဘဲ ခေတ်ပြောင်းတော်လှန်မှု ခေတ်ပြောင်းတော်လှန်ရေးလုပ်ငန်းမပေါ်ပေါက်နိုင်၊ ခေတ်ပြောင်းတော်လှန်မှု လုပ်ငန်းမပေါ်ပေါက်က
ခေတ်ပြောင်းတော်လှန်မှု အောင်မြင်ခြင်း မဖြစ်နိုင်လို့ ပြောခဲ့ဖူးတယ်”
ကျွန်တော်သည် ဝင်ထိုင်လိုက်၏။ သခင်စိုး၏ ပြောပုံမှာ နူးညံ့လာသည်။
“အရေးတော်ပုံ ဗိုလ်မှူးတွေမှာ မရှိမပြီးတဲ့ အရည်အချင်းတွေက တစ်အချက် ကိုယ်ကျင့်တရားကောင်းရမယ်။
မနေ့ရှင် ကိုယ်ကျင့်တရားမျိုးကို မဆိုလိုဘူး၊ အဓမ္မချုပ်ချယ်ညှင်းပန်းမှုဟူသမျှတို့ကို လုံးဝပယ်ဖျောက်ရန်
ရည်ရွယ်ရင်းရှိတဲ့ အစည်းအရုံးအလုပ်စခန်းမှာ ဖော်ကောင်၊ သတင်းပေး၊ သစ္စာဖောက်၊ လူလိမ်လူကောက်မလုပ်မယ့် ကိုယ်ကျင့်တရားကိုဆိုလိုတယ်။ တော်လှန်ရေးတာဝန်ကို ရှောင်ကွင်းခြင်း လုံးဝမရှိဘဲ
ရှပ်ရှပ်ချွံချွံ ဆောင်ရွက်တဲ့ ကိုယ်ကျင့်တရားကိုဆိုလိုတယ်။ အချက်နှစ်က တကယ့်အရေးကျလျှင် အသေခံရဲတဲ့
သတ္တိရှိရမယ်။ နောက်ဆုံးအချက် ဆိုရှယ်လစ်ဝါဒ ရုပ်ပိုင်းအဘိဓမ္မာ၊ ရုပ်ပိုင်းရာဇဝင် စသည်တို့ကို အခုအခံ
အထစ်အငေါ့မရှိဘဲ ဒိုးလိုမွေနိုင်တဲ့ ပညာအရည်အချင်းရှိရမယ်”
ထိုအတွင်း အိမ်သာထဲမှ ရေမောင်းကိုဆွဲလိုက်သောအသံ တဂျောင်းဂျောင်း တဂျုန်းဂျုန်းပေါ်လာလေသည်။
သခင်အောင်ဆန်းသည် ရေလွှယ်လွှယ် မဆင်းသဖြင့် စိတ်တိုနေဟန်ရှိ၏။
ကျွန်တော်သာ သခင်အောင်ဆန်းဆီသို့ အာရုံရောက်နေသည်၊ သခင်စိုး သခင်လှဖေနှင့် ကိုသိန်းဖေတို့ကား
ဆွေးနွေးပွဲမှာသာ အာရုံစူးစိုက်နေကြဟန်ရှိသည်။ သမာဓိကောင်းလွန်းကြ၍လော။ သခင်အောင်ဆန်း
တဂျောင်းဂျောင်း တဂျုန်းဂျုန်း လုပ်သံကို ကြားဖူးဖန်များသဖြင့် ထုံနေကြပေပြီလော မသိပါ။
“အရေးတော်ပုံ ရဲဘော်ဗိုလ်မှူးတွေဆိုတာ ဗိုလ်မှူးဖြစ်ရမယ့် ပါရမီထူးရှိရမယ်။ ပါရမီဆိုတာ အကျင့်ကို ပြောရတာ၊

ဆိုရှယ်လစ်ခေတ်ကြီး စေကန်အမှန်ဆိုက်ရောက် တော့မည်ကို သိပြီး အပျင်းမပွားဘဲ လွတ်လပ်ရေးလမ်းမှာ
ကြိမ်ဖန်များစွာ အားထုတ်ရမယ်။ နှစ်ပေါင်းများစွာ အကြိမ်ပေါင်းများစွာ လေ့ကျင့်သားရပြီးမှ အရေးတော်ပုံဗိုလ်မှူးဖြစ်နိုင်တယ်။ ခေတ်ပြောင်းတော်လှန်ရေးလုပ်ငန်းအတတ်သည် နေ့ချင်းညချင်း
တတ်မြောက်အောင် မြင်အပ်သော လုပ်ငန်းမဟုတ်၊
ခေတ်ပြောင်းတော်လှန်ရေးလုပ်ငန်းအတတ်ပညာကဲ့သို့
တဖြည်းဖြည်း သင်ယူရသော အရာဖြစ်သည်လို့ ကားလ်မားက်စ်က ပြောခဲ့ဖူးတယ်”
သခင်အောင်ဆန်းထွက်လာသည်။ ခေါင်းရင်းနံရံတွင် အဝတ်တင်ထားသော ကြိုးတန်းကလေးရှိသည်။ သူသည်
ထိုကြိုးတန်းဆီသို့သွားသည်။ သူ့လက်မှရေတွေ ရွှဲနေခြင်းအားဖြင့် နောက်ဖေးသွားရာ ရေကိုင်ခဲ့သည်မှာ
ထင်ရှားနေ၏။
ကြိုးတန်းပေါ်တွင်လုံချည်နှင့် မျက်နှာသုတ်ပဝါများကို လှန်းထားရာ သခင်အောင်ဆန်းသည် မျက်နှာသုတ်ပဝါကို
ဆွဲယူ၍လက်သုတ်နေလေသည်။ ကိုသိန်းဖေသည် သူ့ဘက်ကို လှမ်းမျက်စောင်းထိုးလိုက်ပြီး–
“ဟေ့လူ မလုပ်ပါနဲ့ဗျာ၊ နောက်ဖေးကုန်းလာတဲ့ လက်ကိုမျက်နှာသုတ်ပဝါနဲ့ သုတ်ရသလား။ ခင်ဗျားဟာ
စည်းကမ်းကလေး ဘာလေးလည်း ထားပါဦးမှပေါ့ဗျ။ လုံချည်ဆိုလည်း ကျုပ်က တရိုတသေ နေ့ခင်းသွားတုန်း
လာတုန်း ဝတ်ဖို့ထားတဲ့ လုံချည်ကို ခင်ဗျားက ညအိပ်ရာဝင် ကောက်ဝတ်တယ်”
သခင်အောင်ဆန်းကား ဟဲ ဟဲနှင့် စပ်ဖြဲဖြဲ လုပ်ရုံမှတစ်ပါး ဘာမျှစကားမတုံ့ပြန်ပေ။
ထိုကိစ္စကြောင့် ဆွေးနွေးပွဲမှာ ဆိုင်းသွားလေရာ ကိုသိန်းဖေကပင် ဆက်လိုက်လေသည်။
“ခုအခါမှာ အရေးအကြီးဆုံးကတော့ သဘောတရားလေ့လာဖို့ဖြစ်တယ်ဗျ။ သဘောတရားလေ့လာပြီး
လက်တွေ့လုပ်ငန်းမှာလေ့ကျင့်ဖို့ဖြစ်တယ်ဗျ။ သခင်စိုးပြောတာလို ပါရမီပြည့်တဲ့ အရေးတော်ပုံ ဗိုလ်မှူးကေဒါတွေ
အများအပြား ပေါ်လာအောင် လုပ်ကြရလိမ့်မယ်၊ အဲဒီတာဝန်ကို ရည်စူးပြီး ယနေ့လက်ငင်းတို့တာဝန်ဆိုတဲ့က
စာတမ်းကလေးတစ်ခု ကျွန်တော်ရေးနေတယ်၊ နဂါးနီကထုတ်မယ်၊ အများဖတ်ဖို့အတွက် တစ်ပဲတစ်မူးလောက်နှင့်ရောင်းဖို့ပဲ”
သခင်စိုး–
“ကျုပ်လည်း ဒီရည်ရွယ်ချက်နှင့် ‘ဗမာ့တော်လှန်ရေး’စာအုပ်ကို ရေးနေတယ်၊ ခင်ဗျားဟာလို တိုတိုမဟုတ်ဘူး၊
ကျမ်းတစ်စောင်ခေါ်လောက်မယ်”

ကျွန်တော်ထိုစာအုပ်နှစ်အုပ်ကို မှတ်မိပါသည်။ နှစ်အုပ်စလုံးကိုလည်း ထွက်ထွက်ချင်း ဝယ်ဖတ်လိုက်မိသဖြင့်
ကသိုလ်ကောင်းသည်ဟု ဆိုရမည်။ အကြောင်းမူကား ထိုစာအုပ်များထွက်လာပြီးနောက် အစိုးရ ပိတ်ပစ်လိုက်သော
ကြောင့်တည်း။
သခင်လှဖေ–"စစ်ကြီးဖြစ်ဖို့ကလည်းတစ်နေ့တခြား နီးလာတယ်ထင်တယ်၊ နာဇီတွေဟာ ရလေလိုလေ
အိုတစ္ဆေဖြစ်နေတော့ ချိန်ဘာလိန်တို့လူစု နောက်ထပ်လိုက် လျှော့ဖို့ခက်နေပြီဗျ"
ကိုသိန်းဖေ–"ဗြိတိန်နဲ့ ပြင်သစ်က လိုလိုချင်ချင်နဲ့ ဆွေးနွေးဟန်မတူပါဘူးဗျာ၊ မရိုးပါဘူး။ ဂျာမနီကို
ခြောက်လှန့်ရုံလောက် ရုရှားနဲ့က ဆွေးနွေးနေတဲ့ သဘောပဲထင်ပါရဲ့။ သူတို့လွှတ်တဲ့ ကိုယ်စားလှယ်ကို
ကြည့်ပါဦး၊ ဒီလောက်အရေးကြီးတဲ့ကိစ္စမှာ ဝန်ကြီးတစ်ဦးဦးလွှတ်တာ မဟုတ်ဘူး၊ ဆာဝီလီယန်စရင်းဆိုတဲ့
ဆိုဗီယက်ဆန့်ကျင်ရေးသမား ဒုတိယအတွင်းဝန်တစ်ဦးကို လွှတ်တာပဲဗျ၊ ပြီးတော့ပြင်သစ်နဲ့ ဗြိတိသျှတို့ရဲ့
တောင်းဆိုချက်တွေဟာ တစ်ဖက်သတ်ကျလွန်းအားကြီးတယ်။ ဥပမာ ရုရှားက ဂျာမနီတိုက်ဖို့ အရေးကြုံလာရင်
ပိုလန်၊ ဖင်လန်စတဲ့ နိုင်ငံတွေကို ဖြတ်သွားရမယ် မဟုတ်လား၊ အဲဒါ ဖြတ်ခွင့်မပေးဘူးတဲ့။ ဒီတော့ ဂျာမနီက
ရုရှားထဲ လာတိုက်အောင်လက်ပိုက် စောင့်နေရမလို ဖြစ်နေတယ်"
သခင်အောင်ဆန်းကားဘာမျှမပြော။ ထိုင်လည်းမထိုင်။ ခါးထောက်၍ မတ်တတ်ရပ်ကာ သခင်စိုးတို့ပြောသမျှကို
နားထောင်နေလေသည်။
သခင်လှဖေ–"မကြာခင်က တိုးတက်ရေးသတင်းစာထဲမှာ သတင်းထူးပါလာတယ်။ နာဇီ၊ ဂျာမနီနဲ့ ဆိုဗီယက်ရုရှား
အချင်းချင်း မကျူးကျော်ရေး စာချုပ်ချုပ်ဖို့ စေ့စပ်နေကြတယ်လို့ဆိုတယ်၊ ဗြိတိသျှသတင်းစာတစ်စောင်ကသတင်း
ဦး သတင်းထူးအဖြစ်ဖြင့်ရေးတာ ဖြစ်သတဲ့ဗျ"
ကိုသိန်းဖေ–"ဟုတ်ချင်လည်း ဟုတ်မှာပဲ။ တစ်ဦးတစ်ဦး မကျူးကျော်ရေး စာချုပ်ဆိုတာ ဆိုဗီယက်ရုရှားက
ဘယ်သူနဲ့မဆို ချုပ်နိုင်တာပဲ။ မင်းငါ့မစနဲ့၊ ငါလည်း မင်းမစဘူးဆိုတဲ့ ကိစ္စလောက်ဟာပဲ၊ အပြန်အလှန်
ကူညီရေးသဘောတွေ ဘာတွေလည်း ပါတာမဟုတ်ဘူး၊ နောက်ပြီးတော့ နာဇီဂျာမနီနဲ့ ချိန်ဘာလိန် ဗြိတိသျှတွေ

ဘာထူးသလဲ၊ နယ်ချဲ့သမားတွေချည်းပဲ”
သခင်အောင်ဆန်းက ဝင်ထောက်လိုက်သည်။
“ဟုတ်တယ်၊ အတူတူနဲ့ အနူနူတွေပါပဲ၊ ဘယ်သူမှ ဘိန်းတစ်ပဲဖိုး ပိုမရှူထိုက်ပါဘူး”
သခင်စိုးက လေးနက်စွာ တွေးတော၍ ပြောဟန်ဖြင့်–
“ထူးသလောက်တော့ ထူးသေးတယ်”
ထိုစကားကြောင့် ခဏငြိမ်သွားကြသည်။ မိုးကား အတော်ပါးသွားပြီ။ မောင်ဂိုမာရီလမ်းပေါ်မှ
အတင်းတရကြမ်းမောင်းသွားသော ဓာတ်ရထားသံကိုကြားရ သည်။ ဓာတ်ရထားတွေ
သိမ်းကုန်ပြီ။
ကိုလှရွှေကားယခုထိ ပြန်မလာသေး။ သို့သော် ကျွန်တော်ကား ဝမ်းပင်သာသေး၏။
သူတို့ပြောသမျှ
နားထောင်ရသည်မှာ ကြုံကြိုက်ခဲသော အခွင့်အရေးပင် မဟုတ်ပါလော။
သခင်လှဖေ– “ပြင်သစ်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရှိပါ တယ်လို့
ပြောတယ်၊
ပြင်သစ်ကာကွယ်ရေး အခြေအနေဟာလည်း စိတ်ချစရာပါပဲတဲ့”
ကိုသိန်းဖေ– “သူတို့တစ်တွေကတော့ ပါးစပ်က ပြောချင်တာတွေ ပြောနေတာ၊ နာဇီတွေကို
ပါးစပ်ကတော့
ရှုပ်ချနေတယ် မဟုတ်လား၊ အပြည်ပြည်ဆိုင်ရာ စာချုပ်တွေ ဖောက်ဖျက်တာ မတရားပါဘူး၊
လက်နက်တွေ
အပြင်းအထန်တပ်ဆင်နေတာ၊ လမ်းမကျပါဘူး၊ ချက်ကိုစလိုဗက်ကီးယားသိမ်းတာ
ကျူးကျော်စော်ကားနေတာပါစသည်ဖြင့် ပြောတော့ပြောတာပဲ၊ ရုရှားနဲ့ပူးပေါင်း ကာကွယ်ရေး
အလုပ်ကျတော့
ဖြစ်အောင် မလုပ်ဘူး။ ဒါကို ကြည့်လိုက်တော့ သူတို့ဟာ စကားသာပြောပြီး
လက်မပါဘူးဆိုတာ မြင်ရတယ်။
ချိန်ဘာလိန်လည်း ကာကွယ်ရေးလက်နက်အင်အားတွေ နှစ်ဆတိုးပြီလို့ ကြေညာတယ်၊
စစ်လေယာဉ်ပျံ
အော်ဒါတွေ အပ်နေပြီလို့ ကြေညာတယ်၊ ရုရှားနဲ့အတူတကွ ပူးပေါင်း ကာကွယ်ဖို့ တော့
ကဖျက်ယဖျက်
လုပ်နေတယ်။ တကယ့်သော့ချက်က နာဇီဖက်ဆစ်စတဲ့ ကျူးကျော်ရေးသမားတွေကို အင်္ဂလိပ်၊
ပြင်သစ်၊ ရုရှား၊
အမေရိကန်စတဲ့ နိုင်ငံများက ပူးပေါင်းကာကွယ်ရေးလုပ်ခြင်းဖြစ်တယ်၊ ဒါမလုပ်မချင်း
နာဇီကျူးကျော်မှု
မရပ်စဲနိုင်ဘူး၊ ကျူးကျော်မှု မရပ်စဲရင် စစ်ဖြစ်ဖို့ သေချာတာပဲ”
သခင်အောင်ဆန်းသည် ခါးထောက်ထားရာမှ လက်ရုံးဆန့်တန်းလျက်–
“စစ် စစ် စစ်ကြီးကတော့ လာနေပြီ၊ ကျုပ်တို့က ပြင်ဆင်မှုမရှိဘဲနဲ့ စစ်ကြီးကို
ရင်ဆိုင်ရတော့မယ်”

ထိုသို့ သခင်အောင်ဆန်းက ပြောလိုက်သောအခါ အားလုံးငြိမ်ကျသွားပြီး
စဉ်းစားခန်းဝင်နေကြလေသည်။
ကျွန်တော်သည် သူတို့မျက်ခွက်တွေကို ကြည့်ပြီး သူတို့စိတ်ထဲမှာ ဘာတွေရှိနေမည်ကို
အကဲခတ်နေလေသည်။
မိုးကလုံးဝစဲသွားပြီ။ ရန်ကုန်မြို့၏ ဆူညံသံတို့သည် မိုးနှင့်ရောပါသွားသလို ရှိပေတော့၏။
ဆူညံသည့်နေရာတွင်
ဆိတ်ငြိမ်လာသောအခါ တစ်လောကသို့ ရောက်သွားသလို ခံစားရသည်။ အာရုံတွေ
ပိုထက်မြက်လာကြသည်။
သောတ အကြည်ဓာတ်က ပို၍ သန့်ရှင်းထက်မြက်လာသည်။ သခင်စိုး၏ သက်ပြင်းချသံ၊
သခင်လှဖေ၏
အံကြိတ်သံ၊ ကိုသိန်းဖေ၏ လက်ဆစ်ချိုးသံ၊ သခင်အောင်ဆန်း၏
ခေါက်တုံ့ခေါက်ပြန်လျှောက်သံ တို့သည်
ကျွန်တော့်အား ငြိမ်သည်ထက်ငြိမ်သက်စွာနေရန် သြဇာပေးနေဘိသကဲ့ သို့ရှိ၏။
ငြိမ်သည်ထက်ငြိမ်အောင်ကြိုးစားနေခါမှ ကျွန်တော့်နှလုံးသားတို့သည်
တဒုတ်ဒုတ်ခုန်နေကြသည်ကို
ကျွန်တော်ကြားနေရ၏။
သခင်လှဖေ– "ကျွန်တော်တို့ တတ်နိုင်သလောက် ပြင်ဆင်ပြီး စစ်ကိုရင်ဆိုင်ရမယ်"
သခင်စိုး– "အရည်အချင်းနဲ့ ပြည့်စုံတဲ့ အရေးတော်ပုံဗိုလ်မှူးတွေပေါ်အောင်
အားတိုက်ခွန်တိုက် လုပ်ကြရမယ်"
ကိုသိန်းဖေ– "နယ်ချဲ့စစ်ပွဲကြီးကို ပြည်တွင်းစစ်ပွဲဖြစ်အောင် ပြောင်းပစ်"
သခင်အောင်ဆန်း– "နိုင်ငံခြားအကူအညီရအောင်ယူရမယ်"
အားလုံးငြိမ်သွားပြီး ကိုယ့်အတွေးနှင့်ကိုယ်နေကြလေသည်။ ကျွန်တော်ရှိနေလို့
ရှေ့ဆက်ဆွေးနွေးရမှာ
ကျပ်နေပြီလားဟု ကျွန်တော် အားနာမိသည်။ ထိုင်ရာမှ ထပြီး ကိုလှရွှေပြန်လာနိုးနှင့်
မျှော်ကြည့်ရင်း–
"ကိုလှရွှေကလည်း ပြန်မလာသေးဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော်ပြန်တော့ မယ်"
သခင်လှရွှေ–
"မောင်စု မပြန်လာလည်း ရဲဘော်ဒီမှာပဲ အိပ်ပေါ့၊ မပြန်နဲ့တော့"
ကျွန်တော့်မှာ ဇဝေဇဝါ ဖြစ်သွားသည်။ အခြားသူများသဘောက ဘယ်လိုလဲသိရန်
မျက်နှာငယ်ဖြင့်
ကြည့်လိုက်သည်။
သခင်အောင်ဆန်းသည် လက်များကိုခါကာ အညောင်းဆန့်ပြီးနောက် သမ်းလိုက်သည်။
အလယ်အခန်းထဲဝင်သွားပြီး သင်ဖြူးတစ်ချပ်ကို ခင်းနေလေသည်။ ပြီးနောက်
ကျွန်တော်တို့ဘက်သို့ လှမ်းပြီး–
"ကိုသိန်းဖေ ခေါင်းအုံးတစ်လုံးလုပ်ပါအုံး"

ကိုသိန်းဖေသည် အလယ်ခန်းထဲသို့ ဝင်သွားလေသည်။
သခင်စိုးကား ဘာမျှစကားမပြောဘဲ တင်ပျဉ်ခွေထိုင်ရာမှလည်း မလှုပ်ရှားဘဲ ခေါင်းငိုက်စိုက်ချကာ တွေးနေ၏။
သခင်လှဖေက သခင်စိုးအား ကျောပေးထိုင်လိုက်ပြီးနောက် ကျွန်တော့်အား–
“ထိုင်လေ ရဲဘော်တင်ထွန်း၊ လှရွှေပြန်လာပါလိမ့်မယ်၊ သွန်မဆင်လမ်း (ဗိုလ်တထောင်ဘုရားလမ်း)ပဲသွားတာပါ”
ကျွန်တော်က သခင်လှဖေအနားမှာထိုင်လိုက်ရာ သခင်စိုးက ခေါင်းထောင်လိုက်ပြီး ကျွန်တော့်ဘက်သို့–
“ရဲဘော်တင်ထွန်း ခေတ်ပြောင်းတော်လှန်ရေးမှာ ဗိုလ်မှူးကောင်းဖြစ်ဖို့ လေ့ကျင့်ပါလား”
ကျွန်တော်ကသူ့အား ကြောင်ကြည့်နေသည်။ အဖြေကိုရုတ်တရက် မပေးနိုင် ဖြစ်နေသည်။
“လေ့ကျင့်မယ်ဆိုရင် အချိန်ပြည့်လုပ်ရလိမ့်မယ်၊ ခြေသလုံးအိမ်တိုင်နေပြီး နေ့ရော ညနေရာဆိုတာလိုပဲ လုပ်ရမယ်၊
နိုင်ငံရေးသင်တန်းလည်းတက်ရမယ်”
ကျွန်တော့်ရင်မှာ တဒုန်းဒုန်းခုန်နေသည်။ ထွက်လာသောအသံမှာ ခြောက်ကပ်ကပ်နှင့်–
“ကျွန်တော်လေ့ကျင့်ချင်တဲ့စိတ်ရှိပါတယ်။ သို့ပေမယ့် ဝမ်းရေးအတွက်လည်း တစ်ဖက်က အလုပ်လုပ်ချင်သေးတယ်၊ ဝမ်းရေးအလုပ်လည်း လုပ်၊ နိုင်ငံရေးလည်း လုပ်နိုင်တဲ့ အစီအစဉ်မျိုးရှာနေပါတယ်”
သခင်စိုးသည် သရော်ပြုံး ပြုံးလိုက်သည်။ ပြီးတော့ ခေါင်းငိုက်စိုက်ချနေပြန် သည်။ ကျွန်တော့်မှာ ကြီးလေးသော
အပြစ်တစ်ခုခု ကျူးလွန်မိခဲ့သလို ခံစားနေရ၏။ သခင်စိုးသည် တင်ပျဉ်ခွေရာမှ ဆောင့်ကြောင့်ထိုင်လိုက်ပြီး
ကျွန်တော့်မျက်ခွက်ကို စေ့စေ့စူးစိုက်ကြည့်လျက် သရော်ပြုံးဖြင့်“
အင်း ပညာတတ်လူတန်းစားဟာ ကျောရိုးမရှိတတ်ဘူးလို့ဆိုတာ အမှန်ပဲကိုး”
ကျွန်တော်သည် ရှက်လည်းရှက်၏။ ဝမ်းလည်းနည်း၏။ အပြစ်ကြီး ကျူးလွန်မိပြီဟုလည်း အားငယ်နေ၏။
သည့်ထက်သာ အသက်ငယ်ပြီး သည့်ထက် အတွေ့အကြုံနည်းပါက ချုံးချ၍ငိုမိလေမည်လား မဆိုနိုင်ပါ။
သခင်စိုးသည် ထိုသို့ပြောပြီး နောက်ဖေးသို့ ထသွားလေသည်။ ကိုသိန်းဖေသည် အိပ်ရာလိပ်ကို မယူလာပြီး
အိမ်ရှေ့တံခါးအနီးတွင် ခင်းရန်ပြင်လေ သည်။ နောက်မှ မိုးဖွားစိုနေသည်ကို တွေ့ရပြီး အတွင်းဘက်တိုးကာ
ခင်းလိုက်လေသည်။ သူ့အိပ်ရာလိပ်မှာ ရွက်ထည်သားရေတို့ဖြင့် ကျကျနန ချုပ်လုပ်ထားသော အိပ်ရာလိပ်ဖြစ်၏။
သက္ကလတ်စောင်တစ်ထည်နှင့် ခေါင်းအုံးတစ်လုံးကို တွေ့ရသည်။ ခေါင်းအုံးပေါ်မှာ ရေချိုးရာ၌ သုံးသော အနီစင်း

နှင့် ကုလားနံ့ငယ်ပိုင်းတစ်ထည်ကို တင်ထားလေသည်။ ထိုနံ့ငယ်ပိုင်းဖြင့် အိပ်ရာကို ပုတ်ခတ်ရင်း ကိုသိန်းဖေက
ကျွန်တော့်အား–
"ရဲဘော်တင်ထွန်း၊ ဒီမှာအိပ်မယ် မဟုတ်လား၊ ကိုယ့်ဆီက စောင်တစ်ထည်ရမယ်၊ ကိုလှဖေဆီက
ခေါင်းအုံးတစ်လုံးယူ"
"ကိုလှရွှေ ပြန်လာရင် ကျွန်တော်ပြန်မှာပါ"
"ပြန်မနေပါနဲ့တော့၊ ကမာရွတ်ရောက်အောင် ပြန်ရမယ် မဟုတ်လား၊ ခုမှ ဘတ်စ်ကားဆိပ်သွားရင်
နာရီပြန်တစ်ချက်ထိုးမှ ကားရတော့မယ်။ ဖိုးလှရွှေပြန်လာ ရင်ဒီမှာ အိပ်ချင်အိပ်၊ မအိပ်ချင် သွန်မဆင်လမ်းကို
ပြန်အိပ်ဖို့ ပြောရမယ်၊ ရော့စောင်"
သက္ကလတ်စောင်ကိုလှမ်းပေးလိုက်သည်။ ကျွန်တော်သည် သက္ကလတ်စောင်ကို ပွေ့ထားလိုက်၏။
ကိုသိန်းဖေသည်နောက်ဖေးသို့ လှမ်းပြီး သခင်စိုးအား–
"သခင်စိုးကြီးတော့ အလယ်ခန်းထဲမှာ ဖိုးအောင်ဆန်းအနားမှာပဲ အိပ်ပေတော့၊ ကျွန်တော်ဖျာခင်းထားခဲ့တယ်၊
စောင်တစ်ထည်လည်း ထားခဲ့တယ်၊ ခေါင်းအုံးကတော့ စာအုပ်ပေါ့ဗျာ"
သခင်လှဖေကား ကျွန်တော့်အနီးမှာ ထိုင်မြဲထိုင်သည်။ အိပ်ရာမပြင်သေး။
"ဘာအလုပ်လုပ်မယ် ရည်ရွယ်ထားသလဲ"
"ရှာတုန်းဗျ အသက်မွေးဝမ်းကျောင်းမှုလည်းဖြစ်၊ နိုင်ငံရေးလည်းလုပ်ချိန်ရတာ ဖြစ်ဖို့ အဆင်သင့်ဖို့လိုတယ်"
"အေးလေ၊ ရှာပေါ့၊ ကိုယ်တို့လည်း ကြည့်လိုက်ပါဦးမယ်"
ထိုအချိန်တွင် လေ့ကားမှတက်လာသော ခြေသံပြင်းပြင်းကိုကြားရသည်။ သခင်လှဖေက–
"ဟော မောင်စုလာပြီ"
"ဟုတ်တယ်၊ ကိုလှရွှေရဲ့ ခြေသံပဲ"
သခင်လှဖေက လေ့ကားဆီသို့ ထသွားရာ ကျွန်တော်သည် စောင်ကြီးကို ပွေ့လျက်ပင် နောက်မှလိုက်သွားလေသည်။ တံခါးဖွင့်လိုက်သောအခါ ကိုလှရွှေက ကျွန်တော့်အား ကြည့်ပြီး ရယ်လိုက်သည်။
"ဟား ဟား ဒီမှာအိပ်မယ်လို့လား၊ မောင်ရင့်ကို ကျုပ်ကဒုက္ခပေးသလို ဖြစ်နေပြီ။ ဒီမှာအိပ်ဖို့
စောင်တစ်ထည်ရတယ်ဆိုရင် မနည်းပါဘူး၊ သို့ပေမယ့် ထားခဲ့ပါ သွားကြပါစို့"
ကိုသိန်းဖေက အိပ်ရာပေါ် ကျောခင်းနေရာကပင်–
"လှရွှေရေ မပြန်ပါနဲ့တော့ မြို့ထဲမှာ အိပ်ပါလားကွာ၊ မင်းမအိပ်ချင်ရင် သွန်မဆင်လမ်း သွားအိပ်၊

ရဲဘော်တင်ထွန်းတော့ ဒီမှာအိပ်ပစေပေါ့ကွာ"
"ကိစ္စရှိသေးလို့ ပြန်ရဦးမယ် ကိုယ့်လူရ၊ ကဲ ကိုလှ ကျွန်တော်ပြန်မယ်"
"မင်းကိစ္စကော ဟန်ကျရဲ့လား"
"ဟန်ပါတယ်"
ကျွန်တော်သည် သူတို့နှစ်ယောက်အား တီးတိုးစကားပြောနေရစ်စေပြီး စောင်ကို
တရိုတသေယူ၍ ကိုသိန်းဖေသို့
သွားပေးလိုက်လေသည်။
"ကျွန်တော်ပြန်လိုက်သွားတော့မယ်"
"ကိုလှရွှေက ကိစ္စရှိသေးတယ်ဆိုတော့ ပြန်ကြရုံပဲပေါ့"
ကျွန်တော် သူ့အနားသို့ ရောက်သွားသည်ဆိုလျှင်ပင် ကိုလှရွှေက–
"ဟေ့ ဖိုးသိန်းဖေ ပြန်တော့မယ်နော်၊ ကဲ အားလုံး ဂွတ်နိုက်၊ ခြင်ကိုက်ခံကြရပါစေသော်
ဟား ဟား"
သခင်အောင်ဆန်းနှင့် သခင်စိုးတို့အား အိပ်ရာပေါ်မှာလှဲပြီး ဖယောင်းတိုင် တစ်တိုင်စီဖြင့်
စာကြည့်နေရစ်ကြလေသည်။
ကျွန်တော်တို့ လှေကားပေါ်ရောက်၍ သခင်လှဖေ၏ အသံကိုကြားရသည်။
"ဗျို့ သခင်စိုးဟောဒီခေါင်းအုံး အုံးအိပ်ဗျို့၊ စာအုပ်ထက်တော့ ကောင်းပါတယ်"။ ။
၄၆
သတင်းစာတိုက်မှ အလုပ်
ဘုန်းတော်အလွန်တရာကြီးတော်မူသော ဂျော့ဘုရင်မင်းမြတ်၏ အရိပ်အာဝါသ
တွင်ခိုလှုံနေရသော
မြန်မာနိုင်ငံတွင်အခက်အခဲဆုံးအလုပ်သည် အဘယ်အရာနည်းဟု မေးလျှင် အလုပ်ရှာရသည့်
အလုပ်ဖြစ်သည်ဟု
ဖြေရပေလိမ့်မည်။ အလုပ်ရှာရသည့် အလုပ်။
ဘီအေအောင်ပြီးသည့်တိုင်အောင် ပညာတွေသင်ထားရသဖြင့် အလုပ်ရှာရာ၌
မလွယ်ကူဘူးလားဟု မေးစရာရှိသည်။
ကျွန်တော့်လက်တွေ့ကတော့ ဘီအေအောင်ထားသဖြင့် အလုပ်ရှာရပိုခက်သည်။ ပညာမတတ်၊
ကျရာကြုံရာ
လုပ်မည်ဆိုလျှင် အလုပ်ရလွယ်ဦးမည်။ ကူလီထမ်းမည်လား၊ လမ်းပေါ်ဟစ်အော်၍
ဈေးရောင်းမည်လား
တောင်ယာစိုက်ပျိုးမည်လား၊ ကပ္ပိယလုပ်မည်လား၊ ဈေးဆွယ်သူ လုပ်မည်လား'။
ဘီအေအောင်ပြီးမှ တစ်လ၇ဝိနှင့် စာရေးကြီး ဝင်လုပ်သူတို့ကို ကျွန်တော်တွေ့ရ၏။ ယခင်က
ထိုလူများအား
နုံတဲ့လူတွေကိုးဟု အောက်မေ့မိ၏။ မကောင်းသော သနားခြင်းဖြစ်မိ၏။
ယခုကိုယ်တိုင်အလုပ်ရှာကြည့်တော့မှ
ကိုယ်ချင်းစာမိသည်။ ရာထူးစာမေးပွဲ မအောင်ဘဲ ဘီအေအောင်ရုံဖြင့် ဘာသွားလုပ်မည်နည်း။

စာမတတ်သူကိုကူလီထမ်းရဖို့လည်း မဖြစ်၊ လမ်းပေါ်လျှောက် ဟစ်အော်ကာ
ဈေးရောင်းလို့လည်း မဖြစ်၊ တစ်လ
၇ဝိစား စာရေးကြီးသာ လုပ်စရာရှိ သည်။ ဆယ်တန်းသမားတွေနှင့် ယှဉ်ပြိုင်တိုးရလျှင်
ခပ်ချောင်ချောင်ပင်
နိုင်နိုင်သည်။ ဘီအေအောင်ထားသည်ဆိုတော့ တစ်နေ့ရုံးဝန်ထောက် ဖြစ်သွားနိုင်သည်။
မြို့အုပ်ရာထူးဖြင့်
ချီးမြှင့်မစခြင်းခံရနိုင်သည်။ သို့ရာတွင်ကျွန်တော့်အဖို့တော့ သည်လမ်းက လုံးဝပိတ်နေသည်။
ကျွန်တော့်တို့နိုင်ငံအား ငြိမ်ဝပ်ပိပြားအောင် ကျွန်အဖြစ်မှ ရုန်းမလွတ်အောင် ပြုလုပ်နေသော
စက်ယန္တရားကြီးတွင်
ကြီးသည် ငယ်သည်မဟူ၊ ဘယ်နေရာကဖြစ်ဖြစ် ဝင်ရောက်အမှုထမ်းခြင်းမပြုနိုင်ပါ။
စာရေးလုပ်ရင်း
သခင်လုပ်လျှင်လည်း အထုတ်ခံရမည်သာ။
ဘီအေအောင်ရှိဖြင့် လွယ်လွယ်နှင့် လုပ်နိုင်သော အလုပ်မှာ ကျောင်းဆရာဖြစ် ၏။
အစိုးရကျောင်းများမှာထက်
နေရှင်နယ်ကျောင်းများနှင့် အခြားအထောက်အပံ့ခံ ကျောင်းများမှာ ပိုလွယ်ကူသည်။
သခင်သန်းထွန်းသည်
မွတ်စလင်ကျောင်းတစ်ကျောင်းတွင် ဆရာလုပ်ရင်း နိုင်ငံရေးလုပ်နေနိုင်သေးသည်။
ကျွန်တော်ကော
သူ့လိုမလုပ်နိုင်ပေဘူးလား။ သူ့မှာ ကျွန်တော့်လို ဘီအေပင် မအောင်ပါ။ ကျွန်တော်သည်
ကျောင်းဆရာအလုပ်
လိုက်ရှာ၏။ ရုတ်တရက် ရန်ကုန်မြို့ပေါ်မှာမရ၊ မြို့မကျောင်းမှာပင် ဆရာတွေ
ပြည့်နေသည်။
ခရမ်းနေရှင်နယ်ကျောင်းမှာ ရနိုင်သည်။ သို့သော် ကျွန်တော်က ရန်ကုန်မြို့မှ မထွက်ခွာလို။
သခင်ခေါင်းဆောင်များနှင့် ကင်းဝေးမည့်အရပ်သည် ကျွန်တော်နှင့် နဂါးလုည့်မတည့်။
သို့နှင့်အလုပ်အပေါက် မတည့်နိုင်ဖြစ်နေစဉ် နေရေးထိုင်ရေးက ခက်လာသည်။
ကျွန်တော်ကဖခင်ကြီးထံသို့
ကျွန်တော်ဘီအေအောင်ပြီး လွတ်လပ်သော အလုပ်တစ်ခုခု ရှာနေပါပြီ။ မကြာမီ
ရပါလိမ့်မည်။ ထို့ကြောင့်
ငွေပို့မပေးပါနှင့်တော့ဟု စာတစ်စောင် ရေးခဲ့ပြီးပြီ။ ယင်းသို့ အလုပ်မသေချာ သေးဘဲနှင့်
ငွေမပို့ရန်
စာရေးခြင်းမှာ အဖေအမေမကြိုက်တာ ကြိုက်တာ အပထားပြီး လွတ်လွတ်လပ်လပ်
ကိုယ်လုပ်ချင်ရာ လုပ်ရန်
ဖြစ်ပေသည်။ သူများ ငွေအကူအညီ မပြောနှင့်၊ ကိုယ့်မိဘငွေယူသုံးခြင်းသည်ပင်လျှင်
ကိုယ့်လွတ်လပ်ရေးကို
ထိခိုက်စေမည်မဟုတ်ပါလော။

အဖေ့ထံမှ ငွေလည်းမလာ၊ စာလည်း မရောက်၊ ငွေမရောက်သဖြင့် ဦးလေးမြင့်အား ထမင်းလခ မပေးနိုင်။
ဦးလေးမြင့်ကတော့ မတောင်းပါ။ မကြည်မဖြူ လက္ခဏာကိုလည်း မပြပါ။ သို့သော် သူ့မှာလည်း တစ်လ
စဝိလောက်သာရသော ဒုတိယ ဖိုမင်မို့ ချောင်လည်လှသည်မဟုတ်။ ကျွန်တော်က သူ့အား အားနာနေသည်။
အားနာနာနှင့် ထမင်းစားနေလို့ရသေးသည်။ အားနာနာနှင့် အိမ်မှာနေလို့ရသေးသည်။ သည့်ထက်ကျပ်သည်မှာ
အသေးသုံး မရှိခြင်းဖြစ်၏။ အဝတ်တွေကို ဒိုဘီပေးဖို့ ခက်လာ၏။ ကိုယ်တိုင်လျှော်ပြန်တော့ ဆပ်ပြာဝယ်စရာ
လိုလာသည်။ တစ်ခါတစ်ခါ ဆာတုန်း 'တောက်တောက်'နှင့် တုံးခေါက်၍လာသော ခေါက်ဆွဲတရုတ်အား
လှမ်း၍ခေါ်လိုသည်။ အိတ်ထဲမှာ ပိုက်ဆံမရှိသဖြင့် တောက်တောက်နှင့် တုံးခေါက်သံ တဖြည်းဖြည်း
ဝေးသွားသည့်တိုင် ဆာလောင်ခြင်းကို သည်းခံနေလိုက်ရသည်။ ခရီးစရိတ်မရှိသဖြင့် အသွားအလာ ကျုံ့ပြန်သည်။
သခင်တို့မည်သည် အာပေါင်အာရင်း သန်ရမည်သာမက ခြေသန်ရမည်ဟု ဆိုသော်လည်း နေရာတကာ
ခြေကျင်လျှောက်နေ၍လည်း မပြီး။
ကျွန်တော်သည် ယခင်ကဆိုလျှင် မိဘများထံမှလွဲ၍ သူများထံမှ ကိုယ့်အတွက် သုံးစွဲရံ လက်ဝါးဖြန့်ခံကာ
မတောင်းဖူးပါ။ ကျောင်းသားအရေးတော်ပုံထဲ ရောက်လာသောအခါ ကျောင်းသားအရေးတော်ပုံအတွက်
အလှူခံရဲလာသော်လည်း ကိုယ့်အတွက် သုံးစွဲရန် မတောင်းရဲသလောက် ဖြစ်နေခဲ့သည်။ သို့သော်
ကျောင်းသားအရေးတော်ပုံတွင် လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက် ဖြစ်လာသူများထံမှ တောင်းယူသုံးစွဲရန်ကား
တဖြည်းဖြည်းရဲလာသည်။ သူ့မရှိ ကိုယ်ကပေး၊ ကိုယ့်မရှိ သူကပေး၊ ဘာမျှ အားနာစရာ ရှက်စရာ မရှိကြတော့ပေ။
သို့သော် ကျွန်တော်သည် ကျောင်းသားရဲဘော်အချင်းချင်းမှာသာ တောင်းရဲ ရမ်းရဲ ငှားရဲ ချေးရဲပေသည်။ ယခုလို
ကျောင်းမှထွက်ပြီး သခင်နိုင်ငံရေးသမားဖြစ်အောင် ကြိုးစားရင်း ပြင်ပလောကသို့ ဝင်ရောက်သောအခါ
အကျပ်တွေ့ပြန်ပါသည်။ ခရီးစရိတ် တစ်မူးတစ်မတ်မရှိလို့ ဖွင့်မပြောရဲ၊ တောင်းဖို့လည်း လက်မရဲ။ တစ်ခါတစ်ရံ

ဘတ်စ်ကားခ မရှိသဖြင့် ခြေကျင်လျှောက်ရလေသည်။ တစ်ခါတစ်ရံ အိတ်ထဲမှာ
ပဲစေ့တစ်စေ့ပါ၏။
လက်ဖက်ရည်လည်း ဆာ၏။ သောက်မည်ဆိုလျှင် လက်ဖက်ရည် တစ်ခွက်ဝယ်၍
သောက်နိုင်၏။ သို့သော်
ဘေးကအဖော်တွေကို မတိုက်နိုင်သဖြင့် ကိုယ်လည်း လက်ဖက်ရည်မသောက်လိုက်ရဘဲ
အာခေါင်
အခြောက်ခံထားရလေသည်။
ကျွန်တော်၏ ဤအခက်အခဲများကို ကိုဘဟိန်း၊ ကိုလှရွှေ၊ ကိုထွန်းရှိန် စသော
ကျောင်းသားခေါင်းဆောင်များနှင့်
ကိုအေးငွေ စသော ကျောင်းသား သူငယ်ချင်းများက သိကြ၏။ ကိုယ်ချင်းစာကြ၏။
သူတို့မှာရှိလျှင်
ကျွန်တော့်အားမျှကြ ၏။ မတောင်းရဘဲ ပေးတတ်ကြ၏။ အတူခရီးသွားလျှင် အလိုက်သိစွာ
သူတို့ကပင်
ပိုက်ဆံထုတ်ပေးကြ၏။ စားကောင်းသောက်ဖွယ် အခွင့်အလမ်းပေါ်လျှင် ကျွန်တော့်ကိုပါ
ခေါ်သွားတတ်ကြ၏။
သူတို့ရုပ်ရှင်ကြည့်နိုင်လျှင် ကျွန်တော့်ကိုပါ ခေါ်တတ်ကြပေ၏။ တစ်ယောက်တည်း
တစ်ကျပ်တည်းက
ကြည့်မည့်အစား ကျွန်တော့်ပါခေါ်ပြီး ရှစ်ပဲတန်းက ကြည့်ကြ၏။
တစ်နေ့သ၌ ကိုအေးငွေနှင့် ကျွန်တော်တို့သည် ဟိုလျှောက်သည်လျှောက် လျှောက်ပြီးနောက်
မောကလည်းမော၊
ညောင်းကလည်း ညောင်းသောကြောင့် ဂလုပ်ရုံတွင် ညနေပွဲကြည့်ရန်
ငါးမူးတန်းလက်မှတ်ပေါက်၌
တိုးနေကြလေသည်။ ငါးမူးတန်းမှာ လူကြိတ်ကြိတ်တိုးနေသော်လည်း အထက်တန်းများမှာကား
တဖြောက်ဖြောက်
လာနေလေသည်။ ကျွန်တော်သည် လက်မှတ်မရလိုက်မရှိရန် လက်မှတ်ပေါက်ဆီသို့
စူးစိုက်စွာ ဦးတည်၍
တိုးနေစဉ် လူတစ်ယောက်က ကျွန်တော့်လက်ကို ဆွဲပြီးခေါ်လိုက်သည်။
"ဆရာကလေး မမတို့က ခေါ်နေတယ်"
ကျွန်တော်သည် သူ့အားလှည့်ကြည့်လိုက်သောအခါ မျက်နှာကို မြင်ဖူးသလိုလို ရှိသော်လည်း
ဘယ်သူဘယ်ပါဟု
ခွဲခြားသတိမရပေ။
"လက်မှတ်ရအောင်ယူပြီးမှ လာခဲ့မယ်လို့ ခင်ဗျားတို့မမကို ပြောလိုက်ပါဗျာ"
ကျွန်တော်တို့ အချီအချ ပြောနေစဉ် ဘေးကလူများက ကျွန်တော်တို့အား
ဝိုင်းကြည့်နေလေသည်။

"မဟုတ်ဘူး ဆရာလေး၊ မမတို့က သူတို့နဲ့ လာကြည့်လှည့်ပါတဲ့၊ ကျွန်တော့်ကိုလည်း ဆရာတို့ဖို့ပထမတန်း
လက်မှတ်ဝယ်ဖို့ ခိုင်းလိုက်ပြီ"
ကျွန်တော်က အံ့သြနေသည်။ ကိုအေးငွေက ကျွန်တော့်အား မျက်စပစ်လိုက် သည်။
"လာပါဆရာ၊ မမလေးတို့စောင့်နေတယ်"
"နေပါဦးဗျ စိတ်လည်းမရှိပါနဲ့၊ ခင်ဗျားမမတွေက ဘယ်သူတွေလဲ"
ထိုသူသည် အံ့သြစွာဖြင့်–
"အို–ဆရာလေး ကျွန်တော့်ကိုမေ့သွားပြီလား၊ ကျွန်တော်အငြိမ်းစား ဝန်ထောက်ကြီး ဦးဖေအိမ်က ဒရိုင်ဘာလေ၊
ဒေါ်ဌေးကြည်က အခေါ်ခိုင်းလိုက်တာ၊ ဝင်နီရော မေစီရော ပါလာတယ်"
ကျွန်တော်က အူကြောင်ကြောင်လုပ်နေစဉ် ကိုအေးငွေက ကျွန်တော့်ဖင်ကို လက်သီးနှင့် ကျိတ်ထိုးလိုက်ပြီး–
"ကဲ မူလကျီလုပ်မနေနဲ့၊ သူတို့နဲ့အတူတူ သွားကြည့်ကြမယ်"
ကျွန်တော်တို့နှစ်ယောက်သည် လူအုပ်ထဲမှ ရုန်းထွက်ခဲ့ပြီး ဒရိုင်ဘာနောက်သို့
လိုက်ကြလေသည်။
ဒေါ်ဌေးကြည်။ ခါတိုင်းလိုပင် ဝဝ စိုစို ချိုချိုဖြစ်သော မင်းကတော်ကြီး
ဒေါ်ဌေးကြည်ပါကလား။
သမီးဝင်နီဖေ ခေါ်ခင်သိန်းဝင်းကား ခါတိုင်းနှင့်မတူဟု ထင်မိသည်။
ပထမအကြိမ်တွေ့စဉ်က ဝင်နီ၏လန်းဆန်းသောအလှကို သူတို့နေထိုင်ရာ အိမ်အိုကြီးနှင့် ဆန့်ကျင်ယှဉ်ပြိုင်၍
သတိထားမိခဲ့သည်။ ယခုတော့ ဝင်နီ၏အလှသည် ညှိုးရော်နွမ်းလျနေသည်ဟုထင်သည်။ ဝင်နီကို မြင်လျှင်
မြင်ချင်း ယောကျာ်းရသွားပြီဆိုသော သတင်းကို သတိရလိုက်၏။
ညီမမေစီကား မာနရောင်ဟပ်နေသည့် မျက်နှာနှင့် ကြော့ကြော့မော့မော့ ရှိပေသည်။
သူတို့အနားရောက်သွားလျှင်သွားချင်း ဒေါ်ဌေးကြည်က ဆီး၍–
"မတွေ့ရတာ ကြာပါပြီကော မောင်တင်ထွန်း၊ ပျောက်ချက်သားကောင်းလှချည့် လားကွယ်၊ ဘယ့်လောက်ပဲ
အလုပ်များပေမယ့် ခဏတစ်ဖြုတ်လောက်တော့ အိမ်လာလည်ဖို့ကောင်းပါတယ်"
သမီးတွေကလည်း ကျွန်တော့်အား မပွင့်တပွင့် ပြုံးဖြင့် ရန်တွေ့နေကြသည်။
"မအားလွန်းလို့ပါ ဒေါ်ဒေါ်ရယ်၊ မလာချင်ဘဲနေပါ့မလား၊ ဒါထက် ကျွန်တော် ကြားတဲ့ သတင်းမှန်လားမသိဘူး"
အမေရော သမီးများပါ နားစွင့်နေကြသည်။
"ဘာသတင်းများပါလိမ့်၊ မောင်တင်ထွန်းရယ်"
ကျွန်တော်သည် ကျွန်တော့်မျက်နှာနှင့် အမူအရာများကို ကျွန်တော့်သတင်း မမှန်လည်း ရယ်စရာဖြစ်လေအောင်၊

မှန်လည်း ကျွန်တော်က ဂရုမစိုက်ဘူးဆိုသော အဓိပ္ပာယ်ပေါ်အောင်
ပေါ့ဆဆဖြစ်နိုင်သလောက် ဖြစ်စေပြီး–
"ဝင်နီ လက်ထပ်သွားပြီဆိုတဲ့ သတင်းလေ"
ဝင်နီက ရှက်သွားဟန်ရှိသည်။ မေစီက ကလိဆွသော အပြုံးကိုပြသည်။ ဒေါ်ငွေးကြည်က
ခပ်တည်တည်ဣန္ဒြေဆည်ပြီး–
"အေး ခုမဟုတ်သေးပါဘူး၊ အန်တီတို့ဘက်က စဉ်းစားတုန်းပဲ၊ သမီးရှင်ဆိုတာ အရာရာမှာ
စဉ်းစားရတယ်
မဟုတ်လား။ ယောကျာ်းလေးဘက်ကတော့ ခပ်မြန်မြန် ပြီးစေချင်ကြတယ်ကွဲ့၊ ဒါပေမဲ့
ဒေါ်ဒေါ်သဘောက
ယောကျာ်းလေးဘက်က ဘယ်လောက် လိုလားလိုလား သမီးရှင်ဘက်က ဝတ္တရားကျေအောင်
ဆောင်ရွက်ပေးရမှာ
တွေ့ရှိတယ်"
ကျွန်တော်သည် ထိုစကားကြားလိုက်သည်နှင့်တစ်ပြိုင်နက် "ဈေးဆစ်လို့ မတည့်ကြ
သေးဘူး"ဟု တွက်မိ၏။
ထိုအခိုက် ဒရိုင်ဘာသည် လက်မှတ်များ ဝယ်ယူလာခဲ့လေပြီ။
"ကဲ မောင်တင်ထွန်း ရုံထဲဝင်ကြစို့၊ မင်းမိတ်ဆွေက ဘယ်သူတဲ့လဲ"
သည်တော့မှ မိတ်ဆက်ပေးရန် သတိရပြီး–
"ဒါ ကျွန်တော်တို့ ကျောင်းသားခေါင်းဆောင်တစ်ယောက် ကိုအေးငွေပါတဲ့ ဒေါ်ဒေါ်။
ကိုအေးငွေ ဒါက ကျွန်တော်
ခဏခဏပြောဖူးတဲ့ ဒေါ်ငွေးကြည်ဆိုတာလေ၊ အငြိမ်းစားဝန်ထောက်ကြီး ဦးဖေရဲ့ မစ္စက်ပေါ့"
ဒေါ်ငွေးကြည်က ရှေ့ကသွားရင်း–
"ကဲ ကဲ လာကြ အပေါ်ကျမှ စကားပြောတာပေါ့"
လှေကားပေါ်သို့ တက်ကြရင်း ဒေါ်ငွေးကြည်က ကျွန်တော့်အား လှည့်ကြည့်ပြီး–
"မောင်တင်ထွန်း ဘီအေအောင်သွားပြီနော်"
"အောင်သွားတယ်ခင်ဗျ၊ ကံကောင်းလို့ အဝင်ချိတ်သွားတာပေါ့"
"ဒီလို မပြောပါနဲ့ကွယ်၊ မောင်တင်ထွန်းက သိပ်တော်ပါတယ်၊ ဉာဏ်အင်မတန်
ကောင်းတယ်"
ရုံထဲသို့ ဝင်ကြသောအခါ ဒေါ်ငွေးကြည်သည် ကိုအေးငွေအား အရင်ဆုံး သွင်းလိုက်သည်။
ပြီးတော့သားကလေး၊
နောက်မေစီ၊ သည့်နောက် ဝင်နီ၊ နောက်ပြီးတော့ ဒေါ်ငွေးကြည်ကိုင်တိုင်ဝင်သည်။
နောက်ဆုံးမှ
ကျွန်တော်ကလိုက်ရ သည်။ သည်အစီအစဉ်အတိုင်းပင် ထိုင်ကြရသည်။
"မောင်တင်ထွန်း ဘီအေအောင်ပြီး ဘာမှမလုပ်ဘူးလား"
"လုပ်တယ်လေ၊ ကျွန်တော်နိုင်ငံရေးလုပ်နေတယ်၊ အခုသခင်ပေါက်စ မဟုတ်တော့ဘူး။

ဝါးဖတ်ဦးထုပ်ဆောင်းသခင်၊ ဗမာပြည်တစ်ဝန်း အကုန်တို့အိမ်မှတ် ထင်တဲ့
သခင်အပြည့်အဝဖြစ်နေပြီ ဟဲ ဟဲ”
“ဟဲ ဟဲ အန်တီက ဒါကို မေးတာမဟုတ်ပါဘူး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကို
ပြောတာပါ”
“အဲဒါတော့ မလုပ်သေးဘူး အန်တီ၊ လုပ်မယ်လည်း မအောက်မေ့ဘူး၊ ခြေသလုံး
အိမ်တိုင်နေပြီး နိုင်ငံရေးကိုပဲ
ရှိသမျှ အချိန်ယူပြီး လွတ်လွတ်ကျွတ်ကျွတ် လုပ်မယ်စိတ်ကူးနေတယ်”
“ဒီလိုဘယ်ဖြစ်မှာလဲကွယ်၊ အသက်မွေးဖို့ အလုပ်ကို လုပ်ရမှာပေါ့”
“လုပ်ဖို့မလိုပါဘူး အန်တီ”
ကျွန်တော်သည် ဒေါ်ဌေးကြည်အား သို့ကလို အားကျမခံ ပြောနေသော်လည်း စိတ်ထဲကမူ
ဒေါ်ဌေးကြည်မှန်ကြောင်း ထောက်ခံနေသည်။ လက်တွေ့အားဖြင့်လည်း အလုပ်ရှာနေသည်
မဟုတ်ပါလော။
သို့ရာတွင် အလုပ်ရှာနေသည်ဟူသော ဘဝသည် သိမ်ငယ်သည်။ အလုပ်မရသေးဟူသော
အဖြစ်သည်
အောက်ကျသည်။ ရှက်စရာ ကောင်းသည်။ အထူးသဖြင့် ဒေါ်ဌေးကြည်တို့လိုလူများရှေ့တွင်
ဖုံးကွယ်ထားရမည်ဟု
ထင်သည်။
“ မင်းစိတ်ကူးမလွဲသင့်ဘူးကွယ်၊ အိုင်စီအက်စာမေးပွဲမဖြေတောင် ဘီစီအက် စာမေးပွဲ
ဝင်ဖြေဖို့ကောင်းတယ်၊
မောင်တင်ထွန်းရဲ့ ဉာဏ်မျိုးနဲ့ဆိုရင် အောင်ဖို့ခက်မှာ မဟုတ်ပါဘူး”
ကျွန်တော်ကား ဖြေရှင်းမနေချင်တော့ပါ။ တော်ပါသေး၏။ ကံအားလျော်စွာ ရုပ်ရှင်ပြရန်
မှောင်ချလိုက်လေပြီ။
ရုပ်ရှင်ပြနေစဉ်တွင် ရုပ်ရှင်ဆီသို့ တော်တော်နှင့်အာရုံမရောက်ပါ။ အလုပ်အကိုင်
ရာထူးဌာနန္တရ ဂုဏ်စသည်များကို
စဉ်းစားနေမိလေသည်။ ဒေါ်ဌေးကြည်တို့မိသားတစ်စု အကြောင်းကိုလည်း တွေးမိသည်။
အငြိမ်းစား
ဝန်ထောက်ကြီး ဦးဖေကား အိမ်မှာ စားကောင်းသောက်ဖွယ်တွေစားပြီး သွားကြားထိုးရင်း
မြင်းစာအုပ်ကိုကောက်ကိုင်နေပေရော့မည်။ ဝင်နီလက်မထပ်ဖြစ် သေးသည့်အကြောင်းရင်းမှာ
ဘာဖြစ်သနည်း။
သတို့သားကလိုလိုချင်ချင်ဖြစ်နေလျက် သူတို့ကဘာကြောင့် အင်တင်တင်လုပ်နေကြသနည်း။
သူတို့က
လက်ဖွဲ့ခန်းဝင်ပစ္စည်း မထည့်နိုင်၍လော။ ဝင်နီ၏အလှမှာ ညှိုးနွမ်းနေသည်။
သူတို့အိမ်အိုကြီးနှင့်
ပစ္စည်းဟောင်းများလို ဖြစ်လာသည်ဟုထင်သည်။ အန်တီက အိမ်ကိုဖျက်၍
တိုက်သစ်ဆောက်မည်ပြောတိုင်း

မအောင်သဖြင့် သမီးလုပ်သူ စိတ်ညစ်ပြီး လန်းဆတ်သောအလှမှာ ညှိုးနွမ်းသွားလေသလော။ သို့မဟုတ်
သတို့သားလုပ်သူက ပူးပွဲပြီးမှ ခွဲခွာသွားသောကြောင့် လန်းဆတ်သော ပန်းအလှ ညှိုးနွမ်းကျသွားလေသလော။
မာနာလွိုင်း၏ ကုလားမဟန် အမူအရာနှင့် ရူပါရုံတို့ကား ဆွဲငင်မှု ပြင်းထန်လာပါသည်။ အနောက်နိုင်ငံသူတို့သည် ဆာရီကိုဝတ်လိုက်လျှင် နွဲ့နှောင်းပြေပြစ်လာပြီး ပို၍ အလှအယဉ် ထွက်လာသည်ဟု
ထင်ပါသည်။ တိုင်ရုံးပါဝါ၏ ဟန်အမူအရာနှင့် ရုပ်ကလည်း ခံ့ညားသပ်ရပ်လှသည်။ သည်နောက်တော့ ရုပ်ရှင်ထဲမှာ နစ်မြုပ်သွားပါတော့သည်။ အားလပ်ချိန်ပေးသောအခါမှာပင် ပြောကြသောစကားမှာ ရုပ်ရှင်ကားနှင့်ပတ်သက် သော စကားများဖြစ်ပေတော့သည်။
ရုပ်ရှင်ပြီး၍ဆင်းခဲ့ကြသောအခါ ဒေါ်ငွေးကြည်က သူတို့ကားနှင့် လိုက်ခဲ့ဖို့ ခေါ်လေသည်။ ကျွန်တော်တို့ကကျေးဇူးတင်စွာနှင့် ငြင်းဆန်ကြလေသည်။ သူတို့ကားပေါ်သို့ရောက်အောင် လိုက်ပို့ကြစဉ်
ဒေါ်ငွေးကြည်က–
"အိမ်လာလည်ဦးနော်၊ ဘယ်လောက်ပဲ အလုပ်များများ ဘယ်အလုပ်မျိုးပဲ လုပ်နေနေ အန်တီတို့ဆီ
လာဖြစ်အောင်လာပါကွယ်၊ မင်းအန်ကယ်ကလည်း စောင့်နေတယ်၊ မောင်တင်ထွန်းရဲ့ မိတ်ဆွေလည်းလာနော်"
ကားကအခါတိုင်း ကားဟောင်းပင်ဖြစ်သည်။ မကြာခဏလူကကားကိုမစီးရ။ ကားက လူကိုစီးသည့်ကားပင်ဖြစ်သည်။ ယခုလည်း စက်နိုး၍မရသေး။ ဒရိုင်ဘာခများမှာ အောက်ဆင်း၍
ကောက်နှင့်လှည့်ကြည့်လိုက်အပေါ်တက်ပြီး ဆယ့်လ်စတာနှင့်စမ်းလိုက်ဖြစ်နေလေသည်။ ဒေါ်ငွေးကြည်က
ထိုအခက်အခဲမှ မျက်နှာမပျက်ဘဲ စကားဖြင့် ကျော်ထွက်နေသည်။
"ကားအသစ်လဲဖို့ဟာလည်း စိတ်တိုင်းကျကို မရသေးဘူး၊ မင်းအန်ကယ်လ် အလိုဆိုရင် လဲပြီးတာကြာပြီ။
အန်တီကတော့ ကားနဲ့ပတ်သက်ရင် ကြေး(ဂျီး)များတယ်လေ၊ မောင်တင်ထွန်းလည်းသိသား မဟုတ်လား"
ထိုအတွင်းကားစက်နိုးသွားသည်။ မှုန်နေကြသော ဝင်နီနှင့်မေစီတို့၏ မျက်နှာများကား လင်းလာကြသည်။
"သွားပြီနော် မောင်တင်ထွန်း"
"ဘိုင် ဘိုင် ကိုတင်ထွန်း"
ကားထွက်သွားသောအခါ ကိုအေးငွေက ကျွန်တော့်အား ပြုံးကြည့်လိုက်ပြီး–
"သမီးတွေထက် အမေကြီးက ပိုပြီး ဟဲ ဟဲ အိအိစက်စက် ဝဝဖြိုးဖြိုး ဖွေးဖွေးကြီးဆိုတော့"

"ဟုတ်တယ် လူတစ်ဖက်သားကို တိမ်းညွတ်လာအောင် ဆွဲငင်နိုင်တဲ့ ရုပ်ကောင်းကြီးပါပဲ၊ အင်မတန်ဖော်ရွှေတယ်"
"ကဲ ကိုယ်တို့ဘာသွားကြမှာလဲ"
"ကျွန်တော်တော့ အိမ်ပြန်ချင်တယ်"
"ကဲ ဒါဖြင့် ကိုယ့်လူပြန်ပေရော့၊ ကိုယ်တော့ မြို့ထဲမှာ သွားစရာအိမ်တွေ ရှိသေးတယ်"
ကျွန်တော်တို့ခွဲခဲ့ကြသည်။
အိမ်ရောက်သောအခါ ဦးလေးမြင့်က ဆီးပြီး ဘယ်ရောက်ခဲ့သလဲဟု မေးလေသည်။
မလုပ်ရခဲ့ပြီလားဟုလည်း
စုံစမ်းသည်။ ကျွန်တော်က ကျွန်တော့်ရည်ရွယ်ချက်နှင့် သင့်လျော်မည့်အလုပ်
မတွေ့ခဲ့ဟုပြောလိုက်သော အခါ–
"တို့ သတင်းစာတိုက်မှာ လုပ်မလား။ ကြေးနန်းသတင်းတွေ ဘာသာပြန် ပေးရမယ်၊ ညည
အလုပ်ဆင်းရမယ်၊
တစ်ချက်ထိုးလောက်အထိပေါ့။ လုပ်မယ်ဆိုရင် တိုက်အုပ်ကို ဦးလေးပြောလိုက်ရုံပဲ၊ တစ်လကို
၇၅ကျပ်ရမယ်ထင်တယ်"
အံ့သြစရာကောင်းလှသည်။ ကျွန်တော့်မှာ ခါးကြားညှပ်ထားပြီး ပစ္စည်းပျောက်
လိုက်ရှာနေသည်နှင့် တူလှသည်။
အိမ်ကထွက်ထွက် အလုပ်ရှာနေရသည့်ရက် များလှလေပြီ။ အလုပ်ကတော့ အိမ်မှာပင်
ရနေလေပြီ။
"ကောင်းတယ်ဦးလေးမြင့်၊ ကျွန်တော်လုပ်မယ်"။ ။
၄၇
ဇေဒကဝိန်နှင့် အတူနေရခြင်း
ခေါ်တော့ လက်ထောက်အယ်ဒီတာ၊ ရတော့ တစ်လ ၆၅ကျပ်။ ဤကား
ကျွန်တော့်ဘဝသစ်ဖြစ်သည်။
လက်ထောက်အယ်ဒီတာဟုဆိုသော်လည်း အယ်ဒီတာအလုပ်ကို လုပ်ရသည် မဟုတ်။
ကြေးနန်းသတင်းများကို
ဘာသာပြန်ရလေသည်။
ရိုက်တာကြေးနန်းသတင်းများမှာ ညနေပိုင်းလောက်မှာ စလာပြီး ညတွင်
များများလာလေသည်။ ကျွန်တော့်မှာ
ညနေပိုင်းတွင် အလုပ်ဆင်းပြီး သန်းခေါင်ကျော်သည်အထိ အလုပ်လုပ်ရ၏။
ကျွန်တော်သည် ကောလိပ်ကျောင်းမှာ နေတုန်းကပင် နိုင်ငံခြားသတင်းများကို
အထူးစိတ်ဝင်စားစွာဖတ်ခဲ့ဖူးသူဖြစ်၏။ ယခုသတင်းစာတိုက်၌ အလုပ်ဝတ္တရားအနေနှင့်
နိုင်ငံခြားမှလာသော
ကြေးနန်းသတင်းများကို ဖတ်ရသောအခါ အချိုရှာ သကာတွေ့သလိုသာ နေတော့၏။
ဘာသာမပြန်ခင်

ကြေးနန်းသတင်းများကို စိတ်ဝင်စားစွာဖတ်လိုက်၏။ ကျေညက်အောင်
မှတ်သားထားလိုက်၏။ ပြီးတော့မှ
ကောက်ဘာသာပြန်လိုက်သည်။ အင်္ဂလိပ်စာကိုလည်းနိုင်၊ မြန်မာစာကိုလည်းနိုင်သော
ဘီအေတစ်ယောက်လည်း
ဖြစ်ပြန်ရကား ကျွန်တော့်ဘာသာပြန်ကြေးနန်းသတင်းများမှာ ထူးထူးချွန်ချွန်ကောင်း
နေလေသည်။
ထို့ကြောင့် ညအယ်ဒီတာမှစ၍ အယ်ဒီတာချုပ်ကပါ သဘောကျနေကြလေ သည်။
သူတို့သဘောကျခြင်းကြောင့် မသက်သာလှပေ။ အခါတိုင်းဆိုလျှင် ညအယ်ဒီတာသည်
ကြေးနန်းသတင်းအချို့ကိုခွဲယူ၍ ဘာသာပြန်ရသေးသည်။ ခုတော့ ကျွန်တော့်ကိုချည်း
လွှဲပေးလေတော့၏။ ထို့ပြင်
အယ်ဒီတာချုပ်သည် အင်္ဂလိပ်သတင်းစာများ၊ ဂျာနယ်မဂ္ဂဇင်းများမှ ဆောင်းပါးအချို့ကို
ဘာသာပြန်ခြင်း၊
မှီးခြင်းများပြု၍ ကျွန်တော်တို့ သတင်းစာမှာ ထည့်လေ့ရှိပေရာ ကျွန်တော်ရောက် တော့
ကျွန်တော့်အား
ခွဲပေးပြန်လေသည်။ မသက်သာသော အလုပ်ဖြစ်သော်လည်း မောရမှန်း ညည်းရမှန်းမသိ
ဖိလုပ်ပါသည်။
ကမ္ဘာကြီးက လှုပ်နေသည်။ နိုင်ငံခြားသတင်းတွေက ထူးနေသည်။ တစ်နေ့ထက် တစ်နေ့
ပို၍သာ လှုပ်၏။
တစ်နေ့ထက်တစ်နေ့ ပို၍သာထူး၏။ တစ်နာရီထက် တစ်နာရီ ပို၍ပို၍လှုပ်၏။
တစ်နာရီထက်
တစ်နာရီပို၍ပို၍ထူး၏။ ဟစ်တလာက ကြုံးဝါးသည်။ မူဆိုလိုနီက ထစ်ချုန်းသည်။
ချိန်ဘာလိန်က အာခံစကား
ပြောသည်။ ရှေ့တစ်လှမ်းမတိုးနှင့်၊ တိုးလျှင် သိမယ်ဟု ဆိုသည်။ ဟစ်တလာက
ဇွတ်သိမ်းလိုက်သည်။
မူဆိုလိုနီက တပ်လှန့်ပြီး အချောင်နှိုက်သည်။ ချိန်ဘာလိန်က ဒါနောက်ဆုံးပဲ ဟုဆိုကာ
နောက်ခြေတစ်လှမ်း
ဆုတ်ပေး အလျှော့ပေးလိုက်သည်။
ဂျပန်က မန်ချူးရီးယားနယ်စပ်မှာ ဆိုဗီယက်တပ်နီတော်နှင့် တစ်ပွဲတစ်လမ်း
အကဲစမ်းလိုက်သည်။ အင်္ဂလိပ်နှင့်
အမေရိကန်တို့က ရင်ပေါ့သွားပြီး သက်ပြင်းချ လိုက်ကြသည်။ ဂျပန်နှင့် နားလည်မှုယူရန်
မျက်နှာချိုသွေးလိုက်ကြသည်။ ချန်ကေရှိတ်တို့က ဆိုဗီယက်ဆန့်ကျင်ရေး မဟာစစ်ပွဲကြီးကို
ကျိတ်၍ မျှော်ရင်း
ယာယီမဟာမိတ် ကွန်မြူနစ်အား ကိုယ့်တပ် ကိုယ်ပြန်နင်းမှုများ တိုး၍ လုပ်လာကြသည်။
ဂျပန်တို့သည်ကား ဆိုဗီယက်တပ်နီကိုညလ်း မနိုင်၊ ဆိုဗီယက်နယ်မြေ တစ်လက်မကိုမျှလည်း
မရ။ တရုတ်ပြည်မှ

နယ်မြေများကိုသာ တိုးချဲ့သိမ်းပိုက်လိုက် ကြသည်။
ဆိုဗီယက်က အင်္ဂလိပ်၊ ပြင်သစ်တို့နှင့် စုပေါင်းလုံခြုံရေး မဟာမိတ်ဖွဲ့ရန် တောင်းဆိုသည်။ ချိန်ဘာလိန်ကား
ဆိုဗီယက်နှင့်နားလည်မှု မလိုချင်။ ဟစ်တလာနှင့် သာနားလည်မှုလိုချင်သည်။ ထို့ကြောင့် အလျှော့ပေးပြီးရင်း
ပေးရင်း နယ်ကျွေးပြီးရင်း ကျွေးရင်းသာနေလေသည်။ သို့သော် ဟစ်တလာကား ရလေလိုလေ အိုတစ္ဆေ။
ကမ္ဘာစစ်ကြီးကား ပေါက်ကွဲလုနီးလေပြီ။
ဘယ်တော့ ကမ္ဘာစစ်ဖြစ်မှာလဲ။ ဤကား တို့ဗမာအပေါင်းတို့ မေးခွန်းဖြစ်နေ တော့၏။ ဤမေးခွန်းဖြင့်
သတင်းစာများကို လှန်လှောကြသည်။ ကျွန်တော်တို့ ဘာသာပြန်၍ ထုတ်ဝေကြရသော သတင်းများသည်
ဤအမေးများကို ပိုမိုများပြား စေလေသည်။ သတင်းစာခေါင်းကြီးနှင့်ဆောင်းပါးများမှာ ဤမေးခွန်းကို
ဆွပေးနေကြပေသည်။
လူတိုင်း၏ အသိတွင် စစ်ကြီးသည် အနေးနှင့်အမြန် နေ့လားညလား လာတော့မည်ဟု စွဲကပ်နေလေပြီ။
ဘယ်သူမျှ စစ်ကြီးဖြစ်မလာအောင် တားဆီးနိုင်မည်ဟု မထင်ကြ။ မယုံကြည်ကြ။ စစ်သည် မလွဲမသွေဖြစ်ရမည့်အရာတည်း။
မလွတ်လပ်သော ဗမာ့လက်တွင် စစ်ကိုတိုက်ရန်သော်လည်းကောင်း၊ တားဆီးရန် သော်လည်းကောင်း အာဏာမရှိ၊
အခွင့်အရေးမရှိ တာဝန်မရှိ။
ဤကဲ့သို့ တွေးကြသည်။ ဤကဲ့သို့ပင် သတင်းပေးကြသည်။
တိုင်းပြည်လွတ်လပ်ရေးကို ရှေးရှုသော သူတို့အဖို့လည်း စစ်သည် ထွက်ပေါက်လို ထင်နေရသည်။
အင်္ဂလိပ်အခက်၊ ဗမာ့အချက်။ ဤကား ဒေါက်တာဘမော်၏ တိတ်တဆိတ် ကြွေးကြော်သံ၊ ဝန်ကြီးဂဠုန်ဦးစော၏
ကျိတ်ကြံခြင်းဖြစ်ပေသည်။ နယ်ချဲ့စစ်ကို ပြည်တွင်းစစ်သို့ပြောင်းပစ်။ ဤကားသခင်များ၏ ကြွေးကြော်သံ၊
ပြင်ဆင်မှု။
ကျွန်တော်တို့ သတင်းစာများသည် အစိုးရဥပဒေကိုကြောက်နေသဖြင့် ရှောင်ကာ ကွေ့ကာ ရေးနေရသော်လည်း
ဖော်ပြပါ ကြွေးကြော်သံများဆီသို့သာ ညွှတ်နေကြပေသည်။
ကျွန်တော့်မှာ သတင်းစာတိုက်တွင် သန်းခေါင်ကျော်ထိ အလုပ်လုပ်ရသည်။
နောက်ဆုံးဖောင်ကလည်း

၂နာရီထိုးမှပိတ်သည်။ ထို့ကြောင့် ကမာရွတ်နေအိမ်သို့ ပြန်မအိပ်နိုင်။ များသောအားဖြင့် အယ်ဒီတာခန်းရှိ
စားပွဲများပေါ်မှာ သတင်းစာဖိုင်ကို ခေါင်းအုံး၍ တုံးလုံးပက်လက်ဆိုသလို အိပ်ရတော့သည်။ တစ်ခါတစ်ရံ
ပန်းဆိုးတန်း တို့ဗမာအစည်းအရုံးသို့ သွားအိပ်ရသည်။ မွေ့ရာ၊ ခြင်ထောင်တို့နှင့် လုံးဝမတွေ့ထိရ။
ကျောင်းသားအရေးတော်ပုံအတွင်းက ဤသုခမျိုးနှင့် မတွေ့ထိရသည်မှာ မထောင်းတာ၊ အမှုမထား။
ခုအလုပ်အကိုင်နှင့် ဖြစ်နေသည့်အပြင် ကျောင်းသားအရေးတော်ပုံလို ထူးခြားသော အခြေအနေမျိုးအရ
သွေးကြွနေခြင်းလည်း မရှိရကား ကသီလင်တအိပ်နေရသည့် ကိစ္စအတွက် စိတ်ထိခိုက်လာပေသည်။
ထို့ကြောင့် မြို့ထဲမှာ ပြောင်းရွှေ့နေရန် စဉ်းစားရလေတော့သည်။ ကမာရွတ် အိမ်ရှင် ဦးလေးမြင့်နှင့် ပထမဆုံး
တိုင်ပင်ရ၏။ ဦးလေးမြင့်က ကျွန်တော့်အခက် ချက်ချင်းမြင်သည်။ ကိုကြွယ်က မခွဲချင်။ ကျွန်တော်ကလည်း
ကိုကြွယ်နှင့် မခွဲချင်။ ကိုကြွယ်ကား ကျွန်တော့်တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်နေလေပြီ။ ကျောင်းမှတွေ့ဆုံ ရသော
သူငယ်ချင်းမိတ်ဆွေကောင်းနှင့်ပေါင်းရသည့် အရသာက တစ်မျိုး၊ အရပ်ထဲမှာ အတူနေရသော သူငယ်ချင်းမိတ်ဆွေကောင်းနှင့် ပေါင်းရသော အရသာက တစ်မျိုးဖြစ်ပေသည်။ ကိုကြွယ်မှာ ကျွန်တော့်ထက်များစွာကြီး၏။ သို့သော် ပြောမနာ ဆိုမနာ ဆိုးတူကောင်းဖက် သူငယ်ချင်းမိတ်ဆွေလို
ပေါင်းသင်းခဲ့ကြ၏။ အကြော်သည် မလုံးတင်တို့သားအမိနှင့်လည်း ကင်းဝေးကြရဦးမည်။ ကိုကြွယ်နှင့်အတူ
ဘူးသီးကြော် အနံ့ခံရင်း၊ လက်ဖက်ရည်ကြမ်းပူပူမှုတ်သောက်ရင်း ပြောခဲ့၊ ဆိုခဲ့၊ လှောင်ခဲ့၊ ပြောင်ခဲ့ကြရသည်များကို သတိရ တသနေရပေဦးမည်။ ဆံပင်ညှပ်ဆိုင် သခင်ဘကျူး၊ မြင်းရထားသမား
ဦးဖိုးခင်တို့ မိသားတစ်စုနှင့် ရပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေး ဆွေးနွေးလုပ်ကိုင်ခဲ့ခြင်းများမှာလည်း
အဖိုးတန်သော အတွေ့အကြုံများပင်။ ဦးဖိုးခင်၏ သမီးနှင့်သမက်မီးရထားအလုပ်သမားတို့၏ ဒုက္ခများတွင်
ကျွန်တော့်စိတ်သည် နူးညံ့ခဲ့သည် မဟုတ်ပါလော။ ကမာရွတ် စွပ်ကျယ်စက်၊ ဒန်အိုးစက်၊ ကြိုးစက်
အလုပ်သမားတို့၏ လှုပ်ရှားမှုများ၊ စည်းရုံးမှုများ၊ သပိတ်များ၏ အရှိန်ဟပ်သဖြင့် ကျွန်တော်အားတက်ခဲ့သည်

မဟုတ်ပါလော။ အဖျင်းဆုံး သခင်တင်ကြီးလို နိုင်ငံရေးလေလုံး ပုလိပ်သူလျှိုမျိုးနှင့် တွေ့ဆုံရ ဆက်ဆံရခြင်းသည်ပင် ကျွန်တော့်အတွေ့အကြုံကို ကြွယ်ဝစေသည် မဟုတ်ပါလော။
ထို့ကြောင့် ကျွန်တော်သည် ကမာရွတ်မှ လေးကန်သော ခြေလှမ်း၊ လှည့်ကြည့် လှည့်ကြည့်နေမိသော မျက်နှာ၊
ပိလေးသော စိတ်နှလုံးတို့ဖြင့်သာလျှင် ရွှေ့ပြောင်းလာရပေတော့သည်။
ရန်ကုန်ထဲတွင် နေစရာနေရာကိုလည်း ဦးလေးမြင့်ပင် ရှာပေးလေသည်။ နေစရာ အဖော်စပ်ပေးသည်ဟုဆိုက
ပိုမှန်ပေလိမ့်မည်။ ၄၅လမ်းထဲတွင် တိုက်ခန်းတစ်ခုရှိသည်။ တစ်လမှာ အခန်းခ ၂၅ကျပ်ဖြစ်၍ ဦးလေးမြင့်၏
မိတ်ဆွေတစ်ဦးက ငှားလျက်နေသည်။ ထိုသူမှာ တစ်ဦးတည်းသမားဖြစ်လျက် အခြားတစ်ဦးတည်းသမားနှစ်ယောက်ကို ရှာနေရာ တစ်ယောက်ရပြီ ဖြစ်သည်ဆို၏။ သူက ကျွန်တော်တို့နှစ်ယောက်ထံမှ တစ်ယောက်၁၀စီ အခန်းခ ယူမည်ဖြစ်ရာ သူကိုယ်တိုင်က ငွေ၅ကျပ်သာ
ပေးလိမ့်မည်ဖြစ်ပေသည်။
တိုက်ခန်းမှာ အပေါ်ထပ်တွင်ရှိပြီး အနောက်ဘက်သို့ မျက်နှာလှည့်ထားရာ ညနေဘက်တွင် နေအတော်ပူလေသည်။
အလျား ၂၅ပေ၊ အနံ ၁၂ပေမျှ ရှိလိမ့်မည်ဟု ခန့်မှန်းမိပေသည်။
အိမ်ရှေ့ခန်း၏နောက်ထပ်ဝက်တွင် လှေကားက
ကျွန်တော်တို့အခန်းဘက်မှ ၃ပေမျှ ယူထားသေးရာ ၉ပေမျှသာ ကျန်ပေသည်။ အခန်းတွင်းမှာ အစိမ်းပုပ်ရောင်
ဆိုးထားသဖြင့် အိန္ဒိယတောင်ပိုင်းကုလားပိုင်သော အိမ်ဖြစ်ရမည်ဟု ကျွန်တော်ယူဆလိုက်၏။ ဘယ်နည်းနှင့်
ဝင်သည်မသိ၊ အောက်ထပ်က မီးခိုးသည် လိုမ့်၍ဝင်နေ၏။ ညော်လျှင်လည်း ကျွန်တော်တို့ထံမှချ
ညော်နံ့ရောက်မည်ထင်ပေသည်။ လွတ်လပ်စိမ်းလန်းသော ကမာရွတ် ပတ်ဝန်းကျင်နှင့်ကား ကွာခြားလှ၏။
ကျွန်တော်နှင့်အတူနေရမည့် ဦးလေးမြင့်၏မိတ်ဆွေကား အသက် ၄၀မျှ ရှိဦးမည်ထင်သည်။ ပုပုဖိုင့်ဖိုင့် ဖြစ်ပြီး
သွားလျှင် ခြေကိုယက်ကန်ယက်ကန် ဘဲလိုသွားသည်။ ဗိုလ်ကေကို အောင်ကျော်ထက် တိုအောင်ဖြတ်ထား၏။
ငယ်ထိပ်ပေါ်တွင် ဆံဖြူကွက်ကလေး ရေးရေးမြင်ရ၏။ ဦးလေးမြင့်က သူ့အား ဆရာဟု ရှိသေစွာ ခေါ်သဖြင့်
ဘာဆရာများဖြစ်ပါလိမ့်ဟု ကျွန်တော်သိလိုပေသည်။ သို့သော် လူချင်းမရင်းနှီးခင် မမေးအပ်သေးသည့်

ယဉ်ကျေးမှုထုံးစံကို စောင့်ထိန်းနေရသည်ဖြစ်ရာ ဖြည်းဖြည်းမှ အကဲခတ်စုံစမ်းမေးမြန်းရန် အချိန်စောင့်
နေရပေတော့သည်။
ပထမတော့ သူသည် ပရွတ်ရီးဒါး စာပြင်ဆရာဖြစ်ကြောင်းသိရ၏။ ကျွန်တော်တို့ သတင်းစာတိုက်မှာ
လုပ်သည်ကား မဟုတ်ချေ။ သို့သော် ဦးလေးမြင့်မှာ သတင်းစာတိုက်တစ်တိုက်တွင် ဖိုမင်တစ်ဦးဖြစ်ရာ
စာပြင်ဆရာကို ဤမျှရှိသေဖို့အကြောင်းမရှိဟု တွေးထင်မိသည်။ ထို့ပြင် ပရွတ်ရီးဒါး စာပြင်ဆရာ အလုပ်ကိုလည်း
မှန်မှန်သွားလုပ်ဟန် မတူချေ။
"ဆရာ အလုပ်မသွားဘူးလား"
"သည့်ပြင်အလုပ်တွေ များနေတာနဲ့ မသွားအားသေးဘူး"
သူ့အသံမှာ ပြာတာတာနိုင်သော်လည်း ဘုန်းကြီးတရားပေးသံ ပေါက်နေ၏။ သည်လောက်သာဖြေပြီး
ပက်လက်ကုလားထိုင်မှာ မျက်စိမှေး၍ ပုတီးစိပ်နေလေတော့ရာ နောက်ထပ် မမေးတော့ချေ။
တဖြည်းဖြည်းသူ၏ သည့်ပြင်အလုပ်တွေသိလာရသည်။ သူသည် သတင်းစာထဲမှာ ဗေဒင်ဆောင်းပါးများရေးသည်။
သူ့ကလောင်နာမည်မှာ ဗေဒကဝိန် ဆရာ ဦးတက်ရှိန်ဖြစ်ပေသည်။ ဗေဒင်ဆောင်းပါးတစ်ပုဒ် ၅ကျပ်ထက်တော့
ပိုရမည် မထင်ပေ။ ဆရာဦးတက်ရှိန်သည် ဗေဒကဝိန်ဖြစ်သော်လည်း ဗေဒင်ဟောသည်ကိုကား မတွေ့ရချေ။
ဇာတာဖွဲ့ပေးဟန်လည်း မရှိ။ အကယ်၍ ဗေဒင်ဟောသည်ဖြစ်ဘိမူ အိမ်မှာမဟောဘဲ ပင့်ဖိတ်ရာလိုက်ဟောခြင်းသာ
ဖြစ်ပေလိမ့်မည်။ ဆရာဦးတက်ရှိန်အား အပင့်အဖိတ်ကား အတော်များပေ၏။ ဘာလုပ်ဖို့ ပင့်ကြဖိတ်ကြသည်ကို
ကျွန်တော် တော်တော်နှင့်မသိသေး။ သူ့ကိုမေးတော့လည်း ဆရာက အတိုင်ပင်ခံဆိုတော့
ပင့်ကြဖိတ်ကြတာပေါ့ဟုသာ ပညာရှိအပြုံးဖြင့် ဖြေပြီး ပုတီးစိပ်နေပြန်လေသည်။
အခန်းအတူနေဘက် အခြားတစ်ယောက်ကား တံဆိပ်ထုအလုပ်သမား ကိုတင်အေးဆိုသူ ဖြစ်သည်။
ကုမ္ပဏီတံဆိပ်တုံး၊ အသင်းအပင်း တံဆိပ်တုံး၊ လူနှင့်ဆေးလိပ် တံဆိပ်တုံး၊ တံဆိပ်တုံး အမျိုးမျိုးကို
အမှတ်အသားအမျိုးမျိုး၊ စာလုံးအမျိုးမျိုးဖြင့်လည်း လုပ်ပေးနိုင်သည်။ ရော်ဘာနှင့်သာမက ခဲနှင့်လည်း
လုပ်ပေးနိုင်သည်။ ကိုတင်အေးမှာ ၂၅နှစ်အောက်မှာသာ ရှိမည်ဖြစ်ရာ ကျွန်တော်နှင့်ရွယ်တူ၊ သို့မဟုတ်များစွာ

မကြီးနိုင်ချေ အရုပ်အမောင်း အလောတော် ဖြစ်၍ အသားမှာ ကော်ရင်ဂျီလောက်
မည်းခြောက်ပေသည်။
ဆံပင်လှိုင်းထနေ၏။ လုပသော နှုတ်ခမ်းမှာကား အမြဲတမ်းလိုလို နီမြန်းနေသည်။
အသားမည်းခြင်းကို
ထောက်ညှာသောအားဖြင့် နှုတ်ခမ်းလှအောင် ဖန်တီးပေးလိုက်သော သဘာဝလက်ရာပေလော
မပြောတတ်ပေ။
သူ့အလုပ်ခုံမှာ အိမ်သာနှင့်ရေချိုးခန်းဘေး၊ အိမ်နောက်ဖေးပေါက် အလင်းရောင်
အောက်တွင်ရှိပေသည်။
အလင်းရောင်ရသည့် အမြွတ်သည် အောက်ထပ်မှ တက်လာလေ့ရှိသည့် မီးခိုးနှင့်
ညှော်သင်းတို့ကြောင့်
အရှုံးပေါ်နေပေ သည်။ သူ့အလုပ်ခုံကား ခမ်းနားကြီးကျယ်လှသည် မဟုတ်ပါ။ အလုပ်ပစ္စည်း
ကိရိယာအားလုံးကို
ထည့်၍ထမ်းရမည်ဆိုလျှင် လက်သမားတစ်ယောက်လောက်ပင် ဝန်စည်စလယ် မကျယ်ပါ။
ဆရာဦးတက်ရှိန်၏ ဘုရားခန်းက အိမ်ရှေ့မှာရှိသည်။ စားပွဲကလေးတစ်လုံးမှာ
လေ့ကားအိမ်နှင့်
အိမ်ရှေ့ပြတင်းပေါက်ကြားမှာရှိသည်။ စားပွဲပေါ်မှာ စာအုပ်၁၀အုပ်မျှသာ ရှိသည်။
စာရေးစရာပစ္စည်းလက်နက်
တစ်စုံတစ်ရာမတွေ့သဖြင့် ဆရာဦးတက်ရှိန်သည် ထိုစားပွဲတွင် ဗေဒင်ဆောင်းပါးများ
ရေးမည်မဟုတ်ဟု
တွက်ဆနိုင်ပေသည်။ ရောက်ပြီး နောက်တစ်နေ့မှာပင် ဆရာဦးတက်ရှိန်က–
"ကိုတင်ထွန်း အဲဒီစားပွဲသုံးချင်သုံး။ ဆရာမသုံးပါဘူး၊ ဆရာက စားပွဲမှာ ထိုင်လေ့မရှိဘူး၊
စာရေးချင်တောင်
အားလျားမှောက်ရေးတာ"ဟု ဆိုကာ သုံးခွင့်ပြုလေသောကြောင့် များစွာဝမ်းသာသွားပေသည်။
အကြောင်းမူကား
ကျွန်တော့်နေရာဟု သတ်မှတ်နိုင်သော အလယ်ပိုင်းမှာ အလွန်မှောင်လွန်းသောကြောင့်
ဖြစ်သည်။
ကျွန်တော့်နေရာဟု သတ်မှတ်ထားသောအပိုင်းတွင် အိပ်ရာခင်းရ၏။ ခြင်ထောင် ထောင်ရ၏။
စာရေးစာဖတ်များစွာလုပ်ရန်လိုသော လက်ထောက်အယ်ဒီတာ၊ နိုင်ငံရေးသမားပေါက်စအဖို့
သင့်လျော်သောနေရာ
မဟုတ်ပေ။ ညမှာ မီးခွက်ကို အားကိုးနိုင်သော်လည်း နေ့ခင်းအလင်းရောင်မှာ အားကိုးစရာ
မဟုတ်ပေ။
ဦးတက်ရှိန်၏ စားပွဲပေါ်က စာအုပ်များကို ယူကြည့်လိုက်သည်။ ဗေဒင်စာအုပ်များ
တွေ့ရမည်ထင်သော်လည်း
မတွေ့ရဘဲ ဘုရားရှိခိုးစာအုပ်၊ ဝိပဿနာစာအုပ်၊ ဝတ္ထုစာအုပ်နှင့် နဂါးနီစာအုပ်များကိုသာ
တွေ့ရပေ၏။

စာအုပ်ခေါင်းစဉ်များကို ဖတ်နေတုန်း ကုလားထိုင်မှ ကြမ်းပိုးများက ဖင်ကိုထိုးနေလေသည်။ ကျွန်တော်တို့ သုံးဦးစလုံး ခုတင်မရှိကြ၊ ကြမ်းပြင်ပေါ်မှာ အိပ်ကြရသည်။ သုံးဦးစလုံး အိမ်မှာ
ချက်ပြုတ်စားသူများ မဟုတ်ကြသဖြင့် ဗာဟီရကိစ္စနည်းလှသော အိမ်ဖြစ်ပေသည်။ ဆရာဦးတက်ရှိန် မရှိလျှင်
ပက်လက်ကုလားထိုင်တွင် ကိုတင်အေးနှင့် ကျွန်တော်သည် ဦးသူဝင်ထိုင်ကြသည်။ ကိုတင်အေးသည်
ပက်လက်ကုလားထိုင် ထိုင်ရလျှင် ထိုင်သော်လည်း ကျွန်တော်ကဦးသွား၍ မထိုင်ရလျှင် အိမ်ရှေ့ဝရန်တာသို့
ထွက်ကာ မတ်တတ်ရပ်ပြီး ဟိုဟိုသည်သည် ငေးကြည့်နေတတ်သည်။
ကျွန်တော်တို့အိမ်မှာ အမြဲမနေသော်လည်း ကြားပေါက် တစ်ခါတစ်ရံ လာအိပ်တတ်သော လူတစ်ယောက်ရှိသေး၏။ ထိုလူကား ရေကျော်ထိပ်ရှိ တရုတ်လက်ဖက်ရည်ဆိုင်တွင် အခစား ကူညီရောင်းချနေသော ကိုစံဖေဆိုသူဖြစ်၏။ သူလည်း ကျွန်တော်နှင့် ရွယ်တူလောက်ပင်ဖြစ်သည်။ အရပ်ရှည်ရှည်
အသားဖြူဖြူ ခပ်သေးသေးဖြစ်ပြီး တရုတ်ဘိန်းစားနှင့် တူပေသည်။ သူက ကျွန်တော်တို့အားလုံးအား
ဆရာဟုခေါ်သည်။ သူသည်လက်ဖက်ရည်ဆိုင်မှာ စားအိပ်နေထိုင်၍ ကျွန်တော်တို့ထံမှာ တစ်ခါတစ်ရံ
လာအိပ်ခြင်းဖြစ်သည်။ သူနှင့်ဆရာဦးတက်ရှိန်တို့ကား အတော်ခင်မင်ကြဟန်ရှိ၏။ သူကျွန်တော်တို့ထံ
လာအိပ်သည်ဖြစ်စေ၊ မအိပ်သည် ဖြစ်စေ၊ နံနက်တိုင်း နို့ဆီခွက်နှင့် လက်ဖက်ရည်ထည့်ခဲ့ပြီး ဆရာဦးတက်ရှိန်အား တိုက်သည်။ ပန်းကန်ဆေးကြောပြီး ထားနေကျနေရာထားပြီးမှ ပြန်သည်။ တစ်ခါတစ်ရံ
ဦးတက်ရှိန်က တောက်တိုမည်ရ ခိုင်းသည်ကို လုပ်သွားရသေးသည်။
တင်ထွန်းတစ်ယောက် လက်ထောက်အယ်ဒီတာ ဖြစ်နေပြီတဲ့ ဟူသော သတင်းကို အခြားသူများ
ဂရုထားလိုက်ကြဟန် မတူသော်လည်း သခင်မိတ်ဆွေများ ကြားတွင်ကား ချက်ချင်းဂယက်ရိုက်သွားလေသည်။
ညဥ့်နက်သန်းခေါင်ဘွားခနဲ ပေါက်လာပြီး နောက်ဆုံးကြေးနန်းသတင်း မေးသူကမေးသည်။ သုတ်သီးသုတ်ပျာဝင်လာပြီး ထည့်ရန်သတင်း ပုံနှိပ်ရန် ဆောင်းပါးပေးသူက ပေးသည်။ ကျွန်တော့်မှာ
အာဏာမရှိပါဘူးဆိုသည်ကို လက်မခံ။ နောက်တစ်နေ့ မပါပြန်ပါကလည်း "သခင်တင်ထွန်းဟာ တို့ဗမာမပီဘူး၊
အဖဗမာပြည်ရဲ့ တာဝန်ကိုမထမ်းရွက်ဘူး"စသည်ဖြင့် ပြောဆိုဝေဖန်တတ်သည်။ တစ်ခါတစ်ခါ လူစုလူဝေးနှင့်

ပျော်ရွှင်စွာ ဝင်လာပြီး လက်ဖက်ရည် လိုက်တိုက်ရမည်၊ မုန့်လိုက်ကျွေးရမည်ဟု ညှဉ်းသူတို့က ညှဉ်းကြသည်။
ကျွန်တော်ကဝင်ငွေရှိသော လက်ထောက်အယ်ဒီတာ ဖြစ်နေပြီကိုး။
ဘယ်နည်းဘယ်ပုံ သခင်တွေလာလာ ကျွန်တော်က ဝမ်းသာအားရ ဆီးကြိုပါသည်။
ကျွန်တော့်မှာ သူတို့လို
ခြေသလုံးအိမ်တိုင် အချိန်ပြည့် ဝန်ထမ်းသခင် မလုပ်နိုင်သော်လည်း အချိန်ပိုင်း ဝန်ထမ်းသခင်ပေါက်စ
ဖြစ်နေသည် မဟုတ်ပါလော။
အလုပ်ဝင်စက ကျွန်တော်သည် ဘီအယ်ဥပဒေတန်းကို တက်ရန်ကြံရွယ်ခဲ့သေး သည်။
ရသော လခ ၆၅ကျပ်မှ
ကျောင်းလခ ၂၅ကျပ်ကိုပေးပြီး ကျန်ငွေ ၄၀ကျပ်ဖြင့် ကမာရွတ်မှာ ဆက်နေသွားမည်ဟု မှန်းခဲ့သည်။ ယခုတော့
မှန်းတိုင်း မပေါက်တော့ ချေ။ ငွေကြောင့်ကား မဟုတ်၊ ထမင်းတစ်နပ် တစ်မတ်နှင့် စားဖြစ်သောကြောင့်
ခက်စရာမဟုတ်ပေ။ ညအလုပ်ဖြစ်သောကြောင့် မနက်အစောကြီး ကျောင်းတက် ရန်မဖြစ်နိုင်။ ထို့ပြင်
မဖြစ်ဖြစ်အောင် လုံ့လစိုက်၍ ဘီအယ်လ်တက်ရန်လည်း ဘီအယ်လ်မက်မောစိတ် မရှိတော့ပြီ။
တစ်ခါတုန်းက နိုင်ငံရေးတွင် ဝတ်လုံတော်ရများ၊ ရှေ့နေများ ထင်ရှားခဲ့ ကြသည်။
သူတို့နိုင်ငံရေးနှင့်
သူတို့အသက်မွေးဝမ်းကျောင်းမှုအလုပ်ကို နိုင်နင်း လိမ္မာစွာ ယှဉ်တွဲနိုင်ခဲ့ကြသည်။
ကျွန်တော်တို့၏
ကျောင်းသားခေါင်းဆောင် များဖြစ် သော ကိုကြီးနု၊ ကိုအောင်ဆန်း၊ ကိုသိန်းဖေ စသည်တို့လည်း ထိုသူတို့အား
နမူနာ ထား ရန်ကြိုးစားခဲ့ကြသေးသည်။ သို့သော် နိုင်ငံရေး၏ သဘောသည် များစွာ ပြောင်းလဲခဲ့ပြီဖြစ်သဖြင့်
ယင်းသို့နမူနာထားခြင်းမှာ စိတ်ကူးယဉ်ခြင်းသာ ဖြစ်ကြောင်း
သူတို့လက်တွေ့ကြုံကြလေသည်။ သူတို့သည်
သင်နေသော ဘီအယ်လ်ကို တန်းလန်း စွန့်ပစ်ကြရလေသည်။
တို့ဗမာနိုင်ငံရေးသည် ဝတ်လုံတော်ရ၊ ရှေ့နေတို့၏ ဥပဒေပညာ၊ အချေ အတင် စကားရည် စသည်တို့ထက်များစွာ ကျော်တက်သွားလေပြီ။ တို့ဗမာနိုင်ငံ ရေးသည် ဝတ်လုံတော်ရ၊ ရှေ့နေတို့က
အမှုလိုက်ရာမှ အားမှပေးသောအချိန်ထက် ခေါင်းဆောင်တို့ထံမှ များစွာပိုပေးနိုင်သော အချိန်ကိုတောင်းနေလေပြီ။
ထို့ပြင် တို့ဗမာသခင်တို့သည် ဝတ်လုံတော်ရကြီး၊ ရှေ့နေကြီးများ ခေါင်းဆောင်ခဲ့ကြသော လူကြီးနိုင်ငံရေးကို

စားဖား ကိုယ်ကျိုးရှာ နိုင်ငံရေးနှင့် တစ်သားတည်းမြင်နေကြပြီ မဟုတ်ပါလော။
ကျွန်တော်ဘီအယ်လ်မတက်ခြင်းကို မမြင့်ဦးကမကျေနပ်။ ကျွန်တော့်ဆုံး ဖြတ်ချက်ကို
ပြင်ရန်မမြင့်ဦးက
အမျိုးမျိုးဖျောင်းဖျသည်။ ကျွန်တော်ကမပြင်နိုင်။ ဖျောင်းဖျမရတော့ မမြင့်ဦးက
ဝမ်းနည်းစကားပြောသည်။
စိတ်ကောက်သလို လုပ်ပြသည်။ မမြင့်ဦးသည် ကျွန်တော့်အား ဘီအေစာမေးပွဲ ဖြေအောင်
ပြုပြင်ပေး နိုင်၏။
ဘီအယ်လ်တက်အောင်ကား မပြုပြင်နိုင်။ မှတ်မိသေးသည်။ ကျွန်တော် နှင့်မမြင့်ဦးတို့
ခင်မင်ရင်းနှီးစက
မမြင့်ဦးသည် ဝတ္ထုတိုကလေးတစ်ပုဒ် ရေးပေးဖူး၏။
ကျောင်းသူနှင့်ကျောင်းသားတွေ့ဆုံကြသည်။ ကျိတ်၍
ချစ်ကြသည်။ တစ်ဦးကို တစ်ဦးအားပေးကာ စာကို ကြိုးစားသင်ကြသည်။
ကျောင်းအုပ်ဆရာမကြီးနှင့်
ဝတ်လုံတော်ရကြီးများဖြစ်ကြသည်။ သူတို့နှစ်ယောက် ညားပြီး တိုင်းကျိုးပြည်ကျိုး
ဆောင်ကြလေသတည်း။
ကျွန်တော်ကား မမြင့်ဦးမှန်းထား သည့်အတိုင်း မဖြစ်ဘဲ ဆင်ပြောင်ကြီး အမြီးကျမှ
တစ်လေပြီ။
မမြင့်ဦး၏ ဝမ်းနည်းစကားမှာ ဟန်ဆောင်မဟုတ်ကြောင်း သူ့မျက်နှာမှာ
တပ်အပ်ပေါ်နေသည်။
မမြင့်ဦးစိတ်ကောက်သလို လုပ်ပြခြင်းမှာ ကျွန်တော့်ဆင်ခြင် ဉာဏ်ကိုမပြုပြင်နိုင်တော့၍
ကျွန်တော့်အချစ်စိတ်ကို
ဆွခြင်းသာဖြစ်သည်ထင်၏။
ဒီလို မမြင့်ဦးက ဝမ်းနည်းစကားပြောပြီး စိတ်ကောက်သလို လုပ်ပြလိုက်တော့
ကျွန်တော့်စိတ်တွင် "သြော် မမြင့်ဦး
ငါ့ကိုတကယ်ချစ်ပေသားပဲ"ဟု အောက်မေ့ပြီး ကြည်နူးနေမိသည်။ သို့သော် သူ
မှန်းထားသလို ကြိုးစားရန်ကား
မဖြစ်နိုင်တော့
ပါ။ ။

၄၈

ဥယျာဉ်မှူးနှင့် နှင်းဆီပန်း

ကျွန်တော်၏နေရာသစ်မှာ ၄၅–လမ်းတွင် ရှိသဖြင့် ရေကျော်လမ်းမကြီးတွင် နေသော
မခင်သစ်တို့နှင့်
များစွာနီးနေပေသည်။
နေရာသစ်တို့ပြောင်းလာပြီး မကြာမီပင် ခင်သစ်တို့အိမ်ရောက်သွားလေသည်။

မခင်သစ်ကား အောက်ထပ်မှာရှိနေသည်။ ပထမဆုံးအကြိမ်တွေ့မြင်ရသည့် ပုံအတိုင်းပင် ဖြစ်သည်။
တိုင်ကြီးကိုကျောမှီလျက် ကွပ်ပျစ်ပေါ်မှာ ခြေဆင်းထိုင်ကာ စာဖတ်နေလေသည်။
ဘာသံမှလည်း ကြားဟန်မရှိ။
ဘယ်အရိပ် ဘယ်အရောင်မျှလည်း မြင်ဟန်မရှိ၊ စာတွင်သာ အာရုံစိုက်နေသည်။
သူ့အနီးတွင် သူ့အဒေါ်
ဒေါ်ရွှေသစ်က ထိုင်ပြီး ဆေးထုပ်ကလေးများကို စက္ကူအိတ်ကလေးများထဲသို့ ထည့်နေသည်။
ဒေါ်ရွှေသစ်သည် ကျွန်တော်ဝင်လာသည်ကိုချက်ချင်းမြင်သည်။ လက်ကအလုပ်ကို လုပ်မြဲဆက်လုပ်ရင်း နေသည်။
"ဒေါ်ဒေါ်တို့ရှိကြလားခင်ဗျာ၊ ဆရာဖေကောရှိရဲ့လား"
"နှစ်ယောက်စလုံး ရှိကြတယ်ကွဲ့၊ အပေါ်တက်သွား၊ နို့မင်း ခုဘယ်က လာတာလဲ"
"ကျွန်တော်အိမ်က လာတာခင်ဗျ။ ခုကျွန်တော် ၄၅လမ်းထဲ ပြောင်းလာတယ်လေ"
ကျွန်တော်က အားတက်သရော ပြောပြီး ဒီစကားကြောင့် မခင်သစ်က စိတ်ဝင်စားခြင်းဖြင့် ကျွန်တော့်အားကြည့်လေမည်လားဟူသော မျှော်လင့်ချက်ဖြင့် မခင်သစ်အား ကြည့်၍ဖြေလိုက်သည်။ မခင်သစ်ကား
စာကိုသာဖတ်နေသည်။ ဘာတွေများ စွဲနေသည်မသိ။ ဒေါ်ရွှေသစ်က–
"အေး အေး၊ ပြောင်းလာရင် အိမ်နီးနားချင်းဖြစ်တာပေါ့ကွယ်၊ မင်းဒေါ်ဒေါ်နဲ့ တွေ့ချင်ရင် အပေါ်တက်ဟေ့"
"ဟုတ်ကဲ့၊ တက်မယ်လို့ပါပဲ"
ကျွန်တော်သည် လှေကားဆီသို့ လျှောက်ခဲ့ရသော်လည်း ကျွန်တော့်ကိစ္စတွင် စိတ်ဝင်စားမှု မပြသော
မခင်သစ်၏အမူအရာအတွက် မကျေမချမ်းဖြစ်လျက် နောက်လှည့်ကာ–
"သစ်သစ် ဘာတွေများ ဖတ်နေလို့ သည်လောက် စွဲနေရတာလဲ"
သည်တော့မှ မခင်သစ်သည် ညောင်းနေသော မျက်လုံးကလေးများကို ကျွန်တော်ဆီ ဆန့်လွှတ်လိုက်သည်။
သမ်းဝေခြင်းနှင့် ရောစပ်နေသော အပြုံးနှင့်အတူ စာအုပ်မျက်နှာဖုံးကို ပြလိုက်သည်။
ခင်မြင့်ကြီးဝတ္ထုဒုတိယတွဲ။
အပေါ်ရောက်တော့ ဒေါ်ဒေါ်ညွန့်ရော၊ ဆရာဦးဖေကိုပါ အဆင်သင့် တွေ့ရသည်။ ဒေါ်ဒေါ်မှာ တောင်းတစ်တောင်းထဲရှိ ဆေးပုလင်းများကိုရွေးနေသည်။ ဆရာဖေကား ကျောင်းသင်ခန်းစာ စာအုပ်များကို
စစ်နေသည်။
"ဒေါ်ဒေါ်"
"မောင်တင်ထွန်းလားဟေ့ ထိုင်ကွာ"
ဒေါ်ဒေါ်ကြမ်းပြင်ပေါ်မှာ အလုပ်လုပ်နေသဖြင့် ကျွန်တော်သည် ကုလားထိုင်ပေါ်မှာ မထိုင်ဘဲ ဒေါ်ဒေါ်နှင့်မနီးမဝေးတွင် ကြမ်းပြင်ပေါ်မှာပင် ထိုင်လိုက်သည်။

"ထိုင်ပါကွ၊ ကုလားထိုင်ပေါ်မှာပဲ ထိုင်ပါ"
"နေပါစေ ဒေါ်ဒေါ်ရယ်"
ဆရာဖေသည် ပက်လက်ကုလားထိုင်မှာ စန့်စန့်ထိုင်၍ အနားယူလိုက်ရင်း–
"ဘယ်က ပေါက်လာသလဲဟေ့"
"ကျွန်တော် အခု ၄၅–လမ်းကိုပြောင်းလာတယ်၊ နီးလာလို့ လာလည်တာပဲ"
ဒေါ်ဒေါ်က ပုလင်းများကိုရွေးရင်းပင်"ဟ
ုတ်လား၊ ဘယ်ဘက်လောက်မှာလဲ"
"မောင်ဂိုမာရီ(ဗိုလ်ချုပ်လမ်း)နဲ့ ကပ်လို့ပါပဲ ဒေါ်ဒေါ်"
"အေး ကောင်းတယ် ကောင်းတယ်၊ ခဏခဏ လာလည်တာပေါ့ကွယ်၊
ကျောင်းဆက်နေသေးသလား"
"အစကတော့ ဘီအယ်လ် ဆက်သင်မယ်လို့ပဲ၊ ခုတော့မသင်တော့ပါဘူး၊
တန်ဖိုးသိပ်ရှိတယ်လည်း
မထင်တော့ပါဘူး"
ဦးရွှေဖေကား ဘာမျှကြားမဝင်တော့ဘဲ ကျွန်တော်တို့နှစ်ယောက်အား စိုက်ကြည့်ပြီး
ပြောကြသမျှကို
နားထောင်၍သာ နေလေသည်။ ဒေါ်ဒေါ်က ရွေးထားသော ပုလင်းလွတ်များကို
ဂျပ်စက္ကူသေတ္တာ တစ်ခုထဲမှာ
ထည့်ရင်း–
"ဘာလဲဟေ့ ဘီအယ်လ်ဆိုတာ ဝတ်လုံတော်ရ ရှေ့နေအတတ်လား"
"ဟုတ်တယ်ဒေါ်ဒေါ်"
"အေးကွာ မသင်တာဘဲကောင်းပါတယ်၊ လျှာအရိုးမရှိတိုင်း လိမ်ရတဲ့အလုပ်ပါ ကွယ် ဟဲ
ဟဲ"
ဒေါ်ဒေါ့်အပြုံးမှာ ရှေ့သွားကြီးများနှင့်အတူ လက်သွားသည်။ ဒေါ်ဒေါ်သည်
အလုပ်ကိုချထားပြီး ထိုင်ရာမှထသည်။
"လာကွာ ကုလားထိုင်ပေါ်ထိုင်"
ဒေါ်ဒေါ်က ကုလားထိုင်တစ်လုံးမှာဝင်ထိုင်၏။ ကျွန်တော်လည်းဘေးက
လိုက်ထိုင်ရတော့သည်။ ဆရာဖေသည်
သူ့ကျောင်းသင်ခန်းစာ စာအုပ်များနှင့် အလုပ်များနေပြန်လေပြီ။ ဒေါ်ဒေါ်နှင့်
ကျွန်တော်ကားစကားတပြောပြောနှင့်
မမောနိုင်ကြ။ သခင်အလုပ်အပြင် ဘာလုပ်သေးသလဲမေးသည်။ လက်ထောက်
အယ်ဒီတာဖြစ်လာရပုံကို
ပြောပြရသည်။ လုပ်ရသည့်အလုပ်သဘော၊ အလုပ်လုပ်ချိန် မှစပြီး နေရထိုင်ရပုံ၊
စားရသောက်ရပုံပါ
မကျန်အကြောင်းစုံမေးမြန်း ပြောဆိုနေကြလေသည်။

"တို့အိမ်လည်း မကြာခဏဝင်ထွက်ပြီး စားချင်တဲ့အခါ လာစားပေါ့ကွယ်၊
တစ်ယောက်တွက်ဆိုတာမထူးပါဘူး၊
အမြဲပိုပိုမိုမိုချက်ထားတာပဲ"
"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်၊ သို့ပေမယ့် ကျွန်တော်တို့က အချိန်မှန်တဲ့လူတွေ
မဟုတ်တော့
ဆိုင်နဲ့ပဲကိုက်ပါတယ်"
"ဆိုင်ထမင်း ဆိုင်ဟင်းဆိုတာ ကြာတော့ ငြီးငွေ့လာတာပဲကွဲ့။ တို့ကိုတော့ အားနာစရာ
မရှိပါဘူး၊
စားချင်တဲ့အခါလာစား၊ သြော်စကားကောင်းနေလိုက်တာ မောင်တင်ထွန်းကို
ဘာမှမကျွေးရသေးဘူး"
"နေပါစေဒေါ်ဒေါ်၊ ကျွန်တော်မဆာပါဘူး"
ကျွန်တော်ကငြင်းသော်လည်း ဒေါ်ဒေါ်သည် တစ်စုံတစ်ရာ ယူကျွေးရန်
ထသွားလေတော့သည်။
ဒေါ်ဒေါ်ကထသွားတော့ အနီးကသတင်းစာတစ်စောင်ကို ကောက်ဖတ်လိုက်သည်။
နန်းရင်းဝန်ဦးပုက
သူ့ညွှန့်ပေါင်းအစိုးရအောင်မြင်မှုများ အနက် ရေနံမြေမှ ရန်ကုန်ရောက်နေသော
သပိတ်တပ်သားများအား
အစိုးရစရိတ်ဖြင့် ရေနံမြေသို့ ပြန်ပို့နိုင်ခြင်းမှာ တစ်ခုဖြစ်ကြောင်း ပြောကြားနေလေသည်။
သံပုံးတီးတောထုတ်နေသော သခင်များအား ဦးစော၏ဂဠုန်တပ်သားများက ဝါးရင်းတုတ်နှင့်
ရိုက်ကြသည်။
"မောင်တင်ထွန်းရဲ့ မင်းတို့သခင်တွေက အယူသီးလွန်းတယ်ကွ"
ကျွန်တော်သည် သတင်းစာဖတ်နေရာမှ အံ့သြစွာ ကြားလိုက်ရသည်။ ကျောင်းသင်ခန်းစာ
စာအုပ်ဖြင့်အလုပ်ရှုပ်နေသော ဆရာဖေ၏အသံဖြစ်နေ၍ အံ့သြမိသည့်အပြင်
သည်ထင်မြင်ချက်မျိုးကို ဆရာဖေ့ထံမှ
မမျှော်လင့်သဖြင့်လည်း အံ့သြမိခြင်းဖြစ်သည်။
"ဘယ်ကိစ္စမှာ အယူသီးတာလဲ ဆရာ၊ ဦးစောကို သံပုံးတီးပြီး တောထုတ်တဲ့ ကိစ္စလား"
"ဟာ ဆရာ အဲဒါပြောတာ မဟုတ်ပါဘူး။ ငစောလိုလူတော့ တောထုတ်ရုံ မဟုတ်ဘူး။
မသာချလည်း
ချထိုက်တာပဲ။ ဆရာပြောချင်တာက သူတို့ဘုံဝါဒကို ပြောတာ။ ဆရာတို့လည်း ဘုံဝါဒကို
ကြိုက်သလောက်
ကြိုက်ပါတယ်၊ နို့ပေတဲ့ မောင်တို့သခင်တွေရဲ့ ဘုံဝါဒက ပြင်းထန်လွန်းတယ်။
အားလုံးတန်းတူရမယ်
ဆိုတာမဖြစ်နိုင်ဘူးကွ၊ သဘော်ကျင်းက ကူလီတစ်ယောက်ရဲ့ အသိဉာဏ်အရည်အချင်းနဲ့
ကောလိပ်ကျောင်းကပရော်ဖက်ဆာတစ်ယောက်ရဲ့ အသိဉာဏ်အဆင့်အတန်း ကွာတယ်
မဟုတ်လား။

ကော်ရင်ဂျီကုလားက လန်ချားကုလားနဲ့ ဗမာကူလီတောင် အသိဥာဏ်အဆင့်အတန်း ကွာတယ် မဟုတ်လား။
ကော်ရင်ဂျီကုလားက ဘိတ်ဘိတ်တုံး ဥာဏ်မရှိဘူး၊ ဗမာကူလီက ဥာဏ်ပိုရှိတယ်၊ ဥာဏ်ကိုလွှာသုံးတတ်တယ်”
ကျွန်တော်ကရှေ့ဆက်ပြောမည့် အရိုန်ယူနေတုန်း ဆရာဖေက လုရ်ဝင်လိုက်သည်။
“ပြီးတော့ တစ်ခုရှိသေးတယ်၊ မောင်တို့သခင်တွေက ရှေးအယူအဆတွေ အားလုံးပယ်ရမယ် ပြောနေတယ်၊
ရှေးအယူအဆအားလုံးသာ ပယ်လိုက်ရင် ဗမာတွေ ခုဖြစ်နေတာထက် ဖောက်ထိုးမိုးမျှော် ဖြစ်ကုန်ကြမှာပဲ။
ဆရာထင်တယ် လူကြီးသူမ ရှိသေရကောင်းမှန်းမသိ၊ ရှေးပညာတွေ တန်ဖိုးထားရကောင်းမှန်းမသိ၊
ဘုရားတရားသံဃာဆည်းကပ် ကိုးကွယ်ဖို့မေ့၊ ဟော လောကမှာ အဖိုးတန်သမျှတွေ ပျက်စီးကုန်တော့မှာပဲ။
ဆရာတို့ဟာ သခင်တွေကို တကယ့်အရေးမှာ ထောက်ခံခဲ့တာပဲ၊ လွတ်လပ်ရေးကိစ္စမှာဆိုရင် တစ်သဘောတည်းပဲ၊
ခုလိုအယူသီးမှုတွေ၊ ဂါရဝနည်းမှုတွေ၊ ရိုင်းမှုတွေကိုတော့ မထောက်ခံနိုင်ဘူး၊ သည်းမခံနိုင်ဘူး”
ဆရာဖေသည် ဒေါ်ဒေါ်ညွန့်သာ ကော်ဖီတစ်ခွက်နှင့် ငှက်ပျောသီးများယူ၍ ရောက်မလာလျှင် ရှေ့ဆက်၍မည်မျှ
ပြောဦးမည် မသိပေ။ ဒေါ်ဒေါ်က အားပါးတရ ပြုံးလိုက်ပြီးနောက်–
“ဟဲ ဟဲ ကိုဖေ့မှာလည်း ခုတလော သည်းမခံနိုင်တာတွေများနေပြီ၊ ခုဘာများ သည်းမခံနိုင်ပြန်ပြီလဲ”
“သခင်တွေရဲ့ အယူသီးမှုတွေ၊ ဂါရဝတရားနည်းမှုတွေ၊ ရိုင်းမှုတွေကိုပြောတာပါ ကွာ”
“အမယ်လေး တော်ပါ၊ သခင်တရားပွဲတဲ့ဆိုရင်ကိုပဲ အရင်ဆုံးရောက်တာ မဟုတ်လား၊ သခင်တွေ
သပိတ်မှောက်ပြီဆိုရင်ကိုပဲ အရင်ဆုံး အလှူပြေးထည့်တာ မဟုတ်လား”
“တော်စမ်းပါကွာ၊ ဒါကတခြားပဲ”
ဒေါ်ဒေါ်က ကျွန်တော့်အား မိခင်က သားငယ်အား ကြည့်သလို ပြုံးပြုံးကြီး ကြည့်ပြီး–
“ဒီသခင်ကလေးကတော့ တော်ပါတယ်၊ ကိုဖေရယ်၊ ဂါရဝတရား ရှိပါတယ်။ ဟဲ ဟဲ၊ ကဲ ကဲရော့ကော်ဖီသောက်၊
ငှက်ပျောသီးက ဝက်မလွတ်ကဲ့”
ဆရာဦးရွှေဖေသည် ကျောင်းသင်ခန်းစာ စာအုပ်များနှင့် အလုပ်ရှုပ်နေပြန်လေပြီ။ ကျွန်တော်တို့နှစ်ယောက်လည်း
စကားလက်ဆုံကျသွားပြန် လေပြီ။ မခင်သစ်၏ ပညာရေးကို ကျွန်တော်ကစပေးမိသည်။ ဟိုတုန်းကသပိတ်ပြန်

မလုန်လိုသည် မဟုတ်ပါလား။ ဒေါ်ဒေါ်ညွန့်ကိုယ်တိုင်ပင် လွတ်လပ်ရေး မရမချင်း
သပိတ်မှောက်နေခြင်းကို
ထောက်ခံခဲ့သည် မဟုတ်ပါလော။ မခင်သစ်သည် သပိတ်မလုန်၊ ကျောင်းပြန်မသွား။
သို့သော်
စာကိုတော့သင်ဖို့ကောင်းသေးသည်။ သင်လည်းသင်လိုသည်။ ရှစ်တန်းလောက်နှင့်
ရပ်ထားရမည်ဆိုသော်
စကာစကဖြစ်နေ သည်။ စာမေးပွဲမဖြေတာ အပထားပြီး ဆယ်တန်းစာလောက်တော့
တတ်ထားအပ်သည်
မဟုတ်ပါလော။
သို့ဖြင့် မခင်သစ်အား အလွတ်ပညာသင်ပေးရေးကို ဆွေးနွေးကြသည်။ အင်္ဂလိပ်စာက
ခက်သည်။ ဆရာဦးရွှေဖေ
မတတ်နိုင်။ သို့ဖြင့် မောင်တင်ထွန်းက သင်ပေးမည်လားဟူသော အမေးသို့ မလွှဲမရှောင်သာ
ရောက်လာသည်။
ဒေါ်ဒေါ်ညွန့်ကား ထိုအမေးကို အားတက်သရော မေးလိုက်ပြီး နောက်မှ ဘာစဉ်းစားမိသည်
မသိ။
နောက်ဆံငင်နေသော အမူအရာ လက္ခဏာပေါ်လာသည်။ ကျွန်တော်က–
“ကျွန်တော်ကတော့ သင်ပေးဖို့ အဆင်သင့်ပါပဲ ဒေါ်ဒေါ်၊ ဒေါ်ဒေါ့်သမီး လည်း
မေးကြည့်ပါဦး၊ ပြီးတော့”
ဒေါ်ဒါ်က သူ့အတွေးနှင့်သူ ငေးမောနေရာမှ ကျွန်တော်ဆက်ရန် အာလေးနေသော
အရာကိုဆက်လိုက်သည်။
“ကိုရွှေဖေနဲ့ တိုင်ပင်လိုက်ဦးမယ်”
သည်မျှနှင့် ပြောစရာစကား ကုန်သလို ဖြစ်သွားလေတော့သည်။
ဤကိစ္စတွင် ဒေါ်ဒေါ်နောက်ဆံငင်နေသည့်သဘောကို ကျွန်တော်ရိပ်မိပါသည်။
ဒေါ်ဒေါ်တွေးတော
ငေးမောသွားသည့် အဓိပ္ပာယ်ကို ဖတ်နိုင်ပါသည်။ ဦးရွှေဖေနှင့် တိုင်ပင်ရမည့်
တာဝန်ကိုလည်း နားလည်ပါသည်။
သမီးပျိုကလေးကို လူပျိုကလေး တစ်ဦးနှင့်နီးစပ်စေခြင်းမှာ တာဝန်ကြီးလှသည်
မဟုတ်ပါလော။
ဘာမျှမဖြစ်ဦးတော့၊ လူပြောစရာများ ဖြစ်နေမည်လော။
သည့်နောက် မကြာပါ၊ ညနေတိုင်း ကျွန်တော်သည် မခင်သစ်အား စာပြပေးရလေသည်။
အစဦးတုန်းက
အင်္ဂလိပ်စာ၊ နောက်မခင်သစ်က ဂျော်မက်ထရီ ပုစ္ဆာတစ်ပုဒ်မေးရန် ဂျော်မက်ထရီ၊
အယ်လ်ဂျီဘရာများ
သင်ပြပေးနေမိတော့သည်။ တစ်ခါတစ်ရံ ပထဝီ၊ တစ်ခါတစ်ရံ ရာဇဝင်။ ညနေတိုင်း ၃နာရီမှ
၅နာရီအထိ။

အိမ်ရှေ့ညှော့်ခန်း၏ အနောက်တောင်ထောင့်တွင် စားပွဲဝိုင်းကြီးတစ်ခု ခင်းထားသည်။
ထိုစားပွဲဝိုင်းကြီးကားစာသင်စားပွဲဝိုင်းပေတည်း။ ကျွန်တော်တို့ စာသင်သည့်အခါတိုင်း
ဒေါ်ဒေါ်သည် မနီးမဝေးမှာ
အလုပ်တစ်ခုခု ထိုင်၍လုပ်နေ တတ်သည်။ သို့မဟုတ် မခင်သစ်ကဲ့သို့ပင်
ကျွန်တော်ကလည်း ရွှေရွှေဟု
လိုက်ခေါ်နေသည့် အဒေါ်အပျိုကြီး မရွှေသစ်သည် အလုပ်တစ်ခုခု လုပ်နေတတ်သည်။
သူတို့မှာ
လုပ်စရာတွေကလည်း အများသား။ အိမ်မှုရေးရာ အောက်ထပ်မှ ဆေးဆိုင်အတွက်
ဗာဟီရကိစ္စ၊ ဆေးထုပ်၊
ဆေးပုလင်းတံဆိပ်ကပ်။
ဆရာဦးရွှေဖေကား ထိုအချိန်မှာ မရှိသည်သာ များ၏။ သူ့ကျောင်းအလုပ်နှင့်
သူကိစ္စများနေလေ့ရှိသည်။
ကျွန်တော့်အဖို့မခင်သစ်အား စာသင်ပေးရခြင်း အလုပ်သည် ပျော်စရာ အကောင်းဆုံးသော
အလုပ်တစ်ခုဖြစ်နေလေပြီ။ ပန်းပင်ကလေး စိုက်ပျိုးယုယ ပေးနေရသည်နှင့် တူနေသည်ဟု
အောက်မေ့မိသည်။
ပန်းပင်ကလေးကဓာတ်ခံ ကောင်းလှ၏။ မခင်သစ်သည် ဉာဏ်ကောင်းသည်၊ လုံ့လရှိသည်၊
ပန်းဥယျဉ်ကလေး
ဘွားခနဲ စည်စည်ကားကား ပေါက်လာသည်။ ကျွန်တော်ကား ဥယျာဉ်မှူးလည်း ဟုတ်၏။
ပိတုန်းလိပ်ပြာလည်း
ဟုတ်၏။
အလုပ်ဘယ်လောက်များများ အချိန်ကျလျှင် စာသင်စားပွဲဆီသို့ ရောက်အောင်လာ၏။
မခင်သစ်က
အဆင်သင့်ထိုင်၍ စောင့်နေသည်။
မခင်သစ်အား တွေ့မြင်စက ဆယ့်ငါးနှစ်ပြည့်ဟန်မရှိသေးဟုထင်သည်။ ခုတော့
ကျွန်တော့်မျက်စိရှေ့မှာ
ပင်အပျိုဖားဖားဖြစ်လာပေပြီ။ ကျက်သရေရှိ၍ ချိုအေးသော မျက်နှာတွင်
ချစ်စရာရောယှက်လာသည်။
ယဉ်ကျေးနွဲ့နှောင်းသော ကိုယ်မှာ ကြီးကောင်ဝင်လာ၍ စိုပြည်ဖွံ့ဖြိုးလာသည်။ တကယ့်
၁၆နှစ်သမီးကညာပါပဲ။
ဆံတောက်ကိုကား မသိမ်းသေး။ မဟာနဖူး ချထားလိုက်ပြန်သဖြင့် နန်းဆန်လာပေသည်။
ဒေါ်ဒေါ်သည် သူ့အလုပ်သူလုပ်နေသော်လည်း ကျွန်တော်တို့အား အကဲခတ်ကြည့်နေရုံမက
နားလည်းစွင့်နေဟန်တူသည်။ စာသင်ရာမှနေပြီး သည့်ပြင်စကားကို
ရောက်သွားသည်နှင့်တစ်ပြိုင်နက်–
"ဟေ့သူငယ်တို့ သူငယ်မတို့၊ စာသင်ရာမှာ လေမဖောကောင်းဘူး ဟဲ ဟဲ၊
လေနာထတတ်တယ်နော် ဟုဒေါ်ဒေါ်က

ရယ်စရာလိုလိုနှင့် ဝင်ဟန့်တတ်သည်။
သည်လိုဟန့်တော့ စကားတန့်သွားသည်မှန်၏။ စာကိုပဲ ဆက်သင်ကြသည် မှန်၏။
သို့သော် စိတ်ထဲကမူ
နှစ်ယောက်တည်း ဘယ်သူမှ မကြားစေဘဲ စကားပြောချင်နေလေသည်။
တစ်ခါသော် ဒေါ်ဒေါ်ညွန့်ကိုယ်စား ရွှေရွှေကစောင့်နေသည်။ အင်္ဂလိပ်သင်ခန်းစာမှနေပြီး
ရယ်စရာဖြစ်လာသဖြင့်
ကျွန်တော်တို့နှစ်ယောက် စလုံး တခစ်ခစ်ရယ်မိကြလေသည်။ ရွှေရွှေသည် ကျွန်တော်တို့အား
မျက်စောင်းကြီးထိုးပြီး–
"ဟဲ ဟဲ့ ဘာများ ဟားတိုက်နေကြတာလဲ"
ကျွန်တော်က တခစ်ခစ်ရယ်ရင်းပင်–
"ရွှေရွှေကလည်း ကျွန်တော်တို့ဟားမတိုက်ပါဘူး၊ နည်းနည်းရယ်တာပါ"
"မင်းတို့စာမှာ ဘာရယ်စရာပါလို့တုံး"
မခင်သစ်က ပြုံးစိစိနှင့်ပင်–
"အင်္ဂလိပ်စာလုံး အသံထွက်က ရယ်စရာကောင်းလို့ ရွှေရွှေရဲ့။ ဆရာကိုဆိုပြ၊ သစ်သစ်က
လိုက်ဆို၊
ပီလည်းမပီဘူး။ ဘာတဲ့ဆရာ၊ ရွှေရွှေ့ကို အဆိုခိုင်းကြည့်စမ်းပါ၊ ရွှေရွှေဆိုကြည့်စမ်း၊
ဘယ်လောက်ရယ်စရာကောင်းသလဲလို့"
ကျွန်တော်တို့နှစ်ယောက်စလုံး ရယ်ကြပြန်သည်။ ဒေါ်ရွှေသစ်ကား မျက်စောင်းတစ်ချက်
လက်ခနဲထိုးပြီး–
"ငါလည်း မရယ်ချင်ဘူး၊ ညည်းတို့လည်း မရယ်ကြနဲ့"
ကျွန်တော်တို့ အရယ်ရပ်ကြသည်ကား မှန်ပါသည်။ သင်ခန်းစာကို ဆက်ကြသည်ကား
မှန်ပါသည်။ သို့သော်
စိတ်ထဲမှာကား ဘယ်သူမှမကြားစေဘဲ နှစ်ယောက်တည်း ကျိတ်ရယ်သလိုနေပေတော့သည်။
ဟိုအရင်တုန်းကပင် မခင်သစ်သည် ကျွန်တော့်အား ဆရာဟု ခေါ်ခဲ့သည်။ အလွယ်တကူ
ဘယ်လိုခေါ်ရမည်
မသိသဖြင့် ခေါ်ဟန်တူလေသည်။ ယခုမူ ကျွန်တော်သည် မခင်သစ်၏ဆရာ တကယ်ပင်
ဖြစ်ပေပြီ။
တပည့်မကလေး မခင်သစ်။
တစ်နေ့သ၌ ဒေါ်ဒေါ်ညွန့်က ဆေးပုလင်းများကို ကော်ကပ်ရင်း ကျွန်တော်တို့အား
စောင့်ကြပ်နေသည်။
သင်ခန်းစာ အလယ်လောက်တွင် မခင်သစ်သည် သူ့အမေဘက် တစ်ချက်လောက်
လက်ခနဲကြည့်လိုက်ပြီးနောက်
ကျွန်တော်ရှေ့သို့ စာရွက်ခေါက်ကလေး သေးသေးတစ်ခုကို ချပေးလိုက်လေသည်။
ကျွန်တော်ကလည်းဇတ်ခနဲ

ကောက်ယူထားလိုက်၏။ ဘာတွေများ ရေးထားပါလိမ့်။ သိချင်ဇောကြောင့် စာသင်မဖြောင့်။ ဒေါ်ဒေါ်ရှေ့မှာလည်း
မဖတ်ရဲ။ နောက်မှ အကြံရပြီး နောက်ဖေးသွားကာ အိမ်သာထဲ ဝင်၍ ဖတ်ရလေသည်။ စာရွက်ကလေးကို ကျစ်ကျစ်ပါအောင် ခေါက်ထား၏။ စာကိုဖြေလိုက်သည်ဆိုလျှင်ပင်–
'ကိုကို'ဟူသော အခေါ်ကိုဖတ်လိုက်ရသည်။ ရှေ့ဆက်မဖတ်နိုင်။ တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားသည်။
ပီတိလှိုင်းတို့သည် ဘောင်ဘင်ခတ်နေလေသည်။ အကြောအခြင်တွေ ထောင်တက်လာသည်ဟု သတိပြုလိုက်မိသည်။ ဘယ်တုန်းကမျှ ဤအရသာမျိုးမခံစားဖူးပါ။ အတန်ကြာမှ စာကို ဖတ်နိုင်သည်။
ကိုကို
ခုလို ကြိုးစားသင်ပြပေးတာ အထူးကျေးဇူးတင်ပါသည်။ ဒဂုန်မဂ္ဂဇင်းမှာ ဆောင်းပါးပြိုင်ပွဲသစ်သစ် ဝင်ချင်ပါသည်။ သစ်ရေးတဲ့ ဆောင်းပါးကို ကိုကို ကြည့်ပြင်ပေးမယ်လား၊ သိပါရစေ။
သစ်
စာကိုယ်ကား ဘာမျှမရှိးတာမပါပါ။ ပေးပုံနှင့် ခေါ်ပုံက ဆန်းနေသည်။ ကျွန်တော့်အား တုန်လှုပ်ချောက်ချားစေပေသည်။ အေးအေးလူလူ ပြန်စဉ်းစား လိုက်သောအခါ မခင်သစ်သည် ကျွန်တော့်အပေါ်မှာ
ဆန်းဆန်းပြားပြား သဘောမထားဘဲ ညီမချစ်ကလေးက 'ကိုကို'ဟု ခေါ်လိုက်ခြင်းမျိုးလည်း ဖြစ်နိုင်ကြောင်း
တွေးမိလေသည်။ ထို့ကြောင့် ကျွန်တော်သည် မခင်သစ်အား ထိုစာဖြင့် စလိုက်သည်ဟု အထင်သေးခြင်း
လုံးဝမရှိပါ။ ထိုစာကြောင့် ကျွန်တော့်ကိုယ်ကိုတော့ ကိုယ်ကောင်းစွာ သိသွားပေပြီ။ မခင်သစ်အား
ကျွန်တော်ချစ်နေလေပြီ။
ဘယ့်လောက်ထိချစ်သလဲ။
မပြောတတ်သေး။
မခင်သစ်ပြိုင်ပွဲဝင်ရန် ရေးလိုက်သော ဆောင်းပါးမှာ စကားပြေနှင့် ကာရန်ရောစပ်ထားသည့် ရှစ်လုံးဘွဲ့ကဗျာနှစ်ပုဒ်ပါသည်။ သဖြန်ကလေး တစ်ပုဒ်နှင့် အဆုံးသတ်ထားသည်။ စကားလုံးကလေးများမှာ
နုလှချိုလှ၏။ နွဲ့လှ နော့လှ၏။ မန္တလေး မောင်ခင်မောင်ခေါ် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသော
ခင်မြင့်ကြီး ဝတ္ထုမှ စာနုစာယဉ်တို့၏ သြဇာမကင်းသည်ကို သတိပြုမိသည်။ အဓိပ္ပာယ်ကလည်း
ကွန့်မြူးတင့်ဆန်းလှသည်။ အကျွန်သည် (ဤစကားသုံးရာမှာကား မင်းသုဝဏ် ဆန်လှသည်)

တီမ်တောင်တိမ်လိပ်ကြားမှ ဘွားခနဲပေါ်လာသော လမင်းကြီးကို ကြည့်၍ ဤသို့ ဆိုမိသည်။ မသာလည်းတ
သာလည်းတ ဖိုးရွှေလဟု လူတို့ခေါ် ဆိုခြင်းမှာ ယုတ္တိရှိလှပါသည်။ အကျွန့်မှာ ငွေစန္ဒာ မသာတော့
ဘယ်ကျွန်းသွား ထွန်းနေပါလိမ့်လို့ စိုးရိမ်မိပြီး အကျွန့်ဆီ မထွန်းတော့ဘူးလားလို့ တမိသည်။
ငွေစန္ဒာသာပြန်တော့ အကျွန့်ဆီမှာ အမြဲသာနေပါလားလို့ တမိသည်။ အကျွန့်ချစ်ဦးသည် ဖိုးရွှေလပေလော။
မခင်သစ်၏ ဆောင်းပါးကိုပြင်ဆင်စရာ မလိုလှပါ။ ချောပေးလိုက်ရပါသည်။ ကဗျာမှာတော့ ကျွန်တော့်တွင်
ပြင်နိုင်သော အရည်အချင်းမရှိပါ။ သို့သော် မခင်သစ်၏ ကဗျာကလေးများသည် ရွှတ်ဆို၍ ချိုသည်။
နားဝင်ပီယံဖြစ်သည်။
မခင်သစ်၏ ဆောင်းပါးသည် ရွေးချယ်မည့် အယ်ဒီတာအား မည်ရွေ့မည်မျှ ဆွဲဆောင်နိုင်မည်၊
စာဖတ်ပရိတ်သတ်အား မည်ရွေ့မည်မျှ နှစ်သိမ့်စေမည်ကို ကျွန်တော်မခန့်မှန်းနိုင်။ ကျွန်တော့်ကိုကား
သိမ်းကျုံးဆွဲငင်လိုက်ပါပြီ။
ကျွန်တော်သည် သူ့ဆောင်းပါးကို သင်ခန်းစာ စာအုပ်ကြားထဲမှာ ညှပ်ပြီး ယူသွားရသည်။
အိမ်မှာဖတ်ပြီးဒဂုန်မဂ္ဂဇင်းသို့ ပို့ပေးလိုက်သည်။ နောက်တစ်ခါ စာသင်ချိန်ကျတော့ သင်ကြားပို့ချပြီးသွားသော
'ဇင်းဒါးကအကျဉ်းသား'ဆိုသော ဝတ္ထုကို အလွတ်ဖတ်နိုင်ရန် ပြုပြင်ထားသည့် လောင်းဂ်မင်း ဖတ်စာစာအုပ်ကို
မပိတ်သေးဘဲ–
"သစ်သစ်က စာရေးသိပ်တော်တာပဲ"
သစ်သစ်သည် ပြုံးပြီး ငြိမ်နေသည်။ အတန်ကြာမှ–
"သစ်သစ်က သည်လောက် မဟုတ်ပါဘူး၊ သစ်သစ်ရဲ့ ဆရာတွေက တော်တာပါ"
"နဂိုရှိမှ နဂိုင်းထွက်သတဲ့ သစ်ကဲ့၊ သစ်သစ် ဆရာတွေက ဘယ်သူတွေလဲ ဆိုစမ်းပါဦး"
"သင်ဆရာ မြင်ဆရာ ကြားဆရာ အားလုံးပေါ့ ဆရာရယ်။ ဖေဖေရယ်၊ ကျောင်းက ဆရာတွေရယ်၊
ဆရာကိုတင်ထွန်းရယ်၊ ဒါတွေက သင်ဆရာတွေတွေပေါ့။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့၊
မန္တလေးမောင်ခင်မောင်တို့၊ ယုဝတီခင်တုပ်တို့ ဆိုတာတွေက မြင်ဆရာတွေပေါ့"
ကျွန်တော်က တဟဲဟဲရယ်လိုက်မိသည်။ ရယ်သံကိုကြားသဖြင့် ဒေါ်ဒေါ်က ကျွန်တော့်ဘက်သို့
လှည့်ကြည့်လိုက်သည်။

"ဟဲ ဟဲ လယ်တီပဏ္ဍိတဦးမောင်ကြီးရယ်၊ မန္တလေး မောင်ခင်မောင်ဆိုတာရယ်၊
ယုဝတီခင်တုပ်ရယ်
တစ်ယောက်တည်းပဲ သစ်သစ်ရဲ့"
မခင်သစ်သည် အံ့အားသင့်သွားသည်။ အလွန်အကြူးလည်း ဝမ်းသာသွားသည်။
"ဟင် ဟုတ်ရဲ့လား ဆရာ၊ အိုဆရာဦးမောင်ကြီးက သိပ်တော်တာပဲနော်"
ဒေါ်ဒေါ်ကလှမ်းပြီး သတိပေးလိုက်သည်။
"ဟေ့ သူငယ် သူငယ်မတွေ၊ ဝတ္ထုဖတ်ချိန် မဂ္ဂဇင်းဖတ်ချိန် မဟုတ်ဘူးနော်"
"ကျွန်တော်တို့ အခုသင်ခန်းစာ သင်နေရတာက ဇင်းဒါးက အကျဉ်းသမားဆိုတဲ့
နာမည်ကျော်
အင်္ဂလိပ်ဝတ္ထုကြီးဖြစ်နေတော့ စကားစပ်မိလို့ ကျွန်တော်တို့စာရေးဆရာလယ်တီပဏ္ဍိတဆီ
ရောက်သွားတာပါ
ဒေါ်ဒေါ်ရယ်"
"ဟေ ဟုတ်လား၊ မသိပါဘူးကွယ်"
"အဲဒီ ဇင်းဒါးက အကျဉ်းသမားဆိုတာ ဒေါ်ဒေါ် ရုပ်ရှင်ကြည့်ဖူးမှာပေါ့၊
'မောင့်ဒေဝီ'ဆိုတာလေ၊ ကျွန်တော်တို့တော့
မကြည့်ဖူးပါဘူး၊ ကြားသာ ကြားဖူးတယ်"
"သြော် အဲဒီရုပ်ရှင်လား၊ ကြည့်ဖူးတာပေါ့၊ လန်ဒန်အတ်က ရိုက်တာ၊ ဘတင့်တို့
ခင်ခင်နုတို့
နာမည်ကြီးတုန်းကပေါ့ကွ၊ သစ်သစ် သုံးလေးနှစ်အရွယ်တုန်းက ပေါ်တဲ့ဇာတ်ကား"
"ကိုင်း ဒေါ်ဒေါ်၊ ရုပ်ရှင်အကြောင်းပြောချိန် မဟုတ်ဘူး၊ စာသင်လိုက်ဦးမယ် ဟဲ ဟဲ"
သုံးယောက်စလုံး ရယ်လိုက်ကြသည်။
မခင်သစ်က ညသည့်စာပေကလေးတွေ ရေးသဖြင့် ကျွန်တော့်ရင်ထဲမှာလည်း တာသည့်
စာပေကလေးတွေ
ပဲ့တင်လူးလွန့်လာသည်။ ကျွန်တော်သည်စာပေသဘော သက်ရောက်သည့်စာ ယခုထိ
မရေးဖူးသေးပါ။
ကျောင်းသားဘဝကတည်းက သတင်းစာမှာ ဆောင်းပါးရေးခဲ့သည်။ သတင်းပို့ခဲ့သည်။
ယခုလက်ထောက်
အယ်ဒီတာ အဖြစ်ဖြင့် ဘာသာပြန်များစွာ လုပ်နေရသည်။ ဤသည်တို့ကား စာပေမဟုတ်ပါ။
မမြင့်ဦးကား စာပေသမားဖြစ်၏။ မြန်မာစာ ဂုဏ်ထူးယူသူဖြစ်၏။ မမြင့်ဦးကြောင့်
ကျွန်တော်သည် စာပေတွင်
စိတ်ဝင်စားမှုပိုလာသည်။ သို့သော် စာပေဖန်တီးရန် ဆန္ဒပေါက်ဖွားမလာပါ။ ယခု
မခင်သစ်ကြောင့်
စာပေဖန်တီးရန်၊ သူများစာပေကို ဖတ်ရှုလေ့လာရုံသာ မရောင့်ရဲမှု၍ ကိုယ်တိုင်ဖန်တီးရန်
ဆန္ဒများ
ပေါ်လာပေသည်။

မခင်သစ်၏ 'မသာလည်းတ သာလည်းတ၊ ဖိုးရွှေလ'ကို တုံ့ပြန်ရမည်။
ကျွန်တော့်ဇာတ်လိုက်သည်
ယာဉ်စကြာရထားသူဖြစ်လေသည်။ ရေကြော မြေကြော ရှုံ့၍သွားနိုင်သည်။ တောင်ဇမ္ဗူဒီပါ
တစ်ခုလုံးကိုလည်း
လှည့်လည်ရုံမက မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်းများကိုလည်း လှည့်သည်။
သို့သော် ဘယ်မှာမှ
မပျော်ပိုက်။ တောင်ကျွန်းသို့ ပြန်ပြီး သူ့ရွာသို့ လာခဲ့သည်။ သူ့ချစ်သူ မျက်မှောက်
ရောက်တော့မှ ချမ်းမြေ့
ပျော်ပိုက်နိုင်တော့သည်။
သို့ဖြင့် ကျွန်တော်နှင့်မခင်သစ်တို့သည် စာပေအတုံ့အပြန် ဖန်တီးကြ၏။
တစ်ယောက်နှင့်တစ်ယောက် စာပေးစာယူလုပ်ကြသည်မှာလည်း ဒေါ်ဒေါ်ညွန့်နှင့်
ဒေါ်ဒေါ်ရွှေတို့
စောင့်ကြပ်သည့်အထဲကပင် ဖြစ်သည်။ သင်ခန်းစာစာအုပ်ကြီးထဲမှာ ခေါက်ထည့်ထားလျှင် ႕ည
အ့န ႏထနမချန
ဩသုဟ အင်္ဂလိပ်စကားဖြင့် အချက်ပေးလိုက်သည်။ ကွန်ပါသေတ္တာထဲမှာ ထည့်ထားလျှင်
႕ည အ့န ဃသာစ္ဈ ဩထ ဟုအချက်ပေးလိုက်သည်။ အခါများစွာ အိမ်သာသည်
ထိုစာကလေးတွေကို ဖတ်ရာနေရာဖြစ်ခဲ့ရ၏။
ကျွန်တော်သည် မခင်သစ်အပေါ်ဝယ် ဤပုံဤနည်းဖြင့် ဤမျှသာ ညတာနေရရုံနှင့်
မကျေနပ်နိုင်တော့ပြီ။
မမြင်နိုင်သော၊ မရှုန်းနိုင်သော သတ္တိတစ်ခုက ဆွဲငင်နေသလို ထင်ရသည်။ နောင်
ဘာဖြစ်ဖြစ်
ပွင့်ပွင့်လင်းလင်းသာချစ်လိုတော့ သည်။ ထိုအတိုင်းပင် မခင်သစ်အား စာရေးပေးလိုက်ပေ၏။
မခင်သစ်ကား
'ချစ်ပါသည်'ဟူသော စကားလုံးပါသည့် စာတစ်စောင်မျှမပြန်။ ပါးစပ်ဖြင့် ပြောရန်ကား
ဝေးဘိသေး၏။ မချစ်ဘူး
ထင်စရာလည်းလက္ခဏာအမူအရာ တစ်ခုမျှမပြ။ ခါတိုင်းလိုပင် ရေးသားပြောဆို
ဆက်ဆံနေပေသည်။
ကျွန်တော်ကလည်းသူ့ထံမှ 'ချစ်ပါသည်' ဆိုသော စကားကို အတုံးလိုက် အတစ်လိုက်
ကြားလိုမြင်လိုသည်။
အားမလိုအားမရ လွန်စွာဖြစ်ရသော အချိန်ပါတည်း။ ထပ်ခါတလဲမေး၊ မဖြေရင်
စိတ်ဆိုးရလိမ့်မယ်ဟု
ခြိမ်းခြောက်၍မေး၊ မချစ်လို့လားဟု ခနဲ့မေးတော့မှ "သစ်သစ်လည်း
ကိုကို့လိုပါပဲ"ဟုပြောပေတော့သည်။
မိန်းမကောင်း မိန်းမမြတ်တို့ သည် 'ချစ်ပါသည်'ဆိုသော စကားကို တွန့်တိုလှချေသည်
တကား။ သို့ကလိုပင်

ကြည်နူးအားရ ဥဒါန်းကျူးမိလေသည်။
မခင်သစ်သည် ကျွန်တော်၏ ရည်းစားဦးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။
လူပျိုဖြစ်ကတည်းက အပျိုကလေးတွေနှင့် တွေ့ခဲ့လှပြီ။ တစ်ဖက်သတ်ကြိုက်
သည်လည်းရှိ၏။ နှစ်ဖက်ကျိတ်
ကြိုက်သည်လည်းရှိ၏။ သို့သော် သမီးရည်းစား မမည်နိုင်ပါ။ လူပျိုကြီးဖားဖား
ကောလိပ်ကျောင်းသားဘဝရောက်ပြန်တော့ ဝင်နီဖေနှင့် တွေ့ရသည်။ 'ဘာကလိုတိုတို
ဘိုကလာတာတာ'နှင့်
စလယ်ဝင် ဖင်မမည်းခင်က ကွဲခဲ့ရသည်။ မမြင့်ဦးကား သူငယ်ချင်းလည်းမက၊
သမီးရည်းစားလည်း မကျ။
မမြင့်ဦးနှင့် ပွင့်ပွင့်လင်းလင်း သိသိသာသာ ချစ်ကြိုးနှောင်ရန် ဘာမျှမခဲယဉ်းပါ။ အမြဲတမ်း
အခွင့်သာသည်။
အစဉ်တံခါးပွင့်နေသည်။ ဘာကြောင့် ကျွန်တော်သာသော အခွင့်ကို မယူခဲ့သနည်း။
ပွင့်သောတံခါးဖြင့်
မဝင်ခဲ့သနည်း။ ကျွန်တော်အကြိမ်ကြိမ် သုံးသပ်ကြည့်မိသည်။ ဘာကြောင့်
မခင်သစ်နှင့်တွေ့မှ
ပွင့်ပွင့်လင်းလင်းသိသိသာသာ ချစ်ကြိုးနှောင်လိုက်မိသနည်း။ ကျွန်တော်အကြိမ်ကြိမ်
ဆင်ခြင်ကြည့်မိသည်။
မမြင့်ဦးထက် မခင်သစ်အား အချစ်ပို၍လား။ သည်ဟာ မဖြစ်နိုင်။ နှစ်ယောက်စလုံးကို
ကျွန်တော်တန်းတူချစ်သည်ဟုထင်သည်။ ပိုခြင်းပိုလျှင် မမြင့်ဦးအပေါ်မှာသာ ပိုထိုက်သည်။
မမြင့်ဦးနှင့်
တစ်ယောက်အကြောင်း တစ်ယောက် ထွင်းဖောက်၍ သိကြသည်မှာ ကြာပြီမဟုတ်ပါလား။
မခင်သစ်၏
သဘောလက္ခဏာ အကြောင်းအရာတွေကို သိသည်မှာ မကြာသေး။ ပညာအရာမှာဆိုလျှင်
မခင်သစ်ထက်
မမြင့်ဦးက အဆများစွာ သာပေသည်။ မခင်သစ်မှာ ပင်ကိုဉာဏ်နှင့် ပညာလုံ့လ
ထူးကဲသော်လည်း
ပညာမပြည့်စုံသေး မဟုတ်ပါလား။ ပစ္စည်းဥစ္စာမှာလည်း မမြင့်ဦးက သာပေသည်။
သို့ဖြစ်လျှင် မခင်သစ်က
ငယ်လို့၊ လတ်ဆတ်လို့၊ ငယ်ရွယ်ခြင်း၏ ထက်မြက်မှုရှိလို့ ပိုချစ်သွားမိလေသလား။
သို့ရာတွင် မခင်သစ်က
ပွင့်သစ်စ မက်မောစရာ အကောင်းဆုံးပန်းဖြစ်လျှင်မမြင့်ဦးက ပွင့်ကောင်းတုန်း အဝေဆာဆုံး
ပန်း၊ ကားကား
စွင့်စွင့် ကျက်သရေတင့်သော ပန်း၊ မဟုတ်ပါလား။
မမြင့်ဦး၏ အချစ်က ခပ်အေးအေး ခပ်အုပ်အုပ်ဖြစ်၍မခင်သစ်၏ အချစ်က
ခပ်နွေးနွေးခပ်ပွင့်ပွင့် ဖြစ်၍များပေလား။

မမြင့်ဦးက ကျွန်တော့်အား သူလိုရာသို့ ပြုပြင်ပုံသွင်းလိုက်ပြီး မခင်သစ်က
ကျွန်တော်လိုရာသို့
ပြုပြင်ပုံသွင်းခံချင်သည့် နိမိတ်လက္ခဏာ ကြောင့်ပေလော။
ဘာကြောင့်ဖြစ်ဖြစ် မခင်သစ်နှင့် ကျွန်တော်ပွင့်ပွင့်လင်းလင်း သမီးရည်းစားဖြစ် ကြပါပေပြီ။
ကျွန်တော်သည်
မခင်သစ်ထက် ခုနစ်နှစ်မျှကြီး၏။ လူပျိုပေါက်ကလေး မဟုတ်တော့ပါ။ သို့သော်
မခင်သစ်အား
လူပျိုပေါက်ကလေးလို အရူးအမူးချစ်၏။
တစ်ခုတော့ထူးခြားသည်။ ယခင်က ကျွန်တော်သည် မမြင့်ဦးအား ကျွန်တော်နှင့်ရင်းနှီးသော
မိန်းမများအကြောင်းအစီရင်ခံလေ့ရှိသည်။ ဥပမာ ဝင်နီဖေ့အကြောင်း၊ မမ မမြမှီအကြောင်း။
သို့သော်ယခု
မခင်သစ်အကြောင်းကိုကား မမြင့်ဦးအား အစီရင်မခံပါ။
ဒေါ်ဒါတို့၏စောင့်ကြပ်မှုသည် ပိုမိုတင်းကြပ်လာသည်ထင်သည်။ ကျွန်တော်တို့နှစ်ယောက်
ချစ်နေကြပြီဟုလည်း
ရိပ်မိပြီးဖြစ်ဟန်ရှိသည်။ သို့သော် စောင့်ကြပ်ခြင်းကား မလွန်အောင် စောင့်ကြပ်ခြင်းသာ
ဖြစ်ဟန်တူသည်။
ဒေါ်ဒေါ် သည်ကျွန်တော့်ကို သားကဲ့သို့ ချစ်သောအမူအရာကို ပြသည်။ ကျွန်တော်တို့
နှစ်ယောက်မိသားဖသားပီပီ
ချစ်ကြပြီး အချိန်တန်တော့ တင့်တောင့်တင့်တယ် ညားကြလျှင်
ဒေါ်ဒေါ်ထက်ဝမ်းသာမည့်သူရှိမည်မထင်ပေ။
သို့သော် ကျွန်တော်တို့၏ အချစ်ယာဉ်သည် ဒေါ်ဒေါ်ခင်းပေးသောလမ်းအတိုင်းသာ
ဒေါ်ဒေါ်သတ်မှတ်သော
နှုန်းဖြင့် မောင်းရမည်။ မတိမ်းရ၊ မစောင်းရ၊ မလွန်ရ။
သို့သော် ဒေါ်ဒါညွှန့်နှင့်ဒေါ်ဒါရွှေတို့၏ စောင့်ကြပ်ခြင်းကို တင်းလွန်းလှသည်ဟု
ကျွန်တော်ထင်လေသည်။
စာသင်စားပွဲဝိုင်းတွင် ဒေါ်ဒေါ်တို့ မျက်မှောက်၌ ချစ်ရသည်ကို အားမရ။ စာအုပ်ကြားထဲ
စာညှပ်၍လည်းကောင်း၊
ကွန်ပါသေတ္တာထဲ စာထည့်၍လည်းကောင်း၊ မဂ္ဂဇင်းဂျာနယ်ထဲ ရိုးတိုးရိပ်တိပ်ရေး၍
လည်းကောင်း၊ ရင်တွင်းရှိသမျှ
ဖွင့်ဟ၍ မကုန်နိုင်ဟု ထင်လာပေသည်။ ဒေါ်ဒေါ်တို့ မျက်ကွယ်မှာ
တွေ့လိုက်ချင်သည်။တတ်နိုင်လျှင်
နှစ်ယောက်သား မသာလည်းတ သာလည်းတ ဖိုးရွှေလကြီးအပေါ်တက်၍
သမီးရည်းစားစကား
ပြောချင်နေလေသည်။

တစ်ခါတော့ ကျွန်တော်တို့သတင်းစာတိုက် ပိတ်ရက်ကြုံသဖြင့် ငါးနာရီထိုးပြီးဖြစ်သော်လည်း မခင်သစ်တို့အိမ်မှ
မပြန်သေး။ ညနေစာ ထမင်းဝင်စားနေသည်။ ထမင်းစားပြီးသော်
ကျွန်တော်စာသင်စားပွဲဝိုင်းမှာ ထိုင်နေသည်။
ဒေါ်ဒေါ်တို့ကား နောက်ဖေးမီးဖိုဆောင်မှာ ရှိကြသည်။ ဆရာဖေသည်
အောက်ထပ်ဆေးဆိုင်မှာ
အလုပ်များနေသည်။ မခင်သစ်သည် ကျွန်တော်ရှိရာ စာသင်စားပွဲသို့လာလိုက်၊
နောက်ဖေးမီးဖိုဆောင် သူ့အမေဆီ
သွားလိုက်လုပ်နေသည်။ မခင်သစ်၏ အမူအရာမှာ သပိတ်လွယ်ငှက်ကလေး မြက်ခင်းပေါ်မှာ
ခုန်ပေါက်သွားလာနေသည်နှင့် တူ၏။ နောက်ဆုံးတစ်ခေါက် ကျွန်တော့်ဆီလာပြီး
အနားမှာထိုင်လိုက်ကာ ရှိသေး။
ဒေါ်ဒေါ်က ဒေါသသံဖြင့်–
"ဟဲ့ မိခင်သစ်"ဟု အော်ခေါ်လိုက်သည်။
"မိခင်သစ်နော် လွန်ပဲလွန်လွန်းတယ်၊ လာခဲ့ ဒီကို"
ဆူပူကြိမ်းမောင်းသံကြောင့် မခင်သစ်၏မျက်နှာမည်းသွားလေသည်။ ကတိုက်ကရိုက် ထပြီး
သူ့အမေဆီပြေးရလေသည်။
ဒေါ်ဒေါ့်အသံကား မကောင်းဆိုးဝါး တစ်တီတူးအသံထက် ကဲနေ၏။
"ဟိုနားခဏခဏသွားရတာ ဒါစာသင်ချိန်မို့လား"
မခင်သစ်က ဘာမျှပြန်ပြောသံ မကြားရပေ။ ဒေါ်ဒေါ်က သူ့သမီး ကျိတ်ဆူနေသံကိုသာ
ကြားနေရ၏။ ဒေါ်ဒေါ်၏
ချုပ်ချယ်မှုကြောင့် ကျွန်တော်များစွာ စိတ်ညစ်သွားသည်။ လောကတွင် သည့်ထက်
ကျဉ်းကျပ်သောနေရာ
မရှိတော့ဘူးဟု ထင်သည်။ ကျွန်တော်သည် စိတ်ပျက်ပျက်နှင့် ဘယ်သူ့မျှ နှုတ်မဆက်ဘဲ
ထလာခဲ့လေသည်။
အိမ်မှာ ဆရာဦးတက်ရှိန်၏ စားပွဲတွင်ထိုင်ပြီး စာတစ်ပုဒ်ရေးချလိုက်လေသည်။
ဥယျာဉ်မှူးသည် ခွာညိုရုံကလေးကို တစ်နှစ်လုံးလုံး ရေလောင်းခဲ့သည်။ ပြုပြင်
ယုယခဲ့သည်။
မြေဩဇာထည့်ခဲ့သည်။ ပြာသိုလသို့ ရောက်လာပြီ။ ငွေနှင်းစိုစိုတွင် ခွာညိုပန်းတွေ
ပွင့်ဝေလာပြီ။ ဥယျာဉ်မှူးက
ခူးတော့မည်လက်လှမ်းတုန်း ပိုင်ရှင်က 'မပိုင်သူနှင့် မဆိုင်ဘူး၊ မခူးရ'ဟူသော
တားမြစ်လိုက်လေသည်။ ပြာသိုလ
ကုန်သွားပြီ။ ခွာညိုပန်းတွေလည်း တုံးသွားလေပြီ။ ဥယျာဉ်မှူးကား ခွာညိုရုံအနီးတွင်
ထိုင်လျက် အသည်းနှလုံး
ခွာညိုနှင့်အတူ တုံးသွားသလို မှိုင်ငေးနေရသည်။ ခွာညိုပင်အနီးကလည်း မခွာနိုင်။

သည့်လို ကျွန်တော်ရေးလိုက်သော စာကို မခင်သစ်တုံ့ပြန်လိုက်သော ကဗျာ၏
အဓိပ္ပာယ်မှာအကျွန်သည်
ဥယျာဉ်မှူး၏ ပြုစုပျိုးထောင်၍ ပေါက်ဖွားကြီးထွားခဲ့သည်။
အကျွန့်မှာ ရာသီအလိုက်ပွင့်သော ခွာညိုမဟုတ်ပါ။
အကျွန့်တွင် ပွင့်ဝေနေသော ပန်းမှာ ဆယ့်နှစ်ရာသီ ပွင့်သည့် နှင်းဆီပန်း ဖြစ်ပါသည်။
အကျွန့်ကိုပိုင်ရှင်ရော၊ ဥယျာဉ်မှူးပါ ဆိုင်ပါသည်။ ။
၄၉
ကမ္ဘာစစ်ကြီးပေါက်ကွဲလာလေပြီ
ကျွန်တော်ဤလိုချစ်ကိစ္စ ချစ်ရေယာဉ်ကြော မျောနေစဉ်၊ ဤလို အနုအယဉ် ချစ်စာပေတွေ
ပြုစုနေစဉ်ကမ္ဘာ့အခြေအနေကား
အောက်ကနေ၍ ပွက်ထနေသော စစ်လှိုင်းဖြင့် ခုံးထအုံကြွနေသည်။
၁၃၀၀ပြည့်အရေးတော်ပုံတုန်းကလို ပြည်သူလူထုတစ်ရပ်လုံး အုံကြွလှုပ်ရှားခြင်းမရှိသော်လည်း
သခင်များခေါင်းဆောင်သော သီးစားခတိုက်ပွဲများ၊ အလုပ်သမားတိုက်ပွဲများ၊
နိုင်ငံရေးစည်းရုံးမှုများကား
ဟိုမှာသည်မှာ ပေါ်နေသည်။ ကျောင်းသားတို့၏ သံမဏိတပ်များ လေ့ကျင့်နေကြသည်။
သခင်စိုးက ဗမာ့တော်လှန်မှု၊ သခင်ဘဟိန်းက အလုပ်သမားလောက၊ သခင်လှဖေက
ကမ္ဘာ့နိုင်ငံရေးမြေပုံ၊
သခင်နုက ကျွန်တော်ဘုံဝါဒသမားစသည်ဖြင့် ရေးနေကြသည်။
ဟစ်တလာ ဂျာမနီက ဆိုဗီယက် ရုရှားနှင့် အပြန်အလှန် မကျူးကျော်ရေးစာ ချုပ်
ချုပ်ဆိုလိုက်လေသည်။
ကိုသိန်းဖေက ထိုစာချုပ်ကို နဂါးနီဂျာနယ်မှာ ထောက်ခံရေးသားလိုက်၏။
ဆိုဗီယက်ယူနီယံသည်
အင်္ဂလိပ်ပြင်သစ်တို့နှင့် ပူးပေါင်းလုံခြုံရေး စာချုပ်ဖြစ်အောင် လုပ်ခဲ့၏။ ချိန်ဘာလိန်တို့က
ကဖျက်ယဖျက်
လုပ်ခဲ့သည်။ ဆိုဗီယက်ယူနီယံသည် ဘယ်တိုင်းပြည်ကိုမှ ကျူးကျော်စော်ကားမည်မဟုတ်။
မည်သည့်နိုင်ငံနှင့်မဆို
အချင်းချင်းမကျူးကျော်ရေးစာချုပ် ချုပ်နိုင်သည်။ ဟစ်တလာ ဂျာမနီနှင့်လည်း
မကျူးကျော်မစော်ကားရေးစာချုပ်
ချုပ်နိုင်သည်။ ထို ကိုသိန်းဖေ၏ ဆောင်းပါးကို အကြောင်းပြုပြီး အစိုးရတို့က
နဂါးနီဂျာနယ်ကို
သိမ်းလိုက်လေသည်။
'နယ်ချဲ့စနစ်ကို ပြည်တွင်းစစ်သို့ ပြောင်းပစ်'ဟူသော အသိဖြင့် သခင်စိုး၊ သခင်နု၊
သခင်အောင်ဆန်း၊
သခင်သန်းထွန်း၊ သခင်တင်မောင်ကြီး၊ သခင်ကျော်စိန်၊ သခင်မြစသော
ခေါင်းဆောင်များသည်

နိုင်ငံရေးလုပ်ငန်းများ လုပ်နေကြလေသည်။
၁၉၃၉ ခု၊ စက်တင်ဘာလ ၁ရက်နေ့။
ဟစ်တလာသည် ပိုလန်ပြည်အား စစ်ကြေညာပြီး ဝင်ရောက်တိုက်ခိုက်ခြင်းအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးကို
စလိုက်သည်။
၁၉၃၉ ခု၊ စက်တင်ဘာလ ၃ရက်နေ့။
ပြင်သစ်နှင့် အင်္ဂလန်တို့က ဂျာမနီအား စစ်ကြေညာလိုက်လေသည်။
အဖြစ်အပျက်တို့သည် တစ်ခုပြီးတစ်ခု လေမုန်တိုင်းကြီးကျသလို ဆောင့်၍ ဆောင့်၍ တိုက်ခတ်လာပေသည်။
ပိုလန်ပြည်သည် ခဏအတွင်း နာဇီလေမုန်တိုင်းကြီးရှေ့တွင် ဖုန်းဖုန်းလဲကျ ပြိုလဲတော့မည်ကဲ့သို့ ရှိလေ၏။
ဆိုဗီယက်တပ်မတော်ကြီးသည် ၁၉၁၇ ခု၊ တော်လှန်ရေး ပြီးခါစက ပိုလန်အစိုးရအား ပေးထားရသော
မိမိပိုင်နယ်များကို ဝင်ရောက်သိမ်းယူလေသည်။
နာဇီဂျာမနီနှင့် ဆိုဗီယက်ယူနီယံတို့ တစ်ပြည်နှင့်တစ်ပြည် မကျူးကျော်ရေးစာချုပ် ချုပ်လိုက်သောအခါ
ကျွန်တော်တို့အယ်ဒီတာက“
အင်း ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကြွယ်လို့ အဆိုရှိတဲ့အတိုင်းပဲ တယ်ပြီး အသိခက်တာပဲ၊ တို့
ဆိုဗီယက်ယူနီယံဟာ အင်္ဂလိပ်၊ ပြင်သစ်တို့နဲ့ မဟာမိတ်ဖြစ်လိမ့်မယ်ထင်တာ၊ ခုတော့ နာဇီတွေနဲ့
မဟာမိတ်ဖြစ်သွားပြီ”ဟု ကျွန်တော့်အားပြောလေသည်။
ကျွန်တော်သည် နဂါးနီဂျာနယ်မှာပါသော ကိုသိန်းဖေ၏ ဆောင်းပါးကို ဖတ်ထားပြီး ဖြစ်သဖြင့်–
“မဟာမိတ်ဖွဲ့တာမှ မဟုတ်ဘဲဆရာရဲ့၊ အချင်းချင်း မကျူးကျော်ရေးဆိုတာ လောက်ဟာပဲ၊ ငါ့ဟာငါနေမယ်၊
မင်းဟာမင်းနေလို့ ဆိုတာလောက်ပဲ ဆရာရဲ့”
“မင်းထင်သလောက် မရှင်းဘူးဟေ့၊ အထူးသဖြင့် ရုရှားဟာ အသိခက်တယ်ကွ”
ဂျာမနီက ပိုလန်ဝင်သိမ်းပြီး အင်္ဂလိပ်နဲ့ ပြင်သစ်တို့က စစ်ကြေညာလိုက်သောအခါ ကျွန်တော့်အယ်ဒီတာက
ကျွန်တော့်အား တာဝန်သစ်တစ်ခု ပေးပြန်လေသည်။ စစ်ကြီးဖြစ်ပွားလာသောကြောင့် ဗမာ့ခေါင်းဆောင်များနှင့်
ပြည်သူပြည်သားအများတို့က ဘယ်သို့ထင်မြင်ယူဆကြသည်၊ ဘာတွေပြောဆိုနေကြသည်၊ ဘယ်လို

ဂယက်ရိုက်သည်များကို စနည်းနာပြီး သတင်းဆောင်းပါးရေးရန် ဖြစ်လေသည်။
ထိုတာဝန်သစ်နှင့်အတူ
ခရီးစရိတ်ငွေ ၂ကျပ်လည်း ထုတ်ပေးလိုက်သေး၏။
လူအများသည် စစ်ကိုမလွှဲမရှောင်သာဖြစ်ရမည့်ကိစ္စတစ်ရပ်အနေနှင့် လက်ခံထားကြ၏။
ဥရောပမှာ
ဖြစ်နေသောကြောင့် ကိုယ်နှင့်မဆိုင်သလိုလိုလည်း သဘောထားကြသည်။ "သူတို့ဘာသာဖြစ်
ဖြစ်ပါစေ၊
တို့အပူတစ်ပြားဖိုးမှ မပါပါဘူး"ဟု ဆိုသူကဆိုသေး၏။ မြန်မာပြည်အစိုးရသည်
အင်္ဂလိပ်လက်အောက်ခံ
အိုးရဖြစ်၍ မြန်မာပြည်အစိုးရကလည်း ဂျာမနီအစိုးရအား စစ်ကြေညာလိမ့်မည် ဖြစ်ကြောင်း
ကျွန်တော်သတိပေးသောအခါတွင်လည်း "မြန်မာပြည် အစိုးရက စစ်ကြေညာချင်
ကြေညာပစေပေါ့၊ သူ့ဘာသာ
တိုက်လိမ့်မပေါ့၊ ကျုပ်တို့က ကြည့်နေရုံပြင် ဘာလုပ်စရာရှိသလဲ"ဟုငေါ့သူကငေါ့လေသည်။
နိုင်ငံရေးနိုးကြားမှု
အထိုက်အလျောက်ရှိသောသူများကမူ အင်္ဂလိပ်ဒုက္ခရောက်ပြီဖြစ်သဖြင့် ဝမ်းသာနေကြ သည်။
အင်္ဂလိပ်ရှုံးရန်
လိုလားနေကြ၏။ သခင်ခေါင်းဆောင်အချို့ကသာ စစ်သည် မလိုလားအပ်သောအရာဖြစ်သည်။
လောကမှာ
စစ်ဆိုသောအရာမရှိအောင် လုပ်ရမည်စသဖြင့် ပြောကြသည်။ သို့သော် သူတို့သည်
သည်နေရာတွင် မရပ်၊
ကမ္ဘာလောကတွင်အရင်းရှင်စနစ်တည်ရှိနေသေးသမျှ စစ်ဖြစ်နေမည်ဟူသော
ပိုင်းခြားဝေဖန်မှုကိုလည်း ပြုကြသည်။
စစ်ဖြစ်စေသော အရင်းရှင်စနစ်ကို ဖျက်ဆီးပစ်ရမည်။ နယ်ချဲ့သမားအချင်းချင်း
စစ်ခင်းနေကြစဉ်
ကိုလိုနီနိုင်ငံများက ပြည်တွင်းစစ်ဆင်နွှဲရမည်စသည်ဖြင့်လည်း အလုပ်လမ်းညွှန်ကြပေသည်။
ကျွန်တော်ရေးရသော
သတင်းဆောင်းပါးတွင် ထိုကဲ့သို့သော သခင်ခေါင်းဆောင် အချို့၏ ထင်မြင်ချက်၊
လမ်းညွှန်ချက်များကိုပါရေးချရာ အယ်ဒီတာသည်ဂယ်လီပရူ တွေ မြင်ရသောအခါ
မျက်လုံးမျက်ဆန် ပြူးသွားပြီး–
"အေး ဒါမျိုးတွေ ရေးထည့်ရင်တော့ တို့သတင်းစာပိတ်ရမှာ သေချာတာပဲကွ၊
အောင်ကျော်တို့ကိစ္စတုန်းက
ထက်ဆိုးမယ်မောင်ရင်ရေ့ သတိထား"ဟု ဆိုလေသည်။ ပြီးနောက် ၎င်းတို့ကို
ပယ်ထုတ်လိုက်လေသည်။
ကျွန်တော်သည် ထိုတာဝန်သစ်နှင့်ပတ်သက်ပြီး မဂိုလမ်း(ရွှေဘုံသာလမ်း)သို့
လည်းရောက်သွားခဲ့သေး၏။

ချက်ချင်း ရွှေဈေးတက်သွားသည်။ အထည်အလိပ်နှင့် နိုင်ငံခြားကုန်ပစ္စည်းဈေးများလည်း ခုန်၍တက်သွား၏။
နိုင်ငံခြားသို့ ပို့ရန်ဖြစ်သော ဆန်စပါးနှင့် အခြားကောက်ပဲသီးနှံဈေးများကား ဒလဟော ကျဆင်းသွားပေသည်။
ကိုယ်နှင့် ဘာမျှမဆိုင်ဘူးထင်သော ဗမာအများအား ထိခိုက်လေတော့မည်။
မဂိုလမ်းတစ်ဝိုက်တွင်
စနည်းနာပြီးနောက် မမြမှီထံသို့လည်း ဝင်သွားလေသည်။ လူချင်းမတွေ့တာကြာပြီ။
ကုန်သည်တစ်ယောက်အနေနှင့် စစ်ကြီးကို ဘယ်လိုမြင်သလဲဟုလည်း မေးရဦးမည်။
အခါတိုင်းလိုပင် ဖော်ရွေပြုံးရွှင်သော မမြမှီ။
"ဟော့ ဘယ်ကပေါက်လာသလဲ၊ ထိုင် ထိုင်မလာတာ ကြာပါပကောလားကွ"
ကျွန်တော်သည် ဤစကားမျိုးကို မျှော်လင့်ပြီးသားဖြစ်သဖြင့် ဆင်ခြေရှာပြီးသားဖြစ်သည်။
ပေးသော
ကုလားထိုင်တွင် ဝင်ထိုင်ရင်း–
"မအားလို့ပါ မမရယ်"
"ဘာများ မအားရပြန်တာလဲ၊ တစ်ခါလာလည်း မအား၊ တစ်ခါလာလည်း မအားနဲ့"
ကျွန်တော်က ဘာမျှပြန်မပြောဘဲ ပြုံးပြီး မမြမှီအား စေ့စေ့ကြည့်နေစဉ် မမြမှီ၏ မျက်နှာမှာ တည်တံ့ငြိမ်သက်သွားသည်။
"စစ်ကြီးဖြစ်ပြီဆိုပဲ၊ မောင်တင်ထွန်း ဘယ်လိုထင်သလဲ၊ ဘာတွေများ ဖြစ်လာဦးမှာလဲကွယ်"
"ဟင် ကျွန်တော် မမဆီလာတာက အဲဒီမေးခွန်းကို မေးမယ်လို့လာတာ"
"အို–မမမှာ ဘာဗဟုသုတရှိလို့ မောင်လေးက မေးရမှာလဲ"
"ဒီမေးခွန်းကို ဖြေတဲ့နေရာမှာ ဗဟုသုတ မရှိဘူးဆိုတဲ့ ရိုးရိုးကုန်သည်တစ်ယောက်အနေ မမကဖြေရမှာပါ။
ဒီလိုပါမမ၊ ကျွန်တော် အခုသတင်းစာတိုက်မှာ လက်ထောက်အယ်ဒီတာ ဝင်လုပ်နေတယ်၊ အခု
စစ်ဖြစ်လာတယ်ဆိုတော့"
"ကြည့်စမ်း ဘယ်တုန်းကများ ဝင်လုပ်လိုက်သတုံး၊ မင်းကလေးဟာ မမကိုလည်း ဘာမှမပြောပါဘဲကလား"
"ပြောရင် ဖျက်နေမှာစိုးလို့၊ အခု စစ်ဖြစ်လာတယ်ဆိုတော့ စစ်ဖြစ်တာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဗမာပြည်သူ
ပြည်သားတွေက ဘယ်လိုထင်မြင်တယ်၊ ယူဆတယ်၊ ဘယ်လိုဂယက်ရိုက်တယ်ဆိုတာ ကျွန်တော်တို့ရဲ့
သတင်းစာမှာ ထည့်သွင်းဖော်ပြဖို့ လိုတယ်၊ ဒါကြောင့် မမဆီတမင်လာပြီးမေးတာပါ"
"သြော်ဒီလိုကိုး၊ စစ်ကြီးက ပို့လိုက်လို့ မောင်တင်ထွန်း မမဆီ ရောက်လာတာပေါ့နော်၊ စစ်ကြီးကိုပဲ
ကျေးဇူးတင်ရဦးမလိုဖြစ်နေပြီ"

ကျွန်တော်ကသည်လို အပြောခံရတာ သဘောကျသလိုလိုရှိသော်လည်း မူရာမာယာလုပ်ပြီး နှုတ်ခမ်းစူလိုက်သည်။
"အို မမကလည်း ဒီလိုမငေါ့စမ်းပါနဲ့၊ ကျွန်တော်မကြိုက်ဘူး၊ ဆူတာ ဆဲတာ ကြိမ်းတာ ခံချင်သေးတယ်၊
ရိုက်တာခံချင်သေးတယ်"
ရှေ့မဆက်ဘဲ စူ၍သာနေလိုက်သည်။ မမက အတန်ကြာ ပြုံးနေပြီးနောက်–
"မမ နောက်ဘယ်တော့မှ မငေါ့ပါဘူး၊ မျက်နှာကြီး စူမထားစမ်းပါနဲ့၊ စူနေတဲ့
မျက်နှာကြီးကို မမကလည်း
မကြည့်ချင်ပါဘူး၊ ကဲ ကဲ မစူနဲ့တော့နော်၊ တစ်–နှစ်–သုံး ပြုံးလိုက် ပြုံးလိုက် ဟော ဟော ဟုတ်ပြီ"
ကျွန်တော်သည် မစူမအောင့်နိုင်တော့သည်မက ပြုံးရုံမျှဖြင့် မကျေနပ်နိုင်တော့ဘဲ တဟဲဟဲ ရယ်နေမိလေတော့သည်။
"ကဲ ပြောစမ်းပါဦး၊ စစ်ကြီးဖြစ်လာရပြီဆိုတော့ တို့ဆီမှာ ဘာတွေများ ဖြစ်ကုန်ဦးမှာလဲ"
"ကျွန်တော်မဂိုလမ်းတစ်ဝိုက် စုံစမ်းရသလောက်တော့ ဥရောပမှာ စစ်ကြီးလည်း
ဖြစ်တယ်ဆိုရော နိုင်ငံခြားက
ကုန်ပစ္စည်းတွေ ဈေးတက်ပြီး ကျွန်တော်တို့ပြည်ထွက် နိုင်ငံခြားပို့ဖို့ကုန်တွေ
ဈေးကျကုန်တယ်"
"အင်း ဒါတော့ အမှန်ပဲ။ အပြင်လူတွေ သိတာက ဝိုင်သားတွေ၊ ပိုးတွန့်တွေ၊ စက္ကူတွေက ဈေးတက်သွားတာလောက်သာ သိကြတာ၊ မမတို့ ကုန်သည်အချင်းချင်း ဘာဘူတွေဆီက သိရတာက
ဒါတွေတက်တာက သိပ်အရေးမကြီးဘူး။ ဒီက ကုန်သည်တွေက ဈေးမြင့်ကြတာ။ သံထည်၊ သွပ်ထည်၊ ဘိလပ်မြေ၊
ဆေးဝါးဈေးတွေ တက်တာက ဟိုကကို ကြေးနန်းနဲ့ ချက်ချင်းအကြောင်းကြားပြီး တက်တာ။ မမမှာ ဆန်နဲ့ပဲ
နိုင်ငံခြား ပို့စရာရှိနေတယ်၊ သတ်မှတ်ထားတဲ့ရက် သင်္ဘောရောက်မယ် မဟုတ်ဘူးတဲ့၊ ဟိုရောက်အောင် ပို့နိုင်ရင်
ဈေးကောင်းရဖို့ သိပ်မခက်ပါဘူး။ ခု ပို့ဖို့ သင်္ဘောလည်းခက်ရော ဈေးတွေကလည်း
ကျကုန်ရော"
မမြမှီက ထိုသို့ရှင်းပြပြောဆိုနေစဉ် ကျွန်တော်သည် မမြမှီ၏ကြီးမားသော
အလုပ်အကိုင်အကြောင်းကို
စဉ်းစားမိသည်။ မမြမှီ၏ ကူးသန်းရောင်းဝယ်ရေးမှာ ပြည်တွင်းမှာသာမက
ပြည်ပမှာလည်းရှိသည်။
ဗမာထဲတွင်ပြည်ပနှင့် ကူးသန်းရောင်း ဝယ်နိုင်သူ ရှားလှ၏။ ခင်ပွန်းသည်မှာ အိမ်တွင် သွက်ချာပါဒဖြင့် လဲနေသူ

ဖြစ်သော်လည်း မမြမှီကား အားမလျှော့ဘဲ စိတ်မပျက်ဘဲ ဤအလုပ်ကို နိုင်နင်းစွာ လုပ်နေပေသည်။
စကားဖြတ်၍ဘယ်လိုနိုင်နင်းအောင် လုပ်သလဲဟု မေးချင်သည်။ သို့သော် စကားဖြတ်ခွင့်မရ။ မမြမှီကဆက်ပြောသည်။
"ကွယ် ဒါတွေကမမအဖို့တော့ အရေးမကြီးပါဘူး၊ နိုင်ငံခြားနဲ့ ကူးသန်းရောင်း ဝယ်ရေးလို့ မရဘူးဆိုလည်း
ပြည်တွင်းကူးသန်းရောင်းဝယ်ရေး တစ်ခုတည်း လုပ်နေမှာပါပဲ။
ပြည်တွင်းကူးသန်းရောင်းဝယ်ရေး
လုပ်မရရင်လည်း ရှိတာကလေး ထိုင်စားနေရုံပါပဲ၊ အရေးကြီးတာက စစ်ကြီးဟာ ဥရောပတွင် မနေဘဲ
တို့အရှေ့ဘက်ကူးလာရင် ခက်မှာပဲ၊ ကုလားဗမာ အဓိကရုဏ်းအတိုက်အခိုက်မှာတောင် လူတွေဒီလောက်
ဒုက္ခရောက်ကြရင် စစ်ကြီးများဒီကိုကူးလာရင် ဘယ်လောက်ဆိုးမလဲ"
မမြမှီသည် ထိုအတွေးဖြင့် အတော်ရင်လေးသွားဟန်တူသည်။ စိတ်တွင်မက လူပါ မောလာဟန်ရှိသည်။
သက်ပြင်းချပြီး ရပ်နားနေ၏။ ကျွန်တော်လည်း မမြမှီကဲ့သို့ပင် စစ်ကြီးများ ကူးလာရင်ဟူသော
အတွေးဖြင့်ရင်လေးနေ၏။ ထိုစဉ်က ဥရောပစစ်ကြီး ကူးစက်ပြန့်ပွားလာမည်ကို ကြိုတင်စိတ်မောသူ
အတော်ရှား၏။ ထိုရှားသူများအထဲတွင် အဖော်ဖြစ်နေကြသော မမြမှီနှင့် ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက်ကိုယ်ချင်းစာနာစရာ၊ လေးစားစရာ အများအပြား တွေ့နေကြလေသည်။နှစ်ကိုယ့်တစ်စိတ်ဖြစ်နေကြပေသည်။
"ကဲကွာ ရင်လေးစရာ စိတ်မအေးစရာတွေ မေ့ထားလိုက်ကြပါဦးစို့ရဲ့။ မောင်တင်ထွန်းက ဘယ့်နှယ်လုပ်ပြီး
သတင်းစာအယ်ဒီတာ ဖြစ်သွားရတာတုံး။ သူများတွေမှာ ဘီအေအောင်တယ်ဆိုရင် မြို့အုပ်၊ ဝန်ထောက်စသည်ဖြင့်
လုပ်ကြတယ်"
"မြို့အုပ်၊ ဝန်ထောက်ဆိုတာ ကျွန်အကြီးစားတွေပဲ မမရဲ့၊ ကျွန်တော်က အစိုးရ လခစား ကျွန်မလုပ်ချင်ဘူး၊
လွတ်လွတ်လပ်လပ်"
"အေးပေါ့လေ၊ မင်းတို့က သခင်တွေဆိုတော့ ဟုတ်တာပေါ့။ နို့နေပါဦး လခကော ဘယ်လောက်ရသလဲ"
"တစ်လခြောက်ဆယ့်ငါးကျပ်"
"အို ဘာမှမရပါဘဲလားကွ၊ မင်းတစ်ဝမ်းတစ်ခါးမှ လောက်ရဲ့လားကွယ်"

အကယ်စင်စစ် ကျွန်တော်သည် ဤလခကိုမကျေနပ်ပါ။ သို့သော် ကိုယ့်အလုပ်ကို မှိတ်၍ ကာကွယ်ရ၏။
“လောက်ပါတယ်”
“မင်း တစ်ဝမ်းတစ်ခါးအတွက်လောက်တယ်ထားဦး၊ မင်းမိဘကို ဘယ်မှာထောက်ပံ့နိုင်ပါ့မလဲ။ ကိုယ်က
ပညာတတ်ပြီး အလုပ်အကိုင်ရတယ်ဆိုရင် မိဘကိုကျေးဇူးဆပ်ရတယ်။ ဆွေမျိုးသားချင်းကို ထောက်ပံ့ရတယ်”
“ဒါတော့ မတတ်နိုင်ဘူး မမရဲ့၊ ကျွန်တော်က နိုင်ငံရေးတာဝန်ခံချက်တွေလည်း ရှိသေးတော့”
ကျွန်တော်က ရှေ့ဆက်မပြောတော့ဘဲ ခပ်တွေတွေ ခပ်ငေးငေး နေလိုက်သည်။
နိုင်ငံရေးသမားလည်း လုပ်ချင်၊
အသက်မွေးဝမ်းကျောင်းအလုပ်လည်း လုပ်ချင်သော ကျွန်တော့်အခက်အခဲများကို ထပ်မံတင်ပြရလျှင်
ဓာတ်စက်အပ်ကြောင်း ထပ်သလိုရှိပေတော့မည်။ မမြမှီက ခပ်ငေးငေးခပ်တွေတွေ လုပ်နေသော ကျွန်တော့်အား
အကဲခတ်၍သာ ကြည့်နေသည်။
အပြင်ဘက်မှ အုတ်အုတ်ကျက်ကျက်အသံများကို ကြားရသဖြင့် နောက်လှည့်ကြည့်လိုက်သည်။ မမြမှီလည်း
ကျွန်တော်နှင့်အတူ အပြင်ဘက်သို့ လှမ်းကြည့်လေသည်။ နေပူရာမှ မိုးဖွားများ ရုတ်တရက် ကျလာသောကြောင့်
လူအများ ရုတ်ရုတ်ရက်ရက် ဖြစ်သွားခြင်း ဖြစ်လေသည်။ ဘာဘူကုလားများကား ဒိုတီစကို မကိုင်လျက် မိုးခိုရန်
နီးရာဆိုင်သို့ ပြေးကပ်ကြသည်။ လမ်းပေါ်မှ အစားအသောက်ဆိုင်ကလေးများကို အပြေးအလွှား ရုပ်သိမ်းသူက
ရုပ်သိမ်းနေသည်။ ဗမာအသွားအလာ ရှားလှသောလမ်း။
မျက်နှာချင်း ပြန်ဆိုင်မိကြသောအခါ မမြမှီက–
“ကူးသန်းရောင်းဝယ်ရေးကော စိတ်မပါဘူးလား”
“ဝါသနာမပါဘူး မမရဲ့”
“ဝါသနာဆိုတာ မွေးယူရတာပေါ့ကွယ်၊ အမှန်မှာတော့ ကူးသန်းရောင်းဝယ်ရေး အလုပ်ဟာ ပိုပြီး လွတ်လပ်တာပေါ့၊
မင်းအယ်ဒီတာအလုပ်ကမှ တိုက်ပိုင်ရှင်ရဲ့ ကျွန်ဖြစ်နေသေးတာမို့ မင်းပြောသလောက် လွတ်လပ်မယ်မဟုတ်ပါဘူး”
မမြမှီပြောသမျှကို ကျွန်တော်ချေဖျက်ရန် ခဲယဉ်းသည်။
“မမ ပြောတာ ဟုတ်တော့ဟုတ်တာပဲ၊ ဒါပေမဲ့”
“ဒါပေမဲ့ ဘာဖြစ်သလဲ”

"ကုန်ကူးသန်းရောင်းဝယ်ရေးဆိုတာ အရင်းအနှီးလိုတယ်၊ ကျွန်တော်က အရင်းအနှီး
တစ်ပြားမှမတတ်နိုင်ဘူး"
"မမပြောမယ်၊ အရင်းအနှီးဆိုတာ မောင်တင်ထွန်းလို ရိုးသားသူ၊ ဉာဏ်ထက်မြက်
သူတစ်ယောက်အဖို့
ဘာမှခက်ခဲစရာမရှိဘူး။ မင်းကသာ ကုန်သည်လုပ်ဖို့ စိတ်ပါမယ်၊ ဝါသနာမွေးမြူမယ်၊
ကြိုးစားမယ်ဆိုရင်
ဖြစ်နိုင်တာပဲ။ တို့ဗမာထဲမှာ ကုန်သည်ကြီးတွေ ဘယ်လောက်နည်းသလဲ။ ဒီမကိုလမ်းပဲ
လျှောက်ကြည့်။
ဖရေဇာ(အနော်ရထာ)လမ်း၊ ဒါလဟိုဇီ(မဟာဗန္ဓုလ)လမ်း၊ တရုတ်တန်း၊ ကုန်သည်လမ်း
လျှောက်ကြည့်၊
ကုလားတရုတ် အင်္ဂလိပ် ကုန်သည်ကြီးတွေသာ ကြီးစိုးနေတာ။ ကြီးစိုးမှာပေါ့၊ မင်းတို့လို
ခေတ်ပညာတတ်ကလေးတွေက ကုန်သည်လုပ်ရမှာ စိတ်မှမပါဘဲ။ ရှက်နေကြတယ်
ထင်ပါရဲ့။ ဗမာထဲက
ဆာဦးသွင်လို ကုန်သည်ကြီးတွေ ဘယ်လောက်ရှားသလဲ၊ မရှိသလောက်ဘဲ မဟုတ်လား။
ဆာဦးသွင်တို့ကတော့
ခေတ်ပညာတတ်ထဲက ထူးထူးခြားခြား ကုန်သည်လောကထဲ ဝင်လာလို့ ကြီးပွားတာ။
ဆာဦးသွင်ဟာ
ကုန်သည်မလုပ်ခင်က ပညာအုပ်လုပ်နေသတဲ့ကွဲ့။ ပညာအုပ်ဆက်လုပ်နေရင် ခုနေ
ပညာဝန်လောက်သာ
ဖြစ်မယ်မဟုတ်လား။ မမတို့မိတ်ဆွေ ဘာဘူကုလားတွေရှိ တယ်။ သားတွေက ဘီအေ၊
အမ်အေတွေ
အောင်ကြတာပဲ၊ ဒါပေမဲ့ ဈေးရောင်းပဲခိုင်းတာပဲ။ ခေတ်ပညာတတ်သူက ဈေးရောင်းတော့
နိုင်ငံခြားနဲ့
ရင်ပေါင်တန်းလိုက်နိုင်တာပေါ့။ မမတို့မှာခေတ်ပညာမတတ်ဘဲ လုပ်နေရတော့
နိုင်ငံခြားသားတွေနဲ့ နင်လား
ငါလား မပြိုင်နိုင်ဘူး။ မပေါက်ရောက်ဘူး။ သူတို့နဲ့ပဲ ပေါင်းပြီး မှေးလုပ်နေရတယ်။ ဒီတော့
တကယ့်စေတနာနဲ့
မင်းကိုမမက အကြံပေးချင်တယ်၊ ကုန်သည်လုပ်ဖို့ စဉ်းစားစမ်းပါ"
"မမပြောတာတွေက အမှန်ချည့်ပဲ၊ သို့ပေမယ့်"
"လာပြန်ပြီ သို့ပေမယ့်တွေ"
"သို့ပေမယ့် ကျွန်တော်က ရုတ်တရက် ဟုတ်ကဲ့လို့ မဖြေချင်ဘူး၊ စဉ်းစားပါရစေဦး"
"တကယ် လေးလေးနက်နက် စဉ်းစားနော်၊ မမကို အားနာလို့ စဉ်းစားပါ့မယ်ဆိုပြီး
ရှောင်သွားတာ မဖြစ်စေနဲ့"
ကျွန်တော်က ပြုံးရုံသာ ပြုံးလိုက်တော့သည်။ ကျောင်းသားအဖြစ်နှင့် အရေးတော်ပုံတွင်း
ရောက်ခဲ့ရသည်။

အရေးတော်ပုံတွင်းမှာ သခင်တို့နှင့် နီးစပ်ခဲ့ရသည်။ သခင်တစ်ပိုင်းဖြစ်ခဲ့ရသည်။
ဆင်းရဲသားပစ္စည်းမဲ့
သဘောတရားများ ကြားနာရသည်။ ဓနရှင်လောကကို မုန်းတီးခဲ့ရသည်။ ထို့ကြောင့်
ကုန်သည် ဓနရှင်လောကသို့
ဝင်ရန်မစဉ်းစားမိခဲ့။ မစဉ်းစားရသေးသော ကိစ္စကို ချက်ချင်းစဉ်း စားပြီး
"အင်း"မလိုက်လိုချေ။ ခုချက်ချင်းမူ
မမြမှိုပြောသမျှမှာ ချေဖျက်ရန် ခက်သဖြင့် "အင်း"လိုက်ရန်သာ ရှိပေလိမ့်မည်။
ကျွန်တော်ကငေးနေသည်၊ မမြမှိုက တွေးနေသည်၊ အပြင်မှာတော့ မိုးစဲသွားပြီး နေကျဲကျဲ
ပူလာလေပြီ။
ကျွန်တော်ကပြန်ရန်စိတ်ကူးလိုက်စဉ် "ရင်လေးစရာတွေမေ့ထားကြပါစို့"ဟု ပြောခဲ့သော
မမြမှိုက မေ့ရဟန်မတူ။
"မင်းတို့က ဗဟုသုတ ရှိသူတွေဆိုတော့ ခုဥရောပမှာ ဖြစ်နေတဲ့ စစ်ကြီးဟာ
ဒီအရှေ့ဘက်ကို
ကူးလာဖို့မြင်သလား"
"ကမ္ဘာ့ရေးရာတွေဟာ ဆက်နေတယ်ဗျ၊ ငြိမ်းချမ်းရေးဟာ ဆက်နေသလို
စစ်ဖြစ်ရေးဟာလည်းဆက်နေတာပဲ၊
သို့ပေမယ့် ရှတ်တရက်ချက်ချင်း ကူးချင်မှ ကူးမယ်ပေါ့လေ"
"အေးကွယ် မကူးပါစေနဲ့လို့ဆုတောင်းရမှာပဲ"
"ခု အနောက်ဘက်မှာ ဂျာမနီကတစ်ဖက်၊ အင်္ဂလိပ်ပြင်သစ်ကတစ်ဖက် စစ်ဖြစ်နေကြတယ်။
ဂျာမနီနဲ့ ဂျပန်က
အပြန်အလှန်ကူညီရေး စစ်မဟာမိတ်ဖွဲ့ထား တယ်။ ဘာလင်တိုကျို ဝင်ရိုးတန်းလို့
ခေါ်တယ်။
အင်္ဂလိပ်နဲ့ပြင်သစ်က ကျွန်တော်တို့အာရှမှာ နယ်မြေတွေပိုင်ထားတယ်၊ စီးပွားရေး
စားကျက်တွေရှိတယ်၊
ဂျပန်နဲ့တရုတ်က စစ်ဖြစ်နေတာ နှစ်နှစ်ကျော်ပြီ၊ အမေရိကန်က အခုစစ်ထဲ မဝင်သေးပေမယ့်
အင်္ဂလိပ်ပြင်သစ်
မဟာမိတ်အဖွဲ့ထဲ ဝင်လာမှာပဲ။ အဲဒီလို ဆက်နေလို့ စစ်မီးကူးစက်မယ်လို့ ပြောတာပဲ။
သို့ပေမယ့် စစ်ဆိုတာ
ကမ္ဘာ့နိုင်ငံရေး မှာ ဈေးဆစ်တာ မသင့်မြတ်တော့တဲ့ နောက်ဆုံးမှချကြတာ ခုတော့
အရှေ့ဘက်က ဂျပန်နဲ့
အနောက်ဘက်က အမေရိကန်တို့ဟာ နိုင်ငံရေး ဈေးဆစ်နေကြတုန်း၊ စစ်ဖြစ်လာရင်
ကိုယ့်ဘက်က နိုင်အောင်
အားစုကြတုန်း။ အခွင့်ကောင်းစောင့်ကြ တုန်း။ ဒါကြောင့် ရှတ်တရက်
ဒီဘက်ပျံ့နှံ့မလာသေးတာပဲ"
"မမဖြင့် စစ်မဖြစ်ဘဲနဲ့ ဈေးဆစ်တာ တည့်သွားစေချင်တာပါပဲကွယ်"

ထိုသို့ပြောနေကြစဉ် တစ်ခါတုန်းက မမြမှီထံမှာပင် တွေ့ဖူးသော ဘာဘူကုလားသည် အပြင်မှာပျစ်ခနဲကွမ်းတွေထွေးပစ်ခဲ့ပြီး ဝင်လာနေလေသည်။ မမြမှီက ဘာဘူကုလားအား ကျွန်တော့်ဘေးရှိ
ကုလားထိုင်မှာ ထိုင်စေလေသည်။ ဘာဘူ၏ ဆွာဒေရှီ ဖျင်အင်္ကျီနှင့် ပိတ်ဒိုတီတို့မှာ ဖြူဆွတ်နေ၏။ ခုနင်က
မိုးသည် သူ့အားတစ်ပေါက်တလေမျှ စဉ်ဟန်မရှိချေ။
ဘာဘူသည် မမြမှီကိုသာမက ကျွန်တော့်ကိုလည်း ရင်ဘတ်ပေါ်မှာ လက်ယှက်၍ နမတ်စ်တေးလုပ်ကာ
နှုတ်ဆက်လေသည်။ ဖောင်းကြွသော ကိုယ်ခန္ဓာကြီးကို သူ့ခြေက သယ်ရာမှာ နှေးသလောက် နမတ်စ်တေးလုပ်ရာမှာ သူ့လက်က သွက်သူဖြစ်သည်။ ဘာဘူသည် ထိုင်မိသောအခါ မမြမှီနှင့် ကျွန်တော့်အား
တစ်လှည့်စီအကဲခတ်၍ ကြည့်နေလေသည်။ မမြမှီကား အနောက်တိုင်းမဆန်။ ကျွန်တော်နှင့်ဘာဘူအား
မိတ်ဆက်မပေး။ ကျွန်တော့်မှာ ကြောင်တောင်တောင်ဖြစ်နေစဉ် ဘာဘူကပင် စ၍ မမြမှီအား–
“ချွတ်တားဆပ်က အမာနဲ့ဘာတော်သလဲ”
“ကျွန်မရဲ့မောင် တော်တယ်လေ၊ ဘီအေအောင်ပြီးသား”
“ကောင်းတယ် ကောင်းတယ်၊ အားကြီးကောင်းတယ်”
“ခုတော့ သတင်းစာတိုက်မှာ အယ်ဒီတာ ဝင်လုပ်နေတယ်”
ဘာဘူသည် ထိုစကားကိုကြားရသောအခါ လန့်ဖျပ်သွားဟန်ရှိသည်။ ဖောင်းကြွသော ကိုယ်ခန္ဓာကို ကိုင်းညွှတ်၍
အရိုအသေပြုခြင်းငှာ မစွမ်းသဖြင့် မျက်နှာမှ အစွမ်းကုန်ရှိသေသော လက္ခဏာကို ပြလေသည်။
“အယ်ဒီတာ ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်၊ အားကြီးကောင်းတယ်။ ကျုပ်တို့ ဘုံဘေက
အယ်ဒီတာတွေဟာ အင်္ဂလေကျီးဆာဟစ် အကြီးဆုံးကိုတောင် ဂရုမစိုက်ဘူး”
ကျွန်တော်သည် ဘာဘူ၏ အထင်ကြီးမှုကို ပြုံးရွှင်စွာ ခံယူနေသော်လည်း စိတ်ထဲမှာကား မသက်မသာ
ဖြစ်နေသည်။ ကိုယ်ကလည်း ဂနာမငြိမ်ဖြစ်လာသည်။ အယ်ဒီတာနာမည်ခံရသော်လည်း ဘာသာပြန်သာလုပ်နေရကြောင်း၊ လခမှာ ၆၅ကျပ်သာရကြောင်း သိသွားလျှင် ဘယ်လိုဖြစ်သွားမည်နည်း။
ကျွန်တော်သည် ထိုင်ရာမှထရင်း–
“သွားဦးမယ် မမ၊ သွားဦးမယ် ဘာဘူကြီး၊ ကျွန်တော့်တိုက်ကို အချိန်မှီ ပြန်ရဦးမယ်”
ဘာဘူကြီးသည် ကျွန်တော်နှင့်ကြာရှည်စကားမပြောလိုက်ရသဖြင့် ဝမ်းနည်းသွားဟန် တူသည်။
“နောက် အမာ့ဆီလာရင် ကျွန်တော့်ဆိုင်လည်းဝင်ပါနော်၊ ဟိုနားတင်ပါ အမာသိပါတယ်”

"ဟုတ်ကဲ့၊ ဝင်ပါ့မယ်"
မမြမှီက ကျွန်တော်နှင့်ရောထရင်း–
"အေး သွားချင်ရင်လည်း သွားရော့လေ၊ ဒီတစ်ခါမေ့သွားတယ်၊ ဘာမှ မကျွေးလိုက်ရဘူး"
"အိုကိစ္စမရှိပါဘူး"
မမြမှီသည် ကျွန်တော့်နောက်က လိုက်လာသည်။
"ဩော် မောင်တင်ထွန်းရေ သီတင်းကျွတ်လောက်မှာ မမ ရှမ်းပြည်သွားလည်မလို့၊ မင်းလည်း
လိုက်လည်ပါလားကွာ၊ မမ သူငယ်ချင်းသိန်းသိန်း လည်းပါမယ်လေ"
"ပြည်လမ်းက သိန်းသိန်းလား"
"ဟုတ်တယ်။ တောင်ကြီး၊ ကလော၊ အင်းလေး၊ လျှောက်လည်မယ် လိုက်ခဲ့မလား"
ကျွန်တော်မရောက်ဖူးသော အရပ်များဖြစ်ပြီး အလွန်ရောက်ချင်သော မြို့လှ ရှုမြင်ကွင်းအလှများဖြစ်သည်။
"စရိတ်လည်း ပူစရာမလိုဘူး၊ တည်းခိုဖို့လည်း ပူစရာမလိုဘူး၊ လိုက်မယ်မဟုတ်လား"
လိုက်မယ်ဟုပင် ကတိပေးချင်သည်။ သို့သော် စဉ်းစားစရာတွေ ရှိသေးသည်။
"ကျွန်တော်စဉ်းစားပါဦးမယ် မမရယ်၊ အောက်တိုဘာဆိုတော့ တစ်လလောက် အချိန်ရှိသေးတာပဲ"
"အေး စဉ်းစားလေ။ မင်း စဉ်းစားစရာ နှစ်ခုရှိတယ်နော် မှတ်ထား၊ ကုန်သည်လုပ်ဖို့ရယ် ရှမ်းပြည်အလည်လိုက်ဖို့ရယ်၊ ကဲ ကဲ သွားတော့"
မမြမှီသည် သူ့စားပွဲသို့ပြန်သွားလေသည်။ ကျွန်တော်လည်း သူတို့ကုမ္ပဏီမှ ထွက်ခွာလာခဲ့၏။
သတင်းစာတိုက်သို့ ရောက်သောအခါ ရေးစရာရှိသည်တို့ကို ရေးပေး၊ ဘာသာပြန်စရာရှိသည်များကို
ဘာသာပြန်ပေးပြီးနောက် နေထိုင်ရာ အိမ်သို့ ပြန်လာခဲ့လေသည်။
အချိန်မှာ ၁၂နာရီကျော်လေပြီ။ ရိုက်တာကြေးနန်းသတင်းများမှာ လာနေတုန်းပင် ဖြစ်သော်လည်း
ဖောင်ကျပ်နေပြီဖြစ်၍ နေရာမရနိုင်တော့ပြီ။ 'စက်ရပ်သတင်း' အတွက်ပင် ဘာသာပြန်ပေးခဲ့ပြီး ဖြစ်လေ၏။
သတင်းစာတိုက်ပေါ်မှဆင်းခဲ့ပြီးနောက် ကောင်းကင်သို့မော့ကြည့်လိုက်သည်။ မိုးသားတိမ်တိုက်များ
ကင်းစင်လျက်ရှိ၏။ ကြယ်တာရာများပင် လက်နေကြသည်။ လဆုတ်လခြမ်းသည် အရှေ့ဘက်မှ ထွက်လာပြီး
လိမ္မော်ရောင်ဖြင့် ခပ်မှုန်မှုန် ခြယ်နေသည်ကို တိုက်ကြားများမှမြင်ရ၏။ လေကား ငြိမ်ချက်သားကောင်းလှသည်။
ခရီးအသွားအလာများ ရပ်စဲကုန်ကြပြီ။ ဓာတ်ရထား၊ ဘတ်စ်ကား၊ ထရော်လီ၊ မြင်းရထား စသည်များလည်း

ရုပ်သိမ်းပြီးကြလေပြီ။ လမ်းထောင့်တွင် လန်ချား ၃စီး၊ ဆိုက်ရပ်နေ၏။ မီးကလေးတွေကား တလက်လက်၊
ခြေတင်ခုံပေါ်တွင် လန်ချားကုလားများက အိပ်စက်လျက်။
အစတော့ လန်ချားကုလားနှိုးပြီး လန်ချားစီးသွားဖို့ စိတ်ကူးသေးသည်။ နောက်တော့ အညောင်းလည်းဖြေချင်၊
ဝမ်းဟာသည်ကိုလည်း ဖြည့်ချင်သဖြင့် လမ်းလျှောက်သွားပြီး သတင်းစာတိုက်မှ ခရီးစရိတ်ထုတ်ထားသော
ငွေ၂ကျပ်မှ ကျန်သော ၄ပဲဖြင့် အသားသွတ်ပလာတာ ဝယ်စားရန် ဆုံးဖြတ်လိုက်လေသည်။ ဖရေဇာလမ်းအတိုင်း မဂိုလမ်းဘက်သို့လျှောက်လာခဲ့၏။ လူစည်ကားလှသော ညဈေးတန်းကား ခြောက်နေ၏။
တစ်ဆိုင်မကျန် ပိတ်ထားသည်။ ဈေးဝယ်ဟူ၍လည်း တစ်ယောက်တစ်လေမျှ မလျှောက်။ ကြိုက်တာရွေးယူ
ခြောက်ပြားဆိုသော ခြောက်ပြားဆိုင်မှ ခေါ်သံလည်း လုံးဝစဲလေပြီ။ အချို့ဆိုင်ကြီးများရှေ့ ခတ်ထားသော
သော့ခလောက်ကြီးများဘေးတွင် ပျင်းရိစွာ စောင့်နေသော ဒရဝမ်များမှတစ်ပါး အားလုံးသော လှုပ်ရှားမှုများရပ်နေပြီဟု ထင်ရပေ၏။ အချို့ဆိုင်များရှေ့တွင် ထင်းရှူးသေတ္တာများကို ထပ်ပုံထားသည့်
သေတ္တာပုံပေါ်တွင်အိပ်နေသူများမှာ ထင်းတုံးပမာ ငြိမ်နေကြ၏။ လမ်းလယ်ကောင် ပုလိပ်လမ်းပြတိုင်
ကျောက်ထီးရိပ်အောက်တွင် မည်းမည်း မည်းမည်းနှင့် လှုပ်ရှားနေသော သဏ္ဌာန်များကို မြင်ရသဖြင့် ရှေ့တိုး၍
သေချာစွာ ကြည့်လိုက်သည်။ စုတ်ပြတ်ညစ်ပတ်နေသော အရူးမနှင့်တူသော မိန်းမတစ်ယောက်အားလုံချည်ဝတ်
ကုလားတစ်ယောက်သည် ယုယုကြင်နာစွာ မုန့်ကျွေးနေသည်ကို တွေ့ရ၏။ ကျွန်တော်ကား ပြုံး၍သာ
ရှေ့ဆက်လျှောက်ခဲ့၏။ နောက်သို့လှည့်မကြည့်။ နေ့ခင်းမှာ အသွားအလာရှုပ်လှသဖြင့် ပုလိပ်က
လမ်းရှင်းပေးရသော ဤနေရာကား ညခင်းမှာ ဆိတ်ငြိမ်ကွယ်ရာ ထူးဆန်းသော စေတနာ သဒ္ဒါတရားပြသရာဖြစ်၍
နေချေသည်တကား။
အစားအသောက်ဆိုင်များလည်း ပိတ်သွားလေပြီ။ အနံ့အသက်များနှင့် စာကြွင်း စားကျန်များသာ ကျန်တော့၏။
ပန်းကန်၊ အိုးခွက်ဆေးကြောထားသော ရေများလည်း ချောင်းစီးနေကြ၏။ ခွေးဝဲစားတို့၏ စားကျက်ကောင်းပေတည်း။

ဆိုင်ကြီးအချို့မှာ ဆိုင်းဘုတ်မီးများကို ငြိမ်းထားကြ၏။ အချို့မှာကား ဆိုင်းဘုတ်မီး မငြိမ်း။ မည်သူတွေ
သူတို့ဆိုင်းဘုတ်ကို ဖတ်စေလိုလို့ ထားသည်မသိ။
မဂိုလမ်းတွင်ကား ပလာတာဆိုင် ၃ဆိုင်ရှိသေးသည်။ တစ်မြို့လုံး အိပ်ချင်အိပ်ကြ၊ မဂိုလမ်းနှင့်
တရုတ်တန်းဆိုင်အချို့ကား မအိပ်ကြ။
ဆိုင်တစ်ဆိုင်တွင်ထိုင်ပြီး ပလာတာ မှာစားနေစဉ် ဆလွန်းကားကြီးတစ်စီး ထိုးဆိုက်လာသည်။
ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး ပရိုက်ဗိတ်တက္ကစီ ဖြစ်ကောင်းဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။ ကားပေါ်မှ
ယောကျာ်း၄ယောက် မိန်းမ၂ယောက် ဆင်းလာပြီး စားပွဲနှစ်လုံး အဆက်ခိုင်း၍ ထိုင်ကြသည်။
ယောကျာ်းနှစ်ယောက်မှာ ကော်လာတပ် ရှပ်လက်တိုကိုဝတ်ပြီး ပန့်ရှူးစီးထားကြသည်။ အသက်အားဖြင့် ၂၅နှင့်
၃၀ကြားတွင် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။ ကျန်နှစ်ယောက်မှာ ၄၀တစ်ဝိုက်မှာ ရှိလိမ့်မည်။ နှစ်ယောက်စလုံး
အပေါ်အင်္ကျီ ဝတ်ထားကြသည်။ သူတို့၏ အပေါ်အင်္ကျီအိတ်ထောင့်များသည် တွဲကျနေကြ၏။ တစ်ယောက်ကဝပြီး
ခေါင်းတုံးဆံတောက်နှင့်ဖြစ်သည်။ ကျန်တစ်ယောက်မှာ သျှောင်ထုံးကြီးနှင့်ဖြစ်၏။
မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်မှာ အသက်အစိတ်ခန့်ရှိပြီး ဖြူဖြူ ရှည်ရှည်ဖြစ်သည်။
အသားခပ်ပြည့်ပြည့်ရှိသေးသော်လည်း စိုပြည်လန်းဆတ်သည့် အသွင်ကား လုံးဝမရှိတော့ပေ။ နောက်တွဲဆံထုံးတွင်
စံပယ်ကုံးရစ်ထားသည်။ မျက်နှာကို ခြယ်သပုံမှာ ရိုးလှ၏။ နောက်တစ်ယောက်မှာမူ ၁၆နှစ်မျှသာ ရှိပေဦးမည်။
အသားခပ်ညိုညိုနှင့် ကိုယ်ခန္ဓာမှာ တစ်တစ်ရစ်ရစ်ရှိ၏။ ဆံတောက်တဝဲဝဲနှင့် ဖြစ်သဖြင့် ပျိုမျစ်သော အသွင်ပို၍
ထင်ရှားနေပေ၏။ မျက်နှာခြယ်လိမ်းပုံ အစစအရာရာ အဆင်ပြေအလောတော်ပင် ဖြစ်သော်လည်း လက်များကား
ကြမ်းတမ်းလှသည်။ လက်သည်းဆိုးဖို့ထားဦး၊ သနပ်ခါးမှ မှန်မှန်လိမ်းဟန် မတူချေ။
သူတို့အားလုံးအတွက် ခေါင်းတုံးဗိုလ်ကေနှင့် အသက် ၄၀ကျော်လူကြီးက စားသောက်စရာ မှာနေသည်။
ဆိတ်ရိုးဟင်းချို၊ ကြက်ဥ မကျတ်တကျတ်ကြော်၊ ကြက်သားကဘတ်။
သျှောင်ထုံးနှင့် လူကြီးက ဝင်စွက်သည်။
“ကျုပ်ဖို့တော့ နို့အုံသား ကပတ်ပေးပါ”
ထိုအခါ မိန်းမရော ယောကျာ်းပါ ဝိုင်းရယ်ကြ၏။

ကျွန်တော်သည် ကျွန်တော့်ပလာတာကို ဖြောင့်အောင် မစားနိုင်။ သူတို့အား အမျိုးမျိုး အကဲခတ်နေ၏။
သန်းခေါင်ကျော်အချိန်၊ ပရိုက်ဗိတ်တက္ကစီ၊ ယောကျာ်း၄ယောက်၊ မိန်းမနှစ်ယောက်၊ အော်ဒါလိုက်သော
မိန်းကလေးများကို ထုတ်လာသူတွေ မဟုတ်ပါလော၊ သို့သော် မိန်းကလေး ၂ယောက်၏ အဝတ်အဆင်နှင့်
လိမ်းခြယ်ပုံများမှာ ရိုးနေသဖြင့် ယတိပြတ်ကား မဆုံးဖြတ်ရဲ့။
သို့သော် သူတို့အား ခက်ခက်ခဲခဲ ထပ်မံ အကဲခတ်မနေရပါ။ သူတို့သည် ကျွန်တော့်အား ရှိသည်ဟုပင်
အမှတ်ထားဟန်မတူ။ ဆိုင်ရှင်ကုလားတို့ကိုလည်း ဂရုမစိုက်၊ ထင်ရာတွေ လျှောက်ပြောနေကြသည်။
လူငယ်တစ်ယောက်က သျှောင်ကြီးဖွေအား–
“ဦးလေးကြီးနော်၊ အခုနို့အုံသားစားရင် တော်တော်ကြာ နို့အုံသား မစားရဘူး၊ ဟဲ ဟဲ ဟုတ်တယ်မဟုတ်လား
အညွန့်”
သူက အကြီးမအား ကြည့်ပြောလိုက်သည်။ အညွန့်ဆိုသူက မျက်စောင်းထိုးလိုက်ပြီး–
“အစ်ကိုကဖြင့်ပြောရော့မယ်”
အားလုံးက ဝါးခနဲရယ်ကြသည်။
ကုလားက ဆိတ်ရိုးဟန်းချိုကို ပန်းကန်စောက်ကြီးများနှင့် ထည့်ပြီး လာချသော အခါ ခေါင်းတုံးဗိုလ်ကေနှင့်လူကြီးက တစ်ပန်းကန်ကို ဆံတောက်မကလေးရှေ့ ချပေးပြီး–
“ဟဲ့ အတင်၊ ကုန်အောင်သောက်နိုင်ပါ့မလား”
ကောင်မလေးကဘာမျှမပြော၊ ငုံ့၍သာနေသည်။
လူငယ်တစ်ယောက်က သူ့ဘာသာသူ သီချင်းညည်းသလိုလိုနှင့်–
“ပုစွန်ဆိတ်ကလေးဘယ်လိုငယ် ပင်လယ်ကူးတော့ သန်သေးတယ်”
အားလုံးဝါးခနဲရယ်ကြပြန်၏။ ကောင်မကလေးက ရှင်ကြွသောအသံဖြင့် ထပ်ဆိုပြန်သည်။
“ဟုတ်တယ် ဟုတ်တယ် ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်၊ ပင်လယ်ကူးတော့ သန်သေးတယ်”
တစ်ယောက်က–
“ကျွန်တော်တို့ ဘယ်သွားကြမှာလဲ”
ခေါင်းတုံးဗိုလ်ကေ ဆရာကြီး–
“အဲဗားဝင်း သွားမယ်၊ အဲဒီမှာ လူများနေရင် လိတ်က်လင်းပေါ့”
၄င်းနောက် ကုလားသည် ကြက်ဥကြော်များကို လာချသောအခါ–
“ပိုလန်မှာ ဂျာမနီက ဗုံးတွေကြဲနေပြီဆိုပါကလား”
“ဂျာမနီက ဗုံးကြဲနေတာတွေ ဘေးချိတ်ထားလိုက်စမ်းပါ၊ ကိုယ်တို့အမြောက်ပစ်နိုင်အောင် ကြက်ဥကြော်တွေ
စားလိုက်ကြဦးစို့ရဲ့”

အားလုံ တဟားဟား ရယ်လိုက်ကြလေသည်။
ကျွန်တော်သည် ငွေတစ်မတ်ကို ကတိုက်ကရိုက် ပေးချေပြီး ထွက်လာခဲ့၏။ သူတို့၏ ဟားတိုက်သံသည်
ကျွန်တော့်နောက်မှ လိုက်နေလေသည်။ ကုန်အရောင်းအဝယ်သံများ ရပ်စဲသောအချိန်တွင် လူအရောင်းအဝယ်သံများကား မရပ်စဲသေးပါတကား။ ပိုလန်တွင် ဖုံးသံအမြောက်သံတွေ ဆူညံနေစဉ်တွင်
ကျွန်တော်တို့ဆီမှာ အပျော်ပါးလိုက်စားသံတွေ ဆူညံနေသည်တကား။
လမ်းလယ်ကောင် ပုလိပ်လက်ပြတိုင် ကျောက်ထီးရိပ်တွင် အရှုးမနှင့် ကုလား ဒါနရှင်တို့ကို မတွေ့ရတော့ပေ။
၄၅လမ်းသို့ လန်ချားဖြင့် ပြန်လာလို၏။ သို့သော် အိတ်ကပ်လက်ကျန်မှာ ပလာတာဆိုင်တွင် ကုန်ခဲ့လေပြီ။
ပန်းဆိုးတန်းသို့ ရောက်သောအခါ လန်ချားပေါ်မှာ ကိုးရိုးကားရား စီးလိုက်သွားသော အမူးသမားနှစ်ယောက်ကို
မြင်လိုက်ရလေသည်။
၎င်းနောက် ဆိတ်ငြိမ်ခြင်းကြားထဲသို့သာ တိုးဝင်ခဲ့ရလေသည်။ ကျွန်တော့် ဖိနပ်သံမှတစ်ပါးဘာသံမျှမကြားရ။
အတွင်းဝန်ကြီးများ ရုံးဘေးမှ လျှောက်သွားရသောအခါ ၁၃၀၀ပြည့်နှစ် အရေးတော်ပုံကားချပ်သည်
ကျွန်တော့်မျက်စိထဲမှာ ပေါ်လာသည်။ ယခုတိတ်ဆိတ် ငြိမ်သက်ခြင်းကို ကျော်လွှားပြီး ဟိုတုန်းက
ဆူပူလှုပ်ရှားခြင်းသို့ ပြန်ရောက်သွားလေ သည်။ ကျောင်းသားထုကြီးနှင့် အလံများ၊ ကြွေးကြော်သံများ၊ မြင်းစီး
ဂေါ်ရာများ နံပါတ်တုတ်ကိုင် ပုလိပ်များ၊ ဗိုလ်အောင်ကျော်၊ သူငယ်ချင်းဖြစ်သူ ဗိုလ်အောင်ကျော်သာ
နတ်စိမ်းဖြစ်ခဲ့ပါမူ ငါ့အား ကိုယ်ထင်ပြပေလတ္တံ့။
ကြာရှည်စွာ အတွေးနယ်မကျယ်နိုင်ပါ။ နောက်မှ ကားတစ်စီးလာသံကို ကြားရလေသည်။ ထိုကားမှထိုကားအစစ်၊
ခုနင်က ပလာတာဆိုင်မှာ တွေ့ခဲ့သော ပရိုက်ဗိတ် တက္ကစီကားပင်ဖြစ်သည်။
လူစုံတစ်ပြုံကြီးပါသွားလေသည်။
ဟားတိုက်သံလည်း လိုက်ပါသွားသည်။
သူတို့သည် အဲဗားဝင်း သို့မဟုတ် လိတ်က်လင်းဟိုတယ်တို့သို့ မောင်းနှင်နေကြခြင်းဖြစ်ပေလိမ့်မည်။
ကျွန်တော့်မှာ ထိုဟိုတယ်များ ဘယ်မှာရှိသည်ဟု မသိ။ ရန်ကုန်မှာ အိပ်ခန်းငှားနိုင်သော ဟိုတယ်များရှိသည်

ဟုသာကြားဖူးသည်။ တစ်ခေါက်မျှ မရောက်ဖူးပါ။ အမှန်မှာ ကျွန်တော်
အသက်အစိတ်နီးသောထိုအရွယ်သို့
ရောက်ခဲ့ပြီဖြစ်သော်လည်း တစ်ခါမျှ မိန်းမပျက်နှင့် အပျော်အပါးလိုက်စားခြင်းကို
ကြောက်၍ရှောင်နေခြင်းဖြစ်သည်။ ကာလသားရောဂါ၏ အန္တရာယ်ကို အတော်ပင်သိထား၏။
ဤတွင် ကျွန်တော်တို့
ကျောင်းသားများအားမိန်းမပျက်နှင့် အပျော်အပါးလိုက်စားခြင်းမှ ရှောင်ရှားရန်
သွန်သင်ပေးလေ့ရှိသော ကိုကြီးနကို
ကျေးဇူးတင်ရပေမည်။ ကောင်းမွန်သော မိန်းမပျိုများနှင့် အလွန်အကျူးဖြစ်မိလျှင်
ထိုမိန်းမပျိုကို
လက်ထပ်ယူရမည်ဟူသေ အစွဲတည်း။ ငယ်စဉ် ကိုရင်ကြီးဦးဘသန်း၏
အယူအဆများဝင်စဉ်က ဤအစွဲမျိုး မရှိ၊
သောမတ်စ်ဟာဒီ၊ တော်လ်စတွိုင်စသော ကမ္ဘာ့စာရေးဆရာကြီးတို့၏ စာကြီးပေကြီးများ
ဖတ်ပြီးမှ ဖြစ်လာသော
အစွဲဖြစ်လေသည်။
၄၅လမ်းနေအိမ်သို့ ရောက်သောအခါ တံခါးမခေါက်ရဘဲ တံခါးဖွင့်ပေးသဖြင့်
အံ့ဩသွားရလေသည်။
ဗေဒကဝိန် ဆရာဦးတက်ရှိန်သည် ခုအချိန်ထိ မအိပ်သေး။ ကန်တော့ပွဲ ၃ပွဲ ချထားပြီး
ဖယောင်းတိုင်နှင့်
အမွှေးတိုင်များ ထွန်းထားသည်။ ဆရာရှိန်၏ ပါးစပ်မှ တတွတ်တွတ် ရွတ်ဖတ်နေသည်။
ကျွန်တော့်အား တံခါးဖွင့်
ပေးသောအခါမှာပင် ပါးစပ်မှ ရွတ်ဖတ်ခြင်း မပြတ်ခဲ့ချေ။
"ဆရာ ခုထိ မအိပ်သေးဘဲကိုး"
"အိပ်လို့မဖြစ်ဘူး၊ ဒီနေ့ည အပြီးကန်တော့ပွဲပေးရမယ်၊ ရွတ်ဖတ်ရမယ်၊ ပုတီးစိပ်ရမယ်၊
ဓာတ်ရိုက်ရမယ်"
"ဘာအတွက်လဲ ဆရာ"
"အတွင်းဝန်ကလေးတစ်ယောက်အတွက်ပါ"
ကျွန်တော်နှင့် ဗေဒကဝိန်ဆရာဦးတက်ရှိန်တို့ အတူနေသည်မှာ အတော်ပင် ကြာသွားပါပြီ။
သူ့အား
သတင်းစာဗေဒင်ကဏ္ဍစာရေးဆရာအဖြစ်ဖြင့်သာ သိရသည်။ တစ်ခုခုအရေးကြီးသော
ဆရာသမားအလုပ်များ
လုပ်နေသည်ဟုလည်း ခန့်မှန်းမိခဲ့သည်။ သို့သော် ယနေ့ညမှပင် သူ၏လျှို့ဝှက်သော
လုပ်ငန်းအခန်းတွင်းသို့သော့ပေါက်မှ ချောင်းမြောင်းကြည့်ရတော့သည်။
နောက်ရက်များတွင်ကား တဖြည်းဖြည်း
ဆရာရှိန်က သူလျှို့ဝှက်သော အခန်းကိုဖွင့်လှစ်ပြသသည်ဆိုသော်လည်း
သူကြည့်စေချင်သမျှကိုသာ

ကြည့်ရလေသည်။ ဆရာရှိန်သည် ရတနာသုံးပါးကို ဦးထိပ်ထား၍ ခာတ်ရိုက်ပေးသူဖြစ်သည်။ တင်ပျဉ်ခွေ
မျက်လွှာချ ပုတီးစိပ်ပြီး နတ်ဒေဝါတို့ကို သူ့ရှေ့မှာခေါ်၍ မေးမြန်းနိုင်သူဖြစ်လေသည်။ သူသည် ထိုအလုပ်များကို
နေအိမ်မှာ လုပ်လေ့မရှိ။ သူ့အားဖိတ်ခေါ်ကြသော မြင်းဘွတ်ကီဒိုင်၊ ကုန်ဈေးကစားသူ၊ ရှုံပွဲသွင်းသူ၊
အတွင်းဝန်ကလေး၊ အတွင်းဝန်ကြီး၊ ဝန်ကြီး၊ ပါတီခေါင်းဆောင်စသော သူများ အိမ်သို့ လိုက်၍ ထိုကိစ္စများကို
စီစဉ်ဆောင်ရွက်ပေးရလေသည်။ ထို့ကြောင့်လည်း သူ့အားဘုန်းကြီးပင့်သလို ကားကြီးကားငယ်ဖြင့်
ပင့်ခေါ်သွားသည်ကို တွေ့မြင်ရခြင်း ဖြစ်လေသည်။
"အတွင်းဝန်ကလေးက ဘာဖြစ်လို့လဲ ဆရာရဲ့"
"အတွင်းဝန်ကလေးက ဝန်ကြီးဦးစောရဲ့လူ၊ နန်းရင်းဝန်ဦးပုနဲ့ မတည့်ဘူး။ ဒါကြောင့် ရာထူးတက်စရာရှိရက်နဲ့
မတက်ဘူး"
"သူတို့ အမျိုးသား ညွန့်ပေါင်းအစိုးရ ဝန်ကြီးအချင်းချင်း မတည့်ကြဘူးလား၊ အံ့စရာပဲ ဆရာ"
"တခြားလည်းမပြောနဲ့၊ ကျုပ်ကတော့ အားလုံးနဲ့ တည့်တယ်၊ သူတို့အချင်းချင်းတော့ မတည့်ကြဘူး။ ဦးပု၊
ဦးစော၊ ဦးဘဖေ၊ ဆာထွန်းအောင်ကျော် ဘယ်သူ့ဘယ်သူမှ မတည့်ကြဘူး။ သူ့လူစုနဲ့သူ စောင်နေကြ၊
တိုက်နေကြတာပဲ။ ကဲ ကဲ ကိုတင်ထွန်းရာ ဒါတွေထားလိုက်ပါဦး၊ ဥရောပစစ်ပွဲကြီးမှာ ဘယ်သူနိုင်မယ် ထင်သလဲ"
ကျွန်တော်က နိုင်ငံရေးအစွဲဖြင့် ရုတ်တရက်–
"ရုရှားနိုင်မှာပဲ"
"အို ရုရှားက စစ်တိုက်နေတာမှ မဟုတ်ဘဲ၊ ခု ချနေကြတာက ဂျာမနီကတစ်ဖက်၊ အင်္ဂလိပ်ပြင်သစ်ကတစ်ဖက်
တိုက်နေကြတာပဲ"
"ရုရှားက စစ်ဝင်မတိုက်ရလို့ နိုင်မှာပြောတာ ဆရာရဲ့။ ဂျာမနီတစ်ဖက်၊ အင်္ဂလိပ် ပြင်သစ်တစ်ဖက်
ကြက်နှစ်ကောင်ခွပ်ကြရာမှာ မောကြတော့ ကြက်နှစ်ကောင်စလုံး ဖမ်းရုံပေါ့၊ ကျွန်တော့်အမြင်ကတော့
ဂျာမနီနာဇီလည်း မကောင်းဘူး၊ အင်္ဂလိပ်ပြင်သစ်နယ်ချဲ့ တွေလည်း မကောင်းဘူး၊ ဘယ်သူမှ မနိုင်စေချင်ဘူး"

"ဒီမှာ ကိုတင်ထွန်း ကျုပ်အမြင်ပြောမယ်၊ ဗေဒင်တွက်ကြည့်တယ်၊ ဒိဗ္ဗစက္ခုနဲ့ လည်း ကြည့်ကြည့်တယ်၊
နတ်တွေလည်း ခေါ်မေးထားတယ်။ ဂျာမနီနိုင်မှာပဲ။ အင်္ဂလိပ်ခြသေ့်ကြီး
အစွယ်ကျိုးသွားတာမြင်ရတယ်။
နာဇီဟစ်တလာ နှုတ်ခမ်းမွေးထောင်နေတာမြင်ရတယ်"
ကျွန်တော်သည် ဗေဒကဝိန်၏ ဗေဒင်ကို မဝေဖန်လို၊ ဒိဗ္ဗစက္ခုကို သဲနှင့်မပက်လို၊
သူ့နတ်တွေကိုလည်း
မထိခိုက်လို။ ထို့ကြောင့်–
"စောင့်ကြည့်ရဦးမှာပေါ့ ဆရာ၊ ဆရာ့စကားကလည်း တယ်သေချာတာပဲ"
"စောင့်ကြည့်လေ၊ ရေးမှတ်ချင်လည်း မှတ်ထား"
ကျွန်တော်သည် အိပ်ရာခင်းနေလေသည်။ ခေါင်းရင်းမှာ မီးထွန်းပြီး စာဖတ်ရန်
လည်းပြင်ဆင်နေပေသည်။
ဗေဒကဝိန်ကား ကန်တော့ပွဲများရှေ့တွင် တတွတ်တွတ်နှင့် ရွတ်ဖတ်နေလေသတည်း။ ။
၅၀
အစည်းအရုံးဌာနချုပ်တွင်
မခင်သစ်ကား စကားပီ နားလည်ခါစ ကလေးငယ် အမေးထူသလို အမေးထူလေသည်။
ကျွန်တော့်အား
အင်္ဂလိပ်စာအကြောင်း၊ ဂဏန်းသင်္ချာ၊ ရာဇဝင်စသော ကျောင်းဘာသာရပ်များအကြောင်း၊
စာပေအကြောင်းများသာမက နိုင်ငံရေးအကြောင်းများကိုလည်း မေးလေ့ရှိပေသည်။
တစ်နေ့သ၌ သီးစားခဥပဒေအရ မြေပိုင်ရှင်များက ဟိုက်ကုတ်လွှတ်တော်တွင်
အယူခံဝင်နေသော
အမှုများအကြောင်းကို မခင်သစ်က မေးလေရာ ကျွန်တော်က လိပ်ပတ်လည်အောင်
မဖြေတတ်ချေ။ ကျွန်တော်သည်
တရားမှုတသော သီးစားခဥပဒေအကြောင်းကို မကျွမ်းကျင်ပါ။ အမှန်အားဖြင့်
တောင်သူလယ်သမား
ပြဿနာများကို ထိထိရောက်ရောက် နားမလည်ပါ။ တောင်သူလယ်သမားတွေ
ဆင်းရဲနေသည်၊ ကြွေးတင်နေသည်၊
မြေမဲ့ယာမဲ့ဖြစ်နေကြသည်။ ဆူပူနေကြသည်၊ စည်းရုံးနေကြသည်။ ဤမျှသာ
အကြမ်းဖျင်းအားဖြင့် သိသည်။
ကောလိပ်ကျောင်းကထွက်ပြီး ကိုယ့်အသက်မွေးဝမ်းကျောင်းမှုလည်းဖြစ်၊ တို့ဗမာအစည်းအရုံး
နိုင်ငံရေးလုပ်ငန်းများကို လုပ်နိုင်အောင် လွတ်လပ်သော အလုပ်လည်းဖြစ်သည်ဟု ယူဆကာ
သတင်းစာတွင်
ဝင်လုပ်ခဲ့၏။ တကယ်လက်တွေ့ကျတော့ နိုင်ငံရေးတွင် ဇောက်ချလုပ်ကိုင်နိုင်အောင်
အခွင့်မသာပါ။
အချိန်မရပါ။

ထို့ကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီးနှင့် လည်းကောင်း၊ တောင်သူလယ်သမားလူထုနှင့်လည်းကောင်း နီးစပ်ခွင့်မရပါ။ သူတို့ပြဿနာကို လေ့လာခွင့်မရပါ။
၁၃၀၀ပြည့်အရေးတော်ပုံအတွင်းက တောင်သူလယ်သမားတို့၏ အုံကြွမှုသည် ရွှေတိဂုံခြေရင်းထိ
ဆိုက်ရောက်ခဲ့၏။ ကျွန်တော်တို့သည်လည်း တောင်သူလယ်သမား အုံကြွမှုများကြားတွင် တောင်သူလယ်သမား
နလုံးသည်းပွတ်နှင့်တွေ့ထိခဲ့ရ၏။ ပြီးသည့်နောက်တွင်ကား တောင်သူလယ်သမားနှင့် ကျွန်တော်တို့မှာ
ကင်းကွာခဲ့ရလေသည်။ သူတို့ကြားထဲဝင်၍သူတို့နှင့်အတူ တိုက်ပွဲဝင်ဖို့ မဆိုထားဘိ။ သူတို့အရေး
သူတို့ပြဿနာများကိုပင် လိုက်လံသော စိတ်ဝင်စားမှုဖြင့်မလေ့လာမိ။ သတင်းစာဖတ်သလို အပေါ်ယံရုပ်တိုက်၍သာစိတ်ဝင်စားမိလေတော့သည်။
မခင်သစ် မေးလိုက်ပြီး မဖြေနိုင်တော့မှ ကျွန်တော့်ချွတ်ယွင်းချက်ကို သတိရလေတော့သည်။ ဒီတော့မှ
တို့ဗမာအစည်းအရုံး တောင်သူလယ်သမား စည်းရုံးရေးဌာနသို့ သွား၍ စုံးစမ်းရလေသည်။ သို့ကလို
စုံစမ်းလေ့လာပြီးမှ မခင်သစ်အား တစ်ဆင့်ပြန်ပြောပြရလေသည်။
တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့၏ တောင်သူလယ်သမား စည်းရုံးရေးဌာနမှူးမှာ
သခင်သန်းထွန်းဖြစ်လေသည်။
ကျွန်တော်သည် သခင်သန်းထွန်းအား မသိဖူးသေးပါ။ သူ့အား မြင်တော့ မြင်ဖူးပါ၏။ မြင်ဖူးရုံမက
သူ့အားသေချာစွာလည်း မှတ်မိပါ၏။ မမှတ်မိဘဲ မနေနိုင်ချေ။ သူကား ထင်ရှားသော သခင်ခေါင်းဆောင်တစ်ဦး
ဖြစ်သဖြင့် တစ်ခါမြင်လိုက်လျှင် ကောင်းစွာမှတ်မိရန် ကြိုးစားမည်မှာ ဓမ္မတာပင်ဖြစ်သည်။ ၎င်းပြင် သူ့ရုပ်သွင်မှာ
မမေ့နိုင်အောင် မပြေပြစ်ဖြစ်သော ရုပ်ဖြစ်သည်။ အပေါ်ကြီး၍ အောက်ရှူးသော ကိုယ်ခန္ဓာရှိသည်။
ခါးအောက်ကအပိုင်းသည် ခါးအထက်ကအပိုင်းထက် တိုနေသည်။ ခြေမှာ ခပ်ခွင်ခွင်ဖြစ်နေသည်ကို
လမ်းလျှောက်လျှင် တွေ့နိုင်သည်။ မျက်နှာပြားချပ်ချပ်တွင် မေးတို၍ နှာရောင်ကောက်နေသည်။
မျက်ခုံးနှစ်ခုကြားမှာ မျက်ခုံးရိုးသည် ငေါတက်နေ၏။ ဆံပင်မှာ လိုင်းထနေပြီး ခြောက်သွေ့၏ မျက်လုံးမှာ

ဆင်မျက်လုံးတည်း။
သခင်သန်းထွန်းသည် ဆေးပြင်းလိပ်ခဲပြီး စာတွေ ကုန်းရေးနေ၏။
ကျွန်တော်သည် သခင်သန်းထွန်းထံသို့ တိုက်ရိုက်မသွား။ ကိုဘဟိန်းထံသို့ ပထမသွားရသည်။ ကိုဘဟိန်းမှာ
ထိုစဉ်က တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင် အလုပ်သမား စည်းရုံးရေးမှူး သခင်ကျော်စိန်နှင့်တွဲဖက်၍ အလုပ်သမားစည်းရုံးရေးများကို ကိုင်လျက်ရှိသည်။ ကိုဘဟိန်းက သူ့စားပွဲနား
ကပ်သွားပြီး သူ့ဘေးမှာရပ်လျက် ခပ်တိုးတိုး ပြောပြနေသည်။ ကျွန်တော်က တွေ့ချင်ကြောင်းနှင့်
ကျွန်တော့်အကြောင်း ဖြစ်ပါလိမ့်မည်။
သခင်သန်းထွန်းသည် သူရေးနေသော စာရွက်ကို ငုံ့ကြည့်နေရင်း ကိုဘဟိန်းပြောသမျှ နားထောင်နေသည်။
ခပ်လှမ်းလှမ်းရပ်နေသော ကျွန်တော့်အား တစ်ချက်သာ ဒက်ခနဲ လှမ်းကြည့်လိုက်၏။ ပြီးနောက် ကိုဘဟိန်းအား–
"ကုလားထိုင် ပေးလိုက်ပါလေ"
ကိုဘဟိန်းက သခင်သန်းထွန်းစားပွဲရှေ့မှာ ကုလားထိုင်ချပေးပြီး ကျွန်တော့်အား ထိုင်စေလေသည်။ ကျွန်တော့်အား
ပြုံးကြည့်လျက် ချော့မော့သော လေသံဖြင့်–
"ခဏထိုင်စောင့်ဦး ရဲဘော်တင်ထွန်း၊ သခင်သန်းထွန်းက ရဲဘော်လိုချင်တာတွေ အားလုံး ပြောပြလိမ့်မယ်၊
ကိုယ်တော့ တည
င်(သန်လျင်) ဘက်သွားရဦးမယ်၊ ကိုသန်းထွန်း ကျွန်တော်သွားမယ်"
စာဆက်ရေးနေသော သခင်သန်းထွန်းက–
"သွားလေ"
ကိုဘဟိန်း ထွက်သွား၏။ သခင်သန်းထွန်းသည် စာကိုသာ အတွင်ဆက်ရေးနေ၏။ ကျွန်တော်သည်
သခင်သန်းထွန်း၏ ပါးစပ်ပြဲသလား၊ အလောတော်ပဲလားဟု စိတ်ထဲမှ တိုင်းတာကြည့်နေသည်။
သူသည်ဆေးပြင်းလိပ်ကို သွားကြားမှာ ကိုက်ခဲထားပြီး နှုတ်ခမ်းများကို ရှုံ့လိုက်ဆန့်လိုက် လုပ်သည့်အခါ
လုပ်သည်။ ဆေးပြင်းလိပ်ကို ထုတ်ယူပြီး ပါးစပ်ကိုတင်းတင်းစေ့လျက် အတွင်းမှ အံကြိတ်သည့်အခါ ကြိတ်သည်။
နဂိုပါးစပ်ကား မကျဉ်းမကျယ်ပင်ဖြစ်၏။ ပါးစပိကု တင်းတင်းစေ့ထားသဖြင့်သာ ရှည်လျားသည်ဟု ထင်ရသည်။
သူသည် ရေးလိုသမျှရေးပြီးနောက် ထသွားပြီး တိုက်ပ်ရိုက်နေသော သခင်တင်ဦးအား ပေးခဲ့သည်။

ကုလားထိုင်တွင် ပြန်ထိုင်မိသောအခါမှ သူက ကျွန်တော့်အား စေ့စေ့စပ်စပ် ကြည့်လေတော့သည်။ ကျွန်တော်က
သူ့အား ပြုံးပြလိုက်၏။ သူကား မပြုံး၊ သို့သော် ချိုအေးသက်သာသော အသံဖြင့်–
“ရဲဘော်တို့ သတင်းစာဟာ ဂငျွန်မောင်စောက သခင်တွေကို ဝါးရင်းတုတ်နဲ့ ရိုက်တာ လက်ခုပ်တီးပေးတဲ့သတင်းစာပဲ”
“သတင်းစာပေါ်လစီနဲ့ ကျွန်တော်နဲ့ဘာမျှ မဆိုင်ပါဘူး ခင်ဗျာ”
ကျွန်တော့်မှာ ထိုသို့သော သတင်းစာမျိုးတွင် အလုပ်ဝင်လုပ်မိသည့်အတွက် နောင်တရမိသည်။ အပြစ်ကိုခံစားမိပြီး
ကျောချမ်းသွားသည်။
“တစ်နေ့က သခင်တွေဟာ ဘာသာကိုစော်ကားသူတွေဆိုပြီး ရေးတာ ဘယ်သူလဲ သိလား”
“အဲဒါ ကျွန်တော်မသိဘူးခင်ဗျ၊ အယ်ဒီတာချုပ်က တိုက်ရိုက် စာစီခန်းကို ပို့လိုက်တာပဲ”
သူသည် ဆေးပြင်းလိပ်ကို ခပ်ပြင်းပြင်း ရှူလိုက်ပြီးနောက် အခိုးတွေ အထက်မော့ထုတ်လိုက်သည်။
မီးခိုးတွေလိပ်တက်သွားသည်ကို ကြည့်ရင်း တစ်စုံတစ်ရာကို စဉ်းစားနေလေသည်။
အတန်ကြာမှ–
“ရဲဘော်က သီးစားခဥပဒေအကြောင်းရယ်၊ တောင်သူလယ်သမားပြဿနာတွေ အကြောင်းရယ်ကိုသိချင်တယ်ဆို”
“ဟုတ်ကဲ့၊ လေ့လာချင်ပါတယ်”
“ဘာလုပ်ဖို့လဲ”
“သခင်တစ်ယောက်ဆိုတော့ သိဖို့လိုတယ်ထင်တယ်၊ ပြီးတော့ ကာရန်သင့်ရင် သခင်သန်းထွန်းတို့ရဲ့
တောင်သူလယ်သမား အစည်းအရုံးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်ဖို့ စိတ်ကူးထားပါတယ်”
သခင်သန်းထွန်း၏ တင်းမာသောမျက်နှာသည် အတော်ပျော့ပျောင်းသွားသည် ဟုထင်၏။
“သီးစားခ ဥပဒေအကြောင်းမပြောခင် တောင်သူလယ်သမား စည်းရုံးရေး ရာဇဝင်နောက်ခံကားကို
ပြောပြဖို့လိုတယ်၊ ဇန်နဝါရီလထဲတုန်းက ရွှေတိဂုံအလယ် ပစ္စယံမှာ ကျင်းပတဲ့
ပြည်လုံးကျွတ်တောင်သူလယ်သမားညီလာခံကြီးကိုမှတ်မိတယ် မဟုတ်လား”
“ဟုတ်ကဲ့၊ မှတ်မိပါတယ်”
“တိုက်နယ်မြို့ပေါင်း ၁၄၄–နယ်က ကိုယ်စားလှယ် ၄၀၀–ကျော် တက်ကြတယ်။ ပဲခူး၊ သာယာဝတီ၊ ဟံသာဝတီ၊
သထုံ၊ အင်းစိန်တို့က တောင်သူလယ် သမားတပ်ကြီးတွေလည်း တက်ကြတယ်၊ သဘာပတိအဖြစ်ဖြင့်သခင်မြလုပ်တယ်လေ”
“ဟုတ်ကဲ့၊ဒါတွေမှတ်မိပါတယ်”
“ဘာတွေ ဆုံးဖြတ်တယ်ဆိုတာတော့ ရဲဘော်တို့ ကျောင်းသားတွေ မှတ်မိမယ် မဟုတ်ဘူး”
“မမှတ်မိဘူးခင်ဗျ”

"အင်း–ကျောင်းသားကလည်း ကျောင်းသားကိစ္စနဲ့ ဗျာများနေကြတာကိုး၊
ရွှေတိဂုံကုန်းတော်ပေါ်မှာ ဆုံမိကြပေမယ့်
'မူးဖ်မင့်'ချင်းက မဆက်မိဘဲကိုး။ အဆိုအမှတ်–၁က လယ်သီးစား ဥပဒေကြမ်းနဲ့ လယ်မြေ
ပြောင်းလွှဲရေးဥပဒေကြမ်း ကိုလွှတ်တော်က အတည်မပြုနိုင်အောင် ဟိုပြောင်းသည်ရွှေ့လုပ်တဲ့
ခနရှင်လယ်ပိုင်
ရှင်တွေ့ရဲ့ ကိုယ်စားလှယ်ညွန့်ပေါင်းအစိုးရကို ရှုတ်ချပြစ်တင်တဲ့ အဆိုပဲ။ ခုတော့
ဒီဥပဒေနှစ်ရပ်ဟာ
လွှတ်တော်နှစ်ရပ်က ဆုံးဖြတ်ပြီးဘုရင်ခံက အတည်ပြုပြီ"
"ဒါဖြင့် ခုညွန့်ပေါင်းအစိုးရသစ်က ညွန့်ပေါင်းအဟောင်းထက် တော်တယ်လို့ ဆိုမလား"
"အင်း–ဆိုမယ်ဆိုရင် ဆိုနိုင်တာပေါ့။ သို့ပေမယ့် သည်လိုလည်း မဆိုနိုင်ဘူး၊ အဆိုအမှတ်–
၂က
အစိုးရကဆုံးဖြတ်အတည်ပြုခဲ့တဲ့ တင်းတောင်းစံချိန် ကန့်သတ်ရေးဥပဒေကို
လယ်သမားကိစ္စအရပ်ရပ်မှာ
အသုံးပြုဖို့တောင်းတယ်။ အဆိုအမှတ်–၃ကတော့ လယ်သမားကြွေးမြီးစေ့စပ်ရေးဥပဒေကို
တစ်ပြည်လုံးမှာ
အသုံးပြုဖို့နဲ့ ဒီဥပဒေကို လူအများနားလည်နိုင်ဖို့ ဗမာဘာသာနဲ့ ပြန်ဆိုဝေငှရန်
တောင်းဆိုထားတယ်။
အဆိုအမှတ်–၄ကတော့ အနှစ်၅၀လောက် ခေတ်နောက်ပြန်ဆွဲနေတဲ့ ကျေးရွာဥပဒေ
ပုဒ်မတွေကို ရုပ်သိမ်းပေးဖို့
တောင်းဆိုတယ်"
"ကျေးရွာဥပဒေအရ ဘယ်လိုဟာတွေ လုပ်ထားလို့လဲဗျ"
"ဥပမာ တောင်သူလယ်သမားတွေဟာ လယ်ကွင်း ယာကွင်းတွေထဲမှာ တဲအိမ်ဆောက်လုပ်ပြီး
မနေရဘူးလို့
ပိတ်ပင်ထားတ်ယ။ အဲဒီလို မနေရတော့ လယ်ယာအလုပ်အကိုင် ပျက်တာပေါ့၊ ပြီးတော့
တောင်သူလယ်သမားတွေကို သက်သက်ချုပ်ချယ်ရာ ရောက်တာပေါ့။ အဆိုအမှတ်–၅ကတော
့လက်ထောက်ခ
ကြွေးဟောင်းများနဲ့ အခြားလယ်စရိတ် ကြွေးဟောင်းအရပ်ရပ်ကို လုံးဝလျှော်ပစ်ဖို့၊ ဘယ်လို
တရားမမှုမျိုးနဲ့မှ
လယ်လုပ်ချိန်မှာ လူကိုဖမ်းဆီးချုပ်နှောင်ထားခြင်း၊ ထောင်ချခြင်း မပြုဖို့ တောင်းဆိုတယ်။
အမှတ်–၆ကတော့
လယ်ယာမလုပ်ကိုင်သူ ခနရှင်များလက်တွင်းရောက်နေတဲ့ မြေများကို လုပ်ကိုင်ဖြစ်အောင်
ပြုပြင်ပေးလို့ ဖြစ်ဖြစ်
လယ်ယာလုပ်ကိုင်စားသူများလက်သို့ ခွဲဝေပေးဖို့ တိုက်တွန်းထားတယ်။ အဆိုအမှတ်–
၇ကတော့

လယ်ယာကရရှိတဲ့ အခွန်တော်အားလုံးကို လယ်သမားတွေ အတွက် တိုက်ရိုက်
အကျိုးရှိစေမယ့် ဌာနတွေ၊
လုပ်ငန်းတွေမှာသာ သုံးဖို့ လယ်ကန်သင်းအတွင်းမှာရှိတဲ့ ငါးများကို လယ်သမားများ
လွတ်လပ်စွာ
ဖမ်းစားနိုင်အောင် အင်းဥပဒေကို ပြင်ပေးဖို့ဖြစ်တယ်။ အမှတ်၉ကတော့ လွန်ခဲ့တဲ့ အနှစ်
၂၀ခန့်က
ဆန်ဈေးနှုန်းကန့်သတ်ပြီး ရောင်းချလို့ အစိုးရမှာ ငွေ ၁ကုဋေ အမြတ်ရတယ်။ အဲဒီငွေကို
အစိုးရက
လယ်သမားတွေအကျိုးအတွက်မသုံးဘဲ အလွဲသုံးစား ပြုထားတယ်။ အဲဒီငွေ ၁၅ကုဋေကို
အစိုးရက အတိုးနဲ့တကွ
ပြန်ဆပ်ပြီး လယ်သမားတွေ တိုက်ရိုက်အကျိုးရှိမယ့် လုပ်ငန်းများမှာ
သုံးဖို့တောင်းဆိုထားတယ်”
“ဒီငွေကိုသာ ပြန်ရရင် လယ်သမားတွေအတွက် အများကြီး လုပ်နိုင်မှာပဲနော်”
“ဒါပေါ့၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ စိုက်ပျိုးရေးသိပ္ပံဌာနတွေ၊ ဘဏ်တွေ
ဖွင့်ပေးနိုင်မှာပေါ့။ အမှတ်–
၁၀ကတော့ ကမ္ဘာပေါ်ရှိ ဓနရှင်ကြီးများ ခလောက်ဆန် ခြယ်လှယ်မှုကြောင့် အသီးအနှံ
ဈေးနှုန်းများ ကျဆင်းခြင်းမှ
ကာကွယ်ရန် တောင်သူလယ်သမား ကိုယ်စားလှယ်တွေ ပါဝင်တဲ့ အဖွဲ့ကြီးတစ်ခု အစိုးရက
ဖွဲ့ထားဖို့၊
ငွေတိုးကြီးစား ဓနရှင်ကြီးများ ရာဇဝတ်အပြစ်ဒဏ်ပေးနိုင်အောင် ဥပဒေပြုလုပ်ပေးဖို့၊
လယ်ပိုင်ရှင်
ဓနရှင်ကြီးများက လယ်သမားများရဲ့ လယ်ကို မဝယ်အောင် တားမြစ်တဲ့ ဥပဒေလုပ်ပေးဖို့၊
ဥပဒေ၊ ရုံး၊ ဂါတ်၊
အချုပ်၊ ထောင် စသည်တို့ကို ဓနရှင်တွေငွေကုန်ကျေးကြခံပြီး သူတို့လက်နက်သဖွယ်
အသုံးပြုနေတဲ့
ဘေးအန္တရာယ်မှ တောင်သူလယ်သမားတွေကိုကာကွယ်ပေးဖို့ဖြစ်တယ်။ အမှတ်–၁၁ကတော့
အရှယ်ရောက်သူ
ယောကျာ်း၊ မိန်းမတိုင်း မဲဆန္ဒပေးနိုင်ခွင့် တောင်းဆိုတယ်။ အမှတ်–၁၂က
တောင်သူလယ်သမားတွေဟာ
တိုင်းပြည်လွတ်လပ်ရေး မရမချင်း ချမ်းသာတိုးတက်နိုင်မှာ မဟုတ်တဲ့အတွက်
တိုင်းပြည်လွတ်လပ်ရေးအတွက်
ဆောင်ရွက်ကြဖို့နဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးကြီးကို
ဗဟိုတို့ဗမာအစည်းအရုံးကြီးက ကြီးမှူးပြီး တည်ထောင်ရန် ဆုံးဖြတ်တာဖြစ်တယ်”
“အဆိုတွေက အဖက်ဖက်က သိပ်ပြည့်စုံတာပဲဗျာ”

သခင်သန်းထွန်းသည် ဆေးပြင်းလိပ်ကောက်ကိုင်ပြန်သည်။ မီးညှိပြီးနောက် တရှိုက်ရှူလျက် စဉ်းစားနေသည်။
"ဟုတ်တယ် စုံတယ်။ နောက်အဆိုနှစ်ခု သုံးခု ရှိသေးတယ်။ ခင်ဗျားတို့ ဗိုလ်အောင်ကျော်ကို ချီးကျူးတဲ့အဆိုတောင် ပါသေးတယ်။ ဒီအဆိုတွေကို ကြည့်လိုက်ရင်
လယ်သမားပြဿနာတွေကို
အကြမ်းဖျင်းအားဖြင့် နားလည်နိုင်တယ်၊ ကဲသီးစားခ ဥပဒေအကြောင်း ဆက်ပြောပြဦးမယ်"
ကျွန်တော်သည် သခင်သန်းထွန်း၏ အချက်အလက်ပိုင်နိုင်ပုံကို သဘောကျ
ကြည်ညိုနေလေသည်။
"အချိန်ရှိသေးရင် ပြောပြပါဦးဗျာ၊ ကျွန်တော်ကတော့ နားထောင်ဖို့ အဆင်သင့်ပါပဲ"
"တရားမျှတသော သီးစားခ ငွေမ မနညအ သတ်မှတ်ဖို့ဟာ အင်မတန် အရေးကြီးတယ်။
တောင်သူလယ်သမားတွေ
အခုပေးနေရတဲ့ သီးစားခက အင်မတန်ကြီးလေးတယ်။ တရားမျှတသောသီးစားခကို ဘယ်လို
သတ်မှတ်မလဲ
ဆိုတော့ လက်ယာကထွက်တဲ့ ကောက်ပဲသီးနှံထဲကနေပြီး တောင်သူလယ်သမား
ကုန်ကျတဲ့စရိတ်ကို
နုတ်ပြီးမှမြတ်တာထဲက ခွဲပြီး တရားမျှတသော သီးစားခအဖြစ်နဲ့ မြေပိုင်ရှင်ကြီးကိုပေးရမယ်။
လယ်သမားရဲ့
ကုန်ကျစရိတ်မှာ မျိုးစပါး၊ ဝမ်းစာ၊ နွားခ၊ ကောက်စိုက်ခ၊ ကောက်ရိတ်ခ၊ ထွန်တံ၊
ထယ်တံခ စသည်များပါတယ်။
ဝမ်းစာကလည်း လယ်သမား တစ်အိမ်ထောင်စာစားဖို့ လုံလောက်ရမည်။ ဥပမာ
တစ်တုံးထွန်မှာ စပါး
၃၅၀ထွက်တယ် ဆိုပါတော့၊ ခုနင်က စရိတ်တွေက စပါးတင်း ၃၀၀ကျတယ်ဆိုပါတော့၊
အမြတ်တင်း ၅၀ပေါ်တယ်၊
အဲဒီအမြတ်ကိုသီးစားခသမားနဲ့ မြေရှင်ခွဲယူရမယ်၊ ဒီနည်းနဲ့ တွက်မှ တရားမျှတယ်။
ခုတလောမှာ
ကိုယ်တို့တောင်သူလယ်သမား အစည်းအရုံးတွေက တရားမျှတသော သီးစားခနဲ့ တွက်ပြီး
သီးစားခပေးဖို့
လှုံ့ဆော်ကြတယ်။ တောင်သူလယ်သမားတွေကလည်း ကိုယ်တို့တွက်နည်းအတိုင်း
တွက်ပြီးပေးကြတယ်။
ဥပဒေနဲ့လည်း ကိုက်နေတာပဲ၊ သို့ပေမယ့် မြေပိုင်ရှင်တွေက လယ်သမားတွေတွက်တဲ့
တရားမျှတသော
သီးစားခဟာ နည်းလွန်းပါတယ်၊ လက်မခံနိုင်ဘူးဆိုပြီး ဟိုက်ကုတ်ရောက်အောင်
အယူခံဝင်နေကြတယ်"
"ဟိုက်ကုတ်မှာ အယူခံဝင်နေတဲ့ သီးစားခနဲ့ မြေရှင်အမှုတွေကို အခုမှ ရှင်းရှင်းလင်းလင်း
နားလည်ပေတော့တယ်ဗျာ"

"လယ်သီးစားဥပဒေကြမ်းဟာ တောင်သူလယ်သမားဆင်းရဲသားတွေရဲ့ ကိုယ်ခန္ဓာမှာ အနှစ်နှစ် အလလကစွဲကပ်နေတဲ့ ငတ်ပြတ်ချို့တဲ့မှု အနာရောဂါကြီးကို အမြစ်ပါမကျန်အောင် တွန်းလှန်စွမ်းနိုင်တာ
မဟုတ်ဘူး။ သာမန် အပေါ်ယံလိမ်းဆေး၊ ဖြူးဆေးပဲ ဖြစ်တယ်။ သို့ပေမယ့် စည်းရုံးရေး လက်တွေ့လုပ်ငန်းတွေမှာ
ဒီဥပဒေကို အသုံးချသွားရတယ်"
ထို့နောက် သခင်သန်းထွန်းက သခင်မြ လက်မှတ်ထိုးထားသော တောင်သူလယ်သမား အစည်းအရုံးညွှန်ကြားလွှာများကို လေ့လာဖို့ ထုတ်ပေးလေသည်။ တစ်ခုတွင် အဖက်ဖက်က စည်းရုံးရေးမှာ
မပြည့်စုံသေးဘဲ လူခွန်တော်မပေးရေး တိုက်ပွဲများ မလုပ်ဖို့ ညွှန်ကြားထားသည်။ အခြားတစ်ခုမှာ သီးစားခဥပဒေ
အငြင်းအခုံများနှင့် ပတ်သက်ပြီး သီးစားခသမားများက မြေယာလုပ်ငန်းကို သပိတ်မှောက်ထိုက် မမှောက်ထိုက်ကို
ရှင်းပြထားသည်။
ကျွန်တော်ကပြန်ရန် ထလိုက်သည်။
"ကျွန်တော်သွားပါဦးမယ်"
သခင်သန်းထွန်းသည် ဆေးပြင်းလိပ်ကို မီးညှိရင်း–
"ညွှန်ကြားလွှာတွေ ရဲဘော်တို့ သတင်းစာမှာ ပါနိုင်ရင် သိပ်ကောင်းမှာပဲ"
"ကျွန်တော့်အယ်ဒီတာကို ထည့်ပေးဖို့ အထူးပြောပါ့မယ်"
"ဒါတွေဟာ အစိုးရကို ဆန့်ကျင်တာမှမဟုတ်ဘဲ၊ အစိုးရဥပဒေအတိုင်းဖြစ် အောင် လုပ်နေတာတွေပဲ။ ရဲဘော်တို့
သတင်းစာက မထည့်နိုင်စရာအကြောင်း မရှိပါဘူး"
"ကျွန်တော်လည်း အဲဒီလိုထင်တာပဲ၊ ကျွန်တော်ပြန်ပါဦးမယ်"
"ဟို ခုနင်ကပြောတဲ့သခင်တွေ ဘာသာကို ဖျက်ဆီးနေပါတယ်ဆိုတဲ့ ဆောင်းပါး၊ ဘယ်သူရေးတယ်ဆိုတာ
သိအောင်စုံစမ်းပေးစမ်းပါ"
"ကျွန်တော်ကြိုးစားပါ့မယ်"
သခင်သန်းထွန်းသည် သူ့ရှေ့မှာရှိသော အင်္ဂလိပ်သတင်းစာတစ်စောင်ကို ငုံ့ဖတ်ရင်း–
"ကောင်းပြီလေ သွားတော့"
ကျွန်တော်သည် သခင်သန်းထွန်း၏ အလုပ်လုပ်ပုံ၊ အသေးစိတ်ကျွမ်းကျင်ပုံ စသည်တို့ကို စိတ်ထဲက ချီးကျူးရင်း
ထွက်လာခဲ့လေသည်။ လှေကားမှ ဆင်းနေစဉ်တွင် သခင်သန်းထွန်းက တစ်ယောက်ဓာက်အား ခပ်ကျယ်ကျယ်
လှမ်းပြောလိုက်သံကို ကြားရ၏။

"တော်တော်ကောင်းတဲ့စကားပဲ၊ ဘုံဘေမှာ အလုပ်သမားခေါင်းဆောင် တစ်ဦးကပြောတယ်၊ အင်္ဂလိပ်ခြသေ့ကြီးဟာ
တွင်းထဲကျသွားပြီ၊ ပြန်မတက်နိုင်အောင် လုပ်ကြစို့ရဲ့တဲ့"
ကျွန်တော်လည်း ထိုစကားကို သဘောကျလှပေ၏။
သခင်သန်းထွန်းထံမှ ကြားနာမှတ်ယူခဲ့သော တောင်သူလယ်သမား ပြဿနာများနှင့် သီးစားခဥပဒေအကြောင်းကို
မခင်သစ်အား တစ်ဆင့်ကျွန်တော်က ပြောပြရ၏။ ပြောပြသောအချိန်မှာ တစ်ခုသော တနင်္ဂနွေနေ့၏
နံနက်ခင်းငါးနာရီ ခွဲလောက်ဖြစ်၏။ ကံကောင်းထောက်မသဖြင့် မိုးစဲနေ၏။ ကောင်းကင်ပြင်မှာ ကြည်လင်၍ပင်
နေလိုက်သေး၏။ လာမည့်တနင်္ဂနွေနေ့ မနက်မှာ မိုးမရွာလျှင် လမ်းလျှောက်သွား၍ ဆူးလေဘုရားဖူးကြမည်ဟု
မခင်သစ်၏မိခင်ဒေါ်ညွန့်က ပြောထားခဲ့လေသည်။ မခင်သစ်နှင့် ကျွန်တော်ကရှေ့မှ စကားတပြောပြောနှင့်
လျှောက်ကြသည်။ ဒေါ်ညွန့်နှင့် မခင်သစ်၏ အဒေါ်မရွှေသစ်တို့က ကျွန်တော်တို့နောက် မလှမ်းမကမ်းမှ
အရိပ်တကြည့်ကြည့်ဖြင့် လျှောက်လိုက်ခဲ့ကြ လေသည်။
ကရိခ်(ဗိုလ်မြတ်ထွန်း) လမ်းကြီးမှာ ရှင်းနေသည်။ ကျွန်တော်တို့မှတစ်ပါး သွားလာလှုပ်ရှားမှုမရှိ။
လင်းရောင်ခြည်ပြေးနေပြီဖြစ်သော်လည်း လမ်းမီးများ မငြိမ်းသေး။ လေညင်းကလေးက ကျွန်တော်တို့
မျက်နှာဆီသို့တိုးဝှေ့တိုက်ခတ်နေ သည်။ ကျွန်တော်တို့ ဆူးလေဘုရားသို့ သွားမည်ဖြစ်သော်လည်း
ဒါလ်ဟိုဇီလမ်း (မဟာဗန္ဓုလလမ်း)မှ မချိုးကြသေး။ လမ်းလျှောက်၍ ကောင်းသည်နှင့် ကရိခ်လမ်းအတိုင်း
ဆက်လျှောက်လာကြသည်။ ညာဘက်ဘေးမှ မြောင်းပြတ်များတွင် ရေပြည့်လျှံလျက်ရှိပြီး မှန်သားကဲ့သို့
ပတ်ဝန်းကျင် အရောင်ဟပ်နေလေသည်။ နီရောင်ယှက်သန်းသော ကောင်းကင်ပြာ၊ စိမ်းညိုသော သစ်ပင်၊
ဝင်းလက်သော လမ်းမီး။
မခင်သစ်မှာ အတော်ကြည်နူးနေဟန်ရှိသည်။
"ဆရာ သိပ်သာယာတာပဲနော်၊ လေကောင်းလေသန့်လည်းရတယ်" ပြောရင်ဆိုးရင်း လေကောင်းလေသန့်များကို
ပြင်းပြင်းရှုရှိုက်နေလေသည်။
"ဒီမြောင်းပြတ်ကလေးတွေဟာ သည်လောက် တစ်ခါမှ မလှဘူးလို့ သစ်သစ်ထင်တယ်"

သူ့စိတ်ထဲမှာ ကဗျာတစ်ပုဒ် စပ်ကောင်းစပ်နေပေမည်။ ကျွန်တော်ကတော့ ရန်ကုန်မြို့တည်စ ရာဇဝင်ကို
သတိရနေသည်။
"ဟောသည် မြောင်းပြတ်တွေက ရှေးက တစ်ဆက်တည်းဖြစ်ဟန်တူတယ်၊ ရေကျော်ဘက်မှာ ကျော်လွှမ်းလေ့ရှိတဲ့
ရေတွေကို မြောင်းတူးပြီး လွှဲထုတ်ခဲ့တာနဲ့ တူတယ်၊ အဲဒီမြောင်းကို အကြောင်းပြုပြီးတော့ ဒီလမ်းကိုကို
ကရိခ်လမ်းလို့ ခေါ်တယ် ထင်တယ်"
"ဟုတ်မှာပါပဲ ဆရာ"
ဒေါ်ဒေါ်ညွန့်၊ ဒေါ်ဒေါ်ရွှေတို့ နောက်ကျကျန်ရစ်သဖြင့် ရပ်စောင့်ကြသေး သည်။ ပြီးနောက် ကုန်သည်လမ်းသို့
ကွေ့ကြသည်။ ကုန်သည်လမ်းကား ကရိခ်လမ်းလို အိပ်ရာထနောက်မကျ။ မြူနီစပယ် အမှိုက်တင်ကားကြီးများသည် အမှိုက်ကျုံးနေကြသည်။ လမ်းပေါ်ပလက်ဖောင်းပေါ်တွင် အမှိုက်လှဲနေကြသည်။
လန်ချားအချို့သွားလာနေကြပြီး ဘိုကလေးဈေးလည်း ဖွင့်စပြုပြီ။
ဈေးဝယ်မကျသေးသော်လည်း
ငါးသားသည်များက အဆင်သင့်စောင့်နေကြလေပြီ။ မခင်သစ်က နောက်ပြန်လှည့်ကြည့်ရင်း နေမင်းကြီးကို
ပေါ်လှာခဲ့သည်ဟု ကြိုဆိုနေကြသော ကောင်းကင်နှင့် တိမ်တိုက်တို့အကြောင်း
စကားစလိုက်စဉ် ကျွန်တော်က
ကြားဖြတ်လိုက်သည်။
"သစ်သစ် တစ်နေ့က တောင်သူလယ်သမား သီးစားခ အငြင်းပွားမှုတွေ အကြောင်း မေးတယ်မဟုတ်လား"
"ဟုတ်တယ် ဆရာ မေးတယ်၊ သစ်ကသိချင်တယ်"
"ကိုယ်လည်းလေ့လာပြီးပြီ"
သို့ဖြင့်တောင်သူလယ်သမားများ၏ မြေယာပြဿနာများ၊ ရွှေတိဂုံကုန်းတော် တောင်သူလယ်သမားညီလာခံမှ
ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ၊ တရားမျှတသော သီးစားခဥပဒေနှင့် တောင်သူလယ်သမား စည်းရုံးရေးလုပ်ငန်းများကို မခင်သစ်အား ပြောပြနေလေတော့သည်။ နောက်က လိုက်လာသော ဒေါ်ဒေါ်ညွန့်နှင့်
ဒေါ်ဒေါ်ရွှေတို့ ကား ကျွန်တော်တို့ဘာပြောလာကြသည်ကို တစ်ဆိတ်တစ်ပေါက် ကြားနေကြဟန်တူသည်။
ဒေါ်ဒေါ်ညွန့်–
"မောင်တင်ထွန်းက မင့်နှမကို တောင်သူလယ်သမားသင်တန်းပေးနေတာလား ကွ"
ဒေါ်ဒေါ်ရွှေ–

"လမ်းလျှောက်ရင်း သင်တန်းပေးမနေနဲ့ဟေ့။ မင်းတို့လျှောက်တာ သိပ်နှေးနေပြီ၊
သွက်သွက်လျှောက်ကြ"
ကျွန်တော်တို့သည် ဇန္ဒုလပန်းခြံသို့ ရောက်ကြလေပြီ။ ပန်းခြံကား စည်ကားလှပနေ၏။
"ပန်းခြံထဲက ဖြတ်လျှောက်မှာလား ဒေါ်ဒေါ်"
ဒေါ်ဒေါ်ညွန့်–
"ရွှံ့ရှိမယ်ထင်တယ်ကွ"
သစ်သစ်–
"မိုးစဲနေတာ သုံးရက်တောင်ရှိနေပြီဟာပဲ၊ ရွှေရွှေက အိမ်မှာတုန်းက ပြောတော့ ပန်းခြံထဲ
ခဏဝင်မယ်၊ ထိုင်ခုံမှာ
ခဏထိုင်ပြီးမှ ဘုရားပေါ်တက်မယ်တဲ့၊ ပြောတယ်မဟုတ်လား ရွှေရွှေ"
ဒေါ်ဒေါ်ညွန့်–
"ကဲ ကဲ ပန်းခြံထဲက ဖြတ်လျှောက်ချင်လျှောက်၊ ထိုင်တော့ မထိုင်နဲ့တော့၊ အပြန်နေပူနေမှာ
စိုးရတယ်"
ကျွန်တော်တို့သည် ပန်းခြံထဲသို့ ဝင်ကြသည်။ ကျောက်စရစ်လမ်းကလေးများသည်
မြက်ခင်းစိမ်းထဲတွင်
ဖွေးခနဲပြေးနေကြသည်။ ဗုဒ္ဓသဏပင်များသည် ကားကားစွင့်စွင့် ပွင့်နေကြ၏။ ငှက်များသည်
လုံးဝနိုးပြီ ဖြစ်သဖြင့်
မိုးသောက်သီချင်းများကို သီဆိုနေကြလေပြီ။ အချို့မှာ အစာရှာရန်ပင် ပျံထွက်လာကြလေပြီ။
ဆူးလေဘုရားရင်ပြင်ပေါ်သို့ ရောက်သောအခါ ရေကြည်ဝတ်အသင်းက
လှဲကျင်းရှင်းလင်းပြီးဖြစ်သည်ကို
တွေ့ရလေသည်။ ဘုရားဖူး များများစားစား မတွေ့ရ။ ပန်းဆိုင်များပင် အချို့သာ
ဖွင့်ကြသေး၏။
ဘုရားဖူးကြသောအခါ ဒေါ်ဒေါ်ညွန့်နှင့်ဒေါ်ဒေါ်ရွှေကြားမှာ မခင်သစ်က ထိုင်ရသည်။
ကျွန်တော်က
သူတို့နောက်က ခပ်ခွာခွာ ထိုင်ရသည်။ ဘုရားရှိခိုးနေစဉ် ကျွန်တော့်မျက်စိများသည်
ငှက်မြတ်နားဆီသို့
ရောက်သွားလေသည်။ ကျွန်တော့်နားက ငြိမ်းချမ်းသာယာလှသော
ဆည်းလည်းသံသို့ရောက်သွားသည်။
ကျွန်တော့်စိတ်ကမူ ဘာ့ကြောင့်မှန်းမသိ၊ ပိုလန်မှ ရှုမေးနီးယားပြည်သို့ ထွက်ပြေးကြရသော
စစ်ပြေးဒုက္ခသည်
ခြောက်သောင်းဆီသို့ ရောက်သွားလေ
သည်။ ။
၅၁
ပျံလွန်တော်မူသော ဦးဥတ္တမ

တနင်္ဂနွေနေ့ တစ်နေ့တွင် ကျွန်တော့်အား ကိုဘဟိန်းက တက္ကသိုလ်သို့ အလည်ခေါ်သွားလေသည်။
ယခုအခါကျွန်တော့်မှာ တက္ကသိုလ်သို့ ရောက်ခဲလှသည်။ ယခုလို တကူးတက အလည်သွားမှ ရောက်ရတော့၏။
ကျွန်တော်တို့သည် သမဂ္ဂအဆောက်အအုံသို့ ဦးစွာဝင်ကြ၏။ ဒရဝမ်ဦးကံသိန်းနှင့် မာလီတို့သာ ရှိကြသည်။
တက္ကသိုလ် သမဂ္ဂဥက္ကဋ္ဌ ကိုလှရွှေလည်း မရှိ။ အမှုဆောင်လူကြီးတစ်ဦးဦးကိုမျှလည်း မတွေ့ရ။
သမဂ္ဂအဆောက်အအုံကြီးကား ခြောက်သွေ့လှသည်။ ၁၃၀၀ပြည့် အရေးတော်ပုံအတွင်းကနှင့် ကွာခြားလှသည်ထင်မိ၏။
ကိုဘဟိန်း–
"လာ ကိုယ့်လူ၊ ဒဂုန်တာရာရဲ့ အခန်းကိုသွားလည်ကြမယ်၊ ဒဂုန်တာရာနဲ့ ခင်တယ်မဟုတ်လား"
"ခင်တော့ သိပ်မခင်ပါဘူး၊ သွားလေ လိုက်ပါ့မယ်"
ဒဂုန်တာရာကို အဆင်သင့်ပင် သူ့အခန်းတွင်းမှာ တွေ့ရလေသည်။ ဒဂုန်တာရာသည် တစ်ယောက်တည်းအေးအေးလူလူ စန္ဒရားတီးနေ၏။ သူသည် စန္ဒရားကို ကျောင်းသို့ယူလာနိုင်သူ ဖြစ်ပေ၏။
အခြားအခန်းများမှ ကျောင်းသားများကား မြို့ထဲသို့ လျှောက်လည်နေကြဟန်တူ၏။
ပတ်ဝန်းကျင်တစ် ခုလုံး
တိတ်ဆိတ်ငြိမ်သက်နေပြီး စန္ဒရားသံက ပေါ်လွင်နေပေသည်။
ကျွန်တော်တို့ဝင်သွားသောအခါ ဒဂုန်တာရာက စန္ဒရားအတီး ရပ်လိုက်လေရာ ကိုဘဟိန်းက–
"ဟေ့လူ ဆက်တီးပါ၊ နားထောင်ရအောင်"
ဒဂုန်တာရာက ပြီးသည့်တိုင်အောင် ဆက်တီး၏။ ကိုဘဟိန်းက တိုးတိုးကလေး သီချင်းလိုက်ဆိုပြီးလက်ဖျောက်တီး၊ ပေါင်ရိုက်ကာ စည်းလိုက်နေလေသည်။
ကျွန်တော်ကမူ ငြိမ်ငြိမ်ကလေး နားထောင်နေပေ၏။
တီးကွက်ကုန်တော့ ဒဂုန်တာရာသည် ကျွန်တော်တို့ထံသို့ ထလာလေသည်။
ကိုဘဟိန်း–
"နောက်တစ်ပုဒ် ထပ်လုပ်စမ်းပါဦး"
ဒဂုန်တာရာသည် ခုတင်ပေါ်မှာထိုင်လျက် ပြုံး၍သာနေသည်။ ထပ်မတီးတော့။
ကိုဘဟိန်း–
"ကိုယ့်လူရဲ့ စန္ဒရားသံဟာ ကိုယ့်လူရေးတဲ့ ကဗျာကလေးတွေထက်တောင် ပိုငြိမ့်ညောင်း ချိုသာတယ်"
"ဘယ်ကနေပြီး ဝင်လာကြတာလဲဗျ"
"သက်သက် အလည်လာတာပဲ။ ဟောဒီက ကိုတင်ထွန်းနဲ့ ကိုယ့်လူ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် မရှိကြသေးတော့

ရင်နီးအောင် ခေါ်လာခဲ့တယ်။ တိုးတက်တဲ့ အတွေးအခေါ်ရှိသူအချင်းချင်း
ရင်နီးဖို့လိုတယ်ဗျ”
ဒဂုန်တာရာက ကျွန်တော့်အား ပြုံးကြည့်ရင်း–
“ရင်နီးတာပဲဗျ၊ ကိုတင်ထွန်း ခုကျောင်းထွက်သွားပြီနော်၊ ဘာလုပ်နေသလဲ”
“ဟုတ်တယ်၊ ကျွန်တော် ကျောင်းထွက်ပြီး လက်ထောက်အယ်ဒီတာလုပ် နေတယ်”
“ဩော်ဟုတ်လား၊ ကောင်းသားပဲ၊ စာရေးဆရာအသင်းထဲ ဝင်ပါလား”
ကျွန်တော်တစ်စုံတစ်ရာ မဖြေရသေးမီ ကိုဘဟိန်းက ကြားဖြတ်၍–
“ကိုယ့်လူတို့ တက္ကသိုလ်စာရေးဆရာတွေကော ဘာလုပ်နေကြသလဲ”
ဒဂုန်တာရာက သိပ္ပံစိုးလှ ဘာတွေရေးနေသည်ကိုလည်းကောင်း၊ သာဂရစိုး
ပင်းယကျောင်းဆောင် မဂ္ဂဇင်းကို
တည်းဖြတ်နေသည်ကိုလည်းကောင်း၊ ထင်ကြီးမှာ စာသိပ်မရေးလိုတော့ဘဲ
ဓာတ်ပုံရိုက်ဝါသနာသန်ပုံကိုလည်းကောင်း၊ ခင်လေးမောင်က မခင်လေးအတွက်
အချစ်ကဗျာသီနေပုံကိုလည်းကောင်း၊ ညိုမြက သူပိုးမစွဲသော ရည်းစားအား
ပြက်ချော်ချော်ရေးထားသည်ကိုလည်းကောင်း၊ ရှမ်းပြည်ကိုတင်အေးက ရွှေနှင်းဆီအမည်ဖြင့်
ရေးနေကြောင်းကိုလည်းကောင်း ပြောပြနေလေသည်။
“ကိုဘဟိန်း မန်းတင်ကိုသိတယ်မဟုတ်လား”
“သိတာပေါ့၊ ကိုယ်တို့မန္တလေးက ကိုထွန်းတင်မဟုတ်လား”
“ဟုတ်တယ်၊ ခုတလော သူလည်း စာတော်တော်ရေးနေပြီဗျ”
သူတို့နှစ်ယောက် တက္ကသိုလ်စာရေးဆရာများအကြောင်း အချီအချပြောနေစဉ် ကျွန်တော်က
ကြားဝင်လျက်“
ခုတလော ဒဂုန်မဂ္ဂဇင်းမှာ တက္ကသိုလ်ကဏ္ဍပြန်ပါလာပြန်ပြီနော်၊ ဝမ်းသာစရာပဲ”
ဒဂုန်တာရာ–
“ဟုတ်တယ်၊ ကျွန်တော်ပဲ ဒဂုန်မဂ္ဂဇင်းကို ထပ်ထည့်ဖို့ ပြောပြီးဆောင်းပါးတွေ
တက္ကသိုလ်စာရေးဆရာတွေဆီက
လိုက်တောင်းပြီး ပို့နေရတယ်လေ”
ကိုဘဟိန်း–
“တက္ကသိုလ်စာရေးဆရာတွေ စာရေးကြတာ ဝမ်းသာစရာပါပဲ။ ရေးတာတွေလည်း
ဖတ်ကောင်းပါရဲ့၊ သို့ပေမယ့်
တိုးတက်တဲ့သဘော တယ်မပါကြဘူး၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့
အဆင့်လောက်ပဲ
ဖြစ်နေကြတယ်၊ ဆင်းရဲသား ပစ္စည်းမဲ့ လောကနိဗ္ဗာန် ထူထောင်ရေးအကြောင်း၊
ဘုံဝါဒအကြောင်း အခြေခံပြီး
ရေးကြတာ မရှိဘူး”
ဒဂုန်တာရာ–
“သူရိယမဂ္ဂဇင်းမှာ စာရေးဆရာ ဇဝနရေးတဲ့ အောက်အီးအီးအွတ်ဆိုတဲ့ ဝတ္ထုတိုကလေးကို

ဘယ်လိုသဘောရသလဲ”
“ဟာ ဒီဝတ္ထုဟာ ဆင်းရဲသား ပစ္စည်းမဲ့နဲ့ဘုံဝါဒကို သရော်တိုက်ခိုက်ထားတဲ့ ဝတ္ထုပဲ”
ကျွန်တော်က ထိုဝတ္ထုကလေးကို သတိရပြီး ရယ်လိုက်သည်။ ပြီးတော့မှ–
“သူက ဟာသစာရေးဆရာဆိုတော့ ဘယ်ဟာကိုဖြစ်ဖြစ် သရော်တော်တော်
ပြက်ချော်ချော်လုပ်တာပဲဗျာ၊
ဖတ်လို့တော့ ကောင်းသားပဲ ကိုဘဟိန်းရဲ့”
“သရော်ချင်ရင် ဓနရှင်ကိုသာ သရော်ဖို့ကောင်းတယ်။ ဒီလူတွေက
ဘုံဝါဒဆန့်ကျင်ရေးသမားတွေပါဗျာ၊
မြဒေါင်းညိုရေးတဲ့ ‘ဘုံဝါဒ’ဆိုတဲ့ ဝတ္ထုတောင်မှ ဘုံဝါဒကို တိုက်ခိုက်တဲ့ ဝတ္ထုဖြစ်တယ်၊
တို့ဗမာအစည်းအရုံးနဲ့
သခင်တွေကို ထိပါးရေးသားတဲ့ ဝတ္ထုဖြစ်တယ်၊ မဟာဆွေလည်း ဘုံဝါဒနဲ့ သခင်တွေကို
ထိခိုက်ပြီး ရေးနေတာပဲ။
မဟာဆွေနာမည်နဲ့ ရေးတဲ့အခါမှာသာ မကဘူး၊ နေသူရိန်နာမည်နဲ့
ရေးတဲ့ဆောင်းပါးတွေထဲမှာလည်း
ဘုံဝါဒဆန့်ကျင်ရေးတွေပါတယ်။ ကိုယ်တို့လူစုက ဒီလိုထိပါးတိုက်ခိုက်မှုတွေကို ခုခံရမယ်၊
ဆင်းရဲသား
ပစ္စည်းမဲ့တွေဘက်ကရေးရမယ်၊ စာပေကိုသုံးပြီး ဘုံဝါဒကို ဖြန့်ရမယ်၊
တိုးတက်တဲ့စာပေထွန်းကားအောင်
လုပ်ကြရမယ်”
ကိုဘဟိန်းက စိတ်ပါလက်ပါ ပြောနေဆဲ အင်္ဂလိပ်စာဂုဏ်ထူးကျောင်းသား ကိုဘသိန်း
ရောက်လာလေသည်။
ကိုဘသိန်းကား ကိုယ်နေသေးသေးသွယ်သွယ် ဖြစ်သည်။ ပေါ်လွင်သောနဖူးပြင်၊ ထူထပ်သော
မျက်ခုံးနှင့်
ကြီးမားသောရှေ့သွား များပေါ်အောင် ပြုံးတတ်သော ပါးစပ်ရှိရုံမက မျက်မှန်ကိုလည်း
တပ်ထားရလေရာ
တက်ဘုန်းကြီးကိုသိန်းဖေ၏ မျက်နှာနှင့် အတော်တူသည်ကိုသတိပြုမိပေသည်။
ခြားနားသည်ကား ကိုဘသိန်းက
အတာဟု အခေါ်ခံရသည့်အတိုင်း ကလေးနှင့် ပိုတူခြင်းသာ ဖြစ်၏။ သူက
အခန်းဝတွင်ရပ်နေစဉ်
အခန်းရှင်ဒဂုန်တာရာသည် ဖိတ်ခေါ်ခြင်းမပြုဘဲ ကြောင်ကြည့်နေလေရာ ကိုဘဟိန်းကပင်
ဖိတ်ခေါ်လိုက်သည်။
“အတာလားဟေ့၊ လာလေ ထိုင်ပါဦးကွ”
ကိုဘသိန်းသည် ဝင်လာပြီး ဒဂုန်တာရာ၏ ဘေးမှာ ထိုင်လိုက်လေသည်။ သည်တော့မှ
မထိတထိပြုံးပြီး
“ဘယ်ကလာတာလဲ”

"ခင်ဗျားဆီလာတာလဲ ကိုငွေးမြိုင်၊ ကျွန်တော်ဦးဥတ္တမအကြောင်း အင်္ဂလိပ်လို
ဆောင်းပါးတစ်စောင်ရေးမယ်လို့
အချက်အလက်ကလေးတွေ လိုက်စုဆောင်းနေတယ်၊ ကိုငွေးမြိုင်ဆီက ဘာများရနိုင်မလဲ"
ဒဂုန်တာရာခေါ်ကိုငွေးမြိုင်က မထိတထိပြုံးပြီး ကိုဘဟိန်းအား ကြည့်နေသည်။
ကိုဘဟိန်းအား
အကူအညီတောင်းလိုဟန်ရှိ၏။
ကိုဘဟိန်း–
"ဦးဥတ္တမ ဆရာတော်ကြီးဟာ အတိတ်ကတော့ အင်မတန်ပြောင်ခဲ့တာပဲ။ ရှေးက
အင်မတန်တိုးတက်ခဲ့တယ်၊
တိုင်းပြည်အကျိုးကို သက်စွန့်ကြိုးပမ်းဆောင် ရွက်ခဲ့တယ်၊ ပျံလွန်ခါနီးအပိုင်းမှာတော့
ဖောက်ပြန်သွားတယ်။
ငါးပွင့်ဆိုင် ငို့ဘသမားကြီးတွေနဲ့ ပေါင်းပြီး ဗုဒ္ဓ၁န အုပ်ချုပ်ရေးကို
အလုပ်အကျွေးပြုသွားတယ်။
မှတ်မိသေးတယ်ဗျ၊ ဦးဥတ္တမရဲ့ အတိတ်က အရှိန်အဝါကြောင့် ဦးဥတ္တမ
ဖောက်ပြန်သွားတာကို တိုင်းပြည်မှာ
ဘယ်ကမှဖော်ထုတ်ရှုတ်ချခြင်း မပြုရဲဘဲ နေကြတုန်း ကိုကြီးနုက
တက္ကသိုလ်သမဂ္ဂစင်မြင့်ပေါ်ကနေပြီး
ဖော်ထုတ်ရှုတ်ချလိုက် တာ"
ကိုဘသိန်း–
"အေးဗျာ၊ ပျံလွန်ခါနီး ဖြစ်ပျက်တာတွေကတော့ ဝမ်းနည်းစရာတွေပါပဲ။ သူ့နိုင်ငံရေး
ဖောက်ပြန်တာတွေဘာတွေကို
ကျွန်တော်သိပ်မသိပါဘူး၊ သို့ပေမယ့် ပျံလွန်ခါနီးမှာ သိပ်ဆင်းရဲသွားရှာတယ်။ တိုင်းပြည်ရဲ့
ကျေးဇူးရှင်ကြီးဟာ
လမ်းပေါ်မှာ အရူးလိုလျှောက်သွား၊ ဟိုဟာကောက်၊ ဒီဟာကောက် တွေ့ကရာဆိုင်မှာ
စားစရာ အလှူခံပြီး
လမ်းပေါ်လျှောက်စား…"
ကိုဘသိန်း၏အသံသည် နစ်ဆို့သွားသည်။ သူ့မျက်လုံးများတွင် မျက်ရည်ကလေးများ
ဝဲလာသည်။
ကျွန်တော့်ရင်မှာလည်း တလှိုက်လှိုက်ဖိုလာ၏။ ကိုဘသိန်းမှာလည်း ဦးဥတ္တမ၏
ဖောက်ပြန်သော အပိုင်းကို
ထပ်ပြောလိုဟန်လက္ခဏာမရှိတော့ချေ။ ဒဂုန်တာရာ၏ မျက်နှာလည်း ညိုးသွားလေသည်။
ကျွန်တော်သည်မကြာမီက ပျံလွန်တော်မူသွားသော ဦးဥတ္တမအကြောင်းကို ကျွန်တော်တို့
သတင်းစာအတွက်
လေ့လာရေးသားခဲ့ရသည် ဖြစ်ရာ လူအမျိုးမျိုး၏ ထင်မြင်ယူဆချက်ကို
နားလည်ထားပေသည်။ ထို့ကြောင့်–

“အေးလေဗျာ၊ ကျွန်တော်တို့ကသာ ဦးဥတ္တမကိုယ်တော်ကြီးဟာ ငါးပွင့်ဆိုင်ငို့ဘသမားတွေနဲ့ ပေါင်းပြီးဖောက်ပြန်သွားတယ်လို့ ယူဆတာဗျ၊ ငါးပွင့်ဆိုင်ပါတီထဲ ပါနေတဲ့ ဂျီစီဘီအေ ဝံသာနုဟောင်းကြီးတွေကတော့ ဆရာတော်ဦးဥတ္တမဟာ မပျံလွန်တော်မူမီမှာ
မြန်မာအမျိုးသားတွေ ညီညွတ်အောင်
နောက်ဆုံးအကြိမ် ကြိုးစားသွားရှာတယ်လို့ ပြောကြသဗျ”
ကိုဘသိန်း၏ မျက်နှာမှာလင်းသွားသည်။
“အဒီလို ယူဆနိုင်တာပဲ၊ ကျွန်တော်ယူဆတာကတော့ ဆရာတော်ကြီးဟာ အိန္ဒိယက ပြန်ကြွလာပြီး
ဒီယုံကြည်ချက်နဲ့ ငါးပွင့်ဆိုင်ဆိုတဲ့ ဂျီစီဘီအေ အကွဲ၄ခု ၂၁ဦးပါတီ ပေါင်းထားတဲ့ ညီညွတ်ရေးအဖွဲ့ကို
အားပေးတာ ဖြစ်နိုင်တယ်ဗျ”
ကိုဘဟိန်း–
“အင်း နတ်ကြီးဦးဘဖေတို့၊ ကျွန်တော်တို့ မန္တလေးက ဦးဘရွှေတို့ဟာ မညံ့ဘူးဗျ။ ညီညွတ်ရေးဗန်းပြပြီး
မင်းသားကြီး ထိပ်တင်ဝကို ဥက္ကဋ္ဌတင်သလို ညီညွတ်ရေး ဗန်းပြပြီး ဆရာတော်ဦးဥတ္တမကို သွေးဆောင်ခေါ်ယူလာပြီး ဇွဲဒွန အုပ်ချုပ်ရေးကို အသက်သွင်းခိုင်းတာပါပဲ။ ဇွဲဒွနအုပ်ချုပ်ရေးကို
တိုက်ဖျက်တဲ့ဘက်မှာပါပြီး အမျိုးသားညီညွတ်ရေးလုပ်ရင် ဦးဥတ္တမအတွက် အမှန်ကောင်းမှာပဲ၊ ရှေးက
သူ့အတိတ်နဲ့ ရှေ့နောက်ညီမှာပဲ။ ကဲလေ ဒါတွေ ထားလိုက်ကြပါစို့၊ ဆရာတော်ကြီးရဲ့ တိုးတက်တဲ့
အတိတ်ကိုတော့ မမေ့အပ်ပါဘူး၊ ဆရာတော်ဦးဥတ္တမ ခုလို ပျံလွန်တော်မူတယ်ဆိုတော့ တရုတ်ပြည်က
အမျိုးသားခေါင်းဆောင်ကြီး ဒေါက်တာဆွန်ယက်ဆင်ကွယ်လွန်တုန်းက သညဂိုလ်တဲ့ အခမ်းအနားမှာ
ဦးဥတ္တမဟာ အိန္ဒိယပြည် အမျိုးသားကွန်ဂရက်နဲ့ ဗမာပြည်ဂျီစီဘီအေကိုယ်စား တက်ရောက်ခဲ့တာကို
သွားသတိရတယ်”
ကိုဘသိန်းက မှတ်စုစာအုပ်ကလေး လှန်ပြီး ဖောင်တိန်ကိုင်ကာ–
“အဲဒါဘယ်နှစ်ကလဲဗျ”
“၁၉၂၅ခုနှစ်က၊ အဲဒီတုန်းက ဆရာတော်ဟာ အရှေ့နိုင်ငံများကို လှည့်လည်နေတုန်းဖြစ်တယ်”
ကိုဘသိန်းက ရေးမှတ်ရင်း–
“ဦးဥတ္တမ မွေးဖွားတဲ့နှစ်ကော သိသလား”
ကိုဘဟိန်းသည် တွေးတောနေသည်။ ကျွန်တော်ကကြားဝင်လျက်–

“၁၂၄၁ခုနှစ်ဗျ၊ အထက်မြန်မာပြည်ကို အင်္ဂလိပ်မသိမ်းရသေးဘူး။ ဆရာတော်ကြီး ဖွားမြင်တော်မူရာ
စစ်တွေကိုတော့ အင်္ဂလိပ်သိမ်းပြီးပြီ”
ကိုဘသိန်းက ရေးမှတ်ရင်း–
“နောက်ထပ် ကိုတင်ထွန်းသိသလောက် ပြောစမ်းပါဦး”
“ကျွန်တော်က စုဆောင်းရှာဖွေပြီးသားမို့သိတာကလေးတွေ အများအပြားရှိပါ တယ်။ အသက်၂၀မှာ
ရဟန်းဘောင်ဝင်တယ်၊ ပြီးတော့ အိန္ဒိယပြည်ကာလကတ္တားမြို့ မှာ၈နှစ်တိုင်တိုင် စာသွားသင်တယ်၊
အင်္ဂလိပ်စာရော ပါဠိစာပေရော သင်တယ်၊ နောက်ပြီးတော့ အီဂျစ်ပြည်၊ ပြင်သစ်ပြည်နဲ့ ဥရောပတိုက်မှာ လှည့်ပြီး
ဗဟုသုတရှာ မှီးတယ်”
ဒဂုန်တာရာ–
“ဆရာတော်ဟာ ဂျပန်ပြည်ကိုလည်း သွားသေးတယ် မဟုတ်လား။ မြန်မာအမျိုးသားထဲက ဂျပန်ပြည်အကြောင်း
ပထမဆုံးစာအုပ်ရေးတာ ဦးဥတ္တမ မဟုတ်လား”
ကျွန်တော်–
“ဟုတ်ပါတယ်၊ အနောက်နိုင်ငံက ၁၉၀၇ခုနှစ်မှာ ပြန်လာတယ်။ ရောက်ပြီး မကြာခင်ပဲ ဂျပန်ပြည်သွားတယ်။
ဂျပန်ပြည်မှာ ဂျပန်အမတ်ကြီး အိုဒါနီဆိုတာ တည်ထောင်ထားတဲ့ ကောလိပ်ကျောင်းမှာ ပါဠိပါမောက္ခအဖြစ်နဲ့
လစာမယူဘဲ ၂နှစ်တိုင်တိုင် ထမ်းရွက်ခဲ့တယ်။ ၁၉၁၁ခုနှစ်ကျမှ မြန်မာပြည် ပြန်ရောက်တယ်”
ကိုဘသိန်း–
“ဒေသန္တရဗဟုသုတမှာ ဆရာတော်လောက်နဲ့တာ မြန်မာပြည်သားထဲမှာ ရှားမယ်နော်”
ဒဂုန်တာရာ–
“ဒီ အတောအတွင်း ဖြစ်မှာပေါ့၊ ဂျပန်ပြည်အတ္ထုပတ္တိကိုရေးတာ”
ကျွန်တော်–
“၁၉၁၂ခုနှစ်မှာ ဂျပန်ကို တစ်ခေါက်ထပ်သွားသေးတယ်၊ ဆရာတော်ရဲ့ နှမ မအိမ်စိုးမနဲ့ တခြားကျောင်းသား
၃ဦးကိုခေါ်သွားပြီး ဂျပန်မှာပညာသင်ဖို့အပ်ထား ခဲ့တယ်။ ပြန်လာတော့မှ စာအုပ်ရေးတာဗျ။ သူရိယ
သတင်းစာပုံနှိပ်တိုက်က ထုတ်ဝေတယ်”
ကိုဘဟိန်း–

"သူရိယမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့တွေ့ကြတာပဲ။ အဲဒီအချိန်ဟာ ဝိုင်အိမ်ဘီအေ
အသင်းတွေ
ကြီးကျယ်တဲ့အချိန်ပေါ့။ သခင်ကိုယ်တော်မှိုင်း ပြောပြဖူးတာကတော့
အဲဒီအချိန်လောက်တုန်းက
တိုင်းပြည်ကသိပ်မနိုးကြားသေးတော့ ဘုန်းကြီးကျောင်းတွေက ဦးဥတ္တမကို လက်ခံဖို့
ကြောက်နေကြသတဲ့။
အစိုးရအရှိန်က သိပ်ကြီးတဲ့အပြင် နိုင်ငံခြားဒီလောက် သွားနေတဲ့ဘုန်းကြီး ဘယ်မှာ
ဝိနည်းနဲ့ ညီတော့မှာလဲဆိုပြီး
ဦးဥတ္တမဆန့်ကျင်ရေး ဝါဒဖြန့်တာတွေကလည်း ရှိနေသတဲ့။ ဆရာတော်ကလည်း
ဂရုမစိုက်ဘူး၊ သူရိယတိုက်မှာပဲ
ညဥ့်အိပ်ညဥ့်နေ သီတင်းသုံးနေသတဲ့။ နောက်တော့မှ ကမာရွတ် တပ်တွင်းကျောင်း
ဆရာတော်ကပင့်သွားသတဲ့။
နောက်တော့လည်း ဆရာတော် ဦးဥတ္တမဟာ သိပ်တန်ခိုးကြီးသွားတာပဲ။ ဝါတွင်းသုံးလသာ
ရည်ကုန်မှာနေပြီး
ကျန်အချိန်မှာ ခရီးပဲ ထွက်နေတာပဲတဲ့။ အိန္ဒိယကို မကြာခဏသွားပြီး နိုင်ငံရေး
လေ့လာတယ်။
ဗမာပြည်အရပ်ရပ်ကိုတရားဟောထွက်တယ်။ အောက်ကျနောက်ကျ ဖြစ်နေတဲ့ မြန်မာပြည်
တိုးတက်ဖို့၊ ခေတ်မှီဖို့
အမျိုးဘာသာသာသနာထွန်းကားဖို့ မြန်မာပြည်လွတ်လပ်ဖို့ ဟောတယ်။ တစ်ပြည်လုံးက
ရဟန်းရော၊ လူရော
သောင်းသောင်းဖြဖြ ကြိုဆိုလက်ခံကြတာပဲတဲ့။ တန်ခိုးထက်တုန်းမှာ ဆရာတော်
တရားတစ်ပွဲဟောရင်
ငွေတစ်ထောင်တောင် ပူဇော်ကြရသတဲ့။ ဒီလိုလှူကြလို့လည်း ဆရာတော်ဟာ
နိုင်ငံရေးတွင်တွင်လုပ်နိုင်တာ၊
ဒီလောက်ခရီးသွားနိုင်တာဖြစ်မှာပဲ"
ကိုဘသိန်း–
"ဟုတ်မှာပေါ့ဗျ၊ ဆရာတော်ထောင်ကျတာ ဘယ်နှစ်ကလဲဗျ၊ ကိုတင်ထွန်း သိလား"
"၁၉၂၁ခုနှစ်မှာဗျ၊ ဒေးဒရဲမြို့မှာ တစ်ကြိမ်၊ ဒေးဒရဲမြို့အနား တမာတကောရွာ မှာ
တစ်ကြိမ်တရားဟောရာမှာ
အစိုးရ အကြည်ညိုပျက်စေတယ်ဆိုပြီး တရားစွဲတာပဲ။ အရေးပိုင် ဦးဖိုးဖေက ထောင်ဒဏ်
တစ်နှစ်နဲ့ရစ်လ
စီရင်ချက်ချလိုက်တယ်။ ဖျာပုံရုံးမှာ ဆရာတော်ကို အမှုစစ်တော့ တောရောမြို့ပါ လူတွေ
အကုန်လာကြတာ၊
ဘယ်တုန်းကမှဒီလောက် မစည်ကားဘူးလို့ ဆိုတယ်ဗျ။ ထောင်ချတော့လည်း
တစ်တိုင်းပြည်လုံးက

တိုက်ပိတ်ဆိုင်ပိတ်အလုပ်ပိတ် ဆန္ဒပြကြသတဲ့၊ ထောင်ကလွတ်လာတော့လည်း နိုင်ငံရေးကို ပိုလုပ်တာပါပဲ၊
ပိုလူထုကြည်ညိုတာပဲ”
ကိုဘဟိန်း–
“ဂျီစီဘီအေ ဝံသာနုတွေ အားတက်သလောက် ဆရာတော်ကြီး တန်ခိုးကြီးတာပါပဲ”
ကျွန်တော်“
၁၉၂၄–၂၅ခုမှာ နောက်တစ်ကြိမ် အရှေ့နိုင်ငံများနဲ့ ဂျပန်ပြည်လှည့်ပြန် တယ်။ ဒီလိုလှည့်တုန်းမှာ
အိန္ဒိယအမျိုးသားကွန်ဂရက်နဲ့ရော၊ မြန်မာပြည် ဝံသာနုတွေနဲ့ရော
အဆက်မပြတ်ဘူးထင်တယ်။ ဒါကြောင့်
လည်းဒေါက်တာဆွန် ယက်ဆင် ကွယ်လွန်တော့ ကွန်ဂရက်နဲ့ ဝံသာနုတွေရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့
တက်ရောက်ခြင်းဖြစ်တယ်လို့ ဆိုရမယ်ဗျ”
ကျွန်တော်က ရပ်နေသည်။ ကိုဘသိန်းကား မှတ်စုတွင် မှတ်သားနေသည်။
ငေးနားထောင်နေသော ဒဂုန်တာရာက
သက်ပြင်းချလိုက်သည်။ ကိုဘဟိန်းကား စီးကရက် တစ်လိပ်ကို ညှိလိုက်၏။
ကိုဘသိန်းက ခါးဆန့်၍မျက်နှာမော့လိုက်ပြီး–
“နောက်တော့ကော”
ကျွန်တော်က ဘယ်လိုဆက်ရမည်လဲ မသိဖြစ်နေသဖြင့် ငေးနေသည်။ ကိုဘဟိန်းက စီးကရက်မီးခိုးများကို
အလိပ်လိပ် အခွေခွေ မှုတ်ထုတ်လိုက်ပြီး–
“နောက်ပိုင်းတော့ ဂျီစီဘီအေဂိုဏ်းတွေက ကိုးဂိုဏ်းတောင် ကွဲသွားတော့
ဆရာတော်ကြီးလည်း စိတ်ပျက်ဟန်တူတယ်၊ အိန္ဒိယမှာပဲ သွားနေတာများ တယ်။ အိန္ဒိယမှာလည်း အမျိုးသား
ကွန်ဂရက် နိုင်ငံရေးထက် ဟိန္ဒူမဟာဆဗ္ဗ နိုင်ငံရေးပိုလုပ်တာ တွေ့ရတယ်။ ၁၉၃၅ခုနှစ်မှာ အိန္ဒိယပြည်လုံးဆိုင်ရာ
ဟိန္ဒူမဟာဆဗ္ဗကြီးရဲ့ ဥက္ကဋ္ဌဖြစ်လာတယ်”
ကိုဘသိန်း–
“ဟိန္ဒူတွေက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးကို ဘာဖြစ်လို့ ဥက္ကဋ္ဌခန့်သလဲ”
ကိုဘဟိန်းက ပြုံးလိုက်ရာ သူ့နှုတ်ခမ်းနီမှာ ရဲခနဲ လက်သွားသည်။
“ခုတလော တွေ့နေရတဲ့ ဗုဒ္ဓဘာသာ ဟိန္ဒူကွမ်းဘဆိုင်ဆိုတဲ့ ဆိုင်းဘုတ်မျိုးပေါ့ လဗျာ၊ စည်းရုံးရေးသဘောပေါ့။
ပြီးတော့ ဟိန္ဒူတွေရဲ့ အယူအဆအရ ဟိန္ဒူဘာသာမှာ ဘုရားအဆူဆူရှိသည့်အနက် ဗုဒ္ဓဂေါတမလည်း
ဘုရားတစ်ဆူရည်လို့ သတ်မှတ်ထားတယ်”

ကိုဘဟိန်း၏ ထိုရှင်းလင်းချက်ကို ကျွန်တော်များစွာ သဘာကျသွားသည်။ ဒဂုန်တာရာနှင့် ကိုဘသိန်းတို့လည်း
နှစ်သက်နေကြဟန်တူသည်။
ကိုဘဟိန်း–
"ဦးဥတ္တမ ပျံလွန်တော်မူတာ ဘယ်နေ့ပါလိမ့်၊ နေ့စွဲမှတ်မိကြလား"
ကိုဘသိန်း–
"စက်တင်ဘာလ ၉ရက်နေ့လေ"
ကျွန်တော်–
"စစ်ကြီးစတဲ့နေ့နဲ့မကွာလှဘူး"
ကိုဘသိန်း၏ စိတ်ကူးသည် ဘယ်ကနေ ဘယ်ရောက်သွားသည်မသိ။ ကျွန်တော့်အား ရုတ်တရက်မေးလိုက်သည်။
"ကိုတင်ထွန်း အင်းလျားသွားဦးမလား"
"မသွားတော့ဘူး"
"ခင်ဗျား မမြင့်ဦးကြီးဆီကိုလေ"
ကိုဘသိန်းနှင့် ဒဂုန်တာရာတို့ကား ပြုံးစိစိနှင့် ကျွန်တော်တို့အား ကြည့်နေကြသည်။
ကျွန်တော်–
"မသွားတော့ပါဘူးဗျာ"
"ဘာကြောင့်လဲ၊ အဆက်ပြတ်နေသလား"
ကျွန်တော်က ခပ်ကြောင်ကြောင် ဖြစ်ကာ ပြုံးဖြဲဖြဲလုပ်နေပြီးမှ–
"အဆက်ပြတ်တယ်လို့လည်း မဟုတ်ပါဘူးဗျာ။ သူက ကျွန်တော် ဘီအယ်လ် ဆက်မတက်တာ အပြစ်ကြီးလုပ်ပြီး
ခဏခဏပြောနေတယ်"
"အင်း ကိုယ့်အတွေ့အကြုံမျိုးပါပဲ။ အင်းလျားသူတွေက သူတို့ကိုယ်တိုင် အတန်းတွေအောင်လေ၊ ဒီဂရီတွေ
များလေ၊ ကိုယ်တို့အတွေးအခေါ်နဲ့မတူလေ ဖြစ်လာတတ်တယ်၊
ဘယ့်လောက်မျိုးချစ်စိတ်ရှိပါတယ်ဆိုဆို
ဒီပညာတတ် အမျိုးသမီး တွေဟာ လုံခြုံမှုဘက်ကနေ တွေးတယ်၊ ဘဝလုံခြုံမှုရှိမရှိ ဖြစ်ချင်ရာဖြစ်
နိုင်ငံရေးတစ်ခုတည်း ဇောက်ချလုပ်မယ်ဆိုတဲ့ ကိုယ်တို့ရဲ့ ဆုံးဖြတ်ချက်ကို
မှန်တယ်မထင်ကြဘူး။ ဒီကိစ္စမှာတော့
အလျှော့မပေးနဲ့ကိုယ့်လူ၊ ကဲထ ပြန်ကြစို့ရဲ့"
ကိုဘဟိန်းက ထလိုက်သည်။ ဒဂုန်တာရာက–
"ပြန်တော့မယ်လား"
ပြန်တော့မယ်လေ"

ကျွန်တော်တို့ထွက်လာကြသောအခါ ဒဂုန်တာရာနှင့် ကိုဘသိန်းတို့က လှေကားထိပ်ထိ
လိုက်ပို့ကြလေသည်။
နောက် သူတို့နှစ်ယောက်သည် ဒဂုန်တာရာ့အခန်းဆီသို့ ပြန်သွားကြလေသည်။ ။
၅၂
ခရီးသွားဖော် ချစ်မမနှင့် ရှမ်းပြည်သွားခြင်း
သီတင်းကျွတ်သို့ရောက်လာလေသည်။
တစ်ခါတစ်ခါ မိုးပြေးကလေး၊ တစ်ခါတစ်ခါ မိုးဖွဲ့ကလေး၊ တစ်ခါတစ်ခါ
နေပူမိုးကလေးလောက်သာ ရစ်သီရစ်သီ
ကျန်ရစ်တော့သည်။ ကြည်လင်သန့်ရှင်းသောကောင်းကင်မှ နေမင်းက
ထွန်းတောက်လိုက်သောအခါ
သစ်ပင်တို့သည် စိမ်းစိုသော ရောင်ပြန်များ ဟပ်နေကြပေ၏။ ညဥ့်ဦးယံအခါများ၌
ဆန်းစသော်တာ
ကွေးကွေးကလေးသည် မှုန်ရီရီရောင်ဝါဖြင့် ကြည်နူးဖွယ်တစ်မျိုးကို ဖန်တီးပေးနေတတ်၏။
လေပြည်ကလေးကလည်း ခပ်အေးအေး ဆော်သွေးနေတတ်ပေသည်။
သာယာပျော်ရွှင်ဖွယ်ကောင်းလှသော သီတင်းကျွတ်ပါပေတည်း။
ကျွန်တော်မှုကား အလုပ်ခွင်မှာ ငြီးငွေ့လာလေပြီ။ အထူးသဖြင့် နေ့စဉ် နေ့စဉ်
ကြေးနန်းသတင်းဘာသာပြန်ရသည့် အလုပ်ကို စက်ဆုပ်လာသည်။ အထပ်တလဲ
နေထွက်ကနေဝင်
တောင်းတစ်လုံးနှင့် အခေါက်ခေါက်ကူလီထမ်းရ သည့်ပမာ ခံစားမိလေသည်။ ပေးသော
လခကိုလည်း မကျေမနပ်
ဖြစ်လာသည်။ အခြေခံအားဖြင့်ဦးပု၊ ဦးစောတို့ အစိုးရကို ထောက်ခံ၍
တို့ဗမာအစည်းအရုံးကို ဆန့်ကျင်သော
သတင်းစာ၏ ဝါဒကိုလည်းသည်းမခံနိုင်အော ဖြစ်လာသည်။ တောင်မကျ မြောက်မကျ
ကိုယ်ကျိုးစီးပွားလည်းမဖြစ်။ နိုင်ငံရေးကိုလည်း ကျွတ်ကျွတ် လွတ်လွတ် မလုပ်နိုင်သော
ကျွန်တော့်အဖြစ်ကိုလည်း
မနှစ်မြို့နိုင်။ ထို့ကြောင့် သာယာပျော်ရွှင်ဖွယ် ကောင်းသော သီတင်းကျွတ်တွင်
ကျွန်တော်သည်
ငြီးငွေ့စိတ်ပျက်နေခြင်းဖြစ်၏။
ထိုအချိန်တွင် မမြမှီကသူနှင့်ကလော၊ အင်းလေးတို့သို့ အလည်လိုက်ခဲ့ရန်
ထပ်မံခေါ်ပြန်လေ၏။
သာယာပျော်ရွှင်ဖွယ်ကောင်းသော သီတင်းကျွတ်၊ လှပသည့်ကလော၊ အေးမြသည့် အင်းလေး၊
နှစ်လိုဖွယ်ကောင်းလှသော ခရီးသွားဖော် ချစ်မမ မမြမှီ။ ရှုန်းကန်မထွက်နိုင်သော
ဆွဲငင်ခြင်းများပါပေတည်း။
ကျွန်တော်ကအယ်ဒီတာချုပ်ထံ ခွင့်တစ်လတောင်း၏။ စစ်သတင်းတွေကလည်း အရေးကြီး၊

လူစားရှုတ်တရက်ရှာရန်ကလည်းခက်။ ထို့ကြောင့် ခွင့်မပေးနိုင်ဟု ဆိုသည်။ လခ ၇၅ကျပ်သို့
တိုးပေးပါမည်ဟုလည်း ချော့၏။ သို့သော် ကျွန်တော့်ကို ခွင့်မပေးလျှင် အလုပ်မှထွက်ရုံသာရှိတော့သည်ဟု
တင်းလိုက်လေသည်။ သို့ဖြင့် ခွင့်တစ်လရပေတော့၏။ ငါ့တန်ဖိုး ဒင်းတို့သိသွားပြီဟု ကျေနပ်ခြင်းဖြစ်မိ၏။
ရန်ကုန်မှ ညရထားဖြင့် ထွက်ကြရသည်။ မမြမှီက ကျွန်တော့်အား ဘူတာရုံသို့ ဆင်းခဲ့ရန်မှာထားလေသည်။
မမြမှီနာမည်ဖြင့် လေးယောက်စီးဒုတိယတွဲတစ်တွဲကို သီးသန့်စီစဉ်ထားပြီးဖြစ်ကြောင်း၊ ကျွန်တော်တို့နှင့်လိုက်မည့်
အဖော်တစ်ယောက်မှာ မသိန်းသိန်းဖြစ်ကြောင်း ပြောပြထားလေသည်။ မသိန်းသိန်းမှာ ပြည်လမ်းတွင်နေထိုင် သော
မမြမှီ၏သူငယ်ချင်းဖြစ်ပေသည်။ ကုလားဗမာ အဓိကရုဏ်းအတွင်းက မမြမှီအား မသိန်းသိန်းတို့အိမ်သို့
လိုက်ပို့စဉ်က မသိန်းသိန်းနှင့် ကျွန်တော်အသိအကျွမ်း ဖြစ်ခဲ့ကြလေသည်။ အခြားအဖော်တစ်ယောက်
မည်သူမည်ဝါဖြစ်မည်ကို ကျွန်တော်ကြိုတင်၍ သိမထားချေ။
ကျွန်တော်သည် စောစောပင် ကြိုတင်၍ ဘူတာသို့လာခဲ့သည်။ ရထားတွဲများကို နံပါတ်–၁ပလက်ဖောင်းမှာ
ထိုးထားပြီဖြစ်၏။ မီးရထားမှာ မန္တလေးစာပို့ကြီးဖြစ်၍ တွဲများပြား၍ ရှည်လျားလှပေ၏။ ရွှေညောင်သို့ ဟူသော
တွဲများကိုလည်း ချိတ်ပေးထားလေသည်။ မမြမှီသီးသန့်လုပ်ထားသောတွဲမှာ ရွှေညောင်သို့ ဟူသော
တွဲတစ်တွဲဖြစ်ရာ ရှေ့ဆုံးလောက်ရောက်နေသဖြင့် အတော်ပင် ရှာယူရလေသည်။ မမြမှီတို့ကား မရောက်လာသေး။
ရထားတွဲကိုပင် ဖွင့်မပေးသေး။
ကျွန်တော်သည် ပစ္စည်းများကို တွဲရှေ့မှာချထားပြီး ခေါက်တုံ့လျှောက်နေ သည်။ ကလောကို သွားမည်ဖြစ်သဖြင့်
ရှူးဖိနပ်ညိုညိုကိုစီးထားသည်။ ဘလေဇာထူထူကို ဝတ်ထားသည်။ ဘလေဇာမှာ ညိုနုရောင်ဖြစ်လေသည်။
လုံချည်မှာကား ဥပုသ်တော်ဆင်ခေါ် မန္တလေးပိုးလုံချည်ဖြစ်သည်။ အဖြူကွက်များ ဘေးမှ ဖောက်ရက်ထားသည့်
ပိုးမှာလည်း ညိုနုရောင်ပင်ဖြစ်၏။
အထုပ်အပိုးကြီးငယ်နှင့် တတိယတန်းခရီးသည်များက အပြေးအလွှား နေရာရှာပြီး ရေးကြီးသုတ်ပျာ

တွဲပေါ်သို့တက်၍နေကြသည်။ ဈေးသည်များ၏ အော်ဟစ်သံများ ကူလီလုည်းများ၏
ဘီးသံများလည်း
ဆူညံစပြုလေပြီ။ အခြားဒုတိယတန်းတွဲများနှင့် ပထမတန်းတွဲများမှာ လူများရောက်ကြလေပြီ။
မမြမှီတို့ကား
ရောက်မလာသေး။ ကျွန်တော်သည်မကြာခဏ မျှော်ကြည့်မိ၏။ မပေါ်လာသေးတိုင်း
နာရီကိုလည်း ကြည့်မိ၏။
အချိန်များစွာ ကျန်ပါသေးသည်။ ထို့ကြောင့်စိတ်မပူပါ။
အတန်ကြာသောအခါ မမြမှီနှင့် မသိန်းသိန်းတို့ ရောက်လာလေသည်။ သူတို့နောက်မှ
အသက်၄၀နီးပါးမိန်းမကြီးတစ်ယောက် ပါလာလေသည်။ ထိုမိန်းမကြီးကား
ကြည့်ပျော်ရှုပျော်ရုပ်နှင့်
သပ်သပ်ရပ်ရပ် စင်စင်ကြယ်ကြယ် ဝတ်ဆင်ထားသော်လည်း စိန်ရွှေမပါ။ မျက်နှာခြယ်ပုံ
ဆံပြုပြင်ပုံတို့မှာလည်း
ရိုး၊ မမြမှီတို့နှင့် ဆက်ဆံရာမှာလည်း များစွာနိမ့်ချသဖြင့် အစေခံတစ်ယောက်သာ
ဖြစ်ရမည်ဟု
အောက်မေ့လိုက်လေသည်။ ကျွန်တော်တို့နှင့် အတူလိုက်မည်၊ မလိုက်မည်ကိုလည်း
မဝေခွဲတတ်ချေ။
မမြမှီ–
"မောင်တင်ထွန်း ရောက်နေတာ ကြာပြီလား၊ သိပ်စောင့်နေရသလား"
"ကိစ္စမရှိပါဘူး၊ ကျွန်တော်ကတမင် စောစော ကြိုလာခဲ့တာပါ"
မသိန်းသိန်းသည် တွဲနားခပ်မြန်မြန်ကပ်သွားပြီး–
"ဟောတော့ တွဲလည်း မဖွင့်ရသေးဘူး"
ကျွန်တော်က မမြမှီအား–
"မမ ရီဇာ့ဗ်လက်မှတ်ကလေးပေးပါ"
မမြမှီက လက်မှတ်ကလေးထုတ်ပေးလိုက်သောအခါ ကျွန်တော်သည်
လက်မှတ်စစ်တစ်ယောက်ကို
သွားပြလေသည်။ ခဏကြာလျှင် တွဲဖွင့်ပေးကြလေသည်။ တွဲပေါ်သို့ အထုပ်အပိုးများ၊
အိပ်ရာလိပ်များ၊
သေတ္တာများ တင်ပြီးသောအခါ မသိန်းသိန်း တစ်ယောက်တည်း အရင်တက်သွားသည်။
ကျွန်တော်ကမမြမှီအား–
"မမ ကျွန်တော်တို့နဲ့ မသိန်းသိန်းအပြင် ဘယ်သူပါဦးမှာလဲ"
မမြမှီက ပါလာသော မိန်းမကြီးအား လက်ဟန်ခြေဟန်ဖြင့် ရထားပေါ်တက်စေ ရင်း–
"သူလည်းပါလာတယ်လေ"
"ဟုတ်လား၊ သူက ဘယ်သူတုံးမမ"
"ခိုင်းဖို့စေဖို့ ခေါ်ထားတာပါကွယ်၊ သိန်းသိန်းတို့အိမ်မှာနေတယ်၊ သူက သိန်းသိန်းတို့
မွေးစားသမီးပေါ့ကွဲ့"

ကျွန်တော့်မှာ အူကြောင်ကြောင် ဖြစ်သွားပြီး–
"အို မမကလည်း မဟုတ်တာကြီး၊ မသိန်းသိန်းရဲ့ သမီးကလည်း ၄၀အရွယ်ကြီး"
မမြမှီကသဲ့သဲ့ရယ်လိုက်သည်။ ရထားတွဲပေါ်မှာ ထိုမိန်းမကြီးသည် အထုပ်အပိုးများကို နေရာချထားနေသည်။
သိန်းသိန်းကပန်ကာနှင့် မီးများကို အကုန်လုံးဖွင့်နေလေသည်။
"မောင်တင်ထွန်းကလည်း၊ မွေးစားတဲ့သမီးဆိုတာ ဘယ်အရွယ်ဖြစ်ဖြစ် မွေးစားနိုင်တာပေါ့၊ တကယ်မွေးထုတ်ရတာမှ မဟုတ်ဘဲ ဟဲဟဲ၊ မယုံရင်သိန်းသိန်း ကိုမေးကြည့်၊ မွေးစားသမီး ဟုတ်မဟုတ်၊ ကဲ
ကဲတက်ကြစို့"
ကျွန်တော်တို့အပေါ်သို့ရောက်သောအခါ မမြမှီက–
"သိန်းသိန်းရာ ပန်ကာက လွန်လွန်းပါတယ်ကွာ၊ နည်းနည်းလျှော့လိုက်ပါဦး"
သိန်းသိန်းသည် ပန်ကာအရှိန်ကိုလျှော့ချလိုက်သည်။ မမြမှီသည် ခေါင်းရင်းဘက်ရှိ ညာဘက်ထောင့်ခုံမှာထိုင်လိုက်သည်။ ကျွန်တော့်အား ခြေရင်းဘက်ရှိ ညာဘက်ထောင့်ခုံမှာ အထိုင်ခိုင်းသည်။
သိန်းသိန်းမွေးစားသမီး မိန်းမကြီးကား ဘယ်ဘက်ခုံများမှာ ထိုင်ကြလေသည်။
ကျွန်တော်ကမထိုင်သေး။ အနည်းငယ်အိုက်လာသဖြင့် ဘလေဇာကုတ်အင်္ကျီကို ချွတ်ရန် ဟန်ပြင်နေလေသည်။
မမြမှီက ကျွန်တော့်အား ရွှန်းရွှန်းစားစားကြီး ကြည့်နေရာမှ–
"ထိုင်လေ မောင်လေး"
"ဟုတ်ကဲ့ထိုင်ပါ့မယ်၊ နည်းနည်းအိုက်လာတယ်"
ကျွန်တော်က ကုတ်အင်္ကျီကို ချွတ်နေစဉ် မမြမှီကပြုံးလျက်–
"မချွတ်ပါနဲ့ဦး၊ ဒီအတိုင်း ဝတ်ထားလိုက်စမ်းပါဦး"
"ဘာလို့လဲ မမရဲ့"
ကုတ်အင်္ကျီကိုပြန်ဝတ်လိုက်သည်။
"ကြည့်ကောင်းလို့"
ကျွန်တော်ကား ဘာမျှ ပြန်မပြောနိုင်ဘဲ ခြေဖျားထောက်၍ မြောက်သွားမိသည်။
"ကြည့်ကောင်းတယ်ကွ၊ ခုလို သပ်သပ်ရပ်ရပ် အဆင်ပြေပြေလည်း ဝတ်ဦးမှပေါ့။ မောင်လေးဖို့
ပိုးလုံချည်နှစ်ထည်ရယ်၊ ဆွယ်တာရယ်၊ အပေါ်အင်္ကျီတစ်ထည်ရည် ဝယ်လာသေးတယ်။ သက္ကလတ်
အပေါ်အင်္ကျီကခုလိုပဲ ညိုဖျော့ဖျော့အရောင်ပဲ၊ ပြီးတော့မှ ဖွင့်ပြမယ်"
ကျွန်တော်ကမမြမှီအား အဓိပ္ပာယ်ကွယ်ဝှက်ချက် လုံးဝမရှိသော အပြုံးဖြင့်သာ အဖြေပေးနေလေသည်။
မသိန်းသိန်းကား ရထားပြင်ဘက် ပလက်ဖောင်းပေါ်သို့ မျှော်ကြည့်နေလေသည်။
မိန်းမကြီးကား

ဘာတစ်ခုမျှမကြားဟန်ဖြင့် အချို့အထုပ်များကို ဖြေနေ၏။
မမြမှီကျေနပ်အောင် အတန်ကြာမျှ အအိုက်ခံနေပြီးနောက် ဘလေဇာကုတ်ကို ချွတ်ပြီး ခေါင်းရင်းနံရံမှ
ချိတ်တွင်ချိတ်ထားလိုက်ပေသည်။
ရထားအပြင်ဘက် ထွက်မျှော်နေသော မသိန်းသိန်းအား မမြမှီက လှမ်းပြီး–
"သိန်းသိန်းရေ ကိုခင်မောင်လာဦးမလား"
"ကိုကိုက စကားနှစ်ခွပြောသွားတာပဲ၊ သူတို့အစည်းအဝေး စောစောပြီးရင်တော့ မီးရထားဆင်းပို့မယ်တဲ့၊
မပြီးရင်လည်း မပို့တော့ဘူးတဲ့"
"ဒါဖြင့် မျှော်မနေပါနဲ့တော့ကွာ"
"မျှော်တာတော့ မဟုတ်ပါဘူး၊ အပြင်ဘက် ဟိုဟိုသည်သည် ကြည့်နေတာပါ"
"ကိုခင်မောင်က သိန်းသိန်းအတွက် ဘာမှ စိတ်ပူမှာ မဟုတ်ပါဘူး၊ မွေးစားသမီး အစောင့်အရှောက်ပါရင်
ဘယ်ကိုသွားသွား စိတ်ချတာပဲ မဟုတ်လား"
"မချိုပါရှုံနဲ့ ဘယ်စိတ်ချမှာလဲ၊ မြမြလည်းပါလို့ စိတ်ချတာပါ"
"အေးအပြန်အလှန်ပေါ့လေ၊ ကိုယ်တို့အိမ်က ဂီလာနဆရာကလည်း သိန်းသိန်းပါလို့ စိတ်ချတာ၊ မချိုပါရှုံနဲ့ဆိုရင်
စိတ်ချမှာ မဟုတ်ဘူး ဟာ ဟ"
မမြမှီကကလိဆွသော ရယ်ခြင်းဖြင့် ရယ်လိုက်သည်။ ကျွန်တော်သည် အိမ်ခန်းတွင်းမှာ သွက်ချာပါဒဖြင့် မလှုပ်နိုင်
မရှားနိုင် ကျန်ရစ်ခဲ့သော ဦးထွန်းဝင်းကို ပြေးသတိရလိုက်သည်။ မမြမှီအား "ကျွန်တော်ပါလို့ကော ဦးထွန်းဝင်းက
ပိုစိတ်မချပေဘူးလား"ဟု မေးလိုက်ချင်သည်။ သို့သော် ဘယ်အခ်ပွာယ်သို့ ရောက်သွားပြီး ဘယ်လိုအခ်ပွာယ်ကောက်နိုင်မည်ဟု မဝေခွဲနိုင်သဖြင့် မမေးလိုက်ပေ။
မချိုဆိုသော မိန်းမကြီးကား ကျွန်တော်တို့ ဘာပြောနေသည်ကိုဘာမျှ ဂရုစိုက်ဟန်မရှိသဖြင့် နားများလေးနေရော့သလားဟု ထင်မိလေသည်။
အတန်ကြာသောအခါ ရထားထွက်ရန် ဝီစီမှုတ်လေသည်။ ကျွန်တော်တို့တွဲမှာ သီးသန့်တွဲဖြစ်သဖြင့် ဘယ်သူမျှ
မတက်နိုင်ကြချေ။ အချို့တွဲများပေါ်သို့ကား နောက်ကျသော ခရီးသည်အချို့ အပြေးအလွှား အတင်းတက်နေသည်ကို မြင်ရလေ သည်။ နောက်ထပ်ဝီစီတစ်ချက်မှုတ်သောအခါ သိန်းသိန်းသည် အိပ်ရာလိပ်မှာ
ထိုးထားသောတုတ်တစ်ချောင်းကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ ကြမ်းပြင်ပေါ်ဝယ် တုတ်ဖြင့် နှစ်ချက် နာနာနှင့်
တစ်ချက်သာသာ၊ သို့မဟုတ် နှစ်ချက်တစ်ဝက် ခေါက်လိုက်လေသည်။ ထိုအခါမှ မချိုသည်

မသိန်းသိန်းဘက်ကျောပေးပြီး ကြမ်းပြင်ပေါ်ထိုင်အလုပ်လုပ်နေရာမှ မတ်တတ်ရပ်ကာ မသိန်းသိန်းဘက်
လှည့်လာလေသည်။ ထိုခဏ၌မီးရထားလည်း ထွက်လေတော့သည်။ မချိုဆိုသော ထိုမိန်းမကြီးကား
နားထိုင်းသည်မှာ သေချာပေသည်။
မသိန်းသိန်းကား မချိုအား လက်ဟန်ခြေဟန်ဖြင့် အိပ်ရာလိပ်များ ဖြန့်ခင်းရန်၊ ညအိပ်တော့ ဝတ်အိပ်ဖို့အင်္ကျီတစ်ပတ်ရစ်များ ထုတ်ပေးရန်စသည်များကို လက်ဟန်ခြေဟန်ဖြင့်
ညွှန်ကြားလေတော့သည်။
မချိုကအသံသေး အသံကြောင်ဖြင့် အီး အဲ အေး လုပ်ပြီး တုံ့ပြန်နေသည်ကို ကြားရသဖြင့် မချိုမှာ
စကားလည်းဆွံ့အ ကြောင်းသိရပေတော့သည်။ မျက်စိမစောင်း၊ မေးမရွဲ့၊ ကိုယ်အင်္ဂါ မချို့တဲ့ဘဲ နားထိုင်းပြီး
ဆွံ့အနေခြင်းအတွက်ပိုအံ့သြနေမိလေသည်။
မီးရထားသည် ဥသြသံတအူအူ၊ မောင်းလက်တံ တရှောင်းရှောင်း၊ ဘီးသီတဂျုန်းဂျုန်းနှင့် ရန်ကုန်မြို့အား
နှုတ်ဆက်ကာ ထွက်လာခဲ့ရာ မြို့ပြင်ရောက်သောအခါအရှိန်မြန်လာ၏။
အောက်ခုံနှစ်တန်းပေါ်တွင် မမြမှီနှင့် မသိန်းသိန်းတို့အတွက် အိပ်ရာများ ခင်းထားသည်။
အလယ်ကကြမ်းပြင်ပေါ်မှာ မချိုအတွက် အိပ်ရာခင်းသည်။ ခေါင်မိုးတွင် ဆွဲချိတ်ထားသော အိပ်ရာတစ်ခုပေါ်တွင်
ကျွန်တော့်အိပ်ရာကို ကျွန်တော့်ဘာသာ ပြင်ထားလိုက်ပေသည်။ သို့သော် စောသေးသဖြင့် မအိပ်ကြသေးပေ။
ကျွန်တော်သည် မမြမှီ၏ အိပ်ရာခြေရင်းဘက်တွင် ထိုင်ရင်း အပြင်သို့ကြည့်လိုက်သည်။ ဆန်းနေသော
လကွေးကွေးကလေးကိုကြည့်ရင်း ခရီး၏ အနာဂတ်ကို ကြိုကြည့်လိုက်သည်။ ခရီးသွားအဖော်များကား
နှစ်လိုဖွယ်ကောင်းသော ချစ်မမ–မမြမှီ၊ မမြမှီထားရာကနေသော မသိန်းသိန်း၊ နားထိုင်း ဆွံ့အသော မချို။
ငွေလကွေးကွေးကလေးနှင့် ကြယ်တာရာတို့သည် ကျွန်တော်တို့နှင့်ထပ်ကြပ် မကွာ အပြေးလိုက်ပါလာကြလေသည်။ မည်းမည်းအုပ်အုပ် သစ်ပင်များကား ကျွန်တော်တို့ နောက်ဘက်သို့
ပြေးသွားကြသည်။
ကျွန်တော်သည် အတွေးများတွင် နစ်မြုပ်နေ၏။ သို့သော် အတွေးများကား ငွေလကွေးကွေးနှင့် ကြယ်တာရာများလို
ကျွန်တော်နှင့် ထပ်ကြပ်ပါလာသော အတွေးများမဟုတ်၊ တစ်ခုပြီးတစ်ခု မှုန်မွှားပျောက်ကွယ် ကျန်ရစ်ပေသည်။

“မောင်တင်ထွန်း ကြည့်စမ်းပါဦး၊ မမကတော့ လိုက်မယ်ထင်တဲ့ အဆင်တွေ ရွေးဝယ်လာခဲ့တာပဲ”
မမြမှီ၏အသံက ကျွန်တော့်အား လှုပ်နှိုးလိုက်သည်သို့ ရှိလေသည်။
ရထားတွဲအတွင်းဘက်သို့ လှည့်ထိုင်ပြီး ကြည့်လိုက်သောအခါ ကျွန်တော့်အနီးမှာ ဖြန့်ချထားသော
ဘန်ကောက်လုံချည်နှစ်ထည်နှင့် ဆွယ်တာတစ်ထည်ကို မြင်ရလေသည်။
ဘန်ကောက်တစ်ထည်မှာ ကြည်ပြာရောင်၊
အခြားတစ်ထည်မှာ နံ့သာရောင်၊ ဆွယ်တာမှာ အဝါနု၊ ပြီးတော့ သက္ကလတ် အပေါ်အင်္ကျီ အညိုနု။
“မမကလည်း ဒုက္ခရှာလို့ဗျာ၊ ကျွန်တော်က ဒီလိုအထည်ကောင်း အဖိုးတန်တွေကို ဝတ်တတ်တာမှ မဟုတ်ဘဲ”
သို့ကလို ကျွန်တော့်ပါးစပ်က ထွက်နေသော်လည်း စိတ်ထဲမှာကား မမြမှီ၏ စေတနာအဟုန်သည် ကျွန်တော့်အား
သိမ်းကျုံးရစ်ပတ်နေပြီကိုကား ခံစားနေမိလေ သည်။ မမြမှီက ခနဲ့သည့်အပြုံးဖြင့်–
“မဝတ်တတ်ရင် ဝတ်တတ်အောင် မမက သင်ပေးမယ်လို့ သိရဲ့လား ဟဲ ဟဲ”
သိန်းသိန်းကား ညဝတ်ရန် အင်္ကျီ၊ လုံချည်များကို ယူလျက် ရေချိုးခန်းထဲသို့ ဝင်သွားလေသည်။
မမြမှီသည်ကျွန်တော့်ရှေ့မှာ ဖြန့်ထားသော လက်ဆောင်လုံချည် များနှင့် ဆွယ်တာကိုခေါက်လျက်
ကျွန်တော့်ရင်ခွင်ပေါ်သို့ ပစ်တင်လိုက်သည်။ ကျွန်တော်ကလည်း ပွေ့ယူထားပြီး မမြမှီအား ငေးစိုက်၍
ကြည့်နေလိုက်၏။ မမြမှီ၏ မျက်လုံးများမှာ ရီဝေနေသည်။
မီးရထားသည် တဝုန်းဝုန်း တဝေါဝေါ ကြီးမားသော အရှိန်ဖြင့် ခုတ်မောင်းနေ လေသည်။
သိန်းသိန်းရေချိုးခန်းမှထွက်လာသောအခါ မမြမှီလည်း ညဝတ်ရန် အဝတ်များယူပြီး ရေချိုးခန်းထဲသို့
ဝင်သွားလေသည်။
မချိုသည် လုပ်စရာရှိသည်များ ပြီးပြီဖြစ်သဖြင့် ကြမ်းပြင်ပေါ်မှာ ခင်းထားသော သူ့အိပ်ရာပေါ်တွင်ဖင်ချ၍ထိုင်ရင်း
ဆေးပေါ့လိပ်သောက်နေလေ သည်။ မီးဖွားများ မလွင့်အောင် သံဘူးကလေးဖြင့် ခံထား၏။
ကျွန်တော်သည်သေတ္တာကိုဖွင့်၍ မမြမှီပေးထားသော လက်ဆောင်များကို ထည့်ထားပြီး လမ်းမှာအပျင်းပြေဖတ်ရန်
ယူလာသော စာအုပ်များကို ထုတ်ယူထားလိုက်သည်။ ဆိုဗီယက် ရုရှား၊ လူဦးရေ ပြဿနာများ၊ စုံထောက်
မောင်စံရှား၊ ဇဝနပုံပြင်များ။

သိန်းသိန်းကလည်း သူယူခဲ့သော မဂ္ဂဇင်းများကို ထုတ်ယူနေသည်။ ဒဂုန်မဂ္ဂဇင်း၊
သူရိယမဂ္ဂဇင်း၊
မြန်မာ့အလင်းမဂ္ဂဇင်း။
သိန်းသိန်းသည် ဒဂုန်မဂ္ဂဇင်းကို လှန်လှောပြီးနေရာမှ ကျွန်တော့်တွင် ပါလာသော
စာအုပ်များကို
မျက်စိကျနေဟန်ရှိသည်။
"ကိုတင်ထွန်း ရှင့်စာအုပ်တွေကို ကျွန်မမဖတ်ရဘူးလား"
"ဖတ်နိုင်တာပေါ့ မသိန်းသိန်းရဲ့၊ ဘယ်ဟာကြိုက်သလဲ"
မသိန်းသိန်းက ကလေးကြီးလို ပြုံးပြီး–
"ဇဝနပုံပြင်"
ကျွန်တော်က မသိန်းသိန်း၏ ကလေးဆန်သော အပြုံးနှင့် ကလေးဆန်သော အကြိုက်ကို
စိတ်ထဲမှာကျိတ်ရယ်ရင်း
ဇဝနပုံပြင်ကို လှမ်းပေးလိုက်သည်။ ထိုအခိုက် မမြမှီသည် ရေချိုးခန်းမှ ထွက်လာလေ၏။
မချိုသည်
မသိန်းသိန်းနှင့် မမြမှီတို့၏ အင်္ကျီ၊ လုံချည်များကိုသပ်ရပ်စွာ ခေါက်နေသည်။
မမြမှီသည် ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရင်း–
"ဘာစာအုပ်တွေပါလိမ့်၊ မမဖတ်ဖို့ ရွေးရအောင်၊ ဘယ်စာအုပ်က ဘာဆိုတာ မမကို
ပြောပြစမ်းပါဦး"
ကျွန်တော်ကတစ်အုပ်စီ ကောက်ကိုင်ပြပြီး ရှင်းပြောသည်။
"ဒါက ကြီးပွားရေး ဦးလှရေးတဲ့ ဆိုဗီယက်ရုရှားအကြောင်းစာအုပ်၊ ရုရှားမှာ ဇာဘုရင်
အုပ်စိုးစဉ်က
တောင်သူလယ်သမား၊ ဆင်းရဲသားအလုပ်သမားတွေ အညှဉ်းဆဲခံရပုံတွေ၊ ဆင်းရဲသားတွေက
ခနရှင်တွေ၊
မြေပိုင်ရှင်တွေကို ဆန့်ကျင်ပြီး ပုန်ကန်ပုံတွေ၊ လီနင်တို့ စတာလင်တို့စတဲ့
ရုရှားခေါင်းဆောင်ကြီးတွေရဲ့
အကြောင်းတွေ ရေးထားတယ်၊ သခင်နုရေးတဲ့ လူမွဲတို့၏ ထွက်ရပ်လမ်း စာအုပ်လိုပါပဲ"
"ဒီစာအုပ်ကိုတော့ မမ မဖတ်ချင်ဘူး၊ နောက်တစ်အုပ်အကြောင်း ပြောပြပါဦး"
"ဟောဒါက လူဦးရေပြဿနာတဲ့၊ ရေးတဲ့လူတွေကတော့ ဦးကံကြီး ဘီအေ–ဘီအီးဒီနဲ့
ဦးကိုကိုလေး
ဘီအက်စ်စီတို့ဖြစ်တယ်။ သူတို့ဟာ ဘိလပ်ကို ပညာတော်သင် သွားတဲ့လူတွေဖြစ် တယ်၊
မြန်မာတွေဟာ
နိုင်ငံကြီးတွေနဲ့ ရင်ပေါင်တန်းလိုက်နိုင်အောင် ဆိုတဲ့ စေတနာနဲ့ နိုင်ငံခြားမှာ
ရခဲ့တဲ့ဗဟုသုတတွေနဲ့ ယှဉ်ပြီး
ရေးထားတယ်၊ မြန်မာတွေရဲ့ ဖွားသေစာရင်းပြပြီး အဖတ်တင်တဲ့ လူဦးရေ
နည်းသေးတဲ့အကြောင်း ၊

နံ့စို့ပုခက်တွင်း ကလေးတွေအများအပြား သေဆုံးပုံ အကြောင်း၊ အရွယ်ရောက်တဲ့ လူတွေကြားမှာလည်း
ကာလသားရောဂါနဲ့ သေပျောက် တာများပုံတွေ ရေးထားတယ်။
ကျွန်တော်အသေးစိတ်မဖတ်ရသေးဘူး။
မာတိကာနဲ့ နိဒါန်းကိုကြည့်ပြီး ပြောနေတာ၊ သို့ပေမယ့် အလွန်မှတ်သားဖွယ်ကောင်း တဲ့ အချက်အလက်တွေပါတယ်ဆိုတာတော့ သိနိုင်ပါတယ်။ ဒီစာအုပ်ဖတ်မယ်လား"
"ဒါက မင်းတို့ နိုင်ငံရေးသမားတွေ ဖတ်ဖို့ပါကွယ်၊ မမတို့ဖတ်ရင် သိပ်စိတ်ဝင်စားမယ် မထင်ဘူး"
"ဒါဖြင့် စုံထောက်ဦးစံရှားကိုတော့ စိတ်ဝင်စားမှာပဲ ထင်တယ်။ ဆရာကြီး ဦးရွှေဒေါင်းဆိုတာ စုံထောက်ဝတ္ထုရေးရာမှာ ပါရဂူပဲ မမရဲ့။ အင်မတန် လူ့စိတ်ကို ဆွဲဆောင်နိုင်တဲ့ အရေးအသားပဲ။ ဒေါ်အုန်းသင်နှင့်
သားများ စာအုပ်ကုမ္ပဏီက စုံထောက်မောင်စံရှားဝတ္ထုတိုကလေးတွေကို စုပေါင်းပြီး ထုတ်ထားတာ။ ဒါက
ပထမတွဲ၊ ဒါက ဒုတိယတွဲ"
ရွှေဥဒေါင်းရဲ့ စုံထောက်ဝတ္ထုတွေ မမသိပ်ကြိုက်တယ်။ အဲဒီထဲ ဘယ်ဝတ္ထုများ ပါပါလိမ့်မလဲ"
ကျွန်တော်က ဒုတိယတွဲတွင်ပါသော ဝတ္ထုတိုကလေးများအမည်ကို ဖတ်ပြသည်။ "တဂူကူးကူ၊ ခြေကျိုးကြိုင်၊
စစ်ဗိုလ်လင်မယား၊ လေ့သူကြီး ဦးမိုးသီး၊ မေးခွန်းပုစ္ဆာ၊ ရုပ်ရှင်မင်းသမီး၊ လက်ပြတ်အင်ဂျင်နီယာ"
"အေးကောင်းတယ်၊ အဲဒီစာအုပ်ကို မမဖတ်မယ်"
မမြမှီသည် စုံထောက်မောင်စံရှား ဒုတိယတွဲကို လှမ်းယူလိုက်သည်။ မသိန်းသိန်းကား ဇဝနပုံပြင်တွင်
စိတ်ရှင်လန်းနေ၏။
ပဲခူးဘူတာသို့ရောက်သောအခါ ကျွန်တော်တို့ ၃ဦးစလုံး စာအုပ်ကိုယ်စီဖြင့် ငြိမ်နေကြလေသည်။ မချိုကား
ဆေးပေါ့လိပ်မှိန်းလျက်။
ကျွန်တော်တို့၏တွဲကိုအတွင်းမှ အလုံပိတ်ထားလိုက်သဖြင့် ဘာတစ်ခုမျှ မစိုးရိမ်ရဘဲ အေးချမ်းစွာ
စီးနင်းလိုက်ပါနိုင်ကြပေ၏။
ပဲခူးမှထွက်ခဲ့ပြီးအတန်ကြာအခါ သိန်းသိန်းသည် သူ့ခေါင်းရင်းမှ မီးလုံးကလေးကို ငြိမ်းကာအိပ်လေ၏။
မချိုလည်း ကြမ်းပြင်ပေါ်တွင် ခင်းထားသော သူ့အိပ်ရာ၌ သိန်းသိန်းဘက်သို့ စောင်း၍ အိပ်နေလေ၏။ မမြမှီနှင့်
ကျွန်တော်တို့ကား စာဆက်ဖတ်ကြတုန်းဖြစ်လေသည်။

ဆယ့်ငါးမိနစ်လောက်ကြာသောအခါ မမြမှီသည် စာအုပ်ကို ရင်ခွင်ပေါ်မှာ မှောက်တင်ထားပြီး ခါးကိုကော့၊
ခြေကိုဆန့်လျက် အပျင်းထုတ်ကာ သမ်းလိုက်လေသည်။
"မမ အိပ်ချင်ပြီလား၊ ကျွန်တော်အပေါ်တက်ပြီး ဖတ်မယ်လေ"
ကျွန်တော်ကထိုင်ရာမှ ထလိုက်လေသည်။
"ကိစ္စမရှိပါဘူးကွ၊ မမအိပ်ချင်လည်း ဒီလိုပဲ အိပ်လိုက်မှာပေါ့၊ မောင်လေးက အဲဒီနေရာမှာ ထိုင်ဖတ်နေနိုင်သားပဲ"
မမြမှီသည် ရီဝေမျက်လုံးနှင့် ရီဝေသော အပြုံးများဖြင့် ကျွန်တော့်အား မော့ကြည့်နေပြီးနောက် သိန်းသိန်းဘက်သို့
လှည့်ကာ–
"ဟော့ သိန်းသိန်း၊ အိပ်ပျော်နေပြီလား"
သိန်းသိန်းကား တုတ်တုတ်မျှ မလှုပ်။ သိုးနေအောင် အိပ်ပျော်နေဟန်ရှိ သည်။
"သိန်းသိန်းတော့ အိပ်ပျော်သွားပြီ၊ မချိုကော အိပ်ပျော်နေပြီလား"
ကျွန်တော့်စိတ်ထဲမှာ အကြံတစ်ခုဖြစ်ပေါ်လာပြီး ကလိဆွ၍ ပြုံးမိခြင်းမျိုးဖြင့် ပြုံးလိုက်သည်။ ထိုအပြုံးကို မမြမှီက
မိသွားသည်။
"ဘာပြုံးတာလဲကွ၊ မင်းအပြုံး မရိုးဘူးထင်တယ်"
မမြမှီသည် ကိုယ်ကိုစောင်နှင့်ခေါင်းအုံးပုံပေါ်ပစ်မှီလိုက်ပြီး အကြော်အခြင် တောင့်လို့ ညှစ်ထုတ်သလို
ကိုယ်လက်တို့ကို ညှစ်ထုတ်နေလေသည်။
ကျွန်တော်သည် မသိန်းသိန်း၏ ခြေရင်းဘက်တွင် ထောင်ထားသော တုတ်ကိုယူပြီး ကြမ်းပြင်ပေါ်မှာ
မသိန်းသိန်းခေါက်သလို နှစ်ချက်နာနာနှင့် တစ်ချက်သာသာ ခေါက်လိုက်၏။ မချိုကား မလှုပ်။
သေချာပေါက်အိပ်ပျော်နေ လေပြီ။
"ဟုတ်တယ် မမက မေ့သွားတယ်၊ သူကဒီလိုအချက်ပေးမှရတယ်။ မချိုလည်း အိပ်ပျော်သွားပြီနော်
သိန်းသိန်းလည်း မကောင်းဘူး။ မချိုလည်းမကောင်းဘူး။ မမကို မစောင့်ဘဲ အိပ်ပျော်သွားကြတယ်"
ကျွန်တော်ကမမြမှီ၏အိပ်ရာ အထက်တည့်တည့် အမိုးချိတ်ထားသော ခုံတန်း၌ ကျွန်တော့်အိပ်ရာကို
ပြင်ဟန်ပြုရင်း–
"ကဲ ကျွန်တော်လည်း အိပ်တော့မယ်။ ကျွန်တော်ခြေရင်းက ထိုင်စာဖတ်နေရင် မမခြေကောင်းကောင်းဆန့်သာမှာ
မဟုတ်ဘူး"

"ဩော် ဒါဖြင့် မောင်လေးလည်း မမကိုမစောင့်ဘဲ အိပ်တော့မှာပေါ့နော်၊ မောင်လေးလည်း သိန်းသိန်းတို့လိုပ
`မကောင်းဘူး"
မမြမီသည် ငယ်မူပါသော မျက်စောင်းဖြင့် ကျွန်တော့်အား ကလိလိုက်လေသည်။ ကျွန်တော့်တစ်ကိုယ်လုံးကား
နတ်ပူးသလို ဖြစ်သွားပေ၏။ အပေါ်ထပ်အိပ်ရာသို့ တက်ရန် ဟန်မပြင်နိုင်တော့ပေ။ ခြေကိုင်ရမလိုလို၊
လက်ကိုင်ရမလိုလိုဖြင့် မတ်တတ်ရပ်လျက် စောင်နှင့်ခေါင်းအုံးပေါ်တွင် လှဲမှီနေသော မမြမီ၏ ရမ္မက်အာသာဖြင့်ဝင်းလက်ကာ ငယ်မူ ကြာမူပေါ်နေသော မျက်နှာကို လည်းကောင်း၊ တအိအိမသိမသာ
လှုပ်ရှားနေသော ဖောင်းကြွသည့် ရင်သားများကို လည်းကောင်း၊ ငေးစိုက်ကြည့်နေမိလေတော့သည်။
ဘာပြောရမည်လည်း မသိ။ အာဆေးထည့်ထားသလို ခံစားနေရ၏။ တစ်ကိုယ်လုံးရှိ သွေးတို့ပင်လျှင်
ရပ်နေကြဟန်တူ၏။
မမြမီသည် ကျွန်တော့်အားမိထားပြီဟု သိနေဟန်ရှိသည်။ ခါးကိုကော့လိုက် ပြီး ကိုယ်ကိုတွဲနံ့ရံဘေးကပ်လိုက်သည်။ ပြီးနောက်နံရံဘက်ကပေါင်ကိုမြှောက်ထားလေ သည်။ ဒူးကွေးပေါ်မှ
ဖြာကျနေသော ဖဲထဘီတစ်ပတ်ရစ်သည် ပန်ကာလေ တွင်လှိုင်းထနေ၏။ ကျွန်တော့်ဘက်မှာရှိသော
ပေါင်တံခြေသလုံးကိုကား ဆန့်တန်း၍ထားလေရာ ဖီထဘီအောက်ခြေ ခပ်ရွှေ့ရွှေ့တွင် ခြေသလုံးသားများသည်
ဖွေးခနဲ ပေါ်နေလေသည်။
"မောင်လေး ဘာကြည့်နေတာလဲ မအိပ်သေးဘူးမဟုတ်လား"
ကျွန်တော်သည် ရင်ဝမှာ တစ်ဆို့နေသော အလုံးကြီးကို မနည်းမျိုချပြီး–
"အိပ်တော့မယ် မမရာ"
သို့ကလိုပြောရသော်လည်း ကိုယ်ခန္ဓာကား စပါးကြီးချက်ညှို့ခံထားရသလို မရွေ့မရှားဖြစ်နေ၏။
မမြမီသည် သူ့ခါးလယ်နား ဘေးဘက်မှာ လက်ဖြင့် ပုတ်ခတ်ပြရင်း–
"ထိုင်လေ၊ ဒီမှာထိုင်"
ကျွန်တော်ကား ငယ်ရွယ်သောသူ မဟုတ်ပါ။ ကိလေသာ ကုန်ခန်းနေသည့် ရသေ့ ရဟန်းလည်းမဟုတ်ပါ။ ၄င်းပြင်
ခုအချိန်အခါမျိုးမှာ ဈာန်ရနေသူပင် ဈာန်လျှောမည် ထင်ရပေသည်။ ကျွန်တော့်မှာ ဘာမျှအထွေအထူး

မတွေးနိုင်တော့ ချေ။ မမြမှီပြောသည့်အတိုင်း မမြမှီပြသည့်နေရာ သူ့ဘေးမှာကပ်၍ ထိုင်ချလိုက်လေသည်။
တစ်ကိုယ်လုံးကတော့ တဆတ်ဆတ်တုန်နေသည်။ မျက်လုံးများလည်း ပြာဝေနေ၏။
မမြမှီက ကျွန်တော့်လက်ဖျားများကို ယုယစွာ ဆုပ်ကိုင်ရင်း–
"မောင်လေး မမနဲ့ခရီးထွက်ခဲ့ရတာ မပျော်ဘူးထင်တယ်"
ကျွန်တော်ကား မမြမှီအား မကြည့်ဘဲ မျက်နှာကို အခြားဘက် လွှဲထားရင်း–
"ပျော်ပါတယ် မမရဲ့"
"မင်းကြည့်ရတာ ပျော်တယ်မထင်ပါဘူးကွယ်၊ ကြည့်စမ်း လက်ဖျားတွေလည်း အေးလို့၊ မျက်နှာကို
ဒီဘက်လှည့်စမ်းပါဦး"
ကျွန်တော်က မမြမှီဘက်သို့ လှည့်လိုက်သည်။ မမြမှီ၏မျက်နှာမှာ အာသာရမ္မက်ဖြင့် တဖျတ်ဖျတ်တောက်နေသည်။ ချစ်သွေးတွေ ထကြွလာသဖြင့် အလှမှာ
အထူးစိုပြည်လန်းဆတ်လာသည်ဟုထင်၏။
မမြမှီသည် ကျွန်တော့်လက်များကို သူ့ရင်ခွင်မှာအပ်ပြီး ဆုပ်နယ်နေ၏။ ခဏချင်းတွင် ကျွန်တော့်လက်များမှာ
ပူနွေးလာ၏။ ကျွန်တော်သည် မမြမှီအား သိမ်းကျုံးဖက်ယူလိုက်လေသည်။ သူမ၏ခါးမှာ ကော့နေပြီး
ကိုယ်မှာပျော့လှသည်။ မျက်နှာမှာလည်း မော့ပြီးသားဖြစ်၏။ ကျွန်တော်ကပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်
အဖန်ဖန်မွှေးသည်။ မမြမှီက ကျွန်တော့်ပါး၊ နှုတ်ခမ်း၊ နဖူးများပေါ်တွင် အကြိမ်ကြိမ် တုံ့ပြန်သည်။ မမြမှီသည်
ကျွန်တော့်အား အားပါးတရ အကြိမ်ကြိမ် တုံ့ပြန်ပြီးနောက် ရှိုင်ငင်သောအသံဖြင့်–
"မမဖြင့်မောင်လေးကို ဘယ်လောက်ချစ်မှန်းမသိဘူး"
ကျွန်တော်ကဘာမျှမပြော။ ကျစ်ကျစ်ပါအောင်သာ ဖက်ထားသည်။
ထိုခဏ၌ ကျွန်တော့်မျက်စိထဲတွင် မခင်သစ်ကလေးသည် ဖျတ်ခနဲပေါ်လာ လေသည်။
"ပြောစမ်းပါ မမကိုချစ်ကဲ့လား"
ကျွန်တော်ကမဖြေနိုင်။ ကျစ်ကျစ်ပါအောင်ဖက်ပြီး ပါးချင်းအပ်၍သာ ထားရသည်။
မမြမှီသည် ကျွန်တော့်အားဖက်ထားသော လက်များကို ဖြုတ်ပြီး ခေါင်းရင်းမှ မီးခလုတ်ကို ပိတ်လိုက်လေသည်။
ပြီးတော့ကျွန်တော့်အား ချစ်ခြင်းကြီးစွာဖြင့် ဖက်ပြန်လေသည်။ နမ်းလိုက်သည်မှာလည်း ကျွန်တော့်မျက်နှာမှာ
နေရာကွက်လပ် မကျန်အောင် ဖြစ်လေသည်။
ပါးစပ်ကလည်း တတွတ်တွတ်နှင့် "မမကမောင်လေးကို သိပ်ချစ်တာပဲ"ဟု ပြောနေသည်။ "မမကိုမောင်လေးက
ချစ်ကဲ့လား"ဟု မေးနေသည်။

ကျွန်တော်ကား အချစ်ဦး မခင်သစ်ကလေးအား ငဲ့မနေနိုင်တော့ပြီ။
"ချစ်ပါတယ်မမရဲ့၊ မချစ်ဘဲနဲ့ ဒီလိုလုပ်ပါ့မလား"
သည်လိုပြောပြီး ကျွန်တော်ကတစ်ဖန် မမြမှီ၏ မျက်နှာတွင် နေရာကွက်လပ်မကျန်အောင် နမ်းရပြန်လေသည်။
နောက်တော့ မမြမှီ၏ ခေါင်းနှင့်ကျောကို စောင်နှင့်ခေါင်းအုံးပုံပေါ်မှာ တင်ထားပြီး ကျွန်တော်က သူ့ရင်ပေါ်တွင်
ခေါင်းအုံးထားလေသည်။ မမလက်များက ကျွန်တော့်ဆံပင်များနှင့်
နားရွက်များကိုကစားနေသည်။
ကျွန်တော့်လက်များကား ဟိုဟိုသည်သည် ဆော့ကစားနေသည်။
"မမကို ချစ်တဲ့လား ပြောပါဦး"
"ချစ်ပါတယ်၊ မမဟာ ကျွန်တော့်အချစ်ဆုံး"
"ချစ်ပါတယ်ဆိုတဲ့ စကားကလေးကြားရတာ အားမရလို့ မေးနေတာပါ မောင်ကလေးရယ်၊ မမကို
အစဉ်သနားပါကွယ်၊ မမဟာ အချစ်ဆာလောင်နေတဲ့သူပါ"
ထိုခဏ၌ ဦးထွန်းဝင်းသည် ကျွန်တော့်မျက်စိထဲမှာ ဖျတ်ခနဲပေါ်လာလေသည်။
သွက်ချာပါဒရောဂါဖြင့်
အိပ်ရာပေါ်မှာ လှဲနေရသော ဦးထွန်းဝင်း၏ ရုပ်ပုံလွှာသည် ကျွန်တော့်အား စိတ်ကူးယဉ်အိပ်မက်မှ
လှုပ်နှိုးလိုက်သကဲ့သို့ ရှိပေ၏။ နတ်ဘုံနတ်နန်းသည် ချက်ချင်း အဝီစိငရဲအဖြစ်သို့ ပြောင်းလဲသွားသလိုရှိပေသည်။
ကျွန်တော့်မှာလွန်စွာထိတ်လန့်သွားသည်။ နွေးနေသော ကျွန်တော့်သွေးများသည် အေးသွားဟန်ရှိသည်။
တင်းကျပ်သောအပွေ့အပိုက်တို့သည် ပျော့ခွေသွားသည်။ ချစ်စနိုးအမူအရာဖြင့် မမြမှီ၏ ရင်ဘတ်ပေါ်တွင်
အုံးထားသော ကျွန်တော့်ဦးခေါင်းသည်ပင်လျှင် ချစ်ရိပ်ချစ်ငွေ့ ကုန်ခန်းသွားဟန်တူသည်။
"မောင်လေး ဘာဖြစ်သွားတာတုံး"
"ကျွန်တော်ကြောက်တယ်မမ၊ ကြောက်တယ်"
ပြောပြောဆိုဆို မမြမှီ၏ ရင်ဘတ်ပေါ်မှ ခေါင်းကိုမထူပြီး ထိုင်လိုက်သည်။ မမြမှီလည်း လိုက်ထိုင်ရင်း–
"ဟင် ဘာဖြစ်သွားတာလဲ မောင်လေး၊ ဘာကြောက်တာလဲ'
"မမရယ် ကျွန်တော်တို့ချစ်ရုံချစ်ကြရအောင်၊ ရှေ့မဆက်ကြစို့နဲ့"
"ဟင်မောင်လေး ဘာဖြစ်သွားတာလဲ၊ ဘာကြောက်သွားတာလဲ၊ မမကို ပြောစမ်းပါဦး"
"ဒုသနသော ဆိုတဲ့အပြစ်ကို ကြောက်လာတယ်"
"ဒုသနသော ဟင် ဟုတ်လား"

မမြမှီသည် သို့ကလိုမေးပြီးနောက် သက်ပြင်းကြီးချလိုက်သည်။ ကျွန်တော့်လက်များကို ဆုပ်ကိုင်ထားသော သူမ၏
လက်ချောင်းကလေးများသည် အားလျော့သွားကြသည်။
"သူများသားမယားကို ပြစ်မှားခြင်းဟာ အလွန်ကြီးမားတဲ့ အကုသိုလ်ဖြစ်တယ်တဲ့၊ မမကိုတော့ ချစ်မြဲချစ်နေမယ်၊
မောင်လေးကိုလည်း မမက ချစ်မြဲချစ်နေပါ၊ သို့ပေမယ့် အဲဒီ အကုသိုလ်မရောက်အောင် ရှောင်ကြဉ်နေကြပါစို့လား
မမရယ်"
မမြမှီကား ဘာတစ်ခွန်းမျှ မပြော။ မှောင်ထဲတွင် သူ့မျက်နှာကို မမြင်ရသော်လည်း တွေးတောငေးမောနေမည်ထင်သည်။ မီးရထားသည် တဝုန်းဝုန်း ခုတ်မောင်းနေ၏။ ကျွန်တော်တို့ရင်တွင်းမှာကား
မီးရထားအစင်းပေါင်းများစွာ ခုတ်မောင်းနေကြပေ၏။ မမြမှီသည် ကျွန်တော့်ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်
ကိုင်၍နေသည်။ နောက်တော့ ရှိုက်ရှိုက်လာသည်။ အတန်ကြာတော့ တရှုပ်ရှုပ်ငိုနေလေတော့သည်။ မမြမှီမှာ
အသက်၃၀ကျော် ၃၅နှစ်အတွင်းက မိန်းမကြီးနှင့်မတူ၊ ငယ်ငယ်ရွယ်ရွယ် ခိုကိုးရာမဲ့သော သူငယ်မကလေးနှင့်သာ
တူနေတော့သည်။ ကျွန်တော်က လူကြီးအရာရောက်နေလေသည်။
"မငိုပါနဲ့ မမရယ်၊ သည့်ထက်တိုးပြီး မမှားကြရင် ပြီးရောပေါ့၊ တိတ်ပါနော် တိတ်"
မမြမှီသည် မျက်ရည်သုတ်နေလေသည်။ ရှိုက်၍ကားကောင်းတုန်းပင်။
"မမရယ် ညစ်ညမ်းတဲ့ အကုသိုလ်အလုပ်ထဲ မတိုးမိရင် တော်ရောပေါ့၊ ချစ်တာကတော့ မချစ်ပါနဲ့လို့
တားလို့မရနိုင်ပါဘူး၊ ထိန်းလို့ချုပ်လို့ရတဲ့ကိစ္စလည်း မဟုတ်ပါဘူး။ မမကို ကျွန်တော်ချစ်မမြဲချစ်နေမှာပဲ၊
မမကလည်း ကျွန်တော့်ကို ချစ်မြဲချစ်နေမှာပါနော်။ စင်ကြယ်တဲ့ အချစ်ဆိုတာ ပိုလို့တောင် စွဲမြဲနိုင်ပါတယ်။
သံဟာ သံချေးမတက်ရင် ထာဝစဉ် ခိုင်မာသလိုပေါ့ မမရဲ့"
မမြမှီ၏ ရှိုက်ခြင်းများသည် အဆက်ဝေးဝေးလာပြီး အရှိန်ပျော့ပျော့သွားလေ၏။
မီးကိုဖွင့်လိုက်မည်ဟု လုပ်မိသည်။ သို့သော် မီးရောင်ထဲမှာဆိုလျှင် မမြမှီသည်
ကျွန်တော့်မျက်နှာဘယ်လိုကြည့်ရမည်လဲဟု အရှက်အကြောက်ဝင်၍ လာကောင်းလာ လေမည်။
"မောင်လေး မမကိုအချစ်မပျက်ဘူးနော်"
"ဘာလို့ပျက်ရမှာလဲ မမရဲ့၊ မပျက်နိုင်တဲ့အချစ်ပါ"
"နည်းနည်းမှ မကွက်ဘူးနော်"
"ဘာလို့ကွက်ရမှာလဲ မမရဲ့၊ အကွက်မထင်နိုင်တဲ့ အချစ်ပါ"

မမြမှိုသည် ကျွန်တော့်အား ဖက်လိုက်ပြန်ပြီး ရင်ချင်းကပ် ပါးချင်းအပ်ထားပြန်သည်။ ကျွန်တော်ကား အတွေ့ကို
မရှောင်နိုင်သော ပုထုဇဥ်တစ်ယောက်ဖြစ်ရုံမက အတွေ့ကိုပင် မကြုံဖူးသေးသော အစိမ်းကလေးဖြစ်လေရာ
မတုံ့ပြန်ဘဲ မနေနိုင်ပါ။ ကျွန်တော့်သွေးသွားတို့သည် ပူနွေးလာသလောက် ကျွန်တော့်အပွေ့အဖက်တို့သည်
တင်းကျပ်လာပြန်လေသည်။ သည်တော့မှ မမြမှိုက ဆတ်ခနဲ ရုန်းထွက်လိုက်ပြီး–
"သည့်ရှေ့ တိုးမမှားအောင် ကြိုးစားကြစို့လား မောင်လေး"
ကျွန်တော်ကား ရိဝေသောခံစားမှုနှင့် မပြတ်သားသော အသိတို့၏ ဦးဆောင်မှုကြောင့် ငေးမောနေရာ "ဟုတ်ကဲ့"ဟု
စိတ်မပါ့တပါ ဖြေလိုက်လေသည်။
အတန်ကြာတော့မှ စိတ်ကိုတင်းနိုင်သည်။ အမြင်ကို သန့်ရှင်းနိုင်သည်။
" ကဲ မမအိပ်ရစ်တော့၊ ကျွန်တော်အပေါ်တက် အိပ်တော့မယ်"
"တက်တက် မမလည်း အိပ်တော့မယ်"
ကျွန်တော်သည် အပေါ်ထပ် အိပ်ရာသို့ တက်ခဲ့လေသည်။
အိပ်၍ကား မပျော်ပါ။
ပျော်အောင် ကြိုးစားအိပ်တော့မှ မီးရထားသံ တဂျုန်းဂျုန်းက ပိုမြည်ဟိန်းလာသည်။ စိတ်လှုပ်ရှားခြင်းကပိုမို
ပြင်းထန်လာသည်။ ရင်တွင်းမှာ ဆန္ဒနှစ်ခု စစ်ခင်းနေသည်။ သွေးသား၏ဆန္ဒနှင့် ဉာဏ်အမြင်၏ဆန္ဒ။
သွေးသားက မမြမှိုနှင့် အစွမ်းကုန် နီးစပ်ယှဉ်တွဲဖို့ တောင်းဆိုနေသည်။ ဉာဏ်အမြင်က အပြစ်မကျူးလွန်မိအောင်
ရှောင်ရှားဖို့ တောင်းဆိုနေသည်။ မမြမှို၏ ငယ်မူကြာမူပါသော အသာရမွှက်ဖြင့် ဝင်းလက်နေသော
မျက်နှာကိုစွဲလမ်းနေသည်။ ဖောင်းကြွလှိုက်ဖိုနေသော ရင်သားများ၊ ကော့ထားသောခါး၊ ကား၍အိစက်သော
တင်သားများနှင့် လုံးကျစ်လှပသော ပေါင်တံများကို တစိမ့်စိမ့်မြင်နေသည်။ ဒါတွေကို မျက်စိထဲမှ
ကြိုးစားဖျောက်သည်၊ ဘယ်လိုလုပ်လုပ်မပျောက်။ စစ်သည်ဗိုလ်ပါ ထောင်သောင်းများစွာကို နှိမ်နင်းရသည်က
လွယ်ကူဦးမည်၊ ဤဖောက်ပြားသော အာရုံများနှင့် မှားယွင်းသော ဆန္ဒများကို နှိမ်နင်းရသည်မှာ မလွယ်ကူပါ။
နှိမ်နင်းရန် ကြိုးစားရင်း စိတ်သာမောရသည်။ ကိုယ်သာနွမ်းလျဖြစ်ရသည်။ နှိမ်နင်းမရတိုင်း ဟိုဘက်စောင်းအိပ်၊

သည်ဘက်စောင်းအိပ်၊ ပက်လက်လှန်လိုက်၊ မှောက်လိုက်၊ သက်ပြင်းချလိုက်နှင့် ဂနာမငြိမ်
ဖြစ်နေလေသည်။
အောက်တွင် အိပ်နေသော မမြမှီလည်း ကျွန်တော့်နည်းတူပင် ဖြစ်နေဟန်ရှိ၏။ စောင်းလိုက်၊
လှန်လိုက်၊
မှောက်လိုက်၊ ဆန့်လိုက်၊ ကွေးလိုက်၊ သက်ပြင်းချလိုက် လုပ်နေသော မမြမှီ၏
လှုပ်ရှားသံများကို
ကြားနေရလေသည်။
ကျွန်တော်သည် မမြမှီအား တပ်မက်ချစ်ခင်ရုံမက အသနားပိုလာပြန်လေသည်။ ကလေးလို
ချုံးပွဲချ၍ ငိုရှာသော
မမြမှီ၊ မိန်းမသားဖြစ်ပါလျက် ကျွန်တော့်အပေါ် ဟန်မဆောင်နိုင်ရှာသော မမြမှီ၊
ကျွန်တော့်အား လိုလားလှသဖြင့်
အရှက်အကြောက်မထားနိုင်ရှာသော မမြမှီ၊ နာတာရှည် လူမမာလင်ကြီးကြောင့်
ဝဋ်ခံနေရရှာသော မမြမှီ။
ယခုတစ်ကြိမ် ကျွန်တော့်မျက်စိထဲပေါ်လာသော ဦးထွန်းဝင်းသည် ကျွန်တော့်အား
တုန်လှုပ်ချောက်ချားခြင်းမဖြစ်စေတော့ပေ။ သွက်ချာပါဒဖြင့် အိပ်ရာထဲ အမြဲလဲနေသော
ဦးထွန်းဝင်း၊ သူသည်
မသာတစ်ပိုင်းဖြစ်၏။ ကျွန်တော်ချစ်သောမမအား သက်သက်ဒုက္ခပေးနေသူဖြစ်၏။
ဤမသာတစ်ပိုင်း
ကောင်ကြီးသည် မသာလုံးလုံးဖြစ်သွားလျှင် မမြမှီဝဋ်ကျွတ်သွားစရာရှိသည်။ ခုတော့
မသာတစ်ပိုင်းအဖြစ်
နှစ်ရှည်လများနေပြီး မမြမှီအား ငရဲတစ်ပိုင်းသို့ ပို့နေသည်။ မမြမှီ၏
ဘဝကိုခြောက်သွေ့ဆင်းရဲအောင်
လုပ်နေသည်။
မီးရထားခုတ်မောင်းသံ တဝုန်းဝုန်းကို ကျော်ဖြတ်၍ ဟောက်သံတစ်ခုပေါ်လာ သည်။
သိန်းသိန်း၏
ဟောက်သံလား၊ မချို၏ဟောက်သံလား မပြောတတ်။ မမြမှီက အိပ်ရာထဲမှာ
လူးလွန့်နေသည်။ တစ်ခါတစ်ခါ
ချောင်းဟန့်သံပြုသည်။
ဝဋ်ခံနေရသော မမြမှီသည် အရှက်အကြောက် ဘေးချိတ်ထားပြီး ကျွန်တော့်အား
လိုက်စားရှာသည်။
ဒါကိုကျွန်တော်က မထောင်ထားဘဲ ဒုသနသော ကြောက်ပြီး သူ့အလို မလိုက်ခဲ့။ မမြမှီက
ကျွန်တော့်အား
စိတ်နာသွားလေမည်လား၊ အချစ်ကွက် သွားလေမည်လား၊
ကျွန်တော်သူတော်ကောင်းလုပ်မှုကြောင့် မမြမှီ
အရှက်ကွဲသွားလေပြီလား။

နားထောင်။ အောက်ကလာသောအသံသည် သက်ပြင်းချသံ ရှိုးရှိုးဟုတ်ကဲ့လား။
ရှိုက်သံနှင့်တူသည်။ မမြမှီသည်
အရှက်ကွဲအကျိုးနည်းဖြစ်ပြီး ကျိတ်ငိုနေဟန်ရှိသည်။ ဟော ကြားရပြန်ပြီ၊ အမှန်ပင်
ရှိုက်သံဖြစ်သည်။
ရှိုက်သံသာမက နှာခေါင်းမှ အပူရှည်ညစ်သံကိုပင် ကြားရသေးသည်။
ကျွန်တော်သည် မမြမှီအား ချော့ရမည်။ နစ်သိမ့်ရမည်။ အလိုလိုက်ရမည်။ မမြမှီကဲ့သို့ပင်
အရှက်အကြောက်ကို
ဘေးချိတ်ရမည်။ သို့မှ ယောကျာ်းကောင်းပီသ မည်။ မမြမှီအား မသာတစ်ပိုင်းကောင်ကြီး
မပိုင်၊ မမြမှီအား
မမြမှီသာ ပိုင်သည်။ မမြမှီက အညွတ်အနူး ခွင့်လွှတ်လျှင် ကျွန်တော့်မှာ ဘာမျှ
အပြစ်မရှိနိုင်။
ကျွန်တော်သည် ခိုင်မြဲသော သန္နိဋ္ဌာန်ဖြင့် အောက်သို့ဆင်းလိုက်လေသည်။ ပြီးတော့ မမြမှီ၏
ခါးလယ်နံဘေးဘက်မှာ ထိုင်လိုက်သည်။ မမြမှီကား တုတ်တုတ်မျှ မလှုပ်။ မှောင်နေသဖြင့်
ကောင်းစွာမမြင်ရ။
ရထားတွဲထဲမှာ ရေချိုးခန်းမီးတစ်လုံးသာ ထွန်းထားသည်။ ရေချိုးခန်းတံခါးကို
ပိတ်ထားသဖြင့် အကြိုအကြားမှ
မီးရောင်အနည်း ငယ်သာတိုးဝင်နေသည်။ သို့သော်မမြမှီသည် ဖိုလ္လိုက်စွာဖြင့် ကျွန်တော့်အား
စိုက်ကြည့်နေသည်ဟု
ကျွန်တော်ခံစားရလေသည်။
ကျွန်တော်က မမြမှီ၏ မျက်နှာပေါ်သို့ ကိုယ်ကို ကိုင်းညွှတ်ပြီး ခပ်တိုးတိုး–
“မမ”
မမြမှီက ခြောက်ကပ်နေသော အသံဖြင့်–
“ဘာလဲ မောင်လေး”
မမြမှီ၏ အဆင်သင့် တုံ့ပြန်ချက်ကြောင့် ကျွန်တော်မြူးသွားသည်။ ကျွန်တော်ခံစားနေရသလို
မမြမှီခံစားနေရကြောင်းထင်ရှားလှပါ၏။ ကျွန်တော်သည် ဘာမျှ မပြောနိုင်သေးဘဲ
မှောင်ထုကို ထွင်းဖောက်၍
မမြမှီ၏ မျက်နှာကိုအစွမ်းကုန် အားစိုက်ကာ ကြည့်နေသည်။ မမြမှီကလည်း သည်လိုပင်
တုံ့ပြန်၍
ကြည့်နေသည်ဟု ကျွန်တော်ခံစားရသည်။
မမြမှီကား တုတ်တုတ်မျှမလှုပ်။ သို့သော် လှုပ်ရှားသောအသံဖြင့်–
“ဘာတုံး မောင်လေး”
ကျွန်တော့်ရင်မှာ ပူလာသည်။ အသံကလည်း ခြောက်ကပ်ကပ်ဖြစ်လာသည်။
“မမ”
မမြမှီသည် လှုပ်ရှားလာသည်။ ဟိုဘက်ပေါင်ကို ထောင်လိုက်သည်။
ကျွန်တော့်ဘက်ကပေါင်ကို

ကားချမြဲချထားသည်။ မမြမှီစောင်ခြုံထားသည်ကိုတွေ့ရ သည်။
"ဘာပြောမလို့လဲ မောင်လေးရဲ့"
ကျွန်တော်သည် မမြမှီ၏ ပခုံးနှစ်ဖက်ကို အောက်ကပင့်၍ ပွေ့ကိုင်ပြီး–
"မမ"
မမြမှီသည် ပခုံးနှစ်ဖက်ကို အောက်ကပင့်ကိုင်ထားသော ကျွန်တော့်လက်များ၌ ခွင်ကျအောင် သူ့ကိုယ်နေကို
ပြင်ပေးရင်း မြူးကြွလာသော အသံဖြင့်–
"အို မောင်လေးကလည်း ဘာပြောမလို့လဲ၊ မေးနေတာ ပြောလည်း မပြောဘူး"
"ကျွန်တော်လေ ဘာမှ မကြောက်တော့ဘူး၊ ငရဲကြီးမှာလည်း မကြောက်တော့ဘူး၊ ငရဲကြီးချင်ကြီး
အဝီစိချိုးကပ်လည်းကပ်၊ မမနဲ့ လမ်းကုန် စခန်းကုန် ချစ်ရရင် ဘာမဆိုခံရဲတယ်။ နောက်ဘဝမပြောနဲ့
ခုဘဝစက်တိုင်တက်ရလည်းတက်မယ်"
မမြမှီက ကျွန်တော့်ပါးစပ်ကိုလက်နှင့်အုပ်လိုက်သည်။
"နိမိတ်မရှိ နမာမရှိတွေ ပြောမနေပါနဲ့ မောင်လေးရယ်၊ ဘယ်ကလာ စက်တိုင်တက်ရမှာလဲ၊ ဒါတွေပြောလည်းမပြောနဲ့၊ တွေးလည်းမတွေးနဲ့"
ကျွန်တော်က မမြမှီရင်ဘတ်ပေါ်မှာ ခေါင်းအုံးလိုက်သည်။ မမြမှီ၏ လက်တစ်ဖက်က ကျွန်တော့်ဆံပင်တွေကို
ကစားနေသည်။ အခြားတစ်ဖက်က ကျွန်တော့်နားရွက်ဖျားကို ဆော့နေသည်။
"မမကိုယ်ကို မမသာပိုင်တယ်၊ သည့်ပြင် ဘယ်သူမှ မပိုင်ဘူး၊ ကျွန်တော့်ကိုယ်ကို ကျွန်တော်ပိုင်တယ်၊
သည့်ပြင်ဘယ်သူမှ မပိုင်ဘူး။ ကျွန်တော်တို့ နှစ်ယောက်သဘောတူရင် တစ်ယောက်ကိုယ်ကို တစ်ယောက်ပိုင်နိုင်တယ်"
မမြမှီက ကျွန်တော့်အား လက်မောင်းအောက်မှ ပင့်ဖက်ကာ အပေါ်သို့ ဆွဲ၍ မျက်နှာချင်းအပ်ထားလိုက်ပြီး–
"ကိုယ်ချည်းပဲလား မောင်လေးရဲ့၊ စိတ်ကော"
"အို မမကလည်း စိတ်ကတော့ အထူးပြောဖို့ လိုသေးသလား၊ အစကတည်းက တစ်ဦးကိုတစ်ဦး ပိုင်နေကြတာပဲ"
မမြမှီသည် သူ့စောင်ထဲသို့ ကျွန်တော့်ကိုယ်ကို ဆွဲယူလွှမ်းခြုံပေးပြီးနောက် ကျွန်တော့်မျက်နှာတွင်
ကွက်လပ်မကျန်အောင် နမ်းရှုပ်နေလေသည်။ ကျွန်တော်ကလည်း သည်အတိုင်းပင် တုံ့ပြန်နေလေသတည်း။ ။

၅၃
သေလိုက်ချင်တာပဲ မောင်လေးရယ်
မီးရထားသည် သာစည်ဘူတာသို့ ဆိုက်ရောက်သောအခါ ကျွန်တော်တို့ တွဲများကို ဖြုတ်ပြီး

သာစည်ရွှေညောင်ရထားသို့ ဆက်ပေးလိုက်သည်။
ညနေ ၂နာရီလောက်တွင် သာစည်ဘူတာမှ ထွက်ခဲ့ကြ၏။
နေသည် ချစ်ချစ်တောက်ပူလျက်ရှိသည်။ ယာခင်းများက မျက်စိတစ်ဆုံးရှိ၏။ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ ဝါခင်းများ၊
ကြိုးကြားကြိုးကြားတွင်ကား ချုံပုတ်တောစပ်များ။ ၄င်းတို့သည် တစ်မိုးတွင်းလုံး ရေသောက်ထားကြသဖြင့်
စိမ်းစိုလန်းဆန်းရှိနေကြသော် လည်း နေပူကို သက်သာအောင်မလုပ်နိုင်ကြပေ။
အရှေ့ဘက်သို့ ခုတ်မောင်းရင်း ရှုမြင်ကွင်းသည် တဖြည်းဖြည်း ပြောင်းလာသည်။
ယာခင်းတွေ ကျဲလာပြီး ချုံပုတ်တောစပ်တွေ များလာသည်။ ဝါးရုံတွေ၊ ရေစီးနေသော ချောင်းမြောင်းတွေတွေ့လာသည်။ နေပူကျဲကျဲတွင် ပြာမှိုင်းမှိုင်း မြင်ရသော တောင်များသည် စိမ်းရင့်ရင့်ဖြစ်လာကြလေသည်။
မမြမှီနှင့် သိန်းသိန်းတို့သည် ရေချိုးကြ၏။ သနပ်ခါးလိမ်းကြ၏။
မမြမှီရေချိုးခန်းက ထွက်လာသောအခါ သနပ်ခါးရေကျဲကျဲ လိမ်းပြီးသား ဖြစ်သည်။ နောက်တွဲဆံထုံးမှာ
ကပိုကရိုနိုင်လှသည်။ ဝတ်ထားသော လုံချည်မှာ အပွင့်အအာ၊ အရွက်အနွယ်သန်သန်ပုံရိုက်ထားသော
ပါတိတ်လုံချည်ဖြစ်လေသည်။ သူ့ကိုယ်လုံးကိုယ်ပေါက်နှင့် အဆင်ပြေလှပေ၏။ သနပ်ခါးရေကျဲ၊
နောက်တွဲဆံထုံးနှင့် လည်း ပနံရလှပေ၏။
"မောင်တင်ထွန်း ရေမချိုးတော့ဘူးလား"
"ဟင့်အင်း မချိုးတော့ဘူး၊ မန္တလေးရထားမှာ မနက်က တစ်ခါချိုးခဲ့ တော်ရောပေါ့"
"မျက်နှာတော့ဖြင့် သွားသစ်ချေပါဦးကွယ်၊ မျက်နှာမှာ အဆီတွေနဲ့"
"ဟုတ်ကဲ့၊ ခဏနေတော့ သစ်တာပေါ့"
မချိုကား သိန်းသိန်း၏အဝတ်ဟောင်းများကို ခေါက်နေသည်။ သိန်းသိန်းမှာမူ ဇဝနပုံပြင်ကို ဆက်ဖတ်နေလေသည်။ သူဝတ်ထားသော ပါတိတ်လုံချည်မှာ မမြမှီနှင့် ဆင်တူဖြစ်၏။
ယင်းမာပင်ဘူတာလွန်သောအခါ တောင်ခြေသို့ ရောက်လာသည်။ ပင်စောက်သစ်ပင်ကြီးများနှင့်
ဝါးပိုးရုံကြီးများကိုတွေ့ရသည်။ ထင်းပုံများ၊ သစ်လုံးကြီးများ၊ သက်ငယ်ချပ် အပုံများ၊ နွားလှည်းများ၊ ကျွဲများ၊
ဆင်နှစ်ကောင် သုံးကောင်။
ယင်းမာပင်မှာ အိမ်ခြေစည်ကား၏။ နေခင်းထိုင်ခင်း သာယာ၏။
ပင်းချောင်းကြီးကို ကူးဖြတ်မိသည်နှင့်တစ်ပြိုင်နက် သိသိသာသာကြီး ရာသီဥတု ပြောင်းလာသည်။
နေပူသက်သာလာသည်။ လေအေးတိုက်ခတ်တိုးဝင်နေ သည်။ မီးရထားမှာလည်း သာစည်မှ ထွက်ခါစကလို

မမြန်တော့ချေ။
တဖြည်းဖြည်း တောင်များပေါ်သို့ တက်လာကြသည်။ လမ်းက အကွေ့အကောက်
များလာသည်။
တစ်တောင်တက်ပြီးလျှင် ရှေ့က တစ်တောင်ပေါ် လာသည်။
တောင်များမှာ အဝေးကကြည့်လျှင်သာ ညို့မှိုင်းမှိုင်းနှင့် တစ်ရောင်တည်းဖြစ် သည်။
မနီးမဝေးကျတော့ စိမ်းညိုညို၊
အနီးကပ်ကြည့်ရသောအခါ ရောင်မျိုးစုံလှသည်။ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ဆောင်၊
ကျောက်သားပြတ်များ
မှာပင် ရောင်မျိုးစုံလှသည်။ ကျောက်သင်ပုန်းရောင်ကို ကျော်ဖြတ်ခုတ်မောင်းပြီး နောက်
ခဲရောင်သို့ရောက်သည်။
သံချေးရောင်နေရစ်ခဲ့ပြီး ထုံးခြောက်ရောင်က ကြိုနေသည်။ မြေကလည်း အရောင်အမျိုးမျိုး
မြေနီ၊ မြေဝါ၊ မြေနက်၊
မြေဖြူ၊ မြေပြာ။ မြေနီလွှမ်းသော နေရာတွင် သစ်ပင် ပင်စည်သို့ပါတက်၍
နီနေသည်ကိုတွေ့ရသည်။
ရေစီးစမ်းချောင်းကလေးများက တသုန်သုန် တသွင်သွင်နှင့် ကြည်လင်လှသည်။
အောက်ခြေက
ကျောက်စရစ်ခဲကလေးများကို မြင်နေရသည်။ ငါးစောင့်ဖမ်းနေသော ဗျိုင်းများမှာ
သမာဓိကောင်းလှသည်။
ရထားသံကို ကြားမှ ကြားပါလေစ အောက်မေ့ရသည်။
အချို့ချောင်းဝှမ်းများထဲရှိ ကျောက်ဆောင်များသည် ဘော်ရောင်တောက်ပြီး
တစ်မျိုးလှနေကြ၏။
တောတောင်ရေမြေတွင် ကျွန်တော်စိတ်ဝင်စားနေသလိုပင် မမြမှီနှင့် သိန်းသိန်းတို့လည်း
စိတ်ဝင်စားနေကြ၏။
သူတို့လည်း စကားမပြောနိုင်ကြ။ စာမဖတ်နိုင်ကြ။ တံခါးပေါက်ဝမှာထိုင်ပြီး
ဘေးပတ်ဝန်းကျင်ကိုသာ
ကြည့်၍လိုက်ပါလာကြလေသည်။ မနားမနေ အလုပ်လုပ်၍ လိုက်ပါလာသော မချိုပင်လျှင်
အလုပ်များချထားပြီး
ဘေးပတ်ဝန်းကျင်ကို ကြည့်နေလေသည်။
မီးရထားကားအသားကျလည်း မပြေးနိုင်၊ ကဆုန်လည်း မပေါက်နိုင်။ ဟောဟဲလိုက်အောင်
အစွမ်းကုန်အားထုတ်၍
ခုတ်မောင်းနေရလေသည်။ အကွေ့အကောက် အန္တရယ်များလှသဖြင့် ဥသြသံကလည်း
တညံတည်းညံနေသည်။
ဥသြသံနှင့် တဂျုန်းဂျုန်း ခုတ်မောင်းသံတို့သည် တောတောင်အလုံးကို
လွှမ်းမိုးထိုးဖောက်လျက်ရှိ၏။
ပဲ့တင်ခတ်လျက်ရှိ၏။

မသိန်းသိန်းက ကျွန်တော့်ဘက်လှမ်းပြီး–
"ကိုတင်ထွန်း ဒါ ရှမ်းပြည်ထဲဝင်လာပြီလား"
"မဝင်သေးဘူးခင်ဗျ၊ နောက်တစ်ဘူတာလောက် လိုသေးတယ်ထင်တယ်"
ဘူတာများတွင် လူမျိုးစုံတွေ့ရသည်။ ဗမာနှင့်ရှမ်းကား ခွဲမရ။ ပန်ချာပီ မုတ်ဆိတ်မှာ ထင်ရှားလှသည်။
ဂေါ်ရခါးဘောင်းဘီကျပ် ခြေသလုံးလုံးကပ်သည် တောင်ပေါ်သားဘဝကို သရုပ်ဖော်ပေးနေသည်။
ရောင်းချနေကြသော စားသောက်စရာတို့ကလည်း လူမျိုးစုံသဘောကို ဆောင်နေကြသည်။
ရေတကောင်း လိုက်ရောင်းနေသူတွေကိုလည်း တွေ့ရသည်။
ကျွန်တော်တို့သည် စထရော်ဘယ်ရီခြင်းကလေးတွေကို ဝယ်ကြသည်။
ဘူတာတစ်ခုတွင် သစ်ခွပန်းတွေကို အပင်အမြစ် အအုံလိုက်နှင့်တကွ ရောင်းနေသည်။
ကျွန်တော်ကပြေးဆင်းပြီး
ဝယ်ယူလာသည်။ မမြမှီနှင့် မသိန်းသိန်းတို့က ပန်းများကို နှစ်သက်မြတ်နိုးစွာနှင့် ကြည့်ပြီး ရွှင်လန်းအားရစွာ
ကြိုနေကြလေသည်။
တွဲပေါ်သို့ရောက်သောအခါ ကျွန်တော်က မမြမှီလက်ထဲသို့ သစ်ခွပန်းများကို ပေးအပ်ရင်း–
"မမကို ရှမ်းပြည်က ပန်းတွေနဲ့ ဆီးကြိုနေတယ်ဆိုတာ ပြောပြချင်လို့ ကျွန်တော် ဝယ်ခဲ့တယ်"
မမြမှီက သစ်ခွပန်းများနှင့် ကျွန်တော့်အား လွန်စွာကြည်နူးသောအပြုံးဖြင့် တစ်လှည့်စီ ကြည့်နေစဉ်သိန်းသိန်း၏
မျက်နှာက စူလာသည်။
"ကိုတင်ထွန်း၊ သိန်းသိန်းကိုတော့ ရှမ်းပြည်က ပန်းတွေနဲ့ ကြိုမနေဘူးလားဟင်"
ကျွန်တော်ကား သည်တော့မှ မမြမှီအပေါ် ကွက်ကွက်ကလေး စေတနာ အထူးပြုချင်သည့် အမှားကို
သတိရတော့သည်။ ကိုယ့်အမှားအတွက် ရှက်မိသည်။ သိန်းသိန်းကိုလည်း အားနာသည်။ အရှက်ဖြင့်
မွန်ထူနေသော ကျွန်တော်သည် သိန်းသိန်းမျက်နှာကို စေ့စေ့မကြည့်ရဲဘဲ–
"ကျွန်တော်မေ့သွားတယ် မသိန်းသိန်းရယ်"ဟု ပြောပြီး ရထားပေါ်က ခုန်ချလိုက်ကာ ပန်းသည်ဆီသို့ ပြေးခဲ့သည်။
သိန်းသိန်းက စကားနာထိုးလိုက်ပြန်၏။
"မေ့မှာပေါ့လေ တူမှမတူဘဲ"
ထိုအခိုက် မီးရထားထွက်ရန် ဝီစီမှုတ်လိုက်သည်။
မမြမှီက အော်၍ "ရထားထွက်တော့မယ် ပြန်လာခဲ့တော့၊ မဝယ်နဲ့တော့"
ကျွန်တော့်မှာ ရထားပေါ်ပြန်တက်ရတော့မလိုလို၊ ပန်းဆိုင်သို့ ဆက်ပြီး ပြေးရတော့မလိုလိုနှင့် ဗျာများနေလေသည်။

သိန်းသိန်းကရယ်လိုက်သည်။
"ကိုတင်ထွန်း သိန်းသိန်းက ပြောင်တာပါ လာပြန်လာခဲ့၊ ရထားထွက်တော့မယ်"
ရထားပေါ်သို့ ပြန်တက်ခဲ့သည်။ သို့သော်ရှက်စရာကောင်းသော အမှားကို မပြင်နိုင်သဖြင့်
မချင့်မရဲဖြစ်နေလေသည်။ တံခါးကိုပိတ်ပြီး အပေါက်ဝမှာပင် ရပ်နေသည်။ ရထားက
မထွက်သေး။ ဥသြသာ
ပေးနေ၏။
မမြမှီ–
"သိန်းသိန်းကား ဘာမျှပြန်မပြော။ အငေါက်ခံရသော ကလေးကြီးလို လက်မထိပ်ကို ကိုက်ပြီး
မျက်စိပေကလတ်
ပေကလတ်နှင့် နေလေသည်။
ကျွန်တော်သည် ပန်းသည်အား လှမ်းပြီး အော်ခေါ်လိုက်သည်။ ပန်းသည်သည်
သစ်ခွပန်းကိုင်းကို
ဆွဲယူပြီးပြေးလာသည်။ ရထားကထွက်စပြုလေပြီ။
အပြေးအလွှားပင် ဝယ်ယူပြီး သစ်ခွပန်းကိုင်းကို သိန်းသိန်းအား ပေးအပ်ရင်း–
"ကျွန်တော်မှားသွားလို့ပါ မသိန်းသိန်းရယ်၊ ကျွန်တော့်အပေါ်မှာ စိတ်မရှိပါနဲ့၊
မသိန်းသိန်းကိုလည်း ရှမ်းပြည်က
ပန်းတွေနဲ့ ကြိုနေပါတယ်"
သိန်းသိန်း၏မျက်နှာသည် ပြုံးစိစိဖြစ်နေသည်။ သို့သော် လက်မထိပ်ကိုကိုက်လျက် မျက်စိကို
ပေကလတ်ပေကလတ် လုပ်ကာ ပန်းကိုင်းကို မယူရဲဘဲ မမြမှီအား 'ယူရမည်လား'ဟု
မေးသည့် အကြည့်မျိုးဖြင့်
ကြည့်လိုက်သည်။
မမြမှီက ပြုံးလိုက်သည်။
"ကိုင်း–ပေးသူကပေးနေတယ်၊ ယူလိုက်လေ"
မမြမှီ၏ အမိန့်ရတော့မှ ဝမ်းသာအားရ လှမ်းယူလေတော့သည်။
တောင်များမှာမြင့်သည်ထက်မြင့်လာပြီး လေကလည်း အေးလာလေသည်။ ရထားသည်
ရှေ့တိုးနောက်ဆုတ်လုပ်ပြီး
ခုတ်မောင်းရသော နေရာများသို့ ရောက်လာသည်။ ရက်ကန်းစင်မှာ
လွန်းထိုးနေသည်နှင့်လည်းတူသည်။
ဟိုဘက်ထိုးလိုက်၊ သည်ဘက်ပြန်ထိုးလိုက် တက်တက်လာကြသည်။ မမြမှီနှင့်
သိန်းသိန်းတို့သည်
ဆွယ်တာများဝတ်ကြ၏။
ရထားသည်မကြာခဏ ဥမင်လိုဏ်ခေါင်းကြီးများကိုဖြတ်ရသည်။ မှောင်ထုထဲ တိုးဝင်သည်။
ခုတ်မောင်းသံသည်
ဘေးသို့ မပြန့်ဘဲ ကျွန်တော်တို့နားထဲ တဝုန်းဝုန်းနှင့် လုံးဝင်လာလေရာ ထိုအသံမှတစ်ပါး
ဘာသံမျှမကြားရ။

ကိုယ့်စကားပြောသံကိုပင် မကြားနိုင်။ အမှောင်ထုကြားထဲ ရောက်ရာကနေပြီး ရေ့ဝေးဝေးမှ
အလင်းရောင်ဝင်နေသော အပေါက်ဝကို မျှော်ကြည့်လိုက်ရသည်မှာ
အားတက်စရာတစ်မျိုးဖြစ်နေသည်။
မျှော်လင့်ချက်ရောင်ခြည်ဆိုသော စကားကို သတိရ၏။
ရောင်စုံပန်းတို့ဖြင့် အရမ်းပွင့်နေသောချုံနွယ်ပိတ်ပေါင်းများ။ နှင်းဆီလိုလို၊ ဂန္ဓမာလုလို။
နှင်းပန်းတွေ၊ သစ္စာပန်းတွေ၊ ဗုဒ္ဓသရဏပန်းတွေ ရိုင်းနေကြဟန်တူသည်။
မမြမှီသည် လုပသော ပတ်ဝန်းကျင်တွင် ငေးမောနေရာမှ–
"ပေါက်လိုက်တဲ့ ပန်းတွေနော် ရိုင်းနေလို့သာ"
ကျွန်တော်သည် ချမ်းစိမ့်စိမ့်ဖြစ်လာသည်နှင့် မမြမှီပေးသော ဆွယ်တာကို ဝတ်နေရင်း–
"ရိုင်းတာနဲ့ယဉ်တာ သိပ်မကွာပါဘူး မမရယ်၊ သဘာဝအားဖြင့် အရိုင်းချည်းပဲပေါ့၊
လူတွေကပြုပြင်ပေးလိုက်တော့
ယဉ်သွားတာပါပဲ၊ ကျွန်တော့်ကို ကြည့်ပါလား"
အတွင်းက ရုပ်အင်္ကျီခေါက်နေသဖြင့် ဆွယ်တာ ခိုးလိုးခုလု ဖြစ်နေသည်ကို
သပ်သပ်ရပ်ရပ်ဖြစ်အောင်
ပြုပြင်နေသော ကျွန်တော့်အား အရိပ်တကြည့်ကြည့်ဖြင့် ပြုံးနေသော မမြမှီက–
"ဆိုစမ်းပါဦး"
"မမက အစစအရာရာ ပြုပြင်ပေးတော့ ကျွန်တော်ဟာ အရိုင်းမဟုတ်တော့ဘူး၊
ယဉ်လာတယ်မဟုတ်လား"
မမြမှီက ပြည်တည်တည် (ပြုံတီတီ) ရယ်လိုက်သည်။
"ဟာ ဟ ဘာမှလည်း ပြုပြင်မပေးရသေးပါလားမောင်၊ နဂိုက ယဉ်ပြီးသားပါ"
မချိုသည် သိန်းသိန်းအား တောင်ယာခင်းတစ်ခင်းကို လက်ညှိုးထိုးပြနေသည်။
တောင်ယာခင်းတွင်သင်တိုင်းပြည်ရှည်ရှည်၊ ဘောင်းဘီပြာကျပ်ကျပ်နှင့် ပုတီးနားထောင်း
နီနီများကို
ဝတ်ဆင်ထားသော မိန်းမများသည် အရိုးရှည်ပေါက်တူးဖြင့် မြေဆွနေကြလေသည်။
၄င်းနောက် တောင်ကြားများတွင် အဆင့်ဆင့်လုပ်ထားသော
လယ်ကွက်စိမ်းစိမ်းများကိုမြင်ရသည်။
လယ်ကွက်ကလေးများမှာ ကျဉ်းမြောင်းလှ၏။ မြန်မာပြည်တွင် မြင်ရတတ်သော
လယ်ကွက်များနှင့် ခြားနားလှ၏။
သွယ်တန်းမြင့်မားသည့် ထင်းရှူးပင်များ၊ ပိုင်းပင်များအောက်သို့ ကိုင်းညွှတ်မကျဘဲ
အထက်သို့တိုးတက်နေသော
အကိုင်းအခက်ရှိသော အခြားသစ်ပင်များ။ မီးရထားသည် ထိုအပင်များကြားမှ
ခုတ်မောင်းရင်းကလောမြို့
သို့ဝင်ခဲ့လေသည်။ နီ၍စောက်သော အမိုးနှင့်မီးခိုးတိုင်ရှိသော တိုက်များ၊ အိမ်ဝင်းတိုင်း
ပန်းခြံဖြစ်နေသည်။
ပန်းတိုင်းကလည်း ဆန်းသည်။

မီးရထားက ဖြည်းဖြည်းခုတ်မောင်းဝင်သည်။ အိမ်ဝင်းတွေထဲမှာ ကစားနေကြသော အင်္ဂလိပ်ကလေးများနှင့်
ဗိုလ်ခွေးများသည် အကစားရပ်ပြီး မီးရထားကိုကြည့်နေကြသည်။
သိန်းသိန်းက ကျွန်တော့်ဘက်လှမ်းပြီး–
"ကိုတင်ထွန်း ဟိုခွေးကြီးက သိပ်ကြီးတာပဲနော်၊ လှလည်းလှပါဘိသနဲ့၊ ဘာခွေးပါလိမ့်"
"ဂရေးဟောင်းဆိုတာထင်ပါရဲ့ဗျာ၊ ကျွန်တော်လည်း ကောင်းကောင်းမသိပါဘူး၊ ကလောမြို့အနီးတစ်ဝိုက်မှာ
ကျားသစ်တွေ ပေါသတဲ့၊ ညညဆိုရင် မြို့ထဲဝင်တတ်သတဲ့၊ ဒီခွေးကြီးတွေက ကျားသစ်ကိုမကြောက်ဘူးဆိုပဲ"
"ကျားသစ်တွေလာတယ်ဟုတ်လား၊ ကြောက်စရာကြီးနော်၊ သိန်းသိန်းဖြင့် ဒီလိုနေရာမှာ မနေချင်ပေါင်"
မမြမှို–
"ပန်းတွေကသိပ်လှတာပဲနော်၊ ဆန်းလည်းဆန်းတယ်၊ ဘာပန်းတွေလဲ မောင်လေး"
"ကျွန်တော်လည်း နာမည်သာကြားဖူးတာ၊ ဘယ်ဟာ ဘာမှန်းမသိဘူး။ ဟောလီဟော့၊ ဒေလီယာ၊ လီလီ"
"မြို့က သိပ်သာယာတာပဲနော်၊ ဗမာမြို့နဲ့တော့ လုံးလုံးမတူဘူး"
"ဘယ်တူမှာလဲ မမရဲ့။ အင်္ဂလိပ်တွေက ပူအိုက်တဲ့ မြန်မာပြည်ကို စီးပွားရေး သွေးစုပ်၊ တိုင်းပြည်ကို အုပ်ချုပ်ရင်း
မောတဲ့ချွေးကျတဲ့အခါ အနားယူဖို့ ဆောက်ထားတဲ့ စခန်းကိုဗျ။
အမောလည်းပြေစေရမယ်၊နေပူလည်းသက်သာစေရမယ်၊ ကိုယ့်ပြည်ကိုအလွမ်းလည်း ပြေစေရမယ်ဆိုတဲ့ သဘောနဲ့
အင်္ဂလိပ်မြို့ကလေး တည်ထားတာ"
"အပြန်ကျရင် မမတို့ဝင်မယ်၊ တော်တော်ကြာကြာလည်းနေမယ်"
ရထားဆိုက်သောအခါ ညစာဝယ်၍ စားကြသည်။
အင်္ဂလိပ်များ၊ ကပြားများနှင့် ကုလားများ အများအပြားတွေ့ရသည်။ အင်္ဂလိပ်လို ဝတ်ဆင်ထားသောရှမ်းနှင့်
မြန်မာများကိုလည်း တွေ့ရသည်။
ရထားသည် ဆက်လက်ထွက်ပြီး ရွှေညောင်ဘူတာသို့ ရောက်သောအခါ ညရနာရီ လောက်ရှိနေလေပြီ။
ရွှေညောင်ဘူတာဝင်းမှာ ကျယ်ဝန်း၏။ ပန်းပင်များစိုက်ထားသဖြင့် သာယာ၏။ ဘူတာမှာ ရှည်လျားပြီးဒုတိယတန်းနှင့် ပထမတန်းခရီးသည်များအတွက် ညဉ့်တည်းခိုရန် ထားသောအခန်းများရှိလေသည်။
ကျွန်တော်တို့သည် ရထားဆိုက်လျှင်ဆိုက်ချင်း ဆင်းပြီး တည်းခိုခန်းများကို သွားကြည့်လေသည်။ အခန်းများမှာ

လုံလုံခြုံခြုံရှိရုံမက သန့်ရှင်းသပ်ရပ်လှပေသည်။ ကြမ်းပြင်မှာ အရောင်တောက်နေသည်။ ဆောင်းတွင်းအတွက်
မီးဖိုရန်နေရာများပင် ရှိ၏။ ရေချိုးခန်းနှင့် အိမ်သာများမှာလည်း အိပ်ခန်းနှင့် ဆက်နေပြီး ဗိုလ်အိမ်များမှာလိုပင်
သန့်ရှင်း၏။
"ကျွန်တော်အခန်းတွေကို ကြည့်ခဲ့တယ်၊ သိပ်ကောင်းတာပဲ၊ ဂါတ်ဗိုလ်က ပြောတယ်၊ အခန်းထဲမှာ မအိပ်ချင်ရင်
တွဲထဲမှာပဲ အိပ်နိုင်တယ်တဲ့။ သို့ပေမယ့် တွဲထဲမှာ အိပ်ရင်တော့ နံနက်စောစောကြီး ထရမယ်တဲ့၊
ရထားကစောစောထွက်မှာကိုး"
မမြမှီက တွေနေသည်။ သိန်းသိန်းက–
"မနက်စောစောထရရင်တော့ ဟန်မကျဘူးထင်တယ် မြမြရယ်"
မမြမှီ–
"တံခါးတွေဘာတွေ လုံခြုံရဲ့လား၊ တွဲပေါ်ကတော့ လုံခြုံတယ်။ သူခိုးမပြောနဲ့ ဓားပြတောင် ဖောက်နိုင်မယ်မထင်ဘူး"
"ဟိုအခန်းတွေလည်း လုံပါတယ်မမရဲ့၊ ဒါပေမဲ့ ခုတင်တော့ ၂လုံးပဲ မြင်ခဲ့တယ်"
သိန်းသိန်း–
"ဒါက ကိစ္စမရှိပါဘူး၊ ကိုတင်ထွန်းရယ် မြမြရယ် ခုတင်တစ်လုံးစီ အိပ်ကြပေါ့။ သိန်းသိန်းနဲ့ မချိုတို့က
ကြမ်းပြင်ပေါ်မှာ အိပ်နိုင်ပါတယ်"
မမြမှီ–
"အိုကွယ် ခုတင်ကကိစ္စမရှိပါဘူး၊ အကုန်လုံးကြမ်းပြင်ပေါ်စီတန်းအိပ်နိုင်တာပဲ။ မောင်လေးသဘောအတိုင်းဆုံးဖြတ်ပေတော့၊ အရေးရယ် အကြောင်းရယ်ဆိုရင် ယောကျာ်းသားက
မောင်လေးပဲရှိတာ"
"အခန်းထဲမှာပဲ ကြမ်းပြင်ပေါ်မှာ စီတန်းအိပ်ကြတာပေါ့။ သူခိုး၊ ဓားပြ ဘာမှ ကြောက်စရာမရှိပါဘူး၊
ကျွန်တော်တို့ဗမာပြည်လို မဟုတ်ပါဘူး"
ကျွန်တော်တို့သည် တည်းခိုခန်းထဲတွင် အိပ်ကြလေသည်။ ကြမ်းပေါ်မှာ ကျွန်တော်တို့၏ အိပ်ရာများကို
စီတန်းခင်းလိုက်ကြသည်။ ကျွန်တော်၊ ပြီးတော့ မမြမှီ၊ ပြီးတော့ မချို၊ ပြီးတော့ သိန်းသိန်း။ သိန်းသိန်းဟိုဘက်မှာ
နံရံသာ ရှိတော့သည်။ ခြင်ထောင်ထောင်ရာမှာ အခက်အခဲ အနည်းငယ်တွေ့သည်မှလွဲ၍ အားလုံးချောမွေ့
လွယ်ကူပေသည်။

ဘူတာရုံဝင်း အပြင်ဘက် ပေတစ်ရာလမ်းမကြီးပေါ်တွင် လက်ဖက်ရည်ဆိုင်များရှိရာ
ကျွန်တော်နှင့် မမြမှီသွားပြီး
ကော်ဖီနှင့်နံ့သာပု ငှက်ပျောတစ်ဖီးကို ဝယ်ခဲ့ကြသည်။
ကော်ဖီသောက်၊ ငှက်ပျောသီးစားပြီး၍ ကိုယ်လက်သန့်စင်ပြီးသည်ဆိုလျှင်ပင် သိန်းသိန်းကား
အိပ်လေတော့၏။
သိန်းသိန်းအိပ်သည်ဆိုလျှင် မချိုလည်း အိပ်လေတော့၏။ ကျွန်တော်တို့နှစ်ယောက်ကား
ညဘးခါစလင်မယားဟန်နီးမွန်းထွက် သကဲ့သို့ပင် ရှိတော့သည်တကား။
ကမ္ဘာလောကကြီးမှာ ကျွန်တော်တို့နှစ်ယောက်တည်းရှိလျှင် ကောင်းလေစွဟု
တောင့်တကြသောအချိန်အခါဖြစ်လေသည်။
မမြမှီသည် နံ့နက်အစောကြီးထပြီး ကျွန်တော့်ကိုနှိုးလေသည်။ သိန်းသိန်းနှင့်မချိုတို့ကား
မနိုးကြသေး။
ပြတင်းပေါက်များ၏ အထက်မှာ ကျောက်စိမ်းမှန် တပ်ထားသော ကောင်းကင်ပြတင်းများ
ရှိလေသည်။
ထိုပြတင်းများမှ စိမ်းလဲ့သော လင်းရောင်မှုန်မှုန် သည်အခန်းတွင်းသို့ ဝင်နေသည်။
မမြမှီကား မျက်နှာသစ်ပြီး၊ ခေါင်းဖြီးပြီး၊ အဝတ်လဲပြီးဖြစ်နေ၏။ ညတုန်းက မနက်
နေမထွက်မီထပြီး အနီးအနား
လမ်းလျှောက်သွားကြမည်ဟု ပြောထားခဲ့သည် မဟုတ်ပါလား။
ကျွန်တော်ရေချိုးခန်းထဲမှ မိုးလင်းကိစ္စတွေ ပြီး၍ထွက်လာသောအခါ မမြမှီသည်
ကျွန်တော့်အိပ်ရာသိမ်းထားနှင့်လေပြီ။ မိခင်နှင့်ကင်း၍ ဝေးရာမှာ နေရကတည်းက
နံ့နက်လင်းတိုင်း ကိုယ့်အိပ်ရာ
ကိုယ့်ဘာသာသိမ်းခဲ့ရသည်။ ယခု မမြမှီက သိမ်းထားနှင့်သောအခါ မမြမှီအပေါ်
ချစ်စရာတစ်ကွက်
တိုးလာပြန်လေသည်။
မမြမှီက တံခါးမကိုဖွင့်ရင်း အဝတ်လဲနေသော ကျွန်တော့်အား–
"မောင်လေး၊ အပေါ်က ကုတ်အင်္ကျီဝတ်ခဲ့နော်၊ နည်းနည်းအေးတယ်"
တံခါးပွင့်သွားသဖြင့် မှုန်ရီအေးမြသော နံ့နက်ခင်းလင်းရောင်သည် အခန်းထဲဝင်လာသည်။
မမြမှီကား ကတ္တီပါ
ရင်ဖုံးအင်္ကျီကို ဝတ်ထား၏။ ဘာအရောင်ဟုကား သဲကွဲစွာမမြင်ရ။
ကောင်းကင်ကား ကြည်လင်လျက်ရှိ၏။ များသောအားဖြင့် ကြယ်များမှာ ငြိမ်းကုန်ကြပြီ။
အချို့သာ အရောင်အဝါ
ကင်းမဲ့စွာဖြင့် မှိတ်တုတ်မှိတ်တုတ် လုပ်နေရစ်ခဲ့ကြ၏။ အရှေ့ဘက်သို့ ကြည့်လိုက်သော်
မိုးကုပ်စက်ဝိုင်းသည်
ညိုမြည်းနေသည်။ တောင်ကြီးမြို့တည်ရာ မြင့်မားသောတောင်တန်းကြီးများ ဖြစ်ဟန်ရှိ၏။
ညိုမြည်းသော

မိုးကုပ်စက်ဝိုင်းပေါ်တွင် နီရောင်စို့တန်းများ ဖြာထွက်နေ၏။ မြောက်ဘက်မှာကား မှိုင်းညို့ညို့ ကုန်းမို့တောင်ကမူ
တောင်နိမ့်များ၊ တောင်ဘက်မှာမူ နင်းငွေ့ရီဝေသော ညောင်ရွှေတောင်ကြား မြေပြန့်နှင့် အင်းလေး။
ဘူတာရုံအနောက်ဘက်တွင် ရှန်တိန်လုပ်ပြီး ကလောဘက်ပြန်ထွက်ရန် အသင့်စောင့်နေသော မီးရထား။
ကျွန်တော်တို့သည် အရှေ့ဘက် ညိုမည်းသော မိုးကုပ်စက်ဝိုင်းနှင့် ရောင်နီစို့တန်းများသို့ မျက်နှာမူ၍
လျှောက်လာကြ၏။ ကျွန်တော့်ဘယ်ဘက်လက်နှင့် မမြမှို၏ ညာလက်များမှာ ယှဉ်တွဲနေကြသည်။
သည်လိုနှစ်ယောက်သား လျှောက်ရာမှာ ဖြစ်စေ၊ ထိုင်ရာမှာဖြစ်စေ၊ အိပ်ရာမှာဖြစ်စေ ယှဉ်တွဲမိတိုင်း
ကျွန်တော်ကမမြမှိုထက်ကိုယ်ကာယအားဖြင့် လည်းကြီးထွားသည်။ မိန်းမဟူသည် အားနွဲ့သော အမျိုးဟူသော
သဘောကလည်း ရှိပြန်သည်ဖြစ်ရကား အသက်ခြားနားမှု သည် ပျောက်ပျောက်နေတတ်ပေ၏။ မမြမှိုကလည်း
ငယ်ရွယ်သူလို ပြုမူတတ်ပေ၏။
“မောင်လေး ခြေလှမ်းကြီးက သိပ်ကျဲတာပဲ၊ မမ လိုက်မမီတော့ဘူး”
ကျွန်တော်ကား ခြေလှမ်းစိပ်လိုက်ပြီး ဖြည်းဖြည်းကလေး လျှောက်ရင်း ခစ်ခနဲ ရယ်သွမ်းသွေးလျက်–
“ကိုကို့ခြေလှမ်းကြီးကလည်း သိပ်ကျဲတာပဲလို့ ပြောပါလားမမရယ်၊ တစ်ခါတစ်ခါ ခုလို လွတ်လပ်တုန်း
ကိုကိုလို့ခေါ်တာ သိပ်ကြားချင်တယ်”
မမြမှိုသည် ကျွန်တော့်လက်မောင်းအိုးကို သူ့ပါးနှင့် ကပ်မိသည့်တိုင်အောင် ခေါင်းကို ငဲ့ထားကာ–
“ကိုကို့ခြေလှမ်းကြီးက သပ်ကျဲတာပဲ၊ မြလိုက်လို့တောင် မမီတော့ဘူး”
ကျွန်တော်ကမမြမှို၏ ခါးကိုဖက်လိုက်သည်။ မမြမှိုကလည်း ကျွန်တော့်ခါးကို ပြန်ဖက်လိုက်၏။
ထိုအတွင်းရှေ့က ချုံပုတ်ကလေးထဲမှ ငှက်တစ်ကောင်သ် ဝရီးခနဲထိုးပျံထွက်သွား လေသည်။ မမြမှိုမှာ တကယ်ပင်
လန့်ဖျပ်သွားပြီး ကျွန်တော့်အား တင်းကျပ်စွာ ဖက်လျက်ရပ်နေသည်။
“မလန့်ပါနဲ့ မမရယ်၊ ခါတစ်ကောင် လန့်ပြီးထွက်ပြေးတာပါ။ ဟောကြားလား၊ ခါတွန်သံ၊ လန့်စရာမဟုတ်တာမမကလည်း”
ခါတွန်သံကို နားထောင်ပြီး မမြမှိုသည် အလန့်ပြေသွားသည်။ ရှေ့ဆက်လျှောက်သောအခါ ဘုတ်သံကိုကြားရလေသည်။

"အဲဒါ ဘာသံလဲ၊ သိပ်သာယာတာပဲနော်"
"ဘုတ်သံလေ၊ ရန်ကုန်မှာတော့ အင်းလျားတစ်ဝိုက်နဲ့ ကုက္ကိုင်းဘက်မှာသာ ကြားရတယ်။ ဘုတ်ဟာအစာဆုံးနိုးတဲ့ ငှက်ဖြစ်ဟန်တူတယ်။ အရုဏ်ရောင်ခြည်မပေါ်မီ မှောင်တုန်းတောင်ထမြည်တတ်တယ်"
အရှေ့ဘက် ညိုမည်းသော မိုးကုပ်စက်ဝိုင်းသည် ညိုရုံသာ ညိုတော့သည်။ ညိုသော မိုးကုပ်စက်ဝိုင်းပေါ်မှ
ရောင်နီစို့တန်းများသည်လည်း ပန်းရောင်စို့တန်းများ ဖြစ်လာသည်။
ရထားလမ်းအဆုံးသို့ ရောက်လာသည်။ ကျောက်စရစ်ခဲများမှာ ကြီးလာသည်။
လမ်းကလေးမှာ မြက်ထူလာသည်။
"ရန်ကုန်နဲ့မတူဘူး။ သိပ်သာယာတာပဲနော် မောင်လေး"
"မမကလည်း ကိုကိုလို့ခေါ်ပါဆိုနေတာ"
"သူကတော့ မမလို့ခေါ်နေပြီးတော့ သူ့ကိုတော့ ကိုကိုလို့ခေါ်ရမယ်တဲ့"
"မြလေး လာ ဟိုပေါ်မှာ ခဏထိုင်ရအောင်"
မြောက်ဘက်နားမှာ ကြီးမားသော ကျောက်တုံးကြီးတစ်ခု ထီးထီးကြီး တည်နေသည်။ သေတ္တာကြီးနှင့်
တူသေးတော့သည်။ ဘေးမှာလည်း အမှိုက်သရိုက် သစ်ပင်ကင်းစင်သော မြေသားသာလျှင် ရှိနေလေသည်။
ကျောက်သေတ္တာကြီးပေါ်မှာ အရှေ့သို့ မျက်နှာမူ၍ ထိုင်နေကြလေသည်။
အရှေ့ဘက်မိုးကုပ်စက်ဝိုင်းညိုပေါ်မှ
ကောင်းကင်သည် ပန်းရောင်စို့တန်းများပျောက်ပြီး နီတစ်ကန့်၊ ဝါတစ်သန့်၊ ညိုတစ်လွှာ၊ ပြာတစ်ထပ်၊
ဖြူတစ်ဆင့်ဖြင့် ရောင်မျိုးစုံ လွှင့်နေလေသည်။
ငှက်ပေါင်းစုံ ကျူးရင့်သံများကိုလည်း ကြားရလေပြီ။
မမြမှီသည် သူ့ညာလက်ကို ကျွန်တော့်ကျောကုံးပေါ်မှာ ဖြတ်ပြီး ကျွန်တော့် ညာဘက်ပခုံးကို ဖက်ကိုင်ထားသည်။
သူ့ဘယ်လက်ဖြင့် ကျွန်တော့်ဘယ်ဘက် လက်မောင်းကို ကိုင်လိုက်ပြီး–
"မောင်လေး"
"မြလေးကလည်း ကိုကိုလို့ခေါ်ပါဆိုနေ"
"ကိုကို"
"မြလေး"
"မောင်လေး ကျေနပ်အောင်တော့ ကိုကိုလို့ခေါ်ဆိုရင် ခေါ်နိုင်ပါတယ်၊ သို့ပေမယ့် မြကလေးလို့တော့
မခေါ်ပါနဲ့ကွယ်"
"ဘာလို့လဲ မြလေးရဲ့"

"တမင်အရွဲ့တိုက်ခေါ်သလို ဖြစ်နေတယ်ကွယ်။ မမလို့ မခေါ်ချင်တဲ့အခါမှာ မြလို့သာ ခေါ်ပါ၊ မြလေးဆိုတော့
မမက ဆယ်နှစ်ကျော်ကျော်ကြီးနေတာကို တမင်သတိပေးနေသလို ဖြစ်သွားတယ် မောင်လေးရယ်"
မမြမှီ၏အသံမှာ တကယ်ပင် ကြေကွဲနေ၏။
"တကယ်ပါပဲ မမရယ်။ ခုလို ချစ်ကြင်နာစွာနဲ့ ယှဉ်တွဲနေရတဲ့အခါမှာ အသက်ကွာခြားမှုဟာ ကျွန်တော့်စိတ်မှာဖြင့်
လုံးဝပျောက်နေတာ အမှန်ပါပဲ။ သို့ပေမယ့် မြလေးဆိုတာက တမင် သတိပေးသလို ဖြစ်နေရင် မြလို့ပဲခေါ်မယ်၊
ဒီလိုဆိုရင်ဖြင့် ကျွန်တော့်ကိုလည်း ကိုကိုလို့မခေါ်နဲ့၊ မောင်လေးလို့လည်း မခေါ်နဲ့"
မမြမှီက ကျွန်တော်စိတ်ကောက်သွားလေပြီလားဟု စိုးရိမ်သော အမူအရာဖြင့်–
"အို မောင်လေးကျေနပ်အောင် ကိုကိုလို့ ခေါ်ပါ့မယ်ဆိုနေတာပဲ"
"ကိုကိုလို့ခေါ်တော့လည်းအသက်ခြားနားမှုကို တမင်သတိပေးနေသလို ဖြစ်မှာစိုးရတာပဲ၊ ဒီတော့
မောင်လို့ပဲခေါ်ပါ"
မမြမှီသည် အတော်သဘောကျသွားဟန်ရှိသည်။ ကျွန်တော့်ပါးကို တစ်ချက်နမ်းလိုက်သည်။
"မြ"
"မောင်"
"မြရယ် ဟောဒီလိုသာယာတဲ့ နံနက်ခင်းရဲ့ သဘာဝအလှကို အမြဲကြည့်နေချင်တယ်၊ ကြည်လင်အေးမြတဲ့
ငှက်ပေါင်းစုံတို့ရဲ့ ကျူးရင့်သံကို အမြဲ ကြားနေချင်တယ်၊ မောင်ချစ်တဲ့ မြနဲ့ ဟောဒီလိုယှဉ်တွဲပြီး
အမြဲတမ်းနေချင်တယ်၊ မြရေ ရန်ကုန်ကို မပြန်ချင်တော့ဘူး"
မမြမှီသည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး ငေးမောနေသည်။ အတန်ကြာတော့ မျက်နှာမှာနွမ်းလျလာသည်။
နောက်တော့ ညိုမြဲသွားသည်။ နောက်ဆုံးတွင် ကျွန်တော့်ဘယ်ဘက်လက်မောင်းကို ဆုပ်ကိုင်ထားသော
သူ့ဘယ်လက်ကို ဖြေလိုက်ပြီး ကျွန်တော့်ညာဘက်လက်မောင်းကို ဖက်ကိုင်ကာ ကျွန်တော့်ရင်ဘတ်ပေါ်တွင်
သူ့မျက်နှာကိုကပ်ထားလိုက်သည်။
ဤနည်းဖြင့် မမြမှီက အချစ်ပြလိုက်သည်ဟု ထင်မိသေး၏။ သို့သော် ကျွန်တော်ကား မှားလေပြီ။ မမြမှီသည်
တရှုပ်ရှုပ်ငိုနေလေပြီ။ ကျွန်တော်ကား ဘယ်လိုလုပ် ချော့ရမှန်းမသိ။ ကျွန်တော်ကိုယ်တိုင်က ထိုစကားတွေကို

ဘယ်ရည်ရွယ်ချက်နှင့် ပြောလိုက်မိမှန်းမသိ။ တကယ်ဆိုတော့ လူပျိုရွယ်၊ အချစ်စိတ်
ယိုဖိတ်ကောင်းတုန်း အရွယ်၊
ကာမဂုဏ်အာရုံနှင့်နီးလျှင် တုံ့ပြန်ချက်ကား အကောင်းဆုံးအရွယ်မှာ ကဗျာဉာဏ်ကွန့်မြူးပြီး
စကားတွေ
ကျူးလိုက်ခြင်းသာ ဖြစ်ဟန်တူလေသည်။ သို့မဟုတ်ပါက မမြမှီငိုလျှင် ရင်ဖိုလာပြီး
အဖျင်းဆုံး မျက်ရည်တော့
စို့ဖို့ကောင်းသည်။ ကျွန်တော်ကား ရင်မဖို။ မျက်ရည်မစို့။ မမြမှီ ဘာကြောင့် ငိုသည်ကိုသာ
သိလိုနေသည်။
"အို မြဘာဖြစ်လို့ ငိုနေတာလဲ"
"မြတော့ တကယ်သာ သေချင်တော့တာပဲ မောင်ရယ်"
"အို မဟုတ်တာ၊ ဘာဖြစ်လို့ သေချင်ရမှာလဲ"
မမြမှီသည် လှိုက်လှိုက်လှဲလှဲ ရှိုက်ကြီးတငင် ငိုပြန်လေသည်။ ကျွန်တော်သည်
ဘယ်လိုချော့ရမှန်းလည်း
မသိတော့။ ချော့ဖို့ သင့်မသင့်မှ မစဉ်းစားတတ်။ ထို့ကြောင့် မမြမှီအား ပွေ့ဖက်ထားပြီး
အားရအောင်
ငိုပစ်ရန်ခွင့်ပြုထားလိုက်ရတော့ သည်။
မြောက်ဘက်က လေပြည်ကလေးက ဆော်သွေးလာသည်။ လေပြည်မှာ မျောပါလာသော
တောရနံ့ကလေးက
သင်းသည်။
တောင်ထိပ်ဖျားများပေါ်တွင် ဝါလဲ့လဲ့နေရောင်ခြည်များ တက်လာသည်ကို မြင်ရပြီ။
မမြမှီကား ငို၍တော်တော်အားရသွားပြီဟု ထင်သည်။ ကျွန်တော့်ရင်ခွင်ကို မျက်နှာကပ်ပြီး
ငြိမ်နေလေသည်။
ကျွန်တော်ကား မမြမှီ ဘာလို့ငိုသည်ဟု စဉ်းစားတိုင်း မိန်းမတွေဟာ
အသိရတယ်ခက်တာပဲဟု
တွေးတောမိလေသည်။
"ဘာလို့ငိုရတာလဲ မြရဲ့"
မမြမှီက ပြင်းထန်စွာ ရှိုက်လိုက်ပြီး အတန်ကြာမှ–
"မြ သေသာသေချင်တယ် မောင်"
"သေရင်လည်း မြရောမောင်ပါ ခုလိုယှဉ်တွဲပြီး သေရင်ကောင်းမယ်။ သေညပီး ဟောဒီ
ကျောက်သေတ္တာကြီးပေါ်မှာ
ကျောက်ရုပ်ကလေးတွေ ဖြစ်သွားရောဆိုပါတော့။ မြနဲ့မောင်ရဲ့ အချစ်ဟာ ရာဇဝင်မှာ
ထင်ရှားကျန်ရစ်ခဲ့မယ်"
မြောက်ဘက်တောင်ခြေဆီမှ နွားဆည်းလည်းသံနှင့် လှည်းမောင်းသံများကို ကြားရလေသည်။
မမြမှီသည် ကျွန်တော့်အားဖက်ထားသည်ကို ဆတ်ခနဲ လွှတ်လိုက်ပြီး
မတ်မတ်ထိုင်လိုက်သည်။

စိတ်အားထက်သန်သော မျက်နှာဖြင့် ကျွန်တော့်ကို ကြည့်ပြီး–
"တကယ်သေကြစို့လား"
ကျွန်တော်က မဟုတ်တရုတ် ပြောနေသော ကလေးငယ်အား ရယ်လိုက်သလို ရယ်လိုက်ပြီး–
"မြကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ထသွားကြစို့၊ နေတောင်ထွက်လာပြီ"
ပြောပြောဆိုဆို ကျွန်တော်က မတ်တတ်ထလိုက်သည်။ မမြမှီလည်း စိတ်မပါ့တပါဖြင့် မတ်တတ်ရပ်၏။
ကျွန်တော်က ရှေ့ကလျှောက်၊ မမြမှီက နောက်ကလိုက် ဖြစ်နေ၏။
"မြက အချစ်အတွက် တကယ်သေရဲတာ။ မောင်ကတော့ သေရဲမှာ မဟုတ်ပါဘူး"
ကျွန်တော့်မှာ ပို၍အံ့သြသွားလေသည်။ မမြမှီအား စောင့်ခေါ်လျက် အတူယှဉ်တွဲလျှောက်စေပြီး–
"ဘာဖြစ်လို့ မဟုတ်မဟတ် သေစကားတွေ ပြောနေတာလဲ၊ ပျော်ပျော်ပါးပါး လျှောက်လည်စရာတွေ
အများကြီးကျန်သေးတယ်၊ အားရအောင်ချစ်ဖို့ အချိန်တွေ အများကြီးရှိသေးတယ်"
မမြမှီသည် မျက်ရည်ကိုလက်ကိုင်ပဝါနှင့် သုတ်နေပြန်လေသည်။ သုတ်ပြီးတော့လည်း မျက်နှာမှာမကြည်လင်လှ၊
နွမ်းလျ၍သာနေသည်။ သေချင်တယ်ဆိုသော စကားကို ပေါ့ပေါ့ကလေး ပြောလိုက်သည် မဟုတ်ကြောင်း
ထင်ရှား၏။ စိတ်ပြောင်းအောင် ကျွန်တော်က စကားပြောင်းလိုက်ရသည်။
"ညောင်ရွှေကလူတွေ ကားနဲ့လာကြိုမှာလား"
"ကားနဲ့ဖြစ်မှာပေါ့"
"ကားနဲ့ဆိုရင် ခဏနဲ့ရောက်မှာပဲ၊ ရွှေညောင်နဲ့ ညောင်ရွှေ သိပ်မဝေးဘူးဆိုပဲ"
"မဝေးဘူးတဲ့"
"ညောင်ရွှေမှာတော့ သိပ်လည်စရာ ကြည့်စရာရှိမှာမဟုတ်ဘူး၊ ညောင်ရွှေမှာ ခဏနေပြီး အင်းလေးထဲ
အလည်သွားကြမယ်နော်၊ အင်းလေးဗိုလ်တဲမှာ ကျွန်တော်တို့ချည်း တည်းရအောင်နော်" ကောင်းသားပဲ"
ဘူတာရုံသို့ ပြန်ရောက်လာကြသောအခါ နေရောင်ခြည်သည် ဘူတာဝင်းထဲသို့ ကျဆင်းလျက်ရှိလေပြီ။
တည်းခိုခန်းထဲသို့ ရောက်သောအခါ သိန်းသိန်းနှင့် မချိုတို့သည် အိပ်ရာမှ ထနေနှင့်ကြလေပြီ။ မချိုကား
အိပ်ရာနှင့် ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးနေလေ သည်။
သိန်းသိန်းကား မျက်နှာသစ်ထားသော်လည်း ပေါင်ဒါမရိုက်၊ သနပ်ခါး မလိမ်းထားဖြစ်လေသည်။ ခေါင်းကိုလည်း
ဖြီးမထား။ မမြမှီသည် သိန်းသိန်း၏ ချွတ်ယွင်းချက်ကို အလစ်မပေး။

"သိန်းသိန်းကလည်းကွယ် မျက်နှာပြောင်တလင်းကြီးနဲ့၊ မျက်နှာသစ်ပြီးတယ်ဆို ရင် ပေါင်ဒါကလေးဖြစ်ဖြစ် တော့
ရိုက်ထားမှပေါ့၊ ဆံပင်လည်း ဖြီးလိုက်ရောပေါ့"
သိန်းသိန်းသည် ဘာမျှခုခံမပြောဘဲ မမြမှီအကြိုက်လိုက်ပြီး မျက်နှာနှင့် ဆံပင်တို့ကို သနေလေတော့သည်။
၇နာရီသာသာလောက်တွင် ဖို့ဒ်ဗွီအိပ် ကားတစ်စီးရောက်လာလေသည်။ ထိုကားနှင့်အတူ ပွဲစားကြီး ဘုရား
ဒါယကာ ဦးနန္ဒပါလာလေ၏။ သူသည် ကျွန်တော်တို့အား လာကြိုခြင်းဖြစ်လေသည်။
ဦးနန္ဒကား ရှမ်းအမျိုးသား ပွဲစားကြီးဖြစ်၏။ အသက် ၅၀ကျော်ဖြစ်မည်ဟု ခန့်မှန်းရ၏။ ဝပြီး ခံ့ညားသည်။
နှုတ်ခမ်းမွေးက ခေတ်ဆန်သည်။ မီးခိုးရောင် သက္ကလတ်ရှမ်းဘောင်းဘီပွနှင့် မီးခိုးရောင် သက္ကလတ်
တိုက်ပုံအင်္ကျီကို ဝတ်ထားသည်။ ပိုးပဝါကို ရှမ်းဟန်ဖြင့် ပေါင်းထားသည်။ စီးထားသော ရှူးဖိနပ်ကား
ဝင်းလက်နေ၏။
"ကျုပ်အိမ်က ဘုရားအမကတော့ ညဦးကတည်းက သွားကြိုပါပြောနေတာ။ ကျုပ်က ပြောပြရတယ်၊ သူဌေးကတော်
မမြမှီဟာ အလွန်တိကျတယ်၊ သူက မနက်မှ ကြိုလို့ မှာထားတာ၊ ညဦးကြိုလို့ မဖြစ်ဘူးလို့ ပြောပြရတယ်"
မမြမှီက ဖော်ရွေရင်းနှီးသော အမူအရာကိုအစွမ်းကုန်ပြလျက်–
"မနက်မှလာတာ ကောင်းပါတယ် ကျောင်းဒကာရယ်၊ ညဦးကဆိုရင် သိပ်ဒုက္ခများမှာပဲ။ ကဲ ကဲ သွားကြစို့လား"
ကားထွက်လေပြီ။
ဦးနန္ဒ–
"သူဌေးကတော် ဘယ်အိမ်မှာ တည်းချင်သလဲ။ ကျုပ်တို့မှာ နှစ်အိမ်ရှိပါတယ်၊ ကံသာရပ်က အိမ်ကတော့
ပွဲရုံလည်းဖွင့်ထားတယ်၊ နန်းပန်ရပ်က အိမ်မှာတော့ လူနေတဲ့အခါ နေတယ်၊ မနေတဲ့အခါ ပိတ်ထားရတယ်"
မမြမှီ–
"နန်းပန်အိမ်က လူရှင်းမှာပေါ့"
"ဟုတ်တယ် သူဌေးကတော်"
"ဒါဖြင့် နန်းပန်အိမ်မှာ တည်းကြတာပေါ့ ဘုရားဒကာရယ်"
ကားသည် ကလောတောင်ကြီး ပေတစ်ရာလမ်းမှ ညောင်ရွှေလမ်းသို့ ချိုးခဲ့လေသည်။
လမ်းဘေးမြားတိုင်တွင်ညောင်ရွှေသို့ ရှမ်းမိုင်ဟု ရေးထားလေသည်။

ရွှေညောင်မှ ညောင်ရွှေသို့ သွားသောလမ်းမှာ တောင်အတက်အဆင်းမရှိ။ တစ်ပြေးညီဖြစ်ပြီး ဖြောင့်ဖြူးသည်။
ခပ်လှမ်းလှမ်းတွင် ဝိုင်းရံနေသော တောင်ညို့ညို့များကိုသာ လှမ်းမျှော်၍ မကြည့်လျှင် ရှမ်းပြည်သို့
ရောက်နေသည်ဟု ထင်မှတ်ဖွယ်ရာ မရှိ။ အထက်မြန်မာပြည်သို့ ရောက်နေသည်ဟုသာ ထင်စရာရှိသည်။
လမ်းဘေးတွင် ထနောင်း၊ ဒဟတ်၊ သန်း၊ မန်ကျည်းစသော သစ်ပင်များနှင့် ဆီးချုံများကို တွေ့ရ၏။
ရာသီဥတုမှာလည်း မြန်မာပြည်အထက်ပိုင်းနှင့်သာတူ၏။
ချောင်းကြီးတစ်ခုသည် မကြာခဏလမ်းဘေးသို့ ကပ်လာတတ်၏။ ထိုချောင်းကြီးတွင် ရေအမြောက်အမြားသော်လည်း ရေစီးနေသည်ဟုပင် မထင်ရချေ။ နောက်တော့ ထိုချောင်းကြီးသည် အင်းကြီးလို
ဖြစ်လာလေသည်။ ကြာဖြူ ကြာနီ လှိုင်လှပေ၏။ မျက်စိတစ်ဆုံး လယ်ကွင်းများကို မြင်ရလေသည်။
ဘုရားတန်ဆောင်း ကျောင်းကန်များလည်း ပေါလှ၏။ ဘုန်းကြီးကျောင်းများမှာ ဘုံအဆင့်ဆင့်
ပြာသာဒ်အဆောင်ဆောင် ရှိရုံမျှမက ခဲရာခဲဆစ် အဆန်းတကြယ် ထုထွင်းထားသော ပန်းပုလက်ရာများဖြင့်
မွမ်းမံထားလေသည်။
ကားရှေ့တန်း ကျွန်တော့်ဘေးမှ လိုက်ပါလာသော ဦးနန္ဒက နောက်သို့လှည့်ပြီး “ရှေ့ကဟာဟာ ညောင်ရွှေပါပဲ
သူဌေးကတော်”ဟု ပြောပြလိုက်လေသည်။
ရှေ့မှာ စိမ်းညို့ညို့မြင်ကွင်းတွင် ဘုံအဆင့်အဆင့် ပြာသာဒ်အဆောင်ဆောင် နှင့် စေတီပုထိုးများသည်
ထိုးထွင်းနေလေသည်။
မမြမှီက–
“ပွဲစားကြီးရယ် ကျွန်မကို သူဌေးကတော်လို့ မခေါ်စမ်းပါနဲ့၊ ကြားရတာ တောင့်လွန်းလို့ပါ”
“ဒါဖြင့် ကျွန်တော်တို့ ရှမ်းပြည်ထုံးစံအတိုင်း ကျောင်းအမဖြစ်ဖြစ်၊ ဘုရားအမ ဖြစ်ဖြစ်၊ ဇရပ်အမဖြစ်ဖြစ်
ခေါ်ရလိမ့်မယ်ဗျ”
ဦးနန္ဒ၏ ဝဲသောအသံမှာ နားထောင်၍ကောင်းသည်။
“မမြမှီလို့ပဲ ခေါ်ပါရှင်”
ဦးနန္ဒကရယ်နေလိုက်သည်။ ပြီးနောက်–
“ကျောင်းအမတို့ရောက်တုန်း အဆင်သင့်လိုက်တာ ဘုရားပွဲနဲ့ တွေ့ရဦးမယ်ဗျ။ အင်းထဲကဘုရားကိုတော်ဘုရားကိုယ်တိုင် ညောင်ရွှေကို ပင့်လာလိမ့်မယ်”

"ကောင်းတာပေါ့ရှင်၊ ခရီးထွက်ရတာ အပျော်အပါးသက်သက် မဟုတ်ဘဲ ကုသိုလ်ရဦးမှာပေါ့"
"ကြုံတုန်း ၃ဖကောင်ကလေး ဘာကလေးလည်း ကံစမ်းပေါ့ ကျောင်းအမရယ်"
"အဲဒါတွေ ကျွန်မကတော့ ဝါသနာမပါဘူးရှင့်၊ ကျွန်မမောင်ကလေးကိုသာ
ဗဟုသုတဖြစ်အောင် လိုက်ပြပါရှင်"
ဦးနန္ဒက ကျွန်တော့်အားကြည့်ပြီး ပြုံးလေသည်။ ကျွန်တော်က ပြုံးလျက်–
"ပွဲစားကြီးရယ်၊ ဒီအလောင်းအစား ဗဟုသုတမျိုးကိုတော့ ကျွန်တော် မလိုချင်ပါဘူး၊
အလောင်းကစားအားကြီးလို့
ရှမ်းပြည်သူ ပြည်သားတွေမှာ နစ်မွန်းနေရတယ် မဟုတ်လားဗျာ"
"ဒီလိုလည်း မဟုတ်သေးဘူး တူမောင်ရဲ၊ ရှမ်းပြည်သူပြည်သားတွေဟာ
အလုပ်လုပ်ချိန်မှာလုပ်၊
အလှူအတန်းပြုချိန်မှာ ပြုပြီး၊ အပျော်အပါးလုပ်ချိန်မှာ လုပ်ကြတာပဲ၊ အလောင်းကစားဟာ
ထုံးစံဓလေ့ဖြစ်နေတော့
ပယ်ဖျက်လို့ မကောင်းဘူး။ ဒါကြောင့် တော်ဘုရားကြီးတို့ကလည်း အားပေးနေတာပဲ။
မြန်မာပြည်မှာဆိုရင်
နိုင်ငံခြားထုံးစံဖြစ်တဲ့ မြင်းပွဲ၊ ကလပ်ပွဲတို့ ဘာတို့ကို အစိုးရက ဖွင့်ပေးပြီး
အမျိုးသားထုံးစံဓလေ့ဖြစ်တဲ့ ၄ကောင်၊
အန်စာ၊ ကြွေပစ်၊ ဂျင်လှည့်တွေကို ပိတ်ထားတယ်။ ရှမ်းပြည်မှာတော့ နယ်ရှင်ပယ်ရှင်
စော်ဘွားကြီးများက
အမျိုးသားထုံးစံ ဓလေ့ကို ကာကွယ်ပေးနေတယ်"
"ခင်ဗျား စော်ဘွားတွေက အမျိုးသားထုံးစံဓလေ့ကို ကာကွယ်တာလား၊ အလောင်းကစား
အခွန်အတုတ်ရလို့
လုပ်နေတာလား"
ကျွန်တော်က ခွဆန်ဆန် တုံ့ပြန်လိုက်သည်။ ဤခွမျိုးကို ဦးနန္ဒသည် မျှော်လင့်ဟန်မတူ၊
ပါးစပ်အဟောင်းသားနှင့်
ကျွန်တော့်အား စိုက်ကြည့်နေလေသည်။ မမြမှီက ကြားဝင်၍ တော်တော့၏။
"မောင်တင်ထွန်းရဲ့ မင်းတို့ အင်္ဂလိပ်စာတတ်တွေပြောတတ်တဲ့
ရောမပြည်ရောက်ရင်ရောမပြည်သားကဲ့သို့
ကျင့်ရမယ်ဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား။ ရှမ်းပြည်ရောက်ရင် ရှမ်းဓလေ့ထုံးစံကို
ရှိသေရမယ်။
ကိုယ်တိုင်မလုပ်နိုင်ဦး မဆန့်ကျင်ရဘူး။ မောင်တင်ထွန်း မကြိုက်ရင် မလုပ်နဲ့၊ ဟောဒီက
သိန်းသိန်းတစ်ယောက်လုံးရှိတယ်၊ သိန်းသိန်းက ၃ဖကောင် ကံစမ်းလိမ့်မယ်၊
ဟုတ်တယ်မဟုတ်လား သိန်းသိန်း"
သိန်းသိန်းက ကလေးကြီးလို ပြုံးပြီး–
"၃ဖကောင် ထိုးမယ်၊ ဟီးဟီး လုပ်ဖူးတယ်ရှိအောင် အကုန်လိုက်ကစားဦးမယ်"

အားလုံး သိန်းသိန်းနှင့်အတူ ရောရယ်ကြရသည်။ မချိုလည်း ဘာမှန်းမသိသော်လည်း သူများပါးစပ်ကို ကြည့်ပြီး
လိုက်ရယ်သေးသည်။
မြို့ထဲသို့ ဝင်ခဲ့ကြလေပြီ။ လမ်းများကျဉ်း၍ ရှုပ်ထွေးလာ၏။ တိုက်ကြီးတာကြီးများ မရှိ အိမ်ကြီးများသာ ရှိသည်။
မန်ကျည်းပင်များက စည်ကားလှသည်။ ဈေးမှာ တောမြို့ဈေးကလေးသာသာ ရှိ၏။ ဈေးအပြင်ရှိဆိုင်ကြီးများမှာ
ကုလားတရုတ်ဆိုင်များသာဖြစ်၏။
ဦးနန္ဒ၏ ဖို့ဒ်ဗွီအိပ်ကားကြီးသည် အိမ်ကြီးတစ်အိမ်ရှေ့မှာ ရပ်လိုက်လေသည်။ တောသူဌေးအိမ်ကြီးနှင့်
ခုတင်များပေးထားပြီး ကျွန်တော့်အတွက် ထိုအခန်းအပြင်ဘက်တွင် ခုတင်တစ်လုံးခင်းပေးသည်။ အိမ်ဦးရှိ
ဘုရားစင်ကြီးကား ကျယ်ဝန်းလှပလှပေသည်။
ဦးနန္ဒတို့ကိုယ်တိုင်ကား ဤအိမ်မှာ မနေကြ။ ကံသာရပ်ရှိ ပွဲရုံမှာ အနေများသည်ဟု သိရလေသည်။
ကျွန်တော်တို့အား ညှော်ဝတ်ကျေပွန်စွာ စောင့်ရှောက်ရန်ဆိုပြီး မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားပျိုတစ်ယောက်အား ပို့ထားသည်။ မိန်းမကြီးမှာ ခံ့ခံ့ညားညား
သပ်သပ်ရပ်ရပ်ဖြစ်သောကြောင့် မြင်လျှင်
မြင်ချင်း အစေခံမဟုတ်ကြောင်း ခန့်မှန်းနိုင်လေသည်။ ထိုမိန်းမကြီးမှာ ပွဲစားကြီး ဦးနန္ဒ၏ နှမဝမ်းကွဲတစ်ယောက်ဖြစ်ကြောင်း၊ နာမည်မှာ စောသုမြတ်ဖြစ်ကြောင်း သိရလေသည်။ ယောကျ်ားပျိုမှာ
ကျွန်တော်တို့အရွယ်ဖြစ်ပြီး အင်းသားဖြစ်သည်ဟု ဆို၏။ စောသုမြတ်က အစစအရာရာ စီမံသည်။
ကိုယ်တိုင်လည်း ချက်ပြုတ်သည်။ အင်သားလူငယ်ကစောသုမြတ် ခိုင်းသမျှ
လုပ်ပေးရလေသည်။
ဦးနန္ဒက စောသုတ်မြတ်အား–
"နှမကြီးရေ၊ ရန်ကုန်ကဧည့်သည်တွေကို ရှမ်းပြည်ရောက်တုန်း၊ ရှမ်းပြည်အစာတွေ မြည်းပါစေနော်၊
ကောင်းကောင်းချက်ကျွေးပါ"
"ဟုတ်ကဲ့ရှင့်။ ဆေးခါးဟင်း၊ ပဲပုပ် ငါးပိ တို့ဟူး အစုံဝယ်ထားပါတယ်"
"ကဲ ကဲလက်ဖက်ရည်ကြမ်း မွှေးမွှေးကလေးလည်း လုပ်ပါဦး"
"ဟုတ်ကဲ့ရှင့်"
စောသုမြတ်သည် အောက်ထပ်သို့ဆင်းသွားလေသည်။
ဦးနန္ဒက မမြမှီအား–
"သူဌေးကတော်"

"ပွဲစားကြီးကလည်း ခေါ်ပြန်ပါပြီ"
"ဘုရားအမ ဘာမှအားမနာကြပါနဲ့ဗျာ၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး တည်းကြပါ၊ ဘာအလိုရှိရှိ
စောသုမြတ်ကို ပြောပါ"
မမြမှီကား ရှမ်းလေဖြင့်–
"ဟုတ်ကဲ့ရှင့်"
ရှမ်းလေကြောင့် မမြမှီအား ကျွန်တော်နှင့်သိန်းသိန်းတို့က ပြုံးကြည့်လိုက်ကြသည်။ ဦးနန္ဒထိုရှမ်းလေကို
သတိပြုလိုက်ဟန်မတူ။
"ကဲ ကျွန်တော်တော့ ပွဲရုံကို ခဏလိုက်သွားဦးမယ်၊ ညနေကျရင် အိမ်က ကျောင်းအမကြီးနဲ့ အတူလာခဲ့ပါ့မယ်"
"ဟုတ်ကဲ့ရှင့်၊ သြော်ရန်ကုန်ကို တစ်ခါပါလာတဲ့ သမီးကလေးကော ကျန်းကျန်းမာမာပဲလား"
"ရှိပါတယ်ဗျာ၊ ညနေကျရင် ခေါ်ခဲ့ပါ့မယ်။ သူလည်းကျောင်းပိတ်လို့ ပြန်လာတာ မကြာသေးပါဘူး"
"အခုနေဆို တော်တော်ကြီးရောပေါ့နော်"
"ကြီးပြီပေါ့ဗျာ၊ အားကြီးထွားတာပဲ။ ကဲ သွားဦးမယ်နော် ဘုရားမမြ"
ဦးနန္ဒသည် ပြောပြောဆိုဆို ထွက်သွားလေသည်။ ကျွန်တော်ကား 'ဘုရားမမြ' ဟုဆိုသော အခေါ်အဝေါ်ကို
နားမလည်နိုင်အောင်ရှိပြီး စဉ်းစားနေရစ်လေသည်။ မမြမှီလည်း သည်အတိုင်းပင် စဉ်းစားနေဟန်ရှိ၏။
နောက်မှသိရသည်မှာ သူတို့ဒေသထုံးစံအရ ဘုရားအမ မမြမှီ ခေါ်မည့်အစား အတိုချုံး၍ ဘုရားမမြဟု
ခေါ်ကြခြင်းဖြစ်ကြောင်းသိရလေသည်။ ကျောင်းဒါယကာ ဦးနီဆိုလျှင် ကျောင်းနီဟု ခေါ်တတ်လေသည်။
မချိုကား သိန်းသိန်းနှင့် မမြမှီတို့၏ ပစ္စည်းများကို နေရာချထားလျက်ရှိ၏။ အိပ်ရာများကိုလည်းပြင်၏။ ပြီးနောက်
သိန်းသိန်းတို့ ရေချိုးပြီး လိမ်းရန် သနပ်ခါးသွေးနေလေသည်။
နေ့လယ် ၂နာရီလောက်သာသာတွင် ဘုရားပင့်ပွဲရှိ၏။ ညောင်ရွှေစော်ဘွားကြီးကို ကိုယ်တိုင်အင်းထဲမှဘုရားကို
ပင့်ဆောင်လာမည်ဖြစ်၍ သွားကြည့်ရန် ကျွန်တော်တစ်ယောက်တည်း ဖြစ်နေလေသည်။ မမြမှီက လူတွေများသော
နေရာမသွားလိုဟု ဆိုပြီးနေရစ်ခဲ့သည်။ သိန်းသိန်းက နေပူသည်ဟုဆိုကာ နေရစ်ခဲ့လေသည်။
ဈေးရေဆိပ်မှနေပြီး ဈေးကိုပတ်ကာ မြို့လယ်ရပ်ဘုရားပွဲကျင်းပရာ နေရာသို့ ပင့်မည်ဖြစ်သည်။

လမ်းတလျှောက်လုံး လူတွေ ပြည့်ညပ်နေ၏။ သူတို့ကား ညောင်ရွှေမြို့သူမြို့သားများသာမက အင်းထဲရှိရွာများမှ
လာရောက်ကြည့်ရှုကြသူများလည်းပါလေသည်။
ကျွန်တော်သည် ဈေးအနီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့တွင် မတ်တတ်ရပ်လျက် စောင့်ကြည့်နေလေသည်။
လူအများလည်း မတ်တတ်ရပ်လျက် အနောက်ဘက်သို့ ကြည့်ကာကြည့်ကာ စောင့်မျှော်နေကြ၏။ အတန်ကြာသော်
ခရူသင်းမှုတ်သံ၊ ကြေးစည်သံနှင့် ဆိုင်းသံ ဗုံသံများကို ကြားရလေသည်။ အသံကြားရာသို့ မျှော်ကြည့်လိုက်သော်လည်း ဘုရားလှည့်ပွဲကိုမမြင်ရသေး။
လူငယ်တစ်ယောက်သည် ကျွန်တော့်အနီးသို့ လာရပ်လေသည်။ သူ့ကို ကျွန်တော်မြင်ဖူးသလိုလိုရှိသည်။ သူက
ကျွန်တော့်အားသိဖူးသလိုလို စိုက်ကြည့်နေသည်။ ခဏကြာသောအခါ ကျွန်တော့်အား အပြုံးဖြင့် နှုတ်ဆက်ကာ–
"ခင်ဗျားရန်ကုန်က မဟုတ်လား"
"ဟုတ်ပါတယ်၊ ခင်ဗျားကို ကျွန်တော်မြင်ဖူးတယ်ထင်တယ်"
"ခင်ဗျား ကိုတင်ထွန်းမဟုတ်လား"
"ဟုတ်ပါတယ်"
'ကျွန်တော်တို့ကတော့ သိတာပေါ့။ ကျောင်းသားအရေးတော်ပုံအတွင်းက ခေါင်းဆောင်တွေထဲက မဟုတ်လား"
"ခင်ဗျားလည်း ရန်ကုန်တက္ကသိုလ်ကပဲ မဟုတ်လား"
"ဟုတ်တယ်လေ၊ ကျွန်တော်တို့လည်း ကျောင်းသားအရေးတော်ပုံတုန်းက ပါခဲ့တာပေါ့"
သူက ညောင်ရွှေမှ ရန်ကုန်တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားနေသော ခွန်သာမြတ် ဖြစ်လေသည်။
ရှမ်းအမျိုးသားပင်ဖြစ်သော်လည်း ညောင်ရွှေသားတို့၏ ထုံးစံအတိုင်း ရှမ်းစကားကောင်းစွာမတတ်။ အမှန်အားဖြင့်
မြန်မာစကားပြောရာတွင် မဝဲလှတော့ချေ။
သူနှင့်အလာပသလ္လာပ ပြောနေကြစဉ် ခေါင်းပေါင်းနီပေါင်းထားသော ရှမ်းပုလိပ်များသည် တုတ်ရှည်ကြီးများကို
ဝှေ့ယမ်းလျက် လူထုအား လမ်းအဖယ်ခိုင်း နေလေသည်။
"ထိုင်ကြ ထကြ တော်ဘုရားကြွလာပြီ"
ခရူသင်းသံများက စူးရှလာသည်။ ကြေးစည်သံများလည်း ဆူညံလာသည်။
ခွန်သာမြတ်သည် ဘာမှမပြောဘဲ ကျွန်တော့်လက်မောင်းကို ဆွဲကာ လက်ဖက်ရည်ဆိုင်ထဲ ခေါ်သွားလေသည်။
လက်ဖက်ရည်ဆိုင်ထဲရောက်ပြီး ထိုင်မိမှ–

“မြင်လား၊ ကျွန်တော်တို့ လမ်းဘေးမှာရပ်နေရင် ဟိုပရိသတ်လို ဒူးတုပ်ပြီး စော်ဘွားကို ရှိခိုးရမယ်”
“စော်ဘွားရှိခိုးတာ ဟုတ်ရဲ့လား ခွန်သာမြတ်တဲ့၊ စော်ဘွားပင့်လာတဲ့ ဘုရားကို ရှိခိုးတာထင်ပါရဲ့”
“ဘုရားမပါလည်း စော်ဘွားကြီး ကြွလာတယ်ဆိုလို့ ပုလိပ်က အော်ပေးရင် ကြားသမျှ လူအပေါင်းက ဒူးတုပ်ပြီး
ရှိခိုးရတာပဲဗျ”
လူအများကား ဒူးတုပ်ရှိခိုးနေကြလေသည်။ ခရုသင်းမှုတ်သူ၊ ကြေးစည်တီးသူနှင့် နတ်ဖြဲပတ္တာများ ၊
နောက်တွင်ရှမ်းပြည်လုပ် တူမီးသေနတ်၊ ဓား၊ လှံများကို ကိုင်ဆောင်လာသော ရှမ်းစစ်သားများ နောက်မှ
ဘုရားပင့်လာသော လူတွန်းရထား၊ ထိုရထားကို စက္ကူရောင်စုံ ရွှေချည်ငွေချည်စတို့ဖြင့် အလှအပ
ပြင်ဆင်ထားသည်။
စော်ဘွားကြီးသည် ရထားကို တွန်းကျိုးကျွန်ပြုလျက် ကြီးစွာသော ဣန္ဒြေဖြင့် လှမ်းကြွလာတော်မူသည်။
လူနှစ်ယောက်က သူ့အား ကနက္ကဒဏ် ထီးဖြူမိုးပေးရလေသည်။
ခွန်သာမြတ်–
“ကျွန်တော်တို့ ညောင်ရွှေစော်ဘွားကြီးက စော်ဘွားကြီးမို့ ကနက္ကဒဏ်ထီးဖြူဆောင်းနိုင်တာဗျ။ တချို့သမခန်း၊
ပွေးလှတို့လို စော်ဘွားကလေးတွေကတော့ ငွေခန်မှူး အဆင့်သာရှိတယ်၊ သူတို့ကျတော့ ရွှေထီးကိုပဲ
ဆောင်းရတယ်”
“ဟော်နန်းပေါ်တက်ကြည့်ရပါ့မလား ခွန်သာမြတ်”
“ကြည့်ချင်ရင် ခွင့်တောင်းပြီး ကြည့်ရတယ်၊ ဟော်နန်းပေါ်ကို ဖိနပ်စီးပြီး မတက်ရဘူးနော်”
“အရင်စော်ဘွားကြီးနာမည်က ဘယ်သူတဲ့ဗျ”
“ဆာစောမောင်တဲ့”
“အင်း– ဆာစောမောင်လက်ထက်က သီပေါမင်းပေးထားတဲ့ ပလ္လင်ဟာ ခုထိ ဟော်ပေါ်မှာ ရှိတယ်ဆိုဟုတ်သလား”
“ဟုတ်ပါတယ်၊ ပလ္လင်က စော်ဘွားတွေထိုင်ဖို့ မဟုတ်ပါဘူး၊ လက်တင်ရုံတင်ရတာပါ”
တီးဝိုင်းတစ်ခုရောက်လာလေသည်။ ခေတ်တူရိယာများကို တီးမှုတ်လာကြ၏။ သူတို့သည် ရှမ်းဘောင်းဘီအဖြူနှင့်
ရှမ်းတိုက်ပုံအင်္ကျီအဖြူကို ဝတ်ထားကြသည်။
ခွန်သာမြတ်“ဒ
ါက စော်ဘွားကြီးကိုယ်တိုင် တည်ထောင်ထားတဲ့ တီးဝိုင်းပဲဗျ”

ခွန်သာမြတ်သည် လက်ဖက်ရည်မှာပြီး ကျွန်တော့်အား မသောက်သောက်အောင်
တိုက်တွန်းနေသည်။
နောက်ရှတ်တရက်–
"နောက်ဆုံး စစ်အခြေအနေက ဘယ်နှယ်နေလဲ"
"ဂျာမနီက ခြေသာနေတာပေါ့ဗျာ။ ပြင်သစ်တောင် လိမ့်မှာပဲလို့ ကျွန်တော်ထင်တယ်။
အင်္ဂလိပ်ကလည်း ခုထိ
အားတိုက်ခွန်တိုက် စစ်မတိုက်သေးပါဘူးဗျာ။ ဂျာမနီကို ရုရှားဘက်လှည့်သွားအောင်
အကွက်ဆင်နေတုန်းပဲ။
ဒီမှာတော့ စစ်အကြောင်း လူအများက ဘယ်လိုပြောဆိုကြသလဲ"
"အရပ်သူ အရပ်သား လူအများကတော့ စစ်ဖြစ်နေတယ်ဆိုတာတောင် မသိဘူးဗျာ၊
စော်ဘွားကြီး
ကတော့စစ်ထဲတောင် ဝင်မယ်ကြားတယ်"
"ဟုတ်ရဲ့လား"
"ဟုတ်ပါတယ်။ စော်ဘွားကြီးက ကိုယ်တိုင်စစ်ထဲဝင်ရုံမကဘူး၊ သူကိုယ်တိုင် စစ်ဗိုလ်လုပ်ပြီး
ရှမ်းဘက်တယ်လီယံတစ်ခုထောင်ဖို့ ကြိုးစားနေတယ်လို့ ကြားရတယ်"
ဘုရားလှည့်ပွဲသည် ရှေ့သို့ လွန်သွားလေပြီ။ လမ်းပေါ်က လူစုလူဝေးလည်း ကွဲလေပြီ။
ကျွန်တော်က
ပြန်ရန်ပြင်သောခွန်သာမြတ်သည် လွန်စွာအရေးကြီးသော မျက်နှာထားလိုက်ပြီး
တိုးတိုးကလေး ပြောလိုက်သည်။
"စစ်ဖြစ်နေတုန်း ကျွန်တော်တို့ ဘာမှမလုပ်ကြဘူးလား"
"လုပ်တော့လုပ်ရမှာပဲဗျ၊ အင်္ဂလိပ်အခက် မြန်မာအချက်ဆိုတယ်မဟုတ်လား"
"ဒီမှာ အကြောင်းရှိရင် ကျွန်တော်တို့ကိုလည်း လက်တို့ပါဗျာ၊ မြန်မာပြည်က နောင်ကြီးတွေ
ညွှန်ကြားတဲ့အတိုင်း
ရှမ်းပြည်က ညီတွေ လိုက်လုပ်မှာပေါ့"
"အကြောင်းရှိရင် လက်တို့ပါ့မယ်၊ စောင့်သာနေပါ"
ကျွန်တော်ကား ဟိတ်ဟန်ထုတ်၍ ပြောလိုက်ရသော်လည်း ကိုယ့်အဖြစ်အပျက်ကို
သတိပေးလိုက်သလို
ရှိသောကြောင့် အတွင်းကျိတ်၍ ရှက်မိလေသည်။ ကျွန်တော်သည် ခြေသလုံးအိမ်တိုင်
နိုင်ငံရေးလုပ်မည်ဆိုပြီး
ကျောင်းထွက်ခဲ့သည်။ တောင်မကျ မြောက်မကျ အယ်ဒီတာပေါက်စ ဖြစ်ခဲ့ရသည်။
ထိုဘဝမှာ စိတ်ပျက်လာပြန်ပြီး
စိတ်ဂနာမငြိမ် ဖြစ်နေစဉ် အဖော်ကောင်းနှင့် ပျော်ကြောင်း ရှာခဲ့သည်။ ရန်ကုန်မှ
ထွက်လာကတည်းက
နိုင်ငံရေးကိုမေ့ထားသည်။ စစ်ကြီးကို ဖျောက်ထားသည်။ မျိုးချစ်စိတ်၊ လွတ်လပ်ရေးစိတ်ဖြင့်
တက်ကြွနေသော

ခွန်သာမြတ်က ကျွန်တော့်အား အိပ်မက်ရာမှ လှုပ်နှိုးလိုက်သကဲ့သို့ဖြစ်လေသည်။
ခွန်သာမြတ်အား ကျွန်တော်က တည်းအိမ်သို့ ခေါ်သည်။ သူက လိုက်ရန်ငြင်းဆန်လျက်
တည်းအိမ်နှင့်
မလှမ်းမကမ်းထိ လိုက်ပို့ပြီး ပြန်သွားလေသည်။ ပွဲစားကြီး ဦးနန္ဒ၏ အိမ်ကို
တမင်ရှောင်ကြောင်း သိသာပေသည်။

၅၄

ခွန်သာမြတ်နှင့် စောသုနန္ဒာ

ညနေခင်းတွင် ညို့မှိုင်းသော တောင်များကြားရှိ စိမ်းလန်းသော မြေပြန့်အလယ်၊
ကြယ်လင်ပြာလက်သည့်
အင်းလေးကန်ကြီးထိပ်တွင် တည်နေသော ညောင်ရွှေမြို့ ကလေးသည် သာယာလှပနေ၏။
အနောက်ဘက်တောင်ရိုးများတွင် မျက်နှာဖုံးကွယ် သွားသော နေမင်းသည် မီးပြတိုက်မှ
မီးကိုအပေါ်မော့ထိုးနေသလို
နေရောင်ခြည်များကို အပေါ်မော့ထိုးထားလေသည်။ ထိုနေရောင်ခြည်များသည်
ညောင်ရွှေမြို့ပေါ်
ကျော်လွှားသွားပြီး အရှေ့တောင်ရိုးများပေါ်တွင် ကျဆင်းနေလေသည်။ နေ့ခင်းက
နေပူပြင်းသော်လည်း
ညနေခင်းမှာ အေးစိမ့်စိမ့် ဖြစ်လာလေသည်။
မမြမှီ၊ သိန်းသိန်းနှင့် ကျွန်တော်တို့သည် ရေမိုးချိုးပြီး ဝတ်ကောင်းစားလှများကို
ဝတ်ဆင်ထားကြလေသည်။
မမြမှီနှင့် သိန်းသိန်းတို့သည် ဖက်ဖူးရောင် ပိုးတွန့်လုံချည်ကို ဆင်တူဝတ်ထားကြသည်။
အောက်နားတွင်
ရေးဆွဲထားသော ပန်းခက်ပန်းနွယ်များမှာလည်း ဆင်တူ၊ ဆံပင်ဖွဲ့ထုံးပုံမှာလည်း ဆင်တူ၊
စိန်ဆံထိုးထိုး
ပန်းပန်ပုံမှာလည်း ဆင်တူ၊ နှုတ်ခမ်းဆေးမှာလည်း တစ်ရောင်တည်း။ သိန်းသိန်းမှာ ပွတတ
ဝခြင်းနှင့်
ကိုယ်ခန္ဓာကောက်ကြောင်းမောက်ကြောင်း သိပ်မထင်ရှားခြင်းမှတစ်ပါး ပြောစရာမရှိသော
မိန်းမလှတစ်ယောက်ပါပေ။ မမြမှီမှာတော့ ကျစ်လစ်စိုပြည်ပြီး ကောက်ကြောင်း
မောက်ကြောင်းများ အချိုးကျစွာ
ပေါ်လွင်နေသဖြင့် ပိုမိုလှပပေသည်။
ကျွန်တော်သည် မမြမှီပေးသော ကြည်ပြာရောင် ဘန်ကောက်လုံချည်နှင့် ညိုဖျော့ဖျော့
သက္ကလတ်ပါးတိုက်ပုံအင်္ကျီတို့ကို ဝတ်ထားလေသည်။ မမြမှီသည် ကျွန်တော့်အား
အရိပ်တကြည့်ကြည့်
လုပ်သည်မှတပါး ဘာမှမပြော။ အမှန်အားဖြင့် မမြမှီသည် ညောင်ရွှေဘူတာမှ
ထွက်လာကတည်းက

ကျွန်တော့်အားဆက်ဆံပုံမှာ မောင်ကလေးတစ်ယောက်ထက်မပို။ တစ်ချက်တစ်ကွက်မျှ မရိုးမှုမပေါ်ထွက်ရန်
ကြိုးစား၍ နေထိုင်ကြောင်းသိသာလေသည်။
အတန်ကြာသော် ဦးနန္ဒနှင့် သူ့ကျောင်းအမကြီး ရောက်လာလေသည်။ သူတို့
သမီးကလေးဆိုတာလည်း ပါလာ၏။
ကျောင်းအမကြီးမှာ ဦးနန္ဒထက် အရွယ်ကျသည်။ အရေများတွန့်၍ ဆံများဖြူနေလေပြီ။ သို့သော်ငယ်ငယ်က
မိန်းမချောကြီးဖြစ်ကြောင်း သိသာပေသည်။ သူတို့သမီးကား ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ် အရွယ်မျှရှိပြီဟု
ခန့်မှန်းရသည်။ တုတ်တုတ်ခဲခဲ ဖြူဖြူဖွေးဖွေးကလေး ဖြစ်၏။ မျက်လုံးခပ်မေးမေး၊ နှာခေါင်းခပ်ပြားပြားနှင့်
တစ်မျိုးလှသူဖြစ်ရာ တစ်ဘာသာ ရှမ်းလှလှတဲ့ ရုပ်ပဲဟု စိတ်ထဲမှာ
မှတ်ချက်ချလိုက်လေသည်။
မမြမှီက–
"ကျောင်းဒကာကိုစောင့်နေတာ တော်တော်ကြာပြီ၊ ခုတော့ လမ်းလျှောက်ထွက်ကြမယ်လို့"
ဦးနန္ဒ–
"လမ်းလျှောက်ထွက်ရင် ထွက်တာပေါ့ ဘုရားမမြရေ့၊ အိမ်မှာ တောင်ကြီးက
ဧည့်သည်တွေရောက်နေတာနဲ့
နောက်ကျသွားတာ၊ ဒါထက် တောင်ကြီးကို တက်ကြဦးမယ် မဟုတ်လား"
သိန်းသိန်းသည် မမြမှီအား အကဲခတ်၍ ကြည့်နေလေသည်။ မမြမှီသည် မဝေခွဲနိုင်သော မျက်နှာဖြင့်–
"ကြည့်သေးတာပေါ့ ပွဲစားကြီးရယ်၊ အင်းလေးက ပြန်မှ ပြောပါ့မယ်"
သိန်းသိန်းမှာ ထိုအဖြေကြောင့် စိတ်ပျက်သွားဟန်ရှိသည်။ ဦးနန္ဒက ဆက်၍–
"တောင်ကြီးသွားချင်ရင်တော့ တည်းခိုဖို့ အိမ်အဆင်သင့်ပဲ၊ တောင်ကြီးက မိတ်ဆွေတွေကို ပြောတောင်ထားပြီးပြီ"
ထို့နောက် မမြမှီသည် ကျောင်းအမကြီးနှင့်လည်းကောင်း၊ သမီးနှင့်လည်းကောင်း အာလာပသလ္လာပ
ပြောနေလေသည်။ ဦးနန္ဒက ကြားချောင်နေသော ကျွန်တော့်အား–
"နေ့ခင်းက ဘုရားပင့်ပွဲရောက်သေးတယ် မဟုတ်လား"
"ရောက်ပါတယ်ခင်ဗျား"
ဦးနန္ဒနှင့်ကျွန်တော်သည် ဘုရားပင့်ပွဲအကြောင်းကို ပြောနေကြရာမှ
ရန်ကုန်တက္ကသိုလ်ကျောင်းသားခွန်သာမြတ်အကြောင်းသို့ ရောက်သွားကြလေသည်။ ခွန်သာမြတ်နာမည်ကို
ကျွန်တော်ကဖော်ပြလိုက်သည်နှင့် ဦးနန္ဒ၏မျက်နှာသည် မာကျောသွားသည်ကို
သတိပြုလိုက်ပေသည်။

"ဒီသူငယ်က ရန်ကုန်သွားပြီး ပညာကို ဟုတ်တိပက်တိ သင်တာမဟုတ်ပါဘူးကွယ်။ ဝမရှိဘဲ ဝိလုပ်ချင်တဲ့သူငယ်ပါ" ဟူသောစကားဖြင့် ခွန်သာမြတ်အကြောင်းကိုပိတ်လိုက်ပြီး သမီးဘက်သို့
လှည့်ကြည့်လိုက်သည်။ သမီးသည် ကျွန်တော်တို့ဘက်သို့ အာရုံရောက်နေကြောင်းတွေ့ရ၏။
ကျွန်တော်တို့ဘက်သို့ အာရုံရောက်နေသော သမီးအား မမြမှိုက−
"တူမကြီးရဲ့ နာမည်ကဘာတဲ့၊ မေ့နေတယ်၊ အင်္ဂလိပ်နာမည်ဆိုတော့ မေ့တာပေါ့ကွယ်"
"အိုက်ဗီပါတဲ့ အန်တီ"
ဦးနန္ဒကကြားဝင်လျက်−
"ရှမ်းနာမည်လည်း ရှိပါတယ်ဗျာ၊ စောသုနန္ဒာတဲ့"
မမြမှိုက ပြုံးရွှင်စွာ−
"အဲဒီနာမည်ကလေးက လှလိုက်တာကွယ်၊ အန်တီတော့ ရှမ်းနာမည်ကိုပဲ ခေါ်မယ်နော်"
စောသုနန္ဒာသည် ချိုမြစွာပြုံးပြီး ခြေကလေးများကို ကြွတုံ မတုံပြုလိုက်လေသည်။
ရွှေခြေချင်းကြီး
ဝတ်ထားသည်ကို ဝင်းခနဲ မြင်လိုက်ရ၏။
လမ်းလျှောက်ရန် ထွက်ကြသောအခါ သိန်းသိန်းက မချိုအား လက်ဟန်ခြေဟန်ငြင်ဖွဲ့ ခေါ်သည်။ မချိုက အကျီုများ
မီးပူတိုက်ရန်နှင့် အခြားလုပ်စရာရှိသည်များကို လုပ်ရန်အိမ်မှာပင် နေရစ်ကြလေသည်။
မမြမှိုနှင့် စောသုနန္ဒာတို့က ရှေ့ကလျှောက်ကြသည်။ ကျွန်တော်နှင့်သိန်းသိန်း တို့ကနောက်မှ လိုက်ကြသည်။
ကျွန်တော်သည် စောသုနန္ဒာအား နောက်မှကြည့်ရင်း ခွန်သာမြတ်နှင့် သူတို့၏ဆက်ဆံပုံ မည်သို့ရှိမည်ကို
ခန့်မှန်းကြည့်နေလေသည်။ ခွန်သာမြတ်နှင့် စောသုနန္ဒာတို့ လူငယ်ချင်းချစ်နေကြပြီး ဦးနန္ဒက
ကန့်ကွက်ဖျက်ဆီးနေသဖြင့် ခွန်သာမြတ်သည် စောသုနန္ဒာတို့ အိမ်သို့ဝင်ရန် ရှောင်နေခြင်းပေလော။
ခွန်သာမြတ်က စော်ဘွားဆန့်ကျင်ရေးသမား၊ ဦးနန္ဒက စော်ဘွားဘက်သားဖြစ်၍ မသင့်မမြတ် ဖြစ်နေကြသလော။
သို့ကလို စဉ်းစားရင်း ဦးနန္ဒ၏ နှမတော်ဆိုသူ ကျွန်တော်တို့အား ဧည့်ခံပြုစုသည့် စောသုမြတ်မျက်နှာနှင့်
ခွန်သာမြတ်၏ မျက်နှာခပ်ဆင်ဆင်တူပုံကို သတိရလေသည်။ သူတို့အချင်းချင်း ဆွေမျိုးရင်းချာများပင်လော။
"ကိုတင်ထွန်း"ဟု သိန်းသိန်းက ခေါ်လိုက်တော့မှ အတွေးရပ်သွားတော့၏။
"ဘာလဲ မသိန်းသိန်း"
"တောင်ကြီးသွားဖြစ်အောင် မြမြကိုပြောပေးပါနော်"
ကျွန်တော့်မှာ အနည်းငယ်ရယ်မိလေသည်။

"သိန်းသိန်းက တောင်ကြီး သိပ်သွားချင်နေသလား"
"သွားချင်တာပေါ့"
"ဒါဖြင့်မမကို သိန်းသိန်းကိုယ်တိုင် ပြောပါလားဗျ"
"မြမြက သိန်းသိန်းပြောလို့ရချင်မှရမှာနော်၊ ပြောပေးပါလားနော်"
ကလေးဆန်သော သိန်းသိန်း။ မမြမှီအား ချစ်လည်းချစ်၏။ ကြောက်လည်းကြောက်၏။
မမြမှီ၏ ဩဇာကို
ညီမငယ်သည်ပင် ဤမျှခံမည်မဟုတ်။
ဇရပ်ကလေးနှင့်တူသော အဆောက်အအုံတစ်ခုရှေ့သို့ ရောက်သောအခါ
ရှေ့မှရောက်နေကြသော မမြမှီတို့က
ကျွန်တော်တို့အား လှည့်ကြည့်ပြီး–
"မောင်လေး ဟောဒါက စော်ဘွားကြီးတရားစီရင်တဲ့ ရုံးတဲ့ကွဲ့"
ကျွန်တော်သည် တရားရုံးဆိုသော အဆောက်အအုံကို ကြည့်ပြီး အံ့သြနေမိလေသည်။
ဥပုသ်ဇရပ်နှင့်တူလှသည်။
ဥပုသ်ဇရပ်မှ ငယ်၍ဟောင်းသော ဇရပ်မျိုးထဲကဖြစ်သည်။ စောသုနန္ဒာက ကျွန်တော်တို့ပါ
ကြားလောက်အောင်
မမြမှီအား ရှင်းပြနေလေသည်။ သည်ရုံးတွင် တရားရေးအမတ်ချုပ် နေ့စဉ်ရုံးထိုင်သည်။
တစ်ခါတစ်
စော်ဘွားကြီးကိုယ်တိုင် ထိုင်ပြီး တရားစီရင်တော်မူသည်။ တစ်ခါတစ်ခါ
သားတော်ကြီးထိုင်ပြီး တရားစီရင်တော်မူ
သည်။ ညောင်ရွှေပဒေသရာဇ်နယ်၏ ပုဒ်မ ၁၀ ခုရှိသော တရားရေးရာကို ထိန်းသိမ်းသော
တရားလွှတ်တော်ပေတည်း။
အုတ်ပြာသာဒ်ကြီးတစ်ခုရှေ့မှ ဖြတ်လျှောက်ကြလေသည်။ ကွယ်လွန်သူ စော်ဘွားကြီး
ဆာစောမောင်နှင့်
ကွယ်လွန်သူ မဟာဒေဝီကြီး၏ ဂူဖြစ်လေသည်။
တူးမြောင်းဆိပ်သို့ ရောက်သောအခါ မြောင်းရိုးပေါ်မှာ အနောက်ဘက် မျက်နှာမူ၍
ရပ်နေကြလေသည်။
ထိုတူးမြောင်းသည် ညောင်ရွှေမြို့နှင့် အင်းကိုဆက်ထား၏။ လှေများနှင့်
ပဲ့ချိတ်တပ်စက်လှေများ
သွားလာလျက်ရှိလေ သည်။ အင်းထဲသို့ ကျွန်တော်တို့အလည်ဆင်းသောအခါ
ဤတူးမြောင်းမှပင်
သွားကြရလိမ့်မည်။
နေမင်းသည် လုံးဝပျောက်ကွယ်သွားလေပြီ။ ပတ်ပတ်လည် မိုးကုတ်စက်ဝိုင်းတစ်ခုလုံး
မှုန်ရီလာ၏။
တောင်ခိုးလိုလို၊ ဆီးနှင်းလိုလို။
မမြမှီ–

"အေးလာပြီနော်"
"အိုက်ဗီတို့အဖို့တော့ နေကောင်းရုံ အေးမြမြကလေးပဲ အန်တီရဲ့"
"မခံနိုင်အောင်တော့ မဟုတ်ပါဘူးကွယ်"ဟု ပြောပြီး မမြမှီသည် ဆွယ်တာကို ပခုံးနှစ်ဖက်ပေါ်မှာ
လွှားတင်ရုံတင်ထားလိုက်သည်။ သိန်းသန်းလည်း မမြမှီလို လိုက်လုပ်၏။
မမြမှီ–
"လမ်းဓာတ်မီးတွေ ဘာတွေ မရှိဘူးနော်"
စောသုနန္ဒာ–
"မရှိဘူး အန်တီရဲ့၊ တော်ဘုရားရဲ့ ဟော်ထဲမှာ တော့ရှိတယ်"
ကျွန်တော်တို့သည် အိမ်ဘက်သို့ ပြန်လျှောက်ခဲ့ကြလေသည်။
အိမ်ပေါ်တွင် လက်ဆွဲဓာတ်မီးကြီး ထွန်းထားသဖြင့် ဝင်းထိန်လျက်ရှိသည်။
စောသုမြတ်နှင့် ဦးနန္ဒတို့သည် ထမင်းပွဲပြင်လျက် စောင့်နေကြ၏။ ကျောင်းအမကြီးကား မြို့လယ်အိမ်သို့ပြန်သွားလေပြီ။ ထမင်းစား၍ မြိန်လှသည်။ တစ်ဘာသာ ထူးခြားသော အရသာပါပေတည်း။
ထမင်းစားပြီး ၇နာရီခွဲသောအခါ ဦးနန္ဒက ဘုရားပွဲသို့ခေါ်လေသည်။ အလောင်းကစား ဗဟုသုတကို မလိုချင်ပါဟု
ပြောပြီးဖြစ်သောကြောင့် ဦးနန္ဒသည် ကျွန်တော့်အား အတင်းမခေါ်တော့ပါ။
သိန်းသိန်းကိုကားအထူးမခေါ်ရပြီ။
သိန်းသိန်းကား ၃၆ကောင် ကံစမ်းရန်၊ အနီထောင် အန်စာစသည်များကို ကစားရန် သဘောတူပြီးဖြစ်၍
မချိုနှင့်အတူ လိုက်ရန် အဆင်သင့်ဖြစ်နေ၏။ ဦးနန္ဒသည် မမြမှီအား အကြိမ်ကြိမ်ခေါ်၏။ မမြမှီက
နောက်ဆုံးတွင်–
"သည်းခံပါ ကျောင်းဒကာရယ်၊ ရန်ကုန်မှာ လူစည်ကားလွန်းအားကြီးလို့ ငြီးငွေ့ပြီး ရှမ်းပြည်မှာ
အေးအေးအနားယူချင်လို့ အလည်လာတာပါ။ ကျောင်းဒကာကြီးခေါ်တာ မငြင်းချင်ဘဲ ငြင်းရတာပါရှင်"
ဦးနန္ဒ–
"ကောင်းပါပြီဗျာ၊ မခေါ်တော့ပါဘူး။ သို့ပေမယ့် ရန်ကုန်က သူဌေးကတော့ သူဌေးကတော်ကို
အနံ့လိုက်မပြလိုက်ဘူးလို့ အထင်မရှိပါစေနဲ့ ဟဲ ဟဲ"
မမြမှီက လိုက်လျောစွာ ရယ်မောပြီး–
"ကျွန်မသူနားလည်အောင် ရှင်းပြပါ့မယ်ရှင်"
ကျွန်တော်သည် စကားပြောရာ ဆိုရာများ၌ မမြမှီ၏ယောကျာ်းသူဌေးဦးထွန်း ၏ နာမည်နှင့်

ဦးထွန်းဝင်းအကြောင်းပါလာတိုင်း စိတ်မသက်မသာဖြစ်မိလေသည်။ သူ့ကို ကျွန်တော်မေ့ထားလိုက်ချင်သည်။
ဦးနန္ဒ၊ စောသုနန္ဒာ၊ သိန်းသိန်းနှင့် မချိုတို့ထွက်သွားကြလေသည်။
မမြမှီက ထိုင်နေရာမှပင်–
"သိပ်ညဥ့်နက်မနက်စေနဲ့နော် သိန်းသိန်း"
"ညဥ့်မနက်စေရပါဘူး မြမြရယ်၊ ပွဲလည်းမကြည့်ပါဘူး"ဟု သိန်းသိန်းက လှေကားပေါ်မှ လှမ်းပြောလိုက်လေသည်။
အိမ်ပေါ်မှာ စောသုမြတ်အား ညောင်ရွှေဈေးအကြောင်း၊ ရောင်းချနေသော ကုန်ပစ္စည်းများအကြောင်း၊
အင်းမှထွက်သော ကုန်ပစ္စည်းများအကြောင်း၊ ချိပ် အမြောက်အမြားထွက်သော မိုင်းသောက်မြို့အကြောင်း
စသည်များကို မေးမြန်းနေလေသည်။ မမြမှီ၏ ကုန်သည်ဉာဏ်နှင့် ကုန်သည်စိတ်ဝင်စားမှုသည်
အမြဲတမ်းထက်မြက်လျက်ရှိပေသည်။
ငင်းနောက် မမြမှီသည် ထပြီးအခန်းထဲ ဝင်သွားလေသည်။ ကျွန်တော်ကစောသုမြတ်အား နေ့ခင်းကဘုရားလှည့်ပွဲအကြောင်းမှနေပြီး သူငယ်ချင်း ခွန်သာမြတ်နှင့် တွေ့ပုံစပ်ဟပ်၍ ပြောပြလိုက်လေသည်။
ခွန်သာမြတ်၏နာမည်ကို ကြားလိုက်လျှင်ပင် စောသုမြတ်၏မျက်နှာသည် ပျော့ပျောင်းသွားလေသည်။
ကျွန်တော်သည်မျက်နှာရိပ် မျက်နှာခြည်ကိုကြည့်ပြီး ခွန်သာမြတ်နှင့်ပတ်သက်၍ ချီးကျူးစရာရှိသမျှ
ဖော်ထုတ်လိုက်လေသည်။ မိန်းမကြီးကား ပြုံးရွှင်အားရစွာ နားထောင်နေ၏။
"ဒေါ်ဒေါ်ခွန်သာမြတ်နဲ့သိသလား"
"သိရုံဘာကမလဲ လူလေးရယ်"
သည်မျှပြောပြီး သူမ၏မျက်နှာမှာ ညိုးလာသည်။ နောက်ထပ်စကားလာဦး မည်လားဟု ကျွန်တော်စောင့်သော်လည်း စောသုမြတ်သည် ငြိမ်၍သာနေသည်။
"ဒေါ်ဒေါ်နဲ့အမျိုးတော်သလား"
ထိုအခါမိန်းမကြီး၏ မျက်လုံးများတွင် မျက်ရည်စို့လာလေသည်။ ထို့နောက် အကြောင်းစုံကိုဖွင့်ဟလေသည်။
ခွန်သာမြတ်သည် ဦးနန္ဒနှင့် တိတ်တိတ်ပုန်းရသော စောသုမြတ်၏ တစ်ဦးတည်းသောသားပင်ဖြစ်ပေသည်။
စောသုမြတ်ကား ဦးနန္ဒ၏ ဝမ်းကွဲခယ်မတော်တစ်ဦးဖြစ်လျက် အထင်အရှားမထားသော မယားငယ်တစ်ဦးပင်
ဖြစ်လေသည်။ သားကလေးကို ပညာသင်ပေးလျှင် တော်ပြီဟူသော သဘောဖြင့် ဦးနန္ဒထံတွင်

မယားငယ်ကျွန်ခံအနစ်နာခံ၍ နေခဲ့လေသည်။ ဦးနန္ဒကား ခွန်သာမြတ်အား ကောလိပ်ကျောင်းထိပို့လျက်
ပညာသင်ပေးနေသော်လည်း သားအဖ အယူအဆမတူ၊ မသင့်မြတ်ကြ။ သည်အထဲတွင် ခွန်သာမြတ်နှင့်
စောသုနန္ဒာတို့သည် လူငယ်ချင်းဘာဝ ကျိတ်၍ ရည်ငံနေကြပြီဟု ဦးနန္ဒက အထင်ရှိပြီး ခွန်သာမြတ်အား
အိမ်နားသို့ မကပ်နိုင်အောင် လုပ်ထားလေသည်။ မိန်းမကြီးမှာ ပြောရင်း မျက်ရည်ပေါက်ကြီးငယ်ကျနေလေသည်။
မမြမှီအခန်းမှ ပြန်ထွက်လာသောအခါ စကားကိုမဆက်ဘဲ မျက်ရည်သုတ်လျက် အောက်သို့ဆင်းသွားလေ၏။
မမြမှီသည် သက္ကလတ်လုံချည်ကို လဲဝတ်လာပြီး ဆွယ်တာကို ကြယ်သီးတပ်ထားလေသည်။
ကျွန်တော်က မမြမှီအား စောသုမြတ်၊ ခွန်သာမြတ်၊ စောသုနန္ဒာနှင့် ဦးနန္ဒတို့ ဝတ္ထုကို ပြောပြရလေသည်။
မမြမှီသည် များစွာ စိတ်ထိခိုက်သွားဟန်တူသည်။ သက်ပြင်းချပြီး–
“မမဖြင့် လူငယ်တွေကို သိပ်သနားတာပဲကွယ်”
“မိန်းမကြီးကလည်း သနားစရာပဲ မမရဲ့၊ ဦးနန္ဒက လူဆိုးကြီးပဲ”
“ဆိုးတယ်လို့တော့ မဟုတ်ဘူးပေါ့ကွယ်၊ ရှမ်းပြည်မှာ မိန်းမတွေအများကြီးယူ တာက ထုံးစံလိုဖြစ်နေတာကိုး”
“နယ်ရှင်ပယ်ရှင် အကြီးအကဲဆိုတဲ့ စော်ဘွားတွေကိုယ်တိုင်က မိန်းမအများအပြား ယူထားတော့ မြို့စား၊
ငွေခွန်မှူး၊ ထမုံ့နဲ့ ကုန်သည်ပွဲစား လူကုံထံများကလည်း မိန်းမများများ ယူကြတာပေါ့၊ မိန်းမ
သုံးလေးယောက်ယူတာ အပြစ်လို့ မယူဆကြတော့ဘူး၊ ယောကျာ်းကောင်း မောင်းမတစ်ထောင်ဆိုတာဟာ
တင့်တယ်ဂုဏ်ရှိတဲ့ အကျင့်တရားလိုဖြစ်နေပြီ”
မမြမှီသည် တစ်စုံတစ်ရာကိုတွေးရင်း ငေးနေသည်။ အတန်ကြာမှ–
“မောင်လေး စဉ်းစားကြည့်စမ်း၊ မိန်းမကသာ ယောကျာ်းအများအပြား ယူထားရင် ဘယ်အကြောင်းကြောင့်ယူယူ
ဘယ်လောက်ရှုတ်ချကြမယ်လို့၊ အများအပြား မပြောနဲ့၊ နှစ်ယောက်ယူထားရင်တောင် တံတွေးခွက်ပက်လက်မျောမှာ ပဲ”
ဤအချက်မှာ ကျွန်တော်တို့နှစ်ဦးနှင့် လုံးဝပတ်သက်နေသည်။ ဦးထွန်းဝင်းနှင့် မမြမှီသေကွဲသော်လည်းကောင်း၊
ရှင်ကွဲသော်လည်းကောင်း မကွဲဘဲနှင့် ကျွန်တော်တို့ အထင်အရှား လင်မယားမဖြစ်နိုင်။ လူအများလက်ခံထားသော

ထုံးစံနှင့် ဆန့်ကျင်နေ ပေလိမ့်မည်။ လူအများလက်ခံထားသော ယင်းထုံးစံသည်ပင်လျှင် ယောကျ်ားတစ်ဦးက
မိန်းမနှစ်ယောက်မက ယူသည်ကို သက်သက်ညှာညှာ ခွင့်ပြုနေပေသည်။ မမြမှီနှင့် ကျွန်တော်ဖြောင်လင်မယားဖြစ်ခြင်းကို မပြောနှင့်၊ ခုလို တိတ်တိတ်ပုန်း၊ ညားနေသည်ကို လူအများသိလျှင်
မည်မျှကဲ့ရဲ့ကြပေလိမ့်မည်နည်း။ အလွယ်တကူပင် ကျွန်တော်တို့နှစ်ယောက်အား ကမ္ဘာပေါ်တွင်
အယုတ်မာဆုံးသောသူနှစ်ဦးအဖြစ်ဖြင့် ရှုတ်ချကြပေလိမ့်မည်။ မမြမှီဘာ့ကြောင့် ဖောက်ပြန်ရသည်၊
ကျွန်တော်ဘာ့ကြောင့် ကျူးလွန်မိသည်ဟူသော အကြောင်းများကို သက်သက်ညှာညှာ မည်သူမျှ စဉ်းစားမည်
မဟုတ်ချေ။
မမြမှီ၏မျက်နှာကို မြူဆိုင်းသော လရောင်ဖုံးလျက်ရှိသည်။ ကျွန်တော်သည် မမြမှီအပေါ်တွင် ယခင်ကတစ်ကြိမ်တစ်ခါမှ သနားစိတ်မပေါက်ဖူးချေ။ ယခုမူ ရင်ထဲက ဖိုလှိုက်လာအောင် သနားလာ၏။
မမြမှီသည် ထိုင်ရာမှထသွားပြီး အခန်းတွင်းသို့ဝင်လေသည်။ အဝေးမှ ဆိုင်းသံ၊ အိုးစည်သံ၊ မောင်းသံ တညံညံကို
သဲ့သဲ့ကြားနေရသည်။ လက်ဆွဲဓာတ်မီးမှ လေတဟူးဟူး အသံကား ကျယ်လောင်လှ၏။ သို့သော်ကျွန်တော့်အသည်းနှလုံး ခုတ်မောင်းသံက ပိုကျယ်လောင်သည်ဟု ထင်မှတ်ရပေသည်။
ဤလိုအချိန်အခါမျိုး တွင်တစ်ယောက်ကိုတစ်ယောက် ယုယပိုက်ထွေး၍ နှစ်သိမ့်စေရန်သာ တွေးတောတတ်တော့သည်။
အတော်ကြာ တစ်ယောက်တည်း ထိုင်နေရစ်ပြီးနောက် ကျွန်တော်သည် အခန်းတွင်းသို့ ဝင်လိုက်သွား၏။
အခန်းတွင်းမှာ ဓာတ်မီးရောင် တိုက်ရိုက်မဝင်သော်လည်း မမှောင်ချေ။ မမြမှီသည် ခုတင်ပေါ်မှာ ခြင်ထောင်ချပြီး
တစောင်းလှဲနေ၏။ ကျွန်တော်ဘယ်လောက်ပင် ခြေဖော့နင်းစေကာမူ ကျွန်တော်သူ့ အနားကပ်လာပြီကို
မမြမှီသိ၏။ ခြင်ထောင်ကို သူမဘေးမှာ တင်ပါးလွှဲထိုင်လိုက်သည် ဆိုလျှင်ပင် မမြမှီသည် ထိုင်လိုက်၏။
“မောင်လေး မလာခဲ့နဲ့ကွယ် လူတွေသိကုန်မယ်”
ကျွန်တော်က ဘာမျှမပြောသေးဘဲ သူမအား တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်သည်။ ပြီးတော့ပါးချင်းအပ်ထားသည်။
“မောင်လေးဆင်ခြင်ပါဦးကွယ်၊ အောက်က တစ်ယောက်ယောက် တက်လာမှဖြင့်”

"ခုနင်က မမမျက်နှာမဲ့နေတာ မျက်ရည်ကျလာတာ မြင်ရတော့ ကျွန်တော့် အသည်းနှလုံး ကွဲတော့မယ်လိုပဲ။
မမဒီလိုမမဲ့ရအောင် မျက်ရည်မကျရအောင် ဦးထွန်းဝင်းနဲ့ ကွာရှင်းပြီး ကျွန်တော်နဲ့ အတိအလင်း လင်မယားအဖြစ်
နေကြစို့ရဲ့လား"
မမြမှီကား ဘာမျှမပြောနိုင်၊ ငေးမောရှိသာ နေလေသည်။ ကျွန်တော်သည် ပါးချင်းအပ်ကာ ပွေ့ပိုက်ထားသော
မမြမှီ၏ ခေါင်းကိုလက်မောင်းပေါ်သို့ တင်လိုက်ပြီး မျက်နှာကိုစေ့စေ့ကြည့်လိုက်သည်။
"နော် မမ၊ အတိအလင်း နေကြစို့နော်"
မမြမှီသည် ကျွန်တော့်အား မျက်စိသငယ်နှင့် မော့ကြည့်နေလေသည်။ မပြုံးသော်လည်း မမဲ့၊ မကြည်သော်လည်း
မရှိဝေ။ ကျွန်တော့်အချစ် အသနားနှင့် ကျွန်တော့်စကားများဝယ် တစိမ့်စိမ့်ဝင်စားနေသော မျက်နှာပေတည်း။
ကျွန်တော်ကား ပွေ့ပိုက်ရုံ၊ မျက်နှာတစိမ့်စိမ့်ကြည့်ရုံဖြင့် အားမရတော့ပေ။ အကြိမ်ကြိမ်နမ်းရှုပ်ပြီးနောက်
တွဲလဲချထားသော ကျွန်တော့်ခြေထောက်များကို ခုတင်ပေါ်သို့ တင်လိုက်လေသည်။
မမြမှီသည် ဖြုန်းခနဲရုန်းထွက်ပြီး ခုတင်အောက်သို့ သူ့ခြေများကို ချလိုက်သည်။
"လူတွေသိသွားရင် ခက်ကုန်လိမ့်မယ် မောင်လေး၊ မမကို တကယ်ချစ်ရင် အနေအထိုင် ဆင်ခြင်ပါဦးကွယ်၊ ခုနေ
အောက်က မိန်းမကြီး တက်မလာဘူးလို့ မဆိုနိုင်ဘူး၊ ထအပြင်သွားမယ်"
မမြမှီသည် မတ်တတ်ရပ်လိုက်ပြီး ခြင်ထောင်ကိုမပေးလေသည်။
ကျွန်တော်ကား ရူးသလိုလိုဖြစ်သွား၏။ မချင့်မရဲဖြစ်နေပြီး ဘာလုပ်ရမှန်းမသိချေ။
"မမကိုတကယ်ချစ်ကဲ့လား"
"ချစ်လို့အတိအလင်းနေနိုင်အောင် လုပ်ဖို့ပြောတာပေါ့"
"တကယ်ချစ်ရင် ထ လာ"
ကျွန်တော့်မှာ ခြင်ထောင်ပြင်ထွက်၊ ခုတင်ပေါ်မှ ဆင်းရုံမှတစ်ပါး အခြား လုပ်စရာမရှိတော့ပေ။
"အဲဒီလိုမှပေါ့၊ မမကိုချစ်ရင် အနေအထိုင်ဆင်ခြင်ရမယ်နော်၊ လာအပြင်ထွက်ရအောင်"
ကျွန်တော်သည် အိပ်ငွေ့ချခံရသောသူပမာ မမြမှီနောက်က လိုက်နေပြီဖြစ်သော်လည်း စကားဖြင့်ကား
ယက်ကန်ကန် လုပ်နေသေးသည်။
"ကျွန်တော်ပြောသလို အတိအလင်းနေဖို့ သဘောမတူဘူး တူတယ် အဖြေပေးရမယ်"
"နောက်တော့ မောင်လေးနဲ့မမနှစ်ခေါင်းအတူ အေးအေးလူလူ စဉ်းစားပြီး ဖြေမှာပေါ့"
ကျွန်တော်တို့သည် အခန်းတံခါးဝ တိုက်ရိုက်ဓာတ်မီးရောင်ကျရာသို့ ရောက်လာလေပြီ။
"ဒီအတောအတွင်းမှာ မမဟာ မျက်နှာမညိုးရဘူးနော်၊ မျက်ရည်မကျရဘူး ဒါပဲ"

"အမြဲတမ်း ပြုံးနေပါ့မယ် မောင်ရယ် ကဲ"
မမြမှီသည် ကလေးငယ်အား မြူဟန်မျိုးဖြင့် ပြုံးပြလေသည်။
အခန်းပြင်တွင် ထိုင်ကြပြန်သည်။ ခဏကြာသော်မမြမှီသည် အောက်ဆင်းသွား လေသည်။
ကျွန်တော်ရသေ့စိတ်ဖြေသဘောဖြင့် အနီးတွင်တွေ့သော ဘုရားရှိခိုး စာအုပ်တစ်အုပ်ကို ဖတ်နေလေသည်။
မမြမှီသည် ကျွန်တော်တို့ကိစ္စကို မသိန်းသိန်းနှင့် မချိုတို့မှတစ်ပါး မည်သူမျှ မရိပ်မိအောင် လုံခြုံစွာ ဖုံးဖိထားရန်
ကြိုးစားမည်မှာ သေချာပေသည်။
နာရီဝက်မျှ ကြာတော့မှ မမြမှီသည် လက်ဖက်ရည်ကြမ်းလင်ပန်းကို ယူ၍တက်လာလေသည်။ နောက်မှ
ဒေါ်စောသုမြတ်သည် တို့ဟူးကြော်နှင့် မက်မန်းသီးယိုများကို ယူလာလေသည်။
သည်လိုနှင့်ဓာတ်မီးအလင်းအောက်ဝယ် စားရင်းသောက်ရင်း စကားစမြည်ပြောရင်း သိန်းသိန်းတို့
ပြန်လာသည်အထိ ထိုင်စောင့်နေကြလေသည်။
မမြမှီအဖို့ အနေအထိုင်ဆင်ခြင်ရန် လွယ်ကူသည်။ ကျွန်တော့်ထက် အသက်လည်းကြီးသည်၊ ဝါလည်းရင့်သည်။
လင်တစ်ယောက်ရဖူးပြီးဖြစ်သည်။ ကျွန်တော့်အဖို့ အနေအထိုင်ဆင်ခြင်ရန် မလွယ်ကူလှပါ။ ကျွန်တော်ကား
အသက်အားဖြင့် ၂၀ကျော် အစိတ်တွင်းဖြစ်၍ ငယ်လှသည်ဟု မဆိုသာသော်လည်း ဝါရင့်သူ မဟုတ်ပေ။
အချို့လူငယ်များအရွယ်ဆိုလျှင် မိန်းမသားနှင့် လက်တွေ့ကိုယ် တွေ့ ဖြစ်ကြလေသည်။ ကျွန်တော်ကတော့
မမြမှီနှင့်မတွေ့ခင်က အခြားမိန်းမတစ်ဦး ကို ဖက်ယမ်းနမ်းရှုပ်ခြင်းပင် မတွေ့ကြုံဖူးခဲ့ပါ။ ဝင်နီဖေခေါ်
ခင်သိန်းဝင်းအား ချစ်တော့မလို ကြိုက်တော့မလို ဖြစ်ခဲ့၏။ သူမ၏ ပေါင်ဒါနံ့၊ ရေမွှေးနံ့၊ နှုတ်ခမ်းဆိုးဆေးနံ့
ထက်ပို၍ မနီးစပ်ခဲ့ပေ။ မမြင့်ဦးနှင့် သူငယ်ချင်းမက သမီးရည်းစားမကျ ဆက်ဆံလျက် သွားအတူ လာအတူ
ရင်းနှီးစွာ ဆက်ဆံရင်း အငွေ့နှင့် ချစ်ရခြင်းထက် မပိုပေ။ မခင်သစ်နှင့် အတိအလင်း ချစ်ကြသည်။ သို့ရာတွင်
လူကြီးများမျက်မှောက်မှာ ကြီးကြပ်ခြင်းခံလျက် ချစ်ရသည်။
မမြမှီနှင့်မူကား လူမမြင်ကွယ်ရာမှာ အရင်းနှီးဆုံးချစ်ရှိပြီး လူမြင်ရာ၌ အစ်မနှင့် မောင်ကလေးလိုသာ
ဟန်ဆောင်နေရသည်။ တဖြည်းဖြည်းကျင့်သားရသွားလျှင်ကား လူမမြင်ရာမှာ တစ်မျိုးချစ်ပြီးလျှင် လူမြင်ရာမှာ

တစ်မျိုးချစ်ရန် ကတ္တားခြား၍ လွယ်ကူကောင်း လွယ်ကူပေမည်၊ ယခုတော့ မလွယ်ကူပါ။
အနေအထိုင်
ဆင်ခြင်ခြိုးခြံရလေလေ ပူးကပ်ရင်းနှီးလိုသောဆန္ဒက ပြင်းထန်လေဖြစ်ပေသည်။
ညောင်ရွှေမှာနေသရွေ့ မမြမှီက
သည်စည်းကမ်းကိုမလျော့။ အာသာဆန္ဒသည် ဖိလေတွန်းကန်လေဖြစ်ရာ ပို၍ပို၍သာ
ပြင်းထန်လာ၏။
ပို၍ပို၍ပြင်းထန်လာသည်နှင့် အမျှ အတိအလင်းပေါင်းသင်းနိုင်သည့် လင်မယားဘဝကိုသာ
အိပ်မက်စိတ်ကူးလျက်ရှိလေသည်။
ယင်းသို့စိတ်ကူးစဉ် ကျွန်တော်သည် မခင်သစ်ကလေးအား သစ္စာဖောက်လျက် ရှိသည်ကိုကား
သတိပင်မထားမိပါချေ။ မမြင့်ဦးနှင့်ကား ဘာမျှမဆိုင်ဟု သဘောထား လိုက်လေသည်။
ညောင်ရွှေမှာ နောက်ထပ်တစ်ရပ်နေပြီးနောက် အင်းလေးသို့သွားကြလေသည်။ ဦးနန္ဒက
ပဲ့ချိတ်ဟုခေါ်ကြသော
စက်လှေကလေးကို မရရအောင် ရှာပေးလေသည်။ ညောင်ရွှေအင်းလေးတစ်ခုလုံးတွင် ပဲ့ချိတ်
၃ စင်းသာ
ရှိရာတစ်ခုရသည်မှာ လွန်စွာ ကံကောင်းသည်ဟုဆိုရပေမည်။
ပဲ့ချိတ်ပေါ်တွင် ကျွန်တော်တို့သုံးဦးအပြင် ပဲ့ချိတ်မောင်းသူနှင့် တည်းအိမ်တွင်
အခိုင်းအစေဖြစ်သော
အင်းသားလူငယ်သာ ပါလေသည်။ အင်းသားလူငယ်ကို စိတ်ကတုံးဟု
ခေါ်ကြောင်းသိရလေသည်။
ညောင်ရွှေဆိပ်ကမ်းမှ ထွက်သည်ဆိုလျှင်ပင် ထိုအင်းသားအား ကျွန်တော်က–
"စိတ်ကတုံးဆိုတာ ငယ်နာမည်ဟုတ်ကဲ့လားဗျ"
သူက ထားဝယ်သံဝဲဝဲဖြင့်"ဟ
ုတ်ပါတယ် သခင်လေးရဲ့"
ကျွန်တော့်အား သူက သခင်လေးရဲ့ဟု ခေါ်ခြင်းမှာ သခင်ပေါက်စအဖြစ်ဖြင့်
ခေါ်ခြင်းမဟုတ်ပေ။ သူတို့ဆီမှာ
အရိုအသေ ဓလေ့ထုံးစံတစ်ခုအနေဖြင့် ခေါ်ခြင်းဖြစ်ပေသည်။
ကျွန်တော်တို့ရှေ့မှာ မမြမှီနှင့်ဘေးချင်းယှဉ်ထိုင်နေသော သိန်းသိန်းက နောက်လှည့်ပြီး–
"ရှင့်အမေက ဘယ့်နှာကြောင့် ဒီနာမည်ပေးထားပါလိမ့်"
"တစ်ခါတော့ ညောင်ရွှေမှာ စိန်ကတုံးဇာတ်လာကတယ်ခင်ဗျား၊ အဲဒီတုန်းက အင်းထဲ
ရွာတွေရှိသမျှ လူကုန်လိုလို
လာကြည့်ကြတယ်၊ စိတ်ကတုံးကို အသည်းစွဲသွားကြတယ်။ အဲဒီအချိန်မှာ
ကျွန်တော့်ကိုမွေးတဲ့အတွက်
စိတ်ကတုံးလို့ ကျွန်တော်တို့နာမည်ပေးတာပါတဲ့ သခင်လေးရယ်"
ကျွန်တော်တို့သည် ပြုံးမိကြလေသည်။ မြန်မာများနှင့်အတူ ရှမ်း၊ ပအို့၊ တောင်သူ၊
အင်းသားတို့အပေါ်တွင်

ဇာတ်သဘင်၏ ဩဇာသည် ကြီးလှပါကလားဟု တွေးမိပြီး သဘောကျလှ၏။
ပဲ့ချိတ်ကလေးမှာ မြန်လှသည်။ လှေတွေက ရှောင်ပေးကြသည်။ လှေများမှာ
လောင်းလှေများသာ ဖြစ်ကြ၏။
မကြာခင်ပင် အင်းထဲသို့ ဝင်လာကြ။
အင်းထဲသို့ ဝင်မိသည်ဆိုလျှင်ပင် ကျွန်းမျောဆိုသော ရေပေါ် ပေါ်၍နေသော
ကျွန်းကလေးများကို တွေ့ရ၏။
အင်းထဲတွင် တဝဲလည်လည်သွားလာနေသော ဗေဒါပင်၊ ဒိုက်ပင်၊ အမှိုက်သရိုက်
အစုအဝေးကလေးများသည်
ကြီးကြီးလာပြီး အဟောင်းပေါ် အသစ်ပေါက်ကာ နောက်ဆုံးတွင် ကျွန်းမျောကလေးများ
ဖြစ်လာ ကြသည်ဟု
ဆိုလေသည်။ ထိုကျွန်းမျောကလေးများတွင် အင်းသားများသည် ဝါးကိုထိုးဖောက်
ရေအောက်ရွှံ့
မြေထဲရောက်အောင် စိုက်ထားပြီး မရွေ့မမျောအောင် လုပ်ကြသည်။ နောက်မြေဩဇာတင်ပြီး
ဟင်းသီးဟင်းရွက်ပင်များ စိုက်ကြလေသည်။ အချို့ကျွန်းမျောများမှာ ကွမ်းခြံရှိ၏။
အချို့ကျွန်းမျောများတွင်
ကြက်သွန်ခင်းများရှိ သည်။
အင်လေးရေသည် စိမ်းလဲ့လဲ့နှင့် ကြည်လင်၏။ အရှေ့ဘက် တောင်ရိုးများပေါ်မှ
ကျော်တက်လာသောနေမင်းသည်
နုပျိုသေးသဖြင့် သာယာချမ်းမြေ့မှုကို ပေးနေလေသည်။ စိမ်းလဲ့လဲ့ရေပြင်ပေါ်တွင်
လေညင်းသုန်သုန်
သည်ဆော့ကစားနေ၏။ မချိုသည် လှေဦးမှာ ငြိမ်သက်စွာ ထိုင်နေပြီး ရေကသိုဏ်း
ရှုနေဟန်ရှိသည်။
မမြမှီနှင့်မသိန်းသိန်းတို့လည်း သာယာသော ရှုခင်းတွင် နစ်မြုပ်နေ ကြ၏။ ကျွန်တော်သည်
ရေကိုလက်နှင့်ယူပြီး
ဆော့နေ၏။ အေးမြလှသည်။ သိန်းသိန်းသည် ကျွန်တော့်အတုလိုက်ပြီး
ရေကိုဆော့နေလေသည်။
ကျွန်တော်တို့သည် ပထမဆုံးမိုင်းသောက်သို့ သွားကြလေသည်။
ရှမ်းပြည်အတိုင်းအတာအားဖြင့်
မြို့ကလေးပင်ဖြစ်သည်။ တနင်္ဂနွေတစ်ပတ်လျှင် ဈေးတစ်ကြိမ်ရှိသည်ဟု ဆို၏။
ကျွန်တော်တို့
ရောက်သွားသည့်နေ့ကား ဈေးနေ့မဟုတ်ပေ။ အိမ်ဆိုင်ကလေးအချို့ကို တွေ့ရ၏။
ကင်းဂါတ်ကလေးတစ်ခု
လည်းရှိ၏။
မိုင်းသောက်ကို အုပ်ချုပ်သော မြို့စားမင်းသည် တောင်ကြီးသို့ ခရီးထွက်နေသဖြင့်
သူ့အိမ်သို့ မဝင်ကြ။ မမြမှီက

စိတ်ထက်သန်နေသဖြင့် ချိပ်များ သိုလှောင်ထားသော ပွဲရုံများ၊ ဂိုဒေါင်များသို့
လိုက်ကြည့်ကြလေသည်။
မမြမှီသည် ချိပ်များကိုနိုင်ငံခြားသို့ တင်ပို့ရောင်းချရန် စိတ်ကူးနေလေသည်။
ဦးနန္ဒ၏ ကြိုတင်စီစဉ်ထားချက်အရ မိုင်းသောက်မှာ နံနက်ထမင်းစားကြလေ သည်။
ညနေ ၂နာရီထိုးအထိ မိုင်းသောက်မှနေပြီး အင်းလယ် ဗိုလ်တဲသို့ ထွက်ခဲ့ကြလေသည်။
အင်းလယ်ဗိုလ်တဲမိုင်းသောက်၏ အနောက်ဘက်စူးစူးလောက်တွင် ရှိသော
ကျွန်းမျောကလေးတစ်ခုပေါ်တွင်
ထီးထီးကြီးဆောက်ထားသည့် ဘန်ဂလိုကလေး ဖြစ်လေသည်။
အင်းလယ်ဗိုလ်တဲသို့ရောက်သောအခါ အခြားဧည့်သည်တစ်ဦးမျှ မရှိကြောင်း
တွေ့ရလေသည်။ မမြမှီက ဗိုလ်တဲမှာ
အေးအေးဆေးဆေးအနားယူချင်သည်ဟုဆို သည်။ သိန်းသိန်းက အင်းလေးလုံချည်နှင့်
ဇင်းမယ်လုံချည်များရက်သော ရွာမရွာသို့ သွားပါရစေဟု ပူဆာလေသည်။ သူတို့အချင်းချင်း
ညှိထားကြဟန်ရှိ၏။
မမြမှီက အစတွင် ငြင်းပယ်ပြီး နောက်တော့ သိန်းသိန်းကထပ်ပူဆာသည်ကို
လိုက်လျောရသည့်
သဘောနှင့်သွားခွင့်ပြုလိုက်လေသည်။ ပဲ့ချိတ်ဖြင့် သိန်းသိန်း၊ မချိုနှင့် စိတ်ကတုံးတို့သည်
ထွက်ခွာသွားကြလေသည်။ ဗိုလ်တဲစောင့် ဒရဝမ်ကလည်း ကိစ္စရှိ၍ ရွာမသို့ လိုက်ပါရစေဟု
ခွင့်ပန်ကာ
ကျွန်တော်နှင့် မမြမှီအား ဗိုလ်တဲကိုအပ်ပြီး လိုက်သွားလေသည်။
မမြမှီနှင့်ကျွန်တော်တို့သည် ဗိုလ်တဲပေါ်မှာ မတ်တတ်ရပ်ပြီး ပဲ့ချိတ်ကလေး
ထွက်သွားသည်ကို
ကြည့်ကျန်ရစ်လေသည်။
ဘန်ဂလို၊ သို့မဟုတ် ဗိုလ်တဲဟု ခေါ်သော်လည်း အင်းလေးကျွန်းမျောများပေါ်က
အိမ်ကလေးများ ထုံးစံအတိုင်း
မျောတိုင်ကို ရေအောက်မြေမာရောက်အောင် ထိုးစိုက်ကာ ခြေတံရှည်ထား၍ ဆောက်ထားသော
အိမ်ငယ်ကလေးပင်ဖြစ်သည်။ ပျဉ်ကြမ်းကိုခင်း၍ ကပ်ကာထားလေသည်။ သက်ငယ်ကို
နီးဝါးခြမ်းများညှပ်၍
သပ်ရပ်စွာမိုးထား၏။ အိမ်ဘေးတွင် အိုး၊ ခုံ စသည်တို့ဖြင့် ရွှေ့ပြောင်းရအောင်
စိုက်ထားသော
ပန်းပင်များရှိပေသည်။
ရေလယ်ဗိုလ်တဲဟု ခေါ်ရလောက်အောင်ပင် အခြားကျွန်းမျောများနှင့်လည်း ကောင်း၊
ကမ်းခြေနှင့်လည်းကောင်း
ဝေးကွာလေသည်။
အိမ်၏အနောက်ပိုင်းတွင် လှေကားထိပ်တွင် စားပွဲရှည်ကြီးတစ်လုံးရှိသည်။ ရှေ့ပေါ်မတိုက်ဘဲ

အကြမ်းအတိုင်းထားသော စားပွဲကြီးဖြစ်၏။ စားပွဲဘေးနှစ်ဖက်မှာ တန်းလျားထိုင်ခုံနှစ်ခု ရှိပေသည်။
အရှေ့ဘက်ပိုင်းတွင် ဝါးခြမ်းခင်းထားသော ခုတင်နှစ်လုံးရှိ၏။ ခုတင်များပေါ်တွင် နီးကြောဖျာနျင့်
မြက်ဖျာများထပ်ခင်းထားလေသည်။
နေမှာ အနောက်ဘက်သို့ ယွန်းနေပြီဖြစ်ရကား နေခြည်မဝင်အောင် အနောက်ဘက်ရှိ ပြတင်းပေါက်များကို
ပိတ်ထားလေသည်။ နေရိပ်ဟပ်နေသော အလင်းရောင်နှင့် လေညင်းလေပွေကလေးသည် ကျန်သုံးမျက်နှာ
ပြတင်းပေါက်များမှ လွတ်လပ်စွာ ဝင်နေရကား ကြည်လင်အေးမြ သာယာလှပေသည်။
သိန်းသိန်းတို့သွားကြသော ရွာမမှာ ဗိုလ်တဲ၏ တောင်ဘက်ဆီတွင် ရှိလေသည်။ ပဲ့ချိတ်ကလေး
အတော်ဝေးသွားသည့်တိုင်အောင် မမြမှိနှင့် ကျွန်တော်တို့သည် လိုက်ကြည့်နေကြလေသည်။ အဝေးကြည့်ရင်းက
တစ်ယောက်အနားတစ်ယောက် မသိမသာ တိုးသွားကြလေသည်။
မမြမှိက သက်ပြင်းချပြီး ကျွန်တော့်ဘက်ခေါင်းငဲ့ကာ ကြည့်လိုက်သည်။ ကျွန်တော်က မမြမှိဘက်သို့
တစ်ကိုယ်လုံးလှည့်ပြီး ကြည့်လိုက်သည်။ မျက်လုံးနှစ်စုံ သည် အတန်ကြာ အပြန်အလှန် ညှို့နေကြလေသည်။
မမြမှိက နှုတ်ခမ်းစူပြီး မူလိုက်၏။ ကျွန်တော်က ပြုံးပြီး မြူလိုက်၏။
"ဘာများ ပြုံးတော်မူရတာလဲ မောင်"
"အဆင်သင့်မယ့်သင့်တော့ ဒရဝမ်ကတောင် လိုက်သွားလိုက်သေးတယ် ဟဲ ဟဲ"
"သူဖြင့် ဒါပဲ"
ကျွန်တော်က မမြမှိအား ဖက်လိုက်ပြီး ကျွန်တော့်ဘက်သို့ လှည့်ယူလိုက်လေသည်။
မမြမှိသည် အထူးရွှင်မြူးသော မျက်နှာဖြင့်–
"နွားသိုးကြိုးပြတ်ကလေး၊ ဟိုမှာ လေကားတံခါးကြီး သွားပိတ်လိုက်ဦး"
ကျွန်တော်သည် မမြမှိအား ဖြေလွှတ်လိုက်ပြီးနောက် တံခါးကိုသွားပိတ်လေသည်။ အထက်အောက်
မင်းတုပ်နှစ်ခုစလုံး ချထားလိုက်၏။
တံခါးပိတ်ပြီး မမြမှိထံအလှည့်တွင် မမြမှိအား ခုနင်က နေရာတွင် မတွေ့ရတော့ချေ။ မမြမှိသည်ခုတင်ပေါ်မှာ
ထိုင်လျက်ရှိ၏။ ခြေများကို တကူကူး အစီးခိုင်းတော့မလိုလို ပူးတွဲကော့လန်ထားပြီး မြင့်ချည်ချချည်လုပ်နေလေ၏။
ကျွန်တော်ကတံခါးကို ကျောပေးပြီး ရပ်ကာ မမြမှိအား ငေးကြည့်နေလေရာ မမြမှိကလည်း ကျွန်တော့်အား

မော့ကြည့်နေလေ၏။ မျက်စိနှစ်စုံသည် အချင်းချင်း အစွမ်းကုန်ညှိ့နေကြလေသည်။
မမြမှိုသည် လက်နှစ်ဖက်ကို ကျွန်တော့်ဆီသို့ ဆန့်တန်းပေးပြီး–
"လာခဲ့ နွားသိုးကြိုးပြတ်ကလေး"
ပါးစပ်က နွားသိုးကြိုးပြတ်ကလေး ဟုခေါ်သော်လည်း ကိုယ်ရိပ်အမူအရာကမူ ကလေးအား တကူကူးအစီးခိုင်းနေသကဲ့သို့ရှိသည်။ သူ့စိတ်ထဲမှာတော့ ကျွန်တော်က ဘယ်လိုပြုမူနေချင်နေမည်ကိုမသိ။
ကျွန်တော်ကား မမြမှိုကပါးစပ်က ခေါ်သည့်အတိုင်း နွားသိုးကြိုးပြတ်လိုသာ ပြုမူလိုက်ပေသည်။ ခပ်မြန်မြန်သွားပြီး
ခပ်ကြမ်းကြမ်းပွေ့ချီလိုက်သည်။ ပြီးနောက် ခပ်ရမ်းရမ်းပင် နမ်းရှုပ်လိုက်ပေသည်။
မမြမှိုကလည်း
ကျွန်တော်မြန်လျှင်မြန်ချင်း၊ ကျွန်တော်ကြမ်းလျှင်ကြမ်းချင်း၊
ကျွန်တော်ရမ်းလျှင်ရမ်းချင်းပေတည်း။ ရေကာတာ
ဆီးထားသော မြစ်ရေကဲ့သို့ အိုင့်နေရာမှ တာကျိုးကျသဖြင့် ဒလဟော စီးဆင်းသော ဖိုမအချစ်ပါပေတည်း။
ကျွန်တော်တို့သည် ညောင်ရွှေမှ ဘိလပ်ရည်ပုလင်းများ ထည့်ယူခဲ့သည်။
မုန့်များလည်းပါလာသည်။ ကျွန်တော်က
ဘိလပ်ရည်ပုလင်းကို ဖောက်ပြီး ဖန်ခွက်နှစ်လုံးမှာ ညီမျှစွာ ခွဲထည့်နေသည်ကို မမြမှိုက ထိုင်လျက်ကြည့်နေ၏။
စားပွဲပေါ်မှာတင်ပြီး ခွက်နှစ်ခွက်ကို ယှဉ်လိုက်ရာ တစ်ခုက နည်းနည်းပိုနေသဖြင့် လိုနေသာခွက်သို့
မျှထည့်နေပြန်သောအခါ–
"အမယ်လေးရဲ့လေး၊ ဒီလောက်ပဲလား မောင်"
"တစ်လုံးရ တစ်ခြမ်းစီ၊ တစ်ခြမ်းရ တစ်စိတ်စီလို့ ဆိုတယ် မဟုတ်လား၊ မမရဲ့ ဟား ဟား"
"ခုနေတော့ ဟုတ်မှာပါပဲ၊ ဒါပေမဲ့ ကြာတော့"
ကျွန်တော်သည် တစ်ခွက်ကိုမမြမှိုအား ပေးပြီး တစ်ခွက်ကို သောက်ရင်း မမြမှို စကားဆက်ဦးမည်လားစောင့်နေသေးသည်။ သူမသည် စကားလည်းမဆက်၊ ဘိလပ်ရည်ကိုလည်း
မသောက်သေးဘဲ ရေပြင်ကိုငေးကြည့်နေလေသည်။
"ကြာတော့ ဘာဖြစ်ရမှာလဲ မမရဲ့"
"မပြောချင်တော့ပါဘူးကွယ်"
သူမသည် ပြာလဲ့သော ရေပြင်ကိုသာ ငေးကြည့်ရင်းဘိလပ်ရည်ကို နည်းနည်းချင်း မြိန့်နေလေသည်။
လေညင်းကလေးက မမြမှို၏ နဖူးပေါ်တွင် ပြန့်ကျနေသော ဆံယဉ်နုနုကလေးများကို လှုပ်ရှားစေလေသည်။

ဘီစကွတ်မုန့်ကို ယူပေး၏။ ရေပြင်သို့ ငေးကြည့်ရာကပင် လက်ခါပြပြီး ငြင်းသည်။ ကျွန်တော်သည် မုန့်စားပြီး
ဘီလပ်ရည်သောက်ပြီး မမြမှီအနီးမှာ ထိုင်လိုက်လေသည်။ ကျွန်တော့်အား စောင်းငဲ့၍ကြည့်လိုက်ပြီးနောက်–
"လှေကားတံခါးကို ဖွင့်ထားလိုက်ရင်ကောင်းမယ်ထင်တယ်ကွယ်"
မမြမှီကား သေသပ်လှ၏။ အခြေအနေပျက်သည်ကို ဘယ်သူမျှ မရိပ်မိစေရန် ဖြစ်သည်။ ကျွန်တော်သည်
တံခါးဖွင့်ပြီးနောက် မမြမှီအနားသို့ သွားထိုင်ပြန်လေသည်။ မတ်တတ်လိုက်ပါလာသော လူများနှင့်
လှေတစ်စင်းသည် ကျွန်တော်တို့ဆီသို့လာနေလေသည်။ ခဏကြာတော့ တော်တော်နီးလာရာ ခြေထောက်နှင့်
လှေလှော်လာသူများ ဖြစ်ကြောင်း တွေ့ရလေသည်။ မကြာမီ ကျွန်တော်တို့အား လွန်သွားကြ၏။
မမြမှီကား တည်ငြိမ်ချမ်းမြေ့သော မျက်နှာနှင့် ရေကိုသာ ကသိဏ်းရှုနေ၏။
"မမ"
"ဘာလဲမောင်လေး"
"ကျွန်တော်ပြောသလို အတိအလင်း လင်မယားအဖြစ်နဲ့ ပေါင်းသင်းရအောင် လုပ်ကြမယ်နော် ဟုတ်လား"
"ခက်တယ်ကွာ၊ ဒါကြောင့် ခုနင်ကပြောမယ့်စကား ဖြတ်လိုက်တာ သိရဲ့လား"ဒ
"ဘာလို့ခက်ရမှာလ မမရဲ့။ မမက ဦးထွန်းဝင်းနဲ့ ကွာရှင်းလိုက်၊ ပြီးတော့ ကျွန်တော်နဲ့ လက်ထပ်လိုက်ကြရုံပေါ့။
မောင်လေးကို မမတကယ်ချစ်ရင် ဒါလုပ်ရုံပဲ၊ ဘာမှ ခက်စရာမရှိဘူး"
"မောင်လေးကို မမချစ်လွန်းအားကြီးလို့ ဒါလုပ်ဖို့ ခက်တယ်ပြောတာပေါ့"
"အိုဗျာ ကျွန်တော့်ကိုချစ်လွန်းအားကြီးရင် အဲဒါလုပ်ဖို့ လွယ်လွန်းအားကြီးရမှာ ပေါ့ မမရဲ့"
"နားထောင်၊ မမရှင်းပြမယ်။ မမဟာ မောင်လေးကို ချစ်တယ်၊ မမဘက်ကချည်း ကြည့်ရင် ကိုယ့်ချစ်သူနဲ့
အတိအလင်းပေါင်းသင်းဖို့ ဘာမဆို လုပ်နိုင်တာပဲ။ မောင်လေးဘက်ကလည်း မမကြည့်တတ်မှ မမဟာ
မောင်လေးကို တကယ်ချစ်ရာရောက်မယ်။ မောင်လေးဟာ အသက်အစိတ်တောင် မပြည့်သေးဘူး"
"ကျွန်တော်က ဆယ့်ခြောက်နှစ်သားဖြစ်နေတာတောင် ဘာဖြစ်သလဲ၊ အသက်ကွာတာ ထည့်တွက်မနေပါနဲ့ မမရာ"
"မဟုတ်ပါဘူး၊ အသက်ကွာတာကို ပြောမလို့ မဟုတ်ပါဘူး။ မောင်လေးဟာ အသက်အစိတ်တောင်

မပြည့်သေးဘူး။ ဉာဏ်ကလည်း ရှိတယ်၊ ပညာကလည်း ရှိတယ်၊ ပညာကလည်း တတ်ပြီးသား၊
အညွန့်တလူလူနဲ့နေတဲ့လူ၊ ရှေ့လူလုပ်ဦးမှာ၊ ကြီးပွားရဦးမှာ။ ဒီလို အညွန့်တလူလူနဲ့ ရှိတဲ့လူက
မမကိုယူလိုက်တော့ မောင်လေးအညွန့်တုံးသွားမှာ စိုးတယ်"
"ဘာလို့ အညွန့်တုံးသွားရမှာလဲ မမရဲ့။ ကျွန်တော်ကြားဖူးတာ အစ္စလမ်ဘာ သာ တမန်တော်
မဟာမက်ဟာသူ့ထက်အသက် ၁၅နှစ်တောင်ကြီးတဲ့ မုဆိုးမကို လက်ထပ်ယူသတဲ့၊ အညွန့်မတုံးတဲ့အပြင်
ပိုတောင်တက်မှာပဲသိလား"
"မမပြောတာ ဆုံးအောင်နားထောင်ပါဦး။ မမက မုဆိုးမဆိုရင် ဘာကိစ္စရှိလဲ၊ ခုတော့ အသက်ရှင်လျက်သားရှိတဲ့
လင်ကို ကွာရမယ်၊ ကွာပြီးတော့ မောင်လေးနဲ့ လက်ထပ်မယ်၊ လူတွေက ဘာပြောမလဲ၊ ဒီယုန်မြင်လို့
ဒီချုံထွင်တာလို့ ပြောမှာပဲ။ မကွာရှင်းခင်က ညားပြီးသားလို့ ပြောကြမှာပဲ။ ဒီတော့ မောင်လေးဟာ
သူများမယားကြာခိုသူဆိုပြီး ကဲ့ရဲ့ကြမှာပဲ။ ဘယ်အကြောင်း ဘယ်အခြေအနေကြောင့် မမတို့ ဖြစ်ကြရတာကို
ဘယ်သူမှထည့်တွက်မှာ၊ သက်သက်ညှာညှာ စဉ်းစားမှာ မဟုတ်ဘူး။ မောင်လေးကိုဝိုင်းပြီး တံတွေးနဲ့ ထွေးကြမှာ၊
သွားပုပ်လေလွင့် ပြောကြမှာ၊ ဒါကို မမမခံနိုင်ဘူး။ မမမောင်လေး အညွန့်တလူလူ နေစေချင်တယ်၊
လူကြီးဖြစ်စေချင်တယ်၊ အမည်းစက်တစ်ခုမှ မစွန်းတဲ့ နိုင်ငံကျော်လူကြီးတစ်ယောက် ဖြစ်စေချင်တယ်။ ဒါကြောင့်
မောင်လေးပြောသလို လုပ်ရမှာ ခက်တယ်လို့ ပြောတာပါကွယ်၊ ယုံပါ"
မမြမို၏အသံမှာ ငိုသံပါလာလေသည်။ ကျွန်တော့်မှာ အကျိုးသင့်အကြောင်းသင့် ပြန်လှန်မပြောနိုင်တော့ဘဲ–
"အို ဖြစ်ချင်ရာဖြစ် ဖွတ်နှစ်ကြရအောင်လား မမရယ်"
"ဖြစ်ချင်ရာဖြစ် ဖွတ်နစ်တယ်ဆိုတာ ပညာမရှိတဲ့လူမှ လုပ်တာမောင်"
ကျွန်တော့်မှာဘာပြောရမှန်း မသိအောင် ဖြစ်သွားလေသည်။ အိုးစည်၊ လင်းကွင်းနှင့် မောင်းကို
ဆူညံစွာတီးလာကြသော လှေတစ်စင်း မြောက်ဘက်မှ တောင်ဘက်သို့ ဖြတ်သွားလေသည်။
မမြမိုသည် လက်မှာကိုင်ထားသော ဖန်ခွက်ကို စားပွဲပေါ်သွားတင်ပြီးနောက်–
"ဒီအရပ်မှာ ရှင်လောင်းလှည့်ရင်လည်း လှေနဲ့၊ ဈေးရောင်းလည်း လှေနဲ့ဆိုပဲ မောင်လေးရဲ့"

"ဟုတ်တယ်၊ မသာချတော့လည်း လေ့နဲ့လို့ ပြောသူက ပြောကြတယ်၊ အလောင်းကို ကျွန်းမျောအောက်ရေထဲမှာ
ဝါးညှပ်ပြီး မြုပ်တယ်ဆိုတာကတော့ ဟုတ်မယ်မထင်ပါဘူး"
"မပြောတတ်ပါဘူးကွယ် သိန်းသိန်းတို့လည်း မလာသေးဘူးနော်"
ကျွန်တော်တို့သည် အတွေးကိုယ်စီနှင့် တောင်ဘက်ရေပြင်ကို ကြည့်ရင်း
ငေးနေကြပြန်လေသည်။ နေကား
အတော်စောင်းသွားပြီး ချိုလာလေသည်။
အတန်ကြာသွားသောအခါ ကျွန်တော်ကရုတ်တရက်–
"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်မှာလဲ"
မမြမှီက အံ့ဩသွားသောမျက်နှာဖြင့်–
"ဘာ ဘယ်လိုလုပ်ဖို့လဲ"
"ရှေ့ ကျွန်တော်တို့ ဘယ်လိုလုပ်နေသွားကြမှာလဲ"
"ခုလို နေသွားကြရမှာပေါ့ မောင်လေးရယ်။ အိုရှေ့ရေးတွေ
ရှည်ရှည်ဝေးဝေးကြီးမစဉ်းစားကြစို့နဲ့လားကွယ်၊
စိတ်ရှုပ်စရာကြီး၊ ရှမ်းပြည်လာလည်ကြ တုန်းဘယ်လိုလုပ်ပြီး
ပျော်ပျော်နေသွားကြမလဲဆိုတာသာ
စဉ်းစားကြစို့ကွယ်။ မမသိပါတယ်၊ မောင်လေးမှာ အနေအထိုင်ဆင်ခြင်ရတဲ့ အတွက်
စိတ်ဆင်းရဲတယ်၊
ရှမ်းပြည်မှာနေတုန်း မောင်လေးဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ကြီး
ညားခါစလင်မယားလိုနေနိုင်အောင် မမမှာ
အစီအစဉ်တစ်ခုရှိပါတယ်"
"ဘယ်လိုအစီအစဉ်လဲ မမ၊ ကောင်းပါတယ်လေ ရှေ့ရေးကို ဖယ်ထားပြီး ရှမ်းပြည်မှာရှိတုန်း"
"သိန်းသိန်းနဲ့မချိုက တောင်ကြီးသွားကြမယ်။ မမကတော့ လူစည်ကားတဲ့
တောင်ကြီးမလိုက်ချင်ဘူး။
အေးအေးဆေးဆေး အနားယူနိုင်မယ့် ကလောကို သွားမယ်ဆိုပြီး မောင်လေးနဲ့သွားမယ်။
တောင်ကြီးမှာ
သုံးလေးရက်နေပြီးမှ သိန်းသိန်းတို့ ကလောလိုက်လာကြမယ်၊ ပြီးတော့မှ အားလုံး
ရန်ကုန်ပြန်ကြရော"
"ကလော ဘယ်မှာတည်းမှာလဲ"
"ဟိုတယ်မှာ"
ကျွန်တော်က ပြုံးပြုံးကြီးလုပ်ပြီး ငြိမ်နေလိုက်လေသည်။ မမြမှီက ကျွန်တော့်ထိပ်ကို
လက်ညှိုးနှင့်တွန်းထိုးလိုက်ပြီး–
"အဲဒီအစီအစဉ်အတိုင်း ကြိုက်ကဲ့လား ကိုယ်တော်မြတ်ကလေးရဲ့"
ကျွန်တော်ကား ဘာမှပြန်မပြောတော့ဘဲ မမြမှီ၏ရင်ခွင်ကို ခေါင်းနှင့်ခွေ့ လိုက်သည်။

မမြမှီသည်ကျွန်တော့်ခေါင်းကို ယုယစွာ လက်နှစ်ဖက်ဖြင့် ကိုင်နေလေသည်။ နောက်ပြီးတော့ မမြမှီ၏ ရင်ခွင်မှာ
ခေါင်းအုံးကာ ပက်လက် လျောင်း၍ နေလေသည်။ သည်လိုနေကြရင်းလည်း တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်၍ပဲ မဝနိုင်ကြပါ။
ညောင်ရွှေမှာ နောက်တစ်ရက်နေပြီးနောက် မမြမှီ စည်းဝါးတိုက်ထားသည့် အတိုင်း သိန်းသိန်းတို့က
တောင်ကြီးသို့၊ ကျွန်တော်တို့က ကလောသို့ သွားကြရန် ဦးနန္ဒ၏ကားဖြင့် ရွှေညောင်သို့ လာခဲ့ကြလေသည်။
အပြင်လူများအမြင်မှာ အားလုံး သိန်းသိန်း၏ အစီအစဉ်များ ဖြစ်နေလေသည်။ မမြမှီနှင့် ကျွန်တော်တို့က
ကလောမှာ နေပြီး စောင့်ရန်ကိုပင် သိန်းသိန်းပါးစပ်က အကြံပေးခြင်းဖြစ်လေသည်။
ဟိုတယ် ကလောဆိုသော အထက်တန်းကျလှသည့် ဟိုတယ်မှာ ခြေရင်း ခေါင်းရင်း
အခန်းနှစ်ခန်းကိုငှားလိုက်လေသည်။ တစ်ခန်းမှာ ဟန်ဆောင်ငှားထားခြင်း သာဖြစ်ပေသည်။
ဟိုတယ်ကလောမှာ ဘူတာရုံထက် ပေသုံးရာမျှ မြင့်မည်ထင်ရသော တောင်ခါးပန်းတစ်ခုမှာ တည်ရှိလေသည်။
ဝင်းခြံမှာ ကျယ်ပြန့်ပြီး ပန်းမျိုးစုံစိုက်ထား သည်။ ဘေးပတ်လည်မှာ မြင့်မားခဲ့ညားသော ထင်းရှူးပင်များရှိသည်။
ခြံအောက်နား၌ စမ်းချောင်းတစ်ခု စီးဆင်းနေလေရာ တိတ်ဆိတ်သောအခါတွင်
စမ်းချောင်းရေစီးဆင်းသံကြားနေရ၏။ ဟိုတယ်အခန်းများမှာ ရေချိုးခန်းကိုယ်စီရှိ သည်။ ဗီရို၊ မှန်တင်ခုံ၊
ကုလားထိုင်များ၊ အိပ်ရာခင်းများတို့မှာဖြူစင်သန့်ရှင်းလှ၏။ ခေါင်းချလိုက်လျှင် အလိုက်သင့် အိဆင်းပေးသော
ခေါင်းအုံးများမှာလည်း အနံ့အသက်များကင်းရုံမက ရေမွှေးနံ့၊ ပန်းနံ့ကလေးများ ပေးထားသည်ထင်ရ၏။
နံရံများကို ဖက်ဖူးရောင်ထက်နုသော စိမ်းနုရောင်ခြယ်ထားပြီး ကြမ်းပြင်မှာ အရောင်တဖိတ်ဖိတ် ထနေလေသည်။
ကျွန်တော့်အဖို့ ဤမျှအထက်တန်းကျသော အခန်းမျိုးမှာ တစ်ခါမျှ မအိပ်ဖူး၊ မနေဖူးသေးပါ။ စရိတ်စကကြီးလှသည်။ သို့သော် မမြမှီကား စရိတ်စကကိုမမှုပါ။
အောက်ထပ်မှာ ထမင်းစားခန်း၊ ဧည့်ခန်းနှင့် စာဖတ်ခန်းများရှိလေသည်။ ကျွန်တော်တို့ကား စားချိန်သောက်ချိန်ကလွဲ၍ အောက်ထပ်မှာ မနေကြပါ။ ဟိုတယ်တွင်တည်းခိုနေသော မည်သူမည်ဝါနှင့်မျှလည်း
အသိမလုပ်လို၊ အသိလည်း မခံချင်ကြ။ တည်းခိုသူများမှာ ဥရောပတိုက်သား မျက်နှာဖြူများသာ များနေခြင်း
ကြောင့် ကျွန်တော်တို့ ပို၍စိတ်အေးရလေသည်။

ကျွန်တော်တို့သည် ဟန်းနီးမွန်းထွက်သော ညားခါးစလင်မယားနှင့်တူနေ လေသည်။
တစ်လောကလုံးတွင် ငါတို့နှစ်ယောက်တည်းရှိလျှင် ကောင်းလေစွဟု တောင့်တကြသည်။
အခြားသူတွေနှင့်
မဆက်ဆံချင်၊ စကားမပြောချင်၊ နှစ်ယောက် တည်းသာ ပူးတွဲပူးတွဲ နေချင်သည်။
ခေါင်းအုံးတစ်လုံးတည်း
အတူအုံးရသည်ကပင် ဝေးသလိုထင်ပြီး တစ်ယောက်လက်မောင်း တစ်ယောက်အုံးပြီး
အိပ်ချင်သည်။
နှစ်ယောက်တည်းသာ စကားပြောနေချင်ကြသည်။ ပြောစရာတွေကလည်း မကုန်နိုင်။
တစ်ယောက်လက်မောင်း တစ်ယောက်အုံးရင်း စကားတတွတ်တွတ်၊ တစ်ယောက်ခါး
တစ်ယောက်ဖက်၍ထိုင်ရင်း
စကားတတွတ်တွတ်၊ ပန်းခြံထဲမှာ နှစ်ယောက်သားလျှောက်ပြီး ဟောလီဟော့(ခ်)၊ ဒေလီယာ
ခရစ်စ်သီမမ်စ်၊
ကော့စ်မော့စ် စသည်များကို အံ့သြကြည်နူးရင်း စကားတတွတ်တွတ်၊ အတက်အဆင်း
များသော်လည်း
ချောမွေ့သာယာလှသော လမ်းများတွင် လက်ချင်းယှက်တွဲ လျှောက်ကြရင်း
စကားတတွတ်တွတ်။
ကျွန်တော်က ထိတ်လန့်တကြား မမြမှီလက်မောင်းပေါ်တွင် အုံးမှီထားသော
ခေါင်းကိုထောင်လိုက်ပြီး–
"မမ ခုနေကိုယ်လေးလက်ဝန်ရှိလာရင် ဘယ်လိုလုပ်မလဲ"
မမြမှီက ထောင်ထားသော ကျွန်တော့်ခေါင်းကို ညင်သာစွာ ဆွဲယူလျက် လက်မောင်းပေါ်မှာ
အုံးမြဲအုံးစေပြီး
နောက်–
"မပူပါနဲ့မောင်လေးရယ်၊ ဒီလိုမဖြစ်အောင် ၊ မမ သတိထားပြီးပါကွယ်"
"ဘယ်လိုလဲ မမရဲ့"
သို့ကလို မေးရင်း မိန်းမတို့၏ ဓမ္မတာသွေးနှင့် ပဋိသန္ဓေ မည်သို့မည်ပုံ
ဆက်နေသည်ကိုလည်းကောင်း၊
မိန်းမတို့၏ လျှို့ဝှက်အပ်သော အခြားကိစ္စများကို လည်းကောင်း၊
ပဋိသန္ဓေတားဆီးရေးပြဿနာများကိုလည်းကောင်း၊ ဖိုမလိင်ပြဿနာ များကိုလည်းကောင်း၊
မမြမှီထံမှ
ဆည်းပူးကြားနာရပေသည်။ ကျွန်တော် မိန်းမတစ်ဦးနှင့် ဤလိုကိစ္စမျိုးကို ဤတစ်ကြိမ်သာ
ဆွေးနွေးဖူးလေသည်။
လိင်ကိစ္စ လျှို့ဝှက်ချက်များနှင့်ပတ်သက်၍ နားမလည်သည်သာ များခဲ့လေသည်။ အဖေ
အမေကလည်း
သင်ပေးသည်မဟုတ်။ ဆရာသမားကလည်း သင်မပေးခဲ့။ ဘုန်းကြီးကျောင်းသားဘဝ
ကိုရင်ကြီး ကိုဘသန်းထံမှ

မဟုတ်တရုတ်များကိုသာ ကြားနာဆည်းပူးခဲ့ရလေသည်။ မမြမှီထံမှ ကျွန်တော် မသိဖူးတာတွေ သိဖူး
ကြားဖူးရသောအခါ ကျွန်တော်တို့လူငယ်များအား လိင်ကိစ္စပညာကို ဆည်းပူးရမည်ဟု ပြောလေ့ရှိသည့်
ကိုကြီးနကို သတိရမိလေသည်။ အတွေ့အကြုံ ဝါရင့်သော မမြမှီအားလည်း အထူးကျေးဇူးတင်မိလေသည်။
မမြမှီသည် ကလောရောက်ကတည်းက အဆင်အပြင်ဟန်ပြောင်းလဲလိုက်လေ သည်။ အပြင်ထွက်လျှင်မျက်မှန်ညိုကို တပ်ထားသည်။ ရန်ကုန်မှာ ဘီးဆံပတ်
သေးသေးထုံးသည့်အခါထုံးပြီး
ဘီးကျော်ပတ်လေယာဉ်ပျံဆံထုံး ထုံးသည့်အခါ ထုံးလေ့ရှိသော မမြမှီသည် ဘီးမပါဘဲ နောက်တွဲထုံးပြီး
ပိုက်အနက်ဖြင့် ထိန်းအုပ်ထားလေသည်။ သနပ်ခါးကို မလိမ်းတော့ဘဲ မိတ်ကပ်ပေါင်ဒါများကိုသာ လိမ်းလျက်
နှုတ်ခမ်းကိုလည်း သဘာဝရောင်မဟုတ်ဘဲ နီရဲအောင် ဆိုးလေသည်။ မျက်ခုံးလည်း ထင်းနေအောင်ဆွဲသည်။
လမ်းလျှောက်ထွက်မည့်မနက်ခင်းက အခန်းထဲမှ ပြင်ဆင်ပြီးထွက်လာသော မမြမှီအား မြင်လိုက်ရသောအခါ
ကျွန်တော်ပင်အံ့အားသင့်သွားသည်။ မမြမှီသည် ဆာ့ချ်သက္ကလတ်ဘောင်းဘီရှည်နှင့် တာဖက်တာ
ရှပ်လက်တိုကိုဝတ်ထားသည်။
"ကျွန်တော်တောင် လူမှားသွားတယ် မမရယ်"
"အေး ကောင်းတယ်၊ တမင်လူမှားအောင် ဝတ်ဆင်နေရတာပါကွာ"
"မမကို ဗိုလ်ဆန်ဆန်နေတတ် ထိုင်တတ် ဝတ်တတ် ဆင်တတ်တယ်လို့ ဘယ်တုန်းကမှ မထင်မိခဲ့ဘူး၊
ကြည့်စမ်းခုတော့ ဝတ်လာလိုက်တာ အကျပဲ၊ အရင်ကတည်းက ဒီလို ဝတ်ဆင်ဖူးရမယ်၊ နေဖူးရမယ်။
ကျွန်တော်ပြောတာ ဟုတ်တယ် မဟုတ်လား"
"ဒီလို ဝတ်ဆင်ဖူးတာ ကြာပြီကွယ်။ ဟောဒီ အင်္ကျီနဲ့ဘောင်းဘီကို သေသေချာချာကြည့်၊ အတော်အသက်ရှည်နေပြီဆိုတာ သိနိုင်တယ်"
"ဘယ်လောက်ကြာပြီလဲ၊ ဘယ်တုံးကလဲ၊ ပြောပြစမ်းပါဦး အကြောင်းစုံ"
"အတိတ်တွေ မေးမနေပါနဲ့တော့ကွယ်"
မမြမှီက စကားပိတ်ပြီး ခပ်မြန်မြန်လျှောက်သည်နှင့် ကျွန်တော်လည်း ခပ်မြန်မြန်လိုက်ရလေသည်။
နှစ်ယောက်စလုံး ရှူးဖိနပ်စီးထားကြသည်။ ကျွန်တော်ကား မမြမှီ၏အတိတ်ကို မမေးသော်လည်း တွေးနေမိသည်။

ဦးထွန်းဝင်းနှင့် မညားမီ ဗိုလ်ကတော်များ ဖြစ်ခဲ့ဖူးလေသလား၊ သို့မဟုတ် ဦးထွန်းဝင်းက ဗိုလ်ဆန်ဆန်မို့
ညားခါစက ဗိုလ်ဆန်စွာ နေခဲ့ကြလေသလား။ သို့မဟုတ်–
ဟိုတစ်နေ့တုန်းက ရေလယ်ဗိုလ်တဲပေါ်မှာ မမြမှီက ရှေ့ရေးတွေ ရှည်ရှည်ဝေးဝေးကြီး တွေးမနေကြပါစို့နှင့်ဟု
ဆိုခဲ့သည်။ ယခုတော့ အတိတ်တွေ မေးမနေပါနဲ့တော့ကွယ်ဟု ဆိုပြန်ပြီ။
ကျွန်တော်တို့သည် ပစ္စုပ္ပန်မှာသာ
ခိုင်မြဲသည်။ သေချာသည်။ ထိုခိုင်မြဲသော သေချာသော ပစ္စုပ္ပန်ကိုသာ အရအမိဖမ်းယူထားရတော့ မည်။
အစွမ်းကုန်အသုံးချရတော့မည်။
တစ်ညနေ၌ ဟိုတယ်ကလော ပန်းခြံထဲတွင် ကျွန်တော်က ပိုးတွန့်လုံချည်အဝါနှင့် ဆွယ်တာအဝါကိုဝတ်ထားသော
မမြမှီအား ဒေလီယာ အဝါပွင့်ကြီးတစ်ပွင့်အနီးသို့ ခေါ်သွားပြီး–
"ကြည့်စမ်း မမ၊ ဒေလီယာအဝါပွင့်ကြီးက ဘယ်လောက်လှသလဲ"
"အေးကွယ် လှလိုက်တာ လွန်ရော"
"ဒေလီယာပွင့်ကြီးနဲ့ မမဟာ တထေရာတည်းပါပဲ၊ ဖွံ့ထွားပြီး ကျက်သရေ ရှိတယ်၊ လှလည်းလှတယ်"
"မမြှောက်ပါနဲ့ မောင်လေးရယ်၊ မမ မိုးပေါ်ရောက်သွားလိမ့်မယ်"
မမြမှီသည် သဲသဲ့ရယ်ပြီးနောက် တည်သွားပြန်လေသည်။ ပြီးတော့ ခပ်ညှိုးညှိုး ဖြစ်သွားပြီး–
"တစ်ခုတော့ မောင်လေး ထည့်စဉ်းစားထားကွယ်။ မမဟာ ကျလူပါ၊ ဒီရုပ် ဒီရည်နဲ့ နေရလှ နောက်ထပ်ခြောက်နှစ်
ခုနှစ်နှစ်ပါပဲ။ အဲဒီတော့ ဒေလီယာပွင့်ကြီး ဟာဝတ်မှုန်တွေ လွင့်စဉ်၊ ပွင့်ချပ်တွေကြွေပြီး ကျက်သရေတွေ အလှတွေ
ကုန်ကုန်မှာ ပါပဲကွယ်"
"အိုဗျာ မမကလည်း တစ်နေ့ကပဲ မမပဲပြောတယ်မဟုတ်လား၊ ရှေ့ရေးတွေ ရှည်ရှည်ဝေးဝေး မတွေးကြစို့နဲ့လားနော်"
"အဲဒါပဲ ကောင်းပါတယ်လေ၊ ကဲ လာ အပေါ်တက်ကြစို့၊ ချမ်းစိမ့်စိမ့် ဖြစ်လာပြီ"
သည်လိုနှင့် ကျွန်တော်တို့နှစ်ယောက်သည် ကျယ်ဝန်းသော ကမ္ဘာလောကကြီးနှင့် အဆက်ဖြတ်ပြီး
အတိတ်နှင့်အနာဂတ်ကို မေ့ဖျောက်ကာ ဟိုတယ်ကလော အချစ်ဇာတ်ကို အားရပါးရကလိုက်ကြပေသည်။
အချိန်ဘယ်လိုကုန် သွားမှန်းမသိလိုက်။ ရန်ကုန်သို့ပြန်ကြရန် သိန်းသိန်းတို့ရောက်လာကြတော့ ကကောင်းတုန်း

ပွဲပျက်သွားသလို ဇာတ်ကိုရပ်လို့သာ ရပ်လိုက်ရသည်၊ ခေါင်းပေါင်းဖြုတ်ဖို့၊ ပုဆိုးခေါက်ဖို့၊ သနပ်ခါးဖျက်ဖို့ကိုပင်
မေ့နေကြသလို ရှိပေတော့သည်။ ။
၅၅
ကိုယ့်လိပ်ပြာ ကိုယ်လန့်နေပြီ
ကလော တောင်စွယ် ပင်းဒယမြေမြင့်မှဆင်းပြီး ယင်းမာပင် စိမ့်ကြီးမြိုင်ကြီးတို့ မှထွက်ကာ သာစည်လွင်ပြင်သို့ဝင်ခဲ့ကတည်းက ကျွန်တော့်မှာ ညလုံးပေါက် ပွဲကြည့်ထားပြီး တစ်ရေးမှ မအိပ်ရသေးသူနှင့်
တူနေလေသည်။ ညက သီချင်းသံ ဆိုင်းသံ ဗုံသံကိုကြားနေရသေးသည်။ ညက ကကြိုးကြီ ခုန်ကြသည်ကို
မြင်နေရသေးသည်။ နေ့ခင်းကြောင်တောင် တကယ်ကြားနေရသော အသံများကို မကြားသယောင်ယောင်၊
တကယ်မြင်နေရသောအရာများကို မမြင်သယောင်ယောင်။ သည်ကဲ့သို့ ဖြစ်နေသည်မှာ ရန်ကုန်သို့ပြန်ရောက်သည့်တိုင်အောင်ပင် ဖြစ်လေသည်။ ရှေ့ညောင်ဘူတာမှာ လန့်ပြေးသော ခါတွန်သံ၊
အေးအေးလူလူ ကျူးရင့်လိုက်သော ဘုတ်သံတို့နှင့် အတူ မမြမှီ၏ ချစ်ရေးဆိုသံ ငိုသံရှိုက်သံတို့ကို
ကြားယောင်နေလေသည်။
ကြည်လင်အေးမြသော အင်းလေးကန် ရှုကွင်းနှင့်အတူ ရေလယ်မိုလ်တဲပေါ်တွင်တာကျိုးပေါက်သဖြင့် ဒလဟော
စီးဆင်းအပ်သော ရေအဟုန်ကဲ့သို့ အာသာရမ္မက်ဖြင့် တက်ကြွဝင်းထိန်နေသော မမြမှီ၏ မျက်နှာကို မြင်ယောင်
ထင်ယောင်နေလေသည်။ ကလောမြို့၏ ပန်းမျိုးစုံနှင့်အတူ နည်းမျိုးစုံဖြင့် နှစ်ယောက်သား ချစ်ကြ၊ ခင်ကြ၊ ညုကြ၊
တာကြ၊ ပျော်ကြ မြူးကြပုံတို့ကို အမှတ်ရနေလေသည်။
ရန်ကုန်ဘူတာကြီးမှာ လူစုခွဲကြသည်။ မမြမှီ၊ သိန်းသိန်းနှင့် မချိုတို့က အကြိုလာသောကားဖြင့်
တစ်လမ်းသွားကြသည်။ ကျွန်တော်ကား ဘူတာရုံအပေါက်ဝ ကူလီချပေးသွားသော သေတ္တာနှင့်
အထုပ်များဘေးမှာရပ်နေရစ်ခဲ့သည်။ ကြောင်တက်တက် ဖြစ်နေပြီး လန်ချားခေါ်ရန်ပင် သတိမရ။ စိတ်ထဲမှာ
ဟာတာတာကြီးဖြစ်နေသည်။ နှင်းငွေ့ဝေဝေတွင် တိုက်ခတ်လာသော လေပြည်အေးကို ရှူရှိုက်ရာမှာလည်း အတူတူ၊
ပန်းမျိုးစုံအလှကိုမြတ်နိုး မက်မောရာမှာလည်း အတူတူ။ သွားအတူ၊ လာအတူ၊ သောက်အတူ၊ စားအတူ၊

လည်ချင်းယှက်တွဲပျော်ပွဲခံပြီး ကိုယ့်အသိုက် ကိုယ့်အဝန်း ကိုယ့်အိမ် ကိုယ့်ရာသို့
အတူတူပြန်ရခြင်းသာ
သဘာဝကျပေမည်။ ယခုမူ ကျွန်တော့်အဖြစ်ကား သဘာဝမကျ။ မမြဴမှီက အိပ်ရာပေါ်မှ
မထနိုင်သော
နာတာရှည်လင်ကြီးထံသို့ပြန်ရ လေပြီ။ ကျွန်တော်ကား အပြင်က ဓာတ်ရထား၊
မော်တော်ကားသံတို့ဖြင့်
ဆူညံနေသော၊ အတွင်းမှာအောက်ထပ်မှ အပေါ်ထပ်သို့ မှန်မှန်ကြီးတက်လာတတ်သော
မီးခိုးဖြင့်
အသက်ရှူကျပ်သော ပျင်းရိငြီးငွေ့ဖွယ်ရာ အဖော်များနှင့် အတူနေရသော ရှုပ်ထွေးသည့်
အခန်းသို့ ပြန်ရလိမ့်မည်။
ကျွန်တော်သည် အဘယ်မျှကြာအောင် အထုပ်အပိုးများဘေးမှာ ရပ်နေမိသည်မသိ။
ကျွန်တော့်ရှေ့မှာ
သွားလာနေကြသော လူများ၊ မော်တော်ကား၊ မြင်းရထားနှင့် လန်ချားများကို
မြင်နေရပါလျက်
မမြင်သလိုထင်မိသည်။ ၎င်းတို့အသံ တွေကို ကြားနေပါလျက် မကြားသလို ထင်မိသည်။
တကယ်ပင်
ညလုံးပေါက်ပွဲကြည့် ထားပြီး တစ်ရေးမှ မအိပ်ရသေးသောသူနှင့် တူလေသည်။
“လန်ချားဆပ်”ဟူသော
အသံတစ်သံနှင့် ကျွန်တော့်ရှေ့မှာ ထိုးရပ်လိုက်သော လန်ချားကုလားသည် ကျွန်တော့်အား
လန့်ဖျပ်
တုန်လှုပ်သွားစေလေသည်။
“ဆပ် ဘယ်ကပြန်လာသလဲ”
သတင်းစာတိုက်မှ ညဥ့်နက်သန်းခေါင်အပြန်တွင် တွေ့ရတတ်သော လန်ချားကုလား
မျက်နှာသိဖြစ်လေသည်။
“ ဟိုအထက်က ပြန်လာတာကွ”
လန်ချားကုလားသည် လန်ချားကိုထိုးဆိုက်ထားပြီး ကျွန်တော့်အထုပ်အပိုးများ ကိုတင်ရန်
ဟန်ပြင်နေသည်။
“ဆပ် အိမ်ပြန်မယ် မဟုတ်လား”
“အေး”
ကျွန်တော်ကား လန်ချားကုလားကိုခေါ်မိသည်လည်းမဟုတ်။ ခိုင်းလည်းမခိုင်း။ သို့သော်
လန်ချားကုလားလုပ်သမျှ
ကြည့်နေလိုက်သည်။ သူက အထိုင်ခိုင်းတော့ လန်ချားပေါ် တက်ထိုင်လိုက်သည်။ သူ
ဆွဲခေါ်ရာသို့
လိုက်သွားလေတော့သည်။

လမ်းဓာတ်မီးရောင်တွင် ကျွန်တော်တို့အခန်းရှေ့ ဝရန်တာမှာ ကိုတင်အေး ရပ်နေသည်ကို တွေ့ရလေသည်။
သူသည် အပြုံးဖြင့် ကျွန်တော့်အား ဆီးကြိုလိုက်သည်မှတစ်ပါး
ထွေထွေထူးထူးနှုတ်မဆက်တော့ပါ။
ဇေဒကဝိန် ဦးတက်ရှိန်မှာမူ အိမ်တွင်မရှိပေ။ သို့သော်သူ၏ အလုပ်ကား အိမ်တွင်ပင် ဖွံ့ဖြိုးနေဟန်တူ၏။
ငှက်ပျောစိမ်း၊ အုန်းစိမ်းပါသော ကန်တော့ပွဲများတွင် နံ့သာတိုင်များ အငွေ့တလူလူနှင့် ရှိကြသည်။
ကိုတင်အေးကဆီး၍တံခါးဖွင့်ပေးသည်မှတစ်ပါး ကျွန်တော့်အား ဘာတစ်ခုမျှ မကူညီ။
ဝန်စည်စလယ်များကို
ကျွန်တော့်ဘာသာ နေရာချထားနေသည်ကို သူ၏ မည်းနက်သော မျက်နှာမှ ဖြူဖွေးသော သွားများ
ဝင်းခနဲပေါ်အောင် ပြုံးပြီး ကြည့်နေလေသည်။
"ဘယ့်နှယ်ခရီးထွက်တာ အတော်ကြာသွားပါကလား၊ ပျော်ခဲ့ရဲ့လား"
ကျွန်တော်သည် အပေါ်အင်္ကျီချွတ်ရင်း မချိပြုံး ပြုံးကာ–
"ပျော်လှတယ်တော့ မဟုတ်ပါဘူးဗျာ"ဟု ဖြေပြီး တစ်ခုတည်းသော ပက်လက်ကုလားထိုင်သို့ သွားထိုင်ရန်
ဟန်ပြင်လိုက်လေသည်။ ကိုတင်အေးက ဦးနှင့်အောင်သွားထိုင်လိုက်သောကြောင့် ကျွန်တော့်မှာ ကိုယ်မောရှုံသာ
မက စိတ်ပါ မောသွားရလေသည်။ စိတ်ပျက်ပျက်ဖြင့် ဆောင့်ကြောင့်ထိုင်ပြီး ခြင်းတောင်းတစ်ခုထဲမှ
လက်ဖက်ခြောက်ထုပ်များနှင့် လိမ္မော်သီးများကို ထုတ်ယူ၍ ကြမ်းပြင်ပေါ်သို့ချထားနေသည်။
"ရှမ်းပြည်က ဘာတွေများ ယူခဲ့သလဲဗျ"
"ဘာမှမယူခဲ့ပါဘူး"
အေးစက်သော ကျွန်တော့်အဖြေကြောင့် ကိုတင်အေး ကုပ်သွားလေသည်။ အတန်ကြာမှ–
"လိမ္မော်သီးတွေ လက်ဆောင်ရလာသလား"
ကျွန်တော်သည် အကြွတစ်ခုရပြီး လိမ္မော်သီးကိုင်ပြီး ကိုတင်အေးအားပေး လိုက်သည်။
"စားပါဦး"
ပြုံးစိစိဖြင့် ကြည့်နေသော ကိုတင်အေးသည် ပါးစပ်ကြီး ပြဲသွားအောင် ပြုံးပြီး "နေပါစေဗျာ"ဟုဆိုကာ
လိမ္မော်သီးကို လှမ်းယူလိုက်လေသည်။ လိမ္မော်သီးကိုင်ပြီး ပက်လက်ကုလားထိုင်မှာ ထိုင်မြဲထိုင်နေပြန်သဖြင့်
ကျွန်တော်သည် ပိုကောင်းမည် ထင်ရသော လိမ္မော်သီးတစ်လုံးကို နောက်ထပ်ပေးရင်း–
"စားကြည့်စမ်းပါဗျ၊ ရန်ကုနမှာ မပေါ်သေးဘူး၊ ဟိုမှာတောင် ပေါ်ခါစ ရှိသေးတယ်"

ကိုတင်အေးသည် ထိုလိမ္မော်သီးကို လက်ခံပြီးနောက် အိမ်ရှေ့ဝရန်တာသို့
ထွက်သွားလေသည်။ သူကား
အပြင်လောကကို ကသိုဏ်းရှုရင်း လိမ္မော်သီးစားနေလေသည်။ ကျွန်တော်လည်း
ပက်လက်ကုလားထိုင်မှာ
သွားထိုင်ပြီး မှိုင်တွေချနေလိုက်ပြီး တစ်ရေးမှ မအိပ်ရသေးသောသူနှင့် ပို၍တူလာသည်။
ပက်လက်
ကုလားထိုင်ပေါ်မှာ မလှုပ်မယှက်ခွေနေစဉ် ကလောမီးရထားခုတ်သံကို ကြားနေရသည်။
တကယ်လာနေသောအသံကား ဓာတ်ရထားအသံဖြစ်သည်။ မမြို့၏ ပွန်ပီယာက
သင်းမြနေသည်။
တကယ်မှာတော့ အောက်ထပ်က ညော်နံ့ကတက်လာ လေသည်။
ပက်လက်ကုလားထိုင်ပေါ်မှာခွေပြီး အတော်ကြာငေးမောမိလေသော် အသံဗလံများလည်း
ရောထွေးသွားကာ
တဝုန်းဝုန်းနှင့်သာ လုံးပြီး ကြားနေရသည်။ နောက်လုံးလုံးပင် မကြားရတော့ချေ။
"ဟာ ကိုတင်ထွန်း ပြန်ရောက်နေမှကိုး"ဟူသော စကားသံနှင့် တံခါးပိတ်လိုက်သံကြောင့်
လန့်နိုးလေသည်။
ဗေဒကဝိန် ဆရာဦးတက်ရှိန်သည် ကျွန်တော့်ရှေ့မှာရပ်နေလေသည်။
"ဟုတ်တယ်ဆရာ၊ မီးရထား တောက်တာနဲ့ ငြီးစီစီဖြစ်နေတယ်"
ဦးတက်ရှိန်သည် အိတ်ထဲမှ ပုလင်းငယ်ငယ်ကလေးတစ်လုံးကို ထုတ်ပေးရင်း–
"ဟောဒီနှာ ရှုလိုက်စမ်း၊ ပေါ့သွားလိမ့်မယ်"
"ကိစ္စမရှိဘူး ဆရာ၊ နေပါစေ"
"ဘယ် ကိစ္စမရှိရမှာလဲ၊ ကဲ ရှုလိုက်စမ်း၊ ရှုပြီးတော့ ရေချိုးလိုက်"
ကျွန်တော်ကား ငြင်းပယ်ခြင်းငှာ မစွမ်းတော့ချေ။ ကျွန်တော်က နှာကို ရှုနေစဉ်
ဦးတက်ရှိန်သည်
လက်ဖက်ခြောက်ထုပ်နှင့် လိမ္မော်သီးများကို ကြည့်ပြီး–
"လက်ဆောင်ပေးဖို့ ယူလာသလား၊ ဆရာကိုရွှေဖေတို့အိမ်ဖို့ ပါခဲ့ရဲ့လား"
"ပါပါတယ်ဆရာ၊ ရွှေဖီလွတ်လက်ဖက်ခြောက်တွေ အများကြီးပါပဲ၊ ခွဲပေးရမှာပဲ"
"မင်းဦးလေးမြင့်ဖို့ကော ပါရဲ့လား"
"ပါပါတယ်"
"ဆရာကိုရွှေဖေရဲ့ မိန်းမ မညွန့်ကမင်းပြန်ရောက်မရောက် ခဏခဏအမေးလွှတ်တယ်"
ကိုတင်အေးက ပြုံးဖြီးဖြီးနှင့် ကြားဝင်ပြီး–
"မေးဆိုဆရာရယ်၊ ကိုတင်ထွန်းက မခင်သစ်ကိုစာသင်ပေးနေတာကို၊ ခုတော့ သူ့ခမျာ
စာသင်ပျက်နေတာ
ကြာရှာပြီကော"
ကျွန်တော်ကား မခင်သစ်ဟူသော နာမည်ကိုကြားရလျှင်ပင် လိပ်ပြာလန့်နေသည်။
မခင်သစ်အပေါ်

သစ္စာမဲ့ခဲ့သည် မဟုတ်ပါလော။ သို့ရာတွင် ဒါတွေကို အကျယ်ခဲ့၍လည်း မတွေးနိုင်၊ ဆရာဦးတက်ရှိန်နှင့်
ကိုတင်အေးတို့၏ ပြောကြဆိုကြသော စကားများကိုလည်း မတုံ့ပြန်နိုင်၊ ဟပ်ချီးဟပ်ချီးနှင့် ချေ၍နေရလေသတည်း။
အားရအောင် ချေပြီးနောက် ဆရာဦးတက်ရှိန် ညွှန်ကြားသည့်အတိုင်း ရေချိုးလိုက်လေသည်။ အတော်ပင်ပေါ့ပါးကြည်လင်သွားပေ၏။
ကျွန်တော်ရေချိုးပြီး အဝတ်အစားလဲပြီးချိန်တွင် ဆရာဦးတက်ရှိန်ကား ကန်တော့ပွဲများရှေ့တွင် ပုတီးစိပ်လျက်ရှိသည်။ ကိုတင်အေးကား သူ့အလုပ်ခုံတွင် လသာမှန်အိမ်ထွန်းပြီး တံဆိပ်တုံးကလေးများကို
အချောကိုင်နေလေသည်။ ကျွန်တော့်မှာ ညနေစာ မစားရသေးသည်ကို သတိရလာလေသည်။ ခါတိုင်းဆိုလျှင်
မခင်သစ်အား စာပြနေပြီး သူတို့အိမ်မှာပင် ထမင်းစားလေ့ရှိသည်။ ခု သူတို့ဆီ သွားလိုက်ရလျှင်
မကောင်းပေဘူးလား။ ကလောကယူလာသော လက်ဆောင်များလည်းပေးစရာရှိနေသည်။
ကျွန်တော်သည် မခင်သစ်နှင့် တွေ့ရမည်ကို မျက်နှာပူသလိုလို ဖြစ်နေလေသည်။ ကိုယ့်လိပ်ပြာ
ကိုယ်လန့်နေသည်။ မခင်သစ်က အပြစ်မဲ့ သန့်စင်သည်။ ကျွန်တော်ကားအပြစ်များဖြင့် ညစ်ညမ်းနေသည်။
ကိုယ့်အချစ်ဆုံးဟု ထင်ခဲ့သော မခင်သစ်အပေါ်မှာ သစ္စာဖောက်ပြီး ရွယ်တူရွယ်တန်း မဟုတ်သော၊
မလွတ်လပ်သော မမြမှီနှင့်စခန်းကုန် ကျူးလွန်ဖောက်ပြားခဲ့လေပြီ။ ဤအကြောင်းကို သစ်သစ်အနည်းငယ်မျှ
ရိပ်မိသိရှိမည် မဟုတ်။ သို့သော် ကျွန်တော်ကား ကိုယ့်အပြစ်ကို လွယ်လင့်တကူ မေ့ဖျောက်၍ ရသူမဟုတ်။
ကိုယ့်အပြစ်ကို မသိသူလေးအား အပြစ်မရှိလေဟန် မျက်နှာပြောင်တိုက်၍ ချဉ်းကပ်ရဲသူ မဟုတ်။ အတွေ့အကြုံ
သည်ထက်သည် များလာလျှင်ကား ရဲကောင်း ရဲလာလေမည်။ နုနယ် ပျော့ခွေသော ကျွန်တော့်နှလုံးသားသည်
တဖြည်းဖြည်း မာကျောတောင့်တင်းလာကောင်းပါ၏။
ညဈေးတန်းတွင် တစ်ခုခုဝယ်စားရန် ထွက်တော့မည်ဟု ဟန်ပြင်နေစဉ် ဆရာဦးတက်ရှိန်က ပုတီးစိပ်နေသော
လက်နှင့် 'သံပတ်ခွေ'ကိုလျှော့လိုက်ပြီး–
"ကိုတင်ထွန်း ဘယ်သွားမယ်လို့လဲ"
"ညဈေးတန်းလျှောက်မယ်လို့ခင်ဗျ"
"ဆရာရွှေဖေတို့အိမ် သွားလိုက်ပါဦး၊ ဒေါ်ညွန့်က တော်တော်မျှော်နေဟန်ရှိ တယ်။ ကိုရင်

ပြန်မလာသေးဘူးလားလို့ ခဏခဏ မေးနေတယ်”
“နက်ဖြန်မှသွားမယ်လို့ အောက်မေ့တယ်ခင်ဗျ”
“ခုည သွားလိုကတာမကောင်းဘူးလား။ လက်ဆောင်ပို့စရာလည်း ပို့ပစ်လိုက်တာ ကောင်းတယ်၊တော်တော်ကြာ
လူနိုင်တွေလာလို့ ပေးစရာမကျန် ဖြစ်တတ်တယ်။ ပြီးတော့ မရွှေသစ်လည်း တော်တော်မကျန်းမမာဖြစ်နေတယ်”
“ဩော်ဒေါ်ဒေါ်ရွှေလည်း နေမကောင်းဘူးလား”
“ဟုတ်တယ်၊ အစာတောင် မဝင်တာကြာသွားပြီ”
“ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်တော်သွားလိုက်ပါ့မယ်”
ကျွန်တော်ကား သူတို့အိမ်သို့ မသွားလို့မဖြစ်တော့ပြီ။ မခင်သစ်နှင့် မျက်နှာချင်းမဆိုင်ရလျှင် ကောင်းလိမ့်မည်။
လက်ဖက်ခြောက်နှင့်လိမ္မော်သီးများကိုယူခဲ့သည်။ ရေကျော် ညဈေးတန်းကာ စည်ကားလှ၏။ မြန်မာကွမ်းယာဆိုင်၊
မြန်မာဆံပင်ညှပ်ဆိုင်နှင့် မြန်မာသမဝါယမဆိုင် များကား ထိုခေတ်ထိုအခါ၏ စီးပွားရေးကြေးမုံများဖြစ်နေ၏။
ရေကျော်ဘူးသီးကြော် မှာ နာမည်ကြီးလှသဖြင့် ရန်ကုန်မြို့ အခြားရပ်ကွက်များမှ တကူးတကလာရောက်ပြီး
စားကြရလေသည်။
မခင်သစ်တို့အိမ်သို့ လှမ်းနေသော ကျွန်တော့်ခြေလှမ်းများမှာ ခါတိုင်းလို မသွက်လက်၊ လေးကန်တွေဝေနေသည်ဟု ထင်၏။
အိမ်အောက်ထပ်တွင် တံခါးတစ်ပေါက်မှလွဲ၍ ကျန်တံခါးများကို ပိတ်ထားလေသည်။ အပေါ်ထပ်မှ
ပတ္တလားတီးသံနှင့် မိန်းမတစ်ယောက် သီချင်းဆိုသံများ လာနေလေသည်။
ဖွင့်ထားသောတံခါးမှဝင်သွားသောအခါ ဆေးဗီရိုကြီးများရှေ့ ကွပ်ပျစ်ပေါ်တွင် ခင်းထားသောအိပ်ရာနှင့်
ချထားသော ခြင်ထောင်ကြီးကိုမြင်ရလေသည်။ အားနည်းသော မီးလုံးတစ်လုံးကို ထွန်းထားသဖြင့် လည်းကောင်း၊
ပိတ်ခြင်ထောင် ဖြစ်သဖြင့် လည်းကောင်း ခြင်ထောင်ထဲတွင်လူရှိမရှိ မမြင်ရချေ။ သို့သော် လူမမာ
ဒေါ်ရွှေသစ်လဲလျောင်းနေလိမ့်မည်ဟု ကျွန်တော်ခန့်မှန်းကြည့်လိုက်သည်။ အပေါ်မှာ တီးမှုတ်နေကြသည်ကိုထောက်သဖြင့်ဒေါ်ရွှေသစ်၏ ရောဂါအခြေအနေမှာ မဆိုးဟု ထင်ပေသည်။
ကျွန်တော်သည်အပေါ်ထပ်သို့မတက်မီချောင်းဟန့်၍ အသံပေးစမ်းလိုက်သေး၏။ သို့သော်ခြင်ထောင်ထဲမှ
တစ်စုံတစ်ရာ တုံ့ပြန်ချက် မရှိချေ။

အပေါ်ထပ်တွင် အသက်၃၀ကျော်မျှ ရှိမည်ထင်ရသော မိန်းမတစ်ယောက်သည်
သီချင်းဆိုနေ၏။ သူမ၏ ရုပ်မှာ
ရွက်ကြမ်းရေကျိုသာ ဖြစ်သော်လည်း အသံမှာကောင်းလှ၏။ အဆိုမှာလည်း ပိုင်လှနိုင်လှ၏။
ပတ္တလားတီးနေသူကား အသက်၅၀လောက် ဝဝတုတ်တုတ်လူကြီးတစ်ယောက် ဖြစ်သည်။
သျှောင်ထုံးနှင့်
နှုတ်ခမ်းမွေးတို့ကား စည်ကားခံ့ညားလှပေသည်။ သူသည် ရင်ဖုံးအင်္ကျီကို ဝတ်ထားသည်။
ဆရာဖေသည်
စောင်းကောက်ကြီးတီးလျက်ရှိ၏။ မခင်သစ်ကား ဂီတစာအုပ်ကိုဖွင့်ပြီး တိုးတိုးကလေး
လိုက်ဆိုရင်း
စည်းလိုက်နေလေသည်။ အားလုံးပင် သင်ဖြူးပေါ်တွင် ထိုင်နေကြသည်။
× × မြင်သူမြင်သူ ဗျာဝေ၊ ကွဲကြေအံ့မဆုံး၊ တင်ကာတင်ကာ သွင်မျက်ခုံး၊ ခြယ်မှင်ရောင်
ပိတုန်းငယ်နှင့် သန်ခါမှောင်၊ မျက်လုံးတော်ရောင်၊ သောက်ရှူးကြယ် ညီနောင်၊ မြမျက်တောင်
ကော့ကော့ရွှန်း၊ ကေသီမှာဒေဝီ ကျမ်းစာဝင်၊ မျက်နှာပြင် စံလွတ်ကျွန်း၊
ငွေလဝန်းပေါ်သည့်သွင်လေလေ့၊ ခြောက်ပါးငယ်ပြစ်လွတ်စင်၊ တနဲလေ တနွဲ့န်းလေ
တအင်လေ၊
တနဲလေ၊ တနွန်းလေ၊ တအင်လေ၊ မူရာမူရာစုံလင်၊ နတ်ပင်လူပင်လား၊ ထင်ယောင်
ထင်ယောင်
ဝိုးတဝါး၊ မြင်မြင်သူများပေက၊ အံ့ခြား လေရာ။
ကျွန်တော်သည်သူတို့ဆီသွားပြီး မထိုင်သေးဘဲ လှေကားထိပ်မှာ ရပ်ပြီး တွေနေသည်။
သည်သီချင်းကို
ဆိုဟန်ဖြင့်ပင် ခင်မောင်ရင်ဆိုသည်ကို ကြားရခြင်းနှင့် ယခုအမျိုးသမီး အဆိုတော်သည်ကို
ကြားရခြင်းများအရသာကွာပုံကို သတိပြုမိသည်။ မိန်းမချီးကျူးခန်းကို
ယောကျ်ားဆိုမှဖြင့်အရသာအပြည့်ပေါ်သည်ဟု ထင်သည်။ သည်သီချင်းကို
ခင်မောင်ရင်ဆိုဟန် ခင်မောင်ရင့်
အသံဖြင့် ကျွန်တော်က ဆိုတတ်၍ ဆိုလိုက်ရလျှင်စည်းလိုက်နေသော မခင်သစ်၏
ရင်တွင်းမှာ
ဘယ်သို့ပဲ့တင်ခတ်လေမည်နည်း။ မခင်သစ်ကတော့ 'နတ်ပင်လူပင်လား၊
ထင်ယောင်ထင်ယောင် ဝိုးတဝါး'ဟု
သီချင်းဆိုလောက်အောင် စံလွတ်ကျွန်း စံဘက်ပြိုင်ဘက်မရှိသော အလှမဟုတ်ပါ။ ရိုးရိုး
ချိုချိုသာသာ
အလှဖြစ်သည်။ သို့သော် ကဗျာ၏ သုခုမဆန်သော မြောက်ပင့်ခြင်းကိုမကြိုက်သူမရှိနိုင်ပါ။
သို့ကလို တွေးတောငေးမောရင်း လှေကားထိပ်မှာ ရပ်နေစဉ် နောက်မှ လူတစ်ယောက်
တက်လာနေသည်ကို ရိပ်ခနဲ
မြင်လိုက်မိလေသည်။ ကျွန်တော်က လှည့်အကြည့်လိုက်တွင်“

မောင်တင်ထွန်းပါလားကွ၊ မင်းဘယ်တုံးက ပြန်ရောက်သလဲ”ဟု ဒေါ်ဒေါ်က အသံအုပ်ပြီး မေးလိုက်လေသည်။
“ညနေကပဲ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ဘယ်ကပြန်လာတာလဲ”
“မင်းခုနင်က တက်သွားတော့ ဒေါ်ဒေါ်မြင်လိုက်သားပဲ၊ ဒေါ်ဒေါ်က မရွှေသစ် ရဲ့ ခြင်ထောင်ထဲမှာ ရှိနေတယ်”
“ရွှေရွှေ ဘယ့်နှယ်နေသေးသလဲဒေါ်ဒေါ်”
“တော်တော်သက်သာပါပြီကွယ်၊ မရွှေသစ်က မင်းပြန်မလာသေးဘူးလားလို့ ခဏခဏ မေးနေတယ်၊ ကဲ
လာထိုင်ရအောင်”
ကျွန်တော်က လက်ထဲမှာ ပါလာသော လိမ္မော်သီးများနှင့်လက်ဖက်ခြောက်ထုပ်
ကိုဒေါ်ဒေါ့်အား ပေးလိုက်သည်။
လှေကားထိပ်ဝအနီး တီးဝိုင်းနှင့် ခပ်လှမ်းလှမ်းရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဒေါ်ဒေါ်က
စားပွဲတစ်ခုပေါ်မှာ ကျွန်တော့် လက်ဆောင်များကို တင်ထားပြီး ကျွန်တော့်ဘေးက ကုလားထိုင်တစ်လုံးမှာ
ဝင်ထိုင်လေသည်။ မခင်သစ်သည် တိုးတိုးလိုက်ဆိုရင်း စည်းလိုက်နေရာမှ ကျွန်တော်တို့ဆီသို့
လှမ်းကြည့်လိုက်လေသည်။ ကျွန်တော်ပြန်ရောက်လာမှန်းသိသ ဖြင့် မျက်နှာဝင်းလက်သွားလေသည်။
ကျွန်တော်ကား သစ်သစ်အားရဲဝံ့စွာ မကြည့်နိုင်ပါ။ ကျူးလွန်မိသော အပြစ်ကိုမေ့ဖျောက်မရပါ။
“ဘယ်တွေရောက်ခဲ့သလဲကွ၊ တော်တော်ပျော်ရဲ့လား”
“ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေ၊ အင်းလေး၊ ကလောတို့ကို ရောက်ခဲ့တယ် ဒေါ်ဒေါ်”
“တော်တော်ပျော်ခဲ့ရဲ့လား”
“ပျော်လှတယ်လို့တော့ မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ဒေသန္တရဗဟုသုတရတာက အမြတ်ပါပဲ”
“မသွားခင် တို့ကိုဘာလို့ အကြောင်းကြားမသွားတာလဲကွယ်”
“ကိစ္စက ရုတ်တရက်ပေါ်လာတာနဲ့ ဖြုန်းခနဲ ထွက်သွားရတာကိုး ဒေါ်ဒေါ်ရဲ့”
ကျွန်တော်သည် အရေးကြုံသက်လုံကောင်းရမည်ဆိုသည့်အတိုင်း လျှို့ဝှက်အပ်သော ကိစ္စတစ်ရပ်ကိုသက်စွန့်ဆံဖျား ဆောင်ရွက်ရန် ခရီးထွက်သွားခဲ့ရ လေသည်။ ဟန်ပန်ထုတ်၍ ရုတ်တရက်
ဖြေလိုက်လေသည်။
“မင်းတို့နိုင်ငံရေးကိစ္စတွေကလည်းကွယ် ပြီး မပြီးနိုင်ဘူး”
ကျွန်တော်ကား ဒေါ်ဒေါ့်အားမကြည့်ရဲတော့ပေ။ မခင်သစ်ဆီသို့လည်း လှမ်းမကြည့်တော့ပေ။ မျက်နှာကိုငိုက်စိုက်ချထားပြီး–
“လွတ်လပ်ရေးမရမချင်း ကိစ္စတွေက တစ်ခုပြီးတစ်ခု ပေါ်နေမှာပဲ ဒေါ်ဒေါ်ရဲ့”

"ခရီးသွားတော့ အဖော်ပါရဲ့လား"
ကျွန်တော်သည် သင့်လျော်မည်ထင်သော အဖြေကိုရှာနေစဉ် တီးဝိုင်းသည် အခြားသီးချင်းတစ်ပုဒ်သို့
ကူးပြောင်းသွားလေသည်။ ယိုးဒယားဖြစ်ရာ ဆိုင်းဝိုင်းနှင့် တီးရလျှင် ပိုမြိုင်မည်ဟုထင်သည်။
× × သောင်းသောင်းညံ၊ ကြင်ဖော် စင်ရော်မောင်နှံတွဲလို့ ဝဲကာပျံ၊ မောင်နှံတောင်ပံ
ရိုက်ဆော်သွင်း၊ သောင်တင်းခေါက်ရှာ၊ ဟသ်ာပျံရောက်လာ၊ ကူးကာလူးလာ၊
ရွှင်မြူးပျော်ကြရှာ၊
သောင်ပေါ်အောင်တော်ထူးပါလို့ ကျူးရင့်မာကစာ၊ မြစ်မင်းအဏ္ဏဝါ၊ ပြန်ကာမြောက်တောင်
ကျောက်ဆောင် ဟိုဘက်ကမ်း။
ဒေါ်ဒေါ်က ခရီးသွားဖော်သွားဖက်များအကြောင်း မေးသည်ကိုရုတ်တရက် မဖြေနိုင်သဖြင့်
ငေးနေလိုက်ရာ
သီချင်းတွင် စိတ်ဝင်စားသွားသဖြင့် ငေးနေသလို ထင်ရပေလိမ့်မည်။ သို့မဟုတ်
လျှို့ဝှက်အပ်သော
နိုင်ငံရေးကိစ္စများတွင် ဆိတ်ဆိတ် နေလိုက်ခြင်းဖြစ်သည်ဟု ဒေါ်ဒေါ်က
ယူဆကောင်းယူဆပေလိမ့်မည်။
× × ရွှေယင်ဘောင် မြောင်ပတ်လမ်း၊ လေတင်ဆောင် တောင်ဖြန့်လှန်း။ ချည်ခင်စွပ်ကယ်
ဝံဘို
ဘွေ သောင်ခရီးမှာ၊ ရေဖောင်စီးလို့ခို၊ နေညိုညို လွမ်းရန်ပိုမို၊ ဆိုငိုပြင်ကျယ်၊
ဒေါ်ဒေါ်သည်နောက်ဖေးဆောင်ဆီသို့ ထသွားလေသည်။ ကျွန်တော်သည် ဒေါ်ဒေါ့်နောက်မှ
ခဏမျှလိုက်ကြည့်ပြီး
မျက်နှာကိုငုံ့ထားလိုက်သည်။ ကျွန်တော့်စိတ်ကူးကား ချည်ခင်စွပ်၊ ဝံဘိုတို့နှင့်
အဏ္ဏဝါဘွေသောင်ခရီးမှာ
ရေဖောင်စီးလို့ခိုနေသည်။ တစ်ဖက်ကမ်းမှာ မမြမှီရှိသည်။ အခြားတစ်ဖက်ကမ်းမှာ
မခင်သစ်ရှိသည်။
ကျွန်တော့်ရှေ့မှာကား ဆိုငိုပြင်ကျယ်၊ ပင်လယ်သီခေါင် ရီမှောင်ဝေလို့ ဆိုင်းနေသည်။
× × မန်းဌာနီ သာကီ ရွှေပြည်တိုင်း၊ မှိုင်းလို့ ဝေဖြာ၊ ရွှေနန်း အောင်ခြာ၊ မျှော်ကာ မြင်မိမှာ
...
"မောင်တင်ထွန်း ထမင်းမစားရသေးဘူးမဟုတ်လား"
သည်တော့မှ အနားသို့ပြန်ရောက်လာသော ဒေါ်ဒေါ့်အား မော့ကြည့်လိုက်မိသည်။
"ဟုတ်တယ် မစားရသေးဘူး"
"ထ လာစားရအောင်"
ကျွန်တော်ကားဟန်လုပ်နေစရာ မရှိပါ။ ကျွန်တော့်အမေဆိုလျှင်လည်း ကျွန်တော် အဝေးက
ပြန်ရောက်လာသည်ဆိုလျှင် သည်လိုပင် မရှိရှိတာ ရှာကြံပြီး ကျွေးပေလိမ့်မည်။
ဒေါ်ဒေါ်သည် ကျွန်တော့်အား မီးဖိုဆောင် ထမင်းစားပွဲမှာ စိတ်ရှိလက်ရှိ စားရန် ထားခဲ့ပြီး
အိမ်ရှေ့သို့ထွက်သွားပြန်လေသည်။ ကျွန်တော်နှင့် မလှမ်းမကမ်းတွင်အစေခံမိန်းမကြီးတစ်ဦး

ထိုင်စောင့်နေလေသည်။ ထိုမိန်းမကြီးကား အစေခံသစ်ဖြစ်လေသည်။ အိမ်ရှေ့ခန်းတွင် အတီးအမှုတ်
ရပ်စဲနေလေပြီ။ ဒေါ်ဒေါ်က ဧည့်သည်များအား လိမ္မော်သီး ကျွေးလျက်ရှိ၏။ ၄င်းနောက် ဒေါ်ဒေါ်သည်
မခင်သစ်အား–
"သစ်သစ် ရွှေရွှေ့ကိုသွားမေးစမ်းကွယ်၊ မောင်တင်ထွန်း ကလောကယူလာတဲ့ လိမ္မော်သီး စားမယ်လားလို့
အိပ်ပျော်နေရင်တော့ မနှိုးနဲ့နော်"ဟု ပြောလိုက်သံကို ကြားရသည်။
ထမင်းဟင်းများက အေးနေပြီ။ ပုလင်းထဲအလုံသွတ်သွင်းထားသော ပုစွန်ခြောက် ငရုတ်သီးကြော်ကား
ခံတွင်းတွေ့လှသည်။ လက်ဖက်ရည်ကြမ်း ပူပူနွေးနွေးကလေးက ထမင်းဟင်းများကို အတင်းတွန်းပို့နေသည်နှင့်
တူပေတော့၏။
ပတ္တလားဆရာနှင့်အဆိုတော် အမျိုးသမီးပြန်ကြတော့မည်ဟု နှုတ်ဆက်ကြသံကို ကြားရသည်။ ဆရာဖေက
သူတို့ကိုလိုက်ပို့ကြမည်ဟု ဆိုနေသည်။
မီးဖိုဘက်သို့ ဒေါ်ဒေါ်ရောက်လာပြန်သည်။
"မင်းက ခရီးထွက်တာလည်း တို့ပြောမသွားဘူး၊ ပြန်လာမယ့် အချိန်လည်း အကြောင်းမကြားထားဘူး၊ ဒီတော့
ထမင်းကျန် ဟင်းကျန်ပဲ ကျွေးရတော့တာပဲဟေ့ ဟဲ ဟဲ စားလို့တော့ ကောင်းရဲ့လား"
"ကောင်းပါတယ် ဒေါ်ဒေါ်၊ သိပ်မြိန်တာပဲ"
ဒေါ်ဒေါ်သည် ကျွန်တော်ထမင်းစားပြီးစားရန် ဆနွင်းမကင်းတစ်တုံးကို ကြောင်အိမ်ထဲမှယူ၍ ပေးထားခဲ့ပြီးနောက်
အိမ်ရှေ့သို့ သွားပြန်လေသည်။ အိမ်ရှေ့မှာ သူတို့သားအမိနှစ်ယောက် စကားပြောနေကြလေသည်။
အတန်ကြာတော့ သစ်သစ်သည် အောက်ထပ်သို့ ဆင်းသွားလေသည်။
စားသောက်ပြီး အိမ်ရှေ့သို့ထွက်လာသောအခါ ဒေါ်ဒေါ်တစ်ယောက်တည်းကို သာ တွေ့ရတော့သည်။
ဒေါ်ဒေါ်ကား ကြမ်းပြင်ပေါ်တွင် ခင်းထားသော သင်ဖြူးများကို လိပ်ပြီးနောက် တံမြက်စည်းလှဲနေလေသည်။
ကျွန်တော် ကြာရှည် ထိုင်မနေဝံ့၊ ဒေါ်ဒေါ်က ရှမ်းပြည်သွားသည့်အကြောင်း ဆက်ပြီး မေးမြန်းဦးမည်ကို
စိုးရိမ်နေသည်။ ဒေါ်ဒေါ်က မေးသည်ကို ကျွန်တော်ကဖုံးရ လိမ်ရသည်မှာ သက်သာသောအလုပ်တစ်ခု မဟုတ်ပါ။

ကျွန်တော်သည် မုသားပြောဆိုမှုတွင် ကျင့်သားရသေးသည် မဟုတ်။ ထို့အပြင် မခင်သစ်ကလေးနှင့်
မျက်နှာချင်းဆိုင်ရမှာ ကိုယ့်လိပ်ပြာကိုယ်လန့်နေသည်။
"ကျွန်တော်ပြန်တော့မယ် ဒေါ်ဒေါ်"
"အို ပြန်တော့မလား၊ အေးလေ ခရီးပန်းလာတော့ စောစောအိပ်ချင်မှာပေါ့။ ဒါပေမဲ့ မရွှေသစ်ကိုတော့
တွေ့သွားဦးဟေ့၊ အောက်ထပ်မှာ မင်းပေးတဲ့ လိမ္မော်သီးကို စားနေကြလေရဲ့။ အဆင်သင့်ပဲ လူမမာခုတင်စာလို
ဖြစ်နေတယ်"
"ကျွန်တော်ရွှေရွှေ့ကိုနှုတ်ဆက်ပြီးမှ ပြန်ပါ့မယ်ဒေါ်ဒေါ်"
အောက်ထပ်သို့ ဆင်းခဲ့သည်။ ခုတင်မီးတစ်လုံး အပိုဖွင့်ထားသောကြောင့် ကျွန်တော်လာတုန်းကလို မဟုတ်ဘဲ
လင်းထိန်နေသည်။ ခြင်ထောင်ကြီးကား ချမြဲ ချထား၏။ ကျွန်တော်က ခြင်ထောင်ဆီသို့ သွားရင်း–
"ရွှေရွှေတော်တော်သက်သာသွားပြီလား"
ခြင်ထောင်တွင်းမှပင်–
"အေး တော်တော်သက်သာသွားပြီ"
ကျွန်တော်က ခြင်ထောင်ဘေးမှာ ထိုင်သည်။ ဒေါ်ရွှေသစ် အတွင်းမှပင်–
"မင်း ခရီးထွက်တာ တော်တော်ကြာသွားပါလားကွဲ့"
"ဟုတ်ကဲ့၊ အလုပ်ကိစ္စတွေက မပြီးနိုင်တာနဲ့က ကြာသွားတယ်။ ရွှေရွှေဖြစ်တာက ဘယ်လိုက စဖြစ်တာလဲ"
ဒေါ်ရွှေသစ်သည် အတွင်းမှနေ၍ ခြင်ထောင်ကိုမတင်ရန် ဟန့်ပြုနေသည်။
"မောင်တင်ထွန်း ဝင်ခဲ့လေ ရိုးရိုးဥတုပြောင်း ဖျားတာကနေပြီး ဖြစ်သွားတာပါပဲ"
ကျွန်တော့်မှာခြင်ထောင်တွင်း ဝင်ရပြန်လေသည်။ ဒေါ်ရွှေသစ်မှာ ခေါင်းအုံးများကို မှီ၍ခြေဆင်းကာထိုင်နေသည်။
ဟိုဘက်၌ မခင်သစ်က ဒူးတုပ်ထိုင်လျက် လိမ္မော်သီးစိတ်များမှ အမှေးခွံများကိုခွာပြီး လူမမာအား ယုယကြင်နာစွာ
ကျွေးနေလေသည်။ ကျွန်တော်နှင့်မခင်သစ်မှာ လူမမာကို အလယ်မှာထားပြီး တစ်ယောက်ကိုတစ်ယောက်
ငမ်းငမ်းတက်မကြည့်ဘဲ မနေနိုင်ကြတော့ပေ။ မခင်သစ်သည် ကျွန်တော့်အား မျှော်လင့်စောင့်စားနေခဲ့ သည်မှာ
ထင်ရှားလေသည်။ ကျွန်တော်ကလည်း သစ်သစ်အပေါ်မှာ အချစ်ပြယ်ပြီး မမြမှီနောက်သို့ လိုက်ပါသွားခြင်းမဟုတ်၊ သစ်သစ်အပေါ်မှာ ချစ်မြဲ ချစ်နေရာက အငွေ့ထက် ဆွဲငင်ခြင်း အရှိန်ပြင်းသော
အတွေ့ဘက်သို့ တိမ်းညွတ်မိခြင်းသာလျှင် ဖြစ်ပေသည်။

မခင်သစ်နှင့် ကျွန်တော်တို့သည် တစ်ယောက် တစ်ယောက်မျက်တောင်မျှ မခတ်နိုင်အောင် ငေးစိုက်ကြည့်နေကြရာ
လူမမာသည် ကျွန်တော်တို့အား တစ်လှည့်စီ မျက်စောင်းထိုး၍ ကြည့်လိုက်လေသည်။
ကျွန်တော်က အခြေအနေကို
အဖတ်ဆယ်သည့် သဘောနှင့်–
"သစ်သစ်ကော နေကောင်းရဲ့လား"
"ကောင်းပါတယ် ဆရာ"
လူမမာ ဒေါ်ရွှေသစ်သည် မျက်နှာထားကြီး တမင်လုပ်လိုက်ပြီး–
"ဟဲ့ သစ်သစ် နောက်တစ်မြွာမပြီးသေးဘူးလား၊ ဒီလိုသာ စားနေရရင် မစို့မပို့နဲ့ အရသာ ဘယ်လိုခံရပါ့မလဲ"
ဤကား ဒေါ်ဒေါ်ညွန့်နှင့် ဒေါ်ဒေါ်ရွှေတို့၏ မူရင်းနှင့်ကိုက်ညီပေသည်။
ကျွန်တော်နှင့်မခင်သစ်အား
လျှော့လိုက်တင်းလိုက် လုပ်ထားသည်။ ချစ်ကြအောင် လွှတ်ပေးထားသည်။ မလွန်အောင် ဘရိတ်ခဏခဏအုပ်တတ်သည်။
ဒေါ်ရွှေသစ်က မျက်နှာထားကြီး တစ်ခွဲသားနှင့် ကြိမ်းသလိုလို ဆူသလိုလို လုပ်လိုက်သောအခါ မခင်သစ်မှာ
ကျိုးကန်းလူမိဖြစ်သွားသည်။ ပြီးတော့မှဆက်ပြီး ကတိုက်ကရိုက် လိမ္မော်မြွာမှ အမေးအမျှင်တို့ကို
သင်ပေးလေသည်။ မခင်သစ်သည် မျက်လွှာကို ချထားပြပြီး ညှိုးနွမ်းသောဟန်ဖြင့် နေလေသည်။
ကျွန်တော့်ရင်တွင်းမှ မခင်သစ်အား သနားသဖြင့် ဖိုလှိုက်လာသည်။ အပြစ်ကင်းစင် သန့်ရှင်းကြည်လင်သော
မခင်သစ်ကလေးနှင့် အပြစ်အထပ်ထပ်ဖြင့် ညစ်ပတ်နေသော ကျွန်တော်သည် နီးနီးစပ်စပ်နေဖို့ပင်
သင့်ပါ၏လောဟု တွေးတောမိသည်။
"ကျွန်တော်သွားဦးမယ် ရွှေရွှေ"
"အေး အေး မင်းလည်းခရီးအတော်ပန်းလာမှာပေါ့ကွယ်၊ ရွှေရွှေလည်း လိမ္မော်သီးစားပြီးရင် ဆေးတစ်ခွက်သောက်ပြီး အိပ်လိုက်ဦးမယ်"
ကျွန်တော်သည်နှုတ်ဆက်ရန် မခင်သစ်အား တစ်ချက်လှမ်းကြည့်လိုက်သည်။ မခင်သစ်ကား မျက်လွှာကိုချ၍
လိမ္မော်မြွာကိုသာ အမေးအမျှင် ရှင်းနေလေသည်။ နှုတ်မဆက်တော့ဘဲပင် ခြင်ထောင်အပြင်သို့ထွက်ခဲ့လေသည်။
"ရွှေရွှေ ကျွန်တော်တံခါးစေ့သွားရမလား"
"ခုပဲ ကိုရွှေဖေ ပြန်လာမယ်ထင်ပါရဲ့ကွယ်၊ ဒါပေမဲ့လေ တံခါးစေ့သွားချင် သွားပော့"
ကျွန်တော်သည် တံခါးပေါက်ကိုစေ့ပြီး ပိတ်ထားခဲ့လေသည်။

ကျွန်တော်နေသော အခန်းသို့ တက်သောလှေကားအနီးသို့ ရောက်သောအခါ
မော်တော်ကားတစ်စီးရပ်ထားသည်ကို
တွေ့ရလေသည်။ ဆရာဦးတက်ရှိန်ထံသို့ လာသောဧည့်သည်ပေလော၊
အခြားအခန်းသို့လာသော
ဧည့်သည်ပေလော မပြောတတ်ပေ။
အခန်းထဲသို့ ဝင်သွားသောအခါ ကိုတင်အေးကိုမတွေ့ရတော့ချေ။ အိမ်ရှေ့တံခါးဝ
ကန်တော့ပွဲများအနီးတွင်ကား
ဦးတက်ရှိန်သည် ဧည့်သည်တစ်ယောက်နှင့်စကား ပြောနေလေသည်။ ဧည့်သည်မှာ အသက်
၅၀အရွယ်
လောက်ရှိလိမ့်မည်။ အသားဖြူဖြူနှင့် ဝဝစိုစိုဖြစ်ပြီး ခေါင်းတုံးဆံတောက်ထားသည်။
သက္ကလတ်အင်္ကျီအနက်နှင့်
အညိုကွက် သက္ကလတ်လုံချည်ကို ဝတ်ထားသည်။ ထိုသူကား နယ်နယ်ရရ ဧည့်သည်
ဟုတ်ဟန်မတူ။
ဆရာဦးတက်ရှိန်နှင့် ဧည့်သည်တို့သည် လျှို့ဝှက်အပ်သော အရာများကို
ဆွေးနွေးခြင်းဖြစ်ကောင်းဖြစ်မည်။
ထို့ကြောင့် အခန်းတွင်းဝင်သွားရာမှာပင် ကျွန်တော့်မှာ ရှိုးတိုးရှန့်တန့်ဖြစ်ကာ
သူတို့အနီးသို့ပင်
မကပ်ဘဲယောင်ပေပေ လုပ်နေမိလေသည်။
ဆရာဦးတက်ရှိန်က–
"ကိုတင်ထွန်း၊ ပြန်လာမှကိုး၊ လာလာ စကားပြောရအောင်"
"နေပါဆရာ၊ ဆရာတို့ ဆွေးနွေးစရာရှိတာ ဆွေးနွေးကြပါ"
"လာသာလာပါ ကိုတင်ထွန်းရေ၊ ကျုပ်တို့ကိစ္စတွေ ပြီးပါပြီ။ (ဧည့်သည်အား) ဝန်မင်းရဲ့၊
ဒီသူငယ်က
ဗိုလ်အောင်ကျော်နဲ့လုပ်ဖော်ကိုင်ဖက်ပေါ့၊ ဘီအေအောင်ပြီး လက်ထောက်အယ်ဒီတာ
လုပ်နေတယ်။
(ကျွန်တော့်အား) ကဲ ကဲထိုင်ထိုင်၊ ဆရာနဲ့ ဟောဒီဝန်မင်း ကမ္ဘာစစ်ကြီး အခြေအနေ
ဆွေးနွေးကြတယ်။
ကိုတင်ထွန်းဘယ်လို ထင်သလဲ ဘယ်သူနိုင်မှာလဲ၊ အင်္ဂလိပ်နဲ့ ဂျာမနီလေ"
ကျွန်တော်က ဝန်မင်းဆိုသူအား ပြုံးကြည့်လျက် နှုတ်ဆက်ပြီး ထိုင်လိုက်သည်။ သူကလည်း
အပြုံးဖြင့်
တုံ့ပြန်သည်။
"ဦးမင်းကကော ဘယ်လိုထင်ပါသလဲခင်ဗျာ"
"အပြောရခက်သားပဲ မောင်ရင်ရယ်၊ ခုနေတော့ ဂျာမနီကပဲ နိုင်နေတာပဲ၊ နိုင်ခြေလည်း
ရှိနေတယ်လို့ထင်တယ်"

"ဘယ့်နှယ်လဲ၊ ဦးတို့အစိုးရကတော့ နာဇီဘီလူးက ရှုံးပြီး မဟာမိတ်မင်းသားက နိုင်ရမယ်လို့ ဆိုနေတယ်
မဟုတ်လား"
"ဒါကတော့ကွယ် အိတ်ချ်အမ်ဂျီ (.၉) (ဘုရင်မင်းမြတ်အစိုးရ) ရဲ့ သံယောင် ပြောရတာကိုး။ ပြီးတော့စစ်ရေးစစ်ရာတို့မှာ မြန်မာအစိုးရတို့က ဘာတာဝန်မှ
ရှိတာမဟုတ်ဘဲ၊ အိပ်ချ်အီးကိုယ်တိုင် ကိုင်ထားတာမောင်ရင် အသိပဲ မဟုတ်လား။ နန်းရင်းဝန်လုပ်တဲ့ ဦးပုဆိုရင် စစ်ရေးစစ်ရာနဲ့ ပတ်သက်ပြီး သတင်းစာမှာ
ပါတာလောက်သာ သိတာပဲ"
"သတင်းစာမှာ ပါတာလောက်သာ သိရရင်ဖြင့် ဂျာမနီနိုင်နေတာကိုသာ သိမှာပေါ့။ ဒီလိုဆိုရင်ဖြင့်
ဗြိတိန်နိုင်ရမယ်လို့ သူပြောနေတာက ကိုယ်မယုံကြည်တာကို တိုင်းသူပြည်သားတွေ အယုံခိုင်းနေတာ
ဖြစ်မှာပေါ့နော်"
ဝန်မင်းဆိုသူသည် ကျွန်တော့်အဆိုကို မငြင်းနိုင်သော်လည်း ထောက်ခံရန် လည်း မဝံ့ဘဲ ဖြစ်နေဟန်တူသည်။
ဆရာဦးတက်ရှိန်က ကြားဝင်လိုက်သည်။
"ဒါကတော့ ကိုတင်ထွန်းရာ၊ ဦးပုမှာ ဥပဒေအရနန်းရင်းဝန် ဖြစ်နေရတယ်၊ ဥပဒေအရ ဘုရင်ခံမင်းကြီးရဲ့
အလိုကျအတိုင်းသာ ဆောင်ရွက်ရမယ်ဆိုတော့ မဟာမိတ်ဘက်က စစ်နိုင်ရမယ်၊ ပြည်သူပြည်သားတွေက
မဟာမိတ်ဘက်က ထောက်ခံရမယ်ဆိုတဲက စကား (.န) (ဘုရင်ခံမင်းကြီး) ကလွဲလို့ ဘာပြောလို့ရမယ်
ထင်သလဲ"
"ဦးပုဟာ ရိုးသားရင် တစ်ခုတော့ ပြောနိုင်တယ်၊ စစ်ရေးစစ်ရာနှင့် ပတ်သက်ပြီး ကျွန်တော်တို့ ဘာတာဝန်မှမရှိဘူး၊
ဘာမှလည်း မသိဘူး၊ ဒီတော့ ဘာမှလည်း မပြောနိုင်ဘူးလို့ ပြောနိုင်တယ်"
ဝန်မင်း၏မျက်နှာမှာ ထိတ်လန့်တကြားဖြစ်သွားသည်။
"ဒီလိုဆိုတော့ အိပ်ချ်အီးကို ခွတောသလို ဖြစ်သွားမှာပေါ့"
"ခွတောတာမှ မဟုတ်ဘဲ၊ မှန်တာကို ပြောတာပဲ။ အိန္ဒိယမှာတော့ ကွန်ဂရက် ဝန်ကြီးတွေဟာ ဒီစကားကို
ပြောကြပြီး ကိုယ့်တာဝန်မရှိတဲ့ စစ်ကိစ္စမှာ ဗြိတိသျှကို မကူညီနိုင်ဘူးဆိုပြီး နုတ်ထွက်ကြတယ်။ ဦးပုဟာ
သတ္တိရှိရင် ဒီလိုပဲ လုပ်ရမှာပဲ"
ဆရာဦးတက်ရှိန်က စိပ်နေသော ပုတီးကို လက်မှာပတ်ရင်း–

“ဟိုက ဂန္ဒီ၊ ဒီက ဦးပု၊ ဘယ်မှာတူပါ့မလဲ။ ပြီးတော့မရရအောင် ကျိတ်ကြံထားရတဲ့ ရာထူးကနေပြီး
နုတ်ထွက်ဖို့ဆိုတာ ဘယ်မှာလွယ်မလဲ ကိုတင်ထွန်းရဲ့”
“မထွက်ဘဲနဲ့တောင် အရေးဆိုနိုင်တယ်။ ဥပဒေပြုလွှတ်တော်မှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ လက်ထဲကို
စစ်မက်ရေးရာ ကာကွယ်ရေးဌာန တာဝန်လွှဲပေးပါ၊ ဒါမှ မြန်မာပြည်က ထိထိရောက်ရောက် မဟာမိတ်တို့ရဲ့
စစ်အားထုတ်မှုမှာ ပါဝင်နိုင်မယ်လို့ အရေးဆိုဖို့ကောင်းတယ်”
ငြိမ်၍နားထောင်နေသော ဝန်မင်း၏မျက်နှာသည် ဝင်းလက်သွားလျက်–
“အိပ်ချ်အီးက မကြာမီ မြန်မာထဲက ခေါင်းဆောင်တစ်ဦးဦးကို ကာကွယ်ရေးဌာနကောင်စီလာ လူကြီးခန့်မယ်လို့
ကြားရတယ်”
“လွှတ်တော်အမတ်ထဲက ခန့်မှာလား”
“မဟုတ်ဘူး၊ လွှတ်တော်အမတ်ထဲက ဥပဒေအရ မခန့်နိုင်ဘူး၊ အိပ်ချ်အီးကြိုက်တဲ့လူ ရွေးခန့်မှာ သူဟာ
လွှတ်တော်ကိုလည်း တာဝန်မခံရဘူး”
“ဒါကတော့ စောသေးတယ်လေ၊ တစ်ဆင့်ပြီးတစ်ဆင့် သွားကြရမှာကို။ မြန်မာထဲက ရာထူးကြီးကြီးရတယ်ဆိုလည်း
နည်းတဲ့အကျိုးကျေးဇူးမဟုတ်ပါဘူး”
“ဦးကိုများ ကာကွယ်ရေးဌာနကောင်စီလာ လူကြီးခန့်ရင်လက်ခံမှာပဲနော်”
ဝန်မင်းသည် သွေးနားထင်ရောက်သွားဟန်တူသည်။ ညိုမြပြုံး ပြုံးလျက်–
“မမှန်းဝံ့ပါဘူးမောင်ရင်ရယ်၊ အတွင်းဝန်ကလေးက ကောင်စီလာ တက်မဖြစ်နိုင်ပါဘူး။ သို့ပေမယ့် မဖြစ်နိုင်တာ
ဖြစ်တယ်ဆိုပါတော့၊ မြန်မာတစ်ယောက်အနေနဲ့ ဂုဏ်ယူစရာကိစ္စရယ်လို့ လက်ခံရမှာပါပဲ ဟဲ ဟဲ”
“ဦးကိုယ်တိုင်က ဗြိတိသျှ စစ်အောင်မယ်လို့မှ မထင်ဘဲနဲ့ ကာကွယ်ရေးဌာန ကောင်စီလာလုပ်မယ်ဆိုရင်
စစ်အောင်နိုင်ရေးအတွက် လုပ်နိုင်ပါ့မလား”
ကလေးရှက်တော့ငို၊ လူကြီးရှက်တော့ ရယ်ဆိုသကဲ့သို့ ထိုလူကြီးသည် ရှက်ရှက်နှင့် တဟဲဟဲရယ်နေလေသည်။
အတန်ကြာတော့ မျက်နှာပိုးသပ်ပြီး–
“ဒါကတော့ ဦးတို့ဟာ အစိုးရအမှုထမ်းတွေအနေနဲ့ သူ့ဆန်စားရဲမှ ဆိုသကိုး မောင်ရင်ရဲ့၊ (နာရီကိုကြည့်လိုက်ပြီး)
ကဲ စကားပြောရတာတော့ ကောင်းပါရဲ့၊ သွားဦးမှ ဖြစ်မယ်။ (ဆရာဦးတက်ရှိန်အား) ဆရာမနက်ဖြန်စောစောလာနော်”

"ကောင်းပါပြီ၊ ကားသာ အခေါ်လွှတ်လိုက်ပါ၊ ဘုရားခြေရင်းက စောင့်နေပေစေနော်"
"ဘယ်ဘက်မုခ်လဲ ဆရာ"
"သွေးဆေးကန်ဘက်က"
ဝန်မင်းသည် ထိုင်ရာမှ ထလေသည်။ ဦးတက်ရှိန်နှင့် ကျွန်တော်တို့လည်း ထလိုက်ကြသည်။
ဝန်မင်းကကျွန်တော့်အား–
"နာမည် ဘယ်သူတဲ့"
"တင်ထွန်း"
"ကိုတင်ထွန်းတို့လည်း မှတ်ထားပေါ့လေ၊ ဦးတို့ကတော့ အင်္ဂလိပ်ရှုံးလို့
ဂျာမန်တက်ရင်လည်း သူ့ဆန်စားရဲမှ
ထဲကပါပဲ။ ဒီဘက်မှာတော့ ဂျာမန်လာမယ် မထင်ဘူးနော်၊ ဂျပန်သာ လာမယ်ထင်တယ်"
ဝန်မင်းအား တံခါးသို့ လိုက်ပို့ကြရင်း ဦးတက်ရှိန်က ကျွန်တော့်ကို ကြည့်လိုက်၊
ဝန်မင်းအား
ကြည့်လိုက်လုပ်ရင်း–
"ဘယ်လိုဖြစ်မယ်တော့ မပြောတတ်သေးဘူး၊ နိမိတ်သြဘာကတော့ ပြေးနေတယ်ဗျ"
တံခါးအပြင်သို့ ခြေတစ်ဖက်ချထားသော ဝန်မင်းက–
"ဘယ်လိုနိမိတ်လဲ"
"ကိုတင်ထွန်းတို့ သခင်တွေက ဆိုကြတယ်။ အရှေ့က နေဝန်းထွက်သည့်ပမာ၊
တို့ခေတ်ကိုသာရောက်ရမည်မှာ
မလွဲပါတဲ့။ အရှေ့ဘက်က ကြုံးဝါးနေတဲ့ ဂျပန်ရဲ့ အလံက နေဝန်းအလံဖြစ်တယ်ဗျ၊
ဂျပန်လာမယ့်နိမိတ်ပါလို့
ဆိုရင်ဆိုနိုင်တယ်"
ဝန်မင်းသည် တည်ငြိမ်လေးစားသောမျက်နှာဖြင့် လေသံကိုအုပ်လျက်–
"ဟုတ်ကောင်း ဟုတ်မယ်ဆရာ၊ ဒါပေမဲ့ သိပ်မပြောနဲ့ဦး၊ အန္တရယ်ရှိတယ်။ ကဲ ကဲ
သွားတော့မယ်ဆရာ"
ဦးတက်ရှိန်က တံခါးပိတ်လိုက်သည်။ ကျွန်တော်ကား ဦးတက်ရှိန်၏ နိမိတ်ဖတ်ပုံကို
မကျေနိုင်မချမ်းနိုင်
ဖြစ်နေသည်။ ယင်းသို့ မကျေမချမ်းဖြစ်ခြင်းသည် ကျွန်တော့်မျက်နှာမှာ
ရှင်းရှင်းကြီးပေါ်နေဟန်ရှိသည်။
အကြောင်းမူကား တံခါးပိတ်ပြီး ကျွန်တော့်ဘက်သို့ လှည့်လိုက်သောအခါ ဦးတက်ရှိန်၏
အပြုံးတစ်ဝက်သည်
ဖြုန်းခနဲပျောက်ပျက်သွားပြီး စိုးရိမ်တကြီးနှင့် ကျွန်တော့်မျက်နှာကို စိုက်၍ကြည့်နေလေသည်။
အတန်ကြာ တစ်ယောက် တစ်ယောက် စိုက်ကြည့်နေပြီးနောက် ကျွန်တော်က–
"ဆရာ နိမိတ်ဖတ်ပုံဟာဆိုးတယ် ဆရာ"
"ဘာဖြစ်လို့လဲ"

"အရှေ့ကနေဝန်းထွက်သည့်ပမာပ– တို့ခေတ်ကိုသာ ရောက်ရမည်မှာမလွဲပါ ဆိုတာက
ဂျပန်လာမှာပြောတာ
မဟုတ်ဘူးဆရာရဲ့၊ အရှေ့ကနေဝန်းထွက်တာ သေချာသလို ကျွန်တော်တို့ဗမာတွေဟာ
ကိုယ့်မင်းကိုယ့်ချင်းနဲ့နေနိုင်တဲ့ ကျွန်တော်တို့ခေတ် ရောက်လာမှာ သေချာတာကိုပြောတာ
ဆရာရဲ့။ ဆရာက
တလွဲအဓိပ္ပာယ်ကောက်တာ သိပ်ဆိုးတာပဲ"
ဆရာဦးတက်ရှိန်သည် ပက်လက်ကုလားထိုင်ဆီသို့သွားရင်း–
"နိမိတ်ဆိုတာ ဆင်တူယိုးမှား အဖြစ်အပျက်ကလေးတွေက ပေါ်တာပဲ ကိုတင်ထွန်းရဲ့၊
ဆရာတို့ကတော့
နိမိတ်ဖတ်စရာရှိ ဖတ်ချလိုက်တာပဲ၊ ဆိုးသလား ကောင်းသလားဆိုတာ ဆရာတို့နဲ့
မဆိုင်ဘူး"
ဆရာဦးတက်ရှိန်သည် ပက်လက်ကုလားထိုင်မှာ ထိုင်လိုက်သည်။ ကျွန်တော်က နံရံမှီ၍
မတ်တတ်ရပ်ရင်းသူ့အား
တွေ၍ကြည့်နေသည်။
အတန်ကြာမှ–
"ခုနင်ကလာတဲ့ အတွင်းဝန်က ဘာလုပ်ဖို့ လာတာလဲဆရာ"
"ဗမာထဲက ကာကွယ်ရေးဌာနကောင်စီလာ ခန့်ရင် ဗမာထဲက အတွင်းဝန်တစ်ယောက်တော့
ခန့်ရမယ်လို့
မှန်းကြတယ်၊ ဒီတော့ သူ့အခွင့်အရေး ပေါ်နိုင်တယ်၊ သေချာအောင် ခုကတည်းက
ဓာတ်ကလေး ဘာကလေး
ရိုက်ထားရတာပေါ့ ကိုတင်ထွန်းရယ်"
"သူက အခုတက်နေတဲ့ အစိုးရမှာ ဘယ်သူ့လူလဲ"
" ဟဲ ဟဲ နိုင်ခြေရှိတဲ့လူဘက်မှာ သူပါမှာပဲ။ ဦးပုနဲ့ ဦးဘဖေတို့ရဲ့ ပဋိပက္ခ
ပြင်းထန်လာတယ် ကိုတင်ထွန်းရဲ့"
"နောက်ဆုံးအခြေအနေက ဘယ်လိုလဲ"
"ဦးဘဖေက တရုတ်သူဌေး အော်ယုဝကို ပြည်နှင်ဒဏ်ခတ်ဖို့ ဆုံးဖြတ်တယ်၊ သူက
ပြည်ထဲရေးကိုင်ထားတော့
လုပ်နိုင်တာပေါ့"
"အော်ယုဝဆိုတာ ဘယ်လိုလူလဲ"
"ဘိန်းချ၊ ကလပ်ထောင် အားလုံးလုပ်တဲ့သူဌေးပဲ"
"ဒီလိုလူကို ပြည်နှင်ဒဏ်တာကောင်းသားပဲ"
"အင်း ဟုတ်တော့ဟုတ်ပါရဲ့၊ အော်ယုဝနဲ့ ဦးဘဖေတို့ကလည်း ရန်ငြိုးရှိကြသကိုး၊
ပြည်နှင်ဒဏ်ခတ်မယ်လုပ်တော့
ဝန်ကြီးချုပ်ဦးပုကို အော်ယုဝက ပြေးကပ်တာပေါ့၊ ရန်ငြိုးနဲ့သူ့ကို ပြည်နှင်ဒဏ်ခတ်ဖို့
လုပ်တာပါလို့ ပြောသတဲ့။

ပြီးတော့လည်း အော်ယုဝက ဘွဲ့ဖြူလက်နက်နဲ့လည်း ပေါက်တယ်လို့ ဆိုကြတယ်။ ခုတော့ ဦးပုက
ဝန်ကြီးချုပ်အနေနဲ့ ပြည်ထဲရေးဝန်ကြီး ဦးဘဖေဆီက အော်ယုဝအမှုတွဲကို တောင်းယူထားပြီး ပြည်နှင်ဒဏ်ကို
ဆိုင်းထားလိုက်တယ်"
"ရှုပ်လည်းရှုပ်တဲ့ သပွတ်အူတွေပါပဲ ဆရာ"
"ဒီအရှုပ်ကြားထဲမှာ တောမီးလောင်တော့ တောကြောင်လက်ခမောင်းခတ်တဲ့
လူကရှိသေးတယ်"
"ဘယ်လိုလဲ ဆရာ"
"ဂဠုန်စောက ဦးပု–ဦးဘဖေ ရန်ဖြစ်တဲ့ကြားမှာ ဝင်ကစားပြီး ဝန်ကြီးချုပ်ဖြစ်အောင်
ကြိုးစားနေတယ်"
"နိုင်ခြေရှိသလား"
"ဂဠုန်စောက မောင်ရင်တို့သခင်တွေထင်သလို နုံပြီစုတ်မဟုတ်ဘူး နိုင်ခြေရှိတယ်"
ကျွန်တော်သည် မှီထားသော နံရံမှခွာပြီး ဟိုမှသည်မှ လျှောက်ရင်း–
"ရှုပ်ပါပေ့ဆရာ ရှုပ်ပါပေ့။ တစ်ကမ္ဘာလုံးကူးစက်မယ့် စစ်မီးဟာ ဥရောပမှာ တဟုန်းဟုန်း တောက်နေပြီ၊
ဒီအခြေအနေမှာ ကိုယ့်ပြည်ချမ်းသာအောင် ကိုယ့်အမျိုး လွတ်လပ်အောင် မတွေးတော မဆောင်ရွက်ကြဘူး၊
ကိုယ့်စားပေါက်၊ ရာထူးတိုးတက် ပေါက်သာ ကြည့်နေကြတယ်။ အင်္ဂလိပ်ဆိုတဲ့
နယ်ချဲ့ကောင်ကလည်း
ကျွန်တော်တို့ကို ကာကွယ်ဖို့ နာဇီတွေကို အတိုက်ခိုင်းမယ် မကြံဘူး၊ ကျွန်တော်တို့
လက်အောက်ခံ နိုင်ငံတွေကို
လက်မလွတ်အောင်သာ ကြံပြီးနေတယ်။ ရုရှားနဲ့ ပေါင်းပြီး နာဇီကို တိုက်မယ်မကြံဘူး၊
ရုရှားဘက်ကိုသာ နာဇီတွေ
စစ်မျက်နှာလှည့် သွားအောင် လုပ်ကြံနေတယ်။ ဗြိတိသျှနယ်ချဲ့သမားရဲ့ ခြေကိုရုရှားက ကောင်းကောင်း
နားလည်တယ်၊ နာဇီတွေ သူ့ဘက်လှည့်မလာအောင် နာဇီဂျာမနီနဲ့ ဆိုဗီယက်ရုရှား
တစ်ဦးနဲ့တစ်ဦး
မကျူးကျော်ရေး စာချုပ်ချုပ်လိုက်တယ်။ နာဇီတပ်တွေက ပိုလန်ပြည်ထဲ ဝင်တဲ့အခါမှာ
ရုရှားက ၁၉၂၀
ခုနှစ်တုန်းက ပိုလန်သိမ်းထားတဲ့ ရုရှားပိုင်နက်မြေများကို ပြန်သိမ်းလိုက်တယ်။
ဒီလိုသိမ်းလိုက် တာကို
ဟစ်တလာ မခံမရပ်နိုင်ဖြစ်ခဲ့တယ်။ သို့ပေမယ့်ဘာမှမတတ်နိုင်ဘူး၊ ရုရှားနယ်နိမိတ်လည်း
ပိုပြီး ခိုင်ခံ့သွားတယ်။

နောက်ဆုံးမှာဆိုရင် အင်္ဂလိပ်ဟာ ဖင်လန်ကိုသုံးပြီး နာဇီဂျာမနီနဲက ရုရှားစစ်ဖြစ်အောင် လှုံ့ဆော်သေးတယ်၊
ဖင်လန်ရဲ့ နယ်ချဲ့နောက်လိုက် အလိုတော်ရိအစိုးရကလည်း ရုရှားနဲ့ မကျူးကျော်ရေးစာချုပ် ချုပ်ဖို့တောင်
သဘောမတူဘူး၊ ဒါကြောင့် ဖင်လန်နဲ့ ရုရှားစစ်ဖြစ်နေတယ်။ ဖင်လန်–ရုရှားစစ်နဲ့ ပတ်သက်ပြီး နာဇီဂျာမနီလည်း
ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ အင်္ဂလိပ်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ အခုအင်္ဂလိပ်နယ်ချဲ့သမားဟာ
အကြီးအကျယ် ချောက်ကျနေတယ်။ ကျွန်တော်တို့ ဗမာတွေဟာ အင်္ဂလိပ်အခက် ဗမာ့အချက်ဆိုတဲ့
ကြွေးကြော်သံနဲ့ အင်္ဂလိပ်လက်က ဘယ်နည်းနဲ့မဆိုလွတ်လပ် အောင် တိုက်ယူရမယ်။ ဒီလိုချက်ကောင်းမှာ
ဗမာ့လွတ်လပ်ရေးအတွက်ဘာမှမလုပ် ဘဲကိုယ်ကျိုးကြည့်ပြီး ရာထူးရရုံ၊ ရာထူးမြဲရုံသာ လုပ်နေကြတဲ့
ခေါင်းဆောင်တွေကို ကျွန်တော် ရွံတယ်၊ အော့နလုံးနာတယ်”
သို့ကလို ဟိုဟိုသည်သည်လျှောက်ရင်း သခင်တရားဟောသောလေဖြင့် ပြောပြီးနောက် ဗေဒကဝိန် ဦးတက်ရှိန်၏
တုံ့ပြန်ချက်ကိုသိလိုသဖြင့် သူ့အား လှည့်ကြည့်လိုက်လေသည်။ ဦးတက်ရှိန်ကား ကြီးစွာသောသမာဓိဖြင့်
မျက်စိမှိတ်ကာ ပုတီးစိပ်လျက်ရှိလေသည်။ ပါးစပ်မှလည်း တတွတ်တွတ် ရွတ်ဖတ်နေလေသည်။
ကျွဲပါးစောင်းတီးဖြစ်ရသည်ဟု ဆိုရမည်လည်း အခက်။ ပုတီးစိပ်နေသူအား ကျွဲနှင့် မနှိုင်းအပ်ပါပြီ။ သို့ရာတွင်
ဆရာဦးတက်ရှိန်အား နည်းနည်းမျှ မကျေနပ်နိုင်ပါ။ ကျွန်တော်သည် ဆရာဦးတက်ရှိန်အား မျက်စောင်းကြီးထိုး၍
အကြာကြီးပင် ကြည့်နေသေးသည်။ သူကား ကျွန်တော် စကားပြောရပ်သွားသည်ကို အနည်းငယ်မျှ
ဂရုထားဟန်မရှိ၊ မျက်စိတစ်ချက်မျှ ဖွင့်မလာ၊ စိပ်ပုတီးကိုသာ တွင်တွင် စိပ်နေသည်။
ကျွန်တော်သည် ဆရာဦးတက်ရှိန်အား မကျေမနပ်ဖြစ်သည်နှင့်အမျှ အိပ်ရာလိပ်ကို ရန်မူနေမိသည်။ ဒိုင်းခနဲပစ်ချပြီး
ဆောင့်ကြီးအောင့်ကြီးနှင့်ခင်းလိုက် သည်။ ဖုန်းခနဲ ဖုန်းခနဲ ရိုက်နှက်ပြီး ဖုန်ခါလိုက်သည်။ ဦးတက်ရှိန်ကား
သမာဓိကောင်းလှ၏။ တစ်ချက်ကလေးမျှ ကျွန်တော့်ဘက်သို့ မကြည့်။ သို့ရာတွင် ပုတီးစိပ်နေသော
လက်သည်တဖြည်းဖြည်းနှေးလာသည်ကိုမြင်ရသည်။

ကျွန်တော်သည် ခြင်ထောင်ချပြီး အိပ်လိုက်၏။ ဦးတက်ရှိန်အား မကျေနပ်ရာမှ နိုင်ငံရေးခေါင်းဆောင်ကြီးများ
မကျေမနပ်ခြင်းသို့ ရောက်သွားလေသည်။ ကိုယ်ကျိုးရှာ ငို့ဘသမားကြီးတွေ၊ တိုင်းပြည်လွတ်လပ်ရေးကို
မေ့ထားပြီး စားခွက်လုပ်ရင်း ခွက်စောင်းခုတ်နေကြတဲ့ လူကြီးတွေ၊ ဒင်းတို့ဖြုတ်ချပြီး သခင်တွေ
လူငယ်တွေတက်မှ ကောင်းမယ်။
ငို့ဘခေါင်းဆောင်ကြီးများအား မကျေမနပ် ဖြစ်လာရာမှ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်လာပြန်သည်။ ငါကကော
ဘာလုပ်နေသလဲ။ နိုင်ငံရေးသမား ယောင်ယောင်၊ သတင်းစာ အယ်ဒီတာယောင်ယောင်၊ နိုင်ငံရေးခြေသလုံးအိမ်
လုပ်တော့မည့် ယောင်ယောင်၊ ခြေခြေမြစ်မြစ် အလုပ်အကိုင်လုပ်ပြီး မိဘကျေးဇူးဆပ် လုပ်ကျွေးတော့မည့်ယောင်ယောင်။ တင်ထွန်း ထိထိရောက်ရောက် လုပ်ခဲ့တဲ့ အလုပ်တစ်ခုသာ ရှိတယ်။ မမြမှီနှင့်
ကြာခိုတာပါပဲ။
'ဖြန်း'ခနဲ ကြမ်းပြင်ပေါ်သို့ စိပ်ပုတီးကုံး လွတ်ကျသံကို ကြားရသဖြင့် အတွေးရပ်သွားလေသည်။ ဆရာဦးတက်ရှိန်
အိပ်ပျော်သွားဟန်တူသည်။ ကျွန်တော်လည်း ပုတီးစိပ်ပြီး အိပ်ရလျှင် ကောင်းလေစွဟု အောက်မေ့မိလေသည်။
အိပ်ပျော်တော့ ကလောဟိုတယ် မမြမှီ၏ ရင်ခွင်ထဲသို့ ရောက်သွားလေသတည်း။ ။
၅၆
လျှို့ဝှက်စွာ ဆွေးနွေးပွဲ
ကျွန်တော်သည် ယောင်ချာချာဖြစ်နေသည်မှာ ရက်အတော်ကြာသွားလေ သည်။ ဥစ္စာစောင့်နှင့် တွေ့ခဲ့ရသော
လိပ်ပြာလုသည့် လူပျိုကလေးများ တမှိုင်မှိုင် တတွေတွေ ဖြစ်နေရပုံမျိုးနှင့် ဖြစ်နေရပုံမျိုးနှင့် ကျွန်တော့်ဖြစ်ပုံ
ခပ်ဆင်ဆင်တူသည်။ ဥစ္စာစောင့်နှင့် ထပ်တွေ့ချင်နေသည်။ သို့ရာတွင် လိပ်ပြာနတ်ယူလိုက်လိမ့်မည်ဟူ
သောသတိပေးစကားကိုလည်းကြောက်နေသည်။
မမြမှီထံသို့ သွားလိုက်ချင်သည်။ ဘယ်သူမှ မသိနိုင်သော ဆိတ်ကွယ်ရာအရပ် တွင် နှစ်ယောက်တည်းနေနိုင်အောင် ကြိုးပမ်းလိုက်ချင်သည်။ သို့ရာတွင် စိတ်သွားတိုင်း ကိုယ်မပါချေ။ ကြာခိုသည့်
အပြစ်နှင့် ကြာခိုရင်း လူမိမည့်အဖြစ်များကို ကြောက်သည်လည်း မှန်၏။ သို့ရာတွင် မခင်သစ်ကလေးပေါ်တွင်
ထပ်ကာ ထပ်ကာ သစ္စာဖောက်ရမည်ကို ပိုလို့ ကြောက်နေမိသည်။

သို့ဖြစ်လျှင် မမြမှီအား လုံးဝအဆက်ဖြတ်ပြီး မခင်သစ်အပေါ်မှာ လုံးဝ တစ်သမတ်တည်း သစ္စာတည်နိုင်သည်လား။ သည်လိုလည်း မဟုတ်။ ရတနာသိုက်တွင်းမှာ
စည်းစိမ်အမျိုးစုံခံစားရင်း တွေ့ခဲ့ရသော
ဥစ္စာစောင့်မ မမြမှီကို အာသာငမ်းငမ်း မတမ်းတဘဲ မနေနိုင်။ သည်လိုအာသာငမ်းငမ်း တမ်းတနေသော
မစင်ကြယ်သော ဂဠုန်တော်သည် ဖြူစင်သည့် မခင်သစ်အနီးသို့ မကပ်ထိုက်ဟုလည်း ထင်သည်။ ထို့ကြောင့်
မခင်သစ်ဆီသို့ သွားဖို့ဆိုလျှင် စာသင်ပေးရန်ပင် ရှောင်ကွင်းနေလေသည်။
သတင်းစာတိုက်သို့လည်း အလုပ်လုပ်ရန် မဆင်းဖြစ်ပါ။ မြရေယဉ်တွင် ငွေရှက်ဖွင့်ပြီး ရွှေလှေစီးနေရာမှ နေပူပူ
ဖုတ်တထောင်းထောင်း ထနေသော လမ်းပေါ်တွင် လှည်းပြောင်းစီးရမည်ကို ပျင်းရိ စက်ဆုပ်နေသကဲ့သို့
ရှိပေသည်။
သို့ဖြင့် ကျွန်တော့်မှာ ရက်အတော်ကြာအောင်ပင် ယောင်ချာချာဖြစ်နေလေ သည်။
သို့ရာတွင် ကျွန်တော်က ယောင်ချာချာဖြစ်နေသော်လည်း ကမ္ဘာလောကကြီးက ယောင်ချာချာဖြစ်နေသည်မဟုတ်ပေ။ ကမ္ဘာလောကကြီးတစ်ခု လုံးသည် ပြတ်ပြတ်သားသား ရွေ့လျားလျက်ရှိသည်။ ကျွန်တော်က ယောင်ချာချာဖြစ် နေသလို ဟစ်တလာက ယောင်ချာချာလုပ်နေသည်
မဟုတ်။ ဥရောပတစ်တိုက်လုံးကို လွှမ်းမိုးကြီးစိုးရန် ဟစ်တလာ စက်ယန္တရားကြီးသည် ဘယ်ခလုတ်ကန်သင်းကိုမျှ
အရေးမထားဘဲ ခွေးသွားစိပ်လည်းလျက် ဥရောပနိုင်ငံငယ်ကလေးများပေါ်သို့ ကျော်ဖြတ်မောင်းနှင်နေလေပြီ။
ဂျပန်ဖက်ဆစ်စစ်သား ဗိသန်းကျော်တို့၏ လှံစွပ်များသည်ဂျပန်တက်နေရောင်အောက်တွင် တဖျတ်ဖျတ်တောက်ပနေရာ ဗြိတိသျှ ခြသေ့ံကြီးသည် သူ့သားကောင်များလွတ်မထွက်ရန် ပါးစပ်ဖြဲလျက်
ခြေသည်းလက်သည်းများထုတ်ကာ စောင့်ကြပ်လျက်နေသည်။ 'အင်္ဂလိပ်အခက်– ဗမာ့အချက်'ဟူသော
ကြွေးကြော်သံကို လေးနက်စွာ ယုံကြည်ပြီး လွတ်လပ်ရေး အရယူမည်ဟု အဓိဋ္ဌာန်ပြုထားသော ဗမာ့သားကောင်း
ရတနာတို့ကလည်း ဖြောင်အတိအလင်းတစ်မျိုး၊ တိတ်တိတ်ဆိတ်ဆိတ် လျှို့ဝှက်တစ်နည်း စည်းရုံးလျက်
နေကြလေသည်။ ကျွန်တော်တစ်ယောက်တည်း ယောင်ချာချာနေလျှင် ကမ္ဘာလောကကြီး တစ်ခုလုံးသည်
ကျွန်တော့်အပေါ်မှာ နင်းကျော်သွားကြပေလိမ့်မည်။
တစ်နေ့သ၌ အရေးတော်ပုံအတွင်းက ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ သူကျွန်တော်နှင့်

ရင်းနှီးလှသောရဲဘော် ကိုအေးငွေသည် ကျွန်တော့်ထံသို့ မောကြီးပန်းကြီးနှင့်
ရောက်လာသည်။ သူသည်
အသက်ရှူမှန်သည့်တိုင်အောင်ပင် မနားတော့ဘဲ–
"ရှာလိုက်ရတာ ဖိုးတင်ထွန်းရာ၊ သတင်းစာတိုက်ကို အခေါက်ခေါက် သွားရှာတယ်၊
ကမာရွတ်ကိုလည်း
ရောက်တယ်၊ ခုမှ တွေ့ရတော့တာပဲ"
"ရှမ်းပြည်အလည်အပတ်သွားနေတယ်ဗျ၊ ဘာကိစ္စများရှိလို့တုံး"
"နက်ဖြန်ည ခင်ဗျား အစည်းအဝေးလာရမယ်၊ ဆွေးနွေးပွဲရှိတယ်၊ လာဖြစ်အောင်လာနော်"
"ဘယ်မှာလဲဗျ"
"တက္ကသိုလ် အင်္ဂလိပ်စာဌာနနဲ့ နေ့ကျောင်းသားများ အပန်းဖြေခန်းကြားက မြက်ခင်းပေါ်မှာ"
"အိုမြက်ခင်းပေါ်မှာ"
"ဟုတ်တယ်"
"ဘယ်အချိန်လဲ"
"ည ရှစ်နာရီမထိုးခင် ဆယ့်ငါးမိနစ်အလိုမှာ အဲဒီကို အရောက်လာရမယ်"
"ဟာဗျာ မှောင်နေမှာပေါ့၊ ညဆိုရင် အဲဒီနားမှာ မီးတစ်လုံးမှ ထွန်းထားတာ မဟုတ်ဘူး"
"မှောင်လို့ တမင်ရွေးတာပေါ့ ကိုယ့်လူရဲ့"
"ဟင် ဘာအစည်းအဝေးမို့လဲ ကိုအေးငွေ"
"ဆွေးနွေးပွဲလို့ ခေါ်ချင်ခေါ်၊ စကားစစ်ထိုးပွဲလို့ ခေါ်ချင်ခေါ်"
"ဘာကိစ္စကို ဆွေးနွေးရမှာလဲ"
"ယနေ့ ဗမာ့လွတ်လပ်ရေးလုပ်ငန်းတွင် လက်နက်ကိုင် ပုန်ကန်မှု လုပ်နိုင်သည် ဆိုတာကို
အဆိုတင်သွင်းသူက
သွင်းပြီး ကန့်ကွက်သူက ကန့်ကွက်ရမယ်။ လူ၃၀လောက် ဖိတ်ထားတယ်။
အစည်းအဝေးလာသူတိုင်းဟာ
ပါဝင်ဆွေးနွေးပြီး ထင်မြင်ချက်ပေးရမယ်။ ကဲ သွားမယ်၊ ဒီကိစ္စကို လျှို့ဝှက်ထားနော်"
ကိုအေးငွေသည် မောကြီးပန်းကြီးနှင့် ပြန်တော့မည်လုပ်သည်။ ကျွန်တော်က ဆွဲထားပြီး–
"နေပါဦးဗျ၊ စကားစမြည်ကလေးများ ပြောရအောင်"
"မနေနိုင်တော့ဘူး၊ သွားစရာတွေ ရှိသေးတယ်။ အချိန်မှန်ရမယ်နော်၊ ပြီးတော့
လူပိုမခေါ်ခဲ့ရဘူး"
"ဘယ်သူတွေ လာကြမှာလဲ"
"ဒါတွေ မေးမနေနဲ့ ရဲဘော်တင်ထွန်း၊ ဟိုကျတော့ တွေ့မှာပေါ့။ ရဲဘော်တင်ထွန်း
မသိတဲ့လူတွေလည်း ပါမှာပဲ"
ပြောပြောဆိုဆိုနှင့် ကိုအေးငွေထွက်သွားလေသည်။ ကိုအေးငွေနှင့် မတွေ့သည်မှာ များစွာ
မကြာလှသေးပါ။
သို့ရာတွင် ကိုအေးငွေသည် များစွာ ပြောင်းသွားသည်ဟု ထင်မိသည်။ သူ့မှာ
ရွှတ်နောက်နောက် အမူအရာများ

မတွေ့ရတော့ချေ။ လေးနက်တည်ငြိမ်လာသည်ဟု ထင်သည်။ ဘာမျှဂရုမစိုက်ဘဲ
လွတ်လွတ်လပ်လပ်သွားလာနေထိုင်သော ကိုအေးငွေလည်း မဟုတ်တော့ဘူးဟု ထင်သည်။
သူ့မျက်စိများသည်
ကြီးမျက်စိများကဲ့သို့ စိုးရိမ်စရာ၊ မသင်္ကာစရာတွေကို စူးစမ်းရှာဖွေနေဟန်ရှိသည်။
သို့ရာတွင် ထိုမျက်စိများဖြင့် ကျွန်တော့်အား ကြည့်သွားခဲ့သည်မဟုတ်။
သူ့ဖိတ်ခေါ်ချက်နှင့်ပတ်သက်ပြီး
ကျွန်တော်ယောင်ချာချာဖြစ်နေလိမ့်မည်ဟု သူလုံးဝ စိုးရိမ်ဟန်မတူ။ သူသည် ကျွန်တော့်အား
ယုံယုံကြည်ကြည်နှင့်ဖိတ်သွား၏။ ရဲဘော်ရဲဘက်ဖြစ်သော ကျွန်တော့်အပေါ်ဝယ်
သင်္ကာကင်းစွာဖြင့် သူတို့လျှို့ဝှက်
ရေးလုပ်ငန်းတွင်ပါဝင်ရန် ကျွန်တော့်အား ဖိတ်ခေါ်သွားလေသည်။
အမှန်စင်စစ်သူ၏ ဖိတ်ခေါ်ခြင်းသည် ကျွန်တော့်အားယောင်ချာချာဖြစ်နေ သောဘဝမှ
ကယ်တင်လိုက်ဘိသကဲ့သို့ပင် ရှိပေတော့သည်။
နောက်တစ်နေ့ညနေ ချိန်းထားသော နေရာသို့လာခဲ့သည်။ အချိန်မစေ့တတ်သေးသဖြင့်
ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးကို ရစ်သီရစ်သီ လှည့်ပတ်ပြီးနေရသေးသည်။
အချိန်စေ့သောအခါ
ရုံးခန်းများဘက်မှဝင်ပြီး နေ့ကျောင်းသားများ အခန်းဆီသို့သွားသည်။ နောက်မှ
မြက်ခင်းထဲသို့ ဆင်းလိုက်သည်။
မှောင်ကြီးမည်းမည်း မဟုတ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် သဲကွဲစွာ မမြင်နိုင်သော
အမှောင်ဖြစ်လေသည်။ ကျွန်တော့်အရင်၅ယောက် ရောက်နေလေပြီ။
အနီးသို့ကပ်သွားသောအခါ ကိုထွန်းရှိန်နှင့်
ကိုအေးငွေတို့ကို တွေ့ရသည်။ သူတို့က ကျွန်တော့်အားဘာမျှ မပြောဘဲ
လက်ဟန်ခြေဟန်ဖြင့်သာ ထိုင်ခိုင်းသည်။
မြက်ခင်းပေါ်မှာဘာမျှခင်း မထား။ ဆီးနှင်းအနည်းငယ်ကျနေသဖြင့် ခပ်စိုစိုဖြစ်နေသည်။
ကျွန်တော်နှင့်
တစ်ပြိုင်နက်လိုလိုပင် ဟိုဘက်ကတစ်ယောက် ဒီဘက်ကတစ်ယောက် လမ်းအမျိုးမျိုးဖြင့်
ရောက်လာသည်။
ရူပဗေဒဌာနဆီမှပင် လာသူက လာသေးသည်။ တစ်ယောက်မျက်နှာ
တစ်ယောက်ကြိုးစားကြည့်ရသည်။
ကိုအေးငွေပြောသကဲ့ပင် သိသူလည်းပါသည်။ မသိသူလည်းပါသည်။
ကျွန်တော်သိသူများကား ၁၃၀၀ပြည့်နှစ်
အရေးတော်ပုံအတွင်း တွေ့ခဲ့၊ အတူလုပ်ခဲ့သောရဲဘော်များသာ ဖြစ်လေသည်။
ကျွန်တော့်မှာ ရင်ဖိုနေသည်။ ကြောက်ခြင်း၊ စိုးရိမ်ခြင်းစသည်တို့ကြောင့်ကား မဟုတ်၊
အစည်းအဝေး၏
အလေးအနက်သည် မှောင်ရိပ်ဆိတ်ကွယ် ပတ်ဝန်းကျင်နှင့် ပူးပေါင်းပြီး ကျွန်တော့်အား

ချောက်ချားနေစေလေသည်။ အစပထမ၌ အချင်းချင်း တိုးတိုးကလေး ပြောကြသည်။
စကားလည်း နည်းလှကြ၏။
မဆူမညံဘဲနှင့် အရေးတော်ပုံ သွေးကြွနေကြခြင်းပင်ဖြစ်သည်။ အားလုံးသည်
မှောင်ကြီးမည်းမည်းထဲ မှာ
ခြေဖျားထောက်ပြီး လုပ်ကြံမှုကြီးဆီသို့ လျှောက်သွားနေကြသည်နှင့် တူလှသည်။
ကိုထွန်းရှိန်က စကားအချေအတင် ပြောပွဲကိုဖွင့်လေသည်။ 'လက်နက်ကိုင် ပုန်ကန်မှု
လုပ်နိုင်သည်'ဟူသော
အဆိုကို တစ်ယောက်ကသွင်းပြီး အခြားတစ်ယောက်က ကန့်ကွက်လိမ့်မည်။
စကားကိုတတ်နိုင်သမျှ
တိုးတိုးပြောရမည်။ လူတိုင်းပါဝင်ဆွေးနွေးရမည်။ ဘယ်သူမဆိုသွင်းပြီး ဘယ်သူကန့်ကွက်သူ
ဖြစ်ရမည်ဟု
ကြိုတင်စီစဉ်မထား။
ကိုထွန်းရှိန်–
"ကဲ ဘယ်သူက အဆိုစသွင်းမလဲ"
ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ မှောင်ထုမှာ များစွာ
မသိပ်သည်းလှသဖြင့်
ဘယ်သူဘယ်ဝါဖြစ်သည်ဟု သိနိုင်ကြသော် လည်း ဘယ်သူသည် ဘယ်မျက်နှာထားမျိုး
ထားနေသည်ဟု
မျက်ရိပ်ခြည်ကိုကား မခန့်မှန်းနိုင်ကြချေ။
ကိုထွန်းရှိန်–
"ကဲ လုပ်လေ၊ တစ်ယောက်ယောက်ကစပြီး အဆိုသွင်းမှပေါ့"
များများ မတိုက်တွန်းရပါ၊ ကြာကြာ မစောင့်ရပါ။ အရေးတော်ပုံအတွင်းက
ဗိုလ်အောင်ကျော်နှင့်အတူ
အတွင်းဝန်ရုံးများရှေ့မှာ အရိုက်ခံခဲ့ရဖူးသော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ
ကိုလှမြိုင်က
အဆိုသွင်းပါတော့သည်။ လက်နက်ကိုင် သူပုန်ထဖို့ အချိန်ကျနေပြီဖြစ်ရုံမက ထနိုင်သော
အခြေအနေရှိ ကြောင်း
အဆိုသွင်းလေသည်။ နယ်ချဲ့သမားအချင်းချင်း စစ်ဖြစ်နေသော အချိန်တွင် အင်္ဂလိပ်သည်
ချောက်ကျနေပြီဖြစ်ကြောင်း၊ အင်္ဂလိပ်အခက်သည် ဗမာ့အချက်ဖြစ် ကြောင်း၊ အင်္ဂလိပ်၏
ရန်သူသည်
ဗမာ့မိတ်ဆွေဖြစ်ရမည် ဖြစ်ကြောင်း၊ အင်္ဂလိပ်သည် ဗမာတို့အား အသာတကြည်
အေးချမ်းသောနည်းဖြင့်
လွတ်လပ်ရေးပေးမည် မဟုတ်သည်မှာ လွန်ခဲ့သော အရေးတော်ပုံက
သက်သေပြခဲ့ပြီဖြစ်ကြောင်း၊ လူထုက

အကြမ်းမဖက်ဘဲ ဆူပူလှုပ်ရှားနိုင်သည်မှာ ထိုအရေးတော်ပုံထက် ဘယ်တော့မျှ မပိုနိုင်တော့ပြီဖြစ်ကြောင်း၊
ထို့ကြောင့် လက်နက်ကိုင်သူပုန်ထမှုဖြစ်မည်ကို နားလည်နေကြကြောင်း၊ ထိုသို့သော နားလည်မှုရှိလျှင်
သူပုန်ထနိုင်မည်ဖြစ်ကြောင်း တင်ပြ၏။
ကိုလှမြိုင်မှာ အေးအေးဖြည်းဖြည်း ပြောသည်။ အသံမှာလည်း တိုးလှသည်။ သို့သော် အားလုံးက
စိုက်ပြီးနားထောင်နေကြ၏။ အခြားစကားရည်လုပွဲများနှင့် ခြားနားလှသည်။ ရယ်စရာ ပြက်လုံးမပါ။ ဝေဝေဆာဆာ
စကားတန်ဆာမပါ။
ကိုလှမြိုင်တင်ပြပြီးသွားသောအခါလုံးဝဆိတ်ငြိမ်သွား၏။ ပြည်လမ်းပေါ်မှပင် ဘာသံမျှ ရောက်မလာ။
အင်းလျားဆီမှာလည်း ညဥ့်ငှက်သံများ မကြားရသေး။
ကိုထွန်းရှိန်–
"ကဲ ဘယ်သူ ကန့်ကွက်မလဲ"
ကျွန်တော်ကား ထောက်လည်းထောက်ခံချင်သည်၊ ကန့်လည်း ကန့်ကွက်ချင်သည်။ မှန်သည်၊ လက်နက်ကိုင်
သူပုန်ထမှ နယ်ချဲ့အင်္ဂလိပ်အောက်မှ လွတ်မြောက်မည်။ လက်နက်ကိုင် သူပုန်ထရန်လည်း အကောင်းဆုံးအချိန်ရောက်နေပြီ။ သို့သော် လက်နက်ကို ဘယ်သို့ ရယူကြမည်နည်း။ လက်နက်ရမည်အထင်နှင့်
ကမာရွတ်မှာနေတုန်းက သခင်တင်ကြီးကို ကိုးကွယ်ဆည်းကပ်ခဲ့သည်မဟုတ်လော။ ကိုကြွယ်က
သတင်းပေးလို့သာ ပုလိပ်သတင်းပေး ထိုသခင်တင်ကြီးနှင့် ခပ်ကင်းကင်း နေခဲ့ရသည် မဟုတ်လော။
ကိုထွန်းရှန်–
"ကဲ ရဲဘော်တွေ စိတ်ထဲမှာရှိတာ ဝှက်မထားကြနဲ့၊ ထင်တာကိုပြောပါ။ လွတ်လွတ်လပ်လပ်ငြင်းခုံဆွေးနွေးနိုင်ပါတယ်"
ငြိမ်မြဲငြိမ်နေကြသည်။ ကန့်ကွက်ရန် ခက်နေကြဟန်ရှိသည်။ သို့မဟုတ် အားလုံးပင် အဆိုနှင့်
သဘောတူနေကြသလော။
အတန်ကြာစောင့်ဆိုင်းနေပြီးနောက် ကိုအေးငွေက–
"အဆိုကို ကျွန်တော်ကန့်ကွက်တယ်၊ သေသေချာချာရှင်းပြီး ကန့်ကွက်ပါရစေ"ဟု ခွင့်တောင်းသည်။ သူသည်
ကိုထွန်းရှိန်ကိုသာ ခွင့်တောင်းသည် မဟုတ်၊ ကျွန်တော်တို့အားလုံးကို ခွင့်တောင်းသည်။ ကိုအေးငွေက

ကန့်ကွက်ခြင်း အတွက် ကျွန်တော်အံ့သြသည်။ သူ့လိုလူက မားမားမတ်မတ်
လက်နက်ကိုင်ပုန်ကန်
နိုင်သည်’ဟူသော အဆိုဘက်တွင် ရပ်နေရမည် မဟုတ်ပါလော။
ကိုအေးငွေသည် ‘အင်္ဂလိပ်နယ်ချဲ့အခက် ဗမာ့အချက်’ဆိုသော ဆောင်ပုဒ်ကို လက်ခံသည်၊
သို့သော်အင်္ဂလိပ်၏
ရန်သူသည် ဗမာ့မိတ်ဆွေဟူသောအချက်ကို လက်မခံ။ အင်္ဂလိပ်၏ရန်သူ ဂျာမနီနှင့် မကြာမီ
ရန်သူဖြစ်မည့်
ဂျပန်တို့သည်လည်း နယ်ချဲ့သမားများပင် ဖြစ်သည်။ အလွန်ဆိုးရွားသော
ဖက်ဆစ်များဖြစ်သည်။ သူတို့လည်း
သူများနိုင်ငံများကို အဓမ္မသိမ်းပိုက်ထားသူတွေဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်၏ ရန်သူတိုင်း
ဗမာ့မိတ်ဆွေမဖြစ်နိုင်။ ပြီးခဲ့သော အရေးတော်ပုံထက် ပိုမိုကြီးမားသော လက်နက်မပါသော
လူထုလှုပ်ရှားဆူပူမှု၊
နိုးကြားမှုမရှိနိုင်တော့ ဘူးဆိုသော အယူအဆကို ကိုအေးငွေက လက်မခံ။ ပြီးခဲ့သော
အရေးတော်ပုံမှာ လူထုသည်
စည်းရုံးရေးတောင့်တင်းခြင်းမရှိဘဲနှင့် ပါလာခြင်းဖြစ်သည်။ ခေါင်းဆောင်ပေးနေသော
တို့ဗမာအစည်းအရုံးပင်လျှင်စည်းကမ်းစနစ် မကျလှ။ တောင်သူလယ်သမား
အစည်းအရုံးများနှင့် အလုပ်သမား
အစည်းအရုံးများသည် ကျကျနနမရှိခဲ့၊ ထို့ကြောင့် စည်းရုံးရေးများများလုပ်ရဦးမည်။
စည်းရုံးမှုခိုင်မာသော
လူထုအရေးတော်ပုံနှင့် စည်းကမ်းကောင်း စနစ်ကျသော တို့ဗမာအစည်းအရုံး
ခေါင်းဆောင်မှုဖြစ်လာလျှင်
ပြီးခဲ့သော အရေးတော်ပုံထက်ပိုမိုကြီးကျယ်ရုံမက အောင်မြင်မှု အများအပြားရမည်။
လက်နက်ကိုင်
ပုန်ကန်ရန်သည် စိတ်ကူး၍ လွယ်သည်။ ပြော၍လွယ်သည်။ ပထမဆုံးလက်နက်ရရန်ပင်
ခက်သေးသည်။
လက်နက်ရပြီထားဦးတော့၊ ကိုင်တတ်ဖို့ လိုသေးသည်။ တိုက်နည်း ခိုက်နည်း၊
စစ်ရေးစစ်ရာများကို
နားလည်ရဦးမည်။ ငါတို့မှာ သူပုန်သာ ထချင်ကြသည်၊ ဤအရည်အချင်းများ
ဘာမျှမရှိသေး။ ထို့ကြောင့်
လက်နက်ကိုင် သူပုန်မထနိုင်သေး။
ကိုအေးငွေသည် သို့ကလိုခေါင်းဆောင်၍ ကန့်ကွက်လိုက်သောအခါ ကန့်ကွက်ရဲသူတွေ
ပေါ်လာလေသည်။
ကန့်ကွက်စရာ အချက်အလက်တွေ ပေါ်လာသည်။ ထောက်ခံသည့်ဘက်မှလည်း
ထောက်ခံစရာ၊ ချေပစရာတွေ

အများအပြား ပေါ်လာလေသည်။ တိုးတိုး တိုးတိုး စကားပြောမရတော့ချေ။
အတိုက်အခံပြောကြရင်း
လေသံကျယ်လာသည်။ ကိုထွန်းရှိန်က ထိန်းပေးရ၏။ တစ်ခုတော့ထင်ရှားသည်၊ အားလုံး
စိတ်ဝင်စားစွာ
ပါဝင်ကြသည်။ ကျွန်တော်ကား နှစ်ဖက်မှနေပြီး ပြောဆိုဆွေးနွေးနေမိလေသည်။
ကျွန်တော်သာမကပါ၊ အချို့ရဲ
ဘော်များမှာလည်း နှစ်ဖက်ပြောစရာ ရှိနေကြလေသည်။
ခြုံ၍စဉ်းစားလိုက်သောအခါ နိုင်ငံတကာ အခြေအနေ၊ စစ်အခြေအနေကြောင့်
အင်္ဂလိပ်နယ်ချဲ့သမားအား
လက်နက်ကိုင်ပုန်ကန်ရန် အချိန်ကျနေသည်။ ပြည်သူလူထုကလည်း နိုးကြားလျက်ရှိသည်။
စည်းရုံးပေးဖို့လိုသည်။
ဘယ်နည်းနှင့် ရရလက်နက်ရအောင် ယူရမည်။ နိုင်ငံခြားအကူအညီကို လိမ္မာပါးနပ်စွာ
သုံးရမည်။
ကိုယ့်လွတ်လပ်ရေးအတွက် ကိုယ်တိုက်နေစဉ် ဂျပန်ဆီက အကူအညီရလျှင် အသုံးချရမည်
ဟူ၍
သဘောပေါက်ကြလေသည်။
ဤအချေအတင်ပြောပွဲမှာ ကျွန်တော်တို့သည် အထက်ပါအတိုင်း သဘောပေါက်ကြသော်လည်း
ဆုံးဖြတ်ချက်
ချမှတ်ခြင်းကား မရှိပေ။ ကိုထွန်းရှိန်နှင့် ကိုအေးငွေတို့သည် ဆုံးဖြတ်ချက်ချသော
အစည်းအဝေးမဟုတ်ကြောင်း၊
အချေအတင် ပြောပွဲသာဖြစ်ကြောင်း အတန်တန် သတိပေးကြသည်။ သူတို့သည်
အချေအတင်ပြောပွဲမှာ
ပြောဆိုကြသော စကားများကို ထောက်ပြီး ကျွန်တော်တို့အား အကဲခတ်ကြဟန်တူသည်။
ယုံကြည်လောက်သူ၊
မယုံကြည်အပ်သူ၊ နားလည်မှုရှိသူ၊ နားလည်မှုမရှိသူ စသည်ဖြင့် သူတို့စိတ်ထဲမှာ
စာရင်းတို့ထားကြဟန်တူသည်။
ထို့နောက်မှ တစ်ဦးစီ ချဉ်းကပ်ကာ ပြောသင့်သည်ကိုထပ်ပြောပြီး တာဝန်ပေးသင့်သူ
ကိုပေးရန်ဖြစ်လေသည်။
ကျွန်တော်တို့သည် ဖြောင်တည်ထောင်ထားသော ကျောင်းသားများသမဂ္ဂ၊
တောင်သူလယ်သမားအစည်းအရုံး၊
အလုပ်သမားအစည်းအရုံးတို့နှင့် တို့ဗမာအစည်း အရုံးတို့ကိုသာ ပိုမိုတောင့်တင်းအောင်
လုပ်ကြရမည်မဟုတ်၊
လျှို့ဝှက်ရေး အဖွဲ့အစည်းများလည်း ဖွဲ့စည်းကြရမည်။ အကယ်၍ လက်နက်ရလျှင်
ကိုင်တတ်အောင်၊

စစ်တိုက်တတ်အောင် လေ့ကျင့်ထားကြရမည်။ စစ်ရေးစစ်ရာ ပညာပရိယာယ်
သေနင်္ဂဗျူဟာများကို
လေ့လာထားကြရမည်။ ဂျာမန်နာဇီတို့သည် သေနတ်အစစ်မရခင် သစ်သားသေနတ်ထမ်းပြီး
လေ့ကျင့်ခဲ့ကြရသည်
မဟုတ်ပါလော။
ညဆယ်နာရီလောက်တွင် လူစုခွဲကြလေသည်။ လူစုခွဲသောအခါမှာလည်း အစည်းအဝေးသို့
လာခဲ့ကြသလို
ဟိုဘက်သို့နှစ်ယောက်၊ သည်ဘက်သို့ သုံးယောက်၊ ဟိုကြားတစ်ယောက်၊ သည်ကြား
နှစ်ယောက် စသည်ဖြင့်
အလျှိုအလျှို ထွက်ခွာသွားစေခြင်းဖြင့် ခွဲလိုက်လေသည်။
အင်းလျားကန်ပေါ်တွင် ညဥ့်ငှက်များသည် အော်မြည်ပျံသန်းကာ နေကြလေပြီ။
ဘွဲ့နှင်းသဘင်
အဆောက်အအုံကြီးသည် မှောင်ရီရီတွင် ထုထည်ကြီးမား ခံ့ညားစွာနှင့် ပေါ်လွင်နေသည်။
လေ့ကားဝ
အုတ်တိုင်နှစ်တိုင်တွင် တင်၍ထွန်းထားသော ကြွေဖြူမီးလုံးကြီး နှစ်လုံးမှတစ်ပါး
အားလုံးသော မီးများကို
ငြိမ်းထားသည်။ ယုဒသန်ကောလိပ်ဆင်ဝင်အောက်မှာလည်း ကြွေဖြူမီးလုံးကြီးတစ်လုံး
လင်းနေသေးသည်။
လေပြည်ကလေး ဆော်သွေးလျက်ရှိ၏။
ကျွန်တော်သည် ကိုထွန်းရှိန်၊ ကိုအေးငွေတို့နှင့်အတူ ဘွဲ့နှင်းသဘင် အဆောက်အအုံရှေ့မှ
ဖြတ်ပြီး
ပြည်လမ်းဘက်သို့ လျှောက်လာခဲ့၏။
ကိုထွန်းရှိန်သည် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီးနောက်–
"ဒီနေ့ည ဘယ်မှာအိပ်ကြမှာလဲ"
ကိုအေးငွေ–
"ကြုံရာပဲဗျာ"
ကျွန်တော်–
"ကျွန်တော်ကတော့ ဘတ်စ်ကားရသေးရင် မြို့ထဲ ပြန်အိပ်မယ်လို့"
ကိုထွန်းရှိန်–
"ဘတ်စ်ကားရမယ် မထင်ဘူး"
ကိုအေးငွေ–
"ယူနီယံ ဝင်အိပ်ကြပါစို့ဗျာ"
ကျွန်တော်တို့နှစ်ယောက်စလုံး သူ့အကြံကို သဘောတူကြသည်။
ကိုထွန်းရှိန်–
"အင်းလျားကန်ပေါ် လျှောက်ကြဦးစို့ဗျာ"

ကိုအေးငွေ–
“ညဥ့်နက်ပြီဗျာ”
ကျွန်တော်–
“ညဥ့်နက်လည်း ဘာဖြစ်လဲဗျာ၊ သန်းခေါင်ဆိုရင် ပိုတောင်ကောင်းဦးမယ်။
ခုနှစ်စဥ်ကြယ်ပြောင်
အမြီးထောင်တာကိုကောင်းကင်မှာ မြင်နိုင်မယ်၊ သန်းခေါင်ယံ လေပြည်သွေးတော့
အေးတာကလေးလည်း
ခံစားရမယ်။ ဂိုးလ်စမစ်ဟာ လန်ဒန်မြို့တော်ကြီးမှာ ညဥ့်နက်သန်းခေါင်လျှောက်လည်ပြီး
စာရေးခဲ့တာ
လူကြိုက်များသွားတယ်မဟုတ်လား”
ကိုထွန်းရှိန်–
“လာဗျာ ကိုအေးငွေ၊ ဘယ်သူမှ လမ်းမလျှောက်တဲ့အချိန် လျှောက်ရတာ
အရသာတစ်မျိုးပေါ့။ ကိုတင်ထွန်းလည်း
ဂိုလ်းစမစ်ကို အားကျပြီး စာရေးချင်ရင် ရေးနိုင်တာပေါ့။ သတင်းစာဆရာလုပ်ရှုံနဲ့
မစားလောက်ရင် စာရေးပြီး
ဖြည့်နိုင်တယ်”
ကျွန်တော်တို့သည် အင်းလျားကန်ပေါင်ရိုးဆီသို့ လာခဲ့ကြသည်။ ကောင်းကင်မှာ
ကြည်လင်သဖြင့် ကြယ်တာရာ
စုံလင်လှပေသည်။ ကြယ်ရောင်တွေက တော်တော်လက်သည်။ ရေမျက်နှာပြင်မှ ပြန်ဟပ်သော
အလင်းကတော်တော်အားရှိ သည်။
ကိုအေးငွေ–
“ကိုတင်ထွန်း စာရေးချင်ရင်တော့ ခြောက်မိုင်ခွဲရောက်အောင်သွားဗျ၊ မော်တော်ကားနဲ့
လာကြတဲ့အတွဲတွေကို
တွေ့ကောင်းတွေ့ရဦးမယ်”
ကျွန်တော်–
“နေပါစေဗျာ၊ လူများမသိစေချင်လို့ သူတို့ဘာသာ ဒီအရောက်လာပြီး တွဲကြတာ၊
ကျွန်တော်တို့က
လူသိနတ်ကြားဖြစ်အောင် စာမရေးကြပါစို့နဲ့၊ ဒါထက် ကျွန်တော်သတင်းစာတိုက်က
အလုပ်ထွက်တော့မယ်”
ကိုအေးငွေ–
“ဘာကြောင့်လဲဗျ”
“ဒီအလုပ်လုပ်ရတာ တောင်မကျ မြောက်မကျပါဗျာ၊ ကိုယ့်မိဘလုပ်ကျွေးရအောင်လည်း
ဝင်ငွေမရဘူး၊
စာဆင်သင်ရအောင်လည်း အချိန်ပိုမရဘူး၊ နိုင်ငံရေးကိုလည်း ကျွတ်ကျွတ်လွတ်လွတ်
မလုပ်နိုင်ဘူး။ ပြီးတော့

ခင်ဗျားတို့သိတဲ့အတိုင်းပဲ နိုင်ငံခြားသတင်းမှာတော့ မဆိုးပါဘူး၊ နိုင်ငံခြားရေးရာ ဆောင်းပါးတို့ ဘာတို့လည်း
ကျွန်တော်ကြိုက်တာကလေးတွေ ထိုးနိုင်ပါတယ်၊ ပြည်ထဲရေးကျတော့ သိပ်ဆိုးတယ်၊ ကျွန်တော်တို့ သတင်းစာက
တို့ဗမာအစည်းအရုံး ကိုခေါင်းတည်တိုက်တယ်၊ ဦးပုနဲ့ ဂဠုန်ဦးစောတို့အစိုးရကို ထောက်ခံတယ်၊ ဒါကြောင့်
ကျွန်တော်လိပ်ပြာမသန့်ဘူး ထွက်ချင်ပြီ”
ကိုထွန်းရှိန်–
“ခင်ဗျားမရှိလည်း ဒီသတင်းစာ ဒါတွေ ရေးနေမှာပဲ မဟုတ်လား”
“ရေးနေမှာပေါ့။ ကျွန်တော် ရေးလိုတာတွေချည်း ပါနေတာမှမဟုတ်ဘဲ၊ ကျွန်တော် ဒီသတင်းစာမှာ ရှိတာ
မရှိတာနဲ့တော့ မဆိုင်ပါဘူး”
ကိုထွန်းရှိန်–
“ဒါဖြင့် ထွက်ဖို့မထွက်ဖို့မှာ ဒီဟာ ထည့်မစဉ်းစားနဲ့။ ပညာဆက်သင်ဖို့ကော စိတ်ကူးသေးသလား၊
ဘာသင်ချင်တာတုံး ကိုယ့်လူရဲ့”
“သိပ်စိတ်မကူးပါဘူးဗျာ၊ အရင်ကသာ စိတ်ကူးတာပါ”
ကိုအေးငွေ–
“မမြင့်ဦးရဲ့ ညွှန်ကြားချက်အရ စိတ်ကူးတာ မဟုတ်လား”
ကျွန်တော်က သဲ့သဲ့ရယ်လိုက်သည်။
ကိုထွန်းရှိန်–
“အခုကော ညွှန်ကြားချက်က တည်တုန်းပဲလား”
“မတည်တော့ပါဘူးဗျာ၊ ကျွန်တော်က ဒါတော့ မလုပ်နိုင်ဘူးလို့ ပြောလိုက်ပြီးပြီပဲ”
“ဒါဖြင့် အလုပ်ထွက်ဖို့ မထွက်ဖို့မှာ ပညာဆက်သင်ရေးဆိုတာ ထည့်မတွက်နဲ့တော့ ကိုယ့်လူ။
နိုင်ငံရေးတာဝန်ထမ်းဖို့ကတော့ ဒီလိုရှိတယ်၊ နောင်ခင်ဗျားကိုပေးမယ့် တာဝန်ဟာ အလုပ်တစ်ခုခု
လူမြင်သူမြင်ခံပြီး လုပ်နေမှဖြစ်မယ်။ ခု သတင်းစာဆရာလုပ်နေတယ်ဆိုပါတော့၊ ပုလိပ်က သိပ်မသင်္ကာ ဖြစ်မှာ
မဟုတ်ဘူး။ ဘာအလုပ်မှမလုပ်တဲ့ ကျွန်တော်တို့လို လူတွေကိုသာ သိပ်မသင်္ကာတာဗျ။ ဒီတော့ ကျွန်တော်တို့
လျှို့ဝှက်ရေးလုပ်ငန်းတွေ၊ အရေးတော်ပုံ လုပ်ငန်းတွေမှာ ခင်ဗျားကို ပုဏ္ဏားတိုင်လို လုပ်ထားရမှာပဲ။ ကျွန်တော်တို့
အဆက်အသွယ်တွေကို ခင်ဗျားကတစ်ဆင့်လုပ်ရမယ်၊ ဒီတာဝန်ခံ ခင်ဗျားကို ပေးဖို့စီစဉ်ထားကြတယ်။ ဒီတော့

ဒီအလုပ်မှာ မပျော်လို့ ထွက်တောင်မှ အလုပ်တစ်ခုခုတော့ လုပ်ရလိမ့်မယ်"
ကြယ်ရောင်နှင့် ရေရောင်ပြန်အလင်းတွင် ကန်ပေါင်ရိုးလမ်းကလေးမှာ ထင်းနေ၏။
မြောက်လေရူးကလေးထလာသည်။
ကိုအေးငွေ–
"ခုနှစ် ဆောင်းကလည်း မချမ်းဘူးနော်"
ကျွန်တော်–
"ရန်ကုန်ဆောင်းကတော့ ဒီလိုလိုချည်းပါပဲ၊ ခရစ္စမတ် အတွင်းလောက်မှာတော့
ချမ်းကောင်းပါရဲ့။
တောင်ကြီးကလောမှာတော့ အတော်ချမ်းနေရော့မယ်"
ကျွန်တော်သည် တောင်ကြီး ကလောအကြောင်းကို လွမ်းငွေ့ကလေးနှင့်ပြော လိုက်၏။
သူတို့ကိုပြောသည်ထက်
တမ်းချင်းကလေး ညည်းသည့်သဖွယ် ညည်းခြင်းသာဖြစ်သည်။ သူတို့ကလည်း
ကျွန်တော်ပြောသည်ကို အမှုမဲ့
အမှတ်မဲ့ ထားလိုက်ကြသည်။
ကိုထွန်းရှိန်–
"အဲ အလုပ်လုပ်တာ အတူအတူ ဒီလက်ထောက် အယ်ဒီတာအလုပ်ထက် ဝင်ငွေပိုကောင်းတဲ့
အလုပ်လုပ်ရရင်၊
ပြီးတော့ လွတ်လည်းလွတ်လပ်မယ်ဆိုရင် ပိုကောင်းတာပေါ့။ ခင်ဗျား အဖေအမေ
လုပ်ကျွေးနိုင်မယ်၊ ကျွန်တော်တို့
ကိုလည်း ထောက်ပံ့နိုင်မယ်"
ကျွန်တော်သည်တောင်ကြီးကလောအကြောင်း လွမ်းချင်းညည်းရင်း၊ မမြမှီအား
သတိရနေသည်။ သို့သတိရနေခိုက်
ကိုထွန်းရှိန်က ထိုစကားကို ပြောလိုက်သောအခါ မမြမှီအကြံပေးထားသော အလုပ်တစ်ခုကို
ပြေးသတိရလေသည်။
"အလုပ်တစ်ခုတော့ ရှိတယ်၊ ဝင်ငွေလည်းပိုကောင်းမယ်၊ လွတ်လွတ်လပ်လပ် လည်းရှိမယ်"
ထိုအခိုက် ဓီးကွက်နှစ်ကောင် အော်မြည်ပြီး ရှေ့နောက် ပျံပြေးကြလေသည်။
ကိုအေးငွေ–
"ဟာ လာဘ်ကောင်းတယ်ဗျို့ ကိုတင်ထွန်း၊ အဲဒီအလုပ်ဟာ လာဘ်ကောင်းမယ်၊
လုပ်ဖြစ်အောင်လုပ်"
ကိုထွန်းရှိန် "ဘာလုပ်ရမှာလဲ"
"ကူးသန်းရောင်းဝယ်ရေးလုပ်ရမှာဗျ"
"ငွေရင်းက မလွယ်ပေဘူး"
"ငွေရင်းထုတ်ပေးမယ့်လူရှိလို့ ပြောတာပေါ့ ကိုထွန်းရှိန်ရ"
ကိုအေးငွေ ခပ်ဖြီးဖြီးနှင့်–
"ခင်ဗျား အစ်မတော်ဆိုတာက ထုတ်ပေးမှာလား"

"ဘယ်သူဆိုတာ မပြောပါရစေနဲ့ဦးဗျာ၊ အရင်းတော့ ရမှာပါပဲ"
ကိုထွန်းရှိန်–
"ချင့်ချိန်ကြည့်လေ၊ အရင်းလည်းရမယ်၊ ခင်ဗျားကလည်း လုပ်နိုင်မယ်၊ သတင်းစာမှာ လုပ်နေတာထက်လည်း
အချိန်ပိုမကုန်ဘူး၊ ချုပ်ချယ်မှုမရှိဘူးဆိုရင် လုပ်ပေါ့ကိုယ့်လူ"
ကျွန်တော်သည် ဘာမျှ ပြန်မပြောတော့ဘဲ လေးနက်စွာ စဉ်းစားနေလေသည်။
နိုင်ငံရေးတာဝ်ကို ထမ်းဆောင်ရင်း
ကိုယ့်စီးပွားရေးလုပ်ငန်း လုပ်နိုင်မည်ဆိုသော အလားအလာမှာ လွန်စွာအားရဖွယ် ဖြစ်သည်။
သို့သော် မမြမှိ၏
အရင်းအနီးနှင့် လုပ်နေရလျှင် ရှေ့အဖို့ မမြမှိနှင့် သန့်ရှင်းစွာနေထိုင်ရန် ဖြစ်ပါဦးမည်လော၊
မမြမှိနှင့်
ကျေကျေနပ်နပ် အတူတွဲ၍ ကျူးလွန်ခဲ့သော အပြစ်မှ ရုန်းထွက်နိုင်ပါဦးမည်လော။
ရှေ့မမြမှိနှင့်
ကျွန်တော်ဘယ်လို ဆက်ဆံသွားကြမလဲ။ တိတ်တိတ်ပုန်း ညားနေကြသော
လင်မယားအဖြစ်ဖြင့်
စခန်းသွားကြမည်လော၊ အစ်မကြီးနှင့် မောင်လေးလို သန့်ရှင်းစွာ
ပြန်လည်နေနိုင်ကြဦးမည်လော။ ကျွန်တော်သည်
နောက်မဆုတ်တမ်းကြာသမားအဖြစ်ဖြင့် နေတော့မည်လော။ ဤအပြစ်သည်
ကျွန်တော့်နောက်မှ အရိပ်သဖွယ်
လိုက်ပါနေ၏။ အရေးရှိလျှင် ဤအပြစ်သည် ကွက်ခနဲ ပေါ်လာပြီး ကျွန်တော့်စိတ်ကို
ညစ်ညူးစေ၏။
ကျွန်တော့်ရင်ကိုပိစေ၏။
ကျွန်တော်တို့သည် အင်္ဂလိပ်ဆင်းရဲသားတွေအတွက် ဤစစ်ကြီးသည် ဘာမျှ အကျိုးမရှိပုံ၊
အင်္ဂလိပ်နေရှင်မှာသာ
အမြတ်အများဆုံးထွက်ပြီး ဓိမ်အများဆုံး ယူနိုင်သော အင်ပိုင်ယာကြီးကို ကာကွယ်ရန်
စစ်ကြီးအရေးကြီးပုံ၊
အင်္ဂလိပ်နေရှင်နှင့် မင်းစိုးရာဇာများသည် လရောင်ပျော်ပွဲစားထွက်ရင်း
စစ်ကြီးတိုက်ချင်ပုံများကို ပြောကြရင်း
အင်းလျားကန်ပေါင်ရိုးမှ ဆင်းခဲ့ကြသည်။ ၄င်းနောက် အဓိပတိလမ်းအတိုင်း လျှောက်ပြီး
ပြန်လာကြသည်။
ကိုထွန်းရှိန်နှင့် ကိုအေးငွေတို့သည်လည်း စကားမပြောဘဲ လျှောက်လာကြသည်။
ခဏကြာတော့ရေထဲသို့
တစ်စုံတစ်ရာ ဖြန်းခနဲ ပစ်ချသံတစ်ခု ကိုကြားကြလေသည်။ အသံလာရာဘက်သို့
လှမ်းကြည့်လိုက်ကြသောအခါ

ယောကျာ်းတစ်ယောက်နှင့် မိန်းမတစ်ယောက်သည် ကမ်းစပ်မှနေပြီ ယက်ချ်ခေါ်
ရွက်လှေကလေးတစ်ခုပေါ်သို့
ကသုတ်ကသက် တက်သွားကြသည်ကို မြင်ကြရလေ သည်။ ကျွန်တော်တို့သည် စောစောက
ရွက်လှေကလေးကို
မမြင်ကြရ။ မှုန်ရီရီအလင်းတွင် ရွက်ဖြူသည် နစ်မြုပ်နေခဲ့လေသည်။ လူတွေ့ရန်
မမျှော်လင့်သော
ကျွန်တော်တို့သည် အံ့သြနေကြ၏။ ၎င်းတို့နှစ်ဦးကလည်း ယခုလို
သန်းခေါင်ကျော်အချိန်တွင်
လမ်းလျှောက်သူနှင့် တိုးမိရန် စဉ်းစားပင် စဉ်းစားမိခဲ့မည် မဟုတ်ချေ။
ယောကျာ်းသည် တစ်ဖက်ကရွက်လှေကို ကိုင်ထားပြီး အခြားတစ်ဖက်ဖြင့် တစ်စုံတစ်ရာ
ရေထဲမှဆယ်ယူ၍
လှေပေါ်သို့တင်နေလေသည်။ ကျွန်တော်တို့ ကြားလိုက်ရသော အသံမှာ ထိုအရာကို
လှေပေါ်ပစ်တင်လိုက်ရာ
မတော်တဆ ရေထဲကျသွားသော အသံဖြစ်ဟန်ရှိသည်။ မိန်းမသည် လှေပေါ်တက်မိသည်နှင့်
ချက်ချင်းထိုင်ချလိုက်သည်။ ဂါဝန်တိုတိုဝတ်ထားသည်ဟု ထင်ရ၏။ ယောကျာ်းမှာကား
ဘောင်းဘီတိုနှင့်
ဖြစ်သည်။
သူတို့သည် ခပ်မြန်မြန်တက်ပြီး ခပ်မြန်မြန် လှော်ထွက်သွားကြပေပြီ။ ကျွန်တော်တို့အား
တိမ်းရှောင်ကြခြင်းပင်
ဖြစ်၏။
ကိုအေးငွေ–
"တွေ့ တွေ့တတ်ပလေနော်"
ကျွန်တော်"
ဘုတ်ကလပ်မှာ ယောကျာ်းနှင့်မိန်းမ သြသည–ူငါ့အ ဏငခညငခ (လရောင်ပျော်ပွဲစား)
ထွက်တဲ့အလေ့ရှိတယ်ဗျ၊
ခုဟာကတော့ ကြယ်ရောင်ပျော်ပွဲစား၊ အမေ–ူငါ့အ ဏငခညငခ ထွက်တာ ထင်ပါရဲ့"
ကိုအေးငွေ–
"ခိုးစားတာ လူမိတာ နာတယ်ဆိုတာ ဒါမျိုးထင်ပါ့ဗျာ"
ကိုထွန်းရှိန်–
"ကြည့်ရတာ ဗိုလ်ထီးနဲ့ဗိုလ်မ ထင်တယ်ဗျ"
ကျွန်တော်–
"ဗမာမတွေ ဗမာထီးတွေ ဒီလောက် မကမြင်းသေးလူးလို့ အောက်မေ့ရတာပဲဗျ"
ကိုအေးငွေ–
"ဗိုလ်ထီးနဲ့ဗမာမ ဖြစ်နေရင်ကောဗျာ"
ကျွန်တော်–

“မိန်းမက ဂါဝန်ဝတ်ထားတယ် ထင်တယ်ဗျ၊ ပြီးတော့ဆံပင်ကလည်း
ဘော့ဘ်ဟဲယားနဲ့တူပါတယ်”
ကိုထွန်းရှိန်–
“အင်္ဂလိပ်တွေနဲ့တူတာပါပဲ။ ဥရောပမှာ ဆင်းရဲသား စစ်သားကလေးတွေက
သွေးချွေးရင်းနှီးပြီး တိုက်နေကြတယ်၊
သေသူသေ ကျေသူကျေပဲ။ ဒီမှာရှိတဲ့ အင်္ဂလိပ်မနေရှင်နဲ့ မင်းစိုးရာဇာတွေက
ကြယ်ရောင်ပျော်ပွဲစား
ထွက်ကောင်းနေကြ တယ်”
အင်းဝလမ်းနှင့် အဓိပတိ လမ်းထောင့်ရှိ တိုက်အိမ်မှလွဲ၍ အခြားအိမ်များသည် မီးများပင်
ပိတ်ကုန်ကြလေပြီ။
ကျောင်းဆောင်များ အခန်းမီးများပင် ပိတ်ကုန်ကြလေပြီ။ ညဥ့်နက်အောင်
စာဖတ်သူအချို့လည်း တံခါးကိုပိတ်၍
မီးရောင်ကို ခပ်အုပ်အုပ်ထားကာ စာဖတ်နေကြသည်။ ဆူသံညံသံ ဘာတစ်ခုမျှ မကြားရ။
တေးသံချိုချိုကိုလည်းကောင်း၊ တီးမှုတ်သံသာသာကိုလည်းကောင်း မကြားရ။ အင်းဝလမ်းနှင့်
အဓိပတိ
လမ်းထောင့် တိုက်အိမ်မှာကား တံခါးတွေ အကုန်ဖွင့်ထား၍ ထိုအိမ်တွင်း
ဓာတ်မီးအလင်းရောင်သည် ဘေးသို့
ဖြာထွက်နေလေသည်။ ရေဒီယိုတေးဂီတသံ၊ တဟားဟား တဝါးဝါး ရယ်သံနှင့် မူးမူးနှင့်
အာဝဇ္ဇန်းရွှင်သံတို့သည်
ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ကို နှောင့်ယှက်လျက်ရှိ၏။ ထိုအိမ်မှာ ပရိုဖက်ဆာ မဂ္ဂနစ်
နေထိုင်ရာ
ဂေဟာပေတည်း။
ဖွင့်ထားသော တံခါးများမှ အတွင်း၌ ပျော်မြူးနေကြသော ဗိုလ်ထီး ဗိုလ်မများကို
မြင်တွေ့ရပေသည်။ သူတို့သည်
စားသောက်ပြီး ဖဲရိုက်နေကြသလော၊ အခြားအိမ်တွင်း ကစားနည်းတစ်ခုခုကိုများ
ကစားနေကြသလော
မပြောတတ်တော့ ချေ။ အင်္ဂလိပ်တို့သည် ကျွန်တော်တို့အပေါ်တွင် မောက်မာသလောက်၊
သွေးကြီးမွေး
ကြီးလုပ်သလောက် သူတို့အချင်းချင်းကား ဣန္ဒြေမဲ့အရှက်မဲ့သည်၊
ကမြင်းကြောထကြသည်ကို တွေ့ရပြန်လေပြီ။
ပရိုဖက်ဆာမဂ္ဂစ်၏ မိတ်ဆွေများသည် များသောအားဖြင့် တက္ကသိုလ် ဆရာများသာ
ဖြစ်ပေလိမ့်မည်။ သို့သော်
ကျွန်တော် တို့သည် ပရိုဖက်ဆာမဂ္ဂစ်နှင့်တကွသော မျက်နှာဖြူဆရာများကို ဆရာအဖြစ်ဖြင့်
မမြင်နိုင်ကြ၊

ကျွန်တော်တို့အား ထာဝစဉ် ကျွန်လုပ်ထားချင်သော အင်္ဂလိပ်လူလည်ကြီးများအဖြစ်ဖြင့်ပင်
မြင်ကြသည်။
မျက်နှာဖြူဆရာများ၏ ပညာအရည်အချင်းကို အထင်မကြီးကြ။ အရည်အချင်းတကယ်ရှိလျှင်
သူတို့နိုင်ငံမှာ
သူတို့နေပြီး သူတို့လူငယ်များအား ပညာသင်ပေးနေကြလိမ့်မည် ထင်သည်။
ကျွန်တော်တို့ဆီသို့ လာခြင်းမှာ
ကျွန်တော်တို့လူငယ်များအား ပညာပေးရန်မဟုတ်၊ ဝင်ငွေကောင်းရရန်နှင့် အချိန်မရွေး
ဖိမ်ခံရန်
လာကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သခင်ကျောင်းသားအချို့က မျက်နှာဖြူဆရာအချို့ကို
ချောင်းရိုက်ရန်ပင်
ကြံစည်ခဲ့မိခြင်းဖြစ်လေသည်။
ကျွန်တော်–
"အဲဒီလို ချောင်းရိုက်ဖို့ ကြံစည်ရာမှာ ခေါင်းဆောင်တာ ဘယ်သူလဲဗျ၊ ကျွန်တော်
မသိလိုက်ဘူး"
ကိုအေးငွေ–
"ခင်ဗျား အသိပေးလို့ ဘယ်ဖြစ်မှာလဲ၊ ခင်ဗျားက စာကြိုးစားတဲ့လူ၊ ဆရာ
ရှိသေတဲ့လူဆိုတော့
မျက်နှာဖြူဆရာတွေနဲ့လည်း ရင်းနှီးတယ်၊ ဒါကြောင့် ခင်ဗျားကို အသိမပေးခဲ့ဘူး"
"ဒါဖြင့် ကိုအေးငွေ ခင်ဗျားခေါင်းဆောင်ပေ့ါနော်"
ကိုထွန်းရှိန်–
"ကိုအေးငွေ မဟုတ်ဘူး၊ ကိုဘဟိန်းက ခေါင်းဆောင်တယ်"
ကျွန်တော်တို့သည် သမဂ္ဂအဆောက်အအုံသို့ ရောက်ခဲ့ကြလေပြီ။ ဝမ်းတော်တော်
ဟာနေကြ၏။ စားသောက်ဆိုင်မှာ
ပိတ်သွားပြီဖြစ်၍ ဆာလောင်ခြင်းကို ကျိတ်မှိတ်ပြီး ခံကြရတော့သည်။
အပေါ်ထပ် အစည်းအဝေးခန်းမကြီးထဲသွားပြီး အိပ်ကြရမည်ဖြစ်ရာ တံခါးဖွင့်ပေးဖို့
ဦးကံသိန်းအား
နှိုးကြရသေးသည်။ ဦးကံသိန်းမှာ ဆံပင်ညှပ်ဆိုင်ခန်းအနီးတွင် ကွပ်ပျစ်ခင်း၍ အိပ်နေသည်။
ဦးကံသိန်းအား
နှိုးနေစဉ် ဆံပင်ညှပ်ဆိုင်ခန်းနှင့် ကပ်လျက်ထားသော ဆိုင်ခန်းမှ ကိုထွန်းတင်
ထွက်လာလေသည်။ ကိုထွန်းတင်မှာ
မလှန်တမ်း သပိတ်မှောက်သွားသော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည်။ တိုလီမိုလီ
ဆိုင်ကလေး
ဖွင့်ထားသော ကြောင့် ကျွန်တော်တို့က တိုလီမိုလီ ကိုထွန်းတင်ဟုခေါ်ကြ၏။
ကိုအေးငွေ–
"ဘယ့်နယ်လဲ တိုလီမိုလီ ဆရာကြီး၊ မအိပ်သေးဘူးလား"

ကိုထွန်းတင်သည် ခါတိုင်းလိုပင် လျော့ရဲရဲနိုင်သော အပြုံး၊ အေးစက်စက် အသံတို့ဖြင့်–
"မအိပ်သေးဘူး၊ ခင်ဗျားကိုစောင့်နေတယ်"
ကိုအေးငွေသည် သူနှင့်အတူ ဆိုင်ခန်းထဲသို့ လိုက်သွားလေသည်။ နှစ်ယောက်တည်း အတော်ကြာပင်စကားပြောနေကြသည်။ နိုင်ငံရေးကိစ္စပဲ ဖြစ်မည်ထင်သည်။ ကိုထွန်းရှိန်နှင့် ကျွန်တော်တို့ကား
ဦးကံသိန်းက တံခါးနှင့်မီးများ ဖွင့်ပေးပြီးဖြစ်သဖြင့် အပေါ်သို့ တက်သွားကြလေသည်။ စည်းဝေးခန်းမကြီးထဲမှ
ခုံရှည်များကို မျက်နှာချင်းဆိုင် ဆက်ခင်းကြသည်။ ဦးကံသိန်းက ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်လာပို့သည်။ ကိုအေးငွေသည် ကိုထွန်းတင်ထံမှ ခေါင်းအုံးနှင့် စောင်တစ်ထည် ယူခဲ့ပြီး
ကျွန်တော်နှင့် ကိုထွန်းရှိန်အား စောင်၊ ခေါင်းအုံးတို့ဖြင့် အိပ်စေပြီး သူကိုယ်တိုင်ကမူ စာအုပ်ကို ခေါင်းအုံး၍
ခန်းဆီးကြီးတစ်ခုကို ခြုံစောင်လုပ်ပြီး အိပ်လေသည်။
ကျွန်တော်က–
"ကိုအေးငွေ ကျွန်တော်စာအုပ်ကို ခေါင်းအုံးပါ့မယ်၊ ခင်ဗျား ဒီခေါင်းအုံးကို ယူပါ"
"ဟာ နေပါစေဗျာ"
"မဟုတ်ဘူး ယူရမယ်၊ ဒါမှ မျှတတော့မှာပေါ့၊ ခင်ဗျားကချည်း အနစ်နာခံနေလို့ ဘယ်မှာတရားမှာလဲ"
"ဟာအခုအတိုင်းက မျှတရုံ တရားရုံမကဘူး၊ ကျွန်တော့်အကြိုက်ကိုကျ နေတယ်။ ကျွန်တော်ကခေါင်းအုံးဆိုရင်
မာမှ ကြိုက်တယ်၊ စောင်ဆိုရင်လည်း ပန်းပါမှ ကြိုက်တယ် ဟား ဟား"
ကျွန်တော်ကား ဆင်ခြေမတက်သာပြီ။ ထို့ကြောင့် အိပ်ရန် လျောင်းလိုက်လေသည်။ ကိုအေးငွေလည်း အိပ်ရာမှာ
လှဲနေလေပြီ။ ကိုထွန်းရှိန်ကား ဘာစကားမျှ မပြောတော့ချေ။ ခုလို သမဂ္ဂ အဆောက်အအုံမှာ ဖြစ်သလိုဝင်အိပ်ရ
ပြန်သောအခါ ကျွန်တော့်မှာ တော်လှန်ရေးကျောင်းသားဘဝ၊ အရေးတော်ပုံကျောင်း သားဘဝကို
သတိရနေလေသည်။ အရေးတော်ပုံအတွင်းကနေ့တွေကို စိတ်ထဲမှာ စားမြုံ့ပြန်နေမိလေရာ ကြေကွဲသလိုလို၊
လွမ်းသလိုလို၊ ပျော်သလိုလို။
မကြာမီ ကျောင်းသားအရေးတော်ပုံသည် နှစ်ပတ်လည်တော့မည်။ သို့သော် အရေးတော်ပုံသည် မနေ့တစ်နေ့ကပဲ
ဖြစ်လိုက်သလိုလို ထင်နေလေသည်။
ကိုအေးငွေက လှမ်းပြီး–

"ကိုတင်ထွန်း အိပ်ပျော်ပြီလား"ဟု မေးလိုက်သောအခါ စားမြုံ့ပြန်အရသာ ပျက်သွားလေသည်။
"အိပ်မပျော်သေးပါဘူး၊ ဆိုပါဦး ဘာပြောချင်လို့လဲ"
"ခုနင်က ကိုယ့်လူပြောတဲ့ ကူးသန်းရောင်းဝယ်ရေးကိစ္စကို ထပ်ပြောချင်လို့၊ ငွေအရင်းရဖို့က သေချာမှာလား"
ကျွန်တော်ကား ရုတ်တရက် မဖြေ။ သူသည် လေးလေးနက်နက် ဆင်ခြင်စဉ်း စားပြီးမှ ဤမေးခွန်းကို
မေးခြင်းဖြစ်သည်။ ကျွန်တော်ကလည်း လေးလေးနက်နက် စဉ်းစားပြီးမှ ဖြေဖို့လိုသည်။ မမြမှီသည်
ကျွန်တော့်အားတကယ်ပင် ကူးသန်းရောင်း ဝယ်ရေးလုပ်စေချင်၏။ ကျွန်တော့်ကိုသာမက ဗမာပညာတတ်
လူငယ်တိုင်းအား လုပ်စေချင်၏။ ကျွန်တော့်အား သူ့ကိုယ်သူပင် ယုံကြည်စွာ ပုံအပ်ထားပြီး ဖြစ်ရကား
ငွေအရင်းကို ပုံမအပ်စရာအကြောင်းမရှိဟု ထင်သည်။
"ကျွန်တော်လုပ်မယ်ဆိုရင်တော့ ရမှာသေချာတယ်"
"ဒီလိုဆိုရင် ဖြစ်အောင်လုပ်ဗျာ၊ ခင်ဗျား လက်ထောက်အယ်ဒီတာ အလုပ်က ထွက်လိုက်ပေတော့။ ပြီးတော့
ခင်ဗျားအစ်မကြီးက သဘောတူရင် ကူးသန်းရောင်းဝယ်တာထက် ပုံနှိပ်တိုက်လုပ်ရင် ကောင်းမယ်။ ဂျာနယ်တွေ
ဘာတွေထုတ်ဖို့ မလိုဘူး၊ အပြင်က အလုပ်လက်ခံပြီး ပုံနှိပ်ပေး၊ ဒါမှ ခင်ဗျား အလုပ်ပေါ့ပါးမယ်၊ နိုင်ငံရေးလုပ်ဖို့
အချိန်ပိုရမယ်၊ ပြီးတော့ ကျွန်တော်တို့ လျှို့ဝှက် ပုံနှိပ်ချင်ရင် ပိပိပြားပြား နှိပ်နိုင်မယ်။ မကောင်းဘူးလား"
သူ့အကြံကား ကောင်းလှပေသည်၊ ကျွန်တော့်မှာ များစွာ စိတ်အားထက်သန် သွားသည်။
"ကောင်းတယ်၊ သိပ်ကောင်းတဲ့အကြံပဲ။ ကျွန်တော်ခင်ဗျားအကြံပေးတဲ့ အတိုင်း လုပ်မယ်ဗျာ"
"ကောင်းပြီ၊ ဖြစ်အောင်သာလုပ်ပေတော့"
ကိုအေးငွေသည် နောက်ထပ်ဘာမျှမပြောတော့ပေ။ မကြာမီ သူ့ထံမှ ဟောက်သံသဲ့သဲ့ ကြားရလေ၏။
ကျွန်တော်ကား တော်တော်နှင့်အိပ်မပျော်၊ ပုံနှိပ်တိုက်ကြီးကို ဆောက်လုပ်နေသည်။ လျှို့ဝှက်ရေးလုပ်ငန်းကို
အများဆုံး ကူညီနေသည်။ အရေးတော်ပုံအောင်ရမည်။ ။
၅၇
တစ်လိမ် နှစ်လိမ် ပွေကာရှုပ်
တောင်ကြီးကလောမှ ပြန်ရောက်ပြီးသည့်နောက် မမြမှီအား ဤတစ်ကြိမ်သာ တွေ့ရသေးသည်။

မမြမှီ၏စားပွဲမှာ ‌ေညှိသည်များ ရှင်းနေသည်။ စားပွဲကလည်း ရှင်းနေသဖြင့်
အလုပ်ပါးဟန်ရှိလေ၏။
လမ်းပေါ်မှာကတည်းက ကျွန်တော့်အား မမြမှီက အပြုံးဖြင့် ဆီးကြိုရင်း–
"ခုမှ ပေါ်လာတော့တယ် မောင်လေးရယ်"
ကုမ္ပဏီစာရေးများအခန်းဆီမှ တိုက်ပ်ရိုက်သံ လာနေသည်။
"ကိစ္စရှိလို့ လာတာပဲ မမရဲ့"
"သိပါတယ်ကွယ်၊ ကိစ္စရှိမှပဲ မမဆီကို လာတော့မယ်ဆိုတာ သိပါတယ်"
"ကိစ္စမရှိရင် မလာဘူးလို့ မဆိုလိုပါဘူး မမရဲ့၊ အခု အထူးကိစ္စရှိလို့ပါ"
ကျွန်တော်က သူမ၏ရှေ့တည့်တည့်က ထိုင်လိုက်သည်။ မမြမှီသည် မျက်နှာထား
တည်တည်ထားလိုက်ပြီး
ကျွန်တော့်မျက်ခွက်ထဲ စိုက်ကြည့်လိုက်သည်။
"ဘယ်လိုအရေးကြီးတဲ့ ကိစ္စလဲ"
"မမ တစ်ခါတုန်းက ပြောသလို ကိုယ်ပိုင်အလုပ်အကိုင်တစ်ခု လုပ်ချင်တယ်၊
သတင်းစာတိုက်က ထွက်ပြီး
လုပ်မယ်လေ"
မမြမှီသည် ကျွန်တော့်အား စူးစူးစိုက်စိုက် အကဲခတ်ကြည့်နေသည်။ အံ့သြနေဟန်လည်း
ရှိ၏။
"တကယ်ပြောနေတာလား"
ကျွန်တော့်ကိုမယုံ၍ နည်းနည်းစိတ်ခုသွားသည်။ အသံခပ်ဆတ်ဆတ်ဖြင့်–
"တကယ်ပြောတာပေါ့ မမရဲ့"
(အသံပျော့ဆင်းသွားလျက်) "မမက ငွေရင်းစိုက်ထုတ်မယ်ဆိုရင် အလုပ် ကျကျနန
စီးပွားဖြစ်လုပ်ချင်တယ်"
မမြမှီ၏ မျက်နှာမှာ ချိုလာသည်။ ပြီးတော့ စာရေးများအခန်းဘက်သို့"
ဦးဘကွန်း ဆာမိရှိသလား၊ ရှိတဲ့လူ ဖာလူဒါနှစ်ခွက် အဝယ်လွှတ်လိုက်စမ်းပါ"
ဦးဘကွန်း၏ အသံ–
"ဟုတ်ကဲ့၊ ဆာမိ ကြားလား၊ သွားယူစမ်း ဖာလူဒါနှစ်ခွက်"
မမြမှီက ကျွန်တော့်အား–
"ဖြည်းဖြည်းပေါ့နော် ဟုတ်လား"
"ဟုတ်ကဲ့"
ကျွန်တော်သည် ရှေ့က စားပွဲကိုသာ ငုံ့စိုက်ကြည့်နေသည်။ တွေတွေဆိုင်ဆိုင်
ပြောသောအခါ
မမြမှီသည်ဘယ်သို့သော အဖြေမျိုးကိုပေးမည်နည်း။ မမြမှီသည် ထိုင်ရာမှထပြီး နောက်ဖေးရှိ
သူမ၏
အဝတ်လဲရာ၊ မျက်နှာသစ်ရာ၊ ခြယ်သရာ အခန်းသို့ ဝင်သွားလေသည်။

ကျွန်တော့်မျက်စိများသည် စားပွဲပေါ်ရှိ အခြစ်တွေ အကြောင်းတွေ ဂဏန်းအားဖြင့် ရှုပ်ပွနေသော စက္ကူတစ်ရွက်သို့
ရောက်သွားလေသည်။ မမြမှီ၏ လက်ရာပေတည်း။ မမြမှီသည် စဉ်းစားခန်းဝင်သည်ဖြစ်စေ၊ ကုန်သည်ပွဲစားတစ်ယောက်နှင့် အလုပ်စကားပြောနေရာမှာဖြစ်စေ၊ လက်ကဖောင်တိန်ဖြင့် စက္ကူလွတ်တစ်ခုမှာ
ဂဏန်းတွေအကြောင်းတွေ ရေးခြစ်နေတတ်၏။
နောက်ပြီးတော့ ကျွန်တော့်မျက်စိများသည် ဧည့်သည်ကတ်ပြားကလေးများဆီ သို့ ရောက်သွား၏။ ရိုင်းဗဟာဒူး၊
ကပ္ပာဒီးယား၊ ဘာဘူလီလာရမ်း၊ အေအာရ်အက်စ်အမ်၊ အနာမလဲချစ်တီးယား စသော ကုလားနာမည်များ။
မမြမှီသည် မဂိုလမ်းမှာ ကူးသန်းရောင်းဝယ်ရေးလုပ်ပြီး ကုလားများနှင့် အများဆုံး ဆက်ဆံရ၏။ ဦးသာဒွန်းအောင်
အမ်အေဝတ်လုံတော်ရ၊ မန်နေဂျာ၊ သာဒွန်းအောင်ကုမ္ပဏီဟူသော ကတ်ပြားကလေးတစ်ခုကို မြင်ရသောအခါ
ကျွန်တော့်မှာ မျက်လုံးပြူးသွားလေသည်။ အမ်အေတွေ ဘားအက်လောတွေ အောင်ပြီးမှ ကုန်သည်လုပ်သောမြန်မာ
ယခုတစ်ခါသာ တွေ့ဖူးသေးသည်။ ထိုကတ်ပြားကလေးကို ကောက်ယူပြီး စိုက်ကြည့်နေလေသည်။ ကတ်ပြားတွင်
ဦးသာဒွန်းအောင်၏ ရုပ်ပုံလွှာကို မှန်းကြည့်နေသည်။
အတန်ကြာသော် ဖာလူဒါ နှစ်ခွက်လာချလေသည်။ မမြမှီလည်း ခြယ်သခန်းထဲ မှ ထွက်လာ၏။ ဆံပင်ကို
သပ်ရပ်အောင် ပြုပြင်လာသည်။ ပေါင်ဒါတို့လာသည်။ ရေမွှေးဖျန်းလာသည်။
"ကဲ ဖာလူဒါသောက်လိုက်"
ကျွန်တော်က မမြမှီအား ဦးသာဒွန်းအောင်၏ ကတ်ပြားကို လှမ်းပေးလိုက်လေသည်။ ခေတ်ပညာတတ်မြန်မာလူငယ်ကလေးတွေ ကုန်သည်ဘက် လိုက်ရမည်ဟူသော မမြမှီ တစ်ခါတုန်းက ပြောဖူးသည့်
စကားကိုသတိပေးလိုက်ခြင်း ပင်ဖြစ်သည်။
"မမတို့ မိတ်ဆွေပါပဲ၊ ကုန်သည်ချင်းချင်းဆိုတော့ သိကြတာပေါ့"
"ခေတ်ပညာတွေ သည်လောက်တတ်ပြီး ကုန်သည်လုပ်တာ ချီးကျူးစရာပဲနော် မမ"
"အေး ချီးကျူးစရာပေါ့၊ သူတို့က မျိုးရိုးကိုက ကုန်သည်တွေကိုကွဲ့။ မောင်လေး ကားမောင်းတတ်လား"
"ဟင့်အင်း မမောင်းတတ်ဘူး၊ ဘာလုပ်မယ်လို့လဲ"
"ကားမောင်းတတ်ရင် ခဏကြာ အင်းလျားဘက် ကားမောင်းထွက်ရအောင်လို့"
"မမရဲ့ ဒရိုင်ဘာ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မောင်လေး မောင်းတတ်ရင် အပျင်းပြေနှစ်ယောက်တည်း လေညင်းခံရင်း မောင်းရတာပေါ့ ဟဲ
ဟဲ"
မနေ့ညကပဲ ကိုအေးငွေတို့နှင့် အင်းလျားခြောက်မိုင်ခွဲသို့ မော်တော်ကားဖြင့် ထွက်ကြသော စုံတွဲများအကြောင်းကို
သရော်ခဲ့ကြသေးသည်။ အင်္ဂလိပ်စုံတွဲ ကြယ်ရောင်ပျော်ပွဲစားထွက်နေသည်ကို
ကဲ့ရဲ့ခဲ့ကြသေးသည်။ သို့သော်
ကိုယ်တိုင်စုံတွဲရမည့် အခွင့်အရေးကိုကား သာယာတောင့်တလိုက်လေသေးသည်။
"ဟုတ်တယ်၊ ကျွန်တော်ကားမောင်းတတ်ရင် ကောင်းမှာပဲနော်၊ နောက်ကျတော့ သင်ထားမယ်။ ကဲ
ကျွန်တော်ခုနင်က ပြောတာဘယ်လို သဘောရသလဲ"
မမြမှိုသည် တည်ကြည်သောမျက်နှာသွင်ပြင်နှင့် ဆရာမက တပည့်အား စာစစ်နေသလို
ကျွန်တော့်အားစစ်မေးနေလေသည်။
"တကယ်လုပ်ဖို့ ဆုံးဖြတ်ထားပြီလား၊ ကဲ ဖာလူဒါကို သောက်လိုက်ပါဦး"
ကျွန်တော့်အား ဖာလူဒါသောက်ခိုင်းပြီး သူကိုယ်တိုင်လည်း ဖာလူဒါကို သောက်နေလေသည်။ သူမသည်
ကျွန်တော့်စိတ်ကို စမ်းလိုဟန်ရှိ၏။ ဖာလူဒါလေးငါး ဇွန်းသောက်ပြီးနောက်–
"စဉ်းစားပါဦးကွယ်"
ကျွန်တော်လည်း ဖာလူဒါကို လေးငါးဇွန်းသောက်ပြီးနောက်–
"အကြိမ်ကြိမ် စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ မမရဲ့၊ ကျွန်တော့်ကို ကလေးမှတ်နေလို့လား"
"မမှတ်ပါဘူး မောင်ရယ်၊ ကဲ ဒါဖြင့် မမက အရင်းထုတ်ပေးပါပြီတဲ့၊ ဘာအလုပ် လုပ်မှာလဲ ပြောစမ်းပါဦး"
ကျွန်တော်က ပုံနှိပ်တိုက်တည်ထောင်မည့်အကြောင်း အားရပါးရ ပြောပြလေသည်။ သူမသည် စက္ကူလွှတ်တစ်ခုပေါ်တွင် အဓိပ္ပာယ်မရှိ ရေးခြစ်ရင်း နားထောင်နေလေသည်။ ကျွန်တော်က ပုံနှိပ်တိုက်တည်ထောင်ခြင်းနှင့် ပတ်သက်ပြီး စိတ်ကူးထားသမျှကို ပြောပြပြီးသောအခါ
သူမက–
"ဘယ်နေရာမှာ ထောင်မှာလဲ"
ကျွန်တော်ကား ထိုမေးခွန်းကြောင့် ထိတ်ခနဲဖြစ်သွားသည်။ ဘယ်နေရာဟူ၍
လုံးဝစဉ်းစားမထင်ခဲ့ပေ။
"နောက်တော့ နေရာလိုက်ရှာမှာပေါ့ဗျ၊ ပိုက်ဆံရှိရင် ရနိုင်တာပဲ"
"ပုံနှိပ်တိုက်ဆိုရင် ပုံနှိပ်တိုက်နဲ့တော်တဲ့နေရာ ရှာရမယ် မဟုတ်လား၊ အလုပ်အပ်သူတွေ လက်လှမ်းမီရမယ်၊
ပုံနှိပ်တိုက်လုပ်ငန်းမှာ သုံးရမယ့် ပစ္စည်းတွေ အလွယ်တကူ ရောက်နိုင်တဲ့ နေရာဖြစ်ရမယ်"
"ဒါတွေအကုန်စဉ်းစားပြီး နေရာရွေးမှာပေါ့ မမရဲ့၊ ကျွန်တော်နားလည်ပါတယ်၊ စိတ်ချပါ၊
အကောင်းဆုံးနေရာရပါစေ့မယ်"

"ပုံနှိပ်စက်တစ်လုံး ဘယ်လောက်ပေးရသလဲ"
ကျွန်တော်ထိတ်ခနဲဖြစ်သွားပြန်သည်။ စာမေးပွဲကျမည့် မေးခွန်းတွေပဲဟု ထင်မိ၏။
"မပြောတတ်သေးဘူး"
မမြမှီသည် ထိုအဖြေကြောင့် အတော်ပင် အားမလိုအားမရ ဖြစ်သွားဟန်တူသည်။
ကျွန်တော့်အား
သနားစရာသတ္တဝါကလေးပါကလားဟု စိတ်ထဲကပြောနေဟန်တူသည်။ ကျွန်တော်သည်
သတင်းစာတိုက်မှာ
အလုပ်လုပ်ပြီး ပုံနှိပ်တိုက်နှင့် ရင်းနှီး၏။ ပုံနှိပ်တိုက် ဒုတိယဖိုမင်တစ်ဦးအိမ်မှာ နေခဲ့ဖူး၏။
သို့ပါလျက်
ပုံနှိပ်စက်အကြောင်းဘာမျှမသိ။ ဘာတစ်ခုမျှ မမေးမစမ်းခဲ့ဖူးချေ။
"မမက သဘောတူမယ်၊ ငွေရင်းစိုက်တော့မယ်ဆိုရင် ကျွန်တော်ဒါတွေ
အကုန်လေ့လာတွက်ချက်ပြီးမမကို
ပြောပြမှာပေါ့"
မမြမှီသည် ဘာမျှမပြောသေးဘဲ ဖာလူဒါကို တွင်တွင်သောက်လေသည်။ ကျွန်တော်လည်း
ရှေ့စကားမဆက်တတ်သဖြင့် ဖာလူဒါကိုပင် သောက်နေလေ၏။
"မောင်လေးရဲ့ မမနားမလည်တဲ့အလုပ်ကို မလုပ်ချင်ဘူး"
ကျွန်တော့်မှာ မျှော်လင့်ချက်တောင်ကြီး ပြိုလဲတော့မည်ကို မြင်ရဦးတော့မှာလားဟု
စိုးရိမ်မိသည်။
"မမလုပ်မှာမှ မဟုတ်ဘဲ၊ ကျွန်တော်လုပ်မှာပဲ"
"ဘာထူးမှာလဲကွယ်၊ မမရဲ့အရင်းအနှီးနဲ့ မမမောင်လေးက လုပ်တယ်ဆိုတော့ မမကိုယ်တိုင်
လုပ်သလိုပဲပေါ့။
သည်ပြင်အလုပ်ကို စိတ်ကူးစေချင်တယ်ကွယ်"
ကျွန်တော်ကား အတော်စိတ်ပျက်သွား၏။ မှိုင်တွေချကာ စားပွဲကိုပင် ငုံ့ကြည့်နေလေသည်။
တိုက်ပ်ရိုက်သံများ စဲသွားလေပြီ။ စာရေးမများနှင့် စာရေးကြီး ဦးဘကွန်းတို့
ပြန်သွားကြလေသည်။
အခိုင်းအစေများသည် လှည်းကျင်းနေကြသည်။ ဖုန်သုတ်သူက သုတ်သည်။ ဗီရိုပိတ်သူက
ပိတ်လျက်ရှိသည်။
ကျွန်တော်သည် မမြမှီကိုမော့ကြည့်လိုက်သောအခါ မမြမှီသည် ကျွန်တော့်အား ကြင်နာစွာနှင့်
စိုက်ကြည့်နေသည်ကို တွေ့ရလေသည်။
"မမနားလည်တဲ့ ကုန်သည်အလုပ်ကိုပဲ လုပ်ပါလား မောင်လေးရယ်၊ လုပ်စရာတွေ
အများကြီးရှိပါတယ်"
"ဟာဗျာ မလုပ်ချင်ဘူး၊ ကုန်သည်လုပ်တယ်ဆိုတာ ကိုယ်ကျိုးတစ်ခုတည်း ကြည့်ရတဲ့
အလုပ်၊
ဘနဖူးသိုက်တူးရတဲ့ အလုပ်၊ အမြတ်ရရင် ပြီးရော၊ ဘာမဆို လုပ်ရတဲ့အလုပ်။
ကျွန်တော်မလုပ်ချင်ဘူး"

"အလိုမောင်တင်ထွန်း၊ စဉ်းစားပါဦး မောင်၊ စီးပွားရေးလုပ်တယ်ဆိုတာ နိဗ္ဗာန်ရဖို့လုပ်တာ မဟုတ်ဘူး၊ အမြတ်ရဖို့
လုပ်ရတာ။ ကိုယ်ကျိုးမငဲ့ဘဲ နိုင်ငံရေးလုပ်တာမျိုးလည်း မဟုတ်ဘူး၊ ကိုယ်ကျိုးရှိဖို့
လုပ်ရတာ။ ဒါကြောင့်အစက
မေးတယ်မဟုတ်လား၊ စီးပွားရေးလုပ်ဖို့ ဆုံးဖြတ်ပြီးပြီလားလို့"
ဟုတ်ပေသည်။ မမြမှီအား ပြန်လည်ချေပရန် ခက်သည်။ ကျွန်တော်ကား မျက်နှာ
ညှိုးငယ်စွာနှင့်
မှိုင်တွေချ၍သာနေလိုက်သည်။ မမြမှီသည် ကျွန်တော့်အား ကြင်နာစွာ အကဲခတ်နေသည်။
ဆာမိသည်
ဖာလူဒါဖန်ခွက်များကို ယူသွားပြီး စားပွဲကို သုတ်နေလေသည်။ မမြမှီ၏ဒရိုင်ဘာသည်
ကားကိုတိုက်ရှေ့မှာ
ထိုးရပ်ပြီး သူ့သူဌေးမကို စောင့်နေလေသည်။
ကျွန်တော့်မှာ ခဲလေသမျှ သဲရေကျဖြစ်ပြီး စိတ်ငယ်သွားပေသည်။ မျှော်လင့်ချက်ကင်းသဖြင့်
အားနည်းသောလေသံဖြင့်–
"ကဲ သွားတော့မယ်"
"မသွားရသေးဘူး၊ မမနဲ့ ကန်တော်ကြီး လမ်းလျှောက်လိုက်ရဦးမယ်"
"ဟာဗျာ မလိုက်တော့ဘူး၊ ကျွန်တော်ကိစ္စအထူးရှိလို့ လာတာပါလို့ အစကတည်းက
ပြောသားပဲ"
ကျွန်တော့်အသံသည် ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းဖြင့် တုန်ကွဲနေသည်။ ဆာမိသည်
သော့တွဲများကို
မမြမှီရှေ့မှာ လာချပြီး ထွက်သွားလေသည်။
မမြမှီက ချော့မော့သောဟန်ဖြင့်–
"နေပါဦး မောင်လေးရဲ့၊ မင်းကိစ္စပြီးရင် မမကို အဖက်မလုပ်တော့ဘူး၊ မမကို
စိမ်းတော့မယ်လား။ ပြောပါဦး"
ကျွန်တော်ကား ပိုစိတ်ညစ်သွားသည်။ သည်လိုသာ စိမ်းရမည်ဆိုလျှင် ကျွန်တော့်ထက်
တစ်ကိုယ်ကောင်းကြည့်သူ
ရှိတော့မည် မဟုတ်ပေ။ သူမအား ချစ်ခဲ့သည်မှာ အရင်းအနှီးရဖို့လောက်သာ
မြူသည့်သဘောနှင့်ချစ်ခဲ့သည်ဟု
မမြမှီက ထင်သွားလျှင် လောကမှာ သည့်ထက် ရက်စရာကောင်းသော မရှိတော့ပြီ။
တကယ်တော့
အရင်းအနှီးကိစ္စမှာ ခုမှပေါ်ပေါက်လာသော ကိစ္စဖြစ်ပါသည်။ သစ္စာပင် ဆိုဝံ့ပါ၏။
အလွန်ကြေကွဲသော အသံဖြင့် မမြမှီက မေးပြန်သည်။
"ပြောစမ်း မောင်လေး၊ ပြောစမ်း၊ မောင်လေးကိစ္စပြီးမှ မမခေါ်ရာလိုက်မယ်လား။
နို့မဟုတ်ရင် မမကို
မုန်းတော့မယ်လား၊ ပြောစမ်းပါ မောင်လေးရာ မမကို အားနာမနေပါနဲ့"

ကျွန်တော်သည် ရင်ထဲမှာ လှိုက်ဆူလာကာ မျက်ရည်မကျဘဲ ရှိုက်လိုက်မိသည်။
"မဟုတ်ပါဘူး မမရဲ့၊ ကျွန်တော့်ကိစ္စ မပြီးလို့ မမကို မမုန်းသွားပါဘူး၊
ကျွန်တော့်ကိစ္စကတော့
ကျွန်တော့်ထိုက်နဲ့ကျွန်တော့်ကံ ရှိပါစေတော့ဗျာ"
"ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ ရှိပါစေတော့ဗျာ" ဟူသော စကားကို ပြောလိုက်သောအခါ
အသံမှာဆို့နင့်သွားလေသည်။ မမြမှီသည် တကယ်ပင် စိတ်ထိခိုက်သွားဟန်တူသည်။
"မမက အကောင်းပြောတာပါကွယ်။ မမ ကျွမ်းကျင်တာက ကူးသန်းရောင်းဝယ်ရေးဆိုတော့
မင်းကိုလည်း
ကူးသန်းရောင်းဝယ်ရေးပဲ လုပ်စေချင်တယ်။ ဒါမှ မမက ကူညီနိုင်မှာ။
ငွေအရင်းစိုက်ဖို့တစ်ခုတည်း
ကြည့်ပြောနေတာ မဟုတ်ဘူး။ ကဲ ထ လမ်းလျှောက်သွားရအောင်။ မင်းကိစ္စကို နောက်တော့
ထပ်ပြောကြသေးတာပေါ့၊ မင်းလည်း သေသေချာချာ စဉ်းစားထား၊
ကူးသန်းရောင်းဝယ်ရေးဟာ
အကောင်းဆုံးဟုတ်မဟုတ် စဉ်းစားကြည့်ပေါ့ကွယ်"
မမြမှီကား ထိုင်ရာမှ ထနေလေပြီ။ ကျွန်တော်က ထိုင်မြဲထိုင်နေ၏။
မော်တော်ကားသမားသည်
ပလက်ဖောင်းပေါ်ဆင်းပြီး ဆာမိနှင့် စကားပြောနေကြ၏။
"ကုန်သည်တော့ ကျွန်တော် မလုပ်ချင်ဘူး၊ ညာမလုပ်ဘူး၊ ဘာမှ လုပ်မယ် ညာမှ
လုပ်မယ်နဲ့
မင်းဟာကမဟုတ်သေးပါဘူးကွယ်။ ကဲ မမကို မမုန်းဘူးဆိုရင် ထ
လမ်းလျှောက်သွားကြမယ်၊ ကန်တော်ကြီးကို
သွားကြမယ်လေ"
ထိုသို့ပြောစဉ် မမြမှီသည် လက်ကိုင်ပဝါကလေးကို ဖြန့်လိုက်သည်။ ရေမွှေးက
သင်းပျံ့လာသည်။
ကျွန်တော်က ထိုင်ရာမှ ထရင်း–
"ကျွန်တော် လမ်းလျှောက်မလိုက်ချင်ဘူး"
"ဒါဖြင့် ဘယ်သွားချင်သလဲ၊ ရုပ်ရှင်သွားမလား"
ကျွန်တော်က ကလေး၏ နွဲ့ဆိုးဟန်ဖြင့်–
"ရုပ်ရှင်လည်း မသွားချင်ဘူး"
မမြမှီက စိတ်ကောက်သော မူရာဟန်ပန် လုပ်ပြပြီး–
"အို ခက်တာပဲ မောင်လေးကလည်း၊ ဒီလိုဆိုရင် မမကို မုန်းလို့ပဲပေါ့၊ ကဲပြောစမ်း၊
ဘယ်သွားမလဲ"
ကျွန်တော်သည်လည်း စိတ်ဆိုးဟန်၊ သူမ ခေါ်ရာ မလိုက်လိုဟန် ဆောင်၍သာ နေရသည်။
သွေးထဲသားထဲအသည်းနှလုံးထဲကမူ မမြမှီ၏ သံလိုက်ဓာတ်ဆွဲငင်ရာသို့ လိုက်ပါ၍
နေလေပြီ။ ဒါကို

သူမကလည်း အကင်းပါးစွာ နှင့်နားလည်ဟန်ရှိသည်။
"ကဲ ဘယ်သွားချင်သလဲ"
"ဟိုတယ် ကလောကို ပြန်သွားချင်တယ်"
"အို မဖြစ်နိုင်တာတွေ ပြောမနေကြပါစို့ကွယ်၊ ည မမဆီကို လာမလား"
"ဘယ်ကိုလာရမှာလဲ"
"ဒီကိုပဲ လာခဲ့။ ရှေ့က တံခါးသော့ခလောက် ခတ်ထားမယ်၊ သို့ပေမယ့် ဟောဟို တံခါးကို စေ့ရုံစေ့ထားမယ်။
အဲဒီတံခါးရှေ့က မျက်နှာစာမှာ ဆိုင်းဘုတ်ကြီး တစ်ခု ခပ်ကွယ်ကွယ်ဖြစ်နေတယ်၊ စနာရီလောက်မှာ လူပြတ်တာနဲ့
တစ်ပြိုင်နက် ဝင်လာခဲ့၊ မမစောင့်နေမယ်။ ကဲသွားပေတော့"
မမြမှီသည် တိုးတိုးနှင့် မြန်မြန်ပြောပြီး ကျွန်တော်က ခေါင်းညိတ်လိုက်သောအခါ ကျွန်တော့်ရှေ့က
ထွက်သွားလေသည်။ သူမကိုယ်တိုင် တံခါးကို သော့ခတ်ခဲ့သည်။
မမြမှီ၏ ကားထွက်သွားသည်ကို နောက်မှ ငေးကြည့်ပြီး နေရစ်ခဲ့သည်။ အတန်ကြာအောင် ကြောင်နေ၏။
ညတစ်ခေါက် ပြန်လာလို့ ကောင်းမှကောင်းပါ မည်လော။ အပြစ်ကျူးလွန်မှန်းသိပါလျက်နှင့် မရှောင်ကွင်းနိုင်တော့ပြီလော။ ခုမှ သို့လော သို့လော စဉ်းစားနေသည်။ သို့သော် ပြန်မလာလို့ မဖြစ်တော့ဟု
ထင်သည်။ ကျွန်တော်က ခေါင်းညိတ်လိုက်ပြီး ဖြစ်သည်။ ပြီးတော့ အစကမှ အပြစ်ကို မရှောင်ခဲ့ပါဘဲလျက် ခုမှ
ရှောင်နေခြင်းသည်အပိုသက်သက်ပေပဲ။ တစ်ဆုပ်စားလည်း ရှူး၊ နှစ်ဆုပ်စားလည်း ရှူး၊ မထူးတော့ပါဘူးဟု
ယူဆလိုက်မိပေသည်။ မလာဘဲနေမှ အပြစ်ပြုရာ ရောက်လိမ့်မည်။ စောင့်နေမည့် မမြမှီအားနိုပ်စက်သလို
နေလိမ့်မည်။ အရင်းအနှီး စိုက်ထုတ်ပုံမပေါ်၍ ရှောင်သွားပြီဟု သူမက ထင်လျှင်လည်း ရှက်စရာကောင်းလှသည်။
ကျွန်တော့်အား သိုက်တူးသူ ကိုယ်ကျိုးရှာသမားကလေးဟု ထင်မှတ်နေတော့မည်။
ချိန်းထားသောအချိန်မတိုင်မီ သတင်းစာတိုက်သို့သွားပြီး အတော်ကြာအဆက် ပြတ်နေသော သတင်းစာများကို
လှန်လှောဖတ်နေလေသည်။ ထို့နောက် လုပ်စရာရှိတာ လုပ်ပေးခဲ့ပြီး မမြမှီထံသို့ ပြန်လာခဲ့လေသည်။
မဂိုလမ်းအလုပ်တိုက်ထဲ မှောင်ကြီးမည်းမည်းတွင် လက်နှိပ်ဓာတ်မီးကလေး အောက်စိုက်ထိုးထားကာ မမြမှီက
ဆီးကြိုနေလေသည်။ တိတ်တိတ်ပုန်း ခိုးတွေ့ကြရ သော သမီးရည်းစား လူပျိုကလေးများ အပျိုကလေးများဘဝသို့

ပြန်ရောက်သွားကြလေသည်။
မမြမှီသည် ကျွန်တော့်အား သူ့ကိုယ်ကို ပုံအပ်ထားသည်မှာ မှန်၏။ သို့သော်
သူ့အရင်းအနှီးကိုကား
ပုံမအပ်လိုကြောင်း သိနေသဖြင့် ကျွန်တော်က ထိုညတွင် အလုပ်ကိစ္စကို
လုံးဝထပ်မပြောတော့ချေ။
သို့သော်မမြမှီက–
"မမကို အလွဲမထင်နဲ့နော်"
"ဘာကိုလဲ မမရဲ့"
"အလုပ်ကိစ္စလေ၊ မောင်လေးကို မမက မကူညီချင်ဘူးလို့ အလွဲမထင်နဲ့၊ မောင်လေး
စဉ်းစားပြီးလုပ်ဖို့ ပြောတာ။
ပုံနှိပ်စက်လုပ်ငန်းဆိုတာက မောင်လေးကိုယ်တိုင်လည်း ဘာမှ သိတာမဟုတ်ဘူး"
"သင်ယူရမှာပေါ့၊ ဘာထူးသေးလဲ ကုန်သည်လုပ်လည်း သင်ယူမှာပဲ"
"ကုန်သည်အလုပ်ကိုတော့ မမက သင်ပေးနိုင်တယ်၊ မင်းပုံနှိပ်တိုက် အလုပ်ကို ဘယ်သူက
သင်ပေးမှာလဲ"
"မမကသာ အရင်းစိုက်ပေးမယ်ဆိုရင် သင်ပေးမယ့်လူတွေ မရှားပါဘူး။ လုပ်ငန်းမစခင်လည်း
မမ
မေးသမျှပြောနိုင်အောင် သင်မယ်၊ အလုပ်လုပ်တော့လည်း လုပ်ရင်း သင်သွားမယ်"
"ကောင်းပါပြီရှင် နောက်တစ်ခေါက်လာတော့ မမမေးသမျှ မဖြေနိုင်ရင် ပုံနှိပ်စက်လုပ်ငန်းမှာ
အရင်းစိုက်ပြီး
လုပ်ထိုက်မလုပ်ထိုက် စဉ်းစားကြမယ်"
မမြမှီသည် ရုပ်ရှင်ကြည့်ရန်ဆိုပြီး အိမ်မှထွက်လာခဲ့သည်။ ရုပ်ရှင်ရုံထဲမှာ
ဝင်ကြည့်ဟန်ဆောင်ပြီး
လစ်ထွက်လာခဲ့သည်ဖြစ်ရာ ရုပ်ရှင်ပြီးချိန်မှာ ရုပ်ရှင်ပြန် ပရိသတ်နှင့်
ရောပြန်ရမည်ဖြစ်လေသည်။
"မမလည်း မောင်တင်ထွန်းနဲ့ ခလိုဖြစ်ပြီးကတည်းက အိမ်မှာ ရှေးက မုသားမပြောဖူးတဲ့
မုသားတွေ
ဝေနေအောင်ပြောနေရတယ်၊ ပရိယာယ်မာယာ ဉာဏ်တွေလည်း သိပ်သုံးနေရတယ် သိလား"
"ကျွန်တော်လည်း ဒီလိုပဲ၊ မုသားတွေပြောနေရတယ်။ အရင်ကဆိုရင် မုသားပြောရမှာ
တယ်ဝန်လေးတာပဲ"
"ဘယ်သူတွေကိုများ မုသားပြောနေရပါလိမ့် မောင်"
ကျွန်တော့်စိတ်ထဲမှာ မခင်သစ်အား မုသားပြောခဲ့ရပုံကို ဆိုလိုခြင်းဖြစ်သည်။ သို့သော်
မမြမှီအား
မခင်သစ်အကြောင်း ပြောမပြလို။
"သူငယ်ချင်းမိတ်ဆွေတွေကိုပါ မမရယ်။ ရှမ်းပြည်သွားလည်တာဟာ နိုင်ငံရေးကိစ္စ
အရေးကြီးလို့

ခရီးထွက်သွားတာပါလို့ ညာထားရတယ်”
“အေးလေ အမှန်အသိမပေးနိုင်သေးတဲ့အခါမှာ လိမ်ရမှာပဲ။ အချင်းချင်းတော့ မှန်တာ ဖွင့်ပြောကြေးနော်”
“ကျွန်တော်ကတော့ မမကို ဘယ်တော့မှ မလိမ်ဘူး”
“မမကလည်း မောင်လေးကို ဘယ်တော့မှ မလိမ်ပါဘူးကွယ် စိတ်ချပါ”
သို့ဖြင့် ကျွန်တော်သည် တစ်လိမ်နှစ်လိမ် ပွေကာရှုပ်သည့် အဖြစ်အပျက်ထဲမှ ရုန်းမထွက်နိုင် ဖြစ်ခဲ့လေသည်။
ကျွန်တော့်အရှုပ်အထွေးထက် အဆများစွာ ပို၍ရှုပ်ထွေးလာသော ကိစ္စမှာ ဗမာလူကြီးခေါင်းဆောင်တို့၏
နိုင်ငံရေးအရှုပ်အထွေး နိုင်ငံရေးသပွတ်အူ ဖြစ်လေသည်။
ဦးပုနှင့် ဦးဘဖေတို့သည် အော်ယုဝကိစ္စတွင် စကားများကြပြီး ဦးဘဖေ နုတ်ထွက်လိုက်ရသည်။ ဦးစောသည် ဦးပု၊
ဦးဘဖေတို့ အချင်းများမှုတွင် ဝင်အမြတ်ထုတ်သဖြင့် တန်ခိုးပိုတက်လာလေသည်။ ဦးစောသည်
ဝါးရင်းတုတ်များကို ပိုသုံးလာခဲ့၏။ ဂဠုန်တပ်များဖြင့် တို့ဗမာအစည်းအရုံး လှုပ်ရှားမှုများကို နှိမ်နင်းလျက် ရှိ၏။
ဦးဘဖေနှင့်တကွ သူ၏ငါးပွင့်ဆိုင်ပါတီသည် အတိုက်အခံပါတီ ဖြစ်လာလေသည်။ ဒေါက်တာဘမော်၏
ဆင်းရဲသားဝံသာနုကလည်း အတိုက်အခံဖြစ်နေသည်။ သို့သော် ဥပဒေပြုလွှတ်တော် ဒေါက်တာဘမော်အား
ဦးဘဖေ၏ ငါးပွင့်ဆိုင်က အတိုက်အခံ ခေါင်းဆောင်အဖြစ်ဖြင့် အသိအမှတ် မပြုနိုင်ကြောင်း ကြေညာလေသည်။
ဆာပေါ်ထွန်းက အစိုးရသည် မတရားတာ ဘယ်တော့မျှ မလုပ်ကြောင်း ဆင်းရဲသားကို အတိုက်အခံ
နိုင်ငံရေးသမားတွေ ထက်ပိုသနားကြောင်း၊ လခ ၂၅၀၀ိ–သာ ရသော်လည်း ၅၀၀၀ိ– တန်အောင် လုပ်နေကြောင်း၊
ဥပဒေပြုလွှတ်တော်တွင် မိန့်ကြားလေသည်။ ဦးဘလှိုင်က ဝန်ကြီးမလုပ်ချင်ပါဘူးဟု ပြောသောအခါ
ဆာပေါ်ထွန်းက အမတ်လခ ၂၅ဝိ–ကိုပင် ယူနေသူတို့သည် ၂၅၀၀ိ–စား ဝန်ကြီးရာထူး မလိုချင်ဘူးဆိုသော
စကားကို မယုံနိုင်ကြောင်း တုံ့ပြန်ချေပလေသည်။
၁၉၃၉ခု ကုန်၍ ၁၉၄၀ ပြည့်နှစ်တွင်းသို့ ရောက်လာသောအခါ မီးကုန်ယမ်းကုန် မတိုက်ကြသေးသော
စစ်ကြီးကိုကြားဝင်ဖျန်ဖြေရန် ကြိုးစားသူတွေ ပိုများလာလေသည်။ ဟော်လန်ပြည်၏ ဘုရင်မကြီးနှင့်

ဘယ်လ်ဂျီယမ်၏ ဘုရင်တို့သည် အထူးကြိုးစားကြသည်။ အမေရိကန် သမ္မတ ရုစ်ဘဲလ်၏ ကိုယ်စားလှယ်
မစ္စတာ ဆမ်မနာဝဲလ်သည် လန်ဒန်၊ ပဲရစ်နှင့် ဘာလင်မြို့များသို့ သွားရောက်ပြီး
ကြားဝင်ရန် ကြိုးစားခဲ့သည်။
ဟစ်တလာနှင့် တွေ့ခဲ့သည်။ ဟစ်တလာက စစ်ရပ်စဲနိုင်မည့် တောင်းဆိုချက်များကို
မစ္စတာဆမ်မနာဝဲလ်ထံ
တင်ပြလေသည်။ သို့သော် ထိုအချက်များကို ဗြိတိန်က ဘယ်နည်းနှင့်မျှ
သဘောမတူနိုင်ရှိလေသည်။
အင်္ဂလန်မှာ ဖင်လန်ပြည်ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် အပျော်တမ်းစစ်သားများ
စုဆောင်းနေကြလေသည်။
အလှူငွေကောက်ခံနေကြလေသည်။ စစ်တပ်အကူအညီပို့နေကြလေသည်။ သို့သော်
ရုရှားဖင်လန်စစ်ပွဲကား
ရပ်စဲရန်အလားအလာကောင်းလေသည်။ ဗွီပူရီမြို့ကို ရုရှားတို့က သိမ်းမိသည်နှင့်
တစ်ပြိုင်နက် ရုရှား၏
ငြိမ်းချမ်းရေးစည်းမျဉ်းများကို ဖင်လန်က လက်ခံတော့မည်ဟု သတင်းဖြစ်ပွားလျက်
ရှိလေသည်။ ရုရှားကတောင်း
ဆိုသည်မှာလည်း ဖင်လန်သည် ရုရှားကိုတိုက်မည့် နိုင်ငံခြားစစ်တပ်များကို အခြေခံစခန်း
မပေးရန်သာအဓိက
ဖြစ်လေသည်။ သေမလား ရှင်မလား ရွေးချယ်ရန် ဖြစ်သဖြင့် အပြီးအပိုင် နိုင်အောင်သာ
တိုက်ရတော့မည်ဖြစ်ကြောင်း ကြုံးဝါးလေသည်။
ကြုံးဝါးသော်လည်း စစ်ကြီးကား မီးကုန်ယမ်းကုန် မတိုက်သေး။ ရေကြောင်းတိုက်ပွဲနှင့်
လေကြောင်းတိုက်ပွဲအနည်းငယ်သာ ဟိုမှာသည်မှာ ကွက်ကျား ဖြစ်ပွားနေလေသည်။
ထို့ကြောင့် ကြားဝင်
ဖျန်ဖြေသူတို့ကား လက်မလျှော့ကြသေး။
ရုရှားဖင်လန်စစ်ပွဲကိုကား အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ နော်ဝေ၊ ဆွီဒင်တို့သည်
ပိုပြင်းထန်စွာ တိုက်ရန်ပင်
အားပေးနေကြလေသည်။ ဖင်လန်ပြည်ဘက်မှ လိဂ်အော့ဖ်နေရှင်း နိုင်ငံပေါင်းစုံ အသင်းကြီးက
ထောက်ခံသော
ဆုံးဖြတ်ချက်ချအောင် လုပ်ကြသည်။ ။
၅၈
ကြက်အဖိုးအို၏ ဝေဖန်ရေး
ထွန်းကလေး
မတွေ့ရတာကြာပြီ၊ အားရင်လာခဲ့ပါဦးလား။ ကျောင်းဆောင်ကုလာရင်တွေ့ပါတယ်။ ခုတော့
မြင့်ကြီးလည်း စာမေးပွဲပြီးပြီမို့ မနက်အစောကြီး လမ်းလျှောက်ထွက်ချင်လည်း
ထွက်နိုင်တယ်၊

ညနေမြို့ထဲ လည်ချင်လည်း လည်နိုင်တယ်။ ထွန်းကလေး ကြိုက်သလို ချိန်းပေတော့။
တစ်ချိန်ချိန် လာဖြစ်အောင်တော့ လာနော်။
ထွန်းကလေးရေ ပညာထူးချွန်အောင်လို့သာ လုံ့လအထူးထုတ်ရတာ၊ မသက်သာလှဘူး။
အတော်ပင်ပန်းတယ်။ သို့ပေမယ့် ကျန်းမာရေး လေ့ကျင့်မှုတော့ မပေါ့ပါဘူး။
ထွန်းကလေးလည်း ကိုယ့်ဝါသနာအတိုင်း ကိုယ်ကြိုက်တာလုပ်ရင်း ကျန်းမာရေးနှင့်
ပြည့်စုံအောင် နေထိုင်နိုင်ပါစေ။
မြင့်ကြီး
မမြင့်ဦးကဘီအေတွင် မြန်မာစာဂုဏ်ထူးနှင့် အောင်မြင်ပြီးနောက်
အမ်အေဆက်တက်နေလေသည်။ ကျွန်တော်နှင့်
မတွေ့သည်မှာ အတော်ပင် ကြာသွားပြီ။ ထိုစာကလေးကိုရသောအခါ အံ့သြခြင်းသာမက
ရွှင်လန်းဝမ်းမြောက်
ခြင်း၊ ဖြစ်ရသည်။ မမြမိုနှင့်မှားရသည့် အမှားကြီးမှ ရုန်းမထွက်နိုင်ဘဲ အနေရအထိုင်ရ
ကျပ်နေသည့်
ကျွန်တော့်ဘဝတွင် မမြင့်ဦး၏ စာသည် လှောင်နေသော အခန်းတွင်းသို့ လေပြည်ကလေး
ဆော်သွင်းလာသည်နှင့်တူသေးတော့၏။
မမြမိုသည် ကျွန်တော်တောင်းသည့် အရင်းအနှီးထုတ်မပေးသေး။ ကျွန်တော်က
ပုံနှိပ်တိုက်လုပ်ငန်းလုပ်ရန်
စိုက်ထုတ်ရမည့် ငွေအရင်းအနှီး အသေးစိတ်စာရင်းနှင့် တကွစီမံကိန်းကို တင်ပြ၏။ မမြမိုက
ထိုဟာကို
စစ်ဆေးစုံစမ်း ဆဲဖြစ်၏။ ဖြစ်နိုင်မဖြစ်နိုင် မြတ်နိုင်မမြတ်နိုင် စဉ်းစားဆဲဖြစ်၏။
ကျွန်တော်ကလည်း
အလျင်လိုလှပြီး ကျွန်တော်နှင့်နိုင်ငံရေး သဘောကွဲလွဲမှုများသော သတင်းစာတိုက်မှ
ထွက်ချင်လှပြီ။ တစ်ခါလာ
ဘာသာပြန် နောက်တစ်ခါလာတော့လည်း ဘာသာပြန် လုပ်နေရခြင်းကို သည်းမခံနိုင်အောင်
ငြီးငွေ့လာပြီး
မြေအောက်တော်လှန်ရေးသမား ကိုအေးငွေကလည်း ပုံနှိပ်တိုက်ဖြစ်အောင် ကြိုးစားဖို့
တဖွဖွတွန်းနေသည်။
ကျွန်တော်ကလည်းလွတ်လပ်ရေး အရေးတော်ပုံအတွက် တစ်ဖက်တစ်လမ်းမှ
ထိထိရောက်ရောက် လုပ်လိုလှပြီ။
မမြမိုကတော့ အရင်းအနှီး ထုတ်ထိုက် မထုတ်ထိုက် စဉ်းစားနေတုန်း။
တစ်ဖက်တွင်မူ မမြမိုသည် ကျွန်တော့်အား ကာမဂုဏ်နှောင်ကြိုးဖြင့် ခိုင်သည်ထက်ခိုင်အောင်
တုပ်နှောင်ထား၏။
ကျွန်တော့်စဉ်းစားဉာဏ် ကျွန်တော့်စိတ်ဆန္ဒနှင့် ကျွန်တော့်လိပ်ပြာတို့ကား ထိုနှောင်ကြိုးကို
ဖြတ်တောက်ရန်

ကြိုးစားကြ၏။ ဘယ်အခြေအနေမျိုးကြောင့်ဖြစ်ဖြစ် ကြာခိုခြင်းကား ကြာခိုခြင်းပင်၊
အမှားသည်
အမှားပင်ဖြစ်သည်ဟု ဆင်ခြင်မိ၏။ သို့သော် ကာယကံမြောက်ကား ထိုအမှားမှ
ရုန်းမထွက်နိုင်။
ကျွန်တော့်ဘဝကား အနေရအထိုင်ရကျပ်သော ဘဝပေတည်း။ ကျွန်တော့်ဘဝတွင်
မမြင့်ဦး၏စာသည်
လှောင်နေသော အခန်းတွင်းသို့ လေပြည်ကလေး ဆော်သွင်းလာသည်နှင့် တူသေးတော့၏။
မမြင့်ဦးနှင့် နံနက်အစောကြီး လမ်းလျှောက်ထွက်ကြသည်။
နေမထွက်ခင် နံနက်ခင်းအလင်းရောင်ကား ချိုသာအေးမြလှ၏။ လေပြည်ကလေးသည်
ကျွန်တော်တို့နှစ်ယောက်အား ပွတ်သီးပွတ်သပ် နမ်းရှုပ်ပြီးနောက်
အင်းလျားရေမျက်နှာပေါ်တွင်
ရုပ်တိုက်ကစားနေလေသည်။ ငှက်မျိုးစုံတို့၏ သံစုံတူရိယာဝိုင်းကြီးမှာ မြိုင်လှပေသည်။
"ကိုတင်ထွန်း၊ မြို့ထဲက ဒီကိုဘာနဲ့လာလဲ"
"အစောဆုံး အာရ်အီးတီ ဘတ်စ်နဲ့ လိုက်လာခဲ့တာပဲ၊ မြို့ထဲက လာတုန်းက
လမ်းမီးတွေတောင် မငြိမ်းသေးဘူး"
ဤမျှပြောပြီး စကားရပ်သွားပြန်လေသည်။ နံနက်ခင်း၏ သဘာဝအလှကို
ကသိုဏ်းရှုနေမိကြသည်။
အေးမြလန်းဆတ်သောလေကို ရှူရှိုက်ရင်း လမ်းလျှောက်ရသည်တွင် ခြေကိုကြွရသည်ဟုပင်
မထင်။
ကန်ပေါင်လမ်းပေါ်မှသဲနှင့် ကျောက်စရစ်တို့သည် ခြေဖြင့် နင်းလျှောက်ဖို့ထက် လက်ဖြင့်
ဆော့ကစားဖို့
ကောင်းနေသည်ဟု ထင်ရသည်။ မြက်ခင်းပေါ်တွင်ဆီးနှင်းကလေး ဆွတ်ဖျန်းထားသည်။
မမြင့်ဦးသည် ကျွန်တော့်ကိုမကြည့်ဘဲ သဘာဝအလှကို ကသိုဏ်းရှုနေရာမှပင်–
"စင်စစ်မှာတော့ သဘာဝလောက်လှတာ ဘာမှ မရှိဘူးနော်"
"ဟုတ်တယ် ကဲ နံနက်ခင်းသဘာဝကို ကဗျာတစ်ပုဒ်လောက် စပ်ဆိုပါဦးလား"
"ကိုတင်ထွန်းရေ ကျွန်မ ဂုဏ်ထူးယူခါမှ မြန်မာစာတွေ သိပ်လေ့လာရတော့မှ
ကဗျာမရေးတတ်တော့ဘူး"
"အို ဆန်းလှချည်လား၊ စာနဲ့တော့ ပိုပြီး ရေးနိုင်ရမှာပေါ့"
"အဲဒီလို မဟုတ်ဘူး ကိုတင်ထွန်း၊ စာနဲ့လေမရေးတတ်လေပဲ။ စာကြီးပေကြီးတွေဖတ်ရတော့မှ
စာပေဆိုတာ
ဘယ်လောက်ခက်တယ်ဆိုတာ သိတယ်။ ပေါ့ပေါ့ဆဆစာပေ မပြုစုအပ်ဘူးလို့
နားလည်လာတယ်။ ရှေးစာဆို
တွေရဲ့ အဆင့်အတန်းမှီဖို့ဟာ တော်တော့်ပါရမီနဲ့မဖြစ်ဘူးဆိုတာ သဘောပေါက်တယ်။
အရင်ကကျွန်မ

ကိုယ်တိုင်စည်းစနစ်မသိဘဲ စပ်တတ်တယ်၊ ရေးတတ်တယ်ဆိုရုံနဲ့
အရမ်းရေးထားခဲ့တာတွေအတွက်
ရှက်လာတယ်။ ရေးနိုင်ရင် ရှေးစာဆိုတော်တွေ မီအောင်ရေး၊ မရေးနိုင်ရင်ဘာမှ မရေးနဲ့၊
ရှေးစာပေအမွေအနှစ်တွေကိုသာ မပျောက်အောင်သိမ်းထား”
“မမြင့်ဦးလိုသာဖြင့် စာပေအသစ် ဘယ်မှပေါ်တော့မှာလဲ။ ခေတ်အလိုက် အသစ်အသစ်
ဖန်တီးတိုးတက်လာတာ
ဘယ်မှာရှိတော့မှာလဲ”
“ခေတ်အလိုက် တိုးတက်ရမှာတော့ ဟုတ်ပါတယ်။ နို့ပေတဲ့ စည်းမရှိ ကမ်းမရှိ
အလင်္ကာနည်းဥပဒေ
မထိန်းသိမ်းဘဲ ရေးတာမျိုးတော့ မလိုလားအပ်ဘူးရှင့်။ ကျွန်မတော့ ရေးရင်လည်း
ကဗျာစည်းကမ်း
အလင်္ကာနည်းဥပဒေရှိသေလေးစားပြီး ရှေးဆရာတွေမီအောင် ရေးနိုင်မှရေးတော့မယ်။ ခုတော့
ရှေးဆရာတွေကို
မီမယ်လည်း မထင်ဘူး၊ ဒီတော့ ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိဆိုတာ မျိုး
မဖြစ်ချင်ဘူးရှင့်”
“ကိုင်း ဒါဖြင့် ရှေးစာပေ အမွေအနှစ်တွေကို ထိန်းသိမ်းရုံပဲ လုပ်တော့မှာပေါ့”
“ဟုတ်တယ်လေ”
“ဒီလိုဆိုရင် နံနက်ခင်းရဲ့ သဘာဝအလှကို ရှင်ဥတ္တမကျော်က ဘယ်လို ဆိုခဲ့ပုံ၊
နဝဒေးကြီးက ဘယ်လိုစပ်ခဲ့ပုံ၊
ရှင်သန်ခိုက ဘယ်လိုဖွဲ့ခဲ့ပုံ၊ နတ်သျှင်နောင်က ဘယ်လိုသီခဲ့ပုံ၊ ဦးတိုးက ဘယ်လိုရေးခဲ့ပုံ
ကောက်နုတ်ချက်ကလေးတွေ ရွတ်ပြပါဦး”
“အို ကိုတင်ထွန်းကလည်း၊ ကျွန်မ အရိပ်အကဲကို သည်လောက်မှ မခတ်တတ်ဘူးလား။ ဟဲ
ဟဲ သည်ဟာတွေ
ရွတ်ဖတ်ချင်လို့ ရှင်နဲ့ကျွန်မ လမ်းလျှောက်ထွက်ဖို့ ချိန်းတာမဟုတ်ဘူး၊ ကျွန်မလေ
စာမေးပွဲမပြီးမချင်း
ဘယ်စာဆိုက ဘယ်လိုရေးတယ်၊ ဘယ်သူ့ပျို့က ဘယ်လို၊ ဘယ်သူ့ဧချင်းမှာ ဘယ်ရာဇဝင်၊
အို ရှင် စုံလို့ပါပဲ။
ဖတ်လိုက်ရ၊ မှတ်လိုက်ရ၊ ကျက်လိုက်ရ၊ ရေးလိုက်ရ၊ ကိုးကားလိုက်ရ မောနေပြီ။
ငြီးငွေ့နေပြီ။ ကျွန်မ
ရှင်နဲ့စကားစမြည်ပြောရတော့ အပြောင်းအလဲကလေးများ ပြောရကြားရမယ်လားလို့”
“တော်ပါတော့ မမြင့်ဦး၊ နားလည်ပါပြီ၊ ရိပ်မိပါပြီ”
ကမာရွတ်ဘက်ဆီမှ ကြက်ကြီးတစ်ကောင်သည် ထီးတည်းကြီး ချွဲချွဲပျစ်ပျစ် တွန်လိုက်သည်။
မမြင့်ဦးက ကြက်တွန်သံလာရာ အဝေးသို့ လှမ်းငွေး၍ မျှော်ရင်း–
“ခုထိ ကြက်တွန်သံ မစဲသေးဘူးနော်”

“အိပ်ရာထ နောက်ကျနေတဲ့၊ လည်ဆံမွေးတွေ အမြီးကြက်တောင်တွေ ကျွတ်နေတဲ့ ကြက်အဘိုးအိုကြီးရဲ့တွန်သံနဲ့
တူပါတယ်”
မမြင့်ဦးက သဲ့သဲ့ကလေး ရယ်လိုက်သည်။
“ ဟဲ ဟဲ ကြက်အဘိုးအိုအကြောင်း ကိုတင်ထွန်းဖော်ပြပုံက ကဗျာတော်တော် ဆန်တယ်၊ အမှန်မှာတော့
ကိုတင်ထွန်းဟာ စာရေးဆရာဖြစ်ဖို့ကောင်းတယ်”
“ကြက်အဘိုးအိုရဲ့အကြောင်း ခေတ်စမ်းကဗျာတစ်ပုဒ်လောက် ရေးဦးမှ ထင်ပါရဲ့၊ ဆရာဇော်ဂျီရဲ့
ဟန်မျိုးနဲ့ပေါ့လေ။ ကြက်အဘိုးအိုကို စာဆိုက အိပ်ရာထနောက်ကျတဲ့အတွက် ကဲ့ရဲ့တယ်ဆိုပါတော့။
လည်ဆံမွေးတွေကျွတ်နေတာ၊ အမြီးကြက်တောင် မစုံတော့တာအတွက် အမနာပစကား ပြောတယ်ဆိုပါတော့။
ဒီတော့ ကြက်အဘိုးအိုက ငယ်ငယ်တုန်းက အရောင်တဖိတ်ဖိတ်ထပြီး ပန်းဖွားနဲ့တူတဲ့ လည်ဆံမွေးတွေ
တဖွားဖွားနဲ့ ကြွားဝါခဲ့ပုံ၊ ရောင်စုံခြယ်ထားတဲ့ အမြီးအတောင်တို့ကို ဖြာချပြီး ဟန်ပြခဲ့ပုံ၊ ကြက်မတွေကို
တကော်ကော်ဟစ်အော်ပြီး ရစ်ခဲ့ပုံ၊ ပိုးဘက်ပန်းဘက် ကြက်ဖတွေကို ခွပ်လွှတ်ပုံ ပြန်ပြောမယ်”
မမြင့်ဦးသည် တဟဲဟဲ ရယ်နေလေသည်။ ကျွန်တော်ချစ်ခဲ့သည့် တောက်ပဝိုင်းစက်သော မျက်လုံးများနှင့်အပြုံး၊
ပါးချိုင့်များကို အသစ်တစ်ဖန် တွေ့ရပြန်ပြီ။
အင်းယားကန်ပေါင်မှ ဆင်းပြီး ကေဘကြီး ခြံဘက်သို့ လျှောက်ခဲ့ကြပြန်လေသည်။
သစ်ပင်အုပ်အုပ်ကြီးများထိပ်ဖျားတွင် နေခြည်ပက်ဖျန်း လျက်ရှိသည်။
“ရှင့် ကဗျာကိုဘယ်လို ခေါင်းစဉ်တပ်မလဲ”
“ဆရာဇော်ဂျီတို့ဟန်အတိုင်းပဲ၊ ‘အိုကြက်အဘိုးအို’လို့ ခေါင်းစဉ်တပ်လိုက်မယ်”
“သူများအတုခိုးတာ မကောင်းဘူး ကိုတင်ထွန်းရဲ့၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဟန် တီထွင်ဖို့လိုတယ်။
ကျွန်မအလိုသာဖြင့် ‘ကြက်အဘိုးအို၏ ဝေဖန်ရေး’လို့ ခေါင်းစဉ်တပ်လိုက်မှာပဲ”
“ကောင်းတယ်၊ သိပ်ကောင်းတာပဲ။ ဟောဒီအိမ်က ဂဠုန်ဦးစောရဲ့ အိမ်ပဲ၊ ဝင်းကြီးက တော်တော်ကောင်းတယ်”
“သူဒီမှာပဲ နေတုန်းလား”
“ခု ရှေ့နားက အိမ်ကိုပြောင်းသွားပြီ။ အင်းလျားကန်ထဲက ကျွန်းဆွယ်ကလေးတစ်ခုပေါ်မှာ ထီးထီးကြီးတည်ထားတဲ့ တိုက်ကလေး၊ သိပ်ပြီး အေးချမ်းသာယာတာပဲ”

“သူက အရင်ကတော့ ချမ်းချမ်းသာသာထဲက မဟုတ်ဘူးဆို၊ ခု နိုင်ငံရေးလုပ်မှ
တိုးတက်လာတာ ဖြစ်မှာပေါ့နော်”
“အရင်ကတော့ တတိယတန်း ရှေ့နေဆိုလား ဘာဆိုလားပါပဲ။ ခုတော့သူတို့က
စီးပွားရေးရော၊ နိုင်ငံရေးရော
တွဲလုပ်တာကိုး၊ ဒီတော့ တိုက်နဲ့တာနဲ့ ဖြစ်လာနိုင်တာပေါ့”
“ရှင်တို့နဲ့များ သိပ်ကွာတာပဲ၊ အသက်မွေးဝမ်းကျောင်းမှုအတွက် ဘီအယ်လ် အောင်အောင်
လုပ်ပါဆိုတာတောင်
မလုပ်ချင်ဘူး”
“ဒီကိစ္စကို သင်ပုန်းချေထားလိုက်ကြပါစို့ မြင့်ရယ်”
“ကောင်းပါတယ်လေ၊ ကျွန်မလည်း နောင်ထပ်မပြောတော့ပါဘူး၊ ခုလည်း စကားစပ်မိလို့သာ
ပြောမိတာပါ။
ကျွန်မသဘောကတော့ ဦးစောတို့လို စီးပွားရေးနဲ့ နိုင်ငံရေး တွဲဖက်လုပ်တဲ့သဘောမျိုးကို
လုံးဝထောက်ခံတာမျိုး
မဟုတ်ပါဘူး၊ အူမတောင့်မှ သီလစောင့်နိုင်တယ်ဆိုတာလို အသက်မွေးဝမ်းကျောင်းကလေးရှိမှ
နိုင်ငံရေး
လုပ်နိုင်တယ်လို့ ထင်တယ်၊ ဒါပါပဲ”
မမြင့်ဦး၏ စကားကို ကျွန်တော်မငြင်းနိုင်ချေ။ သို့သော် အားကျမခံ ပြောလိုသေးသည်။
“မြင့်ပြောတာတွေ ဟုတ်တော့ဟုတ်တာပဲ၊ နို့ပေတဲ့ ဘာစီးပွားရေးကျမှ မလုပ်ဘဲ ကိုယ်ကျိုး
လုံးဝစွန့်လွှတ်တဲ့သဘော၊ အငတ်ခံတဲ့သဘော၊ အမြဲတမ်း လွတ်လပ်ရေး
အရေးတော်ပုံကြီးအတွက်
အကျိုးဆောင်တဲ့သဘောဟာအင်မတန် မွန်မြတ်တာကလား၊ ခုဆိုရင် အဲဒီလို
မွန်မြတ်တဲ့အလုပ်လုပ်နေသူတွေ
အများအပြား ရှိနေပြီ၊ ကိုဘဟိန်းတို့၊ ကိုအောင်ဆန်းတို့ကို ကြည့်ပါလား”
“သူတို့လည်း တစ်ဝမ်းတခါးစားဖို့တော့ ရှာရသေးတာပဲ မဟုတ်လား၊ ကိုဘဟိန်းဆိုလို့ရှိရင်
မိန်းမယူလိုက်ပြီးမို့
ဝမ်းစာမရှာဘဲ နေနိုင်ပါဦးမလား၊ ဝမ်းစာရှာရမယ့်အတူတူ၊ အသက်မွေးဝမ်းကျောင်းမှုအတွက်
အတတ်ပညာတစ်ခုခု
တတ်ထားခဲ့ရင် မကောင်းပေဘူးလား”
ကျွန်တော်လုံးဝ အရှုံးပေးရလေတော့သည်။
“ဟုတ်ပါတယ် မြင့်ရယ်၊ ကိုယ် မှားပါတယ်”
ကျွန်တော်ကား မလိုတမာ ဝန်ခံလိုက်ခြင်းမဟုတ်။ တကယ်စိတ်ပါလက်ပါ
ဝန်ခံလိုက်ခြင်းဖြစ်သည်။ မမြင့်ဦးသည်
သူမှန်၍ ကျွန်တော်မှားခြင်းအတွက် ဝမ်းသာထောင်လွှားခြင်း လုံးဝမပြ။ ကျွန်တော့်အား
ကရုဏာမေတ္တာအပြည့်ပါသော အကြည့်ဖြင့်သာ ကြည့်နေလေသည်။

ကျွန်တော်တို့ မျက်နှာတူရူမှ လုံးကြီးပေါက်လှ ခံ့ညားသပ်ရပ်သော
မိန်းမကြီးတစ်ယောက်လျှောက်လာသည်။
ကျွန်တော်တို့သည် စကားမပြောကြတော့ဘဲ မှန်မှန်လျှောက်လာကြသည်။ မိန်းမကြီးမှာ
ဂဠုန်ဦးစော၏
ဇနီးဒေါ်သန်းခင်ဖြစ်နေလေသည်။
ဒေါ်သန်းခင်က ကျွန်တော့်အားပြုံးနှုတ်ဆက်သည်။
ကျွန်တော်က–
"ဒေါ်ဒေါ် နေကောင်းပါသလား ခင်ဗျာ"
"နေကောင်းပါတယ်၊ မောင်တို့ စောစောစီးစီး ဘယ်ကလာကြသလဲ"
ပြုံးစိစိနှင့် ကြည့်မေးသောကြောင့် ကျွန်တော်တို့နှစ်ယောက်အပေါ်မှာ ဘာကလို တိုတို
အထင်ရှိနေကြောင်း
ရိပ်မိလိုက်ပါသည်။
"လမ်းလျှောက်ထွက်လာကြတာပါပဲ ဒေါ်ဒေါ်၊ မနက်စောစောပဲ လမ်းလျှောက်
လို့ကောင်းတယ်၊
ကားအသွားအလာလည်း နည်းတယ်၊ နေလည်း မပူဘူး"
ဒေါ်သန်းခင်က ပြုံးစိစိမျက်နှာဖြင့်ပင်–
"ကဲ ကဲ လျှောက်ကြ လျှောက်ကြ"
ကျွန်တော်တို့ ရှေ့ဆက်လျှောက်လာကြသည်။
မမြင့်ဦး–
"ဒီအဒေါ်ကြီးက ဘယ်သူလဲ ကိုတင်ထွန်းရဲ့"
"ဂဠုန်ဦးစောရဲ့ ဇနီးဒေါ်သန်းခင်ဆိုတာလေ၊ ဦးစောက မာမီလို့ခေါ်သတဲ့"
မမြင့်ဦးက သဲ့သဲ့ရယ်လိုက်သည်။
"ဘယ်တုံးက သိကြတာလဲ"
"ကျောင်းသားအရေးတော်ပုံအတွင်းက သိကြတာပဲ၊ နိုင်ငံရေးကျောင်းသား ဆိုတော့
နိုင်ငံရေးခေါင်းဆောင်တွေ
အိမ်ရောက်ပြီး အိမ်သူအိမ်သားတွေနဲ့လည်း သိတဲ့အခါ သိကြတာပေါ့"
"ဦးစောနဲ့သိရင် သခင်တွေကို ဝါးရင်းတုတ်နဲ့ မရိုက်အောင် ရှင် ပြောလို့မရဘူးလား"
"လူချင်းသိတာခင်မင်တာ တခြား မြင့်ရဲ့၊ နိုင်ငံရေးကွဲပြီး သူတို့က အစိုးရရာထူးလည်း
ယူထားတော့
ဖိနှိပ်ချုပ်ချယ်မှုတွေလုပ်တာ ဓမ္မတာပါပဲ မရိုက်ပါနဲ့လို့ သွားတောင်းပန်နေရုံနဲ့ မရဘူး"
"ဦးစောက ရှေးမင်းများထုံးစံအတိုင်း လယ်ထွန်မင်္ဂလာလုပ်မယ်ဆိုတာ ဟုတ်သလား"
"ဟုတ်တယ်။ ဒါတင်မကသေးဘူး၊ အောင်မြေတောင် နင်းဦးမယ်တဲ့။ အဆောင်အယောင်
အခမ်းအနားတွေနဲ့လုပ်ပြီး သူ့ကိုယ်သူ ကြော်ငြာတဲ့နည်းတွေပါ မမြင့်ဦးရယ်၊
တောင်သူလယ်သမားတွေအတွက်
တကယ်အကျိုးရှိအောင်လုပ်နိုင်တာ မဟုတ်ပါဘူး"

"ကျွန်မကတော့ တောင်သူလယ်သမားတွေ တကယ်အကျိုးရှိမရှိ မစဉ်းစားလိုက်မိဘူး။ လယ်ထွန်မင်္ဂလာလုပ်မယ်ဆိုတော့ ရှေးမင်းများလက်ထက်က လယ်ထွန်မင်္ဂလာများမှာ သီဆိုတဲ့
ဖုံကြီးသံများကိုတောင် စုဆောင်းထားသေးတယ်၊ ဆောင်းပါးရေးမယ်လို့"
"အစိုးရက လူထုကိုလှည့်စားနေရာမှာ မမြင့်ဦးက မပါပါနဲ့တော့လေ"
မမြင့်ဦးသည် ဘာမျှမပြောတော့ဘဲ ပြုံးချိုချိုမျက်နှာထားဖြင့် ကျွန်တော့်စကား ကိုသာ နားထောင်နေလေသည်။
ကျွန်တော်က အစိုးရ၏ ခနရှင်အကျိုးပြု မြေယာစီမံကိန်းများအကြောင်းကို
ပြောပြနေလေသည်။ မြေပိုင်ရှင်များထံမှ
အစိုးရက မြေများကိုဝယ်ယူပြီးနောက် မြေမဲ့ယာမဲ့များအား အရစ်ကျနှင့် ထိုမြေများကို ရောင်းချမည်။
ထိုကဲ့သို့သောအားဖြင့် မြေပိုင်ရှင်များလည်း အရင်းအနှီးရပြီး စက်မှုလက်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများ
လုပ်နိုင်မည်။ မြေမဲ့ယာမဲ့ တောင်သူလယ်သမားများလည်း မြေယာရမည်။
မမြင့်ဦးက–
"အဲဒီအတိုင်း ဖြစ်ရင်တော့ ကောင်းသားပဲ"
"ဖြစ်လည်းဖြစ်မှာမဟုတ်ဘူး၊ ကောင်းလည်းမကောင်းဘူး၊ တရားလည်းမတရား ဘူး"
"ဟင် ဘယ့်နှယ်ကြောင့်လဲ"
"မြေပိုင်ရှင်တွေလက်က မြေတွေဝယ်ဖို့လို့ အစိုးရမှာလည်း ငွေအလုံအလောက်ရမှာ မဟုတ်ဘူး။
အခွန်ဘဏ္ဍာတွေတိုးကောက်ရင် ကောက်မှာပဲ။ ပြီးတော့ အစိုးရက ဝယ်နိုင်တယ်ထားဦး၊ အစိုးရဆီကတစ်ဆင့်
မြေမဲ့ယာမဲ့ တောင်သူလယ်သမား၊ ဆင်းရဲသားများရဲ့ အဆင့်အတန်းရောက်အောင် နှိမ့်ချလိုက်ပြီး
တန်းတူဖြစ်အောင်လုပ်တဲ့ ဝါဒဖြစ်တယ်လို့ ပြောကြတယ်"
"ဒါ မဟုတ်ပါဘူး၊ လူနည်းစုအကျိုးအတွက်လူအများစုကြီးက လက်မဲ့ဖြစ်ရ၊ နစ်နာဆုံးရှုံးရ၊ ဒုက္ခရောက်ရတာကို
ပယ်ဖျက်ပြီး လူအားလုံး တန်းတူတိုးတက် ကြီးပွားအောင် လုပ်ဖို့ပါပဲ"
"အားလုံးတန်းတူဖြစ်နိုင်ပါ့မလား၊ အရည်အချင်းချင်း လုံ့လဝီရိယချင်းမှ မတူကြဘဲနဲ့ဟာပဲ"
"တန်းတူဆိုတဲ့သဘောက အခွင့်အရေး တန်းတူရတာကိုသာ ဆိုလိုတာပါ"
"ရှင်တို့ ဘုံဝါဒဟာ ဘာသာရေးကို ဆန့်ကျင်တယ်ဆို မဟုတ်လား"
"မဆန့်ကျင်ပါဘူး၊ အမှန်က ဘုံဝါဒဆိုတဲ့ မာ့က်စ်ဝါဒအောင်မြင်ရင် ဘာသာတရားတွေရဲ့ မွန်မြတ်သောအဆုံးအမတွေ၊ ဩဝါဒကိုလူတွေက အကောင်းဆုံး လိုက်နာနိုင်ကြမှာပါပဲ။ နဂါးနီဂျာနယ်ထဲမှာ
သခင်နုရေးတဲ့ ကျွန်တော်ဘုံဝါဒသမားဆို တာ မဖတ်လိုက်ရဘူးလား"

"မတွေ့လိုရဘူး"
"ကိုယ်ရှာပေးမယ်၊ အဲဒီ ဆောင်းပါးကိုဖတ်ရင် ဒီအချက်တွေမှာ ရှင်းရှင်းကြီး
သဘောပေါက်မှာပဲ"
ကျွန်တော်တို့သည် မရမ်းကုန်းသို့ ရောက်လာခဲ့ကြပြီ။ ချွေးများလည်း စို့လာပြီ။
"ဟိုဘက် ပတ်လျှောက်ချင်သေးသလား"
မမြင့်ဦးက ရပ်လိုက်ပြီး–
"ပြန်လှည့်ကြစို့လား၊ နေပူလာရင်လည်း ကောင်းတော့မှာ မဟုတ်ဘူး"
"ဟုတ်တယ်၊ ကာဖီသောက်ကြဦးစို့လေ"
ကျွန်တော်တို့သည် ကာကာဆိုင်ဝင်ပြီး ကာဖီသောက်ကြသည်။
ဘတ်စ်ကားများ လှုပ်ရှားမှု များလာပြီ။
ကာဖီသောက်ပြီး ဆိုင်မှထွက်လာကြသောအခါ ရှစ်မိုင်ဘက်တွင် ကုလားစစ်သားများသည်
ပြည်လမ်းမကြီးကို
ကူးဖြတ်သွားသည်ကို တွေ့လိုက်ရလေသည်။ ဂေါ်ရာဆာဂျင် တစ်ယောက်လည်း ပါသည်။
သူတို့သည်
စစ်ရေးလေ့ကျင့်နေကြခြင်းဖြစ်၏။ မမြင့်ဦးမှာ အနည်းငယ်ထိတ်လန့်သွားဟန် ရှိလေသည်။
ကျွန်တော်တို့သည် အတန်ကြာဘာမျှမပြောဘဲ ခေါင်းငိုက်စိုက်ချပြီး လမ်းလျှောက်ကြသည်။
ကားလမ်းဘေးမှ
လူသွားလမ်းမှာ လျှောက်ကြရ၏။
"ကိုတင်ထွန်း စစ်ကြီးက ဒီဘက်ကိုများ ကူးလာဦးမှာလားဟင်"
"ကူးလာမှာပဲထင်တယ်"
"ဒုက္ခပါပဲနော်"
"ဒုက္ခတော့ ဒုက္ခပေါ့၊ ဒါပေမဲ့ စစ်ဖြစ်လာရင်တော့ အင်္ဂလိပ်အခက် ဗမာ့အချက်ဆိုတဲ့
စကားအတိုင်း
ဗမာ့လွတ်လပ်ရေးအတွက် ချက်ကောင်းယူရမှာပဲ"
"လွတ်လပ်ရေးရမယ်ဆိုတာကတော့ ကောင်းပါရဲ့၊ နို့ပေမဲ့ စစ်ကြီးဖြစ်လာလို့ လူတွေ
သေကြ ကျေကြမှာ၊
အိုးအိမ်တွေ ပျက်စီးမှာတွေးပြီး အားကြီး ရင်လေးတာပဲရှင်"
"ခု အနောက်နိုင်ငံတွေမှာ စစ်ကြီးဟာ ခပ်ဆိုင်းဆိုင်း ခပ်အုပ်အုပ် ဖြစ်နေရာက နေပြီး
ပြင်းပြင်းထန်ထန်ကြီး
ဖြစ်လာပြီ။ ဂျာမနီနဲ့ အင်္ဂလိပ်ပြေအေးဖို့ အောင်သွယ်ကြတာတွေလည်း မဖြစ်တော့ဘူး။
ဟာဟက်စ်ဘီလပ်ကို
လေယာဉ်ပျံနဲ့ ထိုးဆင်းတာလည်း ဂျာမနီနဲ့ အင်္ဂလိပ်ပြေအေးပြီး ရုရှားကို ပေါင်းတိုက်ကြဖို့၊
စေ့စပ်ဖို့ဆိုပဲ။
နို့ပေတဲ့ မဖြစ်နိုင်တော့ဘူး၊ ပြင်သစ်လည်း ဂျာမနီလက်အောက် လုံးလုံးရောက်တော့မယ်။

ဂျပန်ကချက်ကောင်းစောင့်နေတာ။ မြုန်းခနဲ ထချလိုက်ရင် အရှေ့ဘက်မှာ စစ်ပွဲကြီးဖြစ်မှာပဲ။ ဂျပန်က
ဒီဘက်မှာမဟာမိတ်တွေကို ချတာနဲ့ တစ်ပြိုင်နက် ကိုယ်တို့ဗမာတွေကလည်း အင်္ဂလိပ်ကို ထချဖို့
ပြင်ဆင်ထားကြရမယ်”
မမြင့်ဦးကား ကျွန်တော်ပြောသည်များကို ကြားဟန်မရှိတော့ပေ။ စကားလည်း တစ်ခွန်းမျှ မပြော။ ခေါင်းငိုက်စိုက်
ချ၍သာ လျှောက်နေလေသည်။ မမြင့်ဦးမှာ စစ်ကြီးကိုသာ
တွေးတောထိတ်လန့်နေဟန်ရှိပေသည်။
သည်လိုနှင့် အတော်ကြာအောင် လျှောက်လာကြလေသည်။
“မမြင့်ဦး ကန်ပေါင်ရိုးပေါ်တက်ဦးမယ်လား၊ နေတော့ပူလာပြီ”
“တက်တာပေါ့ ကိုတင်ထွန်းရယ်၊ ဒီနေနုနုကတော့ ကျန်းမာရေးအတွက်တောင်
ကောင်းပါသေးတယ်”
ကန်ပေါင်ရိုးပေါ်သို့ မမြင့်ဦးက ရှေ့ကတက်သည်။ ကျွန်တော်က နောက်မှလိုက်သည်။ အပေါ်သို့ရောက်သောအခါ
သူမက ကျွန်တော့်အား စောင့်ခေါ်သည်။ ပခုံးချင်းယှဉ်မိသောအခါမှ အတူတွဲလျှောက်သည်။
“ကိုတင်ထွန်းကို တိုင်ပင်စရာရှိသေးတယ်”
“ဘာကိစ္စပါလိမ့်၊ ဆိုစမ်းပါဦး”
“ကိုသန်းမြိုင် အကြောင်းပေါ့”
ကိုသန်းမြိုင်ကား ဘီအေတွင် ရာဇဝင် ဒုတိယတန်း ဂုဏ်ထူးနှင့် အောင်ပြီးသော
နည်းပြဆရာကလေးဖြစ်သည်။
မမြင့်ဦးနှင့် ရိုးရိုးမိတ်ဆွေအဖြစ် ဆက်သွယ်နေခဲ့သည်။ မိတ်ဆွေအချင်းချင်း စာရေးကြသည်။ မကြာသေးမီက
အစပြုပြီး ကိုသန်းမြိုင်သည် ဖောက်ပြားလာသည်။ သူ့အား အတုံ့အပြန် ချစ်ရမည်
ကြိုက်ရမည်ဟုနားပူနားဆာ
တောင်းဆိုနေခဲ့သည်။ ယခုမူ စိတ္တဇနာဖြစ်ပြီး ဆိုင်ကိုလိုဂျီနည်းနှင့် ကုသသော
ဆရာဝန်ကြီးတစ်ဦးထံသွားပြီး
စမ်းသပ်ရသည်ဟု မမြင့်ဦးထံစာရေးလေသည်။ မမြင့်ဦးပါသူနှင့်လိုက်လာမှ ကုလို့ရမည်ဟု ထိုဆရာဝန်ကြီး
ဆိုသောကြောင့် ဆရာဝန်ကြီးထံသို့ မမြင့်ဦး သူနှင့် နှစ်ယောက်တည်း လိုက်ခဲ့ရန်
ခေါ်နေလေသည်။
“အဲဒါ ကျွန်မနောက် ဇွတ်လိုက်ခေါ်နေတာပဲ၊ ဘယ်လိုလုပ်ရမလဲရှင်”
“ကဲ နေစမ်းပါဦး၊ သေသေချာချာ မေးပါရစေဦး။ မြင့်က သူ့ကို နည်းနည်းမှ
မချစ်နိုင်ဘူးလား၊

သူဟာစာလည်းတော်တယ်၊ သဘောသကာယလည်း ကောင်းတယ်၊ မြင့်ကိုလည်း တကယ်ချစ်တယ်”
“အို မချစ်နိုင်ပါဘူးဆိုနေမှပဲ”
ကျွန်တော်က ရယ်သွမ်းသွေးလျက်–
“အို စဉ်းစားဦးလေ၊ မြင့်လည်း ကြာတော့ ဟိုင်းသွားလိမ့်မယ်”
မမြင့်ဦးက တဟဲဟဲ ရယ်လိုက်ပြီးနောက်–
“မမအုံးတို့၊ မမစောတို့၊ ကျွန်မတို့ကတော့ အပျိုကြီးဇာတာကိုက ပါနေပြီးသား ထင်ပါရဲ့။ ပညာတွေတတ်ထားတော့ ကိုယ့်ထက်ပညာနည်းတဲ့သူ လူကိုလည်း မယူနိုင်ဘူး၊ ကိုယ်နဲ့ပညာရည်တူ
ယောကျာ်းမျိုး တွေ့ပြန်တော့လည်း အဲဒီယောကျာ်းမျိုးက ကျွန်မတို့လို ပညာတတ်တွေထက် ပစ္စည်းဥစ္စာရှိတဲ့လူမှ
ရွေးကြတယ်။ ဒါတင်မကသေးဘူး၊ ကျွန်မတို့ကလည်း ရှုထောင့်အမျိုးမျိုးကနေပြီး ယောကျာ်းတွေကို ရွေးတယ်။
ကျွန်မတစ်ယောက်တည်းအတွက်ပိုခက်တာက ကျွန်မက ခပ်ငယ်ငယ်တုန်းက ဗမာစစ်စစ်မှယူမယ်၊ ကပြားတို့
လူမျိုးခြားတို့ မယူဘူးလို့ စွဲစွဲလမ်းလမ်း ဆုံးဖြတ်ထားတယ်။ ကိုသန်းမြိုင်ဟာ ကပြားမို့ ကျွန်မ လက်မခံတာ၊
နို့မဟုတ်ရင် ဘာငြင်းစရာရှိသလဲ”
“ဒီလိုဆိုရင်ဖြင့် မမြင့်ဦးဟာ တစ်သက်လုံး အပျိုကြီးလုပ်သွားမှာလား”
မမြင့်ဦးသည် ကျွန်တော့်အား ဖျတ်ခနဲ ငဲ့ကြည့်လိုက်သည်။ ပြီးတော့ မျက်နှာလွှဲလျက်–
“ကျွန်မချစ်တဲ့လူက ကျွန်မကို ဖွင့်ဟပြီး ချစ်ပါတယ်လို့ မပြောမချင်း ဒီလိုပဲ နေရတော့မှာပဲ”
ကျွန်တော်ကား လွမ်းသလိုလို ဆွေးသလိုလို ဖြစ်လာသည်။ ရင်ဖိုလာသည်။ ‘တက်တက်စင် ရှိုးပါလျက်ကယ်နှင့်၊
ကလက်တက်တက်ထင်သူရယ် တစ်မျိုးသဒ္ဒါ မပျက်စေနှင့်၊ အပိုးဝါသနာဘက်ကိုတဲ့ ကွင်းသမို့ဖယ်၊
ငြင်းလို့ပယ်နိုင်ပါရဲ့ ဖြောင့်စွာ သဘော၊ မင်းတို့အရွယ်ကိုဖြင့် ကျောင်းဒကာ မစော’ဟု ဟိုအစဦးက မမြင့်ဦးအား
ရေးသားပေးခဲ့သည့်စာကို သတိရနေလေသည်။ ကျွန်တော်သည် မမြင့်ဦး၏ ချစ်သူဖြစ်သည်ဟု
ကျွန်တော်ယုံကြည်သည်။ သို့သော် ကျွန်တော်ကစ၍ ဖွင့်ဟမပြောဝံ့။ ဟိုတုန်းက အားကျမခံ တရားလွန်ပြောခဲ့သော စကားတွေက ဟန့်တားထားသည်။
“မမြင့်ဦးမှာ ချစ်သူရှိတယ်နော်”
“အို မရှိဘဲ ဒီစကားပြောပါ့မလား”
“ဘယ်သူပါလိမ့်မလဲနော်”

မမြင့်ဦးက ကျွန်တော့်အား မျက်စောင်းထိုးပြီး ကြည့်နေသည်။ ဒေါသပါသော
မျက်စောင်းကားမဟုတ်၊ အားမလို
အားမရနိုင်သော မျက်စောင်းသာဖြစ်သည်။
"မိန်းမနဲ့ယောကျာ်း၊ ယောကျာ်းကသာ စပြောရတယ်။ အဲဒီတော့ ကျွန်မချစ်သူက ဖွင့်ပြီး
စမပြောမချင်း
ဘယ်သူမှန်းရှင်သိမှာ မဟုတ်ဘူး။ ကဲ နားလည်ပြီလား"
ထိုခဏ၌ ထိုမျက်စိတစ်မှိတ် လျှင်တစ်ပြတ်၌ မခင်သစ်ကလေး၏ မျက်နှာနှင့်
မမြမိုကြီးတို့၏ မျက်နှာများသည်
ကျွန်တော့်မျက်စိထဲမှာ ထင်းခနဲ ပေါ်လာကြလေသည်။ မမြင့်ဦးကား ကျွန်တော်၏အချစ်ကို
ဖွင့်ဟပြောပြရန်
ဘယ်နည်းနှင့်မျှ ပါးစပ်ဖွင့်၍ မရတော့ချေ။
ကျွန်တော်က ငြိမ်နေသောကြောင့် မမြင့်ဦး အတော်အနေရ ကျပ်ရှာမည်ဖြစ်၏။ သို့ရာတွင်
မမြင့်ဦးသည်
သူမ၏နည်းနှင့်သူမ ကျွန်တော့်အား နားလည်ထားဟန်ရှိ၏။ သူမအား ချစ်ကြောင်း
ဖွင့်ဟမပြောနိုင်သေးသည့်
အကြောင်းရင်း ခြေခြေမြစ်မြစ် မွန်မွန်မြတ်မြတ် ရှိရမည်ဟု မမြင့်ဦးက
ယူဆထားဟန်တူသည်။
"ကဲ ကိုရွှေသန်းမြိုင်ကိစ္စ ဘယ်လိုလုပ်မလဲ"
"သူနဲ့ ကိုယ်သွားတွေ့လိုက်မယ်၊ ရောဂါအခြေအနေ ဘယ့်နှယ်လဲဆိုတာ မမြင့်ဦးက
အမေးခိုင်းလို့လို့ပြောမယ်။
ကိုယ်ကြားထဲက ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် သူ စိတ်ပျက်သွားမှာပဲ"
"ဒီအကြံကောင်းတယ်၊ မြန်မြန်လုပ်ပါရှင်"
"စိတ်ချ၊ ဒီနေ့မနက်ပဲ သွားတွေ့လိုက်မယ်"
ကျွန်တော်တို့နှစ်ယောက်ဝမ်းသာရွှင်လန်းသွားပြီး တစ်ယောက်ကိုတစ်ယောက် ပြုံးပြုံးကြီး
ကြည့်လိုက်ကြလေသည်။
ဘွဲ့နှင်းသဘင် ခန်းမကြီးအနီးသို့လည်း ရောက်ခဲ့ကြလေပြီ။ ။
၅၉
လက်နက်ကိုင်တိုက်ပွဲအတွက် ပြင်ကြပြီ
တို့ဗမာအစည်းအရုံးဌာနချုပ်သည် ရေကျော်လမ်းသို့ ပြောင်းရွှေ့လာပြီဖြစ် ရာ
ကျွန်တော်နေသော ၄၅လမ်းနှင့်
အလွန်နီးနေလေသည်။ ထို့ကြောင့် ကျွန်တော်သည် မကြာခဏ ဌာနချုပ်သို့
ရောက်တတ်လေသည်။
တပေါင်းလကုန်ခါနီး တစ်ညနေတွင် ကျွန်တော်သည် နေထိုင်ရာအခန်းရှေ့ ဝရန်တာတွင်
မတ်တတ်ရပ်လျက်
လမ်းဘက်သို့ ကြည့်နေလေသည်။ အခန်းတွင်းမှာ ဗေဒကဝိန် ဆရာဦးတက်ရှိန်သည်

ပက်လက်ကုလားထိုင်ဖြင့်ထိုင်ပြီး ပုတီးစိပ်နေလေ သည်။ အတူဖြစ်သူ တံဆိပ်ထုဆရာကိုတင်အေးကား
အပြင်သွားနေ၏။ ကောင်းကင်မှာ ပြာလဲ့ကြည်လင်နေသည်။ အနောက်ဘက်မိုးကုပ်စက်ဝိုင်းမှာ
တိမ်တောက်လျက်ရှိသည်။
ခဏကြာသော် အရှေ့ဘက်မှ ဓာတ်ရထားသည် ပြင်းထန်သောအသံဖြင့် တုန်ခါပြီး ခုတ်မောင်းလာရာ
ကျွန်တော်တို့နေရာ တိုက်တန်းကလေးသည် လှုပ်သွားလေသည်။ ထိုခဏ၌ ဌာနချုပ်သို့ အလည်သွားရန်
အကြံဖြစ်ပေါ်လာလေ သည်။
အပြင်ထွက်ရန် ပြင်ဆင်နေစဉ် ပုတီးစိပ်နေသော ဆရာဦးတက်ရှိန်က–
"ဘယ်သွားမယ်လို့လဲ မောင်တင်ထွန်း"
"တို့ဗမာအစည်းအရုံးဌာနချုပ်ကို သွားစမ်းမယ်လို့ဆရာ"
"ဒါ့ထက် သီးစားခဥပဒေနဲ့ ပတ်သက်ပြီးလည်း တယ်ရှုပ်နေပါကလား ကိုရင်ရဲ့၊ ဟိုက်ကုတ်မှာလည်း အယူခံမှုတွေ
ကျပ်နေတာပဲတဲ့"
"ဟုတ်ကဲ့၊ ဒါကြောင့် ဥပဒေပြုလွှတ်တော်မှာ ဦးဘဝင်းက တင်သွင်းတဲ့ သီးစားခအမှုတွေကို ဆိုင်ရာမြို့နယ်မှာ
ကော်မတီဖွဲ့ပြီး ရှင်းလင်းဆုံးဖြတ်နိုင်ခွင့် အာဏာပေးရမယ်ဆိုတဲ့ အဆိုကို ကျွန်တော်တို့သခင်မြကြီးက
ထောက်ခံလိုက်တာပေါ့"
ကျွန်တော်က စကားမျှင်ဖြတ်ချင်သည့်သဘောနှင့် လုံချည်ကောက်လဲနေသည်။ သို့သော် ဆရာဦးတက်ရှိန်ကား
အတင်းဆက်ပြောသည်။
"သီးစားခဥပဒေကို မြေပိုင်ရှင်တွေက မကြိုက်ကြဘူးဆိုပဲ၊ မြေရှင်နဲ့ သီးစား ပဋိပက္ခများစေသတဲ့"
"တစ်နေ့ကပဲ မြို့တော်ခန်းမကြီးမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ မြေပိုင်ရှင်များအသင်း ညီလာခံလုပ်ပြီး
ကန့်ကွက်ကြသေးတယ် မဟုတ်လား"
"ဟုတ်တယ်။ ဥက္ကဌလုပ်တဲ့ ဦးလုကြီးတို့၊ အဆိုသွင်းတဲ့ ဦးကြင်သိန်းတို့ဟာ ဆရာ့မိတ်ဆွေတွေပါပဲ။
မြေရှင်နဲ့သီးစား ပဋိပက္ခများအောင် လုပ်ပေးနေတာနဲ့ တူတော့နေတာပဲ မောင်တင်ထွန်းရဲ့"
"ပဋိပက္ခများအောင် မြေရှင်ကြီးတွေက လုပ်နေတာပါဆရာရယ်။ မတရား သီးစားခတွေ
သိပ်လိုချင်တော့နည်းနည်းလျှော့ရတယ်ဆိုရင် မခံချင်ဘူး၊ ပိုက်ဆံတတ်နိုင်တော့
ဟိုက်ကုတ်တက် အယူခံတာပဲ။

အခု မြေပိုင်ရှင်များရဲ့ အစည်းအဝေးမှာ ဒီဥပဒေမပျက်ပျက်အောင် အင်္ဂလန်က ဘုရင်မင်းမြတ်
ရွှေနားတော်ကြားသည့်တိုင်အရေးယူမယ်လို့ ဆုံးဖြတ်တယ်။ ဘယ့်လောက် ကျေးသံကျွန်သံပါသလဲဆိုတာ
ကြည့်ပေတော့၊ ကဲ သွားဦးမယ်ဆရာ”
“ခဏနေပါဦး မောင်တင်ထွန်းရဲ့။ တောသူတောင်သားတွေဆိုတာ ရိုးရိုးပါ၊ နိုင်ငံရေးသမားတွေဆွပေးလို့သာ
သီးစားခလျှော့ပါ ဘာညာနဲ့ လုပ်နေကြတာပါ”
ကျွန်တော်သည် ဆရာဦးတက်ရှိန်အား မြေပိုင်ရှင်များနှင့် တစ်သံတည်းထွက်ခြင်းအတွက် စိတ်ထဲကအကြီးအကျယ်
ရှုတ်ချပြီး မျက်စောင်းထိုး၍ ကြည့်နေလိုက်သည်။
ဦးတက်ရှိန်ကား ကျွန်တော့်မျက်စောင်းကို အဓိပ္ပာယ်လေးနက်သည်ဟု ယူဆဟန် မတူ။
“မောင်တင်ထွန်း ဌာနချုပ်ရောက်ရင် သခင်ခေါင်းဆောင်များကို ပြောပြပါကွာ။ ဒီလို သီးစားသမားနဲ့မြေပိုင်ရှင်တွေ
ပဋိပက္ခဖြစ်အောင် ရှို့မပေးကြပါနဲ့လို့၊ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေလုပ်နေရင် သူတို့ကို လူကြည်ညိုနည်းကုန်လိမ့်မယ်”
ကျွန်တော်သည် မချေပဘဲ မနေနိုင်တော့ချေ။ ဆရာဦးတက်ရှိန်၏ ရှေ့တည့်တည့်မှ သွားရပ်သည်။ စားပွဲစွန်းတွင်
တင်ပါးဖြင့်မှီကပ်လျက်–
“သခင်တွေကို လူကြည်ညိုနည်းကုန်လိမ့်မယ် ဟုတ်လား ဆရာ၊ သီစားခအရေးနဲ့ အခြားတောင်သူလယ်သမားပြဿနာတွေကို ကိုင်တဲ့အတွက် ကြောင့်သခင်တွေကို လူထုကပိုပြီး
ကြည်ညိုလာတယ်။ တို့ဗမာအစည်းအရုံးကြီး ပိုအားကောင်းလာတယ်သိလား ဆရာရဲ့”
ဆရာဦးတက်ရှိန်သည် ပက်လက်ကုလားထိုင်တွင်ကျောခင်း၍ ထိုင်နေရာမှ ခါးဆန့်ကာ ထိုင်လိုက်ပြီး
တစ်စုံတစ်ရာ ဆင်ခြေတက်ရန် ပြင်လိုက်သည်။ ကျွန်တော်က အခွင့်မပေးဘဲ ဆက်ပြောလေသည်။
“သတင်းစာတွေထဲမှာ မတွေ့ဘူးလား၊ ခသီးစားခတိုက်ပွဲတွေနဲ့ ပတ်သက်ပြီး ဗမာပြည်အရပ်ရပ်မှာ
တောင်သူလယ်သမားတွေ လှုပ်ရှားနေတယ်။ ပျဉ်းမနားမှာဆိုရင် တောင်သူလယ်သမား ၁၅၀၀၀
တက်ရောက်တဲ့ညီလာခံကြီး ကျင်းပခဲ့သည်။ တောင်သူလယ်သမားတွေကို မြေရှင်နဲ့ အစိုးရတို့က
ဖိနှိပ်ညှဉ်းပန်းတာတွေကို ကန့်ကွက်ကြတယ်။ ဗမာ့လွတ်လပ်ရေးဟာ အင်္ဂလိပ်တာဝန်မဟုတ်၊ ဝန်ကြီးချုပ်တွေရဲ့

တာဝန်မဟုတ်၊ တို့လယ်သမားတွေရဲ့ တာဝန်သာဖြစ်တယ်လို့ ကြွေးကြော်ကြတယ်။ တောင်ငူမှာဆိုရင်
ခရိုင်လုံးကျွတ် တောင်သူလယ်သမားကိုယ်စားလှယ်များ ညီလာခံကျင်းပတယ်။ သခင်စံလှိုင်က ဥက္ကဋ္ဌ၊
သခင်သန်းဖေက အတွင်းရေးမှူးအဖြစ်နဲ့ ဆောင်ရွက်ပြီးအခွန်မပြေလို့ အစိုးရက သိမ်းထားတဲ့ လယ်များကို အခွန်
၅ဆပေးမှ ပြန်လုပ်ခွင့်ပေးမယ်ဆိုတဲ့ ဥပဒေကို ကန့်ကွက်ကြတယ်။ တရားမျှတသော သီးစားခကိုသာ ပေးမယ်လို့
ဆုံးဖြတ်ကြတယ်။ သနပ္ပင်မှာဆိုလည်းနယ်လုံးဆိုင်ရာ တောင်သူလယ်သမားညီလာခံ ကျင်းပတယ်။ ဥက္ကဋ္ဌအဖြစ်နဲ့
သခင်စံမြင့်က ဆောင်ရွက်ပြီး ဟိုက်ကုတ်မှာ မြေပိုင်ရှင်တွေက သီးစားခကိစ္စ အယူခံလို့ မကျေနပ်ကြောင်း၊
ဆားချက်ခွင့်ပေးပေမယ့် ရောင်းခွင့်မပေးလို့ ကန့်ကွက်တဲ့အကြောင်း၊ အာဏာဖီဆန်ရေးလုပ်မယ့်အကြောင်း
ဆုံးဖြတ်ကြတယ်။ အဲဒီ သနပ္ပင်ညီလာခံမှာ ဌာနချုပ်မှခေါင်းဆောင် သခင်သန်းထွန်းတို့လည်း တက်ကြတယ်။
တစ်ပြည်လုံးအနှံ့လှုပ်ရှားမှုတွေ တွေ့နေရတယ်။ ဒါနဲ့များ သခင်တွေ လူမုန်းကုန်မယ်လို့ ထင်သေးသလား။
အမှန်က တောင်သူလယ်သမားအရေးတွေ လုပ်ကြလို့ လူထုနောက်လိုက်များလာတာပဲ ဆရာရဲ့"
ဦးတက်ရှိန်သည် ကုလားထိုင်မှာ ကျောခင်းလိုက်ပြန်သည်။ ပျော့ညံ့သော လေသံဖြင့်–
"မသိပါဘူး ကိုရင်ရယ်၊ ဆရာတို့က နိုင်ငံရေးသမားမဟုတ်တော့ ရိုးရိုးထင်မြင်တာ ပြောတာပါပဲ။
မြေပိုင်ရှင်ကလည်း မြေပိုင်ရှင်အနေနဲ့ သခင်တွေကို ကြည်ညိုရင် ကောင်းတာပေါ့။ အေးလေ မသိပါဘူး၊
ကောင်းမယ်ထင်တာ ပြောရတာပါပဲ"
ကျွန်တော်က သွားတော့မယ်လုပ်သည်။ ပင်နီအပေါ်အင်္ကျီကိုဝတ်နေသည်။
"နို့နေပါဦး၊ အမေရိကန်သမ္မတကြီးက သူ့အသံမတ်တွေ ဥရောပတိုက်ကိုလွှတ် ပြီး စစ်ကြီးပြီးအောင်လိုက်စေ့စပ်နေတယ်ဆို၊ တော်တော် အောင်ခြေရှိသလား"
သူ့အားကျောပေးနေပြီဖြစ်သော ကျွန်တော်သည် သူ့ဘက်သို့ လှည့်ရပြန်လေသည်။ သို့သော် စကားပြောရန်ကား
စိတ်ထက်သန်လှသည်မဟုတ်။
"ဆရာဒိဗ္ဗစက္ကုနဲ့ ကြည့်စမ်းပါလား ဆရာရဲ့။ ဟစ်တလာနဲ့ ပတ်သက်ပြီး ဆရာဟောတာတွေကတော့ တစ်ခုမှ
မမှန်သေးဘူး"

ဆရာဦးတက်ရှိန်၏ မျက်နှာမှာ ငယ်သွားလေသည်။ ကျွန်တော့်လျှာက သင်တုန်းခါးလို ထက်နေသည်။
"တစ်ခါတုန်းကဆရာ့ဆီလာတဲ့ အတွင်းဝန်ကလေးကော၊ ဟိုမြန်မာထဲက ကာကွယ်ရေးဌာန အတိုင်ပင်ခံဝန်ကြီးဖြစ်ရင် သူလည်း ရာထူးတိုးအောင်ဆိုပြီး ကန်တော့ပွဲပေးတာလေ။ ခုခက်နေတာက
ကာကွယ်ရေးဌာန အတိုင်ပင်ခံ ဝန်ကြီးနေရာမှာ ဗမာကို မခန့်ဘဲ အင်္ဂလိပ်အိုင်စီအက်ကို ခန့်လိုက်ပြီ"
"ဒါတွေမပြောတတ်ပါဘူး ကိုရင်ရယ်၊ အမေရိကန်သမ္မတကြီး ကြားဝင် ဖျန်ဖြေတဲ့ကိစ္စသာ ပြောစမ်းပါဦး"
ဆရာဦးတက်ရှိန်၏မျက်နှာငယ်ကလေးကိုကြည့်ပြီး ကျွန်တော်သနားသွားသည်။
သူတို့လိုဆရာသမားမျိုးသည်
ခာတ်သိချင်းက သည်လိုဖော်ထုတ်ပြီဆိုလျှင် လည်စင်းခံနေတတ်သည်။ ခုခံကာကွယ်ခြင်းမရှိ။
"အမေရိကန်သမ္မတရဲ့။ ပထမ၊ ဂျာမနီက ချက်ကိုစလိုဗက်ကီးယားနဲ့ ပိုလန်ပြည်တို့ကို ပိုင်စိုးခွင့်ကို
အသိအမှတ်ပြုရမယ်တဲ့။ ဒုတိယ၊ ဗြိတိသျှရဲ့ဩဇာဟာ စကင်ဒီနေဗီးယားပြည်များမှ ရုပ်သိမ်းရမယ်တဲ့။
နောက်ပြီးတော့ဗြိတိသျှတစ်ဦးတည်း ဂျိဘရော်လ်တာ၊ မော်တာ၊ စင်ကာပို စသည်တို့မှာ ကြီးစိုးနေခြင်းမဖြစ်စေရဘူးတဲ့။ နောက်ဆုံးအချက်ကတော့ ဂျာမနီရဲ့ ကိုလိုနီများကို ပြန်ပေးရမယ်တဲ့၊ အမေရိကန်
ကြားဝင်ဖျန်ဖြေလို့ ကျေအေးဖို့ မရှိနိုင်ပါဘူး"
"ဖင်လန်နဲ့ရုရှားတော့ ကျေအေးကြပြီး စစ်ရပ်စဲတော့မယ်ဆို"
"ဟုတ်တယ်၊ စစ်ရပ်စဲဖို့ ဆွေးနွေးနေကြပြီ။ အင်္ဂလိပ်ပြင်သစ်တို့ကတော့ ရုရှားနဲ့ ဖင်လန်စစ်ကို
ရပ်စဲစေချင်ဟန်မရှိဘူး။ စစ်လေယာဉ်ငါးရာကျော်နဲ့ အခြားစစ်မက်လက်နက်အကူအညီ ဖင်လန်ကိုပို့ပေးလိုက်တယ်။ ဖင်လန်ကို ငြိမ်းချမ်းရေးလုပ်ဖို့မလုပ်ဖို့ ဘာမှ မပြောလိုဘူးတဲ့၊ နို့ပေတဲ့ ဖင်လန်က
ဆက်တိုက်မယ်ဆိုရင် အင်္ဂလိပ်နဲ့ပြင်သစ်တို့က အစွမ်းကုန်ကူညီမယ်တဲ့။ ကိုက်ဇာဘုရင် ဟောင်းကြီးကလည်း"
ဦးတက်ရှိန်က ကတိုက်ကရိုက် ဝင်ပြောလိုက်ပြန်သည်။
"ဂျာမန် ကိုက်ဇာဟောင်းကြီးလား၊ တစ်နေ့က သတင်းစာထဲမှာ သူ့ခာတ်ပုံ တွေ့လိုက်ရတယ်၊ အင်း–သူက
ဘာပြောသလဲ"
"အနောက်ဥရောပတိုက်သားအချင်းချင်း စစ်ဖြစ်နေခြင်းကို ရပ်စဲပြီးတော့ ရုရှားတို့ရဲ့ ဘိုလ်ရှီဗစ်ဝါဒ

ပပျောက်သွားရန်အတွက် ရုရှားကို ဝိုင်းတိုက်ရမယ်လို့ ကိုက်ဇာဟောင်းကြီးက
တိုက်တွန်းလိုက်တယ်။ ကိုင်းဆရာ
ကျွန်တော်သွားလိုက်ဦး မယ်”
“သွားပါ သွားပါ”
ဆရာဦးတက်ရှိန်သည် ပုတီးစိပ်၍ ကျန်ရစ်လေသည်။
ကျွန်တော် တို့ဗမာအစည်းအရုံးဌာနချုပ်သို့ ရောက်သောအခါ ခာတ်မီးများ လင်းနေလေပြီ။
ခြေတံရှည်အိမ်ကြီး အပေါ်ထပ်သို့ တက်သွားရလေသည်။ အခါတိုင်းနှင့်မတူ ၊
လှေကားပေါ်တွင် ချွတ်ထားသော
ဖိနပ်များများမရှိ။ အတွင်းမှာလည်း တိတ်နေလေ သည်။
ဆင်ဝင်ခန်းတွင် တို့ဗမာသခင်တစ်ယောက်သည် စာဖတ်လျက်ရှိလေသည်။
ကျွန်တော်ရောက်လာခြင်းကြောင့်
စာဖတ်မပျက်။ စားပွဲတစ်ခုတွင် အခြား တို့ဗမာသခင်တစ်ယောက် စာရေးနေလေသည်။
ကျွန်တော်ရောက်လာခြင်းကြောင့် စာရေးမပျက်။ အခြားတစ်နေရာတွင်
တို့ဗမာသခင်တစ်ယောက်သည်
ဆေးပေါ့လိပ် နေလေသည်။
သူတို့ထဲတွင် စာရေးနေသော တို့ဗမာသခင်ကိုသာ ကျွန်တော် မျက်မှန်းတန်း လေသည်။
ထိုသူကား
သခင်ကျော်စိန်ပင်ဖြစ်လေသည်။
ကျွန်တော်က သူ့ရှေ့မှာ သွားထိုင်လေသည်။ သူက ကျွန်တော့်အား မျက်နှာမမော့ဘဲ
မျက်မှန်အောက်ကမျက်လုံးများကိုသာ မော့ပြီး ကြည့်လိုက်လေ သည်။
“ထိုင်ပါ”
သခင်ကျော်စိန်သည် စာကိုသာ ဆက်ရေးလေသည်။ ကျွန်တော်ကဘေးမှာ တွေ့ရသည့်
အင်္ဂလိပ်သတင်းစာတစ်စောင်ကို ကောက်ကြည့်လိုက်သည်။ အမ်ရစ်တာ ဘဇာ ပတ္တရိကားခေါ်
ကာလကတ္တားထုတ်သတင်းစာဖြစ်လေသည်။ မျက်နှာဖုံးတွင် ကြီးမားသော စာလုံးများနှင့်
အိန္ဒိယ
အမျိုးသားကွန်ဂရက်သည် အင်ပိုင်ယာနယ်ချဲ့စနစ်ကို ကာကွယ်နေသော
ဗြိတိသျှစစ်အားထုတ်မှုများကို
မထောက်ခံနိုင်သဖြင့် အာဏာဖီဆန်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဖော်ပြထားလေသည်။
စာဆက်ရေးနေသော သခင်ကျော်စိန်က–
“ရော့ ဒါဖတ်ပါဦး”
ကျွန်တော့်ရှေ့သို့ လက်နှိပ်စက်ဖြင့် ရိုက်ထားသော ကြေညာစာတမ်းတစ်စောင်
ကိုချပေးလိုက်လေသည်။
အလုပ်သမားများ အစည်းအရုံး၏ ကြေညာချက်ဖြစ်သည်။ အလုပ်သမားများသည် မိမိတို့
အခွင့်အရေးများအတွက်

စည်းရုံးကြရမည်။ တိုက်ပွဲဝင်ကြရမည်။ ကမ္ဘာ့စစ်ကြီးကြောင့် ကုန်ဈေး အဆမတန် တက်နေသည်။ ၁၀၀မှာ
၅၀တက်နေသည်။ အလုပ်သမားတို့၏ လုပ်ခကား မတက်၊ အလုပ်ကိုတော့ ပိုလုပ်နေကြရသည်။ အိန္ဒိယတွင်
အလုပ်သမားတို့သည် စစ်အတွင်းရှားပါးစရိတ်များ အတွက် တောင်းဆိုလှုပ်ရှားနေကြရာ အောင်မြင်မှုများရနေသည်။ ဗမာပြည်၌ကား အလုပ်သမား အစည်းအရုံးများပင် စနစ်တကျ စည်းရုံးထားခြင်းမရှိ။
အချို့က မဖွဲ့မစည်းရန်ပင် ပြောဆိုနေကြသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး စည်းရုံးရေးဌာနက
အလုပ်သမားများအား စည်းရုံးကြရန် တိုက်တွန်းထားလေသည်။ စည်းရုံးရေးမှူးသင်တန်းများ ပေးနေရာ
တက်ရောက်ကြဖို့ ဆော်ဩထားလေသည်။ သခင်ကျော်စိန်သည် အတွင်းရေးမှူးအနေနှင့် ထိုစာတမ်းကို
ထုတ်ခဲ့ခြင်းဖြစ်လေသည်။
ကျွန်တော်–
"သတင်းစာထဲမှာ ဒီကြေညာချက် ပါပြီးပြီပဲ၊ တော်တော်တောင် ကြာသွားပြီ"
သခင်ကျော်စိန်က သူရေးပြီးသွားသောစာများကို ပြန်ဖတ်ပြင်ဆင်နေရာမှ–
"ဟုတ်ပါတယ်၊ ပါပြီးပါပြီ"
ကျွန်တော်ကသတင်းစာ ကောက်ကိုင်လိုက်သောအခါ"
မိတ်ဆွေနာမည်က ဘယ်သူတဲ့၊ လူချင်းတော့ မျက်မှန်းတန်းနေကြတာပဲ၊ တယ် ရင်းရင်းနှီးနှီး ဆက်ဆံခွင့်မရခဲ့ဘူးနော်"
"ကျွန်တော့်နာမည် တင်ထွန်းပါ၊ ဟုတ်တယ် ကောလိပ်တုန်းကလည်း မရင်းနှီးကြဘူး"
"သခင်တင်ထွန်းရဲ့၊ ကောလိပ်ကျောင်းမှာ ကျုပ်က နေတယ်သာဆိုတာ ကျောင်းမှာ သိပ်ရှိတာ မဟုတ်ဘူး၊
အပြင်ထွက် နိုင်ငံရေးလုပ်နေတာကိုး"
သူသည် စကားပြောလိုက်၊ စာကို ကြည့်လိုက် လုပ်နေသည်။
"ဘာတွေ ရေးထားသလဲ သခင်ကျော်စိန်၊ ကြေညာချက်လား ဆောင်းပါးလား"
"ဌာနချုပ်အလုပ်သမား အစည်းအရုံးရဲ့ လချုပ်အစီရင်ခံစာ ရေးနေတယ်ဗျ၊ တစ်လခရီးလို့ ခေါင်းစဉ်တပ်ထားတယ်"
"တော်တော် အလုပ်တွင်ကျယ်ရဲ့လား သခင်ကျော်စိန်"
"တော်တော်တွင်ကျယ်ပါတယ်။ အလုပ်သမားဝန်ထမ်း စာသင်တန်းများ ဖွင့်နိုင်တယ်။ ခနောင်တိုမီးခြစ်စက်၊
ကမာရွတ် သေတ္တာစက်တွေမှာ စနစ်တကျ စည်းရုံးရေး အမြစ်တွယ်အောင် စည်းရုံးနိုင်ခဲ့တယ်။

အလုပ်သမားအစည်းအရုံးများရဲ့ နမူနာစည်းမျဥ်းများ ရေးဆွဲနိုင်ခဲ့တယ်။ ရန်ကုန်ပတ်ဝန်းကျင် အလုပ်သမား
စုံစမ်းရေးကိစ္စများလုပ်နိုင်ခဲ့တယ်။ သံလျင် ရေနံအလုပ်သမားတွေရဲ့ လခ မယူစတမ်း သပိတ်နဲ့ပတ်သက်ပြီး
ဥပဒေပြုလွှတ်တော်မှာ မေးခွန်းတွေ ထုတ်နိုင်ခဲ့တယ်။ စာရင်းချုပ်ကြည့်တော့ မခေလှပါဘူး"
သခင်ကျော်စိန်သည် သူရေးထားသော အစီရင်ခံစာကို ပြန်ဖတ်ပြီးလေပြီ။ ကျွန်တော်နှင့် အားရပါးရ စကားပြောရန်
အဆင်သင့်ဖြစ်နေသည့်သဘောနှင့် သူ့ရှေ့က စာရွက်စာတမ်းများ ရှင်းပစ်ပြီး ပိုက်ထားသော လက်နှစ်ဖက်ကို
စားပွဲပေါ်သို့ တင်လိုက်သည်။
"အခု ဘယ်ကလာတာလဲ"
"အိမ်က ဒါရိုက် လာတာပါပဲ"
"ကိစ္စအထူးများရှိသလား သခင်တင်ထွန်း"
"မရှိပါဘူးခင်ဗျာ၊ ဌာနချုပ်ရောက်မှ ကိစ္စထူး တွေ့တတ်တာပါပဲ ဟဲ ဟဲ"
"သခင်တင်ထွန်း အစည်းအရုံးမှာ အမြဲတမ်းလုပ်သားတစ်ယောက်အဖြစ်နဲ့ လာလုပ်ပါလား"
"မကြာခင် လုပ်ဖြစ်ပါလိမ့်မယ်ထင်တယ်"
"အင်း ကောင်းတယ်၊ အခြေအနေတွေကလည်း အရေးကြီးလာပြီ၊ စစ်ကြီးကလည်း အခြေအနေထူးခြားတော့မယ်၊
အိန္ဒိယမှာ လွတ်လပ်ရေးတိုက်ပွဲတွေ ပြင်းထန်လာတော့မယ်"
"အိန္ဒိမှာ ဆူဘတ်စ်ဘို့တို့ ဂိုဏ်းကွဲတာ ခင်ဗျား ဘယ်လိုသဘောရသလဲ"
သခင်ကျော်စိန်က မဆိုင်းမတွ "
ဘို့စ် ခေါင်းဆောင်တဲ့ ဖောဝပ်ဘလော့ခ်ကိုသဘောမတူဘူး တိုးတက်တဲ့ သဘောပေါ့ဗျာ။ ဂန္ဒီရဲ့အကြမ်းမဖက်တဲ့
အာဏာဖီဆန်ရေး သစ္စာဂြိုဟလုပ်ငန်းဟာ လက်ရှိအခြေအနေနှင့် မသင့်လျော်တော့ဘူးလို့ ဆိုတဲ့သဘောပေါ့"
"သို့ပေမယ့် ကွန်ဂရက်ကြီးမှာ ဂိုဏ်းကွဲတာမျိုးတော့ ကျွန်တော်တော့ မကြိုက်ဘူးဗျာ၊ ဘယ်နည်းနဲ့မဆို ညီညွတ်ဖို့
အရေးကြီးတယ်"
သခင်ကျော်စိန်က ကျွန်တော့်အားပြက်ရယ်ပြုသကဲ့သို့ ရယ်လိုက်သည်။
"သခင်တင်ထွန်းက ဆန့်ကျင်ဘက်နှစ်ခုရဲ့ ညီညွတ်ခြင်းဆိုတာ နားမလည်သေးဘူးထင်တယ် ဟဲ ဟဲ၊ ပဋိပက္ခရှိမှ
တိုးတက်တယ်ဆိုတဲ့ သဘောတရားကိုလည်း နားလည်ဖို့လိုသေးတယ်"
ကျွန်တော်ကား ၄င်းစကားတို့ကို ကြားဖူးနေသော်လည်း နားမလည်သေးပါ။
သို့သော်ကောင်းစွာ

မရင်းနှီးသေးသော သခင်ကျော်စိန်အား နားမလည်ကြောင်း ဖွင့်ဟမပြောလိုပါ။ သို့ဖြင့် စကားကို လွှဲလိုက်သည်။
"ဘို့စ်တို့လူစုက သူတို့နဲ့ ဆန့်ကျင်ဘက် သတင်းစာတွေကို သပိတ်မှောက် တာတော့ လွန်လွန်တယ်ထင်တယ်။
လွတ်လပ်စွာ ရေးသားခွင့်ကို လူစုလူဝေးနဲ့ ချုပ်ချယ်ရာ ရောက်နေတယ်။ ဒါ့ကြောင့်လည်း ဘင်္ဂလားမှာရှိတဲ့ပညာရှိကြီးတွေက ထ ကန့်ကွက်ကုန်ကြပြီ မဟုတ်လား။
သတင်းစာဆရာကြီး
ရာမနန္ဒာချတ်တာဂျီ၊ သိပ္ပံပညာရှိကြီး ဆာပီစီရေး၊ အဘိဓမ္မာဆရာကြီး
ဆာရာဒါခရစ်ရှ်နန်စတဲ့ ပုဂ္ဂိုလ်ကြီး တွေက
မခံမရပ်နိုင် ဖြစ်ကြတယ်။ ဘင်္ဂလားပြည်လုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ ချုပ်ကလည်း ဖက်ဆစ်ဆန်တဲ့
အပြုအမူဆိုပြီး ကန့်ကွက်တယ်"
"ဟုတ်တာပေါ့လေ၊ ဒီကိစ္စမှာတော့ ဘို့စ်က လွန်သွားပြီထင်တယ်။ ဗမာပြည်က ထွက်ရပ်ဂိုဏ်းကိုကော
သခင်တင်ထွန်းက ဘယ်လိုသဘောထားသလဲ"
"ကိုကြီးနုတို့၊ သခင်အောင်ဆန်းတို့နဲ့ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်တွေက ပါဝင်ဖွဲ့စည်းထားတဲ့
ဟာဖြစ်လို့ ထောက်ခံတော့ ထောက်ခံမှာပါပဲ။ သို့ပေမယ့် ကျွန်တော်တို့ ကျောင်းသားတွေကို နှိပ်စက်သွားတဲ့
ဒေါက်တာဘမော် ပါနေတော့ စိတ်သန်နေတာပေါ့ဗျာ"
"ဟိုတုန်းက အခြေအနေနဲ့ အခုအခြေအနေ မတူဘူး သခင်တင်ထွန်းရ။ ခုစစ်ကြီး ဖြစ်နေတဲ့ အတွင်းမှာအင်္ဂလိပ်အခက် ဗမာ့အချက်ဆိုတဲ့ စကားအတိုင်း လွတ်လပ်ရေးကို
ရအောင်ယူရမှာ။ ဒီသဘောကို
လက်ခံသူတိုင်းနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ရမှာဖြစ်တယ်။ ဒါကြောင့် ဒေါက်တာဘမော်ကိုပါ ပါဝင်စေပြီး
ထွက်ရပ်ဂိုဏ်းဖွဲ့ထားရတာဗျ။ လွတ်လပ်ရေးတိုက်ပွဲဆိုတာ အဖက်ဖက်က ကြည့်ရတာ။ ကျုပ်တို့
ပြည်တွင်းအင်အားနဲ့ချည်းပြီးတာမဟုတ်ဘူး၊ နိုင်ငံခြားမိတ်ဆွေ များကိုလည်း တစ်ဖက်က ရှာရသေးတယ်။ အဲဒီလို
ရှာတဲ့အခါမှာ ဒေါက်တာဘမော်တို့လို အဆင့်အတန်းရှိတဲ့ ခေါင်းဆောင်ပိုင်းကလည်း ပါဖို့လိုနေတယ်။
ဘာပြောပြော သူက နန်းရင်းဝန်လုပ်ဖူးသကိုး သခင် သခင်တင်ထွန်းရဲ့ ဟဲ ဟဲ"
အစည်းအရုံးပေါ်သို့ လူတစ်ယောက် တက်လာသဖြင့် လှမ်းကြည့်လိုက်ရာ သခင်လှဖေ ဖြစ်နေလေသည်။

ကျွန်တော်သည် သခင်လှဖေအား အာဇာာရှင်ကိုလှရွှေ ၏ အစ်ကိုအဖြစ်နှင့်သာ
သိကျွမ်းသည်။
တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင် လူကြီးတစ်ဦးအဖြစ်ဖြင့်ကား အကျွမ်းဝင်ခြင်း
မရှိခဲ့သေးချေ။
သခင်လှဖေသည် ကျွန်တော်တို့အနီးသို့ရောက်လာပြီး လက်ထဲမှာပါသော စာအုပ်သုံးအုပ်ကို
စားပွဲပေါ်တွင်
တင်လိုက်လေသည်။ သုံးအုပ်စလုံး 'စစ်နှင့်ဘုံဝါဒ' ဆိုစော စာအုပ်များဖြစ်လေသည်။
သခင်ကျော်စိန်သည်
စာအုပ်ကို လှမ်းကြည့်နေသည်။ ကျွန်တော်၏ မျက်စိများသည်လည်း စာအုပ်များပေါ်သို့
ရောက်သွားလေသည်။
သခင်လှဖေရေးသော စာအုပ်ဖြစ်ကြောင်း သိရသည်။
သခင်လှဖေကား ဘာမျှမပြောသေးဘဲ မျက်မှန်ကို ချွတ်ပြီး လက်ကိုင်ပဝါနှင့်
သုတ်နေလေသည်။
သခင်ကျော်စိန်–
"ခင်ဗျားစာအုပ်ထွက်ပြီကိုး"
သခင်လှဖေသည် မျက်မှန်ကို ပြန်တပ်ပြီးနောက် စာအုပ်ကို သခင်ကျော်စိန်အား
ပေးလိုက်လေသည်။ ပြီးနောက်–
"သတင်းစာ တစ်ခုခုကနေပြီး ဝေဖန်ရေးကလေး ဘာလေးပါအောင် လုပ်လိုက်စမ်းပါဦး"
သခင်လှဖေသည် အခြားစားပွဲထိုးတစ်ခုတွင် သွားပြီး ထိုင်တော့မည် လုပ်နေစဉ်တွင်
စာအုပ်ကို
လှန်လှောကြည့်နေသော သခင်ကျော်စိန်က–
"ခင်ဗျားစာအုပ်မှာ ဖေဘီယန်က နိဒါန်းရေးထားသကိုး ဟီးဟီး"
သခင်လှဖေက သခင်ကျော်စိန်၏ ဟီးဟီးနှင့် ပြက်သံကို လုံးဝဂရုစိုက်ဟန် မရှိချေ။
နိဒါန်းရေးသူမှာ ဖေဘီယန် ဦးဘခိုင်ဖြစ်လေသည်။
သခင်လှဖေသည် စားပွဲမှာထိုင်ပြီး တစ်စုံတစ်ရာ ရေးနေ၏။ ထိုအခိုက် စောစောကပင်
ဆင်ဝင်ခန်းမှာပက်လက်ကုလားထိုင်ဖြင့် စာဖတ်နေသော ပုဂ္ဂိုလ်က ကျွန်တော်တို့ဘက်
လှည့်ကြည့်ပြီး–
"သခင်လှဖေ ခဏ ဒီလာစမ်းပါ"
ထိုအခါမှ ကျွန်တော်သည် ထိုပုဂ္ဂိုလ်အား မြင်ဖူးသလိုလို ထင်လာလေသည်။ စောစောက
သူ့အား
ဂရုစိုက်၍မကြည့်မိ။ သူသည် အရပ်ခပ်ပျပ်ပျပ်၊ ကိုယ်လုံးကိုယ်ထည် ခပ်ကျစ်ကျစ်၊
အသားညိုညိုဖြစ်သည်။
စာဖတ်နေသဖြင့် မျက်မှန် တပ်ထားသည်။ သခင်လှဖေက ရိုသေစွာ သူ့ထံသွားလေသည်။
"သခင်ကျော်စိန် အဲဒီလူကြီးက ဘယ်သူလဲဗျ"
"ခင်ဗျား မမြင်ဖူးဘူးလား၊ သခင်မြရယ်လေ"

"ဩော် ဟုတ်သားပဲ၊ နှစ်ခါတောင်မြင်ဖူးတယ်ဗျ။ သို့ပေမယ့် သူက တရားဟော
စင်မြင့်ပေါ်က၊
ကျွန်တော်ကစင်အောက် ခပ်လှမ်းလှမ်းက မြင်ခဲ့ရတာကိုးဗျ။ ဝိုးတိုးဝါးတား ဖြစ်နေလို့
မေးတာပါ၊
ခုအပတ်လွှတ်တော်မှာ သခင်မြက ကာကွယ်ရေးအသုံးစရိတ်တွေနဲ့ ပတ်သက်ပြီးပြောတာ
တော်တော်ကောင်း
တယ်၊ မြန်မာပြည်ကာကွယ်ရေးဌာနဟာ ဗြိတိသျှနယ်ချဲ့စနစ်ကိုသာ ကာကွယ်နေတယ်၊
ဒါကြောင့်
ကာကွယ်ရေးစရိတ်ကို မြန်မာပြည်ကမပေးသင့်ဘူးတဲ့"
"ဦးဖိုးထီပြောတာလည်း ကောင်းသားပဲ၊ စစ်ဖြစ်နေတာဟာ မြန်မာပြည်ကြောင့် မဟုတ်ဘူးတဲ့၊
ဒါ့ကြောင့်အင်္ဂလန်ပါလီမန်ကသာ ပေးရမယ်တဲ့။ ဦးဘသီတို့၊ ဦးဘရင်တို့ကတော့ ၂၁-
ဦးလေအတိုင်း ဗမာတွေ
စစ်ဘက်မှာ ရာထူးကြီးကြီးရဖို့ ဗမာစစ်တပ်တွေ ဖွဲ့ဖို့လောက်သာ တောင်းဆိုတာပဲ၊
နယ်ချဲ့စစ်ကို
ကန့်ကွက်တဲ့သဘောမပါဘူး။ ဟောဒီ စစ်နှင့်ဘုံဝါဒစာအုပ်ကို ဖတ်ကြည့်စမ်း
သခင်တင်ထွန်း၊ နယ်ချဲ့စစ်ကို
ကျုပ်တို့သခင်တွေက ဘယ်နည်းနဲ့မှ မထောက်ခံနိုင်ဘူး၊ နယ်ချဲ့စစ်ကို
တိုင်းပြည်လွတ်လပ်ဖို့အတွက်
ပြည်တွင်းစစ်လုပ်ပစ်ရမယ်"
ထိုအခိုက် ကိုအေးငွေ ရောက်လာလေသည်။
ကိုအေးငွေသည် ကျွန်တော့်ဆီသို့ တိုက်ရိုက်ဦးတည်ပြီး လာလေသည်။
"ကိုယ့်လူအိမ် ဝင်ခဲ့သေးတယ်၊ ဌာနချုပ်ရုံးသွားတယ်ဆိုလို့ လိုက်လာခဲ့တာပဲ"
"ကိစ္စရှိသလား"
"လာ လိုက်ခဲ့"
ကျွန်တော်က ထလိုက်သွားလေသည်။
လှေကားထိပ်သို့ မရောက်ခင်ကလေးတွင် ကိုအေးငွေသည် ကျွန်တော့်အား ရပ်နေရစ်ခဲ့ရန်
လက်ဟန်ဖြင့်
ပြထားခဲ့ပြီးနောက် သခင်လှဖေဆီသို့ သွားလေသည်။ သခင်လှဖေ၏ နားထဲသို့
စကားတစ်ခွန်း
တိုးတိုးပြောထားခဲ့ပြီး ကျွန်တော်နှင့်အတူ လှေကားသို့ ဆင်းခဲ့ကြလေသည်။
လမ်းပေါ်သို့ ရောက်သောအခါ ကိုအေးငွေသည် နောက်လှည့်ကြည့်သည်။
တစ်ဦးတစ်ယောက်မျှနောက်မှ
ကပ်ပါလာသည်ကို မတွေ့ရတော့မှ-
"ခင်ဗျား ဒီနေ့ည အစည်းအဝေးလိုက်ခဲ့ရမယ်"
"ဘာအစည်းအဝေးလဲ"

"ပြည်သူ့အရေးတော်ပုံပါတီရဲ့ အဖွဲ့ခွဲတစ်ခု အစည်းအဝေး"
"ပြည်သူ့အရေးတော်ပုံပါတီ ဟုတ်လား၊ ဘယ်တုံးက ပေါ်ခဲ့တဲ့ ပါတီလဲ၊ ကျွန်တော်ဖြင့် မကြားဖူးသေးပါဗျာ"
"ဒီစစ်အတောအတွင်း ဗမာ့လွတ်လပ်ရေးကိုလက်နက်ကိုင်ပြီး တိုက်ယူဖို့ လျှို့ဝှက်စွာ ဖွဲ့ထားတဲ့ ပါတီဗျ၊
တက္ကသိုလ် စာသင်ဆောင်ကြီးတွေကြားမှာ တစ်ခါတုန်းက ညဥ့်နက်မှောင်ထဲ
စကားရည်လုပွဲဆိုပြီး
စည်းဝေးကြတာမှတ်မိ လား"
"မှတ်မိသားပဲ၊ ကျွန်တော်လည်း တက်တယ်လေ"
"အဲဒါဟာ အစပဲ၊ ဘယ်သူဟာ ပါထိုက်တယ်၊ ဘယ်သူဟာ မပါထိုက်ဘူးဆိုတာ
အဲဒီအစည်းအဝေးတုန်းကလူရွေးတာပဲ။ ခင်ဗျား ပါထိုက်တယ်၊ ခင်ဗျားကို ရွေးပြီးပြီ ရဲဘော်"
ကျွန်တော်၏သွေးများဆူပွက်သွားပြီး အသားတွေ ခုတ်လာသည်ဟု ထင်မိလေသည်။
လုပ်ရမှာ
ကြောက်၍ကားမဟုတ်ပါ။ စွန့်စား၍ ထူးခြားသော အတွေ့အကြုံတစ်ခုနှင့်
ဖြုန်းခနဲရင်ဆိုင်ရတော့မည့်အတွက်သာ
ဖြစ်လေသည်။
ကိုအေးငွေ–
"အစည်းအဝေးလိုက်မယ် မဟုတ်လား"
"ဘယ်တော့လဲ"
"အခု"
"ဘယ်ကိုသွားရမှာလဲ"
"ကိုယ်ခေါ်ရာလိုက်ရုံပါပဲ"
"လိုက်မှာပေါ့၊ ကိုအေးငွေ ခေါ်ရင် ဘယ်တုံးက ငြင်းဖူးသလဲ"
ကျွန်တော်တို့သည် ရေကျော်လမ်းထိပ်ဝ၌ လန်ချားစီးကြလေသည်။ မောင်ဂိုမာရီလမ်း
(ဗိုလ်ချုပ်အောင်ဆန်းလမ်း)
တစ်လျှောက်မှနေပြီး သိမ်ကြီးဈေးသို့ အရောက်သွားကြမည်။
အော်လံပီယာရုံ (ရွှေဂုန်ရုံ)ရှေ့တွင် လူတွေ ကြိတ်ကြိတ်တိုးနေလေသည်။ ဘတ်စ်ကားတွေ၊
လန်ချားတွေကိုယ်ပိုင်ကားတွေ၊ ရထားလုံးတွေလည်း ရှုပ်နေ၏။ ညနေပွဲအပြီး
ညပွဲစတော့မည်ဖြစ်၏။ ရုံတွင်းမှ
အန်ထွက်လာကြသူများနှင့် ရုံတွင်းသို့ ပြွတ်တိုးဝင်လိုသူများ ရင်ဆိုင်တိုးနေကြလေသည်။
ပြနေသောကားမှာ
'ချစ်အမျှ' ဖြစ်၏။ ဒါရိုက်တာ ကိုတင်မောင်ကိုင်တိုင် မင်းသားဖြစ်ပြီး မေရှင်နှင့် မေမြင့်
မင်းသမီး နှစ်လက်ဖြင့်
တွဲဖက်ထားသည်။ 'သွင်'ရုံမှာကား လူမများလှ။ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ
မြမျိုးလွင်၏ ဝေ့လယ်လယ်

ဝတ္ထုကို ရုပ်ရှင်ရိုက်ပြ ခြင်းဖြစ်လေသည်။
"ကိုအေးငွေ ဝေ့လယ်လယ်ဝတ္ထုကို ဖတ်ဖူးရဲ့လား"
"မဖတ်ဖူးဘူး၊ မြမျိုးလွင် ဝတ္ထုဆိုတော့ ခပ်ပေါ့ပေါ့ ခပ်ပျော်ပျော်နေရမှာပေါ့ဗျာ။ ဒိုင်ယာလော့ခ်ကလေးတွေကတော့
ကောင်းမှာပါပဲ"
"တိုးတက်ရေးထဲမှာပါနေတဲ့ သုခရဲ့ဝတ္ထုကိုကော ဖတ်မိသေးလား"
"ဖတ်မိတယ်ဗျ၊ နေ့စဉ်လိုလိုပဲ။ သူ့ဝတ္ထုက တော်တော်စွဲသားဗျ၊ အရေးအသားလည်း လှပတယ်၊ အဓိပ္ပာယ်လည်း
တော်တော်နက်သားပဲ"
"ဟုတ်တယ်၊ သို့ပေမယ့်ဗျာ ကျွန်တော်တို့ မျှော်မှန်းနေတဲ့ တိုးတက်သော စာပေမျိုး မြန်မာစာပေလောကမှာ
ပေါ်မလာသေးဘူးဗျာ"
"ကိုတင်ထွန်းလည်း စာရေးဆရာဖြစ်မယ်လိုလိုနဲ့ ခုတော့ သတင်းစာဆရာဘဝမှာ သောင်တင်နေပြီနော်"
"သတင်းစာတိုက်မရောက်တာ အတော်ကြာသွားပြီဗျ"
ကျွန်တော်တို့သည် ကွန်တီနင်တယ် မုန့်တိုက်ရှေ့ရောက်သည့်တိုင် ငြိမ်နေကြ သည်။
"ကိုတင်ထွန်း ခင်ဗျားအစ်မကြီးဆီက ပုံနှိပ်တိုက်တိုက်ထောင်ဖို့ အရင်းထုတ်ပေးမပေး သိပြီလား"
ကျွန်တော့်မှာ ဖြေရန် ဝန်လေးနေသည်။
ထိုအတွင်း ကျွန်တော်တို့လန်ချားရှေ့မှာ မော်တော်ကားတစ်စီး ထိုးရပ်လိုက်ရာ လန်ချားသမားသည်
အရှိန်လွန်ပြီးကားနှင့်မတိုက်မိအောင် မနည်းကြီး ထိန်းထားလိုက်လေရာ လန်ချားဦး ထောင်၍ပင် သွားလေသည်။
ကျွန်တော်တို့မှာလည်း ပက်လက်လန်သွားလေသည်။
ကိုအေးငွေက တက်ခေါက်လိုက်သည်။ ကျွန်တော်က ရှေ့ကကားကို မျက်စောင်းထိုးလိုက်လေသည်။ ကားပေါ်မှ
အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်နှင့် အစွမ်းကုန် ခေတ်မှီအောင် ဝတ်ဆင်ထားသော ကပြားမတစ်ယောက်ဆင်းလာ
လေသည်။ ကျွန်တော်တို့သည် ဆင်းပြီး လက်သီးနှင့်သာ ထိုးလိုက်ချင်ကြလေသည်။ ကိုအေးငွေ-
"နေနှင့်ဦးနော်၊ တစ်နေ့တော့ ဒီကောင်တွေ သိစေ့မယ်"
"တလောက ကာကွယ်ရေးဘတ်ဂျက် ဆွေးနွေးကြတော့ ပေါ်လာတဲ့ အချက်တစ်ခုဟာ သိပ်ပြီး
စိတ်ဝင်စားဖို့ကောင်းတယ်ဗျ၊ ဗြိတိသျှစစ်ဗိုလ် ၁၃ဦးအတွက် တစ်နှစ် ၁၃သိန်း ကုန်ကျပြီး မြန်မာနဲ့

အခြားစစ်ဗိုလ်တွေအတွက် တစ်နှစ်တစ်သိန်းငါးသောင်းခြောက်ထောင်သာ ကုန်သတဲ့။
ကျွန်တော်တို့ တိုင်းပြည်ရဲ့
ငွေတွေနဲ့ ကျွန်တော်တို့အပေါ်ဗိုလ်ကျပြီး အခုလို ဖိမ်ခံနေကြတာပဲ”
“ဒီအင်္ဂလိပ်ကောင်တွေ ပြုတ်ခါနီးပါပြီ၊ အနောက်ဘက်မှာ ဂျာမနီက သူတို့ကိုပဲ
ဖိဆော်နေတယ်။ ဂျပန်ကလည်း
အရှေ့ဘက်ကနေပြီး သူတို့ကိုပဲ ဖိချမှာပဲ”
စစ်ကဲမောင်ထော်လေးလမ်း (ဗိုလ်ဆွန်ပက်လမ်း) ထိပ်ဝသို့ ရောက်လာ၍ ကျွန်တော့်စိတ်သည်
မြမှိုဆီသို့
ရောက်သွားသောအခါ ကိုအေးငွေက အင်္ဂလိပ်စစ်ဗိုလ်ကိစ္စကြောင့် ပြတ်သွားသော
စကားစဉ်ကို ဆက်ပြန်လေသည်။
တိုက်ဆိုင်လွန်းသည်မှာ အံ့သြစရာပင်ဖြစ်၏။
“ကိုယ့်လူအစ်မကြီးဆီက ပုံနှိပ်တိုက်ထောင်ဖို့ အရင်းအနှီး ရမယ်တဲ့လား၊ ဘယ့်နှယ်လဲ”
ကျွန်တော့်မှာ မပြောဘဲ မနေသာတော့ချေ။
“ပုံနှိပ်လုပ်ငန်းကို အသေးစိတ် လေ့လာရဦးမယ်တဲ့ဗျ၊ စရိတ်စက ဘယ်ရွေ့ဘယ်မျှ
ကုန်မယ်ဆိုတာ
တွက်ပေးရမယ်တဲ့၊ ပုံနှိပ်တိုက်ထောင်ဖို့ နေရာထိုင်ခင်းလည်း စုံစမ်းရမယ်တဲ့။ အလုပ်ရမယ်
မရဘူး၊
ဘယ်ကရမယ်ဆိုတာ တွေလည်း စုံစမ်းရမယ်တဲ့။ ဟာဗျာ ခိုင်းလိုက်တာ စုံနေတာပဲ”
“နို့ ခင်ဗျားက စုံစမ်းလေ့လာပြီးပြီလား”
“စုံစမ်းတုန်းပဲ၊ ကြာတော့ လုပ်ချင်စိတ်တောင် ကုန်နေပြီ၊ သီးဆစ်တစ်စောင် ကျနေတာပဲဗျာ”
“တကယ်တော့ ခင်ဗျားအစ်မကြီးက လမ်းမှန်တယ်ဗျ။ အလုပ်လုပ်ရင် အလုပ်နဲ့
တူစေရလိမ့်မယ်။
ကြိုးစားပြီးစုံစမ်းလေ့လာဗျ”
စကော့ဈေးကြီးမှာ ခြောက်သွေ့နေသည်။ နာရီဝိုင်းကြီး၏ မီးများနှင့် အပေါ်ထပ်မှ
မီးများကား ထိန်နေလေသည်။
အောက်ထပ်မှာကား မကောင်းမှုပြု၍မရရုံ အလင်းရောင် ခပ်မှုန်မှုန်သာ ရှိလေသည်။
စကော့ဈေးလွန်သောအခါ ကျွန်တော်တို့ လက်ဝဲဘက်တွင်ရှိသော
သစ်သားအဆောက်အအုံကြီးဆီသို့
လှမ်းကြည့်မိကြလေသည်။ အလွန်ဟောင်းမြင်း သောအသွင်ကို ဆောင်နေလေသည်။
“ကိုတင်ထွန်း ခင်ဗျားဒီကို ရောက်ဖူးသလား”
“မရောက်ဖူးဘူးဗျ၊ ခင်ဗျားကော”
“ဒီကို ရောက်ဖူးမှ လူ့ဘဝ ဗဟုသုတ ပြည့်စုံတယ်လို့ ဆိုရမယ်”
“မပြည့်စုံချင် နေပါစေဗျာ၊ ကျိုးတော့ မကျိုးချင်ပါဘူး၊ ဒီမှာ အတွင်းလူနာတော့
လက်မခံဘူးထင်တယ်နော်”
“လက်မခံဘူး၊ အပြင်လူနာသာလက်ခံတယ်၊ အတွင်းလူနာတော့ ဆာကူလာဝါ့တ်ကို ပို့တယ်။

ပြည့်တန်ဆာလောကဟာ အတော်စိတ်ဝင်စားဖို့ကောင်း တယ်၊ တစ်နေ့တော့ ကိုတင်ထွန်း အဲဒီလောက
ဗဟုသုတရအောင် လုပ်ပေးရဦး မယ်”
“အဲဒီဗဟုသုတတော့ မလိုချင်ပါဘူးဗျာ”
“ပြောသေးတာပေါ့ မတွေ့ခင်တော့၊ တော်တော်ကြာ အရူးအမဲသားကျွေးသလို ဖြစ်နေမှာသာ စိုးရပါတယ်”
လန်ချားသည် သိမ်ကြီးဈေးဘက်သို့ ကွေ့လာလေသည်။ မြူနီစပယ်ကားကြီးက လမ်းများကို ရေလိုက်ဆေးနေလေသည်။
ကျွန်တော်တို့သည် အင်းစိန်ဘတ်စ်ကားရှေ့တွင် ရပ်ကြလေသည်။ အဆင်သင့်ပင် လူအတော်များနေပြီဖြစ်၍
ကားထွက်အောင် ကြာရှည်စောင့်ရတော့ မည်မဟုတ်ပေ။
ကိုအေးငွေသည် လန်ချားနှင့်လာစဉ်က မကြာခဏနောက်သို့ လှည့်ကြည့်ခဲ့သည်။ ဘတ်စ်ကားပေါ်သို့တက်မည်ပြုသောအခါလည်း နောက်သို့ ပြန်ကြည့်သေးသည်။ တစ်ယောက်ယောက်
ကျွန်တော်တို့နောက်က လိုက်စုံထောက်နေသလား”
ဘတ်စ်ကားပေါ်တွင် ရပ်ရင်ကြည့်ပြန်သော ကောလိပ်ကျောင်းသားအရွယ် လူငယ်အများကိုတွေ့ရသည်။
ကမာရွတ်ဘက်မှ သိမ်ကြီးဈေးသို့ ပန်းလာပို့သော ခြံသမားများလည်း ပြန်လိုက်ခဲ့ကြလေသည်။
ပန်းခြင်းတောင်းကြီးများကို ထပ်တင်ထား၏။
ကမာရွတ်ဂါတ်တဲကို လွန်သောအခါ ကမာရွတ်မှာနေခဲ့သော အချိန်များကို သတိရနေလေသည်။
ကျွန်တော်အလည်အပတ်ရောက်နေကျ အိမ်များကို လှမ်းကြည့်လိုက်သေးသည်။ လူရိပ်လူခြည် အကဲခတ်လိုက်မိသည်။
ကျွန်တော်တို့သည် ကမာရွတ်ဈေးအနီးမှာ ဆင်းကြလေသည်။ ဈေး၏ တောင်ဘက်ရှိ လမ်းကြားကလေးအတိုင်းသို့
ကိုအေးငွေက ခပ်သွက်သွက် ဝင်သွားလေသည်။ ကျွန်တော်ကနောက်မှ အမှီလိုက်ရလေသည်။ လမ်းကြားထဲမှနေပြီး
ကျွန်တော်တို့ နောက်မှ တစ်စုံတစ်ယောက်ကို လိုက်နေမနေ စောင့်ကြည့်ကြသည်။ ကားရပ်စဉ်ကလည်း
ကျွန်တော်တို့နှင့်အတူ ဆင်းသူမရှိ။ နောက်ထပ်လည်း ဘယ်သူမှ ဘာနှင့်မျှ လိုက်မလာသည်ကို တွေ့ရတော့မှ
ရှေ့ဆက်ကြသည်။ ကျွန်တော်ကား ဘယ်ရောက်၍ ဘယ်ရောက်သွားသည်ဟု မသိတော့ပေ။
ကိုအေးငွေကရှေ့ဆောင်ပြီး ခေါ်သွားလေသည်။ ဟိုကွေ့သည်ကောက် ဟိုဖြတ်သည်ချိုးနှင့် သွားကြရလေသည်။

နောက်ဝင်းခြံနှင့် အိမ်တစ်အိမ်သို့ ဆိုက်ရောက်ကြလေသည်။
အိမ်ပေါ်သို့ ရောက်သောအခါ လူငယ် ၁၅ယောက် စုမိနေနှင့်ပြီဖြစ်ကြောင်း တွေ့ရသည်။
ကျွန်တော်နှင့်သိသူမှာ
ပေါင်းမှငါးယောက်သာ ပါလေသည်။ သူတို့က ပြုံး၍နှုတ်ဆက်သည်။ ကျွန်တော်ကလည်း
ပြုံး၍သာတုံ့ပြန်လေသည်။ အချင်းချင်းနာမည်ခေါ်မနေကြတော့ပေ။ ကျွန်တော်မသိသူများကား
တို့ဗမာအစည်းအရုံးဝင်လူငယ်များ ဖြစ်နေပေလိမ့်မည်။
ဤအစည်းအဝေးတွင် တစ်ယောက်နှင့်တစ်ယောက် သိပါလျက် နှုတ်မဆက်ဘဲ နေလိုက
နေကြလိမ့်မည်။ မသိဖူး
မကျွမ်းဖူးပါဘဲလျက် မိတ်မဆက်ဘဲ နေကောင်းနေကြမည်။ သို့ရာတွင်
အသည်းနှလုံးချင်းချင်းကား
တွေ့ဖူးပြီးကဲ့သို့ ဖြစ်လေသည်။ တစ်ယောက်လက်မောင်းသွေး တစ်ယောက်သောက်ပြီး
သစ္စာပြုသည့်အထိ
ခိုင်မြဲကြမည့် ရဲဘော်များဖြစ်ကြသည်။ တိုင်းပြည်အတွက် ဘာမဆို စွန့်စားကြမည့်သူများ
ဖြစ်သည်ဟုဤနေရာလာသည်နှင့် တစ်ပြိုင်နက်ပင် အသိအမှတ် ပြုလိုက်ကြလေသည်။
ကျွန်တော်တို့သည် အင်္ဂလိပ်အစိုးရအား လက်နက်နှင့် ပုန်ကန်တော်လှန်ရန် ပြင်ဆင်မှုများ
လုပ်ကြရတော့မည်။
ဘယ်လိုပြင်ဆင်မှုများ စတင်လုပ်ကြမည်နည်း။ ဒါတွေကို ဆွေးနွေးကြသည်။
ဆွေးနွေးနေကြစဉ် လူတစ်ယောက် ပျာယီးပျာယာနှင့် ဝင်လာလေသည်။ သူသည်
နောက်သို့လည်း
သင်္ကာမကင်းစွာဖြင့် ကြည့်သည်။ ပတ်ဝန်းကျင်ကိုလည်း သင်္ကာမကင်းစွာနှင့်
လျှောက်ကြည့်သည်။
နောက်ဆုံးကျွန်တော်တို့ဆီသို့လည်း သင်္ကာမကင်းသေးသော အကြည့်ဖြင့်
ကြည့်လိုက်လေသည်။ ပြီးတော့
ကျွန်တော်တို့အား ပြုံးပြလိုက်၏။ ကျွန်တော်များစွာ အံ့သြသွားသည်။ ထိုသူမှာ
ကိုကျော်ငြိမ်းဖြစ်၏။
ကျွန်တော်တို့အပေါ်ယံမှာမြင်နေသည်မှာ ကိုကျော်ငြိမ်းသည် တစ်ခါတုန်းက
ကျောင်းသားခေါင်းဆောင်ဖြစ်ခဲ့၏။
နောက်တော့ အိုင်စီအက်စ်စာမေးပွဲ ဝင်၏။ အကောက်တော်ဌာနၐ ရာဖြတ်ဝင်လုပ်၏။ ယခုလို
ပြည်သူ့အရေးတော်ပုံပါတီ အစည်းအဝေးတစ်ရပ်သို့ ကိုကျော်ငြိမ်းရောက်လာသဖြင့်
အံ့သြညပီး
ဝမ်းသာသွားလေသည်။
သူသည် ကိုအေးငွေနှင့် အခြားခေါင်းဆောင် နှစ်ယောက်ကိုလက်ပြ၍ ခေါ်ယူသည်။
သူတို့သည် တစ်နေရာထိုင်၍
ကျိတ်ဆွေးနွေးနေကြလေသည်။
ထို့နောက် ကိုကျော်ငြိမ်းပြန်သွားလေသည်။

ကျွန်တော်တို့၏ အစည်းအဝေးကို ဆက်ကြပြန်လေသည်။
ခေါင်းဆောင်ပိုင်းမှ အချို့နှင့် လူငယ်ပိုင်းမှ အချို့သည် နိုင်ငံခြားများသို့ သွားကြမည်။
နိုင်ငံခြားတွင်
စစ်မက်ရေးရာများ သင်ကြားမည်။ မြန်မာပြည်တွင်းသို့ လက်နက်များ
တိတ်တဆိတ်သွင်းပေးရန် စီစဉ်ကြမည်။
များသောအားဖြင့် လက်နက်များကို လေယာဉ်ပျံဖြင့် ချပေးလိမ့်မည်။ နိုင်ငံခြားသို့
မည်သူတို့သွားကြ မည်ကို
ထိုအခန်းသို့ရောက်သော ကျွန်တော်တို့အား ပြောမပြချေ။
ကျွန်တော်တို့သည် နယ်များသို့ ခွဲဆင်းပြီး ပြည်သူ့အရေးတော်ပုံ အဖွဲ့များ ဖွဲ့ရမည်။
၎င်းတို့အား လျှို့ဝှက်စွာ
စစ်ပညာသင်ပေးမည်။ လက်နက်များရောက်လာ သော် အဆင်သင့် ကောက်ကိုင်နိုင်အောင်
ကြိုးစားရပေလိမ့်မည်။
ကျောင်းသား သံမဏိတပ်ဖွဲ့များ၊ တို့ဗမာအစည်းအရုံး၏ လက်ရုံးတပ်ဖွဲ့များမှာ
ဖြောင့်တည်ထောင်နိုင်သော
အဖွဲ့များဖြစ်ပြီး တတ်နိုင်သလောက် ဖြောင်စစ်ရေးလေ့ကျင့်မှုများ လုပ်ပေးရမည်။
အချို့စစ်ရေးပညာများကိုလျှို့ဝှက်စွာ သင်တန်းပေးရမည်။
ကျွန်တော်–
“အမျိုးသမီးတွေကိုလည်း စစ်ရေးပညာပေးမယ်ဆိုရင် ဖြစ်နိုင်တယ်၊ အမျိုးသမီးတွေလည်း
လွတ်လပ်ရေးတိုက်ပွဲဝင်ဖို့ စိတ်အားထက်သန်နေကြတယ်”ဟု ပြောလိုက်သောအခါ
သခင်တစ်ယောက်က
ထောက်ခံပြောဆိုလေသည်။
“ဟုတ်တယ် ပွင့်ဖြူအပိုင်ကျေးရွာများမှာ တို့ဗမာအစည်းအရုံးက ကြီးမှူးပြီး မယ့်လက်ရုံး
အမျိုးသမီးတပ်ဖွဲ့တွေကိုတောင် တည်နေကြတယ် ကြားရတယ်၊ စဖွဲ့ဖွဲ့ချင်း အမျိုးသမီး
၂၀၀ကျော်တောင်
ပါဝင်ကြသတဲ့”
ရဲဘော်အားလုံး ပြုံးစိစိနှင့် နားထောင်နေကြသည်။ အမျိုးသမီးများက ယခုကဲ့သို့ တိုက်စိတ်
ခိုက်စိတ်စစ်သွေးကြွနေခြင်းကို ကျေနပ်ရှိသာမက အသစ်အဆန်းဖြစ်နေသောကြောင့်
ပြုံးကြခြင်းဖြစ်သည်ဟု
ကျွန်တော်ထင်သည်။ ရဲဘော်တစ်ယောက်က–
“ဘယ်လိုယူနီဖောင်းဆင်ကြမလဲ”ဟု မေးလိုက်ရာ ကျွန်တော်က “ပွင့်ဖြူမယ်
လက်ရုံးတွေကတော့
အင်္ကျီခပ်စိမ်းစိမ်းနဲ့ ထဘီအနီဆင်တူ ဝတ်ကြတယ်၊ ခေါင်းမှာလည်း ပဝါ
အဝါစည်းကြသတဲ့”
ရဲဘော်အချို့–
“ဟဲ ဟဲ သုံးရောင်ခြယ် ယူနီဖောင်းပေါ့လေ၊ ကောင်းတယ်”

ထို့နောက် ကျွန်တော်တို့သည် ငွေရေးကြေးရေး ပြဿနာများကို စဉ်းစားကြပြန်လေသည်။ အရေးတော်ပုံဆင်နွှဲရာ၌
ငွေရေးကြေးရေးသည်လည်း အခရာ ဖြစ်သည် မဟုတ်ပါလော။
ကျွန်တော်တို့သည် အစွမ်းကုန်ထုတ်ပြီး ငွေရှာကြရမည်။ ၄င်းပြင် နိုင်ငံခြားမှ မဟာမိတ်များကလည်း
ငွေသိန်းပေါင်းများစွာ ထုတ်ပေးလိမ့်မည်ဟု သိကြရလေသည်။
ကျွန်တော်တို့သည် ရှေ့ရေးအတွက် များစွာ အားတက်ကြလေသည်။
၁၃၀၀ပြည့်နှစ် အရေးတော်ပုံတုန်းက ကျောင်းသား၊ လယ်သမား၊ အလုပ်သမား လူထုတစ်ရပ်လုံး
အုံကြွလှုပ်ရှားခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့၏ ဖိနှိပ်လွှမ်းမိုးရေး အဆောက်အအုံကြီးတစ်ခုလုံးကို ယိမ်းယိုင်လှုပ်ရှားစေခဲ့လေသည်။ အကယ်၍သာ လက်နက်နှင့်ငွေကြေးပြည့်စုံခဲ့ပါမူ ယင်းအဆောက်အအုံကြီး
ပြိုလဲကျအောင် အရေးတော်ပုံကြီးကို ဆက်လက် ဆင်နွှဲခဲ့နိုင်ပေမည်။
ယခုမူ အင်္ဂလိပ်နယ်ချဲ့သမားသည် ဂျာမနီ၏ ထိုးချက်ကြောင့် သွက်သွက်လည် ခံနေရသည်။ ဂျပန်ကလည်း
အင်္ဂလိပ်နယ်ခဲ့သမားကို အလဲထိုးဦးမည်။
ကျွန်တော်တို့မှာလည်း လက်နက်အား ငွေကြေးအား ပြည့်စုံတော့မည်။
အင်္ဂလိပ်နယ်ချဲ့သမားကို အလဲထိုးပြီး ကျွန်တော်တို့ လွတ်လပ်ရေးကို အမြတ်ထုတ်ယူရန် သည့်ထက်ကောင်းသော
အခွင့်အလမ်းတွေ ပေါ်ပါဦးမည်လော။
ကျွန်တော့်တွင် အစွမ်းကုန် စွန့်စားချင်သော စိတ်ဓာတ်များ တစ်ဟုန်ထိုး တက်လာလေသည်။
အစည်းအဝေးမပြီးသေးခင် ကျွန်တော်က မေးခွန်းထုတ်လိုက်သည်။
"ခေါင်းဆောင်တွေနဲ့ နိုင်ငံခြားလိုက်ဖို့ လူငယ်ထဲကရွေးရင် ကျွန်တော်တို့ထဲကပဲ ရွေးမယ်မဟုတ်လား"
အခြားရဲဘော်များလည်း ဤကိစ္စမှာ ကျွန်တော်ကဲ့သို့ စိတ်ဝင်စားနေကြကြောင်း တွေ့ရလေသည်။
ကိုအေးငွေ–
"ဟုတ်တယ်၊ ရွေးတော့ရွေးမှာပဲ။ သို့ပေမယ့် လျှို့ဝှက်စွာ ရွေးမှာပဲ၊ ဘယ်သူ့ရွေးခေါ်သွားမယ်ဆိုတာ
အချင်းချင်းသိကြလိမ့်မယ် မဟုတ်ဘူး"
အားလုံးက–
"အဲဒီနည်းပဲ လုပ်ရမှာပေါ့"
ကျွန်တော်–
"ကျွန်တော် လိုက်ပါရစေဗျာ"

ကိုအေးငွေ–
"ဘယ်သူ့ ရွေးပြီးခေါ်မယ်ဆိုတာတော့ မသိသေးဘူး၊ သို့ပေမယ့် ခင်ဗျားကိုတော့
ခေါ်မှာမဟုတ်ဘူး၊ ခင်ဗျားမှာ
ဒီမှာလုပ်ဖို့ တာဝန်တွေရှိတယ်"
ကျွန်တော်သည် တော်တော်စိတ်ပျက်သွားသည်။ မြန်မာပြည်တွင်းတွင် ကျွန်တော်လုပ်မှ
ပြီးမည့်တာဝန်တစ်ခုခုရှိသည်ဟု ကျွန်တော်မထင်ချေ။
"ဟာဗျာ ကျွန်တော့်မှာ ဘာတာဝန် ကြီးကြီးကျယ်ကျယ် ရှိတာလိုက်လို့"
ကိုအေးငွေက ကျွန်တော့်အား သူငယ်ချင်းချင်း အမူအရာမျိုးဖြင့် မဆက်ဆံတော့ဘဲ
ခေါင်းဆောင်တစ်ဦးက
နောက်လိုက်အား ဆက်ဆံသည့် အမူအရာမျိုးဖြင့် ကျွန်တော့်အား အစည်းအဝေးအပြင်
ဘေးသို့
ခေါ်၍ကျိတ်ပြောလေသည်။
"ခင်ဗျားလုပ်ဖို့တာဝန် ကြီးကြီးကျယ်ကျယ်ရှိတယ်၊ ခင်ဗျား ထိထိရောက်ရောက်
မလုပ်သေးလို့သာပဲ။ ပြီးတော့
ဒီတာဝန်ဟာ ခင်ဗျားနဲ့အသင့်တော်ဆုံး တာဝန်ဖြစ်တယ်။ အရေးတော်ပုံတစ်ခုမှာ
ဝါဒဖြန့်ရေးဆိုတဲ့ အလုပ်ဟာ
ဘယ်လောက်အရေးကြီးတယ်ဆိုတာ လူတိုင်းသိတယ်၊ ခင်ဗျားလည်း သိတယ်။
လျှို့ဝှက်ရေးလုပ်ငန်းဆိုတော့
လျှို့ဝှက်ဝါဒဖြန့်ရလိမ့်မယ်၊ လျှို့ဝှက်ဝါဒဖြန့်ရာမှာ လျှို့ဝှက်မြေအောက် ပုံနှိပ်လုပ်ငန်းရှိဖို့
အရေးအကြီးဆုံးဖြစ်တယ်။ လျှို့ဝှက်မြေအောက် ပုံနှိပ်လုပ်ငန်းဖြစ်အောင် တည်ထောင်ဖို့
ခင်ဗျားထက်ပိုပြီး
သင့်တော်သူ ကျွန်တော်တို့အထဲမှာ ရှာမတွေ့နိုင်ဘူး"
ကျွန်တော်ကား ငြိမ်နေလိုက်ရလေသည်။
ထို့နောက် ကျွန်တော်တို့ လူစုခွဲကြလေသည်။ ဘတ်စ်ကား အသွားအလာ
မရှိတော့ပြီဖြစ်သဖြင့်ရန်ကုန်မြို့ထဲသို့
မပြန်နိုင်ကြတော့ချေ။ အချို့မှာ ကမာရွတ်ထဲမှာပင် လူစုခွဲအိပ်ကြ၏။ ကျွန်တော်နှင့်
ကိုအေးငွေတို့ကား တက္ကသိုလ်
သမဂ္ဂသို့ သွားပြီးဦးကံသိန်းအားအိပ်ရာမှ နှိုးကာ အိပ်စရာ ရှာရတော့မည်။
ကျွန်တော်တို့သည် အင်းစိန်လမ်းမကြီးပေါ်သို့ ထွက်ခဲ့ကြပြီး လမ်းလျှောက်ကြလေသည်။
သန်းခေါင်ကြက်တွန်သံများကို ကြားရ၏။ အင်းလျားကန် ဘက်ဆီမှ ဗီးကွက်သံများနှင့်
တစ်တီတူးသံများလည်း
ကမာရွတ်ရွာကို ကျော်ဖောက်၍ လာနေလေသည်။
ကမာရွတ်ရွာထဲမှ ဦးလေးမြင့်အိမ်သို့ ဝင်အိပ်ရ ကောင်းလေမည်လား။ မြင်းလှည်းသမား
ဦးဖိုးခင်၊

ဘူးသီးကြော်ဆိုင်ရှင် မလုံးတင်နှင့် သမီးများ မြကြည်၊ မြရီတို့ထံဝင်၍ တည်းခိုရလျှင် ကောင်းမည်လား။
ညဥ့်နက်သန်းခေါင် အားနာစရာ ကောင်းသည်။ ထို့ကြောင့် ကမာရွတ်ဂါတ်တဲဘက်ဆီသို့ လျှောက်လာခဲ့လေသည်။
စွပ်ကျယ်စက်အလွန်တွင် စက်ဘီးဖြင့် ပတ်တရောင်လှည့်လာသော ပုလိပ်များနှင့် တွေ့လေသည်။ သူတို့က
စစ်ဘီးပေါ်မှဆင်းပြီး ကျွန်တော်တို့အား ချယ်လင့် လုပ်လိုက်သည်။
"ဟေ့ ရပ်လိုက်၊ ဘယ်သူတွေလဲ"
ကျွန်တော်တို့က ကျိုးနွံစွာ ရပ်လိုက်ကြသည်။
ကိုအေးငွေ–
"ကောလိပ်ကျောင်းသားတွေပါဗျ၊ မိတ်ဆွေတွေပါ"
"ဘယ်လိုကောလိပ်ကျောင်းသားတွေလဲ၊ အချိန်မတော်ကြီး"
ပုလိပ်များက ကျွန်တော်တို့မျက်နှာကို စေ့စေ့ကြည့်ကြလေသည်။ ကိုအေးငွေက မှုန်တေတေဖြင့် စပ်ဖြဲဖြဲလုပ်ပြပြီး–
"အချိန်မတော်ကြီးမှ ကျွန်တော်တို့ကိစ္စက ပြီးမှာကိုး၊ ဟဲ ဟဲ နောင်ကြီးတို့ စိတ်မဆိုးနဲ့နော်၊ ကျွန်တော်တို့
လူငယ်တွေကို အရေးလည်းမယူပါနဲ့ဗျာ၊ ကမာရွတ်မှာ မြာရှာရတာက အရင်ကလောက် မလွယ်တော့ဘူးဗျ"
ပုလိပ်များက ရယ်ကြလေသည်။ ပုလိပ်တစ်ယောက်က–
"ဟဲ ဟဲ လိုက်ရှာပေးရဦးမလား"
ကိုအေးငွေ–
"တော်ပါပြီဗျာ၊ ကျေးဇူးအထူးပဲတင်ပါတယ်ဗျ၊ ဂွတ်နိုက်နော်"
သူတို့သည် စက်ဘီးစီးသွားကြလေသည်။ ကျွန်တော်တို့လည်း ခပ်မြန်မြန် လျှောက်လာကြလေသည်။
ကျွန်တော်–
"အင်း အလျှောက်ကောင်းလို့ အထောင်းလွတ်တယ်နော်"
" ဟဲ ဟဲ ဗဟုသုတ ပြည့်ဝတဲ့လူဆိုတော့ ဘယ်နေရာ ဘယ်စကား ပြောရမယ်ဆိုတာ နားလည်တာပေါ့ကိုယ့်လူရဲ့။
ဒါထက် ကိုယ်တော့ ကိုယ့်လူနဲ့ ကိုယ့်လူ အစ်မကြီးဟာ မရှိးဘူးထင်တယ်"
ကျွန်တော့်မှာ ခေါင်းကြီးသွားသည်။ ဖွတ်ပင် ကွယ်လိုက်ရသည်။
"ဟာ ကိုအေးငွေ သိပ်ဆိုးတာပဲ၊ ရှိးပါတယ်ဗျ"
"ဘယ်နှစ်ဝမ်းကွဲလဲ"
"ဟာဗျာ နောက်ထပ် မမေးနဲ့၊ ကျွန်တော် စိတ်ဆိုးရလိမ့်မယ်"
ကျွန်တော်တကယ်ပင် စိတ်ဆိုးသွားလေသည်။
ကိုအေးငွေ–

"ကဲ ကိုယ့်အပေါ်မှာတော့ စိတ်မဆိုးနဲ့၊ ရှိးရှိး မရှိးရှိး နောက်ထပ်မမေးပါဘူး၊ ပုံနှိပ်တိုက် တည်ထောင်ဖို့ကိစ္စကတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် အောင်မြင်အောင် ကြိုးစားပါတော့ ဟုတ်လား၊ ဒါက
တိုင်းပြည့်တာဝန်ပဲ"
ကျွန်တော်သည် ဘာမျှမဖြေတော့ပေ။ မမြမှီထံမှ ပုံနှိပ်တိုက်လုပ်ငန်းအတွက် အရင်းငွေရရန် ဘယ်လိုဆောင်ရွက်ရမည်ကိုသာ စိတ်ထဲမှာ ဇာတ်တိုက်လျက် နေလေသည်။
ကျွန်တော့်ခြေလှမ်းများကား
ကိုအေးငွေနှင့် အတူတူပင် သမဂ္ဂအဆောက် အအုံဆီသို့ မှန်မှန်ရွေ့ရှားနေလေသည်။ ။
၆၀
မမြမှီ၏ထောက်ပံ့ကြေး
ထိုနေ့ညက မိုးဦးရွာချသည်။ အတော်ပင် ပြင်းထန်သည့်မိုး။ လေမုန်တိုင်းက မိုးဦးကို ရှေ့ဆောင်၍
ခေါ်ခဲ့လေသည်။
ကျွန်တော်မဂိုလမ်းသို့ရောက်သောအခါ လေမုန်တိုင်းမှာ ငြိမ်သွားလေပြီ။ မိုးကမူ ဖွဲဖွဲကလေး ကျနေသေး၏။
ဓာတ်မီးကြိုးများ ပြတ်သွားသဖြင့် လမ်းမီးများ ငြိမ်းနေသည်ကို တွေ့ရ၏။
မိုးကြီးလေကြီး မှောင်ကြီးထဲတွင် မမြမှီသည် ချိန်းထားသည့်အတိုင်းလာမှ
လာနိုင်ပါမည်လား။
ကျွန်တော်သည် စိတ်တထင့်ထင့်ဖြင့် မမြမှီ၏ အလုပ်တိုက်ဆီသို့ လျှောက်လာခဲ့သည်။
တံခါးမအပေါက်ကြီးမှာ အခြားညများကဲ့သို့ပင် သော့ခလောက်ကြီး ခတ်ထားသည်။
လေပြင်းတိုက်ခတ်ခဲ့သော်လည်း ဆိုင်းဘုတ်ကြီးမှာ ခါတိုင်းနေရာတွင် အခြေမပျက် ရပ်တည်နေသည်။
ကျွန်တော်သည် ထိုဆိုင်းဘုတ်နောက်သို့ ဝင်လိုက်သည်။ ပြီးတော့ တံခါးရွက်တစ်ခုကို တွန်းလိုက်လေသည်။
အဆင်သင့်ပင် ပွင့်သွားလေသည်။
မမြမှီကား လက်နှိပ်ဓာတ်မီးကို အောက်စိုက်ထိုး၍ ကြိုဆိုနေလေသည်။
မိုးလေဖျက်သော်လည်း မပျက်ကွက်သော
အချစ်ကျောက်တိုင်ကြီးပေတည်း။
တိုက်ခန်းထဲမှာ မီးထွန်းညှိခြင်းဆို၍ ဖယောင်းတိုင်မီးပင် မရှိ။ အောက်စိုက်ထိုးထားသော လက်နှိပ်ဓာတ်မီးရောင်သာရှိသည်။ သို့သော် ခနစ်ဆောင်တိုက်ခန်းကိုပင်
လင်းနိုင်လောက်သည့် မမြမှီ၏
အပြုံးကိုကား မြင်သာပေသည်။ ကျွန်တော် ယနေ့ည ချိန်းဆိုပြီးလာခဲ့သည်မှာ
ထိုအပြုံးအလင်းရောင်တွင်
ပိုးဖလံလို မြူးထူးပျံသန်းဖို့လာခြင်းကား မဟုတ်ချေ။ သို့သော် မမြမှီ၏ အပြုံးကား ခုခံတွန်းလှန်၍ မရသော

အပြုံးဖြစ်သည်။ ကျွန်တော့် အသည်းနှလုံးတို့ကလည်း ထိုအပြုံးရောင်ကို ရောင်ပြန်ဟပ်သော သဘောရှိပေသည်။
"ကိုယ်တော်မြတ်ကလေး၊ လာမှလာဖြစ်ပါ့မလားလို့"
ကျွန်တော်က မမြမှီ၏လက်မောင်းအုံ နှစ်ဖက်စလုံးကို ဆုပ်ကိုင်လိုက်ပြီး ပြုံးနေသော မျက်နှာကို စိုက်ကြည့်ရင်း–
"မိုးရွာရုံမကလို့ မိုးပြိုကျတောင် အရောက်လာမယ့် မောင်ကလေးပါ"
မွေးတော့မည်ဟု ကျွန်တော်က ရွယ်လိုက်စဉ် မမြမှီက တိမ်းလိုက်ပြီး–
"မလောတော်မူပါနဲ့ ကိုယ်တော်မြတ်ကလေးရဲ့၊ သွား ဟိုမှာထိုင်"
မမြမှီသည် အောက်စိုက်ထိုးထားသော လက်နှိပ်ဓာတ်မီးဖြင့် ဆိုဖာရှည်ကြီးတစ်ခုဆီသို့ ညွှန်ပြလိုက်လေသည်။
ယခင်က ဤအလုပ်တိုက်ခန်းတွင် သည်ဆိုဖာရှည်ကြီး မရှိပါ။ ဘယ်တုံးက ထားလိုက်သည် မသိ။
သူမသည်တံခါးချက်ကို ထိုးနေရစ်သည်။
ကျွန်တော်ဆိုဖာရှည်ကြီးပေါ်တွင် မထိုင်သေးဘဲ ရပ်၍စောင့်နေလေသည်။ မမြမှီသည် လက်နှိပ်ဓာတ်မီးခလုတ်ကို
မပိတ်ဘဲ နံရံတစ်ဖက်ဆီသို့ ခေါင်းလှည့်ပြီး ကြမ်းပြင်ပေါ်မှာ ချထားလိုက်လေသည်။ ထို့ကြောင့်
အပြင်ဘက်မှမမြင်ရဘဲ တိုက်ခန်းတွင်းမှာ မသိမသာ လင်းနေလေသည်။
မမြမှီသည် ဆံပင်ကို ဘီးစိုက်တစ်ပတ်လျှိုထုံးထားသည်။ ဆံမြိတ်မှာ ဖြာကျနေသည်။ ရှန်ဟဲ ဖဲကြိုးလုံချည်ဖြောင်
နက်ပြာရောင်ကို ဝတ်ထားသည်။
ကျွန်တော်သည် ဆိုဖာနားမှာ ရပ်၍ မမြမှီအား ကြည့်ရင်း ယနေ့ည လာခဲ့ရသည့် အဓိက ရည်ရွယ်ချက်ကို
စဉ်းစားနေလေသည်။ ပုံနှိပ်စက် တည်ထောင်နိုင်အောင် အပြီးအပိုင် အရေးဆိုဖို့ ဖြစ်လေသည်။ အလုပ်ကိစ္စနှင့်
ပတ်သက်၍ မမြမှီပေးထားသော အသေးစိတ် အချက်အလက်များကိုမူ ယခင်တစ်နေ့ကပင် မမြမှီအား တင်ပြပြီး
သားဖြစ်သည်။ ယနေ့ညမှာ မမြမှီ၏ အဖြေကိုတောင်းရန်သာဖြစ်ပေ၏။
မမြမှီက ကျွန်တော့်ဘေးမှာ ကပ်ရပ်လိုက်ပြီး–
"ထိုင်လေ၊ ဘာလို့ ရပ်တော်မူကိုယ်တော် လုပ်နေရတာလဲ"
ကျွန်တော်က အဖြေမပေးဘဲ မှုန်တေတေကြီး လုပ်နေလိုက်လေသည်။ မမြမှီသည် ဆိုဖာပေါ်တွင် ထိုင်ချလေသည်။
ပြီးတော့ ကျွန်တော့်လက်တစ်ဖက်ကို ဆွဲပြီး အထိုင်ခိုင်းပြန်လေသဖြင့်
ရှန်းကန်ငြင်းဆန်မနေတော့ဘဲ

ထိုင်ချလိုက်သောအခါ ဆိုဖာမှာ အိဆင်းသွားပြီး ကျွန်တော့်ကိုယ်သည် မမြမှီဆွဲရာသို့
အလိုက်သင့်ယိမ်းပါ
သွားလေသည်။ ကျွန်တော့်မှာ အလုပ်ကိစ္စကို အရင်ပြောရမည်လော၊ အချစ်ကို
အရင်ချစ်ရမည်လော
တွေးတောငေးမောမနေအား တော့ချေ။ အချစ်ကို အရင်ပြုရ လေတော့မည်။
သို့သော် ယနေ့ညအဖို့ အလုပ်ကိစ္စသည် မေ့ပျောက်၍ မရသော ကိစ္စဖြစ် နေလေသည်။
မမြမှီထံမှ
ငွေတစ်သောင်းထက်မနည်း အရင်းစိုက်ထုတ်ပေးလိမ့်မည်ဟု မျှော်မှန်းထားသည်။
ထိုအရင်းငွေရလျှင်
ပုံနှိပ်တိုက်ထောင်ထားပြီး ဗန်းပြအားဖြင့် အပြင်အလုပ်တွေ လက်ခံကာ အရေးတော်ပုံအတွက်
တိတ်တိတ်လျှို့ဝှက်ဝါဒဖြန့် စာပေတွေ ရိုက်ထုတ်ပေးလိုက်မည်။ အို ဒါထက်–
ယုံကြည်စိတ်ချရသော
စာစီသမားတွေ ဘယ်လိုရှာရမည်နည်း။ အဖြေမတွေ့သဖြင့် ခက်နေသည်။
အရေးတော်ပုံဘက်သား
ကျောင်းသားတွေ စာစီသင်ပေးရမည်လော။ ဒီလိုဆိုလျှင် အလွန်ကြာလိမ့်မည်။
မမြမှီသည် ကျွန်တော်နှင့် ပါးချင်းကပ်ထားရာမှ ဆတ်ခနဲခွာကာ ကိုယ်ကို
မတ်မတ်ထားလိုက်ပြီး–
"မောင်လေးဒီနေ့ဘာဖြစ်နေသလဲဟင်"
ကျွန်တော်သည် အဝေးသို့လွင့်နေသော စိတ်ကိုပြန်ထိန်းသိမ်းလိုက်သည်။
"ဘာမှမဖြစ်ပါလား မမရဲ့"
"အို ပြောစရာရှိ ပြောစမ်းပါ၊ မင်းကြည့်ရတာ အေးစက်စက်နဲ့"
ကျွန်တော်သည် ဘာမျှမပြောဘဲ ရှေ့သို့ ငေးကြည့်နေလေသည်။ မီးခံသေတ္တာပေါ်ရှိ
ကြေးဝါပန်းအိုးကြီး၏
မည်းမည်းသဏ္ဌာန်ကို မှောင်ထုထဲမှ ထိုးဖောက်၍ မြင်ရသည်။
"ပြောလေ ဘာဖြစ်နေတာလဲ၊ မောင်လေးရဲ့ အေးစက်စက်အမူအရာဟာ မမရဲ့
အသည်းနှလုံးကို
ရေခဲစိမ်လိုက်သလိုပဲ သိရဲ့လား"
တကယ် ရင်တွင်းမှခံစားမှုကို ပဲ့တင်ထပ်သော အသံလော။ ကျွန်တော်၏ တင်းမာမှုကို
ပျော့လေရော့ဟု
တမင်ပြုလိုက်သော ညသံလော။ ကျွန်တော်မစဉ်းစား တတ်ပါ။ သို့သော် မမြမှီ၏
ထိုစကားလုံးကလေးတွေကြောင့်
ကျွန်တော့်စိတ်သည် ပျော့ဆင်းသွားလေရာ အားငယ်ကြေကွဲသံဖြင့်–
"ပြောလည်းအလကားပါပဲ မမရယ်"
"အို ဘာဖြစ်လို့ အလကားပဲ မောင်လေးရယ်၊ ပြောပြမှ သိရမှာပါကွယ်၊ ဘာလဲ
ရွယ်တူရွယ်တန် ချစ်သူကလေးနှင့်

တွေ့နေလို့”
ကျွန်တော့်စိတ် ထောင်းခနဲ ထလာသည်။ ကျွန်တော်ပြောချင်သော ကိစ္စကို မာယာနှင့် လှီးလွှဲလိုက်ခြင်းဖြစ်သည်ဟု
ထင်လိုက်သည်။ ထို့ကြောင့် အသံမာမာဖြင့်–
“အို မဟုတ်တာတွေ လျှောက်ပြောမနေပါနဲ့၊ ကျွန်တော် ဘာပြောမယ်ဆိုတာ မမ သိပြီးသားပဲ”
“အို မသိရပါဘဲလား မောင်”
“ဘာလို့ မသိရမှာလဲ၊ ကျွန်တော် ခဏခဏ ပြောနေတာပဲ။ အလုပ်ကိစ္စလေး အလုပ်ကိစ္စ”
ကျွန်တော့်အသံ တုန်နေသည်ကိုသတိထားမိသည်။ မမြမှီသည် ကျွန်တော့်ပခုံးနှစ်ဖက်ကို လက်နှင့်ဆွဲယူပြီး
သူမဘက်သို့ လှည့်လိုက်ကာ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေလေသည်။ မှုန်ဝါးဝါးအလင်းရောင်တွင် သူမ၏
မျက်လုံးအစုံကို ကောင်းစွာမမြင်ရသော်လည်း ၎င်းတို့၏ ဆွဲငင်ခြင်းအရှိန်အဝါကိုကား ကျွန်တော်ခံစားနေရလေသည်။ ကျွန်တော်သည် ရှေ့ဘာဆက်ပြောရမည်ကို မစဉ်းစားတတ်အောင် ရှိနေလေသည်။
ဘာမျှမပြောတော့ဘဲ ထွက်သွားချင်စိတ်လည်း ပေါ်ပေါက်လာလေသည်။
မမြမှီက အက်ကွဲသောအသံဖြင့်–
“အလုပ်ကိစ္စ၊ တစ်ခါလာလည်း အလုပ်ကိစ္စ၊ ရှင်းရှင်းပဲ ပြောလိုက်ပါတော့လား မောင်လေးရယ်၊
ဒီအလုပ်ကိစ္စအထမမြောက်ရင် မမကို မချစ်တော့ဘူးလို့ ပြောလိုက်လေ၊ အဲဒီလိုပဲ ပြောလိုက်ပါကွယ်”
ငိုသံပါလာသည်။ အကယ်၍သာ အလင်းရောင်ကောင်းစွာရှိလျှင် မမြမှီ၏ မျက်လုံးများမှာ စွတ်စိုနေသည်ကို
တွေ့မြင်ရပေလိမ့်မည်။
“ပြောလိုက်လေ၊ ရှင်းရှင်းပြောပါကွယ်။ အဲဒီလို ပြောရင်လည်း မောင်လေးကို မမက အထင်သေးမသွားပါဘူး။
ငါ့ပစ္စည်းမက်လို့ ငါ့ချစ်ဟန်ဆောင်တာကိုးလို့ မမဘက်တော့ အချစ်ပျက်သွားမှာ မဟုတ်ပါဘူး။ ပြောပါကွယ်
အဲဒီလိုပြောစမ်းပါ”
ကျွန်တော့်မှာ အပဲ့ဆားထိသွားသလို ဖြစ်သွားလေသည်။ ဘာမျှမပြောဘဲ ငြိမ်ပြီး မနေနိုင်တော့ချေ။
ပေါက်ကျိုးသွားသော ကျွန်တော့်ဂုဏ်ကို တစ်နည်းနည်းနှင့် ဆည်ရပေလိမ့်မည်။
“မဟုတ်တဲ့စကား ကျွန်တော်က ဘာပြုလို့ ပြောရမှာလဲ မမရဲ့၊ ကျွန်တော် ဒီအလုပ် ဘာဖြစ်လို့
လုပ်ချင်တယ်ဆိုတာလည်း မမသိသားနဲ့၊ ဒီမှာမမ”

မမြမှီကမထူး။ မျက်နှာကိုသာ စိုက်ကြည့်နေလေသည်။
"မမ ကျွန်တော့်ကိုတကယ်ချစ်တယ်မဟုတ်လား"
မမြမှီကအဖြေမပေး။ ကြည့်ရုံသာ ကြည့်နေလေသည်။
"ကျွန်တော့်ကို တကယ်ချစ်ရင် ကျွန်တော့်အလိုကို လိုက်ရမယ်၊ ကျွန်တော်လုပ်ချင်တဲ့ အလုပ်ဖြစ်မြောက်အောင်
ကူညီရလိမ့်မယ်"
ကျွန်တော်သည် ကျွန်တော့်ပခုံးနှစ်ဖက်ပေါ်ရှိ မမြမှီ၏လက်များကို ဖယ်ရှားပြီး မတ်တတ်ရပ်တော့မည့်ဟန်ပြင်သည်။ မမြမှီက ကျွန်တော့်လက်မောင်းနှစ်ဖက်ကို ဆွဲထားသည်။
"ကဲ ကျွန်တော်သွားတော့မယ်"
"မသွားပါနဲ့ဦး၊ မမ ရှင်းလင်းပြောတာ နားထောင်ပါဦး"
ကျွန်တော့်မှာ ထိုင်ရပြန်လေသည်။
"ကဲ မောင်တင်ထွန်းလုပ်ချင်တဲ့ ပုံနှိပ်လုပ်ငန်းအတွက် မမက အရင်းတစ်သောင်း နှစ်သောင်းစိုက်ထုတ်ပေးရော
ဆိုပါတော့။ ပထမအချက်ကတော့ မမနားမလည်တဲ့ အလုပ်မှာ ငွေရင်း မမြှုပ်ချင်ဘူး။ ဒါပေမဲ့မမ နားမလည်တာ
ဝါသနာမပါတာ အပထားပြီး မောင်တင်ထွန်းအတွက် သက်သက်ထုတ်ပေးတယ်ထားဦး၊ အိမ်ကကိုထွန်းဝင်းကိုပြောမပြဘဲ ပြီးမှာ မဟုတ်ဘူး။ မမတို့အလုပ်လုပ်ကြတာဟာ စာရင်းမရှိ အင်းမရှိ
လုပ်ကြတာမဟုတ်ဘူး၊ ကိုထွန်းဝင်းက အိမ်မှာ ရောဂါနဲ့လှဲနေရာကနေပြီးလည်း စာရင်းအင်း ကြည့်နေသေးတာပဲ။
ကိုထွန်းဝင်းကိုပြောပြတယ်ဆိုရင် မောင်တင်ထွန်းအကြောင်းကို မေးတော့မယ်၊ တစ်စတစ်စနဲ့ မမတို့အကြောင်းသူမသင်္ကာသွားရင် မခက်ပေဘူးလား။ သိသွားရင် မခင်ပေဘူးလား။ ပြီးတော့
သူကမသင်္ကာတာတွေ မရှိဘူး၊ မသိဘူးဘဲထားဦးတော့၊ မောင်တင်ထွန်းကို မမက အရင်းအနှီးစိုက်ထုတ်ပြီး
အလုပ်တည်ထောင်ပေးထားတယ်ဆိုရင် သည့်ပြင်လူတွေက မမတို့ကို အကဲခတ် ကြည့်ကြတော့မယ်၊
မမတို့ကိစ္စကြီးဟာ လူသိနတ်ကြား ဖြစ်ကုန်မှာပဲ၊ ဒါကြောင့်"
မမြမှီ၏အသံမှာ နစ်ဝင်သွားလေသည်။
"ဒါကြောင့် ကျွန်တော်လုပ်ချင်တဲ့ အလုပ်မှာ မမ မကူညီနိုင်ဘူးဆိုပါတော့ လေ"
ကျွန်တော်က အရုပ်ကြိုးပြတ်သလိုဖြစ်သွားလေသည်။ မမြမှီသည် အရုပ်ကြိုးပြတ်ကို ယုယစွာကိုင်ပြီး
သူမကိုယ်မှာမှီထားလိုက်လေသည်။ မမြမှီသည် ရှိုက်၍ရှိုက်၍ငိုသည်။ အရုပ်ကြိုးပြတ်သည် ရှိုက်သောမမြမှီကြောင့်သာ လှုပ်ရှားနေလေသည်။

အတန်ကြာတော့ မမြမှီသည် ကျွန်တော့်နဖူးဆံစကို လက်ဖြင့်ကြင်နာစွာသပ် ရင်း–
“မမက မချစ်လို့ မကူညီတာလို့ထင်ရင်လည်း ခံရတော့မှာပဲကွယ်”
ကျွန်တော်သည် အကြံမအောင်သဖြင့် စိတ်အပျက်ကြီး ပျက်သည်။ ရှေ့ ဘာဆက်ပြောရမည် မသိသဖြင့်စိတ်အိုက်သည်။
မမြမှီအား စိတ်ပဲဆိုးရမည်လော၊ သနားပင် သနားရမည်လော၊
နာကြည်းစကားပြောရမည်လော၊
ခွင့်လွှတ်ဖို့တောင်းပန်ရမည်လော။
သည်လိုနှင့်အကြာကြီးငိုင်မှိုင်ပြီး ထိုင်နေကြလေသည်။ ကြမ်းပြင်ပေါ်ချထားသော လက်နှိပ်ဓာတ်မီးမှ
ထိုးထွက်နေသော အရောင်သည် နီကြင့်ကြင့် ဖြစ်လာသည်ဟု ထင်သည်။
အရေးတော်ပုံအတွက် ဝါဒဖြန့်လုပ်ငန်းကြီး ပျက်သွားလေပြီ။ ကျွန်တော့်အား ပေးအပ်ထားသော
တာဝန်ကိုပြန်အပ်ရုံသာ ရှိတော့သည်။ ကိုအေးငွေအား ဘယ်လို ကျွန်တော်ပြောရမည်နည်း။
ကျွန်တော်သည် အရှုပ်ကြိုးပြတ်အဖြစ်ကို စွန့်လွှတ်လိုက်သည်။ ဆတ်ခနဲ မတ်မတ်ထိုင်လိုက်ပြီးနောက်–
“ကဲ သွားတော့မယ်”
မတ်တတ်ထရန် ပြင်လိုက်သောအခါ မမြမှီက ကျွန်တော့်လက်များကို ဆွဲတားထားပြန်သည်။
“ခဏနေဦး၊ မမကို ခွင့်လွှတ်ကဲ့လား ပြောပါဦး”
မမြမှီနှင့် သိကျွမ်းစက စပြီး ထိုနေ့တိုင် တစ်ကြိမ်မျှ စိတ်ကွက်စရာ မတွေ့ခဲ့ဖူးသေးချေ။ ယခုတော့
စိတ်ကွက်စရာတွေ တွေ့နေရလေပြီ။ စကားပိုတွေ ပြောနေလေပြီဟု ထင်လာသည်။ ကျွန်တော့်ကိုယ်ကို ကျွန်တော်
ပင့်ကူအိမ်မှ ရုန်းထွက်နေသော ပိုးမွှားကောင်ကလေးနှင့် တူသည်ဟု ထင်လာလေသည်။
“ခွင့်လွှတ်စရာ မလိုပါဘူး”
မမြမှီဆွဲထားသော ကျွန်တော့်လက်များကို မသိမသာ ရုန်းလိုက်သည်။ မမြမှီက မလွှတ်၊
ကျွန်တော့်လက်ဝါးများကိုယူပြီး သူ့မပါးပြင်ကို ပွတ်စေလေသည်။ ပြီးတော့ ငိုသံပါဖြင့်–
“သိပါတယ်ကွယ် ခွင့်မလွှတ်ပါဘူး။ မမရဲ့အဖြစ်ကိုက ဆိုးပါတယ်၊ ဘယ်လို ကံကြမ္မာများပါလိမ့်။
အင်းကိစ္စတွေအားလုံးရှင်းသွားမှာကတော့ ကိုထွန်းဝင်း သေမှာပဲ၊ သူသေသွားရင် ရှင်းမယ်၊ မောင်ကလေး
ကြိုက်သလိုဘာမဆို”
ကျွန်တော်သည် မမြမှီ၏ပါးစပ်ကိုလက်ဖြင့် ပိတ်လိုက်သည်။ မမြမှီက ပြောရဲသော်လည်း ကျွန်တော်က
နားမထောင်ရဲ။ မမြမှီသည် ရှိုက်၍ငိုလာပြန်သဖြင့် ကျွန်တော်၏
လက်ကိုဖယ်ပေးလိုက်ရလေသည်။

ပင့်ကူအိမ်မှရုန်းထွက်ရန် ကြိုးစားနေသော ပိုးမွှားကောင်ကလေး မရုန်းနိုင်ဘဲ ရှိပြန်လေသည်။ ကျွန်တော်သည်
မမြမှီအား သနားရပြန်သည်။ ယုယစွာပိုက်ထွေးရပြန်လေသည်။ ချော့ရပြန်သည်။ ခွင့်လွှတ်ကြောင်း
အာမခံရပြန်လေသည်။ အတော်ကြာလို့ မမြမှီက အတန်ငယ် ငြိမ်ကျသွားမှ–
"ကဲ သွားတော့မယ် မမရယ်"
"ခဏနေပါဦး မမပြောစရာရှိသေးတယ်။ မောင်လေးကို တစ်နည်းနည်းနဲ့ ကူညီချင်သေးလို့ မမ စဉ်းစားထားတာ
တစ်ခုရှိသေးတယ်။ သတင်းစာတိုက်မှာ အလုပ်လုပ်ရတာ မပျော်လို့ အလုပ်ထွက်ထားတယ် မဟုတ်လား။
သည့်ပြင်အလုပ်လည်း မောင်လေးစိတ်ပျော်မှ လုပ်နိုင်အောင် ဘာလုပ်ရမယ်ကိုတော့ မမက ပြောလည်းမပြောချင်ဘူး၊ ဘာမှမလုပ်ဘဲလည်း နေချင်နေနိုင်အောင် မမ ကူညီချင်တယ်"
ကျွန်တော်သည် မမြမှီအား ယုယစွာ ထွေးပိုက်ထားမြဲထားပြီး နားစိုက်ထောင်နေပြန်လေသည်။
"သတင်းစာတိုက်က တစ်လ ၇၅ိရတယ် မဟုတ်လား"
"ဟုတ်တယ်၊ တစ်ခါတစ်ခါ ပိုရပါရဲ့"
"ဒါဖြင့် မမက မောင်လေးကို တစ်လတစ်ရာပေးထားမယ်၊ အလုပ်တော့ ကိုယ်ကြိုက်ရာလုပ်၊ မလုပ်ဘဲလည်း
နေချင်နေ။ ဒီလိုပေးဖို့ကတော့ မမမှာ ဘာမှအခက်အခဲ မတွေ့နိုင်ဘူး"
ကျွန်တော်မျှော်လင့်မထားသော အကူညီမျိုးဖြစ်လေသည်။ ဤအကူအညီမျိုးကို စဉ်းပင်မစဉ်းစားခဲ့မိချေ။
ထို့ကြောင့် လက်ခံသင့် မခံသင့် မစဉ်းစားနိုင်ချေ။ သို့သော် ဟုန်းခနဲ တက်လာသော ယောကျာ်းပျိုပညာတတ်၏
မာနဖြင့် ချက်ချင်းဖြေလိုက်လေသည်။
"ဟာ မလိုချင်ပါဘူး"
"အို ဒါကိုလက်မခံရင်တော့ မောင်လေးဟာ မမကို ခွင့်မလွှတ်ဘူးလို့ ယူဆရမှာပဲ"
ကျွန်တော်သည် မမြမှီနှင့်ကပ်ထိုင်နေရာမှ ခပ်ခွာခွာ နေလိုက်ပြီး–
"ခွင့်လွှတ်စရာ မလိုပါဘူးလို့ ဆိုနေမှပဲ"
"ဒါပဲနော် မောင်လေး ဒါကိုလက်မခံရင် မမအပေါ်မှာ စိတ်ဆိုးနေတယ်လို့ ယူဆရမှာပဲ"
ကျွန်တော်သည် ထိုင်ရာမှထလိုက်ပြီး ကျွန်တော့်အား မော့ကြည့်နေသော မမြမှီ၏ မျက်နှာကိုစိုက်ကြည့်ကာ–
"ကျွန်တော်က လက်မခံရင် မမကော စိတ်ဆိုးမှာလား"
"စိတ်ဆိုးမှာပဲ"
"ဒါဖြင့် ခုစိတ်မဆိုးနဲ့ဦး၊ နောက်မှ ကျွန်တော်ဆုံးဖြတ်မယ်၊ ကဲ–သွားတော့မယ်"
မမြမှီသည် ဘာမှမပြော။ ကျွန်တော့်အားသာ စိုက်ကြည့်နေသည်။ မှုန်မွှားမွှားသာ မြင်ရသော်လည်း

သူမ၏မချင့်မရဲ မကျေမချမ်း အမူအရာမျက်နှာထားမှာ သိသာပေသည်။
"ကျွန်တော်သွားတော့မယ်၊ မမကော မပြန်သေးဘူးလား"
"မောင့်ဘာသာမောင် ပြန်ချင်ပြန် မပြန်ချင်နေ၊ မမကို မေးမနေနဲ့"
တံခါးဆီသို့ လှမ်းသော ကျွန်တော့်ခြေလှမ်းများသည် သူမ၏
ဆောင့်ကြီးအောင့်ကြီးပြောသံကြောင့်တုံ့သွား၏။
ထိုအသံတွင် တကယ့်ဒေါသမပါ၊ မူရာမာယာဒေါသသာပါသည်ကို ရိပ်မိသဖြင့်
ကျွန်တော်ပြုံးလိုက်မိသည်။
အပြင်မှာ မိုးကလည်းသည်းတုန်းဖြစ်နေသည်ကို ခုမှ သတိပြုမိလေသည်။ ကျွန်တော်သည်
မမြမှီ ထိုင်နေရာသို့
လှည့်ကြည့်၍ရပ်နေရင်း–
"မိုးကလည်း သည်းတုန်းပဲ ထင်ပါရဲ့"
မမြမှီသည် ကျွန်တော့်အား ဂရုမစိုက်သကဲ့သို့ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ်နေလေသည်။
ကျွန်တော့်ဘက်သို့လည်းမကြည့်။ စကားလည်းတစ်ခွန်း မျှမတုံ့။
မမြမှီသည် မူရာမာယာ လုပ်နေတာလား၊ တကယ်စိတ်ကောက်နေတာလား။ ဘာပဲဖြစ်ဖြစ်
ကျွန်တော်သည်
မမြမှီအနားမှ တစ်ဖဝါးမှ မခွာနိုင်အောင် ဖြစ်နေပြန်လေသည်။ ထို့ကြောင့် တားလိုတားငြား–
"မိုးတွေကလည်း သိပ်သည်းနေတာပဲ"
"မိုးသည်းလည်း ဘာဂရုစိုက်စရာရှိသလဲ၊ သွားချင်သွားပေါ့ မိုးစိုလို့ ဘာဖြစ်ဖြစ်"
"မသွားဘူးဗျာ မမကသွားစေချင်ပေမယ့် မသွားတော့ဘူး"
ကျွန်တော်သည် မမြမှီထံမှောက်သို့ ခပ်သော့သော့ ရောက်သွားပြန်လေသည်။ သူမ၏ဘေးမှာ
ပစ်ထိုင်ပြီး
ကိုယ်စောင်းချင်းဖိလိုက်လေသည်။ မမြမှီက ကိုယ်ရောမျက်နှာပါ တစ်ဖက်သို့
လှည့်ထားလိုက်လေသည်။
ကျွန်တော်သည် တဟီးဟီး ပြုံးဖြီးဖြီး လုပ်လျက် ကျွန်တော့်မေးကို မမြမှီ၏ ပခုံးပေါ်သို့
ယို့ယို့ကလေးတင်ထားပြီး
ပါးချင်းကပ်လိုက်လေသည်။
ထိုနေ့ည မမြမှီနှင့် ခွဲခွာလာသောအခါ ကျွန်တော်သည် ခါတိုင်းနှင့်မတူ။ ခါတိုင်းဆိုလျှင်
ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် ကျေနပ်နေတတ်သည်။ တွေ့ခဲ့ရသည်ကို စားမြုံ့ပြန်ပြီး
မြူးနေတတ်သည်။
နောက်ပြီးတော့လွမ်းငွေ့ကလေး နှင့်ရီတီတီနေတတ်သည်။ ယခုတစ်ကြိမ်မှာမူ အလုပ်ကိစ္စတွင်
မျှော်လင့်ချက်တွေ
ကုန်ဆုံးသွားခြင်းကသာစိတ်ကိုဖိစီးနေသည်။ ချောတက်ပြီး ဆုငွေတွေကို လက်ဖြင့်
တို့မိခါရှိသေး
လျှောကျသွားသူနှင့် တူနေချေပြီ။ မရှုသာမရှုက်သာဖြစ်အောင် မောပန်းနေ၏။
လူငယ်တစ်ယောက်အနေနှင့်

အလုပ်ကြီးအကိုင်ကြီးတစ်ခု လုပ်လိုက်ချင်သောကြောင့် တစ်ကြောင်း၊
စီးပွားရေးလူငယ်တစ်ယောက်အနေနှင့်
လွတ်လပ်ရေး အရေးတော်ပုံကြီးကို ဝတ္ထုရားကျေပွန်စွာ ထမ်းရွက်ချင်လှသောကြောင့်
တစ်ကြောင်း
ထိုအလုပ်ကိစ္စနှင့်ပတ်သက်ပြီး စိတ်ကူးယဉ်ယဉ်ဖြင့် မျှော်လင့်ချက်တွေ ထားခဲ့လေသည်။
ယခုသော်
မျှော်လင့်ချက်တွေသည် ရေထဲသဲပက်ချသလိုနစ်မြုပ်၍ သွားလေပြီ။
ကိုအေးငွေနှင့် ရဲဘော်ရဲဘက်တွေကို ဘယ်လိုလုပ်ပြီး ပြောရမည်လဲ။ ရှေ့ကိုဘာလုပ်ရမည်လဲ။
ကျွန်တော်မှာအကြံအိုက်၍ နေလေသည်။
လစဉ်ပေးထားမည်ဆိုသော ငွေ၁၀ဝိကို လက်ခံရလျှင် ကောင်းမည်လား။
တစ်ဝမ်းတစ်ခါးအတွက် လုံလောက်ရုံမက
မိဘများကိုပင် အနည်းအကျဉ်း ထောက်ပံ့နိုင်သေးသည်။ ဘာအလုပ်မျှလုပ်ဖို့
မလိုတော့သဖြင့်ရသမျှအချိန်ကို
အရေးတော်ပုံလုပ်ငန်းများမှာ သုံးနိုင်သည်။ ကျွန်တော်သည် နေရေးထိုင်ရေး
စားသောက်ရေးအတွက်မပူပင်ရဘဲ
အချိန်ပြည့်နိုင်ငံရေးသမား ဖြစ်နိုင်ပေလိမ့်မည်။
လက်ခံလျှင် ဘယ်သူက ဘာတွေများ ပြောစရာရှိသည်။ ကျင့်ဝတ်သိက္ခာဘက် မှ
ကြည့်လျှင်ကော
အပြစ်ကင်းစင်ရဲ့လား၊ ဘာမျှပြောစရာမရှိဟု ထင်နေသည်။ အပြစ်ကင်းစင်သည်ဟု
မြင်နေသည်။
သို့သော်လက်ခံရန် ဆုံးဖြတ်ဖို့ကား ထစ်နေလေသည်။
ယင်းသို့ထစ်ရသည့်အကြောင်းကိုရှာတော့
ပညာတတ်ယောကျာ်းပျိုတစ်ယောက်၏မာနသာဖြစ်ကြောင်း တွေ့ရလေတော့သည်။
သို့ရာတွင် ထိုမာနကား ကျောက်တိုင်ကျောက်ခဲ မဟုတ်ပါ။ ရက်တော်တော်ကြာတော့
ယိမ်းယိုင်အိကျလာလေသည်။
ကျွန်တော်သည် ဗေဒကဝိန်ဆရာဦးတက်ရှိန်နှင့်အတူတွဲနေသည်ဖြစ်ရာ အခန်းခ
ကျသင့်သလောက်
လစဉ်ဆောင်ခဲ့ရသည်။ ယခုအခန်းခ မဆောင်နိုင်သည် မှာ နှစ်လရှိသွားပြီဖြစ်ရာ
အားနာလာသည်။
ထမင်းစရိတ်မှာလည်း အကျပ်တွေ့လာလေပြီ။ အရင်က ပိုက်ဆံမရှိလျှင်
အချိန်မရွေးမခင်သစ်တို့အိမ်သို့ သွား၍
စားနိုင်သည်။ ယခု မမြမှီနှင့် ဖြစ်ပြီးကတည်းက ကျွန်တော့်လိပ်ပြာ ကျွန်တော်လန့်ပြီး
မခင်သစ်အား
ခပ်ရှောင်ရှောင်နေခဲ့သည်။ စာလည်းသင်မပေး၊ မခင်သစ်တို့ ထမင်းကိုလည်း မစားတော့ချေ။

ငွေကြေးအကျပ်အတည်းတွေ့သော် လည်းသတင်းစာတိုက်သို့ အလုပ်ပြန်ဆင်းရန်
လုံးဝဆန္ဒမရှိတော့ချေ။
နိုင်ငံခြားသတင်းတွေ ဘာသာပြန် နောက်တစ်ခါလာလည်း ဘာသာပြန် လုပ်ရသော
အလုပ်ကို ငြီးငွေ့လာသည်။
သတင်းစာက ဦးပု၊ ဦးစော အစိုးရကိုလုံးဝထောက်ခံ သည်။ သခင်များအား
ဖိနှိပ်စော်ကားရေးသားသည်။
ဦးစော၏ဂျူနီယာတပ်သားများက ဝါးရင်းတုတ်နှင့်ရမ်းကားလာလျက် ကျွန်တော်တို့
သတင်းစာက ဦးစောအား
သြဘာပေးသည်။ မြှောက်ထိုးပင့်ကော်ရေးသည်။
တစ်နေ့နံနက်စောစောတွင် ဦးလေးမြင့် ကျွန်တော်ထံသို့ ရောက်လာလေသည်။
ကျွန်တော်ကား ရေချိုးပြီး၍ ခေါင်း၊
မျက်နှာနှင့် ကိုယ်ကို မျက်နှာသုတ်ပဝါဖြင့် သုတ်နေသဖြင့် ဖွင့်ထားသော လှေကားဝတံခါးမှ
ဦးလေးမြင့်ဝင်လာသည်ကို ဂရုမပြုမိချေ။
"ငါ့ကွာ မောင်တင်ထွန်းကို တွေ့မှတွေ့ပါ့မလားလို့"
မည်မျှကြာအောင် ကွဲနေစေကာမူ ဦးလေးမြင့်၏အသံကိုကား ကျက်မိပါသည်။
"ဟာ ဦးလေးမြင့်ပါလား၊ မနက်စောစောစီးစီးဆိုတော့ ကျွန်တော်အပြင်ထွက်ခဲ့ ပါတယ်၊ ကဲ
ကဲထိုင်ဦးဗျာ"
ဦးလေးမြင့်အား တစ်လုံးတည်းသော ပက်လက်ကုလားထိုင်ဆီသို့ ညွှန်လိုက် လေသည်။
ကျွန်တော်နှင့်အတူ
နေတံဆိပ်ထုဆရာကလေး ကိုတင်အေးသည် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး
ဆေးလိပ်မှိန်းနေလေသည်။
ဧည့်သည်အတွက်ပင် နေရာဖယ်ပေးရကောင်းမှန်း မသိအောင် ပက်လက်ကုလားထိုင်
ကိုကြိုက်သူဖြစ်လေသည်။
"ဗျို့ကိုတင်အေး တစ်ဆိတ်ကျေးဇူးပြုပြီး ဖယ်ပေးလိုက်ပါဗျာ"
"ဆရာဦးတက်ရှိန် ဘယ်သွားသလဲကွ"
"ဘုရားသွားတယ်ထင်တယ်ဗျ၊ အစောကြီးထွက်သွားတာပဲ၊ မိုးတောင် စင်စင် မလင်းသေးဘူး"
ကိုတင်အေးသည် အိမ်နောက်ဖေး မီးဖိုချောင်နေရာဆီသို့ ထသွားလေသည်။
မီးဖိုချောင်နေရာကို
တံဆိပ်ထုအလုပ်ခွင် လုပ်ထားလေသည်။
ဦးလေးမြင့်ကား အိမ့်ပြင် သို့မဟုတ် ပုံနှိပ်တိုက်အလုပ်ခွင် အပြင်ထွက်သည်နှင့် တစ်ပြိုင်နက်
အပေါ်အင်္ကျီဝတ်ဆင်မြဲဖြစ်သည်။ သူ့နက်ပြာ ရောင် သက္ကလတ်အပေါ်အင်္ကျီသည်
ဝတ်လွန်းအားကြီးပြီး
ဖွပ်လွန်းအားကြီးသဖြင့် အရောင်ဖျော့နေသည်ကို တွေ့ရသည်။ အထူးသဖြင့်
အပ်ချည်များအရောင်က ပိုဖျော့နေရာ

ချုပ်ရိုးများသည် အလွန်သိသာ ထင်ရှားနေ၏။ ဦးလေးမြင့်သည် နဂိုကပင် မျက်စိခပ်မှေးမှေးဖြစ်ရာ
ယနေ့နံနက်တော့ မှေးရုံမက မှိတ်နေသည်ဟုပင် ထင်ရသည်။
ကျွန်တော်သည် စွပ်ကျယ်အင်္ကျီကိုဝတ်ရင်း–
“ညအလုပ်ဆင်းနေရသလား”
“အေး ဟုတ်တယ်”
ပြောပြောဆိုဆို ဦးလေးမြင့်သည် သမ်းလိုက်လေသည်။ ကျွန်တော်သာ ပုံနှိပ်တိုက်ထောင်ဖြစ်လျှင် ဦးလေးမြင့်အား
ဖိုမင်ခန့်ရန် စိတ်ကူးထားခဲ့သည်။ စိတ်ကူးရုံမျှမက ဦးလေးမြင့်အား ဖွင့်၍ပင် ပြောပြထားခဲ့သည်။
ပုံနှိပ်တိုက်ထောင် လျှင် ဘာတွေ လုပ်ရမည်၊ ဘယ်ရွှေ့ဘယ်မျှကုန်ကျမည် စသည်တို့ကို သူနှင့်ပင်
တိုင်ပင်ခဲ့လေသည်။
“ဦးလေးမြင့် အထူးကိစ္စရှိလို့လား”
“အေး မင်းကိစ္စပါပဲ။ အယ်ဒီတာချုပ်က ငါ့ခေါ်မေးတယ်။ အလုပ်ပျက်တာ လည်းကြာပြီ အလုပ်ဆင်းဦးမှာလား
ထွက်မှာလား သိချင်တယ်တဲ့၊ လုပ်ဦးမယ်ဆိုရင် လည်းလခတိုးပေးပါ့မယ်တဲ့။ ၁၂ဝိထိတော့
တိုးပေးမယ်ထင်တယ်၊ မောင်တင်ထွန်း မလုပ်တော့ဘူးဆိုရင်လည်း လူသစ်တစ်ယောက်
ရှာခန့်ရလိမ့်မယ်တဲ့။
အဲဒါမြန်မြန် အကြောင်းပြန်လိုက်ပေါ့ကွယ်”
“မလုပ်တော့ဘူးလို့သာ အပြီးအပြတ် ပြောလိုက်ပါတော့ ဦးလေးမြင့်ရယ်”
“မင်းပုံနှိပ်တိုက်အလုပ် စတော့မလို့လား”
“မလုပ်ဖြစ်တော့ပါဘူး”
“သြော် ဟုတ်လား”
ဦးလေးမြင့်သည် ဤမျှသာပြောပြီး ငြိမ်သွားလေသည်။ သူလည်း အတော်စိတ်ပျက်သွားသည်။
ကျွန်တော်ကနာကြည်းစွာဖြင့်–
“ငွေစိုက်ထုတ်ပေးမယ့်လူက အမျိုးမျိုးတွက်ချက်ပြီးတော့မှ မပေးတော့ဘူးလို့
ဆုံးဖြတ်လိုက်တယ် ဦးလေးမြင့်ရဲ့”
ကျွန်တော်သည် ဦးလေးမြင့်အား ငွေစိုက်ထုတ်ပေးမည့်သူသည် မည်သူမည်ဝါ ဖြစ်သည်ဟု ပြောပြမထားချေ။
“အေး ငွေရှင်ကြေးရှင် ဆိုတာ ဒီလိုပဲကွ၊ အင်မတန် တွက်တယ်၊ သေချာပေါက် အကျိုးရှိမယ်ထင်မှ
အရင်းထုတ်တယ်”
“ဟုတ်တယ်၊ ဓနရှင်ဟာ ဓနရှင်ပဲ၊ လူချင်းရင်းတာ ကျက်တာ စိမ်းတာနဲ့မဆိုင် ဘူး။
လူချစ်ရုံနဲ့အရင်းထုတ်ပေးမှာ

မဟုတ်ဘူး”
ကျွန်တော်သည် ဤအချက်ကို စောစောက သဘောမပေါက်၊ ယခု ဦးလေးမြင့်နှင့် စကားပြောရင်းမှ
ကောင်းကောင်းသဘောပေါက်သည်။ မမြမှီက ငွေအရင်း ထုတ်မပေးခြင်းအတွက် အကြောင်းအမျိုးမျိုးပြခဲ့သည်။
သူ့လင်ကြီးသိသွား မှာ စိုးသည်ဟူသော အကြောင်းကိုပင် ပြသည်။ မမြမှီသည် သည့်ထက် အရင်းများစွာ
စိုက်ထုတ်ရသော လုပ်ငန်းများကိုပင် သူ့ဘာသာသူ လွတ်လပ်စွာလုပ်နေသည်ဖြစ်ရာ သူသာလုပ်ချင်လျှင်
ပုံနှိပ်တိုက်လုပ်ငန်းလောက်ကို အိမ်က နာတာရှည်ဂီလာနကြီးအား လုံးဝအသိမပေးဘဲ လုပ်မည်ဖြစ်လေသည်။
အမြတ်အတွက်မသေချာ၍သာ အရင်းမထုတ်ခြင်းဖြစ်သည်ဟု ကျွန်တော် တထစ်ချ ယုံကြည်လျက်ရှိလေပြီ။
ဦးလေးမြင့်သည် အပေါ်အင်္ကျီအိတ်ထဲမှ မွေးညှပ်ကိုထုတ်ပြီး ပါးသိုင်းမွေးနုတ်ရန် ဟန်ပြင်ရင်း–
“အခါကြီးကလည်း မကောင်းဘူးကွ။ စစ်ကဖြစ်နေတော့ ပုံနှိပ်စက်အသစ်တောင် လွယ်လွယ်နဲ့ဝယ်ရမယ်မဟုတ်ဘူး၊ အဟောင်းတွေလည်း ဈေးတက်နေတယ်။
စက္ကူဈေးတွေလည်း တက်လာတယ်။
သတင်းစာစက္ကူတွေများ စစ်မဖြစ်ခင်က တစ်ထုပ်တစ်ကျပ် ဆယ်ပဲပေးရတယ်၊ ခု သုံးကျပ် ဆယ့်နှစ်ပဲ
ပေးနေရတယ်”
ကျွန်တော်တို့အခန်းရှိ တစ်ခုတည်းသော စာရေးစားပွဲကလေးရှေ့မှ တစ်ခုတည်းသော ကုလားထိုင်ပေါ်တွင်
ထိုင်ချပြီးတော့ ညည်းညူလိုက်သည်။
“ရှေ့အဖို့ အခြေအနေ သည့်ထက်ဆိုးဖို့သာ ရှိတယ်။ အနောက်ဘက်မှာ ပြင်သစ်တောင် ကျတော့မယ်။
ပြင်သစ်ကျရင် စစ်ဟာ ခုထက် ပိုပြင်းထန်လာမယ်။ အဲဒီတော့ အနောက်နိုင်ငံတွေက အရှေ့နိုင်ငံတွေဆီ
ကုန်ပစ္စည်းအလာနည်းသည်ထက် နည်းမှာပဲ”
ဦးလေးမြင့်သည် ကျွန်တော်၏ စစ်သတင်းဝေဖန်ချက်များကိုပါ ပါးသိုင်းမွေး နုတ်ရင်း မှိန်းနားထောင်နေသည်။
အတန်ကြာသောအခါ ဆတ်ခနဲ ဖြတ်ပြောလိုက် သည်။
“မင်းအဖေ့ဆီက စာလာရဲ့လား”
“စာမလာတာ အတော်ကြာသွားပြီဗျ၊ သူ့ခများလည်း မျှော်လင့်ချက်တွေ ပျက်ကုန်တော့

ကျွန်တော့်အပေါ်လက်လျှော့လိုက်ပြီ ထင်ပါရဲ့။ ကျွန်တော် မင်းကြီး စိုးကြီးဖြစ်ဖို့ဆိုတဲ့ အဖေ့မျှော်လင့်ချက်ဟာ
လုံးလုံးပြိုပျက်သွားပြီ”
“ငါ့ဆီ စာလာတယ်၊ အဲဒီစာကြောင့်လည်း မင်းဆီခုလိုလာခဲ့ရတာ တစ်ကြောင်းပဲကွ၊ သခင်လုပ်တာတော့
မကန့်ကွက်တော့ပါဘူးတဲ့”
ကျွန်တော်က ဝမ်းသာအားရစွာ ဝင်စွက်လိုက်သည်။
“ဟုတ်လား၊ သခင်လုပ်တာ မကန့်ကွက်တော့ဘူးတဲ့လား”
“အေး ဟုတ်တယ်၊ မင်းအဖေက အလျှော့ပေးတာပဲကွ။ နိုင်ငံရေးလုပ်ရင်း တစ်ဖက်တစ်လမ်းက မင်းဝါသနာပါတဲ့
အသက်မွေးဝမ်းကျောင်း အလုပ်မှာ လုပ်တာကိုလည်း သဘောကျပါတယ်တဲ့။ အလုပ်မရှိ အကိုင်မရှိ
နိုင်ငံရေးလုပ်တာ၊ စားစရာမရှိလို့ ဟိုတောင်းစားရ သည်တောင်းစားရ ဘဝရောက်အောင် နိုင်ငံရေးလုပ်တာကိုတော့
မကြိုက်နိုင်ဘူးတဲ့။ ပြီးတော့လည်း မင်းအမေကလည်း အထူးမှာလိုက်သတဲ့။ နိုင်ငံရေးလုပ်ချင်လုပ်ပါ
ထောင်မကျပါစေနဲ့တဲ့၊ အသက်အန္တရာယ်လည်း မဖြစ်ပါစေနဲ့တဲ့”
ကျွန်တော်သည် အဖေနှင့်အမေအား သနားသွားသည်။ လွမ်းလည်းလွမ်းနေသည်။ ထို့ကြောင့် ဘာမျှပြန်မပြောလို။
ပြောလည်း မပြောနိုင်။ အတန်ကြာတော့ ဦးလေးမြင့်က ဆက်ပြောသည်။
“သူတို့က ငါ့ကို မင်းဆီသွားပြီး ဆုံးမပေးပါ၊ သတိပေးပါနဲ့ စာရေးကြတယ်။ ခက်သားပဲ ဆုံးမတယ်ဆိုတာက
မသိနားမလည်သူကိုသာ ဆုံးမရတာ၊ မင်းတို့က ပညာလည်းရှိပြီးသား၊ စဉ်းစားလည်း စဉ်းစားတတ်သားပဲ။
အကျိုးအကြောင်း အဆိုးအကောင်းတွေကိုလည်း တို့သိတာထက် သိနိုင်သေးတာပဲ။ ဒီတော့ အထွေအထူးဆုံးမဖို့
သတိပေးဖို့ မလိုပါဘူး၊ ဘာမဆိုလုပ်တဲ့အခါမှာ မင်းဉာဏ်နဲ့ မင်းတို့စဉ်းစားပါ။ သို့ပေမယ့် စဉ်းစားတဲ့အခါမှာ
တစ်ခုတည်း ထည့်စဉ်းစား။ အဖေအမေဆိုတာ ကိုယ့်သား ကိုယ့်သမီး ဘယ်အရွယ်ရောက်နေနေ၊ ဘယ်လောက်ပဲ
ကင်းကွာနေနေ ကိုယ့်သား ကိုယ့်သမီးအတွက် စိုးရိမ်ပူပန်တတ်တယ်။ ဝမ်းနည်းစရာရှိ လူတကာထက်
ဝမ်းနည်းတတ်တယ်၊ ဝမ်းသာစရာရှိလည်း လူတကာထက် ဝမ်းသာတတ်တယ်။ ကိုယ့်သားကိုယ့်သမီးဘက်က

နာစရာရှိရင် သူများထက် နာတတ်တယ်။ ထောက်ခံစရာရှိရင်
သူများတကာထက်နိုင်မာတယ်ဆိုတာကိုတော့
အမြဲထည့်သွင်းစဉ်းစားစေချင်တယ်။ ဒါပါပဲ ဒီမိဘ စိတ်သဘောကလေးကို နားလည်ထားရင်
ပြီးတာပါပဲ"
ဦးလေးမြင့်ကား ကိုယ်တိုင် သားသမီးရှိသူ မဟုတ်။ သို့ရာတွင် ရပ်ရွာလူမှုရေးနှင့်
ဆက်စပ်နေသူဖြစ်သည်။
ကမာရွတ်ဘက်မှာတော့ ရပ်ရွာ၏ လူကြီးမိဘတစ်ဦးဖြစ်သည်။ ထို့ကြောင့် မိဘတွေနှင့်
ကိုယ်ချင်းစာတတ်ပေသည်။ ဦးလေးမြင့်၏စကားများသည် ကျွန်တော့်အား
မိဘများ၏ခြေရင်းသို့ ဆောင်ယူသွား
ကြလေသည်။ ကျွန်တော်သည် မိဘများ၏ ခြေကိုဖက်သည်၊ ဦးနှင့်တိုက်သည်၊
အပြစ်ပြုမိပါလျှင် ခွင့်လွှတ်ရန်
တောင်းပန်သည်။ မိဘများကား ကျွန်တော်၏ နှိမ့်ချထားသောခေါင်း၊ ကုန်းထားသော
ကျောပြင်တို့ကို
ပွတ်သပ်ကြသည်။
"မင်းဒါဖြင့် ရှေ့ဘာလုပ်မှာလဲ"
ဦးလေးမြင့်က မေးလိုက်တော့မှ အဝေးသို့ ပျံ့လွင့်နေသော စိတ်သည် ကျွန်တော့်ထံ
ပြန်ရောက်လာတော့သည်။
"သတင်းစာတိုက်မှာလည်း အလုပ်ပြန်မဆင်းတော့ဘူး၊ ပုံနှိပ်တိုက်လည်း
မထောင်ဖြစ်ဘူးဆိုတော့
ရှေ့ဘာလုပ်မှာလဲ"
"မဆုံးဖြတ်ရသေးဘူး ဦးလေးမြင့်ရဲ့၊ ဒါပေမဲ့ အဖေ့ဆီက စာရေးသလို သခင်လည်းလုပ်မယ်၊
ဝင်ငွေရှိတဲ့
အလုပ်တစ်ခုခုကိုလည်း တစ်ဖက်က လုပ်မယ်"
"အေး အေး အဲဒီလိုပဲလုပ်ရမှာပဲ။ ဝင်ငွေကလေး ဘာလေးရှိလာတယ်ဆိုရင် လည်း
နည်းတာများတာအပထားပြီး
မိဘဆီကို ပို့ရတယ်ကွ။ မင်းတို့ဆီကဟာ စားချင်လို့ မဟုတ်ဘူး၊ မိဘဆိုတာ
ကိုယ့်သားသမီးဆီက
ထောက်ပံ့တယ်ဆိုတာ ပြောစားချင်ကြတယ်။ အချို့မိဘများ ကိုယ့်ပစ္စည်းနဲ့ကိုယ်
စားနိုင်ကြတာပဲ၊ သားသမီးက
ပေးတာကို အမြတ်တနိုးလုပ်ပြီး သီးခြားကုသိုလ်များ လုပ်တတ်ကြတယ်"
ဦးလေးမြင့်သည် အတန်ကြာအောင် သူ့မိတ်ဆွေကြီး ဗေဒကဝိန်ဦးတက်ရှိန်ကို
စောင့်နေသေးသည်။
မလာနိုင်သဖြင့်–
"ကဲ ငါပြန်တော့မယ်"
"ဟုတ်ကဲ့ ဦးလေးမြင့်"

"ဒါထက်မင်းဆရာဦးတက်ရှိန်ကို အခန်းခပေးဖို့ ပျက်ကွက်နေတယ် ဆိုပါကလား"
ကျွန်တော့်မှာ အတော်ရှက်သွားလေသည်။ မျက်နှာမှာ သွေးတွေတက်ပြီး
ထူအမ်းသွားလေသည်။
"ကိစ္စမရှိပါဘူး၊ ကျွန်တော်ပေးနိုင်ပါတယ်။ မကြာခင်ပေးလိုက်ပါ့မယ်။ ဦးလေးမြင့်ကို ဒီကိစ္စ
ဘယ်သူကပြောသလဲ"
ဦးလေးမြင့်သည် လှေကားသို့ ဆင်းရင်း–
"အေး အေး ပေးလိုက်ပေါ့ကွာ"
ဦးလေးမြင့် ပြန်သွားလေသည်။
တကယ်တော့ ကျွန်တော့်အိတ်ထဲမှာ ထမင်းတစ်နပ် ဝယ်စားဖို့ ငွေတစ်မတ်လောက်မျှ မရှိ။
အပြင်ထွက်ဖို့ဘတ်စ်ကားစရိတ် တစ်မူးမျှလည်းမရှိ။ လက်ဖက်ရည်တစ်ခွက်သောက်ဖို့
တစ်ပဲမျှလည်း မရှိ။
အမှန်မှာ အိတ်ထဲမှာတစ်ပြား မျှမရှိချေ။
ကျွန်တော်ကား ရှိပစ္စည်း ပေါင်သုံးလေ့သုံးထရှိသူလည်း မဟုတ်။ ပိုက်ဆံလည်း မချေးတတ်။
ဘီအေအောင်သောသခင်မှာ အသက်မွေးဝမ်းကျောင်းအတွက်ခွစာဖြစ်သည်။ အစိုးရလခစား
လုပ်ရန်မှာလုံးဝမစဉ်းစားနိုင်သော ကိစ္စမဟုတ်။ နိုင်ငံရေးလုပ်စရာ အချိန်ပို မရနိုင်သော
အမြဲတမ်းအလုပ်တစ်ခုခုဝင်လုပ်ရန် လည်းမဖြစ်။ ကုန်သွယ်ရေးအလုပ်မှာ
ဓနရှင်အမြတ်ကြီးစားအလုပ်ဖြစ်၍
ဓနရှင်ဆန့်ကျင်ရေး စိတ်ဓာတ်မြင့်မားလှသော သခင်တစ်ယောက်အတွက် တံခါးပိတ်နေသည်။
အလုပ်ကြမ်းကား
သူ့သိက္ခာ သူ့အဆင့်နှင့်မသင့်လျော်။ သိက္ခာညှိုးမှု၊ ဂုဏ်ငယ်မှု တွေ ဘေးချိတ်ထားလိုက်ဦး၊
အလုပ်ကြမ်းကို
လုပ်နိုင်သော အားနှင့် အလေ့အကျင့် မရှိ။
ကျွန်တော်သည် ယီးတီးယောင်တောင်နှင့် တို့ဗမာအစည်းအရုံးဌာနဆီသို့
လျှောက်လာခဲ့လေသည်။ သခင်ဘဟိန်း၊
ကိုထွန်းရှိန်နှင့် ကိုအေးငွေ တစ်ဦးဦးကို တွေ့လျှင် ကောင်းလေစွ။ သူတို့ကိုဆိုလျှင်
ကျွန်တော့်အခက်အခဲများကို
တင်ပြနိုင်သည်။ လောလောဆယ် အသုံးလိုနေသော ငွေအတွက် အကူအညီ
တောင်းနိုင်သည်။
အဖျင်းဆုံးထမင်းတစ်နပ်တော့ ရှာကြံကျွေးမည့်သူများ ဖြစ်လေသည်။
ဌာနချုပ်တွင် သူတို့ကိုမတွေ့ရ။ ထို့ကြောင့် လွှစ္စလမ်းရှိ နဂါးနီပုံနှိပ်တိုက်သို့
လာခဲ့လေသည်။
ခြေလျင်သခင်များအဖို့ ဤခရီးမှာ ဝေးလှသည် မဟုတ်ပါ။ အချို့သခင်များသည်
ဘိုင်ကျသောအခါများ၌
ကြည့်မြင်တိုင်မှရေကျော်အထိပင် ခြေလျင်လျှောက်ကြပါသည်။ မိုးရွာနေပူမရှောင်ကြ။ ယခု
ကျွန်တော်

လျှောက်နေရသည်မှာ ဝေးလည်းမဝေး၊ မိုးလည်းမရွာ၊ နေလည်းမပူ၊ မိုးက အုံ့ရုံသာ အုံ့နေသည်။
လွစ္စလမ်း နဂါးနီတိုက်သို့ ရောက်သောအခါ သခင်ဘဟိန်းကို အဆင်သင့် တွေ့ရလေသည်။ ကိုဘဟိန်းအပြင်
မန်နေဂျာဦးအုန်းခင်လည်း ရှိသည်။ ဦးအုန်းခင်ကား အရပ်ခပ်ရှည်ရှည်၊ မဝမပိန် ကျန်းမာသန့်ရှင်းသောရုပ်လက္ခဏာ ရှိသည်။ အခြားအလုပ်သမားများလည်း ရောက်ရှိနေကြပြီ။
ကိုဘဟိန်းကပင် သူ့မူရင်းအပြုံးဖြင့် ဆီး၍နှုတ်ဆက်သည်။
"ဘယ့်နှယ် ကိုယ့်လူ၊ တစ်နေ့က အလုပ်သမားသင်တန်း သွားတက်တယ်ဆို"
"ဟုတ်တယ်၊ ကိုဘဟိန်းလည်း သင်တန်းပေးမယ်ဆိုပြီး ဘာလို့မလာပေးသလဲ"
"ခရီးလွန်နေလို့ ခုလာတာကိစ္စရှိသလား"
"ဟုတ်ကဲ့ ခဏ"
ကျွန်တော်သည် ကိုဘဟိန်းအား မျက်ရိပ်မျက်ခြည်ဖြင့် ဦးအုန်းခင်အနီးမှ ခွဲထုတ်လိုက်သည်။ ကိုဘဟိန်းကကျွန်တော့်နောက် ထလိုက်ခဲ့လေသည်။ ကျွန်တော်တို့သည် စာလုံးခုံများ နောက်ကျောဘက်
ရပ်ကြသည်။
"ဘာကိစ္စလဲ ရဲဘော်"
"ကျွန်တော် ဘိုင်သိပ်ပြတ်နေတယ်၊ ဆောင်းပါးကလေး ဘာကလေးများ ရေးပြီး ငွေနည်းနည်းရနိုင်ရင်
လုပ်ပေးစမ်းပါ"
"အင်း နဂါးနီဂျာနယ်အတွက် ဘာသာပြန်ဖြစ်ဖြစ်၊ ဆောင်းပါးဖြစ်ဖြစ် လိုမလား မသိဘူး။ နေဦး
ကိုအုန်းခင်ကိုမေးလိုက်ဦးမယ်"
ကျွန်တော်လည်း ကိုအုန်းခင်ထံသို့ ကိုဘဟိန်းနောက်မှ လိုက်သွားလေသည်။ ကိုဘဟိန်းက ကိုအုန်းခင်အားတိုးတိုးပြောပြလိုက်သည်။
ဦးအုန်းခင်က အားတက်သရော ပြုံးလျက်–
"ဖူးလ်စကက်စာမျက်နှာ နှစ်မျက်နှာလောက် ခုချက်ချင်း ဘာသာပြန်စရာရှိတယ်၊ ငွေတစ်ဆယ်ပေးမယ်လုပ်မလား"
ကိုဘဟိန်းက "နဂါးနီဂျာနယ်အတွက်လား၊ တယ်ကြေးကောင်းပါလား"
"ဘယ်အတွက်ဖြစ်ဖြစ်ပေါ့၊ ငွေတစ်ဆယ် ချက်ချင်းရတာသာ လိုရင်းပဲ မဟုတ်လား"
ကိုဘဟိန်းက ရယ်လိုက်လေသည်။ ပြီးတော့မှ ကျွန်တော့်အား လှည့်ကြည့်သည်။
"လုပ်မလား ရဲဘော်တင်ထွန်း"
"လုပ်တာပေါ့လေ၊ ဘာလုပ်ရမှာပါလိမ့်"
ဦးအုန်းခင်က "ဘာသာပြန်ရုံပဲ လုပ်ရမှာပဲ၊ မောင်ရင့်ထင်မြင်ချက်တွေ အာဘော်တွေ ဘာမှ ထည့်ရမှာမဟုတ်ဘူး။

လုပ်ရင်ငွေကို ခုချက်ချင်း ပေးမယ်၊ ဘာသာပြန်ကို နေ့လယ်မှာ ပေးရမယ်”
ကျွန်တော်နှင့် ကိုဘဟိန်းတို့ကား ပြုံးနေကြလေသည်။ ဦးအုန်းခင်က လေချွန်ပြီး ငွေတစ်ဆယ်
ထုတ်ပေးလေသည်။ မှတ်စုစာအုပ်ကလေးထဲမှာ စာရင်းမှတ်ထားလိုက်သေးသည်။ ပြီးတော့ သားရေဖုံးနှင့်
ဖိုင်ကြီးထဲမှ တိုက်ပ်ရိုက်ထားသော စာရွက်တစ်ရွက်ကို ကျွန်တော့်အား ထုတ်ပေးလေသည်။ ထိုစာရွက်ကို
ကျွန်တော်က ထိုင်ဖတ်ရန်နေရာရှာနေစဉ်တွင် ခပ်ဝဝဖိုင့်ဖိုင့်၊ အသားဖြူဖြူ အသက်သုံးဆယ်ကျော်
လေးဆယ်အတွင်းမိန်းမတစ်ယောက် ဝင်လာလေသည်။ ဦးအုန်းခင်က သူမကိုမြင်လျှင် ပျာပျာသလဲ ဆီးကြိုသည်။
သူမသည် ပေးသော ကုလားထိုင်ပင် မထိုင်တော့ဘဲ ဦးအုန်းခင်အားသာ အပြင်သို့ ခေါ်သွားလေသည်။
ဦးအုန်းခင်ကား ဖိုင်တွဲကို ကိုင်ဆွဲပြီး ကောက်ကောက်ပါအောင် လိုက်သွားလေသည်။ ဘယ်သူ့ကိုမှ
နှုတ်ဆက်မသွားပေ။
ကျွန်တော်က ကိုဘဟိန်းအား “ဒါကဘယ်သူလဲဗျာ”
“ဒဂုန်ခင်ခင်လေးဆိုတဲ့ စာရေးဆရာမကြီးပေါ့၊ ရဲဘော်တင်ထွန်း မသိဘဲကိုး”
“ကြားသာကြားဖူးတယ်၊ မမြင်ဖူးသေးဘူးဗျ၊ ဦးအုန်းခင်နဲ့ ဘယ်လိုတော်သလဲ”
“ဘာမှမဖြစ်ပါဘူးဗျာ”
ကျွန်တော်သည် ဦးအုန်းခင်ရေးပေးခဲ့သော စာရွက်ကိုဘာသာပြန်ရန် ဖတ်ကြည့်လေသည်။
ဂျာမန်နာဇီတို့အကြောင်း မကောင်းရေးထားသော စာတမ်းဖြစ်လေသည်။ ချက်ချင်းပင် ကောက်ပြီး
ဘာသာပြန်လိုက်လေသည်။
နောက်မကြာခင် အဆိုပါဘာသာပြန်ဆောင်းပါးသည် ဗြိတိသျှစစ်ဝါဒဖြန့်ရေး အတွက်
ထုတ်ဝေလျက်ရှိသောရုပ်စုံမဂ္ဂဇင်းတစ်စောင်တွင် ပါဝင်နေကြောင်း သိရှိရသဖြင့် ကျွန်တော်ကိုယ်တိုင်
ငွေတစ်ဆယ်ယူပြီး ဘာသာပြန်လုပ်၍ ကူညီခဲ့ခြင်း အတွက် တုန်လှုပ်ချောက်ချားမိသည်။
ဗြိတိသျှစစ်အားထုတ်မှုကို ကူညီခဲ့မိလေခြင်းဟု ယူကျုံးမရဖြစ်လေသည်။ နောက်ဆုံးတွင်
မမြဲမှီလစဉ်ထောက်ပံ့ငွေကိုလက်ခံခြင်းက ထိုငွေမျိုးလက်ခံခြင်းထက်မွန်မြတ်သန့်ရှင်းသည်ဟု
ဆုံးဖြတ်ချက်ချလိုက်လေသည်။
၆၁
အရှယ်နဲ့သောက မမျှရာသူ
အချိန်သည် ပြေးလွှား၍နေလေသည်။
၁၉၄၀ခုနှစ်ကား ကုန်မှန်းမသိ ကုန်ခဲ့လေပြီ။

ဂျူးဖင်လန်စစ်ပွဲ ပြီးဆုံးသောအခါဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ်စစ်ကြီးကို ရပ်စဲရမည်ဟူသော
တောင်းဆိုသံများသည် တိတ်သွားလေသည်။ အမေရိကန် သမ္မတကြီး ရူးစ်ဗယ်လ်၏
ဥရောပရောက်သံအမတ်ကြီးမစ္စတာ ဆမ်မနာဝဲလ်သည် ငြိမ်းချမ်းရေးစေ့စပ်ချက်များကို
လက်လျှော့လိုက်ရလေသည်။
နာဇီစစ်ယန္တရားကြီးသည် ၁၉၄၀ခုနှစ်နှင့်အတူ ဥရောပမြေပြင်ပေါ်တွင်
ပြေးလွှားကျော်ဖြတ်လျက် ရှိလေသည်။
ပြင်သစ်ပြည်ကြီးပင်လျှင် နာဇီစစ်ယန္တရားကြီး ရှေ့မှောက်၌ လဲကျသွားလေပြီ။
နာဇီကိုအလျှော့ပေးကာ ဆိုဗီယက်ရုရှားအား ဓနသဟာယနိုင်ငံကြီးများက ဝိုင်းတိုက်ရန်
အားထုတ်ခဲ့သောချိန်ဘာလိန်အစိုးရပြုတ်ကျခဲ့၏။
နာဇီဂျာမနီအား အလျှော့မပေးဘဲ တိုက်ရမည်ဟူသောကြွေးကြော်သံဖြင့် ဗြိတိန်တွင်
ချာချီအစိုးရတက်လာလေသည်။
ဓနရှင်နယ်ချဲ့နိုင်ငံကြီးများသည် ဆိုဗီယက်ယူနီယံအား ဝိုင်းတိုက်ဖျက်ရန်ဟူ
သောရည်ရွယ်ချက်ကို ထိုအချိန်
ထိုကာလအဖို့ ရုပ်သိမ်းလိုက်ရလေသည်။
အိန္ဒိယပြည်တွင် လွတ်လပ်ရေးတိုက်ပွဲ အရှိန်သည် ပြင်းထန်လာခဲ့သည်။
အမျိုးသားကွန်ဂရက်ရမ်းဂါးညီလာခံတွင်
အင်္ဂလိပ်အစိုးရတို့က အိန္ဒိယပြည်အား ချုပ်ချယ်စိုးမိုးထားခြင်းကို အဆုံးသတ်ရေးအတွက်
တိုက်ပွဲဝင်ရန်
အိန္ဒိယပြည်သူ ပြည်သားအားလုံး အဆင်သင့်ရှိကြရန် အဆိုကို
ဒေါက်တာရာဂျင်ဒရာပရာဆပ်က တင်သွင်းပြီး
ပဏ္ဍစ်နေရူးက ထောက်ခံခဲ့လေသည်။ ထိုအဆိုကို ရုပ်လုံးဖော်ရန် အာဏာဖီဆန်ရေး
လုပ်ငန်းစဖို့ မဟတ္တမဂန္ဒီက
တိုင်းပြည်လွတ်လပ်ရေးအတွက် ထောင်ကျခံလိုသူများ စာရင်းပေးကြလော့ ဟူ၍
ဖိတ်ခေါ်ခဲ့လေသည်။
ကွန်ဂရက်သည် အာဏာဖီဆန်ရေးတိုက်ပွဲကို ပြင်ဆင်နေဆဲ ဗြိတိသျှတို့သည် မဟတ္တမဂန္ဒီ၊
ပဏ္ဍစ်နေရူးစသော
ခေါင်းဆောင်အားလုံးကို ထောင်ချလိုက်လေသည်။
ရဲရဲတောက် ဆူဘတ်စ်ချန်ဒရာဘို့စ်သည် ကွန်ဂရက်ခေါင်းဆောင်များ၏
ပျော့တော့တော့နိုင်မှုကို
အားမရမကျေနပ်ဟုဆိုကာ ဂိုဏ်းခွဲထောင်၍ အာဏာဖီဆန် ရေးတိုက်ပွဲများကို ကွန်ဂရက်
အလျင်ဦးအောင်
စောစောကပင်ဆင်နွှဲခဲ့လေသည်။ မစ္စတာ ဘို့စ်လည်း အဖမ်းခံရလေသည်။ ၄င်းနောက်
အစိုးရ၏
အကျယ်ချုပ်ထဲမှ မစ္စတာဘို့စ်သည် လွတ်မြောက်ထွက်ပြေးလေသည်။

ကျွန်တော်တို့ 'တို့ဗမာ'နှင့် 'ကျောင်းသား' နိုင်ငံရေးလောကတွင် ဂန္ဒီ၊ နေရူးတို့ကို နမူနာထားသူများရှိသလို
ဆူဘတ်စ်ဘို့စ်ကို အားကျသူများလည်း ရှိကြလေသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားခြင်းကားမရှိကြချေ။ လုံးဝအကြမ်းမဖက် အနုသက်သက်ဖြင့် လွတ်လပ်ရေးတိုက်ယူရမည်ဟု
ပြောဆိုသူများ ရှိသလိုလက်နက်ကိုင် ပုန်ကုန်ခြင်းဖြင့်သာ လွတ်လပ်ရေးကို တိုက်ယူရမည်ဟု
ပြောဆိုသူများရှိသလို လက်နက်ကိုင် ပုန်ကန်ခြင်းဖြင့်သာ လွတ်လပ်ရေးကို တိုက်ယူရမည်ဟု
ယုံကြည်သူများ
ရှိလေသည်။ သို့ရာတွင်ကွဲပြားခြားနားခြင်း မရှိကြ။ ဂန္ဒီနည်းဖြင့် အာဏာဖီဆန်ရေးကိုလည်း လုပ်ကြမည်။
လက်နက်ကိုင်ပုန်ကန်ရေးကို လည်းအခါအခွင့်သင့်သလို လုပ်ကြမည်။ ဂန္ဒီနည်းဖြင့် လွတ်လပ်ရေးကို
ယူမည်ဆိုသော သခင်နုသည်ပင်လျှင်လက်နက်ကိုင် ပုန်ကန်ရန် ပြင်ဆင်မှုကို မကန့်ကွက်ချေ။ ကျွန်တော်တို့
တပ်အပ်မသိကြသော်လည်း လက်နက်ကိုင်ပုန်ကန် ရန် ပြင်ဆင်နေကြသူများအား သခင်နုသည် နောက်ကွယ်မှ
တစ်နည်းနည်းနှင့် အားပေးကူညီနေသည်ဟုပင်ထင်ရလေသည်။ အိန္ဒိယကွန်ဂရက်ထဲတွင် ကွန်မြူနစ်နှင့် ကွန်ဂရက်
ဆိုရှယ်လစ်တို့သည် လူနည်းစုများဖြစ်ကြသည်။ ကျွန်တော်တို့ 'တို့ဗမာအစည်းအရုံး'တွင်းမှာကား
ဘုံဝါသမားများသည် လူများစုဖြစ်သည်။ အမှန်အားဖြင့် ဘုံဝါဒသည် လွှမ်းမိုးနေလေသည်။
တို့ဗမာအစည်းအရုံး၏ နယ်ပယ်ဌာနခွဲအချို့သည်ဒေသဆိုင်ရာ ပြဿနာများအလိုက် အာဏာဖီဆန်ရေးတိုက်ပွဲများ
လုပ်ကြလေသည်။
သထုံမှာ ဆားခွန်တော်မပေးရေး အာဏာဖီဆန်ရေးတိုက်ပွဲကို သထုံစီရင်စု တို့ဗမာအစည်းအရုံးက
ခေါင်းဆောင်လေသည်။ အစိုးရက သခင်ခေါင်းဆောင်အချို့ ကိုဖမ်းဆီးထောင်ချလေသည်။
သခင်သန်းထွန်း၊ သခင်အောင်ဆန်း၊ သခင်ဘဟိန်းစသော သူများခေါင်းဆောင်သော လေ့လာရေးမစ်ရှင်တစ်ခုသည်
အိန္ဒိယအမျိုးသားကွန်ဂရက် ၏ ရမ်းဂါးညီလာခံသို့ တက်ရောက်ခဲ့ကြလေသည်။ သူတို့သည် အိန္ဒိယအမျိုးသား
ကွန်ဂရက်၏ အာဏာဖီဆန်ရေးလုပ်ငန်းများကို လေ့လာရန်နှင့် အိန္ဒိယနှင့် ညှိပြီး တစ်ချိန်တည်းလွတ်လပ်ရေး
တိုက်ပွဲဆင်ရန် ဆွေးနွေးဖို့သွားကြခြင်းဖြစ်လေသည်။ ထို့ပြင် အိန္ဒိယပြည်တွင် တိုးတက်နေသောအလုပ်သမားနှင့်

တောင်သူလယ်သမား စည်းရုံးလုပ်ငန်းများကို လေ့လာကြရန်ဖြစ်လေသည်။
ထို့ကြောင့်ထိုလေ့လာရေးမစ်ရှင်
တွင်တောင်သူလယ်သမားစည်းရုံးရေးမှူး သခင်ဘနှင့် အလုပ်သမား စည်းရုံးရေးမှူး
သခင်ဆင်ဂွတ်ပတားတို့
ပါဝင်ခဲ့လေသည်။
ထိုမစ်ရှင်သည် ဘင်္ဂလား၊ ယူပီ၊ ဘီဟာ၊ ဘုံဘေနှင့် ပန်ဂျပ်ပြည်နယ်များသာ မက
အနောက်မြောက်နယ်စပ်ပြည်နယ်များသို့ပင် အရောက်လှည့်ပတ်လေ့လာခဲ့ရ လေသည်။
သူတို့အား ပဏ္ဍစ်နေရူး၏
ဧည့်သည်များအဖြစ်ဖြင့် ရောက်လေရာရာ အရပ်ရပ်မှာ သောင်းသောင်းဖြဖြ
ဧည့်ခံကြလေသည်။
ထိုမစ်ရှင် ပြန်ရောက်ပြီးနောက် မကြာခင်ပင် တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာ
ကော်မတီသည်
သာယာဝတီမြို့မှာ ညီလာခံကျင်းပလေသည်။ ထိုညီလာခံမှ နယ်ချဲ့စစ်ပွဲကြီးကို
မထောက်ခံနိုင်ကြောင်း၊
မြန်မာ့လွတ်လပ်ရေးကို အရတိုက်ယူတော့မည်ဖြစ်ကြောင်း၊
အာဏာဖီဆန်ရေးတိုက်ပွဲများအတွက်
တစ်တိုင်းပြည်လုံး ပြင်ဆင်ရတော့မည့်အကြောင်း ဆုံးဖြတ်ချက်များ ချမှတ်ခဲ့လေသည်။
တစ်ဦးစီ
အာဏာဖီဆန်ရေးများလည်း စကြလေသည်။
သာယာဝတီညီလာခံတွင် အာဏာဖီဆန်ရေးနှင့် စစ်ဆန့်ကျင်ရေး အဆိုများကို
သွင်းခြင်းအတွက်
အစိုးရကသခင်နုအား တရားစွဲပြီး ထောင်ချလေသည်။ မြို့တစ်မြို့တွင်
ထိုသာယာဝတီဆုံးဖြတ်ချက်များကို
ရှင်းလင်းဟောပြောသဖြင့် သခင်သန်းထွန်းအား ထောင်ချလေသည်။ သခင်စိုးကား
ရေနံချောင်းမှာ
အာဏာဖီဆန်ရေး ခေါင်းဆောင်ခြင်းကြောင့် ထောင်ကျလေသည်။
သို့ဖြင့် ဗြိတိသျှတို့သည် ခေါင်းဆောင်တွေအားလုံးကို ထောင်ချတော့မည်ဟု
ခန့်မှန်းနိုင်ပေသည်။ အချို့သာ
အာဏာဖီဆန်ရေးလုပ်ပြီး အဖမ်းခံရန်နှင့် အချို့ကား ထောင်ကျမခံဘဲ မြေပေါ်မြေအောက်
ဆက်သွယ်လုပ်ကိုင်ရန်စီမံရလေတော့သည်။ အချို့မှာကား မြေပေါ်လုပ်ငန်း
လုံးဝမလုပ်တော့ဘဲ
မြေအောက်တော်လှန်ရေး လုပ်ငန်းသို့ကူးပြောင်းရလေတော့သည်။
တို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းအား အစိုးရ
အကြည်ညိုပျက်အောင်

ဟသ်ၤာတတွင် ဟောပြောမှုဖြင့် တရားစွဲလေရာ သခင်အောင်ဆန်းသည် အမှုကို
မဆိုင်တော့ဘဲ
ထွက်ပြေးတိမ်းရှောင်ရင်း မြေအောက် တော်လှန်ရေးလုပ်ငန်းများကို ဆက်လုပ်နေခဲ့လေသည်။
ကျွန်တော်ကား သတင်းစာတိုက်တွင်လည်း မလုပ်။ အခြားအသက်မွေးဝမ်းကျောင်းမှ
အလုပ်တစ်ခုခုကိုလည်း
မလုပ်ဘဲ နိုင်ငံရေးမှာသာ အချိန်ပြည့်လုပ်နေလေတော့သည်။ မမြမှီ၏လစဉ်ထောက်ပံ့ကြေးကို
မျက်စိမှိတ်ပြီးလက်ခံလိုက်ပြီဖြစ်၍ နေရေးထိုင်ရေးအတွက်ကား ဘာမျှအခက်အခဲ
မတွေ့ရတော့ချေ။
ကျွန်တော်သည် မိဘများထံသို့ အလုပ်တစ်ခုလုပ်နေဟန် စာရေးသားပြီး တစ်ခါတစ်ခါ
မမြမှီထံမှရသောထောက်ပံ့ကြေးထဲမှ ငွေပို့သည့်အခါပို့၍
လက်ဆောင်ပစ္စည်းများတင်ပို့သည့်အခါ
ပို့နေလေသည်။ အဖေ့ထံမှ "တို့ဆီငွေပို့ ဖို့ထက် ဘီအယ်စာမေးပွဲအောင်သည်အထိ
ပညာဆက်သင်နိုင်အောင်
ကြိုးစားပါ" ဟုစာပြန်လာလေရာ ဖခင်ကြီးအား "ပညာကို
ဆက်ပြီးကြိုးစားသင်ပါမည်"ဟူသော ကတိမျိုးဖြင့်
မျှော်လင့်ချက်ပေးထားရလေသည်။
သို့သော် ကျွန်တော်ဆက်သင်သော ပညာကား ဘီအယ်လ်ပညာ မဟုတ်၊
နိုင်ငံရေးပညာဖြစ်လေသည်။
ရေကျော်လမ်း တို့ဗမာအစည်းအရုံး ဌာနချုပ်ရုံးတွင် 'အလုပ်သမားဝန်ထမ်း
ဆွေးနွေးပွဲများ'ဟူသော အမည်ဖြင့်
မာ့က်စ်ဝါဒသင်တန်းများ ကျင်းပခဲ့လေသည်။
၁။ ကွန်မြူနစ်ကြေညာစာတမ်း (မာ့က်စ်– အိမ်ဂျယ်လ်)
၂။ တို့ဘာလုပ်ကြမလဲ (လီနင်)
၃။ နယ်ချဲ့ဝါဒ (လီနင်)
၄။ စစ်နှင့်ဒုတိယ ကမ္ဘာ့အလုပ်သမား အစည်းအရုံး(လီနင်)
၅။ လုပ်ခ၊ အလုပ်နှင့် ငွေအရင်း (မာ့က်စ်)
ဆွေးနွေးပွဲကို ခေါင်းဆောင်သူများမှာ သခင်စိုး၊ သခင်လှဖေ၊ သခင်ဗိုလ်နှင့်
သခင်ကျော်စိန်တို့ဖြစ်ကြလေသည်။
သူတို့သည်ကျွန်တော်တို့၏ သင်တန်းဆရာများ ဖြစ်ကြလေသည်။ ကျွန်တော်သည်
သခင်ဗိုလ်မှလွဲ၍
ကျန်ဆရာများကို တွေ့ဖူးသိကျွမ်းဖူးပြီး ဖြစ်လေသည်။ သခင်ဗိုလ်မှာ
ကောလိပ်ကျောင်းထွက်ပင် ဖြစ်သော်လည်း
ကျွန်တော်တို့ထက် အတန်းကြီးသည့်အပြင် ကျောင်းသားနိုင်ငံရေး၌ ရှေ့တန်းတွင် ပါဝင်ဖူးသူ
မဟုတ်သဖြင့်ကျွန်တော်နှင့် မတွေ့မဆုံ မသိမကျွမ်းမိ ဖြစ်ခဲ့ရလေသည်။
သခင်ဗိုလ်သည် အသားဖြူပြီး ရုပ်ချောသူဖြစ်၏။ အရပ်အမောင်း ကိုယ်လုံး ကိုယ်ထည်မှာ

ကြုံလိုလုခြင်းမရှိသော်လည်း ခံ့ညားခြင်းလည်း မရှိချေ။ ရုပ်လက္ခဏာသွင်ပြင်နှင့်
ဟန်အမူအရာတို့သည်
လူကြီးဆန်သည်။ ဖျတ်ဖျတ်လတ်လတ်တောင့်တောင့်တင်းတင်းမရှိ။ လေးလေးကန်ကန်
လျော့ရဲရဲနိုင်လေသည်။
သူသည်သင်တန်းပေးသောအခါမှာလည်း လေအေးကလေးနှင့် ဟောပြောလေသည်။
သို့သော်ရှင်းရှင်းလင်းလင်း
ပိုင်ပိုင်နိုင်နိုင်ကား ဟောပြောနိုင်ပေ၏။
ကျွန်တော်တို့သည်ပို့ချသော စာအုပ်များနှင့် ဆွေးနွေးသော
အကြောင်းအရာများကိုပြည့်ပြည့်ဝဝနားလည်သည်ဟု
မဆိုနိုင်ချေ။ သို့သော် ထိုစာအုပ်နှင့် ထိုအကြောင်းအရာများသည် ကျွန်တော်တို့၏
ဦးနှောက်ကိုကားဘာနှင့်မျှ
မတူအောင် လှုပ်ရှားသွားစေသည်မှာ အမှန်ပင်ဖြစ်ပေ၏။ ကျွန်တော်တို့၏
အတွေးအခေါ်များကို
လမ်းကြောင်းပြောင်းပေးလိုက်နိုင်ပေသည်။ ကျွန်တော်တို့၏ ဥာဏ်မျက်စိတွင် လောကသစ်၊
ပုံသစ်များ
ကွန့်မြူးလာစေလေ သည်။
အထက်ပါ စာအုပ်သစ်များကြောင့် ကျွန်တော့်တွင် အတွေးအခေါ်သစ်၊ အမြင်သစ်များ
ဝင်လာခဲ့ရာ
အတွေးအခေါ်ဟောင်း၊ အမြင်ဟောင်းများကို အထင်သေးလာခဲ့လေသည်။ အတွေးအခေါ်သစ်၊
အမြင်သစ်များ
ရရှိလာသော ကိုယ့်ကိုယ်ကိုယ်တော့ အလွန်အထင်ကြီးလာလေသည်။ ဇဗ္ဗူမှာ
ငါလိုလူရှိသေးရဲ့လား
ဟုပင်ကြုံးဝါးချင်လာလေသည်။ မာ့က်စ်ဝါဒကို မည်မျှယုံကြည်သလဲဟု မေးလျှင်ကား
မထစ်မငေါ့ဘဲ
အကြွင်းမဲ့ယုံကြည်သည်ဟု ဖြေလိမ့်မည်ထင်ပေသည်။
ထို့ပြင် မာ့က်စ်ဝါဒကို လက်တွေ့ကျင့်သုံးတတ်မည်လော ဟူ၍ကား စဉ်းပင်မစဉ်းစား။
သို့သော် မာ့က်စ်ဝါဒကို
မျက်စိတ်မှိတ်၍ ချစ်မြတ်နိုးလာသည်ကား အမှန်ပင်ဖြစ်၏။
ကျွန်တော်သည် သင်တန်းဆရာများကိုလည်း များစွာ အထင်ကြီးပြီး
ကြည်ညိုလေးစားလာလေ၏။
သင်တန်းချိန်မှာ နံနက် ၈နာရီမှ ဆယ်နာရီထိ ဖြစ်လေသည်။ သို့သော် များသောအားဖြင့်
နောက်ကျပြီးစရ၍
နောက်ကျပြီးမှ ရပ်နားနိုင်လေသည်။ ဆရာများ နောက်ကျ၍မဟုတ်၊ တပည့်များ
နောက်ကျတတ်၍စောင့်ရခြင်းဖြစ်လေသည်။ သင်တန်းသား ၂၀ အနက် ကျွန်တော်ကား
အချိန်မှန်မှန်

ရောက်ခြင်းကြောင့် နာမည်ကောင်းနေလေသည်။
တစ်နေ့သော် သခင်စိုး၏သင်တန်းသည် ဆယ့်တစ်နာရီထိကြာသွားလေသည်။
သူသည်စိတ်ပါလက်ပါအားတိုက်ခွန်တိုက် ဟောပြောနေလေရာ အချိန်လွန်သွားသည်ကိုပင်
သတိထားလိုက်မိဟန်မရှိချေ။ သူ့ကိုယ်မှာလည်း ချွေးတလုံးလုံးနှင့် ဖြစ်လာလေ၏။
ကျွန်တော်တို့က
၁၁နာရီထိုးပြီဖြစ်ကြောင်း သတိပေးကြရလေသည်။
သင်တန်းပြီးသောအခါ အခြားသူများ ပြန်သွားကြသော်လည်း ကျွန်တော်ကား
သခင်စိုးအနီးမှာပင်
ကျန်ရစ်ခဲ့လေသည်။ သခင်စိုးသည် သင်တန်းပေးသော စာအုပ်ကို ဆက်ဖတ်နေရာမှ
မျက်နှာမော့လိုက်ပြီး–
"ဘယ့်နှယ်လဲရဲဘော်တင်ထွန်း၊ လူ့လောကတစ်ခုလုံး တစ်နေ့မှာ ကွန်မြူနစ်
လောကကြီးဖြစ်ရမယ်ဆိုတာ
ရှင်းရှင်းကြီး မြင်ပြီလား၊ ရာဇဝင်ရုပ်ပိုင်းဝါဒအရ မလွဲမရှောင်သာတဲ့ လမ်းကြောင်းပဲဆိုတာ
သဘောပေါက်ရဲ့လား"
"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်၊ အရင်က ကျွန်တော်တို့ ဘုံဝါဒကို ကြိုက်တယ်ဆိုတာ
အပေါ်ယံပဲ။
ဆိုရှယ်လစ်လောက၊ ကွန်မြူနစ်လောကရောက်ရင် ပုဂ္ဂလိကပစ္စည်း မရှိဘူး၊
ဘုံပစ္စည်းသာရှိမယ်။ ဒီတော့တစ်ဦးစီ
တစ်ဦးစီမှာ ဝိသမလောဘရှိဖို့ မလိုတော့ဘူး။ လောဘကင်းတယ်ဆိုရင် ဒေါသလည်း
ကင်းနိုင်တာပဲ။
ဆိုရှယ်လစ်လောက၊ ကွန်မြူနစ်လောကမှာ အလုပ်လက်မဲ့ မရှိဘူး၊
လူတိုင်းအလုပ်ကိုယ်စီရှိမယ်။ သူခိုးသူဝှက်
မရှိနိုင်တော့ဘူး၊ ပြည့်တန်ဆာ မရှိနိုင်တော့ဘူး၊ ဒီအကြောင်းတွေကြောင့် ဘုံဝါဒကို
နှစ်သက်ခဲ့တာပဲ။ ခုတော့
ဘုံဝါဒမှာ ဒီထက်နက်နဲတဲ့ အကြောင်းတွေကို တွေ့နေရပြီ၊ မာ့က်စ်ဝါဒဟာ
သပ္ပံပညာတစ်ရပ်ပဲ"
"သိပ္ပံပညာလို့ မခေါ်ပါနဲ့ ရဲဘော်၊ ခနေညခန ကိုဝိဇ္ဇာပညာလို့ခေါ်ရင် ပိုသင့်လျော်မယ်"
"သခင်စိုးက ဘာအထောက်အထားနဲ့ ဒီလိုခေါ်ချင်သလဲ မသိဘူး။ ကျွန်တော်ကတော့
အထောက်အထားခိုင်လုံတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းနှင့်
ပါမောက္ခ
ဦးဖေမောင်တင်တို့ပါဝင်တဲ့အဖွဲ့က ဗမာအျ ကိုဝိဇ္ဇာ၊ ကို ခနေညခန သိပ္ပံလို့
ဘာသာပြန်ပေးထားတာပဲ။ ပြီးတော့ ခုအခါမှာ လူအများ
ကလည်း သိပ္ပံပညာလို့ ခေါ်နေကြတာပဲ"
"ရဲဘော်တင်ထွန်းရဲ့၊ ကျူပ်ကလည်း ပါဠိကျမ်းဂန် အကိုးအကား ပြနိုင်ပါတယ်။ ဝိဇ္ဇာဆိုတာ

စူးစမ်းလေ့လာလို့ရတဲ့ အသိဉာဏ်၊ အသိပညာဆိုတဲ့ အဓိပ္ပာယ်ဆောင်တယ်။
သိပ္ပံဆိုတဲ့ဟာက အတတ်ပညာ၊
အဋ္ဌာရသလို့ခေါ်နေကြတဲ့ သိပ္ပံပညာ ၁၈ရပ်ကို ကြည့်စမ်းပါလား။ များသောအားဖြင့် ကိုယ်နှုတ်စသည်တို့ဖြင့်
လေ့ကျင့်လို့ဖြစ်ပေါ်လာတဲ့ အတတ်ပညာများကို တွေ့ရတယ် မဟုတ်လား”
“ကဲလေ သခင်စိုးလည်း ကြိုက်သလိုသာ ဘာသာပြန်ပါတော့။ ကျွန်တော်ကတော့ ပါဠိအဘိဓာန်ရေးခဲ့တဲ့ဆရာဦးမောင်ကြီး၊ စာချဆရာတော်ဖြစ် ခဲ့ဖူးတဲ့ ဆရာလင်း၊ ပါဠိပါမောက္ခ
ဦးဖေမောင်တင်တို့ ဘာသာပြန်တဲ့အတိုင်းသာ ပြန်တော့မယ်”
သခင်စိုးသည် ကျွန်တော် ဤသို့ပြောသည်ကို မကျေနပ်ကြောင်း မျက်နှာမှာ ပေါ်လွင်နေသည်။ ကျွန်တော့်အား
မျက်မှောင်ကုတ်၍ ကြည့်နေလေသည်။ ကျွန်တော်သည် ငြင်းခုံမှုကို မြန်မြန်ကျော်နိုင်ရန်–
“ခု သခင်စိုးတို့ ဟောပြောတဲ့ မာ့က်ဝါဒအရ အထူးသဖြင့် ကွန်မြူနစ်ကြေညာ စာတမ်းအရ ကျွန်တော့်မှာ
အလင်းပေါက်တယ်။ လူ့လောကကြီးရဲ့ ဖြစ်ပေါ်တိုးတက်မှု ရာဇဝင်လမ်းကြောင်းဟာ ပဒေသရာဇ်စနစ်ပြီးရင်
ဓနရှင်စနစ်၊ ဓနရှင်စနစ်ပြီးရင်ဆိုရှယ်လစ်စနစ်၊ တစ်စခန်းပြီး မလွဲတမ်း ရောက်ရမည်ဆိုတာ ရှင်းနေပါတယ်။
လူတစ်ဦးစီ တစ်ဦးစီ ကြိုက်တာမကြိုက်တာနဲ့ မဆိုင်ဘူး။ လူနေမှုစနစ်ရဲ့ အတွင်းသဘော စီးပွားရေးစနစ်ရဲ့အတွင်းသဘော နိယာမတရား တွေကြောင့် ဒီလိုစနစ်တွေပြောင်း၊ ခေတ်တွေပြောင်းရတယ်ဆိုတာ
ခုသင်တန်းတွေ ကျမှ သဘောပေါက်ပါတယ်။ ကျွန်တော် မာ့က်စ်ဝါဒအသိဟာ အပေါ်ယံ မဟုတ်တော့ဘူး၊
နက်နဲလာတယ်လို့ဆိုရမှာပေါ့ခင်ဗျာ။ သခင်စိုးတို့ သခင်ကျော်စိန်တို့ကို ကျေးဇူးအထူးတင်ပါတယ်”
သခင်စိုးက သရော်ပြုံး ပြုံးလိုက်ပြီး–
“ဓနရှင် ယဉ်ကျေးမှုတွေ သုံးမနေစမ်းပါနဲ့ ရဲဘော်”
ကျွန်တော့်မှာ ရှက်သလိုလို ဖြစ်သွားသည်။ ဓနရှင်စနစ်ဟောင်းနှင့် လုံးဝကင်းရှင်းစွာ ပြုမူရမည်။ မဟုတ်ပါလော။
“ကျေးဇူးတင်ပါသည်’ဟူသော လောကွတ်စကား(ဝါ) လောကဝတ်စကား ပြောလိုက်ခြင်းအတွက်
ကျွန်တော်မှားသည် ဟုလည်း မထင်ချေ။ အတန်ကြာမှ စကားကို ဆက်ကောက်နိုင်သည်။
“ပြီးတော့လည်း မာ့က်စ်ဝါဒကို တကယ်နားလည်လာတော့မှ ဆိုရှယ်လစ်လောက ရောက်အောင်
ဘယ်လူတန်းစားက ပို့ဆောင်မှာလဲ၊ စနစ်ဟောင်းကို ဘယ်လိုဖြိုဖျက်မှာလဲ၊ စနစ်သစ်ကို

ဘယ်လိုတည်ဆောက်မှာလဲ ဆိုတာတွေ ရှင်းလာတော့တယ်။ ခုနင်က သင်တန်းပေးနေတုန်းက ခင်ဗျားပြောတဲ့
စကားဟာ တယ်မှန်တာပဲ။ ဝိဇ္ဇာကျတဲ့ မာ့က်စ်ဝါဒဟာ စိတ်ကူးယဉ် ယူတိုပီယံ
အိပက်မက်နဲ့မတူဘူး၊ ပြီးတော့
'ခနရှင်စနစ်သည် ၄င်းကိုမြုပ်ရန်အတွက် သင်္ချိုင်း တွင်းတူးသမားကို ၄င်းကိုယ်တိုင်ပင်
မွေးထုတ်ခဲ့လေပြီ'ဆိုတဲ့
စကားဟာလည်း တယ်မှန်တာပဲ"
သခင်စိုးမျက်နှာသည် ပျော့ပျောင်းလာ၏။ ကြည်နူးနှစ်သိမ့်နေဟန်ရှိ၏။
ကျွန်တော်ကရှေ့ဆက်ရန် စကားရှာနေစဉ်
သူကပင် မေးလိုက်လေသည်။
"သခင်ကျော်စိန် သင်ပေးတဲ့ လီနင်ရဲ့နယ်ချဲ့ဝါဒစာအုပ်ကိုတော့ နားလည်ရဲ့လား"
"အထိုက်အလျောက်တော့ နားလည်တာပေါ့ခင်ဗျာ၊ ခနရှင်၏ နောက်ဆုံးအဆင့်သည်
နယ်ချဲ့စနစ်တဲ့၊ လီနင်ဟာ
ထူးခြားတဲ့ပုဂ္ဂိုလ်ကြီးပဲခင်ဗျ"
"ထူးတာတော့ မပြောနဲ့တော့လေ၊ နယ်ချဲ့စနစ်နဲ့ ပတ်သက်ပြီး ကျုပ်တို့သခင်တွေ
အထူးမှတ်သားဖို့
အချက်တစ်ရပ်ပါတယ်။ သခင်တွေဟာ အင်္ဂလိပ်ကို အင်္ဂလိပ်အဖြစ်နဲ့ မုန်းတတ်တယ်၊
သခင်ပေါ်ခါစက
လူမျိုးရေးဝါဒစွဲ တွေပေါ့။ ဝံသာနုဝါဒရဲ့ အကြွင်းအကျန်တွေပဲ။ လူမျိုးမုန်းတီးရေးဝါဒဟာ
မာ့က်စ်ဝါဒ မဟုတ်ဘူး။
အင်္ဂလိပ်ကို အင်္ဂလိပ်မို့လို့ မမုန်းရဘူး၊ နယ်ချဲ့စနစ်အနေနဲ့သာ မုန်းရမယ်။
လူမျိုးရေးအတွေးနဲ့
တွေးကြမယ်ဆိုရင် နယ်ချဲ့သမားအချို့ကို ချစ်မိလိမ့်မယ်။ ဥပမာဂျပန်ကို
အရှေ့နိုင်ငံသားအဖြစ်နဲ့ ချစ်ပြီး ဂျပန်ရဲ့
စနစ်ကို ခွင့်ပြုမိလိမ့်မယ်"
"ဟုတ်ကဲ့၊ ဒီလိုအမှားတွေတော့ ရှောင်ရမှာပေါ့ဗျာ၊ ကိုင်း ကျွန်တော်သွားဦး မယ်ခင်ဗျာ"
" ဘယ်ပြန်မှာလဲ၊ ရဲဘော်တင်ထွန်းမှာ ပိုက်ဆံများပါသလား"
"ဘာလုပ်ဖို့ပါလဲခင်ဗျာ"
"ထမင်းဆိုင်သွားရအောင်လို့၊ အမဲသားဟင်းကောင်းကောင်းနဲ့ စားချင်တယ်"
"အဲဒီလောက်တော့ မပါဘူးဗျ"
"အေးလေ၊ ဒါဖြင့် ပါသလောက်ပေးခဲ့ပြီး ကျန်တာ အကြွေးထားတာပေါ့၊ လာသွားကြမယ်"
သခင်စိုးက စာအုပ်ကိုပိတ်ပြီး ထိုင်ရာမှထသည်။
"ကျွန်တော် အကြွေးထားရမှာ အားနာတယ်ခင်ဗျ"
သခင်စိုးသည် ကျွန်တော့်အား မျက်မှောင်ကုတ်၍ ကြည့်ပြန်လေသည်။
"ရဲဘော်တင်ထွန်းဟာ ပစ္စည်းမဲ့ မပီသတဲ့အချက်တွေ အများကြီးရှိတယ်၊ ပစ္စည်းမဲ့ဆိုတာ

ကြွေးဘယ်မှာကင်းနိုင်ပါ့မလဲ၊ လာပါ ကျုပ်အသိဆိုင်ရှိပါတယ်၊ ကျုပ် အကြွေးထားရင် ရပါတယ်"
ကျွန်တော်သည် ထပြီး သခင်စိုးနောက်မှ လိုက်ရလေတော့သည်။
ကျွန်တော်တို့သည် ရေကျော်လမ်းမအတိုင်း မခင်သစ်တို့ အိမ်ရှေ့မှ ဖြတ်လျှောက်ကြရလေသည်။
မခင်သစ်၏ အဒေါ်ဒေါ်ရွှေသစ်သည် အိမ်ရှေ့မှာ မတ်တတ်ရပ်နေသည်ဖြစ်ရာ ကျွန်တော့်မှာ လွှဲရှောင်၍မရဘဲ
နှုတ်ဆက်ရလေသည်။
"ရွှေရွှေနေကောင်းရဲ့လား"
"အေး နေကောင်းတယ်၊ မင်း ငါတို့အိမ် မလာတာ ကြာပါပကော"
"ဟုတ်ကဲ့၊ နိုင်ငံရေးအလုပ်တွေက ပူနေတာနဲ့ပဲ"
ကျွန်တော်တို့သည် ရှေ့ဆက်လျှောက်သွားကြလေသည်။ ဒေါ်ရွှေသစ်က လှမ်းမှာလိုက်၏။
"နက်ဖြန်အားရင် ခဏလာခဲ့ပါဦးဟေ့"
သနားစရာကောင်းသော မခင်သစ်၏မျက်နှာကလေးသည် ကျွန်တော့်စိတ်ထဲမှာ တရေးရေးပေါ်နေလေသည်။
မခင်သစ်အပေါ်တွင် ကျွန်တော် ပြုနေမိသောအပြစ်ကို လှိုက်လှိုက်လှဲလှဲ ခံစားနေရလေသည်။
သခင်စိုးက တစ်စုံတစ်ရာ ကျွန်တော့်အား ပြောလိုက်လေသည်။ သဲသဲကွဲကွဲ မကြားရချေ။
ကျွန်တော်သည် သခင်စိုးအား ခပ်ကြောင်ကြောင် တွေကြည့်ပြီး–
"ဘာတဲ့ဗျာ"
"ဆရာဖေတို့နဲ့ ရဲဘော် တော်တော်ရင်းနှီးကြသလား"
"ဟုတ်ကဲ့"
"ဆရာဖေရဲ့ အယူအဆ ဝါဒသဘောတရားတွေဟာ တော်တော်ပဒေရာဇ်ဆန် တယ်။ ဝိဇ္ဇာပညာနဲ့ဆန့်ကျင်တယ်။
အင်းအိုင်ခါးလှည့်လက်ဖွဲ့တွေ သိပ်ယုံတယ်။ ရာဇဝင်ကို ကြည့်တဲ့နေရာမှာလည်း ပဒေသရာဇ်အမြင်နဲ့
လုံးလုံးကြည့်တာပဲ။ ပဒေသရာဇ် ယဉ်ကျေးမှုကိုသာ အစွဲအလမ်းရှိတယ်"
သခင်စိုးသည် ကျွန်တော်ရိုသေနေသော ဆရာဖေအား ဝေဖန်ရာတွင် နည်းနည်းတော့ လွန်လာပြီဟု
ထင်လာလေသည်။ မရဲတရဲဖြင့် ကန့်ကွက်လိုက်သည်။
"ရှေးဟောင်းဗမာ့ဂီတနဲ့ ဗမာ့အနုပညာတွေကို လေ့လာလိုက်စားတာကတော့ ဖြင့် ကောင်းတယ်ထင်တာပဲ"
"ခက်နေတာက ရှေးဟောင်းဆိုရင် ပဒေသရာဇ်ယဉ်ကျေးမှုကို ဝေဖန်တဲ့သဘောမထားတဲ့အချက်ဖြစ်တယ်"
ထိုအခိုက်တွင် ကျွန်တော်သည် သခင်စိုးမှာ ချန်ပီယံဆုရဖူးသော တယောသမားတစ်ယောက်ဖြစ်ဖူးသည်ကို

ပြေး၍သတိရလိုက်လေသည်။
"ခင်ဗျားတယောလုံးလုံး စွန့်လိုက်ပြီလား"
"အရင်းရှင်ပေါက်စ လူ့ပေါ်ကြော့တွေသာ တတ်နိုင်တဲ့အလုပ်ပါ"
ယဉ်ကျေးမှုနှင့် ပတ်သက်သော အချက်များတွင် သခင်စိုး၏ မိန့်ဆိုချက်များသည် ကျွန်တော့်စိတ်နှင့် မတွေ့လှပါ။
သို့သော် ခုခံပြောဆိုခြင်းမရှိ။ သခင်စိုးသည် ကျွန်တော်တို့၏ မာ့က်စ်ဝါဒဆရာကြီး မဟုတ်ပါလော။
မာ့က်စ်ဝါဒကို စွဲလမ်းနှစ်သက်နေပြီဖြစ်သော ကျွန်တော့်အဖို့ မာ့က်စ်ဝါဒဆရာကြီးနှင့် လျှာရှည်စရာ
အကြောင်းမရှိဟု သဘောထားလိုက်ပေတော့သည်။
ထိုနေ့က ကျွန်တော်နှင့်တွေ့ပြီးနောက် မကြာပါ၊ သခင်စိုးသည် အာဏာဖီဆန်မှုဖြင့် ထောင်ကျသွားပါလေသည်။
ကျွန်တော့်မှာ မခင်သစ်တို့အိမ်သို့မသွားလျှင် ဖြစ်မည်မဟုတ်။ ဒေါ်ရွှေသစ်ကပင် တမင်မှာနေလေသည်။
မခင်သစ်။ အပြစ်ကင်းစင်သော မခင်သစ်။ ကျွန်တော်၏ အချစ်ကို ရိုးသားစွာ လက်ခံခဲ့သည်။ ကျွန်တော့်သစ္စာကို
အကြွင်းမဲ့ယုံခဲ့သည်။ မမြမှီနှင့်သော်လည်းကောင်း၊
အခြားမိန်းမတစ်ဦးဦးနှင့်သော်လည်းကောင်း ကျွန်တော်သည်
ရှုပ်ရှုပ်ယှက်ယှက်ဖြစ်လိမ့်မည်ဟု မခင်သစ်မှာ တစ်ခွန်းတစ်စမျှ သံသယဖြစ်ဟန်မရှိ။ သူရိုးသလို
ကျွန်တော်ကရိုးလိမ့်မည်ဟု ထင်ရှာသည်။ သူ သစ္စာခိုင်သလို ကျွန်တော်ခိုင်လိမ့်မည် ထင်ရှာသည်။ မမြမှီနှင့်
ရှုပ်ထွေးစွာ ဖြစ်နေသောကိစ္စတွင် ကျွဲ၍ကျွဲ၍ နစ်ပြီး လွန်လွန်သွားလေလေ၊ ကျွန်တော်ကား မခင်သစ်နှင့်မထိုက်တန်တော့ဘူး ဟူ၍ ထင်မြင်လာလေလေဖြစ်ပေသည်။ မခင်သစ်ထံသို့ လူကိုယ်တိုင် မသွား၊
စာဖြင့်လည်းမရေး။ သို့သော် အချစ်ကိုရုပ်သိမ်းကြပါစို့ဟုလည်း မပြောရက်သေး။ တစ်နည်းအားဖြင့် ဆိုသော
မခင်သစ်အား မျှော်လင့်ချက်ပေးထားတုန်းဖြစ်လေသည်။
မခင်သစ်မှာ မျှော်နေရှာဦးမည်။ ပူပန်နေရှာဦးမည်။ မထိုက်မတန်သောသူကို ထိုက်တန်သည်ဟု ထင်ရှာနေဦးမည်။
မခင်သစ်အား ကျွန်တော်က သက်သက်ဒုက္ခပေးနေသည်နှင့် မတူပါလား။ မတရား လုပ်နေသည်နှင့် မတူပါလား။
"အချစ်ကိုရုပ်စဲကြစို့" ဟု မခင်သစ်ထံ စာရေးအကြောင်းကြားကာ ပြတ်စဲလျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

ကျွန်တော့်လိပ်ပြာလည်း သန့်မည်။ မခင်သစ်မှာလည်း
ကျွန်တော့်အပေါ်မှားသောမျှော်လင့်ချက် မထားတော့ဘဲ
အပိုဒုက္ခတို့မှ ကင်းဝေးပေလိမ့်မည်။
ကျွန်တော့်စိတ်မှာ ခံစားနေသည့်အတိုင်း လက်တွေ့လုပ်တော့မည်ဟု ကလောင်နှင့် စာရွက်ကို ကောက်ကိုင်သောအခါ ကျွန်တော့်အသည်းနှလုံးများသည် နာနေလေသည်။ လက်တွေက တုန်နေသည်။
"အချစ်ကိုရုပ်သိမ်းကြပါစို့"ဟု မရေးရက်။ ပြတ်စဲကြပါစို့ဟု မပြောနိုင်။ ပြီးတော့ "ပြတ်စဲကြစို့"ဆိုသော
ကျွန်တော့် အဆိုသည် မခင်သစ်၏နှလုံးသားကို သင်တုန်းဓားနှင့် မွှန်းနေသည်နှင့်များ တူနေမည်လား။
သို့ဖြင့် အတော်ကြာအောင် တွေနေလေသည်။ သို့ကလို တွေနေရင်း ကျွန်တော်သည် မခင်သစ်အား
မည်မျှချစ်နေသည်ကို တွေးမိလေသည်။
ဒါဖြင့် မခင်သစ်နှင့်တွေ့လျှင် ဘယ်လိုသဘောထားမည်လဲ။ ဘာစကားပြောမည်လဲ။ ဘယ်လိုပြုမူမည်လဲ။
အတော်ထူးဆန်းသည်။ ကျွန်တော့်ကိုယ်နှိုက်က ကျွန်တော်သည် အာရဲလျှာရဲသာမက လက်ရဲဇက်ရဲလည်းဖြစ်သည်။
စိတ်နှင့်လည်း ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်၍ရသည်။ မမြင့်ဦးနှင့်ဆိုလျှင် ချစ်ရိပ်ချစ်ငွေ့ပေးပြီး ရိတိတိ
ညုတုတု စာနှင့်ရေး၊ စကားဖြင့်ပြော၊ စိတ်အားဖြင့်လည်း ဖောက်ပြားလော်လည်ခဲ့၏။ မခင်သစ်နှင့်မူကား
ချစ်စကား ကြိုက်စကားများ စာဖြင့်ရေး၍သာ သမီးရည်းစားဖြစ်ခဲ့ ၏။ ချစ်စကား ကြိုက်စကား
တစ်လုံးမျှပါးစပ်ဖြင့် မပြောဘဲ တကယ်ချစ်နေ၏။ လူချင်းတွေ့သော်လည်း လက်ဖျားနှင့်ပင်မထိ။
ကိုယ်ထိလက်ရောက်ကျူးလွန်ရန်ကား စိတ်ကူးထဲမှာပင် မထည့်ဖူးချေ။
သို့သော် မခင်သစ်အပေါ်မှာ ထားအပ်သော ကျွန်တော့်အချစ်သည် ကျွန်တော့်မျက်စိထဲမှ ဖြာထွက်နေဟန်ရှိသည်။
ကျွန်တော့်အသည်းထဲမှာ ပျံ့လွင့်နေဟန်ရှိသည်။ ကျွန်တော့်အမူအရာအားလုံးကို သြဇာပေးနေဟန်ရှိ လေသည်။
မခင်သစ်က ကျွန်တော့်အပေါ်မှာ ထားအပ်သောအချစ်သည်လည်း
ထိုနည်းအတိုင်းပင်ဖြစ်နေဟန်တူလေသည်။
ထို့ကြောင့် မခင်သစ်နှင့် မတွေ့ခင် ကျွန်တော့်စိတ်ကို ကျွန်တော်နိုင်ဖို့ လိုလေသည်။ ခုတော့

မခင်သစ်အပေါ်တွင်ထားအပ်သော အချစ်က ကျွန်တော့်စိတ် ကိုကျွန်တော်နိုင်ဖို့လိုလေသည်။
ခုတော့
မခင်သစ်အပေါ်တွင် ထားအပ်သော အချစ်က ကျွန်တော့်စိတ်ကိုချုပ်ကိုင်လွှမ်းမိုးနေသည်။
မခင်သစ်ကို မချစ်တော့ပါဘူးဟု စိတ်ကိုတုံးတုံးချနိုင်ရန် ဉာဏ်ရှိသမျှထုတ်ပြီး
အကြောင်းဆင်ခြင်ရှာဖွေသည်။
ဘာသာရေးဖြင့် လှည့်စဉ်းစားသည်။ တရားဖြင့် ဆင်ခြင်သည်။
နိုင်ငံရေးဆင်ခြင်ဖန်တီးကြည့်သည်။
ပြီးတော့စာတစ်စောင် ကောက်ရေးသည်။ ရေးထားသော စာကိုပြန်ဖတ်ပြီး
ဆုတ်ပစ်လိုက်သည်။
နောက်ထပ် စာတစ်စောင်ရေးစီပြန်လေသည်။
သစ်သစ်
လူ့လောကမှာ ဖိုမတို့ရဲ့ အချစ်နှောင်ကြိုးဟာ တယ်ပြီးရှုပ်ထွေးတယ်၊ လျှို့ဝှက်တယ်၊
ထွေပြားတယ်၊ ခိုင်လည်းခိုင်မာလှပါပေတယ်။
ဒါ့ကြောင့်လည်း ဝေနေ ယျသတ္တဝါအပေါင်းရဲ့ အကျိုးကို ကျွတ်ကျွတ်လွတ်
လွတ်ဆောင်ရွက်လိုတဲ့ ဘုရားအလောင်းများနှင့် ရဟန္တာအလောင်းတော်တွေဟာ
အချစ်နှောင်ကြိုးကို ဖြတ်တောက်ခြင်းဆိုတဲ့ စွန့်ခြင်းကြီးများကို ပြုတော်မူကြရတာပဲ”
ခုအချိန်ဟာ မြန်မာပြည်နဲ့ မြန်မာလူမျိုးများအတွက် မျိုးချစ်ပုဂ္ဂိုလ်တိုင်း အသက်ဖြစ်စေ၊
စည်းစိမ်ဉစ္စာဖြစ်စေ၊ အချစ်ဖြစ်စေ၊ စွန့်ခြင်းကြီးများ စွန့်ပြီး
ဆောင်ရွက်ရမယ့်အချိန်ဖြစ်တယ်။
သစ်သစ်ဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး နိုင်ငံရေးအသိဉာဏ်ရှိသူတစ်ဦးမို့ အဲဒီအချက်ကို
လုံးဝနားလည်ပြီးဖြစ်မယ်လို့ ကိုကိုယုံကြည်တယ်။
ကိုကိုဟာ နိုင်ငံရေးကို လွတ်လွတ်လပ်လပ်ကြီး နောက်ဆံမငင်ဘဲ လုပ်နိုင်အောင်
သစ်သစ်ရဲ့ခွင့်ပြုချက်အရ စွန့်ခြင်းကြီးတစ်ခု လုပ်ချင်ပါတယ်။ သစ်သစ်အပေါ်မှာ
ထားအပ်တဲ့ကိုကို့အချစ်ကိုရပ်ဆိုင်းထားဖို့ပါပဲ။
ရပ်ဆိုင်းထားကြရအောင်နော်။
သို့ပေမယ့် ကိုကိုက သစ်သစ်ကို ညီမလေးအရင်းလို ချစ်နေပါ့မယ်။ သစ်သစ်ကလည်း
အစ်ကိုကြီးအရင်းလို သဘောထားပါနော်။
အစ်ကိုကြီး
ကိုယ့်စာကိုယ် အတော်သဘောကျနေသည်။ စာပါ တရားသဘောများမှာ မြင့်မြတ်လှသည်။
နိုင်ငံရေးအကြောင်းပြချက်များမှာလည်း ယုတ္တိရှိလှပေရာ ကျွန်တော်ကိုယ်တိုင်ပင်
အခိုင်အမာယုံကြည်လာသည်။
တကယ့်မျိုးချစ်ကြီး တင်ထွန်းပါတကား။ စွန့်ခြင်းကြီး စွန့်နိုင်သော
အာဇာနည်တင်ထွန်းပါတကား။
ကျွန်တော်သည် ရောင်စုံခဲတံတစ်ဘူးကို ဝယ်ပြီး ခဲတံများအောက်မှာ
အထက်ပါစာကိုခေါက်ပြီး ထည့်ထားလိုက်၏။

မခင်သစ်တို့အိမ်သို့ ရောက်သောအခါ ဒေါ်ရွှေသစ်အား အောက်ထပ်မှာပင် ဆေးပုလင်း
တံဆိပ်ကပ်နေရင်း
တွေ့ရလေသည်။ ဒေါ်ရွှေသစ်၏ မျက်နှာမှာ မသာမယာဖြစ်နေသောကြောင့် ထူးခြားနေ၏။
သည့်ပြင်အခါများမှာ
ရွှေရွှေ၏ မျက်နှာသည် မာရေကျောရေ နိုင်တတ်သည်။
"ရွှေရွှေ နေကောင်းရဲ့လား"
ဒေါ်ရွှေသစ်က ချောင်းဟပ်လိုက်ပြီး–
"နေကောင်းပါတယ်"
ရွှေရွှေ၏အသံသည်လည်း ပျော့နေ၏။
ကျွန်တော်က အပေါ်ထပ်သို့တက်ရန်သာ စိတ်စောပြီး လှေကားဆီသို့ သွားရင်း–
"ဒေါ်ဒေါ်တို့ရှိတယ် မဟုတ်လား"
ဒေါ်ရွှေသစ်သည်တံဆိပ်ကပ်နေသော ဆေးပုလင်းများကို ဘေးချထားပြီး–
"လာဦး၊ ဒီမှာ ထိုင်ဦး"
ကျွန်တော်သည် စိုးရိမ်စွာဖြင့် ရွှေရွှေထိုင်သော ကွပ်ပျစ်ပေါ်မှာ ထိုင်လိုက်သည်။
"မင်း ဒေါ်ဒေါ်ရော၊ သစ်သစ်ရော မရှိကြဘူး"
"ဘယ်သွားကြသလဲ ရွှေရွှေ"
ရွှေရွှေသည်ပြောရမှာ စိတ်လေးနေဟန်တူသည်။ ကျွန်တော့်စိုးရိမ်ခြင်းကား ကြီးမားလာသည်။
"ဘယ်ကိုများ သွားကြလို့လဲခင်ဗျာ"
"မင်း ဒေါ်ဒေါ်နဲ့မောင်ရွှေဖေ ရန်ဖြစ်ကြတယ်ကွဲ့၊ ရန်ဖြစ်ပြီးမညှနဲ့က သမီးခေါ်ပြီး
အိမ်ကဆင်းသွားတယ်"
"ဘယ်ကိုဆင်းသွားတာလဲ ရွှေရွှေ"
"ရွှေတိဂုံအလယ်ပစ္စယံမှာ သူ့အစ်မဝမ်းကွဲ သီလရှင် ဒေါ်ဝဏ္ဏာနေတဲ့ ဇရပ်ကို သွားတယ်
ထင်တာပဲ"
ကျွန်တော်ကားအားမလိုအားမရ ဖြစ်လာပြီး အသံတွေပင် အက်ကုန်၏။
"ထင်တာပဲလား ရွှေရွှေ၊ သေသေချာချာ မသိဘူးလား"
"အဲဒီကိုပဲ သွားမှာပါပဲ။ မညှနဲ့ဟာ တစ်ရပ်တစ်ကျေးလည်း မသွားတတ်ဘူး၊
အဝေးဆုံးသွားရင် ကျောက်ဝိုင်းပါပဲ။
လင်မယားစိတ်ဆိုးရင် သီလရှင်ကျောင်းသွား နေတတ်တာပါပဲ"
"ဘယ်တော့ပြန်လာမယ်ထင်သလဲ ရွှေရွှေ"
"ဟဲ့ မောင်တင်ထွန်းရဲ့၊ စိတ်ဆိုးသွားတယ်ဆိုတာ ဘယ်ပြန်လာမှာလဲ"
ကျွန်တော့်ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားလေသည်။
"ဟောဗျာ"
"တစ်ယောက်ယောက်က ကြားထဲက လိုက်ခေါ်ရတယ်၊ မင်းကို ငါမှာလိုက်တာက
မင်းဒေါ်ဒေါ်
သွားခေါ်စေချင်လို့ပဲကွဲ့၊ ခုနေဆိုရင် စိတ်ပြေလောက်ပါပြီ"

"ဘယ်လောက်ကြာပြီလဲ"
"ဆယ်ရက်လောက်တော့ရှိပြီ"
"ဆရာဖေကော စိတ်ပြေပြီလား"
"ပြေလောက်ရောပေါ့ကွယ်၊ သူလည်း တစ်ယောက်ယောက်ခေါ်ပေးဖို့ စောင့်နေတာပါပဲ"
ကျွန်တော်ကားယခုအရွယ်ထိ လင်မယားရန်ဖြစ်ကြသည်များကို ကြုံတွေ့ဖူး၏။ သို့သော်
ဘယ်လိုပြန်ပေါင်းထုတ်ကြသည်ကိုကား မကြုံဖူးသေးချေ။ ထို့ကြောင့် စိတ်ဝင်စားစွာ–
"ဆရာဖေက အဲဒီလိုစောင့်နေတာ ရွှေရွှေကဘယ်လိုလုပ်သိသလဲ"
"အင်း မည္ဆွန့်ကို သတိရတယ်လို့တော့ မပြောဘူးပေါ့၊ သမီးကို သတိရတယ်လို့တော့
ပြောတယ်၊
ဒါကစကားခေါ်တာပေါ့ကွယ်"
"ဘာကြောင့် ရန်ဖြစ်ကြတာလဲရွှေရွှေ"
"ပြောလည်း မပြောချင်ပါဘူးကွယ်"
ဒေါ်ရွှေသစ်သည် မပြောချင်ပါဘူးဟု စကားစပြီး ဒေါ်ဒေါ်နှင့် ဆရာဖေတို့ ရန်ဖြစ်ရသည့်
အဖြစ်သနစ်စုံကို
အားလုံးကုန် ပြောပြနေလေသည်။
"မောင်ရွှေဖေကလည်း မောင်ရွှေဖေပဲ။ သို့ပေမယ့်မည္ဆွန့်ဟာခုထိ အချိုးမပြောင်းဘူး၊
လင့်အပေါ်မှာ
သည်းညည်းခံစိတ်မရှိဘူး။ ညားခါစကလည်း ဒီလိုပဲ၊ ခု သမီးအပျိုဖြစ်တဲ့ အချိန်တော့လည်း
ဒီအချိုးပဲ"
ဒေါ်ရွှေသစ်သည် ဘေးမှချထားသော ဆေးပုလင်းများကို တံဆိပ်ကပ်ရန်
ကောက်ကိုင်ပြန်လေသည်။
အတန်ကြာငြိမ်နေသေးသဖြင့် ရှေ့ဆက်ပြောရန်မှာ ဝန်လေးနေလေသလားဟု
ကျွန်တော်ထင်မိသေးသည်။
"မှတ်မှတ်ရရပဲ။ သစ်သစ်ကိုယ်ဝန်နဲ့ တုန်းက ပထမဆုံးတစ်ကြိမ် လင်မယားရန်ဖြစ်ပြီး
မည္ဆွန့်အိမ်က
ထွက်သွားတယ်။ ငါနဲ့ပတ်သက်ပြီး သူတို့လင်မယား ရန်ဖြစ်ကြတာပဲ။
ဘာအကြောင်းရယ်တော့
တိတိကျကျမမှတ်မိ တော့ပါဘူး။ သို့ပေမယ့်ငါကပ `မောင်ရွှေဖေကိုဆုံးမရတယ်။
အစ်မနဲ့မယား၊
မယားကိုပိုအရေးပေးရမယ်။ အစ်မအပေါ် သာဖို့မပြောနဲ့၊ တန်းတူတောင် မထားရဘူးလို့
ငါကပြောရတယ်။
ဒီနောက် ငါနဲ့ပတ်သက်ပြီး တစ်ခါမှ ရန်မဖြစ်တော့ဘူး။ သစ်သစ်မွေးပြီးတော့လည်း
မည္ဆွန့်ကအိမ်မှာ ငါမရှိရင်
မဖြစ်ဘူးဆိုတာနားလည်လာတယ်။ ဒီတော့ သမီးယောက်မ တည့်ကြတာပေါ့။ အစစအရာရာ
ဆိုးတိုင်ပင်

ကောင်းတိုင်ပင်ပါပဲ”
ဒေါ်ရွှေသစ်သည် ကျွန်တော့်အား မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး–
“မင်းတို့အကြောင်းလည်း တိုင်ပင်ကြတာပဲ”
ကျွန်တော်သည် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး ကိုယ်ခန္ဓာသည်ပင် ယို့ခနဲ ဖြစ်သွား၏။
မခင်သစ်နှင့်
ကျွန်တော်တို့အကြောင်း ဘွင်းဘွင်းကြီးများ ပြောနေလျှင် ခက်ရချေရဲ့။
“သစ်သစ်စကားတတ်ခါစက နောက်တစ်ကြိမ် လင်မယား ရန်ဖြစ်ကြပြန်တယ် ကွဲ့။
မောင်ရွှေဖေတို့ကျောင်းက
ဆရာမတစ်ယောက်က သီချင်းဆိုတယ်၊ မောင်ရွှေဖေက ပတ္တလားတီးတယ်။ သူတို့ကလည်း
ခပ်တွဲတွဲ၊
မညွန့်ကလည်း ခပ်သည်းသည်းမို့ မသင်္ကာဖြစ်လွန်းတယ်။ ဒါနဲ့ရန်ဖြစ်ကြတာပါပဲ။
အိမ်ကထွက်သွားတော့
လက်ထောက်ဆရာကလေးတစ်ယောက်က လိုက်ခေါ်ရတယ်ကွဲ့”
“နီးတကျက်ကျက် ဝေးတသက်သက်ဆိုတာထဲက ထင်ပါရဲ့ ရွှေရွှေ”
“အေး ဟုတ်တယ်။ ရန်တကျက်ကျက်ဖြစ်ကြတာကလွဲလို့ သူတို့လင်မယား
မှာဘာမှပြောစရာမရှိဘူး။ အေး
ယောကျာ်းဆိုတာကတော့ ကိုယ့်အိမ်လေ့ကားမှာ သုံးထစ်ဆင်းပြီးတယ်ဆိုရင်ပဲ ငါလူပျိုလို့
ထင်သွားတတ်ကြတာတော့ ရှိသပေါ့။ အပြင်မှာ ပိုးချင်ပန်းချင်တတ်ကြသပေါ့”
ရွှေရွှေသည် ကျွန်တော့်အား မျက်စောင်းတစ်ချက် ထိုးလိုက်ပြန်လေသည်။
“မင်းတော့ အဲဒီယောကျာ်းမျိုး မဖြစ်ချင်နဲ့နော် မကောင်းဘူး။ မောင်ရွှေဖေဟာ
ဟော့ဟော့ရမ်းရမ်းဘာမှရှိတာ
မဟုတ်ဘူး။ တစ်ခါတစ်ခါ အိမ်လေ့ကားသုံးထစ်ဆင်းမိရင် လူပျိုဖြစ်သွားပြီ
ထင်တတ်တာကလေးတစ်ခုပဲ။ ဘာမှ
ကြီးတဲ့အပြစ် မဟုတ်ပါဘူး။ သည့်ပြင်ယောကျာ်းတွေ သည့်ထက်ဆိုးသေးတယ်။ ဒါကြောင့်
ငါက
မညွန့်ကိုပြောပြပါတယ်၊ သည်းညည်းခံပါလို့။ စိတ်သဘောထား ကြီးပါလို့။
မညွန့်ကငါ့ကိုမောင့်ဘက်က
ရှေ့နေလိုက်တယ်လို့ ပြောသေးတယ်၊ ခုနောက်ဆုံးဖြစ်ကြတာကတော့..”
ကျွန်တော်သည် နောက်ဆုံးထိ အဖြစ်သနစ်များကို မကြားချင်တော့ပြီ။ တကျက်ကျက်
ရန်ဖြစ်ပြီးကြပြီ။
ဒေါ်ဒေါ်ညွန့်နှင့် ဆရာဖေတို့ခပ်မြန်မြန် ပြန်ပေါင်းထုပ်နိုင်ကြရန် ဒေါ်ဒေါ်ညွန့်အား
ခေါ်ပေးပြီး
သစ်သစ်ကလေးလက်ထဲသို့ ကျွန်တော်ရေးခဲ့သော စာကိုထည့်ပေးရန်သာ စိတ်စောနေလေပြီ။
“ဒေါ်ဒေါ်နဲ့သစ်သစ်ကို ကျွန်တော်သွားခေါ်မယ် ရွှေရွှေ။ သူတို့နေနေတဲ့ သီလရှင်
ဇရပ်ဘယ်နားမှာဆိုတာသာ

သေသေချာချာ ညှန်လိုက်ပါတော့"
ဒေါ်ရွှေသစ်က သေသေချာချာ ညှန်လိုက်သည့်အတိုင်းချက်ချင်းပင် ဇရပ်သို့
လိုက်သွားလေသည်။
သစ်သစ်တို့တည်းခိုနေသော ဇရပ်မှာ နှစ်ထပ်တိုက်ဇရပ်ဖြစ်သည်။ သိပ်မကြီးသော်လည်း
အတော်ပင်
သပ်သပ်ရပ်ရပ်ဖြစ်သည်။ အခြားဇရပ်များနှင့် မတူသော အချက်တစ်ချက်မှာ
လေနှင့်အလင်းရောင်
များများဝင်အောင် စီမံထားခြင်း ဖြစ်လေသည်။
အချိန်မှာနေ့ခင်းဖြစ်၍ နေပူပြင်းနေလေသည်။ သို့သော် အလယ်ပစ္စယံရှိ ထိုဇရပ်မှာ
အေးရိပ်သာဖြစ်နေ၏။
မခင်သစ်ကား အောက်ထပ်မှာ ပက်လက်ကုလားထိုင်တွင် ထိုင်၍ စာဖတ်နေလေသည်။
စာအုပ်အပြည့်ပါသောကျောင်းသွားလွယ်အိတ်ကို ကုလားထိုင်မှာချိတ်ဆွဲထားလေသည်။
ခုတင်တစ်ခုပေါ်တွင် သီလရှင်တစ်ပါးသည် ကျိန်းစက်လျက်ရှိလေ၏။
မီးဖိုဘက်တွင် အသက် ၅၀ကျော် ၆၀တွင်းမှာ ရှိမည်ဖြစ်သော ယောဂီမကြီး
တစ်ယောက်သည်
ဆောင့်ကြောင့်ထိုင်လျက် ဆေးလိပ်ဖွာနေ၏။
မခင်သစ်သည် စာမှာနစ်မြုပ်နေသဖြင့် ကျွန်တော့်အား မမြင်။
"သစ်သစ်"
သစ်သစ်သည် ရုတ်တရက်အံ့အားသင့်နေသည်။
"ဒေါ်ဒေါ်ကောရှိရဲ့လား"
သစ်သစ်သည် မတ်တတ်ရပ်လိုက်သည်။
"ရှိတယ်ဆရာရဲ့၊ ထိုင်လေ"
သစ်သစ်က သူ့ကုလားထိုင်ကိုပေးသည်။ သို့သော် ကျွန်တော်သည် သင်ဖြူးပေါ်မှာသာ
ထိုင်လိုက်သည်။
"သစ်သစ်ဖြင့် အံ့ဩနေတာပဲ၊ ဆရာဘယ်ကနေပြီး ဘယ်လိုရောက် လာတာလဲ"
ခုတော့ သစ်သစ်မျက်နှာတွင် အံ့ဩခြင်းထက် ဝမ်းမြောက်ခြင်းသည်ပေါ် လွင်နေသည်။
"ရွှေရွှေတို့ နေကောင်းကြလား ဆရာ"
ကျွန်တော်က ရောင်စုံခဲတံဘူးကို ထုတ်ပေးရင်း–
"နေကောင်းကြပါတယ်"
သစ်သစ်က ရောင်စုံခဲတံကိုလှမ်းယူသောအခါ ကျွန်တော့်အသံကို တိုးလိုက်ပြီး–
"အဲဒီထဲမှာ စာပါတယ်"
သစ်သစ်ကအပြုံးဖြင့် အသိအမှတ်ပြုလိုက်လေသည်။ ပြီးတော့–
"သစ်မှာ ရောင်စုံခဲတံလိုနေတာနှင့်အတော်ပဲ၊ မြေပုံတွေဆွဲမယ်လို့"
သစ်သစ်သည် ရောင်စုံခဲတံဘူးကို လွယ်အိတ်ထဲသို့ ထည့်လေသည်။
"ဒေါ်ဒေါ်ကော"

"အပေါ်ထပ်မှာ ရှိပါတယ်ဆရာ။ ခဏထိုင်ပါဦး။ သစ်သွားခေါ်လိုက်ဦးမယ်"
ကျွန်တော်သည် သစ်သစ်ဖတ်နေသော စာအုပ်ကိုယူကြည့်လိုက်သည်။ ဇိနတ္တ ပကာသနီ။
သစ်သစ်သည် အပေါ်ထပ် မတက်မီ မီးဖိုဘက်မှာရှိသော ယောဂီမကြီးအား တစ်စုံတစ်ရာ ပြောခဲ့လေသည်။
ယောဂီမကြီးသည် ရေနွေးအိုးကို မီးထထိုးနေလေ၏။
အတန်ကြာတော့ ဒေါ်ဒေါ်ဆင်းလာလေသည်။ ဝင်းလက်နေသော ရှေ့သွားကြီးများ ပေါ်သည့်တိုင်အောင်ပြုံးပြီး
ကျွန်တော့်အား နှုတ်ဆက်၏။
"ဘယ့်နယ်လဲဟေ့ မောင်တင်ထွန်း၊ မလာမလာနဲ့ လာမယ့်လာတော့ ပုန်းနေရာကို ရှာလာတယ်ထင်တယ်"
ကျွန်တော်သူတို့ထံသို့ မသွားမလာနေသည်မှာ ကြာပြီဖြစ်သည်ကို စောင်းပါးရိပ်ခြည် ထည့်ပြောလိုက်သေးသည့်အတွက် ကျွန်တော့်မှာ အဖြေရကျပ်သွားလေသည်။ ထို့ကြောင့်–
"နေကောင်းရဲ့လား ဒေါ်ဒေါ်"
ဒေါ်ဒေါ်ညွန့်သည် ကျွန်တော့်အနီးမှာ ထိုင်လိုက်ပြီး–
"အေး ကောင်းပါတယ်၊ မင်းဘယ်ကလျှောက်လာသလဲ"
"ရွှေရွှေကလွှတ်လိုက်လို့ လာတာပဲ ဒေါ်ဒေါ်"
"ဘာကိတ်"ဟု မေးပြီး စပ်ဖြဲဖြဲလုပ်နေလေသည်။ သိလျက်နှင့် မသိချင်ယောင် ဆောင်ခြင်းဖြစ်ကြောင်း
ကျွန်တော်ကလည်း ရိပ်မိသည်။ ဒေါ်ဒေါ်ကလည်းမဖုံးပါ။
"အိမ်ပြန်လိုက်ဖို့လေ"
ဒေါ်ဒေါ်ကား ဘာမျှမပြောဘဲ ပြုံးဖြဲဖြဲသာ လုပ်နေလေသည်။ ပြီးတော့ နောက်လှည့်ပြီး–
"သစ်သစ်ရေ ကော်ဖီ ဖျော်ခဲ့ပါဟေ့"
သစ်သစ်ကား မီးဖိုချောင်ဘက်မှာရှိနေ၏။ ယောဂီမကြီးက ကော်ဖီဖျော်ရန် ပြင်နေလေသည်။
"အဘွားလေးဖော့ ဖျော်နေတယ် မေမေ"
ကျွန်တော်သည် ဒေါ်ဒေါ်ညွန့်အား အိမ်ပြန်ချင်ပါလျက် ဟန်ဆောင်နေဖို့မလို အောင် ဘေးတီးပေးရလေသည်။
"ဆရာကလည်း ပြောသတဲ့ သမီးလွမ်းလုပြီတဲ့။ ပြီးတော့လည်း ဆရာကိုယ်တိုင်က ကျွန်တော်ကိုပြောတယ်၊
မင်းဒေါ်ဒေါ်ကို သွားခေါ်ချေကွာတဲ့။ လွန်သမျှ ဝန်ချတောင်းပန်ပါ့မယ်တဲ့ ဟဲ ဟဲ"
ကျွန်တော်က ရယ်လိုက်ရာ ဒေါ်ဒေါ်ကလည်း လိုက်ရယ်နေလေသည်။
"မင်းဆရာ ဒီစကားမျိုးပြောမှာ မဟုတ်ပါဘူးကွယ်၊ မင်းက ပလီမနေပါနဲ့၊ သူပြောလည်း ငါကမယုံပါဘူး။
မင်းဆရာ နေတော့ကောင်းရဲ့လား"
"သိပ်ကောင်းဟန်မတူဘူးခင်ဗျ"
အမှန်အားဖြင့် ဆရဖေအား ကျွန်တော်မတွေ့သည်မှာ ကြာလေပြီ။ ဒေါ်ဒေါ်ညွန့်သည်

အနည်းငယ်မျက်နှာညိုးသွားပြီး–
“ဘာဖြစ်သတဲ့လဲ”
“ကျွန်တော်လည်းမသိဘူး ခင်ဗျ။ ပြောလည်းမပြောဘူး”
ထိုအတောအတွင်း သစ်သစ်က နံ့သာပုငှက်ပျောသီးများယူလာပြီး တည်ခင်းသည်။
နောက်မကြာမီ
ကော်ဖီရောက်လာပြန်လေသည်။
ဒေါ်ဒေါ်က မီးဖိုဘက်သို့ လှမ်းပြီး–
“မဖော့ရေ လက်ဖက်သုပ်လည်း ယူခဲ့ပါဦး”
ထိုအတောအတွင်း သီလရှင်ကြီးနိုးလာလေသည်။ သီလရှင်ဒေါ်ဝဏ္ဏမှာ ဝဝဖြိုးဖြိုး
အရပ်အမောင်းကောင်းကောင်းဖြစ်သည်။ အသားလည်း ဖြူသည်။ ကြည်ညို
နှစ်လိုဖွယ်ပင်ဖြစ်၏။ ဒေါ်ဝဏ္ဏမှာ
ဒေါ်ဒေါ်ညွန့်ကဲ့သို့ သွားနည်းနည်းခေါ၏။ ကျွန်တော်တို့အနီးမှာ လာရပ်ပြီး–
“ဒါက ဘယ်သူလဲ မညွန့်”
“မောင်တင်ထွန်းဆိုတာလေ”
“သြော်”ဟု အာမေဋိတ်ပြုပြီး ဣန္ဒြေရစွာ ခေါင်းညိတ်ပြီးနေလေသည်
ကျွန်တော်က သီလရှင်အား မော့ကြည့်လျက်–
“ဆရာဦးရွှေဖေနဲ့ ဒေါ်ရွှေသစ်တို့က ဒေါ်ဒေါ်ညွန့်နဲ့ သစ်သစ်တို့ကို ပြန်ခေါ်ဖို့
လွှတ်လိုက်ပါတယ်ခင်ဗျာ”
ဒေါ်ဝဏ္ဏသည် ခေါနေသောသွားများပြူထွက်လာအောင် ပြုံးလျက်–
“အေး အေး ကောင်းတယ် လိုက်မှာပေါ့”
သားအမိသည် အိမ်ပြန်လိုက်ရန် စီစဉ်နေကြစဉ် ကျွန်တော့်မှာ တစ်နာရီမျှ စောင့်ရသေးသည်။
ထိုအချိန်အတွင်းတွင်
မခင်သစ်သည် အင်္ဂလိပ်စာ သင်ခန်းစာအုပ်ကိုထုတ်ပြီး သူမသိသော စာများကို
ကျွန်တော့်အားမေးနေသေးသည်။
ကျွန်တော်သည် မခင်သစ်တို့သားအမိအား အိမ်သို့ပြန်ပို့ပြီးနောက် သူတို့နှင့် ခွာခါနီးတွင်
မခင်သစ်အား–
“မြေပုံတွေပြီးအောင် ဆွဲထားနော်၊ ကိုယ်မနက်ဖြန် လာယူမယ်”ဟု မှာထားခဲ့လေသည်။
ရောင်စုံခဲတံဘူးထဲမှာ ထည့်ပေးလိုက်သော စာကိုပြန်ရန် ပြောခြင်းဖြစ်ကြောင်း မခင်သစ်
သိလေသည်။
သမီးရည်းစားဖြတ်စာ။
မခင်သစ်က ဘယ်သို့တုံ့ပြန်လိမ့်မည်နည်း။
သူရေးစပ်ပေးခဲ့ဖူးသော ကဗျာကလေးမှာ ရှေ့ပြေးနမိတ်ပဲဟု ယူဆကာ
ဝမ်းနည်းကြေကွဲရှာမည်လော။
ကျွန်တော့်အား ‘မသာလည်းတ၊ သာလည်းတ၊ ကမ္ဘာ့တန်ဆာ ငွေသော်တာ’ဟု
နိုင်းခေါ်ခဲ့သည်။

လမင်းကြီးမပေါ်လာလျှင် လွမ်းဆွတ်တသ မျှော်နေခဲ့ရသည်။ လမင်းကြီးပေါ်လာလျှင်လည်း ရွှင်ရွှင်ပျပျ
တသသနှင့် ကြည့်မဝ ရှုမဝ ဖြစ်ရသည်။ သို့သော်လမင်းသည် တောင်ကျွန်းမှာသာ ထွန်းလင်းသည် မဟုတ်။
တောင်ကျွန်းမှ ကွယ်ပျောက်ပြီး မြောက်ကျွန်းသို့ရောက်သွား ထွန်းလင်းတတ်သည်။
ထိုအခါမျိုး၌ တောင်ကျွန်းသူ
သစ်သစ်မှာ လွမ်းနေရစ်ပါလိမ့်မည်။
သစ်သစ်က သည်ကဗျာမျိုးကလေးကို ထပ်မံသီကုံးပြီး တုံ့ပြန်လိမ့်မည်လော။
သစ်သစ်ခမျာမှာ လွမ်းဆွေးနေမည်လော၊ ကြေကွဲဝမ်းနည်း ဖြစ်နေရှာမည်လော။
သို့မဟုတ် ကျွန်တော့်အကြောင်းပြချက်များမှာ မခိုင်လုံဟုဆိုပြီး အချစ်ကို ရုပ်သိမ်းရန် သဘောမတူဟု
အယူခံနေဦးမည်လော။
သို့တည်းမဟုတ် ကျွန်တော့်စာ၏ နောက်ကွယ်ရှိ ကျွန်တော့်အကြောင်းများကို မသင်္ကာမှုနှောပြီး
အမျိုးမျိုးတွေးတောကာ မျက်မာန်ရှနေလေမည်လော။
ကျွန်တော့်မှာ အမျိုးမျိုးတွေးတောကာ နေမထိထိုင်မသာ ဖြစ်နေလေသည်။
စာပေးမိသည့်ကိုပင်
မှားသွားလေပြီလားဟု စိုးရိမ်လာသည်။
မခင်သစ်အား ဤစာဖြင့် နှိပ်စက်မိပြန်လေပြီလားဟု သနားမိ၏။ ကျွန်တော့်အဖြစ်ကို ကျွန်တော်ရွံ့ရှာမိ၏။
မမြမှီနှင့် ခုလိုပြင်မရအောင် မှားရသည့်အတွက် ဤလိုမခင်သစ်အား အထပ်ထပ် အပြစ်ပြုရခြင်း ဖြစ်သည်ဟု
တွေးမိကာ ကိုယ့်ကိုယ်ကိုယ်ရော မမြမှီပါ စိတ်နာလာသလို ဖြစ်မိလေ၏။
ရေးမိသောစာကို ပြန်ရုပ်သိမ်းရမည်လား။
ရုပ်သိမ်း၍ မရတော့ပါ။
နောက်တစ်နေ့တွင် မခင်သစ်ထံမှ ပြန်စာကို ရရှိလေသည်။ စာတွင် ကျွန်တော့်အား ကျွန်တော်ကသဘောထားစေချင်သလို 'အစ်ကိုကြီး'ဟု မခေါ်၊ 'ဆရာ'ဟုသာ ခေါ်လိုက်လေသည်။
ဆရာ
ဆရာ့ထံ သစ်သစ် ရှိသေလေးစားစွာ စာပြန်အပ်ပါသည်။ ဆရာ့စာကို သစ်သစ်ကောင်းမွန်စေ့စပ်စွာ ဖတ်ပါသည်။
လေးနက်စွာလည်း စဉ်းစားပါသည်။
မှန်ပါသည်။ ယခုလို အရေးကြီးသောအခါမျိုးတွင် ယောကျာ်းကောင်း ယောကျာ်းမြတ်တို့သည်

စွန့်ခြင်းကြီးမျိုးများကို လုပ်အပ်ပါသည်။ ရည်းစားသည် သစ်သစ်အား ဆရာစွန့်ဖို့လို၍
စွန့်ခြင်းကိုသစ်သစ်က
မကန့်ကွက်သည့်ပြင် နိုင်ငံနှင့် အမျိုးအတွက် အကျိုးဆောင်ရွက်ရာတွင် ခုလို
ဆရာ့အားသစ်သစ်က
ပါရမီဖြည့်လိုက် ရသလိုဖြစ်သဖြင့် တစ်နည်းအားဖြင့် ဝမ်းသာမိသည်။
ဆရာ
ဆရာ့ထံ သစ်သစ်ရှိသေလေးစားစွာ စာပြန်အပ်ပါသည်။ ဆရာ့စာကို
သစ်သစ်ကောင်းမွန်စေ့စပ်စွာ ဖတ်ပါသည်။
လေးနက်စွာလည်း စဉ်းစားပါသည်။
မှန်ပါသည်။ ယခုလို အရေးကြီးသောအခါမျိုးတွင် ယောကျာ်းကောင်း
ယောကျာ်းမြတ်တို့သည်
စွန့်ခြင်းကြီးမျိုးများကို လုပ်အပ်ပါသည်။ ရည်းစားသည် သစ်သစ်အား
ဆရာစွန့်ဖို့လို၍စွန့်ခြင်းကိုသစ်သစ်က
မကန့်ကွက်သည့်ပြင် နိုင်ငံနှင့် အမျိုးအတွက် အကျိုးဆောင်ရွက်ရာတွင် ခုလိုဆရာ့အား
သစ်သစ်က
ပါရမီဖြည့်လိုက် ရသလိုဖြစ်သဖြင့် တစ်နည်းအားဖြင့် ဝမ်းသာမိသည်။
ဆရာဟာ နိုင်ငံရေးကို စွန့်စွန့်စားစား လွတ်လွတ်လပ်လပ်ကြီး လုပ်နိုင်ပါသည်။
သစ်သစ်ဆိုတဲ့နောက်ဆံငင်စရာအရာ လုံးဝမရှိဟု အမှတ်ထားပြီး ဆောင်ရွက်ပါလော့။
သို့သော် နိုင်ငံရေး ဆောင်ရွက်သည့်အခါ 'သတိတမံ ဉာဏ်မြေကတုတ်'
ဆိုသကဲ့သို့သတိလည်းမြဲပါစေ။
ဉာဏ်လည်းသုံးနိုင်ပါစေ။ ပူးတွဲပါ ရှေးပညာရှိတို့၏ အဆိုအမိန့်များကိုလည်း
လိုက်နာနိုင်ပါစေ။
သစ်သစ်
ထိုစာနှင့်အတူ ဗလာစာရွက် သုံးမျက်နှာ အပြည့်မျှရှိသော ရှေးပညာရှိတို့၏
ရေးသားချက်များမှ
အဆီအနှစ်ဖြစ်သော ကောက်နုတ်ချက်များကို ကူးယူရေးသားပေး လိုက်လေသည်။
ပုတ္တောဝါဒဆုံးမစာ၊
လောကသာရဆုံးမစာ၊ ကုသပျို့၊ သံဝရပျို့၊ စာဏကျနီတိစသော ကျမ်းများမှ
ကောက်နုတ်ချက်များဖြစ်လေသည်။
ကျွန်တော်သည် ထိုပြန်စာကို ရရှိသော နေ့တစ်နေ့လုံး ညဥ့်နက်သန်းခေါင်အထိ
ဘာမျှမလုပ်နိုင်၊ မကိုင်နိုင်။
ဘယ်မျှမသွားနိုင် မလာနိုင်။ သစ်သစ်၏ စာကလေးကို စာကလေးကို
အခေါက်ခေါက်ဖတ်သည်။ ဆုံးမစကားကို
အကြိမ်ကြိမ်မှတ်သည်။ အိပ်ရာပေါ်မှာ ခွေလိုက်၊ ပက်လက်ကုလားထိုင်မှာ ခွေလိုက်၊

တစ်ခွေတည်းခွေပြီးတွေဝေစဉ်းစားနေလေသည်။ စွန့်လွှတ်လိုက်မိသော မခင်သစ်အား နမြောနေလေသည်။
ပညာရှိများ၏ အဆိုအမိန့် ကောက်နုတ်ချက်များကို ဗလာစာရွက် ၂ရွက်၊ စာမျက်နှာ သုံးဖက်တွင်ရေးထားရာတစ်ဖက်မှာ လပ်နေ၏။ ထိုဘက်တွင် စာကြောင်းကလေး တစ်ကြောင်းရေးထားပြီး
ခြစ်ဖျက်ထားသည်ကို တွေ့ရ၏။ ခြစ်ဖျက်ထားသည့်ကြားမှ မရရအောင် ထိုစာကြောင်းကလေးကို
ဖတ်ကြည့်လိုက်ရာ–
"သြော်.... အရွယ်နှင့်သောကမမျှပါတကား"ဟူ၍ တွေ့ရလေသည်။ မခင်သစ်၏ ရင်တွင်းမှ ပွင့်ထွက်လာသော
အကြောင်းကလေးပင်တည်း။ ပွင့်ထွက်လာပြီး စာနှင့်ရေး ညည်းညူပြီးကာမှ ခြစ်ဖျက်၍ဖုံးရန် ကြိုးစားထားရှာသည်။ ကျွန်တော်နှင့်တွေ့စက မခင်သစ်မှာ ဆယ့်ငါးနှစ်မျှသာ ရှိသေးသည်။
ခု
ဆယ့်ခုနှစ်နှစ်ကျော်သာ ရှိဦးမည်။ တကယ်ပင် အရွယ်နှင့်သောက မမျှရှာတကား။ ။
၆၂
အပြစ်မှထွက်လာသောအပုပ်နံ့
ရန်ကုန်မြို့တွင် လေကြောင်းဘေးရန်ခိုလှုံရေး အစီအစဉ်များ စတင်လုပ်လျက် နေလေပြီ။
ရန်ကုန်မြူနီစပယ်က လေကြောင်းဘေးရန် ခိုလှုံရေးဂူများ ဆယ့်တစ်နေရာမှာ လုပ်ရန်ခွင့်ပြုလိုက်လေသည်။
ပြည်သူပြည်သားများ စိုးရိမ်တကြီး အထိတ်တလန့် မဖြစ်ကြစေရန် မြန်မာပြည်၏ အရှင်သခင်
ဗြိတိသျှအစိုးရတို့သည် စစ်ကြီးမှာ အရှေ့ဘက်သို့ ကူးစက်မလာနိုင်ပါဟု အာမခံစကားများ ကြေညာနေလေသည်။
သူတို့သည် ဂျပန်နှင့် စစ်ဖြစ်ရန် အကြောင်းမရှိဟုလည်း တကယ်ထင်ကြသည်။ ထင်သည့်အတိုင်းလည်း
ပြောဆိုနေကြလေသည်။
လူအများမှာ စစ်ကြီးကို ဝိုးတိုးဝါးတားအားဖြင့် ကြောက်သော်လည်း အင်္ဂလိပ်စစ်ရှုံးနေခြင်းကြောင့်ပင်
ဝမ်းသာနေကြလေသည်။
ကျွန်တော်တို့သည် နယ်များ၌လည်း လျှို့ဝှက်ရေး မြေအောက်တော်လှန်ရေးအဖွဲ့ခွဲများကို အနံ့အပြားစတင်ဖွဲ့စည်းနေကြလေပြီ။
မြေပေါ်မှ ထွက်ရပ်ဂိုဏ်းကလည်း အတော်ပင် ဆူပူလှုပ်ရှားလာခဲ့လေသည်။
ဒေါက်တာဘမော်၊ သခင်ဘဟိန်းနှင့် သခင်အောင်ဆန်းတို့ သုံးဦးသား ရေးကြသော 'ကမ္ဘာစစ်နှင့်ဗမာ' ဟူသော

စာအုပ်ကလေး ထွက်လာလေသည်။ “အရေးကြီးပြီ သွေးစည်းကြစို့”၊ “အခါအားဖြင့်လည်း အရေးကြီး၊
ကိစ္စကလည်း အရေးကြီး၊ ရေးသူများကလည်း အရေးကြီး၊ ထို့ကြောင့်ဝယ်ရန် အရေးကြီးသည်” စသည်ဖြင့်
ကြော်ငြာကာ စာအုပ်တစ်အုပ် သုံးပြားဖြင့် ရောင်းလေရာ လွန်စွာတွင်ကျယ်လေသည်။ စစ်ကြီးမှာ
ဗမာကအမြတ်ထုတ်ရန် ညွှန်ကြားသော စာအုပ်ငယ်ကလေးဖြစ်၏။ ‘အင်္ဂလိပ်အခက်ဗမာ့အချက်’ဆိုသော
ဆောင်ပုဒ်ကို အတည်ပြုထားခြင်းပင် ဖြစ်၏။
မြေပေါ်မြေအောက် စည်းရုံးမှု လှုပ်ရှားကြရုံမက နိုင်ငံခြားနှင့် ဆက်သွယ်ရန်မှာလည်း နည်းအမျိုးမျိုးဖြင့်
ဆောင်ရွက်နေကြလေပြီ။
ဦးဘလွင်၊ ဦးဘချို၊ သခင်နုစသော ခေါင်းဆောင်ကိုယ်စားလှယ်များက တရုတ်ပြည်သို့
ချစ်ကြည်ရေးမစ်ရှင်သွားခဲ့ကြသည်။ သခင်သန်းထွန်း၊ သခင်အောင်ဆန်း၊ ကိုဘဟိန်း စသူတို့က
အိန္ဒိယကွန်ဂရက်သို့ လေ့လာရေးမစ်ရှင် သွားခဲ့ကြလေပြီ။
သခင်အောင်ဆန်းသည် အဖမ်းမခံ၊ ပုန်းအောင်းနေပြီး မြေအောက်တော်လှန် ရေးလုပ်ငန်းများ
လုပ်နေရာမှကျွန်တော်တို့ပင် သတင်းအစအန မကြားရတော့ချေ။ အတော်ကြာမှ နိုင်ငံခြားသို့ ထွက်သွားပြီဟု
အရိပ်အမြွက်သိကြရလေသည်။
လွှတ်တော်နိုင်ငံရေးမှာကား ရှက်စရာပင် ကောင်းသေးတော့၏။ အော်ယုဝဆိုသော တရုတ်
မျက်နှာကြီးလူဆိုးတစ်ယောက်ကိစ္စနှင့် ပတ်သက်ပြီး နန်းရင်းဝန် ဦးပုနှင့် ပြည်ထဲရေးဝန်ကြီး ဦးဘဖေတို့
လူသိနတ်ကြားလွှတ်တော်မှာ စကားများကြလေသည်။ ဦးဘဖေရာထူးမှ နုတ်ထွက်ရသည်အထိ ဖြစ်စေခဲ့သော
အမှုဖြစ်လေသည်။
လွှတ်တော်အမတ်များ လာဘ်စားခြင်း၊ မဲရောင်းမဲဝယ်လုပ်ခြင်းများ အနံ့တထောင်းထောင်း
ထွက်အောင်ပြန့်ပွားလာသဖြင့် စုံစမ်းစစ်ဆေးရန် ကော်မတီများ ခန့်ရလေသည်။
ဦးပုနှင့် ဦးဘဖေရန်ဖြစ်သည်ကို အမြတ်ထုတ်ပြီး ဦးစောသည် နန်းရင်းဝန် ဖြစ်လာလေသည်။
ကျွန်တော်တို့လူငယ်များကား ထိုအဖြစ်အပျက်များကြောင့် လွှတ်တော်နိုင်ငံရေးကို စက်ဆုပ်ရွံရှာကြ၏။
လူကြီးနိုင်ငံရေးခေါင်းဆောင်များအား မုန်းတီးကြကုန်၏။
သခင်ဘဟိန်းက ကျွန်တော့်အား တွေ့ချင်သည်ဆိုသဖြင့် ကိုအေးငွေနှင့်အတူ လိုက်သွားရလေသည်။
အချိန်မှာ ညနေစောင်းဖြစ်သည်။

ကျွန်တော်တို့မြို့ထဲမှ စီးလာသော ဘတ်စ်ကားသည် မြေနီကုန်းကို လွန်ပြီးလာသောအခါ ကိုအေးငွေက
ပြည်လမ်းကြီး၏ ညာဘက်ရှိ အိမ်ကလေးတစ်လုံးကို လက်ညှိုးထိုးပြပြီး–
"ဒီအိမ်ကိုသိတယ်မဟုတ်လား"
"သိတယ်လေ၊ ကိုလှရွှေတောင် မခင်ရီနဲ့ ညားပြီးခါစ ခဏနေသေးတယ်လေ။ ခုတော့ ကိုသိန်းဖေလည်း
မနေတော့ဘူး၊ ကိုလှရွှေလည်း မနေတော့ဘူး"
"ကိုသိန်းဖေ ဘယ်ပြောင်းသွားပြီလဲ"
"ကိုသိန်းဖေက ရုပ်ရှင်ဒါရိုက်တာလုပ်နေတော့ တာမွေပြောင်းသွားပြီ၊ ကိုလှရွှေကလည်း ဆရာဝန်ဖြစ်သွားတော့
အလုပ်နဲ့နီးရာ ပြောင်းသွားပြီ"
"သူတို့တစ်တွေဟာ နိုင်ငံရေးနဲ့ ဝေးသွားပြီထင်တယ်နော်"
"ခုတော့ ခပ်ဝေးဝေးပဲ၊ သို့ပေမယ့် လုံလုံးကင်းရှင်းတဲ့သဘော ဟုတ်မယ်မထင်ပါဘူး"
ကျွန်တော်သည် သူတို့နှစ်ယောက်စလုံးအား နိုင်ငံရေး စွဲစွဲမြဲမြဲ ရှေ့တန်းမှနေပြီး မဆောင်ရွက်ကြဘဲ
ခပ်ကင်းကင်းဖြစ်နေကြသဖြင့် အပြစ်တင်လိုသည်။ ဝမ်းနည်းကြေကွဲခြင်းလည်း ဖြစ်ရသည်။
မဟာမြိုင်လမ်းထိပ်မှာ ဘတ်စ်ကားရပ်ပြီး ကျွန်တော်တို့ ဆင်းကြသည်။
ဒေါ်ကြီးကြီးလမ်းနှင့် ပြည်လမ်းထောင့်တွင် ဧရာမအိမ်ကြီးတစ်ဆောင်ရှိ လေသည်။ ထိုအိမ်ကြီးဆီသို့
ကားတစ်စီးပြီးတစ်စီး ဝင်လျက်ရှိသည်။
ကိုအေးငွေ–
"အဒီ အိမ်ကြီးမှာ ဘယ်သူနေတယ်ဆိုတာကော သိရဲ့လား"
"သိတာပေါ့၊ ဆာအမ်အေမောင်ကြီးနေတယ် မဟုတ်လား"
ထိုအချိန်တွင် ဆာအမ်အေမောင်ကြီးသည် ရှိသေလေးမြတ်အပ်သော ဘုရင်ခံမင်းမြတ်၏
ကာကွယ်ရေးဌာနအတိုင်ပင်ခံ အပိုကောင်စီလာ ဝန်ကြီးတစ်ဦးဖြစ်နေလေသည်။ တကယ့်ကာကွယ်ရေးဌာန
ကောင်စီလာလူကြီး ဆာဂျွန်ဝိုက်စ်အပြင် အပိုခန့်ထားခြင်းဖြစ်သည်။ ဗြိတိသျှ စစ်နယ်ချဲ့သမား၏ စစ်ပွဲကြီးကို
မြန်မာတို့က အကြောင်းအမျိုးမျိုးဖြင့် ကန့်ကွက်လျက်ရှိကြရာ အကြောင်းတစ်ကြောင်းမှာ မြန်မာလူမျိုးတို့အား
ကာကွယ်ရေးဌာနတွင် တာဝန်အပ်နှင်းခြင်း မရှိခြင်းဖြစ်ပေသည်။ ဆာအမ်အေမောင်ကြီးအား ဤရာထူးသို့
ခန့်အပ်လိုက်ခြင်းမှာ ဗြိတိသျှစစ်အားထုတ်မှုတွင် မြန်မာများပါဝင်ကူညီကြစေရန် ဝါဒဖြန့်သည့်အနေဖြင့်

ခန့်အပ်လိုက်ခြင်းဖြစ်သည်။ ဗြိတိသျှနယ်ချဲ့သမား၏ စစ်ကြီးကို ဆန့်ကျင်နေကြသော ကျွန်တော်တို့သည်
ဆာအမ်အေမောင်ကြီးအား နယ်ချဲ့အလိုတော်ရိ စာရင်းတွင် သွင်းထားလိုက်ကြလေသည်။
ကိုအေးငွေက လမ်းတစ်ဖက်သို့ မကူးမီ လမ်းရှင်းမရှင်း မျှော်ကြည့်ရင်း–
"ဒီ အလိုတော်ရိကြီးတွေ ဘာများ အောင်ပွဲခံနေကြတယ် မသိဘူး"
"အလိုတော်ရိဆိုတာတွေကတော့ ကိုယ်ရာထူးရမယ်ဆိုရင် တိုင်းပြည် ကျွန်သက်ပိုရှည်မှာကို ထည့်တွက်မနေကြပါဘူး၊ ဗြိတိသျှ အင်ပိုင်ယာကြီး ကမ္ဘာတည်ပါစေလို့ ကြွေးကြော်ပြီး သစ္စာတော်ခံကြတာပဲ"
ကျွန်တော်တို့သည် လမ်းရှင်းသွားသည်နှင့် တစ်ဖက်သို့ ကူးကြသည်။
နောက်မြေနုလမ်းထဲသို့ ဝင်ကြလေသည်။
မြေနုလမ်း၏ ဘယ်ဘက်မှာ တစ်ထပ်အိမ်ကလေးတစ်လုံးရှိ၏။ အမိုးမှာ ဆေးနီ၊ တံခါးပေါင်နှင့်ဝရန်တာများကို
ဆေးဖြူသုတ်ထားပေရာ ပန်းချီကားထဲက အိမ်ကလေးနှင့် တူနေလေသည်။
ထိုအိမ်မှာ ကိုဘဟိန်းနေလေသည်။
ကိုဘဟိန်းသည် ဝရန်တာသို့ထွက်ပြီး အိမ်ရှေ့သို့ ငေးမျှော်ကြည့်ရင်း မျက်နှာချင်းဆိုင်အိမ် အပေါ်ထပ်မှ
ဆရာဖြစ်အတတ်သင်ကျောင်းသူ မခင်ကြီးနှင့် မျက်စိချင်း ထိတွေ့စွဲမက်ခဲ့လေသည်။ ထို့နောက် လူချင်းတွေ့ဆုံ၍
အရူးအမူး ချစ်ကြိုက်ခဲ့လေသည်။ အဆုံးသတ်တွင်ကား ဆရာမလောင်းကလေး မခင်ကြီးအား ဆရာဖြစ်အတတ်ကိုပင် ပြီးဆုံးအောင် သင်ခွင့်မပေးတော့ဘဲ လက်ထပ်ယူလိုက်လေ သည်။
ကိုဘဟိန်းသည် အိမ်ထောင်ကျသွားပြီဖြစ်သော်လည်း ကိုဘဟိန်း၏ အိမ်ကား သားမရှိ မယားမရှိလူလွတ်များ
စုရုံးနေထိုင်ရာနှင့်သာ တူလေသည်။ လက်ရှိကျောင်းသားခေါင်းဆောင်များ၊ ကျွန်တော်တို့လို ကျောင်းမှထွက်ပြီး
နိုင်ငံရေးထဲရောက်နေသူများနှင့် အလုပ်သမားခေါင်းဆောင်များ အဝင်အထွက်များလှ လေသည်။
ထိုနေ့တွင်ကား အိမ်ထဲမှ ကိုဘဟိန်းတစ်ယောက်တည်းသာရှိ၏။ သူသည် ပက်လက်ကုလားထိုင်တွင်
စိတ်အေးလက်အေးထိုင်လျက် နေရှင်နယ်ဖရန့် (ဩအေသည႑ မသညအ) ဆိုသော အိန္ဒိယပြည်မှ ဂျာနယ်တစ်စောင်ကို ဖတ်နေသည်။
ကျွန်တော်တို့ထိုင်မိသောအခါ သူကဂျာနယ်ကို ချထားလိုက်ပြီး စီးကရက် တစ်လိပ်မီးညှိလိုက်သည်။ ကျွန်တော်က
ဂျာနယ်ကို ကောက်ကိုင်ရင်း–
"ဒါက ဘယ်ကထုတ်တာလဲဗျ"

"အိန္ဒိယမှာရှိတဲ့ တိုးတက်တဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေက ထုတ်တာပဲ၊ အိန္ဒိယကို ကိုယ်တို့ရောက်တုန်းက
မှာထားခဲ့တာနဲ့ အခုသူတို့က ပို့ပေးနေတယ်"
ကိုအေးငွေကား ဂျာနယ်တွင် စိတ်မဝင်စားချေ။ အလုပ်တွင်သာ စိတ်ဝင်စားနေသည်။
"ခင်ဗျား ဘယ်တော့ ယူဂျီဆင်းမှာလဲ၊ ခင်ဗျားအခြေအနေဟာ လုံခြုံတယ်လို့ ကျွန်တော်တို့မထင်ဘူး"
ထိုအချိန်တွင် သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုထွန်းရှိန် စသူတို့သည် ယူဂျီခေါ် မြေအောက်လုပ်ငန်းသို့
ကူးပြောင်းသွားကြပြီဖြစ်သည်။
ကိုဘဟိန်းက မီးခိုးလိပ်များကို မှုတ်ထုတ်လိုက်ပြီး–
"ခု ဆီမီးယူဂျီပဲဗျ"
ကိုအေးငွေသည် သရော်ဟန်ဖြင့် ပြုံးလိုက်၏။
"အင်း မြေအောက်တစ်ပိုင်း မြေပေါ်တစ်ပိုင်းဆိုတာ ပေါ်နေတဲ့အပိုင်းကနေပြီး ဖမ်းသွားတတ်တယ်နော်။ ခင်ဗျားက
မိန်းမနားက မခွာချင်တာနဲ့ လုံးလုံးယူဂျီမသွားတာနဲ့တူတယ်"
ကိုဘဟိန်းသည် ချစ်စရာကောင်းသော အပြုံးဖြင့်–
"မဟုတ်ပါဘူး ကိုယ့်လူရာ၊ ယူဂျီလုံးလုံးသွားဖို့လိုရင် မိန်းမပါ ခေါ်သွားမှာပေါ့ ဟဲဟဲ"
ကိုအေးငွေကား ကျေနပ်ပုံမပေါ်။
ကျွန်တော်က စကားကြောကို ပြောင်းသွားစေရန် ကြားဝင်၍–
"မြို့မဆရာကြီး ဦးဘလွင်တို့ အိန္ဒိယ ယဉ်ကျေးမှုအသင်းတွေ ဖွဲ့တာ ဘယ်လိုနေသလဲ အောင်မြင်ရဲ့လား"
"အတော်အတန်တော့ အောင်မြင်ပါတယ်။ ဒေါက်တာ ရာဘင်ဒြာနတ်တဂိုးတို့၊ ပန်ဒစ်ဂျဝါဟာလာ နေရူးတို့က
ဒီကိစ္စမှာ ရှေ့ဆောင်ရှေ့ရွက် ပြောနေကြတာပဲ။ ဒါပေမဲ့ သူတို့လည်း သူတို့ကိစ္စနဲ့ ရှုပ်နေတော့ တရုတ်ကိစ္စမှာ
စေတနာမေတ္တာထားကြောင်း စတိလောက်သာ လုပ်ပြနိုင်တာပါပဲ။ ကိုယ်တို့လည်း ဘာထူးသလဲ"
"ခင်ဗျားတရုတ်ဗမာ နယ်စပ်ဆီ သွားတာလည်း ဒီသဘောလောက်ပဲ စတိပဲပေါ့နော်"
ကိုဘဟိန်းသည် စီးကရက်ကို ဖွာပြီး ခဏကြာငေးနေသေးသည်။
"အင်း စတိသဘောလည်းပါတယ်၊ နောက်တစ်ခုက တရုတ်ပြည်က ကွန်မြူနစ်တွေနဲ့ အဆက်ရလိုရငြားဆိုတဲ့
ရည်ရွယ်ချက်လည်းပါတယ်။ ရန်ကုန်မှာရှိတဲ့ အဆက်တွေက တယ်ပြီး ခြေခြေမြစ်မြစ်မရှိဘူး။
ဗမာပြည်မှာအများဆုံး လုပ်နေကြတဲ့ တရုတ်တွေက ကိုမင်တန်းတွေပဲ များတယ်"
ကိုအေးငွေကား ဘာမျှမပြော။ သူ့ဘာသာသူ တွေးချင်ရာ တွေးနေဟန်တူသည်။

“ကိုဘဟိန်းရဲ့၊ ကိုမင်တန်းတွေလည်းပဲ၊ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးကို လိုလားတာပဲ မဟုတ်လား။
မနစ်ကတရုတ်ပြည်က ကိုမင်တန်းကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လာတယ် မဟုတ်လား၊ သူတို့ထဲမှာ
စင်ကာပူကတရုတ်သူဌေးကြီး တန်ကာကီး ဆိုတာတောင် ပါလာသေးတယ်လေ။ အာရှရဲ့ ငြိမ်းချမ်းရေးနဲ့
လွတ်လပ်ရေးကိုတရုတ်ပြည်၊ အိန္ဒိယပြည်၊ ဗမာပြည်ပေါင်းပြီး အသိအမှတ်ပြုပြီး လွှင့်ခဲ့တယ်”
“ကိုမင်တန်းလည်း ဗမာ့လွတ်လပ်ရေးကိုလိုလားတာထဲ ပါမှာပဲ။ သို့ပေမယ့် အင်္ဂလိပ်ရဲ့ ငြိငြင်မှုကို ခံပြီး
ဗမာ့လွတ်လပ်ရေးကို ဖွတ်ကူညီမယ်တော့ မထင်ဘူး။ တရုတ်ကွန်မြူနစ်တွေကသာ ကူမယ်”
အတန်ငယ် တိတ်ဆိတ်နေပြီးနောက် ကျွန်တော်က ကျွန်တော်၏သံသယဖြင့် ကိုဘဟိန်းအား လှူပ်လိုက်သည်။
“တရုတ်ကွန်မြူနစ်တွေက ကူညီမယ်ဆိုတာကော ခင်ဗျားသေသေချာချာ ပြောနိုင်ရဲ့လား။ အထောက်အထားခြေခြေမြစ်မြစ်ရှိရဲ့လား”
ကိုဘဟိန်းသည် ခပ်ရှည်ရှည်ကျန်သေးသော စီးကရက်ကို ပြာခွက်ထဲမှာ ခေါင်းစိုက်၍ ချေရင်း–
“ကိုယ့်လူကလည်း သင်တန်းတွေဘာတွေလည်း တက်ပြီးပြီ၊ စာအုပ်တွေလည်း ဖတ်ထားတယ်၊
ဒါနဲ့လည်းကွန်မြူနစ်သဘောအခြေခံကို နားမလည်သေးဘူး။ ကွန်မြူနစ်ဆိုတာ နယ်ချဲ့အားလုံးကို အပြီးတိုင်
ချေမှုန်းမယ့်လူတွေဖြစ်တယ်။ ဂျပန်နယ်ချဲ့၊ ဗြိတိသျှနယ်ချဲ့၊ ဘယ်နယ်ချဲ့မှ ချမ်းသာပေးမှာ မဟုတ်ဘူး။ ဒီတော့
ဗြိတိသျှနယ်ချဲ့ကို အပြုတ်နှံမယ့် ကိုယ်တို့ကို တရုတ်ကွန်မြူနစ်က မကူညီဘဲ နေပါ့မလား”
ကျွန်တော်ကား တစ်လုံးတစ်ပါဒမျှ ပြည်လည်ချေပနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ငြိမ်နေသည်။
ကိုဘဟိန်းကကျွန်တော့်အား ဘာ့ကြောင့် တွေ့လိုသည်ကို မေးတော့မည်ဟု စဉ်းစားနေလေသည်။ သို့သော်
ကိုဘဟိန်းက စကားပြန်ကောက်သည်။
“သို့ပေမယ့် ကိုယ်တို့က တရုတ်အကူအညီမရလို့ ဗြိတိသျှနယ်ချဲ့သမားကို အပြုတ်မနှံဘဲ နေမှာ မဟုတ်ဘူး၊
ဘယ်သူ့အကူအညီနဲ့ ဖြစ်ဖြစ် အင်္ဂလိပ်ကိုတော့ ဒီပွဲမှာ အပြုတ်နှံရမှာပဲ”
ငြိမ်နေခဲ့သော ကိုအေးငွေက ထိုအခါတွင်မှ ကြားဝင်လိုက်လေ၏။
“အင်္ဂလိပ်နယ်ချဲ့ကို အပြုတ်နှံဖို့ဆိုတာမလွယ်ဘူး။ ရဲဘော်တင်ထွန်းသိတဲ့ အတိုင်းပဲ။ ကိုယ်တို့မှာ လူအားရှိပါရဲ့၊

လူနဲ့ချည်းမပြီးဘူး၊ ငွေနဲ့လက်နက်အားကြီးလိုတယ်။ ဒီတော့ ဘယ်သူ့ဆီကဖြစ်ဖြစ် ပြင်ပအကူအညီကို
ရအောင်ယူရလိမ့်မယ်"
"ဟုတ်ပါတယ်၊ ဒီအချက်ကို ကျွန်တော်လက်ခံပါတယ်"
ကိုဘဟိန်းက ကျွန်တော့်ကို မှာခြင်းမှာ ပြင်ပအကူအညီရယူရေးနှင့် ပတ်သက်နေသလောဟု ထင်လာလေသည်။
"ကိုဘဟိန်း ကျွန်တော်နဲ့ အထူးတွေ့ချင်တာ ဘာကိစ္စလဲ"
ကိုဘဟိန်း၏မျက်နှာမှာပြောင်းသွားလေသည်။ စိတ်မချမ်းသာသော မျက်နှာနှင့် အားနာသော အမူအရာများမှာ
ထင်ရှားနေသည်။ ကိုအေးငွေကား ကျွန်တော်တို့အား မကြည့်ဘဲ မျက်နှာလွှဲပြီးနေသည်။ ကျွန်တော့်စိတ်တွင်
တစ်စုံတစ်ရာ ထူးခြားသည်ဟု ထင်လာ၏။ တော်တော်နှင့် စကားမပြောကြ။ နေဝင်သွားပြီဖြစ်၍ အိမ်တွင်းက အလင်းရောင်မှာ ပျော့သွားလေပြီ။ သို့သော်
ပူအိုက်ခြင်းကား လျော့မသွားချေ။
"ဆိုစမ်းပါဦးဗျ"ဟု ကျွန်တော်က ထပ်မေးလိုက်သည်။
ကိုဘဟိန်းက မပြောချင်ပြောချင်ဖြင့်–
"ပြောချင်တဲ့ကိစ္စက ရဲဘော်တင်ထွန်းရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်နေတယ်၊ ကိုယ်ရေးကိုယ်တာမှာ
ကိုယ်တို့က ဝင်စွက်ရတာတော့ မကောင်းဘူး ဝမ်းလည်းနည်းတယ်"
ကျွန်တော့်ရင်မှာ တဒိတ်ဒိတ်ခုန်လာ၏။ ဘယ်ကိစ္စမျိုးဖြစ်၍ ဤလိုစကားပျိုး၍ နေသနည်း။
"သို့ပေမယ့် ရဲဘော်တင်ထွန်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်လို့ ကိုယ်တို့က နှုတ်ပိတ်နေမယ်ဆိုရင် ရဲဘော်မှာသာ
နစ်နာစရာရှိတယ်။ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်မယ်။ ဒါ့ကြောင့် ပြောရတာပါပဲ၊ သည်းညည်းခံပေါ့ကိုယ့်လူ"
ကျွန်တော်ကလှုပ်ရှားသောအသံဖြင့်–
"ပြောသာပြောပါဗျာ၊ ပြောစရာရှိသလောက်"
"သတင်းတစ်ခု ကိုယ်တို့လူစုထဲမှာဖြစ်နေတယ်။ ရဲဘော်တင်ထွန်းဟာ လင်ရှိမယားတစ်ယောက်နဲ့
မှားယွင်းဖောက်ပြားနေသတဲ့။ ဟုတ်ရင်လည်း ရပ်တန်းက ရပ်ဖို့၊ မဟုတ်ရင်လည်း ဒီလိုမကောင်းသတင်း
ပပျောက်သွားအောင် အနေအထိုင် ဆင်ခြင်ဖို့"
ကျွန်တော်ကား သည်စကားကိုလုံးဝမမျှော်လင့်ခဲ့။ သည်အကြောင်းကို မပြမှီနှင့် ကျွန်တော်တို့နှစ်ယောက်မှ
တစ်ပါး ကမ္ဘာတစ်ခွင်တွင် သိသူတစ်ဦးတစ်ယောက်မျှမရှိဟု ထင်သည်။ ထို့ကြောင့် အတွေးအတောပင်

ရပ်သွားလောက်အောင် အံ့သြသွားလေသည်။ ဘယ်လိုပြန်ပြောလိုက်ရပါမည်လဲဟု မတွေးနိုင်။ ဘယ်လိုမျက်နှာ
အမူအရာထားလိုက်ရပါမည်လဲဟုလည်း မတွေးနိုင်။ အတန်ကြာအောင် ကြောင်နေမိ၏။ ငေးနေမိ၏။
ကိုဘဟိန်းက ဆက်ပြောနေ၏။
"ကိုကြီးနုရေးတဲ့ပြဇာတ်ညွှန့်ပေါင်းမှာ ဒီလိုပြစ်မှုမျိုးနဲ့ ပတ်သက်ပြီး ရေးထားတယ်။ အတော်ပဲ ရှုတ်ချထားတယ်။
နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ကို စောင်းမြောင်းထားတယ်။ သူများသားမယားနဲ့ စိတ်ချထားလို့ မဖြစ်နိုင်တဲ့
နိုင်ငံရေးခေါင်းဆောင်ရဲ့ လက်ထဲမှာ တိုင်းပြည်ကို စိတ်ချထားနိုင်ဖို့ မဖြစ်နိုင်ဘူးတဲ့"
သူ ဆက်ပြောနေသည်။ သူ့အသံကို ကျွန်တော်ကြားနေသည်။ ဘာအဓိပ္ပာယ်တွေ ဆောင်နေသည်ဟုကား
ကျွန်တော် တွေးတောမရတော့ချေ။ သို့သော် ပထမခဏများ၌ ရပ်သွားသော ကျွန်တော့်ဦးနှောက်သည်
မြင်းပြေးသလို ကဆုန်ပေါက်၍ ပြေးနေလေသည်။ မည်သူ သိသွားလေသနည်း။ ဘယ်မျှထိ သိသွားသနည်း။
ကားမောင်းသမားလော၊ ဒရဝမ်လော၊ ကိုအေးငွေလော။ ကိုအေးငွေ ကတော့ မမြမှီကို မြင်ဖူးသည်။ ကျွန်တော်နှင့်
ခင်မင်သည်ကို အနည်းငယ်သိသည်။ ကျွန်တော်တို့ အတွင်းရေးကိုကား လုံးဝမသိ။ ရှမ်းပြည်သို့
အတူသွားကြသော သိန်းသိန်းနှင့် မချိုတို့ရိပ်မိသိရှိကြလေသလော။ သို့သော် သိန်းသိန်းကား
အရိပ်မိသိရှိသည့်တိုင်အောင် အခြားသူတွေကို အရိပ်အမြွက်မျှပင်လည်းပြောမည် မဟုတ်။ သိန်းသိန်းမှာ မမြမှီ၏
ရုပ်သေးရုပ်သာဖြစ်သည်။ မချိုကား ဆွံ့အပြီး နားထိုင်းနေသောကြောင့် ရိပ်မိဦး၊ ဘာမျှပြောနိုင်မည် မဟုတ်ချေ။
သတင်းသည် ဘယ်မျှပျံ့လွင့်နေပြီနည်း။ ဘယ်လောက်ပုပ်အောင် ပြောနေကြပြီလဲ။ နာတာရှည်ရောဂါဖြင့်
လဲ့နေသော ဦးထွန်းဝင်း၏ အိပ်ရာဘေးသို့ပင် ထိုအပုပ်နံ့ရောက်လေပြီလော။
ကျွန်တော်၏ဦးနှောက်ကို မေးခွန်းအများသည် ဆူညံလျင်မြန်စွာ တီးခေါက်နေကြ၏။ ဘယ်မေးခွန်းကိုမျှလည်း
ပြေအောင် မဖြေနိုင်။ ကျွန်တော့်မှာ စိတ်အိုက်သလောက် ကိုယ်အိုက်လာလေသည်။ ချွေးတွေပြန်လာသည်။
ကိုဘဟိန်းသည် ဘယ်တုံးက အပြောရပ်သွားသည် မသိ။ သို့သော် သူ၏ ဆိတ်ငြိမ်နေခြင်းကို
သူ့ဘာသာဖျက်လိုက်တော့မှ သူဆိတ်ငြိမ်နေခဲ့ခြင်းကို ကျွန်တော် သိတော့သည်။

"အေးလေ၊ ကြားတဲ့အတိုင်း ဟုတ်ရင်လည်း ရပ်တန်းက ရပ်လိုက်ရုံပေါ့။ ရင်းနှီးတဲ့
လူအချင်းချင်းအကြံပေးတာပါ"
"ကြားတဲ့အတိုင်း ဟုတ်မှမဟုတ်ဘဲ ကိုဘဟိန်းရဲ့၊ ခင်ဗျားကို ဘယ်သူက ပြောသလဲ"
ကိုဘဟိန်းကား ပြုံးတူးကြောင်တောင်ဖြစ်သွားလေသည်။ ခုထိ ဘာမျှမပြော သေးသော
ကိုအေးငွေဝင်ပြောလိုက်လေသည်။
"ရဲဘော်တင်ထွန်းရဲ့၊ ဘယ်သူပြောတယ် ဘယ်ဝါပြောတယ် မေးမနေနဲ့တော့၊
သူပြောငါပြောများနေတဲ့ကိစ္စဖြစ်လာလို့ ရင်းနှီးတဲ့လူအချင်းချင်း သတိပေးတာပဲ"
ကျွန်တော်က မူမမှန်သော်လည်း မာကျောသော အသံဖြင့်–
"ဟုတ်မှ မဟုတ်ဘဲဗျ။ ကျွန်တော်တို့က ရိုးရိုးရင်းနှီးတာကို လူတွေက ချဲ့ကားပြီး
ပြစ်မှုကျူးလွန်တယ်၊
ဖောက်ပြားကြတယ်လို့ ပြောနေကြတာပဲ။ ကျွန်တော်ကဖြင့် ဒီလိုစွပ်စွဲချက်မျိုး ဒီတစ်ခါပဲ
ကြားဖူးတယ်။
ခုခေတ်လူတွေဟာ သဘာဝကိုက အပုပ်နံ့ကို ပိုကြိုက်ကြတယ်"
ကျွန်တော့်ကိုယ်ကို ကျွန်တော်အံ့သြမိသည်။ ဘယ်မျှပြောင်လိမ်ရဲသနည်း။ ဘယ်မျှ ပိရိစွာ
မုသားစကားတီထွင်တတ်သနည်း။
"ပြီးတော့ ကိုဘဟိန်းရဲ့၊ ဒီကိစ္စမှာ ကျွန်တော်တို့ ဗမာလူမျိုးတွေ အောက်ကျနောက်ကျ နိုင်မှု
တစ်ခုပါတယ်။
အနောက်နိုင်ငံမှာက ယောကျာ်းနဲ့ မိန်းမ ရိုးရိုးခင်လို့ တွဲတယ်၊ သွားအတူ လာအတူ
လုပ်တယ်ဆိုရင်
အတင်းမပြောကြဘူး၊ ချဲ့ကားမပြောကြဘူး။ ကျွန်တော်တို့ဗမာတွေကတော့ ချဲ့ကားကြတယ်၊
အတင်းအဖျင်း
ပြောကြတယ်။ လက်နဲ့ထိမိကြရုံနဲ့ ဗိုက်ကြီးသွားပြီလောက် ပြောကြတာပဲ"
ကိုဘဟိန်းသည် ကျွန်တော့်အား ယုံသွားဟန်ရှိသည်။ တောင်းပန်လိုသည့် ဟန်ပန်၊
ပြုံးချိုသည့် မူရာဖြင့်–
"အေးပေါ့ ကိုယ့်လူရာ မဟုတ်ရင်လည်း နည်းနည်းတော့ အနေအထိုင်ဆင်ခြင် ရမယ်။
လူတွေကိုက
ပိုပြောတတ်တာအမှန်ပဲ။ သို့ပေမယ့် ပြောစရာမဖြစ်အောင် နေတတ်ရမယ်။
လူငယ်နိုင်ငံရေးသမားတွေဟာ
လူကြီးနိုင်ငံရေးသမားတွေနဲ့ အစစ အရာရာ ကွာခြားရမယ်။ လူကြီးနိုင်ငံရေးသမားတွေရဲ
ကျင့်ဝတ်သိက္ခာပျက်ပုံကိုတော့ တိုင်းသိပြည်သိမို့ စက်ဆုပ်နေကြပြီ၊
လူငယ်နိုင်ငံရေးသမားတွေ ကျင့်ဝတ်သိက္ခာ
ကောင်းဖို့လိုတယ်။ ကဲ ကဲ ဒါပါပဲ၊ မဟုတ်ဘူးဆိုတာ ကြားရလို့ ဝမ်းသာပါတယ်။
ကိုယ်တို့လည်း
စိတ်မရှိနဲ့နော်၊ အချင်းချင်းဆိုတာ သတိပေးတန်ပေးရတာပဲ"

"ကိစ္စမရှိပါဘူး၊ ကိုဘဟိန်းက တောင်းပန်နေဖို့မလိုပါဘူး။ ခင်ဗျားတို့
ကိုအေးငွေတို့အပေါ်မှာ ဘယ်နည်းနဲ့မှ
စိတ်မရှိပါဘူး"
ကိုဘဟိန်းသည် စီးကရက်တစ်လိပ်ကို ထပ်ညှိပြီး သောက်နေသည်။ သူ့မျက်နှာမှာ
ညှိုးနေသည်။ ကိုအေးငွေကား
ကျွန်တော်တို့ထံမှ မျက်နှာလွှဲပြီး အဝေးသို့ မျှော်ငေးနေသည်။ သူ့မျက်နှာမှာ ပုပ်နေသည်။
ကျွန်တော်၏ကိုယ်နှင့်
စိတ်မှာ အပြစ်ဝန်ထုပ်ကြီးဖြင့် ပိနေသည်။ ကြာခိုမိသောအပြစ်၊ မခင်သစ်အပေါ်
ပြုမိသည့်အပြစ်၊
ရဲဘော်ရဲဘက်တွေအပေါ် လိမ်မိသောအပြစ်။
ကျွန်တော်သည် ခေါင်းငိုက်စိုက်ချကာ ဘာစကားမျှမပြောဘဲနေသည်။ ကိုဘဟိန်းနှင့်
ကိုအေးငွေတို့လည်း
စကားတစ်လုံးမျှ မပြောနိုင်ကြ။
ကျွန်တော်သည် သူတို့အနားမှာ မနေလိုတော့ချေ။ မျက်နှာပူလာသည်။ ရှက်လာသည်။
လှောင်နေသော
အခန်းတစ်ခုတည်းမှာ အသက်ရှူကျပ်သလိုဖြစ်နေ၏။
သို့ဖြင့် အချိန်အတော်ကြာသွားသည်။
ကျွန်တော်က ခေါင်းငိုက်စိုက်ချထားရာမှပင်–
"ကဲ ကျွန်တော် သွားတော့မယ်"
ကိုဘဟိန်းက စီးကရက်တိုကို ပြာခွက်မှာခေါင်းစိုက်၍ ချေရင်း–
"သွားချင်သွားတော့လေ"
"ကိုအေးငွေ လိုက်ခဲ့တော့မယ်လား"
"မလိုက်သေးဘူး"
ကျွန်တော်သည် ခေါင်းငိုက်စိုက်ချ၍ပင် ထလာခဲ့လေသည်။
မြေနုလမ်းသည် ဖျော့တော့သော လမ်းမီးရောင် အောက်တွင် ဆိတ်ငြိမ်နေလေ သည်။
ဆိတ်ငြိမ်ခြင်းသည်
ကျွန်တော့်အား သပိတ်မှောက်ခြင်း၊ ဝိုင်းပယ်ခြင်းကို အဓိပ္ပာယ်ဆောင်နေလေသလော။
မြို့ထဲပြန်ရန် ဘတ်စ်ကားစောင့်နေစဉ် ဆာအမ်အေမောင်ကြီးတို့အိမ်မှ
လက်ခုပ်သြဘာသံများကို
ကြားနေရလေသည်။
ကျွန်တော်၏ ပြစ်မှုများကို သူတို့လို ရပ်ကွက်များမှသာ လက်ခုပ်တီးပေးနေလေသလော။ ။
၆၃
ဘုရားရှင်ကိုယ်တော်မြတ်ကိုတောင် စိုးမိုးနေတဲ့တရား
ကျွန်တော်သည် ဘယ်ကိုမှ မဝင်တော့ဘဲ ကျွန်တော့်အခန်းသို့ အရောက်ပြန်သွားလေသည်။

အခန်းတံခါးမှာ စေ့ရုံသာစေ့ထားသောကြောင့် တွန်းလိုက်သောအခါ အခန်းသင့်ပင် ပွင့်သွားလေ၏။ စားပွဲတင်
မှန်အိမ်မီးစာကို နှိမ့်ထားသဖြင့် မှုန်တိမှုန်ဝါး အလင်းရောင်သာ ရှိနေသည်။ အတူနေ ဘလောက်ဆရာ
ကိုတင်အေးသည် ဝရန်တာမှာ ရပ်ပြီး လမ်းဘက်သို့ငေးနေသည်။ ပက်လက်ကုလားထိုင်မှာ အားနေ၏။
လူမောစိတ်မောဖြစ်နေသော ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ် ပစ်ထိုင်ပြီး ခွေမှိုင်၍ နေလိုက်တော့မည်ကြံသည်။ ကျွန်တော်ကကြံခါရှိသေး၊ ကိုတင်အေးသည် ဦးအောင်ဝင်ထိုင်လိုက်သဖြင့်
စိတ်ညစ်သွား၏။ ဒေါသလည်းထွက်၏။ သို့သော် ဘာမျှ မတတ်နိုင်။
ကျွန်တော်သည် အိပ်ရာလိပ်ကို ဆောင့်ကြီးအောင့်ကြီးဖြင့် ယူပြီး စိတ်ဆိုးမာန်ဆိုးဖြင့် ခင်းသည်။ အပေါ်အင်္ကျီကို
ချွတ်၍ သေတ္တာပေါ် ပစ်တင်လိုက်ပြီး အိပ်ရာပေါ်မှာ ပစ်လှဲလိုက်သည်။ ပြီးတော့ မျက်စိကို နာနာမှိတ်လိုက်၏။
ကိုအေးငွေနှင့် သခင်ဘဟိန်းတို့သည် ကျွန်တော့်အား လက်ညှိုးထိုး၍ “သူများမယားကြာခိုတဲ့ လူယုတ်မာ”ဟု
စွပ်စွဲနေကြသည်ဟု ထင်ယောင်မြင်ယောင် ဖြစ်နေသည်။ နောက်တော့ ကိုကြီးနု၏ လက်ညှိုးကြီးပေါ်လာပြန်သည်။
သူများမယားနှင့်မှ စိတ်မချရသူကို တိုင်းပြည်နှင့် စိတ်ချရပါ့မလားဟူသော မေးခွန်းကို ကြားနေရသည်။ ဟိုလူက
လက်ညှိုးထိုး၊ ဒီလူက လက်ညှိုးထိုး၊ ထွီခနဲ တံတွေးထွေးသူ ထွေး၊
တိုးတိုးကလေးအတင်းပြောသူကပြော။
မျက်စိကိုမှိတ်ထားလေ၊ စိတ်ဒုက္ခရောက်လေ ဖြစ်နေ၏။
စိတ်ပြေလက်ပျောက်ဖြစ်စေရန် မှန်အိမ်ကို ခေါင်းရင်းမှာထားပြီး မီးစာကို မြှင့်တင်၍ စာဖတ်ရန် ကြိုးစားသည်။
စာလုံးတွေကို မျက်စိဖြင့် မြင်နေရသော်လည်း အဓိပ္ပာယ်ကို မထင်မြင်နိုင်။
ကျွန်တော့်ကိုယ်ကို ကျွန်တော်အပြစ်တင်သည်။ ငါ့ကိုယ်က ညံ့တယ်။ ငါ့စိတ်ငါ မနိုင်လို့မမြမှီနှင့်ခုလို
ပြစ်မှားမိရတယ်။ ဘယ်သူမပြု မိမိမှုဆိုတယ် မဟုတ်လား။ အို မမြမှီနှင့် ကလောအတူမသွားဘဲနေမိရင်
အကောင်းသား၊ အတူသွားတယ် ဆိုကတည်းက ခုလို လွန်လွန်ကျူးကျူးဖြစ်ဖို့ သေချာတာပဲ။ အို အဲဒီမတိုင်ခင်
စောစောကတည်းက ရင်းရင်းနှီးနှီးမနေခဲ့ရင် ပိုကောင်းမယ်။ ကန်တော်ကြီးအတူ သွားကြတာ။
ရုပ်ရှင်တွဲတွဲကြည့်တာ လေညင်းခံ ကားစီးအတူတူထွက်တာ၊ ဒါတွေဟာ တစ်ခုမှ မကောင်းဘူး။ အို

အကောင်းဆုံးကတော့ မမြမှိုနှင့်အသိအကျွမ်းမဖြစ်ခဲ့ရင်။ သို့ဖြင့်
ကုလားဗမာအဓိကရုဏ်းအတွင်းက၊
ကုလားရပ်ကွက်ထဲနေသော ဗမာတွေကို ကယ်ဆယ်ရင်း မမြမှိုနှင့် ပထမဆုံးတွေ့ဆုံကြပုံကို
ပြန်လည်သတိရနေသည်။ အို မမြမှိုက သည်လောက်မလှရင်ကောင်းမှာပဲ။ သည်လောက်
စွဲမက်စရာမရှိရင်
ကောင်းမှာပဲ။ သူ့ယောကျာ်းကြီးက ခုလို အိပ်ရာထဲလဲနေတဲ့ ဂီလာနမဟုတ်ဘဲ
ကျန်းမာနေသူဆိုရင် ကောင်းမှာပဲ။
သက်သက် ဒီလူဟာ သေလည်းမသေဘဲနှင့် မမြမှိုကို နှိပ်စက်နေတာ။ သူသေသွားရင်
ငါတို့ဒီလိုကြာခိုမှုဖြစ်မှာမဟုတ်ဘူး။ တို့နှစ်ယောက်သား အပြစ်ကင်းစင်စွာ.....။ သို့ဖြင့်
ကိုယ့်ကိုယ်ကိုယ်
အပြစ်ဆိုနေခဲ့သော ကျွန်တော်သည် ဦးထွန်းဝင်းအပေါ် အပြစ်တွေဖို့နေပြန်လေပြီ။
မမြမှိုကလည်း
ကဲပါတယ်လေ၊ ငါ့ကို သူ့ပိုက်ထဲ မမိ မိအောင် မာယာအမျိုးမျိုးနှင့် ဖမ်းတာပဲ။ မမ–
ခင်ဗျားဟာ
မင်းသမီးယောင်ဆောင်နေတဲ့ ဘီလူးမ၊ ကျွန်တော့်ရဲ့ သန့်ရှင်းမြင့်မြတ်တဲ့
အသည်းနှလုံးကိုစားပစ်တဲ့ဘီလူးမ။
ကျွန်တော့်နာမည်ပျက်အောင် မမက တမင်ဖျက်တာပဲ။ သို့ဖြင့် ဦးထွန်းဝင်းနှင့်
မမြမှိုတို့အပေါ်တွင်
အပြစ်ဖို့လိုက်ရသောအခါ ကျွန်တော့်စိတ်သည် ပေါ့သလိုလို ဖြစ်သွားလေသည်။
အတော်သက်သာရာရသွားသည်။
ကျွန်တော်သည် စာအုပ်ကို ဘေးချထားပြီး မျက်လွှာကို အသာပိတ်ကာ
စဉ်းစားလိုက်ပြန်သည်။ မမြမှိုနှင့်
ဖြစ်ပျက်ခဲ့သမျှကို အစီအစဉ်နှင့် တွေးတောကြည့်လိုက်သည်။ အင်း တကယ်တော့လည်း
ဘယ်သူ့ကိုမှအပြစ်မဆိုသာဘူး။ ငါလည်း အပြစ်မရှိ။ မမလည်း အပြစ်မရှိ၊
ဦးထွန်းဝင်းလည်း အပြစ်မရှိ။
အကြောင်းတွေကိုက ဒီလိုဖြစ်အောင် ဖန်တီးလာတာပဲ။
တံခါးဖွင့်သံနှင့်“
ဝင်ပါ၊ ဝင်ပါ အားမနာပါနဲ့”ဟူသော ဗေဒကဝိန်ဦးတက်ရှိန်၏ အသံတို့ကြောင့်
ကျွန်တော့်အတွေးရပ်သွားလေသည်။ တံခါးဝသို့ လှမ်းကြည့်လိုက်သောအခါ
ဗေဒကဝိန်နောက်တော်ပါးမှ
အသက်အစိတ်ထက် ကျော်ဦးမည်မဟုတ်သော မိန်းမတစ်ယောက်ပါလာသည်ကို အံ့ဩစွာ
တွေ့ရလေသည်။
ထိုမိန်းမသည် အရပ်အမောင်းကောင်း၍ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းအချိုးကျသည်။
အသားညိုစိမ့်စိမ့်ဖြစ်သည်။ နှာခေါင်းပြားသော်လည်း မျက်လုံးများမှာ ကုလားဆန်ဆန်

မျက်ဖန်ကောင်း၍ကြည်လင်သည်။ သူမသည် အလေးမဆုံထုံးဟု ခေါ်ကြသော တူကွိုင်ဆံထုံး ထုံးထားသည်။
နှုတ်ခမ်းနီရဲရဲစွာ ဆိုးထားသည်။ ဝိုင်သားရင်စေ့အင်္ကျီတွင် လှပစွာပန်းထိုးထားသည်။ ဖက်ဖူးရောင်
ပိုးတွန့်လုံချည်ကို ဝတ်ဆင်ထားသည်။
ဆရာဦးတက်ရှိန်တို့ ဝင်လာတော့မှ ကိုတင်အေးသည် ပက်လက်ကုလားထိုင်မှ ဖယ်ပေးလေသည်။ သို့သော်
ဦးတက်ရှိန်ကား ပက်လက်ကုလားထိုင်မှာ မထိုင်ပါ။ သင်ဖြူးခင်းပေးပြီး ထိုမိန်းမကို ထိုင်စေသည်။ သူကမူ
ဘုရားစင်ရှေ့မှာ ဒူးတုပ်လိုက်လေသည်။ ထို့နောက် အထူးစီရင်ထားသော ဖယောင်းတိုင်ကြီးတစ်ချောင်းကိုမီးထွန်းညှိလေသည်။
ထိုမိန်းမသည် သင်ဖြူးပေါ်မှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး ဆရာဦးတက်ရှိန်အား မျက်စိပေကလတ် ပေကလတ်ဖြင့်
ကြည့်နေသည်။
ဦးတက်ရှိန်က ဘုရားရှိမခိုးမီ ထိုမိန်းမဘက်သို့ သမင်လည်ပြန် ကြည့်လိုက်ပြီး–
“သူက တနင်္လာသားနော်”
“ဟုတ်ကဲ့ ဆရာ”
“မင်းက သောကြာနော်”
“ဟုတ်ကဲ့ ဆရာ”
“အေး အေး ဆရာက သတိတော့ရပါတယ်။ နို့ပေတယ်လို့ အမှားအယွင်း လုံးဝမရှိအောင် ထပ်မေးတာဟေ့။
စီစဉ်တုန်းကတည်းက နေ့တွေနံတွေ တွက်ချက်ပြီးကွဲ့ ကြားလား၊ အဟမ်း ဩကာသ ဩကာသ...”
ဆရာဦးတက်ရှိန်သည် ဘုရားရှိခိုးသည်။ နတ်များကို တိုင်တည်သည်။ ထိုသောကြာ သမီးကား
ဘုရားဘက်အာရုံပြုလိုက် ကျွန်တော့်ဘက်လှည့်လိုက် လုပ်နေလေသည်။ ကျွန်တော့်မှာ ကျွန်တော့်အပူရှိနေနှင့်ပြီ
မဟုတ်ပါကထို သောကြာသမီးနှင့်ပြိုင်၍ မျက်စိကစားနေမိပေမည်။
ကျွန်တော်သည် စာအုပ်ဖတ်ချင်ယောင်ဆောင်ပြီး ကျွန်တော့်ကိစ္စ ကျွန်တော်စဉ်းစားပြန်၏။ အကြောင်းကဖန်လာ၍
ဖြစ်ခဲ့ရလေလင့်ကစား အမှားဟု သိလျှင် အမှားကို မပြင်တော့ဘူးလား။ ငါမှားနေပြီ။ ရပ်တန်းကရပ်မှ
ကောင်းမယ်။ မမရေ ကျွန်တော်မမဆီ မလာတော့ဘူး။ ကျွန်တော်တို့ရဲ့ ဇာတ်ရှုပ်ကြီးကို သိမ်းလိုက်ကြစို့ရဲ့။

လူပြောသူပြော မခံရအောင် ခုဘဝ ငရဲရော၊ နောင်ဘဝ ငရဲရော မခံရအောင်
မမနှင့်ကျွန်တော်ဖြတ်ကြစို့ရဲ့။
သို့ကလို 'ဖြတ်ကြစို့ရဲ့'ဟု စိတ်ထဲက ပြောနေစဉ်ပင် ကျွန်တော့်မျက်စိထဲမှာ
အင်းလေးကန်ရေလယ် ဗိုလ်တဲပေါ်၌
ဖြုန်းခနဲပေါ်လာလေသည်။ မျက်စိထဲမှာပေါ်လာသော ထိုမမြမှီ၏ပုံ ပျောက်ကွယ်သွား စေရန်
သောကြာသမီးထံသို့
လှမ်းကြည့်လိုက်လေသည်။ ထိုခဏ၌ သောကြသာသမီးကား ဘုရားဘက်သို့
အာရုံပြုနေပေရာ
ကျွန်တော့်အာရုံသည် ထိုသောကြာသမီး၏ မျက်နှာဆီသို့ မရောက်နိုင်တော့ဘဲ ဖက်ဖူးရောင်
ပိုးတွန့်လုံချည်
တွင်း၌ တအိအိကားဆင်းနေသော တင်သားများဆီသို့သာ ရောက်သွားလေတော့သည်။
မမြမှီသည်လည်း
ဤသောကြာသမီးကဲ့သို့ ကျွန်တော့် အတွက် ရတနာဒီပံ ဖယောင်းတိုင်ကြီးကို
ထွန်းနေလေပြီလော။
ကျွန်တော်ကား မမြမှီ၏ ကွန်ပိုက်မှရုန်းကန်မထွက်နိုင်သော ငှက်ငယ်ပမာသာတည်း။
ရတနာဒီပံဖယောင်းတိုင်ကို အထူးထူးသော အစီအရင်များဖြင့် ထွန်းပြီးနောက်
သောကြာသမီးသည်
ကျွန်တော်တို့အခန်းမှ ထွက်ခွာသွားလေ၏။
ဗေဒကဝိန် ဆရာဦးတက်ရှိန်သည် ထိုသောကြာသမီးအား လမ်းပေါ်အရောက်
လိုက်ပို့ပြီးနောက် ပြန်လာလေသည်။
ကိုတင်အေးက ဆီးမေးလေသည်။
"ဆရာ ဒီမိန်းမက ဘယ်ကလဲ ဆရာ၊ ညိုစိမ့်စိမ့်နှင့် အတော်နိုပ်သား ဟိဟိ"
"ဥာလမ်းကပဲကွ"
ကျွန်တော်–
"လင်နဲ့ကွဲနေလို့ထင်ပါရဲ့ ဆရာ။ သနားစရာနော်"
"သူက မယားငယ်ပါ မောင်တင်ထွန်းရာ၊ ကွဲတာလည်း မဟုတ်သေးပါဘူး။
မလာတာကြာလို့တဲ့၊ ဟုတ်ဟုတ်
မဟုတ်ဟုတ် တို့ကတော့ လုပ်ပေးရတာပဲကွဲ့"
ကျွန်တော်က အိပ်ရာမှ ပက်လက်လှန်နေရင်းကပင်–
"ဘယ်သူ့ မယားငယ်လဲ"
"နာမည်တော့ မပြောပါရစေနဲ့ကွာ၊ ပါလီမန်အတွင်းဝန်ကလေးတစ်ဦးရဲ့ မယားငယ်ပါ။
တစ်လတစ်ရာပေးထားတယ်တဲ့၊ လခတော့ မှန်မှန်ပေးရဲ့၊ လူမလာလို့တဲ့"
ကျွန်တော်က အံ့သြစွာ–
"တစ်လ တစ်ရာ ဟုတ်လား ဆရာ"
"အေး တစ်လ တစ်ရာမှန်မှန်ပေးထားတယ်"

ကျွန်တော်သည် ဆရာဦးတက်ရှိန်အား ပြောခြင်းမဟုတ်ဘဲ ကိုယ့်ဟာကိုယ် ပြောလိုက်သည်။
“တစ်လ တစ်ရာ”
ကျွန်တော့်လိုပင် ထိုသောကြာသမီးသည် တစ်လ တစ်ရာရသည်။ ကျွန်တော့် တစ်ကိုယ်လုံး အေးစက်သွားသည်ထင်၏။ ကြက်သီးမွေးညင်းထလာသည်လား မဆိုနိုင်။ ကျွန်တော်လည်း တစ်လတစ်ရာစား
လင်ငယ်ပါတကား။ ကျွန်တော်သည် အိတ်ဆောင်လင်ငယ်ပါကလား၊ အမြှောင်ပါကလား။ ဘယ်လောက်
ရှက်စရာကောင်း သလဲ။ ပညာတတ်လူငယ်တစ်ယောက် မှန်ပါလျက်နှင့် လခစား လင်ငယ်ဖြစ်ခဲ့ရချေပြီ။
မွန်မြတ်သော ယောကျာ်းဘဝရပါလျက် အမြှောင်လူနံ ဖြစ်ရချေပြီကော။
ကျွန်တော့်မှာ လူမောစိတ်မော ဖြစ်ရပြန်ပြီ။ အိပ်ရာမှ ခွေပြီး စိတ်ငယ်ချင်တိုင်း ငယ်နေရပြန်ပြီး ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုဆို၍ အရိပ်အငွေ့မျှ မရှိတော့ဟု ထင်ရသည်။ ကျွန်တော်သည် တံတွေးခွက်မှာ ပက်လက်မျောနေသည်ဟုထင်သည်။ တစ်လောကလုံးသည် ကဲ့ရဲ့ရှုတ်ချသံဖြင့် ပဲ့တင်ခတ်နေသည်ဟု ထင်သည်။
စိတ်ထဲမှာ အရူးလို ထပြေးချင်စိတ် ပေါက်လာသည်။ သို့သော် ကိုယ်ကားမလိုက်၊ အိပ်ရာပေါ်မှာ
ခွေကာသာနေလေသည်။
ဆရာဦးတက်ရှိန်၏ အလန့်တကြား ပြောလိုက်သံကို ကြားရပြန်လေပြီ။
“သြော်–မေ့နေလိုက်တာ မောင်တင်ထွန်းရေ”
“ခင်ဗျာ”ဟု ကျွန်တော်ကသာ သဲ့သဲ့ထူး၏။
“ဟောဒီမှာ မင်းဦးလေး ညနေကလာပြီး ကြေးနန်းတစ်စောင် ပေးသွားတယ်”
ကျွန်တော်က ခပ်အေးအေးဖြင့်ပင်–
“ကြေးနန်းဟုတ်လား ဆရာ”
ဆရာဦးတက်ရှိန်သည် စာအိတ်ကလေးကို ကျွန်တော့်ဆီ ယူလာသည်။ ကျွန်တော်က အိပ်ရာမှ
ထိုင်လိုက်ပြီးလက်ခံသည်။ ကြေးနန်းစာအိတ်ကို ဖောက်လိုက်ရာမနေ့က မင်းအဖေ ရုတ်တရက် သေဆုံးသွားသည်။ အမြန်ပြန်လာပါ။ အမေ
ပြာလဲ့ကြည်လင်သော ကောင်းကင်ပြင်မှ မိုးကြိုးထစ်ချုန်းလိုက်သည်နှင့် တူပေ၏။ အဖေနေထိုင်မကောင်းဖြစ်နေသည်ဟု စာတစ်စောင်မျှမရခဲ့။ သတင်းအစအန မျှလည်း မကြားခဲ့။
မယုံကြည်နိုင်လောက်အောင်ဖြစ်ပြီး ကြေးနန်းကို အတန်ကြာကြောင်နေမိ သည်။ ပြီးတော့ ကြေးနန်းဖတ်တာ
လွဲတာပဲ ဖြစ်ပါစေတော့ဟု ရင်ဖိုစွာ ဆုတောင်းပြီး ထပ်ဖတ်ပြန်လေသည်။ မလွဲပါ၊ အမှန်ပင်

ဖခင်ကြီးကွယ်လွန်ရှာပါပြီ။
အဖေ၏ မာတောက်တောက် ကြွပ်ဆတ်ဆတ် ပုံသဏ္ဍာန်သည် မျက်စိထဲမှာ ပေါ်လာ၏။
ဆရာဦးတက်ရှိန်သည် ကြေးနန်းစာအိတ်ကို ဖောက်ဖတ်ကတည်းက ကျွန်တော့် အား အကဲခတ်၍
ကြည့်နေဟန်ရှိသည်။ ထို့ကြောင့် စိုးရိမ်ကြီးသောအသံဖြင့်–
"ဘယ်လိုကြေးနန်းမျိုးလဲ မောင်တင်ထွန်း"
ကျွန်တော်ကား ဆရာဦးတက်ရှိန်အား မော့ကြည့်လိုက်သည်။ အကျိုးအကြောင်း ပြောပြရန်ကြံ၏။ သို့သော်
စကားပြော၍မရ။ ဘယ်လိုပြောရမည် မသိသလို ဖြစ်နေသည်။
ဦးတက်ရှိန်သည် ပိုစိုးရိမ်လာဟန်တူသည်။
"ပြောစမ်းပါဦး မောင်တင်ထွန်းရဲ့၊ ဘယ်လိုသတင်းမျိုးလဲ"
ကျွန်တော်က ကြေးနန်းစာရွက်ကို သတိလစ်ဟင်းစွာနှင့် ဦးတက်ရှိန်သို့ လှမ်းပေးနေသည်။
"အိုကွာ ဆရာက ကြေးနန်းစာကို ဖတ်တတ်တာမှ မဟုတ်ဘဲ"
ကျွန်တော်က ခြောက်ကပ်ကွဲအက်သော အသံဖြင့်–
"ကျွန်တော့်အဖေ ဆုံးသွားသတဲ့"
"ဟင် အဟုတ်ပဲလား၊ အနိစ္စ ရောက်သွားသတဲ့လား"
ဦးတက်ရှိန်သည် အမှန်ပင် အင်္ဂလိပ်စာ မတတ်ပါ။ သို့သော်အံ့သြခြင်းဖြင့် သတိလစ်ဟင်းသွားပြီး
ကြေးနန်းစာရွက်ကို ယူကြည့်သေးသည်။ ကျွန်တော်ကား မျက်ရည်ကျလာသည်။ ဦးတက်ရှိန်–
"ဖြစ်မှဖြစ်ရလေ အနိစ္စ၊ ဒုက္ခ အနတ္တ၊ အင်း–ဘုရားရှင်ကိုယ်တော်မြတ်ကို တောင် စိုးမိုးနေတဲ့ တရားတွေပဲ။
ဘုရားကိုယ်တော်မြတ်တောင် မလွန်ဆန်သာတဲ့ မရဏသေမင်းပဲ။ ကြီးတယ်၊ ငယ်တယ်၊ ယုတ်တယ်၊ မြတ်တယ်၊
လှတယ်၊ အရုပ်ဆိုးတယ်၊ မိန်းမ၊ ယောကျာ်း၊ အအို၊ အပျို မျက်နှာမလိုက်တဲ့ မရဏသေမင်းပဲ"
စသည်ဖြင့် သံဝေဂစကား မြွက်ကြားနေလေသည်။ ကျွန်တော်သည် ဓာတ်ရထားသံလည်း မကြားချင်၊
ကားဟွန်းသံကိုလည်း မကြားချင်၊ သံဝေဂသံကိုလည်း မကြားချင်။ ခေါင်းအုံးတစ်လုံးကို ခေါင်းပေါ်တင်ပြီး
လက်ဖြင့် ဖိထားကာ မကြားရအောင် လုပ်လိုက်သည်။
အမြန်လိုက်ခဲ့ဟု အမေကခေါ်သည်။ မနက်ဖြန်မှပဲ လိုက်နိုင်တော့မည်။ စရိတ်ရှာရဦးမည်။
ဘယ်ကစရိတ်ယူမည်လဲ။ မပြမီထဲ ရောက်သွားပြန်လေသည်။ ဘုရားတောင် အမှီမရှိဘဲ ပွင့်နိုင်တာမဟုတ်ဘူး။

ဒါကြောင့်ကြွယ်ဝချမ်းသာသော မမြမှိုနှင့် ရင်းရင်းနှီးနှီးပင် ပေါင်းသင်းဆက်ဆံရမည်ဟု
သြဝါဒပေးဖူးသော
အဖေ့အား သတိပေးသလို နေပြန်လေသည်။ အို ဒါတွေ အကုန်မေ့ပစ်တာ ကောင်းမယ်။
ယနေ့ ကြုံတွေ့သမျှ
ကိစ္စတွေကို မေ့ပစ်လိုက်တာ ကောင်းမယ်။ ဘာမှ မစဉ်းစားတော့ဘူး၊ ပျော်အောင်
အိပ်ပစ်လိုက်မယ်။ သို့သော်
အိပ်ခြင်းသည် တွန်းလေကန်လေလုပ်သော လေးနှင့် တူလေသည်။ တစ်ယောက်တည်း
အားငယ်စွာ ကျန်ရစ်သော
မိခင်၏ မျက်နှာသည် မှိတ်ထားသော မျက်စိထဲသို့ အတင်းဝင်လာပြန်သည်။
လင်နှင့်သေကွဲကွဲ၊ သားနှင့်
ရှင်ကွဲကွဲနေရသော အမေသည် မည်မျှ အားကိုးရာမဲ့ ဖြစ်ရှာမည်နည်း။ အမေ ဘယ်သူနှင့်
နေမည်လဲ။ အဖေဟာ
သူရှာဖွေရသမျှနှင့် ငါ့ကို ပညာသင်ရှာတယ်။ အိုစာနာစာ စုမိမယ် မထင်ဘူး၊ အမေတော့
ဆင်းရဲရှာတော့မှာပဲ။
လမ်းပေါ်မှာ 'ကျိုနာဂရမ်' 'ဂျာဘာနေဝါလား' 'တောက်တောက် ခေါက်ဆွဲ' စသော အသံတွေ
ဆူညံလာသည်။
ဓာတ်ရထားသံတွေ စဲသွားသည်။ မော်တော်ကားသံတွေ ပါးသွားသည်။ 'ဖျန်း'
ပက်လက်ကုလားထိုင်ပေါ်မှာ
ပုတီးစိပ်ရင်း အိပ်ပျော်သွားသော ဦးတက်ရှိန်၏လက်မှ ပုတီးကုံးလွတ်ကျသံကိုပင်
ခေါင်းပေါ်မှာ ခေါင်းအုံးတင်ပြီး
ပိတ်ထားသည့်ကြားမှပင် ကြားလိုက်ရလေသေးသည်။ အဖေ့မသာကို မီပါဦးမည်လား။
ဘယ်နေ့ရက်ထားပါလိမ့်။
သားလာမှ သဂြိုဟ်မှာလေလား။ မသာမီအောင် ရထားကြီး ခုတ်မောင်းနေသည်။
သားသည်ရထားပေါ်မှာပင်
အိပ်ပျော်လိုက်ပါသွားလေသည်။
ကျွန်တော်တို့ရွာသို့ မီးရထားဆိုက်ရောက်သောအခါ ကျွန်တော်သည် ဘူတာရုံဝင်းတစ်ခုလုံး
ဟိုဟိုသည်သည်
လှမ်းကြည့်လေသည်။ အမေ လာကြိုနေသည်ကိုမတွေ့။ အခါတိုင်း
ကျွန်တော်ကျောင်းပြန်တွင် အမေရော၊
အဖေရော လာကြိုလေ့ရှိသည်။ အမေကိုယ်တိုင် နေလို့မှကောင်းပါရဲ့လား။ အဖေ့ကို ပြုစုရင်း
ပင်ပန်းနွမ်းနယ်၊
အဖေသေတော့ ပူဆွေးဒုက္ခရောက်၊ ဒီလိုနှင့် ဖျားနာမည် ဆိုလည်း ဖျားနာနိုင်သည်။
ကျွန်တော့်ဦးကြီးတစ်ယောက် ဝမ်းကွဲနှမတစ်ယောက်နှင့် သူငယ်ချင်းတစ်ယောက်တို့လာ၍
ကြိုကြလေသည်။
တမာပင်ကလေး။

ယခင်ကနှင့်များစွာ မခြားလှ။ ပင်စည် အကိုင်းအခက် အရွက်။ ယခင်ကနှင့် ခြားသည်ကား ကျွန်တော့်အားကြိုဆိုနေသော အဖေနှင့်အမေတို့ကား တမာပင်ကလေး
အောက်မှာမတွေ့မြင်ရခြင်းဖြစ်သည်။
ရထားပေါ်မှ သေတ္တာနှင့် အိပ်ရာလိပ်တို့ကို ကျွန်တော့်သူငယ်ချင်း ဘဖေက ချပေးသည်။
နှမဝမ်းကွဲမြည္ဟန့်ကရွက်နေလေသည်။
ဦးကြီးဦးစံအေးကား ကွမ်းသွေးတွေ ပျစ်ခနဲ ထွေးထုတ်လိုက်ပြီးနောက်–
“တို့များစောင့်လိုက်ရတာ ငတင်ရာ၊ တမြန်နေ့တည်းက ရောက်မယ်ထင်တာ ဟ”ဟု
နှုတ်ဆက်လိုက်လေသည်။
ကျွန်တော်တို့ရပ်ရွာတွင် ကျွန်တော့်အားတင်ထွန်း ခေါ်လေ့ခေါ်ထ သိပ်မရှိကြဘဲ ငတင်ဟု ခေါ်တတ်ကြသည်။
အကြောင်းမသိသူတို့က ‘ငတင်’ဟု ခေါ်ခြင်းကို ရိုင်းပျသည်ဟု ထင်စရာရှိသော်လည်း
အမှန်စင်စစ်ရင်းနှီးသော
အဓိပ္ပာယ်ဆောင်နေပါသည်။
“ဘယ့်နှယ်လုပ်ပြီး တမြန်နေ့က ရောက်နိုင်လိမ့်မှာလဲ ဦးကြီးရ၊ အစောဆုံး မနေ့ကသာ
ရောက်နိုင်တယ်။
သည်ဂ်ုလ်ပြီးကြပြီလား”
ဦးကြီးက စိတ်မကောင်းသော လက္ခဏာဖြင့်–
“အေး သည်ဂ်ုလ်လိုက်ပြီကွ”
ထိုစကားပြောပြီး ဦးကြီးသည် ရှေ့မဆက်ဘဲ နေသည်။ ကျွန်တော့်အလာကို
မစောင့်ခဲ့နိုင်သဖြင့်
အပြစ်တစ်ခုပြုမိသလို ခံစားနေဟန်ရှိသည်။ ကျွန်တော်လည်း တော်တော်နှင့်
လျောက်ပတ်သောစကား ရှာ၍မတွေ့။
သူတို့အား အပြစ်တင်ရမည်လော၊ အပြစ်ခွင့်လွှတ်ရမည်လော၊ သို့မဟုတ် မယုတ်မလွန်
ဝမ်းနည်းကြောင်းလောက်သာ ပြောရမည်လော။
သူငယ်ချင်းဘဖေသည် ကျွန်တော့်နှမဝမ်းကွဲ မြည္ဟန့်ဆီက အိပ်ရာလိပ်ကို
အတင်းဆွဲယူနေသည်။
“ကိစ္စမရှိပါဘူး၊ ကျုပ်ရွက်ပါ့မယ်”
“အို ငါဆွဲခဲ့ပါ့မယ်”
ကျွန်တော်သည် သူတို့အား ငေးကြည့်ရင်း စိတ်ထဲမှာ ဘဖေ မိန်းမရပြီးလေပြီ လား၊
မြည္ဟန့်ယောကျာ်းရပြီး
လေပြီလား စသည်ဖြင့် မေးနေမိသည်။
၄င်းနောက် သူတို့နှစ်ယောက်ကရှေ့က သွားကြသည်။ ကျွန်တော်နှင့် ဦးကြီးက
ဆိတ်ငြိမ်စွာနောက်မှလိုက်ကြလေသည်။ အမေဘာဖြစ်လို့ လာမကြိုပါလိမ့်၊ အမေ နေလို့မှ ကောင်းရဲ့လေလား။

အဖေ့ကိုပြုစုရလို့ ပင်ပန်းပြီး ဖျားနေလေရော့သလား။ ကျွန်တော့်စိုးရိမ်ချက်မှာ အမေ့အတွက်သာ ဖြစ်သည်။
အဖေ့အတွက်စိုးရိမ်စရာ တစ်ကွက်မျှ မရှိတော့ပြီ။ အဖေ့လမ်းကား ဆုံးလေပြီ။ သညာဂံုလ်ခြင်းပင်ပြီးလေပြီ။
ဘဖေနှင့်မြညွန့်တို့သည် ပစ္စည်းများကိုမြင်းလှည်းပေါ်သို့ တင်ကြသည်။ မြင်းလှည်းကား တကယ့်မြင်းလှည်းတည်း။ ရထားဟု ခေါ်နိုင်စရာ ပုံပန်းသဏ္ဍာန် အရိပ်မျှမရှိ။ ဦးကြီးနှင့်ကျွန်တော်တို့မှာ
ကုလားလက်ဖက်ရည်ဆိုင်အနီးမှာ ရပ်ပြီး မြင်းလှည်း အဆင်သင့်ဖြစ်သည့်တိုင် စောင့်နေကြလေသည်။
ကာကာကုလားက ကျွန်တော့်အား မှတ်မိသည်။
“ဆရာ မနေ့က ပြန်လာမယ်ထင်တာနော်”
“ကာကာနေကောင်းရဲ့လား”
“ကောင်းတယ်ဆရာ၊ ကောင်းပါတယ်။ ကျွန်တော် အဖေကြီးမသာကို လိုက်ပို့ပါသေးတယ်”
မှတ်မိသေးသည်။ ကျွန်တော့်အဖေသည် ကျွန်တော့်အားလိုက်ပို့ရင်း လက်ဖက်ရည်သောက်လေ့ရှိသည်။
ထိုလက်ဖက်ရည်ကိုစွဲသွားသဖြင့် ဘူတာရုံလာစရာ ကိစ္စမရှိသော်လည်း လက်ဖက်ရည်သောက်သက်သက်
လာလေ့ရှိသည်။ သို့ဖြင့် ကာကာကုလားနှင့် မိတ်ဆွေရင်းနှီးဖြစ်သွားလေသည်။ ထိုခွေးခြေခုံကလေးကား
အဖေထိုင်လေ့ရှိသော ခုံတည်း။
“ကဲသခင်တင်ထွန်း တက်လေ”
သူငယ်ချင်းဘဖေက မြင်းလှည်းပေါ်မှ ခေါ်လိုက်ခြင်းဖြစ်သည်။ ကျွန်တော့်မှာ အံ့အားသင့်သွား၏။
သူငယ်ချင်းဘဖေသည် ကျွန်တော့်အား ဘယ်လိုစိတ်ကူးဖြင့် သခင်တင်ထွန်းဟု ခေါ်လိုက်ပါသနည်း။
အခါတိုင်းဆိုလျှင် ကျွန်တော့်အား တေင်ဟု ခေါ်လေ့ရှိ၏။ နောက်မှသိရသည်မှာ ရန်ကုန်မှ ကျွန်တော်သခင်လုပ်သွားပြီဟု ကြားရသောအခါ သူငယ်ချင်းဘဖေကလည်း သူ့ရွာမှာသူ သခင်ဘဖေအဖြစ်
ခံယူခဲ့လေသည်။
ဘူတာရုံနှင့် ကျွန်တော်တို့ရွာမှာ သိပ်မဝေးလှပါ။ ထို့ကြောင့် ပေတစ်ရာလမ်းတိုကလေးကို ခိုင်ခိုင်ခံ့ခံ့
သပ်သပ်ရပ်ရပ်ပြုပြင်ထား၏။ လမ်းဘေးနှစ်ဖက်တွင် စိုက်ထားသော တမာပင်များမှာ စည်ကားလှ၏။
မြင်းလှည်းသမားသည် သူ့မြင်းအား အလွန်ညှာတာပုံရသည်။ ကြိမ်တစ်ချက်မျှ မတို့ဘဲ တက်ခေါက်လိုက်၊

ဇက်ကြိုးပြားနှင့် ပွတ်လိုက် လုပ်ပြီး မောင်းလာလေသည်။ မြင်းလှည်းပေါ်တွင် မည်သူမျှ စကားမပြောကြသောကြောင့် မြင်းလှည်းသမား၏ တက်ခေါက်သံနှင့် မြင်းခွာသံတို့သည် ပတ်ဝန်းကျင်တွင်
ပေါ်လွင်စွာ ပဲ့လွင့်နေ၏။ ကျွန်တော့်စိတ်ထဲမှာ ဟာတာတာဖြစ်နေသည်။
"ဦးကြီး၊ အမေကော နေကောင်းရဲ့လား"
"နေကောင်းပါတယ်၊ သူ့အလိုတော့ ဘူတာရုံ လိုက်ခဲ့ဖို့ပဲဟော့။ သို့ပေမယ့် ငါတို့ကပဲ အိမ်မှာနေရစ်တာ
ကောင်းမယ်ဆိုလို့ နေရစ်ခဲ့တာပဲဟ"
"အဖေ နေမကောင်းတာက အကြာကြီးလား"
"သိပ်မကြာဘူးဟ၊ ကောက်ရသလို ဖြစ်သဟာပဲ"
"ဘာရောဂါတဲ့လဲ"
"မပြောတတ်ပါဘူးလေကွယ်၊ ဖြစ်တယ်ဆို အပြင်းဖျားတာပဲ။ ဆီးချုပ်ဝမ်းချုပ် လည်းဖြစ်တယ်။ ငါကတော့
ဝိဇ္ဇာနေယျ ဆရာဦးသာဆင့်ကို ပင့်ချင်တာလေဟ။ သို့ပေမယ့် မင်းအမေကရော၊ အရပ်ကရော ဆေးရုံက
ဆရာဝန်ပင့်ပါဆိုလို့ ပင့်ရတယ်ဟ။ သောက်ကျိုးနည်း ခြေကြွခကလည်း တယ်ကြီးသကိုး။ ပြီးတော့
ဘာရောဂါဖြစ်တယ် ဆိုသဟာလည်း ပြောမပြဘူး၊ ဆေးပဲ တွင်တွင်ထိုးနေတာပဲ။ မင်းအဖေကတော့
ဘယ်လောက်နာမလဲ ဆိုတာကွာ၊ ငါဖြင့် ကြည့်တောင်မကြည့်ရဲဘူး ဟ"
ကျွန်တော့်ဦးကြီးကား အမေ့အစ်ကို ဝမ်းကွဲဖြစ်သည်။ ဘုန်းကြီးလူထွက်ဖြစ်ပြီး အတော်ခေတ်မီသူဖြစ်၏။
ရှေ့လျှောက် မတော်မတန်တွေမည်မျှ ပြောနေဦးမည် မသိ၊ ထို့ကြောင့် ကျွန်တော်က စကားလွှဲပစ်လိုက်လေသည်။
မြညွန့်အား ကျောပေး၍ မြင်းလှည်းရှေ့သို့ ငေးကြည့်ကာ လိုက်ပါလာသော သူငယ်ချင်း ဘဖေအား–
"ဟေ့ ဘဖေ"
ဘဖေသည် ကျွန်တော့်ဘက် ဆတ်ခနဲ လှည့်ကြည့်ပြီး–
"မင်းကလည်းငါ့ကို သခင်ဘဖေလို့ ခေါ်ပါကွ။ ငါသခင်ဖြစ်နေတာ ကြာပြီကွ"
ကျွန်တော်က သဘောကျလွန်း၍ ရယ်လိုက်ပြီး–
"အေးအေး ခေါ်ပါ့မယ်ကွာ၊ သခင်ဘဖေ မင်းမိန်းမရပြီးပြီလား"
ထိုအခါ သခင်ဘဖေသည် ကျောပေးထားသော မြညွန့်ဘက်သို့ လှည့်ကြည့်သည်။ မြညွန့်ကလည်း
သခင်ဘဖေအား လှည့်ကြည့်သည်။ နှစ်ယောက်သား ပြောင်နောက်နေသည့်အပြုံးနှင့် ပြုံးပြကြလေသည်။

ဦးကြီးကား မျက်လုံးပြူးပြလိုက်ပြီးနောက်–
"ဟော့ မင်းဘဖေက မင်းကိုစာမရေးဘူးလား၊ ဘဖေဟာ မင်းယောက်ဖဖြစ်နေပြီ ဟ၊ ဟားဟား"
မြည္ဂနံ့က ရှက်ကိုးရှက်ကန်းဖြင့် ဦးကြီး၏ကျောကို သာသာထုသည်။ ပြီးတော့ ဘဖေရော မြည္ဂနံ့ပါ ရယ်ကြသည်။
ကျွန်တော်လည်း လိုက်ရယ်လေသည်။
သို့သော် ကြာရှည်ရယ်၍ မသင့်လျော်ပါ။ သူများကြားသွားလျှင် ကဲ့ရဲ့စရာ ဖြစ်မည်။ အဖေ့အလောင်းမြေကျခါရှိသေး၊ တဟားဟား တဝါးဝါးနှင့် နေကြပြီကောဟု မေးငေါ့ကြပေလိမ့်မည်။
"မင်းတို့ညားကြတာ ဘယ်လောက်ကြာပြီလဲဟေ့"
သခင်ဘဖေက–
"သုံးလလောက်ရှိသွားပြီကွ၊ သို့ပေမယ့် သုံးရက်လောက်ပဲ ရှိသေးတယ် ထင်တယ်ကွ ဟဲဟဲ"
မြည္ဂနံ့က သူ့ယောကျ်ားကျောကို ရှက်ကိုးရှက်ကန်းဖြင့် ထုပြန်လေသည်။
ဦးကြီးက ခပ်တည်တည်ဖြင့်–
"အင်း မင့်အမေ မြည္ဂနံ့ဝမ်းထဲမှာ ဝင်စားမယ်ဆိုရင်လည်း အဆင်သင့်ပဲဟ၊ မြည္ဂနံ့ နင် အိပ်မက်များ မရဘူးလား"
မြည္ဂနံ့သည် မျက်စောင်းချိတ်လိုက်၏။ ပြီးတော့ မျက်နှာမှာ ပျော့ပျောင်းသွားပြန်သည်။ ဘာစဉ်းစားနေသည်ဟုကား မသိနိုင်ပါ။
ရွာထဲသို့ ဝင်လာသောအခါ ဟိုအိမ်သည်အိမ်က လှမ်းပြီး မောင်တင် ရောက်လာပြီလား၊ ဘာလားညာလားနှင့်
မေးကြမြန်းကြ နှုတ်ဆက်ကြ၏။ အချို့မှာ မြင်းလှည်းနောက်သို့ပင် လိုက်လာပြီး စကားပြောကြသေး၏။
ကျွန်တော်တို့အိမ်အနီး သို့ရောက်လေ နှုတ်ဆက်သူ ကြိုဆိုသူများလေ ဖြစ်လာပေ၏။ ယင်းသို့ ဥက္ကောဠ္ဌေယျ ဖြစ်ခြင်းကြောင့် အမေသည် အိမ်တွင်းမှနေ၍ပင် ကျွန်တော်လာနေပြီဖြစ်ကြောင်း
သိနေနှင့်လောက်ပေပြီ။ အမေသည် အိမ်ဝင်းဝဆီသို့ ပြေးထွက်လာပြီး ကြိုဆိုထိုက်ပြီ။ သို့သော် အမေ့အားမမြင်ရ။
ကျွန်တော့်ရင်မှာ ဖိုလှိုက်ဖိုလှိုက် ဖြစ်လာလေသည်။ ငယ်ငယ်တုန်းက အဖေအမေနှင့် ကင်းကွာလျှင် အားငယ်သည့်
ပုံပမာ အားငယ်သွားလေသည်။ လောကအလယ်တွင် တစ်ယောက်တည်း ဖြစ်နေ၏။ အမေ အိမ်ခန်းထဲမှာ လဲနေလေရော့သလား။ ကျိတ်ငိုနေလေသလား။
အမေသည် မီးဖိုတဲထဲမှာ ဆောင့်ကြောင့်ထိုင်နေလေသည်။ ရှေ့က မီးဖိုပေါ်မှာ အိုးတစ်လုံး တည်ထားသည်။
မီးတောက်မှာ အားငယ်၏။ အမေသည် ကျွန်တော့်ဘက် သို့ တစ်ချက်သာ လှမ်းကြည့်ပြီး

ချက်ချင်းမျက်နှာလှည့်ကာ မီးဖိုပေါ်က အိုးကိုသာ စိုက်ကြည့်နေလေသည်။ ကျွန်တော်မီးဖိုထဲ ဝင်သွား၏။
အမေကား ထိုင်မြဲထိုင်လျက်။ အမေ့အနီးမှာ သွားထိုင်လိုက်၏။ အမေကား မီးဖိုပေါ်က အိုးကိုသာ စိုက်ကြည့်မြဲ
ကြည့်လျက်ရှိ၏။ ထိုအိုးမှာ နွားနို့အိုးဖြစ်၏။
အမေ့မျက်နှာကို ကျွန်တော်စိုက်ကြည့်လိုက်၏။ မျက်လုံးများတွင် ရေကြည်ကလေးများ ဝေ့နေသည်ကို တွေ့ရ၏။
အမေ့မျက်နှာမှာ ကြွေတော့မည့် ပန်းပွင့်နှင့်တူ၏။
"အမေနေကောင်းရဲ့လား"
အမေသည် 'အင်း'ဟူ၍ ပြောလိုက်ဟန်ရှိ၏။ သို့သော် အသံကား နင့်ဆို့သွားသဖြင့် "အင်း"ဟူ၍ပင် ပီသစွာ
မပေါ်လာပါ။ အမေ့ရင်မှာ ဝမ်းနည်းကြေကွဲခြင်းဖြင့် ဆို့နေဟန်ရှိသည်။ ကျွန်တော်လည်း ဖိုလှိုက်ဖိုလှိုက်
ပို၍ဖြစ်လျက် မျက်ရည်ဝဲလာသည်။ စကားစလည်း ပျောက်သွားလေပြီ။ ထို့ကြောင့် ကျွန်တော်လည်း
အမေကဲ့သို့ပင် မီးဖိုပေါ်က နွားနို့အိုးကိုသာ စိုက်ကြည့်နေလေသည်။ ကျွန်တော်တို့ကား စကားမပြော၊
ငြိမ်ချက်သားကောင်း သလောက် စိတ်တွင်းမှာကား ဆူပွက်နေကြသည်။ နွားနို့သည် ဆူပွက်ဝေတက်လာ ၏။
အမေသည် ကြေးဇွန်းဖြင့် ဝေတက်လာသော နွားနို့ကို ပုတ်ချလိုက်၏။ ထို့နောက် ပန်းကန်လုံးကြီးတစ်ခုထဲသို့
နွားနို့တွေကို လောင်းထည့်ပြီး ကျွန်တော့်ရှေ့သို့ ချပေး၏။
"သောက်" တစ်လုံးတည်း အမေ့ပါးစပ်က ထွက်လာ၏။ မီးဖိုတဲအပြင်မှာကား ဆူညံနေလေသည်။ ကျွန်တော့်အား
မေးမြန်းလာကြသူတို့ကို ယောက်ဖ သခင်ဘဖေနှင့် နှမ မြညွန့်တို့က ဒိုင်ခံဖြေကြားနေလေသည်။ အမေသည်
ဟင်းအိုးများ ဆွေးနေပြန်သည်။ ကျွန်တော်က နွားနို့ကို မသောက်ဘဲ အမေ့အားသာ ကြည့်နေလေရာ–
"သောက်လိုက်လေ" ဟု အမေက ထပ်ပြောသည်။ အမေ့မျက်လုံးများမှ မျက်ရည်ပေါက်များ ကျလာသည်ကို
အမေသည် အင်္ကျီလက်ဖြင့် သုတ်လျက် တစ်ချက်ပြင်းထန်စွာရှိုက်လိုက်လေသည်။ အော်မငိုဘဲ ချုပ်တည်းထားရသဖြင့် အပူလုံးသည် အမေ့ရင်ဝတွင် ဆို့တစ်နေရာ 'သောက်လိုက်လေ'ဟု စကားအနည်းငယ်
ပြောလိုက်ခြင်းကြောင့် အနည်းငယ်ချောင်သွားဟန်တူ၏။
"အမေနေကောင်းရဲ့လား"

“ကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး”
ထမင်းကော ကောင်းကောင်းစားရဲ့လား”
“စားတော့စားပါတယ်၊ နည်းနည်းပေါ့”
“အိပ်ကောအိပ်ရဲ့လား”
“အိပ်တော့အိပ်ပါတယ် နည်းနည်းပါးပါးပေါ့”
“များများစား များများအိပ်မှ ကောင်းမှာပေါ့ အမေရဲ့၊ အမေ့ကြည့်ရတာ ပိန်တယ်ဗျ”
“မင်းတော့ ဝသားပဲနော်”
အမေသည် အခြားဟင်းအိုးတစ်လုံးကို နွေးပြန်သည်။ ကျွန်တော်ကား နွားနို့သောက်နေသည်။
“မင့်မှာ ရထားပေါ် နေရာကောင်းကောင်းရရဲ့လား”
ကျွန်တော်က မီးရထား စီးနင်းလိုက်ပါခဲ့ပုံကို ပြောပြသည်။ လမ်းမှာဘာတွေ ဝယ်စားခဲ့ပုံ၊ မီးရထားပေါ်အတူလိုက်ပါရင်း မိတ်ဆွေဖြစ်ခဲ့သူများအကြောင်း စသည်တို့ကိုပါ ထည့်၍ ပြောပြလေသည်။ သို့ဖြင့်
ကျွန်တော်တို့သားအမိသည် တတွတ်တွတ်ဖြင့် တောက်တိုမည်ရတွေ ပြောနေကြလေသည်။ အဖေ့အကြောင်းကို
ကားရှောင်ကွင်းသွားရန် သဘောတူစာချုပ်ချုပ်ထားသလိုဖြစ်နေ၏။ အမေ့စိတ်ထဲမှာတော့ အဖေ့အကြောင်း
ပြောချင်တာတွေရှိမည်။ ကျွန်တော့်စိတ်တွင်းမှာလည်း ရှိသည်။ သို့သော် တစ်ယောက်တစ်ယောက် စိတ်မချမ်းမသာ
မဖြစ်အောင်ညှာတာသောအားဖြင့် အဖေ့အကြောင်းကို ရှောင်ကြခြင်းဖြစ်လေသည်။
အမေသည် ကိုယ်တိုင်ချက်ထားသောထမင်းဟင်းများဖြင့် ကျွန်တော့်အား ကျွေးသည်။ နွားနို့သောက်ပြီးခါစမို့
ခဏဆိုင်းပါဦးဆိုသည်ကိုပင် မရချေ။ သို့သော် နွားနို့ မည်သို့ပင် သောက်ထားထား၊ အမေ့လက်ရာကား မူလက
ကျွန်တော်သိကျွမ်းဖူး၊ စွဲမက်ဖူးသည့်အတိုင်းပင် မပျက်မယွင်း ဖြစ်ခြင်းကြောင့် မြိန်ရှက်စွာ စားနိုင်လေသည်။
မှောင်ရီတော့ မဏ္ဍပ်ထဲမှာ အောက်လင်းဓာတ်မီးကြီး ထွန်းလိုက်သည်။ ရက်လည်ဆွမ်းကျွေးပြီးတော့မှ
မဏ္ဍပ်ကိုဖြုတ်လိမ့်မည်။ ဓာတ်မီးကိုလည်း ဘုန်းကြီးကျောင်း ပြန်ပို့လိမ့်မည်။ ဤဓာတ်မီးမှာ ဘုန်းတော်ကြီးအားကျွန်တော်တို့ အဖေ လှူထားသော ဓာတ်မီးပင်ဖြစ်သည်။ ဓာတ်မီးထွန်းလိုက်သည်ဆိုလျှင်
ဧည့်သည်တွေတစ်ယောက်ပြီးတစ်ယောက် တဖြောက်ဖြောက် ရောက်လာကြလေသည်။ ကျွန်တော့်မှာ ဒိုင်ခံစကား
ပြောရသည်။ အမေ့မှာ လက်ဖက်နှင့် ဆေးလိပ်ဒိုင်ခံပြင်ပေးနေရလေသည်။ မြည္ဟန့်မှာ ရေနွေးအိုး ဒိုင်ခံ

မီးထိုးနေရသည်။ သူငယ်ချင်းဟောင်း၊ ယောက်ဖလက်သစ် သခင်ဘဖေကား ကျွန်တော့်အနီးမှ မခွာ။
ရန်ကုန်အကြောင်း၊ နိုင်ငံရေးအကြောင်း၊ ကမ္ဘာစစ်ကြီးအကြောင်း ဒိုင်ခံမေးနေလေသည်။ ဦးကြီးသည်ကား
သုံးပုံဖဲဝိုင်း ဒိုင်ခံနေလေသည်။
ကျွန်တော့မှာ သူငယ်ချင်းဟောင်း ယောက်ဖလက်သစ် သခင်ဘဖေ၏
ဒိုင်ခံမေးခွန်းထုတ်ခြင်းကြောင့် ရန်ကုန်မှာ
လေကြောင်းရန် ကာကွယ်ရေး လေ့ကျင့်ခန်းလုပ်ပုံများ၊ ဘုရင်ခံ ဆာရီဂျီနယ်
ဒေါ်မန်စမစ်နှင့်မြို့ပြကာကွယ်ရေး
မင်းကြီး ဂရပ်ဖ်ဟန်းတားတို့အကြောင်းများ၊ နန်းရင်းဝန် ဂဠုန်ဦးစော
လယ်ထွန်မင်္ဂလာကျင်းပပုံများ မင်းတိုင်ပင်
အမတ်ကြီးတစ်ဦးနှင့် မိန်းမရှင်တစ်ဦး မင်းတိုင်ပင်၏ ခြောက်လုံးပြူးကို ဆော့ကစားရာမှ မတော်တဆထိမှန်သွားပုံများ၊ သခင်များ ထောင်ကျပုံများ၊ အနောက်ဘက်မှာ အင်္ဂလိပ်များ
စစ်ရေးရှုံးနိမ့်နေပုံများ
ကွန်ဆာဗေးတစ်နှင့် လေဘာပါတီများပေါင်း၍ ညွန့်ပေါင်းအစိုးရတက်ပုံများ၊
စတာလင်အကြောင်း၊
ဟစ်တလာအကြောင်း စသည်တို့ကိုအာပေါက်လောက်အောင် ရှင်းလင်းပြောပြနေရလေသည်။ သူတို့ကား
ထိုထိုသော ကိစ္စတို့တွင် စိတ်ဝင်စားကြ၏။ သို့ရာတွင် သူတို့အား နားလည်အောင်
ပြောပြရသည်မှာ
မလွယ်ကူပါ။ စတက်ဖို့ဒ် ကရစ်ပ်အကြောင်းကို ပြောလျှင် မြန်မာပြည်သို့ လာရောက်ဖူးပုံပါ ထည့်သွင်းပြောဆိုရလေသည်။ ဘိလပ်မှာ ကွန်ဆာဗေးတစ်နှင့် လေဘာပါတီ
ညွန့်ပေါင်းအစိုးရမှာ
စစ်အောင်နိုင်ရေးအတွက် ညွန့်ပေါင်းဖွဲ့သဖြင့် ရာထူးဝေယူရေးအတွက်
ညွန့်ပေါင်းဖွဲ့ထားသော
ဗမာပြည်ညွန့်ပေါင်းအစိုးရတွေနှင့် မတူပုံကို ထည့်သွင်းရှင်းပြရလေသည်။ ထိုသို့ ခဲရာခဲဆစ်
ပြောပြရခြင်းအတွက်
ကျွန်တော်ငြီးငွေ့ခြင်းမဖြစ်ပါ။ ကျွန်တော့်ရွာသူရွာသားများအပေါ်ဝယ် ငြိုငြင်ခြင်း၊
အထင်သေးခြင်းလည်း မဖြစ်ပါ။
မသာအိမ်လာကြသော ရပ်ဆွေရပ်မျိုး မိတ်ဟောင်း ဆွေဟောင်း ရွာသူရွာသားများက
ကျွန်တော်ပြောသမျှ
စူးစိုက်နားထောင်နေခြင်း နားလည်ဘဝင်ကျသွားပုံကို သူတို့မျက်နှာမှာ ထင်ဟပ်ဖော်ပြခြင်း၊ ဦးကြီး၏
သုံးပုံဖဲဝိုင်းမှာ ူလမစည်ကားခြင်း စသည် အခြင်းအရာများက ကျွန်တော့်အား
အားပေးနေပါသည်။

ချီးကျူးနေပါသည်။ အမှန်မှာ ကျွန်တော်သည် အဖေ့မသာတွင်
ကျွန်တော့်ရွာသူရွာသားများအား ပထမဆုံးအကြိမ်
နိုင်ငံရေးတရားဟောနေခြင်း ဖြစ်ပေသည်။
လူအပေါင်းတို့က ကျွန်တော့်အား အာရုံစိုက်နေသည်။ ဂရုစိုက်နေသည်ကို
တွေ့မြင်ရသောအခါ
ကျွန်တော့်အမေသည်လည်း ကျေနပ်နေဟန်ရှိသည်။ သားအတွက် ဂုဏ်ယူနေဟန်ရှိသည်။
ထိုစကားဝိုင်း၌ ကျွန်တော်စကားမပြောသောအခါ ရွာသူရွာသားများက
ကျွန်တော့်အဖေအကြောင်းကိုပြောကြသည်။
ကျွန်တော့်အဖေ အလှူအတန်းရက် ရောပုံ၊ ကျွန်တော့်အား ရှင်ပြုစဉ်က ရွှေဒင်္ဂါး၊ ရွှေမတ်စေ့၊
ရွှေမူးစေ့တို့ကိုဆေးလိပ် ထဲမှာ ထည့်ပြီး၊ ဝေပုံ၊ ဦးဖုံးမို ရုပ်သေးငှားစဉ်က ငွေ၅ဝိကျပ်
ထည့်ဝင်ပုံ စသည်တို့ကို
လုံးစေ့ပတ်စေ့ ပြောကြသည်။ အဖေသည် သတ္တိအင်မတန်ကောင်းသည်ဟုလည်း
ပြောကြသည်။ ဘုရားပွဲ၌
ဓားဝီတုတ်တစ်ချောင်းနှင့်အုပ်ချုပ်ခဲ့ပုံမှစ၍ မြို့က ဂိုဏ်းအုပ်ဆရာတော်ကြီးနှင့် ပဋ္ဌာန်းတရား
ငြင်းခုံကြပုံအထိ
သတ္တိ၏ အမျိုးမျိုးသော ပုံသဏ္ဌာန်တို့ကို ထုတ်ဖော်ချီးကျူးကြကုန်သည်။ အမှန်အားဖြင့်
မသာအိမ်မှာ
သူတို့ပြောကြတာတွေနားထောင်ရင်းဖြင့် ကျွန်တော်တို့ မြန်မာထုံးစံအရ သေသည့်နေ့မှ
ရက်လည်ဆွမ်းကျွေးသည့်
နေ့အထိ ၇ ရက်သော ကာလသည် မသေမီက အမှုမဲ့အမှတ်မဲ့ထားခဲ့သော သေသူ၏
အရည်အချင်းများကို
တစိမ့်စိမ့် ဖော်ထုတ်ချီးကျူးသော ကာလဖြစ်သည်ဟု ကျွန်တော်နားလည်လာပေသည်။
ထိုမျှမကသေး၊ သူတို့သည် အကောင်းအဆိုး ၂ခုကြားရှိ နယ်နိမိတ်
မျဉ်းကြောင်းပေါ်မှာရှိသော ကိစ္စများကိုလည်း
အကောင်းဘက်သို့ ဆွဲ၍ပြောသွား သည်ကို တွေ့ရသည်။ ဥပမာ ကျွန်တော့်အဖေသည်
ဘောက်ပြောတတ်၏။
ထိုအချက်ကို သူတို့ထဲက များစွာတို့သည် အရင်ကများစွာ နာသာခံခက် ဖြစ်ခဲ့ပေမည်။
အဖေ့အား
မုန်းကောင်းမုန်းခဲ့ပေမည်။ ယခုတော့ ကျွန်တော့်အဖေသည် စကားပြော
ပွင့်လင်းပြတ်သားသည်ဟု
ချီးကျူးကြလေသည်။ ကျွန်တော့်အဖေသည် လှူဒါန်းရာမှာ ရက်ရောချင်ရောမည်။ သို့ရာတွင်
ငွေပေးငွေယူ၊
သို့မဟုတ် အခြားအပေးအယူကိစ္စများ၌ အနာမခံ၊ သူတစ်ကျပ် ကိုယ်တစ်ကျပ်ဆိုသော
သဘောကို

လက်ကိုင်ပြု၏။ ယခင်က ဘဖေအား ထိုအချက်ကို အကြောင်းပြု၍ ကတ်သတ်သည်ဟု
ပြောကြ၏။ ယခု
မသာအိမ်၌မူ အဖေသည် စေ့စပ်သည်ဟုဆိုကြ၏။
ကျွန်တော့်အဖေ၏ မကောင်းသော အကွက်များ၊ ကျွန်တော်ကိုယ်တိုင်
အပြစ်ခွင့်မလွှတ်နိုင်သောအချက်များကို
ယခုအခါ ဖော်ပြနေကြလေပြီ။ ဥပမာ ကျွန်တော့်အဖေသည် သောက်စားမူးယစ်တတ်၏။
မူးယစ်ပြီဆိုလျှင်
ရယ်စရာလည်း ဖြစ်တတ်၏။ သူများအား စော်ကားတတ်သည်လည်းရှိ၏။ ယခုမူ အဖေ၏
မူးယစ်တတ်သောခလေ့ကို ပျော်တတ်သောဝါသနာဟု ဆိုကြပြီး၊ မူးယစ်ပြီး
သူများဆဲရေးတိုင်းထွာတာ၊
စော်ကားတာ အမေ့အား ရိုက်တာတွေ အားလုံး ခွင့်လွှတ်လိုက်ကြသည်။ မူးပြီး
ရယ်စရာပြောပုံ ရယ်စရာဖြစ်ပုံ
ရယ်စရာလုပ်ပုံတွေကို သာပြော၍နေကြလေပြီ။
အို–လောက၊ သေသောသူကို ခွင့်လွှတ်နိုင်သလို ရှင်သောသူအချင်းချင်း ခွင့်လွှတ်နိုင်ကြလျှင်
မည်မျှကောင်းမည်နည်း။ မည်မျှ အာဃာတတွေ နည်းသွားလေမည်နည်း။
နောက်တစ်နေ့ နံနက်စောစော ကျွန်တော်သည် သင်္ချိုင်းသို့ သွားလေသည်။ ကျွန်တော်တို့ရွာ
သင်္ချိုင်းကား
သာယာသော သင်္ချိုင်းဖြစ်သည်။ ထို့ကြောင့်လည်း ရပ်ဝေးရောက်နေသော
ကျွန်တော်တို့ရွာသားများသည်
“သေရင်တို့ရွာမှာပဲသေချင်တယ်”ဟု ပြောစမှတ်ပြုကြခြင်းဖြစ်လေသည်။ အုပ်နေသော
မန်ကျည်းပင်
ကြီးများကြောင့်စိမ်းလန်းအေးမြသည်။ တရုတ်စကားပင်များ အနံ့အပြား စိုက်ထားသည်။
ကန်ကလေးတစ်ခုကလည်း ရှိသည်။ ထိုကန်ပေါင်ရိုးမှာ တရုတ်နှင်းဆီပင်များနှင့်
ဆပ်သွားဖူးရုံများ
စည်ကားစွာပေါက်နေသည်။ သင်္ချိုင်းမြေဘေးပတ်လည်တွင်ကား ထန်းပင်များ
စီတန်းစိုက်ထား၏။
ပြာသာဒ်ကလေးများဖြင့် လှပတင့်တယ်သော အုတ်ဂူကလေးများ လည်းများပြား၏။
သရဏဂုံတင်ရာ
ဇရပ်ကလေးကလည်း မန်ကျည်းပင်များအောက်မှာ သပ်ရပ်လှပစွာ တည်နေလေ၏။
ကျွန်တော်တို့ရွာမှသင်္ချိုင်းသည် တကယ်လှပသာယာ၏။ ဤသို့လှပသာယာအောင်
ဘယ်သူပြုစုထားသည်ကိုကား
ကျွန်တော်မသိပါ။ သို့သော်ပြုစုသူသည် ထူးခြားသော အတွေးအခေါ်ရှိသည်ကိုကား
သိနိုင်ပါသည်။ အကြောင်းမှာ
များသောအားဖြင့် ကျွန်တော်တို့ မြန်မာများသည် မသာပို့ သွားရသည့်အချိန်ကလွဲ၍
သင်္ချိုင်းကို

မျက်နှာလွှဲထားလို၊ မေ့ထားလိုသောကြောင့်ပါ တည်း
အဖေ့အလောင်းကိန်းအောင်းရာ အုတ်ဂူကလေးကား ရိုးရိုးကလေးဖြစ်၏။ ပြသာဒ်မပါ၊ ဘုံအဆင့်မပါ၊
တလားအပေါ်တင်ထားသော သေတ္တာ ပုံသဏ္ဍာန်နှင့် တူသည်။
ကျွန်တော်သည် အဖေ့ဂူမှာ ထိုင်ပြီးရှိသေစွာ ဦးချသည်။ အဖေနှင့်ကျွန်တော် နောက်ဆုံးတွေ့ကြသည်မှာ
ရန်ကုန်မြို့မှာ ဖြစ်လေသည်။ ကျွန်တော်သည် ကျောင်းပိတ်လို့မှ အိမ်မပြန်ဘဲ နိုင်ငံရေးထဲ ပစ်ဝင်နေသည်ကို
ဆူရန်၊ ပူရန်၊ ကြိမ်းမောင်းရန် ရန်ကုန်သို့ လာခဲ့ခြင်းဖြစ်လေသည်။ ဟိုတုန်းကတော့ အဖေ့အား မကျေနပ်၊
ခုတော့ငါ့အဖေဟာ ငါ့ကို ကြီးပွားတိုးတက်စေချင်လို့ ဒီလိုဆူပူ ကြိမ်းမောင်းတာပဲဟု ဆင်ခြင်မိသည်။
အုတ်ဂူကြည့်နေရာမှ အဖေ့အလောင်းပုံသဏ္ဍာန်သည် ကျွန်တော့်မျက်စိထဲမှာ ပေါ်လာလေသည်။
ငြိမ်သက်ချမ်းမြေ့စွာ လဲလျောင်းနေသော အဖေ၏ မျက်နှာတွင် ဒေါသ မောဟ မာနမရှိ။
ဆူပူကြိမ်းမောင်းခြင်းကင်းသော အဖေ့ပါးစပ်ကား စေ့စေ့ကလေး ပိတ်နေ၏။ ကျွန်တော်တို့သားအမိ
ဘဝတည်မြဲရေးအတွက် စောင့်ထိန်းကြည့်ရှုရာ၊ ရှာရဖွေရဖြင့် အလုပ်များခဲ့သော မျက်စိအစုံသည် မှိတ်နေလေပြီ။
အဖေသည် ခဏခဏ ထန်းရေမူးလေ့ရှိ၏။ တစ်ခါတစ်ခါ အရက်ဖြူသောက်လေ့ ရှိ၏။ မူးယစ်ပြီဆိုလျှင်
အမေ့အားနှိပ်စက်၏။ ဆူပူကြိမ်းမောင်း ရိုက်နှက်၏။ ထိုဟာကို ငယ်ငယ်ရွယ်ရွယ်တည်းက မြင်တွေ့ခဲ့ရသော
ကျွန်တော်သည် အဖေ့အား စိတ်နာခဲ့၏။ အမုန်းအားဖြင့်ကျွန်တော့်စိတ်ထဲမှာ အခဲမကျေ။ ကြီးပြင်းသည့်တိုင်ကျန်နေ၏။ ယခု အုတ်ဂူရှေ့မှာထိုင် ဝတ်ချရင်း ချေပစ်လိုက်ပါသည်။ အဖေတို့သည်
'ကျွန်ကုလား၊ မယားတောသူ' ဆိုသော စကားမျိုး နားထောင်ပြီး ကြီးပြင်းခဲ့သည် မဟုတ်ပါလော။ 'မိန်းမဟူသည်
တိုရှည်မသိ၊ ထင်မိထင်ရာ၊ ပြုတတ်စွာသသည်'ဟူသော ဆုံးမစာမျိုးကို ဖတ်အံခဲ့ကြသည် မဟုတ်ပါလား။
'မိန်းမသည် ခွေးထီးလောက်မှ မမြတ်'ဟု ပြောတတ်ကြသည် မဟုတ်ပါလား။ သည်လို အယူအဆမျိုးတွေ
ခေတ်ခံရှိနေသော ဦးနှောက်သည် ယစ်မူးသွားသောအခါ မိန်းမနှင့်ပတ်သက်၍ ရစရာမရှိအောင် မှားယွင်းသော

အယူအဆများ ပေါ်လာမည်မှာ ဓမ္မတာပင်ဖြစ်၏။ အဖေသည် သူ့ထက် ပစ္စည်းဥစ္စာနှင့်
သြဇာတိက္ကမ
ပိုမိုများပြားသူများနှင့် သူ့အထက်လူကြီးများ၏ ဖိနှိပ်ခြင်းကို ခံရ၏။ အနိမ်ခံရ၏။
စော်ကားမော်ကား အပြုခံရ၏။
ထိုဝန်ထုပ်ဝန်ပိုးတို့သည် သူ့အားပိနေ၏။ အဖေသည် ထိုဝန်ထုပ်ဝန်ပိုးကိုဘယ်လို
တွန်းလှန်ဖယ်ရှားရမည်မသိ၊
ထို့ကြောင့် မူးတိုင်းမူးတိုင်း အမေ့အပေါ်ပုံချ၏။ အမေ့အား စော်ကား၏။
ဆူပူကြိမ်းမောင်း၏။ ရိုက်နှက်၏။
သြော်–အဖေရဲ့ တစ်ဦးတည်းပိုင် အပြစ်မဟုတ်ပါပဲကလား။ ခေတ်ရဲ့အပြစ်၊ စနစ်ရဲ့အပြစ်။
ငယ်ငယ်က ကျွန်တော်သည် ထိုအခဲမကျေမှုကြောင့် အဖေ့အပေါ်တွင် အချစ်ပေါ့ခဲ့သည်။
အဖေသည်ဘာကြောင့်
ကျွန်တော်သည်လိုဖြစ်ရသည်ကိုမသိ။ သို့သော် ကျွန်တော်၏ ပေါ့သောအချစ်ကို
ခံစားမိဟန်တူသည်။
ထို့ကြောင့်သူ့အား ကျွန်တော်က လေးလေးပင်ပင်ချစ်အောင်လုပ်သည်။ ဥပမာ ကျွန်တော်
အိပ်ပျော်နေတုန်း
အိုက်မှာစိုး၍ ယပ်ခတ်ပေးသည်။ အိပ်ပျော်နေသော ကျွန်တော်က ထိုဟာကိုမသိ။
နောက်မနက်ကျတော့
အဖေက "ညက မင်းအိုက်မှာစိုးလို့ ငါယပ်ခတ်ပေးတယ်ကွ"ဟု ပြောလေ့ရှိ၏။ ပြီးတော့
မကြာခဏ
ကျွန်တော်တို့သားအမိအတွက် သူဘယ့်လောက် အလုပ်လုပ်ရကြောင်း ပြောလေ့ရှိ၏။
ဟိုတုန်းက
အဖေသည်စကားတွေပြောတော့ အနည်းငယ်ကြွားတယ်ဟု ထင်သည်။ ကျေးဇူးတင်ခံချင်လို့
တမင်ပြောနေသည်ဟု
ယူဆကာ ကျွန်တော်သည်အဖေ့အပေါ်တွင် ကျေးဇူးတင်ရန် ငြင်းဆန်ခဲ့လေသည်။ ခုအတွက်ဂူမှာ
ဝတ်ချရင်း
ထိုသို့သောကျွန်တော်၏ကျေးဇူးကန်းမှုများကို ချေဖျက်လိုက်ပါသည်။ အဖေ့မှာ အပြစ်တွေ
ရှိချင်ရှာ ရှိမည်။
ဒုနှင့်ဒေး ရှိကောင်းရှိမည်။ သို့သော် ကျွန်တော်တို့အား အသက်နှင့်ခန္ဓာကိုယ်မြဲအောင်
လုပ်ကျွေးပြုစုခဲ့သည်။
ကျွန်တော်ပညာတတ်ဖို့ အဖေ ပိုအလုပ်လုပ်သည်။ အဖေ အစားအသောက်ခြိုးခြံသည်။
အနေအထိုင်မှာ
ချွေတာသည်။ ထို့ကြောင့် ကျွန်တော့်အသက်၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်ပညာများအတွက်
အဖေကား
ကျေးဇူးရှင်တကယ်မှန်ပေသည်။

ကျွန်တော်သည် အဖေ့ကျေးဇူးတွေကိုခု အုတ်ဂူရှေ့မှာမှ ကောင်းကောင်း
သဘောပေါက်တော့သည်။ မသေခင်က
သဘောပေါက်သော် ကောင်းလေစွ။ ခုတော့ သေမှ၊ အလောင်းမြေရောက်မှ၊ အုတ်ဂူရှေ့မှာမှ
အဖေ့ကျေးဇူးတွေသိတော့ လွန်ကုန်ပြီ။ ကျေးဇူးမဆပ်နိုင်တော့ပြီ။ ကျွေးတုံ့ကျွေးလှည့်၊
မွေးတုံ့မွေးလှည့်
မလှုပ်နိုင်တော့ပြီ။
ကျွန်တော့်ရင်သည် လှိုက်ဖိုလာသည်။ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ လွမ်းဆွတ်ခြင်း
လှိုင်းလုံးများသည် ရင်တွင်းမှာ
အုံကြွဆို့တက်လာသည်။ မျက်ရည်ပေါက်များလည်း ပြိုင်တူကျလာလေသည်။
ကျွန်တော်သည် မျက်ရည်ပေါက်များကိုမသုတ်ပါ။ မျက်နှာပေါ်မှာ လိမ့်၍လိမ့်၍ ဆင်းရန်
ခွင့်ပြုထားလိုက်ပါသည်။
အဖေသေခြင်းအတွက် ပထမဆုံးကျသော မျက်ရည်၊ ရိုးသားစင်ကြယ်သော မျက်ရည်။
သည်အတိုင်းနေပါစေ။
ပြီးတော့နောက်ထပ် ဦးချပြီး ထလာခဲ့သည်။
မန်ကျည်းပင်ပေါ်မှ ဇျိုင်းနှစ်ကောင်သည် ကန်ထဲသို့ ထိုးဆင်းသွားလေသည်။
ထန်းပင်ပေါ်မှ ကြက်တူရွေးသည် ဂီးခနဲ မြည်လိုက်သည်။
ဘယ်အပင်ပေါ်ကနေ၍ မြည်သည်မသိ။ ချိုးကူသံကား သာယာအေးမြလှ၏။။
၆၄
ဇနီးလောင်းရွေးရန် အမေနှင့်တိုင်ပင်ခြင်း
ရက်လည်ဆွမ်းကျွေးပြီးလေပြီ။
ကွယ်လွန်သူ ဖခင်ကြီး၏ ဂုဏ်ကျေးဇူးကိုတသ ဖော်ထုတ်ကြသော သီတင်းပတ်ပြီးဆုံးလေပြီ။
ရပ်ရွာ ပြန်ရောက်လာသော ကျွန်တော်သည်လည်း အသစ်အဆန်းမဟုတ်တော့ ပြီ။
ထို့ကြောင့် ကျွန်တော်တို့အိမ်မှာ လူအထွက်အဝင် နည်းသွားလေပြီ။
ကျွန်တော်တို့သားအမိနှစ်ယောက် ရှေ့ရေးဆွေးနွေးတိုင်ပင်ရန် အခွင့်သာဆုံး အချိန်ဖြစ်ပေ၏။
အမေသည် ကျွန်တော့်အား ယုယသည်၊ ညှာတာသည်၊ ထောက်ထားသည်။ အဖေမဲ့သော
သားဖြစ်လို့အထူးယုယညှာတာ ထောက်ထားဟန်တူသည်။
ကျွန်တော်ကလည်းအမေ့အားယုယသည်၊
ညှာတာသည်၊ ထောက်ထားသည်။ မုဆိုးမမိခင်ဖြစ်လို့ အထူးပင်
ညှာတာထောက်ထားပေသည်။
အမေသည် ကျွန်တော့်အား လောကတွင်တွယ်တာစရာတစ်ခုတည်းအဖြစ်ဖြင့်
ပိုလို့ချစ်လာပုံပေါ်၏။
ကျွန်တော်ကအမေ့အားလောကတွင် အစားထိုးမရနိုင်သော မိန်းမမြတ်တစ်ဦးအနေနှင့်
ယုံကြည်အားထားလာပုံပေါ်၏။ ကျွန်တော်က အမေ့အား လောကအလယ်တွင်
အကာအကွယ်အမဲ့ဆုံးသော
မိန်းမသားအဖြစ်ဖြင့် သနားစိတ်ပိုလာ၏။

အဖေကွယ်လွန်ပြီးနောက် အမေနှင့် ကျွန်တော့်ကြားဝယ် အသစ်ဖြစ်သော ဆက်ဆံရေးနှင့် အသစ်ဖြစ်သောစိတ်သဘောထားတို့ ဖြစ်ပေါ်လာလေသည်။ ပိုမိုသိမ်မွေ့သော ဆက်ဆံရေးနှင့် ပိုမိုမြင့်မားသော
စိတ်သဘောထားတို့ဖြစ်ကုန်၏။
"ငါ့သား ရန်ကုန်မပြန်ဘဲ ဒီမှာပဲနေရင် ကောင်းမှာပဲကွယ်"
ကျွန်တော်ကား ရန်ကုန်မပြန်ဖို့ စိတ်ကူးထဲမှာ တစ်ခါမျှ ထည့်မကြည့်ဖူးသေး။ အမေက သည်စကားပြောလိုက်တော့ ဘယ်လိုဖြေရမည်မသိ ဖြစ်သွား၏။ ညှိုးငယ်စွာနှင့် အမေ့မျက်နှာကို အတန်ကြာ
စိုက်ကြည့်နေပြီး နောက်မှ–
"ဟုတ်တယ်၊ ဒီမှာပဲနေနိုင်ရင်တော့ ကောင်းမှာပဲ၊ ဒါပေမဲ့"
ကျွန်တော်သည် အမေ့ထံမှ မျက်နှာလွှဲလိုက်သည်။ အမေကား ကျွန်တော့်ထံမှ စကားဆက်ကို နားစွင့်ရင်း
ကျွန်တော့်အရိပ်အခြည်ကိုသာ အကဲခတ်နေလေသည်။
ရန်ကုန်မပြန်ဘဲ မဖြစ်နိုင်စရာ ဘာအကြောင်းရှိသလဲ။ မည်မည်ရရ ဘာအကြောင်းမျှမရှိ။ အသက်မွေးမှုအလုပ်အကိုင်မြဲမြဲစွဲစွဲမရှိ။ နိုင်ငံရေးလုပ်နေပါသည်ဟု အကြောင်းပြရန်ကလည်း ဘာတာဝန်မျှ
သတ်သတ်မှတ်မှတ်မရှိ။ အချစ်သံယောဇဉ်ကြိုးတွေကလည်း ခပ်လျော့လျော့သာ ဖြစ်ပေသည်။ သို့ပါလျက်လည်း
ကိုယ့်ရပ်ရွာမှာ အမေနှင့်သာ အတူနေပါမည်ဟု တထစ်ချ ဝန်မခံနိုင်ဖြစ်နေ၏။
"အမေ ကျွန်တော်နဲ့ ရန်ကုန်လိုက်နေရင် ကောင်းမှာပဲ"
အမေသည် ထိုအချက်ကို စိတ်ကူးထဲမှာ ထည့်ကြည့်ဖူးဟန်မရှိပေ။ ကျွန်တော့်ကို ငေးကြည့်ပြီး
ကြောင်နေလေသည်။ အမေ့မှာ ကျွန်တော်နှင့် ရန်ကုန်လိုက်နေနိုင်ရန် လုံးဝအကြောင်းမရှိပေ။ ရွာမှာ မြေနှင့်ယာနှင့်
အခြေစိုက်နေသူဖြစ်သည်။ ဈေးဆိုင်ကလေးလည်း ရှိသေးသည်။ နှမ်းတိုးပဲတိုး အနည်းအကျဉ်း
ငွေချေးထားခြင်းကလည်း ရှိသေးသည်။
"အင်း၊ ငါ့သားနဲ့ လိုက်နေနိုင်ရင် ကောင်းမှာပဲ၊ ဒါပေမဲ့ ရန်ကုန်မြို့ကြီးမှာ မနေတတ်ပါဘူးကွယ်"
"အမေရဲ့၊ တောနဲ့ရန်ကုန် အနေအထိုင် အစားအသောက်မှာ မတူတာတော့ အမှန်ပဲ၊ တောမှာလို
ကျယ်ကျယ်ပြန့်ပြန့်တော့ မနေရဘူး၊ အစားအသောက်ကလည်း ဈေးကြီးတယ်၊ ဒါပေမဲ့ နေနေကျတော့လည်း
ကောင်းသွားတာပါပဲ"

ကျွန်တော်က သည်စကားပြောတော့ အမေက ရန်ကုန်မှာ ကျွန်တော်နေရပုံ၊ ထိုင်ရပုံကို မေးလေသည်။ အမေ့အား
ကျွန်တော် ကြွားဝါမနေပါ။ ဗေဒကဝိန် ဆရာဦးတက်ရှိန်၏ အခန်းမှာ
အိပ်ရာတစ်နေရာစာအတွက် အချိုးကျ
အခပေးနေရပုံ၊ အောက်ထပ်က မီးခိုးတွေ အပေါ်တက်လာပုံ အတူနေ ဘလောက်ဆရာ ကိုတင်အေးနှင့်
တစ်ခုတည်းသော ပက်လက်ကုလားထိုင်အတွက် မကြာခဏ နေရာလုရပုံများနှင့်တကွ လုံးစေ့ပတ်စေ့ပြောပြလိုက်လေသည်။
"အို–ငါ့သားမှာ နေရတာ ဆင်းရဲလိုက်တာကွယ်၊ ပညာတွေ သည်လောက် သင်ထားပြီး ဖြစ်မှဖြစ်ရလေ"
အမေ့အသံသည် နစ်သွားလေသည်။ များစွာ စိတ်ထိခိုက်သွားဟန်တူ၏။ အမေ စိတ်ထိခိုက်သွားအောင်
ဒါတွေပြောခြင်း မဟုတ်ပါ။ ကျွန်တော့်အဖြစ်မှန်ကို သိအောင်သာ ပြောခြင်းဖြစ်လေသည်။
"မင်းဟာက အမေလိုက်နေတောင် နေစရာရှိမှာ မဟုတ်ဘူး"
"အို–ဒီလိုလည်း ဘယ်ဟုတ်မှာလဲ အမေရဲ့၊ အမေသာ လိုက်နေမယ်ဆိုရင် ကျွန်တော် အခန်းသပ်သပ်ငှားမှာပေါ့၊
အိမ်တစ်လုံး သပ်သပ်တောင်ငှားနိုင်တာပဲ"
"အေးလေ ဟုတ်တာပေါ့၊ ငါ့သားလုပ်ချင် ဖြစ်မှာပါပဲ။ မင်းအလုပ်က ဘာတဲ့၊
မင်းအဖေကတော့ ပြောပြပါရဲ့၊
သတင်းစာတိုက်မှာ ဘာဆိုလား"
"အယ်ဒီတာ လုပ်တယ်လေ၊ အခုတော့ မလုပ်တော့ဘူး အမေရဲ့"
အမေကား အံ့သြသွားသည်။
"အို–ဒါဖြင့် ငါ့သားဘာလုပ်နေသလဲ"
"နိုင်ငံရေးပဲလုပ်တယ်"
အမေ့မှာ ပိုအံ့သြသွားဟန်ရှိသည်။
"နိုင်ငံရေးလုပ်တာ ပိုက်ဆံရသလား"
"ဘယ်ရမှာလဲ အမေရဲ့"
အမေ့မျက်နှာသည် စိတ်သောကဖြင့် ညှိုးကျသွားလေသည်။
"သာဖြင့် ငါ့သား ဘယ်လိုစားသောက်နေသလဲ"
အမေ၏ ပူပန်စိုးရိမ်မှု ပြေပျောက်စေအံ့သောငှာ ကျွန်တော်က အရေးမကြီးဟန်ဖြင့်–
"ဒါ ခက်တဲ့ပြဿနာမဟုတ်ပါဘူး အမေရယ်၊ ကျွန်တော်တို့ သခင်နိုင်ငံရေး လုပ်တယ်တယ်ဆိုတာ
ဗမာပြည်အဝှမ်းအကုန် ကိုယ့်အိမ်မှတ်ပါ၊ ကိုယ့်ရာမှတ်ပါ ဆိုတဲ့အတိုင်း သဘောထားပစ်လိုက်တာပါပဲ။
ကိုယ်ကျိုးစွန့်တယ်ဆိုတာ ဒါမျိုးပေါ့ အမေရ"

အမေကား မယုံကြည်နိုင်လောက်အောင် အံ့သြနေလေသည်။
“ဒါဖြင့်ငါ့သားရယ်၊ မင်းဟာက အခြေမရှိ အနေမရှိပေါ့၊ ခြေသလုံးအိမ်တိုင်ပေါ့”
“ဟုတ်တယ်အမေ၊ ဒါအမှန်ပဲ”
အမေသည်အံ့သြရှုသာ အံ့သြသည်။ ကျွန်တော်၏ ‘ခြေသလုံးအိမ်တိုင်’ အဖြစ်အတွက် ကျွန်တော့်အပေါ်ဝယ်အထင်သေးခြင်း လုံးဝရှိဟန်မတူ။
“ပညာတွေ သည်လောက်တတ်ထားပြီးမှကွယ် ဖြစ်မှဖြစ်ရလေ”
“ပညာတွေ တတ်ထားတော့ လုပ်ရိုးလုပ်စဉ်ဆိုရင် ရာထူးဌာနန္တရ ရှာရမယ်။ စည်းစိမ်ဥစ္စာ တိုးပွားအောင်လုပ်ရမယ်။
သို့ပေမယ့် ကျွန်တော်တို့ သခင်တွေက ဒီလိုလုပ်ရိုးလုပ်စဉ်တွေကို မလုပ်ဘူး၊ စွန့်ခြင်းကြီး စွန့်ကြတယ်။
အများကောင်းစားရေးအတွက် ကိုယ်ကျိုးစွန့်ရတယ်ဆိုတာဟာ ဘုရားကြိုက်တဲ့အလုပ် မဟုတ်လား အမေ”
“အေးလေ ငါ့သားတို့က ပညာရှိဆိုတော့ အမေက ငါ့သားလုပ်တာ မကောင်းဘူးလို့ ပြောစရာမရှိပါဘူး”
အမေသည် ကျွန်တော့်အား အထင်ကြီးလျက် ရှိဟန်တူသည်။ သို့သော် ကျွန်တော်တို့၏ ခြေသလုံးအိမ်တိုင်
ဘဝကိုကား ထောက်ခံရန် မဆိုထားဘိ၊ နားပင်လည်နိုင်ဟန် မရှိချေ။ ဘာမျှမပြောတော့ဘဲ ကျွန်တော့်အားငေးစိုက်ကြည့်နေ သည်။ ကျွန်တော်က အိန္ဒိယလွတ်လပ်ရေးအတွက် ဂန္ဒီ၊ နေရူး၊ ဒေဆိုင်းစသော
ခေါင်းဆောင်ကြီးများ ဝင်ငွေကောင်းသော ဝတ်လုံရာထူးကြီးများနှင့် ဥစ္စာစည်းစိမ်ကို စွန့်လွှတ်ပုံ၊ သခင်ဗစိန်၊
ကိုကြီးနု၊ ကိုအောင်ဆန်း၊ ကိုဘဟိန်းစသော လူငယ်ခေါင်းဆောင်များ အလားအလာကောင်းသော
တက္ကသိုလ်ပညာများကို စွန့်လွှတ်ပုံ စသည်တို့ကို ပြောပြနေလေသည်။ အမေကား ကျွန်တော်ပြောသမျှတွင် များစွာ
စိတ်ဝင်စားနေဟန်ရှိ၏။ ကျွန်တော့်အယူအဆများကို သည်ညာထောက်ထား လေးစားဟန်လည်းရှိ၏။
အဖေသာဆိုလျှင် ဆူလိုက်ကြိမ်းလိုက်မည့်ဖြစ်ခြင်း။ အမေကတော့ အေးမြ၍ ချစ်စရာကောင်းသော အမူအရာနှင့်
နားထောင်နေပေသည်။
ကျွန်တော်ပြောစရာကုန်၍ ပြုံးပြုံးကလေး မျက်နှာထားပြီး အမေ့စကားကို စောင့်စားနေလိုက်သောအခါ–
“ငါ့သား မိန်းမယူရင်ကောင်းမယ်”
ကျွန်တော့်မှာ ထိတ်လန့်တကြားဖြစ်သွား၏။
“မဟုတ်တာ အမေရာ”

အမေက လေးနက်စွာနှင့် သိမ်မွေ့စွာ ပြုံးပြီး–
“မဟုတ်လို့ မဖြစ်ဘူး၊ ငါ့သား မိန်းမယူရမယ်”
ကျွန်တော် ဘာထပ်ပြီး ပြောရမှန်းမသိခင် အမေက အခိုင်အမာ ဆက်ပြောပြန်သည်။
“မင်း မိန်းမယူမှ ဖြစ်မယ်။ ငါ့သားတွေ့ထားတာ မရှိသေးဘူးလား၊ အမေတော့
တွေ့ထားတာရှိတယ်”
ဤပြဿနာတွင် ကျွန်တော်စိတ်မဝင်စားဘဲ မနေနိုင်တော့ချေ။ မိန်းမယူတော့မည်ဟု
စိတ်မပိုင်းဖြတ်ရသေးဦးတော့၊
ကျွန်တော်တို့အရွယ်မှာ မိန်းမအကြောင်း စိတ်မဝင်စားဘဲ နေနိုင်သော အရွယ်မဟုတ်ပေ။
ထို့ပြင်သည့်ကိစ္စမှာ
အမေနှင့် တိုင်ပင်ခြင်းသည် အရင်းနီးဆုံးသော တိုင်ပင်ခြင်း ဖြစ်နိုင်ပေသည်။
“ကျွန်တော်လည်း တွေ့တော့တွေ့ထားတာပေါ့ အမေရဲ့၊ တွေ့တာမှ အများကြီးပဲ”
“ဒါဖြင့် ပြောပြစမ်းပါဦး၊ တစ်ယောက်ယောက်ကို ရွေးထားပြီးသားလား၊ မရွေးရသေးလည်း
အမေပါဝင်ပြီး
ရွေးစမ်းရအောင်”
“အို အမေတွေ့ထားတာ အရင်ပြောပြစမ်းပါဦး”
အမေက ကျွန်တော်တို့ရွာနှင့် အနီးဆုံးဖြစ်သော မြို့ကလေးမှ ဦးဘယ်သူနှင့် မဘယ်ဝါတို့ကို
သိသည်မဟုတ်လားဟု မေးခြင်းမှ အစချီပြီး တွေ့ထားသော
ချွေးမလောင်းအကြောင်းပြောပြသည်။ ရုပ်ကတော့
ချောလည်း မချော၊ ဆိုးလည်းမဆိုး။ တစ်ဦးတည်းသောသမီးဖြစ်သည်။ မြေဇက
ခုနစ်ရာကျော်ရှိသည်။
ချောင်းကမ်းနားမှ မြေတွေသာ များသည်။ စိန်နှစ်ဆင်စာရှိသည်။ လိမ္မာကျိုးနွံသည်။
ယောက္ခမလောင်းတို့သည်
သမက်လောင်းအား ဘာအစိုးရရာထူးမျှ မလုပ်စေချင်၊ လယ်သီးယာသီး မှန်မှန်တောင်းပြီး
အေးအေးနေစေချင်သည်။ အမေက သည်နောက်ဆုံးအချက်ကို များစွာနှစ်သက်သည်။
“အစိုးရ ရာထူးလုပ်ရင် ဟိုပြောင်းဒီရွှေ့နှင့်နေရမယ်၊ အဖေ အမေနှင့်ခွဲနေရမယ်၊
သူတို့ကလည်း တစ်ဦးတည်း
သမီးနဲ့ မခွဲချင်ဘူး၊ အမေကလည်း သားနှင့်ဝေးဝေးမနေချင်ဘူး၊ ဒါ့ကြောင့် အမေကတော့
သဘောတူတာပဲ။
ပြီးတော့ မိန်းကလေးက လိမ္မာတယ်။ ပစ္စည်းရှိတာကို ရှာဖို့မခက်ပါဘူး၊ လိမ္မာတာကို
ရှာဖို့ခက် တယ်။
ဒါပေမဲ့လေအမေကတော့ လူငယ်ချင်းမေတ္တာရှိဖို့က ပဓာနပဲလို့ ထင်တယ်။ ဒီတော့ မင်းမှာ
ရွေးချယ်ပြီးသားရှိရင်
အတင်းမတိုက်တွန်းပါဘူး။ ကဲ မင်းတွေ့ထားတာတွေ ပြောပြစမ်းပါဦး”
ကျွန်တော့်မှာ ဘယ်သူက စပြောရမည်ဟုပင် မဝေခွဲတတ်။ သို့ကြောင့် တွေ့ခဲ့သည့်

အစီအစဉ်အတိုင်းပြောရန်ပင်စိတ်ကူးသည်။ ဝင်နီဖေ့အကြောင်းက စပြော၏။ အမှန်တော့ သူ့အကြောင်း
ထည့်ပြောဖို့ပင် မလိုပါ။ ကျွန်တော်ကိုယ်တိုင်က ပြတ်ပြီးသားဖြစ်သည်။ ဟိုတုန်းက အရူးအမူးဖြစ်ပေမင့် ယခု
ယူရဖို့အရေးနှင့်ကပ်ပြီး ပြန်လည်စဉ်းစားလိုက်တော့ လုံးဝမဖြစ်နိုင်ကြောင်း အေးစက်စွာ သဘောပေါက်နေလေသည်။ ငှင်းပြင်အိမ်ထောင်ဖက်ရွေးရာ၌ ရုပ်ချောခြင်းသည် အဆုံးအဖြတ်ပေးနိုင်သော
အကြောင်းမဟုတ်ကြောင်း တွေ့ရသည်။ အမေကလည်း ဝင်နီဖေအား လွယ်လွယ်နှင့်ပင် ဝယ်လိုက်လေသည်။
မမြင့်ဦးအကြောင်း ဘုဘောက်ဖြစ်ပြီး တွေ့စမှစ၍ ယနေ့အထိ အခြေအနေကိုပါ အလုံးစုံ ပြောပြသည်။ အမေက
ပြုံးရွှင်အားရစွာ နားထောင်သည်။ မမြင့်ဦးအား မမြင်မတွေ့ရခင်ကပင် ချွေးမလောင်းအဖြစ်ဖြင့်
ချစ်နေပြီဟုရယ်စရာ ပြောလိုက်သေးသည်။
မခင်သစ်အကြောင်းကို စလိုက်သောအခါ–
"ငါ့သားက အတော်ပွသားပါကလား"ဟု မထိတထိ မှတ်ချက်ချလိုက်သေးသည်။
အမေသည် မမြင့်ဦးအပေါ်ဝယ် စိတ်ညွတ်နေနှင့်ပြီးဖြစ်၍ အစ၌ မခင်သစ်အကြောင်းကို စိတ်ဝင်စားစွာပင်
နားမထောင်ချေ။ နောက်မှ တစ်စတစ်စ သဘောကျလာပုံပေါ်သည်။ "ဒီသမီးကလေးကလည်း ချစ်စရာအကောင်းသားပဲ ဟဲဟဲ"ဟု အားပါးတရ ပြောလိုက်သေးသည်။ မခင်သစ်အား ကျွန်တော်က
အချစ်ရပ်ဆိုင်းထားကြရအောင်ဟု စာရေးခဲ့၍ မခင်သစ်ကပြန်ဖြေပုံကို အမေ့အား ပြောပြပြီးသောအခါ အမေသည်
မခင်သစ်အား သနားနေသည်။ အလွန်လိမ္မာတဲ့ သမီးကလေးဟုလည်း ထုတ်ဖော်ချီးကျူးနေလေသည်။
"အမေ ဒီနှစ်ယောက်မှာ ရွေးချယ်ရရင် ဘယ်သူ့ကို ရွေးမလဲ"ဟု ကျွန်တော်က မေးလိုက်သောအခါ အမေက
မဆိုင်းမတွ–
"သမီးကြီးမမြင့်ဦးကလည်း ချစ်စရာကောင်းတာပဲ၊ သမီးကလေး မခင်သစ်ကလည်း ချစ်စရာကောင်းတာပဲ
ဟုအားရပြုံးရွှင်စွာ ဖြေလိုက်သည်။ ပြီးတော့မှ မျက်နှာကို တည်ငြိမ်လိုက်ပြီး–
"ဒါပေမဲ့တစ်ခုတော့ငါ့သား ထည့်စဉ်းစားရမယ်။ မခင်သစ်က ငယ်ရွယ်သူဆိုတော့ ဘာဖြစ်ဖြစ် ဇွတ်နှစ်ချစ်မယ်။
မမြင့်ဦးကတော့ အရွယ်အားဖြင့်လည်း ကြီးတယ်၊ ပညာအားဖြင့်လည်း ကြီးတယ်၊ ဒီတော့ အချစ်မှာတောင်

စဉ်းစားဆင်ခြင်နေမယ်။ သကာနှင့် ပျားရည်လိုပေါ့ သားရယ်၊ အချိုလေးတာနဲ့ ပေါ့တာကွာမှာပဲ။
သို့ပေမယ့်အချိုနှစ်မျိုးမှာ ဘယ်သူ့ ဘယ်သူမှတော့ သာတယ်လို့ ဆိုဖို့ခက်သားပဲ”
ကျွန်တော့်အမေသည် ဤမျှပညာရှိသည်ဟု ကျွန်တော်ဘယ်တုန်းကမှ မထင်ခဲ့။
“ပြောသာနေတာပါ အမေရာ၊ သူတို့နှစ်ယောက် ရွေးဖို့ခက်တာလည်း ခက်တာပဲ၊ သို့ပေမယ့် ကျွန်တော်တို့သခင်တွေဟာ မိန်းမယူဖို့ကိုပဲ ခက်ပါတယ်”
သို့ကလိုပြောရင်းက ကျွန်တော်သည် သခင်ခေါင်းဆောင်များ မိန်းမရွေးကြပုံကို ဖောက်သည်ချနေမိလေသည်။
သခင်ခေါင်းဆောင်များသည် မိန်းမယူရန် စဉ်းစားကြသောအခါများစွာ၌ သားကျွေးမှု၊ မယားကျွေးမှုတာဝန်ကို
မယူဘဲနှင့်ရနိုင်မရနိုင်ဟူသော အချက်ကို မူတည်ကြသည်။ ထိုတာဝန်ကို မယူဘဲနှင့် မိန်းမလိုချင်ကြသည်။
ထို့ထက် တတ်နိုင်လျှင် မိန်းမပစ္စည်းဥစ္စာကို နိုင်ငံရေးလုပ်ရာမှာ သုံးနိုင်ခြေ ရှိမရှိ ထည့်စဉ်းစားကြသည်။
ထိုအခြေမျိုးရှိမည်ဆိုလျှင် ဘယ်မိန်းမမျိုးကိုမဆို ယူကြမည်ဟု သဘောပိုက်ကြ၏။ တစ်ခါက ကျွန်တော်တို့ခေါင်းဆောင်များကြားတွင် မျိုးရိုးအားဖြင့် သူတောင်းစား (ကယ်ပါ) ဖြစ်ပြီး ကြေးငွေချမ်းသာသော၊
သို့ရာတွင်လူကုံထံ ပညာတတ် လူတန်းစားနှင့် လက်ဆက်လိုသော
သတို့သမီးတစ်ယောက်ရှိသည် ဟူသော
သတင်းဖြစ်ခဲ့၏။ ထိုသတို့သမီးနောက်သို့ ကျွန်တော်တို့ခေါင်းဆောင်များ တကယ်ပင် လိုက်ကြသေးသည်။
ထို့အတူပင် ပစ္စည်းရှိသော်လည်း အပျိုရည်ဖျက်ခံ ထားရသော သတို့သမီးလောင်း၊ ပစ္စည်းရှိသော
မုဆိုးမစသည်များနောက်သို့ လိုက်ကြသေးသည်။ ထိုသို့ဆိုလျှင်
ကျွန်တော်တို့သခင်ခေါင်းဆောင်များတွင်
အချစ်စစ်မရှိတော့ပြီလောဟု မေးစရာရှိသည်။ အသီးသီး တကယ့်အချစ်များရှိတတ်၏။
သို့ရာတွင်
နိုင်ငံရေးလုပ်နေသမျှ အချစ်စစ်ကို စွန့်လွှတ်ရမည်။ အချစ်စစ်ကို ယူမိလျှင်
နိုင်ငံရေးလွတ်လပ်စွာ မလုပ်နိုင်အောင်
နှောင်ကြိုးအမျိုးမျိုး ပေါ်လိမ့်မည် စသည်ဖြင့်ယူဆတတ်ကြပေသည်။
“နေပါဦး ငါ့သားရဲ့၊ သခင်ခေါင်းဆောင်တွေဆိုတာ များသောအားဖြင့် ငါ့သားလိုပဲ ပညာတတ်တွေချည်းပဲ
မဟုတ်လား။ ပစ္စည်းဥစ္စာလည်းရှိ၊ ရွယ်တူရွယ်တန် လည်းဖြစ်၊ အပြစ်လည်းကင်းစင်တဲ့ မိန်းမမရနိုင်ကြဘူးလား”
“အဲဒါ ခက်နေတောပေါ့ အမေ၊ ကျွန်တော်တို့သခင်တွေထဲမှာ ကိုယ်တိုင်ပညာတတ်ရုံမကဘူး၊

မိဘများကပစ္စည်းချမ်းသာတဲ့ လူတွေလည်း ရှိတယ်၊ သူတို့နှမတွေ၊ အစ်မတွေကို
သခင်တွေနဲ့ သူတို့ကိုယ်တိုင်
အောင်သွယ်ပေးတယ်။ ဒါပေမဲ့ မိဘတွေက ချက်ချင်း ပိတ်ပစ်တာပဲ၊ ဇွတ်ဖျက်ပစ်တာပဲ။
အောင်သွယ်ကို အိမ်က
မောင်းထုတ်တဲ့အထိပါပဲ။ ပြီးတော့ရှိသေးတယ်၊ ကျွန်တော်တို့ သခင်ခေါင်းဆောင်အချို့မှာ
မိန်းမရှိတယ်။ ဥပမာ
ကိုကြီးနုတို့ ကျွန်တော်တို့ ခေါ်ကြတဲ့ သခင်နုမှာ မမြရီဆိုတဲ့ ဇနီးရှိတယ်။ အဲဒီ
သခင်ခေါင်းဆောင်ရဲ့
ဇနီးမြရီလို သခင်ကတော်တွေကလည်း သူတို့နှင့်နီးစပ်တဲ့ မိန်းကလေးတွေ သမီးရှင်တွေကို
သခင်တွေကိုမကြိုက်ဖို့၊ သခင်တွေနဲ့မပေးစားဖို့ လျှောက်ဝါဒဖြန့် နေကြတယ်။
သခင်နိုင်ငံရေးသမားကိုယူရင်
အနေအထိုင်လည်း ဆင်းရဲတယ်၊ စိတ်လည်းဆင်းရဲတယ်တဲ့။ ဒီတော့
ကျွန်တော်တို့တစ်တွေမှာ ပစ္စည်းရှိ
ရွှယ်တူရွှယ် တန်ဖြစ်ပြီး အပြစ်ကင်းစင်တဲ့မိန်းမရဖို့ဆိုတာ မလွယ်ကူဘူး အမေရဲ့"
"အမေတွေ့ထားတဲ့ ကလေးမကတော့ ငါ့သား သခင်ခေါင်းဆောင်ဖြစ်ခဲ့တဲ့ အတွက်
ပယ်မှာမဟုတ်ပါဘူး။
ဒါပေမဲ့ ရန်ကုန်သွားပြီး သခင်နိုင်ငံရေးလုပ်နေရမှာ မဟုတ်ဘူး၊ ဒီမှာပဲ နေရမှာပဲ။
သခင်လုပ်ချင်လည်း ဒီမှာပဲ
လုပ်ရုံပဲ။ ဘယ့်နှယ်လဲ၊ ငါ့သားသဘောမကျဘူးလား"
ကျွန်တော်ကား ရုတ်တရက်အဖြေမပေးနိုင်။ အတော်ကြာမှ–
"စဉ်းစားသေးတာပေါ့ အမေရယ်။ ကျွန်တော်တွေ့ထားတဲ့ သမီးကြီးရော၊ သမီးကလေးရော၊
အမေတွေ့ထားတဲ့
မိန်းကလေးရော၊ ပြီးတော့"
ကျွန်တော့်စိတ်ထဲမှာ မမြမီပေါ်လာသည်။ အမေ့အား ဖြစ်သမျှ ဖွင့်ပြောပြချင်သည်။ သို့သော်
ဘယ်လိုအခြေအနေကြောင့်ဖြစ်ဖြစ် လင်ရှိမယားနှင့် ကျူးလွန်မိခြင်းသည် အလွန်ရုပ်ဆိုးသော
ကိစ္စဖြစ်သဖြင့်
အမေ့ကိုပင် ပြောမပြရဲ အောင်ဖြစ်နေ၏။ အမေသည် ခဏမျှ စောင့်နေပြီးနောက်–
"ပြီးတော့နောက်တစ်ယောက်ရှိသေးသလား၊ အမေ့ကိုအကုန်ပြောပြပါဦး သားရယ်၊
ရွေးနိုင်တာပေါ့"
အနည်းအကျဉ်း ပြောသင့်သလောက် ပြောပြမှတော်မည်ဟု ကျွန်တော်
သဘောရပြန်လေသည်။
"ဟုတ်တယ်၊ နောက်တစ်ယောက်ရှိသေးတယ်။ သူက ပစ္စည်းလည်းရှိတယ်၊ ရုပ်လည်း
ချောတယ်၊
ကိုယ်ပိုင်အလုပ်ကိုဦးစီးပြီး လုပ်နေတဲ့ မိန်းမအာဇာနည်ဖြစ်တယ်။ ကျွန်တော့်ထက်
အသက်နည်းနည်းကြီးတယ်။

ကျွန်တော့်ကို သိပ်ချစ်တယ်။ ကျွန်တော်ဘာလုပ်လုပ် အားပေးမှာပဲ၊ ထောက်ခံမှာပဲ။
ကျွန်တော်လုပ်ချင်တဲ့
နိုင်ငံရေးမှာလည်း နည်းနည်းမှ နှောင့်ယှက်မှာ မဟုတ်ဘူး"
"ဒါဖြင့် ကောင်းသားပဲ၊ အဲဒါကိုပဲ ယူပေါ့သားရယ်။ အမေ့သဘောကတော့ ငါ့သား
နိုင်ငံရေးမလုပ်ဘဲ
မနေနိုင်ဘူးဆိုလည်း မတားပါဘူး၊ ငါ့သားစိတ်ချမ်းသာဖို့သာ လိုတယ်။ ဒါပေမဲ့
နိုင်ငံရေးလုပ်ဦးတော့၊
မိန်းမရှိတာ ကောင်းတယ်ထင်တယ်။ ငဲ့စရာ ညှာစရာရှိတော့ သိပ်မရမ်းဘူးပေါ့ကွယ်။
အလွန်အကျွံ မဖြစ်ဘူး။
ပြီးတော့ မိန်းမရှိတော့ ငါ့သားကို ပြုစုစောင့်ရှောက်မှာပေါ့။ ထမင်းအချိန်မှန်စား၊
အိမ်အချိန်တန်ပြန်ရောက်၊
အနေမှန်အစားမှန်ဆိုတော့ ကောင်းတယ်။ ကဲ အဲဒီမင်းပြောတဲ့ မိန်းမကို ယူချင်ယူ"
ကျွန်တော်သည် စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းကိုခါသည်။ သက်ပြင်းတစ်ချက်ချလိုက် ပြီးနောက်–
"ဒါလည်း စဉ်းစားဦးမှပဲ အမေရဲ့"
"ဘာကြောင့်လဲ"
ကျွန်တော်အမေ့ကို အကြောင်းစုံပြန်မပြောချင်၊ မပြောရဲ။ ပြောဦးတော့ အမေက
ဆူပူကြိမ်းမောင်းမည်မဟုတ်။
အမြဲတမ်းခွင့်လွှတ်တတ်သော အမေသည် သည်အပြစ်ကိုလည်း ခွင့်လွှတ်မည်ဖြစ်၏။
သို့သော် ကျွန်တော်ကား
လင်ရှိမယား တစ်ယောက်၏ အိတ်ဆောင်လင်ငယ်ဖြစ်နေပေရာ အမေ့ကိုပင် ရှက်နေ၏။
အမေ
စိတ်မကောင်းဖြစ်သွားမည်ကိုလည်း စိုးရိမ်၏။
"ဇာတ်ရှုပ်ကြီးပါ အမေရယ်၊ မကြားချင်ပါနဲ့တော့"
ကျွန်တော့်အသံမှာ ငိုသံပါလာ၏။ ကျွန်တော့်မျက်နှာမှာလည်း ငိုမဲ့မဲ့ဖြစ်လာ ဟန်ရှိ၏။
"ဟင်မင်းဟာကလည်း ဇာတ်ရှုပ်ကြီးလား သားရယ်"ဟု ညည်းညူလိုက်ပြီး
နောက်ထပ်သည်ကိစ္စ မမေးတော့ချေ။
သို့သော် သည်ကိစ္စကို အမေက နောက်ထပ်မမေးသော်လည်း ကျွန်တော့်မှာ
စိတ်မအေးနိုင်ပါ။ တွေးစရာတွေ
အမျိုးမျိုးပေါ်လာလေသည်။ ရန်ကုန်ပြန်မည်လား၊ အမေနှင့်ပဲ တောမှာနေတော့မည်လား၊
အသက်မွေးဝမ်းကျောင်းမှု
တစ်ခုခုလုပ်မည်လား၊ သို့မဟုတ် ခြေသလုံးအိမ်တိုင်ဘဝနှင့်ပင် နိုင်ငံရေးဆက်လုပ် မည်လား၊
မိန်းမယူမည်လား
ဘယ်သူ့ကို ယူမည်လဲ။ ပြဿနာအမျိုးမျိုးယှဉ်ပြိုင်တိုး ကာ ကျွန်တော့်ဆုံးဖြတ်ချက်ကို
တောင်းဆိုနေလေပြီ။

အမှန်စင်စစ် ကျွန်တော့်ဘဝ ခရီးသည် လမ်းဆုံလမ်းခွ တစ်ခုသို့ ရောက်နေပြီး တစ်လမ်းကို ပြတ်ပြတ်သားသား
ရွေးချယ်၍ ရဲဝံ့စွာ ချီတက်ရမည့် အချိန်ဖြစ်ပေသည်။
ရွေးချယ်ရမည်ကား အမှန်မှုချပင် မလွယ်ကူပါ။ ခြေသလုံးအိမ်တိုင်ဘဝနှင့် နိုင်ငံရေးကို လုပ်စမ်းလာသည်မှာ
အတော်ကြာပြီ။ အတွေ့အကြုံမှာ ဆူးငြောင့်ခလုတ် တို့ဖြင့် ပြည့်နေသည်။ အကယ်၍ မပြမှီ၏
ထောက်ပံ့ကြေးကိုသာ မယူခဲ့ပါလျှင် သည့်ထက်ပို၍ အခက်အခဲတွေနှင့် တွေ့ခဲ့ရပေဦးမည်။ သို့သော်
ကျွန်တော့်လိပ်ပြာ နှင့်သိက္ခာတို့သည် အိတ်ဆောင်လင်ငယ်အဖြစ်ကို စွန့်လွှတ်ရန် တောင်းဆိုနေသည်။
ထို့ကြောင့် ရန်ကုန်ပြန်၍ နိုင်ငံရေးကို ကျွတ်ကျွတ်လွတ်လွတ်လုပ်မည်ဆိုလျှင် စားနေဝတ်ပြဿနာကိုပါ
ဖြေရှင်းရပေလိမ့်မည်။ ယနေ့အထိ လျှောက်ခဲ့သော ဘဝခရီးထက် ကြမ်းတမ်းသော ခရီးနှင့် ရင်ဆိုင်ရပေလိမ့်မည်။
ရန်ကုန်မပြန်ဘဲ တောမှာပဲနေ၍ အမေပေးစားသော မိန်းမယူကာ အေးအေးနေရန် စဉ်းစားကြည့်လိုက်ပြန်သည်။
ထားရာက အေးအေးနေမည့် တောင်သူမိန်းမကို ယူ၊ ယောက္ခမမိဘများနှင့် အတူနေ၊ လယ်သီးယာသီး ကောက်ခံ၊
ကြွေးမြီတောင်း၊ တောသူဌေးကလေးလုပ်၊ တောပညာရှိလုပ်၊ ရိုးရိုးကုပ်ကုပ်နှင့် နေသွားလျှင် စိတ်ရှုပ်စရာ
ပူပင်စရာမရှိ။ အခက်အခဲ မရှိ။ ဥယျာဉ်ထဲ ထန်းရွက်စိမ်းတဲနှင့် နေရသည်ထက် အေးဦးမည်။
နိုင်ငံရေးဝါသနာချိုးကပ်နေသဖြင့် မကင်းကွာချင်လျှင် တောနယ်မှာ လူတွင်ကျယ် သခင်ခေါင်းဆောင်
လုပ်နိုင်သေးသည်။ ဤဘဝ အလားအလာကလည်း သူ့ဟာနှင့်သူ ဆွဲငင်ညို့ဆောင်ခြင်း ရှိပေသည်။ ထို့ပြင်
အမေစိတ်တိုင်းကျလည်း ဖြစ်လိမ့်ဦးမည်။
သို့သော် ဤဘဝ အလားအလာသည်လည်း ကျွန်တော့်စိတ်တိုင်းကျ မဟုတ်သေး။ ကျွန်တော့်ဘဝ
မျှော်မှန်းချက်တို့ကား တောမြို့ကလေး၊ တောရွာကလေးတို့နှင့် မဆံ့အောင် ကြီးမားနေချေပြီ။
မြို့တော်ရန်ကုန်မှာကျက်စား နေကြပြီ။ အနှစ်မရှိသည့်တော ကြက်ဆူပင် မင်းမူသည့် အလုပ်မျိုးကို
ကျေနပ်အားရခြင်း မရှိတော့ချေ။ တိုင်းကျော်ပြည်ကျော် ထင်ပေါ်လိုမှုကား သစ်လွင်နုပျိုသော အသည်းနှလုံးတွင်

ဖျောက်မရအောင် ဖွဲနေလေပြီ။ ထို့ကြောင့် ဤဘဝ အလားအလာကို မနှစ်မြို့နိုင်ဖြစ်ရပြန်၏။ ကြီးပွားလမ်း၊
တိုးတက်ရေးလမ်း မရှိဟု ထင်နေပြန်၏။
ယတိပြတ် ဆုံးဖြတ်ရန် ဘယ်ကကြည့်ကြည့် မလွယ်ကူပါ။
ထို့ကြောင့် ရန်ကုန်ပြန်ရန် နှောင့်နှေးနေ၏။
အဖေ သေညပီးလို့မှမကြာသေးမီ အမေ့အား ခွဲထားခဲ့ရန်မှာလည်း မသင့်လျော်ချေ။
ရက်တွေ အတော်ညောင်းသွားလေပြီ။
ဝါဆိုဝါခေါင် ရေဖောင်ဖောင်။
သပြေကသီး ရေကကြီး၊ ထန်းသီးက ကြွေ မိုးကဇွေ။
သတင်းကတော့ အတော်ဟောင်းသွားပြီ။ ရက်တွေ အတော်ချို့သွားလေပြီ။ သို့သော်ဂျာမန်စစ်ယန္တရားကြီးသည်
ဆိုဗီယက်ယူနီယံတွင်းသို့ ချင်းနင်းတိုက်ခိုက် နေပြီ ဟူသော သတင်းကား
ကျွန်တော်တို့ရွာသို့ ရောက်လာလေ၏။
ဤသို့ စစ်ပွဲ ကျယ်ပြန့်လာခြင်းမှာ စစ်အခြေအနေကိုထူးခြားစွာ ပြောင်းလဲပစ်လိုက်ခြင်းဖြစ်ကြောင်းကျွန်တော်သည် အကဲခတ်မိပေသည်။
ကျွန်တော်တို့သည် စစ်ကြီးဖြစ်စကစ၍ ဆိုဗီယက်ရုရှား၏ ခြေလှမ်းကိုစောင့်ကြည့်နေခဲ့ကြ၏။ ဆိုဗီယက်ရုရှား
လုပ်ပုံကိုင်ပုံကို ရှုတ်ချသော ဆောင်းပါးများကိုလည်း ဖတ်ရ၏။ ဆိုဗီယက်ရုရှား
လုပ်ပုံကိုင်ပုံကိုထောက်ခံသော
ဆောင်းပါးများကိုလည်း ဖတ်ရ၏။ နဂါးနီသတင်းစဉ်တွင် ကိုသိန်းဖေသည် ရုရှားနှင့် ဂျာမနီတစ်ဦးနှင့်
တစ်ဦးမကျူးကျော်ရေး စာချုပ်ချုပ်ခြင်းမှာ လမ်းမှန်ကြောင်း၊ ၎င်းနောက် ဖင်လန်နှင့် ဆိုဗီယက်
ရုရှားတို့စစ်ဖြစ်သောအခါ ဆိုဗီယက်ယူနီယံကို ကာကွယ်ရန် မတိုက်မဖြစ်သဖြင့် ရုရှားကတိုက်ရကြောင်း
ရေးသားခဲ့၏။ ထိုသို့သော ရေးသားချက်မျိုးကို ဖတ်ထားခဲ့သောကြောင့်
ကျွန်တော်သည်ဆိုဗီယက်ဘက်သို့
ညွှတ်နေပြီး ဖြစ်လေသည်။
ထိုမျှမကသေး၊ ဆိုဗီယက်ရုရှားအပေါ်ဝယ် စေတနာ မေတ္တာ ပိုပွားစရာ အကြောင်းများသာ
ပေါ်လာလေသည်။
ကရုဏာသက်စရာတွေကိုသာ တွေ့နေရသည်။ သူငယ်ချင်းဟောင်း၊ ယခု
ယောက်ဖတော်ဖြစ်နေသူ သခင်ဘဖေ၏
အိမ်တွင် ဒီးဒုတ်ဂျာနယ်ဟောင်းများနှင့် သခင်စိုး၏ ‘ဗမာ့တော်လှန်မှု’ စာအုပ်ကို
ဖတ်မိသည်။
ဒီးဒုတ်ဂျာနယ် ၁၉၃၅ခု၊ အောက်တိုဘာလ ၃ ရက်နေ့ထုတ်တွင် ခေါင်းကြီးပိုင်း၌ ဦးဘချိုက

အောက်ပါအတိုင်းရေးသားထားလေသည်။
"ရုရှားပြည်သည်လည်း အာဏာပိုင် အုပ်စိုးခြင်းဖြစ်ရကား တစ်ပါတီ တည်း၏
အုပ်စိုးခြင်းပင်
ဖြစ်ပေ၏။ သို့ရာတွင် ၎င်းပါတီမှာ ဆင်းရဲသား အလုပ်သမားပါတီဖြစ် ၍
တိုင်းပြည်အတွင်း၌
ဆူကြုံနိမ့်မြင့်မထားဘဲ၊ ဓနရှင်ဟူ၍ မထားဘဲ အုပ်စိုးနည်းဖြစ်ရကား အီတလီ၊ ဂျာမနီ၊
တူရကီပြည် အာဏာပိုင်နည်းများနှင့် များစွာ ကွာခြား၍ အမြဲဆန့်ကျင်သော
အုပ်စိုးနည်းဖြစ်၏။"
အင်္ဂလိပ်တို့သည် ရုရှားမှာလည်း တစ်ပါတီ အာဏာရှင်စနစ်သာရှိသဖြင့် ဂျာမန်၊ ဂျပန်
ဖက်ဆစ်တို့နှင့်
အတူတူပင်ဖြစ်ကြောင်း ဝါဒဖြန့်လေ့ရှိလေသည်။ ဦးဘချို၏ ရေးသားချက်မှာ အင်္ဂလိပ်တို့၏
ဝါဒဖြန့်ချက်ကို
ချေပလိုက်သလိုရှိပေ သည်။ နာဇီ ဂျာမနီက ဆိုဗီယက်နယ်မြေတွင်း
ချဉ်းနင်းတိုက်ခိုက်သည်မှစ၍ စစ်ကြီး၏
ဖြစ်စဉ်ကို ကြည့်မည်ဆိုလျှင်လည်း ဆိုဗီယက်စနစ်နှင့် ဖက်ဆစ်အာဏာရှင် စနစ်တို့သည်
လုံးဝမတူဘဲ
ဆန့်ကျင်ဘက်ဖြစ်ကြောင်း ထင်ရှားလာခဲ့၏။
၁၉၃၈ခု၊ နိုဝင်ဘာလ ၂၃ရက်နေ့တွင် ဒီးဒုတ်ဂျာနယ်ခေါင်းကြီးပိုင်းမှာလည်း
အောက်ပါအတိုင်း
ရေးသားထားသည်ကို တွေ့ရလေသည်။
"၎င်းတို့က (အင်္ဂလိပ်အစိုးရနှင့် အခြားဓနရှင် အစိုးရများက) ရုရှားဘုံဝါဒမှာ
အခြားတိုင်းပြည်များကို
တိုက်ခိုက်လုယူရန် ကြံသည့် တိုင်းပြည်ဖြစ်၍ ထိုတိုင်းပြည်များတွင်မတရားအလုပ်များကို
အစဉ်ထာဝရလုပ်၍
နေလေဟန် ရေးသားပြောဆိုလေသည်။ အမှန်မှာ ရုရှားပြည်သည် မည်သည့်တိုင်းပြည်ကိုမျှ
အနိုင်မကျင့်။ ချက်ကို
စလိုဗေးကီးယားပြည်ကို ဂျာမနီက စစ်တိုက်လျှင် ခုခံကာကွယ်မည်ဟု ကတိပေး၏။
သို့ရာတွင် စစ်မဖြစ်၍သာ
မတိုက်ဘဲနေရ၏။ ရုရှားနှင့် အလားတူ ကတိပေးသော ပြင်သစ်နှင့် အင်္ဂလန်တို့မှာ
ကတိဖျက်ကာ
ချက်ကိုစလိုဗေးကီးယားပြည်ကို သစ္စာဖောက်ခဲ့လေသည်။ အခြားဓနရှင် တိုင်းပြည်များမှာ
တိုင်းပြည်တစ်ပြည်ပြီးတစ်ပြည် နောက်ထပ်ရရန် ကြိုးစားလုံးပန်း၍ နေသည်သာမက
လက်ရှိတိုင်းပြည်များကိုလည်း မလွတ်အောင် ကြိုးစားအား ထုတ်နေလေသည်။ ရုရှားမှာမူ
မည်သည့်တိုင်းပြည်ကိုမျှ လက်အောက်ခံပြည်အဖြစ်ဖြင့် သွတ်သွင်းခြင်းမပြု..."
သခင်စိုးရေးသော 'ဗမာ့တော်လှန်ရေး'စာအုပ်တွင် အောက်ပါအတိုင်း ဖတ်ရပြန်၏။

“ထိုဗိုလ်မှူးအဖွဲ့သည် ကမ္ဘာပေါ်တွင် အနှံ့အပြား ဖြစ်ပွားနေသည့် အရေးတော်ပုံ
တိုက်ပွဲများနှင့်
တော်လှန်ပြောင်းလဲမှုများကို စေ့စပ်သေချာစွာ လေ့လာဖန်တီးလာခြင်းအားဖြင့်
လူတန်းစားအမျိုးမျိုးတို့
မိမိတို့အကျိုးအတွက် တိုက်ခိုက်သော သီးခြားတိုက်ခိုက်ရေးများနှင့် မြန်မာပြည်ကြီး
လုံးဝလွတ်လပ်ရေး အတွက်
တိုက်ခိုက်ရေးလုပ်ငန်းကြီးသည် ခွဲ၍မရအောင် အကြောင်းအကျိုး
ဆက်စပ်နေကြောင်းကိုလည်းကောင်း၊
ကမ္ဘာပေါ်တွင် အနှံ့အပြား ဖြစ်ပွားနေသော တော်လှန်ပြောင်းလဲမှုတိုက်ပွဲများနှင့်
နိုင်ငံချဲ့စနစ်တိုက်ပွဲများသည်လည်း အကျိုးအားဖြင့် ထပ်တူထပ်မျှဖြစ်ကြောင်းကိုလည်း
သိရှိနားလည်လာကြပေမည်။
သိရှိနားလည်လာခြင်းအားဖြင့် ကမ္ဘာမြေမျက်နှာပြင်တစ်ခုလုံးသည် ကမ္ဘာကြီး တစ်ခုလုံးကို
သားသတ်ရုံသဖွယ်
အသုံးပြုနေသည့် ကမ္ဘာ့နိုင်ငံချဲ့သမား ဓနရှင်များ ရှေ့ဆောင်ဦးစီး အကြီးအကဲလုပ်၍
တိုက်ခိုက်နေသည်ကိုတွေ့ရပေသည်။ ဒုတိယတပ်ကြီးတွင်ကား ပစ္စည်းမဲ့ လူနင်းပြားတို့
မရေမတွက်နိုင်အောင်
ပါဝင်ပြီးလျှင် ကမ္ဘာ့ပစ္စည်းမဲ့ အလုပ်သမားတပ်ဦးကြီးဖြစ်သော ကမ္ဘာ့ကွန်မြူနစ်ပါတီ ကြီးက
ဗိုလ်မှူးလုပ်၍
တိုက်နေသည်ကိုတွေ့ရပေသည်။
ယခုအခါ ရုရှားပြည်တွင် အခြေစိုက်၍ ကမ္ဘာ့ပစ္စည်းမဲ့ လူနင်းပြားတပ်ကြီး၏
လွတ်မြောက်ရေးနှင့်တကွ
တစ်ကမ္ဘာလုံးတွင် လူလူချင်း ညှဉ်းပန်းသည့် စနစ်ဟူသမျှတို့ကို သုတ်သင်ဖြိုခွင်းရေးအတွက်
လုံးပန်းနေရသော
တတိယမြောက် ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီး၏ လုပ်ငန်းသည်ကား လူတိုင်းလူတိုင်းနှင့်
အားလုံးတို့
အခွင့်အရေးတင်းပြည့်ခံစားရေး၊ လုံးဝလွတ်လပ်ရေး၊
လယ်ယာလုပ်ကိုင်နေထိုင်ရေးအတွက်မြေနှင့် စားရေးအတွက်
အစားအစာ လုံလောက်စွာ ရရှိစေရေးတို့ဖြစ်ပေသည်…”
(စာမျက်နှာ– ၂၂၈)
ဆိုဗီယက်ရုရှားပေါ်တွင် ညွှတ်နေပြီဖြစ်သော ကျွန်တော့်အား ထိုစာများက ပိုမို၍ ခိုင်မာသော
ဆိုဗီယက်ဘက်သားဖြစ်စေ။ နာဇီဖက်ဆစ်များကို မုန်းတီးနေပြီ ဖြစ်သော ကျွန်တော့်အား
ပိုမိုခိုင်မာသော
ဖက်ဆစ်ဆန့်ကျင်ရေးသမားဖြစ်စေ၏။ သခင်နိုင်ငံရေးသမားများနှင့်
ကျောင်းသားနိုင်ငံရေးသမားများကြားတွင်

ကျွန်တော့် ရဲဘော်များသည် ကျွန်တော့်လိုပင်ဖြစ်ကြပေလိမ့်မည်။ ဆိုဗီယက်ရုရှားထဲသို့ လိုမ့်ဝင်နေသော
နာဇီဂျာမနီ စစ်ယန္တရားကြီးကို ရိုက်ချိုးလိုကြပေသည်။
သို့ရာတွင် ကျွန်တော်တို့သည် ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲတွင် ပါဝင်နေသော ကျွန်တော်တို့၏ လက်တွေ့ရန်သူ
အင်္ဂလိပ်ကို မမေ့နိုင်ကြချေ။ ဘာပဲဖြစ်ဖြစ် ဤစစ်ကြီးအတွင်းတွင် ဗမာပြည်သည် အင်္ဂလိပ်ကျွန်ဘဝမှ
လွတ်မြောက်ရမည်။ 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဟူသော ဆောင်ပုဒ်သည်သာ ကျွန်တော်တို့၏
လမ်းညွှန်ဖြစ်နေလေသည်။ 'နယ်ချဲ့စစ်ပွဲကြီးကို ပြည်တွင်းစစ်အဖြစ်သို့ ပြောင်းပစ်' ဟူသော လမ်းစဉ်ကိုသာ
လိုက်နေကြလေသည်။
ကျွန်တော်တို့သည် စစ်မျက်နှာနှစ်ဖက်ဖွင့်ထားကြ၏။ နယ်ချဲ့၏ အင်္ဂလိပ်ကိုလည်း ဆန့်ကျင်တိုက်ခိုက်မည်။
ဖက်ဆစ် ဂျာမန်၊ ဂျပန်တို့ကိုလည်း ဆန့်ကျင်တိုက်ခိုက်မည်။
ကျွန်တော်သည် စစ်ကြီးအကြောင်း၊ ကမ္ဘာ့နိုင်ငံရေးနှင့် ဗမာ့နိုင်ငံရေးအကြောင်းများကို စဉ်းစားလေလေ၊
လေ့လာလေလေ၊ ရန်ကုန်ပြန်လိုသော ဆန္ဒ အားကြီးလေလေ ဖြစ်လာပေ၏။ သို့ရာတွင် ဘယ်ကိစ္စမှ
ယတိပြတ်မဆုံးဖြတ်ရသေးချေ။ လမ်းဆုံလမ်းခွ ရောက်နေသော ကျွန်တော်သည် ဘယ်လမ်းလိုက်မည်ဟု
မဆုံးဖြတ်နိုင်သေးဘဲ လမ်းဆုံလမ်းခွမှာပင် ထိုင်၍နေလေသည်။ ရွာမှာပင် ဆက်နေလေသည်။
အမေသည် ကျွန်တော်ရွာမှာ ဆက်နေနေသည်ကို သဘောကျလျက်ရှိ၏။ သို့ရာတွင် ဘာမျှမပြောဘဲ
ကျွန်တော့်အရိပ်အခြည်ကိုသာ ကြည့်နေသည်။ ရန်ကုန်ပြန်မည်လား၊ မပြန်ဘူးလား။ အမေသဘောတူသောမိန်းမကို
ယူမည်လား၊ ကျွန်တော်တွေ့ထားသော မိန်းမကိုယူမည်လား။ နိုင်ငံရေး လုပ်ဦးမည်လား၊ မလုပ်တော့ဘူးလား။
သည်မေးခွန်းတွေကို မမေးတော့ချေ။ မလိုချင်သောအဖြေကို ကြားရမှာ အမေစိုးရိမ်နေဟန်တူ၏။
ကျွန်တော်ရွာသို့ ပြန်မရောက်သည်မှာလည်း သုံးနှစ်နီးပါးရှိခဲ့သည်။ ထို့ကြောင့် ရန်ကုန်၏ နာရီသံချောင်းခေါက်သံနှင့် ရွာ၏ကြက်တွန်သံ ခြားနားမှုတွင် အရသာတွေ့နေသည်။ ဓာတ်ရထားသံ တဂျုံးဂျုံးကို
မကြားရတော့ဘဲ လှည်းဝင်ရိုးသံ နှင့် နွားချူသံတို့ကို ကြားရသည်မှာလည်း ကြည်နူးစရာဖြစ်၏။

ပြောင်းရိုးစင်အောက်က ပလွေသံသည် ကျွန်တော့်တောဇာတိ ခေတ်ခံများကို
ပြန်လည်နှိုးဆွပေးနေ၏။
ကျွန်တော်တို့ရွာ၏ မိုးကုပ်စက်ဝိုင်းသည် ပိုကျယ်သည်။ ကျွန်တော်တို့ရွာ၏
ကောင်းကင်ပြင်သည် ပို၍
ရောင်စုံတောက်သည်။ ကျွန်တော်တို့ ရွာက ငှက်ပျောသီးပိုချိုသည်။ ကျွန်တော်တို့ရွာက
ဥယျာဉ်သည် ပို
ပန်းမျိုးသစ်သီးမျိုး စုံသည်။
ကျွန်တော်သည် ရွာမှာအိမ်ပေါက်စေ့ လည်ပတ်ရုံမက ရွာနီးချုပ်စပ်များသို့
လည်းရောက်သည်။ ငယ်ငယ်က
ရောက်ဖူးသော တောရပ်ကျောင်း၊ ငယ်ငယ်က တက်ဖူးသော တောင်၊ ငယ်ငယ်က
ငှက်ပစ်လိုက်ဖူးသော အင်း၊
ငယ်ငယ်က မှိုရှာဖူးသော တော စသည်များကို လျှောက်လည်သည်။
ဤမျှသာ မကသေး၊ ကျွန်တော်၏ တက္ကသိုလ်ပညာနှင့် နိုင်ငံရေး အတွေ့အကြုံများကြောင့်
ရွာမှုရှေးက မမြင်မိတာ၊
မျက်စိလျှံသွားတာတွေကို ယခုမြင်မိသည်။ တောင်သူလယ်လုပ်တို့၏ ချွေးသီးချွေးပေါက်ကို
မြင်မိသည်။ မြေရှင်၏
တင်းတောင်းကို မျက်မုန်းကျိုးစွာဖြင့် ကြည့်မိသည်။ ရွာသူ အိမ်ရှင်မတို့၏ မပြည့်စုံ
မဖူလုံသော မီးဖိုချောင်ကို
ကရုဏာသက်စွာဖြင့် ကြည့်မိသည်။ စတီးဘရားသားစသော အင်္ဂလိပ်ကုမ္ပဏီကြီးများ၊
ကုလားတရုတ်ကုန်သည်ကြီးများနှင့် ချစ်တီးများ၏ ကွန်ပိုက်ကြိုးများသည် တောရွာ၏
လမ်းကြိုလမ်းကြား
နောက်ဖေးဆောင် လက်ပံခေါင်းနှင့် ခရမ်းသီးခြောက်အိုးအထိ ရောက်နေပုံကို တွေ့မိသည်။
အမှန်အားဖြင့် ကျွန်တော့်ရွာနှင့် ရွာသူရွာသားများကို အသစ်တစ်ဖန်
တွေ့နေရခြင်းမျိုးဖြစ်ပေသည်။
သည်အချိန်တွင် စာတိုက်မှ စာတစ်စောင် ရောက်လာလေသည်။ စာအိတ်ပေါ်က
လက်ရေးကြည့်ရုံဖြင့် သိပါ၏။
မမြင့်ဦးထံမှ စာ။
အံ့အသားသင့်နေမိသေး၏။ မမြင့်ဦးနှင့် အဆက်ပြတ်နေသည်မှာ အတော်ကလေး ကြာသွားပြီ
မဟုတ်ပါလား။
မမြင့်ဦးသည် တက္ကသိုလ် မြန်မာစာဌာန မှာ ဆရာမဖြစ်နေလေပြီ။
ရန်ကုန်တက္ကသိုလ်၊ ၁၉၄၁၊ ဇူလိုင်လ ၂၀။
ထွန်းကလေး
ထွန်းကလေးရဲ့ ကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်အနိစ္စ ရောက်သွားတယ်လို့ ကြားရလို့
အင်မတန်ဝမ်းနည်းပါတယ်။ ဒါကြောင့်ဒီစာကို ရေးလိုက်ခြင်းဖြစ်ပါတယ်။

ထွန်းကလေးဟာ ဘီအေအောင်ပြီးပြီ။ ပညာတတ်တစ်ယောက်ဖြစ်ခဲ့ပြီ။ လူလားမြောက်ပြီ။
ဒါပေမဲ့ ကျေးဇူးရှင်
ဖခင်ကြီးကို အတုံ့အလှည့် ကျေးဇူးမဆပ် လိုက်ရဘူး။ ဒါဟာ အထူးဝမ်းနည်းစရာပဲ။
ဒီတော့ ကျန်ရစ်ခဲ့တဲ့
မိခင်ကြီးကို အတိုးနှင့် ကျေးဇူးဆပ်ဖို့ပဲ ရှိတော့တယ်လို့ မြင့်ကြီးထင်တယ်
ထွန်းကလေးရယ်။ ဒီကစ္စမှာတော့
မြင့်ကြီးဒါပဲ ရေးချင်ပါတယ်။
မြင့်ကြီးလေ ထွန်းကလေးကို လိုက်ရှာတယ်။ ထွန်းကလေးက တမင်
ခြေရာဖျောက်ထားတယ်။ တမင်မြင့်ကြီးနှင့်
အဆက်ဖြတ်ထားတယ်ထင်မိပြီး စိတ်တောင်မကောင်းဘူး။ မကြာသေးခင်ကမှ
ထွန်းကလေးအကြောင်းအစုံ
ကြားရတော့တယ်။ ဘယ်သူ့ဆီက ကြားတယ်ထင်လဲ၊ သခင်ဘဟိန်းရဲ့ အဆက်ဟောင်းဆီက
ကြားရတာ။
မြင့်ကြီးကောင်းကောင်းနေမကောင်းဘူး။ ဆရာဝန်နှင့် ကုနေရတယ်။
ရန်ကုန်ပြန်ရောက်ရောက်ချင်း
လာကြည့်ပါဦးကွယ်နော်။ မြင့်ကြီးအတွက် အိမ်ကလေးတစ်ဆောင် ရထားတယ်။
အဲဒီအိမ်လိပ်စာ
ပူးတွဲပို့လိုက်တယ်။
နေမကောင်းပေမယ့် ကျောင်းတော့ မှန်မှန် တက်နေတာပါပဲ။ မြင့်ကြီးယူရတဲ့ ဃူချူ
တွေကလူများတော့
အသံကျယ်ကျယ်နှင့် သင်ပေးနေရတယ်။ ဒီတော့ မောတယ်။ နွေထအ အနမာ ကျရင်တော့
သုတေသနဘက်
ရွှေ့ပေးပါလို့ ဆရာကြီးကို ပြောမယ်အောက်မေ့တာပဲ။
ရန်ကုန်ပြန်ရောက်ရောက်ချင်း ဆက်ဆက်လာကြည့်နော်။
ထွန်းကလေးရဲ့ မိခင်ကိုလည်း ဖခင်ကြီးကွယ်လွန်တဲ့အတွက် မြင့်ကြီး
ဝမ်းနည်းကြောင်းပြောပါ။ တရားနှင့်သာ
ဖျော်ဖြေပါလို့လည်း ပြောပါ။
ထွန်းကလေးနှင့် အားလုံး ကျန်းမာပါစေ။ မြင့်ကြီး ကျန်းမာအောင် ဆုတောင်းပါကွယ်။
မြင့်ကြီး
မမြင့်ဦး၏ စာသည် ကျွန်တော့်ထံသို့ အေးမြသော မေတ္တာကို ဆောင်ယူလာ သည်။
ပူနွေးသောစေတနာဖြင့်
လွမ်းခြုံပေးသည်။ လမ်းဆုံလမ်းခွတွင် နွမ်းလျစွာ ထိုင်နေသူအား မတ်တတ်ထပြီး
တစ်ခုသောလမ်းသို့
လိုက်ရန်ခေါ်နေသည်နှင့်လည်း တူ၏။

ဆိုင်ပဲ ဆိုင်တတ်သည်။ ထိုအတွင်း ကိုအေးငွေထံမှ စာတစ်စောင်နှင့်
လူငယ်ခေါင်းဆောင်တစ်ယောက်
ကျွန်တော့်ထံသို့ ရောက်လာသည်။ ကိုအေးငွေ စာမှာ မိတ်ဆက်စာ ရိုးရိုးပင်ဖြစ်သည်။
ထို လူငယ်ခေါင်းဆောင်ကို ယခင်က ကျွန်တော်မတွေ့ဖူး၊ မသိဖူးပေ။ သူသည်
မြေအောက်တော်လှန်ရေးလုပ်ငန်းကို လုပ်နေသူဖြစ်သည်။ 'နေထွန်း'ဆိုသော
သူ့နာမည်ဝှက်ကိုသာ ကျွန်တော့်အား
ပေးသည်။ နာမည်ရင်းကိုကား မပေးချေ။ ကျွန်တော်ကလည်း သူ့ဇစ်မြစ်ကို မစပ်စုချေ။
ဤကား
လျှို့ဝှက်လုပ်ငန်းတွင် ကျင့်စဉ်တစ်ရပ်ဖြစ်၏။
သူ့ထံမှ သိရသည်မှာ အချိန်ကျသောအခါ လက်နက်ကိုင် ပုန်ကန်ရေးလုပ်ရန်
နယ်များတွင်အခြေခံစခန်းများ
ရွေးချယ်ထားရမည်။ လူစုရမည်။ အပြင်ပ မဟာမိတ်တစ်ဦးက လေယာဉ်ပျံဖြင့်
လက်နက်ချပေးမည်ဖြစ်ရာ
နယ်များတွင် လက်နက်ချမည့် နေရာများ ရွေးချယ်ထားရမည်စသည်ဖြင့် ဖြစ်လေသည်။
ကိုနေထွန်းကား အသားမည်းသည်။ အရပ်အမောင်းကောင်းသည်။ ကျယ်ပြန့်သော
ရင်ဘတ်နှင့်ခိုင်ခံ့သော
လက်မောင်းများတွင် ဖောင်းကြွသော ကြွက်သားများကို တွေ့မြင်ရပေရာ ကာယဗလ
လေ့ကျင့်ရေးသမား
တစ်ယောက်ဖြစ်ခဲ့ ဟန်ရှိသည်။ အသံသြဇာနှင့်လည်း ပြည့်စုံသူဖြစ်၏။
"သခင်တင်ထွန်းတို့ရွာရဲ့ မြောက်ဘက် နှစ်ဆယ့်ငါးမိုင်အကွာလောက်မှာ
တောကောင်းကောင်းရှိတယ်မဟုတ်လား"
ကျွန်တော်က ရုတ်တရက် မဖြေနိုင်။ ငယ်ငယ်တုန်းက ထင်းခုတ်သမားများထံမှ တော
မြောက်ဘက်တောနက်ကြီးတစ်ခုရှိကြောင်း ကြားဖူးသယောင်ယောင်ရှိသည်။
သူငယ်ချင်းဟောင်း
ယောက်ဖတော်သခင်ဘဖေအား သေချာအောင်ခေါ်မေးရ၏။
"ဆည်ကြီးရွာရဲ့ မြောက်ဘက်မှာ မဟာမြိုင်ဆိုတာရှိတယ်။ ဆင်ရိုင်းတွေတောင် ရှိတယ်လို့
ပြောသဟာပဲ
မောင်တင်ရ"
ကိုနေထွန်း၏ မျက်နှာသည် အားတက်လာသည်ကို ဖော်ပြနေ၏။ သို့သော် စကားမပြောဘဲ
လေးနက်စွာတွေးနေသည်။ ကျွန်တော်နှင့် သခင်ဘဖေတို့သည် သူ့အား
အကဲခတ်ကြည့်နေကြသည်။
အတန်ကြာတော့ သခင်ဘဖေသည် ကိုနေထွန်းက ဆိတ်ဆိတ်နေခြင်းကို အားမရ ဖြစ်လာ၏။
"ဘာလုပ်ဖို့လဲခင်ဗျာ"
ကိုနေထွန်းသည် သခင်ဘဖေ၏ အမေးကို မဖြေဘဲ ကျွန်တော့်ကို ကြည့်နေသည်။
သခင်ဘဖေအား

အယုံသွင်းလို့ဖြစ်ပါမည်လောဟု မေးလိုသည့် အကြည့်ဖြစ်ဟန်တူ၏။
ကျွန်တော်–
“ပြောသာပြောပါ ကိုနေထွန်း။ သခင်ဘဖေဟာ ကျွန်တော့်သူငယ်ချင်းအရင်း လည်းဖြစ်တယ်၊ ကျွန်တော့်နှမရဲ့
ယောကျာ်းလည်းဖြစ်တယ်၊ သခင်လည်း သခင်ပါပဲ။ ကျွန်တော်တို့ လုပ်ငန်းအတွက် စိတ်အချရဆုံးလူတစ်ယောက်ဖြစ်တယ်”
သခင်ဘဖေကား ရှက်ကိုးရှက်ကန်းဖြစ်လာသည်။ ကိုနေထွန်းသည် သခင်ဘဖေအား ခြေဆုံးခေါင်းဆုံးစေ့စေ့စပ်စပ်
အကဲခတ်ပြီးကြည့်ကာ တွေနေသေး သည်။
ကျွန်တော်–
“ကျွန်တော့်ကို ယုံသလို ယုံနိုင်ပါတယ်၊ ကျွန်တော့်ကိုမယုံရင်တော့လည်း မပြောတတ်ဘူးလေ”
ကိုနေထွန်း လွှတ်ခနဲ ပြုံးလိုက်လေသည်။
“ဒီလိုဗျ သခင်ဘဖေ၊ ကျွန်တော်တို့ ဗမာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်ပြီး စွန့်စွန့်စားစားလုပ်ရတော့မယ့်
အချိန်ရောက်ပြီ။ အဲဒီလုပ်ငန်းနှင့် ပက်သတ်ပြီးအဲဒီတောကို သွားကြည့်ချင်တယ်”
သခင်ဘဖေသည် ‘စိန်လိုက်လေ’ဟု ပြောတော့မည့်အလား ကိုယ်ဟန်ကို ဝင့်ပြလိုက်လေသည်။
“ကျုပ်တို့က တောသားပေမယ့် သည်ကိစ္စမျိုးမှာ အားကိုးရပါတယ်ဗျ။ ကဲ လိုက်ပြရမယ်လား”
ကိုနေထွန်းက အားတက်ရွှင်လန်းစွာဖြင့်–
“အားကိုးပါတယ်ဗျာ၊ ဘယ်တော့သွားကြည့်ကြရင် ကောင်းမလဲ”
“ကြိုက်တဲ့အခါ သွားကြည့်နိုင်တယ်။ ကျုပ်တို့ ဒီကနေပြီး ဆည်ကြီးဘူတာကို ရထားစီးသွားရမယ်၊ ဆည်ကြီးမယ်
ကျုပ်မိတ်ဆွေတွေရှိတယ်။ အဲဒီ မိတ်ဆွေတွေနဲ့ မဟာမြိုင်ကို သွားကြည့်မယ်”
ကိုနေထွန်း–
“သူတို့က ဘာလုပ်သလဲ”
“ကျုပ်လို တောသားတွေပေါ့ဗျ”
“တောသားမှန်းတော့ သိတာပေါ့ဗျ။ ဘာအလုပ်အကိုင် လုပ်စားသလဲလို့ မေးတာပါ”
“တောင်သူလုပ်တယ်၊ ထန်းတက်တယ်၊ ထင်းခုတ်တယ်၊ ပျားဖွပ်တဲ့အခါ...”
“တော်ပါပြီ တော်ပါပြီ၊ ကျွန်တော်နားလည်ပါပြီ။ သခင်ဘဖေ သူတို့ကိုကော ယုံရပ့ါမလား”
“ယုံရတာပေါ့ဗျ၊ အစိုးရကို ဓားနှင့်တောင် ထ တိုက်ရဲတဲ့လူတွေ၊ သိလား။ အဝှာ အဝှာ ဗန္ဓကတို့
အရေးတော်ပုံတုန်းက...”
ကိုနေထွန်းသည် ဘေးပတ်ဝန်းကျင်ကို သင်္ကာမကင်းသော မျက်လုံးများဖြင့် လှည့်ကြည့်ရင်း–
“နားလည်ပါပြီ နားလည်ပါပြီ သူတို့သတ္တိယုံပါတယ်။ သူတို့ မျိုးချစ်စိတ်ကိုလည်း ယုံပါတယ်။ ဒါပေမဲ့”

ကိုနေထွန်းသည် အသံကိုတိုးတိုးလေးထားလိုက်ပြီး သခင်ဘဖေအား စိုက်ကြည့်ရင်း–
“ဒါပေမဲ့ အခုအခြေအနေမှာ ကျွန်တော်တို့ ဘာလုပ်ဖို့ တောထွက်ကြည့်တယ် ဆိုတာ သူတို့ကိုအသိမပေးဘဲထားဖို့လိုတယ်။ နောက်တော့မှ အသိပေးမယ် ဟုတ်လား”
သခင်ဘဖေ–
“အင်း ဟုတ်သားပဲ၊ မောင်တင် ငါတို့မနက်ဖြန် သွားမယ်ဟေ့။ မင်းအမေကို တို့တစ်တွေ ဆည်ကြီးအလည်သွားရင်း ပျားကောက်ခဲ့မယ်လို့ပြောကွာ”
ကျွန်တော်–
“ကြွေးကလေးများကော တောင်းစရာမရှိဘူးလား”
“မင်းအမေမှ သိမှာပဲ”
နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့သည် ဆည်ကြီးသို့ မီးရထားစီးကြလေသည်။ ဆည်ကြီးဘူတာနှင့်
တစ်ခေါ်လောက်သာ ဝေးသောနေရာတွင် ရွာတစ်ရွာရှိ၏။ အိမ်ခြေငါးဆယ်ထက် ကျော်ဟန်မရှိ။ အများအားဖြင့်
မန်ကျည်းပင်များအောက်တွင် ပုနေသော ထန်းရွက်တဲကလေးများသာ ဖြစ်၏။ ပတ်လည်တွင် ဆီးဆူးခက်များဖြင့်
စည်းရိုးကာထားလေသည်။ ရွာ၏ဘေးတွင် ထန်းတောများ ပေါလှ၏။
“ဟာ သခင်ဘဖေကြီးလာသဟေ့”ဟု သူ့မိတ်ဆွေတစ်ယောက်က သူ့အား ဆီးကြိုနှုတ်ဆက်ရင်း
ရွာတွင်ကြေညာလိုက်လေရာ ဟိုအိမ် သည်အိမ်မှ ထွက်လာနှုတ်ဆက်ကြလေသည်။
“ဟောတော့ ဦးဘဖေကြီး ဘာလာလုပ်သတုံး”
“ဟေ့ ဘဖေ တို့အိမ် ဝင်ပါဦးကွ”
“ဟယ် မောင်ဘဖေတို့များ သခင်ဖြစ်နေသဟာ ကြာပြီဆို၊ လူကဖြင့် သလိုပါပဲ ကလားဟင်”
သူတို့သည် သခင်ဘဖေအား ဝမ်းသာအယ်လဲ နှုတ်ဆက်ပြီး ကျွန်တော်တို့အား ရွှန်းရွှန်းစားစားကြီး
ကြည့်နေကြသည်။ သူတို့ခေါင်းထဲမှာ မေးလို မြန်းလိုတာ တစ်ပုံတစ်ခေါင်းကြီး ရှိနေကြဟန်တူသည်။ အချို့ကား
သခင်ဘဖေ၏ နားထဲသို့ ကပ်ပြီး မေးခွန်းတွေ သွင်းကြသည်။
သခင်ဘဖေက ခပ်ကျယ်ကျယ် ခပ်ကြွားကြွားအသံဖြင့်–
“ရန်ကုန်က ဧည့်သည်တွေ ပါလာသဟ၊ မင်းတို့ရွာ အလည်လာကြတာ”
ထိုအခါ ရွာသူရွာသားတို့သည် ရင်သပ်အံ့ကြဖြစ်ကုန်ကြလေသည်။
“ရန်ကုန်ကလာတယ်၊ ဟောတော်”
“ဟယ် ရန်ကုန်က ဆိုပါကလား”
သခင်ဘဖေက ကျွန်တော့်မှာ ရန်ကုန်မှလာသည်ဆိုသော်လည်း သူ့ရွာသားသာ ဖြစ်ကြောင်း ဘယ်သူ ဘယ်ဝါ၏

သားဖြစ်ကြောင်း သူ့ယောက်ဖ ဖြစ်ကြောင်းစသဖြင့် ရှင်းလင်းပြရလေသည်။
ရွာလယ်လမ်းမှာ နွှံ့ဗွက်တွေ၊ နွားချေးတွေ၊ ပြောင်းရိုးပြတ်တွေနှင့် ပြည့်နေလေသည်။
ခြောက်သွေ့သောလမ်းဘေးမှ
ကပ်၍လျှောက်ကြရသည်။
မိတ်ဆွေတစ်ဦးအိမ်သို့ ဝင်ကြ၏။ အရိပ်ကောင်းလှသော စောင်းချမ်းပင်ကြီး အောက်တွင်
ခုံရှည်များ၊
ထန်းပလပ်ပြား ပက်လက်ကုလားထိုင်များ ဟိုအိမ် သည်အိမ်မှ ရွှေ့ယူလာပြီး ခင်းကြသည်။
ကျွန်တော်တို့ထိုင်မိသောအခါ မည်းတူနေသော လက်ဖက်ရည်ကြမ်းအိုးတစ်ခုနှင့်
အတွင်းဘက်မှာ လက်ဖက်ရည်
ချေးများဖြင့် နီကျင့်နေသော လက်ဖက်ရည်ကြမ်းအိုးပန်းကန်များ ရောက်လာလေသည်။
တစ်အိမ်မှ
ပဲကျားလှော်တစ်ပန်းကန်ယူလာသည်။ အခြားတစ်အိမ်မှ မြေပဲသီးတောင့်များ ယူလာသည်။
ယောကျာ်းသားများက
ကျွန်တော်တို့နှင့် အာလာပ သလ္လာပ စကားပြောနေစဉ် မိန်းမများက မီးဖိုချောင်
ဝင်ကြလေသည်။
သခင်ဘဖေ–
“ကျွန်တော်တို့အတွက် ဘာမှ ထွေထွေထူးထူး လုပ်မနေကြနဲ့နော်”
ရွာသားတစ်ဦး–
“အထူးလုပ်မနေရပါဘူး ကိုရင်ရာ၊ မနေ့ညက ချေ(ဂျီ) တစ်ကောင်ရထားလို့ တစ်ရွာလုံး
ဖောခြင်းသောခြင်း
ဖြစ်နေသဟာ”
အခြားတစ်ယောက်–
“ဘဖေကြီးတို့တော့ စားရကံ ကြုံလို့ မုတ်ဆိတ်ပျားစွဲတာပဲ၊ တို့အိမ်မှာ
ယုန်ကင်တစ်ကောင်တောင် ရှိသေးသဟ”
ထို့နောက် ကျွန်တော်တို့သည် အမဲလိုက်ခြင်းအကြောင်းများကို ပြောဆိုနေကြလေသည်။
ကိုနေထွန်းသည်
အမဲလိုက်ခြင်း၌ များစွာ စိတ်ဝင်စားဟန်၊ ဝါသနာပါဟန် ပြလိုက်၏။ တောထဲ
သွားကြည့်ရန်
အကြောင်းပြကောင်းသွားအောင် ဟန်ဆောင်ပြခြင်းလော၊ တကယ်ဝါသနာပါလေသလော။
ကျွန်တော်ကိုယ်တိုင်ပင်
ခွဲခြား၍ မသိနိုင်ချေ။
လူငယ်တစ်ယောက်သည် ခပ်သုတ်သုတ်ဝင်လာသည်။ ပုဆိုးတိုတိုဝတ်ထားပြီး အင်္ကျီမပါ။
သူ့ပခုံးမှာ ကျွဲပခုံးလို
အသားမာပေါက်နေသည်။ ရင်ဘတ်နှင့် ခြေသလုံးများမှာ အစင်းစင်းနှင့် ရှရာများ
ပြည့်နေသည်။ သူသည်

ကျွန်တော်တို့ စကားဝင်းမှာ မထိုင်ဘဲ ခပ်လှမ်းလှမ်းမှယောင်ပေပေ လုပ်နေ၏။
ကျွန်တော်တို့၏ အိမ်ရှင် မိတ်ဆွေသည် သူ့အားမြင်သောအခါ–
"ပင်ပေါက်ကျကလေးများ ရဦးမလားဟေ့"
"ရတော့ရမယ် ဦးလေး"
"ပေါ့သလား"
လူငယ်က ခေါင်းညိတ်ပြလိုက်သည်။
"အေး ဒီအချိန်တော့ ပေါ့မှာပေါ့ကွာ၊ သခင်ဘဖေ လုပ်မလား"
သခင်ဘဖေသည် ကျွန်တော်တို့ဘက်သို့ မချိုမချဉ် မျက်နှာနှင့် ကြည့်လိုက်၏။ သူသည်
ကျွန်တော်တို့ကြောင့်
အားတုံ့အားနာ ဖြစ်နေဟန်တူသည်။ ထို့ကြောင့် ကိုနေထွန်းက–
"လုပ်ပါ၊ ကျွန်တော်တို့လည်း ချိုးတည်အောင် မသောက်ပေမယ့် ပင်ပေါက်ကျတော့
ကြိုက်ပါတယ်"
အိမ်ရှင်–
"ကဲထိုက်၊ သွားကွာ၊ တစ်လုံးလောက် ယူခဲ့ပါ၊ သစ်ခေါက်မပါတဲ့ အိုးကိုယူခဲ့ဟေ့"
ထိုလူငယ် ထွက်သွားလေသည်။
ကျွန်တော်–
"သူက ထန်းတက်သမားနော်၊ ပခုံးမှာလည်း ကျွဲပခုံးထလို့၊ ရင်ဘတ်မှာလည်း
ဒွတ်တက်နေတာပဲ"
စကားသည် ထန်းတက်သမားများထံသို့ ရောက်သွားလေသည်။ ထန်းတက်သမားများ
ဆင်းရဲပင်ပန်းပုံများ။
အိမ်ရှင်မိတ်ဆွေ–
"ထန်းသမားမှာ ထန်းပြောင့်စူးလို့ လက်ပေါက်တာက ပိုဆိုးတယ်။ မနက်အိပ်ရာကထရင်
မျက်နှာတောင်
သစ်လို့မရဘူး"
ပင်ပေါက်ကျကို စောင့်နေစဉ် အိမ်ရှင်သည် စပါးပုတ်ထဲတွင် ထိုးမြုပ်ထားသော
အရက်ပုလင်းကို ဆွဲထုတ်လာသည်။
လက်ဖက်ရည်ချေးများဖြင့် နီကြင့်နေသော လက်ဖက်ရည်ကြမ်းပန်းကန်များတွင်လောင်းထည့်ပြီး
ကျွန်တော်တို့အား
ခွက်လှည့်၏။ သခင်ဘဖေနှင့် ကိုနေထွန်းတို့ကား သောက်တတ်သူများဖြစ်ကြ၏။ သို့သော်
အရက် မှာ
များစွာပြင်းသဖြင့် မျက်စိမှိတ်ပြီး မော့ချလိုက်ကြ၏။ ပြီးနောက် အတန်ကြာအောင် ပင်
မျက်နှာရှုံ့နေကြသည်။
ကျွန်တော်ကတော့ သောက်တတ်သူမဟုတ်သဖြင့် ရှုံ့နေ ၏။ တစ်ကျိုက်နှစ်ကျိုက်
စမ်းကြည့်လိုက်သောအခါ

အာခေါင်မီးလောင်သလား အောက်မေ့ရသည်။ ရှေ့မဆက်ဘဲ အရက်ခွက်ကို
ချထားလိုက်သောအခါ အိမ့်ရှင် သည်
ဆီးသီးခြောက်များ ကိုယူပေးပြီး–
"ဆီးသီးကိုမြည်းရတယ်၊ ကျုပ်တို့အရက်နဲ့ ဆီးသီးဟာ အင်မတန်ဖက်မိတယ်"
သခင်ဘဖေတို့လည်းဆီးသီးကို ကောက်စားနေကြသည်။ ကျွန်တော်သည် ဆီးသီးမြည်း၍
တစ်ခွက်ကုန်အောင်
မနည်းကြီးသောက်ယူရလေသည်။
ထမင်းစားပြီးသောအခါ ကျွန်တော်တို့တောသို့ သွားကြလေသည်။
ရွာမှထွက်လျှင်ထွက်ချင်း ယာခင်းများကိုဖြတ်ရသည်။
မြေပဲခင်းမှာ အစိမ်းဆုံးဖြစ်၍ ကော်ဇောစိမ်းကြီး ဖိတ်ဖိတ်တောက်သလိုနေ သည်။
နှမ်းခင်းများမှာ
အသီးအပွင့်တထောင်ထောင် တလှုပ်လှုပ်ဖြင့် ပလွှားပျော်မြူးနေကြသည်။ ပြောင်းခင်းများကား
မြင်းပေါ်ကလူကိုပင်
ကွယ်ထားနိုင်လောက်အောင် မြင့်ပြီး ခြေတစ်လှမ်းဝင်မိသည်ဆိုလျှင်ပင်
လူလုံးပျောက်နိုင်သည်အထိ
စည်ကားနေပေသည်။
ယာတောတစ်တောလျှင် ထန်းပင်အုပ်တစ်အုပ်စီ ရှိသည်။ ခြစ်ည်းရိုးမှာလည်း ထန်းပင်များ
စိုက်ထားကြသည်။
နောက်တော့ ကျွန်တော်တို့သည် ထန်းတောကြီး တစ်ခုထဲသို့ ဝင်ကြရ၏။
ထန်းတက်သမား၏ တဲများမှ
ခွေးတွေက ဟောင်ကြသည်။
ကျွန်တော်တို့ သုံးယောက်အပြင် အိမ့်ရှင်နှင့် အခြားရွာသားတစ်ဦး လိုက်ပါလာခဲ့သည်။
အိမ့်ရှင်သည်
တူမီးသေနတ်တစ်လက်ကို ကိုင်ဆောင်လာ၏။ အခြားရွာသားထံတွင်ကား လောက်လေးတစ်ခု၊
သူ့ပုဆိုးခါးပုံထဲမှာ
လောက်စာလုံး၊ သူ့ခါးကြားမှာ ဓားမောက်တစ်လက်။ သူတို့နှစ်ယောက်က ရှေ့ဆောင်၍
သွားကြပြီး ကျွန်တော်နှင့်
ကိုနေထွန်းတို့က နောက်ဆုံးမှ စကားတပြောပြောနှင့် လိုက်ခဲ့ကြသည်။ သခင်ဘဖေကား
ရှေ့အစုနှင့်
နောက်အစုကြားမှ။
ထန်းပင်အချို့တွင် လှေကားထောင်ထားသည်။ တစ်နေရာတွင် ထန်းသမားတစ်ဦးသည်
ထန်းသီးခိုင်နှင့် ထန်းလုံး
တအုန်းအုန်းရိုက်နေသည်ကို တွေ့ရသည်။ အခြားတစ်နေရာတွင် ထန်းပင်အိုကြီးတစ်ပင်ရှိရာ
သစ်တောက်ငှက်က

တဒေါက်ဒေါက် ခေါက်နေသည်။ ထန်းတောကြီးဆုံးခါနီးသို့ ရောက်သောအခါ
ကြက်တူရွေးတွေ
တစ်အုပ်ကြီးပျံသွားသည်ကို မြင်လိုက်ရ၏။
ထန်းတောမှ ထွက်သောအခါ သဲပြင်ချောင်းတစ်ခုသို့ ရောက်ကြသည်။ သဲပြင်ချောင်းအလိုက်
လျှောက်သွားပြီးနောက် အတန်ကြာလျှင် ချောင်းကမ်းပေါ်သို့ တက်ကြရ၏။
ဆီး၊ ခံ၊ တောစပယ်၊ သနပ်ခါး ချုံပုတ်ကလေးများနှင့် တောဇျုတ်ကလေး၊
ဟိုနားသည်နားမှာ တဖော်င်းဆူးချုံများ။
ထိုတောဇျုတ်ကလေးတွင် သစ်ငုတ်အများအပြားတွေ့ရသည်။ တစ်နေရာတွင်
ဒူးဆစ်ထိလောက်သာ
မြင့်သောဆူးစည်းရိုးကလေး တားထားသည်။ ရွာသားများ ယုန်ခြောက်ပြီး ဖမ်းသော
စည်းရိုးကလေးဖြစ်သည်။
ရှေ့ကသွားနေသော ရွာသားများသည် ရှေ့သို့တော်တော်ရောက်နေပြီး ကျွန်တော်တို့မှာ
မီအောင်
မလျှောက်နိုင်သဖြင့် သူတို့က စောင့်နေကြသည်။
ပြာပုံကလေးများကို တွေ့ရသဖြင့် ကျွန်တော်က သူတို့အား လှမ်းမေးလိုက်သည်။
"ပြာပုံတွေဗျ၊ ဘယ်သူတွေ မီးရှို့ထားပါလိမ့်"
"ည တောလိုက်တဲ့လူတွေ မီးဖိုကြတာနဲ့ တူပါတယ်ဗျာ"
ကိုနေထွန်းက လှမ်းမေးပြန်သည်။
"ဒီလို တောဇျုတ်မျိုး ရှေ့မှာ ရှိသေးလားဗျို့"
"ရှိတာပေါ့၊ ရှေ့က တောအုပ်လွန်ရင် တွေ့ဦးမယ်"
ကိုနေထွန်းက ကျွန်တော့်အား တိုးတိုး–
"အဲဒီလို တောအုပ်အလယ်က တောဇျုတ်မျိုးဟာ ကိုယ်တို့ လုပ်ငန်းအတွက်
အကောင်းဆုံးနေရာပေါ့"
တောဇျုတ်ကလေးကို လွန်သောအခါ ဒဟတ်ပင်၊ သန်းပင်၊ ဖန်ခါးပင်၊ ကပေါင်းပင် စသော
အအပင်ကြီးများ
များ၍ များ၍ လာသည်။ ချိုး၊ ခါ၊ ဘုတ်နှင့် အခြားငှက်များစွာ၏ အသံကို
ကြားရလေသည်။
တစ်ခုသော ချိုးကူသံကို နီးကပ်စွာ ကြားလိုက်ရလေသည်။ ကျွန်တော်သည် တော၏
ကြည်နူးဖွယ်ကောင်းလှသော
သဘာဝကို အရသာခံနေ၏။ လောက်လေးနှင့် ရွာသားသည် ချိုးကူသံလာသည်ဟု
ထင်ရသောသစ်ပင်အောက်သို့
ခြေဖျားထောက်၍ ကပ်လိုက်၏။ ပြီးတော့ လေးဖြင့်ပစ်ချလိုက်ရာ ချိုးကလေး
ကျလာလေသည်။ 'ဂီး' 'ဂီး'
ခနဲအော်မြည်ပြီး ခါတစ်ကောင်သည် အခြားအပင်တစ်ပင်မှ ထိုးတက်ပျံသန်းပြီး
သွားလေသည်။ ကျလာသော

ချိုးကလေးကား ချိုးလင်းပြာ၊ စားရက်စရာ မရှိအောင် လှပသော ငှက်ငယ်ကလေးပေတည်း။
တောသည် တစ်စတစ်စနက်လာ၏။ ရာသီဥတုမှာလည်း ပြောင်းလာသည်ဟု ထင်ရသည်။
စိမ့်အေးနေသည်။
သပြေ၊ ညောင်၊ ညောင်သပြေ၊ အင်ကြင်း၊ သဖန်း စသောအပင်ကြီးများမှာ
အခြားအပင်များကို မိုးပြီးနေကြသည်။
ပင်စည်ပင်လုံးကြီးများ မှာ လူသုံးလေးယောက် လက်ဆက်၍ ဖက်လောက်သည်။
အပွေးကြီးများမှာလည်း
ဆင်ဦးကင်းများနှင့် တူ၏။ နွယ်ပင် အမျိုးမျိုးသည် နည်းအမျိုးမျိုးဖြင့်
နွယ်တက်နေကြသည်။ အချို့မှာ
ဆင်နှာမောင်းကြီးများထက် တုတ်သေးသည်။ အချို့မှာ နွယ်မျိုးအစစ်ဖြစ်၍ အချို့မှာကား
နွယ်မျိုးမဟုတ်သော်လည်း အလင်းရောင်ဆီသို့ လှတက်ရင်း ပင်စည်မှာ ထွားမလာတော့ဘဲ
ရှည်လျားထွက်ကာ
နွယ်ဖြစ်လာကြလေသည်။
ရှေ့ကသွားနေကြသော ရွာသားများမှာ တောနက်လေ၊ ပိုမြန်လေဖြစ်လာ၍ ကျွန်တော်တို့က
ပိုနှေးလာသည်ဟု
ထင်ရလေသည်။ သူတို့အား မျက်ခြည်မပြတ်အောင် အတော်ပင် ခဲခဲယဉ်းယဉ်း
လိုက်နေရသည်။ လမ်းစ
ကလေးများလည်း ပျောက်ပျောက်သွား၏။
ကျွန်တော့်မှာ စကားမပြောနိုင်တော့ချေ။ ထို့ကြောင့် တွေးတောခြင်းကို ပိုလုပ်၏။
တောနက်ကြီး
အလယ်ကောင်တွင် လေယာဉ်ပျံကွင်းကြီး ဆောက်ကြည့်သည်။ လက်နက်တွေ
ကောင်းကင်မှကျလာသည်။
တောနက်ထဲမှာ လက်နက်ကိုင်တိုက်ပွဲ အတတ်ပညာ လေ့ကျင့်ကြသည်။ တောထဲမှ ထွက်ပြီး
အင်္ဂလိပ်စစ်တပ်တွေကို အလစ်ဝင်စီးကြသည်။
ကိုနေထွန်းမှာ ကျွန်တော့်ထက် ဗလကောင်းသော်လည်း ကျွန်တော့်လောက်
အမောမခံနိုင်သည်ကိုတွေ့ရ၏။
သူသည် ဟောဟဲလိုက်ကာ နောက်ဆုံးကျန်ရစ်ခဲ့၏။
“ဗျို့ဆရာတွေ၊ ဒီတောအုပ်ထဲက ဘယ်တော့ထွက်မှာလဲ”
“တစ်အောင့်လောက်နေ ထွက်ရတော့မှာပေါ့”
“ခင်ဗျားတို့ တစ်အောင့်က တစ်သက်တာလောက် ကြာတယ်ဗျ”
ရှေ့ကလူများက နှေးနှေးလျှောက်ကြသည်။ စမ်းချောင်းတစ်ခုသို့ ရောက်လာသောအခါ
ရွာသားများသည်
တစ်စုံတစ်ရာကို နှုတ်မှရွတ်ဖတ်ပြီး ရေဝင်သောက်ကြ၏။ ကိုနေထွန်းကား
ငှက်ဖျားကြောက်သည်ဟု ဆိုကာ
ရေမသောက်ဘဲနေလေရာ–

"သောက်သာသောက်ပါဗျ။ ဒီရေဟာ နတ်ရေစင်ပါ၊ ဘာမှ ဘေးဥပဒ်မရှိပါဘူး၊ အရှင်ကြီးကို တိုင်တည်သောက်ရတယ်"
မောနေသော ကိုနေထွန်းသည် ရေကိုလည်း သောက်ချင်သည်။ ရောဂါဘယကိုလည်း ကြောက်သည်။ နတ်ကိုလည်း
မတိုင်တည်ချင်။
ကျွန်တော့်–
"ကဲ ရဲဘော်ကြီး၊ သောက်သာသောက်ပါဗျ၊ ယုံယုံကြည်ကြည်နဲ့ တိုင်တည် သောက်ပေါ့ဗျ"
ကျွန်တော်သည် "အရှင်ကြီး၊ ရောဂါတစ်ခုခုဖြစ်လည်း ဆေးကုယူပါမည်၊ ရေကို သောက်ပါရစေ"ဟူ
ကိုနေထွန်းကြားလောက်ရုံသာ ရေရွတ်ပြီး သောက်လိုက်၏။ သည်တော့မှ ကိုနေထွန်းလည်း ပြုံးလာနိုင်ပြီး
ရေသောက်လေသည်။
ထို့နောက် နာရီဝက်ခန့် ဆက်လျှောက်ကြရပြန်သည်။
တဖြည်းဖြည်း သစ်ပင်ကြီးများ နည်းနည်းလာပြီး တောမှာပါးသွားသည်။
ဘွားခနဲဆိုသလို ပြောင်တလင်းဖြစ်နေသော ကျောက်စရစ်ကုန်းတစ်ခုမှာ
ကျွန်တော်တို့ရေ့တွင်ရောက်နေလေသည်။
ကျောက်စရစ်ကုန်းပေါ်တွင် တဲပျက်တစ်ခု ရှိ၏။ တောနက်ထဲတွင်
စိတ်အိုက်နေလိုဖြစ်နေခဲ့သော
ကျွန်တော်တို့သည် ပျော်မြူးသွားကြ၏။
ကျောက်စရစ်ကုန်းပေါ်သို့ တက်ကြရသည်။ ကုန်း၏ တစ်ဖက်တွင် ချောင်းတစ်ခုရှိသည်။ ကျောက်စရစ်ကုန်းနှင့်
ချောင်းကမ်းပါးများသည် မွဲပြာရောင်ပေါက်နေသည်။ ချောင်း၏အကွေ့တွင် ချောက်တစ်ခုရှိပြီး ရေစပ်ကိုမြင်ရ
သည်။ ချောင်း၏ ဟိုမှာဘက်ကမ်းတွင် စိမ်းစိုနေသော ချုံပုတ်များသည်
တောဖျုတ်ကလေးနှင့် ဆက်သွားသည်။
တောဖျုတ်၏ ဟိုဘက်တွင်ကား တောအုပ်တစ်ခု စပြန်လေသည်။ အမှန်မှာ ခပ်ဝေးဝေးသို့ လှမ်းမျှော်ကြည့်လိုက်ပါ
က အရပ်ရှစ်မျက်နှာစလုံး ညို့ညို့စိမ်းစိမ်းတောအုပ် တောတန်းများကိုသာ မြင်ရလေသည်။
သခင်ဘဖေ၊ ကိုနေထွန်းနှင့် ကျွန်တော်တို့က ကျောက်စရစ်ကုန်းထိပ်
တဲပျက်ကလေးအနီးတွင်
စိမ်ပြေနပြေထိုင်နေကြ၏။ ရွာသားနှစ်ယောက်ကား မတ်တတ်ရပ်ရင်းပင် ဟိုဟိုသည်သည် ကြည့်နေကြသည်။
အတန်ကြာတော့ သူတို့က ကျွန်တော်တို့အား–
"ကဲ လာ၊ ဟိုတောဖျုတ်ထဲ သွားရအောင်"
"ကျွန်တော်တို့ ဒီကပဲ စောင့်မယ်ဗျာ"

"အဲဒီ တောဖျုတ်ထဲမှာ သားကောင်ရမှာ ကိုရင်တို့ရဲ့၊ တော်တော်နေ ဒီချောင်း ကိုသူတို့ ရေသောက်ဆင်းမယ်။
တောဖျုတ်ထဲကချောင်းပြီး ပစ်ရမယ်"
ကိုနေထွန်း–
"ခင်ဗျားတို့ပဲ သွားပစ်ကြပါဗျာ၊ သခင်ဘဖေ သူတို့နဲ့လိုက်ဦးမလား"
"လိုက်မယ်လေ"
သခင်ဘဖေကား လိုက်ရန် မတ်တတ်ထလိုက်လေသည်။
ရွာသားတစ်ဦး–
"ခင်ဗျားတို့ နေရစ်ရင်လည်း ဒီနားမှာ မထိုင်နဲ့ဗျ၊ ဟော့ဟို ချုံနား ခပ်ကွယ်ကွယ်မှာ ထိုင်ပါ။
လူရိပ်လူခြည်မပြနဲ့ဗျ၊ သားကောင်တွေ ကြောက်ကုန်လိမ့်မယ်"
သူတို့သွားကြလေသည်။
ကိုနေထွန်းက လှမ်းပြီး–
"သားကောင်မရချင် နေပစေဗျာ၊ သိပ်တော့ နေမစောင်းစေနဲ့"
ကျွန်တော်နှင့်ကိုနေထွန်းတို့သည် ရွာသားများညွှန်ပြခဲ့သည့်အတိုင်း ချုံပုတ် တစ်ခုအနီး ချောင်ခို၍ ထိုင်ကြသည်။
ကျွန်တော်–
"စိတ်တိုင်းကျနေရာပဲ"
"လေယာဉ်ပျံကနေပြီး ဒီနေရာမြင်အောင် ဘယ်လိုလုပ်မှာလဲ"
"နေ့ခင်းမှာ အရပ်လေးမျက်နှာရှိ သစ်ပင်လေးပင်မှာ အလံဖြူလွှင့်ရမယ်၊ ညမှာ မီးဖိုလေးဖို ဖိုရမယ်"
ကျွန်တော့်ရင်ကား တဒိတ်ဒိတ်ခုန်နေ၏။ တိုင်းပြည်အတွက် တကယ့်စွန့်စားခန်း မဟုတ်ပါလား။
ကိုနေထွန်း–
"ရဲဘော်တင်ထွန်းဟာ ဒီနေရာကို တာဝန်ယူရလိမ့်မယ်။ ဗဟိုက သတ်မှတ်ပေးတဲ့ အချိန်ကျတော့ ဒီနေရာမှာ
နေ့ရောညရော သုံးရက်လောက် လာစောင့်ရလိမ့်မယ်"
"ညရော ဟုတ်လား"
ကျွန်တော်သည် သားရဲတိရစ္ဆာန်များကို သွားစဉ်းစားလိုက်လေသည်။
"ဟုတ်တယ်၊ ညရောစောင့်ရမှာပဲ။ ပြီးတော့ ချပေးတဲ့ လက်နက်တွေကို စနစ်တကျ သိမ်းဆည်းဖို့
တာဝန်ယူရမယ်။ ဒီဒေသက လူရသလောက်လည်း စုထားပြီး စစ်ရေးပညာပေးရမယ်။ စစ်ရေးပညာပေးဖို့ကတော့
လူသပ်သပ်လွှတ်ရ မယ်။ ဘယ့်နှယ်လဲ တာဝန်ယူနိုင်ပါ့မလား"
ကျွန်တော်ကား ထခုန်လောက်အောင် စိတ်အားထက်သန်နေသည်။

"ယူမှာပေါ့ ရဲဘော်ကြီးရဲ့၊ ဘယ်တော့လောက် စလုပ်မှာလဲ"
"အချိန်ကတော့ စစ်အခြေအနေလည်း စောင့်ရဦးမယ်၊ အကြမ်းဖျင်းအားဖြင့် တော့ အရှေ့ဘက်မှာ စစ်ဖြစ်တဲ့
အချိန်မှာ စကြရမှာပဲ"
"ကျွန်တော်က ကျွန်တော့်ရွာကပဲနေပြီး စောင့်ရမှာလား၊ ရန်ကုန်ပြန်ရဦးမှာ လား"
"ရန်ကုန်ပြန်ဖို့ လိုဦးမယ်။ ဟိုမှာမှ နောက်ဆုံးအခြေအနေကို သိရမှာပဲ။ ဘယ်အချိန် ဒီကိုလာဖို့
ဘယ်လိုစည်းရုံးဖို့ဆိုတာလည်း ဗဟိုက ညွှန်ကြားလိမ့်မယ်"
"ခင်ဗျား ရန်ကုန်ပြန်မလာသေးဘူးလား"
"မပြန်သေးဘူး၊ မိုးကုတ်ဘက် သွားရဦးမယ်။ ရဲဘော်သိထားဖို့က မြန်မာပြည် တစ်ပြည်လုံး ဒီစခန်းမျိုးရှစ်နေရာထက်မနည်း ရှိထားဖို့ အစီအစဉ်ရှိတယ်"
"မိုးကုတ်မှာ အင်အားတောင့်ရဲ့လား"
"အရေးတော်ပုံ တပ်သားကောင်းတွေရှိပါတယ်။ ကဲ ကဲ လျှို့ဝှက်ရေးကိစ္စဆို တာ အသေးစိတ်တွေ မပြောရဘူး၊
ကိုယ်ဒီလောက်ပြောတာတောင် လွန်လှပြီ။ ဘယ်သူဘယ်ဝါ ဘာလုပ်တယ်ဆိုတာ မသိချင်နဲ့"
ကျွန်တော်က ကျေနပ်စွာဖြင့်–
"ဟုတ်ပါတယ်၊ ကျွန်တော်ဒီစည်းကမ်းကို လက်ခံပါတယ်"
ထိုခဏ၌ ဒုန်းခနဲ တူမီးသေနတ်သံကို ကြားလိုက်ရလေသည်။ အိုးထဲ ဗျောက်ထည့်ခွဲသည့် အသံမျိုးဖြစ်သည်။
ကျွန်တော်တို့သည် အတန်ကြာအောင်ပင် သေနတ်သံလာရာဆီသို့ ငေးမျှော်ကြည့်နေကြသည်။ ငှက်တွေ
လန့်ဖျပ်ပျံပြေးသည်မှလွဲ၍ ဘာမျှ လှုပ်လှုပ်ရှားရှား မရှိ။
နေသည် လျင်မြန်စွာ ကျဆင်းလျက်ရှိသည်ဟု ထင်ရ၏။ နေခြည်များသည် တဖြည်းဖြည်း ဖျော့လာသည်။
ကောင်းကင်တွင် လှပသော တိမ်တိုက်များမှာ လေကောင်းကောင်း ရွက်တိုက်သလို သွားနေကြသည်။
ကိုနေထွန်း–
"ဒီနေရာမှာ သံဆပ်ပြာထွက်တယ်နဲ့တူတယ်"
"တူတာပဲ"
"ဒီလူတွေ ပြန်ခေါ်ကြရင် မကောင်းဘူးလား၊ နေမဝင်ခင် တောနက်ထဲက ထွက်နိုင်အောင် ပြန်ရမယ်"
"ခဏစောင့်ကြည့်သေးတာပေါ့ဗျာ၊ စစ်အခြေအနေကို ခင်ဗျားဘယ်လိုထင်သလဲ၊
အရှေ့ဘက်ကူးမလာသေးဘူးလား"
"ကိုယ်လည်း သတင်းစာမဖတ်ရတာ ကြာပြီ။ ကူးတော့လာမှာပဲ။ နှေးနှေးလား၊ မြန်မြန်လား၊ ကိုယ်တော့မသိဘူး။

ရဲဘော်တင်ထွန်းကကော ဘယ်လိုထင်သလဲ”
“ကျွန်တော် နောက်ဆုံးသိရတဲ့ သတင်းကတော့ အမေရိကန်ပြည်ထောင်စု အစိုးရက
သူတို့ကူးသန်းရောင်းဝယ်ရေး
ရေကြောင်းလမ်းများကို ကာကွယ်ဖို့အရေး အင်မတန်ကြီးတယ်ဆိုပြီး ရေတပ်တွေ
ချဲ့နေတယ်။ အိုက်စလန်တို့၊
ဂရီးန်လန်တို့ကို သိမ်းပိုက်လိုက်တယ်။ ဘာရီဘီယံကျွန်းစုကိုလည်း အင်္ဂလိပ်ဆီက
ငှားယူလိုက်တယ်။
ပစိဖိတ်သမုဒ္ဒရာဟာလည်း အမေရိကန်ရဲ့ အသက်သွေးကြောသဖွယ် အရေးကြီးသတဲ့။
နောက်ပြီးတော့
ဥရောပတိုက်မှာ ရှိနေကြတဲ့ ဂျပန်တွေဟာ ဂျပန်ပြည်ကို ပြန်ကုန်ကြပြီတဲ့”
ကိုနေထွန်းသည် ခါးကော့လက်ဆန့်ပြီး အညောင်းဖြေရင်း–
“အင်း ဒီလိုဆိုရင်တော့ အရှေ့ဘက် စစ်ကူးလာတော့မှာပဲ။ အင်္ဂလိပ်နယ်ချဲ့
ခြသေ့်ကြီးတွင်းထဲကျတော့မယ်
ပြန်မတက်နိုင်အောင် ကိုယ်တို့ကအစွမ်းကုန်ကြိုးစား ရတော့မယ်”
ကျွန်တော်ကား ဘာမျှမပြောဘဲ ကျောက်စရစ်ခဲကလေးများကို နိမ့်ရာသို့ လှိမ့်ချရင်း
စဉ်းစားနေလေသည်။
စစ်ကြီးသာ မြန်မြန် အရှေ့ဘက်သို့ ကူးလာစေချင် တော့သည်။ ကျွန်တော်တို့သည် စစ်၏
ဥပါဒ်အန္တရယ်များကို
တွေးတောစိုးရိမ်ခြင်း မရှိတော့ချေ။ စိုးရိမ်နေ၍လည်း မပြီး။ စစ်ကြီးကို မလိုချင်ဦးတော့၊
တားဆီး၍ ရတော့မည်
မဟုတ်။ အရှေ့ဘက်သို့ မြန်မြန်ကူးပြီး ‘အင်္ဂလိပ်အခက် ဗမာ့အချက်’ ဟူသော
ကြွေးကြော်သံနှင့်အညီ
အင်္ဂလိပ်အစိုးရအား မြန်မြန်ထချရန်သာ စိတ်စောနေကြလေသည်။ မှန်သလား၊
မှားသလားဟူ၍လည်း
ပြန်လည်ဆင်ခြင်ခြင်း မပြုတော့ချေ။
ကိုနေထွန်းသည်ကျွန်တော့်ကဲ့သို့ပင် ကျောက်စရစ်ခဲကလေးများကို နိမ့်ရာသို့ လှိမ့်ချရင်း–
“အင်း ဂျပန်ပေးတဲ့ လက်နက်နဲ့ ကိုယ်တို့က အင်္ဂလိပ်ကိုထချ၊ ဂျပန်က ဗမာပြည်ထဲ
မဝင်ခင် ကိုယ်တို့က
ဦးအောင်ချနှင့်ရမယ်။ ပြီးတော့ လွတ်လပ်သော ဗမာပြည်အဖြစ် ကြေညာရမယ်။ ဂျပန်နဲ့
စာချုပ်မယ်။
အင်္ဂလိပ်လည်း တို့ပြည်ထဲက ထွက်ပြေး၊ ဂျပန်ကလည်း တို့ပြည်ထဲမဝင်နိုင်၊
ဘယ်လောက်ကောင်းတဲ့
သေနင်္ဂဗျူဟာလဲ စဉ်းစားကြည့်စမ်း။ တကယ်ဆိုတော့ ဒီချက်ကောင်းဟာ အနှစ်တစ်ရာမှာ
တစ်ခါပေါ်ဖို့တောင်
ခဲယဉ်းတဲ့ ချက်မျိုးပဲ”

"ဒါထက်နေစမ်းပါဦး ရဲဘော်ကြီးရဲ့၊ ကျွန်တော်တို့ကို ခုလို ကူညီရတဲ့အတွက် ဂျပန်မှာ ဘာအကျိုးအမြတ်ရှိသလဲ"
"အို မေးမှ မေးပါလေ ကိုယ့်လူရယ်။ သူ့အဓိက ရန်သူအင်္ဂလိပ်ကို ကိုယ်တို့က ထိုးနှက်တယ်ဆိုတာဟာ
သူ့အဖို့အကြီးဆုံးသော အမြတ်ပေါ့။ ကိုယ်တို့ကလည်း လွတ်လပ်ရေးအတွက် ဂျပန်ကို အနည်းအကျဉ်းတော့
ကူရမှာပေါ့။ ဒါတွေက လွတ်လပ်ရေး ကြေညာပြီး စာချုပ်နဲ့လုပ်ရမယ့် ကိစ္စတွေပါလေ၊ ခုအရေးကြီးတာက
ကိုယ်တို့တစ်တွေ လက်နက်ရဖို့နဲ့ အင်္ဂလိပ်ကို ထချဖို့ပဲ။ နောက်ကိစ္စ နောက်တော့ ရှင်းမှာပေါ့"
ကျွန်တော်သည် ယခင်က ဖက်ဆစ်ဂျပန်ကို အင်္ဂလိပ်နယ်ချဲ့နှင့်အတူတူပင် မုန်းတီး၏။ ဆန့်ကျင်၏။ ယခုတော့
ဂျပန်နှင့်ပေါင်းပြီး အင်္ဂလိပ်ကို လက်နက်စွဲကိုင်ပြီး တိုက်ရန် ယုံကြည်သွားပြီဖြစ်ရကား ဂျပန်အားသတိကြီးစွာနှင့်
စောင့်ကြည့်ရမည့် ယာယီမိတ်ဆွေအဖြစ်ဖြင့် အမုန်းလျော့ဆင်းသွားလေသည်။
ကိုနေထွန်းသည် မတ်တတ်ထလိုက်ပြီး–
"ကဲ ပြန်ကြမှပဲ၊ သူတို့ကို အော်ခေါ်စမ်းပါ ရဲဘော်တင်ထွန်းရာ"
သူတို့အား အော်ခေါ်ရန် ကျွန်တော်က ဟန်ပြင်နေစဉ်ပင် သူတို့လာနေကြသည်ကို မြင်ရလေသည်။
"ဟော ပြန်လာကြပါပြီဗျ"
"အင်း ဟုတ်သားပဲ"
"သုံးယောက်စလုံး ထမ်းပိုးတွေနဲ့ ဘာတွေ ထမ်းလာသလဲ၊ ကြည့်စမ်း ကြည့်စမ်း"
"ဟုတ်တယ်၊ ထမ်းလာလိုက်ကြတာ သားကောင်ကို ဖျက်ပြီး ထမ်းလာကြတာနဲ့ တူတယ်"
သူတို့သည် သမင်တစ်ကောင်ရပြီး ပေါင်များ၊ ရင်အုပ်များနှင့် ဝမ်းတွင်းသားများကို ဖျက်ပြီး သုံးယောက်ခွဲလျက်
ထမ်းလာကြခြင်းဖြစ်လေသည်။
အပြန်တွင် သူတို့မှာ အထမ်းကိုယ်စီ ပါကြသော်လည်း ကျွန်တော်တို့ထက် လျင်မြန်စွာ လျှောက်နိုင်ကြသည်။
အထမ်းပါ၍ ပိုမြန်လေသလားဟုပင် အောက်မေ့ရ၏။
ထန်းတောထဲ ပြန်ရောက်သောအခါ မှောင်ရီလေပြီ။ ယာခင်းပြင်များကို ဖြတ်ရသောအခါ လုံးလုံးမှောင်လေပြီ။
ရွာရောက်လျှင် သမင်သားကို အမျိုးမျိုးချက်ပြုတ်ပြီး ရွာသူရွာသားများစွာနှင့် အတူ ပျော်ပါးစွာ
စားသောက်ကြလေသည်။
နောက်နေ့နံနက်တွင်ကား ဆည်ကြီးမှနေပြီး ကျွန်တော်တို့ရွာသို့ ပြန်ခဲ့ကြလေသည်။

ထိုနေ့တွင်ပင် ကျွန်တော့်နာမည်နှင့် ငွေ၃၀–စာတိုက်မှ ရောက်လာလေသည်။ မမြင့်ဦးက ကျွန်တော့်အဖေမသာအတွက် အကူငွေပို့လိုက်ခြင်းဖြစ်ပေသတည်း။
မမြင့်ဦးက သည်လိုစေတနာ ပြလိုက်သဖြင့် ကျွန်တော့်စိတ်မှာ အတော်ထိခိုက် သွားသည်။ အေးအတူပူအမျှ
ဒုက္ခဝေခံလိုတဲ့ မိတ်ဆွေစစ်ပါကလားဟု အောက်မေ့မိသည်။ မမြင့်ဦးခံစားနေရသော ရောဂါသည်
တီဘီအဆုတ်နာမဟုတ်ပါ စေနှင့်ဟုလည်း ဆုတောင်းလိုက်ပေသည်။
ကျွန်တော်က အမေ့အား သည်အကြောင်း ပြောပြသောအခါ "သမီးကြီးကတော့ ပညာရှိဆိုတော့
သိတတ်တာပေါ့ကွယ်"ဟု မှတ်ချက်ချလိုက်၏။ ပို့လိုက်သော ငွေ ၃၀–ဖြင့် အဖေ့ဂူကို နှစ်တစ်လက်မသား
ခြံခတ်ထားလိုက်လေ သည်။
ယခုအခါ အမေသည် ကျွန်တော့်ရှေ့ရေးလုပ်ငန်းဆောင်တာနှင့် ပတ်သက်၍လည်းကောင်း၊ အိမ်ထောင်ပြုရေးနှင့်
ပတ်သက်၍လည်းကောင်း၊ ရန်ကုန်ပြန်ရေး မပြန်ရေးနှင့် ပတ်သက်၍လည်းကောင်း "ငါ့သားကောင်းမယ် ထင်သလို
ကြည့်လုပ်တော့ကွယ်။ သို့ပေမယ့် ဘာလုပ်လုပ်၊ ဘယ်သွားသွား မကောင်းတာဖြစ်ရင် အမေစိတ်ဆင်းရမှာပဲ
ဆိုတာသာ သတိထားပေတော့ကွယ်"ဟု ပြောပြီး လွတ်လပ်ခွင့်လည်း ပေးထားသည်။ သံယောဇဉ်ကြိုးနှင့်လည်း
ချည်လွှတ်လိုက်လေသည်။ ။

၆၅

ရင့်ကျက်သောအချစ်

ကျွန်တော်ရန်ကုန်သို့ ပြန်ရောက်သောအခါ ဖုံးခိုအုတ်ဂူကလေးများ ပိုမိုများပြားလာသည်ကို တွေ့ရလေသည်။
ပြည်သူ့လေကြောင်း ကာကွယ်ရေးမင်းကြီး ဒီဂရပ်ဖ်ဟန်တားသည် အတော်ကလေး ခြေသွက်နေလေ၏။
သို့သော် ကျွန်တော်တို့ ပြည်သူပြည်သား လူအများသည် လေကြောင်းကာကွယ်ရေး၌ စိတ်သိပ်မဝင်စားကြချေ။
ကြောက်ရမှန်းလည်း မိသကြချေ။ အင်္ဂလိပ်အုပ်စိုးသူတွေက တမင်လုန့်နေခြင်းဖြစ်သည်ဟု ထင်သူကထင်ကြသေးသည်။ ဗမာမှာ အင်္ဂလိပ်မှတစ်ပါး ရန်သူမရှိ။ ထို့ကြောင့် မည်သူကမျှ ဖုံးချလိမ့်မည်မဟုတ်ဟု တီးတိုးလိုက်ပြောသူက ပြောနေသေးသည်။
ဘုရင်ခံ ဒေါ်မန်စမစ်၏ အစိုးရသည် ယခင်ဘုရင်ခံ လက်ထက်ကအတိုင်းပင် ကာကွယ်ရေးပုဒ်မ ၂၆ကို
တွင်တွင်ကြီးသုံးပြီး ကျွန်တော်တို့ သခင်အများအပြားအား ထောင်သွင်းနေလေသည်။

ဦးစောသည် ဂဠုန်တပ် ဗိုလ်ချုပ်အဖြစ်ဖြင့် ကျွန်တော်တို့ သခင်များအား ဝါးရင်းတုတ်ဖြင့် နှိမ်နင်းခဲ့၏။
နန်းရင်းဝန်ဘဝတွင်ကား ဝါးရင်းတုတ်အပြင် အစိုးရယန္တရား၏ ဖိနှိပ်ရေးလက်နက်ကိရိယာ အားလုံးနှင့်လည်း
ဖိနှိပ်ချုပ်ချယ်လျက် ရှိလေသည်။
ဦးစောသည် တစ်ဖက်တွင် အစွမ်းကုန် ဖိနှိပ်ချုပ်ချယ်လျက် အခြားတစ်ဖက်တွင် မျိုးချစ်နိုင်ငံရေး
ဟိတ်ဟန်ကြီးအောင် လုပ်တတ်သူဖြစ်သည်။ ကျွန်တော်ရန်ကုန်ပြန်ရောက်ချိန်၌ သူသည် စစ်အပြီး မြန်မာပြည်အား
ဒိုမီနီယံ လွတ်လပ်ရေးပေးရန် တောင်းဆိုဖို့ ဘိလပ်သို့ ရောက်နေလေသည်။ သူသွားခါစ မြန်မာ့အလင်းသတင်းစာတွင် 'တစ်ကောင်ကြွက်' ဆိုသော ကလောင်ရှင်တစ်ဦးက 'ဘိလပ်သွားသော
ဦးစောပြဇာတ်'ဟု ရေးခဲ့လေသည်။ ကျွန်တော်မဖတ်ရသေးသဖြင့်
ရန်ကုန်ပြန်ရောက်ရောက်ချင်း ရှာဖတ်ရ၏။
ထိုပြဇာတ်ကို များစွာနှစ်သက်စွဲလမ်းပြီး ရေးသူ 'တစ်ကောင်ကြွက်'
ဘယ်သူဘယ်ဝါဖြစ်သည်ကိုသိရန် စုံစမ်းသည်။
စုံစမ်း၍ မရချေ။ ကျွန်တော်တို့သခင်များနှင့် နိုင်ငံရေး အယူအဆချင်းတူသော စာရေးဆရာ တစ်ယောက်ဖြစ်ရမည်ဟုကား အကဲခတ်မိလေသည်။
ကျွန်တော်ရန်ကုန်သို့ ပြန်ရောက်ချိန်တွင် များစွာသော ထိပ်ပိုင်းသခင် ခေါင်းဆောင်များမှာ ထောင်ထဲသို့ရောက်နေကြလေပြီ။ သခင်လေးမောင်၊ သခင်နု၊ သခင်စိုး၊ သခင်ဘဟိန်း၊ သခင်သန်းထွန်း၊
သခင်ကျော်စိန်၊ သခင်ဗစိန် စသော ခေါင်းဆောင်များ။
သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုထွန်းရှိန် စသော ခေါင်းဆောင်တစ်ပိုင်းမှာ မြေအောက်လျှို့ဝှက်ရေးစခန်းသို့
ရောက်သူရောက်ပြီး နိုင်ငံခြားသို့ ရောက်သူ ရောက်ကုန်ကြပြီ။
သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ သခင်တင်မောင်ကြီး စသော ခေါင်းဆောင်များ သာထောင်သွင်းအကျဉ်းထားခြင်းလည်းမခံရ၊ မြေအောက်လျှို့ဝှက်ရေးလုပ်ငန်း အတွက် ပုန်းအောင်း၍လည်း
မနေရသေး၊ ဖြောင်အတိအလင်းပင် တို့ဗမာအစည်းအရုံး လုပ်ငန်းများကို လုပ်နေကြလေသည်။
ကျွန်တော်သည် တို့ဗမာအစည်းအရုံးဌာနချုပ် ရုံးခန်းသို့ သွားသောအခါ သခင် တင်မောင်ကြီးအား
တွေ့ရလေသည်။ တစ်ခါတုန်းက ရန်ကုန်တက္ကသိုလ်တွင် လေ့လော်၊ တင်းနစ်(စ်) ကစား နာမည်ကြီးခဲ့သော

အင်္ဂလိပ်စာဂုဏ်ထူးတန်းသား ကိုတင်မောင်ကြီး။ ဖလေဇာပြာနှင့် ဘောင်းဘီဖြူကို ခပ်ကြွားကြွား ဝတ်လေ့ရှိသော
ကိုတင်မောင်ကြီးသည် ယခုအခါ ချည်လုံချည်၊ ပင်နီအင်္ကျီတို့ဖြင့် သခင်အစစ်ဖြစ်နေလေသည်။ သူသည်
မုတ်ဆိတ်ကို ခဏခဏ မရိတ်အား ဗိုလ်ကေကိုလည်း ပိပိပြားပြား ဖြီးမထားနိုင်။ ကျွန်တော့်အား သခင်တင်မောင်ကြီးက ရင်းရင်းနှီးနှီးမသိ။ ကျွန်တော်ကပင် ကျွန်တော့်အကြောင်းရှင်းပြပြီး
ရင်းနှီးအောင်မိတ်ဖွဲ့ရလေသည်။ ပြီးတော့မှ ပြည်တွင်း ပြည်ပ နိုင်ငံရေး နောက်ဆုံးအခြေအနေများကို မေးရ၏။
သခင်တင်မောင်ကြီး၏ ပြောဟန်ဆိုဟန်မှာ အေးစက်စက်နိုင်လှသည်။ သို့ရာတွင် သူ့အယူအဆများကား
ထူးခြား၏။
" ခုအခြေအနေမှာ အရေးကြီးဆုံး စစ်မျက်နှာက ဂျာမန်– ဆိုဗီယက် စစ်မျက်နှာ ဖြစ်တယ်"
သူက ဂျာမနီ–ဆိုဗီယက် စစ်ပွဲကြီးများအကြောင်း ခရေစေ့တွင်းကျ ရှင်းပြနေ၏။
ကျွန်တော်–
"အရှေ့ဘက်မှာ စစ်ကြီး ဘယ်တော့ ကူးလာမယ်ထင်သလဲ"
"မကြာပါဘူး။ ဂျပန်ရော အမေရိကန်ရော စစ်ထဲဝင်ကြတော့မှာပဲ။ သို့ပေမယ့် ဂျပန်ဖက်ဆစ်တွေကိုယ်တို့ပြည်ထဲ
မဝင်နိုင်အောင် လုပ်ရမယ်"
"သူတို့ဝင်တာကို ကျွန်တော်တို့လည်း မလိုလားပါဘူး၊ သို့ပေမယ့် အင်္ဂလိပ်ကို ချဖို့ သူတို့ဆီက
အကူအညီယူရမှာပဲ မဟုတ်လား"
"ကိုယ်ကတော့ အဲဒါ မမှန်ဘူးထင်တယ်။ ဖက်ဆစ်ဂျပန်တွေကို ခံချဖို့သာ အင်္ဂလိပ်ဆီက အကူအညီယူရမယ်လို့ထင်တယ်"
"ဒီလိုဆိုရင် ကျွန်တော်တို့လွတ်လပ်ရေး ဘယ့်နှယ်လုပ်ရမှာလဲ။ ခုစစ်ကြီးအတွင်းမှာ ကျွန်တော်တို့လွတ်လပ်ရေးကို
မရရအောင် တိုက်ယူရမယ် မဟုတ်လား။ ခုလုပ်ရင် လုပ်၊ သို့မဟုတ် ဘယ်တော့မှ မလုပ်ရတော့ဘူး ဆိုတာမျိုး
မဟုတ်ဘူးလား"
သခင်တင်မောင်ကြီးသည် ကုလားထိုင် လက်တင်ပေါ်တွင် ခြေများကို ပစ်တင်လိုက်ပြီး ဆံပင်ကိုဖြည်းဖြည်းသာသာ
လက်ဖဝါးနှင့် ပွတ်နေလေသည်။ စိတ်ရှုပ်သည့် လက္ခဏာ သူ့မျက်နှာမှာ အထင်းသားပေါ်နေ၏။
ကျွန်တော်တို့သည် အတန်ကြာအောင် ဘာမျှမပြောကြဘဲ ထိုင်နေကြသည်။
"သခင်တင်ထွန်း၊ ကုလားရုပ်ရှင် ကြည့်မလား"

ကျွန်တော့်မှာ ဤအချိန် ဤအခါတွင် ဤစကားမျိုး ကြားရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့သဖြင့်
အံ့အားသင့်နေသည်။
သခင်တင်မောင်ကြီးက ပြုံးလိုက်သည်။ သူ့အပြုံးမှာ သခင်ဘဟိန်း၏ အပြုံးကဲ့သို့ပင် အလွန်ချစ်စရာကောင်းသည်။
"ကုလားရုပ်ရှင်ကို ကြည့်ကော ကြည့်ဖူးသလား"
"တစ်ခါမှ မကြည့်ဖူးဘူး ခင်ဗျာ"
"ဒါဖြင့်လိုက်ခဲ့၊ ပါရ်ဒေစီလို့ခေါ်တယ်၊ ဒူဆာနီရုံမှာ ပြနေတယ်၊ ပြနေတာ ကြာလှပြီကွ"
"အိုဗျာ၊ ကုလားစကား မတတ်ဘဲနဲ့ နားလည်ပါ့မလား"
"ကိုယ်က ဇာတ်လမ်းမေးထားပြီးသားပဲ၊ ကြည့်ရင်း မင်း နားလည်သွားမှာပါပဲ"
ကျွန်တော်သည် ပါရ်ဒေစီ ကြည့်ရန် သခင်တင်မောင်ကြီးနှင့်အတူ လိုက်သွားရ သော်လည်း ရုပ်ရှင်ဆီသို့
စိတ်မရောက်ပါ။ ဖက်ဆစ်ဂျပန်အား ခုခံတိုက်ခိုက်ရန် အင်္ဂလိပ်နှင့် ပေါင်းရမည်ဆိုလျှင် ဗမာ့လွတ်လပ်ရေးဘယ်လိုလုပ် ရမည်လဲဟူသော မေးခွန်းသည်သာ ကျွန်တော့်ဦးနှောက်ကို တဒေါက်ဒေါက်နှင့်
ခေါက်နေသည်။ သခင်တင်မောင်ကြီးမှာ ရုပ်ရှင်ကြည့်ရန် ခေါ်ခြင်းဖြင့် ကျွန်တော့်မေးခွန်းကို ရှောင်လွှဲသွားပြီဟု
သိနိုင်ပေပြီဖြစ်ရာ သူ့အား နောက်ထပ်မမေးလိုတော့ချေ။
'ပါရ်ဒေစီ'သည် စိတ်ကို ဆွဲဆောင်နိုင်သော ကားဖြစ်ပေသည်။ သူဌေးသားနှင့် သူတောင်းစားမ အချောကလေးတို့
တွေ့ဆုံကြုံရပုံမှာ အိပ်မက်ဆန်လှသည်။ ကုလားမတေးသံနှင့် တပ္ပလာစည်းချက်တို့သည် လူကိုတ‌ဝေ့ဝေ့
တရီရီနေအောင် မွေ့ယမ်းနိုင်ပေသည်။
ကျွန်တော်သည် မြေအောက်အရေးတော်ပုံ လုပ်ငန်းများနှင့် ပတ်သက်ပြီး သခင်တင်မောင်ကြီးနှင့်
တိုင်ပင်ဆွေးနွေးခြင်း မပြုရန် ဆုံးဖြတ်လိုက်လေသည်။ အင်္ဂလိပ်နှင့် ပူးပေါင်းချင်သူဆိုလျှင် မည်မျှပင်
ရိုးသားသောယုံကြည်ချက်ဖြင့် ဖြစ်စေကာမူ အသိမပေးဘဲထားခြင်းက
ဘေးအကင်းဆုံးဖြစ်သည်ဟု သဘောရမိ
လေသည်။ ယုံယုံကြည်ကြည်နှင့် တိုင်ပင်ဆွေးနွေးရန် ကိုအေးငွေကို လိုက်ရှာ၏။
စုံစမ်း၍ပင်မရ။ သူသည်
အစပျောက်ဖြစ်နေ၏။ အခြားလုပ်ဖော်ကိုင်ဖက်များလည်း ဘယ်ရောက်နေကြသည်မသိ။
အမှန်အားဖြင့်
ကျွန်တော်သည် အရေးတော်ပုံဌာနချုပ် တည်ရာ ရန်ကုန်မြို့ရောက်ခါမှ
အရေးတော်ပုံဌာနချုပ်နှင့်

အဆက်ပြတ်နေခြင်း ဖြစ်လေသည်။
သခင်တင်မောင်ကြီးနှင့် ပါရီဒေစီရုပ်ရှင် ကြည့်သောနေ့မှာ စနေနေ့ဖြစ်လေသည်။
တနင်္ဂနွေနေ့ မနက်စောစော တက္ကသိုလ်ကျောင်းဘက်သို့ သွားလေသည်။
နိဝင်ဘာလထဲသို့ ရောက်ခဲ့ပြီဖြစ်သော်လည်း ကျောင်းပိတ်ရက် မကုန်သေး။
အခါတိုင်းတွင် ကျောင်းပိတ်ရက်အတွင်းဖြစ်သော်လည်း တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဆောက်အအုံတွင်
ကျောင်းသားခေါင်းဆောင် အချို့ရှိတတ်၏။ ယခုမူ ဦးကံသိန်းနှင့် မာလီတို့သာ ရှိကြ၏။ သမဂ္ဂစာရေးကိုပင်လျှင်
မတွေ့ရ။
"အားလုံး နယ်ထွက်စည်းရုံးရေး လုပ်ကြမယ်လို့ ဆိုသာပဲ ဆရာရဲ့"ဟု ဦးကံသိန်းက ပြောပြလေသည်။
"ကိုအေးငွေက ဒီမလာဘူးလား"
"မလာတာ မှန်း–တစ်လလောက်ကြာသွားပြီ ဆရာ"
ကျွန်တော်သည် သမဂ္ဂမှ ထွက်ခဲ့ပြီး မမြင့်ဦးဆီသို့ လာခဲ့သည်။
ပန်းမန်ဥယျာဉ်ဖြင့် လှပသာယာသော တစ်ထပ်တိုက်ကလေးဖြစ်သည်။ ပတ်ဝန်းကျင်ကလည်း ဆိတ်ငြိမ်လှသည်။
မြန်မာစာပါမောက္ခ ဦးဖေမောင်တင် ကျောင်းအုပ်ကြီးဖြစ်သဖြင့် သူ့ဌာနက ဆရာမကို မြှောက်စားသောအားဖြင့်
မမြင့်ဦးအား ဤအိမ်ကို ပေးထားခြင်းဖြစ်ဟန် တူသည်။
မတွေ့ရတာကြာပြီဖြစ်သော မမြင့်ဦးအား တွေ့ရတော့မည်ဖြစ်သဖြင့် ဝမ်းသာသော်လည်း အပြင်းအထန်ဖျားနာလျက် အိပ်ရာမှာ လဲနေတာ တွေ့ရမည် စိုးရိမ်မိသဖြင့်
ရင်ဖိုနေလေသည်။
ပြတင်းပေါက်များကို ဖွင့်ထားသော်လည်း တံခါးကြီးများကို ပိတ်ထားလေသည်။ အထဲမှာ လူသူမရှိသလို
တိတ်နေ၏။
တံခါးကိုသာသာပင် ခေါက်လိုက်သည်။
သျှောင်ထုံးဆံရစ်ဝိုင်းနှင့် ကောင်မကလေးတစ်ယောက်လာ၍ တံခါးဖွင့်ပေးသည်။
"မမြင့်ဦး ရှိလားဟေ့"
"ရှိပါတယ်ရှင်၊ ဘယ်သူလာတယ်လို့ ပြောရမှာလဲ"
"ကိုတင်ထွန်းလာတယ်လို့ ပြောပြကွယ်"
မမြင့်ဦးက အခန်းထဲမှနေပြီး–
"ကိုတင်ထွန်းလား၊ အထဲဝင်ခဲ့လေ"
ကောင်မကလေးသည် တံခါးကိုပြန်ပိတ်နေရစ်သည်။ ကျွန်တော်ကား မမြင့်ဦး အခန်းထဲသို့ ရင်တဒိတ်ဒိတ်နှင့်

ဝင်သွားသည်။ တော်ပါသေး၏။ အိပ်ရာမှာ လဲမနေ၊ ပက်လက်ကုလားထိုင်မှာ ထိုင်နေသည်။ ဘေးမှာစာအုပ်တွေ
ပုံထား၏။
ခပ်လှမ်းလှမ်းမှပင် မမြင့်ဦး တော်တော်ကလေး ပိန်သွားသည်ကို မြင်နိုင်၏။
“အဒီကုလားထိုင် ဒီကိုဆွဲခဲ့ပါလား”
ကျွန်တော်သည် ကြိမ်ကုလားထိုင်ကို သူမညွှန်ပြသောနေရာထိ ရွှေ့ဆွဲသွားပြီး ထိုင်လိုက်သည်။ ထိုင်ရင်းမျက်နှာကို
စေ့စေ့ကြည့်လိုက်၏။ မျက်တွင်းတောင် နည်းနည်းဟောက်သွားသည် မဟုတ်လား။ အသားတွေလည်းဝါနေသည်မဟုတ်လား။ မျက်လုံးကြီးများကတော့ အခါတိုင်းလိုပင် ဝိုင်းစက်ကြည်လင်လျက်
ရှိပေသည်။
“ကိုတင်ထွန်း ဘယ်တုံးက ရန်ကုန်ရောက်သလဲ”
“မမြင့်ဦး ဘယ့်နှယ်နေသေးသလဲ၊ ပေးလိုက်တဲ့စာ ရကတည်းက လာကြည့်ချင်တာပဲ”
“တကယ်ပဲလား”
မမြင့်ဦးက ပြုံးလိုက်သည်။ သို့သော် အပြုံးမှာ နှုတ်ခမ်းများပေါ်တွင် ကြာရှည် ရပ်နားမနေပါ။
“တကယ်ပါမြင့်ရယ်၊ သိပ်စိတ်ပူသွားတာပဲ၊ ခုဘယ်လိုနေသလဲ ပြောစမ်းပါဦး”
“ကိုတင်ထွန်းဆီ ကျွန်မပေးတဲ့စာ ဘယ်တုံးက ရောက်သလဲဟင်”
“ဒီမလာခင်ကလေးပါပဲ၊ ကဲ ပြောစမ်းပါဦး၊ ဆရာဝန်က ဘာပြောသလဲ”
မမြင့်ဦးက ဝိုင်းစက်ကြည်လင်သော မျက်လုံးများတွင် မျက်ရည်တွေ ဝဲလာသည်။ အတန်ကြာ ငေးနေပြီးမှ–
“တီဘီ ကျစနခအတဲ့ ထွန်းရယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူးတဲ့၊ ဆေး ဥညန ခသကမျန ထိုးလိုက်ရင်
ကောင်းသွားမှာပဲတဲ့”
“ဟုတ်ပါတယ်၊ ခုခေတ်ကြီးမှာ ဆေးကောင်းတွေပေါ်နေတော့ ဘာမှ ကြောက်စရာ မရှိပါဘူး”
မမြင့်ဦးသည် မျက်ရည်သုတ်သည်။
ကျွန်တော်က ဆက်ပြောသည်။
“အနားတော့ ယူမှကောင်းမယ်၊ အောက်တိုဘာ ဟောလီးဒေးကုန်ရင်ခွင့်ယူပြီး နေဖို့လိုတယ်။ ပြီးတော့စာတွေလည်း
သိပ်မဖတ်ပါနဲ့ မြင့်ရယ်၊ ကြည့်စမ်း စာအုပ်တွေ ပုံနေတာပဲ။ ဘာလို့ ဒီလောက်စာတွေ ဖတ်ရတာလဲ၊
ကောင်းကောင်းလည်း စားဖို့လို တယ်”
“ထွန်း ဒီနေ့ မြင့်နဲ့အတူစားနော်”
“နေပါစေ မြင့်ရယ်”
“ဟဲ့ အေးခင်”

"ရှင်"
ကောင်မကလေးသည် "ရှင်"ဟူသော ထူးသံနောက် တဒိုင်းဒိုင်း ပြေးလိုက်လာလေသည်။ ပြီးတော့
ကျွန်တော်တို့ရှေ့မှာ ကျောင်းသူကလေးလို လက်ပိုက်၍ရပ်နေလေသည်။
"ထမင်းချိုင့်သွားယူချေ။ နှစ်ယောက်စာ ထည့်ပေးပါလို့ပြော၊ ကြားလား"
"ဟုတ်ကဲ့ရှင်"
ကောင်မကလေးသည် နောက်ဖေးဆောင်သို့ ဝင်သွားပြီး ပျောက်ကွယ်သွား၏။
"ခု မြင့်ဘယ်လိုစားသောက်နေသလဲ"
"ဆိုင်ကလခနဲ့ ယူစားနေတာပဲ"
"ကောင်းပါ့မလား မြင့်ရယ်"
"သိပ်ကောင်းတယ်တော့ မဟုတ်ဘူး၊ အိမ်မှာ ချက်ပြုတ်စားနေပြန်လည်း အိမ်ထောင်ကြီးတစ်ခု တာဝန်ထမ်းရတာလိုပဲ ဒုက္ခများမှာပဲ သိလား"
"မြင့်က အိမ်ထောင်တာဝန် တယ်ကြောက်တာကိုးနော် ဟဲ ဟဲ"
မမြင့်ဦးကလည်း လိုက်ပြုံးသည်။ ပြီးတော့ မျက်နှာထားတည်တည်ဖြင့်–
"သြော် တကယ်တမ်း ထမ်းရမယ်ဆိုရင်တော့ ဘယ်ကြောက်မှာလဲ၊ ခက်နေတာက"
မမြင့်ဦး၏ ဖြူဖတ်ဖြူရော်ဖြစ်နေသော မျက်နှာမှာ နီမြန်းလာသည်ဟု ထင်သည်။ သူမ၏ ဝိုင်းစက်သော
မျက်လုံးများကား ႏမူးဝေဝေးမောနေကြသည်။
ကျွန်တော်သည် မမြင့်ဦး၏ ပခုံးနှစ်ဖက်ကို ကိုင်ပြီး လှုပ်ကာလှုပ်ကာ မေးလိုက်ချင်သည်။
"ဘာခက်နေတာလဲ မြင့်ရဲ့"
မမြင့်ဦးသည် တစ်ကိုယ်တည်း စကားပြောနေသည့် လေမျိုးဖြင့်–
"အင်း ခက်နေတာက ကိုယ်ချစ်တဲ့သူက ဘာမှဖွင့်မပြော စမပြော"
"ကိုယ်ချစ်တဲ့လူဆိုတာ ဘယ်သူလဲ ဟင်"
"အိုခက်လိုက်တာ၊ မိန်းမနဲ့ယောကျာ်း ယောကျာ်းကသာ စပြောရတယ် သိလား"
ကျွန်တော်၏ အသည်းနှလုံးများသည် ဆီမှာထည့်သောဂွမ်း အိကျသွားသလို ညွတ်ပျောင်းပျော့ခွေသွားလေသည်။
ထိုခဏ၌ မမြင်နိုင်သော နှောင်ကြိုးအမျိုးမျိုးသည် ကျွန်တော့်အား မမြင့်ဦးနှင့် ရစ်ပတ်တုပ်နှောင်လိုက်သည်
ဟုထင်ရသည်။ နှောင်ကြိုးများမှာ မမြင်နိုင်သော်လည်း ခံစားထိတွေ့နိုင်သည်။ ချစ်တာရော၊ သနားတာရော၊
လေးစားတာရော စုံနေ၏။
ကျွန်တော်သည် ကုလားထိုင်မှဆင်းပြီး မမြင့်ဦး၏ ပက်လက်ကုလားထိုင်ဘေး ကြမ်းပြင်ပေါ်မှာ
ဒူးထောက်ချလိုက်သည်။ ပက်လက်ကုလားထိုင်၏ ညာဘက်လက်တင်တွင် ကျွန်တော့်လက်များကို

ပိုက်၍တင်ထားပြီး မမြင့်ဦး၏မျက်နှာ ကိုမော့ကြည့်ကာ–
"မြင့်ကိုချစ်ပါတယ်။ ချစ်ရုံမကဘူး လေးစားတယ်။ ဒါကြောင့် ချစ်တယ်ဆိုတာ မပြောဖြစ်ခဲ့ဘူး။ ပြီးတော့
ဟိုတွေ့ခါစတုန်းက ရေးခဲ့တဲ့စာက ကျွံနေလို့။ တက်တက်စင် ရိုးပါလျက်ကယ်နှင့်၊ ကလက်တက်တက်
ထင်သူရယ် တစ်မျိုးသဒ္ဒါ မပျက်စေနှင့်၊ အပိုးဝါသနာဘက်ကိုတဲ့ ကွင်းသမို့ဖယ် ဆိုတာလေး မှတ်မိသေးလား"
မမြင့်ဦးက ပြုံးရုံသာ ပြုံးသည်။
"အဲဒီလို စကားကျွံထားလို့ ချစ်လျက်နဲ့ ချစ်တယ်လို့ပြောရမှာ ရှက်နေတယ် သိရဲ့လား။ ခုတော့လေ
အမျိုးမျိုးဆန်းစစ်ကြည့်တော့မှ ဒီစကား မပြောမဖြစ်ဘူး၊ ရှက်စရာမဟုတ်ဘူးလို့ နားလည်လာတယ်"
မမြင့်ဦးသည် ကုလားထိုင်လက်တင်ပေါ်တွင် တံတောင်ဆစ်တင်၍ ရင်ဘတ်ပေါ်မှာ ပတ္တာဆက်ထားသော
သူ့လက်များကို ဖြုတ်လျက် ကျွန်တော့်ပခုံးကို ကိုင်ထားလိုက်ပြီး–
"ဘာဖြစ်လို့ မြင့်ကိုချစ်ရတာတုံး၊ ပြောစမ်းပါဦး"
"အို မြင့်ရယ် အကြောင်းတွေက အများကြီးပေါ့"
"ပြောစမ်းပါဦး ထွန်းရယ်။ ရုပ်ကြောင့်လား၊ ပညာကြောင့်လား၊ စာရိတ္တကြောင့် လား၊ သဘောကြောင့်လား
မနောကြောင့်လား ကဲ ကဲ ပြောစမ်းပါဦး"
အသက်အစိတ်ကျော်ခဲ့သောကြောင့် မြန်မာအလိုရ အပျိုကြီးဟု ခေါ်ဆိုနိုင်သော မမြင့်ဦးတွင် ဆယ့်ခြောက်နှစ်အရွယ် ငယ်မူကလေးတွေ ပြန်လာသည်ကို တွေ့နိုင်သည်။
ရောင်စုံပြေးနေသော လည်ဆံကိုဖွ၍
အလုပြသော ငှက်မလေးနှင့်လည်း သဏ္ဌာန်တူသည်။ အရင်တုန်းက နှစ်ဦးသား ထိန်းသိမ်းထားခဲ့ ကြသော
ကျွန်တော်တို့၏ ဣန္ဒြေများသည် ပေါက်ကျိုးခဲ့ပြီဖြစ်ရာ အချစ်သည် ယိုစီးအန်ထွက်လာလေသည်။
"ဘာကြောင့်ချစ်တယ်ဆိုတာ ပြောလို့ ဘယ်ကုန်မှာလဲ မြင့်ရဲ့။ 'ဗြဟ္မာဗြဟ္မေ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊
ဂါထာစီ၍'ဆိုတဲ့ ဦးပုညစာလို အသက်အလွန်တရာ ရှည်ပါတယ်ဆိုတဲ့ ဗြဟ္မာကြီးတွေမှာ လျှာတွေ
တစ်ကုဋေလောက်ပေါက်ပြီး ချီးကျူး ပြောဆိုသော်လည်း မြင့်ကို ဘာကြောင့်ချစ်တယ်ဆိုတာ ပြောလို့ကုန်မှာ
မဟုတ်ဘူး"

မမြင့်ဦးက မျက်စောင်းထိုးလိုက်သည်။ သို့သော် ထိုမျက်စောင်းမှာ
ပန်းနှင့်ပေါက်သည်နှင့်သာတူ၏။
"အို ထွန်းကလည်း စကားကြီး စကားကျယ်တွေနဲ့ ပြောမနေပါနဲ့၊ ရိုးရိုးကလေး
တဲ့တိုးပြောစမ်းပါ"
"မြန်မာစာ ဂုဏ်ထူးနဲ့ အောင်ထားတဲ့ ဒီစကားမျိုးတွေ၊ ကုသပျို့မှာလည်း ဒီစကားမျိုးတွေ၊
နတ်ရှင်နောင်ရတုမှာလည်း ဒီစကားမျိုးတွေ၊ စာကြီးပေကြီးနဲ့ ရေးထားတဲ့ အချစ်စာပေတွေ
ဖတ်ရလွန်းလို့
မောနေပြီ။ ရိုးရိုးကလေး အရပ်သူအရပ်သား ပြောနေကျစကားနဲ့ မြင့်မေးတာ ပြောစမ်းပါ၊
ဘာဖြစ်လို့
မြင့်ကိုချစ်တာလဲ"
မမြင့်ဦးသည် ရီဝေသော မျက်စိများဖြင့် ကျွန်တော့်အား စိုက်ကြည့်ပြီး နားစွင့်နေသည်။
အချစ်ကိုမွတ်သိပ်ဆာလောင်နေသော မျက်နှာပေတည်း။
"ရှေးမြန်မာ လူပျိုအပျိုတွေဟာ သုံးနှစ်သုံးမိုး လှည့်ပြီးမှ ညားကြတယ်ဆိုတာ
မြင့်ကြားဖူးလား"
"အင်း ဆိုစမ်းပါဦး"
"မြင့်နဲ့ကိုယ် စတွေ့တာ ဘယ်လောက်ကြာပြီလဲ မှတ်မိလား"
မမြင့်ဦးသည် ညာလက်ဖြင့် ကျွန်တော့်ဆံပင်ကို ယုယစွာ ပွတ်သပ်ရင်း–
"ပြောမှာသာ ပြောစမ်းပါ၊ နားထောင်နေပါ့မယ်"
"ခြောက်နှစ်ကျော်ပြီ။ ရှေးမြန်မာ လူပျိုအပျိုလှည့်တာထက် နှစ်ဆတောင်ကြာပြီ။ အဲဒီ
ခြောက်နှစ်တွင်းမှာ
မြင့်ရဲ့ပညာအရည်အချင်းကို ကောင်းကောင်းသိခဲ့ရတယ်။ အကျင့်စာရိတ္တကိုလည်း
ကောင်းကောင်းသိခဲ့ရတယ်။
ဖြူစင်တဲ့သဘောနဲ့ မွန်မြတ်တဲ့ မနောကိုလည်း တွေ့ခဲ့ရတယ်။ ဒါတွေကြောင့် ချစ်တာပါ။
မြင်မြင်ချင်းခဏတစ်ဖြုတ်မှာ တစ်မုဟုတ်ချင်း တက်ကြွတဲ့ ချစ်စိတ်မျိုးမဟုတ်ပါဘူး၊
တဖြည်းဖြည်း တစိမ့်စိမ့်
လိုမ့်လိုမ့်ပြီး ဒီဂရီတက်တက် လာတဲ့ ရင့်ကျက်တဲ့အချစ်ပါ မြင့်ရယ် နားလည်ပြီလား"
သို့ကလိုပြောပြီး ကျွန်တော်သည် ကျွန်တော့်ညာလက်ပေါ်မှာ ထပ်တင်ထားသော မမြင့်ဦး၏
ဘယ်လက်ပေါ်တွင်
ခေါင်းကို တစောင်းတင်ထားလိုက် လေသည်။ မမြင့်ဦး၏ ညာလက်ကား
ကျွန်တော့်ဆံပင်များကို
ဆော့ကစားလျက်ပင်။
"ထွန်းရယ် ခုလိုနေမကောင်းဘူး၊ မကျန်းမာဘူးဆိုတော့ သိပ်အားငယ်တာပဲ။
အားငယ်သွားတယ်ဆိုရင်
ဘယ်သူ့ကိုမှ သတိမရဘူး၊ ထွန်းကိုသာ သတိရတယ်။ ဘယ်သူ့ကိုမ မတမ်းတဘူး၊
ထွန်းကိုသာ တမ်းတမိတယ်။

အဖေ့ကိုတောင် နောက်မှ သတိရတယ်၊ နောက်မှ တမ်းတတယ်။ မြင့်ကိုက သမီးကောင်း မပီသလို့လား၊ သဘာဝ
ကြောင့်ပဲလား မပြောတတ်တော့ဘူး။ ငယ်ငယ်တုန်းကနဲ့ မတူတော့ဘူး၊ ခု ဒီအရွယ် ရောက်လာတော့
အိမ်ထောင်ဖက်၊ ဘဝခရီးမှာ အတူသွားဘက်ကိုသာ မျှော်ခေါ်တမ်းတတာဟာ ဓမ္မတာပဲ ထင်ပါရဲ့"
"ဒါ သဘာဝပဲ ဘယ်သူမှ မြင့်ကို အပြစ်မတင်နိုင်ပါဘူး"
မမြင့်ဦး၏ မျက်လုံးများတွင် စွတ်စိုလာသည်။
"ခုလို မကျန်းမာတုန်း ကိုယ်ဘေးတွေ့တုန်း ထွန်းကိုသတိရတာ တမ်းတတာဟာ ကိုယ်ကျိုးရှာတဲ့ သဘောပဲလား
မသိဘူးကွယ်"
မမြင့်ဦးသည် ရှိုက်လိုက်သည်။ မျက်ရည်ပေါက်များ ကျလာသည်။
ကျွန်တော်သည် သူ့လက်ပေါ်မှာ တင်ထားသော ခေါင်းကို ထောင်လိုက်ပြီး–
"အို မြင့်ကလည်း ဘယ်မှာကိုယ်ကျိုးရှာတာ ဟုတ်ရမှာလဲ၊ အချစ်ငှက်လို့ ဆိုနိုင်တဲ့ ဟသ်ာဖိုနဲ့ ဟသ်ာမလိုပေါ့၊
တစ်ဦးဦးမှာ ဘေးဒုက္ခတွေ့ရင် တစ်ဦးဆီ ပြေးကပ်တာပဲ၊ သေအတူရှင်မကွာပဲ၊ မျက်ရည်တွေသုတ်လိုက်စမ်းပါ"
ကျွန်တော်သည် ကုလားထိုင်လက်တင်ပေါ်မှ ကျွန်တော့်လက်များကို ရုပ်သိမ်းပြီး မမြင့်ဦး၏ လက်ဖဝါးနှစ်ဖက်ကို
ဆွဲယူလျက် ကျွန်တော့်ပါးများကို ပွတ်သပ်စေလေသည်။
မမြင့်ဦးသည် မျက်ရည်ဝေ့နေသော မျက်လုံးများဖြင့် ကျွန်တော့်အား သိမ်းကျုံးဆွဲငင်ထားပြီး–
"ကဲ ကဲထတော့၊ လူများတွေ မြင်သွားမှဖြင့်"
ဒူးထောက်နေသော ကျွန်တော်သည် ထိုအခါမှ ဒူးနာလည်သည်ကို သတိရတော့သည်။ မတ်တတ်ထပြီး
ကျွန်တော့်ကုလားထိုင်မှာ ထိုင်လိုက်လေသည်။
မမြင့်ဦးသည် မျက်ရည်သုတ်ပြီးနောက် နာရီကို ကြည့်လိုက်သည်။
"ဟော ဆေးသောက်ချိန်ရောက်ပြီ"
မမြင့်ဦးက သူ့ဘာသာထပြီး သောက်မည်လုပ်ရာ"
ကိုယ် တိုက်မယ်လေ၊ ဘယ်ပုလင်းလဲ"
"အဲဒီဘက်က တောနစ်ပါပဲ"
မမြင့်ဦးသည် ကျွန်တော်၏ ယုယပြုစုသည်ကို ပြုံးပြုံးလေး ကြည့်၍ ခံယူနေလေသည်။ ဝိုင်းစက်ကြည်လင်သော
မျက်လုံးများမှာ အခါတိုင်းလို တောက်ပနေ၏။ ပါးချိုင့်များကလည်း ခါတိုင်းလို ချိုပြုံးနေ၏။

"မြင့်ကိုချစ်တဲ့ အကြောင်း သည့်ပြင်လည်း ရှိသေးတယ်"
"ဘာလဲ"
"ဝိုင်းစက်ကြည်လင်တဲ့ မျက်လုံးတွေနဲ့ ချစ်စရာကောင်းတဲ့ ပါးချိုင့်တွေပဲ"
"အို ရုပ်ဆိုတာ သင်္ခါရတွေပါကွယ်၊ ဖောက်လဲဖောက်ပြန် ဖြစ်တတ်တာမျိုး သိလား"
"ကဲ ကဲ တောထွက်ချင်အောင် တရားစကားမျိုးတွေ မပြောကြစတမ်း မြင့်ရယ်"
ကောင်မလေးသည် ထမင်းချိုင့်ဆွဲ၍ ရောက်လာလေသည်။
ကျွန်တော်တို့သည် ကွဲကွာနေသော သူငယ်ချင်းနှစ်ယောက် ပြောနေကျစကားမျိုးကို မမောတမ်း
ပြောနေကြလေသည်။ ။
၆၆
မြေအောက်လှုပ်ရှားရေးစခန်း
ကျွန်တော်ရန်ကုန်သို့ ပြန်ရောက်သည်မှာ ရက်ပေါင်းအတော်ကြာသွားခဲ့ပြီ။ သို့သော် မြေအောက်တော်လှန်ရေးသမား ရဲဘော်များနှင့် အဆက်ပြတ်နေတုန်း ဖြစ်လေသည်။ မြေအောက်လှုပ်ရှားရေးလုပ်ငန်းများနှင့် ပတ်သက်သော ကိစ္စများတွင် ကျွန်တော်နှင့် ကွင်းဆက်ဖြစ်နေသူ
ကိုအေးငွေမှာ အစပျောက် ပျောက်နေလေသည်။ သည်ကွင်းဆက်ကို ရှာမတွေ့မချင်း ကျွန်တော့်မှာ လာတော့မည့်
လက်နက်ကိုင်အရေး တော်ပုံတွင် ဘယ်နေရာက လိုက်ပါရမည်ကိုပင် သိနိုင်မည် မဟုတ်ချေ။ ကျွန်တော့်မှာ များစွာ အားမလို အားမရဖြစ်၏။ အငြိမ်မနေနိုင်အောင် ဖြစ်၏။ သို့သော် အငြိမ်မနေနိုင်လို့ရမ်းပြီး
လှုပ်ရှားလျှင် အစိုးရ၏ ပိုက်ကွန်ထဲ မြုပ်သွားမည့် အန္တရာယ်ကလည်း ရှိပေသေး၏။
ဘုရင်ခံ ဆာရီဂျီနယ် ဒေါ်မန်စမစ်သည် တစ်ချက်လွှတ်အာဏာများ ကာကွယ်ရေး ဥပဒေပုဒ်မများနှင့် နန်းရင်းဝန်
ဦးစောနှင့် ပြည်ထဲရေးဝန်ကြီး ဆာပေါ်ထွန်းတို့၏ အစိုးရအဖွဲ့တို့ကို အစွမ်းကုန်သုံးပြီး သခင်များအား
ဖိနှိပ်ချုပ်ချယ်လျက်ရှိပေသည်။ ထောင်သွင်းအကျဉ်းထားခြင်းများမှာ ပိုလို့သာ များပြားလာခဲ့လေသည်။
သခင်များကိုသာမက ဦးဘဖေ၊ ဒေါက်တာဘမော်စသော ဦးစော၏ နိုင်ငံရေးအကြံတူ ရန်သူများကိုပင်
ထောင်သွင်းအကျဉ်းထားခြင်း ပြုလျက် ရှိလေသည်။
ယင်းကဲ့သို့ အငြိမ်ကလည်း မနေနိုင်၊ အရမ်း မလှုပ်ရှားထိုက်၍ အရမ်းမလှုပ်ရှားဘဲ နေရသောအခါ
ကျွန်တော်သည် 'ရသေ့စိတ်ဖြေ' အလုပ်မျိုး ရှာရလေ၏။ ကျွန်တော်၏ 'ရသေ့စိတ်ဖြေ'အလုပ်တစ်ခုမှာ

တို့ဗမာအစည်းအရုံး ဌာနချုပ်သို့သွားပြီး ဥက္ကဌ သခင်တင်မောင်ကြီးနှင့်
စကားစမြည်ပြောခြင်း ဖြစ်လေသည်။
သခင်တင်မောင်ကြီး၏ ယူဆချက်များတွင် ကျွန်တော် လက်မခံနိုင် သောအရာ အများအပြား
ပါရှိ၏။ အထူးသဖြင့်
ဖက်ဆစ်ဂျပန် ဗမာပြည်သို့ ဝင်ရောက်လာလျှင် ကျွန်တော်တို့သည် အင်္ဂလိပ်နှင့် ပူးပေါင်းပြီး
ဂျပန်ကို
ခုခံတိုက်ခိုက်ရမည် ဟူသော အချက်ဖြစ်၏။ ထိုအချက်တွင် သဘာမတူနိုင်သော ကြောင့်
ကျွန်တော်သည်
သခင်တင်မောင်ကြီးအား မြေအောက်အရေးတော်ပုံလုပ်ငန်း အကြောင်းနှင့် ပတ်သက်ပြီး
တစ်လုံးတစ်ပါဒမျှ
ပြောပြခြင်း မပြုချေ။ သို့ရာတွင် သခင်တင်မောင်ကြီးနှင့် ပြောစရာ အခြားအကြောင်းအရာ
များစွာရှိ၏။
ယင်းတို့အနက် အချို့အကြောင်းအရာများတွင် ကျွန်တော်နှင့် ရှုမြင်ပုံ မတူ၊ ယူဆပုံ
မတူချေ။ သို့ရာတွင်
သူ့ယူဆပုံ၊ သူ့ရှုမြင်ပုံကို ကျွန်တော်ကလွယ်လွယ်နှင့် မပစ်ပယ်ရုံမက လေးစားစွာ
ကြားနာခဲ့ပေသည်။
သူ့ဘက်ကနေ ကြည့်က မှန်သလိုလို ရှိသည်ဟုလည်း ထင်မိခဲ့လေသည်။
ဥပမာ ကျွန်တော်က အရှေ့ဘက်သို့ စစ်ကြီး မြန်မြန်ကူးစက်လာစေလိုသည်။ ဖြစ်မှာအတူတူ
မထူးဘူး
မြန်မြန်ဖြစ်လာပါစေ၊ လွတ်လပ်ရေးတိုက်ပွဲ မြန်မြန်စနိုင်မည် ဟု ကျွန်တော်က
သဘောထားလိုက်လေသည်။
သခင်တင်မောင်ကြီးကမူ အရှေ့ဘက်သို့ စစ်ကြီးကူးစက်လာမှာကို များစွာစိုးရိမ်သည်။ ရှေ့မှာ
မကောင်းသော
အလားအလာတွေကိုသာ မြင်နေလေသည်။ ကျွန်တော်က အရှေ့ဘက်သို့ ကူးစက်လာမည့်
စစ်ကြီးကို
ကြိုဆိုနေသည်။ သူက မလိုမချင်၊ ငြိုငြင်နေလေသည်။ သို့ကလို သဘောချင်း
ခြားနားသော်လည်း ကျွန်တော်သည်
သူ့သဘောထားကို လေးစားစွာ နားထောင်ပေသည်။
"သခင်တင်ထွန်းရဲ့၊ စစ်ဆိုတာ လူအချို့အတွက်တော့ စွန့်စားခန်းပဲ။ သို့ပေမယ့်
လူအများအတွက်မှာတော့
ဘာကောင်းကျိုးမှ မပေးနိုင်တဲ့ ဒုက္ခကောင်ကြီးပါကွာ။ လူတွေသေမယ်၊ အိုးအိမ်မြို့ရွာ
ပြာကျမယ်၊
လုပ်ခန်းကိုင်ခန်းတွေ ပျက်မယ်၊ အိမ်ထောင်တွေ ကွဲမယ်၊ ချစ်သောသူငယ်ချင်း
ကွေကွင်းရမယ်"
သခင်တင်မောင်ကြီးမှာ ပြောရင်း မောပန်းနွမ်းလျသွားသလို ဖြစ်နေစဉ် ကျွန်တော်က–

"စစ်ဖြစ်ရင် ဒီလိုအဖြစ်တွေက မဆန်းပါဘူး သခင်တင်မောင်ကြီးရာ။ သေတာဟာ
မဆန်းဘူး၊
ပျက်တာဟာမဆန်းဘူး"
သခင်တင်မောင်ကြီး၏ အသံသည် အနည်းငယ်မာကျောလာသည်။
"အေး မဆန်းတာတော့ မှန်တယ်။ မီးပူတာဟာ မဆန်းဘူး၊ သို့ပေမယ့် မဆန်းတာနဲ့
မီးပုံထဲတော့
လက်မလျှိုချင်ဘူး မဟုတ်လား။ ဒီလိုပဲပေါ့ သေတာဟ ာမဆန်းပေမယ့်
သေတော့မသေချင်ကြပါဘူး။
ချစ်သူချင်းချင်း ကွေကွင်းရတာ ကွဲရတာဟာ မဆန်းဘူးပေါ့၊ သို့ပေမယ့် မကွဲချင်ပါဘူး။
ဒါ့ထက် သခင်တင်ထွန်း
ချစ်သူနဲ့ကွဲဖူးသလား"
"ဟင့်အင်း မကွဲဖူးသေးပါဘူး"
"အေး မကွဲဖူးသေးတော့ ကွဲခြင်းကို လေးလေးပင်ပင် မရှုမြင်တတ်သေးဘူးပေါ့။
ဒါ့ကြောင့်လည်း သေတာက
မဆန်းဘူး၊ ကွဲတာဟာ မဆန်းဘူးဆိုပြီး စစ်ကြီးကို ပေါ့ပေါ့ဆဆ တွက်လိုက်တော့တာပဲ။
လူအများဖြစ်ချင်ရာဖြစ်၊
စိတ်ဒုက္ခရောက်ချင်သလောက်ရောက် ငါတစ်ယောက် စွန့်စားခန်းထုတ်ရရင် ပြီးရော
ငါတစ်ယောက်အာဇာနည်လုပ်ရရင် ပြီးရောဆိုတဲ့ အတွေးအခေါ်အထိ ရောက်စေတော့တာပဲ"
သူသည် ရှေ့ဆက်ရန် စကားရှာနေစဉ် ကျွန်တော်က ဝင်စွက်လိုက်သည်။
"ခင်ဗျားကော ချစ်သောသူနဲ့ ကွဲဖူးသလား"
"ကွဲဖူးတာပေါ့"
"ဘယ်လိုလဲဗျ၊ နည်းနည်း ဝိတ္ထာရ ချဲ့စမ်းပါဦး"
"ကိုယ်ကချစ်လျက်နဲ့ သူကခွဲသွားလို့ ကွဲရတာပါ ကိုယ့်လူရာ"
"အို ရက်စက်စိမ်းကားလှပါကလား၊ ဘယ်ကမိန်းကလေးလဲဗျ"
"အမျိုးသမီးကျောင်းတစ်ကျောင်းက ဆရာမတစ်ဦးပါ ကိုယ့်လူရာ၊ နာမည်တော
့မေးမနေပါနဲ့တော့"
"ဘာ့ကြောင့် ခွဲသွားရတာတုံး"
"အားလုံ းသတ္တုချကြည့်လိုက်တော့ ကိုယ်က သခင်နိုင်ငံရေးထဲဝင်လို့ သူက ခွဲသွားတာပါပဲ"
"ဖြစ်ရလေဗျာ၊ ဆရာမတစ်ယောက်က သည်လောက်မျိုးချစ်စိတ်နည်းနေရင်..."
သခင်တင်မောင်ကြီးသည် မျက်နှာကိုရှုံ့မဲ့ပြီး လက်ကာပြ၍ တားမြစ်လိုက်သည်။ ပြီးတော့
ကြေကွဲသောအသံဖြင့်–
"အို သူ့အပြစ် မဟုတ်ပါဘူးလေ။ သခင်နိုင်ငံရေးသမားဆိုတော့ မယားကို ထမင်းတောင်
ဝအောင်ကျွေးနိုင်မှာမဟုတ်ဘူး၊ ဆင်ဖို့ပြင်ဖို့ဆိုတာတော့ နေနေသာသာ၊ ထောင်ကျရင်လည်း
သူ့ခမျာ
ဒုက္ခရောက်ရဦးမယ်"

သူသည တကယ်စိတ်ထိခိုက်ခြင်းဖြင့် ပြောနေ၏။ သူ့ခံစားမှုကို ပေါ့စေရန် ကျွန်တော်က ရယ်စရာညှပ်လိုက်သည်။
“နောက်ကျရင် ဒီကိစ္စမျိုးမှာ ဒုက္ခရောက်စရာ မရှိတော့ဘူး ထင်တယ်ဗျ”
မှုန်နေသော သူ့မျက်နှာမှာ အနည်းငယ်လင်းလာသည်။
“ဘယ်လိုလဲ ဆိုစမ်းပါဦး”
“သခင်လေးမောင်ကို မြန်မာပြည်ကာကွယ်ရေး ဥပဒေအရ ထောင်ထဲ အကျဉ်းချထားလို့ သူ့မယား ဒေါ်မိမိက
အရေးပိုင်ရုံးမှာ အစိုးရကို တရားစွဲထားတယ် လေ၊ သခင်လေးမောင်
ထောင်ကျနေစဉ်အတွင်းမှာ အစိုးရက
ဒေါ်မိမိကို စားစရိတ် ပေးထားရမယ်ဆိုတယ် မဟုတ်လား ဟား ဟား ဟား”
သူသည် အတန်ကြာ ပြုံးစိစိလုပ်နေပြီးနောက်–
“အမှုက နိုင်စရာ မရှိလှပါဘူး”
“မနိုင်ပေမယ့် အမြော်အမြင်ရှိတဲ့ တောင်းဆိုချက် တစ်ရပ်ပဲဗျ”
သူသည် တစ်စုံတစ်ရာကို တွေးမိပြီး သဲ့သဲ့ ရယ်လိုက်သည်။ ၎င်းနောက်–
“မလွမ်းလောက်ပါဘူး၊ သခင်တင်ထွန်းရယ်၊ ထောင်ကျမှ မိန်းမစားစရိတ်ပေး နိုင်တာမျိုး ဖြစ်နေပါလိမ့်မယ်”
ဤသို့ဖြင့် ကျွန်တော်တို့သည် အယူအဆမတူသည့် ကြားထဲကပင် စိတ်ဝင်စားစရာ အကြောင်းအရာများသို့
စကားဆိုက်ရောက်သွားတတ်ကြပေသည်။
၎င်းပြင် ကြည့်မြင်ရာ၌ သူနှင့် ကျွန်တော်အတိမ်အနက် မတူသည်လည်း ရှိသေး၏။ ဥပမာအားဖြင့်ဆိုသော်
တစ်ခါတုန်းက သတင်းစာဖတ်ရင်း သူ့အား ဤသို့ ပြောလိုက်သည်။
“ဟောဒီမှာဗျာ သခင်တင်မောင်ကြီး မိန်းမတွေ အင်္ကျီတိုတိုဝတ်တဲ့ဘက်မှာ
ဆောင်းပါးရှင်တစ်ဦးက ရေးထားတယ်။
ပဒုမ္မာတစ်အုပ်ကို တိုတိုချုပ်ရင် ယခင်က ရှစ်ထည်ကိုးထည်အစား ၁၀ထည်
၁၂ထည်ထွက်အောင်
ချုပ်နိုင်သည်တဲ့။ သူ့ဆင်ခြေ ဟာ မဆိုးဘူးဗျ”
ကျွန်တော်ကတော့ ပေါ့ပေါ့ပြောလိုက်ခြင်းသာ ဖြစ်သည်။ သူက လေးလေး
နက်နက်ကြီးတွေးပြီး–
“ဒါဟာ ကောင်းတဲ့နိမိတ်တစ်ခုပဲဗျ။ အလုပ်၊ လုပ်အားနှင့် အလုပ်သမား ဂုဏ်ရှိတဲ့ ခေတ်၊ လွတ်မြောက်တဲ့ခေတ်ကို အမျိုးသမီးတွေက ကြိုဆိုတာနဲ့ တူနေတယ်”
“ဘယ်လိုလဲဗျ၊ ရှင်းစမ်းပါဦး”
“အင်္ကျီဖားဖား ရှည်ရှည်ကြီးနဲ့ဆိုရင် အလုပ်လုပ်ရာမှာ ရှုပ်တယ်။ အင်္ကျီတိုတို ဝတ်ထားရင် အလုပ်ကိုလွတ်လွတ်ကျွတ်ကျွတ် ဖျတ်ဖျတ်လတ်လတ် လုပ်နိုင်တယ်။ သဘောကတော့
အမျိုးသမီးတွေဟာ

အလုပ်လုပ်ခြင်းသည် ဂုဏ်ရှိတယ်ဆိုတာ နားလည်ပြီး အလုပ်လုပ်တော့မယ်၊
အလုပ်သမားတွေဖြစ်တော့မယ်လို့
နိမိတ်ပြတာပဲ ဗျ"
ကျွန်တော်သည် သူနိမိတ်ကောက်ပုံနှင့် ပတ်သက်ပြီး စောဒကတက်ရန် မရှိပါ။
နှစ်သက်ခြင်းပင် ဖြစ်ပါ၏။
"ဒါဖြင့် အလုပ်သမားခေတ်သစ်ကြီးကို ကြိုဆိုတဲ့ အင်္ကျီတိုလို့ ဆိုရမယ်ထင် တယ် ဟဲ ဟဲ။
ပဒုမ္မာပိတ်တွေကလည်း နာမည်အမျိုးမျိုးပဲဗျ၊ ရုပ်ရှင်နာမည်တွေ ယူထားတယ်။
ဟောဒီသတင်းစာထဲမှာ
ကြော်ငြာပုံကလေးနားထောင်စမ်းပါဦး။ ချစ်စနိုး၊ ချစ်အမျှ၊ အချစ်ဆုံး၊ မမေ့နိုင် ပဒုမ္မာများ ဘိလပ်မှ
ရောက်လာပြီတဲ့ဗျ။ အင်းဒီလိုဆိုတော့ ဖက်ရှင်ဖြစ်နေတဲ့ အင်္ကျီတိုကို ကျွန်တော်တို့က အလုပ်သမားခေတ်သစ်ကြို
ချစ်စနိုး ပဒုမ္မာအင်္ကျီတိုလို့ ကင်ပွန်းတပ်ရလိမ့်မယ် ဟဲ ဟဲ ဟဲ"
ကျွန်တော်က 'ဟဲ'သော်လည်း သူကလိုက်မဟဲဘဲ တွေတွေကြီးလုပ်နေသဖြင့် ကျွန်တော့်မှာ အနည်းငယ်ကြောင်သွားလေသည်။ ကျွန်တော်သည် သူ့ကိုအကဲခတ် ကြည့်ပြီး
ငြိမ်နေလိုက်၏။
အတန်ကြာတော့ သူက လေးလေးနက်နက် စဉ်းစားနေရာမှ တစ်စုံတစ်ရာကို ဖျတ်ခနဲ
သတိရလာဟန်ဖြင့်–
"ဘိလပ်မှ ရောက်တယ်ဟုတ်လား"
"ဟုတ်တယ်"
"စစ်ကြီးပြင်းထန်နေတဲ့ကြားထဲက၊ အင်္ဂလန်ကို ဗုံးအစွမ်းကုန်ကြဲနေတဲ့အထဲက
ဗမာအမျိုးသမီးတွေအတွက်
ပဒုမ္မာတွေ ပို့ဖြစ်အောင် ပို့တယ်နော်။ အေးလေပို့ရမှာပေါ့၊ ဓနရှင်လောကဟာ အမြတ်ရှိမှ အသက်ရှင်နိုင်တယ်၊
အမြတ်ရဖို့ ဘယ်နည်းနဲ့မဆို ကြံဖန်လုပ်ကိုင်နေရတာပဲ။ အမြတ်ထုတ်တဲ့နေရာမှာ အမျိုးသမီးတွေ လှပစေ၊
တင့်တယ်စေဖို့ အဝတ်အထည်လုပ်ပြီး အမြတ်ထုတ်တာက အင်မတန် မွန်မြတ်ပါသေးတယ်။ သိပ်ဆိုးနေတာက
ဓနရှင်ဟာ ငတ်မွတ်ခေါင်းပါးခြင်း၊ စစ်ဖြစ်ခြင်းတွေမှာလည်း အမြတ်ထုတ်နေကြတယ်။ လက်နက်
ရောင်းပြီးအမြတ်ထုတ်တယ်၊ လူတွေငတ်နေရာမှာ မှောင်ခိုဈေးဖွင့်ပြီး အမြတ်ထုတ်တယ်"
ကျွန်တော်ကား အင်္ကျီတိုဆောင်းပါးနှင့် ပဒုမ္မာပိတ်ကြော်ငြာကို ဖတ်သောအခါ ပေါ့ပေါ့ပင် ဖတ်လိုက်သည်။
အပေါ်ယံကိုပဲ မြင်လိုက်သည်။ သခင်တင်မောင်ကြီးကား အတွင်းနိုက်ကြည့်သည်။
လေးနက်သော အဓိပ္ပာယ်ကို

ထင်မြင်အောင်ရှာသည်။
"သခင်တင်မောင်ကြီးရဲ့၊ ခင်ဗျားပြောလေ့ရှိတဲ့ စစ်ကြောင့် ကုန်ဈေးနှုန်းတွေ တက်တယ်၊ လူတွေကျပ်တည်းတယ်ဆို။ ခုတော့ ပဒုမ္မာပိတ်တွေ သိပ်ရောင်းကောင်း နေတယ်။ ပဒုမ္မာဈေးက မတက်လို့လား၊
လူတွေက မကျပ်တည်းလို့လား"
"သခင်တင်ထွန်းရဲ့၊ ပြဿနာတစ်ခုကို ကြည့်တဲ့အခါမှာ သူ့ချည်း မကြည့်ရဘူး။ အခြားအဖြစ်အပျက်တွေ၊
ကိစ္စတွေ၊ အခြေအနေတွေနဲ့ ဆက်စပ်ကြည့်ရမယ်။ လူတွေဆိုတာ ဘသူတွေလဲလို့ ခွဲခြားကြည့်ရမယ်။
ပဒုမ္မာပိတ်ပါးကို ဝတ်တဲ့လူတွေ၊ တစ်နည်းပြောရရင် အထက်လွှာထဲက သို့မဟုတ် အလတ်တန်းထဲက
လူနည်းစုသာဖြစ်တဲ့ လူတွေပဲ။ အဲဒီလူနည်းစုကတော့ ချောင်တယ်၊ အများစုလူတွေကတော့ ကျပ်တယ်။
ပဒုမ္မာဈေးကလည်း တက်တာပဲ။ သို့ပေမယ့် ဆားဈေး၊ သကြားဈေး၊ မီးခြစ်ဈေး တက်သလောက်တော့
မတက်ဘူး။ ဆား၊ သကြား၊ မီးခြစ်စတဲ့ လူအများသုံးပစ္စည်းတွေ ဈေးတက်တဲ့အတွက် လူအများကျပ်တာအမှန်ပဲ။
ပဒုမ္မာပိတ်ကို သုံးသူမှာတော့ ပဒုမ္မာဈေးက သည့်ထက်သည် တက်ဦး၊ မထောင်းတာဘူး။ ကိစ္စမရှိဘူး။
သူတို့ဝင်ငွေက အမြဲတိုးနေတာပဲ။ ခုတလော ဖုံးခိုကျင်းတွေ တူးတယ်မဟုတ်လား၊ အဲဒါတွေ ကန်ထရိုက်ယူတဲ့
လူတွေ ဝင်ငွေတိုးတက်လာတာပေါ့။ ခုတလော ဗမာတချို့ကို သိမ်းသွင်းတဲ့အနေနဲ့ ဘုရင်ခံက ရာထူးကြီးတွေ
ပေးနေတယ် မဟုတ်လား၊ သူတို့ဝင်ငွေတိုးနေတာပေါ့။ အစိုးရပိုင်း၊ မင်းတိုင်ပင်အမတ်ပိုင်း၊ အုပ်ချုပ်ရေးပိုင်းမှာ
လာဘ်စားမှုတွေ များလာတယ်မဟုတ်လား၊ သူတို့မှာ ပဒုမ္မာပိတ်ဝယ်အား ပိုကောင်းလာတာပေါ့။
အင်္ဂလိပ်စစ်ဗိုလ်တွေ ပိုရောက်လာတော့အထက်တန်းဖာတွေ ပိုဝင်ငွေကောင်းလာတာပေါ့။ သူတို့လည်း ချစ်စနီး၊
ချစ်အမျှစတဲ့ ပဒုမ္မာတွေ လှိုင်လှိုင်ကြီး ဝယ်နိုင်တော့တာပေါ့။ စစ်ဆိုတာလူတစ်စုအတွက် ကောင်းတယ်၊
လူအများအတွက် မကောင်းဘူး"
ကျွန်တော်သည် တို့ဗမာအစည်းအရုံးဌာနချုပ်သို့ မကြာခဏသွားခြင်းမှာ ဤလို စိတ်ဝင်စားစရာကောင်းသော
စကားမျိုး သခင်တင်မောင်ကြီးနှင့် ပြောပြီး 'ရသေ့စိတ်ဖြေ' လုပ်ရုံမျှသာမကပါ။

ကျွန်တော်ရန်ကုန်သို့ပြန်ရောက်နေပြီဖြစ်ကြောင်း တစ်ဆင့်စကား တစ်ဆင့်ကြားခြင်းဖြင့် မြေအောက်လှုပ်ရှားရေးစခန်းသို့ သတင်းရောက်စေလို၍လည်း ဖြစ်ပေသည်။
ကျွန်တော်မျှော်မှန်းသည့်အတိုင်းပင် မြေအောက်လှုပ်ရှားရေးစခန်းသည် ကျွန်တော်ရန်ကုန်သို့ ပြန်ရောက်နေပြီဖြစ်ကြောင်း တစ်နည်းနည်းဖြင့် သိသွားကြပြီ ဖြစ်ဟန်တူလေသည်။
တစ်ညနေတွင်
ကျွန်တော်သည် ကျွန်တော့်နေအိမ်ခန်းမှာ တစ်ယောက်တည်း ရှိနေခိုက်
လူငယ်တစ်ယောက်သည် စာတစ်စောင်ကို
ပေးလာပေသည်။ စာတွင် တစ်စုံတစ်ယောက်၏ အမည်ကိုမပါသအောင် လက်မှတ်ထိုး
ထားသော်လည်း
လက်ရေးမြင်ရုံဖြင့် ကိုအေးငွေထံမှဖြစ်ကြောင်း သိလိုက်လေသည်။ ကျွန်တော့်မှာ အလွန်တရာ အားတက်ရွှင်လန်းခြင်းဖြစ်သွား၏။ ကိုအေးငွေက ထိုညတွင် သူနှင့်တွေ့ရန် ချိန်းခြင်းဖြစ်၏။
စာလာပေးသော
သူငယ်အား ကျွန်တော်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သောအခါ ထိုသူငယ်သည်
စကားတစ်ခွန်းတစ်ပါဒမျှ
ပြောမနေတော့ဘဲ ချာခနဲ ထွက်သွားလေသည်။
ချိန်းသော အချိန်မှာ ည၇ နာရီခွဲဖြစ်၏။ နေရာမှာကား ဗဟန်းရေတာရှည် လမ်းနှင့်
ရွှေဂုံတိုင်လမ်းဆုံရာ အနီးရှိ
မြန်မာကွမ်းယာဆိုင်ကလေးဖြစ်၏။
ကျွန်တော်သည် ၇နာရီ၌ အိမ်မှထွက်ခဲ့လေသည်။ ဆောင်းတွင်းဝင်လာပြီဖြစ်၍
အေးစိမ့်စိမ့်ဖြစ်နေသည်။ သို့သော်
ရန်ကုန်ဆောင်းဦးပေါက်မှာ နေခင်းထိုင်ခင်း အသာယာဆုံးသော အခါသမယ ဖြစ်ပေသည်။ ဆွယ်တာပါးပါးလှလှကလေးများ ဝတ်ပြီး စတိုင်တစ်မျိုးထုတ်နိုင်သော
အချိန်လည်းဖြစ်ပေသည်။
ကျွန်တော်သည် မမြမှီပေးထားသော ဆွယ်တာကို ထုတ်ဝတ်ခဲ့လေသည်။ မမြမှီနှင့်
ရှမ်းပြည်သို့
သွားခဲ့သည့်အဖြစ်ဟောင်းကို အောက်မေ့ဖွယ်ပင်ဖြစ်နေ၏။ ကောလိပ်ကျောင်းသို့သွားသော
အာရုံအီးတီ
ဘတ်စ်ကားပေါ်တွင်ထိုင်၍ လိုက်ပါရင်း မမြမှီအကြောင်း စဉ်းစားနေမိလေသည်။ မမြမှီသည်
ကျွန်တော့်အား
မျှော်နေပေလိမ့်မည်။ လိုက်ရှာလျှင်လည်း ရှာနေပေလိမ့်မည်။ ကျွန်တော်သည်
ရန်ကုန်ပြန်ရောက်ကြောင်း
မမြမှီအား အကြောင်းမကြား။ သူ့ထံ သွား၍လည်း မတွေ့။ ဤသို့ အဆက်ဖြတ်ရခြင်းမှာ
လွယ်ကူသော
အလုပ်မဟုတ်ပေ။ ကျွန်တော့်အားစိတ်၏ချမ်းသာ၊ ကိုယ်၏ချမ်းသာကို ပေးခဲ့သော မမြမှီ။
ကျွန်တော့်

နေရေးထိုင်ရေး မပူပင်ရအောင် ငွေကြေးထောက်ပံ့ခဲ့သော မမြမှီ။ ဆွဲဆောင်ခြင်း အမျိုးမျိုး အပြည့်ရှိသော မမြမှီ။
ထိုမမြမှီနှင့် ကွေကွင်းရသော ဆင်းရဲခြင်းကား မသေးငယ်ပါ။ ထိုဆင်းရဲဒုက္ခကို အောင့်အည်းသည်းခံနေရသည့်
အကြောင်းများမှာ ကျင့်ဝတ်သိက္ခာနှင့် ဆန့်ကျင်သည်ဟူသော ကိုယ့်အသိကြောင့် လိပ်ပြာလန့်ခြင်းနှင့်
အများတကာသိလျှင် ပြောကြဆိုကြမည်ကို ရှက်ကြောက်ခြင်းတို့ဖြစ်ပေရာ ထိုအကြောင်းတို့သည် စိတ်၏ချမ်းသာ၊
ကိုယ်၏ချမ်းသာကို တောင့်တသောလူ့သဘာဝ၊ နေရေးထိုင်ရေးတွင် မကြောင့်မကြရအောင် တောင့်တသော
လူ့သဘာဝတို့နှင့် စာသော်အားအင်ကြီးမားလှသည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် ယနေ့ထိ မမြမှီနှင့် မတွေ့အောင်
ရှောင်နေနိုင်သေးသော်လည်း စိတ်ကတော့မမြမှီထံ မကြာခဏ ရောက်ရောက်သွားပေသေးသည်။ အထူးသဖြင့်
အလုပ်အကိုင် ပုံမှန်မရှိ၊ ဝင်ငွေမှန်မှန် မရှိသဖြင့် နေရေးထိုင်ရေးမှာ အကျပ်တွေ့တိုင်းမမြမှီ၏ ထောက်ပံ့ကြေးကို
ပြေး၍ ယူလိုသည်။ အကူအညီပြေး၍ တောင်းလိုသည်။
အာရ်အီးတီ ဘတ်စ်ကားသည် ရွှေဂုံတိုင်အဝိုင်းကြီးမှာ ရပ်လိုက်လေသည်။
ကျွန်တော်သည် ဘတ်စ်ကားမှ ဆင်းခဲ့ပြီး ရွှေဂုံတိုင်နှင့် ရေတာရှည်လမ်းထောင့်သို့ လျှောက်ခဲ့သည်။
လဆုတ်ရက်ဖြစ်သဖြင့် လ မထွက်သေး။ သည်ဘက်ပိုင်းမှ လမ်းဓာတ်မီးများသည် အားမကောင်းသဖြင့်
ခပ်မှိန်မှိန်ရှိလေသည်။ ညပိုင်းရောက်ပြီဆိုလျှင် လူအသွားအလာပါးသောနေရာလည်း ဖြစ်၏။
မြန်မာကွမ်းယာဆိုင်ကလေးမှာ လျှပ်စစ်ဓာတ်မီး မသွယ်ယူနိုင်၊ ရေနံဆီ လက်ဆွဲမှန်အိမ်ကလေးတစ်ခုကို
ထွန်းထား၏။ ကုန်ပစ္စည်းမှာလည်း ကုလားကွမ်းယာ ဆိုင်များလို မစုံလင်လှချေ။ ကွမ်းယာဗန်းအပြင်
ဆေးလိပ်အမျိုးမျိုးနှင့် သွေးဆေး၊ ဝမ်းနုတ်ဈေး အမျိုးမျိုးသာ ရှိလေသည်။ ဆိုင်ရှင်သည် ဈေးဝယ်တစ်ယောက်နှင့်
စကားပြောနေ၏။ ဈေးဝယ်သူမှာဘောင်းဘီဖြူနှင့် ရှပ်အင်္ကျီလက်ရှည်အဖြူကို ဝတ်ထားပြီး တရုတ်နှင့်တူသည်။
နှုတ်ခမ်းမွေးတိုတိုကလေး ထားပြီး မျက်မှန်လည်း တပ်ထားသည်။
ကျွန်တော်သည် ကွမ်းယာဆိုင်၏ ဘေးဘီတွင် လူသူလေးပါး အရိပ်အခြည်ကို ကြည့်လိုက်သည်။

ကိုအေးငွေကိုမတွေ့ရ။ နာရီကို ကြည့်လိုက်သောအခါ ၇နာရီခွဲနေ လေပြီ။
ကျွန်တော်ကိုယ်တိုင်က
ကွမ်းယာဆိုင်ရှေ့မှာ ရပ်ပြီး အရိပ်အခြည်ပြမှ တစ်နေရာရာမှာ ဝင်ရပ်လိုက်၏။
ဈေးဝယ်နေသော
တရုတ်နှင့်တူသူသည် ကျွန်တော့် အားဘေးစောင်းကြည့်လိုက်လေသည်။ သေသေချာချာ
ကျွန်တော်က
ကြည့်မိသောအခါ ထိုသူကို ကျွန်တော်သိမြင်ဖူးသည်ဟု ထင်လာလေသည်။
ကျွန်တော်–
"ကွမ်းတစ်ယာပေးပါဗျာ"
ကွမ်းယာသည်–
"အချိုလား၊ ဆေးနဲ့လား"
ကျွန်တော်က မဖြေမီထိုသူက–
"ဒီဆိုင်မှာ နှစ်မျိုးစလုံး ကောင်းတာပဲဗျ"
ထိုသူ့အသံကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ထိုသူမှာ
ကိုအေးငွေဖြစ်ကြောင်း
တပ်အပ်သေချာသိပေတော့သည်။ အနည်းငယ်တော့ အံ့သြခြင်းဖြစ်မိ၏။ သို့သော်
အံ့သြခြင်းကိုမပြဘဲ
ဖုံးဖိထားလိုက်ပြီး–
"ခင်ဗျားတို့ကောင်းမယ်ထင်တာပေးပါဗျာ"
ကွမ်းယာသည်သည် ကွမ်းယာပြီးသောအခါ ကျွန်တော့်အား လှမ်းပေးလိုက်၏။ ကျွန်တော်က
ပိုက်ဆံထုတ်ပေးနေချိန်တွင် ကိုအေးငွေသည် ထွက်သွားနှင့်၏။ ၎င်းနောက် ကျွန်တော်သည်
သူ့နောက်မှ
နောက်ယောင်ခံလိုက်သွားလေသည်။
ကျွန်တော်တို့သည် ရွှေဂုံတိုင်လမ်းအလိုက် ခြောက်ထပ်ကြီးဘက်သို့ လျှောက်ခဲ့ကြလေသည်။
သစ်ပင်ကြီးများကလည်း အုပ်မိုးနေကြပြီး ကုန်းပေါ်မှာ ကျောင်းများ၊ ဇရပ်များ၊ ဘုရားများက
လွှမ်းခြုံနေကြသောကြောင့် မှောင်နေလေသည်။ ကျွန်တော်တို့သည်
အုတ်လှေကားကြီးတစ်ခုတွင် တက်ကြ၏။
စကားဝါပင်၊ တရုတ်စကားပင်၊ ပိန္နဲပင်၊ ဝါးရုံ စသည်တို့ကြားမှာရှိသော အုတ်တံတိုင်း
နှစ်ဖက်ကာထားသော
လမ်းကလေးမှာ လျှောက်ကြ၏။ ကျောင်းကြား၊ ဇရပ်ကြား ဝင်ကြ၏။ ၎င်းနောက်
ဇရပ်တစ်ဆောင်တွင်းသို့
ဝင်ကြလေသည်။
လူတစ်ယောက်သည် ကြမ်းပြင်ပေါ်မှာထိုင်၍ လက်နှိပ်စက်ကို စားပွဲပုကလေး ပေါ်တွင်
တင်ပြီး

ဖယောင်းတိုင်စက္ကူမှာ လက်နှိပ်စက် ရိုက်နေလေသည်။ ထိုသူမှာ အသားမည်းမည်း မျက်မှန်ဝင်းဝင်း၊
ခေါင်းတုံးဆံတောက်နှင့် ဖြစ်လေသည်။ ထိုသူမှာ ရေကျော်မှ ကျောင်းဆရာ သခင်ချစ်ဖြစ်လေသည်။
ကျွန်တော်တို့ ဝင်လာသည်ကို သခင်ချစ်သည် တစ်ချက်လောက် မော့ကြည့်ပြီးနောက် လက်နှိပ်စက်ရိုက်မြဲရိုက်နေလေသည်။
ထိုင်မိသည်ဆိုလျှင်ပင် ကျွန်တော်က ကိုအေးငွေအား–
"ရုတ်တရက် ခင်ဗျားကို မှတ်တောင်မမှတ်မိဘူး"
သူက မျက်မှန်ချွတ်ရင်း–
"ရုပ်ပြောင်းရုပ်လွှဲ အောင်မြင်တယ်ဆိုရမှာပေါ့။ လိမ်ရင် ဖြောင်လိမ်တာထက် တစ်ဝက်တပျက် လိမ်တာက
ပိုပိတယ်ဆိုတာလိုပဲ၊ ရုပ်ဖျက်တဲ့အခါမှာ သိပ်မဖျက်ရဘူး၊ နည်းနည်းဖျက်ပြီး ပုံမှားရိုက်ရတယ်၊ ဟဲဟဲ။
အင်္ကျီကြောင်ကြောင် ကျားကျား ဝတ်နေမကျတဲ့ လူတစ်ယောက်က ကြောင်ကြောင်ကျားကျား ဝတ်ရုံနဲ့လည်း
ပုံမှားရိုက်နိုင်တာပဲ။ ဘောင်းဘီဝတ်လေ့မရှိသူက ဘောင်းဘီဝတ်လိုက်ရုံနဲ့လည်း ပုံမှားရိုက်နိုင်တာပဲ။
ကိုယ့်ကိုကြည့်၊ ဘောင်းဘီဝတ်နေ မကျဘဲ ဝတ်လိုက်တယ်၊ မျက်မှန်တပ်လိုက်တယ်၊ မျက်မှန်အမည်းကြီးတပ်တာ
မဟုတ်ဘူးနော်။ နှုတ်ခမ်းမွေး တိုတိုကလေး ထားလိုက်တယ်။ ရုပ်ပြောင်းသွားတာပဲ။ အရေးကြီးတာက
သဘာဝကျဖို့ဖြစ်တယ်။ ကဲ ဆိုစမ်းပါဦး၊ ဘာတွေ လုပ်ခဲ့သလဲ၊ ခုကော ဘာတွေလုပ်နေသလဲ"
"ကျွန်တော်တို့နယ်မှာ လုပ်ခဲ့တာတွေတော့ ရှိပါတယ်။ ခု ရန်ကုန်ပြန်ရောက်တော့ ဘာမှ မလုပ်ရသေးဘူး။
ခင်ဗျားတို့နဲ့မှ မတွေ့ဘဲ၊ ဘာလုပ်စရာရှိမှာလဲ"
"ကိုယ်တို့လည်း ခရီးထွက်နေကြတာကိုး၊ ဒါကြောင့် ရဲဘော် အဆက်ပြတ်နေတာ။ ကဲ နယ်မှာလုပ်ခဲ့တာ
ကလေးတွေ ပြောစမ်းပါဦး"
ကျွန်တော်က လာတော့မည့် အရေးတော်ပုံအတွက် လူတွေ စည်းရုံးခဲ့ပုံ၊ ကောင်းကင်မှ လက်နက်ချပေးရန်
နေရာများ ရွေးချယ်ခဲ့ပုံ စသည်တို့ကို လုံးစေ့ပတ်စေ့ အစီရင်ခံလေသည်။
ကိုအေးငွေက အင်္ဂလိပ်နယ်ချဲ့အား လက်နက်ကိုင် တိုက်ထုတ်ရန်ကိစ္စနှင့် ပတ်သက်၍ အရပ်ရပ်

အခြေအနေများကိုခြုံ၍ ပြောပြသည်။ သခင်အောင်ဆန်း သည်
ဂျပန်မှတစ်ခေါက်ပြန်လာကတည်းက
လိုက်ပါသွားသော သခင်လှမြိုင်တို့လူစု မှာ ဂျပန်မှာနေခဲ့ကြောင်း၊ သခင်လှဖေ၊
ကိုထွန်းရှိန်စသော ရဲဘော်များ
သခင်အောင်ဆန်းနှင့်အတူ လိုက်ပါသွားကြပြီဖြစ်ကြောင်း သိရလေသည်။ ပြင်ပမှ
ဗမာ့လွတ်လပ်ရေးတပ်ကြီးများ
ချီတက်လာစဉ် ပြည်တွင်းမှ နေရာအနှံ့အပြားတွင် လက်နက်ကိုင် သူပုန်များ ထကြွရန်
အစီအစဉ်များကိုလည်း
ထိုက်သင့်သလောက် ပြောပြပေ၏။
ကိုအေးငွေသည် ကျွန်တော်နှင့်ရဲဘော်နေထွန်းတို့ ရွေးချယ်ထားသော လေယာဉ်ပျံမှ
လက်နက်ချပေးရန် နေရာကို
သေချာစွာ မှတ်သားထားလိုက်လေသည်။
ကိုအေးငွေက ဂျပန်သည်လက်နက်အကူအညီများအပြင် ငွေကျပ် သန်းနှစ်ဆယ်ကိုပါ
အကူအညီ
ပေးလိမ့်ဦးမည်ဖြစ်ကြောင်း ပြောပြသောအခါ ကျွန်တော့်မှာ မှင်တက်မိသွားလေသည်။
ထို့ကြောင့်ကိုအေးငွေက–
"တစ်ပြည်လုံး စည်းရုံးရေးလုပ်ဖို့ လျှို့ဝှက်စွာ တပ်တွေ ထားဖို့ဆိုတော့ ဒီငွေဟာ
နည်းတောင်နည်းသေးတယ်
ကိုယ့်လူ"
"ကြားရတဲ့သတင်းက ကောင်းလွန်းအားကြီးလို့ မှန်မှ မှန်ပါ့မလားလို့ သံသယ ဖြစ်နေတယ်
ကိုအေးငွေရဲ့"
"ဂျပန်အစိုးရနဲ့ ကိုယ်တို့ခေါင်းဆောင်တွေ သဘောတူညီမှု ရပြီးတဲ့အတိုင်း ပြောနေတာပါ
ရဲဘော်တင်ထွန်း၊
ဒါတွေကိုသည့်ပြင် ဘယ်သူ့မှလည်း ပြောမနေနဲ့ဦး၊ ကိုယ်တို့အချင်းချင်းသာ
သိထားဖို့ပြောတာ"
"ကျွန်တော်နူတ်လုံပါ့မယ်ဗျာ၊ ခုလောလောဆယ် ကျွန်တော်ဘာလုပ်ရမလဲ"
"ဝါဒဖြန့်လုပ်ငန်းလုပ်ရမယ်"
ကိုအေးငွေသည်အခန်းထဲမှ စာရွက်စာတမ်းအလိပ်များကို ဆွဲထုတ်လာပြီး
ကျွန်တော့်အားပေးလိုက်သည်။
"ဒါတွေကိုနီးစပ်ရာလူတွေ ဝေပေးလိုက်ပါ"
၄င်းတို့မှာ 'အရေးတော်ပုံ' ဆိုသောစာစောင်များ ဖြစ်လေသည်။
"အဖိုးအခ တောင်းရဦးမှာလား"
"စာစောင်ကို ပေးပြီးတော့ အလှူခံ၊ တစ်ကျပ်ထက်တော့ မနည်းစေနဲ့ပေါ့"
ကျွန်တော်သည် စာစောင်များကို လှန်လှောကြည့်နေလေသည်။

ကျွန်တော်တို့၏ ဝါဒဖြန့်စာရွက်စာတမ်းများတွင် နာဇီဂျာမနီနှင့် တိုက်နေသော ရုရှားကို ချီးကျူးအားပေးခြင်းများ၊
ဂျပန်စစ်ဝါဒီတို့အား ခုခံတိုက်ခိုက် နေသော တရုတ်ကွန်မြူနစ်များကို ထောက်ခံအားပေးရေးသားချက်များ၊
အင်္ဂလိပ်နယ်ချဲ့သမားအား အပြုတ်တိုက်ရေးများနှင့် ထိုသို့အပြုတ်တိုက်ရေး အတွက် အပြင်မှ အကူအညီဘယ်နည်းနှင့်မဆို၊ ရအောင်လုပ်ရမည်ဟူသော အဆိုများ ပါရှိလေသည်။
'အရေးတော်ပုံ' စာစောင်မှာ လျှို့ဝှက်စွာ ရိုက်နှိပ်ထုတ်ဝေနေသော စာစောင်ဖြစ်လေသည်။
ကျွန်တော်သည် စာစောင်များတွင် အာရုံစွဲ နှစ်မြုပ်နေစဉ် ကိုအေးငွေက–
"ရဲဘော်တင်ထွန်း ငွေရေးကြေးရေး အခြေအနေ ဘယ်လိုနေသလဲ"
ထိုမေးခွန်းကို ကျွန်တော်မျှော်လင့်မထားချေ။ သို့သော် အမှန်အတိုင်း
ပြောပြနိုင်သူ့ထံမှောက်မှာ
အမှန်ကိုအန်ထုတ်ခွင့်ရသဖြင့် ဝမ်းသာသွားပေ၏။
"အခြေအနေက ကျပ်တာပေါ့ဗျာ။ အလုပ်ကလည်း ထွက်ထားတယ်၊ အဖေသေလို့
ရွာပြန်ရတော့
ကုန်ကျတာကလည်း ရှိသေးတယ်။ မုဆိုးမ အမေ့ဆီကလည်း တစ်ပြားစတစ်ချပ်မှ
မယူချင်ဘူး၊
ခုလောလောဆယ်ဆိုရင် ဘိုင်ကျနေတာပေါ့"
"ပုံနှိပ်တိုက်ထောင်ပေးမယ်ဆိုတဲ့ ရဲဘော်ရဲ့ အစ်မကြီးဆိုတာကလည်း ထောင်မပေးတော့
ခက်သွားတာပေါ့လေ။
ရဲဘော်ဖို့ ကိုယ်နည်းနည်းပေးလိုက်ရဦး မယ်"
"ဟဲ ဟဲ သန်းနှစ်ဆယ်ထဲကလား"
"ဟဲ ဟဲ ဆိုပါတော့၊ စရန်ရတဲ့အထဲကပါပဲ"
ကိုအေးငွေသည် ငွေ၂ဝ ထုတ်ပေးလေသည်။ နှစ်ကျပ်တန် အသစ်စက်စက် ဆယ်ရွက်ဖြစ်၏။
ကိုအေးငွေ၏ မျက်နှာသည် တည်သွားပြန်လေသည်။ တစ်စုံတစ်ရာကို လေးလေးနက်နက်
စဉ်းစားနေပြီးနောက်–
"အရေးကြီးတာက ကိုယ်တို့တစ်တွေက ကိုယ်တို့တာဝန်ကို ကျေပွန်အောင် လုပ်ဖို့ပဲ။
ဗမာ့တာဝန် ကျေပွန်အောင်
ဗမာတွေလုပ်နိုင်မှ ဂျပန်ဟာ ဗမာပြည်ထဲ ဝင်မလာနိုင်မှာ။ ဂျပန်ဝင်မလာဘဲနဲ့ အင်္ဂလိပ်ကို
မောင်းထုတ်နိုင်အောင်
ကြိုးစားရမယ်"
"ဟုတ်တယ်၊ ဒါဟာ အရေးကြီးဆုံးပဲ။ ဂျပန်က ဝင်လာမိရင် အပိုင်စီးသွားမှာ
စိုးရသေးတယ်။ ဒါပေမဲ့
တစ်ခုခက်နေတာ ရှိတယ်"
"ဘယ်လိုခက်နေတာလဲ၊ ဆိုစမ်းပါဦး"

“လူတွေ တော်တော်ခပ်များများက အရှေ့ဘက်က ဂျပန်လာမှာကို အရှေ့က
နေဝန်းထွက်သည့်ပမာဆိုတာလို
မျှော်လင့်စောင့်စားနေကြတယ်”
“အခုနေအခါမှာ ဂျပန်ကို မျှော်တာက ကိစ္စမရှိပါဘူး၊ အင်္ဂလိပ်အပေါ်မှာ ယုံကြည်ချက်၊
အားထားချက်ကင်းမဲ့ခြင်းကို ပြတဲ့သဘောပါပဲ။ ခုနေအခါမှာ အရေးအကြီးဆုံးက
အင်္ဂလိပ်နယ်ချဲ့သမားကို
မုန်းဖို့၊ အယုံအကြည်မဲ့ဖို့၊ အင်္ဂလိပ်နယ်ချဲ့ အစိုးရခေတ်ကုန်ပြီဆိုတာ နားလည်ဖို့ဖြစ်တယ်၊
ဒီလိုဖြစ်ဖို့ဟာ
ကိုယ်တို့ပယောဂဖြင့် ဖြစ်ဖြစ်၊ ဂျပန်ပယောဂဖြင့် ဖြစ်ဖြစ် ကောင်းတာချည်းပဲ”
“ဟုတ်တာပေါ့လေ၊ ကဲကျွန်တော် ပြန်တော့မယ်။ နောက် ဒီကိုပဲ လာရမှာလား”
“ဟုတ်တယ်၊ ဗုဒ္ဓဟူးနဲ့ စနေနေ့တိုင်း ည၇နာရီနဲ့ ၉နာရီကြားမှာ လာခဲ့ပါ။ ဒီနေ့တော့
ကိုယ်ကိုယ်တိုင်
လာကြိုလို့ လမ်းကကင်းက မမေးတာ၊ နောက်နေ့တွေဆို ရင် အုတ်တံတိုင်းလမ်းကြားမှာ
ကင်းနဲ့တွေ့လိမ့်မယ်။
ကင်းက“ မောင်စန်လားဟေ့”လို့ မေးလိမ့်မယ်။ ဒီတော့ ရဲဘော်က “မောင်စန်တော့
မဟုတ်ပါဘူး၊ မောင်စန်က
လွှတ်လိုက်တဲ့ ခန္တီပါ”လို့ဖြေလိုက်ပါ။ ဒီလိုဆိုရင် သွားခွင့်ပြုလိမ့်မယ်”
“မှတ်မိပါပြီ”
“မောင်စန်လားဟေ့”
“မောင်စန်တော့မဟုတ်ပါဘူး၊ မောင်စန်က လွှတ်လိုက်တဲ့ ခန္တီပါ။ ဟဲ ဟဲ
လျှို့ဝှက်ရေးလုပ်ငန်းဆိုတာ
စေ့စပ်သေချာရတယ်နော်။ ကောင်းတယ်”
ကျွန်တော်ပြန်လာသောအခါ ကိုအေးငွေက အုတ်လှေကားအထိ လိုက်ပို့လေသည်။
မြောက်လေအေးကလေး တိုက်လာသည်။ ဘုရားထီးမှ ဆည်းလည်းသံမှာ တလင်တင်တင်
မြည်လျက်ရှိ၏။
ရွှေဂုံတိုင်လမ်းမှာ လွန်စွာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ လူသွားလူလာ မရှိ၊
ယာဉ်အသွားအလာလည်းမရှိ။
လမ်းထောင့်တွင် ဘတ်စ်ကားမောင်းသည်။ မလာနိုင်သဖြင့် ဗဟန်းဘက်သို့
ခြေလျင်လျှောက်လာခဲ့သည်။
ချာချီလမ်းကြီးသည်လည်း အသွားအလာမရှိ။ ခြောက်သွေ့နေ၏။ လမ်းဘေးနှစ်ဖက်ရှိ
ကုန်းမြင့်ပေါ်က
တိုက်အိမ်များမှာကား သာယာလှပေ၏။ ဓာတ်မီးများကို အဆန်းတကြယ် တင့်တယ်စွာ
ထွန်းထားကြလေသည်။
မီးရောင်အောက် ပန်းခြံများမှာ အရောင်အသွေး ထင်ထင်ရှားရှားနှင့် လှခွင့်မရ ကြသော်လည်း
ဝိုးတိုးဝါးတား

မပီကလာဖြင့် အိပ်မက်ဆန်သော အလှတစ်မျိုးကို ဆောင်နေကြလေသည်။
လမ်းလျှောက်ရတာ ပျော်မြူးလာသည်။ လေပင်ချွန်မိ၏။ သီချင်းပင် ညည်းမိ၏။
ကန်တော်ကြီးစောင်းသို့ ရောက်လာလေသည်။ အုပ်မိုးနေသော သစ်ပင်ကြီးများကား
ရေကသိုဏ်းရှုနေသလို
တည်ငြိမ်ခဲ့ညားလှလေသည်။ ရေပြင်ပေါ်တွင် လှိုင်းစီးနေသော ကြယ်ရိပ်များကား
မျက်စပစ်နေကြသည်နှင့်
တူပေ၏။
ကံအားလျော်စွာ ဘုရားဘက်မှ လျှောက်လာသော လန်ချားတစ်စီးကို တွေ့ရလေသည်။
အိတ်ထဲမှာငွေ
၂ဝိရှိနေသဖြင့် အိမ်ထိအောင် လန်ချားစီးပြီး ဇိမ်ခံရန် စဉ်းစားလိုက်လေသည်။ အချိန်မှာ
ဆယ်နာရီကျော်ကျော်၊
ရန်ကုန်မြို့တွင်းမှာ လန်ချားစီး၍ အကောင်းဆုံးသော အချိန်ပေတည်း။
အသွားအလာပါးသဖြင့်
လမ်းတစ်ခုလုံးကိုလန်ချားက ပိုင်သည်။ တိတ်နေသောကြောင့် ကားမောင်းလာလျှင်လည်း
အဝေးကြီးမှပင်သိနိုင်သဖြင့် အေးအေးဆေးဆေး ရှောင်တိမ်းနိုင်သည်။ ရာသီဥတု
အေးချမ်းသာယာသဖြင့်
လန်ချားသမားက ပို၍ အားပါးတရဖြင့် မမောမပန်း ဆွဲနိုင်သည်။ သည်အထဲက ကျွန်တော် လန်ချားပေါ်
တက်သည်နှင့် တစ်ပြိုင်နက် ငွေတစ်ကျပ်ပေးမည်ဆိုသဖြင့် လန်ချားကုလားမှာ
မြင်းကောင်းစိုင်းဘိသည့်နှယ်။
တိရစ္ဆာန်ရုံမှာ တရိပ်ရိပ်ကျန်ရစ်ခဲ့သည်။ ချစ်သူတို့၏ လမ်းကြားကို ဖြတ်ကျော်စဉ် မမြမှီနှင့် လမ်းလျှောက်ရင်း
ညုကြတာကြသည့် အတိတ်ကားချပ်များ သည်စိတ်ထဲမှာ တစ်လွှာပြီးတစ်လွှာ
ပေါ်လာလေသည်။
စိတ်ဓာတ်ဆိုသည်မှာ ဆန်းကြယ်လှပေသည်တကား။ ယင်းသို့ အတိတ်ကားချပ်တစ်ခုကို
ထင်ဟပ်နေသည့်
တစ်ခဏ၌ပင် ပစ္စုပ္ပန် ကားချပ်တစ်ခုသည် ရောနှောထင်ဟပ်လာပြန်လေသည်။ တီဘီဟု
ထင်ရသော ရောဂါဖြင့်
နွမ်းရိပျော့ခွေလဲလျောင်းနေရသော မမြင့်ဦး၏ ရုပ်ပုံကားချပ်ပေတည်း။
ကျွန်တော်သည် မမြင့်ဦးထံသို့ မကြာခဏ ရောက်ခဲ့၏။ အခြေအနေတိုးတက်
ကောင်းမွန်လာသည်ကို မတွေ့ရ။
မမြင့်ဦးအား ကုသနေသော ဆရာဝန်ထံသို့ သွားပြီး အခြေအနေမေးခဲ့၏။
အားရဖွယ်ကောင်းသော
စကားကိုမကြားခဲ့ရ။ ဆရာဝန်သည် ရောဂါကျွမ်းနေပြီ၊ မျှော်လင့်ချက်မရှိတော့ဘူးဟူသော
စကားမျိုးကို

မပြောသော်လည်း စိတ်မပူပါနှင့်၊ မကြာခင် ပျောက်ပါလိမ့်မယ်ဟူသော စကားကိုလည်း မပြောပေ။
“စောင့်ကြည့်သေးတာပေါ့”ဟူသော စကားကို တွင်တွင်ပြောပြီး ဆေးတွေသာ တွင်တွင်ပေးနေလေသည်။
ကျွန်တော်သည် မမြင့်ဦးကို အားတက်အောင် အမျိုးမျိုးကြံဖန်ပြောရ၏။ သူ့အတွက် မျှော်လင့်ချက်ဗိမာန်ကြီးတွေ
ခမ်းနားထည်ဝါစွာ ဆောက်ပေးရ၏။
မောင်ဂိုမာရီလမ်း။
ထိုလမ်းပင်လျှင် အတော်ရှင်းနေ၏။ ဟိုနားဒီနား လန်ချားတစ်စီးတလေ ပြေးလွှားနေခြင်းနှင့် လူအချို့ကူးသန်းဖြတ်သွားခြင်းသာ ရှိတော့၏။ ဓာတ်ရထားများမှာ တစ်စင်းမကျန် ရုပ်သိမ်းသွားခဲ့ပြီ။
ကျွန်တော်နေထိုင်ရာ ဇေဒကဝိန်ဆရာဦးတက်ရှိန်၏ တိုက်ခန်းရှေ့သို့ ရောက်သောအခါ လန်ချားကို
အရပ်ခိုင်းလိုက်လေသည်။
ကျွန်တော်လန်ချားပေါ်မှဆင်းပြီး ငွေတစ်ကျပ်ပေးလိုက်သောအခါ လန်ချားကုလားသည် စစ်သား၏
ဖျတ်လတ်တည့်မတ်ခြင်းမျိုးဖြင့် ဆလံပေးလိုက် လေသည်။ ထိုဆလီကု ခံယူရသော ကျွန်တော်သည်
စစ်ဗိုလ်လိုပြုံးမူရမည်လား၊ သူဌေးလိုပြုံးမူရမည်လား မသိ။ ဘာကလို တိုတိုကြီးဖြစ်ကာ ပြုံး၍သာ ပြုံးလိုက်ရ
လေတော့သည်။
လှေကားပေါ်သို့ တက်မည်အပြုတွင် ကြည်လင်သော၊ ပြာလဲ့သော ကောင်းကင်မှ မိုးကြိုးသံကို
ကြားရဘိသကဲ့သို့ “မောင်ကလေး”ဟူသော အသံကို အံ့သြစွာ ကြားရလေသည်။ အသံလာရာသို့
လှည့်ကြည့်လိုက်သောအခါ လမ်းဘေးမှာ ရပ်ထားသော မမြမှီ၏ မော်တော်ကားကို တွေ့ရလေသည်။
ကျွန်တော်သည် အံ့သြမဆုံးနိုင်ဖြစ်ပြီး ရပ်တန့်ငေးမောနေမိလေသည်။
မမြမှီသည် မော်တော်ကားပေါ်မှ ခေါင်းပြူထွက်ပြီး–
“မောင်ကလေး၊ အောင်မယ်လေး ဒီကဖြင့် ရှာလိုက်ရတာ”
သည်တော့မှ ကျွန်တော်သည် ကားအနီးသို့ ပြေးကပ်လိုက်သည်။
“ဟင် မမပါကလား၊ ကျွန်တော် လုံးလုံးမမျှော်လင့်ဘူး၊ လုံးလုံး မထင်ဘူး”
ဒရိုင်ဘာကိုဘိုးအောင်ကား အလွန်ကျွန်နွှေကောင်းသူဖြစ်၏။ ကျွန်တော်တို့ကို လုံးလုံး လှည့်မကြည့်။ စပ်စုလိုသော

အမူအရာကို လုံးဝမပြ။ သူ့ဘာသာသူ စတီယာရင်ဘီးပေါ် လက်တင်ရင်း ရှေ့သို့
ငေးကြည့်နေလေသည်။
မမြမီသည် မူရာမာယာများလှသောမျက်နှာဖြင့် ကျွန်တော့်အား မော့ကြည့်ရင်း–
"ဟုတ်မှာပေါ့ မောင်ရယ်၊ သိပါတယ်။ မမကို မျှော်မှာမဟုတ်ပါဘူး၊ သတိတောင်
ရမှာမဟုတ်ပါဘူး။ အိုတမင်
မေ့ထားတဲ့ဟာပဲလေ"
"အို ဒီလိုမဟုတ်ပါဘူး မမရဲ့။ ကျွန်တော်က ဒီလိုဒီနေရာမှာ၊ ဒီအချိန်ကြီးမှာ မမကိုတွေ့ရဖို့
မမျှော်လင့်တာကို
ပြောတာပါ"
"မမ ဒီနားက စောင့်နေတာ တစ်နာရီကျော်ကျော်ကြာပြီ"
"ဟာဗျာ ဟုတ်လား၊ အားနာစရာကြီး"
ကျွန်တော့်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိဆိုသလို ဖြစ်လာလေသည်။ မမြမီသည်
ကားခုံတစ်ဖက်သို့ ရွှေ့ထိုင်ရင်း–
"လာလေကွယ်၊ မတ်တတ်ကြီး စကားပြောမနေပါနဲ့၊ ကားထဲတက်ခဲ့ပါ"
မမြမီ၏ အမူအရာမှာ ခါတိုင်းနှင့်အနည်းငယ် ခြားနား၏။ ခါတိုင်း ဒရိုင်ဘာ အစေခံစသော
လူများရှေ့တွင်ပင်လျှင် ဣန္ဒြေထိန်းထားသည်။ ကျွန်တော့်အား ခုလို လွတ်လပ်စွာ
မဆက်ဆံခဲ့ချေ။
ကျွန်တော်သည် ကားတံခါးကိုဖွင့်ပြီးတက်လျက် မမြမီ ဘေးမှာပင် ခပ်ခွာခွာ ခပ်ယို့ယို့
ထိုင်လိုက်လေသည်။
ကားတံခါးကိုပင် မပိတ်မိ။
"မမ ခုဘယ်က လာတာလဲ"
"မင့်ဆီ တမင်လာတာပေါ့။ မောင်လေးဟာ လူကိုယ်တိုင်လည်း မလာဘူး၊ စာလည်း မရဘူး၊
ဒီလိုနေတာက
ဘာသဘောလဲ"
မမြမီက အပူတပြင်း လှုပ်ရှားနေသောခံစားမှုနှင့် ပြောသည်။ ကျွန်တော်ကတော့ အေးစက်စွာ
ဖြေလိုက်၏။
"ဘာသဘောမှ မဟုတ်ပါဘူး မမရယ်၊ မအားတဲ့ သဘောပါပဲ"
"မမမှာ ဘာဖြစ်နေတယ်ဆိုတာ သိသလား"
ကျွန်တော်က မမြမီအား ထိန်းသိမ်းပိပြားစွာ နေထိုင်ပြောဆိုရန် သတိပေးသည့်သဘောနှင့်
ရှေ့ကထိုင်နေသော
ဒရိုင်ဘာဘက်သို့ လက်မငေါက် တက်ထိုး၍ ပြလိုက်လေသည်။ မမြမီကား ဂရုစိုက်ပုံမပေါ်။
အပူတပြင်း
လှုပ်ရှားနေသော ခံစားမှုမျိုးဖြင့်ပင်–
"မမမှာ ဘာဖြစ်နေတယ်ဆိုတာသိရဲ့လား"
ကျွန်တော်က အေးဆေးစွာပင်–

"ဆိုစမ်းပါဦး"
"ကိုထွန်းဝင်း ဆုံးသွားပြီ"
"ဟောဗျာ ဘယ်တုံးကလဲ"
မမြမှီသည် မာယာလော၊ တကယ်လော မသိ။ ဝမ်းနည်းလှိုက်ဖိုသော အသံဖြင့်–
"တစ်လတောင် ကျော်သွားပြီ"
ကျွန်တော့်မှာမူ ဝမ်းနည်းရမည်လား၊ ဝမ်းသာရမည်လား ဝေခွဲဆုံးဖြတ်ခြင်း မပြုနိုင်သေးမီ ဝမ်းနည်းဟန်ပင်
ဆောင်ရလေသည်။
"ဘယ်လို ဆုံးသွားတာလဲ မမ"
မမြမှီသည် တက်လာသော စိတ်သောကလှိုင်းများကို နှာခေါင်းမှ ညှစ်ထုတ်ပြီး ရေမွှေးထုံသင်းနေသည့်
လက်ကိုင်ပဝါဖြင့် သုတ်ရင်း–
"သူ့ရောဂါဟောင်းနဲ့ပဲ ဆုံးသွားရှာတာပါပဲကွယ်။ နာတာရှည်ကြီး ပြန်နာလန်ထူတယ်လို့ မရှိတော့ပါဘူး"
ကျွန်တော်သည် မမြမှီ၏လက်ကိုင်ပဝါမှ ပျံ့လွင့်လာသော ရေမွှေးနံ့တွင် ထုံယစ်နေမိ၏။ ထိုခဏ၌ တစ်ခါတုန်းက
ကျွန်တော်နှင့် လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံနိုင်ရန် ဦးထွန်းဝင်း သေပါစေတော့ဟု မမြမှီ ဆုတောင်းခဲ့သည်ကို
ဖျတ်ခနဲ သတိရလေသည်။
"သူ့ခမျာလည်း ဝဋ်ကျွတ်တယ်လို့ဆိုရမှာပါပဲ မမရာ။ အိပ်ရာမှာ အမြဲလှဲနေရတဲ့ ဒုက္ခဆင်းရဲဟာဘယ်လောက်ကြီးမယ်ဆိုတာ"
"အေးပေါ့၊ ဒီလိုတွေးပြီး စိတ်ပူတာ ဖြေရတာပဲ။ သူ့ခမျာမှာ ဝဋ်ကျွတ်ရှာတာပါပဲ။ မမဖြင့် သိပ်အားငယ်သွားတာပဲကွယ်။ မုဆိုးမဘဝဆိုတာ မမလို အလုပ်အကိုင်နဲ့
တင့်တောင့်တင့်တယ် ရှိဦးတော့၊
လူအထင်သေးတော့ ခံရတာပဲ"
မမြမှီက မုဆိုးမဘဝ ငိုချင်းရှည်ချနေသည်ကို ကျွန်တော် စိတ်မဝင်စားနိုင်တော့ ပါ။ ဦးထွန်းဝင်းကွယ်လွန်ခြင်းကို
အကြောင်းပြု၍ မမြမှီနှင့် ကျွန်တော်တို့၏ ရှေ့ရေးကံကြမ္မာ ဘယ်သို့ဘယ်ပုံ ဖန်လာဦးမည်ကိုသာ
ခန့်မှန်းတွေးထင် စိတ်ကူးခန်း ဝင်နေလေတော့သည်။
"မောင်လေး တံခါးပိတ်လိုက်ကွယ်"
ဆိုတော့မှ အတွေးရပ်ပြီး ကျွန်တော်သည် ကားတံခါးကို ဆွဲပိတ်လိုက်လေသည်။ ဘာလုပ်ဖို့ ကားတံခါးပိတ်ရသည်ကိုပင် ကျွန်တော်မသိ။ သို့သော် ကားတံခါးပိတ်လိုက်သည်ဆိုလျှင်ပင် ကားသည် ငြိမ့်ခနဲ
မောင်းထွက်သွား သည်ကိုသာ သိလေတော့သည်။ ။

၆၇
ရုန်းထွက်မရသော ပိုက်ကွန်
အကြောင်းကံက ထူးဆန်းစွာ ဖန်တီးပေးနေသလော။
ကျွန်တော့်ကိုယ်တိုင်က မရှင်းမရှင်း လုပ်ခဲ့သဖြင့် ရှုပ်ထွေးနေသော
အကျိုးအာနိသင်တွေဖြစ်လာသလော။
ကျွန်တော့်အချစ်ဇာတ်လမ်းတွေကား ကြာလေ ရှုပ်ထွေးလာလေသည်။ ဖခင်ကြီး မသာချအပြီး မိခင်က "ငါ့သား
မင်းအိမ်ထောင်ပြုဖို့ကောင်းပြီ"ဟု ဆိုကာ ဇနီးလောင်း အရွေးခိုင်းတော့ ကျွန်တော်သည် မမြမှီအကြောင်းထည့်သွင်းတင်ပြခြင်း မပြုခဲ့ချေ။ မမြင့်ဦးနှင့် မခင်သစ်နှစ်ဦးကြားမှာလည်း တွေဝေနေခဲ့လေသည်။ အမေကိုယ်တိုင် "သမီးလေးက ချစ်စရာကောင်းတယ်၊
သမီးကြီးကလည်း
ချစ်ရာကောင်းတာပဲ"ဟု ဝေခွဲမရသော သဘောကိုပြခဲ့လေသည်။
ဟော ရန်ကုန်ကိုပြန်ရောက်တော့မရေ
၂ဝင်မလွှဲသာသော အကြောင်းများကြောင့် မမြင့်ဦးနှင့်အတိအလင်း ချစ်ချင်း စကားဆိုပြီး ဘဝခရီးတွင်
အေးအတူပူအမျှ လက်တွဲလျှောက်ရန် ဝန်ခံကတိပြုခဲ့ရလေသည်။
ကျွန်တော့်အချစ်ဖြင့် မမြင့်ဦး၏ရောဂါ သက်သာစေမည်ဟု နှလုံးပိုက်ခဲ့သည်။ သူမနှင့် ကျွန်တော်
ဇနီးမောင်နှံရာသက်ပန်ဖြစ်ရေးကို မျှော်မှန်းစေခြင်းအားဖြင့် မမြင့်ဦးသည် အသက်အတွက် လက်မလျှော့ဘဲ
အားတက်စွာကြိုးပမ်းလာလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေသည်။
ဟော-တစ်ဖန်၊ တိုင်းပြည်လွတ်လပ်ရေးအတွက် မြေအောက်အရေးတော်ပုံ လုပ်ငန်းများကို ပြတ်သားစွာ
ဆောင်ရွက်တော့မည်ဟု စိတ်ထက်သန်နေတုန်း၊ အချစ်ကိစ္စမှာလည်း မမြင့်ဦးအား တစ်ဦးတည်းအချစ်ဖြင့်
အာရုံစူးစိုက်မည်ဟု ပြဋ္ဌာန်းထားတုန်း-
"မမြမှီအား မမျှော်လင့်ဘဲ တွေ့ရပြန်ပြီ။ ထိုမမျှော်လင့်ခြင်းထက် ပို၍ကြီးသော မမျှော်လင့်ခြင်းမှာ မမြမှီ၏ခင်ပွန်း
ဦးထွန်းဝင်း ကွယ်လွန်သွားခြင်း ဖြစ်ပေသည်။
ကာမပိုင်မရှိ ပကတိ လွတ်လပ်သန့်ရှင်းသော မမြမှီနှင့် ကျွန်တော် ဘယ်လိုနေနေ ဘာအပြစ်မှ မရှိတော့ပြီ။
ကိုယ်ကျင့်တရား ပျက်ပြားနေသည်ဟု သိကာ ကိုယ့်လိပ်ပြာ ကိုယ်လန့်နေစရာလည်း မလို၊ သူများကဲ့ရဲ့မှာကိုလည်း ကြောက်စရာမရှိ။ တရားဝင် လင်မယားအဖြစ်ဖြင့် လူသိနတ်ကြား နေလိုကလည်း ဘာမျှ
အတားအဆီးမရှိတော့ဟု ကျွန်တော်ထင်မိပေသည်။

ကျွန်တော်သည် တွေးချင်ရာတွေ တွေးပြီး လိုက်ပါလာခဲ့သည်။ မမြမှီသည်
အစဉ်ကျွန်တော့်အား ဟိုမေးသည်မေး
မေးပြီး စကားပြောအောင် လုပ်သေး၏။ သို့သော် ကျွန်တော်က ဌာန်ကရိုဏ်းကျအောင်
မပြေ။ စကားကိုလည်း
ဖြတ်ဖြတ်ပစ်လိုက်သဖြင့် မမြမှီသည် ဘာမှမပြောတော့ဘဲ ကျွန်တော့်အား ကဲခတ်၍သာ
လိုက်ပါလာခဲ့၏။
မော်တော်ကားသည် ဘယ်လမ်းဖြတ်ပြီး ဘယ်မောင်းသွားသည်ဟု ကျွန်တော်သတိမထားမိ။
ကားထိုးရပ်လိုက်တော့မှ ပြည်လမ်းရှိ သိန်းသိန်းတို့၏ ခြံထဲရောက်လာသည်ကို
သတိရလေတော့သည်။
ကားသည် ဆင်ဝင်အောက်မှာ ရပ်ထားသည်။ ဒရိုင်ဘာသည် ကားပေါ်မှ အမြန်ဆင်းပြီး
အိမ်တံခါးပေါက်ဘေးတွင်ရှိသော ဘဲလ်ကို နှိပ်လိုက်လေသည်။ အထဲမှာ ကလင်တင်တင်နှင့်
မြည်သွား၏။
မမြမှီသည်လည်း ကားပေါ်မှဆင်းသည်။ ကျွန်တော်ကကြောင်နေပြီး ကားပေါ်မှာပင်
ထိုင်နေရာ မမြမှီက–
"မောင်ကလေး ဆင်းလေကွယ်"
ကျွန်တော်က ဆင်းပြီးမမြမှီ၏ နောက်နားမှာရပ်နေစဉ်အတွင်းမှ တံခါးဝဆီသို့
လျှောက်လာသောခြေသံကို
ကြားရသည်။ ထိုအခါ ဒရိုင်ဘာသည် ကားပေါ်သို့ ပြန်တက်သွားလေသည်။
အထဲမှ မိန်းမသံပေါ်လာသည်။
"ဘယ်သူလဲ"
မမြမှီက–
"မြပါကွယ်၊ သိန်းသိန်းရယ် ဖွင့်စမ်းပါဦး"
တံခါးသော့ဖွင့်သံနှင့်အတူ ဆွဲငင်ပျင်းရိသောအသံဖြင့် သိန်းသိန်းက"
မြကလည်း သိပ်နောက်ကျတာပဲ၊ သိန်းသိန်းစောင့်တောစောင့်ပါသေးရဲ့၊ အိပ်ချင်တာနဲ့"
တံခါးပွင့်လာသည်။ အိပ်မှုန်စုံမွှားနှင့် သိန်းသိန်းက ကျွန်တော့်အားကြည့်ပြီး ပြုံးလိုက်သည်။
ကျွန်တော်သည်
ရှက်ကိုးရှက်ကန်းဖြစ်နေ၏။ ကျွန်တော်ကား ခိုးရာ လိုက်ပါလာသော
မိန်းကလေးတစ်ယောက်နှင့် တူမနေပါလား။
မမြမှီကရှေ့ကဝင်သည်။ ကျွန်တော်က ရှက်ကိုးရှက်ကန်းနှင့် နောက်ကလိုက်သည်။
ဒရိုင်ဘာ–
"မမ ဂရက်ထဲ ကားသွင်းထားမယ်၊ ကျွန်တော်တန်းလျားမှာပဲ ရှိမယ်နော်"
"အေး အေး ကောင်းတယ်၊ ကားလိုချင်တော့ လာခေါ်မှာပေါ့"
သိန်းသိန်းသည် ကျွန်တော်တို့နောက်မှာ တံခါးပိတ်နေရစ်ခဲ့သည်။
မမြမှီသည် ကျွန်တော့်အားဧည့်ခန်းထဲသို့ ခေါ်သွားလေသည်။ ဧည့်ခန်းထဲမှာ
ပိုးအနီအုပ်ဆောင်းအုပ်ထားသော

မီးတိုင်တစ်ခုသာ ထွန်းထားရာ မီးတိုင်အနီးမှာရှိ သော ဆိုဖာကုလားထိုင်ကြီးများနှင့် အောက်က
ကြမ်းပြင်ပေါ်တွင်သာ ထင်းထင်းကြီး လင်းနေသည်။ ကျန်နေရာများတွင်ကား မှုန်ရီရီဖြစ်နေပြီး
အနီရောင်ယှက်သန်းနေ သည်။
မမြမိုသည် ကျွန်တော့်အား မှုန်ရီရီနှင့် အနီရောင်ယှက်သန်းနေသော နေရာရှိ ဆိုဖာရှည်ကြီးတစ်ခုပေါ်တွင်
ထိုင်စေလေသည်။ ပြီးတော့ နောက်ကလိုက်လာသော သိန်းသိန်းအား–
"သိန်းသိန်းရေ မောင်တင်ထွန်းကို ခဏဧည့်ခံလိုက်ပါဦးကွယ်"
ဟုဆိုကာ ဧည့်ခန်းနှင့်ဆက်နေသော အခန်းတစ်ခုတွင်းသို့ ဝင်သွားလေသည်။ မမြမိုက ထိုအခန်း၏မီးခလုတ်ကို
ဖွင့်လိုက်သောအခါကျမှ ထိုအခန်းသည် အိပ်ခန်းတစ်ခန်းဖြစ်ကြောင်း တွေ့ရလေသည်။
သိန်းသိန်းသည် ကျွန်တော့်ရှေ့မှာ လာရပ်လျက် ကလေးကြီးလို ပြုံးပြုံး–
"ကိုတင်ထွန်းတို့များ ခုမှတွေ့ရတော့တယ်"
"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း အလုပ်များနေတာနဲ့ပဲ။ အင်း ရှမ်းပြည်ကပြန်ရောက်လာမှ တစ်ခါမှမတွေ့ကြသေးဘူးနော်"
"လာချင် အနီးကလေး၊ မလာချင်ခရီးဝေးပေ့ါရှင် ဟုတ်လား"
ကျွန်တော်ကား အဖြေရကျပ်နေသောကြောင့်–
"ဦးခင်မောင်ကော ကျန်းကျန်းမာမာပဲလား"
ဟု သူ့ယောကျ်ားအကြောင်းကို မေးလိုက်ရလေသည်။
"ကျန်းကျန်းမာမာပါပဲရှင်။ ခုတော့ မရှိဘူး၊ နယ်ထွက်နေရတယ်"
"သြော်ဟုတ်လား"
ကျွန်တော်သည်ဦးခင်မောင်၏ အကြောင်းကို မေးသာမေးရသည်။ မမြမိုနှင့် ပတ်သက်၍ သိန်းသိန်းအားတွေ့သိရသည်မှာ သုံးနှစ်ကျော်ပြီဖြစ်သော်လည်း
ဦးခင်မောင်နှင့်တစ်ခါမျှတွေ့မြင်ဖူးခြင်းမရှိခဲ့ချေ။
"မချိုကော နေထိုင်ကောင်းရဲ့လား"
ရှမ်းပြည်သွားတုန်းက ပါလာခဲ့သောဆွံ့အနေသည့် အစေခံမကြီးအကြောင်းကို မေးလိုက်သည်။
"မာပါတယ်ရှင်၊ ရှင့်အကြောင်းတောင် ခဏခဏပြောသေးတယ်"
သိန်းသိန်းက ခပ်တည်တည်ပြောသောကြောင့် ကျွန်တော့်မှာ ယုံထင်ကြောင်ထင် ဖြစ်သွားသည်။ မချိုမှာဆွံ့အခြင်း
ပျောက်သွားပြီး စကားပြောတတ်နေပြီလော။ သို့မဟုတ် ခြေဟန်လက်ဟန်ဖြင့် ကျွန်တော်တို့အကြောင်းတွေကို
မတော်တရော ပြောလေချေရော့သလား။
"ဆိုစမ်းပါဦး၊ ဘာတွေပြောသလဲ"

သိန်းသိန်းသည် ရွှတ်တွတ်တွတ် နောက်တောက်တောက် အမူအရာတွေကို လုပ်နေပြီး ဈေးကိုင်ချင်သည့်သဘောနှင့်
မပြောဘဲနေသည်။ ကျွန်တော်က ပိုကြားချင်လာ၏။
"ဘယ်လိုပြောသလဲ"
"ဟဲ ဟဲ ကိုတင်ထွန်းတစ်ယောက်ဟာတဲ့၊ ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းသတဲ့၊ မချိုက မျှော်ပေမယ့်တစ်ခါမှ
ပေါ်မလာဘူးတဲ့ ဟားဟား"
ကျွန်တော်လည်း သူ့ပြက်လုံးကိုသဘောကျပြီး လိုက်ရယ်မိ၏။
"နို့ နေပါဦးသိန်းသိန်းရဲ့၊ ဒီစကားမျိုးကို အဓိပ္ပာယ်ပေါ်အောင် မချို ဘယ်လိုလုပ်ပြီး ပြောသလဲ၊ သိန်းသိန်းက
မချိုလိုလုပ်ပြစမ်းပါဦး"
သိန်းသိန်းသည် လက်ဟန်ခြေဟန် မျက်နှာမူဟန်စသည်တို့ဖြင့် ဆွဲ့အသူပြောပုံ
လုပ်ပြတော့မည်ကဲ့သို့ရှိစဉ်–
"သိန်းသိန်း ခဏလာပါဦး"
ဟု မမြမှီက ဝေါက်ဆတ်ဆတ်အသံဖြင့် ခေါ်လိုက်လေသည်။ သိန်းသိန်းသည် ချက်ချင်း ပြုံးတူးပျာတာဖြစ်သွားပြီး
ကလေးကြီးလို လျှာတစ်လစ်ထုတ်လျက် ချာခနဲ လှည့်ပြေးလေ၏။
သြော် သိန်းသိန်း။ မမြမှီထားရာကနေသော သိန်းသိန်း။ အဘယ့်ကြောင့်
သိန်းသိန်းအပေါ်တွင် မမြမှီ၏သြဇာ
ဤမျှညောင်းလေသနည်း။ သိန်းသိန်းနှင့် မမြမှီတို့မှာ သူငယ်ချင်းများနှင့် သိပ်မတူ။ ကလေးပေါ်တာကြီးနှင့်
အထိန်းတော်ကြီးလိုသာ ပိုတူလေသည်။
ကျွန်တော်သည် ဧည့်ခန်းထဲဝင်စက ရုတ်တရက် မမြင်ရသော အိမ်ထောင်ပရိဘောဂများကို နီရောင်ယှက်သန်းသော
မှုန်ဝါးဝါး အလင်းရောင်တွင် တွေ့မြင်နေရလေသည်။
မမြမှီသည် ကျွန်တော့်အား ဦးခင်မောင်အိမ်မှာ မရှိသောအချိန်ကို ရွေးချယ်၍ ခေါ်လာဟန်တူသည်။
အကြံပိုင်လှသော မမြမှီပါတကား။ လွတ်လွတ်လပ်လပ်ဖြစ်နေ သော မုဆိုးမ မမြမှီအပေါ်တွင် ကျွန်တော်ဘယ်လိုသဘောထားရမည်နည်း။ တရားဝင် အကြင်လင်မယားအဖြစ်ဖြင့်
နေဖို့ပြောဆိုရတော့မည်လော။
ကျွန်တော့်ကြောင့်ဘဝကို တွယ်တာဆုပ်ကိုင်နေသော မမြင့်ဦးအား
သစ္စာဖောက်တော့မည်လော။ အိုခဏခဏ
တွေဝေတတ်သော ငတင်ထွန်း။ ဘယ်အသက်၊ ဘယ်အရွယ်ထိ တွေဝေဦးမည်နည်း။
ခဘယ်ဘက်သို့
ယိမ်းယိုင်ဦးမည်နည်း။

သိန်းသိန်းသည် ထွက်လာပြီး ဣန္ဒြေကြီးတစ်ခွဲသားလောက်နှင့်–
“ကိုတင်ထွန်း ဘာများစားဦးမှာလဲ၊ အားမနာပါနဲ့၊ ကျွန်မမအိပ်ခင် စီစဉ်ပေးခဲ့ပါ့မယ်”
“နေပါစေဗျာ၊ ဒုက္ခမရှာပါနဲ့၊ ညဥ့်နက်လှပါပြီ”
“ရှင် တကယ်မဆာလို့လား”
“မဆာပါဘူး ကိစ္စမရှိပါဘူး”
“ဒါဖြင့် ကျွန်မကိုခွင့်ပြုပါနော်၊ ဆရာဝန်က ညဥ့်နက်အောင် မနေရဘူးလို့
တားမြစ်ထားလို့ပါ”
“သြော် ဟုတ်လား၊ အိမ်သည်ရဲ့အပြစ် မဟုတ်ပါဘူး၊ ဧည့်သည်ရဲ့အပြစ်ပါ။ ဧည့်သည်က
ညဥ့်နက်ကြီးမှလာတာကိုး”
ကျွန်တော်ပြောလို့မှ မဆုံးမီ သိန်းသိန်းသည် အပေါ်ထပ်သို့ တက်သွားလေပြီ။
ကျွန်တော်တို့နှစ်ယောက်တည်း
နေရစ်ခဲ့ရန် သိန်းသိန်းက တမင်ရှောင်ပေးသလိုဖြစ် နေသည်။ အတော်ကြောင်သော အလုပ်၊
အလွန်ဖြောင်ကျသော
အလုပ်ပါတကား။ ယခင်ကတော့မထူးတော့ပါဘူး၊ လျှို့ဝှက်ထားဖို့မလိုတော့ပါဘူးဟု
ယူဆကာ ခုလို ဖြောင်ကျကျ
စီစဉ်ထားခြင်း ဖြစ်ဟန်တူသည်။ မမြမီသည် ကျွန်တော်နှင့်အတိအလင်း တရားဝင်
အကြင်လင်မယားအဖြစ်ဖြင့်
နေရန်ဆုံးဖြတ်ပြီး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့ကလိုတွေးမိသည်နှင့်တစ်ပြိုင်နက်
ပျော့ခွေနွမ်းလျပြီး
နေရှာသည့် မမြင့်ဦးသည် ကျွန်တော့်အား ကိုယ်ထင်ရှားပြလာသည်။ မြင့်မားသောတောင်ကြီး
ကျော်တက်နိုင်ရန်
ကျွန်တော့်ညာလက်မောင်းကို ဖက်ကိုင်၍ ပခုံးတွင် ခေါင်းမှီထားသည်။ ကျွန်တော်သည်
မမြင့်ဦးအား
သနားလာ၏။ ရင်တွင်းက ဖိုလှိုက်လာ၏။ ခေါင်းမှာ ငိုက်စိုက်ကျနေ၏။
“မောင်လေး မမကိုကြည့်စမ်း”
ဟုမြူးထူးသော အသံနှင့်မမြမီကပြောလိုက်တော့မှ မော့ပြီး ကြည့်လိုက်လေ သည်။
ကျွန်တော့်မှာ
အံ့သြသွားလေသည်။ မမြမီသည် ဂျပန်မများ၏ ကီမိုနိုနှင့်တူသည့်
ညဝတ်ရုံကြီးကိုဝတ်ထားသည်။
တဖိတ်ဖိတ်တောက်နေသော အစိမ်းရောင်ဖဲစတွင် အနုပညာမြောက်စွာ ပန်းထိုးထားရာ
ရင်သား
တစ်ဖက်တစ်ချက်တွင် နွယ်တက်နေသော ပန်းခက်ကြီးနှစ်ခက်နှင့် ဝဲပျံနေသော
လိပ်ပြာနှစ်ကောင်တို့သည်
ထင်ရှားလှပေ၏။ ဖဲစ၏အစိမ်းရောင်ပေါ်ဝယ် မီးတိုင်မှ ခပ်မှုန်မှုန်အနီရောင်
ပက်ဖျန်းယုက်ကူးနေပုံမှာ

တစ်မျိုးလှနေ၏။ ခုနင်က ကျစ်လျစ်စွာဘီးကျော်ပတ်ထားသော ဆံထုံးကို ဖြေလျော့ကာ ကပိုကရို တစ်ပတ်ရစ်ပြီး
ဘယ်ဘက်ပခုံးပေါ်မှာ ဆံမြိတ်ချထားသည်။
မမြမှီသည် ငှက်များလည်ဆံဖွ၍ မော့ကာကော့ကာ အလှပြသလို ကျွန်တော့်ရှေ့မှာ ကြော့ဟန်နော့ဟန်တွေပြနေ၏။
ကျွန်တော်ကမမြမှီအား ရီဝေစွာကြည့်ပြီး–
"မမကလည်း ဘယ်လိုဝတ်ထားတာမှန်းလည်း မသိဘူး၊ ဂျပန်မကြီးနဲ့ တူနေတယ်"
"ဟုတ်လား၊ ဂျပန်တွေခေတ်ကောင်းတုန်း ဂျပန်မနဲ့တူရင် ကောင်းတာပေါ့ကွယ် ဟဲ ဟဲ၊ ကဲပါလေ ဂျပန်မနဲ့ တူတူ၊
အင်္ဂလိပ်မနဲ့ တူတူ လှကောလှရဲ့လား"
ဤကားမသဘာဝတည်း။ လှကြောင်း အမြဲသတိရနေချင်သည်။
ကျွန်တော်က နောက်တောက်တောက်ပြုံးပြီး–
"လှပုံက တစ်မျိုးကြီးပဲ"
မမြမှီသည် ကျွန်တော့်ဘေးမှာထိုင်ချလိုက်ပြီး–
"ဘယ်လိုတစ်မျိုးကြီးလဲ၊ ပြောစမ်းပါဦး မောင်ရယ်"
ဆိုဖာတွင် အိဆင်းသွားသော မမြမှီ၏ကိုယ်ခန္ဓာသည် ကျွန်တော့်ဘက်သို့ ယိမ်းလာနေသည်။
"ခါတိုင်းနဲ့မတူဘဲ လှလို့လှပုံကတစ်မျိုးကြီးပဲလို့ ပြောတာပေါ့၊ ဆံမြိတ်ချပုံ တောင် ခါတိုင်းနဲ့မတူဘူး"
"သြော် ဟုတ်လား"
မမြမှီသည် သူ့ဆံမြိတ်ကို လက်ကလေးနှင့် ယုယပြီး ကျွန်တော့်ပါးပြင်ကို ဆံညွန့်ဖျားကလေးများနှင့်
ပွတ်သပ်သည်။ ကျွန်တော့်ကိုယ်ခန္ဓာသည် အထူးဝါယမ မစိုက်ထုတ်ရဘဲ မမြမှီဘက်သို့ ယိမ်းသွားလေသည်။
မမြမှီထံမှ ပျံ့လွင့်နေသော ရေမွှေးနံ့ ပေါင်ဒါနံ့ အမွှေးအကြိုင်တို့သည် ကျွန်တော့်အား မူးယစ်စေလေသည်။
"မမရဲ့ မျက်နှာကလည်း တစ်မျိုးကြီးလှနေတယ်"
"အို ဆိုစမ်းပါဦး ဘယ်လိုတစ်မျိုး လှရပြန်တာလဲ"
"မှုန်ရီရီနဲ့ ရောင်နီပြေးနေတဲ့ မီးရောင်ထဲမှာ မမရဲ့မျက်နှာဟာ လင်းအရုဏ် ရောင်နီမှာ ပွင့်အာလာတဲ့ပဒုမ္မာကြာလိုပဲ"
မမြမှီသည် ကျွန်တော့်ကိုတစ်အားဖက်လိုက်သည်။
"အမယ်လေး၊ ပြောတတ်လိုက်တာနော်။ ဒီစကားမျိုးတွေနဲ့ မမကိုအရူးမလုပ်ပါနဲ့ကွယ်"
"တကယ်ပြောနေတာပါ မမရဲ့"
မမြမှီ၏မျက်နှာသည် ညှိုးသွားသည်။
"မယုံပါဘူးကွယ်။ မောင်လေးဟာ မမကိုတကယ်လှတယ်၊ တကယ်ချစ်စရာ
ကောင်းတယ်ထင်ရင်

ဒီလိုဘယ်နေမှာလဲ”
“ကျွန်တော်က ဘယ်လိုနေလို့လဲ”
“အေးစက်စက်နဲ့ပါကွယ်။ မမဟာ မသိနားမလည်တဲ့ အပျိုဖြန်းကလေး မဟုတ်ပါဘူး၊
လေးဆယ်နားကပ်နေတဲ့
မုဆိုးမပါ”
“အိုလေးဆယ်နဲ့ အပုံကြီးလိုပါသေးတယ်။ ကပ်နေပြီလို့ မပြောပါနဲ့”
“မမ နားလည်ပါတယ်ကွယ်၊ မအားလို့ မအားလို့ဆိုပြီး မလာတာ၊ စင်စစ်မှာတော့
မလာချင်လို့ မလာတာပါ။
ယောကျာ်းကလေးတစ်ယောက်ဟာ မိန်းမတစ်ယောက်ကိုတကယ်ချစ်ရင် ဘယ်လောက်
အလုပ်များများဘာတွေက
တားဆီးထားထား ရောက်အောင်လာတာပဲ။ မောင်လေးဟာ လူပျိုလူရွယ် လူငယ်ပါကွယ်၊
လာချင်ရင်ဘာမှ
ငဲ့ကွက်နေမှာ မဟုတ်ပါဘူး”
အတွေ့အကြုံများပြီး ရင့်ကျက်သော မမြမှီပြောသော စကားတွေမှန်ပါသည်။
ကျွန်တော်ချေပစရာ
ဘာတစ်ခုမျှမရှိပါ။
“ကဲ မမကိုပြောစမ်းပါ၊ အမှန်ကိုပြောစမ်းပါကွဲယ်၊ မမကိုဘာဖြစ်လို့
အဆက်ဖြတ်ဖြတ်ထားတာလဲလို့”
ကျွန်တော်ကား နောက်ထပ်ဆင်ခြေမပေးလိုတော့ပြီ။ အမှန်တွေကိုသာ ရှင်းပြချင်သည်။
ရင်တွင်းကကျွန်တော့်ခံစားချက်များကို ဖွင့်ဟပြချင်ပေပြီ။ သို့သော် ရှေ့အဖို့ ဆုံးဖြတ်ချက်
တစ်စုံတစ်ရာ
အခိုင်အမာရှိထားမှ ပြောလို့ကောင်းပေမည်။ မမြမှီနှင့်
တရားဝင်အကြင်လင်မယားအဖြစ်ဖြင့်နေရန် ကျွန်တော်က
ယတိပြတ် ဆုံးဖြတ်ထားဖို့လိုသည်။ ထိုခဏအထိ ထိုဆုံးဖြတ်ချက်သို့
ကျွန်တော်မရောက်ချေ။ ကျွန်တော့်အား
ဘဝ၏ မျှော်လင့်ချက်အဖြစ်ဖြင့် ဆုပ်တွယ်၍ သေမင်းနှင့်တိုက်ပွဲဆင် နေရှာသော မမြင့်ဦးကို
သစ္စာမဖောက်လို။
ထိုခဏ၌ကျွန်တော့်အသည်းနှလုံးမှာ နှစ်ခြမ်းကွဲနေပေသည်။ တစ်ခြမ်းမှာ မမြမှီထံ၊
အခြားတစ်ခြမ်းမှာကား
မမြင့်ဦးထံ ရောက်နေ၏။ စိတ်ဆင်းရဲလှ၏။ ငိုပင်ငိုချင်ပါသည်။
မမြမှီသည် ကျွန်တော်၏ ငိုမဲ့မဲ့မျက်နှာကို အကဲခတ်မိဟန်ရှိသည်။ ကျွန်တော့်
အတွင်းစိတ်ကို ရိပ်မိဟန်ရှိသည်။
ကျွန်တော့်ကိုများစွာ သနားသွားဟန်တူသည်။ မမြမှီ၏ မျက်နှာမှာလည်း ညှိုးသည်ထက်
ညှိုးလာသည်။
“ကဲလေ ပြောရမှာခက်လည်း မပြောပါနဲ့တော့ကွယ်”

မမြမှီ၏အသံမှာ ဆို့နစ်သွား၏။ မျက်လုံးများမှာ မျက်ရည်ဝေ့လာသည်ကို မြင်ရ၏။
ထို့နောက် မမြမှီသည်
ကျွန်တော့်အားတင်းကျပ်စွာ ဖက်ပြီးအကြိမ်ကြိမ် ဘယ်ပြန်ညာပြန်နမ်းလေသည်။
ထိုအခါကြေကွဲစိတ်တွေးဝမ်းနည်းစိတ်တွေ နေရောင်ခြည်အောက် နှင်းပေါက်တွေ ပျောက်သလို
ပျောက်ကုန်ကြ၏။
ယင်းတို့နှင့်အတူ မမြင့်ဦးအပေါ်တွင် ပန္နက်ထားသော သစ္စာတရားသည်လည်း
ပျောက်ကွယ်သွားလေတော့၏။
ကျွန်တော်သည် မမြမှီ၏ တရားဝင် အကြင်လင်မယားအဖြစ်ဖြင့် ရာသက်ပန်
ရိုးမြေကျနေရန်ဆုံးဖြတ်လိုက်လေသည်။ ထိုဆုံးဖြတ်ချက်ကိုလည်း အပြီးအပိုင်
အခိုက်အမာဖြစ်စေရန် မမြမှီအား
ချက်ချင်းပြောပြဖို့လိုလေသည်။
"မမ ကျွန်တော် တစ်ခုပြောမယ်နော်"
"အို တစ်ခုမကပါဘူး၊ နှစ်ခုတောင် ပြောနိုင်ပါတယ်။ ဟဲ ဟဲ မောင်တော်ဘုရား အမိန့်သံ
နာခံလျက်ရှိပါတယ်
မောင်မောင်"
"ကျွန်တော်က အတည်ပြောမယ်လို့ဗျ"
ကျွန်တော်သည် ကိုယ်ကိုမမြမှီထံမှခွာလိုက်ပြီး မျက်နှာထား တည်လိုက်လေသည်။
ထိုအခါမှမမြမှီက
ခပ်တည်တည်ဖြင့်–
"အင်း ဆိုစမ်းပါဦး"
"ကျွန်တော်ဟာ မမကို တကယ့်မေတ္တာစစ်နဲ့ ချစ်ပါတယ်။ အပေါ်ယံချစ်၊ တဏှာချစ်၊
ငွေချစ်မျိုး မဟုတ်ပါဘူး"
"ငွေကြေးစကား ထည့်မပြောပါနဲ့ မောင်လေးရယ်"
"တကယ့်မေတ္တာစစ်နဲ့ချစ်ပေမယ့် ဟိုတုန်းကတော့ မမက မလွတ်လပ်ဘူး၊
မလွတ်မလပ်ကြီးနှင့် ကျွန်တော်နဲ့
အလွန်အကျူးဖြစ်ခဲ့တယ်။ ကျွန်တော်ဖြင့် ဗမာအနေ၊ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့
စောင့်ထိန်းရမယ့်
အခြေခံသီငါးပါးမှာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိပြီဆိုပြီးတော့ အထူးနောင်တရတယ်၊
လိပ်ပြာမသန့်ဖြစ်ခဲ့တယ်၊ ကိုယ့်ကိုယ်ကိုယ် ရှက်ခဲ့တယ်"
"အတိတ်တွေ ထည့်ပြောနေဦးမှာလားကွယ်။ ဒီကိစ္စမှာ မောင်လေးက ဒီလိုပြောရင်
မမကလည်း
ငါဟာလင်ငယ်နေခဲ့သူပါကလားဆိုပြီး ငါအပြစ်တွေ ကျူးလွန်ခဲ့ပြီလို့
စိတ်မကောင်းဖြစ်နေရမှာပဲ။ အတိတ်ကို
အတိတ်မှာထားခဲ့ကြ စို့လားကွယ်"

“ကျွန်တော်အတိတ်ကိုပြောနေတာက မမက ကျွန်တော့်အကြောင်း နားလည်အောင်ပြောတာပါ။ အဲဒီလို
လိပ်ပြာမသန့်ဖြစ်ဖြစ်နေလို့ မမကို ရှောင်ခဲ့ဖို့ ကြိုးစားခဲ့တာပါ။ အဆက်ဖြတ်မယ်လို့ ကြိုးစားခဲ့တာပါ။
မချစ်လို့မဟုတ်ပါဘူး၊ ယုံရဲ့လား”
“ယုံပါပြီမောင်၊ ယုံပါပြီ။ ရှေ့အဖို့မှာသာ ရှောင်တောင်တောင် လုပ်လုပ်မနေပါနဲ့။ အဆက်ဖြတ်ဖို့များ
မလုပ်လိုက်ပါနဲ့ ဟုတ်လား”
“ဘယ်တော့မှ မရှောင်ရအောင်၊ ဘယ်တော့မှ မဆက်မဖြတ်ရအောင် ခုလုပ်နိုင်ပြီ။ မမဟာ လွတ်လပ်သူဖြစ်ပြီ၊
ဒီတော့ တရားဝင်လင်မယားအဖြစ်ဖြင့် အထင်အရှား နေနိုင်အောင် လက်ထပ်ယူကြမယ်။ ကျွန်တော်ပြောပါရစေလို့
ခွင့်ပန်တဲ့ စကားကဒါပါပဲ”
ထိုစကားကို ကျွန်တော်ကစိတ်အားထက်သန်စွာ ပြောသည်။ သို့သော် မမြမှီက ထိုစကားကြောင့်
စိတ်အားထက်သန်မှု မပြသောအခါ အနည်းငယ် အံ့သြသွားလေသည်။
“ဟုတ်လား မမ၊ လူသိနတ်ကြား လက်ထပ်လိုက်ကြမယ်လေ”
ကျွန်တော်က ထိုအကြံအစည်ကို ရက်ရောစွာ ပေးလိုက်သည်။ မမြမှီကား လက်ခံရန် တွန့်တိုနေသည်။
“ဒါတွေနောက်မှ စဉ်းစားတာပေါ့ကွယ်။ ကဲညဉ့်နက်လှပြီ၊ မမတော့ အိပ်ချင်ပြီကွယ်”
မမြမှီသည် မချင့်မရဲဖြစ်နေခြင်းကို ရှက်သောအပြုံးဖြင့် ဖုံးလိုက်သည်။ လက်နှစ်ဖက်ကို ဆန့်တန်းပြီးသမ်းလိုက်သည်။
မမြမှီသည် ကျွန်တော့်အားကလေးလိုသဘောထားဟန်ရှိသည်။ ကိစ္စကို လှီးလွှဲပစ်လိုက်သည်။ ကျွန်တော်ကား
ကလေးမဟုတ်တော့ပြီ။
မမက လှီးလွှဲပစ်တော့မည်ကြံခါမှ ကျွန်တော့်စိတ်သဘောက ပိုပြီးလိုရာသို့ တအားထိုးစိုးဆင်းလိုလေသည်။
“နောက်မှ စဉ်းစားတာ ကျွန်တော်မလိုချင်ဘူး။ အခု စဉ်းစားရမယ်။ ကျွန်တော်ချစ်သလို မမကချစ်ရင် အခု
ကျွန်တော်ပြောသလို လုပ်ရမယ်၊ လက်ထပ်ရမယ်”
မမြမှီသည် သရော်ပြုံးပြုံးလိုက်သည်။
“ဘယ့်နှယ်ဘာများ ဒီလောက်လောကြီးစရာ လိုနေပါသလဲ ကိုယ်တော်လေးရယ်”
“လောကြီးစရာအကြောင်းရှိလို့ လောတာပေါ့ မမရဲ့။ ကဲ ပြောပါ၊ လက်ထပ်မှာလား”
“ဘာလဲ၊ မမက လက်မထပ်ဘူးဆိုရင်မောင်လေးက သည့်ပြင်မိန်းကလေး တစ်ယောက်ကို လက်ထပ်ယူတော့မယ့်ဆဲဆဲမို့လား”

အပဲ့မပါသောလက်သည်ဆားကို ဆုပ်ကိုင်၍မဖြစ်။ အပဲ့ပါသောအခါ ဆားထိပြီး စပ်သည်။ မမြမှီ၏စကားမှာ
ကျွန်တော့်အားထိသွားသည်။ ကျွန်တော်စိတ်ဆိုးသွားသည်။ မမြင့်ဦးနှင့်ပတ်သက်၍ မမြမှီမှာတစ်စုံတစ်ရာ
သိနေလေသလောဟုလည်း စိုးရိမ်လာလေသည်။ ထို့ကြောင့် ဘာပြန်ချေပရမည်လဲ ဟု မသိဖြစ်နေလေသည်။
ကျွန်တော့်မျက်နှာတွင် စိတ်ဆိုးစိတ်ညစ်ဖြစ်နေသော အဖြစ်သည် ပေါ်လွင်နေဟန်တူသည်။ မမြမှီသည်
ကျွန်တော့်အား ကြင်နာယုယစွာ ကြည့်ပြီး ခပ်ချွဲချွဲ–
"ဒီလိုမှမဟုတ်လည်း မမက မောင်လေးကို မယူဘဲ သည့်ပြင် ယောကျာ်းတစ်ယောက်ကို ချက်ချင်းလက်ထပ်ယူတော့မယ်များ ထင်နေလို့လား"
ကျွန်တော်က စိတ်ကောက်နေသော အမူအရဖြင့်–
"ဘာ့ကြောင့်ပဲဖြစ်ဖြစ် လူသိနတ်ကြား လက်ထပ်ယူရမယ်"
"ဖြစ်ပါ့မလား မောင်လေးရယ်၊ ခုဆုံးဖြတ်လို့ ဖြစ်ပါ့မလား။ လင်သေတာ မကြာသေးဘူး၊ နောက်ထပ်တစ်ယောက်
ယူလိုက်ပြီဆိုတော့ လူအများက မကဲ့ရဲ့ပေဘူးလား"
"ကဲ့ရဲ့ကော ဘာဖြစ်လဲ။ ကိုယ့်နှာခေါင်းနဲ့ကိုယ် အသက်ရှူတာပဲ၊ သူများနှာခေါင်းနဲ့ အသက်ရှူတာမှမဟုတ်ဘဲ"
မမြမှီက မချိပြုံးပြုံးလိုက်သည်။ ပြီးတော့ထိုင်ရာမှထရန်ပြင်ရင်း–
"ချက်ချင်းတော့ မဖြစ်နိုင်ပါဘူးကွယ်၊ စကားဆိုတာ ဘယ့်လောက်ကားမှာလဲ ဆိုရင် ချက်ချင်းလက်ထပ်လိုက်ရောဆိုပါတော့။ လင်ကလေးနဲ့နေချင်လို့ လင်ကြီးကို သတ်လိုက်တယ်ဆိုပြီး
ပြောချင်ပြောကြမှာ သိလား။ သူ့ဘက်အမျိုး၊ ကိုယ့်ဘက်အမျိုးက ပိုဆိုးလိမ့်ဦးမယ်။ ခုမမအိမ်မှာလေ ဆွေမျိုးတွေ
ရောက်နေတယ်။ ကိုထွန်းဝင်းဘက်ကရော၊ မမဘက်ကရော။ အချင်းချင်း အတင်းတွေလျှောက်ပြော၊
သူများအတွင်းတွေ လျှောက်ပြော၊ စကားများရန်ဖြစ်။ မမဖြင့်နားငြီးလွန်းလို့ သူတို့မပြန်မချင်း မမတော့
အိမ်ပြန်မကပ်ချင်ဘူး။ အဲဒီဆွေမျိုးတွေကစပြီး စကားတွေ အမျိုးမျိုး ပြောကြမှာ၊ ကဲ့ရဲ့ကြမှာ သိရဲ့လား"
မမြမှီသည် မတ်တတ်ထ၍ ကျွန်တော့်ရှေ့ရှေ့တည့်က ကပ်ပြီး ရပ်လိုက်သည်။ ၎င်းနောက် ကျွန်တော့်ပခုံးများကိုကိုင်လျက်–
"မောင်လေးက ဒါတွေဘာမှမသိဘူး၊ ဒါ့ကြောင့် ခုမစဉ်းစားကြနဲ့ဦးစို့နော်၊ ဟုတ်လား။ ကဲထပါ အိပ်ကြမယ်"

ကျွန်တော်ကား ခေါင်းငိုက်စိုက်ချပြီး စိတ်ကောက်သလို မူနေလေသည်။
သို့သော်စိတ်ကောက်နိုင်စရာကား
အကြောင်းမရှိတော့ချေ။
"ကျွန်တော်ကနေ့ချင်းညချင်း လက်ထပ်ရမယ်လို့ ပြောနေတာမှ မဟုတ်ဘဲ။ ခုပြောနေတာက နှစ်လတန်သည်
သုံးလတန်သည်ကြာတော့ အထင်အရှား လင်မယား အဖြစ်ဖြင့်နေရအောင်လက်ထပ်ဖို့သာ ပြောနေတာပဲ"
မမြမှီသည် ကျွန်တော်၏ငိုက်ထားသောခေါင်းကို လက်နှစ်ဖက်ဖြင့် ပွေ့ချီပြီး မော့ပေးလိုက်သည်။
"သြော် မောင်လေး၊ လောကမှာ မောင်လေး မသိတာတွေ အများကြီးရှိသေး တယ်၊ တရားဝင်လင်မယားအဖြစ်နဲ့
အထင်အရှားနေဖို့ဆိုတာဟာ သိပ်လွယ်တာမဟုတ်ဘူး။ အဖက်ဖက်က စဉ်းစားပြီးမှ ဆုံးဖြတ်ရတဲ့အရာပါကွယ်။
ဒါကြောင့်မမကို ခုဆုံးဖြတ်ပါလို့ အတင်းဇွတ်မခိုင်းသင့်ပါဘူးကွယ်"
"ဟာဗျာ ဆုံးဖြတ်ရမှာပဲ"
"နောက်တော့ ဆုံးဖြတ်တာပေါ့ကွယ်။ခုအရေးကြီးတာက မောင်လေးက မမကိုချစ်ချင်တိုင်း မချစ်နိုင်ဘူးလား၊
ချစ်နိုင်တယ်။ မမက မောင်လေးကို ချစ်ချင်တိုင်း မချစ်နိုင်ဘူးလား၊ ချစ်နိုင်တယ်။ ဘာမှ အတားအဆီးမရှိဘူး။
လင်မယားလိုကော မနေနိုင်ဘူးလား၊ တရားဝင်ဝင် မဝင်ဝင် နေနိုင်တာပ`မဟုတ်လား။ ဘယ်သူမှ
မတားဆီးနိုင်ဘူး။ ဒါပဲ အရေးကြီးတာမဟုတ်လား၊ ဒီပြင်ဟာ ဘာပူစရာရှိသလဲ"
ကျွန်တော်သည် မမြမှီအား ယခုထိ ကျွန်တော်ဘာ့ကြောင့် လက်ထပ်ယူလို သည့်အကြောင်းရင်းကိုမပြောခဲ့။
သို့အကြောင်းသည် မှန်လွန်းအားကြီးသဖြင့် မမြမှီ နားမခံနိုင်မှာ စိုးရိမ်သည်။ ကျွန်တော့်ကိုယ်တိုင်ကလည်း
စူးရှလွန်းသော မီးရောင်ကို မျက်နှာလွှဲထားသလို မှန်လွန်းသော အကြောင်းကို မေ့ထားလိုသည်။ တကယ်ဆိုသော်
ပြန်လည်ဆက်စပ်မရအောင်ပြတ်သွားမည်ကိုလည်း စိုးရိမ်လေသည်။ ယခုမူ မပြောမပြီး တော့ချေ။
"တရားဝင်လင်မယားအဖြစ်နဲ့ လူသိနတ်ကြား မနေရရင် ဒီအတိုင်းတော့ မနေချင်ဘူး၊ ဒီအတိုင်းနေရင်
ကျွန်တော်ဟာ လင်အမြှောင်ကလေးသာ ဖြစ်နေမှာပဲ၊ အဲဒါကို ကျွန်တော်ရှက်တယ်"
ကျွန်တော့်အသံမှာ နာကျည်းသံဖြစ်သည်။ ငိုသံတစ်ပိုင်းလည်းဖြစ်သည်။ မမြမှီသည်

ကျွန်တော့်ရှေ့ကြမ်းပြင်ပေါ်မှာဒူးထောက်၍ ထိုင်ချလိုက်ပြီး ကျွန်တော့်ရင်ခွင်ထဲတွင် ခေါင်းဝင်ကာ ငိုသံဖြင့်–
"ဒီစကား မပြောပါနဲ့ကွယ်၊ မိုးကြိုးပစ်လိုက်သလိုပါပဲကွယ်၊ လင်မြှောင်လို့ မခေါ်ပါနဲ့ကွယ်"
မမြမှီသည် ဖိုလှိုက်ဖိုလှိုက်နှင့် ရှိုက်လာသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျလာသည်။
"ဒီလိုပြောလည်း မပြောပါနဲ့ကွယ်။ သဘောလည်း မထားပါနဲ့ကွယ်။ အခက်အခဲ
တွေရှိသေးလို့
လက်မထပ်နိုင်သေးလို့ ပြောနေတာပါကွယ်"
မမြမှီသည် ကျွန်တော့်ခါးကိုဖက်ပြီး ရင်ခွင်ကို ခေါင်းနှင့်ဖေ့ကာဖေ့ကာ ငိုလေသည်။
ကျွန်တော့်စိတ်မှာ ရီဝေနေလေပြီ။ သနားသလိုလိုဖြစ်လာသည်။ ပြောမိတာ မှားသလိုလို ထင်လာသည်။
ကျွန်တော်ကပဲ ယုယပိုက်ထွေးရပြန်သည်။ ကျွန်တော်ကပဲ ချော့မော့ရပြန်သည်။ ကျွန်တော်၏ ကိုယ်ခန္ဓာကား
ရှန်းကန်ထွက်၍မရအောင် ပိုက်ထဲမှာ မိနေပြန်လေပြီ။ အနီရောင်ယှက်သန်းနေသည့် မှုန်ရီရီအလင်းတွင်
အစိမ်းရောင် ဖဲဝတ်ရုံ လွှမ်းခြုံထားသော မမြမှီမှတစ်ပါး မည်သည့်အရာကိုမျှ ကောင်းစွာ မမြင်ရတော့ချေ။
စိတ်အာရုံကလည်း မမြမှီအပေါ်တွင်သာ စုပုံပြီး ကွန့်မြူးနေလိုသည်။ သို့သော် မှောင်နေသော
ဥမင်လိုဏ်ခေါင်းကြီးထဲမှာလင်း ကွက်သေးသေးကလေး ပေါ်လာသလို အသိဉာဏ်တစ်ခုသည် ဖြုန်းခနဲထင်လင်း
လာလေသည်။ လင်မြှောင်ဘဝမှ တကယ်လွတ်မြောက်လိုလျှင် မမြမှီအနီးသို့ လုံးဝမကပ်ဘဲ အဝေးကနေရန်ဖြစ်လေသည်။ ။

၆၈

## ထီးရိုးကို မိုးကြိုးပစ်မည်

သို့ဖြင့် ၁၉၄၁၊ ဒီဇင်ဘာလ ၈ရက်နေ့သို့ ရောက်လာခဲ့လေသည်။
ထိုနေ့တွင် ဗမာတစ်ပြည်လုံးသည် ဂျပန်က အင်္ဂလိပ်အမေရိကန်တို့အား စစ်ကြေညာလိုက်ပြီဖြစ်ကြောင်း
သိရလေသည်။
ရေဒီယိုမှ သတင်းများကိုလူတွေစုရုံး နားထောင်ကြသည်။ တစ်ဆင့်စကား တစ်ဆင့်ကြားကြသည်။
သတင်းစာအထူးထုတ်တွေ ထွက်လာသည်။ ခါတိုင်းစာမျက်နှာ ၄၈မျက်နှာ ထုတ်ပြီး ငါးပြားနှင့်ရောင်းသော
မြန်မာ့အလင်းသည် စာမျက်နှာလေးမျက်နှာနှင့် အထူးထုတ်ပြီး ပေါက်ဈေးမှာ တစ်မတ်ဖြစ်သွားလေသည်။

သတင်းစာတွေကို လူတွေ ဝိုင်းအုံဖတ်ကြသည်။ တစ်ယောက်က ဖတ်ပြသည်ကို ဝိုင်းနားထောင်ကြသည်။
တစ်ဆင့်စကား တစ်ဆင့်ကြားကြသည်။
"မနေ့က ဂျပန်က လိပ်ကန်တွေကို စစ်ကြေညာလိုက်ပြီ"
"ဂျပန်က ပါလ်ဟာဘာ၊ မနီလာနှင့် စင်ကာပူကို တစ်ပြိုင်နက် ဗုံးကြဲတိုက်ခိုက်ခြင်း"
"ပါးလ်ဟာဘာမှာ အမေရိကန်ဘက်မှ အကျအဆုံးများခြင်း"
"မဟာမိတ်ဘက်မှ ဂျပန်တို့အား စစ်ကြေညာလိုက်ပြီ"
ဆင့်ကဲဆင့်ကဲ သတင်းတွေ ရောက်လာလေသည်။
လူတွေမှာ လှုပ်လှုပ်ရှရှ ဖြစ်လာကြသည်။ ဘာတွေဖြစ်မှာလဲဟု စိုးရိမ်ကြသည်။
လက်ဖက်ရည်ဆိုင်မှာ စစ်သတင်းတွေ ပြောကြ၏။
"ပါလ်ဟာဘာမှာ ဂျပန်က လေယာဉ်ပျံတစ်ရာ၊ ရေငုပ်သင်္ဘောအငယ်စား ငါးဆယ်နှင့် ဝင်တိုက်လိုက်တာ
အမေရိကန်တွေ အတော်ထိသွားသတဲ့။ အမေရိကန်ရေတပ်က စစ်ဗိုလ်၊ စစ်သား တစ်ချီတည်းနဲ့ ၂၁၁၇ယောက်
ပွဲချင်းပြီးသွား ရောဆိုပဲ။ အမေရိကန် ရေတပ်ဘက် လေယာဉ်ပျံ ၈၀စင်း၊ ကုန်းတပ်ဘက် လေယာဉ်ပျံ
၉၇စင်းပျက်စီးသွားတယ်"
ဘတ်စ်ကားပေါ်မှာလည်း စစ်သတင်းကိုပင် ပြောကြသည်။
"အင်္ဂလိပ်က ပရင့်စ်အော့ဖ်ဝေးလ်နှင့် ရီပါ့လ်စ်ခေါ်တဲ့ စစ်သင်္ဘောကြီးတွေကို ပစိဖိတ်သမုဒ္ဒရာဘက်
လွှတ်လိုက်ပြီဆိုပဲ"
ဈေးထဲမှာလည်း စစ်အကြောင်းကိုပင် ပြောကြသည်။
"ဈေးတွေက တက်လှချည့်လား"
"စစ်ဖြစ်လာပြီကိုး။ ကုန်တွေရောက်တော့မှာမှ မဟုတ်ဘဲ၊ တက်တာပေါ့"
စက်ရုံတွေ၊ အလုပ်ရုံတွေ၊ ကျောင်းတွေမှာလည်း စစ်အကြောင်းကိုပင် ပြောကြလေသည်။
"တို့ဗမာပြည်နဲ့ ဂျပန်နဲ့ဘာဆိုင်လို့ စစ်ကြေညာရမှာလဲ"
"ဟ တို့က အင်္ဂလိပ်လက်အောက်ခံဆိုတော့ အင်္ဂလိပ်ရဲ့ ရန်သူဟာ တို့ရန်သူ ဖြစ်သွားတာပေါ့။
ဒါ့ကြောင့်ဘုရင်ခံက စစ်ကြေညာတာပေါ့"
လူအများသည် အင်္ဂလိပ်ကို ပို၍မုန်းလာကြသည်။ အင်္ဂလိပ်၏ မဟာမိတ်ဖြစ်သော အမေရိကန်ပျက်စီးဆုံးရှုံးသည်ကိုလည်း ကျေနပ်ကြသည်။ အင်္ဂလိပ်နှင့် အမေရိကန်တွေ လူစွာလုပ်ခဲ့သမျှ
ဂျပန်နှင့်တွေ့တော့မှ ထိတော့သည်ဟု ပြောကြသည်။ အင်္ဂလိပ်အား နှိမ်နိုင်သူ ဂျပန်ကို ကောင်းချီးသြဘာပေးကြလေသည်။

ထို့ထက်ဆိုးသည်မှာ ဂျပန်လုပ်သမျှ အကောင်းထင်ပြီး အင်္ဂလိပ်လုပ်သမျှ ပြောသမျှ မကောင်းချည်းထင်သည်။
အင်္ဂလိပ်တို့က စစ်ဖြစ်လာပြီဖြစ်၍ လေကြောင်း ကာကွယ်ရေးမှာ အထူးအရေးကြီးလာပြီဟု ဆိုသောအခါ
အရေးမကြီးဟူ လူအများက ထင်မြင်ကြသည်။ လေကြောင်းကာကွယ်ရေး သတိပေးချက်များကို များသောအားဖြင့်
ဂရုမစိုက်ကြချေ။ စိတ်ဝင်စားခြင်းမရှိကြချေ။
နိုင်ငံခြားကုန်ပစ္စည်းတွေ ချက်ချင်း ရှားသွားလေသည်။ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြသည်။
ရန်ကုန်သူ၊ ရန်ကုန်သားများအနေနှင့် ကုန်ပစ္စည်းရှားခြင်းကြောင့် ကုလားများကိုပို၍ မုန်းတီးလာကြလေသည်။
ဈေးဆိုင်များမှာ များသောအားဖြင့် ကုလားများသာ ဖြစ်ကြသည်။ ဈေးမြှင့်ရောင်းသော ကုလားများကို မမုန်းဘဲ
နေတော့မည်လော၊ ကုန်ပစ္စည်းများကို သိုလှောင်ကာ မှောင်ခိုဈေးလုပ်သော သူတို့၏ ခေါင်းဆောင်များမှာ
မဂိုလမ်းမှ ဘာဘူကြီးများနှင့် အရာကြီးများ ဖြစ်လေသည်။ ထိုဟာကို လူအများသိသည်။ ကုလားကို
လူအများမမုန်းတီးဘဲ နေမည်လော။
ကျွန်တော်သည် မမြမှီထံသို့မသွား။ အနီးကပ်မိလျှင် လင်အမြှောင်ဘဝက ရုန်းထွက်နိုင်မည်မဟုတ်ဟု သိသဖြင့်
ရှောင်နေလေသည်။ သို့သော်မမြမှီအကြောင်းကိုကား စုံစမ်းကြည့်၏။ တစေ့တစောင်း ချောင်းကြည့်၏။ မမြမှီ
မဂိုလမ်းအလုပ်တိုက်တွင် အခြေမပျက် လုပ်ကိုင်နေသည်ကို တွေ့ရ၏။ ထူးခြားချက်မှာ ယခင်က တစ်ခါတစ်ရံ
မမြမှီထံမှာ တွေ့ရသော ဘာဘူကုလားကြီး သည် ယခုအခါမမြမှီ၏ အလုပ်တိုက်မှာ အမြဲလိုလို တွေ့နိုင်သည်ဟု
ကြားသိရခြင်း ဖြစ်လေသည်။ တစ်ခါသော်မမြမှီနှင့် ဘာဘူကုလားကြီးတို့သည် ကားအတူစီးသွား
သည်ကိုကျွန်တော်ကိုယ်တိုင် မြင်လိုက်ရလေသည်။
မမြမှီကား ဘာဘူကုလားကြီးနှင့်တွဲပြီး စီးပွားရေးလုပ်နေဟန်တူသည်။ မှောင်ခိုဈေး လုပ်နေဟန်တူသည်။
ဘာဘူကုလားကြီးသည် မမြမှီနှင့်စီးပွားရေးအရသာ ပေါင်းရုံမက လူပါပေါင်း ရအောင်မကြံဘဲနေပါမည်လောဟု
ကျွန်တော်စိုးရိမ်လာလေသည်။
တရားဝင်လင်မယားအဖြစ် ကျွန်တော်နှင့် အထင်အရှားနေရန် ကျွန်တော်ဇွတ်ပြောစဉ်က

"မောင်လေးမသိတဲ့ကိစ္စတွေ လောကမှာ အများကြီးရှိသေးတယ်"ဆိုပြီး ငြင်းခဲ့ရာ ဤကိစ္စမျိုးကား လောကမှာ
ကျွန်တော် မသိသေးသော ကိစ္စမျိုးဖြစ်နေလေမည်လောဟု တွေးတောမိလေသည်။
ထိုအချိန်သည် ကောလာဟလ အများဆုံးသော အချိန်လည်းဖြစ်ပေ၏။ ကောလာဟလ ဟူသမျှမှာလည်း
ဂျပန်အတွက် ကောင်းပြီး အင်္ဂလိပ်အတွက် မကောင်းသည်သာများလေသည်။
ဂျပန်ရေငုပ်သင်္ဘောကြီးတွေ ရန်ကုန်မြစ်ဝရောက်နေပြီဟု တီးတိုးပြောသူတွေ အများအပြား။
စင်ကာပူခံတပ်ကြီး ကျပြီဟု တီးတိုးပြောသူတွေကလည်း မနည်းလှ။
တဘောင်စနည်း ဖတ်သူတွေကလည်း နေရာတကာမှာရှိသည်။
ဝတစ်လုံး နှစ်လုံးပေါ်ခဲ့သည်။ နှစ်လုံးဖြစ်ပြန်တော့ လေးလုံးပေါ်ခဲ့သည်။
အင်းကိုဟသာဆင်းမည်။ ဆင်းရင် လေးနှင့်ခွင်းမည်။ ထိုမုဆိုးကို ထီးရိုးရိုက်မည်။ ထီးရိုးကိုမိုးကြိုးပစ်မည်တဲ့
စသော သီးချင်းစာသားများကို အဓိပ္ပာယ်အမျိုးမျိုးကောက်ပြီး နိမိတ်ဖတ်သူတွေကို ပညာရှိတွေဟု
အများကထင်မှတ် ကြလေသည်။ ကိုးကွယ်ဆည်းကပ်ကြလေသည်။
ဂျပန်ရေဒီယိုမှာလည်း–
"အင်္ဂလိပ်နယ်ချဲ့သမားတွေကို အမြန်မောင်းထုတ်ပါတော့လား"
ဟူသော သခင်ထွန်းအုပ်၏ ပတ်ကြမ်းတိုက် သံကိုကြားကြရသည်။
"နောက် မကြာခင်ဆိုရင် ကျွန်မတို့ ဂျပန်ပြည်မှာ နီရဲလှပတဲ့ ချယ်ရီပန်းတွေက ဖူးနေပါတော့မယ်။ ဗမာပြည်က
အဆွေတော်များကိုလည်း ယခုလို သာယာလှသော
ရှုမျှော်ခင်းကိုမြင်စေချင်စမ်းပါဘိတော့တယ်"စသော မြန်မာ
ဂျပန်မကြီး၏ အသံကိုလည်း နားဝင်ပီယံ ဖြစ်နေကြလေသည်။
ကျွန်တော်တို့ မြန်မာအများသည် ချယ်ရီပန်းကို မြင်ဖူးကြသည်မဟုတ်။ သို့သော်
ဂျပန်ရေဒီယိုမှအပြောနှင့်ချယ်ရီပန်းကိုလွမ်းနေကြလေပြီ။
ဂျပန်ရေဒီယိုသည် ချယ်ရီပန်းရနံ့နှင့်အတူ အရှေ့တောင်အာရှ သာတူညီမျှ ကောင်းစားရေးဝါဒကိုလည်းကောင်း၊
ဂျပန်အကူအညီနှင့် ဗမာ့လွတ်လပ်ရေး တိုက်ယူရေးဝါဒကိုလည်းကောင်း
ဖြန့်လွှတ်လျက်ရှိလေသည်။
ကျွန်တော်တို့မြန်မာအများသည် ဂျပန်ရေဒီယိုအပြောနှင့် အရှေ့တောင်အာရှ သာတူညီမျှ ကောင်းစားရေးစနစ်၊
ဗမာ့လွတ်လပ်ရေးခေတ်သစ်တို့ကို မျှော်မှန်းတမ်း တနေကြလေပြီ။
ချယ်ရီပန်း၊ အရှေ့တောင်အာရှ သာတူညီမျှ ကောင်းစားရေးနှင့် ဗမာ့လွတ်လပ်ရေးတို့နောက်မှ ဂျပန်အင်ပိုင်ယာ

ဘုရင်မင်းမြတ်၏ ကြည်း၊ ရေ၊ လေ စစ်တပ်များသည် အောင်မြင်စွာ
ချီတက်နေကြလေသည်။ တက်နေဝန်းအလံကို
တစ်နေရာပြီးတစ်နေရာမှာ လွှင့်ထူနိုင်ခဲ့ပေသည်။
တစ်ဖက်တွင် ဗြိတိသျှတို့သည်ကား ခေါးကြိမ်းကြိမ်းလျက်ရှိ၏။
စစ်ပြီးလျှင် ဗမာပြည်အား အုပ်ချုပ်ရေး တိုးတက်ပေးပါရန် နန်းရင်းဝန် ချာချီနှင့်
အတွင်းဝန်အေမာရီတို့ထံ
အယူခံသွားသော ဂဠုန်ဦးစောအား ဗြိတိသျှအာဏာပိုင်တို့သည် ဂျပန်နှင့်
ဆက်သွယ်သည်ဟုဆိုကာ ဖမ်းဆီးလိုက်
လေသည်။
ဦးစောနှင့်နီးစပ်သူမှန်သမျှ ဗြိတိသျှဆုံးရှုံးမှုတွင်ကျေနပ်အားရပြီး တက်နေဝန်း
အလံတလူလူလွင့်လာသည်ကို
ခရီးဦးကြိုဆိုရန် အဆင်သင့်ဖြစ်နေကြလေသည်။
စစ်ကြီးအပြီးတွင် ဗမာပြည်အား ဒိုမီနီယံအဆင့် လွပ်လပ်ရေးကိုပေးပြီး
မဟာမိတ်စစ်အားထုတ်မှုတွင် ဗမာပြည်၏
အကူအညီကိုရယူရန် အကြံပေးရေးသားကြသော သတင်းစာများကို ဘုရင်ခံဆာဒေါ်မန်စမစ်နှင့်
နန်းရင်းဝန်
ဆာပေါ်ထွန်းတို့၏ အစိုးရသည် ဖိနှိပ်ချုပ်ချယ်ခြင်း အမျိုးမျိုးလုပ်ကြ၏။
ဒိုမီနီယံလွတ်လပ်ရေးသမားတို့သည် ဗြိတိသျှဓနသဟာယတွင် မျှော်လင့်ချက် မထားတော့ဘဲ
အရှေ့တောင်အာရှ
သာတူညီမျှ ကောင်းစားရေးစနစ်တွင်သာ မျှော်လင့်ချက် ထားကြလေတော့သည်။
လုံးဝလွတ်လပ်ရေးကိုတောင်းဆို၍ တိုက်ပွဲအမျိုးမျိုး ဆင်နွှဲနေသော တို့ဗမာအစည်းအရုံးကို
မတရားသင်းကြေညာလိုက်လေသည်။
ထိုအချိန်အထိ အဖမ်းမခံရသေးသော သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ သခင်တင်မောင်ကြီး
စသောခေါင်းဆောင်များပင် မလုံခြုံတော့ပေ။ သူတို့သည် ပုန်းလျှိုး
တိမ်းရှောင်ကြရလေတော့သည်။
လုံးဝလွတ်လပ်ရေးကို ကြွေးကြော်နေကြသည့် များစွာသော တို့ဗမာသခင် တို့သည်
ဂျပန်နှင့်ပေါင်း၍
အင်္ဂလိပ်အား အပြုတ်တိုက်ရေးကိုသာ လုံးဝလွတ်လပ်ရေး၏တစ်ခုတည်းသော
လမ်းစဉ်အဖြစ်ဖြင့်
ယုံကြည်နေကြလေ တော့သည်။ "အရှေ့ကနေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုသာ
ရောက်ရမည်မှာ
မလွဲပါ"ဟူသော တို့ဗမာသီချင်း၏ စာသားကိုအဓိပ္ပာယ်တစ်မျိုးကောက်လာကြလေသည်။
တက်နေဝန်းအလံထူလာသော ဂျပန်အတွက် အတိတ်နိမိတ်ရှေ့ပြေး သီချင်းစာသားဖြစ်သည်ဟု
ထင်မှတ်လာကြလေသည်။
"ဟောင်ကောင် ဂျပန့်လက်သို့ကျပြီတဲ့"

"စင်ကာပူ အင်္ဂလိပ်ရေတပ်စခန်းကြီးကို ဂျပန်ရေတပ်က ဝိုင်းထားပြီတဲ့"
"မာလာယုကို ဂျပန်ကြည်းတပ်မတော်ကြီးက ဝင်ရောက်တိုက်ခိုက်နေပြီတဲ့"
ဗမာအများ ကျေနပ်အားရကြသည်။
မြန်မာပြည် အသံလွှင့်ဌာနနှင့် အခြားဗြိတိသျှအာဏာပိုင်တို့၏ အသံလွှင့်ဌာနများမှ–
"မဟာမိတ်တပ်များသည် အောင်မြင်စွာ ဆုတ်ခွာခဲ့ကြလေသည်"
ဟူသော ကြေညာချက်ကိုမကြာခဏ ကြားကြရလေသည်။ ဗမာအများသည် အင်္ဂလိပ်တို့အား အောင်မြင်စွာ
ဆုတ်ခွာခြင်းအတွက် သရော်လှောင်ပြောင် ကြလေသည်။
တစ်မနက် မိုးမလင်းတလင်းအချိန်ကလေးတွင် ကျွန်တော်သည် ကျွန်တော့်အခန်းမှာ အိပ်ပျော်နေစဉ်
တံခါးခေါက်သံကြောင့် လန့်နိုးလေသည်။ တို့ဗမာအစည်းအရုံးကို မတရားသင်းကြေညာပြီး သခင်များကို
လိုက်ဖမ်းနေသဖြင့် ကျွန်တော့်အားဖမ်းရန်လာသော ပုလိပ်များဖြစ်နေလေသလောဟု တွေးတောမိကာ
စောင်ခေါင်းမြီးခြုံပြီး ဖွင့်ပေးရကောင်းမည်လော၊ မဖွင့်ဘဲနေရကောင်းမည်လော ချီတုံချတုံဖြစ်နေစဉ် ဗေဒကဝိန်
ဆရာဦးတက်ရှိန်က ကပျာကယာ ထ၍ ဖွင့်ပေးလေသည်။
တံခါးခေါက်သူ–
"သခင်တင်ထွန်းရှိပါသလားဗျာ"
ဗေဒကဝိန်–
"ရှိပါတယ်"
ကျွန်တော်ကား ခေါင်းမြီးခြုံပြီး ချီတုံချတုံ မနေသာပြီ။ စောင်ဖွင့်ပြီး ကြည့်လိုက်၏။ အထဲသို့ဝင်လာသူမှာ
သခင်တင်မောင်ကြီးဖြစ်နေသဖြင့် ကျွန်တော့်မှာ အံ့ဩခြင်းဖြင့်"ဟ
ာ သခင်တင်မောင်ကြီးပါလား"
"ထစမ်းပါဦး ကိုယ့်လူရာ"
သခင်တင်မောင်ကြီး၏အသံကား အေးစက်စက်ပင်ဖြစ်၏။ အမူအရာမှာလည်း အေးစက်စက်ပင်ဖြစ်သည်။
လာပုံလာချိန် ထူးခြားခြင်းနှင့် မဆီလျော်သော အမူအရာများပေတည်း။ ကျွန်တော်က ကပျာကယာ ထထိုင်လိုက်စဉ်
ဗေဒကဝိန် ဆရာဦးတက်ရှိန်သည် ကျွန်တော်တို့နှစ်ယောက်အား ခွင့်လွှတ်ညှာတာသော အပြုံးဖြင့်ကြည့်ကာ–
"ကျုပ်က ကျုပ်ဇည့်သည်များလားလို့ဗျာ၊ ယတြာလုပ်ချိန်ကျလို့ စောင့်နေတာ"
သည်တော့မှ ဘုရားစင်ဘက်သို့ ကြည့်လိုက်မိသည်။ ကန်တော့ပွဲများ အဆင်သင့်ရှိနေသည်။
အမွှေးတိုင်များအနံ့တသင်းသင်းနှင့် အခိုးတလူလူ လွင့်နေကြသည်။

ဖယောင်းတိုင်များလည်းတောက်ပနေကြသည်။ ဦးတက်ရှိန်သည် ကန်တော့ပွဲဆီသို့သွား၏။ သခင်တင်မောင်ကြီးသည် ကျွန်တော့်အိပ်ရာပေါ် လာထိုင်၏။ သူ့ဗိုလ်ကေမှာ နဂိုကမှ ရှည်လှသည့်အထဲ
ပြန့်ကျဲပွထနေသဖြင့် အကြည့်ရဆိုးနေသည်။ မုတ်ဆိတ်မရိပ်ဘဲထားသည်မှာလည်း ရက်အနည်းငယ်
ကြာနေပြီထင်၏။ ဟောင်းနွမ်းနေသော ဘလေဇာအပြာကို ဝတ်ထားသည်။ ရင်ဘတ်နေရာမှာ သံကြယ်သီးအောက်ခံများ တွေ့မြင်ရသေးသဖြင့် တစ်ခါတုန်းက ထိုနေရာမှာ တက္ကသိုလ်ဘုတ်ကလပ်
တံဆိပ်ရှိခဲ့သည်ဟု ကျွန်တော် တွေးကြည့်နေလေသည်။
"အခန်းမှားပြီး တံခါးမခေါက်မိအောင် အတော်ဂရုစိုက်ရတယ်"
"ခင်ဗျားက အစောကြီးလာတာကိုးဗျ"
"သိပ်တော့မစောတော့ပါဘူး၊ အပြင်ထွက်ကြည့်ပါဦး။ ဒါပေမဲ့ ကိုယ်က ဒီအခန်း တစ်ခါမှ ရောက်ဖူးတာမှ
မဟုတ်ဘဲ၊ ကိုယ့်လူကိုသာ မေးထားဖူးတာပဲ"
သူသည် အကြောင်းထူးလို့သာ ဤသို့သော အချိန်ကြီးတွင် လာသည်ဟု တွက်ထားပြီး ဖြစ်၏။
"ဘယ်ကလာတာလဲ၊ ခင်ဗျား ဌာနချုပ်မှာ မနေတော့ဘူး မဟုတ်လား"
"နေလို့ဘယ်ဖြစ်မှာလဲ၊ ဖမ်းသွားမှာပေါ့"
ကျွန်တော်သည် ဦးတက်ရှိန်ဘက်သို့ အကဲခတ်လိုက်သည်။ သူကား ကန်တော့ပွဲ ရှေ့မှာ ဒူးတုပ်ထိုင်လျက်
ဒိဗ္ဗစက္ခုမျက်လွှာချနေလေသည်။ ဗေဒကဝိန်သည် ကျွန်တော်တို့အား ဂရုမစိုက်၊ သူ့ဖောက်သည်များအတွက်သာ
အာရုံစူးစိုက်နေဟန် တူသည်။ သို့ရာတွင် ကျွန်တော်သည် အသံကိုအုပ်ပြီး သခင်တင်မောင်ကြီးအား
မေးလိုက်သည်။
"ဘယ့်နှယ်လဲ၊ ခင်ဗျား ပုန်းလျှိုးနေရတယ် မဟုတ်လား"
"အေး ဟုတ်တယ်၊ ခု ပုန်းနေတဲ့နေရာက သိပ်မလုံလို့ ကိုယ့်လူမှာ လုံတဲ့နေရာများရှိရင် ပို့ပေးစမ်းပါလို့ပြောမယ်လို့ ခုလာတာပဲ"
"အင်္ဂလိပ်က သခင်တင်မောင်ကြီးလိုလူကို ဘာလို့ဖမ်းချင်ရတာလဲဗျ"
သခင်တင်မောင်ကြီးသည် မချိပြုံးပြုံးလိုက်သည်။
"ဘာဖြစ်လို့မဖမ်းချင်ရမှာလဲ၊ ပြောစမ်းပါဦး"
"သခင်တင်မောင်ကြီးဟာ မဟာမိတ်တွေနဲ့ပေါင်းပြီး ဖက်ဆစ်တွေကိုခုခံတိုက် ခိုက်ရမယ်လို့ ယုံကြည်တဲ့လူ၊
ပြောဟောတဲ့လူပဲဗျ၊ ဟုတ်တယ် မဟုတ်လား။ ခင်ဗျားဟာ ဒီယုံကြည်ချက် မပြောင်းဘူး မဟုတ်လား"

"အေး ခုထိ အခိုင်အမာ ယုံတုန်းပဲ"
"တို့ဗမာအစည်းအရုံးကိုမတရားသင်းကြေညာ၊ သခင်တွေဟူသမျှ တွေ့တိုင်းဖမ်း။ ဒါလည်း ယုံတုန်းပဲလား"
သူ့မျက်နှာသည်ဝင်းပလာသည်။
"အေး ယုံတုန်းပဲ ကိုယ့်ယုံကြည်ချက်က အင်္ဂလိပ်တစ်မျက်နှာတည်း ကြည့်ပြီး ဖြစ်လာတဲ့ ယုံကြည်ချက်မှမဟုတ်ဘဲ။ ကမ္ဘာအရပ်ရပ် အခြေအနေ၊ ဖက်ဆစ်နယ်ချဲ့သမားတွေရဲ့ အခြေအနေ၊ တို့ဗမာ
အခြေအနေ၊ အင်္ဂလိပ်အမေရိကန်တို့ရဲ့ အခြေအနေ၊ ရုရှားတရုတ်တို့ရဲ့ အခြေအနေ အားလုံး တွက်ချက်ပြီးမှ
ဖြစ်ပေါ်လာတဲ့ ယုံကြည်ချက်ပဲကွ။ ဒီတော့ အင်္ဂလိပ်က တို့ဗမာအစည်းအရုံး မတရားသင်းကြေညာတာ၊ တို့ကို
လိုက်ဖမ်းတာဆိုတဲ့ အကြောင်းကလေးတစ်ခုနှစ်ခုနဲ့တော့ ကိုယ့်ယုံကြည်ချက်ဟာ ဘယ်မှာ ပြောင်းလိမ့်မှာလဲကွာ"
ကျွန်တော်သည် များစွာသော ကိစ္စတို့မှာကဲ့သို့ပင် သခင်တင်မောင်ကြီး၏ အယူအဆကို လက်မခံနိုင်။ သို့သော်
သူ့အကြောင်းပြချက်များတွင် စိတ်မဝင်စားဘဲ မနေနိုင်။ သူ၏ယုံကြည်မှု ရိုးသားခြင်းအတွက် မလေးစားဘဲ
မနေနိုင်။
"ခင်ဗျားလို ယုံကြည်ခက်မျိုးရှိတဲ့လူ ဗမာပြည်မှာ ရှိရဲ့လား"
"ရှိတာပေါ့"
"ခင်ဗျားလောက် ခိုင်မာရဲ့လား"
"ပို ပိုမသာပေါ့ ကိုယ့်လူရာ"
"ဘယ်သူတွေလဲဗျ၊ ပြောစမ်းပါဦး"
"ခုထောင်ထဲရောက်နေတဲ့ သခင်စိုးတို့၊ သခင်ကျော်စိန်တို့လည်း ဒီယုံကြည်ခက်မျိုးရှိတာပဲ"
"ဩော် ဟုတ်လား။ သခင်ကျော်စိန်ကိုတော့ သိရုံသာ သိတယ်၊ မကျွမ်းဘူး။ သခင်စိုးကိုတော့
အကျွမ်းတဝင်သိတယ်။ သူ့စာအုပ်တွေ ဖတ်ပြီး ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ နားလည်ရတာပဲ။
သူ့သင်တန်းလည်းတက်ဖူးတယ်။ သခင်ကျော်စိန်ရဲ့ သင်တန်းလည်း တက်ဖူးပါရဲ့၊ ဒါပေမဲ့ နောက်ဆုံးဘယ်လိုယုံကြည်ချက်တွေ ရှိနေတယ် ဆိုတာတော့ ခင်ဗျားပြောမှ သိရတာပါပဲ။ နို့နေစမ်းပါဦးဗျာ၊
ခင်ဗျားတို့ဟာ ခုကိစ္စမှာ ခုလို ယုံကြည်နေတယ်ဆိုတာ အင်္ဂလိပ်တွေ မသိဘူးလား"
"သိတာပေါ့၊ မကြာသေးခင်ကပဲ သခင်ကျော်စိန်တို့လူစုက ထောင်ထဲကနေပြီး ဘုရင်ခံဆာဒေါ်မန်စမစ်ဆီစာရေးတယ်။ ကိုယ်တို့ကလည်း ဘုရင်ခံဆီ စာရေးတာပဲ။ တို့တစ်တွေဟာ

ဖက်ဆစ်တွေကိုသာ အဓိကရန်သူအဖြစ်ဖြင့် သဘောထားတဲ့အကြောင်း၊
မဟာမိတ်တွေနဲ့ပေါင်းပြီး
ဂျပန်ကိုခုခံတိုက်ခိုက်လိုကြောင်း၊ တို့နဲ့ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ဖမ်းထားတဲ့
တို့ရဲဘော်တွေ
လွှတ်ပေးဖို့လိုတဲ့အကြောင်း၊ တို့သဘောတရား အကြောင်းပြချက်တွေကို တော်တော်စုံစုံ
ရေးပြီးပို့တာပဲ”
“ဘုရင်ခံက ဘယ်လိုအကြောင်းပြန်သလဲ၊ သခင်ကျော်စိန်တို့လူစုကို လွှတ်မပေးဘူးလား”
“လွှတ်မပေးနိုင်ဘူးတဲ့။ တို့က ဘာပြောပြော သခင်အောင်ဆန်းတို့၊ သခင်လှဖေတို့၊
လှမောင်တို့၊ ထွန်းရှိန်တို့
ဒီလူစုတွေ ဂျပန်ရောက်နေပြီဆိုတာ ဘုရင်ခံက သေချာပေါက်ပြောတယ်။ ဒါကြောင့်
တို့ကိုလည်းမယုံနိုင်ဘူးလို့ဆိုတဲ့ သဘောပေါ့လေကွာ။ ဂျပန်ရောက်သူကလည်း
ရောက်နေလေတော့
အင်္ဂလိပ်ဘက်က တို့သခင်တွေကိုမယုံနိုင်ဘူးဆိုတာလည်း သဘာဝကျတာပဲကွ”
“ခင်ဗျားတို့ မဟာမိတ်က မစွံပါဘူးဗျာ။ ကိုယ့်လူကို လိုက်ဖမ်းလိုဖမ်း၊ ကိုယ့်လူမှန်း
သိလျက်နဲ့
လည်းထောင်ထဲက မလွှတ်။ ကျွန်တော်တော့ ခင်ဗျားတို့ အင်္ဂလိပ်ကို
ဘယ်နည်းနဲ့မှမဟာမိတ်
သဘောမထားနိုင်ဘူးဗျာ”
“အေးကွာ် ဒီကိစ္စမှာတော့ သခင်တင်ထွန်းနဲ့ ကိုယ်တို့ဟာ သဘောကွဲလွဲဖို့
သဘောတူလိုက်ကြစို့ရဲ့”
သူနှင့်ကျွန်တော်တို့သည် အိပ်ရာပေါ်မှာ မျက်နှာချင်းဆိုင် ဆောင့်ကြောင့် ထိုင်ပြီး
အတန်ကြာ
ငေးမှိုင်နေကြလေသည်။ ဓာတ်ရထားနှင့် ဘတ်စ်ကား ပြေးလွှားသံများ ဆူညံလာလေပြီ။
ဓာတ်ရထားခုတ်မောင်းသွားခြင်းကြောင့် ကျွန်တော်တို့ တိုက်ခန်းမှာ တုန်ခါသွားလေသည်။
သခင်တင်မောင်ကြီးက
သက်ပြင်းချလိုက်ပြီးနောက်–
“ကိုင်း–သခင်တင်ထွန်း၊ လုံခြုံတဲ့ တစ်နေရာရာကိုများ ငါ့ကိုပို့ပေးနိုင်မှာလား”
“ပုန်းနေပြီး ခင်ဗျား ဘာလုပ်မှာတုံး”
“ပုန်းနေရုံပေါ့ကွ။ မပုန်းရင် အဖမ်းခံရမယ်၊ အဖမ်းခံရရင် ထောင်ထဲမှာ ဘာလုပ်မှာတုံး”
“နို့ ပုန်းနေတော့ကော ဘာလုပ်မှာတုံး”
“ပုန်းနေရုံပဲ ကိုယ်တော့ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး။ မဟာမိတ်နဲ့လည်း ပူးပေါင်းနိုင်မှာ
မဟုတ်ဘူး။
ကိုယ့်ယုံကြည်ချက်အတိုင်း ကိုယ့်ဘာသာ လုပ်ရအောင်ကလည်း ထောင့်အပြင်မှာ
ကိုယ်တစ်ယောက်တည်းလိုလို
ဖြစ်နေတယ်”

လှေကားမှ တက်လာသောရှူးဖိနပ်နှင့်ခြေသံကို ကြားရလေသည်။ သခင်တင်မောင်ကြီးအား လုံခြုံရာပို့ထားမှ
ဖြစ်တော့မည်။ ထိုခဏ၌ လျှပ်စီးလက်သလို ကျွန်တော့စိတ်ထဲမှာ ကမာရွတ်မိတ်ဆွေများ၏ မျက်နှာများသည်
ဝင်းခနဲပေါ်လာလေ၏။ ကျွန်တော်ကထိုင်ရာမှထရင်း–
“ကဲ ထ သွားမယ်”
သခင်တင်မောင်ကြီးသည်လည်း ထလိုက်သည်။
“ကိုယ့်ကို ပို့ပေးမယ်လို့လား”
“ဟုတ်တယ်”
ထိုအတွင်းသက္ကလတ်လုံချည်၊ ဆွယ်တာ၊ သက္ကလတ်အပေါ်အင်္ကျီတို့ကို ဝတ်ဆင်လျက် မာဖလာခေါင်းမှာ
စည်းထားသော လူကြီးတစ်ယောက် ရောက်လာလေသည်။ ဗေဒကဝိန် ဦးတက်ရှိန်၏ ဖောက်သည်ကြီးဖြစ်၏။
ကျွန်တော်သည် သူ့အားမြင်ဖူးသလိုလိုရှိ၏။ သူက ကျွန်တော့်အား ပြုံးပြသည်။ သို့သော် နှုတ်ဆက်စကားမပြောရမီပင် ဦးတက်ရှိန်က ကန်တော့ပွဲဆီသို့ သူ့အား
လှမ်းခေါ်လိုက်လေသည်။
ကျွန်တော်တို့သည် အခန်းမှဆင်းလာစဉ်တွင်မှ ထိုသူကား အခြားမဟုတ်၊ တစ်ခါတုန်းက ရာထူးတိုးရန်
ဗေဒကဝိန်က ယတြာပြုပေးဖူးသော အတွင်းဝန်ကလေး တစ်ဦးဖြစ်ကြောင်း
သတိရလေတော့သည်။
စစ်ကြီးသည် ကျွန်တော်တို့ဘက်သို့ ကူးစက်ပြန့်ပွားလာပြီဖြစ်သော်လည်း ကမာရွတ်မှာ အပြောင်းအလဲများ
မတွေ့ရ။
ကိုဘကျူးသည် ဆံပင်ညှပ်ဆိုင်ကို ဖွင့်မြဲဖွင့်ထားလေသည်။ ကျွန်တော်နှင့် သခင်တင်မောင်ကြီးတို့ ဘတ်စ်ကားမှ
ဆင်းလာကြသောအခါ ကိုဘကျူးသည် ဆံပင်ညှပ်ဆိုင် တံခါးကိုဖွင့်ပြီး တံမြက်စည်း လှည်းနေသည်ကို
တွေ့ရလေသည်။
ကျွန်တော်က သူ့ဆိုင်ရှေ့မှ ဖြတ်လျှောက်ရင်းပင်–
“သခင်ဘကျူး နေလို့ထိုင်လို့ ကောင်းရဲ့လား”
ကိုဘကျူးသည် အံ့သြစွာနှင့် ကျွန်တော့်ဆီသို့ လှမ်းကြည့်လိုက်ပြီး–
“ဟာ သခင်တင်ထွန်းပါကလား၊ လာလေ ဝင်ပါဦး”
သူသည် တံမြက်စည်းကို ကိုင်၍ ကျွန်တော်ဝင်လာမည်ကို စောင့်ကြိုနေလေသည်။
“အပြန်မှ ဝင်ခဲ့မယ်လေ”

"သခင်တင်ထွန်းတို့တော့ အတော်ဟန်ကျနေပြီလေ။ သတင်းစာထဲမှာ ဌာနချုပ်
ခေါင်းဆောင်တွေနာမည်နဲ့
တွဲတွဲပြီး သခင်တင်ထွန်းကိုတစ်ခါတစ်ခါ ဖတ်ရတယ်။ ဝမ်းသာပါတယ်၊ ကြိုးစားကြပါ"
ကျွန်တော်က ရှေ့ဆက်လျှောက်ရင်း–
"ကျေးဇူးတင်ပါတယ်ဗျာ"
ကိုဘကျူးသည် ကျွန်တော့်နောက်က ခပ်ကုပ်ကုပ်လိုက်ပါလာသော သခင်တင်မောင်ကြီးအား
ခပ်စိမ်းစိမ်းကြည့်လျက် ကျွန်တော့်အား–
"အပြန်ဝင်ဖြစ်အောင် ဝင်ခဲ့နော်"
ဦးဖိုးခင်တို့သည်လည်း မြင်းလှည်းထောင်ထားကြတုန်းဖြစ်သည်။ သို့သော် သူတို့အိမ်ရှေ့မှာ
မြင်းလှည်းမတွေ့ရ။
မြင်းချေးများနှင့် မြင်းစာကျွေးသော ပုံးများကိုသာ မြင်နိုင်လေသည်။ ဒေါ်လှမေသည်
ထမင်းအိုးကိုမွှေလျက်ရှိ၏။
ဦးဖိုးခင်ကား ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ လက်ဖက်ရည်ကြမ်းသောက်လျက်ရှိလေ သည်။
ကျွန်တော်က သူတို့အိမ်ရှေ့မှာ ရပ်လျက်–
"ဘယ့်နှယ်လဲ နေကောင်းကြရဲ့လား"
သူတို့လင်မယားသည် ကျွန်တော့်အားအံ့သြစွာ ကြောင်ကြည့်လိုက်ကြသည်။
နောက်ခဏကြာတော့
ဝမ်းသာအယ်လဲ ရှိလှစွာဖြင့်–
"နေကောင်းပါ့ဗျာ"
"နေကောင်းပါ့တော်၊ ဘယ်ကများ မျက်စိလည်လာတာတုံး"
"တမင်ဒီဘက်လာတာပါပဲ၊ ကိုတင်ဖေကော ဘယ်သွားသလဲ"
ကျွန်တော်က သူတို့သား ကျွန်တော့်သူငယ်ချင်း ကိုတင်ဖေ့အကြောင်းကိုမေး လိုက်သည်။
ဦးဖိုးခင်က–
"လှည်းထွက်တယ်လေ"
"နို့ မတင်ရွှေတို့ကော ရှိရဲ့လား"
ကျွန်တော်ကသူတို့သမီးအကြောင်းကို မေးလိုက်ပြန်လေသည်။ ဦးဖိုးခင်ကပင်–
"မရှိကြဘူး။ မောင်ပြုံးက လက်ပံတန်း ပြောင်းရတယ်။ ဒါကြောင့်တင်ရွှေလည်း
လိုက်သွားရတာပေါ့။ စစ်ကြီးက
ဖြစ်လာတော့ ရှေ့ဘယ်လိုဖြစ်မှာလဲ မသိဘူးကွယ်။ ဒီတော့ သမီးရော၊ သမက်ရော၊
မြေးတွေရော
အတူနေချင်ပါတယ်ကွယ်။ မလွဲသာလို့သာ"
ဦးဖိုးခင်က သူ့သမီးနှင့် မီးရထားလက်မှတ်စစ်ဖြစ်သူ သူ့သမက်နှင့် မြေးများအတွက်
စိုးရိမ်ပူပန်စကားဆိုနေစဉ်
ဒေါ်လှမေ၏ မျက်နှာမှာ အတွင်းကျိတ် မျိုသိပ်စိုးရိမ်ကြောင့်ကြခြင်းများကို
ထင်ဟပ်နေလေသည်။

ဒေါ်လှမေ–
“ထိုင်ဦးလေကွယ်”
“ခု မထိုင်သေးဘူး၊ အပြန်မှ ထိုင်မယ်။ ဦးလေးမြင့်တို့ရှိကြရဲ့လား”
“ရှိမှာပေါ့၊ အိပ်ရာကမှ ထပါဦးမလား မဆိုနိုင်ဘူး”
အကြော်သည် ဒေါ်လုံးတင်ကား ယခင်ကကဲ့သို့ပင် အကြော်ဖိုနှင့် ဝမ်းကို မဝတဝကျောင်းပြီး
ခါးကိုမလှတလှဆင်နေရလေသည်။ စွပ်ကျယ်စက်မှာ အလုပ်လုပ်နေပြီဖြစ်သော
သမီးမြကြည်ကား
ယခင်ကကဲ့သို့ပင် ပုံမပျက် ပန်းမပျက်၊ အပျိုရည်လည်း ပျက်ဟန်မတူ။
သမီးငယ်မြရီသည်သာ
ကိုယ်ဝန်ကြီးတကော့ကော့နှင့် ဖြစ်နေလေသည်။ ကျွန်တော်နှင့်ကိုယ်ကြွယ်တို့က
မဖြစ်စေချင်တာမှ
မြရီကဖြစ်သည်။ မြရီကား ကုလားမယား။
ဦးလေးမြင့်တို့အိမ်သို့ရောက်ကြလေသည်။ ကိုယ်ကြာရှည်လေးမြင့် နေခဲ့ဖူးသော
အိမ်ကလေးနှင့်
ခွဲနေရခြင်းသည်ယခုမှ အသစ်သဖွယ် ဖြစ်လာလေသည်။ ဝမ်းနည်းစရာလိုလို၊
လွမ်းစရာလိုလိုထင်မိသည်။
ခေါင်းရင်းက ပြတင်းပေါက်တစ်ပေါက်ကို ဖွင့်ထားခြင်းနှင့် အိမ်ရှေ့တံခါးတစ်ချပ်
ဖွင့်ထားခြင်းတို့မှာ
ကျွန်တော်နေတုန်းက မနက်စောစောထပြီး လုပ်ထားလေ့ရှိသည့်အတိုင်းပင် ဖြစ်သည်။
ဦးလေးမြင့်အား အိပ်ရာမှာတွေ့ရဦးမည်ထင်ခဲ့သော်လည်း တကယ်တွေ့ရတော့
ရေတွင်းမှာဖြစ်လေသည်။ သူသည
စောစောစီးစီးရေချိုးလျက် ရှိ၏။ ဆောင်းတွင်းမှာ တွင်းရေကိုနံနက်စောစောချိုးလိုက်ရလျှင်
နွေးသွားသည်ဟု
ဦးလေးမြင့်က ပြောတတ်သည်ကို သတိရသွား၏။
ကျွန်တော်–
“ဦးလေးမြင့် အိပ်ရာက နိုးနေမှကိုး”
“အိပ်မှ မအိပ်ရသေးဘဲကွ”
ညြော် ည အလုပ်ဆင်းနေရသလား”
“အေးဟုတ်တယ် မင်းခုဘယ်က လာတာတုံး”
“ဒီကို တမင်လာတာပဲ”
“အိမ်ပေါ် သွားထိုင်ဦးကွာ၊ တံခါးတွေ ဖွင့်လိုက်ပေါ့”
“ကိုကြွယ် ဒီမှာ အိပ်သလား”
“အေး အိပ်တယ်။ ငါအလုပ်က ပြန်ရောက်မှ သူထွက်သွားတာ ဟိုဘက်နားမှာ
ဆွမ်းကျွေးရှိထင်ပါရဲ့ကွာ”

ကျွန်တော်တို့သည် အိမ်ပေါ်သို့တက်ပြီး တံခါးများဖွင့်ကြသည်။ ပြီးတော့ အိမ်ရှေ့မှာ ထိုင်ကြလေ၏။
သခင်တင်မောင်ကြီးကား တောက်လျှောက် ဘာစကားမျှ မပြောခဲ့။ ကျွန်တော့်နောက်ကသာ လိုက်ခဲ့သည်။
ကျွန်တော်ပြောပုံဆိုပုံ လုပ်ကိုင်ပုံတို့ ကိုသာ အကဲခတ်ပြီး ခပ်မဆိတ်နေခဲ့လေသည်။ ခုထိုင်မိပြီ ဆိုတော့မှ
အိမ်မိုးကိုမော့ကြည့်ပြီး–
"ဒါက ဘယ်သူ့အိမ်လဲ သခင်တင်ထွန်း"
"ဟို ရေချိုးနေတဲ့ ကျွန်တော့်ဦးလေးအိမ်ပဲ၊ ကျွန်တော်အခုနေတဲ့ အခန်းကို မပြောင်းခင်က ဒီမှာနေတာပဲ"
"သခင်တင်ထွန်းက ဒီရပ်ကွက်ထဲမှာ ခင်မင်သူ ပေါတယ်ထင်တယ်နော်"
"နေတာက ကြာပြီကိုး‌ဗျ၊ ပေါတာပေါ့"
ဦးလေးမြင့်သည် ရေချိုးအဝတ်အစား လဲပြီးပြီဖြစ်သဖြင့် ကျွန်တော်တို့အနီးသို့ လာထိုင်လေသည်။
"ဘာကိစ္စများ ရှိလို့လဲဟေ့"
"ဦးလေးမြင့်ဒါဟာ နိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးရဲ့ ဥက္ကဋ္ဌ သခင်တင်မောင်ကြီးပဲခင်ဗျ"
ဦးလေးမြင့်သည် အံ့ဩသည်ပီးနောက်တွန့်သွားသည်။ ခဏကြာမှ ဣန္ဒြေဆည်ပြီး ပြုံးလျက်နှုတ်ဆက်ကာ–
"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"
သခင်တင်မောင်ကြီးက ရယ်သွမ်းသွေးလိုက်၏။
"သူများတွေ ထောင်ကျလို့ အစားဝင်ထိုးရတဲ့ ကြားဖြတ်ဥက္ကဋ္ဌပါ ခင်ဗျာ။ ဟဲ ဟဲ သာမန်အချိန်အခါဆိုရင်
ကျွန်တော်ဥက္ကဋ္ဌဖြစ်ဖို့ မဟုတ်ပါဘူး"
ဤသို့ ရယ်စရာလိုလိုနှင့် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြောသည်ကို ဦးလေးမြင့်သည် များစွာ သဘောကျသွားဟန်ရှိ၏။
ဦးလေးမြင့်က စိုးရိမ်သောလေသံဖြင့်–
"ခု တို့ဗမာအစည်းအရုံးကို ဘုရင်ခံက မတရားအသင်းကြေညာပြီး သခင်တွေ လိုက်ဖမ်းနေတယ် မဟုတ်လား၊
သခင်တင်မောင်ကြီးကိုကော မဖမ်းဘဲ နေပါ့မလား"
သခင်တင်မောင်ကြီးသည် မချိပြုံးပြုံးပြီး ကျွန်တော့်အား ကြည့်လိုက်သည်။ ပြောပေတော့ဟု အချက်ပေးလိုက်သည့်
အကြည့်မျိုးဖြစ်ပေ၏။
"ဒါကြောင့် ခုဦးလေးမြင့်ဆီလာတာပေါ့။ တခြားနေရာမှာ သခင်တင်မောင်ကြီး ဟာ မလုံခြုံဘူး၊

ပုလိပ်ဖမ်းမိသွားမှာ စိုးရတယ်။ ဒါကြောင့် ဦးလေးမြင့်ရဲ့ အိမ်မှာ ပုန်းနေဖို့
ခွင့်ပြုစေချင်တယ်”
“နေတာပေါ့ နေတာပေါ့။ ဒီအိမ်က အတွင်းဘက်လည်းကျတော့ တော်တော့်လူ မမြင်ပါဘူး။
ပြီးတော့အိမ်မှာလည်း
လူသိပ်ရှိတာမဟုတ်ဘူး။ ကိုကြွယ်ဆိုတာရယ်၊ ထမင်းချက် အိမ်ကြည့်လုပ်နေတဲ့
ကျုပ်တူတစ်ယောက်ရယ်
ဒါပဲရှိတာပဲ”
“အိမ်ထောင်မရှိဘူးလား”
“မဆိုးဖို ဆိုပါတော့ဗျာ။ ကဲ ကဲ၊ နေသာနေပါ။ နာမည်ကလေးဘာလေးတော့
ပြောင်းထားပေါ့၊
ဘယ်လိုခေါ်ရမှာလဲ”
သခင်တင်မောင်ကြီးသည် အိမ်ခေါင်မိုးကို မော့ကြည့်ကာ အတန်ကြာအောင်
စဉ်းစားနေပြီးနောက်–
“ဦးကြီးမောင်လို့ခေါ်ဗျာ။ ကျွန်တော်က သတင်းစာတိုက်က အယ်ဒီတာဗျာ။ နလုံးရောဂါရှိလို့
ဒီလာပြီးအနားယူနေတယ် ဟုတ်လား”
သခင်တင်မောင်ကြီးက သို့ကလို ဉာဏ်ဆင်လိုက်ခြင်းကိုများစွာ သဘောကျသွားပြီး
သူ့အားစိတ်ထဲက
များစွာချီးကျူးမိပေသည်။ သူနေပုံထိုင်ပုံ ပြောဆိုပုံနှင့် သွင်ပြင်တို့သည်
အယ်ဒီတာဟူသောအလုပ်နှင့်များစွာကိုက်ညီ၏။ နလုံးရောဂါရှိ၍ အနားယူလာသည်ဟူသော
ဆင်ခြေမှာလည်း
ယုတ္တိတန်လှပေသည်။
ဦးလေးမြင့်သည် ထိုကိစ္စနှင့် ပတ်သက်၍ နောက်ထပ်ဘာမျှ မပြောတော့ဘဲ
မျက်လွှာအောက်ချပြီး
တွေးတောငေးမောနေလေသည်။ ကျွန်တော့်တွင်လည်း စကားပြောစရာ အစရှာမရသဖြင့်
ကိစ္စပြီးပြီပဲ၊
ပြန်တော့မည်ဟန်ပြင်လိုက်စဉ် ဦးလေးမြင့်သည် အသက်ဝင်လှုပ်ရှားလာဟန်ဖြင့်–
“စင်ကာပူမြို့တော့ ဗုံးတွေသိပ်ကြဲနေတယ်။ ရေလှောင်ကန်တွေ၊ ပိုက်တွေ ပျက်ကုန်လို့
မြို့သူမြို့သားတွေ
ရေအခက်အခဲတွေ့နေတယ်လို့ နောက်ဆုံး ကြေးနန်းသတင်းကဆိုတယ်။
ငါတို့ရန်ကုန်လည်းဂျပန်က
ဗုံးများလာကြဲဦးမလား မဆိုနိုင်ဘူး”
သခင်တင်မောင်ကြီး–
“ဘယ်နေလိမ့်မှာလဲ၊ ဖက်ဆစ်တွေဟာ နည်းမျိုးစုံနဲ့ တိုက်မှာပဲ။ ပြည်သူပြည်သားတွေ
ဘာဖြစ်မယ်ဆိုတာ
ဂရုစိုက်နေတာမှ မဟုတ်ဘဲ”

ကျွန်တော်–
“ဖက်ဆစ်ဘက်ကတင် ဒီလိုရမ်းတာမဟုတ်ပါဘူးဗျာ၊ အင်္ဂလိပ်၊ အမေရိကန်၊
မဟာမိတ်တွေလည်း ရမ်းမှာပါပဲ။
သူတို့လည်း ပြည်သူပြည်သားတွေ ဘာဖြစ်မယ်ဆိုတာ မကြည့်ပါဘူး၊ စစ်နိုင်ဖို့
တစ်ခုတည်းကြည့်မှာပါပဲ။
ခုကြည့်ပါလား မဟာမိတ်တွေ မလွှဲသာလို့ဆုတ်ခွာရတဲ့ ဒေသတိုင်းမှာ ရန်သူ
ဘာမှအသုံးချမရအောင်
မီးလောင်မြေလုပ်ပစ်ရမယ်တဲ့။ စက်ရုံတွေ၊ ရိက္ခာဂိုဒေါင်တွေ၊ ဆိပ်ကမ်းတွေ
အားလုံးဖျက်ဆီးပစ်ခဲ့ရမယ်တဲ့”
ဦးလေးမြင့်–
“ဘယ်ဘက်ကမှ တို့အပေါ်ကောင်းမှာ မဟုတ်ပါဘူးကွယ်။ တို့တစ်တွေတော့
ကျွဲနှစ်ကောင်ခတ်တဲ့ကြားက
မြေစာပင်လို ခံကြရမှာပါပဲ။ တို့ဗမာတွေတော့ ဆန်ကောထဲ ဆီးဖြူသီးလိမ့်သလို
အခြေအနေဆိုးပါလိမ့်မယ်”
ကျွန်တော်သည် ထိုကဲ့သို့သော စိုးရိမ်ကြောင့်ကြသံမျိုးကို မကြားချင်။ စစ်ဖြစ်လာပြီ၊
အင်္ဂလိပ်နယ်ချဲ့အခက်အခဲတွေ့နေရပြီ။ အင်္ဂလိပ်အခက် ဗမာ့အချက်။
ဂျပန်နှင့်ပေါင်းအင်္ဂလိပ်ကို
အပြုတ်တိုက်ထုတ်၊ လွတ်လပ်ရေးအရယူ။ ဤကဲ့သို့သော ရဲဝံ့ပြတ်သားသော
အသံများကိုသာ ကြားလိုသည်။
သားသမီး မြေးမြစ်တွေနှင့်ကွဲမှာ စိုးရိမ်သံ၊ ဗုံးကြဲမှာ ကြောက်ရွံ့သံ၊
ရှေ့ဘယ်လိုဖြစ်ဘာဖြစ်မှာလေလဲဟု
ကြောင့်ကြပူပန်သံ၊ ညည်းညူသံတွေကို ကြားလိုသည် မဟုတ်ပေ။ သို့သော်
ထိုအသံတွေကိုပင် ထပ်ကာထပ်ကာ
ကြားနေရ၏။
ဦးလေးမြင့်နှင့် စစ်အကြောင်း အတန်ကြာပြောပြီးနောက်–
“ကဲ သခင်တင်မောင်ကြီး၊ ဒီမှာနေရစ်ခဲ့ပေတော့”
ဟု ကျွန်တော်က နှုတ်ဆက်လိုက်လေသည်။
ဦးလေးမြင့်က သခင်တင်မောင်ကြီးအား အားပေးသော အပြုံးဖြင့်–
“နေပါလေ၊ ကျုပ်ဆီမှာ လုံခြုံပါတယ်။ ဘယ်နည်းနဲ့မှ အဖမ်းခံရစရာ အကြောင်း မရှိပါဘူး။
ကျုပ်ကိုအားနာစရာလည်း ဘာမှမရှိပါဘူး။ အဲ တစ်ခုတော့ ရှိပါရဲ့၊ အစားအသောက်တော့
မိန်းမရှိတဲ့အိမ်မဟုတ်တော့ ဖြစ်သလိုနဲ့ပဲ ပြီးရတာပဲ”
သခင်တင်မောင်ကြီးမှာ များစွာ ရွှင်လန်းအားတက်နေပုံ ရလေသည်။
“ကိစ္စမရှိပါဘူး၊ ကျုပ်တို့လည်း ဖြစ်သလိုပဲ စားတတ်ပါတယ်။ သခင်ဆိုတာ
ခြေသလုံးအိမ်တိုင် နေနိုင်ရတယ်၊
ဗမာပြည်တစ်ဝှမ်း အကုန်ကိုယ့်ပြည်မှတ်ပါ၊ ကိုယ့်ရွာမှတ်ပါဆိုတဲ့အတိုင်း ရောက်လေရာ

ကိုယ့်ပြည်ကိုယ့်ရွာမှတ်ပါထားပြီး အားမနာ ပါးမနာ နေမှာပါပဲ ဟဲ ဟဲ"
သခင်တင်မောင်ကြီးကား ဤလိုခပ်ရွှန်းရွှန်း ပြောခဲလှ၏။ ပြောပြီး သူ့ဟာနှင့်သူ
သဘောကျသဖြင့် တဟဲဟဲ
လုပ်နေ၏။ ဦးလေးမြင့်ကား မျက်စိမှေးသွားသည့်တိုင်အောင် အားရပါးရ ပြုံးပြီးနေလေသည်။
"ကဲ ကျွန်တော်သွားတော့မယ် ဦးလေးမြင့်"
"ကောင်းပြီလေ"
ကျွန်တော်က မတ်တတ်ထလိုက်ပြီး သခင်တင်မောင်ကြီးအား–
"ဦးကြီးမောင် ကျွန်တော်သွားမယ်နော်။ နလုံးရောဂါအတွက် ဘာဆေးများ ပို့ပေးရဦးမှာလဲ
ဟဲ ဟဲ"
"ဆေးအထူးအထွေ ပို့ဖို့မလိုပါဘူး၊ စာအုပ်ကလေးဘာလေးတော့ ပို့ပေးရင် ကောင်းမယ်။
သခင်တင်ထွန်းနဲ့ဆက်သွယ်ရင်ကော ဘယ်နာမည်နဲ့ဆက်သွယ်ရမှာလဲ"
ကျွန်တော့်မှာပြည်သူ့အရေးတော်ပုံပါတီနှင့် ဆက်သွယ်ရာ၌ နာမည်ဝှက်တစ်ခု
ထားရှိပြီးဖြစ်လေသည်။ သို့ရာတွင်
ထိုနာမည်ဝှက်ကို သခင်တင်မောင်ကြီးအား မပေးလိုချေ။ ထို့ကြောင့် နာမည်ဝှက်တစ်ခုကို
စဉ်းစားရှာဖွေရလေသည်။ ထိုခဏ၌ တက်ဘုန်းကြီး ကိုသိန်းဖေ၏ တက်ခေတ်နတ်ဆိုးဝတ္ထုကို
ဖျတ်ခနဲ
သတိရသည်။ ထိုဝတ္ထုထဲက ဇာတ်လိုက်၏အမည်ကို အသုံးပြုရန်ဆုံးဖြတ်လိုက်လေသည်။
"ညွှန့်မောင်ဆိုတဲ့ အမည်ကိုသုံးဗျာ"
ကျွန်တော်သည် သူတို့ထံမှထွက်လာခဲ့ပြီးနောက် လမ်းမကြီးပေါ်ရှိ ဦးဖိုခင်တို့အိမ်သို့
ဝင်လေသည်။ ဦးဖိုးခင်က
လက်ဖက်ရည်ကြမ်းငှဲ့ပေးလေသည်။ ဒေါ်လှမေသည် ဘိန်းမုန့်များကိုလာချပြီး
ကွပ်ပျစ်အောက်မှာ
ဆောင့်ကြောင့်ထိုင် နေလေသည်။ အတန်ကြာသောအခါ အသံကိုနှိမ့်လျက်–
"ဂျပန်တွေ လာတော့မယ်ဆိုပါကလား၊ ဟုတ်သလား"
ဒေါ်လှမေသည် ဂျပန်တွေလာမည်ကို လိုလိုလားလား မေးသလော၊ စိုးရိမ်၍ မေးသလော
ကျွန်တော်မသိချေ။
သို့သော် ကျွန်တော်ကား ထိုမေးခွန်းကို မကြိုက်နိုင်ပေ။ အင်္ဂလိပ်ပြေးရလျှင် ဂျပန်လာမည်ဟု
ပြည်သူတွေက
ပုံသေတွက်မထားစေလို။
"ဒီလိုရှိတယ်ခင်ဗျ။ ခုအရှေ့ဘက်စစ်ကြီးမှာ အင်္ဂလိပ်ရှုံးပြီး ဂျပန်တွေ နိုင်နေတယ်။
သို့ပေမယ့် ဂျပန်တွေက
ကျွန်တော်တို့ပြည်ကို ဝင်သိမ်းမှာ မဟုတ်ဘူး။ ကျွန်တော်တို့ဗမာတွေက
ကျွန်တော်တို့ပြည်ကို
ကိုယ့်ဘာသာသိမ်းကြရမှာပဲ။ ဒါ့ကြောင့် ဂျပန်တွေလာမယ်လို့ မပြောနဲ့၊ ဗမာတွေ
လာမယ်လို့သာပြော"

ဦးဖိုးခင်နှင့် ဒေါ်လှမေတို့သည် ကလေးများ ပုံဝတ္ထုနားထောင်သလို
မျက်စိပေကလတ်ပေကလတ်ဖြင့်
နားထောင်နေကြလေသည်။ ကျွန်တော်က ဆက်ပြန်၏။
"တစ်သက်မှ တစ်ခါကြုံတယ်၊ ရတနာပုံဆိုက်တဲ့သူဌေးဆိုတာလိုပဲ။
ကျွန်တော်တို့အတွက်တော့ ဒီစစ်ကြီးဟာ
ကြုံကြိုက်ခဲတဲ့ အခွင့်အရေးကြီးပဲဗျ။ ဒီစစ်ကြီးကြောင့် အင်္ဂလိပ်အခက်အခဲတွေ့တယ်၊
အင်္ဂလိပ် အခက်အခဲဟာ
ဗမာ့အချက်ပဲ။ ကျွန်တော်တို့သခင်တွေ၊ ကျောင်းသားတွေ လူငယ်တွေ ဒီအချက်ကို
အသုံးချဖို့ စွန့်စွန့်စားစား
ကြိုးစားနေကြပြီဗျ"
ဦးဖိုးခင်သည် ကျွန်တော့်ပန်းကန်ထဲသို့ လက်ဖက်ရည်ငှဲ့ပေးပြန်ရင်း–
"သာဓုကွယ်၊ ကြိုးစားကြစမ်းပါ"
ဒေါ်လှမေက–
"မုန့်ကလေးလည်း စားလိုက်စမ်းပါဦး"
ထိုအခိုက် ဒေါ်လုံးတင်ရောက်လာလေသည်။ သူမသည် ခါတိုင်းလို စိုစိုပြည်ပြည် မဟုတ်။
ဝဖြိုးသော
ကိုယ်ခန္ဓာကြီးရှိသေးသော်လည်း နေပူမိသော ခရမ်းသီးညှိုးသလို ညှိုးနေသည်။
ကျွန်တော်ကဆီးကြိုနှုတ်ဆက်လိုက်သည်။
"ဒေါ်လုံးတင် ဘယ်သွားမလို့လဲ"
"ဘယ်မှမသွားပါဘူး၊ မောင်တင်ထွန်း ဒီအိမ်ရောက်နေပြီဆိုလို့ လာတာပါပဲ"
"ဘယ်သူက ပြောလိုက်တာလဲ ခင်ဗျားကို"
"မြကြည်က ပြောတာပဲ၊ ခုနင်က မင်းဒီအိမ်ဝင်သွားတာ မြင်လိုက်သတဲ့"
ဒေါ်လုံးတင်သည်ကွပ်ပျစ်အစွန်းတွင် ဖင်တစ်ခြမ်းတင်၍ထိုင်ရင်း–
"မင်းကလည်း တို့ကမာရွတ်က ပြောင်းသွားတယ်ဆိုရင် တို့ဆီပြည်လှည့် ကြည့်ဖော်မရဘူး။
တို့ဘက်ကို
အင်မတန်ရောက်ခဲတယ်။ ခုလိုရောက်တုန်း စကားစမြည်ပြောရအောင် လာတာပေါ့ကွယ်"
ဦးဖိုးခင်သည် သူသောက်နေသော လက်ဖက်ရည်ပန်းကန်ကို ချထားလိုက်ပြီးနောက်–
"မောင်တင်ထွန်း တင်ဖေတို့မင်္ဂလာဆောင်လာခဲ့ပါဦးလား"
ကျွန်တော်က ဝမ်းသာခြင်း၊ အံ့ဩခြင်းတို့ဖြင့်–
"ဘယ်သူနဲ့လဲ"
ဒေါ်လှမေက ပြုံးစိစိဖြင့်–
"မင်းသူငယ်ချင်းအကြောင်း မင်းမသိဘူးလား၊ ဘယ်သူနဲ့ထင်သလဲ"
ကျွန်တော်သည် ဒေါ်လုံးတင်ဆီသို့ အကဲခတ်ရန် ကြည့်လိုက်သည်။ ဒေါ်လုံးတင်ကား
စပ်ဖြဲဖြဲလုပ်နေ၏။
သည်မျှဖြင့်ပင် ကိုတင်ဖေ၏ ဇနီးလောင်းကို ရိပ်မိလေပြီ။

"ကျွန်တော်ထင်ထားတာတော့ ရှိသားပဲ၊ ဟုတ်မှ ဟုတ်ပါ့မလားလို့"
ဒေါ်လှမေ–
"ဘယ်သူ့ထင်ထားတာလဲ"
"ဟဲ ဟဲ မှားရင် စိတ်မဆိုးနဲ့နော် ဒေါ်လုံးတင်၊ မြကြည်နဲ့ လက်ထက်ဖို့ မဟုတ်လား"
ဒေါ်လုံးတင်သည် သဘောကောင်းမကြီး၏ အပြုံးဖြင့်–
"သူတို့လူငယ်ချင်းချင်း စီမံကြတာပါ"
ဦးဖိုးခင်"
တော်ပါပါဟယ် လုံးတင်ရယ်၊ ငါကြားတော့ အမေလုပ်သူ ကိုယ်တိုင်က
အောက်သွယ်လုပ်သတဲ့"
ဒေါ်လှမေက ရယ်လျက်–
"ဟုတ်တယ်။ လုံးတင်ရော၊ ကျွန်မရော နှစ်ဖက်စလုံး အမေတွေက အောင်သွယ်တွေပဲ"
ဆံပင်ညှပ်ဆိုင်ရှင် ကိုဘကျူး ရောက်လာပြန်လေသည်။
"အိုကိုဘကျူး ခင်ဗျားဆိုင်ဘယ်သူနဲ့ထားခဲ့သလဲ"
ကိုဘကျူးက ခွေးခြေခုံကလေးတစ်ခုမှာ ထိုင်လိုက်ပြီး–
"ကောင်ကလေးတစ်ယောက်ရှိပါတယ်"
"ဆံပင်ညှပ်သမားလား"
"မဟုတ်ပါဘူး၊ တောက်တိုမည်ရခိုင်းဖို့ ခေါ်ထားတဲ့ တူကလေးတစ်ယောက်ပါ။ ဆံပင်ညှပ်ဖို့
လူလာရင်လိုက်ခေါ်ဖို့ မှာထားခဲ့တယ်"
ကိုဘကျူးရောက်ပြီး မကြာမီပင် ကိုကြွယ်ရောက်လာပြန်လေသည်။ ကိုကြွယ်ကား
အပေါ်အင်္ကျီနှင့်ဖြစ်၍
အခါတိုင်းနှင့်မတူ၊ အသွင်ထူးနေသလို ထင်ရသည်။ ခါတိုင်းတော့ လူကလည်း ခပ်နဲ့နဲ့
အဝတ်ကလည်း
လျှော့ရဲရဲဖြစ်သည်။
ကျွန်တော်ကပင်ဆီးကြို၍နှုတ်ဆက်လိုက်၏။
"ဘယ့်နှယ် ကိုကြွယ်၊ ဆွမ်းကျွေးအိမ်က ပြန်လာပြီလား"
"မင်းဘယ်တုံးက ရောက်နေသလဲ ကြာပြီလား"
ကိုကြွယ်လည်း ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လေသည်။ ကျွန်တော်တို့သည် သည့်ပြင်စကားတွေ
ပြောမနေကြတော့ဘဲ
စစ်အကြောင်းကိုသာ ရောက်သွားတော့၏။ လူစုမိလျှင် စစ်အကြောင်းကိုသာ ပြောကြသည်မှာ
ထိုစဉ်က
အလေ့အထတစ်ခု ဖြစ်နေလေပြီ။
ကိုကြွယ်–
"ခု ဂျပန်တွေ ဘယ်ရောက်နေပြီလဲ"
ကျွန်တော်–

"ယိုးဒယားတစ်ပြည်လုံးတော့ ဂျပန်တွေ အနှံ့အပြားရောက်နေပြီတဲ့။ မာလာယုထဲကိုလည်း ဝင်နေပြီဆိုတာပဲ"
ကိုကြွယ်–
"ရန်ကုန်ကိုများ ဗုံးကြဲဦးမှာလား"
ဦးဖိုးခင်၊ ဒေါ်လှမေနှင့် ဒေါ်လုံးတင်တို့သည် ဘာမျှမပြောဘဲ နားထောင်နေကြသည်။ သို့သော် သူတို့မျက်နှာတွင်
ကြောက်ရွံ့ခြင်းသည် ထင်ရှားလှ၏။ ကျွန်တော့်မှာ ရန်ကုန်ကိုဗုံးမကြဲပါဟု ပြောစရာ အထောက်အထား
တစ်ခုမျှမရှိ။ သို့သော် ရန်ကုန်ကိုဗုံးကြဲလိမ့်မည်ဟု ပြောရန်လည်း ဝန်လေးနေသည်။ ထို့ကြောင့် တွေဝေနေ၏။
ကိုဘကျူးက ဝင်ပြီး–
"အို ဂျပန်က ဗမာတွေရဲ့ မဟာမိတ်ဖြစ်နေတော့ ရန်ကုန်ကိုဗုံးကြဲမှာ မဟုတ်ပါဘူး"
သူသည် ဘယ်အထောက်အထားဖြင့် ဤသို့ရဲဝံ့စွာ ပြောလိုက်သည်မသိ။ တကယ်ပင် ယုံကြည်စွာပြောလိုက်သည်မှာကား ထင်ရှားလှ၏။ ကိုကြွယ်ကား ယုံကြည်ဟန်မတူ။ ကျန်လူတွေကား ယုံတစ်ဝက်
မယုံတစ်ဝက် ရှိနေဟန်တူသည်။
ကိုကြွယ်သည် ကိုဘကျူး၏ စကားကိုလုံးဝ မကိုးစားလို။ ကျွန်တော်၏ ထင်မြင်ချက်ကိုသာ တောင်းနေလေသည်။
ကျွန်တော်လည်း ဆိတ်ဆိတ်မနေသာတော့ ပြီဖြစ်၍–
"ကြဲချင်မှတော့ ကြဲမယ်၊ သို့ပေမယ့် စစ်ဆိုတာမျိုးက အခက်သားပဲဗျာ ကြဲချင်လည်း ကြဲချမှာပဲ"
ကျွန်တော်က စကားလွှဲချင်သဖြင့်–
"ကိုကြွယ်သခင်တင်ကြီးတစ်ယောက်ကော တွေ့သေးသလား"
မြင်ကွန်းမင်းသားကြီးနှင့်အဆက်ရှိသည်။ အင်္ဂလိပ်ကိုတိုက်ရန် လက်နက်တွေ ရှာပေးမည်၊ ဂျပန်နှင့်ဆက်သွယ်နေသည် စသည်ဖြင့် ကျွန်တော့်အားကြွားဝါပြောဆို လေ့ရှိသော သခင်တင်ကြီးအကြောင်းကို
မေးလိုက်လေသည်။
ကိုကြွယ်သည် မျက်နှာကိုရှုံ့လိုက်သည်။ သခင်တင်ကြီးအကြောင်း စကားထဲထည့်၍ ပြောဆိုလိုဟန်မရှိ။
"ဒီကောင့်အကြောင်းကိုယ် ဘယ်သိမှာလဲ၊ သူ့လိုလူရှုပ်ကို ဂရုမစိုက်အားပါဘူး"
ကိုဘကျူးကမူ သခင်တင်ကြီးအကြောင်းကိုပြောကြားလိုက်သည်။
"ယိုးဒယားဘက်ကို ရောက်သွားပြီလို့ သတင်းဖြစ်နေတယ်၊ ပျောက်နေတာလည်း အတော်ကြာသွားပါပကော"
ယခုထိ ကျွန်တော်တို့ပြောသမျှကို ငြိမ်ပြီး နားထောင်နေသော ဒေါ်လုံးတင်သည် စိုးရိမ်မကင်းသော မျက်နှာဖြင့်–

"တကယ်လို့ ရန်ကုန်မှာ ဗုံးတွေကြဲချရင် ဘယ်လိုလုပ်မှာလဲ"
ကျွန်တော်က ဖြေမည်လုပ်နေစဉ် ကိုဘကျူးက ဖြုန်းခနဲ ဝင်ပြောလိုက်သည်။
"ဘာခက်တာလိုက်လို့ သစ်ပင်ကြီးကြီး ခြေရင်းကပ်ပြီး ထိုင်နေလိုက်ရင် ပြီးတာပဲ"
ကိုကြွယ်သည် ဒေါ်ဖောင်းသွားသည်။
"မင်းအမေစောက် ပြောလိုက်ရ မကောင်းတော့ဘူး။ သစ်ပင်ခြေရင်း ကပ်ထိုင်နေလို့
ဘယ်လိုလုပ်လွတ်မှာလဲ။
မြို့ထဲမှာ ဆောက်ထားတဲ့ ဗုံးခိုဂူမျိုးတွေလို တို့ကမာရွတ်ဘက်မှာ ရှိရင်လည်း
ကောင်းသားပဲ"
ကျွန်တော်–
"ဒါလည်း သိပ်စိတ်မချရပါဘူးဗျာ၊ တည့်တည့်များ ဗုံးကျလိုက်ရင် လဲပြိုကျသွားပြီး
လူတွေအားလုံး သေကုန်မှာပဲ"
ကိုကြွယ်၏မျက်နှာမှာ အိုသွားပြီး အားကိုးရာမဲ့ဖြစ်လှသော လေသံဖြင့်–
"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမှာလဲဟင်"
"မြေကြီးထဲမှာ ကျင်းတူးထားရင် အကောင်းဆုံးပဲ၊ ကျင်းမရှိရင် မြောင်းထဲ ခုန်ချပြီး
ရှောင်ရမှာပဲ"
ဒေါ်လှမေက သက်ပြင်းကြီး ချလိုက်ပြီး–
"ကျင်းထဲမှာ မိနေရင်တော့ မြေမြှုပ်ပြီးသားဖြစ်သွားမှာပဲ"
အားလုံးကိုဘကျူးပါမကျန် ပူပန်စိုးရိမ်လာကြသည်။ သက်ပြင်းကြီးများ ချပြီး ရင်တဖိုဖိုနှင့်
ငြိမ်နေကြ၏။
အတန်ကြာတော့ ကျွန်တော်ကသူတို့တစ်တွေ စိတ်သက်သာရာရအောင်–
"ဗုံးဟာ ခေါင်းပေါ်တည့်တည့်ကျဖို့ဆိုတာ ခက်ပါတယ်ဗျာ။ မိုးပေါ်က ချလိုက်တာနဲ့
အပ်ချည်နဲ့မြေကြီးပေါ်က
အပ်နဖား တပ်မိဖို့ကမှ လွယ်ရင် လွယ်ဦးမယ်၊ ခေါင်းပေါ်တည့်တည့်ကျဖို့က မလွယ်ပါဘူး။
ဒီအထဲက
ကံဆိုးလှရင်လည်း ခံရုံရှိတော့တာပေါ့ဗျာ"
ဒေါ်လုံးတင်က အရဲစွန့်ပြီး အကြံတစ်ခုပေးလိုက်ပြန်လေသည်။
"ဗုံးလာကြဲရင် ထွက်ပြေးတာပဲ အကောင်းဆုံးနေမှာပါပဲ"
ကိုကြွယ်သည် ဒေါ်လုံးတင်အား ဒေါသဖြင့် မျက်စောင်းထိုးပြီး–
"တော်စမ်းပါဟာ နင်ဘာမှ နားမလည်ဘဲနဲ့"
ဒေါ်လုံးတင်သည် တုတ်ကြောက်သောကလေး ငြိမ်ကျသွားသလို မျက်စိသငယ်နှင့်
ငြိမ်နေလေသည်။ အားလုံးလည်း
ထို့အတူပင် ဖြစ်လေ၏။
ကျွန်တော်သည် တတ်နိုင်သမျှ သူတို့အား စိတ်သက်သာရာရအောင် အားပေးစကား
ပြောဆိုပြီးနောက် ရန်ကုန်သို့
ပြန်လာခဲ့လေသည်။ ။

၆၉

လက္ခဏာရေးသုံးပါး ဆင်ခြင်ခြင်း

ဒီဇင်ဘာလ ၂၃ ရက်နေ့သို့ ရောက်ခဲ့လေပြီ။
ထိုနေ့နံနက်မှာ ကောင်းကင်သည် ကြည်လင်နေ၏။ နေရောင်ခြည်သည်
ထွန်းလင်းတောက်ပလှ၏။
ကျွန်တော်သည် ထိုနေ့ ညနေရထားဖြင့် ခရီးထွက်ရန် ပြင်ဆင်လျက် ရှိလေသည်။ 'ဇစ်'
ကြိုးဖြင့် ဖွင့်ပိတ်ရသော
လက်ဆွဲသားရေအိတ်တွင် ဝန်ကျဉ်းသော အသုံးအဆောင်များနှင့် အထည်အလိပ်များကို
ထည့်လျက်ရှိလေသည်။
ယမန်နေ့က ကျွန်တော်သည် လျှို့ဝှက်ရေး မြေအောက်ဌာနချုပ်စခန်းသို့ သွားရောက်ခဲ့ရ၏။
မြေအောက်စခန်းမှာ
ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးကျောင်းတိုက်မှာ မရှိတော့ချေ။ ရွှေတိဂုံစေတီ၏
မြောက်ဘက်ကုန်းမြင့်နှင့်
ကပ်လျက်ရှိသော ခြံတစ်ခုထဲသို့ ရွှေ့ထားလေသည်။ ချိန်းထားသောအချိန်တွင်
သွေးဆေးကန်အနီး၌
ကိုအေးငွေသည် ကျွန်တော့်အား ကြိုဆိုပြီး ထိုခြံထဲသို့ ခေါ်သွားလေသည်။ ခြံဘေးတွင်
တရုတ်ဘုန်းကြီးကျောင်းလည်း ရှိသည်။ အိမ်ငယ်ကလေးများလည်း ဝိုင်းရံနေသည်။ ခြံတွင်းရှိ
နှစ်ထပ်အိမ်မှာ
အတော်ကြီးသော်လည်း သစ်ပင်များဝါးရုံများကြားတွင် မြုပ်နေသည်။
လျှို့ဝှက်ရေးစခန်းအတွက်
အတော်ကောင်းသော နေရာပေတည်း။
ကိုအေးငွေသည် ကျွန်တော့်အား ဆရာချစ်ထံမှာ အပ်ခဲ့ပြီး အခြားလူတစ်ယောက်နှင့်
ထွက်သွားလေသည်။
ဆရာချစ်က ကျွန်တော့်အား လေယာဉ်ပျံမှ ချပေးမည့် လက်နက်များကို လက်ခံရန်
ကျွန်တော် ရွေးချယ်ထားသော
နေရာသို့သွားရတော့မည်ဟု ညွှန်ကြားလိုက်လေသည်။ ပြီးတော့ အရပ်ရှည်ရှည်
ခပ်တောင့်တောင့်
အသားမည်းမည်းဖြစ်သော လူတစ်ယောက်နှင့်လည်း မိတ်ဆက်ပေးလေသည်။ ထိုသူကား
ပျဉ်းမနားမှ
သခင်မြဆိုသူ ဖြစ်၏။ သခင်မြသည် မိုးကုတ်သို့သွား၍ မိုးကုတ်မှာရှိသော
သခင်သာခင်တို့နှင့်
အတူသခင်သာခင်တို့ ရွေးချယ်ထားသောနေရာတွင် လေယာဉ်ပျံမှ ချပေးမည့်
လက်နက်များကို လက်ခံရန်
တာဝန်ယူရလေသည်။

သခင်ချစ်က “ခင်ဗျားတို့ဟာ လက်နက်တွေရပြီး အရေးတော်ပုံလုပ်တဲ့အခါမှာ
ပူးပေါင်းလုပ်စရာတွေ၊
ညှိနှိုင်းတိုင်ပင်စရာတွေ ရှိလိမ့်မယ်၊ ဒါကြောင့်ခုလို ဆက်ပေးလိုက်တာပဲ”ဟု
ညွှန်ကြားလေသည်။
ကျွန်တော်သည် သားရေအိတ်ထဲမှာ ဝန်ကျဉ်းသော အသုံးအဆောင်များနှင့်
အထည်အလိပ်များကိုထည့်ရင်း
ယမန်နေ့က အထက်ပါအတိုင်း ညွှန်ကြားခဲ့သော ဆရာချစ်အကြောင်းကို
စဉ်းစားနေလေသည်။ သူက
ခေါင်းဆောင်၊ ကျွန်တော်က နောက်လိုက်။ သူက မြန်မာဆယ်တန်းသာအောင်သူ၊
ကျွန်တော်က
ဘီအေအောင်ထားသူ။ ထိုအချက်ကို စဉ်းစားမိပြီး မခံချင်သလို ဖြစ်နေ၏။ ခဏအတွင်း
ပညာမာနသည်
တက်လာ၏။ သို့သော် အရေးတော်ပုံ၏ တာဝန်ကို ထမ်းဆောင်ရမည်ဟူသော အသိက
ထိုမာနကို
နောက်တစ်ခဏမှာပင် ချိုးနှိမ်လိုက်လေသည်။
ထိုအချိန်တွင် ကောင်းကင်မှ မိုးချုန်းသံထက် ပြင်းထန်သော အသံများကို ကြားရလေသည်။
ဥသြမှုတ်သံတွေကိုလည်း စူးရှစွာ ကြားရပြန်သည်။ လူတွေကလည်း အုန်းအုန်းကျွတ်ကျွတ်
ဖြစ်လာလေသည်။
ကေနွ ဂျပန်ဗုံးကြဲလေယာဉ်ပျံတွေ လာနေပြီ။
ကျွန်တော်သည် ခရီးထွက်ရန် ပြင်နေသော လက်ဆွဲသားရေအိတ် ဇစ်ကြိုးကို ဆွဲပိတ်ပြီး
ထိုအိတ်ကို လက်မှ ဆွဲကာ
အောက်ထပ်သို့ အမြန်ဆင်းခဲ့လေသည်။
အတူနေ ဗေဒကဝိန်ဆရာဦးတက်ရှိန်နှင့် ဘလောက်ဆရာ ကိုတင်အေးတို့ကား အိမ်မှာမရှိကြ။
သူတို့ဘယ်သွားနေကြပါလိမ့်မည်လဲ ဟု စိတ်ပူမိသည်။
လမ်းပေါ်တွင် လူအများကား ပြေးလွှားနေကြ၏။ တချို့က တောင်ပြေး၍ တချို့က
မြောက်ပြေးသည်။ တချို့က
အရှေ့ပြေး၍ တချို့က အနောက်သို့ ပြေးသည်။ များသောအားဖြင့် ကောင်းကင်ကို
မော့ကြည့်လိုက်၊
ပြေးလိုက်လုပ်နေကြ၏။
အခုနေ ဒေါ်လုံးတင်တို့မိသားတစ်စုလည်း ဒီလိုပြေးနေကြမှာပဲဟု အောက်မေ့မိ၏။
ကျွန်တော်ကား မပြေးပါ။ လမ်းဘေးတွင် အတော်ကလေးနက်သော မြူနီစီပယ်
ရေမြောင်းများရှိ၏။ ရေတော့မရှိ၊
ခန်းခြောက်နေသည်။ ရေမြောင်းဘေးမှာ ရပ်ပြီးကောင်းကင်သို့ မော့ကြည့်နေသည်။
လျှပ်စစ်လက်သလို

လေယာဉ်ပျံတွေမှ မီးပွင့်လာသည်ကို မြင်ရသည်။ မိုးကြိုးပစ်သလို အသံများကို ကြားရသည်။
ကျွန်တော်သည်ဖြုန်းခနဲ မြောင်းထဲခုန်ချလိုက်၏။ ကျွန်တော့်လိုမြောင်းထဲ ခုန်ချသူကားနည်းလှ၏။
ပြေးကြသူသာများ၏။ ကလေးချီပြေးသူ၊ အဘိုးအို အမယ်အိုတို့ကို လက်ဆွဲပြေးသူ၊ ထော့နဲ့ထော့နဲ့နှင့်ပြေးသူ၊
အားရှိပါးရှိပြေးသူစုံနေ၏။ လန်ချားကုလားများသည် လန်းချားကိုယ်စီဆွဲပြီး အတင်းစိုင်းနေ၏။
မော်တော်ကားများလည်း အမြန်မောင်းပြေး နေ၏။
ဗုံးကြဲသံများ အနည်းငယ်စဲပြီး လေယာဉ်ပျံများ ဝေးသွားပြီး ထင်ရသဖြင့် ကျွန်တော်သည် မြောင်းပေါ်သို့
တက်ပြန်၏။ မြောင်းဘေးမှာ ရပ်ပြီးကောင်းကင်သို့ ကြည့်ပြန်၏။ ကျွန်တော်ကား ကိုယ့်ကိုယ်ကိုယ် အံ့သြမိ၏။
အဘယ့်ကြောင့်ဟုမသိ။ ကျွန်တော်သည် တုန်လှုပ်ချောက်ချားခြင်းလုံးဝမဖြစ်။ ဗုံးထိမှန်လိမ့်မည်ဟု လုံးဝမထင်။
အေးအေးလူလူပင် ပွဲကောင်းကြည့်သလို ကောင်းကင်သို့ မော့ကြည့်နေ၏။ လေယာဉ်ပျံအုပ်များ ပျံသန်းနေသည်။
ဖြုန်းခနဲ မိုးကြိုးပစ်သလို ပစ်သံခတ်သံကြားရ သည်။ ကောင်းကင်မှာ မီးခိုးလုံးကြီးတစ်ခုမြင်ရပြီး ထိုမီးခိုးလုံးထဲမှ
ဖြူဖြူသဏ္ဌာန်တစ် ခုကျဆင်းလာလေသည်။ နောက်ဗုံးကြဲသံများ ဆက်ကြားရသဖြင့် မြောင်းထဲ
ခုန်ဆင်းပြန်လေသည်။
မြောင်းထဲမှာ ခိုနေစဉ် အခန်းတံခါး မပိတ်ခဲ့ရသည်ကိုပြေးသတိရ၏။ တံခါးသွားပိတ်ချင်သော
ဆန္ဒဖြစ်လာသေး၏။ သို့သော်အချည်းနှီးမစွန့်စားအပ်၊ အတင့်မရဲအပ်ဟု ချက်ချင်းသဘောပေါက်ပြီး ထိုဆန္ဒကို
ချုပ်တည်းထားလိုက်ပေသည်။ ငါ့အသက်နှင့် ကိုယ်ခန္ဓာမြဲနေရင်လည်း ဝတ်စရာ၊ အသုံးပြုစရာ ဖွဖွလုံလုံ
ဒီအိတ်ထဲမှာ ပါလာသားပဲဟု တွေးတောမိပြီး ခရီးထွက်ရန် ပြင်ဆင်ထားမိသည်ကိုပင် ကျေးဇူးတင်နေသေး၏။
ပြေးကြလွှားကြသူတို့၏ စိုးရိမ်တကြီး ဟစ်သံ၊ အော်သံ၊ ငိုကြွေးသံတွေကို ကြားနေရလေသည်။ ကျွန်တော်က
သူတို့အားမပြေးကြနှင့်ဟု တား၏။ ကျွန်တော့်လို မြောင်းထဲလာခိုကြဟု ခေါ်၏။ နားမထောင်သူသာ
များလေသည်။ တစ်ယောက်တလေသာ ကျွန်တော့်အနားသို့ လာ၏။

အို ဟုတ်မှဟုတ်ပါမည်လား။ တကယ်ပင် သူတို့သားအမိဖြစ်နေ၏။
ဒေါ်ဒေါ်ညွန့်နှင့်မခင်သစ်တို့သည် မောင်ဂိုမာရီလမ်းကြီးပေါ်တွင် ကျွန်တော်တို့ဘက်ဆီသို့
ပြေးလာသောလူအုပ်ကြားတွင်ပါလာသည်။ ဒေါ်ဒေါ်ညွန့်ကား မခင်သစ်၏လက်ကိုဆွဲလျက်။
ကျွန်တော်သည် သူတို့သားအမိဆီအမြန်သွားရင်း–
"ဒေါ်ဒေါ် ဒေါ်ဒေါ်ရှေ့ဆက်မပြေးနဲ့၊ လာ လာ ဒီကိုလာ"
သူတို့သည်အံ့သြသွားကြ၏။ သူတို့မျက်နှာမှာ ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့်
ပျက်နေလေသည်။ ချွေးတွေလည်း
ယိုစီးနေသည်။
"ဒေါ်ဒေါ်၊ သစ်သစ် ရှေ့ဆက်မပြေးကြနဲ့။ ပြေးတာက မလွတ်ဘူး၊ လာ မြောင်းထဲလာကြ"
သူတို့သည် အပြေးရပ်သွားပြီး ကျွန်တော့်အား ကြောင်ကြည့်နေလေသည်။ ကျွန်တော်က
ဒေါ်ဒေါ်ညွန့်လက်ကို
အတင်းဆွဲပြီး ခေါ်သည်။ သားအမိသည် ကျွန်တော့်နောက်သို့ လိုက်လာပြီး
ကျွန်တော်နှင့်အတူ
မြောင်းထဲဆင်းလိုက်ကြလေ သည်။
ဒေါ်ဒေါ်နှင့်မခင်သစ်တို့သည် အသက်ရှူမှားလောက်အောင် မောဟိုက်နေကြ၏။
အခါတိုင်းဆိုလျှင် ဒေါ်ဒေါ်သည်
အားလုံးသောသူတို့၏ အားထားစရာမျက်နှာမူရာနှင့် ဟန်ပန်တို့ကို ဆောင်လေ့ရှိ၏။ ယခုမူ
ဒေါ်ဒေါ့်ထက်
ခိုးကိုးရာမဲ့ဖြစ်သူမရှိဟု ထင်စရာဖြစ်နေလေသည်။ ကျွန်တော်သည် မခင်သစ်အား တစ်ခါမျှ
ဤမျှလောက်အားငယ်နေသော အဖြစ်တွင် မတွေ့မြင်ဖူးချေ။ ကျွန်တော်သည်
ဒေါ်ဒေါ်၏အားကိုးရာ၊ မှီခိုရာဖြစ်ရန်
ကြိုးစားရသည်။ အားငယ်နေရှာသော မခင်သစ်အား ကျွန်တော်လှိုက်လှိုက်လှဲလှဲ
သနားလာလေသည်။
"မြောင်းထဲမှာ ငြိမ်ငြိမ်ထိုင်နေကြပါနော်။ ဗုံးဆိုတာ မြေကြီးပေါ်ကျတာနဲ့ တစ်ပြိုင်နက် ကွဲပြီး
ဗုံးကွဲအစတွေနဲ့
ဗုံးဆန်တွေဟာ ဘေးလွင့်စဉ် တတ်တာပဲ။ ဒီတော့ ဘယ်အကာအကွယ်မှ မရှိတဲ့
မတ်တတ်ရပ်နေသူကို
မှန်ဖို့သိပ်လွယ်ကူတယ်။ မြေကြီးပေါ်အားလျားမှောက်နေရင် သက်သာတယ်၊ ထိမှန်ဖို့
နည်းတယ်။
ကျင်းထဲဝင်နေသူအတွက် ပိုပြီး ထိမှန်ဖို့ နည်းတယ်။ ဗုံးက ခေါင်းပေါ်တိုက်ရိုက်ကျရင်သာ
ထိဖို့ရှိတယ်။
ခေါင်းပေါ်ကိုတိုက်ရိုက်ကျဖို့ဆိုတာ လည်း ထီပေါက်တာထက်တောင် ခက်သေးတာပဲ"
ကျွန်တော်သည် ဗုံးကြဲခြင်းနှင့်ပတ်သက်၍ ကြားဖူးတာတွေ၊ ဖတ်ဖူးတာတွေကို ရုတ်တရက်
အမှတ်ရပြီး

ပြောပြနေလေသည်။ ဒေါ်ဒေါ်နှင့် မခင်သစ်တို့သည် ပြောပြ သော အချက်များကို သဘောပေါက်ကြဟန် တူသည်။
တစ်စတစ်စ ကြောက်ရွံ့ စိုးရိမ်မှုတွေ ပြေသွားဟန်တူသည်။
ဒေါ်ဒေါ်–
“ကံကောင်းထောက်မလို့ ငါ့တူနဲ့ တွေ့ရတယ်ကွယ်”
မခင်သစ်ကမူ အားတက်လာသော မျက်နှာဖြင့် ကျွန်တော့်အား ကြည့်လိုက်၏။
ကျွန်တော်–
“ဆရာဖေတို့ကော၊ ရွှေရွှေကော ဘယ်မှာလဲ”
ဒေါ်ဒေါ်၏မျက်နှာတွင် စိုးရိမ်ကြောင့်ကြခြင်းတို့သည် ချင်းနင်းဝင်ရောက်လာပြန်၏။
“မင်းတို့ဆရာက ကျောင်းသွားတယ်၊ မရွှေသစ်ကတော့ ဈေးသွားတယ်၊ အင်း ဘုရားသိကြားမလို့ လွတ်ကြပါစေ”
ကောင်းကင်မှလေယာဉ်ပျံတို့သည် တဖြည်းဖြည်းဝေးသွား၏။
မခင်သစ်–
“ဖေဖေတို့ကျောင်းနားမှာတော့ ဗုံးခိုကျင်းရှိတယ် မေမေ၊ ဖေဖေတော့ ဗုံးခိုကျင်းထဲမှာပဲ ခိုနေမှာပဲ၊
ရွှေရွှေအတွက်သာ”
မခင်သစ်သည် သက်ပြင်းချလိုက်သည်။ ဒေါ်ဒေါ်ကား ဘုရားကိုသာ တပြန်၏။
ဥသြကြားရ၏။ အန္တရယ်ကင်းရှင်းပြီဆိုသော ဥသြနှင့်တူသည်။ တကယ်မူ
ကျွန်တော်ကိုယ်တိုင် အန္တရယ်ကင်း
ဥသြသံလော၊ ဘာလော တပ်အပ်မပြောနိုင်။ သို့သော် အရဲစွန့်ပြီး မြောင်းပေါ်တက်လိုက်၏။
မခင်သစ်–
“အိုဆရာကလည်း ဘာဖြစ်လို့ အပေါ်တက်ရတာလဲ”
ဒေါ်ဒေါ်–
“ဟုတ်သားပဲ ဘာဖြစ်လို့ တက်တာလဲကွယ်”
“ဘေးကင်းပြီလို့ အချက်ပေးတဲ့ဥသြသံနဲ့တူတယ် ဒေါ်ဒေါ်ရဲ့။ ကိစ္စမရှိပါဘူး၊
လေယာဉ်ပျံနီးလာပြန်ရင်
လည်းချက်ချင်း ခုန်ဆင်းလိုက်ရင် ပြီးတာပဲ။ ခုနင်က ကျွန်တော် ဒီလိုလုပ်နေတာပဲ၊
ခုန်ဆင်းလိုက်၊
တက်ကြည့်လိုက်နဲ့ပဲ”
ဒေါ်ဒေါ်နှင့်မခင်သစ်တို့သည် ကျွန်တော့်အား အာဂလူစွမ်းကောင်းကြီးအဖြစ် နှင့် မော့ကြည့်နေကြသည်။
ကောင်းကင်ကို မော့ကြည့်၏။ အရပ်ကိုးမျက်နှာ လှည့်ကြည့်၏။ လေယာဉ်ပျံ
တစ်စင်းမျှမမြင်ရ။
လူတွေလည်းရှင်းနေ၏။ ယာဉ်တစ်ခုမျှလည်း သွားလာခြင်းမရှိ။ အရှေ့တောင်ဘက်တွင်
မီးခိုးလုံးကြီးများကိုမြင်ရလေသည်။

“ဟာ မီးတွေလောင်နေပြီထင်တယ်”
ဒေါ်ဒေါ်–
“ဘယ်ဘက်ဆီမှာလဲ”
“ဗိုလ်တထောင်ဘက်ဆီက ထင်တာပဲ ဒေါ်ဒေါ်”
ဒေါ်ဒေါ်–
“ဘုရား ဘုရား ခက်ကုန်ပါပြီ”
စစ်ဘက်မှ ကားတစ်စီး မောင်းသွားလေသည်။ ပြီးတော့ ပုလိပ်မော်တော်ဆိုင် ကယ်နှင့် ပုလိပ်ကားများ။
အတန်ကြာတော့ မီးသတ်ကားများ။
ဥသြ ရပ်သွားလေပြီ။
“ကဲ ဘေးအန္တရယ် ကင်းသွားပြီ ဒေါ်ဒေါ်၊ ဗုံးကြဲလေယာဉ်ပျံတွေ ပြန်သွားကြပါပြီ၊ တက်ကြပါတော့”
ဒေါ်ဒေါ်နှင့်မခင်သစ်တို့သည် ခပ်ရွံ့ရွံ့ဖြင့်ပင် တက်လာကြသည်။ မခင်သစ်သည် လက်ကိုင်ပဝါနှင့် မျက်နှာကို
ချွေးသုတ်နေ၏။ ဒေါ်ဒေါ်ကား အင်္ကျီလက်ဖြင့် ချွေးသုတ်၏။ သူတို့သည် မြောင်းနံဘေးတွင် အတန်ကြာရပ်ပြီး
ဟိုဟိုသည်သည် အကဲခတ်၍ ကြည့်နေကြလေ၏။
ဆယ်မိနစ်လောက်ကြာသောအခါ လူများလှုပ်ရှားသွားလာနေသည်ကို တွေ့ရလေသည်။ အချို့ကား အထုပ်အပိုးကို
ရွက်၍၊ အချို့မှာ ထမ်း၍သွားကြသည်။ လန်ချားကုလားအချို့သည် သူတို့အထုပ်နှင့် အိုးခွက်များကို
တင်၍သွားနေကြသည်။
ဒေါ်ဒေါ်ညွှန့်–
“ကဲ ဒေါ်ဒေါ်တို့ အိမ်ပြန်ဦးမယ်”
“ကျွန်တော်လိုက်ပို့မယ်လေ”
ကျွန်တော်သည် အိမ်ပေါ်တက်ပြီး လက်ဆွဲအိတ်ကို ထားခဲ့သည်။ တံခါးကို သော့ခတ်ပိတ်ထားခဲ့ပြီး
ဒေါ်ဒေါ်တို့အားလိုက်ပို့လေသည်။ အိမ်ရှေ့ထွက်မျှော်နေသော ဒေါ်ရွှေသစ်ကိုတွေ့ရလေသည်။ မသေလို့
တွေ့ကြသည်။ ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ မေးကြ၏။ ဒေါ်ရွှေသစ်သည် မခင်သစ်အား ဖက်ထားသည်။
သူတို့သည် မခင်သစ်၏အဖေ ဦးရွှေဖေကို စိုးရိမ်ကြီးစွာနှင့် စောင့်မျှော်နေကြပြန်၏။ ကျွန်တော်က
စေတနာတွေပိုလာကာ–
“ကျွန်တော်သွားရှာပေးမယ်ဒေါ်ဒေါ်”

ဒေါ်ဒေါ်ညွန့်က ပြုံးနေ၏။ ဒေါ်ရွှေသစ်ကမူ မျက်နှာထားတင်းတင်းဖြင့်–
"နေပါစေ မောင်တင်ထွန်းရယ်၊ ကလေးမှမဟုတ်ဘဲ ဘေးကင်းပြီဆိုရင် ကိုယ့်အိမ်ကို
ချက်ချင်းပြန်လာရမှာပေါ့။
သူ့မယား၊ သူ့နှမ၊ သူ့သမီးအတွက် သူ စိုးရိမ်တတ်ရမှာပေါ့ မင်းပူဖို့မလိုပါဘူး"
ဒေါ်ရွှေသစ်သည် သို့ကလို ကျွန်တော့်အား ဘုကျကျပြောသည်မှာ
သူ့နဂိုစလေ့ကြောင့်သာမက
မခင်သစ်အပေါ်တွင် ကျွန်တော်က သစ္စာမဲ့ခဲ့သည်ကို ရှုတ်ချကန့်ကွက်လိုသောကြောင့်
တမင်ပြောခြင်းလည်း
ဖြစ်ဟန်တူလေသည်။ ဒေါ်ဒေါ်ညွန့်နှင့် မခင်သစ်တို့ကား ကျွန်တော့်အား အားတုံ့အားနာနှင့်
ကြည့်ပြီးနေကြသည်။
ငှင်းပြင်သူတို့အား ကူညီခဲ့သည်ကိုလည်းကောင်း၊ ဆရာဖေအား ရှာပေးမည်ဟု
ဆိုခြင်းကိုလည်းကောင်း စိတ်ထဲမှ
ကျိတ်၍ ကျေးဇူးတင်နေကြဟန်တူလေသည်။ သူတို့သားအမိသည် အိမ်ထဲ မဝင်ကြသေးဘဲ
မယောင်မလည်နှင့်
ရပ်နေကြသည်။ ကျွန်တော်ကလည်း သူတို့အနီးမှာ ရစ်သီရစ်သီ လုပ်နေလေသည်။
ဒေါ်ရွှေသစ်သည်
ကျွန်တော်တို့အား ကြည့်ပြီး ကိုယ့်အတွင်းသဘောကို ဖုံးဖိထားတတ်သူ
မဟုတ်သည်အားလျော်စွာ
မျက်စောင်းထိုးလိုက် နှုတ်ခမ်းစူလိုက်၊ ဆောင့်လိုက်အောင့်လိုက်လုပ်နေလေသည်။
အတန်ကြာတော့–
"ဟဲ့ မိရွှေသစ်၊ လာအိမ်ထဲကို၊ ဟေ့မောင်တင်ထွန်း၊ မင်းလည်းသွားချင်ရာသွား ပေတော့၊
ကိုရွှေဖေကိုတော့
သွားရှာမနေနဲ့တော့"
မခင်သစ်ကား ဒေါ်ရွှေသစ်နောက်သို့ ကြောက်ကြောက်နှင့် လိုက်ပါသွားသေလည်။
ကျွန်တော်သည်
ရှက်ရှက်နှင့်မယောင်မလည်ဖြစ်ပြီး ထွက်ခွာလာခဲ့လေသည်။ ဒေါ်ဒေါ်ညွန့်ကား
အားတုံ့အားနာနှင့် ကျွန်တော့်အား
ကြည့်ပြီး စကားတစ်ခွန်းမျှမပြောဘဲ တောင်းပန်လျက် ကျန်ရစ်ခဲ့လေသည်။
ကျွန်တော်ကား ဒေါ်ရွှေသစ်အား စိတ်မဆိုးပါ။ ကိုယ့်အပြစ် ကိုယ်နားလည်ပြီး ဖြစ်သည်။
ကျွန်တော့်မှာ
ဤလိုပြုမူခြင်းမျိုးနှင့် ထိုက်သောသူ ဖြစ်ပေသည်။ သို့သော် ဝမ်းနည်းကြေကွဲဖြစ်မိ၏။
မခင်သစ်အား
လက်လွတ်ရလေပြီတကားဟူ၍လည်း သတိရလာပြန်ပေရာ ဘယ်တုံးကမျှနှင့်မတူအောင်
နမြောနေမိလေသည်။
အစားမထိုးနိုင်သော ဆုံးရှုံးခြင်းဟုလည်း ထင်လိုက်ပေသည်။

နေက အတော်ပင်ပူနေသည်။ နေပူကျဲကျဲတွင် လူများသည် ရွှေ့ပြောင်းနေကြ၏။ တစ်ဖက်သို့ ဦးတည်ကာ
ညီညာစွာ ရွှေ့ပြောင်းနေကြသည် မဟုတ်။ အချို့က အရှေ့၊ အခြားအချို့က အနောက်၊ သည့်ပြင် အချို့က တောင်၊
ကျန်တချို့က မြောက်၊ ရောက်တတ်ရာရာ ရွှေ့ပြောင်းနေကြသည်။ ကုလား၊ ဗမာ၊ တရုတ်၊ ကပြားလူမျိုးစုံ
ရွှေ့ပြောင်းနေကြသည်။ အချို့ကား အထုပ်ကိုခေါင်းမှာရွက် လျက်၊ အချို့မှာ ထမ်းလျက်၊ အချို့အချို့မှာ
ယူနိုင်သမျှသော ဝန်ထုပ်ဝန်ပိုးတို့ကို ယာဉ်အမျိုးမျိုး၌ တင်ဆောင်ကာ ပြောင်းရွှေ့ကြသည်။ လန်ချား မြင်းလှည်း၊
စက်ဘီး၊ ချယ်ဂါရီ၊ ထရပ်ကား၊ ဘတ်စ်ကား၊ ဆလွန်းကား။
ကျွန်တော်သည် လူအချို့နှင့်အတူတူ ကွမ်းခြံဘူတာကြီးဘက်သို့ လိုက်ပါလာခဲ့လေသည်။ လူအများသည်
ရထားဖြင့် ရွှေ့ပြောင်းရန် စုဝေးလာကြသည်။ သို့သော်မီးရထားအလုပ်သမားများကို မတွေ့မြင်ရ။
ဘူတာရုံအလုပ်သမားများသည် အလုပ်မှာ စိတ်မဝင်စားနိုင်။ တာဝန်ကျနေရာများမှာ မနေနိုင်။
ကျွန်တော်သည် ခုံးတံတားကြီးကို ကျော်ဖြတ်ခဲ့သည်။ ဟိုဘက်ရောက်သည်ဆိုလျှင်ပင် ဖုံးထိပြီးသေနေသော
အလောင်းများကိုတွေ့ရတော့သည်။ ကျွန်တော့်အဖို့ဤမြင်ကွင်းကား စစ်ကြီး၏ ပထမဆုံးတွေ့မြင်ရသော
သွေးစွန်းနေသည့် ဒဏ်ရာဒဏ်ချက်များပေတည်း။ ဟောဟိုဘက်မှာ အားလျားမှောက်ကြီးသေနေသည်။
ခေါင်းပြတ်ကြီးနှင့်။ ဝင်းထရံအုတ်တိုင်မှာ ကြည့်လိုက်ပါဦး။ လူတစ်ယောက်မှီထိုင်လျက်သေနေသည်။
ခေါင်းငိုက်စိုက်ကျလျက် ရင်ဘတ်မှာ သွေးကွက်ကြီးနှင့်။ သည်ဘက်က အလောင်းမှာကား ဒူးတုပ်ရင်း လဲကျကာ
သေဆုံးသွားသော ကုလားမကြီးဖြစ်သည်။ အလောင်းတွေ အလောင်းတွေ။
ကျွန်တော့်ခေါင်းမှာမူးလာသည်။ မျက်စိတွေက ဝေလာသည်။
စိတ်မကောင်းလိုက်သည့်ဖြစ်ခြင်း။
ကျွန်တော်သည် အနောက်ဘက်သို့ လျှောက်ခဲ့သည်။ နေပူလို့ပူရမှန်းမသိ။ လမ်းပေါ်ကလူတိုင်းလည်း
ကျွန်တော့်လိုပင် ဖြစ်လေသည်။ ဆူးလေတံတားကြီးကို ဖြတ်ခဲ့လေသည်။ ခရီးသည်တင်ဘတ်စ်ကားများကား
လုံးဝရပ်စဲသွား၏။ ဆိုင်တွေအားလုံး ပိတ်ထားသည်။ မဂိုလမ်းသွားဖို့ စိတ်ကူးမိသည်။ မမြမှီတို့တိုက်

ဖုံးများထိလို့ပြုံလေပြီလား။ မမြမှီကော ဘယ်လိုနေပါလိမ့်။ လွတ်မှလွတ်ပါလေစ၊ ဖုံးများ
ထိရင်ကော။
သို့ကလို မကင်းရာမကင်းကြောင်းတွေကြောင့် ကြောင့်ကြစိုးရိမ်မှုတွေ ပေါ်လာစေလင့်ကစား
မမြမှီထံသို့ကား
ဘယ်နည်းနှင့်မျှ မသွားတော့ဟု စိတ်ကို ပိုင်းဖြတ်လိုက်လေသည်။ မမြမှီကား
အနားကိပ်မိလျှင် ရှန်းထွက်မရသော
ပိုက်ကွန်ကြီးနှင့်တူသည်။ အားနာလို့သွားသွား၊ သနားလို့ကူညီချင်လို့ သွားသွား၊
သွားချင်လို့
သက်သက်သွားသွား သူ့အနားသွားမိလျှင် ကျွန်တော့်ဘဝသည်နစ်မွန်း တော့မည်ဟု
ထင်လိုက်သေးသည်။
ရက်စက်ရာမကျပေဘူးလား၊ လူစိတ်ကင်းရာ မကျပေဘူးလား၊ စစ်ဘေးဒုက္ခကျရောက်နေချိန်
မမြမှီတစ်ယောက်တည်း ခိုကိုးရာမဲ့ ဖြစ်မနေပေဘူးလား။ ကိုယ့်စိတ်နိုင်ရင် ပြီးတာပဲ၊
တာဝန်အတိုင်း
ကူညီလိုက်ပြီးတော့ ကိုယ့်ဘာသာကိုယ် ရှင်းရှင်းနေလိုက်။ စိတ်ထဲမှသာ သို့ကလို
တွေဝေနေသည်။
ခြေထောက်ကမူ မောင်ဂိုမာရီလမ်းအတိုင်း အရှေ့ဘက်သို့သာ လျှောက်လာခဲ့ပေသည်။
ထို့နောက်
ပန်းဆိုးတန်းလမ်းတစ်လျှောက်နှင့် ဖရေဇာလမ်းတစ်လျှောက်ကိုကြည့်သည်။
ဖုံးအချက်များစွာထိသော
နေရာပေတည်း။
ကျွန်တော့်လိုပင် လျှောက်ကြည့်နေကြသော လူငယ်တွေ အတော်များနေလေပြီ။
ဖရေဇာလမ်းနှင့် ပန်းဆိုးတန်းထောင့် လေးထပ်တိုက်ကြီး အောက်ဆုံးထပ်မှ
လက်ဖက်ရည်ဆိုင်မှ ကုလားအများဆုံး
ဖုံးထိသည်ဟု ဆိုကြလေသည်။
ပလက်ဖောင်းပေါ်မှ အလောင်းတွေကို ဘယ်သူမျှ မရွှေ့သေး။ တုံးလုံးပက်လက်
သေနေကြသည်မှာ မြင်မကောင်း။
မတော်တာတွေ ပေါ်နေ၍ ဖုံးဖိသူမရှိ။
လူတစ်ယောက်သည် လှေကားပေါ်မှာ ခွေခွေကလေးသေနေသည်။ သစ်ပင်ခွကြားတစ်ခုတွင်
အလောင်းတစ်လောင်းသည် ခွစီးလျက်သားနေသည်။ မည်ကဲ့သို့ ရောက်သွားသည်ကို
ခန့်မှန်း၍ပင် မရချေ။
ခေါင်းပြတ်သောအလောင်း၊ လက်ပြတ်သောအလောင်း၊ ခြေပြတ်သောအလောင်း၊
အလောင်းတွေ အလောင်းတွေ။
မရေနိုင်ဟု ထင်မိတော့၏။
မြင်းတစ်ကောင်သည် ခြေလေးဖက် ဒူးထောက်လျက် ခေါင်းရှေ့စိုက်ကာ သေနေလေသည်။
ဘာဒဏ်ရာမျှမရှိ။

လိုက်ကြည့်နေသူတစ်ဦးက ဖုံးစက်ကွင်းမိ၍ သေသွားဟန်ရှိသည်ဟု ထင်ကြေးပေး၏။
တစ်ယောက်ကမူ
ဖုံးကွဲသောအရှိန်ကြောင့် တုန်လှုပ်သွားပြီး အသည်းနှလုံးကွဲကာ သေသည်ဟု
ယူဆလေသည်။ ဤမြင်းသေသလို
ဒဏ်ရာမပေါ်ဘဲ သေနေသော လူသေအလောင်းတွေကိုလည်း တွေ့ရသေးသည်။
ကျွန်တော့်မှာ တစ်သက်နှင့်တစ်ကိုယ် ဤမျှသေကျေပျက်စီးသည်ကိုတစ်ခါမျှ
မကြုံတွေ့ဖူးသဖြင့်
ကြက်သီးမွေးညင်းတွေ ထနေသည်။ ရင်ထဲမှာ ဖိုလှိုက်နေသည်။
ခေါင်းထဲမှာမူးနောက်နေသည်။
ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်မိ၏။ သူတို့လိုသေရမှာ ကြောက်နေလို့လား။
ကျွန်တော်မကြောက်ပါ။ စောစောက
ကြောက်လို့ပြေးလွှားသူတွေသာ သူတို့လိုသေကုန်ကြသည်။ ဘူတာရုံနားမှာ
သေနေသူတွေသည် ကျွန်တော့်ရှေ့မှ
ဖြတ်ပြေးကြသူတွေ၊ ကျွန်တော်က မကြောက်ကြနှင့် မပြေးကြနှင့်ဟု ပြောလိုက်သူတွေ
ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။
အသေကောင်တို့က တစ္ဆေဖြစ်ပြီး ခြောက်မည်ကိုလည်း ကျွန်တော်မကြောက်။
ကျွန်တော်ကားတစ္ဆေကို
ယုံသူမဟုတ်။ သနားကြင်နာစိတ်တွေ ယိုဖိတ်နေပြီး ကြက်သီးမွေးညင်းတွေ ထနေလေသလား၊
ရင်ဖိုနေလေသလား။ သည်လိုလည်း ဟုတ်မည်မထင်။ သေသူတွေကို သနားတော့သနား၏။
သို့သော် စစ်ဖြစ်လျှင်
ဖုံးကြဲမည်။ ဖုံးကြဲလျှင် လူတွထိမှန်ပြီး သေမည်။ ဤကား သဘာဝတည်းသာဟူ၍
အေးစက်တည်ငြိမ်စွာ
သေခြင်းကို လက်ခံလိုက်ပြီဖြစ်သဖြင့် သနားခြင်းဖြင့် ရင်တွင်းမှာ ဖိုလှိုက်ဖို့
အကြောင်းမရှိပါ။
ကြက်သီးမွေးညင်းထခြင်း၊ ရင်ဖိုခြင်းစသည်တို့မှာ ကြောက်စိတ်၊ သနားစိတ် စသော
စိတ်များနှင့် ဆိုင်ဟန်မရှိ။
ဤလိုဟာတွေဖြစ်ပြီး ဤလိုဟာတွေကို မြင်လျှင် ဤလိုပင် ကြက်သီးထမည်၊ ရင်ဖိုမည်၊
ခေါင်းနောက်မည်။
ရဟန်းတော်များပင်လျှင် ဤလိုဟာတွေမြင်လျှင် ဤလိုပင် ဖြစ်ပေလိမ့်မည်ဟု
ကျွန်တော်ထင်မိပေသည်။
တစ်စတစ်စ လိုက်ကြည့်သူတွေ များလာသည်။ တချို့က ပန်းဆိုးတန်းနှင့်
ဒါလဟိုဇီ(မဟာဗန္ဓုလ)လမ်းထောင့်
ကြေးနန်းရုံးကြီးတွင်လည်း ဖုံးကျသည်ဟု ပြောကြသည်။ ကျွန်တော်သည် ထိုနေရာသို့
သွားလေသည်။

သွားရင်သေခြင်း၊ ပျက်စီးခြင်း စသည်များကို ဆင်ခြင်နေမိပြန်လေသည်။ အနိစ္စ၊ မမြဲသော
အရာတွေပါတကား
ဤအရာတွေ ဤဖြစ်ပျက်ရုပ်တွေနှင့် ဤလောကမှာ ဒုက္ခပါတကား။ သြော်
ဘယ်ဟာကိုဆုပ်ဖမ်း၍ မှတ်မှတ်၊
ဘယ်မှာရှာရှာ သူတို့ထဲမှာရှာရှာ ကိုယ့်ထဲမှာရှာရှာ အတ္တဆိုတာ မတွေ့နိုင်ပါကလား။
အားလုံး အနတ္တသာလျှင်
အနှစ်ဖြစ်ချေသည်တကား။
ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် အံ့သြနေသည်။ ငါဘာ့ကြောင့် လက္ခဏာရေးသုံးပါးတွေ
ထင်မြင်နေပါလိမ့်။
ငါဘာ့ကြောင့် အဘိဓမ္မာဆန်ပါလိမ့်။
ရှိတ်စပီးယားက ဆိုသည်မဟုတ်ပါလား။ မြေမှုန့်မှလာသောလူသည် မြေမှုန့်သို့
ပြန်သွားသည်။
လူတွေသေခြင်းကို ထင်ဟပ်နေသော ကျွန်တော့်ဦးနှောက်အတွင်းသို့ ကောလိပ်ကျောင်းတုန်းက
သင်ခဲ့ဖူးသော
ထိုစာကြောင်းကလေးသည် ဝင်လာလေသည်။
ကြေးနန်းရုံးကြီးရှေ့သို့ ရောက်သောအခါ လူတွေအများကြီး
အုံကြည့်နေသည်ကိုတွေ့ရလေသည်။
လမ်းမကြီးပေါ်တွင် ဗုံးကျထားပြီး ရေပိုက်များပေါက်ကာ ရေလုံးကြီးများ
ပန်းထွက်နေလေသည်။ လူစုထဲတွင်
အရေးတော်ပုံ မြေအောက်စခန်းမှာ မနေ့က တွေ့ခဲ့သောလူများကို တွေ့ရသည်။ သခင်ချစ်၊
ပျဉ်းမနားသခင်မြနှင့်
သခင်တင်ထွန်းတို့ဖြစ်သည်။ သခင်ချစ်ကား မျက်မှန်ဖြုတ်ထား၏။ မျက်မှန်ဖြုတ်ထားရုံဖြင့်
ရုပ်ဖျက်ပြီး
ဖြစ်နိုင်ပါ့မလား။ သခင်တင်ထွန်းမှာကား မျက်မှံနမည်းကြီးတပ်ထားသည်။ သခင်မြကား
လုံးဝရုပ်မဖျက်။
အမှန်မှာကား ဤအခါမျိုး၌ရုပ်ဖျက်ဖို့ မလိုတော့ပါ။ စုံထောက်သည် သူ့ဝတ္တရား
သူမလုပ်နိုင်။ စုံထောက်က
ထောက်သော်လည်း ဖမ်းမည့်သူမရှိ။ ကျွန်တော်ကား သူတို့ကိုမြင်လျှင် ဝမ်းသာသည်။
ကျွန်တော်တို့
အရေးတော်ပုံတပ်သားတွေ ဘေးမသီ ရန်မခ ရှိကြသည်။ သို့သော် သူတို့နှင့်
သိကျွမ်းသည်ကိုဘေးလူတွေ
မသိစေချင်သဖြင့် သူတို့အား နှုတ်မဆက်ခဲ့ပေ။
ကမာရွတ်ကမိတ်ဆွေတွေ ဘေးအန္တရာယ်ကင်းကြပါလေလား။ ကမာရွတ်မှာ ဗုံးကြဲဦးတော့၊
မကြာမီက
ဆွေးနွေးခြင်းကြောင့် ဗုံးခိုဗုံးရှောင် တတ်လောက်ကြပေမည်။

မမြင့်ဦးတစ်ယောက် ဘယ်လိုနေရှာပါလိမ့်။ ဂျပန်ဖက်ဆစ်တွေသည် တက္ကသိုလ်ကိုတော့ ဖုံးကြမည်မထင်။
မမြင့်ဦးအား ဖုံးက အန္တရာယ်ပေးမည်မထင်။ သို့သော် အိပ်ရာပေါ်မှာ ခွေလဲကာ ဖျားနာနေသော မမြင့်ဦးသည်
လေယာဉ်ပျံသံ၊ ဖုံးသံတွေကြောင့် ထိတ်လန့်တကြား ဖြစ်ရှာပေလိမ့်မည်။ အားကိုးရာမဲ့ ဖြစ်ရှာပေလိမ့်မည်။
ကျွန်တော့်အား ပိုမို၍ တမ်းတရှာပေလိမ့်မည်။
ကျွန်တော့်ခြေလှမ်းများသည် မမြင့်ဦးထံသို့ ဦးတည်နေကြလေ၏။
မမြင့်ဦး။ တီဘီရောဂါနှင့် စစ်တိုက်နေသော မမြင့်ဦး။ ကျွန်တော့်အား သူမ၏ အသက်တည်နေ
မှီခိုအားထားရာအဖြစ်ဖြင့် ဆုပ်ကိုင်တွယ်တာလျက် သေမင်းကို အကျောက်အကန် ခုခံနေရှာသော မမြင့်ဦး။
ကျွန်တော့ပတ်ဝန်းကျင်ကား သေမင်းကို အရှုံးပေးရသော လူသေကောင်တို့၏မြင်ကွင်း ကျွန်တော်သည်
ထိုမြင်ကွင်းကို စွန့်ပစ်လျက် သေမင်းကိုအရှုံးမပေးသော မြင်ကွင်းဖြစ်သည့် မမြင့်ဦး၏အိပ်ရာဘေးသို့
တစ်လှမ်းပြီးတစ်လှမ်း လှမ်းလာခဲ့သည်။
လူသေကောင် ရွှေ့မည့်သူလည်းမရှိ၊ မြုပ်မည့်သူလည်းမရှိ၊ အပုပ်အစီးတွေ ဖယ်ရှားမည့်သူလည်းမရှိ၊
မီးလောင်နေသည်ကို သတ်မည့်သူလည်း မရှိ၊ ခရီးသည်တင် ဘတ်စ်ကားလည်းမရှိ၊ မြင်းလှည်းလည်းမပြေး၊
လန်ချားလည်းမဆွဲ။ သို့သော် ကျွန်တော်ကား တက္ကသိုလ်ကို ဘယ်သို့ဘယ်လိုသွားမည်ဟု စဉ်းစားမနေ။
ကျွန်တော့်ခြေလှမ်းများသည် နောက်မတုံ့။ ကျွန်တော့်ခြေလှမ်းများသည် မမြင့်ဦးထံသို့သာ ဦးတည်နေကြလေသည်။
တက္ကသိုလ်ဘက်မှာ ဖုံးတစ်လုံးမျှမကျ။
အပျက်အစီး လုံးဝမရှိ၊ မီးလောင်ကျွမ်းခြင်းကိုလည်းမတွေ့ရ။ အခါတိုင်းလိုပင် သာယာစိုပြည်သည်။
တက္ကသိုလ်နယ်မြေကို တွေ့မြင်ရသောအခါ များစွာ စိတ်သက်သာရာရသွားလေသည်။ ရန်ကုန်ထဲမှာ မြင်ခဲ့ရသော
ရှုခင်းများနှင့် တက္ကသိုလ်နယ်မြေရှုခင်းခြားနားပုံသည် မီးတုတ်ကိုင်ထားသော ဘီလူးနှင့် ရေချမ်းအိုးကိုင်ထားသော
အမျိုးသမီးတို့၏ ခြားနားပုံနှင့် တူနေလေသည်။ ကံ့ကော်ပင်များကား စိမ်းလန်းမြဲ စိမ်းလန်းနေသည်။

သစ်တိုပင်ကြီးများ၊ ပိန္နဲ၊ သရက်၊ မရန်းနှင့် တညင်းပင်ကြီးများကား ခါတိုင်းလိုပင်
တည်ငြိမ်စွာ
ထီးမိုးနေကြသည်။
တက္ကသိုလ်နယ်မြေတွင် မြို့ထဲမှာ ဖုံးကြဲထားသော လှိုင်းဂယက်များမှ ကင်းရှင်းသည်
မဟုတ်ချေ။
ဟိုနားသည်နားမှာ မြို့ထဲမှပြောင်းရွှေ့လာသော သူများကိုတွေ့ရ၏။ ဝန်စည်စလယ်များ
အပြည့်တင်ထားသော
ကားများ၊ အိမ်ထောင်ပစ္စည်းတွေ တင်ထားသော ချယ်ဂါရီများ၊ ထင်းရှူးသေတ္တာ၊ ဖျာလိပ်နှင့်
ထမင်းအိုးဟင်းအိုးများတင်ထားသော လန်ချားများ စသည်တို့ကို ဟိုအိမ်သည်အိမ် ဟိုသစ်ပင်
သည်သစ်ပင်
အရိပ်များအောက်တွင် ထိုးဆိုက်ထားကြလေသည်။
တက္ကသိုလ်ကျောင်းကြီးကို ဒီဇင်ဘာလ ၈ရက်နေ့ စစ်ဖြစ်ပြီး နောက်တစ်ရက်တွင်
ပိတ်လိုက်ပြီဖြစ်သဖြင့်
ကျောင်းသားများကိုကား မတွေ့ရတော့ပြီ။
မမြင့်ဦးနေထိုင်ရာ ဂေဟာလေးကား ခါတိုင်းလိုပင် အေးရိပ်သာကလေးဖြစ်၏။
ရေလောင်းထားခြင်း မရှိသော်လည်း
ပန်းပင်ကလေးများမှာ လန်းရွှင်စွာသာ ရှိနေကြ၏။ ရောင်စုံပွင့်တွေလည်း ဝေနေလေသည်။
ခါတိုင်းလိုပင် ပိတ်ထားသော အိမ်ရှေ့တံခါးမကြီးကို ခေါက်လိုက်ရ၏။ ခါတိုင်းလိုပင်
'အေးခင်'ဆိုသော
အစေခံမကလေးသည် ပြေးလာပြီး တံခါးဖွင့်လေ သည်။
အေးခင်ကား ကျွန်တော့်အား ကောင်းစွာသိနေပြီဖြစ်၍ "ဘာကိစ္စပါလဲရှင်"ဟုမမေးတော့ချေ။
သို့ရာတွင်
ကျွန်တော်က အခန်းတွင်းမှာ ရှိနေမည်ဖြစ်သော မမြင့်ဦးအား အသံပေးလိုက်သည့်အနေနှင့်–
"မမြင့်ဦးရှိရဲ့လား"ဟု မေးလိုက်သည်။ အေးခင်က ခေါင်းကိုသာ ညိတ်သည်၊
ဘာမျှပြန်မပြော။ အခန်းတွင်းက
မမြင့်ဦးထံမှလည်း ဘာသံမျှမလာ။ အခါတိုင်းဆိုလျှင် ကျွန်တော့်အသံကို အမြဲတမ်း
နားစွင့်နေဟန်တူသော
မမြင့်ဦး သည် "ကိုတင်ထွန်းလား၊ ဝင်ခဲ့လေ"ဟုခေါ်လေ့ရှိသည်။ ယခု ဤသို့သော
ကြိုဆိုဖိတ်ခေါ်သံ
မပေါ်လာပေ။ ကျွန်တော့်စိတ်ထဲမှာ ဟာတာတာကြီးဖြစ်သွားသည်။
"ဟဲ့ အေးခင်၊ မမြင့်ဦး နေကောင်းရဲ့လား"
အေးခင်သည် စိတ်မချမ်းသာသော ခွေးကလေးကြည့်သလို မျက်စိသငယ်နှင့်သာ
ကြည့်နေလေသည်။
ကျွန်တော့်ရင်ခုန်လာသည်။

ကျွန်တော်သည် စိုးရိမ်ခြင်းဖြင့် တုန်လှုပ်ချောက်ချားလာပြီး အိမ်ထဲမှာ ဟိုဟိုသည်သည်
ကြည့်လိုက်လေသည်။
ဧည့်ခန်း၏ခေါင်းရင်းဘက် စင်္ကြန်တွင် ကုလားထိုင်ပေါ်၌ မတ်မတ်ထိုင်နေသော
လူကြီးတစ်ယောက်ကို
တွေ့မြင်ရလေသည်။ သျှောင်ကြီးဖွေနှင့် လူကြီး။ သူသည် ဖျင်အင်္ကျီလက်ရှည်နှင့်
ချည်လုံချည်ကို ဝတ်ထားသည်။
သူ့ကို ကျွန်တော်မြင်ဖူး၏။ ရုတ်တရက်သော် ဘယ်တုံးက မြင်ဖူးသည်ဟု မမှတ်မိ။
သူကလည်း ကျွန်တော့်အား
မြင်ဖူးတွေ့ဖူးဟန်ဖြင့် ကြည့်နေလေသည်။ မှတ်မိပါပြီ။ သူကား
မမြင့်ဦး၏ဦးလေးဖြစ်လေသည်။ ၁၃၀၀ပြည့်နှစ်
အရေးတော်ပုံအတွင်းက မြို့မကျောင်းမှာ ကျောင်းသား ကျောင်းသူတွေ အစာငတ်ခံနေကြစဉ်
မမြင့်ဦးအား
နေရပ်ဌာနီသို့ ပြန်ခေါ်သွားသော လူကြီးပေတည်း။
"ဦးလေးဘယ်တုံးက ရောက်နေသလဲ"
သူက ထိုင်ရာမှ ထရင်း–
"မနေ့ကပါပဲ တူမောင်ရာ"
"ဘာကိစ္စလဲ၊ အလည်ပဲလား"
"ကိုကြီးက သူ့သမီးခေါ်ခဲ့ရမယ်ဆိုလို့ လာခဲ့တာပဲ"
"ကြုံရပလေတယ် ဦးလေးရယ်၊ ဦးလေးရောက်တုန်း ဗုံးကြဲတာနဲ့ဆုံနေတယ်၊ ဘယ့်နှယ်လဲ
မမြင့်ဦး
နေကောင်းရဲ့လား"
ဦးလေး၏မျက်နှာ အိုသွားသည်။
"ဝင်ကြည့်လေကွယ် တို့လည်း မင်းကိုမျှော်နေကြတာပါပဲ။ မမြင့်ဦးကတော့ မနေ့ညကပဲ
မင်းလာလိမ့်မယ်ထင်နေတာပဲ"
ဦးလေးသည် ကုလားထိုင်မှာ ပြန်ထိုင်ပြီး နေရစ်ခဲ့သည်။ ကျွန်တော်က အခန်းတွင်းသို့
ဝင်သွား၏။
မနေ့ညကပင် မျှော်နေသော်လည်း မပေါ်လာသဖြင့် ကျွန်တော့်အား မမြင့်ဦး
စိတ်ကောက်နေပြီလော
သို့ကြောင့်သာ စောစောက ကျွန်တော်၏အသံ ပေးပါလျက် မတုံ့ပြန်ဘဲနေခြင်းပင်
ဖြစ်လေသလော။
မမြင့်ဦးအား မြင်လိုက်ရရုံဖြင့်ပင် ကျွန်တော့်မှာ အထိတ်တလန့်ဖြစ်သွား သည်။ အိပ်ရာပေါ်၌
ပက်လက်ကလေးနေပုံမှာ အိပ်နေသည်နှင့်မတူ၊ မြောနေသည်နှင့်တူသည်။ မမြင့်ဦး၏
မျက်နှာမှာ ဝါပြီး
ဖျော့နေသည်။ နားထင်ကကျ၊ မျက်တွင်းက ဟောက်။

အသက်မှ ရှူသေးရဲ့လား။ သေသေချာချာစိုက်ကြည့်တော့မှ အားနည်းစွာ
အသက်ရှူနေသည်ကို မြင်ရ၏။
ကျွန်တော်က မျက်နှာကို စေ့စေ့စိုက်ကြည့်နေစဉ် မမြင့်ဦးသည် မှိန်းထားသော
မျက်လုံးကလေးများကို
ဖွင့်လိုက်လေသည်။ မျက်လုံးကြီးများကား ခါတိုင်းလိုပင် ဝိုင်းစက်လျက်ရှိပါ၏။ သို့သော်
ခါတိုင်းလို
မကြည်လင်တော့ချေ။ သည့်ထက်ပိုဆိုးသည်မှာ ခါတိုင်း ကျွန်တော့်အား ညို့လေ့ရှိသော
ထိုမျက်လုံးများသည်
ယခုအခါ ကျွန်တော့်အား သိပင်မသိတော့သလို ကြောင်နေကြခြင်းဖြစ်၏။
ကျွန်တော်ရင်ဆို့လာသည်။
လေသံဖြင့်–
"မမြင့်ဦး"
သူမသည် အားယူပြီး ကြည့်နေသည်။
တိုးတိုးသက်သာဖြင့်–
"မမြင့်ဦး ဘယ့်နှယ်နေသလဲ ဟင်"
သူမသည် ကျွန်တော့်ဘက်သို့ ခေါင်းကိုအနည်းငယ်ရွှေ့လျက် လက်ဟန်ဖြင့်
အထိုင်ခိုင်းသည်။
ကျွန်တော်သည် ကုလားထိုင်တစ်လုံးကို ခုတင်အနီးသို့ ဆွဲယူပြီးထိုင်သည်။
ကျွန်တော်က သူမ၏နဖူးကို လက်ဖြင့်စမ်းသည်။ သူမ၏လက်ကို ယုယစွာ ကိုင်ပြီး
သွေးတိုးလည်းစမ်းသည်။
မမြင့်ဦးသည် ကျွန်တော်၏ ယုယစွာ စမ်းသပ်ခြင်းကို ကျေနပ်စွာခံနေသည်။
အပူဒီဂရီဘယ်မျှရှိသည်၊ သွေးဘယ်မျှ
တိုးနေသည်ကို ဆရာဝန်လို တပ်အပ်မသိသော်လည်း အဖျားအပြင်းတက်နေပြီကို
ကားကျွန်တော်သိ၏။
ကျွန်တော်ကခပ်ဆတ်ဆတ်အသံဖြင့်–
"အေးခင် ဒီခဏလာဦး"
ကောင်မကလေးမှာ ဖြုန်းခနဲဆို ရောက်လာပြီး လက်ပိုက်၍ရပ်နေသည်။
"ဒီနေ့ဆရာဝန်လာသေးသလား"
"မလာဘူးရှင့်"
"အေးလေ ဘယ်လာလိမ့်မှာလဲ၊ ဗုံးကြတော့ ဆရာဝန်လည်း လန့်ပြေးနေမှာပေါ့၊ ဒီနေ့ညနေ
ဆေးကောတိုက်ပြီးပလား"
"ဆရာမက ဒီနေ့ ဆေးလည်းမသောက်ဘူး၊ ဘာမှလည်း မစားဘူး ဆရာရဲ့"
"အို ဘာ့ကြောင့်လဲ"
မမြင့်ဦးသည် ဘာမျှမပြော၊ ပြူးကြောင်သော မျက်စိဖြင့် ကျွန်တော့်အား ကြည့်လိုက်၊
အေးခင်အား

ကြည့်လိုက်လုပ်နေ၏။
အေးခင်သည် လက်ပိုက်လျက်သားပင် ကျောင်းသူကလေးဖြေသလို ဖြေနေ၏။
"မနက်က ဆရာရဲ့၊ ဆရာမဟာ ပက်လက်ကုလားထိုင်မှာထိုင်ပြီး နွားနို့သောက်မယ်လို့ လုပ်နေတယ်။ ကျွန်မက
နွားနို့ပန်းကန်ယူလာတယ်။ ဖြုန်းဆိုလေယာဉ်ပျံသံတွေ ကြားရတာပဲ၊ ပြီးတော့ မိုးကြိုးပစ်သလိုပဲ၊
နောက်ခဏကြာတော့ ဗုန်းဒိုင်းနဲ့ ဆူနေတာပဲ။ လမ်းပေါ်မှာ လူတွေကလည်း ဗုံးကြဲနေပြီဟေ့လို့
အော်ပြီးပြေးကြတာပဲ။ ဆရာမလည်း ဖြုန်းဆို ကုလားထိုင်က ထပြီး ပြေးတာပဲ။ ကျွန်မလည်း ဆရာမနောက်
လိုက်ပြေးတာပဲ။ ဒါပေမဲ့ အဝေးကြီး မပြေးနိုင်ဘူး၊ ဆရာမလေ ချောင်းတွေဆိုးလာပြီး လမ်းထိပ်က
ငုပင်ကြီးအောက်မှာ ထိုင်နေရတာပဲ။ သွေးတွေလည်း အန်တယ် ဆရာရဲ့၊ နောက်ပြီး ဦးလေးကြီးလည်း
လိုက်လာတယ်"
အေးခင်က ပြောနေစဉ် ကျွန်တော်သည် မမြင့်ဦးအား ကြင်နာစွာ ကြည့်ပြီး–
"ဖြစ်မှဖြစ်ရလေ မြင့်ရယ်"
အေးခင်–
"အိမ်ပြန်ရောက်တော့လည်း သွေးတွေအန်သေးတယ်ဆရာရဲ့"
"ဒီနေ့တစ်နေ့လုံး ဘာဆေးမှ မတိုက်ရသေးဘူး၊ ဘာမှလည်း မကျွေးရသေးဘူး၊ ဟုတ်လား အေးခင်"
"ဟုတ်ကဲ့ရှင်"
"ကဲ သွား၊ ရေနွေးကျိုလိုက်စမ်း"
"ဟုတ်ကဲ့ရှင်"
အေးခင်ထွက်သွားသောအခါ ကျွန်တော်သည် ဆေးပုလင်းများကို လျှောက်ကြည့်သည်။ အားတိုးဆေးပုလင်းကိုယူခဲ့ပြီး–
"ဆေးသောက်လိုက်ဦးနော် မြင့်"
မမြင့်ဦးသည် ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်သည်။ ကျွန်တော်သည် သူမအားထူမပေးပြီး ဆေးတစ်ခွက်တိုက်သည်။ ပြီးတော့ ကျောနောက်မှာ ခေါင်းအုံးများ ခုပေးပြီး မှီ၍ထိုင်စေလေသည်။
"မြင့်ရဲ့ ဗုံးဆိုတာ အရမ်းမကြောက်ရဘူး။ လမ်းပေါ်လျှောက်ပြေးတာထက် ရေချိုးခန်းထဲ ဝင်ပုန်းတာက
ကောင်းသေးတယ် သိလား။ ပြီးတော့ တက္ကသိုလ် နယ်မြေတို့လို နေရာတွေကို ဗုံးကြဲတာ မဟုတ်ပါဘူး။

မီးရထားတို့၊ သင်္ဘောဆိပ်တို့၊ စက်ရုံတို့၊ စစ်အဆောက်အအုံတို့ကိုသာ ဖုံးကြဲတာပါ
မြင့်ရယ်။ ခု
ဘယ့်နှယ်နေသေးသလဲ”
မမြင့်ဦးက ခြောက်ကပ်သော လေသံတိုးတိုးဖြင့်–
“မနက်ကလောက်တော့ မဆိုးပါဘူး မနက်ကဖြင့်လေ...”
ရှေ့မဆက်ဘဲ ငေးနေသည်။
“မနက်က ဘယ်လိုနေသလဲ၊ ပြောပြစမ်းပါဦး”
သူမ၏မျက်လုံးများမှာ စိုလာသည်။
“မနက်ဖြင့် သေတော့မှာပဲလို့ ထင်တာပဲ”
“အို ဘာဖြစ်လို့ ဒီလိုထင်ရတာလဲမြင့်ရယ်၊ အမြဲတမ်း အားတင်းထားမှပေါ့”
မမြင့်ဦးက ရေတောင်းသဖြင့် ရေတိုက်ရသည်။
ကျွန်တော်သည် မမြင့်ဦးအား မနက်ဗုံးကြဲပုံအကြောင်းများ ပြောပြချင်သည်။ မြို့ထဲမှာ
လူတွေသေပုံ၊
အဆောက်အအုံတွေပျက်စီးပုံ၊ မီးတွေလောင်ပုံ၊ လူတွေပြေးကြပုံ၊ ဒါတွေကိုပြောပြချင်၏။
သို့သော်ဤလူမမာမျိုးကို
စိတ်မချမ်းသာစရာသတင်းတွေ မပြောအပ်ဟု သဘောရပြီး အခြားစကားကို
စဉ်းစားပြန်လေသည်။
နိုင်ငံရေးအခြေအနေပြောရ မကောင်းပေဘူးလား။ နိုင်ငံရေးစကားသည် လူကောင်းကိုပင်လျှင်
မောစေမည်ဖြစ်ရာ
မမြင့်ဦးအားဆိုလျှင် အမောဆို့စေမည် ထင်သည်။ ဘေးဥပဒ် အကင်းဆုံးသော စကားကို
ရှာရ၏။
“မြင့် ဒီနေ့ ဘာမှမစားသေးဘူးနော်”
“မစားချင်ဘူး”
“တစ်ခုခု စားမှပေါ့၊ အစားများများစားနိုင်မှ ဒီရောဂါကို ခုခံတိုက်ခိုက်နိုင် မယ်မဟုတ်လား၊
မဖတ်မစားချင်တောင်
ဟောလစ်သောက်ပါလား မြင့်ရယ်”
မမြင့်ဦးက ပြုံးပြသည်။ အခုမှပဲ အပြုံးကလေးကို မြင်ရတော့သည်။ သို့သော် ဝိုင်းစက်သော
မျက်လုံးကြီးများဝင်းလက်ပြီး ပါးချိုင့်ကြီးများ ပေါ်သာသည့်တိုင်အောင် ပြုံးလေ့ရှိသော
အပြုံးကား
မဟုတ်တော့ပေ။ ပြုံးရောင်ကလေးသာ ပြနိုင်တော့၏။
ကျွန်တော်သည် အေးခင်ရေနွေးကျိုနေရာသို့ လိုက်သွားလေသည်။ လေမီးဖိုက
တရှူးရှူးမြည်နေ၏။
ရေနွေးကျက်သောအခါ ကိုယ်တိုင်ပင် ဟောလစ်ဖျော်ပြီး မမြင့်ဦးထံသို့ ယူလာခဲ့လေသည်။
မမြင့်ဦးကား ကျောမှီထားသော ခေါင်းအုံးပေါ်မှာ ဇက်ကျိုးခွေကျနေလေ သည်။ မြင်ရပုံ
မသက်သာလှချေ။

ကျွန်တော်ကထူပေးရပြန်ပါ၏။ ထို့နောက် ဟောလစ်ကို ပန်းကန်ပြားမှ ထည့်ကာထည့်ကာ
တိုက်ရ၏။
အတန်ကြာတော့ မမြင့်ဦး၏ နဖူးမှာ ချွေးကလေးများ စို့လာရာ ကျွန်တော်က
လက်ကိုင်ပဝါနုနုကလေးနှင့်
သုတ်ပေးလေသည်။ ထိုအခါ မမြင့်ဦးသည် ပြုံးလိုက်ပြန်၏။ မျက်နှာသည် အနည်းငယ်
လန်းဆတ်လာသည်ဟု
ထင်ရသည်။
သို့သော် ထိုအပြုံးနှင့် ထိုမျှသော လန်းဆတ်ခြင်းတို့ကြောင့် ကျွန်တော် အားမတက်ပါ။
၄င်းတို့သည်ရေနစ်နေရာမှာ နောက်ဆုံးအကြိမ် ပေါ်လာခြင်းနှင့်သာ တူသည်။
ကျွန်တော့်အထင်အားဖြင့်
မမြင့်ဦးသည် ဆယ်လို့မရနိုင်အောင်နစ်နေပြီ။
မမြင့်ဦးက အားယူပြီး–
"ထွန်းကလေး မြင့်ကြီးကို ဘယ်တော့ မဒရပ်စ်ခေါ်သွားမှာလဲ"
ကျွန်တော်က မမြင့်ဦးအား အိန္ဒိယပြည်မဒရပ်စ်မြို့သို့ခေါ်သွားပြီး ဆေးကုပေးမည်ဟု
ပြောဖူးသည်။
နေဝင်သွားလေပြီ။ မှောင်ကလည်း တရိပ်ရိပ်ကျလာနေပြီ။ သို့သော် မီးတွေကား
မလင်းလာသေး။
ရန်ကုန်၏လျှပ်စစ်အားပေးရေးစနစ်ကားဖရိုဖရဲ ဖြစ်သွားခဲ့ဟန်တူသည်။
မမြင့်ဦး၏ အမေးကိုဖြေရန် ခက်သည်။ အမှန်ကို ပြောဖို့ခက်သည်။ ကျွန်တော်ကား
တစ်သက်မှ တစ်ခါကြုံသော
အခွင့်အရေးကို ယူပြီး အရေးတော်ပုံကြီးထဲတွင် ပါဝင်ဆင်နွှဲရတော့မည်ဖြစ်သည်။
ကောင်းကင်မှ ချပေးမည်သော
လက်နက်များကို လက်ခံရန် ခရီးထွက်သွားရတော့မည် ဖြစ်ပေသည်။ ထိုကိစ္စ
မရှိဘူးပင်ထားဦးတော့၊ မမြင့်ဦးအား
မဒရပ်စ်သို့ ဆေးကုခေါ်သွားရမည်ဆိုလျှင် မသွားခင် လက်ထပ်လျှင်သော်လည်း လက်ထပ်၊
သို့မဟုတ်လက်ထပ်ရန် အပြီးအပိုင် စေ့စပ်ကြောင်းလမ်းထားလျှင်သော်လည်း ထားရလိမ့်မည်။
သို့ဖြစ်နိုင်ပါမည်လား။ မမြင့်ဦး၏ မိဘဆွေမျိုးတွေက သဘောတူပါမည်လော ဆရာဝန်က
ခွင့်ပြုပါမည်လော၊
ကျွန်တော်မိတ်တွေနှင့် ရဲဘော်တွေက ဘယ်သို့ပြောကြမည်နည်း။
ကျွန်တော်သည် အဖြေရခက်နေသည်နှင့် ထိုင်ရာမှထပြီး ဖယောင်းတိုင်ကို ရှာ၍ထွန်းသည်။
ဖယောင်းတိုင်ထွန်းပြီးနောက် သူမ၏ အိပ်ရာဘေးတွင် ထိုင်မိပြန်သောအခါ မမြင့်ဦးက–
"မြင့်တော့ ဒီမှာလုံးလုံးမနေချင်တော့ဘူးကွယ်၊ တစ်နေရာရာ သွားမှဖြစ်မယ်၊ တစ်ခါတုန်းက
ပြောသလိုမဒရပ်စ်ကို
သွားတာ အကောင်းဆုံးပဲထင်တယ်"

ကျွန်တော့်မှာမဖြေဘဲ မနေသာပြီ။ သို့သော် မမြင့်ဦးအား အမှန်ပြောပြီး မနိုပ်စက်ချင်တော့ပြီ။ ဤအခြေအနေတွင်
မျှော်လျှင့်ချက် ပေးထားခြင်းသည်သာ အကောင်းဆုံး မဟုတ်ပါလား။
"မြင့်အဖေနဲ့ မြင့်ဦးလေးက သဘောတူမှာလား"
"ဦးလေးကိုတော့ ပြောပြပြီးသားပဲ၊ သဘောတူပါတယ်။ အဖေကလည်း သဘောတူမှာပါပဲ"
မမြင့်ဦးသည် သူမ၏ဦးလေးကိုပင် ပြောပြထားပြီးဖြစ်သည်ဆို၍ ကျွန်တော့်မှာ အံ့သြနေသည်။
ကျွန်တော့်အပေါ်ဝယ် မမြင့်ဦး ယုံကြည်စိတ်ချထား ပုံမှာလည်း အံ့သြစရာပင်ဖြစ်သည်။
ကျွန်တော်ကားလုံးဝယုံစားခြင်းခံထိုက်သူ မဟုတ်။ ကျွန်တော့်ကိုဘယ်မိန်းမမှ စိတ်ချထားထိုက်သည်မဟုတ်။
မမြင့်ဦးအား လက်ထပ်ယူမည်၊ အချစ်ဖြင့် အသက်ကယ်မည် စသည်ဖြင့် ကတိပြုပြီးခါမှပင် မမြမှီနှင့်
နောက်ဆုံးတွေ့ကြတုန်းက ကျွန်တော်နှင့်မမြမှီတရားဝင် အကြင်လင်မယားအဖြစ်ဖြင့် နေရမည်ဟု အတင်းအကြပ်
တောင်းဆိုခဲ့သေးသည် မဟုတ်ပါလော။ သနားလှပါသည်၊ ချစ်လှပါသည်ဆိုသော မမြင့်ဦးအား သစ္စာဖောက်ရန်
ကြိုးပမ်းခဲ့သည် မဟုတ်ပါလား။ မမြမှီက ငြင်းပယ်၍သာ ထိုသစ္စာဖောက်မှုကြီး မအောင်မမြင် ဖြစ်ခဲ့ရပေသည်။
ကျွန်တော်သည် ကျွန်တော့်အပေါ်တွင် ဤမျှယုံစားရှာသော မမြင့်ဦးအား ပိုလို့သနားလာသည်။
ကျွန်တော့်အားဤလို စိတ်ချထားသော မမြင့်ဦး၏ ရိုးသားခြင်းကို အတိုင်းမသိ မြတ်နိုးလာလေသည်။
ဤသို့ကျွန်တော့်အား ယုံကြည်စိတ်ချစွာ ချစ်ရှာသော မမြင့်ဦးအား အရင်တုန်းက ဘာကြောင့် တစ်ဦးတည်းသော
ချစ်သူအဖြစ်ဖြင့် သစ္စာပန္နက်ရိုက်နက်ချည်နှောင်ခြင်း မပြုခဲ့မိလေသနည်း။
ကျွန်တော်ယူကျုံးမရဖြစ်မိသည်။ နမြောမိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း စက်ဆုပ်မိသည်။
တကယ်တော့ ကျွန်တော်သည်မမြင့်ဦးကိုသာ အချစ်ဆုံးမဟုတ်ပါလား။
ခြောက်နှစ်လုံးလုံး သူငယ်ချင်းလည်းမက၊ ရည်းစားလည်းမကျ ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းခဲ့ကြသော
မမြင့်ဦးနှင့် ကျွန်တော်တို့မှာ တစ်ယောက်အကြောင်း တစ်ယောက်အသိဆုံးဖြစ်သည်။ တစ်ယောက်အပေါ်
တစ်ယောက်လိုတာရှိဖြည့်၊ လွန်တာရှိ သည်းညည်းခံကာ အေးအတူ ပူအမျှ နေနိုင်ကြသော စုံတွဲဖြစ်ကြသည်။
သူမနှင့် ကျွန်တော်တွေ့ခါစက ကတော်ကမဆတ်ဖြစ်ပြီး စကားများခဲ့ပုံ၊ နောက် သင့်မြတ်ပြီး ခင်မင်ရင်းနှီးသွားပုံ၊

သွားအတူ လာအတူ စားအတူ နေခဲ့ကြပုံ၊ စိတ်ထဲက ချစ်နေကြသော်လည်း
ဖွင့်ဟမပြောဖြစ်ပုံ မမြင့်ဦးက
ဖွင့်ဟပြောဆိုရန် စကားစပုံ၊ အားလုံးကို သတိရနေလေသည်။
ကျွန်တော်သည် မမြင့်ဦးအား ဖြစ်ခဲ့သမျှ အကြောင်းစုံတွေကို ဖွင့်ဟပြောချင်နေလေသည်။
မမြင့်ဦးအား
သစ္စာဖောက်ခဲ့သော ကျွန်တော်၏ ဇာတ်ရှုပ်ကို ဖော်ထုတ်ပြီး ဝန်ချတောင်းပန်ရလျှင်
မကောင်းပါလော။
မမြင့်ဦး ယုံကြည်စိတ်ချစွာ ချစ်နေသော ကျွန်တော်သည် တစ်ဆိတ်စာမျှ
ယုံကြည်စိတ်ချထားအပ်သူ
မဟုတ်ကြောင်း မမြင့်ဦးအား အသိမပေးလျှင် တရားရာကျပါမည်လော။
သို့သော်ဒါတွေပြောနေခြင်းအားဖြင့် မမြင့်ဦး စိတ်ရှုပ်သွားမှာ စိုးရသေးသည်။
စိတ်ကိုထိခိုက်ပြီး ယခုပင်
အခြေအနေဆိုးသော ရောဂါသည် ပိုလို့ဆိုးသွားမည်ကို စိုးရိမ်ရသေးသည်။
ကျွန်တော်က စိတ်ထဲမှာ ချီတုံချတုံဖြစ်ပြီး ဘာမျှမပြောဘဲနေစဉ် မမြင့်ဦးသည်
နုံးညံ့သက်သာသော အသံဖြင့်–
"ငွေကြေးကုန်ကျမယ့် အခက်အခဲအတွက် ကြံရာမရဖြစ်နေသလား ထွန်းကလေးရယ်၊
ဒီအတွက်တော့ဘာမှမပူနဲ့၊
မြင့်မှာလည်း စုထားတာရှိတယ်၊ အဖေ့ဆီကလည်း ထပ်တောင်းနိုင်တယ် သိလား"
မမြင့်ဦးသည် ထိုမျှသော စကားကိုပင်ခဲယဉ်းစွာ ပြောရ၏။ ပြောပြီးမောလာ၏။
ခဏကြာတော့ချောင်းဆိုးလာလေသည်။ တကယ်တော့ ကျွန်တော်က ပို့နိုင်ဦးတော့
သူမ၏ရောဂါ
မဒရပ်စ်သွားချိန်မှ ပေးပါဦးမည်လော ဟုစိုးရိမ်မိပေသည်။ ထို့ကြောင့် ကျွန်တော့်တာဝန်မှာ
နောက်အချိန်၊
နောက်တစ်နေ့ ဘာဖြစ်မည် မဖြစ်မည်ထက် ထိုအချိန်၊ ထိုနေ့၊ ထိုခဏ၌ မမြင့်ဦး
စိတ်သက်သာရာရအောင်
အလိုက်အထိုက် ပြောရေးသာ ဖြစ်သည်ဟု သဘောရလေသည်။
"ငွေရေးကြေးရေးကိစ္စကြောင့် မဟုတ်ပါဘူး မြင့်ရယ်၊ နိုင်ငံရေးကိစ္စတွေ ကြောင့်
စဉ်းစားနေတာပါ။ ကဲ
နိုင်ငံရေးကိစ္စတွေ၊ တာဝန်တွေကိုလည်း ထည့်မစဉ်းစားတော့ပါဘူး။ မြင့်အတွက်ဆိုရင်
ဘာမဆိုလုပ်မယ်၊
မြင့်အဖေသဘောတူအောင်သာ အပြောလွှတ်ပေတော့။ လူကြီးတွေ သဘောတူပြီဆိုရင်
မြင့်နဲ့ကိုယ်နဲ့
ချက်ချင်းသွားကြမယ်"
မမြင့်ဦး၏ နှုတ်ခမ်းပေါ်ဝယ် အပြုံးကလေးသမ်းလာသည်ဟု ထင်ပေသည်။
ကျွန်တော့်စကားကြောင့်

အားတက်လာဟန်ရှိပေသည်။
“မြင့်နဲ့ကိုယ် သင်္ဘောကြီးစီးပြီး သွားကြမယ်။ ခုအချိန်ဟာ
လှိုင်းလေငြိမ်သက်တဲ့အချိန်ဖြစ်တယ်။
သင်္ဘောကြီးပေါ်မယ်အလွန်သန့်ရှင်းတဲ့ ပင်လယ်လေညင်းကို ခံသွားရမယ်၊
မြစိမ်းရောင်ထနေတဲ့
ပင်လယ်ရေပြင်ကို ကြည့်နေရတာကိုက မြင့်ရဲ့စိတ်ကို အေးမြစေလိမ့်မယ်။ ပြီးတော့
စစ်မီးခိုးတွေနဲ့
အသက်ရှုကျပ်လာတဲ့ ရန်ကုန်၊ ဗုံးသံတွေ ထစ်ချုန်းနေတဲ့ ရန်ကုန်နဲ့ ဝေးဝေးသွားတာကိုက
မြင့်ရောဂါပျောက်ဖို့
နီးနီးသွားတာပဲ။ မဒရပ်စ်ရောက် တယ်ဆိုရင် အတော်သက်သာသွားမယ်၊ ခြောက်လလောက်
ဆေးကုလိုက်ရင်
လုံးလုံးကြီး ပျောက်သွားမှာပဲ သိလား။ ပြီးတော့ နှစ်ယောက်သားအိန္ဒိယမှာ
စိတ်အေးလက်အေး သုံးလေးလ
လျှောက်လည်ကြမယ်။ ကျောင်းတုန်းက နှစ်ယောက်သား တစ်ရက်တလေ
လျှောက်လည်ရတာတောင်
ဘယ်လောက် ပျော်စရာကောင်းသလဲ၊ စဉ်းစားကြည့်ပါလား။ ပျော်ပျော်ပါးပါး လည်ပြီးတော့မှ
မြန်မာပြည်ပြန်လာကြမယ်။ အဲဒီအခါကျတော့ စစ်ကြီးလည်း ပြီးနေရော့မယ်၊
ငြိမ်းချမ်းနေရော့မယ်။
အဲဒီအခါကျတော့လေ မြင့်ရယ် ကိုယ်ရယ်ဟာလေ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊
ငြိမ်းချမ်းခြင်း၊
အကုန်ပြည့်စုံကြမှာပဲ”
ကျွန်တော်က ပြောကောင်းကောင်းနှင့် ပြောနေစဉ် မမြင့်ဦးသည် မှိန်း၍ နားထောင်နေရာက
အိပ်ပျော်သွားလေသည်။ ကျွန်တော့်စကားများသည် ကလေးချော့ တေးဂီတနှင့်ပင်
တူသေးတော့၏။
မမြင့်ဦးသည် ခေါင်းအုံးများကို မှီထားရင်း အိပ်ပျော်သွားခြင်းဖြစ်၏။ ကျွန်တော်သည်
သူမအားပွေ့လျက်
ကျောအောက်က ခေါင်းအုံးတွေ ခွာပြီး ခေါင်းအောက်သို့ ပြောင်းပေးကာ ယုယစွာ
သိပ်ပေးရလေသည်။
မမြင့်ဦးနိုးသွားမှာ အင်မတန်စိုးသည်။ အိပ်ပျော်နေတော့မှ သူ့ခမျာ ဝေဒနာကို မေ့နိုင်သည်
မဟုတ်ပါလော။
တည်ငြိမ်နေသော သူမ၏မျက်နှာပေါ်ဝယ် အပြုံးရောင်ကလေး သမ်းကျန်ရစ်ခဲ့သည်ကား
မှန်၏။
ကျွန်တော်၏နှစ်သိမ့်စကား များကြောင့် မမြင့်ဦး စိတ်သက်သာရာရသွားသည်ကား မှန်၏။
သို့သော်

ကျွန်တော့်စကားများသည် သူမ၏ ခန္ဓာကိုယ်မှ စွန့်ခွာစပြုနေပြီဖြစ်သော အသက်ကိုကား ရက်ကြာစွာ
တားမထားနိုင်တော့ပါ။
ထို့နေ့ ဒီဇင်ဘာလ ၂၃ရက်နေ့၊ နောက်တစ်နေ့ ခြားနာတာလူးပွဲတော်နေ့၊ ဒီဇင်ဘာလ ၂၅ရက်နေ့တွင်
ဂျပန်များသည် ရန်ကုန်မြို့အား ခရစ်စမတ် လက်ဆောင်ပေးသည့်အနေဖြင့်
ဗုံးကြဲချပြန်လေသည်။
ထိုအကြိမ်တွင်လည်း တက္ကသိုလ်နယ်မြေတွင် ဗုံးမကျပါ။ သို့သော် အခြားနေရာတွင်
ကျသောဗုံး၏ တုန်ခါမှုသည်
ဂယက်ရိုက်ခတ်လာလေသည်။ ဗုံးသံများ၊ စက်သေနတ်သံများ ထစ်ချုန်းနေသည့်ကြားဝယ်
မမြင့်ဦးသည်
ကွန်လွန်အနိစ္စရောက်ရှာလေတော့သည်။
ကျွန်တော်ကား မမြင့်ဦး၏ အလောင်းကိုပင် မမြင်လိုက်ရတော့ပါ။ သူမ၏ ဦးလေးသည်
စစ်ဖြစ်နေသည့်အတွင်း
ဖြစ်နိုင်သမျှသောနည်းဖြင့် သူမ၏ မွေးရပ်ဌာနီသို့ အလောင်းကို ဆောင်ယူသွားလေသည်။
ကျွန်တော့်အဖို့မမြင်လိုက် ရသည်က ကောင်းပါသေး၏။ ကျွန်တော့်ကလေးချော့ဂီတသံကြောင့်
အိပ်ပျော်သွား
သောမမြင့်ဦး၏အပြုံးရောင်သမ်းဟန်ရှိသော မျက်နှာသည်သာ ကျွန်တော့်စိတ်ထဲမှာ
စွဲကျန်ရစ်လေသောကြောင့်
ပါတည်း။
ကျွန်တော့်ဘဝလမ်းကြောင်းသည် လုံးဝပြောင်းလဲသွားသည်ဟု ထင်လိုက်မိ၏။
ဤနှစ်ရက်သုံးရက်အတွင်း
မှာအတွေ့အကြုံအမျိုးမျိုးဖြင့် ရင့်ကျက် လာသော လူကြီးတစ်ယောက် ဖြစ်လာသည်ဟု
သဘောရပေသည်၊
ယခင်က အခုလို သွေးစိမ်းရှင်ရှင်နှင့် အတုံးအရုံး သေခြင်းမျိုးတွေကို မတွေ့ကြုံဖူးခဲ့။
မျက်စိရှေ့မှာ
ဤလိုကြီးမားသော ပြိုကျပျက်စီးမှုမျိုးတွေကို ရင်မဆိုင်ဖူးခဲ့။ တစ်ခါမှဤမျှချစ်သူနှင့်
သေကွဲမကွဲဖူးခဲ့။
အမှန်ဆိုသော် မမြင့်ဦးကွယ်လွန် အနိစ္စရောက်ခြင်းကြောင့် ကျွန်တော့်ကိုယ်ကိုယ်
မုဆိုးဖိုတစ်ဦးလိုထင်မြင်ယူနေမိ
လေတော့သည်။ အချစ်နှင့် ပတ်သက်ပြီး လိပ်ပြာကလေး ပျံဝဲသလို ဟိုပျံသည်ဝဲ
မလုပ်အပ်တော့ပြီ။
လေးနက်တည်ကြည်ဖို့ လိုသည်ဟူသော အသိသည် ဝင်လာခဲ့လေသည်။ စစ်ကြီးကို
စွန့်စားခန်းတစ်ရပ်အနေနှင့်

ကြည့်မြင်ပြီး ပေါ့ပေါ့ တန်တန် သဘောထားခဲ့ခြင်းမျိုးသည်လည်း လွင့်စဉ်သွားနေလေပြီ။
စစ်ဆိုသည်ကား
တကယ့်ဆင်းရဲဒုက္ခပါကလားဟု နားလည်စပြုပါလေပြီ။ ။
၇၀
လက်နက်ကိုင်အရေးတော်ပုံအတွက် ခဲလေသမျှ သဲရေကျ
မီးရထားသည် ကျွန်တော်တို့အား မြောက်ဘက်သို့ ယူဆောင်သွားလေ သည်။
မန္တလေးသွား အဆန်မီးရထားဖြစ်၏။ တွဲတိုင်းမှာ လူတွေညပ်နေသည်။ လူစီးတွဲများသာမက
ကုန်တွဲများမှာလည်း
ညပ်နေသည်။ အမိုးနှင့်တွဲများမှာသာ မက အမိုးမပါသော တွဲများမှာပင် ညပ်နေသည်။
ရန်ကုန်မြို့ကြီးကား ရေကာတာကြီးပေါက်ကျိုးသည်နှင့်တူသည်။ လူတွေ၊ ယာဉ်တွေ၊
ကုန်ပစ္စည်းတွေဒလဟော
ယိုစီးထွက်နေလေသည်။
ကျွန်တော့်မှာ ထိုင်စရာတစ်နေရာရ၍ ကံကောင်းသည်။ ထိုင်စရာမရ၍ မတ်တတ်ရပ်လိုက်သူ
လိုက်ကြသည်။
သေတ္တာတွေ အိပ်ရာလိပ်တွေပေါ် တက်ထိုင်လိုက်သူလည်းလိုက်သည်။ ကျွန်တော်တို့လို
ဝန်ကျဉ်းသူတွေမှာကား
ဗျာပါဒမရှိ၊ ဝန်စည်စလယ်များသူတွေမှာကား ဗျာပါဒတွေများလှ၏။ ပျောက်မည်စိုးရသည်က
တစ်မျိုး
ကွဲမည်ရှမည်စိုးရသည်က တစ်ဖုံ၊ သူများတွေ တက်ထိုင်သည်ကို ငြူစူရသည်က တစ်လှည့်။
ပဲခူးဘူတာရောက်တော့မှ နေသားအနည်းငယ်ကျသွားလေသည်။ ခရီးသည်အချင်းချင်း
မိတ်ဆက်နိုင်ကြသည်။
ဖေးဖေးမမ ကူကူညီညီ ဆက်ဆံနိုင်ကြသည်။ အလုအယက် တိုးခြင်း၊ ဆူပူခြင်းနှင့်
ရန်စောင်ခြင်းတို့နေရာတွင်
မျှတခြင်း၊ ကြင်နာခြင်းနှင့် မိတ်ဆွေဖြစ်ခြင်း ရောက်လာလေတော့သည်။ ဒုက္ခအတူ
ရောက်နေကြသော
ကံတူအကျိုးပေး စစ်ပြေးများပါတကားဟူသော အသိဝင်လာလေသည်။
ဒုတိယတန်း ပထမတန်းများမှာလည်း ပြည့်ညပ်နေသည်။ သူတို့ထဲတွင် ခြေဆန့်၍
မလိုက်ရခြင်းကြောင့်
စူအောင့်နေသူတွေ၊ ပေရေညစ်ပတ်သူတွေ ပါလာခြင်းကြောင့် နှာခေါင်းရှုံ့သူတွေ၊
ခွေးတွေပစ်ထားခဲ့ရသောကြောင့်
နှမြောတသနေသူတွေ ပါလာခဲ့လေရာ ပတ်ဝန်းကျင်အခြေအနေသည် တင်းမာနေလေသည်။
ရထားကြီးက
တဖြည်းဖြည်း ဆန်တက်ရင်းသော ဒုက္ခတွေကြားမှာ ကျင့်သားရလာကြလေသည်။
တင်းမာမှုတွေ
လျော့ပါးလာလေသည်။

ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် နန်းရင်းဝန်ဆာပေါ်ထွန်းတို့၏ အစိုးရသည် ဥရောပ
တိုက်သားများနှင့်
အစိုးရအရာထမ်း အမှုထမ်းများအား ရန်ကုန်မှာ ကြံ့ကြံ့ခံနေကြရန် စတေးပွတ် (အပေ–
ဏကအ)
အမိန့်ထုတ်ထားလေသည်။ သို့သော်ကြံ့ကြံ့မခံဘဲ ရန်ကုန်မှ အကြောင်းအမျိုးမျိုးရှာ၍
ထွက်ခွာလာသူတွေ
အမြောက်အမြား ရှိလေသည်။ မီးရထားလမ်းနှင့် ကားလမ်းမျဉ်းပြိုင်ပြေးမိသော နေရာတိုင်း၌
ထိုသူများအား
ကားကြီးတွေနှင့် တွေ့ရသည်။ သူတို့ကားကြီးများပေါ် မှာ ဝန်စည်စလယ်တွေ များလှသည်။
ဗိုလ်ခွေးကြီးများလည်း သားသားနားနား လိုက်ပါခဲ့လေသည်။
ကော်ရင်ဂျီ၊ အူရယာ ကူလီကုလားများစွာမှာ မီးရထားမှာလည်း နေရာမရ၊
ဘတ်စ်ကားနှင့်လည်း မသွားနိုင်၊
ရန်ကုန်မြို့မှာလည်း တစ်နေ့တစ်ရက်မျှ စောင့်ဆိုင်းမနေလို၊ မနေဝံ့။ သူတို့သည်
ပေတစ်ရာလမ်းမကြီးအလိုက်
ချီတက်နေ ကြလေသည်။ အထုပ်ထမ်းလျက်၊ ကလေးချီလျက်၊ ကြေးအိုးရွက်လျက် အစုလိုက်
အပြုံလိုက်
လျှောက်ကြသည်။ သူတို့သည် မော်တော်ကားပေါ်မှာ ခံ့ညားစွာ ပါသွားသော
ခွေးကြီးများကို မည်မျှ
မနာလိုပေမည်နည်း။ တို့ဘဝက ခွေးလောက် မှ မဟန်ပါဘဲကလားဟု
ဝမ်းနည်းကြေကွဲခြင်းဖြစ်သူက
ဖြစ်မိပေလိမ့်မည်။
ဘူတာဆိုက်တိုင်း အစားအသောက်ရောင်းချသူကိုသာမက ကုသိုလ်ကောင်းမှု
ပြုနေသူတွေကိုလည်း တွေ့ရ၏။
မြို့ငယ်တောရွာများမှ မြန်မာလူထုသည် ဖုံးကြခံရသော ရန်ကုန်လူထုကို သနားကြသည်။
စစ်ပြေးများအား
ကရုဏာသက်ကြသည်၊ စေတနာယိုဖိတ်ကြသည်။ ဆေးလိပ်တည်သူ၊ လက်ဖက်ကမ်းသူ၊
ရေလှူသူ၊
ထမင်းထုပ်ဝေသူ ဒါနရှင်တွေ များလှပေ၏။
ကျွန်တော်ကား စစ်ပြေးမဟုတ်၊ အရေးတော်ပုံတာဝန်နှင့် ခရီးထွက်ခဲ့သူ ဖြစ်သည်။ သို့သော်
ကျွန်တော်သည်လည်း စစ်ပြေးများနှင့်အတူ ပြည်သူတို့၏ စေတနာကို ခံစားရလေသည်။
ညောင်လေးပင်ဘူတာတွင် ထမင်းထုပ်ဝေ၏။ ထမင်းက ပူပူနွေးနွေးကို လယ်ထဲကရသော
ငါးသလဲထိုးဆီပြန်ချက်
သံပရာသီး ဆားစိမ်နှင့်စားရသည်။ မြိန်လှပေသည်။
အချို့သူများသည် မြို့ကြီးများတွင် မနေဝံ့ကြတော့ပေ။ မြို့ကြီးဟူသမျှ ဂျပန်က
ဖုံးကြမည်ဟု

သတင်းဖြစ်ပွားနေလေသည်။ ပဲခူးမှာဆိုလျှင် ဗုံးကြဲရုံမက ဂျပန်နှင့်
မဟာမိတ်ကြည်းကြောင်းတပ်များ
တိုက်ပွဲဖြစ်လိမ့်မည်ဟု ကြားနေကြ လေသည်။ မြို့ကြီးများမှ လူအများသည်
မြို့ငယ်များသို့လည်းကောင်း၊
တောရွာများသို့လည်းကောင်း စစ်ပြေးကြ၏။ အချို့ကား ဆွေမျိုးသားချင်းရှိရာသို့၊
အချို့ကား
အသိမိတ်ဆွေရှိရာသို့၊ အချို့ကား ခြေဦးတည့်ရာသို့ပြေးကြသည်။
အစိုးရရုံးစိုက်ရာဌာနကို ရန်ကုန်မှ မိတ္ထီလာသို့ ပြောင်းမည်ဟုလည်းကောင်း၊
မန္တလေးသို့ရွှေ့မည်ဟုလည်းကောင်း၊
မေမြို့တွင် ထားမည်ဟုလည်းကောင်း သတင်းအမျိုးမျိုးဖြစ်ခဲ့ရာ အစိုးရ အရာထမ်းအမှုထမ်း
များစွာတို့သည်
စိတ်ကူးပေါက်သလို၊ အဆင်ပြေသလို ပြောင်းရွှေ့ကြလေသည်။
မီးရထားသည် မြောက်သို့ ခုတ်မောင်းလာသည်။ တစ်စတစ်စ တောတောင် ရေမြေ
သစ်ပင်သဘာဝ ရှုခင်းတို့သည်
ပြောင်းလာခဲ့၏။ သို့သော် စစ်ပြေးရှုခင်း ကား မပြောင်းချေ။ ကျွန်တော်တို့ ရထားပေါ်မှ
အချို့စစ်ပြေးဒုက္ခသည်
တို့သည် ဆင်းကြလျက်၊ နောက်ထပ် စစ်ပြေးဒုက္ခသည်တို့က တက်ကြသည်။
ပေတစ်ရာလမ်းပေါ်တွင်
မော်တော်ကားနှင့် စစ်ပြေးသူ၊ ဘတ်စ်ကားနှင့် စစ်ပြေးသူ၊ ခြေလျင်စစ်ပြေးသူ စသည်တို့အား
မီးရထားလမ်းနှင့်
မော်တော်ကားနှင့် မျဉ်းပြိုင် ကပ်လာတိုင်း မြင်တွေ့ရလေသည်။ စစ်ပြေးကုလားတွေကြားတွင်
ဝမ်းရောဂါဖြစ်နေသည်ဟု ကြားရသည်။ အချို့သစ်ပင်များအောက်၌စောင်ကို အမိုးလုပ်ကာ
တဲထိုးပြီး
ဖျားနာနေသော စစ်ပြေးများကိုမြင်ရလေသည်။ တချို့နေရာတွင် ကုလားစစ်ပြေးများကြားတွင်
မသာများကို
တွေ့မြင်ရသည်။ ကုလားကူလီများ လန်ချားသမားများ အလုပ်သမားများမှာ ရန်ကုန်တွင်
ဗုံးဒဏ် အခံရဆုံးဖြစ်၏။
စစ်ပြေးဒုက္ခတွင်လည်း အကြီးဆုံးခံရသူများ ဖြစ်လေသည်။
ဤသို့ပြောင်းလဲသော စစ်ပြေးရှုခင်းသည် ကျွန်တော်နှင့် ထက်ကြပ်လိုက်ပါ ခဲ့လေသည်။
ထိုမျှမကသေး
ကျွန်တော်၏ ခရီးစဉ်ဆုံးသော်လည်း စစ်ပြေးဒုက္ခသည်တို့၏ ခရီးကား မဆုံးပါချေ။
ကျွန်တော်သည် ကျွန်တော့်ရွာသို့မဝင်၊ အခြားတစ်နေရာမှနေပြီး သူငယ်ချင်းဟောင်း
ယောက်ဖတော်
သခင်ဘဖေအား ခေါ်ယူလိုက်လေသည်။ ရွာသို့ ကျွန်တော်ဝင်လျှင် လူတွေသိမည်။ ပုလိပ်က
နောက်လိုက်နေမည်။

ထို့ကြောင့် ကိုယ်ယောင်ဖျောက်လိုက်ရခြင်းဖြစ်လေသည်။ သခင်ဘဖေ ကျွန်တော့်ထံသို့ ရောက်လာသောအခါလည်း သူ့အား ရုပ်ဖျက်ခိုင်းရလေသည်။ ပြီးမှ သူနှင့်ကျွန်တော် ဆည်ကြီးရွာသို့
သွားကြလေသည်။
ဆည်ကြီးရွာ မြောက်ဘက်ရှိ ရွာကလေးတွင်မှာ ခဏသာနားကြသည်။
စည်းရုံးပြီးသားဖြစ်သော ရွာသားများထဲမှ
စိတ်အချရဆုံး လူလေးယောက်တို့ အားခေါ်ပြီး တောပစ်ထွက်ရန်ဟု သတင်းလွှင့်လျက် တောထဲသို့လာခဲ့ကြလေသည်။
ညနေငါးနာရီသာသာလောက်တွင် ကိုနေထွန်းနှင့် ကျွန်တော်တို့ ရွေးချယ်ထားခဲ့သော လေယာဉ်ပျံမှ
လက်နက်ချပေးမည့် နေရာသို့ ရောက်ကြလေသည်။
တောကြီးအလယ်ကောင်မှ ကွက်လပ်။ ထိုကွက်လပ်ထဲမှာ ခေါင်းတုံးပြောင်နေသော တောင်ကမူကလေး။
ကျွန်တော်တို့သည် တောင်ကမူကလေးပေါ်မှာ ရပ်နားကြသည်။
နေလုံးကြီးသည် အနောက်ဘက် တောတန်းထိပ်ဖျားနှင့်ထိနေလေပြီ။ မြောက်ဘက်က လေအေးသည်
တသုန်သုန်တိုက်ခတ်လာနေ၏။
ထန်းတက်သမား ကံထိုက်သည် ထန်းရည်ပုလင်းနှင့် အရက်ပုလင်းများကို လွယ်အိတ်နှင့် လွယ်၍ ယူခဲ့လေသည်။
အုန်းမှုတ်တစ်လုံးတည်းပါလာ၏။ ကျွန်တော်နှင့် သခင်ဘဖေတို့ကား ထန်းရည်ကိုသာ သောက်ကြလေသည်။
ရွာသားများကား အရက်ကို သောက်ကြ၏။
ရွာသားများက ကျွန်တော့်အား ယခင်တစ်ခေါက်က ဤနေရာသို့ ကျွန်တော်နှင့်ပါလာခဲ့သော ကိုနေထွန်းအကြောင်းကိုမေးကြလေသည်။ ကိုနေထွန်း ယခုဘယ်ရောက်နေသည်ကို ကျွန်တော်ကိုယ်တိုင်မသိ။
သို့သော် မသိကြောင်းကို မပြောဘဲ ကိစ္စတစ်ခုနှင့် အခြားတစ်နေရာသို့ သွားနေကြောင်း ပြောပြရလေသည်။
နေလုံးကြီးသည် အနောက်တောတန်း နောက်ကွယ်သို့ ဆင်းသွားလေသည်။
တိမ်တောင်တိမ်တိုက်ကင်းစင်သော
ကောင်းကင်သည် ပြာနေ၏။
ကျွန်တော်ကထိုင်ရာမှထပြီး–
"ကဲ အလုပ်စကြဦးစို့"
ရွာသားတစ်ဦးက–
"ဘာလုပ်ရမှာလဲ ဆရာလေးရဲ့"
"သစ်ပင်လေးပင်မှာ အလံဖြူထိုးတင်ထားရမယ်၊ ပြီးတော့ မီးဖိုလေးဖို ဖိုရမယ်"

အခြားရွာသားတစ်ဦး–
“ဒီလိုလုပ်ရုံနဲ့ ကောင်းကင်ပေါ်က လက်နက်တွေ ကျလာရောလားဗျာ”
ကျွန်တော်က သရော်တော်တော်လုပ်ပြီး ရယ်လိုက်သည်။ ပြီးတော့မှ–
“ဒီလိုဗျ၊ ဒီနားတစ်ဝိုက်ကို လေယာဉ်ပျံ လာလိမ့်မယ်၊ နေ့လာရင် အလံဖြူလေးခုကို မြင်လိမ့်မယ်၊ ညလာရင်
မီးဖိုလေးဖိုကိုမြင်လိမ့်မယ်၊ ဒီတော့မှ ဒီနေရာမှာ ကျွန်တော်တို့စောင့်နေတယ်ဆိုတာ တပ်အပ်သိပြီး
လေယာဉ်ပျံပေါ်က လက်နက်တွေ ချပေးလိမ့်မယ်”
ပထမရွာသားက များစွာအံ့သြနေရာမှ–
“သြော်လေယာဉ်ပျံလာမှာလား၊ ဒီတစ်ခါတော့ လေယာဉ်ပျံကို မြင်ဖူးရဦးတော့မှာပဲနော်”
သခင်ဘဖေ–
“ကိုရင်တင်ထွန်း အလံဖြူထိုးဖို့က မနက်ဖြန်မှ လုပ်ရင်ဖြစ်တာပေါ့၊ နေ့ခင်းမှ အချက်ပြဖို့ မဟုတ်လား၊
ခုလုပ်ရမှာက မီးဖိုဖို့၊ ဒါမှ ဒီနေ့ည အချက်ပြနိုင်မယ်”
ကျွန်တော်–
“ဟုတ်တယ်၊ မင်းပြောတာမှန်တယ်၊ မီးဖိုရမယ်”
ရွာသားများကား ဝေ့ကွင်းပြင်နေသော နွားများနှင့်တူလာသည်။ လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ခါးတောင်းကျိုက်သူက ကျိုက်နေကြသည်။
ပထမရွာသား–
“ကဲပြော ဘယ်မှာဖိုရမှာလဲ”
“ဟောဒီ တောင်ကမူရဲ့ အရှေ့အနောက် တောင်မြောက် စူစူးအရပ်တွေမှာ ဒီကနေပြီး ခဲတစ်ပစ်လောက်အကွာစီမှာ
ဖိုရမယ်၊ ဟောဒီချုံစပ်အောက်မှာ မီးဖိုတစ်ဖို ငယ်ငယ်ကလေးဖိုရမယ်”
ဒုတိယရွာသား–
“ကဲ သခင်ဘဖေကြီးက အလယ်မီးဖိုကိုဖို၊ တို့များတစ်ယောက်တစ်ဖိုစီ လေးနေရာမှာ ဖိုမယ်”
သူတို့သည် အသီးသီး တာဝန်ခွဲကြသည်။ ကိုယ့်ဘာသာကိုယ် ထင်းခွေယူကြရသည်။
တတိယရွာသား–
“ဟ–ငါ့မှာ မီးခြစ်မပါဘူး”
ကံထိုက်–
“ငါ့မှာ မီးခတ်ပါတယ်”
ပထမနှင့် ဒုတိယရွာသားတို့မှာလည်း မီးခြစ်မပါခဲ့ကြ။ သခင်ဘဖေမှာမူ
မီးခြစ်ပါလာလေသည်။
ကျွန်တော်–
“မီးဖိုကိုသာ အဆင်သင့်လုပ်ထားပါ၊ ကျွန်တော်က မီးခြစ်လိုက်ပေးမှာပေါ့”
သို့ဖြင့် မီးဖိုတွေပြင်ကြလေသည်။ တကယ်တော့ ညလုံးပေါက် မီးရှို့ဖို့ ထင်းခွေရသည်မှာ

လွယ်ကူသည်မဟုတ်ပေ။ အတော်ကြာမှ ပြီးလေသည်။ မီးဖိုများပြင်ဆင်ပြီးချိန်တွင် မှောင်လာလေပြီ။
နှင်းတွေလည်း ဝေလာ၏။ ရာသီဥတုလည်း အတော်ပင်အေးလာလေပြီ။
ငှင်းနောက် မီးဖိုများကိုမီးလိုက်ညှိကြ၏။ တဖြည်းဖြည်း မီးတောက်များ ထလာလေ၏။
ခဏကြာသောအခါ ကျွန်တော်တို့ ခြောက်ယောက်စလုံး အလယ်မီးဖိုမှာ စုမိကြလေသည်။ ဤမီးဖိုမှာ
ချုံကွယ်ထားသဖြင့် အထက်မှ မမြင်နိုင်ပါ။ အထက်မှ မီးဖို လေးဖိုသာ မြင်ရမည်ဖြစ်၏။
မီးဖိုမှာ မီးလျှံရင်း ယခုပင်လေယာဉ်ပျံလာသည်ကို မြင်ရတော့မလို ကောင်းကင်သို့ မကြာခဏ မော့ကြည့်ကြသည်။
လေယာဉ်ပျံသံကို နားစွင့်ကြသည်။
လေယာဉ်ပျံကား မလာ။
ကျွန်တော်တို့မှာ လက်ဖက်ရည်အိုး၊ လက်ဖက်ခြောက်၊ အမဲခြောက်၊ ဆီနှင့် ဆားများ ပါလာခဲ့လေသည်။
ကံထိုက်သည် ရေရှိသော ရှိုးသို့သွား၍ ရေသယ်ခဲ့လေသည်။
“သောက်ကျိုးနည်း သမင်တွေ ရေသောက်ဆင်းလာတာနဲ့ သွားတိုးတယ်။ မပစ်ခဲ့ရတာနာတာပဲ”
ပထမရှုသား–
“သတိနဲ့လုပ် မောင်ရေ့၊ သမင့်နောက်က ကျားပါလာတတ်တယ်”
ကျွန်တော်သည် ကြက်သီးတွေ ဖြန်းခနဲ ထသွားလေသည်။ စောစောက တောရဲတိရစ္ဆာန်တို့၏ ဘေးကိုတွေးပင် မတွေးမိခဲ့ချေ။
လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် အမဲခြောက် တစ်ပန်းကန်ကုန်သောအခါ မီးပုံတွေဆီသို့ သွားကြပြန်လေသည်။
မီးတောက်မပြတ်အောင် မီးထိုးပေးကြရ၏။ အလယ်မီးဖိုတွင် ကျွန်တော်တို့လူစု စုမိကြပြန်သောအခါ ကံထိုက်တွင်
ရေကြက်တစ်ကောင် ပါလာလေသည်။ ခေါင်းမှာကြေမွနေပြီး လည်ဆံတွေမှာ သွေးတွေလူးနေ၏။
သခင်ဘဖေ–
“ဟော့ မင်းဘယ်လိုရလာသလဲ”
“ရေစပ်က ချုံအောက်မှာ တွေ့တာနဲ့ ချောင်းပြီး ရိုက်ယူလာတာပဲ”
ကျွန်တော်တို့သည် နောက်တစ်နာရီသာသာမျှ ကြက်နှင့်အလုပ်များနေကြ လေသည်။ ကြက်ကိုညှပ်နှင့်ညှပ်ပြီး
အမွေးမနုတ်ဘဲ မီးကင်သည်။ အတော်အနံ့ဆိုး၏။ နောက်မှ အရေခွံကို ခွာချပြီး ဆီနှင့်ဆားလူးပေးသည်။
လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် မြည်းကြရာ အရသာရှိလှပေသည်။

ယခုထိ လေယာဉ်ပျံကား မလာ။ လေယာဉ်ပျံနှင့်တူသော ပုစဉ်းမျှမလာ။
လေယာဉ်ပျံသံနှင့်တူသော
နကျယ်ကောင်အသံကိုမျှ မကြားရ။
သန်းခေါင်ကျော်လေပြီ၊ အိပ်ငိုက်လာကြ၏။
နှစ်ယောက်တစ်လှည့်စီ ကင်းစောင့်ရန် ဆုံးဖြတ်ပြီး ကျန်လေးယောက်က အိပ်ကြ၏။
ကျွန်တော်တို့အိပ်ရပုံကို
ကြည့်ပါဦး၊ မီးဖိုနှင့်ခပ်နီးနီးမှာ အင်ဖက်ကြီး များကို ခင်းကြသည်။ အင်ဖက်များပေါ်မှာ လွယ်အိတ်များကို
ခေါင်းအုံးပြီး လုံချည်ခြုံ၍ အိပ်ကြရသည်။ မီးဖိုဘက် မျက်နှာပြုအိပ်လျှင် ကျောအေးသည်။ မီးဖိုကျောပေးပြီး
အိပ်လျှင် ရှေ့က အေးသည်။
သည်လိုနှင့် မိုးစင်စင်လင်းလေတော့၏။
လက်နက်ချပေးမည့် ဂျပန်လေယာဉ်ပျံကား မလာချေ။ ကျွန်တော့်စိတ်ထဲ
တွင်သံသယဝင်လာ၏။ တို့အလုပ်က
ဟုတ်မှဟုတ်ရဲ့လား။ သို့သော်ရွာသားများ သံသယဝင်လာမည်ကို စိုးရိမ်သည်။ သူတို့က ကျွန်တော်တို့ အလုပ်ကို
အထင်သေးသွားမည်ကိုလည်း ကာကွယ်ရမည်။
"အစီအစဉ်တွေကတော့ လုပ်ပြီးသားပဲဗျ။ လေယာဉ်ပျံဟာ လာတော့လာရမှာပဲ။ ဒါပေမဲ့ ဒီလိုနဲ့တူတယ်၊
လေယာဉ်ပျံက နေ့ခင်းတစ်ခေါက် လာပြီး အလံဖြူထိုးထားတာကို ကြည့်ရဦးမယ်။ အဲဒီအချက်ပြတာကို မြင်ပြီးမှ
နေရာသေချာပြီး ညတစ်ခါ ထပ်လာရမယ်။ ညကျတော့ မီးအချက်ပြတာကို ကြည့်ပြီး လက်နက်ချပေးမယ်။
ခုကျွန်တော်က ပျာလောင်ခတ်ပြီး နေ့ခင်းအချက်မပြရသေးဘဲနဲ့ ညမှာမီးအချက်ပြမိတယ်၊ ဒုက္ခပါပဲဗျာ
မှားသွားတယ်"
သခင်ဘဖေက ကျွန်တော့်အားသရော်ပြုံးကလေးနှင့်–
"မင်းဟာက ဘုန်းကြီးထိပ်ခေါက်ပြီးမှ ကန်တော့တာကိုးကွ"
ရွာသားတွေကမူ ကျွန်တော့်အား သက်ညှာစွာ ကြည့်ပြီး ဘာမျှမပြောကြပေ။
ကျွန်တော်–
"ကဲဗျာ သစ်ပင်တွေပေါ်မှာ အလံဖြူထိုးကြဦးစို့ရဲ့"
ကျွန်တော့်မှာ အလံလုပ်စရာ ပိတ်စသာ ပါလာခဲ့သည်။ ဘာမျှအဆင်သင့်
လုပ်လာခဲ့သည်မဟုတ်။
အပ်ချည်ကြိုးပင်မပါခဲ့။

ကျွန်တော်တို့သည် ဖြစ်သလိုပင် အလံလေးခု လုပ်ကြရလေသည်။ ဓားမနှင့်ပင်ပိတ်စကို ဖြတ်ကြရ၏။
ပိတ်စကိုပင်ဆုတ်၍ ကြိုးလုပ်ကြရ၏။
အရပ်လေးမျက်နှာစူးစူးတွင်ရှိသော သစ်ပင်ကြီးများပေါ်တွင် အလံဖြူထိုးကြ ရလေသည်။
တစ်နေ့ခင်းလုံး တောထဲမှာ ဘာလုပ်ကြမည်နည်း။
ရွာထဲပြန်လိုက်၊ တောဝင်လိုက် လုပ်နေပြန်ကလည်း လူတွေ မသင်္ကာစရာ ဖြစ်မည်။
အခြေအနေပျက်မည်။
အမဲလိုက်ထွက်နေပါသည်ဆိုလျှင် ရွာအပြန်သားကောင်ကို ထမ်းပြန်နိုင်မှ ဖြစ်မည်။
ထို့ကြောင့် တောထဲမှာ ဆက်နေကြ၏။ သစ်ပင်ကြီးများအောက်တွင် အင်ဖက်တဲငယ် ဆောက်ကြ၏။
ဝါးကျည်တောက်နှင့် ထမင်းချက်စားကြ၏။ ထမင်းဟင်းချက်ရန် ဆန်၊ ငါးပိ၊ ကြက်သွန်စသည်တို့ကို
လိုလျှင်ထန်းတောတဲ များသို့ ကံထိုက်အား သွားပြီး ယူစေရ၏။
နောက်ညတွင်လည်း ပထမညကကဲ့သို့ပင် မီးဖို၍ စောင့်ကြပြန်လေသည်။
လက်နက်ချပေးမည့်
လေယာဉ်ပျံကားမလာ။ ရွာသားတို့သည် စိတ်ပျက်ကြ၏။ သူတို့ထက်ပို၍ သခင်ဘဖေက စိတ်ပျက်၏။
သခင်ဘဖေကို ကျွန်တော်က ဓွဲမရှိဟု အပြစ်တင်လေသည်။
သခင်ဘဖေ–
“နောက် ဘယ်နှည စောင့်ရဦးမှာလဲကွ”
ကျွန်တော်–
“အားလုံး ခုနစ်ည စောင့်ရမှာဆိုတော့ နောက်ငါးညကျန်သေးတယ်”
အမှန်မှာ ဌာနချုပ်က သုံးညစောင့်ရန်သာ ညွှန်ကြားခဲ့လေသည်။ ကျွန်တော်ကား မျှော်လင့်ချက်နည်းလာလေဇွတ်လုပ်ချင်လာလေ ဖြစ်ပေသည်။ ငုပ်မိသဲတိုင် တက်နိုင် ဖျားရောက်ဟူသော
စကားကိုလက်သုံးပြုနေလေသည်။
သခင်ဘဖေသည် နောက်ငါးညစောင့်ရမယ်ဆိုသောအခါ ချူသံပါအောင် ညည်းလေသည်။
“မင်းဟာ ဖြစ်နိုင်မယ်မထင်ပါဘူးကွာ၊ ဘယ်နေ့ဘယ်ညဘယ်အချိန်မှာ ချပေးမယ်ဆိုရင်လည်း ဟုတ်သေးရဲ့၊ ၇
ညတောင်ဆိုတော့ အစိုးရဖမ်းမယ်ဆို မင်းတို့ ငါတို့ဂွခနဲ မိနေလောက်ပြီ”
ရွာသားတို့လည်း စိတ်ပျက်ပုံပြကြသည်။ အတိအလင်းကား ဖွင့်မပြော။
အကြောင်းတစ်မျိုးမျိုးပြပြီး
ရွာခဏပြန်ပါရစေဟု ပြောသူက ပြောနေလေပြီ။
ကျွန်တော်က လက်လျှော့လိုက်ရ၏။

“ကဲ တစ်ညတော့ ထပ်စောင့်ကြပါဦးဗျာ၊ အားလုံး သုံးညစောင့်လို့မှ မလာရင် ရပ်လိုက်ကြတာပေါ့ဟုတ်လား၊
တိုင်းပြည်လွတ်လပ်ရေးအတွက်ဆိုတာ ဒီလောက် စိတ်ပျက်စရာကိစ္စကိုတော့ အပျော့လို့ထားရမှာပဲဗျ”
တတိယည စောင့်ကြသေးသည်။ လက်နက်ချပေးဖို့မပြောနှင့် လေယာဉ်ပျံနှင့်တူသောအရာ ပုစဉ်းတောင်မလာ။
လေယာဉ်ပျံသံနှင့်တူသော အသံ နကျယ်ကောင်အသံတောင် မကြားရ။
တတိယညစောင့်ပြီးတော့ ကျွန်တော်ကား အားလုံးထဲတွင် စိတ်အပျက်ဆုံး ဖြစ်လေသည်။ ရွာသားတွေက
နောက်တစ်ခါ အစီအစဉ်သစ်လုပ်ပြီး စောင့်သေးတာပေါ့ဟု အားပေးစကား ပြောကြသေးသည်။ သခင်ဘဖေက
အစီအစဉ်တွေ လွဲကုန်လို့ထင်ပါရဲ့ဟု ထင်ကြေးပေးသည်။ ကျွန်တော်ကား ဂျပန်သည် ကျွန်တော်တို့လို
နယ်ချဲ့ဆန့်ကျင်ရေးသမား မျိုးချစ်များလက်သို့ လက်နက်ပေးလိမ့်မည်မဟုတ်ဟု ယူဆလာလေသည်။
ရန်ကုန်ပြန်ရောက်ပြီးနောက် စုံးစမ်းကြည့်သောအခါ သိရသည်မှာ မြန်မာပြည် ၈ နေရာစလုံး၌ ကျွန်တော့်လိုပင်
လက်နက်စောင့်ကြသည်။ ဘယ်သူမျှ မရကြချေ။
ခဲလေသမျှ သဲရေကျ ဖြစ်ကုန်ကြလေပြီ။
ပြည်တွင်းမှနေပြီး အင်္ဂလိပ်တို့အား လက်နက်ကိုင်စွဲပြီး တိုက်ပွဲဝင်လိုက်မည်ဟု အားခဲထားခဲ့ကြရာ
ဂျပန်လက်နက်ကို မျှော်ကိုးမိလျက် လက်တွေ့အားဖြင့်မူ ဗမာ့လက်နက်ဖြင့်ပင် မတိုက်ကြရတော့ချေ။
ပြည်ပမှ ဖွဲ့စည်းချီတက်လာမည့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကိုသာ ကျွန်တော်တို့တစ်တွေ
မျှော်လင့်နေရတော့သည်။
ထိုဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးအကြောင်းကို မသိကြသည့် ပြည်သူအများကား ဂျပန်တပ်မတော်ကြီးကိုသာ
မျှော်လင့်စောင့်စားနေကြတော့ သည်။
တောထဲမှာ လေယာဉ်ပျံကို ၃ညစောင့်ပြီးသောအခါ သခင်ဘဖေမှာ အပြင်းဖျားလေတော့သည်။ သခင်ဘဖေအား
ဆည်ကြီးရွာသားနှစ်ယောက်က လိုက်ပို့ရ၏။
ကျွန်တော်ကား စိတ်ပျက်ပျက်နှင့် မန္တလေးသို့ တိုက်ရိုက်လာခဲ့လေသည်။
မန္တလေးတွင် အထက်ဗမာပြည်အတွက် ပြည်သူ့အရေးတော်ပုံပါတီ ဌာနခွဲရှိလေသည်။ ဆရာကိုခင်မောင်ကလေး၊

တိုင်းချစ် ကိုသိန်းဖေ စသူတို့မှာ ထိုဌာနခွဲ၏ ခေါင်းဆောင်များဖြစ်လေသည်။ ထိုအချိန်တွင် တက်ဘုန်းကြီး
ကိုသိန်းဖေလည်း မန္တလေးဌာနချုပ်သို့ ရောက်လာပြီး ခေါင်းဆောင်တစ်ဦးအနေနှင့် ဆောင်ရွက်လျက်ရှိလေသည်။
ဆရာကိုခင်မောင်ကလေးကား ဗဟိုအမျိုးသားကျောင်းမှာ ဆရာလုပ်ရင်း အရေးတော်ပုံလုပ်ငန်းများတွင်
တက်ကြွစွာပါဝင်နေလေ၏။ အမှန်အားဖြင့် ဆရာအလုပ်သည် အရေးတော်ပုံလုပ် ငန်း၏ အကာအကွယ်ဖြစ်နေပေသည်။ တိုင်းချစ် ကိုသိန်းဖေကား တိုင်းချစ်ပုံနှိပ်တိုက်လုပ်ငန်းများကို ရှေ့မှာပြထားပြီး
နောက်မှာ မြေအောက် အရေးတော်ပုံလုပ်ငန်းများကို အားပေးဆောင်ရွက်လျက် ရှိလေသည်။
မန္တလေးသို့ရောက်လျှင် ရောက်ချင်းပင် တက်ဘုန်းကြီး ကိုသိန်းဖေသည် ဆရာ ကိုခင်မောင်ကလေး၏
ထံမှအကာအကွယ်ယူရလေသည်။ ကိုခင်မောင်ကလေးသည် သူ့အား ဗဟိုအမျိုးသားကျောင်းအုပ်ကြီး ဦးရာဇတ်ထံ
ခေါ်သွားပြီး ကျောင်းဆရာ ဝင်လုပ်စေလေသည်။ ပုလိပ်များသည် ကိုသိန်းဖေအား လုံချည်အစိမ်း၊
အင်္ကျီအနက်ဝတ်ထားသော နေရှယ်နယ် ကျောင်းဆရာအဖြစ်ဖြင့် သာ တွေ့မြင်ကြလေရာ သူ့အား မြေအောက်
အရေးတော်ပုံ နိုင်ငံရေးသမားဖြစ်သည်ဟု ထင်မြင်ယူဆရန် ခဲယဉ်းနေလေသည်။
ကျွန်တော်သည် တစ်ညသောအခါ တက်ဘုန်းကြီး ကိုသိန်းဖေအား ဗဟိုအမျိုးသားကျောင်း ဘော်ဒါဆရာ၏
အခန်းတွင်တွေ့ရလေသည်။ အခန်းထဲတွင် မီးထွန်းမထား၊ အပြင်မှမီးရောင် အနည်းငယ်သာ ဝင်နေသည်။
ကျွန်တော်က ကိုသိန်းဖေအား သတ်မှတ်ထားသော နေရာမှာ ၃ ညတိုင်တိုင် မီးဖိုပြီး လက်နက်ချပေးမည့်လေယာဉ်ပျံကို စောင့်ခဲ့ပုံ၊ ဘာလေယာဉ်ပျံမျှ မလာပုံနှင့် လူအများ စိတ်ပျက်ကြပုံကို
ပြောပြလေသည်။
ကျွန်တော်ကချွဲပျစ်သောအသံနှင့် ညည်းညူလိုက်၏။
"ကျွန်တော်ဖြင့် ဂျပန်တွေကို စိတ်ပျက်ပါပြီဗျာ"
ကိုသိန်းဖေသည် ကျွန်တော့်အား သက်ညှာထောက်ထားဟန် မပြ. သူ့အမူအရာနှင့်ပြောဟန်ဆိုဟန်တို့တွင်
သရော်ခြင်းနှင့် မလိုတမာနိုင်ခြင်းတို့ ကိုသာတွေ့ရ၏။
"ဟဲ ဟဲ ကျောချမှ ဓားပြမှန်းသိကြတာပေါ့လေကွာ။ ကောင်းတယ်၊ ကောင်းတယ် ဟဲ ဟဲ ထိပေးမှကောင်းတယ်။
ထိပေးမှ အတွေ့အကြုံများ တယ်၊ ခါးသီးတဲ့အတွေ့အကြုံပေါ့လေကွာ။ ဂျပန်တွေက

တို့ဗမာအရေးတော်ပုံလုပ်ငန်းအတွက် ငွေသန်း၂၀ ပေးမယ်ဆိုတယ် မဟုတ်လား၊
ဘယ်လောက်များ ပေးလို့တုံး။
၂သောင်းမှရပါလေစ။ ဂျပန်တွေက လက်နက်တွေ ချပေးမယ်ပြောတယ်၊ မင့်နေရာသာ
မကဘူး၊ မိုးကုတ်မှာလည်း
မလာဘူး။ မင်းဘူးဘက်မှာလည်း မလာဘူး။ သခင်မြ၊ သခင်သာခင်နဲ့
သခင်ဘသော်တို့လည်း ကိုယ့်လူလိုပဲ
စိတ်ပျက်နေကြတယ်။ အမှန်မှာတော့ ရဲဘော်တင်ထွန်းရဲ့ စိတ်ပျက်တာဟာ
လမ်းမှန်မဟုတ်ဘူး"
သူပြောပုံမှာ မာနသံတွေပါလှ၏။ ကိုသိန်းဖေသည် သူ့ကိုသူ အထင်ကြီးပြီး
မာနတံခွန်ထူသူဟု
အများကပြောဆိုနေကြရာ မှန်သည်ဟု ကျွန်တော်က ထောက်ခံလိုပေသည်။ သူ့တွင်
ချီးကျူးစရာ
အရည်အချင်းတွေ ရှိသလောက် မုန်းစရာအကွက်တွေလည်း များသည်။
"ရဲဘော်တင်ထွန်း နောက်ဆုံးသတင်းတွေ ကြားပြီးပြီလား"
"ဘာသတင်းတွေလဲခင်ဗျာ၊ ကမ္ဘာစစ်ကြီးသတင်းတွေလား"
"အို ရဲဘော်နယ်၊ ကမ္ဘာစစ်သတင်းဆိုတာ သတင်းစာထဲဖတ်ရင် သိနိုင်တာပဲ။ ဒါကို ကိုယ်က
မေးနေပါ့မလား။
ဗမာ့စစ်မျက်နှာပြင်ကို ဖြတ်ကျော်လာတဲ့ သတင်းမေးနေတာ။ ဟဲ ဟဲ ကိုယ့်လူကြားဦးမှာ
မဟုတ်သေးပါဘူး။
ဂျပန်တွေက အစပထမပြောတာက သူတို့ကိုယ်တိုင် ဗမာပြည်ထဲ မဝင်ဘူး၊ အတွင်းက
သူပုန်ထသူကထ၊ အပြင်က
ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး ချီတက်လာ။ ချီတက်ပြီး ဝင်လာလာချင်း
ဗမာ့လွတ်လပ်ရေး ကြေညာမယ်တဲ့။
ခုတော့ ဂျပန်တွေကိုယ်တိုင် ဗမာပြည်ထဲဝင်လာပြီး၊ မော်လမြိုင် ရောက်တော့
လွတ်လပ်ရေးကြေညာမယ်ပြောတယ်။
ခု မော်လမြိုင်ရောက်နေပြီ၊ လွတ်လပ်ရေး မကြေညာနိုင်သေးဘူးတဲ့။
လွတ်လပ်ရေးကြေညာရင်ကော ဘယ်လို
လွတ်လပ်ရေး ဖြစ်မယ်ထင်သလဲဟင်၊ နှစ်ပြားတောင်တန်မယ့် လွတ်လပ်ရေး မဟုတ်ဘူး"
သူက သည်လောက်ပြောနေမှဖြင့် ကျွန်တော်က တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုဦးမှ
ကောင်းမည်ထင်သဖြင့်–
"စိတ်ပျက်စရာကြီးဗျာ"
"အို လာပြန်ပြီ စိတ်ပျက်စကား၊ ကိုယ်ပြောတယ် မဟုတ်လား ရဲဘောတင်ထွန်းရဲ့၊
စိတ်ပျက်တာဟာ
နည်းမှန်မဟုတ်ဘူးလို့"
"ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ကြရမှာလဲ"

“အဆိုးဆုံးအခြေအနေကစပြီး အကောင်းဆုံးရှာပြီး လုပ်ရမယ်။ ပြေးနေရတဲ့ အင်္ဂလိပ်ကိုလည်း အဆင်းတွန်းပေးရမယ်။ သူ့ကိုတတ်နိုင်တဲ့ နည်းနဲ့ တိုက်ပြီး ရနိုင်တဲ့နေရာမှာ ကိုယ်တို့က အုပ်ချုပ်ရေးအာဏာကို ချက်ချင်းယူရမယ်။ ဝင်လာတဲ့ဂျပန်ကို ခုခံတိုက်ဖို့ပြင်ထားရမယ်။ ဂျပန်နဲ့ပါလာမယ့်
ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အစွမ်းကုန်အားပေးကြိုဆိုပြီးတော့ တကယ်
တို့အားကိုးလောက်တဲ့
တပ်ဖြစ်အောင်လုပ်ရမယ်။ ဂျပန်ကိုပြန်ချအောင် နိုင်ငံရေးဝါဒ သွတ်သွင်းပေးရမယ်၊
စည်းရုံးရမယ်”
“ဒီလိုဆိုတော့ စစ်မျက်နှာနှစ်ဖက် ဖွင့်ရမှာပေါ့နော်”
“ဟုတ်တယ်၊ နှစ်ဖက်ဖွင့်ရမှာပဲ။ သို့ပေမယ့် နှစ်ဖက်စလုံးမှာ တစ်ပြိုင်နက်တည်း အပြင်းအထန်တိုက်တာဟုတ်ချင်မှ ဟုတ်မယ်။ ဒါကတော့ အခြေအနေပေါ်မှာ တည်တယ်။ အဆိုးအဆုံးအခြေအနေထဲမှ အကောင်းဆုံးထုတ်ယူပြီး အလုပ်လုပ်ကြရမှာပဲ”
ထိုကဲ့သို့ ဆွေးနွေးနေကြစဉ် ကျောင်းသားတစ်ယောက်က ကိုသိန်းဖေအား
ခေါ်သွားလေသည်။
ထိုအချိန်က လှို့ဝှက်ဆွေးနွေးပွဲများ ကျင်းပလျက်ရှိရာ သူသည် ထိုညဦး
မန္တလေးဆရာဖြစ်သင်
နော်မန်ကျောင်းတွင် ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်ရန်
ထွက်သွားခြင်းဖြစ်လေသည်။
ကျွန်တော်ကား မန္တလေးတွင် ရက်အတော်ကြာ နေရသေးသည်။
မြေအောက်အရေးတော်ပုံအတွက်
လှို့ဝှက်အစည်းအဝေးများကို ဗဟိုအမျိုးသားကျောင်းမှာသာမက
တိုင်းချစ်သတင်းစာတိုက်တွင်လည်း ကျင်းပ
တတ်ကြသည်။ မကြာခဏ မစိုးရိမ်ကျောင်းတိုက်ထဲမှ ကျောင်းတစ်ကျောင်းတွင် လည်း ကျင်းပကြလေသည်။
တစ်ခါတစ်ရံစစ်ကိုင်းတောင်ရိုးရှိ မဟာသမယ ချောင်တွင်လည်း ကျင်းပတတ်လေသည်။
တော်လှန်ရေးစာရွက်စာတမ်းများကို တိုင်းချစ်ပုံနှိပ်စက်မှာ စက်တင်ပုံနှိပ်သည့်အခါနှိပ်ပြီး မစိုးရိမ်ကျောင်းတိုက်တွင်ရှိ သောစကြာသီဟစာချတန်းစာမေးပွဲများအတွက်ထားသော
ဂျက်စတင်နာကြီးဖြင့်
လက်နှိပ်ကူးယူသည့်အခါ ကူးယူကြလေသည်။
ဝါဒဖြန့် စာရွက်စာတမ်းများနှင့် ညွှန်ကြားလွှာများ ဖြစ်လေသည်။
ဝါဒဖြန့် စာရွက်စာတမ်းများတွင် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး အစုံပါ၏။
နယ်ချဲ့စစ်ပွဲကြီးနှင့် ပတ်သက်သော တရုတ်ကွန်မြူနစ်ခေါင်းဆောင် မော်စီတုံး၏ ၁၉၄၀ ခုနှစ်ထဲက မိန့်ခွန်း
ဘာသာပြန်လည်းပါ၏။

ဆေးကောလိပ်မှ ကျောင်းသားခေါင်းဆောင်ဖြစ်သူ ကိုမောင်မောင်ကား စစ်ပညာစာအုပ်များကို အားကြီးဖတ်သူဖြစ်၏။ သူသည်လည်း မန္တလေးသို့ ရောက်လာပြီး စစ်ပညာသင်တန်းများ ပေးလျက်ရှိလေသည်။
မန္တလေး၊ ရွှေဘို၊ ကသာစသော မြို့ကြီးများ၌ မြေအောက်တော်လှန်ရေးသမားများက လူငယ်များကို လျှို့ဝှက်စွာ
စုပေးရသည်။ ကိုမောင်မောင်က စစ်ပညာသင်တန်းများ ပေးလေသည်။
မန္တလေးသို့ အောက်စစ်မျက်နှာပြင်မှ ကျော်ဖြတ်၍ရောက်လာသော သတင်းများကား မကောင်းချေ။
လွတ်လပ်ရေးအတွက် ဂျပန်တို့ကို အားမကိုးနိုင်၊ ယုံကြည်စိတ်ချခြင်းမပြုနိုင်သော အထောက်အထားတွေပိုများပြားလာ၏။ သို့သော် မန္တလေးဌာနခွဲနှင့် ရန်ကုန်ဌာနချုပ်တို့၏ အဆက်အသွယ်မှာ
မကောင်းလှသဖြင့် တိကျပြည့်စုံသော သတင်းများကို မရကြပေ။ ကျွန်တော်တို့ဆီကလည်း ရန်ကုန်သို့
သတင်းမပို့နိုင်ကြပေ။ ထို့ကြောင့် ကျွန်တော့်အား ရန်ကုန်သို့ လွှတ်ရန် ဆုံးဖြတ်ကြလေသည်။
ရန်ကုန်သို့သွားရန် မလွယ်ကူချေ။ မီးရထားလည်း မှန်မှန်မထွက်။ တစ်ခါတစ်ရံ လမ်းမှာ အကြာကြီးရပ်နေလေသည်။ မီးသင်္ဘောတွေကလည်း မမှန်တော့ချေ။ ဘတ်စ်ကားတွေကလည်း အောက်သို့
အဆင်းနည်းပြီး အညာသို့အတက်သာ များလေသည်။ အောက်သို့တောက်လျှောက်ဆင်းသော ဘတ်စ်ကားက
ပို၍နည်းလေသည်။ လူတိုင်းသည် ထိတ်လန့်စိုးရိမ်နေကြလေ သည်။ ဗုံးကြဲခံရမည်လော၊ စစ်ပွဲနှင့်
ရင်ဆိုင်တိုးနေရမည်လော။
သို့သော် ကျွန်တော့်မှာ စိုးရိမ်ထိတ်လန့်ပြီး မနေအားချေ။ ဖြစ်သလို ရန်ကုန် အရောက်သွားရမည်ဖြစ်လေ၏။
မန္တလေးမှထွက်လာသော နေ့မှာပင် အနှောင့်အယှက် တွေ့ရတော့သည်။ မီးရထားသည် ရှေ့ဆက်မသွားတော့ဘဲ
သာစည်ဘူတာမှာ ညအိပ်နေလေသည်။ ကောလာဟလသတင်းများကား အမျိုးမျိုး ပျံ့လွင့်နေ၏။
မော်လမြိုင်မြို့ကို ဂျပန်တပ်များနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် သိမ်းပိုက်ပြီးကြပြီ။
ဂျပန်စစ်တပ်များ သထုံဘက်သို့ ရှေ့ဆက်ချီတက်နေကြသည်။
ဂျပန်စစ်တပ်များ ကျိုင်းတုံဘက်မှနေပြီး ဝင်လာကြပြီ။
ပဲခူးဘူတာကို ဗုံးကြဲလိုက်သည်။
ပဲခူးတစ်ဝိုက်မှာ စစ်ပွဲကြီးများ ဖြစ်ပွားနေသည်။
တရုတ်စစ်တပ်တွေ တောင်ငူကို တပ်စွဲနေကြသည်။

ထိုသတင်းများကြောင့် လှုပ်လှုပ်ရွရွ ဖြစ်နေ၏။ ကျွန်တော်တို့မှာ ဘယ်သတင်း
အတည်ပြုရမည်ကို မသိချေ။
သာစည်ဘူတာရုံ၌ ကြေးနန်းအလုပ်သမားများသည် ဒေါက်ဒက်ဒေါက်ဒက် နှင့်
အလုပ်များနေသည်ကို ထောက်ပြီး
အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည် အဆက်မပြတ်သေးဟု ခန့်မှန်းရတော့၏။
သို့သော် မီးရထားရှေ့ဆက်မခုတ်ခြင်းကြောင့် လူအများသည် ကောလဟာလများကို ပို၍
ချဲ့ကားကာ
ပြောဆိုနေကြလေ၏။
မီးရထားကား အောက်ပြည်အောက်ရွာမှ အန္တရယ်မရှိဟု ကြေးနန်းလာမှ ရှေ့ခုတ်လိမ့်မည်ဟု
ကျွန်တော်ခန့်မှန်းမိလေသည်။ ထို့ကြောင့်စိတ်ကို တုံးတုံးချကာ မီးရထားနှင့်အတူတူ
ညအိပ်ရန်
ဆုံးဖြတ်လိုက်လေသည်။
ထို့နောက် ကျွန်တော်သည် ဘူတာဝင်းထဲတွင် အညောင်းအညာပြေ
လမ်းလျှောက်နေလေသည်။
ဘူတာရုံရှိ ပထမတန်းတည်းခိုခန်းတွင် သိကျွမ်းဖူးသည်ဟု ထင်ရသော
မိန်းမနှစ်ယောက်ကိုမြင်လိုက်လေသည်။
မိန်းမကြီးမှာ ငါးဆယ်တွင်းဖြစ်၍ မိန်းမပျိုမှာ ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်မျှ ရှိလေသေးသည်။
နှစ်ယောက်စလုံး
ဝါဝင်းနေအောင် အသားဖြူကြလေသည်။ သူတို့ကလည်း ကျွန်တော့်အား
သိကျွမ်းဟောင်းအနေနှင့်
စိုက်ကြည့်နေကြလေ၏။
မှတ်မိပါပြီ။ မိန်းမကြီးကား ညောင်ရွှေမှ ပွဲစားကြီး ဦးနန္ဒ၏ ဝမ်းကွဲနှမ စောသုမြတ်ဖြစ်၏။
မိန်းမငယ်မှာ
ဦးနန္ဒသမီး မန္တလေးတွင် ကျောင်းနေသူ စောသုနန္ဒာဖြစ်လေ၏။ အံ့သြစရာ၊
တွေ့ပဲတွေ့ရတတ်သည်။
ကျွန်တော်က သူတို့အနားသွားပြီး–
“အို အဒေါ်တို့ပါကလား၊ ဘယ်ကလာပြီး ဘယ်သွားကြမလို့တုံး”
စောသုမြတ်က အသံဝဲဝဲဖြင့်“
မန္တလေးက လာကြတာကွဲ့၊ ညောင်ရွှေပြန်ဖို့ပဲကွဲ့၊ တူတော်မောင်က ဘယ်ကလာတာတုံး”
“ကျွန်တော်လည်း မန္တလေးက လာတာပဲ၊ ရန်ကုန်သွားမယ်”
“နေပါဦး၊ ရန်ကုန်က ဘယ်တုံးကထွက်လာခဲ့တာလဲ”
“တော်တော်ကလေး ကြာသွားပြီခင်ဗျ”
“ရန်ကုန်ဗုံးကြဲတုန်းက ဘယ်မှာလဲ”
“ရန်ကုန်မှာပဲခင်ဗျား၊ ကိုယ်တွေ့ကြုံလိုက်ရသေးတာပေါ့ ခင်ဗျာ”

စောသုနန္ဒကား ပါးစပ်ကလေးအဟောင်းသားနှင့် ငေးပြီး နားထောင်နေလေ သည်။
ဘာမျှဝင်မပြော။
စောသုမြတ်–
“ဘုရားအမကြီး မမြမှီတို့ဘေးမထိ၊ ရန်မငြိ ချမ်းချမ်းသာသာပဲလား”
တကယ်စင်စစ် ကျွန်တော်ကား အဆက်ပြတ်နေပြီဖြစ်၍ မမြမှီတို့အကြောင်းကို
ကောင်းကောင်းမသိတော့ချေ။
သို့သော်ဟုတ်သည့်အတိုင်း လည်းသူတို့အား ပြောမနေချင်တော့ပါ။
“ဘာမှမဖြစ်ပါဘူး၊ ဘေးရန်ကင်းပါတယ်။ သူတို့လည်း သိန်းသိန်းနဲ့တို့အနဲ့အတူ
ပြည်လည်းခြံထဲမှာ
နေကြတယ်ခင်ဗျ၊ ပြည်လမ်းဘက်မှာတော့ ဗုံးကြဲမှာ စိုးရိမ်စရာ မရှိပါဘူး”
ထိုအခိုက်ခွန်သာမြတ်ရောက်လာလေသည်။ ခွန်သာမြတ်ကား ပွဲစားကြီး ဦးနန္ဒနှင့် ဝမ်းကွဲနှမ
စောသုမြတ်တို့
တိတ်တိတ်ပုန်းညားရာမှ ရထားသော သားဖြစ်သည်။
“အို နောင်ကြီးကိုတင်ထွန်းပါကလား”
“ဟာ ခွန်သာမြတ်လည်းပါလာသကိုး၊ ခုဘာလဲ စောသုနန္ဒကို ကျောင်းက
ခေါ်လာကြတာလား”
ခွန်သာမြတ်နှင့် စောသုနန္ဒာတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံးစိစိ
လုပ်နေကြလေသည်။
ထိုအခါသူတို့နှစ်ဦး၏ တိတ်တိတ်ပုန်းအချစ်ကို လည်းကောင်း၊ ပွဲစားကြီးဦးနန္ဒက
ထိုအဖြစ်ကို
ဟန့်တားသောအားဖြင့် ခွန်သာမြတ်အား အိမ်မှ နှင်ထုတ်ထားခဲ့သည်ကိုလည်းကောင်း
ဖျတ်ခနဲ
သတိရမိလေသည်။
စောသုမြတ်က ဣန္ဒြေရစွာဖြင့်ပင်–
“တူတော်မောင်ကို ပြောပြဦးမယ်။ ညောင်ရွှေလာတုန်းကလည်း တူတော်မောင် သိသလောက်
သိသားပဲနော်
သူတို့နှစ်ဦး ချစ်ခြင်းကို ဘုရားနန္ဒက ခွဲဖို့ကြိုးစားပေမယ့် ခွဲမရဘူး၊ ပိုတောင်ဆိုးကုန်တယ်။
ဒါကြောင့်သူတို့ထွက်ပြေးကြ တယ်။ အခု ကျွန်မက ပြန်ခေါ်လာရတာ တူတော်မောင်ရဲ့”
ကျွန်တော်က ဝမ်းသာအားရ ပြုံးလိုက်ပြီး–
“ကောင်းတာပေါ့ ကျောင်းအမကြီးရာ၊ လူငယ်တွေရဲ့ အချစ်ကို ပိတ်ပင်တားဆီးတာဟာ
မမှန်ဘူး၊
ထိန်းသိမ်းကြပ်မတ်ပြီး လမ်းမှန်ရောက်အောင် ပို့ရတယ်၊ ခု ညောင်ရွှေပြန်ရောက်ရင်
ဘုရားဒကာကြီး ဦးနန္ဒက
ဘယ်လိုသဘောထားမှာပဲ”

"ဘုရားနန္ဒက အခုတော့သဘောတူပါတော့မယ်တဲ့၊ အိမ်ပြန်ရောက်အောင်သာ
ပြန်ခေါ်ခဲ့ပါတဲ့"
ကျွန်တော်သည် ချစ်သူနှစ်ဦးအား ချီးကျူးစကား ပြောနေလေသည်။
ထို့နောက်ခွန်သာမြတ်နှင့် နှစ်ယောက်သား ဟိုဟိုသည်သည် လမ်းလျှောက် ရင်း
စစ်အခြေအနေ၊ နိုင်ငံရေး
အခြေအနေများကို ပြောဆိုဆွေးနွေးကြလေသည်။ ခွန်သာမြတ်ကား ကျွန်တော်တို့
ကျောင်းသားအရေးတော်ပုံတွင်
ပါခဲ့သူဖြစ်သဖြင့် ဗမာ့လွတ်လပ်ရေး၊ ရှမ်းပြည်လွတ်လပ်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေးတွင်
စိတ်ဝင်စားခဲ့သူဖြစ်သည်။ တစ်ခါတုန်းက ကျွန်တော့်အား အရေးတော်ပုံကြုံလျှင်
သူ့အားအသိပေးပါ၊
သူပါဝင်ပါရစေဟုပြောထားခဲ့သူဖြစ်လေသည်။ ထို့ကြောင့် အင်္ဂလိပ်အား တိုက်ထုတ်ရေး
ဂျပန်ဖက်ဆစ်တို့အား
ခုခံတော်လှန်ရေးစသော လုပ်ငန်းများကို ရှမ်းပြည်မှာလည်း မျိုးစေ့ချရန်
ဆွေးနွေးကြလေသည်။
ဘူတာရုံထဲတွင် ရေဒီယိုတစ်လုံးရှိ၏။ ရန်ကုန်အသံလွှင့်ဌာနမှနေပြီး ဆရာဖြစ်သင်
နော်မန်ကျောင်းအုပ်ကြီးဟောင်း
မြို့မဦးတင့်ဆွေသည် အစိုးရဝါဒဖြန့် စကားပြောလျက်ရှိလေသည်။ ဂျပန်လေယာဉ်ပျံတွေက
ဗုံးကြဲသော်လည်း
မြန်မာတွေက မကြောက်ကြောင်း၊ ထိမှန်ခြင်း၊ ပျက်စီးခြင်း၊ နည်းကြောင်း
စိတ်ဓာတ်ပျက်ပြားခြင်းမရှိကြောင်း၊
ဘုရင်ခံမင်းကြီး ဆာဒေါ်မန်စမစ် ကွပ်ကဲမှုကောင်းသောကြောင့် အစိုးရအဖွဲ့ကြီးလည်း
ကြံ့ကြံ့ခိုင်လျက်ရှိကြောင်း
ဖရိုဖရဲလုံးဝမရှိကြောင်း စသည်များဖြစ်လေသည်။
ထို့နောက် အသံတစ်သံက တင်းမာစွာဖြင့်–
"မောင်မင်း ငလုဖေ၊ ငဗဆွေတို့ နာခံရမည်မှာ"ဟု အစချီ၍ မြိတ်၊ ထားဝယ်ဘက်တွင်
ဂျပန်နှင့်ပေါင်း၍
အုပ်ချုပ်ရေးအာဏာ သိမ်းပိုက်ကြသော သခင်လှဖေနှင့် သခင်ဗဆွေတို့အား
ရာဇဝတ်ကောင်များအဖြစ်
ကြေညာပြီးလျှင် သူတို့အားပေးမည့် အပြစ်ဒဏ်များကို မိုးကြိုးထစ်ချုန်း၍ နေလေသည်။
ရထားသည် သာစည်ဘူတာမှာ အတော်ကြာ သောင်တင်နေလေသည်။
စောသုမြတ်၊ စောသုနန္ဒာနှင့်ခွန်သာမြတ်တို့ကား သာစည်မှ ကလောသို့ ရထားဖြင့်ပင်
တက်သွားကြလေသည်။
ခရီးသည်အချို့သည်ရရာဖြင့် မန္တလေးသို့ ပြန်သူပြန်၊ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်သူပြန်၊
ရှေ့သို့ဆက်သူဆက်သွားကြလေသည်။
ကျွန်တော်ကားရန်ကုန်သို့ အရောက်သွားရန် သန္နိဋ္ဌာန်ပြုထားသဖြင့် မန္တလေးသို့မပြန်။

ရထားမှာလည်းနှစ်ရက်သုံးရက်သာစည်တွင် ရပ်နေဦးမည်ဟု ဘူတာရုံ အရှိတို့က
ခန့်မှန်းလိုက်သဖြင့်
ဘာလုပ်ရမည်မသိဖြစ်နေလေ၏။
ချီတုံချတုံဖြစ်လျက် သာစည်ဘူတာမှာပင် စောင့်နေစဉ် မန္တလေးတွင် တက်ဘုန်းကြီး
ကိုသိန်းဖေထံသို့
မကြာခဏလာတတ်သော ဦးထွန်းစိန်ဆိုသူသည် မိတ္ထီလာမြို့မှာ
နေနေကြောင်းသတိရလေသည်။ သူ့ထံသွားရလျှင်
မကောင်းပေဘူးလား။ ဦးထွန်းစိန်သည် အရုပ်အမောင်းကောင်းကောင်း ဝဝဖြိုးဖြိုးနှင့်
ကြည့်၍ကောင်းသောရုပ်ရည်ရှိ၏။ အနေအထိုင်ကလည်း သန့်ပြန့်သားနား၏။ ဒေါ်မန်စမစ်
အစိုးရတွင်
ဝန်ကြီးတစ်ဦးဖြစ်သော မိတ္ထီလာဦးဘရင်၏ တူလည်းဖြစ်၏။ ကိုယ်တိုင်က
အင်္ဂလိပ်ပိုင်ဖြစ်သော
မက္ကမီလင်စာအုပ်ကုမ္ပဏီကိုယ်စားလှယ်လုပ်၏။ ထို့ကြောင့် သူ့အား ကျွန်တော်က
တော်လှန်ရေးသမားဟုမထင်၊
သူ့အား အင်္ဂလိပ်အစိုးရဘက်သားဟုသာ ထင်စရာ ရှိလေသည်။ ကိုသိန်းဖေနှင့်သာ
အဆက်အသွယ်မရှိလျှင်
သူ့အား ကျွန်တော်က ယုံကြည်စရာတစ်ကွက်မျှမှရှိချေ။
သူနှင့်ကိုသိန်းဖေတို့၏ အဆက်အသွယ်ကို အားကိုးပြီး သူ့ထံသွားရန်
ဆုံးဖြတ်လိုက်လေသည်။
ညနေလေးနာရီလောက်တွင် သာစည်ဘူတာမှ မိတ္ထီလာသို့ ခြေကျင်လျှောက်ခဲ့၏။
ကျနေပင်ဖြစ်လင့်ကစား အတော်ပူသည်။ လမ်းမှာလည်း အရိပ်အာဝါသ နည်းလှသည်။
လမ်းဘေးများတွင်
အရွက်မပါ အရိုးစိမ်းကလေးများဖြင့်သာ စိမ်းနေသော မြစိမ်းပင်တို့သာ စိမ်းစိမ်းရှိ၏။
အခြားအပင်တို့မှာ
ခြောက်သွေ့နေ ကြ၏။ မြက်ခင်းတို့မှာ အုန်းခွံရောင်ပေါက်နေ၏။
ကျွန်တော့်ကိုယ်ကို ရုပ်ဖျက်ထားသောအားဖြင့် ဖျင်ကြမ်းလုံချည်နှင့် ဖျင်ကြမ်းရှပ်အင်္ကျီတို့ကို
ဝတ်ထားသည်။
မျက်နှာသုတ်ပဝါကြီးကိုခေါင်းပေါင်းထား သည်။
တကယ်တော့ ထိုစဉ်အခါတွင် ရုပ်သိပ်ဖျက်နေဖို့ မလိုတော့ပါ။ အင်္ဂလိပ် ဘုရင်ခံမင်းမြတ်၏
အစိုးရအဖွဲ့သည်ပင်
တလုံးတစည်းတည်းမရှိတော့ဘဲ ဟိုဝန်ကြီးက တောင်ပြေး၊ သည်ဝန်ကြီးက မြောက်ပြေး၊
ဟိုအရာရှိတွေက
မော်တော်ကားဖြင့်ပြေး၊ သည်အရာရှိတွေက လေယာဉ်ပျံဖြင့်ပြေး၊ စစ်ပြေးနေကြပြီ ဖြစ်ရာ
ပုလိပ်အဖွဲ့တို့သည်
ကျွန်တော်တို့ သခင်များအား လိုက်ဖို့ထက် ပြေးဖို့သာ လုံးပန်းနေကြပါလေပြီ။

သာစည်၊ မိတ္ထီလာ ပေတစ်ရာလမ်းမကြီးပေါ်မှာ ချွေးတလုံးလုံးဖြင့် လျှောက်လာလေသည်။
လမ်းမှာနွားအုပ်များနှင့်လှည်းများကိုတွေ့၏။ မော်တော်ကားတစ်စီးမျှ မတွေ့ရချေ။
လမ်းပေါ်မှာ တွေ့သူဟူသမျှ
ကျွန်တော့်အား အရေးကြီးသူတစ်ဦးဟု ထင်ကြဟန်မရှိ။ အမြင့်ဆုံးထင်လှလျှင်
တောပွဲစားတစ်ယောက်သာဖြစ်သည်ဟု ထင်ပေလိမ့်မည်။
နေမဝင်မီ တော်တော်စောစောမှာပင် မိတ္ထီလာကန်တော်ရိုးကို ရောက်လာလေသည်။
ကန်တော်ကြီးကား အင်းကြီး
အိုင်ကြီးသဖွယ် ကျယ်လှပေ၏။ သစ်ပင်အရိပ်အာဝါသကလည်းကောင်း၏။
ကျွန်တော်ကန်ပေါင်မှာ ခဏထိုင်ပြီး
နား၏။ တစ်နေရာတွင် အုတ်နှင့်ဆောက်ထားသော နတ်ကွန်းတစ်ခုရှိ၏။ နတ်ကွန်းနှင့်
ဝါးတစ်ရိုက်အကွာလောက်တွင် ရေအိုးစင်ရှိ၏။
ကျွန်တော်သည် ချွေးများကို မျက်နှာသုတ်ပဝါဖြင့် သုတ်ပြီးနောက် ခေါင်း ပေါင်းမြဲ
ပေါင်းထားလိုက်၏။
မိတ္ထီလာမြို့ထဲတွင် ဝန်ကြီးဦးဘရင်၏ အိမ်ကိုလည်းကောင်း၊ သူ၏တူ ဦးထွန်းစိန်၏
အိမ်ကိုလည်းကောင်း
ရှာဖွေရန် မခဲယဉ်းချေ။ အလွယ်တကူဖြင့်ပင် ဦးထွန်းစိန်၏အိမ်သို့ ရောက်သွားလေသည်။
အိမ်အောက်ကနေပြီး ကျွန်တော်ကမေးလိုက်သည်။
"ဦးထွန်းစိန်တစ်ယောက်ရှိပါသလားခင်ဗျာ"
ညိုညို၀၀ အသက်၅၀ကျော် မိန်းမကြီးတစ်ယောက်သည် ဆင်ဝင်ပြတင်းပေါက်မှ ပေါ်လာပြီး–
"ရှိပါတယ်၊ ဘာကိစ္စရှိလို့တုံး"
"တွေ့ချင်လို့ပါခင်ဗျာ"
"အိမ်အောက်မှာ ဝင်ထိုင်ပါဦးကွယ်"
အတွင်းမှအသံတစ်သံက–
"အမေဘယ်သူတဲ့တုံး"ဟူ၍ မေးလိုက်သည်။
ဦးထွန်းစိန်၏အမေက–
"ဧည့်သည်ဟေ့"ဟု ဖြေလေ၏။
အိမ်အောက်ထပ်မှာ အကာမရှိပါ။ ထန်းပလပ်ပြားများ ခင်းထားသော
ပက်လက်ကုလားထိုင်များနှင့် ခွေးခြေခုံများ
ရှိလေသည်။
ကျွန်တော်သည် ခွေးခြေခုံတစ်ခုပေါ်မှာ ဝင်ထိုင်ကာ ဦးထွန်းစိန်အား စောင့်နေ၏။
အတန်ကြာသောအခါ ဦးထွန်းစိန်ဆင်းလာလေသည်။ သူ့လက်ထဲမှာ စီးကရက်တစ်ဘူး၊
ဆေးပေါ့လိပ်၊ မီးခြစ်နှင့်
ပြာထည့်ခွက်များ ပါလာလေသည်။ သူ့ပါးစပ်မှာလည်း ဆေးပေါ့လိပ်ခဲထား၏။
သူသည် ကျွန်တော့်အား အကဲခတ်ကြည့်ရင်း ကျွန်တော့်ဆီသို့ ခံ့ညားသော ခြေလှမ်းများဖြင့်
လာနေလေ၏။

ကျွန်တော်က မျက်နှာသုတ်ပဝါကို ခေါင်းမှဖြုတ်လိုက်ပြီး ပြုံးနှုတ်ဆက်သည်။ သူကလည်း ပြန်ပြုံးပြီး–
"မြင်ဖူးပါတယ်မှတ်ပါတယ်"
"မစိုးရိမ်ကျောင်းတိုက်ထဲမှာ ကိုသိန်းဖေဆီ ဦးထွန်းစိန်လာတော့ တွေ့ကြတာလေ"
ဦးထွန်းစိန်သည် အားရှိပါးရှိပြုံးပြီး ခေါင်းကိုတဆတ်ဆတ်လှုပ်ကာ ပက်လက်ကုလားထိုင်မှာ ထိုင်၍–
"ဩော် ဟုတ်ပြီ ဟုတ်ပြီ၊ ရဲဘော်က ရုပ်ဖျက်လာတာကိုး။ ရုတ်တရက် ဘယ်မှာ မှတ်မိလိမ့်မှာလဲ၊ နာမည်က
ဘယ်သူတဲ့၊ နေစမ်းပါဦး ခပ်မေ့မေ့ ဖြစ်နေတယ်။ ဟဲ ဟဲ ၄၀ မကျော်သေးဘူး၊ သတိတွေ လစ်ကုန်ပြီ ဟဲ ဟဲ"
အဖြီးတော့ အတော်ကောင်းသောငနဲကြီးပဲဟု စိတ်ထဲက မှတ်ယူလိုက် လေသည်။ သူနှင့် ကျွန်တော်မြင်ဖူးတွေ့ဖူး
စကားတစ်ခွန်းနှစ်ခွန်း စသည်ဖြင့် ပြောဖူးကြသော်လည်း ကျွန်တော့်နာမည်ရင်းကိုပင် မေးသည့်မြန်းသည့်
အဆင့်သို့ မရောက်ဖူးချေ။
"ကျွန်တော့်နာမည်က ညွန့်မောင်ပါခင်ဗျာ"ဟု ကျွန်တော်က လျှို့ဝှက်နာမည်ကို ပြောလိုက်လေသည်။
"ဩော်ဟုတ်သားပဲ၊ ဟုတ်တယ်မှတ်မိပြီ။ ခုဘယ်ကလာတာလဲ၊ ဖိုးသိန်းဖေက လွှတ်လိုက်တာလား"
"ရန်ကုန်သွားမယ်လို့ပါပဲဗျာ၊ သာစည်မှာ ရထားရပ်နေရလို့ ဝင်လာတာပါ၊ ကိုသိန်းဖေကလည်း ကြုံရင်ခင်ဗျားဆီ
ဝင်သွားလိုက်ပါတဲ့"
သူက ပြုံးပြီး ခေါင်းညိတ်ကာ ညိတ်ကာဖြင့် နားထောင်နေသည်။
"မီးရထားက တစ်ရက်နှစ်ရက် ရပ်နေရမယ်ထင်တယ်"
"မိတ္ထီလာမှာ ညအိပ်မလား"
"ဟုတ်ကဲ့"
"ဘယ်သူနဲ့ တွေ့ချင်သေးတုံး"
သူက ကျွန်တော်တို့ အရေးတော်ပုံလုပ်ငန်းနှင့် ပတ်သက်၍ တွေ့စရာလူကို မေးခြင်း ဖြစ်ဟန်တူသည်။
"အဓိကကတော့ ခင်ဗျားနဲ့ တွေ့ဖို့ပါပဲဗျာ၊ သည့်ပြင် တွေ့သင့်တွေ့ထိုက် တဲ့ လူတွေလည်း တွေ့ရတာပေါ့ဗျာ"
သူသည်ဆေးပေါ့လိပ်ကို ပြာထည့်ခွက်ထဲ ခေါင်းစိုက်၍ ထည့်ပြီးနောက် စီးကရက် တစ်လိပ်ယူပြီး
ကျွန်တော့်အားပေးသည်။ ကျွန်တော်က ငြင်းလိုက်သောအခါ သူ့ဘာသာသူ ညှိသောက်လျက် ခေါင်းမော့၍

စဉ်းစားနေလေသည်။
အတန်ကြာတော့သူက–
“လာဗျာ ကျွန်တော်နဲ့လိုက်ခဲ့”
ပြောပြောဆိုဆိုနှင့် ဗြုန်းခနဲထလေသည်။ ကျွန်တော်ကလည်း ထလိုက်၏။
“ခင်ဗျားလွယ်အိတ်လည်းယူခဲ့”
အမြဲတမ်း ပခုံးမှာလွယ်ခဲ့ပြီး ယခုအိမ်ရောက်မှ ပက်လက်ကုလားထိုင်အစွန်း တွင်
ချိတ်ထားသော
ကျွန်တော့်လွယ်အိတ်ကို ဖြုတ်ယူခဲ့လေသည်။
သူက ဘာမျှမပြောဘဲ ရှေ့က လျှောက်သွားရာ ကျွန်တော်ကလည်း ဘာမျှမပြောဘဲ
နောက်မှလိုက်သွားလေသည်။
ကန်တော်ကြီးအနီး ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ရောက်ကြလေ၏။
ထိုအချိန်တွင် နေဝင်ပြီးပြီဖြစ်၍ မှောင်ရီလာလေပြီ။
ကျောင်းဝင်းမှာ မန်ကျည်း၊ သရက်၊ ပိန္နဲစသော အပင်ကြီးများဖြင့်အုပ်နေ ၏။ ဗျိုင်းအုပ်၊
ကျီးအုပ်များသည်
၄င်းအပင်ကြီးများပေါ်တွင် အိပ်တန်းတက်ရန် ပျံသန်းလာကြသည်။ ခိုများကား
ကျောင်းခေါင်မိုးပေါ်တွင်
အိပ်တန်းတက်ရန် နားနေကြလေသည်။
ကျောင်းအောက်ထပ်မှာ နိမ့်ပြီးမှောင်နေသည်။
ဦးထွန်းစိန်သည် ကျောင်းပေါ်သို့ မတက်သေးဘဲ အောက်မှပင်–
“ဆရာတော် ကျောင်းပေါ်ရောက်ပြီလား ဘုရား”ဟု မေးလျှောက်လေရာ ကျောင်းအောက်
မှောင်ထဲမှ
သြဇာရှိလှသော အသံတစ်သံပေါ်လာလေသည်။
“ဘယ်သူလဲဟေ့ အောက်ဝင်ခဲ့လေ”
အောက်ထပ်မှောင်ထဲသို့ ဖောက်ထွင်း၍ ကြည့်လိုက်ကြသောအခါ ခုတင်ကြီးပေတွင်
ဘုန်းတော်ကြီးတစ်ပါး၊
ဘုန်းတော်ကြီးအား နင်းပေးနေသော ကိုရင်တစ်ပါးနှင့် ဦးပဥ္ဇင်းနှစ်ပါးကို
ဝိုးတိုးဝါးတားမြင်ကြရလေသည်။
ကျွန်တော်တို့သည် ခေါင်းလွတ်သော်လည်း ခေါင်းငုံ့၍ အောက်ထပ်ထဲသို့
ဝင်သွားကြလေသည်။
ခါးပန်းနှင့်တိုက်မိမှာစိုး၍လော၊ ဘုန်းကြီးကျောင်း ဘုန်းကြီးရှေ့မှာမို့ ဖြစ်၍လောမသိ၊
ခေါင်းငုံ့မိကြ၏။
“ဘယ်သူတွေလဲဟေ့”ဟု မေးပြန်လေသည်။
“တပည့်တော်ပါဘုရား”
“သြော် ထွန်းစိန်လား”
“တင်ပါ့ဘုရား”

ကျွန်တော်တို့သည် ဝတ်ချပြီးနောက် ခုတင်ပေါ် တက်ထိုင်ကြလေသည်။
ဆရာတော်အား ဝတ်ပြုနေသော (နှင်းပေးနေသော) ကိုရင်သည် ဆင်းလိုက်၏။
ဆရာတော်က ထထိုင်ပြီး–
"ဘယ်က လာကြတာလဲဟေ့"
"အရှင်ဘုရားဆီ တမင်လာတာပါပဲ ဘုရား၊ သခင်ခေါင်းဆောင်
တစ်ယောက်အရှင်ဘုရားကျောင်းမှာ
ခဏထားချင်လို့ပါ ဘုရား"
"ဟေ ဟုတ်လား၊ နေပါ နေပါ၊ ရန်ကုန်ကလား"
ကျွန်တော်"တင်ပါ့ဘုရား"
ဦးပဥ္စင်းနှစ်ပါးထသွားကြလေသည်။
ဘုန်းတော်ကြီး–
"ဦးစန္ဒော ကျောင်းပေါ်မှာ မီးအိမ်ထွန်းထားလိုက်ပါ၊ ဒွေ့သည် ထမင်းစားပြီးခဲ့ပြီလား"
ကျွန်တော်ကား မစားခဲ့ရသေးချေ။ သို့သော်ဖြေရမှာ အားနာနေ၏။ ဦးထွန်းစိန်က ဝင်၍
"မစားရသေးဘူးဘုရား၊
တပည့်တော်လည်း ကတိုက်ကရိုက်ဖို့ အိမ်က ကျွေးမလာမိဘူး ဘုရား"
ဆရာတော်"ကိုရင်ဥာဏ၊ ထမင်းခြောက် ထမင်းတစ်အိုးတော့ ချက်ဦးမှပဲ၊ ဟင်းလေးအိုး
အရှိသားပဲ၊
မြေပဲကြော်တွေလည်းရှိရဲ့မဟုတ်လား"
ကိုရင်သည် သွက်လက်ချက်ချာစွာ ထွက်သွားလေသည်။
ဆရာတော်က နောက်ဆုံးစစ်မျက်နှာ အခြေအနေကိုမေးနေလေသည်။ ကျွန်တော်က
ရန်ကုန်မှထွက်လာသည်မှာ
ကြာပြီဖြစ်၍ သိပ်မသိကြောင်း သို့သော် သိသလောက်ကို လျှောက်ထားရကြောင်း
လျှောက်နေစဉ် ဦးထွန်းစိန်သည်
ဆရာတော်အား ဝတ်ချပြီး–
"တပည့်တော် သွားချေပါဦးမယ်ဘုရား"
"မြန်လှချည့်လားကွ"
"တင်ပါ့၊ ညမှ လာခဲ့ပါဦးမယ်ဘုရား၊ ခုတော့ ကိစ္စကလေးတွေ ရှိသေးလို့ပါ ဘုရား"
ဦးထွန်းစိန် ထွက်သွားလေသည်။
ဆရာတော်သည် စစ်ရေးစစ်ရာမှာသာမက နိုင်ငံရေးမှာလည်း စိတ်ဝင်စားလှလေသည်။
တို့ဗမာသခင်တို့၏
လွတ်လပ်ရေးအားထုတ်မှု ဟူသမျှကို ထောက်ခံပြောဆိုနေလေသည်။
သခင်ကိုတော်မှိုင်းအကြောင်းကိုမေးနေလေရာ
ကျွန်တော်က နောက်ဆုံးသိရသမျှဖြင့် ဆရာကြီးသည် အဖမ်းမခံရလေအောင်
ပုန်းရှောင်နေရကြောင်း
ဖြေလျှောက်လိုက်ပေ၏။

ငင်းနောက်ကျောင်းပေါ်သို့ တက်ကြလေ၏။
မီးရောင်ထဲတွင်ဆရာတော်အား အကဲခတ်ခွင့်ရပေ၏။ အသက်တော် ၆ဝမျှ ရှိပြီဖြစ်သော်လည်း အလွန်သေချာဟန်ရှိသည့် ခိုင်ခဲ့သော ကိုယ်ထည်နှင့် ကြည်လင်သော မျက်နှာရှိလေသည်။
မျက်ခုံးမွေးမှာ
ထူလှပြီးဖြူရောင်သမ်းနေ လေသည်။ ကွမ်းအတော်စားဟန်တူသော်လည်း
သွားများကိုဖြူအောင် တိုက်ထား ၏။
ကျွန်တော်ထမင်းစားနေစဉ် ဆရာတော်သည် စကြံလျှောက်ရင်း သွားများကို
တံပူတိုက်နေလေသည်။
အတန်ကြာသောအခါ ငါးဆယ်ကျော်လူကြီးနှစ်ယောက် ရောက်လာ၏။ တစ်ယောက်မှာ ကပ္ပိယသည ဂိုလ်ဆရာဖြစ်ပြီး အခြားတစ်ယောက်မှာ ပဋ္ဌင်းဒကာ တောင်သူကြီး
ဖြစ်လေသည်။
နောက်တစ်ခဏကြာတော့ အသက်လေးဆယ်ကျော် မင်းသားဟန် သျှောင်တွဲထုံးနှင့်
လူတစ်ယောက်
ပေါက်လာပြန်လေသည်။ သူကားဆေးဆရာဖြစ်၏။
ဦးထွန်းစိန်သည် ကျွန်တော်တို့နှင့် တွေ့သင့်သောသူများဟူ၍ လွှတ်လိုက်သလောဟု
ပထမသော် ထင်မြင်မိကာ
ကျွန်တော့်စိတ်ထဲမှာ မကျေ မချမ်း ဖြစ်နေမိလေသည်။ သို့သော် သူတို့မှာ
ညညတွင်စကားစမြည်
ပြောဆိုနှီးနှောရန် ဆရာတော်ထံ လာနေကျဖြစ်ကြောင်း ရိပ်စားမိလေသည်။
ဆရာတော့်ထံမှ ကျွန်တော်သည် သခင်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ရန်ကုန်ဗုံးကြစဉ်က ကိုယ်တွေ့မြင်ခဲ့ရကြောင်းများကို သူတို့သိရသောအခါ သူတို့သည် ကျွန်တော့်ဘေးတွင် ဝိုင်းနေကြလေတော့၏။
စစ်မျက်နှာအခြေအနေ၊ နိုင်ငံရေး အခြေအနေနှင့် ရန်ကုန်တွင် ဗုံးကြဲပုံများကို
ပြောပြရပြန်လေသည်။ စကားဝိုင်းသို့
ဦးပဋ္ဌင်းတစ်ပါးရော ကိုရင်ပါ ဝင်လာကြလေသည်။ ဆရာတော်ကား အနီးမှ
ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း
ကျွန်တော်တို့ စကားဝိုင်းတွင် ပါဝင်နေလေသည်။
လက်ဆွဲမီးအိမ်က မီးမှာ တလက်လက်။
တိုင်ကပ်နာရီကြီးမှ ချိန်သီးက တချက်ချက်။
ကျွန်တော်တို့စကားဝိုင်းက တိုးတစ်ခါ ကျယ်တစ်လှည့်နှင့် သွက်လှပေ၏။
ကျွန်တော်ကပြောစရာရှိတာတွေ အတော်ပြောပြီး၍ အတော်မောသွားသောအခါ
ကျွန်တော်ပြောပြသည့်
အချို့အချက်များကို အခြေပြု၍ သူတို့အချင်းချင်း ဆွေးနွေးပြောဆိုနေကြပြန်လေသည်။
ကမ္ဘာ့အရေးတွင်
သူတို့နားလည်ပုံနှင့် နားလည်သမျှ ဖော်ပြပုံတို့မှာ စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။

အင်္ဂလိပ် အမေရိကန်က တစ်ဖက်၊ ဂျာမန် နာဇီတို့ကတစ်ဖက် စစ်ဖြစ်လာခဲ့ပုံ၊ ရုရှားက တစ်ဖက်၊
အင်္ဂလိပ်အမေရိကန်တို့က တစ်ဖက် ပဋိပက္ခဖြစ်ခဲ့ပုံ၊ ဂျာမန်နှင့်ရုရှားသင့်မြတ်နေသလို ထင်ရရာမှ စစ်မီးတောက်ပုံ၊
အင်္ဂလိပ် အမေရိကန်ကတစ်ဖက် စစ်ဖြစ်ခဲ့ပုံစသည်များနှင့် ပတ်သက်၍
ကျောင်းကပ္ပိယကြီးက 'တထာကတမံ၊
ကာမာဝစရံဆိုတဲ့ သညာဂိုလ်စကားအရ ကာမဘုံ ဒီကမ္ဘာကြီးဟာ တယ်ရှုပ်တာပဲဗျာ”ဟု ဆိုလိုက်လေရာပဋ္ဌာန်းဒ
ကာ တောင်သူကြီးက ထောက်ခံလိုက်ပုံမှာ “ဆုတ်ကပ်ကြီးဆိုတော့ ဝိသမလောဘက လွှမ်းနေတာပဲဗျာ။
ဝိသမလောဘ ဦးဆောင်နေတဲ့ နိုင်ငံကြီးတွေ ဟာ ဘယ်မှာ အချင်းချင်း တည့်နိုင်ပါ့မလဲ၊ ပဋိပက္ခဖြစ်စမြဲပေါ့။
ခေတ်ဆိုးကြီးမှာ လက်နက် အထူးထူး အဆန်းဆန်းတွေကလည်း ပေါ်နေတော့ ထဆော်ကြတာပဲဗျ”
ဆေးဆရာပညာရှိက ဤသို့တစ်ကမ္ဘာလုံး ကြိမ်မီးအုံသလို ပူပင်ဒုက္ခ စစ်ဘေးကြီးကျရောက်ခဲ့သည်မှာ
မင်းတွေမကောင်းလို့ဖြစ်ကြောင်း၊ 'ဂ ငယ်သုံးခု၊ ဥသျှစ်ထု'ဆိုသော အင်္ဂါရတ်လင်္ကာကို ရွတ်ဖတ်၍
အဓိပ္ပာယ်ဖော်ရာဇဝင်ခင်းပြီး လျှင် ပိုင်းခြားဝေဖန်လေသည်။
ထို့နောက် အင်္ဂလိပ်မင်း မကောင်းပုံ၊ ဒေါက်တာဘမော်၊ ဂဠုန်ဦးစော၊ ဆာပေါ်ထွန်း စသော အင်္ဂလိပ်အလိုတော်ရိ
နန်းရင်းဝန်များ၏ အစိုးရအဖွဲ့များ မကောင်းပုံများတွင် စကားလက်ဆုံကျကြလေသည်။
ထိုအခါ ဆရာတော်က ဝင်ရောက်စွက်ဖက်၍ “ဒကာကြီးတို့ရဲ့၊ ဒီကမ္ဘာလောကကြီးမှာ အားလုံးသော အရာတွေဟာ
အနိစ္စတွေပဲ၊ မင်းလည်းပဲ အနိစ္စ၊ အစိုးရလည်းပဲ အနိစ္စ၊ မင်းပြောင်းမင်းလွဲ ကြုံရတော့မှာ အမှန်ပဲ။ ဖြစ်ပြန်ပျက်ပြန် လောကခံပဲလေ”
ကပ္ပိယကြီး“တဘောင်လည်းရှိသားပဲ ဘုရား။ အင်းကို ဟင်္သာဆင်းမည်၊ ဟင်္သာကိုမုဆိုး လေးနဲ့ခွင်းမည်၊
မုဆိုးထီးရိုးရိုက်မည်။ ထီးရိုးကိုမိုးကြိုးပစ်မည်တဲ့။ ခုနောက်ဆုံး မိုးကြိုးပစ်မည့် ကိန်းပဘုရား”
ဆေးဆရာကလည်း အားကျမခံ။ တိုင်းပြည်ပျက်မည့် တိတ်နိမိတ် တဘောင်များအကြောင်း ဝင်ရောက်ပြောဆိုလေသည်။
'သော်တာကန်ကြီး၊ ဟင်္သာစီး၊ အင်းကြီးသည်တွင် ပျက်လတ္တံ့'ဟူသော ဇာဂရှသိုက်တဘောင်၊ နတ်စက်ရောင်သိုက်တဘောင်၊ ဂဝံပတေ့ ရသေ့ဆရာ သိုက်တဘောင်၊ 'ပန်ပါတဲ့ပန်ပါ၊ ရွှေမင်းဝံတောင်ပေါ်ထိပ်က၊

လူပျိုတော် မောင်စံအိတ်ကယ်၊ ပန်းဆိတ်လို့လာ၊ မပန်သာနေပါအသင့်၊ ကြက်သူငယ်
တွန်သံဆုံးလျှင်၊
ဘုန်းပန်ဖို့လင့်' ဟူသောတဘောင်။
'မန်ကျည်းပင် တောင်ကိုင်း၊ ဗျိုင်းနားတဲ့ ဖွတ်သိုက်။ မောင်မလာအား၊
လူငှားလို့လွှတ်လိုက်'ဟူသောတဘောင်။
'ရွှေဘိုချဉ်ပေါင်၊ ခုနှစ်တောင်၊ ဖူးခေါင်ဝေ၍ဖြိုး'ဟူသော တဘောင်။
သူတို့သည် သိုက်တွေ၊ တဘောင်တွေကိုကြားဖူးသမျှ မှတ်ဖူးသမျှ၊ ရွတ်ဆို၍
ပြကြလေသည်။
သူတို့သည် မင်းပြောင်းမင်းလဲကို လိုချင်ကြ၏။ လိုချင်သည့်အတိုင်း တဘောင်များကို
လိုသလိုဆွဲ၍
အဓိပ္ပာယ်ပြန်ကြ၏။
ကုန်းဘောင်ဆက်မှာပေါ်ခဲ့သော သိုက်တဘောင်တို့သည် ကျွန်တော်တို့ခေတ်နှင့်
သက်ဆိုင်လာလေတော့သည်။
ဆရာတော်–
"သက္ကရာဇ် ၁၂၀၈ခုနှစ်မှာ ပုဂံမင်း နန်းစံတော်မူတယ်။ ပုဂံမင်းနန်းကျခါနီးမှာ
'တောင်ကခြောက်လို့ မြောက်ကယူ၊
အလယ်လူ အူနဲ့ဟောင်းလောင်း'ရယ်လို့ သံချပ်တဘောင်ပေါ်ခဲ့တယ် ဒကာကြီးတို့ရဲ့။
"ပုဂံမင်းဟာ ကုလားဘိုင်ဆတ်နဲ့ ဦးဘိန်ဆိုတဲ့ လူတွေကို ရာထူးကြီးပေးသတဲ့။
သူတို့တစ်တွေကလည်း
တိုင်းသူပြည်သား ရှင်လူအများကို သိပ်နှိပ်စက်သတဲ့။ မင်းမကောင်းတော့ တစ်တိုင်းပြည်လုံး
ဗရုန်းသုန်းကား
ဗယောက်ဗယက်ဖြစ်နေတာပဲ။ ဒီအခါမှာ တောင်ဘက်က အင်္ဂလိပ်တွေက ဝင်တိုက်တယ်။
ညီတော်
မင်းတုန်းမင်းသားက မြောက်မြင်းနယ် ရွှေဘိုထွက်ပြီး မြောက်ဘက်က ပုန်ကန်တိုက်ခိုက်
တယ်။ ဒီတော့ပုဂံမင်းက
ကျတော့တာပေါ့။ ခုလည်းပဲ ဒီကိန်းဆိုက်နေပြီ ဒကာကြီးတို့ရဲ့၊ မြန်မာနိုင်ငံကို အုပ်စိုးနေတဲ့
အင်္ဂလိပ်မင်းကို
ဂျပန်က ဝင်တိုက်တယ်၊ နောက်ကနေပြီး သခင်တွေက အင်္ဂလိပ်မင်းကိုတိုက်တယ်၊
အင်္ဂလိပ်မင်းတော့
ကျရတော့မှာပဲ။ အလယ်လူ အူနဲ့ဟောင်းလောင်းဆိုတာ အင်္ဂလိပ်မင်းပဲ"
သူတို့သည် တဘောင်စနည်းတို့၏အကူအညီဖြင့် မျက်မှောက်အခြေအနေများကို
ဆင်ခြင်သုံးသပ်ပြီးများစွာပင်
အားရရွှင်လန်းနေကြလေသည်။
ထို့နောက် ဦးထွန်းစိန်နှင့် လူနှစ်ယောက် ရောက်လာလေသည်။ တစ်ယောက်မှာ
သခင်သာညွှန့်ဟုခေါ်၍

တစ်ယောက်မှာ မောင်ကိုကိုဟုခေါ်လေသည်။ သခင်သာညွန့်မှာ
အသက်အစိတ်လောက်ရှိဦးမည်။
တရုတ်ကပြားကလေးလား အောက်မေ့ရအောင် အသားဖြူသည်။ သူကား
ကျောင်းသားခေါင်းဆောင်ကလေးဖြစ်၏။
သူတို့လာသောအခါ ကျွန်တော်သည် ဆရာတော်အမှူးပြုသော စကားဝိုင်းမှ ထလေသည်။
သူတို့သည်သိုက်တဘောင် ရာဇဝင်နယ်မှ ထွက်ပြီးသည်ဂျိဟ်နိပါတ်နယ်သို့
ကူးပြောင်းနေခဲ့ကြလေသည်။
ဆရာတော်ကလှမ်းပြီး မိန့်ကြားလိုက်သေးသည်။
"ထွန်းစိန်ရေ မင်းတို့လွတ်လွတ်လပ်လပ်တိုင်ပင်ပြောဆိုချင်ရင် ဟိုဘက်ခန်း သွားထိုင်ကြ"
ဟိုဘက်ခန်းဆိုသည်မှာ ဆရာတော်ဥပုသ်ပေးသော အဆောင်ဖြစ်လေသည်။
ဦးထွန်းစိန်ကား သခင်သာညွန့်နှင့် မောင်ကိုကိုတို့အား ထားခဲ့ပြီး အိမ်ပြန်ရန်
ဆရာတော်အား ဝတ်ချလေသည်။
"ဟ မင်းက သွားတော့မလား၊ မင်းဧည့်သည်နဲ့ စကားမပြောတော့ဘူးလား"
ဦးထွန်းစိန်က ပြုံးလျက်–
"ဟဲ ဟဲ တပည့်တော်က နိုင်ငံရေးသမားမှ မဟုတ်ဘဲ ဘုရား၊ ကိုယ့်ဝန်ကိုယ်ထမ်း
ကိုယ့်လမ်းကိုယ်သွား
စီးပွားရေးသမားပဲ ဟဲ ဟဲ"
ဆရာတော်–
"ဟ ထွန်းစိန်ရ၊ ခုအခါမျိုးမှာတော့ လူတိုင်း နိုင်ငံရေးသမားကွ။ လူတွေသာ မကဘူး၊
ဘုန်းကြီးတွေလည်း
နိုင်ငံရေးသမားပဲဟ။ တို့နိုင်ငံလွတ်လပ်ဖို့အရေး အားလုံးဝင်ပြီး တက်သုတ်ရိုက်ရမယ်
မဟုတ်လား"
ဦးထွန်းစိန်က 'မဟဲ'တော့ဘဲ တည်ကြည်စွာ "တပည့်တော်ကိစ္စရှိသေးလို့ပါ ဘုရား
သွားချေပါဦးမယ်"
ဦးထွန်းစိန် ထွက်သွားလေသည်။ ကျွန်တော်သည် သခင်သာညွန့်၊ မောင်ကိုကိုတို့နှင့်
အရေးတော်ပုံလုပ်ငန်းများကို
ဆွေးနွေးတိုင်ပင်နေလေသည်။ သူတို့အား ဂျပန်ကတိဖျက်ပုံများ ပြောပြရလေသည်။
ဂျပန့်ထံမှ လက်နက်မရနိုင်
ကြောင်း၊ သို့သော်စိတ်ပျက်မနေကြဘဲ ကိုယ်တတ်နိုင်သောနည်းဖြင့် အင်္ဂလိပ်အစိုးရအား
တိုက်ထုတ်ရမည်ဖြစ်ကြောင်း၊ အခါအခွင့်သင့်သောအခါ ဝင်လာသော ဂျပန်အား ပြန်ချရန်
အသင့်ပြင်ထားကြရမည်ဖြစ်ကြောင်း၊ ဂျပန်နှင့် ချီတက်လာမည့်
ဗမာ့လွတ်လပ်ရေးတပ်များအား
အစွမ်းကုန်အားပေးရမည်ဖြစ်ကြောင်းများကို ရှင်းပြရလေသည်။
သခင်သာညွန့်နှင့် မောင်ကိုကိုတို့သည် ငြိမ်၍ နားထောင်နေကြ၏။

ထို့နောက်မိတ္ထီလာနယ် စည်းရုံးရေးအခြေအနေများကို ဆွေးနွေးကြသည်။ သခင်သာညွန့်က အရေးရှိက
အရေးတော်ပုံတွင် အသက်စွန့်ကာ ပါဝင်ဆောင်ရွက်ကြ မည့်လူ အများအပြားရှိကြောင်း ပြောပြလေသည်။
"အင်္ဂလိပ်ရဲ့ ဘားမားရိုင်ဖယ် စစ်တပ်ထဲက ဗမာတချို့လည်း လက်နက်ယူပြီး ဒီလိုပဲ ထွက်လာကြတဲ့
ဗမာစစ်သားတွေရှိတယ်။ သူတို့ကို တို့ကကျကျနန လက်ခံပြုစုထားရမယ်။ သူတို့ကို အခြေခံပြီး
လက်နက်ကိုင်အရေးတော်ပုံတပ်စိတ်တွေ ဖွဲ့ရမယ်။ ကောင်းတယ် ခုဘယ်နှယောက်ရှိပြီလဲ" သခင်သာညွန့်–
"သုံးယောက်၊ ဒီပြင်ကျွန်တော်တို့နဲ့ အဆက်မရဘဲ သူတို့ဘာသာ ထွက်ပြေးလာတဲ့စစ်သားတွေလည်းရှိဦးမှာပဲ"
"ရှာ ရှာ၊ သူတို့ကို တွေ့အောင်ရှာ၊ အရေးကြီးတယ်"
၄င်းနောက် စစ်ရထားများကို ဖျက်ရန်နှင့် လက်နက်လုယူရန်ကိစ္စများ ဆွေးနွေးကြ လေသည်။ ဤကိစ္စများကို
အောင်မြင်စွာလုပ်နိုင်ရန် မိတ္ထီလာမှ ရဲဘော်များချည်း မပြီး။ မြစ်သားမှာ ရောက်နေသော ဒဂုန်ဦးလှဖေ၊ ကူမဲမှ
ကိုထွန်းကြည်၊ သာလွန်မှ ကိုတင်မောင်၊ သပြေတောင်းမှ သခင်စံလှနှင့် ဦးဘရီစသော ရဲဘော်များပါ
ပူးပေါင်းဆောင်ရွက်မှပြီးမည်ဟု သဘောရရှိကြသဖြင့် မန္တလေးဌာနချုပ်နှင့် ကူမဲစက်ပိုင် ဒေါ်ကျင်ဆိုင်နှင့်
မန်နေဂျာ ဦးသိန်းမောင်တို့မှတစ်ဆင့် ဆက်သွယ်၍ လုပ်ကြရန်ဆုံး ဖြတ်ကြလေသည်။
ထိုနေ့ညအဖို့ ထိုမျှဆွေးနွေးပြီး သခင်သာညွန့်တို့လူစု ပြန်သွားကြလေသည်။ ဆရာတော်ကြီးမှူးသည့်
စကားဝိုင်းမှာလည်း လူစုကွဲသွားလေသည်။ ကျွန်တော်လည်း ဦးပဥ္စင်းများ နေရာချထားသည့်အတိုင်း
အိပ်ရာဝင်လေသည်။ ထိုညတွင် ကျွန်တော်သည် မမြင့်ဦးအား မိတ္ထီလာသို့ခေါ်လာပြီး
အဆုတ်နာရောဂါပျောက်ကင်းအောင် ကုပေးနေသည်ဟု အိပ်မက်မြင်မက်လေသည်။ လွန်ခဲ့သော
ညကလည်းကောင်း၊ သည့်အရင် ရက်များ၌လည်းကောင်း မမြင့်ဦးအကြောင်းကို စဉ်းပင်မစဉ်းစားမိဘဲနေခဲ့ရာမှ
ယခုလို အိပ်မက်မြင်မက်သဖြင့် အံ့ဩမိလေသည်။ မမြင့်ဦးအား တစ်မနက်လုံး သတိရနေ၏။ မိတ္ထီလာကန်ရိုးတွင်
နံနက်စောစော သာယာသည့်အချိန်၌ မမြင့်ဦးနှင့် ကျွန်တော်လမ်းလျှောက်နေကြသလိုလို စိတ်ကူးယဉ်ကာ

လွှမ်းနေမိလေသည်။
သာစည်ဘူတာသို့ ပြန်လာခဲ့ရာ မီးရထားမထွက်သေးသည်ကို တွေ့ရသဖြင့် ဝမ်းသာမိ၏။
နေ့ခင်းတစ်ချက်တီးတွင် ရန်ကုန်သို့ မီးရထားထွက်မည်ဆိုသဖြင့်
အားတက်ရွှင်လန်းခြင်းဖြစ်ရလေသည်။
သို့သော် တစ်ချက်တီးသောအခါ မီးရထားပေါ်ရောက်နေသော ခရီးသည်တွေကို
အာဏာပိုင်တို့က
အဆင်းခိုင်းပြန်လေသည်။ တောင်ငူ စစ်မြေပြင်သို့ ချီတက်သွားရမည့်
တရုတ်စစ်သားများကိုသယ်ဆောင်ရန်ထိုရထားကို သိမ်းလိုက်သည်ဟု ဆိုလေသည်။
ထိုရထားသည် မန္တလေးသို့
ပြန်၍ ခုတ်မောင်းသွားလေသည်။
အချို့ခရီးသည်များမှာ မန္တလေးသို့ပင် လိုက်သွားကြလေသည်။ ကျွန်တော်ကား
သည်စည်ဘူတာမှာ
မယောင်မလည်နှင့် ကျန်ရစ်ပြန်လေ၏။
ကံအားလျော်စွာ ကျွန်တော်သည် သာစည်ဘူတာမှ စာရေးတစ်ယောက်နှင့် အကျွမ်းတဝင်
ခင်မင်သွားကြလေသည်။
သူက မန္တလေးသို့ ပြန်သွားသော ရထားသည် တရုတ်စစ်တပ်များအားတင်ဆောင်ပြီး
သာစည်ဘူတာသို့ပြန်ရောက်ပါက ဂါတ်ဗိုလ်ကို သူကပြောပြီး
ကျွန်တော့်အားတင်လွှတ်လိုက်မည်ဟု
ကတိပေးလေသည်။
ထိုရထားသည် သန်းခေါင်ကျော်မှ သာစည်ဘူတာသို့ ဆိုက်ရောက်လာလေသည်။
ကျွန်တော်သည် ဂါတ်တွဲတွင်
မီးရထားကူလီခေါင်းလိုလို၊ မီးရထား စာရေးလိုလို ဟန်ဆောင်ပြီး လိုက်ခဲ့ရလေသည်။
ကျောခင်း၍ အိပ်စရာမရှိ၊
ထိုင်လျက် အိပ်လိုက်ရပေ၏။
ပျဉ်းမနားသို့ ရောက်သောအခါ ရထားဆက်မထွက်ပြန်သဖြင့် အခက်တွေ့ရပြန်၏။
ပျဉ်းမနားမှ
ရန်ကုန်ထိမီးရထားလမ်းကို စစ်ဘက်က သိမ်းလိုက်ပြီလိုလို ကြားရပြန်၏။
ဂါတ်ဗိုလ်က ကျွန်တော့်အား ကျောက်ပန်းတောင်ဘက်သို့ လိုက်၍ ထိုမှတစ်ဆင့် မကွေး၊
ပြည်စသောမြို့များဘက်သို့ ဘတ်စ်ကားဖြင့်သွားရန်အကြံပေးလေသည်။ ထိုသို့သွားမှ
ဘေးကင်းရန်ကင်းဖြစ်လိမ့်မည်ဟု ဆိုလေသည်။
ထို့ကြောင့် ပျဉ်းမနားမှ ရထားစီးပြီး ကျောက်ပန်းတောင်းသို့ လိုက်ရလေသည်။
တစ်လမ်းလုံး တွေ့သမျှလူအပေါင်းသည် တလှုပ်လှုပ်တရွရွဖြစ်နေကြလေသည်။
ကောလဟာလ
သတင်းများကလည်း ပွနေ၏။
ရန်ကုန်မှာပင် အစိုးရမရှိတော့ဟူ၍ ပြောသူကပြော၏။

အင်္ဂလိပ်တို့သည် စစ်တပ်များကို ဆုတ်ခွာရင်း မြို့များ၊ တံတားများ၊ ရထားများ၊ သင်္ဘောများ၊ စက်ရုံများကို
ဖျက်ဆီးပစ်ခဲ့ရန် စီစဉ်နေပြီဟုလည်း သတင်းဖြစ်နေ၏။
ရေနံချောင်းမှ ရေနံတွင်းများထဲသို့ပင် ကွန်ကရစ်လောင်းထည့်ပြီး ဖျက်ရန် စီမံနေကြပြီဟုဆို၏။
ပြည်မြို့ဘူတာရုံ ဂျပန်ကဗုံးကြဲချပြန်သည်တဲ့။
ရေနံချောင်းဗုံးကြဲသည်တဲ့။
ဘာသတင်းတွေကြားရကြားရ ကျွန်တော်ကားနောက်ပြန်မလှည့်တော့ချေ။ ရထားမရလျှင် ဘတ်စ်ကား၊
ဘတ်စ်ကားမရလျှင် မြင်းလှည်း၊ မြင်းလှည်းမရလျှင် ခြေကျင်။ မြစ်တွေ့လျှင် သင်္ဘော၊ သင်္ဘောမတွေ့လျှင် လှေ၊
လှေမတွေ့လျှင် ဖောင်၊ ကြုံရာတွေ့ရာနှင့် အောက်သို့ဆင်းခဲ့လေသည်။
ဂျပန်စစ်သားများ၏ ရက်စက်ကြမ်းကြုတ်မှုများလည်း လွင့်လာလေသည်။
မည်မျှလျင်မြန်စွာလွင့်လာသနည်း။
မော်လမြိုင်ဘက်မှာ ဂျပန်စစ်တပ်ကို ပန်းသပြေနှင့်ဆီးကြိုသူများအား စစ်သားတွေက လှည်းတွေဆွဲစေသည်တဲ့။
ဆီးကြိုသူများထဲတွင် လက်ပတ်နာရီ၊ လက်စွပ်ပါသူများ ဂျပန်စစ်သားများ ဖြုတ်ပေးခဲ့ရသည်တဲ့။
တောင်ရှည်ပုဆိုးနှင့်လူကြီးလူကောင်းတွေကို ကူလီအထမ်းခိုင်းသည်တဲ့။
ဂျပန်စစ်သားတို့သည် ဗမာမိန်းကလေးများအား မဟားတရားလုပ်သည်တဲ့။
ထိုသတင်းတွေကို ယုံသူလည်းရှိ၏။ မယုံသူလည်းရှိ၏။ ယုံသူတွေထဲတွင် ကျွန်တော်တစ်ယောက်အပါအဝင်ဖြစ်လေသည်။
မယုံသူအချို့ကမူ ဂျပန်နှင့်ဗမာသည်မိတ်ဆွေတွေဖြစ်သည်။ ဘယ်နည်းနှင့်မျှ ဗမာအပေါ်ဤမျှရိုင်းစိုင်းလိမ့်မည်မဟုတ်ဟု ဆိုကြလေသည်။ အချို့ကမူ အရှေ့တောင်အာရှ သာတူညီမျှ
ကောင်းစားရေးအတွက် အသက်စွန့်ကာ တိုက်ကြရသော ဂျပန်စစ်သားတို့၏ အပြုအမူကို အပြစ်တင် မစောသင့်၊
ခွင့်လွှတ်သင့်သည်ဟုဆိုကြသည်။
များစွာသော တောသူတောင်သား ဆင်းရဲသားများနှင့် မြို့ပေါ်မှဆင်းရဲသားများကမူ ယုံသည်လည်းမပြော၊
မယုံဘူးဟုလည်း မဆို၊ ကြားသမျှ ငြိမ်သက်စွာ နားထောင်နေကြပြီး ကိုယ့်အလုပ်ကိုယ် ကုန်းလုပ်နေကြလေသည်။
ထွန်စရာရှိထွန်၊ ယက်စရာရှိ ယက်၊ ထမ်းစရာရှိထမ်း၊ ရောင်းစရာရှိ ရောင်းနေကြလေတော့သည်။
ကျွန်တော်သည်လည်း သွားစရာရှိလို့ သွားနေလေသည်။ နောက်ပြန်မဆုတ်ပါ။

သို့ဖြင့် ရက်ပေါင်းအတော်ကြာသောအခါ ဟသ်ာတသို့ ရောက်ခဲ့လေသည်။
၇၁
ဘီ အိုင် အေ
လမ်းတုန်းက ဘယ်မြို့ ဘယ်သူသိမ်းသည်ကိုမသိခဲ့။ စစ်မျက်နှာပြင် ဘယ်သို့
ရောက်နေသည်ကိုလည်း မသိခဲ့။
ဟသ်ာတရောက်မှ ရန်ကုန်မြို့ကို ဂျပန်တွေ သိမ်းပြီးပြီဖြစ်ကြောင်း သိရလေသည်။
ထိုမျှမကသေး၊ ဟသ်ာတကိုလည်း ဘီအိုင်အေခေါ်သော ဗမာ့လွတ်လပ်ရေး တပ်မတော်က
သိမ်းပိုက်ထားပြီဖြစ်ကြောင်း သိရလေသည်။
သခင်နှင့် ကျောင်းသားများသည် တပ်ဖွဲ့လျက် ဂျပန်နှင့်အတူ ချီတက်လာ
ပြီးဗမာ့လွတ်လပ်ရေးအတွက်
တိုက်နေကြပြီဟုကား ကြားသိထားနှင့်၏။ သို့သော် ဘီအိုင်အေဆိုသော အခေါ်အဝေါ်ကိုကား
ယခုမှပင်
ပထမဆုံးအကြိမ် ကြားဖူးရခြင်း ဖြစ်လေသည်။
ဟသ်ာတမြို့ကား အပျက်အစီး သိပ်မရှိ။ စစ်မြေပြင် အမာရွတ်ဟူ၍ တစ်စုံတစ်ရာ မတွေ့ရ။
ဖုံး၍ထားသော
ဒဏ်ရာဒဏ်ချက်လည်းမရှိ။ စစ်အတွင်း ကံကောင်းသော ဟသ်ာတ။
ဟသ်ာတမှာ တိုက်ပွဲဖြစ်မဖြစ် ကျွန်တော်စုံစမ်းကြည့်သည်။ ကမ်းနားမှာ တိုက်ပွဲဖြစ်သည်ဟု
ဆို၏။
ဘီအိုင်အေတပ်များက ရေကာတာကို အကာအကွယ် ယူပြီး တိုက်ကြသည်။
အင်္ဂလိပ်စစ်တပ်များက မြစ်ထဲမှ နေ၍
တိုက်ကြသည်။ ပစ်ခတ်တိုက်ခိုက်နေကြစဉ် ဟသ်ာတမြို့သူမြို့သားများသည်
ဘီအိုင်အေစစ်သားများကို
အဖက်ဖက်မှ ကူညီကြသည်ဆို၏။ ကျည်ဆန်သယ်ပေးသူ၊ ရေတိုက်သူ၊ ဆေးလိပ်တည်သူ၊
ထမင်းထုပ်ကမ်းသူ၊
သက်သက်ကြည့်ပြီး ဩဘာပေးသူ၊ ဘီအိုင်အေထဲဝင်ရန် စာရင်းပေးသူ တရုန်းရုန်း
တအုန်းအုန်း
စည်ကားလှသည်ဆို၏။
ဘီအိုင်အေစစ်သားတို့အား ချီးကျူးသံမှာ အပျံ့အနှံ့ဖြစ်လေသည်။
ကျွန်တော်ကား ဟသ်ာမြို့ မြေပေါ်နင်းမိသည်ဆိုလျှင်ပင် ဘီအိုင်အေစစ်သားတွေ ကို
တွေ့မြင်ချင်လေသည်။
သို့သော်ကျွန်တော်ရောက်သောအချိန်မှာ ညနေဝင်ရီတရော ဖြစ်သောကြောင့် လွယ်ကူစွာ
မတွေ့နိုင်ချေ။
မြို့မှာ ခတ်မီးတွေဖြင့် ထိန်နေ၏။ လမ်းမီး၊ အိမ်မီး၊ ဘုရားမီး။
ရေဒီယိုသံတွေကိုလည်း ကြားနေသည်။
ငြိမ်းချမ်းနေသော အချိန်အခါနှင့် တူနေပေ၏။

သခင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် မြို့မိမြို့ဖလူကြီးများ ခေါင်းဆောင်ကာ ဖွဲ့စည်းထားသော
ဟသ်ာတခရိုင် အုပ်ချုပ်ရေးအဖွဲ့ ရှိနေပြီဟုလည်း သိရ၏။ ထိုအဖွဲ့သည် မင်းပြောင်းမင်းလွဲဖြစ်သော်လည်း
ဖရိုဖရဲမဖြစ်ရအောင် ထိန်းသိမ်းရုံမက အားလုံးအခြေအနေ နေသားတကျဖြစ်အောင် စီမံနေပြီဟုဆို၏။
ကျွန်တော်ကား ဖြစ်နိုင်လျှင် ဟသ်ာတမှ လက်ပံတန်းသို့၊ လက်ပံတန်းတို့မှ ရန်ကုန်သို့ မီးရထားဖြင့်
သွားချင်သည်။ သို့မှ မြန်မြန်ရောက်လိမ့်မည်။ ထို့ကြောင့် ကျွန်တော့်အနီးလာထိုင်ပြီး ဟသ်ာတအကြောင်း
ပြောပြနေသော ထမင်းဆိုင်ရှင်အား–

"အားလုံး နေသားတကျပြန်ဖြစ်အောင် စီမံနေတယ်ဆိုတော့ သာရဝေါ လက်ပံတန်း မီးရထား သွားနေရောပေါ့နော်ဗျာ"

"အဲဒီဘက်လမ်းကိုတော့ ဘာမှ မလုပ်နိုင်သေးဘူးလို့ ထင်တယ်ဗျ။ အင်္ဂလိပ် စစ်တပ်တွေက တံတားကြီးချိုးထားတယ်၊ ရန်ကုန်ဘက်က ဆုတ်လာတဲ့ အင်္ဂလိပ်စစ်တပ် တွေကလည်း လက်ပံတန်းဘက်မှာ
ရှိသေးတယ်ဆိုသလိုလိုပဲဗျ။ ပုသိမ်ဘက်ကိုတော့ မကြာခင်ပဲ မီးရထားသွားနိုင်အောင်လုပ်မယ်လို့ လူကြီးတွေ
ပြောနေကြတာပဲ။ ဖြစ်မှာပါပဲ ဗျာ၊ ဘီအိုင်အေဗိုလ်ကြီးကလည်း တယ်ပြီး အစီအမံကောင်းတာပဲ၊
ဗိုလ်ကြီးကိုယ်တိုင်များ ဒီနယ်မှာ ဆက်အုပ်ချုပ်ပြီး လုပ်လိုက်ရရင် ခဏကလေးနှင့် အားလုံးကောင်းကုန်မှာပဲ။
ခုတော့ ဗိုလ်ကြီးက ဒီမှာအကြာကြီး မနေနိုင်ဘူးတဲ့ဗျ"

"ဘယ်သွားမှာလဲ"

"ရန်သူနောက် လိုက်တိုက်ရမှာတဲ့ဗျာ၊ ပြည်ဘက် ဆက်ချီတက်ကြရမှာပဲလို့ သတင်းဖြစ်နေတာပဲ။
ဘီအိုင်အေဗိုလ်ကြီးက တယ်လည်း တိုက်ရည်ခိုက်ရည်ရှိသတဲ့၊ သတ္တိလည်း ကောင်းသဗျ"

"ဗိုလ်ကြီးနာမည်က ဘယ်သူတဲ့လဲ"

"ဗိုလ်ရန်နိုင်တဲ့ဗျ၊ နာမည်ကိုက ရန်နိုင်မယ့် နိမိတ်ပဲ"

"ကျွန်တော်ဖြင့် တစ်ခါမှ ဒီနာမည်ကို မကြားဖူးဘူးဗျ။ သခင်ရန်နိုင်၊ ရဲဘော် ရန်နိုင်၊ မကြားဖူးပါဘူးဗျာ"

ကျွန်တော်သည် သည်နာမည်ကို အကြိမ်ကြိမ် ရေရွတ်ပြီး တွေးကြည့်နေသည်။ နောက်ပေါ်တဲ့ ရွှေကြာပင်ထဲကပဲမို့
ကျွန်တော်မကြားဖူးခြင်းဖြစ်ရမည်ဟု အောက်မေ့လိုက်ပေသည်။
ထမင်းဆိုင်ရှင်သည် ကျွန်တော့်အား အကဲခတ်နေဟန်ရှိ၏။

အတန်ကြာ ငြိမ်သက်နေကြပြီးနောက် ကျွန်တော်က မေးလိုက်ပြန်သည်။
"သူက စစ်ဗိုလ်ကြီးမဖြစ်ခင်က သခင်ခေါင်းဆောင်လား၊ ကျောင်းသားခေါင်း ဆောင်လား"
"ကျောင်းသားခေါင်းဆောင်ဆို ထင်ပါရဲ့ဗျာ။ ကျွန်တော်တော့ ကောင်းကောင်း မသိပါဘူး၊ ဈေးစကားပါပဲ၊
ဂျပန်ပြန်တဲ့ဗျ"
"ကျောင်းသားခေါင်းဆောင်ဆိုရင် ကျွန်တော်သိရမှာပဲဗျ"
သို့ကလို ပြောနေကြစဉ် ဆိုင်ရှေ့မှ ကားတစ်စီးဖြတ်သွားလေသည်။
ထမင်းဆိုင်ရှင်က–
"ဟော ဟော၊ သူပဲ သူပဲ၊ ဘီအိုင်အေ ဗိုလ်ကြီး"
ကျွန်တော်ကား စစ်ဗိုလ်ကြီး၏ မျက်နှာကို ကောင်းစွာ မမြင်လိုက်ရပါ။ စစ်ဗိုလ်ကြီး မှန်းတော့ အလွန်သိသာ၏။
ကားဘေး တစ်ဖက်တစ်ချက်တွင် စစ်သားတစ်ယောက်စီ လုံ့စွပ်တပ်ထားသော ရိုင်ဖယ်ကိုကိုင်၍ မတ်တတ်ရပ်လျက်
လိုက်ပါသွားလေသည်။
မော်တော်ကားမှာ ဟစ်လမင် အမျိုးအစား ခပ်သစ်သစ်ဖြစ်သည်။
ကျွန်တော်က ဆက်ပြန်၏။
"ကျောင်းသားခေါင်းဆောင် ဂျပန်ပြန်ဆိုရင်တော့ ကျွန်တော်သိရမှာပဲဗျ"
ထမင်းဆိုင်ရှင်သည် ကျွန်တော့်အား မသင်္ကာသော မျက်လုံးများဖြင့် ကြည့်လျက် ဆိတ်ဆိတ်နေလေသည်။
"သူက ဘယ်မှာ နေသလဲဗျ"
ဆိုင်ရှင်သည် မကြားချင်ယောင်ဆောင်နေသည်ဟု ထင်သည်။
ကျွန်တော်ကထပ်၍–
"ဘီအိုင်အေ စစ်ဗိုလ်ကြီးက ဘယ်မှာ စခန်းချသလဲဗျ"
ဆိုင်ရှင်သည် မပြောချင်ပြောချင်ဖြင့်–
"မပြောတတ်ပါဘူးဗျာ"
ကျွန်တော့်မှာ ကျွန်တော့်အကြောင်း ပြောမပြလျှင် မပြီးတော့ချေ။ ကျွန်တော်လည်း သခင်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ကျောင်းသားခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့သေးကြောင်း၊ ယခု
အရေးတော်ပုံလုပ်ငန်းများနှင့် ပတ်သက်၍ အရေးတကြီး မန္တလေးမှ လာခဲ့ရကြောင်း။
ချဲ့သင့်တာချဲ့၊ ကားသင့်တာ
ကားသော်လည်း ဖုံးသင့်တာဖုံး၊ ဖိသင့်တာဖိ၍ ပြောပြလိုက်လေသည်။
သည်တော့မှ ထမင်းဆိုင်ရှင်သည် ကျွန်တော့်အား ယုံကြည်လာဟန်ရှိသည်။ ယုံကြည်ရုံမက ကိုးစားလာဟန်လည်းရှိသည်။ အဆိုပါ စစ်ဗိုလ်ကြီး ဗိုလ်ရန်နိုင်သည် ဟင်္သာတဦးမြခေါ် မျိုးချစ်ခေါင်းဆောင်ကြီး၏ အိမ်တွင်နေကြောင်းပြောပြလေသည်။ ကျွန်တော်ကထိုအိမ်သို့ သွားပြီး

စုံစမ်းချင်ကြောင်း ပြောသောအခါသူက“ဒီ
အချိန်ကြီး သွားလို့တော့ မတော်ဘူးဗျ၊ ကင်းတွေဘာတွေ ချထားတယ်။ မတော်တဆ
ပစ်လိုက်ခတ်လိုက်မှဖြင့်
ကိုယ်ကျိုးကြီးနည်းရချည့်ဗျာ”
ကျွန်တော်က မအုံမအော့လုပ်နေသောအခါ “မနက်မှ သွားတာပေါ့ဗျာ”ဟု သူကထပ်ပြီး
အကြံပေးပြန်လေသည်။
ကျွန်တော့်ကိုယ်အမူအရာနှင့် မျက်နှာဟန်ပန်တို့မှာ စိတ်ပျက်ခြင်းကို
သရုပ်ဆောင်နေဟန်ရှိ၏။
“ဒီနေ့ည ဒီမှာအိပ်ပေါ့ဗျာ၊ မနက်မှ ထသွားတာပေါ့”
တစ်ညတာ တည်းခိုစရာနေရာအတွက် စိတ်အိုက်နေခဲ့ရာ ပြဿနာတစ်ခု ရှင်းသွားလေသည်။
သို့သော် ဟန်တော့
လုပ်ရသေး၏။
“နေပါစေဗျာ၊ ဒုက္ခရှာလို့”
“ဘာမှ ဒုက္ခမရှိပါဘူး။ ထမင်းဆိုင်ဆိုတာ ဒီလိုပဲ၊ ဧည့်သည်တွေလည်း အလွယ်တကူ
ဝင်တည်းကြတာပါပဲ”
“အေးလေဗျာ၊ ကျေးဇူးပါပဲ။ ဒီမှာ မအိပ်လည်း အခြားအိမ်တစ်အိမ်သွားပြီး
ဒုက္ခပေးနေရဦးမှာပါပဲ။ မနက်မှပဲ ဒီက
ထသွားတာက အဆင်ပြေပါတယ်”
ထိုနေ့ည ထမင်းဆိုင်မှာ ညအိပ်လိုက်ရလေသည်။ ကျွန်တော့်အဖို့ ကြုံသလို သွား၊
တွေ့သလိုစား၊
ဖြစ်သလိုအိပ်ခဲ့ရသည်မှာ မဆန်းတော့ပါ။ အမှန်အားဖြင့် စစ်ကြီးကာလ
ခရီးသွားရသူတိုင်းအဖို့လည်း
မဆန်းတော့ပါ။
နောက်တစ်နေ့ နံနက် ၇ နာရီလောက်တွင် ထမင်းဆိုင်ရှင် လမ်းညွှန်လိုက်သည့် အတိုင်း
ဦးမြ၏
အိမ်ဘက်သို့လျှောက်လာခဲ့ကြလေသည်။
ကမ်းနားလမ်းပေါ်မှာ အနည်းငယ်လျှောက်ရ၏။
ကာကီယူနီဖောင်းကို အချိုးကျကျ ဝတ်ဆင်လျက် ဖိနပ်ပြောင်အောင်တိုက်ပြီး
ကာကီဦးထုပ်ဆောင်းထားသော
စစ်ဗိုလ်တစ်ဦးသည် လှေသမားများကို ငေါက်ငမ်းနေလေသည်။ သူ့လက်ထဲမှာ
တုတ်တိုတစ်ချောင်းကိုင်လျက်။
သူ့နောက်မှာ စုပ်ပြတ်ပြီး မွဲညစ်ညစ်ဖြစ်နေသော ကာကီယူနီဖောင်း ပွရောင်းကြီးတွေ
ဝတ်ထားသော
ရိုင်ဖယ်လွယ်ထားသည့် စစ်သားသုံးဦးက ရပ်လျက်။
စစ်ဗိုလ်သည်လှေများကို ဆင့်နေသည်။ မပြည့်သေးသဖြင့် မကျေမနပ်ဖြစ်နေ၏။

“မင်းတို့နားမလည်ဘူးလားကွ။ တို့က မင်းတို့လွတ်လပ်ရေးအတွက် အသက်စွန့် ပြီး
တိုက်နေရတဲ့ကောင်တွေ၊
မင်းတို့ဟာ တို့တပ်မတော်ရဲ့ ကျေးဇူးကိုသိတတ်ရမယ်။ မအေပေးတွေ၊ ကျေးဇူးမသိတတ်လို့
ခုထိမလာကြတာပဲ”
ထိုသို့ရေရွတ်ပြောဆိုသော စကားများကို ကြားရသောအခါ ကျွန်တော် ခေါင်းကြီး
သွားလေသည်။
ကျေးဇူးအတော်အတင်ခံချင်တဲ့ အာဏာသံပြင်းလှတဲ့ စစ်ဗိုလ်ကြီးပါကလားဟု စိတ်ထဲမှာ
မှတ်ချက်ချမိလေသည်။
‘ဗိုလ်ရန်နိုင်ဆိုတာ သူပဲများ ဖြစ်မလားဟဲ့’ဟု တွေးကြည့်လိုက်မိသေး၏။ သို့သော်
ဘီအိုင်အေ အကြီးအကဲလုပ်သူ
ဗိုလ်ရန်နိုင်သည် ကိုယ်တိုင် လေ့ဆင့်မည်မဟုတ်ဟု နားလည်လိုက်ပေသည်။
ဦးမြ၏ အိမ်ဝင်းခြံအဝမှာလည်းကောင်း၊ အိမ်ပေါက်ရှေ့နားမှာ လည်းကောင်း၊ ဘေးနား
ဟိုနား သည်နားမှာ
လည်းကောင်း၊ ယူနီဖောင်းအပြာဝတ်ထားသော ရိုင်ဖယ် လွယ်ထားသည့် စစ်သားများကို
တွေ့မြင် ရလေသည်။
လုံ့စွပ်ကြီးများကား တလက်လက်ဖြစ်နေ၏။ သူတို့သည်လွယ်လင့်တကူ
မီးသတ်ယူနီဖောင်းများကို ယူပြီး
ဝတ်နေဟန်တူ၏။
ဝင်းခြံထဲဝင်ရမှာ ခပ်ရွံ့ရွံ့ဖြစ်လာသည်။ သို့သော် အရဲစွန့်ပြီးဝင်သွားလေ၏။ ဆတ်ခနဲ
စစ်သားများက
လုံ့စွပ်များနှင့် ကျွန်တော့်ရင်ဘတ်ကို ရွယ်ပြီး တားထားလိုက် လေသည်။
စစ်သားတစ်ယောက်–
“ဘယ်ကိုလဲ”
ကျွန်တော်–
“ဦးမြအိမ် မဟုတ်ပါလားခင်ဗျာ”
“ဟုတ်တယ်လေ”
“ဦးမြအိမ် သွားချင်လို့ပါဗျာ”
သူတို့သည်ချိန်ရွယ်ထားသော လုံ့စွပ်ကြီးများကို ရုပ်သိမ်းကြပြီး အတွင်းသို့ ဝင်စေလေသည်။
အိမ်တံခါးဝသို့ ရောက်သောအခါ တံခါးစောင့် စစ်သားများက လုံ့စွပ်များဖြင့် ချိန်ကာ
တားကြပြန်လေသည်။
“ဘယ်သူနဲ့ တွေ့ချင်လို့လဲ”
“ဗိုလ်ရန်နိုင်နဲ့ တွေ့ချင်လို့ပါခင်ဗျာ”
“ခဏ ဒီမှာစောင့်ဦး”
ရဲဘော်တစ်ယောက်ကို အိမ်ထဲသို့ လွှတ်လိုက်၏။ အိမ်ထဲသို့ ကျွန်တော့်မျက်လုံး များ
လိုက်သွားလေသည်။

ခန်းမကြီး၏ တစ်ဖက်ထောင့်တွင် စားပွဲရှည်ကြီးတစ်လုံးရှိ၏။ ထိုစားပွဲမှာ
စစ်ဗိုလ်တစ်ယောက်ထိုင်၍
ကော်ဖီသောက်နေသည်ကို ဘေးစောင်းမြင်ရ၏။ ကာကီယူနီဖောင်းမှာ ခပ်ပွပွဖြစ်သည်။
မြင်းစီးဘွတ်ဖိနပ်ရှည်ကြီးကို စီးထား၏။ ရဲဘော်သည် သူနှင့်မလှမ်းမကမ်းတွင်
ဖြောင်းထိုင်းခနဲ ခြေဖနောင့်ချင်း
ပေါက်ကာ ရပ်ပြီး ဆလံပေး၏။ ဧည့်သည်တစ်ယောက်က တွေ့လိုကြောင်း
ပြောပြနေဟန်ရှိ၏။ စစ်ဗိုလ်သည်
ကော်ဖီသောက်မပျက်ဘဲ တစ်စုံတစ်ရာကိုပြောလွှတ်လိုက်လေသည်။
ထိုရဲဘော်အပြင်ပြန်ထွက်လာပြီး ကျွန်တော့်အား–
“ခင်ဗျားနာမည် ဘယ်သူလဲတဲ့ဗျ၊ ဟသ်ာတကလား၊ တခြားကလား”
“ရန်ကုန်က သခင်တင်ထွန်းလို့ ပြောလိုက်ပါဗျာ”
ထိုရဲဘော် ဝင်သွားပြန်လေသည်။ ဖြောင်းထိုင်းနှင့် ဖနောင့်ချင်းပေါက်ကာ ဆလံပေးပြီး
ပြောပြနေပြန်လေသည်။
စစ်ဗိုလ်ကြီးသည် အပြင်ဘက်တွင် ရပ်နေသော ကျွန်တော့်ဘက်ဆီသို့
လှမ်းကြည့်လိုက်လေသည်။
ကျွန်တော်က သူ့အားမြင်ဖူးသလိုလိုရှိသည်နှင့် စိုက်ကြည့်နေ၏။ သူကမူ ဖြုန်းခနဲ
ထိုင်ရာမှထပြီး–
“ဟေး ရဲဘော်တင်ထွန်း”
သူသည်ပြောပြောဆိုဆို မြူးထူးရွှင်လန်းစွာဖြင့် ကျွန်တော့်ဆီလာလေသည်။ သည်တော့မှ
ကျွန်တော်ကား
ဗိုလ်ရန်နိုင်ဆိုသည်မှာ ကိုထွန်းရှိန်ဖြစ်ကြောင်း သိလေတော့သည်။ ကျွန်တော့်မှာ
ထီပေါက်သလောက်ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ သည်။
“ဟာ ကိုထွန်းရှိန်ပါကလား”
ကျွန်တော်တို့သည် တစ်ယောက်လက် တစ်ယောက်ဆွဲကြသည်။
ကိုထွန်းရှိန်–
“ခု ဘယ်ကလာတာလဲ”
ကျွန်တော်–
“ဟာ မပြောပါနဲ့တော့ဗျာ၊ မန္တလေးက လာတာ။ ခုဒီဝင်လာတာ ဗိုလ်ရန်နိုင်ဆိုတဲ့
စစ်ဗိုလ်ဟာ
ခင်ဗျားပဲလို့သိပြီးလာတာ မဟုတ်ဘူး။ သခင်အရေးတော်ပုံ တပ်သားတစ်ယောက်
ရန်ကုန်ရောက်အောင်
သွားဖို့ကိစ္စမှာ စစ်ဗိုလ်ကြီးတစ်ယောက်ကိုဖြင့် အကူအညီတောင်းမှပဲဆိုပြီး လာခဲ့တာဗျ။
ဝမ်းသာလိုက်တာဗျာ
ကိုထွန်းရှိန်ရာ”

"အင်း ဝမ်းသာစရာပေါ့ဗျာ။ ကဲ ကိုယ်တို့လည်း နက်ဖြန်ပဲ ဆက်ပြီးချီတက်ရလိမ့် မယ်။ ကိုယ့်လူ ကိုယ်တို့တပ်နဲ့
အညာလိုက်ခဲ့ပေတော့"
"ဟင် အညာကလွတ်လိုက်လို့ ကျွန်တော်ကအောက်ဆင်းခဲ့ရတာ။ လိုက်တော့ လိုက်ချင်ရဲ့၊ လိုက်လို့မဖြစ်ဘူးထင်တယ်"
"ကဲလေ ဖြည်းဖြည်းဆွေးနွေးတာပေါ့။ ထိုင်၊ လာဒီမှာ ထိုင်၊ ကောဖီသောက်"
ကျွန်တော်က သူ့အား မန္တလေးက လာခဲ့ရပုံကို ပြောပြသည်။ သူကမန္တလေးမှ ပြည်မြို့အထိ လမ်းတစ်လျှောက်လုံး
အင်္ဂလိပ်စစ်တပ်တွေ ဘယ်လောက်တွေ့ခဲ့သလဲ၊ လက်နက်အင်အား ဘယ်လိုနေသလဲ၊ အင်္ဂလိပ်အစိုးရ
အုပ်ချုပ်ရေးအခြေအနေ ဘယ်လိုလဲ စသည်ဖြင့် မေးလေသည်။ ကျွန်တော်ကား စစ်သားအရေအတွက်လည်း
မှန်စွာမခန့်မှန်းတတ်၊ လက်နက်နှင့် ပတ်သက်ပြီး ဘာက ဘယ်လိုဟုလည်း ခွဲခြားမပြောတတ်။ ကျွန်တော့်ကိုယ်ကို
ကျွန်တော်အားမရ။ နိုင်ငံရေးအခြေအနေကိုတော့ ကျကျနန ပြောပြနိုင်လေသည်။ ဂျပန်တွေကတိမတည်ပုံကိုလည်း
ပြောပြသည်။
ကိုထွန်းရှိန်သည် သူတို့မော်ဖိုဆာမှာ စစ်အတတ်သင်ရပုံ၊ စစ်ကြေညာတော့ ဘန်ကောက်သို့ လာခဲ့ကြပုံ၊
ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ဖွဲ့ကြပုံ၊ စစ်ကြောင်း သုံးကြောင်းခွဲပြီး မဲဆောက်၊ မြစ်သာနှင့် ဝိတိုရိယတို့မှ
မြန်မာပြည်ထဲဝင်ခဲ့ကြပုံ၊ ထားဝယ်မှာ သူ့စစ်တပ်တိုးချဲ့ပုံ၊ ထားဝယ်မှ မော်တော်ကတ္တူကြီးများဖြင့် မုတ္တမပင်လယ်
ကိုဖြတ်ပြီး ဒေးဒရဲဝင်သိမ်းပုံ၊ ကျိုက်လတ်၊ ဘိုကလေးတို့ဘက်မှနေပြီး ဟင်္သာတထိ ရောက်လာခဲ့ပုံတို့ကိုပြောပြလေသည်။
"ဂျပန်တွေနဲ့ ဆက်ဆံရတာ၊ ဘယ့်နှယ်နေသလဲ"
"သူတို့လည်း နယ်ချဲ့သမားပဲဟာ၊ ဆက်ဆံရေး ဘယ်ကောင်းတယ်လို့ ဟုတ်ပါ့မလဲ ကိုယ့်လူ"
ကျွန်တော့်ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားသည်။ ရှေ့အဖို့ အဆိုးတွေနှင့် ကြုံရဦးမှာပါကလားဟု တွေးမိလိုက်လေသည်။
ထိုခဏ၌ အသားဖြူဖြူ ရှပ်အင်္ကျီအဖြူနှင့် လုံချည်နီ ဝတ်ထားသော လူနှစ်ယောက် ဝင်လာလေသည်။
ကိုထွန်းရှိန်က–
"ဟိုကဝင်လာတဲ့ လူတွေဟာ ဂျပန်တွေဗျ။ ကျွန်တော့်တပ်က အကြံပေးအရာရှိ နှစ်ယောက်ပဲ၊ စကားပြောရင်

ကြည့်ပြော၊ ဗမာစကားမတတ်ပေမယ့် အကင်းပါးတယ်”
ထိုစကားများကို ကတိုက်ကရိုက်ပြောပြီး ကိုထွန်းရှိန်သည် ထိုသူတို့အား ဂျပန်စကားဖြင့် အာလာပသလ္လာပပြောနေလေသည်။
ထိုနေ့ နေ့လယ်တွင် ဟိုက်စကူးကျောင်း၌ စစ်သားစုဆောင်းရေး တရားပွဲတစ်ခု ကျင်းပလေသည်။ ဗိုလ်ရန်နိုင်က–
“နယ်ချဲ့သမားတွေကို ဗမာမြေပြင်က မောင်းနှင်ထုတ်ရမယ်၊ အခု စစ်တိုက်နေတာ ဗမာ့လွတ်လပ်ရေးအတွက်
တိုက်နေတာ၊ ဘယ်သူ့အတွက်မှ တိုက်တာမဟုတ်ဘူး၊ မှတ်ထားပါ” စသည်ဖြင့် ဟောပြောလေရာ
လက်ခုပ်သံတဖြောင်းဖြောင်းနှင့် နေလေသည်။
တို့ဗမာသခင်များ၊ တောသူတောင်သား လယ်သမားများနှင့် ကျောင်းသားအများအပြား ဘီအိုင်အေထဲသို့
ဝင်ကြလေသည်။ ကောလိပ်တုန်းက ကျွန်တော်တို့နှင့်သိသော ဘီအေ အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်ထားသည့်ဟင်္သာတသား အတာခေါ် ကိုဘသိန်းသည် ဘီအိုင်အေထဲ ဝင်သွားလေသည်။
။

၇၂
ဂျပန်နိပ္ပွန်း ဘိရှမာ အုံနာကျိ
“အခုစစ်တိုက်နေတာ ဗမာ့လွတ်လပ်ရေးအတွက် တိုက်နေတာ၊ ဘယ်သူ့အတွက်မှ တိုက်တာမဟုတ်ဘူး၊
မှတ်ပါ”ဟူသော ဗိုလ်ရန်နိုင်၏စကားကို ကြိုက်နှစ်သက်သူ များပေသည်။ ထိုအထဲတွင် ကျွန်တော်တစ်ယောက်လည်း အပါအဝင် ဖြစ်ပေ၏။ ထိုစကားသည် ဗိုလ်ရန်နိုင်အစရှိသော ဂျပန်ပြန်ရဲဘော်များ
ဦးစီးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တစ်ခုလုံးအား စိတ်ဓာတ်တက်ကြွစေသည့် စကား ဖြစ်၏။
ပြည်သူလူထုအများအပြားအားလည်း ထိုယုံကြည်ချက်ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်အား ထောက်ခံအောင်
လှုံ့ဆော်ပေးနိုင်သည့် စကားဖြစ်လေ သည်။ ဂျပန်တို့သည် ကျွန်တော်တို့အပေါ်တွင် ထားခဲ့သော ကတိများကို
ဖျက်စပြု လေပြီ။ မော်လမြိုင်ရောက်လျှင် ဗမာ့လွတ်လပ်ရေးကြေညာမည်ဟု ဆိုခဲ့သော်လည်း ရန်ကုန်သို့ပင်
ရောက်ခဲ့ပြီ။ ဘာသံမျှ မကြားခဲ့ရသေး။ ဗမာပြည်ကို အင်္ဂလိပ်လက်ထဲမှ ဗမာတို့ကသာ တိုက်ယူစေပါမည်။
ဂျပန်စစ်တပ်များ မြန်မာပြည်တွင်းသို့ မဝင်ပါစေနဲ့ဟု ဆိုခဲသော်လည်း ဂျပန်စစ်တပ်များသည် ဗမာပြည်ထဲသို့

ဝင်ရုံမျှမက ဗမာလူထုကို အမျိုးမျိုးညှဥ်းပန်းနှိပ်စက်နေလေပြီ။ ထိုအချက်များကြောင့် စိတ်ပျက်စရာကောင်းသော်
လည်း ကျွန်တော်တို့စိတ်မပျက်ကြပေ။ အကြောင်းမူကား ဘယ်သူ့အတွက်မျှ တိုက်နေခြင်းမဟုတ်ဘဲ ဗမာ့အတွက်
တိုက်နေကြသည်ဟု ယုံကြည်နေကြသောကြောင့် ဖြစ်ပေ၏။ ဘာပဲဖြစ်ဖြစ် တစ်နည်းနည်းဖြင့် ကျွန်တော်တို့လွတ်လပ်ရေးရမည်ဟု ယုံကြည်နေကြပေသည်။ ယခုမှ ပြည်လည်သုံးသပ်ကာ ပြောကြမည်ဆိုလျှင်
ထိုယုံကြည်ချက်သည် ရိုးအသူ၏ ယုံကြည်ချက်ဖြစ်သည်ဟု ပြောသူက ပြောပေလိမ့်မည်။ ဖက်ဆစ်ဂျပန်နှင့်
ပူးပေါင်းခြင်းမှာ မည်သည့်နည်းနှင့်မျှ ဗမာ့လွတ်လပ်ရေး မပေါ်ထွက်နိုင်ဟု နိုင်ငံရေးကဝိတစ်ဆူအနေဖြင့်
ပြောသူက ပြောပေလိမ့်မည်။ သို့သော် ထိုအချိန်က ဗမာ့လွတ်လပ်ရေး တပ်မတော်သားကြားတွင် လည်းကောင်း၊
လူငယ်ကျောင်းသား နှင့် တို့ဗမာသခင်များကြားတွင် လည်းကောင်း ထိုယုံကြည်ချက်မှာ အစိုင်အခဲနှင့် ခိုင်မြဲစွာ
ရှိခဲ့လေသည်။
ဗိုလ်ရန်နိုင် အုပ်ချုပ်သော ဘီအိုင်အေသည် ခရိုင်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပေး၏။ ထိုအဖွဲ့များကို
ခရိုင်မှလည်းကောင်း၊ မြို့နယ်မှ လည်းကောင်း ဖွဲ့လိုက်ပြီဆိုသောအခါ များစွာသော ကျေးရွာများတွင် လည်း
အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်လာခဲ့လေသည်။ မြို့မိမြို့ဖလူကြီးများ၊ ဒေသပညာရှိများနှင့် နိုင်ငံရေးပါတီ
အဖွဲ့အစည်း အသီးသီးမှ ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့များဖြစ်လေရာ အလွန်ကျယ်ပြန့်ပြီး သြဇာရှိသောအဖွဲ့များ
ဖြစ်နေပေသည်။ ထိုအဖွဲ့များ၏ အကူအညီဖြင့် ဘီအိုင်အေသည် လူထု၏ အသက်စည်းစိမ်အိုးအိမ်ကို ကောင်းစွာ
ကာကွယ်စောင့်ရှောက်ခဲ့၏။ သူခိုးဓားပြကို နိုင်နင်းစွာ သုတ်သင်ခဲ့၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်၏
အချို့အစိတ်အပိုင်း များနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းတချို့သည် ချစ်တီးထံမှ ပစ္စည်းသိမ်းခြင်း၊ ဗမာသူဌေးထံမှ
ငွေအမြောက်အမြား အလှူခံခြင်း၊ အရာရှိဟောင်းများထံမှ မော်တော်ကား သိမ်းခြင်း စသောကိစ္စများနှင့်
အချို့တပ်သားများ မမှန်မကန်ပြုမူခြင်းများ ရှိကောင်းရှိခဲ့ပေမည်။ သို့သော် ထိုကဲ့သို့သော စစ်ကြီးဖြစ်နေချိန်

မင်းပြောင်းမင်းလွဲဖြစ်နေချိန်တွင် လူထု၏ အသက်စည်းစိမ်ကို ဤမျှကာကွယ်နိုင်ပြီး အခြေအနေဖရိုဖရဲမဖြစ်အောင်
ထိန်းသိမ်းနိုင်ခြင်းမှာ ချီးကျူးစရာကောင်းပေသည်။
စပ်ကူးမပ်ကူးကာလမှာ လူတွေသည် တထိတ်ထိတ် တလန့်လန့်ဖြစ်နေကြ၏။ ထိတ်တိုင်းလန့်တိုင်း
အဆင်ခြင်မဲ့ပြီး ချဲ့ကားပြောကြ၏။ ချဲ့ကားယုံကြ၏။ တစ်အိမ်မှာ လင်မယားရန်ဖြစ်သည်ကိုပင် ဓားပြတွေ
မြို့ထဲဝင်လာပြီဟုဆိုကာ ဈေးဆိုင်တွေ ဝုန်းခနဲ ဒိုင်းခနဲ ပိတ်ကုန်ကြ၏။ ပြေးသူပြေး၊ လွှားသူလွှား
ဖြစ်တတ်ကြ၏။ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် အုပ်ချုပ်ရေးအဖွဲ့တို့သည် ထိုသို့သော မတည်မငြိမ်သည့်
အခြေအနေကို နေသားတကျ ဖြစ်အောင် ဖန်တီးပေး၏။
ဟင်္သာတအုပ်ချုပ်ရေးအဖွဲ့တွင် ဟင်္သာတဦးမြ၊ တို့ဗမာ ဦးသိန်း၊ သခင်ဗစိန်၏ အစ်ကို သခင်ပြန့်၊ ကိုသာတင်၊
ကိုသာဒင် စသော ပုဂ္ဂိုလ်များ ပါဝင်လေသည်။
ဟင်္သာတသို့ ဘီအိုင်အေမရောက်ခင် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင် ကိုသိန်းအောင်သည်
ဘီအိုင်အေကို ကြိုဆိုရန် ရောက်လာခဲ့လေသည်။ ထို့ကြောင့် ဟင်္သာတမြို့မှာ ကျောင်းသားလူငယ်နှင့် တို့ဗမာများ
ကြား၌ ဘီအိုင်အေ၏ အကြောင်းကို ကြိုတင် သိနေနှင့်သူတွေ တော်တော်များများ ရှိလေသည်။
ဗိုလ်ဘကြင်ဆိုသူ ခေါင်းဆောင်သည့် ဘီအိုင်အေတပ်ဦးသည် ညဥ့်နက်သန်းခေါင်ကြီးမှာ ဟင်္သာတသို့
ရောက်လာသည်။ ထို့ကြောင့် ကိုသိန်းအောင်သည်လည်းကောင်း၊ အခြားလူတွေသည်လည်းကောင်း ဘီအိုင်အေ
ကိုပန်းသပြေနှင့် အခမ်းအနားနှင့် ဆီးမကြိုနိုင်တော့ချေ။ ထို့နောက် ဗိုလ်ရန်နိုင်နှင့် ဘီအိုင်အေတပ်ရင်း
ရောက်ခဲ့လေသည်။
ဘီအိုင်အေသည် ကိုဘသိန်းအား စစ်တာဝန်ခံအဖြစ်ဖြင့် ခန့်ထားလိုက်လေသည်။ ကျွန်တော်ဟင်္သာတသို့
ရောက်သွားချိန်တွင် ကိုဘသိန်းနှင့် ကိုသန့်တင်တို့သည် ကျောင်းသား သံမဏိများကို ပြန်လည်စုဆောင်းပြီး
စစ်တပ်ဖွဲ့နေလေပြီ။ ကိုအောင်မင်း၊ ကိုဖိုးသာ စသော ကျောင်းသားများ ဝင်ကြလေသည်။
ကျွန်တော်ဟင်္သာတသို့ ရောက်နေချိန်မှာ ပါပီဆိုသူသည် ခိုးမှုဖြင့် အပြစ်ပေးခံခဲ့ရလေသည်။ ပါပီသည်

မကြာသေးမီက မြို့သူကြီးဘုရားတွင် ဌာပနာဖောက်ခဲ့၏။ ယခု ဒိစတြိတ်ကောင်စီရုံးမှ ပစ္စည်းများကိုခိုးယူပြန်လေ
သည်။ ဘီအိုင်အေသည် အမှုကိုစစ်ဆေးပြီး စံနမူနာပြအနေဖြင့် ပါပီအား သတ်ပစ်လိုက်လေသည်။
ကျွန်တော်သည် ဗိုလ်ရန်နိုင်၊ ကိုသိန်းအောင်၊ ကိုဘသိန်းနှင့် အခြား မိတ်ဆွေရင်းများနှင့် ပြည်လည်တွေ့ဆုံရခြင်းကြောင့် အလွန်ဝမ်းသာအားရ ဖြစ်လေသည်။ အခြားမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်
ရဲဘော်များ အကြောင်းကို သူတို့ထံမှ မေးမြန်းပြောဆိုရသည်မှာလည်း တပျော်တပါးကြီး ဖြစ်လေသည်။
သခင်အောင်ဆန်းက ဗိုလ်တေဇ၊ သခင်လှဖေက ဗိုလ်လကျာ်၊ ကိုလှမောင်က ဗိုလ်ဇေယျ၊ ကိုအောင်သန်းက
ဗိုလ်စကြာ၊ ဘယ်သူကဖြင့် ဘယ်ဗိုလ်ဖြစ်နေပြီတဲ့။ ဘယ်သူ ဘယ်စစ်ကြောင်းမှာ တိုက်နေပြီ။ ဗိုလ်မင်းခေါင်၊
ဗိုလ်ရန်အောင်တို့ ရခိုင်ပြည်သို့ ချီတက်နေပြီ။ ဘယ်သူဖြင့် ဘယ်မှာအုပ်ချုပ်ရေး မှူးလုပ်နေပြီ။
ဟင်္သာတငွေတိုက်မှာ အင်္ဂလိပ်များ ဖျက်ဆီးမသွားနိုင်သဖြင့် ငွေနှစ်သိန်းကျော်နှင့် ဘိန်းစသော အခြားပစ္စည်းများ
ကျန်ရစ်ခဲ့လေသည်။ ၎င်းတို့ကို ဟင်္သာတအုပ်ချုပ်ရေးအဖွဲ့က သိမ်းပြီး ဗိုလ်ရန်နိုင်တို့တပ်အား
တစ်သိန်းပေးလိုက်လေသည်။ ဗိုလ်ရန်နိုင်တို့တပ်သည် ကျိုက်လတ်၊ ဖျာပုံဘက်မှ ငွေတိုက်များမှလည်း
ငွေများရသေးသည်ဟု ဆိုလေသည်။ ထိုငွေများကို အုပ်ချုပ်ရေးအဖွဲ့သို့ အချို့အဝက်ပေးခဲ့ပြီး ကျန်တာကို
စစ်စရိတ်အဖြစ်ဖြင့် ယူခဲ့လေသည်။ ဗိုလ်ရန်နိုင်သည် စစ်ချီတက်ရာ၌ လှည်းခ၊ လှေခ၊ ကားခ စသည်များကို
မပေးမနေရ စည်းကမ်းသတ်မှတ်ထားလေသည်။ ထိုအချက်ကြောင့် ပင် သူချီတက်လေရာမှာ သတင်းမွှေးနေပေ၏။
ကျွန်တော်နှင့်တွေ့ပြီး နောက်တစ်ရက်မှာပင် ဗိုလ်ရန်နိုင်သည် ရှေ့ဆက်ချီတက်ရလေသည်။ ဂျပန်တပ်ရင်းတစ်ခုလည်း ဘီအိုင်အေနှင့်အတူ ချီတက်သွားလေသည်။ ဟင်္သာတကြံခင်း မီးရထားလမ်းတွင်
မြို့တွင်းဘူတာအထိ မီးရထားသွားနိုင်သေးသဖြင့် မီးရထားဖြင့် ချီတက်သွားကြလေသည်။ ဗိုလ်ရန်နိုင်သည် ကျွန်တော့်အား သူနှင့်လိုက်ပါရန် ခေါ်သေး၏။ စစ်တပ်ထဲဝင်ပြီး တိုက်လိုက တိုက်နိုင်သည်။
သို့မဟုတ်ရောက်ရာအရပ်မှာ ရိက္ခာစုဆောင်းရေး၊ စစ်သားစုဆောင်းရေး၊ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းရေးနှင့်

အခြားနိုင်ငံရေး လုပ်ငန်းများ လုပ်ရာမှာ ဗိုလ်ရန်နိုင်အား ကူညီရန်ဖြစ်လေသည်။
ကျွန်တော်အလွန်ပင်
လိုက်ချင်ပါသည်။ သို့သော မန္တလေးမှ ယခုလောက် အခက်အခဲများကို
ကျော်နင်းပြီးလာခြင်းမှာ
ရန်ကုန်ဌာနချုပ်သို့ သွားရန်ဖြစ်လေ သည်။ အထက်မြန်မာပြည်မှာ ဖြစ်ပျက်နေသော
အခြေအနေကို
အစီရင်ခံရမည်။ တစ်တိုင်းပြည်လုံးအခြေအနေ၊ ကမ္ဘာအရပ်ရပ် အခြေအနေများကိုခြုံပြီး
နားလည်ရန်နှင့် ရှေ့အဖို့
ညွှန်ကြားချက်များကို ယူရန်မှာ ရန်ကုန်ဌာနချုပ်သို့ သွားမှသာ ဖြစ်နိုင်ပေလိမ့်မည်။
ထို့ကြောင့် ဗိုလ်ရန်နိုင်က ကျွန်တော့်အား ရန်ကုန်သို့ အမြန်ဆုံးနှင့် ချောချောမောမော
ရောက်အောင်သာကူညီစေလိုကြောင်း ပြောရလေတော့သည်။ မီးရထားဖြင့်
ရန်ကုန်သို့မသွားနိုင်။
ခမုန်ဆိပ်တံတားကြီးမှာ ကျိုးနေသည်။ လက်ပံတန်း ရန်ကုန် မီးရထားလမ်းတစ်လျှောက်မှာ
တိုက်ပွဲများလည်း
မရှင်းသေး။ အင်္ဂလိပ်တို့သည် လေယာဉ်ပျံအနည်းငယ်လွှတ်ပြီး တတ်နိုင်သလောက်
ဗုံးကြဲနေ၏။ ဟင်္သာတမှာ
ကျွန်တော်ရှိနေတုန်းမှာပင် လေယာဉ်ပျံတစ်စင်းလာပြီး ဗုံးကြဲသွားသေး၏။ ဧရာဝတီတွင်
သင်္ဘောမရှိတော့ချေ။
မော်တော်ဘုတ်ပင်မရနိုင် တော့ပေ။ အင်္ဂလိပ်စစ်တပ်တို့သည် အချို့ကို အညာသို့ခေါ်သွားပြီး
အချို့ကို
ဖျက်ဆီးပစ်ခဲ့လေသည်။ မြစ်ကြောင်းမှသွားလိုလျှင် လှေစီးရုံသာ ရှိလေသည်။
အချိန်မှာ ဧရာဝတီတွင် ရေပြာပေါက်ချိန်၊ ရေကြည်တက်ချိန်ဖြစ်၏။ ထွန်းနေသော
သောင်ကြီးများကား
သည်အတိုင်းပင် ရှိကြသေးလျက် နေရောင်တွင် တဖိတ်ဖိတ်တောက်ကာ မျက်စိကျိန်းစရာ
ဖြစ်လေသည်။
မြစ်ကြောင်းမှဆိုလျှင် ရက်ပေါင်းများစွာ ပျင်းစရာကောင်းအောင် လှေစီးရမည်။
လှည်းတစ်တန်၊ ကားတစ်တန်၊ ကုန်းကြောင်းလမ်းရှိ၏။ ရန်ကုန်သို့
ခပ်မြန်မြန်ရောက်နိုင်သည်။
ဘယ်ဘက်က သွားသွား လွယ်မည်ကား မဟုတ်ချေ။
ဗိုလ်ရန်နိုင်သည် ကျွန်တော့်အား အင်္ဂလိပ်အစိုးရထုတ်ခဲ့သော ငွေစက္ကူဖြင့် ၅၀၀ိ၊
ဂျပန်စစ်တပ်မှ
ထုတ်သောငွေစက္ကူဖြင့် ၂၀၀ိပေးလိုက်လေသည်။ မြန်မာ–ဂျပန် နှစ်ဘာသာဖြင့်
ကျွန်တော်သည် ဘီအိုင်အေ
ဗိုလ်ချုပ်အောင်ဆန်း၏ အထူးဌာနတွင် အမှုတာဝန်ထမ်းဆောင်နေရသူဖြစ်ကြောင်း
လက်မှတ်စာတစ်စောင်

ရေးပေးလိုက်လေသည်။ "မီနင်မီဘွန်တိုင်း"ဆိုသော အချက်ပြ စကားကလေးကိုလည်း သင်ပေးလိုက်ပေ၏။
ဟသ်ာတမြို့မှ ဗိုလ်ရန်နိုင်ထွက်ခွာသွားသောအခါ ဗိုလ်ဘကြီးဆိုသူအား ချန်ထားခဲ့လေသည်။ ဗိုလ်ဘကြီးမှာ
မြိတ်မှစပြီး ဗိုလ်ရန်နိုင်နှင့် လိုက်ပါလာခဲ့သူ ဖြစ်လေသည်။ စစ်အတွေ့အကြုံအတော်များပြီး တိုက်ရည်ခိုက်ရည်ပြည့်ဝသည်။ သူသည် စုဆောင်းပြီး စစ်သားသစ်များအား စစ်အတတ် သင်ကြားလေ့ကျင့်ပေးရ
၏။ ဗိုလ်ဘကြီးသည် ဂျပန်စစ်တပ်၊ ဂျပန်နယ်ချဲ့သမားတို့နှင့် အတွေ့အကြုံမှာလည်း အတော်များခဲ့လေပြီ။
ထို့ကြောင့် ဂျပန်အကြောင်း ကောင်းစွာသိ၏။
"တို့ဟာ ဘယ်ကောင်အတွက်မှ တိုက်တာ မဟုတ်ဘူး၊ ဗမာ့လွတ်လပ်ရေး အတွက်တိုက်တယ်မှတ်ပါ" ဟူသော
ယုံကြည်ချက်ကို စစ်သားသစ်များအား နာနာသွင်းပေး၏။ ထိုမျှမကသေး "ဂျပန်တွေဟာ ကောင်းတဲ့ကောင်တွေ
မဟုတ်ဘူး။ တစ်နေ့ သူတို့ကိုလည်း ဆော်လွှတ်ရမှာပဲ"ဟူသော စကားမျိုးများကိုလည်း ပြောဆိုနေလေပြီ။
ကျွန်တော်သည် ဟသ်ာတမှ သာရဝေါ၊ သာရဝေါမှ စံရွှေးဖိုးခေါင်၊ ထို့နောက် သုံးဆယ်၊ သုံးဆယ်မှ ရန်ကုန်သို့
သွားရမည်ဖြစ်လေသည်။
သာရဝေါသို့ လှေဖြင့်။
သာရဝေါမှ စံရွှေးဖိုးခေါင်ဖြတ်လျက် သုံးဆယ်သို့လှည်းဖြင့်။
သုံးဆယ်မှ ရန်ကုန်သို့ ဘတ်စ်ကားဖြင့်။
သုံးမျိုးသုံးတန် သွားရပေလိမ့်မည်။
ဗိုလ်ဘကြီးက ကျွန်တော်နှင့် အဖော်အဖြစ်ဖြင့် လိုက်ရန် မောင်ဘဝင်းနှင့် မောင်ဖေကြည်ဆိုသော
လူငယ်နှစ်ယောက်ကို ထည့်လိုက်လေသည်။ သူတို့သည် သွားရင်းလာရင်း အရောင်းအဝယ်များလည်း
လုပ်ကြမည်ဖြစ်၏။
ဟသ်ာတမှနေကြည့်သော် သာရဝေါကိုမြင်နေရ၏။ သို့သော် တော်တော်နှင့် မရောက်နိုင်။ လှေလှော်ရသူမှာလည်း
မသက်သာလှချေ။ နေမထွက်မီ ခရီးထွက်ခဲ့ကြခြင်းဖြစ်၍ တော်ပေသေး၏။
ဘဝင်းနှင့် ဖေကြည်တို့သည် ဟသ်ာတသို့ အင်္ဂလိပ်စစ်တပ်မှ စေလွှတ်လိုက်သည့် ဖျက်ဆီးရေးတပ်စိတ်တစ်ခု
သဘော်ာဖြင့်ဝင်လာပုံ၊ ဘီအိုင်အေနှင့် တွေ့ပြီး တိုက်ပွဲဖြစ်ပုံ၊ တရားဟောမည်လုပ်နေသော ဗိုလ်ရန်နိုင်

တိုက်ပွဲဆီသို့ ပြေးလာရပုံ စသည်များကို ပြောနေကြလေသည်။ နောက် ဂျပန်တပ်စုတစ်စု ရောက်လာပုံကို
ပြောကြလေသည်။
ဘဝင်း–
"ဂျပန်တွေဟာ အထက်တန်းစားလူမျိုးတွေလို့ ထင်ခဲ့တာဟာ မှားတာပဲကွ။
တို့ဆီရောက်လာတဲ့ ဂျပန်တွေဟာ
ထမင်းကိုဘာနဲ့ထည့်စားတယ် အောက်မေ့လဲ၊ ကြွေရေသုတ် နောက်ဖေးအိုးနဲ့ ထည့်စားတယ် သိလား၊
နောက်ဖေးအိုးမှန်း သိရက်နဲ့ စားတာလား၊ မသိလို့လားတော့ မပြောတတ်ဘူး"
ဖေကြည်–
"မသိလို့ဆိုလည်း ရော်တာပဲ၊ သိရက်နဲ့ စားတယ်ဆိုလည်း ရော်တာပဲကွ။ ထမင်းကိုလည်း ကောင်းကောင်းမွန်မွန်
ချက်မစားတတ်ပါဘူးကွာ။ ထမင်းအိုးထဲ အာလူးရော၊ သကြားရော၊ ငရုတ်သီးရော၊ ခရမ်းသီးရော
အကုန်ရောကျိုတာပါပဲ။ တကယ့်လူရိုင်းတွေပါပဲကွာ"
လှေသမားက ဝင်ထောက်ခံလိုက်၏။
"ရိုင်းတာကတော့ ဘာပြောကောင်းမှာလဲ၊ ကိုယ်တုံးလုံးနေတာ ကြည့်ပါဦး"
ထိုခဏ၌ လက်ဝဲဘက်ကမ်း ခပ်လှမ်းလှမ်းမှ သေနတ်သံသုံးချက် ဆင့်ကာဆင့်ကာ ကြားရသဖြင့်
ဘာမျှမပြောကြဘဲ နားစွင့်နေကြလေသည်။ ဓားပြတိုက်နေသလော။ စစ်တိုက်နေသလော စိုးရိမ်စွာဖြင့်
အကဲခတ်နေကြရာ ၁၀မိနစ် လောက်ကြာတော့လည်း နောက်ထပ် ဘာသံမျှ မလာသဖြင့် စိတ်အေးသွားကြပြန်လေသည်။
ဘဝင်း၊ ဖေကြည်နှင့် လှေသမားတို့သည် ဂျပန်စစ်တပ်က ထုတ်ပေးနေသော ငွေစက္ကူများအကြောင်းကို
ပြောနေကြပြန်လေသည်။ အင်္ဂလိပ်အစိုးရ ထုတ်သောငွေနှင့် တန်ဖိုးညီမျှခြင်း ရှာကြ၏။
လှေသမားမှာ ကျောချမှ ဓားပြမှန်းသိပြီး–
"ဟာ ဒါဖြင့် မနေ့က ကျွန်တော့်လှေကို ငှားပြီး သူတို့ပေးတဲ့ပိုက်ဆံဟာ တစ်မတ်လောက်သာရှိတာပေါ့၊ ဟင်
ခွေးမသားတွေ"
သူသည် သက်ပြင်းကြီးချလိုက်၏။ မျက်နှာတွင် စိတ်ဆိုးခြင်းနှင့် စိတ်ပျက်ခြင်းဆို့သည် တစ်လှည့်စီ
ပေါ်နေလေသည်။
သူ့လိုပင် ခံလိုက်ရသူတွေ မနည်းတော့ချေ။ ဂျပန်စစ်တပ်အား ရေထမ်းပေးရ သောသူတွေ၊ ထင်းခွေပေးရသူတွေ၊

လှည်းပို့ရသူတွေ။
သူတို့သာမက ဈေးသည်တွေလည်း နစ်နာကြ၏။
ဘဝင်း–
"မသိလို့သာပေါ့ဗျာ၊ သိရင် ဘယ်ခံရမှာလဲ"
ဖေကြည်–
"ပိုက်ဆံတစ်ပြားမှ မပေးဘဲ သေနတ်ပြပြီး ခိုင်းတာနဲ့စာတော့ တော်သေးတာပေါ့ကွာ"
သူတို့သည် ထိုသို့ပြောပြီးနောက် တွေးတောငေးမောနေကြလေသည်။
ကျွန်တော်တို့သည် သာရဝေါသို့ ရောက်သောအခါ လှည်းငှားကြ၏။ သို့သော အချို့က မလိုက်ရဲ။ အချို့ကမူ
နေ့ခင်းနေပူနေမည်ဆိုပြီး ငြင်းနေကြ၏။ နောက်ဆုံးတွင် ညနေစောင်းမှ ထွက်မည်ဆိုလျှင် လိုက်ပို့ရမည့်
လှည်းတစ်စီးကို တွေ့ကြလေသည်။ လမ်းမှာ တစ်ရွာရွာတွင် ညအိပ်ကြရမည် ဖြစ်လေသည်။
သာရဝေါမှာ နံနက်စာ ထမင်းဝယ်စားကြလေသည်။ ဆိုင်ရှင်သည် ဂျပန်ငွေစက္ကူထက် အင်္ဂလိပ်ငွေစက္ကူကိုသာ
လိုချင်ဟန်တူသဖြင့် ကျွန်တော်က အင်္ဂလိပ်ငွေစက္ကူကို ထုတ်ပေးလိုက်ရာ အလွန်ပင် ဝမ်းသာသွားလေသည်။
သာရဝေါမှ စံရွှေး–ဖိုးခေါင်ဖြတ်၍ လှည်းဖြင့် သွားရသောလမ်းမှာ စိမ့်ကြီးကို ဖြတ်ရလေသည်။ မိုးတွင်းမှာ
ရေဝပ်ပြီး နွေမှာစိမ့်နေသော ကျယ်ပြန့်လှသည့် မြေရိုင်းကွက်ကြီးဖြစ်လေသည်။ အခြားမြက်များအပြင်
ဆင်ငိုမြက်နှင့် ကိုင်းတောများ ဖုံးလွှမ်းနေပေသည်။ သစ်ပင်ကြီးများရှားသဖြင့် အရိပ်ပင် မရှိသလောက်ဖြစ်နေသည်။
လှည်းကိုတအိအိမောင်းလာကြ၏။ လမ်းမှာချိုင့်ဝှမ်းနှင့် ကျောက်တုံး ကျောက်ခဲမရှိသဖြင့် မဆောင့်လှချေ။
လှည်းသမားသည် အသစ်ရောက်လာသော ဂျပန်နှင့်ပတ်သက်၍ အကြားအမြင်များသည့်အပြင် အာသွက်လျှာသွက်ထဲကလည်း ဖြစ်သဖြင့် သူ့ထံမှ ဂျပန်စစ်သားတွေအကြောင်း အတော်ပင်ကြားသိရလေသည်။
ဘဝင်းက ဖေကြည်အား–
"ငါတို့ကသာ ဂျပန်လို့ခေါ်ကြတာ၊ သူတို့ကိုနီပွန်လို့ခေါ်ရသတဲ့ကွ။ တို့ကိုလည်း သူတို့က ဘိရုမာလို့ခေါ်တယ်တဲ့"ဟု ကိစ္စတစ်ခုနှင့် ပတ်သက်ပြီး ပြောလိုက်သောအခါ
လှည်းသမားက–
"အောင်မာ ဂျပန်လို့ခေါ်ရင် ပါးတောင်ရိုက်သတဲ့ဗျ။ နီပွန်ခေါ်ရင်တော့ နည်းနည်းအဖက်လုပ်ပြီး
ခေါ်ခေါ်ပြောပြောလုပ်သတဲ့၊ ဒါပေမဲ့ မတ်စတာခေါ်ရင် သူတို့အကြိုက်ဆုံးပဲတဲ့ဗျား"
ဖေကြည်–

"မတ်စတာတဲ့ ဟုတ်လား"
ဘဝင်း–
"ဒါ ဂျပန်စကားလား မတ်စတာ"
လှည်းသမားကလည်း ပြန်မဖြေနိုင်ဘဲ တစ်စုံတစ်ရာ တွေးတောနေစဉ် ကျွန်တော်က–
"မတ်စတာဆိုတာ အင်္ဂလိပ်စကားပဲ၊ အဓိပ္ပာယ်ကတော့ ဆရာ၊ သို့မဟုတ် သခင်လို့ရတယ်။ အင်း သူတို့ကလည်း
ပြေးသွားတဲ့ အင်္ဂလိပ်တွေလိုပဲ သခင်အခေါ်ခံချင်တာ ထင်ပါရဲ့"လ
လှည်းသမား၏ မျက်နှာသည် နားလည်မှုဖြင့် ဝင်းလက်သွားသည်။
"အား ဟုတ်ပြီ၊ ဒါ့ကြောင့် သူတို့ဒီလိုခေါ်တာ သိပ်ကြိုက်တာကိုး။ သူတို့ကိုယ်ကို ကျုပ်တို့ရဲ့ အရှင်သခင်အဖြစ်နဲ့
ခယစေချင်တာကိုးဗျ၊ လက်စသတ်တော့ ကြည့်စမ်း"
သူသည် သို့ကလိုပြောပြီး လက်ဝဲဘက်က နွားကို တံဖျားနှင့် ခပ်နာနာရိုက်လိုက်လေသည်။
လှည်းမှာမြန်သွားသဖြင့် ကျွန်တော်တို့ ကိုယ်များသည် နောက်သို့ယိမ်းသွားကြ၏။
အတန်ကြာသောအခါ လှည်းသမားသည် ရွာတစ်ရွာသို့ ဂျပန်တွေရောက်သောအခါ ပစ္စည်းများရှာပြီး
ယူပုံကိုပြောပြနေပြန်လေသည်။ ဂျပန်တို့သည် ကြက်၊ ဝက်၊ ဥ စသော စားစရာတွေကိုယူရုံမက
ရွှေငွေလက်ဝတ်လက်စားကိုပါ ယူကြလေသည်။ အချို့မှာ မိန်းမဝတ် ပိုးထဘီကိုပါ ယူသည်။
"ရှာတာကလည်း သိပ်စေ့စပ်သေချာတဲ့ အကောင်တွေဗျ။ အိမ်ထဲမှာ ရှာရုံတင်မကဘူး၊ ကောက်ရိုးပုံထဲကိုတောင်
ခက်ရင်းနဲ့ထိုးရှာသေးတယ်။ စိတ်ထဲမှာလည်း ဝင်ပြီးထိုးဆွရှာတာပဲ"
ဘဝင်း–
"လက်နက်များ ဖွက်ထားသလားလို့ ရှာတာလေလားဗျာ"
"ဘယ်ဟုတ်လိမ့်မှာလဲ၊ လက်နက်ရှာတာသာဆိုရင် တခြားပစ္စည်းတွေ့ရင် ထားခဲ့ရမယ် မဟုတ်လား၊
ခုတော့မထားခဲ့ဘူး၊ ကလေးနားဆွဲတောင် မချန်ဘူးယူတယ်"
ထို့နောက် ဂျပန်စစ်သားများ မိုက်သား မသိသား ဆိုးရွားပုံကို ပြောကြပြန်လေသည်။
လှည်းသမားက–
"ကြည့်စမ်းပါဦး၊ အုန်းသီးစားချင်တာနဲ့ အုန်းပင်ကို လှဲသတဲ့"
ကျွန်တော်တို့သည် မျက်နှာကိုမဲ့ရွဲ့ပြီး မလိုတမာ ရယ်လိုက်ကြလေ၏။
ညနေ နေဝင်ရီတရောအချိန်ကျလာသော်လည်း ကျွန်တော်တို့လှည်းသည် ခရီးဆုံးခန်းသို့ မရောက်ကြသေးချေ။
အခါကာလကောင်းပါမူ ညဉ့်နက်သန်းခေါင်ဖြစ်ဦးတော့ လှည်းမောင်းနိုင်ကြ၏။ အခါကာလ မကောင်းသဖြင့်
မမှောင်ခင် ပထမဆုံးရောက်သော ရွာတွင်ဝင်၍ ညအိပ်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

တစ်ညအိပ်ပြီးနောက် နောက်တစ်နေ့ နံနက်အရုဏ်တက်တွင် ခရီးထွက်ကြပြန်လေသည်။
နံနက်ပိုင်း လှည်းဖြင့်ခရီးသွားရသည်မှာ ခရီးတွင်လှ၍ နွားကိုတံဖျာတို့ရသည်ပင် မရှိ၊
ခပ်သွက်သွက်သွားလေသည်။ သဘာဝကလည်း သာယာလှသည်။
သို့သော်ခရီးမှာ အတော်ကျန်သေးသဖြင့် သုံးဆယ်သို့ နံနက်ဆယ်နာရီကျော်မှ
ရောက်လေသည်။
သုံးဆယ်မှရန်ကုန်သို့ မော်တော်ကားဖြင့် လိုက်ရမည်ဖြစ်ရာ မော်တော်ကားရှိမရှိ
စုံစမ်းကြည့်ရာ
နောက်တစ်နေ့မှရှိမည်ဟု သိရလေသည်။ ထမင်းဆိုင်တစ်ဆိုင်မှာ
ဝယ်ခြမ်းစားသောက်ကြပြီးနောက်
လှည်းသမား၏ အကြံပေးချက်အရဘုန်းကြီး ကျောင်းတစ်ကျောင်းတွင် ဝင်တည်းခိုရန်
ဆုံးဖြတ်ကြလေသည်။
ထိုကျောင်းတွင် လှည်းသမားနှင့်အမျိုးတော်သော ဦးပဉ္စင်းတစ်ပါးရှိလေသည်။
စည်ကားသော ကျောင်းတိုက်ကြီးဖြစ်၏။ ကျောင်းဆောင်အများအပြားရှိရာ
အချို့အုတ်တိုက်ကျောင်းများ
ဖြစ်ပေသည်။ ကောင်းကောင်းမွန်မွန်၊ သပ်သပ်ရပ်ရပ်၊ လုံလုံခြုံခြုံ ဆောက်ထားသော
ဇရပ်များ၊ အုတ်စီထားသော
ရေတွင်းများ၊ ရေလှောင်ကန်များနှင့် သစ်ပင်ပန်းပင်များဖြစ်လေသည်။
လှည်းသမားသည် ကျွန်တော်တို့အား အုတ်တိုက်ကျောင်းတစ်ကျောင်းပေါ်
သို့ခေါ်သွားလေ၏။
စုံစမ်းလိုက်သောအခါ သူ့အမျိုးဦးပဉ္စင်းမှာ လူထွက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်
(ဘီအိုင်အေ) ထဲသို့
လိုက်ပါသွားကြောင်းသိရလေ သည်။ ကျွန်တော်တို့က ဝတ်ချပြီး ပြန်မည်လုပ်သောအခါ
ထိုကျောင်းမှ
ကျောင်းထိုင်နှင့် တူသောဦးပဉ္စင်းက–
"ဒကာတို့က ဘာကိစ္စရှိလို့တုံး"
လှည်းသမား–
"တပည့်တော်က သာရဝေါကပါ ဘုရား၊ ဦးပဉ္စင်း ဦးသာဂရနှင့် ညီအစ်ကိုတော်ပါတယ်။
ဟောဒီကဧည့်သည်တွေ
ရန်ကုန်သွားမှာမို့ တပည့်တော်က လှည်းလိုက်ပို့တယ်။ ရန်ကုန်ထွက်မယ့် ကားက နက်ဖြန်မှ
ရှိတော့မှာမို့
သူတို့တစ်ညတည်းရအောင် လာပို့တာပါ ဘုရား"
ဦးပဉ္စင်း–
"သြော် ဟုတ်လား၊ ဦးသာဂရ မရှိပေမယ့် တည်းနိုင်ပါတယ် ဒကာတို့ရာ"
ကျွန်တော်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံးစိစိလုပ်နေကြစဉ် ဦးပဉ္စင်းက
ဆက်ပြန်သည်။

"ဒကာတို့က ကုန်သည်တွေလား"
ကျွန်တော်–
"မဟုတ်ပါဘူး ဘုရား၊ နိုင်ငံရေးကိစ္စနဲ့ ရန်ကုန်သွားရမှာပါ ဘုရား"
"ဟုတ်လား တည်းပါဗျာ၊ ဒီမှာပဲတည်းပါ၊ တခြားသွားမနေပါနဲ့တော့။ ရန်ကုန်မှာ
အုပ်ချုပ်ရေးအဖွဲ့တွေ ဖွဲ့နေပြီလို့
သတင်းကြားရတယ်၊ သခင်ထွန်းအုပ်က ဗမာနိုင်ငံ အုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင်လို့
ကြေညာလိုက်
တယ်ဆိုပါကလား"
ကျွန်တော်သည် အရေးကြီးသမျှ အစစအရာရာ သိပြီးဖြစ်နေသော ဟန်မျိုးကို ဆောင်လျက်–
"ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်ဘုရား၊ ဟင်္သာတမှာလည်း အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့ထားပြီးပြီ
ဘုရား၊ သို့ပေမယ့်
ဒါတွေက ယာယီသဘောတွေပဲ၊ ရှေ့အဖို့ ဘယ်လိုစခန်းသွားကြမှာလဲဆိုတာ ရန်ကုန်မှာ
ဆွေးနွေးကြရဦးမှာပဲဘုရား"
သည်လိုပြောလိုက်သောအခါ ဦးပဥ္စင်းသည် ကျွန်တော့်အား လေးစားသော မျက်လုံးများဖြင့်
ကြည့်ပြီးသဘောကျသော အပြုံးကို ပြနေလေသည်။
"သခင်ထွန်းအုပ်က ဗမာနိုင်ငံ အုပ်ချုပ်ရေးခေါင်းဆောင်အဖြစ်ဖြင့် ကြေညာမယ်ဆိုတာကတော့
ဒီလိုနဲ့
တူပါတယ်ဘုရား။ သူလည်း ဂျပန်ကို လိုက်သွားသေးတယ်၊ သခင်အောင်ဆန်းနဲ့ အတူတူပဲ"
ဦးပဥ္စင်း–
"သြော် ဟုတ်လား၊ အာဂလူပါကလား။ ဦးပဥ္စင်းတို့တော့ သခင်ထွန်းအုပ်ကြီးကို
မြင်ဖူးပါရဲ့ဗျာ။
ပန်းဆွဲသခင်ညီလာခံလုပ်တုန်းက ကျုပ်တို့ သုံးဆယ်မှာ ဝင်ပြီး တရားဟောသွားသေးတယ်။
လူက လူချောကြီး"
လှည်းသမားက ဝတ်ချရင်း–
"ကဲ တပည့်တော်ကတော့ နေချိုရင် ပြန်ထွက်ရမယ်ဘုရား၊ ဈေးလည်း ဝယ်သွားရဦးမယ်"
ဦးပဥ္စင်း–
"အေး အေး သွားစရာရှိရင် သွားရော့လေ။ ဒီဒကာတွေအတွက် စိတ်ချသွားပါ၊
ဦးပဥ္စင်းကိုယ်တိုင်
မော်တော်ကားရှာပြီး ထည့်ပေးလိုက်ပါ့မယ်၊ ဓာတ်ဆီရရင်တော့ သွားကြမှာပါပဲ"
ဖေကြည်–
"ဒီဘက်မှာ ဓာတ်ဆီရှာသလား ဘုရား၊ တပည့်တော်တို့ ဟင်္သာတမှာတော့ ပေါသေးတယ်။
အင်္ဂလိပ်တွေက
ဖျက်ဆီးမသွားနိုင်ဘူး"
ဦးပဥ္စင်း–

"အင်း ဒီဘက်မှာတော့ မိစ္ဆာကောင်တွေက သယ်နိုင်သမျှ သယ်သွားတယ်၊ မသယ်နိုင်တာ
သွန်ပစ်သွားတယ်။
ခုတော့ ဒင်းတို့ သံလျင်–ရေနံချောင်းပိုက်ကို ဖောက်ပြီး ရေနံအကြမ်းတွေ ယူကြတယ်။
ပြီးတော့
ဗမာ့နည်းနဲ့ချက်ပြီး သုံးနေကြရတယ်"
ထိုစကားကိုကြားရသောအခါ ကျွန်တော့်မှာ အလွန်အားရသွားပြီး ကိုယ့်ဗမာတွေကို
ချီးကျူးနေမိလေသည်။
ဦးပဥ္စင်း–
"ဒကာ့နာမည်က ဘယ်သူတဲ့လဲ"
"သခင်တင်ထွန်းပါတဲ့ဘုရား"
"ဟိုဘက်က သူငယ်တွေကကော"
"မောင်ဘဝင်းနဲ့ မောင်ဖေကြည်ပါတဲ့ဘုရား"
"စစ်သတင်းတွေများ ဘာကြားသေးသလဲ သခင်တင်ထွန်းရဲ့"
"တပည့်တော်တို့ ဒီထွက်မလာခင် ဗိုလ်ရန်နိုင်တို့ တပ်မတော် ပြည်ဘက်ကို
ချီတက်သွားတယ် ဘုရား"
"ဒီနေ့ပဲ ကြားတယ်ဒကာရဲ့၊ ရွှေတောင်မှာ တိုက်ပွဲတွေဖြစ်နေတယ်တဲ့"
ကျွန်တော်ကအစစအရာရာ သိထားပြီးသော လေဖြင့်ပင်–
"ဖြစ်ရမှာပဲ စစ်ပရိယာယ်အရ ချက်ပိုင်တဲ့နေရာကိုး ဘုရား"
လှည်းသမားမှာ ကျွန်တော်တို့နှင့် ခွဲသွားရတော့မည်ဖြစ်သဖြင့် ကျွန်တော်တို့သည်
ကျောင်းတိုက်ဝင်းပြင်ဘက်တွင်
ချွတ်ထားခဲ့သော လှည်းသို့အရောက် လိုက်ပို့ကြလေသည်။
တည်းခိုမည့် ဘုန်းကြီးကျောင်းသို့ ပြန်ရောက်လာသောအခါ အောက်ထပ်တံခါးပေါက်ဝတွင်
မတ်တတ်ရပ်ကာ
ကျွန်တော့်အား ကြည့်နေသော အဒေါ်ကြီးတစ်ယောက်ကိုတွေ့ရလေသည်။ ထိုအဒေါ်ကြီးအား
မြင်ဖူးသလိုလို
ရှိသောကြောင့် ကျွန်တော်ကလည်း စိုက်ကြည့်နေမိသည်။ အဒေါ်ကြီးကလည်း
ကျွန်တော့်မျက်ခွက်တည့်တည့်ကို
စိုက်ကြည့်နေ၏။ တကယ်ပင် မြင်ဖူး၏။ ဘယ်တုံးကပါလိမ့်"
မိန်းမကြီးကား အသက်လေးဆယ်ကျော် ငါးဆယ်တွင်း။ ထောင်ထောင်မောင်းမောင်း
ဖြူဖြူဖြိုးဖြိုး၊ သပ်သပ်ရပ်ရပ်။
ဟုတ်ပါသည်။ ၁၃၀၀ပြည့်နှစ် ကျောင်းသားအရေးတော်ပုံအတွင်းက သမဂ္ဂအသင်းတိုက်သို့
ဤအဒေါ်ကြီးလာပြီး
ကျွန်တော့်အား သူတို့အိမ်သို့ ခေါ်သွားခဲ့သည်။ ထမင်းကျွေးပြီး ကျောင်းသားတိုက်ပွဲ
ရန်ပုံငွေသို့ အလှူငွေ ၉၅
ကျပ် ပေးလိုက်ခဲ့သည် မဟုတ်ပါလား။

"ဟာ အဒေါ်ပါကလား"
"မင်း ကျောင်းသားခေါင်း မောင်ဟိုသင်း အင်း–မဟုတ်လား"
ကျွန်တော့်နာမည်ကို မမှတ်မိသော်လည်း သူမသည် လူကို ကောင်းစွာ မှတ်မိနေသည်။
"မောင်တင်ထွန်းပါခင်ဗျား"
"အေး အေး မှတ်မိပြီ၊ ခုနင်က မင်းတို့ဆင်းသွားကတည်းက လှမ်းမြင်လိုက်တော့ တူပါတယ်လို့ထင်လို့
စောင့်ကြည့်နေတာကွဲ့"
သူမကား ရန်ကုန်မြို့တွင် နာမည်ကျော် ဆရာဝန်မကြီး ဒေါက်တာတင်တင်လှ၏ အစ်မ တင်တင်ငယ်ဖြစ်လေသည်။
"အဒေါ်တို့ ဘယ်တုံးက ဒီကိုရောက်နေကြတာလဲ"
"ရန်ကုန်ဗုံးကြဲပြီးကတည်းက ပြေးလာကြတာပဲ"
"အကုန်လုံးလားခင်ဗျာ၊ ဒေါက်တာရောလား"
သူတို့မှာ ညီအစ်မငါးဦးနှင့် အမေအိုကြီး ဖြစ်လေသည်။
"ဒေါက်တာ ဒီရောက်တာတော့ မကြာသေးဘူးကွဲ့၊ ဂျပန်တွေ ရန်ကုန်ဝင်ပြီးမှ ရောက်လာတယ် ကဲဝင်ပါဦး"
ဘဝင်းနှင့် ဖေကြည်တို့သည် ကျွန်တော့်ကိုထားခဲ့ပြီး ကျောင်းပေါ်သို့ တက်ရန် လုပ်နေကြစဉ်
ဒေါ်တင်တင်ငယ်ခေါ် ထိုမိန်းမကြီးက–
"ခေါ်ပါ၊ မင်းမိတ်ဆွေတွေကိုခေါ်ပါ"
ဘဝင်း–
"အပေါ်မှာလုပ်စရာကလေးတွေ ရှိသေးလို့ပါခင်ဗျာ"
သူတို့သည် ကျောင်းပေါ်သို့ တက်သွားကြလေသည်။ ဒေါ်တင်တင်ငယ်က ကျွန်တော့်အား အထဲသို့ခေါ်သွားလေသည်။
အုတ်တိုက်ကျောင်းအောက်ထပ်မှာ အပေါ်ထပ်ထက်ပင် ကောင်းသေးသည် ဟုထင်ရ၏။ ပျဉ်းကတိုး
လျှာထိုးကြမ်းပြင်မှာ တဖိတ်ဖိတ်တောက်နေသည်။ ထောင့်နှစ်ထောင့်တွင် ချိပ်ဆေးအဝါရောင် တဖိတ်ဖိတ်တောက်နေသော သစ်သားလိုက်ကာများဖြင့် အခန်းဖွဲ့ထားသော အခန်း ၂ခန်းရှိသည်။
ပြတင်းပေါက်များတွင် ရောင်စုံ ဖန်ပုတီးစေ့ကုံးများဖြင့် လုပ်ထားသော လိုက်ကာများ ဆွဲထားသည်။ သို့သော်
ပက်လက်ကုလားထိုင် တစ်လုံးမှတစ်ပါး ဘာအိမ်ထောင်ပရိဘောဂမျှမရှိချေ။ ဆိုဖာတွေ၊ ကုလားထိုင်တွေ၊
စားပွဲတွေနှင့် ခံ့ညားလှသော သူတို့ရန်ကုန်တိုက်နှင့်ကား ကွာခြားလှပေ၏။
ဝင်သွားရင်း ဒေါ်တင်တင်ငယ်က အထဲသို့ လှမ်းပြောလိုက်၏။
"ဟုတ်တယ် မမကြီးရေ၊ ကျောင်းသားခေါင်းဆောင်သူငယ်ကလေးပဲ"

အရှေ့ဘက်နံရံ၏ ပြတင်းပေါက်များအနီးတွင် သားရေအနက်ဖုံး စာအုပ်ကိုယ်စီနှင့်
စာထိုင်ဖတ်နေကြသောသူများမှာ ဒေါ်တင်တင်ငယ်၏ မမလေး၊ မမလတ်၊
မမကြီးတည်းဟူသော
အကုန်လုံး၊တစ်ပြုံလုံး လင်မရသေးသည့် မိန်းမကြီးများဖြစ်၏။ သူတို့ကို ကျွန်တော်ကတော့
အပျိုကြီး နံပါတ်၃၊
၂နှင့်၁ ဟူသော အသီးသီးမှတ်မိ၏။ တင်တင်ငယ်မှာ အပျိုကြီးနံပါတ် ၄ ဖြစ်လေသည်။
သူတို့သည်
ကျွန်တော်တို့ထံသို့ ထလာကြလေသည်။ ဒေါ်တင်တင်ငယ်သည် သင်ဖြူးဖျာများခင်းပြီး
ကျွန်တော့်အား
ထိုင်စေ၏။ ပြီးမှ သူတို့ဝိုင်းထိုင်ကြလေ၏။ ထိုင်ပုံမှာ ပိပိပြားပြားရှိလှသည်။ ဒူးတုပ်လျက်၊
မျက်နှာမှာလည်း
ဣန္ဒြေရှိလှ၏။ ဥပုသ်သည် ဣန္ဒြေ။
သူတို့အားတွေ့သည်မှာ လွန်ခဲ့သော သုံးနှစ်ကျော်က ဖြစ်လေသည်။ သို့သော်
သူတို့အားလုံးသည် သုံးနှစ်မက
နှစ်ပေါင်းများစွာ ပိုကြီးသွားသည်ဟု ထင်ရလေသည်။ သူတို့တွင် စိန်တွေ၊ မြတွေ၊
လက်ဝတ်လက်စားတွေ
မပါတော့ချေ။ ပွဲနေပွဲထိုင် စတိုင်ဖြင့် ဝတ်ဆင်ခြင်းလည်း မရှိတော့ပြီ။ အစ်မကြီး ဖြစ်သော
အပျိုကြီး အမှတ် ၁၏
သျှောင်ထုံးမှာ ဆံပင်နက်ဟူ၍ တစ်ချောင်းမျှ မမြင်ရတော့၊ ဆံပင်ကျွတ်နေသော
အကွက်များမှာ ပိုလာ၏။
အပျိုကြီး ၂၏ သျှောင်ထုံးမှာလည်း ငွေရောင်လွှမ်းနေ၏။ အပျိုကြီး ၃မှာ ဆံပင်အနက်
အဖြူဆတူလောက်ဖြစ်နေပေသည်။ ဒေါ်တင်တင်ငယ်ခေါ် အပျိုကြီး ၄မှာကား ဘီးဆံပတ်ပင်
မပတ်နိုင်တော့ချေ။
နောက်တွဲထုံးမှာ တစ်ချက်တစ်ချက် ဆံဖြူကလေးများ လက်လက်သွားသည်ကိုမြင်ရ၏။
အပျိုကြီး၁နှင့်၂တို့၏
လက်ကောက်ဝတ်တွင်ကား လွန်ခဲ့သော ၃ နှစ်ကျော်တုန်းကကဲ့သို့ပင် ပယင်းပုတီးများကို
တွေ့ရသေး၏။ ၃နှင့်
၄တို့၏ လက်ကောက်ဝတ်တွင်မူ မြလက်ကောက်နှင့် စိတ်လက်ကောက်များ မမြင်ရတော့ဘဲ
ဆင်စွယ်ပုတီးကလေးများ ကိုသာတွေ့မြင်ရလေတော့သည်။
သူတို့သည် ပိပိရိရိ ဒူးတုပ်ထိုင်ပြီးနောက် အတော်ကြာမှ စကားပြောကြတော့သည်။
ဒေါ်တင်တင်ငယ်က စလိုက်၏။
"အံ့သြစရာကောင်းတယ်နော်၊ ခုလို တွေ့ရတာ"
အပျိုကြီး ၁–
"ကံတရားဆိုတာ ဒီလိုပဲ၊ ကံဆုံစည်းရင် တွေ့ဖို့အကြောင်းပေါ်ရတာပဲ"
အပျိုကြီး ၂ နှင့် ၃ သည်ပြိုင်တူမေးလိုက်ကြလေသည်။

"မောင်ရင်ကကော ဘယ်ကလာလို့ ဒီကိုရောက်လာတာလဲ"
ကျွန်တော်ကမန္တလေးကစပြီး ခရီးထွက်ခဲ့ပုံ၊ ဟသ်ာတမှ လာခဲ့ရပုံနှင့် ဘုန်းကြီးကျောင်းသို့ ရောက်ရပုံတို့ကို
တိုတိုနှင့် လိုရင်းပြောပြနေစဉ် သူတို့သည် စကားဖောက်မပြောဘဲ
စိုက်နားထောင်နေကြလေသည်။ ဤတွင်
လည်းသူတို့သ်ည အရင်ကနှင့် မတူသည်ကိုတွေ့ရ၏။
ကျွန်တော်ပြောပြီးမှအပျိုကြီး
၁ က–
"ကြည့်စမ်း၊ ဘယ်လောက်ရေစက်ဆုံသလဲ၊ ဒီကျောင်းမှာ လာတွေ့ရတယ်။ ဒီကျောင်းက မေမေဘုရားလှူထားတဲ့ကျောင်း၊ ပျံတော်မူသွားတဲ့ ကျောင်းထိုင်ဆရာတော်က မေမေဘုရား ပဋ္ဌင်းခံထားတာ။
ပြီးခုနက မောင်ရင်ပြောတဲ့ လူထွက်ပြီး စစ်ထဲလိုက်သွားတယ်ဆိုတဲ့ ဦးသာဂရကို ပဋ္ဌင်းခံထားတာ ဒီကပဲလေ"
အပျိုကြီး ၄ ကပြုံးလျက်"
မမကြီးက ပဋ္ဌင်းအမကဲ့၊ ခုတော့ လူထွက်သွားလို့ ခက်နေပေါ့"
အပျိုကြီး ၁–
"ဘာခက်ရမှာလဲ၊ ခုစစ်ထဲလိုက်တာလည်း ကိုယ့်တိုင်းပြည်အတွက် လိုက်တာပဲ။ သာသနာတော်အကျိုးအတွက်
ထမ်းရွက်တဲ့အခါ ထမ်းရွက်တယ်၊ အခုတော ့အမျိုးသားအကျိုးအတွက် ထမ်းရွက်တာပေါ့"
အပျိုကြီး ၃ သည် ငြိမ်ငေးပြီး နားမထောင်ချင်တော့သောကြောင့်–
"ခုနက ဦးသာဂရရဲ့ဆွေမျိုး လှည်းသမားဆိုတာ မေမေဘုရားရဲ့သီးစားသမားများ ဖြစ်နေမလား မဆိုနိုင်ဘူး"
ကျွန်တော့်စိတ်ထဲမှာ နိပါတ်တော်ဇာတ်ပေါင်းသံတွေကို ကြားယောင်လာလေသည်။
အပျိုကြီး ၂ သည်လည်း စကားမပြောဘဲနေရသည်ကို သည်းညည်းမခံနိုင်တော့ဘဲ–
"သီးစားသမားမဖြစ်နိုင်ဘဲ နေပါ့မလား၊ ဒီဘက်တစ်ဝိုက်မှာရော သာရဝေါဘက်မှာရော ဟသ်ာတဘက်ရော
မေမေဘုရားတို့ မြေတွေက အများကြီးရှိတာပဲ။ မောင်ရင့်ကို လိုက်ပို့တဲ့ ဟသ်ာတက သူငယ်နှစ်ယောက် တောင်
မေမေဘုရားရဲ့ သီးစားသမားကလေးတွေ ဖြစ်ချင်ဖြစ်မယ်"
ကျွန်တော်သည် ထိုဇာတ်ပေါင်းသံတွေကို ရပ်စဲစေခြင်းငှာ–
"ဘွားဘွားကော နေကောင်းရဲ့လား"
အပျိုကြီး ၄ နှင့် ၂ တို့က တစ်ပြိုင်တည်း–
"ကောင်းပါတယ် ကောင်းပါတယ်"
အပျိုကြီး ၃–
"ခုတော့ နေ့လယ်စာစားပြီးလို့ အိပ်နေတယ်"

နေ့လယ်စာစားခြင်းနှင့် စကားစပ်မိပြီးနောက် သူတို့သည် ရန်ကုန်အိမ်မှ ပန်းကန်ခွက်ယောက်
အင်္ဂလိပ်လုပ်များနှင့် ငွေဇွန်းခက်ရင်းများကို မြေမှာ မြုပ်ထားခဲ့ရကြောင်း၊ အိမ်ထောင်ပရိဘောဂများကို
မသယ်ယူနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဒီမှာနေရတာ မည်မျှဆင်းရဲကြောင်း၊ ထောပတ်ကောင်းကောင်းမရ ကြောင်း၊
မေမေဘုရားအတွက် စပျစ်သီးလည်း ဝယ်မရကြောင်း၊ ဝင်ငွေလည်းမရှိ တော့ဘဲ ပစ္စည်းပစ္စယများကို
ထုခွဲစားနေရ၍ မည်မျှခြိုးခြံနေရကြောင်း၊ ရန်ကုန်မြို့ ပတ်ကလိန်းရှိ သူတို့အိမ် ပျက်စီးမည်ကို
မည်မျှစိုးရိမ်ကြောင်း၊ လူမသမာတို့သည် အိမ်သော့ကို ရိုက်ချိုးပြီး စန္ဒရား၊ ဗီရိုစသော
အဖိုးတန်အိမ်ထောင်ပစ္စည်းများကို ယူပြီး ပစ်စလက်ခတ် လုပ်လေ့ရှိသည်ဟု ကြားရကြောင်း၊ ဘုရားခန်းထဲက
ငွေဖလားတစ်လုံးနှင့် ကြွေပန်းစိုက်အိုးတစ်လုံးကို မြေမြုပ်ထားသည့်အထဲတွင် မထည့်လိုက်မိကြောင်း စသည်ဖြင့်
အမျှင်မပြတ် ပြောဆိုနေကြလေသည်။ ထိုထိုသော ဒုက္ခများနှင့် ဤဤသောဗျာပါဒများကြောင့် သူတို့တစ်တွေသည်
ရုပ်သဏ္ဍာန် အဆင်းကြန်တွေ ဤမျှကြီးရင့် အိုမင်းသွားကြခြင်း ဖြစ်သည်ဟု ဆင်ခြင်မိလေသည်။ ကြာတော့
သူတို့၏ ညည်းညူသံတွေကို မကြားချင်တော့ချေ။ ထို့ကြောင့်စကားကြောင်း ပြောင်းလဲသွားစေရန်–

"ဒေါက်တာကော ရှိရဲ့လားခင်ဗျာ"

အပျိုကြီး ၄–

"ရှိပါတယ် အခန်းထဲမှာ စာဖတ်နေတယ်"

အပျိုကြီး ၁–

"တင်တင်ငယ်ရေ၊ တင်တင်လှကို ခေါ်ပြီး မိတ်ဆက်ပေးလိုက်ပါဦးကွယ်"

အပျိုကြီး ၄–

"ဟုတ်ကဲ့ မမကြီး"

ဒေါ်တင်တင်ငယ်သည် ဖျတ်လတ်စွာထပြီး လက်ဝဲဘက်ထောင့်ရှိ အခန်းဆီသို့ သွားလေသည်။

ပြောစရာ စကားစပျောက်နေကြသဖြင့် အပျိုကြီး ၃ သည် လက်မှဆင်စွယ် ပုတီးကိုဖြုတ်ကာ စိပ်နေလေသည်။

အပျိုကြီး ၂ ကား လက်ကောက်ဝတ်တွင် ပတ်ထားသော ပယင်းပုတီးကို စိုက်ကြည့်နေသည်။ အပျိုကြီး ၁ မှာ
ထိုင်ရာမှထ ပြီး သားရေနက်ဖုံးစာအုပ်များဆီသို့ သွားလေသည်။

အခန်းထဲမှ ဒေါ်တင်တင်ငယ်သည် ထွက်လာရာ နောက်မှ ဒေါက်တာတင်တင်လှ
ပါလာလေသည်။ ကျွန်တော်သည်
ဒေါက်တာတင်တင်လှ အားယခုမှ ပထမအကြိမ် မြင်ဖူးရခြင်း ဖြစ်လေသည်။
အသက်လေးဆယ်တွင်းသို့
ရောက်နေလင့်ကစား ပျိုမျစ်ခြင်း အပြည့်ရှိပြီး စစ်ပြေးဘဝ ဒုက္ခသုက္ခတွေ
တွေ့ကြုံနေလင့်ကစား
ကျန်းမာလန်းဆန်းခြင်း အပြည့်ဆောင်နေပေ၏။ အရပ်အမောင်းမှာ ဒေါ်တင်တင်ငယ်နှင့်
အတူ
ထောင်ထောင်မောင်းမောင်း ဖြစ်လေသည်။ မျက်နှာမှာ ဒေါ်တင်တင်ငယ်က
မမလေးဟုခေါ်သော အပျိုကြီး အမှတ်
၃ နှင့် ခပ်ဆင်ဆင်ဖြစ်၏။ ရကောက်ပြောင်းပြန်ထောင်ထားသော နှာခေါင်းကို
သူတို့အဖေထံမှ
အမွေဆက်ခံထားကြလေသည်။ ဆံပင်ကို တပတ်လျှိုနောက်တွဲ ထုံးထားပြီး နဖူးပြင်မှာ
ဆံနကလေးများ
ဖြန့်ကြဲချထားလေ သည်။ ရှုံသားအင်္ကျီတိုကျပ်ပါးနှင့် အပြာရင့် ပိုးတွန့်လုံချည်
တစ်ပတ်ရစ်ကို
ဝတ်ထားလေသည်။
ဒေါ်တင်တင်ငယ်–
"ဟောဒီ သူငယ်ပေါ့၊ ကျောင်းသားခေါင်းဆောင် မောင်တင်ထွန်းဆိုတာ"
ကျွန်တော်က မတ်တတ်ရပ်ပြီး ကြိုရင်း–
"နေကောင်းပါရဲ့လား ဒေါက်တာ"
"ကျေးဇူးတင်ပါတယ်၊ နေကောင်းပါရဲ့" (ကျွန်တော့်ထံမှ အစ်မများဘက်လှည့်ပြီး)
"အရင်တစ်ခေါက်ယောက်ျားမပါလာသောအိမ်တွင် အစ်မလုပ်သူအားလုံးက ညီမအငယ်ဆုံးအား
မောင်ကလေးလို
ဆက်ဆံကြရာမှ ကျွန်တော်ဟူသော အသုံးအစွဲသည် အလေ့အထဖြစ်လာခဲ့ဟန်တူလေသည်။
ဒေါက်တာတင်တင်လှက ကျွန်တော့်ဘက်သို့ ပြန်လှည့်ပြီး–
"အဲဒီတုန်းက ကိုယ်နဲ့မတွေ့လိုက်ရတာ ဝမ်းနည်းပါတယ် ထိုင်ပါ ထိုင်ပါ"
ကျွန်တော်က မူလနေရာမှာ ပြန်ထိုင်သည်။ ဒေါက်တာတင်တင်လှသည် မမကြီး
ထိုင်သွားသောနေရာမှာ
ဝင်ထိုင်သည်။ သို့သော် အစ်မများလို ပိပိရိရိ ဒူးတုပ်၍မထိုင်၊ ဆောင့်ကြောင့်သာ
ထိုင်လိုက်လေသည်။
ကျွန်တော်သည် ဘာစကားပြောရပါမည်လဲဟု စဉ်းစားနေစဉ် ဒေါက်တာတင်တင်လှက–
"ယူတို့လည်း ဒီကို ပြေးလာသလား"
ဟုမေးလိုက်ရာ သုံးဆယ်သို့ရောက်ပြီး မမျှော်လင့်ဘဲ သူတို့နှင့်တွေ့ရပုံကို အကျဉ်းရုံးပြီး
ပြောပြရပြန်လေသည်။

ဒေါက်တာသည် ကျွန်တော်ပြောသမျှကို စိုက်နားထောင်နေသောလည်း ကျွန်တော့်နိုင်ငံရေးဆောင်ရွက်မှုများတွင်
စိတ်ဝင်စားဟန်မရှိ။ သူမသည် ကျွန်တော့်အား မစပ်ဟပ်သော မေးခွန်းဖြင့်သာ တုံ့ပြန်လိုက်လေသည်။
"ယူက ဂရယ်ဂျူယိတ်လား"
"ဟုတ်ကဲ့၊ ကျွန်တော် ဘီအေအောင်ပါသေးတယ်"
"ဘီအယ်လ်ဆက်မသင်ဘူးလား"
"မသင်ဖြစ်ပါဘူးခင်ဗျာ၊ မိတ်ဆွေတွေကတော့ တိုက်တွန်းကြပါရဲ့"
ကျွန်တော့်စိတ်ထဲမှာ ကွယ်လွန်သူ မမြင့်ဦးက ကျွန်တော့်အား ဘီအယ်ဆက်သင်ရန် အတန်တန်ပြောခဲ့သည်ကို
သတိရသွားလေသည်။ ဒေါက်တာက–
"ဆက်သင်ဖို့ကောင်းတယ်နော်၊ ယူ မှားတာပဲ"
ကျွန်တော်က–
"ဒေါက်တာ ရန်ကုန်ကို ဂျပန်တွေ ရောက်ပြီးမှ ဒီကိုလာခဲ့တယ်ဆို"
"ဟုတ်တယ်၊ အစကတော့ ဘယ်သူလာလာ ကိုယ့်အလုပ် ကိုယ့်တာဝန်ကို ဆက်လုပ်မယ်လို့ပဲ။ ကိုယ်တို့ကတော့
အင်္ဂလိပ်အုပ်ချုပ်သည်ဖြစ်စေ၊ ဂျပန်အုပ်ချုပ်သည်ဖြစ်စေ၊ ဗမာအုပ်ချုပ်သည်ဖြစ်စေ၊ လူနာဆေးကုရမှာပဲ။ ဂျပန်က
ပစ်ခတ်လို့ ဒဏ်ရာရတဲ့ အင်္ဂလိပ်ကို ကုသဖို့လည်း ကိုယ်တို့တာဝန်၊ အင်္ဂလိပ်က ပစ်ခတ်လို့ ဒဏ်ရာရတဲ့
ဂျပန်ကို ကုသဖို့လည်း ကိုယ်တို့တာဝန် ဒီသဘောထားတာပဲ။ ဒါကြောင့် ရန်ကုန်ဗုံးကြဲတာတောင်
အလုပ်ကိုမစွန့်ဘူး၊ မေမေနှင့်မမတို့ကိုသာ ဒီကိုပို့ထားတာ"
သူမသည် အစ်မကြီးများလို မေမေဘုရားဟု မခေါ်၊ မေမေဟု ရိုးရိုးသာခေါ် သည်ကို သတိပြုလိုက်မိလေသည်။
သူမ၏ တာဝန်ကို သိတတ်သော သဘောကိုလည်း ကြည်ညိုမိလေသည်။
"ရန်ကုန်တစ်ဝိုက်မှာ စစ်ဖြစ်နေတော့လည်း တာဝန်ကို မစွန့်ဘူး၊ ဂျပန်တွေနဲ့ ဘီအိုင်အေတွေ
ဝင်လာပြန်တော့လည်း မစွန့်ဘူး။ ဒါပေမဲ့ ခဏကြာတော့ အင်မတန်ရိုင်းစိုင်းတဲ့ ဂျပန်တွေနဲ့
မဆက်ဆံချင်တော့ဘူး။ လူကြီးလူကောင်းကို လူကြီးလူကောင်းနဲ့တူအောင် သူတို့ မဆက်ဆံတတ်ကြဘူး။
ဆရာဝန်မို့လို့ ရိုသေရမှန်းမှလည်း မသိဘူး၊ မိန်းမသားမို့ အရေးပေးရမှန်းလည်း မသိဘူး။ ပြီးတော့ ကိုယ့်မှာ
အင်္ဂလိပ်ငွေစက္ကူတွေရှိနေတာကိုလည်း မသင်္ကာကြဘူး။ ခြောက်လား လှန့်လားလုပ်တယ်၊ ပြီးတော့ မဟားတရား

ရှိင်းစိုင်းတဲ့ အမူအရာတွေပြကြတယ်။ ဒါနဲ့ထွက်လာခဲ့တာပဲ။ တချို့ယဉ်ကျေးတဲ့ ဂျပန်အရာရှိတွေတော့ ပါပါရဲ့၊
သူတို့ကလည်း မထွက်ဖို့ တောင်းပန်ကြပါရဲ့၊ ဒါပေမဲ့ သတို့မျက်ကွယ်မှာ သူတို့အောက်ကလူတွေ
လုပ်ချင်ရာလုပ်နေတာတွေ တားဆီးနိုင်ကြတာ မဟုတ်ဘူး၊ ဒါနဲ့ဖွတ်ထွက်လာခဲ့တာပဲ”
ဂျပန်စစ်သားတို့၏ မဟားတရား ရိုင်းစိုင်းသော အမူအရာဆိုသည်မှာ ဒေါက်တာတင်တင်လှ၏
အမျိုးသမီးဂုဏ်ရည်များကို စော်ကားခြင်း မဟုတ်ပါစေနှင့်ဟု စိတ်ထဲက ဆုတောင်းနေမိ၏။
“ဒပ်ဖရင် ဆေးရုံကြီးကိုလည်း ဂျပန်စစ်တပ်က သိမ်းထားတယ်။ ဆေးရုံ၊ ကောလိပ်တို့ကို စစ်စခန်းလုပ်တာလည်း
ကိုယ်ဖြင့် နည်းနည်းမှ သဘောမကျဘူး”
အခါတိုင်းနှင့်မတူ တစ်ခုထူးခြားသည်မှာ ဒေါ်တင်တင်ငယ်နှင့် အစ်မကြီးများသ်ည ညီမတင်တင်လှစကားပြောနေစဉ် တစ်လုံးတစ်ပါဒမျှ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း မပြုကြချေ။
စကားလုပြောဖို့ကား ဝေး၏။
ဒေါက်တာတင်တင်လှသည် ရန်ကုန်ဆေးရုံကြီးရပ်စဲမသွားအောင် ဒေါက်တာဘသန်းတို့လူစု ဆက်လက်ထိန်းသိမ်းကာ တာဝန်ထမ်းနေကြပုံ၊ ကျန်းမာရေး သန့်ရှင်းရေးနှင့် အခြားမြူနီစပယ် လုပ်ငန်းများ
ရပ်မသွားအောင် မြန်မာ့အလင်းဦးတင်စသော လူကြီးများ ဆောင်ရွက်နေကြပုံ အရှးထောင်နှင့် ရန်ကုန်ထောင်ပွင့်သဖြင့် မည်မျှပရမ်းပတာဖြစ်သွားပုံ၊ ဆိုင်ဖောက်အိမ်ဖောက် လုယက်မှုများ ဖြစ်ပွားပုံစသည်တို့ကို
ပြောပြနေလေသည်။
ထိုအခိုက် အသက်ငါးဆယ်ခန့်ရှိသော ခုပ်ပုပုသေးသေး လူကြီးတစ်ယောက် ဝင်လာလေသည်။ သူ့လက်ထဲမှာ
ဂုန်အိတ်အလွတ်တစ်လုံးနှင့် နီးတောင်းအလွတ်တစ်လုံးပါလာလေသည်။
ဒေါ်တင်တင်ငယ်က ဆီးပြီး–
“ဝေပြီးခဲ့ပြီလား”
ထိုလူကြီးသည် တောင်းနှင့်အိတ်တို့ကို ကြမ်းပြင်ပေါ်မှာချထားရင်း–
“ဟုတ်ကဲ့ ဝေပြီးပါပြီ ခင်ဗျာ၊ ဆန်ကတော့ လောက်ပါရဲ့၊ ဆီက မလောက်ဘူး ခင်ဗျ”
ဒေါ်တင်တင်ငယ်–
“နောက်တော့ ကျန်တဲ့လူတွေ ဆီဝေသေးတာပေါ့”
ထိုလူကြီးသည် ထိုင်ပင်မထိုင်တော့ဘဲ ပြန်ထွက်သွားလေ၏။
ဒေါ်တင်တင်ငယ်က ကျွန်တော့်အား–
“ကျောင်းတိုက်ထဲမှာ ဒေါ်ဒေါ်တို့လိုပဲ စစ်ပြေးဒုက္ခသည်တွေ ပြည့်နေတာပဲ၊ သူတို့က ကိုယ့်ထက်ဒုက္ခရောက်နေကြလေတော့ ဆန်ဆီ ဝေပေးရတာကိုး သခင်တင်ထွန်းရဲ့”

"ကောင်းပါတယ်ခင်ဗျာ၊ ဒါလည်း သာဓုအနုမောဒနခေါ်စရာ ကောင်းမှုကုသိုလ် တစ်ခုပေါ့"
အပျိုကြီး ၂ နှင့် ၃ တို့က ပြိုင်တူ"
စစ်ဆိုတာ တယ်ဆိုးတာကလား"
"စစ်ဆိုတာ တယ်ဆိုးတာကလား"
"လူတွေ သိပ်ဒုက္ခရောက်ကြတယ်"
လူတွေ သိပ်ဒုက္ခရောက်ကြတယ်"
သူတို့သည် ဒေါက်တာတင်တင်လှ စကားစပြောကတည်းက ဤတစ်ကြိမ်သာ
ဝင်ပြောကြခြင်းဖြစ်လေသည်။
ဒေါက်တာတင်တင်လှက အစ်မများအား–
"ဒီကျောင်းတိုက်ထဲနေရတဲ့ စစ်ပြေးဒုက္ခသည်တွေက အတော် တော်သေးတာပဲ၊ တချို့
သစ်ပင်အောက်မှာတောင်
နေရတာ ကျွန်တော်တွေ့ခဲ့ ရတယ်"
ထို့နောက် ဒေါက်တာသည် အိန္ဒိယသို့ သင်္ဘောဖြင့် ပြန်ရန်အားခဲကာ စောင့်နေပြီးမှ
သင်္ဘောမရတော့သဖြင့်
ဒုက္ခဆင်းရဲရောက်နေသော ကုလားစစ်ပြေးများအကြောင်းကို ပြောပြနေလေသည်။
ထိုအခိုက်တွင် အပျိုကြီး ၂ သည် ဖုံးဖိရန် ကြိုးစားသော်လည်းမရ၊ အံကြွလာသော
သမ်းခြင်းဖြင့်
သမ်းလိုက်လေသည်။ ကျွန်တော်တို့ စကားပြောနေကြသည်မှာ ကြာပြီဖြစ်ကြောင်း
ကျွန်တော်ကသတိရသဖြင့်–
"အဲဗျာ ခုလို ဒေါက်တာတို့နဲ့ လာတွေ့ရတာ အင်မတန် ဝမ်းသာတာပဲ၊ ကျွန်တော်
နက်ဖြန်မနက်မှ
ရန်ကုန်သွားမှာပါ၊ ညနေကျရင် ဘွားဘွားနဲ့လည်း တွေ့ရအောင် လာပါဦးမယ်"ဟု ပြောပြီး
ထလေသည်။
ဒေါ်တင်တင်ငယ်က–
"ရန်ကုန်ရောက်ရင်ကွယ် ဒေါ်ဒေါ်တို့အိမ် သွားကြည့်လိုက်စမ်းပါ၊ ဒရဝမ်တော့ ထားခဲ့ပါရဲ့"
"ဟုတ်ကဲ့၊ သွားကြည့်ပြီး အခြေအနေကို စာရေးလိုက်ပါ့မယ်"
"တတ်နိုင်ရင် မပျက်မစီး မပျောက်မရှအောင် စောင့်ရှောက်လိုက်ပါကွယ်"
"စိတ်ချပါခင်ဗျာ"
ကျွန်တော့်အား နှုတ်ဆက်ရန် အပျိုကြီး ၁ သည် စာဖတ်နေရာမှ ထလာခဲ့လေသည်။
ဒေါ်တင်တင်ငယ်နှင့်
အပျိုကြီး ၂ နှင့် ၃ တို့သည်လည်း ထိုင်ရာမှ ထကြလေသည်။
ဒေါက်တာတင်တင်လှသည်လည်း
မတ်တတ်ရပ်လိုက်၏။
ထိုခဏ၌ ဒေါက်တာတင်တင်လှသည် ကျွန်တော့်အချစ်ဟောင်းကြီး မမြမှီနှင့်
အသက်အရွယ်နှင့် အရပ်အမောင်း၊

ကိုယ်လုံးအတူလောက် ဖြစ်မည်ဟု ခန့်မှန်းကြည့်မိလေသည်။ သို့သော် ဒေါက်တာမှာ မဖြူမိုလောက်မလှ၊
မဖြူမိုလောက်လည်း နွဲ့နောင်းပြေပြစ်ခြင်းမရှိ၊ မသဘာ၀ ညို့ဓာတ်လည်းမရှိ။
ကျွန်တော်တံခါးပေါက်သို့ ရောက်သောအခါ ဒေါက်တာတင်တင်လှက–
"ယူညနေမှာ အားမယ်လား"ဟု မေးလိုက်လေသည်။
"အားပါတယ် ဒေါက်တာ၊ ဘာကိစ္စရှိလို့ပါလဲ"
"ကိုယ် ဒီရောက်ကတည်းက ကျောင်းဝင်းအပြင်ကို တစ်ခေါက်မှ မရောက်သေးဘူး၊ အပြင်ထွက်ပြီး
လမ်းလျှောက်ချင်တယ်၊ လိုက်ပို့နိုင်မယ်လားလို့"
"ဟုတ်ကဲ့၊ ပို့ပါ့မယ်ခင်ဗျာ"
အပျိုကြီး ၃ နှင့် ၄ တို့က ပြိုင်တူ–
"ဒီကလည်း လိုက်ခဲ့မယ်ကွဲ့"
"ဒီကလည်း လိုက်ခဲ့မယ်ကွဲ့"
ကျွန်တော်သည ကျောင်းအပေါ်ထပ်သို့ တက်လာခဲ့လေသည်။
ညနေတွင် လမ်းမလျှောက်ဖြစ်ပေ၊ ဂျပန်စစ်တပ်တွေ အများအပြား နောက်ထပ် ရောက်လာသဖြင့်
အထိတ်တလန့်ဖြစ်နေကြလေရာ ဒေါက်တာတင်တင်လှ၏ မိခင်ကြီးက ဘယ်သမီးမျှ အပြင်မထွက်ရဟု
ကြပ်တည်းစွာ ပိတ်ပင်လိုက်လေသည်။
မိန်းမသားတွေမဆိုထားနှင့် ကျွန်တော်တို့ ယောကျာ်းသားများပင်လျှင် ဂျပန် စစ်သားများအား ဝေးဝေးက
ရှောင်ကြသည်။ သူတို့စခန်းချနေသော နေရာများသို့ မသွားမိဖို့ သတိထားကြ၏။ မလွှဲသာလို့
သူတို့နှင့်မျက်နှာတူရူ ပက်ပင်းပါ တွေ့ကြလျှင်လည်း အရောတဝင် ဖြစ်မသွားအောင် ကိုယ့်ဘာသာ
နေလိုက်ကြလေသည်။
ယခင်က ဂျပန်တို့အား အင်္ဂလိပ်လက်အောက်မှ ကယ်တင်သူများအဖြစ်ဖြင့် ရိုးသားစွာ အထင်ကြီးပြီး လှိုက်လှဲစွာ
ဆီးကြိုခဲ့သူများသည် ပို၍ သတိကြီးစွာဖြင့် ရှောင်ကြလေသည်။ ဂျပန်တို့သည် ကမ်းလှမ်းသော သပြေပန်းကို
လွှင့်ပစ်ခဲ့သည် မဟုတ်လော။ တောင်ရှည်ပုဆိုးနှင့် လူကြီးများကို လှည်းအတွန်းခိုင်းသည် မဟုတ်လော။
အပေါ်အင်္ကျီ ရွှေကိုင်းမျက်မှန်နှင့် လူငယ်အား သေနတ်ပြောင်း အတိုက်ခိုင်းသည် မဟုတ်လော။
သခင်ခေါင်းဆောင်အား ဖာအရှာခိုင်းသည် မဟုတ်လော။

သို့သော် ဂျပန်တို့ကို ဗမာအားလုံးက ရှောင်ကြသည် မဟုတ်ပါ။ သူတို့နှင့်
ပလဲနံပသင့်မြတ်အောင် အောက်ကျို့၍
မျက်နှာချိုသွေး၍ ပေါင်းသူတွေလည်း ရှိပေသည်။ အင်္ဂလိပ်စကား ချောက်ချီးချောက်ချက်
ပြောတတ်သော
ဂျပန်စစ်ဗိုလ် ကလေးကို ရှာ၍ ဆည်းကပ်ပြီးလျှင် ဘာသာပြန်လုပ်သလိုလို၊
စာရေးလုပ်သလိုလို၊
ဂျပန်သူလျှိုလုပ်သလိုလို လုပ်ကြသူတွေကို တွေ့ရသည်။ အချို့မိန်းမ ယောကျ်ားတွေက
ဂျပန်တွေနှင့် အသိဖွဲ့ပြီး
အရောင်းအဝယ် အသွားအလာ လွယ်ကူအောင်လုပ်ကာ စီးပွားရှာသူတွေလည်း
ပေါ်လာလေသည်။
ဂျပန့်ဘုန်းရိပ်ကိုခိုလှုံကာ ဗမာတွေအပေါ်မှာ ဗိုလ်ကျနိုင်ရန် စီစဉ်သူ စီစဉ်သည်။
မိမိကိုလည်းကောင်း၊ မိမိ၏ အဝန်းအဝိုင်းကိုလည်းကောင်း၊
ဗမာအမျိုးသားတို့ကိုလည်းကောင်း ဂျပန်စစ်ဝါဒီတို့
မညှဉ်းပန်း မနှိပ်စက်နိုင်ရန် အကာအကွယ်အဖြစ်ဖြင့် မချစ်သော်လည်း အောင့်ကာ
နမ်းရမည်ဟု
ယူဆသူတွေကလည်း များလှပေ၏။
ကျွန်တော်သည် သုံးဆယ်မှ ရန်ကုန်သို့ဘတ်စ်ကားဖြင့် လိုက်ပါခဲ့စဉ်
အထက်ပါအခြင်းအရာများကို
တွေ့မြင်ဆင်ခြင်မိလေသည်။
စစ်ကြီးတွင် ကိုယ်တွေ့မကြုံကြိုက်ဖူးစဉ်ကဆိုလျှင် အထက်ပါ မကြိုက်စရာ
အခြင်းအရာမျိုးကိုတွေ့လျှင် ရင်ထဲမှာ
မျိုသိပ်မထားနိုင်ဘဲ ထုတ်ဖော်ဖွင့်ဟ ရှုတ်ချမိပေလိမ့်မည်။ ယခုတော့ မျိုသိပ်ထားလိုက်သည်။
ကောင်းမကောင်း၊
မှန်မမှန်ကို စိတ်ထဲမှာသာ ကျိတ်၍ ဝေဖန်နေလေသည်။ ဘာ့ကြောင့်လဲ။
ဂျပန်တွေကို ကြောက်လို့မျိုသိပ်ထားသလား။ ဒါ ဟုတ်ကောင်းဟုတ်နိုင်သည်။
အခက်အခဲ အကျဉ်းအကျပ်နှင့် တွေ့လာသောအခါ များစွာသော လူတို့မှာ
အားနည်းချက်ကလေးတွေ၊
နုံတာညံ့တာတွေ၊ အလွယ်လိုက်တာကလေးတွေ ပေါ်လာတတ်လေသည်။ ထို့ကြောင့် မိမိအား
ပါးချနေသော
ဂျပန်ကို ခြေဖက်လိုသူတွေ ပေါ်လာ၏။ ကုန်းခံခြင်း၊ မချစ်သော်လည်း အောင့်ကာနမ်းခြင်း
စသည်တို့သည်
ပညာရှိတို့လုပ်အပ်သော အလုပ်မည်၏ဟူသော ဩဝါဒမျိုးတွေ ပေါ်လာ၏။ ဤကား
သဘောဝပါတကား။
သည်လူတွေရဲ့ အမူအကျင့်တွေဟာ သဘာဝကျသော အမူအကျင့်တွေပါကလား။ ထို့ကြောင့်
ကျွန်တော်သည်

သူတို့တစ်တွေကို ခွင့်လွှတ်လိုသည် မဟုတ်လား။ ပြစ်တင်ရှုတ်ချချင်တာတွေကို မျိုသိပ်ထားလိုသည် မဟုတ်လား။
ဒါလည်းဖြစ်နိုင်ပေသည်။
သို့သော် ကျွန်တော်သည် ရင်တွင်းရှိတာ ဖွင့်ဟဖော်ထုတ်ချင်ဦးတော့၊ မည်သူ့ရှေ့တွင် ဖွင့်ဟဖော်ထုတ်ရမည်နည်း။
မည်သူ့အား ယုံကြည်ရမည်နည်း။ ဤလိုအခါမျိုးတွင် မည်သူက မည်သူ့အား ယုံကြည်ရအံ့နည်း။
ရန်ကုန်ရောက်လျှင် ယုံယုံကြည်ကြည်ဖြင့် ဖွင့်ဟဖော်ထုတ်ပြောနိုင်သူတွေ တွေ့ကောင်းပါ၏။
သို့ကလို တွေးတောကာ လိုက်ပါလာစဉ် ကျွန်တော်တို့၏ ဘတ်စ်ကားမှ စပယ်ယာ၏ အော်သံကြောင့်
လန့်သွားလေသည်။
"ရှေ့မှာ ငပုတွေဟေ့ ငပုတွေ၊ သတိထားမောင်းကွ"
မော်ဘီအလွန်မှာ ဖြစ်လေသည်။ ငပုတွေဆိုတာ ဘယ်သူတွေမှန်း ကျွန်တော်မသိ၊ ခေါင်းပြူ၍ ရှေ့ကြည့်လိုက်တော့
စစ်ကားတွေကို မြင်ရလေသည်။ ကျွန်တော်တို့၏ ဘတ်စ်ကားသည် မြန်ရှိန်ကို လျှော့ပြီး မောင်းသွား၏။ ခရီးသည်
တစ်ယောက်က "ဂျပန်တွေက တို့ကားကို အရပ်ခိုင်းနေတယ်"ဟု ပြောလိုက်တော့မှ ငပုဆိုသည်မှာ
ဂျပန်ဟုဆိုလိုကြောင်း သိရတော့သည်။
ဂျပန်စစ်သားတို့သည် သေနတ်များဖြင့် ချိန်ရွယ်ပြီး ကျွန်တော်တို့
ဘတ်စ်ကားကိုအရပ်ခိုင်း၏။ ခရီးသည်များမှာ
အထိတ်တလန့်ဖြစ်နေကြလေသည်။ ဘတ်စ်ကားသမားမှာ ထန်းလျက်မှတ်ပြီး ခွေးအလျက် ခံရထိုက်လောက်အောင်
မျက်နှာများကို ချိုစေကြပြီး ကာယဝစီ အမျိုးမျိုးပလီလျက်–
"မတ်စတာ မတ်စတာ"ဟု နှုတ်ဆက်ကြလေ၏။
ဂျပန်တို့သည် ကားကို စစ်ဆေးကြခြင်းဖြစ်လေသည်။ သူတို့သည်ဖရဲသီးကြီးများနှင့် ထန်းလျက်များကိုတွေ့သောအခါ အာသာငမ်းငမ်း တက်နေကြကြောင်း ပြနေလေသည်။ အလိုက်သိသော
စပယ်ယာသည် ဖရဲသီးသုံးလုံးနှင့် ထန်းလျက်တစ်ပိဿာလောက်ကို ယူပေးလိုက်သောအခါ အလွန်ဝမ်းသာသွားလေသည်။ တပ်ကြပ်ကလေးနှင့်တူသော ဂျပန်ကား ခရီးသည်တစ်ယောက် စီးလာသော
ကတ္တီပါသည်းကြိုးတပ် ညှပ်ဖိနပ်ကို အတော်သဘောကျနေဟန်ရှိ၏။ သူ့ခုံဖိနပ်ကို လက်ညှိုးထိုးပြလိုက်၊
ကတ္တီပါဖိနပ်ကို လက်ညှိုးထိုးပြလိုက် ပါးစပ်က ဂျပန်စကားတွေပြောလိုက် လုပ်နေခြင်းကြောင့် အကင်းပါးသော

ဗမာအပေါင်းက ထိုခရီးသည်အား "ကဲပါဗျာလဲလိုက်ပါ"ဟုတောင်းပန်
တိုက်တွန်းကြလေသည်။ ခုံဖိနပ်နှင့်
ကတ္တီပါဖိနပ် လဲလာခဲ့ကြရလေ၏။ ကျေနပ်သွားပြီဖြစ်သော ဂျပန်တို့သည် ကျွန်တော်တို့၏
ဘတ်စ်ကားကို
သွားခွင့်ပြုလိုက်လေသည်။ စပယ်ယာသည် ဂျပန်စကားလုံး တော်တော်များများကို
တတ်နေပြီကို တွေ့ရသဖြင့်
ကျွန်တော်အံ့သြနေ၏။ သူသည် 'ရောတောရို' 'အာရိကတ္တော' 'နိပွန် ဘုရှမာဘန်ဇိုင်း'
'နိပွန်ဘုရှမာ အုံနာကျို'
စသည့်စကားများဖြင့် ဘေးမသီ ရန်မခ ကိစ္စချောအောင် လုပ်ခဲ့လေသည်။
ကားထွက်ပြီးနောက်တစ်ခဏ၌ကား သူသည် ဂျပန်များကို ဆဲရေးတိုင်းထွာ နေလေပြီ။
"မအေပေး ငပုတွေ၊ ဂိတ်လည်းမဟုတ်ဘူး၊ သက်သက် စားပေါက်ထွင်တာကွ"
ကတ္တီပါဖိနပ်နှင့် ခုံဖိနပ်လဲခဲ့ရသော ခရီးသည်သည်ကား ဘတ်စ်ကားစပယ် ယာလို
ဆဲရေးတိုင်းထွာခြင်းမပြု၊
ခုံဖိနပ်ကိုသာ လွှင့်ပစ်ခဲ့လေသည်။
ဘတ်စ်ကားသည် ကမာရွတ်ဌာနအနီး လှည်းတန်းမှာ ရပ်ရလေသည်။ ရှေ့ဆက်မသွားရ။
ယခုထိ မြို့ထဲသို့ စီးနင်းလိုက်ပါရန်ယာဉ်များမရှိသေး။
မောင်ဘဝင်းနှင့် မောင်ဖေကြည်တို့သည် ကြည့်မြင်တိုင်မှာနေသည်ဟု သတင်းရထားသော
သူတို့၏မိတ်ဆွေတစ်ဦးထံသို့ သွားချင်ကြလေသည်။ ကျွန်တော့်အဖို့မှာ
ကမာရွတ်ဦးလေးမြင့်အိမ်သို့ သွားခြင်းက
အကောင်းဆုံးဖြစ်လိမ့် မည်။ ကမာရွတ်မှာ လူအများမှာ ပြောင်းရွှေ့နေထိုင်ခြင်းပြုဖို့
လိုမည်မဟုတ်ပေ။
အင်္ဂလိပ် မက်သောဒစ် မိန်းကလေးကျောင်းမှာ စခန်းချထားသော ဘီအိုင်အေ စစ်ဌာနချုပ်သို့
သွားရန်လည်းမလွယ်သေး။
တို့ဗမာအစည်းအရုံးဌာနချုပ်လုပ်ထားသော ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၈ သို့
သွားရန်လည်း မလွယ်သေး။
ဗမာ့လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်တေဇ ခေါ် သခင်အောင်ဆန်းနှင့် လည်းမတွေ့ချင်သေး။
ဗမာနိုင်ငံအုပ်ချုပ်ရေးခေါင်းဆောင်ဟု ကြေညာလျက်ရှိသူ သခင်ထွန်းအုပ်နှင့်လည်း
မတွေ့ချင်သေး။
အခြေအနေဘာဆိုတာကိုသာ သိချင်နေလေသည်။ ကျွန်တော်တို့ဌာနချုပ်က ဘယ်မှာလဲ။
ဘီအိုင်အေဌာနချုပ် ဟာ
ကျွန်တော်တို့ဌာနချုပ်လား၊ တို့ဗမာအစည်းအရုံးက ကျွန်တော်တို့ဌာနချုပ်လား၊
ကျောင်းသားသမဂ္ဂဟာ
ကျွန်တော်တို့ဌာနချုပ်လား။
ကျောင်းသားများ သမဂ္ဂကို ရှာ၍ မရနိုင်တော့ပြီ။ တက္ကသိုလ်ကျောင်းသား သမဂ္ဂ
အဆောက်အအုံကို

ဂျပန်စစ်တပ်က သိမ်းထားသဖြင့် ဘယ်သူမျှ မဝင်ရ။ တကယ်တော့
တက္ကသိုလ်ကျောင်းတိုက်တစ်ခုလုံးကို
ဂျပန်စစ်တပ်တွေက သိမ်းထားလေသည်။ တက္ကသိုလ်ဝင်းထဲသို့ပင် အမိတက္ကသိုလ်မှ
မွေးထုတ်လိုက် သော
သားများဖြစ်သူကျွန်တော်တို့ ခြေမချရတော့ချေ။ ကမာရွတ်ဘက်သို့ လျှောက်သွားနေစဉ်
ကျွန်တော့်အသည်းနှလုံးများမှာ အထက်ပါ ခံစားချက်များဖြင့် ဆွေ့ဆွေ့ခုန်နေသည်လေသည်။
ချစ်အပ်၊
လေးစားအပ်၊ မြတ်နိုးအပ်သော အမိတက္ကသိုလ်အတွက် နှမြောနေသည်။ လွမ်းဆွတ်နေသည်၊
ယူကျုံးမရဖြစ်နေ
သည်။ တက္ကသိုလ်သည် ကျွန်တော်တို့အားတတ်သိလိမ္မာစေခဲ့၏။ သမဂ္ဂသည်
ကျွန်တော်တို့အား
နိုးကြားမာန်တက်စေခဲ့၏။ ဂျပန်စစ်သားတို့သည် ကျွန်တော်တို့၏ အသိလိမ္မာနှင့်
နိုးကြားမာန်တို့ကို ရှို့ပုပ်ထဲ
ချနင်းနေသည်နှင့် တူလေသည်။
ကမာရွတ်ရွာကလေးမှာ ယခင်ကသွင်ပြင်နှင့် မထူးခြား။ ပိန်းကြာရွက်တွင်
ရေမတင်လျှောက်ကျသလို
စစ်ကြီးမှာကမာရွတ်ကို ဖြတ်ရသော်လည်း လျှောကျသွားဟန်တူသည်။ အိမ်တစ်လုံးမျှ
မီးမလောင်၊
တိုက်တစ်လုံးမျှမပြိုအက်၊ သစ်ကိုင်းတစ်ကိုင်းမျှ ပဲ့မကျ၊ ဗုံးကြဲချရာ
စက်သေနတ်ပစ်ရာစသော အမာရွတ်တွေ
တစ်ခုမျှ မတွေ့ရ။ လူတွေကိုလည်း အရင်ကအတိုင်းပင် တွေ့ရလေသည်။
မြင်းလှည်းသမားများဖြစ်ကြသော ဦးဖိုးခင်နှင့်သား ကိုတင်ဖေတို့ကို သူတို့အိမ်မှာပင်
တွေ့ရလေသည်။
ဒေါ်လှမေအားလည်း တွေ့မြဲအတိုင်းတွေ့ရ၏။ ကိုတင်ဖေ၏ မယားဖြစ်နေသော
ဒေါ်လုံးတင်၏သမီး
မြကြည်ကိုလည်း သူတို့နှင့်အတူ တွေ့ရသည်။ ထူးခြားချက်ကား မြကြည်သည်
အပျိုတုန်းက
ရွက်ကြမ်းရေကျိုကြည့်ပျော်ရှုပျော်လောက်သာ လှခဲ့သော်လည်း ယခု အတော်လှနေလေသည်။
အချို့မိန်းမတွေသည် ယောကျာ်းရမှ အလှတိုးသည်မှာ တကယ်ပင်ဖြစ်၏။ သူတို့အိမ်မှာ
ဦးဖိုးခင်၊ ဒေါ်လှမေတို့၏
သမီး မတင်ရွှေနှင့် သမက်မီးရထားလက်မှတ်စစ် ကိုပြုံးတို့သည်
ကလေးတစ်ယောက်နှင့်တကွ
ပြန်ရောက်နေသဖြင့် လူစည်ကားနေ၏။
ဒေါ်လုံးတင်မှာ ဘူးသီးကြော်ရောင်းခြင်း၊ ချင်းသုပ် လက်ဖက်ရောင်းခြင်းတို့ ကိုခါတိုင်းလိုပင်

ဆက်လုပ်နေလေသည်။ သို့သော် သူမ၏ဘဝမှာ ကြီးစွာသော ပြောင်းလဲချက်တစ်ခုကို ဝမ်းသာစွာဖြင့်
တွေ့ရလေသည်။ အပြက်အပြက်နှင့် နှာခေါင်းသွေးထွက်ခဲ့ပြီ။ ဂျပန်တွေမလာခင်က အချင်းချင်း
ပြောင်ကြနောက်ကြရုံ နှင့်ဒေါ်လုံးတင်ကသာ တစ်ဖက်သတ်ကြိုက်ရုံ ဖြစ်နေခဲ့သော်လည်း ဂျပန်တွေလာသောအခါ
ကျွန်တော့်မိတ်ဆွေကြီးကိုကြွယ်နှင့် ဒေါ်လုံးတင်တို့သည် ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်သွားကြလေသတည်း။
ဦးလေးမြင့်အိမ်မှာလည်း ခါတိုင်းလိုပင်ဖြစ်၏။ ကဲလားတံခါးထောက်သည်ပင် လျှင် အရင်ကအတိုင်းဖြစ်၏။
ရေတွင်းနားက ခေါင်ရန်းပင်သည် ခါတိုင်းလိုပင် ပွင့်နေလေသည်။ သို့သော် သခင်တင်မောင်ကြီးကား
မရှိတော့ချေ။ သူ့အား ရန်ကုန်မြို့ကို ဗုံးမကြဲခင် ဒီအိမ်မှာ ဝှက်ထားခဲ့သည်။ တစ်လကျော်ကျော်နေပြီး
တခြားရွှေ့သွားကြောင်းခုမှသိရလေသည်။ စစ်ကြီးနှင့် ဂျပန်တို့အား အတော်နားလည်ပြီဖြစ်သော ကျွန်တော်သည်
အရင်ကတည်းက စစ်ကြီးကို ခုခံဆန့်ကျင်ရမည်ဟု ပြောဆိုခဲ့သော သခင်တင်မောင်ကြီးအားတွေ့ချင်လှသည်။
တွေ့အောင်ရှာ၍ တွေ့ရမည်။ ဦးလေးမြင့်တို့အိမ်မှာ ကျွန်တော့်အသိလည်းဖြစ်၊ ဦးလေးမြင့်၏ မိတ်ဆွေလည်းဖြစ်သော ပါမောက္ခဦးဖေမောင်တင်၏ မျက်နှာနှင့်တူ သော မျက်နှာရှိသည်။ စာတစ်လုံးမှ
မတတ်သည့် ကပ္ပိယကြီး ဦးအုန်းဖေ ရောက်နေလေသည်။
သူတို့အားလုံးသည် ကျွန်တော့်အား ဝမ်းသာအယ်လဲ ဆီးကြိုနှုတ်ဆက်ကြ လေသည်။ ကိုယ့်အိမ်ကိုယ့်ရွာပြန်ရောက်ရသည်နှင့် မခြားပေ။ အပြန်အလှန် မေးကြမြန်းကြသည်မှာလည်း ဆူညံသွားတော့၏။
ထူးခြားချက်တစ်ခုကို တွေ့လိုက်သည်။ သခင်ဘကျူး၏ ဆံပင်ညှပ်ဆိုင်ကို ပိတ်ထားခြင်း ဖြစ်သည်။
မေးကြည့်သောအခါ သခင်ဘကျူးသည် ယခုအခါ ကမာရွတ်ရွာအတွက် အုပ်ချုပ်ရေးမှူးဖြစ်နေသည်ဟုလည်းကောင်း၊ ခြောက်လုံးပြူးခါးထိုးပြီး အုပ်ချုပ်ရေးလုပ်နေရသောကြောင့်
ဆံပင်ညှပ်ဆိုင်ပိတ် ထားရသည်ဟုလည်းကောင်း၊ သူသည် သခင်တင်ကြီး၏ လက်အောက်မှာ အမှုထမ်းရသည်ဟုလည်းကောင်း သိရလေသည်။
စာဖတ်သူတို့သည် သခင်တင်ကြီးအား မှတ်မိကြလိမ့်မည်ဟု ထင်သည်။ တုတ်ခိုင်သော ကိုယ်ခန္ဓာနှင့်သေးကွေးဝါရော်သော လက်များရှိသော သခင်တင်ကြီးပင် ဖြစ်လေသည်။

ကောလိပ်ကျောင်းသားဘဝမှာ သခင်ပေါက်စ စ၍ဖြစ်စဉ်က ကျွန်တော့်အား မြင်ကွန်းမင်းသားကြီး၏
အဆက်များမှတစ်ဆင့် နိုင်ငံခြားမှလက်နက်တွေငွေတွေ ရှာပေးနိုင်သည်ဟု ဝါကြွားပြောဆိုလျက်
မျှော်လင့်ချက်တွေအမျိုးမျိုးပေးပြီးနောက် ကျွန်တော့်ထံမှ ငွေချေးသွားခဲ့သော သခင်တင်ကြီးဖြစ်လေသည်။
ကုလားဗမာ အဓိကရုဏ်းတုန်းက ကောလဟာလ သတင်းတွေ အမျိုးမျိုးလွှင့်ပြီး ကမာရွတ်သို့ အဓိကရုဏ်းမီးကြီး
ကူးစက်အောင် လုပ်ခဲ့သော သခင်တင်ကြီးဖြစ်သည်။ အင်္ဂလိပ်–ဂျပန် စစ်မဖြစ်မီကလေးတွင် ကျောင်းသားခေါင်းဆောင် ကိုအေးငွေအား ဂျပန်နှင့်အဆက်ယူပေးမည်ဟု ပြောလာသော သခင်တင်ကြီးဖြစ်လေသည်။ ထို ကိုတင်ကြီးအား ကျွန်တော့်မိတ်ဆွေ ကိုကြွယ်ကလုံးဝမယုံဘဲ ပုလိပ်နှင့်ပေါင်းကာ
တို့မီးရှို့မီးလုပ်နေသူဟု ထင်လေသည်။ ကျွန်တော်လည်း သခင်တင်ကြီးအားမယုံကြည်ခဲ့ချေ။
ထိုသခင်တင်ကြီးသည် ယခုအခါ ဂျပန်တို့၏ လူယုံတော်ကြီး ဖြစ်နေလေပြီ။ သခင်ဘကျူးလို
ရိုးသားသောမျိုးချစ်တစ်ဦး သူ့လက်အောက်မှာ အမှုထမ်းရွက်နေ ပြီဟု ကြားရသဖြင့် နမြောမိလေသည်။
သခင်ဘကျူးသည် ဦးလေးမြင့်နှင့် ကိုကြွယ်တို့အား သူနှင့်အတူတူ အလုပ်လုပ်ရန် ဆွယ်လာသည်ဟု
ဆိုလေသည်။ အခြေအနေအနည်းမထိုင်သေး၍ ဦးလေးမြင့်မှာ ဘာက ဘယ်လိုဖြစ်နေသည်ဟု အသေအချာမသိသဖြင့် တွေဝေနေလေရာ သခင်ဘကျူးက "သခင်အောင်ဆန်းနှင့်သခင်ထွန်းအုပ်တို့
လုပ်တဲ့အလုပ်ကို မကူညီချင်ဘူးလား"ဟု မေးသည်ဆို၏။ ထို့ကြောင့် ဦးလေးမြင့်က ခေါင်းညိတ်ခဲ့လေသည်။
သို့သော် ကိုကြွယ်က–
"ငါကတော့ မလုပ်ချင်ဘူးလို့ ငြင်းလိုက်တယ်ကွ။ သခင်ဘကျူးဟာ သခင်တင်ကြီးရဲ့နောက်လိုက်ပဲ၊
သခင်တင်ကြီးနဲ့ ပတ်သက်တဲ့အလုပ်ဆိုရင် ဘယ်နည်းနဲ့မှ ကောင်းနိုင်မှာ မဟုတ်ဘူး"
ကျွန်တော်–
"ခင်ဗျားဆုံးဖြတ်ချက်ဟာ မဆိုးဘူးဗျ"
ကပ္ပိယ ဦးအုန်းဖေ–
"ခုလို မောင်ကြွယ်ငြင်းလိုက်တာ ကောင်းတော့ကောင်းပါရဲ့။ ခုလိုအခါမျိုးမှာ အနေတတ်မှ၊ အနေမတတ်ရင်

ရွှေဥကြမ်းညပ်ဖြစ်တတ်တယ်။ ဒါပေမဲ့ ပစ်ပစ်ခါခါကြီးလည်း ပြောမနေနဲ့ မောင်ကြွယ်ရေ့၊
အမုန်းသိပ်မခံနဲ့ဟ၊
သခင်တင်ကြီးက ရန်ရှာနေဦးမယ်”
ကိုကြွယ်–
“မကြောက်ပါဘူးဗျာ၊ လူရှုပ်လူပွေတွေကို ကြောက်ပြီး ပြောသင့်ပြောအပ်တာ မပြောဘဲတော့
မနေနိုင်ဘူး”
ဦးလေးမြင့်–
“ကဲ ကဲ တော်ကြပါတော့လေ၊ ခပ်ငြိမ်ငြိမ်နေပြီး စောင့်ကြည့်နေကြပါဦးစို့”
မြင်းလှည်းသမား ဦးဖိုးခင်နှင့် အခြားသူများက ဦးလေးမြင့်ကို ထောက်ခံကြလေသည်။
ကျွန်တော်သည် ကမာရွတ်မှာ ဦးလေးမြင့်တို့နှင့်အတူနေလိုက်လေသည်။ ဦးလေးမြင့်မှာ
သတင်းစာတိုက်ပိတ်ထားသဖြင့် အလုပ်လက်မဲ့ဖြစ်နေ၏။ ဟသာၤတတုန်းက
ဗိုလ်ရန်နိုင်ပေးလိုက်သော ငွေထဲမှ
ကျွန်တော့်လက်မှာ အနည်းငယ်သာချန်ပြီး ဦးလေးမြင့်အား ပေးလိုက်လေသည်။ ရန်ကုန်မှာ
ငွေစက္ကူနှစ်မျိုးစလုံးကို
လွယ်ကူစွာပင်သုံးနိုင်သေး၏။
ရန်ကုန်မြို့ထဲသို့ လွယ်လွယ်ကူကူနှင့် သွားမရချေ။ များသောအားဖြင့်
ခြေလျင်လျှောက်ကြရ၏။ မဝင်ရ၊ မဖြတ်ရ၊
မသွားရ၊ မလာရဟု တားမြစ်ထားသော နေရာများမှာလည်း များလှပေ၏။
များစွာသော ရပ်ကွက်များမှာ မီးလောင်မြေများ ဖြစ်နေပေ၏။ မီးလောင်ထားသော
အိမ်တိုင်ငုတ်တိုများနှင့်
ပြိုလဲနေသော တိုက်နံရံများအပေါ် ဝယ် မည်းနက်၍ အရိုးပြိုင်းပြိုင်းဖြစ်နေသော
မီးလောင်သစ်ပင်များက
အရိပ်မိုးရန် ကြိုးစားနေကြပုံနှင့် အုတ်ဖိုခုံလောက်နှင့် မီးလောင်သွပ်ပြားတို့သာ
ကျန်တော့သော
မီးဖိုချောင်များအနီးတွင် အစာမရှိ၍ ဟောင်ပင် မဟောင်နိုင်တော့ သော
ခွေးပိန်ကလေးများသည်
ထော့နဲ့ထော့နဲ့နှင့် လှုပ်ရှားသွားလာနေကြပုံတို့မှာ စိတ်ညစ်စရာကောင်းအောင်
တမင်ဉာဏ်ဆင်၍ ဆွဲထားသော
ပန်းချီကားချပ်နှင့် တူနေလေတော့သည်။
အင်္ဂလိပ်တို့သည် ရန်ကုန်မှ ပြေးခါနီးတွင် မသယ်ဆောင်နိုင်သော မော်တော်ကားများကို
စုပြီး
ဖျက်ဆီးမီးရှို့ထားခဲ့၏။ ထိုဟာကိုမော်တော်ကား သင်္ချိုင်းဟု ခေါ်ကြသည်။ မီးလောင်ကာ
မည်းပြီးပုံပျက်နေသော
မော်တော်ကား အများအပြားရှိသော ထိုမော်တော်ကားသင်္ချိုင်းသည်ရသမျှ သိမ်းရန်
အပြင်းချီတက်လာသော

ဂျပန်တို့အား သရော်လှောင်ပြောင်နေသည်နှင့်တူလေ သည်။
ရက်အတန်ကြာသောအခါ ကျွန်တော်သည် ခက်ခက်ခဲခဲနှင့်ပင် ဗမာ့လွတ်လပ်ရေး
တပ်မတော်ဌာနချုပ်လုပ်ထားသော မက်သောဒစ် မိန်းကလေးကျောင်းသို့ သွားခဲ့၏။
မျက်နှာစိမ်းစစ်သားတွေ၊
စစ်ဗိုလ်တွေ အများအပြားကိုသာတွေ့ရသည်။ အသိတွေ့ပါသော်လည်း ရင်တွင်းရှိသမျှကို
ဖွင့်ဟပြောဆိုကာ
တိုင်ပင်နိုင်သော အသိမျိုးမဟုတ်။ သူတို့ကလည်း ကျွန်တော့်အား ယုံကြည်မည် မဟုတ်။
ဗိုလ်တေဇ
ခေါ် သခင်အောင်ဆန်း၊ ဗိုလ်လကျာ်ခေါ်သခင်လှဖေ၊ ဗိုလ်ဇေယျ ခေါ် ကိုလှမောင်စသော
ကျွန်တော်သိသော
ခေါင်းဆောင်များသည်လည်း စစ်မြေပြင်သို့ ထွက်ခွာသွားကြလေပြီ။
ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၈ တွင် တည်ရှိသော တို့ဗမာအစည်းအရုံး
ဌာနချုပ်သို့လည်း သွားခဲ့လေသည်။
ဗမာနိုင်ငံအုပ်ချုပ်ရေး အဖွဲ့ခေါင်းဆောင်ဟု ကြေညာနေသော သခင်ထွန်းအုပ်အား
တစ်စေ့တစောင်း
ချောင်းမြောင်းကြည့်ခဲ့၏။ သူ၏ အုပ်ချုပ်ရေးသည် ဘယ်မျှထိရောက်သည် မသိ၊
သူ့အာဏာသည်
ဘယ်မျှစူးရှသည် မသိ၊ သို့သော် သူ၏ မင်းသံစိုးသံ၊ နီပွန်ဘိရူမာ အုံနာကျိဟု
ကြွေးကြော်သံနှင့်
အရှေ့တောင်အာရှ မဟာစစ်ပွဲကြီး အောင်မြင်အောင်တိုက်မည်ဟု ကြွေးကြော်သံတို့ကား
ကျယ်လောင်စူးရှလှပေသည်။
ကျွန်တော်ကား ထိုကြွေးကြော်သံကို မယုံကြည်တော့ချေ၊ သို့သော် သခင်ထွန်းအုပ်တို့နှင့်
အငြင်းမပွားလို။ သူ
ယုံချင်ယုံ ကိုယ်မယုံပြီးတာပဲဟု သဘောထားလိုက်လေသည်။ ထို့ကြောင့် သူတို့အနီးသို့
မကပ်။
သခင်ကိုတော်မှိုင်း၊ သခင်တင်မောင်ကြီးနှင့် သခင်မြတို့ကိုလည်း ဌာနချုပ်မှာ မတွေ့ရ။
သခင်သန်းထွန်း၊ သခင်စိုး၊
သခင်ကျော်စိန်၊ သခင်ဘဟိန်းစသော ကျွန်တော့်သင်တန်းဆရာများမှာလည်း မန္တလေးထောင်၊
မုံရွာထောင်စသည်များ တွင် ရောက်နေရာ အခုနေအခါ ဘယ်လိုဖြစ်နေမည်ကို မခန့်မှန်းနိုင်။
ပါ့က်ဟော်တယ်နှင့် ထရီနီတီရေဟာများသို့လည်း ရောက်၏။ ကျောင်းသားသမဂ္ဂတွင်
လုပ်ဖော်ကိုင်ဖက်
ဖြစ်ခဲ့သော ရဲဘော်အချို့နှင့်တွေ့ရ၏။ သူတို့အား အုပ်ချုပ်ရေးဖွဲ့လျှင် အမှုထမ်းကြရန်
စုခေါ်ထားခြင်းဖြစ်၏။
ကျွန်တော့်အားလည်း ခေါ်ကြ၏။ သို့သော် ကျွန်တော်ကား ထိုအလုပ်မှာလည်း
စိတ်မဝင်စားတော့ချေ။

ဘယ်သူ့အကျိုးအတွက် ဘယ်သူ့ကို အုပ်ချုပ်ရမှာလဲ။ ဘယ်သူမျှ ကျေနပ်လောက်အောင် အဖြေမပေးနိုင်ကြ။
သခင်၊ ကျောင်းသား၊ ဘီအိုင်အေစစ်ဗိုလ်နှင့် အားလုံးသော ပြည်သူပြည်သားတို့သည် "ငါတို့ဘယ်မှာရပ်တည်နေကြသလဲ"ဟု ကိုယ့်ကိုယ်ကိုယ်မေးပြီး မဖြေတတ်ကြလောက်အောင် ဖြစ်နေသောအချိန်
ဖြစ်လေသည်။
ကျွန်တော်သည်မေးမြန်းလိုသည်၊ ဆွေးနွေးလိုသည်၊ တိုင်ပင်လိုသည်၊ သို့သော် ယုံကြည်စိတ်ချရမည့်သူကို မတွေ့။
ကျွန်တော့်လိုခံစားနေသူတွေ ရှိကောင်းရှိမည်။ သို့သော်သူတို့က ကျွန်တော့်အားယုံကြည်စိတ်ချရဲပါမည်လား။
ဘယ်သူ့ကို ဘယ်သူက ယုံရမှန်းမသိ ဖြစ်နေသော အချိန်ပါတကား။
ကျွန်တော်သည်ကမာရွတ်မှာ ခပ်လျှိုလျှိုနေပြီး အပြန်အလှန် ယုံကြည်စိတ်ချနိုင်သူကို ရှာရင်း အခြေအနေကိုစောင့်ကြည့်ရန် ဆုံးဖြတ်ရလေသည်။
ကမာရွတ်မှာနေရင်း မတော်တဆတွေ မြင်ရကြားရလေသည်။ ရက်တွေကြာလာလေ ပို၍ မတော်တာတွေကို
ပို၍မြင်ရ ကြားရလေဖြစ်ပေသည်။
ဂျပန်တို့သည် မီးရထားများကို သိမ်းလိုက်ပြီး တတ်နိုင်သမျှ သယ်ယူပို့ဆောင်ရေး လုပ်ကြလေသည်။
ဈေးသည်မိန်းမအချို့သည် ဂျပန်ရှုပိုင်နှင့် ဂါတ်ဗိုလ်တို့အား ကိုယ်ခန္ဓာဖြင့် လာဘ်ထိုးပြီး မီးရထားဖြင့်
ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားမှု ပြုကြလေသည်။ ဂျပန်စစ်သားတို့သည် ဆန်တွေ သိမ်းထားလိုက်ကြပြီးနောက် စားစရာမရှိသော ကုလီမကလေးများအား ဆန်ပေးပြီး ပျော်ပါးကြလေသည်။
ဝင်နီဖေခေါ် ခင်သိန်းဝင်း၏ အကြောင်းကို ကြားရသည်မှာလည်း စိတ်မကောင်းစရာပင်။
အငြိမ်းစားဝန်ထောက်ကြီး ဦးဖေနှင့် ဝန်ထောက်ကတော် ဒေါ်ငွေးကြည်တို့၏ သမီး ဝင်နီဖေနှင့်
ကျွန်တော်တို့သည် ကောလိပ်ကျောင်း ရောက်စက 'အထဲဝင် အပြင်ထွက်' ဘာကလိုတိုတို ဖြစ်ခဲ့ပြီးနောက်
စလယ်ဝင်ဖင်မမည်းခင်က ကွဲ့ခဲ့ကြ၏။ နောက် ဝင်နီသည် ဝန်ထောက်ကလေး တစ်ယောက်နှင့်
လက်ထပ်တော့မည်လိုလို ကြားရသေး၏။ နောက်ထပ်ကား ဘာမျှမကြားခဲ့သည်မှာ ကြာလေပြီ။ ယခုတော့
မတော်တာ ကြားရလေသည်။ ဂျပန်စစ်ဗိုလ်တစ်ယောက်နှင့် မကြာခဏ ကားတွဲစီးသည်ဟု လူအများ

ပြောကြလေသည်။ တစ်နေ့တော့ ကမာရွတ်စာတိုက်ရှေ့နားမှာ ကျွန်တော်ကိုယ်တိုင်
မြင်လိုက်ရလေသည်။
သည်တော့မှ ကျွန်တော်သည် ဝင်နီဖေတို့ မိသားစုအကြောင်း ပြန်လည်စိတ်ဝင်စားမိပြီး
ကိုကြွယ်အား
မေးကြည့်သောအခါ အငြိမ်းစားဝန်ထောက်ကြီး ဦးဖေသည် ဂျပန်များ ရန်ကုန်မဝင်မီ နှစ်ရက်
သုံးရက်လောက်ကပင ‌သွေးတိုးရောဂါဖြင့် ဆုံးသွားကြောင်း သိရလေသည်။
စိတ်ကောင်းနှလုံးကောင်းရှိသော
ဦးဖေ၊ အကျွေးအမွေးရက်ရောလှသော ဦးဖေ၊ သခင်ပေါက်စဖြစ်သော
ကျွန်တော်၏တရားများကို
သဘောထားကြီးစွာနှင့် နားထောင်ရင်း အိပ်ပျော်တတ်သော ဦးဖေ။ ယခုကား
မနိုးသောအိပ်ခြင်းဖြင့်
အိပ်သွားလေပြီ။ ကျွန်တော်ကား သခင်ပေါက်စမဟုတ်တော့ပြီ။ အတွေ့အကြုံများသော
သခင်ဖြစ်ခဲ့ပေပြီ။
အဖေသေခြင်း၊ ရည်းစားသေခြင်း စသော ဒုက္ခနှင့်လည်း ကြုံခဲ့၏။
စစ်ဘေးစစ်ဒဏ်အတွေ့အကြုံလည်းရှိ၏။
ဂျပန်တို့၏ လှည့်ဖြားခံရသော အတွေ့အကြုံလည်းရှိ၏။ မမြမှီ၏ ကွန်ပိုက်မှ
ရုန်းထွက်နိုင်ခဲ့သော
ပြောင်မြောက်သည့် အတွေ့အကြုံလည်းရှိ၏။ ထိုမျှ အတွေ့အကြုံ များနေပြီဖြစ်သော
ကျွန်တော်သည် ဦးဖေနှင့်
တရားဟောလိုက်ချင် ပါဘိသည်။ ဒီတစ်ခါတော့ ဦးဖေသည် အိပ်ပျော်သွားမည် မဟုတ်ချေ။
သို့သော် ဦးဖေအား မတွေ့နိုင်တော့ပြီ။ ဦးဖေသည် မုဆိုးမဒေါ်ငွေးကြည်နှင့်
သားသမီးများကို
ဂျပန်ဖက်ဆစ်ဘွတ်ဖိနပ်အောက်တွင် ထားပစ်ခဲ့သည်။ ဒေါ်ငွေးကြည်ကား ကြွားရှုံသာ
ကြွားတတ်သည်၊
ဟန်ဆောင်ရှုံသာ တတ်သည်။ ရှိတာဖဲ့ပြီး ထုခွဲစားရှုံသာ တတ်သည်၊ ပင်စင်ကို
ထိုင်စားရှုံသာ တတ်သည်၊
ဝမ်းစာအတွက်တစ်စုံတစ်ရာ လုပ်တတ်သူမဟုတ်၊ တစ်ပြားတချပ် ရှာတတ်သူ မဟုတ်။
သူတို့အတွက်
စိတ်ပူမိသေးတော့၏။
အပူဆုံးမှာ ဝင်နီအား ကိုရွှေဂျပန်ဗိုလ်က ဗိုက်တစ်လုံးနှင့် ထားပစ်ခဲ့မည့် အရေး
ဖြစ်လေသည်။ သို့သော်
ရက်အတန်ကြာသောအခါ ဝင်နီဖေခေါ် ခင်သိန်းဝင်အား ကပ္ပတိန်ယိုးရှီဒါ ခေါ် ဗိုလ်ကြီး
ရန်ရှင်းနှင့်
အကြီးအကျယ် လက်ထပ်မင်္ဂလာပြုကြခြင်း ဟူသော သတင်းကို ကြားရသောအခါ
ရင်ဖိုတာတွေ ပျောက်ပြီး

အတော်စိတ်အေးသွားရလေသည်။
သခင်တင်ကြီးသ်ည ကမာရွတ်ဘက်မှာတော့ အတော်လက်စွမ်းပြနေလေ သည်။
ဂျပန်အနှောင့်အယှက်မရှိဘဲနှင့်
'သူခိုးဈေး'ဖွင့်နိုင်အောင် စီစဉ်ပေးသည်။ 'သူခိုးဈေး'ဟု ခေါ်သော ဈေးမှာ စပ်ကူးမပ်ကူး
အထိတ်တလန့်ကာလတုန်းက ဆိုင်တွေမှ ဖောက်ယူထားသော ပေါင်ဒါဘူးမှစပြီး ဖိနပ်ထိ
ပစ္စည်းများနှင့်
ဥရောပတိုက်သားများ အိမ်တွေမှ ဖောက်ယူလာသော ဇွန်း၊ ခက်ရင်းမှ စန္ဒရားထိ
ပစ္စည်းများကို
ရောင်းချရာနေရာဖြစ်လေသည်။ ဘယ်လူသူခိုး၊ ဘယ်လူက ခိုးရာပါ ပစ္စည်းလက်ခံသူ၊
ဘယ်သူက တစ်ဆင့်ဝယ်သူ
မသိနိုင်တော့ချေ။ ထိုစဉ်အခါက ခိုးခြင်းကို ကျင့်ဝတ်သိက္ခာပျက်သည်ဟု ဘယ်သူကမျှ
မထင်ကြတော့ချေ။
သို့သော် သခင်တင်ကြီးသည် ထိုဈေးသို့ ရောက်လာပြီး စစ်ဆေးလေသည်။
ပန်းကန်ရောင်းနေသော
သူတစ်ယောက်ကို ခိုးရာပါပစ္စည်းလက်ခံသူဟုဆိုပြီး ကြိမ်ဒဏ်ကိုယ်တိုင်ပေးလေသည်။
သခင်တင်ကြီးအား
ထိုသူက လာဘ်မထိုးသော ကြောင့်ခုလို ရိုက်ခြင်းဖြစ်ကြောင်း နောက်မှ ကြားရလေသည်။
တစ်နေ့ ရေကျော်ရောက်သွားရာ မခင်သစ်တို့အိမ်သို့ သွားကြည့်လေသည်။
မခင်သစ်တို့အိမ်မှာ ဖုံးလည်းမထိ၊
မီးလည်းမလောင်။ သို့သော် အိမ်တွင် ဘယ်သူမျှ မရှိကြ။ တံခါးသော့ခတ်ထားသည်။
အိမ်နီးနားချင်းများကလည်း
ဘာမျှမသိကြ။ မခင်သစ်တို့ တစ်အိမ်လုံး ဘယ်သို့ ပြေးရှောင်နေကြပါလိမ့်။
ခုနေသာ မခင်သစ်တို့ မိသားတစ်စုအကြောင်း ကြားရပါက တော်တာ ကြားရ
ခြင်းမည်ပေမည်။
ခုနေသာမခင်သစ်တို့မိသားစုအား မြင်ရပါက တော်တာ မြင်ရခြင်းမည်ပေမည်။ သို့သော်
ယခုလိုအချိန်ကား
မတော်တာ ကြားရ၊ မတော်တာ မြင်ရပြီး တော်တာ မကြားရ၊ တော်တာ မမြင်ရသော
အချိန်ပေတည်း။ ။
၇၃
လေပြင်းမုန်တိုင်းကြီးတွင် တွယ်စရာ ခိုစရာ
သာမန်မဟုတ်သော အခါကာလကြီးတွင် အချိန်သည် ဘယ်လိုကုန်သွား မှန်းမသိနိုင်ချေ။
ကျွန်တော်သည် ကမာရွတ်မှာသာ ခပ်လျှိုလျှို ဆက်နေသွား၏။ ဘီအိုင်အေ ဌာနချုပ်တွင်
ဗိုလ်တေဇခေါ်
သခင်အောင်ဆန်းတို့ အထက်မြန်မာပြည်သို့ တက်သွားပြီးသည့်နောက် ဗိုလ်စကြာသည်
အကြီးအကဲဖြစ်၏။

ဗိုလ်စကြာဆိုသူမှာ သခင်အောင်သန်းပင် ဖြစ်ကြောင်း၊ သူလည်း သခင်အောင်ဆန်းနှင့်အတူ ဂျပန်ပြန်
ဗိုလ်တစ်ဦးဖြစ်ကြောင်းလောက်ကိုသာ သိထားပါ၏။ သည့်ပြင်ကား ဘာမျှကောင်းစွာ မသိ။ ဗိုလ်စကြာမှာ
ဆေးရုံတင်နေရသည်ဟုလည်း ကြားရ၏။ သူ့နေရာတွင် ဗိုလ်ကျော်ဇောဆိုသူ အခြား ဂျပန်ပြန်ဗိုလ်တစ်ဦး
အလုပ်ဆင်းနေသည်ဟုသိရ၏။ ထိုဗိုလ်၏ ပင်ရင်းတာဝန်မှာကား ဂေါ်ရာကုန်းမှာ ဗိုလ်သင်တန်း ဖွင့်ပေးခြင်း
ဖြစ်သည်ဟုလည်း သိရသေး၏။ သည့်ထက်ပိုပြီး ကျွန်တော်မသိ။ ဗိုလ်ကျော်ဇောဆိုသူ၏ အမည်ရင်းကိုပင်
မသိသေးချေ။ သူတို့ထံမှောက်တွင် ကျွန်တော့်ရင်တွင်းမှာရှိသမျှတွေကို ဖွင့်ထုတ်ရန် မဖြစ်နိုင်ချေ။ သူတို့ကလည်း
ကျွန်တော့်အား ယုံကြည်နိုင်မည်မဟုတ်။ အရင်းနှီးဆုံး ရဲဘော်လည်းဖြစ်ပြီး အချစ်ခင်ဆုံး ကျောင်းနေဖက်
သူငယ်ချင်းကိုအေးငွေကို တမ်းတမိသည်။ သူနှင့်တွေ့ပြီး တိုင်ပင်ဆွေးနွေးလိုသည်။
သို့မဟုတ် သခင်တင်မောင်ကြီးနှင့်တွေ့ရလျှင် အဆင်ပြေလိမ့်မည်။ ဂျပန်တွေ ဗမာပြည်ထဲ မရောက်ခင်က
ကျွန်တော်သည် သူနှင့်ပွင့်ပွင့်လင်းလင်း မဆွေးနွေးရဲချေ။ ကျွန်တော်တို့၏ အရေးတော်ပုံလုပ်ငန်းများကို
ပြောမပြရဲချေ။ အဲဒီတုန်းက သူ့အယူအဆ၊ အထင်အမြင်များကို ကျွန်တော်လေးစားစွာ နားထောင်သော်လည်း
လက်မခံခဲ့ချေ။ ယခု ဂျပန်များ မြန်မာပြည်ထဲသို့ ရောက်ပြီးချိန်တွင် လုံးဝလက်မခံနိုင်ပေပြီ။ သူ၏ ဟိုတုန်းက
မြော်မြင်ချက်များသည် ယခု ကျွန်တော်၏ ခံစားချက်များနှင့် ညီညွတ်နေပေပြီ။
အင်္ဂလိပ်နှင့် ဂျပန်စစ်မဖြစ်မီ သုံးလေလလောက်တုန်းက အင်းစိန်ထောင်ထဲမှ “ဖက်ဆစ်အန္တရာယ်ကို ဒီမိုကရေစီ
အင်အားစုအားလုံးနှင့် ပူးပေါင်းတိုက်ဖျက်လိုသည်”ဟူသော အသံတစ်သံ ထွက်လာခဲ့၏။ ထိုစဉ်အခါက
အင်းစိန်ထောင်ထဲတွင် တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်တစ်ဝက်ခန့် ထောင်ကျနေလေသည်။
အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး၏ အထွေထွေ
အတွင်းရေးမှူးဖြစ်သူ သခင်ကျော်စိန်က “သူသည် ဖက်ဆစ်ဂျပန်အန္တရာယ်ကို လူထုနည်း
အစည်းအရုံးနည်းများဖြင့် ပြန်လည်တိုက်ဖျက်ဖို့လိုကြောင်း၊ ထိုလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ရန်

သူ့အားထောင်မှ လွှတ်ပေးဖို့လိုကြောင်း” ဘုရင်ခံ ဒေါမန်စမစ်ထံသို့ စာရေးခဲ့လေသည်။
ထိုစဉ်အခါတုန်းက
ကျွန်တော်သည် အင်းစိန်ထောင်ထဲမှ ထိုအသံကိုလေးနက်စွာ မစဉ်းစားခဲ့ချေ။
သခင်ကျော်စိန်၏
တောင်းဆိုချက်ကိုလည်း အခြားသော ကျွန်တော့်ရဲဘော်များနှင့်အတူ “ထောင်ကထွက်ချင်လို့
သဘောတရားတွေထုတ်ပြီး ရေးနေတဲ့စာတွေပါ” ဟု ရယ်စရာလုပ်ခဲ့လေသည်။ ယခုဖက်ဆစ်
သံတလိမ့်(ဒလိမ့်)ကြီး ကျွန်တော်တို့အပေါ် ကြိတ်လာပြီဖြစ်ရာ အထက်ပါ
အင်းစိန်ထောင်ထဲမှ
ခေါင်းဆောင်များ၏ အသံကိုလေးလေးနက်နက် စဉ်းစားနိုင်ပါပြီ။ သူတို့၏
ထင်မြင်ယူဆချက်များကို
ရိုသေလေးစားလာပါပြီ။
ထိုစဉ်အခါတုန်းက အင်းစိန်ထောင်ထဲတွင် အလုပ်အမှုဆောင်လူကြီးများ ဖြစ်သော
သခင်လေးမောင်၊ သခင်နု၊
သခင်စိုး၊ သခင်သန်းထွန်း၊ သခင်အုန်းဖေ၊ သခင်ခင်အောင်၊ သခင်လှဘော်ကြီးနှင့်
သခင်ကျော်စိန်တို့ ရှိကြသည်။
ခု သူတို့ ဘယ်ရောက်နေကြပြီလဲ။ အင်္ဂလိပ်က သူတို့အား ထောင်တွေပြောင်းပြောင်းပို့သွား
ရာ
အိန္ဒိယပြည်အထိခေါ်သွားလေမည်လား။ သူတို့အတွက် ကျွန်တော်များစွာ
စိုးရိမ်ကြောင့်ကြနေလေသည်။
ဟိုစဉ်တုန်းက အင်းစိန်ထောင်ထဲမှ ထွက်လာသော ဖက်ဆစ်ဆန့်ကျင်ရေးခေါ်သံကို
သူတို့အားလုံး
သဘောတူကြသလား။ ယခုသူတို့ ဘယ်လိုယူဆနေကြမည်လဲ။ ယခုသူတို့ဘယ်လိုလမ်းစများ
တွေ့ထားကြသလဲ။
ယခု သူတို့ဘယ်လိုညွှန်ကြားမည်လဲ။ ကျွန်တော်သိချင်စမ်းပါဘိ။ သူတို့တစ်တွေကို
လိုက်ရှာပြီး မေးချင်လှ၏။
ကျွန်တော်ကားဖက်ဆစ်မှောင်ထုတွင် ကျရောက်နေရာမှ အလင်းရောင် ရှာနေသူပေတည်း။
ကျွန်တော်နေ့စွဲအသေအချာ မမှတ်မိတော့သော မေလ၏ နေ့တစ်နေ့တွင် နေပူလှသော
နေ့လယ်အချိန်၌
ရေတွင်းအနီး သစ်ပင်အောက်မှာ ကျွန်တော်သည် ကိုကြွယ်နှင့် ကျားထိုးလျက်နေလေသည်။
ထိုအခိုက်
ကိုတင်ဖေရောက်လာလေ သည်။
ကိုကြွယ်က သူ့ကျားကို ရွှေ့လိုက်ချိန်နှင့် ကိုတင်ဖေ ရောက်လာချိန်မှာ တစ်ပြိုင်နက်တည်း
ဖြစ်နေလေသည်။
ထို့ကြောင့် သူသည် စကားပြောရန် အားသွားလေရာ ကိုတင်ဖေအား–
“မင်း လှည်းဖြုတ်ပြီးပြီလားဟေ့”

"ဟုတ်ကဲ့၊ ခုပဲ ပြန်ရောက်တယ်၊ ဖြုတ်ပြီး မြင်းစာကျွေးထားခဲ့ပြီး ကိစ္စရှိတာနဲ့
ဒီကိုလာခဲ့တာပဲ"
ကျွန်တော်ကား ကျွန်တော့်ကျားကို ရွှေ့ရန်သာ စိတ်ကူးနေရသဖြင့် စကားမပြောအား။
ကိုကြွယ်ကပင်–
"ဩော် မင်းကကိစ္စနဲ့ လာခဲ့တာကိုး၊ ကိုင်း ဆိုစေဗျား"
"ကိုတင်ထွန်းကို စာတစ်စောင်ပေးစရာရှိလို့"
ကျွန်တော်သည ကျားကွက်စိတ်ကူးမပေါ်သေးသည်နှင့် မရွှေ့သေးဘဲ ထားလိုက်ရသည်။
ကိုတင်ဖေအား
လှမ်းကြည့်ပြီး–
"ဘယ်သူက ပေးလိုက်တာလဲ"
ကိုတင်ဖေက ကျွန်တော့်အား စာကိုလှမ်းပေးရင်း–
"ဒီမှာနေမကောင်းလို့ နေသွားတဲ့ ဦးကြီးမောင်ဆီကလေ"
ကျွန်တော်မှာ အံ့သြဝမ်းသာဖြင့် ပျာပျာသလဲ ဖြစ်သွားလေသည်။ ဦးကြီးမောင်မှာ
တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌ
သခင်တင်မောင်၊ သို့မဟုတ် သခင်တင်မောင်ကြီး၏ နာမည်ဝှက်ဖြစ်သည်။
"သူနဲ့ ဘယ်မှာတွေ့ခဲ့သလဲ"
"အင်းစိန်ဘက်မှာ တွေ့ခဲ့တယ်"
ကျွန်တော်က သခင်တင်မောင်ကြီး၏စာကို ဖောက်ပြီးဖတ်ရန် လုပ်နေစဉ် သူက
ဆက်ပြောပြန်လေသည်။
"တွေ့တော့ဦးလေးမြင့်တို့၊ ကိုကြွယ်တို့အကြောင်း မေးတယ်၊ ကျန်းကျန်းမာမာ
ရှိကြရဲ့လားတဲ့၊ အန္တရာယ်ကင်း
ဘေးရှင်းကြရဲ့လားတဲ့။ စကားစပ်မိတာနဲ့ ကျုပ်က ကိုတင်ထွန်းလည်း
ရောက်နေတဲ့အကြောင်း ပြောပြလိုက်တယ်၊
ဒီတော့သူက ဒီစာကို ရေးပေးလိုက်တာပဲ"
သူက ကျွန်တော်၏နာမည်ဝှက် 'ညွှန့်မောင်'ဆိုတာကို သုံးပြီးရေးလိုက်သည်။
သူ့ဆီလာတွေ့ရန်ချိန်းခြင်းဖြစ်၏။
သူနေထိုင်သော တောရကျောင်းသို့ လာတတ်အောင် ညွှန်ကြားရှင်းလင်းချက်များလည်းပါလေ
သည်။
ကိုကြွယ်–
"သူတစ်ခေါက်မှ ဒီဘက်မလာဘူးနေနိုင်လိုက်တာ"
ကျွန်တော်–
"လာလို့မလွယ်လို့ဖြစ်မှာပါဗျာ၊ မလာချင်လို့တော့ မဟုတ်နိုင်ပါဘူး"
ကိုတင်ဖေက ချက်ချင်းလိုလို လှည့်ပြန်မည်လုပ်သောအခါ ကိုကြွယ်က–
"ပြန်တော့မှာလားကွ နေပါဦးလား"

"ပြန်တော့မယ်ဗျာ၊ အိမ်မှာ အဖေတစ်ယောက်တည်းရှိတယ်၊ သူကလည်း ကျွန်တော်ပြန်ရောက်တယ်ဆိုရင်ပဲ
သူ့မြင်းတပ်ပြီး လှည်းထွက်ဖို့ လုပ်နေပြီ"
ကိုကြွယ်–
"မင်းအမေနဲ့ မြကြည်တို့က ဘယ်သွားကြသလဲ"
"အမေရယ်၊ တင်ရွှေတို့ လင်မယားရယ် ဘုတာရုံဘက်သွားကြတယ်၊ ကိုပြုံးက ဘုတာရုံမှာ အလုပ်ပြန်ရမလိုလို
ကြားတာနဲ့ သွားကြတာဗျ၊ မြကြည်တော့ ဈေးသွားတယ်ဗျ"
ကိုကြွယ်–
"မြကြည်တစ်ယောက်တည်း သွားတာလား"
"ဟုတ်တယ်ဗျ"
ကိုကြွယ့်မျက်နှာတွင် စိုးရိမ်စိတ်ကြောင့် ထင်ဟပ်လာသည်။ သူသည် ဒေါ်လုံးတင်နှင့် မညားခင်ကပင်
မြကြည်တို့အား ဂရုတစိုက် စောင့်ရှောက်ခဲ့၏။ ခုတော့ မယားပါသမီးလည်း ဖြစ်ပြန်၊ ကိုတင်ဖေ၏
မယားလည်းဖြစ်လာပြန်သော အခါပို၍ ဂရုစိုက်လျက်ရှိလေသည်။
"ဒီခေတ်ကြီးမှာကွာ၊ မိန်းကလေးတစ်ယောက်တည်း မသွားမလာစေနဲ့ဟ၊ ပျိုပျို အိုအို မထူးဘူးဟ၊
ငပုတွေဘယ်လောက်ရမ်းကားနေတယ်ဆိုတာ မင်းကြားတယ် မဟုတ်လား"
"ဟုတ်တယ်၊ ကျွန်တော်ပြောတော့ထားသားပဲ၊ ဈေးကလည်း သိပ်မဝေးလို့ သွားလိုက်တာထင်ပါရဲ့၊
ကဲပြန်ဦးမယ်ဗျာ"
ကိုတင်ဖေ၏ မျက်နှာနှင့် အမူအရာတို့တွင် စိုးရိမ်မကင်းဖြစ်လာသည်မှာ သိသာလှ၏။
သူထွက်သွားသောအခါ ကိုကြွယ်က ကျားကိုလက်ခုပ်ထဲမှာ လှုပ်ရင်း–
"တို့ပြည်ကတော့ နေဖို့တောင် မကောင်းတော့ဘူးနော်၊ မင်း ကြားလား တစ်နေ့က ခွေးမသားတင်ကြီးက
ပုလိပ်အင်စပိတ်တော် ဦးတုတ်ကလေးရဲ့ သမီးကို တောင်းယူတာ၊ ကလေးမကလေးက
အပျိုဖားဖားဖြစ်တာမှမကြာသေးဘူး၊ ကွန်ဗင့်ကျောင်းသူကလေးလေ"
"သူ့အဖေကငြင်းလိုက်ဖို့ ကောင်းတယ်နော်"
"ဘယ့်နှယ်လုပ်ပြီး ငြင်းမှာလဲ၊ ခွေးသားကြီးက ဦးတုတ်ကလေးကို အင်္ဂလိပ်သူလျှို
ဂျပန့်လက်ထဲအပ်လိုက်မယ်၊
ဘာညာပြောပြီး မြောက်လိုက် လိမ့်လိုက် လုပ်တာကိုး။ ပုလိပ်အရာရှိဆိုတော့ အင်္ဂလိပ်သူလျှိုလို့ စွပ်စွဲရင်
လွယ်နေတာကိုးကွ၊ ဂျပန်ကလည်း ယုံမှာပဲ၊ အဖျင်းဆုံးလက်ထိပ်ကို အပ်နဲ့ အဆွခံရပြီးသားပဲ"

ကျွန်တော့်မျက်စိထဲတွင် ခပ်ခွင်ခွင်ခြေနှစ်ချောင်းဖြင့် ခပ်ယိုင်ယိုင်ထောက်ထားသော
တုတ်ခိုင်သည့် ကိုယ်ခန္ဓာမှ
သေးကွေးသော လက်နှစ်ချောင်း တွဲကျလျက်ရှိသော အသက် ၄၀ ကျော်ပြီဖြစ်သည့်
သခင်တင်ကြီးအား
မြင်နေလေသည်။ သူ့အား ကွန်ဗင့်ကျောင်းသူ ပျို့ဖြူလှလှ နုနုကလေးနှင့် ယှဉ်တွဲလျက်
ကျွန်တော့်မျက်စိမှာ
ထင်မြင်လာရန် ကြိုးစားသည်၊ မအောင်မြင်ချေ။
ကျွန်တော်တို့သည် ကျားဆက်မကစားကြတော့ပေ။
နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တစ်ယောက်တည်း သခင်တင်မောင်ထံသို့ သွားရန်
ထွက်ခဲ့လေသည်။
အင်းစိန်ထောင်ကြီးအနီးသို့ သွားရ၏။ ပြီးမှလှည်းလမ်းကလေးတစ်ခုသို့ ချိုးဝင်ရ၏။
လှည်းလမ်းဘေးတွင်လယ်ခင်းများနှင့် ဥယျာဉ်ခြံများ ရှိ၏။ အတန်ကြာသောအခါ
တောကလေးထဲသို့ ဝင်ရသည်။
ငှင်းနောက်ပြုန်းခနဲ တောရကျောင်းတိုက်သို့ ရောက်သွားလေသည်။ မြို့နှင့်တကယ်ဝေးပြီး
'စိပ်ပုတီးနှင့်
ရိပ်ကြီးခိုရန်' တကယ်ကောင်းသော ကျောင်းတိုက်ဖြစ်လေသည်။ အဆောက်အအုံ
ကြီးကြီးမားမား မရှိ။
သစ်သားကျောင်းခပ်ငယ်ငယ်များသာရှိ သည်။ 'သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်
သီတင်းသီလ
ဆောက်တည်ရန်' နေရာများကား ပေါလှ၏။
သူစိမ်းတစ်ယောက် ဝင်သွားသည်ဆိုလျှင် လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး
သိသာလှသည့်နေရာဖြစ်၏။
သခင်တင်မောင်ကြီးသည် ကျွန်တော်ရောက်သည်ကို ချက်ချင်းသိလေသည်။
သခင်တင်မောင်ကြီးက ကျွန်တော့်အား ဘယ်သူမျှမရှိသော ဇရပ်ကလေးတစ်ခုသို့
ခေါ်သွားလေသည်။
ထိုင်မိလျှင်ပင် ကျွန်တော်က–
"ကျွန်တော် ရန်ကုန်ရောက်ရောက်ချင်း ခင်ဗျားကို စုံစမ်းနေတာပဲဗျ"
သခင်တင်မောင်ကြီးသည် သူ၏ မူပိုင်အပြုံးဖြင့်–
"ဘယ်သူမှ မသိကြဘူး မဟုတ်လား"
"ဟုတ်ကဲ့ ဘယ်သူမှမသိကြပါဘူးထင်တယ်။ ကျွန်တော်ကလည်း ခင်ဗျားနဲ့ ရင်းနှီးတဲ့လူ
ဘယ်သူမှန်းမှမသိဘဲ။
တကယ်ဆိုတော့ဗျာ ဒီနေ့ထိ ကျွန်တော်တော့ ရန်ကုန်မှာ ရင်းနှီးတဲ့ ရဲဘော်ရဲဘက်
ဘယ်သူ့မှ မတွေ့ရသေးဘူးဗျ"
"ဟဲ ဟဲ ခုမှပဲ ရင်းနှီးသူ တွေ့ရတော့တယ်ပေါ့"
"ဟုတ်တယ်"

သူက ကျွန်တော်နှင့် ကွဲသွားပြီးသည့်နောက်မှစ၍ ယခု ပြန်တွေ့သည်အထိ သူ့မှာ ဖြစ်ပျက်ခဲ့တာတွေကို
ပြောပြသည်။ တစ်ပါတည်းပင် မြန်မာပြည်တစ်ပြည်လုံး ဂျပန့်လက်အောက်သို့ ရောက်ခဲ့ရပုံကို ပြောသွားသည်။
မေလ ၁၃ ရက်နေ့က မဟာမိတ် စစ်တပ်များသည် မြန်မာပြည်အရပ်ရပ်မှ ရုပ်သိမ်းပြီးကြောင်း
ကြေညာသည်ဟုသိရလေသည်။ ကျွန်တော်ကလည်း သခင်တင်မောင်အား သူနှင့်ကွဲပြီးသည့်နောက်မှစ၍
ယခုပြန်တွေ့သည်အထိ ကျွန်တော့်မှာ ဖြစ်ပျက်တာတွေ၊ ဗမာများမှာ ဖြစ်ပျက်တာတွေကို တွေ့သမျှ၊ ကြားသမျှ
ဖုံးကွယ်ခြင်းမရှိဘဲ ပြောပြသည်။ တစ်ပါတည်းမှာပင် ယခင်ကသူ၏ မြော်မြင်ချက်တို့သည် ယနေ့ကျွန်တော်၏
ခံစားချက်တွေနှင့် တစ်ထပ်တည်း တူနေကြောင်း ဝန်ခံလိုက်လေသည်။
သူကား ကျွန်တော်ဝန်ခံသမျှကို ပြုံး၍ နားထောင်နေသည်။ "ငါမပြောဘူး လားကွာ"ဟူသော ကြွားဝင့်ခြင်းမျိုးမရှိပေ။
ကျွန်တော်–
"အင်းစိန်ထောင်ကနေပြီး ပြောင်းသွားရတဲ့ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်လူကြီးတွေ ခုဘယ်မှာတဲ့လဲ၊
လိမ့်လိမ့်လည်းလည်း ဘာမှမဖြစ်ဘူး ထင်ပါရဲ့နော်"
သူက ဝမ်းသာအားရစွာပြောသည်။
"အားလုံး ဘေးကင်းရန်ကင်းတာပဲတဲ့ကွ။ အင်းစိန်ထောင်ကနေပြီး သရက်၊ ပြီးတော့ မြင်းခြံ၊ ပြီးတော့
တချို့ကိုမန္တလေး၊ တချို့ကိုမုံရွာ ပြောင်းခေါ်သွားတယ်။ အိန္ဒိယကိုတော့ ခေါ်မသွားနိုင်တော့ဘူး။ သခင်နု၊
သခင်စိုးတို့ လူစုက မန္တလေးထောင်ရောက်မှ လွတ်ကြသတဲ့။ သခင်သန်းထွန်း သခင်လေးမောင်တို့ လူစုကတော့
မုံရွာထောင်ကျမှ လွတ်ကြသတဲ့"
"သခင်ကျော်စိန်ရဲ့ သတင်းကောဗျ"
"သူလည်း သခင်နုတိုနဲ့ အတူတူ မန္တလေးထောင်က လွတ်ကြတာပဲတဲ့။ ကိုယ့်လူ ဘယ်သူ့မှလည်း မပြောနဲ့၊
သခင်နု၊ သခင်စိုးနဲ့ သခင်ကျော်စိန်တို့ကို ထောင်ကထုတ်ပြီး တရုတ်ပြည်ပို့ပေးဖို့ စီစဉ်ကြသေးသတဲ့။
ဒါပေမဲ့မအောင်ဘူး။ ဂျပန်တွေက သီပေါမြို့ကို သိမ်းလိုက်တော့ တရုတ်–ဗမာလမ်းကနေပြီး ထွက်မရ တော့ဘူး။

ခုတော့ဘယ်နည်းနဲ့မဆို ဗမာပြည်အပြင်ရောက်ပြီး မဟာမိတ်တွေနဲ့ အဆက်အသွယ်ယူဖို့ သခင်ကျော်စိန်၊
သခင်မြသွင်နဲ့ ကိုသိန်းဖေတို့ဟာ တရုတ်တပ်နဲ့ လိုက်သွားကြပြီတဲ့"
"ဟုတ်လား၊ ကိုသိန်းဖေကို ကျွန်တော်မန္တလေးမှာ တွေ့ခဲ့သေးတယ်"
"ဒီပြင်လူတွေတော့ မကြာခင် ရန်ကုန်ကိုဆင်းလာကြလိမ့်မယ်"
"ဆင်းလာပြီးဘာလုပ်ကြမှာလဲ၊ ခုကောဘာလုပ်နေကြပြီလဲ၊ ကျွန်တော်တို့ ကောဘာလုပ်ရမှာလဲ၊
ဒါပဲသိချင်တယ်ဗျာ။ မြင်တွေ့နေရတဲ့ အခြေအနေတွေကို ကျွန်တော်မကြိုက်ဘူး၊ မခံမရပ်နိုင်ဖြစ်နေတယ်။
နို့ပေမယ့် ဘာလုပ်ရမှန်းမသိဘူး"
ကျွန်တော့်အမေးကို သခင်တင်မောင်ကြီးသည် လွယ်လွယ်ရှင်းရှင်းနှင့် မဖြေတတ် ဖြစ်နေသလော၊ သို့မဟုတ်
သူကိုယ်တိုင် ကျွန်တော့်လိုပင် အဖြေရှာနေဆဲပင်လော မပြောတတ်ပါ။ သူကား အတန်ကြာ ဘာမျှမပြော၊
ပြောပြန်တော့လည်း–
"ဒီလိုရှိတယ်လေ သခင်တင်ထွန်းရဲ့၊ တစ်ခုခုတော့ လုပ်ရမှာပဲ။ နို့ပေမယ့် မခံမရပ်နိုင်ဖြစ်တိုင်း အရင်စလိုလုပ်လို့
မဖြစ်ဘူး။ စစ်မရောက်ခင်က မြားကုန်တယ်ဆိုတာမျိုးကို ရှောင်ရမယ်"
ကျွန်တော်ကား သူ့လို အဘိဓမ္မာဆန်တွေးတောပြီး အေးအေးနေတတ်သူ မဟုတ်။ ကျွန်တော့်အား
သွေးဆူလွယ်သူဟုခေါ်လျှင်လည်း ခံရပါတော့မည်။
"စစ်မရောက်ခင်က မြားမကုန်စေနဲ့ ဆိုတာကတော့ ဘာမှမလုပ်ချင်တဲ့လူတွေအတွက် အကောင်းဆုံးစကားပုံပဲဗျာ"
ကျွန်တော်သည်ဤစကားများဖြင့် သခင်တင်မောင်ကြီးအား တိုက်ခိုက်လိုက်သလို ဖြစ်သွားလေသည်။
သူ့မျက်နှာသည် တင်းမာသွား၏။ သူသည်ခေါင်းကို နောက်ပစ်လှန်ကာ သူ၏ထူထပ်သော ဆံပင်များကို လက်ဖြင့်
ဖိရင်းသပ်ရင်း အတန်ကြာအောင် စဉ်းစားနေလေသည်။ ၄င်းနောက် မတ်မတ်ထိုင် လိုက်ပြီး လေးဆေးစွာပြောလိုက်လေသည်။
"ကိုယ်တို့တစ်တွေလည်း တတ်နိုင်သလောက် လုပ်ကြတာပါပဲကွာ။ ကာကွယ်ရေးပုဒ်မ ၂၆ နဲ့ ၃၈ အရ
သခင်လေးမောင်၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုးတို့ ထောင်ကျပြီးတဲ့နောက် တို့ဗမာအစည်းအရုံးအလုပ်အမှုဆောင် ပြန်ဖွဲ့ရလို့ ကိုယ်က
ဥက္ကဋ္ဌတက်လုပ်ရတယ်။နောက်ဘာကြာလဲ

ဖက်ဆစ်ဂျပန်တွေ အင်ဒိုချိုင်းနားရဲ့ ကမ်းမရားကွေ့ကို သိမ်းပြီး ရေတပ်အခြေခံစခန်း လုပ်လိုက်တယ်။ ၁၉၄၀
ခုနှစ်ဇူလိုင်လထဲမှာပေါ့ကွ။ ရေကျော်လမ်းမှာ တို့ဗမာအစည်းအရုံးရဲ့ နိုင်ငံလုံးဆိုင်ရာ ကော်မတီအစည်းအဝေးကျင်းပတယ်၊ အဲဒီမှာပဲ ငါကဥက္ကဋ္ဌအဖြစ်နဲ့ တို့ဗမာအစည်းအရုံးသည် ဗမာတစ်နိုင်ငံလုံးကိုယ်စား ဖက်ဆစ်စနစ်ကို ခုခံတွန်းလှန်မယ် လို့ကြေညာခဲ့တယ်။ ကမ်းမရားကွေ့မှာ
ဂျပန်တွေလုပ်ပုံကို ရှုတ်ချခဲ့တယ်။ နောက်စက်တင်ဘာလထဲမှာ အင်္ဂလိပ်က တရုတ်–ဗမာလမ်းမကြီးကို
ဂျပန်အကြိုက်လိုက်ပြီး ပိတ်လိုက်တော့ တို့ဗမာအစည်းအရုံးက ကန့်ကွက်ခဲ့တယ်။ ဒါဟာ တရုတ်ဒီမိုကရေစီကို
အင်္ဂလိပ်နယ်ချဲ့တို့က သစ္စာဖောက်ခြင်းဖြစ်တယ်လို့ တို့က သတ်မှတ်ခဲ့တယ်။ ၁၉၄၀ ခုအောက်တိုဘာလမှာ
ပျဉ်းမနားမှာ တို့ဗမာအစည်းအရုံး နိုင်ငံလုံးဆိုင်ရာ ကော်မတီ အစည်းအဝေးကို ကျင်းပခဲ့တယ်။
အဲဒီအစည်းအဝေးမှာ ကိုယ်က ဥက္ကဋ္ဌအနေနဲ့ ဖက်ဆစ်ဂျပန်များဟာ မြန်မာပြည်ထဲ ကျူးကျော်ဝင်ရောက်လာရင်
ခုခံတွန်းလှန်မယ်လို့ ကြေညာခဲ့တယ်”
သခင်တင်မောင်ကြီးသည် တို့ဗမာအစည်းအရုံးအနေနှင့် ဖက်ဆစ်ဆန့်ကျင် ရေး သဘောထားများရှိခဲ့ပုံကို
အတိတ်ဆောင်နေလေသည်။ ရေနံမြေ အလုပ်သမားတပ်ဦး ညီလာခံမှ ဆုံးဖြတ်ချက်များ မြင်းခြံ
တို့ဗမာအစည်းအရုံး ညီလာခံမှ ဆုံးဖြတ်ချက်များ စသည်တို့ကို ကိုးကား၍ ပြောလေသည်။
“ကြေညာချက်တွေ ဆုံးဖြတ်ချက်တွေကတော့ ဟုတ်တာပေါ့ဗျာ၊ ဖက်ဆစ်ဂျပန် ခုခံတွန်းလှန်ရေးအတွက်ပါပဲ။
သို့ပေမယ့် လက်တွေ့ဖြစ်တာကတော့ ကျွန်တော်တို့မြန်မာပြည်ထဲ မြန်မြန်ဝင်လာနိုင်အောင် ကူကြတာပဲဗျ။
ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်သွားသလဲဆိုတာတော့ ကျွန်တော်နားကို မလည်ဘူးဗျာ”
သခင်တင်မောင်ကြီးသည် ဘာမျှပြန်မပြောနိုင်ဘဲ ကြောင်သွားသည်။ သို့သော် သူ၏မျက်နှာမှာ ဒေါသမရှိ၊ ပကတိ
အေးချမ်းတည်ငြိမ်နေလေ၏။
အတန်ကြာမှ“
အင်း ဟုတ်တော့ ဟုတ်တာပဲ။ ဒါပေမဲ့ ကိုယ့်အနေနဲ့ကတော့ အဖြစ်အပျက်တွေကို မတားဆီးနိုင်တာသာ
အပြစ်ပါပဲ။ ဟိုအရင်က မင်းအယူအဆတွေ မမှန်ဘူးလို့ဆိုပြီး ကိုယ်ဝေဖန်ခဲ့တယ် မဟုတ်လား။ သို့ပေမယ့်

မင်းကို အမှန်ရောက်အောင် မပို့နိုင်ခဲ့ဘူး၊ မင်းတို့အလုပ်ကို တို့မတားဆီးနိုင်ခဲ့ဘူး။
စကားစပ်မိလို့
ပြောရဦးမယ်။ သခင်မြရယ်၊ ကိုယ်ရယ်၊ ဘုရင်ခံ ဒေါ်မန်စမစ်နဲ့ သွားတွေ့ကြပြီး
ဖက်ဆစ်ဆန့်ကျင်ရေး
လုပ်ငန်းတွေ လုပ်ဖို့ ထောင်ထဲက တို့ဗမာအစည်းအရုံး ခေါင်းဆောင်တွေကို လွှတ်ပေးဖို့
တောင်းဆိုကြတယ်။
ဒီတော့ ဘုရင်ခံက သခင်အောင်ဆန်းနဲ့ သခင်ခေါင်းဆောင် အချို့ ဂျပန်ရောက်နေပြီဆိုတဲ့
အစီရင်ခံစာကို
ထုတ်ပြပြီး တောင်းဆိုချက်ကို မလိုက်လျောနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်လို့
ပြောလွှတ်လိုက်တယ်။ အဲဒီလို
အခြေအနေမျိုးမှာ တို့ကဘာတွေများ လုပ်နိုင်မှာလဲ။ တကယ်ကတော့ သခင်အောင်ဆန်း
ဂျပန်ရောက်သွားတာကိုက အစီအစဉ်မရှိဘဲနဲ့ ရောက်သွားတာပဲ။ ဒါလည်းပဲ အခြေအနေကို
မတားဆီးနိုင်တဲ့
သဘောပေါ့ ကိုယ့်လူ"
ကျွန်တော့်မှာ အံ့သြ၍ မဆုံးနိုင်ဖြစ်နေသည်။
"ဒါအဟုတ်ပဲလား"
"ဒီလိုပဲ ပြောကြတာပဲ။ ကိုယ်ကတော့ သခင်အောင်ဆန်းတို့ ဂျပန်ရောက်သွားတာ
အစီအစဉ်ရှိပြီး
ကြံစည်ရင်းအတိုင်း ရောက်သွားတာလား။ မကြံစည်ဘဲနဲ့ ရောက်သွားတာလားဆိုတာကို
အငြင်းမပွားချင်ဘူး၊
တို့တစ်တွေ ဟာ အားလုံးပဲ အခြေအနေကို မတားဆီးနိုင်ခဲ့ကြဘူးဆိုတာကတော့ ဘယ်သူမှ
မငြင်းနိုင်ဘူးထင်တယ်"
"ဟုတ်တယ်၊ အခြေအနေကို မတားဆီးနိုင်တာတော့ အမှန်ပဲ။ ဒါကြောင့်လည်း
ဖက်ဆစ်ဂျပန်ဟာ
ကျွန်တော်တို့နိုင်ငံကို ကုပ်ခွစီးထားနိုင်နေပြီ၊ အုပ်စီးထားနိုင်ပြီ။ နောက်လာတဲ့ မောင်ပုလဲ
ဒိုင်းဝန်ထက်ကဲ
ဆိုတာလိုပါပဲ၊ ဒီဝဋ်က ကျွတ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဖက်ဆစ်ဂျပန်ကို ဘယ်လို
တွန်းလှန်ကြမလဲ"
ကျွန်တော်က ဆူပူလူပ်ရှားနေသလောက် သခင်တင်မောင်ကြီးမှာ အေးစက်စက် နိုင်လှသည်။
"အခြေအနေ ရင့်ကျက်အောင်စောင့်ပြီး အချိန်ကျတော့ တွန်းလှန်ရမှာပေါ့"
သူ့အဖြေကိုမမှန်ဟု ကျွန်တော်"မပြောနိုင်သော်လည်း အားရစရာကောင်းသော အဖြေကား
မဟုတ်ချေ။
ကျွန်တော့်သွေးမှာ ဆူပွက်နေဟန်တူသည်။ ကျွန်တော့်အသံမှာ သဘာဝမကျဘဲ
မြင့်တက်နေသည်။
"အရိပ်ထဲကထိုင်ပြီး အေးအေးကလေး စောင့်နေရမှာလား"

သခင်တင်မောင်ကြီးသည် ကျွန်တော့်အတွင်းလှုပ်ရှားမှုများကို ရိပ်မိဟန်တူသည်။
ရယ်ပစ်လိုက်ပြီး–
"ဟား ဟား သခင်တင်ထွန်းရယ် ဒီလိုလည်း မဟုတ်ပါဘူး၊ ခေါင်းအေးအေးထားစမ်းပါ။
ကိုယ်တို့လူတွေစုံအောင်
စောင့်ပါဦး၊ ယုံကြည်ရတဲ့ လူအချင်းချင်းတိုင်ပင် ဆွေးနွေးပြီး လုပ်သင့်တာ
စလုပ်ကြတာပေါ့"
သခင်တင်မောင်ကြီးက ယုံကြည်ရတဲ့ လူအချင်းချင်းဟူသော စကားကို
ထည့်ပြောလိုက်ခြင်းသည်
ကျွန်တော့်အားလေးလေးနက်နက် စဉ်းစားခန်းဝင်စေ၏။ ယခုထိ ကျွန်တော်လည်း
ကိုယ့်ရင်တွင်းရှိသမျှကို
ဖွင့်ပြနိုင်သော ယုံကြည်ရသူများ ကိုရှာနေသည် မဟုတ်ပါလား။ သခင်တင်မောင်လည်း
ကျွန်တော့်လိုပဲ
ယုံကြည်ရသူ ရှာနေသည်မဟုတ်ပါကလား။ လေပြင်းမုန်တိုင်းသည် ကျွန်တော်တို့အပေါ်တွင်
ဖြုန်းခနဲကျရောက်လာ၏။ သစ်ပင်တွေ အမြစ်ကလန်ပြီး လဲကျလွင့်စဉ်နေ၏။
လှိုင်းတံပိုးကြီးများ ရိုက်ခတ်နေ၏။
ထိုကြားထဲတွင် ခိုင်မြဲသော အတွယ်အခို၊ လုံခြုံသော အကာအကွယ်ရှာရသည်မှာ
တကယ်မလွယ်ပါတကား။
မိုးသည်ဖြုန်းခနဲ ရွာကျလာလေသည်။ လွန်ခဲ့သော ရက်များအတွင်းက
နေအလွန်ပူထားသဖြင့် ခနိမိုးတွင်
အပေါက်များရှိနေပေရာ မိုးယို၍ ကျလေသည်။ ကျွန်တော်တို့သည် နေရာရွှေ့ထိုင်ကြရ၏။
ဇရပ်ရှေ့မှာ
ဦးပဥ္စင်းတစ်ပါး ခပ်သုတ်သုတ် လျှောက်သွားလေသည်။
ကျွန်တော်–
"ဒီကျောင်းတိုက်မှာ သိပ်ပြီး တိတ်ဆိတ်တာပဲနော်၊ ကျောင်းတိုင်သံဃာလည်း
နည်းတယ်ထင်တယ်"
"နည်းတယ်၊ သိပ်နည်းတာပဲ၊ ကျောင်းသားလည်း သိပ်မရှိဘူး"
"စစ်ပြေးတွေကော သိပ်မရှိဘူးလား"
"မရှိဘူး၊ ကိုယ်တောင် ပြောင်းလာတာ မကြာသေးဘူး"
"အရင်က ဘယ်မှာလဲ"
"ရွှေတောင်ကြားမှာ နေလိုက်သေးတယ်လေ၊ သခင်ကိုယ်တော်မှိုင်းနဲ့
မျက်နှာချင်းဆိုင်အိမ်ဟာပေါ့"
"ဪ ဟုတ်လား၊ သခင်ကိုယ်တော်မှိုင်းလည်း ရွှေတောင်ကြားမှာ နေသလား"
"နေတာပေါ့၊ ရွှေတောင်ကြားဘက်က အိမ်တွေကို သခင်ခေါင်းဆောင်တွေ နေဖို့
သိမ်းထားတာပဲ။ ကိုယ်ကတော့

အဲဒီမှာနေရင်း စိတ်ချလက်ချနေလို့ မဖြစ်တာတွေ့လာရတယ်။ ဂျပန်တွေက မသင်္ကာဘူးဆိုရင်
ဖမ်းဆီးပြီးရိုက်တာပဲ၊ လက်သည်းခွံခွာတယ်၊ လျှပ်စစ်ဓာတ်နဲ့ ရှို့တယ်၊ အိုကွာ အမျိုးမျိုးနှိပ်စက်တာပါပဲ။ ကိုယ့်ကို
ဂျပန်ကင်ပေတွေက မသင်္ကာဖြစ်နေတယ်ဆိုတာ တွေ့ရတယ်။ ဒီတော့ ခုလို ပြောင်းရွှေ့နေလိုက်တာ
ကောင်းတာပေါ့"
ရွှေတောင်ကြားထဲမှာ သခင်ခေါင်းဆောင်တချို့နေကြတယ်လို့တော့ ကျွန်တော်ကြားပါရဲ့၊ သို့ပေမယ့် ခုအခါကြီးမှာ
'မေးပါများ စကားရ'ဆိုတဲ့ စကားဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပေးနိုင်လေတော့ မေးမြန်းစုံစမ်းမနေတော့ပါဘူးဗျာ"
"အေး အရမ်းမမေးတာ၊ မစုံစမ်းတာ ကောင်းတယ်။ သခင်အောင်ဆန်း၊ သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့အကြောင်း မမေးရဘူးလို့ ဂျပန်တွေက လုပ်ထားတယ်။ အင်္ဂလိပ်ဘက်သား ရန်သူတွေက
လုပ်ကြံသွားမှာ စိုးရသတဲ့။ ကဲ ဒါထားဦး၊ ဥပမာနိုင်ငံခြားထွက်သွားပြီဆိုတဲ့ သခင်သိန်းဖေတို့လူစုအကြောင်း
မေးမိတယ်ဆိုပါတော့၊ မေးတဲ့လူဟာ သခင်သိန်းဖေတို့ရဲ့ လူရင်ဖြစ်ရမယ်၊ သို့မဟုတ်လည်း ဂျပန်သူလျှိုရင်
ဖြစ်ရမယ်လို့ အမေးခံရတဲ့လူက ထင်လိုက်မှာပဲ။ ဘယ်ဘက်ကမှ ဘေးအန္တရာယ် မကင်းဘူး။ ဒီတော့ အင်မတန်
ရင်းနှီးတဲ့လူကိုမှ မေးတာမြန်းတာ ကောင်းတယ်"
"ခု ဒီမှာ ခင်ဗျားနဲ့အတူ သခင်ခေါင်းဆောင်ထဲက ဘယ်သူများရှိနေသလဲ"
"ဘယ်သူမှမရှိဘူး။ ရွှေတောင်ကြားမှာတုန်းကတော့ ဆရာတော် သခင်ပါမောက္ခလည်း ကိုယ်နဲ့အတူနေတာပဲ။
ဘုန်းကြီးကလည်း မဟုတ်မခံကွ၊ ဒီတော့ ဂျပန်တွေ လုပ်နေတာတွေ အတိအလင်း ရှုတ်ချကန့်ကွက်နေတယ်။
ကိုယ်ကလည်း အစကတည်းက ဖက်ဆစ်ဆန့်ကျင်ရေးသမားမှန်း လူသိများနေတော့ ရွှေတောင်ကြားမှာ
အတူနေလို့ မကောင်းတော့ဘူး။ ဆရာတော်ကတော့ ဗားကရာ သူ့ကျောင်းသူ ပြန်သွားတယ်၊ ကိုယ်ကတော့
ဆရာတော်အဆက်နှင့် ဒီကျောင်းပြောင်းလာတာပဲ။ မကြာခင်တော့ ဗားကရာ သူ့ကျောင်းသူ ပြန်သွားတယ်၊
ကိုယ်ကတော့ ဆရာတော်အဆက်နှင့် ဒီကျောင်းပြောင်းလာတာပဲ။ မကြာခင်တော့ ဆရာဖေတို့ ဒီကိုပြောင်းလာကြလိမ့် မယ်၊ ဆရာဦးရွှေဖေတို့လေ၊ မင်းသိတယ် မဟုတ်လား"
မသိဘဲနေပါမည်လော။ မခင်သစ်၏အဖေ၊ ဒေါ်ရွှေသစ်၏ မောင်၊ ကျောင်းဆရာ ဦးရွှေဖေကို

ဆိုလိုသည်မဟုတ်ပါလား။ သူတို့သတင်းကို နားစွင့်နေတာ ကြာပြီ။
"ဩော် ဆရာဖေတို့ ဒီပြောင်းလာကြမယ်လား၊ ခု သူတို့ ဘယ်မှာလဲ"
"ခု သူတို့ မော်ဘီမှာ ရှိနေကြတယ်၊ သူတို့က အဲဒီဇာတိကိုးကွ"
သခင်တင်မောင်ကြီးသည် စကားကို ရပ်ထားလိုက်ပြီး အပြင်သို့ ကြည့်နေလေသည်။
မိုးသည်
စွေနေသောမိုးမဟုတ်၊ သွန်ချသလို ရွာချလိုက်ပြီး ရပ်သွားခဲ့လေပြီ။ နေမင်းသည်
ကြိုးကြားကြိုးကြား
ထွက်ပြူနေ၏။ သခင်တင်မောင်ကြီး၏မျက်နှာမှာ ညှိုးနွမ်းသွားလျက်–
"ဆရာဖေလည်း ဂျပန်အနှိပ်အစက် ခံထားရတယ် ကိုယ့်လူ"
ကျွန်တော့်မှာထိတ်လန့်သွားသည်။
"အိုဖြစ်ရလေဗျာ၊ နိုင်ငံရေးသမားလည်း မဟုတ်ဘဲနဲ့"
"ဟ သခင်တင်ထွန်းရဲ့၊ ခုအခါမှာ နိုင်ငံရေးသမား အနှိပ်စက်ခံရတာက နည်းတယ်။
ရိုးရိုးလူတွေ
အနှိပ်စက်ခံရတာများတယ်။ နိုင်ငံရေးသမားကတော့ ရှောင်တတ်တိမ်းတတ်တယ်။
မီးစင်ကြည့်ကတတ်တယ်
ရိုးရိုးလူတွေကတော့ ဒီလိုမဟုတ်ဘူး။ ဒီလုနဲ့ ဆရာဖေခမျာ ခံရရှာတာပေါ့"
ကျွန်တော့်မှာ များစွာ စိတ်မကောင်းဖြစ်ရသည်။ ဆရာကတော်ဒေါ်ညွှန့်နှင့်
သမီးမခင်သစ်တို့အား
အထူးကရုဏာသက်မိလေသည်။ သူတို့အတွက်ပင် စိုးရိမ်လာသည်။
"ဖြစ်ပုံပြောစမ်းပါဦးဗျာ"
"သခင်တင်ထွန်း သိတဲ့အတိုင်းပဲ၊ ဆရာဖေဟာ ကျောင်းဆရာရိုးရိုးပဲ။ ဒါပေမဲ့
နိုင်ငံရေးသမားတွေကို
လေးစားတယ်၊ အားပေးတယ်။ ကျောင်းဆရာ ကိုထွန်းရွှေတို့နဲ့ ပတ်သက်ပြီး ဆရာဖေတို့နဲ့
တို့ရဲဘော်တွေ
ရင်းနှီးကြရတယ်။ ကိုယ်တို့တစ်တွေ ပြေးကြလွှားကြရတော့ သူ့ဆီမှာ အရေးကြီးတဲ့
စာအုပ်တွေ
အပ်ထားကြတယ်။ ကိုယ့်စာအုပ်တွေလည်း အပ်ထားတယ်။ လီနင်ဝါဒပြဿနာများ
မာ့က်စ်ဝါဒလက်စွဲကျမ်း၊
တရုတ်ပြည်ပေါ်မှာ ထွန်းတဲ့ကြယ်နီ၊ ဂျပန်ရဲ့ ရွှံ့ခြေထောက်စတဲ့ စာအုပ်တွေပေါ့ကွာ။
ဆရာဖေက လည်း
သူကိုယ်တိုင်မဖတ်တတ်ပေမယ့်လို့ တို့အတွက် အင်မတန် အဖိုးတန်တဲ့
စာအုပ်တွေဖြစ်တယ်ဆိုတာ
ယုံကြည်တယ်။ ဒါကြောင့် မော်ဘီပြေးတော့လည်း ယူသွားတယ်။ တစ်နေ့တော့ ဂျပန်တွေက
အိမ်တွေတက်မွှေရင်း

အဲဒီစာအုပ်တွေ တွေ့သွားတော့ ဆရာဖေကို ဂျပန်ဆန့်ကျင်ရေးသမား ကွန်မြူနစ်စသည်ဖြင့် စွပ်စွဲပြီး
ဖမ်းသွားတော့တာပဲ၊ ခေါင်းဆောင်ဘယ်သူလဲ၊ ကွန်မြူနစ်ဌာနချုပ် ဘယ်မှာလဲ စသည်ဖြင့် မေးတော့တာပဲ။
ဆရာဖေကလည်း မသိတော့ ဘယ်မှာ ပြောတတ်မှာလဲ။ ဆရာဖေကမသိဘူး မပြောတတ်ဘူးဆိုတာကို
ဂျပန်တွေကမယုံ ဘူး၊ ဘယ်သူ့စာအုပ်တွေလဲလို့ မေးတော့ ဆရာဖေက တို့ကို ဂျပန်တွေ ရန်ရှာမှာ စိုးတာနဲ့
ဘာမှမပြောဘူး။ အမျိုးမျိုးရိုက်နှက်၊ အမျိုးမျိုးနှိပ်စက်ပြီး စစ်တာပဲ။ အတော်ခံလိုက်ရတယ် ကိုယ့်လူ၊ ဆရာဖေကို
ဗိုလ်ကျော်ဇောက ကောင်းကောင်းသိတယ်”
“ဘယ် ဗိုလ်ကျော်ဇောလဲဗျ”
“ဘယ်ဗိုလ်ကျော်ဇောဖြစ်ရဦးမှာလဲ၊ ဂျပန်ပြန် ၊ အခုဗိုလ်သင်တန်းကျောင်း တာဝန်ခံ ဗိုလ်ကျော်ဇောပေါ့ကွ”
“သြော် ကြားဖူးသားပဲ”
“အေး ဗိုလ်ကျော်ဇောဆီ လူလွှတ်ပြီး အကျိုးအကြောင်း ပြောရတယ်၊ ဗိုလ်ကျော်ဇောက ဂျပန်တွေထံဝင်ပြီး
ပြောပေးလို့ ဆရာဖေ အသက်မသေဘဲ လွတ်ခဲ့ရတယ် ကိုယ့်လူ”
“ဖြစ်မှဖြစ်ရလေဗျာ”
“မှော်ဘီမှာက ဂျပန်တွေနဲ့နီးတယ်၊ ဆရာဖေက ဂျပန်တွေ လက်လှမ်းမမှီလောက်တဲ့နေရာ ပြောင်းချင်တယ်။
သမီးပျိုကလေးကလည်း ရှိသေးတော့ အမျိုးမျိုးစိတ်ပူတယ် ထင်ပါရဲ့ ကိုယ့်လူရာ။ ဒါကြောင့် ဒီတောရကျောင်း
ပြောင်းလာခဲ့ဖို့ ကိုယ်က ခေါ်ထားတာပဲ။ အားလုံး အစီအစဉ်လုပ်ပြီးပြီ၊ ပြောင်းလာကြလိမ့်မယ်”
“ကျွန်တော်ကလည်း သူတို့နဲ့ တွေ့ချင်ပါတယ်ဗျာ”
“နောက်လာခဲ့ပေါ့၊ ဒီလာရင် တွေ့မှာပါပဲ”
ကျွန်တော် စဉ်းစားကြည့်နေမိသည်။ မခင်သစ်တို့မိသားတစ်စုသည်လည်း ဖက်ဆစ်ဂျပန်တို့အား ကျွန်တော့်လိုပင်
မုန်းနေလိမ့်မည်။ ယုံကြည်အားကိုးစားရ သောရဲဘော်ရဲဘက်တွေ ရှာကောင်းရှာနေမည်။ ကျွန်တော်တို့ တဲဇရပ်ရှေ့မှ အုပ်လမ်းကလေးပေါ်တွင် သပိတ်ပိုက်ထားသော ဘုန်းကြီးတစ်ပါးနှင့်
ဆွမ်းဟင်းအုပ်ထမ်းသော ကျောင်းသားကလေးတစ်ယောက်တို့သည် ဆွမ်းခံပြန်လာကြသည်ကို တွေ့ရလေသည်။
ဘုန်းကြီးနှင့် ကျောင်းသားကလေးတို့မှာ မိုးရေစိုရွှဲနေလေသည်။

"ကဲ ကျွန်တော်ပြန်ဦးမယ်"
"အေး ကိုယ်တို့တစ်တွေ စုကြဦးမှာပေါ့"
"ဟုတ်ကဲ့၊ စစ်ရောက်တော့ ပစ်ရအောင် မြားတွေ စုထားကြရလိမ့်မယ်"
သခင်တင်မောင်က ပြုံးလိုက်လေသည်။ သူ့အပြုံးက သူ့တွင် တွေ့နေကျ သူ့မူပိုင်အပြုံး ဖြစ်လေသည်။
"အေး ကောင်းတယ်၊ ကောင်းတယ်၊ စစ်မရောက်ခင်သာ မြားမကုန်ပစေနဲ့၊ မြားကို စုတော့စုထားရမယ်"
ကျွန်တော် ကမာရွတ်အိမ်သို့ ပြန်ရောက်သောအခါ ဘယ်သူ့ကိုတွေ့ရသည် ထင်သနည်း။ ကိုအေးငွေ။
လေပြင်းမုန်တိုင်းကြီးကြားတွင် တွယ်စရာ၊ ခိုစရာတစ်ဦး တွေ့ပြန်လေပြီ။
မှားအတူ၊ မှန်အတူ၊ ဆိုးအတူ၊ ကောင်းအတူဖြစ်ခဲ့သော ကျွန်တော့်ရဲဘော် ကြီး ကိုအေးငွေ။
ဂျပန်နှင့် စစ်စဖြစ်ကတည်းက သူနှင့်ကျွန်တော် လူချင်းကွဲသွားခဲ့လေသည်။ သို့သော် ကျွန်တော်တို့၏
အသည်းနှလုံးတို့ကား သီးခြား ကွေကွင်းမနေခဲ့ကြပါ။
သူသည် ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ကလေးယူနီဖောင်းကို ဝတ်ထား၏။ မြင်းစီးသားရေဖိနပ်ကြီးနှင့်
ဓားရှည်ကြီးများကား မပါ။ ရိုးရိုးခံ့ခံ့နှင့် ကြည့်ကောင်း နေလေသည်။
"ဘယ်တုံးက ဘီအိုင်အေထဲ ဝင်သလဲ"
"မကြာသေးဘူး။ ဂေါ်ရာကုန်းဗိုလ်သင်တန်းကျောင်းတက်တယ်၊ ကျောင်းကလည်း ဆင်းရော ကမာရွတ်တစ်ဝိုက်မှာ
တစ်စုတစ်စု ဖွဲ့ရမယ်လို့ တာဝန်ကျတယ်။ တာဝန်ကျတဲ့အတိုင်း ဖွဲ့ပြီးပြီ၊ ဖွဲ့လည်းပြီးရော ဘီအိုင်အေ
ဖျက်ရမယ်လို့ သတင်းကြားနေတယ်"
"အို ဟုတ်လား၊ ဂျပန်တွေကလည်း အကင်းပါးသားပဲနော်၊ ဘယ်ဟာဖြင့် ပြည်သူ့အဖွဲ့လက်နက်ဆိုတာ
သိတာပဲနော်"
"ပါးတာပေါ့ ဖိုးတင်ထွန်းရာ၊ သူတို့လည်း အံခွအောင် စားဖူးနေတဲ့ ကောင်တွေပဲ။ ကိုယ်လေ ဂျပန်တွေ
ရောက်လာပြီး မကြာဘူး၊ သူတို့အကြောင်း ကောင်းကောင်းသိတာ။ သိလို့လည်း ပြန်ချရအောင်လို့ တပ်ထဲဝင်တာ၊
ဗိုလ်သင်တန်းတက်တာပဲ။ ကိုယ့်ကို အုပ်ချုပ်ရေးဘက်မှာ တာဝန်ပေးသေးတယ်၊ ရာထူးပေါ့ ကိုယ့်လူရာ၊
ကိုယ်မယူဘူး၊ စစ်ထဲပဲ ဝင်ပစ်လိုက်တယ်။ ခုတော့ ဘီအိုင်အေ ဖျက်ပစ်မယ်ဆိုတော့ အဖျက်မခံဘဲနဲ့ ကိုယ့်တပ်စုနဲ့
တောအခြေခံ တစ်ခုခုယူပြီး ခံချနေမယ်တောင် စိတ်ကူးမိတယ်"

"တစ်ယောက်တည်းတော့ ထမလုပ်နဲ့လေ၊ တိုင်ပင်ညှိနှိုင်းရဦးမပေါ့"
"အင်း အဲဒါလည်း ဟုတ်တာပဲ။ ပြီးတော့လည်း ဘီအိုင်အေကို ဖျက်ပေမယ့်
ဒီပြင်နာမည်တစ်ခုခုနဲ့တော့ထပ်ပြီး
ဆက်ဖွဲ့ဦးမှာနဲ့ပဲ တူပါတယ်၊ ဒါကြောင့်စောင့်နေတာပဲ"
"ကိုအေးငွေ ခင်ဗျား စစ်ဗိုလ်ဖြစ်ပြီဆိုတော့ မိန်းမများရနေပြီလား"
"ဟာ ကြံကြီးစည်ရာ ကိုယ့်လူရာ"
"မသိဘူးလေ၊ ခုတလော ဘီအိုင်အေဗိုလ်တို့၊ သခင်အရာရှိတို့ စန်းပွင့်နေကြလို့ပါ။
လက်ထပ်လိုက်ကြတာ
အလျှိုလျှိုပဲ"
ကျွန်တော်တို့သည် တောက်တိုမည်ရ အတင်းအဖျင်းများကို ပြောကြသည်။
လွန်ခဲ့သောခြောက်လအတွင်းက
အတွေ့အကြုံများကို လှဲလှယ်ကြသည်။ ထင်မြင်ယူဆပုံတွေကို ညှိကြလေသည်။
ကမ္ဘာစစ်သတင်းများနှင့်
ကမ္ဘာ့ရေးရာများကို ဆွေးနွေးကြသည်။ ကျွန်တော်တို့နှစ်ယောက်သည် တစ်ခုတည်းသော
ရေစီးမှာ
လိုက်ပါခဲ့ကြ၏။ ကူးခတ်ခဲ့ကြ၏။ ကျွန်တော်တို့ နှလုံးသည်းပွတ်များသည်
တစ်ခုတ်ညးအဖြစ်ဖြင့်
ပေါင်းစပ်ခဲ့ကြ၏။
ယခုအခါ အတွေ့အကြုံတူညီသည့်အပေါ်တွင် အခြေခံ၍ အထင်အမြင် အယူအဆကို
ညှိလိုက်ကြသောအခါ
တစ်ခုတည်းသော အထင်အမြင် အယူအဆ ဖြစ်လာပေသည်။ ကျွန်တော်တို့၏
ဦးတည်ရာသည်
တစ်ခုတည်းဖြစ်၏။ ဤသို့ တူညီခြင်းများကိုတွေ့ရသောအခါ ကျွန်တော့်မှာ
မည်မျှဝမ်းသာသနည်း။ မည်မျှ
အားတက်သနည်း။ ဖော်ပြရန်ပင် ခက်လေသည်။ ။
၇၄
စစ်မရောက်ခင် မြားစုခြင်း
သတင်းပတ်အတော်ကြာသွားပြီးနောက် နေ့တစ်နေ့၏ ညနေခင်း။
ယခင်တစ်နေ့ကပင် စပြီး မိုးရပ်နေရာ ထိုညနေတွင် နေမပူသော်လည်း
ခပ်အိုက်အိုက်ပင်ဖြစ်နေ၏။
ကျွန်တော့်မှာ အိမ်ရှေ့တွင် စာဖတ်နေစဉ် အရပ်ထဲ၌ အုတ်အုတ်ကျက်
ကျက်ဖြစ်သွားသောအသံကြောင့်
စာအုပ်ကိုပစ်ထားခဲ့ပြီး အိမ်ပြင်ထွက်သွားလေ သည်။ "မြကြည်ကို ဂျပန်စစ်သားတွေ
ဝင်ဆွဲသတဲ့" ဟူသော

သတင်းကိုကြားရ ၏။ ဘယ်သူမှထွက်ပြီး မတားဆီးရဲကြ၊ ကိုယ့်အိမ်ထဲကိုယ်နေပြီး မခံမရပ်နိုင်ဖြစ်နေ
ကြလေသည်။ ဂျပန်စစ်သားတွေမှာ သေနတ်နှင့်ဖြစ်ကြသောကြောင့် မြကြည်၏ ယောကျ်ားကိုတင်ဖေသည်လည်းကောင်း၊ ကိုတင်ဖေ၏အဖေ ဦးဖိုးခင်သည်လည်း ကောင်း ဘာမျှမလုပ်နိုင်ဘဲ
တရှူးရှူးတရှဲရှဲနှင့် ဒေါသတွေ မှုတ်ထုတ်ရင်းသာ ကြည့်နေရသည်ဟု ဆိုလေသည်။ ကျွန်တော်သည် ကိုတင်ဖေတို့
အိမ်ဘက်သို့ အသော့နှင်ခဲ့၏။
အရပ်သူအရပ်သားတို့မှာ ခပ်ဝေးဝေးမှသာ အကဲခတ်ကြည့်နေကြသည်။ ကိုတင်ဖေတို့ အိမ်အနီးသို့
ကျွန်တော်ရောက်သွားသောအခါ ဂျပန်စစ်သားတစ် ယောက်သည် သေနတ်ကိုလွယ်လျက် အိမ်ရှေ့မှာ
လျှောက်နေသည်ကို တွေ့ရလေ သည်။ ထိုခဏ၌ပင် ကိုတင်ဖေသည် ဓားရှည်တစ်ချောင်းနှင့် ထိုစစ်သားနောက်မှ
ပေါ်လာပြီး လည်ပင်းကို ခုတ်ပိုင်းလိုက်လေသည်။ ကျွန်တော်သည် အပြေးသွားပြီး လဲကျသွားသော စစ်သားဆီက
သေနတ်ကိုယူလိုက်၏။ ကိုတင်ဖေသည် အိမ်တွင်းသို့ ပြေးဝင်လေသည်။ မြကြည်အား မုဒိမ်းကျင့်နေသော
စစ်သားသည် အသက်အန္တရာယ်ကိုမြင်သဖြင့် မြကြည်အား စွန့်ခဲ့ကာ
သေနတ်ကိုကောက်ကိုင် လိုက်လေသည်။
သူက ကိုတင်ဖေအား သေနတ်နှင့် မချိန်နိုင်ခင် ကျွန်တော်က သူ့အား ချိန်ထားပြီးသား ဖြစ်နေလေသည်။
မြကြည်ကားထောင့်တွင်ချုံးပွဲချကာ ငိုနေလေသည်။ ကျွန်တော်နှင့် ကိုတင်ဖေတို့သည် ဂျပန်အား လက်နက်ချစေပြီး
ကြိုးနှင့် တုပ်နှောင်လိုက်ကြလေသည်။ ဓားဒဏ်ရာဖြင့် သေလုမြောပါးဖြစ်နေသော ဂျပန်ကိုလည်း
မြင်းလှည်းဘေးသို့ တရွတ်ဆွဲရွှေ့ကာ ရွက်ထည်ဖုံးထားလိုက်ကြ သည်။ သည်တော့မှ အရပ်သားတွေ
ဝိုင်းအုံရောက်ရှိလာလေ၏။ ကျွန်တော်သည် ချက်ချင်းပင် ဗိုလ်အေးငွေအား အခေါ်လွှတ်လိုက်ရလေသည်။
ကိုတင်ဖေအားလည်း ကျွန်တော်တို့အိမ်သို့ သွားပြီး ပုန်းနေရန် ညွှန်ကြားရလေ သည်။ ဗိုလ်အေးငွေ မရောက်မီ
ဂျပန်စစ်တပ်က မသိပါစေနှင့်ဟုသာ ဆုတောင်းနေရတော့၏။
ဘယ်တုံးက ဒေါ်လုံးတင်ရောက်နေသည်မသိ၊ သူ့သမီး မြကြည်အား ဖက်ထားပြီး ငိုနေလေသည်။

ဂျပန်တို့အားလည်း ကျိန်ဆဲလျက် ရှိ၏။ အတန်ကြာသောအခါ ဒေါ်လှမေလည်း ပြန်ရောက်လာပြီး
သူ့ချွေးမအနီးမှာ ထိုင်ကာ ငိုနေလေသည်။ အိမ်နီးနားချင်း အချို့က သူတို့အား ဝိုင်းပြီးနှစ်သိမ့်ကြ၏။
ကံကောင်းသည်။ ဗိုလ်အေးငွေသည် အဆင်သင့်လိုက်ပါခဲ့နိုင်၏။ သူ့နောက်မှ ဗမာ့တပ်မတော်သား
၃ယောက်လည်း ပါလာလေသည်။
ဗိုလ်အေးငွေသည် ကျွန်တော့်ထံမှ အကျိုးအကြောင်းများ မေးပြီးသောအခါ ဝိုင်းအုံနေသော အရပ်သူအရပ်သားများကို ကိုယ့်အိမ်ကိုယ်ပြန်ကြရန် အမိန့်ပေးလိုက်လေသည်။
ကျွန်တော် "ကဲ ဘယ်လိုလုပ်ကြမလဲ"
"သတ်တဲ့လူ ဘယ်ရောက်သွားပြီလဲ၊ ဒီလိုဆုံးမလိုက်တာ ခပ်ကောင်းကောင်းပဲ"
"ကျွန်တော် သူ့ကိုပုန်းနေဖို့ လွှတ်လိုက်ပြီ"
"ကောင်းတယ်"
ဗမာ့တပ်မတော်သားတို့သည် ကျွန်တော်ကြိုးနှင့်တုပ်ထားသော ဂျပန်ကို ဖမ်းကြလေသည်။ အပြစ်လည်းမကင်း၊
ကြောက်လည်းကြောက်နေသောကြောင့် ဂျပန်သည် ဗမာစစ်သားများအား ရှိခိုးဦးတင်လုပ်နေသည်ကို
တွေ့ရသောအခါ ကျွန်တော့်စိတ်မှာ အကျေနပ်ကြီး ကျေနပ်သွားလေသည်။ မြင်သူအပေါင်းမှာလည်း ထိုအတိုင်းပင်
ဖြစ်ကြပေလိမ့်မည်။
ဗိုလ်အေးငွေ–
"ဒီကိစ္စမှာ ရဲဘော်တင်ထွန်းလည်း ရှောင်နေမှဖြစ်မယ်၊ ခုနေဆိုရင် ဂျပန်စစ်တပ်ကို သံတော်ဦးသွားတင်နေသူက
တင်နေရော့မယ်။ မကြာခင် ရောက်လာကြမှာပဲ"
ထိုအတောအတွင်း ကိုကြွယ်သည် ပြေးလာပြီး ဂျပန်တွေ လာနေပြီဖြစ် ကြောင်း ပြောလေသည်။
ဗိုလ်အေးငွေ–
"ကဲ ရဲဘော်တင်ထွန်း ပြေးပေတော့၊ ဟိုလူကိုလည်း ခပ်ဝေးဝေးခေါ်သွားပါ။ ကျန်တဲ့ကိစ္စတွေ ကိုယ်ကြည့်ရှင်းမယ်"
ကျွန်တော်က ဂျပန်တွေထံမှ သိမ်းထားသော ရိုင်ဖယ်သေနတ် ၂ လက်ကို လက်ညှိုးထိုးပြရင်း–
"ဒါတွေ ဘယ်လိုလုပ်မလဲ၊ ကျွန်တော်ယူသွားပြီး ဝှက်ထားလိုက်ရမလား"
"အဲဒီလိုဆိုရင် အမှုက သိပ်ကြီးသွားလိမ့်မယ်၊ သူတို့ မုဒိမ်းကျင့်လို့ လူထုက သတ်တဲ့အမှု မဟုတ်ဘဲ လူထုက

ဂျပန်တွေဆီက လက်နက်လုတယ်လို့ ဖြစ်နေဦးမယ်၊ အဲဒီလိုဖြစ်လို့ မကောင်းသေးဘူး၊ စောသေးတယ်”
“ကျွန်တော်က ဒီသေနတ်တွေဟာ အချိန်ကျတော့ ဖက်ဆစ်ဂျပန်တွေကို ဗမာတွေက တော်လှန်တဲ့အခါမှာ
ပထမဆုံး ပစ်ဖောက်ရတဲ့ သေနတ်တွေ ဖြစ်စေချင်တယ်”
“ကဲ ပြေးမှာသာ ပြေးပါ၊ ဒါတွေကိုယ်နဲ့ထားခဲ့ပါ။ စည်းကမ်းဖောက်ဖျက်တဲ့ ဂျပန်စစ်သားတွေကို
အရေးယူတဲ့အနေနဲ့ လက်နက်တွေကို သိမ်းထားလိုက်ပါ့မယ်။ ရဲဘော်ပြောသလို ဖြစ်ရမှာပေါ့။ ကဲ ပြေးပါ၊
လာနေကြပြီ”
အမှုဖြစ်ပွားသော ကိုတင်ဖေတို့အိမ်မှာ အင်းစိန်လမ်းမကြီး၏ အနောက်ဘက်ကမ်းပေါ်မှာ တည်ရှိ၏။
ကျွန်တော်သည် သူတို့အိမ်နောက်ဖေးမှ နေပြီး တစ်ဖက်သို့ ကူးသွားလေသည်။ ထိုမှနေပြီး အနောက်ဘက်အိမ်သို့
ကူးသွားသည်။ လမ်းကြားကလေးဖြင့် တောင်ဘက်သို့ လျှောက်ခဲ့ပြီး ကျွန်တော်တို့အိမ်သို့ ဝင်သည်။
အိမ်မှာပုန်းနေသော ကိုတင်ဖေကိုခေါ်ကာ အနောက်ဘက် လှိုင်မြစ်ဆီသို့ ဦးတည်ကာ ပြေးကြလေသည်။
မီးရထားလမ်းပေါ် သို့ ရောက်သောအခါ မြောက်ဘက်ဘူတာရုံဆီသို့ ပြေးကြ၏။ ဘူတာရုံမှာနေပြီး
ကျားကျောင်းနောက်ဖေးရှိ လမ်းကြားဖြင့် အရှေ့ဘက်သို့ ပြေးကြပြန်လေသည်။ အခုထိ ဘယ်အိမ်ဝင်ပုန်းမည်။
ဘယ်သွားမည်ဟု မဆုံးဖြတ်ရသေး။ ကွေ့ကာကောက်ကာနှင့် ဂျပန်တွေ လိုက်မလာနိုင်အောင်ဟူသော
ရည်ရွယ်ချက်ဖြင့်သာလျှင် ပြေးနေရလေသည်။
ကမာရွတ်ဈေးမြောက်ဘက်တွင် အင်းစိန်လမ်းကို ပြန်ဖြတ်ပြီး အရှေ့ဘက် အင်းလျားကန်ဆီသို့ သွားကြ၏။
ကျွန်တော်တို့သည် ပြည်လမ်းပေါ်သို့ ရောက်လာသည်။ ဘွားခနဲ သိန်းသိန်းတို့အိမ်ကို တွေ့ရလေသည်။
သိန်းသိန်း။ မမြမို၏သူငယ်ချင်း သိန်းသိန်း။ မမြမိုခိုင်းရာလုပ်ပြီး ထားရာကနေသော သိန်းသိန်း။ ဤအိမ်သို့မမြမို
မကြာခဏ လာနေတတ်သည် မဟုတ်ပါလား။ မမြမိုသည် ဝေးဝေးလံလံ ထွက်မပြေးဘဲ ဒီအိမ်မှာ
စစ်ပြေးဒုက္ခသည်များ လုပ်နေမည်လား။ ဝင်းခြံကြီးက ကောင်းလှသည်။ ဗုံးခိုကျင်းတွေလည်း တူးထားသည်။

ကျွန်တော်သည် ထိုအိမ်ဝင်ပြီး ခဏပုန်းရန် ရုတ်တရက် ဆုံးဖြတ်လိုက်လေသည်။
အကျဉ်းအကျပ် တွေ့လာတော့
လူတွေဟာ ရှည်ရှည်ဝေးဝေး တောတွေး တောင်တွေး တွေးမနေတော့ပါ။ မမြမှီနှင့်
ဝေးဝေးနေမှ သူမ၏ ကွန်ပိုက်မှ
ရုန်းထွက်နိုင်မည်ဟူသော အချက်ကို မတွေးမိတော့ပါ။
"လာ ကိုတင်ဖေ၊ ဒီအိမ်ထဲ ဝင်မယ်"
ကိုတင်ဖေကား ဘီးတပ်ပြီး ကြိုးနဲ့ဆွဲထားသော အရုပ်လို ကျွန်တော့်နောက်က
ဘာမျှမပြောဘဲ လိုက်နေလေသည်။
တံခါးခေါက်လိုက်သည်။
လုံချည်ဝတ် ကုလားကြီးတစ်ယောက်က လာဖွင့်၏။ သူ့ကို ကျွန်တော်
မြင်ဖူးသလိုလိုထင်၏။
"ဘယ်သူနဲ့တွေ့ချင်လို့လဲ"
သူက မေးလိုက်တော့ သူ့ကိုကျွန်တော် ခပ်ရေးရေး သတိရသွားလေသည်။ မမြမှီ၏
အိမ်မှာနေသော
အစေခံကုလားကြီး မဟုတ်လား။
"သိန်းသိန်းနဲ့တွေ့ချင်လို့"
"သိန်းသိန်းတို့အပြင်သွားနေကြတယ်"
အောက်ထပ်ရှိ ဧည့်ခန်းနှင့်ဆက်နေသော အခန်းမှ အသံတစ်သံပေါ်လာလေ သည်။
"မူဆာကြီး"
ထိုအခန်းကို ကျွန်တော်ကောင်းစွာသိသည်။ ထိုအသံမှာလည်း မမြမှီ၏ အသံပင်ဖြစ်ရမည်။
လှည့်ပြန်ရကောင်းလေမည်လော။
"ဟမ်း မမ်ဆပ်"
"ဘယ်သူလာနေသလဲ"
တကယ် မမြမှီ၏ အသံစစ်ပင်ဖြစ်လေသည်။ မူဆာကြီးက ကျွန်တော့်အား–
"နာမည် ဘယ့်နှယ်ခေါ်သလဲ"
ချီတုံချတုံ ဖြစ်မနေအားတော့ပါ။ လှည့်ပြန်လို့လည်း မကောင်းတော့ပြီ။ ဂျပန်တွေ နောက်က
လိုက်လာမည်ကိုလည်း စိုးရိမ်ရသေးသည်။ ထိုခဏကလေး၌ပင်
ကုလားဗမာအဓိကရုဏ်းအတွင်းက မမြမှီအား
သွားကယ် ကြပုံတွေ၊ အဲဒီတုန်းက စတင် ချစ်ကျွမ်းဝင်ကြပုံတွေ စိတ်ထဲမှာ ဖျတ်ခနဲ
ပေါ်လာလေသည်။
ကျွန်တော်က အသံပေးလိုက်လေသည်။
"ကျွန်တော်ပါ မမ"
မမြမှီ၏ပါးစပ်မှ ဘာသံမျှ မကြားရတော့ဘဲ ရုတ်တရက် ကုလားထိုင်တွန်းရွှေ့လိုက်သံနှင့်
ခပ်သော့သော့လျှောက်ထွက်လာသော ခြေသံကိုသာ ကြားရတော့သည်။
မမြမှီသည် ဧည့်ခန်းထဲက ဖြတ်ပြီး ထွက်လာလေသည်။ ကျွန်တော်တို့လည်း သည်တော့မှ

အိမ်တွင်းသို့ဝင်လိုက်၏။
“အမယ်လေး မမက ဟုတ်မှဟုတ်ပါ့မလားလို့”
မမြမှီသည် ကျွန်တော့်အားတွေ့ရတာ ဝမ်းသာအားရရှိလှသည်။ သို့သော် မမြမှီ
အားတက်သရော ရှိသလောက်
ကျွန်တော်ကမရှိ။ မမြမှီသည် ချောတုန်းလှတုန်းပင်ဖြစ်၏။ သို့သော် ယခင်ကလို
မနုပျိုတော့ဟု ထင်သည်။
ယခင်က သုံးဆယ်ကျော်ဟု ထင်ရသော ရုပ်သည် ယခုအခါလေးတွင်းရုပ် ဖြစ်နေလေသည်။
“ပထမ အသံကြားလိုက်ကတည်းက မောင်လေးရဲ့အသံလို့တော့ အထင်သား၊ မူဆာကြီး
တံခါးပိတ်ထားလိုက်လေ”
မူဆာကြီးက တံခါးပိတ်လိုက်လေသည်။
မမြမှီက ကျွန်တော်တို့အား ဧည့်ခန်းထဲသို့ခေါ်သည်။
“ကျွန်တော်က မမရှိမယ် မဟုတ်ဘူးထင်တာ”
ကျွန်တော်က ပိုပြောလိုက်ခြင်းဖြစ်၏။ ရှိကောင်းရှိလိမ့်မည်ဟုကား ကျွန်တော်ထင်ခဲ့လေသည်။
“ရှိမယ်ထင်ရင် ဝင်ခဲ့မှာ မဟုတ်ဘူးပေါ့လေ”
“ဒီလိုလည်း မဟုတ်ပါဘူး မမရယ်”
ကျွန်တော်တို့ဝင်ခဲ့ရသည့်အဖြစ်ကို ချက်ချင်းဖွင့်ပြောမှ ကောင်းတော့မည်ဟု
အောက်မေ့မိသည်။ သို့သော် မမြမှီက
သူပြောလိုရာ ပြောနေပြန်သဖြင့် နားထောင်၍သာ နေရသေး၏။
“မမတို့လည်း ဘယ်မှဝေးဝေးလံလံ ပြေးမနေတော့ပါဘူး၊ ဝေးဝေးပြေးတိုင်းလည်း လွတ်ချင်မှ
လွတ်တာ။
စစ်ဒုက္ခဆိုတာ မီးထက်ဆိုးတယ်၊ မီးကမှ ဝေးဝေးပြေးရင် လွတ်သေးတယ်။ စစ်းဒုက္ခကတော့
မလွတ်ဘူး။
တစ်မျိုးမဟုတ် တစ်မျိုးတွေ့တာပဲ။ ဒီတော့ကိုယ့်အိမ်ကိုယ့်ရာနဲ့ လည်းနီး၊ ကိုယ့်အလုပ်
ကိုယ့်အကိုင်နဲ့လည်း
နီးတဲ့နေရာမှာပဲ တတ်နိုင်သမျှ ဘေးဥပဒ်ကင်းရင်ပြီးတာပဲဆိုပြီး နေနေတာပဲ။
သိန်းသိန်းယောကျာ်းကလည်း
အိန္ဒိယပါသွားတယ်၊ သေသလားရှင်သလားဘာမှ မသိရသေးဘူး။ ဒီတော့ မမမှာ
သိန်းသိန်းကိုလည်း
စောင့်ရှောက်ဖို့ ဝတ္တရားရှိနေပြန်တယ်”
မမြမှီပြောပြနေပုံမှာ လူကြီးဆန်လှ၏။ အဆင်အခြင် အတွေးအခေါ် အပြည့်ပါ၏။
လူကြီးပီသသော
သဘောထားကိုလည်း ဖော်ပြနေ၏။
မမြမှီကား ယောကျာ်းလည်းဆုံးပြီးပြီ။ ဘဝကို ကိုယ့်ဘာသာကိုယ် ဦးစီးခဲ့ရပြီ။
စစ်ကြီးကိုလည်း ရင်ဆိုင်ခဲ့ရပြီ။
ဘယ်မှ လူကြီးမဆန်ဘဲ နေပါအံ့နည်း။

ကျွန်တော်– "ကောင်းပါတယ် မမရယ်၊ မမရဲ့ဆုံးဖြတ်ချက်ဟာ အလွန်မှန်တယ်၊ အခုလို မမတို့
ကျန်းကျန်းမာမာနဲ့ ဘေးမသီ ရန်မခ တွေ့ရတာ ကျွန်တော် အလွန်ဝမ်းသာပါတယ်"
ကျွန်တော်ပြောပုံဆိုပုံမှာ ဝတ်ကျေတန်းကျေ နိုင်လှသည်။ တကယ်တော့လည်း မမြမှီနှင့် ပတ်သက်၍
ကျွန်တော့်ရင်တွင်းမှာ ပူနွေးသော ခံစားချက်များ မရှိတော့ချေ။ ဆန်းပြားသောအတိတ်၏ မရိုးသားသော
နှောင်ကြိုးတွေကို တစ်ချောင်းမကျန် ဖြတ်တောက်ပြီး ဖြစ်ပေ၏။ မမြမှီသည် ကျွန်တော်၏ အေးစက်သော
အမူအရာကို သိပ်ကြိုက်ဟန်မရှိ။ သို့သော် ယခုအခါ မမြမှီအား ကမ္ဘာ့သကာပဲဟူသော သဘောထားသည်
ဦးဆောင်နေဟန်ရှိလေသည်။ အတန်ကြာ အာလာပသလ္လာပ စကားတွေပြောပြီး နောက် ကျွန်တော်တို့ဝင်လာသည့်ကိစ္စကို ပြောပြလိုက်လေသည်။
မမြမှီက စိုးရိမ်တကြီး မေးလိုက်၏။ "အိုဒါဖြင့် ဂျပန်တွေဟာ မောင်လေးတို့နောက်က လိုက်လာနေပြီပေါ့နော်"
" ခုလိုက်လာနေပြီလား ဘာလားတော့ မပြောတတ်ဘူး၊ သို့ပေမယ့် အနေးနဲ့အမြန် လိုက်နေမှာပဲ"
မမြမှီ၏မျက်နှာတွင် ကျွန်တော့်အတွက် စိုးရိမ်ကြောင့်ကြမှုသည် အထင်းသားပေါ်နေ၏။ သူမ၏
ကိုယ်အမူအရာများမှာကား တုန်လှုပ်ချောက်ချား နေပုံပေါ်၏။
"သည်လိုဆိုရင် ပုန်းနေမှဖြစ်မယ် သိလား၊ မူဆာကြီး"
မမြမှီသည် မူဆာကြီးကို လှမ်းခေါ်ရင်း သူ့အခန်းထဲ ဝင်သွားလေသည်။ မူဆာကြီးသည် ဧည့်ခန်းထဲရောက်လာသည်။ ခဏကလေးအတွင်း မမြမှီသည် စာရွက်တစ်ခုကို ကိုင်ပြီး ထွက်လာ၏။
"မူဆာကြီး အိမ်ရှေ့တံခါးဝမှာ ဒီစာကိုကပ်ထားလိုက်"
ဂျပန်အာဏာပိုင်တို့ ထုတ်ပေးထားသည့် ဂျပန်လို ရေးထားသော စာရွက်ဖြစ်လေသည်။ မူဆာကြီးသည် ထိုစာရွက်ကို ယူပြီးထွက်သွား၏။ မမြမှီက ကိုတင်ဖေအား ကြည့်လျက် သူမ၏
ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို ခန့်ခွဲနေသော ဟန်မျိုးဖြင့်–
"နက်ဖြန်ကျမှ ဘယ်လိုအတည်တကျ ပုန်းကြမယ် နေကြမယ်ဆိုတာ ဆုံးဖြတ်တာပေါ့။ ခုတော့
ယာယီအစီအစဉ်လုပ်ရလိမ့်မယ်။ မင်းက မီးဖိုချောင်မှာ အလုပ်သမား တစ်ယောက်လိုလို ဟန်နဲ့နေရမယ်၊
ဘယ်သူမှ မသင်္ကာဖြစ်မှာ မဟုတ်ဘူး။ မောင်ကလေးကတော့ ဟိုအခန်းထဲမှာနေ၊ အလုပ်ရှာနေတဲ့

ကျောင်းဆရာဟောင်းဆိုပါတော့ကွယ်”
မမြမှီသည် ကျွန်တော့်အား သူ့အခန်းသို့ညွှန်လိုက်၏။ ကျွန်တော်တို့သည် သူမ၏ ရှောင်တခင်
အစီအစဉ်ကိုများစွာ သဘောကျသွားသည်။ သူမ၏ ကရုဏာ စေတနာအရှိန်တွေကြောင့် ကျွန်တော်၏
နှလုံးသားများမှာ အတော်ညွှန်နူးသွားလေ သည်။
“ကျေးဇူးတင်ပါတယ် မမရယ်”
မမြမှီသည် နှုတ်ခမ်းကို အနည်းငယ်မဲ့ရွဲ့လိုက်သည်နှင့်တူ၏။
“လာပြန်ပြီ ကျေးဇူးတင်ပါတယ်ဆိုတဲ့စကား၊ တကယ်ကတော့ မောင်လေးကိုမမက ကျေးဇူးဆပ်နေတာပါ၊
သည့်ပြင် ကျေးဇူးတွေ ဘေးဖယ်ထား လိုက်ဦးတော့၊ တစ်ခါတုန်းက ကုလားဗမာအဓိကရုဏ်းအတွင်းမှာ မမကို
ကယ်တဲ့ ကျေးဇူးဟာ ဆပ်မကုန်လောက်အောင် ကြီးပါတယ်”
ကျွန်တော်ကား ယခင်ကလို စကားမသွက်တော့ချေ။ ယခင်ကဆိုလျှင် မိန်းမပျို မိန်းမရွယ် မိန်းမလတ်တို့နှင့်
တွေ့လျှင် ပန်းပွင့်လိုင်လိုင် ကြိုင်ကြိုင်များ နှင့် တွေ့ရသော လိပ်ပြာပမာ သွက်လက်ချက်ချာလှလေသည်။
ယခုတော့ မမြမှီအား အာသွက်သွက်နှင့်ကန္တဲ့ကလျ အချိတ်အနှိပ်တွေကို မပြောချင်တော့ချေ။ ယင်းသို့ပြောမိလျှင်
ညတာ တာတာမှာ နိဂုံးချုပ်ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းအုပ်မရမှာ စိုးရိမ်နေလေပြီ။
တံခါးဝမှာ စာရွက်ကပ်ရန်သွားသော မူဆာကြီး ပြန်ရောက်လာသောအခါ မမြမှီက–
“မူဆာကြီး ဒီသူငယ်ကို နောက်ဖေးခေါ်သွားလိုက်ပါ၊ သူ မီးဖိုချောင်မှာ အလုပ်လုပ်လိမ့်မယ်”
ကိုတင်ဖေသည် မူဆာကြီးနောက်မှ လိုက်သွားလေသည်။
မမြမှီက ဆက်ပြန်၏။ သူမ၏မျက်နှာ၊ သူမ၏ အမူအရာနှင့်သူမ၏ လေယူလေသိမ်းတို့တွင် ကလက်တက်တက်အသွင် လုံးဝမရှိသည်ကိုကား ဖော်ပြရပေမည်။
“ပြီးတော့လည်း မောင်လေးတို့တစ်တွေ လုပ်နေကြတဲ့နိုင်ငံရေးတွေ ဘာတွေကို မမဘာမှ နားမလည်ပါဘူး၊
သို့ပေမယ့် မောင်လေးတို့တစ်တွေရဲ့ ရိုးသားပုံ၊ စေတနာသန့်ပုံ၊ ကိုယ်ကျိုးစွန့်ပုံ၊ ရဲရဲဝံ့ဝံ့စွန့်စားပုံတွေကိုတော့
မမ မြင်တွေ့နေရတာပဲ။ အဲဒီ အတွက်မမက ရှိသေတယ်၊ မမက မောင်လေးတို့လို လူတွေ ဘေးမသီ
ရန်မခအောင်တတ်နိုင်သမျှ ကူညီရမယ်၊ ဒါဟာ မမရဲ့ စေတနာအရင်းပါပဲကွယ်”
ထိုခဏမှာပင် မော်တော်ကားတစ်စီး အိမ်ဝင်းထဲသို့ ဝင်လာသံ ကြားရသည်။
သပ်ရပ်ခံ့ညားသော

ဟန်းဘားကားကြီးဖြစ်ပြီး ကားပေါ်မှ ဂျပန်အချို့ပါလာသည်ကို မှန်ပြတင်းမှ
မြင်လိုက်ရလေသည်။
ကျွန်တော်ခေါင်း ကြီးသွား၏။ တုန်လှုပ်ခြင်း မဖြစ်အောင်ကား ကိုယ့်ကိုယ်ကိုယ်
ထိန်းထားနိုင်လေသည်။
မမြမှီကား မျက်နှာရော အမူအရာပါ လုံးဝမပျက်။
"မောင်လေး အခန်းထဲသွားနေ၊ ဒါတွေဟာ မမရဲ့ဧည့်သည်တွေပါကွယ်"
ကျွန်တော်သည် မမြမှီ၏ မူလစီစဉ်ချက်အတိုင်း ဧည့်ခန်းနှင့်ဆက်နေသော သူမ၏
အခန်းထဲသို့
ဝင်နေလိုက်လေသည်။
အတန်ကြာသော မမြမှီကိုယ်တိုင်တံခါးဖွင့်ပေးသံ၊ ဧည့်သည်ဂျပန်တစ်ဦးအား ဧည့်ခန်းထဲသို့
ခေါ်လာသံတို့ကို
ကြားရလေသည်။
ဂျပန်သည် ဗမာစကား အတော်အတန်တတ်၏။ အင်္ဂလိပ်စကားလုံး နည်းနည်းညှပ်ပြော၏။
သူတို့ပြောကြသော
စကားအားလုံး ကျွန်တော့်ထံ ရောက်မလာချေ။ အချို့သာ ရောက်လာ၏။ သို့သော်
ထိုဂျပန်သည် ကုန်သည်
ကြီးဖြစ်ကြောင်း မြန်မာပြည်သို့ အရင်ကရောက်ဖူးကြောင်း၊ မမြမှီသည် ထိုကုန်သည်ကြီးနှင့်
စီးပွားရေးတွဲဖက်ကာ
သူမ၏ အလုပ်အကိုင်ကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေကြောင်းများကို
ခန့်မှန်းနားလည်နိုင်ပေသည်။ ဂျပန်ကြီး၏
ပြောသံဆိုသံတွင် ကုန်သည်အချင်းချင်း စာရင်းအင်းအကြောင်းအရာ ရိုးရိုးကိုပြောရုံဆိုရုံမက
ယဉ်ကျေးဖွယ်ရာမှုတွေပိုသံ၊ မဆီမဆိုင် ခဏခဏရယ်သံနှင့် အခြားနောက်ပိုးသံစသော
အသံဗလံအပိုများ
ပါနေသည်ကို သတိပြုမိလေသည်။ ကျွန်တော်ကပဲ ဂျပန်တွေကို ခပ်မုန်းမုန်းနှင့် ခုလို
ထင်မိလေသလားကား
မဆိုနိုင်ပါ။
အချိန်မှာ နေဝင်ပြီးပြီဖြစ်သည်။ မိုးမရွာသဖြင့် ဆည်းဆာချိန်သည် ခါတိုင်းထက်
ရှည်လျားသည်ဟု
ထင်ရလေသည်။
"မူဆာကြီး"ဟု ခပ်ကျယ်ကျယ် အော်ခေါ်လိုက်သော မမြမှီ၏ အသံကို ကြားရလေသည်။
မူဆာကြီးသည် ဧည့်ခန်းထဲသို့ အပြေးအလွှားသွားလေသည်။
"သိန်းသိန်းကိုပြောလိုက်နော်၊ ကျွန်မ မစ္စတာ တာနိုနဲ့ အပြင်ခဏလိုက်သွား တယ်လို့"
ဂျပန်ကြီးက သူ့အား မစ္စတာတာနိုလို့မခေါ်ဘဲ မမြမှီ မြန်မာလို ဘာသာပြန်
ပေးထားသည့်အတိုင်း ဦးတင်နွယ်လို့
ခေါ်ပါဟု ဆိုလိုက်လေသည်။ ပြီးတော့ တခစ်ခစ်ရယ်နေလေသည်။

မမြမှီသည် ခုပြောနေသော စကားများကို ကျွန်တော်မကြားကြားအောင် ပြောဟန်ရှိပေသည်။
"ဟုတ်ကဲ့ရှင်၊ မစ္စတာ တာနိခေါ် ဦးတင်နွယ်နဲ့ ကိစ္စရှိလို့ အပြင်ခဏလိုက်သွားတယ်လို့
သိန်းသိန်းကိုပြောလိုက်၊
ပြီးတော့ ဧည့်သည်တွေကို ထမင်းကျွေးနှင့်တော့လေ၊ ကျွန်မကိုစောင့်မနေနဲ့၊ ကျွန်မအပြင်မှာ
ထမင်းစားမယ်"
ဂျပန်ကြီးက မမြမှီအား အဝတ်အစား မလဲတော့ဘူးလား၊ မဖြီးမလိမ်းတော့ဘူးလားဟု
မေးလိုက်ဟန်ရှိသည်။
မမြမှီက ဖြေလိုက်ပုံမှာ–
"ဒီလောက်ဝတ်ဆင်ထားရင် တော်လောက်ရောပေါ့ ဦးတင်နွယ်ရယ်၊ ဇရာဖိစီးနေတဲ့
ကျွန်မတို့အရွယ်မှာ
သိပ်ခြယ်သနေမယ်ဆိုရင် လူကဲ့ရဲ့ခံရတတ်တယ်"
မစ္စတာ တာနိသည် တဟဲဟဲ တခစ်ခစ်နှင့် အူကြွ၍နေလေသည်။ သူ့မျက်နှာမှာ သွားတဖြဲဖြဲ
နှာခေါင်းပွစိပွစိ
အမြီးတနန့်နန့်ဖြစ်နေသော တော်သလင်းခွေးကြီး၏ မျက်နှာနှင့် တူမတူကို
ကျွန်တော်ထွက်ကြည့်ချင်းစမ်းလှ
သည်။ သို့သော်အခန်းထဲမှ ထွက်ခြင်းသည် ကျွန်တော့်လည်ပင်းကို ကြိုးကွင်းတပ်ခြင်းသာ
ဖြစ်ပေလိမ့်မည်။
ငှင်းပြင် ဂျပန်ကြီးအပေါ်တွင် စိတ်ဆိုးမိလေသမျှ မမြမှီအား မကျေမနပ် ဖြစ်နေမိလေသည်။
သူတို့ထွက်သွားကြလေသည်။ ကျွန်တော်သည် ဧည့်ခန်းသို့ထွက်လာခဲ့ပြီး မှန်ပြတင်း
ကန့်လန့်ကာကြားကလေးထဲမှ ချောင်းပြီး ကြည့်လိုက်လေသည်။ မမြမှီသည် မစ္စတာ
တာနိနှင့် ကားနောက်ခုံမှာ
ယှဉ်တွဲ၍ စီးသွားသည်။ ရှေ့ခုံမှာတော့ ဂျပန်တစ်ယောက်က ကားမောင်းပြီး တစ်ယောက်က
ဘေးမှာထိုင်၍
လိုက်သွားလေသည်။ သည်လိုပဲ ယခင်တစ်ကြိမ်က မာရဝါရီ သူဌေးကြီးနှင့် ယှဉ်တွဲ၍
ကားစီးသွားခဲ့သည်ကို
ကျွန်တော်သတိရလိုက်လေသည်။ ဩ မမြမှီ၊ ခင်ဗျားကတော့ ဘယ်သူသေသေ
ငတေမာပြီးရော ဆိုတာလိုပါပဲ။
ဘယ်အချိန်အခါမျိုး ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် ခင်ဗျား စီးပွားရေးအလုပ်ကတော့
မှန်မှန်သွားနေတာပဲ။
ခင်ဗျားမှာ ခင်ဗျားရဲ့ ကူးသန်းရောင်းဝယ်ရေး စီးပွားရေးမှ လွဲပြီး ငဲ့ညှာစရာ အခြားကိစ္စ
မရှိတော့ဘူးလား။
လွန်ခဲ့သော ၄ နှစ်အတွင်း ကျွန်တော်သိခဲ့သော တွေ့ကြုံခဲ့ရသော မမြမှီ၏ အကြောင်းကို
ပြန်လည်ဆင်ခြင်၍
ကြည့်နေမိလေသည်။

ထို့နောက် မမြမှီသည် ကျွန်တော့်အပေါ်မှာ ဘယ်အချစ်မျိုး ထားသနည်း။ ချစ်ကော
ချစ်ရဲ့လား။
ဘယ်လောက်အထိ ချစ်သနည်း စသည်ဖြင့်လည်း ပြန်လည် သုံးသပ်သည်။
ဘယ်လိုအချစ်မျိုးလဲဟု
ပိုင်းခြားမရအောင်ရှိပေသည်။ ချစ်တော့ချစ်သည်ဟု ထင်မိသည်။ ဘယ်လောက်ထိ
ချစ်သလဲဆိုလျှင်ကား
သိဖို့ခက်နေသည်။ သို့သော် သူမ၏ စီးပွားရေးအလုပ် ထိခိုက်ပျက်ပြားသည်အထိကား
ချစ်မည်မဟုတ်ဟု
နားလည်နိုင်ပေသည်။
ထိုခဏ၌ ကုန်ကူးလို့ လွယ်ကူစေရန် ဂျပန်ရုံပိုင်အား မိမိကိုယ်ကို အပ်နှင်းသော
လင်ကြီးငတ်တုတ်နှင့်
ဗမာမတစ်ဦး၏ အကြောင်းသည် ခေါင်းထဲသို့ ရောက်လာလေသည်။
မမြမှီနှင့်အဲသည်မိန်းမ ဘာထူးသေးသလဲ။ အခု ဂျပန်ခေါ်ရာ လိုက်သွားပြီ။ ကိုယ်ကိုကော
မအပ်နှင်းပေဘူးလား။
ကျွန်တော်သည် အားလုံးကိုစက်ဆုပ်သွားလေသည်။ မခံမရပ်နိုင် ဖြစ်နေမိသည်။
ဘေးအန္တရာယ် ဘယ်လောက်များများ ဒီအိမ်မှာ ပုန်းရှောင်၍ မနေချင်တော့ ပြီ။
တကယ်တော့
ဂျပန့်ဘေးအန္တရာယ်မှ အတော်လုံခြုံသော အိမ်ဖြစ်သည်။ ဂျပန်နှင့်
အဆက်အသွယ်ကောင်းသော မမြမှီသည်
ကျွန်တော့်အား အစွမ်းကုန် ကာကွယ်ပေလိမ့်မည်။
သို့သော် ထိုအကာအကွယ်ကို ကျွန်တော်မလိုချင်တော့ချေ။ မမြမှီတို့လောကနှင့်
ကင်းချင်ရှင်းချင်သည်။
ဂျပန်ဖက်ဆစ်တွေ၊ ကုန်သည်ကြီးတွေနှင့် ရှုပ်ရှုပ်ယှက်ယှက် ဆက်သွယ်နေထိုင်ရခြင်းမှ
ဝေးလိုသည်။
ကိုတင်ဖေက လာပြီး ကျွန်တော့်အား ထမင်းစားခေါ်၏။
“မစားကြပါစို့နဲ့ဗျာ၊ သွားကြပါစို့၊ ဒီအိမ်မှာ မနေတော့ဘူး”
ကိုတင်ဖေက အံ့သြနေလေသည်။
“ အိုဘာကြောင့်လဲ”
ကျွန်တော်ကရုတ်တရက် မဖြေသောအခါ ကိုတင်ဖေက ထပ်မေး၏။
“ဘာကြောင့်လဲ ကိုတင်ထွန်းရဲ့၊ ဒီမှာ လုံခြုံသားပဲ မဟုတ်လား”
“လုံခြုံသလောက်တော့ လုံခြုံပါရဲ့၊ သို့ပေမယ့် မကောင်းပါဘူးဗျာ ဂျပန်တွေနဲ့
လုံးလုံးကင်းရှင်းမှ ပိုလုံခြုံမှာ၊
ဒီအိမ်မှာက ဂျပန်တွေ အဝင်အထွက် များတယ်”
ကိုတင်ဖေသည် ချက်ချင်းသဘောပေါက်သွားလေသည်။
“ဒါဖြင့်လည်း သွားကြတာပေါ့လေ”

ကျွန်တော်ကမူဆာကြီးအား လှမ်းခေါ်လိုက်ပြီး သွားတော့မည့်အကြောင်း ပြောပြလေသည်။ မူဆာကြီးမှာ
အံ့သြနေ၏။ သွားလိုလျှင်လည်း မမြမှီ ပြန်ရောက် ၍ အကျိုးအကြောင်းပြောပြပြီးမှ သွားဖို့ အကြံပေးလေသည်။
"ဟာ မစောင့်တော့ပါဘူးဗျာ"
"ဒါဖြင့် ထမင်းစားပြီးမှ သွားကြပါ၊ ပြင်ဆင်ထားပြီ"
ကိုတင်ဖေ "ဟုတ်သားပဲ၊ ပြင်ထားပြီဗျ"
အားကလည်းနာ၊ ဝမ်းကလည်း ဆာနေသည်ဖြစ်သောကြောင့် မူဆာကြီး၏ တောင်းပန်ချက်ကို လိုက်လျောကာ
မမြမှီ၏ ညှော်ဝတ်ကျေပွန်မှုကို နောက်ဆုံးအကြိမ်အဖြစ်ဖြင့် ခံယူလိုက်လေသည်။
ကိုတင်ဖေနှင့် ကျွန်တော်တို့ သိန်းသိန်းတို့အိမ်မှ ထွက်လာကြသောအခါ မှောင်နေလေပြီ။ ဘယ်သို့သွားကြမည်နည်း။
သခင်တင်မောင်နေသော တောရကျောင်းကို ရုတ်တရက် သတိရလေသည်။
"ကျွန်တော်တို့အင်းစိန်ဘက်ထိ လမ်းလျှောက်သွားမယ်၊ ဘယ့်နှယ်လဲ"
"ကောင်းသားပဲ၊ ဒါပေမဲ့ ခဏလောက် ကမာရွတ်ဘက် သွားကြည့်ရရင် ကောင်းမယ်။ မှောင်နေပြီပဲ၊
ကျွန်တော်တိုကို လူမမြင်နိုင်ပါဘူး။ ဘာတွေများ ဖြစ်နေသလဲလို့ အကဲခတ်နိုင်တာပေါ့"
ကြားလမ်းကလေးဖြင့် ကမာရွတ်ဈေးဘက်ဆီသို့ သွားကြလေသည်။ မှောင်ကလည်းမှောင်၊ ရွှံ့ဗွက်ကလည်းများ၊
လမ်းကလည်းကျဉ်း။
ကမာရွတ်ဈေးရှေ့မှာ တရားပွဲတစ်ခု ကျင်းပနေလေသည်။ ထိုနေ့ည တရားပွဲအကြောင်း ယခုမှ သတိရကြသည်။
နေ့လယ်က အသံချဲ့စက်နှင့် ဆံပင်ညှပ်ဆိုင်ပိုင်ရှင် သခင်ဘကျူးတို့လူစု အော်ဟစ်ထားပြီး ဖြစ်၏။
သဘာပတိအဖြစ်ဖြင့် ပွဲစားကြီး ဦးလှိုင်ဘွားက ဆောင်ရွက်ပြီး သခင်တင်ကြီးက ဟောပြောလေသည်။
ညနေက မုဒိမ်းမှုနှင့် ဂျပန်အား သတ်မှုကြောင့် အစည်းအဝေး ပျက်မသွား။ အမှန်မှာ သူတို့သည်
ထိုအမှုကြောင့်ပင် ထိုအစည်းအဝေးကို မဖြစ်ဖြစ်အောင် လုပ်ကြဟန်တူလေသည်။
ကျွန်တော်တို့သည် မှောင်ခိုပြီး နားထောင်ကြ၏။
သခင်တင်ကြီး– "စစ်ဖြစ်လို့ တစ်လမကြာခင် မိစ္ဆာအင်္ဂလိပ်တွေရဲ့ အရှေ့ဘက် ရေတပ်စခန်းကြီးဖြစ်တဲ့
စင်ကာပူမြို့ကြီး နိပ္ပွန်များလက်သို့ ကျခဲ့တယ်။ ရက်ပေါင်း ၇၀ တွင်းမှာ ဗမာတစ်ပြည်လုံး နိပ္ပွန်များလက်သို့

ကျရောက်ခဲ့တယ်။ ဘယ်လောက် နိပွန်ဟာ တန်ခိုးကြီးတယ်ဆိုတာ အဲဒါသာ ကြည့်ပေတော့။ ခုဆိုရင်
လွတ်လပ်သော နန်းကင်းအစိုးရ လက်အောက်သို့ ချုံကင်းတပ်များဟာ တစ်တပ်ပြီး တစ်တပ်ဆိုသလို
ဝင်ရောက်နေကြတယ်”
ကမ္ဘာ့အရေးတွေ ပြောပြီးနောက် သခင်တင်ကြီးက ဗမာ့လွတ်လပ်ရေး အကြောင်းဆက်ပြောပြန်လေသည်။
“ချာချီနှင့် ရုစ်ဗဲလ်တ်တို့ အတ္တလန်တိတ်ချာတာဆိုတာ ကြေညာတဲ့ အချိန်လောက်မှာပဲ ကျုပ်တို့ခေါင်းဆောင်တွေဟာ နိပွန်များထံမှ လွတ်လပ်ရေးကတိ ရထားခဲ့ကြတယ်။ ကျုပ်တို့တစ်တွေဟာ
ဂျပန်ရေဒီယို ခိုးဖွင့်နားထောင်ကြပြီး အင်မတန် အားတက်ကြတယ်။ ကျုပ်တို့ဟာ ဂျပန်လာရင် တံခါးဖွင့်ပေးဖို့
သေ့တု လုပ်နေခဲ့ကြတယ်။ အတွင်းကျိတ် လူစုပြီး ဂျပန်လာမယ့် လမ်းနဲ့ အနီးကပ်ဆုံးအရပ်မှာ
ခိုအောင်းနေကြတယ်။ အင်္ဂလိပ်တွေလည်း ဗမာပြည်တွင်းမှ ဘောင်းဘီအကျွတ်ကျွတ် ရင်ဝတ်အကွာကွာနဲ့
သေပြေးရှင်ပြေး ဆုတ်ခွာကြရတယ်” ပရိသတ်ကလက်ခုပ်တီးကြသည်။
“အင်္ဂလိပ်တွေကပြေး၊ နိပွန်တွေက ဝင်လာ၊ အဲဒီအချိန်မှာ တို့ဗမာတွေ မျှော်လင့်ချက် တက်တက်လာခဲ့တယ်။
နိပွန်တပ်မတော်ကြီးနဲ့အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ချီတက်လာတယ်ဆိုတော့ တို့ဗမာတွေက ဟာ–
ဟုတ်မှဟုတ်ရဲ့လား၊ တကယ်ပဲ သူတို့နိပွန်တွေနဲ့ ပူးပေါင်းချီတက်လာပြီ၊ အထဲကလည်း ထချဖို့ အဆင်သင့်ပဲ
စသည်ဖြင့် ပြောဆိုပြီး စောင့်နေကြတယ်။ ဗမာပြည်နဲ့ နိပွန်တပ်တွေ နီးလာလေလေ၊ လွတ်လပ်ရေးအတွက်စိတ်ဇောသန်သန် မျှော်လင့်စောင့်စားခဲ့လေလေ ဖြစ်တယ်၊ အနှစ်တစ်ရာကျော်အတွင်း
မကြုံဖူးသော မျှော်လင့်ချက်ရောင်ခြည်၏ ထွန်းလင်းခြင်းအောက်မှာ တမျှော်မျှော်နဲ့ လည်ပင်းတစ်တောင်
ရှည်နေခဲ့ကြရတယ်။ ဟောခုတော့ နိပွန်ရောက်လို့မှ မကြာခင် လွတ်လပ်ရေးရတော့မယ်။ လွတ်လပ်ရေးစီစဉ်မှု
အဖွဲ့ကြီး ဖွဲ့ပြီးသွားပါပြီ၊ ကျွန်တော်အဲဒီ လွတ်လပ်ရေးစီစဉ်မှု အဖွဲ့ကြီးမှာ ပါဝင်တဲ့ပုဂ္ဂိုလ်ကြီးများစာရင်းကို
ဖတ်ပြပါ့မယ်။ ဒေါက်တာဘမော်၊ သခင်ကိုယ်တော်မှိုင်း၊ ဗန္ဓုလဦးစိန်၊ သခင်နု၊ သခင်မြ၊ ဦးသွင်၊ ဦးလှဖေ၊

ဦးခင်မောင်ဒွေး၊ ဦးထွန်းအောင်၊ ဦးကျော်၊ သခင်ထွန်းအုပ်၊ ဟသ်ာတဦးမြ၊
ဒေါက်တာသိန်းမောင်၊ ဦးချစ်လှိုင်၊
သခင်ဗစိန်၊ ဦးဘဝင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးသိန်းမောင်၊
ဒေါက်တာစံဆီဖိုး၊ ဦးဆက်၊ ဦးအေး၊
ဦးထွန်းဖေ၊ ဦးအေးမောင်၊ ဦးကျော်ငြိမ်း၊ ဒေါက်တာဘမော်က ဥက္ကဋ္ဌ၊ ဦးကျော်ငြိမ်းက
အတွင်းရေးမှူးဖြစ်ပါတယ်”
ပရိသတ်မှာ တွေဝေငေးမောစွာဖြင့် နားထောင်နေကြသည်။
သခင်တင်ကြီးသည် အောက်ပါအတိုင်း နဂုံးချုပ်လေသည်။
“တို့ဗမာသီချင်းထဲမှာ “အရှေ့က နေဝန်းထွက်သည့်ပမာပ၊ တို့ခေတ်ကိုသာ ရောက်ရမည်မှာ
မလွဲပါ” ဆိုတဲ့
စကားပါပါတယ်။ ဒါဟာ ဗေဒင်ဗျာဒိတ်နိမိတ်ထွန်းတာပါပဲ။ နိပွန်တက်နေဝန်းအလံကြီး
ထွက်ပေါ်လာပါပြီ၊ အရှေ့က
နေဝန်းဟာ နိပွန်ပါပဲ၊ အဲဒီတော့နိပွန်နဲ့ တို့ဗမာတွေရဲ့ အရှေ့တောင်အာရှ သာတူညီမျှ
ကောင်းစားရေးခေတ်ကိုတော့ ရောက်မှာ မလွဲပါဘူးဆိုတာ စိတ်သာချလိုက်ကြပါတော့”
သူတို့တစ်တွေ တို့ဗမာသီချင်းဆိုရန် ပြင်ဆင်နေကြစဉ် ကျွန်တော်က ကိုတင်ဖေအား
လက်တို့ပြီး
ခေါ်ခဲ့လေသည်။
ကျွန်တော်တို့သည် အင်းစိန်ဘက်သို့ ဦးတည်၍လျှောက်ခဲ့ကြ၏။
သခင်တင်မောင်နေထိုင်သော
တောရကျောင်းသို့အရောက် ချီတက်ကြလိမ့်မည်။ ဟိုမှာ သခင်တင်မောင်သာမက
ယခုနေဆိုလျှင် ဆရာဖေ၊
ဒေါ်ဒေါ်ညွှန့်၊ ဒေါ်ဒေါ်ရွှေနှင့် မခင်သစ်တို့ရောက်ရှိနေကြပေလိမ့်မည်။
သခင်တင်မောင်ကြီးကတော့ တစ်စုံတစ်ရာ လွန်လွန်ကျူးကျူး မလုပ်ကြနှင့်ဦးဟု
သတိပေးဖူးသည်။ ညနေက
ကိုတင်ဖေက ဂျပန်စစ်သားအား ဓားဖြင့်ခုတ်သတ်ခဲ့တာ၊ ကျွန်တော်က ဂျပန်စစ်သား
မှဒိမ်းကောင်တွေဆီက
သေနတ်တွေ သိမ်းခဲ့တာ၊ ဒါတွေဟာ အလွန်ကျူးဖြစ်တယ်လို့ ပြောနေဦးမှာလေလား။
သူ့အလိုကတော့
ဖက်ဆစ်ဆန့်ကျင်ရေးအယူအဆကို ယခင်ကဖော်ပြပြီးဖြစ်သော ခေါင်းဆောင်များ
စုံအောင်စောင့်ပြီး ဆွေးနွေး
တိုင်ပင်ချင်သေးသည်။ စစ်မရောက်မီ မြားမကုန်စေနှင့်ဟု ပြောထားသည်။
စစ်မရောက်ခင် မြားတော့ စုထားရမည် မဟုတ်ပါလား။
လူစုရမည်၊ အားစုရမည်၊ ဟိုမှာ စုမိကြလိမ့်မည်။
ကျွန်တော်တို့ အစုတွင် ကိုတင်ဖေနှင့် ကျွန်တော်တို့နှစ်ယောက်အပြင် သခင်တင်မောင်ကား
မပါမပြီးချေ။ သူကား

စူးစမ်းဆင်ခြင်ပြီး ရှေ့နောက် တိုင်းထွာတတ်သူ ဖြစ်၏။
ရုတ်တရက် ကိုအေးငွေကို သတိရလေသည်။ အချိန်ကျ၍ ဖက်ဆစ်တို့အား
တော်လှန်တိုက်ခိုက်သောအခါ
ပထမဆုံး ပစ်ဖောက်ရမည့် ရိုင်ဖယ်များကို သူကိုင်ထားသည် မဟုတ်ပါလား”
နောက် ဘယ်သူပါနိုင်ဦးမည်နည်း။ သခင်တင်မောင်နေထိုင်လျက်ရှိသော
တောရကျောင်းတိုက်တွင်
မခင်သစ်ရောက်နေပေလိမ့်မည်။
မခင်သစ်ကလေးသည် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတုန်းက စိတ်အားတက်ကြွစွာ
ပါခဲ့သည်။ ယခုသူ့အဖေအား
ဂျပန်တို့က နှိပ်စက်ထားသဖြင့် အတော်ပင် မခံမရပ်နိုင် ဖြစ်နေရှာပေမည်။ မခင်သစ်၏
နိုင်ငံရေးစိတ်ဓာတ်နှင့်
အသိမှာလည်း အမြဲတမ်းခိုင်မာသည်။ မခင်သစ်သည် ပကတိအားဖြင့်ပင်
ခိုင်မာတည်ကြည်သော
စိတ်နှလုံးရှိသူကလေး ဖြစ်သည်။ ထို့ကြောင့် မခင်သစ်သည် ကျွန်တော်တို့အစုမှာ
ပါဝင်မည်ဟု မှချပြောနိုင်သည်။
အားတွေ တက်တက်လာပေပြီ။ ‘ကိုယ်ကကျူး ဒူးကိုသော်မျှ မယုံရ’ဟူသော အခြေအနေမျိုးမှ
တိုးတက်လာရာ
ယုံရသူတွေ ပို၍ပို၍ တွေ့လာရသည်။ လုပ်ဖော်ကိုင်ဖက်တွေ ပွားများလသည်။
ရဲဘော်အစုအစည်း ပို၍ ပို၍
ကြီးထွားလာသည်။
လမ်းမှာ လူသူလေးပါး၊ ယာဉ်ရထား အသွားအလာ မရှိ၊ တိတ်ဆိတ်ငြိမ်သက်နေလေသည်။
ပိုးမွှားများအော်သံနှင့်
ကြက်တွန်သံများကိုသာ မကြာမကြာ ကြားရလေသည်။ မှောင်ထုကလည်း မကွဲသေး။
သို့သော် ကျွန်တော်တို့နှစ်ယောက်သည် အားတက်ရွှင်လန်းစွာဖြင့်ပင်
ချီတက်သွားနေကြလေသည်။
“အရှေ့ကနေဝန်းထွက်သည့် ပမာပ၊ တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ”ဟုလည်း
သီဆိုလျက် ရှိကြသည်။
သို့သော် သခင်တင်ကြီးတို့ အဓိပ္ပာယ်ကောက်ပုံနှင့် လုံးဝမတူပါ။ ဖက်ဆစ်ဂျပန်ကို
တော်လှန်တိုက်ခိုက်သော၊
ပြည်သူလူထုကြီး၏ လွတ်လပ်သော ငြိမ်းချမ်းသော ကြီးပွားတိုးတက်သော ခေတ်သို့အရှေ့မှ
နေ့စဉ် နေ့စဉ်
နေထွက်သလို သေချာပေါက်ရောက်ရမည် မလွဲမသွေရောက်ရမည်ဟုသာ အဓိပ္ပာယ်ကောက်ပြီး
သီဆိုကြလျက်
ထိုအဓိပ္ပာယ်ဖြင့် ချီတက်ကြခြင်း ဖြစ်ပေသတည်း။ ။
သိန်းဖေမြင့်

(ပြီးပါပြီ။)
ဟင်း